ဘဝတက္ကသိုလ်

# ဆန်းလွင်

# လူတို့ ကိုးကွယ်ရာ ဘာသာကြီးများ

## [နောက်ခံသမိုင်းနှင့် အဆင့်မြင့် ဒဿနများ]

# MAN'S RELIGIONS

JOHN B. NOSS



designed by tin htoon

| | |
|---|---|
| | ပထမ အကြိမ်၊ ၂၀၁၆၊ နိုဝင်ဘာ |
| မျက်နှာဖုံး | ပန်းချီ တင်ထွဏ်း |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၁၀၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့် အတွင်း ပုံနှိပ်သူ | ဒေါ်ခင်စီ (၀၂၄၈)၊ ပြည့်ဦးဘော ပုံနှိပ်တိုက် ၁၅၈၊ ၃၇ လမ်း၊ ကျောက်တံတား မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဒေါ်သင်းသင်းမွန် (၀၀၃၇၂)၊ သင်း စာပေ ၁၉၊ ယောသကလမ်း၊ သာယာကုန်း ရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။ |

ဆန်းလွင်

# လူတို့ ကိုးကွယ်ရာ ဘာသာကြီးများ

[ နောက်ခံသမိုင်းနှင့် အဆင့်မြင့် ဒသများ ]

# MAN'S RELIGIONS

JOHN B. NOSS

မာတိကာ


ဤကျမ်းစာအုပ် ၁
ဆန်းလွင်၏ အမြင် ၃

## အပိုင်း ( တစ် )

ရှေးကျ၍ ပျောက်ကွယ်ခဲ့ပြီးသော
ဘာသာ အယူဝါဒများ ၇
ပါမောက္ခ ဂျွန် ဘီ နော့စ်၏ အမှာစကား ၉

**အခန်း ( ၁ )**
**သမိုင်းဦးခေတ်က ဘာသာ ကိုးကွယ်မှု** ၁၁

၁။ ကျောက်ခေတ်က ဘာသာ ကိုးကွယ်မှု ၁၂
၂။ ယနေ့ တည်ရှိဆဲ ရှေးကျသော ယဉ်ကျေးမှု
များမှ ဘာသာ အယူဝါဒများ၏ ယေဘုယျ
လက္ခဏာများ ၁၆
(၁) မန ခေါ် ဇော်ဂီနီ တန်ခိုးကို ယုံကြည်မှု ၁၈
(၂) မန္တရား ပညာ ၁၉
- လူရှိန်း နတ်ဘုရား ရုပ်တုများ
ကိုးကွယ်ခြင်း ၁၉
(၃) တားမြစ်ချက်များ ၂၀
(၄) သန့်စင်ခြင်း ဝတ်ပြုပွဲ ၂၁
(၅) နတ်ကိုးကွယ်မှု ၂၂
(၆) သဘာဝ တရားနှင့် ဝိညာဉ် ကိုးကွယ်မှု ၂၂
- တိရစ္ဆာန် ကိုးကွယ်မှု ၂၃
(၇) ယဇ် ပူဇော်ခြင်း ၂၅
(၈) သေသူများ အပေါ် သဘောထား၊
ရိုးရာ ကိုးကွယ်မှု ၂၆
(၉) ဒဏ္ဍာရီများ ၂၈
(၁၀) လူမျိုးစု အထိမ်းအမှတ်
အရုပ် ကိုးကွယ်မှု ၂၉
၃။ ဥဒါဟရဏ်ဆောင် ဖြစ်ရပ် အချို့ကို
လေ့လာခြင်း ၃၀
(၁) အိန္ဒိယပြည် ချိုတာနာ့ဂ်ပူမှ
ဘီရ်ဟော လူမျိုးစု ၃၀
(၂) တောင်အာဖရိကမှ ဘာဗင်ဒါများ ၃၅

**အခန်း ( ၂ )**
**အတိတ်က အမျိုးသား ကိုယ်စားပြု**
**ဘာသာတရားများ**
**(အီဂျစ်၊ ဘေဘီလုံ၊ ဂရိနှင့် ရောမ)** ၄၁

၁။ အီဂျစ် ၄၂
- အီဂျစ်ပြည် ဘာသာ ကိုးကွယ်မှု၏
ရုပ်ပိုင်းနှင့် လူမှုရေး ကျောထောက် နောက်ခံ
အခြေအနေ ၄၂
- တိရစ္ဆာန် ကိုးကွယ်မှုနှင့် တိရစ္ဆာန် ခေါင်း
ပါသော နတ်ဘုရားများ ၄၃
- နတ်ဘုရား ပေါင်းစပ်ခြင်းများ ၄၄
- အိုင်းဆစ်-အိုဆီရစ်-ဟော်ရစ် ပေါင်းစည်းမှု ၄၅
- နေနတ် ကိုးကွယ်မှု ၄၆
- အခြား နတ်များ ၄၈
- အနာဂတ် ဘဝ အယူအဆ ၄၈
- အိုဆီရစ်၏ နေပြည်တော် ၅၁
- တစ်ပါးတည်းသော ဘုရား
ကိုးကွယ်ရေး အတွက်
အီခွနာတွန်၏ စွန့်စား ကြိုးပမ်းမှု ၅၂
၂။ ဘေဘီလိုနီးယား ၅၃
- ဆူမားရီးယန်းတို့၏ ဘုရား အမျိုးမျိုး
ကိုးကွယ်ရာ ဗိမာန် ၅၄
- ဘေဘီလုံက မားဒွတ် ၅၅
- ဘေဘီလုံ၏ ဒဏ္ဍာရီနှင့် ကဗျာရှည် ၅၆
(က) ဖန်ဆင်းခြင်း အကြောင်း ၅၆
(ခ) ရေ လွှမ်းမိုးခြင်း ၅၇
(ဂ) အစ်ရှ်တာသည် မရဏ နိုင်ငံသို့
သက်ဆင်းခြင်း ၅၈

(ဃ) ဂီလ်ဂါမက်ချ်၏ ခရီးစဉ် ၅၈
- ယဇ် ပူဇော်ခြင်း၊ မှော်ပညာနှင့် ဗေဒင်ပညာ ၅၉
၃။ ဂရိ နိုင်ငံ ၆၀
- ရှေးကျသော ဟဲလပ် လူမျိုးများ အတွင်း နတ်များ စုစည်းခြင်း ၆၀
- ဟုမ္မားခေတ် မတိုင်မီက နတ်များ၏ ရှုပ်ထွေးသော လုပ်ငန်းများ ၆၁
- ဟုမ္မား၏ ဘုရား မျိုးစုံ ဝတ်ကျောင်း ဗိမာန်တော် ၆၅
- နက်နဲသော ဘာသာ အယူဝါများ ၆၈
- ဂရိ ဘာသာ ကိုးကွယ်မှုနှင့် အလွမ်း ကဗျာဆရာများ ၇၀
- တွေးခေါ်ရှင်များနှင့် နတ်များ ၇၂
၄။ ရောမ နိုင်ငံ ၇၄
- ရောမ ခေတ်ဦး ဘာသာ ကိုးကွယ်မှု ၇၅
(က) အိမ် ဘာသာရေးနှင့် စိုက်ပျိုး မွေးမြူရေးခြံ ဘာသာရေး ၇၆
(ခ) ရှေးခေတ် ရောမ နိုင်ငံတော်၏ ဘာသာရေး ၇၈
- အီထရူစကန်တို့၏ လွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသော အပြောင်းအလဲများ ၈၀
- ဂရိတို့ထံမှ ချေးငှားခြင်း ၈၂
- အရှေ့တိုင်းမှ တင်သွင်းမှုများ ၈၃
- နောက်ဆုံး အပြောင်းအလဲများ ၈၅

အပိုင်း ( နှစ် )

အိန္ဒိယ၏ ဘာသာတရားများ ၈၉
အမှာ စကား ၉၁

အခန်း ( ၃ )
ရှေးကျသော ဟိန္ဒူ ဘာသာ ၉၃

၁။ ဝေဒခေတ် ဘာသာ ကိုးကွယ်မှု ၉၅
- အာရိယန် လူမျိုးများ မတိုင်မီက အိန္ဒိယ ၉၅
- အာရိယန် လူမျိုးများ ဝင်ရောက်လာခြင်း ၉၅
- ဣရုဝေဒ ၉၇
- အခြားသော ဝေဒကျမ်းများ ၁၀၂
- ဝေဒခေတ် ကုန်ဆုံးခြင်း ၁၀၃
၂။ ဗြာဟ္မဏ ဝါဒ ၁၀၄
- ဇာတ်စနစ် ပေါ်ပေါက်လာခြင်း ၁၀၄
- ဗြာဟ္မဏများ ၁၀၅
- ဥပနိသျှဒ် ဒဿန ၁၀၆
- ပထမဆုံး အိန္ဒိယ အတွေးအခေါ်တွင် ပေါ်ပေါက်လာသော ပြန်လည် ပဋိသန္ဓေ နေခြင်းနှင့် ကမ္မ သဘောတရား ၁၁၁
- ဘာသာ အယူသန်မှုတွင် ဇာတ်၏ နေရာ ၁၁၃
- အိန္ဒိယ၏ ဘဝ မကောင်းမြင် ဝါဒ ပေါ်ပေါက်ခြင်း သို့မဟုတ် လောကီ ချမ်းသာကို ငြင်းပယ်ခြင်း ၁၁၄
- လွတ်မြောက်ရာလမ်း လိုအပ်လာခြင်း ၁၁၆

အခန်း ( ၄ )
ဂျိန်း (ဇိန) ဘာသာ အယူဝါဒ ၁၁၇

၁။ မဟာဝီရ၏ ဘဝ အလေ့အကျင့်များ ၁၁၉
၂။ ဂျိန်း ဒဿနနှင့် ဂျိန်း ကိုယ်ကျင့်တရား အမြင် ၁၂၃
၃။ မဟာဝီရ၏ နောက်လိုက်များ ၁၂၉

အခန်း ( ၅ )
ဗုဒ္ဓဘာသာ၏ ပထမ အဆင့် ၁၃၃

၁။ ဗုဒ္ဓ၏ ဘဝ ဖြစ်စဉ် ၁၃၄
- ငယ်စဉ် ကာလ ၁၃၄
- တောထွက်တော်မူခြင်း ၁၃၆
- ဒုက္ကရစရိယ ခြောက်နှစ် ၁၃၇
- ဗောဓိမဏ္ဍိုင်ကို အောင်နိုင်ခြင်း ၁၃၉
- သံဃာ အဖွဲ့အစည်းကို ထူထောင်ခြင်း ၁၄၀
၂။ မြတ်ဗုဒ္ဓ၏ အဆုံးအမ တရားများ ၁၄၂
- ဒဿန အယူအဆများ ၁၄၂
- ကိုယ်ကျင့်သီလ ၁၄၆

အခန်း ( ၆ )
ဗုဒ္ဓဘာသာ တိုးတက် ဖွံ့ဖြိုးလာပုံ ၁၅၅

၁။ အိန္ဒိယနှင့် အရှေ့တောင် အာရှသို့ ဗုဒ္ဓဘာသာ ပြန့်ပွားခြင်း ၁၅၇
- အိန္ဒိယပြည်တွင် ပထမ ရာစု နှစ်ခု ၁၅၇
- အာသောက မင်းကြီး ၁၅၇
- သီဟိုဠ် (သီရိလင်္ကာ) ၁၆၀
- မြန်မာ၊ ထိုင်းနှင့် ကမ္ဘောဒီးယား ၁၆၁
- ထေရဝါဒ၏ ယေဘုယျ သဘော လက္ခဏာများ ၁၆၁
- အိန္ဒိယ မြောက်ပိုင်း ဗုဒ္ဓဘာသာ ၁၆၂

- အိန္ဒိယတွင် မဟာယာနဂိုဏ်း
ပေါ်ပေါက်လာခြင်း ၁၆၂
၂။ မြောက်ပိုင်း နိုင်ငံများ၌
ဗုဒ္ဓဘာသာ ပြန့်ပွားခြင်း ၁၆၄
- တရုတ်ပြည် ၁၆၄
- ကိုရီးယား ၁၆၆
- ဂျပန် ၁၆၇
- တိဗက်နှင့် မွန်ဂိုလီးယား ၁၆၉
၃။ ပြည့်စုံသော မဟာယာန အယူဝါဒ ၁၆၉
- မဟာယာန ကိုယ်ကျင့်သီလ ၁၇၄
- မဟာယာနတို့၏ ဘာသာရေး ဒဿန ၁၇၅
၄။ တရုတ်နှင့် ဂျပန်ပြည်ရှိ မဟာယာန
အတွေးအခေါ်ဂိုဏ်းများ ၁၇၈
၅။ တိဗက် ဗုဒ္ဓဘာသာ ၁၇၉

အခန်း ( ၇ )
နောက်ကျသော ဟိန္ဒူဘာသာ ၁၈၇

လူမှု အဆောက်အဦ၏
အခြေခံ ယုံကြည် ကိုးကွယ်မှု ၁၈၇
၁။ ကမ္မ မဂ္ဂ (ကံဖြင့် လွတ်မြောက်စေသော နည်း) ၁၈၉
၂။ ဉာဏ မဂ္ဂ (ဉာဏ်လမ်း) ၁၉၂
၃။ ဘတ္တိ မဂ္ဂ (ဆုတောင်း ပတ္ထနာနည်း) ၁၉၇
၄။ ရှေးအယူအစွဲသန်
ဟိန္ဒူ ဒဿန စနစ် ခြောက်ခု ၂၀၀
- သချ်ာ ဒဿန စနစ် ၂၀၀
- ယောဂ ဒဿန စနစ် ၂၀၂
- ဝေဒန္တ ဒဿန စနစ် ၂၀၄
၅။ အများကြိုက် ဟိန္ဒူ ဘာသာ ၂၀၇
- မဟာတြိမူတိ ၂၀၈
- ဗြဟ္မာကြီး ၂၀၈
- သီဝ ၂၀၈
- သီဝ၏ ကြင်ရာတော်များ ၂၁၀
- သတ္တိ ဝါဒ ၂၁၁
- ဗိဿနိုးနတ် ၂၁၂
- ဗိဿနိုး လူဝင်စား ဘုရား အဝတာရများ ၂၁၃
- ပြည်တွင်း ပြည်ပ လူသာမန်တို့၏
ကိုးကွယ် ဝတ်ပြုမှု ၂၁၅
- နွားမကို ကာကွယ် စောင့်ရှောက်ခြင်း ၂၁၈
- ဗြာဟ္မဏများ၏ မြင့်မြတ်ခြင်း ၂၁၉
၆။ မျက်မှောက်ခေတ် ပြဿနာများနှင့်
ဆန့်ကျင်ဘက် အယူအဆများ ၂၂၂
(၁) အနောက်တိုင်းမှ ဘာသာ ကိုးကွယ်မှုနှင့်
သိပ္ပံပညာ၏ တုံ့ပြန်မှု ၂၂၂
(က) ဗြဟ္မာ့ သမဇ ၂၂၃
(ခ) အရိယာ သမဇ ၂၂၅
(ဂ) လောကီရေး ဝါဒ ထွန်းကားလာခြင်း ၂၂၆
(၂) လူမှု ပြုပြင် ပြောင်းလဲရေးများ ၂၂၆
(က) ဇာတ် ပြဿနာ ၂၂၇
(ခ) ကလေးချင်း လက်ထပ် ထိမ်းမြားခြင်း
နှင့် မုဆိုးမ အဖြစ် ၂၃၀
(၃) နိုင်ငံရေး အပြောင်းအလဲ ၂၃၁

အခန်း ( ၈ )
ဆစ်ခ် ဘာသာ အယူဝါဒ ၂၃၃

၁။ ဂုရု နာနတ်၏ ဘဝနှင့် လုပ်ရပ်များ ၂၃၄
- နာနတ်၏ သမိုင်း ရေ့ပြေးများ ၂၃၄
- နာနတ်၏ ဘဝဖြစ်စဉ်နှင့် အလုပ်များ ၂၃၅
၂။ နာနတ်၏ သင်ကြားချက်များ ၂၃၉
၃။ ဆစ်ခ် အယူဝါဒ၏ နိုင်ငံရေး သမိုင်း ၂၄၂

အပိုင်း ( သုံး )

အရှေ့ဖျား ဒေသမှ ဘာသာတရားများ ၂၄၉
အမှာ စကား ၂၅၁

အခန်း ( ၉ )
တရုတ် ဘာသာတရားနှင့် တောက်ဝါဒီများ ၂၅၅

၁။ တရုတ် လူမျိုးတို့၏
ဘာသာ ကိုးကွယ်မှု ဆိုင်ရာ
အခြေခံ အချက်အလက်များ ၂၅၇
- ရှေးကျသော တရုတ် လူမျိုးတို့၏
စကြဝဠာ အမြင် ၂၅၇
- ယန်း နှင့် ယင် ၂၅၉
- တောက် အယူအဆ ၂၆၀
- ရှေးကျသော တရုတ် လူမျိုးများ၏
သမိုင်း အမြင် သဘောတရား ၂၆၁
- မြေကြီးကို ရှိခိုးခြင်း ၂၆၄
- ကောင်းကင်ကို ရှိခိုးခြင်း ၂၆၄
- အရပ်ဒေသနှင့် ဆိုင်သော နတ်များကို
ရှိခိုး ပူဇော်ခြင်း ၂၆၅
- ရိုးရာနတ် ကိုးကွယ်မှု ၂၆၇

- ဘိုးဘွား ရိုးရာ သဘောတူ ခွင့်ပြုမှုနှင့် အများ လက်ခံထားသော ဓလေ့များ၏ အာဏာစက် ၂၇၀
- ရှေး ပဒေသရာဇ် မင်းများ လက်ထက်တွင် လူမှုရေးနှင့် ဘာသာရေး လုပ်ငန်းများကို အဆင့်အတန်း သတ်မှတ်ပုံ ၂၇၁
- ပဒေသရာဇ် စနစ် ကျဆုံးခြင်းနှင့် ဂိုဏ်းဂဏများ ပေါ်ပေါက်လာခြင်း ၂၇၂

၂။ တောက်ဝါဒ ၂၇၄

(က) တောက်ဝါဒ၏ ကြီးပွားလာသော ဒဿန ဆန်သော ကဏ္ဍ ၂၇၆
- ပြင်ဆင်ခြင်း ၂၇၆
- တောက်တဲ့ကျင်း ဒဿနနှင့် ကိုယ်ကျင့်တရား အမြင် ၂၇၇
- ချောင်ဇူး၏ အက်ဆေးများ ၂၈၄

(ခ) တောက်ဝါဒ၏ ဝိဇ္ဇာမယပိုင်း ၂၉၀

(ဂ) ဘာသာ ယုံကြည် ကိုးကွယ်မှု ဖြစ်လာသော တောက်ဝါဒ ၂၉၄

**အခန်း ( ၁၀ )**

**ကွန်ဖြူးရှပ်နှင့် ကွန်ဖြူးရှပ် ဝါဒ လူသား ဝါဒ ဘဝ အကောင်းမြင် သဘောကို လေ့လာခြင်း** ၃၀၁

၁။ လူသား ကွန်ဖြူးရှပ် ၃၀၂

၂။ ကွန်ဖြူးရှပ်၏ သင်ကြားချက်များ ၃၀၅
- အရင်းအမြစ်များကို မျက်မှောက် အကဲဖြတ်ခြင်း ၃၀၅
- ကွန်ဖြူးရှပ်၏ ကိုယ်ကျင့်တရား ဆိုင်ရာ မူဝါဒများ ၃၀၉
- မဟာ ဆက်ဆံရေး ငါးမျိုး ၃၁၂
- သားသမီးတို့၏ မိဘများ အပေါ် ဝတ္တရား ကျေပွန်ခြင်း ၃၁၂
- နိုင်ငံရေး ဒဿန အမြင် ၃၁၄
- နာမည်ကောင်းကို ထိန်းသိမ်းရေး ၃၁၇
- ကြီးမြတ်သော လူ ၃၁၈
- ဘာသာ ကိုးကွယ်မှု ဆိုင်ရာ သင်ကြားချက် ၃၁၉

၃။ ကွန်ဖြူးရှပ်ဂိုဏ်းနှင့် ပြိုင်ဘက်ဂိုဏ်းများ ပြိုင်ဆိုင်၍ အနိုင်ရမှုများ ၃၂၂
- ကွန်ဖြူးရှပ် အယူဝါဒ ဂိုဏ်းကို တည်ထောင်ခြင်း ၃၂၂
- ဆန့်ကျင်ဘက် အတွေးအမြင်များ (၁) တောက်ဝါဒီများ ၃၂၃
- ဆန့်ကျင်ဘက် အတွေးအမြင်များ (၂) မိုဇူး နောက်လိုက်များ ၃၂၃
- ဆန့်ကျင်ဘက် အတွေးအမြင်များ (၃) ဥပဒေ ဝါဒီများ ၃၂၇
- မင်းရှပ်၊ ရှေးအယူမှန် အဖွဲ့သန်သူ ၃၃၂
- ဆွန်ဇူး၊ အယူ ဖောက်ပြန်မှု ချန်ပီယံ ၃၃၇
- ဟန်ခေတ် စောစောပိုင်း၌ ကွန်ဖြူးရှပ် ဝါဒ၏ အောင်မြင်မှု ၃၄၀
- ကွန်ဖြူးရှပ် နောက်လိုက်များ၏ သုခမိန် ဝါဒ ၃၄၂
- ကွန်ဖြူးရှပ် ဝါဒနှင့် ဗုဒ္ဓ ဝါဒ ၃၄၃
- ဟန်ယူး ၃၄၆
- ချူးဆီနှင့် ဝန်ယန်မင်းတို့၏ ကွန်ဖြူးရှပ် ဝါဒသစ် ၃၄၇

၄။ နိုင်ငံတော်က ကွန်ဖြူးရှပ်ကို ကိုးကွယ်ခြင်း ၃၅၃

**အခန်း ( ၁၁ )**

**ရှင်တို၊ ဂျပန် မျိုးချစ်စိတ် ဘာသာတရား** ၃၅၇

၁။ ရှင်တို ဒဏ္ဍာရီ ၃၅၈

၂။ ဂျပန် သမိုင်းထဲက ရှင်တို ဒဏ္ဍာရီ ၃၆၁
- ဒဏ္ဍာရီ၏ ရောနှော ပေါင်းစပ်နေသော သဘာဝ ၃၆၁
- ရှင်တို ဘာသာဟောင်း၏ လူမှုရေး ကျောထောက်နောက်ခံ ၃၆၂
- တရုတ်တို့၏ ဘာသာ ကိုးကွယ်မှုနှင့် ယဉ်ကျေးမှုက ရှင်တို ဘာသာဟောင်း အပေါ် အကျိုး သက်ရောက်မှု ၃၆၃
- ရီယိုဘု သို့မဟုတ် ရောနှော ရှင်တို ၃၆၅
- ၁၇ ရာစု အတွင်း ရှင်တို ဘာသာကို ပြန်လည် ဆန်းစစ်ခြင်း ၃၆၆
- ၁၈၆၈ ခုနှစ်၌ ပြန်လည် တည်မြဲစေခြင်း ၃၆၇

၃။ ၁၉၄၅ ခုနှစ် အထိ နိုင်ငံတော် ရှင်တို ဘာသာ ၃၆၉
- ဂျပန်ပြည်ရောက် အနောက်တိုင်း အတွေး အခေါ်နှင့် ဘုရား ရှိ မရှိ မသိနိုင် ဝါဒ ၃၇၀
- အစိုးရ၏ သဘောထား ၃၇၀
- နိုင်ငံတော်ပိုင် နတ်ကွန်းများ ၃၇၂
- အိဆဲရှိ မဟာ ဧကရာဇ် နတ်ကွန်းကြီး ၃၇၄
- နိုင်ငံတော် အခမ်းအနား ၃၇၅

၄။ အိမ်တွင်းနှင့် ဂိုဏ်းရှင်တို ဘာသာ ၃၇၇

- အိမ်တွင်း ရှင်တို ဘာသာ ၃၇၇
- ရှင်တို ဂိုဏ်းများ ၃၇၈

၅။ ရှင်တို ဘာသာနှင့် စစ်သူရဲကောင်းများ ၃၇၉
- ဘူရှီဒို ကျင့်စဉ် ၃၇၉
- ဘူရှီဒိုနှင့် ခေတ်သစ် စစ်သူရဲများ ၃၈၁
- ရှင်တို ဘာသာနှင့် အစိုးရ စစ်ဝါဒ ၃၈၂

## အပိုင်း ( လေး )

အရှေ့နီး ဒေသမှ ဘာသာ အယူဝါဒများ ၃၈၅

အမှာ စကား ၃၈၇

### အခန်း ( ၁၂ )

### ဇိုရိုအက်စတာ ဘာသာ ၃၈၉

၁။ ဇိုရိုအက်စတာ မတိုင်မီက အီရန် ဘာသာရေး ၃၉၀

၂။ ဇိုရိုအက်စတာ၏ ဘဝနှင့် ဟောကြားချက်များ ၃၉၂
- ဘဝ ၃၉၂
- သူ၏ ဟောကြားချက်များ ၃၉၅

၃။ နှောင်းခေတ် အာဗက်စတာကျမ်းလာ ဘာသာတရား ၄၀၂

၄။ မျက်မှောက်ခေတ် ဇိုရိုအက်စတာ ဘာသာဝင်များ ၄၁၂
- မွတ်ဆလင် အောင်မြင်မှု၏ အကျိုးဆက် ၄၁၃
- ဂဘာရ်များ ၄၁၃
- အိန္ဒိယမှ ပါရစီများ ၄၁၄
- မီးဝတ်ပြုရာ ဘုရားကျောင်းနှင့် ဘုရား ရှိခိုးခြင်း ၄၁၅
- တိတ်ဆိတ်ခြင်း မျှော်စင်များ ၄၁၇

### အခန်း ( ၁၃ )

### ယုဒ ဘာသာ ၄၁၉

၁။ တမန်တော် မိုးဇက် မတိုင်မီ ဟေဗြဲတို့၏ ဘာသာ ယုံကြည် ကိုးကွယ်မှု ၄၂၀
- နတ်ကိုးကွယ်မှုနှင့် လူမျိုးစု နတ်ဘုရားများ ၄၂၀
- အေဗရာဟမ်နှင့် ပါလက်စတိုင်းသို့ ပြောင်းရွှေ့ နေထိုင်ခြင်း ၄၂၂

၂။ မိုးဇက်နှင့် ယာဝေး၏ ပဋိညာဉ် ၄၂၅

၃။ ယာဝေး ဘုရားသခင်နှင့် ဘားလ်များ ၄၃၃

၄။ တမန်တော်များ၏ ပြန်လှန် ငြင်းဆို ဟောကြားချက်များနှင့် ပြုပြင် ပြောင်းလဲရေးများ ၄၄၀
- ဟေဗြဲတို့၏ အနာဂတ်ကို ကြိုတင် ဟောကြားခြင်းများ၏ မူလ အစ ၄၄၀
- အယ်လီဂျာနှင့် အယ်လီဇာ ၄၄၁
- အာမော့စ် ၄၄၂
- ဟိုဆီး ၄၄၄
- အီဇိုင်းယား ၄၄၅
- မိခ ၄၄၈
- သမ္မာကျမ်းစာ ပဉ္စမအုပ် ပြုပြင်ရေး ၄၄၈
- ဂျယ်ရယ်မိယာ ၄၅၂

၅။ ဘေဘီလုံသို့ နှင်ထုတ်ခြင်း ၄၅၆
- ယေဝတီ ဝတ်ကျောင်းတော် စတင် ဖြစ်ပေါ်ခြင်း ၄၅၈
- တမန်တော် အီဇက်ကီးလ် ၄၅၉
- ဒုတိယ အီဇိုင်းယား ၄၆၀

၆။ ပြန်လည် စည်းရုံးရေး ခေတ်တွင် ယုဒ ဘာသာ ပြန်လည် ထွန်းကားခြင်း ၄၆၃
- ယုဒနှင့် ဂျေရုဆလင်သို့ ပြည်တော်ပြန်ခြင်း ၄၆၃
- နတ်ဘုန်းကြီး အုပ်စိုးသော နိုင်ငံတော်ကို တည်ထောင်ခြင်း ၄၆၅

၇။ ဂရိနှင့် မက္ကာဘီခေတ် အတွေးအခေါ်သစ်များ ၄၆၈
- ဟယ်လင်နစ် (ဂရိ) ဩဇာ လွှမ်းမိုးမှု၏ ယေဘုယျ လက္ခဏာများ ၄၆၈
- မက္ကာဘီး လက်ထက် လွတ်လပ်ရေးခေတ် ၄၇၀
- ပြည်ပြေးခေတ် နောက်ပိုင်း ဂျူးပါတီများ ပေါ်ပေါက်လာခြင်း ၄၇၁

၈။ အေဒီ ၇၀ အထိ ရောမ အုပ်စိုးသော ခေတ် ၄၇၃
- ကယ်တင်ရှင် (မေယှိယ) အား မျှော်လင့်ချက် အထွတ်အထိပ်ရောက် ၄၇၄
- ရောမခေတ် ဂျူး ပါတီသစ်များ ၄၇၅

၉။ စိတ်ဓာတ်ကျမှုကြီး ၄၇၇
- တာလမွဒ်-ဂျူး ဓမ္မသတ်ကို စီရင်ခြင်း ၄၇၉
- မစ်ရှနာကျမ်း ၄၈၀
- ဂယ်မာရာနှင့် တာလမွဒ် ၄၈၁

၁၀။ အလယ်ခေတ် ဂျူး လူမျိုးများ ၄၈၂
- ဘေဘီလုံနှင့် စပိန်မှ အတွေးအခေါ်သစ် ၄၈၄
- ခရူးဆိတ် စစ်ပွဲများနှင့် ဂျူး ရပ်ကွက်များ ၄၈၆

၁၁။ ခေတ်သစ် ကမ္ဘာမှ ယုဒ ဘာသာ ၄၈၇
- အရှေ့ ဥရောပ ၄၈၈
- ဗဟိုနှင့် အနောက် ဥရောပ ၄၈၉
- လစ်ဘရယ် ဝါဒနှင့် ပြုပြင် ပြောင်းလဲရေး ၄၉၀
- ဇီယွန် ဝါဒ ၄၉၂

အခန်း ( ၁၄ )
ခရစ်ယာန် ဘာသာ - စင်တော်ဖွင့် ကာလ
[ ယေရှု၏ ဘာသာ ] ၄၉၅

၁။ ယေရှု သခင် ပွင့်လာသော ကမ္ဘာလောက ၄၉၆
- ယေရှုခေတ်တွင် ပါလက်စတိုင်း ဒေသ၏ နိုင်ငံရေး ခွဲခြားမှုများ ၄၉၆
- ဂါလီလီမှ အခြေအနေ ၄၉၇

၂။ ယေရှု၏ ဘဝနှင့် သူ၏ ဟောကြားချက်များ ၅၀၁
- ငယ်စဉ် ကာလ ၅၀၁
- နှစ်ခြင်း မင်္ဂလာနှင့် ဖြားယောင်း သွေးဆောင်ခြင်း ၅၀၂
- ဂါလီလီ၌ ဓမ္မဆရာ အဖြစ် စတင် ဆောင်ရွက်ခြင်း ၅၀၅
- ယေရှု ဟောကြားသော အကြောင်းအရာများ ၅၀၈
  (က) ဘာသာရေးနှင့် ဆိုင်သော ဒေသနာ ၅၀၈
  (ခ) ကိုယ်ကျင့်သီလနှင့် စပ်သော သင်ကြားချက် ၅၁၄
- အတိုက်အခံ ပေါ်ပေါက်လာခြင်းနှင့် မြောက် အရပ်သို့ အနားယူရန် ထွက်ခွာသွားခြင်း ၅၁၇
- ခရစ်တော် ခံစားရသော ဝေဒနာ ရက်သတ္တပတ်နှင့် ကားစင်တင်၍ ကွပ်မျက်ခြင်း ၅၁၉

အခန်း ( ၁၅ )
ခရစ်ယာန် ဘာသာရေးဆိုင်ရာ တိုးတက် ဖွံ့ဖြိုးမှု ၅၂၃

၁။ သာသနာပြုရန် စေလွှတ်သူများ ခေတ် ၅၂၄
- ရှင်သန် ထမြောက်ခြင်း ၅၂၄
- ရဟူဒီ ပင်တေကုတ္တေ ပွဲတော် ၅၂၄
- ဂျေရုဆလင်မှ ခရစ်ယာန် အသင်းတော် ဝတ်ကျောင်း ၅၂၆
- ရှင်ပေါလုနှင့် ဥရောပသို့ ခရစ်ယာန် သာသနာ ပြန့်ခြင်း ၅၂၈

၂။ ခေတ်ဦး ခရစ်ယာန် အသင်းတော် (ချားချ်) [အေဒီ ၅၀-၁၅၀] ၅၃၃
- ခေတ်ဦး ခရစ်ယာန် လူ့အဖွဲ့အစည်းများ ကမ္ဘာသို့ ပြန့်ခြင်း ၅၃၃
- အတိုက်အခံ ပြုမှုနှင့် ဘာသာရေး ညှဉ်းပန်း နှိပ်စက်မှု ၅၃၄
- ဝတ်ပြု ကိုးကွယ်မှုနှင့် ဘာသာရေး အဖွဲ့အစည်းများ ဖွံ့ဖြိုး တိုးတက်လာခြင်း ၅၃၅
- အေဒီ ၁၅၀ အထိ ခရစ်ယာန် အယူဝါဒ ဖွံ့ဖြိုး တိုးတက်ခြင်း ၅၃၆

၃။ ရှေးခေတ်က ကက်သလစ် အသင်းတော် (ချားချ်) [အေဒီ ၁၅၀-၁၀၅၄] ၅၃၉
- နော့စတစ်နှင့် မာဆီယိုနိုက် အယူဝါဒကွဲများ ၅၄၀
- အသင်းတော် (ချားချ်) ၏ အခြေ - ဓမ္မသစ် ကျမ်းစာမှ သာသနာပြုရန် စေလွှတ်ခြင်း ခံရသူများ၏ သဘော အယူအဆများ၊ ဓမ္မခန္ဓာများ ၅၄၁
- ဧကရာဇ် နိုင်ငံတော် ဘာသာ အဖြစ် ခရစ်ယာန် ဘာသာ၏ အောင်မြင်မှု ၅၄၃
- အာရိယန် အငြင်းပွားမှုနှင့် နိုက်ဆင်း မူဝါဒ ၅၄၅
- ခရစ်တော် အကြောင်း အငြင်းပွားမှုနှင့် ကာလ်ဆီဒွန် မူဝါဒ ၅၄၇
- ဘရင်ဂျီ ရဟန်းမင်း ရာထူး ပေါ်ပေါက်လာခြင်း ၅၄၉
- ရဟန်း သံဃာတော်များ ပေါ်ပေါက်လာခြင်း ၅၅၀
- စိန့်ဩဂတ်စတင်း ၅၅၂
- အရှေ့နှင့် အနောက် ခရစ်ယာန် အသင်းတော် နှစ်ခြမ်း ကွဲခြင်း ၅၅၆

၄။ အရှေ့တိုင်း ရှေးအယူမှန် အသင်းတော်များ ၅၅၈
- အယူဝါဒ ဆိုင်ရာ ယေဘုယျ အနေအထား ၅၅၉
- အရှေ့တိုင်းနှင့် ရောမ အသင်းတော် ကွဲပြား ခြားနားမှုများ ၅၆၀

၅။ အလယ်ခေတ် ရောမ ဘရင်ဂျီ အသင်းတော် ၅၆၂
- ပုပ် ရဟန်းမင်း အာဏာ ကြီးထွားသော ကာလ ၅၆၂
- အလယ်ခေတ် ရဟန်း သံဃာတော်များ အဖြစ် ၅၆၅
- ကျမ်းတတ် ပညာရှင်များ၏ စကော်လပ်စတစ် ဝါဒ ၅၆၇
- သောမတ် အက္ကွိုင်းနပ် ၅၇၀
- ပုပ် ရဟန်းမင်း အာဏာ ကျဆင်းလာခြင်း ၅၇၂

၆။ ပရိုတက်စတင့် ပြုပြင်ရေး ၅၇၃
- လူသာ၏ ပြုပြင်ရေး ၅၇၄
- ဆွစ် ပြုပြင် ပြောင်းလဲရေး ၅၇၉
- ပြင်သစ်နှင့် အခြား နိုင်ငံများ၌ ပြုပြင် ပြောင်းလဲရေး ၅၈၂
- စကော့တလန် ပြုပြင် ပြောင်းလဲရေး ၅၈၃
- အင်္ဂလိပ် ပြုပြင် ပြောင်းလဲရေး ၅၈၅
- ပြင်းထန်သော ပရိုတက်စတင့်များ ၅၈၇
- အင်္ဂလန် ရေဖျန်း အသင်းတော် ဥပဒေကို မလိုက်နာသူများ ၅၉၁
- ပျူရီတန်များ ၅၉၂
- ကွန်ဂရီဂေးရှင်းနယ်လစ်နှင့် ဘက်ပတစ်များ ၅၉၃
- ကွိုက်ကာများ ၅၉၄
၇။ ၁၆ ရာစုကတည်းက ကက်သလစ် ဝါဒ ၅၉၆
- ကက်သလစ် ပြုပြင် ပြောင်းလဲရေး ၅၉၇
(က) ထရင့်မြို့တွင် ကျင်းပသော ကောင်စီ စည်းဝေးပွဲကြီး ၅၉၇
(ခ) ချားချ်၏ ကျယ်ပြန့်သော ဆောင်ရွက်မှုများအား အမေး အဖြေ လုပ်ရေး ကိစ္စကို ပြန်လည် ဖွဲ့စည်းခြင်း ၅၉၈
(ဂ) ဂျက်စုနှင့် အခြား ဘာသာရေးဂိုဏ်းများ ၅၉၈
- ဂျက်စုဂိုဏ်း ၅၉၈
- ၁၇၀၀ ပြည့်နှစ်မှ စတင်လာသော အယူဝါဒနှင့် ရဟန်း သံဃာဆိုင်ရာ တိုးတက် ဖွံ့ဖြိုးမှုများ ၆၀၁
- မကြာမီက ဖြစ်ပေါ် တိုးတက်မှုများ ၆၀၂
၈။ ခေတ်သစ် ပရိုတက်စတင့်များ ၆၀၃
- ၁၈ ရာစု ခေတ်ပေါ် သဘာဝ ယုတ္တိဖြင့် ထာဝရ ဘုရား ရှိကြောင်း ယုံကြည်သော ဝါဒ ၆၀၃
- မက်သဒစ် အယူဝါဒ ၆၀၅
- သာသနာပြု လှုပ်ရှားမှု ၆၀၆
- တနင်္ဂနွေ ကျမ်းစာသင်ကျောင်း လှုပ်ရှားမှုနှင့် ဘာသာရေး ပညာ ၆၀၈
- ပရိုတက်စတင့် ဝါဒနှင့် သိပ္ပံပညာ ၆၀၉
- လူမှုရေး ဂေါ့စပယ် (သတင်းကောင်း) ၆၁၁
- ခရစ်ယာန် အသင်းတော်များ သမဂ္ဂ ဖြစ်ပေါ်ရေး လှုပ်ရှားမှုများ ၆၁၃

အခန်း ( ၁၆ )
အစ္စလာမ် ဘာသာ (တစ်ဆူတည်းသော ဘုရားကို ကိုးကွယ်သော ဝါဒ) ၆၁၅

၁။ မုဟမ္မာဒ် သခင် မတိုင်မီက အာရေဗျ လူမျိုးများ၏ ယုံကြည်မှုနှင့် ဓလေ့စရိုက်များ ၆၁၇
- လူမျိုးရေးနှင့် စီးပွားရေး အကြောင်းကိစ္စများ ၆၁၇
- ဘာသာရေး အယူအဆများ ၆၁၉
- မက္ကာမြို့ ၆၂၁
၂။ တမန်တော် မုဟမ္မာဒ် သခင် ၆၂၅
- ဘာသာရေး အသိဉာဏ် ထွန်းပလာခြင်း ၆၂၇
- တမန်တော် အဖြစ် ခေါ်သံ ၆၂၇
- မက္ကာမြို့ သာသနာပြု ဓမ္မဆရာ ၆၂၉
- ဟစ်ဂျရာ (အေဒီ ၆၂၂) ၆၃၂
- မဒီနာ မြို့တွင် ဘုရားသခင် ကိုယ်တော်တိုင် အုပ်စိုးခြင်းခေတ်ကို ထူထောင်ခြင်း ၆၃၂
၃။ အစ္စလာမ် မူဝါဒ ၆၃၄
- အီဗာဒဒ် (ဘာသာရေး တာဝန်) ၆၃၈
- အင်ဆန်း (ဖြောင့်မတ် မှန်ကန်သော အပြုအမူ) ၆၄၁
၄။ အစ္စလာမ် ဘာသာ ပြန့်ပွားလာခြင်း ၆၄၄
- အဘူဘေကာနှင့် တိုက်ခိုက် အောင်မြင်မှုအတွက် အာရေဗျ စည်းလုံးရေး ၆၄၄
- အွမ္မာနှင့် အောင်မြင်မှုများ ၆၄၅
၅။ ပထမ ငါးရာစု အတွင်း မွတ်ဆလင် အယူအဆ ၆၄၇
- ဟာဒိသ် ပိဋကကို ပြုစုခြင်း ၆၄၇
- ပထမ အငြင်းပွားမှု ၆၄၉
- ဆင်ခြင်တုံတရား လက်ကိုင်ထားသူများ ၆၅၀
- ဆွန်နီ သို့မဟုတ် အစဉ်အလာ ဝါဒီများ ၆၅၂
- ဂမ္ဘီရ ဝါဒီ ဆူဖီများ ၆၅၆
- ဂါဇ္ဇလီ၏ သမ္မဟ ဖြစ်အောင် ပေါင်းစည်းခြင်း ၆၅၉
- အရိုက်အရာကို ရထိုက်သူများဟု ယူဆကြသော ရှိယတ်များ ၆၆၁
- မွတ်ဆလင်များ စံထားသော ရည်မှန်းချက်များ ကွဲပြား ခြားနားလာခြင်း ၆၆၃
- ပသီ ဖိုးသူတော်များ ၆၆၃
- အခြား တိုးတက် ဖြစ်ထွန်းမှုများ ၆၆၆

## ဤကျမ်းစာအုပ်

ဤစာအုပ်တွင် ကမ္ဘာ့ လူသားများ ကိုးကွယ်နေသော ဘာသာကြီး ၁၁ ခု၏ အကြောင်း အပြည့်အစုံကို သမိုင်းနောက်ခံများ၊ အဆင့်မြင့် ဒဿန အမြင်များနှင့် တိုးတက် ပြောင်းလဲလာပုံ၊ စတင် ဖြစ်ပေါ်လာပုံ အလုံးစုံကို အသေးစိတ် တင်ပြထားသည်။

ထိုဘာသာကြီး ၁၁ ခုမှာ အောက်ပါတို့ ဖြစ်သည်။

| | |
|---|---|
| ၁။ ဟိန္ဒူ ဘာသာ (နှစ်ပိုင်း - ရှေးခေတ်၊ နောင်းခေတ်) | (အိန္ဒိယ) |
| ၂။ ဂျိန်း ဘာသာ | (အိန္ဒိယ) |
| ၃။ ဗုဒ္ဓ ဘာသာ | (အိန္ဒိယ) |
| ၄။ ဆိစ်ခ် ဘာသာ | (အိန္ဒိယ) |
| ၅။ တောက် (Tao) ဘာသာ | (တရုတ်) |
| ၆။ ကွန်ဖြူးရှပ် ဘာသာ | (တရုတ်) |
| ၇။ ရှင်တို ဘာသာ | (ဂျပန်) |
| ၈။ ဇိုရိုအက်စတာ ဘာသာ | (အရှေ့ အလယ်ပိုင်း) |
| ၉။ ယုဒ ဘာသာ (ဂျူး ဘာသာ) | (အရှေ့ အလယ်ပိုင်း) |
| ၁၀။ ခရစ်ယာန် ဘာသာ | (အရှေ့ အလယ်ပိုင်း) |
| ၁၁။ အစ္စလာမ် ဘာသာ | (အရှေ့ အလယ်ပိုင်း) |

မှတ်ချက်။ ။ ဤဘာသာကြီးများ မပေါ်မီက ရှေးခေတ် လူသားများ ကိုးကွယ်ခဲ့ကြသည့် ပျောက်ကွယ်သွားသော ဘာသာများ အကြောင်းကိုလည်း ရှေ့ပိုင်းမှာ ပါမောက္ခ ဂျွန် ဘီ နော့စ်က တင်ပြထားသည်။ ကမ္ဘာ့ဘာသာ ပေါင်းစုံ၊ အယူဝါဒ ပေါင်းစုံ၊ ကိုးကွယ်မှု ပေါင်းစုံကို ပညာရှင်များ၏ အမြင်ဖြင့် သမာသမတ်ကျအောင် သုံးသပ် တင်ပြထားသော ကျမ်းကြီး တစ်စောင် ဖြစ်သည်။

ဘာသာပြန်သူ

# ဆန်းထွင်၏ အမြင်

## ( ၁ )

၁၉၉၄ ခုနှစ် ဝါတွင်းမှာ အကျွန်ုပ်သည် တောင်ငူမြို့နှင့် ၁၂ မိုင်ခန့် ဝေးသော ကျောက်ဝိုင်း ကမ္မဋ္ဌာန်း ကျောင်းမှာ ရဟန်း ဝတ်ပြီး တရား အားထုတ်ခဲ့လေသည်။ အကျွန်ုပ် ရဟန်း ဝတ်ပြီး တရား အားထုတ် နေသည် ဆိုသော သတင်းသည် တောင်ငူမြို့မှာ ဘယ်လို ဘယ်ပုံ ပြန့်ပွားသွားသလဲ မသိ၊ အကျွန်ုပ်၏ စာဖတ် ပရိသတ်များ ရောက်လာကြလေသည်။ သူတို့သည် အချစ် အလွမ်း စာပေ၊ စိတ်ကူးယဉ် ထွက် ပြေးရေး စာပေများကို ငြီးငွေ့ကြပြီးနောက် ဘာသာရေးနှင့် ဒဿန စာပေများကို လေးလေးနက်နက် လေ့လာနေကြသော လူငယ် စာဖတ်ပရိသတ် ဖြစ်လေသည်။ အကျွန်ုပ်ကို ရဟန်း အဖြစ် ဖူးတွေ့ခွင့် ရကြသော အခါ အလွန် ရှိသေ လေးစားစွာဖြင့် သူတို့ သိချင်နေသော၊ သူတို့ ရင်ထဲမှာ မရှင်းသော ဘာသာရေး မေးခွန်း များစွာကို တစ်နေကုန် မေးမြန်းကြလေသည်။

'မင်းတို့ လူငယ်တွေ ဒီလောက်တောင် လေးနက်တဲ့ စာပေတွေကို လေ့လာနေကြပြီလား' ဟု စာရေးသူက မေးသော အခါ သူတို့က 'တပည့်တော်တို့ လူငယ်တွေဟာ အစကတော့ မဟာမြိုင် တော ကြီးထဲမှာ မျက်စိ လည်နေခဲ့ကြတဲ့ ခရီးသည်တွေပါ ဘုရား၊ ခု အရှင် ဘုရားရဲ့ စာတွေကို ဖတ်ပြီးမှ မျက်စိ လည်ရာနေက လမ်းတွေ့တဲ့ ခရီးသည်လို ဖြစ်နေပါတယ် ဘုရား' ဟု လျှောက်ထားကြလေသည်။

## ( ၂ )

အကျွန်ုပ် တရား အားထုတ်ပြီး၍ ရန်ကုန် အိမ်သို့ ပြန်ရောက်သော အခါ တစ်နေ့သ၌ လူငယ် ဇနီး မောင်နှံ နှစ်ဦး အကျွန်ုပ် အိမ်လိပ်စာကို ရှာဖွေ မေးမြန်းပြီး ရောက်လာကြပါသည်။ ကိုမြတ်ထွန်းနှင့် ဇနီး မစမ်းမြင့်အေးတို့ ဖြစ်ကြသည်။ သူတို့သည် ရတနာ ကုန်သည် လူချမ်းသာများ ဖြစ်ကြရုံသာမက ကိုမြတ်ထွန်းက စာ အလွန် ဖတ်ပြီးနောက် သူ ကိုးကွယ်သင့်သော ဘာသာ အယူဝါဒကို ရှာဖွေနေသူ ဖြစ်သည်ဟု ဝန်ခံပါသည်။

လောကမှာ မိမိ ကိုးကွယ်နေသော ဘာသာ အကြောင်းကို ဘာဆို ဘာမျှ မသိဘဲ မိရိုးဖလာ ကိုးကွယ်ကြပြီးနောက် ဘာကိုမျှ မည်မည်ရရ မသိပါဘဲလျက် မိမိ ကိုးကွယ်သော ဘာသာသာလျှင် မှန်ကန်သော ဘာသာဟု ပြောဆိုဝံ့ကြသော အံ့ဖွယ်ကောင်းသော လူများ ရှိသည်ကို တွေ့ရသည်။

သို့သော် ကိုမြတ်ထွန်းကား ထိုသို့ လုံးဝ မဟုတ်။ သူ့သဘောထားက ရှင်းသည်။ 'အမှန်အတိုင်း ပြောရရင်တော့ ဆရာရယ်၊ ကျွန်တော့် အဖေကတော့ ကွန်မြူနစ် ဆန်တယ်၊ သေရင် မြေကြီး ကီစွပြီး ပဲလို့ သူက ယုံကြည်နေတယ်၊ ကျွန်တော်ကတော့ အဲဒီလို မဟုတ်ဘူး၊ ဘာသာ တရား အားလုံးကို လေ့လာကြည့်ချင်တယ်၊ ဥပမာ ခရစ်ယာန် ကောင်းတယ် မှန်တယ်လို့ ကျွန်တော် ယုံကြည်ရင် ခရစ် ယာန် ဘာသာကို ကိုးကွယ်မယ်၊ အစ္စလာမ် ဘာသာကို လေ့လာကြည့်လို့ အစ္စလာမ် ဘာသာပဲ ကောင်း ကောင်း၊ ဟိန္ဒူ ဘာသာပဲ ကောင်းကောင်း ကောင်းတယ်လို့ ကျွန်တော် ယုံကြည်တဲ့ ဘာသာကိုပဲ

ကိုးကွယ်မယ်လို့ ကျွန်တော်က ဆုံးဖြတ်ထားတယ်၊ အဲဒီလို ကျွန်တော် ဘာလုပ်ရမှန်း ဝေခွဲလို့မရ ဖြစ်နေတဲ့ အချိန်မှာ ဆရာ ရေးတဲ့ *ရတနာ သုံးပါးကို ယုံကြည် ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက် အကြောင်း* ကို ဖတ်လိုက်ရတော့ ကျွန်တော့် စိတ်ထဲမှာ ငါ ကံကောင်းလိုက်တာ၊ ငါ ရှာနေတာ ချက်ချင်း တွေ့ပြီ ဆိုပြီး သိပ်ပြီး ဘဝင်ကျသွားတယ်၊ အဲဒါကြောင့် ဆရာ့ကို ကျေးဇူး တင်ကြောင်း ပြောဖို့ ကျွန်တော် မရမက လိုက်ရှာပြီး လာတွေ့တာပါ ဆရာ' ဟု ဆိုသည်။

လူငယ်တွေရဲ့ အတွေးအခေါ်တွေ တစ်ခေတ် ပြောင်းလာပါပေါ့လားဟု အကျွန်ုပ် စိတ်မှာ ထင်မြင်လာပါသည်။ အချစ်၊ အလွမ်း စာတွေကို ဖတ်ပြီး စိတ်ကူး ယဉ်နေတတ်ကြသော လူငယ်တွေသည် လူ့ဘဝ၏ အဓိပ္ပာယ်နှင့် အနှစ်သာရကို ရှာဖွေချင်လာကြပြီ ဆိုသည်ကား ထူးခြားမှု တစ်ခုပင် ဖြစ်၏။ တိုးတက်သော နိုင်ငံက လူငယ်တွေ၏ စိတ်ဓာတ် ပြင်းထန်မှု (seriousness) မျိုး ကိုယ့် တိုင်းပြည်မှာလည်း ဖြစ်ပေါ်လာနေပြီကို သိရသဖြင့်လည်း များစွာ အားတက်မိ၏။

ကိုမြတ်ထွန်းက ဉာဏ်လည်း ထက်သည်၊ စီးပွားရေး လုပ်ငန်းရှင်ကြီး တစ်ဦးလည်း ဖြစ်၍ အတွေးအခေါ်လည်း တော်တော် ကောင်းသည်။

'ဆရာ့ စာကို ဖတ်ပြီး ငါ အပင်ပန်းခံ ရှာနေစရာ မလိုတော့ဘူး၊ ဆရာ ဆန်းလွင်ဟာ ဘာသာပေါင်းစုံကို လေ့လာပြီးမှ ဗုဒ္ဓဘာသာကို ကိုးကွယ်လာတာ ဆိုတော့ ငါ ဘာမှ စောဒက တက်နေစရာ မလိုတော့ဘူး၊ ဗုဒ္ဓဘာသာကိုပဲ ကိုးကွယ်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ် ဆရာ' ဟု သူက ဆိုသည်။

ထိုအခါ အကျွန်ုပ်က 'ကိုမြတ်ထွန်း ဆုံးဖြတ်တာကို ဆရာက အပြစ် မဆိုဘူး၊ ဒါပေမဲ့ အဲဒီလောက် သိရုံ အဲဒီလောက် နားလည်ရုံနှင့် ဗုဒ္ဓဘာသာ အစစ် မဖြစ်သေးဘူး'

'ဒါဆို ကျွန်တော် ဘာလုပ်ရဦးမလဲ ဆရာ'

'ခင်ဗျားမှာ ကံ ကံ၏ အကျိုးကို ယုံကြည်တဲ့ ကမ္မသကတဉာဏ် လောက်တော့ ရပြီပဲ ထား၊ မလုံလောက်သေးဘူး၊ ခင်ဗျား အသက်အရွယ်၊ ခင်ဗျားရဲ့ ရင့်ကျက်တဲ့ ဣန္ဒြေအရ သစ္စာ အနုလောမိကဉာဏ်ကို ဒီဘဝတွင် ရအောင် လုပ်ရမယ်၊ ဒါမှ စိတ်ချရတဲ့ ဗုဒ္ဓဘာသာ တစ်ယောက် ဖြစ်လိမ့်မယ်'

'ဟုတ်လား ဆရာ၊ ဒါဆို ကျွန်တော် သစ္စာ အနုလောမိကဉာဏ် ရအောင် ဘာလုပ်ရမလဲ' ဟု မေးပါသည်။

'ဒီလို လုပ်၊ ခု မကြာခင်မှာ မုံလယ် တောရ ဆရာတော် ဘုရားကြီး ရန်ကုန်ကို ကြွလာမယ်၊ ကျွန်တော်တို့ ဝိပဿနာ ဆယ်ရက်စခန်း ဖွင့်မယ်၊ အဲဒီ စခန်းဟာ သင်တန်း ပေးတဲ့ သဘောပဲ၊ အဲဒါကို တက်ကြည့်၊ ခင်ဗျား အသိဉာဏ်တွေ ပြောင်းပြီး သစ္စာ အနုလောမိက ဉာဏ်ကို ရပြီး လောကခံနှင့် ကြုံရတိုင်းမှာ ခန္ဓာကို ဉာဏ်လှည့်ပြီး ရှုတတ်သွားလိမ့်မယ်' ဟု အကျွန်ုပ်က ရဲရဲပင် ဝန်ခံ ကတိ ပေးလိုက်ပါသည်။

ထိုအခါ ကိုမြတ်ထွန်းက 'စကားမစပ် ဆရာ့ကို ကျွန်တော် တစ်ခုတော့ မေးချင်သေးတယ်၊ ကျွန်တော်က စီးပွားရေး လုပ်ငန်းရှင် တစ်ဦးပါ၊ အချိန်ဟာ ကျွန်တော့် အတွက် ပိုက်ဆံပဲ၊ တန်ဖိုးပဲ နော်၊ ဒီတော့ ကျွန်တော် သိချင်တာက ကျွန်တော် ရိပ်သာမှာ သွားပြီး တရား အားထုတ်လို့ ရလာမယ့် တန်ဖိုးဟာ ဒီဘက်မှာ လောကီဘက်မှာ ကျွန်တော် လက်လွှတ် ဆုံးရှုံးသွားတဲ့ တန်ဖိုးနှင့် နှိုင်းစာရင် ကာမိနိုင်ပါ့မလား' ဟု မကွယ်မဝှက် မေးပါသည်။

သူ၏ ရိုးသား ဖြောင့်မတ်သော စိတ်ကို အကျွန်ုပ် များစွာ နှစ်သက်မိသည်။ ယုံကြည် ကျန်းမာ ဖြောင့်စင်းစွာဖြင့်၊ လွန်စွာ အားထုတ်၊ နာမ်နှင့် ရုပ်ကို၊ ဖြစ်ချုပ် သိမြင် ဤငါးအင်၊ အမှန်ပင် မဂ် ရကြောင်း ဆိုသော စကား အရ အကျွန်ုပ်က 'ဘဝမှာ သေချာပေါက် မုချ ပြောနိုင်တာ ဘာမှ မရှိဘူး၊ သိပ္ပံပညာမှာတောင် မရှိဘူး၊ uncertainty theory ဆိုတာ ကြားဖူးမှာပေါ့၊ လုပ်ကြည့်၊ လုပ်ကြည့်မှ သိလိမ့်မယ်' ဟုသာ အားပေးလိုက်ပါသည်။

ကိုမြတ်ထွန်းကား ပြောသည့်အတိုင်း လုပ်တတ်သူ ဖြစ်သည်။ သူ ၁၀ ရက် စခန်းမှာ ဝင်ပြီး အားထုတ်သည်။ ထို့နောက် မကြာမီ သူ လာပြောသော စကားမှာ 'ကျေးဇူး တင်လိုက်တာ ဆရာရယ်၊ ခု ကျွန်တော် ဘယ်လို လောကဓံနှင့်ပဲ ဖြစ်ဖြစ် ရင်ဆိုင်ရဲသွားပြီ၊ ခု သေမယ် ဆိုရင်တောင် ကျွန်တော် အပြုံးမပျက် သေသွားမယ်၊ ကျွန်တော် ဘယ် သံယောဇဉ်ကိုမှ သတိ ရတော့မှာ မဟုတ်ဘူး၊ ခန္ဓာကို ဉာဏ်လှည့်တတ်သွားပြီ' ဟု ဆိုလေသည်။

အကျွန်ုပ် အားရ ကျေနပ်ပါ၏။

( ၃ )

သို့သော် အကျွန်ုပ် စိတ်မရှင်းသော အချက် တစ်ချက် ရှိသည်။ 'ရတနာသုံးပါးကို ယုံကြည် ကိုးကွယ်လာသူ တစ်ယောက် အကြောင်း' စာအုပ်သည် အကျွန်ုပ်၏ ငယ်စဉ် ဘဝက အကြောင်းတွေ ဖြစ်သည်။ ဗုဒ္ဓဘာသာကိုလည်း စုံစုံစေ့စေ့ မသိသေး၊ အခြား ဘာသာတွေ အကြောင်းကို ရေးသားခဲ့သည်များမှာလည်း ခရေစေ့တွင်းကျ သိ၍ ရေးခဲ့ခြင်း မဟုတ်ပါ။ မိမိ အတွေ့အကြုံ လက်လှမ်းမီရာလောက်ကိုသာ သူ့အရွယ်နှင့်သူ တန်အောင် ရေးခဲ့ခြင်းသာ ဖြစ်သည်။ ထို့ကြောင့် အကျွန်ုပ်မှာ 'ကမ္ဘာ့ လူသားများ ကိုးကွယ်နေကြသော ဘာသာ အယူဝါဒ' အားလုံးကို ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် လူငယ်များ သိအောင် စာအုပ် တစ်အုပ် ရေးသားသင့်သေးသည်ဟု အစွဲအလမ်း ဖြစ်ခဲ့ပါသည်။

ထိုသို့ ပြုမှသာ လူငယ်များသည် သူတို့၏ သံသရာ လမ်းကြောင်းမှန်ကို သူတို့ဘာသာ ရွေးချယ်နိုင်ကြလိမ့်မည် ဖြစ်ပါသည်။ ထို ရင်တွင်းက ချင်ခြင်းကို ဖြေရန် ဤကျမ်းကို အကျွန်ုပ် ရေးသားပါသည်။

အမှန်မှာ ဤမျှ ကြီးကျယ်သော စာအုပ် တစ်အုပ်ကို အကျွန်ုပ်သာ ရှာဖွေ ရေးရမည် ဆိုလျှင် တစ်သက်လုံး လေ့လာ ဆည်းပူးပြီး ရေးတောင် ပြီးဆုံးခြင်းသို့ ရောက်နိုင်မည် မဟုတ်ပါ။ ထိုစာအုပ်ကို မူရင်း ရေးသားသူမှာ ပါမောက္ခ ဂျွန်၊ ဘီ၊ နော့စ် (Prof: John B.Noss) ဖြစ်ပါသည်။

သူ့စာအုပ် အမည်က MAN'S RELIGIONS ဖြစ်ပါသည်။ ဤကျမ်းထဲမှာ ယနေ့ခေတ် လူငယ်တွေ သိချင်သော၊ သိသင့်သော ဘာသာရေး အတွေးအခေါ်များ အပြင် ဘာသာများ ဖြစ်ထွန်းပြီး ပျံ့နှံ့သွားပုံ သမိုင်းကြောင်းများပါ ပါပါသည်။ အတော်ပင် ပြည့်စုံပါသည်။

( ၄ )

တစ်နည်း ပြောရသော် ဤစာအုပ်ထဲမှာ ပါသော အကြောင်းများမှာ ဟိန္ဒူတိုင်း မသိသော ဟိန္ဒူ ဘာသာ အကြောင်း၊ ဂျိမ်းတိုင်း မသိသော ဂျိမ်း ဘာသာ အကြောင်း၊ ဗုဒ္ဓဘာသာတိုင်း မသိသော ဗုဒ္ဓ ဘာသာ အကြောင်း၊ အစ္စလာမ်တိုင်း မသိသော အစ္စလာမ် ဘာသာ အကြောင်းတွေ ဖြစ်ပါသည်။

ဤကဲ့သို့ ဘာသာပေါင်းစုံ အကြောင်းကို သမိုင်းနှင့် ချီပြီး ဒဿန အမြင် များစွာ ပြောင်းလဲလာပုံကို ဖော်ပြထားသော ကျမ်းမျိုး တစ်ကျမ်း မြန်မာ စာပေလောကမှာ ရှိပြီ ဆိုလျှင် ဤကျမ်းကို ပင်ပန်းစွာ ဘာသာပြန် ရေးသားခဲ့ရသော အကျွန်ုပ် အဖို့ လူဖြစ်စဉ် ခဏဝယ် ပီတိငယ် တစ်ခု ရရှိပြီဟု ဆိုနိုင်ပါပြီ။ ဘယ်ဘာသာကိုပဲ ယူယူ ကိုယ့်ဘာသာ အကြောင်းကို ကောင်းကောင်း သိမှသာ ကိုးကွယ်ရကျိုး နပ်ပါမည်။ ဤ စာအုပ်တွင် ဘာသာကြီးများ အကြောင်း ပြည့်ပြည့်စုံစုံ ပါသည်။ ပညာရှင်၏ ဘက်မလိုက်သော အမြင်ဖြင့် ရေးသားထားသော ကျမ်းဖြစ်၍ ဓမ္မဒိဋ္ဌာန် အမြင်ကို ရရှိစေနိုင်ပါသည်။

**ဆန်းလွင်**

# အပိုင်း (တစ်)

## ဈေးကျ၍ ပျောက်ကွယ်ခဲ့ပြီးသော ဘာသာ အယူဝါဒများ

## ပါမောက္ခ ဂျွန် ဘီ နော့စ်၏ အမှာစကား

လူသားသည် သဘာဝ လောကကြီး အလယ်ဝယ် တစ်ဦး တစ်ယောက်တည်း တသီးတခြား ရပ်တည်၍ နေနိုင်ခြင်း မရှိ ဆိုသော သဘောကို ဘာသာတရားများ အားလုံးက တစ်နည်းနည်းဖြင့် ပြောဆိုတတ်ကြပါသည်။ လူသားသည် သူ၏ အသက်ရှင် ရပ်တည်နေနိုင်ရေး အတွက် သူ့ကိုယ်၏ ပြင်ပ၌ ဖြစ်သော တန်ခိုး သတ္တိများနှင့် ဆက်စပ်နေရသည်။ ထို တန်ခိုး သတ္တိများကို မှီခို အားထားနေရသည်။ သူသည် ကမ္ဘာ လောကကြီး၏ အလယ်တွင် အမှီအခို ကင်းစွာ ဘာနှင့်မျှ အဆက်အစပ် မရှိဘဲ ရပ်တည်နေနိုင်သော ဗဟို စွမ်းအားစုကြီး တစ်ခု မဟုတ်ကြောင်းကို လူသားသည် ထင်ထင်ရှားရှား ဖြစ်စေ၊ မှုန်ဝါးဝါး ဖြစ်စေ သိသည်။ မိမိသည် သဘာဝ တရားကြီးနှင့် အဆက်အစပ် ကင်း၍ ဖြစ်စေ၊ သဘာဝ တရားကြီးကို ပြုပြင်နေသော စွမ်းအား သတ္တိကြီး တစ်ခု သို့မဟုတ် စွမ်းအား သတ္တိများနှင့် ကင်း၍ ဖြစ်စေ အသက်ရှင် နေနိုင်သော သတ္တဝါ တစ်ခု မဟုတ်ကြောင်းကိုလည်း သိသည်။

ဤသိမြင်မှုသည် ကမ္ဘာဦး အစ လူသားများ၏ မိမိတို့နှင့် လက်ငင်း ဆက်ဆံနေရသော သဘာဝ ပတ်ဝန်းကျင်၏ တန်ခိုး သတ္တိများ အပေါ် မှီခို အားထားခဲ့ရမှုတွင်လည်း ရှိသည်။ ထို့အတူ နောင်အခါတွင် ပေါ်ပေါက်လာသော သဘာဝ လောကကြီး၏ ပထမ အကြောင်းတရား ဖြစ်သော ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်ကို ယုံကြည် ကိုးကွယ်လာမှုတွင်လည်း ဤသိမြင်မှုသည် ရှိခဲ့၏။ ထိုဖြစ်ရပ်များ အရ ရီလီဂျင်း (religion) ခေါ်သော ကယ်တင်ရှင် ဘုရားသခင်ကို ယုံကြည် ကိုးကွယ်သော ဘာသာ အယူဝါဒတို့၏ ယေဘုယျ သဘောမှာ သဘာဝတရားကို ပြုပြင် ဖန်တီးနေသော တန်ခိုး သတ္တိကြီး တစ်ခု သို့မဟုတ် တန်ခိုး သတ္တိများနှင့် ဆက်စပ်နေခြင်းပင် ဖြစ်၏။ ထို ဘာသာ တရားများသည် သဘာဝ တရားကို *တန်ခိုး သတ္တိ*[၁] များကို သယ်ဆောင်ထားသော ယာဉ်ကြီး တစ်ခု အဖြစ် ရှုမြင်ထားကြလေသည်။

နောင်းခေတ် အဆင့်မြင့် ဘာသာတရားများ၌ *ဖန်ဆင်းရှင် ထာဝရ နတ်ဘုရား (ဂေါ့)*[၂] ကို ယုံကြည် ကိုးကွယ်မှုသည် တစ်ခါတစ်ရံ လူသားအား မိမိ၏ ပတ်ဝန်းကျင် လောကကို ယုတ်ညံ့သော လောက ဖြစ်သည်ဟု တွေးမြင်မှုကို ဖြစ်ပေါ်စေတတ်သည်။ ထိုသူတို့သည် ဤ ကမ္ဘာ လောကကို ခေတ္တ ဘုရားဖူး ခရီးထွက်လာကြသော အာဂန္တုများ အဖြစ် သဘောထားတတ်ကြသည်။ *သုခ အမြင့်ဘုံ*[၃] သည်သာလျှင် သူတို့၏ ထာဝရ နေရာ အိမ် အဖြစ် သဘောထားတတ်ကြသည်။ ဤယုံကြည်မှုသည် လူသားတို့၏ ဘာသာ ယုံကြည် ကိုးကွယ်မှု ကိစ္စတွင် ယေဘုယျအားဖြင့် ထူးခြားချက် တစ်ခု ဖြစ်သည်။ အမှန်မှာတော့ ဤယုံကြည်မှုသည် ထူးခြားသော အခြေအနေများ အရ ဖြစ်ပေါ်လာသော ထူးခြားသော ယုံကြည်မှုမျိုး ဖြစ်ကြောင်းကို သိအပ်ပါသည်။

ယေဘုယျ သဘောထားမှာ လူသားနှင့် သဘာဝ တရား အကြား ဆက်နွှယ်မှုသည် သဇီဝ သက်ရှိ သဘောကို ဆောင်သည်။ အသက် ရှင်သန်ရေး အတွက် မရှိမဖြစ် လိုအပ်သည်။ ဤ ဆက်စပ်မှုသည် အပေါ်ယံ ကျသော ဗဟိဒ္ဓ ဆက်နွှယ်မှုမျိုး မဟုတ်၊ မတော်တဆ ဖြစ်သော ဆက်နွှယ်မှုမျိုး မဟုတ် ဟူ၍

---

၁။ Power ၂။ God ၃။ Heaven

ဖြစ်သည်။ အကယ်၍ သဘာဝ တရား၏ အပြင် အကာ သဘောကို မယုံကြည်ပါက ပိုမို နက်ရှိုင်းသော အတွင်း သဘော၌ ပို၍ မြင့်မားသော အစစ်အမှန် တရား ရှိသည်ဟု ယုံကြည်ရာ ကျခြင်းကြောင့် ဖြစ်၏။

မည်သို့ပင်ဆိုစေ တောတွင်းမှာ နေခဲ့ကြသော သမိုင်းဦးခေတ် လူသားများမှသည် မျက်မှောက်ခေတ် တိုးတက် ထွန်းကားနေသော ယဉ်ကျေးသော လူ့ အဖွဲ့အစည်းများထဲရှိ လူသားများ အထိ လူသာလျှင် ပဓာန အကျဆုံး ဖြစ်သည် ဆိုသော အတွေးမျိုးကို မတွေးခေါ်နိုင်ကြသေးပေ။ အဘယ်ကြောင့် ထိုသို့ မတွေးနိုင်ကြသနည်း ဟူမူ ထိုကဲ့သို့ တွေးထင်လိုက်လျှင် လူသားသည် သူ၏ အသက် ရှင်နေမှု၊ သူ့ ဘဝ ပြည့်စုံမှု အတွက် သူ၏ ဗဟိဒ္ဓ လောကတွင်းရှိ စွမ်းအားစုများ အပေါ် မှီခို၍သာ ထိုစွမ်းအားစုများနှင့် သဟဇာတ ဖြစ်အောင် နေမှသာ ဖြစ်နိုင်သည် ဆိုသော အတွေး အထင်နှင့် ဖီလာကန့်လန့် ဆန့်ကျင်ဘက် ဖြစ်သွားနိုင်သောကြောင့် ဖြစ်၏။ ထိုခံစားချက်သည် လူသားတို့ ကိုးကွယ်ရာ ဘာသာ အယူဝါဒ အားလုံး၏ အခြေခံကျသော ခံစားချက် ဖြစ်လေသည်။

ဤသဘောကို ကောင်းစွာ နားလည် သဘောပေါက်ရန်မှာ ရှေးကျပြီး ပျောက်ကွယ်သွားကြပြီ ဖြစ်သော ဘာသာ ယုံကြည် ကိုးကွယ်မှုများကိုပါ ထောက်ထား စာနာ လေ့လာကြည့်မှသာ ဖြစ်နိုင်ပေလိမ့်မည်။ ထိုဘာသာတရားများ၌ သူတို့ ပြောဆိုထားသမျှ အားလုံးသည် *ဒဿန မဆန်ဘဲ* [၁] ပြောဆိုထားကြသည်။ သို့မဟုတ် သိပ္ပံနည်းမကျစွာ ပြောဆိုထားကြသည်။ သို့မဟုတ် ဝိဉာဏ်သိ အားလုံးကိုလည်းကောင်း၊ *စိတ်ကူး ထင်မြင်ချက်များနှင့် သရုပ်သင်္ကေတ* [၂] များ အားလုံးကို လည်းကောင်း ငြင်းချက် မရှိဘဲ လက်ခံ ယုံကြည်ထားကြသည်။ သို့သော် သူတို့သည် ထိုသဘောများ အားလုံးကို သူတို့ တတ်နိုင်သမျှ အကောင်းဆုံးနည်းဖြင့် ပြောဆို တင်ပြထားခဲ့ကြခြင်း ဖြစ်လေသည်။

---

၁။ unphilosophically ၂။ fantasy and symbolism

## အခန်း ( ၁ )
## သမိုင်းဦး ခေတ်က ဘာသာ ကိုးကွယ်မှု

သမိုင်းဦးခေတ် လူသားများသည် သူတို့ နေ့စဉ် ရင်ဆိုင်တွေ့ကြုံ ခံစားနေရသော ပတ်ဝန်းကျင်ထဲက သိမြင် နားလည် လာရသော အစစ်အမှန် တရားများကို တုံ့ပြန် ပြုမူရမည့် နည်းလမ်းများကို သူတို့ ကိုးကွယ်သော ဘာသာ အယူဝါဒများက သင်ကြား ပေးထားခဲ့လေသည်။ ပတ်ဝန်းကျင်ထဲက သူတို့ သိမြင် နားလည်လာရသော အစစ်အမှန် တရားများ ဆိုရာတွင် သဘာဝ၏ စွမ်းအားစုများ၊ *ရိုးရာ နတ်များ*[၁] နှင့် သူတို့ စိတ်ထဲတွင် ခံစားလာရသော လူသားများနှင့် လူ့အဖွဲ့အစည်း အပေါ် ကျရောက်လာသော တန်ခိုးသတ္တိများ ပါဝင်သည်။ ထိုအခါ ရှေးခေတ် လူသားများသည် ရိုးရာ နတ်များ၊ *အမျိုးသားရေးဆိုင်ရာ နတ်များ*[၂] နှင့် သုခ အမြင့်ဘုံ၏ အရှင်သခင် နတ်ဘုရားများကို ကြံစည် ကိုးကွယ် လာခဲ့ကြလေသည်။

ထို့နောက် ကာလ များစွာ ကြာသော အခါမှသာ လူ့ဘဝနှင့် ပတ်သက်သော ကျယ်ပြန့်သော ကိစ္စများကို စဉ်းစားလာနိုင်ကြပြီးလျှင် လောက အလုံးကို ဖန်ဆင်းနိုင်သော အရှင်၊ ထာဝရ ဘုရားသခင် သဘောကို ဆောင်သော အကြွင်းမဲ့ ဖန်ဆင်းရှင် ဆိုသော သဘောနှင့် ထိုဖန်ဆင်းရှင် ထာဝရ ဘုရားသခင် ဆိုသော သဘော၏ ရည်ရွယ်ချက် ဆန္ဒတော် ကိစ္စများကိုပါ စဉ်းစား တွေးခေါ်နိုင်လာခဲ့ကြပေတော့သည်။

ဤအတွေးအခေါ် တိုးတက်မှုနှင့် အလှမ်း ကျယ်မှုသည် လူသားတို့၏ သမိုင်းကြောင်း တစ်ခုလုံးကို စိမ့်ဝင်ပျံ့နှံ့သွားသည်။ ဤ ဖြစ်ရပ်သည် ကြီးကျယ်သော ဇာတ်လမ်းကြီး တစ်ခုကို ဖန်တီးပေးခဲ့သည်။ လူသားတို့၏ ထိုအတွေးအခေါ် တိုးတက်မှုသည် ကွဲပြား ခြားနားသော လူသား၏ ဘာသာရေး ယုံကြည်မှုများနှင့် အတွေ့အကြုံများပေါ်တွင် မည်သို့ ဩဇာ လွှမ်းမိုးနိုင်ခဲ့ပုံကို လည်းကောင်း၊ လူသား၏ ဘာသာရေး သမိုင်း တစ်လျှောက်တွင် အသေးစိတ်ကလေးများ မည်မျှလောက် ကြွယ်ဝခဲ့ပြီး ထိုအတွေးအခေါ်သည် မည်သို့ အစဉ်သဖြင့် ပြောင်းလဲ တိုးတက်ကာ အတွေးအခေါ် သန့်စင်အောင် အထပ်ထပ် သုတ်သင်ခဲ့ကြပုံကို လည်းကောင်း ဤ စာအုပ် (ဆောင်းပါးစဉ်) ထဲတွင် တွေ့ကြရလိမ့်မည်။

ဘာသာ အယူဝါဒများသည် ၎င်းတို့၏ ရှင်သန် ကြီးထွားလာမှုတွင် အခိုက်အတန့်အားဖြင့် ရပ်တန့်ခြင်းမျိုး၊ မတည်မမြဲ ဖောက်လွဲဖောက်ပြန် ဖြစ်ခြင်းမျိုး၊ ယိုယွင်းမှု ပယ်ရှားခြင်း ခံရမှုမျိုးများကိုလည်း မခံခဲ့ရသည် မဟုတ်ပါ။ ခံခဲ့ကြရသည်သာ ဖြစ်ပါသည်။ သို့ရာတွင် တိုးတက် ထွန်းကားရေး အတွက် အချိန် ရခဲ့ခြင်း၊ လူမှုရေး၊ စီးပွားရေး အခြေအနေများ၏ ကန့်သတ် ချုပ်ချယ်ခြင်း ခံရမှုမျိုးလည်း ကြုံတွေ့ရလျက်ကပင် ဘာသာရေး ယုံကြည် သက်ဝင်မှုများသည် ပြည့်ပြည့်ဝဝ ထွန်းကားသော အခြေအနေသို့လည်း ရောက်ခဲ့ကြပါ၏။

ထို့ကြောင့် ဘာသာ အယူဝါဒများကို လေ့လာသော အခါ ထိုဖြစ်စဉ်များကိုပါ လေ့လာ သုံးသပ်သင့်ကြောင်းကို တိုက်တွန်း လိုပါသည်။ သို့ဖြစ်ရာ ဘာသာ အယူဝါဒကြီး တစ်ခု ဖြစ်ထွန်းလာသည့် အချိန်က စ၍ တဖြည်းဖြည်း တိုးတက် စည်ပင် ကြီးထွားလာပုံများကိုပါ လေ့လာသင့်သည်။

အကြောင်းမူကား ထိုကဲ့သို့ အစက စ၍ လေ့လာ သုံးသပ် စိစစ်ခြင်း မရှိဘဲနှင့် လူတစ်ယောက် အကြောင်းကို သိပါသည် ဆိုလျှင် ထိုလူကို အမှန်တကယ် နားလည်ရန် မဖြစ်နိုင်သကဲ့သို့ ဖြစ်ပါသည်။

ယခု ကျွန်ုပ်တို့သည် ထို ဖြစ်စဉ်ကြီးထဲသို့ ဝင်ပါတော့မည်။ ဤဖြစ်စဉ်၏ ပြောပြချက် အရ ကျွန်ုပ်တို့သည် လူသားတို့၏ ဘဝတွင် သူ၏ ဘာသာတရား ယုံကြည် ကိုးကွယ်မှုက စိတ် ကျေနပ်အောင် ဖန်တီးပေးသော လူသား

၁။ ancestral spirits ၂။ national gods

တို့၏ အရေးပါသော လိုအင်ဆန္ဒ အချို့ကိုလည်း ဖော်ထုတ်နိုင်ပါလိမ့်မည်။ ထိုအချက်ကို ကောင်းစွာ နားလည်နိုင်ရန်အတွက် ကျွန်ုပ်တို့သည် အတိတ်ဆီသို့ တတ်နိုင်သမျှ ဝေးဝေးလံလံ နောက်ဆုတ်၍ စတင် လေ့လာ ကြည့်ကြပါစို့။

## ၁။ ကျောက်ခေတ်က ဘာသာ ကိုးကွယ်မှု

ဘာသာ ယုံကြည် ကိုးကွယ်မှုသည် ဘယ်အချိန်လောက်က စတင်၍ ပေါ်ပေါက်ခဲ့သနည်း။ ဤအချက်ကို တိတိကျကျ ပြောဖို့တော့ ခက်ပါသည်။ ဘာသာ ယုံကြည် ကိုးကွယ်မှုသည် အလွန် ရှေးကျသော လူသားများ စိတ်ထဲတွင် ကမ္ဘာလောကကြီးထဲ၌ လုံခြုံ စိတ်ချစွာ အသက်ရှင် နေနိုင်ရေးအတွက် ကြိုးပမ်းကြရာမှ ပေါ်ပေါက်လာသော အရာ ဖြစ်ပေရာ *ဘီစီ ၁၀၀၀၀၀ မှ ၄၀၀၀၀ အကြားတွင် ပေါ်ပေါက်ခဲ့သော လူသားများ* [၁] သည်ပင်လျှင် ပထမဆုံးသော ဘာသာ ယုံကြည် ကိုးကွယ်ကြသူများ မဖြစ်နိုင်တော့ပေ။ သို့ရာတွင် ထိုရှေးကျသော လူသားများ အလျှင်ကပင် ဘာသာ ယုံကြည် ကိုးကွယ်သူများ ရှိခဲ့နိုင်သည်ဟု တွေးဆကြည့်မည် ဆိုလျှင်လည်း မိုက်မဲရာ ကျပြန်သည်။

သေချာသလောက် ပြောရလျှင် လွန်ခဲ့သော အနှစ် ၅၀၀,၀၀၀ လောက်က ပေါ်ပေါက်ခဲ့သော *လူမဖြစ်တဖြစ် (တိရစ္ဆာန် တစ်ပိုင်း လူ တစ်ပိုင်း) သတ္တဝါ* [၂] မျိုးတွင်မူ ထိထိရောက်ရောက် ဘာသာ ယုံကြည် ကိုးကွယ်ခြင်းမျိုး စတင် ဖြစ်ပေါ်နိုင်ခြင်း မရှိနိုင်သေးပေ။

အဘယ်ကြောင့် ဆိုသော် ၄င်း ခေတ်က ကျန်ရစ်ခဲ့သော ထိုလူသားများ ဘဝ ရှင်သန် နေထိုင်ရေး အတွက် ရှန်းကန်ရာတွင် အသုံးပြုခဲ့ကြသော မီးခတ်ကျောက်လို အသုံးအဆောင်များနှင့် *ကျောက်လက်နက်* [၃] များကို လေ့လာကြည့်ခြင်းအားဖြင့် ထိုခေတ် လူသားများ၏ အသိဉာဏ် အဆင့်အတန်းကို ခန့်မှန်းနိုင်သည်။ ဘာသာ ယုံကြည် ကိုးကွယ်မှု အယူအဆ အတွေးအခေါ်မျိုး ပေါ်ပေါက်နိုင်သော ဉာဏ် အဆင့်အတန်းမျိုး မရှိနိုင်သေးပေ။

လွန်ခဲ့သော အနှစ် ၁၀၀၀၀၀ မှ ၂၅၀၀၀ အကြား ပေါ်ပေါက်ခဲ့ကြသော ကျောက်ခေတ်နှောင်း လူသားများမှာမူ ဘာသာ ယုံကြည်မှုမျိုး တိတိကျကျ ရှိနေပြီ ဖြစ်ကြောင်းကို သူတို့ နေထိုင်ခဲ့ကြသော လိုဏ်ဂူများထဲတွင် အထောက်အထားများကို တွေ့ရှိရသည်။ ထိုခေတ် လူသားများ၏ လူသေ အလောင်းများကို မြှုပ်နှံကြသော အခါ စားစရာများဖြင့် ပူဇော် ပသကြကြောင်းကို (အရိုးကြွင်း အရိုးကျန်များ အရ) သိရှိရသည်။ ထို့ပြင် မြေမြှုပ် သင်္ဂြိုဟ်ပွဲများ၌ အသုံး ပြုခဲ့ကြသော မီးခတ်ကျောက် ကိရိယာကိုလည်း သင်္ချိုင်းထဲ ထည့်ခဲ့ကြကြောင်း တွေ့ရှိရသည်။

ထိုအချိန်တွင် အတွေးအခေါ်အားဖြင့် ပိုမို မြင့်မားသော နတ် ကိုးကွယ်မှု ရှိနေနိုင်ပြီဟု ယူဆမည် ဆိုလျှင် ယူဆနိုင်ဖွယ် ရှိပါသည်။ သို့ဆိုပြန်လျှင်လည်း ထိုခေတ် လူသားများတွင် သေသွားသူများသည် တမလွန် ဘဝ၌ သိမ်မွေ့ နက်နဲသော ခန္ဓာသစ်ဖြင့် ဆက်လက် အသက် ရှင်သန်နေသည် ဟူသော ယုံကြည်ချက်မျိုး ရှိနေနိုင်ပြီဟု ဆိုသင့်သည်။

ကျောက်ခေတ်ဟောင်း၏ နှောင်းပိုင်း ကာလသို့ ရောက်သော အခါ (လွန်ခဲ့သော အနှစ် ၂၅၀၀၀ ခန့်ကို ဆိုလိုသည်။) ဥရောပနှင့် အာဖရိက တိုက်များ၌ ပေါ်ပေါက်သော *ခရိုမဂ္ဂနွန်* [၄] လူသားများ ခေတ်သို့ ရောက်သော အခါတွင်မူ ကျောက်ခေတ်ဟောင်း လူသားများ၏ ဘာသာရေး ယုံကြည်မှုနှင့် ကိုးကွယ်မှု ဓလေ့ထုံးစံများကိုပါ တိတိကျကျ သိလာရပေတော့သည်။

ခရိုမဂ္ဂနွန် လူသားများမှာ လူ ပုံသဏ္ဌာန် ပီပီသသ အဖြစ်သို့ ရောက်ရှိနေကြပြီ ဖြစ်သော လူသားများ ဖြစ်၏။ သူတို့၏ ဦးခေါင်းခွံများမှာ ခေတ်သစ် လူသားများ၏ ဦးခေါင်းခွံထက် ပို၍ အတန်အသင့် ကြီးမား၏။

တချို့ မနုဿဗေဒ ပညာရှင်များက ထိုခေတ် လူသားများ၏ ဦးခေါင်းခွံများသည် ယခုခေတ် *ဆစ်ခ်* [၅] လူမျိုးများ၏ ဦးခေါင်းခွံနှင့် ပို၍ တူသည်ဟု ဆိုကြသည်။ အရပ်အမောင်း မြင့်သော လူမျိုးများထဲတွင် ခရိုမဂ္ဂနွန်များမှာ ပို၍ သန်မာ ထွားကျိုင်း ကြံ့ခိုင်ကြသည်။

အနှစ် ၁၀၀၀၀၀ ကျော်က ရှိခဲ့ကြသော နီယင်ဒါသလာ လူများ အသက်ရှင် နေထိုင်ခဲ့ကြရသော အလွန်ပြင်းထန်သော ရာသီဥတုနှင့် နှိုင်းစာလျှင် ပို၍ သက်သောင့်သက်သာ ရှိသော ရာသီဥတု ရှိရာ အရပ်များသို့ ခရိုမဂ္ဂနွန်

---

၁။ Neanderthale ၂။ Pithecanthropus ၃။ eoliths

၄။ Cro-Magnon ၅။ Sikhs

အထူး စိတ်ဝင်စားစရာ ကောင်းသော အချက်မှာ ၄င်းတို့သည် ဆေး အနီများကို လူသေ အလောင်းပေါ်သို့ သွန်းလောင်းချသော ဓလေ့ ထုံးစံ ရှိခြင်းပင် ဖြစ်၏။

ထို လူမျိုးများ၏ ဘဝတွင် ပန်းချီ ဆေးရေးခြင်း အတတ်သည် အလွန် အရေးပါသော အခန်းက ပါဝင်ခဲ့လေသည်။ ခရိမဂ္ဂနွန်များ၏ မှတ်သားဖွယ်ရာ ယဉ်ကျေးမှု စွမ်းဆောင်ချက်မှာ သူတို့၏ ပန်းချီပညာနှင့် ရုပ်တုပညာ ဖြစ်သည်။ သူတို့သည် နံရံ ဆေးရေး ပန်းချီများကို ရေးဆွဲခဲ့ကြသည်။ ရွှံ့ရုပ်များကို ထုလုပ်ခဲ့ကြသည်။ အရိုးများကို ပန်းပု ထုကြသည်။

ရှေးခေတ် လူသားများ အားလုံးထက် ပန်းချီ ပန်းပု ရေးဆွဲ ထုလုပ်ရာတွင် ဖြစ်ရပ်မှန် သဘော အရ လည်းကောင်း၊ အနီးအဝေး အလင်း အမှောင် သဘော အရ လည်းကောင်း အဘက်ဘက်က သာသည်။ သူတို့ အဓိက ထား၍ ပန်းချီ ပန်းပု ရေးဆွဲ ထုလုပ်သည့် အကြောင်းအရာမှာ သူတို့ အမဲ လိုက်သော သားကောင်များ ဖြစ်ကြသည်။ အထူးသဖြင့် တိရစ္ဆာန် သားကောင် ပုံများသာ များသည်။ လူပုံသဏ္ဍာန် ရေးဆွဲမှုမှာ ရှားသည်။

ပန်းပုရုပ်များနှင့် ပန်းချီများကို နံရံများပေါ်တွင် ရေးဆွဲ ထုလုပ်ခဲ့ကြသည်။ မီးတုတ်များ၊ ဆပ်ပြာကျောက်ကို ထွင်းထားသော အမဲဆီသုံး မီးခွက်များ၏ အလင်းရောင်ကို အသုံးပြု၍ ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ ဤပန်းချီ ပန်းပု များကို ပြုလုပ်ခဲ့ကြရာတွင် သူတို့ စိတ်ထဲမှာ ဘာတွေ ရှိနေကြသနည်း။

ရရှိထားသော အချက်အလက်များ အားလုံးနှင့် ကိုက်ညီသော အဖြေကို ပေးရမည် ဆိုလျှင် ခရိမဂ္ဂနွန် လူမျိုးများ၏ ဤအလေ့အထသည် မှော်အတတ်နှင့် ဆက်စပ်နေသည်ဟု ဆိုနိုင်သည်။ ပန်းချီပုံများ၊ အင်းကွက်ပုံများကို ၄င်းတို့၏ မှော်ဝိဇ္ဇာ လုပ်ငန်း အတွက် အသုံးချခဲ့ကြခြင်း ဖြစ်သည်။ ယခု ခေတ်တိုင်အောင် ရှေးကျသော လူမျိုးများထဲတွင် ရုပ်ပုံ အင်းချပ်များသည် မိမိတို့ စုန်းတိုက် နတ်တိုက် လုပ်ငန်းတွင် မိမိတို့ ပြုစားလိုသူကို ကိုယ်စားပြုသည် ဆိုသော အယူအဆမျိုး ရှိကြသေးသည်။ မှော်ဝိဇ္ဇာ အတတ်ဖြင့် တိုက်နွား အစီအရင်မျိုးကိုလည်း ပြုလုပ်ခဲ့ကြသည်။

ထို့ပြင် ခရိမဂ္ဂနွန် မုဆိုးများသည် တောလိုက်မထွက်မီ စုဝေးကြပြီး ခေါင်းဆောင် ဖြစ်သူ နတ်ဆရာက ဦးဆောင်ပြီး ပူဇော် ပသပွဲများ ကျင်းပလေ့ ရှိကြသည်။ ထိုအချိန်တွင် နတ်ဆရာက သူတို့ အမဲလိုက်ရန် ရည်ရွယ်များ ဝင်ရောက် လာခဲ့ကြလေသည်။ သူတို့သည် နီယင်ဒါသလာ လူမျိုးများကို အစားထိုးသော လူများ ဖြစ်ကြသည်။ လွတ်လပ်စွာ လှည့်လည် သွားလာနေကြသူများ ဖြစ်ကြသည်။ သူတို့သည် ရေကြည်ရာ မြက်နုရာ ခြေသလုံး အိမ်တိုင်ပြု၍ သွားလာ နေထိုင်ကြသူများ ဖြစ်ကြသည်။ ချမ်းအေးသော ရာသီများတွင်သာ သူတို့သည် ကျောက်ဂူ ကျောက်ခေါင်း အောင်း၍ နေတတ်ကြသည်။

အထူးသဖြင့် အမဲလိုက်ခြင်း အလုပ် တစ်ခုတည်းဖြင့် အသက်မွေးဝမ်းကျောင်းမှုကို ပြုခဲ့ကြလေသည်။ သူတို့ ပစ်ခတ် စားသောက်ခဲ့ကြသော သားကောင်ကြီးများမှာ ပြောင်၊ ဥရောပ နွားရိုင်း၊ တစ်ခါတစ်ရံ ဆင်ရိုင်းနှင့် အထူးသဖြင့် ရေခဲ သမင်များ၊ မြင်းရိုင်းများ ဖြစ်ကြသည်။

ထို သမိုင်း အထောက်အထားများကို ၄င်းတို့၏ လဟာပြင် စခန်းချရာ အရပ် ဖြစ်သော ပြင်သစ်ပြည် တောင်ဘက် အလယ်ပိုင်း *ဆိုလုတာ* [၁] အရပ်တွင် ရှာဖွေ တွေ့ရှိခဲ့ရသည်။

ထိုနေရာတွင် ရှေးဟောင်း သုတေသန ပညာရှင်များက မြင်း အရိုးပေါင်း ၁၀၀၀၀၀ နှင့်အတူ ရေခဲ သမင် အရိုးများ၊ ဆင်ရိုင်းကြီးများ၏ အရိုးများကို တွေ့ရှိခဲ့ကြသည်။ အနှစ် ရာချီ၍ ပစ်ခတ် စားသောက်ခဲ့ကြသော သားကောင်များ၏ အရိုးကြွင်း အရိုးကျန်များ ဖြစ်နိုင်သည်။

ခရိမဂ္ဂနွန် လူမျိုးများသည် မြင်းများကို ယဉ်ပါးအောင် ဆုံးမပြီး အိမ်မွေး သတ္တဝါ အဖြစ် အသုံးချခဲ့ခြင်း မျိုး ရှိဟန် မတူ။ မြင်းရိုင်းများကို အစားအစာများ အဖြစ်သာ အသုံးချခဲ့ကြဟန် တူသည်။ မြင်းရိုင်းများ အုပ်စု ဖွဲ့ပြီး သွားလာ နေထိုင်ကြစဉ် ပစ်ခတ် သတ်ဖြတ်ရန် လွယ်ကူသည်။ အန္တရာယ် ကင်းသည်။

သူတို့ထက် ရှေးကျသော နီယင်ဒါသလာများနှင့် ခရိမဂ္ဂနွန်များ အနည်းအကျဉ်း တူညီကြသော အချက်မှာ လူသေ အလောင်းများကို မြေမြှုပ်ကြခြင်း ဖြစ်သည်။ သင်္ချိုင်းကုန်းကို တစ်နေရာတည်းမှာ ပြုလုပ်ထားကြသည်။ ၄င်းတို့ နေထိုင်သည့် ဂူများ အနီးအနားတွင် မြေမြှုပ် သင်္ဂြိုဟ်ခြင်း မပြုကြချေ။

လူသေ အလောင်းကို မြေတွင် မြှုပ်သော အခါ လူသေကောင်ကို ပတ်ဝိုင်းပြီး လက်ဝတ် ရတနာများ၊ လက်နက် ပစ္စည်းများနှင့် အစားအစာများကို ထည့်သွင်း မြှုပ်နှံတတ်ကြလေသည်။

---

၁။ Solutre

သည့် သားကောင် ရုပ်ပုံတွင် ပန်းချီဆေးများဖြင့် ရေးဆွဲ သုတ်လိမ်းသည်။ ထိုပုံမျိုးကို ဂူနံရံများ၌ အထင်အရှား တွေ့ရသည်။ သူတို့သည် အလိုရှိရာကို ရရှိနိုင်အောင် ကြို တင်၍ ပူဇော် ပသရသည် ဆိုသော အယူအဆ ရှိခဲ့ကြပေ သည်။ (ယခုတိုင် ထိုအယူအဆ လူမျိုးတိုင်းမှာ ရှိသေး သည်။ ဘာသာပြန်သူ)

ပန်းချီ ရေးဆွဲရာတွင် အခြား စိတ်ဝင်စားမှု တစ်ခု မှာ လူကို ကိုယ်စားပြု၍ ဖော်ပြထားသော အမှတ်အသား များစွာကို တွေ့ရှိရသည်။ လူသား အမျိုးသမီးများ၏ ရုပ်ပုံ သေးသေးကလေးများကို ထုလုပ်ခဲ့ကြသည်ကိုလည်း တွေ့ ရသည်။ ထိုပုံများသည် များသောအားဖြင့် သားသမီးများ အောင်မြင်စွာ မွေးဖွားကြခြင်းကို သင်္ကေတ ပြုသော အမှတ် အသားများ ဖြစ်ကြသည်။ ထိုပုံများတွင် ဝဝတုတ်တုတ်၊ တင်ဆုံ ကြီးကြီး၊ ရင်သား ကြီးကြီး၊ ဗိုက် ရွဲရွဲကို ဦးစား ပေး၍ ထုလုပ်ကြသည်။

ဤကဲ့သို့သော ရုပ်ပုံများကို အသုံးပြုခြင်းမှာ အသီး အနှံ ပေါများခြင်း၊ ယှက်တင်မှု အောင်မြင်စေခြင်း နိမိတ် ကို ဆောင်သည်။ ထိုကဲ့သို့ သားသမီး ထွန်းကားခြင်း၊ အသီး အနှံ ဖြစ်ထွန်း ပေါများခြင်း၊ ယှက်တင် အောင်မြင်ခြင်း နိမိတ်ကို ဆောင်သော နံရံဆေးရေး ပန်းချီများကို စပိန် ပြည် ကိုဂူးလ် ကျောက်ဂူ စခန်း တစ်ခုတွင်လည်း တွေ့ရ သည်။ ဝတ်လစ်စလစ် ယောက်ျား တစ်ဦးကို အမျိုးသမီး ကိုးဦးက ဝိုင်းရံထားသော ပုံ ဖြစ်သည်။ ဤပုံသည် ရှေး ခေတ် လူမျိုးစုများ၏ လူလားမြောက်ခြင်း၊ အပျိုဘော် ဝင် ခြင်း အစကို ဖော်ပြသော ပုံလည်း ဖြစ်နိုင်သည်။ သို့မဟုတ် အမျိုးသမီးများ ဝိုင်းရံထားသော အဝတ်မဲ့ ယောက်ျားသည် သားသမီး ထွန်းကားရန်၊ သီးနှံ ပေါများရန် ပူဇော် ပသပွဲ ကို ဦးဆောင်သော နတ်ဆရာလည်း ဖြစ်နိုင်သည်။

အထက်ပါ ပုံများ အရ ရှေးကျသော လူသားများ သည် သားသမီး ပေါများခြင်း၊ အသီးအနှံ ပေါများခြင်း အတွက် လည်းကောင်း၊ အမဲလိုက်ရာ၌ သားကောင် ရရှိ ရေး အတွက် လည်းကောင်း ပူဇော် ပသခြင်း အမှုကို ပြုလုပ်ခဲ့ကြကြောင်း ထင်ရှားသည်။ ဤကဲ့သို့ ပူဇော် ပသ ခြင်းသည် မိမိတို့ အလိုရှိသော အရာကို ရရှိအောင် ပြုလုပ် နိုင်သော ထိန်းချုပ်သော နည်းလမ်း ဖြစ်ကြောင်း ယုံကြည် ထားသည့် ယုံကြည်မှု၏ အထောက်အထားပင် ဖြစ်သည်။

ထိုကဲ့သို့ တိုက်ရိုက် ဘာသာရေး အကျိုး သက်ရောက် မှု ရှိအောင် ပြုလုပ်သော ယုံကြည် ကိုးကွယ်မှု သဘောများ ကို ခရိုမဂ္ဂနွန် လူမျိုးများ၏ လူသေ အလောင်း မြှုပ်နှံ သင်္ဂြိုဟ်သော ဓလေ့ ထုံးစံများတွင်လည်း တွေ့ရသည်။ လူသေများကို အထူး အသုဘ အခမ်းအနားများဖြင့် မြေ မြှုပ် သင်္ဂြိုဟ်ရာတွင် မသေမီက ထိုသူတို့ နေထိုင်ခဲ့သော နေရာ အနီးအနားတွင် မြှုပ်နှံလေ့ ရှိကြသည်။

လူသေကောင် အလောင်း၏ နံဘေးတွင်လည်း မီး ခတ်ကျောက်၊ လက်ဝတ်တန်ဆာများနှင့် အစားအစာများ ကိုပါ ထည့်သွင်း၍ မြေတွင်း ခပ်တိမ်တိမ်မှာ မြှုပ်ပြီးလျှင် သင်္ချိုင်း မြေပုံပေါ်က ဆေးနီ အရည်များ လောင်းချခြင်းမှာ တမလွန် ဘဝ၌ သူသည် တစ်ဖန် ပြန်၍ အသက် ရှင်သန် နေဦးမည် ဆိုသော ဘာသာရေး ယုံကြည်ချက်ကို ဖော်ဆောင် ခြင်း ဖြစ်ကြောင်း ထင်ရှားသည်။ အနီရောင် ဆေးရည်မှာ အသက်သွေးကို သင်္ကေတ ပြုထားခြင်း ဖြစ်ဟန် တူသည်။

ထိုအချိန်က အရူပ သဘောကို ဆောင်သော နာမ် ချည်းသက်သက် တည်ရှိသော အရူပဘုံ သဘောကို နား လည် ယုံကြည်သော ဘာသာရေး ယုံကြည်ချက်မျိုး မရှိ သေးစေကာမူ သေပြီးနောက် ပြန်လည် ရှင်သန်လာသူများ သည် တစ္ဆေ သရဲ ပြိတ္တာ သဘောဖြင့် တည်ရှိသည် ဆိုသော အယူအဆမျိုးကား ဖြစ်နိုင်သည်။

ထိုယုံကြည်ချက်နှင့် ဆက်စပ်သောအားဖြင့် ထိုခေတ် လူသားများ စိတ်တွင် သေခြင်းတရားနှင့် ပတ်သက်သော ရှိသေ ကြောက်ရွံ့မှုနှင့် ထိတ်လန့်မှုမျိုးလည်း ရှိဟန် တူ သည်။ ဤအချက်ကို ကျောက်ခေတ် လူသားများ၏ အရိုး စုများ တည်နေပုံကို လေ့လာကြည့်လျှင် ထင်ရှားစွာ သိသာ နိုင်သည်။ လူသေ အလောင်းများကို ဒိုင်းခွေဖြင့် ထောက် ၍ ထောင်ထားသည်။ အဝတ်များဖြင့်လည်း စည်းပတ်ထား သည်။ ၄င်းတို့ သင်္ချိုင်းမှ ထလာပြီး သက်ရှိ လူသားများ ကို မနှိပ်စက်နိုင်အောင် လေးလံသော ကျောက်တုံးကြီးများ ဖြင့်လည်း ဖိထားခဲ့ကြလေသည်။

သေသူများနှင့် စပ်သော ရှိသေ ကြောက်ရွံ့မှု၊ ထိတ် လန့် တုန်လှုပ်မှု သဘောသည် အုပ်စု ခေါင်းဆောင် လူ ကြီးများ မသေခင်က ပြုမူ နေထိုင်ခဲ့ကြပုံများကို သတိရ အောက်မေ့ခြင်းနှင့်လည်း ဆက်စပ်သည်။ ထို့အတူ အိပ်မက် ထဲတွင် သေသူများကို မြင်မက်တတ်ခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

သို့သော် သေသွားသော သူသည် တန်ခိုးရှင် ဖြစ်သွား သည် ဆိုသော အယူအဆကား ထိုအချိန်က ကောင်းစွာ ဖြစ်ပေါ်နေပြီမှာ ထင်ရှားသည်။ သေသွားသော သူများကို အစ ပထမပိုင်းတွင် ကြောက်ရွံ့သော စိတ်ဖြင့် ဝေဝေဝါးဝါး စဉ်းစား တွေးတောကာ မသက်မသာ ခံစားချက်ဖြင့် ရှုမြင်

ကြသည်။ အဘယ်ကြောင့် ဆိုသော် သေသွားသော သူတို့၏ လှုပ်ရှားမှုများကို ကြိုတင် မှန်းဆ၍ မရသောကြောင့် ဖြစ်၏။

နောက်ပိုင်းကျတော့ လူသေများမှာ စွမ်းအားရှင်များ ဖြစ်လာကြပြီး ရှင်သော လူများကို အနှောင့်အယှက်လည်း ပြုနိုင်သည်၊ အကူအညီလည်း ပေးနိုင်သည်ဟု သဘောထား လာကြသည်။ ထို အတွေးအခေါ် အဆင့်သို့ ရောက်ရှိလာသော အခါ ရိုးရာ အိမ်ဦးနတ် ကိုးကွယ်မှု အလေ့အထ ပေါ်ပေါက် လာပေတော့သည်။

ထိုဓလေ့ထုံးစံများ ပေါ်ပေါက်လာသော ကာလသည် ဘီစီ ၁၀၀၀၀ မှ ဘီစီ ၃၀၀၀ အတွင်း ကျောက်ခေတ်နှောင်း ကာလမှာ ဖြစ်၏။ ထိုခေတ်တွင် ကျောက်လက်နက် ပစ္စည်းများကို တောက်ပြောင်အောင် အရောင် တင်သော အတတ်ပညာများပင် ပေါ်ပေါက်နေပြီ ဖြစ်၏။ ထိုအချိန်မှာပင် ရှေးဦး လယ်ယာ စိုက်ပျိုးရေး စနစ် ထွန်းကားလာသည်။ တောရိုင်း တိရစ္ဆာန်များကို အိမ်မွေး တိရစ္ဆာန်များ အဖြစ် ယဉ်ပါးအောင် ပြုလုပ်၍ အသုံးပြုတတ်လာပြီ ဖြစ်၏။ မြေအိုး လုပ်သော အတတ်ကိုလည်း တတ်မြောက်နေကြပြီ။ ထိုအချိန်မှာပင် ဖွတ်မြီး ထိုးခြင်း အတတ်၊ ရက်ကန်း ရက်ခြင်း အတတ်များကိုလည်း တတ်မြောက်နေပြီ။ ကနဦး အိမ်ဆောက်ခြင်း အတတ်ကို လည်းကောင်း၊ လောင်းလှေများ ပြုလုပ်ခြင်း အတတ်ကို လည်းကောင်း တတ်မြောက်ပြီ။ ဆေးဝါး ကုသမှုတွင်လည်း ခွဲစိတ် ကုသမှု၏ အစ ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။

ထို့အတူ ဘာသာရေး ယုံကြည် ကိုးကွယ်မှုကို ပိုမိုသန့်စင်ပြီး တိုးတက်သော အယူအဆများ ဖြစ်ပေါ်လာအောင်လည်း ထိုကာလတွင် ပြုလုပ်တတ်လာကြပြီ ဖြစ်ပါသည်။ အသုဘ အခမ်းအနားများမှာ ပို၍ အရေးပါလာပြီး ပို၍လည်း ရှုပ်ထွေးလာသည်။ အသုဘ အခမ်းအနားများမှာ အဆောင်ယောင်များဖြင့် ကြီးကျယ် ခမ်းနားလာသည်။ တချို့ အသုဘများတွင် ကျေးကျွန်များနှင့် ဇနီး သားမယားများကိုပါ ထည့်သွင်း ယဇ်ပူဇော် သင်္ဂြိုဟ်မှုမျိုး ရှိလာသည်။ မြေမြှုပ် သင်္ဂြိုဟ်သော မြေတွင်းကြီးများမှာ အလွန် ကြီးမားပြီး တမင်တကာ ပြုလုပ်ထားသော လိုဏ်ဂူများထဲတွင် ထည့်သွင်း ပြုလုပ်ခဲ့ကြသည်။

သင်္ချိုင်းထဲတွင် ကျောက်ဆောင် ကျောက်ခန်းများ ဖွဲ့ထားကြသည်။ ၄င်းတို့ကို ယခုအခါ *ဒိုလ်မင်* [၁] သင်္ချိုင်းဂူ လောင်တိုက်ကြီးများဟု ခေါ်သည်။ ထိုကျောက်ဖြင့် ပြုလုပ်ထားသော သင်္ချိုင်းဂူ လောင်တိုက်ကြီးများကို လူအင်အားများစွာဖြင့် ကျောက်တောင်ကြီးများကို ဖြို၍ ပြုလုပ် ကြရသည်။ နောက် အရေးပါသော တိုးတက်မှု တစ်ခုမှာ တချို့နေရာများ၌ လူသေကို မီးရှို့သော အလေ့အထများ ပေါ်ပေါက်လာခြင်း ဖြစ်၏။

ကျောက်ခေတ်နှောင်း ကာလတွင် ရှေးလူများသည် *သဘာဝ ကိုးကွယ်မှု* [၂] ကို ပထမဆုံး စတင် ပြုလုပ်ခဲ့ကြောင်း အထောက်အထားများကို တွေ့ရှိရသည်။

သဘာဝ ကိုးကွယ်မှု၏ အထောက်အထားများမှာ နေနှင့် လတို့၏ အဝန်း အဝိုင်းပုံ သင်္ကေတများပင် ဖြစ်သည်။ ကျောက်တုံးကြီးများနှင့် ကျောက်တိုင်ကြီးများကိုလည်း အလေးအမြတ် ပြုခဲ့ကြသည်။ ကျောက်တိုင် ကျောက်တုံးများသည် ကြယ်၊ နက္ခတ်များကို ကိုယ်စားပြုသည်။ သစ်ပင် ကိုးကွယ်မှုများလည်း ရှိခဲ့ကြသည်။

ထို့အတူ အသစ် တီထွင် ပြုလုပ်ကြသော ပစ္စည်းကိရိယာများကြောင့် ရရှိလာသော တန်ခိုး သတ္တိများကို ကျေးဇူးတင်သောအားဖြင့် ဥပမာ ပုဆိန်ကို လည်းကောင်း၊ လှံတံကို လည်းကောင်း၊ ဘီးထောက် တပ်ဆင်ထားသော လှည်းဘီးကို လည်းကောင်း နတ်ဘုရားများ အဖြစ် ရှိခိုး ပူဇော်ခဲ့ကြလေသည်။

ဤခေတ်တွင် မှော်ဝိဇ္ဇာ အတတ်လည်း ကြီးထွားလာသည်ဟု ဆိုနိုင်သည်။ အင်း ချထားသော စမ ရေးထားသော ကျောက်စရစ်ခဲများကို ဆောင်ထားတတ်ကြသည်။ ထို အင်းကျောက်ခဲ၊ စမကျောက်ခဲများကို ဘယ်လို ဘယ်ပုံ အသုံးချခဲ့ကြကြောင်းကိုကား မသဲကွဲပါ။

ဤမျှ ဆိုလျှင် ကျောက်ခေတ် ဘာသာ ယုံကြည် ကိုးကွယ်မှု အကြောင်းမှာ တော်လောက်ပြီ။

ကျွန်ုပ်တို့ ဘာတွေကို တွေ့ခဲ့ရသလဲ။

ဤခေတ်တွင် ဘာသာရေး ယုံကြည် ကိုးကွယ်မှုနှင့် ဘာသာရေး အလေ့အထများ တီတီပပ ပေါ်ထွန်းနေပြီ ဆိုသည်ကို တွေ့ရသည်။ သို့သော် ဘာသာ ယုံကြည် ကိုးကွယ်မှုသည် ဘယ်ပုံ ဘယ်နည်း စတင် ပေါ်ပေါက်ခဲ့ပါသနည်း။

ဤမေးခွန်း ပုစ္ဆာမှာကား ယခုတိုင်အောင် ဖြေရှင်း၍ မရသေးသော ပုစ္ဆာ တစ်ပုဒ် အဖြစ်ပင် တည်ရှိ နေပါသေးသည်။

---

၁။ Dolmens

၂။ nature worship

ကျောက်ခေတ်က ကျန်ရစ်ခဲ့သော အထောက်အထား အကြွင်းအကျန်များသည် အခြေခံကျသော စိတ်ပိုင်းဆိုင်ရာ စူးစမ်း လေ့လာမှုတွင် အထိန်းအချုပ်များ အဖြစ်သာ အသုံး တည့်ပါလိမ့်မည်။ ၎င်းတို့ကို အသုံးပြုပြီး မျက်မှောက် ခေတ် တိုင်အောင် တည်ရှိနေသေးသော ရှေးကျသည့် ဘာ သာ တရားများကို ဂရုတစိုက် လေ့လာကြရပေမည်။

ကျွန်ုပ်တို့ အနေနှင့်လည်း ထိုကိစ္စဘက်သို့ ဦးတည် စူးစမ်းသွားမည် ဖြစ်ပါသည်။

## ၂။ ယနေ့ တည်ရှိဆဲ ရှေးကျသော ယဉ်ကျေးမှုများမှ ဘာသာ အယူဝါဒများ၏ ယေဘုယျ လက္ခဏာများ

ယနေ့ အထိ တည်ရှိဆဲ ရှေးကျသော လူမျိုးများထဲတွင် *သဘာဝလွန် ဇာတ်လမ်း အခင်းအကျင်း*[၁] များသည် အကန့် အသတ်မဲ့ ပုံပန်း အမျိုးမျိုးဖြင့် ပြောင်းလဲ ဖြစ်ပေါ်လျက် ရှိနေပေသေးသည်။ တစ်ခုသော အရပ်ဒေသတွင် လက်ခံ ကျင့်သုံးနေကြသော ယုံကြည် ကိုးကွယ်မှုနှင့် ဘာသာရေး အလေ့အထများကို အခြားသော အရပ်ဒေသရှိ လူမျိုးများ၏ ယုံကြည် ကိုးကွယ်မှုနှင့် ဘာသာရေး အလေ့အထများနှင့် နှိုင်းယှဉ် တိုင်းထွာကြည့်သော အခါ တစ်ခုသော ယုံကြည် ကိုးကွယ်မှုသည် လည်းကောင်း၊ ဘာသာရေး အလေ့အထသည် လည်းကောင်း သူနှင့် ဆန့်ကျင်ဘက် ဖြစ်သော အခြား ယုံ ကြည်မှု တစ်ခု၊ ဘာသာရေး ဓလေ့ တစ်ခုနှင့် သဘောချင်း တူညီနေကြောင်း တွေ့ရှိရသည်။ အပေါ်ယံ သဘောတွင် သာ ယေဘုယျ သဘောကို ပြောဆိုရန် ခက်ခဲသည်ဟု ထင် ရသည်။

သို့သော် သဘောတူညီချက်များ ရှိနေသည်။ ၎င်းမှာ ယေဘုယျ သဘောထားချင်း လည်းကောင်း၊ ပို၍ နက်နဲ သော စေတနာ (စိတ်စေ့ဆော်မှု) ချင်း လည်းကောင်း တူ ညီနေကြခြင်း ဖြစ်၏။ ယေဘုယျ သဘောထားမှာ အဖွဲ့ အစည်း အတွင်း ကမောက်ကမ ဖရိုဖရဲ ဖြစ်မှုကို မလို လားခြင်း၊ သို့မဟုတ် တစ်ဦး တစ်ယောက်၏ အတွေ့အကြုံ သို့မဟုတ် အာရုံ ခံစားမှုမှာပင် စိတ်ရှုပ်ထွေးမှု ဆက်လက် ဖြစ်ပွားနေခြင်းကို မလိုလားသည့် သဘော ဖြစ်သည်။ ရှေး ကျသော လူသားများ၏ စိတ်တွင် အာရုံ ခံစားမှုများသည် ရှင်းနီး သိကျွမ်းပြီးသား ပုံစံနှင့် အံဝင်ခွင်ကျ ရှိရသည်။ ထိုပုံစံကို ကြိုက်နှစ်သက်သည် ဖြစ်စေ၊ မကြိုက် မနှစ်သက် သည် ဖြစ်စေ သိပြီး ကျွမ်းပြီးသား အဆင် အချော ပုံစံနှင့် ကိုက်ညီမှုကို လိုလားတတ်ကြသည်။ အကယ်၍ စိမ်းနေ သော အာရုံ ခံစားချက်များ ဖြစ်လျှင်လည်း ၎င်းကိုလည်း သိပြီးသား ဖြစ်စဉ်၏ နမူနာ ပုံစံ တစ်ခု အဖြစ် အဓိပ္ပာယ် ကောက်ယူနိုင်ရမည်။

ထိုသို့သော အာရုံ ခံစားချက်များကို အတွင်းကို ကြည့် ပြီး ခွဲခြမ်း စိတ်ဖြာခြင်း မပြု၊ ၎င်းတို့ကို အပေါ်ယံ အမြင် အတိုင်းပင် လက်ခံ ထားတတ်ကြသည်။ ထို အာရုံ ခံစား ချက်များသည် ဗဟိဒ္ဓ လောကတွင်းရှိ အစစ်အမှန် တရား များနှင့် တွေ့ကြုံ ဆက်ဆံရာက ပေါ်ပေါက်လာသော အာရုံ ခံစားချက်များ ဖြစ်စေ၊ ထိုအစစ်အမှန် တရားများကို စိတ် ကူး ကြံစည် တည်ဆောက်ရာက ပေါ်ပေါက်လာသည် ဖြစ် စေ၊ သို့မဟုတ် အုပ်စု အတွေ့အကြုံများကို အဓိပ္ပာယ် ဖွင့် ဆိုထားသော မိရိုးဖလာ အဆုံးအမများမှ ပေါ်ပေါက်လာ သည် ဖြစ်စေ၊ လူမျိုးစု ဓလေ့ ထုံးစံများနှင့် လက်ခံထား သော ယုံကြည်မှုများမှ ပေါ်ပေါက်လာသည် ဖြစ်စေ ၎င်း တို့ကို အတွင်းကျကျ ခွဲခြမ်း စိတ်ဖြာ လေ့လာခြင်း မပြုဘဲ အပေါ်ယံ အမြင် အတိုင်းပင် လက်ခံ ထားတတ်ကြလေ သည်။

လူရိုင်းများသည် အာရုံ ခံစားချက်များကို သုံးသပ် ဆင်ခြင်လေ့ မရှိပါ။ အဘယ်ကြောင့်ဆိုသော် သူသည် ၎င်း အာရုံ ခံစားချက်များ အတိုင်းပင် နေထိုင်သောကြောင့် ဖြစ် ၏။ ဤ စိတ်သဘောထားမျိုးကို စိတ်ပညာရှင်များက *ရှေး ကျသော ယုံလွယ်မှု*[၂] ဟု သမုတ်ထားကြသည်။

ထို့ကြောင့် လူရိုင်းများ၏ စိတ်ပိုင်း ဘဝသည် အရည် အချင်း သဘောများ၊ တွေဝေ ယိမ်းယိုင်သည့် သဘောများ ဖြင့် ရှုပ်ထွေးခြင်း ကင်းသည်ဟု ဆိုနိုင်သည်။

ခြွင်းချက် တစ်ခုပဲ ရှိသည်။ သူတို့၏ ယဉ်ကျေးမှု တစ်ခုလုံး အောက်ခြေသိမ်း အပြောင်းအလဲဖြင့် ကြုံရသော အခါ (ဥပမာ အမေရိကန် အင်ဒီးယန်း လူနီများ မြင်းကို ရရှိလာသော အခါမျိုး၊ တောင်ပင်လယ်သို့ လူဖြူများက စီး

၁။ supernatural scene

၂။ primitive credulity

ရှေးခေတ် လူသားသည် မနုဿဗေဒ ပညာရှင်များ အခေါ် *တွန်းအားများ* [၁] အကြောင်းကို သူ့မှာ သိနိုင်သော အသိဉာဏ် မရှိသေးပေ (မနုဿဗေဒ ပညာရှင်များ ဖြစ်ကြသော ဆမ်းနား နှင့် ကဲလားတို့၏ စာရင်း အရ ငတ်မွတ်ခြင်း၊ အချစ်၊ စိတ်ကြီး ဝင်ခြင်းနှင့် ကြောက်စိတ် စသည်တို့သည် တွန်းအားများ ဖြစ်ကြသည်။)။

သူသည် သူ မွေးဖွား ရှင်သန် ကြီးပြင်းလာခဲ့သော ယဉ်ကျေးမှု ပုံစံကိုသာ သိသည်။ သိသည် ဆိုရာမှာလည်း သဘာဝ ပတ်ဝန်းကျင်၏ ခွင့်ပြုမှုနှင့် လူမှုရေး အဆင်ပြေမှု လောက်ကိုသာ သိသည်။ ထိုအခါ ဤ တွန်းအားများနှင့် ကြုံလျှင် ၎င်းတို့ကို ပြေပျောက်အောင်၊ အဆင်ပြေအောင် လုပ်နည်းလောက်ကိုသာ သူ သိသည် (ဥပမာ ဗိုက်က ဆာလာလျှင် အစာ စားပြီး ပြေပျောက်ခြင်းမျိုး)။ ပြီးတော့ ဗိုက်ဆာ၍ စားသောက် လိုက်သော အခါမှာပင် သူသည် ငတ်မွတ်ခြင်း ခံစားချက်ကို ခံစားရ၍ ထိုပြဿနာကို ဖြေရှင်း လိုက်ရသည်ဟု သူ့စိတ်မှာ မသိပေ။ သူ့ ယဉ်ကျေးမှု မှာရော၊ သူ ယုံကြည် ကိုးကွယ်ရာ ဘာသာ အယူဝါဒမှာရော သူ့ကိုယ်သူ ဘယ်လို ဖြစ်နေသည်ကို သိသာ ထင်ရှားစေနိုင်သော အလုံးစုံသော တန်ဖိုးများ အသင့် မရှိထားသေးပေ။ သို့သော် သူသည် ထိုယုံကြည်မှုများကိုပင် စွဲစွဲမြဲမြဲ တွဲခိုနေရပေသည်။ သူ့ကို အတင်းအကျပ် ပြောင်းလဲအောင် လုပ်သော အခြေအနေ မပေါ်မချင်း လူရိုင်းသည် သူ စွဲလမ်းရာ ယုံကြည်ရာကို ဆုပ်ကိုင်မြဲ ဆုပ်ကိုင်ထားတတ်လေသည်။ အဘယ်ကြောင့် ဆိုသော် သူ ယူထားသော အလေ့အထများ၊ အစီအစဉ်များသည်သာ သူ ရပ်တည်ရာ နေရာ၌ တည်ဆဲ စီးပွားရေး အခြေအနေ အရ သူ၏ တွန်းအား များစွာကို အများဆုံးနှင့် အသက်သာဆုံး ကျေနပ် နှစ်သိမ့်မှု ရအောင် ပြုလုပ် ပေးနိုင်သောကြောင့် ဖြစ်၏။

အထက်တွင် ဆိုခဲ့ပြီးသော အချက်အလက်များ အရ ကျွန်ုပ်တို့သည် မျက်မှောက်ခေတ် အထိ တည်ဆဲ ရှေးကျသော ဘာသာ အယူဝါဒများ၏ ယေဘုယျ လက္ခဏာများကို ရှုမြင် သုံးသပ်သင့်၏။

ဤ ယုံကြည်မှုများနှင့် ဓလေ့ ထုံးစံများသည် သိပ္ပံနည်း မကျစေကာမူ၊ ထင်ရာ မြင်ရာ စိတ်ကူးယဉ်မှုများ ဖြစ်စေကာမူ ၎င်းတို့ကို သုံးသပ်ခြင်းမှာ လက်တွေ့ တန်ဖိုး ကား ရှိ၏။

ပွားရေး ပုံစံသစ်ကို ယူဆောင်လာခြင်းနှင့် ကြုံရသော အခါမျိုး) မှာသာ ၎င်းတို့၏ စိတ်မှာ ရှုပ်ထွေးမှုများ ဖြစ်ပေါ်ရတတ်သည်။

ထိုကဲ့သို့ စိတ် ရှုပ်ထွေး နေရသည့် အခါမျိုးမှာပင် အာရုံ ခံစားမှုများနှင့် အပေါ်ယံ သဘော အတိုင်း ခံစားခြင်းကား ရှိမြဲ ရှိနေပေသေး၏။ မြင်တာ အမှန်၊ ကြားတာ အမှန်၊ ခံစားရတာ မှန်သမျှ ခံစားရသည့် အတိုင်း အမှန်ပင် ဖြစ်သည်ဟု ယူဆခြင်းမျိုး ဖြစ်၏။

ဤနေရာ၌ အယူအဆ လွဲပုံမှာ ဤသို့ ဖြစ်၏။ လူရိုင်းသည် သူ မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ စားသမျှ၊ ထိတွေ့ ခံစားရသမျှ ခံစားချက် အားလုံးကို ခံစားချက် အတိုင်း အမှန်ဟု ယုံကြည် ယူဆတတ်မှုက သူတို့အား ဘဝ အတွေ့အကြုံ အဆန်းများနှင့် ကြုံတွေ့ရသော အခါ စိတ်ကူး စိတ်သန်း အမျိုးမျိုးကို တည်ဆောက်ခြင်းသို့ ရောက်စေတော့သည်။

သူ့ အတွက် ဘဝတွင် ပေါ်လာသော စိတ်ကူး ထင်မြင်ချက်များ အားလုံးသည်လည်း အမှန် အဟုတ်ချည်း ဖြစ်နေပေတော့၏။ အဘယ်ကြောင့်ဆိုသော် ထိုစိတ်ကူးများ ဖြစ်လာအောင်လည်း သူ၏ အာရုံ ခံစားချက်များက ပြုလုပ်ခဲ့ခြင်းကြောင့် ဖြစ်၏။

သူ၏ အာရုံ ခံစားချက် တစ်ခုကို တိုက်ရိုက်အားဖြင့် ဖြစ်စေ၊ သူက ဆက်သွယ် ပို့ဆောင် ပေး၍ ဖြစ်စေ သူ့ အုပ်စုထဲရှိ လူများကပါ မျှဝေ ခံစားလာရပြီ ဆိုလျှင်၊ တစ်နည်းအားဖြင့် သူနှင့် သူ့အုပ်စုထဲက လူများ အားလုံး တစ်မျိုးတည်း တစ်စားတည်း ညီတူညီမျှ ခံစားကြရပြီ ဆိုလျှင်တော့ နောက်ထပ် ဘာမျှ စောဒက တက်နေစရာ မလိုတော့။ သူတို့ ခံစားရသည့် အတိုင်း ဟုတ်ပြီ၊ မှန်ပြီ ဟူ၍ မုချ ယူဆလိုက်ကြပေတော့သည်။ ထိုသို့ အမှန် ဖြစ်၍သာ လူတိုင်း ထိုကဲ့သို့ ခံစားရခြင်း ဖြစ်သည်ဟု စွဲယူလိုက်ခြင်း ဖြစ်ပေသည်။

သူ မရိပ်စားမိခဲ့သော အချက်မှာ သူ၏ အာရုံ ခံစားချက်ကို ပြန်၍ သုံးသပ်ဖို့ လိုအပ်နေခြင်းပင် ဖြစ်၏။ သူ ခံစားရသမျှသည် အတိုင်းအတာ တစ်ခု အထိ သူ့ဘာသာ ခံစားရအောင် ပြုလုပ်ခဲ့ခြင်းသာ ဖြစ်ကြောင်းကို မသုံးသပ်နိုင်ခြင်းပင် ဖြစ်၏။

အကျဉ်းချုပ် ပြောရလျှင် သူ့မှာ တုံ့ပြန်မှုများ ဖြစ်လာရခြင်းသည် သဘာဝ တရားနှင့် လူ့ အဖွဲ့အစည်းက အကြောင်း ပြု၍ ဖြစ်လာရခြင်း ဖြစ်သည် ဆိုသော အချက်ကို သူ သံသယ မဖြစ်ခဲ့မိခြင်းပင် ဖြစ်ပေသည်။

---

၁။ derives

ဤ အယူအစွဲများဖြင့် ရှေးဦး လူသားများသည် ယဉ်ကျေးမှု ပုံစံ တစ်ခုသို့ ရောက်လာကြရသည်သာ ဖြစ်၏။

အကယ်၍ ကျွန်ုပ်တို့သည် ကမ္ဘာပေါ်ရှိ ရှေးကျသော လူမျိုးစုများကို အဆောတလျင် လေ့လာ သုံးသပ်လျှင်ပင် ကျွန်ုပ်တို့သည် အောက်ပါ အချက်အလက်များ၌ ယေဘုယျ သဘောအားဖြင့် တူညီနေကြကြောင်းကို လေ့လာ တွေ့ရှိ ရပေသည်။

## (၁) *မန* [၁] ခေါ် ဖော်ဂိနီ တန်ခိုးကို ယုံကြည်မှု

ဤ ယုံကြည်မှုကို တစ်ခါတစ်ရံ *သိဒ္ဓိ မဟိဒ္ဓိ ဝါဒ* [၂] ဟုလည်း ခေါ်ကြသည်။ သဘာဝ တရား၌ ဖြစ်ပေါ်လာသော ဖြစ်ရပ်များသည် တန်ခိုး ရှိသော နတ်များက ပြုပြင်သောကြောင့် ဖြစ်ပေါ်လာရသည်ဟု ယူသော အယူ ဖြစ်သည်။ ၎င်းကို ကမ္ဘာ့ မနုဿဗေဒ ပညာရှင်များက မန ဟု ခေါ်ကြသည်။

မန ဆိုသော စကားသည် *မီလာနီစီယန် စကား* [၃] ဖြစ်သည်။ ၎င်းကို မနုဿဗေဒ ပညာရှင်များက ကျယ်ပြန့်စွာ လက်ခံထားကြသော ဂမ္ဘီရ ဝိဇ္ဇာဓရ ပညာ အစွမ်းသတ္တိများအား ယုံကြည်မှုကို ဖော်ပြရာ၌ အသုံးပြုသည်။ ၎င်း အစွမ်းသတ္တိများသည် သဘာဝထဲ၌ ကိန်းအောင်း တည်ရှိနေသော တန်ခိုးများ ဖြစ်သည်ဟုလည်း အယူ ရှိကြလေသည်။ သို့သော် ဤစကားလုံး တစ်မျိုးတည်းကိုသာ ရှေးကျသော လူမျိုးစု အတွင်း၌ အသုံးပြုနေကြသည်ကား မဟုတ်ပေ။ အလားတူ တုံ့ပြန်မှုများကို ဖော်ဆောင်သော စင်ပြိုင် စကားလုံး အမျိုးမျိုးကို အမေရိကန် အင်ဒီးယန်း လူမျိုးများတွင် လည်းကောင်း၊ မော်ရီကို လူရိုင်းများတွင် လည်းကောင်း၊ အာဖရိက အလယ်ပိုင်းရှိ ပစ်ဂမီ လူမျိုးများတွင် လည်းကောင်း၊ တောင် အာဖရိကရှိ ဘန်တု လူမျိုးများတွင် လည်းကောင်း အခြားသော ကမ္ဘာ့ အရပ်ဒေသ အသီးသီးတွင် နေထိုင်လျက် ရှိကြသော ရှေးကျသော တိုင်းရင်းသား လူမျိုးစုများတွင် လည်းကောင်း ရှိကြသည်သာ ဖြစ်ပါ၏။

ထိုစကားလုံးများ အားလုံးကို ပေါင်းခြုံ၍ ယူလိုက်မည် ဆိုလျှင် ထိုစကားများ အားလုံးသည် အရာဝတ္ထုများ အထဲတွင် တည်ကိန်းနေသော တန်ခိုး ကြီးသော်လည်း တိတ်ဆိတ်၍ သိခက် နက်နဲသော ဂမ္ဘီရ တန်ခိုး တစ်ခုကို ခံစားရမှုကို ဖော်ဆောင် ရည်ညွှန်းကြသည်ချည်းသာ ဖြစ်ပါသည်။

အထူးသဖြင့် အဆိုပါ *ဝိဇ္ဇာဓရ စွမ်းအင် သတ္တိ* [၄] များသည် အရာဝတ္ထုများ၌ သဘာဝ အလျောက် တည်ရှိသော အစွမ်း သတ္တိများကို ဖြည့်စွက်၍ ၎င်းတို့ အပေါ် စိုးမိုး ခြယ်လှယ်နေကြသည်ဟုလည်း ယုံကြည် ယူဆထားကြလေသည်။ ထို ဝိဇ္ဇာဓရ ယောဂိနီ စွမ်းအင် သတ္တိများသည် လူ တိရစ္ဆာန် သက်ရှိ ပုဂ္ဂိုလ်များနှင့် လှုပ်ရှားနေသော အရာဝတ္ထုများ အပေါ်တွင် လွတ်လပ်စွာ ပြုပြင်စီရင် နေကြသည်ဟုလည်း ဆိုသည်။ ဤစွမ်းအင်ကို အရာဝတ္ထုများမှ တစ်ဆင့် လူများထံသို့ ရောက်အောင် ပို့လွှတ်နိုင်သည်ဟုလည်း ယူဆကြသည်။ လူတစ်ယောက်ထံမှ နောက်တစ်ယောက်ထံသို့ ရောက်အောင်လည်း ပို့ဆောင်နိုင်သည်၊ သို့မဟုတ် လူပုဂ္ဂိုလ်ထံမှ ဝတ္ထုပစ္စည်းထံသို့ ရောက်အောင်လည်း ပို့ပေးနိုင်သည်။ ထိုအကြောင်းသည်ပင် ရှေးကျသော လူသားများ အတွက် အရေးပါသော အချက် ဖြစ်လာသည်။

ယနေ့ထက်တိုင် ထိုရှေးကျသော လူရိုင်းများသည် သဘာဝ တရားကို စွမ်းအင်များ တစ်လုံးတစ်စည်းတည်း ဖြစ်နေသော စနစ်ကြီး တစ်ခု အဖြစ် မယူဆကြပေ။ သို့သော် ကမ္ဘာ လောကကြီး တစ်ခုလုံးတွင် တန်ခိုး သတ္တိများ ပျံ့နှံ့နေသည် ဟူ၍ကား သိမြင် ခံစားတတ်ကြသည်။

နောက်ဆုံး သုံးသပ်ရလျှင် မန ခေါ်သော ဖော်ဂိနီ တန်ခိုးကို လက်ခံ ယုံကြည်မှုသည် သာမန် ဖြစ်ရပ်ထက် ထူးခြားသော သဘာဝလွန် အရည်အသွေး သဘောဖြင့် တုံ့ပြန်ခြင်းကို ရည်ညွှန်းသည်။ သဘာဝ ဖြစ်ရိုး ဖြစ်စဉ်ထက် လွန်ကဲသော နည်းဖြင့် တုံ့ပြန်ခြင်း သဘောကို ဖော်ပြသည်။

ရှေးခေတ် လူရိုင်းများသည် သိခက်သော ကြောက်မက်ဖွယ် အထူးအဆန်း ဖြစ်ရပ် မှန်သမျှကို ကြောက်ရွံ့တတ်ကြသည်။ သို့သော် သူသည် ထို မနကဲ့သို့သော သိခက် နက်နဲသော ဖော်ဂိနီ တန်ခိုးမျိုး၊ ဝိဇ္ဇာဓရ တန်ခိုးမျိုးကိုကား လက်တွေ့ ရလိုမှုတွင်မူ ခေါင်းမာစွာ တောင့်တတတ်ကြသည်။ ထိုတန်ခိုးမျိုး သူ့ ကိုယ်မှာ ဖြစ်ပေါ်လာသည် ဖြစ်စေ၊ သူ အမဲလိုက်သော လှံတံမှာ ဖြစ်လာသည် ဖြစ်စေ၊ သူ၏ ဟင်းသီးဟင်းရွက် စိုက်ခင်းမှာ ဖြစ်စေ ဖြစ်ပေါ်လာလျှင် ကြိုက်သည်။

---

၁။ mana ၂။ dynamism ၃။ Melanesian term

၄။ occult forces

ထို့ကြောင့် သူသည် ထိုဇော်ဂိနီ တန်ခိုး (မန) ကို ရရှိနိုင်သော နည်းလမ်း မျိုးစုံကို ပြုလုပ်တတ်သည်။

ထို့ပြင် သူသည် အဆိုပါ မှော်ပညာ နည်းလမ်း အစီအစဉ်များကို အမွေ အဖြစ်လည်း ရရှိတတ်ပေသည်။

## (၂) မန္တရား ပညာ

ဂါထာ မန္တန်များ ရွတ်ဖတ်ခြင်း၊ သဘာဝ လောကထဲက တန်ခိုးများကို လူမှာ ရရှိလာအောင် အစီအရင်များ လုပ်ခြင်း၊ ပူဇော် ပသခြင်းများ အားလုံးကို ခြုံ၍ မန္တရား ပညာဟု ဆိုလိုက်ခြင်း ဖြစ်သည်။ ဤပညာရပ်ကား အင်းအိုင်ခါးလှည့်၊ လက်ဖွဲ့ မန္တန် အတတ်မျိုး စုံလှသည်။ ဓာတ်ရိုက် ဓာတ်ဆင်နည်းများလည်း စုံလှသည်။ ကျယ်ပြန့်သော ပညာရပ်ကြီး တစ်ခု ဖြစ်သည်။ ဤပညာရပ် အားလုံးကို နှံ့စပ်အောင်မူ ဖော်ပြနိုင်မည် မဟုတ်ပါ။

သို့သော် ရှေးခေတ် လူရိုင်းများ အသုံးပြုခဲ့ကြသော သဘာဝ တန်ခိုး စွမ်းအင်များကို ထိန်းချုပ်ရေး အတွက် ဆောင်ရွက်ပုံ နည်းလမ်း သုံးခုလောက်ကိုမူ ဤတွင် ဖော်ပြနိုင်ရန် အားထုတ်ပါမည်။

### လူရိုင်း နတ်ဘုရား ရုပ်တုများ ကိုးကွယ်ခြင်း [၁]

အာဖရိကန် ကပ္ပလီ လူရိုင်းများ ထုလုပ် ကိုးကွယ်ကြသော နတ်ဘုရား ရုပ်တုကြီးများကို မြင်ဖူးသူ များပါလိမ့်မည်။ ဤရုပ်တုကြီးများတွင် နတ် မိစ္ဆာများ၏ တန်ခိုး သတ္တိများ တည်ရှိသည်ဟု လူရိုင်းများက ယူဆကြသည်။ လူရိုင်းများသည် သဘာဝ အလျောက် ထူးထူးဆန်းဆန်း ပုံပန်း သဏ္ဌာန်ကို ဆောင်နေသော ကျောက်တုံးများ၊ ကျောက်ခဲများ၊ ဥက္ကာခဲများ၊ အရိုးများ၊ ထူးခြားသော ပုံသဏ္ဌာန် ရှိသော တုတ်ချောင်းများ စသည်တို့ကို စတင် တွေ့ရှိရလျှင် ကံကောင်း ထောက်မပြီဟု ယူဆကြပြီး ရန့်ရင်း ကြမ်းတမ်းသော ပုံပန်း သဏ္ဌာန် ရှိသော အရာများကို တွေ့ရလျှင် ရန်သူ ရှိပြီဟု ယူဆတတ်ကြသည်။

ဤကား နတ်ရုပ်များကို ထုလုပ်ပြီး မကိုးကွယ်မီကပင် တည်ရှိခဲ့သော သဘာဝ ဝတ္ထု ပစ္စည်းများကို ကိုးကွယ်သည့် သဘော ဖြစ်သည်။ နတ်ရုပ်တုများ ပြုလုပ် ကိုးကွယ်မှု၏ မန္တရား အစီ အရင်ပိုင်းတွင်မူ သက်မဲ့ ရုပ်တုထဲသို့ မှော်တန်ခိုး သွင်းခြင်း ကိစ္စများ ပါဝင်သည်။ တစ်ခါတစ်ရံ ဒရယ်၏ ဦးချိုကို အစီအရင် လုပ်၍ ထည့်သွင်းတတ်ကြသည်။ အခြား အရာဝတ္ထု အစီအမံများကိုလည်း ထည့်သွင်းတတ်ကြသည်။ ထိုပစ္စည်းများကို ထိုနေရာများတွင် ထားရှိပြီး သူတို့ အလို ရှိသော ကိစ္စများတွင် အကူအညီ အထောက်အပံ့ ရရှိကြစေရန် ရည်ရွယ်ချက် ထားသည်။

သဘာဝ အလျောက် ဖြစ်သော ရုပ်တုများမှာ ဖြစ်စေ၊ လူတို့ စီမံ ပြုလုပ်သော နတ်ရုပ်တုများမှာ ဖြစ်စေ ကိုယ်ရည်ကိုယ်သွေး တစ်မျိုးစီ ပိုင်ဆိုင်ကြသည်ဟုလည်း ယူကြသည်။ ထို့ကြောင့် ထိုနတ်ရုပ်ကို ပူဇော် ကိုးကွယ်ကြသော အခါ ပထမ ဆုတောင်းမှုကို ပြုကြသည်။ ထို့နောက် လှူဖွယ် ဝတ္ထုများဖြင့် တင်မြှောက် ပသကြသည်။ ဤသို့ ပြုလုပ်ပြီးလျှင် နတ်က မစမည့် အရေးကို မျှော်လင့် တောင့်တကြသည်။

အထူးသဖြင့် ဤအပြုအမူကို အာဖရိကတိုက်ရှိ လူရိုင်းများ ပြုလုပ်ကြသည်။ သို့သော် အလို ရှိသော အကျိုးရလဒ် ထွက်ပေါ် မလာပါက နတ်ရုပ် ပိုင်ရှင်၏ သဘောထားသည် ပြောင်းလဲသွားတတ်သည်။ ထိုအခါ သူသည် နတ်ကို ချော့ရတော့သည်။ အပင့် အမြှောက်များကို ပြုရတော့သည်။

ထိုသို့ ပြုလုပ်၍မှ လိုချင်သော အကျိုး ရလဒ်ကို ရမလာသေးဘူး ဆိုလျှင် နတ်ရုပ်ကို ဆူပူ ကြိမ်းမောင်းရတော့သည်။ နောက်ဆုံး ဘယ်လိုမှ ချော့လည်း မရ၊ ခြောက်လည်း မရတော့ဘူး ဆိုလျှင်တော့ နတ်ရုပ်ကို ကျာပွတ်နှင့် ရိုက်ရတော့သည်။

ဤသို့ ပြုလုပ်သည့်တိုင် အကျိုး ရလဒ် မထင်ရှားလျှင်တော့ ထိုနတ်ရုပ်မှာ နတ် မရှိတော့၊ နတ် ထွက်သွားပြီဟု ယူဆ ရလေတော့သည်။ ထိုအခါ ထိုနတ်ရုပ်လည်း အသုံး မကျတော့၊ အချည်းနှီး ဖြစ်သွားရလေတော့သည်။ ထိုနတ်ရုပ် အစား အခြား နတ်ရုပ် တစ်ခုကို တင်မြှောက် အစား ထိုးရလေသည်။ ထိုကဲ့သို့ နတ်ရုပ်သစ် ပြုလုပ်၍ အစားထိုး ကိုးကွယ်ရသော အခါတွင်မူ နတ်ဆရာ (မှော်ဆရာ) ကိုပါ ပင့်ရသည်။ မှော်ဆရာက ထိုနတ်ရုပ်ကို ပို၍ တန်ခိုး ကြီးသော နတ် ဝင်လာအောင် ပင့်ပေးရသည်။

နတ်တို့၏ တန်ခိုးကို ရရှိအောင် ပြုလုပ်သော ဒုတိယ နည်းလမ်းမှာ နတ်ဝင်သည် လုပ်ခြင်းပင် ဖြစ်သည်။ ဤနည်းတွင် နတ်ဝိညာဉ်များကို လူ၏ ကိုယ်ထဲသို့ ဝင်ရန်၊ ထို့နောက် ပြန်ထွက်သွားရန် မှော် အတတ်ဖြင့် ပင့်ခေါ်ရ

---
၁။ fetishism

သည်။ ဤကိစ္စ အလို့ငှာ ဆိုက်ဖေးရီးယားမှ နတ်ဝင်သည် နတ်ကတော်များကို ရွေးချယ်၍ ဤလုပ်ငန်းကို လုပ်နိုင်း ရသည်။ အဘယ်ကြောင့်ဆိုသော် ဆိုက်ဖေးရီးယား နတ်ကတော်များမှာ ဇော်ဂီနီ စုန်းများ ဖြစ်ကြသောကြောင့် ဖြစ်၏။ ထိုနတ်ကတော်များသည် သူ့ကိုယ်သူ နတ်ဝိညာဉ် အဖြစ်သို့ ရောက်အောင် ပြုလုပ်နိုင်သော ကဝေများ ဖြစ်ကြသည်။ သူတစ်ပါးကို ပြုစားနိုင်ကြ၏။ ရောဂါ ဝေဒနာများကို သူတို့၏ အတတ်ဖြင့် ပပျောက်အောင်လည်း စွမ်းဆောင်နိုင်ကြ၏။ သေအောင်လည်း ပညာဖြင့် ပြုလုပ်နိုင်ကြ၏။ အကယ်၍ လူနာသည် ပြန်လည် ရှင်သန် လာရန် အခွင့်အလမ်း ရှိသေးလျှင် ယုံကြည်မှု အပြည့်ဖြင့် လူနာအား ရောဂါ ရအောင် ပြုလုပ်ထားသော မကောင်းဆိုးရွား နတ်များကို နှင်ထုတ်နိုင်သည်။

နတ်ဆရာ၊ မှော်ဆရာသည် ထိုကဲ့သို့ ပြုလုပ်သော အခါ သူ့ကိုယ်မှာလည်း နတ်တန်ခိုး ရှိသည်ဟု ယုံကြည်ထားတတ်ပေသည်။

ထို့ကြောင့် နတ်ဆိုးများကို တိုက်ရိုက် ဆက်သွယ်၍ ကြောက်ရွံ့ ထိတ်လန့်အောင် ပြုလုပ်နိုင်သည်။

တတိယ နည်းလမ်းမှာ လူအများနှင့် ဆိုင်သော မန္တရား အတတ် ဖြစ်သည်။ ၎င်းမှာ မှော်ဆရာများ၊ နတ်ဆရာများနှင့် မသက်ဆိုင်ပေ။

ထိုအတတ်မှာ အုပ်စု တစ်စုလုံးတွင် ပျံ့နှံ့လျက် ရှိသည်။ ဤအတတ်ကို သာမန် အရပ်သူ အရပ်သားများလည်း လုပ်နိုင်သည်။ နတ်ကတော်နှင့် နတ်ရုပ်များ ပါ၍ ဖြစ်စေ၊ မပါဘဲ ဖြစ်စေ တိကျသော အစီအစဉ် အတိုင်း ပြုလုပ်နိုင်ကြသည်။

အန္တရာယ်ကင်း ဘေးရှင်းရေး ကိစ္စ အတွက်လည်းကောင်း၊ အုပ်စု တစ်ခုလုံး အတွက် ဖြစ်စေ လူ ပုဂ္ဂိုလ် တစ်ဦး တစ်ယောက် အတွက် ဖြစ်စေ အကျိုးစီးပွား ဖြစ်ထွန်းရေး အတွက်လည်း ပြုလုပ်ကြသည်။ (မြန်မာ နိုင်ငံတွင် ဦးရှင်ကြီး တင်ခြင်းမျိုး၊ ပရိတ် ရွတ်ခြင်းမျိုးများ ဖြစ်သည်။)

ပြုလုပ်ပုံ တစ်နည်းကို *ဘေးရန် ကာကွယ်ရေး မှော်အတတ်* [၁] ဟု ခေါ်သည်။ ပုံစံ အမျိုးမျိုးဖြင့် ပြုလုပ်တတ်ကြသည်။ မနှစ်သက်စရာ မှော်ပညာဟုလည်း ဆိုနိုင်သည်။ လူအုပ်စု တစ်ခုလုံး အတွက် ကျရောက်လာမည့် ဘေးရန် အန္တရာယ်ကို လူ တစ်ယောက်၊ သတ္တဝါ တစ်ကောင် အပေါ် ပုံချပြီး စတေးခြင်းမျိုး၊ ယဇ် ပူဇော်ခြင်းမျိုး ဖြစ်သည်။ တချို့က ပင်လယ်ထဲသို့ ဖောင် မျှောကြသည်။

ဤကိစ္စ အလို့ငှာ ပြုလုပ်ကြသော ပူဇော် ပသနည်းများကား မရေမတွက်နိုင်အောင်ပင် များပြားသည်။

အထူးသဖြင့် အဖွဲ့အစည်း အကျိုး၊ လူပုဂ္ဂိုလ် အကျိုးစီးပွား ဖြစ်ရေး၊ အန္တရာယ်ကင်း ဘေးရှင်းရေးနှင့် သက်ဆိုင်သည်။ လယ်မြေများ သီးနှံ ဖြစ်ထွန်းရေး၊ ကျွဲနွားများ တိုးပွားရေး၊ မိန်းမများ သားသမီး ထွန်းကားရေး အတွက် အသုံးပြုသည်။ *အကျိုး ဖြစ်ထွန်းရေး မှော်ပညာ* [၂] ဟုလည်း ခေါ်သည်။ နမူနာ ပြစရာ မရေမတွက်နိုင်အောင် များပြားသည့် အထဲက ကမ္ဘာ့ နေရာ အနှံ့အပြားမှာ ပြုလုပ်ကြသော ကောက်သစ်စားပွဲလို ပျော်ပွဲ ရွှင်ပွဲ တစ်ခုကိုသာ ထုတ်ပြပေတော့မည်။ တချို့ နေရာများ၌ မြေသြဇာ ဖြစ်ထွန်းရေး အတွက် ပူဇော် ပသပွဲများ ကျင်းပရာ၌ လူကိုပင် သတ်၍ စတေးသည်။ လယ်မြေများကို သွေးဖြင့် ပူဇော်သည်။ အသားများကို မြေမှာ မြှုပ်ကြသည်။ ထို့နောက် ထိုပွဲကို ဘာသာရေးပွဲ တစ်ခုလို ပြုလုပ်ကြသည်။ နတ်များကို ကောက်သစ်များ၊ သီးဦး သီးဖျားများဖြင့် ပူဇော် ပသကြသည်။ နွားသိုးများ၊ ဆိတ်သိုးများကို ရှိခိုးခြင်းမျိုးလည်း ရှိသည်။ သီးနှံ ဖြစ်ထွန်းစေသော နတ်သား နတ်သမီးများ အဖြစ် လူယောကျ်ား လူမိန်းမများက သရုပ် ဆောင်ပြီး လက်ထပ် ပေါင်းသင်းပွဲများလည်း ပြုလုပ်ကြသည်။

ထို့နောက် ကောက်ပဲ သီးနှံစောင့် နတ်များကို လူများဖြင့် ယဇ်ပူဇော်ကြသည်။ သီးနှံ ရိက္ခာများ ပြည့်ပြည့်ဝဝ ရရှိရေး အတွက် စိတ်ချရစေရန် ပြုလုပ်ခြင်း ဖြစ်လေသည်။

## (၃) တားမြစ်ချက်များ

*တဘူး* [၃] ခေါ် တားမြစ် ကန့်ကွက်ချက်များသည် တစ်ကမ္ဘာလုံးတွင် လက်တွေ့ ကျင့်သုံးလျက် ရှိသည်။ အုပ်စု ခေါင်းဆောင်နှင့် သူ၏ ခေါင်းဆောင်မှုကို တစ်သဝေမတိမ်း လိုက်နာကြရသည်။ သူ့ကို ထိပါးခွင့် မပြု၊ တားမြစ်သည်။ သူ့မှာ ဘုန်းတန်ခိုးများနှင့် ပြည့်စုံသည်ဟု သင်ကြားထားသည်။ ထို့ကြောင့် သူ့ကို ထိလျှင် ဖြစ်စေ၊ သူ့ အဝတ်အစား အသုံးအဆောင်များကို ထိပါးလျှင် ဖြစ်စေ၊ သူ့

---

၁။ aversion magic

၂။ productive magic ၃။ taboo, tabu

သုတသနစာကြည့်တိုက်
ထာထနာ၁တေ ခိုထွိုန်ကိုကွယ်ရှင့် ပွာသာချိုင်းဖြိုး ၄၁၃
ကမ္ဘာအေး ရန်ကုန်

ထိုင်နေသော ကော်ဇောဖျာကို ထိမိလျှင် ဖြစ်စေ၊ သူ လမ်းလျှောက်နေသော ကြမ်းခင်းကို ဖြစ်စေ ထိပါးမိလျှင် ဘေးအန္တရာယ် ကျရောက်တတ်သည်။

ထို့ကြောင့် ထိုအပြစ်တို့ကို ပပျောက်စေခြင်း အလို့ငှာ ချက်ချင်း အရေးယူ ဆောင်ရွက်ရသည်။ ထိုခေါင်းဆောင်၏ ရှေ့မှောက်သို့ ဝင်ရောက်သော အခါမှာပင် သတိ ကြီးစွာထားကြရသည်။ အကြီးအကဲ၏ စားကြွင်း စားကျန်ကို စားမိ၍ ကြောက်လန့်ပြီး သေဆုံးသွားကြရသော ယောကျ်ားမိန်းမများ၏ ဖြစ်ရပ် များစွာ ရှိသည်။

အခြား ပုဂ္ဂိုလ်များနှင့် ပတ်သက်သော တားမြစ်ချက် (တဘူး) များလည်း ရှိသည်။

ထိုကဲ့သို့ အလားတူ ကြောက်ရွံ့မှုမျိုးကို ရှင်ဘုရင်များ၊ နတ်ဆရာများနှင့် ပတ်သက်၍လည်း တွေ့ရသည်။ ကမ္ဘာ အနှံ့အပြားတွင် စစ်ပွဲ မတိုင်မီနှင့် စစ်ပွဲပြီး ကာလများ၌ စစ်သူရဲကောင်းနှင့် ပတ်သက်သော တားမြစ်ချက်များ ထားသည်ကိုလည်း တွေ့ရသည်။ တံငါများ၊ မုဆိုးများမှာ ငါးမဖမ်းခင် တောပစ် မထွက်ခင် ဘာမလုပ်ရ ဘာမကိုင်ရ ဆိုသော တားမြစ်ချက်များ ရှိသည်။ အလားတူစွာ သေဆုံးသူများနှင့် ပတ်သက်သော ဆွေမျိုးသားချင်းများနှင့် ပတ်သက်၍လည်း တားမြစ်ထားချက်များ ရှိသည်။ ထိုတားမြစ်ချက်များသည် အငှား လိုက်သော ပူဆွေးသူများ အထိ သက်ဆိုင်သည်။ 'မန်ဆလာယ' တို့သည် ဇာတ်နိမ့်သူများ ဖြစ်ကြသည်။ ၎င်းတို့နှင့် ထိတို့ခြင်း မပြုရ။ တရုတ် လူမျိုးများတွင် အဝတ်နက် ဝတ်ထားသော အသုဘ အတွက် ပူဆွေးသော ရက်များ မကုန်ဆုံးမီ တားမြစ်ထားချက်များ ရှိသည်။ အဝတ်နက်ကို ချွတ်ပြီး တရော်ကင်ပွန်းနှင့် ဆေးကြော သန့်စင်ပြီးမှသာ ၎င်းတို့နှင့် ဆက်ဆံ ရသည်။

အလားတူ တားမြစ်ချက်များကား ရှေးကျသော လူမျိုးတိုင်းမှာ ရှိသည်။ အဆောင် လက်ဖွဲ့များ ဆောင်ထားလျှင် မီးနေခန်းသို့ မဝင်ရ ဆိုသော သဘောမျိုးလည်း ရှိသည်။

ထင်ရှားသော အချက် တစ်ချက်မှာ တစ်ချိန် တစ်ခါကမူ အရာရာသည် တားမြစ်ချက်များ ဖြစ်ခဲ့နိုင်သည်။ ဤကဲ့သို့ တားမြစ်ချက်များ ရှိနေခြင်းသည် ရှေးကျသော လူမျိုးများမှာသာ မကတော့ဘဲ အတော်အတန် ယဉ်ကျေးမှု အဆင့်အတန်း မြင့်သော လူမျိုးများမှာပင် ရှိကြောင်း တွေ့ရှိရသည်။

## (၄) သန့်စင်ခြင်း ဝတ်ပြုပွဲ [၁]

အထက်တွင် ဆိုခဲ့ပြီးသော တားမြစ်ခြင်း (တဘူး) ကိစ္စတွင် ဤသန့်စင်ခြင်း ဝတ်ပြုပွဲများလည်း ဆက်စပ် ပါဝင်နေပါသည်။ ဤ တဘူး ခေါ် တားမြစ်ချက်များ ရှိနေခြင်း၏ သဘောမှာ ရှေးကျသော လူမျိုးစုများ အတွက် တားမြစ်ချက်များကို ဖောက်ဖျက်လျှင် ဘေး အန္တရာယ် ကျရောက်နိုင်သည့်ပြင် တန်ခိုးတော်ရှင်များက လက်စားချေရန်ကြွေး ဆပ်တတ်၍ လည်းကောင်း၊ တားမြစ်ချက် တဘူးများကို ချိုးဖောက်သူများ၏ အပြစ် မကင်းမှု၊ မသန့်ရှင်းမှု၊ ကံဆိုး ကြုံရတတ်မှုများကြောင့် လည်းကောင်း ဖြစ်သည်။ ဤ အပြစ် မကင်းမှု၊ မသန့်ရှင်းမှုများ၊ ညစ်နွမ်းစေမှုများသည် လူ့ အဖွဲ့အစည်း တစ်ခုလုံးကိုပင် ထိခိုက် နစ်နာစေနိုင်ပါသည်။

ထိုတားမြစ်ချက်များကို ချိုးဖောက် ကျူးလွန်သူသည် သူ၏ အပြစ် ဒုစရိုက်များကို သန့်စင်အောင် မပြုမချင်း ထိုသူကို အပေါင်းအသင်းမှ နှင်ထုတ်ခြင်း၊ ဝိုင်းပယ်ခြင်းကို ပြုထားတတ်ကြသည်။ နောက်ဆုံးတွင် သေဒဏ် အပြစ်ပေးခြင်းကိုပင် ထိုသူ ခံရတတ်ပေသည်။

သို့ရာတွင် အပြစ် ဒုစရိုက်ဖြင့် ညစ်နွမ်းသော အမှုကို ပြုခြင်းတွင် တားမြစ်ချက်များကို ကျူးလွန်ခြင်း ကိစ္စ တစ်ခုတည်းသာ ပါဝင်သည် မဟုတ်ပါ။ မီးဖွားခြင်း၊ လူသေခြင်း၊ သွေးထွက်သံယို ဖြစ်ခြင်း၊ သွေးကို မြင်ခြင်း၊ တားမြစ်ချက်ကို ကျူးလွန်သူနှင့် အပေါင်းအသင်း ပြုခြင်း စသည့် ကိစ္စများ အားလုံးသည် ကိုယ် မသန့်ခြင်း၏ အကြောင်းများ ဖြစ်သည်။

ထိုကိစ္စများ အပြင် အခြားသော သဘာဝလွန် ကိစ္စများလည်း ရှိသေးသည်။ မိသားစု တစ်ခုမှာ ဖြစ်စေ၊ လူမျိုးအုပ်စု တစ်ခုလုံးမှာ ဖြစ်စေ မသန့်ရှင်းသော ဖုတ် ပြိတ္တာ သရဲများ ခြောက်လှန့်ခြင်းလည်း ပါသည်။ အကျိုးဆက်အားဖြင့် ထိုတစ္ဆေ သရဲ မြေဖုတ် ဘီလူးများကို သံပုံးတီး ပစ်ခတ်၍ တောထုတ်ခြင်း၊ မောင်းနှင်ပစ်ခြင်း ကိစ္စများလည်း ပါဝင်ပေသည်။

ဤကဲ့သို့ မသန့်သော သဘောများကို သန့်စင်အောင် ပြုလုပ်ပုံ ပြုလုပ်နည်းများမှာ များစွာ ရှိသည်။ ယေဘုယျကျသော အများ အသုံးပြုသော နည်းမှာ ဥပုသ် စောင့်ခြင်း၊

---

[၁]။ purification rites

၂၉၆၇၀

ခေါင်းရိတ်ခြင်း၊ ခြေသည်း လက်သည်းများကို လှီးဖြတ်ခြင်း၊ အမွေးတိုင် နံ့သာတိုင်များ မီးရှို့ပြီး ထို မီးခိုးများအကြားမှ ဖြတ်သန်းသွားခြင်း၊ မီးပုံကြားမှ ဖြတ်ပြေးခြင်း၊ မီးပုံများကို ခုန်ကျော်ပြေးခြင်း၊ ရေဖြင့် ဖြစ်စေ သွေးဖြင့်ဖြစ်စေ ဆေးကြော သုတ်သင်ခြင်း၊ ခန္ဓာကိုယ် အစိတ်အပိုင်းတစ်ခုကို ဓားဖြင့် လှီး၍ သွေးထုတ်ခြင်း (ထွက်သွားသော သွေးထဲတွင် မကောင်း ဆိုးဝါးများ ပါသွားသည်ဟု အယူရှိကြသည်။) စသည်တို့ကို ပြုလုပ်ကြသည်။

အကယ်၍ မသန့်ရှင်းသော မကောင်းဆိုးဝါးများက ရွာကို ခြိမ်းခြောက်လျှင် ဖြစ်စေ၊ ယောက်ျား တစ်ဦး သို့မဟုတ် မိန်းမ တစ်ဦးကို ဝင်ပူးလျှင် ဖြစ်စေ ထိုမိစ္ဆာ နတ်ဆိုးကို မောင်းထုတ်နိုင်ရန် အတွက် ပို၍ တန်ခိုးကြီးသော နတ်ဝိဇ္ဇာ တစ်ဦးကို ပင့်ဖိတ် ရသည်။

ထို နတ်ကောင်း နတ်မြတ် ရောက်ရှိလာလျှင် နတ်ဆိုး၊ နတ်မိစ္ဆာများ ထွက်ပြေးရသဖြင့် သန့်စင်သွားသည်ဟု အယူ ရှိကြသည်။ သန့်စင်ခြင်း အတွက် ဝတ်ပြုပုံ၊ ဓလေ့ထုံးစံများကား အရပ်ဒေသကို လိုက်၍ အမျိုးမျိုး အဖုံဖုံ ရှိတတ်ရာ ရေးမကုန်အောင်ပင် များပြားလှပေသည်။ ဤမျှဖြင့် သဘော ရှင်းလောက်ပြီ။

## (၅) နတ် ကိုးကွယ်မှု [၁]

ယနေ့တိုင် တည်ရှိဆဲ ရှေးကျသော လူ့ အဖွဲ့အစည်းများတွင် နတ် ကိုးကွယ်မှုကို လက်ခံထားဆဲ ရှိကြသည်။

အမျိုးမျိုးသော မလှုပ်ရှားနိုင်သော အရာဝတ္ထုများမှာလည်းကောင်း၊ သက်ရှိ သတ္တဝါများမှာ လည်းကောင်း ၄င်းတို့ ကိုယ်ထဲတွင် ဝိညာဉ် ရှိသည်ဟု အယူ ရှိကြသည်။ လူသတ္တဝါများ ကိုယ်တွင် ရှိသော ဝိညာဉ်သည် ညဥ့်အိပ်သော အခါ အိပ်မက်ထဲတွင် ခန္ဓာကိုယ်မှ ခေတ္တ ထွက်ခွာ၍ သွားတတ်ကြပြီး သေဆုံးသော အခါတွင်မူ အပြီးသတ်ထွက်ခွာသွားသည်ဟု ထိုလူများ ယုံကြည် ထားကြသည်။

ထို အသက် ဝိညာဉ်များသည် လူပုံသဏ္ဌာန် အတိုင်းပင် ရုပ် အဆင်းသဏ္ဌာန်၊ စိတ် ခံစားမှုနှင့် ဆန္ဒများ ရှိကြသည်။ သူတို့သည် သက်ရှိ လူသားများ အတိုင်း ဆင်ခြင်စဉ်းစားနိုင်သည်။ စိတ်ကောင်း ရှိသော အခါလည်း ရှိသည်။ ဒေါသ ဖြစ်သော အခါ လွန်စွာ ရန်လိုတတ်သည်။ ထို ဝိညာဉ်များသည် အပင့် အမြှောက် ကြိုက်တတ်သည်။ ၄င်းတို့ကို ပူဇော် ပသမှု ကြိုက်သည်။ ရိုသေ လေးစား၍ သစ္စာ ရှိမှုကို ကြိုက်သည်။ တစ်ခါတစ်ရံ စိတ်မချရ။ ၄င်းတို့ကို အမြဲ သတိ ဝီရိယဖြင့် စောင့်ကြည့်နေမှု၊ ပသ နေမှသာ နေရာကျသည်။ ၄င်းတို့၏ အမ အစကို ခံရပြီ ဆိုလျှင် တစ်သက်လုံး ဂရုတစိုက် ပူဇော် ပသ နေရသည်ဟု အယူ ရှိကြလေသည်။

ယနေ့ခေတ် အထိ ရှိနေသော ရှေးကျသော လူများ၏ ယဉ်ကျေးမှုတွင် အရေးကြီးသော ပဓာန ကျသည့် လောက အမြင်မှာ သဘာဝ လောကကြီး တစ်ခုလုံးတွင် ဝိညာဉ် လောကသားများဖြင့် ပြည့်ကျပ်လျက် ရှိသည်ဟု ရှုမြင်ကြသည်။ ထိုဝိညာဉ် လောကသား နတ်များသည် ရှေးခေတ် လူသားများ အတွက် အလွန် အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုနတ်များမှာ တန်ခိုး အမျိုးမျိုး ရှိသည်ဟု ယုံကြည်ကြသောကြောင့် ဖြစ်သည်။ ထို နတ်တို့၏ တန်ခိုးဖြင့် လူသားများ၏ ကံကြမ္မာကို ပြုပြင်နိုင်သည်ဟုလည်း ယုံကြည်ကြသည်။

ဤကဲ့သို့ နတ်တို့၏ တန်ခိုးနှင့် ပတ်သက်သော အတွေ့အကြုံများကို လိုက်၍ ပေါ်ပေါက်လာသော နတ်ပသပုံများမှာလည်း မရေမတွက်နိုင်အောင်ပင် ရှိသည်။

## (၆) သဘာဝ တရားနှင့် ဝိညာဉ် ကိုးကွယ်မှု [၂]

လူသားသည် မြေအောက်မှာ ရှိသော အရာ အားလုံးကိုလည်းကောင်း၊ မြေကြီးနှင့် ကောင်းကင်ဘုံ အကြားမှာ ရှိသော အရာ အားလုံးကို လည်းကောင်း၊ အထက် သုခအမြင့် ဘုံတွင် ရှိသမျှ အရာ အားလုံးကို လည်းကောင်း ရှိခိုး ကိုးကွယ်ကြသည်ဟု ဆိုလျှင် ဆိုသင့်မည် ထင်ပါသည်။ သို့သော် လူသားသည် ထိုအရာဝတ္ထုများရှိ ဝိညာဉ်များကို ကိုးကွယ်ရာ၌မူ တစ်စိတ်တစ်ပိုင်းကိုသာ ရှိခိုး ကိုးကွယ်ကြသည်။ တစ်နည်း ဆိုရလျှင် ထိုအရာဝတ္ထုများကို ကိုးကွယ်ခြင်းသည် အစဉ်သဖြင့် နတ် ကိုးကွယ်မှု မဖြစ်တတ်ပေ။ တစ်ခါတစ်ရံ ထိုအရာဝတ္ထုကိုပင် သက်ရှိလိုကမ္ဘဖိဒ္ဓိ ရှိသော အရာလို သဘော ထား၍ ကိုးကွယ်ကြသည်။

မီလာနီစီယန် လူမျိုးများ မနများကို ကိုးကွယ်ရာ၌ ထိုသဘောကို ဆောင်သည်။ ထို့ပြင် ထို အရာဝတ္ထုပစ္စည်း သက်သက်ကို ရှိခိုး ကိုးကွယ်ခြင်း မဟုတ်ဘဲ ထို အရာ

---

၁။ animism

၂။ nature and spirit worship

ဝတ္ထုတွင် စွဲကပ်နေသော ဝိညာဉ် (အစောင့် ပုဂ္ဂိုလ်) ကို ရှိခိုး ကိုးကွယ်ခြင်းမျိုးလည်း ရှိသည်။ တစ်ခါတလေတွင် အရာဝတ္ထုကို ရှိခိုးခြင်း မပြုသည်လည်း ရှိသည်။ အဘယ်ကြောင့် ဆိုသော် ထို အရာဝတ္ထုသည် သူတို့ ကိုးကွယ်သော အစစ်အမှန် တရား၏ မြင်လွယ် ကိုင်တွယ်ရ လွယ်သော သရုပ် သင်္ကေတသာ ဖြစ်သောကြောင့် ဖြစ်၏။

ထို ကိုးကွယ်ပုံ သုံးမျိုးသည် တစ်ခါတစ်ရံ စင်ပြိုင်ဖြစ်ပေါ် နေတတ်သည်လည်း ရှိသည်။

အိန္ဒိယ နိုင်ငံရှိ ရုပ်တု ကိုးကွယ်သူများထဲတွင် တချို့ မသိ နားမလည်သူများက ထိုရုပ်တုမှာပင် တန်ခိုး ရှိသည်ဟု ယူဆကြသည်။ တခြား လူများကမူ ထို ရုပ်တုမှာ အသက် မရှိ တန်ခိုး မရှိ၊ ထိုရုပ်တုကို စောင့်သော အစောင့် ပုဂ္ဂိုလ်မှာသာ တန်ခိုး ရှိသည်ဟု ယူဆကြသည်။ သို့သော် အခြားသော အသိဉာဏ် ရှိသော အတွေးအခေါ် ရှိသော လူများကမူ ရုပ်တုသည် ၎င်းနောက်တွင် ရှိသော အစစ်အမှန် တရားကို ကိုယ်စား ပြုလုပ်ထားသော အရာဖြစ်၍ ထိုရုပ်တုကို မြင်လျှင် ထို ရုပ်တု ကိုယ်စားပြုသော အစစ်အမှန် တရားကို အောက်မေ့နိုင်ရန် အတွက်သာ ကိုးကွယ်သည်ဟု သဘော ထားကြသည် (ဗုဒ္ဓဘာသာနှင့် ဟိန္ဒူဘာသာဝင်များ ရုပ်တု ဆင်းတု ကိုးကွယ်ခြင်းမျိုး ဖြစ်သည်။)။

ပုံသဏ္ဌာန် ရှိသော ကျောက်တုံးကြီးများကို ကြည်ညိုခြင်း အလေ့အထကိုလည်း ကမ္ဘာပေါ်မှာ အနှံ့အပြား တွေ့ရသည်။ သမိုင်း မစတင်မီ ခေတ်ကသာမက ယခုခေတ်တိုင်အောင် အာဖရိကတိုက်တွင် အသုံး ကိရိယာ ပစ္စည်းများ၊ လက်စွဲ ကိရိယာ တန်ဆာများကို ကြည်ညို ကိုးကွယ်သော အလေ့အထများ ရှိသေးသည်။ ထို ကိုးကွယ်မှုများကို သမုဒ္ဒရာ ကျွန်းစုများတွင် လည်းကောင်း၊ အိန္ဒိယ၊ ဂျပန်နှင့် မြောက် အမေရိကတိုက်ရှိ အင်ဒီးယန်း လူနီမျိုးများ၏ ယဉ်ကျေးမှုများထဲမှာ လည်းကောင်း တွေ့ရသည်။ ဖိလိပိုင် ကျွန်းစုများတွင်မူ ရွာသူကြီး၏ လက်နက် ပစ္စည်းများသည် တန်ခိုး သတ္တိ ရှိသည်ဟု ယူဆထားတတ်ကြသည်။ ထို ယုံကြည်မှုမျိုးသည် ရှားပါးသော ယုံကြည်မှုမျိုး မဟုတ်ပေ။

ဂျာမနီနှင့် စကင်ဒီနေဗီးယား ကျေးလက် ဒေသများတွင် ပုဆိန်ကို ယနေ့တိုင် ကြည်ညိုစွာ သိမ်းဆည်းထားကြသေးသည်။ ဂရိနှင့် ရောမ ကမ္ဘာတွင်လည်း ဤကဲ့သို့ သူရဲကောင်းသုံး ပစ္စည်းများကို တရိတသေ ကိုးကွယ် ကြည်ညိုသော အစဉ်အလာ ရှိခဲ့လေသည်။

*သစ်ပင် ကိုးကွယ်မှု* [၁] မှာလည်း ရှေးကျသော လူမျိုးတိုင်းမှာလိုပင် ရှိသည်။ ပို၍ တိုးတက် ရှုပ်ထွေးသော ယဉ်ကျေးမှုများထဲမှာပင် ထိုသစ်ပင် ကိုးကွယ်မှု သဘောသည် ရှိသေး၏။

ယဉ်ကျေးပြီး လူမျိုးများထဲမှာပင် ခရစ္စမတ် သစ်ပင်နှင့် *မေလ ကပွဲတိုင်* [၂] ကို အမြတ်တနိုး ပြု၍ ကြည်ညိုခြင်းမျိုး ရှိသေးသည်။

ယခုခေတ် ဥရောပတိုက်ရှိ ဒေသ အချို့တွင် သစ်ခုတ်သမားများသည် သစ်ပင်ကြီးများကို ခုတ်တော့မည် ဆိုလျှင် မခုတ်မီ ထိုသစ်ပင်ကို ပူဇော် ပသပြီး ၎င်းတို့ကို ခွင့်လွှတ်ပါမည့် အကြောင်း တောင်းပန်ခြင်း အလေ့အထမျိုး ရှိသေးသည်။

သစ်ပင်ကြီး သစ်ပင်ငယ်များကို ကြည်ညို မြတ်နိုးသမှု ပြုကြခြင်းမှာ ၎င်းတို့သည် လူသားများကို မကုန်နိုင် မခန်းနိုင်အောင် အကျိုး ပေးနေသောကြောင့်လည်း ဖြစ်နိုင်သည်။ သစ်ပင်များက ကောက်ပဲသီးနှံများ ရှင်သန် ကြီးပွားမှုကို ကျေးဇူးပြုသည်။ ကျေးငှက်များ၊ ကျွဲနွား၊ တိရစ္ဆာန်များ တိုးပွားရေးကိုလည်း အထောက်အကူ ပြုသည်။

ထို့ပြင် မိန်းမများကိုလည်း သားသမီး ထွန်းကားစေရန် အားပေးသည်။ တချို့ ဒေသများတွင် သား မရသော အမြုံမများသည် သစ်ပင်မှာ သွား၍ သားဆု ပန်ရသည်။ တချို့က သစ်ပင်နှင့် လက်ထပ်ရသည်။ ထိုနည်းဖြင့် သားသမီး ကိုယ်ဝန် ရရှိနိုင်သည်ဟု ယုံကြည် တတ်ကြလေသည်။

## တိရစ္ဆာန် ကိုးကွယ်မှု [၃]

ရှေးကျသော လူမျိုးများတွင် တိရစ္ဆာန် ကိုးကွယ်မှုသည်လည်း လူမျိုးတိုင်းလိုလို ပြုလုပ်သော ဘာသာရေး အလေ့အထ ဖြစ်သည်။ ဤတိရစ္ဆာန် ကိုးကွယ်မှုသည် အမေရိကန် လူရိုင်းတို့၏ လူမျိုးရေး အထိမ်းအမှတ် ရုပ်တု ကိုးကွယ်မှုနှင့်လည်း ဆက်စပ်သည်ဟု ဆိုနိုင်သည်။ သို့သော် ဤဘာသာရေး အလေ့အထသည် တိရစ္ဆာန်များသည် လူများနှင့် နီးစပ်မှု ရှိသည် ဆိုသော ခံစားချက်မှ ပေါက်ဖွားလာသော ဓလေ့ ထုံးစံ ဖြစ်နိုင်သည်။ လူနှင့် တိရစ္ဆာန်

---

၁။ worship of tree ၂။ May-pole
၃။ animal-worship

သည် နီးစပ်လွန်းသောကြောင့် လူ အများ၏ စိတ်ထဲတွင် လူ သေလျှင် လူ၏ ဝိညာဉ်သည် တိရစ္ဆာန်၏ ဝမ်းထဲသို့ အများဆုံး ရောက်သည်ဟု ယုံကြည်တတ်ကြလေသည်။ တိရစ္ဆာန် သေလျှင်လည်း လူ ဖြစ်သည်ဟု ယုံကြည်ကြလေသည်။ ဤ ယုံကြည်ချက်ကို ဖော်ပြသော ဒဏ္ဍာရီ ပုံပြင်များလည်း များစွာ ရှိသည်။

တိရစ္ဆာန် ကိုးကွယ်မှုများကား အမျိုးမျိုး ရှိသည်။ အာဖရိကမှာ ခြင်္သေ့၊ အိန္ဒိယမှာ ကျား၊ မြောက်အမေရိကတိုက်မှာ လင်းယုန်၊ ဝက်ဝံနှင့် ဖျံကြီးများကို လည်းကောင်း၊ ဂရိနှင့် အီဂျစ်တွင် နွားသိုး၊ အိန္ဒိယတွင် နွားမ၊ တောင်ပိုင်း အိန္ဒိယတွင် ကျွဲ၊ သြစတြေးလျတွင် သားပိုက်ကောင်များကို လူများက အလေးအမြတ် ပြုကြသည်။

ထို့အတူ ဘဲငန်းများ၊ ချိုးငှက်များနှင့် မြွေများကို ရှိခိုး ပူဇော်သူများလည်း ရှိသေးသည်။

နဂါး ကိုးကွယ်မှုမှာကား ပုံသဏ္ဌာန် အမျိုးမျိုးနှင့် တည်ရှိသည်။

ဘာသာ ကိုးကွယ်မှု သမိုင်း၏ နှောင်း ကာလတွင် မဟာဘုတ် ဓာတ်များကို ကိုးကွယ်မှုလည်း ရှိသည်။ ပထဝီ၊ ဝါယော၊ အာပေါနှင့် တေဇော ဓာတ်များကို ကိုးကွယ်ကြသည်။

ဖာရစီ လူမျိုးများသည် ထိုကဲ့သို့ မဟာဘုတ် ဓာတ်များကို ကိုးကွယ်ကြသည်။ ကောင်းကင်သည် မိုးတိမ်များ၊ လေများ၊ နေ၊ လ၊ နက္ခတ်တာရာများ လှည့်လည်ရာ ဌာနအဖြစ် ရှိခိုး ပူဇော်ကြပြန်သည်။ အာပေါဓာတ်မှာ တရားကိုယ် သဘောအားဖြင့် သိမြင်ရ ခက်သည်။ ထို့ကြောင့် ရေဓာတ်ကို စမ်းချောင်းများ၊ ရေတံခွန်များ၊ မြစ်များ၊ အိုင်များ၊ ပင်လယ်များတွင် ထင်ရှားသော သဘောကို ယူ၍ ရှိခိုး ပူဇော်ခဲ့ကြလေသည်။

ထိုနည်းတူစွာ မြေကြီးကို ကောက်ပဲသီးနှံများ ထုတ်ပေးရာ ဌာန အဖြစ် အမြတ်တနိုး ထား၍ ကိုးကွယ်ခြင်းမျိုးလည်း ရှိကြသည်။

အငြင်းပွားမှု မှန်သမျှကို တန်ခိုးတော်ရှင် နတ်ဘုရားကို ကိုးကွယ်သော ဘာသာရေး အယူဝါဒနှင့် ဆက်စပ်၍သာ ဖြေရှင်းတတ်ကြသည်မှာ ရှေးကျသော လူမျိုးများ၏ သဘော သဘာဝ တစ်ခုပင် ဖြစ်သည်ဟု ဆိုနိုင်သည်။

ရှေးကျသော လူမျိုး အုပ်စုများ အတွင်း၌ ယေဘုယျအားဖြင့် ကောင်းကင်ဘုံ၌ စံနေတော်မူသော ထာဝရ နတ်ဘုရားကို ကိုးကွယ် တတ်ကြကြောင်း တွေ့ရသည်။ ထိုထာဝရ နတ်ဘုရားသည် အရာရာကို ဖန်ဆင်းတော်မူသော အရှင် ဖြစ်သည်။ လူကို ဖန်ဆင်းသည်၊ ကမ္ဘာမြေကြီးကို ဖန်ဆင်းသည်၊ ပင်လယ် သမုဒ္ဒရာနှင့် ကောင်းကင်ကို ဖန်ဆင်းသည်။ ထိုတန်ခိုးတော်ရှင် ထာဝရ နတ်ဘုရားသည် အဝေးမှနေ၍ လူ့လောက အတွင်း ဖြစ်ပျက်နေသော လူ့ကိစ္စ မှန်သမျှကိုလည်း အကြွင်းမဲ့ သိမြင်တော်မူသည်။

သို့သော် တစ်ခါတစ်ရံတွင် ထိုထာဝရ နတ်ဘုရားသည် လူတို့နှင့် ပတ်သက်သော ကိစ္စတို့တွင် သူ နှစ်သက်တော်မူခြင်း မရှိသော အရာများ ပါဝင်သော်လည်း ချက်ချင်း ဝင်ရောက် စွက်ဖက်ခြင်း မရှိဘဲ နေတော် မူတတ်သည်။

အာဖရိကတိုက်ရှိ ပစ်ဂမီ လူရိုင်းများလို အဆင့်အတန်း နိမ့်ကျသော ရှေးခေတ် လူသားများ ဖြစ်ကြသည့် တောင် အမေရိကတိုက်မှ *ဖူဂျီယန်* [၁] များနှင့် သြစတြေးလျမှ လူရိုင်းများ အကြားတွင် အထက်တွင် ဖော်ပြခဲ့သော အထက် ကောင်းကင် ဘုံ၌ စံနေတော်မူသော နတ်ဘုရား ယုံကြည်မှုမှာ ပို၍ပင် တိတိကျကျ ရှင်းရှင်းလင်းလင်း ရှိပါသည်။ ဤ ခေတ် နောက်ကျသော လူမျိုးစုများ ကြားတွင် ယေဘုယျအားဖြင့် ယုံကြည်ကြသည်မှာ ကောင်းကင်ဘုံ၌ စံနေတော်မူသော ထိုနတ်ဘုရားသည် ရှေးအခါကမူ ဤ ကမ္ဘာမြေပေါ်မှာပင် စံနေတော်မူခဲ့သည်။ လူများကို လူမှုရေး စည်းကမ်းများ၊ အကျင့်သီလ သိက္ခာပုဒ်များကို သွန်သင်ပေးခဲ့သည်။ ထိုနောက် ကောင်းကင်ဘုံသို့ တက်၍ အနားယူလျက် စံနေတော်မူသည်။

ထို ကောင်းကင်ပေါ်မှ နတ်ဘုရားသည် လူသားများ၏ အပြုအမူ အနေအထိုင်များကို စောင့်ကြည့် နေတော်မူသည်။ ထို့နောက် တစ်ခါတစ်ရံတွင် လူတို့၏ မှားယွင်းမှု၊ ကျူးလွန်မှုများ အတွက် ပြင်းထန်စွာ အပြစ် ပေးတော်မူသည်။ ဝရဇိန် လက်နက် မိုးကြိုးစက်သည် နတ်ဘုရား၏ လက်နက် ဖြစ်သည်။ မိုးခြိမ်းသံသည် သူ၏ ဟိန်းဟောက်သံ ဖြစ်သည်။ သို့သော် ထိုဘုရားကိုမူ ကိုယ်တိုင်ကိုယ်ကျ ဘယ်တော့မှ မမြင်နိုင် ဟူ၍လည်း ယုံကြည်ကြလေသည်။

မနုဿဗေဒ ပညာရှင်များ အကြားတွင် အငြင်းပွားမှု တစ်ခု ပေါ်ပေါက်လျက် ရှိသည်။ ဤကောင်းကင်ဘုံ၌ စံနေတော်မူသော ထာဝရ နတ်ဘုရားသည် ကမ္ဘာမြေ အနီးအပါးတွင် နေကြသော နတ်ကောင်း နတ်ဆိုးများ၏ နတ်တန်ခိုးများ အပေါ်တွင် ဘာသာရေး အရ အကျိုး သက်ရောက်မှုမျိုး ရှိသလား ဆိုသော ကိစ္စ ဖြစ်သည်။ လက်ရှိ

---

[၁]။ Fuegians

ပြန့်ပွားနေသော အယူအဆမှာ ဆန့်ကျင်ဘက် သဘောကို ဆောင်သော အယူအဆ ဖြစ်သည်။

ကောင်းကင် ဘုံပေါ်က ထာဝရ နတ်ဘုရားသည် မြေကြီးနားက နတ်များ အပေါ်တွင် တစ်စုံတစ်ရာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခြင်း မရှိ ဟူ၍ ဖြစ်သည်။ ရှေးကျသော လူသားများသည် ကောင်းကင်ဘုံ၌ စံနေတော်မူသော ထာဝရ နတ်ဘုရားကို နေ့စဉ် ကြောက်ရွံ့ စိုးရိမ်နေစရာ မလိုပေ။ ထိုနတ်ဘုရားသည် ဖန်ဆင်းခြင်းကင်းသော၊ အထွတ်အမြတ်ဆုံး ဖြစ်သော လောက၏ အစကတည်းကပင် တည်ရှိပြီးသော နတ်ဘုရား ဖြစ်သည်။ သို့သော် တခြား နတ်များမှာမူ ကမ္ဘာပေါ်ရှိ လူသားတို့၏ ကံကြမ္မာကို ပြုပြင်ရာတွင် ပို၍ ထိထိရောက်ရောက် ဆောင်ရွက်နိုင်သည်။

တချို့ လူရိုင်း အုပ်စုများ အကြားတွင် ကောင်းကင်ဘုံ၌ စံနေသော ထာဝရ နတ်ဘုရား အပေါ် အမြင်ချင်း မတူကြသည်လည်း ရှိသည်။ တချို့က ထိုအထွတ်အမြတ် နတ်ဘုရားထံတွင် စားစရာ အစားအစာများကို ဝတ်ပြု၍ ဆုတောင်းကြသည်။ သို့သော် အချို့ ရှေးကျသော လူရိုင်းများက ထိုနတ်ဘုရားသည် သေခြင်းကို ဖြစ်စေသော သေမင်း အဖြစ် ရှုမြင်ကြသည်လည်း ရှိသည်။

ဖွီဂျီယန် လူမျိုးစု တစ်စုထဲက လူတစ်ယောက်ကမူ ထို နတ်ဘုရား အကြောင်းကို ပြောသော အခါ 'သူက သူက' ဟု တတိယ ပုဂ္ဂိုလ် နေရာမှာ ထား၍ ပြောသည်။ သူတို့နှင့် ဘာမျှ တိုက်ရိုက် မပတ်သက် မဆက်စပ်လေဟန် ပြောဆိုသည်။

ထို့ပြင် တချို့ လူမျိုးစုများသည် နတ်ဘုရားကို ခြိမ်းခြောက်သည့် စာချွန်တော်များကိုပင် တစ်ခါတစ်ရံ ထုတ်တတ်သည်။ ထိုသဘောမှာ သူတို့ အနေနှင့် ထို နတ်ဘုရားကို အထွတ်အမြတ်ဆုံး အဖြစ် သဘော ထားခြင်းကို တားမြစ်သည့် သဘောပင် ဖြစ်သည်။

သို့တွင် ဤကိစ္စသည် အငြင်းပွားဖွယ် ကိစ္စ တစ်ရပ် ဖြစ်နေပေသေးသည်။ မဟာ ဖန်ဆင်းရှင် ဆိုသော အယူအဆမှာ လူတို့၏ သမားရိုးကျ ဘဝ ကိစ္စများနှင့် မပတ်သက်ပေ။

ထိုသဘောသည် စင်စစ် အောက်ပါ မေးခွန်းများကို အကြောင်း ပြု၍ ပေါ်ပေါက်လာခြင်းသာ ဖြစ်ပေသည်။

'အရာခပ်သိမ်းကို မည်သူ ပြုလုပ် ဖန်တီးသနည်း'

'လူသားတို့၏ အစ ပထမ ခမည်းတော်သည် မည်သူနည်း'

နေ့စဉ် ဆက်ဆံနေရသော ဒေသဆိုင်ရာ တန်ခိုး စွမ်းအား ရှိသော အရာများသည် ဘယ်နည်းနှင့်မျှ ကနဦး မူလ အစ ပထမ ဖခင် မဖြစ်နိုင်ပေ။ ထို့ကြောင့် *တစ်ပါးတည်းသော နတ်ဘုရား*[၁] ကို သူတို့ တွေးခေါ် စဉ်းစားလာရခြင်း ဖြစ်သည်။ သို့သော် သူတို့ ဆင်ခြင်၍ ယူထားသော ထိုနတ်ဘုရားမှာလည်း သူတို့ ဘဝထဲသို့ ဝင်ရောက်လာခြင်း မရှိရကား ထိုဘုရားကို မှန်းဆ တွေးခေါ်မှု တစ်ရပ် အဖြစ်သာ ယူဆ ထားရပေကော့သည်။ ဘာသာရေး ဆိုင်ရာ အစစ်အမှန် တရား တစ်ခု အဖြစ်မူကား မယူဆနိုင်ကြပေ။

## (၇) ယဇ် ပူဇော်ခြင်း[၂]

ရှေ့ပိုင်းတွင် ဖော်ပြခဲ့သော အမျိုးမျိုးသော မှော်ဝိဇ္ဇာ ကိစ္စ၊ မန္တရား ကိစ္စများတွင် ထင်ရှားသော အသွင် လက္ခဏာ တစ်ခုမှာ နတ်တန်ခိုးများကို ထိန်းချုပ် အုပ်စိုးနိုင်ရေး ကြိုးပမ်းချက်ပင် ဖြစ်ကြောင်း တွေ့ရသည်။ သို့သော် ရှေးဦးလူများသည် ၄င်းတို့၏ အတွေ့အကြုံ အရ ဤနတ်တန်ခိုးများမှာ ၄င်းတို့ ထိန်းချုပ်နိုင်စွမ်းကို ကျော်လွန်နေကြောင်း တွေ့ရှိခဲ့ရလေသည်။

ထို့ပြင် အတွေ့အကြုံမှ ရသော သင်ခန်းစာ အရ ဘယ်တော့မှ အတင်းအကျပ် ထိန်းချုပ်၍ မရနိုင်သော တန်ခိုးများလည်း ရှိကြောင်း တွေ့ရလေသည်။

သို့ဖြစ်ရာ မှော်အတတ်၊ မန္တရား အတတ်ဖြင့် အနိုင်အထက် ပြုသော နည်းကို မသုံးတော့ဘဲ အသနားခံသောနည်း၊ ချော့မြှူ ဆွဲဆောင်သော နည်းကို အသုံးပြုပြီး သိခက် နက်နဲသော ကမ္ဘာ လောကထဲရှိ စွမ်းအားများကို ရရှိအောင် ပြုလုပ်ရပြန်သည်။

သမိုင်းကြောင်း အရ ဤကဲ့သို့သော သဘောထားကို လက်ခံ လာရသော ရလဒ် အဖြစ် ပေါ်ပေါက်လာသော အရာမှာ *ဘာသာရေးဆိုင်ရာ ယဇ်ပူဇော်ခြင်း*[၃] ပင် ဖြစ်ပေတော့သည်။

ပထမ အဆင့်တွင် အဖိုးတန်သော လှူဖွယ် ဝတ္ထုများဖြင့် ပူဇော် ပသခြင်း ဖြစ်သည်။ ၄င်းအထဲတွင် ယဇ် ပူဇော်ခြင်းလည်း ပါဝင်သည်။

ယဇ် ပူဇော်ရာတွင် တိရစ္ဆာန်ကို ပူဇော်ခြင်းလည်း ရှိသည်။ လူကို ပူဇော် ပသခြင်းလည်း ရှိသည်။ တစ်ခါ

---

၁။ monotheistic ၂။ sacrifice
၃။ religious sacrifice

တစ်ရံတွင် မိမိကိုယ်ကိုပါ စွန့်လွှတ် ပူဇော်ခြင်းမျိုးပင် ရှိသည်။ ဤသို့ ပူဇော် ပသခြင်းများ အားလုံးသည် တန်ခိုးတော်ရှင်များကို စိတ်ကျေအေးစေရန် သဒ္ဓါ ယုံမှတ်အောင် ပြုလုပ်ခြင်း ဖြစ်ပေသည်။ သို့သော် ပူဇော် ပသသော စကားများ မပါဘဲ လှူဖွယ် ဝတ္ထု ပစ္စည်းများကို ဆက်ကပ်ခြင်းကား မရှိပေ။

ယဇ် ပူဇော်သော အခါ တန်ခိုးရှင်ကို ချီးမြှောက်သော စကား၊ စိတ်ကျေအေးအောင် ဖျောင်းဖျသော စကားများကို ပြောဆိုရသည်။

ဤကား ဓမ္မ သီချင်းများ၊ ဂါထာများ၊ ချီးမွမ်း ထောမနာ စကားများ ပေါ်ပေါက်လာရခြင်း၏ အစ ဖြစ်၏။ ဤကဲ့သို့ ပင့်မြှောက်သော ဂါထာများကို ရွတ်ဆိုပြီး နောက် တန်ခိုးရှင်၏ မျက်နှာသာ ပေးမှုကို ခံစားရစေရန် အတွက် အသနားခံသော စကားများကို ပြောဆို ရေရွတ်ရပြန်သည်။ ဤတွင် ပူဇော် ပသမှု ဆိုင်ရာ ဆုတောင်း ဂါထာများ ပေါ်ပေါက်ခြင်း အတွက် မျိုးစေ့ ဖြစ်ပေါ်လာခြင်း ဖြစ်ပေတော့သည်။ စင်စစ် ဆုတောင်း ဂါထာများသည် အများအားဖြင့် တင်ကူး၍ ကြံစည်ထားသော အရာများ မဟုတ်ကြချေ။ အခြေအနေ အခွင့်အခါ အပေါ် လိုက်၍ သူ့ အလိုလို ပေါ်ပေါက်လာသော ကျေးဇူးတော် ဂုဏ်တော်များကို ရွတ်ဆိုသော ရှိခိုး ဆုတောင်း ဂါထာများသာ ဖြစ်ကြလေသည်။

ရှိခိုး ပူဇော်ပုံများ ကွဲပြား ခြားနားလာခြင်းမှာ ဝတ်ပြုရန် အတွက် သန့်စင် မွန်မြတ်သော နေရာကို ရွေးချယ်ခြင်း ကိစ္စ မပေါ်မီက ဖြစ်ပေါ်ခဲ့ခြင်း ရှိဟန် မတူပေ။ ဤကိစ္စမှာ ဘုရား ဝတ်ကျောင်းတော်များ၊ အာရုံခံ တန်ဆောင်းများ တည်ဆောက်ကြပြီး နောက်မှ ဖြစ်ပေါ်လာခြင်း ဖြစ်နိုင်သည်။ ဤကိစ္စများမှာ အချိန်ကာလ ကြာမြင့်မှသာ ဖြစ်ပေါ်လာကြခြင်း ဖြစ်၏။ ထိုကဲ့သို့ ဝတ်ပြုရာ နေရာ၊ ဝတ်ကျောင်းတော်များ အတိအကျ ပေါ်ပေါက်လာသော အခါကျမှ ထိထိရောက်ရောက် အစီအစဉ်တကျ ဝတ်ပြုမှု ထုံးစံများ ပေါ်ပေါက်လာသည်။ ထိုအခါကျမှ နတ်ဆရာ၊ တရားဟောဆရာ လူတန်းစားလည်း ပေါ်ပေါက်လာသည်။

ထို ဆရာများသည် ဘာသာရေး ကိစ္စများကို ဆောင်ရွက်ရန် အလို့ငှာ ဖြစ်ပြီး သီးခြား ရပ်တည်လာကြသည်။ သူတို့က ဘာသာရေး ထုံးစံများ၊ အစဉ်အလာများကို ထိန်းသိမ်း စောင့်ရှောက်သူများ ဖြစ်လာကြသည်။ ၎င်းတို့သည် နတ်ဘုရား၏ အလို ဆန္ဒများကို လည်းကောင်း၊ အနာဂတ်ကို ကြိုတင် ဟောကိန်း ထုတ်ခြင်းများကို လည်းကောင်း ကြေညာ လာကြသည်။

## (၈) သေသူများ အပေါ် သဘောထား၊ ရိုးရာ ကိုးကွယ်မှု [၁]

ဤနေရာတွင် အရေးကြီးသော အယူအဆ များစွာ ရှိသည်။ သေပြီးလျှင် နောက်ထပ် ဘာမှ မရှိတော့၊ လုံးဝ ပျောက်ကွယ်သွားပြီ ဆိုသော ဥစ္ဆေဒ တိတ္ထိ အယူမျိုးသည် ကျွန်ုပ်တို့၏ နေ့စဉ် တွေကြုံနေကျ အတွေ့အကြုံများနှင့်မှု ဆီလျော်ခြင်း မရှိသလို ဖြစ်နေသည်။ ကျွန်ုပ်တို့နှင့် ရက်ရှည်လများ ကြာမြင့်စွာ ပျော်ပျော်ရွှင်ရွှင် ပေါင်းသင်းခဲ့သော အပေါင်းအသင်း တစ်ယောက် သေဆုံးခြင်းသို့ ရောက်သွားပြီ ဆိုလျှင် ကျွန်ုပ်တို့၏ ဘဝတွင် ကြီးမားသော ဟာကွက်ကြီး တစ်ခု ဖြစ်ကျန်ရစ်ခဲ့တတ်သည်။ သူ မရှိသော အခါ သူ့ကြောင့် ဟာသွားသော ဟာကွက်ကို အလိုက်သင့် ဖြစ်အောင် ကျွန်ုပ်တို့မှာ အလေ့အကျင့် ရအောင် ပြုပြင် နေထိုင်ရတော့သည်။ သူ့ အကြောင်းကို မကြာခဏ တွေးမိပြီး သတိရသည်။ သူ၏ ဩဇာ တိက္ကမများမှာ ကျွန်ုပ်တို့နှင့် အတူ တွယ် ကျန်ရစ်ခဲ့သည်။ ကျွန်ုပ်တို့၏ အမြင်အာရုံ၊ အကြား အာရုံများမှာလည်း အလွန် ထက်မြက်ဆဲ ဖြစ်သည်။ အချိန် အတန် ကြာသည့်တိုင် သူနှင့် ပတ်သက်သော သတိရ အောက်မေ့မှု ဖြစ်တိုင်း၊ သူ့ကို တွေးမိတိုင်းမှာ သူသည် ကျွန်ုပ်တို့နှင့် အတူ အသက် ရှင်လျက်ပင် ရှိနေသေးသလို ခံစားရသည်။ ည ကျပြန်တော့လည်း အိပ်မက်ထဲမှာ သူ့ကို တွေ့ရပြန်သည်။ သူနှင့် အတူတကွ နေရသည်။ သူနှင့် ပြောချင်ရာ စကားတွေကို ပြောကြရသည်။

ဤအတွေ့အကြုံ အာရုံ ခံစားမှုများမှာ ထင်ရှားလွန်းပါသည်။ ကျွန်ုပ်တို့ကဲ့သို့ပင် ကျွန်ုပ်တို့၏ သမိုင်း မတင်မီ ခေတ်က ဘိုးဘွား ဘီဘင်တို့မှာလည်း ဤ အတွေ့အကြုံများ ရှိကြမည်သာ ဖြစ်ပါသည်။

သမိုင်းဦးခေတ် လူသားများနှင့် ၎င်းတို့မှ ဆက်နွယ် ပေါက်ဖွားလာကြသော ခေတ်သစ် လူသားများ အားလုံးသည် သေသွားသူများမှာ ဆက်လက်၍ ရှင်သန်နေဆဲ ဖြစ်ရုံမျှမက ၎င်းတို့မှာလည်း ကျွန်ုပ်တို့ကဲ့သို့ပင် တပ်မက်မှုများ၊ တော်မွတ်မှုများနှင့် လိုဘများ ရှိကြသည်သာ ဖြစ်သည်ဟု ခံစားကြရသည်မှာ အထူးအဆန်း မဟုတ်ပါ။

သို့သော် ထိုယုံကြည်ချက်နှင့်အတူ နီးစပ်စွာ ရှိသော အယူဝါဒမှာ သေသွားသူများသည် တမလွန် ဘဝတွင်

---

[၁]။ ancestor-worship

ဆင်းရဲ ပင်ပန်းစွာ နေကြရသည် ဆိုသော အယူပင် ဖြစ်သည်။ သေသွားသူများမှာ တွယ်မှီရာ တစ်ခုကား ရှိပါ၏။ ဤသည်မှာလည်း စိတ်ကျဉ်းကျပ်ဖွယ် ကောင်းလှပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုတမလွန် ဘဝက လူများ (မြန်မာ အယူ ပြိတ္တာများ) သည် အသက် ရှင်စဉ် အခါကကဲ့သို့ အသက် ရှင်ရေး အတွက် လုပ်ကိုင် စားသောက်နိုင်ခြင်း မရှိသောကြောင့် ဖြစ်ပါသည်။

ရှေးအခါကမူ ကျွန်ုပ်တို့၏ ဘိုးဘွားများသည် သေသူတို့၏ အနှောင့်အယှက် ပြုမှုများကို ခုခံနိုင်ရန် လုံခြုံရေး အစီအမံများကို စီမံ ပြုလုပ်ခဲ့ကြသည်။

သူတို့သည် သေသူများ သင်္ချိုင်းထဲက ထလာပြီး မနှောင့်ယှက်နိုင်အောင် သင်္ချိုင်းပေါ်တွင် ကျောက်တုံးကြီးများကို ဆင့်၍ တင်ထားတတ်ကြသည်။ သို့မဟုတ် သေသူများ၏ အလောင်းကောင်ကို ခိုင်မာသော ကြိုးများဖြင့် တုပ်နှောင် ဖွဲ့စည်းထားတတ်ကြသည်။ တချို့ အလောင်းများကိုမူ ရင်ဘတ်ကို ဖောက်၍ တိုင်စိုက်ကာ မြေကြီးနှင့် တွယ်ထားတတ်ကြလေသည်။ ဤလုပ်ရပ်များမှာ သေသူ ပြန်ထလာပြီး လမ်းမလျှောက်နိုင်အောင် ပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။ တစ်ပြိုင်နက်မှာပင် သေသူကို မြှုပ်နှံသော သင်္ချိုင်းထဲတွင် အစားအသောက် အသုံးအဆောင်များကို တစ်ပါတည်း ထည့်၍ ပူဇော် ပသခဲ့ကြသည်။ သေသူ ကျေနပ်မှု ရရှိစေရန် ဖြစ်သည်။

ဤဓလေ့ထုံးစံများမှာ ယခုထက်တိုင် အများအပြား မပျောက် မပျက်သေးဘဲ ရှိပါသေးသည်။ ကမ္ဘာ့ ဒေသ အနှံ့အပြားတွင် ယခုထက်တိုင် အသုဘ ပို့သူများသည် သေသူကို ခြေရာ ပျောက်သည့် သဘောဖြင့် လမ်းလွှဲသွားအောင် မသာ ပို့သော အလေ့ကို ကျင့်သုံးနေကြသေးသည်။

တချို့ ဒေသတွင် အလောင်း ထမ်းသူများသည် နွားကျင်ငယ်ကောက် (ဇစ်ဇက်) နည်းဖြင့် လမ်းလျှောက်၍ အလောင်းကို သယ်ကြသည်။ သေသူသည် မျက်စိ လည်ပြီး ၎င်းတို့ထံ ပြန်မလာနိုင်အောင်၊ လမ်း ရှာမတွေ့အောင် ခြေရာဖျောက် လျှောက်ကြခြင်း ဖြစ်သည်။

အခြား ဓလေ့ထုံးစံ တစ်ခုမှာ လူသေ အလောင်းကို အိမ်မှ အပြင်ဘက်သို့ ထုတ်သော အခါ သမားရိုးကျ တံခါးပေါက်က မထုတ်ဘဲ ပြတင်းပေါက်က ဖြစ်စေ၊ နံရံကို ဖောက်ထားသော အခြား အပေါက် တစ်ခုခုက ဖြစ်စေ ထုတ်တတ်ခြင်း ဖြစ်သည်။ ထိုအပေါက်ကို အလောင်း ထုတ်ပြီးသည်နှင့် တစ်ပြိုင်နက် ချက်ချင်းပင် ပြန်ပိတ်လိုက်ကြပါသည်။

ကွန်ဂို နိုင်ငံရှိ နီဂရိုးများသည် သင်္ချိုင်းမြေပုံပေါ်တွင် ဆူးခက်များကို ကြဲဖြန့် ချထားတတ်ကြသည်။ ရွာအပြန် လမ်းတစ်လျှောက်မှာလည်း ဆူးများကို ကြဲချထားပါသည်။ သေသူ ပြန်လာလျှင် ဆူးစူးစေရန် ဖြစ်၏။ ဤနည်းဖြင့် သေသူ ပြန်လာခြင်းကို ကာကွယ်တတ်ကြလေသည်။

တစ်ခါတစ်ရံတွင် မှော် အတတ်ဖြင့် ပြုလုပ်သော အတားအဆီးများကို သေသူများကို တားဆီးရန် အတွက် တည်ဆောက်တတ်ကြပါသည်။ ၎င်းမှာ သင်္ချိုင်းကို ပတ်၍ ခြံစည်းရိုး ကာခြင်း၊ သစ်ခက် ချုံပုတ်များကို ပြုလုပ်၍ တောထဲတွင် လမ်းပျောက်အောင် ပြုလုပ်ခြင်း စသည်တို့ ဖြစ်သည်။ တချို့ နေရာတွင် လမ်းကို ဖြတ်ပြီး ချောက် တွင်းနက်ကြီးများ တူးထားတတ်ကြသည်။ ၎င်း တွင်းနက်များသည် ကျော်ဖြတ်၍ မရသော မြစ်ကြီးများကို ကိုယ်စားပြုသည်။

အဆိုပါ ဓလေ့ ထုံးစံများ အရ သေသူများ အပေါ်ထားသော ရှင်သူများ၏ သဘောထားမှာ ရန်သူလို သဘောထားကြောင်း ပေါ်လွင်သည်။ ဤ အဓိပ္ပာယ် ဖော်ပြချက်သည် စင်စစ်မှာတော့ တိကျလှသည် မဟုတ်ပေ။ ဤကိစ္စသည် အပယ်ခံများ၊ မကျေမနပ် သေရသူများ၊ သေခြင်းဆိုး သေရသူများ၊ ငယ်ငယ်ရွယ်ရွယ်နှင့် အစိမ်းသေ သေရသူများ၊ တချို့ ရောဂါ ဝေဒနာဆိုးများ ခံစားရပြီး သေဆုံးရသူများ၊ မတော်တဆ ထိခိုက်မှုကြောင့် အစိမ်းသေ သေရသူများ၊ ရန်ဖြစ်ပြီး အသတ် ခံရသူများ သို့မဟုတ် ကလေး မွေးဖွားစဉ် မီးတွင်းမှာပင် သေဆုံးရသူများ ကိစ္စတွင်သာ မှန်သည်ဟု ယူသင့်ပါသည်။ ထိုကဲ့သို့ အသေဆိုး သေရသူများတွင် ရှင်သူများ အပေါ်၌ မကျေမနပ်ဘဲ ရန်ငြိုး ဖွဲ့ခြင်းမျိုး ရှိတတ်သည်။

သို့သော် သေသူ အားလုံးသည် ရန်သတ္တရု အသွင်ကို ဆောင်ကြသည်ကား မဟုတ်ပါ။

တချို့ ကိစ္စများတွင် သေသူများက မစခြင်း၊ စောင့်ရှောက်တတ်ခြင်းလည်း ရှိပါသည်။ အထူးသဖြင့် မိဘ ဘိုးဘွားများသည် ကျန်ရစ်သူ သားသမီး ဆွေမျိုးများကို စောင့်ရှောက် မစတတ်ကြပါသည်။

တရုတ် လူမျိုးများသည် မိဘ ဘိုးဘွားများကို သေသွားသော အခါ ကိုးကွယ်တတ်ကြပါသည်။ ၎င်းမှာ ရိုးရာ ကိုးကွယ်မှု ဖြစ်သည်။ ထို မိဘ ဘိုးဘွား ရိုးရာ ဝိညာဉ် လောကသားများက ၎င်းတို့၏ သားသမီး မြေးမြစ်များကို အစဉ်သဖြင့် စိုးရိမ်စိတ်ဖြင့် စောင့်ရှောက် မစတတ်သည် ဟု အယူ ရှိကြပါသည်။

ထို့ကြောင့် အသက် ရှင်နေသူများသည် မိဘ ရိုးရာ ကိုးကွယ်မှုကို လေးလေးစားစား ပြုလုပ်ကြလေ့ ရှိပါသည်။

ရန်သူလို ပြုကျင့်တတ်သော သေသူများအား စိတ်ပြေအောင် ပူဇော် ပသခြင်းနှင့် စောင့်ရှောက် မစသူ မိဘ ရိုးရာများအား ပူဇော် ပသခြင်း ဆိုသော ရည်ရွယ်ချက် နှစ်ခုစလုံးသည် တစ်ကမ္ဘာလုံးတွင် သင်္ချိုင်းပွဲ ပြုလုပ်သော ဓလေ့ ထုံးစံကို ဖြစ်ပေါ်စေခဲ့လေသည်။ သေသူများသည် အသက် ရှင်စဉ် အခါဝယ် စားစရာ သောက်စရာများကို အလို ရှိပါသည်။ သေသူကို စိတ်ကျေအေးအောင် ပူဇော် ပသသော အမှုကိစ္စ ဆောင်ရွက်ခြင်းမှာ မြေ မမြှုပ်မီကပင် စတင် ပြုလုပ်သော အလုပ် ဖြစ်သည်။

ထို့နောက် မြေမြှုပ် သင်္ဂြိုဟ်သော အချိန်တွင်လည်း ထိုကဲ့သို့ အစားအသောက် အဝတ်အထည်များဖြင့် ထည့်သွင်း ပူဇော်ခြင်း ရှိသည်။ လက်နက်များ၊ အဝတ်အစားများ၊ အိမ်ထောင် ပရိဘောဂများနှင့် တန်ဖိုးရှိသော ပစ္စည်းများစွာကိုလည်း ထည့်သွင်း မြှုပ်နှံတတ်ကြသည်။

အီဂျစ်ပြည်မှာ ဆိုလျှင် ဆေးရေး ရုပ်ပုံငယ် အိမ်ငယ်၊ မီးဖိုငယ်၊ သစ်သားပေါင်ဖုံး အလုံးများ၊ ကုလားထိုင်များ၊ ကျေးကျွန် ရုပ်များ စသည်တို့ကိုပါ မြေမြှုပ်သော အခါ တစ်ပါတည်း ထည့်သွင်း မြှုပ်နှံတတ်ကြလေသည်။

လွန်လေပြီးသော အတိတ်ကာလက ဆိုလျှင် မကြာခဏ ဆိုသလိုပင် သေသူ၏ ဇနီးမယားနှင့် အစေခံ ကျေးကျွန်များကိုပါ တစ်ပါတည်း ထည့်မြှုပ်သည်။

သေသူနှင့် အတူတကွ မီးရှို့ သင်္ဂြိုဟ်ခဲ့ကြခြင်းလည်း ရှိသည်။

အာဖရိက တိုက်ရှိ ဘုရင်များ သေလျှင် သူနှင့် အတူ လူပေါင်းများစွာ ယောကျ်ား မိန်းမများ ရာနှင့်ချီ၍ တစ်ပါတည်း မြေမြှုပ် သင်္ဂြိုဟ်ခြင်း ခံကြရသည်။

ဤကိစ္စများတွင် သေသူများသည်လည်း ရှင်သူများ လိုပင် ဖြစ်သည် ဆိုသော သဘောထား ရှိကြောင်း ပေါ်လွင်သည်။

သဘောဆိုးများ၊ ရက်စက် ကြမ်းကြုတ်မှုများသည် သေသော အခါ ပို၍ ပေါ်သည်။ ၎င်းတို့သည် မိစ္ဆာ နတ်ဆိုးများ ဖြစ်လာကြသည်။

အထူးသဖြင့် လူမျိုးစု သူရဲကောင်းများသည် သေလျှင် နတ် ဖြစ်လာသည့် အစဉ်အလာမျိုး ရှိခဲ့ကြလေသည်။

ထို ဖြစ်ရပ်များကို ဒဏ္ဍာရီများတွင် များစွာ ဖော်ပြကြသည်။

## (၉) ဒဏ္ဍာရီများ [၁]

လူမျိုးတိုင်း ဒဏ္ဍာရီများကို ဖန်တီးတတ်ကြသည်မှာ ဓမ္မတာပင် ဖြစ်သည်။ အခါအားလျော်စွာ ဩစတြေးလျ တိုင်းရင်းသား လူရိုင်းများမှာ သဘာဝလွန် ဖြစ်ရပ်များ ပေါ်ပေါက်လာခြင်းနှင့် ထုံးတမ်း ဓလေ့များ၊ ပွဲလမ်း သဘင်များနှင့် ပူဇော်မှုများ၏ အရေးပါမှုကို ရှင်းလင်းရန် အလို့ငှာ ဒဏ္ဍာရီများကို ဖန်တီး တတ်ကြလေသည်။

ထိုဒဏ္ဍာရီများ၏ အစသည် အိပ်မက်များထဲမှာလည်း ဖြစ်တတ်သည်။

ထိုအိပ်မက်ထဲက ဖြစ်ရပ်ကို ထပ်တလဲလဲ အကြိမ်ကြိမ် ပြောဖန် များသောအခါ ၎င်းတို့သည် အဓိပ္ပာယ် ရှိလာကြသည်။

ထိုဒဏ္ဍာရီများသည် စိတ်ကူး အကြံအစည် ကောင်းသူများ စိတ်ထဲတွင် ကောင်းကင်ကြီးသည် ဘယ်လို လုပ်ပြီး အပေါ်မှာ မိုးနေပါလိမ့်၊ ကမ္ဘာ လောကကြီးကို ဘယ်သူ ဖန်ဆင်းပါလိမ့်၊ ပထမဆုံး ကမ္ဘာဦး လူသားများသည် ဘယ်နေရာမှာများ စတင် ပေါ်ပေါက်ခဲ့ပါလိမ့် စသော မေးခွန်းများကို မေးရာမှ လည်းကောင်း၊ ဝက်ဝံမှာ ဘာကြောင့် အမြီး မရှိပါလိမ့်၊ မြွေမှာ ဘာကြောင့် ခြေ မရှိပါလိမ့် စသော မေးခွန်းများကို မေးရာမှ ဒဏ္ဍာရီများကို ဖန်တီး လာကြသည် ဟုလည်း အယူ ရှိကြလေသည်။

အမှန်မှာ လူတို့ နားမလည်နိုင်သော ဖြစ်ရပ်များကို ဖြေရှင်းရန် အတွက် ဒဏ္ဍာရီများ ပေါ်ပေါက် လာရသည် ဟု ဆိုသင့်သည်။

ဤ ရှေးခေတ်က ဒဏ္ဍာရီများကို ဖန်တီးခဲ့ကြသူများသည် ယုံလွယ်သူများ ဖြစ်သည်၊ အပေါ်ယံ ကျသည်၊ အရေး မပါလှဟု ထင်ရသော်လည်း သူတို့သည် သူ့ခေတ်သူ့အခါ အလျောက် ပေါ်ပေါက်ခဲ့သော အသိဉာဏ် အဆင့်အတန်း ဗဟုသုတ အကြားအမြင်ဖြင့် အရာဝတ္ထုတို့၏ မူလအစကို ရှာသော သိပ္ပံပညာမျိုးကို ကြိုးပမ်း ထူထောင်နေကြသူများ ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

ဤစာကို ရေးသူနှင့် ညီငယ် တစ်ဦးသည် ငယ်စဉ်အခါက တစ်ခုသော နံနက်ခင်းတွင် အိပ်ရာထစဉ် လျှောင်လှုပ်သောကြောင့် အိပ်ရာပေါ်မှာ တဘုံးဘုံး လဲကျသော အဖြစ်နှင့် ကြုံတွေ့ခဲ့ရဖူးလေသည်။

---

၁။ mythology

'ဘာဖြစ်တာလဲ' ဟု စာရေးသူတို့က အော်သည်။

မိခင်က အခန်းထဲတွင် စာရေးသူတို့ ဘေးမသီ ရန်မခဘဲ ရှိရဲ့လားဟု သိရန် ပြေးဝင်လာသည်။

မိခင်က စာရေးသူ၏ အမေးကို ဖြေသည်။

'အဲဒါ မြေလျှောင် လှုပ်တာ သားရဲ့'

မိခင်က အခန်းထဲမှ အပြေးအလွှား ပြန်ထွက်သွားမည် ပြုစဉ် စာရေးသူက အော်မေးလိုက်သည်။

'ဘယ်မှာလဲ အဲဒီ လျှောင်က'

'အိမ်အောက်ထဲမှာ' ဟု မိခင်က ခပ်သုတ်သုတ် ဖြေပြီး ထွက်သွားလေသည်။

ဤဖြစ်ရိုးဖြစ်စဉ် မဟုတ်သော အဖြစ်အပျက် ဖြစ်ပြီးသည့် နောက်တွင် စာရေးသူတို့ ညီအစ်ကို နှစ်ယောက်သည် လျှောင်၏ သဘောကို စောကြော နေမိလေသည်။

လျှောင် ဆိုတာ အိမ်အောက်က ဝက်ကြီး တစ်ကောင် လိုပဲဟု မှတ်ချက် ချကြသည်။ ထိုဝက်ကြီးသည် ရွှံ့ထဲ ဖုန်ထဲ လူးပြီးနောက် သူ့ကျောကို အိမ်နှင့် ပွတ်သောကြောင့် အိမ်ကြီး လှုပ်နေသည်ဟု ယူဆခဲ့ကြလေသည်။

ပို၍ နိုင်နိုင်မာမာ ပြောရလျှင် ဒဏ္ဍာရီများသည် မိသားစု အတွင်း၊ လူမှု အဖွဲ့အစည်း အတွင်း၌ ဖြစ်ပေါ်နေသော မတရားမှုများ၊ အဆင် မပြေမှုများကို မသိစိတ်ဖြင့် ဝေဖန် သုံးသပ်သော စိတ်ကူး ပုံစံ တစ်မျိုးဟု ဆိုနိုင်သည်။ အိပ်မက်ကဲ့သို့ပင် ဤကိစ္စ၌ ဒဏ္ဍာရီများတွင် အဓိပ္ပာယ် ရှိသော သင်္ကေတ သဘောများ အပြည့်အစုံ ပါဝင်နေသည်။ ဤ ယုံတမ်း စကားများ၊ ဒဏ္ဍာရီများကို ပြောကြ၊ ပြန်ပြောကြ လုပ်ဖန်များသော အခါ ၎င်းသည် လူတွင် လျှို့ဝှက်စွာ ဖြစ်ပေါ်နေသော တင်းမာမှုများကို လျော့ပါးစေသည်။ ထိုတင်းမာမှုများ အတွက် ဖုံးကွယ်ထားသော်လည်း ထိရောက်သော အဖြေကိုမူ ပေးနိုင်ပါသည်။

ဤကား ယုံတမ်းစကား ဒဏ္ဍာရီများ၏ အရေး ပါသော အချက်ပင် ဖြစ်၏။

သမိုင်းဖြစ်ရပ် တစ်ဝက် ပါသော ဒဏ္ဍာရီများလည်း ရှိ၏။

ဤ ဒဏ္ဍာရီမျိုးသည် မူလ ဖြစ်ရပ်ကို အထပ်ထပ် ပြုပြင်ပြီး အဆန်းတကြယ် ဖြစ်အောင် ပြောဆိုခြင်းမျိုး ဖြစ်၏။ ထို ဒဏ္ဍာရီမျိုးထဲတွင် သူရဲကောင်း ဇာတ်လိုက် တစ်ဦး ပါဝင်သည်။ အံ့ဖွယ် ဆန်းကြယ်သော ဇာတ်လမ်းများဖြင့် တန်ဆာ ဆင်သည်။ ဇာတ်ကွက်တိုင်းသည် သူရဲကောင်း၏ ဂုဏ်ကို ဖော်ထုတ်သော ရင်သိမ့်တုန် ဖြစ်ရပ်များချည်း ဖြစ်ကြသည်။

ထို သူရဲကောင်းသည် ဘုရားသခင်၏ မစမှု၊ နတ်ကောင်း နတ်မြတ်တို့၏ မစမှု၊ ချီးမြှောက်မှုများဖြင့် သူရဲကောင်း၏ ဂုဏ်ကို ထွန်းပစေလေ့ ရှိကြသည်။

## (၁၀) လူမျိုးစု အထိမ်းအမှတ် အရုပ် ကိုးကွယ်မှု [၁]

ရှေးကျသော လူမျိုးစုများ၏ ဘာသာ ယုံကြည် ကိုးကွယ်မှုဆိုင်ရာ ယေဘုယျ လက္ခဏာများကို လေ့လာခဲ့ကြရာတွင် ထို လူရိုင်း မျိုးနွယ်စုများ၏ ဓလေ့ထုံးစံများ အနက် မှော်လည်း မဆန်၊ ဘာသာရေးလည်း မဆန်ဟု ဆိုရစေကာမူ မှော်နှင့်လည်း မကင်း၊ ဘာသာရေး သဘောလည်း မကင်းသော အလေ့အထ တစ်ခုကိုပါ အကျဉ်းမျှ ထည့်သွင်း ဖော်ပြမှသာ ပြည့်စုံခြင်းသို့ ရောက်နိုင်ပါလိမ့်မည်။

ဖော်ပြခဲ့ပြီးသည့် အတိုင်း ရှေးကျသော လူရိုင်းများသည် တိရစ္ဆာန်များကို အလွန် ရင်းရင်းနှီးနှီး ဆက်ဆံသော စိတ် ရှိကြသည်။

အဘယ်ကြောင့်ဆိုသော် ရှေးခေတ် လူသားများ အဖို့ တိရစ္ဆာန်များသည် နီးနီးစပ်စပ် ဆက်နွယ်မှု ရှိသောကြောင့် ဖြစ်၏။ ထိုတိရစ္ဆာန်များကိုပင် ထိုလူရိုင်းများသည် အစားအစာ ရှာဖွေရာမှာ လည်းကောင်း၊ ထွက်ပြေးရာမှာ လည်းကောင်း၊ ခုခံ တိုက်ခိုက်ရာမှာ လည်းကောင်း အသုံးချကြရသည်။ တိရစ္ဆာန်များက ထိုလူများ လုပ်ချင်သလို လိုက်လုပ်ပေးကြသောကြောင့် ဖြစ်၏။

ထိုကဲ့သို့ တိရစ္ဆာန်များ အပေါ် ထားသော ရင်းနှီးစိတ်က လူမျိုးစု အထိမ်းအမှတ် အရုပ်များကို ကိုးကွယ်မှုကို ဖြစ်ပေါ်စေခဲ့ပေသည်။

ဤအမျိုးသား အထိမ်းအမှတ် အရုပ်ကို 'တိုတမ်' ဟု ခေါ်သည်။ ထိုစကားသည် အမေရိကန် တိုင်းရင်းသား၊ အင်ဒီးယန်း လူနီ လူမျိုးစုများ အနက် *အိုဂျီဘွေ* [၂] လူမျိုးစု၏ စကား ဖြစ်သည်။ အဓိပ္ပာယ်မှာ အုပ်စုဟု ရသည်။

ထိုရှေးကျသော လူမျိုးစုတိုင်းလိုလိုမှာပင် ၎င်းတို့၏ အမျိုးသား အထိမ်းအမှတ်ကို ဖော်ဆောင်သော တိရစ္ဆာန် တစ်မျိုး၏ ရုပ်ပုံ ရှိသည်။ လူမှုရေး အုပ်စုဖွဲ့မှု ကိစ္စတွင် ဤ အထိမ်းအမှတ် တိရစ္ဆာန်ရုပ်ကို အသုံးချကြသည်။ တချို့က ကိုးကွယ် ရှိခိုး ကြသည်။ လူမျိုးစု တစ်စုက လင်းယုန်ကို ဖြစ်စေ၊ ခြင်္သေ့ကို ဖြစ်စေ အမျိုးသား အထိမ်းအမှတ် တိရစ္ဆာန် အဖြစ် သတ်မှတ်ထားလျှင် ထို သတ္တဝါကို ထို

---

၁။ totemism ၂။ Ojibway

လူမျိုးသည် သတ်ဖြတ်လေ့ မရှိကြတော့ပေ။ ဘာသာရေး ပွဲလမ်းသဘင် ကျင်းပသော အခါ ထိုသတ္တဝါ၏ အသားကို *စက္ကရမန္တ* [၁] မင်္ဂလာ အတွက် အသုံး ပြုသော အခါမှသာ ၎င်းကို သတ်ဖြတ် ပူဇော်ကြလေသည်။

ဤကဲ့သို့ လူမျိုး အထိမ်းအမှတ် သားကောင်၏ အသွေးအသားကို အနည်းငယ်စီ စတီအားဖြင့် စားသောက်ရသော ဘာသာရေး ပွဲသည် အလွန် အရေးပါသော ပွဲဖြစ်သည်။ နောင်အခါ ခရစ်ယာန် ဝတ်ကျောင်းများ၌ ပင့်ကူဥ အရွယ် ပေါင်မုန့်ငယ်နှင့် ဝိုင် အရက် နီနီ ရဲရဲကို ခရစ်တော်၏ အသွေး အသား အဖြစ် စက္ကရမန္တ မင်္ဂလာ ယူသော အခါ စားသုံးရသည်။ ၎င်းကို ကွန်မျူနီယန်ဟု ခေါ်သည်။

## ၃။ ဥဒါဟရဏ်ဆောင် ဖြစ်ရပ် အချို့ကို လေ့လာခြင်း

ရှေးကျသော လူမျိုးများ၏ ဘာသာရေး ယုံကြည်မှုဆိုင်ရာ ထိတွေ့ ခံစားချက် သဘောကို ကျွန်ုပ်တို့ ရှေ့က ပြုလုပ်ခဲ့သော သဘော လက္ခဏာများကို ခွဲခြမ်း စိတ်ဖြာ လေ့လာကြည့်ရုံဖြင့် အမိအရ သိမြင် နားလည်နိုင်မည် မဟုတ်ချေ။ ထို့ကြောင့် ပို၍ ပြည့်ပြည့်စုံစုံ နားလည် သဘောပေါက်နိုင်စေခြင်း အလို့ငှာ ကျွန်ုပ်တို့သည် မိမိတို့ ကိုယ်ကို စိတ်ကူးဖြင့် တစ်စုံတစ်ခုသော နေရာ၊ တစ်စုံတစ်ခုသော အခြေအနေသို့ သွတ်သွင်း ကြည့်ရပေမည်။

သို့မှသာ ရှေးကျသော လူမျိုးများ၏ ဘာသာရေး ယုံကြည် ကိုးကွယ်မှု သဘောကို ၎င်းတို့၏ ပတ်ဝန်းကျင် အခြေအနေနှင့် လိုက်ဖက်သောအားဖြင့် နားလည် သဘောပေါက်နိုင်ပေလိမ့်မည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဦးစွာ အိန္ဒိယပြည်သို့ သွားကြစို့။

လူသိနည်းသော တောတွင်း လူမျိုးစုများ အကြောင်းကို လေ့လာရန် အတွက် ဖြစ်ပါသည်။ ပြီးမှ အာဖရိကသို့ သွား၍ အထိုက်အလျောက် အသိဉာဏ် တိုးတက်နေပြီ ဖြစ်သော လူမျိုးစုများ အကြောင်းကို လေ့လာ စူးစမ်းကြမည် ဖြစ်ပါသည်။

### (၁) အိန္ဒိယပြည် ချိုတာ နာ့ဂ်ပူရ်မှ ဘီရ်ဟော လူမျိုးစု [၂]

တောတွင်းသား လူရိုင်းများ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ လေ့လာရေး ကိစ္စတွင် စိတ်ဝင်စားဖွယ် ကောင်းသော လူမျိုးစု ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဤ လူမျိုးစု၏ ရိုးရာ ကိုးကွယ်မှု ဓလေ့ထုံးစံများမှာ ရှေးကျသည် မှန်သော်လည်း ၎င်းတို့၏ ထူးခြားချက်မှာ ၎င်းတို့ လူမျိုးစုထဲက လူများ အနေနှင့် ၎င်းတို့ ဒေသနှင့် နီးစပ်ရာ ဟိန္ဒူ ဘာသာဝင်များထံမှ ဟိန္ဒူ ဘာသာရေး အယူဝါဒများကို လက်ခံ ယုံကြည်လိုက ယုံကြည်နိုင်ခွင့်ကို ပေးထားလေသည်။

ယနေ့ ယခု အခါတွင် ကမ္ဘာပေါ်မှာ ခေတ်နောက် အကျဆုံး လူမျိုးစု တစ်စုပင် ဖြစ်နေသေးစေကာမူ၊ ဤ လူမျိုးစုသည် ယဉ်ကျေးမှု အရ ဘယ်လောက်ပင် ခေတ်နောက်ကျသော လူမျိုးစု ဖြစ်စေကာမူ ယဉ်ကျေးမှု အပြောင်းအလဲ ဖြစ်ပေါ်ခြင်းသည် ထို လူမျိုးစု အပေါ်သို့လည်း ဩဇာ လွှမ်းမိုးလျက် ရှိသည် ဆိုသော အချက်ကို နမူနာ ပြလျက် ရှိသော ဥဒါဟရဏ် ပြယုဂ် တစ်ခု ဖြစ်နေပါသည်။

ဤ ဘီရ်ဟော လူမျိုးစုသည် ဒရာဗီးဒီယန်း မျိုးနွယ်စုကြီးမှ ဆင်းသက်လာသော မူလ ပင်ရင်း တိုင်းရင်းသား လူမျိုးစု ဖြစ်သည်။ ၎င်းတို့သည် ချိုတာ နာ့ဂ်ပူရ် ခေါ် အိန္ဒိယ နိုင်ငံ အရှေ့ အလယ်ပိုင်း ကုန်းမြင့်ပေါ်တွင် နေထိုင်ကြသူများ ဖြစ်ကြလေသည်။ ထိုလူမျိုးစုတွင် အုပ်စု နှစ်စု ကွဲလျက် ရှိသည်။ *ဥထလု* [၃] (လှည့်လည်နေသူများ) နှင့် *ဂျဂ္ဂစ်* [၄] (အခြေချ နေထိုင်သူများ) ဟူ၍ နှစ်ဖွဲ့ ဖြစ်သည်။

အခြေချ နေထိုင်သူ အုပ်စုမှာ လူနည်းစု ဖြစ်သည်။ ၎င်းတို့သည် ဟိန္ဒူ ကျေးရွာများနှင့် မနီးမဝေး ဒေသများတွင် အခြေချ နေထိုင်တတ်ကြသည်။

မြေယာများကို ယူပြီး ထွန်ယက် စိုက်ပျိုးမှုကို ပြုလုပ်ကြသည်။

---

၁။ sacrament

၂။ The Birhors of Chota Nagpur, India

၃။ Uthlu

၄။ Jaghis

လှည့်လည် နေထိုင်သူ ဥထလုများမှာ အထူးသဖြင့် ရွှေ့ပြောင်းရ လွယ်သော နေရာများတွင် နေတတ်ကြပြီး မိုးရာသီမှအပ ကျန်ရာသီများတွင် တောတွင်း၌ လှည့်လည် သွားလာ နေထိုင်တတ်ကြသည်။ တောင်စောင်းများတွင် စခန်းချ နေထိုင်ကြသော အခါ ၄င်းတို့သည် သစ်ရွက်တဲ များ ထိုး၍ နေတတ်ကြသည်။

ကျွန်ုပ်တို့သည် ထိုလူစု အကြောင်းကို ဤတွင် အဓိက ထား၍ လေ့လာမည် ဖြစ်၏။ ၄င်းတို့ကို တစ်ခါ တစ်ရံ 'မျောက် လူမျိုးစု' ဟုလည်း ခေါ်ကြသည်။ အဘယ် ကြောင့် ဆိုသော် သူတို့ စားသော အစားအစာများမှာ မျောက်စာနှင့် တူသောကြောင့် ဖြစ်၏။

၄င်းတို့သည် ကျေးလက်ခေတ်က လူသားများ နေထိုင် ကြသလို အလွန် ညစ်နွမ်း ပေရေစွာ နေထိုင်တတ်ကြ သည်။ သစ်ရွက် သစ်ခက်များဖြင့် ဆောက်လုပ်ထားသော သူတို့၏ တဲများမှာလည်း ဂျူခင်းထဲက ကောက်လှိုင်းစည်း များနှင့် တူသည်။ တဲများကို အဝိုင်းလိုက် တည်ဆောက် ကြသည်။ အလယ် ဗဟိုဘက်သို့ ဝင်ပေါက် ထား၍ ဆောက် ကြသည်။ အလယ်ရှိ မြေကွက်လပ်ကိုမူ သန့်ရှင်းအောင် တံမြက်စည်း လှည်းကျင်းထားကြသည်။

ဤခြေသလုံးအိမ်တိုင် လှည့်လည် သွားလာ နေထိုင် ကြသူများသည် ဆိတ်များ ဝက်များကို လည်းကောင်း၊ ကျွဲ နွားများကို လည်းကောင်း မွေးမြူ ထိန်းသိမ်းခြင်း မရှိကြ ပေ။ သို့သော် သူတို့မှာ ကျွဲ နွား ဆိတ် ဝက်များ၏ အသား ကို စားလိုသော အခါ သို့မဟုတ် ယဇ် ပူဇော်လိုသော အခါ ၄င်းတို့ကို ရရှိအောင် လုပ်ရသော နည်းလမ်းကိုမူ သိထား ကြသည်။

ထိုသားကောင်များကို အလိုရှိသော အခါ တောတွင်း မှာ ရှက်ပုန်း ပုန်းမနေဘဲ တောစပ် ပြင်ဘက်သို့ ထွက်ပြီး အခြား လူများထံမှ ပစ္စည်းချင်း ဖလှယ်သော စနစ်ဖြင့် ဆိတ် ဝက် ကျွဲ နွားများကို ရယူတတ်ကြလေသည်။ သူတို့ ကမူ ကြွက်များ၊ ကြက်ဘဲများကိုသာ စားသောက်လေ့ ရှိ ကြသည်။

၄င်းတို့၏ လူမှု အဖွဲ့အစည်း ပုံစံမှာ အုပ်စု နှစ်စုဖြင့် ဖွဲ့စည်းထားသော ပုံစံ ဖြစ်သည်။ အုပ်စု တစ်စုမှာ အစား အစာ ရှာဖွေရေး အုပ်စု ဖြစ်သည်။ အခြား အုပ်စု တစ်စုမှာ အိမ်ထောင်ရေး ဆွေမျိုး ဖြစ်ရေး ကိစ္စများကို စီမံ ခန့်ခွဲ သော အုပ်စု ဖြစ်သည်။ ပထမ အုပ်စုတွင် *တန္ဒ* [၁] ခေါ် မိသားစု အဖွဲ့ကလေးများ ပါဝင်သည်။ မိသားစု လေးစုမှ ၁၀ စုလျှင် တစ်ဖွဲ့ ဖွဲ့ထားသည်။ မိသားစု ခေါင်းဆောင် ဆယ်အိမ်ခေါင်း တစ်ယောက်စီက အုပ်ချုပ်သည်။ သူသည် နတ်ဆရာလည်း ဖြစ်သည်။ ဒုတိယ အုပ်စုမှာလည်း မျိုး တူချင်း အိမ်ထောင် မပြုရသော မျိုးနွယ်စုများဖြင့် ဖွဲ့စည်း ထားသည်။ ၄င်းမျိုးနွယ်စု တစ်စုလျှင် လူမျိုးစု အထိမ်း အမှတ် အရုပ် တစ်ခုစီ ရှိကြသည်။ တိရစ္ဆာန်ရုပ်၊ သစ်ပင် ရုပ်၊ သစ်သီးဝလံရုပ်၊ ပန်းပွင့်ရုပ် စသည်တို့ ဖြစ်သည်။

ဘီရ်ဟော အမျိုးသားများ၏ အဓိက အလုပ်မှာ အမဲ ပစ်ခြင်း မုဆိုး အလုပ်ပင် ဖြစ်သည်။ လေးနှင့် မြားကို မသုံး ရကား ထိုလူမျိုးတို့၏ အချိန်များစွာသည် အမဲလိုက် ပိုက် ကွန် ရက်လုပ်ရန် ကြိုးကျစ်ရသော အလုပ်ဖြင့် ကုန်ကြရ သည်။ အစားအစာ အတွက် အဓိကကျသော အလုပ်မှာ မျောက်များကို ကျော့ကွင်း ထောင်၍ ဖမ်းခြင်း ဖြစ်သည်။ ဤနည်းကို ရှေးကျသော လူမျိုးများ အသုံးများပါသည်။ ဤသို့ ပြုလုပ်ရာ၌ အမဲလိုက်သော အစီအစဉ် ထုံးစံ ဓလေ့ များ ရှိသည်။ ၄င်းကို အစီအစဉ် ကျနအောင် နတ်များကို တိုင်တည်ပြီး ပြုလုပ်ကြရသည်။

ပြုလုပ်ပုံ တစ်ခုကို နမူနာ ပြမည်။

ချိန်းထားသော နေ့ရက် နံနက်တွင် *နယ* [၂] ခေါ်သော ရွာသူကြီးသည် ရွာ အနီးရှိ ရေထွက် စမ်းချောင်းကလေး သို့ သွားပြီးလျှင် သူကိုယ်သူ ရေသန့်စင်သည်။ ထို့နောက် ရေကရား တစ်ခုကို ရေဖြည့်သည်။ ထိုရေတကောင်းကို ရေ အပြည့်ဖြင့် အိမ်သို့ ယူဆောင်လာခဲ့သည်။ အိမ်သို့ ရောက် သော အခါ ခြင်္သေ့ သားရေဖြင့် ပြုလုပ်ထားသော သူ့ ကိုယ် က အဝတ်အစားများကို လဲလှယ်သည်။

နယသည် တန္ဒ မိသားစု အဖွဲ့များထဲက လူကြီး နှစ် ယောက် သုံးယောက်နှင့် အတူ စပါး လက်တစ်ဆုပ် လောက်ကို ယူပြီးလျှင် ရေတကောင်းကိုပါ ဆောင်ယူ လျက် ဂျယာ ခေါ် နတ် ပူဇော်ရာ တောင်ကုန်းသို့ သွား သည်။

*ဒီဂွဝါ* [၃] ဟူ၍ လည်းကောင်း၊ *ကွတ်ဝါ* [၄] ဟူ၍ လည်း ကောင်း ခေါ်သော အမဲ လိုက်ရန် ပသပွဲကို အစစ ပြင် ဆင်ရန် ခန့်ထားသော ပုဂ္ဂိုလ်သည် *ဂျယာ* [၅] ခေါ် ပူဇော်ပွဲ ကျင်းပရာ အရပ်သို့ တန္ဒ မိသားစုများထဲက အမဲလိုက် ထွက်မည့်သူများ၏ အမဲလိုက် ပိုက်ကွန်များကို အစုလိုက် အပုံလိုက် သယ်ယူလာသည်။

---

၁။ tanda

၂။ naya ၃။ diguar ၄။ kotwar ၅။ jayar

ထိုပိုက်ကွန် အပုံကြီး ရှေ့တွင် နယ ခေါ် ရွာသူကြီး သည် ခြေတစ်ချောင်းထောက် ရပ်နေသည်။ ဘယ်ခြေကို ထောက်လျက် ညာခြေ၏ ဖဝါးကို ဘယ်ခြေ၏ ဒူးဆစ် နေရာမှာ ကွေးထောက်လျက် ရပ်နေသည်။ သူ့ မျက်နှာကို လည်း အရှေ့ဘက်သို့ မူထားရသည်။ လက် နှစ်ဖက်ကို လည်း ဘေးသို့ ကား၍ ဆန့်တန်းထားရသည်။

ထို့နောက် ရေကို မြေပေါ်သို့ သုံးကြိမ်တိတိ အနည်း ငယ်စီ သွန်းလောင်းပြီးလျှင် နတ်များကို ပင့်ရသည်။ အမဲ လိုက်ရာတွင် အောင်မြင်မှု ရရှိစေရန် အတွက် ဖြစ်၏။

ပါးစပ်ကလည်း နတ်များကို တိုင်တည်ရ၏။

'အရှင် နတ်ကောင်း နတ်အပေါင်းတို့၊ သင် နတ်မင်း တို့အား အကျွန်ုပ်က ပသလိုက်ပါ၏၊ သားကောင်တို့၏ သွေး များသည် ဤရေကဲ့သို့ စီးဆင်းကြပါစေကုန်သတည်း'

ဤသို့ ဆိုပြီးလျှင် နယသည် ပိုက်ကွန်ပုံကြီး ရှေ့ မှာ ထိုင်ရသည်။

ထို့နောက် မြေပေါ်တွင် ဟသ်ပဒါး အနီရောင် ဆေး ဖြင့် ပိုက်ကွန်ပုံ ရှေ့တွင် သုံးနေရာ မှတ်သားသည်။ ပြီးမှ ထို ဟသ်ပဒါး အနီရောင် သုတ်ထားသော မြေကွက်ပေါ် သို့ စပါးစေ့ အနည်းငယ်စီကို ဖြူးလိုက်သည်။

ထို့နောက် နတ်များကို တိုင်တည်ပြန်သည်။

'ယနေ့ ကျွန်ုပ်သည် သင်နတ်အပေါင်းတို့အား ဤ ဆန်စပါးဖြင့် ပူဇော် ပသပါ၏၊ ကျွန်ုပ်တို့မှာ လျင်မြန်စွာ အောင်မြင်မှု ရရှိပါစေကုန်သတည်း၊ ကျွန်ုပ်တို့ တောထဲသို့ ဝင်၍ ဤပိုက်များကို ထောင်လိုက်ပြီးသည်နှင့် အမဲသား ကောင်တို့သည် ဤပိုက်ကွန်တို့၌ အလျင်အမြန် ကျရောက် ပါစေသတည်း'

ဤသို့ ရွတ်ဆိုပြီးနောက် သူတို့သည် အိမ်သို့ ပြန် ကြလေသည်။

ထိုပိုက်များကို ပသရာ ဂျယာ မြေကွက်ပေါ်မှာပင် ထားပစ်ခဲ့ကြလေသည်။

နံနက်စာ စားသောက်ပြီးသော အခါ အမဲလိုက် ထွက် မည့် သူများသည် မိမိတို့နှင့် သက်ဆိုင်ရာ အမဲလိုက် ပိုက် များကို ပသရာ ဂျယာ မြေကွက်ပေါ်မှ သွား၍ ယူကြရ သည်။

ထို့နောက် ဝါးလုံးများနှင့် လက်ရိုက် တုတ်တံများ ကိုပါ ပိုက်တန်းရန် အတွက် ယူဆောင်ကာ သတ်မှတ် ထားသော တောတွင်းသို့ သွားကြလေသည်။ ထိုတောသို့ ရောက်သော အခါ မုဆိုး အားလုံးသည် မြေပေါ်မှာ ထိုင် ကြပြီးလျှင် စုဝေးကြရသည်။

ဤသို့ ခေတ္တ ထိုင်ခြင်းကို *အဝ* [၁] သို့မဟုတ် ဆုံစည်း ခြင်းဟု ခေါ်ကြသည်။

ထိုအချိန်တွင် ကွတ်ဝါဟု ခေါ်သော အမဲလိုက်ပွဲကို ပြင်ဆင်ရန် ခန့်ထားသူက ပိုက်ကွန် တစ်ခုစီကို သစ် ကနက် အခက်ဖြင့် ရိုက်ပုတ်ပေးသည်။ ထိုသစ်ကနက်ခက် ဖြင့်ပင် နယသည် *ဘာနာသန* [၂] ခေါ်သော အစီအစဉ်ကို ပြု လုပ်ရသည်။

ဤအစီအစဉ်သည် တနွ မိသားစုများထဲက မိန်းမ များ၏ ပြစားသော အကြည့်များ ရှိလျှင် သန ချေရန် အတွက် ပြုလုပ်ခြင်း ဖြစ်သည်။ တစ်စုံတစ်ရာ အမှောင့် ပယောဂ ပါလာလျှင် အန္တရာယ် မရှိ ပပျောက်စေရန် ဘာနာသန အစီအစဉ်ကို ပြုလုပ်ရခြင်း ဖြစ်သည်။

နယ၏ နှုတ်ကလည်း ရွတ်ရသည်။

'ယနေ့ ကျွန်ုပ်သည် ကျွန်ုပ်တို့အား အဝေးသို့ နှင် ထုတ်ရန် ပြစားသော အကြည့်ဖြင့် ကြည့်ကြကုန်သော မိန်းမများ၏ ယုတ်ညံ့သော အကြည့်ကို သန ချေရန် အတွက် ဤ ဘာနာသနကို ပြုလုပ်ပါ၏၊ ကျွန်ုပ်တို့မှာ အောင်မြင်မှု ရလဒ်ကို ရရှိပါစေသောဝ်၊ တောတွင်းသို့ ဝင် ပြီးနောက် ခဏ မကြာမီပင် သားကောင်ကို ရရှိပါစေ သောဝ်၊ သီဟိုဠ် သရက်စေ့၏ ဆီစက်သည် ထိုမိန်းမများ ၏ မျက်လုံးများထဲသို့ ကျရောက်ပါစေသောဝ်'

ထို့နောက် မုဆိုးများကို နှစ်ယောက် တစ်ဖွဲ့စီဖြင့် ရှေ့နောက် ဝဲယာ အရပ် လေးမျက်နှာသို့ မျောက်ဖမ်းရန် အတွက် ထွက်ခွာသွားစေသည်။ ထိုမုဆိုးများသည် အလို ရှိအပ် တောင့်တအပ်သော အတိုင်း သားကောင်များကို တွေ့ ရှိသော သတင်းကို ရရှိပါက တောထဲတွင် အသင့်တော်ဆုံး နေရာကို ရွေးချယ်စေပြီးလျှင် မုဆိုးများသည် ၄င်းတို့၏ ပိုက်များကို အတန်းလိုက် သစ်ပင်များတွင် တန်းစေကြ သည်။

လူနှစ်ယောက် သုံးယောက်ကမူ မိမိတို့ကိုယ်ကို ပုန်း ကွယ်လျက် ဆောင့်ကြောင့်ထိုင် ထိုင်နေကြပြီးလျှင် လက် တွင်လည်း တုတ် သို့မဟုတ် တင်းပုတ်ကို ဆွဲကိုင်ထားကြ ရလေသည်။ ထိုသူများ ထိုင်စောင့်နေသော နေရာမှာ ပိုက် တန်းထားသော သစ်ပင်များ၏ ရှေ့တည့်တည့် ကိုက် နှစ် ဆယ်လောက် အကွာမှာ ဖြစ်၏။

ဤလူများကို *အတ္တဝါဟ* [၃] များဟု ခေါ်ကြသည်။ နောက်ထပ် လူနှစ်ဦးကိုလည်း *အတွန္ဒ* [၄] များ အဖြစ် ရွေး

---

၁။ awas ၂။ banasana ၃။ atawahas ၄။ atonda

ချယ်ရသေးသည်။ ထိုလူများကို ပိုမို၍ ဝေးသော နေရာ၌ စောင့်နိုင်းထားသည်။ အတ္တဝါပဟများ၏ ဝဲဘက် ကိုက် နှစ်ဆယ်လောက်မှာ တစ်ယောက်၊ ယာဘက် ကိုက် နှစ်ဆယ်လောက်မှာ တစ်ယောက် ထားသည်။

အတွန္ဒ တစ်ယောက်စီ၏ ရှေ့ဘက် ကိုက် နှစ်ဆယ်လောက်တွင် စီရပ်၍ စောင့်ရသူများလည်း ရှိသည်။ ၎င်းတို့ကို *ဘာဂျ်ဟာ* [၁] ဟု ခေါ်သည်။ ထိုသူတို့ ရှေ့ကိုက် နှစ်ဆယ်လောက်တွင် တစ်ဖန် ရပ်၍ စောင့်ရသူ တစ်ဦးစီ ရှိသေးသည်။ ၎င်းတို့ကို *ဘာဘ်ဆာ* [၂] ဟု ခေါ်သည်။

ဘေးလူ နှစ်ယောက်က မျောက်များကို အတွန္ဒများ ရှိရာဘက်သို့ မောင်းပို့ရသည်။ အတ္တဝါပဟများကလည်း ထွက်လာကြပြီးလျှင် မျောက်များကို အတူတကွ ပိုက်ကွန်များ တန်းချထားသော နေရာဘက်သို့ မောင်းသွင်းရသည်။ ထို့နောက် ပိုက်မှာ မိသော မျောက်ကို ၎င်းတို့ လက်ထဲရှိ တုတ်များ၊ တင်းပုတ်များဖြင့် ရိုက်သတ်ရလေသည်။ အမဲလိုက်၍ ရသော သားကောင်များကို ထုပ်ပိုးပြီးလျှင် ပိုက်များကို သိမ်း၍ ထိုလူများလည်း တောထဲက ထွက်ခွာ သွားကြလေတော့၏။

၎င်းတို့သည် အနီးအနားရှိ ရေ ရှိရာ အရပ် စမ်းချောင်းများ အနီးရှိ သင့်တော်ရာ နေရာသို့ ရောက်သောအခါ မီးဖိုကြလေသည်။ ထို့နောက် ထိုမီးဖိုထဲတွင် မျောက်များကို မီးဖုတ်ကြလေသည်။ မီးဖုတ်ပြီးသော အခါ ထိုမျောက်များကို ရေဖြင့် ဆေးကြော သုတ်သင်ပြီးနောက် အပိုင်းပိုင်း ခုတ်ထစ်ကြသည်။

ထို့နောက် ဦးနှောက်၊ အသည်း နှလုံး ကလီစာများကို ထုတ်ယူကြပြီးနောက် ရှေ့ဘက် လက်ဆစ်က အသားများပါ ထည့်ကာ ဖက်ဖြင့် ထုပ်၍ ထိုအထုပ်ကို ကျူအပ်ဖြင့် ချုပ်သည်။ ပြီးမှ ထိုအထုပ်ကို အထက် အောက် မီးလောင်နေသော သစ်တုံးများ ကြားမှာ ထား၍ ဖုတ်လျှော်ပြန်သည်။ ဖုတ်လျှော်၍ ပြီးသောအခါ အသားများကို ယူပြီး အဖွဲ့သားများကို ဝေခြမ်းပေးသည်။ သို့သော် ထိုကဲ့သို့ ဝေခြမ်း စားသောက်ခြင်းကို နယ ခေါ် ရွာသူကြီး ရောက်မလာမီ မပြုလုပ်ရ။

ရွာသူကြီး ရောက်လာသော အခါ သူ့ကို အသည်း တစ်တုံးကို အလျှင် ပေးရသည်။ ရွာသူကြီးက ထိုအသည်းကို သူ့ဘာသာ ဖက်ဖြင့် ထုပ်၍ ဖုတ်ရသည်။ ပြီးမှ အထုပ်ကို ကိုင်ကာ မလှမ်းမကမ်း တစ်နေရာ၌ မုဆိုးများကို ကျောပေး၍ ရပ်နေရသည်။ ပြီးမှ အတူတကွ နတ်များကို အနည်းငယ်စီ ပေး၍ တင်မြှောက် ပသကြရသည်။

ထို့နောက် အလားတူ ပသခြင်းမျိုးကို နောင် အနာဂတ်မှာလည်း ပြုလုပ်ပါမည့် အကြောင်း ကတိ ပြုကြရလေသည်။

ဘီရ်ဟော လူမျိုးစု နှစ်စုလုံးတွင် အနာဂတ် ကာလ၌ မုဆိုးများ (ဥယျာဉ်မှူးများ) ရရှိရေးသည် အရေးကြီးသည့်အတွက် အိမ်ထောင် ပြုရေး၊ သားသမီး မွေးဖွားရေးသည် အရေး ပါသော ကိစ္စ တစ်ရပ် ဖြစ်လာသည်။ ထို့ကြောင့် လက်ထပ်ပွဲ မီးဖွားသော ပွဲများကို တခမ်းတနား ကျင်းပကြသည်။ ထိုအခမ်းအနားများတွင်လည်း မှော်ပညာ၊ နတ်များ ပူဇော် ပသခြင်း ကိစ္စများ ပါဝင်နေပါသည်။ ကလေးများကိုလည်း အထူး ဂရုတစိုက် ထိန်းကျောင်းကြသည်။ ဘဝ တစ်ခု ဖြစ်လာဖို့မှာ ခက်ခဲသည်။ လူ့ဘဝကို ရန်လိုသော နတ်များက နှောင့်ယှက် ဖျက်ဆီးတတ်သည်ဟုလည်း အယူ ရှိကြလေသည်။ နေရာတိုင်းမှာ အမှောင့် ပယောဂများ ရှိသည်ဟုလည်း ယုံကြည်ထားကြလေသည်။

ဘီရ်ဟော လူမျိုးစုများက အထက် အောက် ဝဲယာရှိ အရာခပ်သိမ်းတို့တွင် အသက် ဝိညာဉ် ရှိသည်၊ နတ်တန်ခိုး ရှိသည်ဟု ယုံကြည်ထားကြလေသည်။ တန်ခိုး အကြီးဆုံး နတ်များမှာ သူတို့ ရပ်ရွာ အနီးအနားရှိ တောင်ကုန်းများပေါ်၌ နေထိုင်သော နတ်များ ဖြစ်သည်ဟု ယူကြသည်။ ၎င်းနတ်များကို *ဘုရုဘွန်ဂ* [၃] သို့မဟုတ် *ဩရဘွန်ဂ* [၄] ဟု ခေါ်ကြသည်။ ထိုနတ်များနှင့် ကိုးကွယ်ကြသော နတ်များမှာ နေ့စဉ် ပူဇော်ရသော ရိုးရာ နတ်များ ဖြစ်သည်။ ဘိုးဘွား ဘီဘင် ရိုးရာ နတ်များကို *ဟပ္ပရွမ်* [၅] ဟု ခေါ်ကြသည်။

ထို့ပြင် အခြား ဘီရ်ဟောတို့ ကိုးကွယ်သော နတ်များလည်း ရှိသေးသည်။ အခြားသော နတ်များထဲတွင် အချုပ်အခြာ အထွတ်အထိပ် ဖြစ်သော နတ်ဘုရား *ဆင်ဂဘွန်ဂ* [၆] ဖန်ဆင်းရှင် ထာဝရ ဘုရားလည်း ပါဝင်သည်။ ထိုနတ်ကို နေမင်းနှင့် သင်္ကေတ ပြုထားသည်။

ထိုထာဝရ နတ်ဘုရားကား လှုပ်ရှားသော နတ်မဟုတ်၊ လူ့ကိစ္စများ အရေးအခင်းများကိုလည်း စိတ်ဝင်စားခြင်း မရှိပေ။ သို့သော် ထိုနတ်ဘုရားကို အခါ အားလျော်စွာ ယဇ်ဖြင့် ပူဇော် ပသကြရသည်။

---

၁။ bajhur ၂။ babsor

၃။ Buru-Bongas ၄။ Ora-Bongas
၅။ Haprom ၆။ Singabonga

ထို့ပြင် မယ်တော်နတ်များလည်း ရှိသေးသည်။ ၄င်းတို့ကို *ဒေဝီမေ* [၁]၊ *ဘုရှ်မေ* [၂] ဟု ခေါ်ကြသည်။ မယ်တော်နတ် နှစ်ပါး ဖြစ်ကြသည်။ ထိုမယ်တော် နတ်များက လူ့ကိစ္စများနှင့် အထူးသဖြင့် သက်ဆိုင်သည်။ ကျန်းမာရေး၊ ကိုယ်ဝန် ရရှိရေး၊ အစားအစာ ရရှိရေးတွင် မယ်တော်ကြီးများက မစကြသည်ဟု ယူဆကြသည်။

အများအားဖြင့် နတ် အများအပြားကို သာမန် အခါများမှာ ပုဂ္ဂလိက မိသားစုများက အမြဲတမ်း ယဇ် ပူဇော်ရန် မလိုပေ။ ၄င်းတို့ကို ယဇ်ဖြင့် ပူဇော်ရမည့် အခါတွင် သူတို့က ၄င်းတို့၏ အလိုဆန္ဒကို ထုတ်ဖော် ပြသလာကြသည်။ ထပ်တလဲလဲ မကြာခဏ ဥပဒ် အန္တရာယ် ကြမ္မာဆိုးများ ကြုံတွေ့ ကြရသည်။

တချို့ မိသားစုများမှာ ဤကဲ့သို့ မကြာခဏ ကံဆိုးမိုးမှောင် ကျသောအခါ ၄င်းတို့သည် *မာတိ* [၃] ဟု ခေါ်သော ပယောဂ ဆရာကို ခေါ်ပင့် ကြရတော့သည်။ ထိုအခါမှ ယဇ် ပူဇော်ကြရမည့် အကြောင်းကို သိရတော့သည်။

အဖြစ်အပျက် တစ်ခုမှာ ဤသို့ ဖြစ်သည်။

အခါ တစ်ပါး၌ ဘီရ်ဟော အမျိုးသမီး တစ်ဦးသည် လှည်းလမ်းကြောင်းပေါ်တွင် လှည်းဆွဲနေသော နွား တစ်ကောင်၏ လည်ပင်းမှ အမှတ်တမဲ့ ကျကျန်ရစ်ခဲ့သော ချူ ကြေး ခေါင်းလောင်းကလေးကို ကောက်ရ၍ အိမ်သို့ ယူလာခဲ့လေသည်။

မကြာမီ သူမ၏ သမီးကလေး နာမကျန်း ဖြစ်လေတော့၏။ ထိုအခါ ပယောဂ ဆရာကို ပင့်ပြီး မေးရသည်။ ကလေး ရုတ်တရက် နာမကျန်း ဖြစ်ရသည့် အကြောင်းကို စုံစမ်းရန် မာတိကို ပင့်ဖိတ်ခြင်း ဖြစ်သည်။

ထိုအခါ ပယောဂ ဆရာက ရောဂါ ဖြစ်သူ မိန်းကလေး၏ မိခင်သည် သတ္တုဖြင့် ပြုလုပ်သော အရာဝတ္ထုတစ်ခုကို ကောက်ယူ လာခဲ့ကြောင်း၊ ထို အရာဝတ္ထုနှင့် အတူ *ဘန်ဂျရီဘွတ်* [၄] ဟု ခေါ်သော သရဲ ပါလာကြောင်း၊ ထို့ကြောင့် မိန်းကလေး၏ မိခင်သည် ထိုသရဲကို မာနိတဖြင့် ပူဇော်ရမည်၊ ထိုသရဲကို အခါ အားလျော်စွာ ယဇ် ပူဇော်ရမည် ဖြစ်ကြောင်း ပြောလေသည်။

မိခင်လည်း ပယောဂ ဆရာ ပြောဆိုသည့် အတိုင်း ပြုလုပ်ရာ သမီး၏ ရောဂါ သက်သာ ပျောက်ကင်းသွားလေသည်။

ထိုအခါမှ စ၍ ထိုအမျိုးသမီးနှင့် သူ၏ ခင်ပွန်းတို့သည် ဘန်ဂျရီဘွတ် သရဲကို ကြေးခေါင်းလောင်းဖြင့် အခါ အားလျော်စွာ ပူဇော် ပသကြလေတော့၏။

မိခင် သေဆုံးသွားသော အခါ ထိုသရဲကို သမီးများက မိခင်၏ အမွေ အဖြစ် ဆက်ခံယူရပြန်လေသည်။

ဘီရ်ဟော လူမျိုးများသည် အောက်လမ်း အတတ်၊ မှော် အတတ်၊ စုန်း အတတ်များကိုကား မတတ်ကြချေ။ သို့သော် သူတို့သည် ခုခံနိုင်သော ဝိဇ္ဇာ အတတ် တစ်ခုကိုကား တတ်မြောက်ကြသည်။ ထိုနည်းဖြင့် မိုးကို တားဆီးနိုင်သည်။ လျှပ်စစ် မိုးကြိုးကို လည်းကောင်း၊ လေပြင်းမုန်တိုင်းကို လည်းကောင်း တားနိုင်သည်။ မှက် ခြင် ယင် မြွေ ကင်း စသည်တို့ကိုလည်း မောင်းထုတ်နိုင်သည်။ ဖရုံသီးများကို မပုပ်သိုးအောင် ကာကွယ်နိုင်သည်။

အောက်တွင် အခြေချ နေထိုင်သူ ဘီရ်ဟော လူမျိုးဂျာဂစ်များ၏ မိုးကို ဖန်တီးသော ဝိဇ္ဇာဓိုရ် အတတ်၏ နမူနာကို ဖော်ပြထားပါသည်။

နံနက် စောစော ထပြီး သူတို့သည် အနီး အနားရှိ တောင်ကုန်းပေါ်သို့ သွားကြသည်။

တောင်ကုန်းပေါ်သို့ ရောက်သော အခါ ကျောက်တုံးကျောက်ခဲ အရွယ်အစား မျိုးစုံကို တောင်ပေါ်မှ လိမ့်ချကြသည်။

ထိုအခါ ကျောက်ခဲများ တဒိန်းဒိန်း တဒိုင်းဒိုင်း လိမ့်ဆင်းသံများ ထွက်ပေါ်လာသည်။

ထိုအသံကို ပို၍ ပြင်းထန်လာစေရန် ဗုံများ စည်တိုများကို ပြင်းထန်စွာ တီးခတ်ကြလေသည်။

ထိုအသံသည် မိုးခြိမ်းသံကဲ့သို့ ဖြစ်လာသည်။

သူတို့ တဲများပေါ်သို့ မိုးစက် မိုးပေါက်များ ကျသံနှင့် တူလာလေတော့သည်။

ဘီရ်ဟောများတွင် တားမြစ်ချက် (တာဘူး) များလည်း ရှိသည်။ ၄င်းတို့မှာ ရှေးခေတ် လူသားများ၏ ထိုးထွင်း သိမြင်သော ဉာဏ်ပညာကို အထင်အရှား ဖော်ပြသည်။

ဥပမာ အမျိုးသမီး တစ်ဦးသည် အမဲလိုက် ပိုက်ကွန်ကို ဖြစ်စေ၊ အမဲလိုက် တုတ်၊ တင်းပုတ်ကို ဖြစ်စေ ကျော်နင်းခြင်း မပြုရ။

မိန်းမက ထိုကဲ့သို့ ပြုလုပ်မိလျှင် အမဲလိုက်၍ မရတော့။ ထိုပိုက်မှာ အမဲ မကျတော့ဟု ယူဆကြသည်။

ထိုကဲ့သို့ မိန်းမ ခြေဖြင့် နင်းမိသော တင်းပုတ်ကိုလည်း အသုံး မပြုတော့ဘဲ စွန့်ပစ်ကြရလေသည်။

---

၁။ Dewi Mai　၂။ Bushi Mai
၃။ Mati　၄။ Banjari-bhut

ထို့ပြင် ဘီရ်ဟော ကလေး သူငယ် တစ်ယောက်သည် အဆံချောင်နေသော မည်သည့် ဥကိုမျှ မစားရ။ ထိုအဆံချောင် ဥကို စားမိသော ကလေး၏ နားထဲတွင် ပြည်တည်နာ ဖြစ်တတ်သည်ဟု ဆိုသည်။

ဘီရ်ဟော တစ်ယောက်သည် သက်တံ့ကို လက်ညှိုးထိုးမိပါက ထိုသူ၏ လက်ညှိုးသည် ကွေးကောက် သွားတတ်သည်ဟု ဆိုသည်။

မည်သူမဆို ဘီရ်ဟော လူမျိုး တစ်ယောက်ကို နံနက်ပိုင်းတွင် မျက်လုံး တစ်လုံးတည်းဖြင့် ကြည့်လျှင် ထိုသို့ ကြည့်သော သူသည် ထိုနေ့ အမဲလိုက်လျှင် သားကောင် မရတော့ဟု ယူဆကြသည်။

ထိုအဖြစ်ကို ကာကွယ်ရန် ထိုသူအား ဘီရ်ဟော လူမျိုးက မျက်လုံး နှစ်ဖက်စလုံး ဖွင့်၍ ပြန်ကြည့်ပေးရသည်။

ဘီရ်ဟော တစ်ဦးသည် အမဲပစ်ရန် ထွက်သွားသော အခါ မိမိအိမ်ကို နောက်ပြန် မကြည့်ရ။

ထိုသို့ ကြည့်လျှင် ထိုသူအား အန္တရာယ် တွေ့တတ်သည်ဟု ယူဆကြသည်။

ဘီရ်ဟော မိသားစု တစ်စုသည် မိမိတို့၏ တဲပြင်ဘက်တွင် သတ္တုဖြင့် ပြုလုပ်သော အသုံးအဆောင်များကို မသုံးစွဲရ။

ထိုကဲ့သို့ သုံးစွဲလျှင် မိုးကြိုး ပစ်ခံရတတ်သည်ဟု ဆိုသည်။

ဤသရုပ်ဖော်ချက် အစတွင် ဖော်ပြခဲ့သကဲ့သို့ ဘီရ်ဟော လူမျိုးများသည် ကမ္ဘာပေါ်တွင် ခေတ် နောက်ကျသော လူမျိုးများ အဖြစ် ရှိနေကြသေးစေကာမူ သူတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးစံများတွင် အပြောင်းအလဲများ စတင်ဖြစ်ပေါ်နေပြီ ဖြစ်ကြောင်း သိသာပါသည်။

သို့သော် အလွန် ထင်ရှားသော အချက် တစ်ချက်မှာ ၎င်းတို့၏ ရှေး အယူအဆများမှာ အများအားဖြင့် ဟိန္ဒူ အယူအဆများ ဝင်ရောက် လာသည့်တိုင်အောင် မပြောင်းလဲဘဲ ဆက်လက် တည်မြဲနေခြင်းပင် ဖြစ်၏။

ဘီရ်ဟောတို့၏ စိတ်ကူးယဉ် ဘဝကို ဟိန္ဒူ ဒဏ္ဍာရီများက များစွာ လွှဲဆော်နိုင်သည်။ ရာမ၊ လက္ခဏ၊ သီတာဒေဝီ၊ ရာဝဏနှင့် ဟာနုမာန် ဇာတ်လမ်းများကိုလည်း သူတို့နှစ်သက်ကြသည်။ မဟာမေဒင် ကုန်သည်တို့၏ စီးတော်ဆင် အကြောင်း၊ စီးတော် ဝေါ အကြောင်း၊ နန်းတော် အကြောင်းများကိုလည်း ဘီရ်ဟောတို့၏ မီးဖိုဘေး မီးလှုံရင်း ပြောသော ပုံပြင်များထဲတွင် တွေ့ရသည်။

ယခုထက်တိုင် ဘီရ်ဟော လူမျိုးများသည် ၎င်းတို့၏ နေ့စဉ် ဘဝတွင် သူတို့၏ စိတ်ကူးယဉ် ကမ္ဘာ လောက ကလေးထဲတွင် ပြင်ပ လောကနှင့် ဆက်သွယ်ရန် ရှက်ရွံ့လျက်ပင် ပုန်းကွယ်နေကြတုန်း ဖြစ်ပေတော့သည်။

## (၂) တောင်အာဖရိကမှ ဘာဗင်ဒါများ [၁]

ဘာဗင်ဒါ လူမျိုးစုသည် တောင် အာဖရိကတိုက်ရှိ *ဘန္တူ* [၂] လူမျိုး အုပ်စုတွင် ပါဝင်သူများ ဖြစ်ကြသည်။ ၎င်းတို့သည် လင်ပိုပို မြစ်၏ တောင်ဘက်တွင် ကပ်လျက် ရှိသော ထရန်စဗားလ်နယ် မြောက်ပိုင်းတွင် နေထိုင်ကြသည်။ ထိုဒေသသည် တောင် ထူထပ်သော အရပ် ဖြစ်သည်။ ထိုလူမျိုးစုသည် အရေအတွက်အားဖြင့် ၁၅၀၀၀၀ ခန့် ရှိသည်။

တိတိကျကျ ပြောရလျှင် လူရိုင်းများဟု မဆိုနိုင်ပါ။

၎င်းတို့သည် လယ်ယာ လုပ်ငန်း စတင် ပေါ်ပေါက်သော အချိန်မှ စ၍ ဘာသာ ကိုးကွယ်မှုကို ဉာဏ်နှင့် ယှဉ်၍ လေ့လာ ကိုင်းရှိုင်းလာသူများ ဖြစ်ကြပေသည်။

ရုပ် လက္ခဏာအားဖြင့် ဘာဗင်ဒါ လူမျိုးများသည် သွေးရောထားသော လူမျိုးများ ဖြစ်ကြသည်။ သန်မာ ထွားကျိုင်းသော *ဟာမီတစ်* [၃] အနွယ်ဝင်များ ဖြစ်ကြသည်။ လူမှုရေး အရလည်း သူတို့သည် ယဉ်ကျေး သိမ်မွေ့ပြီး ပျူပျူငှာငှာ ရှိကြသည်။

သို့သော် ပုဂ္ဂလိက ဘဝနှင့် ပတ်သက်၍ ဖြစ်စေ၊ မိဘ ရိုးရာ ထုံးတမ်းစဉ်လာများနှင့် ပတ်သက်၍ ဖြစ်စေ လျှို့လျှို့ဝှက်ဝှက် လုပ်တတ်ကြသည်။

အဘယ်ကြောင့် ဆိုသော် ရှေးကျသော ဥရောပတိုက်သား အခြေချ နေထိုင်သူများ၏ မတရား နိုင်းစားခြင်း ခံရသည်ကို အမှတ် ရနေသောကြောင့် ဖြစ်၏။ သို့သော် သူတို့သည် စစ်သွေးကြွများတော့ မဟုတ်ကြပေ။ အခြားသော ဘန္တူ လူမျိုးမှာမူ စစ်သွေးကြွများ ဖြစ်ကြလေသည်။

သူတို့သည် တိုင်လုံးပြောင်းရှည် ပုံသဏ္ဌာန် ရှိသော အိမ်များတွင် နေထိုင်ကြသည်။

ထိုအိမ်များပေါ်တွင် ကတော့ ပုံသဏ္ဌာန် သက်ကယ်များ၊ မြက်များကို အမိုး မိုးထားကြသည်။

သူတို့သည် များပြားသော ကျွဲအုပ် နွားအုပ်ကြီးများကို မွေးမြူကြသည်။ ကျွဲ နွား မွေးမြူခြင်းဖြင့် သူတို့သည်

---

၁။ The Bavenda of South Africa  ၂။ Bantu
၃။ Hamitic

စီးပွား ဖြစ်ကြသည်။ သို့သော် အမှန်တကယ် အသက်မွေးမှုကိုမူ လယ်ယာ လုပ်ငန်းဖြင့်သာ ပြုလုပ်ကြသည်။ သူတို့ စိုက်ပျိုးသော ကောက်ပဲ သီးနှံများမှာ ပြောင်းဖူး၊ လူး၊ ဆပ်၊ ပဲ၊ ဖရုံသီး၊ ဖရဲသီး၊ ဟင်းသီး ဟင်းရွက်များနှင့် ကန်စွန်းဥများကို စိုက်ပျိုးကြသည်။ မြေကြီးကို ပေါက်ပြားများဖြင့် တူးဆွကြသည်။ ထို လုပ်ငန်းများကို အမျိုးသမီးများက အဓိက လုပ်ကိုင်ကြရလေသည်။

ဥရောပတိုက်သားများက ကုန်ထုတ် စက်ကိရိယာများကို ယူမလာခင်ကမူ တိုင်းရင်းသားတို့၏ ကုန်ထုတ်လုပ်ငန်း အတတ်ပညာများမှာ ရက်ကန်း လုပ်ငန်း၊ သားရေနယ် လုပ်ငန်း၊ သံရေကျို လုပ်ငန်း၊ ပေါက်ပြားထုတ်လုပ်ငန်းနှင့် ကြေး သတ္တု သန့်စင်ရေး လုပ်ငန်းများ ဖြစ်ကြလေသည်။

လူမှု အဖွဲ့အစည်းမှာ ထွေပြားသည်။ လူတိုင်းသည် ကွဲပြား ခြားနားနေသော လွတ်လပ်သည့် အုပ်စု တစ်စုစုတွင် ပါဝင်သူများ ဖြစ်ကြသည်။

အောက်တွင် ဖော်ပြထားသော လူလေးဦးမှာ အလွန်အရေးပါသည်။ သူသည် သူ၏ မိသားစုကလေးတွင်လည်း ပါဝင်သည်။ သူသည် မိသားစု များစွာ စုပေါင်းထားသော အုပ်စုကြီးထဲမှာလည်း ပါဝင်သည်။ ထိုအုပ်စုသည် ဖခင်ဘက်က ဆင်းသက်လာသော ဆွေမျိုးစု ဖြစ်သည်။ ထို အဖဘက်က အမျိုး အစဉ်အဆက်အားဖြင့် သူ၏ သားစဉ်မြေးဆက် ကိစ္စ၊ အမွေ ဆက်ခံခွင့် ကိစ္စများကို ရေတွက်သည်။

အဖဘက်က ဆွေမျိုးစု အပြင် အမိဘက်က ဆွေမျိုးစုနှင့်လည်း သူသည် သွေးချင်းဆက်သည်။ ခံစားချက်ချင်း ဆက်သည်။ နောက်ဆုံး အနေနှင့် သူသည် လူမျိုးအထိမ်းအမှတ်၊ အရပ်ချင်း တူသူများနှင့်လည်း ဆက်နွယ်သည်။

လူမျိုးစု အထိမ်းအမှတ် သတ္တဝါ (အကောင်) သည် ခြင်္သေ့ ဖြစ်လျှင် ခြင်္သေ့ချင်း တူသူထဲတွင် သူ ပါဝင်သည်။ လူမျိုး အထိမ်းအမှတ် အရပ်က ချိုးရုပ် ဖြစ်လျှင်လည်း သူသည် ချိုးရုပ် အုပ်စုထဲမှာ ပါဝင်သည်။ အမျိုးအနွယ် အထိမ်းအမှတ် အကောင်ချင်း တူသူ အချင်းချင်းလည်း ရိုင်းပင်းခဲ့ကြရသည်။

သဘာဝလွန် ကိစ္စများနှင့် ပတ်သက်၍မူ ဘာဗင်ဒါများ၏ ဘာသာ ယုံကြည် ကိုးကွယ်မှုတွင် ဖော်ပြကြသည်။ မန ခေါ် ဇော်ဂျီနီ တန်ခိုး ယုံကြည်မှုကို နတ်ကိုးကွယ်မှု၊ ဘိုးဘေးဘီဘင် ရိုးရာ ကိုးကွယ်မှုများ၌ ဖော်ပြကြသည်။ အထွတ်အထိပ် နတ်ဘုရား ဖန်ဆင်းရှင်ကို ယုံကြည် ကိုးကွယ်မှုမျိုးလည်း ရှိသည်။

အခြေခံ ယုံကြည်ချက်မှာ အရာခပ်သိမ်း သက်ရှိ သက်မဲ့ အားလုံးတို့တွင် ကောင်းမှု (ကုသိုလ်) နှင့် မကောင်းမှု (အကုသိုလ်) ဘက်သို့ ရွေ့လျားနိုင်သော စွမ်းအင် သတ္တိများ ရှိသည် ဟူ၍ ဖြစ်သည်။

ဘာဗင်ဒါ တစ်ဦး၏ လည်ပင်းတွင် အဆောင် လက်ဖွဲ့အဖြစ် ဆွဲထားသော သစ်သားစ တစ်ခုကို *စတစ်* [၁] က စူးစမ်း လေ့လာခဲ့ရာ အောက်ပါအတိုင်း သိရှိခဲ့ရလေသည်။

မကြာခဏ လူများ သွားလာရသော ခက်ခဲသော တောင်တက် လမ်းပေါ်တွင် ကိုင်းညွှတ်၍ ကျနေသော သစ်ပင်၏ အကိုင်း တစ်ခုမှ ယူထားသော သစ်သား ဖြစ်သည်။ သွားရ လာရ ခက်သော လမ်းပေါ်တွင် ဤသစ်ကိုင်းသည် ညွှတ်၍ ကျနေသဖြင့် ခရီးသွားတို့အား အကူအညီ အထောက်အပံ့ ပေးနေသည်ဟု ခရီးသွားများက ယူဆကြသည်။

ဤသို့ဖြင့် ထိုသစ်ကိုင်းသည် လူတို့၏ ကြည်ညို ကိုးကွယ်ရာ အဖြစ်ဖြင့် တန်ခိုး ထွားလာခဲ့လေတော့သည်။ ဤသို့အားဖြင့် အသိဉာဏ် မရှိသော ခရီးသွားတို့သည် ဤသစ်ကိုင်းကို အဆောင် လက်ဖွဲ့ အဖြစ်ဖြင့် ခရီး သွားသောအခါ အကာအကွယ် ရစေရန် ဆောင်ယူ သွားကြလေတော့၏။

ထို့အတူပင် လမ်းခရီးပေါ်တွင် ခရီးသွားတို့ အသွားအလာ ခက်ခဲအောင် အမြစ် ထိုးလျက် ရှိသော သစ်ပင်၏ အမြစ်သည် ခရီးသွားတို့အား မကြာခဏ ခလုတ် တိုက်စေခြင်းအားဖြင့် အန္တရာယ် ပြုကြလျှင် ထိုသစ်မြစ်မှာ မကောင်းဆိုးဝါး နတ်မိစ္ဆာများ ရှိသည်ဟု ယူဆကြလေတော့သည်။ ထိုအခါ ခရီးသွားသူတို့အား အန္တရာယ် ပြုလိုသူများသည် ထိုသစ်မြစ်မျိုးကို အဆောင် လက်ဖွဲ့ ပြုလုပ်ကြပြန်လေ၏။

ဤကဲ့သို့သော ယုံကြည် ကိုးကွယ်မှုမျိုးမှ ဘာဗင်ဒါတို့၏ မှော်ဆန်ဆန် ဘာသာရေး ယုံကြည် ကိုးကွယ်မှုများ ပေါ်ပေါက်လာလေတော့သည်။

*ငန်ဂါ* [၂] ခေါ် ဆေးဆရာနှင့် *မန်ဂိုမာ* [၃] ခေါ် နတ်ဆရာတို့သည် ဘာဗင်ဒါ လူမျိုးစုထဲတွင် အလွန် အရေးပါသူများ ဖြစ်ကြလေသည်။

ပယောဂဆရာ ငန်ဂါတို့သည် ရောဂါ ဝေဒနာများကို ပပျောက်အောင် ကုသနိုင်သူများ ဖြစ်ကြသည်။ သူသည်

---

၁။ Stayt ၂။ Nganga ၃။ Mungoma

ဤ ပညာကို ရရှိစေရန် အပြင်းအထန် အပင်ပန်း ခံ၍ လေ့ကျင့် သင်ကြားရသည်။ ထိုကဲ့သို့ လေ့လာ သင်ကြားပြီးမှသာ သူသည် အထူးကုဆရာ သို့မဟုတ် အထွေထွေ ရောဂါကု ဆရာ ဖြစ်လာရသည်။ သစ်ပင်များတွင် တွေ့ရှိရသော ဆေးဝါး ဓာတ်စာများဖြင့် သူသည် ရောဂါ အနာ အမျိုးမျိုးကို ဆေးဝါး ကုသပေးသည်။

သူသည် ငှက်ဖျား ရောဂါ၊ ထုံကျဉ် ကိုက်ခဲ ရောဂါ၊ အဆုတ် အအေးမိ ရောဂါ၊ အရူး ရောဂါ၊ သွားကိုက်နာက အစ ရောဂါ အနာ အားလုံးကို ပျောက်ကင်း ချမ်းသာအောင် ကုသပေးနိုင်သည်။ သူ့ဆေးများကလည်း အစွမ်းထက်သည်။

ဤကဲ့သို့ ဆေးစွမ်း ထက်ခြင်းမှာ သူ့မှာ တန်ခိုး သတ္တိထူး ရှိ၍သာ ဖြစ်သည်ဟု ယုံကြည်ကြသည်။ ဆေးဆရာကလည်း သူ၏ စွမ်းအားကို လိုသော ကိစ္စ ပြီးအောင် အသုံးချနိုင်သည်။ ဤလူမျိုးစု၏ စိတ်တွင် ရောဂါ အနာများ ဖြစ်ပေါ်လာခြင်းသည် သဘာဝ တစ်ခုတည်းကြောင့် ဖြစ်လာရသည် မဟုတ်၊ အမှောင့် ပယောဂများသည် ရောဂါအနာများ ဖြစ်အောင် ဖန်တီးနေကြသည်ဟု ယုံကြည်ကြသည်။ အထူးသဖြင့် ရိုးရာ ပျက်၍၊ ရိုးရာ ကိုင်၍ ဖြစ်ရသည်ဟု ထင်တတ်ကြသည်။ ဘာဗင်ဒါများသည် မှော်ဆရာနှင့် စုန်းများကိုလည်း ရောဂါ ဖြစ်ရခြင်း အကြောင်းများတွင် အဓိက ထားတတ်ကြသည်။

သူတို့သည် *မူလွိုင်း* [၁] ခေါ် မှော်ဆရာနှင့် *ဗာလွိုင်း* [၂] ခေါ် စုန်းများကို အလွန် ကြောက်တတ်ကြသည်။ စုန်းများသည် ယောကျာ်းသော် လည်းကောင်း၊ မိန်းမသော် လည်းကောင်း ဖြစ်နိုင်သည်။ ထို့ပြင် စုန်း နှစ်မျိုး ရှိသည်။ စုန်းအတတ်ကို တမင်တကာ တတ်အောင် သင်ယူထားသော စုန်းလည်း တစ်မျိုး။ ထိုစုန်းများသည် ငွေကြေး အမြောက်အမြား ယူ၍ သင်ကြားပေးသော ငန်ဂါများထံမှာ သင်ယူကြရသည်။ အဓိက သဘောထားမှာ မုန်းတီးစိတ် ဒေါသပင် ဖြစ်သည်။ သူတို့ မလိုလားသူများကို စုန်းအတတ်ဖြင့် အသေ သတ်တတ်ကြသည်။

ဒုတိယ အမျိုးမှာ တမင်တကာ မသင်ရဘဲ အလိုအလျောက် တတ်မြောက်လာသော ဝမ်းတွင်းစုန်းများ ဖြစ်ကြသည်။ ဤစုန်းမျိုးကား အိပ်ရင်းပင် သူ့ အထဲသို့ စုန်းအတတ်ကို တတ်သော သူက ပူးဝင်ပြီး တတ်မြောက် လာရခြင်း ဖြစ်သည်။ ဤစုန်းမျိုးသည် နေ့အခါမှာသာ သူလိုငါလို အရုပ်သား အသွင် ရှိကြသော်လည်း ညအခါတွင်မူ ဖျက်ဆီး သောင်းကျန်း တတ်ကြသည်ဟု ဆိုသည်။

ထိုစုန်းမျိုးကို ပယောဂ ဆရာ ငန်ဂါများက စူးစမ်းလေ့လာပြီး သူ၏ ပယောဂ အတတ်ဖြင့် သူ့တွင် စွဲကပ်နေသော ဇော်ဂီနီ နတ်မိစ္ဆာကို ခွာပေးရသည်။ ဤသို့ နတ်မိစ္ဆာများကို မောင်းထုတ်ရာတွင် အဓိက ဆောင်ရွက်ရသူမှာ နတ်ဆရာ မန်ဂိုမာ ဖြစ်သည်။

ဘာဗင်ဒါ လူမျိုးများ၏ ဘာသာရေး ဘဝတွင် သေသူများအား ကိုးကွယ်ခြင်းသည် အဓိက အခန်းက ပါဝင်နေပါသည်။ ထိုလူမျိုးများက လူ၏ ဝိညာဉ်သည် အသက်ရှူခြင်းနှင့် အရိပ် ရောစပ်ထားသော အရာ ဖြစ်သည်ဟု ဆိုသည်။ ထိုအရာ နှစ်ခုသည် သေသော အခါ သေသူများထံမှ ခွဲခွာသွားသည်။

ဝိညာဉ်သည် သေသောအခါ သတ္တဝါ၏ ခန္ဓာကိုယ်ကို စွန့်၍ ထွက်ခွာသွားပြီးလျှင် ခိုနားရာ အခြား နေရာသစ်တစ်ခုကို ရှာရပြန်သည်။ ထိုဝိညာဉ်သည် ခေတ္တ ခဏမျှသာ သင်္ချိုင်းတွင် ခိုနားလျက် နေသည်။ သို့သော် ဝိညာဉ်သည် သင်္ချိုင်းတွင် ကြာကြာ မနေဘဲ မကြာမီပင် ၎င်း အတွက် ပို၍ ကောင်းသော ခိုနားရာ နေရာကို လှည့်၍ ရှာဖွေလေတော့သည်။

ထိုကဲ့သို့ ဝိညာဉ်သည် ခန္ဓာသစ် လိုက်ရှာနေခြင်းကို သူ၏ ဆွေမျိုး သားချင်းများအား အိပ်မက် ပေး၍ ပြောတတ်သည်။ သို့ဖြင့် သူ၏ လိုအင် ဆန္ဒကို သိကြားစေသည်။ သို့မဟုတ် အခြားသော ခန္ဓာသစ်ကို ရှာသည်။

ဘာဗင်ဒါ လူမျိုးများ၌ လူဝင်စား အယူအဆလည်း ကြိုကြား ရှိနေကြောင်း တွေ့ရသည်။

အထူးသဖြင့် ရှေး ကျသော အုပ်စု ခေါင်းဆောင် အကြီးအကဲများသည် ခြင်္သေ့များ၊ ကျားသစ်များ၊ မြွေများ ဖြစ်သွားကြသည်ဟု အယူ ရှိကြလေသည်။ သို့သော် သေသောသူ၏ ဝိညာဉ်သည် အလွန် လိုလားအပ်သော ဘဝသို့ ရောက်သွားသည်ဟု ဆိုရခြင်းမှာ ထိုသေသူအား ကျန်ရစ်သူ သားမြေးတို့က မမေ့မလျော့ မပေါ့မဆဘဲ အစဉ်သဖြင့် အမှတ်ရလျက် ပူဇော် ပသခြင်း ခံရသော အဖြစ်သို့ ရောက်ရခြင်းပင် ဖြစ်သည်ဟု အယူ ရှိလေသည်။

တစ်စုံတစ်ယောက် သေဆုံးပြီ ဆိုလျှင် ၎င်းနှင့် သက်ဆိုင်ရာ ဆွေမျိုး မိသားစု အားလုံး သေဆုံးရာ အရပ်သို့ ရောက်ရသည်။

ထိုသို့ မရောက်လာပါက သေသူနှင့် ပတ်သက်၍ ရောက်မလာသူ ဆွေမျိုးကို သေကြောင်း ကြံစည်သူများ

---

၁။ Muloi ၂။ Vhaloi

နှင့် ပူးပေါင်း ပါဝင်သူ အဖြစ် သံသယ ဖြစ်ခံရတတ်သည်။ လူ သေပြီ ဆိုသည်နှင့် ပထမဦးစွာ ဆောင်ရွက်ရသော ကိစ္စမှာ သေသူ၏ အဝတ်အစားကို အပိုင်း တစ်ပိုင်း ဖြတ်ယူပြီး ၎င်းကို သေသူ သေဆုံးရသည့် အကြောင်းရင်းကို အဆုံးအဖြတ် မပေးမီ နတ်ဆရာ အတွက် ထိန်းသိမ်းထားရသည်။ ဆွေမျိုးများက သေသူကို မြှုပ်နှံမည့် သင်္ချိုင်း မြေနေရာကို လျှို့ဝှက် ထားတတ်ကြသည်။ မဟုတ်လျှင် ရန်သူသည် ထို သေသူ အလောင်းကို တူးဖော် ယူပြီးနောက် အောက်လမ်း ဝိဇ္ဇာ ပညာ အတွက် အသုံး ပြုတတ်သောကြောင့် ဖြစ်သည်။

အသုဘ ဝတ်ပြုပွဲတွင် ဝိသေသ လက္ခဏာ တစ်ခုမှာ အကြီးဆုံး သားက သူ့ မိခင်၏ သင်္ချိုင်းတွင် ငိုညည်းရသည်။

'အမေရေ၊ အမေကတော့ ငြိမ်းငြိမ်းချမ်းချမ်း အနားယူသွားပြီးနော်၊ ဒီတော့ ကျွန်တော်တို့ကို ဒုက္ခ မပေးပါနှင့်တော့၊ အမေ အလို ရှိတာ မှန်သမျှကို ကျွန်တော် ပေးပါ့မယ် အမေ' ဟု နူတ်ကလည်း ရွတ်ဆိုရသည်။

သေသူ၏ ဆွေမျိုးများ အားလုံး ဝမ်းနည်း ပူဆွေးခြင်း အထိမ်းအမှတ် အဖြစ်ဖြင့် ခေါင်းတုံး ရိတ်ကြရသည်။ ဤသို့ ခေါင်းတုံး ရိတ်ခြင်းကို နတ်ဆရာက သေသူ သေရသည့် အကြောင်းကို ထုတ်ဖော် ဆုံးဖြတ်ပြီးနောက် သေဆုံးခြင်း အတွက် လက်စားချေ မပြီးမချင်း ဆက်၍ ပြုလုပ်ထားကြရသည်။

ထိုအချိန်တွင် ရီးရာ နတ်များ ကျေနပ်မှု ရှိအောင် ပသရေး ကိစ္စသည် အလွန် အရေးကြီးပေသည်။

သို့မဟုတ်လျှင် သေသူများက ရှင်သူများကို စုန်းအတတ်ဖြင့် ပြုစား၍ ဖြစ်စေ၊ အခြားသော မကျေနပ်သော နည်းဖြင့် ဖြစ်စေ ဒုက္ခ မျိုးစုံ ပေးလာနိုင်သည်။

ထိုကဲ့သို့ ရီးရာ နတ်များ ကျေနပ်စေရန် ပသရသည့် အမှုတွင် ဖခင်ဘက်က ဘိုးဘေးဘီဘင် ရီးရာ နတ်များ အတွက် ထင်ရှား သိသာ၍ စမ်းသပ် ထိတွေ့နိုင်သော အရာ တစ်ခုဖြင့် သင်္ကေတ ပြုထားကြရသည်။

အဖဘက်က ရီးရာကို နွားမ တစ်ကောင်ဖြင့် ဖြစ်စေ၊ နွားသိုး အနက် တစ်ကောင်ဖြင့် ဖြစ်စေ သင်္ကေတ ပြုကြရသည်။ သို့မဟုတ် တိုင်ရှည် ပုံသဏ္ဌာန် ရှိသော စလင်ဒါ ကျောက်တိုင် နှစ်ခုကို သေချာစွာ ပြောင်အောင် ပွတ်တိုက်ပြီး အဖတို့ မျိုးရိုး အုပ်စု အကြီးအကဲ၏ အိမ် အနီးမှာ သွားထားရသည်။ အမိ၏ ရီးရာကိုမူ ဆိတ်မ အနက် တစ်ကောင်ဖြင့် ကိုယ်စားပြု ဖော်ပြရသည်။

ထို့ပြင် ဖခင်ဘက်က ဆွေမျိုးသားချင်းများကလည်း တစ်ဦးချင်းကို လှံတစ်ချောင်းစီဖြင့် ကိုယ်စားပြု ဖော်ပြ၍ ထိုလှံများကို ဖခင် မျိုးရိုး အကြီးအကဲ၏ တဲမှာပင် ထားရသည်။

ထို့ပြင် အမိဘက်က အမျိုးများကလည်း သံ လက်စွပ် သို့မဟုတ် ကြေး လက်စွပ် တစ်ကွင်းစီကို ပုဆိန် ရုပ်ပုံ ယယ်လေး တစ်ခုကို အရိုး တပ်ပြီး သမီး မိန်းကလေး၊ မြေးမိန်းကလေး တစ်ဦးဦးက ယူလာပြီး အကြီးအကဲ အိမ်မှာ ထားရသည်။

ရီးရာ နတ်များ အပြင် အခြား နတ် အများအပြားလည်း ရှိသေးသည်။

တချို့မှာ တောနတ်၊ တောင်နတ်များ ဖြစ်ကြသည်။ ထိုနတ်များကို တွေ့မြင်ရပါက ခရီးသွားများ သေဆုံးရတတ်သည်။

မြစ်နတ်၊ ချောင်းနတ်၊ ရေကန်နတ်များလည်း ရှိသေးသည်။ ထိုနတ်များသည် သေအောင် ပြုတတ်သော လေးနှင့် မြားကို ကိုင်ဆောင် ထားတတ်ကြသည်။ မြစ်နှင့် အိုင်များထဲတွင် နတ်ပေါင်း များစွာ နေထိုင်ကြသည်။ ထိုနတ်များသည် အများအားဖြင့် ဘိုးဘေး အစဉ်အဆက် ရီးရာ နတ်များ ဖြစ်သည်။

သို့သော် အကြီးဆုံးသော နတ်မင်းကြီးမှာ *ရာလူးဗင်ဘာ* [၁] ခေါ်သော အလွန် သိရခက်သော ဂမ္ဘီရ နတ်ကြီး ဖြစ်သည်။

ထိုတစ်ပါးတည်းသော နတ်မင်းကြီးမှာ ဖန်ဆင်းရှင် နတ်မင်းကြီး ဖြစ်၏။

ထိုနတ်ကြီးသည် ကောင်းကင်ဘုံ၌ စံနေတော်မူသည်ဟု အယူ ရှိကြသည်။

ရာလူးဗင်ဘာ ဆိုသော စကားသည် လင်းယုန်ငှက်ကို ဆိုလိုသည်ဟု ဆိုသည်။ လင်းယုန်ငှက်သည် အလွန် မြင့်သော ကောင်းကင် အဇ္ဈာပြင်၌ ပျံဝဲနိုင်သည်။ ဘာဗင်ဒါတို့သည် လင်းယုန်ငှက် ကောင်းကင်ပြင်ပေါ်၌ ပျံဝဲနေနိုင်ခြင်းသည် ရာလူးဗင်ဘာ တန်ခိုးတော်ဖြင့် ပျံဝဲနိုင်ခြင်း ဖြစ်သည်ဟု ဆိုသည်။

ရာလူးဗင်ဘာသည် အလွန် အလှမ်း ကွာဝေးသည်။ သူ့ကို တွေးတော ဆင်ခြင် နိုင်းထောက်၍ မရနိုင်ဟု ဆိုသည်။ ၎င်းသည် အခြားသော ဘန္တူ မျိုးနွယ်စု လူမျိုးများ၏ နတ်မင်းများနှင့်လည်း တူသည်။

---

၁။ Raluvhimba

သူသည် မိုးကို ဖန်ဆင်းသော အရှင်လည်း ဖြစ်၏။ ထို နတ်မင်း၏ မစခြင်းကို မိုးခေါင်သော အခါ ပသ၍ တောင်းခံကြရသည်။ မိုးခြိမ်းသော အသံ အားလုံးသည် ထို နတ်မင်းကြီး၏ အသံများသာ ဖြစ်သည်ဟုလည်း ယူဆကြသည်။

၁၉၁၇ ခုနှစ်က အာဖရိကတိုက် ခါလဗာ ဒေသတွင် နေ့ခင်း ကြောင်တောင်မှာ ကြီးမားသော အသံကြီးကို ပြု၍ ကျရောက် ပေါက်ကွဲခဲ့လေသည်။

ဘာဗင်ဒါ လူမျိုးများသည် ၄င်းတို့ တဲအိမ်များ၏ ပြင်ဘက် လဟာပြင်သို့ ထွက်လာပြီး ဝမ်းမြောက် ဝမ်းသာ ဖြစ်သော အသံဖြင့် လက်ခုပ် လက်ဝါး တီး၍ ကြိုဆိုခဲ့ကြလေသည်။ ခရာများကိုလည်း မှုတ်ကြသည်။ အလားတူ ပူဇော် ပသပွဲကို မြေငလျင် လှုပ်လျှင်လည်း ပြုလုပ်လေ့ရှိကြသည်။

ထိုအခါ သူတို့က 'မိုးကို ရွာချတော်မူပါ ဘုရား၊ ကျွန်ုပ်တို့အား ကျန်းမာ ချမ်းသာရေးကို ပေးသနားတော်မူပါ ဘုရား' ဟု အော်ဟစ် တောင်းဆိုတတ်ကြသည်။

ဤကား နောင်အခါ အဆင့်မြင့် ဘာသာ ယုံကြည်ကိုးကွယ်မှုများ၌ ကောင်းကင်ဘုံ၌ စံနေတော်မူသော ထာဝရ ဖန်ဆင်းရှင် အဘ ဘုရား ဆိုသော အယူအဆသည် ဤ လူမျိုးများ၏ တစ်ပါးတည်းသော တန်ခိုးတော်ရှင် ဖန်ဆင်းရှင် ဘုရား အယူအဆမှ ပြောင်းလဲ ဖြစ်ပေါ်လာခြင်းသာ ဖြစ်ကြောင်း အထူး ထင်ရှားသော သက်သေ အထောက်အထားပင် ဖြစ်ပါကြောင်း။

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


1. Benedict, Ruth    Patterns of Culture
2. Boas, Franz    The Mind of Primitive Man
3. Frazer, Sir James E.    The Golden Bough
4. Friess and Schneider    Religion in Various Cultures
5. Howells, William    The Heathens
6. Kardiner, Abram    The Psychological Frontiers of Society
7. Lowie, Roberts    Primitive Religion
8. Moore, George Foot    The Birth and Growth of Religion
9. Radin, Paul    Primitive Religion
10. Wallis, W, D.    Religion in Primitive Society

## အခန်း ( ၂ )
## အတိတ်က အမျိုးသား ကိုယ်စားပြု ဘာသာတရားများ
## (အီဂျစ်၊ ဘေဘီလုံ၊ ဂရိ နှင့် ရောမ)

ပြီးခဲ့သော အခန်း၏ အဆုံးတွင် ဘာသာ ယုံကြည် ကိုးကွယ်မှုတွင် အတွေးအခေါ်ပိုင်းနှင့် ဆည်းကပ် ကိုးကွယ်မှုများ ရွေ့လျား ပြောင်းလဲလာပုံ အရေးကြီးသော အပိုင်းကို လေ့လာ တင်ပြခဲ့ပါသည်။

ထို အဖြစ်အပျက်များကို ကြည့်လျှင် လူမျိုးစု ယုံကြည်မှုကို ကျော်လွန်ပြီး အမျိုးသားရေး အတွေးအခေါ်များ ပေါ်ထွန်းလာပုံ နမူနာများကို ၎င်းတို့က ဖော်ဆောင်ပြခဲ့ပါသည်။ အမျိုးသားရေး အသွင်ကို ဆောင်သော ဘာသာ ယုံကြည် ကိုးကွယ်မှုသည် တိုင်းပြည် နိုင်ငံများ၊ မင်းနေပြည်များ ပေါ်ပေါက်ခြင်းနှင့် အတူ ပေါ်ထွန်းလာပါသည်။

ထို ဘာသာတရားများတွင် ရှေးက ဖော်ပြခဲ့သော ရာလူးဗင်ဘာ ခေါ် တစ်ပါးတည်းသော ဖန်ဆင်းရှင် ထာဝရ နတ်ဘုရား အယူအဆများနှင့် ပြည့်နှက်လျက် ရှိပါသည်။

ထို ဖြစ်ပေါ်မှုသည် ဘာဗင်ဒါတို့၏ သိခက် နက်နဲသော၊ လင်းယုန် ၄က်ကဲ့သို့ လျင်မြန်စွာ ပျံသန်းနိုင်သော၊ မိုးကို ဖန်တီးနိုင်သော ဝရမ်ိန် မိုးကြိုး လက်နက် သခင်သည် တောနတ် တောင်နတ် မြစ်စောင့်နတ်နှင့် မိရိုးဖလာ ရိုးရာ နတ်များကို လွှမ်းမိုး၍ ပိုပြီး မြင့်မားသော၊ အမျိုးသားရေး အသွင်ကို ဆောင်သော၊ တစ်မျိုးသားလုံးနှင့် ဆိုင်သော ထာဝရ နတ်ဘုရား အယူအဆ ပေါ်ပေါက်လာခြင်းထက် ပို၍ အလှမ်းကျယ်သော ဖြစ်ပေါ် တိုးတက်မှုတော့ မဟုတ်ပေ။

ထို ဖြစ်ရပ်မျိုးသည် အီဂျစ်ပြည်မှာ လည်းကောင်း၊ မက်ဆိုပိုတေးမီးယားမှာ လည်းကောင်း၊ ဂရိနှင့် အီတလီပြည်တို့မှာ လည်းကောင်း ဖြစ်ပေါ်ခဲ့ကြလေသည်။

လူမျိုးစုပေါင်း နှစ်ဆယ်လောက်သည် ကံတူ အကျိုးပေး ပေါင်းဖက်ကြပြီးနောက် တိုင်းပြည် နိုင်ငံ တစ်ခုကို ထူထောင်ခဲ့ကြလေသည်။ မြို့နေပြည်တော် တစ်ခုကို တည်ဆောက်ကြကာ ဘုရင် တစ်ပါးကို တင်မြှောက် ခဲ့ကြသည်။ ထိုနိုင်ငံထဲတွင် လူမျိုးစုပေါင်း များစွာ၊ မြို့ရွာပေါင်း များစွာကို စီရင်စု တစ်စုထဲ အတွင်း သွတ်သွင်းခဲ့ကြခြင်း ဖြစ်ပေသည်။

ထို နိုင်ငံများတွင် ကိုးကွယ် ခဲ့ကြသော *မာဒွတ်* [၁]၊ *အာမွန်* [၂]၊ *ဇီးယပ်* [၃] နှင့် *ဂျူပီတာ* [၄] နတ်ဘုရားများသည် ရာလူးဗင်ဘာလို နတ်ဘုရားများပင် ဖြစ်ကြလေသည်။ ထိုနတ်များသည် အမျိုးမျိုး ကွဲပြား ခြားနားသော ဂုဏ်သတ္တိများ၊ သမိုင်း ဖြစ်ရပ်များဖြင့် ဖုံးအုပ် လွှမ်းမိုးပြီးလျှင် ပို၍ အဆင့် မြင့်သော ဘာသာ စကားကို လည်းကောင်း၊ ယဉ်ကျေးမှုနှင့် သမိုင်း အစဉ်အလာများကို လည်းကောင်း ထို လူမျိုး အပေါ်သို့ ချမှတ် ပေးခဲ့လေသည်။

ထိုမှ နောင်ကာလဝယ် ပို၍ ကြီးကျယ်သော ဘာသာတရားများသည် ဘယ်သော အခါကမှ ၎င်းတို့၏ မူလ အစ ပပျောက်သွားသည် အထိ အဆမတန် ကြီးပွား တိုးတက်ခြင်း မရှိကြတော့ပေ။ ၎င်းတို့သည် ၎င်းတို့၏ ဇစ်မြစ်ကို ဘယ်အခါမှ ပစ်ပယ်လေ့ မရှိ။ ၎င်းမှာ ၎င်းတို့ အမြစ်တွယ်လာခဲ့သော ရှေးကျသော လူမျိုးစုများ၏ ဘူမိနက်သန် မြေ အမှန်ပင် ဖြစ်၏။ ထို ရှေးကျသော လူများစု၏ မြေပေါ်မှာပင် ထိုဘာသာများ အမြစ် တွယ်၍ ကြီးပွားခဲ့ရ၏။ ဇစ်မြစ်ကို မပယ်ခြင်းပင် ဖြစ်သည်။

ဤ သမိုင်း၏ နယ်ပယ်သည် စူးစမ်း လေ့လာအပ်သော စိတ်ဝင်စားစရာ နယ်ပယ် ဖြစ်သည် ဆိုသော အချက်ကို အငြင်းပွားစရာ မလိုပေ။ သမိုင်း အချက်အလက်များ၊ မှန်းဆချက်များဖြင့် လေးလံနေသော စာတန်းများ၊ မှတ်တမ်းများ၊ ကျမ်းစာအုပ်များသည် လူမျိုးများ၏ အလယ်တွင် ပျက်ယွင်း တိမ်ကောသွားသော ဘာသာ အယူဝါဒများ အကြောင်းကို ရေးသား ဖော်ပြခဲ့ကြပါ၏။

---

၁။ Marduk ၂။ Amon ၃။ Zeus ၄။ Jupiter

အီဂျစ်ပြည် အထက်ပိုင်းသည် အခြား ဒေသများနှင့် နှိုင်းစာ၍ ပြောရလျှင် ကိုယ့်ဘာသာ ကိုယ် ရပ်တည်နေနိုင်သော လုံလောက်သော ဘဝ အခြေအနေ ရှိသော ဒေသ ဖြစ်သည်။ ထိုဒေသသည် မက်ဆိုပိုတေးမီးယားနှင့် စာလျှင် ပြင်ပ နှောင့်ယှက်မှု ပို၍ နည်းသည်။ ထိုဒေသတွင် ပြင်ပမှ ဝင်ရောက် နှောင့်ယှက်မှု ကင်းစွာ နေခဲ့ရသော နှစ်ပရိစ္ဆေဒလည်း ကြာမြင့်စွာ တည်ရှိခဲ့လေသည်။

သို့သော် အီဂျစ်ပြည် အောက်ပိုင်း မြစ်ဝကျွန်းပေါ် ဒေသမှာမူ ပြင်ပ ကမ္ဘာနှင့် အဆက်အစပ် အထိအတွေ့များ အမြဲတစေ ရှိခဲ့လေသည်။ အဘယ်ကြောင့် ဆိုသော် ကုန်သည်များ အမြောက်အမြား လာရောက်ကြရုံသာမက ၎င်းတို့နှင့် အတူ အယူအဆ အသစ်များ၊ ဓလေ့ ထုံးစံသစ်များကိုပါ နိုင်ငံရပ်ခြားမှ သယ်ဆောင်လာခဲ့ကြရာ ထို အယူအဆသစ်များနှင့် ဓလေ့ ထုံးစံသစ်များကို နိုင်း မြစ်ဝှမ်းတစ်ခွင်ရှိ အီဂျစ် လူမျိုးများက လက်ခံ ကျင့်သုံးခဲ့ကြလေသည်။ ထို့ပြင် ကျူးကျော် ဝင်ရောက် တိုက်ခိုက်မှုများနှင့် ထိုဒေသသည် ကြုံခဲ့ရသေးသည်။ ထိုကျူးကျော် တိုက်ခိုက်မှုများက အဓမ္မ နည်းဖြင့် အပြောင်းအလဲများကို ဖြစ်ပေါ်စေခဲ့လေသည်။

မည်သို့ပင်ဆိုစေ အီဂျစ် တစ်ခုလုံးကို ခြုံ၍ ကြည့်လျှင် မြေထဲပင်လယ် အနီးတစ်ဝိုက်မှ အပ ကျန်ဒေသများတွင် ကြာမြင့်စွာသော ကာလ တစ်လျှောက်တွင် ဘာသာရေး အပြောင်းအလဲ ဖြစ်မှုများသည် ရိုးရိုးကလေးပင် ယုတ္တိစဉ် အတိုင်း ဖြစ်ပေါ် တိုးတက် ပြောင်းလဲခဲ့ကြောင်း တွေ့ရှိရပေသည်။

### အီဂျစ်ပြည် ဘာသာ ကိုးကွယ်မှု၏ ရုပ်ပိုင်းနှင့် လူမှုရေး ကျောထောက်နောက်ခံ အခြေအနေ

ဤကဲ့သို့ သီးခြား ရပ်တည်နေနိုင်သော ရုပ်ပိုင်း အခြေအနေ ဖြစ်နေခဲ့ခြင်း အကြောင်းမှာ သိလွယ်ပါသည်။ ထိုဒေသသည် ပြင်ပ ကမ္ဘာနှင့် အဆက် ပြတ်နေသကဲ့သို့ ရှိခဲ့သည်။

မြောက်ဘက်မှာ မြေထဲ ပင်လယ်က ခြားပေးထားသည်။ အရှေ့ဘက်ကျပြန်တော့ ကျယ်ပြန့်လှသော လွင်တီးခေါင် သဲကန္တာရကြီးက အာဘီဆီးနီးယားထိအောင် မြင့်တက်သွားသည်။ အနောက်ဘက်မှာလည်း ဆဟာရ တောရိုင်းမြေကြီးက မိုင် တစ်ထောင်ကျော် ခုခံနေလေသည်။

သို့သော် ထိုသို့ ဖြစ်ခဲ့ခြင်းသည် ရှေးကျသော နတ်ကိုးကွယ်မှု (ဝါ) *ဘုရား အများအပြား ကိုးကွယ်မှု* [၁] မှ ပို၍ အဆင့် မြင့်မားသော လူတိုင်း၏ စိတ်ပိုင်း ဆိုင်ရာ အလိုဆန္ဒများကို ဖြည့်ဆည်းရန် သတင်း စကားနှင့် အလုပ်အကျွေး ပြုမှုများကို သယ်ဆောင်လာသော ဘာသာ တရားများ အဖြစ်သို့ ကူးပြောင်းခြင်း၏ အရေးပါသော အချင်းအရာပင် ဖြစ်ကြောင်းကိုမူ မဖော်ပြခဲ့ကြပေ။

ထိုအချက် နှစ်ချက်ကို ပြုလုပ်ရာ၌ အကျိုး အမြတ်ရှိပါသည်။ တစ်ချက်မှာ အဆင့်မြင့် ဘာသာ ယုံကြည် ကိုးကွယ်မှုများထဲတွင် ဆက်လက် ထိန်းသိမ်းထားသော ရှေးကျသော မူရင်း အယူအဆများကို လေ့လာခြင်းနှင့် နောက်တစ်ချက်မှာ မည်သည့် အချက်တွင် မည်သို့သော အကျိုးရလဒ်အားဖြင့် အဆင့်မြင့် ကမ္ဘာ့ ဘာသာတရားကြီးများ တိုးတက် ကြီးထွားလာခဲ့ကြသနည်း ဆိုသော အချက်ကို လေ့လာ ကြည့်ရှုရန်ပင် ဖြစ်ပါသည်။

ဤ အခန်းတွင် အထက်ပါ ရည်ရွယ်ချက် နှစ်ခု အနက် ပထမ ရည်ရွယ်ချက်ကို အရေးထား စဉ်းစားမည် ဖြစ်ပါသည်။

ဤစာအုပ်၏ ကျန်ရှိသော အပိုင်းများ အခန်း ကဏ္ဍများသည် ဒုတိယ အချက်ကို အဓိက ထား၍ ဖော်ပြသွားမည် ဖြစ်ပါသည်။

ဤနေရာတွင် စဉ်းစားစရာ အချက်အလက် များစွာ ရှိပါသည်။ အသေးစိတ်မှာ စွယ်စုံ ကျမ်းကြီး တစ်ခုစာလောက် ဖော်ပြမှ ပြည့်စုံပါမည်။ သို့သော် ကျွန်ုပ် အနေနှင့်မူ ဆိုခဲ့ပြီးသော ရည်ရွယ်ချက် ၌စုံကို ပြည့်စုံအောင် တတ်နိုင်သမျှ လက်လှမ်းမီရာ အချက်အလက် မှန်သမျှကို စေ့စေ့စပ်စပ် လေ့လာ ဖော်ပြသွားမည် ဖြစ်ပါကြောင်း။

## ၁။ အီဂျစ်

နတ် ကိုးကွယ်မှု လူမျိုး အထိမ်းအမှတ် အရုပ် (တိုတမ်) ကိုးကွယ်မှုမှ စ၍ ပိုပြီး စနစ်တကျ ရှိသော ဘုရား များစွာကို ကိုးကွယ်မှုတို့မှ တစ်ဆင့် အမျိုးသား ကိုယ်ကျင့် တရားကို ဖော်ဆောင်သော ဘာသာ ကိုးကွယ်မှု အဆင့်ဆင့်ကို သိလွယ်ဆုံးမှာ အီဂျစ်ပြည်၌ ဖြစ်ပေါ်ခဲ့သော ဘာသာ ယုံကြည် ကိုးကွယ်မှုပင် ဖြစ်ပါသည်။

---

၁။ Polytheism

တောင်ဘက်တွင်လည်း အီကွေတာ တောင်တန်းကြီးများက ခြံစည်းရိုးကြီး သဖွယ် ကာဆီးထားသည်။

အီဂျစ်သည် ရာစုနှစ်ပေါင်း များစွာ နေရောင် အောက်တွင် ငြိမ်သက်စွာ တည်ရှိခဲ့သည်။ သို့ပါလျက် အီဂျစ် ပြည်သူများ၏ အလိုဆန္ဒကို မိုး မရွာသော ဒေသကို ဖြတ်၍ စီးဆင်းလာသော မြစ်ချောင်းများက ဖြည့်ဆည်း ပေးခဲ့လေသည်။

ဤဖြစ်ရပ်ဆန်းက အီဂျစ် လူမျိုးတို့၏ အတွေးဝယ် မိမိတို့ ဘဝ ရပ်တည်ရေးတွင် သေသူများက ထောက်ပံ့နေသည်ဟု ယူဆ၍ သေသူများကို ကိုးကွယ်မှု ဖြစ်ပေါ်စေခဲ့လေတော့သည်။

အီဂျစ်ပြည် သမိုင်းသည် ရှေး အကျဆုံး သမိုင်းကြောင်း တစ်ခုပင် ဖြစ်၏။ ရှေးကျသော ကျောက်ခေတ်ကပင် ပြန့်ကျဲနေသော အမဲလိုက် လူမျိုးစုများသည် နိုင်းမြစ်ကြောင်း တစ်လျှောက်တွင် သွားလာ ကျက်စားခဲ့ကြသည်။ ၎င်းတို့ အသုံးပြုခဲ့ကြသော ကျောက် လက်နက်များကို ချန်ထားခဲ့ကြသည်။ လူသေ အလောင်းများကိုလည်း မြှုပ်နှံထားခဲ့ကြလေသည်။

ဤ ရေကြည်ရာ မြက်နုရာ လှည့်လည် နေထိုင်သူများသည် လွန်ခဲ့သော အနှစ် ၈၀၀၀၊ အနှစ် ၉၀၀၀ ကျော် ကျောက်ခေတ်က နိုင်းလ် မြစ်ဝှမ်းတွင် ပထမဆုံး အခြေချ နေထိုင်ခဲ့ကြကြောင်း လေ့လာ တွေ့ရှိရသည်။ နက်မှောင်သော အသားအရေ ရှိသော ကျေးတောသား အုပ်စုများ ဖြစ်သည်။ တောထဲတွင် အိုးအိမ် တည်ဆောက်၍ နေတတ်ကြသူများ ဖြစ်သည်။ အုတ်ဖြင့် လည်းကောင်း၊ ကျောက်တုံးများဖြင့် လည်းကောင်း သူတို့သည် အဆောက်အဦများကို ဆောက်လုပ်တတ်ကြသည်။ အုပ်စု ဖွဲ့၍ အသိုင်းအဝိုင်းနှင့် နေတတ်သူများ ဖြစ်ကြသည်။ ထို့ပြင် ၎င်းတို့သည် အရုပ်စာများကိုပင် စတင် တီထွင် ရေးသားတတ်သူများ ဖြစ်ကြ၏။

ကျောက်ခေတ်က အမျိုးသား အထိမ်းအမှတ် (တိုတမ်) အရုပ်များကို ကိုးကွယ်ကြသူများသည် ယခုအခါ ကွယ်ပျောက်ကုန်ကြပြီ ဖြစ်သော်လည်း *မြို့ပြ နိုင်ငံများ*[၁] ပေါ်ပေါက်လာပြီ ဖြစ်၏။ ထိုအချိန် အထိ အီဂျစ် လူမျိုးဟူ၍ကား မပေါ်ပေါက်သေးပေ။ လူ့ အဖွဲ့ အစည်း တစ်ခုသည် *နုန်း*[၂]ဟု ခေါ်သော လွတ်လပ်စွာ ရပ်တည် နေထိုင်ကြသော လူအုပ်စုများ အဖြစ်ဖြင့်ပင် မြေဩဇာ ကောင်းသော နိုင်းလ် မြစ်ကြော တစ်လျှောက် နုန်းမြေများ ရှိရာ အရပ်တွင် မြို့ရွာများ တည်ထောင်၍ နေခဲ့ကြလေသည်။

ထိုမြို့ရွာများသည် ၎င်းတို့၏ နိုင်ငံ ဖြစ်ပေါ်လာမည့် နေရာ ဌာနများ ဖြစ်လေသည်။

နုန်း ခေါ် အုပ်စု တစ်စုမှ လူများသည် မြစ် တစ်ဖက်ရှိ အခြား နုန်း တစ်ခုမှ လူများကို လှမ်းမျှော် ကြည့်ပြီး အိမ်နီးချင်းများထံမှ နိုင်းလ် မြစ်၏ ရေ ကြီးခြင်းကို ဘယ်လို ကာကွယ် ထိန်းချုပ် စီမံရမည်ကို လေ့လာ သင်ကြားကြသည်။ သို့သော် လူမျိုး အထိမ်းအမှတ် အရုပ်များကား သီးခြား တစ်ခုစီပင် ရှိသေး၏။ အုပ်စု တစ်စုစီမှာ ကိုယ့် နတ်ဘုရားနှင့် ကိုယ် သီးခြား ဖြစ်လျက် မကြာခဏ အုပ်စုချင်း တိုက်ခိုက်မှုမျိုးလည်း ရှိခဲ့လေသည်။

ထို့နောက် ယဉ်ကျေးမှု တိုးတက်လာသော အခါ အုပ်စုချင်း ဆက်သွယ်မှု များပြားလာသည်။ အုပ်စုချင်း ရောနှောလာသည်။

ဤကဲ့သို့ သွေး ရောသွားခြင်းမှာ အုပ်စု တစ်ခုကို အုပ်စု တစ်ခုက အနိုင် တိုက်ခိုက်ခြင်းမှ စ၍ ဖြစ်ပေါ်လာခြင်း ဖြစ်၏။

ဤပုံစံအတိုင်း နှစ်ပရိစ္ဆေဒအားဖြင့် ရာစု နှစ်ပေါင်းများစွာ ကြာမြင့်စွာ ဖြစ်ပေါ်နေခဲ့လေသည်။ နောက်ကျမှ အထက် မင်းနေပြည်နှင့် အောက်ပိုင်း မြစ်ဝ မင်းနေပြည်ဟူ၍ မင်းနေပြည် နှစ်ခု ပေါ်ထွန်းလာလေသည်။ ဤ မင်းနေပြည် နှစ်ခုလည်း နောက်ဆုံးတွင် တစ်ခုတည်း အဖြစ် ပူးပေါင်းကာ ပထမ မင်းဆက်ကို တည်ထောင်ခဲ့ကြလေသည်။ ထိုကာလသည် ဘီစီ ၂၉၀၀ ခန့်တွင် ဖြစ်သည်။

ဤ တိုင်းနိုင်ငံ ပေါင်းစည်းခြင်းကို ကျောထောက်နောက်ခံပြုလျက် အီဂျစ်တို့၏ ဘာသာ ယုံကြည် ကိုးကွယ်မှုကို ကျွန်ုပ်တို့ လေ့လာ အပ်ပေသည်။

အဘယ်ကြောင့်ဆိုသော် နိုင်ငံချင်း ပေါင်းစည်းသလို ဘာသာချင်း ပေါင်းစည်း ရောနှောမှုလည်း ဖြစ်ပေါ် လာသောကြောင့် ဖြစ်၏။

## တိရစ္ဆာန် ကိုးကွယ်မှုနှင့် တိရစ္ဆာန်ခေါင်း ပါသော နတ်ဘုရားများ

အီဂျစ် လူမျိုးများ ပထမ ကိုးကွယ်ခဲ့သော နတ်ဘုရားများမှာ တိရစ္ဆာန်များ ဖြစ်ကြပါသည်။ လူအုပ်စု အဖွဲ့အစည်း တစ်ခုစီတွင် သက်ဆိုင်ရာ တိရစ္ဆာန် အစောင့် နတ်များ

၁။ City-State ၂။ Nome

ကိုယ်စီ ရှိကြလေသည်။ *သီးနစ်* [၁] နှင့် *အာဘီဒေါ့စ်* [၂] မျိုးနွယ်စုများက မြေခွေးကို ရှိခိုးခဲ့ကြလေသည်။ *ဖေးယမ်* [၃] လူမျိုးစုများက မိကျောင်းကို ရှိခိုး ကိုးကွယ်ခဲ့ကြလေသည်။ သီးဘီးစ်များမှာ ၄င်းတို့၏ အာမွန် နတ်ဘုရား ရှိသည်။ ၄င်းမှာ မသင်းရသေးသော သိုးထီး ဖြစ်သည်။

*မင်းဖစ်* [၄] များမှာ အစောင့်နတ် နှစ်မျိုး ရှိသည်။ ၄င်းတို့မှာ *ဆက္ခမက်* [၅] (ခြင်္သေ့မ) နှင့် *အာပစ်* [၆] (သို့မဟုတ် ဟာပီ) နွားသိုးတို့ ဖြစ်ကြပါသည်။ ဒင်ဒဲရာတွင်မူ ၄င်းတို့သည် *ဟတ္ထော်* [၇] ခေါ် နွားမကို ရှိခိုး ပူဇော်ကြသည်။ *အီဒဖု* [၈] တွင် သိမ်းငှက် *ဘီဟုဒက်* [၉] ကို ကိုးကွယ်ကြသည်။ *ဟီရာကွန်ပိုလစ်* [၁၀] တို့က *နီခက်ဗ်* [၁၁] ဆိုသော လင်းတ ငှက်ကို ကိုးကွယ်ကြသည်။ အခြားသော ဒေသများတွင် မျောက်မောင်းမကို လည်းကောင်း၊ ရေမြင်းကို လည်းကောင်း ရှိခိုး ကိုးကွယ်ကြသည်။ မြေကြွက်၊ ခရုစုပ်ငှက်၊ မြွေဟောက်၊ ကြောင်၊ ဖား၊ ငါးရှဉ့်နှင့် အခြား သတ္တဝါများကို ကိုးကွယ်သူများလည်း ရှိကြသည်။

သို့သော် ဤ သတ္တဝါများကို ၄င်းတို့မှာ ရှိသော သတ္တဝါ အရည်အသွေးအပေါ် မူတည်၍ ရှိခိုး ကိုးကွယ်ခြင်း မဟုတ်။ ၄င်းတို့မှာ လူ့ အရည်အသွေး (ဥတ္တမ ပုရိသ လူလွန် လူမွန်) များ ပါရှိသည်ဟု ယူဆကြသောကြောင့်လည်း ကိုးကွယ်ခြင်း ဖြစ်ပါသည်။

ထိုသတ္တဝါများသည် ဘုရား၏ ဂုဏ်သတ္တိများကို ဖော်ဆောင်ကြသည်ဟု ယုံကြည် အသိအမှတ် ပြုကြသည်။ ၄င်းတို့မှာ လူ့ အရည်အသွေးရော ဘုရား ဂုဏ်သတ္တိများပါ ရှိသည်ဟု ယူဆသဖြင့် ထို နတ်ရုပ်များကို ပြုလုပ်သော အခါ လူ့ ကိုယ်ခန္ဓာနှင့် တိရစ္ဆာန် ဦးခေါင်း ဆက်စပ်၍ ပြုလုပ်ခဲ့ကြလေသည်။ တိရစ္ဆာန် ကိုယ်နှင့် လူ့ ဦးခေါင်း တပ် နတ်ဘုရားရုပ်များလည်း ရှိသည်။

နတ် ဆိုသည်မှာ လူနှင့် တိရစ္ဆာန် ပေါင်းစပ်ထားသော ထူးဆန်းသော သတ္တဝါ အဖြစ် ရှုမြင်ပြီး ဖန်တီးကြခြင်း ဖြစ်၏။ ထို့ကြောင့် *ကနွမ်မူ* [၁၂] ခေါ် ဖန်ဆင်းရှင် နတ်ဘုရားကို လူ့ကိုယ်နှင့် သိုးထီး၏ ဦးခေါင်း တပ်ဆင်ပေးထားသည်။ သို့ဖြင့် သူ့မှာ လူနှင့် တိရစ္ဆာန်များကို ဖန်ဆင်း တတ်သော အတတ်ပညာ ကျွမ်းကျင်မှု ရှိသည်ဟု ယူဆကြလေသည်။

*အနူဘစ်* [၁၃] ဟု ခေါ်သော သင်္ချိုင်းစောင့် သေသူများအား လမ်းပြသော နတ်သည် မြေခွေး ဦးခေါင်း ရှိသည့် နတ် ဖြစ်သည်။ သော့တ်ဟု ခေါ်သော ပညာ နတ်သည် ခရုစုပ်ငှက် ဦးခေါင်း ရှိသော နတ် ဖြစ်သည်။ ဆက္ခမက် နတ်သည် ခြင်္သေ့မ ဦးခေါင်းတပ် နတ် ဖြစ်သည်။ ၄င်းနှင့် ကြောင်ခေါင်းတပ် နတ်များကိုမူ လူအမျိုးသမီး ကိုယ်နှင့် ပေါင်းစပ်ထားသည်။

အထူးဆန်းဆုံး နတ်မှာ အမဲလိုက် ခွေးပုံစံရှိ *ဆက်* [၁၄] နတ် ဖြစ်သည်။ ၄င်းတွင် အပေါ်သို့ ထောင်ထားသော အမြီး ပါသည်။ သူ့ ခြေထောက်များက လူ့ ခြေထောက်များ ဖြစ်သော်လည်း အမြီးမှာ ဝက်မြီးနှင့် တူသည်။ သူ၏ ရန်သူကြီးမှာ *ဟောရပ်စ်* [၁၅] ဖြစ်သည်။ သိမ်းငှက် ဦးခေါင်း ပါသော နတ် ဖြစ်သည်။ နေမင်းကို ကိုယ်စား ပြုသည်။

## နတ်ဘုရား ပေါင်းစပ်ခြင်းများ [၁၆]

ဤဆိုအပ်ပြီးသော ကိစ္စ အားလုံးသည် ရှေးဦး တိုးတက် ထွန်းကားမှုများ ဖြစ်၏။ နိုင်ငံရေးနှင့် ဘာသာရေး အပြောင်းအလဲ ဖြစ်မှုများပင် ဖြစ်၏။

ကျွန်ုပ်တို့ မြင်တွေ့ခဲ့ရပြီး ဖြစ်သကဲ့သို့ အီဂျစ်တို့၏ မူလ ပင်ရင်း နန်းများသည် တဖြည်းဖြည်း တစ်အုပ်စုကို တစ်အုပ်စုက တိုက်ခိုက် နှိမ်နင်းခြင်းဖြင့် ရောနှောကုန်ကြသည်။ တချို့မှာ လေးဆယ့် နှစ်ခုလောက် အထိ ရှိသည်။ သို့သော် တစ်ဖွဲ့နှင့် တစ်ဖွဲ့သည် ၄င်းတို့ကို စောင့်ရှောက်သူ တိရစ္ဆာန်တူ နတ်များ အချင်းချင်း တူညီလွန်းသည့်အတွက် တစ်အုပ်စုက တစ်အုပ်စုကို အနိုင် ရရှိသော အခါ နှစ်ဖွဲ့စလုံးက လက်ခံနိုင်သော နတ်ဘုရားကို ရှာဖွေကြရလေသည်။

အုပ်စု နှစ်စုသည် ၄င်းတို့၏ နယ်ပယ်ချင်းပါ ရောစပ် ပေါင်းစပ်ကြပြီးလျှင် နှစ်ဖွဲ့လုံး၏ နတ် အမည် နှစ်ခုကို သမာသ် ပုဒ်ဖွဲ့၍ နတ်နှစ်ဦးစလုံး၏ အမည် ပါသော နတ်ကို ဖန်တီးကြ ပြန်လေသည်။

ဤသို့အားဖြင့် *အာမွန်-ရာ* [၁၇] နှင့် *ပတာ-ဆိုကာ-အိုဆီရစ်* [၁၈] စသော နတ် အမည်များ ပေါ်ပေါက် လာလေ

---

၁။ Thinis ၂။ Abydos ၃။ Fayum
၄။ Memphis ၅။ Sekhmet ၆။ Apic (or Hapi)
၇။ Hathor ၈။ Edfu ၉။ Behudet
၁၀။ Hirakonpolis ၁၁။ Nekebt ၁၂။ Knummu

၁၃။ Anubis ၁၄။ Set
၁၅။ Horus ၁၆။ Divine Amalgamations
၁၇။ Amon-Ra
၁၈။ Ptah-Sokar-Osiris

တော့သည်။ နတ် အမည်များကို ပေါင်းစပ်ရာ၌ မူရင်း သီးခြား အမည်များကိုလည်း ပပျောက် မသွားစေဘဲ ပေါင်းစပ်ခဲ့ကြလေသည်။

သို့ဖြင့် မြစ်ဝှမ်း ဒေသသို့ ဝင်လာသော အခါ ပတာနှင့် ဆိုကာကို ပေါင်းထားသော နတ် ဖြစ်လေသည်။ မင်းဖစ်သို့ ရောက်သောအခါ အေပစ် (နွားသိုး) သည် နတ်၏ ဦးခေါင်း ဖြစ်လာသည်။ အိုဆီရစ်က သူ၏ လူ့ကိုယ်ကိုပင် ထိန်းသိမ်းထားသည်။ သို့သော် နွားသိုးကို သူ၏ အပေါင်းအသင်း အဖြစ် လက်ခံခဲ့သည်။ ထိုအချိန်က စ၍ ၎င်းကို *အိုဆီရစ်-အေပစ်* [၁] ဟု တွဲ၍ ခေါ်ကြလေသည်။ ရောမများ လက်ထက်သို့ ရောက်သော အခါ သူတို့ ရရှိသော နတ်အမည် *ဆီရာပစ်* [၂] သည် နွားဝိညာဉ်ကို ထာဝရ ဝိညာဉ် အဖြစ် ယူထားခြင်း ဖြစ်လေသည်။ ထို့ပြင် မြစ်ဝပိုင်းတွင် *အိုင်းဆစ်* [၃] ကို နွားမနတ် ဟသ္တော်နှင့် ထပ်တူ ပြု၍ ယူသော အခါ ထိုနတ်သမီးမှာ ခေါင်းတွင် ချိုကြီး နှစ်ချောင်း ပေါ်ထွက် လာခဲ့လေတော့သည်။

သို့သော် တချို့ ကိစ္စများတွင်မူ ပေါင်းစပ်ရေးသည် မဖြစ်နိုင်ဘဲလည်း ရှိ၏။ ဤကိစ္စမျိုးတွင် ပေါင်းစည်း ညီညွတ်အောင် ပြုလုပ်၍ မရသော နတ်နှစ်ပါးသည် အမြဲတမ်း ရန်သူ နတ် နှစ်ပါး အဖြစ် သတ်မှတ်၍ ထားရသည်။ နတ်နှစ်ပါးသာမက နတ်သုံးပါး၊ သုံးပါးထက် ပိုသော နတ်များ ပေါင်းစည်းရေးကိုလည်း ပြုခဲ့ကြသည်။ ထိုအခါ ထိုပေါင်းစည်းမှုတွင် ပါဝင်သော နတ်များ၏ ဝိသေသ လက္ခဏာများကိုလည်း ထိန်းသိမ်း ထားရသည်။

ထို့ကြောင့် အထက်နှင့် အောက် အီဂျစ်ပြည်ကို ပထမ မင်းဆက် အောက်တွင် ပေါင်းစည်းသော အခါ မြစ်ဝကျွန်းပေါ် ဒေသ၏ အဓိက နတ်ဖြစ်သော ဟောရပ်စ်နှင့် အီဂျစ်ပြည် အထက်ပိုင်းမှ အဓိက နတ် ဆက်တို့သည် ဆက်လက်၍ အချင်းချင်း အပြင်းအထန် တိုက်ခိုက် နေခဲ့ကြသေးသည်။

ထိုစဉ် ဟောရပ်စ်ကို နေမင်း အဖြစ် ယူဆထားကြသောကြောင့် ဆက်သည် ညဉ့် အမှောင်၏ အရှင် သခင် ဖြစ်လာတော့၏။

ဟောရပ်စ်နှင့် ဆက်တို့၏ ရန်ငြိုးကို အိုက်ဆစ်နှင့် အိုဆီရစ်တို့၏ ဒဏ္ဍာရီထဲတွင် အရေးမပါသော ကိစ္စ အဖြစ် သတ်မှတ် လိုက်သည့်တိုင်အောင် ၎င်း နတ်နှစ်ပါးသည် အချင်းချင်း ရန်လိုမုန်းထားဆဲ ရှိကြသေးသည်။

ထိုဒဏ္ဍာရီထဲတွင် ဟောရပ်စ်သည် လက်စားချေသူသား (ယခု သူသည် အိုဆီရစ်နှင့် ရသော အိုးဆစ်၏ သားဖြစ်နေပြီ။) နှင့် ဆက်မှာ အိုဆီရစ်၏ ညီ ဖြစ်လာသည်။

ဆက်သည် ညီရင်း အစ်ကိုချင်း သတ်သော ဦးလေး အဖြစ် သတ်မှတ်ခံရသည်။ သူ့ နှလုံးသားမှာ မနာလို ဝန်တိုမှု၊ သတ်ဖြတ်လိုမှုများဖြင့် ပြည့်နှက် နေလေတော့သည်။

## အိုင်းဆစ်-အိုဆီရစ်-ဟော်ရစ် ပေါင်းစည်းမှု

အိုင်းဆစ်နှင့် အိုဆီရစ် မိသားစု ပေါ်ပေါက်လာခြင်းသည် အတန်ကြာ နောက်ကျသည်။ သို့သော် အခြားသော အီဂျစ်လူမျိုးတို့ ကိုးကွယ်သော နတ်များ မတတ်နိုင်သော၊ အများနှစ်သက် လက်ခံသော စိတ်ကူး စိတ်သန်းများကို ဤနတ်မိသားစုက ဖန်တီးပေးနိုင်ခဲ့လေသည်။

အိုဆီရစ်သည် သမိုင်း မတင်မီ ခေတ်ကပင် စတင်ပေါ်ပေါက်ခဲ့သော နတ် ဖြစ်နိုင်သည်။ သဘောထား အမြင်တစ်ရပ် အရ ဆိုလျှင် သူသည် ထိုနတ်ကို လစ်ဗျားမှ ကနဦး ယူခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။ လစ်ဗျားတွင် ထိုနတ်သည် သဲကန္တာရထဲမှာပင် သီးနှံကို ထွက်ရှိစေနိုင်သော ရေနတ် အဖြစ် ကိုးကွယ်ခဲ့ကြလေသည်။ သို့သော် ဤအယူအဆသည် တိကျ ခိုင်မာသည်ဟု အတပ် မပြောနိုင်ပါ။ အဘယ်ကြောင့် ဆိုသော် အခြား ပို၍ ယုတ္တိ ရှိသော စဉ်းစားစရာ အချက်များ ရှိသောကြောင့် ဖြစ်၏။

ထိုနတ်သည် အစဉ်သဖြင့် လူ့ ခန္ဓာကိုယ် ပုံသဏ္ဌာန်ကို ယူထားသည့် အတွက် ထိုနတ်သည် ဆီးရီးယားမှ လာသော နတ် ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။

၎င်းသည် ကနဦး အစကပင် လယ်ယာ စိုက်ပျိုးရေး နတ် ဖြစ်ခဲ့လေသည်။

သို့သော် ထိုနတ်ကို အီဂျစ် ပြည်တွင် ကိုးကွယ်မှု အခြေတကျ ဖြစ်လာသော အခါ ၎င်းသည် ဝသုန္ဓြေ နတ်မင်း *ဂက်ဗ်* [၄] နှင့် ကောင်းကင် နတ်သမီး *နပ်* [၅] တို့၏ သား ဖြစ်သည်ဟု ယူဆခဲ့ကြလေသည်။

နောင်သော အခါ၌မူ ထိုနတ်ကို အသက် သခင် နိုင်းမြစ်စောင့်နတ် အဖြစ် ကိုးကွယ်ကြလေသည်။

သူ့နှမတော် အိုင်းဆစ် (သူ၏ ကြင်ရာတော်လည်း ဖြစ်သည်။) သည် သိပ် ရှေးမကျသော နတ် ဖြစ်သည်။ သို့သော် အင်ပိုင်ယာသစ် တည်ထောင်သော ကာလ ဘီစီ

---

၁။ Osiris-Apis ၂။ Serapis ၃။ Isis

၄။ Geb ၅။ Nut

၁၅၀၀ လောက်တွင် သူမသည် ပို၍ လူကြိုက် များသော နတ် ဖြစ်လာသည်။ အိုဆီရစ်ထက်ပင် အိုင်းဆစ်ကို ပို၍ ကြည်ညိုသူ များလာသည်။ သူမ၏ ဆွဲဆောင်မှု တိုးပွား လာခြင်းမှာ သူမ၏ ဆွတ်ပျံ့ဖွယ် ဇာတ်လမ်းကြောင့် ဖြစ်၏။

သူမသည် တော်ဝင် ဇနီး မယားကောင်း အဖြစ် နမူနာ ပြခဲ့၏။ နိုင်းမြစ် အောက်ပိုင်းကို အစိုးရသော ကရုဏာ တော်ရှင် နတ်ကောင်း နတ်မြတ်တို့၏ ဘုရင် အိုဆီရစ်နှင့် ပေါင်းသင်းရ၍ ဖြစ်သော ပျော်ရွှင် ချမ်းသာခြင်းများ အား လုံးသည် သစ္စာဖောက်သော အိုဆီရစ်၏ အစ်ကိုတော်သူ ဆက်၏ လှည့်စားမှုကြောင့် ရုတ်တရက် ပြိုကွဲ ပျက်စီးခဲ့ရ လေသည်။

ထို့နောက် ဆက်နှင့် အတူ ပူးပေါင်း လုပ်ကြံသူ တစ်စုတို့က သူ၏ ချစ်သူကို ထောင်ချောက်ဖြင့် ဖမ်းဆီး ပြီးနောက် ဆီဒါ ထင်းရှူးသား ခေါင်းတစ်လုံးထဲတွင် ထည့် ပိတ်ကာ နိုင်းမြစ်ထဲသို့ ပစ်ချခဲ့လေသည်။ ထိုခေါင်းသည် နိုင်းမြစ်ထဲတွင် မျောပါသွားရာ ပင်လယ်ထဲသို့ ရောက်ရှိ သွားတော့သည်။ သောက ပရိဒေဝမီး တောက်လောင်လျက် သူမသည် ဝေးကွာလှမ်းသော အရပ်များသို့ ရောက်သည့်တိုင် ရှာပုံတော် ဖွင့်ခဲ့လေသည်။ နောက်ဆုံးတွင် သူမသည် ထို ခေါင်းကို ဆီးရီးယား၏ ပင်လယ် ကမ်းစပ် တစ်နေရာတွင် ပြန်တွေ့ရလေတော့၏။

အီဂျစ်ပြည်သို့ ပြန်ရောက်သော အခါ သူမသည် အလောင်းကို ဝှက်ထားခဲ့ပြီးလျှင် အိုဆီရစ်နှင့် ရခဲ့သော သားကို မွေးဖွားရန် အတွက် ထွက်ခွာသွားလေသည်။ သူမ သည် သားငယ် ဟောရပ်စ်ကို ဖွားမြင်ခဲ့၏။ သူမသည် ထို သားငယ် ဟောရပ်စ်ကို နိုင်းမြစ်၏ မြစ်ဝကျွန်းပေါ် အရပ်ရှိ ရွံ့ညွန် ထူထပ်ရာ စိမ့်မြေပေါ်တွင် ကြီးပြင်းအောင် ကျွေး မွေး စောင့်ရှောက်ခဲ့ရလေသည်။ ထိုအချိန်တွင် ဆက်သည် အိုဆီရစ်၏ အလောင်းကို ရှာဖွေ တွေ့ရှိသွားလေသည်။ သူ သည် ဒေါသကြီးစွာဖြင့် ထိုအလောင်းကို အပိုင်းပိုင်း ခုတ် ဖြတ် ပစ်လိုက်ရာ အပိုင်း ဆယ့်လေးပိုင်း ဖြစ်သွားသည်။ အီဂျစ်ပြည်၏ အစိတ်အပိုင်း ဆယ့်လေးခု ဖြစ်လာ၏။

အိုင်းဆစ်သည် သူမ၏ ပရိဒေဝမီး တောက်လောင် နေသော ရှာပုံတော် ခရီးကို ပြုရပြန်၏။

သူ့ လင်ယောကျ်ား အိုဆီရစ်၏ ခန္ဓာကိုယ် အစိတ် အပိုင်း တစ်ခုစီကို တွေ့ရှိရာ အရပ်၌ ကောင်းစွာ မြှုပ်နှံ ခဲ့လေသည်။ သို့ဖြင့် ဤမြေပေါ်၌ သီးနှံများကို စိုက်ပျိုး နိုင်ပါစေသတည်းဟု အဓိဋ္ဌာန်ခဲ့လေသည်။

ဟောရပ်စ်သည် အရွယ် ရောက်လာသည်နှင့် တစ် ပြိုင်နက် သူ့ ဖခင် အတွက် လက်စားချေပွဲကို ပြုလုပ်လေ ၏။ ဆက်ကို တိုက်ခိုက် အောင်မြင်ပြီး ဟောရပ်စ်က ဆက် အား အိုင်းဆစ် လက်သို့ ကျွန်ပြုရန် ပေးအပ် လိုက်လေ သည်။ သို့သော် အိုင်းဆစ်သည် သူမ၏ ခင်ပွန်းကို သတ် ဖြတ်ခဲ့သူ၏ အသက်ကို ချမ်းသာပေးလိုက်၏။ ဟောရပ်စ် သည် ထို့နောက် သူ့ဖခင် ပြန်၍ တစ်ဖန် ရှင်ပြန် ထမြောက် လာအောင် ပြုလုပ်ပြန်၏။

ဉာဏ်ပညာ နတ် ဖြစ်သော *သော့တ်* [၁] ၏ အကူအညီ ပေးမှုကြောင့် သူ့ဖခင်သည် အသက် တစ်ဖန် ပြန်၍ ရှင် သန်လာလေတော့၏။

အိုဆီရစ်သည် ပြန်ရှင်၍ ထလာလေ၏။ ထို့နောက် နာလန် ပြန်၍ ထလာ၏။ (နေမင်း၏ မျက်လုံး အလင်း ဖြင့် ကမ္ဘာမြေပေါ်၌ မြေဩဇာနှင့် သီးနှံတို့၏ ဘဝသည် အသစ် တစ်ဖန် ပြန်၍ ဖြစ်ပေါ် လာပါစေသော်)။ သို့ သော် အိုဆီရစ်သည် မြေပေါ်၌ မတည်နိုင်တော့ပေ။

သူသည် ကမ္ဘာမြေထဲသို့ သက်ဝင်သွားပြီး သေသူတို့ ကို တရား စစ်ဆေးသော နတ် တရားသူကြီး ဖြစ်လာလေ တော့၏။ ထိုအချိန်တွင် ဟောရပ်စ်သည် ကမ္ဘာ မြေပေါ်တွင် ရေမြေ့သခင် အီဂျစ်ပြည် အလုံးနှင့် တကွ နေမင်း သခင် လည်း ဖြစ်လာလေတော့၏။

ထိုမှ စ၍ နေကို ကိုးကွယ်ခြင်းသည် အီဂျစ် ပြည်၌ ဖြစ်ပေါ်လာလေတော့၏။

## နေနတ် ကိုးကွယ်မှု [၂]

သို့ရာတွင် ဟောရပ်စ် တစ်ဦးတည်းသာလျှင် နေနတ်ဘုရား မဟုတ်ချေ။ အခြားသော နေနတ်များလည်း ရှိသေး၏။

သူတို့၏ မြေ တစ်စပ်မှ တစ်စပ် အထိပေါ်တွင် စိုက် ပျိုးထားသော သူတို့၏ သီးနှံများသည် မည်မျှလောက် နေ ရောင်ခြည်ပေါ် မှီခိုနေရသည်ကို အီဂျစ် လူမျိုးများ သိကြ သည်။ မျိုးစေ့များ ကြဲချထားသော မြေပြင်ပေါ်သို့ နေရောင် ခြည် ဖြန့်ကျက်လာမှသာ ထိုအစေ့များသည် အပင် ပေါက် လာရလေသည်။ သူတို့သည် ဤအချက်ကို အစကတည်း ကပင် သိရှိ ထားခဲ့ကြလေသည်။

'ရာ' သို့မဟုတ် 'ရဲ' နတ်သည် လူ့ အသွင် ဆောင် ယူထားသော နေနတ် ဖြစ်သည်။ ထိုနေသည် အထူးသဖြင့်

---

၁။ Thoth ၂။ Sun-worship

နေ့လယ် မွန်းတည့်ချိန်တွင် ထွန်းပသော နေ ဖြစ်သည်။ ထွက်စ နေသည် *ခေပရာ* [၁] ဖြစ်သည်။ ထိုနေသည် မနက်ခင်း ကောင်းကင်တွင် *မန်ဒက်လှေ* [၂]ကို စီး၍ ထွက်ပေါ်လာသည်။

ဆည်းဆာ နေကား *အာတွမ်* [၃] ဖြစ်သည်။ *မီဆက်တက်* [၄] ဆိုသော လှေကို စီး၍ မိုးကုပ်စက်ဝိုင်းသို့ ဆင်းသက်သွားသည်။ အာတွမ်နှင့် ခေပရာတို့သည် ရာထက် ရှေးကျသော နေနတ်သား နှစ်ပါး ဖြစ်ကြသည်။

နေသည် ငှက်လည်း ဖြစ်သည်။ ချေးပိုးထိုးလည်း ဖြစ်သည်။ ဟောရပ်စ်သည် ငှက် အဖြစ်ဖြင့် ကောင်းကင်ပေါ်မှာ လျင်မြန်စွာ ပျံဝဲနိုင်သော သိမ်းငှက် ဖြစ်သည်။

စင်စစ် အီဂျစ်ပြည် တစ်ဝှမ်းတွင် အသုံး အများဆုံး သင်္ကေတမှာ တောင်ပေါ် သိမ်းငှက်၏ ဖြန့်ထားသော အတောင်ပံကြီး ဖြစ်၏။ အများအားဖြင့် နေမင်းကို ချေးပိုးထိုး အဖြစ်ဖြင့်လည်း တင်စား ထားကြသည်။

ဤတွင် အီဂျစ် လယ်သမားများသည် မြေပြင်ပေါ်တွင် ဥချရန် အတွက် မြေကြီးကို ဘောလုံး လုပ်နေသော ချေးပိုးထိုး လှိမ့်နေခြင်းကို ရှင်သန် ဖျတ်လတ်သော အတွေးဖြင့် သူ၏ အမြင်ကို ကောင်းကင်သို့ ပြောင်းပြီး ကောင်းကင်မှာ နေလုံး ထွက်နေသလို တင်စားလိုက်ခြင်း ဖြစ်ဟန်တူသည်။

အီဂျစ် လယ်သမား၏ စိတ်ထဲတွင် နေလုံးကြီးသည်လည်း ကောင်းကင်ပေါ်တွင် ချေးပိုးထိုးကြီး တစ်ကောင်က လှိမ့်နေသော ဘောလုံးကြီး ဖြစ်သည်ဟု တွေးထင်ထားလေသည်။

ထို့နောက် ချေးပိုးကြီးကို သူတို့က ခေပရာ (ခိုပရီ) ဟု အမည် ပေးထားလေသည် (ထို့နောက် ချေးပိုး အရုပ်ကို နှောင်းခေတ် ရောက်သည့်တိုင်အောင် တံဆိပ်တုံးများတွင်လည်း ထုထွင်းသည်။ အန္တရာယ် ကင်း ဘေး ရှင်း၍ ကံကောင်းစေရန် အဆောင် လက်ဖွဲ့ အဖြစ်လည်း အသုံးပြုသည်။ ဘုရင်များ၏ ရုပ်တု နဖူးသင်းကျစ် နေရာမှာပင် ထိုချေးပိုးထိုး ရုပ်ပုံကို ထည့်ထားကြသည်။ ထိုချေးပိုးထိုးရုပ်တွင် အသက် ဝိညာဉ် ရှိပြီး ကာကွယ်နိုင်သော စွမ်းအင်ရှိသည်ဟု ယုံကြည်ကြလေသည်။)။

အီဂျစ်ပြည် အောက်ပိုင်းရှိ *ဟဲလီယိုပိုလစ်* [၅] အရပ်တွင် နေနတ် အာတွမ်၏ နတ်ဆရာများသည် အာတွမ်နှင့် ရာ နေနတ်တို့ကို အတူ ကြီးပွားစေကြသည်။ ဤကား ပထမ အဆင့် ဖြစ်၏။ သူသည် ဟောရပ်စ် နေနတ်များနှင့် ရောစပ်သွားသည်။ အတောင် ရှိသော ချေးပိုးထိုး ခေပရာမှာလည်း သူ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သွားသည်။

ထိုနေနတ်သည် သဘာဝ၏ အင်အားစု တစ်စုတည်း မဟုတ်တော့ဘဲ သူသည် ဘုရင်များ၏ တန်ခိုး အာဏာ စက်လည်း ဖြစ်သွားပြန်သည်။

ထိုအကြောင်းကြောင့် ပီးရမစ် ခေတ် ဖာရိုး ဘုရင်များ (၂၆၀၀-၂၂၀၀ ဘီစီ) သည် သူတို့ကိုယ် သူတို့ ရာ နေနတ်၏ သား (နေမျိုးနွယ်လာ) ဘွဲ့များကို ခံယူခဲ့ကြလေသည်။ သူတို့၏ ထိပ်ချွန်သော လေးမျက်နှာ ကျောက်တိုင်ကြီးများကို နေရောင်ခြည် ဖြာ၍ ကျသည့် ပုံသဏ္ဌာန် တည်ဆောက်ခဲ့ကြလေသည်။

ဖာရိုး ဘုရင်များသည် ထို ပီးရမစ်ကြီးများထဲတွင် ကာလ ကြာမြင့်စွာ အိပ်စက်၍ နေကြလေသည်။ အသက်ရှင်နေစဉ် အခါမှာ လည်းကောင်း၊ သေသော အခါမှာ လည်းကောင်း နေ၏ အာဏာစက် အရှိန် အဝါကို ရယူသည့် သဘော ဖြစ်သည်။ အသက် ရှင်စဉ်က ဖခမည်းတော် ဖြစ်သော နေမင်းသည် သေသော အခါ ထာဝရ အသက် ဝိညာဉ် ဖြစ်သွားလေတော့၏။

နှောင်းနှစ်ပေါင်း တစ်ထောင်လောက် ကြာပြီးနောက် အင်ပိုင်ယာသစ် တည်ထောင်သော ခေတ်သို့ ရောက်သော အခါ မိဖုရားကြီးသည် နေနတ်မင်း၏ အဆင့် အမြင့်ဆုံးသော နတ်ဆရာမကြီး (နတ်ကတော်) ဖြစ်လာခဲ့လေသည်။ နေနတ်မင်းသည် သားသမီးများ အားလုံး၏ ဖခင် ဖြစ်လာသည်။ ဖာရိုး ဘုရင်သည် နေနတ်မင်း ဝင်စားသော ပုဂ္ဂိုလ် ဖြစ်လာသည်။ ထို့ကြောင့် မွေးလာသော မင်းသား မင်းသမီးများ အားလုံးသည် မွေးကတည်းကပင် နတ်ဘုရားများ ဖြစ်လာကြလေတော့၏။

ထိုအချိန်မှာပင် နေမင်းသည် အာမွန်-ရာ အဖြစ်ဖြင့် အခြားသော တိုင်းတာစရာ ပမာဏ တစ်ခုကိုပါ ရရှိလာပြန်သည်။

အာမွန်သည် မူလက သီးဘီးစ် လူမျိုးတို့ နေထိုင်ရာ အီဂျစ်ပြည် အထက်ပိုင်းမှ ဒေသခံ နတ်ဘုရား တစ်ပါး ဖြစ်သည်။ အနီးအနားရှိ *ကာနက်* [၆] ဘုရားဝတ်ကျောင်းသည် ထိုနတ်၏ နတ်ကွန်း ဖြစ်သည်။ ဘီစီ ၂၀၀၀ လောက်တွင်

---

၁။ Kheprer ၂။ Mandet ၃။ Atum
၄။ Mesektet ၅။ Heliopolis

၆။ Karnak

အင်အား ကြီးမားသော သီးဘီးစ်များသည် စစ်ပွဲများ အောင်မြင်ပြီးနောက် အီဂျစ် တစ်ပြည်လုံး၏ မြို့တော် အဖြစ်သို့ ရောက်ရှိလာသော အခါ အာမွန်သည်လည်း ကြီးကျယ်လာပြီး တစ်မျိုးသားလုံး၏ နတ်ကြီး အဖြစ် ရာနှင့် ပူးပေါင်း၍ တန်ခိုး ထွားလာလေတော့၏။ နတ်များ အားလုံး၏ သခင် ဖြစ်လာလေတော့၏။ ဘုရားသခင် မိသားစုများသည် သူ့ကို ဝန်းရံ နေကြရသည်။ သီးဘီးစ်၏ နတ်သမီး *မွတ်* [၁] မှာ လင်းတ ဦးခေါင်းကို တပ်ဆင် ထားသော နတ်သမီး ဖြစ်သည်။ သူသည် အာမွန်၏ မိဖုရား ဖြစ်လာရသည်။

လနတ် *ခွန်ဆု* [၂] သည် သူတို့၏ သား ဖြစ်သည်။ သတ္တဝါများ အနက် သိုးထီးသည် သူ့ကို ကိုယ်စားပြုသော တိရစ္ဆာန် ဖြစ်သည်။ ထိုနတ်၏ ရှေ့တွင် ပါးပျဉ်းထောင်နေသော မြွေဟောက် ရှိသည်။ ထိုအချက်မှာ သူသည် နတ်များ အားလုံး၏ ဘုရင် ဖြစ်ကြောင်း ပြသခြင်း ဖြစ်၏။ ထိုနတ်၏ အပေါ်တွင် နေမင်း၏ သရုပ်ဖြစ်သော အတောင် တပ်ထားသည့် အဝိုင်းပြား တစ်ခုကို ချိတ်ဆွဲ ထားလေသည်။

## အခြား နတ်များ

အီဂျစ်တို့တွင် အခြားသော နတ်များလည်း ရှိသေး၏။ မင်းဖစ်တွင် ဥပမာအားဖြင့် တိုင်းသူ ပြည်သားများသည် တရားကိုယ် ထုတ်၍ ရှုမြင်ထားသော ပတာ ခေါ် နတ်တစ်ပါးလည်း ရှိသည်။ ထိုနတ်ကို လောကကို မြေဖုတ်ဖြင့် ဖန်ဆင်းသော ဖန်ဆင်းရှင် နတ် အဖြစ် ယုံကြည် ကိုးကွယ်ကြလေသည်။ ထိုနတ်ကား ဆန်းပြား၏။ အမြဲတမ်း ခြေဆုံး ခေါင်းဆုံး အိတ်စွပ်ပြီး ထုပ်ပိုးထားသည်။ မမ်မီ လူသေကောင်နှင့် ထပ်တူထပ်မျှ တူသည်။ ထိုနတ်သည် လွန်ခဲ့သော အတိတ် ကာလ ကြာမြင့်စွာကပင် ရှိခဲ့သော နတ် ဖြစ်သည်ဟု ယူဆရသည်။ သူ၏ ဝိသေသ သမိုင်းကိုကား မည်သူမျှ မသိကြတော့ပါ။

ထို့ပြင် *မားတ်* [၃] ဆိုသော နတ်တစ်ပါးလည်း ရှိသေး၏။ သစ္စာ နတ်သမီးဟု လူသိ များသည်။ ထိုနတ်သမီးကို အီဂျစ်တို့၏ နံရံ ဆေးရေး ပန်းချီများတွင် မကြာခဏ တွေ့ရသည်။ သေသူများကို တရားစီရင်ရာ ခန်းမကြီး၏ တံခါးဝတွင် ရပ်လျက်နေသည်။ ထိုခန်းမထဲတွင် သေသူများ၏ အသည်းနှလုံးကို ငှက်မွေး အလေးဖြင့် ချိန်စက်မည် ဖြစ်သည်။ *ဆာဖက်* [၄] သည် စာပေ နတ်သမီး ဖြစ်၏။ *ဟု* [၅] သည် ရသ နတ်သား ဖြစ်သည်။ *အနုဘစ်* [၆] သည် မြေခွေးခေါင်း တပ်ထားသော အသုဘ သင်္ချိုင်း စောင့်နတ် ဖြစ်သည်။ *နိတ်* [၇] သည် အမဲလိုက် နတ်သမီး ဖြစ်သည်။ လေးနှင့် မြားကို စွဲကိုင်ထားသည်။

အခြား နတ်တွေလည်း များစွာ ကျန်သေး၏။ ထိုနတ်များ အကြောင်းကို အကျယ် ရေးနေလည်း ဤတွင် အကြောင်းထူးဖွယ် မရှိပြီ။

ထိုကျန်နတ်များ အကြောင်းကို ပြောနေလျှင်လည်း ရှေးက အီဂျစ်တို့သည် ဘုရား များစွာကို ကိုးကွယ်ကြသူများသာ ဖြစ်ကြသည် ဆိုသော သိမြင် ခံစားမှု ဖြစ်ရုံမှအပ အခြား အကျိုးထူး မရှိပြီ။

ဤနတ်များ အပြင် အီဂျစ် လူမျိုးတို့မှာ ပြည်တွင်းဖြစ် နတ်များ မဟုတ်ဘဲ နိုင်ငံခြားဖြစ် နတ်များလည်း ရှိသေးသည်။ ထိုနတ်များတွင် ဘေဘီလုံက နတ်များ၊ ပါလက်စတိုင်းတို့၏ နတ်များလည်း ပါဝင်သည်။

## အနာဂတ် ဘဝ အယူအဆ

အီဂျစ် လူမျိုးများသည် ဘဝကို ပျော်ရွှင်စွာ ခံစားတတ်ကြသူများ ဖြစ်သည်။ သူတို့သည် နေမင်းနှင့် နိုင်းမြစ်ကို သူတို့အား အသက်ရှင် နေနိုင်အောင် အကူအညီ ပေးကြသောကြောင့် များစွာ ရှိသေ လေးစားစွာ ဂုဏ်ပြုတတ်ကြသော်လည်း သူတို့၏ အတွေးထဲတွင်မူ အခြား လူမျိုးများထက် ပို၍ အသက် ရှင်နေသော ဘဝ၏ ဆန့်ကျင်ဘက် သေဘောကို မှီခို၍ နေတတ်သူများ ဖြစ်ကြောင်း သိသာသည်။ သေသူများ၏ အသုဘ အခမ်းအနားများကို စီမံ ခန့်ခွဲရာ၌ လူသာမန်များ အတွက်ရော ဘုရင်များ အတွက်ပါ တမလွန် ဘဝကို ရည်မှန်း၍ တခမ်းတနား ပြုလုပ်တတ်ကြလေသည်။

အစပိုင်းကမူ အီဂျစ် လူမျိုးများ စိတ်တွင် တမလွန် ဘဝ၌ စည်းစိမ် ချမ်းသာကို ခံစားပြီး ပျော်ရွှင် ချမ်းမြေ့နိုင်သူများမှာ ဘုရင်များသာ ဖြစ်သည်ဟု ထင်မြင်ခဲ့ကြလေသည်။ နောက်ကျတော့ ဘုရင်များသာမက တခြား လူများလည်း နောင်ဘဝ ကောင်းစားရေးကို ဘုရင်များ နည်းတူ မျှော်လင့်နိုင်သည် ဆိုသော အယူအဆ ရှင်သန် ကြီးထွားလာသည်။

---

၁။ Mut ၂။ Khonsu ၃။ Maat

၄။ Safekht ၅။ Hu ၆။ Anubis ၇။ Neit

အီဂျစ် လူမျိုးများတွင် နောင် တမလွန် ဘဝကို သံသယ ဖြစ်မှုမျိုး မရှိခဲ့ကြပေ။ သေဆုံးသွားသူသည် ပျောက်ပျက်သွားခြင်း မရှိကြောင်း အထောက်အထားများ လည်း သူတို့မှာ များစွာ ရှိသည်။ ထို့ကြောင့် အီဂျစ် လူမျိုး များသည် သေသူများ၏ ထာဝရ ကျေနပ်မှုကို ပေးရန် စိတ် စောနေတတ်ကြသည်။ လူ့ဘဝမှာ ပျော်ရွှင်စွာ နေခဲ့ရသလို သူတို့သည် သေပြီးနောက် ဘဝမှာလည်း စိတ်ချမ်းသာမှု သုခချမ်းသာ ခံစားရဖို့ကို တောင့်တကြသည်။

သူတို့၏ ယုံကြည်မှုများကို ယုတ္တိရှိရှိ စီစဉ်ဖို့တော့ ခက်သည်။ ရှေးကျသော အယူအဆများ၌ သူတို့သည် အသက် ဝိညာဉ် ရှိသည်။ ထိုဝိညာဉ်သည် အသက် ရှင် လျက်ပင် ရှိသည်ဟု ယုံကြည်ကြသည်။ ၎င်းကို *ဘ* [၁] ဟု ခေါ်သည်။ ထိုဝိညာဉ်ကို လူခေါင်း တပ်ထားသော ငှက် အဖြစ် သရုပ်ဖော်ကြသည်။ ထိုအသက် ဝိညာဉ်သည် နှလုံး ဟဒယမှာ တည်သည်ဟုလည်း အယူ ရှိခဲ့ကြသည်။

သို့သော် ငှက်အသွင် ဆောင်သော အသက် ဝိညာဉ် သည် လူ သေသော အခါ နောက်ဆုံး အသက် ရှူခြင်းနှင့် အတူ ပျံထွက်သွားသည်။ ထိုဝိညာဉ်သည် သူ တွယ်ခဲ့သော ကာယ ကိုယ်ကို ချစ်ခင်သည်။ ထို့ကြောင့် သေပြီးသော အခါ ထိုဝိညာဉ်သည် ထိုခန္ဓာကိုယ်ကို တမ်းတ၍ လည်း ကောင်း၊ ဆာလောင် ငတ်မွတ်မှုဖြင့် လည်းကောင်း ပြန် လာသည်။ သူ၏ ရုပ်ပိုင်းဆိုင်ရာ ဆန္ဒများ ဖြစ်သော အစား အစာ ဆာလောင်မှု၊ ရေငတ်မွတ်မှုတို့သည် သေပြီး နောက် လည်း မပျောက်ဘဲ ရှိနေသည်။

ထို့ကြောင့် ထို ရုပ်အလောင်းကို တစ်နည်းနည်းဖြင့် ထိန်းသိမ်းထားခြင်း၊ အစားအစာနှင့် ရေများ ပေးကမ်းခြင်း မရှိပါက သူ ပြန်လာရသော အခါ မကျေမနပ် ဖြစ်တတ် သည်။ ထို့ပြင် ထိုဝိညာဉ်သည် သင်္ချိုင်းဂူထဲမှာ အလွယ် တကူ ဝင်နိုင် ထွက်နိုင်စေရန် မီးခိုး ခေါင်းတိုင်လို လေ ဝင်ရန် အပေါက်ကလေး ဖောက်ပေးထားရသည်။

သို့သော် အခြား ဝိညာဉ် တစ်မျိုးလည်း ရှိသေးသည်။ ၎င်းကို *က* [၂] ဟု ခေါ်သည်။ ကသည် ရုပ်ပိုင်းနှင့် ဆိုင် သော ဝိညာဉ် မဟုတ်၊ စိတ်ပိုင်းဆိုင်ရာ ဝိညာဉ် ဖြစ်သည် ဆို၏။ ထိုဝိညာဉ်၏ ရည်ရွယ် မှန်းထားချက်များနှင့် ထိုး ထွင်း သိမြင်မှုများကို ဆန့်ကားထားသော လက်နှစ်ဖက် ဖြင့် သင်္ကေတ အမှတ်အသား ပြုထားတတ်ကြသည်။ ဤ စိတ်နှင့် ဆိုင်သော ဝိညာဉ်သည် သေပြီး နောက်တွင် သေ သူ၏ သင်္ချိုင်းဂူ အနီးတွင် ချထားသော သေသူနှင့် အရွယ် တူ အရုပ်တွင် တွယ်မှီ၍ နေတတ်သည်။ ထို အရုပ်ကို လည်း သူ၏ ယခင် ဘဝကို သရုပ်ဖော်ထားသော ပုံအဖြစ် နှစ်သက် သဘောကျလျက် နေတတ်သည် ဆို၏။

ကနှင့် ဘတို့တွင် ကက ဘထက် အဆင့် မြင့်သည် ဟု ဆိုသည်။ တစ်ခါတလေ ထိုဝိညာဉ် နှစ်ခုကို ငှက် တစ် ကောင်၏ ဖြန့်ကားထားသော တောင်ပံ နှစ်ဖက် အဖြစ် တင်စား၍လည်း သရုပ် ဖော်တတ်ကြသည်။

ထိုငှက်သည် သေသော အခါ ကောင်းကင်ဘုံသို့ အရောက် ပျံသန်းသွားသော *အိခု* [၃] ဝိညာဉ် (အမြင့်ဆုံး အသိဉာဏ်) ဖြစ်သည်ဟုလည်း ယူကြသည်။

အဆင့် နိမ့်သော အခြား ဝိညာဉ်သည် လူသွားရာ အရုပ်သို့ အမြဲ ကပ်၍ ပါသော အရိပ်ပင် ဖြစ်သည်ဟု အီဂျစ် လူမျိုးများ ယူဆကြလေသည်။

သို့ဖြစ်ရာ ပျော်စရာ ကောင်းသော နောင် တမလွန် ဘဝ ရရှိရေးသည် သေသူ၏ အလောင်းကို ကောင်းစွာ ထိန်း သိမ်းထားမှု အပေါ်မှာ တည်ကြောင်း ထင်ရှားပါသည်။

အီဂျစ် လူမျိုးများသည် ထိုကဲ့သို့ အလောင်းများကို ကြာရှည် ခံအောင် ထိန်းသိမ်းရန် ရှေးအခါက ကြိုးပမ်း ခဲ့ကြလေသည်။ နောက်ဆုံးတွင် သူတို့သည် မမ်မီ ခေါ် အလောင်းများ ထုပ်ပိုးသည့် နည်းပညာ၏ လျှို့ဝှက်ချက် ကို ရရှိခဲ့ကြလေတော့၏။ ဤကဲ့သို့ အလောင်းကို ကြာရှည် ခံအောင် ဆေးစီရင်ခြင်းကို ကျွမ်းကျင်သူများ၊ ကြေးစား ပညာရှင်များကသာ ပြုလုပ်ရသည်။

ဤကဲ့သို့ ဘ ခေါ် ကာယ ဝိညာဉ် အတွက် အလောင်း ကို ကြာရှည်ခံအောင် ဆေး စီရင် ထားရသလို စိတ္တ ဝိညာဉ် က အတွက်လည်း သေသူ၏ သင်္ချိုင်း ဘေးမှာ ရုပ်တု ထား ပေးရသည်။ ထိုရုပ်တုကိုလည်း အစားအစာများ၊ အိမ် အသုံး အဆောင်များပါ ထားပေးရသည်။

ဘ၏ အလို ဆန္ဒများ အတွက် ကရားများတွင် ရေ၊ ဝိုင်အရက်၊ ကောက်ပဲသီးနှံ၊ စွန်ပလွံသီး၊ ကိတ်မုန့် စသည် တို့ကို ထည့်ပေးထားရသည်။ အသားနှင့် ကြက် ဘဲ စသည် တို့ကိုလည်း မီးရှို့ပြီး ပြာ အဖြစ် ပေးရသည်။

က အတွက်မူ ကုလားထိုင်၊ အိပ်ရာ ခုတင်၊ ယာဉ် ရထားများကို မူလ အရွယ်အစား အတိုင်း ထားပေးရ သည်။ ပြီးနောက် ရာပေါင်း များစွာသော ပုံစံငယ်ဖြင့် ပြု လုပ်ထားသော အသုံးအဆောင်များ၊ ကျေးကျွန်များ၊ မီးဖို

---

၁။ ba  ၂။ ka

၃။ ikhu

ချောင် ပစ္စည်းများ၊ ပေါင်မုန့်၊ ငါး၊ ဘီး၊ ဆံထိုး၊ ဆံညှပ်၊ ခေါင်းလိမ်းဆီ၊ လှေ၊ စီးစရာ ယာဉ်များ၊ ကစားစရာများပါ မကျန် ပြုလုပ်ပေးရသည်။ ချမ်းသာသူများမှာမူ ၎င်းတို့၏ သင်္ချိုင်းတွင် ရွှေထည် ငွေထည်များပါ ထည့်ပေးတတ်ကြသည်။ ဘာမျှ မကျန်ရအောင် အပြည့် ထည့်ပေးရသည်။ ဘာမျှ မေ့ကျန်ခဲ့ခြင်း မရှိရပေ။

အမျိုးသမီးများနှင့် ကျေးကျွန်များ၏ ပုံစံ အရုပ်ငယ်များနှင့် ပတ်သက်၍ 'မရဏကျမ်း' ထဲတွင် အခန်း ကဏ္ဍ တစ်ခု ဖွင့်၍ အကျယ်တဝင့် ဖော်ပြထားလေသည်။

ထို မိန်းမရုပ်များနှင့် ကျေးကျွန်ရုပ်များသည် သေဆုံးသွားသူ အတွက် အလုပ်အကျွေး ပြုကြရန် မျှော်လင့်ထားပေသည်။

အိတ် တစ်လုံးနှင့် ပေါက်ပြား တစ်လက်ကို ကိုင်ထားသော ယောက်ျား ရုပ်တု၏ ရင်ဘတ်ပေါ်တွင် ဂါထာ မန္တရား တစ်ခုကို ရေးထားသည်။

'အို ရုပ်တု၊ သင်သည် သေသူ ဦး··· ၏ အလုပ်အကျွေး ဖြစ်၏။ သင်သည် အခါ ခပ်သိမ်း ငါ့အတွက် အဖိုးတန်သူ ဖြစ်စေရမည်။ ငါ့ အတွက် လယ်ယာကို ထွန်ယက်ရမည်။ ပင်လယ် ကမ်းစပ်ကို ရေဖြင့် ပြည့်စေရမည်။ အရှေ့ဘက်က သဲများကို အနောက်ဘက်သို့ သယ်ပို့ ရမည်။ ဤတွင် အကျွန်ုပ် ရှိပါသည်ဟု သင် ဆိုရမည်။'

ဤကား လိုသော အကျိုးကို ရအောင် ကျိန်စာ တိုက်ထားခြင်း ဖြစ်၏။

ထို့နောက် အခြား ကမ္ဘာတွင် ဝိညာဉ်၏ ဖြစ်ပေါ်ပုံ သမိုင်းကြောင်းသည် ဘယ်သို့ ရှိသနည်း။

ဤကိစ္စတွင် သဘော ညီညွတ်မှု မရှိကြပါ။ တစ်ခေတ် တစ်ခါစီတွင် အယူအဆများ အမျိုးမျိုး အဖုံဖုံ ကွဲပြား နေတတ်သည်။

စောစောပိုင်းကမူ ကောင်းကင်နတ် နွတ်က ဝင်ရိုးစွန်းကို လှည့်ပတ်နေသော ကြယ်တာရာတို့၏ နယ်ပယ်သို့ ဦးစား ပေးခံရသော ဝိညာဉ်များ (ဘုရင်များ၏ ဝိညာဉ်များ) ကိုသာ ဝင်ခွင့်ပြုခဲ့သည်ဟု ယူဆခဲ့ကြလေသည်။

ထိုကြယ်တာရာတို့၏ လှည့်ပတ် သွားလာရာ နေရာသည် အနိစ္စ တရား၊ ဇရာ တရားတို့ကို လွန်မြောက်သော နေရာ ဖြစ်သည် ဆို၏။

ရာကို ရှိခိုး ကိုးကွယ်သူများမှာ အခြားသော မျှော်လင့်ချက်များ ရှိကြသည်။

သူတို့၏ သင်္ချိုင်း ဂူထဲတွင် လှေများကို ထည့်သွင်းပေးထားသည်။

ထို့ကြောင့် သူတို့သည် အရှေ့ဘက်က ပင်လယ်ကြီးကို ရွက်လွှင့် ခုတ်မောင်း၍ သွားနိုင်ကြသည်။ ထို့နောက် သူသည် နေနတ်သား၏ လှေနှင့် ပူးပေါင်းရန် ဖြစ်၏။

ဤ အယူအဆသည် ဒဏ္ဍာရီထဲတွင် ဖြစ်ထွန်းလာရာ၌ ဤသို့ နေမင်း၏ လှေနှင့် ပူးပေါင်းရန် သွားသော ခရီးတွင် အခက်အခဲပေါင်း များစွာကို တွေ့ကြုံရသည်။ ရန်အန္တရာယ် အမျိုးမျိုးကို ကျော်ဖြတ်ရသည်။

အရှေ့ဘက် ပင်လယ်သည်လည်း ဒဏ္ဍာရီထဲတွင် ကြာကန်ကြီး ဖြစ်သွားသည်။ ထို ကြာကန်ကို ဖြတ်သန်းရာတွင် အမှတ် မရှိ သတိ မမူသော လှေသမား လှော်ခတ်သော ကူးတို့ လှေဖြင့် ဖြတ်သန်းရ၏။ သူ့အား ခရီးသည် တစ်ဦးကို ဆောင်ယူ သွားပေးပါရန် ချော့ရမည် ဖြစ်၏။

တစ်ခါတစ်ရံ ထိုလှေသမားကို ဆွဲဆောင် ပြောဆို၍ မရသော အခါလည်း ရှိ၏။ ထိုကဲ့သို့သော အခါမျိုးတွင် ဝိညာဉ်သည် ထိုကန်ရေပြင်ပေါ်တွင် နံ့သာ အမွှေးအကြိုင်များ မွှိုင်းတိုက်ထားသော တိမ်ထဲတွင် ပေါလော မျောနေရ၏။ ထို ခရီး တစ်လျှောက်တွင် အရာ ခပ်သိမ်းတို့သည် အသက် ရှင်လျက် ရှိကြပြီး စကား ပြောနိုင်ကြကြောင်း သူ တွေ့ရလေသည်။ အသေ ဆို၍ ဘာမျှ မရှိ။ လှေကို လှော်ခတ်သည့် တက်များသည်ပင်လျှင် စကား ပြောနိုင်၏။ လှေကလည်း စကား ပြောတတ်သည်။

ကန်ရေပြင်ကို လွန်သွားပြန်တော့လည်း ဟိုမှာဘက်တွင် အခက်အခဲ ဘေးအန္တရာယ် များစွာ ကျန်ရှိသေး၏။ ပိတ်ဆို့ထားသော ဂိတ်ဝများလည်း ရှိ၏။ ရက်စက် ကြမ်းကြုတ်သော တိရစ္ဆာန်များကိုလည်း ရင်ဆိုင်ရသေး၏။ မြွေဆိုးကြီးများကိုလည်း ရင်ဆိုင်ရ၏။ ထူးဆန်းသော ခယောင်းတောများကိုလည်း ဖြတ်သန်းရပြန်၏။

နောက်ဆုံးတွင် ဝိညာဉ်သည် အောင်ပွဲ ရပြီးနောက် နေနတ်မင်း ရှိရာ လမ်းပေါ်သို့ ရောက်သွား၏။ ထိုနေရာကျမှ သူသည် အနားယူ၍ နေနိုင်တော့၏။ သို့ မဟုတ် သူသည် နေနတ်သားနှင့်အတူ မြေကို လှည့်လျက် အနောက်ဘက် ကမ္ဘာသို့ လိုက်သွားနိုင်တော့၏။

ထို မြေအောက် ကမ္ဘာတွင် အလွန် နက်ရှိုင်းသော ညဏ်၏ လိုဏ်ခေါင်းကြီး ဆယ့်နှစ်ခုကို ဖြတ်ရသေးသည်။ ထိုလိုဏ်ခေါင်း တစ်ခုစီတွင် နာရီ အပိုင်းအခြားအားဖြင့် ပိတ်ဆို့ထားသော ဂိတ်တံခါးကြီးများကို ကျော်ဖြတ်ရခြင်း ဖြစ်သည်။

ဤအယူအဆတွင် စိတ်ဝင်စားဖွယ် ကောင်းသော အချက်မှာ သေသူများ၏ ဝိညာဉ်များသည် ကြယ်တာရာ

များ ဖြစ်သွားကြသည်။ သို့မဟုတ် နေမင်းထဲတွင် ပေါင်း ဝင်သွားကြသည်။

ဤသို့ ကူးပြောင်းရာတွင် ဘဝ တစ်ခုမှ တစ်ခုသို့ ဇာတိ တစ်ဖန် ဖြစ်ပေါ်သော နည်းဖြင့် ကူးပြောင်းသွား ရသည်ဟုလည်း အယူ ရှိကြလေသည်။

### အိုဆီရစ်၏ နေပြည်တော် [၁]

အလွန် ရှေးကျသော (ရှေး အကျဆုံး အယူအဆဟုပင် ဆိုနိုင်သော) တမလွန် ဘဝ အယူအဆလည်း ဖြစ်၍ ပီး ရမစ် ခေတ်တွင် လူသိ အများဆုံး အယူအဆမှာ 'အိုဆီ ရစ်၏ နေပြည်တော်' ဆိုသော အယူအဆ ဖြစ်သည်။ လူ တစ်ဦးသည် ထို မင်းနေပြည်တော်သို့ ဘယ်ပုံ ဘယ်နည်း ရောက်အောင် သွားရသနည်း ဆိုသော အချက်တွင်မူ ခေတ် ကာလနှင့် နေရာ ဒေသ မတူလျှင် မတူသလို အယူအဆ ကွဲပြားလျက် ရှိလေသည်။

အယူအဆ တစ်ခုမှာ အိုဆီရစ်၏ ကောင်းခြင်း မင်္ဂလာ အပေါင်းနှင့် ပြည့်စုံသော အိုဆီရစ်၏ အနောက် ဘက် ကမ္ဘာသို့ ဝင်ရာ ဝိညာဉ်၏ ဝင်ပေါက်သည် *အဘိဒေါ်* [၂] ဆိုသော နေရာတွင် စတင်သည်။ အလွန် ရှည်လျားသော ချိုင့်ဝှမ်းကြီး၏ အထက်ပိုင်းတွင် ရှိသည်။ ထိုနေရာမှ စ၍ အိုဆီရစ်သို့ သွားရာလမ်းသည် စတင်သည်။ ဝိညာဉ်သည် ထိုနေရာက စ၍ သန်မာ ထွားကျိုင်းပြီး ခွန်အား ရှိလာ သည်။ သူ၏ ရှည်လျားသော ခရီးကို စတင်ရတော့မည် ဖြစ်၏။

အိုဆီရစ်သည် မသိနိုင်သော လောက၏ နယ်စပ် ဖြစ် ၏။ ထိုမှ အလွန်တွင် ကမ္ဘာ၏ အဆုံး ရှိ၏။ တောင်တန်း များ ကွယ်လျှင် နေမင်းသည် မြင်ရသော လောကကို ကျော ပေး၍ ကြယ် နက္ခတ်တို့၏ အောက် ကမ္ဘာထဲသို့ သက် ဝင်သွားသည်။

ထိုနေရာတွင် မြေဩဇာ ကောင်းသော ကျွန်းများဆီ သို့ ရောက်ရှိသွား၏။ ထိုနေရာတွင် ဆန်စပါး၊ ကောက်ပဲ သီးနှံများကို အခြားသော နေရာများမှာထက် ပို၍ စိုက်ပျိုး ဖြစ်ထွန်းသည်။

သို့သော် တချို့ အယူအဆများ၌ အိုဆီရစ်၏ လယ် ကွင်းပြင်များသည် မြောက် အရပ်မှာ ရှိသည်ဟု ဆိုကြသည် (ထိုအရပ်သည် မြစ်ဝကျွန်းပေါ် ဒေသ ဖြစ်သည်။)။ သို့ မဟုတ် ပင်လယ်၏ ဟိုမှာဘက် ဖြစ်သော ဆီးရီးယားမှာ ရှိသည်ဟုလည်း ဆိုသည်။ ပို၍ ဝေးကွာသော အရပ် ဖြစ် သော နိုင်းမြစ် အဖြူ ရှိရာ ကောင်းကင်မှ နဂါးငွေ့တန်းမှာ ရှိသည်ဟုလည်း အယူ ရှိကြသေးသည်။

ထိုအရပ်သည် ဘယ်နေရာမှာပင် ရှိစေကာမူ သဘော အားဖြင့်ကား ထိုနေရာသည် စိတ်ချမ်းသာဖွယ် ကောင်းသော နေရာ ဖြစ်၏။ ထိုနေရာသည် မြေဩဇာ ကောင်းပြီး ဟင်း သီး ဟင်းရွက် အပင်များသည်ပင်လျှင် ဆယ့်နှစ်ပေခန့် မြင့် ၏။ ထိုနေရာတွင် ဝိညာဉ်သည် သစ်ပင်ရိပ်၌ သက်သောင့် သက်သာ ထိုင်ပြီး သူ့ကျွန်များက သူ့အတွက် ထွန်ယက် စိုက်ပျိုး ရိတ်သိမ်း ပေးနေကြသည်ကို စောင့်ကြည့်၍ နေ နိုင်သည်။ အလွန် ကောင်းသော အရပ် ဖြစ်သည်။ သေသူ သည် ထိုနေရာတွင် ထိုင်၍ ပြုံးရွှင်နေသော သူ၏ ဇနီးများ ဖြင့် ဆော့ကစား နေနိုင်သည်။

ထိုကဲ့သို့သော ကောင်းချီး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံသော အဖြစ်သို့ လူတိုင်း ရောက်ထိုက်သည်ကား မဟုတ်ချေ။ ဝိညာဉ်သည် ဤသုခချမ်းသာ ဘုံထဲသို့ ဝင် ခွင့် မရမီ တရား စီရင်ခြင်းကို ခံရသေး၏။

'မရဏကျမ်း' တွင် သရုပ်ဖော်ထားသကဲ့သို့ သေ သူအား တရား စစ်ဆေး မေးမြန်းခြင်းကို အိုဆီရစ်၏ မျက် မှောက်တွင် ပြုလုပ်ရသည်။

သူ ပြုခဲ့သော ကောင်းမှု ကုသိုလ်နှင့် မကောင်းမှု အကုသိုလ်များ အတွက် စီရင်ခြင်း ခံကြရသည်။ ထို့နောက် ဝိညာဉ်ကို သစ္စာမဏ္ဍိုင် ခန်းမကြီးထဲသို့ ခေါ်သွားသည်။ မြေခွေး ဦးခေါင်းတပ် နတ် အနုဘစ်က ခေါ်သွားခြင်း ဖြစ်သည်။ သူသည် သင်္ချိုင်းစောင့် နတ် ဖြစ်၏။

ဝိညာဉ်သည် ထိုနေရာ၌ အိုဆီရစ် ဘုရား၏ ရှေ့ မှောက်တွင် မတ်တတ် ရပ်လျက် နေရသည်။ အိုဆီရစ် သည် တရား ပလ္လင်တော်မှာ ထိုင်လျက် နေသည်။ သူ၏ ဝဲယာတွင် အိုက်ဆစ်နှင့် သူ၏ ညီမတော် *နက်ပသီး* [၃] တို့ က အတူ စံစားလျက် ရှိကြလေသည်။

ဝိညာဉ်သည် သေသူများ၏ အရှင်သခင်ကို မြင်ရ လေသော အခါ သူသည် သူ၏ အဖြစ်ကို လျှောက်ထား ရမည် ဖြစ်၏။ ထိုသို့ လျှောက်ထားသော အခါ သူသည် ဘယ်လို မကောင်းမှုတွေ ပြုခဲ့ကြောင်း ဝန်ချခြင်း သော် လည်းကောင်း၊ မကောင်းမှု ပြုခဲ့ခြင်း အပြစ်များ အတွက် သံဝေဂ ရခြင်းသော် လည်းကောင်း မပြုရ။

---

၁။ The Kingdom of Osiris  ၂။ Abydos

၃။ Nepthys

သူ ပြောရမည်မှာ ဘယ်လို မကောင်းမှု ဒုစရိုက်တွေကို သူ မပြုလုပ်ခဲ့ကြောင်း လျှောက်လဲချက် ပေးရခြင်း ဖြစ်၏။

'အို သစ္စာတော် အရှင်မြတ် ဘုရား၊ အကျွန်ုပ် လျှောက်ထားသည်ကို နားဆင်တော်မူပါလော့၊ အကျွန်ုပ်သည် မှန်သော သစ္စာစကားတို့ကို ယူဆောင်၍သာ အရှင်ဘုရားထံမှောက်သို့ ရောက်လာပါ၏၊ အကျွန်ုပ်သည် အမှားအယွင်း ဟူ၍ မြူမျှ မပြုလုပ်ခဲ့ပါ၊ မကောင်းမှု ဟူသမျှကိုလည်း အကျွန်ုပ် မသိပါ၊ အရှင်ဘုရား မလိုလားအပ်သော အမှုကိစ္စ မှန်သမျှကို မပြုလုပ်ခဲ့ပါ၊ မည်သူ့ကိုမျှလည်း ဝတ်မွတ်အောင် အကျွန်ုပ် မပြုလုပ်ခဲ့ပါ၊ မည်သူ့ကိုမျှ မျက်ရည်ပေါက် ကြီးငယ် ကျအောင်လည်း အကျွန်ုပ် မပြုလုပ်ခဲ့ပါ၊ လူကိုလည်း အကျွန်ုပ် မသတ်ခဲ့ပါ၊ ပါဏာတိပါတ ကံကို ကျူးလွန်အောင်လည်း မည်သူ့ကိုမျှ အမိန့် မပေးခဲ့ပါ၊ လူအပေါင်းတို့ကို ဆင်းရဲဒုက္ခ ရောက်အောင်လည်း တစ်စုံတစ်မျှ မပြုလုပ်ခဲ့ပါ၊ ဘုရား ဝတ်ကျောင်းတော် အတွင်းမှာလည်း အစားအသောက်တို့ကို လျော့ပါးအောင် မပြုလုပ်ခဲ့ပါ၊ သေသူတို့ အတွက် ပူဇော်ထားသော အစားအသောက်ကိုလည်း ကျွန်ုပ် ယူမစားခဲ့ပါ၊ ကာမေသုမိစ္ဆာစာရကိုလည်း မကျူးလွန်ခဲ့ပါ၊ အလေးစဉ်းလဲ ချိန်စဉ်းလဲကိုလည်း မပြုလုပ်ခဲ့ပါ၊ ကလေးတို့၏ ပါးစပ်ဝမှ နို့ရည်ကိုလည်း မယူခဲ့ပါ၊ ကျွဲနွားတို့ကိုလည်း သူတို့၏ စားကျက်ပေါ်မှ မောင်းထုတ်ခြင်း အမှုကို မပြုလုပ်ခဲ့ပါ၊ မြစ် ချောင်းတို့ကို ပိတ်ဆို့ပြီး မြစ်ရေကို တခြားသူတို့ မသုံးစွဲရအောင်လည်း မပြုလုပ်ခဲ့ပါ၊ နတ်များကိုလည်း နှောင့်ယှက်သမှု မပြုလုပ်ခဲ့ပါ၊ ကျွန်ုပ်ကိုယ်ကို လေးကြိမ် တိုင်တိုင် ဝိသုဒ္ဓိ ဖြစ်အောင် ပြုခဲ့ပြီး ဖြစ်ပါသည်၊ ကျွန်ုပ်သည် သန့်စင်သောသူ ဖြစ်ပါ၏'

အလားတူ လျှောက်ထားခြင်းများကို တရားခွင်ပေါ်မှာ ထိုင်နေသော တရားသူကြီးများ (အီဂျစ် ပြည်၏ လူမျိုးစု နုန်း တစ်ခုစီကို ကိုယ်စားပြုသော တရားသူကြီး တစ်ဦးစီ ဖြစ်၏။) ရှေ့မှောက်တွင် လေးဆယ့်နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ရသည်။

သူ၏ အပြစ်များကို အနုဘစ် သံချိုင်းစောင့်နတ်က သေသူ၏ နှလုံးကို ငှက်ကုလားအုတ်၏ အမွေးဖြင့် ချိန်ခွင်ကို ကိုင်လျက် ချိန်စက်ရသည်။

အသည်း နှလုံးသည် ကောင်းမှု ကုသိုလ်၏ အာနုဘော်ကြောင့် ပေါ့ပါးနေလျှင်၊ ချိန်ခွင်၌ အလေးစီးပြီး စောင်းမသွားလျှင် သောဘ်က မှတ်တမ်း တင်၍ အိုဆီရစ်ထံ အစီရင် ခံရသည်။

ထိုအခါ ကုသိုလ် ကောင်းမှု ပြုခဲ့သော ဝိညာဉ်ကို အိုဆီရစ်၏ အမတ သုခဘုံထဲသို့ ဝင်ခွင့်ပြုလေသည်။ သို့သော် ချိန်ခွင်က သေသူ၌ အပြစ် လေးကြောင်း ဖော်ပြလျှင် ၎င်း အပြစ် အတွက် ပေးဆပ်ခြင်းကို ပြုရ၏။

အချို့သော အယူအဆများ အရ ထိုဝိညာဉ်သည် ထူးဆန်းသော သတ္တဝါကြီး *ဒီဗိုးရက်စ်* [၁] ၏ ဖျက်ဆီးခြင်းကို ခံရသည်။

၎င်း သတ္တဝါကြီးမှာ မိကျောင်း ခေါင်း မိကျောင်း ပါးစပ် ရှိသည်။ ရှေ့ပိုင်းမှာ ခြင်္သေ့ကိုယ်၊ ဖင်ပိုင်းမှာ ရေမြင်းကိုယ် ရှိသည်။ တရား စီရင်ရာ အနီးတွင် ဆာလောင်မွတ်သိပ်စွာ စောင့်ဆိုင်းနေသည်။ အပြစ် စီရင်ခြင်း ခံရသူအား ခုန်အုပ်ပြီး ကိုက်စားတတ်လေသည်။ အခြားသော အယူအဆ အရ အပြစ် ရှိသော သူ၏ ဝိညာဉ်သည် ငရဲသို့ ပစ်ချခံရသည်။ ငရဲသို့ ကျသွားသူသည် အပြင်းအထန် နှိပ်စက်ခြင်းကို ခံစားကြရသည်။

## တစ်ပါးတည်းသော ဘုရား ကိုးကွယ်ရေး အတွက် အိက္ခဏာတွန်၏ စွန့်စား ကြိုးပမ်းမှု [၂]

ယခုအထိ ကျွန်ုပ်တို့ ရှေ့ပိုင်း၌ လေ့လာ စူးစမ်းခဲ့ချက်များ အားလုံးသည် *ဘုရား အများ ကိုးကွယ်မှု အယူဝါဒ* [၃] များ ဖြစ်ကြလေသည်။ သို့ရာတွင် အီဂျစ် လူမျိုးတို့၏ ဘာသာ ကိုးကွယ်မှု သမိုင်းတွင် စိတ်သဘောထား မြင့်မားသူများသည် ဘုရား တစ်ပါးတည်း ကိုးကွယ်မှု ပြုပြင် ပြောင်းလဲရေး အတွက် ကြိုးပမ်းခဲ့ကြောင်း ဖော်ပြလျက် ရှိလေသည်။

ဤ အယူအဆသည် ဖာရိုး ဘုရင်ငယ် တစ်ပါး၏ အသိဉာဏ်တွင် စိတ်အား ထက်သန်မှု ဖြစ်ပေါ်ရာက စတင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်လေသည်။

ထိုဘုရင်ငယ်၏ နန်းတော်ထဲတွင် ဘုရား တစ်ပါးတည်း ကိုးကွယ်မှု အယူအဆသည် စတင် ဖြစ်ပေါ် နေခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ ဘုရား တစ်ပါးတည်း ကိုးကွယ်ရေး အယူအဆများကို ဘုရင်ငယ်သည် သူ့ဖခင် *ဒုတိယမြောက် အမင်ဟိုတက်ပ် ဘုရင်* [၄] ၏ ဗိသုကာ နှစ်ဦး သီဆိုသော နတ်ဘုရားကို ချီးမွမ်းသည့် ဓမ္မ သီချင်းသံထဲတွင် ကြားသိခဲ့ရလေသည်။

---

၁။ The Devouress

၂။ Ikhnaton's venture in Monotheism

၃။ Polytheism    ၄။ Amenhotep II

ထို ဓမ္မသီချင်းထဲတွင် ဘုရား တစ်ပါးတည်းအား ကိုးကွယ်သော အယူအဆနှင့် ပတ်သက်သော လှုံ့ဆော်မှုများ ပါဝင်လေသည်။

ထို ဖာရိုး ဘုရင်ငယ်သည် ထို ဓမ္မ သီချင်းသံကို ကြားရသော အခါ များစွာ စိတ်ဓာတ် တက်ကြွသည်။ ထို အခါ သီချင်းထဲတွင် ပါဝင်သော နေစကြဝဠာ၏ အရှင် အာတွမ် အမည်ကို သူ နှစ်သက်သည်။ ထို့ကြောင့် မိရိုးဖလာ ကိုးကွယ်လာခဲ့သော အမျိုးသား နတ်ဘုရား *အာမွန်* [၁] ၏ အမည်ကို သူက *အာတွမ်* [၂] ဟု ပြောင်းလဲ လိုက်လေသည်။ ထို့နောက် အာတွမ်ကိုသာ တစ်ပါးတည်းသော နတ်ဘုရား အဖြစ် ကိုးကွယ်ကြရမည်ဟုလည်း အမိန့် ပြန်တမ်း ထုတ်ပြန်ခဲ့လေသည်။

အာတွမ်ကို တစ်ပါးတည်းသော၊ အရာခပ်သိမ်းတို့ကို ဖန်ဆင်းသော အရှင်၊ သက်ရှိ သက်မဲ့တို့ အားလုံးကို အစိုးရတော်မူသော အရှင် အဖြစ် ယူဆခဲ့လေသည်။

ယခုအခါ အီဂျစ်ပြည်ရှိ ဘုရား ဝတ်ပြုရာ ကျောင်းတော်များတွင် ကောင်းကင်ဘုံ၌ စံနေတော်မူသော တစ်ပါးတည်းသော ထာဝရ ဖန်ဆင်းရှင် နတ်ဘုရားကို ပသရန် အတွက် ဘုရား ရှိခိုးသော အခါ ဤသို့ တရားဟော ဆရာ ဘုန်းကြီးက သီဆို ရလေသည်။

ကောင်းကင်ပေါ်၌ အလှပဆုံး အရုဏ်ဦးကို ဆောင်တော်မူတတ်ထသော၊

သက်ရှိ အားလုံးတို့ကို စတင် ဖြစ်ပေါ်အောင် ဖန်ဆင်းတော်မူတတ်ထသော၊

အာတွမ် အရှင်ဘုရားသည် အရှေ့ဘက် ဥဒည်းစွန်းက ပေါ်ထွန်းလာသော အခါ

အရှင်သည် မြေကမ္ဘာ တစ်ခွင်လုံးကို အလှ ကျက်သရေဖြင့် ဖုံးလွှမ်းတော် မူတတ်ပါပေ၏။

အရှင်သည်သာလျှင် ကမ္ဘာမြေ တစ်ခွင်လုံး အပေါ်၌ မိုးမြေ အဆုံးတိုင် လှပစွာ ကြီးကျယ်စွာ ထွန်းလင်းတောက်ပလျက် နေတော်မူပါပေ၏။

ဤကား အာတွမ် ဘုရားကို ရှိခိုးသော ဘုရားရှိခိုးစာ ဖြစ်၏။

ဖာရိုး ဘုရင်ငယ်သည် ဘုရားဝတ်ပြုရာ ကျောင်းများနှင့် အထိမ်းအမှတ်များ အားလုံး ရှိရှိသမျှ အာမွန်နှင့် တကွသော အခြား နတ်များ၏ အမည် မှန်သမျှကို ဖျက်ဆီး ချေမှုန်း ပစ်ကြရန်လည်း အမိန့် ထုတ်ခဲ့လေသည်။ ရှေးက ကိုးကွယ်ခဲ့ကြသော အိုဆီရစ်၏ အမည်ကိုပင် ဘေးဖယ်ပစ်လိုက်ပြီးလျှင် မေ့ပျောက် သွားစေလေတော့၏။ သူ၏ နန်းတော် အယူအဆကို အထောက်အကူ ပြုစေရန် အတွက် ပတ်ဝန်းကျင်သစ်ကိုပါ ဖန်တီးခဲ့လေသည်။

ဘုရင် အီက္ခဏာတွမ်သည် ခမ်းနား ထည်ဝါသော နေပြည်တော်သစ်ကို သီးဘီးစ်မြို့မှ နိုင်းမြစ် အောက်ပိုင်းသို့ ရွှေ့ပြောင်း တည်ထောင်ခဲ့လေသည်။

ထိုမြို့တော်ကို *အက္ခီတာတွမ်* [၃] ဟုလည်း အမည်ပေးခဲ့သည်။ ၎င်း၏ အဓိပ္ပာယ်မှာ 'အာတွမ်၏ မိုးကုပ်စက်ဝိုင်း' ဟု အနက် ရသည်။

ဘာသာ အယူဝါဒသစ်၏ ဗဟို ဌာနများ အဖြစ် အလားတူ မြို့သစ်များ ဖြစ်သော *နူဘီးယား* [၄] နှင့် *ဆီးရီးယား* [၅] ကိုလည်း တည်ထောင်ခဲ့လေသည်။ ထိုစဉ်က ထို မြို့များသည် အီဂျစ် ပိုင်နက်ထဲမှာပင် ရှိသေး၏။

သို့သော် အီက္ခဏာတွန်၏ ပြုပြင် ပြောင်းလဲရေးသည် သူ့ကို သက်ဆိုး မရှည်စေခဲ့ပေ။ သူ၏ သမက် ဖြစ်သူသည် အာမွန် နတ်ဘုရားကို ကိုးကွယ်ကြသော နတ်ဆရာများနှင့် ပူးပေါင်း ကြံစည်ပြီးလျှင် သူ့ အရိုက်အရာကို ဆက်ခံခဲ့လေသည်။

သူ့ အမည်ကိုလည်း *တူတန်ခါတွန်* [၆] မှ *တူတန်ခါမွန်* [၇] ဟု ပြောင်းလဲ ပစ်ခဲ့လေသည်။ ရှေးက ဘာသာ အယူဝါဒကို ပြန်လည် တည်ထောင်၍ ထိန်းသိမ်းသော အခါ လူ မြင်ရာ အရပ်တိုင်းတွင် အာတွမ် နတ်ဘုရား၏ အမည်ကို ဖျက်ဆီး ပစ်ခဲ့ကြလေသည်။

အာမွန်၊ အိုဆီးရစ်၊ အိုက်ဆစ်နှင့် ဟောရပ်စ်တို့သည် ရှေးက အတိုင်း ပြန်လည်၍ တန်ခိုးကြီး နတ်ဘုရားများ ဖြစ်လာကြပြန်လေသည်။

နောင်အခါ ခရစ်ယာန် အယူဝါဒက ၎င်းတို့ကို ချေမှုန်းသည် အထိ အခြား နတ်ဘုရားများကို ပြန်၍ ခေါင်းထောင်လာခွင့် မပြုခဲ့ကြတော့ပေ။

## ၂။ ဘေဘီလိုနီးယား [၈]

မြို့ကြီးပြကြီး၊ အစိုးရ အုပ်ချုပ်ရေး စနစ်များနှင့် အရပ်စာ၊ ဘုရားဝတ်ပြုရာ ကျောင်းတော်များနှင့် နတ်ဆရာ ဘုန်းကြီး

---

၁။ Amun ၂။ Atum

၃။ Akhetatom ၄။ Nubia ၅။ Syria
၆။ Tutankhaton ၇။ Tutankhamon ၈။ Babylonia

များသည် မက်ဆိုပိုတေးမီးယားတွင် အီဂျစ်ထက် စောစွာ ပေါ်ပေါက်ခဲ့လေသည်။ သို့သော် သူတို့၏ ယုံကြည် ကိုးကွယ်မှုမှာ ပို၍ ကြမ်းကြုတ်ပြီး ပို၍ သရုပ်မှန် ဆန်ပြီး ဤလောကီ ကိစ္စများနှင့် ပို၍ ပတ်သက်သည်။

ဤသို့ ဖြစ်ရခြင်းမှာ အကြောင်း လုံလောက်သည်။

အီဂျစ်သည် အရှေ့ အနောက် နှစ်ဖက်စလုံးတွင် လူနေ နည်းပါးသော သဲကန္တာရများက ကာဆီးထားသည်။ တောင်ဘက်တွင် တောင်ကျချောင်းများ၊ ရေတံခွန်ကြီးများ ရှိသည်။ မြောက်ဘက်တွင် ပင်လယ်များ ဝိုင်းရံ ကာဆီးထားသည်။

မက်ဆိုပိုတေးမီးယားကတော့ ၎င်းကို ရေ ပေးသော မြစ်ကြီး နှစ်ခု ကြားမှာ တည်ရှိပြီး မြေသြဇာ ကောင်းမွန်သော မြေပြန့် လွင်ပြင်ကြီး ဖြစ်နေသည်။ အဘက်ဘက်က ဝန်းရံ၍ ဝင်ရောက် ကျူးကျော် တိုက်ခိုက်လိုသော ရန်သူများ အတွက်လည်း ဖွင့်ပေးထားသလို ဖြစ်နေလေသည်။ သူတို့မှာ ထာဝရ တည်မြဲခြင်း သဘောကို စဉ်းစားဖို့ အချိန်ပင် မရှိပေ။ သူတို့ ဘဝမှာ အရာရာသည် မမြဲသော အနိစ္စသဘောကိုချည်း ဆောင်နေကြသည်။ သူတို့ ဘဝမှာ တည်ငြိမ်သော သဘော၊ ရေရှည်ခံသော သဘော ဘာဆို ဘာမျှ မရှိပေ။ သူတို့ အဖို့ ဘဝ ချမ်းသာကို ရနိုင်လျှင် မြန်နိုင်သလောက် မြန်မြန် အသုတ် ယူရမည်သာ ဖြစ်၏။

တစ်နည်းအားဖြင့် ထိုသဘောကို ဤသို့ ဆိုကြပါစို့။ တိုက်ဂရစ်နှင့် ယူဖရေးတီးစ် မြစ်နှစ်သွယ် ဆုံရာ စိမ့်မြေ အရပ်တွင် သမိုင်း မတင်မီက အမဲလိုက်ခြင်း၊ ငါးဖမ်းခြင်းဖြင့် အသက် မွေးနေခဲ့သော သူများသည် ထိုနေရာတွင် ကျေးရွာများ တည်ထောင်ရန် အတွက် နေရာ ပေးခဲ့ကြလေသည်။ အိမ်များကို ရွှံ့ အထပ်ထပ် မံပြီး တည်ဆောက်ခဲ့ကြလေသည်။ မြို့ပြများ တည်ဆောက်ရန် နေရာကိုလည်း ပေးခဲ့ကြသည်။

*ရောက်ချ်* [၁]၊ *ဧရိဒု* [၂]၊ *လာဂတ်ချ်* [၃]၊ *အုရ်* [၄]၊ *နိပ္ပုရ်* [၅] နှင့် အခြား မြို့များ ဖြစ်ပေါ်ခဲ့လေသည်။ ထိုမြို့များသည် တစ်ဦး အပေါ် တစ်ဦးက အနိုင်ရ လွှမ်းမိုးမှု ရရှိခဲ့ကြသည် အထိ အချင်းချင်း တိုက်ခိုက်၍ နေခဲ့ကြလေသည်။

ထို့နောက် *ဆူမားရီးယန်း မင်းနေပြည်တော်* [၆] ပေါ်ပေါက်လာခဲ့သည်။ ထို မင်းနေပြည်ကို ဆီးမိုက်တို့က တိုက်ခိုက်၍ ဝါးမျိုခဲ့လေသည်။ ထိုဆီးမိုက်များကို ပါသျှန်များက တိုက်ခိုက် ဝါးမျိုခဲ့ကြပြန်လေသည်။ ထိုနည်းတူစွာ ပင်လယ်စောင့်နတ်၊ မြစ်စောင့်နတ်၊ ကောင်းကင်စောင့်နတ်များတို့ကို မြို့များသို့ ယူဆောင် လာကြပြီးနောက် မြို့ပြများကို အင်အားကြီး နိုင်ငံများ ဖြစ်အောင် စည်းရုံးခဲ့ကြလေသည်။

အစိုးရ၏ အုပ်ချုပ်ရေး အာဏာသည် နတ်များ၏ ကောင်စီတွင် တည်ရှိခဲ့၏။ တိုက်ခိုက်ခြင်း၊ မိတ်ဖွဲ့ခြင်းနှင့် ပို၍ ကြီးကျယ်သော ရှိရှိသမျှ နတ်ဘုရားများကို ကိုးကွယ်ရာ ဗိမာန်တော် တည်ထောင်ခြင်းဖြင့် ပေါင်းစည်းခဲ့ကြသည်။ နာမည်များမှာကား မရေတွက်နိုင်လောက်အောင်ပင် များပြားခဲ့လေသည်။

## ဆူးမားရီးယန်းတို့၏ ဘုရား အမျိုးမျိုး ကိုးကွယ်ရာ ဗိမာန် [၇]

ပထမဦးဆုံး ဘုရား အမျိုးမျိုးကို ကိုးကွယ်သော ဗိမာန်မှာ ဆူးမားရီးယန်းတို့၏ ဗိမာန်ပင် ဖြစ်၏။ ထိုဗိမာန်ထဲတွင် နတ် အမည်ပေါင်း လေးထောင်ခန့်ပင် ရှိသည်ဟု ကြားရဖူးသည်။ သဘာဝ၏ အစိတ်အပိုင်းတိုင်းကို နတ်များဖြင့် တင်စား၍ ဖော်ပြထားကြသည်။ နောက်ဆုံးတွင် နတ်ကြီးခြောက်ပါးသာလျှင် အရေး အပါဆုံး၊ တန်ခိုး အကြီးဆုံး နတ်များ ဖြစ်လာကြလေသည်။ ထိုနတ်ကြီး တစ်ပါးစီသည် မြို့ကြီး တစ်မြို့စီ၏ မြို့စောင့် နတ်ကြီးများ ဖြစ်ကြလေသည်။

ကောင်းကင် အမြင့်ဘုံ၏ နတ်မင်း အနုသည် ရောက်ချ်မြို့တွင် အကြီးဆုံး နတ်မင်း ဖြစ်သည်။ ထိုနတ်သည် ကျန်သော နတ်များကို အုပ်စိုးရသော ကမ္ဘာဦးက မူလ နတ်မင်းကြီး ဖြစ်သည် ဟူ၏။

ဝသုန္ဓေ နတ်မင်း *အင်လီ* [၈] သည်ကား စစ်သူကြီးနတ် ဖြစ်၏။ ထိုနတ်သည် နိပုရ်မြို့တွင် ကိုးကွယ်သော အကြီးဆုံး နတ်မင်း ဖြစ်၏။ လစန္ဒာနတ် ဖြစ်သော 'ဆင်း' သည် အုရ်မြို့ကို အုပ်စိုးသော နတ် ဖြစ်သည်။

*ဘာဗ္ဗာရ်* [၉] (နောင်သော အခါ ဆီမိုက်တို့ ကိုးကွယ်သော အခါ ၎င်း၏ အမည်သည် *ရှမ်မာရှ်* [၁၀] ဖြစ်သွားသည်။) သည် လာဆာမြို့က အကြီးဆုံး နေနတ်မင်း ဖြစ်သည်။

---

၁။ Erech  ၂။ Eridu  ၃။ Lagash
၄။ Ur  ၅။ Nippur  ၆။ Sumerian Kingdom

၇။ The Sumerian Pantheon  ၈။ Enlil
၉။ Babbar  ၁၀။ Shamash

*အဲ သို့မဟုတ် အင်ကီ* [၁] သည် ရေနတ်မင်း ဖြစ်သည်။ သူ၏ စံရာ ဌာနသည် ဧရိဒုမြို့ ဖြစ်၏။

ထို့ပြင် မယ်တော် နတ်သမီးကြီး *နင်တွဒ်* [၂] သည် သူ့ကိုယ်သူ *အစ်ရှတာ* [၃] နတ်သမီး အဖြစ်လည်း ဖော်ပြသည်။ ထိုနတ်သမီးသည် *ကစ်ရှ်* [၄] မြို့တွင် စံစားသည်။

နတ်သားများမှာ ကြီးသည် ဖြစ်စေ ငယ်သည် ဖြစ်စေ ကြင်ရာ နတ်သမီးများ ရှိကြသည်မှာလည်း ဓမ္မတာပင် ဖြစ်သည်။ ထိုနတ်သားကို ကိုးကွယ် ဝတ်ပြုရာ ဝတ်ကျောင်းထဲတွင် သူ့ ကြင်ရာ နတ်သမီး အတွက်လည်း သီးခြား နတ်ကွန်း ပြုလုပ်ပေးထားရသည်။

ဤစည်းကမ်းနှင့် ပတ်သက်၍ ခြွင်းချက် အချို့လည်း ရှိသည်။ မယ်တော် နတ်သမီး နင်တွဒ်ကား ကြင်ရာ နတ်သား မရှိသော နတ်သမီး ဖြစ်သည်။ အနု၏ ကြင်ရာတော် နတ်သမီးလည်း မထင်ရှားပေ။ ထို့ကြောင့် သူ့အတွက် သီးခြား နတ်ကွန်း ပေးမထားရ။ သူ့ နေရာတွင် သူမ၏ သမီးတော် နတ်အပျိုစင် အင်နီမိက ဝင်ရောက်၍ နေရာ ယူထားလေသည်။

နတ် အချင်းချင်းသည် တစ်ဦးကို တစ်ဦး ရက်ရောမှု ရှိကြသည်။ မည်သည့် အုပ်စိုးသော နတ်ကမျှ သူ့မြို့ သူ့နေရာသို့ အခြားသော ကိုးကွယ်ခံ နတ်များကို မလာရဟု ပစ်ပယ်ထားခြင်း မရှိပေ။ အကြီးဆုံးသော ဘုရား ဝတ်ကျောင်းတော်ကို အကြီးဆုံး နတ်က ပိုင်ဆိုင် စေကာမူ အခြား နတ်များမှာလည်း မြို့တော်တွင် အခြား နေရာ၌ သီးခြား နတ်ကွန်းကလေးများဖြင့် နေနိုင်ခွင့် ရှိလေသည်။

ဤနတ်များကို သုံးပါး တစ်စုစီ စု၍လည်း ရသည်။ အနု၊ အင်လီနှင့် အဲ နတ်သုံးပါးကို သုံးပါး တစ်စု စုနိုင်သည်။ ဤ သုံးပါးပေါင်းသည် စကြဝဠာ တစ်ခုကို သုံးပိုင်း ပိုင်း၍ အုပ်စိုးသူများ ဖြစ်လာသည်။ ကောင်းကင်၊ မြေ၊ ရေတို့၏ သခင်များ ဖြစ်လာကြသည်။

အခြား သုံးပါးစု နတ်များလည်း ရှိသေးသည်။ ၎င်းတို့မှာ လယ်ယာ စိုက်ပျိုးရေးနှင့် ပို၍ သက်ဆိုင်ကြသည်။ ဤသုံးပါးစုတွင် ရှမ်မာ့ရှ် (နေနတ်)၊ ဆင်း (လနတ်) နှင့် အစ်ရှတာ ခေါ် ဆီးမိုက်တို့၏ မြေဩဇာ နတ်တို့ ဖြစ်သည်။ ထိုနတ်ကို မယ်တော် နတ်သမီး နင်တွဒ် အဖြစ်လည်း သတ်မှတ်၍ ကိုးကွယ်ကြသည်။ ဤကဲ့သို့ သဘောတူရာ နတ်များကို စုစည်း၍ ကိုးကွယ်ပုံ များစွာ ရှိသေးသည်။

ဤနတ်များ အနက် အစ်ရှတာ နတ်သမီးကိုမူ လူတိုင်းက လက်ခံ ကိုးကွယ်ကြလေသည်။ သူမသည် မဟာမယ်တော် နတ်သမီးကြီး ဖြစ်၏။ နတ် အပျိုစင်ကြီး ဖြစ်သည်။ မြေဩဇာ ကောင်းမွန်အောင် မစသော နတ်မိမယ် ဖြစ်ရကား သူမသည် အမျိုးသမီးများအား သားသမီး ရတနာ ထွန်းကားအောင်လည်း မစသည်။ အသီးအနှံ ပေါများအောင်လည်း မစသည်။

ဤမယ်တော် နတ်သမီးသည် တမ္မုဇ် ခေါ် နွေဦး နေမင်း၏ အရှင် နတ်မင်းနှင့်လည်း သံယောဇဉ် ရှိသည်။ ထို့ကြောင့် သူမသည် မေတ္တာ နတ်သမီး အဖြစ်လည်း ကိုးကွယ် ခံရသည်။ သူမသည် ဗီးနပ်စ်ဂြိုဟ် နတ်သမီး ကဲ့သို့ပင် ကောင်းကင် နက္ခတ်တာရာများ၏ ဘုရင်မ ဖြစ်သည်။

သူမအား ကိုးကွယ်မှုသည် အနောက်ဘက် ကမ္ဘာဆီသို့ ဝေးလံစွာ ပျံ့နှံ့ သွားခဲ့လေသည်။ ပါလက်စတိုင်းနှင့် အီဂျစ် နိုင်ငံ အထိ ရောက်သွားသည်။ *ဇိုရိုအက်စတာ ဘုရားကိုးကွယ်ကြသူများ* [၅] သည်ပင် သူမအား ခုခံ တားဆီး၍ မရခဲ့ပေ။ သူတို့က အစ်ရှတာ နတ်သမီး၏ နာမည်ကို *အနဟိတာ* [၆] ဟု ပြောင်း၍ ကိုးကွယ်ကြပြန်သည်။ အပြစ်အနာ ကင်းသူ စင်ကြယ်သူဟု အသိအမှတ် ပြုကြလေသည်။ ထို ဇိုရိုအက်စတာ ကိုးကွယ်သူများသည် ဤနတ်သမီးကို သူတို့ ကိုးကွယ်သော *ဩော်မာ့ဇ်* [၇] နတ်ဘုရားလိုပင် အရေး ထားကြလေသည်။

### ဘေဘီလုံက မားဒွတ် [၈]

အစ်ရှတာ၏ အကြီးဆုံး ပြိုင်ဘက်သည် မားဒွတ် ဖြစ်၏။ မားဒွတ်၏ အရေးပါ အရာရောက်မှုမှာ နိုင်ငံရေးတွင် ကံကျိုး ပေးနိုင်သည် ဆိုသော အချက် ဖြစ်သည်။

ဤကိစ္စသည် ဘေဘီလုံ နိုင်ငံ၏ ဆဋ္ဌမမြောက် ဘုရင် *ဟမ္မူရာဘီ* [၉] (၂၀၆၇-၂၀၂၅ ဘီစီ) မင်း လက်ထက်တွင် ဖြစ်ပွားခဲ့လေသည်။

ကမ္ဘာပေါ်တွင် အလွန် ထင်ရှားသော ဟမ္မူရာဘီ ဓမ္မသတ်ကို ထုတ်ပြန်ခဲ့ပြီးနောက် ထိုဘုရင်သည် ပါရှန်ပင်လယ်ကွေ့မှ ယူဖရေးတီးနှင့် တိုက်ဂရီ မြစ် နှစ်သွယ်ကြားရှိ ဗဟိုနယ်မြေ တစ်ခုလုံးကို ကျယ်ပြန့်စွာ အစိုးရ အုပ်ချုပ်နိုင်သော နိုင်ငံတော်၏ မြို့တော်ကိုလည်း တည်

---

၁။ Ea (or Enki) ၂။ Nintud
၃။ Ishtar ၄။ Kish

၅။ Zoroastraian ၆။ Anahita ၇။ Ormazd
၈။ Murduk of Babylon ၉။ Hammurabi

ထောင်နိုင်ခဲ့သူ ဖြစ်၏။ ဤကဲ့သို့ ဘောဘီလုံ နိုင်ငံတော်ကြီး သည် နိုင်ငံရေး အရ ထွန်းကား ကြီးကျယ်လာပြီး ရာစု ခေတ်ပေါင်း နှစ်ဆယ်ခန့် တည်တံ့ခဲ့ပြီးလျှင် ကမ္ဘာမှာ အကြီးဆုံး မြို့တော်ကြီး တစ်ခု အဖြစ်ဖြင့် တည်ရှိနေခဲ့ခြင်း နှင့် အတူ၊ ဘောဘီလုံ၏ အာဏာ တန်ခိုး ကြီးလာခြင်းနှင့် အတူ ဘောဘီလုံက ကိုးကွယ်သော မားဒွတ် နတ်ဘုရားသည် လည်း အထွတ်အထိပ်သို့ ရောက်ရှိ လာလေတော့၏။

ထိုကဲ့သို့ ကြီးကျယ်မလာခင် သူသည် ပတ်ဝန်းကျင် နတ်များကိုလည်း သိမ်းသွင်းခဲ့ရသည်။

သူသည် အဲရိဒု၏ နတ် အဲကိုလည်း သူ့ဖခင် အဖြစ် လည်းကောင်း၊ *ဘာဆစ်ပါ၏ နတ် နဘူး*[၁] (မီးနတ်) ကို သူ့သား အဖြစ် လည်းကောင်း သိမ်းသွင်းရသည်။ သူ့ကိုယ် သူ အဲ၏ သားကြီး ဩရသ *နီနုရ်တာ-စစ်နတ်*[၂] အဖြစ် သတ်မှတ်ခဲ့ရသည်။ ထိုနတ်များထံမှ နတ်လုပ်ငန်း အချို့ ကိုပါ သူ ယူလိုက်သည်။ အဲ၏ ဉာဏ်ပညာနှင့် နဘူး၏ လူတို့၏ ကံကြမ္မာကို ဖန်တီးနိုင်သော တန်ခိုး သတ္တိများ ကို ရယူလိုက်ခြင်း ဖြစ်၏။ နစ်ပုရ်၏ နတ် ဖြစ်သော အင် လီ၏ အရေးကြီးဆုံး ဂုဏ်သတ္တိကိုလည်း သူက လွှဲပြောင်း ရယူလိုက်ပြန်သည်။

သို့ဖြင့် သူသည် ကောင်းကင် သုခ အမြင့်ဘုံကို အစိုး ရသော အရှင်သခင် အဖြစ် အသိအမှတ် ပြုခြင်း ခံရလေ တော့သည်။

နောက်ဆုံးတွင် ဘောဘီလုံ၏ ဘာသာရေး ကျမ်းစာ များကို ပြုပြင်၍ သူ့ကို အသားပေး ဖော်ပြကြရလေသည်။

## ဘောဘီလုံ၏ ဒဏ္ဍာရီနှင့် ကဗျာရှည်

ဆူးမားရီးယန်းများနှင့် ဘောဘီလိုနီးယန်း လူမျိုးများမှာ စိတ်ကူး အကြံဉာဏ်ကောင်းများ ရှိကြသည်။ သူတို့သည် သူတို့ ကိုးကွယ်သော နတ်များ အကြောင်းနှင့် သူတို့ ချစ်ခင် လေးစားသော သူရဲကောင်းများ အကြောင်းကို ဇာတ်လမ်း ဆင်၍ ပြောတတ်ကြသည်။ ထိုဇာတ်လမ်းများ အားလုံးကို ရှည်ရှည်လျားလျား လိုက်စားနေခြင်းဖြင့် ကျွန်ုပ်တို့ အတွက် အကျိုး များမည် မဟုတ်သည့် အတွက် အချို့သော ဓမ္မ ဟောင်း သမ္မာကျမ်းစာပါ ဒဏ္ဍာရီ ပုံပြင်များနှင့် အပြိုင် ဖြစ် နေသော ဇာတ်လမ်း အချို့ကိုသာ ဖော်ပြပေတော့မည်။ သူ တို့၏ အဆိုပါ ဇာတ်လမ်းများကိုမူ စဉ်းစားသင့်ပါသည်။

### (က) ဖန်ဆင်းခြင်း အကြောင်း

ရှေးကျသော ဆူမားရီးယန်းတို့၏ ဒဏ္ဍာရီ ပုံပြင်များ အရ ယခု မျက်မှောက် ဖြစ်ပေါ်လျက် ရှိသော ကမ္ဘာ လောက ကြီးသည် အမှောင်ကို အစိုးရသော နဂါးနှင့် လဟာပြင် လွင်တီးခေါင်၏ အရှင်သခင် ဂဠုန်ငှက် *ဇူး*[၃] (တချို့ မှတ် တမ်းများ၌ *တိုင်ယာမတ်*[၄] ဟု ဆိုသည်။) တို့ ပဋိပက္ခ ဖြစ် ကြရာမှ ပေါ်ပေါက်လာသည်ဟု ဆိုသည်။

ဇူးဘက်က အလင်းဓာတ်ကို အစိုးရသော နတ် နီနုရ်တာ စစ်နတ်က ပါဝင် တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် သူတို့ အမွေခံ ရနေသော ဒဏ္ဍာရီများကို ဘောဘီ လုံ၏ ဘာသာရေး ခေါင်းဆောင် ဘုန်းကြီးများက ပြန်လည် ပြုပြင် ရေးသားခဲ့ကြလေသည်။

နောက်ရေး ဒဏ္ဍာရီများတွင် မားဒွတ်က သူရဲကောင်း ကြီး ဖြစ်လာသည်။ လဟာပြင် လွင်တီးခေါင် တိုက်ပွဲကို ခေါင်းဆောင်ခဲ့သူ ဖြစ်လာသည်။ သူသည် ကမ္ဘာ လောက နှင့် လူများကို ဖန်ဆင်းသူ ဖြစ်လာခဲ့လေသည်။ ထိုဇာတ် လမ်းထဲတွင် ရေချိုနတ် *အပ္ပဆု*[၅] နှင့် ဆားငံရေကို အစိုးရ သော နဂါး တိုင်ယာမတ်တို့ဖြင့် အစပြုထားသည်။

ထိုသတ္တဝါ နှစ်ဦး ပေါင်းစပ်ခဲ့ပြီးနောက် ကာလ များ စွာ ကြာသော အခါ နတ်များကို မွေးဖွားခဲ့ကြသော ဟူ၏။ သို့သော် ထိုနတ်များက ကမ္ဘာလောကကြီးတွင် စည်းစနစ် များ ဖြစ်ပေါ်လာအောင် လုပ်သော အခါ မိဘနတ်များက သူတို့က မွေးဖွားသော သားသမီးများကို ဖျက်ဆီးပစ်ကြ ပြန်သည်။ ရှေးက သူတို့ နေခဲ့ကြသော အခြေအနေ၌ ပြန် ၍ အနားယူ နေထိုင် နေနိုင်ကြရန် ဖြစ်၏။

သို့ဖြင့် အပ္ပဆုကို အဲက ဖျက်ဆီးခဲ့လေသည်။ သို့ သော် တိုင်ယာမတ်သည် အခြားသော မဟာမိတ်ကို ပြု၍ အနုနှင့် အဲ နှစ်ပါးစလုံးကို သူမ၏ ရှေ့မှောက်မှ ထွက်သွား ကြရန် မောင်းထုတ်လိုက်လေတော့သည်။ မားဒွတ်သည် နတ်များ အားလုံး၏ အရှင်သခင် အဖြစ် တင်မြှောက်ခြင်း မခံရမီက တိုင်ယာမတ်နှင့် တွေ့ဆုံရန် သူမ ရပ်ဆိုင်းထား သော တိုက်ပွဲ၌ ဆုံတွေ့ရန် လာခဲ့လေသည်။ မားဒွတ်နှင့် တိုင်ယာမတ်တို့ တန်ခိုးချင်း ပြိုင်ကြသည်။ မားဒွတ်က တိုင် ယာမတ်ကို နှိမ်နင်း၍ အနိုင် ရရှိခဲ့လေသည်။ မားဒွတ် သည် တိုင်ယာမတ်ကို ထက်ပိုင်း ပိုင်းပစ်လိုက်သည်။

---

၁။ Barsippu of Nabu ၂။ Ninurta war-god

၃။ Zu ၄။ Tiamat ၅။ Apsu

ကောင်းကင်ပေါ်က ရေများကို လည်းကောင်း၊ မြေအောက်က ရေများကို လည်းကောင်း မားဒွတ်က ထိန်းသိမ်းပြီးနောက် ကြယ်နက္ခတ်တာရာများကို ပြန်၍ လှည့်လည်စေခဲ့၏။

ထို့နောက် သူသည် ဟင်းသီးဟင်းရွက်များကို ဖန်ဆင်းသည်။ ထို့နောက် တိရစ္ဆာန် လောကကို ဖန်ဆင်းသည်။ ပြီးမှ လူကို ဖန်ဆင်းသည် ဆို၏။ ထိုသို့ ဖန်ဆင်းရာ၌ မားဒွတ်သည် သူ၏ ကိုယ်မှ အသွေးနှင့် အရိုးကို ယူ၍ ကမ္ဘာပေါ်တွင် နေထိုင်ရန် အလို့ငှာ လူသားကို ဖန်ဆင်းသော ဟူ၏။

## (ခ) ရေလွှမ်းမိုးခြင်း

ရေကြီးခြင်းသည် ခရစ္စယာန် ဓမ္မဟောင်း သမ္မာကျမ်းစာမှာလည်း ပါသည်။ ထိုဇာတ်လမ်း၏ မူလ ပင်ရင်းမှာ ဆူမားရီးယန်းတို့၏ ဒဏ္ဍာရီ ဇာတ်လမ်း တစ်ပုဒ် ဖြစ်သည်။ ထိုဇာတ်လမ်း ဖြစ်ပေါ်လာရခြင်းမှာလည်း ယူဖရေးတီနှင့် တိုက်ဂရီ မြစ်နှစ်သွယ် ရေလျှံခြင်း၏ ကြောက်စရာ ကောင်းသော အတွေ့အကြုံ အရ ဖြစ်ပေါ်လာခြင်း ဖြစ်၏။

နောက်ပိုင်း ကာလသို့ ရောက်သောအခါ ဤ ရေကြီးခြင်း ဇာတ်လမ်းသည် အမျိုးမျိုး အဖုံဖုံ ပြောင်းလဲပြီး အပိုင်းပိုင်း အစစ ဖြစ်ကာ ဟိုတစ်စ ဒီတစ်စ ဖြစ်သွားသည်။ ထိုဇာတ်လမ်း၏ အလှပဆုံး အပိုင်းသည် *ဂီလ်ဂါမက်ရှ်* [၁] ခေါ်ဂန္ထဝင် ကဗျာရှည်ကြီး၏ အစိတ်အပိုင်း တစ်ခု ဖြစ်လေသည်။ ထိုကဗျာရှည်ကြီးထဲသို့ စိတ်ဝင်စားစရာ အပို ထည့်ထားသော ကြားညှပ် ဇာတ်လမ်း တစ်ပုဒ် ဖြစ်၏။

ထိုဇာတ်လမ်း အရ နတ်ဘုရားများက လူတို့ ပြုအပ်သော မကောင်းမှု ဒုစရိုက်များ အတွက် အမျက် ဒေါသဖြစ်ကာ ထိုလူသားတို့ကို အပြစ်ဒဏ် စီရင်ရန် အတွက် ရေလွှမ်းမိုးခြင်း ဖြစ်သည်။

နတ်များ၏ လျှို့ဝှက်သော ဆုံးဖြတ်ချက်သည် လူတစ်ဦး၏ နားသို့ ပေါက်ကြားသွားလေသည်။ ထိုလူအား နတ်များက သိခွင့်ပြုလိုက်ခြင်း ဖြစ်သည်။

နတ်ကောင်း နတ်မြတ် ဖြစ်သော အဲသည် *ဥတ္တနာပစ်ရှ်တင်* [၂] ဆိုသော လူသားကို ကြင်နာ သနားသဖြင့် နတ်တို့၏ အကြံအစည် အဆုံးအဖြတ် ကိစ္စကို သိကြားစေခဲ့ခြင်း ဖြစ်၏။

ထိုအခါ ဥတ္တနာပစ်ရှ်တင် ဆိုသူသည် ချက်ချင်းပင် အမိုးအကာ ပါသော ရှေးသင်္ဘောကြီး တစ်စင်းကို တည်ဆောက် လေတော့၏။

ထိုသင်္ဘောကြီး၏ ဘေးတစ်ဖက်စီသည် ကုဗပေ ၁၂၀ စီ ရှိသည်။ ခေါင်မိုး အထိ ဆိုလျှင် ၁၄၀ ကုဗပေ ရှိသော ဟူ၏။ ထို အမိုးအကာ ပါသော သင်္ဘောကြီးထဲသို့ ဥတ္တနာပစ်ရှ်တင်သည် သူ့ဆွေမျိုး မိသားစုတို့ကို ထည့်၏။ ကျွဲနွားများကိုလည်း တင်၏။ လယ်ထဲက ခြေလေးချောင်း သတ္တဝါများကိုလည်း တင်၏။ လက်မှု အတတ်ပညာ လူသားများကိုလည်း ထည့်၏။ ထို့နောက် မိုးကြီး မုန်တိုင်းဆင်လာသော အခါ သင်္ဘောကြီး၏ တံခါးများကို ပိတ်ပြီး ရေ လွှမ်းမိုးလာသော အပေါ်၌ မျောလေ၏။

ထို ရေလွှမ်းမိုးမှုသည် တောင်များကိုပါ နစ်မြုပ်စေခဲ့သည် ဆို၏။ ဤမိသားစုမှ အပ ကျန်လူများ အားလုံး သေဆုံးခြင်းသို့ ရောက်လေ၏။

ခုနစ်ရက် မြောက်သော အခါ မုန်တိုင်း စဲလေ၏။ ပင်လယ် ရေပြင်ကြီးကား ငြိမ်သက်လျက် နေ၏။

ထိုအခါ ဥတ္တနာပစ်ရှ်တင်သည် ငိုကြွေး မြည်တမ်း၏။ လောက အလုံး ဆုံးရှုံးလျက် ရှိသည်။ ဆယ့်နှစ်ရက်မြောက်သော အခါ မြေအပြင်သည် ပေါ်လာ၏။ သင်္ဘောသည် *နီဆစ်ရှ်* [၃] တောင် ရှိရာ အရပ်သို့ ရွေ့ရှသွား၏။

နီဆစ်ရှ် တောင်သည် ရွေ့လျားခြင်း မရှိဘဲ ခိုင်မြဲစွာ ရပ်တည်နေ၏။

ဥတ္တနာပစ်ရှ်တင်သည် ချိုးငှက် တစ်ကောင်ကို လွှတ်လိုက်၏။ ချိုးငှက်သည် ဟိုမှ သည်မှ ပျံသန်းနေခဲ့၏။ နားခိုစရာ မရှိသဖြင့် ချိုးငှက်သည် သင်္ဘောသို့ ပျံလာလေ၏။

ဥတ္တနာပစ်ရှ်တင်သည် ပျံလွှားငှက် တစ်ကောင်ကို လွှတ်ပြန်၏။ ထိုငှက်လည်း ဟိုမှ သည်မှ ပျံသန်းပြီးနောက် နားခိုရာ မရှိသဖြင့် သင်္ဘောသို့ ပြန်လာ၏။

ထို့နောက် သူသည် တော ကျီးကန်း တစ်ကောင်ကို လွှတ်ပြန်၏။ ထိုငှက်ကား ပြန်မလာတော့ပေ။ သူသည် တောင်ထွတ်ကို မြင်၍လည်း လှူဖွယ် ပစ္စည်းများဖြင့် တင်၍ ပူဇော် ပသသည်။

ဤဇာတ်လမ်းကား ခရစ်ယာန် သမ္မာကျမ်းစာ၏ ဓမ္မဟောင်း ကျမ်းစာပါ နောဧ ဇာတ်လမ်းနှင့် ထပ်တူထပ်မျှ တူညီနေပေ၏။

---

၁။ Gilgamesh ၂။ Utnafishtim

၃။ Nisir

### (ဂ) အစ်ရှိတာသည် မရဏ နိုင်ငံသို့ သက်ဆင်းခြင်း

ဤဇာတ်လမ်း၏ အဆုံးတွင် တမ္မုဇ်နှင့် ပတ်သက်သော မှုန်ဝါးဝါး ဇာတ်လမ်း ဖော်ပြချက်ကို အဓိပ္ပာယ် မှန်မှန်ကန်ကန် ပေါ်အောင် ဖော်ပြရလျှင် အစ်ရှိတာသည် *ဟာဒက်စ်* [၁] ခေါ် မရဏ နိုင်ငံသို့ သူ၏ ချစ်သူကို ပြန်လည် ရရှိရန် ဆင်းသက်ခဲ့လေသည်။ သူ့ ချစ်သူကို နွေဦးရာသီ၏ နေနတ် အဖြစ်ဖြင့် ရုပက အလင်္ကာ ပြုထားသည်။ ထိုနေ၏ စွမ်းအင်များသည် နွေနှောင်း ဩတမ် ရာသီ၌ မှေးမှိန်ကုန်ကြသည်။ သူမသည် ပြန်လမ်း မရှိသော မရဏ နိုင်ငံ၏ တံခါးဝသို့ ရောက်သော အခါ တံခါးမှူးကို အမိန့် ပေးသော အသံဖြင့် ခေါ်၏။

'ဟယ် တံခါးမှူး၊ တံခါးကို ဖွင့်လော့၊
ငါ ဝင်နိုင်အောင် တံခါးကို သင် ဖွင့်ပါ၊
သင်သည် တံခါးကို မဖွင့်ဘဲ နေပါလျှင် ငါ မဝင်နိုင်၊
ငါသည် တံခါးကို အစိတ်စိတ် ကွဲအောင် ပြုပစ်မည်၊
တံခါး၏ သော့ချက်ကိုလည်း ဖျက်ဆီးလတ္တံ့၊
တံခါးပေါက် အဝင်ကိုလည်း အစိတ်စိတ် ဖြစ်အောင်
  လုပ်အံ့၊
တံခါးများကိုလည်း ဖြိုပစ်ပေအံ့၊
သေသူများကို ငါ ယူ၍ ပြန်ရှင်အောင် ပြန်၍ အစာ
  စားနိုင်အောင် ငါ ပြုမည်'

ထိုကဲ့သို့ တံခါး ဖွင့်ခိုင်းသော အခါ မရဏ နိုင်ငံကို အစိုးရသော နတ်သမီးက တံခါးကို ဖွင့်ရန် အမိန့် ပေးလေသည်။ တံခါးမှူးလည်း ကောင်းကင်ကို အစိုးရသော နတ်ဘုရင်မကို အတွင်းသို့ ဝင်ခွင့်ပြုလေ၏။ သို့သော် တံခါး ခုနစ်ထပ်ကို သူမ ကျော်ဖြတ်၍ သွားသောအခါ တံခါးမှူးသည် သူမထံမှ အဝတ် တစ်စစီကို ယူထား လိုက်လေသည်။ နောက်ဆုံး၌ သူမသည် အောက်ဆုံးရှိ ကမ္ဘာသို့ ရောက်သော အခါ သူမ ကိုယ်ပေါ်၌ အဝတ် လုံးလုံး မရှိတော့၊ ကိုယ်လုံးတီး ဖြစ်နေလေတော့၏။

ထိုနေရာတွင် သူမ အကျဉ်းအကျပ် ပြုခြင်း ခံရ၏။ သူမလည်း ဒုက္ခ များစွာကို ခံစား၍ ဆက်သွားရ၏။

အလွန် ဖျက်ဆီးတတ်သော ကပ်ရောဂါကို ဖြစ်စေသည့် နတ်ဆိုး နာမ်တာသည် သူမအား ရောဂါ အမျိုးမျိုး ခြောက်ဆယ်တို့ဖြင့် နှိပ်စက်၏။

ထိုအချိန်တွင် ကမ္ဘာပေါ်မှာ ရှိသော လူများ၊ တိရစ္ဆာန်များ အားလုံးသည် ထိုင်းမှိုင်းကုန်ကြပြီး သားသမီး မွေးဖွားခြင်းကို မပြုနိုင်ကြတော့ပေ။ အချစ်နှင့် မျိုးပွားခြင်းသည် ကမ္ဘာမြေကို စွန့်ခွာသွားလေပြီ။ နတ်များ အားလုံးလည်း အလွန် စိတ်ဒုက္ခ ရောက်ကြရကုန်၏။

ထိုအခါ အဲသည် အစ်ရှိတာ အတွက် ဟာဒက်စ် မရဏ နိုင်ငံသို့ တမန် တစ်ဦးကို စေလွှတ်လိုက်၏။

မရဏ နတ်သမီးက နာမ်တာကို အသက် ရှင်စေသော ရေဖြင့် ဖျန်းရန် အမိန့် ပေးလိုက်၏။ ထိုအခါ အစ်ရှိတာသည် ပြန်လည် ရှင်သန်လာ၏။ သူမ၏ အပြန် ခရီးကို စတင်လေ၏။ တံခါး အဆင့်ဆင့်တွင် သူ့ထံက ချွတ်ယူထားလိုက်သော အဝတ်အစားများကို ပြန်ရ၏။

သီးနှံများကို အစိုးရသော နတ်သမီးသည် ဆောင်းရာသီ ရောက်သော အခါ ပျောက်ကွယ်သွားပြီး နွေဦးပေါက်ရာသီ ရောက်မှ ပြန်ရောက်လာသည့် ကဗျာ ဆန်သော ဒဏ္ဍာရီ ဇာတ်လမ်းမျိုးကို နောက်ထပ် မတွေ့ရတော့ပေ။

### (ဃ) ဂီလ်ဂါမက်ချ်၏ ခရီးစဉ်

ဂီလ်ဂါမက်ချ်သည် *ဉရုတ်* [၂] မြို့တော်ကို အုပ်ချုပ်ရသော ဘုရင် ဖြစ်သည်။ ဂီလ်ဂါမက်ချ်၏ ခရီးစဉ်နှင့် ပတ်သက်သော ဇာတ်လမ်းသည် ဘေဘီလုံ၏ ဂန္ထဝင် ကဗျာရှည်ထဲတွင် ပြည့်စုံစွာ ဖော်ပြထားသော စာပေ တစ်ရပ် ဖြစ်သည်။ ထို ဇာတ်လမ်းထဲတွင် ကုန်းပေါ်မှာရော ပင်လယ်ထဲမှာပါ အလွန် ကြီးမားသော ဘေး အန္တရာယ်များကို ရင်ဆိုင်ပြီး အနောက်ဘက် (မြေထဲပင်လယ်) ကို ကျော်ဖြတ် သွားရလေသည်။ ထိုရေပြင်ကို 'မရဏ ရေပြင်' ဟု ခေါ်သည်။ ထိုနေရာတွင် သူ၏ ဘေးဘိုး တော်သူ ဥတ္တနာပစ်ရှိတင် နေထိုင်သည်။ သူ၏ ဉရုတ်သို့ အပြန် ခရီးမှာလည်း ဝမ်းနည်း ကြေကွဲဖွယ် ကောင်းသည်။ အပြန် ခရီးတွင် သူသည် ထာဝရ ဟင်းရွက်ပင်မှ မြွေတစ်ကောင်၏ လုယက် တိုက်ခိုက်ခြင်းကို ခံရသည်။ ထိုမြွေကို ဥတ္တနာပစ်ရှိတင်သည် ရှာဖွေ၍ မတွေ့နိုင်ဘဲ ရှိခဲ့၏။

ထိုဖြစ်ရပ်များတွင် လူသား တစ်ဦး အနေနှင့် သေမင်းကို မျက်မှောက် ပြုလျက် စိတ်ပျက်ဖွယ်၊ ကြေကွဲဖွယ် အဖြစ်များ ပါရှိသည်။ လူသား တစ်ဦး အနေနှင့် သေခြင်းနှင့် ပတ်သက်သမျှ ဘာလုပ်နိုင်သနည်း။

---

၁။ Hades

၂။ Uruk

ဂီလ်ဂါမက်ရှ်သည် အနောက်ဘက် မရဏ ရေပြင် ပေါ်ရှိ လှေထဲသို့ ဆင်းကာနီးတွင် ပင်လယ်၌ နေသော ပင်လယ် သခင်မ *ဆာဘုတီ* [၁] က ဤသို့ ဆိုသည်။

ဂီလ်ဂါမက်ရှ်၊ သင် အလျင်စလို အမြန် လုပ်ရဲ့လား၊
သင် ရှာနေသော အသက်ကို သင် တွေ့လိမ့်မည်
မဟုတ်ပါ၊
လူကို နတ်ဘုရားက ဖန်ဆင်းလိုက်ကတည်းက
လူသား အတွက် ဘုရားက သေခြင်းတရားကို
သတ်မှတ် ပေးလိုက်တယ်၊
အသက်ကိုလည်း သူတို့ လက်ထဲမှာပဲ ယူထားတယ်၊
သင် ဂီလ်ဂါမက်ရှ်၊ သင့် ဝမ်းကိုသာ ပြည့်အောင်
ဖြည့်ပါ၊
နေ့ရော ညပါ ပျော်ပျော်နေပေါ့၊
နေ့တိုင်း စားပွဲ သောက်ပွဲ ကျင်းပပေါ့၊
နေ့ရော ညပါ ပျော်ပျော်ပါးပါး ကနေပေါ့၊
အဝတ်သန့်သန့် ဝတ်ပေါ့၊
သင့် ခေါင်းကိုလည်း လျှော်ပေါ့၊ ရေလည်း ချိုးပေါ့၊
သင့်လက်ကို ကိုင်ထားတဲ့ ကလေးကို ဝမ်းသာတဲ့
စိတ်နှင့် ကြည့်ပါ၊
သင် ပွေ့ဖက်ထားတဲ့ ချစ်ဇနီးနှင့် ပျော်အောင် နေပါ။

ဤသဘောကို ဘေဘီလုံမြို့သားများက လက်ခံကြသည်။ ဘေဘီလုံ မြို့သားများသည် လောကုတ္တရာ ချမ်းသာကို သိလည်း မသိ၊ မျှော်လည်း မမျှော်ကြပါ။ ပျော်စရာ မှန်သမျှ ဤဘဝမှာသာ ရှိသည်ဟု အယူရှိကြလေသည်။

### ယဇ် ပူဇော်ခြင်း၊ မှော် ပညာနှင့် ဗေဒင် ပညာ

ဤ ဘဝတွင် စိတ် ချမ်းသာ ကိုယ် ချမ်းသာ နေနိုင်ရေး အတွက် ဘေဘီလုံ မြို့သားများသည် နတ်ဆရာများထံသို့ သွားပြီး ယဇ် ပူဇော်ခြင်း၊ အင်းအိုင် ခါးလှည့် လက်ဖွဲ့ ဆောင်ခြင်း၊ ပူဇော် ပသပွဲများ ကျင်းပခြင်း၊ ဆုတောင်းခြင်း နှင့် ကြယ်တာရာများနှင့် ပတ်သက်သော ဂါထာ မန္တရား များ ရွတ်ဖတ် သရဇ္ဈာယ်ခြင်းကို ပြုတတ်ကြသည်။ သူတို့ သည် နတ်ချော့ တေးသီချင်းသံ၊ ပြေသံများကို နှစ်သက်စွာ နားထောင်တတ်ကြသည်။ ဘုရား ဝတ်တက်သော စာများ မှာ ရှည်လျားလှသည်။ သို့သော် ထိုစာများသည် နတ်များ ကို စိတ် ပျော့ပျောင်းစေသည်ဟု ယူဆကြသည်။

ထို့ပြင် နတ်များက အကြင်နာ မရှိလျှင် ထိုနတ်များ ကို နိုင်သော ဂါထာ မန္တရား မန်းမှုတ်ခြင်းများ ရှိသည်။ ဂါထာ မန်းမှုတ်လိုက်လျှင် နတ်များကို နိုင်သည်၊ နတ် များက ရိုကျိုးရသည်ဟု လက်ခံ ထားကြလေသည်။ ရှိခိုး ဝတ်ပြုသူများသည် နတ်ဆရာများကို ကောင်းကောင်း ပေး ကမ်းကြရသည်။ နတ်ဆရာက နတ်များကို တစ်ဝက် တစ် ပျက် တောင်းပန် အသနားခံသည်။ တစ်ဝက်မှ အမိန့် ပေး သော နည်းဖြင့် ပူဇော်ကြသည်။

နတ်ဆရာသည် ဆုတောင်းခြင်းထက် ပို၍ နတ်ဆိုး များ အပေါ် ကျိန်စာ တိုက်သော မန္တရားများကို မန်းမှုတ် နိုင်သည်။ သို့ရာတွင် နတ်ဆရာများ၏ ပူဇော် ပသမှုတိုင်း အရာ မရောက်ပေ။ နတ်များကို ဆုံးမခြင်း၊ ဖိအား ပေး ခြင်းမျိုးကိုလည်း ပြုရသည်။

ဘေဘီလုံက နတ်ဆရာများမှာ အလုပ် များသူများ၊ မအားမလပ်သူများ ဖြစ်ကြသည်။ သူတို့ အလုပ် အတွက် အဘက်ဘက်က ပြည့်စုံအောင် စီမံထားကြသည်။ ဖောက် သည်များ အတွက် ပသမှု အမျိုးမျိုးကို ပြုပေးကြရသည်။ အဖွဲ့အစည်းနှင့် နေထိုင် လုပ်ကိုင်ကြသည်။ ဘီစီ ၃၂၀၀ ကျော်က အကြောင်းအရာများကို လေ့လာ သင်ကြားထား ရသည်။ သူတို့သည် ဝတ်ကျောင်း အဖွဲ့အစည်းက တစ်ဆင့် ခေါ်သော ကိစ္စများကို ဆောင်ရွက်ပေးရသည်။ မြေပိုင်ရှင် များ ဖြစ်ကြသည်။ စီးပွားရေး လုပ်ငန်း နည်းနိဿယများ အတိုင်း တိတိကျကျ ဆောင်ရွက်သည်။ အသုံးစရိတ်များ၊ ဝင်ငွေများကို စာဖြင့် ရေးထားသော မှတ်တမ်းများ ပြုစု ထားရသည်။

နတ်ဆရာ အဖွဲ့အစည်းက အုပ်ချုပ်သော ဝတ်ကျောင်း တော်၏ အဆောက်အဦကလည်း ကြီးမားလှသည်။ နေလှန်း အုတ်များဖြင့် တည်ဆောက်သော အုတ်တိုက်များ ဖြစ်သည်။ ကျယ်ဝန်းသော ဝတ်ကျောင်းတော် ခြံဝန်း ရှိသည်။ ဝတ် ကျောင်းတော်၏ ခြံ အလယ်ဗဟိုတွင် လူတို့ ပြုလုပ်သော တောင်ကုန်းများ ရှိသည်။ တောင်ကုန်း တစ်ခုစီ၏ ထိပ် ပေါ်တွင် နတ်ကွန်း တစ်ခုစီ ရှိသည်။

ထိုဝတ်ကျောင်းတော်၏ ခြံထဲတွင် နတ်ဆရာများ သည် သူတို့၏ ရှည်လျားသော နတ်ပူဇော် ပသပွဲများကို ပြုလုပ်ကြသည်။ ထိုလုပ်ငန်းများထဲတွင် အရေး အဖတ် အတွက် သင်ပေးသော ကျောင်းများကိုလည်း တည်ထောင် ထားကြသည်။ ဗေဒင် ပညာကိုလည်း သင်ကြားကြသည်။ လူတို့၏ အနာဂတ်ကို ကြိုတင် ဟောကိန်း ထုတ်နိုင်ရန် ဖြစ်သည်။

---

[၁] Sabuti

ထိုကဲ့သို့ ရှေ့ ဖြစ်လတ္တံ့သည်ကို ကြိုတင် ဟော ကိန်း ထုတ်ခြင်းသည် နတ်ဆရာများ၏ အဓိက လုပ်ငန်း ကြီး တစ်ရပ် ဖြစ်၏။ နတ်ဆရာတိုင်း အိပ်မက် တိတ္ထုံ အတတ်ကို တတ်ကြရသည်။

နိမိတ်ဖတ် အတတ်ကိုလည်း အထူး ဂရုပြု၍ သင် ကြားကြရသည်။ သိုး၏ အသည်းကို ကြည့်ပြီး နိမိတ် ဖတ်ကြရသည်။ ထိုသိုး၏ အသည်း မျက်နှာပြင်ပေါ်၌ ပေါ် လာသော ထူးခြားမှုများသည် နတ်တို့၏ အလို ဆန္ဒကို ဖော် ပြထားသော အချက်အလက်များ ဖြစ်သည် ဆို၏။

သို့သော် သူတို့၏ ရှေ့ဖြစ်ဟော ပညာတွင် အရေး အပါဆုံး ပညာမှာ ဗေဒင် ပညာပင် ဖြစ်သည်။ ထိုပညာ သည် သူတို့ အတွက်သာမက ကျွန်ုပ်တို့ အတွက်ပါ ယခု ခေတ်တိုင်အောင် အရေး ပါဆဲ ဖြစ်၏။

ဗေဒင် ပညာ စတင် ပေါ်ပေါက်လာသော အစ ကနဦးမှာလည်း ဆူမားရီးယန်းတို့ ခေတ်ကပင် ဖြစ်၏။ ဗေဒင် ပညာ၏ ဂုဏ်သတင်းကလည်း ကြီးမားလှ၏။ နတ် တို့၏ ဆန္ဒ အလိုကို သိအောင် လုပ်သော သိပ္ပံနည်းကျ နည်းမှာ ကောင်းကင် ဂြိုဟ် နက္ခတ်များ၏ အသွားအလာ အနေအထား အပေါ် မူတည်၍ တွက်ချက်ရသည်။ ထို့ ကြောင့် ရှေ့ဖြစ်ဟော ဆရာသည် ဂြိုဟ် နက္ခတ်များ၏ အနေ အထား အသွားအလာကို အသေးစိတ် အတိအကျ မှတ် သား တွက်ချက်ရသည်။ သို့ဖြင့် သိပ္ပံနည်းကျ ဗေဒင်ပညာ ဖြစ်လာအောင် အားထုတ်ခဲ့ကြလေသည်။ ရာသီခွင် တစ်ခု စီကို နတ်တစ်ပါးစီ ပိုင်ဆိုင်သည်။ ဘေဘီလုံ ခေတ်တွင် ကြယ် နက္ခတ်များ၏ အသွား အလာကို တိုင်းထွာ တွက် ချက်သော နည်းများသည် အလွန် တိကျလာသည်။

## ၃။ ဂရိ နိုင်ငံ

လွန်ခဲ့သော ရာစုသည် ဂရိ (ခေါမ) တိုင်းသားတို့၏ ဘာသာ အယူဝါဒ ဆိုင်ရာ ဂန္ထဝင် အယူအဆများကို စေ့စေ့စပ်စပ် ပြန်လည် သုံးသပ်ခဲ့သော ကာလ ဖြစ်ပေသည်။

ဟုမ္မားကိုလည်း ကြမ်းခင်းချေးဖြင့် မထားတော့ ပေ။ သူ၏ သူရဲကောင်း မော်ကွန်း ကဗျာသည် တောက်ပ ၍ လျင်မြန်သော စကားလုံးများဖြင့် ရေးဖွဲ့ထားသည်။

ရာစု နှစ်ပေါင်း များစွာ အနောက်တိုင်းသားများက ဟုမ္မား၏ ထိုကဗျာရှည်ကြီးသည် ဂရိ ဘာသာ အယူဝါဒ ကို တိတိကျကျ ဖော်ပြသော စာပေ အဖြစ် လက်ခံ ထားခဲ့ ကြလေသည်။ သို့သော် မကြာမီက ဖြစ်ပေါ်ခဲ့သော စာပေ သုခမိန်တို့၏ သဘောထား အရ ဟုမ္မား၏ ကဗျာသည် ထို သို့ မဟုတ်တော့ပြန်ပေ။

အချုပ်ကို ဆိုသော် ဂရိ နိုင်ငံတွင်လည်း နတ်များကို ရောနှော ပေါင်းစပ်ခြင်းအားဖြင့် လူမျိုးစုများ ပေါင်းစည်း သွားခဲ့သော ဖြစ်ရပ် တစ်ခုကို တွေ့ရှိခဲ့ရလေသည်။

### ရှေးကျသော ဟဲလပ် လူမျိုးများ အတွင်း နတ်များ စုစည်းခြင်း

ရှေးခေတ် ဂရိတို့၏ ဘာသာ အယူဝါဒကို ဖော်ဆောင်ရာ၌ အဆုံးအဖြတ်ကို ဖြစ်စေသော အဓိကကျသည့် အချက်မှာ ဘီစီ ၂၀ ရာစု အတွင်း မြောက်ဘက်မှ ကျူးကျော် တိုက် ခိုက်မှုများ စတင် ဖြစ်ပေါ်လာခဲ့ခြင်းပင် ဖြစ်၏။ ဝင်ရောက် ကျူးကျော် တိုက်ခိုက်သူများမှာ *အာရိယန်* [၁] ခေါ် *အင်ဒို ဥရောပ* [၂] စကားပြော လူမျိုးများ ဖြစ်ကြသည်။ ဂရိ နိုင်ငံ မြောက်ပိုင်းမှ ဆင်းလာသူများ ဖြစ်ကြသည်။ ထို လူမျိုး များသည် ဟဲလပ်နွယ်ဖွား လူမျိုးများဟု ခေါ်သော ရှေးကျ သော ဂရိ လူမျိုးများ အပေါ် အုပ်စိုးရန် ဆင်းလာကြသူများ ဖြစ်၏။ (ရှေးကျသော ဂရိ လူမျိုးများသည် မိမိတို့ ကိုယ် ကို *ဟဲလပ်* [၃] လူမျိုးများဟု ခေါ်ခဲ့ကြသည်။)

ထိုလူမျိုး အုပ်စုများထဲတွင် ပါဝင်သော လူအုပ်စု များ၏ မူလ အစကို သမိုင်း ပညာရှင်များလည်း တိတိ ကျကျ မသိကြပေ။ သို့သော် သူတို့ သဘော တူသော အချက် တစ်ချက်မှာ ရှေးအကျဆုံး ယဉ်ကျေးမှုသည် ဘီစီ ၂၂၀၀ မှ ၁၁၀၀ ကာလ အတွင်း ရှိခဲ့သော *ဂရိ (တ) မှ မီနိုအန်* [၄] များ၏ ယဉ်ကျေးမှု ဖြစ်သည် ဆိုသော အချက် ဖြစ်၏။ ထို့ပြင် လောဟာခေတ် ဧဂျီယန် ပင်လယ်ရှိ ဂရိ ကျွန်းစုနှင့် ပြည်မ (ဘီစီ ၂၅၀၀-၁၁၀၀) မှ ယဉ်ကျေးမှု လည်း ဖြစ်သည်။ နှောင်းခေတ် ဂရိ လူမျိုးများက ၎င်းတို့ ကို *ပဲလပ်စ်ဂျီယန်* [၅] ဟုလည်း ခေါ်သည်။ ဂရိ လူမျိုးများ မတိုင်မီက လူမျိုးများ ဖြစ်သည်။

ဘီစီ ၁၄၀၀ လောက်တွင် မီနိုအန် ယဉ်ကျေးမှုသည် စတင် ယိုယွင်းလာသည်။ ပြည်မမှ အာစီယန် လူမျိုးများ ဝင်ရောက် တိုက်ခိုက်သောကြောင့်လည်း ဖြစ်နိုင်သည်။ ဤ အဖြစ်အပျက် အားလုံးတွင် ကရိတန်တို့၏ ကနိုးဆပ် နန်း တော် ကျဆုံးခဲ့ရသည်။ ရှေးက ဘုန်းကျက်သရေမျိုး ဘယ်

---

၁။ Aryan ၂။ Indo-European ၃။ Hellas
၄။ Minoans in Crete ၅။ Pelasgians

တော့မှ ပြန်မဖြစ်တော့ပေ။ ကရိတန်တို့၏ ယဉ်ကျေးမှုသည် ဂရိ ပြည်မ အထိ ပျံ့နှံ့သွားခဲ့၏။

ထို့နောက် မြောက်ဘက်ပိုင်းတွင် *ပီလိုပိုနီးဆပ်* [၁] ယဉ်ကျေးမှုနှင့် ထိုထက် ပို၍ မြောက်ဘက်ကျသော အရပ်တွင် *မိုက်ဆီးနီးယန်း* [၂] ယဉ်ကျေးမှုများကို ဖြစ်ပွား ပေါ်ပေါက်စေခဲ့လေသည်။ ထိုယဉ်ကျေးမှုများနှင့် နှိုင်းစာလျှင် ဟုမွားခေတ် (အာခီယန်ခေတ်) သည် အတန် နောက်ကျသည်ဟု ဆိုသင့်ပေသည်။

နောက်ဆုံး၌ ၁၂ ရာစု ဘီစီသို့ ရောက်သော အခါ အခြားသော မြောက်ဘက်မှ လာသော ကြီးမားသော လူအုပ်စုကြီး လှိုင်းကြီးက ထကြွလာပြီး မိုက်ဆီးနီးယန်း ယဉ်ကျေးမှုကို လွှမ်းမိုးသွားလေတော့၏။ ၎င်း လူအုပ် လှိုင်းကြီးမှာ ဒိုရီယန် လူမျိုးများနှင့် ၎င်းတို့၏ မဟာမိတ်များ ပါဝင်ကြသည်။ ထိုအဖြစ်အပျက်သည် အေသျှ မိုင်းနား ကျွန်းစွယ် ကမ်းရိုးတန်း တစ်လျှောက် အခြေချ နေထိုင်သော ဂရိ လူမျိုးများကို အခြေပျက် အနေပျက် ဖြစ်အောင် ကျယ်ပြန့်စွာ ဖန်တီးခဲ့လေသည်။ ထိုဒေသတွင် နေသူများတွင် *အိုင်အိုနီးယန်း၊ အဲယိုလီယန်းနှင့် ဒိုရီးယန်း* [၃] တို့လည်း ပါဝင်ကြသည်။

လူတိုင်း လူတိုင်း နောက် တစ်ကြိမ် ပြန်၍ အခြေတကျ ဖြစ်သွားကြသော အခါ သမိုင်းဝင် ဂရိ မြို့နိုင်ငံများ ပေါ်ပေါက်လာကြလေတော့၏။

ထိုကာလမှာပင် ကျွန်ုပ်တို့နှင့် ရင်းနှီးပြီး ဖြစ်သော ဂရိတို့၏ ဘာသာ ယုံကြည် ကိုးကွယ်မှုမှာလည်း စတင် ဖြစ်ပေါ် လာခဲ့လေတော့၏။

ဤ ဂရိ ဘာသာရေး၏ အဆင်သစ် အသွေးသစ်များသည် မတူညီသော အချက်အလက် များစွာကို ပေါင်းစပ်ထားခြင်း ဖြစ်၏။ ကျူးကျော် ဝင်ရောက်လာသူ အင်ဒို ဥရောပသားများက နတ်ဘုရားများ ရောနှော ပေါင်းစပ်ရေး *(ဆူနွိုင်ကစ္စမော့)* [၄] ကို ဖြစ်ပေါ်အောင် ကျေးဇူး ပြုခဲ့လေသည်။

၎င်းတို့ အထဲတွင် အကြီးဆုံးနတ်မှာ *ဇီးယပ်စ်* [၅] ဖြစ်သည်။

သူသည် ကောင်းကင်၏ အရှင် မိုးနတ်မင်း ဖြစ်သည် (အင်ဒို အာရိယန်များက ဗျာယပ်စ်ဟု ခေါ်ပြီး ရောမများက ဂျူပီတာဟု ခေါ်သည်)။

ထို့နောက် ဝသုန္ဒရီ နတ်မိမယ် *ဒီမီတာ* [၆] နှင့် *ဟက်စ်တီယာ* [၇] စားဖိုဆောင် နတ်သမီးတို့လည်း ပါဝင်သည်။ ထိုနတ်သမီးသည် နတ်အပျိုစင် ဖြစ်သည်။ ဇီးယပ်စ် နတ်မင်း၏ ညီမတော်လည်း ဖြစ်သည်။

ထို့ပြင် ထိုနတ်သမီးသည် ရှေးပဝေသဏီကပင် အင်ဒို ဥရောပသားများ ကိုးကွယ်ခဲ့သော ဒေဝီ နတ်သမီးလည်း ဖြစ်၏။ ထိုနတ်သမီးကို ယဇ်ပွဲ အစနှင့် ယဇ်ပွဲ အဆုံးတွင် လှူဖွယ် ပစ္စည်းများဖြင့် သီးသန့် ပသကြရသည်။ သို့သော် နတ်များစွာတို့မှာ ဝေးကွာလှမ်းသော နေရာ၊ အချိန်တို့က စတင် ပေါ်ပေါက်ခဲ့သော နတ်များ မဟုတ်ကြချေ။

*ရီယာ* [၈] သည် မိုက်နိုအန်တို့၏ နတ် ဖြစ်သည်။ အေသင်သားများနှင့် မိုက်ဆီယန်တို့ ကိုးကွယ်သော နတ်လည်း ဖြစ်သည်။

အပိုလိုသည် အိုင်အိုနီယား ဂရိတို့ထံမှ ပေါ်ထွက်လာသည်။ အက်ဖရိုဒိုက်သည် ဆိုက်ပရပ်စ်မှ ပေါ်ပေါက်လာသည်။ ဒိုင်အိုနီးဆပ်နှင့် အဲရိစ်သည် ထရေစ်မှ ပေါ်ပေါက်သည်။

ဤနတ်ပေါင်းစည်းမှုမှာ အိုလံပတ် တောင်ထိပ်တွင် နတ်သဘင် ကျင်းပသော အခါ နတ်များ စုဝေး ညီညာ ရောက်လာကြသကဲ့သို့ပင် ဖြစ်၏။

ဤကဲ့သို့ ဖြစ်ပေါ်ပုံမှာ မြို့ကြီးများမှာ ဖြစ်သကဲ့သို့ ဂရိ တစ်နိုင်ငံလုံးမှာလည်း ဖြစ်ခဲ့လေသည်။

သို့ရာတွင် ဤ နတ်သား နတ်သမီးများ စတင် ဖြစ်ပေါ်ရာ နေရာ ဌာနများကို ရှာဖွေ သုတေသန ပြုရန်မှာ အတွေးအခေါ် သဘော အရ စိတ်ဝင်စားဖွယ် ကောင်းသည် အမှန်ပင်။

ထိုကိစ္စသည် အကျွန်ုပ်တို့ အဖို့မှ နတ်များ ပေါင်းစပ်ခြင်း ကိစ္စလောက် အရေးကြီးသော ကိစ္စ မဟုတ်သည့်အတွက် ဤတွင် နတ်များ၏ မူလ စတင် ဖြစ်ပေါ်ရာ အရပ်ဒေသ အကြောင်းကို မဆွေးစမ်းတော့ပေ။

## ဟုမွားခေတ် မတိုင်မီက
## နတ်များ၏ ရှုပ်ထွေးသော လုပ်ငန်းများ

ပထဝီ သဘော အရ ဂရိသည် အပိုင်းပိုင်း တကွဲတပြား ဖြစ်နေသော နိုင်ငံ ဖြစ်၏။ တစ်နိုင်ငံလုံးတွင် မြေပြန့် ချိုင့်

---

၁။ Peloponnesus ၂။ Mycenaean ၃။ Ionian, Aeolians and Dorians ၄။ Sunoikismos ၅။ Zeus

၆။ Demeter ၇။ Hestia
၈။ Rhea

ဝမ်း လွင်ပြင်ငယ်ကလေးများသာ ရှိသည်။ တောင်များဖြင့် ဝိုင်းရံ၍ စည်းရိုး ကာထားသော (ဝါ) စက်ဝိုင်းခြမ်းသဖွယ် တောင်များနှင့် ပင်လယ် ပတ်ပတ်လည် တည်ရှိသော ကျဉ်းမြောင်းသော အသီးအနှံ မထွက်သော နိုင်ငံ ဖြစ်သည်။

ဂရိသည် အီဂျစ်၊ မက်ဆိုပိုတေးမီးယားတို့နှင့် မတူပေ။ အီဂျစ်နှင့် မက်ဆိုပိုတေးမီးယားတို့က ပြည်သူများကို ပေါင်းစည်းလာအောင် ပြုသည်။ ဂရိ၏ ပထဝီ အနေအထားက နိုင်ငံသားများကို တကွဲတပြားစီ တသီးတခြားစီ ဖြစ်သွားစေသည်။ ထို့ကြောင့် မြောက်ပိုင်းက လူများ ဝင်ရောက် ကျူးကျော် တိုက်ခိုက်ခြင်း မပြုမီကမှ ရှေးကျသော၊ အယူသီးသော (ဟဲလားဒစ်) ရှေး ဂရိ လူမျိုးများသည် သူတို့၏ တသီးတခြားစီ ဖြစ်နေသော နယ်မြေ ဒေသအလိုက် သဘာဝ နတ်များစွာကို ရှိခိုး ကိုးကွယ်၍ နေခဲ့ကြလေသည်။ သူတို့သည် မြေဩဇာ ကောင်းမွန်အောင် လုပ်ပြီး သီးနှံ ပေါများအောင် မစနိုင်မည့် တန်ခိုးရှင်ကို ရှာဖွေနေခဲ့ကြ၏။

ထိုသို့ တန်ခိုးကြီးနတ်ကို ရှာဖွေနေစဉ် သူတို့လည်း မှော် အတတ်နှင့် လည်းကောင်း၊ တားမြစ်ချက် (တဘူး) များနှင့် လည်းကောင်း၊ သေသူကို ကိုးကွယ်မှု ရိုးရာနှင့် လည်းကောင်း ဆက်စပ်ခဲ့ကြလေသည်။

မြောက်ပိုင်းသားများ ပြိုဆင်းလာသော အခါ သူတို့က ဘာသာ စကားသစ်ကို လည်းကောင်း၊ နှလုံး မွေ့လျော်ဖွယ် စိတ်စေတနာပါမှုများကို လည်းကောင်း ချမှတ်ပြဋ္ဌာန်း ပေးခဲ့ကြလေသည်။ သို့သော် နတ်ဘုရား၏ ဂုဏ်တော်ကြောင့် စည်းလုံး ညီညွတ်မှုကိုလည်း ရရှိစေခဲ့၏။

ထိုအခါမှ စ၍ အကြီးဆုံး နတ်နှင့် နတ်သမီးကိုလည်း သတ်မှတ်လာခဲ့ကြသည်။ ဒေသ ဆိုင်ရာ နတ်များကို နတ်ကြီးများက လွှမ်းမိုးခဲ့၏။ နတ်သေးများ၏ လုပ်ငန်း တာဝန်များ၊ ပူဇော် ပသမှုနှင့် သမိုင်းကြောင်းများကိုလည်း နတ်ကြီးများ အောက်သို့ သွတ်သွင်းလိုက်ကြသည်။

ဇီးယပ်စ်သည် ကျူးကျော် ဝင်ရောက်သူများ ယူဆောင်လာသော နတ်ဘုရား ဖြစ်၍ ၎င်းသည် ဒေသဆိုင်ရာ နတ်ငယ်များကို လွှမ်းမိုးခဲ့သော ထင်ရှားသည့် ဥပမာ တစ်ရပ် ဖြစ်၏။

အဘယ်ကြောင့် ဆိုသော် ဇီးယပ်စ်သည် အစက ကောင်းကင်၏ အဖ ဘုရားသခင် အဖြစ်ဖြင့် စတင်ခဲ့သည်။ ကောင်းကင် အထက် လေထုကို အစိုးရသော လေနတ်လည်း ဖြစ်သည်။ သူသည် မိုးကို ရွာစေနိုင်သော မိုးနတ်လည်း ဖြစ်သည်။

သူသည် ဂရိ နိုင်ငံသို့ ရောက်ရှိလာသော အခါ သူ့ကို တောင်ထွတ်များနှင့် တင်စား၍ မှတ်ယူခဲ့ကြလေသည်။ သူသည် အိုလံပစ် တောင်၏ ဇီးယပ်စ် နတ်မင်း ဖြစ်ရုံသာမက *အာကေးဒီးယားရှိ လီကိုင်းယို* [၁] ဇီးယပ်စ် နတ်မင်း ဟူ၍ လည်းကောင်း၊ သက်စလီ တောင်ပိုင်းတွင် *လာဖိစတီယို ဇီးယပ်စ်* [၂] ဟူ၍ လည်းကောင်း၊ ဘိုအီးယိုတီးယားတွင် *ဇီးယပ်စ် ကီတိုင်ရွန်* [၃] ဟူ၍ လည်းကောင်း ဖြစ်လာလေတော့သည်။

သို့သော် သူသည် အခြားသော မြေပြင် နတ်များ အဖြစ်ကိုလည်း ခံယူခဲ့၏။ ခရိုင်ဒေသ များစွာတို့တွင် သူသည် မြေဩဇာ ကောင်းအောင် မစသော နတ် အဖြစ် ထင်ရှားပြန်သည်။ တချို့ နေရာများ (သုံးနေရာထက် မနည်း) တွင် မြေအောက် လောကကို အစိုးရသော နတ်လည်း ဖြစ်နေပြန်သည်။ ဇီးယပ်စ် ပိုလီယူစ် အဖြစ် သူသည် မြို့ နိုင်ငံ အများအပြား၏ တိုင်းစောင့်နတ်၊ ပြည်စောင့်နတ်လည်း ဖြစ်နေပြန်သည်။

*ဇီးယပ်စ် အာဖစ်ကတာ* [၄] အဖြစ်တွင်မူ သူသည် တောင်းရမ်းစားသူများ၏ ညီညွတ်သော အသံ မာဒဂံနတ် ဖြစ်နေပြန်၏။

အသင်တွင်မူ သူသည် *ဇီးယပ်စ် ဖရားထရီယို* [၅] ဖြစ်၏။ သူ၏ ယစ်ပလ္လင်ပေါ်တွင် လူမျိုးစု အဖွဲ့ တစ်ဖွဲ့မှ ဖခင်သည် သူ့သားကို ထိုအုပ်စုထဲတွင် အဖွဲ့ဝင် အဖြစ် အမည်စာရင်း တင်သွင်းသော အခါ အုပ်စု အဖွဲ့ဝင်များ ပေးသော မဲဆန္ဒကို သူက လက်ခံရသည်။

*ဒိုဒိုနာ* [၆] တွင် သူသည် သန့်ရှင်းသော ဝက်သစ်ချ ရွက်များ ညည်းညူသံဖြင့် သူသည် ဗျာဒိတ် စကားများကို ပြောကြားလေသည်။

ယေဘုယျအားဖြင့်တော့ ဇီးယပ်စ်သည် မိုးတိမ်ကို နှင်သူ၊ မိုးကို ရွာစေသူ၊ ဝရဇိန် လက်နက်ကို ဆောင်ယူလျက် ကမ္ဘာမြေကြီးကို တုန်လှုပ်သွားအောင် ပစ်ခွင်းသူ ဖြစ်သည်။

သို့သော် ထိုဝရဇိန် မိုးကြိုးစက်ကို ကောက်ကျစ် စဉ်းလဲသော လူယုတ်မာများကို အပြစ် ပေးရာ၌ တရားရေး စီရင်သော လက်နက် အဖြစ် အသုံးပြုသည်။ သူနှင့် နတ်သမီးများ၊ လူမိန်းမများနှင့် ပေါင်းသင်း၍ ရလာသော ဘုန်း

၁။ Zeus Lykaios in Arcadia
၂။ Zeus Laphystio in Southern Thessaly
၃။ Zeus Kithairon in Boeotia
၄။ Zeus Aphiktor ၅။ Zeus Phatrio
၆။ Dodona

ရှင် ကံရှင် သားသမီးများလည်း များစွာ ရှိ၏။ ထိုသူများသည် သူရဲကောင်းများ၊ ဘုရင်များ၊ မြို့ရွာ တည်ထောင်သူများ ဖြစ်ကြလေသည်။

ဒိုဒိုနာ မြောက် အရပ်သို့ သူ ပထမ ရောက်စက သူသည် မသိနိုင်ပြီ ဖြစ်သော အတိတ် ကာလမှ ဇနီးသည် အဖြစ် *ဒိုင်ယွန်း* [၁] ကို ခေါ်လာသည်။ အခြား ဒေသများသို့ ရောက်သော အခါ သူ့မှာ အခြား ဇနီးမယားများနှင့် ဖြစ်နေပြန်သည်။ သို့သော် *ဟီရာ* [၂] သည်ကား သူ၏ ထာဝရ ဇနီးပင် ဖြစ်ခဲ့လေသည်။

ဟီရာသည် တခြား တစ်ဖက်၏ ပြယုဂ်လည်း ဖြစ်သည်။ တခြား တစ်ဖက် ဆိုသည်မှာ အောင်မြင်ခြင်း ရသော ဘက်ကို ဆိုလိုသည်။

ဇီးယပ်စ် နတ်မင်းကြီးနှင့် သူမနှင့် ပေါင်းဖက်ခဲ့ကြရာတွင် အတိတ် ဇာတ်လမ်း သီးခြား ရှိသည်။ ရှေးကျသော ဒဏ္ဍာရီ ပုံပြင်များတွင် နွားမသည် အရေးပါသော အစိတ်အပိုင်း ဖြစ်စဉ်ကတည်းက သူမ၏ အစ မထင်သော ဇာတ်လမ်း ရှိခဲ့သည်။ သူမသည်ပင် နွားမ နတ်သမီး ဖြစ်ခဲ့ဖူးလေသည်။

*မိုက်ဆီးနီးယန်း* [၃] တို့ ခေတ်က သူမသည် *အာဂိဗ်ကိုရီ* [၄] (မယ်တော် သခင်မ) ဖြစ်ခဲ့ပြီး *ပီလိုပိုနီးရှန်* [၅] လွင်ပြင်တွင် သူရဲကောင်း၊ လူစွမ်းကောင်း *ဟာကျူလီ* [၆] ၏ အစ်မတော် အသွင်ဖြင့် ပါဝင်ခဲ့ပြန်သည်။ သို့သော် သူမသည် *သက်ဆလေမှ အာဂေါ့စ်* [၇] နှင့်လည်း တစ်နည်းနည်း ဆက်စပ်နေပြန်သည်။

ထိုဒေသတွင် သူမက အသက်အရွယ် ကြီးရင့်သော မိတ်ဆွေ အဖြစ်ဖြင့် ဂျွန်ဆင်ကို ကူညီခဲ့လေသည်။

ဂျွန်ဆင်သည်လည်း လူငယ် လူစွမ်းကောင်း အခြား တစ်ဦး ဖြစ်သည်။ အာဂို သင်္ဘောကြီးကို ဂျွန်ဆင်က ရေ ချရာ၌ ကူညီခဲ့ခြင်း ဖြစ်သည်။ ထို အာဂို သင်္ဘောကြီးဖြင့် ဂျွန်ဆင်သည် ပဂါဆေး အရပ်သို့ ရွှေသိုးမွေး ရှာရန် သွားခြင်း ဖြစ်သည်။

ဟီရာသည် ထို အချိန်ကာလ အထိ ဝသုန္ဓေ နတ်သမီး မဖြစ်သေးဟု ယူဆရသည်။ ဇီးယပ်စ်သည် သူမနှင့် ပေါင်းဖက်နိုင်ရန် အလို့ငှာ ဒိုင်ယွန်းနှင့် ကွဲခဲ့ရသည်။ ထို နောက် သူမ၏ မျက်နှာကြော မတည့်သော အိမ်ထောင်ဖက် ဖြစ်လာခဲ့လေသည်။ သူတို့ နှစ်ဦးမှာ ဒုက္ခများစွာ ကြုံကြရသည်။ မကြာခဏ ခိုက်ရန် ဖြစ်ပွားခဲ့ကြသည်။

ဇီးယပ်စ်နှင့် ဟီရာတို့၏ အိမ်ထောင်ပြုခြင်းနှင့် ပတ်သက်၍ *ဂျိန်း ဟာရီဆန်* [၈] က စိတ်ဝင်စားစရာ သဘောတရား တစ်ခုကို တင်ပြခဲ့လေသည်။

'ဇီးယပ်စ်နှင့် ဟီရာတို့ အကြောင်းဆက် ပေါင်းဖက်ခြင်းသည် မြောက်ပိုင်းသားများ ဝင်ရောက်လာခြင်းကြောင့် ဖြစ်သော တိုင်းရင်းသား လူမျိုးစုများ၏ ဖိနှိပ်ခံရမှုကို ထင်ဟပ်ပြသော ဖြစ်ရပ် ဖြစ်သည်။ ထို့ကြောင့် နတ် လင်မယားသည် မကြာခဏ ခိုက်ရန် ဖြစ်ပွားကြသည်။ အစဉ်သဖြင့် ပဋိပက္ခ ဖြစ်နေကြခြင်း ဖြစ်သည်ဟု ဆိုသည်။ ဤနေရာတွင် လူ့သဘောထားလည်း ထင်ရှားသည်။ ဟီရာက သဝန် ကြောင်သည်။ ဇီးယပ်စ်မှာလည်း အမြဲတမ်း ပြင်းထန်စွာ အမျက် ထွက်နေရလေသည်။ ဤဖြစ်ရပ်၏ တကယ့် ဖြစ်ရပ် အမှန်မှာ လူမျိုးချင်း ပဋိပက္ခ ဖြစ်နေခြင်းပင် ဖြစ်သည်။'

ဤရှင်းလင်းချက်သည် ဖြစ်နိုင်သော သဘောတရား ဖြစ်ပါသည်။

နောက်တစ်ချက်လည်း ရှိသေးသည်။ ဟီရာက ခေတ်နောက်ကျသော တောင်ပေါ်သားများ နေထိုင်ရာ ပင်လယ်ကမ်းခြေ နောက်ဘက် ကျသည့် နယ်မြေ၏ ဘုရင်မ ဖြစ်သည်။ ထို တိုင်းရင်းသားများထဲတွင် ရှေးကျသော မိခင်ဘက်သို့ အနွယ် လိုက်ရသော ဓလေ့ထုံးစံများ ဆက်လက်တည်ရှိနေဆဲ ဖြစ်သည်။ ဇီးယပ်စ်မှာ ဖခင်ဘက်သို့ အနွယ် လိုက်ကြသော မြောက်ပိုင်းသားများ၏ အရှင် သခင် ဖြစ်သည်။ သူသည် ဟီရာကို ထိမ်းမြားခြင်းမှာ အခြေချ နေနိုင်ရေး အတွက် ဖြစ်၏။

သူတို့၏ အိမ်ထောင်ရေး ဘဝသည် အချိန် ကြာမြင့်စွာ စိတ်မချမ်းသာရသော အိမ်ထောင်ရေးတော့ မဟုတ်ဟု ထင်ရသည်။

ဟီရာသည် အိမ်ထောင်ရှင် အမျိုးသမီးများ၏ နာယက ဖြစ်လာသည်။

အိမ်ထောင်ရှင်မများ စံနမူနာ ထားရသော နတ်မိမယ် ဖြစ်လာခြင်းကြောင့် သူမသည် အိမ်ထောင်ရှင်မကောင်း တစ်ယောက် အဖြစ် စံနမူနာ ပြခဲ့သည်ဟု ယူဆရပေသည်။

---

၁။ Dione
၂။ Hera
၃။ Mycenaean
၄။ Argive Kore
၅။ Peloponnesian
၆။ Hercules
၇။ Argos in Thessaly
၈။ Jane Harrison

*အပ္ပလို* [၁] *တွင်* ပို၍ ကွဲပြား ခြားနားသော သဘော ကွဲလွဲမှုများ ထင်ရှား ဖြစ်ပေါ်နေသည်ကို တွေ့ရသည်။ သူသည် ဂရိ လူမျိုးတို့၏ နတ် မဟုတ်တန်ရာ။ *အီလီယာ့ဒ်* [၂] ကဗျာရှည်ကြီးထဲတွင်ပင် သူသည် ဂရိ လူမျိုးဘက်က ရပ်တည်သော နတ် မဟုတ်ခဲ့ပေ။ သူသည် *ထရိုဂျန်* [၃] လူမျိုးတို့ ဘက်က ရပ်တည်သော နတ် ဖြစ်လေသည်။ သူသည် ရန်ငြိုး မပြေသော၊ ပဋ္ဌလောဟာ သံချပ် အင်္ကျီများ ဝတ်ထားသော *ထရွိုင်* [၄] မြို့ကို တိုက်ခိုက် သိမ်းပိုက်သူ ရဲမက်များ၏ ကြောက်မက်ဖွယ် ရန်သူကြီး ဖြစ်ခဲ့လေသည်။

ဒဏ္ဍာရီ အဆို အရ သူ၏ မူလ အစသည် *ဒီလော့စ် ကျွန်း* [၅] ဖြစ်သည်ဟုလည်း ဆိုသည်။ နောက်တစ်ခါ အေသျှ မိုင်းနား လွင်ပြင်က စတင်သည်ဟုလည်း ဆိုသည်။ သို့သော် သူ၏ မူလ အစကိုမူ အတိအကျ ရှာဖွေ၍ မရကြပေ။ အလွန် ရှေးကျသော ခေတ် အခါကမူ သူသည် ကျေးလက် ဒေသ အကျိုး၊ လယ်ယာ စိုက်ပျိုးရေး အကျိုး အတွက် ရပ်တည်ခဲ့လေသည်။

သူသည် မူလက နေနတ်သား မဟုတ် ဆိုသော အချက်မှာမူ သေချာသည်။ သူသည် ထရွိုင်မြို့ အနီးက *လီယိုမေဒွန်* [၆] နှင့် သက်စလေမှ *အက်ဒမေတော့စ်* [၇] တို့၏ သိုးကျောင်းသား တစ်ဦး ဖြစ်ခဲ့လေသည်။ သူသည် တစ်ကြိမ်က ဝံပုလွေနတ် ဖြစ်ကောင်း ဖြစ်ခဲ့ပေမည်။ သူသည် သိုးကျောင်းသား အဖြစ်ဖြင့် သိုးများကို သူ၏ ဝံပုလွေ ညီအစ်ကိုများ၏ ရန်ကို ကာကွယ် ပေးခဲ့ရသူလည်း ဖြစ်နိုင်သည်။ လယ်ယာ စိုက်ပျိုးရာ ဒေသများ၌ တောအုပ်များ၊ သစ်ပင်များသည် သူ၏ ကာကွယ်မှု အောက်မှာ ရှိခဲ့ကြသည်။ ပန်းနွယ်ပင်သည် သူ့ အတွက် မွန်မြတ်သော အပင် ဖြစ်လေသည်။

ကျေးလက် အချစ် သီချင်းများတွင် သူသည် စောင်းကို ကျွမ်းကျင်စွာ တီးခတ်တတ်ကြောင်း လူငယ်များ၊ မိန်းကလေးများကို အထူး စိတ်ဝင်စားကြောင်း ပါရှိသည်။ သူသည် လူငယ်များ၏ အားမာန်ကို ယုံကြည်သည်။ အားကစားပြိုင်ပွဲများကို ကမ္ဘကထ ပြုသည်။

သူသည် ထိုပွဲများတွင် ပိတစ်ထောင်တင် လေးကြီးကို စွဲကိုင်၍ ပါဝင်တတ်သည်။ ဝေးလံသော အရပ်မှ လေးပစ်သူ *ဟီကေတေဘိုလော့စ်* [၈] ဟု သူ့ကို ခေါ်ကြသည်။

သူသည် ဂရိ နိုင်ငံ *ပါနက်ဆပ် တောင်* [၉] စောင်းတွင် စုန်းမ မွေးထားသော မကောင်းမိစ္ဆာ စပါးအုံး မြွေကြီးကို ကွပ်မျက်လိုက်သည်။

ထို့နောက် ထို မိစ္ဆာမြွေကို *ဒယ်လ်ဖီ* [၁၀] သို့ နေရာ ပြောင်းထားလိုက်သည် (ဇီးယပ်စ်ကဲ့သို့ပင် သူသည်လည်း ဒေသဆိုင်ရာ တန်ခိုးရှင် များစွာကို နေရာ ရွှေ့သူကို ရွှေ့၊ သူ့ အောက်သို့ သိမ်းသွင်းသူကို သိမ်းသွင်း ပစ်ခဲ့လေသည်။)။

သူ ဒယ်လ်ဖီမှာ ပြုလုပ်ပုံသည် အရေးပါသော လုပ်ရပ် တစ်ခု ဖြစ်၏။ ထိုလုပ်ရပ်သည် ဂရိ နိုင်ငံ၏ ဘာသာရေး တိုးတက် ဖြစ်ပေါ်မှုတွင် ကာလ ကြာမြင့်စွာ အကျိုး ဖြစ်ထွန်းမှု ရှိခဲ့ပေသည်။ ထိုလုပ်ရပ်၏ အကျိုးဆက်မှာ သူသည် ဗျာဒိတ်ပေး နတ်ဘုရား ဖြစ်လာခြင်းပင် ဖြစ်၏။ ဇီးယပ်စ်မှအပ အခြား မည်သည့် နတ်မှ ထိုကဲ့သို့ တိုက်ရိုက် ဗျာဒိတ် ပေးနိုင်သော နတ် မရှိပေ။

ဒယ်လ်ဖီရှိ သူ၏ ဝတ်ကျောင်းတော် အလယ်ချက်တွင် မြေကြီး၌ အပေါက် တစ်ပေါက် ရှိသည်။

ထိုအပေါက်မှ အခါ အားလျော်စွာ မူးယစ်စေတတ်သော ရနံ့များ ထွက်လာတတ်သည်။

ထိုကဲ့သို့ ထွက်လာသော အခါ ပိုက်သီယာ ခေါ် နတ်ကတော် (နတ်ဆရာမ) ကို သုံးချောင်းထောက် တစ်ခု အပေါ်မှာ အငွေ့များ အကြား၌ ထိုင်စေလျှင် ထို နတ်ဆရာမ ပါးစပ်က စကားလုံးများကို ရေရွတ်လာသည်။

ထိုစကားများသည် အပိုလို နတ်ဘုရား၏ ဗျာဒိတ်ပေး စကားများ ဖြစ်သည်ဟု ယူဆကြလေသည်။ ဤ ယုံကြည်ချက်ကြောင့် ရာစု နှစ်ပေါင်း များစွာ ဂရိ ပြည်သား ထင်ရှားသော ပုဂ္ဂိုလ်များသည် ဒယ်လ်ဖီသို့ ခရီး သွားခဲ့ကြလေသည်။

အပိုလိုနတ်ကို မြို့တစ်မြို့ တည်ထောင်မည် ရှိသော အခါမှာလည်း ပသ၍ ၎င်း၏ အကြံဉာဏ်ကို ရယူလေ့ရှိသည်။

ထို့ကြောင့် ထိုမှ နောင်ကာလဝယ် သူသည် ထိုမြို့၏ နာယက အုပ်ထိန်းသူနတ် ဖြစ်လာလေတော့သည်။

နောင် များမကြာမီမှာပင် အီဂျစ် လူမျိုးများ သို့မဟုတ် အခြား နိုင်ငံခြားသားများ၏ ဩဇာကြောင့် သူ့ကို

---

၁။ Appolo
၂။ Iliad
၃။ Trojans
၄။ Troy
၅။ Delos island
၆။ Leomedon
၇။ Admetos
၈။ Hekatebolos
၉။ Mt. Parnassus
၁၀။ Delphi

*ဟဲလီယော့* [၁] (ဘာနုရာဇာ နေနတ်မင်း) အဖြစ် သတ်မှတ်ကြပြန်သည်။

အခြား နတ်များ၏ ဝတ္ထု ဇာတ်လမ်းများမှာလည်း အလားတူပင် ဖြစ်၏။

*အာတီမီ* [၂] ခေါ် လူရိုင်းတို့၏ အပျိုစင် နတ်သမီးသည်လည်း ကလေးသူငယ်များကို ကြင်နာသော အချစ်တော် နတ်ကညာ ဖြစ်လာလေသည်။ လူအများကို ကာကွယ် စောင့်ရှောက်သူ ဖြစ်လာသည်။ ထို့ပြင် မီးဖွားရာ၌ ခံစားရသော နာကျင်မှု ဒုက္ခကို သက်သာစေသော အဆွေ ခင်ပွန်း နတ်သမီး ဖြစ်လာသည်။ အိုင်အိုနီးယားတွင်မူ သူမသည် ထူးဆန်းစွာ အက်ဖိဆပ်ဇ် အာတီမီ အမည်ဖြင့် လူချစ် လူခင်များသော နတ်သမီး မယ်တော် ဖြစ်လာသည်။ ထို နတ်သမီးတွင် ရင်သား (သားမြတ်) များစွာ ဖုံးလွှမ်းလျက် ရှိသည်။

နောက် နတ်တစ်ပါးမှာ ဟာမီးစ် ဖြစ်သည်။ သူသည် နက်ရှိုင်းသော အောက် အရပ်မှ လာသော နတ် ဖြစ်သည်။ ဂရိခေတ် မတိုင်မီကပင် တည်ရှိခဲ့သည်။ သူ၏ အစောဆုံး အထိမ်းအမှတ်မှာ ကျောက်ပုံ သင်္ကေတ ဖြစ်သည်။ နောင်အခါ သူ့ကို အထိမ်းအမှတ် ပြုသောအားဖြင့် လေးမျက်နှာ ကျောက်တိုင် စိုက်ကြသည်။ တစ်ခါတလေ သူ့ဦးခေါင်းဖြင့် ဝန်းရံထားသည်။

သူသည် သေသောသူများ၏ ဝိညာဉ်များကို ဦးဆောင်ရသူ ဖြစ်သည်။ ထိုသူများကို *ဟာဒီ* [၃] ခေါ် မရဏ နိုင်ငံသို့ ခေါ်ဆောင်သွားရသည်။ ထို မရဏ နိုင်ငံနှင့် ဇီးယပ်စ် နတ်မင်းတို့၏ အကြားတွင် ဆက်သွယ် ပေးရသော သံတော်ဆင့် နတ်လည်း ဖြစ်သည်။ သူ ဝတ်ဆင်သော အဝတ်အစား နတ်တန်ဆာများမှာ ထိုခေတ်က ဂရိနတ်များ ဝတ်ဆင်ကြသော နတ် တန်ဆာမျိုးပင် ဖြစ်သည်။

*ပိုဆိုင်ဒွန်* [၄] သည် သမုဒ္ဒရာနတ် ဖြစ်သည်။ သူသည် အစက အင်းအိုင် မြစ်ချောင်းများ၏ အိမ်တွင်း မင်းမဟာဂီရိလို နတ်မျိုး ဖြစ်သည်။ သူ အဘယ်ကြောင့် ပင်လယ်သမုဒ္ဒရာထဲသို့ ရောက်သွားရသည်ကို မသိပါ။ ကျူးကျော်ဝင်ရောက်လာသူများက မောင်းထုတ်လိုက်၍ ပင်လယ်ထဲသို့ ရောက်သွားရခြင်း ဖြစ်လေသလား။

နောက် *အေသင်နာ* [၅] ခေါ်သော နတ်လည်း ရှိသေးသည်။ ပညာ ရှိသော စစ်သူတို့၏ နတ်ကညာ ဖြစ်သည်။ အစက ဇီးကွက် နတ်သမီး ဖြစ်ခဲ့ဟန် တူသည်။ သူမ၏ အထိမ်းအမှတ်မှာ ဇီးကွက်ငှက် ဖြစ်သည်။ အခါ အားလျော်စွာ သူမသည် ငှက် အသွင်သို့ ပြောင်းလဲပြီးနောက် ကောင်းကင်သို့ ပျံသန်းတက်ပြီး ပျောက်ကွယ်သွားတတ်ပေသည်။

ထို့ပြင် *ဒီမီတာ* [၆] နတ်သမီးလည်း ရှိသေးသည်။ မြေဆီလွှာ နတ်သမီး ဖြစ်၏။ သူမသည် လှပ ကြော့ရှင်းသော *ပါဆီဖွန်* [၇] နတ်မိမယ်၏ မယ်တော်လည်း ဖြစ်၏။ မြေအောက် မရဏ လောကနှင့်လည်း ဆက်နွယ်နေသူ ဖြစ်သည်။

ဤ ထင်ရှားသော နတ်များ ရောက်လာသော အခါ ဒေသ အလိုက် ကိုးကွယ်နေခဲ့ကြသော နတ်များမှာ ပပျောက်ကုန်ကြသည်။

*အက်ဖရိုဒိုက်* [၈] ခေါ် အချစ် နတ်သမီး (အနောက်နိုင်ငံသားများ ကိုးကွယ်သော ဘေဘီလုံမှ အစ်ရှ်တာ) သည် နောက်ကျမှ ရောက်လာသော နတ်သမီး ဖြစ်သည်။ ပင်လယ် ရေမြှုပ်မှ ပြန်လည် ဖွားမြင်လာသည်။ အလွန် လှပသည့်၊ အကျင့်သီလ ပျက်သည့် ဘုရား ဝတ်ကျောင်းတော်၏ ပြည့်တန်ဆာမ အဖြစ် ထားရသည်။

*ဒိုင်အိုးနီးဆပ်* [၉] တစ်ဦးတည်းသာလျှင် ရေရှေ့ ပပျောက်သွားသော နတ် မဖြစ်ဘဲ ကျန်ရစ်ခဲ့လေသည် (ဘာကြောင့် ထိုသို့ ကျန်ရစ်ခဲ့ရကြောင်းကို နောက်ပိုင်းတွင် ထင်ရှားလိမ့်မည်။)။

## ဟုမ္မား၏ ဘုရားမျိုးစုံ ဝတ်ကျောင်း ဗိမာန်တော် [၁၀]

ဟုမ္မား၏ စာထဲတွင် ပါသော နတ်များ အကြောင်းမှာ ပညာသား ပါလှသည်။ ထိုနတ်များ အကြောင်းကို စဉ်းစားရန် အချိန်သို့ ရောက်ပြီ။ ထိုနတ်များ၏ သဘော လက္ခဏာများနှင့် ၎င်းတို့၏ အကျိုး သက်ရောက်မှုများကို စဉ်းစားဆင်ခြင် ကြည့်ကြပါဦးစို့။

ဟုမ္မား၏ စာပေထဲတွင် နတ်များသည် အရပ် တစ်ပါးစီ၌ တကွဲတပြားစီ မနေကြတော့ပေ။ နတ်များ၏ ဘုံ နတ်ပြည်သည် *အက္ကရိုပိုလစ်* [၁၁] ဆိုသော အိုလံပတ် တောင်ထိပ်တွင် ရှိသော တာဝတိံသာလို နတ်ပြည် ဖြစ်သည်။ ထို တောင်ထိပ်သည် မြင့်မိုရ် တောင်ထိပ်နှင့် တူသည်။ ပကတိ တောင်မျိုး မဟုတ်။ နတ်ဘုံ နတ်နန်းများ တည်ရှိရာ

၁။ Helios ၂။ Artemis ၃။ Hades
၄။ Poseidon ၅။ Athena
၆။ Demeter ၇။ Persephone ၈။ Aphrodite
၉။ Dionysus ၁၀။ The Homeric Pantheon
၁၁။ Acropolis

တောင်ထိပ် ဖြစ်လေသည်။ ထိုနတ်ပြည်တွင် နတ်မင်း (သိကြားမင်းကဲ့သို့ ဣန္ဒာဒေဝ) သည် ဇီးယပ်စ် ဖြစ်သည်။ သူသည် မိုးတိမ်ကို စေစားနိုင်သူ ဖြစ်၏။ သူသည် ကရုဏာ တော်ရှင် ဖြစ်သည်။ ဟီရာသည် ဇီးယပ်စ် နတ်မင်း၏ ရွှေနန်းတော်ရှင် မိဖုရား ခေါင်ကြီး ဖြစ်၏။

အခြား နတ်များကား အခါ အားလျော်စွာ၊ မိမိတို့ကိစ္စ အားလျော်စွာ အက္ကရိုပိုလစ် နတ်ပြည်မှာ မရှိဘဲ အခြား တစ်ပါးသို့ ရောက်နေတတ်ကြသည်။ သို့သော် မည်သည့် နတ်သည် မည်သည့် အရပ်သို့ မည်သည့် ကိစ္စနှင့် ရောက်နေသည်ကို ဇီးယပ်စ် နတ်မင်းကြီးသည် အလုံးစုံကို သိထားသည်။

ဇီးယပ်စ်၏ ချစ်မြတ်နိုးအပ်သော သမီးတော် နတ်ကညာသည် အေသင်နာ ဖြစ်၏။ ပညာ နတ်မိမယ် ဖြစ်သည်။ ဇီးယပ်စ်၏ အရိုက်အရာခံ သားတော်သည် အပိုလို ဖြစ်သည်။ သူသည် လေးနတ်သား ဖြစ်သည်။

*အာတိမစ်* [၁] သည် အရှက်ကြီးသော နတ်သမီး (ဇီးယပ်စ်၏ သမီးတော်) ပင် ဖြစ်၏။ တောထဲ တောင်ထဲမှာ ဥပုသ် သီတင်း ဆောက်တည်ခြင်းဖြင့် ပျော်မွေ့နေသူ ဖြစ်သည်။ *အာရီ* [၂] ကား ဒိုင်းလွှားများကို ဖောက်ထွင်းနိုင်သူ ဖြစ်၏။ ရက်စက် ကြမ်းကြုတ်သူ ဖြစ်၏။ စစ်ကို အလွန် လိုလားသူ ဖြစ်သဖြင့် ဇီးယပ်စ်သည် အာရီအား မကြာခဏ ဆူပူ ကြိမ်းမောင်းရသော ဟူ၏။

အက်ဖရိုဒိုက် အချစ် နတ်သမီးသည် ဇီးယပ်စ်နှင့် ဒိုင်ယွန်း နတ်သမီးတို့မှ ဖွားမြင်သော သမီးတော် ဖြစ်၏။ သူ၏ မောင် ဝမ်းကွဲတော်သူ ခြေမသန်သော ပန်းပဲဖို မီးနတ်သား *ဟက်ဖီစတပ်* [၃] နှင့် လက်ထပ်ထားသူ ဖြစ်၏။ ဟက်ဖီစတပ်သည် ဟီရာနှင့် ဇီးယပ်စ်တို့မှ ဖွားမြင်သူ ဖြစ်သည်။ သူမသည် ဟက်ဖီစတပ် အပေါ်တွင် သစ္စာ မရှိပေ။ ထို့နောက် အာရီနှင့် ဖောက်ပြန်သမှု ပြုခဲ့လေသည်။

ဇီးယပ်စ်၏ နောက် သားတစ်ယောက်မှာ *ဆီမီလီ* [၄] နှင့် ငြိ၍ ဖွားမြင်သော ဒိုင်အိုနီးဆပ် ဖြစ်သည်။

သူ့ အကြောင်းကို ဟုမ္မား၏ စာထဲတွင် တစ်ကြိမ် လောက်သာ ဖော်ပြပြီး နောက်ထပ် ပေါ်မလာတော့ပေ။

အရေးပါသော နတ်မှာ ဟာမီးစ် ဖြစ်၏။ သူသည် ကောင်းကင် သုခဘုံ၏ လမ်းညွှန်နတ် ဖြစ်၏။ ဇီးယပ်စ်နှင့် *မိုင်ယာ* [၅] နတ်သမီးတို့မှ မွေးဖွားသူ ဖြစ်လေသည်။ သူသည် အဓိကအားဖြင့် သံတော်ဆင့်နတ် ဖြစ်သည်။ သို့သော် သူသည် ပါးနပ်ပြီး ကောက်ကျစ် စဉ်းလဲသူ ဖြစ်သည်။ သူသည် အိုလံပတ်မှ ထွက်ခွာသွားပြီး မြေအောက် မရဏာ ကမ္ဘာရှိ ဝိညာဉ်များကို ဦးဆောင်နေလေသည်။

သမုဒ္ဒရာနတ် ပိုဆိုင်ဒွန်နှင့် မြေအောက် မရဏာ ကမ္ဘာနတ် ဟာဒိစ်တို့သည် ဇီးယပ်စ်က မွေးသော ညီရင်းအစ်ကို နတ်များ ဖြစ်ကြလေသည်။

*ခရိုနော့စ်* [၆] နှင့် *ရီယာ* [၇] တို့လည်း သူတို့ကဲ့သို့ပင် ညီရင်းအစ်ကို ဖြစ်ကြသည်။ ဒီမီတာသည် သူ၏ ညီမရင်း တစ်မိ တစ်ဖတည်းပေါက် ဖြစ်သည်။

သို့သော် ဟုမ္မား၏ စာထဲတွင် သူမကို အိုလံပတ် တောင်ပေါ် နတ်ပြည်သို့ ရောက်လာကြောင်း ဖော်ပြမထားပေ။

ဟုမ္မား၏ စာထဲတွင် စုစည်း ကျစ်လျစ်စွာ ဖော်ပြထားသော နတ်မိသားစု အကြောင်းကို တွေ့ရသည်။ ခြုံ၍ ကြည့်လျှင် ထိုနတ်မိသားစုသည် ယဉ်ကျေး သိမ်မွေ့သော အဖွဲ့အစည်းကို ဖွဲ့စည်းထားကြသည်။ နတ်များ အနေနှင့် သူတို့သည် သဘာဝ အင်အားစုများကို ထိန်းချုပ်ရသူ၊ စိုးမိုးရသူများ ဖြစ်ကြလေသည်။ သို့သော် ရှေးက ယူဆခဲ့သလို သဘာဝ အင်အားစု သက်သက်ကား မဟုတ်ကြတော့ပေ။ ရှေးကမူ သဘာဝ စွမ်းအင်များကိုပင် နတ်များ အဖြစ် ကိုးကွယ်ခဲ့ကြသည်။ ယခု ထိုသို့ မဟုတ်ကြတော့ပေ။ နတ်သည် သဘာဝ အင်အားစု မဟုတ်ကြတော့။ သဘာဝ အင်အားစုများကို အုပ်စိုး ချုပ်ကိုင်နိုင်သူများ ဖြစ်သွားကြလေပြီ။ သူတို့၏ လုပ်ငန်းဆောင်တာများမှာ ထူးကဲ မြင့်မြတ်ပြီး စင်ကြယ်သည့် သဘောကို ဆောင်လာကြသည်။ သူတို့သည် ရှေးကျသော သဘောလည်း မရှိကြတော့ပေ။

မီနိုအန် ကပ္ပလီတို့၏ လူရိုင်း နတ်ဘုရားရုပ်များ၊ တိရစ္ဆာန် အသွင် ရှိသော နတ်များ၊ မယ်တော် နတ်များလည်း မရှိတော့ဘဲ ပပျောက်ကုန်ကြပြီ။ အေဘျှမိုင်းနား ကမ်းခြေနေ ပယ်လက်စ်ဂျီယန် လူမျိုးတို့၏ သဘော သက်ဝင်သော တိရစ္ဆာန်နှင့် လူများ မျိုးအောင်ရေး၊ သားသမီး ဖွားစည်းရေး၊ သီးနှံများ ပေါများ စည်ပင်ရေး၊ သေခြင်းတရားနှင့် မြေအောက် မရဏာ ကမ္ဘာနှင့် စပ်သော အယူအဆများမှာလည်း များစွာ ပြုပြင်ထားပြီး သန့်စင်ထားပြီး ဖြစ်နေလေပြီ။

---

၁။ Artemis ၂။ Ares ၃။ Hephaestus
၄။ Semele ၅။ Maia

၆။ Chronos ၇။ Rhea

နတ်တို့၏ ကိုယ်ရည် ကိုယ်သွေးများကို ဖော်ပြရာမှာလည်း ရှေးကလို ရုပ်ထွေးစွာ နားလည်ရန် ခက်သော သဘောမျိုး မရှိတော့ပါ။ သူတို့သည် ခေတ်အမြင်၊ ခေတ်အသိနှင့် ကိုက်ညီလာသည်။

နတ်၏ သဘော လက္ခဏာများမှာ တိတိပပ ရှိလာသည်။ အဓိပ္ပာယ် ထင်ရှားလာသည်။ တစ်ဦးနှင့် တစ်ဦးလည်း တိတိကျကျ ကွဲကွဲပြားပြား ဖြစ်လာသည်။

တူနေသော နတ် နှစ်ပါး ဟူ၍ မရှိတော့ပါ။ သူတို့သည်လည်း မြေကြီးပေါ်က လူယောကျ်ား လူမိန်းမတွေလိုပင် အတွေးအခေါ် အယူအဆ ရှိသည်။ လိုအင် ဆန္ဒများရှိသည်။ စိတ်နေ သဘောထားများ ရှိသည်။ ရမ္မက် တဏှာအားလုံး ရှိသည်။ လူနှင့် ဘာမျှ မခြားနားကြတော့ပေ။

သို့သော် လူက အနိစ္စ မမြဲ။ နတ်ကတော့ နိစ္စ ထာဝရဖြစ်သည်က လွဲ၍ သူတို့သည် မရေမတွက်နိုင်သော၊ မသိနိုင်သော၊ ရက်စက် ကြမ်းကြုတ်သော သတ္တဝါများ မဟုတ်ကြတော့ပေ။

အနုရသ သဘောဖြင့် ပြောရလျှင် နတ်များသည် ကြောက်စရာ မဟုတ်တော့။ ချစ်ခင် မြတ်နိုးစရာ၊ နှစ်သက်စုံမက်စရာ၊ အလွန် လှပသော၊ လူထက် ပို၍ ယဉ်ကျေးသိမ်မွေ့သော၊ တင့်တယ်သော သတ္တဝါများ ဖြစ်လာကြသည်။

ဤကား အနာဂတ် ဂရိ အနုပညာရှင်များ အတွက် ဟုမ္မား ပေးခဲ့သော တန်ဖိုး မဖြတ်နိုင်သော လက်ဆောင် ပဏ္ဏာပင် ဖြစ်၏။ သလင်းကျောက်၊ သတ္တုလောဟာများဖြင့် ထုလုပ်ထားသော၊ အလွန် လှပ ယဉ်ကျေးသော၊ အပြစ်အနာ ကင်းသော ရုပ်ဆင်းအင်္ဂါနှင့် ဟန်ပန်တို့သည် ဈေးကွက်ထဲတွင် ပေါ်ထွန်း လာကြပေပြီ။ သူတို့၏ ရုပ်ပုံများကို ဘုရား ဝတ်ပြုရာ အရပ်များ၌ လေးစား ကြည်ညိုဖွယ်ရာ တွေ့မြင် လာကြရပြီ ဖြစ်ပါသည်။

သို့သော် နတ် ကိုးကွယ်မှုနှင့် ဆိုင်သော သူတို့၏ ဘာသာရေး အရည်အသွေး ဖြစ်သော၊ အလွန် သိခက်နက်နဲသော၊ ကြောက်မက်ဖွယ် ဖြစ်သော သဘောတို့ကား ကင်းပသွားလေပြီ။ သို့သော် နောက်ဆုံး ဝါကျသည် နှုတ်လွန်ရာ ကျပေသည်။ ဟုမ္မား စာထဲမှာ ပါသော နတ်များမှာလည်း သဘာဝလွန် တန်ခိုးများ ရှိဆဲပင် ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် ဇီးယပ်စ် ခေါင်းညိတ်လိုက်လျှင် အိုလံပတ် တောင်ကြီး တစ်တောင်လုံး တုန်ခါသွားရသည် ဆို၏။ ပိုဆိုင်ဒွန်၏ အော်ဟစ်သံသည် မိုးခြိမ်းသံကဲ့သို့ ဖြစ်သည် ဆို၏။

နတ်များ အနေနှင့် လူတို့ ဘဝ အပေါ်တွင် စိုးမိုးနိုင်သော တန်ခိုး အာဏာများလည်း များစွာ ရှိနေ ပေသေးသည်။ နတ်တို့ အလိုရှိလျှင် မြို့ရွာများ ပျက်စီး ဆုံးရှုံးရသည်။ လူများ သေကျေ ပျက်စီးရသည်။ စစ်တပ်များ စစ်ရှုံးရသည်။ အရေးကြီးသော ကိစ္စများ ဆောင်ရွက်တော့မည် ဆိုလျှင် ရှေးထုံးစဉ်လာ အတိုင်း ယဇ်နတ် ပူဇော်ခြင်း အမှုကို ပြုပြီးမှသာ ဆောင်ရွက်ရမည်ဟု လူတို့ ယုံကြည်နေကြဆဲ ဖြစ်၏။ နတ်များ အမျက် ထွက်အောင်၊ စိတ် ကျေအေးအောင် ပသရမည်ဟု ခံယူကြဆဲ ဖြစ်လေသည်။

ဇီးယပ်စ်သည် လူသားတို့၏ ကိုယ်ကျင့်တရား ရှိ မရှိ၊ သီလ စောင့် မစောင့်ကို အမြဲ စောင့်ကြည့်နေသည်ဟု ယုံကြည် နေကြသေးသည်။

သို့သော် နတ်တို့၏ အလိုဆန္ဒမှာမူ များစွာ ကန့်သတ်ထားပြီး ဖြစ်လေသည်။

ထို့ပြင် ဇီးယပ်စ်ထက် တန်ခိုး အာဏာ ပြင်းထန်သော နတ် ရှိသေး၏။ ထိုနတ်ကို မိုးနတ်မင်းကပင် ရိုသေကျိုးနွံ ရလေသည်။ ၄င်းမှာ မွိုင်ရာ ခေါ် ကံကြမ္မာ ဖြစ်သည်။ ကံကြမ္မာက မျက်ကန်း ဖြစ်၏။ ရက်စက် ကြမ်းကြုတ်၏။ ပြင်းထန်၏။ သောင်းကျန်း၍ ပြင်းစွာ နှောင့်ယှက်တတ်၏။ ဥက္ကောဋ္ဌေယျ ဖြစ်၏။ သေကျေ ပျက်စီးတတ်၏။ နတ်များသည် တန်ခိုးနှင့် ပြည့်စုံကြသည်ဟု တွေးခေါ် ယူဆကြစေကာမူ ၄င်းတို့သည် သဘာဝနှင့် သမိုင်း ဖြစ်ရပ်များ၏ ဘောင် အတွင်းမှာသာ တည်နေကြရလေပြီ။ သူတို့သည် လူထက် သာလွန်ကြစေကာမူ သူတို့၏ တန်ခိုးသည် အကန့်အသတ်မဲ့ မဟုတ်ကြတော့ပေ။

ဂရိ လူမျိုးတို့၏ စိတ်ကူး စိတ်သန်းများကို ဦးဆောင်လမ်းပြ ပြု၍ ပြုပြင်ရာတွင် ဟုမ္မား၏ ကဗျာရှည်ကြီးသည် လွန်စွာ ဩဇာ ကြီးမားခဲ့ပေသည်။

ဤ ကဗျာရှည်ကို ပထမတွင် မှူးမတ် သေနာပတိတို့က ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ကြသည်။ နောက်ပိုင်းကျတော့ လူထု လူတန်းစား အားလုံး၏ ကဗျာ ဖြစ်သွားလေသည်။ ပွဲလမ်းသဘင်များ၊ လူအများ စုဝေးရာ အရပ်များ၌ ရွတ်ဖတ်ကြလေသည်။ နောင်အခါ ဂရိ လူငယ်တို့၏ ပညာရေးတွင်လည်း ဤကဗျာများသည် အရေးကြီးသော ကဏ္ဍမှ ပါဝင်ခဲ့ကြသည်။

ဂရိ လူမျိုးများ အကြားတွင် ယဉ်ကျေးမှု အရရော ဘာသာရေး အရပါ သွေးစည်း ညီညွတ်သော စိတ်ဓာတ်များ ဖြစ်ပေါ်လာအောင် ဟုမ္မား ကဗျာများက ပြုလုပ်ပေးခဲ့သည်။

ဆိုလိုသည်မှာ ဘာသာရေး အရ၊ ယဉ်ကျေးမှု အရ ဂရိ နိုင်ငံသားများ အားလုံးသည် တစ်သွေးတည်း တစ်သားတည်း ဖြစ်ကြသည်ဟု ခံစား သိမြင်စေခဲ့ခြင်း ဖြစ်၏။ နိုင်ငံရေး သဘော အရထက် ဘာသာရေး သဘော အရ သွေးစည်း ညီညွတ်ခြင်းကို ဟုမ္မား အနေနှင့် ပို၍ ကျေနပ်ပေလိမ့်မည်။

သို့ရာတွင် ဤကိစ္စမှာလည်း အခက်အခဲ ရှိသည်သာ။ ဟုမ္မား၏ နတ်များမှာ ကြောက်စရာ မလိုတော့သဖြင့် ထိုနတ်များကို ကိုးကွယ်သူတို့က ပွဲထဲက ဇာတ်ကောင်တွေကို ကြည့်သလို ကြည့်ပြီး ကြည်ညိုရုံသာ လိုတော့သည်။ တိုက်ရိုက် ပူဇော် ပသနေစရာ မလိုတော့သလို ဖြစ်သွားသည်။ ဤ အချက်သည် အားနည်းချက်ကြီး တစ်ခု ဖြစ်သွားသည်။ အထက်တန်းစားများက ကျေနပ်ကြသော်လည်း သာမန် လူတန်းစားများ အနေနှင့်မူ နတ်၏ အမအစကို မရတော့ဟု ယူဆကာ မကျေနပ်ကြပေ။

ထို့ကြောင့် သာမန် အရပ်သားများသည် အခြားသော ကိုးကွယ်ရာ တန်ဖိုး တစ်ခုကို လိုက်ရှာကြပြန်လေသည်။ ထိုအခါ *နက်နဲသော ဘာသာ အယူ* [၁] ကို လိုက်ရှာကြပြန်သည်။

## နက်နဲသော ဘာသာ အယူဝါဒများ

အကူးအပြောင်း ကာလ ဖွံ့ဖြိုး တိုးတက်မှုများကို ကျွန်ုပ်တို့သည် မှုန်ဝါးဝါးသာ သိခွင့်ရကြသည်။ သို့ရာတွင် လူစွမ်းကောင်းခေတ် အတိတ်တွင် ပြန်လည် ဆုတ်ယုတ်သွားပြီးနောက်၊ ထို့ပြင် ဟုမ္မား၏ နတ်ဘုရား မျိုးစုံ ဝတ်ပြုရာ ဝတ်ကျောင်း ဗိမာန်တော်များကို ဂရိ တစ်နိုင်ငံလုံးတွင် တည်ထောင်လိုက်ကြသည်။ ဤကဲ့သို့ ဟုမ္မား၏ ဝတ်ပြုရာ ဗိမာန်များကို တည်ထောင်လိုက်ခြင်းသည် နတ်တို့၏ အမူအကျင့်များကို ဖော်ပြရာ၌ အစုလိုက် အဆင့်အတန်း သတ်မှတ်မှုကို ဖြစ်ပေါ်စေခဲ့သည့်ပြင် ဂရိ လူမျိုးများ၏ စိတ်ထဲတွင် နတ်များသည် သူတို့ အထဲမှာပင် ရှိနေသည် ဆိုသော ခံစားမှုကို ဖြစ်ပေါ်စေပြီး နှစ်သိမ့် ကျေနပ်မှုကိုလည်း ဖြစ်ပေါ်စေခဲ့သည်။

ဤကား နက်နဲသော ဘာသာ အယူဝါဒ ဖြစ်ပေါ်ရန် လမ်းခင်းလာခြင်း ဖြစ်သည်။ ဤနည်းအားဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ပုဂ္ဂလိက ဘာသာရေး ကျေနပ် နှစ်သိမ့်မှုကို ပေးနိုင်ခဲ့သည်။ ထိုကဲ့သို့သော စိတ်ချမှုကို အများနှင့် ဆိုင်သော ယဇ်ပူဇော်ပွဲများက မပေးနိုင်ခဲ့ပေ။

ဤ ဘာသာ ကိုးကွယ်မှု၌ လူတို့သည် လွန်စွာ စိတ်အား ထက်သန်ရကား ဤ ဘာသာ ယုံကြည်မှုကို ကိုးကွယ်သူများသည် အများနှင့် ဆိုင်သော အကျပ်အတည်းများ၊ ပြဿနာများ၊ အန္တရာယ်များ ကြုံရသော အခါမျိုး၌ပင်လျှင် ကိုယ့်ဘာသာ ကိုယ် သီးခြား ပူဇော် ပသခြင်း အမှုကို ပြုကြလေတော့သည်။

ဤကဲ့သို့ မိမိတို့ ဘာသာ တစ်ဦးချင်း ပူဇော် ပသခြင်း အမှုကို လျှို့ဝှက်စွာ ပြုလုပ်ကြရသည့် အတွက် ဤ ဘာသာ ယုံကြည် ကိုးကွယ်မှုကို နက်နဲသော ဘာသာ ကိုးကွယ်မှုဟု ခေါ်ခြင်း ဖြစ်၏။

နက်နဲသော ဘာသာရေး၏ နတ်ဆရာ အချုပ် ဘုန်းကြီး၏ ညွှန်ကြားချက်အရ ရွေးချယ် တာဝန် ပေးအပ်ခြင်း ခံရသူသည် အောက်ပါ ကိစ္စများကို ဆောင်ရွက်ရသည်။

(၁) ကြိုတင် ပြင်ဆင်သော သန့်စင်မှု - ဤကိစ္စ အလို့ငှာ ပင်လယ်သို့ အခင်းအကျင်းဖြင့် စီတန်း လှည့်လည် သွားပြီး ရေချိုး သန့်စင်ခြင်းကို ပြုကြရသည်။

(၂) နက်နဲသော ဘာသာ ဝတ်ပြုရာ ကျောင်းခန်းမကြီးထဲတွင် ပိတ်ထားသော တံခါး နောက်ကွယ်က ပေးသော ဂမ္ဘီရ ပညာနှင့် စပ်သော တရားကို နာကြရသည် (ညွှန်ကြားချက်များ ဖြစ်သည်။)။

(၃) ဘုရား ဝတ်ပြုရန် သီးသန့် ထားသော ဝတ္ထုပစ္စည်းများကို ကိုင်၍ ဘုရားကို အာရုံပြုရသည်။ ထိုနောက်

(၄) ဘုရားနှင့် ဆိုင်သော ဇာတ်လမ်းကို ပြဋ္ဌာန်း အတည်ပြုခြင်း ဖြစ်သည်။ အများအားဖြင့် ပြဇာတ် ပုံစံဖြင့် တင်ပြသည်။ ထိုဇာတ်လမ်းထဲတွင် နတ်များကို ပုံဆောင်၍ ပြထားသည်။

(၅) ဘာသာဝင် အဖြစ် သတ်မှတ်သော ပုဂ္ဂိုလ်ကို သရဖူ ဆောင်းခြင်း (ဝါ) ပန်းခွေဖြင့် ရစ်ခြင်းကို ပြုရသည် (ဤသည်မှာ ခရစ်ယာန်တို့၏ နှစ်ခြင်း မင်္ဂလာ သဘောပင် ဖြစ်သည်။)။

ဤကဲ့သို့ သိဒ္ဓိတင်ခြင်း အခမ်းအနား ပြီးဆုံးသော အခါ (တစ်ခါတလေ နေ့ရက် များစွာ ကြာတတ်သည်။) စီတန်း လှည့်လည်ပွဲများ ညဥ့်လုံးပေါက် ပွဲလမ်းသဘင်များ ကျင်းပကြသည်။

ဤ ပွဲသဘင်များသည် တင်းမာမှုများကို လျော့ပါးစေပြီး ထူးခြားသော လောကုတ္တရာ အတွေ့အကြုံများကို နက်ရှိုင်းစွာ ခံစားရစေသည် ဆို၏။

၁။ The Mystery Religions

ရှေး အကျဆုံးနှင့် အချုပ်တည်းရဆုံးသော နက်နဲသည့် ဘာသာရေး ပွဲမှာ *အီလျူစီနီးယန်း* [၁] တို့၏ ဘာသာရေးပွဲ ဖြစ်သည်။

ဟီရိုဒိုးတပ်စ်၏ ကဗျာထဲမှ ကိုးကားချက် အရ ထိုပွဲတွင် ပါဝင်သော နတ်များမှာ ဒီမီတာ (ကောက်ပဲသီးနှံနှင့် ဝသုန္ဒြေ နတ်မယ်တော်) နှင့် သူ၏ သမီးတော် *ကိုရဲ* [၂] (ပါစီဖွန်ဟုလည်း လူသိများသည်။) တို့ ဖြစ်ကြသည်။

ကိုရဲကို ဟာဒိစ် (ပလူတို) က မြေအောက် မရဏကမ္ဘာသို့ အလစ် သုတ်သွားကြောင်း လူတိုင်း သိရကား သူမသည် သူ၏ သတို့သမီး ဖြစ်နိုင်ပေသည်။ သို့ရာတွင် သူမ၏ မိခင်သည် သူမအား ရက်ပေါင်း များစွာ ပူဆွေးသောကများဖြင့် ရှာပုံတော် ဖွင့်ခဲ့ရသည့် အတွက် ကောက်ပဲသီးနှံများ ရှင်သန် ထွားကျိုင်းရေးကို ငြင်းပယ်ခဲ့လေသည်။ နောက်ဆုံးတွင် ဇီးယစ်ပ်က ဟာဒိစ်ကို နတ်ကညာအား သူ့မိခင် လက်သို့ ပြန်အပ်စေခဲ့ရလေသည်။ သို့သော် နတ်ကညာသည် ဟာဒိစ်က ကောက်ကျစ် စဉ်းလဲစွာ ပေးခဲ့သော အစေ့ တစ်မျိုးကို စားခဲ့မိလေသည်။ ထိုအစေ့ကို စားခဲ့မိသည့် အတွက် ပါစီဖွန်သည် မြေအောက် ကမ္ဘာသို့ တစ်နှစ်လျှင် တစ်ခေါက် အရောက် သွားရန် လိုအပ်ပေသည်။

ဒီမီတာနှင့် သမီးတော် ဇာတ်လမ်းသည် အမျိုးသမီးများ ပြန်လည်၍ အတည်ပြုထားသော ဇာတ်လမ်း တစ်ပုဒ် ဖြစ်နေလေသည်။

တစ်ခါတစ်ရံ ဒီမီတာ၏ အပေါင်းအသင်း ဖြစ်သူ ဒိုင်အိုနီးဆပ် (သီးနှံနှင့် စပျစ်ခြံနတ်) ကိုလည်း ထို ဇာတ်လမ်းထဲ ထည့်လာသည်ကို တွေ့ရသည်။ လျှို့ဝှက် နက်နဲသော ဘာသာ ကိုးကွယ်မှုကား လူအများ အသိ မခံသော အလုပ် တစ်ခု ဖြစ်နေပါပြီ။

သို့သော် အေသင် မြို့သားများမှာ ရှင်ပြုမည့်သူ ရှင်လောင်းကို အခမ်းအနားဖြင့် ပင်လယ် ကမ်းခြေသို့ ပို့ဆောင်၍ ရေသန့်စင်ခြင်း အမှုကိုကား ပြုလုပ်ဆဲပင် ဖြစ်၏။

ထို့ပြင် အေသင်မှ *အီလျူဆစ်* [၃] သို့ ဒိုင်အိုနီးဆပ်၏ ရုပ်တုကို ပင့်ဆောင်၍ လူစုလူဝေးဖြင့် လှည့်လာကြသော အခမ်းအနားကိုကား နိုင်ငံသားတိုင်းပင် တွေ့မြင်နိုင်ကြပေသည်။

ဤပွဲတွင် ပါဝင်သူများက နောင် တမလွန် လောက၌ ပို၍ ဘုန်း ကျက်သရေ စည်းစိမ် ချမ်းသာများကို ရရှိကြမည်ဟု မျှော်လင့်ကြသည်။ ထိုသို့ ရရှိခြင်းမှာ ကုသိုလ်ကောင်းမှု ပြုခြင်းကြောင့် မဟုတ်ဘဲ ဒီမီတာ၊ ကိုရဲနှင့် ဒိုင်အိုနီးဆပ်တို့၏ ပြန်လည် ရှင်ပြန်လာနိုင်သော တန်ခိုးတော်ကို ခံယူ ရရှိခြင်းကြောင့် ဖြစ်သည်ဟု အယူ ရှိကြလေသည်။

တင့်တယ် လျောက်ပတ်သော အီလျူစီနီးယန်းတို့၏ နက်နဲသော ဘာသာ ကိုးကွယ်မှုကို *ဒိုင်အိုနီးစီးယပ်* [၄] *နှင့် ဩဖစ်* [၅] တို့၏ နက်နဲသော ဘာသာ ကိုးကွယ်မှုက ပြင်းထန်မှု အရရော စိတ်တက်ကြွမှု အရပါ ကျော်လွန်သွားခဲ့လေသည်။

ဤ နက်နဲသော ဘာသာ ကိုးကွယ်မှု နှစ်ခုမှာ *ထရာကို-ဖရီဂျီယန်* [၆] လူမျိုးတို့တွင် စတင် ပေါ်ပေါက် ခဲ့လေသည်။ သူတို့သည် ဒိုင်အိုနီးစီးယပ်ကို ပူဇော် ပသသော အခါ ဝိုင် အရက်ကို သောက်ကြသည်။ အရက် သောက်၍ မူးလာသော အခါ ၎င်းတို့ ကိုယ်ကို နတ်ဝင်လာသည်ဟု အဓိပ္ပာယ် ကောက်ယူတတ်ကြသည်။

ထိုဖြစ်ရပ်ကို စိတ်တက်ကြွဖွယ် ဖြစ်အောင် ဖန်တီးရာ၌ *နတ်နှင့် ပေါင်းစည်းခြင်း စက္ကရမန္တ* [၇] ကို ပြုကြသည်။ နတ်နှင့် ပေါင်းစည်းခြင်း စက္ကရမန္တ ဆိုသည်မှာ ဆိတ်ကလေး တစ်ကောင်၏ အသွေးနှင့် အသားကို ဖြစ်စေ၊ နွားထီး တစ်ကောင်၏ အသွေး အသားကို ဖြစ်စေ နတ်၏ အသွေးနှင့် အသား အဖြစ် တင်စား၍ စားသောက်ပျော်ပါး ကြခြင်း ဖြစ်သည်။

၎င်း ပူဇော် ပသမှုကို *အိုမိုဖာဂီယာ* [၈] ဟု ခေါ်သည် (နောင် အခါ ခရစ်ယာန် သာသနာ၌ ဤကဲ့သို့ အသွေး အသားကို စားသုံးခြင်းဖြင့် ဘုရားသခင်နှင့် ပေါင်းစည်းခြင်း စက္ကရမန္တ မင်္ဂလာကို ပြုကြသည်။ အသားတော် အဖြစ် ပေါင်မုန့် နနကလေးနှင့် အသွေးတော် အဖြစ် စပျစ်ချိုရည်ကို သောက်သုံးကြရသည်။)။

ဂရိ လူမျိုးတိုင်း ဒိုင်အိုနီးဆီးယပ် နတ်ဝင်ပူးပြီး ရူးသွပ်သလို ဖြစ်ကာ နတ် ပူဇော်ထားသော တိရစ္ဆာန်ကို ဆုတ်ဖြဲပစ်နေသော၊ ပြင်းစွာ အမျက်ဒေါသ ဖြစ်နေသော၊ ပြေးလိုက်လွှားလိုက် ဖြစ်နေသော မိန်းမများကို တွေ့ဖူးကြပေသည်။ ထို့ပြင် ဒိုင်အိုနီးဆီးယပ်၏ နက်နဲသော ဘာသာ

---

၁။ Eleusinian
၂။ Korè
၃။ Eleusis
၄။ Dionysiac
၅။ Orphic
၆။ Thraco-Phrygian
၇။ Sacramental Communion
၈။ Omophagia

ကိုးကွယ်မှုကို တီထွင်သူ ဩဖိယပ်၏ ကြေကွဲဖွယ် ဇာတ်လမ်းကိုလည်း ကြားဖူးကြသည်။

ဩဖိယပ်သည် အိုမိုဖာဂီယာ ခေါ်သော နတ်နှင့် ပေါင်းစည်းသော စက္ကရမန္တ မင်္ဂလာတွင် အပူဇော် ခံရသော ယဇ်ကောင် ဖြစ်သွားခဲ့ရလေသည်။

နတ်ဝင်သည် မိန်းမများက သူ့ကို ထရေ့စ် မြို့တွင် အပိုင်းပိုင်း အစစ ဖြစ်သွားအောင် ဆုတ်ဖြဲ ပစ်ခဲ့ကြလေသည်။ ဤနတ်နှင့် ပေါင်းစည်းပွဲကား ကြမ်းလှသည်။ သားကောင်ကို အရှင်လတ်လတ် ဆုတ်ဖြဲပြီး သွေးစိမ်း သားစိမ်းကို စားတတ်ကြလေသည်။

ဤကား ဒိုင်အိုနီးစီးယပ်၏ နက်နဲသော ဘာသာ ကိုးကွယ်မှု ဖြစ်၏။ ထိုကိုးကွယ်မှုကား ရိုင်းရင်း ကြမ်းတမ်းဆဲ ဖြစ်နေစေကာမူ ၎င်းမှ ပေါက်ဖွားလာသော ဩဖစ် နက်နဲသော ဘာသာ ကိုးကွယ်မှုသည် တိုးတက် ပြောင်းလဲလာသည်ဟု ဆိုရပေမည်။

ဩဖစ် နက်နဲသော လျှို့ဝှက် ကိုးကွယ်မှု၏ တိတ်တဆိတ် ဝတ်ပြုပွဲများသည် မြေထဲပင်လယ် ကမ္ဘာသို့ ပျံ့နှံ့သွားခဲ့လေသည်။

ဂရိ နိုင်ငံ အနှံ့ အပြင် အီတလီပြည် တောင်ပိုင်း၊ ကရိနှင့် ဆိုက်ပရပ်စ် အထိပင် ရောက်ရှိသွားလေသည်။

ဤတိတ်တဆိတ် ဝတ်ပြုပွဲများတွင်လည်း နတ်၏ အသွေးအသားများကို အစိမ်း စားရသော်လည်း ထိုသို့ စားမည့်သူသည် ပထမဦးစွာ ဩဖစ် စည်းကမ်း နည်းလမ်းများ အတိုင်း လိုက်နာ၍ အကျင့် သီလကို ဆောက်တည်ရသည်။ ကိုယ်ကို သန့်ရှင်း စင်ကြယ်အောင် ပြုရသည်။ ဝတ်ဖြူစင်ကြယ် ဝတ်ရသည်။ ထိုအချိန်တွင် သက်သတ်လွတ် စားရသည် (နတ်နှင့် ပေါင်းစည်းသော ပူဇော်ပွဲကျမှ နတ်သားကောင်၏ အသွေးအသားကို အစိမ်း စားရသည်။)။ ထိုအချိန်တွင် ဗြဟ္မာစရိယ အကျင့်ကို ကျင့်ရသည်။ ဥပုသ် ဆောက်တည်၍ တပသီလို ကျင့်ရသည်။

ဩဖစ် ဘာသာက ညွှန်ကြားထားသည့် အတိုင်း မိမိကိုယ်တွင် အကုသိုလ် ကင်းအောင် နေရသည်။ သေပြီးနောက် အပြစ် စီရင်ရာသို့ မသွားရအောင် ရှောင်ကြဉ်ခြင်း ကိစ္စများကို ပြုရသည်။ ပို၍ တိတိကျကျ ပြောရလျှင် နောင်တမလွန် ဘဝတွင် ကောင်းကျိုး ချမ်းသာကို များစွာ ခံစားထိုက်အောင် နေထိုင် ပြုကျင့်ရသည်။ ထိုအချိန်မှာပင် သူ၏ ဝိညာဉ်ပိုင်းဆိုင်ရာ လုံခြုံမှုကို တိုးတက်အောင် ပြုရသည်။ အဆုံး၌ သူသည် ဇာတိ တစ်ဖန် ပြန်၍ ပဋိသန္ဓေ နေရခြင်းမှ လွတ်မြောက်ရတော့သည်။

ထိုကဲ့သို့ ပြန်လည် ပဋိသန္ဓေ နေရခြင်းမှ လွတ်မြောက်သော အခါ ထိုဝိညာဉ်သည် ကောင်းချီး မင်္ဂလာကျွန်း (အမတ သုခဘုံ) သို့ ရောက်သွားရသည်ဟု ဩဖစ်တို့က ယုံကြည်ကြသည်။

ဤ အယူအဆများသည် ဂရိ လူမျိုးတို့၏ ဒဿန ဂိုဏ်းကြီးများ တိုးတက် ထွန်းကားလာမှုတွင် တစ်စိတ်တစ်ပိုင်းအားဖြင့် ပါဝင်ခြင်း ရှိခဲ့ပေမည်။

သို့ရာတွင် ပိုက်သဂိုရပ်စ်၏ အတွေးအခေါ် ညီရင်းအစ်ကို ဖြစ်မှု သဘောတရားတွင်မူ ဩဖစ် ဝါဒက အရောင် ခြယ်ထားသည်မှာ မှန်ကန်ကြောင်း ထင်ရှားပါသည်။

ပိုက်သဂိုရပ်စ်၏ ညီနောင်များသည် လူတစ်ဦး၏ ဘဝတွင် အရေးအကြီးဆုံး ပြုလုပ်ရမည့် အချက်မှာ မိမိ၏ ဝိညာဉ်ကို ဝိသုဒ္ဓိ ဖြစ်အောင် ပြုလုပ်ရေးပင် ဖြစ်သည်ဟု ယုံကြည်ကြသည်။ သူတို့သည် (ဩဖိယပ် နောက်လိုက်များသည်) ဤနည်းကို ကျင့်သုံးခြင်းဖြင့် သူတို့၏ ဝိညာဉ်များကို သန့်စင်အောင်၊ နားလည်မှု ရှိအောင်နှင့် နတ်ဘုရားနှင့် တူညီအောင် ဆောင်ရွက်ကြလေသည်။

သူတို့၏ ဆေးပညာ လေ့လာမှု၊ ဂီတပညာ လေ့လာမှု၊ နက္ခတ္တပညာ လေ့လာမှု၊ သင်္ချာပညာ လေ့လာမှုနှင့် ဒဿနပညာ လေ့လာမှုများ အားလုံးသည် သူတို့၏ ဝိညာဉ်တွင် ဘုရားဇာတ် ကိန်းအောင် ပြုလုပ်ရန် ရည်ရွယ် ပြုလုပ်ကြခြင်း ဖြစ်လေသည်။

သို့ဖြင့် သူတို့သည် တမလွန် ဘဝတွင် တစ်ဘဝမှ တစ်ဘဝသို့ အမိ ဝမ်းခေါင်း ပြောင်း၍ ကျင်လည် နေရခြင်းမှ ကင်း၍ ဝိညာဉ်၏ ဝိသုဒ္ဓိနှင့် ဉာဏ်အမြင်ကို ရရှိနိုင်သည်ဟု ယူဆကြလေသည်။

### ဂရိ ဘာသာ ကိုးကွယ်မှုနှင့် အလွမ်း ကဗျာဆရာများ

*အေချီလပ်စ်* [၁]၊ *ဆိုဖိုကလိ* [၂] နှင့် *ယူရီပဒီ* [၃] တို့၏ အလွမ်းကဗျာများသည် နတ်ဘုရားက ဒဏ်ခတ်သောကြောင့် လူတို့မှာ ကြောက်မက်ဖွယ် ဘေး အန္တရာယ်ဆိုးများနှင့် ကြုံတွေ့ကြရပုံကို အဓိက ရည်ရွယ်ချက် ထား၍ ရေးဖွဲ့သော ကဗျာများ ဖြစ်ကြလေသည်။ ထိုအချက်သည် နက်နဲသော ဂမ္ဘီရ ဘာသာများ ကာလ ကြာမြင့်စွာကပင် ပြောခဲ့သော အချက် ဖြစ်သည်။ သို့ရာတွင် ထိုနက်နဲသော ဘာသာများ၌

၁။ Aeschylus ၂။ Sophocles ၃။ Euripedes

ထိုကဲ့သို့ အပြစ်ဒဏ် ခတ်ခြင်းသည် တရား မျှတခြင်း အလို့ငှာ စေတနာ တိုက်တွန်း၍ ပြုလုပ်ခြင်းလား၊ သို့မဟုတ် နတ်တို့၏ စိတ်လိုက်မာန်ပါ လုပ်ခြင်းလား ဆိုသည်မှာ မထင်ရှားခဲ့ပေ။ သို့မဟုတ် ကံကြမ္မာ၏ တောင်းပန် တားဆီး၍ မရသော စီရင်ချက်ပဲလား၊ ထိုကိစ္စတွင် နတ်များက စိတ် ရှိ မရှိ စီမံ ဆောင်ရွက်ရခြင်းပေပဲလား၊ မကွဲပြားခဲ့ပေ။

ဤ ရသ စာပေ ပညာရှင်များသည် ဤ ရှုပ်ထွေးမှုကြောင့် ဖြစ်လာသော လူ့ပြဿနာများကို ရည်ညွှန်း ပြောဆိုကြလေသည်။ ထိုသို့ ပြောဆိုရာတွင် ကိုယ်ကျင့်တရားနှင့် ဘာသာရေး ဆိုင်ရာ စဉ်းစားစရာများကို ဖော်ထုတ်ခဲ့ကြလေသည်။

ထိုအချက်သည် ဂရိတို့၏ ရှေးဟောင်း စာပေတွင် ပြိုင်ဘက် မရှိသော အချက် ဖြစ်သည်။

ဘီစီ ၅ ရာစုတွင် အေချီလပ်စ်နှင့် ဆိုဖိုကလိတို့သည် ကဗျာဆရာကြီး ပင်ဒါ၏ နောက်လိုက်များ ဖြစ်ခဲ့ကြသည်။

ဇီးယပ်စ်ကို ကမ္ဘာ လောက၌ တရား မျှတစေရန် စီမံ ဆောင်ရွက်ခြင်း အတွက် ချီးမွမ်းခြင်းကို ပြုခဲ့ကြလေသည်။ အခြားသော နတ်များလည်း ဇီးယပ်စ်နှင့်အတူ ဆက်လက် တည်ရှိဆဲ ဖြစ်၏။ သို့သော် ဇီးယပ်စ်က တရား မျှတခြင်းကို ချမှတ်နိုင်ရန် အလို့ငှာ ကျန်သော နတ်များကို သူက သိမ်းပိုက် အုပ်စိုး ခဲ့ရလေသည်။

ထိုအချက်တွင် ထိုကဗျာဆရာများသည် ဇီးယပ်စ်၏ သဘော ဆန္ဒကို လိုက်လျောခဲ့ကြသည်။ ကံကြမ္မာသည်လည်း ရှေးကလို မျက်ကန်း သဘောမျိုး မဟုတ်တော့။ အေချီလပ်စ်က ယေဘုယျအားဖြင့် ဇီးယပ်စ်ကို အထွတ်အထိပ် ကျသော နေရာမှာ ထား၍ ကံကြမ္မာကို စေစားသူ၊ ကံကြမ္မာ၏ အလုပ်အကျွေး ပြုခံရသူ အဖြစ် သတ်မှတ်ခဲ့လေသည်။

ထို့ကြောင့် ဇီးယပ်စ်သည် မကောင်းမှု ပြုသူများ၏ အပြစ်ကို အပြစ်ဒဏ် ခတ်တတ်သော ဖျူရီအား စေခိုင်း၍ အပြစ် ရှိသူအား ၎င်း၏ အပြစ် အားလျော်စွာ ပြစ်ဒဏ်ကို စီရင်စေသော နတ်ကြီး အဖြစ် မျိုးဆက်ပေါင်း များစွာ ကြာမြင့်သည့် တိုင်အောင် ဆက်လက်၍ တည်ရှိ နေပေတော့သည်။

အေချီလပ်စ်သည် *အိုရက်စ်တိုင်းယား* [၁] ခေါ် သူ၏ သုံးအုပ်တွဲ ကျမ်းတွင်လည်း အထက်ပါ အချက်ကို ကြေညာခဲ့လေသည်။

ဂရိတို့၏ နက်နဲသော ဘာသာ ကိုးကွယ်မှုတွင် ပရိုမီးသယပ်စ် ခေါ်သော ညဉ်းဆဲသော နတ်မိစ္ဆာ တစ်ဦးလည်း ရှိသည်။ ထိုနတ်မိစ္ဆာကြီးသည် ဇီးယပ်စ်ကို ဆန့်ကျင်ဘက် တိုက်သူ ဖြစ်သည်။ သူက ဇီးယပ်စ်၏ ဆောင်ရွက်ပုံများသည် မတရားဟု ပြစ်တင် ရှုတ်ချသည်။

ထိုအချက်ကို အေချီလပ်စ်က ဆန့်ကျင် စဉ်းစားခဲ့လေသည်။ ဇီးယပ်စ်သည် အလွန် ကြည်ညိုထိုက်သော နတ် ဖြစ်သည်။ သူသည်သာ လောကကြီးကို တရားဓမ္မနှင့်အညီ စိုးမိုး အုပ်ချုပ်သူ ဖြစ်သည်ဟု သူ ယုံကြည်လေသည်။

ဆိုဖိုကလိကား စိတ်နှလုံး သိမ်မွေ့သော ပညာရှိ တစ်ပါး ဖြစ်၏။ အလွန် ချင့်ချင့်ချိန်ချိန် ပြုလုပ်တတ်သူ ဖြစ်သည်။ သူကလည်း ဇီးယပ်စ်၏ စရိုက်ကို ဖော်ပြရာတွင် သူ၏ လူ့စရိုက်နှင့် ခံစားချက်များကို ထည့်သွင်း ဖော်ပြခဲ့လေသည်။

ဆိုဖိုကလိသည် ဤနတ်ဘုရား၏ တရား စီရင် ဆုံးဖြတ်ချက်များကို မဟာ ကရုဏာဖြင့် ပြုလုပ်ခဲ့ပုံကို ဖော်ပြခဲ့လေသည်။ သို့သော် ဆိုဖိုကလိ ကိုယ်တိုင်ကပင် ဇီးယပ်စ် နတ်ဘုရား၏ မစမှုကို အလွယ်တကူ မရရှိနိုင်ကြောင်းကို သဘောပေါက်ခဲ့၏။ အဘယ်ကြောင့် ဆိုသော် ဇီးယပ်စ် နတ်ဘုရား၏ မစခြင်းကို ခံနိုင်စေရန် အကြင်သူသည် ကာယကံ၊ ဝစီကံ အားလုံးတွင် ဖြောင့်မတ် မှန်ကန်ရသည်။

ယူရီပဒီသည် နောက် မျိုးဆက် တစ်ဆက် လွန်မှ ပေါ်ပေါက်လာသူ ဖြစ်၏။ သူသည် သံသယ ဝါဒီ ဖြစ်၏။ သူ့စိတ်ထဲတွင် *ဆိုဖီ ဆရာ* [၂] များ၏ လှုံ့ဆော်မှုကြောင့် ဖြစ်သော သံသယများ ဝိစိကိစ္ဆာများ ပြည့်နှက်လျက် ရှိ၏။ *အနက်ဆာဂိုရပ်* [၃] မေးထားသော မေးခွန်းများကြောင့်လည်း သူသည် နတ်များကို အရိအသေ ကင်းမဲ့နေလေသည်။

ယူရီပဒီသည် ဘယ် အချိန်တွင် သူ ပြောချင်သော စကားများကို သူ့ဇာတ်ကောင်တွေ၏ ပါးစပ်ထဲသို့ ထည့်၍ ပြောပြီး ဘယ်အခါ သူ ပြောချင်သော သူ့စိတ်ထဲက စကားများကို သူကိုယ်တိုင် ပြောသနည်း ဆိုသည်ကို ကျွန်ုပ်တို့ အနေနှင့်မှ ဆုံးဖြတ်ရ ခက်ပါသည်။ တစ်ခုတော့ သေချာသည်။ သူ့ စိတ်ထဲတွင် တရား မျှတခြင်းနှင့် ဂုဏ်သိက္ခာ ကိစ္စကို မေးခွန်း ထုတ်ခဲ့သည် ဆိုသော အချက် ဖြစ်၏။ ဇီးယပ်စ်နှင့် ပတ်သက်သော တရား မျှတခြင်းနှင့် ဂုဏ်သိက္ခာ ကိစ္စ မဟုတ်လျှင်ပင် အပိုလို၊ အက်ဖရိုဒိုက် စသော အခြား နတ်များနှင့် ပတ်သက်သော တရား မျှတမှု၊ ဂုဏ်

---

၁။ Oresteia

၂။ Sophits ၃။ Anaxagoras

သိက္ခာ ရှိမှုကို သူ မေးခွန်း ထုတ်ခဲ့လေသည်။ မကြာခဏပင် သူသည် လူသားများကို သနား မိလေသည်။ လူသားများကို အကြင်နာ ကင်းသော နတ်များက ကမ္ဘာ မြေပြင်ပေါ်သို့ ပစ်ချခဲ့သည်ဟု သူ ယူဆလေသည်။

အမှန်မှာ ယူရိပဒီသည် နတ်ကို လုံးဝ အယုံအကြည် ကင်းသူ ဖြစ်၏။ သူသည် နတ် အပုပ်ချရေး ကိစ္စကို ကြိုးပမ်းခဲ့သူ ဖြစ်၏။ နတ် ဒဏ္ဍာရီများ၊ နတ် အစဉ်အလာများသည် လွဲမှားသော အယူအဆများသာ ဖြစ်ကြောင်း ပြသရန် သူ ကြိုးပမ်းခဲ့လေသည်။ သူသည် ဘာသာ ကိုးကွယ်မှု အသစ်ကို ရှာဖွေခဲ့သူ ဖြစ်သည်။ *ဘုရားရှိခိုး စာဆန်း* [၁] ကို တီထွင် ရေးသားခဲ့သူ ဖြစ်သည်။

## တွေးခေါ်ရှင်များနှင့် နတ်များ

တွေးခေါ်ရှင်များ၏ အမြင်သည် ဟုမ္မား၏ အတွေးအမြင်ထက် သာလွန်သည် ဆိုသော အချက်သည် အစ ကနဦးကပင် ထင်ရှားပါသည်။

ဂရိ အတွေးအခေါ် (ဒဿန) များသည် *ကေတ္တဝါဒ* [၂] ဖြင့် စတင်ခဲ့လေသည်။ စကြဝဠာ လောကကြီးထဲမှာ ရှိရှိသမျှ အရာခပ်သိမ်းတို့သည် ဓာတ် တစ်ပါးတည်းက ပေါက်ဖွား လာကြသော အရာချည်းသာ ဖြစ်ကြသည် ဆိုသော အယူဝါဒ ဖြစ်သည်။

*သေးလိစ်* [၃] က ထိုအခြေခံ မဟာဘုတ် ဓာတ်သည် အာပေါ (ရေ) ဓာတ် ဖြစ်သည်ဟု ဆိုသည်။ *အနက္ကစီမင်းနီးစ်* [၄] က ထိုအခြေခံ မဟာဘုတ် ဓာတ်သည် ဝါယော (လေဓာတ်) ဖြစ်သည်ဟု ဆိုသည်။ *ဟေရာကလိတပ်* [၅] ကမူ ထိုအခြေခံ မဟာဘုတ် ဓာတ်သည် တေဇော (မီးဓာတ်) ဖြစ်သည်ဟု ဆိုခဲ့လေသည်။ *အနက္ကဇီမင်းဒါး* [၆] ကတော့ ထိုအခြေခံ ဓာတ်သည် တိတိကျကျ ပြော၍မရသော တစ်စုံတစ်ခု ဖြစ်သည်ဟု ဆိုလေသည်။ ထိုဓာတ်သည် မည်သည့် ဓာတ်ပင် ဖြစ်စေကာမူ ထိုဓာတ်သည် ဖန်ဆင်းတတ်သော ဘုရား ဓာတ်ပင် ဖြစ်ကြောင်းကို ထိုဒဿနပညာရှင်များ အားလုံးက တညီတညွတ်တည်း လက်ခံခဲ့ကြလေသည်။

*ဇီနိုဖိန်း* [၇] ၏ အတွေးအခေါ်က ရှင်းသည်။ သူက ဖန်ဆင်းတတ်သော တန်ခိုး သတ္တိသည် လူအပေါင်း နတ်အပေါင်းတို့တွင် အကြီးမြတ်ဆုံး နတ်ပင် ဖြစ်သည်။ ၎င်းသည် သခ်ၤါ သတ္တဝါများနှင့် ရုပ်သဘော အရရော၊ နာမ်သဘော အရပါ လုံးဝ မတူဟု သေချာပေါက် ဆိုလေသည်။ သူသည် အရာခပ်သိမ်းကို သိစပ် မြင်နှံ့သည်။ သို့သော် လူများက ထိုနတ်ဘုရားကို သူတို့၏ ပုံသဏ္ဌာန်မျိုးဖြင့် ရှုမြင်ရန် လိုလား၍ ကြိုးစားကြလေသည်။ ထို့ကြောင့် သူတို့သည် သူနှင့် တူအောင် လုပ်သော အမှားကို ကျူးလွန်သည်ဟု ဆိုသည်။

ဟုမ္မားနှင့် ဟီဆိုက်ဒ်တို့က နတ်များကို လူနှင့် တူအောင်၊ လူကြားထဲမှာ ဖြစ်ပျက် နေသလို ဖြစ်အောင် ပြုလုပ်ခဲ့ကြခြင်းသည် ရှက်စရာ၊ အပြစ် တင်စရာ ဖြစ်ရသည်။ ခိုးမှု၊ ကာမေသုမိစ္ဆာစာရ ကျူးလွန်မှုနှင့် မုသား ဝါဒများသည်လည်း နတ်ထဲမှာ ရှိသလို ဖြစ်သွားသည်။ အနိစ္စ သတ္တဝါများက နတ်များကိုလည်း ဖွားသန့်စင်ရသည်ဟု ထင်တတ်ကြသည်။ သူတို့လိုပင် နတ်များလည်း အဝတ်ဝတ်ကြသည်ဟု ထင်ကြသည်။ ထို့ပြင် နတ်များမှာလည်း ပုံသဏ္ဌာန်၊ အဆင်းနှင့် အသံ ရှိသည်ဟု ယူဆကြလေသည်။

အကယ်၍ နွားထီးများ၊ မြင်းများနှင့် ခြင်္သေ့များမှာ လက်များ ရှိပြီး ထိုလက်များဖြင့် ဆွဲကိုင်နိုင်လျှင် သူတို့လည်း လူများ ဖန်တီးသလို အနုပညာများကို ပြုလုပ် ဖန်တီးနိုင်ကြမည်သာ ဖြစ်ပေသည်။ မြင်းကလည်း ရေးဆွဲတတ်သော လက် ရှိလျှင် သူ သိသော နတ် သဏ္ဌာန်ကို မြင်း သဏ္ဌာန်ဖြင့်သာ ရေးဆွဲကြပေမည်။ နွားကလည်း နွားပုံသာ ရေးဆွဲမည်။ သတ္တဝါတိုင်းသည် နတ် သဏ္ဌာန်ကို ရေးဆွဲသော အခါ သူ့ ပုံပန်း သဏ္ဌာန်ကို လိုက်တုပြီး ပြုလုပ်ကြပေလိမ့်မည်။

အီသီယိုးပီးယန်း တိုင်းရင်းသားများကမူ သူတို့၏ နတ်များသည် အနက်ရောင် အသား မည်းပြီး နှာခေါင်းပြားသည်ဟု ဆိုသည်။

ထရာစီယန်းများကတော့ သူတို့၏ နတ်များမှာ ပြာသော မျက်လုံး ရှိပြီး အနီရောင် ဆံပင် ရှိသည်ဟု ဆိုကြလေသည်။

ပလေတိုးမှာ ပို၍ လေးနက်၍ ချောက်ချားနိုင်သော ဝေဖန် သုံးသပ်ချက် ရှိလေသည်။

သူ၏ သမ္မတနိုင်ငံကျမ်း (Republic) တွင် သူသည် လူငယ်များ၏ ပညာရေး အကြောင်းကို စဉ်းစား တွေးခေါ်ရာ၌ သူက ဟုမ္မား၏ နက်နဲသော ဘာသာ အယူဝါဒများကို မသုတ်သင်ဘဲ လူငယ်များကို သင်ကြားပေးခြင်းသည်

---

၁။ Strange Prayer
၂။ Monism
၃။ Thales
၄။ Anaximenes
၅။ Heraclitus
၆။ Anaximander
၇။ Xenophanes

လူငယ်များ၏ ကိုယ်ကျင့်တရား (စာရိတ္တ) ကို ထိခိုက်နိုင်သည်ဟု သုံးသပ်ခဲ့လေသည်။

ထို့အတူပင် ပလေတိုးသည် နက်နဲသော ဂမ္ဘီရ ဘာသာ ကိုးကွယ်မှုကိုလည်း ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ အလားတူ ဝေဖန် သုံးသပ်ခဲ့ဖူးလေသည်။

နက်နဲသော ဘာသာ အယူဝါဒ၏ ပြဿနာမှာ တရားမျှတရေး အတွက် တရား မျှတအောင် လုပ်ရမည် ဆိုသော သဘောတရားကို ထောက်ခံထားခြင်း မရှိပေ။ သူတို့သည် ကောင်းမှု ကုသိုလ်ကို ကုသိုလ် တရားကြောင့် ရအံ့သော အကျိုး ရလဒ် အတွက် ပြုလုပ်ရေးကိုသာ လေ့ကျင့်ခဲ့ကြသည်။

'ကြည်ညိုသော သူများ အပေါ်သို့ ကောင်းကင် သုခအမြင့်ဘုံမှ အကျိုး ရလဒ်သည် မိုးစက် မိုးပေါက်များသဖွယ် ရွာချလတ္တံ့' ဟုသာ သူတို့ ဟောကြားခဲ့လေသည်။

ပလေတိုးသည် နတ်များ ရှိသည် ဆိုသော အချက်ကို ငြင်းပယ်ခြင်းကား မရှိပေ။ သို့သော် ထို နတ်များသည် ဟုမွား သရုပ်ဖော်ခဲ့သလို စိတ် အလိုမကျလျှင် မကျသလို လုပ်တတ်သူများ၊ မှားမှားယွင်းယွင်း လုပ်တတ်သူများ ဖြစ်သည်ဟု မယူဆပေ။ နတ်များသည် နက်နဲသော ဘာသာရေးတွင် ယူဆသလို မျက်နှာလိုက်သော၊ တရား မျှတခြင်း သဘောကို သွေဖီကြသော သူများလည်း မဟုတ်ကြပေ။ နတ်များသည် အစဉ်သဖြင့် အထက်က တန်ခိုးရှင် အပေါ် မှီခို၍ သစ္စာ ရှိကြရသူများသာ ဖြစ်ကြသည်။

နတ်များ အပေါ်တွင် လည်းကောင်း၊ အရာခပ်သိမ်းတို့၏ နောက်တွင် လည်းကောင်း ဖန်ဆင်းရှင် နတ်ဘုရား ရှိသည်။ ထို နတ်ဘုရားကား တန်ဖိုးများ အားလုံးတွင် အမြင့်မားဆုံး တန်ဖိုးလည်း ဖြစ်၍ ကောင်းမှုများ အားလုံးတွင် အကောင်းတကာ့ စံပြလည်း ဖြစ်သည်။

ထိုဘုရားသည် အစဉ္ဆ စံပြုအပ်သော အရာတို့ စုဝေးရာ ဖြစ်ခဲ့၏။ ထို အနှုန်း အစံ သဘောတို့ကား သူ ဖန်တီးသော အရာများ မဟုတ်ကြပေ။ ထို အနှုန်း အစံ သဘောတို့၏ စေ့ဆော် တိုက်တွန်းမှုဖြင့် တော တောင် ရေ မြေ နတ် လူ တိရစ္ဆာန် သက်ရှိ သက်မဲ့ အလုံးစုံ ပါဝင်သော ကမ္ဘာ လောကကြီးကို ကောင်းမှုတို့ဖြင့် လည်းကောင်း၊ လုပမှုတို့ဖြင့် လည်းကောင်း ပြုပြင်ရန် ဖြစ်၏။ လူသားတို့ အဖို့မှုကား ရုပ်နှင့် နာမ် (ဝိညာဉ်) ပေါင်းစပ်ထားသော သတ္တဝါ ဖြစ်သည့် အားလျော်စွာ သူ၏ ဝိညာဉ်သည် အမြင့်ဆုံး အမြတ်ဆုံးဖြစ်သော ကောင်းမှုသို့ ရှေးရှု ကြိုးထွားရန်ကိုသာ အလို ရှိ၏။

သို့ဖြင့် ဝိညာဉ်သည် အဖန်တလဲလဲ မွေးဖွား ကျင်လည်ရသော သံသရာ ဝဋ် ဒုက္ခ အပေါင်းမှ ကျွတ်လွတ်နိုင်သည်။

သို့သော် ထိုဉာဏ်အဆင့်သို့ ရောက်ပြီ ဆိုလျှင်ကား သူသည် နတ်ဘုရားကဲ့သို့ အလုံးစုံသော ကောင်းကျိုး ချမ်းသာ မှန်သမျှကို အမြင့်ဆုံး အမြတ်ဆုံး ခံစားရပေတော့သည်။

နတ်များ အဖို့မူလည်း လူတို့က သူတို့အား ဂုဏ်ပြုသောအားဖြင့် အယူသီးသော ရှိခိုး ဝတ်ပြုမှုများနှင့် ပူဇော်ပသမှုများကို အလို မရှိကြပေ။

နတ်တို့သည် လူသားတို့ အနေနှင့် အကျင့်သီလ ကောင်းမွန် ပြည့်စုံကြပြီးလျှင် ဘုရားသခင်က ချမှတ်ထားအပ်သော အမြင့်ဆုံး စံနှုန်းများ ဖြစ်သော သမာဓိ၊ ပညာ၊ အလုပ်များကို ကြိုးပမ်း အားထုတ်ကြရန်ကိုသာ မျှော်လင့်တောင့်တကြသည်။

ဤ ယုံကြည်ချက်များ အပေါ် နိုင်မာစွာ ရပ်တည်လျက် ပလေတိုးသည် ထာဝရ ဘုရားမဲ့ အယူဝါဒကို လည်းကောင်း၊ အခြားသော ဘုရားသည် လူသားတို့အား ဥပေက္ခာပြုထားသည် ဆိုသော အယူဝါဒမျိုးကို လည်းကောင်း ငြင်းပယ်ခဲ့လေသည်။

ထို့အတူ ထာဝရ ဘုရားသခင်ကို လက်ဆောင်ပဏ္ဏာ ဆက်သ၍ ဖြစ်စေ၊ လှူဖွယ် ဝတ္ထုများဖြင့် ပူဇော် ပသ၍ ဖြစ်စေ ဝယ်ယူသည့် သဘောဖြင့် မျက်နှာသာ ရအောင် ပြုလုပ်၍ ရသည်ဟု သဘော သက်ရောက်သော ထုံးဓလေ့ အစဉ်အလာများကိုလည်း ပလေတိုးသည် ငြင်းပယ်ခဲ့သည်။

ထို့အတူ ထာဝရ နတ်ဘုရားက လူ့ အဖွဲ့အစည်းကို အန္တရာယ် ပြုနိုင်သော ပုဂ္ဂိုလ် အဖြစ် သတ်မှတ်ခြင်းမျိုးကို လည်း ပလေတိုးက ပယ်ချခဲ့လေသည်။

ပလေတိုးနှင့် သူ၏ ရှေးရှင်း ဒဿန ဆရာကြီးများ အကြောင်းကို ပြောမည် ဆိုလျှင်ကား ပြောစရာ များစွာ ရှိပေသည်။

သို့ရာတွင် အထက်တွင် အကျဉ်းချုပ် ဖော်ပြခဲ့သော ဖော်ပြချက်သည် ပလေတိုး၏ အတွေးအခေါ် လမ်းကြောင်းကို ပေါ်လွင်စေပြီ ဖြစ်ပါသည်။

ထိုအချက်ကို ကြည့်လျှင် အများ လက်ခံထားသော ဂရိ လူမျိုးတို့၏ ဘာသာ ယုံကြည် ကိုးကွယ်မှုသည် ဂရိ လူမျိုး ဒဿန ပညာရှင်ကြီးများ၏ အတွေးအခေါ်မှ မည်သို့ မည်ပုံ ဆင်းသက်လာသည် ဆိုသော အချက်ကို သိသာရန် အတွက် လုံလောက်ပြီ ဖြစ်ပါသည်။

*အာရစ္စတော်တယ်* [၁]၊ *စတွာစ်* [၂] များနှင့် *ပလေတိုး နောက်လိုက် မဟုတ်ကြသူများ* [၃] သည်လည်း ပလေတိုးကဲ့သို့ပင် အတွေးအခေါ်အရ အစဉ်အလာ ယုံကြည် ကိုးကွယ်မှု၊ အနှောင်အဖွဲ့မှ လွတ်မြောက်ခဲ့ကြသူများ ဖြစ်ကြပေသည်။

## ၄။ ရောမ နိုင်ငံ

ဂရိ လူမျိုးတို့၏ ဘာသာ ကိုးကွယ်မှုတွင် တွေ့မြင်ခဲ့ရသော မှန်ကန်သော အချက်များသည် ရောမ လူမျိုးများ၏ ဘာသာ ကိုးကွယ်မှုတွင် ပို၍ပင် မှန်ကန်ကြောင်း တွေ့ရပေသည်။

ဂန္ထဝင်ခေတ်က ရောမ စာပေသည် ရှေးကျသော ဘာသာ အယူဝါဒများကိုသာ ဖော်ပြနိုင်သဖြင့် ထိုစာပေသည် ကျွန်ုပ်တို့ အဖို့ ကောင်းသော လမ်းညွှန်မှု တစ်ခု မဟုတ်ပေ။ ရောမ စာပေ အရေးအသားသည် ရောမ သမ္မတနိုင်ငံ ခေတ်မှ ရောမ အင်ပိုင်ယာ ထူထောင်သော ခေတ်ကာလ အတောအတွင်း ဖြစ်ပွားခဲ့ရာ အထူး ကောင်းမွန်နေပြီ ဖြစ်ပါသည်။ ထို အရေးအသားကို ခွဲခြား စိတ်ဖြာ ဝေဖန် သုံးသပ် အပ်ပေသည်။

ရှေးခေတ် ရောမ လူမျိုးများ၏ ဘာသာ ယုံကြည် ကိုးကွယ်မှုကို သီးခြား ခွဲထုတ်ပြီးလျှင် သင့်တော်သလို တန်ဖိုး ထား၍ လေ့လာသင့်၏။

အဘယ်ကြောင့် ဆိုသော် ရောမ လူမျိုးတို့၏ ရှေးကျသော ဘာသာ အယူဝါဒများနှင့် ပတ်သက်သော မှန်ကန်သော အယူအဆကို ရရှိလိုပါက ကျွန်ုပ်တို့ အနေနှင့် ဂရိ လူမျိုးတို့ထံမှ ချေးငှား၍ ယူထားသော ဘာသာ ယုံကြည် ကိုးကွယ်မှုနှင့် အတွေးအခေါ်များ စုဝေးရာ အပေါ်ယံ အလွှာကို ပထမ အဖုံး ဖွင့်လှစ်၍ ကြည့်ရပေမည်။

ထို့နောက် အီဂျစ်နှင့် *အရှေ့နီး ဒေသ* [၄] များမှ တပည့်ခံ၍ တင်သွင်း ထားခဲ့သော အယူအဆများနှင့် တကွ လက်တင်တို့၏ ရှေးထုံးစဉ်လာ ဓလေ့ထုံးစံများနှင့် ပူဇော် ပသမှုများကိုပါ တစ်ဆက်တည်း လေ့လာ စိစစ်ရမည် ဖြစ်ပါသည်။

ဂရိပြည်မှာကဲ့သို့ပင် အီတလီ ကျွန်းဆွယ်တွင်လည်း မူလက *အင်ဒို ဥရောပ* [၅] လူမျိုး မဟုတ်သူများ နေထိုင်ခဲ့ကြလေသည်။ ဘီစီ နှစ်ထောင်ခေတ် အတွင်း၌ အီတလီ ကျွန်းဆွယ်ကို မြောက်ဘက်မှ လာကြသော အင်ဒို ဥရောပ (ဆဲလ်တစ်) လူမျိုးစုများက ဝင်ရောက် ကျူးကျော် တိုက်ခိုက် ခဲ့ကြလေသည်။

ထိုအချိန် အတောအတွင်းမှာပင် ဤ လူမျိုးစုများသည် *အပင်နိုင်း* [၆] ဒေသကို ဖြတ်ကျော်ကြပြီးလျှင် တိုင်ဘာ မြစ်တစ်လျှောက်နှင့် အရှေ့ဘက် တောင်ကုန်းများပေါ်တွင် အခြေချ နေထိုင်ခဲ့ကြလေတော့သည်။

ထို လူမျိုးများသည် လက်တင် လူမျိုးများ အဖြစ် ထင်ရှားခဲ့ပြီးနောက် သူတို့၏ ပိုင်နက် နယ်ပယ်ကိုလည်း *လက်တီယမ်* [၇] ဟု ခေါ်ခဲ့ကြလေသည်။

ထိုကဲ့သို့ အခြေချ နေထိုင်ခဲ့ကြစေကာမူ ထိုလူမျိုးတို့မှာလည်း အနှောင့်အယှက် ကင်းစွာ ငြိမ်းငြိမ်းချမ်းချမ်း နေခဲ့ကြရသည် မဟုတ်ချေ။

၄င်းတို့သည် ဘီစီ ၈ ရာစုတွင် ၄င်းတို့နှင့် သွေးသား တော်စပ်ကြသော ဉာတိ သင်္ဂဟ လူများ ဖြစ်သော *ဆာဘိုင်း* [၈] လူမျိုးများနှင့် ပူးပေါင်းခဲ့ကြလေသည်။

ဆာဘိုင်း လူမျိုးများသည် အရှေ့ဘက် တောင်များပေါ်မှ ဆင်းလာသူများ ဖြစ်ကြသည်။ ထိုသို့ မဖြစ်မီ အချိန်ကလေးမှာပင် မြောက်ဘက် နယ်မြေ ဖြစ်သော သမိုင်းဝင် *အီထရူးရီးယား* [၉] ခေါ် အရှေ့ဘက် မြေထဲပင်လယ် ဒေသမှ ပင်လယ်ပျော်များဟု ထင်ရသော ကျူးကျော်လာသော လူမျိုးများက ထို ဒေသတွင် အခြေချ နေထိုင်ခဲ့ကြလေသည်။

၄င်းတို့သည် ခွန်အား ဗလနှင့် ပြည့်စုံသော *အီထရူစကန်* [၁၀] လူမျိုးများ ဖြစ်ကြသည်။

၄င်းတို့သည် ကာလ ကြာမြင့်စွာကပင် ရောမ လူမျိုးများ၏ အဓိက ရန်သူများလည်း ဖြစ်ကြကာ လောလောဆယ်တွင် ရောမ လူမျိုးများကို လွှမ်းမိုး အုပ်စိုးနေကြသူများ ဖြစ်လေသည်။

တောင်ဘက် ဝေးလံသော ဒေသများသို့ နိုင်ငံခြားသားများ ဝင်ရောက် တိုက်ခိုက်မှုများလည်း ဖြစ်ပွားဆဲပင် ဖြစ်၏။ သို့ရာတွင် ပထမပိုင်း၌ ဝေးလံ ကွာလှမ်းလွန်းမှုကြောင့် ရောမများ အနေနှင့် ထိုကိစ္စကို အရေး မထားဘဲ နေနိုင်ခဲ့လေသည်။ ထိုဝင်ရောက် တိုက်ခိုက် လာသူများမှာ *မဂ္ဂနာ ဂရေကျာ* [၁၁] ဂရိများ ဖြစ်ကြသည်။ သူတို့သည် ဂရိ

၁။ Aristotle ၂။ Stoics ၃။ Non-Platonists
၄။ Near-East ၅။ Indo-European

၆။ Apennines ၇။ Latium
၈။ Sabines ၉။ Etruria
၁၀။ Etruscans ၁၁။ Magna Graecia

ပြည် တောင်ပိုင်းကို *ဒိုရီးယန်း* [၁] လူမျိုးများ ကျူးကျော် တိုက်ခိုက်မှုကြောင့် အီတလီ တောင်ပိုင်းသို့ ဝင်ရောက် နေထိုင်လာကြသူများ ဖြစ်ကြလေသည်။

သို့ဖြင့် ဘီစီ ၈ ရာစုတွင် ရောမ လူမျိုးများသည် မြောက်ဘက်တွင် အီထရုစကန် လူမျိုးများနှင့် တောင်ဘက်တွင် ဂရိ လူမျိုးများ၏ ကြား ညပ်နေသော လူမျိုးများ ဖြစ်ခဲ့လေတော့သည်။

ထို အနေအထားကြောင့် ရောမ လူမျိုးများ၏ ဘာသာ ကိုးကွယ်မှုနှင့် အတွေးအခေါ်များတွင် ဘယ်လို အကျိုးဆက်များ ဖြစ်ပေါ်ခဲ့သည်ကို မကြာမီ တွေ့ရပေလိမ့်မည်။

ပထမ အစတွင် ရောမ မြို့တော်သည် အရေး မပါသော လက်တင် လူမျိုးတို့၏ မြို့ကလေး တစ်မြို့သာ ဖြစ်ခဲ့၏။

ဘီစီ ၆ ရာစုမှ စ၍ ရောမသည် အရေးပါ အရာရောက်သော မြို့တစ်မြို့ ဖြစ်လာခဲ့လေတော့သည်။

တစ်စ တစ်စနှင့် ပတ်ဝန်းကျင် ဒေသ အနှံ့အပြားကို ရောမ မြို့က အုပ်စိုးနိုင်လာကာ နောက်ဆုံးတွင် အီတလီ တစ်ပြည်လုံး၏ အရှင် သခင်မ နေရာသို့ ရောမမြို့ ရောက်ရှိသွားလေတော့သည်။

ဘီစီ ၃ ရာစု ကုန်ခါနီး အချိန်သို့ ရောက်သော အခါ ရောမတို့၏ အုပ်စိုးမှုကို ခုခံ ပုန်ကန်ကြသော ကာသေးဂျီနီယန် လူမျိုးများ၏ အရေးတော်ပုံ ကျဆုံးသွားလေရာ ထိုကာလမှ စ၍ ရောမ၏ သြဇာ အာဏာသည် မြေထဲ ပင်လယ် ဒေသသို့ တိုင်အောင် ကြီးမား ကျယ်ပြန့် သွားလေတော့သည်။

အောင်မြင် ထမြောက်စွာ အုပ်ချုပ်တတ်သော အုပ်ချုပ်မှု စွမ်းရည် ထက်မြက်မှုကြောင့် ရောမတို့၏ ကမ္ဘာပေါ် လွှမ်းမိုးမှုသည် ကြာရှည်စွာ ခိုင်မြဲရန် အာမခံချက် ရှိသွားလေတော့သည်။

ထို အတောအတွင်းတွင် ကမ္ဘာ့ ရတနာများကို ရောမ၏ ပေါင်ခွင်ထဲသို့ သွန်းလောင်း ချလိုက်သည်ဟု ဆိုရလောက်အောင် နိုင်ငံခြား ဘာသာ အယူ ဝါဒများကို ယူဆောင်ပြီး ၄င်းတို့၏ တိုင်းရင်းသားတို့၏ ရိုးရင်းစွဲ ဘာသာ အယူဝါဒများနှင့် ပေါင်းစပ် ခဲ့ကြလေတော့သည်။

၁။ Dorian

ထိုကဲ့သို့ ပေါင်းစည်းခဲ့သော ဖြစ်ရပ် သမိုင်း *(ဆူနွိုင်ကစ္စမော့)* [၂] ကို ယခု စူးစမ်း ကြည့်ကြပါစို့။

## ရောမခေတ်ဦး ဘာသာ ကိုးကွယ်မှု

ရောမ၏ ရှေးခေတ်ဦး ဘာသာ ကိုးကွယ်မှု အစသည် ရောမမြို့ စတင် ဖြစ်ပေါ်သလိုပင် ရိုးရိုးကုပ်ကုပ်ကလေး မထင်မရှား ဖြစ်သည်။ အဓိက အကျဆုံးသော ဘုရား ဝတ်ပြုရာ အမွန်အမြတ် ထားသော နေရာများမှာ ရောမ ပိုင်နက်၏ အပြင်ဘက်ကျသော နေရာများတွင် တည်ရှိခဲ့လေသည်။

*ဒိုင်ယာနာ* [၃] နတ်သမီးကို ကိုးကွယ်သော နေရာမှာ *နေမီ* [၄] ရေအိုင်ကြီးပေါ်ရှိ *အရီရှား တောအုပ်* [၅] တွင် ဖြစ်ခဲ့လေသည်။

ထိုနေရာရှိ ထိုနတ်သမီး၏ ဝတ်ကျောင်းတော် နတ်ကွန်းသည် လက်တင် ပြည်ထောင်စု တစ်ခုလုံး၏ အမွန်အမြတ် ထားရာ ကိုးကွယ်ရာ ဌာန ဖြစ်ခဲ့လေသည်။ ထိုနတ်ကွန်း၏ အရှေ့ဘက်ရှိ *အယ်လ်ဘန်* [၆] တောင်ကုန်းပေါ်တွင်မှ *ဂျူပီတာ လက်တီးယရစ်* [၇] ကို ဂုဏ်ပြုသော နတ်ပွဲသဘင်ကို *လက်တီယန်* [၈] လူမျိုး ပေါင်းစုံ တညီတညွတ် ဆင်နွှဲ တတ်ကြလေသည်။

နောင် အခါ၌ ရောမ လူမျိုးများက ရှေးကျသော အဆင့် ရှိသူတို့၏ ဘာသာ ကိုးကွယ်မှုကို *နုမား ဘာသာရေး* [၉] ဟု သမုတ်ခဲ့ကြလေသည်။ ထိုနတ်သည် သူတို့အား ရိုးရာ အစဉ်အလာ၊ ထုံးဓလေ့များ၊ ကျင့်ထုံး ဥပဒေများကို ချမှတ်ပေးသော နတ် ဖြစ်သည်ဟု ယုံကြည်ကြသည်။ ထိုနတ်သည် ထိုကျင့်ထုံး ဥပဒေများကို တီထွင် ပြုလုပ်သူတော့ မဟုတ်၊ ချမှတ် ပြဋ္ဌာန်း ပေးသူသာ ဖြစ်သည်ဟုလည်း ယူကြလေသည်။

ထိုဘာသာ ကိုးကွယ်မှုသည် မှော်ပညာနှင့်လည်း အတော်ပင် နီးစပ်လှသည်။ သို့သော် သူတို့၏ ယဇ် ပုရောဟိတ် ပညာသည် တိကျ၍ သတိ ဝီရိယနှင့် စေ့စပ် သေချာစွာ ပြုလုပ်မှုကို အရေးထားသည်။ ပဋ္ဌလက် နည်းဖြင့် စီရင်သော အင်းအိုင် ခါးလှည့် လက်ဖွဲ့များကို ဂရုပြုသည်။ မကျူးလွန်ရန် တားမြစ်ချက်များ (တဘူး) များကိုလည်း အလွန် ဂရုစိုက်သည်။ ထို့နောက် ဂါထာ မန္တရားများကို

၂။ Sunoikismos ၃။ Diana ၄။ Nemi
၅။ Aricia ၆။ Alban ၇။ Jupiter Latiaris
၈။ Latium ၉။ The religion of Numa

လက်တွေ့ အသုံးကျမှု အပိုင်းကိုသာ အရေးပေး၍ ခွဲခြမ်း စိတ်ဖြာ လေ့လာမှု အားသန်နေသောကြောင့် စိတ်ကူး ကြံစည်မှု အပိုင်းက အားလျော့ သွားခြင်းလည်း ဖြစ်နိုင်သည်။

နတ်တစ်ဦးချင်း၏ ပုဂ္ဂိုလ် လက္ခဏာများ၊ ပုဂ္ဂိုလ်ရေး ရာဇဝင်များကိုပင် ရောမများ အနေနှင့် မစူးစမ်းခဲ့ကြတော့ပေ။

**(က) အိမ် ဘာသာရေးနှင့် စိုက်ပျိုး မွေးမြူရေးခြ ဘာသာရေး**

ရှေးခေတ်က ရောမလူမျိုးများသည် အဓိကအားဖြင့် စိုက်ပျိုး မွေးမြူရေး အလုပ်ကို လုပ်ကိုင်ခဲ့ကြလေသည်။ သူတို့သည် အိမ်ဆောက်ခြင်း၊ ကလေးများ မွေး၍ ပြုစု ပျိုးထောင်ခြင်းနှင့် စစ်တိုက်ခြင်းကို အထူးသဖြင့် လုပ်ကိုင်ခဲ့ကြလေသည်။

စိုက်ပျိုး မွေးမြူရေး လုပ်ငန်း အောင်မြင်စေလိုသောအခါ သူတို့သည် ပျိုးကြဲရာ၌ *ဆာတားနပ်* [၁] ကို လည်းကောင်း၊ ကောက်ပင်များ ရှင်သန် ကြီးထွားရေး အတွက် *စီရက်စ်* [၂] ကို လည်းကောင်း၊ ကောက်ရိတ်ချိန်၌ *ကွန်ဆပ်* [၃] ကို လည်းကောင်း၊ သီးနှံများ ရိတ်သိမ်း သိုလှောင်ရာ၌ လုံခြုံရေး အတွက် *အော့ပ်စ်* [၄] ကို လည်းကောင်း ပူဇော် ပသကြလေသည်။

*တဲလပ်စ်* [၅] သည် ထွန်ယက် တူးဆွထားသော မြေဆီလွှာကို စောင့်ရှောက်သော နတ်သမီး ဖြစ်သည်။ *ဖလိုရာ* [၆] က လယ်ကွင်းပြင်နှင့် သစ်ကိုင်း သစ်ခက်တို့တွင် အပွင့်ကို ပွင့်စေသူ နတ်သမီး ဖြစ်သည်။ *ပိုမိုနာ* [၇] သည် အသီးများကို ရင့်မှည့်စေသော နတ်ဖြစ်သည်။ *ဖော့နပ်* [၈] မှာ သစ်တောကို အစိုးရသော သစ်တော နတ် ဖြစ်၏။ *လာရက်စ်* [၉] က ကောက်စိုက်ထားသော ကွင်းပြင်ကို အစိုးရသော နတ် ဖြစ်သည်။ *ပါလေ* [၁၀] သည် ကျွဲ နွား စားကျက်ကို စောင့်သော နတ်ဖြစ်သည်။ *တာမီနပ်စ်* [၁၁] က နယ်ခြားမှတ်တိုင်ကို စောင့်သည်။ *ဖွန်* [၁၂] က စမ်းချောင်းများကို စောင့်သည်။

ထို့ပြင် ဗော်လ်တာနပ် [၁၃] က ရေစီး သန်သော မြစ်ကို စောင့်သော မြစ်စောင့်နတ် ဖြစ်သည်။

ရွတ်ဖတ် သရဇ္ဈာယ်ကြရသည်။ ဤဘာသာ၏ အလွန်ထူးခြားသော လက္ခဏာမှာ သူတို့ ကိုးကွယ်သော နတ်များ၊ ဝိညာဉ်များနှင့် ပတ်သက်၍ တိတိကျကျ ပုံပန်းသဏ္ဌာန် ထင်ရှား မရှိခြင်းပင် ဖြစ်၏။ နတ်များမှာ ကိုယ်ရည် ကိုယ်သွေး ထင်ရှား မရှိချေ။ တစ်ခါတစ်ရံ အထီးလား အမလားပင် ထင်ရှား ပေါ်လွင်ခြင်း မရှိပေ။

အဖြောင့် ပြောရလျှင် ရှေးကျသော ရောမ ဘာသာ ကိုးကွယ်မှုတွင် ဒဏ္ဍာရီ ဆန်သော နတ်သမိုင်းများ မရှိပေ။ တစ်ဦးချင်း ကိုးကွယ်သော ကိုယ်ပိုင် နတ်များမှာရော၊ အမျိုးအနွယ်ကို လိုက်သော မျိုးရိုးစဉ်ဆက် ကိုးကွယ်သော နတ်များမှာပါ လက်ထပ် ထိမ်းမြားခြင်း၊ သားသမီး ထွန်းကားခြင်းနှင့် သူရဲကောင်း စွန့်စားခန်းများ မပါရှိပေ။ ရောမ လူမျိုးများသည် ဒဏ္ဍာရီ ဆန်သော သူရဲကောင်း ကိုးကွယ်မှုမျိုးကိုလည်း မပြုခဲ့ကြပေ။ သူတို့မှာ စကြဝဠာ အမြင်မျိုးလည်း မရှိ။ မြေအောက် မရဏ ကမ္ဘာ၊ ငရဲ စသော အယူအဆမျိုးလည်း မရှိပေ။

အကျဉ်းချုံး၍ ပြောရလျှင် ဂရိ လူမျိုးတို့အား ဟုမ္မားနှင့် ဟီဆီအိုဒ်တို့ ပေးခဲ့သော အလွန် ကြွယ်ဝသော နတ်သမိုင်းမျိုးနှင့် တူသော အရာ ရောမတို့မှာ လုံးဝ မရှိခဲ့ကြပေ။ လယ်ကွင်းများ၊ စိုက်ခင်း ယာတဲများရှိ နတ်များမှာ တန်ခိုး သတ္တိထူး၊ ကိုယ်ရည်ကိုယ်သွေးများ ထူးထွေ ထင်ရှား မရှိချေ။ ၎င်းတို့ကို ရောမတို့က နုမိယား (ဝိညာဉ်) များ ဟူ၍ ခေါ်ကြသည်။ ဝိညာဉ် ဆိုသည်မှာ ပုဂ္ဂိုလ် သတ္တဝါ ထင်ရှား မရှိသော တန်ခိုးစွမ်းအင် သက်သက်ကို ဆိုလိုသည်။

ထို့ပြင် နတ်ရုပ်များကို လူပုံသဏ္ဌာန် ဖန်ဆင်းသော အလေ့အထမျိုးလည်း ရောမ လူမျိုးတို့မှာ မရှိခဲ့ကြပေ။ နတ်နှင့် ပတ်သက်သော ပုံပန်းသဏ္ဌာန် စိတ်ကူးမျိုးပင်လျှင် သူတို့ စိတ်ထဲမှာ မရှိခဲ့ကြ။

ထို့ကြောင့် ရောမ လူမျိုးတို့ စိတ်ကူးဖြင့် ရေးဆွဲ ထုလုပ်သော နတ်ရုပ် ဟူ၍ တစ်စုံတစ်ရာ မတွေ့ရပေ။ နောက်ပိုင်းကျမှ အီထရုစကန် လူမျိုးများနှင့် ဂရိ လူမျိုးတို့ထံမှ နတ်များကို စိတ်ကူးထဲ ထည့်ပြီး လူယောင် ဖန်ဆင်းခြင်း အတတ်ကို ရောမများ ရရှိခဲ့ကြလေသည်။

ဤကဲ့သို့ သူတို့၏ နတ်များကို ပုဂ္ဂိုလ် သတ္တဝါ အသွင်ဖြင့် ဖော်ပြရန် ပျက်ကွက်ခဲ့ကြခြင်းမှာ ရောမ လူမျိုးများ အနေနှင့် ထူးထူးခြားခြား နတ်များ၏ ဆောင်ရွက်မှု လုပ်ငန်းပိုင်းကိုသာ အထူး ဦးစားပေး စဉ်းစားခဲ့ကြခြင်းကြောင့် ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။

---

၁။ Saturnus ၂။ Ceres ၃။ Consus ၄။ Ops
၅။ Tellus ၆။ Flora ၇။ Pomona
၈။ Faunus ၉။ Lares ၁၀။ Pales
၁၁။ Terminus ၁၂။ Fons ၁၃။ Volturnus

ထိုနတ်များ အားလုံး အပေါ်တွင် အုပ်စိုးသော နတ်သည် ဂျူပီတာ နတ်မင်း ဖြစ်သည်။ ကောင်းကင်၏ အရှင်မိုးနတ်မင်း ဖြစ်သည်။

အိမ်ဆောက်ရာတွင် လည်းကောင်း၊ ကလေးများ မွေးမြူ ပြုစု စောင့်ရှောက်ရာတွင် လည်းကောင်း လုပ်ငန်းအလိုက် တာဝန်ကျသော နတ်များလည်း ရှိသေးသည်။

ထိုနတ်များတွင် *ယာနု* [၁] သည် တံခါးကို စောင့်ရသော တံခါးစောင့်နတ် ဖြစ်သည်။ ဝင်ပေါက်ကို ကာကွယ်စောင့်ရှောက်ရသည်။

*ဗက်စ်တာ* [၂] မှာလည်း ရှေးကျပြီး အရေး ပါသောနတ် ဖြစ်သည်။ စားဖိုဆောင်ကို စောင့်သော နတ် ဖြစ်၏။

ဂရိ နိုင်ငံ၏ ကွာလှမ်းသော အရပ်များ၌ *ဟက်စ်ရှာ* [၃] သည် မီးကို စောင့်ရှောက်သည်။

အိမ်သား ယောကျာ်းများသည် အိမ်ဦးနတ် အဖြစ်ဖြင့် ယာနုနှင့် အဆင်ပြေအောင် ပြုလုပ်ရန် တာဝန် ရှိသည်။ အိမ်သား မိန်းမများက ဗက်စ်တာကို ရှိခိုး ကိုးကွယ်ရသည်။ ဗက်စ်တာသည် စားဖိုချောင် နတ် ဖြစ်သည့် အတွက် အိမ်သားများ ထမင်း မစားမီ သူ့ကို စားဦးစားဖျား တင်ရသည်။ *ပင်နိတ်* [၄] တို့သည် ကြောင်အိမ်စောင့် ဝိညာဉ်များ ဖြစ်ကြ၏။ ကြောင်အိမ်ထဲတွင် သိမ်းထားသော အစားအစာများကို အန္တရာယ် မဖြစ်အောင် စောင့်ရှောက် ကာကွယ် ကြရသည်။

အစပိုင်းက ထိုဝိညာဉ်များသည် မည်သူ မည်ဝါ မထင်ရှားခဲ့ပေ။ သို့သော် နောက်ပိုင်း ကာလ ရောက်သော အခါတွင်မူ အိမ်၏ ဦးစီး နာယက နတ် (အိမ်တွင်း မင်းကြီး) သည် စီရက်စ်၊ ဂျူနို၊ ဂျူပီတာ သို့မဟုတ် မည်သည့် နတ်ပင် ဖြစ်စေ ထိုအိမ်ဦးနတ်သည်ပင် ပင်နိတ်နတ် ဖြစ်လာလေတော့သည်။ အိမ်ရှိ မိသားစု၏ ရာဇဝင်နှင့် ပို၍ ပတ်သက်သော တစ်အိမ်လုံးကို စောင့်ရှောက် မစရသော နတ် *(နျူမင်)* သည် *လာ ဖယ်မီလီယာရစ်* [၅] ဖြစ်သည်။

မူလ အစကမူ လာနတ်များသည် စိုက်ပျိုးကွင်းများကို စောင့်ရှောက်ရသော နတ် ဖြစ်သည်။ နောက်ပိုင်းကျတော့ အိမ်ခြံဝင်း တစ်ခုလုံးနှင့် ထိုအိမ်နေ မိသားစု တစ်ခုလုံးကို ကာကွယ် စောင့်ရှောက်ရသော နတ် ဖြစ်လာသည်။ ထိုနတ်ကို မိသားစုများက တစ်လ တစ်ခါ မှန်မှန် ပူဇော်ကန်တော့ကြရသည်။

---

၁။ Janus  ၂။ Vesta
၃။ Hestia  ၄။ Penates
၅။ Lar Familiaris

အဓိပ္ပာယ် တိတိကျကျ သတ်မှတ်ရ ခက်သော နတ်မှာ ဂျီးနီးယပ်စ် ဆိုသော နတ် ဖြစ်သည်။ ယောကျာ်းတိုင်း၏ ကိုယ်စွမ်း ဉာဏ်စွမ်း (ဖို သတ္တဝါ၏ အဖြစ်ကို) စောင့်ရှောက်သော နတ်အဖြစ် ယူဆကြသည်။

ထို နတ်သည် သီးခြား ရပ်တည်နေသော သတ္တဝါ တစ်ခု ပုဂ္ဂိုလ် တစ်ခုပင် ဖြစ်သည်။ သူသည် အုပ်ထိန်းသူ ဗဟိဒ္ဓ တန်ခိုး တစ်ခုလည်း ဖြစ်သည်ဟု ယူဆကြသည်။ သူသည် အမျိုးသား ယောကျာ်း၏ ကိုယ်ပေါ်တွင် လည်းကောင်း၊ အိမ်ထောင် ပြုသော ထိုယောကျာ်း၏ အိပ်ရာပေါ်တွင် လည်းကောင်း စံမြန်းသည်။

ယောကျာ်းတိုင်းသည် သူ၏ စွမ်းအားရှင်နတ် ဂျီးနီးယပ်စ်ကို ကြည်ညိုကြပြီး ထိုနတ်၏ မစမှုကိုလည်း မျှော်လင့် တောင့်တကြလေသည်။ အိမ်ရှိ မိန်းမတိုင်းကတော့ ၄င်းတို့နှင့် သက်ဆိုင်ရာ ဂျူနိုနတ်ကို ပူဇော် ပသရသည်။ သို့သော် ဂျီးနပ်စ် ပတာဖယ်မီလီယာ နတ်ကိုမူ အထူး ဂုဏ်ပြုပွဲ ကျင်းပကြရသည်။ အထူးသဖြင့် အိမ်ရှင် အကြီးအကဲ၏ မွေးနေ့တွင် ထိုပွဲကို ပြုလုပ်ကြရလေသည်။

ထိုဂျီးနီးယပ်စ် နတ်ကို အိမ်မြွေ အဖြစ် တင်စား၍ သင်္ကေတ ပြုထားကြသည်။

ဤနတ်များ အားလုံးကို အမျက် ပြေအောင် ကန်တော့ပွဲ မျိုးစုံ၊ အခမ်းအနား မျိုးစုံဖြင့် ပသကြရသည်။

ထိုသို့ ပြုလုပ်ကြရာ၌ မော်ဝိဇ္ဇာ သဘော၊ တားမြစ်ချက် သဘောများ ပါဝင် နေပေသည်။ ရောမ လူမျိုးများသည် ယောင်ဝါးဝါး စိတ်ကူးယဉ် အလွမ်းမျိုးဖြင့် အချိန်ကုန် ခံတတ်သော လူမျိုး မဟုတ်ချေ။ သူတို့၏ ပူဇော်ပသမှု မှန်သမျှသည် သူတို့၏ အလွန် ပုံစံကျသော စရိုက်ကို သိသာအောင် ဖော်ပြတတ်ကြသည်။ လုပ်ရိုး လုပ်စဉ်မို့လုပ်သည့် သဘော၊ ဝတ်ကျေတမ်းကျေ သဘောပဲ ရှိသည်။ တစ်ယောက်နှင့် တစ်ယောက် ပုဂ္ဂိုလ်ချင်း နီးနီးစပ်စပ်ရင်းနှီး ဆက်ဆံမှုမျိုး ရှိကြောင်း မတွေ့ရပေ။ ဘာသာရေးဆိုသော စကားသည် သက်ဝင် ယုံကြည်သူ အချင်းချင်းရင်းနှီးမှု သဘောကို ဆောင်သည် ဖြစ်စေကာမူ ဘာသာရေး ဆိုင်ရာ လုပ်ငန်းများသည် ချစ်ခင် လေးစားမှုနှင့်မှုကင်းလွတ်နေပေသည်။ ဘာသာရေး ပွဲလမ်း သဘင်များသည် တရားဝင် လုပ်ရပ်များ ဖြစ်သည်ကား မှန်၏။ သို့သော် အရောင်းအဝယ် လုပ်ငန်း သဘော ဆန်သည်။ မစမှုနှင့် ပသမှုကို အလဲအလှယ် ပြုသည့် သဘောပင် ဖြစ်သည်။

ရောမ လူမျိုးတို့၏ ပင်ကို စရိုက်ကပင် လက်တွေ့ကျသည်။ နတ်ကို ပူဇော် ပသခြင်းသည် ထိုနတ်ကို ချစ်၍

မဟုတ်၊ အပေးအယူ သဘောဖြင့် ပြုလုပ်ခြင်းသာ ဖြစ်သည်။ နတ်၏ စောင့်ရှောက် မစမှုကို ရဖို့ရာ ပသခြင်း ဖြစ်၏။

ရောမတို့၏ ပူဇော် ပသပွဲများ၌ ပူဇော် ပသသော ဂါထာ၌ စကား တစ်လုံး ကျကျန်ရစ်သည် ဖြစ်စေ၊ စကားလုံး အထားအသို အစီအစဉ် မှားယွင်းသွားလျှင် ဖြစ်စေ၊ သို့မဟုတ် ပြုလုပ်ရမည့် လုပ်ထုံးလုပ်နည်းများ အတိုင်း မှန်မှန်ကန်ကန် မလုပ်မိဘဲ အနည်းငယ် တိမ်းစောင်းသွားလျှင် ဖြစ်စေ ထိုပူဇော်ပွဲတွင် ပါဝင်ကြသူများ၏ စိတ်တွင် ထိုပူဇော်ပွဲသည် အကျိုးမဲ့ ဖြစ်သွားပြီး အဟောသိကံ ဖြစ်သွားပြီဟု ယုံကြည်ကြသည်။

ထိုကြောင့် ဤကိစ္စတွင် နတ်ဆရာ ဘုန်းကြီးသည် အလွန် အရေးကြီးသည်။ ထိုနတ်ဆရာ ဘုန်းကြီးသည်သာလျှင် ပူဇော်ပွဲ အစီအစဉ်ကို တိတိကျကျ မှန်မှန်ကန်ကန် ပြုလုပ်နိုင်သည်။ သူတို့သည်သာလျှင် ရှေးအထက်ကျော် ကာလကတည်းက ဤပူဇော် ပသပွဲများကို ထုံးတမ်းစဉ်လာနှင့်အညီ အမှား မရှိဘဲ စီစဉ် ကျင်းပခဲ့ကြသူများ ဖြစ်ကြလေသည်။ သို့မဟုတ် အကယ်၍ သူတို့ ကိုယ်တိုင်က ပူဇော်ပွဲကို ခင်းကျင်း ပြုလုပ်သူ အဖြစ် မဆောင်ရွက်နိုင်ပါက သူတို့က ပူဇော်ပွဲ အစီအစဉ်များ မှန်ကန်အောင် တခြား ဆောင်ရွက်မည့်သူများကို လေ့ကျင့် သင်ကြားပေးကြရလေသည်။

သို့ရာတွင် ဤကဲ့သို့ အတိမ်းအစောင်း မခံသည်မှာ နိုင်ငံတော်နှင့် ဆိုင်သော ဘာသာရေး ပွဲများတွင်သာ ဖြစ်၏။ အိမ်မှာ ပြုလုပ်သော ဘာသာရေး ပွဲများနှင့် စိုက်ပျိုးမွေးမြူရေး ခြံမှာ ပြုလုပ်သော ဘာသာရေး ပွဲများမှာကား ထိုမျှလောက် တင်းကျပ်ခြင်း မရှိပေ။

## (ခ) ရှေးခေတ် ရောမ နိုင်ငံတော်၏ ဘာသာရေး

ရှေးခေတ် ရောမ နိုင်ငံတော်၏ ဘာသာရေးသည် အဘက်ဘက်က နေရာတကျ စီမံထားသော ဘာသာရေး ဖြစ်သည်။ အဓိက နတ်ကြီးများ အတွက် နတ်ဆရာကို နိုင်ငံတော်က ခန့်ထားရသည်။ သို့ရာတွင် နိုင်ငံတော်ပွဲများ အားလုံးကို ထို နတ်ဆရာများက အမြဲတမ်း ကြီးကြပ် စီမံရသည်ကား မဟုတ်ပေ။ ပဒေသရာဇ်များ အုပ်စိုးသော ခေတ်က ဆိုလျှင် ဘုရင်သည်သာ အကြီးဆုံး နတ်ဆရာ ဖြစ်၏။ ဘုရင်ကိုယ်တိုင်က အချို့သော ပူဇော် ပသမှုများကို ကိုယ်တိုင် ခင်းကျင်း ပြုလုပ်ကြရလေသည်။

ရောမ နိုင်ငံ သမိုင်း၏ နောက်ပိုင်း ကာလများတွင်မူ ရာဇဝတ် တရားသူကြီးများက ထိုအမှုကိစ္စများကို မကြာခဏ ဆောင်ရွက်ကြရလေသည်။ ထိုခေတ်တွင် တရားမမှုခင်းများကိုပင် ထိုတရားသူကြီးများက ကိုင်တွယ် ဖြေရှင်းကြရသဖြင့် ဘာသာရေး ကိစ္စမှာလည်း သူတို့၏ ရာထူးလက်ရှိ အချိန်ကာလနှင့် သက်ဆိုင်နေပေတော့သည်။

ရောမ ပြက္ခဒိန်တွင် အများ ပြည်သူ အလုပ် နားရက် အဖြစ် သတ်မှတ်ထားသော နေ့ကြီးရက်ကြီးများတွင် (ထို ရက်မျိုးမှာ တစ်နှစ်လျှင် ၁၀၄ ရက်ခန့် ရှိသည်။) နတ်တစ်ပါးစီ၏ နတ်ဆရာများသည် မိမိတို့နှင့် သက်ဆိုင်ရာ နေ့ရက်များ၌ ပသပွဲများ၊ ယဇ် ပူဇော်ပွဲများကို ရှည်ရှည်ဝေးဝေး ကျင်းပ ပြုလုပ်လေ့ ရှိသည်။

ထို ပူဇော် ပသပွဲများကို ကျင်းပသော အခါ နတ်ဆရာများသည် သေးငယ်သော ကိစ္စကလေးများကိုပင် အထူး ဂရုတစိုက် ဆောင်ရွက်တတ်ကြသည်။ သူတို့ အနေနှင့် အထူး ဂရုစိုက်ရသော အချက်အလက်များကလည်း များပြားလှပေသည်။

ဤတွင် မေးခွန်း တစ်ခု မေးရန် ရှိပေသည်။ နိုင်ငံတော် ဘာသာရေး ပွဲများတွင် မည်သည့် နတ်များကို အထူး ဦးစား ပေး၍ ရည်ညွှန်း ပူဇော် ပသကြရသနည်း။ တချို့ ကိစ္စများ၌ အထူး သတ်မှတ်ထားသော နတ် ဟူ၍ မရှိပေ။ သို့သော် အခြားသော ပူဇော် ပသပွဲများ၌ ပူဇော် ပသကြရသော နိုင်ငံတော် နတ်များ စာရင်းကား ရှိ၏။

ဤ နတ်စာရင်းကို ကြားရသော အခါ ဂရိနှင့် ရောမ တို့၏ ဘာသာရေးသည် အစေ့ခွဲ တစ်ခုထဲက ပဲစေ့ နှစ်စေ့လို တူညီသည်ဟု ယူဆ ထားလေ့ ရှိသူများ၏ နားထဲတွင် ထူးဆန်းသလို ဖြစ်နေပေလိမ့်မည်။

အောက်တွင် ရောမတို့၏ နိုင်ငံတော် ဦးစားပေး နတ်များ စာရင်းကို အင်္ဂလိပ် အက္ခရာစဉ် အတိုင်း သိရှိမှု ဖော်ပြလိုက်ပါသည်။

အန္နာ ပရီနာ၊ ကာမင်တာ၊ ကာန၊ ကွန်ဆပ်၊ ဒိဗာ အန်ကရိုနာ၊ ဖလာဆာ၊ ဖောန်နပ်စ်၊ ဖလိုရာ (ဖောန်)၊ ဖျူရီနာ၊ ယာနု၊ ဂျူပီတာ၊ လာရင်တာ၊ လာရက်စ်၊ လီဘာ၊ မားစ်၊ မာတာ မတုတာ၊ နက်ပကျူးနပ်၊ အော့ပ်၊ ပါလေ၊ ပိုမိုနာ၊ ပေါ်တူးနပ်၊ ကွီရီးနပ်၊ ဆာတားနပ်၊ တဲလပ်၊ ဗေယောဗစ်၊ ဗက်စတာ၊ ဗိုကန်နပ်၊ ဗိုလ်တာနပ် စသည်တို့ ဖြစ်ကြသည်။

ဤစာရင်းထဲတွင် လူသိများသော ယာနု၊ ဂျူပီတာ၊ မားစ်၊ ဗက်စတာ၊ နက်ကျွန်းနှင့် ဗာလ်ကန် (ဗိုကန်နပ်)

တို့၏ အမည်များသာ ပေါ်ပေါက်သည်။ သို့သော် ဂျူနို၊ ဗီးနပ်၊ အပိုလို၊ မီနာဗာနှင့် မာကျူရီ နတ်များ၏ အမည်စာရင်းများ မပါဝင်ပေ။

ထိုစာရင်းပေါက် နတ်များထဲမှာပင် ဖလာဆာ၊ ဖျူရီနာ စသော နတ်များ အကြောင်းကား နောင်အခါ ပြောသံ မကြားရတော့ဘဲ ပပျောက် သွားခဲ့ကြလေသည်။ ထိုနတ်များကို ပူဇော်ရန် အတွက် နတ်ဆရာများကိုကား ခန့်ထားမြဲ ခန့်ထားဆဲပင် ဖြစ်၏။ အခြားသော အမည်ပေါက် နတ်များ အကြောင်းမှာလည်း ကြားရခဲ၏။ နောင်ကာလ၌ စာရင်းပေါက် နတ် များစွာတို့၏ အမည်များမှာလည်း လူအများ၏ အရေးထားခြင်း မခံကြရတော့ပေ။

ဤသို့ အဘယ်ကြောင့် ဖြစ်ရသနည်း ဆိုသည်ကို ခန့်မှန်းကြည့်သော အခါ အကျိုး သက်ရောက်မှု တစ်ခုကို မှတ်သားရသည်။

၄င်းမှာ နောင်ကာလ အထိ ထင်ရှား ကျော်ကြားပြီး ပပျောက်ခြင်း မရှိဘဲ ကျန်ရစ်သော နတ်များမှာ သူတို့ စွဲရာ မြို့များ၏ တိုင်းပြည် အတွက် အရေးပါ အရာ ရောက်မှုနှင့် ဆက်စပ်နေကြောင်း တွေ့ရှိရသည်။

ဂျူပီတာ ဆိုသည်မှာ *ဒီးယပ်စ်ပီတာ သို့မဟုတ် ဒီအိုဗစ် ပီတာ* [၁] မှ ဆင်းသက်သော အမည် ဖြစ်သည်။ ဖခင်ဟု အနက် ရသည်။ ဘယ်အချိန် ဘယ်ကာလက စတင် ပေါ်ပေါက်ခဲ့မှန်း မသိ။

သူသည် အမှန်အားဖြင့် အင်ဒို ဥရောပသားတို့၏ ဈာယပ်စ်ပီတာ သို့မဟုတ် ဇီးယပ်စ်ပီတာပင် ဖြစ်သည်။ တောင်တန်းများကို ဖြတ်ကျော်ပြီး အီတလီ ပြည်သို့ ဝင်ရောက်လာခြင်း ဖြစ်၏။ သူသည် ဂရိ ပြည်တွင်းသို့ ဝင်ခဲ့သည့် အတိုင်းပင် ဝင်ရောက်လာခြင်း ဖြစ်သည်။ ဂရိပြည်မှာလိုပင် သူသည် အီတလီ ပြည်သို့ ဝင်လာသော အခါ၌လည်း ဒေသဆိုင်ရာ နတ်များ အားလုံးကို သိမ်းကျုံး၍ မိမိသြဇာ အောက်သို့ သွတ်သွင်း ပစ်ခဲ့လေသည်။

သူ၏ အလွန် အမြတ်တနိုး ပြုခြင်း ခံရသော အမည်သည် *အော့ပတီမတ် မက်စီမတ်* [၂] ဖြစ်၏။ နောက်ဆက်တွဲ အနေနှင့် သူသည် မိုးနတ်၊ မိုးကြိုးနတ်၊ လျှပ်စစ်နတ် အဖြစ်လည်း ကိုးကွယ်ခြင်း ခံရသည်။ သူသည် *ပလူဗီးယပ်* [၃]၊ *တိုနန်* [၄] နှင့် *ဖူလ်မီနေတာ* [၅] ဟူသော အမည်ပညတ်များကိုလည်း ရရှိခဲ့လေသည်။

ထို့ပြင် သူသည် အလင်း သြကာသ၏ အရှင်သခင် ဖြစ်သောကြောင့်လည်း သူ့ကို လပြည့် နေ့ကို ဖန်ဆင်းသူ အဖြစ် ဂုဏ်ပြုကာ ရောမများသည် လပြည့်နေ့ကို အမွန်အမြတ် ထားကြပြန်သည်။ တစ်ခါ သူသည် လူသားတို့၏ ကံကြမ္မာ ကိစ္စများကိုလည်း တင်ကူး၍ အဆုံးအဖြတ် ပြုသူ ဖြစ်သည်။ လူသားတို့မှာ ကျရောက်မည့် ကောင်းကျိုး မကောင်းကျိုးများကိုလည်း သိသာအောင် ကြိုတင်၍ နိမိတ်များဖြင့် ပြသသည်။ ကောင်းကင်ပေါ်၌ ငှက်များ ပျံသန်းပုံ နိမိတ်များဖြင့် ပြသည်။ ထို ငှက်နိမိတ်များကို ဖတ်ရန် အတွက် နိမိတ်ဖတ် ဆရာများကို ခန့်ထားရလေသည်။ ထို့ကြောင့် သူ့ကို *ဂျိုဗေး ပရိုဒီးဂျီယယ်လစ်* [၆] ဟု ခေါ်ကြလေသည်။ သြဘာ နိမိတ် ပေးသူဟု အနက် ရသည်။

သူ၏ လျှပ်စစ် လက်ခြင်းမှာလည်း မကြာခဏ တရား စီရင်ချက် ဖြစ်၏။ မကောင်းမှု ပြုသူများ အတွက် အပြစ်ဒဏ် ခတ်သော သဘာဝ ဘေးအန္တရာယ် ကျရောက်မှု ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် သူသည်ပင်လျှင် နိုင်ငံတော်၏ တရား ဥပဒေကို စောင့်ရှောက် ကာကွယ်ရသူ ဖြစ်သောကြောင့် ဖြစ်၏။

ရောမ မြို့တော်တွင် သူ၏ ဝတ်ကျောင်းတော် နတ်ကွန်းကို ကက်ပီတိုလိနပ်စ် တောင်ကုန်းပေါ်တွင် တည်ဆောက်ထားသည်။ ထိုအခါမှ စ၍လည်း သူ့ကို *ဂျူပီတာ ကက်ပီတိုလိနပ်* [၇] ဟုလည်း ခေါ်ဝေါ် သမုတ် ခဲ့ကြလေသည်။

နောင် ကာလ၌ ရောမ မြို့တော်ကို အထူး ကာကွယ် စောင့်ရှောက်သူ ဖြစ်လာသောကြောင့် သူသည် မင်းစိုးရာဇာ ဂုဏ်သိက္ခာကိုပါ ရရှိပြီးလျှင် စစ်ဘုရင် ဟူသော ဘွဲ့ထူး ဂုဏ်ထူးကို လည်းကောင်း၊ အောင်နိုင်သူ ဟူသော ဘွဲ့ထူး ဂုဏ်ထူးကို လည်းကောင်း၊ ကာကွယ် စောင့်ရှောက်သူ ဟူသော ဘွဲ့ထူး ဂုဏ်ထူးကို လည်းကောင်း ချီးမြှောက်ခြင်း ခံခဲ့ရလေသည်။

သမ္မတ နိုင်ငံ၏ ကောင်စီဝင် ကိုယ်စားလှယ်များ ကျမ်းသစ္စာ ကျိန်ဆိုသော အခါ ဂျူပီတာ နတ်ဘုရားက လက်ခံရသည်။ စစ်အောင်နိုင်ပြီး ပြန်လာသော စစ် သေနာပတိများကို ဧည့်ခံ ကြိုဆိုသော အခမ်းအနား ပွဲများ၌ မြူးထူး ပျော်ရွှင်စွာ ပါဝင်ကြသော မြို့သူ မြို့သားများသည် တိုက်ခိုက် လုယက်၍ ရသော ပစ္စည်းများနှင့် စစ်သုံ့ပန်း

၁။ Diespiter or Diovis Peter
၂။ Optimus Maximus
၃။ Pluvius ၄။ Tonans ၅။ Fulminator
၆။ Jove Prodigialis
၇။ Jupiter Capitolinus

များကို ဂျူပီတာ နတ်ကွန်း ရှိရာသို့ သယ်ဆောင်၍ သွားကြလေသည်။

မားစ်နှင့် ကွိရီနပ်စ်တို့သည် စစ်နှင့် ဆိုင်သော နတ်နှစ်ပါး ဖြစ်သည်။

မားစ်ကို ဂရိတို့က အေရီနတ် အဖြစ် လက်ခံ ကိုးကွယ်ကြသည်။ သူသည် မူလ အစက လယ်ကွင်းများ၊ ကျွဲနွားများကို ရန် အန္တရာယ် အပေါင်းမှ ကာကွယ် ပေးရသူ ဖြစ်သည်။ ရောမ အင်ပိုင်ယာကြီးကို ချဲ့ထွင်သော ကာလဝယ် သူသည် စစ်နှင့် ပတ်သက်သော နတ် ဖြစ်သွားလေသည်။

ထိုအခါမှ စ၍ သူ၏ မူလ လက္ခဏာများ ပြောင်းလဲသွားလေတော့သည်။ သို့သော် သူ၏ မူလ သဘာဝ ဖြစ်သော လယ်သမား မိသားစုများအား ကာကွယ် စောင့်ရှောက်ခြင်း သဘောလည်း ရှိသေးကြောင်း တွေ့ရသည်။ သူ့ကို လယ်သမား မိသားစုများသည် ဝက်၊ သိုး၊ နွားများဖြင့် ပူဇော် ပသကြဆဲပင် ဖြစ်၏။ ထိုယဇ်ပူဇော်ပွဲတွင် ရောမ လယ်သမားများသည် ယာနုနှင့် ဂျူပီတာများကိုပါ ထည့်သွင်း၍ ပူဇော် ပသတတ်ကြလေသည်။ ထိုသို့ ပသသည့် အခါ နတ်က မိမိအား ကာကွယ် စောင့်ရှောက် မစပါရန် အနူးအညွတ် ခယ တောင်းပန်သည့် စကားများကို တဖွဖွ ရွတ်ဆိုရသည် (ရွတ်ဆိုပုံမှာ မြန်မာ နိုင်ငံ၌ ဦးသျှင်ကြီး တင်သော အခါ ရွတ်ဆိုသကဲ့သို့ပင် ဖြစ်၏။)။

ရောမ မြို့တော်တွင် ထိုကဲ့သို့သော ပူဇော်ပွဲ တစ်ခုကို မားစ် နတ်ကွန်း ယဇ်ပလ္လင် ရှိရာ *ကင်ပတ် မားတီးယပ်* [၁] တောင်ကုန်းပေါ်၌ ကျင်းပ ပြုလုပ်ကြသည်။ မားစ်၏ မွန်မြတ်သော သင်္ကေတများမှာ လှံရှည်နှင့် ဒိုင်း ဖြစ်သည်။ သူ၏ အထိမ်းအမှတ် တိရစ္ဆာန်သည် ဝံပုလွေ ဖြစ်၏။ သူ၏ အဆောင်ကိုင် နောက်တော်ပါ အစေခံမှာ *ဆာလီ* [၂] နှင့် *ဖလာမင် မာရှာလစ်* [၃] တို့ ဖြစ်ကြသည်။

*ကွိရီနပ်* [၄] နတ်နှင့် ပတ်သက်၍မူကား ကျွန်ုပ်တို့သည် ဘာမျှ များများစားစား မသိရပေ။ သူသည် စစ်နတ် ဖြစ်သည် ဆိုသည်ကိုသာ သိရသည်။ ကွိရီနပ် အရပ်သား လူမျိုးစုများ၏ စစ်နတ် ဖြစ်သည်။ မားစ်က ပါလာတိုင်း နယ်သားများ၏ စစ်နတ် ဖြစ်သည်။ ကွိရီနပ်ကို အဆောင်ကိုင် လက်ပါးစေ တစ်ဦးက လုပ်ကျွေး ပြုစုသည်။ ထို့ပြင် သူ့ကို ရည်ညွှန်း၍ ပသသော နတ်ပွဲ တစ်ခုကို ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် ကျင်းပလေ့ ရှိကြသည်။ သူသည် လက်နက် အင်အားဖြင့် ငြိမ်းချမ်းမှုကို ဖြစ်စေသော နတ် ဖြစ်နိုင်သည်။ ထို့ကြောင့် သူ့ကို ထိုးစစ်ကို ကိုယ်စား ပြုသော နတ် အဖြစ် တင်စားကြသည်။ မားစ်ကမူ ခံစစ်ကို ကိုယ်စား ပြုသည်။

ယာနုနှင့် ဗက်စ်တာတို့သည် ပူဇော်မှု အရ ချိတ်တွဲထားသော နတ်များ ဖြစ်ကြသည်။ ပူဇော်ပွဲ အစနှင့် အဆုံးတွင် သူတို့ကို ပသကြရသည်။ ယာနုသည် တံခါးစောင့် နတ် ဖြစ်သည်။ ထို့ကြောင့် ဘယ် လုပ်ငန်းကို စတင် ဆောင်ရွက်သော ဖွင့်ပွဲတိုင်း မဆိုတွင် သူ့ကို ပသကြရသည်။

သူသည် စတင်ခြင်း နတ် ဖြစ်သည်။ ထို့ကြောင့် သူသည် နေ့၏ အစ ပထမ နာရီလည်း ဖြစ်သည်။ ပြက္ခဒိန် လများ၏ စတင် နေ့သည်လည်း သူ့နေ့ပင် ဖြစ်၏။ နှစ်၏ အစ ပထမလ ဖြစ်သော ဂျနဝါရီလသည်လည်း သူ့လပင် ဖြစ်၏။

ရောမတွင် သူ့ကို သင်္ကေတ ပြုသော မူရင်း သင်္ကေတသည် ရုံးထိုင်ရာ အရပ်၏ အရှေ့မြောက်ထောင့် အရပ်ရှိ တံခါးပေါက်ပင် ဖြစ်သည်။ ထိုတံခါးပေါက်ကို ဘုရင်များ ဝင်ထွက်ရာ အပေါက် အဖြစ် ထားရသည်။ နောင်အခါတွင် အဆင့် အမြင့်ဆုံး နတ်ဆရာချုပ် *ဆက်ကရိုရမ်* [၅] အတွက် ထိုတံခါး ပေါက်ကို သတ်မှတ် ထားရသည်။ ဗက်စ်တာလိုပင် ယာနု (ဂျနု) သည် မူလ အစက ပုဂ္ဂိုလ် အသွင်ကို မဆောင်ခဲ့ပေ။ တံခါးပေါက် ဖွင့်ခြင်း ပိတ်ခြင်းသည် သူ၏ သင်္ကေတပင် ဖြစ်၏။

ဗက်စ်တာ၏ အထိမ်းအမှတ်မှာ မီးလျှံပင် ဖြစ်၏။ ဗက်စ်တာ ဝတ်ကျောင်းထဲတွင် ထိုနတ်သမီးကို မီးတောက် မီးလျှံဖြင့်သာ ဖော်ပြထားသည်။

## အီထရူစကန်တို့၏ လွှမ်းမိုးမှုကြောင့် ဖြစ်ပေါ်လာသော အပြောင်းအလဲများ

အချက်အလက်များမှာ လုံး၀ ရှင်းရှင်းလင်းလင်း ရှိသည် မဟုတ်စေကာမူ ရောမသည် အီထရူစကန် လူမျိုးများ၏ လွှမ်းမိုး အုပ်စိုးမှု အောက်သို့ ဘီစီ ၆ ရာစု အတွင်းမှာ ရောက်ရှိခဲ့သည် ဆိုသော အချက်မှာကား သေချာပါသည်။

---

၁။ Campus Martius
၂။ Salic
၃။ Flamen Martialis
၄။ Quirinus
၅။ Sacrorum

ထိုသို့ အီထရူစကန်တို့၏ လက်အောက်သို့ ကျရောက်ခဲ့ခြင်းကြောင့် အကျိုးဆက်အားဖြင့် ထိရောက်သော အပြောင်းအလဲ အချို့ ဖြစ်ပေါ်ခဲ့ရပေသည်။

အီထရူစကန် လူမျိုးများသည် အင်အား ရှိကြပြီး ကူးသန်း ရောင်းဝယ်ရေး စိတ်ဓာတ် ရှိကြသူများ ဖြစ်လေသည်။

သူတို့သည် ရောမမြို့၏ မဟာဗျူဟာ အချက်အချာကျမှုကို အသိအမှတ် ပြုကြပြီးလျှင် ရောမမြို့ ပတ်လည်တွင် အုတ်ရိုးကြီးကို ပတ်၍ ကာကြလေသည်။ ထို အုတ်မြို့ရိုးကြီး အတွင်းမှာ လူဦးရေ ၂၀၀,၀၀၀ ခန့် နေသာသည်။ သူတို့က ရောမ အရပ်သူ အရပ်သားများကို မြို့ထဲမှာ အခြေချ နေထိုင်စေသည်။ အထက်တန်းစား မှူးမျိုးမတ်မျိုးတို့ကိုကား မြို့တွင်းမှာ နေခွင့် မပေးခဲ့ပေ။

ထို့နောက် သူတို့သည် ရောမ ဘာသာ ကိုးကွယ်မှုတွင် လုံးလုံးလျားလျား ဖြစ်သော အယူအဆသစ် တစ်ခုကို မိတ်ဆက် သွတ်သွင်း ပေးခဲ့ကြလေသည်။

နတ် အသစ်များကိုလည်း ယူလာကြသည်။ ပထမပိုင်းတွင် ကြီးကြီးကျယ်ကျယ် အနှောင့်အယှက် မတွေ့ရပေ။ ဒိုင်ယာနာသည် သူ၏ မူလ နေရာ အာရီးရှား တောအုပ်မှ အာဗင်တိုင် တောင်ကုန်းပေါ်တွင် သူ့အတွက် အသစ်ဆောက်ပေးသော ဝတ်ကျောင်းသို့ ပြောင်းရွှေ့ စံစားရလေသည်။ သုံးပါးပေါင်းနတ် တြိနာထ ဖြစ်သော ဂျူပီတာ၊ မားစ်နှင့် ကွိရိနပ်တို့မှာ ကက်ပီတို တောင်ကုန်းပေါ်တွင် အီထရူစကန် ဗိသုကာများ အသစ် ဆောက်လုပ်သော၊ လုပတင့်တယ်သော ဝတ်ကျောင်းတော်တွင် ဂျူပီတာ၊ ယူနိုနှင့် မိနာဗာတို့ သုံးပါးကိုသာ ထား၍ ကိုးကွယ်သဖြင့် ကွယ်ပျောက်ခဲ့ရလေသည်။

ဤ အချိန်က စ၍ ဂျူပီတာနှင့် ယူနိုတို့၏ ပေါင်းသင်းမှုဖြင့် အစ ပြုခဲ့ရပြီးလျှင် နောင်အခါ ၎င်းတို့သည် ဇနီးမောင်နှံ နတ်များ ဖြစ်သွားကြရလေသည်။

ဤကား ရောမ နတ်များ အတွင်း ပထမဆုံး ဖြစ်သော လက်ထပ် ထိမ်းမြားခြင်း သာဓကပင် ဖြစ်၏။ ရှေးကျသော ရောမ ဘာသာရေး ကိုးကွယ်မှုတွင် နတ်သားနတ်သမီးတို့၏ ထိမ်းမြားခြင်း သဘောကို နားမလည်ခဲ့ကြသေးချေ။ ထိုစဉ်က နတ်များမှာ ယောကျ်ား မိန်းမပင် မကွဲပြားကြသေးဟု ပညာရှင်များက ယူဆကြသည်။

ယူနိုသည် ဂျူပီတာ၏ နတ် မိဖုရား ဖြစ်လာသော အခါမှ စ၍ ကိုယ်ရည် ကိုယ်သွေးမှာ ရှေးကထက် ပိုမို ပီပြင် ထင်ရှား လာလေတော့သည်။

အစက သူမသည် မိန်းမများ၊ မိန်းကလေးများကို အုပ်ထိန်းသော နတ်သမီးကြီး ဖြစ်သည် (ယောကျ်ားများမှာ အုပ်စိုးသူ ဂျီးနီးယပ် နတ် ရှိသလို မိန်းမများအတွက် ယူနို ရှိသည်။)။

*ယူနို လူစီနာ* [၁] ဘဝတုန်းက သူမကို မိန်းမများ မီးဖွားသော အခါ ပူဇော် ပသကြရလေသည်။ ယခုမူ သူမသည် အလည် ရောက်ရှိလာသော ဂရိ လူမျိုးများ၏ အမြင်တွင် ဟီရာ နတ်သမီး၏ ဂုဏ်လက္ခဏာ ရှိသော အဆင့်သို့ ရောက်ရှိ သွားလေပြီ။

မိနာဗာမှာ အီထရူစကန်နတ် ဖြစ်နိုင်သည်။ သူမ၏ ဂုဏ် လက္ခဏာများမှာ အသင်နာနှင့် အပြိုင် ဖြစ်သည်။ ပညာ နတ်သမီး ဖြစ်သည်။ အနုပညာနှင့် ကူးသန်း ရောင်းဝယ်မှု၏ နာယက နတ်သမီးလည်း ဖြစ်သည်။ တစ်ခါတစ်ရံ လိုအပ်သော အခါ၌ သူမ၏ အကူအညီကို စစ်ပွဲများ ဖြစ်သော အခါ ယူကြရသည်။ ထို့ကြောင့် သူမကို သံခမောက်၊ သံချပ် အင်္ကျီများဖြင့် ကိုယ်စားပြု၍ ဖော်ပြကြသည်။ သူမသည် လှံနှင့် ဒိုင်းကိုလည်း ကိုင်ထားသည်။ ဂရိ နတ်သမီး ဟီရာ၏ ပုံပန်းသဏ္ဌာန် အတိုင်းပင် ဖြစ်၏။

မိနာဗာကို ဤကဲ့သို့ လူပုံသဏ္ဌာန်ဖြင့် ဖန်ဆင်း ရှုမြင်ခြင်းသည် အီထရူစကန် လူမျိုးများ၏ အသစ် ပြုပြင်ပြောင်းလဲလိုက်ခြင်းပင် ဖြစ်၏။ ထိုအချက်သည် အရေးပါသော အချက် တစ်ရပ်ပင် ဖြစ်သည်။ ထိုလူမျိုးများသည် သူတို့ ဆောက်လုပ်သည့် ဝတ်ကျောင်းတော်များ အတွင်း၌ နတ်ရုပ်များကိုပါ တည်ထား လာကြသည်။

ကက်ပီတိုလိုင်း တောင်ကုန်းပေါ်ရှိ ဘုရား ဝတ်ကျောင်းတော်တွင် သူတို့သည် သန့်စင်ရာ ဗဟို ခန်းဆောင်ကြီး အလယ်တွင် အုတ်တိုင် နှစ်တန်း ပြုလုပ်ထားသည်။ ထို့နောက် မြောက်ဘက် အဆုံးတွင် နတ်ရုပ် သုံးရုပ်ကို တည်ထားကြလေသည်။ ဂျူပီတာ နတ်ရုပ်ကို ဘေး တစ်ဖက်စီတွင် ယူနို နတ်သမီးနှင့် မိနာဗာ နတ်သမီးတို့က ရံထားလေသည်။

ထိုနေရာကမှ စ၍ အခြား နတ်များ အားလုံးကို ရုပ်တုများ ထုလုပ်ထားသည့်၊ တက်သည့် လေ့ကားထစ်များ စတင်လေသည်။

ယာနုသည် ဦးခေါင်း ရှိသည်။ သို့သော် မျက်နှာ နှစ်ဖက် ပါသည်။ မျက်နှာ တစ်ခုက ရှေ့ဘက်သို့ ကြည့်ပြီး အခြား မျက်နှာ တစ်ခုက နောက်ဘက်သို့ ကြည့်နေသည်။

---

၁။ Juno Lucina

သို့သော် ဤ ပြောင်းလဲမှုများသည် အီထရူစကန် လူမျိုးများကြောင့်ချည်း သက်သက် ဖြစ်ပေါ်ခဲ့ကြသည် တော့ မဟုတ်ချေ။

## ဂရိတို့ထံမှ ချေးငှားခြင်း

အီထရူစကန် လူမျိုးများ လက်ထက်တွင် ရောမ၏ နိုင်ငံရေး အာဏာစက်သည် အီတလီ ကျွန်းဆွယ်ကို ဖြတ်ကျော်ကာ တောင်ဘက်ဆီသို့ ပျံ့နှံ့သွားသကဲ့သို့ ဂရိတို့၏ ယဉ်ကျေးမှု ဩဇာသည်လည်း မြောက်ဘက်ဆီသို့ စတင်၍ ထိုးဖောက် ဝင်ရောက် သွားခဲ့လေသည်။

ရောမ လူမျိုးများ အထူး နှစ်ခြိုက် လက်ခံသော အရာမှာ ဂရိ လူမျိုးများ၏ ပူဇော် ပသမှုများ ဖြစ်သည်။ ဂရိ ပူဇော် ပသမှုများက ထိုကာလတိုင်အောင် ရောမတို့၏ ဘာသာ ကိုးကွယ်မှုတွင် မရှိသေးသော နွေးထွေးမှုနှင့် ကဗျာ ဆန်မှုကို ပေးခဲ့လေသည်။ ရောမ လူမျိုးများဘက်ကလည်း ဂရိတို့က ပေးသော အယူအဆသစ်များကို လက်ခံကျင့်သုံးရန် အတွက် အသင့် ဖြစ်နေခြင်းကို သက်သေပြသနိုင်ခဲ့ပေသည်။

ဤသို့ လက်ခံခြင်းမှာ သူတို့၏ ရှေးထုံး စဉ်လာများကို လုံးဝ စွန့်ပယ်ပြီး လက်ခံခြင်း အဓိပ္ပာယ်ကိုလည်း မသက်ရောက်ခဲ့ပေ။

အထိရောက်ဆုံး ခရီး အရောက်ဆုံး ဖြစ်ရပ်မှာ ဘီစီ ၆ ရာစု ကာလ အတွင်း၌ ဂရိတို့၏ ဗျာဒိတ်တော် ပိဋကတ်ကျမ်းစာများကို ရောမ နိုင်ငံသို့ တင်သွင်းနိုင်ခဲ့ခြင်း ဖြစ်၏။ *ဆစ်ဘလင်း* [၁] ကျမ်းစာများဟု ခေါ်သည်။

ထိုကျမ်းစာအုပ်များကို ကက်ပီတိုလိုင်း တောင်ကုန်းပေါ်ရှိ ဝတ်ကျောင်းတော်၏ အောက်ထပ်တွင် သိမ်းဆည်းထားသည်။

ထိုစာအုပ်များကြောင့် နတ်ဆရာ မှူးမတ် ရာထူးများ ပေါ်ပေါက်ခဲ့လေသည်။

အစတွင် ရာထူး နှစ်နေရာ ဖြစ်သည်။ နောင်တွင် ၁၀ ဦးမှ ၁၅ ဦး အထိ တိုးပွားခဲ့သည်။

ထို နတ်ဆရာ မှူးမတ် အဆင့် ရှိသူများကို အခါအခွင့်သင့်တိုင်း ဗျာဒိတ် စကားများနှင့် ပတ်သက်၍ အကြံဉာဏ် တောင်းခံကြရလေသည်။

ထိုကိစ္စ တစ်ခုစီတွင် အကြံဉာဏ် တောင်းခံသော ဗျာဒိတ် ကဗျာများကို မဖော်ပြဘဲ သူတို့က ဘာတွေကို ပြုလုပ်ရမည် ဆိုသော အစီအစဉ်များကို အကြံ ပေးတတ်ကြလေသည်။

ထိုဗျာဒိတ်တော်များမှာ ဂရိ ပြည်မှ စတင်ခဲ့သည် ဖြစ်ရကား နတ်ဆရာ *ဂျီဗီ* [၂] များက ကြုံတွေ့ ကျရောက်လာမည့် အန္တရာယ်ကို မည်သို့ မည်ပုံ ကုစားရမည်ကိုသာ ဆေးညွှန်း ရေးပေးတတ်ကြလေသည်။ အများပြည်သူတို့ စိတ်ရှုပ်ထွေးစရာ ရှေးက မကြားဖူးသော နတ်များကို ပူဇော် ပသသည့် အခမ်းအနား အသစ်များကို ညွှန်ကြားကြသည်။ နောက်ဆုံး ရလဒ်မှာ ထိုဓလေ့ ထုံးစံများကို ရောမ ဘာသာ ကိုးကွယ်မှုက လက်ခံ ကျင့်သုံးလာကြခြင်းပင် ဖြစ်တော့သည်။

နတ်ဆရာ မှူးမတ်များကလည်း ဤ အပြောင်းအလဲများကို ပြုလုပ်နိုင်ကြသည်မှာ ရှေးက လုပ်ထုံး လုပ်နည်း မရှိဘဲ ပြုလုပ်ခဲ့ကြခြင်း မဟုတ်ပေ။

*ကက်စတာ* [၃] နှင့် *ပိုလပ်စ်* [၄] တို့ကို ရောမသို့ လက်တင်မြို့ တစ်မြို့ ဖြစ်သော *တပ်စ်ကူလမ်* [၅] လမ်းကြောင်းမှ သယ်ယူခဲ့ကြဖူးလေပြီ။ ထို့ပြင် ဟာကျူလီသည်လည်း တိုင်ဘာမြို့ လမ်းကြောင်းမှ ရောက်လာခြင်း ဖြစ်သည်။ သို့ရာတွင် ဆစ်ဘလင်း ကျမ်းများသည် အခြား နေရာ၌ နှေးကွေးစွာ ဖြစ်ပေါ်သော ဖြစ်စဉ်ကို အားတက်သွားအောင် အားဖြည့် ပေးလိုက်သလို ရှိသည်။

ဘီစီ ၄၉၃ တွင် ဆီရက်စ်၊ လီဘာနှင့် လီဗေးရာ တို့ကို ထားရန် တည်ဆောက်သော ဝတ်ကျောင်းတော် တည်ဆောက်ရေး ကိစ္စ၌ သူတို့၏ ကဗျာ လင်္ကာများကို အဓိပ္ပာယ် ဖော်ပြီး အကြံ ပေးခဲ့ရလေသည် (ဆီရက်စ်၊ လီဘာနှင့် လီဗေးရာတို့သည် ဂရိ နတ်များ ဖြစ်သော ဒီမီတာ၊ ဒိုင်အိုနီးဆပ်နှင့် ပါဆီဖုံတို့နှင့် အတူတူပင် ဖြစ်သည်။)။

ထို့နောက်တွင် အပိုလို အတွက် ဝတ်ကျောင်းတော် တစ်ခုကို သတ်မှတ် ပြဋ္ဌာန်းကြပြန်သည်။ အလားတူပင် အပိုလိုကို ရောမတို့၏ နက်ပကျွန်းနတ်နှင့် တစ်သဘောတည်း ထား၍ ကိုးကွယ်ခဲ့ကြလေသည်။ ထို့ပြင် ပိုဆိုင်ဒွန်နတ်ချော့ သီချင်း ကဗျာများကိုလည်း တင်သွင်းခဲ့ကြလေသည်။

ဟာမီးစ်လည်း ရောမသို့ ရောက်ရှိခဲ့လေသည်။

---

၁။ Sibylline

၂။ Duovi
၃။ Castor
၄။ Pollux
၅။ Tusculum

သို့သော် သူ့ နာမည်ကို မာကျူရီဟု ခေါ်ခဲ့ကြလေသည်။ သူသည် ကူးသန်း ရောင်းဝယ်ရေး ဆိုင်ရာ နတ်ဖြစ်သောကြောင့် ဖြစ်၏။

နောက်ပိုင်းတွင်လည်း အလားတူသော နည်းလမ်းဖြင့် ဂရိတို့၏ နတ်ချော့ ကဗျာများနှင့် အတူ အက်ဖရိုဒိုက်လည်း ရောမတို့ လက်ထဲသို့ ရောက်သော အခါ ဗီးနပ်စ် ဖြစ်လာလေတော့သည် (ဗီးနပ်စ်သည် အီတလီတို့၏ အရေး မပါလှသော ဥယျာဉ်စောင့် နတ်သမီး ဖြစ်ခဲ့သည်။)။

ထိုအချိန်လောက်မှာပင် ကပ်ရောဂါ ယဉ်းနာ တစ်ခု ဖြစ်ပွားလာရာ ထိုဖြစ်ရပ်က ဘေသဇ္ဇ ဆေးဝိဇ္ဇာ နတ် *အက်စ်ကူလာပီးယပ်* [၁] ကို ချက်ချင်း ပင့်ပြီး ဝတ်ကျောင်းတော်နှင့် တကွ ကိုးကွယ်ရန် အခြေအနေ အရ ဖန်တီး ဖြစ်ပေါ်ခဲ့လေသည်။

ဤပုဂ္ဂိုလ် အသွင်ဆောင် နတ်များသည် ရောမ ဘာသာရေး ကိုးကွယ်မှုတွင် ထပ်ဖြည့်လိုက်သော လုံးဝ အသစ်ဖြစ်သော နတ်များ ဖြစ်ကြလေသည်။

တစ်ခါတစ်ရံ ဆစ်ဘလင်း ကျမ်းက နတ်များကို အုပ်စုလိုက် စားပွဲ သောက်ပွဲ ကျင်းပ ပူဇော်ရန်ကိုလည်း အကြံ ပေးထားလေသည်။

ဤတွင် ဂရိတို့၏ နတ်ချော့ တေးများက နတ်များကို အုပ်စုလိုက် သစ်သား ရုပ်တုများ ထုပြီး ညစာ စားသော စားပွဲဝိုင်း ဘေးမှာ ချပြီး စားပွဲပေါ်တွင် စက္ကရမန္တ အသွေးအသားများကို ချထား ပူဇော်ကြရလေသည်။

လီဗီးက ဘီစီ ၃၉၉ တွင် ဖြစ်ပွားသော ရောဂန္တရကပ် ကျရောက်ချိန်တွင် အပိုလို နတ်၊ လာတိုနာ နတ်၊ ဟာကျူလီ နတ်၊ ဒိုင်ယာနာ နတ်၊ မာကျူရီ နတ်နှင့် နက်ပကျွန်း နတ်များကို အစုလိုက် ဤနည်း အတိုင်း ပူဇော်ပသ၍ ချော့ခဲ့ကြရသည် ဟု အစီရင်ခံထားပါသည်။

ဤသို့ အစုလိုက် ပသပွဲကြီး ကျင်းပရသည်မှာ ဤတစ်ကြိမ်သည် နောက်ဆုံး အကြိမ် မဟုတ်ပေ။

နတ်များမှာ တစ်နေ့တခြား လူဆန်လာကြသည်ကို တွေ့ရသည်။

ဤကဲ့သို့ နိုင်ငံရပ်ခြားမှ တင်သွင်းလာသော မူလဖန်တီးမှု၏ လှုံ့ဆော်မှုကြောင့် ရောမ လူမျိုးများကလည်း သူတို့ ကိုယ်ပိုင် နတ်သစ်များဖြင့် အခါ အားလျော်စွာ ဖြည့်စွက်ကြခြင်းမျိုးလည်း ရှိသည်။

ထိုနတ်သစ်များကို ဖန်တီးကြပြီးနောက် ရောမ လူမျိုးများသည် ထိုနတ်များကို သီးခြား ဝတ်ကျောင်းများကို မြို့တွင်းမှာ တည်ဆောက်၍ ကိုးကွယ်ကြလေသည်။

ထိုသို့ နတ်သစ်များ ဖန်တီးခြင်းနှင့်အတူ ဂရိတို့၏ ဒဏ္ဍာရီများနှင့် လူစွမ်းကောင်း မော်ကွန်း ကဗျာရှည်များကို စိတ်ဝင်စားမှုလည်း တိုးပွား လာခဲ့ပေသည်။ အကျိုးဆက်ရလဒ် အဖြစ် ဂရိတို့၏ နတ်ဒဏ္ဍာရီများကို အီတလီ ဇာတ်အိမ်နှင့် ရောမ သမိုင်းများထဲတွင် ထည့်ပြီး လက်ခံ ယူခဲ့ကြလေသည်။ ထို ကဗျာများကို ပုံစံသစ်ဖြင့် ထုတ်ဝေခဲ့ကြသည်။ တချို့ ဒဏ္ဍာရီများမှာ အပြောင်းအလဲ အနည်းငယ်သာ ပြုပြီး မူလ လက်ရှိ အတိုင်းပင် လက်ခံ ယူခဲ့ကြခြင်းဖြစ်ပေသည်။ ၄င်းတို့သည် ရောမတို့၏ ယဉ်ကျေးမှု အမွေအနှစ် သဖွယ် ဖြစ်ခဲ့လေတော့သည်။

ဂျူပီတာ၏ ကိုယ်ရေး ရာဇဝင်၊ ယူနို၊ မီနာဗာနှင့် အခြား နတ်များ၏ ကိုယ်ရေး ရာဇဝင်များကို ဂရိ ပုံမှ အီတလီ အရောင်အသွေးများ ခြယ်သကာ အီတလီ ပုံစံသို့ ပြောင်းလဲ ယူခဲ့ကြလေသည်။ ထိုအချိန်မှာပင် တီထွင်တတ်သော စိတ်သည် ရောမ လူမျိုး၏ အစဉ်အလာပေါ်တွင် အသစ် တီထွင်လိုမှု အဖြစ် ပေါ်ပေါက်လာခဲ့လေသည်။

## အရှေ့တိုင်းမှ တင်သွင်းမှုများ

ယခုအထိ ရောမ လူမျိုးများ၏ ရှေးကျသော ယုံကြည်မှုများကို ဖြည့်စွက်ခြင်းများသည် ရောမ လူမျိုးများ၏ ဘဝတွင် ပေါ်ပေါက်ခဲ့သော ယေဘုယျ ယဉ်ကျေးမှု ဖြစ်ပေါ်တိုးတက်မှုများနှင့် လုံးဝ ကင်းရှင်းခဲ့သည်တော့ မဟုတ်ပေ။ ယခု ကျွန်ုပ်တို့သည် တပည့်ခံ၍ ယူသော အပိုင်းသို့ ပို၍ ရောက်လာပြီ ဖြစ်ပါသည်။

ရောမသည် နိုင်ငံတကာ အင်အားကြီး အဆင့်သို့ ရောက်လာသော ဖြစ်စဉ်တွင် မြေထဲပင်လယ် ကမ္ဘာတွင် အချုပ်အချာ အာဏာ ရဖို့ အတွက်လည်း ပြိုင်၍ အားထုတ်ခဲ့ရလေသည်။

ထိုအခါ ရောမသည် မိမိတို့ ယဉ်ကျေးမှုနှင့် လုံးဝ ခြားနားသော ယဉ်ကျေးမှုများလည်း ရှိနေကြောင်းကို သတိပြုမိခဲ့လေသည်။

သူ၏ နိုင်ငံသားများသည် ရှေးခေတ်က ရှိခဲ့သော လယ်ယာ စီးပွားရေး စနစ်နှင့် အလှမ်းဝေးစွာ ရှင်သန်ကြီးထွားခဲ့ရပြီး မြို့ပြ ဆန်သော ဘက်နှင့် မင်းစိုးရာဇာ ဆန်သော အမြင်ဘက်သို့သာ ရောက်ရှိနေကြရကား သူတို့သည်

---

၁။ Aesculapius

တိုင်းတစ်ပါးသားတို့၏ နိုင်ငံခြား အတွေးအခေါ် အယူအဆများကို စူးစမ်းလိုစိတ်များ ဖြစ်ပေါ်ခဲ့လေသည်။

သူတို့ အနေနှင့် စူးစမ်းမည် ဆိုလျှင်လည်း စူးစမ်းထိုက်ပါ၏။ ရောမတို့၏ ရှေးက ဘာသာရေး လုပ်ထုံးလုပ်နည်းများသည် သူတို့အား ပို၍ ဆုံးရှုံးစေပြီး မလျော်ကန်တော့သည့် အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်၏။

မြေကို ခြေကုပ်၍ လုပ်ကိုင် စားသူများထဲတွင် ခြေကုပ် လွတ်သူ အရေအတွက်ကလည်း တစ်နေ့တခြား တိုးပွား များပြားလာသည်။ တစ်ချိန် တစ်ခါက သူတို့ကို ရင်ခုန်စေခဲ့သော နေ့စဉ် ဘဝ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာ၌ လိုက်နာကြရသော စည်းမျဉ်း စည်းကမ်းများဘက်က ကြည့်လျှင်လည်း ရောမ လူမျိုးများ အနေနှင့် သူတို့၏ နေ့စဉ် ဘဝသည် ကျေနပ်ဖွယ် မရှိကြောင်း တွေ့နေကြရလေသည်။

လူတိုင်း လူတိုင်း၏ ရင်ထဲတွင် သံသယ ဝါဒသည် အားကောင်းစ ဖြစ်လာပြီးလျှင် သူတို့သည် ယုံကြည် ကိုးကွယ်မှု အသစ်ကို ရှာဖွေစ ပြုလာကြလေသည်။

နက်နဲသော ဂမ္ဘီရ ဘာသာ ကိုးကွယ်မှုတွင် ဘဝ အတွက် ကျေနပ်မှုများကို ကြွယ်ဝစွာ အာမခံချက် ပေးထားသည်။ ထို ယုံကြည် ကိုးကွယ်မှု (ဘာသာ တရား) သည် အရှေ့တိုင်းက လာသော ဘာသာ တရား ဖြစ်သည်။

ပထမဆုံး အရှေ့တိုင်းဖြစ် ဘာသာ အယူဝါဒမှာ ဖရီးဂျီးယားမှ *ဆိုင်ဘဲလီ*[၁] ယူလာသော *မဂ္ဂနာ မတာ*[၂] ဘာသာ ဖြစ်သည်။ ဆစ်ဘလင်း ဗျာဒိတ်ကျမ်းများက အကြံ ပြုထားသော ဘာသာ ဖြစ်သည်။ ဘီစီ ၂၁၈-၂၀၁ အတွင်း ဖြစ်ပွားသော ဒုတိယ ပျူနစ် စစ်ပွဲ၏ ရှည်ကြာသော အကျပ်အတည်း ကာလ အတွင်း ထင်ရှားသော ရောမ နိုင်ငံသား ငါးဦး ပါဝင်သော သံ အဖွဲ့ တစ်ဖွဲ့သည် ကောင်းကင်မှ ကျလာသော မွန်မြတ်သော ကျောက်တုံး တစ်တုံးကို သယ်ယူရန် အတွက် သွားခဲ့ကြလေသည်။ ထိုကျောက်တုံးတွင် ဆိုင်ဘဲလီ နေသည်ဟု ယူဆကြလေသည်။ သို့သော် မြို့လူကြီးများက ဆိုင်ဘဲလီနှင့် ရင်းနှီးရေး အတွက် ပို၍ သတိ ရှိသော အမြင်မျိုး ရှိကြလေသည်။

သူတို့က ဥပဒေ တစ်ခုကို ပြဋ္ဌာန်းခဲ့ကြသည်။ ထိုဥပဒေကို ရောမ အင်ပိုင်ယာ ခေတ်တိုင်အောင် ပယ်ဖျက်ခဲ့ခြင်း မရှိချေ။ ထို ဥပဒေ အရ ရောမ နိုင်ငံသားများကို ထိုနတ်သမီး၏ နတ်ဆရာ အဖြစ် တင်ခြင်းကို တားမြစ်ထားလေသည်။ သူမကို အေသျှမိုင်းနားက လာသော နတ်ဆရာများကသာ ပူဇော် ပသကြရမည်ဟုလည်း ထိုဥပဒေတွင် ပြဋ္ဌာန်း ထားလေသည်။

တိုင်းသူ ပြည်သားများ အနေနှင့် သူမ၏ နတ်ကွန်းသို့ သွားလိုက သွားနိုင်သည်။ ပူဇော် ပသပြီးနောက် သူမ၏ အမအစကို ယခု ဘဝ အတွက် ဖြစ်စေ၊ နောက် အနာဂတ် ကာလ အတွက် ဖြစ်စေ ရအောင် ပြုလုပ်လိုပါက ပြုလုပ်နိုင်ခွင့် ရှိလေသည်။

ဆိုင်ဘဲလီ နတ် ရောက်လာပြီးနောက် ဆက်တိုက်ပင် နက်နဲသော ဘာသာ ကိုးကွယ်မှု တစ်ခု ဖြစ်သော *ဘတ်ကစ်*[၃] ဘာသာ ရောက်လာသည်။ ဤ ဘာသာသည် အမှန်အားဖြင့် လျှို့ဝှက်သော ဘာသာ ဖြစ်သည်။

ဤဘာသာနှင့် ပတ်သက်၍ လျင်မြန်သော တုံ့ပြန်မှုများသည် ရောမ မြို့တော်တွင်သာမက အီတလီ ကျွန်းဆွယ် တစ်ခုလုံးမှာပင် ဖြစ်ပေါ်ခဲ့လေသည်။ သို့သော် လျှို့ဝှက်ချက်မှန်သမျှကို အထက်တန်းလွှာ လူတန်းစားများက မုန်းတီးကြပြီး သူတို့က ထိုဘာသာကို များစွာ မယုံသင်္ကာ ဖြစ်ကြလေသည်။

သူတို့သည် ဘတ်ကရှနာလီယန် ဘာသာ၏ သောက်စား မူးယစ်ပြီး ပျော်ပါးခြင်းကို အလွန် ဆိုးသည်ဟု ယုံကြည်ကြလေသည်။

ထိုအကြောင်းကြောင့် ၁၈၆ ဘီစီတွင် ထိုဘာသာကို ဆီးနိတ်က အမိန့် ပြန်တမ်း ထုတ်ပြီး နှိပ်ကွပ် ပစ်ခဲ့လေသည်။ သို့သော် ထိုဘာသာသည် ပြန်လည် ရှင်သန် လာပြန်သည်။ ထိုအခါ နိုင်ငံတော်၏ ကျပ်တည်းစွာ ကြီးကြပ်မှုဖြင့် ဆက်လက် ရှင်သန်ခွင့် ပြုခဲ့ပြန်သည်။

ထိုကိစ္စ ဖြစ်ပြီးသော နောက်နှစ်များတွင် အရှေ့တိုင်းမှ ဘာသာ ကိုးကွယ်မှုများသည် ရောမ နိုင်ငံတွင် ခြေကုပ်ရကာ သြဇာ တိက္ကမ ကြီးထွားလာကြလေသည်။

ကက်ပါဒိုးစီးယား၏ *မ*[၄] နတ်၊ ဆီးရီးယား၏ *အဒိုနစ်*[၅]၊ အီဂျစ်၏ အိုက်ဆစ်နှင့် အိုဆီရစ်၊ ပါသျှား၏ *မေတ္တရ*[၆] နတ်များ အားလုံးကို ရောမသို့ ယူဆောင်လာခဲ့သည်။

အသီးသီးသော အရှေ့တိုင်း ကိုးကွယ်မှု အယူအဆများက အထိုက်အလျောက်စီ ဘာသာရေး အတွေ့အကြုံများ

---

၁။ Cybele
၂။ Magna Mater
၃။ Bacchus
၄။ Ma
၅။ Adonis
၆။ Mithras

နှင့် မအို မနာ မသေရာ အသခ်ၤတ သဘောကို မျှော်လင့်ချက် ပေးခဲ့ကြလေသည်။

ထိုအချိန်တွင် နိုင်ငံတော် ဘာသာမှာ ဖန်ဆင်းရှင် ထာဝရ ဘုရား ရှိ မရှိ မသိနိုင်ဟု ယူဆကြသော နိုင်ငံရေး သမားများနှင့် ဘာသာ ယုံကြည်မှု မရှိဘဲ လုပ်စားရုံမျှ သက်သက် ဖြစ်သော နတ်ဆရာများ၏ လက်ထဲတွင် ကျရောက်လျက် ရှိရာ နိုင်ငံတော် ဘာသာမှာ တန်ခိုး သြဇာ ကင်းမဲ့ နေလေတော့သည်။

## နောက်ဆုံး အပြောင်းအလဲများ

ရောမ သမ္မတ နိုင်ငံ၏ နောက်ဆုံး ရာစု (ဘီစီ ၁၅၀-၄၉) အတွင်းတွင် ရောမ လူမျိုးတို့၏ ဘာသာ ကိုးကွယ်မှု သမိုင်းသည် ရှေးခေတ်က လက်ခံ ယုံကြည် ကိုးကွယ်မှု များနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သော ဘက်သို့ ရွေ့လျား နေသည်ဟု ယူဆနိုင်ပေသည်။

ထို လှုပ်ရှား ပြောင်းလဲမှုသည် ဗဟိုသို့ စုစည်းသော အပြောင်းအလဲမျိုး မဟုတ်တော့ဘဲ ဗဟိုခွာ စနစ်ဖြင့် ပြောင်းလဲလာသော ပြောင်းလဲမှု ဖြစ်ခဲ့ပေသည်။ နိုင်ငံတော် ဘာသာသည် လုပ်ရိုး လုပ်စဉ် တစ်ခု အဖြစ်သာ ပြုလုပ်သော အဆင့်သို့ လျှောကျသွားပြီ ဖြစ်သည်။ အဆောက်အအုံ သဘောမျှသာ ရှိပြီး အတွင်းမှာ ဘာမျှ မရှိတော့။ ဟောင်းလောင်း ဖြစ်နေလေပြီ။ ရွှေကျောင်း ပြောင်ပြောင် ဝမ်းခေါင်ခေါင် ဖြစ်နေပြီဟု ဆိုသင့်သည်။

တစ်ခုတော့ ရှိသည်။ ရောမသည် သူကိုယ်တိုင်က ပင် နတ်တစ်ပါးလို ဖြစ်နေပြီ ဖြစ်၏ (*ဒီယား ရိုမားနား* [၁])။ သို့ဖြစ်၍ ရှေးကလို အခြားသော ရှေးက နတ်များ၏ အကူအညီ အထောက်အပံ့ကို မလိုအပ်တော့ပေ။

ဂရိ ဒဿန ပညာရှင်များကြောင့် အသိဉာဏ် တိုးတက်လာသော သို့မဟုတ် အသိဉာဏ် မှားယွင်းခြင်း မရှိတော့သော ပညာတတ် လူတန်းစားများသည် *အက်ပီကျူးရီးယန်း* [၂] နှင့် နတ်ဘုရား များစွာကို ကိုးကွယ်သော *စတုဝစ်* [၃] များ၏ အနုဘာဝန ရသ အတွေ့အကြုံ ပါသော ကိုးကွယ်နည်းကို လိုက်စား လာကြလေသည်။

တချို့ကလည်း ဘာသာ ကိုးကွယ်မှုကို ဥပေက္ခာ ပြုလာကြလေသည်။

ဤကိစ္စတွင် *စီစာရို* [၄] ၏ သဘောထား အပြုအမူ သည် ထင်ရှားသည်။ သူသည် စတုဝစ် အယူဝါဒဘက်သို့ စိတ်ညွှတ်ခဲ့လေသည်။ သို့ရာတွင် သူသည် ဘာသာ အယူ ဝါဒ ပေါင်းစုံမှ ကောင်းနိုးရာရာကို ယူပြီး ကိုးကွယ်သော ညွန့်ပေါင်း ဘာသာကို ကိုးကွယ်သူ ဖြစ်သည်။ ထို့ကြောင့် ဘယ်ဘာသာကိုမှ သက်ဝင် ယုံကြည်၍ မဖြစ်ပေ။ အဘယ် ကြောင့် ဆိုသော် သူ၏ ဝိစိကိစ္ဆာ (သံသယ) က တားဆီး ထားသောကြောင့် ဖြစ်၏။

ဘာသာရေးသည် ညစာ စားသော စားပွဲမှာ ထိုင်ပြီး ဆွေးနွေးလျှင် စိတ် ချမ်းသာစရာ ကောင်းသော အရာ တစ်ခုမျှသာ ဖြစ်၏။ အားအားယားယား မိတ်ဆွေများနှင့် စကား ပြော၍ ကောင်းသော အရာ တစ်ခုလောက်သာ ဖြစ်ပေတော့သည်။ သို့ရာတွင် နိုင်ငံရေး အရ စုစည်းနိုင်သော အရာ တစ်ခု အဖြစ်ကား တန်ဖိုး ရှိပါသည်။ ထိုအချက်မှာ လည်း စဉ်းစား တွေးခေါ်တတ်သော သူများ အဖို့ အရေး ကြီးသော ကိစ္စ တစ်ရပ် မဟုတ်ပေ။

သြဂပ်စတပ် ဆီဇာသည် ကမ္ဘာကြီးကို အားလျော့ စေခဲ့သော မျိုးဆက် တစ်ခု ကြာအောင် တိုက်ခိုက်ခဲ့ကြ သည့် ပြည်တွင်းစစ် အပြီးတွင် ပြန်လည်၍ ပုံမှန် အနေ အထားသို့ ရောက်အောင် ကြိုးပမ်းခဲ့သူ ဖြစ်သည်။ ထိုသို့ ကြိုးပမ်းသော အခါ သူသည် ပျက်စီး ယိုယွင်းနေသော ရောမ မြို့ရှိ ဘုရား ဝတ်ကျောင်းတော်များကို ပြန်လည် ပြုပြင်ခဲ့လေသည်။ လူများကိုလည်း ရှေးက နတ်ဆရာ အလုပ်ကို ပြန်လုပ်ကြရန်လည်း သွေးဆောင် တိုက်တွန်း ခဲ့လေသည်။

သူ့ လက်ထက်တွင် ဝတ်ကျောင်းတော် အသစ်များ ကိုလည်း တည်ဆောက်လေသည်။

ဥပမာ ပလာတင်း တောင်ကုန်းပေါ်၌ အပိုလို နတ် ဘုရားကို ဂုဏ်ပြုရန် အတွက် တည်ဆောက်သော ဝတ် ကျောင်းတော် ဖြစ်သည်။ ထိုနတ်သည် သူ့အိမ်၏ အုပ် ထိန်းသူ နာယကလည်း ဖြစ်သည်။ သို့သော် ဤမျှလောက် ဖြင့် လုံလောက်သည်ကား မဟုတ်သေး။

ဤ ကိစ္စသည် ရောမ တစ်မြို့တည်း အတွက်သာ အကျိုး သက်ရောက်မှု ရှိသည်။ ရောမမှာပင် တုံ့ပြန်မှုများ က ထက်ထက်သန်သန် မရှိလှ။ ထိုင်းထိုင်းမှိုင်းမှိုင်းသာ ဖြစ်ခဲ့သည်။ သူသည် အီတလီ ပြည်ပတွင် သူ့ကို နတ်

---

၁။ Dea Romana
၂။ Epicureans
၃။ Stoics
၄။ Cicero

အဖြစ်ဖြင့် ကိုးကွယ်ခြင်းသည် နိုင်ငံရေး အတွက် အကျိုးအမြတ် မည်မျှ ရှိနိုင်သည်ကို သိထားသူ ဖြစ်သည်။

ကမ္ဘာကြီးကလည်း တန်ခိုး အာဏာ ကြီးမားသော လူစွမ်းကောင်းကို အလို ရှိနေပေသည်။

ထို အာဏာ တန်ခိုး ကြီးမားသူကို ကိုးကွယ် ဆည်းကပ်ကြခြင်းအားဖြင့် လူတွေကို ညီညွတ်လာအောင် စုစည်းနိုင်သည်။

ထိုကိစ္စ၌ နန်းတော်တွင်းရှိ ပေါ်ပေါက်ဆဲ ဖြစ်သော ဂျီးနီးယပ်စ် နတ်ထက် ပို၍ အသုံး တည့်မည့်သူ မရှိတော့ပေ။

ထိုခံစားချက်ကို အားပေးရန် အလို့ငှာ ဩဂပ်စတပ်ဆီဇာသည် ရုံးထိုင်ရာ အရပ်တွင် ဝတ်ကျောင်းတော် တစ်ခုကို ဆောက်လုပ်သည်။

အထူး ခန့်ထားသော နတ်ဆရာများကို ထားပြီးလျှင် ဂျူးလီယက် ဆီဇာကို ရည်မှန်း၍ ဂုဏ်ပြုလိုက်လေသည်။ ဂျူးလီယက် ဆီဇာသည် သူ၏ မွေးစား ဖခင် ဖြစ်သည် ဟူလို။ ဂျူးလီယက် ဆီဇာကို ဘီစီ ၄၂ ခုနှစ်က ရောမ ဆီနိတ် လွှတ်တော်က နတ်တစ်ပါး အဖြစ် ကြေညာထားပြီး ဖြစ်၏။ သူ့အတွက် သူက နတ်ကွန်း တစ်ခု ဆောက်လုပ်ပြီး သူ၏ ကိုယ်စောင့်နတ် ဂျီးနီးယပ်စ်ကို ကိုးကွယ်ရန် ခွင့်ပြုခဲ့လေသည်။ သူ့ကိုယ်သူကိုမူ အကိုးကွယ် မခံခဲ့ပေ။

ထိုအချက်သည် *ဧကရာဇ် ဘုရင် ကိုးကွယ်မှု* [၁] ပေါ်ပေါက်လာခြင်း အစပင် ဖြစ်၏။ အမိန့်တော်မြတ်ကို ဦးထိပ် ရွက်ဆောင်ရာ လက်အောက်ခံ ပြည်နယ် ဖြစ်လာသော ဒေသတွင် ရောမ မင်းနေပြည်တော်ကို သစ္စာခံခြင်း အထိမ်းအမှတ် အဖြစ်ဖြင့် ဧကရာဇ် ဘုရင်မင်းမြတ်၏ ကိုယ်စောင့်နတ် ဂျီးနီးယပ်စ်ကို ကိုးကွယ်ကြရန် ဘုရင်၏ ကိုယ်စောင့်နတ် နတ်ကွန်းများကို တည်ဆောက်ကြရလေသည်။

ဩဂတ်စတပ် ဆီဇာသည် သူ၏ သက်တမ်း တစ်လျှောက်လုံးတွင် သူ့ကို လူကိုယ်တိုင် ဂုဏ်ပြု ပူဇော်ခြင်း ကိစ္စကိုကား မြဲမြဲစွာ ငြင်းဆန်ခဲ့လေသည်။

သို့ဖြစ်ရာ သူ နတ်ရွာစံသော အခါ သူ့ အမည်ကို နတ်စာရင်းတွင် ထည့်သွင်းခြင်းကို မဖြစ်မနေ ဆောင်ရွက်ကြရပေတော့သည်။

သူ့အတွက် ဝတ်ကျောင်းတော်ကိုလည်း တည်ဆောက်ပြီး နတ်ဆရာကိုပါ အမှုကိစ္စ ဆောင်ရွက်ရန် ခန့်ထားကြရလေသည်။

သို့သော် သူ့ နောက်ကျသော ဧကရာဇ်တိုင်းကိုကား ဤနည်း အတိုင်း ဂုဏ်ပြုခဲ့ကြရသည် မဟုတ်ချေ။ သို့ရာတွင် ဧကရာဇ် ဘုရင်ကို နတ်အဖြစ် သမုတ် ရခြင်းကိုမူ ဧကရာဇ် ဘုရင်များ၏ အသုဘ အခမ်းအနားတိုင်းတွင် တစ်ကဏ္ဍ အဖြစ် ပြုလုပ်ကြရလေသည်။

နောက်ဆုံးတွင် ဘုရင်များ အသက် ထင်ရှားစဉ် အခါမှာပင် ဘုန်းတန်ခိုးနှင့် ဆိုင်သော ဩဘာသ *(ဩရ)* [၂] များကို ရရှိကြသည် ဟူသော အယူ ပေါ်ပေါက်လာသည်။

*ကာလီဂုလ* [၃] နှင့် *ဒိုမီရှန်* [၄] ဘုရင် နှစ်ပါးသည် ၎င်းတို့အား အသက် ရှင်စဉ် (မသေမီကပင်) ရှိခိုး ကိုးကွယ်ရန် အမိန့် ထုတ်ခဲ့လေသည်။ သူတို့ မတိုင်မီက ရှိခဲ့သော *နီရိုး* [၅] ဘုရင်ကလည်း သူ့ကိုယ်သူ အပိုလူ နတ်ဘုရား ဖြစ်သည်ဟု ယူဆခဲ့လေသည်။

ဤတွင် ထိရောက်မှု ရှိသော အချက်မှာ စစ်မှန်သော စည်းလုံး ညီညွတ်မှုကို ရရှိစေရန် အတွက် ဧကရာဇ် ဘုရင်မှာ ကျောသား ရင်သား မခွဲခြားသော တစ်ပြေးညီ ဥပဒေနှင့် တရားသော အစိုးရမျိုး ရှိရန် လိုအပ်ပေသည်။ ထို့အတူ စုစည်း ညီညွတ်မှုကို ဆောင်ယူနိုင်သော ကြည်ညိုခြင်း ခံရဖို့လည်း လိုအပ်သည်။ ဗဟို အစိုးရ အပေါ် သစ္စာစောင့်သိမှု၊ တစ်နိုင်ငံလုံးက ကြည်ညို လေးစားမှု ရရှိဖို့ လိုအပ်သည်။

ဘာသာ အယူဝါဒ အမျိုးမျိုး ကွဲပြား ခြားနားခြင်းက လူအများကို ဗဟိုခွာ စိတ်ဓာတ်ဖြင့် တကွဲတပြားစီ ဖြစ်ကုန်စေသည် ဆိုသော အချက်သည် ထင်ရှား ဖြစ်ပေါ်လာသော အခါ ဧကရာဇ် ဘုရင် ကိုးကွယ်မှုသည် ဗဟို အစိုးရ၏ ဩဇာ အောက်မှ ခွဲထွက်ကြခြင်းများကို တန်ပြန်ခြင်း ဖြစ်ခဲ့လေသည်။

သို့သော် ဤ အချက်သည်လည်း လုံလောက်သော အခြေအနေ မဟုတ်ပေ။ အခြေခံအားဖြင့်မူ ဤ ယုံကြည် ကိုးကွယ်မှုသည် တစ်လောကလုံးနှင့် စပ်ဆိုင်ခြင်း မရှိခဲ့။ လူများကို စုစည်း ညီညွတ်အောင် တွဲစပ်ရန် မစွမ်းနိုင်ခဲ့သေးချေ။

ထို ကိုးကွယ်မှုသည် မြေထဲပင်လယ် ကမ္ဘာမှ ဘာသာ ယုံကြည် ကိုးကွယ်မှုကိုလည်း မကျော်လွှန်နိုင်ခဲ့။

ထို့ပြင် ထိုဘာသာထဲတွင် လူပုဂ္ဂိုလ် တစ်ဦးချင်းကို ပြောင်းလဲသွားအောင် ပြုလုပ်နိုင်သော စွမ်းအားလည်း မရှိခဲ့ပေ။

---

၁။ Emperor-worship

၂။ Aura
၃။ Caligula
၄။ Domitian
၅။ Nero

သို့ရာတွင် နတ်များကို ရောနှော ပေါင်းစပ်မှု သို့မဟုတ် *နတ်ညွှန့်ပေါင်း ကိုးကွယ်မှု* [၁] ကြီးမှာ ကမ္ဘာ့ ယုံကြည် ကိုးကွယ်မှု အဆင့်ရှိ ဘာသာတရားကြီး အဆင့် သို့လည်း မရောက်ဘဲ ၄င်း၏ အကျိုး ရလဒ်များမှာ အလွန် ရှုပ်ထွေးကုန်ကြလေသည်။

အဖြစ်အပျက်တိုင်း၌ အီဂျစ်၊ မက်ဆိုပိုတေးမီးယား နှင့် ဂရိတို့မှာလိုပင် ရောမ၌လည်း နိုင်ငံတော်၏ အမျိုးသား ဘာသာ ကိုးကွယ်မှုသည် ရပ်ဝေး ရပ်နီး နတ်များစွာကို ဆက်စပ် ပေါင်းစည်းခြင်း ရလဒ် အဖြစ် ပေါ်ထွန်းလာခဲ့သော်လည်း ခေတ္တ ခဏမျှ ယာယီသာ တည်တံ့ ခဲ့လေသည်။ သူ့ကိစ္စကို ဆောင်ရွက်၍ ပြီးဆုံးသွားသော အခါ ထို ဘာသာ ကိုးကွယ်မှုသည် ပို၍ ကြီးကျယ်ပြီး ပို၍ နားလည်ရ လွယ်သော အလွန် အဓိပ္ပာယ် ရှိသော ဘာသာ အယူဝါဒ တစ်ခုကို နေရာ ပေးရလေသည်။

သို့ရာတွင် ကျွန်ုပ်တို့သည် အရှေ့နီး ဒေသသို့ ဦး မလှည့်မီ ကျွန်ုပ်တို့သည် အာရှတိုက်မှ လူသားတို့၏ အဓိပ္ပာယ် ရှိရှိ လူသားများ ပေါင်းစည်းရေး နည်းလမ်းကို စူးစမ်း ရှာဖွေမှုများကို ဦးစွာ လေ့လာသင့်ပါသေးသည်။

## ဆက်လက် လေ့လာသင့်သော ကျမ်းများ

### အီဂျစ်

1. Breasted, J.H. Development of Religion-and-Thought in Ancient Egypt
2. Erman, Adolp A Handbook of Egyptian Religion
3. Frankfort, Henri Ancient Egyptian Religion
4. Petrie, Sir Flinder Religious life in Ancient Egypt

### ဘေဘီလုံ

1. Jastrow, Morris, Jr. Aspects of Religious Belief and Practice in Babylonia and Asyria

### ဂရိ

1. Adams, James The Religious Teachers of Greece
2. Bevam, E.R. Later Greek Religion
3. Harrison, Jane E. Prolegomena to the study of Greek Religion
4. Cornford F.M., Greek Religious Thought from Homer to the Age of Alexander

---

၁။ Eclecticism

# အပိုင်း (နှစ်)

# အိန္ဒိယ၏ ဘာသာတရားများ

အိန္ဒိယပြည်၏ ဘာသာ ယုံကြည် ကိုးကွယ်မှုများသည် လူတို့၏ ဆင်ခြင်ဉာဏ်နှင့် နက်နဲသော ဂမ္ဘီရ လိုအပ်ချက်များကို လူ့ဘဝနှင့် လောက အကျိုး အတွက် သမစိတ္တ ဖြစ်အောင် ကိုက်ညီရေး အတွက် အကြံပေးရာတွင် ယူသုံး၍ မကုန်နိုင်အောင်ပင် များစွာ ဖြစ်ထွန်းခဲ့လေသည်။ ထိုသို့ အကြံ ပြုနိုင်ခြင်း သည် အတိတ်ကရော ပစ္စုပ္ပန် ကာလမှာပါ တည်ရှိနေသော အချက် တစ်ချက် ဖြစ်ပါသည်။ အိန္ဒိယ၏ ဘာသာ ကိုးကွယ်မှုများသည် ဘာသာရေး အတွက် လိုအပ်သော အချက်များ အားလုံးကို အဖြေ ပေးနိုင် ခဲ့သည်။ ထိုဖြေရှင်းချက်များ အနက် တစ်ခုကိုပင် ပစ်ပယ်၍ မရပါ။ အတိတ်က ပေးခဲ့သော အဖြေများ ကိုလည်း မျက်မှောက် အဖြေများနှင့်အတူ ထိန်းသိမ်း ထားရသည်။ အိန္ဒိယ၏ ဘာသာ ကိုးကွယ်မှုများ ကို လေ့လာသောသူ၏ စိတ်ထဲတွင် အရှေ့နီး ဒေသ၏ ယဉ်ကျေးမှုကို တူးဖော်နေကြသော ရှေးဟောင်း သုတေသန ပညာရှင်များ တွေ့ထိ ခံစားရသလိုပင် ခံစားရသည်။ မြေကြီးကို တူးလိုက်သော အခါ ရှေး ကျသော ယဉ်ကျေးမှုများသည် ယဉ်ကျေးမှု အသစ်များ၏ အလွှာ အောက်တွင် အမြဲတမ်း ထိန်းသိမ်း ထားလျက် ရှိသည်ကို တွေ့ရသလိုပင် ဖြစ်သည်။

ဖြေရှင်းချက်များမှာ အမျိုးမျိုး အပြားပြား ဖြစ်နေသောကြောင့် ယေဘုယျ သဘောကို ခြုံ၍ ပြောသော အခါ အန္တရာယ် ရှိစေကာမူ တစ်နေရာ၌မူ သဘော တူညီသော အချက် တစ်ချက် ရှိသည် ဟူ၍ကား ပြောလျှင် မှန်ပေသည်။ အကယ်၍ သူတို့၏ ဘာသာ ကိုးကွယ်မှုများ၏ သင်္ကေ သာဓက များကို ယုံကြည် အားထားနိုင်လျှင် မွတ်ဆလင်များ အပါအဝင် အိန္ဒိယ ပြည်သားများသည် (ဖိုရီ အက်စတာ ကိုးကွယ်သူများသည်ပင်) လောကီ စည်းစိမ် ချမ်းသာတို့ကို မည်မျှပင် ရရှိစေကာမူ အလွယ် တကူ စိတ်ကျေနပ်ခြင်း မရှိတတ်ကြပေ။ အိန္ဒိယပြည်သားများ၏ စိတ်ထဲတွင် ဤရုပ်လောကသည် သာမည သို့မဟုတ် တတိယ အဆင့်လောက်သာ အရေးပါ အရာရောက်သည်ဟု မှတ်ယူကြလေသည်။ ပရမတ္ထ တရားများ ဖြစ်သော အသက်ဇီဝ၊ ဝိညာဉ်၊ နာမ် တရားများသည်သာ သူတို့ အတွက် ပို၍ အရေးကြီးသော အရာများ ဖြစ်ကြလေသည်။

ဤတွင် ဖိုရီအက်စတာ ကိုးကွယ်သူများနှင့် မွတ်ဆလင်များကို ချန်လှပ်၍ ကျန်သော ဘာသာ အယူဝါဒများကို လက်ခံကြသော ဉာဏ်ပညာ ရှိသော ပုဂ္ဂိုလ်များ အတွက်မူ သဘာဝ လောကကြီးသည် လူ့ဘဝ၏ မြင့်မြတ်သော အရည်အသွေးများကို ဖြည့်ကျင့်ရာ၌ အခက်အခဲ များစွာကို ပေးတတ်ရုံမျှမက ထို ရုပ်လောကသည် အကုသိုလ် ဒုစရိုက်များကို ဖြစ်စေတတ်သော၊ မှားယွင်းသော အမြင်၊ အတွေးအယူ (ဝိပလ္လာသ) တရားများကိုပါ ဖြစ်စေတတ်သည်ဟု ယူဆကြလေသည်။

ဟိန္ဒူ ဘာသာဝင် အများစု၊ ဂျိန်း ဘာသာဝင် အများစုနှင့် ဗုဒ္ဓ ဘာသာဝင် အများစုသည် ရုပ် လောက၏ အထင်မှား၊ အမြင်မှား၊ အမှတ်မှားစေသော ပညတ်များကြောင့် ဖြစ်သော မှောက်မှားသော အတွေ့အကြုံများကို ကျော်လွှန်၍ ပရမတ် တရားများကို ထိုးထွင်း သိမြင်နိုင်သော ဉာဏ်အဆင့်သို့ ရောက်အောင် တက်လှမ်းကြရမည်၊ ထိုအဆင့်သို့ ရောက်မှသာလျှင် ထာဝရ စိတ်ကျေနပ်မှု ချမ်းသာ စစ်ကို ရနိုင်သည်ဟုလည်း ယူဆကြလေသည်။

အိန္ဒိယ၏ ဘာသာ ကိုးကွယ်မှုများတွင် ထူးခြားစွာ လွတ်မြောက်ရေးကို လိုလားသော စိတ် ဆန္ဒများ ပေါ်ပေါက်လျက် ရှိသည်။ သို့သော် ဤအမြင်သည် မကောင်းမြင်ဝါဒဟု ပုံကြီး မချဲ့သင့်။

လောကီ ချမ်းသာများနှင့် ရုပ်လောက အတွေ့အကြုံများကို မကောင်းမြင်သော သဘော ရှိသည်ကား မှန်၏။ သို့သော် ထိုအမြင်သည် အကြွင်းမဲ့ အမြင် မဟုတ်ချေ။ ပစ္စုပ္ပန် ဘဝ၊ ပစ္စုပ္ပန် လောကကို ငြင်းပယ်သည် ဆိုသော်လည်း ချမ်းသာစစ် ချမ်းသာမှန် ထာဝရ ချမ်းသာကို မျှော်လင့်ချက် အပြည့်ဖြင့် ရှာဖွေထားသည်လည်း အမှန်ပင် ဖြစ်သည်။ အိန္ဒိယ၏ ဘာသာရေး အသိတွင် နီးစပ်သော ရုပ်လောကနှင့် ပတ်သက်သော အမြင်သည် ရှင်းသည်။ အဘယ်ကြောင့်ဆိုသော် ချမ်းသာစစ်ကို ရလိုသော ဝတ်မွတ်မှုသည် ပရမတ္ထ သစ္စာတရားတို့ကို အမြင်ပေါက်မှသာ ရနိုင်သည်ဟု ယူဆကြသောကြောင့် ဖြစ်သည်။

ဤတွင် သိအပ်သော အချက်မှာ ပရမတ္ထ သစ္စာတရားသည် ဖုံးကွယ်နေသော အရာ ဖြစ်သည်။ အပေါ်ယံ လောကီ အမြင်ဖြင့် ပရမတ္ထ ဓမ္မကို မသိနိုင်ဟုလည်း ယူဆကြသည်။

ဤသို့ ဆိုရာ၌ စကား တစ်လုံးကို ဖြည့်၍ ဆိုသင့်သည်။ ကျွန်ုပ်တို့သည် အိန္ဒိယ၏ ဘာသာ ကိုးကွယ်မှုများ အနက် ဘာသာကြီး သုံးခုနှင့်သာ ဆက်စပ်၍ ဆိုမည် ဖြစ်သည်။ ထိုဘာသာကြီး သုံးခုသည် စိတ်ဝင်စားဖွယ် အချက်အလက်များတွင် ကွာခြားကြပါသည်။ သို့သော် ထိုဘာသာ သုံးခုစလုံး၏ အခြေခံ အချက်အလက်များမှာမူ တစ်ခုနှင့် တစ်ခု သဘောချင်း တူကြသည်ဟု ဆိုနိုင်သည်။

ဟိန္ဒူ ဝါဒ (ဗြဟ္မဏ ဝါဒ) က လူသားတို့ မကောင်းမှု ကျူးလွန်ကြခြင်းမှာ ၎င်းတို့၏ အတွေးအခေါ် မှားယွင်းခြင်းကြောင့် ဖြစ်သည်ဟု ယူဆသည်။ လူသား ကြုံတွေ့ရသော *ဒုက္ခ သောကများမှာ အရာဝတ္ထု အဖြစ်အပျက်များပေါ်၌ နလုံးသွင်း မှားခြင်းကြောင့်သာ ဖြစ်သည်။* သူ့ဘဝတွင် အပြစ် ကျူးလွန်ခြင်းကြောင့် မဟုတ်ဟု ယူဆသည်။

ဂျိန်း အယူဝါဒကလည်း အဓိကအားဖြင့် လူတို့၏ အမူအကျင့် အပေါ် မူတည်၍ စဉ်းစားသည်။ လူသားသည် ရုပ်ကြောင့် ဖြစ်စေတတ်သော ညစ်ညမ်းမှုများကို ရှောင်ရှားရန် ပြုကျင့်ရပေမည်။ ထို ရုပ်တရားသည် ဝိညာဉ်ကို ကိလေသာတို့ဖြင့် ညစ်ညမ်းအောင် ဖျက်ဆီးတတ်သည်ဟု ယူသည်။ ရှေးကျသော ဗုဒ္ဓဝါဒတွင်မူ *မကောင်းမှု၊ မှားယွင်းမှုများ အားလုံးသည် ဝေဒနာမှာ အခြေခံသည်ဟု ယူသည်၊ ဝေဒနာကြောင့် တဏှာ ဖြစ်သည်၊ ထိုတဏှာသည်ပင်လျှင် ဒုက္ခ မျိုးစုံကို ဖြစ်စေသော အကြောင်း သမုဒယ ဖြစ်သည်ဟု ယူဆသည်။*

ဤနေရာ၌ ယေဘုယျ သဘောကို ခြုံ၍ ပြောသော်လည်း အလွန်အကျွံ မယူဖို့လည်း အရေးကြီးသည်။ အထက်ပါ ဘာသာကြီးများ အနက် မည်သည့် ဘာသာကမျှ စိတ် အကြံအစည် တစ်ခုတည်း၊ ခံစားမှု ဝေဒနာ တစ်ခုတည်း၊ ကာယကံ တစ်ခုတည်း အပေါ်တွင် အပြစ် အားလုံးကို ပုံချသည့် သဘော မရှိပေ။ သို့ရာတွင် အစတွင် အသိအမှတ် ပြုရမည့် အချက်မှာ ထိုဘာသာကြီး သုံးခုတို့သည် အစပိုင်းတွင် တွေးတောမှု၊ ပြုမူ ဆောင်ရွက်မှု၊ ခံစားမှုတို့နှင့် အသီးသီး သက်ဆိုင်ကြသည်ကို အသိအမှတ် ပြုထားမှသာ ၎င်းတို့ ကွဲပြား သွားကြပုံကို နားလည်ရ လွယ်ကူပေလိမ့်မည်။

## အခန်း ( ၃ )
## ရှေးကျသော ဟိန္ဒူ ဘာသာ

ဟိန္ဒူ အယူဝါဒနှင့် ပတ်သက်၍ အဋ္ဌကထာ ဆရာများ၏ မှတ်သားဖွယ် အဆုံးအဖြတ် တစ်ခုမှာ ဤအယူဝါဒသည် ကြောက်စရာ ကောင်းလောက်အောင်ပင် အကွဲကွဲ အပြားပြား ဖြစ်နေသည် ဆိုသော အချက်ပင် ဖြစ်၏။

ထိုအဆိုအမိန့်၏ ဆိုလိုရင်း အချက်သည် အဓိပ္ပာယ် အမျိုးမျိုး ထွက်သည်။ ဟိန္ဒူ ဘာသာသည် လူ အမျိုးမျိုး၊ စိတ် အထွေထွေကို ဆွဲဆောင်နိုင်စွမ်း ရှိသည်။

ဤဘာသာက ဘဝ လွတ်မြောက်ရေးကို ရှာဖွေနေသူ အမျိုးမျိုးတို့အား အဆုံးစွန်သော ရတနာမြတ်ကို ရရှိစေမည် ဟူ၍ ကတိ ခံဝန်ချက်ကို ပေးခဲ့သည်။ ကမ္ဘာပေါ်ရှိ ဘာသာ အယူဝါဒများ အနက်တွင် ဟိန္ဒူ ဘာသာသည် သူ၏ ဇရာထောင်းခြင်းကို ဖောက်ထွက်သည်။ အရှေ့တိုင်းက ခေါင်းရှက် ဈေးသည်များ၏ ကုန်ပစ္စည်း ထည့်သည့် အိတ်ကြီးနှင့်လည်း တူသည်။ ကြိုက်ရာ ပစ္စည်း အစုံ ပါသည်။ တစ်ခါတစ်ရံ ထူးဆန်း အံ့ဖွယ် ပစ္စည်းများလည်း ပါသည်။ စင်စစ် ဤဘာသာ အယူဝါဒထဲတွင် အမျိုးမျိုး အဖုံဖုံသော ဘာသာရေး အတွေ့အကြုံ အကုန်အစင် ပါဝင်နေသည်ဟု ဆိုနိုင်သည်။

ယုံကြည်မှုများ ရှုပ်ထွေး များပြားစွာ ပါဝင်နေမှု အတိုင်းအတာ ကြီးမားလွန်းရကား ဟိန္ဒူ ဝါဒကို အဓိပ္ပာယ် အကျယ်နှင့် အကျဉ်း ခွဲခြားခြင်း၏ ခေတ် ရှိနေရခြင်း ဖြစ်ပေသည်။

အဓိပ္ပာယ် အကျယ် သဘောကို ဟိန္ဒူ ဘာသာဝင် အများက ပို၍ နှစ်သက်ကြပါသည်။ ထိုသူများ၏ အမြင်တွင် ဟိန္ဒူ အယူဝါဒ ဆိုသည်မှာ ယနေ့ထက်တိုင် ကိုးကွယ်နေသော သူတို့၏ ရှေးကျလှသော ဝေဒ ကျမ်းဂန် ပိဋကများမှာ ပါဝင်သမျှ ရှုပ်ထွေးသော ယုံကြည်မှုများနှင့် ဓမ္မများ အားလုံးကိုပင် ခေါ်ခြင်း ဖြစ်သည်။

အနောက်တိုင်း ပညာရှင်များ အနေနှင့်မူ ဟိန္ဒူ ဝါဒ၏ ကျဉ်းမြောင်းသော အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ပို၍ လက်ခံရန် စိတ်သန်ကြသည်။ ထိုပညာရှင်များ၏ အမြင်တွင် ဝေဒခေတ်၊ ဗြဟ္မဏ ခေတ်များသည် ဟိန္ဒူ အယူဝါဒကို ဖြစ်ပေါ် ထွန်းကားလာအောင် ပြင်ဆင် လမ်းခင်းခဲ့သော အယူအဆများသာ ဖြစ်ကြသည်။

ဟိန္ဒူ ဝါဒသည် ဘီစီ ၃ ရာစု ခေတ်လောက်ကတည်းက အိန္ဒိယ ပြည်သူများ အကြားတွင် ရှင်သန် ကြီးထွားနေသော၊ ကျယ်ပြန့်သော လူမှုရေးနှင့် ဘာသာ ကိုးကွယ်မှု စနစ် တစ်ရပ် အဖြစ် တည်ရှိနေခဲ့ပြီ ဖြစ်ပါသည်။

ဟိန္ဒူ အယူဝါဒ၏ ကျဉ်းသော အဓိပ္ပာယ် သဘောမှာလည်း ကျယ်သော အဓိပ္ပာယ်ထက် အံ့သြဖွယ်ရာများနှင့် ကွဲပြား ခြားနားမှုများ လျော့နည်းသည်တော့ မဟုတ်ပေ။ ဟိန္ဒူ အယူဝါဒမှန်ကိုသာ လက်ခံကြသူများမှာ ထူးထူးခြားခြား ကျယ်ပြန့်သော ယုံကြည်မှုများနှင့် ဓလေ့ ထုံးစံများ၊ အကျင့်များ ရှိကြလေသည်။ သူတို့သည် ဘုရား မှန်သမျှကို ကိုးကွယ်ကြသူများလည်း ဖြစ်သည်။ နတ်ဘုရား အများကို ကိုးကွယ်သူများလည်း ဖြစ်ကြသည်။ နတ်ဘုရား တစ်ပါးတည်းကို ကိုးကွယ်သူများလည်း ရှိသည်။ ထာဝရ ဘုရား ဆိုတာ သိနိုင်သော အရာ မဟုတ်ဟု ယူဆသူများလည်း ရှိသည်။ အနိဿရိယ နိမ္မာန ဝါဒီ (ဘုရား မကိုးကွယ်သူ) များလည်း ရှိသည်။ ပရမတ္ထ သစ္စာသည် နှစ်မျိုး ဖြစ်သည်ဟု ယုံကြည်သူများ၊ ပရမတ္ထ သစ္စာသည် တစ်မျိုးတည်းသာ ဖြစ်သည်ဟု ယုံကြည်သူများ အမျိုးမျိုး ရှိသည်။ အကျင့်သီလကို တိတိကျကျ လိုက်နာရမည်ဟု ခံယူသူများ၊ အကျင့်သီလကို ပေါ့ပေါ့ဆဆသာ ထားပြီး အကျင့်သီလ ကောင်းသော စိတ်လှုပ်ရှားမှု သဘော နက်နဲသော ဂမ္ဘီရ ဝိဇ္ဇာ အတတ်ကို ယူသူလည်း ရှိသည်။ တချို့က ဘုရား ဝတ်ကျောင်းသို့ မှန်မှန် သွား၍ ပူဇော်ကြသည်။ တချို့ လုံးလုံး မသွားကြသူများလည်း ရှိသည်။

သူတို့၏ တစ်ခုတည်းသော တစ်လောကလုံးနှင့် ဆိုင်သော ဝတ္တရားမှာ သူတို့သည် ရှေးအယူမှန် အစွဲသန်သူများ

ဖြစ်ကြပါမှ သူတို့၏ ဇာတ်နှင့် ဆိုင်သော စည်းမျဉ်း စည်းကမ်းများကို တိတိကျကျ လိုက်နာကြခြင်း ဖြစ်သည်။

ထိုကဲ့သို့ ဇာတ်နှင့် ဆိုင်သော စည်းမျဉ်း စည်းကမ်းများကို လိုက်နာမှသာလျှင် သူတို့သည် နောင် ဘဝတွင် ပိုမို၍ ပျော်ရွှင် ချမ်းမြေ့သော ဘဝ၌ မွေးဖွားရမည်ဟု ယုံကြည်ထားကြလေသည်။ ဤ အံ့ဩဖွယ် ကောင်းသော ဘာသာတရား အကြောင်းကို အခန်း နှစ်ခန်း ခွဲပြီး ပြောမှသာလျှင် အကောင်းဆုံး ဖြစ်ဖွယ် ရှိသည်။

ပထမ အခန်းမှာ ရှေးကျသော ဟိန္ဒူ အယူဝါဒနှင့် နောက်တစ်ခန်းမှာ နောက်ပိုင်း ဟိန္ဒူ အယူဝါဒ ဖြစ်သည်။ ဤတွင် ပုံပန်းသဏ္ဌာန် တူညီနေသော သမိုင်း အမြင်များကို ပေါ်လွင်စေရန် အတွက် ဟိန္ဒူဝါဒ ရှေ့ပိုင်းနှင့် နောက်ပိုင်း အခန်း နှစ်ခန်းကို ခွဲခြား ဖော်ပြထားပါသည်။ ကြားမှာ ဂျိန်း အယူဝါဒနှင့် ဗုဒ္ဓ အယူဝါဒများကို ထည့်သွင်း ဖော်ပြထားသည်။

အကြောင်းမှာ နောက်ပိုင်း ဟိန္ဒူ ဝါဒသည် ကြားမှာ အစဉ် ပြတ်ပြီး ဂျိန်း ဝါဒနှင့် ဗုဒ္ဓ ဝါဒ ပေါ်ပေါက်လာသည် တစ်ကြောင်း၊ နောက်ပိုင်း ဟိန္ဒူ ဝါဒ အကြောင်းကို မလေ့လာမီ ဂျိန်း ဝါဒနှင့် ဗုဒ္ဓ ဝါဒများကို လေ့လာသင့်သည် တစ်ကြောင်းကြောင့် ထိုကဲ့သို့ ဟိန္ဒူ ဝါဒကို နှစ်ပိုင်း ခွဲခြား၍ ဖော်ပြထားပါသည်။

ဤအခန်းတွင်မူ ဟိန္ဒူ အယူဝါဒ စတင် ပေါ်ပေါက်လာခြင်း အကြောင်းကို အဓိက ဖော်ပြထားသည်။

ထိုအပိုင်းတွင် လောကီ ဘဝကို အကောင်းမြင်သော နတ်ဘုရား များစွာကို ကိုးကွယ်ခြင်းမှ လောကီ ချမ်းသာ မှန်သမျှကို ငြင်းပယ်သော အယူဝါဒသို့ ပြောင်းလဲ တိုးတက်သွားပုံကို ဖော်ပြထားသည်။

ထို တိုးတက်မှု ဖြစ်စဉ်တွင် ဟိန္ဒူ ဝါဒသည် ဝေဒ ခေတ်နှင့် ဗြဟ္မဏ ခေတ်များကို ကျော် ဖြတ် ခဲ့ ရ လေသည်။

# ၁။ ဝေဒခေတ် ဘာသာ ကိုးကွယ်မှု

### အာရိယန် လူမျိုးများ မတိုင်မီက အိန္ဒိယ

အိန္ဒိယသည် ရှေးလူဟောင်းများ နေထိုင်ခဲ့သော နိုင်ငံဟောင်း တစ်ခု ဖြစ်သည်။ ဘီစီ ၂၀၀၀ မတိုင်မီကမှ အိန္ဒိယ နိုင်ငံကို ကြီးစိုးနေခဲ့သော လူမျိုးများမှာ အသား မည်းမည်း၊ ဆံပင် ကောက်ကောက်နှင့် ယခုတိုင် တောင်ပိုင်းတွင် အများအပြား နေထိုင်ကြသည့် *ဒရာဗီးဒီးယန်း*[၁] လူမျိုးများ ဖြစ်ကြသည်။ ဤ လူမျိုးများမှာလည်း အိန္ဒိယ ဒေသခံ တိုင်းရင်းသား လူမျိုးများ မဟုတ်ကြချေ။ ထိုလူမျိုးများ ကြားတွင် ရှေး ကျသော အိန္ဒိယ တိုင်းရင်းသား လူမျိုးများလည်း ရောနှော နေထိုင်ခဲ့ကြသည်။

ယခု ထို တိုင်းရင်းသားများသည် အိန္ဒိယ အလယ် ပိုင်းနှင့် တောင်ပိုင်းရှိ တောတောင်များထဲတွင် နေထိုင်ကြ ဆဲ ဖြစ်သည်။

မြေယာ ပိုင်ဆိုင်မှု အတွက် အငြင်းပွား ခိုက်ရန် ဖြစ် နေသူများမှာ မွန်ဂိုလွိုက် တိုင်းရင်းသားများ ဖြစ်သည်။ သူတို့သည် အရှေ့မြောက် အရပ်တွင် နယ်မြေများကို ပိုင် ဆိုင်ထားကြသည်။ ဘီစီ ၂၅၀၀ မတိုင်မီက အိန္ဒု မြစ်ဝှမ်း တွင် လူမျိုး ပေါင်းစုံ စုပေါင်း နေထိုင်ကြကာ လောဟာ ခေတ် ယဉ်ကျေးမှုကို ထူထောင်ခဲ့ကြလေသည်။

အနုပညာ အဆင့်အတန်းရော၊ လယ်ယာ စိုက်ပျိုးမှု အဆင့်အတန်းရော ဖွံ့ဖြိုး တိုးတက်ခဲ့ကြသည် (ပန်ဂျပ် ပြည်နယ်မှ ဟာရပ္ပနှင့် ဆင်း ပြည်နယ်မှ မိုဟင် ဂျိုဒရာ အရပ်တို့၌ တူးဖော် တွေ့ရှိမှုများ အရ သိရသည်။)။

ထိုသူတို့သည် သူတို့ကဲ့သို့ပင် အဆင့်မြင့် တိုးတက် သော ဘာသာ တရား တစ်ခုနှင့် ပေါင်းဖက် မိသွားကြ သည်။

ထိုဘာသာ တရားထဲတွင် ယခု ဟိန္ဒူ အယူဝါဒထဲ တွင် ပါဝင်သော ကမ္မနိယာမ သဘောတရားနှင့် ဝိညာဉ်၏ ဘဝ ကူးသော သဘောတရားနှင့် တူသော မျိုးစေ့မျိုး ပါ ဝင်ခဲ့လေသည်။

ထိုယဉ်ကျေးမှုမှ စာပေ အရေးအသား ပေါ်ပေါက်ခဲ့ သည်ကို မတွေ့ရပေ။

### အာရိယန် လူမျိုးများ ဝင်ရောက်လာခြင်း

ဘီစီ ၂၀၀၀ တန်း ကာလ၏ အလယ်လောက်တွင် အနောက် မြောက်ဘက် ဟင်ဒူကုရှ် တောင်တန်းများပေါ်မှ ဖြတ်သန်း ၍ လိုမ့်ဆင်း လာသူများသည် လူမျိုးခြားများ ဖြစ်သည်။ ထိုသူများသည် နောက်ဆုံးတွင် အိန္ဒိယပြည်ကို နှိမ်နင်း အောင်မြင်ပြီးနောက် ပြန်လည်၍ တည်ထောင်ခဲ့ကြသူများ ဖြစ်ကြလေသည်။ သူတို့သည် အရုပ်အမောင်း ကောင်းပြီး အသားအရေ ဖြူဖွေးကြသည်။ အင်ဒို ဥရောပ အနွယ်ဝင် များ ဖြစ်ကြသည်။ သူတို့ကိုယ် သူတို့ *အာရိယန်*[၂] များဟု ခေါ်ကြလေသည်။

အာရိယန် လူမျိုးများသည် အုပ်စုကြီး ငါးခု တည် ထောင် ဖွဲ့စည်းခဲ့ကြလေသည်။ ကာလ ကြာမြင့်စွာ သူတို့ သည် အရှေ့ဘက်သို့ ရွေ့လျားနေခဲ့ကြသည်။ အတည်တကျ အခြေချ နေထိုင်ရာ အရပ်ကို ရှာဖွေ နေခဲ့ကြခြင်း ဖြစ် သည်။

နောက်ဆုံးတွင် သူတို့သည် တောင်များပေါ်မှ အိန္ဒိယ ပြည် အနောက်မြောက်ဘက်ရှိ လွင်ပြင်များသို့ ထွက်လာ ခဲ့ကြလေသည်။ သူတို့သည် ဥရောပ တောင်ဘက်၊ အနောက် ဘက်နှင့် မြောက်ဘက်သို့ ရွှေ့ပြောင်း နေကြသည့် လူမျိုး အုပ်စုကြီးနှင့် အတူတူပင် ဖြစ်သည်။

သူတို့နှင့် သွေးနှင့် ဘာသာစကား ရောနှောပြီး ဂရိ၊ လက်တင် ဆဲ့လ်တ်၊ ဂျာမန်၊ ဆလာ့ဗ် လူမျိုးများ ဖြစ်ပေါ် ခဲ့လေသည်။ ထိုအချိန်တွင် မူရင်း ကျသော တစ်နိုင်ငံမှ

၁။ Dravidians

၂။ Aryan

တစ်နိုင်ငံသို့ ရွှေ့ပြောင်း နေထိုင်မှုများလည်း ဖြစ်ပေါ်ဆဲပင် ရှိသေးသည်။ ထိုသူများကို ကျွန်ုပ်တို့က အင်ဒို အာရိယန် များဟု ခေါ်ကြသည်။

သူတို့သည် ဥရောပမှ တောင်ဘက်သို့ သွားကြပြီးလျှင် ထိုမှတစ်ဖန် အရှေ့ဘက် နေထွက်ရာ အရပ်ဆီသို့ ရွှေ့သွား ခဲ့ကြလေသည်။

နောင်နှစ်ကာလ အရေအတွက်ကို အတိအကျ မပြော နိုင်သော ကာလ၌ ဘက်ထရီးယား အရပ်နှင့် အော့ဆပ် မြစ်ကျော တစ်လျှောက်တွင် နေခဲ့ကြပြီးနောက် သူတို့သည် နေရာ ဒေသ ရွှေ့ပြောင်းကြပြန်သည်။

ဤတစ်ကြိမ်တွင်မူ အိန္ဒိယပြည်ထဲသို့ ဝင်ရောက် ခဲ့ကြလေသည်။

အခြား သွေးတူ အုပ်စုကြီး တစ်ခုသည် ရှေးက ပါရှားဟု ခေါ်သော အီရန် ပြည်သို့ ခွဲထွက် သွားခဲ့ကြလေ သည်။ သူတို့သည် အင်ဒို အာရိယန်များနှင့် အတူတကွ လှည့်လည် နေထိုင်ခဲ့ကြသူများ ဖြစ်ကြလေသည်။ သို့သော် လူစုချင်း ခွဲသော အခါ သူတို့သည် တောင်ဘက် အရပ်သို့ ရွှေ့ရှ သွားခဲ့လေသည်။

အချိန် ကြာမြင့်သော အခါ ဘာသာ စကားမှာရော၊ အနေအထိုင် အလေ့အကျင့်များမှာရော၊ အတွေးအခေါ် အယူ အဆများမှာရော အီရန်များနှင့် အင်ဒို အာရိယန်များ ကြား တွင် ပြောင်းလဲမှုများ ဖြစ်သွားကာ နောက်ပိုင်း၌ ဘာသာ ကိုးကွယ်ရာ၌လည်း ဟိန္ဒူ ဘာသာနှင့် ဇိုရိအက်စတာ ဘာသာများ ကွဲပြား ခြားနားသွားသလို ကွဲပြား သွားလေ သည်။ သို့သော် မူရင်းအားဖြင့် ဘာသာ စကားနှင့် ဘာသာ ကိုးကွယ်မှု တူညီခဲ့ကြောင်းကိုကား အခက်အခဲ မရှိဘဲ လေ့လာ စူးစမ်းနိုင်ပေသည်။

အင်ဒို အာရိယန်များသည် ပထမ အိန္ဒုမြစ်၏ အထက် ပိုင်း မြစ်လက်တက်များ တစ်လျှောက်တွင် အခြေချ နေထိုင် ခဲ့ကြလေသည်။ သူတို့သည် နော်မက်ဒစ် လူမျိုးများ ဖြစ်ခဲ့ ကြသည်။ သို့သော် ယခုအခါ သူတို့သည် ကျေးရွာကလေး များ ဖွဲ့ပြီး နေထိုင်ကြသည်။ သူတို့သည် ဟိမဝန္တာ တောင် တန်းများ၏ တောင်ခြေ ဒေသသို့ တိုက်ခိုက် ဝင်ရောက် ကြသော အချိန်က ရာသီဥတု အသစ်နှင့် လိုက်ဖက်အောင် နေထိုင်လာကြရသည်။

သူတို့၏ ဘဝသည် စားကျက်ချ နေထိုင်သော သိုး ထိန်းများ ဘဝမှ ကျေးလက်တွင် အခြေချ နေထိုင်ပြီး စိုက် ပျိုးရေး လုပ်ကိုင် စားသောက်သော ဘဝသို့ ပြောင်းလဲခဲ့ လေတော့သည်။

အမျိုးသားများသည် ကျွဲနွားများကို ထိန်းကျောင်း ခြင်းနှင့် စစ်တိုက်ခြင်း အလုပ်ဖြင့် အချိန် ကုန်ရသည်။ အမျိုးသမီးများက အိမ်မှုကိစ္စ အဝဝကို ဆောင်ရွက်ခြင်း၊ ဥယျာဉ် စိုက်ပျိုးခြင်းဖြင့် အချိန် ကုန်ရသည်။

အိန္ဒိယပြည်ထဲသို့ သူတို့နှင့် အတူ ယူဆောင်လာခဲ့ ကြသော တိရစ္ဆာန်များမှာ နွားများ၊ မြင်းများ၊ သိုးများ၊ ဆိတ်များနှင့် ခွေးများ ဖြစ်ကြလေသည်။ ဆင်များ၊ မျောက် များနှင့် ကျားများ အကြောင်းကိုကား ထိုလူမျိုးများသည် ထိုအချိန် အထိ မသိခဲ့ကြသေးချေ။

သူတို့သည် ရှေးကပင် စားသောက် လာခဲ့ကြသော အာဟာရ ဖြစ်သည့် နို့၊ အသားများကိုသာ စားသောက်ကြ ဆဲ ဖြစ်သည်။ ရာစုနှစ်နှင့် ချီ၍ လက်ခံထားခဲ့ပြီး ဖြစ်သော ဓလေ့ ထုံးစံများ အရ သူတို့သည် 'သောမ' ဟု သူတို့ ခေါ် သော မူးယစ်စေတတ်သော သေရည် အရက်ကိုလည်း ပြု လုပ်တတ်ကြသည်။ ၎င်း မူးယစ်စေသော သေရည်ကို ယခု အခါ အမည်ထင်ရှား မသိရတော့သော အပင် တစ်မျိုးကို ညှစ်ယူပြီး ထိုအရည်ကို နို့နှင့် ရော၍ သောက်ကြခြင်း ဖြစ် ပေသည်။

သူတို့ စိတ်ထဲတွင် ဤသေရည်ကို သူတို့ထက်ပင် ပို၍ နတ်များက ကြိုက်ကြသည်ဟု ယူဆကြလေသည်။ ထို့ကြောင့် ယဇ် ပူဇော်သော အခါ ထို သေရည်ကိုလည်း ဗလိနတ်စာ အဖြစ်ဖြင့် တင်၍ ပသကြလေတော့သည်။

အာရိယန် လူမျိုးများက လှည်းများဖြင့် ရှေ့သို့ တိုး ဝင်လာကြသော အခါ ၎င်းတို့သည် အသား မည်းသော ဒရာ ဗီးဒီးယန်း လူမျိုးများနှင့် ဆက်လက်၍ တိုက်ခိုက်ခဲ့ကြရ လေသည်။ ထို့ပြင် အုပ်စုချင်း တိုက်ခိုက်မှုများလည်း ရှိခဲ့ ကြလေသည်။

ထိုအဖြစ်အပျက်များ အကြောင်းကို နောင် အခါ ဟိန္ဒူ ကဗျာရှည်များ ဖြစ်သော ရာမာယနနှင့် မဟာ ဘာရတတို့ တွင် မော်ကွန်း တင်ထားခဲ့ကြလေသည်။ သီတာ ခုနစ်တန် ဆိုသော အရပ် (အိန္ဒု မြစ်ဝှမ်း အထက်ပိုင်း) တစ်ခုလုံးကို ၎င်းတို့ သိမ်းပိုက် အုပ်စိုးမိသော အခါ နယ်မြေသစ်ကို ဘယ် သူက အုပ်စိုးမည်လဲ ဆိုသော ပြဿနာ ပေါ်ပေါက်ခဲ့လေ သည်။

ထိုအခါ အစက လူတန်းစား ခွဲခြားခြင်း မရှိသော နော်မက်ဒစ် လူမျိုးများ အကြား၌ လူတန်းစား ခွဲခြားမှုများ ပေါ်ပေါက် လာလေတော့သည်။ ထိုလူတန်းစား ခွဲခြားမှုမှ စတင်၍ နောင် အခါ ဟိန္ဒူ ဘာသာဝင်များ အကြားတွင် ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားသော စနစ် စတင် ပေါ်ပေါက်

ခဲ့ရလေသည်။ လူတန်းစား ခွဲခြားမှုမှာ လုပ်ငန်း ခွဲဝေမှု အရ ဖြစ်ပေါ်လာခြင်း ဖြစ်ပေတော့သည်။

လူမျိုးစုတိုင်းတွင် သူတို့၏ အပေါ်၌ အုပ်စိုးသော ဘုရင် အကြီးအကဲ တစ်ပါးစီ ရှိကြလေသည်။ ထိုပုဂ္ဂိုလ်ကို ရာဇာဟု ခေါ်ကြလေသည်။ (လက်တင် စကား ရက်စ် rex မှ ဆင်းသက်လာဟန် တူသည်။)

ဘုရင်၏ အရိုက်အရာကို သားစဉ်မြေးဆက် ဆက်ခံရသော စနစ်လည်း ဖြစ်ပေါ်ခဲ့လေသည်။ ရာဇာ၏ လုပ်ငန်း တာဝန်များမှာလည်း ရှုပ်ထွေး များပြားလာသည်။

သူ့ လက်အောက်တွင် နယ်မြေများ ပို၍ ပို၍ များပြားလာသော အခါ ဝေဒခေတ် ကုန်ဆုံးခါနီး အချိန်တွင် မင်းနှင့် သာမန် အရပ်သား ပြည်သူတို့၏ ဘဝသည် တသီးတသန့်စီ ဖြစ်သွားလေတော့သည်။

ဘုရင်သည် နောက်လိုက်နောက်ပါ အခြံအရံ အခမ်းအနား ကြီးကျယ်လာသည်။ ကြီးကျယ်သော နန်းတော်ကြီး၌ နေသည်။ တောက်ပသော မင်းမြောက် တန်ဆာများကို ဝတ်ဆင်လာသည်။ ရာဇာ ခေါ် မင်း၏ သက်တော်စောင့် နန်းတော်စောင့် တပ်မှာ အရေအတွက် များလာသည်။

နတ်ဆရာသည် ဘုရင်ကိုရော ပြည်သူများကိုပါ အလုပ်အကျွေး ပြုရသည်။ ဘုရင့် ကိုယ်ပိုင် တပ်ထဲတွင် သိုးထိန်းများ၊ လယ်သမားများ ပါဝင်၍ အမှု ထမ်းကြရသည်။

ဖခင်သည် မိသားစု၏ အကြီးအကဲ ဖြစ်သည်။ ဖခင်ကို ပိတာဟု ခေါ်သည်။ (လက်တင်က ပတာဟု ခေါ်သည်။) သူသည် ပစ္စည်း ဉစ္စာများ၏ ပိုင်ရှင်လည်း ဖြစ်သည်။ ထိုရှေးအခါကမူ ဖခင်သည်ပင်လျှင် မိသားစု၏ နတ်ဆရာလည်း ဖြစ်သည်။

ပိတာ၏ ဇနီး မာတာ (မိခင်) သည် အလားတူ လွတ်လပ်သော ပုဂ္ဂိုလ် ဖြစ်သည်။ သူမသည် အိမ်မှာ ရှိသော ကလေးများ၊ အသားမည်း ကျွန်များ အပေါ်တွင် သြဇာ ညောင်းသည်။ သူ၏ ခင်ပွန်း လင်ယောကျာ်း ဦးဆောင်၍ ပြုလုပ်ရသော လုပ်ငန်းများမှ အပ ကျန် လုပ်ငန်းများတွင် မိခင်သည် သြဇာ အရှိဆုံး ဖြစ်လေသည်။

ရာစုနှစ်ပေါင်း များစွာ ရေကြည်ရာ မြက်နုရာ အရပ်များသို့ ရွှေ့ပြောင်း နေထိုင်သော အလေ့အထ ရပြီးနောက် ကြာမြင့်မှပင် အာရိယန် လူမျိုးတို့သည် တဖြည်းဖြည်း အခြေချ နေထိုင်လာခဲ့ကြလေသည်။

သူတို့သည် တစ်နေရာ၌ အခြေချ၍ မရွှေ့မပြောင်းဘဲ နေကြစေကာမူ သူတို့ စိတ်ကမူ စိတ်ကူးထဲတွင် လှည့်လည်ကျက်စားနေလေတော့သည်။ သူတို့သည် ကျယ်ပြန့်သော ပုံပြောဆိုမှု ဓလေ့ ထုံးစံကြီးကို မထူထောင်မီကမူ သူတို့သည် အိန္ဒိယပြည်တွင် ဘယ်နေရာကိုမျှ အောင်နိုင်ပြီဟု မဆိုနိုင်သေးပေ။

ကျေးလက် ပုံဝတ္ထုများနှင့် သူရဲကောင်း ကဗျာရှည်များမှာ လျင်မြန်စွာ ပေါ်ပေါက်လာကြလေသည်။ ထိုအချိန်မှာပင် သူတို့၏ နတ်ဆရာများကလည်း ဓမ္မတေးများ၊ ဆုတောင်း ဂါထာများကို သီဆိုလာကြသည်။ ထို ဓမ္မတေးများနှင့် နတ်ချော့ ဂါထာများသည် ၎င်းတို့၏ ဘာသာ ကိုးကွယ်မှု၏ အသံကို ဖြစ်ပေါ်စေခဲ့လေသည်။

ရှေးကျသော အင်းအိုင် ခါးလှည့် လက်ဖွဲ့ မန္တရားများနှင့် အတူ နောက်ဆုံးတွင် ဟိန္ဒူ အယူဝါဒ ဆိုင်ရာ ပထမ ကျမ်းစာများကို ရေးသားမှု စတင်ခဲ့လေသည်။ ၎င်းတို့မှာ ဣရု၊ သာမ၊ ယဇုနှင့် အာတဗ္ဗန ဝေဒ ကျမ်းများ ဖြစ်ကြလေသည်။

အင်ဒို အာရိယန်များ ကိုယ်တိုင်က ဤဝေဒ ကျမ်းစာများကို အလွန် အမြတ်တနိုး ထား၍ ကိုးကွယ်ကြလေသည်။ (ဝေဒ ဆိုသည်မှာ 'ဉာဏ်ပညာ' ကို ခေါ်ခြင်း ဖြစ်သည်။)

ဝေဒခေတ် ဘာသာ ကိုးကွယ်မှုနှင့် ဆိုင်သော အသိပညာကို ထိုကျမ်းများကို လေ့လာ ကြည့်မှသာ ရရှိနိုင်ပေသည်။ ထို့ကြောင့် ဝေဒကျမ်းကြီး လေးခု အနက် ပထမ အရေး အကြီးဆုံး ဖြစ်သော ဣရု (Rig Veda) ကို စတင် လေ့လာ ကြည့်ကြပါစို့။

## ဣရုဝေဒ (Rig Veda)

ဣရုဝေဒ (ချီးမွမ်းခြင်း ကဗျာဟု အဓိပ္ပာယ်ရသည်။) သည် ဘာသာရေး ကဗျာ ညွန့်ပေါင်းကျမ်း ဖြစ်သည်။ အတွဲ ၁၀ တွဲ ပါသည်။ ဓမ္မတေးပေါင်း တစ်ထောင်ကျော် ပါသည်။ မျိုးဆက်ပေါင်း များစွာတို့၏ ကြံစည် ဖန်တီးမှု လုံ့လကို ကိုယ်စားပြု ဖော်ပြကြသော ကဗျာများ ဖြစ်ကြလေသည်။ ဘီစီ ရှစ်ရာစုလောက် အထိ ထိုကဗျာများကို စာ အရေးအသားဖြင့် မှတ်တမ်း မတင်ခဲ့ကြရသေးချေ။ ထိုအချိန် မတိုင်ခင်ကမူ ထို ဓမ္မတေး ကဗျာများကို ခေတ် အဆက်ဆက် နှုတ်တိုက် အာဂုံဆောင်၍ လာခဲ့ကြခြင်း ဖြစ်သည်။ ဓမ္မတေးများသည် ဘုရားရှိခိုး စာသားများ ဖြစ်ကြသည်။ နတ် တစ်ပါးကို ဖြစ်စေ၊ နတ်နှစ်ပါးကို ဖြစ်စေ သို့မဟုတ် နတ် အများကို ဖြစ်စေ ပူဇော် ဝတ်ပြု ရှိခိုးသော ကဗျာများ

ဖြစ်သည်။ ထိုကဗျာများသည် စိတ်ဝင်စားဖွယ်ရာ သဘာဝ ရှိခိုးခြင်း သဘောကို ဖော်ဆောင်ချက်များ ဖြစ်ကြလေသည်။

ထို ဓမ္မတေးများထဲတွင် ပတ္တနာ ပြုထားသော နတ်များစွာတို့သည် အလွန် ရှေးကျသော နတ်များ ဖြစ်ကြောင်း ပေါ်လွင် ထင်ရှားသည်။ ထိုနတ်များ အနက် နတ်သုံးပါးကိုမူ ဟစ်တိုက် အီရန် လူမျိုးများရော၊ ဂရိ လူမျိုးများရော၊ ရောမ လူမျိုးများပါ ဝေမျှ ရှိခိုးခဲ့ကြလေသည်။

ထို နတ်သုံးပါးမှာ ဈာယပ် ပီတာ (ဇီးယပ်စ် ပီတာ အဖြစ် ဂရိ လူမျိုးများ ကိုးကွယ်ကြောင်း တွေ့ခဲ့ရပြီးပြီ။ ၎င်းကိုပင် ရောမ လူမျိုးများက ဂျူပီတာ အဖြစ် ကိုးကွယ်ကြသည်။)၊ ၎င်းသည် ကောင်းကင် ဖခင် ဖြစ်သည်။ နောက် ပထဝီ မာတာ ခေါ် ဝသုန္ဒြေ မယ်တော်ကြီး (ဂိုင်ယာ မာတာဟု ဂရိတို့က ခေါ်ကြသည်။) နှင့် မေတ္တရာ (အီရန် လူမျိုးများ၏ မေတ္တရာပင် ဖြစ်သည်။) တို့ ဖြစ်ကြသည်။ ထိုနတ်သည် အကျင့်သီလနှင့် လွန်စွာ ပြည့်စုံသော သစ္စာကို စောင့်သိသော နတ်ဖြစ်သည်။ သို့သော် ၎င်းသည် အစက နေနတ် ဖြစ်ဟန် တူသည်။

ဣရုဝေဒကျမ်းထဲတွင် ဤ နတ်များကို ခပ်ဝါးဝါး ဖော်ပြထားသည်။ ထိုနတ်များကို ရှေးက ရှိခဲ့သော ထူးကဲ မြင့်မြတ်မှုကို ဖယ်ရှားပြီး အိန္ဒိယပြည် အနောက် မြောက်ပိုင်း ပတ်ဝန်းကျင် အခြေအနေများကို တိတိကျကျ ထင်ဟပ် ဖော်ပြသော သဘာဝ နတ်သား နတ်သမီးများ ဖြစ်လာကြလေသည်။

ထိုနတ်များ အနက် အထင်ရှားဆုံးမှာ ပြင်းစွာ တိုက်ခတ်တတ်သော မုန်တိုင်း နတ် *ဣန္ဒြာ* [၁] ပင် ဖြစ်သည်။ အထူးသဖြင့် ဣန္ဒြာသည် မုတ်သုံမိုး မုန်တိုင်းကို ကိုယ်စားပြုသည်။ မုတ်သုံသည် ခြောက်သွေ့သော ကာလကို ကုန်ဆုံးစေသည်။ သူသည် စစ်နတ်သားလည်း ဖြစ်သည်။ သူ့ကို ကိုးကွယ်ကြသော သူများ၏ စိတ်ထဲတွင် သူ၏ ပုံသဏ္ဌာန်သည် အလွန် ကြီးမားသည်။ ဆံပင် အရှည်ကြီး ဖားလျား ချထားသည်။ လေပင့်ထားသော မုတ်ဆိတ် ရှိသည်။ ထိုမုတ်ဆိတ်ကို ဖြတ်၍ သူသည် ကျယ်လောင်သော အသံ (မိုးခြိမ်းသံ) ကို ပြုသည်ဟု ယူဆကြသည်။

သူ့ လက်ထဲတွင် ရန်သူကို ခြေဖျက်တတ်သော ဝရဇိန် လက်နက် မိုးကြိုးစက်ကို ကိုင်ထားသည်။ သူသည် လယ်ကွင်းများကို မဟာမိတ်များ၊ အာရိယန်တို့၏ အသက်မွေးမြူရန် ပစ္စည်း ဥစ္စာ ပေးသူ အဖြစ် သဘောထားသည်။ သူ၏ နစ်စဉ်ပြုမြဲ ထူးခြားသော အပြုအမူမှာ သူသည် မိုးကို ခေါင်စေသော နဂါး *ဝရိတြာ* [၂] ကို ထုသတ်သည်။ ထိုနတ်နဂါးက မိုးကို ခေါင်အောင် ပြုလုပ်ထားသည်ဟု အယူရှိကြသည်။

ဤအန္တရာယ် ကြီးမားသော လုပ်ဆောင်ချက်ဖြင့် သူသည် သူ့ကိုယ်သူ အာရိယန် လူမျိုးတို့၏ သူရဲကောင်း အဖြစ်ကို ခိုင်မာစွာ ပြသခဲ့ပေသည်။ 'သုံးခုသော သောမ' အရက်ခွက်များဖြင့် သူသည် သေရည်များကို သောက်သုံးသည်။ ထို့နောက် သူ၏ ဝရဇိန် လက်နက် မိုးကြိုးစက်ဖြင့် သူသည် တောင်များပေါ်တွင် နေသော မိုးကို ခေါင်စေသော မြွေနဂါးကို ပစ်ခတ် သတ်ဖြတ်လေသည်။

သို့ဖြင့် ထိုနဂါးက ထိန်းချုပ်ထားသော ရေများကို မြစ်ချောင်းများမှ တစ်ဆင့် သမုဒ္ဒရာထဲသို့ လျင်မြန်စွာ စီးဆင်းသွားစေသည်။ ဣန္ဒြာ နတ်မင်းကို ကိုးကွယ်သူများသည် သူ့ကို များစွာ ချီးမွမ်းကြသည်။ ဣရုဝေဒ ကျမ်းထဲတွင် ဣန္ဒြာအား ချီးမွမ်းသော ဂါထာ များစွာ ပါသည်။

ဣန္ဒြာ နတ်မင်းနှင့် လုံးဝ ခြားနားသော နတ်မှာ လွန်စွာ ကြောက်မက်ဖွယ် ကောင်းသော တောင်နတ် *ရုဒ္ဒရာ* [၃] ဖြစ်သည်။

သူ့အကြောင်းကို များစွာ မဖော်ပြသော်လည်း သူ့ကိုကား အလွန် ကြောက်ရွံ့ ထိတ်လန့်ကြသည်။ သူသည် ဟိမဝန္တာ တောင်ပေါ်က ကျလာတတ်သော နှင်းမုန်တိုင်းကို ဖန်တီးသူ ဖြစ်သည်။

သူ၏ အန္တရာယ် များသော သဘာဝကြောင့် သူသည် အာရိယန်တို့၏ မဟာမိတ်နတ် မဟုတ်ပေ။ အာရိယန် လူမျိုးများ၏ ပစ္စည်း ဥစ္စာများနှင့် အသက်များကို ခြေဖျက်တတ်သူ ဖြစ်သည်။ သူ့အပေါ် ကြောက်လန့်သော စိတ်ရော အံ့ဩသော စိတ်ရော ရှိကြသည်။ သူ့ကို ကိုးကွယ် ဝတ်ပြုသူများသည် သူ့ကို ချဉ်းကပ်သော အခါ နှိမ့်နှိမ့်ချချ တုန်တုန်ယင်ယင်၊ ကြောက်ကြောက်လန့်လန့်ဖြင့် အသနား ခံကြသည်။

သူ့ကို နိစ္စ ထာဝရ ဖြစ်သော မင်္ဂလာ အပေါင်းနှင့် ခညောင်းသော (သိဝ) နတ် အဖြစ် ယူဆကြသည်။

သူတို့၏ သားမြေးများ အပေါ် မေတ္တာရှင်၊ ကရုဏာရှင် အဖြစ်ကား မယူဆကြပေ။ ထို့ကြောင့် သူ့ကို ဝတ်ပြုသောအခါ သူတို့၏ သားမြေးများကို မသတ်ပါနှင့်၊ မိဘာ

---

၁။ Indra

၂။ Vritra ၃။ Rudra

များကိုလည်း မသတ်ကြပါနှင့်၊ ကျေးကျွန်များကိုလည်း မသတ်ပါနှင့် (ချမ်းသာ ပေးတော်မူပါ) ဟု အပူတပြင်း တောင်းပန် ကြလေသည်။

တစ်ဖန် ရုဒ္ဒရာကိုပင် သနား ကြင်နာသော၊ ရောဂါ အနာကို ကုစားပေးသော ဆေးပင်များကို စောင့်ရှောက်သော နတ်အဖြစ် ကိုးကွယ်ကြသည်ကိုလည်း တွေ့ရသေးသည်။

သူ့ကိုပင် ကူညီ စောင့်ရှောက်သူ အဖြစ် လည်း ကောင်း၊ သတ်ဖြတ် ခြေဖျက်သူ အဖြစ်လည်းကောင်း နှစ် ဖက် နှစ်လမ်း ကိုးကွယ်ကြခြင်း ဖြစ်သည်။

ဤအချက်သည် သမိုင်းကြောင်း အရ အရေးပါသော အချက် ဖြစ်သည်။ သူသည် ရှေးကျသော ဟိန္ဒူ ဘာသာ ကိုးကွယ်မှုမှ မဟာ နတ်မင်းကြီး *သိဝ* [၁] ၏ သဘောကို ဖော်ဆောင် နေပေသည်။ သူသည် ဖျက်ဆီးသူလည်း ဖြစ် သည်။ ပြန်၍ ဖြစ်စေသူလည်း ဖြစ်သည်။

ဣရုဝေဒသည် ဤနတ်များနှင့် အခြားသော သဘာဝ နတ်များကို ဖော်ပြသော အဆင့် မြင့်မားသော ကဗျာ အဖြစ် သို့ ရောက်ရှိခဲ့လေသည်။

*ဝါယု* [၂] ခေါ် လေနတ်သည် မွေးရနံ့များကို ဆောင် ယူလာသူ ဖြစ်သည်။ ထကြွသော *မေရုယ်* [၃] သို့မဟုတ် မုန်တိုင်း နတ်သည် လေကဲ့သို့ လျင်မြန်သည်။ မိုးလွှာကို ခြုံသည်။ ကောင်းကင်တေးကို သီဆိုသူ ဖြစ်သည်။

*ဥဿာ* [၄] (အရုဏ်နတ်) သည် ဝတ်လွှာရုံ အဖြူကို ခြုံထားသော နတ်သမီးကလေး ဖြစ်သည်။ (ဂရိတို့က အဲအို့ ဟု ခေါ်သည်။) အနီစက် ပါသော မြင်းများ ဆွဲသည့် သူ ၏ အရုဏ် ရထားကို စီးလာသော အခါ ရပ်ဝေးသို့တိုင် ထွန်းလင်း တောက်ပသည်။

သူမ၏ ရံရွေတော်များမှာ *အသွင်န်* [၅] နှစ်ဦး ဖြစ် သည်။ အရုဏ်ဦး၏ မြင်းသည်တော် နှစ်ဦး ဖြစ်သည်။ ဥဿာ နတ်သမီး နောက်က ရွှေရထားကို စီးနင်း၍ ကောင်း ကင်ကို တောက်လျှောက် လိုက်ပါလာကြသည်။ ထိုရထား ၏ အရှိန်အဟုန်မှာ အလွန် လျင်မြန်သည်။ မျက်စိ တစ် မှိတ် လျှပ်တစ်ပြက် အချိန်ထက်ပင် မြန်သည်။

အလင်းရောင် အမျိုးမျိုးကို ကိုယ်စား ပြု၍ ဖော်ပြ သော နေနတ်သား များစွာ ရှိသေးသည်။ ဥပမာ *သူရိယ* [၆] သည် မြင်းဝါများ အုပ်စုလိုက်ကို စီးနင်း၍ လာသည်။ သူ၏ တောက်ပသော အလျှံ ရောင်ဝါဖြင့် ကြယ်တာရာများကို ထွန်းလင်း တောက်ပစေသည်။ ထို့ပြင် *သာဝိတာ* [၇] ခေါ် သော ရွှေရောင် ဆံပင်ရှိသော နေ၏ ရောင်ခြည်များဖြင့် တောက်ပသော နတ်လည်း ဖြစ်သည်။ ထို့ပြင် *ဗိဿနိုး* [၈] နတ်လည်း ရှိသည်။ သူသည် ကမ္ဘာမြေပြင်ကို ဖြတ်သွား သော နေနတ်ဖြစ်သည်။ ကမ္ဘာ လောကကို ည၏ အမှောင်မှ ပပျောက်အောင် ဆောင်ရွက်သည်။

နောက်ဆုံး အနေနှင့် ပြောသင့်သည်ကား ရုဒ္ဒရာ ကြောင့် ဝေဒကျမ်းထဲက အခြားသော နတ်များ ရှင်သန် ကျန်နေကြပြီး ရုဒ္ဒရာက ဟိန္ဒူတို့၏ အဓိကနတ် ဖြစ်လာ ရန် ကြိုတင် ကြံရွယ်ထားသော်လည်း ဣရုဗေဒထဲတွင် သူ သည် မထင်ရှားခဲ့ပေ။

ထိုကျမ်းထဲတွင် သူ၏ နေစကြဝဠာ ဆိုင်ရာ သဘော လက္ခဏာများလည်း ပပျောက် နေလေတော့သည်။

ဣရုဝေဒ ကျမ်းထဲတွင် နှစ်သက်စဖွယ် သရုပ်သကန် ပေါ်အောင် ဖော်ပြထားသော နတ်မှာ ယမမင်း ဖြစ်သည်။ ယမမင်းကား သေမင်းလည်း ဖြစ်သည်။ ငရဲမင်းလည်း ဖြစ် သည်။ သေသူများကို အစိုးရသော နတ် ဖြစ်သည်။ အာရိ ယန်များသည် သူ့ကို အမှတ် ရသောအားဖြင့် သေသူ၏ အလောင်းကို မီးသင်္ဂြိုဟ်သော အခါ သူ့အား တိုင်တည် ကြလေသည်။ ယမ နတ်မင်းကို ပူဇော်သော ကဗျာများ၊ ဂါထာများကို ရွတ်ကြသည်။

ထိုဂါထာများသည် ယမမင်းနှင့် သေသူ၏ ဝိညာဉ်ကို ချီးမွမ်းရုံမျှမက ထိုကဗျာများထဲတွင် အာရိယန် လူမျိုးတို့ ထားရှိသော ဘိုးဘေး စဉ်ဆက် ရိုးရာ နတ်များ အပေါ် ကြည်ညို လေးစားမှုကိုပါ ဖော်ပြထားကြလေသည်။

ထိုအယူအဆသည်လည်း ထိုခေတ်က ဘာသာ ကိုး ကွယ်မှု၏ အရေးကြီးသော အစိတ်အပိုင်း တစ်ခု ဖြစ်ခဲ့လေ သည်။ အာရိယန်များ၏ လုပ်ရိုး လုပ်စဉ်မှာ မြေပြင်ပေါ် တွင် ဝိုင်းထိုင်ကြပြီးနောက် နို့နှင့် စားသောက်ဖွယ် မုန့်ပဲ သရေစာများ သို့မဟုတ် နို့နှင့် သောမ အရက်ကို ရောထား သော အရည်ကို ဖြစ်စေ၊ ပင်ဒါ ခေါ် ဆန်မုန့်ကို ချကာ ရိုးရာ ဘိုးဘွား နတ်များကို ပင့်၍ ပူဇော် ပသကြလေသည်။

အကျင့် သီလ သဘော အရ အခြားသော နတ်များ အပေါ်၌ ရပ်တည်နေသော နတ်သည် *ဝါရုဏ* [၉] ဖြစ်သည်။ အစက မိုးကောင်းကင်နတ် ဖြစ်သည်။ နောက်ပိုင်းတွင် သူ ၏ တာဝန်များတွင် ထပ်ဆင့်၍ သဘာဝ တရားနှင့် ကိုယ်

---

၁။ Shiva ၂။ Vayu ၃။ Maruts
၄။ Ushas ၅။ Asvin ၆။ Surya
၇။ Savita ၈။ Vishnu
၉။ Varuna

ကျင့် တရားများ နေသားတကျ ဖြစ်အောင် ပြုလုပ်သော စွမ်းအားများကို ညွှန်ကြား ချုပ်ထိန်းရသော လုပ်ငန်းကိုပါ တာဝန် ချထားခြင်း ခံရလေသည်။

သူ၏ အာဏာ နယ်ပယ်သည် သဘာဝ နိယာမ နယ်ပယ်ပင် ဖြစ်သည်။

အဘယ်ကြောင့် ဆိုသော် သူသည် ရုပ်လောက၏ သဘာဝ အဖြစ်အပျက်များကို ကမောက်ကမ မဖြစ်အောင် ထိန်းသိမ်း စောင့်ရှောက်ရသောကြောင့် ဖြစ်၏။

အခြား တစ်ဖက်တွင်မူ သူသည် လူတို့အား အကျင့်သီလ သိက္ခာပုဒ်များကို ထိန်းသိမ်း စောင့်ရှောက်ရန် တာဝန် ယူရသည်။

သူသည် မကောင်းမှု ဒုစရိုက်များ၊ အပြစ် ကျူးလွန်မှုများကို ဖော်ထုတ်ရသူ၊ အမှားနှင့် အမှန်ကို အဆုံးအဖြတ်ပေးရသူ ဖြစ်သည်။ သူ၏ သူလျှိုများသည် လူတို့ အပြစ်ကျူးလွန်ခြင်း ရှိ မရှိကို စုံစမ်းခြင်းဖြင့် အလုပ် ရှုပ်နေကြလေသည်။

လူတို့သည် အပြစ်ကို ကျူးလွန်မိကြသော အခါ ထို အပြစ်တို့မှ ခွင့်လွှတ်စေခြင်း အလို့ငှာ ဝါရုဏ နတ်ကို ရှိခိုး တောင်းပန်ကြရလေသည်။

ထို့ကြောင့် ထို ခေတ်က အပြစ် ကျူးလွန်မှုများကို အသိအမှတ်ပြု ဖော်ပြထားချက်များကို ၎င်းတို့၏ ဘုရားရှိခိုး ဂါထာများတွင် တွေ့ရပေသည်။

ကိုယ့်အပေါ် မေတ္တာ ထားသူ မိမိ၏ ညီအစ်ကိုများ၊ သူငယ်ချင်း မိတ်ဆွေများ၊ ရဲဘော် ရဲဘက်များ အပေါ် မှားယွင်းခြင်းများသည် အပြစ် ဖြစ်သည်။

အိမ်နီးနားချင်း အပေါ်၊ သူစိမ်း ဧည့်သည် အပေါ် ပြစ်မှားခြင်းသည် အပြစ် ဖြစ်သည်။ လောင်းကစားသမား အနေနှင့် လောင်းကစားရာမှာ ကောက်ကျစ် စဉ်းလဲသော အားဖြင့် ပြုကျင့်လျှင် အပြစ် ဖြစ်သည်။

ထိုအပြစ်တို့မှ ပပျောက်ပါစေခြင်း၊ ကင်းပါစေခြင်း အလို့ငှာ ဝါရုဏအား ရှိခိုး ပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ ဟု ဆိုကြရသည်။

ဝါရုဏသည် စကြဝဠာ လောကအား ရုပ်သဘော အရရော၊ ကိုယ်ကျင့်တရား သဘော အရပါ အဆင်ပြေအောင် ညီညွတ် မျှတမှု ရှိအောင် စောင့်ရှောက်ရသည် ဖြစ်ရကား သူသည် မေတ္တရာ နတ်နှင့် ပေါင်းသင်းရသည်မှာ သဘာဝ ကျပေသည်။

မေတ္တရာ (မေတ္တာ) နတ်သည် သစ္စာ ရှိသော နတ်၊ ကတိ တည်သော နတ် ဖြစ်ကြောင်းကို ဖော်ပြခဲ့ပြီးပြီ။

ထို့ပြင် သိခက် နက်နဲသော တရားကိုယ် သဘော တရား ဖြစ်သော *ရီတာ* [၁] နှင့်လည်း ပေါင်းဖက်ရသည်။

ရီတာသည် စကြဝဠာ လောကထဲရှိ အရာခပ်သိမ်း တို့တွင် ကိန်းအောင်းနေသော ဓာတ် ဖြစ်သည်။ လောကကြီး တစ်ခုလုံးကို သူ့ အစီအစဉ် အတိုင်း နည်းလမ်းတကျ ဖြစ်စေသော နိယာမ သဘောပင် ဖြစ်သည်။ ရီတာ သဘောတရားနှင့် လျော်ညီစွာ နေ့နှင့် ညသည် အစီအစဉ် အတိုင်း ဖြစ်ရသည်။ နွေ မိုး ဆောင်း ဥတုရာသီများ အစီအစဉ် အတိုင်း ဖြစ်ရသည်။ နေသည် သူ့လမ်း အတိုင်း သူ သွားနေရသည်။ လူသားများလည်း မွေးခြင်းမှ သေခြင်းဆီသို့ သွားနေမှန်း မသိဘဲ သွားနေကြရသည်။

ဣရုဝေဒထဲတွင် အခြားသော နတ်များလည်း ပါရှိသေးသည်။ ထိုနတ်များသည် ဝတ်ပြု ကိုးကွယ်ရာ နတ်များ ဖြစ်သည်ဟု ဆိုရပေမည်။

အဘယ်ကြောင့်ဆိုသော် ထို နတ်များသည် အဓိက အားဖြင့် ဝတ်ပြုရာ၌သာ ပါဝင်ကြသည်။ မီးနတ် *အဂ္ဂနိ* [၂]၊ မူးယစ်စေတတ်သော သောမ အရည်ကို စောင့်သော သောမ နတ်၊ လူအများ မသိရှိကြသော်လည်း နတ်ဆရာတို့ အနေနှင့်မူ အထူး ဦးစားပေးရသော *ဗြဟ္မဏဿပတိ* [၃] နတ်တို့ ဖြစ်သည်။ ဘုရားရှိခိုး ဂါထာများကို စောင့်သော နတ် ဖြစ်သည်။

အာရိယန် လူမျိုးများ ဘုရားရှိခိုး ဝတ်ပြုသော အခါ သူတို့သည် ယဇ်ပလ္လင် ရှိရာ အရပ်သို့ ပျော်ရွှင်စွာ ယုံကြည်ချက် အပြည့်အဝဖြင့် ချဉ်းကပ်တတ်ကြသည်။ ရဒ္ဒရာက ခြိမ်းခြောက်သော အခါ သို့မဟုတ် ဝရုဏ စိတ်ဆိုးသော အခါမျိုးကဲ့သို့ အထူး ကိစ္စများတွင်မူ သူတို့သည် ကြောက်ကြောက်လန့်လန့်နှင့် ရှိခိုး ဝတ်ပြုတတ်ကြလေသည်။

ဘုရား ဝတ်ကျောင်းတော်များ၊ မွန်မြတ်သော အရာမ် နေရာများကို သတ်သတ်မှတ်မှတ် မတည်ဆောက်ကြရသေးသော ကာလကမူ သူတို့သည် သန့်ရှင်းသော မြေအပြင်၊ အမှိုက် လှည်းထားသော မြက်ခင်း စသည်တို့ အပေါ်၌ ယာယီ ဆောက်လုပ်ထားသော ယဇ်ပလ္လင် ဘေးတွင် အမိုး အကာ မရှိသော မိုးကောင်းကင် အောက်မှာပင် ရှိခိုး ဝတ်ပြုခဲ့ကြလေသည်။

ယဇ်ပလ္လင် ဘေးတွင် လတ်လတ်ဆတ်ဆတ် ကြဲဖြန့်ထားသော မြက်ခင်းပေါ်တွင် မမြင်ရသော နတ် ဧည့်သည်များ ကြွလာလျှင် ထိုင်ရန် အတွက် ထိုင်ခုံ တစ်ခုကိုလည်း

---

၁။ Rita ၂။ Agni ၃။ Brahmanaspati

အသင့် ချထားလေသည်။ လျှဖွယ် ဝတ္ထုများတွင် နို့ လည်း ကောင်း၊ သန့်စင်ထားသော ထောပတ် လည်းကောင်း၊ ဆန် စပါး၊ သိုး၊ ဆိတ်၊ နွားမ၊ နွားထီး သို့မဟုတ် မြင်းများ ပါသည်။ မြင်းကို ယဇ် ပူဇော်ခြင်းသည် ကုန်ကျစရိတ် အများဆုံး ဖြစ်သောကြောင့် ရအပ်သော အကျိုး ကျေးဇူး လည်း အများဆုံး ဖြစ်သည်ဟု ယူဆကြလေသည်။

ယဇ် ပူဇော်ပွဲများကို အခမ်းအနား ပွဲလမ်းသဘင်များ ခင်းကျင်း၍ ရှည်လျားစွာ နေ့ရက် ရှည်ကြာ ပြုလုပ်သော ကာလက နတ်ဆရာများသည် မိမိတို့၏ သက်ဆိုင်ရာ အထူး တာဝန်များကို ကိုယ်စီ ယူကြရလေသည်။

တစ်ဦးက ယဇ်ပလ္လင် တည်ဆောက်သူ *(အဒွါယု)*[၁] အဖြစ် ဆောင်ရွက်ရသည်။ ထိုနတ်ဆရာသည် ထိုယဇ်ပလ္လင် ပေါ်၌ တင်၍ ပသရမည့် လျှဖွယ် ဝတ္ထုပစ္စည်းများကိုလည်း ပြင်ဆင်ရသည်။ နောက် နတ်ဆရာ တစ်ဦးမှာ *ဟိုတာ*[၂] ဖြစ်သည်။ သူသည် နတ်များကို ပင့်ရသော နတ်ဆရာ ဖြစ်သည်။ ထိုနတ်ဆရာက ယဉ်ကျေးဖွယ်ရာသော ပတ္တနာ စကားများဖြင့် နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့အား ဤ ပသထားသော စားကောင်းသောက်ဖွယ် အသွယ်သွယ် ကို ပျော်ရွှင် ဝမ်းသာ စားလှည့်ပါ၊ သောက်လှည့်ပါဟု ပင့် ဖိတ်ရသည်။ အခြားသော နတ်ဆရာ တစ်ဦးမှာ *အဂ္ဂနိဓ္ဓ*[၃] ဖြစ်သည်။ ယဇ် ပူဇော်သော မီးကို မွေးရသူ ဖြစ်သည်။

သို့သော် နောင် ကာလ ကြာသော အခါ အရေး အကြီးဆုံး ပုဂ္ဂိုလ်သည် နတ်ဆရာများ၏ အချုပ် ဖြစ်သော *ဗြဟ္မဏ ပုဏ္ဏား*[၄]ကြီး ဖြစ်လာသည်။ ထို နတ်ဆရာချုပ် ပုဏ္ဏားကြီးက *ဗြဟ္မ*[၅] ခေါ် ဆုတောင်း ဂါထာကို ရွတ်ဆို ရလေသည်။

အဂ္ဂနိနတ် ရောက်မလာလျှင် မည်သည့် ယဇ်ပူဇော် ပွဲမျှ ထမြောက် အောင်မြင်ခြင်း မရှိပေ။ အဂ္ဂနိသည် မီးနတ် ဖြစ်သည်။ လူ့ပြည် နတ်ပြည်ရှိ မီး အလုံးစုံကို အစိုးရသူ ဖြစ်သည်။ အထူးအားဖြင့် ယဇ်ပလ္လင်ပေါ်က မီးကို စောင့် ရှောက်သူ ဖြစ်သည်။

သူ မကြွလာမီ နတ်ဆရာသည် နတ်ပင့် ဂါထာများ ကို စိတ်အား ထက်သန်စွာ ရွတ်ဆိုကြရသည်။

ယဇ်ပလ္လင်ပေါ်က မီးဖြစ်ဖြစ်၊ မီးဖိုက မီးဖြစ်ဖြစ် မီး မွေးခြင်းသည် အသစ် မွေးဖွားခြင်း သဘောကို ဆောင်သည် ဟု ယူဆကြလေသည်။

(သမိုင်းစဉ် အရ နှိုင်းယှဉ် လေ့လာလိုသူများ အနေ နှင့်မှု ဤနေရာ၌ အာရိယန်တို့၏ မီးနတ် ပူဇော်မှုနှင့် ဗိုရိ အက်စတာ ကိုးကွယ်သူများ၏ မီးနင်းပွဲများ ဆက်စပ်နေပုံ ကို သတိ ပြုမိရာသည်။)

မီးသည် သန့်စင်ခြင်းကို ဖြစ်စေသကဲ့သို့ အဂ္ဂနိသည် အပြစ် ကျူးလွန်မှုများ အားလုံးကို ပပျောက်စေသည်။

အဂ္ဂနိသည် အသူရာ နတ်များကို မောင်းနှင်ပြီးနောက် သူ၏ မီးဖို တည်ရှိရာ အိမ်ဂေဟာကို စောင့်ရှောက်သည်။ သူသည် အလင်းရောင် ဖြစ်သည်။ ဉာဏ်ပညာ ဖြစ်သည်။ အမှောင် ကျရောက်ရာ အရပ်ကို ထိုးထွင်း ရှုမြင်နိုင်သူ ဖြစ်သည်။ သိခက် နက်နဲသော အရာများကို ဖြေရှင်းနိုင်သူ ဖြစ်သည်။ သူ့ထံမှာ ဦးဆောင် လမ်းပြမှုကို ရရှိနိုင်ပေသည်။ သူသည် အိမ်ထောင်ရေး၌ ပန်းဦး တင်ပေးသည်။ လူနှင့် လက်မထပ်မီ ဤနတ်နှင့် အလျင် လက်ထပ်ရသည်။

သူသည် နတ်ဆရာလည်း ဖြစ်သည်။ ပူဇော်သက္ကာယ ကို လက်ခံသူလည်း ဖြစ်သည်။ လူနှင့် နတ်တို့ အကြား တွင် အောင်သွယ်တော်လည်း ဖြစ်သည်။ သူ့ကို ကိုးကွယ် သူများက သူတို့၏ ကြီးပွား ချမ်းသာခြင်း အပေါင်းသည် အဂ္ဂနိ၏ စောင့်ရှောက်မှု အပေါ်မှာ တည်သည်ဟု သိ နား လည် ထားကြသည်။

ယဇ်ပူဇော်ရာ၌ *သောမ*[၆] နတ် (ရှေးက ပါရှန် လူမျိုး များ၏ *ဟောမ*[၇] နတ် ဖြစ်သည်။) ပါဝင်ရန်လည်း အရေး ကြီးပေသည်။ သူသည် ဘုရား ရေစက်ချသော၊ သေရည် သေရက်၌ မူးယစ်ခြင်းကို ဖြစ်စေနိုင်သော တန်ခိုး ရှိသော နတ်ဖြစ်သည်။

သူ့ကို ဝတ်ပြုရာသို့ သွတ်သွင်းလာခြင်းသည် ယဇ် ပူဇော် ပသမှု၏ အဓိကကျသော အချက် တစ်ချက် ဖြစ် လာသည်။ သောမနတ် အတွက် သီးသန့် ကျင်းပသော ပွဲ သဘင်များလည်း ရှိသည်။ မကြာခဏ ကျင်းပလေ့ ရှိသည်။

မူးယစ်စေတတ်သော သောမရည် ထွက်သော သောမ ရွက်များကို ထိုသစ်ရွက်များ ထွက်သည့် တောင်ပေါ်တွင် လရောင် အောက်၌ ဆွတ်ခူးကြရသည်။ ထိုနောက် ထို သောမရွက်များကို ယဇ် ပူဇော်ရာ အရပ်သို့ ယူဆောင် လာ ကြရသည်။ ထို့နောက် ကြိတ်သော ကျောက်တုံးဖြင့် ကြိတ် ခြေရသည်။ ထို ကြိတ်ဖတ်များပေါ်သို့ ရေဖြင့် ဖျန်းပြီး နောက် ထိုအရည်ကို ညှစ်ယူရသည်။

---

၁။ Adhvaryu ၂။ Hotar ၃။ Agnidh
၄။ Brahmin ၅။ Brahma

၆။ Soma
၇။ Haoma

ပြီးမှ ထိုသေရည်ဖြင့် နတ်ကို ပူဇော် ဆက်သကြရသည်။ ပြီးလျှင် ယဇ်ပလ္လင်ကို လှည့်ပတ်၍ ပူဇော်နေကြသူများသည် ထိုအရည်ကို သောက်ကြလေသည်။ သောမရည်ထဲတွင် စိတ်ကို ရွှင်မြူးစေတတ်သော အာနိသင် ရှိသည်။ ထိုအာနိသင်ကို လူရော နတ်ရော အလို ရှိကြသည်။

ယဇ်ပွဲတိုင်းတွင် သောမ သေရည်ကို မြက်ခင်းပေါ်သို့ လောင်း၍ ရေစက် ချရသည်။

ထိုမြက်ခင်းပေါ်တွင် မမြင်ရသော နတ်များ စုဝေးထိုင်နေကြသည်ဟု ယူဆကြလေသည်။ ဝတ်ပြုသူများလည်း ထိုသေရည်ကို သောက်ကြပြီးလျှင် ဓမ္မတေးများကို သီဆိုကြလေသည်။

တတိယနတ် ကြွရောက်ရေးသည် ပို၍ နက်နဲ သိမ်မွေ့သည်။ ထိုနတ်သည် ဗြဟ္မဏပတိနတ် ဖြစ်သည်။ ဣရုဝေဒထဲတွင် ထိုနတ် အကြောင်းကို အဂ္ဂနိနှင့် သောမနတ်တို့လောက် ကြီးကြီးကျယ်ကျယ် ဖော်ပြထားခြင်း မရှိပေ။ သို့သော် နောက်ပိုင်း ဘာသာရေး တိုးတက်မှုများတွင် ထိုနတ်သည် အလွန် အကျိုး သက်ရောက်မှု ရှိလာသည်။

ဗြဟ္မဏ ပုဏ္ဏားများက သူ့ကို ဂုဏ်တင်လာရခြင်းမှာ ထင်ရှားသော အကြောင်း ရှိသည်။ သူသည် နတ်ဆရာ နှုတ်က ရွတ်ဆိုသော ဂါထာ စကားလုံးများ၌ တန်ခိုး အာနိသင် ထက်မြက်အောင် စောင့်ရှောက်ပေးသော နတ် ဖြစ်သည်။ ထို့ကြောင့် ထိုစကားလုံးများဖြင့် ဆုတောင်း ဝတ်ပြုလိုက်လျှင် နတ်များ အားလုံးက ဆုတောင်း ပြည့်အောင် စောင်မကြရပေသည်။ ထို့ကြောင့် သူ့ကို တစ်ခါတလေ လူများအတွက် အသနားတော်မြတ်ကို ခံယူပေးသော နတ်ဆရာအဖြစ်လည်း သတ်မှတ်ခဲ့ကြလေသည်။

နတ်ပူဇော်ပွဲတွင် နတ်ဆရာ ရွတ်ဖတ်သော ဘုရားရှိခိုး ဆုတောင်း ဂါထာများကို ဗြဟ္မဏပတိနတ် စောင့်ရှောက်ရန် အရေးကြီးသည်။ သို့မဟုတ်ပါက ထိုဂါထာများသည် အကျိုး မရှိ၊ အရာ မရောက်သော အသံသက်သက်မျှသာ ဖြစ်သွားပေလိမ့်မည်။ အကယ်၍ ဤနတ်ကသာ တက်တက်ကြွကြွ စောင့်ရှောက် မစပါမူကား ဆုတောင်း ဂါထာသည် အစွမ်း ထက်လာပြီးလျှင် ဂါထာသည် နတ်များကို မိမိ အလိုရှိသည့် အတိုင်း မဖြစ်မနေ ဆောင်ရွက်ပေးရန် အတင်းအကျပ် ပြုနိုင်သည်။ ထို့ကြောင့် ဆုတောင်း မပြည့်သော အဖြစ်မျိုး မကြုံတွေ့ရတော့ပေ။

ဤနေရာ၌ ပရိတ် မန္တန်များကို ရွတ်ဆိုသော အခါ အသံထွက် မှန်ကန်ရန်လည်း အထူး လိုအပ်သည်။ သို့မှသာ ဗြဟ္မဂါထာ (ပရိတ်တော်) သည် အစွမ်း ထက်ပေသည်။ ထို့အတူ ဗြဟ္မ ဂါထာ အစွမ်း ထက်မှုသည် ပရိတ်ရွတ်သူ နတ်ဆရာ အပေါ်မှာလည်း တည်ပေသည်။ သူသည် မွန်မြတ်သော ဗြဟ္မဏ ပုဏ္ဏား ဖြစ်ရပေမည်။

## အခြားသော ဝေဒကျမ်းများ

အခြားသော ဝေဒကျမ်းများသည် ဣရုဝေဒ ကျမ်း အပေါ်မှာ မှီနေရသော ကျမ်းများသာ ဖြစ်ကြကုန်သည်။

ယဇုဝေဒသည် စကားပြေကျမ်း ဖြစ်သည်။ ထိုကျမ်းသည် ဣရုဝေဒကျမ်းတွင် ပါဝင်သော ဘုရားရှိခိုး ဂါထာများ၊ ဘုန်းကြီးနှင့် လူ တစ်လှည့်စီ ဆိုရသော ဆုတောင်းများနှင့် အတူ ရွတ်ဆိုရသည်။ ဂါထာများကို ထပ်ဖြည့်ထားခြင်း ဖြစ်သည်။

သာမဝေဒ ကျမ်းကတော့ သောမ သေရည်ဖြင့် ယဇ်ပူဇော်သောအခါ နတ်ဆရာများ ရွတ်ဆိုရသော ကာရန် ပါသော သာချင်း ကဗျာများ ဖြစ်သည်။ ထိုဓမ္မတေးများမှာလည်း အများအားဖြင့် ဣရုဝေဒထဲက ချေးငှား ယူထားကြခြင်းများသာ ဖြစ်ကြကုန်သည်။

အာတဗ္ဗန ဝေဒကတော့ ပို၍ အမှီအခို ကင်းသည်။ ထိုကျမ်းသည် ဂါထာ မန္တန်များ၊ မန္တရားများ၊ အလွန် ရှေးကျသော ခေတ်က ဝိဇ္ဇာ မန္တန်များကို စုပေါင်းထားသော ရတနာသိုက်ကြီး ဖြစ်သည်။ ဤကျမ်းထဲတွင် ဣရုဝေဒကျမ်း၌ မသဲမကွဲ ဖော်ပြထားသော အတွေ့အကြုံများကို ရှင်းလင်း ဖွင့်ဆိုထားသည်။ ကြောက်လန့်ခြင်း၊ တပ်မက်ခြင်း၊ အမျက်ဒေါသ ထွက်ခြင်း၊ မုန်းတီးခြင်း၊ ရုပ်ပိုင်း အတိဒုက္ခ ဖြစ်ခြင်းများနှင့် ထို ကိစ္စများကို ပြုပြင်ရန် အတွက် လူတို့၏ ကြိုးပမ်းချက်များ အကြောင်းကို ဖော်ပြထားသည်။

ဤကျမ်းတွင် နတ်ဝိဇ္ဇာ နည်းဖြင့် ကျိန်စာ တိုက်ခြင်း၊ ပြုစားခြင်းနှင့် ကောင်းချီးပေးခြင်း သဘောများ ပါသည်။ ဥရောပ၏ မှော်ဝိဇ္ဇာ အတတ်ကို အမှတ်တရ ဖြစ်စေသည့် သဘောဖြင့် ဤကျမ်းထဲတွင် အမှောင့် ပယောဂ မှန်သမျှကို ပယ်ဖျက်တတ်သော ဆေးကုသမှု ဂါထာ မန္တန်များလည်း ပါသည်။ အာတဗ္ဗနဝေဒသည် ခေတ်သစ် ဆေးပညာကို လမ်းခင်းသော ကျမ်းနှင့် တူသည်။ အာတဗ္ဗနဝေဒ ကျမ်းပါ ကဗျာ တစ်ပုဒ်တွင် ထိုခေတ်က ဆေးဆရာပေါင်း ထောင်နှင့် ချီရှိပြီး ဆေးပင်ပေါင်းလည်း ထောင်နှင့် သောင်းနှင့် ချီ၍ ရှိကြောင်း ဖော်ပြထားသည်။ ကုသမှုဆိုင်ရာ မန္တန်များသည် အလွန် ရှေးကျသော မန္တန်များ

ဖြစ်ကြသည်။ သို့ရာတွင် ရောဂါကို ထိထိရောက်ရောက် ကုသနည်းများနှင့် ဆေးဝါးများမှာ ပို၍ သရုပ် မှန်လာကြောင်း တွေ့ရသည်။ ထိုကျမ်းတွင် ရောဂါများ၏ အရေအတွက်ကို ဖော်ပြထားပုံမှာလည်း ရှည်လျားလှသည်။

မည်သို့ပင်ဆိုစေ အင်ဒို အာရိယန် လူမျိုးများမှာ ထက်မြက်သော ဦးနှောက် ရှိကြောင်း ထင်ရှားသည်။ သူတို့သည် ပညာရပ် မျိုးစုံကို စတင် စူးစမ်း လေ့လာခဲ့ကြသော သူများ ဖြစ်ကြလေသည်။

## ဝေဒခေတ် ကုန်ဆုံးခြင်း

ဝေဒ စာပေ ကျမ်းဂန်များ၌ ရေးခေတ် အင်ဒို အာရီယန် လူမျိုးများသည် ကြွယ်ဝသော ယဉ်ကျေးမှုကို ဖွံ့ဖြိုး တိုးတက် စေခဲ့ကြောင်း သရုပ်ဖော်လျက် ရှိသည်။ ထင်ရှားသည်မှာ ဤ စွမ်းအား သန်သော လူမျိုးများသည် ဘဝကို အပြုသဘောဖြင့် ရင်ဆိုင်တတ်ကြသည်။ ဘဝကို ရင်ဆိုင်ရာ၌ ယုံကြည်ချက် အပြည့်အဝ ရှိကြသည်။

သူတို့၏ စာပေထဲတွင် သူတို့သည် ကြီးကျယ်သော ကိစ္စများ အတွက် ဖြစ်လာရမည်ဟု ကတိ ပြုရဲသော သတ္တိ ရှိကြကြောင်း တွေ့ရသည်။

ထို ကတိမျိုး တစ်ခုကို ဖော်ပြပါမည်။ ဝေဒခေတ် ကုန်ဆုံးခါနီးတွင် နတ်ဆရာ အရေအတွက်လည်း တိုးပွားပြီး နတ်ဆရာတို့၏ အာဏာ တန်ခိုးလည်း ကြီးထွားနေစဉ် သူတို့သည် ဘာသာ ကိုးကွယ်မှုနှင့် အတတ်ပညာ ဗဟုသုတများကိုလည်း သူတို့၏ ဘဝ လုပ်ငန်း အဖြစ်ဖြင့် ရှာဖွေနေကြစဉ် သူတို့သည် အရာခပ်သိမ်း၏ အကြီးအချုပ်ဖြစ်သော ညီညွတ်မှုကို တမ်းတခဲ့ကြသည်။ ထို့ကြောင့် နောက်ပိုင်း ဓမ္မတေးများတွင် ဝိဿဝကာမ (ပဇာပတိ) သဘော ပေါ်ပေါက် လာခဲ့လေသည်။

ထို သဘောသည် စကြဝဠာကို အစိုးရခြင်း သဘော၊ သတ္တဝါတို့၏ အရှင် ဖန်ဆင်းရှင်နှင့် ပုရိသ ဓာတ်သဘောတို့ကို ဖော်ခြင်း ဖြစ်သည်။

ပုရိသ ဓာတ်သည် သတ္တလောက အလုံးကို အသက်ဇီဝ ဓာတ် ပေးသော သဘောပင် ဖြစ်သည်။ သူ့ကိုယ်မှာ စကြဝဠာ တိုက်တစ်သောင်း ဖြစ်ပေါ်လာရခြင်း အနက်ကို ဆောင်သည်။

အဖမ်းစားဆုံးမှာ ဒသမ ကျမ်းမှ ဓမ္မတေး အမှတ် ၁၂၉ ဖြစ်သည်။ အမည် မရှိသော စကြဝဠာ ပရမတ္ထ ဓာတ်ကြီးကို ရည်ညွှန်းထားသည်။ ၎င်းကို 'ဧကတ္တ' ဟုသာ ရည်ညွှန်းထားသည်။ စကြဝဠာကြီး မပေါ်ပေါက်မီကပင် တည်ရှိနေသော ထာဝရ အမှန်တရားကြီး ဖြစ်သည်။

ဤ ဓမ္မတေးတွင် ရှေးကျသော သဘာဝ တရားကြီး၏ ဆင့်ကဲ ပြောင်းလဲမှု ဖြစ်စဉ် (အီဗော်လူးရှင်း) သဘောကို မှန်းဆထားချက် ပါသည်။ ဖန်ဆင်းခြင်း အစကို တွေးခေါ် ဆင်ခြင်ခြင်း ဖြစ်သည်။

ဝေဒခေတ် ကုန်ခါနီးတွင် နတ်ဆရာများသည် အတွေးအခေါ် အရည်အချင်းများ သိသိသာသာ တိုးတက်လာကြောင်း တွေ့ရသည်။

၎င်းမှာ သူတို့သည် ကမ္ဘာ လောကကြီး၏ စတင် ဖြစ်ပေါ်ပုံကို အဆုံးအဖြတ် ပေးနိုင်ရန် လိုလားမှုကို တုံ့ပြန်ဖော်ပြခြင်း ဖြစ်သည်။

တောင်များ မပေါ်မီ၊ နတ်များ မပေါ်မီ၊ မျက်မြင် လောကကြီး မပေါ်ပေါက်မီ ဤ စကြဝဠာထဲတွင် အမည် မသိသော မူလဓာတ်ကြီး တစ်ခုသည် ရှိ၏။ နတ်ဆရာများသည် ထိုအတွေးဖြင့် စိတ် လှုပ်ရှားလျက် ရှိခဲ့ကြလေသည်။ ထိုအရာကို အမည် တစ်စုံတစ်ရာ ပေးနိုင်ပါမည်လားဟု သူတို့ စဉ်းစားခဲ့ကြလေသည်။ သူတို့ အမျိုးမျိုး စဉ်းစားခဲ့ကြသည်။

ဗြဟ္မဏ ပုဏ္ဏားများသည် ထိုကိစ္စကို ဆက်လက် တွေးခေါ်ခဲ့ကြသေးသည်။ သို့သော် ထိုအချိန်မှာပင် အာရိယန် လူမျိုးများသည် တစ်ဖန် ပြောင်းရွှေ့မှုများကို ပြုလုပ်ကြပြန်သည်။ သူတို့သည် ဂင်္ဂါ ချိုင့်ဝှမ်းထဲသို့ လိမ့်ဆင်းလာကြသည်။ သူတို့ ရှေ့က အသား မည်းသော တိုင်းရင်းသား လူမျိုးများကို သူတို့က ကျွန်ပြုသူ ပြု၊ တောင်ဘက်နှင့် အရှေ့ဘက် အရပ်သို့ မောင်းထုတ်သူ ထုတ် လုပ်ခဲ့ကြသည်။

ကျူးကျော် ဝင်ရောက် လာသူများသည် မြောက်ပိုင်းနှင့် အိန္ဒိယ အလယ်ပိုင်း၊ ဂင်္ဂါမြစ်ဝှမ်း ဒေသ တစ်ခုလုံးကို သိမ်းပိုက်ပြီး ထိထိရောက်ရောက် အုပ်ချုပ်ခြင်း မပြုမီ ကာလ တစ်လျှောက်လုံးတွင် နိုင်ငံ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ အုပ်စုဖြင့် ပြောင်းရွှေ့ နေထိုင်ခြင်းများကား ရပ်ဆိုင်းခြင်း မရှိခဲ့သေးပေ။ နယ်မြေများမှာ တဖြည်းဖြည်း လက်ပြောင်း လက်လွှဲ ဖြစ်သွားကြသည်။ ထို့နောက် ကျူးကျော် ဝင်ရောက်လာသူများသည် အခြေချ နေထိုင်ကြသည်။ ထို့နောက် သူတို့သည်လည်း အပြောင်းအလဲ ဖြစ်ခဲ့ကြလေသည်။

### ဇာတ်စနစ် ပေါ်ပေါက်လာခြင်း

ဘီစီ ၇ ရာစု ကုန်ဆုံးခါနီး ကာလတွင် ဂင်္ဂါ ချိုင့်ဝှမ်းကို အာရိယန် လူမျိုးများ သိမ်းပိုက်မိခြင်းကြောင့် တသီးတခြားစီ ဖြစ်နေသော ရာဇာများ အုပ်စိုးသည့် သီးခြား ပဒေသရာဇ် နိုင်ငံငယ်ကလေးများ တစ်စု တစ်ပေါင်းတည်း ဖြစ်သွားကြသည်။ အာရိယန် လူမျိုးများသည် လူ့အဖွဲ့အစည်းတွင် အထက်တန်းလွှာ၊ အပေါ်လွှာ အနေအထားကို ရရှိသွားကြသည်။ အောက်တန်းစားများမှာ အာရိယန် မဟုတ်သော အသားမည်း လူမျိုးများ ဖြစ်သွားကြသည်။

လူတန်းစား ခွဲခြားမှုများမှာ အခိုင်အမာ မဟုတ်သေးစေကာမူ အိန္ဒိယ လူ့အဖွဲ့အစည်းထဲတွင် လူမှု အုပ်စု အဖွဲ့လေးဖွဲ့ ကွဲသွားလေသည်။

အပေါ်ဆုံး အလွှာ အုပ်စုမှာ *ခတ္တိယ* [၁] ခေါ် မင်းစိုးရာဇာ အုပ်ချုပ်သူများ ဖြစ်သည်။

ဒုတိယ အလွှာမှာ *ဗြာဟ္မဏ* [၂] ပုဏ္ဏား နတ်ဆရာများ ဖြစ်သည်။

တတိယတန်း အလွှာမှာ အာရိယန် သာမန် လူတန်းစား ကုန်သွယ် လယ်လုပ်များ *ဝေဿ* [၃] များ ဖြစ်သည်။

အောက်ဆုံးတန်း ဇာတ် အနိမ့်ဆုံး အလွှာမှာ အာရိယန် မဟုတ်သော အသားမည်း *သုဒ္ဒ* [၄] များ ဖြစ်သည်။

ဤလူတန်းစား အလွှာ လေးခု အနက် ပထမ သုံးခုသည် အောက်ဆုံး အလွှာ အာရိယန် မဟုတ်သူများနှင့် အပေါင်းအသင်း မလုပ်ဘဲ ကင်းကင်းကွာကွာ နေလာခဲ့ကြသည်။

ယခုအခါ အသား အရောင် ပြဿနာ 'ဝဏ္ဏ' ကိစ္စ ပေါ်လာသည်။ ထိုစကားသည် ဟိန္ဒူတို့၏ ဇာတ်နှင့် ဆိုင်သော စကား ဖြစ်သည်။ အသားအရောင် မတူသူ ဇာတ်နိမ့်များနှင့် လက်ထပ် ထိမ်းမြားခြင်းကို တားမြစ်ထားသည့်ပြင် မိတ်ဆွေ အဖြစ် ရင်းရင်းနှီးနှီး ဆက်ဆံခြင်းကိုလည်း တားမြစ်သည်။ တစ်နေရာတည်းမှာ အတူ ထိုင်စားခြင်း၊ ခွက် တစ်ခွက်တည်းဖြင့် ရေသောက်ခြင်းကိုလည်း တားမြစ်သည်။

ထို့ပြင် ခတ္တိယနှင့် ဗြာဟ္မဏများ အကြားတွင် ဘယ်သူက ပို၍ မြတ်သလဲ ဆိုသော ဂုဏ်သိက္ခာ အတွက် အားပြိုင်မှု ပေါ်ပေါက်ခဲ့သေးသည်။ ဤအားပြိုင်ပွဲတွင် ဘာသာရေးနှင့် သဘာဝလွန် တန်ခိုးများက အခွင့် အာဏာထူးကို ရရှိသွားခဲ့လေသည်။ ဘာသာရေးသည် အထွတ်အထိပ် အာဏာကို ရရှိသွားလေသည်။

ယခုအခါ ဗြာဟ္မဏများသည် ကြီးကျယ် ထူးခြားသော အခွင့် အာဏာကို ရရှိသွားပြီ ဖြစ်၏။ ဂင်္ဂါ မြစ်ဝှမ်းသို့ ပြောင်းရွှေ့ နေထိုင်ကြရာတွင် သူတို့သည် ထို အခွင့်အရေးကို ရရှိခဲ့ကြခြင်း ဖြစ်လေသည်။ သူတို့သည်လည်း ရလာသော အခွင့်အရေးကို အမိအရ ယူရန် လက်မနှေးခဲ့ပေ။ ဘာသာ ကိုးကွယ်မှုမှာမူ ယခုမှ ထွန်းကားအောင် ပြုလုပ်ရဆဲ ရှိသေးသည်။ မင်းစိုးရာဇာများမှာ တိုက်ရေးခိုက်ရေးနှင့် ပိုင်ဆိုင်လာသော နယ်မြေ ပိုင်နက် ဒေသကို ငြိမ်ဝပ် ပိပြားအောင် အုပ်ချုပ်ရေး လုပ်ငန်းများဖြင့် အလုပ်ရှုပ်နေကြလေသည်။

ထို့ကြောင့် လိုအပ်သော ဘာသာ ကိုးကွယ်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးရန် အတွက် နတ်ဆရာများကို ပို၍ ပို၍ မှီခို အားထား လာရလေသည်။

ထိုအချိန်တွင် 'ဗြဟ္မ' ခေါ် ဘုရား ရှိခိုး ဂါထာများ၊ ပရိတ် တရားတော်များ၌ တန်ခိုး အာဏာ အရှိန် အဝါ ရှိသည် ဆိုသော အယူသီးမှုလည်း တိုးပွားလာရာ ထိုယဇ်ပူဇော် ဂါထာ၊ ပရိတ်တော်များကို ရွတ်ဖတ်ရသော ပုဂ္ဂိုလ်များ၏ ဂုဏ်သိက္ခာသည်လည်း လျင်မြန်စွာ မြင့်မား တိုးတက် လာလေတော့သည်။

ထို့ကြောင့် ဗြာဟ္မဏများသည် နောက်ဆုံးတွင် သူတို့သည်သာ အမြင့်ဆုံး အမြတ်ဆုံး ဖြစ်သည်၊ နတ်တို့သည်ပင် သူတို့၏ အမိန့် ဩဇာကို ခံကြရသဖြင့် သူတို့က ပို၍ မြင့်မြတ်သည်ဟု ထုတ်ဖော် ပြောဆို လာကြလေတော့သည်။ သူတို့၏ ဩဇာသည် စကြဝဠာ အနှံ့ ပျံ့သည်။ သူတို့သည် ငရဲသို့ လည်းကောင်း၊ ကမ္ဘာ မြေပြင် အနှံ့ လည်းကောင်း၊

---

၁။ Kshatriyas  ၂။ Brahmins
၃။ Vaisyas  ၄။ Shudras

ကောင်းကင်ဘုံသို့ လည်းကောင်း ရောက်အောင် စေနိုင်သူများ ဖြစ်သည်ဟု သဘော ထားလာကြသည်။ သူတို့သည် အချက်အချာ ဖြစ်သည်။ အာဏာစက် အရှိန် အစော် အရှိဆုံး ဖြစ်သည်ဟု ကြွေးကြော် လာကြလေတော့သည်။

တစ်ခါတစ်ရံ လနှင့် ချိ၍ ကြာမြင့်စွာ ပြုလုပ်သော ယဇ် ပူဇော်ပွဲများကို ဗြာဟ္မဏများက ပြုလုပ်ပြီး သူတို့သည် ဂြိုဟ်သွား ဂြိုဟ်လာများကိုပင် ပြောင်းလဲသွားအောင် ပြုလုပ်ကြလေသည်။

ထိုအခါမှ စ၍ နတ်များ၏ အမည်သည် အရေး မပါတော့ဘဲ ယဇ် ပူဇော်ခြင်း အမှုက ပို၍ အရေးပါ အရာ ရောက်ကြောင်းကို ပြသခဲ့ကြလေသည်။

အဓိက အကျဆုံးမှာ ယဇ် ပူဇော်စဉ် ရွတ်ဆိုရသော ဂါထာ မန္တန်တို့၏ တန်ခိုးရှိန်စော် အာနုဘော်သည် အကြီးမြတ်ဆုံး ဖြစ်ကြောင်း ယုံကြည်လာကြလေတော့သည်။

ရာဇာများကမူ ဤကိစ္စကို အရေး မထားကြပေ။ မင်းများ၊ ရာဇာများက သဘာဝလွန် တန်ခိုးများကို ရရှိထားသူများသာလျှင် အထွတ်အမြတ် ဖြစ်သည်ဟု ဆိုလျှင် ရယ်သွမ်း သွေးကြပေလိမ့်မည်။

လူမှုရေး အရမူ ရာဇာများသာလျှင် စီမံ အုပ်ချုပ်မှု အာဏာပိုင်များ ဖြစ်နေကြပေသည်။ သူတို့ ရရှိထားသော အခွင့်အာဏာများကိုလည်း သူတို့ ထိန်းသိမ်း ထားနိုင်ကြပေသည်။

မည်သို့ပင်ဆိုစေ ဗြာဟ္မဏများမှာ ပြည်သူ လူထု၏ အထွတ်အမြတ် ထားမှုကို ခံယူ ရရှိလာကြပေသည်။ တိုင်းသူ ပြည်သားများ၏ အိမ်တွင် သူတို့ကို နတ်များကဲ့သို့ပင် ကိုးကွယ် ဆည်းကပ်နေကြပြီ ဖြစ်ပါသည်။ ယခု သူတို့က အကယ်၍ ယဇ် ပူဇော်ပွဲများကို သူတို့ ဦးဆောင်ပြီး ကျမ်းဂန်နှင့်အညီ ကျကျနန ပြုလုပ် ပေးရမည် ဆိုလျှင် သူတို့သည် အလိုရှိသော အကျိုး ရလဒ်ကို ရအောင် ပြုလုပ်ပေးနိုင်သည်ဟု အခိုင်အမာ ပြောဆိုလာကြပြီ ဖြစ်၏။

## ဗြာဟ္မဏများ

ဗြာဟ္မဏများသည် ထူးခြားပြီး အတွဲ များစွာ ရှိသော ကျမ်းဂန် စာပေများ ဖြစ်သည်။ မူလ အစကမူ ထိုစာပေများသည် နတ်ဆရာ၊ ဘုန်းကြီး သင်တန်းကျောင်း အသီးသီး၌ ဘုန်းကြီးလောင်းများကို သင်ကြား ပို့ချသော ပို့ချချက်များ ဖြစ်သည်။ ဘီစီ ၇၀၀ လောက်ကျမှ ထိုပို့ချချက်များကို ပထမ အကြိမ် စာဖြင့် ရေးသား၍ မှတ်တမ်း တင်ခဲ့ကြသည်။ ထို့နောက် မကြာခဏ အကြိမ်ကြိမ် စာသန့်အောင် ပြုလုပ် သုတ်သင်ခဲ့ကြလေသည်။

ထိုစာများထဲတွင် လက်တွေ့အားဖြင့် ယဇ် ပူဇော်ပွဲ ကျင်းပ ပြုလုပ်ပုံများကို အသေးစိတ် လမ်းညွှန်ချက်များ ပါရှိသည်။

ထို့ပြင် ထိုပူဇော် ပသမှု အစီအစဉ်များ၏ အတွင်းသား အဓိပ္ပာယ်များကိုလည်း ရှင်းလင်း ဖော်ပြထားသည်။ ထို့ကြောင့် ဗြာဟ္မဏများသည် ဗြာဟ္မဏ ပုဏ္ဏား သင်တန်းကျောင်း အသီးသီး၏ သင်တန်းများတွင် ဖတ်စာအုပ် အဖြစ် အသုံးပြုသော ကျမ်းစာများ ဖြစ်သည်။

ထိုကျမ်းများ၌ ဟိုတစ်နေရာ ဒီတစ်နေရာတွင် ရှိခိုး ကိုးကွယ်မှု ဆိုင်ရာ ဒဿနများကို ကွက်တိ ကွက်ကျား အရိပ်အမြွက် ဖော်ပြထားသည်ကိုလည်း တွေ့ရသည်။ စာပုဒ် အများအပြားတွင် စကားဖျင်း စကားနုပ်များ၊ စကားကြောရှည်များလည်း ထပ်တလဲလဲ ပါရှိနေတတ်သည်။ မည်သည့် စာပေထဲမှာမှ ပူဇော် ပသမှု အစီအစဉ်များကို အသေးစိတ် ညွှန်ပြထားခြင်းမျိုး မပါဝင်ပေ။

ယဇ် ပူဇော်မှု လမ်းညွှန်ချက်များနှင့် ရောနှော၍ နေသော အရာများမှာ စကြဝဠာ၏ ညီညွတ်ခြင်း သဘောကို ဖော်ပြထားသော ဖော်ပြချက်များ ပါရှိသည်။ ထိုကဲ့သို့သော ညီညွတ်မှု သဘော အယူအဆဘက်သို့ တိုးတက်လာသည်။

ဣရုဝေဒ ကျမ်းလာ နောက်ပိုင်း ဓမ္မတေး သီချင်းများတွင် စကြဝဠာ ဖန်ဆင်းရှင် သဘောတရားသည် ဘုရားတစ်ပါးတည်း ကိုးကွယ်မှု သဘောတွင် ပြေငြိမ်းမှု ရရှိသွားသည်။

ထိုဓမ္မ သီချင်းများထဲတွင် ပဇာပတိသည် သတ္တဝါတို့၏ အရှင်သခင် ဖြစ်သည်။ 'ဗြဟ္မာသွယမ္ဘူ' ခေါ် မိမိဘာသာ ပင်ကိုအားဖြင့် တည်ရှိသော အရှင် စကြဝဠာ ဖန်ဆင်းရှင် ဖြစ်လာလေသည်။

ထိုအခါ နတ်ဆရာ ဘုန်းကြီးများ အတွက် ပို၍ စဉ်းစား တွေးခေါ်စရာ ဖြစ်လာသည်။ အကယ်၍ ဝတ်ပြုဆုတောင်း ဂါထာများ၌ တည်ကိန်းသော တန်ခိုးရှိန်စော် အာနုဘော်သည် စကြဝဠာတိုက်၏ ဂြိုဟ်သွား ဂြိုဟ်လာ ဂြိုဟ်စီး ဂြိုဟ်နင်းကိုပင် ပြောင်းလဲသွားအောင် ပြုလုပ်နိုင်သည် ဆိုလျှင် နတ်နှင့် တကွ လူအပေါင်းက ခညောင်း ဦးခိုက်ရသော ထိုတန်ခိုး အာဏာသည် အန္တ တန်ခိုး သတ္တိ ထူး ဖြစ်ရပေမည်။

ထိုအချက်သည် အမှန်ပင် စကြဝဠာ၏ ဗဟိုချက် တန်ခိုး အာဏာ အမှန် ဖြစ်သလား။ သို့ဆိုလျှင် စကြဝဠာ

တစ်ခွင်လုံး၏ အနန္တ တန်ခိုးရှင်ကို ဗြဟ္မာကြီးဟု ခေါ်သင့်သလား။

ဗြာဟ္မဏ ကျမ်းများကို ရေးသားကြသူများသည် ဤသို့လျှင် အိန္ဒိယ ဒဿန ပညာ ဖြစ်ပေါ် တိုးတက်ရာ လမ်းကြောင်းကို ဖော်ဆောင်ပေးခဲ့ကြလေသည်။

### ဥပနိသျှဒ် ဒဿန [၁]

တွေးခေါ် မြော်မြင်မှု ခေတ်ကြီး တစ်ခု ဘာသာ ကိုးကွယ်မှု သမိုင်းတွင် ထွန်းကားခဲ့သော ကာလသည် ယခု စတင်ပြီ ဖြစ်၏။ ရှင်သန် နိုးကြားခြင်း ရှိသော အိန္ဒိယ ပညာရှင်များသည် အစစ်အမှန် တရား၏ သဘောကို ဒဿနပညာအရ ခိုင်ခိုင်မာမာ အဓိပ္ပာယ် ဖွင့်ဆိုနိုင်မည့် အယူအဆသစ် တစ်ခုကို လိုလားလျက် ရှိကြလေသည်။

ဘီစီ ၃၀၀ စုတွင် အဆက် ပြတ်သွားသော ရှေးကရာစု သုံးလေးခု အတွင်း ရေးသားခဲ့ကြသော စာများတွင် ထိုအယူအဆသစ်ကို ဖော်ပြခဲ့ကြလေသည်။ ထိုအယူအဆသည် ဗြာဟ္မဏ စာပေ၏ အဆွယ်အပွားများပင် ဖြစ်ကြသည်။ ထိုစာများသည် ခက်ခဲသော 'ဥပနိသျှဒ်' ခေါ်သော ကျမ်းစာများပင် ဖြစ်၏။

အိန္ဒိယ၏ ဘာသာ ကိုးကွယ်မှုကို လေ့လာရန် အတွက် အလွန် အရေးကြီးသော တွေးခေါ် မြော်မြင်ရေး အစဉ်ကြီး တစ်ခု ရှိသည်။ ဥပနိသျှဒ် ဆိုသည်မှာ ဆရာ့အနားမှာ အနီးကပ် ထိုင်၍ သင်ယူခြင်း သဘောကို ဆိုသည်။ အများအားဖြင့် အမေးအဖြေဖြင့် သင်ကြားခြင်းမျိုး ဖြစ်သည်။ ထိုသို့ နှုတ်တိုက် အာဂုံ သင်ကြားရာတွင် မှတ်မိလွယ်စေရန် အတွက် အထပ်ထပ် အခါခါ ပြောဆိုရခြင်းများ ပါသည်။ အနောက်တိုင်းသား ခေတ်လူများ အဖို့ နားကြားပြင်း ကတ်စရာ ဖြစ်နေသည်။

ထိုကျမ်းများထဲတွင် မင်းစိုးရာဇာ ခတ္တိယများ၊ လူတန်းစား အသီးသီးမှ လူများ၊ မိန်းမများပင် ပါသည်။ ထိုလူတန်းစား အသီးသီးသည် ဤသို့ ဆွေးနွေးရာတွင် ပါဝင်ကြသည်။ သူတို့သည်လည်း ဗြာဟ္မဏ ပုဏ္ဏားများလိုပင် ပါဝင် ဆွေးနွေးနိုင်ကြသည်။ တစ်ခါတစ်ရံ သူတို့ထက်ပင် ဉာဏ်ရည် သာကြသေးသည်။

ထိုအကြောင်းကြောင့် ဤဥပနိသျှဒ် ကျမ်းများသည် ဗြာဟ္မဏများ အတွက်သာ ရည်ညွှန်း ရေးသားသော ကျမ်းများ မဟုတ်ကြောင်း ပေါ်လွင်သည်။ ထို့ပြင် ထိုစာ အချို့ကို ဗြာဟ္မဏ ပုဏ္ဏား မဟုတ်သော ခတ္တိယ အချို့က ရေးသားစီကုံးခဲ့သည်ဟု ယူဆနိုင်သည်။ ထိုစာများထဲတွင် ပါဝင်သော တချို့ အမြင်များသည် သင်္ချာ ဂိုဏ်းသားများ၏ ဒွိတ္တ အမြင်များကို ထင်ဟပ်ထားကြောင်း တွေ့ရသည်။

ဤတွင် ဥပနိသျှဒ် ကျမ်းများတွင် ပါဝင်သော ကွဲပြားခြားနားသော အမြင်များ အပြည့်အစုံကို ဖော်ပြရန် မဖြစ်နိုင်ပေ။ စကြဝဠာနှင့် ပတ်သက်သော မှန်ကန်သော အမြင် အပေါ်တွင် အားလုံးက သဘောတူ လက်ခံခြင်းမျိုးလည်း မရှိပေ။

ဥပနိသျှဒ် ကျမ်းများထဲတွင် သင်္ချာ ဒဿန၏ ဒွိတ္တဝါဒ အမြင်များသာ ပထမဆုံး အနေနှင့် ပြောရေးဆိုခွင့် ရှိနေလေသည်။

သို့သော် ဥပနိသျှဒ် ကျမ်းများထဲတွင် ဧကတ္တ ဝါဒ ဘက်သို့ ရွေ့လျားနေခြင်းမျိုး ပါသည်။

ထို့ပြင် အတွေး အခေါ် ဂိုဏ်းအသီးသီးမှ အောက်ပါ မေးခွန်း ပုစ္ဆာများကို ဖြေကြားသော၊ ထင်ရှား ပေါ်လွင်သော အထင်အမြင်များကို ဥပနိသျှဒ် ကျမ်းထဲတွင် စုစည်း ဖော်ပြရန် ဖြစ်နိုင်ပေသည်။

ထိုမေးခွန်းများမှာ အမှန် တရား ဆိုတာ ဘာလဲ၊ စကြဝဠာသည် ဘာ သဘောဖြင့် ဖော်ပြနေသလဲ၊ ထို စကြဝဠာသည် အစစ် အမှန် ဖြစ်သလား၊ သို့မဟုတ် ထိုအရာသည် အပေါ်ယံ အမြင် သဘောလား၊ သို့မဟုတ် ထင်ယောင်မှားခြင်းလား၊ လူသားတို့၏ အတွေ့အကြုံ အထင်မှား ဖြစ်စေ၊ အစစ်အမှန် ဖြစ်စေသည် ဘယ်သို့ ဖြစ်ပေါ်လာသလဲ၊ လူ့ဘဝ၏ အဓိပ္ပာယ်သည် ဘာလဲ။

အခြေခံကျသော ခွဲခြမ်း စိတ်ဖြာ လေ့လာ ကြည့်ပြီးသော အခါ ဥပနိသျှဒ်များသည် အများအားဖြင့် လောကအမြင်၏ ညီညွတ်သော အမြင်ကို ရှာဖွေရန် အားထုတ်ခဲ့ကြကြောင်း တွေ့ရသည်။

အခြေခံ တွေးဆချက် တစ်ခုကိုမူ သဘောတူ ထားကြသည်။ အရာခပ်သိမ်း ရုပ် ဖြစ်စေ၊ နာမ် ဖြစ်စေ၊ လူ ဖြစ်စေ၊ တိရစ္ဆာန် ဖြစ်စေ၊ နတ် ဖြစ်စေ၊ ကောင်းကင် ဖြစ်စေ၊ မြေပြင် ဖြစ်စေ၊ ငရဲ ဖြစ်စေ အားလုံးတို့သည် တစ်ခုတည်းသော အစစ်အမှန် တရားတွင် အကျုံး ဝင်သည်။ အာရုံခံစား၍ မသိနိုင်သော အကြွင်းမဲ့ ပရမတ္တ အခြေခံ တရားသည် အနှစ်သာရအားဖြင့် အနန္တ ဖြစ်သည်။ ပင်ကိုအားဖြင့် ပြီးပြည့်စုံသည်။ ထိုအရာသည်သာ အစစ်အမှန် ဖြစ်တည်နေခြင်းလည်း ဖြစ်သည်။

၁။ The Philosoply of Upanishads

ထို အစစ်အမှန် တရားကို အများက 'ဗြဟ္မာ' ဟု ခေါ်ကြသည်။ ဗြဟ္မာကို တိတိကျကျ အဓိပ္ပာယ် ဖွင့်ဆိုရန် ကြိုးပမ်းထားခြင်း မရှိပေ။ ဖော်ပြချက်များမှာလည်း အမျိုးမျိုး အဖုံဖုံ ကွဲပြားသည်။

နောက်ပိုင်း ဥပနိသျှဒ် ကျမ်းများ ရောက်မှ ဗြဟ္မာကို နတ် ပုံသဏ္ဌာန် ပုဂ္ဂိုလ် သတ္တဝါ အသွင်ဖြင့် ဖော်ပြခဲ့ကြလေသည်။

ဤ အကြွင်းမဲ့ တန်ခိုးတော်ကို ပုဂ္ဂိုလ် အသွင်ရော ပုဂ္ဂိုလ်မဲ့ အသွင်ဖြင့်ရော ရောထွေးနေသော ဖော်ပြချက် စာပိုဒ် များစွာလည်း ပါသည်။ အခြားသော စာပိုဒ်များတွင် ပုဂ္ဂိုလ် အသွင်ဖြင့် ဖော်ပြသော အချက်များမှာလည်း အလေ့အကျင့်ကို ဖော်ပြသည့် သဘောက ပိုနေသည်။ အဆုံး မရှိဖြစ်သော ပုဂ္ဂိုလ် ဆိုသည့် သဘောကို 'လောကကို နိုးထစေသော အရှင်' ဟု ဖော်ပြထားသည်။

အမြဲတမ်း မဟုတ်စေကာမူ အများအားဖြင့်ကား ရှေးကျသော ဥပနိသျှဒ် ကျမ်းများတွင် ဗြဟ္မာကို အမြဲတမ်း ယောကျ်ားလည်း မဟုတ်၊ မိန်းမလည်း မဟုတ်သော နပုလ္လိင် အဖြစ် ဖော်ပြကြသည်။ ဗြဟ္မာမှာ ရွေ့လျားခြင်းလည်း မရှိ၊ ခံစားခြင်းလည်း မရှိ၊ ကိုယ်ဒြပ်ဖြင့် ပုဂ္ဂိုလ် အသွင် ထင်ရှားခြင်းလည်း မရှိသော ထိုအရာမှ စ၍ အခြားသော အရာ ခပ်သိမ်းတို့ ပေါက်ဖွားရာ ဌာန၊ စကြဝဠာ စတင် ဖြစ်ပေါ်ရာ ဓာတ်ဖြစ်ပြီး ထိုဓာတ်သို့သာ အရာခပ်သိမ်းတို့ ပြန်သွားကြရသော အရာ၊ ထိုတစ်ခုတည်းသော 'ကေဝလ' ပရမတ္ထ သစ္စာတရားသည် အရာ ခပ်သိမ်းတို့၏ မူလဘူတ အခြေခံ ဓာတ်ကြီးပင် ဖြစ်သည်ဟု ယူဆခဲ့ကြလေသည်။

ဤတွင် ထင်ရှားသော အချက်မှာ ဗြဟ္မာသည် ဒိဋ္ဌဓမ္မကြီးပင် ဖြစ်သည်။ ကျွန်ုပ်တို့၏ အာရုံ၌ ပေါ်လာသော ဗဟိဒ္ဓ ကမ္ဘာလောကကြီးသည် ဗြဟ္မာပင် ဖြစ်သည်။

ဆရိဟဒ္ဒ အရညက ဥပနိသျှဒ် ကျမ်းတွင် ထင်ရှား ကျော်ကြားသော ဗြာဟ္မဏ ပုဏ္ဏားကြီး ဖြစ်သော ဂါဂျဘာ လကီနှင့် ဗာရာဏသီ ဘုရင်တို့ စကား အချေအတင် ပြောဆိုကြရာတွင် ဗြဟ္မာ၏ အဓိပ္ပာယ် ဖွင့်ဆိုချက်များ ပါရှိသည်။

ဗြဟ္မာသည် နေထဲတွင် ရှိသော အမှန်တရားလည်း ဖြစ်သည်။ လထဲတွင် ရှိသော အမှန်တရားလည်း ဖြစ်သည်။ လျှပ်စစ် အလင်းရောင်ထဲ၊ အာကာသထဲ၊ လေထဲ၊ မီးထဲ၊ ရေထဲ၊ မှန်ထဲ၊ အသံထဲမှာရော တည်ရှိသော အမှန်တရား ဖြစ်သည့်ပြင် ကောင်းကင်၏ အစိတ်အပိုင်းတိုင်းတွင် လည်းကောင်း၊ အရိပ်များနှင့် ခန္ဓာကိုယ်များထဲတွင် လည်းကောင်း ရှိသော အစစ်အမှန် တရားကြီးပင် ဖြစ်သည်။

အရာ ခပ်သိမ်း သတ္တဝါ ခပ်သိမ်းတို့၏ အဆုံးစွန် ပြောင်းလဲရမည့် အဖြစ်သည် ထို ကေဝလ ပရမတ္ထ တရားကြီးပင် ဖြစ်သည်။

ဗြဟ္မာသည်ကား လောကကြီး တစ်ခုလုံးကို ဆိုသတည်း။ ဗြဟ္မာ၏ နယ်သည် ထိုမျှလောက် ကျယ်ဝန်းလှပေတော့သည်။

ဤကား အထည်ဒြပ် ရှိသော သဘောမျှကို ဖော်ပြခြင်း ဖြစ်၏။ ဗြဟ္မာ၏ တစ်စိတ်တစ်ပိုင်းမျှသာ ဖြစ်သေး၏။

ဗြဟ္မာသည် နာမ်သဘောအားဖြင့်လည်း ထင်ရှား ရှိ၏။ အဇ္ဈတ္တ လောက တစ်ခုလုံးသည်လည်း ဗြဟ္မာပင်တည်း။ ဝေဒနာလည်း ဗြဟ္မာ၊ သညာလည်း ဗြဟ္မာ၊ စေတနာလည်း ဗြဟ္မာ၊ ဝိညာဉ်လည်း ဗြဟ္မာပင် ဖြစ်သည်။ ထိုအရာ အားလုံး၏ အတ္တ သဘောကိုပင် ဗြဟ္မာဟု ဆိုရသည်။ လူ၏ ဝိညာဉ်ပိုင်း ဆိုင်ရာ ဖြစ်ရပ် အားလုံးသည် ဗြဟ္မာပင် ဖြစ်၏။

ထိုအဇ္ဈတ္တ ဗြဟ္မာ၏ သဘောကို ဖော်ပြသော ဝေါဟာရကား *အတ္တမံ* [၁] ဖြစ်၏။

ထိုစကားကိုပင် တစ်ခါတစ်ရံ၌ ရုပ်နာမ် နှစ်ပါး ထင်ရှား ဖြစ်သော ပုဂ္ဂိုလ် သတ္တဝါ၊ မြင်နိုင် ကြားနိုင် ထိတွေ့နိုင်သော ပုဂ္ဂိုလ်ကို ရည်ညွှန်းရာ၌လည်း သုံးသည်။

သို့သော် နက်နဲသော သဘောမှာ အတ္တမံသည် လူ၏ ရုပ်ခန္ဓာကိုယ်ကိုထက် စိတ်ဝိညာဉ် သဘောများ၏ အတ္တကို ရည်ညွှန်းခြင်း ဖြစ်ပေသည်။

ဥပနိသျှဒ်ကျမ်း အများစုတွင် လူပြိန်းတို့၏ အမြင်နှင့် ခြားနားသော အမြင်များကိုလည်း ဖော်ပြထားသည်။ လူ့ဝိညာဉ်သည် အကြွင်းမဲ့ သီးခြား တည်နေနိုင်သော အရာ ဖြစ်သည်ဟု ဟိန္ဒူ အများစု ယူဆသော အယူကို ဆန့်ကျင်၍ အတ္တမံနှင့် ဗြဟ္မာသည် အတူတူပင် ဖြစ်ကြောင်း ဖော်ပြထားသည်။ လူထဲ၊ တိရစ္ဆာန်ထဲ၊ ပိုးမွှား သတ္တဝါထဲ၊ ပန်းပွင့်ထဲ သို့မဟုတ် သက်ရှိ အားလုံးထဲတွင် တွေ့ရသော အတ္တမံသည် ထိုအရာများထဲ၌ ဗြဟ္မာ တည်ကိန်းနေခြင်းပင် ဖြစ်သည်။

ဗြဟ္မာသည်ကား အရာခပ်သိမ်းတို့၏ ဝိညာဉ်ပင်တည်း။

---

၁။ Atman

အမြေ လာသည်ကား 'သူသည် သင်၏ ဝိညာဉ်ပင် တည်း'။

မြေထဲ၌ လည်းကောင်း၊ ရေထဲ၌ လည်းကောင်း၊ မီးထဲ၌ လည်းကောင်း၊ ပတ်ဝန်းကျင် လေထုထဲ၌ လည်းကောင်း၊ လေထဲ၌ လည်းကောင်း၊ ကောင်းကင်၌ လည်းကောင်း၊ နေထဲ၌ လည်းကောင်း၊ သုခဘုံ၌ လည်းကောင်း၊ လထဲ၌ လည်းကောင်း၊ ကြယ်ထဲ၌ လည်းကောင်း၊ အာကာသထဲ၌ လည်းကောင်း၊ မှောင်ထုထဲ၌ လည်းကောင်း၊ အလင်းထဲ၌ လည်းကောင်း၊ အရာခပ်သိမ်းတို့ အထဲ၌ နေသော သူကား ဗြဟ္မာပင် ဖြစ်၏။ ဗြဟ္မာကား ထိုအရာခပ်သိမ်းတို့မှ အပ ဖြစ်၏။ အရာခပ်သိမ်းသည်လည်း သူ့အား မသိကြချေ။ အရာခပ်သိမ်းကို အတွင်းမှာ ကိန်း၍ ထိန်းသိမ်းအုပ်စိုးသော အရာလည်း သူပင် ဖြစ်၏။ သူကား သင်၏ ဝိညာဉ်၊ သင့်အား အတွင်းမှ အုပ်ထိန်းသူ ထာဝရ ဗြဟ္မာကြီး ဖြစ်သည်။

ထိုကဲ့သို့သော စာပိုဒ်များသည် လူနှင့် လောကကြီး၏ အစစ်အမှန် ဝိညာဉ်သည် ပရမတ္တမ် စကြဝဠာနှင့် ဆိုင်သော အတ္တမ်ပင် ဖြစ်သည် ဆိုသော ဆင်ခြင်မှုကို ဖြစ်စေသည်။

*ဆန္ဒောဂျ ဥပနိသျှဒ်* [၁] တွင် ပရမတ္တမ်နှင့် အတ္တမ် အတူတူပင် ဖြစ်ကြောင်းကို *တတ္တွံအသိ* (Tat Tvan Asi) ဟူသော ဂါထာဖြင့် ဖော်ပြထားသည်။ 'ထိုအရာသည် သင်ပင်တည်း' That art thou! ဟူလို။

တစ်နည်း ဆိုသော် အလုံးစုံသော ဝိညာဉ်တော်ကြီးသည် လူ၏ အသိဉာဏ် ဝိညာဉ်ကို ဖွဲ့စည်း ဖြစ်ပေါ်စေသော အခြေခံ အတ္တကြီးပင် ဖြစ်သည်။ ထို့ကြောင့် အဆိုပါ အလုံးစုံသော အတ္တကြီးနှင့် လူတစ်ဦးချင်း၏ ပုဂ္ဂလိက အတ္တတို့တွင် လုံးဝ ခြားနားခြင်း မရှိဟု သဘောကျသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အလုံးစုံသော ဒိဋ္ဌဓမ္မ ဖြစ်သော ဗြဟ္မံနှင့် လူပုဂ္ဂိုလ် တစ်ဦးချင်း၏ ပုဂ္ဂလ အတ္တမ်တို့သည် အတူတူပင် ဖြစ်သည်ဟု မှတ်ယူနိုင်ပေသည်။ ထို့ကြောင့် အဆုံးစွန်သော ပရမတ္ထ တရားကြီးကို *ဗြဟ္မံ အတ္တမ်* [၂] ဟုလည်း ခေါ်နိုင်သည်။

ထိုအရာကိုပင် ဒိဋ္ဌဓမ္မ အဖြစ် လည်းကောင်း၊ ပုဂ္ဂလဓမ္မ အဖြစ် လည်းကောင်း အသိအမှတ် ပြုခြင်း ဖြစ်သည်။

ဤတွေ့ရှိချက်သည် ဥပနိသျှဒ် အားလုံး၏ ယုံမှားကင်းသော တွေ့ရှိချက်ပင် ဖြစ်သည် ဟူ၍ကား မဆိုနိုင်ပေ။ တချို့ ဥပနိသျှဒ်များ၌ ထိုမျှလောက် အတိုင်းအတာအထိ မဆိုပေ။

မည်သည့် ဥပနိသျှဒ်တွင်မှ နောင်အခါ ဝေဒန္တ အယူဝါဒ ဖြစ်သော ဗြဟ္မံ အတ္တမ် တစ်ခုတည်းသာ တည်ရှိသည်။ စကြဝဠာ တစ်ခုလုံးသည် ထိုဖန်ဆင်းရှင် အလုံးစုံသော ဝိညာဉ်တော်ကြီး ကစားရာ၊ ပြုပြင်ထားရာ လုံးဝ အရိပ်အယောင် သဘောသာ ဖြစ်သည်။ ထို့ပြင် ဗြဟ္မံ အတ္တမ်ကြီးမှ ဆင့်ပွား ဆင်းသက်လာသော စကြဝဠာ အစစ်အမှန်လည်း ရှိသည် ဆိုသော အယူအဆ တစ်ခုလည်း ရှိသေးသည်။ ထိုစကြဝဠာထဲ၌ ဗြဟ္မံ အတ္တမ် တည်ကိန်းလျက်ရှိသည်။ ထိုစကြဝဠာကို ဗြဟ္မံ အတ္တမ်က အသက် သွင်းပြီး ထိုစကြဝဠာ၌ သူက ပျံ့နှံ့လျက် ရှိသည် ဆိုသော စကားသည် ပုဂ္ဂလဓိဋ္ဌာန် သဘောနှင့် ဓမ္မဓိဋ္ဌာန် သဘော နှစ်ခုအကြားတွင် တည်ရှိနေသော နီးစပ်စွာ ပေါင်းစည်း ညီညွတ်ခြင်း သဘောကိုမူ အပြည့်အဝ မဖော်ပြနိုင်ဟုလည်း ယူဆကြသည်။

*ဗရိဟာဒ် အရညက* [၃] ကမူ သက်မဲ့ အရာဝတ္ထုများနှင့် သက်ရှိ အရာဝတ္ထုများ အားလုံးသည် ဗြဟ္မံ အတ္တမ်၏ ဖန်ဆင်း၍ စတင် ပေါ်ပေါက်လာသော ဗြဟ္မံ အတ္တမ် သက်ဝင် ပျံ့နှံ့သော အရာများ ဖြစ်သည် ဆိုခြင်းသည် မုတ်ဆိတ်ရိတ် ဓားကို ဓားအိမ်ထဲမှာ ဝှက်၍ ထည့်ထားသည်နှင့် တူသည်၊ အရာခပ်သိမ်းတို့သည် အရည်အသွေးအားဖြင့် ဘာမျှ ခြားနားခြင်း မရှိတော့ဘဲ ဗြဟ္မံ အတ္တမ် အဖြစ်တွင် အတူတူပင် ဖြစ်သည်ဟု ဆိုရာကျကြောင်း ရှင်းလင်းစွာ အခိုင်အမာ ပြောဆိုထားလေသည်။

*'တတ္တွံအသိ'* ဆိုသော စကားကို ပြောသော ဥပနိသျှဒ်ထဲတွင် ထိုသဘောကို ရှင်းလင်း တင်ပြထားသော ဝတ္ထုကြောင်း တစ်ခု ပါသည်။ ဝတ္ထုကား ဤသို့ ဖြစ်၏။

> ယခုအခါ၌ သွေတကေတု အရုနေယျ ဆိုသော လူတစ်ယောက် ရှိ၏။ သူ့အား သူ့ဖခင်က ပြောသည်မှာ အဆုံးစွန်သော အနုစ်သာရကို ဆောင်သော အရာသည်ကား ဤလောက၌ ဝိညာဉ် ရှိ၏ ဆိုသော အချက်ပင် ဖြစ်၏၊ ထိုအရာသည်သာ အစစ်အမှန် တရား ဖြစ်သည်၊ ထိုအရာသည်သာ အတ္တမ် ဖြစ်သည်၊ ထိုအရာသည်ကား သစ်ပင် ဖြစ်၏၊ သွေတကေတု မှတ်လော့။
>
> သည်ထက် ပို၍ အကျွန်ုပ်အား ရှင်းလင်းစွာ နားလည်အောင် ပြုပါဦး ဖခင်။

---

၁။ Chandogya Upanishad ၂။ Brahman - Atman

၃။ Brihad - Aranyaka

အေး ကောင်းပြီ၊ ဒါဆိုလျှင် ငါ့ထံသို့ သဖန်းသီး တစ်လုံးကို ဆောင်ယူခဲ့လော့။

ကောင်းပြီ၊ သဖန်းသီး ရပါပြီ ဖခင်။

ရလျှင် ထိုသဖန်းသီးကို ခွဲလော့။

ခွဲပြီးပါပြီ ဖခင်။

ခွဲပြီးလျှင် အထဲမှာ သင် ဘာကို တွေ့ရသလဲ။

သေးငယ်သော အစေ့များကို တွေ့ရပါသည် ဖခင်။

အစေ့ တစ်စေ့ကို ခွဲလိုက်စမ်း။

ခွဲပြီးပါပြီ ဖခင်။

အထဲမှာ သင် ဘာကို တွေ့သလဲ။

ဘာမှ မတွေ့တော့ပါ ဖခင်။

ထိုအခါ ဖခင်က ဆိုသည်။

မှန်ပေစွ ငါ့သား၊ ထိုအဆုံးစွန်သော အနုစ်သာရ သဘောကိုကား သင်သည် မြင်နိုင်စွမ်း မရှိတော့ပေ၊ ဧကန် အမှန်ပင် ထို ဘာမျှ မရှိဟု သင် မြင်သော သဖန်းစေ့မှပင် ဤသဖန်းပင်ကြီးသည် ပေါက်ရောက် လာရပေသည်၊ ငါ့ကို ယုံပါလော့၊ ထိုအဆုံးစွန်သော အနုစ်သာရ သဘောမှပင် ဤစကြဝဠာ လောကကြီး တစ်ခုလုံး ဖြစ်ပေါ် လာရပေသည်၊ ထို အနုစ်သာရ သဘောသည်ပင် ဤ လောက၏ ဝိညာဉ် ဖြစ်တော့ သည်၊ ထိုအရာသည်ကား အစစ်အမှန် တရားတည်း၊ ထိုအရာသည်ပင် အတ္တမံတည်း၊ ထိုအရာသည်ပင် သင် ဖြစ်သည်၊ သွေတကေတု မှတ်ပါလော့။

ဥပနိသျှဒ် တွေးခေါ်ရှင်များကား ထိုနေရာ၌လည်း မရပ်သေး။ သူတို့သည် သူတို့၏ ဒဿန အမြင်ကို နက်နဲ သော ဂမ္ဘီရ အမြင် အဖြစ်သို့ ရောက်အောင် တစ်ဆင့် တက်လှမ်းခဲ့ပေသေးသည်။ ထိုအဆင့်ကို သူတို့က *နိဗ္ဗာန်သို့ ဝင်ခြင်း* [၁] ဟု ခေါ်ကြလေသည်။

ဤ အဆင့်သည် လူသား၏ ဝိညာဉ်သည် သူနှင့် ဗြဟ္မာနှင့် ထပ်တူထပ်မျှ ဖြစ်ကြောင်းကို သိမြင်သောအခါ ထိုဝိညာဉ်သည် နိဗ္ဗာန်သို့ သက်ဝင်နိုင်ပြီး အမတသုခ ချမ်းသာကို ရပြီ ဟူ၍ ဖြစ်၏။ ရှေးကျသော ဟိန္ဒူဝါဒ၌ လူသားသည် သူ့ကိုယ်သူ ဗြဟ္မာနှင့် ထပ်တူ ဖြစ်အောင် ကျင့်ကြံ အားထုတ်နိုင်လျှင် နိဗ္ဗာန်ကို ရသည်ဟု ဆိုခြင်း ဖြစ်သည်။

ထိုကဲ့သို့ နိဗ္ဗာန်သို့ ရောက်ရန်မှာ မကျင့်ဘဲ အား မထုတ်ဘဲ မရနိုင် ဆိုသော အချက်ကို ဥပနိသျှဒ်များကို ရေးသားခဲ့ကြသော ပုဂ္ဂိုလ်များ အားလုံးကပင် သိမြင်ကြ ပေသည်။ မိမိကိုယ်ကို ဗြဟ္မာ၌ နစ်မြော သွားအောင် (ရျာန် ၌ မြော သွားအောင်) ကျင့်ကြံ ပွားများ အားထုတ်မှသာ နိဗ္ဗာန်ကို ရသည် ဟူလို။

ဤကား သမထ ကျင့်စဉ် ဖြစ်၏။ မိမိကိုယ်ကို ဗြဟ္မာ အဖြစ် တည်နိုင်အောင် ကျင့်သော ယောဂီသည် ဆိတ်ငြိမ်ရာ အရပ်၌ စိတ်ကို ငြိမ်သက်စွာ တည်နေစေရန် ကမ္မဋ္ဌာန်း ဘာဝနာကို အားထုတ်ရသည်။ သိအောင်သာ အားထုတ်ရ သည်။ တွေးတော ကြံစည်ခြင်း မပြုရ။ ထိုသို့ ကျင့်သော အခါ သူနှင့် သူ့ အာရုံ၌ ထိတွေ့ သိမြင်လာရသော လောကသည် အခြေခံ တစ်ခုထဲက ဖြစ်သော သဘောချင်း တူသော အရာများသာ ဖြစ်ကြောင်း သိအောင် ရှုရသည်။

သူနှင့် သူ့အနီးက သစ်ပင်သည် ကွဲပြားခြင်း မရှိ၊ တစ်ခုတည်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထို အရာ နှစ်ခုလုံးသည် တစ်ခုတည်းသော အစစ်အမှန် တရား ကြီး၏ ဘက်နှစ်ဖက်သာ ဖြစ်သောကြောင့် ဖြစ်သည်။

အချုပ်ကို ဆိုရသော် မိမိနှင့် တကွသော သက်ရှိ သက်မဲ့ အရာအားလုံးတို့သည် ဗြဟ္မ အတ္တမံ ဖြစ်၍ အခြား မရှိပေ။ ထိုသို့သော ညီညွတ်သော သဘောသည် အမှန်ပင် ဖြစ်ကြောင်း စိတ်ချ ယုံကြည်မှု သူ့ကိုယ်မှာ ဖြစ်လာသော အခါ သူသည် သိစိတ် အဆင့်မှာ မရှိတော့ဘဲ ရျာန်၌ မြော သွားသော အဆင့်သို့ ရောက်သွားပေပြီ။

ထိုအခြေအနေကို ဥပမာဖြင့် ဖော်ပြရန် နောက်ပိုင်း ကျသော ဥပနိသျှဒ် တွေးခေါ်ရှင်များက စိတ်မှာ အဆင့် သုံးဆင့် ရှိကြောင်း၊ ထိုအဆင့် သုံးဆင့်ကို ဤသို့ နှိုင်း ယှဉ်၍ သိအပ်ကြောင်းကို ထုတ်ဖော် ကြေညာ ခဲ့ကြလေ သည်။

နိုးကြားနေသော စိတ် အဆင့်၊ အိပ်ပျော်၍ အိပ်မက် မက်နေသော စိတ် အဆင့်နှင့် လုံးဝ အိပ်မောကျပြီး အိပ် မက် မမက်တော့သော စိတ် အဆင့် ဟူ၍ ဖြစ်လေသည်။ သစ္စာတရားနှင့် အမှန်တရားကို သိသော အတွေ့အကြုံ၏ သဘော အနေအားဖြင့် အဆိုပါ စိတ် အဆင့် သုံးဆင့်စလုံး ပင် မပြည့်စုံပေ။ အမှား မကင်းပေ။ အထူးသဖြင့် ပထမ အဆင့် နှစ်ဆင့်သည် အမှားမှား အယွင်းယွင်း ဖြစ်တတ် သည်။

အဘယ်ကြောင့်ဆိုသော် ထိုအဆင့် နှစ်ဆင့်တွင် ဒွိတ္တ သဘော ဖြစ်သော ကတ္တားနှင့် ကံ၊ အတ္တနှင့် အတ္တ မဟုတ် သော သဘောကွဲမှုများက ခုခံနေတတ်ပေသည်။ အိပ်မက်မဲ့ အိပ်မောကျခြင်း၌သာ ပြုသူနှင့် အပြုခံ သဘော ကွဲမှု မရှိ

---

၁။ Entering Nirvana

တော့ဘဲ မိမိနှင့် ဗြဟ္မာတို့၏ နီးစပ်စွာ ပေါင်းစည်းသွားမှု သဘောသို့ ရောက်သွားနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ ဈာန် သမာပတ် အဆင့်သို့ ရောက်သွားသော အခါ အပြင်သိစိတ် ကင်းချုပ်သွားပြီး ထိုအဆင့်တွင် ကံ အပြုခံနှင့် ကတ္တား ပြုသူတို့၏ ကွဲပြား ခြားနားမှုလည်း မထင်ရှားတော့သောကြောင့် ဖြစ်ပေသည်။

သို့ရာတွင် ဤ အဆင့်မှာပင် မှောက်မှားနိုင်ပေသေးသည်။ အကြောင်းမူကား ဤအဆင့်တွင် ပြောင်းပြန် ဆန့်ကျင်ဘက် ဖြစ်သော သဘောနှင့် အဓိပ္ပာယ်နှင့် တန်ဖိုးများ ပျောက်ဆုံးနေခြင်း သဘော ရှိနေခြင်းကြောင့် ဖြစ်၏။

ဗြဟ္မာနှင့် အမှန်တကယ် ပေါင်းစည်း ညီညွတ်ခြင်း သဘော၊ *(တုရိယ သို့မဟုတ် စတာထ ¹)* သည် စိတ်၏ အမြင့်ဆုံး အဆင့်ဖြစ်သည်ဟု ယူဆကြသည်။

အကြောင်းမှာ ထိုအဆင့်တွင် စိတ်သည် လုံးဝ သန့်စင်နေသောကြောင့် ဖြစ်သည်။ (စိတ္တဝိသုဒ္ဓိ အဆင့် ဖြစ်သည်။)

အိန္ဒိယ နိုင်ငံမှ ခေတ်သစ် ဒိဿနိကဆရာ တစ်ဦးကမူ ဤ စိတ္တဝိသုဒ္ဓိ အဆင့်ကို အဇ္ဈတ္တနှင့် ဗဟိဒ္ဓ မကွဲပြားသော စိတ်၏ ထိုးထွင်း သိမြင်သော ဉာဏ် အဆင့် ဖြစ်သည်ဟု ဆိုသည်။

*မန္ဒုက္ကျ ဥပနိသျှဒ် ²* ထဲတွင် ထိုအဆင့်ကို အဓိပ္ပာယ် သတ်မှတ်ပေးထားသော စိတ်ဝင်စားဖွယ်ရာ အချက် တစ်ချက် ပါဝင်သည်။

> စတုတ္ထ အဆင့် (စတုတ္ထ ဈာန်) သည် ကတ္တားသဘော အရသော် လည်းကောင်း၊ ကံ သဘော အရသော် လည်းကောင်း၊ အာရုံသိ ဝိညာဉ်သိဖြင့် သိအပ်သော အရာ မဟုတ်၊ နှစ်မျိုးစလုံးဖြင့် သိအပ်သော အရာလည်း မဟုတ်၊ သာမန် ဝိညာဉ်သိ ရှီးရှီးမျှလည်း မဟုတ်၊ အာရုံ ခံစား၍ သိမြင်အပ်သော အလုံးစုံသော ထုဒြပ်မျိုးလည်း မဟုတ်၊ အလုံးစုံသော အမှောင်ထုလည်း မဟုတ်။ ဤအရာကား မြင်အပ်သော အရာ မဟုတ်။ အာရုံနာမ်ကို လွန်မြောက်သော သဘော ရှိ၏။ အတ္တဝိညာဉ်၏ တစ်ခုတည်းသော အနှစ်သာရ ဖြစ်၏။ လောကကြီး၏ ပြည့်စုံခြင်း ဖြစ်၏။

ဗြဟ္မာနှင့် ပေါင်းစည်းမိသော တုရိယ အဆင့်တွင် လောကနှင့် မိမိ အတ္တသည် အိပ်မက်ကင်းသော အိပ်မောကျခြင်းမှာကဲ့သို့ မေ့ပျောက်ပစ်၍ ရသော အရာများ မဟုတ်တော့ပေ။ မိမိ အတ္တနှင့် လောက နှစ်ခုစလုံးတို့ကို ၎င်းတို့၏ စင်ကြယ်သော အနှစ်သာရ သဘော၌ အတူတကွ မြင်ရသည်။ ထင်ယောင် ထင်မှား ဖြစ်မှုများ၊ အမြင် လွဲမှားမှုများ အားလုံး ကင်းစင်ပြီးလျှင် မိမိအတ္တနှင့် လောကကို တပေါင်းတစည်းတည်းအားဖြင့် ဗြဟ္မ အတ္တမံ အဖြစ်ဖြင့်သာ သိနားလည်ရသည်။

ဤခေတ်ကာလ အတွင်း၌ တဖြည်းဖြည်း ဖြစ်ထွန်းလာသော အယူအဆ တစ်ခုကမူ ကာလ အပိုင်းအခြားအားဖြင့် အားလုံးသော ဝိညာဉ်များနှင့် ကမ္ဘာ လောကကြီး တစ်ခုလုံးသည် ဗြဟ္မာ၌ တည်သည် ဆိုသော အယူကို ပယ်ဖျက်ခဲ့လေသည်။

ဤအယူဝါဒသည် ထင်ရှား ကျော်ကြားသော ကမ္ဘာကြီး ပျက်လိုက်၊ ပြန်၍ တည်လိုက် ဖြစ်သော သံသရာ လည်ခြင်းကို ပြသော အယူဝါဒ ဖြစ်သည်။

ဤအယူဝါဒ အရ ကမ္ဘာကြီးသည် ကပ် တစ်ခု၏ အဆုံးတွင် ပျောက်ပျက်သွားမည်။ ထိုအခါ ကမ္ဘာ လောကကြီး အတွင်း၌ တည်ရှိကြကုန်သော ဝိညာဉ် အပေါင်းတို့သည် ၎င်းတို့ မှီလျက်ရှိသော ခန္ဓာကိုယ်မှ ခွာထွက်ကြပြီးလျှင် ဝိညာဉ်ချည်းသက်သက် တည်နေကြသည်။

ကမ္ဘာ ပျက်သုဉ်းပြီးနောက် ပရာလယဟု ခေါ်သော သုည ကမ္ဘာကို ကျော်လွန်သော အခါ ကမ္ဘာကြီး ပြန်၍ တည်လာသည်။ ထိုအခါ ကြာမြင့်စွာ ဆိတ်ငြိမ်၍ နေခဲ့သော ဝိညာဉ်များသည် ဟင်းသီးဟင်းရွက်များ၌ လည်းကောင်း၊ တိရစ္ဆာန်များ၌ လည်းကောင်း၊ လူများ နတ်များ အသုရာများ၌ လည်းကောင်း ခန္ဓာသစ်ကို ယူလာကြသည်။ ထိုအခါ ဇာတ်များလည်း ပြန်လည် ဖြစ်ပေါ် လာကြပေဦးမည်။ ဝေဒ ကျမ်းများကိုလည်း ပြန်လည် စီကုံးကြပေဦးမည်။ နောက် ကပ် တစ်ကပ်သည် ဆက်လက်၍ ကြာမြင့်စွာ တည်ရှိနေဦးမည်။ သမိုင်းသည် ထပ်ပြန်တလဲလဲ ဖြစ်မြဲ အတိုင်း ဖြစ်ရပေဦးအံ့။

အထက်ပါ အယူအဆများ၌ နောင်အခါ စဉ်းစား တွေးခေါ်စရာ အချက်အလက် များစွာ ပါဝင်နေပေသည်။

ဤ မှန်းဆ တွေးခေါ်မှု ပထမ အသီးမှ စ၍ ဟိန္ဒူ အယူ ဝါဒတွင် ဂိုဏ်းကြီး ခြောက်ဂိုဏ်း ပေါ်ပေါက်ရန် အကြောင်း ခံလာခဲ့ပေသည်။

အိန္ဒိယ လူမျိုးတို့၏ စိတ်သည် သမုဒ္ဒရာ ရေနက်ပိုင်းသို့ စွန့်စား ထွက်ခွာခဲ့လေပြီ။

---

၁။ Turiya or Caturtha

၂။ Mandukya Upanishad

## ပထမဆုံး အိန္ဒိယ အတွေးအခေါ်တွင် ပေါ်ပေါက်လာသော ပြန်လည် ပဋိသန္ဓေ နေခြင်းနှင့် ကမ္မ သဘောတရား

ဤခေတ်ကာလ အတွင်းမှာပင် အင်ဒို အာရိယန် အတွေး အခေါ်ကို အရောက်ဆုံးသော အယူအဆ နှစ်ရပ် ပေါ်ပေါက် လာခဲ့လေသည်။ ထိုအယူအဆများကို ထိုခေတ်က လူသား များ လက်ခံခဲ့ကြပြီးနောက် နောက်ပိုင်းတွင်လည်း ထို အယူအဆ နှစ်ရပ်သည် အိန္ဒိယ လူမျိုးများ၏ လောက အမြင်တွင် အမြဲတမ်း တည်ရှိသော အယူအဆ နှစ်ရပ် ဖြစ်သွားခဲ့လေသည်။

အယူအဆ တစ်ခုမှာ ဝိညာဉ်၏ ဘဝ ကူးပြောင်း၍ ကျင်လည်ခြင်း ဖြစ်သည်။ (အိန္ဒိယ လူမျိုးများက *သံသရာ* ဟု ခေါ်သည်။)

အိန္ဒိယ လူမျိုးများ၏ ထူးခြားသော အတွေး အခေါ် တစ်ခု ဖြစ်သည်။ ဤအယူအဆသည် အင်ဒို အာရိယန် များ လက်ထက်ကမှ ဤသို့ ဖြစ်၏။ လူတစ်ဦး သေလွန် သော အခါ သူ၏ ဝိညာဉ်သည် ဗြဟ္မာနှင့် ပေါင်းစည်းသွား သော အဆင့်သို့ ရောက်ရှိသွားသော သူမှအပ ကျန်လူများ အားလုံး၏ ဝိညာဉ်သည် (နိဗ္ဗာန်ကိုလည်း မရောက်၊ ငရဲသို့လည်း မကျရောက်) ထိုသူ၏ ဝိညာဉ်သည် နောက်ဘဝ တစ်ခု၌ ပဋိသန္ဓေ နေ၍ ပြန်လည် မွေးဖွားရပြန်သည်ဟု ယူဆကြလေသည်။ သံသရာမှ ကျွတ်လွတ်ခြင်း မရှိသေး သမျှ ကာလပတ်လုံး သတ္တဝါတို့၏ ဝိညာဉ်သည် တစ်ဘဝမှ တစ်ဘဝသို့ ဇာတိ ပဋိသန္ဓေ နေ၍ ဘဝ ကူးပြောင်း ကျင် လည် နေရသည်။

ထိုကဲ့သို့ ဘဝ ကူးပြောင်း ကျင်လည်ရာမှာလည်း ဘုံ ဘဝ တစ်ခုတည်း၌သာ ကျင်လည်ရသည် မဟုတ်။ သုဂတိ ဘုံမှာလည်း အခိုက်အတန့် နေရသည်။ ထိုမှတစ်ဖန် သေ လွန်ပြန်က ဒုဂ္ဂတိဘုံသို့လည်း ရောက်ရပြန်သည်။ ဘုံဘဝ က မမြဲပေ။ မြင့်သော ဘုံဘဝသို့လည်း ရောက်ရသည်။ နိမ့် ကျသော ဘုံဘဝသို့လည်း ရောက်ရသည်။ ယခု ဘဝတွင် ဇာတ်နိမ့်သော ဘဝ၌ ဖြစ်ရသော လူသား တစ်ယောက်သည် နောင်ဘဝတွင် အဆင့်အတန်း မြင့်သော ရာဇာ သို့မဟုတ် ဗြဟ္မဏ ပုဏ္ဏားမျိုး၌လည်း ဖြစ်နိုင်သည်။ သို့မဟုတ်ပါက အဟိတ် တိရစ္ဆာန် နွားချေးပိုး၊ ဟင်းရွက်ပိုးမျိုး၌လည်း ဖြစ် နိုင်သည်။ သို့မဟုတ် ငရဲသို့လည်း ကျရောက်သွားနိုင်သည်။

ဤကဲ့သို့ နောက် ဘဝ နောက် ခန္ဓာမှာ ပဋိသန္ဓေ တည်နေရခြင်းကို မည်သည့် အချက်က အဆုံးအဖြတ် ပေး သနည်း။ သုဂတိဘုံသို့ ရောက်စေနိုင်သော အကြောင်း၊ ဒုဂ္ဂတိဘုံသို့ ကျရောက်စေသော အကြောင်းသည် အဘယ် အကြောင်း ဖြစ်သနည်း။

ဒုတိယ ဝါဒသစ်လည်း ဖြစ်၍ အိန္ဒိယ အတွေးအခေါ် ၏ ထူးခြားသော အတွေးအခေါ်လည်း ဖြစ်သော အယူ အဆသစ်မှာ သတ္တဝါတို့၏ အနာဂတ် ဘဝသစ်၌ ပဋိသန္ဓေ နေရခြင်း၏ အကောင်းအဆိုး ဖြစ်မှုကို *ကမ္မ နိယာမ* [၁] က အဆုံးအဖြတ် ပေးသည် ဟူသော အတွေးအခေါ်ပင် ဖြစ် ၏။ (ကမ္မ ဆိုသည်မှာ အပြုအမူ၊ အလုပ်ကို ဆိုလိုသည်။) ဤ နိယာမ အရ လူတစ်ဦး၏ ကာယကံ၊ ဝစီကံ၊ မနောကံ ဖြင့် ပြုသော ကုသိုလ်၊ အကုသိုလ်၏ အဖို့ဘာဂသည် ထို သူ၏ နောက်သို့ အကျိုးဆက် အဖြစ် အစဉ် လိုက်၍ ထို သူ၏ အနာဂတ်၌ ဖြစ်သော ဘဝ ပဋိသန္ဓေကို အဆုံးအဖြတ် ပေးသည်။

ဤအရေးပါသော ကမ္မ နိယာမနှင့် စပ်သော ပထမ ဆုံးသော ဖော်ပြချက်မှာ ရှင်းသည်။ 'ကောင်းသော အမှုကို ပြုသောသူအား ကောင်းသော အကျိုး စီးပွားသည် မုချ ဖြစ် လတ္တံ့' ဟူ၏။

ဆန္ဒောဂျ ဥပနိသျှဒ်တွင်လည်း 'ကောင်းသော ကုသိုလ် အမှုကို ပြုသောသူတို့ကား ကောင်းသော အမိဝမ်း၌ ပဋိ သန္ဓေ နေရအံ့၊ ဗြဟ္မဏ ပုဏ္ဏား ဝမ်း၌ လည်းကောင်း၊ ခတ္တိယ ဝမ်း၌ လည်းကောင်း၊ ဝေဿ ဝမ်း၌ လည်းကောင်း ပဋိသန္ဓေ နေကြရမည် ဖြစ်၏။ သို့သော် ယခု ဘဝ၌ ပုပ်စပ် နံစော်သော အမှုကို ပြုသော သူတို့မှာကား ခွေး၏ ဝမ်း၌ လည်းကောင်း၊ ဝက်၏ ဝမ်း၌ လည်းကောင်း၊ သို့မဟုတ် ဇာတ် နိမ့်သူများ၏ ဝမ်း၌ လည်းကောင်း ဖြစ်ရန်သာ အကြောင်း ရှိပေသည်' ဟု ဆိုလေသည်။

ဤနေရာ၌ ကမ္မ နိယာမကို ဖော်ပြထားပုံမှာ နောင် အခါ ဖြစ်ပေါ်လာသော အယူအဆများနှင့် စာသော် သင့်ရုံမျှ မယုတ်မလွန် ဆိုထားခြင်း ဖြစ်သည်။ ကမ္မ နိယာမသည် ရှေးမဆွက ကြို၍ ဖြစ်သော အကြောင်း ဆိုသည့် သဘော အထိ မသက်ရောက်သေးပေ။ သေခါနီး၌ ကောင်းသော အကျင့်သီလ ရှိသော သူသည် ဤဘဝမှ သေလွန်သော် နောင်ဘဝ၌ ကောင်းသော အကျိုးကို ခံစားရသည်။ သုဂတိ ဘဝကို ရသည်။ သေခါနီး၌ ယုတ်သော အကျင့် ရှိသော သူသည် သေလျှင် ယုတ်ညံ့သော ဘဝ၌ ဇာတိ ပဋိသန္ဓေ ရပြီး ပြန်လည် မွေးဖွားရသည် ဆိုသည့် သဘောလောက် သာ ရှိသေးသည်။

---

[၁] Law of Karma

ကမ္မနိယာမသည် တဖြည်းဖြည်းနှင့် ဤအယူအဆ ထက် ပို၍ ပြင်းထန်လာသည်။ ကမ္မ နိယာမ အရ လူ တစ်ဦးသည် သူ့ဘဝ တစ်လျှောက်လုံးတွင် ပြုပြုသမျှသော ကာယကံ၊ ဝစီကံ၊ မနောကံ အားလုံး၏ ကောင်းကျိုး ဆိုး ပြစ် အားလုံး၏ ဝိပါက အကျိုးကို တစ်စု တစ်ပေါင်းတည်း ခံစားရ၊ စံစားရသည်ဟု ယူဆလာကြသည်။ သူ့ဘဝ တစ် လျှောက်လုံး၌ ပြုခဲ့သမျှ ကုသိုလ်ကံ၊ အကုသိုလ်ကံ အစု အပေါင်းသည် သူ၏ ဝိပါက ဝဋ်ဖြစ်လာသည်။ ကံမြောက် သော အမှု တစ်ခု၏ အကျိုးဆက်ကား မလွဲမသွေ ခံရမည့် ကိစ္စ ဖြစ်သည်။

ထိုကံသတ္တိသည် ယခု ဘဝမှာ အကျိုး မပေးသေး လျှင် နောင်လာမည့် ဘဝ အဆက်ဆက်တွင် တစ်ချိန်ချိန်၌ အကျိုး ပေးမည် မုချ ဖြစ်သည်။ ဝိပါက ဝဋ်က လွတ်ရိုး ထုံးစံ မရှိချေ။

ဤ အမြင်ကို အနောက်တိုင်းသားများက အစွန်း ရောက်သော အမြင် ဖြစ်သည်ဟု ယူဆကြသည်။ ဟိန္ဒူ ဘာသာဝင်များကတော့ ကမ္မ နိယာမကို သူတို့ ပြောသ လောက် မပြင်းထန်ပါ။ ဤနိယာမသည် ကိုယ် စိုက်ပျိုး ထားသည်ကို ကိုယ် ရိတ်သိမ်းရသည့် သဘောမျှသာ ဖြစ် သည်ဟု ယူဆ ထားတတ်ကြလေသည်။

ကမ္မ နိယာမကို နောက် ဥပမာ တစ်ခုဖြင့်လည်း တင်စား ပြောတတ်ကြသည်။ အကြင်သူ ပြုသော ကံသည် သူ၏ အကျင့် စရိုက်ကိုသာမက သူ၏ ဝိညာဉ်ကိုလည်း ပုံပန်းသဏ္ဌာန် ပေါ်အောင် ပြုပြင် စီမံသည်။ ထိုသို့ တိကျ သော ပုံပန်းသဏ္ဌာန် ရှိပြီးသား ဝိညာဉ်သည် နောက် တစ် ဖန် ခန္ဓာသစ်၌ ပဋိသန္ဓေ ယူသော အခါ သူနှင့် အံဝင် ခွင်ကျ ဖြစ်မည့် ခန္ဓာ၌သာ ပြန်လည် ဝင်ရောက်မည် ဖြစ် သည်ဟုလည်း ဆိုကြသည်။

မည်သည့် အယူအဆပင် ဖြစ်စေ ထို အယူအဆ၌ ကမ္မ နိယာမကို သဘာဝ နိယာမ တစ်ခုလို သဘော ထား ကြောင်းကား ထင်ရှားသည်။

ဤ ဖြစ်စဉ်သည် ပုဂ္ဂိုလ်၏ အလိုသို့ မလိုက်သော ဖြစ်စဉ်သာ ဖြစ်သည်။

ကမ္မ နိယာမ အရ တရား စီရင်မည့် ပုဂ္ဂိုလ်လည်း မရှိ၊ တရား စီရင်ခြင်းလည်း မရှိချေ။

ထို့ကြောင့် အပြစ် ပေးခြင်း သဘောလည်း မရှိ၊ ဆုံးမခြင်း နောင်တ ရခြင်း သဘောလည်း မရှိ၊ ဘုရား သခင်က အပြစ်ကို လွတ်ငြိမ်း ချမ်းသာခွင့် ပေးခြင်း သဘော လည်း မရှိပေ။

ဤသဘောကား ဤ စကြဝဠာ လောကကြီးထဲ၌ ထာဝရ တည်ရှိသော၊ အသနားခံ တောင်းပန်၍ အပြစ်မှ ချမ်းသာခွင့် မရသော ကြောင်းကျိုးတရားပင် ဖြစ်ပေတော့ သည်။

နောက်ပိုင်းသို့ ရောက်လာသော အခါ ဝဋ်ကြွေး ဟူက တိတိကျကျ ဆပ်ရသည့် သဘောကို တွက်ဆလာကြသည်။

ထိုသဘောကို အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။

ကာယကံဖြင့် ကျူးလွန်သော အပြစ် ဒုစရိုက်၏ အကျိုးဆက် အဖြစ် လူတစ်ဦးသည် နောင်ဘဝတွင် သက်မဲ့ ဝတ္ထုပစ္စည်း အဖြစ်သို့ ရောက်ရသည်။

ဝစီကံဖြင့် ကျူးလွန်သော အပြစ် ဒုစရိုက် အကျိုး ဆက် အဖြစ် ထိုသူသည် နောင်ဘဝ၌ ငှက် အဖြစ် ပြန်လည် မွေးဖွားရသည်။

မနောကံဖြင့် ကျူးလွန်သော ပြစ်မှု၊ ဒုစရိုက် အကျိုးဆက်ကား ထိုသူသည် ဇာတ်နိမ့်သော လူ အဖြစ် ၌ ပြန်လည် မွေးဖွားရသည်။ .... ဘဝ တစ်လျှောက် လုံး၌ သေစေတတ်သော (ပါဏာတိပါတကံ) ကို ကျူး လွန်သော သူသည် နှစ်ပေါင်းများစွာ ငရဲ၌ အပြစ် ကျ ခံပြီးနောက် ငရဲမှ ကျွတ်လွတ်လာသော အခါ၌လည်း အောက်ပါ အတိုင်း ပဋိသန္ဓေ အကျိုးကို ရပြန်သည်။

ဗြာဟ္မဏ ပုဏ္ဏားများ၏ အသက်ကို သတ်ဖြတ်သူ သည် ငရဲခံပြီး နောက်တွင် ခွေး အဖြစ်၊ ဝက် အဖြစ်၊ မြည်း အဖြစ်၊ ကုလားအုတ် အဖြစ်၊ နွားမ အဖြစ်၊ ဆိတ် အဖြစ်၊ သိုး အဖြစ်၊ သမင် အဖြစ်၊ ငှက် အဖြစ် စသည် အဟိတ် တိရစ္ဆာန်မျိုး၌ ဖြစ်ရသည်။ ဗြာဟ္မဏ ပုဏ္ဏား၏ ရွှေကို ခိုးယူသော သူသည် အကြိမ် တစ်ထောင်မျှ မကသော ဘဝတို့၌ ပင့်ကူ အဖြစ်၊ မြွေ အဖြစ်၊ ပုတ်သင် အဖြစ် စသည်တို့၌ ဖြစ်ရသည်။ သူတစ်ပါးအား ညှဉ်းဆဲခြင်း၌ ဝမ်းမြောက်သော သူသည် နောင်ဘဝ၌ အသားစား သားရဲ တိရစ္ဆာန် သတ္တဝါများ ဖြစ်ရသည်။ တားမြစ်ထားသော အသား များကို စားသော သူတို့မှာ သူခိုးများ လည်းကောင်း၊ အမျိုးတူ သတ္တဝါချင်း စားသော သတ္တဝါမျိုး၌ လည်း ကောင်း ဖြစ်ကြရသည်။ ကောက်နှံစပါးကို ခိုးသော အမှု အတွက်ကား နောင်ဘဝ၌ ကြွက် ဖြစ်ရသည်။ မြင်းကို ခိုးသော သူသည် နောင်ဘဝ၌ ကျား ဖြစ်ရ သည်။ သစ်သီး သစ်ဥကို ခိုးခြင်းသည် နောင်ဘဝ၌ မျောက် အဖြစ်ကို ရသည်။ မိန်းမကို ခိုးခြင်းကား

နောင်ဘဝ၌ ဝက်ဝံ အဖြစ်ကို ရစေသည်။ ကျွဲနွားကို ခိုးခြင်း အပြစ်ကား နောင်ဘဝ၌ ထိုသူသည် ဆိတ်သိုး ဖြစ်ရသည် ဆို၏။

ဤကဲ့သို့ အပြစ် ဒုစရိုက်မျိုးကို ကျူးလွန်ခြင်းအား တားမြစ်သည့် သဘောဖြင့် ဖော်ပြထားသော ဖော်ပြချက်ကို မေထရီ ဥပနိသျှဒ်တွင်လည်း တွေ့ရသည်။

'ဤ သံသရာ၌ အဖန် တလဲလဲ ကျင်လည်ကြရာတွင် ကိလေသာကို ခံစားခြင်း အကျိုးကား အဘယ်နည်း ဆိုလျှင် ဤကမ္ဘာပေါ်သို့ အဖန်တလဲလဲ ပြန်လာရခြင်းပင် ဖြစ်၏။ အကျွန်ုပ်အား ကျွတ်လွတ်ခွင့်ကို သနားပါလော့။ ဤသံသရာ၌ ကျင်လည်ရခြင်းသည် အကျွန်ုပ်အား ရေမရှိသော တွင်းထဲ၌ နေရသော ဖားနှင့် အလားသဏ္ဍာန် တူလှပါသည်'

ဤတွင် ကမ္မ နိယာမမှ ကျွတ်လို လွတ်လိုသော စိတ်က ချမ်းသာမှုကို အထင်အရှား ဖော်ပြ ထားလေသည်။ ကိလေသာ ခံစားခြင်း၊ လိုချင် တပ်မက်မှုများကို အာရုံ ခံစားတတ်သော လူသားက ခံစားခြင်းကိုပင် အနာဂတ်၌ အကျိုးဆက် ဝိပါက် အဖြစ် ခံစားရမည့် ကံကို ပြုသည့် သဘောဖြင့် ဆင်ခြင် စဉ်းစားနေပြီ ဖြစ်ပါသည်။

ဤ အတွေးအခေါ်နှင့် လျော်စွာ ဇာတ် စနစ်သည် အံဝင်ခွင်ကျ ပေါ်ပေါက်လာရပေသည်။

### ဘာသာ အယူသန်မှုတွင် ဇာတ်၏ နေရာ

ဘီစီ ၅၀၀ တန်းသို့ ဝင်ရောက်လာသော ခေတ် အတွင်း၌ ဟိန္ဒူ လူမှုရေး ဘဝတွင် အလွန် ပီပြင် ထင်ရှားသော ဇာတ်စနစ်သည် တဖြည်းဖြည်းနှင့် နောက်ဆုံး အဆင့်သို့ ရောက်ရှိ ခိုင်မြဲနေလေပြီ။

ယခုအခါ လူမှု အဆင့်အတန်းမှာ အောက်ပါ အတိုင်း ပြောင်းလဲသွားပြီ ဖြစ်သည်။ ပထမတန်းစားမှာ ဗြာဟ္မဏများ ဖြစ်သွားပြီ။ ဒုတိယတန်းသို့ ခတ္တိယများ ရောက်ရှိသွားသည်။ ခတ္တိယ အောက်တွင် ဝေသ ခေါ် ကုန်သည် လယ်လုပ်များ ရောက်ရှိသည်။ အောက်ဆုံးတွင်ကား သုဒ္ဒ ခေါ် ကျေးကျွန် လူတန်းစားများ ဖြစ်သည်။

ဇာတ် စနစ်၏ အပတွင်ကား မဆက်စပ်ကောင်းဟု ယူဆသော ဇာတ်နိမ့်များ ဖြစ်သည်။ ဇာတ်နိမ့်များထဲတွင် အညံ့ဆုံး အဖျင်းဆုံးသော အရာများ ပါဝင်သည်။ မသန့်ရှင်းသော၊ ယုတ်ညံ့သော၊ လူ့ အဆင့်အတန်း ရှိသော ဘဝသို့ ဘယ်တော့မှ မရောက်နိုင်သော မျှော်လင့်ချက် ကင်းမဲ့နေသူများ ပါဝင်ကြသည်။

လူတန်းစား အလွှာ ခွဲခြားမှုမှာ ထို့ထက် ပိုပေသေးသည်။ ဇာတ် တစ်ခုနှင့် တစ်ခုသာ ခွဲခြားသည် မဟုတ်သေး။ ဇာတ် တစ်ခုထဲမှာပင် ဇာတ် အယူ ပြင်းထန်သူနှင့် မပြင်းထန်သူတို့ ခွဲခြားသေးသည်။ အဓိက ဇာတ်ကြီးများထဲမှာပင် ဇာတ်ခွဲကလေးများ ရာနှင့် ချီပြီး ကွဲပြားကြသေးသည်။ ဇာတ်ခွဲ တစ်ခုနှင့် တစ်ခုမှာ လက်ထပ် ထိမ်းမြားခြင်း မပြုရ တားမြစ်ထားချက် ရှိကြသည်။

တစ်ဇာတ်နှင့် တစ်ဇာတ် ပေါင်းသင်း ဆက်ဆံရေး လွတ်လပ်ခွင့်ကို ကန့်သတ်ထားခြင်း ဖြစ်သည်။ (ယခုအခါ ဇာတ်ခွဲကလေးများမှာ ၂၀၀၀ ကျော် ရှိသည်။)

သို့သော် ကျွန်ုပ်တို့သည် ဇာတ် စနစ် ချဲ့ထွင်လာခြင်းကို စိတ်မဝင်စားပေ။ ကျွန်ုပ်တို့ စိတ်ဝင်စားသည်မှာ ဇာတ်စနစ်ထဲသို့ ဗြာဟ္မဏ ပုဏ္ဏားများက ဘာသာရေး အယူဝါဒ စွဲများကို တိုးပွားလာအောင် ပြုလုပ်ခြင်းပင် ဖြစ်သည်။

ဇာတ် စနစ်ကို ကမ္မ နိယာမနှင့် ဆက်စပ်လိုက်သောအခါ လူ့ဘဝမှာ လူတန်းစား အချင်းချင်း နိမ့်မြင့် မတူရခြင်းသည် ကံကြောင့်သာ ဖြစ်သည် ဟူသော ဘာသာရေး အမြင်ကို ဖြစ်စေသဖြင့် ထိုပြဿနာသည် ဖြေရှင်းပြီးသား ဖြစ်သွားသည်။

ထိုအခါ လူ့ အဖွဲ့အစည်းထဲမှာ ဇာတ် စနစ် ဖြစ်ပေါ်ရခြင်း အတွက် ကိုယ်ကျင့်တရား အရ တရား မျှတမှု ရှိကြောင်း ဖြေရှင်းပြီးသား ဖြစ်သွားသည်။

အကယ်၍ လူတစ်ဦးသည် သုဒ္ဒ (ကျွန်) အဖြစ် မွေးဖွားလာပါက ဤသို့ ဖြစ်ရခြင်းသည် အတိတ် ဘဝက သူ ပြုခဲ့သော မကောင်းမှု ဒုစရိုက်ကြောင့်သာ ဖြစ်ရသည်။ ထို့ကြောင့် ကောင်းသော ဘဝကို ထိုသူ မရထိုက်တော့ပေ။

ဗြာဟ္မဏ ပုဏ္ဏားသည် သူ့ ဘဝ အဆင့်ကို မြင့်မားအောင် ပြုပြီး အခွင့်အာဏာ မှန်သမျှကို ရယူနိုင်ခြင်းမှာ ရှေးအတိတ် ဘဝက သူပြုခဲ့သော ကုသိုလ်ကံ၏ အကျိုးဆက်ကြောင့် ဖြစ်သည်ဟု သဘော ထားလာကြလေသည်။

ထို့အတူ ဗြာဟ္မဏက ထိပ်ဆုံး၊ သူ့အောက်က ခတ္တိယ၊ ပြီးနောက် ဝေသနှင့် အောက်ဆုံးက သုဒ္ဒ အဆင့်ဆင့် ဖြစ်ရခြင်းမှာလည်း သူတို့ ပြုခဲ့ကြသော ကုသိုလ်ကံ အနည်းအများ အလိုက် ဖြစ်သည် ဟူသော အယူဖြင့် ဖြေရှင်းနိုင်ခဲ့လေသည်။

လူ့ အဖွဲ့အစည်းထဲတွင် အဆင့် အမြင့်ဆုံး ထိပ်ဆုံးတန်းက လူတန်းစားများသည် ရှေး ဘဝက ကုသိုလ်ကံ အများဆုံး ပြုခဲ့သူများ ဖြစ်ကြသည်ဟု သဘော ထားလာကြလေသည်။ ဤ အယူအဆသည် ခတ္တိယများကို လူမှုရေး ဘဝတွင် ဒုတိယ အဆင့်၌ အထားခံရခြင်းကို ကျေနပ်နှစ်သိမ့်စေခဲ့လေသည်။

လူမှုရေး အကျိုးဆက် အရ ဓာတ်နိမ့် ဓာတ်မြင့် ခွဲခြင်းကို ကိုယ်ကျင့် တရား သဘော အရ တရား မျှတကြောင်းကို အခြား တစ်နည်းဖြင့်လည်း ပြနိုင်သည်။

လူ့ အဖွဲ့အစည်းထဲတွင် မညီမျှမှုကို ညှိပြီး လူမှုရေး တရား မျှတမှုကို ကျယ်ပြန့်သော အခြေခံပေါ်၌ တင်ပြရန် အတွက် အကြောင်း ပြချက်သည် ဘုရား တရား ကြည်ညိုခြင်း မကြည်ညိုခြင်းနှင့် အကျင့်သီလ ပျက်ခြင်း သဘောတို့ကို ဖော်ပြလာသည်။

ထိုအခါ ကမ္မနိယာမ သဘော အရ အတိတ် ဘဝက ပြုခဲ့သော ကံကြွေး ဝဋ်ကြွေးကို ပေးဆပ်နေရသည် ဆိုသော အမြင်ကို ဝေဖန် ပုတ်ခတ်ခြင်းသည် အကြီးဆုံးသော အရိုးအစဉ် အယူဝါဒနှင့် ကွဲလွဲခြင်း မိစ္ဆာဒိဋ္ဌိပင် ဖြစ်တော့သည်။

**အိန္ဒိယ၏ ဘဝ မကောင်းမြင် ဝါဒ ပေါ်ပေါက်ခြင်း သို့မဟုတ် လောကီ ချမ်းသာကို ငြင်းပယ်ခြင်း**

အိန္ဒိယ နိုင်ငံထဲသို့ ဝင်ရောက် နေထိုင်လာကြသော အာရိယန် လူမျိုးများသည် ကြွံခိုင် သန်မာပြီး ဘဝကို အကောင်းမြင်သော ဝါဒကို စွဲကိုင်သူများ ဖြစ်ကြသည်။ သို့ရာတွင် ထို စိတ်သဘောထားမျိုးသည် ဝေဒ ကျမ်းများ၌ ပါရှိသော စိတ် သဘောထားများ တည်ရှိစဉ် အခါကသာ ရှိခဲ့လေသည်။ ဓာတ် စနစ် ထွန်းကားလာသော အခါ ဝိညာဉ်၏ ဘဝ ကူးခြင်း၊ သံသရာ လည်ခြင်း အယူဝါဒနှင့် ကမ္မ နိယာမ သဘောများကို လက်ခံ ကျင့်သုံးလာကြပြီးနောက် ရှေးခေတ် အိန္ဒိယ လူမျိုးများ၏ စိတ်အစဉ်တွင် လောကီကြီးပွား ချမ်းသာခြင်း အပေါ် မကျေနပ်သော သဘောထားများ ပေါ်ပေါက်လာခဲ့လေသည်။

ထိုအခါ လောကီ ချမ်းသာခြင်းကို ငြင်းပယ်သော ဒဿန ပညာသည်လည်း ပေါ်ပေါက်လာရပေတော့သည်။ ဤကဲ့သို့ လောကီ ဘဝကို ကျောခိုင်းသွားရခြင်း၌ အခြား အကြောင်းများလည်း ရှိသေးသည်။ ထိုကဲ့သို့ ဖြစ်စေရန် ရုပ်ပိုင်း ဘဝနှင့် ဇီဝကမ္မ ဗေဒ အခြေအနေများကလည်း ဖန်တီးခဲ့ကြောင်း သံသယဖြစ်ဖွယ် မရှိပေ။

အာရိယန် လူမျိုးများ ဂင်္ဂါ ချိုင့်ဝှမ်း လွင်ပြင်သို့ ဆင်းလာသော အချိန် အထိ သူတို့၏ စိတ်ထဲတွင် နောမက်ဒ် လူမျိုးများ၏ အကျင့်စရိုက်များ ပါလာကြသေးသည်။ ကမ္ဘာလောကကြီးသည် သူတို့ အတွက် စွန့်စား လုပ်ရှားရာ ဌာနအဖြစ် သူတို့ကို နှစ်ခြိုက်မှု ပေးနေသေးသည်။ အခက်အခဲများ၊ အတားအဆီးများက သူတို့၏ စွန့်စား၍ လိုချင်တာရအောင် လုပ်ယူတတ်သော အရည်အချင်းကို ဖော်ဆောင်ပေးလျက်ပင် ရှိသေးသည်။ သူတို့သည် တက်ကြွ လှုပ်ရှားသော၊ ပျော်ရွှင်စွာ နေတတ်သော၊ လက်တွေ့ကျကျ လုပ်တတ်သော လူမျိုး ဖြစ်ခဲ့သည်။ သို့သော် ဂင်္ဂါ မြစ်ဝှမ်းသို့ သူတို့ ဆင်းသက် ရောက်ရှိလာသော အခါ ထိုအရပ်တွင် သူတို့သည် အခြေချ နေထိုင်ခြင်းဖြင့် ရေကြည်ရာ မြက်နုရာ လှည့်လည် ကျက်စားခြင်းကို စွန့်လွှတ်လိုက်ကြလေသည်။

ထိုပူပြင်းပြီး အင်အား ကုန်ခန်းစေသော အရပ်တွင် နေထိုင်သော သူတို့၏ ဘဝသည် ဆုတ်ယုတ်လာလေတော့သည်။ သူတို့မှာ အေးသော အရပ်မှ လာကြသူများ ဖြစ်၍ ပူသော အရပ်၌ နေသော အခါ အင်အား ကုန်ခန်းသွားကြသည်။

ထို အခြေအနေတွင် သူတို့၏ ထက်မြက်သော စိတ်ကမူ တွေးခေါ်မှုကို ရပ်နားခြင်း မပြုပေ။ အစက ခြေထောက်ကို အားကိုးခဲ့ကြသူများသည် ယခု အတွေးကို အားပြုလာကြလေသည်။ ထိုအခါ သူတို့သည် အတွေးသမားတွေ၊ အချစ်အလွမ်းသမားတွေ ဖြစ်လာကြလေသည်။ ကိုယ်ဖြင့် စွန့်စားခဲ့ကြသူများသည် စိတ်ကူးဖြင့် စွန့်စားသူများ ဖြစ်လာကြလေသည်။

ထိုအခါ သောက်သောက်စားစား ပျော်ပျော်ပါးပါး နေလာခဲ့ကြသော သူတို့၏ စိတ်ဓာတ်သည် အတွေးဖြင့် လေးလံလာကြပြီးလျှင် ပို၍ ပို၍ မျက်မှောက် ချမ်းသာကို ငြင်းပယ်လိုသော သဘောထားသည် ပေါ်ပေါက် လာလေတော့သည်။

ဤအလားတူ လောကီချမ်းသာကို ငြင်းပယ်လိုသော သဘောထားသည် အာရိယန် လူမျိုးများ လက်ခံ ကျင့်သုံးလာကြသော ယုံကြည်မှု အသစ်များကြောင့် ပို၍ ကျယ်ပြန့်စွာ တိုးပွားလာလေသည်။ ပြည့်စုံသော အစစ် အမှန် တရားကို ဖြပ်ပွံ့ အတ္တမ်၌ ရှာန် ဝင်စားနိုင်သော သူမှသာလျှင် ထိတွေ့ ခံစား သိမြင်နိုင်သည်။ ထိုသဘောထားသည် အာရုံသိဖြင့် သိသော လောကီ အသိ မှန်သမျှကို တန်ဖိုးမထားသော အဖြစ်သို့ မလွဲမသွေ ရောက်ရှိ သွားစေခဲ့လေသည်။ ရုတ်တရက် ကြည့်လျှင် အရာခပ်သိမ်းတို့သည် ဗြဟ္မာချည်းပင် ဖြစ်သည် ဆိုသော ယုံကြည်မှုသည် နောက်ဆုံး၌ အကြွင်းမဲ့ သစ္စာနယ်သို့ ဆိုက်ရောက်ကြရမည် ဆိုသော ကတိကဝတ်ကို ဆောင်ယူလာသလို ရှိသည်။ ထိုအမြင်သည် ဗြဟ္မာနှင့် ပေါင်းစည်းမှု ဆိုသော ရှာန် အတွေ့အကြုံနှင့် ပတ်သက် ဆက်စပ်နေပေသည်။

ခြုံ၍ ကြည့်လျှင် ဥပနိသျှဒ် ကျမ်းများ၌ ဗြဟ္မာ အဖြစ်သို့ ရောက်မှသာ အားလုံး ကောင်းမြတ် မှန်ကန်ပြီး ချမ်းသာ သုခကို ရနိုင်သည် ဆိုသော အချက်ကို ထင်ဟပ် ဖော်ပြနေကြပေသည်။

တစ်ဖန် အကယ်၍ တစ်ခုသော ဝိညာဉ်သည် ဗြဟ္မာ အဖြစ်သို့ ရောက်ခဲ့သော် ထို ဝိညာဉ် သက်သက်သည် တန်ဖိုးမဲ့ ဖြစ်သွားနိုင်သလား။

ထို့ပြင် ဤနေရာ၌ အခြားသော ကိုယ်ကျင့်တရား ဆိုင်ရာ အယူအဆများလည်း ရှိသေး၏။ တစ်စုံတစ်ဦး သော သူသည် သူ့ကိုယ်သူ အစစ်အမှန် ဘဝသို့ ရောက် ပြီဟု သိမြင်ပြီ ဆိုပါက သူသည် ကိုယ်ကျင့်တရား အရ အဆင့်အတန်း ခွဲခြားခြင်း မရှိသော ဘုံ အဆင့်သို့ ရောက် သွားပြီလား ဆိုသည့် အချက် ဖြစ်သည်။

ရှေးကျသော တွေးခေါ်သူများကမူ ဤသို့ ဆိုသည်။ ထိုသို့သောသူ၌ အမှန်ပင် အတွေး၏ ညှဉ်းဆဲခြင်း မရှိတော့ ပေ၊ ငါသည် ဘာကြောင့်များ ကုသိုလ် အမှုကို မပြုမိလေ သနည်း၊ ငါသည် ဘာကြောင့်များ အကုသိုလ်မှုကို ပြုမိလေ သနည်း ဟူသော အတွေး၏ နှိပ်စက်ခြင်း မရှိတော့ပေ။ ဤ အချက်ကို သိသောသူအား ထိုသို့သော အတွေးတို့မှ လွန် မြောက်လေတော့၏။

တစ်နည်းဆိုသော် ဤ အစစ်အမှန် တရားနှင့် စပ် သော အမြင်တွင် ကြီးကျယ်သော ချက်ယွင်းချက်များ ရှိ နေပေသည်။ အကယ်၍ အရာခပ်သိမ်းတို့သည် ဗြဟ္မာကြီး ဖြစ်သည် သို့မဟုတ် ဗြဟ္မာကြီး၏ အသွင်အပြင် တစ်ခုခု ဖြစ်သည် ဆိုလျှင် ထိုအမြင်တွင် ပုဂ္ဂလိက သဘော လက္ခဏာ အစစ်အမှန် ဆို၍ ဘာမျှ မရှိတော့ပေ။

ရှေးက ဖြစ်ခဲ့သော ပုဂ္ဂလိက ဝိညာဉ်၏ မိမိနှင့် ပတ် သက်သမျှ အတွေး အယူအဆ အားလုံးလည်း ဘာတစ်ခုမှ အစစ်အမှန် မဟုတ်တော့ဟု သဘော ထားရပေတော့မည်။ ဤအယူအဆသည် လူသား တစ်ဦး၏ ယုံကြည်ချက်၊ ဆုံး ဖြတ်ချက်၊ မိမိ ဘဝ ပြည့်စုံမှု အတွက် ကြိုးပမ်းချက်များ အားလုံးကိုလည်း ချေဖျက် လိုက်သလို ဖြစ်သွားပေတော့ မည်။

ထိုအမြင်သည် လူ၏ စိတ်ဆန္ဒများ၊ ခံစားမှုများကို အလေးဂရု မပြုသည့် သဘောကို ဆောင်လျက် လောက ကြီးကို စွန့်ပယ်လိုက်သည့် သဘောသို့ ဆိုက်ရောက် သွား ပေတော့သည်။

ကျွန်ုပ်တို့ အနေနှင့် အိန္ဒိယ လူမျိုးများ၏ စိတ်ဓာတ် အပေါ် ဝိညာဉ် သံသရာ လည်ခြင်း သဘောတရားနှင့် ကမ္မ နိယာမ သဘောတရားများ၏ အကျိုး သက်ရောက်ပုံကို လေ့လာ ကြည့်မည် ဆိုလျှင်လည်း လောကီ ချမ်းသာမှ ဆုတ်နစ် သော အမြင်ကို ထင်ရှားစွာ တွေ့မြင်ရပေသည်။

ဗြဟ္မဏများက လူအများစုကို သူတို့ တွေ့ကြုံ ခံစား ရသည့် အတိဒုက္ခများ ဖြစ်ရသည့် အကြောင်းကို ရှင်းပြ သော အခါ လူထု အများစုမှာ ဆန့်ကျင်သော သဘောအား ဖြင့် ထိခိုက်ခြင်း မရှိခဲ့။ အတွေး သန်သူများ၊ စိတ်ထိခိုက် လွယ်သူ၊ ဉာဏ်ရွှင်သူများသာ အကြီးအကျယ် စိတ်ဓာတ် ကျခဲ့ကြရလေသည်။

ဤကဲ့သို့ ဝိညာဉ်၏ သံသရာ၌ အဆုံးမဲ့ အဖန် တလဲလဲ ကျင်လည် နေရခြင်း သဘောကို သူတို့ တွေး တော ဆင်ခြင်မိကြသော အခါ၌မူ သူတို့သည် အပြင်း အထန် စိတ် မချမ်းမသာ ဖြစ်ကြရလေသည်။

ဟိန္ဒူများက ဤကဲ့သို့ အဖန်တလဲလဲ ပဋိသန္ဓေ နေ ရခြင်းကို 'သံသရာစက်' ဟု ဆိုကြသည်။ ထိုစက်ဘီး ဝှန်းကို သူတို့သည် စိတ်အားငယ်စွာ ရှုမြင်ကြသည်။ ထို စက်သည် အစဉ် ထာဝရ လည်နေသည်ဟု ရှုမြင်ကြလျက် ထိုသံသရာ စက်ထဲတွင် အကြိမ်ပေါင်း သန်းပေါင်း ကုဋေ ကုဋာ အဖန်တလဲလဲ ပဋိသန္ဓေ နေလိုက် မွေးလိုက် သေ လိုက် ဖြစ်နေမည်ကို တွေးကာ စိတ်ပျက် အားငယ် ဖြစ် ကြရလေသည်။

ဤသို့ စိတ်ဆင်းရဲသော အတွေးနှင့် သံသရာ ဝဋ် ဆင်းရဲကို ကြောက်သော စိတ်ကို ထပ်ဆင့်လိုက်သော အယူအဆမှာ တောင်းပန် တိုးလျှိုး အသနားခံ၍ မရသော ကမ္မ နိယာမ သဘောတရားပင် ဖြစ်လေသည်။ ချမ်းမြေ့ ခွင့်ဖြင့် ပေးဆပ်ခြင်းကို မျှော်လင့် တောင့်တနိုင်သူကား မရှိ ပေ။

သေပြီးနောက် တစ်ဖန် ပြန်လည်၍ မွေးဖွားရမည့် ဘဝ၌ လူ့ အဖြစ်ကိုပင် ပြန်၍ ရရှိစေကာမူလည်း စိတ် သက်သာစရာ အကြောင်း မရှိပေ။ လူ ဖြစ်သော်လည်း လူ့ အောက်တန်းစား၌ ဖြစ်ဖို့ အခွင့်က များသည်။

သို့ဖြစ်၍ ဤပူပြင်းသော ရာသီဥတု ရှိသော အရပ်၌ ရောဂါ ဝေဒနာများ အကြားဝယ် ဆင်းရဲ ကျပ်တည်းသော ဘဝ၌ နေရသော အခါ လူ့အောက်တန်းစားများ၏ ဂုဏ် သရေ ဆုတ်ယုတ်ခြင်းများက စိတ် ထိခိုက်လွယ်သော၊ စဉ်း စားဉာဏ် သန်သော အိန္ဒိယ လူမျိုးများသည် သံသရာ ဝဋ် ဆင်းရဲမှ လွတ်မြောက်မှုကို တောင့်တ လာကြလေတော့ သည်။

## လွတ်မြောက်ရာ လမ်း လိုအပ်လာခြင်း

ကျွန်ုပ်တို့ စိစစ်ခဲ့ကြသော အတွေးအခေါ် အယူအဆများသည် တဖြည်းဖြည်းနှင့် အကျိုး ထင်လာသည်။ အိန္ဒိယ လူမျိုးများ၏ ဘာသာ ကိုးကွယ်မှု သမိုင်းတွင် ဆက်၍ ပေါ်ပေါက်လာသည်ကား ဘဝ ပြဿနာမှ လွတ်မြောက်ရာ အဖြေကို ရှာဖွေလာကြခြင်းပင် ဖြစ်တော့သည်။ ဘဝ၏ ဝဋ္ဋဒုက္ခများမှ လွတ်မြောက်ရာ ဉာဏ် အဆင့်ကို တစ်စုံ တစ်ယောက်သော သူသည် ဘယ်ပုံ ဘယ်နည်း ရောက်ရှိနိုင်ပါသနည်း။

လူသား တွေ့ကြုံရသော အတိဒုက္ခ မှန်သမျှသည် ဇာတိကြောင့် ဖြစ်ရပေရာ ထိုကဲ့သို့ အဖန်တလဲလဲ ပဋိသန္ဓေနေရခြင်း သံသရာစက်မှ လွတ်မြောက်မှုကို တစ်စုံ တစ်ယောက်သော သူသည် ဘယ်ပုံ ဘယ်နည်း ရရှိနိုင်မည်နည်း။

ဤနည်းဖြင့် အနှစ် ၄၀၀ (ရာစုခေတ် လေးခု) လွန်ပြီးနောက် အာရိယန် လူမျိုးများ ဂင်္ဂါမြစ်ဝှမ်း လွင်ပြင်သို့ ကျူးကျော် ဝင်ရောက် လာကြပြီးသော အခါကျမှ ထိုပြဿနာသည် ရှင်းလင်းပြီး အရေးတကြီး ဖြစ်လာလေတော့သည်။

အိန္ဒိယ တိုင်းသားများ၏ စိတ်သည် ထိုကိစ္စကိုသာ ရေးကြီးခွင်ကျယ် လုပ်၍ စဉ်းစားနေခဲ့လေတော့၏။

ယခု ကျွန်ုပ်တို့သည် ထိုပြဿနာ၏ အဖြေကို ပေးခဲ့သော အဓိက အတွေးအခေါ်များ အကြောင်းကို စဉ်းစားသည့် အလုပ်ကို လုပ်ရပေတော့မည်။

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


1. Dasgupta, S. Hindu Mysticism
2. Deussen, Paul The Philosophy of the Upanishad
3. Eliot, Sir Charles Hinduism and Buddhism 3 vols
4. Keith, A.B. The Religion and Philosophy of the Veda and the Upanishads
5. Radhakrishnan, S. The Philosophy of the Upanishads

## အခန်း ( ၄ )

## ဂျိန်း (ဇိန) ဘာသာ အယူဝါဒ [၁]

သံသရာ၌ အဖန်တလဲလဲ ကာလ ရှည်မြင့်စွာ ကျင်လည်နေရသော ကာမဝဋ်၊ ဘဝဝဋ်၊ ကိလေသာဝဋ်မှ လွတ်မြောက်အောင် ဘယ်လို လုပ်ရမလဲ ဆိုသော အိန္ဒိယ လူမျိုးများ၏ အချက်အချာ ကျသော ဘဝ ပြဿနာကို အဖြေပေးရန် အတွက် အရိုးအစဉ်နှင့် ဆန့်ကျင် ကွဲလွဲသော အယူဝါဒများသည် ဟိန္ဒူ အယူဝါဒကို အငြင်းအခုံ ပြုကာ ဒုက္ခရှာရန် ပေါ်ပေါက်လာကြလေတော့သည်။

အရိုးအစဉ်နှင့် ဆန့်ကျင် ကွဲလွဲသော အယူဝါဒ နှစ်ခု ပေါ်ပေါက် မလာမီကမူ အဆိုပါ ဘဝ လွတ်မြောက်ရေး ပြဿနာသည် အိန္ဒိယ လူမျိုးများ၏ စိတ်ထဲတွင် စိန်ခေါ်မှုများကို ပြုလုပ်နေခဲ့ပြီး လူသားတို့၏ စိတ်ဓာတ်ကို လေးလံသော စွမ်းအားစုဖြင့် နှိပ်ကွပ်စ ပြုလျက် ရှိခဲ့လေသည်။

အရိုးအစဉ် ယုံကြည် ကိုးကွယ်မှုနှင့် ဆန့်ကျင်သော အယူဝါဒ တစ်ခုမှာ 'ဂျိန်း ဘာသာ အယူဝါဒ' ဖြစ်သည်။ ဤအယူဝါဒကို ယုံကြည် ကိုးကွယ်သူများမှာ အိန္ဒိယပြည်တွင်သာ ရှိသည်။ သို့သော် ၎င်းဝါဒကို ရှုတ်ချ တိုက်ခိုက်မှုများကိုလည်း ခံခဲ့ကာ ဤ ဝါဒသည် ကြီးကျယ်သော၊ လူကြိုက် များလှသော ဘာသာ အယူဝါဒကြီး တစ်ခု ဖြစ်မလာခဲ့စေကာမူ ၎င်းသည် ယနေ့တိုင်အောင် အိန္ဒိယပြည်တွင် ဆက်လက် တည်မြဲလျက်ပင် ရှိပေသေးသည်။

အခြားသော ဟိန္ဒူ အယူဝါဒ အရိုးအစဉ်နှင့် ဆန့်ကျင် ကွဲလွဲစွာ ပေါ်လာသော အယူဝါဒ တစ်ခုမှာ 'ဗုဒ္ဓ ဘာသာ အယူဝါဒ' ဖြစ်သည်။ ဗုဒ္ဓဝါဒသည် အိန္ဒိယ တစ်ပြည်လုံးသို့ လျင်မြန်စွာ ပြန့်ပွားသွားခဲ့ပြီးနောက် အိန္ဒိယနိုင်ငံ၏ နယ်နိမိတ်ကို ကျော်လွန်ကာ တောင်အရပ်၊ အရှေ့အရပ်၊ မြောက်အရပ်သို့ပါ ပြန့်ပွားသွားပြီးလျှင် သီရိလင်္ကာ နိုင်ငံ၊ မြန်မာ နိုင်ငံ၊ ကမ္ဘောဒီးယား နိုင်ငံ၊ ထိုင်း နိုင်ငံနှင့် မြောက်ဘက်ရှိ ပို၍ ကြီးမားသော တရုတ် နိုင်ငံ၊ ကိုရီးယား နိုင်ငံ၊ တိဗက်နှင့် မွန်ဂိုလီးယား နိုင်ငံများ အထိ ရောက်ရှိသွားလေသည်။

ဤဝါဒသည် ထိုဒေသများရှိ လူသားတို့ အလိုရှိအပ်တောင့်တအပ်သော ဘဝ ပြဿနာ၏ အဖြေကို ကျေနပ်ဖွယ် ဖြစ်အောင် ပေးနိုင်ခဲ့ပေသည်။

သို့ရာတွင် ဗုဒ္ဓဝါဒသည် နောက်ဆုံးတွင် ၎င်း ပေါက်ဖွားရာ အိန္ဒိယပြည်တွင် ကျဆုံး ပျောက်ကွယ် သွားခဲ့ပြီး အိန္ဒိယ နိုင်ငံ၏ ဘေးပန်း နိုင်ငံများ၌ အမြဲတမ်း ခြေကုပ်ရကာ တည်ရှိသွားပေတော့သည်။

ဟိန္ဒူဘာသာ အယူဝါဒမှာကား အရိုးအစဉ်နှင့် ဆန့်ကျင် ကွဲလွဲသော အယူဝါဒကြီး နှစ်ခု၏ နှိပ်ကွပ်ခြင်း ခံရပြီး နောက်မှ နောက်ဆုံးတွင် ပြန်လည်၍ ဘာသာရေး နယ်ပယ်၌ ဩဇာ လွှမ်းမိုးလာနိုင်ခြင်းမှာ ထူးဆန်း အံ့ဩဖွယ် တစ်ခု ဖြစ်နေပေတော့သည်။

အိန္ဒိယ နိုင်ငံတွင် ဂျိန်း ဘာသာ အယူဝါဒနှင့် ဗုဒ္ဓ ဘာသာ အယူဝါဒများကို လူကြိုက် အလွန် များခဲ့ရခြင်း အကြောင်းများမှာ ၎င်းတို့၏ အကျင့် သီလပိုင်း ဆိုင်ရာ ခိုင်မာ အားရှိမှုနှင့် အယူဝါဒ သဘောတရားများ ရှင်းလင်း ပြတ်သားမှုကြောင့် ဖြစ်ပေသည်။ အိန္ဒိယ နိုင်ငံသားများ၏ အဓိက ဘာသာရေး ပြဿနာ အရှုပ်တော်ပုံကို ဤဘာသာ အယူဝါဒ နှစ်ခုက စိတ်ရှုပ်ထွေးမှု ကင်းစေသော အဖြေကို ပေးနိုင်ခဲ့လေသည်။

သို့မဟုတ် အနည်းငယ် ခြားနားသော အခြား ရှုထောင့်တစ်ခုက ပြောရလျှင် ဤအယူဝါဒ နှစ်ခုက တင်ပြခဲ့သော ဘဝ လွတ်မြောက်ရေးသို့ ထွက်ရာလမ်းသည် ကျဉ်းမြောင်းသော်လည်း ဖြောင့်တန်းပြီး တိတိကျကျ ရှိခဲ့သည်ဟု ဆိုရပေမည်။

ဂျိန်း အယူဝါဒက ဘာပေးနိုင်သလဲ ဆိုသော အချက်ကို လေ့လာကြည့်သော အခါ ကျွန်ုပ်တို့ အနောက်တိုင်းသားများ၏ စိတ်တွင် အစ ကနဦး သွေးလန့်စရာ ဖြစ်ခဲ့ရလေ

---

၁။ Jainism

သည်။ ဘဝ ထွက်ရပ်လမ်းကား အမှန်ပင် ကျဉ်းမြောင်းသည် မှန်ပါ၏။ အနောက်တိုင်းသားတို့၏ အလေ့အထ၌ လေ့ကျင့် သင်ကြားထားသူများ အဖို့ စတင် လေ့လာ ကြည့်လိုက်လျှင် ဂျိန်း ဘာသာ အယူဝါဒသည် ရယ်စရာ ကောင်းလောက်အောင် အလွယ် ဖြစ်အောင် လုပ်လွန်းသည်ဟု ယူဆစရာ ဖြစ်နေပေသည်။

ဂျိန်း ဘာသာ အယူဝါဒက လောကနှင့် ဘဝတွင် အလိုက်သင့် အံဝင်ခွင်ကျ ဖြစ်အောင် နေတတ်ရေးကို ဟောကြားထားသည်။ ထိုအချက်သည် ဘာသာ ယုံကြည် ကိုးကွယ်မှု သမိုင်းက ပေးခဲ့သော အခြား အဖြေများနှင့် နှိုင်းစာလျှင် စိတ်ကူးယဉ် ဆန်လွန်းစွာ အစွန်း တစ်ဖက်သို့ ရောက်သော အမြင်လို ဖြစ်နေသည်။

ဂျိန်း ဘာသာ အယူဝါဒကို စတင် ထူထောင်သူများ ချမှတ်ခဲ့သော အထူး ခြိုးခြံစွာ ကျင့်ရသော တပဿီ ရှုတင်အကျင့်များထက် ပို၍ တင်းကျပ်သော အကျင့်မျိုးကိုကား ရှာ၍ တွေ့နိုင်ရန် ခဲယဉ်းပေမည်။

အနောက် နိုင်ငံသားများ အနေနှင့် မျက်ခုံး ပင့်ရသော ဤ အတ္တကိလမထနုယောဂ အကျင့် (ကိုယ့်ကိုယ်ကိုယ် အထူး ခြိုးခြံစွာ ကျင့်ရခြင်း) သည် အနောက် နိုင်ငံ ဥရောပ အမေရိကမှ လူများ ဝတ္ထု အာရုံ ကာမဂုဏ် တရားတို့၌ မဆင်မခြင် လိုက်စား နစ်မြုပ်နေခြင်းနှင့် သဘောချင်း အတူတူပင် ဖြစ်သည်ဟု အိန္ဒိယသားတို့က သဘောထားကြပါသည်။

မည်သို့ပင် ဆိုစေ အိန္ဒိယပြည်တွင် ဂျိန်း ဘာသာ အယူဝါဒသည် ထူးဆန်းသော အပြုအမူမျိုးတော့ မဟုတ်ပေ။ ခြိုးခြံစွာ ကျင့်ရသော တပဿီ အကျင့်ကို ဘဝ လွတ်မြောက်ရေး အတွက် အမြင့်ဆုံးသော ကျင့်စဉ် အဖြစ် သတ်မှတ်ထားမှု၌လည်း ဂျိန်း ဘာသာ အယူဝါဒ တစ်ခုတည်းသာ ချွန်၍ ရပ်တည်နေသည်လည်း မဟုတ်ပေ။

ဂျိန်း အယူဝါဒ နောက် မျိုးဆက် တစ်ခုလောက် နောက်ကျပြီးမှ ပေါ်ပေါက်လာသော ဗုဒ္ဓဘာသာ အယူဝါဒကြီးမှာလည်း မိမိ ပေါ်ပေါက်လာသော အချိန်တွင် ဗြာဟ္မဏများ၏ စက်လှည့်ထားသော သဘောထား အမြင်များ၏ တုံ့ပြန်မှု (တချို့ နေရာများ၌) ဆန့်ကျင် တိုက်ခိုက်မှုကို ခံခဲ့ရပေသည်။

ဘီစီ ၆ ရာစု အတွင်း ဖြစ်သော ထိုအချိန်တွင် ဇာတ်စနစ်မှာလည်း ဖြစ်ထွန်းဆဲ ဖြစ်၏။ ထိုအချိန်တွင် နတ်ဆရာများကလည်း ဘာသာရေး၊ လူမှုရေး ကိစ္စများ၌ တန်ခိုးထွားရေးကို ကြိုးပမ်း တောင်းဆိုနေကြသော အချိန် ဖြစ်ပေရာ မူးမျိုး မတ်နွယ်များကလည်း နတ်ဆရာ ဗြာဟ္မဏများကို ဆန့်ကျင်၍ ဩဇာ အာဏာ ရရှိရေး အတွက် ၎င်းတို့၏ အယူအဆများကို လွတ်လပ်စွာ ထုတ်ဖော် ဟောကြားနေကြဆဲ ဖြစ်ပေသည်။

*မဟာဝီရ* [၁] သည် ထိုမူးမျိုးမတ်နွယ် ဇာတ်မြင့်ထဲတွင် ပါဝင်သူ တစ်ဦး ဖြစ်လေသည်။ ခတ္တိယ ဇာတ်ဝင်များ၏ တောင်းဆိုမှုကို ဗြာဟ္မဏများက အပြင်းအထန် ခုခံလျက် ရှိရာတွင် သူတို့က အချက် တစ်ချက်ကို တင်ပြလျက် ရှိလေသည်။ ထိုအချက်မှာ ဗြာဟ္မဏ ပုဏ္ဏားများက လွဲပြီး နိဗ္ဗာန် ရောက်ကြောင်း လမ်းကောင်း လမ်းမှန်ကို ဘယ်သူမှ မညွှန်ကြားနိုင် ဆိုသော အချက် ဖြစ်သည်။ ခတ္တိယများမှာလည်း ထိုအချိန်တွင် စိတ်ဓာတ် တက်ကြွလျက် ရှိပြီး ဒဿန ဆွေးနွေးခန်းများ၌ ပါဝင် ဆွေးနွေးနိုင်နေကြပြီ ဖြစ်၏။

ဥပနိသျှဒ်များ၌ သက်သေ ထင်ရှား ရှိသည်။ ထိုခတ္တိယများ အနေနှင့် ဗြာဟ္မဏ ဝါဒသည် အချက်အလက်များစွာတွင် မိမိတို့အား နှောင့်နှေး တွန့်ဆုတ်သွားအောင် လုပ်ထားသော အတွေးအခေါ် စနစ် တစ်ခုသာ ဖြစ်ကြောင်းကို သဘော ပေါက်လာကြလေသည်။

ခတ္တိယများထဲမှ ကြံ့ခိုင် မာကျောသော စိတ်ဓာတ် ရှိသူများက အထည်ဒြဗ် ရှိသော ဤရုပ်လောကသည် တစ်ခုတည်း၌ တည်၍ ဖြစ်ထွန်းလာရသည် ဆိုသော *ဧကတ္တ ဝိညာဏ ဝါဒ* [၂] ကို လက်မခံနိုင်ကြောင်း တွေ့ရှိ လာကြသည်။

ထို့အပြင် ထိုသူများထဲတွင် ဖြောင့်မတ်စွာ တွေးခေါ်တတ်သူ၊ လက်တွေ့ကျကျ စဉ်းစား ဆင်ခြင်တတ်သူ၊ သရုပ်မှန် အတွေးအမြင် ရှိသူများက ဗြာဟ္မဏများ ပြောဟောနေကြသလို မစစ်မှန်သော လောကသည် ရုပ်လောက မဟုတ်ကြောင်း ရဲရင့် ပြတ်သားစွာ အတိအလင်း ကြေညာလာကြလေတော့၏။

သူတို့၏ သမားရိုးကျ မျက်မြင် သက်ရှိ သတ္တဝါများသည် လည်းကောင်း၊ အခြားသော အရာခပ်သိမ်းတို့၏ အမှုအရာများသည် လည်းကောင်း သူတို့ မြင်ရသည့် အတိုင်းပင် အစစ်အမှန်ချည်းသာ ဖြစ်ကြသည်။

လူနှင့် လူ၏ ဝိညာဉ်သည် လည်းကောင်း၊ ကျောက်တုံး၊ သစ်ပင်၊ တောင်ကုန်း၊ ခြေဖြင့် သွားသော သတ္တဝါ၊ အတောင်ဖြင့် ပျံသန်းသော သတ္တဝါများနှင့် တကွ ပင်လယ်

---

၁။ Mahavira　　၂။ Monistic Idealism

သမုဒ္ဒရာရှိ ငါးများသည် လည်းကောင်း အစစ်အမှန်ချည်းသာ ဖြစ်ကြောင်း အတွေ့အကြုံ အရ ထင်ရှားသည်။ အရာခပ်သိမ်းတို့သည် မိမိတို့၏ ပုဂ္ဂလိက ဘဝ ဖြစ်တည်ပုံများဖြင့် တသီးတခြားစီ တည်ရှိနေကြသော အရာများသာ ဖြစ်ကြကုန်သည်ဟု ထုတ်ဖော် ပြောဆိုလာကြသည်။

ဗြာဟ္မဏ ပုဏ္ဏားများ၏ အရာခပ်သိမ်း သက်ရှိသက်မဲ့ အလုံးစုံသည် ဗြဟ္မာကြီးသာ ဖြစ်သည် ဆိုသောဓေဝဒ္ဓ ဝိဉာဏ ဝါဒကို ဆန့်ကျင် တိုက်ခိုက်ကြစဉ် သူတို့သည် တစ်ခါတလေ အနုမာန အမှန်းအဆအားဖြင့် လက်ခံထားသော ကမ္ဘာ ဝိညာဉ်တော်ကြီး အစစ်အမှန် တည်ရှိမှုသဘောကိုပင် ငြင်းပယ်သော သဘောမျိုးကို ဆောင်သွားလေသည်။ သို့ဖြင့် ဣဿရိယ ဝါဒကို ဆန့်ကျင်သော *အနိဿရိယနိမ္မာန ဝါဒ* [၁] သည် နောက်ဆုံး ပေါ်ပေါက်လာရလေတော့၏။

ဤအမြင်ကို လက်ခံသော အုပ်စုထဲတွင် မဟာဝီရလည်း ပါဝင်ခဲ့လေသည်။

သို့ရာတွင် မဟာဝီရ အနေနှင့် ဤအုပ်စုထဲတွင် ပါဝင်ခဲ့ခြင်းသည် ဉာဏ်ပညာ အကြောင်းကြောင့်သော် လည်းကောင်း၊ လူမှုရေး အကြောင်းကြောင့်သော် လည်းကောင်း မဟုတ်ဘဲ သူ၏ ပုဂ္ဂလိက လိုလားချက် ဖြစ်သော ဘဝလွတ်မြောက်မှုကို ရလိုသော ပြင်းထန်သော ဆန္ဒကြောင့်သာ ဖြစ်ခဲ့ပေသည်။

## ၁။ မဟာဝီရ၏ ဘဝ အလေ့အကျင့်များ

ဂျိန်း (ဇိန) ဘာသာ အယူဝါဒကို စတင် တည်ထောင်သူသည် မဟာဝီရ ဖြစ်သည်။ မဟာဝီရ အမည်ကိုပင် ဂျိန်းအယူဝါဒကို စတင် တည်ထောင်သူ အဖြစ် အများက လက်ခံထားခဲ့ကြလေသည်။ လက်တင် စကားနှင့် ၄င်းနှင့် နီးစပ်သော ဘာသာ စကား တတ်ကျွမ်းသူများ အနေနှင့် မဟာဝီရ ဆိုသော အမည်ကို မြင်လိုက် ကြားလိုက်ရသည်နှင့် ဤ အမည်သည် အရှိအသေ ပြုသော၊ ဂုဏ်ပြုသော အမည်ဖြစ်ကြောင်း အလွယ် သိနိုင်သည်။

မဟာဝီရ ဆိုသော အမည်သည် ကြီးမြတ်သော ဥတ္တမပုရိသ ယောကျ်ားမြတ် ဟူသော၊ ရဲစွမ်းသတ္တိ ရှိသော သူရဲကောင်း ဟူသော အနက် ရသည်။

ထိုအမည်သည် သူ၏ ငယ်နာမည် 'နာတပုတ္တဝါဒါမန' ဆိုသော အမည်ကို ပပျောက်သွားအောင် ဖုံးလွှမ်းသွားခဲ့လေသည်။ နာတပုတ္တဝါဒါမနသည် သူ၏ နာမည်ရင်း ဖြစ်သည်။

သူ့ကို ဝေသာလီ (ခေတ်သစ် ဘီဟာ) ပြည် အနီးတွင် ဖွားမြင်သည်ဟု ဆိုသည်။ ဘီစီ ၅၉၉ တွင် ဖွားမြင်ပြီး ဘီစီ ၅၂၇ တွင် ခန္ဓာ ဓာတ်သိမ်း ချုပ်ငြိမ်းခဲ့လေသည်။

သူ့ ဖခမည်းတော်သည် ရာဇာ မင်းတစ်ပါး ဖြစ်သည်ဟု ဆိုကြသည်။ မဟာဝီရသည် သား အကြီးဆုံး မဟုတ်။ ထိုအကြောင်းကြောင့်လည်း နောင်အခါ သူသည် မင်းညီမင်းသား ဘဝကို စွန့်ပြီး တောထွက်ခြင်း အမှု အတွက် လွယ်ကူခဲ့ခြင်း ဖြစ်၏။ မှတ်တမ်းများ အတိအကျ မရှိမှုကြောင့် သူ့ အကြောင်းကို တိတိကျကျ မှန်မှန်ကန်ကန် ပြောဖို့ရာ မလွယ်ကူပေ။

ယခု တင်ပြမည့် မဟာဝီရ၏ ဘဝ အနေအထိုင် အလေ့အထများမှာ *သွေတမ္ဗရ* [၂] ခေါ် ဂျိန်း ဂိုဏ်း တစ်ဂိုဏ်းက တင်ပြထားချက်များ ဖြစ်သည်။ ဝတ္ထုကြောင်းကား ရိုးစင်းပါသည်။ သို့သော် ဤဝတ္ထုကြောင်း ဇာတ်လမ်းသည် မှန်သည် ဖြစ်စေ၊ မှားသည် ဖြစ်စေ ဤဖြစ်ရပ်ကား ခြိုးခြံစွာ ကျင့်ရသော အိန္ဒိယ လူမျိုးများ၏ တပသီ အကျင့်ကို ကိုယ်စားပြု ဖော်ပြချက်ကား အမှန်ပင် ဖြစ်သည်ဟု ဆိုသင့်သည်။

ရှေးကျသော အိန္ဒိယ နန်းတော်ပေါ်၌ မဟာဝီရသည် စည်းစိမ်ချမ်းသာ များစွာ ခြံရံလျက် ကြီးပြင်းခဲ့ရကြောင်း ထင်ရှားသည်။ သူ့ အတွက် အထိန်းတော် ငါးယောက် ထားရှိသည်။ ထိုကြောင့် အထိန်းတော်များ၏ ရင်ခွင်ပေါ်မှာ ကြီးပြင်း ခဲ့ရပေသည်။ ကြီးပြင်းသော အခါမှာလည်း လောကီ အာရုံ ကာမဂုဏ် ငါးပါးကို အပြည့်အဝ ခံစားခဲ့ရလေသည်။ ထို အာရုံ ငါးပါး ကာမဂုဏ် တရားများ အားလုံးကို နောင်သော အခါ သူ စွန့်ပယ်ခဲ့လေသည်။

သူသည် မင်းသမီး တစ်ပါးနှင့် ထိမ်းမြားခဲ့သည်။ သမီးတော် တစ်ပါး ထွန်းကားခဲ့လေသည်။ သို့သော် မင်းညီ မင်းသား ဘဝတွင် သူ မပျော်မွေ့ခဲ့ပေ။ မြို့၏ အပြင်ဘက်တွင် ဥယျာဉ်ကြီး တစ်ခု ရှိသည်။ ထိုဥယျာဉ်သို့ သူ

---

၁။ Atheism  ၂။ Shvetambara

သည် မကြာခဏ တောကစား ထွက်ခဲ့ဖူးပေလိမ့်မည်။ ထို ဥယျာဉ်တော်ထဲတွင် ပါရှဝါ ရှုတင် အကျင့်ကို ဆောင်ယူ ထားကြသော ရဟန်း သံဃာတော် တစ်စု ရှိကြလေသည်။ ထိုရဟန်းများသည် လွန်ခဲ့သော ရာစု တစ်ခု နှစ်ခုလောက် ကတည်းက ထိုနေရာ၌ မဟာဝီရ အမည်ရှိ ကျောင်းသခ်မ်းကို ထူထောင်၍ နေခဲ့ကြလေသည်။ မဟာဝီရသည် ထိုရဟန်းများ၏ ဘဝ အနေအထိုင်ကို များစွာ နှစ်ခြိုက်မိလေသည်။

သို့သော် မိဘများကို ရှိသေသောအားဖြင့် 'ငါ၏ မိဘများ အသက်ထင်ရှား ရှိစဉ်ဝယ် ငါသည် အိုးမဲ့အိမ်မဲ့ နေထိုင်သော အနာဂါရိက ဘဝကို မယူသေး' ဟု ဆုံးဖြတ်ချက် ချထားခဲ့လေသည်။ သူ့ မိဘများ ကွယ်လွန်ကြပြီးသည်နှင့် တစ်ပြိုင်နက် သူသည် မင်းညီမင်းသား ဘဝကို စွန့်လွှတ်ရန် ပြင်ဆင်လေတော့သည်။ (သူ့ မိဘများသည် သူတို့ ယုံကြည် ကိုးကွယ်သော ဘာသာရေး အဆုံးအမ အတိုင်း စနစ်တကျ ပြင်ဆင်၍ သေသွားကြခြင်း ဖြစ်သည် ဆို၏။ ကုသသမန်းမြက် အခင်းပေါ်၌ လဲလျောင်းလျက် အစားအစာကို လုံးဝ လက်မခံဘဲ တရွေ့ရွေ့ အသားအရေ ခြောက်ခန်းအောင် ပြု၍ သေခဲ့ကြသည် ဆို၏။)

ယခုမူ မဟာဝီရ၏ အသက်သည် သုံးဆယ်နှစ် ရှိပြီ။ သို့ရာတွင် သူ့အနေနှင့် အစ်ကို၏ သဘော တူညီချက်ကို ယူရဦးမည် ဖြစ်၏။ သူ့အစ်ကိုက သူ့အား နန်းတော်ပေါ်၌ နောက်ထပ် တစ်နှစ် နေထိုင်ပြီးမှသာလျှင် တောထွက်ခွင့် ပြုခဲ့လေသည်။

ထိုအတောအတွင်း၌ သူသည် သူ ပိုင်ဆိုင်သော ရွှေ ငွေ ဥစ္စာများကို စွန့်ကြဲ လှူဒါန်းပစ်သည်။ သူ၏ ကိုယ်ရံတော်များ၊ ယာဉ်ရထားများကိုလည်း စွန့်လွှတ်လိုက်သည်။

ထို့နောက် ဆောင်းရာသီ၏ ပထမလတွင် သူသည် လောကီအာရုံ ကာမဂုဏ် လောကကို စွန့်၍ တောထွက်ခဲ့လေတော့၏။

မြို့အပြင်ဘက်ရှိ အာရာမ်တွင် နေထိုင်ကြသော ရဟန်းများနှင့် ပထမ ပူးပေါင်းခဲ့လေသည်။ သူ့ကို ရဟန်းဘောင်၌ ဥပသမ္ပဒ ကံဆောင်ခြင်း အထိမ်းအမှတ် အဖြစ် သူသည် လက်ဝတ်ရတနာများ၊ မင်းညီ မင်းသား ဝတ်ကောင်းစားလှများကို ပယ်ချွတ်ပြီးလျှင် ကြိုးကြာငှက် အသွင် ရှိသော ဝတ်ရုံလွှာ တစ်ထည်ကိုသာ လွှမ်းခြုံထားလိုက်လေသည်။

ထို့နောက် သူ၏ ဦးခေါင်း လက်ဝဲ လက်ယာဘက်ရှိ ဆံပင်များကို လက်ဝဲလက်ဖြင့် တစ်ဆုပ်၊ လက်ယာလက်ဖြင့် တစ်ဆုပ် နုတ်ယူလိုက်လေသည်။ ထို့နောက် သစ္စာ အဓိဋ္ဌာန်ကို ပြုလေသည်။

'ငါသည် ငါ၏ ကိုယ်ကို စွန့်ပေတော့အံ့၊ ဤ ကိုယ်ကို လျစ်လျူ ရှုတော့အံ့၊ ငါသည် ကျရောက် လာသမျှသော ဒုက္ခ ခပ်သိမ်းကို မတုန်လှုပ်သော တည်ငြိမ်သော သမာဓိ စိတ်ဖြင့် သည်းခံပေတော့အံ့'

ပါရှဝါ ရှုတင်ဆောင် ရဟန်းများနှင့် ပူးပေါင်း နေထိုင်ပြီးနောက် လ အနည်းငယ် ကြာသော အခါ မဟာဝီရသည် မိမိဘာသာ ကိုယ့်ဉာဏ်နှင့် ကိုယ် သီးခြား ကျင့်ရန် အတွက် ထိုရဟန်းများထံမှ ခွဲထွက်ခဲ့လေတော့သည်။

ကိုယ်တွင် ဝတ်ရုံထားသော ခြုံလွှာကိုလည်း စွန့်ခွာလိုက်သည်။ ထိုအခါမှ စ၍ သူသည် အဝတ်မပါ ဗလာ ကိုယ်တီး နေလေတော့သည်။

ထို့နောက် ကျေးရွာများ အနှံ့ အိန္ဒိယ အလယ်ပိုင်းရှိ မြေပြန့် ဒေသများ တစ်လျှောက် နေ့စဉ် တစ်ရွာဝင် တစ်ရွာထွက် ဒေသစာရီ ကြွချီ၍သာ နေလေတော့၏။

ဇာတိ ဇရာ မရဏ ဒုက္ခ ဆင်းရဲ အပေါင်းမှ လွတ်မြောက်ရာ သံသရာ ထွက်လမ်းကို ရှာဖွေနေတော့သည်။

သူ၏ ယုံကြည် ယူဆချက် နှစ်ရပ်မှာ (၁) အကြင် သူ၏ ဝိညာဉ်ကို မကောင်းမှု ဒုစရိုက်တို့မှ ကင်းဝေးအောင် ပြုလုပ်ရေးမှာ အပြင်းအထန် ခြိုးခြံသော 'တပေါ' အကျင့်ကို မကျင့်ဘဲ မရနိုင် ဟူ၍ လည်းကောင်း၊ (၂) အကြင် သူ၏ ဝိညာဉ် (စိတ်) ကို ဝိသုဒ္ဓိ ဖြစ်အောင်၊ သိက္ခာ ပြည့်ဝအောင် ပြုလုပ်ရေးတွင် *အဟိံသ* [၁] အကျင့်ကို ကျင့်ခြင်း ကိစ္စ ပါဝင်သည် ဟူ၍ ဖြစ်၏။

အဟိံသ ဆိုသည်မှာ သက်ရှိ သတ္တဝါတို့အား သတ်ဖြတ် ညှဉ်းဆဲမှု မပြုခြင်း ဖြစ်သည်။ ထိုယုံကြည် ယူဆချက် နှစ်ခုစလုံးသည် အသစ်အဆန်းတော့ မဟုတ်ပေ။ အဘယ်ကြောင့် ဆိုသော် မဟာဝီရသည် ထိုအယူအဆများကို မိဘ ဘိုးဘွား ရိုးရာ အစဉ်အလာ အတွေးအခေါ်များမှ ရယူခဲ့ခြင်းကြောင့် ဖြစ်၏။

သို့သော် ထိုယုံကြည်ချက်များကို သူသည် သစ္စာ ရှိစွာ အပြည့်အဝ ကျင့်ကြံ နေထိုင်ခဲ့ခြင်းမှာကား ထူးခြား၍ မှတ်သားဖွယ် ကောင်းလှပေသည်။

ခရီး လှည့်လည်စဉ် သူသည် ရွာ တစ်ရွာ၌ ည တစ်ညထက် ပို၍ တည်းခို နေထိုင်ခြင်း မပြုခဲ့ပေ။ မြို့ တစ်မြို့တွင်လည်း ငါးညထက် ပို၍ မအိပ်ပေ။ သူသည် မည်သည့် အရပ်ဒေသ၊ မည်သည့် ပုဂ္ဂိုလ်ကိုမှ သံယောဇဉ် မထားရန် ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ရပ်စွဲ ရွာစွဲ ပုဂ္ဂိုလ်စွဲသည် သူ့

---

၁။ Ahimsa

အား လောကီ အာရုံ ကာမဂုဏ်တို့၌ တပ်မက်ခြင်းကို ဖြစ်ပေါ် လာစေနိုင်သည်ဟု သူ ယူဆသောကြောင့် ဖြစ်၏။ မိုးရာသီ ကာလ လေးလ အတွင်းမှာသာ သူသည် တစ်နေရာ တစ်ဌာနတည်း၌ နေ၍ ဝါဆို တတ်လေသည်။ အဘယ်ကြောင့် ဆိုသော် ထိုအချိန်တွင် လူသွား လမ်းများပေါ်၌ သက်ရှိ သတ္တဝါများ ပေါက်ဖွားတတ်သည်။ ထို့ကြောင့် သူ၏ အဟိံသ ကျင့်စဉ်က သူ့ကို တစ်နေရာ၌ ငြိမ်သက်စွာ နေစေခဲ့ခြင်း ဖြစ်လေသည်။

အောက်တွင် ဖော်ပြထားသော ရှေးအကျဆုံး ဂျိန်းဘာသာဝင်များ၏ မှတ်တမ်းသည် စေ့စေ့စပ်စပ် လေ့လာထိုက်သော အရာ ဖြစ်ပေသည်။ ထိုမှတ်တမ်းထဲတွင် အကျင့်စရဏများကို တိတိကျကျ လိုက်နာ ကျင့်သုံးခြင်း သဘောပါသည်။

ပထမ စာပိုဒ်များတွင် သက်ရှိ သတ္တဝါတို့ အပေါ် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ အနှာတရ ဖြစ်အောင် ညှဉ်းဆဲရာ မကျစေရန် မဟာဝီရ၏ ဘေးဆီးရန်ကာ ပြုရန် ကြိုတင်၍ သတိနှင့် ပြင်ဆင်ပုံများကို ဖော်ပြထားသည်။

မြေ၌ ဖြစ်သော သတ္တဝါ၊ ရေ၌ ဖြစ်သော သတ္တဝါ၊ မီး၌ ဖြစ်သော သတ္တဝါ၊ လေ၌ ဖြစ်သော သတ္တဝါတို့ ဖြစ်ကြသော သစ်ကပ်မှော်ပင်၊ သစ်စေ့နှင့် အကင်း အညှောက်တို့မှာပင် စေ့စေ့ကြည့်တတ်လျှင် အသက် ရှိသည့် သဘောကို ဆောင်သည်ဟု သူ ရှုမြင်သောကြောင့် ၄င်းတို့ကိုလည်း ဖျက်ဆီးခြင်းမှ သူ ရှောင်ကြဉ်ခဲ့ပေသည်။

လမ်းလျှောက်သော အခါ၌ သူသည် စက္ကူမြွေကို ချလျက် မိမိရှေ့ တူရူ လူတစ်ရပ်စာခန့် မြေအပြင်ကိုသာ ကြည့်၍ လျှောက်တတ်လေသည်။ ဘေးသို့ လည်းကောင်း၊ နောက်သို့ လည်းကောင်း အနည်းငယ်စီ ကြည့်၍ သူ လျှောက်ရမည့် လမ်းကို အထူး ဂရုပြု ကြည့်ရှုကာသာ လျှောက်လှမ်းတတ်ပေသည်။ ထိုသို့ လျှောက်လှမ်းခြင်းမှာ လမ်းပေါ်ရှိ သက်ရှိ သတ္တဝါများကို ခြေဖြင့် မနင်းမိစေရန် ဖြစ်၏။

သက်ရှိ ပိုးကောင် အမျိုးမျိုးတို့ သူ့ခန္ဓာပေါ် စုဝေးရောက်ရှိကာ တွားတက်ကြပြီးလျှင် နာကျင်အောင် ကိုက်ခဲသမှု ပြုကြသော အခါမျိုးတွင် သူသည် မိမိကိုယ်ကို ပြုပြင်ခြင်း မပြုဘဲ ထိန်းချုပ်၍သာ သည်းခံ၍ နေလေသည်။

တွေးခေါ်မှုကို အမျှင် မပြတ်စေဘဲ မဟာဝီရ အရှင်မြတ်သည် ဖြည်းညင်းစွာ လှည့်လည် သွားလာလျက် သတ္တဝါတို့အား ညှဉ်းဆဲ သတ်ဖြတ်ခြင်း မပြုဘဲ ဆွမ်းခံ၍ ဘုန်းပေးတော် မူခဲ့လေသည်။

အခြားသော စာပိုဒ်များမှာလည်း ဤစာပိုဒ်တွင် ပါသော ပုံလွှာ၌ အကျုံးဝင်လေသည်။ မဟာဝီရသည် လမ်းသွားစဉ် အခါ လမ်းကို ရှင်းလင်း သုတ်သင်ရန် အတွက် နူးညံ့သော တံမြက်စည်း တစ်လက်ကို ဆောင်ယူသွားလေ့ရှိလေသည်။ ပိုးမွှားများ လမ်းပေါ်၌ ကျရောက်နေလျှင် နင်းမိပြီး သေဆုံးကြမည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။

သူသည် ဆွမ်းဆန်စိမ်းကို မည်သည့် အခါမျှ ခံယူလေ့ မရှိပေ။ ဆွမ်းခံသော အခါမှာပင် မိမိ အတွက် ရည်ရွယ်၍ ချက်ပြုတ်အပ်သော ဆွမ်းကို မခံ။ သူများ စားရန် ချက်သော အစားအစာမှ ဖယ်ချန်၍ လောင်းအပ်သော ဆွမ်းကိုသာ ခံသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ မိမိအတွက် ရည်ရွယ်၍ ချက်သော ဆွမ်း၌ တစ်စုံတစ်ယောက်သော သူသည် သက်ရှိ သတ္တဝါ တစ်စုံတစ်ရာကို သတ်ဖြတ်မိသည် ဖြစ်အံ့။ ထိုသူ၏ အပြုအမူသည် မိမိမှာ အပြစ်မကင်း၊ အာပတ် မကင်း ဖြစ်မည်ကို စိုးသောကြောင့် ဖြစ်၏။

သူသည် မိမိနှင့် အတူ ရေစစ်ရန် အတွက် ပိတ်စ တစ်ခုကိုလည်း ဆောင်ယူသွားလေ့ ရှိ၏။ သူသည် ရေကို သောက်သော အခါ၌လည်း အဝတ်ဖြင့် စစ်ပြီးမှ သုံးဆောင်တတ်လေသည်။ ထို့နောက် သပိတ်ထဲက ဆွမ်းကိုလည်း ဘုဉ်းမပေးမီ သေချာစွာ ဂရုတစိုက် စစ်ဆေး ကြည့်တတ်သည်။ ဆွမ်းထဲတွင် ဥ၊ အစို့ အညှောက်၊ ပိုးကောင်၊ မှိုတက်ခြင်း၊ ပင့်ကူအိမ် သို့မဟုတ် သက်ရှိ တစ်စုံတစ်ရာ ရှိမရှိကို စိစစ်သည်။ ထိုအရာများ ပါလျှင် ထိုဆွမ်း အစိတ်အပိုင်းကို ဖယ်ရှား စွန့်ပယ်ပြီး ကျန်သော ဆွမ်းကိုသာ စား၍ မျှတလေသည်။

တပေါ အကျင့်ကို ကျင့်ရာ၌ တိတိကျကျ လိုက်နာပုံကို အခြားသော စာပိုဒ်များ၌ အပြည့်အစုံ ဖော်ပြထားသေးသည်။

> ဤ ကျင့်စဉ်တို့ကား အရှင်မြတ် မဟာဝီရ ကျင့်သုံးအပ်သော ကျင့်စဉ်များပေတည်း။ အေးချမ်းသော ရာသီသို့ ရောက်လာသော အခါ အနာဂါရိက ဖြစ်သော အရှင်သည် ကိုယ်၌ ခြုံလွှမ်းအပ်သော ဝတ်ရုံခြုံလွှာကို စွန့်ပယ်လျက် လက်နှစ်ဖက်ကို ဆန့်တန်းကာ သစ်ပင်ကိုပင် အမှီ မပြုဘဲ စင်္ကြံ လျှောက်၍သာ နေလေသည်။
>
> လေအေးများ တိုက်ခတ်လာသော အခါ တချို့ လူများသည် နာကျင်သော ဝေဒနာကို ခံစားရသည်။ အိုးအိမ် မရှိသော ရဟန်းတို့သည်ပင်လျှင် မိုးပေါက်

သဖွယ် ကျသော ဆီးနှင်းများနှင့် လေကွယ်ရာ အရပ်ကို ရှာကြကုန်သည်။ 'ငါတို့သည် အဝတ်များကို ပို၍ ဝတ်ကြကုန်အံ့၊ မီးကို ဖိုအံ့၊ ကောင်းစွာ ဖုံးလွှမ်း၍ နေအံ့၊ ငါတို့သည် အချမ်းဒဏ်ကို ခံနိုင်အောင် ပြုကြအံ့' ဟု ဆိုကြကုန်၏။ သို့သော် မဟာဝီရ အရှင်မြတ်ကား ထိုအရာများကို အလို မရှိပေ။ ထိန်းချုပ်ခြင်း၌ အင်အား ပြင်းထန်ရကား အမိုးအကာ မှန်သမျှကို ပယ်လျက် အချမ်းဒဏ်ကို ခံစားတော်မူလေသည်။

တစ်ခါတစ်ရံ ချမ်းအေးသော ရာသီ၌ အရှင်မြတ်သည် သစ်ပင်ရိပ်၌ ကမ္မဋ္ဌာန်းကို အားထုတ်၍ နေတော်မူသည်။ နွေရာသီ ပူပြင်းသော ကာလ၌ သူ့ကိုယ်သူ နေရောင် အောက်၌ ဗလာ ကိုယ်တီးဖြင့် ထိုင်လျက် တရား အားထုတ်၍ နေတော်မူလေသည်။

မဟာဝီရ အရှင်မြတ်သည် ချမ်းသာစွာ နေရခြင်း အလို့ငှာ အိပ်စက်တော်မူခြင်း မရှိပေ။

သူသည် အနည်းငယ်သာ အိပ်စက်ပြီး အစဉ်သဖြင့် နိုးကြားတော်မူလေသည်။ ဝမ်းနုတ် ဆေးကိုသော် လည်းကောင်း၊ အန်ဆေးကိုသော် လည်းကောင်း သုံးဆောင်လေ့ မရှိ။ ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ သွားတိုက်ခြင်း အမှုတို့ကိုလည်း မပြုချေ။

ပုဂ္ဂိုလ်ရေး သံယောဇဉ် ဖြစ်မည်ကို စိုးသောကြောင့် သူသည် မည်သူ့ကိုမျှ နှုတ်ဆက်ခြင်း၊ စကား ပြောဆိုခြင်းလည်း မရှိပေ။ ဤသို့ နေခြင်းကြောင့် တချို့ စပ်စုသော ရွာသားများသည် မဟာဝီရ သခင်ကြီး အပေါ်၌ မကောင်းသော စိတ်ကို မွေးမြူလာကြသည်။ သို့သော် ရင်ဆိုင်လာရသမျှသော ကိစ္စ အားလုံးကို အဓိဋ္ဌာန် ပါရမီ၊ ဥပေက္ခာ ပါရမီတို့ဖြင့် သည်းခံတော်မူခဲ့လေသည်။

အချို့သော ပုဂ္ဂိုလ်များ အတွက်မူ သူ ပြုသလို ပြုနိုင်ရန်ကား အလွန် ခဲယဉ်း၏။ အရိုအသေ ဂါရဝ ပြုသူကိုလည်း အမှု မထား။ တချို့ ဒုစရိုက်သမားများသည် သူ့အား တုတ် လက်နက်ဖြင့် ရိုက်နှက်ကြသည်ကိုလည်း အမှု မထားချေ။ မည်သို့သော ပုထုဇဉ်များနှင့်မျှ အပေါင်းအသင်းလည်း မပြုတော့။ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများ အားထုတ်ခြင်းဖြင့်သာ နေလေသည်။ သူ့ကို မေးသော ပုဂ္ဂိုလ်ကိုလည်း မဖြေတော့ပေ။ အခက်အခဲများကိုလည်း ဂရု မပြု၊ ပမာ မထားတော့ပေ။

သူတော်စင်သည် ခရီး လှည့်လည်၍သာ နေလေသည်။ ပုံပြောသူများကိုလည်း နားမထောင်၊ ကပွဲသဘင်များကိုလည်း မကြည့်၊ သီချင်းသံကိုလည်း နားမစိုက်၊ လက်ဝှေ့ပွဲကိုလည်း မရှုစားတော့ပေ။

သူ့ကို ခွေးများက ကိုက်ကြသည်။ တချို့ လူများက သူ့ကို မြင်လျှင် ကိုက်တတ်သော ခွေးများကို လွှတ်ပြီး ရှူးတိုက်ကြသည်။

သူသည် တစ်ခုသော နေရာ၌ တစ်ကြိမ် ထိုင်ပြီ ဆိုလျှင် သူ့ ခန္ဓာကိုယ်ကို လုံးဝ မလှုပ်တော့။ လူများက သူ့ အသားကို လှီးကြသည်။ သူ့ ဆံပင်ကို ပြင်းစွာ ဆွဲနုတ်ကြသည်။ ဖုန်မှုန့်များကို သူ့ ကိုယ်ပေါ်သို့ ပက်ဖျန်းကြသည်။ သူ့ကို လဲကျအောင် တွန်းထိုးကြသည်။ သူ တရား ထိုင်နေသည်ကို အနှောင့်အယှက် ပေးကြသည်။ သူတော်စင် အရှင်မြတ်ကား မိမိ၏ ခန္ဓာကိုယ်ကို စွန့်လွှတ်၍ နိမ့်ချ သည်းခံတော်မူလေသည်။

အခြားသော အဖြစ်အပျက် တစ်ခုမှာ ဤသို့ ဖြစ်၏။

ပျော်ရွှင် မြူးထူး ဆော့ကစားလိုသော ရွာသားများသည် ကွင်းလယ်ကောင်တွင် အဝတ် မပါ ဗလာကိုယ်တီး တရား ထိုင်နေသော မဟာဝီရ အရှင်မြတ်ကို တွေ့မြင်ကြသော အခါ သူ့ ခြေဖဝါး နှစ်ခုကြားတွင် မီးရှို့ကြသည်။ သူ့ကိုယ်ကို လှုပ် မလှုပ် သိရန် ဖြစ်၏။ ထို့နောက် သူ့ နားရွက်ကို သံမှို စွဲကြသည်။ သို့သော် သူတော်စင် အရှင်မြတ်ကြီးကား ထိုသူတို့အား အမှတ်မထား ငြိမ်သက်စွာ နေတော်မူခဲ့လေသည်။ သမာဓိ၌ တည်ကြည်တော်မူလျက် နေလေသည်။ သူသည် ခန္ဓာကိုယ်၌ ဖြစ်သော အတိဒုက္ခ မှန်သမျှကို သည်းခံလျက်သာ ဈာန် သမာဓိကို ပွားများလျက် ငြိမ်သက်စွာ နေနိုင်လေသည်။

ဤကဲ့သို့ ရိုင်းပြီးသော ကိုယ် ဖြစ်အောင် မိမိကိုယ်ကို လေ့ကျင့်လျက် မဟာဝီရသည် ဆယ့်နှစ်နှစ်တာ ကာလပတ်လုံး တစ်နေရာမှ တစ်နေရာ၊ တစ်ရပ်မှ တစ်ရပ်သို့ ခရီး လှည့်လည်၍ နေခဲ့လေသည်။ ဤကဲ့သို့ ကျင့်ကြံ၍ နေတော်မူခြင်းမှာ ဘဝ သံသရာမှ လွတ်မြောက်ကြောင်း ဖြစ်သော *မောက္ခ* [၁] ကို ရရှိရန် မျှော်လင့်၍ ကျင့်ကြံ အားထုတ်ခဲ့ခြင်း ဖြစ်၏။ သူ အလိုရှိအပ် တောင့်တအပ်သော ထိုအလုံးစုံ ငြိမ်းမြောက်သော တရားကိုကား မရဘဲ မရှိခဲ့။ နောက်ဆုံး၌ ရရှိတော်မူလေသည်။ ထို အဆုံးမဲ့ ဉာဏ်တော်ကို ရရှိသော အဖြစ်အပျက်ကို ဇိနတို့၏ မှတ်တမ်းများ၌ ဂဃနဏ ဖော်ပြထားလေသည်။

---

၁။ Moksha

ဆယ့်သုံးနှစ် မြောက်သော အခါ နွေရာသီ၏ ဒုတိယလ၏ စတုတ္ထ သီတင်း နှစ်ပတ်တွင် အရိပ်များ အရှေ့ဘက်သို့ လှည့်သွားသော အချိန်၌ *ဂရမ္ဘိက ဂရမ္မ* [၁] မြို့၏ အပြင်ဘက် အရပ် *ရိဂုပါလိက* [၂] မြစ်၏ မြောက်ဘက် ကမ်းရှိ အိမ်ရှင် *သမဂ* [၃] ၏ လယ်ကွက် အတွင်း တစ်ခုသော ကျောင်းအိုကြီး၏ မြောက်ဘက်စူးစူး အင်ကြင်းပင် တစ်ပင်နှင့် မဝေးလှသော နေရာ၌ ဆောင့်ကြောင့် ထိုင်လျက် ကမ္ဘဋ္ဌာန်း တရားကို ပွားများ အားထုတ်နေစဉ် သူသည် နိဗ္ဗာန်ကို မျက်မှောက် ပြုတော်မူသည်။ အလုံးစုံသော ဉာဏ်တော်၏ အဆုံးဖြစ်သော *ကေဝလ* [၄] ဉာဏ်ကို ရတော်မူခဲ့လေသည်။

ဤသို့လျှင် သူသည် အောင်နိုင်သူ ဇိန အဖြစ်သို့ ရောက်တော် မူခဲ့လေသည်။

သူသည် သူ၏ ခန္ဓာကိုယ်ကို လုံးဝ အောင်နိုင်သူ ဖြစ်၍ အလုံးစုံသော အကုသိုလ် ဖြစ်ကြောင်း ဖြစ်သော ကိလေသာ အာရုံ ကာမဂုဏ်တို့ကို ပယ်သတ်နိုင်ခဲ့ခြင်းကြောင့် သူ့နောက်လိုက် (ဂျိန်း ဘာသာဝင်) များက သူ့ကို ဇိန (ဂျိန) ဟု ခေါ်ကြခြင်း ဖြစ်၏။

ဤကဲ့သို့ ကေဝလဉာဏ်ကို ရရှိ အောင်နိုင်ပြီးနောက် ဆယ့်နှစ်နှစ်တာ ကာလပတ်လုံး မဟာဝီရသည် လူအများကို သူ ရရှိထားသော တရားကို ဟောကြားခဲ့လေသည်။ ဘာသာ အယူဝါဒ ပြောင်းလာသူတို့သည် သူ၏ ဘဝ အလေ့အကျင့် အတိုင်း လိုက်နာ ကျင့်ကြံကြရသည်။

ဤကဲ့သို့ တရား ဓမ္မများကို အနှစ် သုံးဆယ်တိုင် အောင် အောင်မြင်စွာ ဟောကြားရင်း စည်းရုံးနေခဲ့ပြီးနောက် အသက်တော် ခုနစ်ဆယ့် နှစ်နှစ်တွင် သူသည် သံသရာဝဋ်မှ ကျွတ်ရန် အတွက် ခန္ဓာဝန်ကို ချတော်မူသည်။

ယခုအခါ သူသည် *ဣသတ္တပဗ္ဘာရ* [၅] ဟု ခေါ်သော အမတ သုခဘုံ၌ နောက်တစ်ဖန် ပဋိသန္ဓေ နေရခြင်း ဆင်းရဲမှ ကင်းလျက် စံနေတော် မူရပြီဟု ဂျိန်း ဘာသာဝင် အားလုံးက ယုံကြည်ကြလေသည်။

## ၂။ ဂျိန်း ဒဿနနှင့် ဂျိန်း ကိုယ်ကျင့်တရား အမြင်

အထက် အခန်းတွင် မဟာဝီရ အရှင်မြတ်၏ ဇာတ်လမ်းကို အလွယ်ဆုံး အရှင်းဆုံး နည်းဖြင့် တင်ပြခဲ့ပါသည်။ ထိုသို့ တင်ပြရာ၌ ဂျိန်း ဘာသာဝင်များ သုံးနှုန်းသော ဘာသာရပ် ဆိုင်ရာ ဝေါဟာရများကို အနည်းဆုံး အသုံးပြု၍သာ တင်ပြခဲ့၏။ သို့ဖြင့် သံသရာ ဘဝ ဝဋ်မှ လွတ်မြောက်လိုခြင်း သဘောသည် ပေါ်လွင် ထင်ရှားခဲ့ပြီ ထင်ပါသည်။

သို့သော် မဟာဝီရ၏ နောက်လိုက်များကရော သူကိုယ်တိုင်ကပါ သူ နေထိုင် ကျင့်ကြံခဲ့သော ဘဝ နေနည်းသည် တစ်ခုသော ဒဿနနှင့် အကျင့် စရဏ၏ ဘောင်တစ်ခု အတွင်း၌ ကျင့်ကြံ အားထုတ်ခဲ့ခြင်းသာ ဖြစ်သည်ဟု ယူဆကြသည်။ ထိုဘဝ နေနည်းသည် ဂျိန်း ဘာသာဝင်များ၏ ဝေါဟာရများ ဖြစ်သော ကမ္မ၊ ဝိညာဉ်၊ ရုပ်၊ နိဗ္ဗာန် ဆိုသော ကိစ္စများ အတွက် လိုအပ်ချက် ဖြစ်သည်ဟုလည်း ယူဆကြလေသည်။ ထို ဝေါဟာရများသည် ဗြာဟ္မဏဝါဒနှင့် လည်းကောင်း၊ ဗုဒ္ဓဝါဒနှင့် လည်းကောင်း အနက် ထွက်ပုံချင်း မတူ တစ်မူ ထူးခြားသည်။

လူသား၏ ဘဝ လွတ်မြောက်ရေးသို့ တက်လှမ်းရာတွင် ကမ္မ နိယာမက လေးနက်စွာ ပြုပြင် စီမံသည် ဆိုသော အချက်ကို ဂျိန်း ဘာသာဝင်များသည် မည်သည့် အခါမျှ စောဒက မတက်ခဲ့ကြပေ။

သူတို့၏ အမြင်တွင် ကမ္မ နိယာမ၏ အကျုံးဝင်မှုသည် အလွန် ကြီးမားသည်ဟု ယူဆကြသည်။ သူတို့သည် ကမ္မသဘော အယူအဆကို အဖြောင့်အားဖြင့် အဓိပ္ပာယ် ဖွင့်ကြသည်။ သူတို့၏ အယူအဆအရ ကံ ကံ၏ အကျိုးသည် ဝိညာဉ်ပေါ်၌ ကိန်းအောင်း အနည်ထိုင်လျက် ရှိသည်ဟု ယူသည်။ ရှေးဘဝက ပြုခဲ့သော ကံများနှင့် ယခု ဘဝ ပြုသော ကံများ၏ အကျိုးဆက်များသည် ဝိညာဉ်ပေါ်မှာ စုဆောင်း၍ အထပ်ထပ် အနည်ထိုင် ချိုးကပ်လျက် ရှိသည်။ ထိုချိုးများသည် ငါးထပ် အထိပင် ရှိနိုင်သည်ဟု ဆိုသည်။ ထိုဝိညာဉ်၌ အထပ်ထပ် ချိုးကပ်နေသော ကံကြွေးများကို ယခု ဘဝတွင် ပါရဂူ တပေါ အကျင့်ဖြင့် တိုက်ချွတ် သုတ်သင်ပစ်ရမည်ဟု ဆိုသည်။

---

၁။ Grimbikagrama ၂။ Rigupalika
၃။ Samaga ၄။ Kevala

၅။ Isatpragbhara

ဤ ဂိုဏ်းဘာသာဝင်များ၏ အယူအဆသည် ရုပ်နှင့် နာမ်၏ စိတ်ဝင်စားဖွယ် ဆက်စပ်မှုကို အခြေခံသည်။ ရုပ်ဆိုရာတွင် ထုထည်ဒြပ် ရှိသော အရာဝတ္ထုများမှသည် အာရုံဒွါရများဖြင့် ထိတွေ့ သိမြင်၍ မရသော အလွန် ပါးလွှာမှုန်မွှားသော အရာများ အထိ ပါဝင်သည်။ ထုထည် ဒြပ်ရှိသော အရာများသည် လေးလံပြီး ကြမ်းတမ်း၍ ကြီးမား ထုထဲသည်။ အာရုံဖြင့် ထိတွေ့ သိမြင်၍ မရသော ရုပ်များမှာ ပေါ့ပါး၍ ပျောက်ပျက်လွယ်သော သဘော ရှိသည်။ ရုပ်သည် အနိစ္စ ဖြစ်၏။ ရုပ်ထဲတွင် အက်တမ် အဏုမြူများ ပါဝင်သည်။ ထိုအဏုမြူ အက်တမ်များ စုခဲပြီးမှ အထည်ဒြပ် ပုံပန်းသဏ္ဌာန် အရည်အသွေးများ ဖြစ်လာကြခြင်း ဖြစ်သည်။ မြေ၊ ရေ၊ လေ၊ အသံ၊ အရောင် အဆင်းနှင့် သက်ရှိ ကိုယ်ကာယ မျိုးစုံနှင့် ၄င်းတို့၏ အာရုံ ဒွါရများနှင့် အာရုံ ခံစားမှုများ အားလုံး ပါဝင်သည်။ အနူးညံ့ဆုံးသော ရုပ်သည် *ကမ္မဇရုပ်* [၁] ဖြစ်သည်။

ထိုကမ္မဇရုပ်သည် ဝိညာဉ်ထဲတွင် အောက်ပါအတိုင်း ဖွဲ့စည်း ဖြစ်ပေါ်လာသည် ဆို၏။

မကောင်းသော စိတ်၊ မကောင်းသော ဆန္ဒများ၏ နှိုးဆော် တိုက်တွန်းမှုကို ခံရသော အခါတိုင်း၌ ဝိညာဉ်သည် အစေး ပေါက်လာပြီးလျှင် ထိုဝိညာဉ်ပေါ်၌ ရုပ်မှုန်များ တွယ်ကပ် ဖုံးလွှမ်းလာကြလေတော့သည်။

ထိုကဲ့သို့ ရုပ်၏ ကပ်ငြိမှု သို့မဟုတ် စိမ့်ဝင်မှုသည် ဘဝ တစ်ဘဝ၏ အဆုံး၌ ခန္ဓာ တစ်ခုမှ ခန္ဓာသစ် တစ်ခုသို့ ရွှေ့ပြောင်း၍ ပဋိသန္ဓေ နေသော အခါ ဝိညာဉ်သည် မိမိ၌ တွယ်ကပ်နေသော ရုပ်များကိုပါ သယ်ဆောင်၍ သွားရလေတော့သည်။

ရုပ်က ဝိညာဉ်၏ သန့်ရှင်း စင်ကြယ်မှုကို ပျက်ပြားချွတ်ယွင်းအောင် ပြုလေတော့သည်။ ဝိညာဉ်ထဲတွင် ရုပ်များ အပြည့်အဝ ငြိတွယ်နေသဖြင့် ဝိညာဉ်သည် ဘဝ ကူးသော အခါ လေးလံပြီးလျှင် အောက်သို့သာ လျော့ကျသွားပေရာ ငရဲသို့တိုင် ရောက်သွားနိုင်ပေသည်။

အကယ်၍ ဝိညာဉ်၌ ရုပ်တွယ်ကပ်မှု နည်းလျှင်ကား ဝိညာဉ်သည် ပေါ့ပါး သွက်လက်ပြီးလျှင် အထက်သို့ လွင့်တက်သွားနိုင်သည်။

ထိုအခါ အထက် နတ်ဘုံ နတ်နန်းများ အထိ တက်ရောက်သွားပြီးလျှင် နတ်၌ ပဋိသန္ဓေ ရပြီး နတ်ပြည်သို့ ရောက်နိုင်ပေသည်။

ထို့ထက် အထက်သို့ တက်နိုင်လျှင်ကား ထာဝရ လွတ်မြောက်ခြင်းသို့ ရောက်သော ဝိညာဉ် ဖြစ်သွားနိုင်ပေတော့သည်။

ကမ္မ၏ သဘော သဘာဝကို စေ့စေ့စပ်စပ် လေ့လာ ကြည့်ရှုပါက ဂိုဏ်း ဘာသာဝင်များသည် ကံကို ရှစ်မျိုး ခွဲခြားထားကြောင်း တွေ့ရှိရပေသည်။ ကံကို အမျိုးအစား ခွဲခြားရာ၌ ကံ၏ အကျိုး ရလဒ် အပေါ် မူတည်၍ ခွဲခြားခြင်း ဖြစ်၏။

ကံ တစ်မျိုးမှာ ပုဂ္ဂိုလ် တစ်စု၏ အသက်ရှည်မှုနှင့် ဆိုင်သော ကံ ဖြစ်၏။ အခြား ကံ တစ်မျိုးမှာ ရုပ်နှင့် နာမ် သဘောကို ဆောင်သည်။ တတိယ ကံမှာ လူမျိုးနှင့် လူတန်းစား ဇာတ်ကို ဖြစ်စေသော ကံ ဖြစ်သည်။ စတုတ္ထ ကံမှာ သူ၏ ဆုံးဖြတ်နိုင်သော စွမ်းအားကို ဖြစ်စေသော ကံ ဖြစ်သည်။ ပဋ္ဌမ အမျိုးအစားသည် သုတဉာဏ် ထက်မြက်မှုနှင့် ဆိုင်သော ကံ ဖြစ်သည်။ ဆဋ္ဌမသည် သူ၏ ထိုးထွင်းဉာဏ်နှင့် ဆိုင်သည်။ သတ္တမ ကံသည် သုခနှင့် ဒုက္ခကို မျှဝေ ခံစားနိုင်မှုနှင့် ဆိုင်သည်။ အဋ္ဌမ ကံသည် ယုံကြည်မှု သဒ္ဓါ သို့မဟုတ် သံသယ ဝိစိကိစ္ဆာတို့ အပေါ်ထားသော သဘောထားနှင့် ဆိုင်သော ကံ ဖြစ်သည်။

ဤရှစ်ပါးသော ကံတို့တွင် တစ်ပါးပါးသော ကံ၏ အစွမ်းအားဖြင့် ဖြစ်စေ၊ ကံ အများ ပေါင်းစုခြင်းအားဖြင့် ဖြစ်စေ ဘဝ တစ်လျှောက်လုံး၌ အကျိုးပေးသည်။

ဝိညာဉ်၏ အဓိက ပြဿနာမှာ မိမိ အပေါ် ကျရောက်သော ကမ္မဇရုပ်များကို ဖယ်ရှား သုတ်သင်နိုင်ရေးပင် ဖြစ်သည်။ ထိုသို့ သုတ်သင်နိုင်ရန်မှာ ဝိညာဉ် အပေါ်သို့ ကျရောက်လာသော ကံ၏ အကျိုး သက်ရောက်မှုများကို သတိဖြင့် ရှုမှတ်နေရန်ပင် ဖြစ်သည်။ သို့မဟုတ် ဝိညာဉ်၏ အကျင့်စရဏများသည်လည်း ကံကြွေး ကံဟောင်းများကို ပို၍ လျင်မြန်စွာ ပပျောက်သွားစေနိုင်ပါသည်။

ထို့ပြင် ထိုအချိန်မှာပင် (အပြုအမူတိုင်းသည် ကံ အသစ်ကို ဖြစ်စေနိုင်ရကား) ကံသစ်များလည်း ဖြစ်ပေါ်လာဦးမည် ဖြစ်၏။ ထိုကံများမှာကား အနည်းဆုံးသော အကျိုးကိုသာ ပေးတော့မည် ဖြစ်၏။ ထိုကံများကို လျင်မြန်စွာ အကျင့် စရဏက အဟောသိကံ ဖြစ်အောင် ပြုလုပ်လိုက်မည် ဖြစ်ပေသည်။

မဟာဝီရနှင့် သူ၏ နောက်လိုက် တပည့်များသည် *ဗဟုအတ္တဝါဒီ* [၂] များ ဖြစ်ကြသည်။ သို့သော် သူတို့သည်

---

၁။ kama-matter

၂။ pluralist

အရာခပ်သိမ်းကို အကြမ်းအားဖြင့် ကဏ္ဍ နှစ်ခု ခွဲ၍ ရှုမြင်တတ်ကြပေသည်။ (၁) တစ်ခုမှာ အဇီဝ ခေါ် စကြဝဠာတွင်းရှိ သက်မဲ့ ဝတ္ထု ပစ္စည်းများ၊ (၂) ဇီဝ ခေါ် စကြဝဠာတွင်းရှိ သက်ရှိများ ဖြစ်သည်။

ပို၍ တိတိကျကျ အဓိပ္ပာယ် ဖွင့်ရလျှင် သက်ရှိထဲတွင် အလုံးစုံသော ပုဂ္ဂလိက ဝိညာဉ်များနှင့် ဝိညာဉ် လောကသားများ အားလုံး ပါဝင်သည်။ ထိုအရာများ အားလုံးသည် ပါးလွှာ ပေ့ါပါးသော သက်ရှိ ရုပ်များပင် ဖြစ်ကြသည်။ အဇီဝသည်လည်း ထာဝရ ဖြစ်၏။ မြဲ၏။ သို့သော် အကုသိုလ် ဖြစ်၏။ ဇီဝသည်လည်း ထာဝရ ဖြစ်၏။ မြဲ၏။ တန်ဖိုး မဖြတ်နိုင် ဖြစ်၏။ ကောင်းချီး မင်္ဂလာ အပေါင်းနှင့်လည်း ပြည့်စုံပေသည်။ ကုသိုလ် အပေါင်း ခညောင်း၏။

အဘယ်ကြောင့် ဆိုသော် ဝိညာဉ်များမှာ ဖျက်ဆီး၍ မရကောင်းသော အဆုံးမဲ့ တန်ဖိုး ရတနာများ ဖြစ်ကြသောကြောင့် ဖြစ်၏။ ဝိသုဒ္ဓိ အဖြစ်တွင် ဝိညာဉ်သည် ရုပ်၏ နှောင်ဖွဲ့မှုမှ လုံးဝ ကင်းစင်သွားသော အခါ ထိုဝိညာဉ်သည် အပြစ် ခပ်သိမ်း ကင်းရှင်း စင်ကြယ်သွား၏။ အလုံးစုံကို သိစပ် မြင်နှံ့၏။ အဆုံး မရှိသော ဉာဏ်ကို ရရှိ၏။ အဆုံးမရှိသော တန်ခိုးတော်နှင့်လည်း ပြည့်စုံလေတော့၏။ အဆုံးမရှိသော မင်္ဂလာ အပေါင်းလည်း ခညောင်းနေပြီ ဖြစ်တော့သည်။

အသွေး အသားမှ လွတ်မြောက်သွားသော ဝိညာဉ်သည် စကြဝဠာ၏ အထွတ်အထိပ်သို့ တက်သွားနိုင်၏။ ထိုနေရာ၌ ထိုဝိညာဉ်သည် ဣသတ္တပရဂ္ဘာရ အမတ သုခဘုံရှိ လွတ်မြောက်ပြီးသော ဝိညာဉ်များနှင့် ပူးပေါင်းသွား၏။

ရုတ်တရက်အားဖြင့် ဣသတ္တပရဂ္ဘာရသို့ ဆိုက်ရောက်သွားသော ဝိညာဉ်၌ ဂုဏ်သတ္တိ မရှိ၊ အဆက်အသွယ် တစ်စုံတစ်ရာ မရှိ ဆိုရသောကြောင့် ထိုဝိညာဉ်သည် ဘာမှ မရှိသော သုညတ အဖြစ်သို့ ဆိုက်ရောက်သွားသည်ကား မဟုတ်ချေ။ ဝိညာဉ်၌ အသိဉာဏ် ကင်းပြတ်သွားသည်ကား မဟုတ်ချေ။

ဂျိန်း ပိဋကတ်များ၌ 'လွတ်မြောက်သွားသော ဝိညာဉ်သည် အရှည်လည်း မဟုတ်၊ အတိုလည်း မဟုတ်၊ အလေးလည်း မဟုတ်၊ အပေ့ါလည်း မဟုတ်၊ ထိုဝိညာဉ်၌ ကိုယ်ခန္ဓာလည်း မရှိတော့၊ ရှင်ပြန် ထမြောက်ခြင်းလည်း မရှိတော့၊ ရုပ်နှင့်လည်း အဆက်အသွယ် မရှိတော့ပေ၊ ထိုဝိညာဉ်သည် အမ သဘော ဣတ္ထိလိင်လည်း မဟုတ်၊ အဖိုသဘော ပုလ္လိင်လည်း မဟုတ်တော့ပေ၊ ထို့အတူ နပုလ္လိင်လည်း မဟုတ်ပါချေ၊ ထိုဝိညာဉ်၌ အာရုံခံ၍ သိနိုင်သော ဝိညာဉ်သိကား ရှိသည်၊ သို့သော် ပုံနှိုင်း ပြစရာကား မရှိပေ (ဤသို့လျှင် လွတ်မြောက်ပြီးသော ဝိညာဉ်၏ သဘောသဘာဝကို သိအပ်သည်)။'

ဤတွင်၌ ကျမ်းဂန်၏ ဖော်ပြချက် အဆုံးသို့ ရောက်တော့သည်။

ဝိညာဉ်များသည် ဖျက်ဆီး၍ ရကောင်းသော အရာများ မဟုတ်ချေ။ ၄င်းတို့သည် အကြွင်းမဲ့ အမှီအခို ကင်းစွာ အလွတ်အလပ် တည်နေကြကုန်သည်။ ဝိညာဉ်များသည် တစ်ခု တစ်ခုက အစပြု၍ ထွက်ပေါ်လာသော အရာများလည်း မဟုတ်ကြချေ။ ဂျိန်း ဘာသာဝင်များသည် အစကနဦးကပင် ဗြာဟ္မဏများ ပြောသလို ဗြဟ္မ-အတ္တမံ ဆိုသော အရာမျိုးလည်း မရှိ ဟူ၍ ယုံကြည် လက်ခံထားသူများ ဖြစ်ကြလေသည်။

ဤစကြဝဠာ၌ တစ်ခုတည်းသော၊ တစ်သဘောတည်းသော အတ္တ အခြေခံမျိုးလည်း မရှိ၊ လောက၏ အချုပ်အခြာ အုပ်စိုးသော အရှင် ထာဝရ ဘုရားမျိုးလည်း မရှိဟု ယူဆကြသည်။

သို့သော် နတ်ဟု ခေါ်သော အဆင့်မြင့် သတ္တဝါမျိုးကား အများအပြား ရှိသည်။ နတ်ဘုံလည်း အဆင့်ဆင့်ရှိသည်။ ထိုနတ်များမှာလည်း နတ်သက် ကုန်လျှင် စုတေရသော အကန့်အသတ် ရှိသော သတ္တဝါများသာ ဖြစ်ကြသည်။ နတ်များသည်လည်း လူ သတ္တဝါများကဲ့သို့ပင် သံသရာ၌ အသစ် တစ်ဖန် ပြန်လည် မွေးဖွားခြင်းဖြင့် ကျင်လည်ကြရသော သတ္တဝါမျိုးပင် ဖြစ်သည်ဟု ယုံကြည်ကြလေသည်။

မဟာဝီရက နတ်များထံမှ အမ အစကိုလည်း မမျှော်လင့်ကြနှင့်၊ နတ်များသည်ပင်လျှင် ရွှေနတ် ကယ်တင်ခြင်းကို အလို ရှိနေကြသူများသာ ဖြစ်ကြကုန်သည်ဟု ဟောကြားခဲ့လေသည်။

ထို့ကြောင့် လူသား ဝိညာဉ်သည် ရုပ်လောက ဒုက္ခ အကျဉ်းအကျပ်ထဲမှာ ပိတ်မိလျက် ရှိသည်။ ထိုအကြောင်းကြောင့်လည်း ကာမ အနှောင်အဖွဲ့မှ လွတ်မြောက်ရေး 'မောက္ခ' ကို ရရှိနိုင်မည့် နည်းလမ်းကို ရှာဖွေရန် လိုအပ်လှပေသည်။ သံသရာမှ လွတ်မြောက်ရေးကို ဆုတောင်းနေခြင်းဖြင့် အကျိုး တစ်စုံတစ်ရာ မရရှိနိုင်ပေ။

ဤကား ကိုယ်တိုင် ကျင့်ကြံ ပွားများ အားထုတ်နိုင်မှသာ ရအပ်သော တရားမျိုး ဖြစ်ပေသည်ဟု ဂျိန်း ဘာသာဝင်များ ယုံကြည်ကြပါသည်။

'အို ကောင်းကင်၏ အရှင်နတ်မင်း၊ မိုးကြိုး မုန်တိုင်းကို အစိုးရသော နတ်မင်း၊ လျှပ်စစ်၏ အရှင် နတ်မင်း၊ မိုးဒေဝါ အရှင် နတ်မင်း၊ အရှင် နတ်ကောင်း နတ် အပေါင်းတို့ မိုးကို ရွာစေပါလော့၊ မိုးကို မရွာ စေပါနှင့်၊ အသီးအနှံကို ရှင်သန် ကြီးပွားအောင် မစ တော်မူပါ၊ နေ ထွက်အောင် မစတော်မူပါ' ဆိုသော ဆုတောင်း စကားမျိုးကို ရဟန်းတို့သည် မပြောအပ်။ ထိုအပြောမျိုးကို ရဟန်းတို့သည် မပြောသင့်ပေ။

သို့သော် သဘာဝ တရား၏ သဘော အမှန်ကို သိသောအားဖြင့် သူသည် 'လေသည် မိုးတိမ် မိုးသား တို့ကို ဆောင်ယူလျက် မိုးကို ရွာအောင် ပြုပါလော့ ဟူ၍ကား ဆိုသင့်၏' ဟူ၍ ဂျိန်း စာပေ ကျမ်းဂန် များ၌ လာသည်။

ထို့အတူ တစ်ပါးသော လူများ၌ လည်းကောင်း၊ အခြားသော သူများ ပြောသော စကားလုံးများ၌ လည်း ကောင်း ကယ်မနိုင်သော တန်ခိုး ပါရှိသည် ဟူ၍လည်း မယူရာ။ နတ်ဆရာများမှာလည်း ထူးခြားသော အခွင့် အာ ဏာမျိုး မရှိချေ။ ဝေဒကျမ်းများမှာလည်း အထူးတလည် မှန်မြတ်သော ကျမ်းများ မဟုတ်။ ထို့ကြောင့် ထိုကျမ်း များကိုလည်း သံသရာမှ လွတ်မြောက်ရေးကို အထောက် အကူ ပြုနိုင်သော ထူးဆန်း အံ့ဖွယ်ရာ တန်ခိုး အာဏာ ရှိသော အရာများ အဖြစ် အသုံးမပြုရာ။ ထိုကဲ့သို့သော အပ ဖြစ်သော အထောက်အကူ အမအစများကို ယုံကြည် အား ကိုးနေခြင်းထက် လူတိုင်းသည် မိမိ ကိုယ်တွင်းမှာပင် လွတ် မြောက်ရေးသည် တည်ရှိနေသည်ဟု သိမြင်ခြင်းက ပို၍ ထိရောက်ပေသည်။

မဟာဝီရ၏ အလေးအနက် ထားသော စကားကိုသာ အကြင်သူသည် နှလုံး သွင်းအပ်၏။ မဟာဝီရ စကားမှာ 'လူသား၊ သင်သည်သာလျှင် သင်၏ ကလျာဏ မိတ္တ အစစ် ဖြစ်၏၊ အဘယ်ကြောင့် သင့်ကိုယ်မှ အပ ဖြစ်သော မိတ် ကောင်း ဆွေကောင်းကို အပြင်မှာ ရှာနေသနည်း' ဟူ၍ ဖြစ်၏။

မောက္ခ ခေါ် ဘဝ လွတ်မြောက်ရေးကို ရရှိရန် အမြန်ဆုံးနှင့် အထိရောက်ဆုံးမှာ တပ ခေါ် ခြိုးခြံသော အကျင့်ကို ကျင့်ကြံ အားထုတ်ခြင်းပင် ဖြစ်၏။ မဟာဝီရ ဆိုသော တပ အကျင့်၏ အဓိပ္ပာယ် ဆိုလိုရင်းကို သူ၏ ကျင့်ကြံ အားထုတ်ပုံများ၌ မြင်အပ်၏။

သူ၏ နောက်လိုက် တပည့်များက သီလ သိက္ခာပုဒ် များ အရ ဥပုသ် သီလ ဆောက်တည်ခြင်းကိုလည်း တပည့် ထပ်ဖြည့်ခဲ့ကြ၏။ ထို့ပြင် ဈာန် သမာဓိ ထူထောင် နည်း များကိုလည်း ထပ်ဖြည့်ခဲ့ကြလေသည်။

ဈာန် သမာပတ် ဝင်စားခြင်းသည် အပြင် လောက နှင့် လုံးဝ အဆက်ပြတ်ပြီး မိမိ၏ ရုပ်ခန္ဓာ အစဉ်ကို လွန် မြောက်သွားခြင်း ဖြစ်ပေတော့သည်။ ဤ စတုတ္ထ ဈာန် ဝင်စားခြင်းသည် တောထွက်၍ ဘဝ လွတ်မြောက်ကြောင်း တရားကို ရှာဖွေခဲ့ပြီးနောက် ဆယ့်သုံးနှစ် ကြာသော အခါ မဟာဝီရ တွေ့ရှိသော တရားမျိုး ဖြစ်ပေသည်။

ထိုဈာန် အဆင့်ကို အကြင်သူသည် စိတ်ကို လည်း ကောင်း၊ လောဘ တဏှာကို လည်းကောင်း အပြင်းအထန် မထိန်းချုပ်နိုင်ဘဲနှင့် မရနိုင်ဟု ဂျိန်း ဘာသာဝင်များ ယူဆ ကြ၏။ စိတ်ကို လောကကြီးနှင့် ကင်းပြတ်သွားအောင်၊ ဝတ္ထု အာရုံ ကာမဂုဏ် တရားများနှင့် လုံးဝ ကင်းပြတ် သွားအောင် မပြုလုပ်နိုင်ပါက ကာမဂုဏ် တရားများက ဈာန်ကို လျှောကျသွားစေနိုင်သောကြောင့် ဖြစ်၏။

မဟာဝီရ၏ တပ ကျင့်စဉ်ကို ရဟန်းတို့ ပြုအပ်သော *မဟာ သစ္စာ အဓိဋ္ဌာန် ငါးချက်* [၁] ဖြင့် ခြုံ၍ ဖော်ပြထား ၏။ နောင်အခါ ထို မဟာ သစ္စာ အဓိဋ္ဌာန် ငါးချက်ကို စာ ဖြင့် အပြည့်အစုံ ရေးသား၍ မှတ်တမ်း တင်ထားခဲ့ကြ၏။ ထို ပြည့်စုံသော ဖော်ပြချက်များ၌ မဟာဝီရ ဆိုလိုသော အဟိံသာ၏ စိတ်ဝင်စားဖွယ် အဓိပ္ပာယ် ဖော်ပြချက်များ လည်း ပါသည်။ ထို့ပြင် လောကီ အာရုံ ကာမဂုဏ် တရား တို့မှ တဏှာ၊ ဥပါဒါန်၊ သံယောဇဉ် ပြတ်ကြောင်း နည်း လမ်းများလည်း ပါသည်။ သစ္စာ အဓိဋ္ဌာန် ငါးချက်တွင် အဟိံသာသည် ပထမဆုံးသော သစ္စာ အဓိဋ္ဌာန်ပင် ဖြစ်၏။

ပထမ သိက္ခာပုဒ်မှာ ပါဏာတိပါတနှင့် ဆိုင်သော သိက္ခာပုဒ် ဖြစ်၏။

(၁) တပည့်တော်သည် ရွေ့လျားနိုင်၊ မရွေ့လျားနိုင် အလုံးစုံကုန်သော သက်ရှိ သတ္တဝါ အပေါင်းတို့၏ အသက် ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။ သတ်ဖြတ်ခြင်း အမှု ကို မိမိ ကိုယ်တိုင်သော် လည်းကောင်း၊ သူတစ်ပါးအား ပြုလုပ်စေခြင်းကိုသော် လည်းကောင်း၊ သူတစ်ပါး သတ် ဖြတ်သည်ကို အလိုတူ အလိုပါခြင်းကိုသော် လည်းကောင်း မပြုပါ။ အသက် ရှည်သမျှ ကာလပတ်လုံး မကောင်းမှု ဒုစရိုက်တို့ကို စိတ်ဖြင့်သော် လည်းကောင်း၊ နှုတ်ဖြင့်သော် လည်းကောင်း၊ ကိုယ်ဖြင့်သော် လည်းကောင်း ပြုခြင်းမှ ရှောင်ကြဉ်ပါ၏။

---

၁။ Five Great Vows

ဤ သိက္ခာပုဒ်နှင့် ပတ်သက်၍ အောက်ပါ အချက် ငါးချက်ကို လိုက်နာရ၏။

- နိဂဏ္ဌာ တစ်ဦး (ဂျိန်း ဘာသာ၌ ကိလေသာ အထုံး အဖွဲ့ မရှိအောင် တပ အကျင့်ကို ကျင့်သူ) သည် စင်္ကြံ လျှောက်သော အခါမှာလည်း သတိမဲ့စွာ မလျှောက်ရ၊ သတိဖြင့် လျှောက်ရ၏။
- နိဂဏ္ဌာ တစ်ဦးသည် သူ့စိတ်ကို သူ စူးစမ်း ဆင်ခြင် ရမည်။ မိမိ စိတ်သည် မစင်ကြယ်၊ ဒုစရိုက်တို့ဖြင့် ရောပြွမ်း၏၊ ကိလေသာကို အလိုလိုက်၏၊ ခိုက်ရန် ဖြစ်ပွားစေ၏၊ ဒေါမနဿ ဖြစ်လျက် ရှိ၏၊ ထိုစိတ်ကို တရား အားထုတ်ရာ၌ မစေခိုင်းရ။
- နိဂဏ္ဌာ တစ်ဦးသည် မိမိ၏ နှုတ်ကို စူးစမ်း ဆင်ခြင် ရာသည်။ မိမိ၏ နှုတ်သည် မစင်ကြယ်၊ ဒုစရိုက်တို့ ဖြင့် ရောပြွမ်း၏၊ ခိုက်ရန် ဖြစ်ပွားစေတတ်၏၊ ဒုက္ခ ကို ဖြစ်စေ၏၊ သို့ဆိုလျှင် ထိုစကားကို မပြောရာ။
- နိဂဏ္ဌာ တစ်ဦးသည် မိမိ ဆွမ်းခံသော သပိတ် အသုံး အဆောင်တို့ကို သတိဖြင့် သိမ်းဆည်းရမည်။
- နိဂဏ္ဌာ တစ်ဦးသည် အစာ စားသော အခါ၌ လည်း ကောင်း၊ ရေ သောက်သော အခါ၌ လည်းကောင်း ဂရု တစိုက် သတိဖြင့် မစားမသောက်မီ အစာရေစာတို့ကို စစ်ဆေး ကြည့်ရှုရမည်။ အကယ်၍ နိဂဏ္ဌာ တစ်ဦး သည် မိမိ စားသော အစာနှင့် သောက်သော ရေကို သတိဖြင့် မစိစစ်ဘဲ သောက်သုံးပါက သက်ရှိ သတ္တဝါ တစ်စုံတစ်ရာကို သတ်ဖြတ် ညှဉ်းဆဲခြင်း ပြုရာ ကျနိုင် ပေသည်။

ဒုတိယ သိက္ခာပုဒ်သည် မှန်သော စကားကို ပြောဆို ခြင်းနှင့် သက်ဆိုင်သည်။

(၂) တပည့်တော်သည် ဒေါသကြောင့် လည်းကောင်း၊ လောဘကြောင့် လည်းကောင်း၊ ကြောက်ရွံ့ခြင်း ဘယ ကြောင့် လည်းကောင်း၊ ရယ်ရွှင် မြူးထူးလိုခြင်း ဟာသ ကြောင့် လည်းကောင်း မုသား ပြောဆိုခြင်းမှ ရှောင်ကြဉ် ပါ၏။ မုသား ပြောဆိုခြင်းကို မိမိကိုယ်တိုင်လည်း ရှောင် ကြဉ်ပါ၏။ သူတစ်ပါးအား ပြောဆိုရန် တိုက်တွန်းခြင်း ကိုလည်း ရှောင်ကြဉ်ပါ၏။ တခြား လူတို့ မုသား ပြော ဆိုခြင်းကို အားပေးခြင်းမှလည်း ရှောင်ကြဉ်ပါ၏။

ဤသိက္ခာပုဒ်နှင့် စပ်သော လိုက်နာဖွယ် အချက် ငါးချက်လည်း ရှိ၏။

- နိဂဏ္ဌာသည် မိမိ စကား မှန် မမှန်ကို ကောင်းစွာ စဉ်းစား ဆင်ခြင်ပြီးမှ ပြောဆိုရမည်။
- နိဂဏ္ဌာသည် ဒေါသ မဖြစ်ရ၊ လောဘ မဖြစ်ရ၊ မကြောက် ရ၊ ရွှင်မြူးလိုခြင်း မရှိရ၊ ထိုသို့သော စိတ်လှုပ်ရှားမှု များသည် နိဂဏ္ဌာအား မှားယွင်းခြင်းသို့ ကျရောက် စေတတ်သည်။ နောက်ပြောင်သော စကားကိုလည်း မပြောရ၊ ထို စကားမျိုးသည် အဖြစ်မှန်နှင့် လွဲချော် သော အချက်ကို အခြေခံသောကြောင့် ဖြစ်၏။

(၃) တတိယ သိက္ခာပုဒ်မှာ ဤသို့ ဖြစ်၏။ တပည့် တော်သည် ရွာ၌ ဖြစ်စေ၊ မြို့၌ ဖြစ်စေ၊ တောတွင်း၌ ဖြစ် စေ ပိုင်ရှင် မပေးအပ်သော ပစ္စည်း ကြီးသည် ဖြစ်စေ၊ ငယ် သည် ဖြစ်စေ၊ သက်ရှိ ဖြစ်စေ၊ သက်မဲ့ ဖြစ်စေကို ရယူ ခြင်းမှ ရှောင်ကြဉ်ပါ၏။ ပိုင်ရှင် မပေးအပ်သော ပစ္စည်း ကို မိမိ ကိုယ်တိုင်လည်း ရယူခြင်း မပြုပါ။ သူတစ်ပါးကို လည်း ရယူအောင် တိုက်တွန်းခြင်း မပြုပါ။ တစ်ပါးသူတို့ ရယူသည်ကိုလည်း အားပေးခြင်း မပြုပါ။

ဤ သိက္ခာပုဒ်တွင်လည်း လိုက်နာရန် အချက် ငါး ချက် ရှိပေသည်။ ထိုအချက်များသည် လောဘ အမျိုးမျိုး၌ မိမိ၏ ကာယကံ၊ ဝစီကံတို့ကို ထိန်းချုပ်ခြင်းများပင် ဖြစ်၏။

(၄) စတုတ္ထ သိက္ခာပုဒ်သည် ဤသို့ ဖြစ်၏။ တပည့် တော်သည် မမြတ်သော အပြဟ္မစရိယ အကျင့်တို့ကို ရှောင် ကြဉ်ပါ၏။ မိမိ ကိုယ်တိုင်လည်း ကာမ ရာဂကို ရှောင် ကြဉ်ပါ၏။ သူတစ်ပါးတို့အားလည်း ထိုသို့ ပြုကျင့်ရန် မတိုက်တွန်းပါ။ ပြုကျင့်လိုသူတို့အားလည်း အားမပေးပါ။

ဤသိက္ခာပုဒ်နှင့် စပ်၍လည်း အချက် ငါးချက်ကို လိုက်နာရပေသည်။ နိဂဏ္ဌာသည် အဝေးမှပင် ကာမ ရာဂ စိတ်ကို ဖြစ်ပေါ်အောင် သွေးဆောင်မှုတို့၌လည်း လိုက်စား ခြင်းမှ ရှောင်ကြဉ်ရပေသည်။

(၅) ပဉ္စမ သိက္ခာပုဒ်သည် ဤသို့ ဖြစ်၏။ တပည့် တော်သည် နည်းသော အရာ၌ ဖြစ်စေ၊ များသော အရာ၌ ဖြစ်စေ၊ ငယ်သော အရာ၌ ဖြစ်စေ၊ ကြီးသော အရာ၌ ဖြစ် စေ၊ သက်ရှိ၌ ဖြစ်စေ၊ သက်မဲ့၌ ဖြစ်စေ တပ်မက်ခြင်း စွဲလမ်းခြင်းမှ ရှောင်ကြဉ်ပါ၏။ မိမိကိုယ်တိုင်လည်း ရှောင် ကြဉ်ပါ၏။ သူတစ်ပါးအား စွဲလမ်း တပ်မက်အောင် ပြုခြင်း မှလည်း ရှောင်ကြဉ်ပါ၏။ စွဲလမ်း တပ်မက်တတ်သူတို့ကို အားပေးခြင်းမှလည်း ရှောင်ကြဉ်ပါ၏။

ဤ သိက္ခာပုဒ်နှင့် ပတ်သက်၍ လိုက်နာအပ်သော အချက် ငါးချက် ရှိ၏။ ထိုအချက်များကို သိသာထင်ရှား စေရန် အောက်ပါအတိုင်း တစ်ပေါင်း တစ်စည်းတည်း ဆို ပေအံ့။

- သတ္တဝါသည် နှစ်သက်ဖွယ် ကောင်းသော အသံကို ဖြစ်စေ၊ နှစ်သက်ဖွယ် မကောင်းသော အသံကို ဖြစ်စေ ကြားသော အခါ ထိုအသံကို မစွဲလမ်းရ၊ ထိုအသံ၌ မသာယာရ၊ ထိုအသံကြောင့် စိတ် အနှောင့်အယှက် လည်း မဖြစ်ရ။ အကယ်၍ နားသို့ ရောက်လာသော အသံကို မကြားဘဲ နေ၍ မဖြစ်နိုင်လျှင် တရား ကျင့်သော ရဟန်းသည် ထိုအသံကြောင့် ဖြစ်သော အချစ် စိတ်ကိုလည်း မဖြစ်ရ၊ အမုန်းစိတ်ကိုလည်း မဖြစ်ရ။
- အကြင် သတ္တဝါသည် မျက်စိ၌ အဆင်းကို မြင်သော အခါ၊ နှာခေါင်း၌ အနံ့ကို နံသော အခါ၊ လျှာ၌ အရသာကို ခံစားသော အခါ၊ ကိုယ်ကာယ၌ အထိ အတွေ့ကို ခံစားသော အခါ ထို ခံစားမှု အာရုံများ သည် နှစ်သက်ဖွယ် ဖြစ်စေ၊ မနှစ်သက်ဖွယ် ဖြစ်စေ ထိုအာရုံတို့၌ တပ်မက် စွဲလမ်းခြင်း မဖြစ်ရ။ ထိုအာရုံ တို့ကြောင့် ဖြစ်ပေါ်သော အချစ်စိတ် အမုန်းစိတ်ကို ရှောင်ကြဉ်ရမည်။

ဤကား ဂျိန်း ဘာသာဝင်တို့၏ ငါးပါး သီလ သိက္ခာပုဒ်များပင် ဖြစ်၏။ ထိုသိက္ခာပုဒ် ငါးခုတို့တွင် နောက်ဆုံး သိက္ခာပုဒ်သည် အကြီးအကျယ် အပြင်းအထန် ခြိုးခြံ၍ ကျင့်ရသော သိက္ခာပုဒ် ဖြစ်၏။ အဟိံသာ သိက္ခာပုဒ်နှင့် အဖြဟ္မာစရိယ သိက္ခာပုဒ်များမှာလည်း အရေးကြီးသော သိက္ခာပုဒ်များ ဖြစ်၏။ ကာမရာဂ စိတ်ကို ရှောင်ကြဉ်ရန် မဟာဝီရသည် အထူး အရေးထား၍ ဟောကြားခဲ့ပေသည်။

'ဤလောက၌ ယောက်ျားတို့၏ စိတ်ကို အဆွဲဆောင် ဆုံးသော အရာသည် မိန်းမများပင် ဖြစ်၏။ ...ယောက်ျား တို့သည် မုချ ပြောဆိုကြသည်ကား မိန်းမတို့သည် ပျော် မြူးစရာ သတ္တဝါများ ဖြစ်ကြသည်ဟု ဆိုတတ်ကြ၏။ သို့သော် ထိုမိန်းမများသည်ပင် သူတို့အား ဒုက္ခသို့ ကျ ရောက်စေကြကုန်၏။ မောဟသို့ ကျရောက်စေကြကုန်၏။ မရဏသို့ ကျရောက်စေကြကုန်၏။ ငရဲသို့ ကျရောက်စေ ကြကုန်၏။ အပါယ် တိရစ္ဆာန် ဘဝသို့ ကျရောက်စေကြ ကုန်၏'

ဤတွင် ဆိုသော စကားများကား အတန်ငယ် ကြမ်းတမ်း၏။ မည်သို့ပင် ဆိုစေ ပဉ္စမ သိက္ခာပုဒ်သည် အလုံးစုံ အကျုံးဝင်၏။ ကျန်သော သိက္ခာပုဒ်များ အားလုံး အကျုံးဝင်သော သိက္ခာပုဒ်လည်း ဖြစ်ပေသည်။ ဤ အချက်အားဖြင့် အကြင် ရဟန်းသည် လောက အတွင်း၌ တည်ရှိစေကာမူ ဤ ပဉ္စမ သိက္ခာပုဒ်ကို ကျင့်ကြံ အား ထုတ်ခြင်းအားဖြင့် သူသည် လောကမှ လွတ်လျက် နေပေ တော့သည်။

အစကနဦးကပင် ဤမဟာ သစ္စာဓိဋ္ဌာန် ငါးချက် (ပဉ္စသီလ) သည် ဂျိန်း ဘာသာဝင် တပသီများ အတွက် သာ ဖြစ်ကြောင်းမှာ ထင်ရှား၏။

လူသာမန်များ အတွက်မူ ဂျိန်း ဘာသာရေး ခေါင်း ဆောင်များက တင်းကျပ်လွန်းသော ကျင့်စဉ် သိက္ခာပုဒ်များ ကို ချမှတ်လျှင် လိုက်နာနိုင်မည် မဟုတ်သောကြောင့် သင့် ရုံမျှ ပြုပြင်ထားသော ၁၂ ပါး သီလ သိက္ခာပုဒ်များကိုသာ ချမှတ်ထားလေသည်။

လူသာမန် ပုထုဇဉ်များသည် သစ္စာ အဓိဋ္ဌာန် ၁၂ ချက်ကို ပြုရ၏။

(၁) သိလျက်ဖြင့် မည်သည့် သက်ရှိ သတ္တဝါ၏ အသက် ကိုမျှ မသတ်ပါ။ (ထို့ကြောင့် ဂျိန်း ဘာသာဝင်သည် မြေကြီးကို ထွန်ယက်ခြင်း မပြုရ၊ သားသတ်ခြင်း၊ ငါး ဖမ်းခြင်း၊ ကဇော် ဖောက်ခြင်းနှင့် အသက်ကို သေစေနိုင်သော မည်သည့် အသက်မွေးဝမ်းကျောင်း မှုကိုမှ မပြုရ။)

(၂) မည်သည့် အခါမျှ မုသား မပြောဆိုရ။

(၃) မည်သည့် အခါမျှ မခိုးရ။ (ပိုင်ရှင် မပေးအပ်သော ပစ္စည်းကို မယူရ။)

(၄) လျှပ်ပေါ်သော အလုပ်ကို မလုပ်ရ။ အတည့် ပြော ရလျှင် မိမိ လင်ယောက်ျား အပေါ်၊ မိမိ ဇနီး အပေါ် အစဉ် သစ္စာ စောင့်သိရမည်။ စိတ်အားဖြင့် လည်း ကောင်း၊ နှုတ်အားဖြင့် လည်းကောင်း စင်ကြယ်ရ မည်။

(၅) လောဘ၌ အကန့်အသတ် ထားနိုင်ရမည်။ ပိုလျှံ သော ပစ္စည်းများကို စွန့်ကြဲနိုင်ရမည်။

(၆) မကောင်းမှု ဒုစရိုက်၏ သွေးဆောင်ရာသို့ မပါရ။ ဥပမာ မလိုအပ်သော ခရီး သွားလာခြင်းကိုပင် မပြုရ။

(၇) နေ့စဉ် အသုံးအဆောင် ပစ္စည်းများ၏ အရေအတွက် ကို ကန့်သတ်ထားရမည်။

(၈) ရှောင်အပ်သော မကောင်းမှု ဒုစရိုက်တို့မှ ရှောင် ကြဉ်ရမည်။

(၉) ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းသော အချိန် နာရီကို တိတိကျကျ သတ်မှတ်ထားရမည်။

(၁၀) ဥပုသ် သီတင်းကို အချိန် သတ်မှတ်၍ စောင့်ထိန်း ရမည်။

(၁၁) ဒုလ္လဘ ရဟန်း အဖြစ်ကို အကန့်အသတ် ပြုသော အချိန်ပိုင်းဖြင့် ခံယူရမည်။

(၁၂) တပသီ အကျင့်ကို ကျင့်သောသူများ၊ ရဟန်းများအား ဆွမ်းခဲဖွယ်တို့ဖြင့် လောင်းလှူရမည်။

ဤသိက္ခာပုဒ် ၁၂ ခု အနက် ပထမ သိက္ခာပုဒ်သည် လူမှုရေး အကျိုးသက်ရောက်မှု သဘော အရ အရေး ပါလှပေသည်။

အစပိုင်းက ဤသိက္ခာပုဒ်သည် မဟာဝီရ၏ နောက်လိုက် ဂျိန်း ဘာသာဝင် ပုထုဇဉ်များအား အသက်မွေးမှု ကျပ်တည်းစေခဲ့သည်။ ပြင်းထန်လွန်းသော သိက္ခာပုဒ်လို ဖြစ်ခဲ့သည်။ နောက်ပိုင်းကျတော့ ဤ သိက္ခာပုဒ်သည် စီးပွားရေး အရရော ဘာသာရေး အရပါ တန်ဖိုး ရှိကြောင်း သက်သေ ထင်ရှား ပြနိုင်ခဲ့၏။ အဘယ်ကြောင့် ဆိုသော် ဂျိန်း ဘာသာဝင်များ အနေနှင့် သတ္တဝါတို့အား သေစေနိုင်သော အသက်မွေးမှုတွင် မပါဝင်စေဘဲ ပို၍ မြင့်မားသော အခြား အလုပ်အကိုင်များကိုသာ လုပ်ကိုင်စေသောကြောင့် ပို၍ အကျိုး ဖြစ်ထွန်းကြောင်း တွေ့ရှိရပေသည်။

ဂျိန်း ဘာသာဝင်များသည် တောင်သူ ယာလုပ် လယ်သမား ယာသမား အလုပ်ကို မလုပ်တော့ဘဲ ဘဏ် လုပ်ငန်းရှင်များ၊ ရှေ့နေများ၊ ကုန်သည်များ၊ လယ်ပိုင်ရှင်များ ဖြစ်လာကြသောကြောင့် ဖြစ်၏။

ထို့ပြင် လောင်းကစားခြင်း၊ အသား စားခြင်း၊ အရက်သေစာ သောက်စားခြင်း၊ ကာမေသု မိစ္ဆာစာရက် ကျူးလွန်ခြင်း၊ အမဲ လိုက်ခြင်း၊ ခိုးယူခြင်းနှင့် လွန်စွာ ကာမဂုဏ် ခံစားခြင်းမှ ရှောင်ကြဉ်စေခြင်းအားဖြင့် သူတို့အား လူမှုရေး အရ ကြည်ညို လေးစားမှုကို ဖြစ်စေခဲ့ပေသည်။

## ၃။ မဟာဝီရ၏ နောက်လိုက်များ

မဟာဝီရ၏ သြဇာ လွှမ်းမိုးမှုသည် သူ့ နောက်လိုက်များ အပေါ်တွင် ကြီးမားလွန်းလှရကား သူနှင့် ပတ်သက်သော ယုံတမ်းစကား ဒဏ္ဍာရီ ပုံပြင် များစွာ လျှင်လျှင်မြန်မြန် ပေါ်ပေါက်လာလေတော့၏။ သူ့နောက်လိုက်များမှာ ကွဲပြားခြားနားနေကြစေကာမူ သူတို့က မဟာဝီရသည် ကောင်းကင်ဘုံက ကြွလာသော ဘုရား ဖြစ်ကြောင်း ဂုဏ်ပုဒ်များကို ထုတ်ဖော် ပြောကြားရသော အလုပ်ဖြင့် ရှုပ်ထွေးနေကြလေသည်။

သူ မွေးဖွားလာရခြင်းသည်ပင်လျှင် သဘာဝကို လွန်၍ ထူးခြားစွာ ဖြစ်လာရသည်ဟု ယူကြသည်။ သူသည် ရှေးက ပွင့်တော်မူလေပြီးသော တေသံကာရ ခေါ် ကယ်တင်ရှင် ဘုရားတို့တွင် နောက်ဆုံးပိတ် *တေသံကာရ* [၁] ဖြစ်သည်ဟု ဆိုသည်။

သူသည် ကောင်းကင်ဘုံမှ ဆင်းသက်တော်မူပြီး လူ အမျိုးသမီး တစ်ဦး၌ ပဋိသန္ဓေ ယူတော်မူခဲ့လေသည်။ သူသည် အပြစ် ကင်းစင်သောသူ အဖြစ် ကြီးပြင်းခဲ့သော ဟူ၏။ (အပြစ် ဖြစ်ဖွယ် ကိစ္စ မှန်သမျှကို အရှင်မြတ်သည် ပြုလုပ်ခြင်း မရှိခဲ့ပေ။) သူသည် လောက၌ ရှိရှိသမျှ အရာခပ်သိမ်းကို သိစပ် မြင်နိုင်သော ကေဝလ သဗ္ဗညုတ ဉာဏ်ကို ရရှိသည်ဟုလည်း ဆိုကြလေသည်။

အချိန် ကာလ ကြာညောင်းလာသော အခါ မဟာဝီရ၏ ထူးကဲ မြင့်မြတ်မှုသည် အနည်းငယ် မှေးမှိန်လာခဲ့လေသည်။ အကြောင်းမှာ မဟာဝီရ မတိုင်မီက နှစ်ကျိပ် သုံးဆူသော တေသံကာရတို့သည် ပွင့်တော်မူခဲ့ကြပြီးပြီ ဆိုသော အယူအဆ ပေါ်ပေါက်လာသောကြောင့် ဖြစ်၏။

သူ့ အရင် ပွင့်သော နောက်ဆုံး တေသံကာရသည် *ပါသွာ* [၂] ဖြစ်၏။ ထိုတေသံကာရသည် နှစ်ကျိပ် သုံးဆူမြောက် ဘုရား ဖြစ်သည်။ တေသံကာရ၏ အဓိပ္ပာယ်မှာ သံသရာ တစ်ဖက်ကမ်းသို့ ကူးမြောက်ရာ လမ်းကို ရှာဖွေ တွေ့ရှိသူ ဟူ၍ ဖြစ်သည်။ ပါသွာ တေသံကာရကို ဂုဏ်ပြုသော ဘုရား ဝတ်ကျောင်းတော် ဗိမာန်ကြီး တစ်ခုကို *ပါရာနတ် တောင်ကုန်း* [၃] ပေါ်တွင် တည်ဆောက်ထားကြလေသည်။ ထိုဘုရား ကျောင်းတော်သည် ကာလကတ္တား မြို့၏ အနောက်မြောက် အရပ် မိုင် နှစ်ရာခန့် အကွာမှာ တည်ရှိ၏။

နှစ်ကျိပ် နှစ်ဆူမြောက် တေသံကာရသည် *နေမိ* [၄] ဖြစ်၏။

သူ့အား ဂုဏ်ပြုသော ဝတ်ကျောင်းတော် ဗိမာန်ကြီး တစ်ခုကိုလည်း ဂီရနာ တောင်အောက်ရှိ ကျောက်ဆောင် ကြီးပေါ်မှာ တည်ဆောက်ထားသည်။

---

၁။ Tirthankara

၂။ Parshva

၃။ Mt. Parasnath

၄။ Nemi

ထိုနေရာသည် အိန္ဒိယပြည် အနောက်ဘက် ဝေးလံသော ဒေသရှိ *ကသဲဝါ* [၁] ကျွန်းဆွယ်တွင် ဖြစ်၏။ ကသဲဝါ ကျွန်းဆွယ်မှာပင် ပါလိတန အနီး *သတ္တုံဇယ* [၂] တောင်ကုန်းပေါ်မှာလည်း နတ်ကွန်း ဗိမာန် တစ်ခု ရှိသည်။

အဘူ ကုန်းမြေပေါ်ရှိ *အရဝလီ* [၃] တောင်ကုန်းပေါ်မှာလည်း ရှိဿဘ ပထမဆုံး တေသံကာရကို ဂုဏ်ပြု၍ တည်ဆောက်ထားသော ဘုရားကျောင်း ဗိမာန်ကြီး တစ်ခုလည်း ရှိပေသေးသည်။

ဂျိန်း ဘာသာဝင်များ၏ တစ်ခုတည်းသော ကိုးကွယ်ဆည်းကပ်မှု ထုံးဓလေ့မှာ သံသရာ ထွက်လမ်းကို ပြသော အာစရိယ ဆရာအား သတိရ အောက်မေ့ဖွယ် ဝတ်ပြုပွဲကို ကျင်းပခြင်းပင် ဖြစ်သော်လည်း ဤဝတ်ကျောင်းတော်များမှာမူ ထူးခြားသော ဒီဇိုင်း ပုံစံများဖြင့် ကြီးကျယ် ခမ်းနားစွာ တည်ဆောက်ထားကြသည်။

ထို့ကြောင့် အိန္ဒိယ ဗိသုကာ ပညာ သမိုင်းတွင် ဂျိန်းဘာသာသည် ထင်ရှား ပေါ်လွင်သော နေရာက ပါဝင်နေပေသည်။ အထက် ဖော်ပြပါ ဝတ်ကျောင်းတော် ဗိမာန်များမှ အပ ဖြစ်သော အနောက် အိန္ဒိယမှ *အာမေဒဘတ်နှင့် အဂျမာ* [၄] အရပ်များရှိ ဝတ်ကျောင်းတော်များနှင့် အိန္ဒိယ တောင်ပိုင်းရှိ *ကာလိဂါမလေ* [၅] ဝတ်ကျောင်းတော်များ၏ အလှအပသည် အိန္ဒိယ ဗိသုကာ လက်ရာများကို ရှုမောစရာ ဗိမာန်များ အဖြစ် တည်ရှိနေကြပေသည်။

ဂျိန်း ဘာသာ ကိုးကွယ်မှု သမိုင်း အစတွင် ဂျိန်းဘာသာဝင်များ အဝတ် ဝတ်သင့် မဝတ်သင့် ပြဿနာ အပေါ် သဘော ကွဲလွဲခဲ့ကြသေးသည်။

သွေတမ္ဗရ သို့မဟုတ် အဝတ်ဖြူဝတ် ဂိုဏ်းသားများကမူ အနည်းဆုံး အဝတ် တစ်ပိုင်း တစ်စ ဝတ်ဆင်ရေး အမြင် အပေါ် လွတ်လပ်စွာ ရပ်တည်ခဲ့ကြသည်။

သို့သော် ဘာသာရေး အယူ ပြင်းထန် တိကျသူများ ပါဝင်သော ဒီဂမ္ဗရ ဂိုဏ်းသားများကမူ အခြေအနေ အရသာ အဝတ် ဝတ်ဆင်သည်။

ထိုဂိုဏ်းသားများသည် ဘာသာရေး တာဝန် ကျရာ အရပ်သို့ မဆိုင်းမတွ သွားလာကြသူများ ဖြစ်ကြသည်။

သူတို့ကမူ မဟာဝီရလည်း အဝတ် ဝတ်ခြင်း မရှိခဲ့။ ထို့ကြောင့် အဝတ် မဝတ်ခြင်း အတွက် ဘာသာရေး အကြောင်းပြချက် ဘာလိုသေးသလဲဟု ဆိုကြသည်။

သွေတမ္ဗရများသည် မြောက်ပိုင်းသားများ ဖြစ်ကြသည်။ ထို့ကြောင့် သူတို့သည် မြောက် လေအေးကို တွေ့ကြုံ ခံစားရသည်။ ထို့ပြင် ဂင်္ဂါမြစ်ဝှမ်း ယဉ်ကျေးမှု ဩဇာနှင့် လူမှုရေး ဩဇာကိုလည်း ခံကြရသည်။

ဒီဂမ္ဗရများမှာ တောင်ပိုင်း အရပ်သား ဒရာဗီဒီယန်း လူမျိုးများ၏ မယုံသင်္ကာ ဖြစ်ခြင်းကို မခံကြရ။

ထို့ကြောင့် ရှေးကျသော၊ ကြမ်းကြုတ်သော စိတ်သဘောထား အနေအထိုင်ကို အလွယ်တကူ ဆက်လက် ထိန်းသိမ်း နိုင်ခဲ့ကြလေသည်။

အခြားသော ကွဲပြား ခြားနားမှု တစ်ခုမှာ သာသနာတော်၌ အမျိုးသမီးများကို ဘိက္ခုနီမများ အဖြစ် လက်ခံသင့် မခံသင့် ပြဿနာနှင့် ဆိုင်ပေသည်။

သွေတမ္ဗရများကမူ ၎င်းတို့၏ ဘုန်းကြီး ကျောင်းများ၌ အမျိုးသမီးများကို ရဟန်း ဝတ်ခွင့် ပြုသည်။ မိန်းမများမှာလည်း နိဗ္ဗာန် မဂ်ဖိုလ်ကို ရနိုင်ခွင့် ရှိသည်ဟု ယူဆကြသည်။

သို့သော် ဒီဂမ္ဗရများကမူ မဟာဝီရ၏ ထင်ရှားသော အဆုံးအမ ဖြစ်သော မိန်းမများသည် ကမ္ဘာပေါ်၌ အကြီးမားဆုံးသော သွေးဆောင် ဖြားယောင်း တတ်သူများ ဖြစ်သည်၊ မကောင်းမှု ဒုစရိုက်များကို ကျူးလွန်စေတတ်သော အကြောင်း ဖြစ်သည် ဆိုသော အယူအဆကို ဆွဲကိုင်ထားသည်။

ထို့ကြောင့် အမျိုးသမီးများကို ဘိက္ခုနီမများ အဖြစ်လည်း လက်မခံ၊ ၎င်းတို့၏ ဝတ်ကျောင်းတော်များပေါ်သို့ တက်ခွင့်လည်း မပေးကြပေ။ သူတို့၏ အမြင်တွင် အမျိုးသမီးများသည် အမျိုးသားများ မဖြစ်မချင်း ဘဝ လွတ်မြောက်ရေး မောက္ခကို မရနိုင်ဟုလည်း ယူဆကြသည်။ အမျိုးသမီးမှာ ယောကျ်ား အဖြစ် ပြန်လည် မွေးဖွားရေးသာ အဓိက ဖြစ်၏။

အခြားသော ဂျိန်း ဘာသာ ဂိုဏ်းကွဲ တစ်ခုလည်း ရှိသေးသည်။

*သဌာနသိ ဂိုဏ်း* [၆] ဖြစ်သည်။ ထိုဂိုဏ်းသည် ရုပ်တု ကိုးကွယ်ခြင်းလည်း မရှိ၊ ဘုရားဝတ်ကျောင်း ဗိမာန်များ တည်ဆောက်ခြင်းလည်း မရှိကြပေ။

သူတို့သည် နေရာတိုင်း၌ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများခြင်းဖြင့် ဝတ်ပြုကြလေသည်။

---

၁။ Kathiawa
၂။ Mt. Satrunjaya
၃။ Aravali
၄။ Ahmedebad and Ajinere
၅။ Kaligamalai
၆။ Sthanakvasi

ထိုအချိန်မှာပင် အိန္ဒိယ လူမျိုးများ အပေါ် အကျိုး သက်ရောက်မှု အချို့ ရှိခဲ့သည်။ အထူးသဖြင့် အိန္ဒိယ ဒဿန ယုတ္တိဗေဒ အပိုင်းတွင် ဖြစ်သည်။

ဂျိန်း ဘာသာဝင်များ၏ ယုတ္တိဗေဒ သဘော အရ အသိပညာ မှန်သမျှသည် သမုတိ သဘောကို ဆောင်သည်။ ခေတ္တသာ မှန်သည့် သဘော ရှိသည်။ မေးခွန်းတိုင်းကို ဟုတ်သည် ဟူ၍ လည်းကောင်း၊ မဟုတ် ဟူ၍ လည်းကောင်း အဖြေ ပေးနိုင်သည်။ မည်သည့် အဆိုမျှ အကြွင်းမဲ့ မှန်သော အဆို ဟူ၍ မရှိပေ။

ဂျိန်း လူမျိုးများသည် လူတို့ လောကကို ကိုယ့် အတိုင်းအတာနှင့် ကိုယ် သိပြီး အမှန်ဟု ယူတတ်ကြပုံကို ရေးကျသော မျက်မမြင် ပုဏ္ဏား ခြောက်ယောက် ဆင်ကို စမ်းသော ပုံဝတ္ထု ဥပမာဖြင့် ပြတတ်ကြသည်။

သူတို့ အမြင်တွင် လွတ်မြောက်ပြီးသော ဝိသုဒ္ဓိ ဖြစ်ပြီးသော ဝိညာဉ်ကသာလျှင် အကြွင်းမဲ့ မှန်ကန်သော အသိပညာကို ရရှိနိုင်သည် ဟူ၍ ဖြစ်သည်။

ယခုအခါ ဂျိန်း ဘာသာဝင်များမှာ ကျဉ်းမြောင်းသော အသိုင်းအဝိုင်းကလေး ဖြစ်လျက် ရှိ၏။ အရေအတွက် တိုးပွားခြင်းလည်း မရှိကြတော့ပေ။ ဘုံဘေ မြို့ကြီးလို နေရာမှာပင် ဂျိန်း ဘာသာဝင် ၁၂၅၀၀၀၀ လောက်သာ ရှိတော့သည်။ ဂျိန်း ဘာသာဝင် အရေအတွက် နည်းပါးလာခြင်းမှာ သူတို့၏ လောကီ အာရုံ ကာမဂုဏ်များကို ငြင်းပယ်လွန်းသော အလေ့အထကြောင့် ဖြစ်သည်။ အိန္ဒိယ နိုင်ငံ၏ စီးပွားရေး နယ်ပယ်တွင် ဂျိန်း ဘာသာဝင်များ အထက်တန်းကျသော နေရာတွင် ဆက်လက် တည်ရှိနေခြင်းသည် ပဟေဠိသဖွယ် ဖြစ်နေပေတော့သည်။

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


1. Jaini, J. Outlines of Jainism.
2. Stevenson, Mrs. Sinclair The Heart of Jainism.

# အခန်း ( ၅ )
# ဗုဒ္ဓဘာသာ၏ ပထမ အဆင့်

ဗုဒ္ဓဘာသာသည် ဂိုဏ်း ဘာသာ ပေါ်ပြီးနောက် မျိုးဆက် တစ်ခုလောက် နောက်ကျပြီးမှ ပေါ်ပေါက်သော အယူဝါဒ ဖြစ်သည်။

ကာလ၏ အခွန့် ရှည်ကြာသော သဘော အရ ဆို လျှင် ဂိုဏ်း ဘာသာနှင့် မရှေးမနှောင်း ခေတ်ပြိုင်လို ဖြစ်နေ သည်။

ပြီးတော့ ဗုဒ္ဓဘာသာနှင့် ဂိုဏ်း ဘာသာတို့သည် အချို့ သော အချက်အလက်များ၌ တူညီသော သဘောကို ဆောင် နေကြသည်။

ဗုဒ္ဓဘာသာသည်လည်း ဂိုဏ်း ဘာသာလိုပင် လောကီ အာရုံ ကာမဂုဏ် တရားများကို ငြင်းပယ်ပြီး ဘဝ လွတ် မြောက်မှုကို ရှာဖွေသော ဘာသာ အယူဝါဒပင် ဖြစ်သည်။

ဤဘာသာ အယူဝါဒသည်လည်း ခတ္တိယ မျိုးနွယ် တို့မှ ဆင်းသက်သော ဘာသာ အယူဝါဒ ဖြစ်သည်။ ထို့ ကြောင့် ဗြာဟ္မဏတို့၏ ဇာတ် စနစ်မှ ခွဲထွက်သော အတွေး အခေါ်နှင့် ကျင့်စဉ် လွတ်လပ်ခွင့်ကို ရှာဖွေခဲ့သော အယူ ဝါဒ တစ်ခု ဖြစ်ခဲ့သည်။

ဗုဒ္ဓ ဘာသာသည် ခတ္တိယ ဇာတ် အနွယ်ဝင်များမှ စတင် ပေါက်ပွားခဲ့သော်လည်း လူတန်းစား အားလုံး၊ လူ သား အားလုံး၏ စိတ်ကြိုက် ဘာသာ ဖြစ်ခဲ့သည်။

မဟာဝီရကဲ့သို့ပင် ဂေါတမ ရဟန်းသည်လည်း ဗြာဟ္မဏ ဝါဒ၏ ဒဿနများကို လက်မခံနိုင်ဘဲ ထို အယူ ဝါဒများသည် နိုင်လုံသော အထောက်အထား မရှိဟု ယူဆ ခဲ့သည်။ သူကလည်း ဝေဒကျမ်းများ၌ ပါသော ပူဇော် ပသ မှုများ၌ လူသားကို ကယ်တင်နိုင်သော အစွမ်း အာနိသင် ပါသည် ဆိုသော အချက်ကို ငြင်းပယ်သည်။

ထို့ပြင် ဗြာဟ္မဏ ပုဏ္ဏား နတ်ဆရာများသည်သာ လူသားတို့၏ ဘဝ လွတ်မြောက်ရေး လမ်းကို ရှာဖွေပေး နိုင်သော အခွင့် အာဏာ ရှိသည် ဆိုသော အချက်ကိုလည်း ဂေါတမ ဗုဒ္ဓက စိန်ခေါ်ခဲ့လေသည်။

ဂိုဏ်း ဘာသာနှင့် ဗုဒ္ဓဘာသာ အယူအဆများသည် တချို့ နေရာများ၌ နီးစပ်သော တူညီမှု ရှိကြစေကာမူ အခြား မတူသော ကွဲလွဲချက်များမှာလည်း ကျယ်ပြန့်သည်။

ဂိုဏ်း ဘာသာက အတ္တကိလမထနုယောဂဟု ခေါ် သော အထူး ခြိုးခြံ၍ ကျင့်ရသော တပေါ် အကျင့်သည် သာ ဘဝ လွတ်မြောက်ရေးကို ဖြစ်စေနိုင်သည်ဟု ယုံကြည် ချက်ထားသည်။

ဗုဒ္ဓဘာသာကမူ အလယ် အလတ် ကျင့်စဉ် 'မဇ္ဈိမ ပဋိပဒါ' သည်သာ ဘဝ၏ လွတ်မြောက်ရေး လမ်းမှန် ဖြစ် သည်ဟု ယူသည်။

ဗုဒ္ဓ အမြင်တွင် အတ္တကိလမထနုယောဂ အကျင့် သည် လည်းကောင်း၊ ကာမသုခါလိကနုယောဂသည် လည်း ကောင်း လက်တွေ့ မကျသော အကျင့်များဟု မြင်သည်။

ဗုဒ္ဓသည် သူ့ခေတ် သူ့အခါက ပေါ်ပေါက်ခဲ့သော ဘာသာရေး ခေါင်းဆောင်များ၊ အတွေးအခေါ် ပညာရှင်များ ဟောကြားအပ်သော လွတ်မြောက်ရေး ကျင့်စဉ်များကို လက်တွေ့ ဓမ္မဓိဋ္ဌာန်ကျကျ စိတ်တည်ငြိမ်စွာဖြင့် စမ်းသပ် စစ်ဆေးခဲ့လေသည်။ ထို့နောက် စိတ်ကို ပွင့်လွှင့်စေသော ဘာသာရေး အပြုအမူ မှန်သမျှကို သုတ်သင် ဖယ်ရှား ပစ်လေသည်။

သို့သော် နောက်ဆုံးတွင် ဗုဒ္ဓသည် သဘာဝ ယုတ္တိ အာဂမ ယုတ္တိ အပြည့်အဝ ရှိသော သူ့ အသိဉာဏ်တွင် ထင်ရှား ဖြစ်ပေါ်လာသော ယုံကြည်ချက်ကို ရရှိ ခဲ့လေ သည်။ ထိုယုံကြည်ချက်မှာ ဘဝ လွတ်မြောက်ရေးကို စိတ် ပွင့်လွှင့်ခြင်း ကင်းသော၊ ခေါင်းရှင်းသော အသိဉာဏ်ဖြင့်သာ ရှာဖွေ တွေ့ရှိနိုင်သည် ဟူ၍ ဖြစ်၏။

ပထမ အဆင့် ဗုဒ္ဓဘာသာ၏ သော့ချက် ကျသော အယူအဆမှာ ဘဝမှ ထွက်မြောက်ရာလမ်း ဖြစ်သော 'မဇ္ဈိမ ပဋိပဒါ' မဂ္ဂင် ကျင့်စဉ် ရှိသည် ဆိုသော အယူအဆပင် ဖြစ်၏။

# ၁။ ဗုဒ္ဓ၏ ဘဝ ဖြစ်စဉ်

## ငယ်စဉ် ကာလ

ဗုဒ္ဓ၏ ငယ်စဉ်ကာလ ဘဝ အစပိုင်းနှင့် မဟာဝီရ၏ ဘဝ အစပိုင်းများတွင် နှိုင်းယှဉ်စရာ တူသော အချက်များ ရှိသည်။ တချို့ ပညာရှင်များက ထိုအချက်များကို ကြည့်ပြီး ဤ ပုဂ္ဂိုလ်ကြီး နှစ်ပါးသည် တစ်ပါးတည်းပင် ဖြစ်လေသလား အောက်မေ့တတ်ကြသည်။

အရိုး အစဉ် မှတ်တမ်းများကို လက်ခံနိုင်မည် ဆိုလျှင် ဥပမာအားဖြင့် ဤပုဂ္ဂိုလ်ကြီး နှစ်ပါးစလုံးသည်ပင် ထင်ရှားသော ခတ္တိယ မင်းမျိုးမှ ဆင်းသက်လာကြသူများ ဖြစ်ကြသည်။ ထိုမင်းစည်းစိမ် ချမ်းသာကိုပင် နှစ်ပါးစလုံးသည် ကျေနပ် နှစ်သိမ့်တော် မမူနိုင်ခဲ့ခြင်း မရှိခဲ့ကြပေ။ နှစ်ပါးစလုံးသည် လက်ထပ် ထိမ်းမြားခဲ့ကြပြီး သားသမီး တစ်ဦးစီ ရရှိခဲ့ကြဖူးလေသည်။ နှစ်ပါးစလုံးသည် အိုးအိမ်ကို စွန့်ပြီး အိုးမဲ့အိမ်မဲ့ လှည့်လည် ဆွမ်းခံ၍ စားသောက်သော ဘဝသို့ ကူးပြောင်းခဲ့ကြလေသည်။ နှစ်ပါးစလုံးပင် ဗြဟ္မဏများ၏ နတ်ဘုရား တစ်ပါးတည်း ရှိသည် ဆိုသော ဧကတ္တဝိဉာဏ ဝါဒကို ငြင်းပယ်ခဲ့ကြလေသည်။ နှစ်ပါးစလုံးသည် သံဃာနှင့် သီလရှင် (ဘိက္ခုနှင့် ဘိက္ခုနီ) အဖွဲ့အစည်းကို ထူထောင်ခဲ့ကြသည်။ ထို သံဃာ့ အဖွဲ့အစည်း ထူထောင်လိုက်ခြင်းသည် ဗြဟ္မဏတို့၏ ဇာတ် ခွဲခြားခြင်း စနစ်ကို ပယ်ပစ်လိုက်ခြင်း ဖြစ်ပေတော့သည်။

ဟိန္ဒူများ၏ အမြင်တွင် ဤ ဘာသာ အယူဝါဒ နှစ်ခုစလုံးသည် အယူမှားသော မိစ္ဆာဒိဋ္ဌိများ ဖြစ်သည်ဟု ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ဤအယူဝါဒ နှစ်ခုလုံးက ဟိန္ဒူ ဘာသာဝင်များ အမြတ်တနိုး ထားသော ဝေဒ ကျမ်းများ၏ မြင့်မြတ်မှုကို ငြင်းပယ် ထားသောကြောင့် ဖြစ်၏။ ဤကဲ့သို့ နီးစပ်သော တူညီမှုများ ရှိနေစေကာမူ ဂျိန်း ဘာသာနှင့် ဗုဒ္ဓ ဘာသာတို့သည် ကွဲပြား ခြားနားချက်က ပိုများသည်။ ဤကဲ့သို့ ဘဝ ဖြစ်စဉ်နှင့် ယုံကြည်ချက် အချို့၌ တူနေကြသလို ဖြစ်နေခြင်းမှာ တစ်ကြောင်းအားဖြင့် သူတို့ ခေတ်အခါ ကာလနှင့် ပတ်ဝန်းကျင်ချင်း တူသော ကြောင့်လည်း ဖြစ်နိုင်သည်။ နောက်တစ်ကြောင်းမှာ မတော်တဆအားဖြင့် တိုက်ဆိုင်သွားခြင်းလည်း ဖြစ်နိုင်ပေသည်။

သိဒ္ဓတ္ထ ဆိုသော အမည်သည် မျိုးရိုး အမည် မဟုတ်။ မှည့်ခေါ်သော အမည် ဖြစ်သည်။ ဂေါတမက လူမျိုးစု မိသားစု၏ မျိုးနွယ် အမည် ဖြစ်သည်။ ဂေါတမ နွယ် သိဒ္ဓတ္ထ မင်းသားကို ဘီစီ ၅၆၀ တွင် ဖွားမြင်တော်မူသည်။ ကပိလဝတ်ပြည်တွင် ဖြစ်သည်။

ထိုပြည်သည် အိန္ဒိယပြည် မြောက်ပိုင်း ဗာရာဏသီမြို့နှင့် မိုင်တစ်ရာခန့် အကွာ မှာ ရှိသည်။ ဟိမဝန္တာ တောင်ခြေရှိ မြေဩဇာ ကောင်းသော အရပ်မှ တိုင်းပြည်ငယ် ဖြစ်သည်။ သူ့ ဖခင်သည် သကျသာကီဝင် အမျိုးအနွယ်၏ အကြီးအကဲ ဖြစ်သည်။ သကျသာကီဝင် မိသားစု များစွာက နယ်မြေ တစ်ခုကို သိမ်းပိုက်၍ အတူတကွ ပူးတွဲ အုပ်စိုးနေကြခြင်း ဖြစ်၏။

ဂေါတမ ဗုဒ္ဓ၏ ငယ်စဉ် ဘဝ အဖြစ်အပျက်များနှင့် ပတ်သက်၍ အကွဲကွဲ အပြားပြား ရေးသား ပြောဆိုထားသော ယုံတမ်းစကား ပုံပြင် များစွာ ရှိသည်။

အစဉ်အလာ အရမူ ဖခင် မင်းကြီးက သူ့ သားကို အိန္ဒိယ နိုင်ငံ တစ်ခုလုံးကို သိမ်းပိုက် အုပ်စိုးသော 'စကြဝတေးမင်း' ဖြစ်စေချင်သော ဆန္ဒ ရှိသည်။ ဤကား အမှန်မှာ သူ့ ဖခင်၏ မျှော်လင့် တောင့်တချက်မျှသာ ဖြစ်၏။ ထို မျှော်လင့်ချက်သည် စိတ်ပျက်ဖွယ်ရာသာ ဖြစ်ခဲ့ရပေသည်။

ငယ်ရွယ်သော ဂေါတမ မင်းသားသည် ထိလွယ် ရှလွယ်သော ဉာဏ် ကြည်လင်သူ ဖြစ်သည်။ စိတ် ထိခိုက်လွယ်သူ ဖြစ်သည်။ သူ့ ဖခင်၏ နန်းတော်ထဲတွင် သူသည် တစ်စ တစ်စနှင့် သူစိမ်း ဧည့်သည်လို ဖြစ်မှန်း မသိ ဖြစ်လာသည်။ လက်ထပ် ထိမ်းမြားခြင်းကလည်း သူ၏ အတွင်းစိတ်၌ ဖြစ်ပေါ်နေသော မငြိမ်းချမ်းမှုကို ပပျောက်အောင် မလုပ်နိုင်ခဲ့ပေ။

သူ့ အသက် ဆယ့်ကိုးနှစ် (တချို့က ဆယ့်ခြောက်နှစ်ဟု ဆိုသည်။) တွင် သူသည် အနီးအနားမှ မင်း တစ်ပါး၏ သမီး ဖြစ်သော မင်းသမီး တစ်ပါးနှင့် လက်ထပ် ထိမ်းမြားခဲ့လေသည်။

ရိုးရာ ယုံတမ်း စကားများ အရ ယသော်ဓရာ မင်းသမီးသည် အလွန် လှပ၍ ဘုန်းကျက်သရေနှင့် ပြည့်စုံပြီး ဇနီး မယားကောင်း အင်္ဂါများနှင့် ပြည့်စုံကြောင်း ဖော်ညွှန်းထားသည်။

သို့သော် သိဒ္ဓတ္ထ မင်းသားကား ထိုမိဖုရားနှင့် နေရသည်ကိုလည်း ပို၍ ပို၍ ပျော်ရွှင်ခြင်း မရှိ ဖြစ်လာသည်။ သူ၏ အသက် နှစ်ဆယ်ကျော် အရွယ်ပိုင်းတွင် တစ်နေ့

သော အခါ မိမိသည် အိုးအိမ်ကို စွန့်၍ တောထွက်မည်ဟု တိတ်တဆိတ် အကြံ ရှိလျက်သာ နေခဲ့လေသည်။

သူ့ အသက် အနှစ် နှစ်ဆယ်ပိုင်း ကုန်ခါနီး ရောက်သော အခါ သူ့ဇနီး ယသော်ဓရာ မင်းသမီးမှာ သားရတနာ တစ်ပါးကို ဖွားမြင်ခဲ့လေသည်။

ထိုအခါ သူသည် သူ လျို့ဝှက် ကြံစည်ထားသည့် အတိုင်း ပြုလုပ်ရန် ဆုံးဖြတ် လိုက်လေတော့သည်။

ဗုဒ္ဓဘာသာကို ယုံကြည် ကိုးကွယ်သူများက အိမ်ထောင်ရှင် ဘဝကို စွန့်ပြီး တောထွက်ရေး ကိစ္စတွင် အခက်အခဲ ပြဿနာ များစွာကို ကျော်ဖြတ်ခဲ့ရသည်ဟု ယုံကြည်ကြသည်။

ဤမျှ ချမ်းသာသော မင်းစည်းစိမ်ကို လည်းကောင်း၊ ချစ်ခင် လေးစားဖွယ် ကောင်းသော ဇနီးနှင့် ဖခင်ကို လည်းကောင်း၊ အလွန် ငယ်သေးသော သား ရတနာကို လည်းကောင်း စွန့်၍ တောထွက်ရသည်မှာ လွယ်ပါမည်လားဟု သူတို့က မေးခွန်း ထုတ်တတ်ကြသည်။

သိဒ္ဓတ္ထ မင်းသား တောထွက်ခြင်း အကြောင်းတွင် ထင်ရှားသော ဒဏ္ဍာရီ ဇာတ်လမ်း တစ်ခု ရှိပေသည်။ ထိုဇာတ်လမ်းမှာ နိမိတ်ကြီး လေးပါး မြင်သော ဇာတ်လမ်း ဖြစ်သည်။

ဤဇာတ်လမ်း မူကွဲများ ရှိသော်လည်း အနှစ်သာရအားဖြင့်ကား ဂေါတမ မင်းသား၏ ဖခင် သုဒ္ဓေါဒန မင်းကြီးသည် မင်းသား မွေးစကပင် ဟူးရား ဗေဒင် ပညာရှိများ ဟောကြားထားသောကြောင့် သူ့ သားသည် တစ်နေ့သော အခါ အိမ်ထောင်ရှင် ဘဝကို စွန့်ပြီး အိုးမဲ့ အိမ်မဲ့ ပဗ္ဗဇိတ ဘဝဖြင့် တောထွက်သွားလိမ့်မည်ဟု ကြိုသိထားသည်။

ထို့ကြောင့် သူသည် သားတော် မင်းသား အတွက် ကြိုတင် ဆောင်ရွက်ဖွယ် ကိစ္စများကို လက်ဦးအောင် ဆောင်ရွက် ထားခဲ့လေသည်။

မိမိသားသည် အိန္ဒိယ တစ်ပြည်လုံးကို သိမ်းမြန်းစိုးစံသော စကြဝတေးမင်း ဖြစ်ရမည်ဟုလည်း စိတ် ပိုင်းဖြတ်ထားလေသည်။ ထို့ကြောင့် ဘဝ၏ ကျပ်တည်း ပြင်းထန်မှုများ၊ သောကများကိုသော် လည်းကောင်း၊ လူ အများအား ဘာသာရေးဘက်သို့ စိတ်ပြောင်း သွားစေနိုင်သော ဝမ်းနည်း ကြေကွဲစရာ ဥပမာ - လူ့ဘဝသည် အိုခြင်း၊ နာခြင်း၊ သေခြင်း အဆုံး ရှိသည် ဆိုသော အချက်များကို သူ့သား မမြင်ရ၊ မတွေ့ရအောင် ကြိုတင်၍ စီမံ ဆောင်ရွက်ထားလေသည်။

သူ့သား အတွက် နွေ မိုး ဆောင်း ရာသီ ပြောင်း၍ စံမြန်းရန် အတွက် နန်း သုံးဆောင် ဆောက်လုပ် ထားလေသည်။ ဂေါတမ မင်းသား အနားတွင် အသက်အရွယ် ငယ်နုပျိုသော အခိုင်းအစေ၊ အခြွေအရံများကိုသာ နေစေသည်။ သူသည် ရာမ၊ သုဘ၊ သုရာမ ဟူသော နန်းသုံးဆောင်မှာ မောင်းမမိဿံ ခြွေရံ သင်းပင်းများဖြင့် အလှယ်လှယ် အပြောင်းပြောင်း မင်း စည်းစိမ်ကို ခံစား၍သာ နေခဲ့ရလေသည်။

ဖခင်၏ အစီအမံက ကောင်းလှသည်။ ထို့ကြောင့် မင်းသားသည် သူ့ဘဝ တစ်လျှောက်တွင် အိုသူကိုလည်း မမြင်ဖူး၊ နာသူကိုလည်း မမြင်ဖူး၊ သေသူကိုလည်း မမြင်ဖူးခဲ့ပေ။ မင်းသား ဥယျာဉ် ထွက်တော်မူရာ လမ်း တစ်လျှောက်မှာလည်း လုလင်ပျို၊ လုံမပျိုများ ပျော်ရွှင် မြူးထူး၍ နေသည်ကိုသာ သူ့သား မြင်ရအောင်လည်း ကြိုတင်ဆောင်ရွက် ထားလေသည်။ ထို့ကြောင့် မင်းသားသည် လူသားတို့ တွေ့ကြုံကြရသော ဘဝ ကံကြမ္မာများကို မမြင်ရဘဲ ကြီးပြင်း လာခဲ့ရလေတော့သည်။

သိဒ္ဓတ္ထ မင်းသားသည် အိုခြင်း၊ နာခြင်း၊ သေခြင်း သဘောကို ဘာဆို ဘာမျှ မသိခဲ့ရတော့ပေ။

ထိုအခါ တာဝတိံသာ နတ်များက လူ့ပြည်ကို ကြည့်ရှုလတ်သော် သိဒ္ဓတ္ထ မင်းသား တောထွက် ရတော့မည့် အချိန်ကို ရောက်ပြီ ဖြစ်၍ ဤကိစ္စကို မိမိတို့ တာဝန်ယူ ဆောင်ရွက်မှသာ ဖြစ်တော့မည်ကို သိပြီးလျှင် နတ်သား တစ်ပါးစီကို လူ့ပြည်သို့ စေလွှတ်ပြီးလျှင် မင်းသား ဥယျာဉ်တော် ကစားထွက်ရာ လမ်း တစ်လျှောက်တွင် နိမိတ်ကြီး လေးပါးကို ထင်ရှားအောင် ပြသကြလေတော့သည်။

ပထမဦးစွာ နတ်တန်ခိုးဖြင့် မင်းသား စီး၍ လာရာ ရထား လမ်းဘေးတွင် လူအို၏ အသွင်ကို ရုတ်တရက် ဘွားခနဲ ဖန်ဆင်း၍ ပြလေသည်။ ထိုအခါ မင်းသားက ထိုအခြင်းအရာကို မိမိအား ရှင်းလင်း ပြောဆိုရန် ရထားထိန်းအား မေးလေတော့သည်။ ရထားထိန်းလည်း ဤ အခြင်းအရာကား လူအို၏ အသွင် ဖြစ်ကြောင်း ရှင်းပြ ရလေသည်။ ဤတွင် ပထမဆုံး အကြိမ် အဖြစ် လူသားတို့၏ ဘဝ အဆုံး၌ တွေ့ကြုံရမည့် ဘဝ ကံကြမ္မာ သဘောကို သိဒ္ဓတ္ထ မင်းသား သိမြင်သွားလေတော့၏။

နောက်တစ်နေ့တွင် မင်းသားသည် ဒုတိယ နိမိတ် ဖြစ်သော လူနာ၏ အသွင်ကို ရထား လမ်းဘေးတွင် တွေ့မြင် ရပြန်လေသည်။ မင်းသားလည်း လူသားတို့၏ ဘဝ

ခန္ဓာ၌ တွေ့ကြုံရအံ့သော ဆင်းရဲ ဒုက္ခတို့၏ သဘောကို သိမြင် သွားပြန်၏။

တတိယ နိမိတ်ကား လူသေ၏ အခြင်းအရာကို မြင်တွေ့ရခြင်းတည်း။ မင်းသားလည်း လူ့ဘဝ၏ အဆုံး၌ သေခြင်း တရားလျှင် အဆုံး ရှိသည်ကို မြင်သိ သွားပြန်လေတော့၏။

ဤ စက်ဆုပ် ရွံရှာဖွယ် သုံးခုသော နိမိတ်ဆိုးကြီးများကို တွေ့မြင်လိုက်ရသော အခါ မင်းသား၏ စိတ်ထဲတွင် ငြိမ်းချမ်းခြင်း အလျှင်း မရှိတော့ပေ။

သိဒ္ဓတ္ထ မင်းသားလည်း ဘဝကို ဆင်ခြင်မိတိုင်း များစွာ တုန်လှုပ်သောစိတ် ဖြစ်လေတော့၏။

'ငါသည်လည်း ဤအိုခြင်း ဆင်းရဲ၊ နာခြင်း ဆင်းရဲ၊ သေခြင်း ဆင်းရဲမှ ကင်းလွတ်နိုင်မည် မဟုတ်ပါတကားဟု တွေးမိသဖြင့် ငါသည် များစွာ ကြောက်ရွံ့ ထိတ်လန့်ခြင်း စိတ်နှလုံး မသာခြင်း' ဖြစ်ခဲ့ရကြောင်းကို ဗုဒ္ဓ ဟောကြားတော်မူခဲ့လေသည်။

မင်းသားကား နိမိတ်ကြီးများကို မြင်ရသော အခါ များစွာ သံဝေဂစိတ် ဖြစ်လျက် နေ၏။ သူ့ဖခင်ကလည်း သူ့သား မင်းစည်းစိမ်၌ ပျော်ပိုက်စေရန် အတွက် အမျိုးမျိုးသော ဖြေဖျော်မှုများဖြင့် ဖြေဖျော်လေ၏။ သို့သော် အချည်းနှီးသာ ဖြစ်ရလေတော့၏။ မင်းသားလည်း စိတ် နောက်ကျူလျက်သာ နေခဲ့လေတော့၏။

ထိုအချိန်တွင် စတုတ္ထ နိမိတ်ကို မြင်တွေ့ရပြန်လေသည်။ စတုတ္ထ နိမိတ်ကား အဝါရောင် သင်္ကန်းကို ဝတ်ဆင်ထားသော ရဟန်း အသွင် ဖြစ်၏။

မင်းသားသည် ဥယျာဉ် အတွင်း သစ်တစ်ပင် အောက်တွင် ထိုင်နေတော်မူစဉ် ရဟန်းသည် သူ့ဘက်သို့ လျှောက်လှမ်း၍ လာလေသည်။

ထိုရဟန်းကား စိတ်၏ ငြိမ်းချမ်းမှုကို ရပြီးသော ပုဂ္ဂိုလ် ဖြစ်၏။ ထိုရဟန်းထံမှ မအိုရာ၊ မနာရာ၊ မသေရာ ဘဝ၏ လွတ်မြောက်ရေးကို ရနိုင်သော နည်းလမ်း ရှိကြောင်း သိရှိခဲ့ရလေတော့၏။ ထိုအခါမှ စ၍ မင်းသားလည်း အိမ်ထောင်သားမွေး ဘဝကို အပြီးအပိုင် စွန့်၍ အိုးမဲ့အိမ်မဲ့ ဘဝသို့ တောထွက်ရန် ဆုံးဖြတ်ချက် ချလေတော့၏။

## တောထွက်တော်မူခြင်း

နက်သန်လှသော ဆံပင်များကလည်း မဖြူသေး၊ လှပတင့်တယ်သော ငယ်ရွယ် နုပျိုခြင်းများလည်း သန်စွမ်းဆဲမှာ သိဒ္ဓတ္ထ ဂေါတမ မင်းသားသည် မိဘများ၏ အလိုဆန္ဒကို ဆန့်ကျင်လျက် ဆံမုတ်ဆိတ်ကို ပယ်ပြီးလျှင် အဝါရောင် လျှော်တေ သင်္ကန်းကို ဆင်မြန်းပြီးလျှင် တောထွက်တော်မူခဲ့လေသည်။

ဗုဒ္ဓဘာသာ ဝတ္ထု ဇာတ်လမ်းများ၌ သိဒ္ဓတ္ထ မင်းသား တောထွက်ရန် ဆုံးဖြတ်ချက်ကို အကောင်အထည် ဖော်ရန် ရှန်းကန် လှုပ်ရှား ရပုံများကို အသေးစိတ် ရေးခြယ်ထားသည်။ သူ့ ဖခမည်းတော် မင်းကြီးက များစွာသော ကချေသည် အမျိုးသမီးများအား သားတော်ကို ဖြေဖျော်ကြရန် အမိန့် ပေးထားလေသည်။

သို့သော် ဤ ကြိုးပမ်းချက်များ အားလုံး အရာမထင်ခဲ့ပေ။ အဘယ်ကြောင့်ဆိုသော် မင်းသားသည် ညောင်စောင်းပေါ်မှာ ငြိမ်သက်စွာ ထိုင်လျက်၊ ကချေသည်များ မောပန်းပြီး ခြေကုန်လက်ပန်းကျကာ ကြမ်းပြင်ပေါ်မှာ တုံးလုံးပက်လက် အိပ်ပျော်သွားသည့် တိုင်အောင် ကြည့်နေလေသည်။ ကချေသည် အားလုံး အိပ်မော ကျသွားကြသော အခါမှ မင်းသားသည် သလွန် ညောင်စောင်းပေါ်က ထပြီးလျှင် ကစဥ့်ကလျား မှောက်ခုံ ပက်လက် အိပ်စက်နေကြသော သူများကို စက်ဆုပ်သော အကြည့်ဖြင့် ကြည့်ကာ အဆောင်တော်မှ လှမ်းထွက်ခဲ့လေသည်။

ထို့နောက် သူ၏ ဇနီးသည် ရှိရာ အဆောင်တော်သို့ ဝင်ခဲ့လေသည်။ အိပ်စက်နေပြီ ဖြစ်သော မိခင်နှင့် မိခင်အနီးတွင် အိပ်စက်နေသော သားတော် ရာဟုလာအား တိတ်တဆိတ် ငေးကြည့်သည်။ ထို့နောက် အသံ မထွက်ဘဲ စိတ်ဖြင့် နှုတ်ဆက်လျက်သာ ခွဲခွာခဲ့လေတော့သည်။

အပြင်ဘက်သို့ ရောက်သော အခါ အသင့် ရောက်ရှိနေသော သူ၏ မြင်းဖြူကြီးကို စီးလျက် မြို့ပြင်သို့ ထွက်ခဲ့လေတော့၏။ သူ၏ ရထားမှူး ဆန္နလည်း သူ့ဘေးက ပြေးလိုက်လာခဲ့လေသည်။

အနော်မာ မြစ်၏ တစ်ဖက်ကမ်းသို့ ရောက်အောင် သွားပြီးနောက် ထိုမြစ် တစ်ဖက်ကမ်းတွင် ဆံမုတ်ဆိတ်တို့ကို ပယ်ဖြတ်လိုက်လေသည်။

သူ့ကိုယ်မှာ ဝတ်ဆင်လျက် ပါလာသော လက်ဝတ်ရတနာများ၊ ဝတ်ကောင်းစားလှများကို ချွတ်ပယ်လိုက်ပြီးလျှင် အဝါရောင် သင်္ကန်းကို ဆင်မြန်းတော် မူလေသည်။ ထို့နောက် ရထားမှူး ဆန္နကို ပြန်လွှတ်သည်။ သူမူကား တောထဲသို့ ဝင်သွားလေတော့၏။

ထိုအခါမှစ၍ သိဒ္ဓတ္ထ မင်းသား၏ ဘဝသည် အိုးမဲ့အိမ်မဲ့ ဆွမ်းခံ၍ စားရသော ဘာသာရေး ဘဝ၊ ရဟန်း ဘဝ စတင် ခဲ့လေတော့၏။

ထိုအချိန်မှ စ၍ ဘဝ လွတ်မြောက်ရေး နည်းလမ်းမှန်ကို ရှာကြံသော ဒုက္ကရစရိယ ခြောက်နှစ် ကာလ စတင်ခဲ့လေ၏။

## ဒုက္ကရစရိယ ခြောက်နှစ်

ဗုဒ္ဓဝင် မှတ်တမ်းများ၌ ဗြာဟ္မဏ ဝါဒ ဒဿနများကို ကိုယ်တိုင် စမ်းသပ် စစ်ဆေးရခြင်း မရှိသေးမီက ဂေါတမ ဗုဒ္ဓသည် ထိုဝါဒကို ငြင်းပယ်ရန် ကြောင့်ကြစိတ် ရှိခဲ့ဖြစ်သည် ဆို၏။

ထို့နောက် ပထမ ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူလေသည်။ ရာဇဂြိုဟ်ကား မာဂဓတိုင်း၏ မင်းနေပြည် ဖြစ်၏။ ထို့နောက် ဂေါတမ ဗုဒ္ဓသည် တောင်စောင်း ကျောက်ဂူ များအတွင်း နေထိုင်လျက် ရှိကြသော ဗြာဟ္မဏ ဒဿန ဆရာကြီး နှစ်ဦး (ဥဒကနှင့် အာဠာရ) ထံတွင် တပည့် ခံခဲ့လေသည်။

ထို ဆရာ ရသေ့ကြီး နှစ်ဦးနှင့် အတူ ဂေါတမ ဗုဒ္ဓသည် ဗြာဟ္မဏ ဝါဒ၏ အတွေးအမြင်များကို လေ့လာ သုံးမှုခဲ့လေသည်။

နောက် ထိုရသေ့ကြီးများ သင်ကြားပေးသော နည်းများ အတိုင်း ယောဂ အကျင့်များကိုလည်း ကျင့်ကြံ အားထုတ်တော်မူလေသည်။

ပထမ ရသေ့ ဆရာကြီး အာဠာရ ကာလာမက သူ့အား လောကီဈာန်ကို ရစေနိုင်သော သမာပတ် ရှစ်ပါး ကမ္မဋ္ဌာန်းနည်းကို ပေးလေသည်။ သို့သော် ဂေါတမသည် စိတ်ပျက်သွားလေသည်။ သူ့စိတ်က အလွန် ခမ္မမိဋ္ဌာန် ကျသည်။ အလွန် လက်တွေ့ ကျနေလေသည်။

ထို့ကြောင့် အလောင်းတော်သည် ဒုတိယ ရသေ့ ဆရာကြီး ဖြစ်သော ဥဒက ရာမပုတ္တထံသို့ သွားပြန်သည်။ ဥဒက ရသေ့က သူ့အား နေဝသညာနာသညာဈာန်ကို ရစေနိုင်သော နည်းကို ပေးပြန်သည်။ ထိုနည်းသည်လည်း သဗ္ဗညုတ ဉာဏ်ကို ရစေနိုင်သော အကြောင်း မဟုတ်ဟု သိမြင်တော်မူသွားလေသည်။

ထိုအခါမှ ဗြာဟ္မဏ ဝါဒသည် မိမိအား သဗ္ဗညုတ ဉာဏ်ကို ရစေနိုင်သော နည်းလမ်းမှန် မဟုတ်ကြောင်းကို ဆုံးဖြတ်ချက် ချပြီးလျှင် ဗြာဟ္မဏ ဝါဒကို လုံးဝ စွန့်ပယ်လိုက်လေတော့သည်။

ထို့နောက် မိမိ ခန္ဓာကိုယ်ကို ညှဉ်းဆဲ၍ ခြိုးခြံစွာ ကျင့်ရသော ဂိုဏ်း ဘာသာဝင်များ၏ တပ အကျင့်သည် သဗ္ဗညုတဉာဏ် ရရာ ရကြောင်း နည်းလမ်းကောင်း ဟုတ် မဟုတ်ကို သိရန် အတွက် ကိုယ်တိုင် စမ်းသပ် စစ်ဆေးပြန်လေသည်။

ထို့နောက် ရက် အနည်းငယ် လှည့်လည် သွားလာပြီး ဥရုဝေလ တောအုပ်သို့ ကြွသွားတော်မူခဲ့လေသည်။ ထိုတောအုပ်ကို ဖြတ်လျက် ကြည်လင်သော ရေ ရှိသော မြစ်တစ်စင်း စီးဆင်းနေလေသည်။ တောအုပ် အနီးတွင် ကပ်လျက် ဆွမ်းခံရန် ရွာတစ်ရွာလည်း ရှိလေသည်။ ထို တောအုပ် အတွင်း သစ်ပင် တစ်ပင် အောက်တွင် ထိုင်လျက် သူသည် ငါးနှစ်တိုင်တိုင် ဂိုဏ်း ဘာသာဝင်များ ကျင့်သော အတ္တကိလမထ အကျင့်ကို ကျင့်ကြံ အားထုတ်လေသည်။ ထိုအခါ ကိုယ်တော်၏ ခန္ဓာကိုယ်သည် အရိုးနှင့် အရေသာ ကျန်ရှိလေတော့သည်။

စောစောပိုင်းကမူ သူ၏ သဘော တရားမှာ ခန္ဓာကိုယ်ကို ခြိုးခြံ ကျပ်တည်းစွာ ကျင့်ကြံမှသာ စိတ်သည် ကြည်လင်လာသည်ဟု ယူဆထားသောကြောင့် ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် သူ့စိတ်တွင် ဤသို့ တွေးမိသောကြောင့် ဖြစ်၏။ ရေထဲတွင် ကျရောက်နေသော သစ်စိမ်း တုတ်ချောင်း တစ်ချောင်းနှင့် သူ့လက်ထဲတွင် ပါလာသော တုတ်ချောင်း တစ်ချောင်းကို ပွတ်တိုက်ပြီး အကြင်သူသည် မီးကို မွေးသကဲ့သို့ပင် ဖြစ်၏။ ထိုသူကား အမောသာ အဖတ်တင်မည် ဖြစ်၏။ မီးကိုကား ရလိမ့်မည် မဟုတ်ချေ။ ထို့အတူပင် ဖြစ်၏။ အကြင် တောထွက် ပုဂ္ဂိုလ်များနှင့် ဗြာဟ္မဏများအားလည်း သူတို့၏ ရုပ်ခန္ဓာ၌ ဖြစ်သော အာရုံ ငါးပါး ကာမဂုဏ် တရားများကို ခံစားခြင်းမှ ကင်းဝေးအောင် မနေသရွေ့ ဘဝ လွတ်မြောက်မှုကို မရနိုင်ပေ။

တစ်နည်းအားဖြင့် သူ ဆင်ခြင်မိသည်ကား ဗြာဟ္မဏများသည် ရုပ်ခန္ဓာ၌ ဖြစ်သော အာရုံ ငါးပါး ကာမဂုဏ် တရားများကို ခံစားခြင်းမှ ကင်းဝေးမှသာလျှင် သူတို့၌ နောက်ဆုံးတွင် ဉာဏ်မီးလျှံသည် ထွန်းလင်း တောက်ပ လာနိုင်သည် ဟူ၍ ဖြစ်၏။

ထိုအခါ ဂေါတမသည် ပင်ပန်း ဆင်းရဲစွာဖြင့် ဒုက္ကရစရိယ အကျင့်ကို ကျင့်၏။ အံကို ကြိတ်လျက် လက်ကတီး ကြားက ချွေးထွက်သည် အထိ သူ့နှလုံးကို သူ့စိတ်အားဖြင့် ထိန်းချုပ်ခြင်းကို ပြု၏။ ထို့နောက် အသက်ကို အောင့်ထားသော အကျင့်ကို ကျင့်၏။ သူ့ ဦးခေါင်းခွံကို လွှဖြင့် တိုက်သလို မြည်သော အသံများကို ကြားရသည့်တိုင် သူသည် အသက်ကို မရှူဘဲ ထိန်းချုပ်ထားလေသည်။ ပြင်းထန်လွန်းလှသော ဝေဒနာများကြောင့် သူသည် မေ့မြောသွားမတတ် ဖြစ်ရ၏။

ထိုမျှလောက် ခြိုးခြံစွာ ကျင့်ပါသော်လည်း ဝိပဿနာ ဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကား ပေါ်မလာခဲ့ပေ။

သူသည် ကာလ အတန်ကြာသည့် တိုင်အောင် နှလုံး နာစရာ အော်ဂလီ ဆန်စရာ ကောင်းသော အစားအစာတို့ဖြင့် မျှတ၍သာ နေခဲ့၏။ စိတ် ကသိကအောက် ဖြစ်စရာ အဝတ်အထည်များကို ဝတ်၏။ ဣရိယာပုတ် တစ်ခုတည်းဖြင့် ရက်များစွာ တစ်နေရာတည်းမှာ ရပ်လျက် နေကြည့်၏။ သို့မဟုတ် တစ်ခါတစ်ရံ ဆောင့်ကြောင့် ထိုင်လျက် အကြာကြီး နေ၏။ ထို့နောက် ဆူးအခင်း အင်းပျဉ်ပေါ်မှာ ထိုင်၍လည်း နေသည်။ သုသာန်များ၌ လူသေကောင်ပုပ်များ၊ မီးရှို့ထားသော အရိုးပုံများ ကြားမှာလည်း အိပ်၍ နေသည်။ သူ့တစ်ကိုယ်လုံး ဖုန်မှုန့်များဖြင့် လိမ်းကျံ ဖုံးအုပ်လျက်နေသည့်တိုင် တပ အကျင့်ကို ကျင့်လေသည်။ အစားအစာကိုလည်း ဆန်တစ်စေ့၊ ဂျုံတစ်စေ့လောက်ဖြင့် အာဟာရ ကိစ္စ ပြီးအောင်လည်း ကျင့်၏။ တစ်ခါတစ်ရံ တစ်နေ့တာ အတွက် သစ်သီး တစ်လုံးမျှဖြင့်လည်း ပြီးစီးလေ၏။

ထိုအခါ ရဟန်း ဂေါတမ၏ ခန္ဓာကိုယ်သည် များစွာ ကြုံလှီလေတော့၏။ ထိုအကြောင်းကို မဇ္ဈိမ နိကာယ်တွင် ဟောကြားထား၏။

ထိုမျှလောက် အထူး ခြိုးခြံစွာ ကျင့်ခြင်းသည် အကယ်၍ ထို သဘောတရားသည် ခိုင်မာခြင်း ရှိ၍ ကမ္မဋ္ဌာန်း ပွားများ အားထုတ်မှုကိုလည်း ကြီးသော လုံ့လဖြင့် ပြင်းထန်စွာ ပြုလုပ်ပြီး ဖြစ်ပါက အကျိုး ရလဒ်သည် ထင်ရှား ဖြစ်ပေါ်လာအပ်ပေ၏။

သို့ရာတွင် ရဟန်း ဂေါတမ အဖို့မူ စိတ်ပျက်ဖွယ်ရာသာ ကြုံခဲ့ရလေသည်။ သဗ္ဗညုတ ဉာဏ်ကို ရရှိရေးကား ဝေးကွာလှမ်းဆဲပင် ဖြစ်နေပေသေးတော့သည်။

ထိုအခါ ဤကဲ့သို့ မိမိကိုယ်ကို အဆမတန် ညှဉ်းဆဲ၍ ကျင့်ခြင်းဖြင့် ထူးခြားသော ဉာဏ်ကို မရနိုင်တော့ပေဟု သဘောထား ပြောင်းလဲ လာလေတော့သည်။

သဗ္ဗညုတဉာဏ်သို့ ရောက်စေနိုင်သော အခြားသော နည်းလမ်းသည် ရှိသေးသလားဟု သူ စူးစမ်း ရှာဖွေ ပြန်လေသည်။ သူသည် လူသာမန် တွေးရိုးတွေးစဉ် အတိုင်း ပြန်တွေးပြန်သည်။ ထိုအချိန်တွင် ပဉ္စဝဂ္ဂီ ငါးဦးသည် သူနှင့် ပူးပေါင်းလျက် ရှိ၏။ သူတို့က ရဟန်း ဂေါတမသည် ဤကဲ့သို့ အပြင်းအထန် ခြိုးခြံသော အကျင့်ကို ကျင့်သဖြင့် ရအပ်သော အသိဉာဏ်များကို သူတို့အား မျှဝေပေးလိမ့်မည်ဟု မျှော်လင့် စောင့်စားလျက် ရှိကြလေသည်။ ပဉ္စဝဂ္ဂီ ငါးဦးလည်း ရဟန်း ဂေါတမအား အစဉ်သတိဖြင့် စောင့်ရှောက်လျက် ရှိကြ၏။

တစ်နေ့သ၌ ရဟန်းကြီး ဂေါတမသည် ရေ ရှိရာ စမ်းချောင်းသို့ သွားရန် ထိုင်ရာမှ ထလိုက်သော အခါ သူသည် မူးမေ့၍ လဲကျသွားလေတော့၏။

ပဉ္စဝဂ္ဂီ ငါးဦးလည်း မေ့မြောနေသော ရဟန်း ဂေါတမ၏ ဘေး၌ ဝိုင်းရံနေကြ၏။ သူတို့၏ စိတ်တွင်လည်း ရဟန်း ဂေါတမသည် သေတော့မည် ဖြစ်၏။ သူသည် သဗ္ဗညုတဉာဏ်ကို ရပါတော့မည်လော၊ သူသည် နိဗ္ဗာန်ကို ရပါမည်လောဟု တွေးတောနေကြ၏။

သို့သော် အနီးရှိ စမ်းချောင်းကလေးထဲတွင် သူ့ကိုယ်ကို ရေဖြင့် စိမ်ထားသော အခါ သူသည် သတိ ရပြီး ပြန်လည် လန်းဆန်း လာလေတော့၏။ ထိုအခါ သူသည် စိတ်သစ် ကိုယ်သစ် ဖြစ်လာလေတော့သည်။ သူ့စိတ်ထဲတွင် ဓမ္မာဓိဋ္ဌာန်ကျကျ စဉ်းစားလျက် ဆုံးဖြတ်ချက်ကို ခိုင်ခိုင်မာမာ ချလိုက်လေသည်။

'ဤကဲ့သို့သော ကိုယ်ကို ညှဉ်းဆဲ နှိပ်စက်၍ ကျင့်သော နည်းကား ဆုံးရှုံးခဲ့ပြီ၊ ငါ၏ ကိုယ်ခန္ဓာသည် ငါ၏ အသိဉာဏ် ရကြောင်းကို အထောက်အပံ့ မပြုနိုင်တော့ပေ၊ ထို့ကြောင့် ငါ၏ ခန္ဓာကိုယ်၌ အင်အား ရှိအောင် ငါသည် အစားအသောက်ကို ပြန်၍ မှီဝဲပေတော့အံ့' ဟု ဆုံးဖြတ်လိုက်လေတော့သည်။

ထို့နောက် ထိုဆုံးဖြတ်ချက် အတိုင်း သူ၏ သပိတ်ကို ကိုင်စွဲလျက် ပရိဗိုဇ် အဖြစ်ဖြင့် ပြန်၍ ဆွမ်းခံပြန်လေ၏။ ထိုအခါ ပဉ္စဝဂ္ဂီ ငါးဦးတို့သည် ဒေါမာန် ထကြ၏။ ရဟန်း ဂေါတမအား မခန့်လေးစားသော စကားဖြင့် ပြောဆိုလျက် သူတို့သည် ဗာရာဏသီ ပြည်ဘက်သို့ ထွက်သွားကြလေတော့၏။

သူသည် ကျင့်ကြံ အားထုတ်ခြင်းကို ပယ်စွန့်၍ မိမိကိုယ်ကို စည်ပင် ဝပြောအောင် ထူထောင်ခြင်း၊ မိမိကိုယ်ကို အလိုလိုက်ခြင်းဆီသို့ လျှောကျသွားခဲ့ပြီဟု ဆိုလျက် ထွက်သွားကြလေတော့၏။

သို့ရာတွင် ထိုသို့ အရိုးအစဉ် အတိုင်း ပြုလုပ်ခြင်းသို့ ပြန်လည် ရောက်ရှိသွားစေကာမူလည်း ရဟန်း ဂေါတမသည် စိတ်ရွှင်လန်းခြင်းကား မရှိခဲ့ပေ။

ခြောက်နှစ်တာ ကာလပတ်လုံး အိန္ဒိယ ပြည်တွင် အလွန် လူသိများ ထင်ရှားသော ဘဝ လွတ်မြောက်ကြောင်း နည်းလမ်းကောင်း နှစ်သွယ် (ဒဿန ကမ္မဋ္ဌာန်း နည်းနှင့် တပနည်း) ဖြင့် ကြိုးစား အားထုတ်ခဲ့ပါသော်လည်း သူ

အဖို့ လိုချင်သော ရလဒ်ကိုကား မရရှိခဲ့ပေ။ သို့သော် အားထုတ်မှုကိုကား သူသည် စွန့်လွှတ်ခြင်း မရှိခဲ့။ ယခု သူ၏ အတွေးများမှာ ပို၍ ပို၍ ပီပြင် ထင်ရှား လာပြီးလျှင် အဓိပ္ပာယ်နှင့်လည်း ပို၍ ပြည့်စုံလာပြီ ဖြစ်လေတော့၏။

**ဗောဓိ မဏ္ဍိုင်ကို အောင်နိုင်ခြင်း**

သူသည် လှည့်လည်ရင်း ယခုအခါ ဗုဒ္ဓဂယာဟု ခေါ်သော အရပ်သို့ ရောက်ရှိ သွားလေသည်။ ထိုနေရာ၌ တောအုပ် ငယ် တစ်ခု ရှိ၏။ သစ်ပင် တစ်ပင်၏ ခြေရင်း၌ ထိုင်၏။ ထိုသစ်ပင်ကို ဗောဓိပင်ဟု ခေါ်ကြ၏။ ဗောဓိပင် အောက် တွင် သူသည် ဝိပဿနာ ကမ္မဋ္ဌာန်း ဘာဝနာကို ပွားများ အားထုတ်လေတော့သည်။

သူ အားထုတ်ခဲ့သော ထို ဝိပဿနာ ကမ္မဋ္ဌာန်းသည် နောင်အခါ သူ့ နောက်လိုက် သန်းပေါင်း များစွာတို့ လိုက်နာ ကျင့်ကြံ အားထုတ်သော တရား အားထုတ်နည်း ဖြစ်၏။ ဗုဒ္ဓဘာသာ ကျမ်းများ၌ ရဟန်း ဂေါတမသည် ကြီးစွာသော ဆုံးဖြတ်ချက်ကြီးကို ချမှတ်ပြီးမှ ထိုသစ်ပင် အောက်တွင် တရားကို ရှုမှတ်ပွားများကြောင်း ဖော်ပြထား လေသည်။

'ငါ၏ အရေ၊ အကြော၊ အရိုးတို့ ကြွင်းသော်လည်း ကြွင်းပါစေ၊ ငါ၏ အသွေးတော်များ ခန်းခြောက်သော်လည်း ခန်းခြောက်ပါစေ၊ သဗ္ဗညုတ ဉာဏ်တော်ကို မရသမျှ ဤ နေရာမှ ငါ မထတော့ပြီ'ဟု ဆုံးဖြတ်လျက် တရားကို ရှု မှတ် ပွားများလေတော့၏။

ဤဆုံးဖြတ်ချက်ကို ထေရဝါဒ အစုအစည်းအားဖြင့် လက်ခံထားကြ၏။ သို့သော် အနောက်တိုင်းသား ပညာရှင် များက ရဟန်း ဂေါတမသည် ဤကဲ့သို့ မိမိကိုယ်ကို ညှဉ်း ပန်း၍ အကျင့်ကို ကျင့်ခဲ့ဖူးပြီးပြီ၊ ထိုကဲ့သို့ အရေ အသား အသွေး ခန်းခြောက်ပါစေဟု ကိုယ်ကို စွန့်၍ ကျင့်သော နည်းဖြင့် ကျင့်ခဲ့ပြီးသော်လည်း တရားကိုကား မရခဲ့၊ ထို ကြောင့် ယခု ဗောဓိ ပင်ရင်းတွင် ဤကဲ့သို့သော စိတ်ကူး မျိုး ပြန်ကူးသည် ဆိုခြင်းကို စိတ်ပညာ သဘော အရ ဖြစ်ခဲ့သော ကိစ္စဟု ယူဆကြလေသည်။

သူတို့ကမူ ဖြစ်ချင်းဖြစ်လျှင် ရဟန်း ဂေါတမ အနေ နှင့် 'ငါသည် အဘယ်ကြောင့် သဗ္ဗညုတဉာဏ်နှင့် နိဗ္ဗာန် ကို မျက်မှောက် မပြုရသနည်း၊ အဘယ် အချက်သည် ငါ့ အား အပိတ်အပင် အတားအဆီး ဖြစ်စေလျက် တည်ရှိ သနည်း' ဟူ၍သာ စဉ်းစားခြင်း ဖြစ်လိမ့်မည်ဟု ယူဆ ကြသည်။ ထိုအခါ ရဟန်း ဂေါတမ၏ စိတ်ထဲတွင် ရုတ် တရက် အဖြေ ပေါ်လာသည်။ မိမိ၏ ဘဝ လွတ်မြောက် ရေးနှင့် လူသား အားလုံး၏ ဒုက္ခ သံသရာမှ လွတ်မြောက် ရေးတွင် အတားအဆီး အပိတ်အပင် ဖြစ်လျက် နေသော အရာသည်ကား လိုချင် တပ်မက်ခြင်း 'တဏှာ' ပင် ဖြစ် သည်ဟု သူ ဆင်ခြင်မိခြင်းပင် ဖြစ်၏။

မှားယွင်းသော အရာများကို လိုချင် တပ်မက်ခြင်း တဏှာသည် အသက် ရှင်လိုခြင်း ဆန္ဒနှင့် ရယူ ပိုင်ဆိုင် လိုခြင်း ဆန္ဒတို့မှ ပေါက်ဖွားလာသည်ဟု သူ ဆင်ခြင်မိ လေတော့သည်။

သူ့ကို ဆုံးရှုံးစေခဲ့သော အကြောင်းသည် ပြင်းထန် သော တပ်မက်ခြင်း တဏှာပင် ဖြစ်၏။ ထိုတဏှာကို ပယ် သတ်နိုင်ပါက သူသည် ပြာဟ္မဏ ပုဏ္ဏားများ ရှာဖွေနေ သော ငြိမ်းအေးခြင်း အမှန် နိဗ္ဗာန်၏ သဘောကို သူ သိရ ပေတော့မည်။ ထို ထိုးထွင်းသော အသိဉာဏ် ဖြစ်ပေါ်လာ သော အခါ သူ့မှာ ယခုအခါ တပ်မက်ခြင်း တဏှာ ကင်း လျက် ရှိပြီ ဆိုသည်ကို သိမြင် သွားလေတော့၏။

ဗုဒ္ဓစာပေ ကျမ်းဂန်များ၌ ထိုနေရာ၌ မဂ်ဉာဏ် ဖိုလ် ဉာဏ် လေးဆင့် ဖြစ်ပေါ်လာသည်ဟု ဆိုသည်။ ထိုအခါ သူ့အဖို့ အဝိဇ္ဇာကို ပယ်ရှင်းနိုင်ပြီး၍ ဝိဇ္ဇာဉာဏ် အလင်း သည် ဖြစ်ပေါ်လာခဲ့ပေတော့၏။ အမှောင် ကင်းပျောက် သော အခါ အလင်းရောင် ရောက်လာသကဲ့သို့ပင် ဖြစ်၏။ ထိုအခါ သူသည် ပဋိသန္ဓေ နေခြင်း ကိစ္စ ပြီးဆုံးသော အမြင့်ဆုံး အမြတ်ဆုံး အဖြစ်သို့ ရောက်ပြီး ပြုဖွယ် ကိစ္စ အားလုံး ပြီးဆုံးခြင်းသို့ ရောက်ပြီ ဆိုသည်ကို သိမြင်တော် မူသွားလေတော့သည်။

ဗောဓိပင်နှင့် ရွှေပလ္လင်၌ သဗ္ဗညုတ ဉာဏ်ကို အောင် နိုင်တော်မူလေသည်။ ဓိနတ္တပကာသနီ၌ ဘုရား အဖြစ်သို့ ရောက်တော်မူခြင်းကို အကျဉ်းမျှ ဖော်ပြရာတွင် မဂ် လေး တန်ကို အစဉ်အတိုင်း ရ၍ ထိုရအပ်သော မဂ်ဖိုလ်ကို ဆင် ခြင်သော ပစ္စဝေက္ခဏ ဝီထိ တစ်ဆယ့် ကိုးချက်၏ အဆုံး၌ အလုံးစုံသော တရားကို သိတတ်သော သဗ္ဗညုတ ဉာဏ်ကို ရ၍ လောက သုံးပါး၏ အထွတ်အထိပ် ဘဝိဿရ အဖြစ် သို့ ရောက်တော်မူသည်ဟု ဖော်ပြထားလေသည်။

ထိုသို့ ဘုရား အဖြစ်သို့ ရောက်တော်မူပြီးခါမှ စ၍ ဗုဒ္ဓသည် အိန္ဒိယပြည် မြောက်ပိုင်းတွင် တစ်နေရာမှ တစ် နေရာသို့ လှည့်လည် သွားလာ၍ သာသနာပြုခြင်း အမှုကို စတင် ဆောင်ရွက် တော်မူခဲ့လေတော့၏။

## သံဃာ အဖွဲ့အစည်းကို ထူထောင်ခြင်း

ထို့နောက် ဗုဒ္ဓသည် ဒေသစာရီ ကြွချီပြီး လူအပေါင်းတို့အား အယူဝါဒ ပြောင်းလဲရေး အတွက် တရား ဟောတော်မူလေသည်။ အထူးသဖြင့် မိမိ၏ ခတ္တိယ ဇာတ်ဝင်များကို အဓိက ထား၍ ဟောတော်မူခဲ့လေသည်။

ပထမ သံဃာ အဖွဲ့အစည်းတွင် ရဟန်း အပါး ခြောက်ဆယ် ဖြစ်လာသည်။ ထိုမှ နောက်တွင်ကား သံဃာတော် အရေအတွက် ထောင်နှင့် ချီ၍ တိုးပွား လာလေတော့၏။ သံဃာ့ အဖွဲ့အစည်းထဲတွင် ခတ္တိယ ဇာတ်ဝင်များနှင့် ဇာတ်နိမ့်များသာ မကတော့ဘဲ ဗြာဟ္မဏများလည်း သံဃာတော်များ အဖြစ် ပါဝင် လာကြလေတော့သည်။

ထိုခေတ်တွင် ဇာတ် ခွဲခြားမှုသည် နောင် အခါမှာလောက် ပြတ်ပြတ်သားသား တိတိကျကျ မရှိလှသေးပေ။ မည်သို့ပင် ဆိုစေ သံဃာ့ အဖွဲ့အစည်းထဲသို့ ရောက်လာကြသော ပုဂ္ဂိုလ်များသည် မည်သည့် ဇာတ်ကပင် လာခဲ့သည် ဖြစ်စေကာမူ ရဟန်း သံဃာ အဖြစ်သို့ ရောက်တော်မူကြသည်နှင့် ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားခြင်း ပပျောက်သွားလေတော့သည်။

ပထမပိုင်းတွင် ရဟန်း ခံမည့် ရဟန်းလောင်းများကို တပည့် သာဝကများက ဗုဒ္ဓထံသို့ ခေါ်ဆောင် လာကြရသည်။ သို့ရာတွင် အချိန် ကြာမြင့်လာသော အခါ ခရီး ဝေးသော အရပ်မှာ ရဟန်း ခံရေး ကိစ္စများ ပေါ်ပေါက်လာသည်။ ရဟန်း ခံမည့် ပုဂ္ဂိုလ် အရေအတွက်ကလည်း များပြားလာသည်။ ထိုအခါ ဗုဒ္ဓက သိက္ခာ တင်ပြီးသော ရဟန်းများက ရဟန်းလောင်း အသစ်များကို သိက္ခာ တင်၍ ရဟန်း ခံပေးခြင်းကို ခွင့်ပြုတော် မူခဲ့လေသည်။

အမှန်မှာ ဘာသာ အယူဝါဒ ပြောင်းလာသူများ၏ အရေအတွက်ကလည်း တိုးပွားလာသည် ဖြစ်ရကား အစီအစဉ် တစ်ခုကို စတင် ပြုလုပ်ရန် လိုအပ်လာပေတော့၏။ ၎င်းမှာ ဝိနည်း သိက္ခာပုဒ်များကို ပညတ်ရန် လိုအပ်လာခြင်းပင် ဖြစ်၏။ ခြောက်သွေ့သော ရာသီများ၌ ဗုဒ္ဓသည် နှစ်စဉ် နှစ်တိုင်း သူ၏ တပည့် သာဝကများအား အနယ်နယ် အရပ်ရပ်သို့ စေလွှတ်၍ တရားဓမ္မကို ဟောကြား ဖြန့်ဖြူးစေခဲ့လေသည်။ ကိုယ်တော်တိုင်လည်း နမူနာ အဖြစ် ဒေသစာရီ ကြွချီတော်မူလေ့ ရှိ၏။ မိုးရာသီ ကာလ သုံးလတွင်မူ ဗုဒ္ဓနှင့် တကွ သံဃာတော်များသည် တစ်နေရာတည်း၌ စုရုံးလျက် ဝါဆို ဝါကပ်ကြလေသည်။

ဤနည်းအားဖြင့် သံဃာတော် အဖွဲ့အစည်းကြီးသည် သဘာဝ အလျောက် ကြီးထွား ကျယ်ပြန့်လာလေတော့၏။ ထို အဖွဲ့အစည်းကြီးကိုလည်း ဝိနည်း သိက္ခာပုဒ်များဖြင့် အုပ်ထိန်း ထားနိုင်ခဲ့လေသည်။

ရဟန်း သံဃာ အားလုံးနှင့် သက်ဆိုင်သော အဓိက ကျသည့် အရေးကြီးသော သိက္ခာ ပုဒ်များမှာ လွယ်ကူ ရှင်းလင်းပါသည်။

ရဟန်းတော်များ အားလုံးသည် အဝါရောင် သင်္ကန်းကို ဝတ်ဆင်ကြရသည်။ ဆံမုတ်ဆိတ်ကို ပယ်ကြရသည်။ သပိတ်ကို ဆောင်ယူလျက် သလုံးမြင်းခေါင်းကို အားပြုပြီး လျှင် ဆွမ်းခံ၍ စားကြရသည်။ နေ့စဉ် ကမ္မဋ္ဌာန်း ဘာဝနာကို ပွားများကြရသည်။

ရှင် သာမဏေ အဖြစ်သို့ စတင် သွတ်သွင်းသော သူတို့အား 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ' ဟူ၍ သရဏဂုံ သုံးပါးကို ခံယူ ဆောက်တည် ကြရသည်။ ထိုသို့ သရဏဂုံကို ဆောက်တည်ပြီးသော သာမဏေများသည် ဆယ်ပါး သီလကို ဆောက်တည်ကြရလေသည်။

ထိုသာမဏေ သီလ ဆယ်ပါးကို အောက်ပါ အတိုင်း အလွယ်နည်းအားဖြင့် ဖော်ပြနိုင်သည်။

(၁) သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၂) သူ့ဥစ္စာ (ပိုင်ရှင် မပေးသော ဥစ္စာ) ကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၃) မစင်ကြယ်သော မေထုန်မှုမှ ရှောင်ကြဉ်ခြင်း၊
(၄) မဟုတ် မမှန်သော စကားကို မပြောခြင်း၊
(၅) မူးယစ်စေတတ်သော သေရည် စသည်တို့ကို မသုံးဆောင်ခြင်း၊
(၆) နေ့လွဲ ညစာ စားခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၇) ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ပွဲကြည့်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၈) အမွှေးနံ့သာ လိမ်းခြင်း၊ ပန်း ပန်ခြင်း၊ အလှ ပြုပြင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၉) မြင့်သော မြတ်သော နေရာ၌ နေခြင်းမှ ရှောင်ကြဉ်ခြင်း၊
(၁၀) ရွှေ ငွေ စသည် ကိုင်ဆောင်ခြင်းမှ ရှောင်ကြဉ်ခြင်း

စသည်တို့ ဖြစ်ပါသည်။

အထက်ပါ ဆယ်ပါး သီလတို့တွင် ပထမ သီလ သိက္ခာပုဒ် လေးခုသည် ဂိုဏ်း ဘာသာဝင်များ ဆောက်တည်သော သီလ သိက္ခာပုဒ်နှင့် အတူတူပင် ဖြစ်၏။

ဂျိန်း ဘာသာဝင်များ၏ ပဌမ သီလ သိက္ခာပုဒ်မှာ အလွန် ကျယ်ဝန်းလွန်းလှသည်။

ထိုနေရာတွင် ဗုဒ္ဓဘာသာ သာမဏေများ၏ သိက္ခာပုဒ်တွင် မှုးယစ်စေတတ်သော အရာများကို သုံးစွဲခြင်းမှ ရှောင်ကြဉ်ခြင်းကို တိတိကျကျ သတ်မှတ် ပေးထားလေသည်။ ဤသီလ သိက္ခာပုဒ်များကို ကြည့်ခြင်းအားဖြင့် ဤသီလတော်မြတ်သည် မလျော့လွန်း မတင်းလွန်းဘဲ မဇ္ဈိမပဋိပဒါ ကျသည်ဟု ဆိုကြပါသည်။

ကာမဂုဏ်တို့၌ လိုက်စားခြင်း ကာမသုခလ္လိကာနုယောဂ အကျင့်ကို လည်းကောင်း၊ မိမိကိုယ်ကို ညှဉ်းဆဲ၍ ခြိုးခြံစွာ ကျင့်ကြံခြင်း အတ္တကိလမထာနုယောဂ အကျင့်ကို လည်းကောင်း ပယ်၍ ချမှတ်ထားသော မျှမျှတတ ရှိသော အကျင့် ဖြစ်ကြောင်း ထင်ရှားပေသည်။

သီလ သိက္ခာပုဒ်များကို သစ္စာရှိရှိ စောင့်သိ ရှိသေရေးကို မျှော်လင့်ထားသည်။ ရဟန်း သံဃာတော်များသည် သိက္ခာပုဒ်များကို ကျူးလွန် ဖောက်ဖျက်မိပါက ထိုအပြစ်အာပတ်တို့ကို သံဃာ့ အဖွဲ့အစည်း စုဝေး ဝတ်တက်ရာ ဌာနတွင် လူသိရှင်ကြား ဒေသနာ ကြားကြရလေသည်။ ရဟန်းတော်များသည် လပြည့် လကွယ် ၁၅ ရက် တစ်ကြိမ်၊ တစ်လ နှစ်ကြိမ် သိမ်၌ ဥပုသ် ပြုကြရသည်။

အထက်ပါ ဆယ်ပါး သီလ၏ ပထမ ငါးပါးကို လူပုဂ္ဂိုလ် အားလုံး အတွက် ပဋ္ဌသီလ အဖြစ် သတ်မှတ်ထားလေသည်။

အကြောင်းကြောင်းကြောင့် အိမ်ထောင် သက်မွေးမှုကို စွန့်ပြီး ရဟန်းဘောင်သို့ မဝင်နိုင်သော သာမန် လူပုဂ္ဂိုလ်များကိုလည်း ယာယီ အခိုက်အတန့်အားဖြင့် ကာလ ပိုင်းခြား၍ သံဃ အဖွဲ့အစည်း အတွင်းသို့ ဒုလ္လဘ ရဟန်းများ အဖြစ် ဝင်ရောက် နေထိုင်ခြင်းကိုလည်း ဗုဒ္ဓ ခွင့်ပြုတော်မူခဲ့လေသည်။

ငါးပါး သီလကို စောင့်ထိန်းကြကုန်သော လူသာမန်များသည် သံဃာ့ ဝေယျာဝစ္စ ကိစ္စများ၌ ပါဝင်ခွင့် ရှိကြလေသည်။

ဗုဒ္ဓ လက်ထက်တော် အခါက ခတ္တိယ ဇာတ်ဝင် လူသာမန်များသည် ရဟန်း သံဃာတော်များ အတွက် ကျောင်းတိုက်ကြီးများ၊ ဥယျာဉ် ခြံမြေများ၊ ပရိက္ခရာ အသုံးအဆောင်များစွာကို စိတ်အား ထက်သန်စွာ ပေးကမ်း လှူဒါန်းခဲ့ကြလေသည်။

ဗုဒ္ဓသည် အမျိုးသမီးများအား သာသနာတော် အစပိုင်းတွင် သာသနာ့ဘောင်၌ ရဟန်းခံခြင်း ကိစ္စကို ခွင့်ပြုခြင်း မရှိခဲ့ပေ။ သို့သော် မိထွေးတော် ဂေါတမီကို အကြောင်းပြု၍ အမျိုးသမီးများ ရဟန်းပြုသော ဘိက္ခုနီ သာသနာကို ခွင့်ပြုတော် မူခဲ့လေသည်။

ဗုဒ္ဓ၏ ဆွေတော် မျိုးတော်၊ သွေးသား တော်စပ်သူများစွာတို့သည် ဘိက္ခုများ ဘိက္ခုနီများ ဖြစ်လာခဲ့ကြလေသည်။

ဗုဒ္ဓ၏ ဝမ်းကွဲ ညီတော် အာနန္ဒာသည် တပည့် နောက်လိုက် သံဃာတော်များတွင် ဗုဒ္ဓ၏ ဝေယျာဝစ္စ ကိစ္စ မှန်သမျှကို မငြီးမငြူ ကြည်ဖြူ လေးစားစွာဖြင့် ဝမ်းမြောက်ဝမ်းသာ ဆောင်ရွက်တော် မူခဲ့သော ထင်ရှား ပေါ်လွင်သော တပည့် သာဝကကောင်း ဖြစ်ခဲ့လေသည်။

အခြား ညီအစ်ကို ဝမ်းကွဲ တော်စပ်သူ ယောက်ဖတော် ဒေဝဒတ္တကား သာသနာတော်၌ သံဃာကို ဂိုဏ်း ခွဲသော အပြစ် ဒုစရိုက်ကြီးကို ကျူးလွန်သူ အဖြစ်ဖြင့် မှတ်တမ်းတင်ခြင်း ခံခဲ့ရလေသည်။

လေးဆယ့်ငါးဝါပတ်လုံး တရား ဟောရင်း သင်ကြားပြသရင်းဖြင့် မြတ်ဗုဒ္ဓသည် သာသနာတော် တည်တံ့ ပြန့်ပွားရေးကို အားသွန် ကြိုးပမ်း၍ နေတော်မူခဲ့လေသည်။

နောက်ဆုံးတွင် ဗာရာဏသီပြည်၏ အောက်ဘက်ရှိ ကုသိနာရုံမြို့သို့ ခရီး လှည့်လည်သွားလာစဉ် သက်တော် ၈၀ တွင် မလ္လမင်းတို့ ဥယျာဉ်၌ ပရိနိဗ္ဗာန် ပြုခြင်းသို့ ရောက်ရလေသည်။

မြတ်ဗုဒ္ဓသည် ပန်းထိမ်သည် စုန္ဒ အိမ်၌ ကျွေးမွေးသော ဆွမ်းကို ခံယူ ဘုဉ်းပေးတော်မူခဲ့လေသည်။ ထိုအိမ်က ကျွေးသော ဆွမ်း၌ ပါသော ဝက်ပျိုသားကို စားသောကြောင့် ဝမ်းတော် လားသော ရောဂါကို ရရှိခဲ့သည်ဟု ဆိုသည်။

ဗုဒ္ဓသည် ထိုရောဂါကို ရရှိပြီးနောက် ကုသိနာရုံမြို့သို့ ရောက်အောင်ပင် ကြွသွားနိုင်ခြင်း မရှိတော့ဘဲ လမ်းခုလတ် မလ္လာ မင်းတို့၏ အင်ကြင်း ဥယျာဉ်တွင် ပရိနိဗ္ဗာန် ပြုရလေတော့၏။

## ၂။ မြတ်ဗုဒ္ဓ၏ အဆုံးအမ တရားများ

### ဒဿန အယူအဆများ

အများ အယူအဆနှင့် ကွဲလွဲစွာ ဗုဒ္ဓ၏ ဒဿန အမြင်များကို လေ့လာသော သူသည် ဗုဒ္ဓ၏ တွေးခေါ် မြော်မြင်သော ဒဿန အယူအဆများကို ဗုဒ္ဓက ငြင်းပယ်ခြင်းမှ စ၍ လေ့လာရပေမည်။ ဆိုလိုသည်မှာ မြော်မြင် တွေးဆ၍ ယူသော ဒဿနများသည် ဘဝ၏ လွတ်မြောက်ရေး အတွက် ဉာဏ်လမ်း 'ဉာဏမဂ္ဂ' မဖြစ်နိုင်ဟု သဘောထားခြင်း ဖြစ်၏။ သဘာဝကို လွန်၍ တွေးခေါ်သော *မက်တာ ဖီစစ်* [၁] ခေါ်သော တက္ကိက အယူအဆများ အားလုံးသည် ဗုဒ္ဓ အမြင်တွင် အရေးမပါ အရာမရောက်ပေ။ သူ့မှာ လွန်စွာ လက်တွေ့ ကျသော အမြင် ရှိသည်။ သူသည် မြော်မြင် တွေးဆ၍ ယူသော ဒဿန အယူဝါဒများကို လုံးဝ စိတ်ဝင်စားခြင်း မရှိပေ။

သူသည် ထိုသို့သော လူ့စိတ်ကူး အကြံအစည် အတွေးအခေါ်များ အစား လူ၏ စိတ်ပိုင်းဆိုင်ရာများကို လေ့လာခြင်းကို ပို၍ စိတ်ဝင်စားပေသည်။

ဗုဒ္ဓသည် ဒဿန ပညာရပ်၏ အဓိက ပြဿနာများကို ရှင်းရှင်းပြတ်ပြတ် ငြင်းပယ်ထားလေသည်။

တက္ကိက ဝါဒနှင့် စပ်သော မေးခွန်းများကို ဗုဒ္ဓသည် ဟောကြားတော် မမူရခြင်း အကြောင်းကို စူဠမာလုကျပုတ္တ သုတ်တွင် အထင်အရှား ဟောကြားတော်မူအပ်ပေသည်။

၁၂၇။ မာလုကျပုတ္တ၊ လောကသည် မြဲ၏ဟု ယူသော် မြတ်သော အကျင့်ကို ကျင့်ခြင်းသည် ဖြစ်နိုင်ရာသလော ဟူမူ ဤသို့ ယူသော် မဖြစ်နိုင်၊ မာလုကျပုတ္တ၊ လောကသည် မမြဲဟု အယူ ရှိလတ်သော် မြတ်သော အကျင့်ကို ကျင့်ခြင်းသည် ဖြစ်နိုင်ရာသလော ဟူမူ ဤသို့ အယူ ရှိသော် မဖြစ်နိုင်၊ မာလုကျ ပုတ္တ၊ လောကသည် မြဲ၏ဟု အယူ ရှိလတ်သော် လည်းကောင်း၊ လောကသည် မမြဲဟု အယူ ရှိလတ်သော် လည်းကောင်း ပဋိသန္ဓေ နေရခြင်းသည် ရှိသည်သာတည်း။ အိုရခြင်းသည် ရှိသည်သာတည်း။ သေရခြင်းသည် ရှိသည်သာတည်း။ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းတို့သည် ရှိသည်သာတည်း။ ယင်းတရားတို့ကို မျက်မှောက်သော ကိုယ်၏ အဖြစ်၌ပင် ဖျက်ဆီးရမည်ဟု ငါ ပညတ်၏။ မာလုကျပုတ္တ၊ လောကသည် အဆုံး ရှိ၏ဟု အယူ ရှိလတ်သော် မြတ်သော အကျင့်ကို ကျင့်ခြင်းငှာ ဖြစ်နိုင်သလောဟူမူ ဤသို့ အယူ ရှိလတ်သော် မဖြစ်နိုင်။ မာလုကျပုတ္တ၊ လောကသည် အဆုံး မရှိဟု အယူ ရှိလတ်သော် မြတ်သော အကျင့်ကို ကျင့်ခြင်းငှာ ဖြစ်နိုင်ရာသလော ဟူမူ ဤသို့ အယူ ရှိလတ်သော် မဖြစ်နိုင်။ မာလုကျပုတ္တ၊ လောကသည် အဆုံး ရှိ၏ဟု အယူ ရှိလတ်သော် လည်းကောင်း၊ လောကသည် အဆုံး မရှိဟု အယူ ရှိလတ်သော် လည်းကောင်း ပဋိသန္ဓေ နေရခြင်းသည် ရှိသည်သာတည်း။ အိုရခြင်းသည်လည်း ရှိသည်သာတည်း။ သေရခြင်းသည်လည်း ရှိသည်သာတည်း။ ပူဆွေးခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပင်ပန်းခြင်းတို့သည် ရှိကုန်သည်သာတည်း။ ယင်းတရားတို့ကို မျက်မှောက်သော ကိုယ် အဖြစ်၌ပင် ဖျက်ဆီးရမည်ဟု ငါ ပညတ်၏။

.... ၁၂၈။ မာလုကျပုတ္တ၊ ထို့ကြောင့် ဤသာသနာတော်၌ သင်သည် ငါ မဟောကြားသည်ကိုလည်း မဟောကြားသည့် အတိုင်း မှတ်လော့။ ငါ ဟောကြားသည်ကိုလည်း ဟောကြားသည့် အတိုင်း မှတ်သားလော့။ မာလုကျပုတ္တ၊ ငါ မဟောကြားသည်မှာ အဘယ်နည်း။ မာလုကျပုတ္တ၊ လောကသည် မြဲ၏ဟု ငါ မဟောကြား၊ လောကသည် မမြဲဟု ငါ မဟောကြား၊ လောကသည် အဆုံး ရှိ၏ဟု ငါ မဟောကြား၊ လောကသည် အဆုံး မရှိဟု ငါ မဟောကြား၊ ထိုအသက်သည်ပင် ထိုကိုယ်တည်းဟု ငါ မဟောကြား၊ အသက်သည် တခြား ကိုယ်သည် တခြားဟု ငါ မဟောကြား၊ သတ္တဝါသည် သေသည်၏ နောက်၌ ဖြစ်၏ဟု ငါ မဟောကြား၊ သတ္တဝါသည် သေသည်၏ နောက်၌ မဖြစ်ဟု ငါ မဟောကြား၊ သတ္တဝါသည် သေသည်၏ နောက်၌ ဖြစ်လည်း ဖြစ်၏၊ ဖြစ်လည်း မဖြစ်ဟု ငါ မဟောကြား၊ သတ္တဝါသည် သေသည်၏ နောက်၌ ဖြစ်သည်လည်း မဟုတ်၊ မဖြစ်သည်လည်း မဟုတ်ဟု ငါ မဟောကြား။ မာလုကျပုတ္တ၊ ထိုအကြောင်းကို အဘယ်ကြောင့် ငါ မဟောကြားသနည်း။ မာလုကျပုတ္တ၊ ထိုအကြောင်းသည် အကျိုးစီးပွားနှင့် မစပ်၊ မြတ်သော သာသနာတော်၏ အစအနမျှလည်း မဖြစ်၊ ဝဋ်ဆင်းရဲကို ငြီးငွေ့ခြင်းငှာ မဖြစ်နိုင်၊ ရာဂ

---

၁။ Meta-physic

ကင်းခြင်းငှာ မဖြစ်နိုင်၊ ရာဂ ချုပ်ခြင်းငှာ မဖြစ်နိုင်၊ ကိလေသာမီး ငြိမ်းအေးခြင်းငှာ မဖြစ်နိုင်၊ ထူးသော ဉာဏ်ဖြင့် သိခြင်းငှာ မဖြစ်နိုင်၊ သစ္စာလေးပါးကို သိခြင်းငှာ မဖြစ်နိုင်၊ ချုပ်ခြင်းငှာ မဖြစ်နိုင်။ ထို့ကြောင့် ထို အကြောင်းအရာကို ငါ မဟောကြားဟု ထင်ရှားစွာ ဟောတော်မူခဲ့လေသည်။

ထို့နောက် ဆက်၍ မာလုကျပုတ္တအား ဟောကြားတော်မူသော တရား၌ ဗုဒ္ဓ၏ စိတ်ပညာ သဘောကိုသာ စိတ်ဝင်စားခြင်းကို ဖော်ပြထားလေသည်။

မာလုကျပုတ္တ၊ အဘယ်ကို ငါ ဟောကြားသနည်း။ မာလုကျပုတ္တ၊ ဤကား ဆင်းရဲတည်းဟု ငါဘုရား ဟောကြား၏။ ဤကား ဆင်းရဲဖြစ်ကြောင်းတည်းဟု ငါဘုရား ဟောကြား၏။ ဤကား ဆင်းရဲချုပ်ရာတည်းဟု ငါဘုရား ဟောကြား၏။ ဤကား ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်း တရားတည်းဟု ငါဘုရား ဟောကြား၏။ မာလုကျပုတ္တ၊ ထိုတရားတို့ကို အဘယ်ကြောင့် ငါ ဟောကြားသနည်း။ မာလုကျပုတ္တ၊ ထိုတရားသည် အကျိုးစီးပွားနှင့် စပ်၏။ ထိုတရားသည် မြတ်သော အကျင့် ဖြစ်သော သာသနာတော်၏ အစ အန ဖြစ်၏။ ဝဋ်ဆင်းရဲ၌ ငြီးငွေ့ခြင်းငှာ၊ ရာဂ ကင်းခြင်းငှာ၊ ရာဂ ချုပ်ခြင်းငှာ၊ ကိလေသာမီး အေးငြိမ်းခြင်းငှာ၊ ထူးသော ဉာဏ်ဖြင့် သိခြင်းငှာ၊ သစ္စာ လေးပါးကို သိခြင်းငှာ၊ ချုပ်ငြိမ်းခြင်းငှာ ဖြစ်၏။ ထို့ကြောင့် ထိုတရားကို ငါ ဟောကြား၏။ မာလုကျပုတ္တ၊ ထို့ကြောင့် သင်တို့သည် ငါ ဟောကြားသည့် အတိုင်း မှတ်ကြကုန်လော့။

ဤ သုတ္တန် ဒေသနာကို လေ့လာကြည့်လျှင် လူသား၏ အခြေခံ ပြဿနာသည် သူ တွေးခေါ် မြော်မြင်ပုံနှင့် မဆိုင်။ သူ ခံစားပုံနှင့်သာ ဆိုင်ပေသည်။ သူ တွေးခေါ်သော ကိစ္စသည် သူ၏ ဆန္ဒ ရာဂ သဘောကို နားလည်ရန်နှင့် ထိုရာဂကို ချုပ်တည်းရေးကို အထောက်အပံ့ ရစေရန် ဖြစ်သင့်ပေသည်။ ဒုက္ခခပ်သိမ်း၏ ခိုအောင်းရာသည် ထိုရာဂတဏှာပင် ဖြစ်သောကြောင့် ဖြစ်၏။

ဗုဒ္ဓသည် ဘတ္တိ ခေါ် ဘာသာရေး ပူဇော် သက္ကာယ အမှုကို ပြုခြင်းဖြင့် ဘဝ၏ လွတ်မြောက်ရာ နိဗ္ဗာန်ကို ရနိုင်သည် ဆိုသော အယူဝါဒကိုလည်း ပယ်တော်မူခဲ့လေသည်။ ဗုဒ္ဓ၏ အနေအထားမှာလည်း မဟာဝီရ၏ အယူဝါဒများတွင် ကျွန်ုပ်တို့ လေ့လာခဲ့ရသကဲ့သို့ အနိဿရိယ နိမ္မာန ဝါဒ (ထာဝရ ဘုရားကို ပယ်သော အယူ) တစ်မျိုးပင် ဖြစ်၏။

ဗုဒ္ဓကလည်း ဤ စကြဝဠာ၌ နတ်သား နတ်သမီးများ၊ အသူရာ ဂုမ္ဘဏ် ရက္ခိုသ်များ၊ လူ မဟုတ်သော တန်ခိုး ရှိသော ပုဂ္ဂိုလ်များ အမြောက်အမြား ရှိသည် ဆိုသော အချက်ကို လက်ခံပေသည်။ သို့သော် ထို တန်ခိုး ရှိသော နတ်များ၊ ဂုမ္ဘဏ် ရက္ခိုသ်များသည် မွေးခြင်း သေခြင်း ကင်းသော အဆုံး ရှိသော သတ္တဝါများမှ အပ ဖြစ်သည် ဆိုသော အချက်ကိုကား ငြင်းပယ်တော်မူလေသည်။

ထို့ပြင် မမြင်ကွယ်ရာ၌ တစ်စုံတစ်ခုသော လောကကို လွှန်မြောက်သော၊ ထာဝရ တည်နေတော်မူသော၊ ဖန်ဆင်းခြင်း မတိုင်မီကပင် တည်ရှိသော ရေမြေကောင်းကင် အလုံးစုံတို့ကို ပြုပြင် စီရင်တော်မူသော၊ လူသားတို့၏ ကံကြမ္မာကိုလည်း ပြုပြင် စီရင်တော်မူသော၊ လူတို့ တောင်းခံသော ဆုအပေါင်းကို ပြည့်စုံစေတော်မူသော ထာဝရ ဘုရားသခင် ရှိသည် ဆိုသော အချက်သည်ကား ဗုဒ္ဓ အမြင်တွင် အကျိုးမဲ့သော အယူ ဖြစ်သည်။

ဗုဒ္ဓသည် ထိုဣဿရိယ ဖန်ဆင်းရှင်ကို အားကိုးအားထား ပြုခြင်းလည်း မရှိပေ။ အလားတူစွာ သူသည် ဝေဒ ကျမ်းများကိုလည်း အားကိုးအားထား ပြုခြင်း မရှိချေ။ ဝေဒ ကျမ်းများကို အားကိုးအားထား မပြု ဆိုရာ၌ ဝေဒ ကျမ်းများတွင် ပါသော သဘာဝ နတ်များကို ကိုးကွယ် ဆည်းကပ်ခြင်းကို လည်းကောင်း၊ ထိုနတ်များအား ပူဇော် ပသခြင်းဆိုင်ရာ ထုံးစံ ဓလေ့များကို လည်းကောင်း၊ ထို့အတူ ဗြာဟ္မဏများကို နတ်ဆရာ ဘုန်းကြီးများ အဖြစ် မျက်နှာသာ ပေးခြင်းလည်း မရှိခဲ့ပေ။ (ဤသဘောထားများကြောင့် ဟိန္ဒူ အယူဝါဒကို ကြည်ညိုကြသော သူများက ဗုဒ္ဓဘာသာကို မိစ္ဆာဒိဋ္ဌိ အမြင်ဟု ရှုမြင်ရခြင်း၏ အဓိက အကြောင်းများ ဖြစ်ပေသည်။) မဟာဝီရလိုပင် ဗုဒ္ဓကလည်း တပည့် သာဝကများကို ဘဝ ကယ်တင်ရေး ကိစ္စတွင် မိမိကိုယ်သာ အားကိုးရာ ဖြစ်ကြောင်းကို ပြသ ဆုံးမတော်မူခဲ့လေသည်။ ဤကား ဗုဒ္ဓ၏ လူသား ပဓာန ဝါဒကို အဖြောင့် သဘော မြင်တွေ့ရခြင်းပင် ဖြစ်၏။

ဗုဒ္ဓသည် ဟိန္ဒူ ဘာသာက လက်ခံထားသော ထင်ရှားသော အယူအဆ များစွာကို ပယ်နုတ် သုတ်သင်ပစ်ခဲ့သော်လည်း ဟိန္ဒူ အယူအဆမှ အချက် နှစ်ချက်ကိုကား ပြုပြင်၍ လက်ခံခဲ့ပေသည်။ ထိုအယူအဆ နှစ်ခုမှာ ကမ္မ နိယာမနှင့် သံသရာ ကျင်လည်ခြင်း သဘောများ ဖြစ်သည်။

သို့ရာတွင် ဗုဒ္ဓသည် ထိုအချက် နှစ်ချက်ကို လက်ခံယူပုံ၌ ဟိန္ဒူများ၏ လက်ခံယူပုံနှင့်ကား များစွာ ကွာခြားလေသည်။

ဗုဒ္ဓက ကမ္မ နိယာမကို လက်ခံသည် ဆိုရာတွင် ဟိန္ဒူများကဲ့သို့ အတိတ်က ပြုလုပ်ခဲ့သော ကံ အတိုင်းသာ သတ္တဝါများ ဖြစ်ကြရသည်၊ ကံ စီမံရာကို ဘာမျှ ပြုပြင်၍

မရ ဆိုသော တင်းကျပ်သော သဘောဖြင့် မယူ။ အတိတ်ကံ၏ အကျိုး ရလဒ်ကို သတ္တဝါတို့ ခံယူကြရသည်ကား မှန်သည်၊ သို့သော် ထို ကံကို ပစ္စုပ္ပန် ကံဖြင့် ပြုပြင်၍လည်း ရသည် ဟူသော ပြုပြင်နိုင်သည့် သဘောဖြင့် ယူသည်။

ထို့ပြင် အကြင် ပုဂ္ဂိုလ်သည် အရဟတ္တ ဖိုလ်သို့ ရောက်ပြီးသော ရဟန္တာ ဖြစ်သွားပါက ထိုသူ ပြုခဲ့သော မကောင်းမှု ကံများ အားလုံးသည် အကျိုး မပေးတော့ဘဲ အဟောသိကံ ဖြစ်သွားကြသည်ဟုလည်း ဟောကြား ဆုံးမတော်မူခဲ့လေသည်။

ရဟန္တာ ဖြစ်ပြီးသော ပုဂ္ဂိုလ်အား ကံဟောင်းလည်း ကျေသည်၊ ကံသစ်လည်း မဖြစ်တော့၊ ပဋိသန္ဓေ နေရမည့် ကံလည်း မရှိတော့။ သူ့ အဖြစ်သည် လောင်စာ သိမ်း၍ မီးငြိမ်းသွားသည်နှင့် တူပေသည်။ ဤသံသရာ၌ သူသည် နောက်ထပ် တစ်ဖန် ပြန်လည် ပဋိသန္ဓေ နေခြင်း ဒုက္ခ မရှိတော့ပေ။ သူကား လွတ်မြောက်ပြီးသူ ဖြစ်ပြီ။

အသက် ရှင်နေလိုသော ဆန္ဒနှင့် ဘဝ တဏှာ အားကြီးသူတို့သာလျှင် သံသရာ၌ ပြန်လည်၍ ပဋိသန္ဓေ နေရသော ဒုက္ခကို ရရှိပြီး ဘဝ လွတ်မြောက်ခြင်း မရှိသူ ဖြစ်၏။

ဗုဒ္ဓက ပဋိသန္ဓေ နေခြင်း၌ ခန္ဓာ တစ်ခုမှ အတ္တကောင် ဝိညာဉ်ကောင်က ထွက်ပြီး အခြား ခန္ဓာသစ် တစ်ခုသို့ ဝင်၍ ပဋိသန္ဓေ ယူသည် ဆိုသော လောက်လန်းသဖွယ် ဝိညာဉ်တွယ် အယူအဆကို ပယ်ပြီး ပဋိသန္ဓေသစ် ဖြစ်ပေါ်ရာ၌ အသက် ဝိညာဉ် တစ်စုံတစ်ရာ မရှိ၊ ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးဆက်အားဖြင့်သာ ဖြစ်ပေါ်ပုံကို ဟောကြားတော်မူခဲ့လေသည်။

ထိုအချက်ကို အနောက် နိုင်ငံသားများ နားမလည်နိုင် ဖြစ်ကြရလေသည်။

ဤ အတွေးအခေါ်သည် ဗုဒ္ဓ၏ အတွေးအခေါ် စနစ်တွင် သူတို့ အဖို့ အနက်နဲဆုံး အတွေးအခေါ်လည်း ဖြစ်၏။ ထို့အတူ သူတို့ အဖို့ အသိရ အခက်ဆုံး အတွေးအခေါ် ဖြစ်သည်ဟုလည်း ဆိုကြသည်။

ပဋိသန္ဓေ ယူရာ၌ အတ္တကောင် မပါသော အချက်ကို သူတို့ နားလည်ရန် ခက်ခဲနေပေသည်။ အနောက် နိုင်ငံသားများက ဤပဋိသန္ဓေ ယူခြင်း အမြင် အပေါ်တွင် ရာစုနှစ်ပေါင်း များစွာ အဋ္ဌကထာ ဆရာ၊ ဋီကာ ဆရာများ အငြင်းပွား နေခဲ့ကြရကြောင်းကိုလည်း ထောက်ပြကြလေသည်။

ခေတ် အဆက်ဆက်က လက်ခံလာသော အယူအဆဟောင်းမှာ ဝိညာဉ်သည် ဖျက်ဆီး၍ မရသော အရာ ဖြစ်သည်။ ထိုဝိညာဉ်သည် ခန္ဓာဟောင်း တစ်ခု သေဆုံးသောအခါ ထိုခန္ဓာ အိမ်ဟောင်းမှ ထွက်၍ အခြားသော ခန္ဓာအိမ်သစ် တစ်ခုသို့ ပြောင်း၍ ပဋိသန္ဓေ ယူသည်။ ထိုသို့ ခန္ဓာ အိမ်သစ် ပြောင်းရာ၌ ဘယ်ဘုံ ဘယ်ဘဝ၌ ပဋိသန္ဓေ ယူရမည်ကို ကမ္မ နိယာမက ပြဋ္ဌာန်းသည် ဟူ၍သာ လက်ခံလာခဲ့ကြပေသည်။

ထိုအမြင်ကို ဗုဒ္ဓက ပယ်ပြီး အံ့ဖွယ်ကောင်းလောက်အောင် ဓမ္မဓိဋ္ဌာန် ကျပြီး ခေတ်မီသော အယူအဆကို ဟောကြားတော်မူခဲ့လေသည်။ (ဤအချက်တွင် ဗုဒ္ဓ၏ အမြင်နှင့် အနောက်တိုင်းသား စိတ်ပညာ ဆရာများ၏ *ဘီဟေးဗီးယား ရှင်း* [၁] ဝါဒတို့၌ တူသော အချက်များ ရှိကြောင်း ထောက်ပြကြသည်။)

ဗုဒ္ဓက ပုဂ္ဂိုလ် တစ်ဦး၏ ကိုယ်ရည် ကိုယ်သွေးကို ဆင်ခြင် သုံးသပ်ရာ၌ ခန္ဓာ ငါးပါး သဘောဖြင့် ဆင်ခြင်သည်။

ခန္ဓာ ငါးပါးသည် ခုဖြစ် ခုပျက်နေသော မြဲသောသဘော ကင်းသော ဖြစ်စဉ်သာ ဖြစ်သည်။ မြဲသော သဘော ရှိသော ဝိညာဉ် ဟူ၍လည်း မရှိ။ ဝိညာဏက္ခန္ဓာသာ ရှိသည်။ ထိုခန္ဓာသည်လည်း အမြဲ မရှိ။ ခုဖြစ်ပြီး ခုပျက်သွားသော မမြဲသော အနိစ္စ လက္ခဏာသာ ရှိသည်။ ဗုဒ္ဓအမြင်တွင် သတ္တဝါတို့၏ ဖြစ်တည်မှုတွင် ခန္ဓာ ငါးပါးသာ ရှိသည်။

ထို ခန္ဓာ ငါးပါးမှာ ၁။ ရူပက္ခန္ဓာ (ကိုယ်) ၂။ ဝေဒနက္ခန္ဓာ (ခံစားမှု) ၃။ သညက္ခန္ဓာ (မှတ်သားမှု) ၄။ သင်္ခါရက္ခန္ဓာ (ပြုပြင်မှု စေတနာ) ၅။ ဝိညာဏက္ခန္ဓာ (သိမှု ဆင်ခြင်မှု) တို့ ဖြစ်ကြသည်။ ပုဂ္ဂိုလ် သတ္တဝါဟု ယူထားသော အရာများသည် ဤခန္ဓာ ငါးပါး၏ အပေါင်းအစုမျှသာ ဖြစ်သည်။

ထိုခန္ဓာ ငါးပါး ပေါင်းစည်းမိနေသော အခါ သက်ရှိတို့သည် ပုဂ္ဂိုလ် သတ္တဝါ တစ်ဦး တစ်ယောက် အသွင်ဖြင့် ပြုပြင် ဆောင်ရွက်တတ်ကြလေသည်။ အသက်ရှင် နေထိုင်လျက် သမိုင်း တစ်ခုစီကို ဖော်ဆောင်လျက် ရှိကြသည်။ သို့ရာတွင် ထိုပုဂ္ဂိုလ်၌ ပါဝင်သော ခန္ဓာ တစ်ပါးစီမှာကား အစဉ်သဖြင့် မပြတ် ဖြစ်ပျက် ပြောင်းလဲနေသော ဖြစ်စဉ် တစ်ခုသာလျှင် ဖြစ်တော့သည်။

---

၁။ Behaviorism

လူ့စိတ်သည် တစ်စက္ကန့် အတွင်းမှာ အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ပြောင်းလဲ ဖြစ်ပျက်နေသကဲ့သို့ လူ့ ရုပ်ခန္ဓာသည်လည်း နေ့စဉ် နေ့တိုင်း များစွာ ဖောက်ပြန် ပြောင်းလဲလျက် ရှိပေသည်။

သေသော အခါတွင် ခန္ဓာ ငါးပါး အဖွဲ့အစည်း ပျက် ပြားပြီး ခန္ဓာများလည်း တကွဲတပြားစီ ဖြစ်သွားကြရလေ သည်။

ထို့ကြောင့် ဝိညာဉ် အတ္တဟု ခေါ်သော အရာသည် အမှန်စင်စစ် ထင်မြင် ယူဆချက် တစ်ခုသာ ဖြစ်၏။ တကယ် အစစ်အမှန် တည်ရှိသော အရာ မဟုတ်ပေ။ ခန္ဓာ ငါးပါး အစုအဝေး အဖြစ်ဖြင့် ပုဂ္ဂိုလ် တစ်ဦး အသွင်ကို ဆောင်လျက် ပြုပြင် ပြောင်းလဲနေခြင်းဖြင့် ပုဂ္ဂိုလ်၏ ဘဝ အသွင်ကို ဖော်ဆောင်နေသည့် သဘောကို အမည် တပ်၍ ခေါ်ခြင်းမျှသာ ဖြစ်ပေသည်။

လူတစ်ဦး ဆိုသည်မှာလည်း အမှန်စင်စစ် အမည် ပညတ်သာ ဖြစ်၏။ လူ့ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခု စီကို ဖြုတ်၍ ယူလိုက်သော် 'လူ' ဟု ခေါ်အပ်သော အရာ ကား ဘာတစ်ခုမျှ မကျန်ရှိတော့ပေ။ လူ ဟူ၍ ပြနိုင်သော အရာ လူ့ ခန္ဓာမှာ ဘာဆို ဘာမျှ မရှိချေ။

ဤခန္ဓာ ငါးပါး အမြင်ကို ယူထားသည် ဖြစ်၍ ဗုဒ္ဓ ဝါဒ အလိုအားဖြင့် အတ္တ ဝိညာဉ်က ခန္ဓာ အိမ်ဟောင်းမှ ခန္ဓာ အိမ်သစ်သို့ လောက်လန်းသဖွယ် ဝိညာဉ်တွယ်သည် ဆိုသော အယူအဆကို လက်မခံနိုင်ပေ။ သို့သော် အထည် ဒြပ်ဖြင့် တည်ရှိသော အရာဝတ္ထု တစ်ခုသည် ဘဝ ဖြစ် တည်မှု တစ်ခုမှ အခြား တစ်ခုသို့ ပြောင်းလဲသွားနိုင်သည် ဆိုသော အချက်ကိုကား ဗုဒ္ဓသည် မငြင်းပေ။

ထိုသဘော အယူအဆကိုပင် သူ၏ ခွဲခြမ်း စိတ်ဖြာ ၍ ဟောကြားအပ်သော တရားဖြင့် မြစ်တား ထားသေး သည်။ ဗုဒ္ဓက ဘဝ တစ်ခုမှ အခြား ဘဝ တစ်ခုသို့ ပြောင်း သွားသော အရာ ဟူသည်ကား ကံ သတ္တိ၊ ကြိယာ သတ္တိ အကျိုးဆက် သဘောမျှသာ ဖြစ်သည်။ ထိုသို့ ကူးပြောင်း သည် ဆိုရာမှာပင် အကြောင်း အကျိုး ဆက်နွယ်မှု သဘော အားဖြင့် ကူးပြောင်းသွားခြင်း ဖြစ်ပေသည်။

ဤ ဖြစ်ပုံကို ဥပမာအားဖြင့် ပြရသော် ဖယောင်း ပေါ်၌ တံဆိပ်တုံး ခတ်နှိပ်သကဲ့သို့ ဖြစ်၏။

တံဆိပ်တုံးက ဖယောင်းတုံး အဖြစ်သို့ ပြောင်းသွား ခြင်း မဟုတ်။ တံဆိပ်တုံးပေါ်က အမှတ် လက္ခဏာများ သည် ဖယောင်းတုံးပေါ်သို့ ကျရောက်သွားခြင်းသာ ဖြစ် ပေသည်။ ဤကိစ္စ၌ အထည်ဒြပ် ဆို၍ ဘာမျှ မပါချေ။

အလားတူစွာ ပဋိသန္ဓေ နေခြင်း ကိစ္စတွင်လည်း လူ တစ်ဦး၏ ဘဝ အဆုံးသို့ ရောက်ခါနီး၊ သေခါနီး ပေါ်လာ သော မရဏာ သန္နဇောတွင် သူ၏ ဘဝ တစ်လျှောက်၌ ပြု အပ်ခဲ့သော ကမ္မနိမိတ်များ ပေါ်လာသည်။ ထို ဂတိနိမိတ် များ၊ ကမ္မနိမိတ်များ၊ ဇောစိတ်များက ဖယောင်းတုံးပေါ်သို့ တံဆိပ်တုံး ခတ်နှိပ်လိုက်သလို နောက် ဘဝ နောက် ပဋိ သန္ဓေ စိတ်ကို တခြားသော အမိဝမ်း၌ ဖြစ်ပေါ်သွားစေပေ တော့သည်။

ဤတွင် အထည်ဒြပ်အားဖြင့်ကား ဘာမျှ ပါသွား သည် မဟုတ်ပေ။ ယခု ဘဝ၌ စုတိစိတ်က နောက်ဘဝ သစ်၌ ပဋိသန္ဓေ စိတ်ကို ဖြစ်ပေါ်စေအောင် ကြောင်းကျိုး ဆက်၍ ဖြစ်သွားခြင်းသာ ဖြစ်၏။ သို့ရာတွင် အထည်ဒြပ် ဘာမျှ မပါသွားသော်လည်း ဘဝ တစ်ခုနှင့် နောက်ဘဝ တစ်ခု အကြားမှာ အဆက်အစပ်ကား ရှိနေပေသည်။

ဤ အဖြစ်အပျက်ကို သိသာ ရှင်းလင်းစေရန် ဗုဒ္ဓ ဘာသာဝင်များသည် ပုံဝတ္ထု သာဓကများဖြင့် ရှင်းပြတတ် ကြသည်။

ဗုဒ္ဓ မြတ်စွာဘုရား နောက် ကာလ ကြာမြင့်သော အခါ ဤကိစ္စကို မိလိန္ဒ မင်းကြီးက အရှင် နာဂသေန အား အမေး ပုစ္ဆာ ထုတ်ခဲ့ဖူးသည်ကို အရှင် နာဂသေနက အောက်ပါ အတိုင်း ဖြေကြားတော် မူခဲ့လေသည်။

| | |
|---|---|
| မိလိန္ဒ မင်းကြီး | အရှင်ဘုရား၊ ပစ္စုပ္ပန် ဘဝ မကူးဘဲ ဘဝ သစ်၌ ပဋိသန္ဓေ နေသလော။ |
| အဖြေ | မင်းကြီး၊ ဤ ပစ္စုပ္ပန် ဘဝမှ ကူးလည်း မကူးဘဲ ပဋိသန္ဓေ နေ၏။ |
| မင်းကြီး | အရှင်ဘုရား၊ အဘယ်ကြောင့် မကူးဘဲ ပဋိသန္ဓေ နေလေသနည်း။ ထိုစကားကို ဥပမာ ပြပါဦးလော့။ |
| အဖြေ | မင်းကြီး၊ ဥပမာသော်ကား တစ်စုံ တစ် ယောက်သော ယောကျ်ားသည် ဆီမီး ခွက် တစ်ခွက်မှ ဆီမီးခွက် တစ်ခွက်ကို ထွန်းအံ့။ မင်းကြီး ဆီမီးဟောင်းသည် ဆီမီးသစ်သို့ ပြောင်းသလော။ |
| မင်းကြီး | အရှင်ဘုရား၊ ဆီမီးဟောင်းမှ ဆီမီးသစ် သို့ မပြောင်းချေ။ |
| အဖြေ | မင်းကြီး၊ ထို့အတူ လည်းကောင်း ဘဝ ဟောင်းမှသည် မပြောင်းဘဲလျက် ဘဝ သစ်၌ ပဋိသန္ဓေ ဖြစ်၏။ |

**မင်းကြီး** အရှင်ဘုရား၊ အခြားသော ဥပမာကို ပြပါဦးလော့။

**အဖြေ** မင်းကြီး၊ သင်သည် သူငယ် ဖြစ်သော ကာလ၌ သိမ်မွေ့စွာ တတ်အပ်သော တစ်စုံတစ်ခု လောကနှင့် စပ်သော အတတ်ကို ဆရာ့ထံ၌ သင်အပ်သည် မဟုတ်လော။

**မင်းကြီး** အရှင်ဘုရား၊ တပည့်တော်သည် ငယ်ရွယ်သော ကာလက ဆရာ၏ အထံ၌ သင်ကြားအပ်သော အတတ် ရှိ၏။

**အဖြေ** မင်းကြီး၊ အသို့နည်း၊ ထို အတတ်ပညာသည် ထိုဆရာမှ ပြောင်းရွှေ့၍ သင့်ထံသို့ ရောက်သွားလေသလော။

**မင်းကြီး** အရှင်ဘုရား၊ ထိုအတတ်သည် ထိုဆရာမှ မပြောင်းပေ။

**အဖြေ** မင်းကြီး၊ ထို့အတူ အဟောင်း ဖြစ်သော ဘဝမှ မပြောင်းဘဲလျက် ဘဝသစ်၌ ပဋိသန္ဓေ ဖြစ်၏။

**မင်းကြီး** အရှင်ဘုရား၊ သင့်တင့် လျောက်ပတ်ပါပေ၏။

တစ်နည်းအားဖြင့် ဖြစ်စဉ် တစ်ခုသည် အခြား ဖြစ်စဉ် တစ်ခုသို့ အကြောင်း အကျိုး ဆက်သောအားဖြင့် ဖြစ်သွားရာ၌ ဘဝ တစ်ခု၌ ဖြစ်သော လူပုဂ္ဂိုလ်၏ ကိုယ်ရည်ကိုယ်သွေးသည် အခြား ဘဝ တစ်ခု၌ ဖြစ်ပေါ်သော ပုဂ္ဂိုလ်၏ ကိုယ်ရည် ကိုယ်သွေး ဖြစ်ပေါ်မှု အတွက် တိုက်ရိုက်အကြောင်း ဟေတုပင် ဖြစ်ပေသည်။

ဤ စကား အရ နောက်ထပ် မွေးဖွားလာသော သူသည် ရှေးက စုတိစိတ်ကျသွားသော ပုဂ္ဂိုလ်နှင့် တခြားစီ ဖြစ်သည်ဟု ဆိုလိုခြင်း မဟုတ်ပေ။

ထို့အတူ ရှေးက စုတိစိတ်ကျသော ပုဂ္ဂိုလ်နှင့် နောက်ထပ် ပဋိသန္ဓေ ယူ၍ မွေးဖွားလာသော ပုဂ္ဂိုလ်သည် တစ်ယောက်တည်း တစ်ဦးတည်းပင် ဖြစ်သည်၊ အတူတူပင် ဖြစ်သည်ဟုလည်း ဆိုလိုရာ မကျပေ။

ဤ ဖြစ်ရပ်သည် ပထမ မီးတိုင်မှ ဒုတိယ မီးတိုင်သို့ မီးကူးသွားသည်နှင့် တူပေသည်။ ထို့ကြောင့် ဒုတိယ မီးသည် ပထမ မီးနှင့် အတူတူပင် ဖြစ်သည်ဟု ဆို၍ မရသလို ဒုတိယ မီးသည် ပထမ မီးနှင့် ဘာမျှ မဆိုင်၊ အကြောင်းကင်းသည်ဟု ဆို၍လည်း မရသလိုပင် ဖြစ်သည်။

ဤ လောက၌ ရှိရှိသမျှသော အရာဝတ္ထုများသည် အစုအပေါင်းများချည်းသာ ဖြစ်ပြီး အစဉ် ဖြစ်ပျက် ပြောင်းလဲနေသော မမြဲသော အရာချည်းသာ ဖြစ်၏။

ဤလောက၌ နိစ္စ၊ အတ္တ ဟူ၍ ဘာမျှ မရှိ။ အားလုံးသည် အနိစ္စ၊ အနတ္တချည်းသာ ဖြစ်သည်။ ဤလောက တစ်ခုလုံးသည် မမြဲခြင်း၊ အစိုး မရခြင်းကြောင့် ဆင်းရဲ အတိသာ ဖြစ်လျက် ရှိသည်။ ဗုဒ္ဓသည် မမြဲ၊ အစိုး မရသော လောကနှင့် ဘဝသည် ဆင်းရဲခြင်း ဒုက္ခ သစ္စာသာ အမှန်ဖြစ်သည် ဟု သိမြင်တော် မူပြီးသော် ဒုက္ခ ဖြစ်ရခြင်း အကြောင်း၊ ဒုက္ခ သမုဒယ အမှန်ကို သိအောင် စူးစမ်း ပြန်လေသည်။

ထို့နောက် ဒုက္ခ ဖြစ်ရခြင်း အကြောင်း အမှန်ကို သိသောအခါ ထိုဒုက္ခမှ ထွက်မြောက်ခြင်း ဒုက္ခ နိရောဓ သစ္စာကိုပါ သိမြင်တော်မူပေသည်။

ဒုက္ခ နိရောဓ သစ္စာကို သိမြင်တော်မူသော အခါ ထိုဒုက္ခ နိရောဓ ဒုက္ခ အဆုံးသို့ ရောက်ကြောင်း နည်းလမ်းကောင်း အမှန် ဒုက္ခ သမုဒယ နိရောဓ မဂ္ဂသစ္စာကိုပါ သိမြင်တော်မူခဲ့လေတော့သည်။

သံသရာ၏ ပဋိစ္စ သမုပ္ပာဒ် တရား၊ ခန္ဓာ၏ ပဋိစ္စ သမုပ္ပာဒ် တရားတို့ကို စိစစ်ရာ၌ ဗုဒ္ဓသည် လေးနက်သော စိတ်ပညာကို အခြေခံ၍ ခွဲခြမ်း စိတ်ဖြာ လေ့လာခဲ့လေသည်။

ခံစားချက် ဝေဒနာကို ချုပ်ဆုံးသွားအောင် ပြုလုပ်နိုင်လျှင် ထိုခံစားချက်သည် လိုချင် တပ်မက်ခြင်း တဏှာသို့ ကူးစက် ဖြစ်ပေါ်သွားခြင်း မရှိတော့ပေ။ ထိုအခါ တဏှာသည် ချုပ်ဆုံးသွားရပေသည်။ ဤတဏှာ၏ ချုပ်ဆုံးခြင်းသည် သံသရာ၏ ထွက်လမ်း (ဝေဒနာနိရောဓ၊ တဏှာ နိရောဓ) ဖြစ်ကြောင်းကိုလည်း ဗုဒ္ဓသည် ထူးခြားစွာ တွေ့မြင်နိုင်ခဲ့ပေတော့သည်။

ဗုဒ္ဓ၏ ကိုယ်ကျင့်သီလ ဆိုင်ရာ အမြင်များမှာလည်း လူသားတို့အား အထက်ပါ ပြဿနာများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ရှာဖွေထားခြင်းပင် ဖြစ်၏။

## ကိုယ်ကျင့်သီလ

ဗုဒ္ဓ အရေးထား၍ ဟောကြားအပ်သော အခြေခံ ကိုယ်ကျင့်သီလ ပြဿနာမှာ ဒုက္ခ ခပ်သိမ်းမှ ချုပ်ငြိမ်း ရပ်စဲခြင်းသို့ ရောက်အောင် အကြင်သူသည် ဘယ်ပုံ ဘယ်နည်း နေထိုင်သင့်သနည်း။ အဝိဇ္ဇာ ဦးစီးသော ဘဝတဏှာ၊ ကာမတဏှာ

တို့မှ ကင်းဝေးပြီး အဆုံးစွန်သော နိဗ္ဗာန် ချမ်းသာကို ရောက်အောင် ဘယ်လို နေသင့်သလဲ ဆိုသည့် ပြဿနာ ဖြစ်သည်။

ထိုပြဿနာ၏ အဖြေကို မြတ်ဗုဒ္ဓက အရိယာ သစ္စာလေးပါး မြတ်တရားဖြင့် အကျဉ်းချုံ့၍ ပေးသည်။

ဣသိပတန မိဂဒါဝုန် တောတွင် ဟောကြားတော်မူသော ဗုဒ္ဓ၏ ပထမဆုံး တရား ဒေသနာတော် ဓမ္မစကြာတွင် ထိုသစ္စာလေးပါး မြတ်တရားကို ဤသို့ ဖော်ပြခဲ့လေသည်။

### ဒုက္ခ သစ္စာ

ရဟန်းတို့၊ ဒုက္ခ အရိယာ သစ္စာ ဟူသည် ပဋိသန္ဓေ နေရခြင်းသည်လည်း ဆင်းရဲခြင်း ဖြစ်၏။ ဆိုးရွား ဟောင်းမြင်းအိုမင်း ရင့်ရော်ရခြင်းသည်လည်း ဆင်းရဲခြင်း ဖြစ်၏။ ဖျားနာရခြင်းသည်လည်း ဆင်းရဲခြင်း ဖြစ်၏။ သေရခြင်းသည်လည်း ဆင်းရဲခြင်း ဖြစ်၏။ မချစ် မနှစ်သက်အပ်သော သတ္တဝါ သင်္ခါရတို့နှင့် အတူတကွ ပေါင်းယှဉ်ရခြင်းသည်လည်း ဆင်းရဲခြင်း ဖြစ်၏။ ချစ်နှစ်လိုအပ်သော သတ္တဝါ သင်္ခါရတို့နှင့် ကွေကွင်း ဖဲကြဉ် မပေါင်းယှဉ်ရခြင်းသည်လည်း ဆင်းရဲခြင်း ဖြစ်၏။ အကြင် ပဋိသန္ဓေ နေရခြင်း စသော သဘောတရားတို့ ငါ့အား မဖြစ်ပါစေနှင့်ဟု တောင့်တသော်လည်း မရ၊ ထို တောင့်တတိုင်း မရခြင်းသည်လည်း ဆင်းရဲ၏။ အကျဉ်းအားဖြင့် ငါးပါးကုန်သော ဥပါဒါန်၏ အာရုံ ဖြစ်သော ခန္ဓာတို့သည်လည်း ဆင်းရဲ၏။

ဤ ဇာတိ အစရှိသော တရားသည် ဒုက္ခ ဖြစ်သော အရိယာတို့ သိအပ်သော ဒုက္ခသစ္စာ မည်၏။

### သမုဒယ သစ္စာ

ရဟန်းတို့၊ အကြင် လောဘ တဏှာသည် တစ်ဖန် ဘဝသစ်ကို ဖြစ်စေတတ်သော အလေ့ ရှိ၏။ နှစ်သက်ခြင်း တပ်ခြင်း ဖြစ်၍ ဖြစ်၏။ ထိုထို ကိုယ်၏ အဖြစ်၊ ထိုထို အာရုံ၌ အလွန်နှစ်သက်တတ်၏။

ဤတဏှာသည် အဘယ်နည်း။

ဝတ္ထုအာရုံတို့ကို တပ်မက်တတ်သော ကာမ တဏှာလည်းကောင်း၊ သဿတ ဒိဋ္ဌိနှင့် တကွ ဖြစ်သော ဘဝ တဏှာ လည်းကောင်း၊ ဥစ္ဆေဒ ဒိဋ္ဌိနှင့် တကွ ဖြစ်သော ဝိဘဝ တဏှာ လည်းကောင်း၊ ဤတဏှာ ဟူသော သဘောတရားသည် ဒုက္ခ၏ အကြောင်း ဖြစ်သော အရိယာတို့ သိအပ်သော ဒုက္ခ သမုဒယ သစ္စာ မည်၏။

### နိရောဓ သစ္စာ

ရဟန်းတို့၊ ထို ကာမ တဏှာ စသည်ဖြင့် ဝေဖန်အပ်သော လောဘ၏ အကြွင်းမဲ့ တပ်ခြင်း ကင်းရာ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်သည်၊ အကြင် အရာ ဝေးရာ စွန့်ရာ ဖြစ်သော နိဗ္ဗာန်သည်၊ အကြင် လွတ်ရာ ဖြစ်သော နိဗ္ဗာန်သည်၊ အကြင် ကပ်ငြိခြင်း ကင်းရာ ဖြစ်သော နိဗ္ဗာန်သည် အတ္ထိ ရှိ၏။

ဤ နိဗ္ဗာန် ဟူသော သဘောတရားသည် ဒုက္ခ၏ ချုပ်ရာ ဖြစ်သော အရိယာတို့ သိအပ်သော ဒုက္ခ နိရောဓ သစ္စာ မည်၏။

### မဂ္ဂ သစ္စာ

ရဟန်းတို့၊ မြတ်သော ဤ မဂ်သည်လျှင် အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံ၏။ ဤ မဂ္ဂင်သည် အဘယ်နည်း။

(၁) သမ္မာဒိဋ္ဌိ (ကောင်းစွာ မြင်ခြင်း)
(၂) သမ္မာသင်္ကပ္ပ (ကောင်းစွာ ကြံခြင်း)
(၃) သမ္မာဝါစာ (ကောင်းစွာ ဆိုခြင်း)
(၄) သမ္မာကမ္မန္တ (ကောင်းစွာ ပြုခြင်း)
(၅) သမ္မာအာဇီဝ (ကောင်းစွာ အသက်မွေးခြင်း)
(၆) သမ္မာဝါယာမ (ကောင်းစွာ အားထုတ်ခြင်း)
(၇) သမ္မာသတိ (ကောင်းစွာ အောက်မေ့ခြင်း)
(၈) သမ္မာသမာဓိ (ကောင်းစွာ တည်ကြည်ခြင်း)

ဤစကားများကို ခွဲခြမ်း စိတ်ဖြာ လေ့လာ ကြည့်ပါက အချက် နှစ်ချက်ကို ဖော်ပြလျက် ရှိသည်။

ဤတွင် အနောက်တိုင်းသားများ အဓိပ္ပာယ် ကောက်ယူ တတ်ကြသလို ဗုဒ္ဓဘာသာသည် ဘဝကို အဆိုး မြင်သော အယူဝါဒ ဖြစ်သည် ဆိုခြင်းမှာ မဟုတ် မမှန်ကြောင်း ပေါ်လာသည်။ ဗုဒ္ဓ၏ ကိုယ်ကျင့် စရဏ အပိုင်းတွင် လောကီအာရုံ ကာမဂုဏ် တရားများကို ငြင်းပယ်ခြင်း သဘောနှင့် လူ့ဘဝကို ကောင်းမွန် မြင့်မြတ်အောင် ပြုလုပ်လိုသော သဘော နှစ်ရပ်ကို မျှတအောင် စီစဉ်ထားကြောင်း တွေ့ရသည်။

အမှန်မှာ ဗုဒ္ဓသည် နိဗ္ဗာန် မင်္ဂဖိုလ်ကို ရလိုသော ဆန္ဒမျိုးကို ငြင်းပယ်သည်ကား မဟုတ်ပါ။

အချုပ်အားဖြင့် အဝိဇ္ဇာ ဦးစီးသော တဏှာကိုသာ ငြင်းပယ်သည်၊ ဝိဇ္ဇာဉာဏ် ဦးစီးသော အလိုဆန္ဒကိုကား ငြင်းပယ်သည် မဟုတ်ဟု နားလည်နိုင်ပေသည်။ ဒုက္ခ၏ ဖြစ်

ကြောင်း ဖြစ်သော သမုဒယ တဏှာသည် အဝိဇ္ဇာ ဦးစီးသော တဏှာ ဖြစ်သည်။ ထိုလိုချင် တပ်မက်မှုကား ဘဝကို ဒုက္ခ၌ နစ်မွန်းစေ၏။ ထိုတပ်မက်မှုမျိုးကိုကား ပယ်သတ်ပစ်ရပေမည်။ ဤတွင် တဏှာကို ကာမ တဏှာ၊ ဘဝ တဏှာ၊ ဝိဘဝ တဏှာ ဟူ၍ ရှင်းလင်း ဖော်ပြထားသည်။

ဗုဒ္ဓ၏ သဘောထားကို ပုံဝတ္ထုဖြင့် သရုပ်ဖော်ထားသည်။

ပုံပြင်တွင် တစ်နေ့သော အခါ ဗုဒ္ဓ ရှေ့တွင် အဘွားအို တစ်ဦး မျက်ရည်စက်လက်ဖြင့် ပေါ်လာသည်။ ထိုအဘွားအိုမှာ လောလောလတ်လတ် ချစ်လှစွာသော မြေးသေဆုံးသွားသည်။ ဗုဒ္ဓသည် အဘွားအိုအား လေးမြတ်စွာ ဂရုတစိုက် ကြည့်ရှုတော်မူသည်။ ထို့နောက် ဗုဒ္ဓက မေးသည်။ 'ဤ သာဝတ္ထိပြည်တွင် လူပေါင်း မည်မျှ ရှိသနည်း' ဟု မေးလိုက်သော အခါ အဘွားအိုက ဗုဒ္ဓ အမေးကို ဖြေလေသည်။ ထိုအခါ ဗုဒ္ဓက 'ဤ သာဝတ္ထိပြည်မှာ ရှိသော လူအပေါင်းလောက် သင်သည် သားမြေး များစွာကို အလို ရှိသလား' ဟု မေးရာ အဘွားအိုသည် ငိုလျက်ပင် 'အလို ရှိပါသည် ဘုရား' ဟု ဖြေလေသည်။

ထိုအခါ မြတ်စွာဘုရားက ဆုံးမသော စကားကို ဆိုလေသည်။

'အဘွားအို၊ သင့်မှာ အကယ်၍ သာဝတ္ထိရှိ ပြည်သူနှင့် အမျှ ဖြစ်သော သား မြေးများ ရှိခဲ့ပါလျှင် သင်သည် နေ့စဉ်နှင့် အမျှ ဤကဲ့သို့ ငိုကြွေးနေရမည်သာ ဖြစ်၏၊ အဘယ်ကြောင့် ဆိုသော် နေ့စဉ်နှင့် အမျှ လူများ တစ်ယောက် မဟုတ် တစ်ယောက် သေဆုံးနေကြမည်သာ ဖြစ်သောကြောင့် ဖြစ်၏'

ထိုအခါ အဘွားအိုသည် ခေတ္တ ခဏမျှ သတိကို ပြု၍ စဉ်းစား ဆင်ခြင်လိုက်သည်။

'မြတ်စွာဘုရား ဆိုသော စကားသည် မှန်ပေစွ'

ဤသို့ ဆင်ခြင်မိသောအခါ အဘွားအိုသည် စိတ်သက်သာရာ ရ၍ ပြန်လည် ထွက်ခွာသွားမည် ပြု၏။

ဗုဒ္ဓ၏ ဆုံးမ စကားကား 'အကြင်သူ၌ ချစ်နှစ်သက်အပ်သောသူ တစ်ရာ ရှိလျှင် ပူဆွေးသောက တစ်ရာ ရှိမည် ဖြစ်၏၊ ချစ်ခင် နှစ်သက်သူ ကိုးဆယ် ရှိလျှင် ပူဆွေးသောက ကိုးဆယ် ရှိမည် ဖြစ်၏၊ ချစ်ခင် နှစ်သက်သူ တစ်ဦးသာ ရှိသောသူမှာမူကား ပူဆွေး သောက ရောက်စရာ တစ်ခုသာ ရှိပေမည်၊ ချစ်ခင် နှစ်သက်သူ မရှိသော သူအားမူကား ပူဆွေး သောက ရောက်စရာလည်း မရှိတော့ပေ' ဟူ၍ ဖြစ်၏။

အဘွားအိုလည်း ထိုစကားကို ရင်ဝယ် သိမ်းပိုက်ပြီး ပြန်သွားသော အခါ စိတ် သက်သာခြင်း ဖြစ်သွားရလေတော့၏။

မြတ်စွာဘုရား လက်ထက်တော် အခါက ဖြစ်၏။ အခါ တစ်ပါး၌ ရဟန်းပျို တစ်ပါးသည် မိဘ အိမ်မှ ထွက်ခွာ သွားခဲ့ပြီးနောက် ကာလ ကြာမြင့်သော အခါမှ မိမိ၏ မွေးရပ် ဌာနသို့ ပြန်ကြွလာခဲ့လေသည်။ မိခင်သည် သားရဟန်းအား မမှတ်မိတော့။ ရဟန်းသည် မိမိ မမှတ်မိလောက်အောင်ပင် ပိန်ကြုံနေလေသည်။ ရဟန်း အသွင်ဖြင့် ပိန်ကြုံနေသော သားရဟန်းကို မိခင်သည် သုံးလတိုင်တိုင် မိမိ အိမ်၌ နေ့စဉ် ဆွမ်းလောင်းနေပါလျက် သား ဖြစ်မှန်း မသိခဲ့ပေ။ သားကလည်း မိမိသည် ဆွမ်းဒကာမ၏ သားရဟန်း ဖြစ်ကြောင်းကို ထုတ်ဖော် ပြောဆိုခြင်း မပြုပေ။ ထို့နောက် သားရဟန်းသည် ထိုအရပ်မှ တိတ်တဆိတ် ထွက်ခွာ သွားလေတော့၏။ ထိုသို့ သားရဟန်း ထွက်ခွာသွားပြီးနောက်မှ မိခင်သည် ထိုရဟန်းကား သူမ၏ သားရဟန်း ဖြစ်ကြောင်းကို ကြားသိ ခဲ့ရလေသည်။

ထိုအခါ မိခင်က 'အကျွန်ုပ် ထင်ပါ၏၊ မြတ်စွာဘုရားသည် အကျွန်ုပ် သားကဲ့သို့သော ရဟန်းများကို သတိထားသင့်၏၊ ထိုရဟန်းသည် သူ့ကို မွေးဖွားခဲ့သော မိခင်လောင်းလှူသော ဆွမ်းကို သုံးလတိုင်တိုင် ဘုဉ်းပေးခဲ့ပါ၏၊ သို့ပါလျက် သင်ကား ငါ့မိခင် ဖြစ်၏၊ ငါကား သင့်သား ဖြစ်၏ဟု တစ်ခါမျှပင် မဆိုခဲ့ချေ၊ အံ့ဖွယ် ရှိပေစွ' ဟု မိခင်က ဆိုလေ၏။

ဗုဒ္ဓ မှတ်တမ်းများ၌ ဤဖြစ်ရပ်ကို ဤသို့ နိဂုံးစကား ဆိုထား၏။

'အကြင်ကဲ့သို့သော ရဟန်း ပုဂ္ဂိုလ်အား မိခင်နှင့် ဖခင် ဟူသော အဆီးအတားသည် မရှိတော့ပေ' ဟူ၍ ဖြစ်၏။

သံယောဇဉ်မှ လွတ်မြောက်ပြီးသော စိတ် ရှိသော ပုဂ္ဂိုလ်သည် လွတ်မြောက်သော ဘဝ၊ ချမ်းသာသော ဘဝ ရှိသော ပုဂ္ဂိုလ် ဖြစ်ကြောင်းကို ဤ ဝတ္ထုများဖြင့် ဖော်ပြအပ်ပေသည်။

ထို့ပြင်လည်း အလုံးစုံသော အတ္တ (ကိုယ်) နှင့် စပ်သမျှ ကိစ္စ၊ အလုံးစုံသော စိတ်လှုပ်ရှား ခံစားရမှု ကိစ္စများမှ လွန်မြောက်ရပေမည်။ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ် ခိုင်မာစေခြင်း စသော သဘောထားများသည်ပင်လျှင် စိတ်၏ ငြိမ်းချမ်းမှုကို ဖျက်ဆီးတတ်သော သဘောများ ဖြစ်သည်။

ငါစွဲ သက္ကာယ ဒိဋ္ဌိစွဲ မပြတ်သမျှ စိတ်၏ ငြိမ်းအေးမှုကို မရနိုင်ပေ။

စိတ်၏ ငြိမ်းချမ်းမှုကို နှောင့်ယှက် ဖျက်ဆီးတတ်သော အလုံးစုံသော သံယောဇဉ် အစွဲအလမ်း မှန်သမျှကို စွန့်ပယ်ရန် ဆုံးဖြတ်ထားခြင်း၌ကား ဗုဒ္ဓ ဘာသာဝင်များနှင့် ဂျိန်း ဘာသာဝင်များသည် သဘောထားချင်း တူသည်ဟု ဆိုနိုင်ပေသည်။ ထိုဘာသာ နှစ်ခုစလုံးက ဘဝ လွတ်မြောက်ခြင်း၊ နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက် ပြုရခြင်း ဆိုသည်မှာ ဒုက္ခ ခပ်သိမ်းမှ ကင်းငြိမ်းသော အဖြစ်သို့ ရောက်သွားခြင်းပင် ဖြစ်သည်ဟု ယူဆကြသည်။

ထို့ကြောင့် ဗုဒ္ဓ ကျမ်းဂန်များ၌ ရှန်းထွက်ရမည့် အနှောင်အဖွဲ့များ၊ စွန့်လွှတ်ရမည့် အရာများ၊ ရှောင်ကြဉ်ရမည့် အရာများ၏ စာရင်း အများအပြားကို ဖော်ပြထားလေသည်။

၎င်းတို့မှာ ကိလေသာ သုံးပါး (ဩဃ သုံးပါး)၊ နီဝရဏ ငါးပါး၊ သံယောဇဉ် ဆယ်ပါး စသည်တို့ ဖြစ်၏။ သံယောဇဉ် ဆိုသည်မှာ သံသရာ၌ ဖွဲ့ချည်တတ်သော တရား၊ ဘဝ၌ အဖန်တလဲလဲ ဖြစ်စေသော တရား ဖြစ်သည်။ သံယောဇဉ် ဆယ်ပါးမှာ-

(၁) သက္ကာယဒိဋ္ဌိ
(၂) ဝိစိကိစ္ဆာ
(၃) သီလဗ္ဗတပရမာသ
(၄) ကာမရာဂ
(၅) ဗျာပါဒ
(၆) ရူပရာဂ
(၇) အရူပရာဂ
(၈) မာန
(၉) ဥဒ္ဓစ္စ
(၁၀) အဝိဇ္ဇာတို့ ဖြစ်ကြသည်။

ဤသံယောဇဉ်များမှ လွတ်မြောက်ခြင်းကို ရှောင်ကြဉ်သောနည်း သက်သက်ဖြင့် မရနိုင်ပေ။

ဤသံယောဇဉ် အားလုံးကို ပယ်သတ်နိုင်ရန်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင့်ဆင့်ကို ရရှိအောင် အားထုတ်မှသာ ဖြစ်နိုင်ပေသည်။

ထိုကဲ့သို့ သံယောဇဉ် အားလုံးကို ပယ်သတ်နိုင်သော မဂ်ဉာဏ် ဖိုလ်ဉာဏ် အဆင့်ဆင့်ကို ရရှိအောင် အားထုတ်ရာတွင် လိုက်နာ ကျင့်ကြံရမည့် ကျင့်စဉ် တရားကို ဗုဒ္ဓက မဂ္ဂင် ရှစ်ပါး တရား လမ်းစဉ်ကို ချမှတ် ပေးတော်မူခဲ့လေသည်။

မဂ္ဂင် ရှစ်ပါး မြတ်တရား ဆိုသည်ကား မဂ္ဂသစ္စာ အခန်း၌ ဖော်ပြထားသည့် အတိုင်းပင် ဖြစ်၏။

ပထမ မဂ္ဂင် ဖြစ်သော (၁) သမ္မာဒိဋ္ဌိသည် အရိယာ သစ္စာ လေးပါး တရားကို သိမြင်မှု ဖြစ်၏။ ဒုက္ခ ငြိမ်းကြောင်း ကောင်းစွာ ပွားများ အားထုတ်ရန် လမ်းမှန်ကို သိမြင်သော ဉာဏ်သည် ဒုက္ခငြိမ်းခြင်းသို့ ပေါက်ရောက်ကြောင်း ဖြစ်သော ပဋိပတ် လမ်းမှန်ကို မြင်သော သမ္မာဒိဋ္ဌိ ဉာဏ် ဖြစ်ပါသည်။

ဒုတိယ မဂ္ဂင် ဖြစ်သော (၂) သမ္မာ သင်္ကပ္ပ ဆိုရာတွင် နေက္ခမ္မ သင်္ကပ္ပ၊ အဗျာပါဒ သင်္ကပ္ပနှင့် အဝိဟိံသာ သင်္ကပ္ပ ဟူ၍ သုံးပါး အပြား ရှိ၏။ နေက္ခမ္မ သင်္ကပ္ပ ဆိုသည်မှာ အာရုံ ငါးပါး ကာမဂုဏ် တရားတို့၌ လည်းကောင်း၊ ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့၌ လည်းကောင်း တပ်မက်ခြင်း၊ တွယ်တာခြင်း၊ ကပ်ငြိခြင်း၊ စွဲလမ်းခြင်းကို ပယ်စွန့်နိုင်သော အလောဘ တရား၊ ထိုအလောဘနှင့် ယှဉ်သော အကြံအစည်မျိုးသည် နေက္ခမ္မ သင်္ကပ္ပ မည်၏။

အဗျာပါဒ သင်္ကပ္ပ ဆိုသည်ကား ခပ်သိမ်းသော သတ္တဝါတို့၌ ကောင်းကျိုး ချမ်းသာကို လိုလားသော မေတ္တာ တရား၊ ထို မေတ္တာတရားနှင့် ယှဉ်သော အကြံအစည်မျိုးသည် အဗျာပါဒ သင်္ကပ္ပ မည်၏။

အဝိဟိံသာ သင်္ကပ္ပ ဆိုသည်ကား ခပ်သိမ်းသော ဒုက္ခိတ သတ္တဝါတို့ကို သနား ညှာတာတတ်သော ကရုဏာ တရား၊ ထို ကရုဏာ တရားနှင့် ယှဉ်သော အကြံအစည်မျိုးသည် အဝိဟိံသာ သင်္ကပ္ပ မည်၏။

တတိယနှင့် စတုတ္ထ မဂ္ဂင်များ ဖြစ်သော သမ္မာဝါစာ၊ သမ္မာကမ္မန္တတို့သည် ကောင်းသော စကားကို ပြောဆိုခြင်း၊ ကောင်းသော အလုပ်ကို လုပ်ကိုင်ခြင်းနှင့် စပ်ဆိုင်ပေသည်။ သမ္မာဝါစာ ကောင်းသော စကား ဆိုသည်မှာ မုသား ပြောဆိုခြင်း၊ အချင်းချင်း စိတ်ဝမ်းကွဲအောင် ပြောဆိုခြင်း၊ ဒေါသဖြင့် ရန့်ရင်း ကြမ်းတမ်းစွာ ဆဲရေး ပြောဆိုခြင်း၊ အကျိုးမရှိသော လုပ်ကြံ ပြောဆိုခြင်းတို့မှ ရှောင်ကြဉ်ခြင်း ဖြစ်သည်။

အတ္တဓမ္မ ဝိနယနှင့် စပ်ဆိုင်သော စကားမျိုးကို သမ္မာဝါစာဟု ဆိုရသည်။

သမ္မာကမ္မန္တ ဆိုသည်မှာ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ခြင်း၊ သူ့ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ မလွန်ကျူးထိုက်သော မိန်းမ ယောကျ်ားတို့၌ လွန်ကျူးမှု၊ ယစ်မျိုး ငါးပါး သောက်စားမှု၊ လောင်းကစားမှု စသည်တို့မှ ရှောင်ကြဉ်ခြင်း ဖြစ်၏။

ပဉ္စမ မဂ္ဂင်သည် သမ္မာအာဇီဝ ဖြစ်၏။ အသက်မွေး ဝမ်းကျောင်း စင်ကြယ်ခြင်းကို ဆိုလိုသည်။ သမ္မာအာဇီဝ တွင် ဒုစ္စရိတ မိစ္ဆာဇီဝ၊ အနေသန မိစ္ဆာဇီဝ၊ ကုဟနာ မိစ္ဆာ ဇီဝ၊ တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝတို့ကို ရှောင်ကြဉ်သော သဘော များ ပါသည်။ ဒုစ္စရိတ မိစ္ဆာဇီဝ ဆိုရာ၌ ကာယ ဒုစရိုက် သုံးပါး၊ ဝစီ ဒုစရိုက် လေးပါးတို့တွင် တစ်ပါးပါးဖြင့် ပစ္စည်း ဥစ္စာ ရှာဖွေ၍ အသက် မွေးခြင်းလည်း တစ်ရပ်၊ မရှောင်း အပ်သော ကုန်ပစ္စည်းမျိုးကို ရောင်းချ၍ အသက် မွေးခြင်း လည်း တစ်ရပ် ပါသည်။

အနေသန မိစ္ဆာဇီဝ ဆိုသည်မှာ လာဘ်ထိုး တံစိုး ပေး ၍ မိမိ လာဘ်လာဘကို ရအောင် ပြုလုပ်ခြင်း၊ ရသေ့ ရဟန်း များ၌ လူတို့အား သစ်သီးပေး၊ ပန်းပေးပြီး ပစ္စည်း လာဘ် လာဘကို ဖြစ်စေခြင်းတို့ ဖြစ်သည်။

ကုဟနာ မိစ္ဆာဇီဝ ဆိုသည်မှာ ကုဟန၊ လပန၊ နိမိတ္တ နိပ္ပေသန၊ လာဘေနလာဘ နိဇိဂီသန ဟူ၍ များသော အသက် မွေးမှုများ ပါသည်။ (က) ကုဟန ဆိုသည်ကား အံ့ဖွယ် သရဲ ဖြစ်အောင် လုပ်ကြံ စဉ်းလဲမှုတည်း။ သီလ မရှိဘဲ သီလ ရှိသည်ဟု ထင်မှတ်ရအောင် ဟန်ဆောင်ခြင်း စသော မိမိ၌ မရှိသော အံ့ဖွယ်သရဲ ထူးကဲ လွန်မြတ်သော ဂုဏ်တို့ ကို မိမိမှာ ရှိသည်ဟု ထင်မှတ်ရအောင် ကြံဆောင် စဉ်းလဲ ခြင်း၊ (ခ) လပန ဆိုသည်ကား ပစ္စည်း လာဘ်လာဘနှင့် စပ်လျဉ်း၍ အပြောအဆို ရဲရင့်မှုတည်း၊ (ဂ) နိမိတ္တ ဆို သည်ကား မိမိအား ပစ္စည်း လှူဒါန်းစေရန် အရိပ် နိမိတ် ကို ပြခြင်း၊ (ဃ) လာဘေနလာဘ နိဇိဂီသန ဆိုသည်ကား တစ်အိမ်၌ တစ်မတ်တန် ရပြီးသော လာဘ်ကို တစ်အိမ်၌ ပေး၍ ထိုအိမ်မှ တစ်ကျပ်တန် လာဘ်ကို ရအောင် ပြုခြင်း တို့ ဖြစ်သည်။

ထိုမိစ္ဆာဇီဝတို့မှ ရှောင်ကြဉ်ခြင်းသည် သမ္မာအာဇီဝ ဖြစ်၏။ ဤတွင် တိရစ္ဆာန ဝိဇ္ဇာ မိစ္ဆာဇီဝ သဘောကို ပို၍ သိအပ်၏။ အင်္ဂဝိဇ္ဇာ အတတ်၊ လက္ခဏာဝိဇ္ဇာ အတတ် အစရှိသော လောကီ အတတ်တို့သည် ရသေ့ ရဟန်းတို့၏ ပဋိပတ္တိ ဓမ္မနှင့် ဆန့်ကျင် ဖီလာကျသောကြောင့် တိရစ္ဆာန ဝိဇ္ဇာ အတတ်များ မည်၏။ ထိုအတတ်ပညာတို့ဖြင့် အသက် မွေးမှုသည် ရသေ့ ရဟန်းတို့အား မိစ္ဆာ အာဇီဝ မည်၏။ ထို တိရစ္ဆာနဝိဇ္ဇာ မိစ္ဆာဇီဝမှလည်း ရှောင်ကြဉ်ရပေမည်။

ဆဋ္ဌမ မဂ္ဂင်ကား သမ္မာဝါယမ ဖြစ်၏။ ဘုရား သာ သနာတွင်း၌ ကြုံကြိုက်ကြကုန်သော လူရှင် အပေါင်း သူ တော်ကောင်းတို့မှာ မဂ္ဂင် ရှစ်ပါးကို ပွားများ အားထုတ်ခြင်း ဟူသော သမ္မာဝါယမ ကိစ္စသည် ကိုယ်ကျိုး စီးပွား အမှန် ဖြစ်သည်ဟု သိမြင်မှု ရှိအပ်၏။ သမ္မာ ဝါယမ လေးပါး ရှိ ၏။ လေးပါး ဟူသည်ကား-

(၁) ယခု ဘဝ၌ မိမိ သန္တာန်မှာ ဖြစ်ဖူးကုန်သော ဒု စရိုက် တရားတို့ကို နောင် ဤဘဝမှ စ၍ ဘဝ အဆက်ဆက်တို့၌ မိမိ သန္တာန်မှာ တစ်ရံ တစ် ဆစ်မျှ တစ်ဖန် ဖြစ်ပေါ်ခြင်း မရှိရလေအောင် အားထုတ်ခြင်းလည်း တစ်ရပ်၊

(၂) ယခု ဘဝတွင် မိမိ သန္တာန်၌ မဖြစ်ဖူးကုန်၍ နောင် မိမိ သန္တာန်၌ ဖြစ်လတ္တံ့သော ဒုစရိုက် တရားတို့ကို အနုပါဒိသေသ နိဗ္ဗာန်သို့ ရောက် သည့် တိုင်အောင် နောင် မိမိ သန္တာန်မှာ တစ်ရံ တစ်ဆစ်မှ ဖြစ်လာခြင်း မရှိရ ေအောင် မဂ္ဂင် ရှစ်ပါးကို အားထုတ်ခြင်းလည်း တစ်ရပ်၊

(၃) မိမိ ဘဝတွင် မိမိ သန္တာန်မှာ မဖြစ်ဖူးကုန်သေး သော အထက် အထက်သော ဝိသုဒ္ဓိတို့ကို ယခု ဘဝ၌ပင် မရ မနေ မရ ရအောင် ကြိုးစား အား ထုတ်ခြင်းလည်း တစ်ရပ်၊

(၄) ယခု ဘဝတွင် မိမိ သန္တာန်၌ ကျင့်သုံး ဆောက် တည်၍ နေသော သီလဝိသုဒ္ဓိ တရားများကို နိ ယာမ အဖြစ်သို့ ရောက်၍ နောင် နိဗ္ဗာန် ရသည့် တိုင်အောင် အစဉ် အမြဲ တည်စေခြင်းငှာ အား ထုတ်ခြင်းလည်း တစ်ရပ် ဖြစ်၏။

သတ္တမ မဂ္ဂင်ကား သမ္မာသတိ မဂ္ဂင် ဖြစ်၏။ ရပ် တည် မရ လှုပ်ရှား လွင့်ပါး ပြေးလွှား၍ နေသော စိတ်ကို ပယ်ဖျောက်၍ အလိုရှိရာ ကမ္မဋ္ဌာန်း အာရုံ၌ တည်ငြိမ်စွာ ထားနိုင်ခြင်းငှာ လေးပါးသော သတိပဋ္ဌာန် တရားများကို အားထုတ်ကြရသည်။

သတိပဋ္ဌာန်တရား လေးပါး ဟူသည်ကား-

(၁) ကာယနုပဿနာ သတိပဋ္ဌာန်၊ (၂) ဝေဒနာ နုပဿနာ သတိပဋ္ဌာန်၊ (၃) စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ (၄) ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့ ဖြစ်၏။

အဋ္ဌမ မဂ္ဂင်ကား သမ္မာသမာဓိ ဖြစ်၏။ ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်တို့၌ စိတ်ကို တည်ငြိမ်စွာ ထားမှုတည်း။ စိတ္တ ဝိသုဒ္ဓိ ဘာဝနာဟု ဆိုအပ်သော သမထ ဈာန်သမာဓိ လေးမျိုး ရှိ၏။

(၁) ပထမ ဈာန်သမာဓိ၊ (၂) ဒုတိယ ဈာန်သမာဓိ၊ (၃) တတိယ ဈာန်သမာဓိ၊ (၄) စတုတ္ထ ဈာန်သမာဓိတို့ ဖြစ်၏။ ထို သမ္မာ သမာဓိကို ဖြစ်စေနိုင်သော ကမ္မဋ္ဌာန်း ဘာဝနာနည်း ၂၅ ပါး ရှိ၏။

မဂ္ဂင် ရှစ်ပါး တရားတော်နှင့် ပတ်သက်၍ အချက်နှစ်ချက်ကို သိအပ်၏။

မဂ္ဂင် ရှစ်ပါးကို သိက္ခာ သုံးပါးဖြင့် ခွဲခြားနိုင်၏။ ပညာ မဂ္ဂင်၊ သီလ မဂ္ဂင်၊ သမာဓိ မဂ္ဂင် ဟူ၍ ဖြစ်၏။

သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပသည် ပညာ မဂ္ဂင် ဖြစ်၏။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝသည် သီလ မဂ္ဂင် သုံးပါး ဖြစ်၏။

သမ္မာဝါယမ၊ သမ္မာသတိနှင့် သမ္မာသမာဓိသည် သမာဓိ မဂ္ဂင် သုံးပါး ဖြစ်၏။

နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ရန် အတွက် ဤ လမ်းစဉ် အတိုင်း ကျင့်ကြံ အားထုတ်ရ၏။ ပညာ မဂ္ဂင်သည် ဤသဘောတရားကို နားလည် သိမြင်မှု ဖြစ်၏။ သီလ မဂ္ဂင်သည် ကိုယ်ကျင့် သီလ ကောင်းမွန် မြင့်မြတ်အောင် ကျင့်ကြံ အားထုတ်မှု အပိုင်း ဖြစ်၏။ သမာဓိ မဂ္ဂင်ကား စိတ်ကို တည်ငြိမ်အောင် အားထုတ်ခြင်း ဖြစ်၏။

အနောက် နိုင်ငံသား ပညာရှင်များသည် ဤ မဂ္ဂင် ရှစ်ပါး တရားတွင် သမာဓိ မဂ္ဂင်သည် အမြင့်ဆုံးဟု ယူဆကြပြီးလျှင် ဗုဒ္ဓဘာသာမှာလည်း နောက်ဆုံး၌ ဈာန်သမာဓိကို ရအောင် ကျင့်ကြံကြရသည်ဟု ထင်ကြပြီးလျှင် ဗုဒ္ဓဘာသာနှင့် ဗြဟ္မာဏ ဘာသာတို့သည် ဤအချက်တွင် အတူတူပင် ဖြစ်သည်ဟု လွဲမှားစွာ ဆိုကြလေသည်။ သူတို့သည် ဝိပဿနာ ရှုနည်းဖြင့် ပညာ မဂ္ဂင် ထူထောင်ပုံ၊ ပညာ စခန်း ဉာဏ် စခန်းသို့ တက်လှမ်းပုံကို သဘော မပေါက်ကြချေ။

အနောက်တိုင်း သုတေသီများက ရှေးအခါက ဗုဒ္ဓဘာသာဝင်များသည် သမထ ဈာန်ကို ရအောင် ကျင့်ကြံအားထုတ်ခဲ့ကြကြောင်း၊ ထိုသို့ အားထုတ်သော အခါ ယောဂ အကျင့်များကို ယူပြီး ကျင့်ခဲ့ဖူးကြကြောင်း၊ ဝင်လေ ထွက်လေကို မှတ်ခြင်း၊ ကသိဏ်း ရှုခြင်းများကို ပြုလုပ်ခဲ့ကြကြောင်း ရေးသားကြသည်။

သို့သော် ဗုဒ္ဓက ထို သမထ ဈာန်လမ်းကို အထူး ဦးစားပေး၍ လိုက်စားခြင်းကို ရှုတ်ချခဲ့ကြောင်း၊ ဈာန်သမာဓိကို အဆင့်မြင့်စွာ ရောက်အောင် မကြိုးစားရဘဲ အရဟတ္တမဂ်ဖိုလ်ကို ရရှိနိုင်ကြောင်း၊ သမထ ဈာန်ကို ပွားများခြင်းဖြင့် နိဗ္ဗာန်ကို ရရှိအောင် အားထုတ်ခြင်းသည် မှားယွင်းသော မိစ္ဆာ အယူသာ ဖြစ်ကြောင်းကိုလည်း ညွှန်ပြတော်မူခဲ့လေသည်။

မဂ္ဂင် ရှစ်ပါး တရားသည်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်ရှိစေနိုင်သော လမ်း ဖြစ်သည်။

ရဟန္တာသည် ဗုဒ္ဓဘာသာ၌ အထွတ် အမြတ်ဆုံးသော ပုဂ္ဂိုလ် ဖြစ်သည်။ သူသည် ဝဋ်သုံးပါးမှ ကျွတ်လွတ်ပြီးသော ပုဂ္ဂိုလ် ဖြစ်သည်။ သူသည် အရဟတ္တ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပြီးနောက် ပဋိသန္ဓေ နေခြင်း ကိစ္စ ကုန်ဆုံးပြီးသော ပုဂ္ဂိုလ်လည်း ဖြစ်သည်။ ရဟန္တာသည် သဉပါဒိသေ နိဗ္ဗာန်ကို မျက်မှောက် ပြုပြီးသော ပုဂ္ဂိုလ်လည်း ဖြစ်သည်။ သူသည် ဒုက္ခ ခပ်သိမ်းမှ ကင်းငြိမ်းပြီးသော ပုဂ္ဂိုလ်လည်း ဖြစ်သည်။ ရဟန္တာသည် လောကီ ချမ်းသာတို့၌ ခံစား စံစားခြင်း အမှုကို မပြုတော့ပေ။ ရဟန္တာကား ခန္ဓာ၏ လောင်စာ သိမ်း၍ မီးငြိမ်းမည့် အချိန်ကို တည်ငြိမ်၍ ကျေနပ်သော စိတ်ဖြင့် စောင့်စားနေသူသာ ဖြစ်၏။ ရဟန္တာ၌ ကြောက်ရွံ့သောစိတ် အလျှင်း မရှိတော့ပေ။ ရဟန္တာသည် လက်ရှိ ခန္ဓာဝန်ကို ချပြီးလျှင် နိဗ္ဗာန်သို့ စံဝင် သွားရပေတော့သည်။ ရဟန္တာ၌ စိတ်မချမ်းသာခြင်းလည်း မရှိတော့။

ရှေးက ဖော်ပြခဲ့ပြီး ဖြစ်သကဲ့သို့ ရဟန္တာသည် ခန္ဓာဝန် ချပြီးနောက် ဘဝ ဖြစ်တည်သေးသလား၊ ဘဝ မဖြစ်တော့ပြီလား ဆိုသော အမေးကို ဗုဒ္ဓက ဖြေဆိုရန် ငြင်းပယ်ခဲ့လေသည်။

နိဗ္ဗာန်၏ သဘောသည် လုံးဝ ချုပ်ငြိမ်းသည့် သဘော ဖြစ်၏။ ဘဝ၏ အဆုံး ဆိတ်သုဉ်းခြင်း၊ မီးငြိမ်းခြင်း သဘော ဖြစ်ရကား ဘဝ တစ်ဖန် ပြန်ဖြစ်ခြင်း ဆိုသော သံသရာ သဘောလည်း မရှိတော့ပြီ ဖြစ်၏။

မြတ်ဗုဒ္ဓ သိသော၊ သိရန် အားထုတ်သော အရာကား နိဗ္ဗာန် ဖြစ်၏။ နိဗ္ဗာန်သည် ဇာတိကြောင့် ဖြစ်သော ဒုက္ခ အားလုံး ချုပ်ရာ ကုန်ရာ ဖြစ်၏။ အန္တိမ ငြိမ်းအေးခြင်း ဖြစ်၏။ ထိုနိဗ္ဗာန်သည်ကား မြဲ၏။

ဤ နိဗ္ဗာန် သဘောကို ပဋိဝေဓ ဉာဏ်ကို ရသောသူသာ အလုံးစုံ သိနိုင်၏။ အနောက်တိုင်းသားတို့၏ ယုတ္တိနည်းကျ ဆင်ခြင် စဉ်းစားခြင်း၊ ခွဲခြမ်း စိတ်ဖြာသောနည်း စသည် စိန္တာမယ ဉာဏ်ဖြင့်ကား နိဗ္ဗာန်ကို မသိနိုင်ချေ။

နိဗ္ဗာန်သည် မွေးခြင်း မရှိ၊ သေခြင်း မရှိ၊ ဆင်းရဲခြင်း မရှိ စသော ငြင်းပယ်သည့် အခြေအနေချည်း သက်သက် မဟုတ်၊ နိဗ္ဗာန်သည် ငြိမ်းအေးခြင်း သန္တိသုခလည်း ဖြစ်ပေသည်ဟု ဗုဒ္ဓ ဟောတော်မူသည်။

ကျွန်ုပ်တို့သည် ရဟန္တာ၏ ဂုဏ်ပုဒ်များကို ဖော်ပြရာ၌ ပြည့်စုံခြင်းသို့ မရောက်သေးပေ။

ရဟန္တာ၏ ထူးခြား ပေါ်လွင်သော အခြင်းအရာကား မဟာ ကရုဏာတော် ဖြစ်၏။ ရဟန္တာသည် ဗုဒ္ဓ သာသနာ၌ စံထားအပ်သော ပုဂ္ဂိုလ် ဖြစ်၏။ အမြင့်ဆုံး အမြတ်ဆုံး

သော ပုဂ္ဂိုလ် ဖြစ်၏။ သူသည် ဤသာသနာတော်၌ သိက္ခာ အကြီးဆုံး သဘောထား အကြီးဆုံးသော ပုဂ္ဂိုလ်လည်း ဖြစ်၏။ ဤ အချက်ကို သဘော ပေါက်ရန် အရေးကြီး၏။ ဗုဒ္ဓဘာသာ၏ နောက်ကျသော သမိုင်းကို နားလည်ရန် အတွက် ဤအချက်ကို နားလည်ရန် အရေးကြီးပေသည်။

ရဟန္တာသည် လူသား အားလုံး အပေါ်၌ နိမ့်မြင့် မဟူ တူသော မေတ္တာ ကရုဏာကို ထားသော ပုဂ္ဂိုလ် ဖြစ်၏။ ဗုဒ္ဓ ကိုယ်တော်တိုင်လည်း လူသား အားလုံး အပေါ် အတန်း အစား မရွေး တူမျှသော မေတ္တာ ကရုဏာတော်ဖြင့် ဘဝ တစ်လျှောက်လုံး ဆုံးမ ဟောကြားလျက်သာ နေခဲ့သည်မှာ ထင်ရှား လှပေ၏။ စိတ် လှုပ်ရှားမှုကို အခြေခံသော ပုဂ္ဂိုလ် တစ်ဦး တစ်ယောက် အပေါ်၌ ထားအပ်သော ကပ်ငြိမှု သံ ယောဇဉ်ကို ပိုင်းဖြတ် ပယ်ရှားတော်မူရာ၌ ထိုသံယောဇဉ် သည် သောက ပရိဒေဝကို ဖြစ်စေသောကြောင့် ဖြစ်၏။

သို့သော် လူသား အားလုံး အပေါ်၌ ထားအပ်သော မေတ္တာ ကရုဏာကား ကြီးမားလှ၏။ သူ၏ သာဝကကြီး များအား လူသား တစ်ရပ်လုံး အပေါ်၌ မိခင်၏ မေတ္တာနှင့် တူသော မေတ္တာကို ထားရမည်ဟု ဆုံးမတော်မူခဲ့လေသည်။ မေတ္တာသုတ် ပရိတ်တော်တွင် 'မိခင်သည် ရင်၌ ဖြစ်သော သားကို အသက် ရှည်စေရန် စောင့်ရှောက်ရာ၌ မိမိ အသက် ကိုပင် ပဓာန မထားသကဲ့သို့ ထို့အတူ သတ္တဝါ ခပ်သိမ်း တို့၌ အတိုင်း အရှည် မရှိသော မေတ္တာ စိတ်ကို ပွားများ ရာ၏၊ အထက် အောက် ဖီလာ အလုံးစုံသော လောက၌ ကျဉ်းမြောင်းခြင်း မရှိသော အတွင်းရန် အပြင်ရန် ကင်းသော အတိုင်း အရှည် မရှိသော မေတ္တာစိတ်ကို ပွားများရာ၏'

ငိုက်မျဉ်းခြင်း ကင်း၍ ရပ်နေသမျှ သွားနေသမျှ ထိုင်နေသမျှ လျောင်းနေသမျှ ကာလပတ်လုံး ဤမေတ္တာ နှင့် ယှဉ်သော သတိကို ပွားများအံ့ဟု ဆောက်တည်ရာ၏။ ဤသာသနာတော်၌ မေတ္တာဖြင့် ယှဉ်သော သတိဖြင့် နေ ခြင်းကို မြတ်သော နေခြင်း 'ဗြဟ္မာ ဝိဟာရ' ဟူ၍ မြတ်စွာ ဘုရားတို့ ဟောတော်မူ၏။

ဒေသစာရီ ကြွချီ၍ မြတ်သော ဓမ္မကို ဖြန့်ဝေရသော ရဟန်းသည် ဤသို့သော မေတ္တာဖြင့် ယှဉ်သော သတိဖြင့် ပြည့်စုံ ရပေသည်။

ဗုဒ္ဓ မြတ်စွာ ဘုရား ဟောကြားတော်မူသော မေတ္တာ သည် သတ္တဝါ အားလုံး အပေါ်၌ ထားသော မေတ္တာ (universal love) ဖြစ်၍ တစ်ဦး တစ်ယောက် အပေါ်၌ ရာဂနှင့် ယှဉ်၍ ထားသော မေတ္တာမျိုး မဟုတ်ချေ။ တစ်လောက လုံးကို ခြုံ၍ မေတ္တာ ထားခြင်း သဘောနှင့် ပတ်သက်၍ အနောက်တိုင်းသား ပညာရှင်တို့က ဤ မေတ္တာ ဝါဒသည် ရေ့နောက် မညီသလို ဖြစ်နေသည်ဟု ထင်ကြသည်။

သူတို့ ပြသော အကြောင်းမှာ ဤသို့ သတ္တဝါများ အပေါ်၌ ခြုံ၍ထားသော မေတ္တာကို ပွားများသော သူသည် ဗုဒ္ဓဘာသာ ရဟန်းတော်များ နိဗ္ဗာန် ရောက်ကြောင်း တရား ကို အားထုတ်ရန် အတွက် လူ့လောကနှင့် ဝေးရာ တောသို့ ထွက်၍ တောရ ဆောက်တည်ခြင်းသည် တစ်ခုနှင့် တစ်ခု ဖီလာ ကန့်လန့် ဖြစ်မနေဘူးလားဟု တွေးကြသည်။

ထို့ပြင် သတ္တဝါ အားလုံးကို မေတ္တာ ကရုဏာ ထား သော သူသည် မိမိ၏ ဘဝ လွတ်မြောက်ရေး အတွက်သာ အားထုတ်လျှင် သတ္တဝါ အားလုံး အပေါ် မေတ္တာ ထားရာ ကျပါမည်လား ဆိုသော အမေးမျိုးကို မေးကြသည်။

ထို့ပြင် ဤ ပြဿနာကြောင့် ဗုဒ္ဓဘာသာမှာ မဟာ ယာနနှင့် ဟိနယာန ဂိုဏ်းများ ကွဲသွားရခြင်း ဖြစ်သည်ဟု လည်း သူတို့က ယူဆကြသည်။

သို့သော် တချို့သော အနောက်တိုင်း ပညာရှင်များ သည် ဗုဒ္ဓ၏ မေတ္တာ ဝါဒ သဘောကို နားလည်ရန် ကြိုး စားကြသည်လည်း ရှိသည်။ ဗုဒ္ဓ၏ မေတ္တာ ဝါဒသည် လူ တစ်ဦးက တစ်ဦးကို ချစ်သော အချစ်မျိုး မဟုတ်၊ လူသား တစ်ရပ်လုံး အပေါ်၌ ခြုံ၍ ထားသော အနန္တ မေတ္တာမျိုး ဖြစ် သည်။ လူတစ်ဦးက တစ်ဦးကို ထားသော ချစ်ခြင်း မေတ္တာ မျိုးကား သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿကို ဖြစ်စေ သည်။ လူသား တစ်ရပ်လုံး အပေါ် ခြုံ၍ ထားသော မေတ္တာ မျိုးကား မြင့်မားသော၊ ကိုယ်ကျိုး မပါသော စိတ်ချမ်းသာ မှုကို ဖြစ်စေသော မေတ္တာမျိုး ဖြစ်သည်။ ဤ ယေဘုယျ မေတ္တာမျိုးကား မိခင်၏ မေတ္တာမျိုး ဖြစ်၏။ တွန့်တိုခြင်း မရှိ၊ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ ဖြစ် စရာ အကြောင်း မရှိပေ။ ဤ မေတ္တာမျိုးကား အခြေအနေ အချိန်အခါသို့ မလိုက်၊ အစဉ် မွန်မြတ် သန့်စင် နေပေ သည်။ ထိုမေတ္တာမျိုးကို မည်သည့် အရာကမျှ တားဆီး ပိတ်ပင်၍ မရပေ။ သောကနှင့်လည်း မယှဉ်ပေ။ ဤ မေတ္တာမျိုးကား အကောင်း အဆိုး၊ အကျိုး အပြစ်ကို လိုက် ၍လည်း ပြောင်းလဲ ဖောက်ပြန်ခြင်း မရှိပေ။ ထို့အတူ တွေ့ ကြုံရသော လောကဓံများကြောင့်လည်း ဤ မေတ္တာမျိုးသည် အပြောင်းအလဲ မရှိပေ။

မည်သည့် ဆန့်ကျင် ခုခံမှုနှင့်ပင် ကြုံရစေကာမူ ဤ မေတ္တာသည် မပြောင်းလဲနိုင်ပေ။

ဤ မေတ္တာ ခန္တီ၏ သဘောကို ဓမ္မပဒတွင် ဤသို့ ဖော်ပြ ထားပေသည်။

သန့်ရှင်း စင်ကြယ်သော စိတ်ဖြင့် အကယ်၍ ပြောဆိုသော် လည်းကောင်း၊ ကြံစည်သော် လည်းကောင်း ထိုပြောဆို ပြုလုပ် ကြံစည်မှုကြောင့် အရိပ်သည် လူကို မစွန့်မူ၍ အစဉ် လိုက်သကဲ့သို့ ထိုသူသို့ ချမ်းသာသည် အစဉ် လိုက်၏။

ဤသူသည် ငါ့ကို ဆဲရေးဖူးပြီ၊ ငါ့ကို ညှဉ်းဆဲဖူးပြီ၊ ငါ့ကို အောင်နိုင်ဖူးပြီ၊ ငါ့ဥစ္စာကို ယူဆောင်ဖူးပြီဟု သူ့အပေါ်၌ ရန်ငြိုး မဖွဲ့ကုန်၊ ထိုသူအား ဖြစ်ပေါ်လာသော ရန်သည် ပြေငြိမ်းနိုင်၏။

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် အဘယ်အခါမျှ မပြေငြိမ်းနိုင်ကုန်။ ရန်တုံ့မမူခြင်းဖြင့်သာ ရန်ပြေငြိမ်းနိုင်ကုန်၏။ ထိုသိမှုကြောင့် ခိုက်ရန် ငြင်းခုံမှုတို့သည် ပြေငြိမ်းနိုင်ကုန်၏။

ဤကား ဗုဒ္ဓ ဟောကြားတော်မူသော အဒေါသ စေတနာကို အခြေခံသော မေတ္တာ ဓာတ်၏ သဘောကို ဓမ္မပဒ၌ ဖော်ပြထားခြင်း ဖြစ်၏။

မြတ်စွာဘုရား အလိုရှိတော်မူသော မေတ္တာ၏ သဘောကို အောက်တွင် ဖော်ပြအပ်သော ဝတ္ထု သုတ္တံ၌ ထင်ရှားစွာ သရုပ်ဖော်ထား၏။

ထိုဝတ္ထု၌ ပုဏ္ဏ အမည်ရှိသော ဗုဒ္ဓ၏ တပည့်သား သံဃာ တစ်ဦးသည် ရန့်ရင်း ကြမ်းတမ်းလှသော ရွာသားများကို တရားဓမ္မ ဟောကြားလိုကြောင်း ဗုဒ္ဓမြတ်စွာအား လျှောက်ထားလေလျှင် ဗုဒ္ဓက ထိုရဟန်း၏ မေတ္တာ ခန္တီကို စမ်းသပ်သောအားဖြင့် မေးမြန်း စုံစမ်းတော်မူလေသည်။

'အို ပုဏ္ဏ၊ ထိုရွာသားတို့သည် ကြမ်းကြုတ်ကြကုန်၏၊ ရက်စက်ကြကုန်၏၊ ညှဉ်းပန်းကြကုန်၏၊ ထိုရွာသားတို့သည် သင့်အား အမျက်ထွက်၍ အန္တရာယ် ပြုပါက သင် ဘယ်သို့ သဘော ထားမည်နည်း'

'အရှင်ဘုရား၊ ထိုရွာသားတို့အား ကောင်းပါပေစွ၊ အကြင်နာ ထားပါပေစွ၊ သူတို့သည် ငါ့အား ကြမ်းကြုတ်သော စကားကိုသာ ဒေါသ ထွက်၍ ဆိုကြကုန်သေး၏၊ ငါ့ကို ရိုက်နှက်ခြင်းသော် လည်းကောင်း၊ ခဲဖြင့် ပစ်ပေါက်ခြင်းသော် လည်းကောင်း မပြုကြသေးဟု သဘော ထားပါမည် ဘုရား'

'ပုဏ္ဏ၊ သူတို့သည် အလွန် ကြမ်းကြုတ်သော ရွာသားများ ဖြစ်ကြကုန်၏၊ အကယ်၍ သူတို့က သင့်အား တုတ်ဖြင့် ရိုက်နှက်ခြင်း၊ ခဲဖြင့် ပစ်ပေါက်ခြင်း ပြုကြလျှင် သင် ဘယ်သို့ ပြုမည်နည်း'

'အရှင်ဘုရား၊ ဤရွာသားများကား ကောင်းပါပေစွ၊ ကြင်နာကြပေစွ၊ သူတို့သည် ငါ့အား တုတ်ဖြင့်သာ ရိုက်သေး၏၊ ခဲဖြင့်သာ ပစ်သေး၏၊ ဓားလက်နက်ကြီးဖြင့်ကား ခုတ်ထစ်ခြင်း မရှိကြသေးဟု သဘော ထားပါမည်'

'ပုဏ္ဏ၊ အကယ်၍ သူတို့က ဓားဖြင့် ခုတ်ပြီ ဆိုပါက သင် ဘယ်သို့ ပြုလုပ်မည်နည်း'

'အရှင်ဘုရား၊ ဤရွာသားများကား ကောင်းပါပေစွ၊ ကြင်နာကြပါပေစွ၊ သူတို့သည် ငါ့ ကိုယ်ကို သေအောင်ကား မသတ်ခဲ့ကြသေး၊ ဒဏ်ရာ ရရုံမျှသာ ပြုခဲ့ကြသေးသည် တကားဟု သဘောထားပါမည်'

'ကောင်းလေစွ ပုဏ္ဏ၊ ကောင်းလေစွ၊ သင်၏ သည်းခံသော ခန္တီမေတ္တာ စိတ်ဖြင့် သင်သည် ဤအမှုကို လွယ်ကူစွာ ပြုနိုင်ပေအံ့၊ ပုဏ္ဏ သွားလော့၊ သင့်ကိုယ်ကို ကယ်တင်၍ သူတစ်ပါးအားလည်း ကယ်တင်ပါလော့'

အနောက် နိုင်ငံသားများ အနေနှင့်မူ ဤမေတ္တာမျိုးသည် ပုထုဇဉ်တို့ နေ့စဉ် ဘဝ၌ ထားနိုင်သော မေတ္တာမျိုး မဟုတ်ဟု သဘောထားကြသည်။ အမှန်မှာ မိမိကိုယ်ကို မချစ် မနှစ်သက်၊ မစောင့်ရှောက်အပ် ဟူသော အနက်ကို မယူသင့်ပေ။ မိမိကိုယ်ကို စောင့်ရှောက်ရမည်၊ ပြီးမှ သူတစ်ပါးကို ဆုံးမရန် ဓမ္မပဒ၌ ဟောကြားထားပေသည်။

'မိမိကိုယ်ကို ချစ်အပ်၏ဟု သိပါမူ ထိုမိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏။

'ရှေးဦးစွာ မိမိကိုယ်ကို သင့်လျော်သော အကျင့်၌ တည်စေရာ၏၊ ထိုနောက်မှ သူတစ်ပါးကို ဆုံးမရာ၏'

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


1. Arnold. Sir Adwin — The Light of Asia
2. Babbit, Irving — The Dhammapada–with an Essay on Buddha and the Occident
3. Brewster, E.H — Life of Gotama the Buddha
4. Thomas, E.J — The Life of Buddha as Legend and History
5. ——— — History of Buddhist Thought

# အခန်း ( ၆ )
# ဗုဒ္ဓဘာသာ တိုးတက် ဖွံ့ဖြိုးလာပုံ

ဗုဒ္ဓ၏ အတွေးအခေါ် ဒဿနများကို ဘာသာ တရား (religion) ဟု ခေါ်နိုင်မလား ဆိုသော အချက်မှာလည်း အငြင်း ပွားစရာ ဖြစ်နေသည်။ ဗုဒ္ဓဘာသာသည် ကယ်တင်ခြင်း ခံရရေး အတွက် ကယ်တင်ရှင် ဘုရားအား ခဝပ် ကိုးကွယ်သော ဘာသာ ကိုးကွယ်မှုမျိုး မဟုတ်ချေ။ ခြုံ၍ ပြောရလျှင် ဗုဒ္ဓဝါဒသည် အဆင့်မြင့်သော အသိဉာဏ်ဖြင့် ဘဝနေနည်းကို ပြသော တရားများသာ ဖြစ်သည်။ အယူများမှ ကင်းသော ဓမ္မများသာ ဖြစ်ကြကုန်သည်။

*ဟိုင်းနရစ် ဟက္ကမန်* [၁] က 'ဘာသာ ယုံကြည် ကိုးကွယ်မှု ရှုထောင့်က ကြည့်လျှင် မူရင်း ဗုဒ္ဓဝါဒတွင် အလွန်ပါးသော၊ သိမ်မွေ့သော လေကိုသာ တွေ့ရသည်၊ ထိုလေကို အသက် ရှူရန်မှာ မလွယ်ကူချေ' ဟု ဆိုသည်။

သူ ထောက်ပြသလို ဗုဒ္ဓဝါဒထဲတွင် နတ်များ ပါရှိသော်လည်း ထိုနတ်များမှာ နန်းကျနေသော တန်ခိုး ဩဇာမဲ့ နတ်များသာ ဖြစ်ကြသည်။ နတ်ပြည်၌ ထိုနတ်များ ရရှိသော နတ်ဘုံ နတ်နန်းများမှာလည်း ကုသိုလ် အရှိန်အဟုန် ရှိသမျှသာ တည်ရှိပြီး ကုသိုလ် အရှိန်အဟုန် ကုန်ဆုံးသော အခါ ထို နတ်ဘုံ နတ်ဗိမာန်များလည်း ပပျောက် သွားကြရလေတော့သည်။

ဗုဒ္ဓ အယူဝါဒ၌ ထာဝရ မြဲသော နတ် ဟူ၍လည်း မရှိချေ။ နတ်လည်း အနိစ္စပင် ဖြစ်သည်။ ထိုနတ်များကို ရှိခိုး ကိုးကွယ်နေရန် မလို၊ နတ်ပြည် ခြောက်ထပ်ရှိ နတ်များကို ရှိခိုး ကိုးကွယ် ပူဇော် ပသနေခြင်းသည် အသိဉာဏ်ကင်းမဲ့ရာ ကျသည်။ အဓိပ္ပာယ် အနှစ်သာရ မရှိချေ။ နတ်များထံမှာ ဆုတောင်းနေလည်း အကျိုး မရှိ။

ဗုဒ္ဓ အယူဝါဒ၌ *ဆုတောင်း ပတ္ထနာခြင်း* [၂] အမှုကို အသိအမှတ် မပြုပေ။ ဗုဒ္ဓ အယူဝါဒတွင် သိမှုနှင့် မသိမှုသည်သာ အဓိက ကျသည်။ မှန်ကန်သော အသိပညာ ဝိဇ္ဇာဉာဏ်ကို ရရှိအောင် ကျင့်ကြံ အားထုတ်ရသည်။

ဘဝ လွတ်မြောက်ရေး အတွက် လိုအပ်သော မှန်ကန်သော အသိဉာဏ်ကို ပြင်ပ ဗဟိဒ္ဓ လောကမှာ ထွက်ရှာ၍ မရ။

ဆိတ်ကွယ်ရာသို့ သွား၍ တစ်ဦးတည်း နေပြီး မိမိ၏ ကိုယ်၊ စိတ်ကို ဝိသုဒ္ဓိ ဖြစ်အောင် ကျင့်ကြံ ပွားများ အားထုတ်ခြင်းဖြင့်သာ ရရှိနိုင်သည်။

ဘဝ၏ လွတ်မြောက်ရေး အတွက် လိုအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို သီလ သမာဓိ ပညာ အလုပ်များဖြင့်သာ ရနိုင်သည်။

ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်ရန် အတွက် ထူးခြားသော ပင်ကိုစိတ် သဘော သဘာဝ ရှိရန် လိုအပ်ပေသည်။

မူရင်း ဗုဒ္ဓ အယူဝါဒသည် ပုထုဇဉ်များ ဖြစ်ကြသော လူထု လူတန်းစားများ အကြား၌ တုံ့ပြန်မှု များစွာ မရှိခဲ့ပေ။

သို့သော် လူအများသည် ဗုဒ္ဓ အယူဝါဒကို စိတ်ဝင်စား လာကြသည်လည်း ရှိသည်။ ထိုသို့ စိတ်ဝင်စား လာခြင်းသည် ဗုဒ္ဓ၏ အဆုံးအမများကို စိတ်ဝင်စားခြင်းထက် ဗုဒ္ဓ၏ ပုဂ္ဂိုလ် သဘောကို စိတ်ဝင်စားခြင်းက ပိုသည်ဟု ဆိုကြသည်။

မူရင်း ဗုဒ္ဓ အယူဝါဒသည် အရှေ့တိုင်း၌ ပေါ်ပေါက်သော ဘာသာ ကိုးကွယ်မှု သမိုင်းတွင် ကြီးမားသော အကျိုးသက်ရောက်မှု မရှိခဲ့ချေ။

သကျသာကီဝင် မင်းသား ဘုရားကို ကြည်ညို လေးစားကြသည်ကား မှန်ပါသည်။ သို့သော် သူ၏ သံယောဇဉ်ကင်းပြတ်သော ဆင်ခြင်တုံ တရား ပါသည့် အတွေးအမြင် ဒဿနများကိုကား လက်တွေ့ ကျင့်ကြံ အားထုတ်မှု သိပ်မရှိခဲ့သေးချေ။

---

၁။ Heinrich Haekmann

၂။ Prayer

ရဟန္တာ ဖြစ်ရေးကို အထွတ်အမြတ်ထားသော မူရင်း ဗုဒ္ဓ အယူဝါဒ အတိုင်း ပုထုဇဉ် အများစုသည် ရဟန္တာ ဖြစ်အောင် အားထုတ်ရန် မတတ်နိုင်ကြပေ။

သို့သော် ဘဝ လွတ်မြောက်ရေး အတွက် အားထုတ် ပြီးသော ရဟန္တာသည် လူသား အားလုံး အပေါ်၌ မဟာ ကရုဏာဖြင့် စောင့်ရှောက်သော ပုဂ္ဂိုလ် ဖြစ်လာသည် ဆို သော အချက်ကိုကား လူအများ စိတ်ဝင်စား လာကြလေ သည်။ လူအများက စိတ်ဝင်စား လာကြသော အခါ သူ တို့သည် မူရင်း ဗုဒ္ဓ အယူဝါဒကို ဒဿန အတွေးအခေါ် တစ်ခု အဖြစ်ဖြင့် လက်ခံခဲ့ကြလေသည်။

သို့သော် လူအများသည် ၎င်းတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းရန် အတွက် ဗုဒ္ဓ၏ ဒဿနများကို ယုံကြည် ကိုးကွယ်မှု ဖြစ်သော ဘာသာတရား အဖြစ်သို့ ပြောင်းလဲ ပစ်ခဲ့ကြလေတော့သည်။

ဘာသာ ကိုးကွယ်မှုတိုင်း၌ လူသာမန်တို့သည် အယူ ဝါဒကို ဟောကြားသော ပုဂ္ဂိုလ်အား မိမိတို့ကို ကယ်တင် နိုင်သော ပုဂ္ဂိုလ် အဖြစ် သတ်မှတ်ကာ ဘုရား အဖြစ်ဖြင့် ကိုးကွယ် လာတတ်ကြပေသည်။ ထို့အတူ ဗုဒ္ဓကိုလည်း ကယ်တော်မူသော မြတ်စွာဘုရား အဖြစ်ဖြင့် ယုံကြည် ကိုး ကွယ် ဆည်းကပ်လာကြလေတော့သည်။ ထိုအခါ ဗုဒ္ဓကို သာမက ဓမ္မကို လည်းကောင်း၊ သံဃာကို လည်းကောင်း ကိုးကွယ်ရာ ဆည်းကပ်ရာ အဖြစ် သတ်မှတ်၍ ယုံကြည် ကိုးကွယ် ဆည်းကပ်ကြလေသည်။

ဤသို့ ကိုးကွယ် ဆည်းကပ်ရာ၌ နတ်ဘုရား ကိုး ကွယ်မှုများမှာကဲ့သို့ ဆုတောင်း ပတ္ထနာ ပြုခြင်းများကို ပြည့်စုံစေသူ အဖြစ် ကိုးကွယ်ခြင်းကား မဟုတ်။ သံသရာ ဘေးမှ ကင်းဝေးအောင် ကယ်တင်သူ၊ ကာကွယ် စောင့် ရှောက်သူ အဖြစ်ဖြင့် ကိုးကွယ် ဆည်းကပ်ကြခြင်း ဖြစ် လေသည်။

မူရင်း ဗုဒ္ဓဝါဒသည် ဘဝ နေနည်းကို ဖော်ဆောင် သော ကိုယ်ကျင့် ဒဿန တစ်ခုပင် ဖြစ်သော်လည်း တဖြည်းဖြည်း ဘာသာ ကိုးကွယ်မှု အဖြစ်သို့ ပြောင်းလဲ တိုးတက် ဖွံ့ဖြိုး သွားလေတော့သည်။

ဤကား အလွယ်တကူ နားလည်အောင် အဖြောင့် သဘောဖြင့် ဖော်ပြလိုက်ခြင်းသာ ဖြစ်၏။ သမိုင်း ဖြစ်စဉ် ကား ထိုသို့ လွယ်ကူ ရှင်းလင်းလှသည် မဟုတ်ချေ။ ရှုပ် ထွေးသော ဖြစ်စဉ် တစ်ခု ဖြစ်၏။

ဤကဲ့သို့ ဘာသာ ကိုးကွယ်မှု တစ်ခု အဖြစ် ကိုး ကွယ်လိုကြသော လူအများစု၏ သဘော ဆန္ဒကို လိုက်၍ ဉာဏ်ပညာ ရှိသူများကလည်း ရုပ်ဝတ္ထုများဖြင့် ထောက်ပံ့ ကူညီခဲ့ကြလေသည်။

ထူးခြားသည်မှာ ဗုဒ္ဓဘာသာ ကိုးကွယ်မှုတွင် အယူ ဝါဒနှင့် ဂိုဏ်းဂဏများ ကွဲပြားစွာ ဖြစ်ပေါ်လာခြင်းပင် ဖြစ် ၏။ ထို့ကြောင့် ဗုဒ္ဓဘာသာသည် တစ်ခုတည်းသော ဘာသာ ယုံကြည် ကိုးကွယ်မှု မဟုတ်တော့ဘဲ အယူအဆကွဲများ ဖြင့် ကိုးကွယ်မှု အမျိုးမျိုး ပါသော မိသားစု ဘာသာ ကိုး ကွယ်မှု အဖြစ်ဖြင့် ပို၍ ထင်ရှားလာပေတော့သည်။

ထိုသို့ ဘာသာ ကိုးကွယ်မှု မိသားစု အသွင် ဖြစ်ပေါ် လာရာတွင် တူညီသော သဘော တစ်ခုလည်း ရှိသည်။

၎င်းမှာ မူရင်း ဗုဒ္ဓဝါဒတွင် လောကီ အာရုံ ကာမဂုဏ် ငါးပါးကို ငြင်းပယ်ထားသော်လည်း နောက်ပိုင်း ဗုဒ္ဓဘာသာ များ၌ *ဘဝကို အကောင်းမြင်သော သဘောထား*[၁] ပြန် လည် ဖြစ်ပေါ်လာခြင်းပင် ဖြစ်၏။

---

၁။ Optimism

# ၁။ အိန္ဒိယနှင့် အရှေ့တောင် အာရှသို့ ဗုဒ္ဓဘာသာ ပြန့်ပွားခြင်း

## အိန္ဒိယပြည်တွင် ပထမ ရာစု နှစ်ခု

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်ပြီးနောက် ပထမ နှစ်ရာစု အတွင်း၌ သူ၏ တရား ဓမ္မများကို ဂင်္ဂါ မြစ်ဝှမ်း တစ်လျှောက်တွင် ကျယ်ပြန့်စွာ လူအများက လက်ခံခဲ့ကြလေသည်။ ထိုဒေသတွင် သံဃာ အဖွဲ့အစည်းကြီး ပေါ်ပေါက်ခဲ့ရုံမျှမက ဘာသာကို ယုံကြည် ကိုးကွယ်သူ ဥပါသကာများလည်း လျင်မြန်စွာ တိုးပွားခဲ့လေသည်။ ထိုယုံကြည် ကိုးကွယ်လာကြသူ ဥပါသကာများထဲတွင် အုပ်စိုးသူ မင်းစိုးရာဇာများလည်း အများအပြား ပါဝင်ခဲ့ကြလေသည်။

သမိုင်းကြောင်း အရ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန် ပြုပြီးနောက် မရှေးမနှောင်းမှာပင် ရဟန္တာ ငါးရာတို့သည် ရှင်မဟာကဿပကို အမှူးထား၍ ရာဇဂြိုဟ် ပြည်တွင် ဝါဆို ဝါကပ်ကြရန် စုဝေး ရောက်ရှိလာကြလေသည်။

ထိုအခါ ထိုရဟန္တာ ငါးရာတို့သည် ပိဋက သုံးပုံကို နှုတ်ငုံ အာဂုံ ရွတ်ဆိုကြပြီးလျှင် ပထမ သင်္ဂါယနာပွဲကို ဆင်နွှဲခဲ့ကြလေသည်။

နောက် ရာစုခေတ် တစ်ခု လွန်သော အခါ အစဉ်အလာ မှတ်တမ်းများ အရ ဝေသာလီပြည်တွင် ဒုတိယ သင်္ဂါယနာကို ပြုလုပ်ခဲ့ကြလေသည်။ ထိုသင်္ဂါယနာသည် တင်းကျပ်လွန်းသော ဝိနည်း သိက္ခာပုဒ်များကို လျှော့ပေါ့ရေး ပြဿနာ အကြောင်းပြု၍ ကျင်းပခဲ့သော ပွဲ ဖြစ်သည်။ သံဃာများထဲတွင် လပြည့် လကွယ် ဥပုသ် နေ့များတွင် ကျင်းပသော သံဃာများ အလယ်တွင် လူသိရှင်ကြား ဒေသနာ ကြားရခြင်းကို ကွယ်ရာတွင် ပြုလုပ်လိုသော သံဃာများ ပေါ်လာသည်။ မြင့်သော မြတ်သော အိပ်ရာ နေရာဖြင့် နေလိုသော သံဃာများ ပေါ်လာသည်။ နေ့လွဲ ညစာ စားလိုသော ရဟန်း သံဃာများ ပေါ်လာသည်။ ကဇော် စိမ် ရည်ကို သောက်သုံးလိုသော၊ ကိုယ်ပိုင် ပစ္စည်း ရွှေငွေများကို ထားလိုသော သံဃာများ ပေါ်ပေါက်လာသည်။

ထိုကိစ္စများ အပေါ်တွင် အငြင်းပွားကြရာမှ သံဃာဂိုဏ်းကွဲသည့် အဖြစ်သို့ ရောက်ရှိသွားလေတော့သည်။

ဝိနည်း သိက္ခာပုဒ်များကို ပြုပြင်လိုသော အနည်းစုတို့က သူတို့ဘာသာ သံဃာဂိုဏ်းသစ်ကို ထူထောင်လိုက်ကြလေသည်။ သို့သော် သံဃာများ အတွင်းတွင် စိတ်ဝမ်း ကွဲပြားမှုကား စတင် ပေါ်ပေါက်နေပြီ ဖြစ်၏။

ထို့ကြောင့် နောက်ရာစု သုံးစု အတွင်း၌ သံဃာများ အတွင်း ဂိုဏ်းဂဏပေါင်း ဆယ့်ခြောက်ခုထက် မနည်း ကွဲပြား သွားလေတော့သည်။

## အာသောက မင်းကြီး

ဘီစီ ၂၇၃ ခုနှစ်တွင် မဂဓ ထီးနန်းကို အာသောကမင်း သိမ်းပိုက် ရရှိလေသည်။ နောင် အခါ၌ မဂဓ အင်ပိုင်ယာသည် အိန္ဒိယ တစ်ပြည်လုံးကို သိမ်းပိုက် အုပ်စိုးခဲ့လေသည်။

အာသောကသည် စန္ဒဂုတ်မင်း၏ မြေးတော် ဖြစ်၏။ စန္ဒဂုတ် မင်းကြီးကား ဘုန်းတန်ခိုး အာဏာနှင့် ပြည့်စုံသော မင်း ဖြစ်၏။

ဘီစီ ၃၂၅ ခုနှစ်တွင် မက်ဆီဒိုးနီးယား ဘုရင် မဟာအလက်ဇန္ဒားသည် အိန္ဒိယနိုင်ငံကို အုပ်စိုးရန် အတွက် ထားခဲ့သော မြို့စောင့်တပ်များကို စန္ဒဂုတ်မင်း၏ တပ်များက တွန်းလှန် တိုက်ခိုက်ပြီးနောက် ထိုမင်းသည် အောင်ပွဲအဆင့်ဆင့် ခံလျက် အိန္ဒိယ တစ်ပြည်လုံးကို တိုက်ခိုက်သိမ်းယူခဲ့လေသည်။

အသောကသည် မိမိ အမွေ ဆက်ခံရရှိသော နိုင်ငံတော်ကြီးကို ဘင်္ဂလား ပင်လယ်အော် တစ်လျှောက်ရှိ အပြင်းအထန် ခုခံနေသော နယ်များအား သိမ်းပိုက်၍ ထပ်ဖြည့်ခဲ့လေသည်။ ထိုစစ်ပွဲများ၌ အသက်ပေါင်း များစွာ သေကျေပျက်စီးကြသည်ကို မြင်ရသော အခါ အာသောကမင်းသည် များစွာ သတိ သံဝေဂ ရရှိသွားလေသည်။

ထိုအခါမှ စ၍ ဗုဒ္ဓ ဓမ္မများကို ထို မင်းကြီးသည် များစွာ ကြည်ညိုသွားလေတော့သည်။ ထို့နောက် သူသည် ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာ အဖြစ် ကိုးကွယ်ကြောင်းကို လူသိရှင်ကြား ကြေညာလေသည်။ သက်တမ်း တစ်လျှောက်လုံးတွင်လည်း ဗုဒ္ဓ သာသနာတော်ကြီး စည်ကားပြန့်ပွားရေး အတွက် ထက်သန်သော စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့လေသည်။

သူ ပြုသော စစ်ပွဲများ၌ လူ အပေါင်းတို့ သေကျေပျက်စီး အတိဒုက္ခ ရောက်ကြရသည်ကို မြင်တွေ့ရသောကြောင့် သူသည် ကြီးစွာ ဝမ်းနည်း သံဝေဂ ဖြစ်မိကြောင်းကို အမိန့် ပြန်တမ်း ထုတ်၍ ကျောက်ထက် အက္ခရာ တင်ထားခဲ့လေသည်။

သဟဗာဇဂရဟိ ကျောက်စာ အမှတ် (၁၃) တွင် ဤသို့ ဖော်ပြထားလေသည်။

ဒေဝါနံပိယ မည်သော မင်းတရားကြီးသည် အဘိသိက်ခံ၍ ရှစ်နှစ်မြောက်သော အခါ ကလိင်္ဂတိုင်းကို တိုက်ခိုက် သိမ်းပိုက်တော် မူလေသည်။

ထိုသို့ တိုက်ခိုက် သိမ်းပိုက်ရာတွင် တစ်သိန်း ငါးသောင်းသော သူတို့မှာ သုံ့ပန်း အဖြစ် ဖမ်းဆီးခြင်း ခံရ၍ တစ်သိန်းသော သူတို့မှာ သတ်ဖြတ်ခြင်း ခံရသည့် အပြင် ထို့ထက် မြောက်မြားစွာသော သူတို့မှာလည်း သေကျေပျက်စီးကြရကုန်၏။

ကလိင်္ဂတိုင်းကို တိုက်ခိုက် သိမ်းပိုက်ပြီးသည့်နောက် မင်းတရားကြီးသည် ဓမ္မ တရားတော်ကို စိတ်အား ထက်သန်စွာ ကြိုးစား အားထုတ်ခြင်း၊ ဓမ္မ တရားတော်ကို နှစ်သက် မြတ်နိုးခြင်း၊ ဓမ္မ တရားတော်ကို လူတို့အား သွန်သင် ဆုံးမခြင်း ပြုတော်မူခဲ့၏။

ဤသည်ကား ကလိင်္ဂတိုင်းကို တိုက်ခိုက် သိမ်းပိုက်မိခြင်းကြောင့် မင်းကြီး၌ ဖြစ်ပေါ်လာရသော နောင်တ တရားပေတည်း။

ကလိင်္ဂတိုင်းကို တိုက်ခိုက် သိမ်းပိုက်ရာ၌ ထိုကလိင်္ဂတိုင်းရှိ လူတို့မှာ သတ်ဖြတ်ခြင်း၊ သေကျေ ပျက်စီးခြင်း၊ သုံ့ပန်း အဖြစ် ဖမ်းဆီးခြင်း ခံရပေရာ ထိုသို့ ခံကြရသည်ကို မင်းတရားကြီးသည် စိတ်မချမ်းမသာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါပေသည် ဟူ၍ မှတ်ယူတော်မူ၏။

… ကလိင်္ဂကတိုင်းကို တိုက်ခိုက် သိမ်းပိုက်ရာတွင် သတ်ဖြတ်ခြင်း၊ သေကျေ ပျက်စီးခြင်း၊ ဖမ်းဆီးခြင်း ခံရသူ အပေါင်းတို့ကို မဆိုထားဘိ၊ ထိုလူအပေါင်းတို့၏ အပံ့တစ်ရာပုံ တစ်ပုံမျှသော လူတို့ အဖို့ပင် လည်းကောင်း၊ အပုံတစ်ထောင်ပုံ တစ်ပုံမျှသော လူတို့ အဖို့ပင် လည်းကောင်း မင်းတရားကြီးသည် ကြီးစွာသော ဝမ်းနည်းဖွယ်ရာ ဖြစ်ပါပေ တကား ဟူ၍ မှတ်ယူတော် မူလေသည်။

အာသောက မင်းကြီး၏ စိတ်တွင် ယဇ်နတ် ပူဇော်ခြင်းသည် ဗုဒ္ဓ အယူဝါဒနှင့် မကိုက်ညီဟု ယူဆသည့်အတွက် သူ၏ ကျောက်စာ (၁) တွင် ဤသို့ ရေးထိုးထားခဲ့လေသည်။

ဤပါဋလိပုတ် နေပြည်တော် အတွင်း သက်ရှိ သတ္တဝါတို့ကို သတ်ဖြတ်၍ ယဇ် ပူဇော်ခြင်း မရှိစေရ။

ပျော်ပွဲသဘင်တို့ကိုလည်း စီမံ ကျင်းပခြင်း မရှိစေရ။

… ယခင် အခါက မင်းကြီး၏ နန်းတော် စားဖိုဆောင်တွင် သိန်းပေါင်း များစွာသော တိရစ္ဆာန်တို့ကို ဟင်းလျာ အလို့ငှာ နေ့စဉ် နေ့တိုင်း သတ်ဖြတ်ခဲ့၏။

ယခု ဤကျောက်စာတော်ကို ရေးထိုးတော်မူသော အခါ၌ကား ဥဒေါင်း နှစ်ကောင်၊ ဒရယ် တစ်ကောင် ပေါင်း သုံးကောင်ကိုသာ နေ့စဉ် သတ်ဖြတ်၍ ထိုဒရယ်မှာလည်း နေ့စဉ် သတ်ဖြတ်ခြင်း မရှိတော့ချေ။ ဤသုံးကောင်သော တိရစ္ဆာန်တို့ကိုပင် နောင် သတ်ဖြတ်စေလိမ့်မည် မဟုတ်ဟု ဖော်ပြ ပါရှိလေသည်။

ထို့ထက် ပို၍ အရေးကြီးသည်မှာ သူ၏ တိုင်းသူ ပြည်သားများအား အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာ နေထိုင်ကြပြီးလျှင် ဗုဒ္ဓဘာသာ တရားတော်ကို ကျင့်ကြံ ပွားများအားထုတ်ကြရန် တိုက်တွန်းထားသော ဘုရင့် နှိုးဆော်စာ ဖြစ်သည်။

ဘီစီ ၂၅၆ တွင် သူသည် ဘုရင့် အမိန့် ပြန်တမ်းများကို ထုတ်ပြီး ကျောက်ထက်တွင် အက္ခရာ တင်စေခဲ့လေသည်။ ကျောက်စာ ၁၄ ချပ် ရှိသည်။ ထို့ကြောင့် ထိုကျောက်စာများကို သူ၏ တိုင်းသူ ပြည်သား အများတို့ ဖတ်ရှုနိုင်ကြပေသည်။

ဤကျောက်စာများတွင် သူ့ တိုင်းသူ ပြည်သားများအား နေထိုင်ကြစေလိုသော သူ၏ သဘောထားများကို ဖော်ပြ ထားလေသည်။

… ယခုမူကား ဒေဝါနံ မည်သော မင်းတရားကြီးသည် ဓမ္မ တရားတော်ကို ကျင့်ဆောင်တော်မူခြင်းဖြင့် လူတို့အား စစ်ခရာသံ အစား တရားစည်ကြီးကို မြည်ဟီး ကြွေးကြော်စေခဲ့လေသည်။

ရှေးလွန်ခဲ့သော နှစ်ပရိစ္ဆေဒ ရာပေါင်း များစွာ အတွင်းက မဖြစ်ပေါ်ခဲ့စဖူးသော်လည်း ယခုမူကား မင်းတရားကြီးကိုယ်တိုင်က ဓမ္မ တရားတော်ကို သွန်သင် ဆုံးမ ပြသတော်

မှုခြင်းအားဖြင့် သက်ရှိ သတ္တဝါတို့ကို နာကျင်အောင် မပြုခြင်း၊ ဆွေမျိုး ဉာတကာနှင့် ရဟန်း ပုဏ္ဏားတို့ကို ကောင်းစွာ ပြုမူ ဆောင်ရွက်ခြင်း၊ မိဘတို့၏ စကားကို နားထောင်ခြင်း၊ လူကြီး သူမတို့၏ ဆိုဆုံးမကို နာယူခြင်း စသည်တို့သည် တိုးပွားလျက် ရှိလာကုန်၏။

မင်းတရားကြီးသည် ဤ ဆိုခဲ့သော အလေ့အကျင့်တို့ကို တိုးပွား များပြားစေရန် အခါခပ်သိမ်း ဆောင်ရွက်တော်မူပေအံ့။

- လူတို့သည် မကျန်းမာသော အခါ၌ လည်းကောင်း၊ သားသမီးတို့အား လက်ထပ် ထိမ်းမြားသော အခါ၌ လည်းကောင်း၊ သားသမီး ဖွားမြင်သည့် အခါ၌ လည်းကောင်း၊ ခရီး ယာယီ ထွက်သည့် အခါ၌ လည်းကောင်း အမျိုးမျိုးသော မင်္ဂလာတို့ကို ပြုလုပ်ကြကုန်၏။

... ဆိုခဲ့သော မင်္ဂလာ ပြုခြင်းတို့မှာ နည်းပါးသော အကျိုးသာ ရှိလေသည်။ သို့သော် ဓမ္မ တရားတော်ကို ကျင့်ဆောင်ခြင်းမှာကား များစွာသော အကျိုး ရှိ၏။

- ကျေးကျွန် အစေခံတို့အား ကောင်းစွာ ပြုမူခြင်း၊ အသက် အရွယ် ကြီးသူတို့အား ရိုသေ ကိုင်းရှိုင်းခြင်း၊ တိရစ္ဆာန်တို့အား ထောက်ထား ညှာတာခြင်း၊ ရဟန်း ပုဏ္ဏားတို့အား လှူဒါန်း ပေးကမ်းခြင်း။ ဤသည်တို့ကား ဓမ္မ တရားတော်ကို ကျင့်ဆောင်ခြင်း မည်ပေသည်။

... ဓမ္မ တရားတော်ကို ကျင့်ဆောင်ခြင်းဖြင့် ဤ ပစ္စုပ္ပန် ဘဝ၌ မိမိ လိုလားချက်ကို မရစေကာမူ နောင်တမလွန် ဘဝ၌ အဆုံး အဆ မရှိသော ကောင်းကျိုးသည် ဖြစ်ပေါ်ရာ၏။ အကယ်၍ ဤပစ္စုပ္ပန် ဘဝ၌ မိမိ၏ လိုလားချက်ကို ရရှိခဲ့သည် ဆိုလျှင်လည်း ဤပစ္စုပ္ပန် ဘဝ၌ လိုလားချက်ကို လည်းကောင်း၊ နောင်တမလွန် ဘဝ၌ အဆုံး အစ မရှိသော ကောင်းကျိုးကိုလည်းကောင်း နှစ်မျိုးစလုံး ရရှိသည် မည်၏။

အာသောက မင်းကြီး၏ ကျောက်စာများတွင် ဖော်ပြထားချက်များသည် ပုထုဇဉ်များ လိုလား တောင့်တအပ်သော အန္တန်းအစ်များ ဖြစ်ပြီး လက်တွေ့ ကိုယ်တွေ့ သဘောကို ဆောင်သည်။

အာသောက မင်းကား ပုထုဇဉ် ဖြစ်သည်။ သူ၏ ကျောက်စာများထဲတွင် ပစ္စုပ္ပန် အကျိုးနှင့် နောင်တမလွန် ဘဝ အကျိုးများကိုသာ မျှော်မှန်းထားပြီး သစ္စာ တရား လေးပါးနှင့် ပတ်သက်သော ရည်ညွှန်းချက်လည်း မပါ၊ နိဗ္ဗာန် မဂ်ဖိုလ် ရရှိရေး၊ ရဟန္တာ အဖြစ်သို့ ရောက်ရှိရေး ရည်မှန်းချက်များလည်း မပါသည်ကို တွေ့ရသည်။

အာသောက မင်းကြီး မျှော်မှန်းသည်ကား ဗုဒ္ဓ ဓမ္မများ၌ ဟောကြားထားသော ကိုယ်ကျင့် သီလများ၊ ဖြဟ္မစိုရ် တရားများကို သူ၏ တိုင်းသူပြည်သားများ လိုက်နာ ကျင့်ကြံရေးပင် ဖြစ်လေသည်။

တိုင်းသူပြည်သားများသည် သဒ္ဓါ သီလများကို ကျင့်ကြံ အားထုတ်ကြပြီးလျှင် ကုသိုလ် ကောင်းမှုများကို ပြုလုပ်ကြရန်၊ ထိုသို့ ပြုလုပ်ခြင်းဖြင့် နောင်တမလွန် ဘဝ၌ ကောင်းကျိုး ချမ်းသာကို ခံစားကြရန်ကို သူ အရေးထားကြောင်း တွေ့ရသည်။

ပုထုဇဉ်ပီပီ လောကီ တာဝန် ရှိသူ ဖြစ်ရကား ဘဝ သမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိကို အလိုရှိကြောင်း တွေ့ရသည်။ သူသည် ရဟန်း မဟုတ်၊ ပုထုဇဉ် လူသားသာ ဖြစ်သည်။ သူမှာ သူ၏ နိုင်ငံသူ နိုင်ငံသား ပုထုဇဉ် လူသားများ ဘဝ ကောင်းစားရေး အတွက် တာဝန် ရှိသည်ဟု ခံယူထားသူ ဖြစ်ဟန်တူသည်။

ထို့ကြောင့် သူသည် နိဗ္ဗာန်ကို မတောင့်တဘဲ ဘဝ ကောင်းစားရေးကိုသာ တောင့်တခဲ့ခြင်း ဖြစ်ဟန် တူသည်။ သူ့နိုင်ငံ သူ့ နိုင်ငံသားများ ပစ္စုပ္ပန် ဘဝမှာလည်း ကြီးပွား ကောင်းစားစေချင်သည်။ အချင်းချင်း ညီညွတ် ကြစေချင်သည်။ ဘေးမရှိ ရန်မရှိ အန္တရာယ် မရှိဘဲ အချင်းချင်း မေတ္တာ ထား၍၊ အချင်းချင်း တန်ဖိုးထား လေးစား၍ ဆက်ဆံ ပေါင်းသင်းကြစေချင်သည်။ ထိုသို့ အချင်းချင်း ရိုသေ လေးစား မေတ္တာထား တန်ဖိုး ထား၍ ဆက်ဆံ လာကြရေးတွင် ဗုဒ္ဓဓမ္မများသည် များစွာ အထောက် အကူပြုသည်ဟု သူ ယုံကြည်ထားကြောင်း ထင်ရှားသည်။

အာသောက မင်းကြီး လက်ထက်လောက် အထိ လောကီ အာရုံ ကာမဂုဏ် ငါးပါးကို စွန့်သော ရဟန်း မပြုဘဲနှင့် နိဗ္ဗာန် မဂ်ဖိုလ်ကို မရနိုင် ဟူသော အယူအဆ ထွန်းကားနေဟန် တူသည်။ လူဝတ်ကြောင်ဖြင့် အရဟတ္တ မဂ်ဖိုလ်သို့ ရောက်သော သူသည်လည်း ဤသာသနာတော်၌ အလွန် ရှားသည်လည်း အမှန်ပင် ဖြစ်၏။

သူ၏ ကျောက်စာများထဲတွင် ဖော်ပြထားသော ကိုယ်ကျင့် တရား ဆိုင်ရာ နှိုးဆော်ချက်များကို အကျိုး သက်ရောက်မှု ရှိစေရန် အတွက် အသောကမင်းကြီးသည် တိုင်းပြည် အုပ်ချုပ်ရေးတွင် အဆင့်ဆင့် တာဝန် ယူထားကြရသော နယ်မြေ အုပ်ချုပ်ရေးမှူးများကို နိုင်ငံသူ နိုင်ငံသားများအား ဗုဒ္ဓ၏ ဓမ္မများကို ဟောပြော သင်ကြားစေသည်။ တိုင်းသူပြည်သားများ၊ နယ်မြေ အုပ်ချုပ်သူများ တရားနှင့် အညီ ကျင့် မကျင့်ကို ကြပ်မတ် ကြည့်ရှုရန် အတွက်

ကွပ်ကဲရေး အဖွဲ့များကိုလည်း ဖွဲ့စည်းပေးထားသည်။ အမျိုးသမီးများ အကျင့် မပျက်ကြစေရန် အတွက်လည်း အမျိုးသမီး ကြီးကြပ် ကွပ်ကဲရေး အဖွဲ့များကို ဖွဲ့စည်းပေး ထားသည်။ ဤ အထူး တာဝန်ရှိ အမှုထမ်း အရာထမ်းများ ကို နိုင်ငံတော် အနှံ့အပြား ဒေသများသို့ စေလွှတ်သည်။ အလွန် ဝေးသော ခေါင်သော အရပ်ဒေသများသို့ပင် ရောက် အောင် စေလွှတ်တော် မူခဲ့လေသည်။

ထို့ပြင် အာသောက မင်းကြီးသည် ဗုဒ္ဓဘာသာကို စနစ်တကျ ဖွဲ့စည်းထားသော ဘာသာ ကိုးကွယ်မှု တစ်ခု အဖြစ် လွန်စွာ စိတ်ဝင်စားသူ ဖြစ်သည်။ သူသည် ဗုဒ္ဓ ရှင် တော် မြတ်ဘုရားကိုလည်း အလွန် ကြည်ညိုသူ ဖြစ်သည်။ ထို့ကြောင့် သူသည် ဗုဒ္ဓ မြတ်စွာဘုရား သက်တော် ထင်ရှား ဘုရား အဖြစ် ပွင့်တော်မူရာ ဌာနများသို့ ကိုယ်တိုင် ဖူးမြော် ရန် ကြွရောက်ခဲ့လေသည်။

သူသည် ဘုရား ပွင့်တော်မူရာ အိန္ဒိယ နိုင်ငံတွင် ဗုဒ္ဓ ဘာသာသည် ကွဲပြား ခြားနားမှုများဖြင့် အားနည်းလာသည့် အဖြစ်ကို သိမြင်လေသည်။ ထိုအခါ သူသည် သံဃာ အဖွဲ့ အစည်းများကို ပြန်လည် ပြုပြင်ရန် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရန် အတွက် တတိယ သင်္ဂါယနာ ပွဲသဘင် ကို ကျင်းပ ပြုလုပ်ပေးခဲ့လေသည်။

အရေးအကြီးဆုံးမှာ ဗုဒ္ဓဘာသာကို ကမ္ဘာ့ ဘာသာ ကြီး တစ်ခု အဖြစ် ရောက်အောင် သူသည် ရဲရင့်စွာ ပြုလုပ် ဆောင်ရွက်ခဲ့လေသည်။ ထို့ကြောင့် အသောက မင်းကြီးကို ဗုဒ္ဓ ဘာသာကို ဒုတိယ တည်ထောင်သူအဖြစ်ပင် သဘော ထားကြရလေသည်။ အဘယ်ကြောင့်ဆိုသော် သူသည် ဗုဒ္ဓ ဘာသာကို ကမ္ဘာက သိမြင်အောင် ပြုလုပ်ခဲ့သောကြောင့် ဖြစ် ၏။

သူသည် ဗုဒ္ဓဘာသာကို အိန္ဒိယ နိုင်ငံ နယ်နိမိတ်ကို ကျော်လွန် ပြန့်ပွားသွားအောင် ဆောင်ရွက်တော်မူလေသည်။ အိန္ဒိယ နိုင်ငံ ပြင်ဘက်ရှိ ကိုးတိုင်း ကိုးဌာနသို့ သာသနာပြု အဖွဲ့များ၊ သံအဖွဲ့များကို စေလွှတ်၍ ရပ်ဝေး ရပ်နီး နိုင်ငံ အသီးသီးသို့ ဗုဒ္ဓ ဘာသာ ရောက်ရှိသွားအောင် ဆောင်ရွက် တော် မူခဲ့လေသည်။

သူ၏ အထောက်တော်များသည် ဆီးရီးယားသို့လည်း ရောက်သည်။ အီဂျစ်သို့လည်း ရောက်သည်။ ဂရိ နိုင်ငံသို့ လည်း ရောက်ခဲ့ကြလေသည်။ သူ၏ သားတော် အရှင် မဟိန္ဒ ဦးစီးသော သာသနာပြု အဖွဲ့ တစ်ဖွဲ့သည် သီရိလင်္ကာ နိုင်ငံ (ထိုစဉ်က သီဟိုဠ်) သို့ ရောက်ရှိခဲ့လေသည်။ ဤကား ဗုဒ္ဓ သာသနာတော်ကြီး ထူးကဲစွာ ကျယ်ပြန့်သွားခဲ့ခြင်း ဖြစ်၏။

ထိုမျှလောက် ဤသာသနာတော်ကြီး ကျယ်ပြန့် သွား လိမ့်မည်ဟု အာသောက မင်းကြီး ကိုယ်တိုင်ပင် ကြိုတင် မျှော်မှန်းထားခြင်း မရှိခဲ့ပေ။

## သီဟိုဠ် (သီရိလင်္ကာ)

သီဟိုဠ် (သီရိလင်္ကာ) ကား ကျွန်းနိုင်ငံ ဖြစ်သည်။ အာ သောက မင်းကြီးသည် ဤ ကျွန်းနိုင်ငံသို့ ဗုဒ္ဓ အယူဝါဒ များကို ဖြန့်ဖြူးရန် အတွက် သာသနာပြု ပုဂ္ဂိုလ်များကို လက်ဆောင် ပဏ္ဏာများဖြင့် စေလွှတ်၍ ပထမဆုံး ထိုး ဖောက်ခဲ့လေသည်။ နောက် ဆက်၍ အာသောက မင်းကြီး သည် သူ၏ သားတော် အရှင် မဟိန္ဒကို သာသနာပြု အဖွဲ့ တစ်ဖွဲ့ကို ဦးဆောင်၍ စေလွှတ်ခဲ့လေသည်။

ထိုအချိန်က စ၍ သီရိလင်္ကာ နိုင်ငံ၏ ယဉ်ကျေးမှု ကို စတင် ရေတွက် ရပေမည်။ ဗုဒ္ဓဘာသာ အယူဝါဒများ တည်မြဲရေး အတွက် ဗုဒ္ဓဘာသာ တန်ဆောင်း ကျောင်း ဇရပ်များ ပေါ်ပေါက် လာကြလေသည်။ ထိုသို့ သီဟိုဠ်တွင် ဗုဒ္ဓဘာသာ တည်မြဲလာခြင်း အတွက် အခြားသော ဗုဒ္ဓဘာ သာ ကမ္ဘာထဲက လူများက ကျေးဇူး တင်ရပေသည်။

ထိုအချိန်က စ၍ သီဟိုဠ် ကျွန်းတွင် အခြားသော အိန္ဒိယ နိုင်ငံ၌ ကြုံတွေ့ရသော သဘာဝ ဘေးအန္တရာယ် ကျရောက်မှုများကို ရာစုနှစ်ပေါင်း များစွာတိုင်အောင် ကြုံ တွေ့ရခြင်း မရှိတော့ပေ။ သီဟိုဠ် နိုင်ငံသို့ ရောက်ရှိခဲ့သော ဗုဒ္ဓဘာသာသည်လည်း နောင် နှစ်ပေါင်း များစွာ ကြာမြင့် သည့် တိုင်အောင် တစ်စုံတစ်ရာ အပြောင်းအလဲ မရှိဘဲ တည်တံ့ ခိုင်မြဲလျက်သာ နေခဲ့လေတော့သည်။

သီဟိုဠ်သို့ ရောက်ရှိခဲ့သော ဗုဒ္ဓဘာသာသည် ရှေးကျ သော ဗုဒ္ဓဘာသာ ဖြစ်သည်။ ထိုအကြောင်းကြောင့်လည်း သီဟိုဠ် သံဃာတော်များသည် ရှေးအကျဆုံး ဗုဒ္ဓကျမ်းစာ ပိဋကတ်တော်များကို ထိန်းသိမ်း စောင့်ရှောက်ခွင့် ရသော သမိုင်းဝင် ကံကြမ္မာနှင့် ကြုံခဲ့ရခြင်း ဖြစ်ပေသည်။

သမိုင်းကြောင်းကား ဤသို့ ဖြစ်၏။ ရှင်မဟိန္ဒသည် သီဟိုဠ်သို့ ကြွလာတော်မူစဉ်က သူနှင့် အတူ ဗုဒ္ဓ ပိဋက တော်များကို ယူဆောင်လာခြင်း မရှိခဲ့ပေ။ သို့သော် ရှင်မဟိန္ဒ နှင့် အပေါင်းပါ သံဃာတော်များသည် ယခုအခါ ပါဠိ ကျမ်းစာ များဟု ခေါ်ဆိုသော ထေရဝါဒ ဗုဒ္ဓ ကျမ်းစာများကို နှုတ်ငုံ အာဂုံဆောင်၍ ယူလာခဲ့ကြသည်ဟု ဆိုသည်။

ဤကိစ္စ မှန်သည် ဖြစ်စေ၊ မှားသည် ဖြစ်စေ ဗုဒ္ဓ ဘာသာ၏ မူရင်း ကျမ်းစာများ အားလုံးကို သီဟိုဠ် ဘာသာ

ထိုနိုင်ငံများ အားလုံးသည် ပို၍ တိကျ နိုင်မာသော ထေရဝါဒ ဗုဒ္ဓဘာသာကို လက်ခံ ကိုးကွယ်ခဲ့ကြလေသည်။

### ထေရဝါဒ၏ ယေဘုယျ သဘော လက္ခဏာများ

ထေရဝါဒ ဗုဒ္ဓဘာသာ အစုအစည်တွင် ရဟန်း သံဃာတော်များသည် အချက်အချာ ကျသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ထေရဝါဒ ဗုဒ္ဓ ကျမ်းစာများသည် မဟာယာန ကျမ်းစာများနှင့် နှိုင်းစာလျှင် နည်းသည်ဟု ဆိုနိုင်သော်လည်း ထို ကျမ်းစာများသည် ပို၍ ရှေးကျသော ပါဠိ ကျမ်းစာများ ဖြစ်ကြလေသည်။

ထေရဝါဒ ကျမ်းဂန်များ၌ အနတ္တ ဝါဒကိုသာ ဟော ကြားထားသည်။ ထို့ကြောင့် ထေရဝါဒ ရဟန်း သံဃာ များကလည်း အတ္တ မရှိကြောင်း ဟောကြားကြသည်။

လောကသည် မမြဲ၊ အနိစ္စ ဖြစ်သည်။ အစိုး မရ၊ အနတ္တ ဖြစ်သည်။ ရုပ်နာမ် လောကကား ဒုက္ခ အတိ ပြီး သည်။ သတ္တဝါ အားလုံး၏ ဘဝ ပန်းတိုင်သည် နိဗ္ဗာန် ဖြစ် သည်ဟု ခံယူထားကြသည်။ ဘုန်းကြီးကျောင်းနှင့် ဝိနည်း သိက္ခာပုဒ်များသည် ရှေးကျသော ဗုဒ္ဓဘာသာ မူအတိုင်းပင် ဖြစ်သည်။ ရဟန်း ပုဂ္ဂိုလ်၏ ပန်းတိုင်သည် အရဟတ္တဖိုလ် သို့ ရောက်ရေး၊ ရဟန်း ကိစ္စ ပြီးရေး၊ ရဟန္တာ ဖြစ်ရေးပင် ဖြစ်သည်။

ထို့ကြောင့် ထေရဝါဒ ဘုန်းကြီးကျောင်းများ၌ ပရိ ယတ္တိ စာပေ သင်ကြားခြင်း ကိစ္စ အပြင် ပဋိပတ္တိ၊ ဝိပဿနာ ဘာဝနာ လုပ်ငန်းသည်လည်း မလုပ် မနေရသော စည်းမျဉ်း တစ်ခုပင် ဖြစ်သည်။

သံဃာတော်များသည် နံနက်ပိုင်းတွင် ဆွမ်းခံ ထွက် ကြရသည်။ ဂေါတမ ဗုဒ္ဓ လက်ထက်တော်က အတိုင်းပင် ဆံမုတ်ဆိတ်ကို ပယ်လျက်၊ အဝါရောင် သင်္ကန်းကို ဆင် မြန်းလျက် နေ့စဉ် ရဟန်းတို့ ပြုရမြဲ ဝတ္တရား အတိုင်း ပြု ကျင့်ကြရသည်။ ဘဝ၏ အဓိက အရေး ထားရသော ကိစ္စ သည် မဂ်ဖိုလ် နိဗ္ဗာန်ကို ရရှိ၍ ဘဝ လွတ်မြောက်ရေးပင် ဖြစ်သည်။ ထေရဝါဒ အယူအဆများသည် ဂေါတမ ဗုဒ္ဓ၏ မူရင်း အဆုံးအမများနှင့် တစ်သဝေမတိမ်း ကိုက်ညီသည်။ ထေရဝါဒသည် ဘဝနေနည်း သက်သက် မဟုတ်တော့ဘဲ ဘာသာ ယုံကြည်မှုဘက်သို့ တိုးတက်သွားပြီ ဖြစ်ပါသည်။

ထေရဝါဒ ဗုဒ္ဓဘာသာဝင်များသည် ဓာတ်တော် မွေ တော်များကို လည်းကောင်း၊ ဗုဒ္ဓ ဆင်းတုတော်များကို လည်း ကောင်း ကိုးကွယ်ရာ၌ မိမိတို့အား ကောင်းကျိုး ချမ်းသာ

စကားသို့ ပြန်ဆို ထားခဲ့ကြလေသည်။ ထိုစဉ်ကမူ ထိုပိဋကက ကျမ်းစာများသည် ဗုဒ္ဓဘာသာ လောက၌ အပြည့်စုံဆုံး ပိဋကက ကျမ်းစာများ အဖြစ်ဖြင့် တည်ရှိခဲ့လေသည်။

အေဒီ (ခရစ်တော် ပေါ်ပြီး) ငါး ရာစုသို့ ရောက်သော အခါမှ ဗုဒ္ဓဘာသာ အဋ္ဌကထာ ဆရာကြီး ရှင်မဟာ ဗုဒ္ဓ ဃောသသည် သီဟိုဠ် နိုင်ငံသို့ ရောက်ရှိလာသည်။

သူသည် ဦးစွာ သီဟိုဠ် ဘာသာ စကားကို လေ့လာ သင်ကြားသည်။ တတ်မြောက်သော အခါ သီဟိုဠ် ဘာသာ ဖြင့် ရေးသော ဗုဒ္ဓ ပိဋကတော်များကို မူရင်း ပါဠိ ဘာသာ သို့ စတင် ပြန်ဆိုလေတော့သည်။

ရှင်မဟာဗုဒ္ဓဃောသ လက်စ မသတ်ဘဲ ကျန်ရှိသော ပိဋကက ကျမ်းစာများကို အိန္ဒိယမှ ကြွလာသော ပညာရှင် များက နောက်ဆုံးတွင် ပြည့်ပြည့်စုံစုံ ဖြစ်အောင် ဆက် လက် ဆောင်ရွက်ခဲ့ကြလေသည်။

သီဟိုဠ် နိုင်ငံသား ဗုဒ္ဓဘာသာဝင်များ၏ သာသနာ တော် အပေါ် ကြည်ညို လေးစားမှုကို ခေတ် အဆက်ဆက် အိန္ဒိယ ပြည်မှ ယူဆောင်လာကြသော ဗုဒ္ဓ ဓာတ်တော် မွေ တော်များက တိုးပွားစေခဲ့လေသည်။ ထိုဓာတ်တော် မွေ တော်များမှာ သပိတ်တော်၊ လက်ဝဲဘက် စွယ်တော်နှင့် ဗုဒ္ဓ ၏ ညှပ်ရိုးတော်တို့ ဖြစ်သည်။ ထိုဓာတ်တော် မွေတော်များ ကို ကြီးကျယ် ခမ်းနားသော ဓာတ်တော် တိုက်ကြီးများ တည်ဆောက်၍ ကိုးကွယ် ထားခဲ့ကြလေသည်။

သီဟိုဠ် နိုင်ငံသည် ယခုအခါ ရှေး အကျဆုံးသော ထေရဝါဒ ဗုဒ္ဓဘာသာ (ဟီနယာန) ဂိုဏ်း တည်ရှိသော နိုင်ငံ အဖြစ်ဖြင့် ထင်ရှားသည်။

### မြန်မာ၊ ထိုင်းနှင့် ကမ္ဘောဒီးယား

အရှေ့တောင် အာရှ နိုင်ငံများရှိ ဗုဒ္ဓဘာသာဝင်များသည် အဓိကအားဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ အထက် ဖော်ပြပါ နိုင်ငံများတွင် ဖြစ်ပေါ်ခဲ့သော ဗုဒ္ဓဘာသာ သမိုင်းသည် ခေတ်ပြိုင်ပင် ဖြစ်ပေါ်ခဲ့ကြလေသည်။ ထိုနိုင်ငံ သုံးနိုင်ငံစလုံးပင် တစ်ကြိမ် တစ်ခါက ဟိန္ဒူ ဘာသာ၏ ဩဇာ လွှမ်းမိုးမှုကို ခံခဲ့ကြရသည်။ အနည်းဆုံး မြောက်ပိုင်း ဒေသများ၌ မဟာယာန ဗုဒ္ဓဘာသာ ထွန်းကား ခဲ့ကြလေ သည်။ သို့ရာတွင် ထိုနိုင်ငံ သုံးခုစလုံးမှာပင် ထေရဝါဒ ဗုဒ္ဓ ဘာသာ ဩဇာ ကြီးမားလာသော အခါ ဟိန္ဒူ ဘာသာရော၊ မဟာယာန ဗုဒ္ဓဘာသာ ဩဇာ လွှမ်းမိုးမှုများပါ ပျောက်လွင့် သွားခဲ့ကြလေသည်။

ပေးနိုင်သော၊ ကယ်တင်နိုင်သော အရာများ အဖြစ် သဘော ထားလာကြသည်ကို တွေ့ရသည်။ ဤကား လူအများ၏ အလေ့အထ ဖြစ်ပေါ်လာခြင်းကို ဆိုလိုခြင်းသာ ဖြစ်ပေသည်။

ထေရဝါဒ ဗုဒ္ဓဘာသာ လောကတွင် ဗုဒ္ဓ၏ ဆင်းတုတော်များမှာ သေးသေးကလေးမှ ဧရာမ ဆင်းတုတော်ကြီးများ အထိ အရွယ်အစား မျိုးစုံ ရှိပေသည်။

## အိန္ဒိယ မြောက်ပိုင်း ဗုဒ္ဓဘာသာ

အာသောကမင်း လွန်ပြီး နောက်တွင်လည်း အိန္ဒိယ တစ်ပြည်လုံးတွင် ဗုဒ္ဓဘာသာသည် အနှစ် ၈၀၀ ကျော် ကြာအောင် ကြီးကျယ် ထွန်းကားလျက် နေခဲ့လေသည်။ ထို့နောက် အာသောက မင်းကြီး နတ်ရွာစံပြီးနောက် အနှစ် ၄၀ ကြာသော အခါ သူ၏ မင်းဆက်သည် အာဏာ တန်ခိုး ကျဆင်းသွားလေသည်။ ဂုတ္တ အင်ပိုင်ယာ ကျဆုံးစဉ်ကလိုပင် ဗုဒ္ဓဘာသာကို ရန်ပြုသော အင်အားစုများ အိန္ဒိယ အလယ်ပိုင်းတွင် အာဏာ တန်ခိုး ကြီးထွားလာကြလေသည်။

သို့ရာတွင် ထိုအချိန်၌ ဗုဒ္ဓဘာသာ၏ ဗဟိုဌာနသည် အနောက်ဘက်သို့ ပြောင်းရွှေ့သွားပြီ ဖြစ်၏။ အိန္ဒိယ နိုင်ငံ မြောက်ပိုင်းတွင် ဗုဒ္ဓဘာသာ စတင် ပြန့်ပွားနေပြီး ပုံစံသစ်ကိုလည်း ယူလျက် ရှိလေသည်။

ဘီစီ ၂ ရာစုနှင့် ၃ ရာစုတွင် ဆီးရီးယား လူမျိုးများ၊ ဂရိ လူမျိုးများနှင့် ဆင်းသီယန် လူမျိုးများသည် ပန်ဂျပ်ပြည်နယ်ထဲသို့ လိမ့်ဝင်လာကြသည်။ ထို့နောက် ထိုဒေသကို ကြီးစိုးလာကြလေသည်။

သူတို့သည် *ဂရိကို ဘက်ထရီးယန်း* [၁] ယဉ်ကျေးမှုကို ဦးဆောင်သူများ ဖြစ်လာကြလေသည်။ မိလိန္ဒ မင်းကြီးကား ထိုလူမျိုးများ၏ ဘုရင် တစ်ပါး ဖြစ်၏။ ထိုမင်းကြီးသည် ဗုဒ္ဓဘာသာကို ခံယူ ကျင့်သုံးခဲ့လေသည်။ သူ့ နိုင်ငံတော်သစ်တွင် ဗုဒ္ဓဘာသာ ဩဇာ ကြီးလာခဲ့လေသည်။

ထို့နောက် ဘီစီ ၁ ရာစုတွင် အာရှတိုက် အလယ်ပိုင်းမှ ဆင်းသက်လာသော တူရကီနွယ် နောမတ် လူမျိုးများဖြစ်သော *ကူရှန်း* [၂] လူမျိုးစုများသည် အာဖဂန်နစ္စတန်နှင့် အိန္ဒိယ နိုင်ငံ မြောက်ပိုင်းကို တိုက်ခိုက် သိမ်းယူခဲ့ကြလေသည်။ သူတို့သည် ဂရိကို ဘက်ထရီးယန်း ယဉ်ကျေးမှုကို သူတို့ ယဉ်ကျေးမှုနှင့် ရောပြီး သမသွားအောင် ပြုလုပ်ခဲ့ကြလေသည်။ သူတို့၏ ထင်ရှားသော မင်းကြီးသည် *ကနိသက* [၃] ဖြစ်၏။ ပက်ရှဝါတွင် မြို့တော် တည်ထားပြီးလျှင် ဇိုရိုအက်စတြီးယန်း ဘာသာ အပါအဝင် ဘာသာပေါင်းစုံကို လေ့လာခဲ့လေသည်။ ထို့နောက်မှ သူသည် ဗုဒ္ဓဘာသာကို ခံယူ ကိုးကွယ်ခဲ့လေသည်။ သူ့ ကျေးဇူးလည်း နောက်ပိုင်း ဂရိကို ဗုဒ္ဓဘာသာ ယဉ်ကျေးမှု တိုးတက် ထွန်းကားလာရာ၌ ကြီးမားလှပေသည်။ အစက ဂရိ ဗိသုကာ လက်ရာများသည် ထိုမင်း လက်ထက်တွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုများ ရောနှောလျက် သီးခြား အနု လက်ရာများ အဖြစ် ထွန်းကားလာလေသည်။

ဗုဒ္ဓ ရုပ်ပွားတော်များ ထုလုပ်ရာတွင် ဂရိ အနုပညာ လက်ရာများ ရောနှောလာသည်။ ဆံရစ်ခွေများ ပါသော ဗုဒ္ဓ ဆင်းတုတော်များသည် ဂရိ ဗိသုကာ လက်ရာများ ဖြစ်ကြသည်။ ထိုလက်ရာများ၏ ဩဇာသည် နောင်အခါ ဂျပန်ပြည်တိုင်အောင် ပျံ့နှံ့သွားခဲ့လေသည်။

ဤအိန္ဒိယ နိုင်ငံ မြောက်ပိုင်းမှာပင် ပထမဆုံး အကြိမ် အဖြစ် မဟာယာန ဗုဒ္ဓဘာသာ ဂိုဏ်းကြီး ပေါ်ပေါက် ထွန်းကားလာလေသည်။

## အိန္ဒိယတွင် မဟာယာနဂိုဏ်း ပေါ်ပေါက်လာခြင်း

ဘီစီ ၃ ရာစုနှင့် ၁ ရာစုကြား ကာလ ကနိသကမင်း အိန္ဒိယပြည် မြောက်ပိုင်းကို အုပ်စိုးစဉ် နောင်အခါ မဟာယာန ဂိုဏ်းဟု တွင်မည့် ဗုဒ္ဓဝါဒသည် ထိုစဉ်က လူသိမများလှသော်လည်း စတင် ဖြစ်ပေါ်လျက်ရှိပြီ ဖြစ်၏။

ဤ ဖြစ်ပေါ် တိုးတက်မှုသည် အရေးပါသော ဖြစ်ပေါ်တိုးတက်မှု အသစ် တစ်ခု ဖြစ်၏။

မဟာယာန ဗုဒ္ဓဘာသာသည် ကနိသကမင်း ဗုဒ္ဓဘာသာဝင် ဖြစ်လာပြီးနောက် လျင်မြန်စွာ စတင် ဖြစ်ပေါ်တိုးတက်လာခဲ့လေသည်။ ဤမင်း၏ အားပေး ချီးမြှောက်မှုကြောင့်လည်း ဖြစ်နိုင်သည်။

မဟာယာန အယူအဆများသည် မည်သည့် အစီအစဉ်ဖြင့် စတင် ပေါ်ပေါက်လာသည် ဆိုသည်ကား တိတိကျကျ ဆုံးဖြတ်ရန် မဖြစ်နိုင်တော့ပေ။

သို့သော် မဟာယာန ဗုဒ္ဓဘာသာသည်လည်း ထေရဝါဒ (ဟိနယာန) ဗုဒ္ဓဘာသာကို တချို့ အချက်တွင် အတုယူ၍ ကျယ်ပြန့် တိုးတက်လာခဲ့သည်မှာကား ထင်ရှားသည်။

၁။ Greco-Bactrian ၂။ Kushans

၃။ Kanishka

မဟာယာနများကလည်း ထေရဝါဒ ဂိုဏ်းသားများ လိုပင် ဂေါတမ ဗုဒ္ဓကို ဘုရား အဖြစ်ဖြင့် ကိုးကွယ် ဆည်းကပ်သည်။

မဟာယာန ဂိုဏ်းသားများက ဗုဒ္ဓကို ကိုးကွယ်ရာ၌ လူသားတို့၏ ဒုက္ခကို ကယ်တင်လိုသော မဟာ ကရုဏာတော်ကြောင့် နတ်ပြည်မှ လူ့ပြည်သို့ သက်ဆင်းတော်မူသော နတ်ဘုရား အဖြစ်ပင် မြင်သည်။ ဗုဒ္ဓသည် လူသားများအား ဒုက္ခမှ လွတ်မြောက်ကြောင်း နည်းလမ်းကောင်းကို သွန်သင် ဆုံးမတော်မူသည်။

ဘုရား ဖြစ်တော်စဉ် ဇာတက ဝတ္ထုများ အရ ဗုဒ္ဓသည် ဘဝပေါင်း များစွာ ကျင်လည်၍ ပါရမီတော်များကို ဖြည့်ဆည်းခဲ့ရလေသည်။ နောက်ဆုံးကျမှ တုသိတာ နတ်ပြည်မှာ နတ်သား ဖြစ်သည်။ ထိုနတ်ပြည်ကမှ လူသားများ၏ ဒုက္ခကို ကယ်တင်ရန် အတွက် လူ့ပြည်သို့ ဆင်းသက်တော်မူခဲ့လေသည်။

ထိုသို့ ပါရမီတော်ကို ဖြည့်ကျင့်တော် မူခဲ့ရသော ကာလက ဗုဒ္ဓကို ဘယ်လို ခေါ်မလဲ ဆိုသော ပြဿနာ ပေါ်လာသည်။ မဟာယာနများက ထိုဘုရား ဖြစ်ရန် ပြင်ဆင်သော ဘဝကို 'ဗောဓိသတ္တ' ဟု ခေါ်ကြသည်။

ဤ ဗောဓိသတ္တ ဘုရားလောင်း အလောင်းတော် ဆိုသော ဝေါဟာရသည် ရှေးကျသော ပိဋက ကျမ်းစာများ မှာလည်း ပါသည်။ ဂေါတမ ဗုဒ္ဓ ဘုရား မဖြစ်မီက ဘဝ၊ ဘုရား ဖြစ်မည့်သူ၊ သဗ္ဗညုတဉာဏ်ကို ရမည့် ပုဂ္ဂိုလ်ဟု အနက် အဓိပ္ပာယ် ရရှိလေသည်။

သို့သော် မဟာယာန ဗုဒ္ဓဘာသာ ပေါ်ပေါက် လာသော အခါ ဤစကားလုံးသည် အလွန် အရေးပါ အရာရောက်သော စကားလုံး ဖြစ်လာသည်။ ဘာသာရေး သမိုင်းကို ဖော်ဆောင်သော စကားလုံး ဖြစ်လာသည်။

နောက် တစ်ဆင့်တွင် မဟာယာနတို့ ယူဆသော အယူအဆသည် ဗြဟ္မဏ ဝါဒ၏ ဩဇာ လွှမ်းမှုကို သွယ်ဝိုက်၍ ရယူခဲ့ခြင်း ဖြစ်နိုင်သည်။

ထိုအယူအဆသည် 'အဝတာရ' ဆိုသော လူ့ ပြည်ကို ဆင်းသက်သော ဘုရားလောင်း ဆိုသည့် သဘောအယူအဆ ဖြစ်သည်။ မဟာယာနတို့အား ထိုအယူအဆကလည်း ဩဇာ လွှမ်းမိုးခဲ့ခြင်း ဖြစ်နိုင်သည်။

နောက် မဟာယာနတို့ အထူး အရေးထား၍ ပြောဆိုကြသော ယုံကြည်ချက် တစ်ခုလည်း ရှိသေးသည်။ ထေရဝါဒ ဗုဒ္ဓဘာသာတွင်လည်း ထိုအယူအဆကို လက်ခံထားသည်။

၄င်းမှာ ဂေါတမ ဗုဒ္ဓသည်သာလျှင် တစ်ပါးတည်းသော ဗုဒ္ဓ မဟုတ်၊ ဂေါတမ မတိုင်မီကလည်း ဂင်္ဂါဝါလုသဲစုမက ဗုဒ္ဓ ဘုရားများ ပွင့်ခဲ့ဖူးကြပြီ ဆိုသော အယူအဆ ဖြစ်သည်။ မဟာယာနများက ထို ဗုဒ္ဓများ အနက် တချို့က လူ့ပြည် လူ့ကမ္ဘာ မြေပေါ်သို့ ဆင်းသက်လာကြသည်။ တချို့မှာမူ နတ်ပြည်တွင်ပင် ရှိနေသည်။ တချို့မှာ နောင်ပွင့်မည့် ဘုရား 'ဗောဓိသတ္တ' များ အဖြစ်ပင် ရှိနေကြသေးသည်ဟု ယူဆကြသည်။

မဟာယာနများက ထို ဘုရားလောင်းများ၏ အမည်များကို ပြန်လည် ဖော်ထုတ်နိုင်ခဲ့ကြလေသည်။ (မှတ်တမ်းမှတ်ရာများလည်း မရှိဘဲ၊ သမိုင်း အထောက်အထားများလည်း မရှိဘဲ ထိုအမည်များကို ဘယ်လို ဖော်ထုတ်နိုင်တာလဲဟု စာဖတ်သူ တွေးရခက်ကြီး ဖြစ်မည် ဆိုက ဖြစ်နိုင်သည်။ ဤအချက်ကို အနောက်တိုင်းသားတို့ နားလည်နိုင်ကြမည် မဟုတ်ပေ။)

အရှေ့တိုင်းတွင် အတိတ် အနာဂတ်ကို ထိုးထွင်း သိမြင်နိုင်သော ပုဗ္ဗေနိဝါသ ဉာဏ်၊ အနာဂတံသ ဉာဏ်၊ ဒိဗ္ဗစက္ခု အဘိညာဉ်များ ရှိသည်ဟု ယုံကြည် လက်ခံ ထားကြသည်။ မဟာယာနတို့၏ သက္ကဋ ဘာသာ ကျမ်းများ၌ ထိုဘုရားလောင်းများ အကြောင်း များစွာ ပါရှိသည်။

မဟာ ကရုဏာတော်ရှင် ထိုဘုရားလောင်းများသည် နတ်ပြည်တွင် ရှိနေကြသည်။ သူတို့သည် လောကကို အစဉ်ကြည့်ရှု စောင့်ရှောက်နေကြသည်။ ထို ဘုရားလောင်းများသည် လူသားများကို ကယ်လည်း ကယ်မနိုင်ပြီး ကယ်တင် မစလိုသော ဆန္ဒလည်း ရှိကြသည်။ ထို့ကြောင့် မဟာယာနများက ဆုတောင်း ပတ္ထနာ ပြုခြင်းကို လက်ခံသည်။ ဆုတောင်း ပတ္ထနာ ပြုသော သူအား ဘုရားလောင်းများက စောင့်ရှောက် မစသည်။ တောင်းသော ဆုကို ပြည့်စေသည်ဟု ယူဆကြလေသည်။ (ထေရ ဝါဒ၌ ဆုတောင်းခြင်းဖြင့် ဘာမျှ မရနိုင်၊ မိမိဘာသာ လုပ်ယူမှ ရသည်ဟု ယူဆကြသည်။ မဟာယာနကမူ ဆုတောင်း ပတ္ထနာ ပြုလျှင်လည်း ရသည်။ ထိုသူ၏ ဆုတောင်းကို ကရုဏာတော်ရှင် ဘုရားလောင်း ဗောဓိသတ္တများက လက်ခံ၍ ဆုကို ပြည့်စေသည်ဟု ယူဆကြသည်။ ယခုအခါ ထေရဝါဒကို ယုံကြည်သူများမှာလည်း နတ်ပြည်တွင် ရှိသော ဗောဓိသတ္တများက လူသားတို့ကို ကယ်မသည်ဟု မယူဆသော်လည်း ရုပ်တုဆင်းတုတော်များ၊ ဓာတ်တော်များမှာ စောင့်ရှောက်သော ပုဂ္ဂိုလ်များ ရှိသည်ဟု ယူဆကြပြီးလျှင် ဘုရားမှာ ဆွမ်းကပ်၊ ပန်းကပ်၊ ရေချမ်းကပ်၊ အမွှေးတိုင် အလင်းတိုင်

ထွန်းညှိပြီး ဆုတောင်း ပတ္ထနာ ပြုနေကြသည်ကား အထင် အရှား ဖြစ်သည်။ ထိုသို့ ဆုတောင်း ပတ္ထနာ ပြုခြင်းဖြင့် လောကီ စည်းစိမ် ချမ်းသာကို ရနိုင်သည်၊ လာဘ်လာဘ ရနိုင်သည်၊ အန္တရာယ်ကင်း ဘေးရှင်းသည်ဟု ယူဆလျက် ဆုတောင်း ပတ္ထနာ ပြုနေကြသည်ကိုလည်း တွေ့ရသည်။)

မဟာယာနတို့၏ ဘုရား တရား ကြည်ညိုသော စိတ် ဓာတ်ကို နံရံဆေးရေး ပန်းချီများ ရုပ်တု ဆင်းတုများဖြင့် တန်ဆာ ဆင်လျက် ဖော်ပြတတ်ကြသည်။

မဟာယာနတို့က မိမိဘာသာ တစ်ဦး တစ်ယောက် တည်း အားထုတ်၍ ဘဝ လွတ်မြောက်ရေး ရခြင်းကို ဘဝ လွတ်မြောက်ခြင်း အစစ်ဟု မယူဆကြတော့ပေ။ ဗောဓိ သတ္တများကား နတ်ပြည်တွင် နေသော နတ်ဘုရားများပင် ဖြစ်ကြသည်။ သူတို့သည် ၎င်းတို့ကို ယုံကြည် ကိုးကွယ် သူများအား ကယ်တင်ရန် စိတ်ဆန္ဒ ပြင်းပြကြသည်။ ဘုရား လောင်းများသည် သူတို့ ပြုပြီးသမျှ ကုသိုလ် ကောင်းမှုများ ကို ၎င်းတို့အား ကိုးကွယ်သူများအားလည်း မျှဝေပေးရန် စိတ်အား ထက်သန်ကြသည်ဟု ယုံကြည်ကြသည်။

ဤကဲ့သို့ ဗောဓိသတ္တ ဘုရားလောင်း နတ်သားများ ၏ ကယ်တင်ခြင်း၊ မစခြင်း သဘောတရားကြောင့် ကိုယ် လုပ်မှ ကိုယ်ရသည်၊ ဘယ်သူကမျှ မမစနိုင်ဟု ယုံကြည် သော ထေရဝါဒကို လက်ခံရန် တွန့်နေးလျက် ရှိကြသော နိုင်ငံများသည် မဟာယာန ဗုဒ္ဓဘာသာကိုမူ စိတ်အား ထက် သန်စွာ လက်ခံ ကိုးကွယ်ခဲ့ကြလေသည်။ မဟာယာန ဗုဒ္ဓ ဘာသာသည် ကျယ်ပြန့်သည့် သဘော ရှိသည်ဟု ယူဆ ကြသည်။ ထိုဗုဒ္ဓဘာသာသည် ကာလ ဒေသ အခြေအနေ ကို လိုက်၍ အလိုက်သင့် ပြောင်းလဲနိုင်သည်။

ထို့ကြောင့် အနောက် နိုင်ငံများတွင်လည်း မဟာယာန ဗုဒ္ဓဘာသာက ပျံ့နှံ့ဖို့ လွယ်ကူခဲ့လေသည်။

## ၂။ မြောက်ပိုင်း နိုင်ငံများ၌ ဗုဒ္ဓဘာသာ ပြန့်ပွားခြင်း

### တရုတ်ပြည်

ဤဇာတ်လမ်းကား စာတစ်ပုဒ် နှစ်ပိုဒ်လောက်ဖြင့် အပြည့် အစုံ ဖြစ်အောင် ပြော၍ ရနိုင်သော ဇာတ်လမ်း မဟုတ်ပေ။ ထို့ကြောင့် ကျယ်ပြန့်စွာ အကျဉ်းချုပ် သဘောများကိုသာ ဤတွင် တင်ပြနိုင်ပေမည်။

အလွန် ရှေးကျသော အခါ (ဘီစီ သုံး ရာစုလောက်) ကပင် တရုတ်ပြည်နှင့် အိန္ဒိယပြည်သည် အဆက်အသွယ် ရှိခဲ့ကြလေသည်။ စစ်ရေးနှင့် ကူးသန်း ရောင်းဝယ်ရေး ကိစ္စ များဖြင့် ရေကြောင်း အဆက်အသွယ်ရော၊ ဗဟို အာရှ လမ်းမကြီးဖြင့် ကုန်းကြောင်း အဆက်အသွယ်ရော ရှိခဲ့ကြ လေသည်။ သို့သော် ခရီးလမ်း ကွာဝေးလွန်းပြီး အခက် အခဲများကြောင့် ဤ ဆက်သွယ်မှုသည် နည်းပါးလာပြီး ကြာရှည် မခံခဲ့ပေ။

ခရီးသွား မှတ်တမ်းများ၌ ဗုဒ္ဓ၏ အမည်နှင့် ဗုဒ္ဓ၏ ဟောကြား ဆုံးမချက်များကိုမူ ဟန်မင်းဆက် နှောင်းပိုင်း ဧကရာဇ် ဘုရင် မင်တီ (အေဒီ ၅၈-၇၅) မတိုင်မီကပင် တရုတ်ပြည်တွင် သိရှိနေကြပြီ ဖြစ်၏။ ဗုဒ္ဓဘာသာနှင့် ပတ် သက်သော အသိပညာသည် အတော်ပင် ကျယ်ပြန့်နေပြီ ဖြစ်ပါသည်။ သမိုင်းဆရာက မင်တီ ဘုရင် အုပ်စိုးသော ခေတ် ခြောက်နှစ်ကျော်လောက်ကတည်းကပင် သူ့ နိုင်ငံ ထဲတွင် ဗုဒ္ဓဘာသာကို လူအများ စတင် စိတ်ဝင်စား နေ ကြပြီ ဖြစ်သည်ဟု ဆိုသည်။

အဘယ်ကြောင့် ဆိုသော် မင်တီ ဘုရင်သည် အိပ်မက် ထဲတွင် ရွှေရောင် ဗုဒ္ဓ ဆင်းတုတော် တစ်ဆူသည် လေမှာ ပျံဝဲလျက် သူ့ခန်းမဆောင်ထဲသို့ ကြွလာသည်ဟု မြင်မက် လေသည်။ ထိုဆင်းတုတော်၏ ဦးခေါင်းတော်မှာလည်း နေ မင်းကဲ့သို့ ထွန်းလင်းနေလေသည်။

ရှေးကျသော ဒဏ္ဍာရီများ၌ (ဒဏ္ဍာရီ သက်သက် ဖြစ်၏။) မင်တီ ဘုရင်သည် အထူး သံတမန် ၁၂ ဦးကို အိန္ဒိယပြည်သို့ စေလွှတ်ပြီးလျှင် ဗုဒ္ဓ ဓမ္မများကို ပို၍ တိတိ ကျကျ ပြည့်ပြည့်စုံစုံ ဆောင်ယူလာကြရန် စေခိုင်းခဲ့လေ သည်။ သံတမန်များလည်း အိန္ဒိယပြည်မှ ပြန်လာကြသော အခါ သူတို့နှင့်အတူ ဗုဒ္ဓစာပေ ကျမ်းဂန်များကို စာကြည့် တိုက် တစ်ခုစာ သယ်ဆောင်လာကြသည်။ ဗုဒ္ဓ ဆင်းတု တော်များကိုလည်း ပင့်ဆောင်လာကြသည်။ ထို့ပြင် ပို၍ အရေး ပါသော အချက်မှာ ဗုဒ္ဓဘာသာ ရဟန်းတော်များကို ပါ ပင့်ဆောင်လာကြခြင်း ဖြစ်၏။ တကယ့် သာသနာပြု စိတ်ဓာတ်ဖြင့် ပြုလုပ်ခဲ့ကြခြင်း ဖြစ်၏။ ရဟန်း သံဃာ တော်များသည် ပိဋကတော် ကျမ်းများကို သယ်ဆောင်လာ

သော မြင်းများပေါ်မှ ချပြီးနောက် ဘုရင်က သူတို့ အတွက် အသင့် ဆောက်လုပ်ထားသော ဘုန်းကြီး ကျောင်းများသို့ ကြွသွားပြီးလျှင် ခရီး ရောက်မဆိုက်ပင် သယ်ဆောင်လာသော ပိဋကတော်များကို တရုတ် ဘာသာသို့ ပြန်ဆိုခြင်းကို စတင် ပြုလုပ်လေတော့၏။

အေဒီ ၆၅ ခုနှစ်တွင် မင်တီ ဘုရင်သည် သူကိုယ်တိုင်က ဗုဒ္ဓဘာသာဝင် မဖြစ်သေးမီပင် ဗုဒ္ဓ ရုပ်ပွားတော် တစ်ဆူကို တည်ထားရန်နှင့် ဗုဒ္ဓဘာသာ အယူဝါဒကို ဖြန့်ဖြူးရန်ကို ခွင့်ပြုခဲ့သည် ဆိုသော အချက်မှာ ယုံကြည်နိုင်ဖွယ်ခိုင်လုံသော အကြောင်း ရှိလေသည်။

သို့သော် ထိုစဉ် အခါကမူ ဗုဒ္ဓဘာသာသည် တရုတ်ပြည်တွင် တိုးတက်မှု အနည်းငယ်သာ ရှိခဲ့လေသည်။ ဤသို့ဖြစ်ရခြင်းမှာ ထေရဝါဒ အစဉ်အလာ အယူအဆများသည် တရုတ် လူမျိုးတို့၏ စိတ်သဘောထား၊ ဓလေ့ ထုံးစံများနှင့် သူစိမ်း ဆန်နေသောကြောင့် ဖြစ်နိုင်ပေသည်။

*ဘုန်းကြီး ရဟန်း ပြုခြင်း အယူဝါဒ* [၁] သည်လည်း တရုတ် လူမျိုးတို့၏ မိသားစု ဘဝ အပေါ် တန်ဖိုးထားအရေးပေးမှု၊ ဘဝကို တွယ်တာ မြတ်နိုးမှုနှင့် ဘဝ အကောင်းမြင် ဝါဒတို့နှင့် အလွယ်တကူ ပေါင်းစပ်၍ မရနိုင်သော အချက် တစ်ခု ဖြစ်ခဲ့လေသည်။ ထို့ပြင် တရုတ် လူမျိုးများသည် ကိုယ့်ဘဝနှင့်ကိုယ် ပြည့်စုံ လုံလောက်နေကြသူများ ဖြစ်ကြသည်။ ပြီးတော့ တရုတ် လူမျိုးများသည် လက်တွေ့ကျသည်။ ရုပ်ဝါဒီ ဆန်ကြသည်။

သို့ဖြစ်ရာ လေးနက် သိခက်သော ဗုဒ္ဓဘာသာသည် တရုတ်တို့ လက်ခံထားသော လေးနက် သိခက်သော *တောက်ဝါဒ* [၂] နှင့် နီးစပ်ကြောင်းကို သက်သေ ပြရပေဦးမည်။

ဗုဒ္ဓ ဘာသာ အနေနှင့် အနိစ္စ သဘော၊ ဒုက္ခ သဘော၊ အနတ္တ သဘောတို့၏ ဘဝ တန်ဖိုး ရှိပုံကို ပြသရပေမည်။ ထို့နောက် သံသရာ ဝဋ်ဒုက္ခမှ ထွက်မြောက်ရေးသည် လိုအပ်ပုံကို ပြရပေဦးမည်။ ဤကား ခိုင်မာသော အစဉ်အလာ ဖြစ်၏။

ဟန်မင်းဆက် လက်ထက် (၂၀၈ ဘီစီမှ ၈ ရာစု အေဒီ နှင့် ၂၃ မှ ၂၂၀ အေဒီ) အတွင်း၌ ဘုန်းကြီး ရဟန်း ပြုခြင်းကို တရုတ် မိသားစုများက ဆန့်ကျင်ခဲ့ကြလေသည်။ တရုတ် လူငယ် ယောကျ်ားကလေးများကို ရဟန်းဘောင်သို့ သွတ်သွင်းခြင်းကို ဥပဒေ အရ တားမြစ် ပိတ်ပင်ခဲ့ရလေသည်။

သို့သော် ဤသို့သော မလိုလားမှုသည် အကြောင်း အမျိုးမျိုးကြောင့် ပြိုကွဲသွားခဲ့ရလေသည်။ ဟန်ခေတ်တွင် တရုတ်ပြည်သည် စည်းလုံး ညီညွတ်ခဲ့လေသည်။ ကမ္ဘာပေါ်တွင် စံပြ ကွန်ဖြူးရှပ် လူ့ အဖွဲ့အစည်း၊ စံပြ ပဒေသရာဇ် နိုင်ငံ အဖြစ် တည်ဆောက်ရန် ကြိုးပမ်းခဲ့လေသည်။

သို့ရာတွင် ဟန်မင်းဆက် နောက်ပိုင်းတွင် စည်းလုံး ညီညွတ်မှု ပျက်ပြားပြီး တိုင်းပြည် အစိတ်စိတ် ကွဲပြား၍ ကသောင်းကနင်း ဖြစ်သွားပြန်လေသည်။ ထိုအခါ နေပြည်တော် သုံးခု ကွဲပြား သွားလေသည် (၂၂၀–၂၈၀ အေဒီ)။

ထို့နောက် တစ်ဆက်တည်း ဖြစ်လာသော ရာစု သုံးခု အတွင်းတွင် အာရှတိုက် အလယ်ပိုင်းမှ နောမတ် လူမျိုးစုများသည် တရုတ် တံတိုင်းကြီး အပြင်ဘက်က ဝိုင်းရံထားပြီး အလုံးအရင်းနှင့် ဝင်ရောက် တိုက်ခိုက် ခဲ့ကြလေတော့သည်။ ထိုအခါ တရုတ်ပြည်လည်း အစိတ်စိတ် ကွဲ၍ လူအပေါင်းလည်း ဆင်းရဲဒုက္ခ များစွာ ရောက်ခဲ့ကြရလေတော့သည်။

ထိုအခါ တရုတ် ပညာရှိများသည် တရုတ်ပြည်၏ နိုင်ငံရေး ဘဝ အပေါ် မျှော်လင့်ချက် ကုန်ဆုံးသွားကြသည်။ ကွန်ဖြူးရှပ်၏ ဘဝ အကောင်းမြင် လူသား ဝါဒကိုလည်း စိတ်ပျက်သွားကြလေသည်။ ထိုအခါ ဆိတ်ကွယ်ရာ၌ ငြိမ်းအေးမှုကို ရှာသော တောက် ဝါဒဘက်သို့ စိတ်လည် သွားကြပြန်သည်။ ထိုအချိန်တွင် တရုတ် လူမျိုးများသည် လောကီ အာရုံ ကာမဂုဏ်များ၊ လောကီ တန်ခိုး အာဏာများကို အထင်အမြင် သေးသွားကြသည်။

ထိုအချိန်၌ ဗုဒ္ဓဘာသာ အတွက် တရုတ် လူမျိုးများ စိတ်လည်ရန် အချိန် တန်သော ကာလ ဖြစ်လာသည်။ ဟန်မင်းဆက် လက်ထက်ကပင် တောက် ဝါဒကို လက်ခံကြသူများသည် ဗုဒ္ဓဘာသာကိုပါ စိတ်ဝင်စားလျက် ရှိနေကြပြီ ဖြစ်ကြောင်း အထောက်အထားများ တွေ့ရှိရပေသည်။ အဘယ်ကြောင့် ဆိုသော် ဗုဒ္ဓ ဝါဒသည် သူတို့၏ တောက်ဝါဒနှင့် တူညီသော အချက်များ ရှိသည်ဟု ယူဆသောကြောင့် ဖြစ်၏။

အခြား လူများကလည်း ဗုဒ္ဓဘာသာကို စိတ်ဝင်စားလာကြသည်။ အဘယ်ကြောင့် ဆိုသော် သူတို့ မြင်တွေ့နေရသော လောကကြီးသည် အမှန်ပင် စိတ်ပျက်စရာ ဒုက္ခ အတိ ပြည့်လျက် ရှိသောကြောင့်တည်း။

သို့သော် သာမန် အရပ်သူ အရပ်သားများမှာလည်း ဗုဒ္ဓဘာသာကို လက်ခံရန် အသင့် ဖြစ်နေကြလေသည်။ တရုတ်ပြည် တံတိုင်းကြီးကို ချိုးဖောက်၍ ဝင်ရောက်လာ

---

၁။ Monasticism ၂။ Taoism

ကြသော နောမတ် လူမျိုးများထဲတွင် မဟာယာန ဗုဒ္ဓဘာသာဝင်များ ပါဝင်ကြလေသည်။ တရုတ်ပြည် လူထုအတွက် သူတို့သည် ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ယူဆောင်ခဲ့ကြလေသည်။ တောင်ဘက် အရပ်မှလည်း မဟာယာန သာသနာပြု အဖွဲ့မှာ ဝင်ရောက်လာခဲ့ပြီ ဖြစ်ပါသည်။ ထိုသာသနာပြု အဖွဲ့များသည် အိန္ဒိယပြည်မှ တိုက်ရိုက်လာကြသူများ ဖြစ်၏။

ထို မဟာယာန ဗုဒ္ဓဘာသာဝင်များ၏ ပျော့ပျောင်းသော အယူအဆများသည် တရုတ်တို့၏ လိုအပ်ချက်နှင့် တွေးခေါ်ပုံကို အသိ အမှတ်ပြုခဲ့သည်။

တရုတ်တို့ လက်ခံထားသော မိဘ ဘိုးဘွားများအပေါ် သားသမီးများ၏ ဝတ္တရား ကျေပွန်ခြင်း သဘောကို ဗုဒ္ဓဘာသာထဲမှာလည်း တွေ့ကြရသည်။

ထို့ပြင် တိရစ္ဆာန်များ၏ အသက်ကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ မူးယစ်စေတတ်သော သေရည် သေရက်ကို သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် ငါးပါး သီလထဲမှာ ပါသော သိက္ခာပုဒ်များမှာလည်း တရုတ် လူမျိုးတို့အတွက် စိတ်ကြိုက် ဖြစ်စေခဲ့၏။ သားများသည် ကွယ်လွန်ပြီးသော မိဘများ အတွက် ကောင်းမှု ကုသိုလ် ပြုခြင်းသည် ထိုမိဘများကို စိတ် ချမ်းသာစေသည်၊ ကောင်းရာ သုဂတိဘုံသို့ ရောက်စေနိုင်သည် ဆိုသော အယူအဆသည် တရုတ် လူမျိုးများ၏ အစဉ်အလာ အယူအဆများနှင့် ကိုက်ညီသည်။

ထို့နောက် ဗုဒ္ဓဘာသာ ရဟန်း သံဃာတော်များကလည်း အိန္ဒိယ အတွေးအခေါ်များထဲမှ တမလွန် ဘဝ အကြောင်းများကို ဟောပြောလာကြသည်။ တမလွန် ဘဝနှင့် ပတ်သက်၍ ကျေနပ်ဖွယ် ကောင်းအောင် ရှင်းလင်းသော အတွေးအခေါ် အယူအဆမျိုးသည် တရုတ်တို့၏ အတွေးအခေါ်ထဲတွင် မရှိခဲ့ပေ။

ထို့ကြောင့် မဟာယာန ဗုဒ္ဓဘာသာသည် တောက်ဝါဒကိုရော၊ ကွန်ဖြူးရှပ် ဝါဒကိုရော တမလွန် ဘဝ၏ သရုပ်ကို စိတ်ဝင်စားဖွယ် ဖော်ပြရာ၌ သာလွန်သွားလေတော့သည်။

ထို့ကြောင့် မဟာယာန ဗုဒ္ဓဘာသာကို တရုတ် လူမျိုးများ ဝမ်းသာအားရ လက်ခံလာကြရာ အေဒီ လေး ရာစုလောက်တွင် ဤဗုဒ္ဓဘာသာသည် လူများစု နှစ်သက် လက်ခံသော ဘာသာ ကိုးကွယ်မှု ဖြစ်လာလေတော့သည်။

တရုတ်ပြည် မြောက်ပိုင်းတွင် ယခုအခါ တိုင်းရင်းသား တရုတ် လူမျိုးများနှင့် ကျူးကျော် ဝင်ရောက်လာသော လူရိုင်းများမှာ သွေးရောကုန်ကြပြီ ဖြစ်၏။ ထိုဒေသတွင် ရှေးကျသော တရုတ် ယဉ်ကျေးမှုများလည်း ယိမ်းယိုင်သွားပြီ ဖြစ်ပါသည်။

တရုတ်ပြည် တောင်ပိုင်းတွင်ကား မဟာယာန ဗုဒ္ဓဘာသာ ထိုးဖောက် ဝင်ရောက်ရန် နှေးကွေးခဲ့သည်။ ထိုဒေသတွင် ကွန်ဖြူးရှပ် ဝါဒကသာ တန်ခိုးထွားဆဲ ဖြစ်၏။ ထိုဒေသတွင် တောက် ဝါဒသည်ပင် မတိုးနိုင်ခဲ့ပေ။ တောင်ပိုင်းတွင် အမျိုးသားရေး စိတ်ဓာတ်ကလည်း အားကောင်းဆဲပင် ရှိသေး၏။

သို့ရာတွင် နောက်ဆုံး၌ တရုတ် တစ်ပြည်လုံးတွင် ဘုန်းကြီးကျောင်းများ ပေါ်ပေါက်လာလေတော့၏။ မဟာယာန ဗုဒ္ဓ ဆင်းတုတော် အမျိုးမျိုးကို တည်ထားသော စေတီပုထိုး၊ ဂူဘုရားများ၊ ဝတ်ကျောင်းတော်များ ပေါ်ပေါက် လာလေသည်။ ပညာရှင်များလည်း ဗုဒ္ဓဝါဒ ဂိုဏ်း အမျိုးမျိုး ကွဲသွားလေတော့သည်။

ဂိုဏ်း အသီးသီးမှာ သူ့နောက်လိုက်နှင့် သူ များပြားကြသည်။ ထို့ပြင် မင်းဆက်များ တက်လိုက် ကျလိုက် ဖြစ်နေသော အခါမှာလည်း ဗုဒ္ဓဘာသာ ဂိုဏ်းများမှာ ကိုးကွယ်သူများကား များပြားလျက်ပင် ရှိနေလေသည်။

တစ်ခါတစ်ရံ ခက်ထန်သော ကွန်ဖြူးရှပ် ဘာသာ ကိုးကွယ်သူ မင်းများ၊ ကြမ်းတမ်းသော တောက် ဘာသာဝင် မင်းများ လက်ထက်တွင် ဗုဒ္ဓဘာသာဝင်များကို ကျယ်ပြန့်စွာ ညှဉ်းပန်း နှိပ်စက်ခဲ့ကြလေသည်။

တန်မင်းဆက်မှ ဂူဆန်း မင်း လက်ထက်တွင် အေဒီ ၈၄၅ ခုနှစ်၌ ထိုမင်းသည် ဗုဒ္ဓဘာသာ ဘုရား တန်ဆောင်း အဆောက်အဦပေါင်း ၄၅၀၀၀ ကို ဖျက်ဆီး ပစ်ခဲ့လေသည်။ ဗုဒ္ဓ ဆင်းတုတော်ပေါင်း ထောင်သောင်းမကကိုလည်း အရည်ကျို ဖျက်ဆီး ပစ်ခဲ့သည့်ပြင် ရဟန်း သံဃာနှင့် သီလရှင်ပေါင်း ၄၀၀၀၀၀ ကျော်ကိုလည်း လူထွက်စေခဲ့လေသည်။ သို့သော် ခန္တီစိတ် ရှိသော မင်းများကမူ ရှေးမင်းများ ဖျက်ဆီးခဲ့ကြသော ဗုဒ္ဓဘာသာ အဆောက်အအုံ စေတီ ပုထိုးများကို ပြန်လည် ပြုပြင် ထိန်းသိမ်းတတ်ကြလေသည်။

ဤကား နှစ်ပေါင်း ထောင်ချီ ကြာခဲ့ပြီ ဖြစ်သော တရုတ်ပြည်က ဗုဒ္ဓဘာသာ အကြောင်း အနှစ်ချုပ်ပေတည်း။

## ကိုရီးယား

အေဒီ လေး ရာစုတွင် တရုတ်ပြည်၌ ဗုဒ္ဓဘာသာ ပြန့်ပွားပြီးနောက် မရှေးမနှောင်းမှာပင် ကိုရီးယား နိုင်ငံသို့ ဗုဒ္ဓ

ဘာသာ ရောက်ရှိခဲ့လေသည်။ ထိုအချိန်က ကိုရီးယားသည် သီးခြား အုပ်ချုပ်လျက် ရှိသော ပြည်ထောင် သုံးခု ကွဲပြား လျက် နေခဲ့လေသည်။

ထို မင်းနေပြည် သုံးခုစလုံးမှာပင် ရှေးကျသော လူများ ခေတ်က ကိုးကွယ်ခဲ့သော နတ် ကိုးကွယ်မှုထက် အဆင့် မြင့်သော ဘာသာ ကိုးကွယ်မှု မရှိခဲ့ကြသေးပေ။ တရုတ်ပြည် မြောက်ပိုင်း ပြည်နယ် တစ်ခုမှ ဗုဒ္ဓဘာသာ ဘုရင် တစ်ပါး၏ အားပေးမှုဖြင့် ဆန်ဒို အမည် ရှိသော ရဟန်းတော် တစ်ပါးသည် ကိုရီးယား ပြည်သို့ ရောက်ရှိ သွားသော အခါ သူသည် သူနှင့် အတူ ဗုဒ္ဓ ဆင်းတုတော် များကိုလည်း ဆောင်ယူသွားခဲ့လေသည်။ ဗုဒ္ဓ ကျမ်းစာများ ကိုလည်း သူနှင့် တစ်ပါတည်း ဆောင်ယူသွားလေသည်။ ထိုရဟန်းတော်၏ သာသနာ ပြုမှုကြောင့် တိုတောင်းသော အချိန်ကာလ အတွင်းမှာပင် ကိုရီးယား မင်းနေပြည် သုံးခု စလုံးသည် ဘာသာ အယူဝါဒသစ်နှင့်တကွ ပါလာသော ဗုဒ္ဓ ယဉ်ကျေးမှုကိုပါ လက်ခံယူခဲ့ကြလေသည်။

အေဒီ ခြောက် ရာစုသို့ ရောက်သောအခါ အနောက် တောင်ဘက်ရှိ မင်းနေပြည်၏ ဘုရင်သည် ဗုဒ္ဓသာသနာပြု အဖွဲ့များကို ဗုဒ္ဓ ရုပ်ပွားတော်များ၊ ပိဋကတော်များနှင့် အတူ ဂျပန် ဧကရာဇ်ထံသို့ စေလွှတ်ခဲ့လေသည်။

## ဂျပန်

အေဒီ ၅၅၂ တွင် ဂျပန် ဧကရာဇ် ကင်မေသည် ကိုရီး ယားမှ ပေးပို့လိုက်သော ရွှေချထားသော ဗုဒ္ဓ ရုပ်ပွား တစ် ဆူကို လက်ခံ ရရှိခဲ့လေသည်။ ကျမ်းစာ အချို့လည်း ပါ လာသည်။ ထို့ပြင် ထီးနှင့် တံခွန် ကုက္ကားများလည်း ပါ လာသည်။ ဗုဒ္ဓဘာသာ ဂါထာ တစ်ပုဒ်ကို ရေးသားထား သော စာတစ်စောင်လည်း ပါသည်။

ထိုဂါထာမှာ ကောင်းကျိုး ချမ်းသာ များစွာ ပြည့်စုံ သော အန္တရာယ် အပေါင်းမှ ကင်းဝေးစေသော ပရိတ် မန္တန် ဖြစ်သည်ဟု ဆိုကြသည်။

ကိုရီးယား ဘုရင်ထံမှ ပေးပို့လိုက်သော ထို လက် ဆောင် ပဏ္ဏာများနှင့် ထိုစာသည် အိန္ဒိယပြည်မှ တရုတ်နှင့် ကိုရီးယား ပြည်ကို ဖြတ်၍ ပေးပို့လိုက်သော ဗုဒ္ဓ စာပေ လောက် ဂျပန် ဧကရာဇ်၏ စိတ်ကို နှစ်ထောင်းအားရ ဖြစ် စေခဲ့ခြင်း မရှိဟု ဆိုသည်။

အိန္ဒိယက ပေးပို့လိုက်သော စာက ဂျပန် ဧကရာဇ် အား များစွာ နှစ်ထောင်း အားရ ဖြစ်စေနိုင်ခဲ့လေသည်။

ဤသို့ ဖြစ်ရခြင်းမှာ အိန္ဒိယမှ လာသော ဗုဒ္ဓဘာသာ သည် အနှစ် သုံးဆယ်လုံးလုံး တရုတ် ဘုန်းတော်ကြီး တစ်ပါး ယာမာထိုတွင် တိတ်တဆိတ် မိမိဘာသာ ဆောက် လုပ်သော ဘုရားကျောင်း အတွင်း၌ ကျင့်ကြံ အားထုတ်ပြီးမှ ပေါ်လာသော ဘာသာ ဖြစ်သည်ဟု ယူဆသောကြောင့် ဖြစ်နိုင်ပေသည်။

ဧကရာဇ်လည်း ထိုဘာသာ အကြောင်းကို မှူးမတ် များနှင့် တိုင်ပင်လေသည်။ မှူးမတ် တချို့က ဧကရာဇ်ကဲ့ သို့ပင် နှစ်သက်သော်လည်း သတိ ရှိရှိနှင့် လက်ခံရန် သဘော တူကြသည်။ မှူးမတ် တချို့က ကန့်ကွက်ကြသည်။

ဤသို့ ဆန့်ကျင် ကန့်ကွက်ကြခြင်းမှာ ထိုစဉ်က ဂျပန်တို့ ကိုးကွယ်နေကြသော တိုင်းရင်းသား ရိုးရာနတ် *ကာမိ* [၁] က အမျက် ဒေါသ ဖြစ်မည်ဟု ယုံကြည်ကြသော ကြောင့် ဖြစ်၏။ တချို့က ဝန်ကြီးချုပ်၏ အယူသို့ လိုက် ကြသည်။ ဝန်ကြီးချုပ်သည် *ဆိုဂါ မျိုးနွယ်စု* [၂] ၏ အကြီး အကဲ ဖြစ်သည်။ ဝန်ကြီးချုပ်က ကာမိနတ်က လက်ခံခြင်း ရှိ မရှိ စမ်းကြည့်ရန် အကြံ ပြုလေသည်။

ဧကရာဇ်ကလည်း ဆိုဂါ မျိုးနွယ်စု ခေါင်းဆောင် ဝန်ကြီးချုပ်၏ ခေါင်းပေါ်သို့ ရွှေ အဆင်း ရှိသော ဗုဒ္ဓ ရုပ် ပွားတော်ကို တင်ပေးပြီး အိမ်မှာ ထား၍ ကိုးကွယ်ကြည့်ရန် ကာမိနတ်က ကန့်ကွက်ခြင်း ရှိ မရှိ ဆန်းစစ် စေခဲ့လေ သည်။ ထိုအခါ ဗုဒ္ဓ ရုပ်ပွားတော်ကို မြောင်းထဲသို့ ပစ်ချ ခြင်း ခံလိုက်ရလေသည်။ ဤတွင် ဧကရာဇ် ဘုရင်လည်း ဗုဒ္ဓဘာသာကို မျက်နှာသာ မပေးတော့ပေ။

ထိုအချိန်မှာပင် ဧကရာဇ် ဘုရင်ကြီးလည်း နတ်ရွာစံ သွားလေသည်။ ထိုအခါ ကိုရီးယားမင်းက နောက်ထပ် သံ အဖွဲ့ တစ်ဖွဲ့ကို ဂျပန်ပြည်သို့ စေလွှတ်ပြန်လေသည်။ ထို အဖွဲ့တွင် ဘုန်းကြီးများ အပြင် ပိဋက ကျမ်းစာအုပ် နှစ်ရာ၊ သီလရှင် တစ်ပါးနှင့် ရုပ်တု ထုလုပ်တတ်သော ပန်းပုဆရာ တစ်ဦးနှင့် ဘုရား တန်ဆောင်း ဆောက်တတ်သော ဗိသုကာ တစ်ဦးကိုပါ ထည့်ပေးလိုက်လေသည်။ သံအဖွဲ့ကို လေးစား သမှု ပြုသောအားဖြင့် သံအဖွဲ့တို့ ကိုးကွယ်ရန် အတွက် ဘုရား ဝတ်ကျောင်း တစ်ဆောင်ကို ဆောက်လုပ်ခွင့် ပြုခဲ့ လေသည်။

ထိုအခါတွင်လည်း ဤ ဘာသာ အယူဝါဒသစ်ကို စမ်း သပ် စစ်ဆေးသင့်ကြောင်း ဆိုဂါ မျိုးနွယ်စုက အကြံ ပြုပြန် လေသည်။

---

၁။ Kami ၂။ Soga Clan

ထိုအချိန်တွင် ကပ်ရောဂါ တစ်ခု ကျရောက် လာလေတော့သည်။ အကယ်၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ပါက အန္တရာယ် ကျရောက်ပေတော့မည်ဟု ယူဆကြပြီးလျှင် ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များကို မြောင်းထဲသို့ ပစ်ချလိုက်ကြပြန်လေသည်။ ဗုဒ္ဓဘာသာ အတွက် အမှောင် ကျရောက်ရလေတော့၏။

သို့သော် စိတ်ရှုပ်ထွေးစရာ အကြောင်း ပေါ်ပေါက်လာလေတော့၏။ ဗုဒ္ဓ ရုပ်ပွားတော်များကို စွန့်ပစ်လိုက်ပြီးဖြစ်သော်လည်း ကပ်ရောဂါကား ပပျောက်သွားခြင်း မရှိဘဲ ဆက်လက် ဖြစ်ပွားနေခဲ့သောကြောင့် ဖြစ်၏။

ထိုအခါ ဆိုဂါ မျိုးနွယ်စု ခေါင်းဆောင်လည်း စဉ်းစားစရာ ပါသော အကြံဉာဏ်သစ် ထုတ်ရပြန်တော့၏။ ဤကဲ့သို့ ကပ်ရောဂါ ဆက်ဖြစ်နေခြင်းမှာ ကာမိနတ်က ဒေါသဖြစ်သောကြောင့် မဟုတ်၊ ကာမိနတ် ဒေါသ ဖြစ်၍ ကပ်ရောဂါ ဖြစ်လျှင် ယခု ကပ်ရောဂါ ပပျောက်ရမည်၊ သို့ပါလျက် မပပျောက်ဘဲ ဆက်လက် ဖြစ်ပွားနေခြင်းမှာ မိမိတို့က ဗုဒ္ဓဘာသာကို လက်မခံဘဲ စိမ်းစိမ်းကားကား လုပ်သောကြောင့် ဗုဒ္ဓ ရုပ်ပွားတော်က နာကြည်းသဖြင့် ဆက်လက် ဖြစ်ပွားနေခြင်းသာ ဖြစ်သည်ဟု ဆိုလေသည်။ သတိရှိသော အာဏာပိုင်များသည် ဤ ကိစ္စကို ပပျောက်သွားအောင် ပြုလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြလေသည်။

ထိုအချိန်တွင် နောက်ထပ် ဧကရာဇ် တစ်ပါး နန်းတက် လာလေသည်။ ထိုအခါ ဗုဒ္ဓဘာသာသည် အမှန်တကယ် တိုးတက် ကြီးထွား လာလေတော့သည်။

ဤ ဧကရာဇ် ဘုရင်သည် ဗုဒ္ဓဘာသာကို ဦးစားပေးသော ဘုရင် ဖြစ်သည်။ ဗုဒ္ဓဘာသာ သာသနာပြု အဖွဲ့များလည်း ဆက်တိုက် ရောက်ရှိ လာကြလေသည်။ ထိုအခါ အခြေအနေသည် ပြောင်းလဲ သွားလေတော့သည်။

အေဒီ ၅၈၈ တွင် ဘုရင်မကြီး ဆုအိကို နန်းတက်ခဲ့လေသည်။ သူမ၏ တူတော်မောင် ရှိုတိုကုတိုက်ရှိသည် စိတ်အား ထက်သန်သော ဗုဒ္ဓဘာသာဝင် ဖြစ်သည်။ သူသည် ရင်ခွင်ပိုက် ဘုရင် ဖြစ်လာသည်။ သူက ပညာရှင်အဖွဲ့ တစ်ဖွဲ့ကို တရုတ်ပြည်သို့ စေလွှတ်ပြီးလျှင် ဗုဒ္ဓဘာသာနှင့် တရုတ် လူမျိုးတို့၏ အစိုးရ စနစ်နှင့် ပတ်သက်သော အသိပညာ အပြည့်အစုံကို ဆောင်ယူစေခဲ့လေသည်။

သူသည် ဂျပန်ပြည်တွင် ပထမဆုံး အများနှင့် ဆိုင်သော ဗုဒ္ဓဘာသာ ဝတ်ကျောင်းတော် တစ်ခုကို တည်ဆောက်ခဲ့လေသည်။ ထို့နောက် ပရိယတ္တိ စာသင်တိုက် တစ်ခုကိုလည်း ဖွဲ့စည်း တည်ထောင်ခဲ့လေသည်။ မဟာယာန ဗုဒ္ဓဘာသာဝင်များ၏ လူသား အကျိုးပြု လုပ်ငန်းများကို ပြုလုပ်နိုင်ရန် သူသည် ဆေးရုံ တစ်ရုံ၊ ဆေးခန်း တစ်ခုနှင့် ဒုက္ခိတများ စောင့်ရှောက်ရေး ဂေဟာ တစ်ခုကိုပါ တည်ဆောက်ခဲ့လေသည်။

အခြားသော ဗုဒ္ဓဘာသာ ခေါင်းဆောင်များကလည်း သူတို့ဘာသာ ဆွမ်းလောင်း ဂေဟာများ၊ ဆည်မြောင်းများ၊ သီးပင် ဥယျာဉ်များ၊ ဆိပ်ကမ်းများ၊ ကူးတို့များ၊ ရေလှောင်တမံများ၊ လမ်းကောင်းများကို ပြုလုပ်ခဲ့ကြလေသည်။

ထိုအခါ လူတို့၏ စိတ်ထဲတွင် ဗုဒ္ဓဘာသာသစ်သည် လူတစ်ဦးချင်း အတွက် သာမက လူ့ အဖွဲ့အစည်း တစ်ခုလုံး အတွက်ပါ အကျိုး ပြုသည် ဟူသော အမြင် ဖြစ်ပေါ်ခဲ့လေတော့သည်။

နန်းတော်ထဲက လူများ စတင် သက်ဝင် ယုံကြည် ကိုးကွယ်ခဲ့ကြပြီးနောက် ဗုဒ္ဓဘာသာသည် သာမန် အရပ်သားများ ကိုးကွယ်သော ဘာသာ အဖြစ်သို့ တဖြည်းဖြည်း ရောက်ရှိသွားလေသည်။ တရုတ်ပြည်မှာလိုပင် တရုတ် ဗုဒ္ဓဘာသာ ဂိုဏ်း အသီးသီး၏ အုပ်ထိန်းမှုဖြင့် ဂိုဏ်း အသီးသီး ပေါ်ပေါက်လာလေတော့သည်။ တိုင်းရင်းဖြစ် ရှင်တိုဘာသာက အစပိုင်းတွင် အနှောင့်အယှက် အနည်းငယ် ပေးသည်။ သို့သော် ကာမိနတ်ကို ဗုဒ္ဓဘာသာ ဘုရားကျောင်းတော်ထဲ သွင်းပြီး ဘုရားလောင်း နေရာ ပေး၍ ကိုးကွယ်လိုက်ကြသော အခါ ပြဿနာ အားလုံး ကင်းရှင်းသွားလေတော့သည်။

ဤကား ရာစုနှစ်နှင့် ချီ၍ ပြုလုပ်ခဲ့ကြသော အစဉ်အလာ လုပ်ပုံ လုပ်နည်း ဖြစ်၏။ လူ တစ်ဦးသည် လူကောင်း သူကောင်း ဖြစ်လိုလျှင် ဗုဒ္ဓဘာသာကောင်း တစ်ယောက်လည်း ဖြစ်ရမည်၊ ရှင်တို ဘာသာဝင်ကောင်း တစ်ယောက်၊ ကွန်ဖြူးရှပ် ဘာသာဝင်ကောင်း တစ်ယောက်လည်း ဖြစ်ရမည်ဟု ယူဆလာကြလေတော့သည်။

ဗုဒ္ဓဘာသာသည် ကာလ ကြာမြင့်စွာပင် ဂျပန်ပြည်၌ သြဇာ ကြီးမားသော ဘာသာ ကိုးကွယ်မှု ဖြစ်ခဲ့လေသည်။

သို့သော် ၁၇ ရာစုတွင် တိုကိုဂါဝါ ရှိုဂွန်းခေတ် အစရာစုတွင် ရှင်တို ဘာသာကို ဗုဒ္ဓဘာသာ ဆန့်ကျင်ရေး ဘာသာ အဖြစ် လက်ခံထားခဲ့ကြသည်။ ရှင်တို ဘာသာသည် ဗုဒ္ဓဘာသာ၏ ပြိုင်ဘက် ဘာသာ ဖြစ်လာခဲ့သည်။ ထိုစဉ် ဗုဒ္ဓဘာသာသည် ၁၉ ရာစု အတွင်း ခရစ်ယာန် သာသနာပြုများ ရောက်ရှိလာသော အခါမှာလည်း ဆုတ်ယုတ် ကျဆုံးခဲ့ပေသေးသည်။ အစိုးရ ကိုယ်တိုင်က ငြိုငြင်ခဲ့သော အခိုက်အတန့် ကာလလည်း ရှိခဲ့သေးသည်။ သို့သော် ယခု

အခါ ဒုတိယ ကမ္ဘာစစ်၏ အချုပ်အနှောင်များ ပြီးဆုံးသွားပြီ ဖြစ်ရကား ဗုဒ္ဓဘာသာသည် ရှေးက လူထု ထောက်ခံမှုမျိုးကို ပြန်လည် ရရှိလာအောင် ချဉ်းကပ်သော နည်းလမ်းများကို ခေတ်နှင့် အညီ ပြုပြင်နေပြီ ဖြစ်၏။ ဘယ်လောက် အောင်မြင်မည်ကိုကား အနာဂတ်က ဆုံးဖြတ်ပေလိမ့်မည်။

### တိဗက်နှင့် မွန်ဂိုလီးယား

တိဗက်နှင့် မွန်ဂိုလီးယား ဒေသများ၌ ထွန်းကားသော ဗုဒ္ဓဘာသာကိုကား လာမား ဝါဒဟု ခေါ်ကြသည်။ လာမား ဗုဒ္ဓဝါဒသည် ပို၍ ထူးခြားသည်။ ဤဒေသတွင် ဘာသာရေးခေါင်းဆောင်က လူသာမန်များ အပေါ်တွင် မင်းပြုရသော အခွင့်အာဏာကို ရရှိထားပေသည်။

ဤဝါဒ တိဗက် နိုင်ငံသို့ ရောက်ရှိလာသည်မှာ အချိန်အားဖြင့် နောက်ကျသည်။ ဗုဒ္ဓဘာသာ သာသနာပြု အဖွဲ့များ လက်အောက်သို့ ဤကုန်းမြင့် ဒေသ၏ တောင်ပိုင်းနှင့် အရှေ့ပိုင်း ဒေသများ ရောက်ရှိပြီး နောက်မှ ဖြစ်သည်။ တိဗက်သည် အချိန် ကြာမြင့်စွာ အနှောင့်အယှက် မရှိဘဲ နေခဲ့လေသည်။ အေဒီ ၆၃၀ တွင် တိဗက် မင်းသား ဆင့်ဂမ်ပိုသည် လာဆာ မြို့တော်တွင် နန်းစိုက်ပြီး တိုင်းပြည်ကို စနစ်တကျ အုပ်ချုပ်ခဲ့လေသည်။ ထို့နောက် သူသည် အိန္ဒိယပြည် မြောက်ပိုင်းသို့ အထောက်တော်များ စေလွှတ်ခဲ့လေသည်။ သူ၏ နိုင်ငံတွင်းသို့ ဗုဒ္ဓဘာသာကို သွတ်သွင်းလာသည့် ကိစ္စကို ခိုင်မာမှု ရှိစေရန် ဖြစ်သည်။

ဘုရင်က ဤကဲ့သို့ စေတနာ ပိုလာရခြင်းမှာ သူ၏ မိဖုရား နှစ်ပါးမှာ တစ်ဦးက တရုတ် အမျိုးသမီး ဖြစ်ပြီး ကျန် တစ်ဦးက နီပေါ အမျိုးသမီး ဖြစ်သဖြင့် ထိုမိဖုရားများသည် သူတို့ ကိုးကွယ်ရင်း ဖြစ်သော ဗုဒ္ဓဘာသာကို ကိုးကွယ်လိုသောကြောင့် ဖြစ်သည် ဆို၏။ မိဖုရား နှစ်ပါးက ဘုရင်ကို ဗုဒ္ဓဘာသာနှင့် ရင်းရင်းနှီးနှီး ဖြစ်အောင် ပြုလုပ်ခဲ့ကြလေသည်။

သို့သော် ဆင့်ဂမ် ဘုရင် လက်ထက်တွင် တိဗက်ပြည်သို့ ဗုဒ္ဓဘာသာကို တင်သွင်းခြင်း ကိစ္စမှာ ထင်သလောက် အောင်မြင်ခြင်း မရှိခဲ့ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းရင်းသားများ၏ နတ်ဆိုးများကို ကိုးကွယ်မှုက အားကောင်းနေသောကြောင့် ဖြစ်သည်။

နောက်တစ်ချက်မှာ ဗုဒ္ဓဘာသာ၏ ဓမ္မများကို တိဗက် လူမျိုးများသည် နားလည်ရန် ခက်ခဲကြသောကြောင့်လည်း ဖြစ်ပေသည်။

ရာစုနှစ် တစ်ခုသာ ကုန်ဆုံးသွားသည်၊ တိဗက်ပြည်တွင် ဗုဒ္ဓဘာသာ ပြန့်ပွားရေး အတွက် ထိထိရောက်ရောက် ဘာမျှ မဆောင်ရွက်နိုင်ခဲ့ပေ။

ထို့နောက်ကျမှ ဘင်္ဂလားပြည်မှ လာမား ဝါဒကို တီထွင်မည့်သူ အစစ်သည် ရောက်ရှိလာလေတော့သည်။

သူကား ပဒုမ သံဘွား ဖြစ်သည်။ သူသည် ရှစ် ရာစု အတွင်း အိန္ဒိယပြည် မြောက်ပိုင်း၌ ထွန်းကားသော ဗုဒ္ဓဘာသာပျက်ကို ဟောကြားသော ပုဂ္ဂိုလ် ဖြစ်သည်။

ဘင်္ဂလားပြည်ဖြစ် ဗုဒ္ဓဘာသာသည် သူ၏ ဩဇာ လွှမ်းမိုးမှုကြောင့် (သူ၏ တန္တရလိင် သင်္ကေတဖြင့် ရောနှောလိုက်ခြင်းကြောင့်) အမြစ် တွယ်ခဲ့လေသည်။

ထို့နောက် အမျိုးမျိုးသော ပြုပြင်မှုများ အစားထိုးမှုများကို ပြုလုပ်ကာ နောက်ဆုံး၌ တိဗက် ပြည်၌ ကိုးကွယ်သော ဘာသာ ဖြစ်လာခဲ့လေသည်။

ထို့နောက် ထိုဘာသာသည် မွန်ဂိုလီးယားသို့ပါ ၁၃ ရာစုနှင့် ၁၄ ရာစု အတွင်း ရောက်ရှိသွားပြီး ထိုဒေသ၌ ပျံ့နှံ့သွားခဲ့လေသည်။

## ၃။ ပြည့်စုံသော မဟာယာန အယူဝါဒ

မဟာယာန ဗုဒ္ဓဘာသာ အောင်မြင်ခြင်း၏ လျှို့ဝှက်ချက်သည် အဘယ်နည်း။ ထိုမေးခွန်း၏ အဖြေကို ရှာဖွေရန် မခက်ခဲလှပေ။

လူပြိန်းများ အတွက် မဟာယာန ဗုဒ္ဓဘာသာက ကယ်တင်ရှင် အမြောက်အမြား ရှိကြောင်း သတင်းကောင်းကို ပေးခဲ့လေသည်။ ထိုကယ်တင်ရှင် ဘုရားလောင်း ဗောဓိသတ္တများသည် လူသား အပေါင်းတို့အား ၎င်းတို့ ခံစားနေရသော အတိဒုက္ခများမှ ကယ်တင်လိုသော ဆန္ဒ ပြင်းပြကြသည်။ ဤ အယူဝါဒသည် ဝမ်းမြောက်ဖွယ် သတင်းစကား ဖြစ်သည်။ ကယ်တင်ရှင်များသည် မဟာ ကရုဏာတော်ရှင်များ ဖြစ်ကြသည် ဆိုသော အချက်ကလည်း အကောင်းဆုံးသော အာမခံချက် ဖြစ်လေသည်။

ထိုအချက်ကို လူသာမန် လူပြိန်းများသာမက ဉာဏ်ပညာ ရှိသော သူများကပင် စိတ်ဝင်စားခဲ့ကြလေသည်။

ထို့နောက်တော့ သူတို့ကပါ လောကကြီးသည် ခင်မင်ရင်းနှီးစရာ ကောင်းသော အရာ အဖြစ် ယုံကြည် လက်ခံလာကြလေသည်။

ပညာ ရှိသော ပုဂ္ဂိုလ်များက မဟာယာနတို့၏ ကယ်တင်ခြင်း အတွက် အာမခံချက်များကို စိစစ်ကြည့်သော အခါ ထိုအယူအဆထဲတွင် မူရင်း ဗုဒ္ဓဘာသာ၏ အယူဝါဒများ ပပျောက်နေကြောင်း တွေ့ရသည်။ မဟာယာန သုတ္တန်ကျမ်းများ၌ ဂေါတမ သကျမုနိသည် ကြည်လင်သော အသံတော်ဖြင့် စာမျက်နှာပေါင်း များစွာဖြင့် တန်ဆာ ဆင်အပ်သော တရား ဓမ္မများကို သူ၏ တပည့် သာဝကများအား ဟောကြားတော်မူခဲ့သော်လည်း ထေရဝါဒ ကျမ်းများတွင် သူ၏ ရည်ရွယ်ရင်း အချက်ကို မှေးမှေးမှိန်မှိန်သာ ဖော်ပြခဲ့သည်။

မဟာယာန ဗုဒ္ဓဘာသာတွင်သာ မူရင်း ဗုဒ္ဓဘာသာ၏ တကယ့် ဆိုလိုရင်း အချက်နှင့် အခြေခံ ဒဿနကို မဟာယာနတို့၏ ဝတ်ပြုမှုနှင့် ကိုးကွယ် ဆည်းကပ်ပုံများတွင်သာ တိတိကျကျ ဟောကြားတော် မူခဲ့သည်ဟု ဆိုလေသည်။

မဟာယာနများက ဗုဒ္ဓက လူသားသည် သူ့ကိုယ်သူ ကယ်တင်၍ မရနိုင်ကြောင်း၊ ကယ်တင်ရှင်၏ အကူအညီဖြင့်သာ လွတ်မြောက်နိုင်ကြောင်းကို ကွယ်ရာတွင် ဟောကြားခဲ့သည်ဟု ထုတ်ဖော် ပြောဆို တတ်ကြလေသည်။

မဟာယာန ကျမ်းများ၌ ထိုကယ်တင်ရှင် ဗောဓိသတ္တများသည် သုံးမျိုး သုံးစား ရှိသည်။

၎င်းတို့မှာ မနုဿီဗုဒ္ဓ၊ ဗောဓိသတ္တနှင့် ဈာနီဗုဒ္ဓတို့ ဖြစ်ကြသည်။

မနုဿီဗုဒ္ဓများသည် ကယ်တင်ရှင်များ ဖြစ်ကြလေသည်။ မနုဿီဗုဒ္ဓသည် ဂေါတမ ဗုဒ္ဓကဲ့သို့ပင် ရှေးအခါက လူ့လောကသို့ လူသား အသွင်ဖြင့် သက်ဆင်းလာတော်မူကြသည်။ သဗ္ဗညုတ ဉာဏ်တော်ကို ရရှိပြီး ဘုရား အဖြစ် ပွင့်ကြသည်။ လူသား အပေါင်းကို ဘဝ ဇနေပုံ နေနည်းများကို ဟောကြား ဆုံးမကြသည်။ ထို့နောက် သူတို့၏ တာဝန် ဝတ္တရားများ ပြီးဆုံးသော အခါ နိဗ္ဗာန်သို့ စံဝင်သွားတော်မူကြသည်။

သူတို့သည် မူလ အခြေခံ ဆရာများသာ ဖြစ်ကြသည်။ ထိုဗုဒ္ဓများထံတွင် ယခုအခါ ဆုတောင်း ပတ္ထနာ ပြု၍ မရတော့ပေ။

ဗောဓိသတ္တ ဘုရားလောင်း အယူအဆသည် ဂေါတမ ဗုဒ္ဓကဲ့သို့ ဘုရား အဖြစ်သို့ ရောက်တော်မူခြင်း မရှိမီ ထေရဝါဒ၌ များစွာ အရေးပါ အရာရောက်ခြင်း မရှိပေ။

သို့သော် မဟာယာန ဗုဒ္ဓဘာသာတွင်မူ ထို ဗောဓိသတ္တ ဘုရားလောင်းများက ပို၍ အရေးပါ အရာ ရောက်ကြသည်။

ထေရဝါဒ ဗုဒ္ဓဘာသာတွင် ဂေါတမ ဘုရား မဖြစ်မီ အလောင်းတော် ဘဝ ပါရမီ ဖြည့်ကျင့်စဉ် ကာလနှင့် အရိမေတ္တေယျ ဘုရားလောင်း နှစ်မျိုးကိုသာ အသိအမှတ် ပြုထားကြသည်။

သို့သော် ပြည့်စုံသော မဟာယာန ဗုဒ္ဓဘာသာ အယူအဆတွင်ကား ထို ဗောဓိသတ္တ ဘုရားလောင်းများကား အလွန် ကြီးကျယ်ကြသည်။ သူတို့သည် မရေ မတွက်နိုင်အောင် ရှိပြီး အလွန် တန်ခိုး ကြီးသော ကယ်တင်ရှင်များ ဖြစ်ကြသည်။ သူတို့သည် လူတို့၏ ဆုတောင်း ပတ္ထနာ ပြုခြင်းကို ကြားသိတော် မူကြပြီးလျှင် လူတို့အား ကူညီစောင့်ရှောက် မစတော်မူကြသည်ဟု ယူဆကြသည်။

တရုတ်ပြည်နှင့် ဂျပန်ပြည်တွင် ထွန်းကားသော ဘုရားလောင်း ဝါဒတွင် ထို ဘုရားလောင်းများသည် လွန်လေပြီးသော ကပ်ကမ္ဘာပေါင်း များစွာကပင် ဘုရား ဖြစ်ရန် ရည်သန်၍ ဗောဓိဆုကြီးကို ပန်ခဲ့ကြသူများ ဖြစ်ကြသည်။

ထို့နောက် ဘဝဆက်ကာ ပါရမီတော်များကို ဖြည့်ကျင့်တော်မူခဲ့ကြလေသည်။ ထိုပါရမီတော်များ ပြည့်စုံသော အခါ၌ ထိုပါရမီဘုန်းဟုန် တန်ခိုး ဂုဏ်တော်ကြောင့် ထို ဘုရားလောင်းများသည် ဗုဒ္ဓ အဖြစ် ပွင့်တော်မူကြပြီးလျှင် ဘဝ အဆုံး၌ ပရိနိဗ္ဗာန် ပြုတော်မူကြသည်။

သူတို့သည် မဟာ ကရုဏာတော်ရှင်များ ဖြစ်ကြသည်။ လူသားတို့၏ ဒုက္ခကို သနား ကရုဏာတော် ဖြစ်သဖြင့် ထိုဗောဓိသတ္တ ဘုရားလောင်းများသည် နိဗ္ဗာန်ကို ရနိုင်ပါလျက် မယူဘဲ ရက်ရွေ့ကာ လူသားများကို ကယ်တင်ရန် အလို့ငှာ ပါရမီကို ဖြည့်ကျင့်တော်မူ၍သာ နေတော်မူခဲ့ကြလေသည်။

ထို ဘုရားလောင်းများသည် နတ်ပြည်၌ စံစားကြလျက် လူ့လောကကို ကယ်မရန် စောင့်ကြည့်လျက် ရှိကြသည်။ ထို့နောက် တစ်ခါတစ်ရံ၌ ပေးဆပ်လိုသော ကရုဏာတော်ကြောင့် ထိုဘုရားလောင်းများသည် လူ့လောကသို့ သနား ကရုဏာတော်ဖြင့် ကယ်မခြင်း အမှုကို ပြုရန် အတွက် အလုပ်အကျွေး ပြုသော ကောင်းကင် တမန်များ အဖြစ်ဖြင့် ဆင်းသက် လာတတ်ကြလေသည်။

တရုတ် လူမျိုးများက မီလိုဖူးဟု ခေါ်သော အရိမေတ္တေယျ ဘုရားလောင်းကို ပထမ အိန္ဒိယတွင် စတင် ကိုးကွယ်ခဲ့ကြလေသည်။ ထို့နောက် မဟာယာန ကမ္ဘာ

တစ်ခုလုံးတွင် ထိုဘုရားလောင်း ဆင်းတုတော်များ တည်ထား ကိုးကွယ်ခဲ့ကြလေသည်။

မဟာယာနများသည် မေတ္တယျ ဘုရားလောင်း ရုပ်တု ဆင်းတုတော်များကို အထူး အလေးအမြတ် ထား၍ ကိုးကွယ်ကြသည်။

သို့သော် ထူးဆန်းသည်မှာ ဤဘုရားလောင်းကို ကိုးကွယ် ဆည်းကပ်ကြရာတွင်မူ အခြား ဘုရားလောင်းများကို ကိုးကွယ် ဆည်းကပ်သလောက် စိတ် ထက်သန်ခြင်း မရှိကြပေ။ ဤသို့ ဖြစ်သည့် အကြောင်းမှာ အရိမေတ္တယျ ဘုရားလောင်းသည် နောင်ပွင့်မည့် ဘုရားလောင်း ဖြစ်သည့်အတွက် သူ့ပါရမီ ပြည့်စုံအောင် ကျင့်ကြံ အားထုတ်နေရသည် ဖြစ်ရာ လူတို့ ကိစ္စကို များစွာ အရေး မထားနိုင်ဟု ယူဆကြသောကြောင့်လည်း ဖြစ်နိုင်ပေသည်။

ထို့ကြောင့် လူအများသည် အခြားသော ဘုရားလောင်းများ ဖြစ်ကြသည့် မဥ္ဇူရီ ဘုရားလောင်း (တရုတ် ဝင်ယု) နှင့် အဝလောကီ တေသွရ (ကွမ်-ယင်) တို့ကို ပို၍ အရေးထား ကိုးကွယ်ကြလေသည်။

မဥ္ဇူရီ ဘုရားလောင်းသည် မဟာယာနတို့ တီထွင်သော ရှေး အကျဆုံး ဘုရားလောင်း ဖြစ်၏။ ထိုဘုရားလောင်းသည် ဗုဒ္ဓဘာသာ တရားတော်နှင့် အညီ ကျင့်ကြံပွားများ အားထုတ်သူများအား ကူညီ စောင့်ရှောက်သည်ဟု အဆို ရှိသည်။ ထို့ကြောင့် မဥ္ဇူရီ ဘုရားလောင်းကို ဖော်ပြသော အခါ မင်းညီမင်းသား အဆောင်အယောင်ဖြင့် ဖော်ပြကြသည်။ သူ့ လက်တစ်ဖက်တွင် ယုတ္တိဗေဒ ဓားကို ကိုင်လျက် ကျန်တစ်ဖက်တွင် ပိဋက သစ္စာ ကျမ်း စာအုပ်ကို သယ်ဆောင်လျက် သရုပ်ဖော်ကြသည်။

ထိုမဥ္ဇူရီ ဘုရားလောင်း ရုပ်တု ဘေးတွင် မကြာခဏ တွေ့ရသော ဆင်းတုတော်မှာ သမ္မန္တဘဒြ (ပုဟိန်း) ဘုရားလောင်းပုံ ဖြစ်သည်။ ထိုဘုရားလောင်းကား ပျော်ရွှင် ချမ်းမြေ့ခြင်း သုခကို ပေးသော ဘုရားလောင်း ဖြစ်သည်။ မေတ္တာတော်ဖြင့် လူသားတို့အား ကောင်းကျိုး ချမ်းသာကို ပေးတော်မူသည်ဟု အယူ ရှိသည်။

သို့သော် မဟာယာန လောကဥ္စ အထင်ရှားဆုံး ဘုရားလောင်းမှာကား အဝလောကီတေသွရ ဖြစ်သည်။ အဝလောကီတေသွရ၏ အဓိပ္ပာယ်မှာ ဤခေတ်တွင် ပွင့်လာသူ ဟူ၍ ဖြစ်သည်။

မျက်မှောက် ထင်ရှား လူသားများ ကိစ္စကို ထို ဘုရားလောင်းသည် အထူး စိတ်ဝင်စားသည်။ ဤဘုရားလောင်းသည် နတ်ဘုရားက လူသား အသွင်ဖြင့် ဆင်းသက်လာသူ ဖြစ်သောကြောင့် ကောင်းကင် နတ်ဘုရား၏ မဟာကရုဏာတော် ရှိသည်။ ဤ လောကဥ္စ အသက် ရှင်နေကြသော သတ္တဝါ အပေါင်းကို မပြတ် စောင့်ကြည့်လျက် ရှိသည်။

ထိုဘုရားလောင်းသည် လူ့လောကသို့ လူသား အသွင်ဖြင့် ဆင်းသက်တော် မူခဲ့သည်မှာ အကြိမ် သုံးရာကျော် ရှိခဲ့ပြီဟု ဆိုသည်။ တစ်ခါကမူ အံ့ဖွယ် ဆန်းကြယ်သော မြင်း အဖြစ်ဖြင့် ဆင်းသက်သည်။ ဒုက္ခ ရောက်နေသူများက တမ်းတလိုက်လျှင် ထိုမြင်းက သွားရောက် ကယ်တင်သည် ဆို၏။ သူသည် ကိုယ်ကျင့်တရား စာရိတ္တ ပျက်ပြားမှုများကိုမူ ကယ်တင်ခြင်း မပြု။ ကာယိက ဒုက္ခများ၊ ဥပမာ သင်္ဘော ပျက်ခြင်း၊ လုယက် ဖျက်ဆီးခြင်း စသည့် ကိစ္စများတွင် ကယ်တင်သည် ဆို၏။

ထိုဘုရားလောင်းသည် အမျိုးသမီးများက သားဆုပန်လျှင် သားဆုကို ပြည့်စေသည်။ ထို ဘုရားလောင်း၏ ရုပ်တုများကို ထုလုပ်သော အခါ မင်းညီ မင်းသား အဆောင်အယောင်ဖြင့် သရုပ် ဖော်ကြသည်။ မကိုဋ်ကို အမြင့်ကြီး ဆောင်းထားသည်။ လက်ဝဲဘက် လက်တွင် ကြာပွင့် အနီကို ကိုင်လျက် (ပဒုမာနီ-ကြာပန်း ကိုင်သော လက်) လက်ယာဘက် လက်ကိုမူ တင့်တယ်စွာ ဆန့်တန်းထားသည်။ မကြာခဏ သူ၏ ရုပ်တုများကို ကြာပွင့်ပေါ်မှာ ထိုင်လျက် တွေ့ရသည်။

ထို့ကြောင့် သူ့ကို ကဗျာဆန်ဆန် 'ပဒုမ ရတနာ' ဟုလည်း ခေါ်ကြသည်။ တစ်ခါတစ်ရံမှာ သူ့ရုပ်တုတွင် လက်လေးချောင်း သို့မဟုတ် လက်လေးချောင်းထက် ပို၍လည်း ထုလုပ်ကြလေသည်။

ထိုလက်များတွင် လူသားများ အတွက် ဆောင်ယူလာသော လက်ဆောင် ပစ္စည်း တစ်မျိုးစီကို ကိုင်ထားကြသည်။

တိဗက် အဝလောကီတေသွရတွင် ဇနီး တာရာ နှင့် အစဉ် တွဲယှဉ်ထားသည်ကို ကျွန်ုပ်တို့ တွေ့ရသည်။

သို့သော် တရုတ်ပြည်တွင်ကား အသွင်ပြောင်းလျက်ရှိသော ဘုရားလောင်း အကြောင်းအရာ သမိုင်းသည် ရှင်းရှင်းလင်းလင်း မရှိပေ။ ထိုအဝလောကီတေသွရသည် လိင်ပြောင်းပြီး မိန်းမ အသွင်ဖြင့် ကိုးကွယ်ကြသည်။ လူသိအလွန် များသော ကွမ်ယင် မယ်တော် ဖြစ်သည်။ ကရုဏာ မေတ္တာတော်ရှင် နတ်သမီး ဖြစ်သည်။

ကွမ်ယင် မယ်တော်ကို တရုတ်နှင့် ဂျပန် မဟာယာန ဗုဒ္ဓဘာသာဝင်များသည် ခရစ်ယာန် ကက်သလစ် ဘုရင်ကို

ဂိုဏ်းသားများ မယ်တော် မာရီကို ကိုးကွယ်သလို ကိုးကွယ်ကြသည်။

ကွမ်ယင် မယ်တော်၏ ဂုဏ်တော်များမှာ အိန္ဒိယပြည်တွင် ကိုးကွယ်သော အဝလောကိတေသွရ ဘုရားလောင်း၏ ဂုဏ်တော်များနှင့် ထပ်တူထပ်မျှပင် ဖြစ်၏။ သို့သော် ကွမ်ယင်သည် မယ်တော် နတ်သမီး တစ်ပါး ဖြစ်သည့်အတွက် ခရစ်တော်၏ မယ်တော် မာရီလို မိခင် ခံစားချက်ပါသည်။

ကွမ်ယင် မယ်တော် ရုပ်တုများကို ထုလုပ်ကြရာ၌ ပန်းပုဆရာများသည် အနုပညာ လက်စွမ်းပြ၍ ထုလုပ်ကြသဖြင့် ကွမ်ယင် မယ်တော်ပုံများသည် အထူးထူး အဆန်းဆန်း ကွဲပြား ခြားနားလျက် ရှိပေသည်။ ထိုကွမ်ယင် မယ်တော် ရုပ်တုတော်များကို တရုတ်ပြည် အနှံ့အပြားနှင့် ကိုရီးယား ပြည်များတွင် တွေ့ရှိ နိုင်သည်။

ကိုရီးယား နိုင်ငံတွင် ကွမ်ယင် မယ်တော်ကို *ကုံးယွမ်* [၁] ဟု ခေါ်ကြသည်။

ဂျပန် ပြည်တွင် သူမ၏ နာမည်ကို ပြောင်းလဲပြီး *ကွမ်နွန်* [၂] ဟု ခေါ်ကြပြန်သည်။ အိန္ဒိယ ပြည်မှာလိုပင် သူမ၏ ပလ္လင်သည် ပဒုမာသန ပလ္လင် ဖြစ်သည်။

ကွမ်ယင် မယ်တော်ကို ကြာပန်းပေါ်မှာ ထိုင်လျက် ဖြစ်စေ၊ ရပ်လျက် ဖြစ်စေ ပန်းပု ထုတတ်ကြသည်။ သို့မဟုတ် တိမ်တိုက်တွေပေါ် စီးလျက်သော် လည်းကောင်း၊ ပင်လယ် လှိုင်းလုံးကြီးများကို စီးလျက်သော် လည်းကောင်း တွေ့နိုင်သည်။

သူမ၏ လက်များထဲတွင် ကလေးငယ်ကို ပွေ့ဖက်လျက်လည်း ရုပ်တုများ ထုကြသည်။ ထိုအသွင်မှာ မယ်တော် အသွင်ဖြင့် ကြည်ညို ကြရန် ဖြစ်သည်။ ခေါင်းပေါ်တွင်ကား *အမိတဗ္ဗဗုဒ္ဓ* [၃] ရုပ်ပုံကို အထွတ် တင်ထားသည်။ ထိုဗုဒ္ဓကို ကိုးကွယ်သူများအား စည်းရုံး ဆောင်ယူရန်အတွက် ဖြစ်သည်။

အခြားသော ဗောဓိသတ္တ ဘုရားလောင်းများနှင့် ပတ်သက်၍ အချက် တစ်ချက်ကို ဖော်ပြသင့်သေး၏။

သူက *ခတ္တိဂဗ္ဘ* [၄] ဖြစ်၏။ တရုတ်ပြည်တွင် ထိုဘုရားလောင်းကို *တီဆန်း* [၅] ဟု ခေါ်သည်။ ဂျပန်ပြည်တွင်ကား ၄င်းကို *ဂျီဇို* [၆] ဟု ခေါ်ကြသည်။ ထိုဘုရားလောင်းကို ပို၍ အရေးထား ကိုးကွယ်ကြလေသည်။ ပူဆွေး သောကရောက်နေကြသူများ အတွက် ထိုဘုရားလောင်းသည် ငရဲသို့ သက်ဆင်းပြီးလျှင် ငရဲ ခံစားနေကြရသူများကို ကယ်တင်လျက် ထိုသူများကို နတ်ပြည်သို့ ပို့ပေးတတ်သည်။

ယခင် လူဝင်စား ဘုရားလောင်း ဖြစ်စဉ် အခါက သူသည် မိန်းမ အသွင်ဖြင့် နှစ်ကြိမ် ဖြစ်ခဲ့ဖူးပြီ။ ထိုသို့ ဖြစ်ခဲ့ခြင်းအားဖြင့် သူ၏မေတ္တာ ကရုဏာ ကြီးမားမှုကို ဖော်ပြခဲ့ခြင်း ဖြစ်သည်။ အထူးသဖြင့် အမျိုးသမီးများ မီးဖွားသော အချိန်တွင် ထိုဘုရားလောင်းက ကူညီ ကယ်တင်သည်ဟု ယူဆကြသည်။

ထို့ပြင် ထိုဘုရားလောင်းသည် ဣဒ္ဓိဝိဒ အဘိညာဏ်နှင့်လည်း ပြည့်စုံသည်။ နေရာ အနှံ့အပြားတွင် သူ့ကို တစ်ပြိုင်နက်တည်း တွေ့မြင် ဖူးမြင်နိုင်သည်။ သူ့တန်ခိုးဖြင့် လူများစွာတို့အား တစ်ပြိုင်နက်တည်း နေရာ အနှံ့အပြားတွင် ကူညီ စောင့်ရှောက်နိုင်သည်။

တရုတ် လူမျိုးများက ထိုဘုရားလောင်းသည် အသွင်ခြောက်မျိုးဖြင့် တည်ရှိသည်။ စကြဝဠာ ဘုံ ခြောက်ဆင့်တွင် အဆင့်တိုင်း၌ သူ ရှိသည်။ ဂျပန် နိုင်ငံတွင် တစ်ပါးတည်းသော ဘုရားလောင်း ဂျီဇို အဖြစ်ဖြင့် တည်ရှိသည်။ ရှင်တို ဘာသာဝင်များ၏ စစ်နတ် *ဟာချီမန်း* [၇] နှင့် ၄င်းဘုရားလောင်းသည် အတူတူဟု သဘော ထားကြသည်။ မြင်းကို စီးလျက်၊ စစ်ဦးထုပ်ကို ဆောင်းလျက် ၄င်းပုံကို ထုလုပ်ကြသည်။ ဂျပန် စစ်သားများ၏ အချစ်တော် ဖြစ်သည်။ ထိုနတ်အသွင်ကို ဖော်ပြရာ၌ သူ့ကို ရိုးသား စင်ကြယ်သော ရဟန်း အသွင် ပုံဆောင်လျက်လည်း ဖော်ပြကြသည်။

တတိယ အတန်းအစား ကယ်တင်ရှင် ဘုရားလောင်းများထဲတွင် *ဈာနဗုဒ္ဓ* [၈] များ ပါဝင်သည်။ ဤဗုဒ္ဓများသည် ဗောဓိသတ္တ ဘုရားလောင်းများနှင့် သဘောအားဖြင့် ကွဲပြားကြသည်။ ဈာနဗုဒ္ဓများကား ဘုရားလောင်းများ မဟုတ်။ ပွင့်တော်မူပြီးသော ဗုဒ္ဓများ ဖြစ်ကြသည်။ သို့သော် ထိုဗုဒ္ဓများမှာလည်း အဆင့်ဆင့် ကွဲပြား ခြားနားသေးသည်။ *မနုဿဗုဒ္ဓ* [၉] များမှ အစ ပါဝင်သည်။ မနုဿဗုဒ္ဓများမှာ လူသား အသွင်ဖြင့် ဗုဒ္ဓ အဖြစ်သို့ မရောက်သေးသော ဗောဓိသတ္တမျိုး ဖြစ်သည်။

---

၁။ Koan Eum
၂။ Kwannon
၃။ Amitabha Buddha
၄။ Kshitigarbha
၅။ Ti-Tsang
၆။ Jizo
၇။ Hachiman
၈။ Dhyani Buddha
၉။ Manushi Buddha

ထို ဗောဓိသတ္တ ဘုရားလောင်းများသည် နတ်ပြည်တွင် စံစားနေကြသည်။ ထိုဗောဓိသတ္တ ဘုရားလောင်းများသည် ပစ္စုပ္ပန် ကာလနှင့် နိဗ္ဗာန်သို့ မဝင်မီ စပ်ကြား ကြားကာလတွင် မဟာ ကရုဏာတော်ဖြင့် နိဗ္ဗာန်သို့ မဝင်သေးဘဲ လူသား အပေါင်းတို့အား ဂေါတမ မြတ်စွာဘုရားသည် ဘုရား ဖြစ်တော် မူပြီးနောက် ပရိနိဗ္ဗာန် မပြုမီ လူသား အပေါင်းကို ကယ်မတော်မူသကဲ့သို့ ကယ်မကြသည်။ ၎င်းတို့သည် ဈာနီ ဗုဒ္ဓများ ဖြစ်ကြောင်းကို ၎င်းတို့၏ နာမည်များက ပေါ်လွင်စေသည်။ ထိုဗောဓိသတ္တများ၏ ဆင်းတုများမှာလည်း ဈာန်ဝင်စားနေကြသော ဈာနမုဒြာများ ဖြစ်ကြသည်။

ဗောဓိသတ္တ ဘုရားလောင်း ပုံများသည် များသောအားဖြင့် မင်းညီ မင်းသား အသွင် စည်းစိမ် ချမ်းသာနှင့် ပြည့်စုံသော ဝတ်လဲတော်များ၊ အဆင်တန်ဆာများကို ဝတ်ဆင်လေ့ ရှိသည်။ စိန်ရွှေ ရတနာများကိုလည်း ဝတ်ဆင်ထားကြသည်။

သို့သော် ဈာနီဗုဒ္ဓများက ထိုသို့ မင်းညီမင်းသား အဆင် တန်ဆာများကို ဝတ်ဆင်လေ့ မရှိ။ ရိုးရိုး ရဟန်းအသွင်ဖြင့်သာ ရပ်လျက် ဖြစ်စေ၊ ထိုင်လျက် ဖြစ်စေ တွေ့ရသည်။ လက် အနေအထားများမှာ ရှေ့မှာ ချလျက် ဖြစ်စေ၊ ပေါင်ပေါ်မှာ မုဒြာ ငါးမျိုး အနက် တစ်မျိုးမျိုးဖြင့် ဖြစ်စေ တွေ့ရသည်။ မျက်လွှာများကိုလည်း အောက်သို့ ချထားကြသည်။ မျက်နှာတော်ပေါ်တွင်မူ ငြိမ်သက်သော အပြုံးရိပ်များ ပေါ်လျက် ရှိသည်။

မဟာယာန ဗုဒ္ဓဘာသာ တစ်ခုလုံးကို ခြုံကြည့်လျှင် အဓိက ကျသော ဈာနီဗုဒ္ဓ ရုပ်တုပုံ သုံးမျိုး ရှိကြောင်း တွေ့ရသည်။

*ဝေရောစန* [၁]၊ *ဘေသဇ္ဇဂုရု* [၂] နှင့် *အမိတဗ္ဗ* [၃] တို့ ဖြစ်ကြသည်။ ထိုသုံးမျိုးမှာ ဗောဓိသတ္တ များစွာ အနက်မှ ထင်ရှားသော ဗောဓိသတ္တများ ဖြစ်ကြသည်။

ပထမ ဗုဒ္ဓသည် နေ စကြဝဠာနှင့် ဆိုင်သော ဗုဒ္ဓဘုရား ဖြစ်သည်။ ထိုဗုဒ္ဓသည် ပါရှန်တို့၏ *မိထရာ* [၄] နှင့် လည်းကောင်း၊ ဝေဒကျမ်းများမှ *သာဝိတာ* [၅] နှင့် လည်းကောင်း၊ မြေထဲပင်လယ် အရပ်မှ အပိုလိုနှင့် လည်းကောင်း သဘောချင်း တူသည်။ ဤဗုဒ္ဓမျိုးသည် ဂျာဝါးကျွန်းတွင် ပထမ အရေးအကြီးဆုံး ဖြစ်သည်။ ဂျပန်တွင် နေနတ်သမီး *အမတေရဆု* [၆] မှာလည်း ဤဘုရားကိုပင် ခေါ်ခြင်း ဖြစ်သည်။

ဒုတိယ ဘုရားလောင်းသည် ဆေးဝိဇ္ဇာ ဘုရား ဖြစ်သည်။ တိဗက်ပြည်၊ တရုတ်ပြည်၊ ဂျပန်ပြည်တို့၌ ကိုးကွယ်သူ များပြားလှသည်။ သို့သော် အမိတဗ္ဗသည် တရုတ်ပြည်တွင် *အော့မိတို* [၇] ဟု လူသိများပြီး ကိုရီးယားနှင့် ဂျပန်တွင်မူ *အမိဒ* [၈] ဟု လူသိများသည်။ ၎င်းသည် အာရှတိုက်တွင် ကြီးကျယ်သော ဘုရား တစ်ဆူ ဖြစ်သည်။ ဤဘုရားသည် သုခါဝတီဟု ခေါ်သော ဝိသုဒ္ဓိဘုံမှာ စံမြန်းနေတော်မူသည်ဟု ဆိုသည်။

ဤ အမိတဗ္ဗ ဘုရားလောင်းသည် အနောက်ဘက် အမရသုခဘုံကို အစိုးရသော ကရုဏာတော်ရှင် ဖြစ်သည့်အတွက် သူ့အား ယုံကြည် ကိုးကွယ်သူများ၏ မျက်မှောက်ဘဝ လိုအင်ဆန္ဒ ဆုတောင်းများကို အလုံးစုံ ပြည့်ဝအောင် မစတော်မူသည်။

တရုတ်ပြည်နှင့် ဂျပန်ပြည်မှ လူအများ၏ စိတ်တွင် ဤအမိတဗ္ဗ ဗုဒ္ဓကို သကျမုနိဟု သူတို့ ခေါ်ကြသော ဂေါတမ ဗုဒ္ဓထက်ပင် ပို၍ အရေးထားကြသည်။

ဤကဲ့သို့ အရေးထားခြင်းမှာ အခြားသော ဗောဓိသတ္တ ဘုရားလောင်းများသည် လူသားတို့အား မျက်မှောက် အကျိုးစီးပွားကိုသာ ပြည့်စုံစေတတ်ကြသော်လည်း အမိတဗ္ဗ ဗုဒ္ဓကမူ လူသားတို့ အတွက် အနာဂတ် အကျိုးနှင့် ပြည့်စုံအောင်လည်း မစတော် မူသည်ဟု ယုံကြည်ကြသောကြောင့် ဖြစ်သည်။ ဘဝ သမ္ပတ္တိ၊ ဘောဂ သမ္ပတ္တိနှင့် ပြည့်စုံခြင်းကို အလို ရှိကြသော မျှော်လင့်ချက်ဖြင့် ယုံကြည် ကိုးကွယ် ဆည်းကပ်ကြသူများသည် ပရိနိဗ္ဗာန် ပြုသွားပြီ ဖြစ်သော ဂေါတမဗုဒ္ဓ-သကျမုနိနှင့် ရဟန္တာ အရှင်မြတ်များကို ကိုးကွယ်မည့် အစား ဤအမိတဗ္ဗ ဗုဒ္ဓကိုသာ ကိုးကွယ် ဆည်းကပ်ကြသည်။

တရုတ်နှင့် ဂျပန် မဟာယာနဂိုဏ်း အချို့သည် အော-မိ-တို ဟု သူတို့ ခေါ်သော အမိတဗ္ဗ ဗုဒ္ဓသည် သူ၏ အမည်ကို ထပ်တလဲလဲ ရေရွတ်သောသူများကိုပင် အလိုဆန္ဒ အားလုံး ပြည့်စုံစေသည်ဟု အယူ ရှိကြသည်။ တရုတ်ပြည်နှင့် ဂျပန်ပြည်တွင် ရွတ်ဖတ် သရဇ္ဈာယ်ကြသော မဟာယာန သုတ္တန်များတွင် သုခါဝတီ ဝိသုဒ္ဓိဘုံ အကြောင်း ဖော်ပြချက်များ ပါသည်။ ၎င်းမှာ အမိတဗ္ဗ ဗုဒ္ဓကို ယုံကြည်

---

၁။ Vairocana
၂။ Bhaisajyaguru
၃။ Amitabha
၄။ Mithra
၅။ Saritar
၆။ Amaterasu
၇။ O-mi-to
၈။ Amida

သက်ဝင်သည့် သဘော ဖြစ်သည်။ အခြားသော ကုသိုလ် ကောင်းမှုများမှ အပ ဤသုတ္တန်များကို ရွတ်ဖတ်ရုံမျှဖြင့်ပင် နိဗ္ဗာန်ကို ရရှိနိုင်သည်ဟု အယူ ရှိကြလေသည်။

'သတ္တဝါများသည် ဤ မျက်မှောက် ဘဝ၌ ပြုသော ကုသိုလ် ကောင်းမှုများ၏ အကျိုးအားဖြင့် ဗုဒ္ဓ၏ နိုင်ငံတော်၌ ပြန်လည် မွေးဖွားရသည် မဟုတ်။ ထိုသို့ကား မဟုတ်ပါ။ အားလုံးသော လူယောကျ်ား၊ လူမိန်းမ အပေါင်းတို့သည် တစ်ရက် တစ်ည၊ နှစ်ရက် နှစ်ည၊ သုံးရက် သုံးည၊ လေးရက် လေးည၊ ငါးရက် ငါးည၊ ခြောက်ရက် ခြောက်ည၊ ခုနစ်ရက် ခုနစ်ည စသည်အားဖြင့် အမိတယု ဗုဒ္ဓ၏ အမည်ကို ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းပါက ၎င်းတို့ သေသော အခါ သေခါနီး အချိန်တွင် သူတို့ အနီးသို့ အမိတယု ဗုဒ္ဓသည် ရောက်ရှိလာပြီးလျှင် စောင့်ရှောက်တော်မူမည် ဖြစ်သည်။ ထိုအခါ ထိုသူတို့သည် ဤဘဝမှ အေးချမ်း ငြိမ်သက်သော စိတ်ဖြင့် ချမ်းသာစွာ စုတိစိတ် ကျသွားမည် ဖြစ်သည်။ ထိုအခါ အမိတယု ဗုဒ္ဓက သူတို့အား သုခါဝတီဘုံသို့ ခေါ်သွားကြမည် ဖြစ်၏' ဟု မဟာယာန သုတ္တန်များ၌ ဖော်ပြထားသည်။

ဤအယူအဆတွင် မူရင်း ဗုဒ္ဓဘာသာကိုမူ လုံးလုံးလျားလျား လွှန်ကဲသွားပြီ ဖြစ်၏။

မဟာယာနတို့၏ သံသရာ လွတ်မြောက်ခြင်း အစီအစဉ် အားလုံးသည် ဤသဘောချည်းပင် ဖြစ်၏။ ဂေါတမ ဗုဒ္ဓသည် သတ္တဝါ အားလုံးတို့ အပေါ်၌ စိတ်ကောင်း စေတနာ မေတ္တာ ကရုဏာ ထားရန် ဟောကြားတော် မူခဲ့သည် ဆိုသော အချက်ကို မည်သူမျှ ငြင်းနိုင်မည် မဟုတ်ပေ။ သို့သော် ဤ ဗုဒ္ဓ မြတ်စွာ ဟောကြားတော်မူသော မေတ္တာသည် ပုဂ္ဂိုလ် တစ်ဦး တစ်ယောက်ကို ပုဂ္ဂိုလ်စွဲထား၍ ပြုသော မေတ္တာ မဟုတ်ပေ။ ဗုဒ္ဓ ဟောကြားတော်မူသော မေတ္တာသည် တစ်ဦး တစ်ယောက် အပေါ်၌ အကန့်အသတ်ဖြင့် ထားသော မေတ္တာမျိုး မဟုတ်။ တစ်လောကလုံး အပေါ် ဖြန့်၍ ထားသော ယေဘုယျ မေတ္တာမျိုး ဖြစ်သည်။

မဟာယာနတို့ကမူ ဗောဓိသတ္တများနှင့် ဈာနိဗုဒ္ဓများ၏ သဘော သရုပ်ကို ဖော်ပြရာ၌ ကိုယ်ကျင့်တရား နယ်၌ ကိုယ်ကျိုး လုံးဝ မပါသော အများ ကောင်းစားရေး အတွက် ထားသော မေတ္တာသည် အမြတ်ဆုံး အထွတ်အထိပ် မေတ္တာ ဖြစ်သည်ဟု ယူဆကြသည်။

ထိုမေတ္တာမျိုးကို အလောင်းတော်များသာ ထားနိုင်ကြသည်။ ထိုအလောင်းတော် နတ်သားများသည် လူသားတို့ တောင်းဆိုသမျှသော ဆုတောင်း ပတ္ထနာများကို ပြည့်စုံစေကြသည်။

ဤအယူအဆသည် ဂေါတမ ဗုဒ္ဓ၏ အဆုံးအမများနှင့်ကား လုံးလုံးလျားလျား ဆန့်ကျင်နေပေသည်။ ဂေါတမ ဗုဒ္ဓက ဘဝ လွတ်မြောက်ရေး၊ နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက် ပြုရေး အတွက် ဘယ်မှာမှ ဆုတောင်း၍ မရ၊ မိမိတို့ဘာသာ ကြိုးစား အားထုတ် ကျင့်ကြံမှသာ ရနိုင်သည်ဟု ဟောကြား ဆုံးမတော် မူခဲ့လေသည်။

မဟာယာန ဗုဒ္ဓဘာသာဝင်များကလည်း ရှေးကျသော ဗုဒ္ဓဝါဒ အဆုံးအမများနှင့် ဤအချက်တွင် သူတို့ ကွဲလွဲကြောင်းကို ဝန်ခံကြသည်။ သို့သော် သူတို့က ဂေါတမ ဗုဒ္ဓသည် တရား နာသူ ပရိသတ်၏ အဇ္ဈာသယကို လိုက်၍ တရားကို အမျိုးမျိုး ဟောကြားတော်မူခဲ့သည်။ ယုတ်ညံ့သူများနှင့် ကိုယ်ကျိုး အတွက်ကို ရှေးရှုသူများ အတွက် မဂ္ဂင် ရှစ်ပါး တရားကို ဟောကြားတော်မူသည်။ အကျင့်မြတ်သူများ၊ စိတ်အင်အား ကြီးမားသူများ အတွက်မူ ကိုယ်ကျိုးကို လုံးဝ စွန့်သော အလောင်းတော်များ၊ ဗောဓိသတ္တများ၏ မဟာ ကရုဏာ ကျင့်စဉ်တော်ကို ဟောကြားတော်မူခဲ့သည်ဟု ဆိုကြသည်။

ဤသဘောထား အယူအဆကို စွဲကိုင်လျက် မဟာယာနများက ထေရဝါဒ (ဟီနာယာန) များသည် တစ်ကိုယ်ကောင်း ဝါဒီများ ဖြစ်သည်ဟု စွပ်စွဲ တိုက်ခိုက်တတ်ကြလေသည်။

ထေရဝါဒ ဗုဒ္ဓဘာသာဝင်များကို မဟာယာနများက တစ်ကိုယ်တော် လွတ်မြောက်ရေး အတွက် ကျင့်ကြံကြသူများဟုလည်း စွပ်စွဲ ပြစ်တင်တတ်ကြလေသည်။

## မဟာယာန ကိုယ်ကျင့်သီလ

အကျဉ်းချုံး၍ ဖော်ပြခဲ့သော အတွေးအခေါ် လမ်းကြောင်းသည် အမှန်အားဖြင့် ဗုဒ္ဓဘာသာ အဆုံးအမများ အားလုံးကို စိတ်ဝင်စားဖွယ် ဖြစ်အောင် ဦးတည်ရာ ရောက်ခဲ့ပေသည်။ ယခုအခါ နတ်ပြည်၌ စံစားနေကြသော ဘုရားလောင်း ဗောဓိသတ္တများသည် ရှေးလွန်လေပြီးသော ကာလများ၌ လူသားများ ဖြစ်ခဲ့ကြပြီးလျှင် သူတို့သည် ဗောဓိဆုကြီးကို ပန်ခဲ့ကြသူများ ဖြစ်ကြသည်။ ထို ဘုရားလောင်း ဗောဓိသတ္တများသည် ထိုအခါမှ စ၍ စွန့်ခြင်းကြီးများကို စွန့်၍ လည်းကောင်း၊ ဘုရားဆုပန်သော ဘဝမှာပင် နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက် ပြုလိုက ပြုနိုင်သော အခွင့်အရေး ရှိကြပါလျက်

နိဗ္ဗာန် အငြိမ်းဓာတ်ကို မယူဘဲ ပါရမီတော်များကို ဖြည့်ဆည်းတော် မူခဲ့ကြလေသည်။ ထို အလောင်းတော်ကြီးများ နည်းတူ လူယောကျ်ား ဖြစ်စေ၊ မိန်းမ ဖြစ်စေ မည်သူမဆို အနာဂတ် ကာလ၌ ဗုဒ္ဓ အဖြစ်သို့ ရောက်လိုသော ဆန္ဒရှိပါက ဗောဓိ ဆုကို ပန်လိုက ပန်နိုင်သော အခွင့်အလမ်းရှိပေသည်။

မဟာယာန ဗုဒ္ဓဘာသာ အရ လူတိုင်းမှာ ဗုဒ္ဓဓာတ် ပါပြီးသား ဖြစ်သည်။ ထို့ကြောင့် ယခု မျက်မှောက် ဘဝတွင် ဗောဓိသတ္တ ဆုကို ပန်သင့်သည်။ ဘုရား အဖြစ်သို့ ရောက်အောင် ပါရမီတော်ကို ဖြည့်ဆည်းရသော အချိန် ကာလ အတိုင်း အရှည်မှာကား ရေတွက်၍ မရပေ။ သို့သော် တကယ်တမ်း သတ္တဝါတို့ အပေါ်၌ မဟာ ကရုဏာ အစစ် အမှန် ရှိသော ပုဂ္ဂိုလ် အတွက်မှုကား အချိန်ကာလ မည်မျှ ကြာသည် ဖြစ်စေ အကြောင်း မဟုတ်ပေ။ ထိုအလောင်းတော်သည် မေတ္တာ ကရုဏာ ပွားများရာတွင် ဘာကိုမျှ မျှော်လင့် စောင့်စားခြင်း မရှိတော့ပေ။ သို့ဖြစ်ရကား ယခု ပစ္စုပ္ပန် ဘဝမှာပင် ဘုရား ဆုပန်ခြင်းကို စတင် ပြုလုပ်သင့်ပေသည်။

မဟာယာန ဗုဒ္ဓဘာသာ အယူအဆများ တိုးတက် ပြည့်စုံသော အဆင့်သို့ ရောက်ရှိလာသော အခါ ဤဗောဓိ ဆုပန်ခြင်း စံသည် ပို၍ ရှင်းလင်း ပြတ်သား လာခဲ့ပေသည်။ ဤအယူအဆသည် ပို၍ ကျယ်ပြန့်သော တက္ကိက ဝါဒ နောက်ခံ သဘောနှင့်လည်း ဆက်စပ် လာလေတော့သည်။ ထိုအခါ ဗောဓိသတ္တ အလောင်းတော်များ၏ ဘဝ တစ်လျှောက် ဉာဏ် အဆင့်ဆင့် ဖြစ်ပေါ်ပုံကိုလည်း ထင်ရှားစွာ ဖော်ပြလာသည်။ ထို့ပြင် အလောင်းတော် အဖြစ် စတင် ခံယူပုံနှင့် ပတ်သက်သော သွန်သင် ညွှန်ပြ ဆုံးမထားသော စာပေ ကျမ်းဂန်များလည်း ပေါ်ပေါက်လာသည်။

ခုနစ် ရာစုတွင် ပေါ်ပေါက်သော ဒီပနီကျမ်း 'ဗောဓိစာရိယ ဝတာရ' အရ ဗောဓိသတ္တ ဘုရားလောင်း အဖြစ်သို့ စတင် ဝင်ရောက်ခြင်းကို မည်သူမဆို သက်ရှိ သတ္တဝါ တို့၏ ကောင်းမှု ပြုခြင်းကို ဝမ်းမြောက် ကြည်နူးခြင်း ရှိသူတိုင်း ဝင်ရောက်နိုင်သည်။

ထိုကဲ့သို့ ဘုရားလောင်း အဖြစ်ကို စတင် ခံယူပြီး နောက် ထိုပုဂ္ဂိုလ်သည် ဗုဒ္ဓထံတွင် သဗ္ဗညုတဉာဏ်ကို ရရှိရေး အတွက် မိမိအား ကူညီ စောင့်ရှောက် မစပါရန် ဆုတောင်း ပတ္ထနာကို ပြုရမည်။ ထိုအချိန်တွင် နိဗ္ဗာန်ကို ရလိုပါ၏ဟု ဆုမတောင်းရ၊ သတ္တဝါတို့၏ အကျိုးကို သယ်ပိုး ရွက်ဆောင်နိုင်သော ကိုယ် ဖြစ်ရပါလို၏ဟုသာ ဆုတောင်းရသည်။ ထိုရည်မှန်းချက်ကို ရောက်ရှိစေရန် အတွက် ပွင့်တော် မူပြီးသော ဗုဒ္ဓထံတော်ပါး၌ မိမိ၏ နိဗ္ဗာန် စံဝင်ခွင့်ကို မိမိက တစ်လောကလုံးရှိ သတ္တဝါတို့အား ကယ်တင်ပြီးသည် အထိ ရက် ရွှေ့ဆိုင်း ထားပေးပါရန် တောင်းပန်ထားရမည်။

ယနေ့ တရုတ်ပြည်တွင် ဗုဒ္ဓဘာသာ ရဟန်း သံဃာတော်များသည် ဗောဓိသတ္တ အဆင့်သို့ ရောက်ရှိစေရန် သိက္ခာထပ်ခြင်း၊ သိမ်ထပ်ခြင်း အဆင့်ဆင့်ကို ပြုလုပ်ရလေသည်။ နောက်ဆုံး အဆင့်သည် ရဟန္တာ အဆင့် ဖြစ်သည်။ မဟာယာနတို့ လက်ခံထားသော ရဟန္တာ အဆင့်သည် နိဗ္ဗာန်သို့ စံဝင်ရသော အဆင့် မဟုတ်။ ရဟန်း ကိစ္စ ပြီးလျှင် ဗောဓိသတ္တ ဘဝဖြင့် ပါရမီ ဖြည့်ကျင့်ရပေဦးမည်။ နိဗ္ဗာန်သို့ မျက်မှောက် မပြုလိုကြောင်း၊ ပရိနိဗ္ဗာန် မပြုသေးလိုကြောင်း ဗုဒ္ဓထံမှာ ပန်ကြားရသည်။

မဟာယာနများက သူတို့၏ ရဟန္တာများသည် ထေရဝါဒ (ဟီနယာန) က လက်ခံထားသော ရဟန္တာ အဆင့်ကို ကျော်လွန်သည်။

တစ်ကိုယ်ကောင်း တစ်ယောက်ကောင်း နိဗ္ဗာန်ကို မယူဘဲ သတ္တဝါ အားလုံးကို ကယ်ချွတ်ပြီးမှ နိဗ္ဗာန် ယူသဖြင့် ပို၍ အဆင့် မြင့်သည်ဟု ယူဆကြသည်။

## မဟာယာနတို့၏ ဘာသာရေး ဒဿန

လူပြိန်းများ အတွက် ဘဝ လွတ်မြောက်ရေး ကိစ္စသည် အရေး မကြီးသလို နေနိုင်သော်လည်း ပညာရှင်များနှင့် ဂမ္ဘီရ ဝိဇ္ဇာ ပညာရှင်များ အတွက်မူ သိမ်မွေ့ နက်နဲသော ဒဿန ကိစ္စ တစ်ခု ဖြစ်သည်။

ဗုဒ္ဓဘာသာနှင့် ဆိုင်သော ဒဿနများကို အိန္ဒိယပြည်တွင် ပြုလုပ်ခဲ့ကြလေသည်။ အေဒီ နှစ် ရာစု၊ သုံး ရာစုနှင့် လေး ရာစုများ အတွင်း ၎င်းတို့၏ သီးခြား အမြင်များကို ဖော်ဆောင်ကြသော အဓိကကျသည့် မဟာယာန ဗုဒ္ဓဘာသာ အတွေးအခေါ် ဂိုဏ်းကြီး နှစ်ဂိုဏ်း ရှိခဲ့လေသည်။ ထို အတွေးအခေါ် ဂိုဏ်းများသည် ဟိန္ဒူ ဘာသာနှင့် ဂျိန်း ဘာသာများ၏ ဩဇာ လွှမ်းမိုးမှုကို ပထမ ခံခဲ့ရပြီးနောက် နောင်အခါ၌ ၎င်းတို့၏ အတွေးအခေါ်များက ဟိန္ဒူနှင့် ဂျိန်း ဘာသာများကိုပါ တစ်ဖန် ပြန်၍ ဩဇာ လွှမ်းမိုးခဲ့လေသည်။ ထို ရာစုနှစ်များသည် အိန္ဒိယ အတွေးအခေါ်များကို စနစ်တကျ အကောင်အထည် ဖော်သော ခေတ်ကာလ ဖြစ်သည်ဟု ယူဆနိုင်သည်။

အေဒီ နှစ် ရာစုတွင် *နဂါဇုန* [၁] ဆိုသူက *မဓျမိက* [၂] ဂိုဏ်းကို တည်ထောင်ခဲ့လေသည်။ ထိုမဟာယာန ဂိုဏ်းသည် ဂေါတမ ဗုဒ္ဓ ဟောကြားတော်မူခဲ့သော အနတ္တ ဝါဒ အမြင်တွင် လမ်းခွဲခဲ့သော ဂိုဏ်း ဖြစ်သည်။

ဗုဒ္ဓက အတ္တ ဟူသော အရာသည် စင်စစ် မရှိ၊ အစဉ် ပြောင်းလဲ ဖြစ်ပျက်နေသော ခန္ဓာ ငါးပါး ရုပ်နာမ် တရားများသာ ရှိသည် ဆိုသော အယူအဆကို မဓျမိက ဂိုဏ်းသားများက လက်မခံခဲ့ကြပေ။

လူ၏ ကိုယ်ရည်ကိုယ်သွေးကို ခွဲခြမ်း စိတ်ဖြာသော ဤ အနတ္တ သဘောတရား အရ အရာခပ်သိမ်း သက်ရှိ သက်မဲ့ အားလုံးသည် လှုပ်နေ ခုန်နေ ပြောင်းလဲနေသော ဓာတ်စု ဓာတ်ပေါင်းများသာ ဖြစ်တော့သည်။

တစ်ဆင့် တက်ပြီး စဉ်းစားပြန်လျှင်လည်း ဤ ဓမ္မများ အားလုံးသည် သေချာ စေ့စပ်စွာ သုံးသပ်လိုက်ပါက စိတ် စေတသိက်များထက် မပိုတော့ပေ။ ၎င်းတို့သည် ဘာမှ မရှိသော၊ ဗလာ ဖြစ်သော အရာများသာ ဖြစ်ကြပြီးလျှင် အတွေ့အကြုံထဲတွင် အမှန်တကယ် တည်ရှိသော အရာများလည်း မဟုတ်ကြတော့ပေ။ ထို့ကြောင့် အနတ္တ လက္ခဏာသဘော အရ ဆိုလျှင် ဗဟိဒ္ဓလောက တည်ရှိခြင်းကိုလည်း ငြင်းပယ်ရာ ကျသည်။ အရာ ခပ်သိမ်းတို့သည် ဘာမျှ မရှိသော လဟာ သဘောများချည်းသာ ဖြစ်ကြပေတော့သည်။ အရာဝတ္ထုများသည် ထင်မြင်ရသော အတိုင်း မဟုတ်ကြကုန်။ အစစ်အမှန် သဘော၌ ထိုအရာများသည် ဂုဏ်အင်္ဂါ လက္ခဏာများ ကင်းမဲ့သော အရာများသာ ဖြစ်ကြသည်။

ထိုသို့သော ဗလာ ဟင်းလင်း သဘော၌ ပုံသဏ္ဌာန်လည်း မရှိနိုင်၊ အာရုံသိ ဝိဉာဏ် သဘောလည်း မရှိနိုင်၊ နာမည်လည်း မရှိနိုင်၊ သဘော အယူအဆလည်း မရှိနိုင်၊ အသိပညာလည်း မရှိနိုင်တော့ပေ။ အရာရာသည် အနန္တ သဘော ဖြစ်လျှင် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့လည်း မရှိနိုင်တော့ပေ။ သို့ဖြစ်လျှင် ပညာလည်း မရှိ၊ အဝိဇ္ဇာလည်း မရှိ၊ အဝိဇ္ဇာကို ပယ်သတ်ခြင်းလည်း မရှိ၊ ဇရာလည်း မရှိ၊ မရဏလည်း မရှိ၊ အရိယာစတုသစ္စာ တရားလည်း မရှိ၊ နိဗ္ဗာန်ကို ရခြင်းလည်း မရှိနိုင်တော့ပေ။

သို့ရာတွင် တစ်စုံတစ်ခုသော အရေးကြီးသည့် အရည်အချင်း သဘောကား ရှိ၏။ ၎င်းမှာ ပရမတ္ထ သစ္စာ ဆိုသော သဘော ဖြစ်၏။ ထိုပရမတ္ထ သစ္စာ သဘောကို အဝိဇ္ဇာကို ပယ်ရှင်းပြီးသော စိတ်ကသာ သိမြင် သဘော ပေါက်နိုင်ပေသည်။ စိတ်စေတသိက်များသည် ဖြစ်ရိုး ဖြစ်စဉ် အတိုင်း ဆက်လက် ဖြစ်ပေါ်နေပါမူကား ၎င်းတို့သည် နေ့စဉ် တွေ့ကြုံနေကျ အတွေ့အကြုံများ (သမ္မုတိ သစ္စာ) ကိုကား သိရှိနိုင်ပေသည်။

ထို သမ္မုတိ သစ္စာနယ် နေ့စဉ် အတွေ့အကြုံများထဲတွင်ကား အရာဝတ္ထုများသည် ဘာမှ မရှိသော ဗလာ ဟင်းလင်း မဟုတ်ကြဘဲ တစ်ခုနှင့် တစ်ခု ဆက်စပ်လျက် တည်ရှိနေကြပေသည်။ ထိုသို့ တည်ရှိနေခြင်းကို ထိတွေ့ ခံစား၍လည်း ရသည်။ ထို အတွေ့အကြုံနယ်သည်ကား ကိလေသာနယ် ဖြစ်၏။ ထိုနယ်ထဲတွင် လူတို့သည် အဖန်တလဲလဲ ပဋိသန္ဓေ နေ၍ မွေးဖွား နေကြရသည်။

ထို သမ္မုတိ သစ္စာနှင့် ဆက်စပ် ရုန်းကန် နေရသော စိတ်တစ်ခု အဖို့မှ ဝိဇ္ဇာဉာဏ် အလင်းကို ရရှိသော အခါ အရာဝတ္ထုတို့၏ ပရမတ္ထ သစ္စာ သဘောကို သိမြင်ရ၏။ ထိုအခါ ထိုစိတ်သည် ဘာမျှ မရှိသော အနတ္တ သဘော ဟင်းလင်း ကင်းသော သဘောကို သိမြင်ပေတော့သည်။ ဤသို့ ဆိုသောကြောင့် ဤလောက၌ ဘာမျှ တည်ရှိခြင်း မရှိဟု ဆိုလိုရာ မရောက်ပေ။ သင့်တင့် လျောက်ပတ်စွာ အဓိပ္ပာယ် ဖော်ဆောင် ရပါက အတွေးသည် ဤသို့ ဖြစ်၏။ နေ့စဉ် အတွေ့အကြုံ သမ္မုတိနယ်မှ လွတ်မြောက်သော စိတ်သည် အရာဝတ္ထုတို့မှာ ၎င်းတို့ကို ဖော်ဆောင်သော ဂုဏ်သတ္တိများသည် ဘာမျှ အမှန်တကယ် မရှိကြောင်းကို သိမြင်နိုင်တော့သည်။ ထို ဂုဏ်သတ္တိများမှာလည်း သိလည်း မသိ၊ သိလည်း မသိနိုင်သော အရာများသာ ဖြစ်၍ ၎င်းတို့ကို ထိုအရာဝတ္ထုများ၏ ဂုဏ်သတ္တိများ အဖြစ် မသတ်မှတ်နိုင်ပေ။

ကျွန်ုပ်တို့ အတွေ့အကြုံ၌ ပေါ်လာသော အပေါ်ယံ အမြင်သဘော နောက်ကွယ်၌ ရှိသော အစစ်အမှန် တရားများ၊ ကာမဝဋ်၊ ကိလေသာဝဋ်၊ ဝိပါကဝဋ် သဘောတို့ကို စကားဖြင့် ပြော၍ မဖြစ်တော့ပေ။ အစစ်အမှန် တရားကို ဘာ ဂုဏ်သတ္တိဖြင့်မျှ ဖော်ပြ၍ မရစကောင်းသည့် အတွက် ထိုပရမတ္ထ သစ္စာတရားတွင် တိုးပွားမှု သဘော၊ ပျက်စီးမှု သဘော၊ ပပျောက်မှု သဘော၊ ခိုင်မြဲသော သဘော၊ ညီညွတ်သော သဘော၊ များပြားသော သဘော၊ ဖြစ်ခြင်း သဘော၊ ပျက်ခြင်း သဘောများလည်း မရှိတော့ပေ။

ထို့ပြင်တဝ မဟာယာန သဘောတရား အရ နိဗ္ဗာန်သို့ စံဝင်ခြင်း ဆိုသည်မှာလည်း ဘာမျှ မရှိသော ချုပ်ငြိမ်း ကင်းဆိတ်ခြင်း အဖြစ်သို့ ဝင်ရောက်ခြင်းပင် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် နိဗ္ဗာန်၌ အလုံးစုံသော အရာဝတ္ထု

---

၁။ Nagarjuna ၂။ Madhyamika

တို့၏ ဂုဏ်သတ္တိများ ကင်းမဲ့ပြီး *ဟာလာဟင်းလင်း* ဖြစ်၍ ဆိတ်ငြိမ် ချုပ်ငြိမ်းသွားသောကြောင့် ဖြစ်၏။

အေဒီ ငါး ရာစုတွင် *အာသင်္ဂ*[၁] နှင့် *ဝါသုဗန္ဓု*[၂] ညီအစ်ကိုတို့သည် အိန္ဒိယပြည်တွင် *ယောဂစရိယ*[၃] ဂိုဏ်းကို ထူထောင်ခဲ့ကြလေသည်။ ထိုဂိုဏ်းသည် မဇ္ဈိမိကဂိုဏ်းက ချန်ထားခဲ့သော နေရာမှ စတင်ခဲ့သည်။ ဗုဒ္ဓ၊ ကမ္မနှင့် သံသရာ ဆိုသော သဘောများ၏ နောက်ကွယ်ရှိ ထုတ်ဖော်ပြောဆို၍ မရသော အစစ်အမှန် တရားတို့ကို သိနိုင်သော အသိဉာဏ် ရှိသည်။ ထိုအသိဉာဏ်ကို *အာလာယ ဝိညာဏ*[၄] ဟု ခေါ်ကြလေသည်။ ဤအာလာယ ဝိညာဏသည် မဟာသမုဒ္ဒရာနှင့် တူသည်။ အလုံးစုံ ပါဝင်သည်။ သမုဒ္ဒရာ ရေမျက်နှာပြင်ပေါ်၌ တက်တုံ ကျတုံ ပေါ်တုံ ပျောက်တုံ ဖြစ်နေသော လှိုင်းလုံးများကို သမုဒ္ဒရာ ရေပြင်က ဆောင်ယူသကဲ့သို့ မြင်မှု၊ ကြားမှု၊ နံမှု၊ စားမှု၊ ထိတွေ့မှု လောကခြင်းရာများကို ဆင်ခြင် တိုင်းထွာမှု၊ ကတ္တားနှင့် ကံ ခွဲခြားမှု စသော ဝိသလ္လာသ (လွဲမှားစွာ သိမြင်မှု) တရား ခုနစ်ပါးက လွဲမှားစွာ သိမြင် နားလည်မှု အမျိုးမျိုးကို ဖန်တီး ဖြစ်ပေါ်စေသည်။

ဤခုနစ်မျိုးသော မှောက်မှားသော သိမြင်မှုနှင့် ခြားနားစွာ သိသော အဋ္ဌမမြောက် သိမြင်မှု (*အာလာယ ဝိညာဏ*) သည်ကား ပြည့်စုံသော အကြွင်းမဲ့ အသိဉာဏ် ဖြစ်ပေသည်။

လွန်ခဲ့သော အနှစ် ၃၀၀ လောက် စော၍ ပေါ်ပေါက်ခဲ့သော ထင်ရှားသော *'ယုံကြည် သက်ဝင်မှု နိုးထခြင်း'*[၅] ကျမ်းတွင် ထို အကြွင်းမဲ့ အသိဉာဏ်ကို အကြွင်းမဲ့ ထိုအတိုင်း ရှိနေခြင်း သဘော *ဘူတ တထတာ*[၆] ဟု ခေါ်သည်။ ထို အယူအဆကို အကြောင်းပြုသော ပုဂ္ဂိုလ်သည် အဿဃောသ ဖြစ်သည်ဟု ဆိုသည်။ ထိုပုဂ္ဂိုလ်သည် အေဒီ ၁၀၀ လောက်က ပေါ်ပေါက်ခဲ့လေသည်။

ဤ ဘူတ တထတာ သဘော၊ ရှိအတိုင်းတိုင်း ဖြစ်သော အကြွင်းမဲ့ သဘောကို အဝိဇ္ဇာ ဖုံးလွှမ်းသော ဉာဏ်က မသိနိုင်။ အဝိဇ္ဇာ ဖုံးသော ဉာဏ်က ထိုအကြွင်းမဲ့ ရှိအတိုင်းတိုင်းသော သဘောကို သိမြင်အောင် အားထုတ်တိုင်းမှာ မှားယွင်းစွာ သိမြင်အပ်သော အမျိုးမျိုးသော အခြင်းအရာများသာ ပေါ်လာသည်။ အကြွင်းမဲ့ ဖြစ်သော ရှိအတိုင်းတိုင်းသော သဘောသည်ကား တစ်ခုတည်းသော အလုံးစုံ သက်ဝင်သော သန့်စင်သော သဘောသာ ဖြစ်သည် (တထတာ ဆိုသည်မှာ မဟာယာနတို့၏ နိဗ္ဗာန် သဘောကို ဆိုလိုသည်။)။ ဤသို့ နိဗ္ဗာန် သဘောကို ရှိအတိုင်းတိုင်းသော သဘော အဖြစ် ဖော်ပြခဲ့ခြင်းသည် နောက်ပိုင်းတွင် ဗုဒ္ဓဘာသာ အတွေးအခေါ်များ အပေါ် ကြီးစွာ ဩဇာလွှမ်းမိုးခဲ့လေသည်။

ယောဂါစာရ ဒဿနများသည် *ကေဝလ ဝိညာဏ ဝါဒ*[၇] ဖြစ်သည်။ ထိုအယူအဆမျိုးကို ဝေဒန္တ တွေးခေါ် မြော်မြင်ရေး သဘောတရားများ၌ များစွာ တွေ့ရသည်။

ဤတွင် အကြွင်းမဲ့ သဘော တစ်ခုကို တွေ့ရသည်။ ထိုသဘောတရားသည် ဟိန္ဒူတို့၏ ကေဝလ ဝါဒ၌ ပါဝင်သော ဗြဟ္မ အတ္တမံ အယူအဆနှင့် ဆင်တူပေသည်။

သို့သော် ဤတွင် ခြားနားချက် တစ်ခုလည်း ရှိ၏။ ထိုခြားနားချက်သည် ထို အချက်မှာ ဂေါတမ ဗုဒ္ဓ၏ ဘဝဖြစ်စဉ်များနှင့် ကိုယ်ရည် ကိုယ်သွေးများက မဟာယာန အတွေးအခေါ်များ အပေါ်၌ ဩဇာ သက်ရောက်နေခြင်းပင် ဖြစ်၏။

ဝေဒန္တ အတွေးအခေါ်တွင် ပါဝင်သော ဗြဟ္မ အတ္တမံ သဘောသည် အကြွင်းမဲ့ သဘော အဖြစ် တည်ရှိနေခြင်းသည် ဣတ္ထိလိင်လည်း မဟုတ်၊ ပုလ္လိင်လည်း မဟုတ်၊ လုံးဝ နပုလ္လိင် အသွင်ကို ဆောင်လျက် ရှိပေသည်။

မဟာယာန ဗုဒ္ဓဘာသာတွင် ပါဝင်သော အကြွင်းမဲ့ ထိုအတိုင်းတိုင်း တည်ရှိနေသော 'ဘူတ တထတာ' သဘောကိုမူ ဗုဒ္ဓများကို ပွင့်ထွန်းစေသော အရာခပ်သိမ်း နောက်ကွယ်ရှိ မေတ္တာ ဓာတ်ကြီး အဖြစ် မှတ်ယူကြပေသည်။ ထိုသဘောကား စကြဝဠာ တိုက်တစ်သောင်းတွင်းရှိ ဗုဒ္ဓ၏ အနှစ်သာရ သဘော ဖြစ်သည်။ ဘာသာရေး ကိစ္စ၌ ဤအယူအဆသည် အရေးကြီးကြောင်း ထင်ရှားသည်။

ဤတွင် ဗုဒ္ဓ ဆိုသည်မှာ လောက အခြင်းအရာ အားလုံး၌ တည်ကိန်းလျက် ရှိသော တစ်ခုတည်းသော အကြွင်းမဲ့ ထိုအတိုင်းတိုင်း တည်ရှိနေသော သဘောကို ဖော်ဆောင်ချက် တစ်ချက် ဖြစ်ပေသည်။ မဟာ ကရုဏာဓာတ်၏ ကယ်တင်ခြင်း သဘောကို ဖော်ဆောင်ချက်သည် ဗုဒ္ဓပင် ဖြစ်သည်။ အဝိဇ္ဇာ ဖုံးလွှမ်းသော ဉာဏ်ရှိသော ပုထုဇဉ်တို့အား ဗောဓိသတ္တ အလောင်းတော်တို့၏ မေတ္တာ လမ်းစဉ်ဖြင့် ထို

၁။ Asanga
၂။ Vasubandhu
၃။ Yogacarya
၄။ Alaya Vijnana
၅။ The Awakening of Faith
၆။ Bhutatathata
၇။ Monistic Idealism

အကြွင်းမဲ့ ထိုအတိုင်းတိုင်း ရှိသော သဘောသို့ ဆွဲခေါ် ယူငင်ခြင်းလည်း ဖြစ်သည်။

ဤမဟာယာန အယူအဆသည် ဘာသာရေး အတွေး အခေါ်တွင် မြင့်မားသော အဆင့်သို့ ရောက်ရှိခဲ့ပေသည်။

ဤသဘောတရား၌ ခရစ်ယာန် ဘာသာဝင်များ၏ ဗျာဒိတ်တော်ဖြင့် သိရသော ဘာသာ တရားနှင့် မဟာယာန ဗုဒ္ဓဘာသာဝင်တို့၏ တဏှိက ဝါဒသည် တူညီသော အချက် များ ရှိသည်ဟု ပညာရှင်များက ယူဆကြလေသည်။

သာမန် လူပြိန်းများ အတွက်မူ ဤမဟာယာနတို့၏ ဒဿနသည် အရာခပ်သိမ်း၌ ဗုဒ္ဓ၏ အနှစ်သာရ သဘော (ဝါ) ရှိအတိုင်းတိုင်း သဘော (ဘူတ တထတာ) သည် ရှိသည် ဆိုသော အမြင်ကို ဖြစ်ပေါ်စေလေသည်။ လူ တိုင်းမှာ ဗုဒ္ဓ၏ သဘာဝ ရှိသည် ဆိုသော အယူအဆကို ပေါ်ပေါက်စေခဲ့၏။

ထို့ကြောင့် လူတိုင်းသည် နောက်ထပ် တစ်ဖန် ပဋိ သန္ဓေ တည်နေခြင်း မရှိစေရန် ဘုရားလောင်း လမ်းစဉ်ကို ခံယူ ကျင့်သုံးအပ်သည်။ ဘုရားဆုကို ပန်အပ်သည်။

အရှေ့ဖျား ဒေသ တစ်ခုလုံးကို ဤ အယူဝါဒ၏ ဩဇာသည် ထိုးဖောက် ဝင်ရောက် သွားခဲ့လေသည်။

ထို့ပြင် ဤ အယူအဆသည် ဘာသာတရား ကြည် ညိုသူများ၏ စိတ်ကို တက်ကြွစေခဲ့သည်။

လူတိုင်း ဘုရားလောင်း ဖြစ်နိုင်သည် ဆိုသော အယူ အဆက ဘဝကို အကောင်း မြင်သော အယူဝါဒကို ဖြစ် ပေါ် စေခဲ့ပေတော့သည်။

## ၄။ တရုတ်နှင့် ဂျပန်ပြည်ရှိ မဟာယာန အတွေးအခေါ် ဂိုဏ်းများ

ကျွန်ုပ်တို့၏ ဗုဒ္ဓဘာသာ တိုးတက် ဖွံ့ဖြိုးလာပုံကို လေ့လာ မှုသည် တရုတ်ပြည်နှင့် ဂျပန်ပြည်တို့၌ ပေါ်ပေါက်လာ သော မဟာယာန ဂိုဏ်းများနှင့် ဂိုဏ်းကွဲများ အကြောင်း ကို အနည်းဆုံး အကျဉ်းအားဖြင့် ဖြစ်စေ မဖော်ပြလျှင် အကျယ်အဝန်း သဘောအားဖြင့် လည်းကောင်း၊ စိတ်ဝင် စားမှု သဘော အရ လည်းကောင်း ပြည့်စုံခြင်းသို့ ရောက် ရန် အလှမ်း ဝေးနေပေလိမ့်မည်။

ယေဘုယျ သဘောအားဖြင့် ပုံကားချပ်သည် ဤသို့ ဖြစ်၏။ အိန္ဒိယပြည်မှ ဘာသာ အယူဝါဒနှင့် စပ်သော တွေး ခေါ် မြော်မြင်ရေး ဆရာကြီးများက ထင်မြင်ချက် ပေးသော သဘောဖြင့် လည်းကောင်း၊ လွန်ကဲသော အလှမ်းမီသည့် သဘောအားဖြင့် လည်းကောင်း တွေးခေါ်ခဲ့သော အချက် များကို တရုတ်တို့က ၄င်းတို့၏ အယူ ကွဲသော အတွေး အခေါ်တွင် ယုတ္တိဗေဒ အခြေခံ အဖြစ် လက်ခံ ယူခဲ့ကြ လေသည်။

ဂျပန်တို့ကလည်း ထိုတရုတ်တို့၏ မဟာယာန အယူ ကွဲကိုပင် လေ့လာရန် စိတ်အား ထက်သန်ခဲ့ကြလေသည်။ ထို့နောက် ဂျပန်တို့သည် တရုတ်တို့၏ မဟာယာန အတွေး အခေါ်များကို အပြီးသတ် အချောကိုင်ခဲ့ကြသည်။ အချော ကိုင်ရာ၌ ဂျပန်တို့ကလည်း သူတို့၏ ကိုယ်ပိုင် အယူအဆ များကို ထပ်ထည့်ခဲ့ကြသေးသည်။

ကွဲပြား ခြားနားသော အတွေးအခေါ် ဂိုဏ်းများ ဖြစ် ပေါ်လာခြင်းသည် တရုတ်ပြည်သို့ ရောက်လာကြသော အိန္ဒိယ အာစရိယများကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။ သို့သော် အများအားဖြင့်မူ တရုတ်တို့၏ အယူအဆ ကွဲပြား လာခြင်းကို ဩဇာ သက်ရောက်စေခဲ့သော အချက်မှာ ၄င်း တို့ လေ့လာခဲ့ကြသော မဟာယာန စာပေများကြောင့် ဖြစ် သည်ဟု ဆိုသင့်သည်။ ထိုမဟာယာန စာပေများသည် သက္ကဋ ဘာသာမှ တရုတ် ဘာသာသို့ ပြန်ဆိုထားသော ကျမ်းများ ဖြစ်ကြသည်။

တရုတ် လူမျိုးများ ကိုယ်တိုင် စီရင် ရေးသားသော စာပေ ကျမ်းဂန်များလည်း ရှိသည်။

တရုတ် လူမျိုးများ အပေါ် ဩဇာ လွှမ်းမိုးခဲ့သော ပထမဆုံး မဟာယာန ကျမ်းသည် *ဝဇီရစ္ဆေဒိက သုတ္တန်* [၁] ဖြစ်သည်။ အေဒီ လေး ရာစုတွင် တရုတ် ဘာသာသို့ ပြန် ဆိုခဲ့ကြသည်။

ဒုတိယ ဘာသာပြန်ပြီး ရောက်ရှိလာသော ကျမ်းစာ များမှာ ဒသဘူမိက သုတ်၊ သဒ္ဓမ္မပုဏ္ဍရိက သုတ် နှင့် အသဝါဃောသ၏ 'ယုံကြည် ကိုးကွယ်မှု နိုးထခြင်း' ကျမ်း များကိုလည်း တရုတ် ဘာသာသို့ ပြန်ဆိုခဲ့ကြလေသည်။

---

၁။ Diamond Sutra

ထို့ပြင် တရုတ် ဘာသာ ပြန်ဆိုပြီး အတွဲပေါင်း ၁၂၀ ရှိသည့် ရှည်လျားသော အဖွင့် ကျမ်းများလည်း ရှိသေးသည်။

၄င်းတို့မှာ မဟာပညာပါရမိတာ သုတ်၊ မဟာပရိနိဗ္ဗာန သုတ်၊ အဝဋ္ဋံသက သုတ်၊ သီရိမာလာကျမ်း၊ ဝိမလ ကိတ္တိကျမ်း၊ မဟာသုခဝတီ သုတ်၊ အမိတာယုဈာန သုတ်၊ သုဝဏ္ဏပ္ပဘာသ သုတ်၊ မေတ္တယျ သုတ်၊ လင်္ကာဝါတာရာ သုတ္တန် စသည်တို့ ဖြစ်ကြသည်။

တရုတ်တို့ ကိုယ်တိုင် ရေးဖွဲ့ စီကုံးသည်ဟု ယူဆရသော ကျမ်းမှာ 'ဖြဟ္မာ့ ပိုက်ကွန် သုတ္တန်' ဖြစ်သည်။

ဘုန်းကြီးကျောင်းများ၌ အများဆုံး အသုံးပြုသော လက်စွဲကျမ်း ဖြစ်သည်။ တရုတ်ပြည်တွင် မဟာယာန အတွေးအခေါ် ဂိုဏ်းကွဲ များစွာ ရှိသည်။ ထင်ရှားသော ဂိုဏ်းများ၏ အမည်များကို သိရုံမျှ ဖော်ပြပါမည်။

(၁) **ဝိတန်ဂိုဏ်း** (အဘိဓမ္မာဂိုဏ်း) ဤဂိုဏ်းသည် ဟီနယာနဂိုဏ်း ဖြစ်သည်။

(၂) **ကောရှုဂိုဏ်း** (ချူရှေးဂိုဏ်း) ဤဂိုဏ်းလည်း ဟီနယာန ဂိုဏ်းပင် ဖြစ်သည်။ (ဤဂိုဏ်း နှစ်ဂိုဏ်းသည် သမ္မတိဝါဒဂိုဏ်း အဆက်အနွယ်များ ဖြစ်သည်။)

(၃) **သစ္စသိဒ္ဓိဂိုဏ်း** - ချင်ရှီဂိုဏ်း (ဟီနယာန) အိန္ဒိယရှိ သုတ္တန္တိက ဂိုဏ်း၏ အဆက်အနွယ်များ ဖြစ်၏။

(၄) **ရှေပွန်းဂိုဏ်း** (မဟာယာန တစ်ပိုင်း) အိန္ဒိယပြည်သား ပရမတ္ထထေရ် တည်ထောင်ခဲ့သည်။ ထိုမထေရ်သည် ကျမ်းပေါင်း ၄၀၊ အတွဲပေါင်း ၂၀၀ ရေးသားခဲ့သည်။

(၅) **စံလွန်းဂိုဏ်း** (မဟာယာန တစ်ပိုင်း) ကျမ်းကြီး သုံးကျမ်းကို အခြေခံထားသော ဂိုဏ်း ဖြစ်သည်။ ကျမ်းကြီး သုံးကျမ်း ဆိုသည်မှာ (၁) မဇ္ဈိမိကသတ္တကျမ်း၊ (၂) ဒွါဒသဒွါရကျမ်း၊ (၃) သတသတ္တကျမ်းတို့ ဖြစ်ကြသည်။

(၆) **တီလွန်းဂိုဏ်း** ထိုဂိုဏ်းကို အိန္ဒိယမှ ကြွလာကြသော ဗောဓိရုစိ၊ ရတနမတိနှင့် ဗုဒ္ဓသန္တ မထေရ်တို့ ထူထောင်ခဲ့ကြသည်။ နောင်အခါ တောင်ပိုင်း ဂိုဏ်း၊ မြောက်ပိုင်း ဂိုဏ်း ဟူ၍ ကွဲသွားသည်။

(၇) **ဟွာယင်ဂိုဏ်း** (မဟာယာန) အဝဋ္ဋံသက ကျမ်းကို အခြေခံသော ဂိုဏ်း ဖြစ်သည်။ အဝဋ္ဋံသကသည် ပန်းကုံး ဟု အနက်ရသည်။ တရုတ်လို ဟွာယင်၊ ဂျပန်လို ကီဂွန်ဟု ခေါ်သည်။ ထိုကျမ်းမှာ တရုတ်ဘာသာပြန် အတွဲ ၈၀ မူ၊ အတွဲ ၆၀ မူ၊ အတွဲ ၄၀ မူ ဟူ၍ သုံးမျိုး ရှိသည်။ ဂိုဏ်း အသီးသီးတွင် မိမိတို့နှင့် သက်ဆိုင်ရာ လက်စွဲ ကျမ်းများလည်း ရှိကြသည်။

## ၅။ တိဗက် ဗုဒ္ဓဘာသာ

တိဗက် ပြည်တွင် ထွန်းကားသော ဗုဒ္ဓဘာသာကွဲသည် အုပ်စိုးသော ရဟန်းမင်း လက်အောက်တွင် မြင့်မားစွာ ဗဟိုကြိုးကိုင် စနစ်ဖြင့် စုစည်း ညီညွတ်လျက် ရှိသည်။

ထို ဗုဒ္ဓဘာသာကို အထူး ဝိသေသ အမည်ဖြင့် ခေါ်သည်။

ထိုအမည်မှာ *လာမား ဝါဒ* [၁] ဖြစ်သည်။ လာမား ဝါဒကို သီးခြား လေ့လာ ရပေမည်။

တိဗက်ပြည်သည် ပြင်ပ ကမ္ဘာနှင့် သီးခြား ကင်းလွတ်စွာ တည်ရှိနေစေကာမူ တိဗက် ဗုဒ္ဓဘာသာမှာမူ ပြင်ပ ဩဇာ လွှမ်းမိုးမှု ကင်းခဲ့သော အခါ မရှိသလောက်ပင် ဖြစ်၏။

မွန်ဂို စစ်ဘုရင်ကြီး ကူဗလိုင်ခန်းသည် သူ၏ စစ်သည်များကို တူညီသော ဘာသာ ယုံကြည် ကိုးကွယ်မှုဖြင့် စည်းလုံး ညီညွတ်မှုကို ရစေလိုသဖြင့် တိဗက် နိုင်ငံသို့ အေဒီ ၁၂၆၁ ခုနှစ်တွင် သကျ ဘုန်းကြီးကျောင်းမှ ဆရာတော်ကို ဖိတ်ကြားခဲ့လေသည်။ ထိုဘုန်းတော်ကြီးနှင့် ကူဗလိုင်ခန်း ဘုရင်ကြီးသည် ရှေးကပင် အဆက်အသွယ် ရှိနေခဲ့၏။

ထို့နောက် ကာလ အတန်ကြာအောင် ဆွေးနွေးခြင်း၊ ဩဝါဒ ခံယူခြင်းများကို ပြုလုပ်ပြီးနောက် ဘုရင် ကူဗလိုင်ခန်း ကိုယ်တိုင်ပင် တိဗက် ဗုဒ္ဓဘာသာဝင် အဖြစ် စတင် ခံယူ လိုက်လေသည်။

ထိုသို့ ဗုဒ္ဓဘာသာဝင် အဖြစ် ခံယူရာ၌ ကူဗလိုင်ခန်းသည် ဘိသိက်သွန်းခြင်း မင်္ဂလာ အခမ်းအနားနှင့် တကွ ကြီးကျယ် ခမ်းနားစွာ ပြုလုပ်ခဲ့လေသည်။

---

၁။ Lamaism

ကူဗလိုင်ခန်းကား မွန်ကို နန်းတော်က ခံယူ ကျင့်သုံးအပ်သော ဘာသာ ကိုးကွယ်မှုကို ရှာဖွေ လေ့လာရာတွင် ပွင့်လင်းစွာ ရှာဖွေ စူးစမ်းလိုသော စိတ် ရှိသူ ဖြစ်ခဲ့လေသည်။

သူသည် ကွန်ဖြူးရှပ် ဘာသာနှင့် တရုတ် ဗုဒ္ဓ ဘာသာ၏ မူဝါဒများကို ဟောကြားခြင်းကိုလည်း နာယူရန် ကြိုးပမ်းခဲ့လေသည်။ ဗုဒ္ဓဘာသာကိုသာမက အစ္စလာမ် ဘာသာနှင့် ပတ်သက်သော ဘာသာရေး အယူဝါဒများ၊ ခရစ်ယာန် ဘာသာ အယူဝါဒများပါ မကျန်အောင် နာယူခဲ့လေသည်။

နောက်ဆုံးတွင် မာကိုပိုလိုနှင့် တရုတ်ပြည် အနောက်ပိုင်းမှ နက်စတိုးရီးယန်း ခရစ်ယာန်များကပါ သူ့အား ဘာသာရေးနှင့် ပတ်သက်သော သတင်း စကားများကို ပြောကြားခဲ့ကြလေသည်။

သို့သော် သူနှင့် တကွ သူ၏ မွန်ကို ပြည်သူများက လာမား ဝါဒကို နှစ်ခြိုက်သဖြင့် နိုင်ငံတော်က ကိုးကွယ်သော ဘာသာ အဖြစ် ရွေးချယ် ယူခဲ့ကြလေသည်။

ဤ လာမား အယူဝါဒသည်သာ သူ၏ ကြမ်းတမ်း၍ ယဉ်ကျေးမှု နောက်ကျနေသော နိုင်ငံသားများ အတွက် အသင့်တော်ဆုံး ဖြစ်မည်ဟု ယူခဲ့ခြင်းကြောင့် ထိုဘာသာ အယူဝါဒကို လက်ခံယူခဲ့ခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်ပေသည်။

သူသည် တိဗက် ဘုန်းတော်ကြီးအား 'ကောယို' ဟူသော ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် လှူဒါန်းခဲ့လေသည်။ ကောယို၏ အဓိပ္ပာယ်မှာ 'နိုင်ငံတော် ဩဝါဒစရိယဘွဲ့' ဖြစ်၏။ ထို့နောက် ထိုဘုန်းတော်ကြီးကို အသစ် ဖွဲ့စည်းသော နိုင်ငံတော် သံဃာ့ နာယက အဖွဲ့၏ အကြီးအကဲ သံဃာ့ ဦးသျှောင် အရာ၌ ထားလေသည်။ ထိုအဖွဲ့သည် နိုင်ငံတော် အတွင်းရှိ ဗုဒ္ဓဘာသာ ဂိုဏ်းပေါင်းစုံကို ကွပ်ကဲ အုပ်ချုပ်ရသော အဖွဲ့ ဖြစ်၏။

ထိုအချိန်သည် လာမား ဝါဒမှာလည်း အခါ အားလျော်စွာ ပြုပြင် ပြောင်းလဲရေး ပြုလုပ်နေသော အချိန် ကာလ ဖြစ်သည်။ အိန္ဒိယ ဘုန်းတော်ကြီး အာတိသက သာသနာတော် သန့်ရှင်းရေးကို ဆောင်ရွက်နေသည်။ သို့သော် သူ၏ ဆောင်ရွက်ချက်သည် အောင်မြင်ခြင်း မရှိဘဲ လာမား ဗုဒ္ဓဘာသာမှာ အကျင့်ပျက် ဗုဒ္ဓဘာသာ အသွင်သဏ္ဍာန် အဖြစ်ဖြင့်ပင် ကျန်ရစ်ခဲ့လေသည်။

ထိုဗုဒ္ဓဘာသာမှာ သူ ဘင်္ဂလားပြည်မှ ယူဆောင်လာသော အလဇ္ဇီ ဗုဒ္ဓဘာသာပင် ဖြစ်၏။ ထိုဗုဒ္ဓဘာသာကို ကာလစက္က ဗုဒ္ဓဘာသာဟု ခေါ်သည်။ ဤ ဗုဒ္ဓဘာသာသည် မဟာယာန ဗုဒ္ဓဘာသာနှင့် တန္တရ အယူဝါဒများကို ရောထားသော အယူဝါဒ ဖြစ်သည်။

ဤ ဗုဒ္ဓဘာသာ၏ ဆိုလိုရင်း အချက်ကို အောက်တွင် ဖော်ပြမည့် သရုပ်ဖော်ချက် အကျဉ်းအားဖြင့် သိသာပါလိမ့်မည်။

တန္တရ ဝါဒသည် ဟိန္ဒူ ဘာသာဝင်များ၏ သဘာဝ အင်အားစုများကို မိမိ အလိုရှိတိုင်း စေစားနိုင်သော သိဒ္ဓိကို ရရှိအောင် ပြုလုပ်သော ဝါဒ ဖြစ်သည်။ တန္တရ လက်စွဲကျမ်းများ အပေါ် အခြေခံသည်။ မော်ဝိဇ္ဇာ ပညာ၊ ပယောဂ ပညာများဖြင့် ပေါင်းစပ်ထားသည်။ အောက်လမ်း ဝိဇ္ဇာ အတတ်၊ အထက်လမ်း ဝိဇ္ဇာ အတတ်များဖြင့် ကျင့်ကြံ အားထုတ်ရသော အယူဝါဒ ဖြစ်သည်။

ဤ အယူဝါဒသည် သင်တုန်းဓားသွားပေါ်မှာ လမ်းလျှောက်ရသလို၊ ကျားကို ဖမ်းထားရသလို အလွန်အန္တရာယ် များသည်ဟု ဤ အယူဝါဒ နောက်လိုက်များက ပြောဆိုကြသည်။ ဆူးကို ဆူးဖြင့် ထွင်ရသလို၊ ကိလေသာကို ကိလေသာ ခံစားခြင်းဖြင့် ပယ်ရှားရမည်ဟု ယူသည်။ သို့သော် တန္တရ ဝါဒသည် ဤမျှ မကသေးပါ။ ဘာသာ ကိုးကွယ်မှု အပိုင်းလည်း ရှိသေးသည်။ ဤအပိုင်းတွင် လူသားသည် စကြဝဠာ အသေးစားကလေး ဖြစ်သည်။ ထိုလူသား အထဲတွင် သဘာဝ စွမ်းအား သိဒ္ဓိသည် ပုန်းလျှိုးလျက် တည်ကိန်းသည်။ ထို့ကြောင့် လူသား၏ ခန္ဓာကိုယ်တွင် (ကျောရိုး အောက်ခြေတွင်) ထို သိဒ္ဓိ တန်ခိုးများ လျှို့ဝှက်စွာ ကိန်းအောင်းနေသည်။

ထို သိဒ္ဓိ တန်ခိုးများကို သမထ ကျင့်စဉ်များဖြင့် ဖော်ထုတ်နိုင်သည်။ အချို့သော ဂါထာ မန္တန်များကို လက်၏ လှုပ်ရှားမှုများဖြင့် တွဲဖက်၍ ပြုလုပ်ခြင်းအားဖြင့် သိဒ္ဓိ တန်ခိုးများ ထွက်ပေါ်လာအောင် ပြုလုပ်နိုင်သည်။ သို့မဟုတ် ဥပဒ် အန္တရာယ်များကို ကင်းပျောက်စေနိုင်သည်ဟု ယုံကြည်ကြသည်။

ဤတန္တရ ဝါဒတွင် ဒေဝီ ခေါ် မယ်တော် နတ်သမီး အမျိုးမျိုးကို လက်ခံထားသည်။ ထိုနတ်သမီးများ၏ အကူအညီကြောင့် မန္တန် ရွတ်သူများသည် သိဒ္ဓိ တန်ခိုး အမျိုးမျိုးကို ရရှိနိုင်သည်ဟု ယုံကြည်ကြသည်။ တိဗက် ဗုဒ္ဓဘာသာကို စတင် တီထွင်သူ ပဒမသမ္ဘဝမှာလည်း ဤကဲ့သို့ ဇနီးမယားများ ရှိသည်ဟု ဆိုသည်။

ဤကဲ့သို့သော တိဗက်ပြည်တွင် အမြစ် တွယ်ခဲ့သော ဗုဒ္ဓဘာသာသည် မူရင်း ဗုဒ္ဓကို တန္တရ အယူ သုံးမျိုးဖြင့်

ရောနှောလျက် အကြီးအကျယ် ပြောင်းလဲ စေခဲ့လေတော့သည်။

အသစ် ဖြစ်ပေါ်လာသော ထူးဆန်းသော ယုံကြည်ကိုးကွယ်မှုမှာ ထူးခြားသော လက္ခဏာ အချို့ ရှိပေသည်။ ပထမ အနေအားဖြင့် ဗုဒ္ဓများနှင့် ဗောဓိသတ္တ ဘုရားလောင်းများ (နှင့် အဓိဗုဒ္ဓဟု ခေါ်သော အလျင် အစ ကနဦး ဗုဒ္ဓများမှာပင်) ဇနီး မယားများ ရှိသည်ဟု ယူကြခြင်း ဖြစ်သည်။ ထို့ကြောင့် အဝလောကိတေသွရမှာလည်း ဇနီး တာရာ နတ်သမီးနှင့် ယှဉ်တွဲထားသည်။ ထိုတာရာ ဘုရားမသည် အိန္ဒိယ ပြည်တွင် ကာဠီ (ဒူရဂါ) နတ်သမီး အရေးပါသကဲ့သို့ တိဗက် လူမျိုးများ အတွက် အရေးပါသည်။

ထို့ပြင် ဒုတိယ အနေအားဖြင့် နတ်ပြည်တွင် ဗုဒ္ဓ ငါးပါး ရှိသည်။ ထိုငါးပါးစလုံးသည် မူလ အစကနဦး ဗုဒ္ဓဖြစ်သော အဓိဗုဒ္ဓမှ ပေါက်ဖွား လာကြသူများ ဖြစ်သည်ဟူ၍ ယူဆကြလေသည်။ ထိုအခါ ဗုဒ္ဓသည် ထာဝရ နတ်ဘုရားကြီး ဖြစ်သည်။ ဝရဇိန် လက်နက်ကို ဖွဲကိုင်ထားသည်ဟု ယူဆကြသည်။ ထို နတ်ဘုရားကြီးသည် ဂေါတမ ဗုဒ္ဓ သကျမုနိကဲ့သို့ လူဝင်စား ဘုရားများ အဖြစ် လူ့ပြည်သို့ သက်ဆင်းသည်။

ဗုဒ္ဓကို ကြည်ညိုကြကုန်သော လူသားများသည် နတ်ပြည်၌ စံနေသော နတ်သား ဗုဒ္ဓများနှင့် သူတို့၏ နတ်သမီး မယားများနှင့် မိမိကိုယ်ကို တစ်သဘောတည်း ဖြစ်အောင် ထပ်တူ ပြုနိုင်သည်ဟု ယုံကြည်ကြသည်။ ထိုသို့ ပြုလုပ်ရန် အတွက် ဥပုသ် စောင့်ခြင်း၊ ဝတ်ပြု ဆုတောင်းခြင်းများကို အခါ အားလျော်စွာ ပြုလုပ်ရမည်။ အထွတ်အထိပ်သို့ ရောက်ရှိရန် အတွက်မူ တန်ခိုး ရှိသော မန္တန်များကို အထပ်ထပ် အခါခါ နှုတ်မှ ရွတ်ပွား သရဇ္ဈာယ်ရမည်၊ သို့မဟုတ် နတ်ရုပ်ကို ကြည့်ပြီး ကသိုဏ်း ရှုရမည်။ ထိုသို့ ကသိုဏ်း ရှုရင်း နစ်မြောသွားအောင် ပြုရသည်။ (ဤကဲ့သို့ နစ်မြောသွားခြင်းသည် တိဗက် ဗုဒ္ဓဘာသာဝင်တို့၏ နိဗ္ဗာန်ကို မျက်မှောက် ပြုခြင်း သဘောနှင့် ညီမျှသည်ဟုလည်း ဆိုသည်။)

သာမန် လူပြိန်း ပရိသတ်ကို အထူး နှစ်သက်စေနိုင်သော အချက်မှာ ဗုဒ္ဓဘာသာ နတ်များ၏ ကာကွယ် စောင့်ရှောက်မှုကို ရရှိအောင် ပတ္တနာ ပြုနိုင်သော အိန္ဒိယ မြောက်ပိုင်း ဗုဒ္ဓဘာသာ၏ သက္ကဋ ဘာသာရေး ဂါထာ မန္တန်များ ဖြစ်သည်။ ထိုဂါထာများကို အသံထွက် အတိုင်း တိဗက်တို့က တိဗက် ဘာသာသို့ ပြန်ဆိုထားကြသည်။ ဤသက္ကဋ အသံထွက် အတိုင်း တိဗက် ဘာသာဖြင့် ရေးသားထားသော ဂါထာများကို ရွတ်သော အခါ လှို့ဝှက်သော အနက် အဓိပ္ပာယ်ကို ဆောင်သည့် လက်ဟန် အနေအထားများကို ပြုလုပ် ဖော်ဆောင်ရသည်။

ဤသို့ ပြုလုပ်ခြင်းအားဖြင့် အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကုန်းစောင့်နတ်၊ ရေစောင့်နတ်၊ လေစောင့်နတ်၊ အရံစောင့်နတ်၊ အိမ်စောင့်နတ်၊ မီးဖိုစောင့်နတ်၊ ရေတွင်းစောင့်နတ်၊ လယ်ကွင်းစောင့်နတ်၊ မြေဖုတ်ဘီလူး၊ ရက္ခိုသ် စသည်တို့ကို နှင်ထုတ်နိုင်သည်ဟု ယုံကြည်ကြသည်။

ထိုနည်းဖြင့်ပင် တောရိုင်း တိရစ္ဆာန်များ၊ ခိုးသား ဓားပြများ၊ သူရူးများ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးများ၊ မကောင်းဆိုးဝါး အိပ်မက်များနှင့် ရောဂါ အန္တရာယ် ကျရောက်စေနိုင်သော မကောင်းဆိုးဝါးများကိုလည်း ကင်းစင် ပပျောက်အောင် ပြုလုပ်နိုင်သည်ဟုလည်း ယုံကြည်ကြလေသည်။

တိဗက် တိုင်းရင်းသားများသည် နတ်ဆိုးများကို အလွန် ကြောက်ရွံ့ကြသည်။ ထိုကြောက်စိတ်ကို ပပျောက်သွားအောင် ပြုလုပ်၍ မရခဲ့ချေ။ ထိုအခြေအနေသည် နတ်ဆိုးများကို နှိမ်နင်းနိုင်သော ဘာသာ တရား တစ်ခုကို လက်ခံရန် အတွက် တင်ကူး၍ အသင့် ဖြစ်ပေါ်နေသော အခြေအနေ ဖြစ်သည်။ နတ်ဆိုးများ၏ အန္တရာယ်ကို ကာကွယ်ပေးနိုင်ပြီး နတ်ဆိုးများကို နှင်ထုတ်ပစ်နိုင်သော ဘာသာသည် သူတို့ လိုလားချက်နှင့် ကိုက်ညီသော ဘာသာ ဖြစ်သွားလေတော့သည်။ ဗုဒ္ဓ ဆင်းတုတော် ရှိနေခြင်းသည် နတ်ဆိုးများကို ကာကွယ်နိုင်သည် ဆိုသော အချက်သည် သူတို့၏ စိတ်ကို လုံခြုံမှု ရရှိစေခဲ့လေသည်။

လေပြင်းများ တိုက်ခတ်နေသော တိဗက် ကုန်းမြင့်ပေါ်က သူတို့ ဘဝသည် ကြမ်းတမ်း ခက်ထရော် ရှိလှသည်။ ထို တိဗက် ကုန်းမြေသည် ပင်လယ် ရေမျက်နှာပြင် အထက် ပေတစ်သောင်းကျော်ပေါ်မှာ ရှိသည်။ ပတ်ပတ်လည်တွင် မြင့်မောက်သော တောင်တန်းများက ဝန်းရံထားသည်။ ထို တောင်များ၏ မတ်စောက်သော တောစောင်းများရှိ ရေခဲပြင်ကို ပွတ်တိုက်လာသော လေအေးများက အချိန်တိုင်းမှာ သူတို့ဆီသို့ တစ်ဟုန်ထိုး ကျရောက် လာတတ်သည်။ ထို လေပြင်းများ ကျလာပြီ ဆိုလျှင် သူတို့သည် နတ်ဆိုးများ ဒေါသ ဖြစ်ပြီ ထင်ပြီး ကြောက်လန့်ကြရပြန်သည်။ သူတို့သည် သဘာဝလွန် တန်ခိုးဣဒ္ဓိဖြင့် ကာကွယ်ပေးခြင်းကို လိုလား တောင့်တ နေခဲ့ကြလေသည်။

တိဗက်ပြည်မှ လူ အများကြိုက် ဘာသာသည် ထို ကိစ္စများကို ဆောင်ရွက်ပေးနေဆဲ ဖြစ်၏။

ရာစု နှစ်ပေါင်း များစွာ တိဗက် လူမျိုးများသည် သတ္တဋ္ဌ မန္တန် *'ဥုံမဏိပဒ္မေဟုမ်'*[၁] ကို အန္တရာယ်ကို ကာကွယ်သော ဂါထာ မန္တန် အဖြစ် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ကြလေသည်။

ဤဂါထာသည် ဘာသာရေး ယုံကြည် ကိုးကွယ်မှုကို ဖော်ပြသော ဖော်ပြချက် တစ်ရပ် ဖြစ်သည့် အပြင် သိဒ္ဓိ တန်ခိုး ရှိသော ဂါထာ မန္တရား တစ်ခုလည်း ဖြစ်သည်။ ဤဂါထာကို တောင်ပေါ်မှာရော၊ ချိုင့်ဝှမ်း မြေပြန့်မှာရော အထပ်ထပ် ရွတ်ဖတ် သရဇ္ဈာယ်ကြသည်။ နံရံများပေါ်မှာလည်းကောင်း၊ ကျောက်တုံးများပေါ်မှာ လည်းကောင်း ကမ္ပည်း ရေးထိုး၍လည်း ထားကြသည်။

ဤဂါထာကို တိဗက် လူမျိုးတို့သည် ဆုတောင်း ဝတ်ပြုသော စက်ဝန်းမှာ လည်းကောင်း၊ တံခွန် ကုက္ကားများမှာ လည်းကောင်း ရေးထိုး၍ လှူပ်ခတ်ကြသည်။ အမျိုးသား အသိစိတ်ဓာတ်၏ ဗဟိုချက် အဖြစ်လည်း ဤ မန္တရားကို အသိအမှတ် ပြုထားကြလေသည်။

ဤဂါထာ၏ ထိရောက်မှုကို သိရှိ နားလည်သူကား နည်းပါးလှပေသည်။ ဤဂါထာသည် အဝိလောကိတ ဘုရားလောင်းကိုပင် ရည်ညွှန်းသလား ဆိုသော အချက်ပေါ်တွင် အနောက်တိုင်း ပညာရှင်များသည် ထင်မြင်ချက် ကွဲပြားနေကြသည်။ ဤ မန္တရားသည် တိဗက် လူမျိုးများ၏ စိတ်စွဲလမ်းမှု တစ်ခု ဖြစ်သည်ကား အမှန် ဖြစ်ပါသည်။

ဘုန်းကြီး ရဟန်းများမှာလည်း ထိုကဲ့သို့ အမှောင့် ပယောဂ အန္တရာယ်ကို ကာကွယ်သော အလုပ်ကို ပြုလုပ်ကြရသည်။ တိဗက် လူမျိုးများသည် ရက်ပေါင်း များစွာ ဘုန်းကြီးများ၏ စိတ်လှုပ်ရှားဖွယ် ကောင်းသော စီတန်းလှည့်လည်ပွဲ၊ မျက်နှာဖုံးစွပ် အကများနှင့် ရဟန်း သံဃာ အခမ်းအနား ပွဲများကို သူတို့၏ ဘဝ အားထားရာများ အဖြစ် မှတ်ယူကြသည်။ အားလပ်ချိန်များတွင် သူတို့သည် ဒဏ္ဍာရီနှင့် သမိုင်းဝင် ပုဂ္ဂိုလ်များ၏ ရုပ်တုများကို ထောပတ်များဖြင့် ပြုပြင်ပြီး ခင်းကျင်း ပြသကြသည်။

ဤသို့ ပြသခြင်းသည် အနုပညာ သဘောဖြင့်သာ မကဘဲ မှော်ဝိဇ္ဇာ သဘောဖြင့်လည်း ပြုလုပ်ကြခြင်း ဖြစ်သည်။ ဤကဲ့သို့ ပူဇော်ပွဲများကို ပြုလုပ်ပြီးနောက် အိမ်ပြန်ကြသည်။

ထိုအခါ သူတို့သည် လာမား အကြီးအကဲ ဘုန်းတော်ကြီး၏ ကောင်းချီး မင်္ဂလာ ပေးခြင်းကိုရော ဗုဒ္ဓ၏ မေတ္တာဖြင့် စောင့်ရှောက်ခြင်းကိုပါ ရရှိ ခံစားရပြီဟု ယူဆကာ စိတ်အေးလက်အေး ဖြစ်သွားကြလေတော့သည်။

တိဗက် လူမျိုးများ၏ ဘာသာ ကိုးကွယ်မှုသည် မှော်ဝိဇ္ဇာ ပညာ၊ ပယောဂ ပညာများဖြင့် ရောထွေးနေသည်။

တိဗက် လူမျိုးများ၏ ဝတ်ပြုမှု ဓလေ့ထုံးစံများကို အသေးစိတ် လေ့လာလျှင် ဤအချက်သည် ပေါ်လွင် ထင်ရှားပေလိမ့်မည်။ အဓိက လိုလားချက်မှာ နတ်ဆိုးများ၏ အန္တရာယ်ကို တားဆီး ပိတ်ပင်ရန် ဖြစ်၏။ ဤ သဘောတရားသည် ကရုဏာ ရှိသော နတ်ကောင်း နတ်မြတ်များ အပေါ် သဘောထားမှု အထိပင် ထိုးဖောက် ဝင်ရောက်လျက် ရှိ၏။

တိဗက် လူမျိုးများ၏ စိတ်ကူးထဲတွင် နတ်ဆိုးများ၏ ဒေါသ ထွက်ပြီး မာန်ဖီနေသော မျက်နှာများကိုသာ မြင်ယောင်နေရုံမျှ မကဘဲ ဗုဒ္ဓနှင့် ဗောဓိသတ္တ ဘုရားလောင်း ရုပ်တုများကိုပင် ထိုကဲ့သို့ ဒေါသ ထွက်၍ မျက်နှာထားဆိုးသော ပုံများဖြင့် ထုလုပ်ကြလေသည်။

ထိုကဲ့သို့ ထုလုပ်ခြင်းမှာ နတ်ဆိုးများကို နှိမ်နင်းရန် အတွက် နတ်ကောင်းများမှာ ကြောက်မက်ဖွယ် အသွင်ကို ဆောင်ယူသည့် သဘောသာ ဖြစ်သည်။ ထို့ကြောင့် တိဗက် ဘုရားကျောင်းများ အတွင်း၌ တွေ့ရသော ကြောက်စရာ နတ်ရုပ်များသည် နတ်ဆိုးများ၊ ဘီလူး၊ သရဲသဘက်များ မဟုတ်ကြချေ။ နတ်ကောင်း နတ်မြတ်များ၏ ရုပ်တုများပင် ဖြစ်သည်။

တိဗက် လူမျိုးများ ကိုးကွယ်သော ဗုဒ္ဓ ဘုရားမှာ သိရန် ခက်ခဲသော ဘုရားများ ဖြစ်သည်။ ထိုဘုရားများသည် ၎င်းတို့ကို ရှိခိုး ဝတ်ပြု ကိုးကွယ်သူများနှင့် ရင်းနှီးကျွမ်းဝင် မရှိပေ။ ဗုဒ္ဓများသည် လူများနှင့် သီးခြား ကင်းကင်းဝေးဝေး နေသည်။ သူတို့ကို ကိုးကွယ်သူများက ၎င်းတို့ အပေါ် သစ္စာ ရှိပြီး မွန်မြတ်သော စိတ်နှလုံးထား ရှိကြသည် ဆိုလျှင် ထို ဗုဒ္ဓဘုရားများက ကျေနပ် နှစ်သက်ကြသည်။ လူအများက သူတို့ထံမှ ဆုတောင်း ပတ္ထနာ ပြုကြသည်ကို မြင်လိုကြသည်။

သို့သော် ထိုဘုရားများက ဆုတောင်းတိုင်းကို ပြည့်စုံစေသည်ကား မဟုတ်ချေ။ ဆုတောင်း ပတ္ထနာ ပြုသော စကားများ အနက် ဆုတောင်းသော စကားများထက် ဆုတောင်း ပြည့်စေသော စကားက နည်းပါးသည်။

မည်မျှပင် စကားများ ပြော၍ ဆုတောင်း ပတ္ထနာ ပြုစေကာမူ ဆုတောင်း ပြည့်သော ကိစ္စက နည်းသည် ဆိုခြင်းမှာ ကိုယ် ဆုတောင်းသလောက် အကုန် ပြည့်စုံသည်

---

၁။ Om mani padme hum

မဟုတ်ဟု ဆိုလိုခြင်း ဖြစ်သည်။ ဤအချက်ကို တိဗက် လူမျိုးတို့ အသုံးပြုသော ဆုတောင်း စကြာ၊ ဆုတောင်း ဘီး ဝန်းက သက်သေခံသည်။

ထိုဆုတောင်း စကြာ ဘီးဝန်းကို တိဗက်တို့ တီထွင် ခြင်း ဟုတ် မဟုတ်မှာ စောဒက တက်စရာ မေးခွန်း တစ်ခု ဖြစ်သည်။

သို့သော် ထိုဆုတောင်းဘီးကို တိဗက် လူမျိုးတို့၏ ဘာသာရေး လောကတွင် ကျယ်ပြန့်စွာ နေရာတိုင်းတွင် အသုံးပြုနေကြသည်ကား ထင်ရှားသော အချက် ဖြစ်သည်။ ဘီး ဆိုသော်လည်း လှည်းဘီးနှင့် ချွတ်စွပ် တူသည်ကား မဟုတ်။ စည်ပိုင်း တစ်ခုကို ဝင်ရိုး စွပ်ထားသည်နှင့် တူ သည်။

ထိုဆုတောင်းဘီးပေါ်တွင် လည်းကောင်း၊ ဆုတောင်း ဘီး အတွင်းမှာ လည်းကောင်း ဆုတောင်း ဂါထာများ၊ ကျမ်း စာများကို ရေးသား၍ ထည့်သွင်းထားကြသည်။

တိဗက် လူမျိုး များစွာတို့သည် ထို ဆုတောင်းဘီး အငယ်စားကလေးများကို သွားလေရာ အရပ်သို့ သယ် ဆောင် သွားတတ်ကြသည်။

ခေါင်းထဲမှာ ဘာ အတွေးမျှ မရှိဘဲလည်း ထို ဆု တောင်းဘီးကို လှုပ်၍ လည်စေခြင်းဖြင့် မိမိတို့သည် သမ္မာ ဒိဋ္ဌိ လမ်းပေါ်မှာ တည်ရှိနေကြောင်း ပြ၍ ဗုဒ္ဓအား ကိုင်း ရှိုင်းမှုကို ဖော်ပြကြသည်။

တချို့သော ဆုတောင်း ဘီးများမှာ ဒလက်များ ပါ သည်။ ထို့ကြောင့် ရေစီးသန်သော စမ်းချောင်းထဲတွင် ထို ဒလက်များ နစ်မြုပ်အောင် ချထားလျှင် ထိုဘီးသည် တရ စပ် လည်ပတ်နေလေတော့သည်။

တစ်နှစ်ပတ်လုံး သူ့ အလိုအလျောက် ဆုတောင်းဘီး လည်နေလျှင် ထိုဘီး ပိုင်ရှင်မှာ ကုသိုလ် များစွာ ရသည် ဟုလည်း ယုံကြည်ကြလေသည်။

တိဗက် ဘုန်းကြီးများနှင့် ပတ်သက်၍မူ စိတ်ဝင်စား ဖွယ် ကောင်းသော သမိုင်းကြောင်း ရှိသည်။

အစ ကနဦး၌ သူတို့သည် လာမား ဆိုသော အမည် ကို ရရှိခဲ့ကြသည်။

လာမား ဆိုသော စကားသည် ရိုသေ လေးစားခြင်း ခံရသော စကား ဖြစ်သည်။ 'ကြီးမြတ်သူ' ဟူသော အနက် အဓိပ္ပာယ် ရသည်။

နှစ်ပေါင်း ထောင်နှင့် ချီ၍ သူတို့သည် တူထဲသော အုတ်နံရံများဖြင့် ကာဆီးထားသော ဘုန်းကြီးကျောင်းများ တွင် သီတင်း သုံး၍ နေခဲ့ကြလေသည်။

ထိုကျောင်းများသည် မူလ အစက စစ်နှင့် မဆိုင် သော အိန္ဒိယ ပုံစံ အဆောက်အဦများ ဖြစ်ခဲ့ကြသည်။

သို့သော် နောင် အခါတွင်မူ ထို အဆောက်အဦများ သည် တိဗက် ဟန် ပါသော ခံတပ်ကြီးများ အဖြစ်သို့ ရောက်ရှိ သွားကြလေသည်။ အောက်ခြေ ကျောက်ဆောင် ပေါ်မှ အပေါ်သို့ ထုထည် ကြီးမားသော နံရံကြီးများ ထောင် တက်သွားကြသည်။ အပေါ်က မြင့်မားစွာ ငေါ၍ အစွန်း ထွက်နေသော ကျောက်ဆောင်များ အထိ ဖြစ်၏။

ရာသီဥတုကလည်း အေးအေး လွန်ကဲသော ရာသီဥတု ဖြစ်သည်။ ဆောင်းရာသီကလည်း ရှည်လျားလှသည်။

ထို့ကြောင့် နံရံကြီးများဖြင့် ကာဆီးထားသော အခန်း များစွာ ပါသော အဆောက်အဦကြီးများကို တည်ဆောက် ရန် လိုအပ်သည်။ ထိုအခန်းများထဲတွင် ဆောင်းခို ကုန် ပစ္စည်း ရိက္ခာများကို သိုမှီးထားကြရသည်။

ရှေးအခါကမူ ထိုအဆောက်အဦများထဲတွင် နေထိုင် ခဲ့ကြသူများ၏ ဘဝသည် ဘုန်းကြီး ရဟန်းနှင့် မတူဘဲ မင်းညီ မင်းသား ဟန်ပါသော မှော်ဆရာ၊ ပယောဂ ဝိဇ္ဇာ များ၏ ဘဝနှင့် ပို၍ တူပေသည်။

တန္တရ ဗုဒ္ဓဘာသာကို လက်ခံ ကျင့်သုံးသော လာမား ဘုန်းတော်ကြီးများအား ထိုဘာသာက ဇနီး မယား ယူရန် အားပေးခဲ့လေသည်။

နောက်ဆုံးတွင် အဆင့်မြင့် ဘုန်းကြီး ရဟန်းများ ထဲမှာပင် သားမယား မရှိ၊ အိမ်ထောင် မပြုဘဲ နေသော ဘုန်းကြီး ရဟန်းများ အလွန် ရှားပါး သွားလေတော့သည်။

ထို့ကြောင့် ဘုန်းကြီးကျောင်းများတွင် ကျောင်းမွေ ဆက်ခံခွင့် စနစ် ပေါ်ပေါက်လာလေသည်။ ကျောင်းထိုင် ဘုန်းကြီးသည် သူ၏ အရိုက်အရာကို သူ့သားအား ဆက် ခံရန် အမွေ ပေးတတ်ကြလေသည်။

၁၉ ရာစုတွင် ဘုန်းကြီးကျောင်းများ၏ ဩဇာ တိက္ကမ အလွန် ကြီးမားခဲ့လေသည်။ ထိုစဉ်က တိဗက် ဘုရင်သည် ဘုန်းကြီးကျောင်းများအား မြေ ပိုင်ဆိုင်ခွင့်ကို ပေးခဲ့သည့် ပြင် ထိုမြေပေါ်မှ သီးသီးမစ အခွန်များ ကောက်စားခွင့် ကိုလည်း ပေးခဲ့လေသည်။

လာမား ဘုန်းတော်ကြီးများအား လောကီ အာဏာ များ ပေးအပ်ခြင်းဖြင့် ဘုရင်သည် မရည်ရွယ်ဘဲ သူ့နိုင်ငံ ကို အကွဲကွဲ အပြဲပြဲ စည်းလုံး ညီညွတ်မှု မရှိအောင် ပြုလုပ် ခဲ့မိလေသည်။ ထိုအခါ နယ်စား ပယ်စား လာမားများက တန်ခိုး ထွားလာကြပြီးလျှင် ဘုရင်မှာ ဩဇာ အာဏာ ကင်းမဲ့ သွားလေတော့၏။

ထို့နောက်တွင် ရာစု နှစ်ပေါင်း များစွာ တိုင်းပြည် မငြိမ်မသက် ဆူပွက်နေလေတော့သည်။

၁၃ ရာစု နှင့် ၁၄ ရာစု အတွင်းတွင် သကျ ကျောင်းတော်၏ ဂိုဏ်းချုပ် လာမား ဘုန်းကြီးသည် (မီကင်း တရုတ်အစိုးရ၏ ရာထူး ခန့်ထားမှုဖြင့်) တိဗက်ပြည်ကို နိုင်ငံရေး အရရော၊ ဘာသာရေး အရပါ အုပ်စိုးခဲ့လေတော့သည်။ သူ၏ အုပ်စိုးမှုကို လက်အောက် မခံဘဲ ပြိုင်ဆိုင် အန်တုနေကြသော ဘုန်းကြီးကျောင်းများလည်း များစွာ ရှိခဲ့လေသည်။

တရုတ်ပြည်တွင် မွန်ဂို အင်ပိုင်ယာကြီး ကျဆုံးသွားသော အခါ အခြေအနေ အရပ်ရပ်က လာမား ဝါဒကို နောက်ဆုံး ပြုပြင် ပြောင်းလဲရန် အတွက် အခြေအနေများ ဖန်တီး ဖြစ်ပေါ်လာလေတော့သည်။

ထိုအချိန်သည် ၁၄ ရာစု ဒုတိယပိုင်းတွင် ဖြစ်၏။ တိဗက် ဘုန်းတော်ကြီး မဟာ ဆုန်ခပ က ထို ပြုပြင်ပြောင်းလဲမှုကို ဦးဆောင်၍ ပြုလုပ်ခဲ့လေသည်။

သူသည် အဝါရောင် ဂိုဏ်းကို အသိအမှတ် ပြုခဲ့သည်။ ထိုဂိုဏ်း၏ အကြီးအကဲ ဘုန်းတော်ကြီးသည် ဒလိုင်လာမား ဖြစ်၏။

ထိုဂိုဏ်းသား ဘုန်းကြီးများကို အဝါရောင် ဦးထုပ်ဆောင်းများဟု လူသိ များကြသည်။ အကြောင်းမှု သူတို့၏ ဦးထုပ်များနှင့် သင်္ကန်းများမှာ အဝါရောင်များ ဖြစ်ကြသောကြောင့် ဖြစ်၏။

အဝါရောင် ဆင်မြန်းခြင်းမှာ ရှေးက ဗုဒ္ဓ၏ တပည့်သား သံဃာတော်များ၏ ကျင့်ကြံပုံ အတိုင်း လိုက်နာကျင့်ကြံခြင်းဖြင့် လာမား ဝါဒကို သန့်ရှင်း စင်ကြယ်အောင် ပြုလုပ်ရန် အားထုတ်ခြင်း တစ်ရပ် ဖြစ်ကြောင်း ထင်ရှားပေသည်။

သို့သော် သူသည် အဓိဗုဒ္ဓ၏ တန္တရ ဘာသာ ကိုးကွယ်မှု အယူဝါဒများကိုလည်း အလေးအနက် ပြုခဲ့ပြီး ဗုဒ္ဓ၏ အမြင့်ဆုံး အဖြစ်ကို ဖော်ပြသော အဝလောကိတေသွရ ဘုရားကျောင်း (တိဗက် အခေါ် ချင်ရဲဂိ) ကိုလည်း အလေးအနက် သဘော ထားခဲ့ရလေသည်။

ဆုန်ခပ၏ ဘာသာရေး ပြုပြင် ပြောင်းလဲမှုသည် တစ်စိတ် တစ်ဒေသအားဖြင့် ဘုန်းကြီးကျောင်းများကို ဝိနည်း သိက္ခာပုဒ်များနှင့် အညီ ကျင့်သုံး နေထိုင်ရေးကို ဖြစ်ပေါ်စေရန် ဖြစ်သည်။

ဘုန်းကြီး ကျောင်းတွင် အရက်သေစာ သုံးစွဲမှု လျှော့နည်းပြီး ဝတ်ပြုမှု များပြား လာစေရန်နှင့် နောက်ဆုံးတွင် ဘုန်းကြီး ရဟန်းများ အိမ်ထောင် သားမွေးမှု မပြုရေး စနစ်ကို ပြန်လည် အကောင်အထည် ဖော်ရန် ဖြစ်၏။

ထိုကဲ့သို့ အိမ်ထောင် သားမွေးမှု စနစ် ပပျောက်သွားခြင်းအားဖြင့် ကျောင်းမွေ ဆက်ခံရေး စနစ်လည်း အဝါရောင် ဂိုဏ်း၏ ကျောင်းများ၌ အလိုလို ပပျောက်သွားရမည် ဖြစ်၏။ ကျောင်းထိုင် ဘုန်းကြီးမှာ သားယောကျ်ား မရှိတော့ပေ။

သို့သော် နောင် ရာစု တစ်ခုလောက် ကြာသော အခါ အခြားသော အကျိုး ရလဒ် တစ်ခုလည်း ပေါ်ပေါက် လာလေတော့သည်။

ထိုစနစ်မှာ အဝါရောင် ဂိုဏ်း၌ ဂိုဏ်းခေါင်းဆောင် လာမား ဘုန်းကြီးကို လူဝင်စား သဘောတရားဖြင့် ရှာဖွေတင်မြှောက်သော စနစ် ပေါ်ထွန်းလာလေတော့သည်။

စဉ်ဆက်မပျက် သားစဉ်မြေးဆက် နန်းမွေ ဆက်ခံသော စနစ်သည် အရှေ့တိုင်းတွင် အလွန် အင်အား ကြီးမားစွာ တည်ရှိခဲ့သည်။ (တရုတ်ပြည်နှင့် ဂျပန်ပြည်တို့တွင် ဧကရာဇ် ကိုးကွယ်မှု စနစ် ထွန်းကားသည် အထိ ဖြစ်ခဲ့သည်။)

သို့သော် ဤ အရိုက်အရာ ဆက်ခံခွင့်ကို အဝါရောင်ဂိုဏ်း လာမား ဝါဒတွင် ပုံစံ တစ်မျိုးဖြင့် ဖြစ်ပေါ်ခဲ့လေသည်။

တရုတ်ပြည်တွင် ထို အခွင့်အာဏာကို ဘုရင် မိသားစုက ပိုင်ဆိုင်သည်။ ဂျပန်ပြည်တွင် ထိုအခွင့် အာဏာကို နိုင်ငံတော်က ပိုင်ဆိုင်သည်။

တိဗက်တွင်မူ လာမား ရဟန်းမင်း ရွေးချယ် တင်မြှောက်ရေး အာဏာကို ရဟန်း သံဃာ အဖွဲ့အစည်းက ပိုင်ဆိုင်လေသည်။ (ဤသဘော၌ လာမား ရဟန်းမင်းနှင့် ရိုမင်ကက်သလစ် ပုပ်ရဟန်းမင်း ရွေးချယ်ခြင်းနှင့် သဘောချင်း တူပေသည်။)

ရဟန်းမင်း သာသနာပိုင် လာမားကို ရွေးချယ်ရာ၌ ပထမ ပျံလွန်သွားသော ရဟန်းမင်း လာမားသည် ပြန်၍ လူဝင်စား ဖြစ်သည် ဟူသော အယူဝါဒ ပေါ်ပေါက်လာလေသည်။

လာမား သာသနာပိုင် ဂျီဒန်ဒပ် လက်ထက်က စ၍ ဒလိုင်လာမား (သာသနာပိုင် လာမား) သည် ဘုရားလောင်း အဝလောကိတေသွရ ဝင်စားသူ ဖြစ်သည်ဟု ယုံကြည်လက်ခံ လာခဲ့ကြလေသည်။ ထိုသာသနာပိုင် ဒလိုင်လာမား ပျံလွန်တော်မူသော အခါ ထိုအဝလောကိတေသွရ ဘုရားလောင်း ဝင်စားသူကို လိုက်ရှာကြလေသည်။

ရံခါ ကလေး မမွေးမီကပင် ကိုယ်ဝန်ဆောင် မိခင်ကို ရှာဖွေ တွေ့ရှိကြသည်။ သာသနာပိုင် လောင်းလျာ မွေးမည့်သူ အဖြစ် သတ်မှတ်ပြီး လူသိရှင်ကြား ကြေညာ၍ ပူဇော်ကြသည်။

မွေးလာသော ကလေးကို လာဆာ မြို့တော်သို့ ဆောင်ယူ သွားကြပြီးလျှင် သာသနာပိုင် တင်မြှောက်ကြသည်။ ထိုကလေးငယ် အရွယ် မရောက်မီ ပညာ သင်စဉ်မှာ ရင်ခွင်ပိုက် အဖွဲ့က တိုင်းပြည်ကို အုပ်ချုပ်ရသည်။

ဤစနစ်ကြောင့် ရင်ခွင်ပိုက် အုပ်ချုပ်သူများ ကိုယ်ကျိုး ရှာရန် အခွင့် ရသွားကြလေသည်။

ရံခါ သာသနာပိုင် ဝင်စားသူကို နှစ်နှစ် သုံးနှစ် ကြာမှ ရှာဖွေ၍ တွေ့ရှိကြသည်။ ကလေးငယ် မွေးဖွားပြီးမှ တွေ့ရခြင်း ဖြစ်၏။

ဝင်စားသူကို ရှာဖွေပုံမှာ ရဟန်း တစ်ပါးကို နတ်ပူးစေ၍ မည်သည့် အရပ်မှာ ဝင်စားသည်ကို တိကျ သေချာစွာ ဟောပြောစေခြင်း ဖြစ်၏။

ထို ရဟန်းသည် ထိုသို့ ဓာတ်စီးပြီး ဟောပြောရန် အတွက် တတိယ မျက်လုံး ဒိဗ္ဗစက္ခု ရသူဟု နန်းတော်က အသိအမှတ် ပြုထားသူ ဖြစ်၏။ အချို့သော သာသနာပိုင်များကမူ မိမိ မပျံလွန်မီကပင် မိမိ ဝင်စားမည့် ဒေသကို ကြိုတင် ညွှန်ပြခဲ့ကြခြင်းမျိုးလည်း ရှိသည် ဆို၏။

ဤ အစဉ်အလာ သဘောတရား ပေါ်ပေါက်လာခြင်းမှာ ရဟန်း သံဃာများ အိမ်ထောင်ပြုခြင်း မရှိတော့၍ သားယောကျ်ား အမွေခံ မရှိသောကြောင့် ဖြစ်၏။

သာသနာပိုင်လောင်း လူဝင်စားကို ရှာဖွေပုံမှာ စိတ်ဝင်စားဖွယ် ကောင်း၏။ ဓာတ်စီးသော ရဟန်းက ညွှန်ပြသူ ဖြစ်ရုံဖြင့် လူဝင်စားဟု မယူဆသေးပေ။ ထိုလူဝင်စား ကလေးငယ်ကို ပျံလွန်တော်မူပြီးသော ဒလိုင်လာမား သုံးဆောင်ခဲ့သော အသုံးအဆောင် ပစ္စည်းများကို ပြပြီး ထို အသုံးအဆောင်များကို သိ မသိ စစ်ဆေးသေးသည်။

ကလေးငယ်က သူ ယခင် ဘဝက သုံးဆောင်ခဲ့သော ပစ္စည်းများ၏ အမျိုးအမည်ကို မှန်ကန်စွာ ပြောပြရသည်။

ထို့ပြင် လူဝင်စား ကလေး ကိုယ်မှာလည်း သက်သေခံ အမှတ်အသား တစ်စုံတစ်ရာ ပါရသေးသည်။

ထို့ပြင် ထိုကလေးငယ် မွေးသော အိမ်နံရံပေါ်မှာ ပျံလွန်သွားသော ဒလိုင်လာမား၏ ဝိညာဉ် အမှတ်အသား သင်္ကေတများလည်း ပေါ်ရသည်။

လာဆာမြို့ရှိ အဝါရောင် ဂိုဏ်း၏ အချုပ် သာသနာပိုင်၏ ဘွဲ့အမည်ကို ဒလိုင်လာမားဟု ပေးကြသည်။ ၁၆ ရာစုက စ၍ ထိုဘွဲ့ကို ပေးခဲ့ကြခြင်း ဖြစ်၏။ အာဏာ တန်ခိုး ရှိသော မွန်ဂို ဘုရင်က ဖိတ်ကြားသဖြင့် လာမား ဘုန်းတော်ကြီးသည် မွန်ဂိုလီးယား နိုင်ငံသို့ အဝလောကိတေသွရ ဝင်စားသူ အဖြစ် ကြွသွားခဲ့လေသည်။

ထိုနိုင်ငံတွင် ဘုရား ဝတ်ကျောင်းတော်သစ်ကို ပြန်လည် တည်ထောင်ပြီး ထိုနိုင်ငံ၏ ဗုဒ္ဓဘာသာကို ပြန်လည် ပြုပြင်မှု ပြုခဲ့လေ၏။

ထိုကဲ့သို့ သာသနာ အစစ် အမှန် ပေါ်ထွန်းရန် ကြိုးပမ်း ပြုလုပ်ခဲ့ခြင်းကို ကျေးဇူး တုံ့ပြန်သောအားဖြင့် မွန်ဂိုဘုရင်က ထိုလာမားကို ဒလိုင်လာမား ဘွဲ့ ဆက်ကပ် ပူဇော်ခဲ့ခြင်း ဖြစ်လေသည်။

ဤလာမားကြီး၏ အလည် ခရီးသည် မွန်ဂိုလီးယား ပြည် အထိ အဝါရောင် ဂိုဏ်း၏ သြဇာကို ကျယ်ပြန့် သွားစေခဲ့လေသည်။

မွန်ဂိုလီးယားတွင် အဝါရောင် လာမားဂိုဏ်း အခြေတည်မိပြီးနောက် ထိုဝါဒသည် တရုတ်ပြည်၊ ဆိုက်ဗေးရီးယား၊ ရုရှားနှင့် အိန္ဒိယ နယ်စပ် တစ်လျှောက်သို့ ပျံ့နှံ့သွားခဲ့လေသည်။

လာမား ဝါဒသည် တိဗက် နိုင်ငံတွင် ယခုတိုင် အင်အား ကြီးမားဆဲ ဖြစ်၏။ တိဗက် လူဦးရေ၏ ငါးပုံတစ်ပုံသည် လာမား ဘုန်းကြီးကျောင်းများတွင် နေထိုင်ကြလေသည်။

တိဗက် လူမျိုးများ၏ မိဘများသည် အနည်းဆုံး သားယောကျ်ား တစ်ဦး ရဟန်း ပြုခြင်းကို များစွာ လိုလားတောင့်တကြသည်။

လာမား ဘုန်းကြီးကျောင်းများသည် ဘုန်းကြီး ရဟန်းများချည်းသာ နေထိုင်ကြရသော သာသနာ့ အဆောက်အဦများ မဟုတ်ကြချေ။

ထိုကျောင်းများသည် နိုင်ငံရေး သြဇာ အာဏာ၏ အချက်အချာ နေရာလည်း ဖြစ်၍ ပညာ သင်ကြားရာ ပညာရေး ဗဟိုဌာနများလည်း ဖြစ်ကြသည်။

အဝါရောင် ဂိုဏ်းတွင် ဒလိုင်လာမားသည် နိုင်ငံရေး သြဇာ အာဏာ ကြီးမားသူ ဖြစ်၏။ ထို့အတူ *တာရှိလွန်ပို* [၁] ဘုန်းကြီးကျောင်းမှ *တာရှိလားမား* [၂] မှာ ဘာသာရေးဘက်တွင် အကြီးအချုပ် အာဏာ ရှိသူ ဖြစ်သည်။ ပြုပြင် ပြောင်းလဲရေးကို မပြုလုပ်သော အနီရောင် ဂိုဏ်းများ၏ ဘုန်းကြီးကျောင်းများသည် အင်အား နည်း၍ သေးနုပ်ကြသည်။

---

၁။ Tashi lunpo   ၂။ Tashi lama

ဤတွင် ဗုဒ္ဓဘာသာ တိုးတက် ဖြစ်ပေါ် ထွန်းကားခဲ့ပုံ သမိုင်းကြောင်းကို ကျွန်ုပ်တို့သည် အဆုံးသတ်ပေတော့အံ့။

ဤအခန်းသည် ရှည်လျားလှသော်လည်း ဖော်ပြချက်များမှာ အားလုံး ပြည့်စုံပြီ ဟူ၍ကား မဆိုနိုင်ပါ။

တချို့ အရေး မပါလှဟု ယူဆရသော အကြောင်းအရာ အဖြစ်အပျက် အတွေးအခေါ် အယူအဆများကို ကျော်လွှား လာခဲ့ရသည်။ သို့သော် အဓိက ကျသော အယူဝါဒ ကွဲပြားမှု၊ ဦးစား ပေးမှုများကိုကား ထင်ရှား ပေါ်လွင်အောင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ အမှန်တရား တစ်ခုကိုကား ပေါ်အောင် ဖော်ပြနိုင်ခဲ့ပါပြီ။

၎င်းမှာ မည်သည့် ဘာသာ ကိုးကွယ်မှုမျှ မပြောင်းလဲဘဲ တည်နေသည် မရှိ ဆိုသော အချက် ဖြစ်ပေသည်။

ဤသို့ ဘာသာ အယူအဆများ ပြောင်းလဲရခြင်းမှာ ကိုးကွယ်သူ လူအများ၏ လိုအင် ဆန္ဒများ ဖိအား ပေးမှုကြောင့်ပင် ဖြစ်ရပေသည်။

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


1. Goomara Swami, Anand    Hinduism and Buddhism
2. Suzuki, D.T.    Outlines of Mahayana Buddhism
3. Keith, A.B.    Buddhist Philisophy in India and Ceylon
4. Smith, V.A.    Asoka-the Buddhist Emperor of India
5. Reichelt, K.    Truth and Traidition in Chinese Buddhism
6. Anesaki, M.    A History of Japanese Religion
7. Eliot, Sir Charlse    Japanese Buddhism
8. Evans Wentz, W.Y.    Tibetan Yoga and Secret Doctrines

# အခန်း ( ၇ )
# နှောက်ကျသော ဟိန္ဒူဘာသာ

### လူမှု အဆောက်အဦ၏ အခြေခံ ယုံကြည် ကိုးကွယ်မှု

ဘီစီ ခြောက် ရာစုတွင် အိန္ဒိယပြည်၌ ဘဝ အဆိုးမြင် ဝါဒ ပြန့်ပွားလာခြင်းကြောင့် ဘာသာရေး အတွေးအခေါ်များ ရှင်သန် နိုးကြားလာခဲ့လေသည်။

ပထမဦးစွာ အရိုးအစဉ်နှင့် ကွဲလွဲသော ဂျိန်း ဘာသာ အယူဝါဒနှင့် ဗုဒ္ဓဘာသာ အယူဝါဒများ ပေါ်ပေါက်လာသည်။ ထိုဘာသာများ အကြောင်းကို ရှေ့ပိုင်း၌ ကျွန်ုပ်တို့ စဉ်းစား ခဲ့ကြပြီးပြီ။ လူမှု ဘဝ၏ အရေးတကြီး လိုအပ်နေသော အချက်များကို ဤ အရိုးအစဉ်မှ ကွဲလွဲသော အယူဝါဒ (ဘာသာ ကိုးကွယ်မှု) နှစ်ခုက ဖြည့်ဆည်း ပေးခဲ့ကြလေ သည်။ လူသားတို့ လောက၌ တိုးပွားလာသော အတိဒုက္ခ ဆင်းရဲ အပေါင်းမှ လက်တွေ့အားဖြင့် လွတ်မြောက်အောင် ရုန်းထွက်နိုင်မည့် နည်းလမ်းများကို ထိုအယူဝါဒ နှစ်ခုက ပေးခဲ့လေသည်။

ဗြာဟ္မဏ ဝါဒကမူ ဘဝ လွတ်မြောက်ရေး နည်းလမ်း ကို မပေးနိုင်။ လူသားများ လောလောဆယ် စိတ်ဆင်းရဲ နေခြင်းကို စိတ်ပြောင်းပြီး ပျော်ရွှင်အောင် ဒဿန အတွေး အခေါ်များဖြင့် စိတ်လှည့်ကာ ဖြေသိမ့်သည့် သဘောလောက်၊ ယဇ် ပူဇော်ခြင်းလောက်ကိုသာ အရေးထား ဆောင်ရွက် နေခဲ့လေသည်။ ထိုသို့ ပြုလုပ်ခြင်းသည် လူသားတို့၏ ဒုက္ခ ဆင်းရဲကို ချက်ချင်း သက်သာသွားအောင် အကူ အညီ မပေးနိုင်ခဲ့ပေ။ ထို့ကြောင့် ဗြာဟ္မဏ ဝါဒကို ငြင်း ပယ်လိုက်ကြသည်။ ထိုဗြာဟ္မဏ ဝါဒသည် ထိရောက်မှု မရှိ၊ လူမှု ဒုက္ခ စိတ်ဆင်းရဲခြင်းများကို ပပျောက်အောင် မလုပ်နိုင်ရုံမျှမက ပို၍ပင် ဆိုးရွားစေလေသည်။

ဘီစီ ခြောက် ရာစု ခေတ်တွင် ထိုကဲ့သို့ ဗြာဟ္မဏ ဝါဒကို ငြင်းပယ်ရန် အတွက် အိန္ဒိယ သမိုင်း၏ နောက် ပိုင်း ကာလများမှာလို ပညာရှင်များ၏ ရဲတင်းမှု များများ စားစား မလိုအပ်ခဲ့ပေ။

အဘယ်ကြောင့်ဆိုသော် ထိုအချိန်က ဗြာဟ္မဏ ဝါဒ သည် ယုတ္တိနည်းကျ ရှင်းရှင်းလင်းလင်း ရှိသော အတွေး အခေါ် စနစ် တစ်ခု အသွင် ပီပီပြင်ပြင် မပေါ်ပေါက်သေး ပေ။ ထို့ကြောင့် ထိုဝါဒကို စိန်ခေါ်ရန် ကိစ္စသည် အထိုက် အလျောက် လွယ်ကူသည်ဟု ဆိုနိုင်သည်။ ထိုခေတ် ထို အချိန် ကာလသည် ရှေး အယူမှန် အစွဲသန် ဝါဒနှင့် အရိုး အစဉ်ကို မလိုက်သော အယူဝါဒများ စတင် ဖြစ်ပေါ်ကာစ ရှိသေးသောကြောင့် ဖြစ်၏။

ဗြာဟ္မဏ ဝါဒသည် စိတ်ဝမ်းကွဲပြားမှုများ၊ သဘော ထား ကွဲပြားမှုများ ပြင်းပြင်းထန်ထန် မပေါ်ပေါက်သေးမီ ၄င်း အယူဝါဒများလည်း ပီပီပြင်ပြင် မဖြစ်သေးပေ။

ခတ္တိယ လူတန်းစားများသည် ထူးထူးခြားခြား သဘောထား ကွဲပြားသူများ အဖြစ် ပေါ်ထွက်လာသည်။ ခတ္တိယများက လူမှုရေး ကိစ္စနှင့် ဘာသာ ကိုးကွယ်မှု ကိစ္စ များ၌ ဗြာဟ္မဏ ဝါဒက ပါဝင် ပတ်သက်နေခြင်းကို မနှစ်သက်ကြချေ။

ခတ္တိယများထဲမှာလည်း အသိဉာဏ် ကြီးမား ထက် မြက်သူများ ပါဝင်လျက် ရှိသည်။ ထိုဉာဏ်ပညာ ထက် မြက်သူများက နတ်ဆရာ ဗြာဟ္မဏ ပုဏ္ဏားများ၏ ဘာသာ ရေး အရ အရေးပါလေဟန် ဟန်ဆောင်မှု ပူဖောင်းကို ထိုး ဖောက်ပစ်ရန် လက်မနှေးခဲ့ပေ။

ငွေကုန်ကြေးကျ များစွာ ခံ၍ ပြုလုပ်ရသော ယဇ် ပူဇော်ပွဲများမှာလည်း စိတ် လှုပ်ရှား လွယ်သော၊ ယုံလွယ် သော သူများကိုသာ စိတ် သက်သာအောင် ပြုလုပ်နိုင်သည်။ အသိဉာဏ် ရှိသော၊ ဆင်ခြင် စဉ်းစား တိုင်းထွာနိုင်သူ များ၏ စိတ်ကိုမူ ကျေနပ် နှစ်သိမ့်အောင် လုပ်ပေးခြင်းငှာ မတတ်နိုင်ခဲ့ပေ။

ကောင်းမြတ်ခြင်း (ကုသိုလ်) သဘောသည် ယဇ် ပူဇော်ရန် စေတနာ ထက်သန်ခြင်းထက် ပိုသည် ဆိုသော အမြင် ဖြစ်ပေါ်လာသည်။

ထို့ပြင် လက်တွေ့ အဖြစ်မှန် သဘောကိုသာ နှစ်ခြိုက်၍ စိတ်ညွတ်တတ်ကြသော အုပ်စိုးသူ မင်းစိုးရာဇာများက ဥပနိသျှဒ် ကျမ်းများတွင် ပါဝင်သော ဝိဉာဏ ဓေတ္တ ဝါဒ အယူအဆများမှာလည်း အတွေးအခေါ် သဘော အရ အဓိပ္ပာယ် မရှိဟု ယူဆကြလေသည်။

ဂျိန်း ဝါဒကလည်း လူပုဂ္ဂိုလ်ကို တန်ဖိုးမဲ့ ပြုလုပ်ပြီး လောကဥ္စ မကောင်းမှု ဒုစရိုက် မှန်သမျှသည် အဝိဇ္ဇာကြောင့် ဖြစ်သည် ဆိုသော အယူအဆကို ၎င်းတို့၏ အတွေးအခေါ် အယူအဆများဖြင့် ဆန့်ကျင် တိုက်ခိုက်လျက် ရှိလေသည်။

ထို့ပြင် အကျင့်သီလ ရှိသော ပုဂ္ဂိုလ်များ၏ အမြင်တွင် လူသားတို့ ကြုံတွေ့နေရသော ဆင်းရဲ ဒုက္ခများကို ဗြာဟ္မဏ ဝါဒက ဖြေရှင်းပုံသည် ခုတ်ရာ တခြား ရှရာ တခြား တလွဲတချော် ဖြစ်နေသည်ဟု ရှုမြင်ကြသည်။ အလကား အချိန်ကုန် ခံပြီး အကျိုးမဲ့ကို ပြုလုပ် ဆောင်ရွက်နေသည်ဟု မြင်လာကြသည်။

ဗြာဟ္မဏ ဝါဒကို မှောက်မှားသော အယူဝါဒ ဖြစ် သည်ဟု အထူးသဖြင့် ရှေးကျသော ဗုဒ္ဓ ဝါဒက ရှုမြင်ခဲ့လေသည်။

ဗုဒ္ဓ ဝါဒနှင့် ဂျိန်း ဝါဒ နှစ်ခုစလုံးသည် အကြီးအကျယ် အောင်မြင်မှု ရရှိခဲ့ပြီးလျှင် အချိန် ကြာလာသည်နှင့်အမျှ ထိုဝါဒများ တိုးတက် ကြီးပွားလာလေတော့သည်။

အယူဝါဒ အချင်းချင်း ဆန့်ကျင် တိုက်ခိုက်၍ မတည်မငြိမ် ဖြစ်နေသော အချိန်တွင် ဗြာဟ္မဏ ဝါဒသည် ၎င်းတို့၏ ဘောဘောပိုင်းက သဘော လက္ခဏာများကို မလွှဲသာ မရှောင်သာဘဲ အပြောင်းအလဲ ပြုလုပ် ရလေတော့သည်။ ထိုသို့ အပြောင်းအလဲ လုပ်လိုက်သောကြောင့် နောက်ဆုံးတွင် ဗြာဟ္မဏ ဝါဒသည် သူ၏ ပြိုင်ဘက်များ အပေါ် အနိုင် ရရှိလာလေတော့သည်။ ပြောင်းလဲနေသော အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်အောင် မိမိ အယူအဆများကို ပြောင်းလဲနိုင်ခဲ့သောကြောင့် ဖြစ်ပေသည်။

ဗြာဟ္မဏ ပုဏ္ဏားများသည် ဗဟို ချုပ်ကိုင်မှု စနစ်အောက်တွင် ဘယ်တုန်းကမျှ စည်းလုံး ညီညွတ်ခဲ့ခြင်း မရှိပေ။ ထို့ပြင် အရိုးအစဉ်မှ ခွဲထွက်သော စနစ်များ အပေါ်ကိုလည်း ထိုးစစ် သဘောအရ လည်းကောင်း၊ ခံစစ် သဘောအရ လည်းကောင်း သဘောထား ညှိနှိုင်းသော နည်းဗျူဟာကိုလည်း မည်သည့် အခါမျှ မကျင့်သုံးခဲ့ပေ။

ဗြာဟ္မဏ ဝါဒသည် အခြားသော အယူ ဝါဒကွဲများအပေါ် သည်းခံခြင်း စိတ်ထားဖြင့်သာ ဆက်ဆံခဲ့လေသည်။ သည်းမခံနိုင်သည့် သဘောဖြင့် လည်းကောင်း၊ ပမာမခန့် မလေးမစား ဆက်ဆံခြင်း သဘောဖြင့် လည်းကောင်း မဆက်ဆံခဲ့ကြပေ။

ထို့ကြောင့် နောက်ဆုံးတွင် ဗြာဟ္မဏ ဝါဒသည် ပြန့်ပွားလျက်ပင် တည်ရှိ နေလေတော့သည်။ ဂျိန်း ဝါဒနှင့် ဗုဒ္ဓ ဝါဒများကို လုံးဝ တရား မဝင်သည့် သဘောပင်နှင့်ထုတ်ပစ်ခြင်း မပြုဘဲ ထိုဝါဒများတွင် ပါဝင်သော အချက်အလက် များစွာသည်လည်း မှန်ကြောင်း ထုတ်ဖော် ပြောဆိုပြီး ထိုအယူအဆများကို သူတို့ကပါ ခံယူ ကျင့်သုံးလိုက်ကြလေသည်။

ထိုအခါ ဟိန္ဒူများသည် ဂျိန်း ဘာသာမှ အဟိံသ အယူအဆကို လက်ခံ ယူလိုက်ပြီးလျှင် ဟိန္ဒူ ဘာသာဝင်များစွာတို့သည် အသား စားခြင်းကို ရှောင်ကြဉ်ကာ ဟင်းသီး ဟင်းရွက် စားသူများ အဖြစ် ခံယူလိုက်ကြလေသည်။

ဗုဒ္ဓ ဘာသာထံမှလည်း ဟိန္ဒူများက သူတို့ လိုချင်သော အလေ့အကျင့်ကို ယူကြသည်။ လောဘ တဏှာကို ငြိမ်းသတ်သော အကျင့် သီလ ဘာဝနာ သဘောတရားကို ယူသည်။ နိဗ္ဗာန် မဂ်ဖိုလ်ကို မျက်မှောက်ပြုရန် အတွက် ပြင်ဆင်သော နည်းလမ်းများကို ဟိန္ဒူများက နှစ်သက်ကြသည်။ ဟိန္ဒူများ အတွက် ထိုသို့ ပြုရန်မှာလည်း အဆင်ပြေသည်။ အဘယ်ကြောင့်ဆိုသော် ဝေဒ ကျမ်းများထဲတွင် ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာပါ သဘောတရား အချို့ကို ကြိုတင် ဖော်ပြ ထားသောကြောင့် ဖြစ်ပေသည်။ ဟိန္ဒူများ အနေနှင့် မည်သည့် ဘာသာ၊ မည်သည့် အယူဝါဒက ဖြစ်စေ ကောင်းသော အယူအဆ ဖြစ်လျှင် ၎င်းတို့ လက်ခံယူရန် ဝန်မလေးခဲ့ကြပေ။ အယူအဆများ အကူးအပြောင်း ဖြစ်စဉ်ကာလထဲမှာပင် ရှေးကျသော အယူအဆများလည်း အားကောင်းဆဲပင် ဖြစ်တည် နေခဲ့ပေသည်။ ဟိန္ဒူ ဝါဒထဲတွင် ရှေး အယူအဆများသည် သေဆုံး မသွား၊ ပျက်သုဉ်း မသွားဘဲ ဆက်လက် ရှင်သန် နေခဲ့ကြသည်။ အယူအဆများ ဓမ္မများသည် တိတ်တဆိတ် ဆက်လက် ရှင်သန် ကြီးထွား နေခဲ့ကြလေသည်။

ရှေး အယူအစွဲ သန်သော ဟိန္ဒူ ဝါဒထဲတွင် ပါဝင်သော သံသရာ ဝဋ်ဒုက္ခမှ ကင်းလွတ်ကြောင်း နည်းလမ်း သုံးသွယ်၊ ဘဝ လွတ်မြောက်ကြောင်း နည်းလမ်း သုံးခုကိုလည်း ဆက်လက်၍ ရှင်းလင်းစွာ ဖော်ထုတ်ခဲ့ကြလေသည်။

ထိုနည်း သုံးသွယ်၏ ပထမ နည်းသည် ကမ္မမဂ္ဂဟု ခေါ်သော နည်း ဖြစ်သည်။ ကံဖြင့် လွတ်မြောက်စေသော နည်း ဖြစ်သည်။

## ၁။ ကမ္မမဂ္ဂ (ကံဖြင့် လွတ်မြောက်စေသော နည်း)

ဤ နည်းသည် အလွန် ရှေးကျသောနည်း ဖြစ်သည်။ တွေးခေါ်ရှင် ဒဿန ဆရာကြီးများက ဤနည်းကို အလေးဂရု မထားကြစေကာမူ သာမန်လူ အများစုကမူ ဤနည်းကို များစွာ လိုက်စားကြသည်။ ဤနည်းသည် သုံးပါးသော အကျိုးကို ဆောင်သည်။ လက်တွေ့ကျသည်။ နားလည်ရ လွယ်ကူသည်။ ရှေးထုံးစဉ်လာ အရ မှန်မြတ်သည်ဟု ယူဆခြင်းကို ခံရသည်။ ဤနည်းသည် ဘဝ လွတ်မြောက်ရေး အတွက် အပင်ပန်းခံ ဆောင်ရွက်သူများ၏ နည်းလမ်း ဖြစ်သည်။ အလွန်အမင်း စိတ်လှုပ်ရှားခြင်းလည်း မရှိသလို ဉာဏ်ပညာလည်း မပါလှ။ ဤကား နည်းစနစ် ရှိသည့်အတိုင်း မျှော်လင့်ချက်ဖြင့် ဝတ်ပြု ပူဇော်ပွဲများကို ပြုလုပ်ခြင်း၊ ကုသိုလ် ကောင်းမှု ပြုခြင်း သဘောသာ ဖြစ်ပေသည်။

ဟိန္ဒူ ဘာသာဝင် များစွာတို့သည် နတ်များအား ယဇ်ပူဇော်ခြင်း၊ ရိုးရာ ကန်တော့ခြင်း၊ အရဏ်တက် နေကို ပူဇော်ခြင်း၊ မီးကို ပူဇော်ခြင်း၊ မွေးဖွားခြင်း မင်္ဂလာပွဲ အခမ်းအနား၊ သေခြင်း အမင်္ဂလာ အခမ်းအနား၊ လက်ထပ်ခြင်း မင်္ဂလာ အခမ်းအနား၊ ကောက်သစ် ပေါ်ခြင်း မင်္ဂလာ အခမ်းအနား စသည်များကို လှူဒါန်း ပူဇော်ခြင်း အမှုကို ပြုကြသည်။

ထိုသို့ ပြုလုပ်ခြင်းအားဖြင့် သေသော အခါ လူ့ပြည် နတ်ရွာ သုဂတိ ချမ်းသာကို ရသည်။ နောက်တစ်ခါ လူပြန် ဖြစ်လျှင်လည်း ဗြာဟ္မဏ ပုဏ္ဏား ဇာတ်အမျိုး၌ ပြန်ဖြစ်ရပြီးလျှင် ဗြဟ္မာကြီးနှင့် ပေါင်းစည်းခြင်း အဆုံး နိဗ္ဗာန်သို့ ရောက်နိုင်သည်ဟု ယူသော အယူ ဖြစ်သည်။

ဗြာဟ္မဏ ပုဏ္ဏားများ အသိုင်းအဝိုင်းထဲတွင် ဤကမ္မမဂ္ဂနည်း ကံပြုခြင်းဖြင့် ဘဝ လွတ်မြောက်စေသော နည်းစတင် ပေါ်ပေါက်ခဲ့လေသည်။ ကောင်းမှု ကုသိုလ် ပြုရန်အတွက် လူတိုင်းမှာ ဝတ္တရား ကြွေးတင်လျက် ရှိသည်။ လူတစ်ဦး ပေးဆပ်ရမည့် ဝဋ်ကြွေး စာရင်းလည်း ရှိသည်။ လူတိုင်းသည် နတ်ကို ယဇ် ပူဇော်ရန် တာဝန် ရှိသည်။ လူ အချင်းချင်းကိုလည်း ဧည့်ဝတ် ကျေပွန်ရန် တာဝန် ရှိသည်။

ဤဝတ္တရားများကို ကျေပွန်အောင် သစ္စာရှိရှိ ဆောင်ရွက်နိုင်လျှင် သူ ပြုရမည့် ဝတ္တရားများ အားလုံး ကျေပွန်ပေတော့သည်။

သူသည် အရာရာကို ရရှိသူ၊ အရာရာကို အောင်နိုင်သူ ဖြစ်ပေပြီ။

သို့သော် ဤအယူအဆ၏ ရိုးဖြောင့်ခြင်း သဘော၌ ယဇ် ပူဇော်မှု ကိစ္စကို အရေးထားခြင်းကြောင့် ဝန်လေးလျက် ရှိရာ ၄င်းကို နှစ်ပရိစ္ဆေဒ ကြာသော အခါ ပြုပြင်ပြောင်းလဲခြင်းကို ပြုလုပ်ခဲ့ကြလေသည်။

ထို့နောက် တဖြည်းဖြည်းနှင့် ရှေးထုံးစံနှင့် နောက်ထုံးစံများ ပေါင်းစပ်ထားသော ဥပဒေ စည်းမျဉ်း ဓမ္မသတ်များ ပေါ်ပေါက်လာခဲ့လေသည်။ ထို အာဏာစက် ရှိသောကိုဓ ဥပဒေ ဓမ္မသတ် ကျမ်းများ အနက် 'ဓမ္မ သျှတ္တရ' ကျမ်းသည် ထင်ရှားသည်။

ဘီစီ ၂၀၀ လောက်တွင် ဥပဒေ ပညာရှင် နတ်ဆရာ ပုဏ္ဏားများက စည်းမျဉ်း ဥပဒေများကို စုပေါင်း စီရင်သော မနုကျယ် ဓမ္မသတ် ကျမ်းလည်း ပေါ်ပေါက် လာခဲ့လေသည်။

မနုကျယ် ဓမ္မသတ်က အစ ပြုသော ဥပဒေ ကျမ်းများ အားလုံးသည် လူတစ်ဦး၏ ဘဝ တစ်လျှောက်လုံးတွင် ကျင့်ပ ပြုလုပ်ရမည့် မင်္ဂလာ အခမ်းအနား၊ အမင်္ဂလာ အခမ်းအနားများ အကြောင်းကို အရေးထား၍ ဖော်ပြခဲ့ကြလေသည်။

လူတစ်ဦးသည် သူ၏ ဇာတ်ထုံးစံများကိုသာ လေးစား လိုက်နာရုံမျှမက သူသည် သူ့သက်တမ်း တစ်လျှောက်လုံးတွင် ပြုလုပ်ရမည့် ဘာသာရေး ဆိုင်ရာ ဝတ်ပြု ပူဇော်ပွဲ မင်္ဂလာ အခမ်းအနားများကိုလည်း မပျက်မကွက် ဆောင်ရွက်ရပေမည်။

ဇာတ် ထုံးစံ၊ ဇာတ် စည်းကမ်း ဆိုသည်မှာ မိမိနှင့် ဇာတ် မတူသူနှင့် လက်မထပ်ရ။ စားသောက်မှု ဆိုင်ရာ တိတိကျကျ ပြဋ္ဌာန်းထားချက်များကို မချိုးဖောက်ရ။ ချ မှတ်ထားသော လူမှု စည်းကမ်းများကိုလည်း မကျူးလွန် ရပေ။

မနုကျယ် ဓမ္မသတ် ကျမ်းထဲတွင် လူတစ်ဦး၏ ဘဝ တစ်လျှောက်တွင် ပြုလုပ်ရမည့် ဘာသာရေး ဆိုင်ရာ မင်္ဂလာ ကိစ္စများကို အသေးစိတ် စာရင်းနှင့် တကွ ပြုစုထားသည်။

ဥပမာ မွေးနေ့ မင်္ဂလာ၊ ကင်ပွန်းတပ် မင်္ဂလာ၊ ပထမ ဆုံး နေကို ရှိခိုးသော မင်္ဂလာ၊ ပထမဆုံး ထမင်းခွံ့ မင်္ဂလာ၊ ပုခက်တင် မင်္ဂလာ၊ ပထမဆုံး ဆံသ မင်္ဂလာ၊ နားသ မင်္ဂလာ၊ လူလားမြောက်သော လူပျိုဘော်ဝင် မင်္ဂလာ၊ လက် ထပ်ခြင်း မင်္ဂလာ စသည်တို့ ဖြစ်သည်။

ထို့ပြင် အိမ်စောင့် နတ်များကို ဂုဏ်ပြုပွဲ မင်္ဂလာ အခမ်းအနားများလည်း ရှိသေးသည်။ မိသားစု၏ အကြီး အကဲက ရိုးရာ နတ်ကို အိမ်သားများ နေ့စဉ် ရှိခိုး ဝတ်ပြု ခြင်း ရှိ မရှိကို စောင့်ကြည့်ရသည်။ ထို့ပြင် ထမင်း စား ခါနီးတိုင်း မစားမီ အိမ်ဦးနတ်ကို စားဦးစားဖျား တင်ရ သည်။ ဤသို့ စားဦးစားဖျား မတင်ဘဲနှင့် မည်သူမျှ အစား အစာကို မစားရပေ။

အရေးပါသော ဝတ်ပြုမှု အစဉ်အလာများ အနက်တွင် အသုဘ အခမ်းအနားနှင့် ရိုးရာနတ် ပူဇော် ပသခြင်း ကိစ္စ သည် အရေး အကြီးဆုံး ဖြစ်သည်။ ဤဓလေ့ ထုံးစံကို ကုဗ္ဘီး ထမင်း ကျွေးခြင်း 'သဒ္ဒ' ဟု ခေါ်သည်။ သေသူကို ရည်ညွှန်း၍ ကျွေးအပ်သော ထမင်း ဖြစ်သည်။

ဟိန္ဒူ ဘာသာဝင်များ အဖို့ ဤကဲ့သို့ ဝတ်ပြုမှု မင်္ဂလာ အခမ်းအနားများကို မဆောင်ရွက်ပါက တမလွန် ဘဝ၌ ရိုးရာ နတ် ဖြစ်သော အခါ အသက် တိုသည်ဟု ယုံကြည် ကြသည်။ ထိုသို့ အသက် တိုလျှင် ကမ္မ နိယာမ အရ ထို ဝိညာဉ်သည် ပဋိသန္ဓေသစ် ယူ၍ တစ်ဖန် မွေးဖွားရပြန် ပေဦးမည်။

သဒ္ဒ ကုဗ္ဘီး ထမင်း ပူဇော်ခြင်း ဓလေ့တွင် လှူဖွယ် ဝတ္ထု ပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ပါဝင်ရသည်။ ထိုသေသူများကို ရည်ရွယ်၍ ဤကဲ့သို့ ကျွေးမွေး ပြုစုခြင်း မပြုလျှင် သေသူ ဝိညာဉ်သည် အားနည်း ချည့်နဲ့ပြီးလျှင် ပျောက်ပြယ် လွင့်စဉ်သွားနိုင်သည်ဟု ယူဆကြလေသည်။

ထိုသို့ ကုဗ္ဘီး ထမင်းဖြင့် ပူဇော်ရာတွင် ပိဏ္ဍ ခေါ် သော ထမင်းဆုပ် ပါဝင်ရန် အလွန် အရေးကြီးသည်။ ထို ထမင်းဆုပ်သည် သေသူအား အထည်ဒြပ်ဖြင့် ပူဇော်ခြင်း ဖြစ်သည်ဟု ယူဆသည်။ သေသူမှာ ထို ထမင်းဆုပ်ကို စားရမှသာ ခန္ဓာကိုယ် အင်္ဂါ အစိတ်အပိုင်းများကို ပြန်၍ ရနိုင်သည်ဟု ယူဆသည်။

ဤသဘော ပါသော အမြင် တစ်ခုမှာ ဤသို့ ဖြစ် သည်။

ပထမ ရက်တွင် ဤကဲ့သို့ ပူဇော် ပသပါက သေ သော သူ၏ ဝိညာဉ်သည် ဦးခေါင်းကို ပြန်ရသည်။ ဒုတိယ အကြိမ် ပူဇော် ပသလျှင် နား၊ မျက်စိ၊ နှာခေါင်းတို့ကို ရရှိ သည်။ တတိယ အကြိမ် ပသသော အခါ လက်များ၊ ရင် ဘတ်နှင့် လည်ပင်းတို့ကို ရရှိသည်။ စတုတ္ထ အကြိမ် ဆို လျှင် သူ၏ ကိုယ် အထက်ပိုင်းကို ရသည်။ ပဥ္စမ အကြိမ် တွင် ကိုယ် အောက်ပိုင်းနှင့် ခြေထောက်များကို ရရှိသည်။ ဆဋ္ဌမ အကြိမ်တွင် သူ၏ အသက်နှင့် စပ်ဆိုင်သော အင်္ဂါ အစိတ်အပိုင်းများကို ရရှိသည်။ သတ္တမ အကြိမ်တွင် အရိုး များ၊ ရိုးတွင်းခြင်ဆီ၊ သွေးကြောများကို ရသည်။ အဋ္ဌမ အကြိမ်တွင် ခြေသည်း လက်သည်း၊ ဆံပင်၊ သွား စသည် တို့ကို ရရှိသည်။ နဝမ အကြိမ်တွင် ကျန်သော ခန္ဓာ အစိတ် အပိုင်းများ အားလုံးကို ရရှိသည်။ ထို့ပြင် အင်အားကိုလည်း ရရှိသည်။ ဒသမ အကြိမ် သဒ္ဒ ခေါ် ကုဗ္ဘီး ထမင်းဖြင့် ပူ ဇော်ခြင်းသည် သူ့ ကိုယ်တွင် ဖြစ်သော ဆာလောင် မွတ် သိပ်ခြင်းများကို ပယ်ရန် ရည်ရွယ်သည်။

ပိဏ္ဍ ခေါ် ဆွမ်းလုတ်များကို မိခင်၊ ဖခင်၊ အမိ ဘက် က ဆွေမျိုးများ၊ အဖ ဘက်က ဆွေမျိုးများနှင့် အိမ်နှင့် ဝေးရာ အရပ်၌ ပူဇော် ပသမှု အခမ်းအနား မပါဘဲ သေ ဆုံးရသဖြင့် အင်အား ချို့တဲ့နေကြသူများ အတွက် တင် မြှောက်ကြရသည် (သို့သော် အရွယ် မရောက်မီ၊ လက်မထပ် မီ သေဆုံးသွားသော မိန်းကလေးများနှင့် ရှင်မပြုမီ အရွယ် ၌ သေဆုံးသွားသော ယောကျ်ားကလေးများ အတွက်မူ သဒ္ဒ ကုဗ္ဘီး ထမင်းဖြင့် ပူဇော်ခြင်း ဓလေ့ထုံးစံ မရှိချေ။)။ ပိဏ္ဍ ဆွမ်းလုတ်များကို မျိုးရိုးမှ ဆင်းသက်သူ သားယောကျ်ား ကသာ တင်မြှောက် ပူဇော်ကြရသည်။ ထို့ကြောင့် မသေမီ သားယောကျ်ား ရရှိရန် အရေးကြီးပေသည်။

သေသူ၏ ဝိညာဉ်များကို အများအားဖြင့် သေဆုံးလျှင် သေဆုံးပြီးချင်း ချက်ချင်းပင် အသုဘ အခမ်းအနားဖြင့် ပူဇော် ပသကြသည်။ သို့သော် အိမ်၏ ဦးစီး ဦးဆောင် ယောကျ်ား ဖြစ်လျှင် ၄င်းကို တစ်လ တစ်ကြိမ် (ပထမ နှစ်တွင်) ပူဇော်ကြရသည်။

နောက်နှစ်များတွင် နှစ်စဉ် နှစ်တိုင်း ရိုးရာ ဝိညာဉ် ကျွေးမွေးပွဲဖြင့် ပသကြရသည်။

မိန်းမများ အတွက် ကံပြုသော နည်းလမ်းများလည်း ရှိသည်။ မနုကျယ် ဓမ္မသတ်ထဲတွင် ထိုလုပ်ထုံး လုပ်နည်းများကို ချမှတ်ပေးထားသည်။ မိန်းမများ လိုက်နာရမည့် ဝတ္တရားမှာ လွယ်လွယ်ပင် ဖြစ်သည်။ အမျိုးသမီးများသည် မိမိတို့၏ လင်ယောကျ်ားများကို ၎င်းတို့၏ အလိုကျ လိုက်လျော၍ ပြုစု လုပ်ကျွေးရန်ပင် ဖြစ်သည်။

မနုကျယ် ဓမ္မသတ်တွင် အာရှ တိုက်သားများ၏ မူဝါဒကို ဖော်ပြထားသည်။

'ကလေး ဘဝ၌ မိန်းကလေးသည် ဖခင်ကို ပြုစု စောင့်ရှောက်ရမည်။ လူငယ် လူလတ်ပိုင်းသို့ ရောက်သော အခါ အမျိုးသမီးသည် မိမိ၏ ခင်ပွန်းကို ပြုစု စောင့်ရှောက်ရမည်။ အမျိုးသမီးသည် ဘယ်အခါမှ လွတ်လပ်စွာ အမှီအခို ကင်း၍ မနေနိုင်ပေ။'

အမျိုးသမီးသည် မှီခို၍သာ နေရသော အဖြစ်နှင့် လိုက်လျောညီစွာ သူမသည် အိမ်မှု ကိစ္စများကို ထမ်းဆောင်ရသည်။ မိသားစု၏ အကြီးအကဲ အမျိုးသမီး (ယောက္ခမ) အား အကြွင်းမဲ့ ရိုသေရသည်။ အိမ်ရှိ အမျိုးသားများကို ဘုရား တစ်ဆူ ဂူတစ်လုံးကဲ့သို့ ရှိခိုး မြတ်နိုးရသည်။

လင်သား အပေါ် သစ္စာရှိသော ဇနီး ဖြစ်ခြင်းသည် နောင်ဘဝတွင် ဤလင် ဤသားများနှင့် အတူတူ ပေါင်းသင်း နေထိုင်ကြရသည်ဟု အယူအစွဲ ရှိသည်။

ထို့ကြောင့် ဇနီး အမျိုးသမီးသည် မိမိ၏ အမျိုးသားလင် ယောကျ်ားကို အမြဲအစဉ် ရိုသေရသည်။ လင် စိတ်မချမ်းမသာ ဖြစ်အောင် မလုပ်ရ။ လင်သားက သစ္စာမဲ့စွာ ဆိုးသွမ်းသော်လည်း မယားက လင်သား အပေါ် ချစ်ခင်မြတ်နိုးရမည်။

'သစ္စာ ရှိသော ဇနီး မယားသည် မိမိ၏ ခင်ပွန်း ယောကျ်ားကို ဘုရားကဲ့သို့ ရှိခိုး ကြည်ညိုရမည်'

ထိုလင်ယောကျ်ား ကွယ်လွန်သော အခါ၌လည်း ဇနီး မိန်းမသည် မိမိ နှုတ်ဖျားက အခြား ယောကျ်ား တစ်ဦး၏ အမည်ကိုပင် ထုတ်ဖော် ပြောဆိုခြင်း မပြုရပေ။ ကိုယ့်ကိုယ်ကိုယ် စောင့်ထိန်းရမည်။

ဤနည်းဖြင့် သေဆုံးသည့်တိုင်အောင် ငြိမ်သက်သော စိတ်ဖြင့် သည်းခံလျက် လင်ယောကျ်ား တစ်ဦးတည်း အပေါ်မှာသာ ဇနီး မယားတို့ ပြုအပ်သော မယားဝတ်ကို ကျေပွန်စွာ ထမ်းဆောင်လျက် နေသွားရမည်။ ကွယ်လွန်ပြီးသော လင်သား အပေါ်၌ ထားရမည့် မယား ဝတ္တရားများကို ချိုးဖောက်ပြီး နောက်ထပ် သားသမီး ရချင်သော စိတ်ဖြင့် ဤလောက၌ ကိုယ့်ကိုယ်ကိုယ် အရှက်မဲ့ ပြုသော မိန်းမသည် နောင်ဘဝ၌ မိမိ၏ လင်သားနှင့် ပေါင်းသင်းရမည့် အစား မြေခွေး၏ ဝမ်းတိုက်က်၌ ပဋိသန္ဓေ ယူရသည့် အဖြစ်သို့ ဆိုက်ရောက်သွားရပေမည်။

ယောကျ်ားများသည် အထက်စီး ရသော အခြေအနေပင် ရှိစေကာမူ မိမိ၏ ဇနီး မယားများကို ဂုဏ်ပြုရမည်။ ထိုမိန်းမများ၏ သာယာ ပျော်ရွှင်ရေးကို အရေးထား ဆောင်ရွက်ရမည်။ သားသမီးများ၏ ကောင်းစားရေးကိုလည်း ဆောင်ရွက်ပေးရမည်။

အဖိုးတန် လက်ဝတ် ရတနာများ၊ ဝတ်ကောင်းစားလှများနှင့် အစားကောင်း အသောက်ကောင်းများကို ပွဲလမ်းသဘင် ရှိသော အခါ၌ ပေးကမ်း ထောက်ပံ့ရမည်။ သို့သော် ဤသို့ ပြုအပ်သော ဝတ္တရားသည် အကြီးအကဲများက မိမိတို့အား ကောင်းစွာ လုပ်ကျွေး ပြုစုသော လက်အောက် ငယ်သားများ အပေါ် ပေးအပ်သော ဂုဏ်သိက္ခာပင် ဖြစ်၏။ ယောကျ်ား၏ ကြီးမြတ်ခြင်း သဘောကို မျက်ခြည်ပြတ် မခံရ။ ထို့ကြောင့် ဗြာဟ္မဏ ပုဏ္ဏား တစ်ဦးသည် ဇနီးမယားနှင့် အတူ ထမင်း မစားရ။ သူမ ထမင်း စားနေသော အခါမှာလည်း သူမအား မကြည့်ရ။ ထို့အတူ ဇနီးမယား အဝတ်အစား လဲလှယ်နေစဉ် လည်းကောင်း၊ မျက်လုံး မျက်တောင်များကို ဆေးဆိုးနေသည့် အခါ လည်းကောင်း မကြည့်ရ။ တားမြစ်ထားသည်။

ဤဓမ္မသတ်များ၌ လူတို့ ပြုကျင့်အပ်သော အကျင့်စရိုက်များကို အသေးစိတ် ဖော်ပြထားသည်။ သို့ရာတွင် ဤဓလေ့ထုံးစံများကို ခြွင်းချက် မရှိ လိုက်နာကြသည်ကား မဟုတ် ဆိုသည်ကို သိအပ်၏။

အလွန် ရှေး အယူမှန် အစွဲ သန်သူများ၏ အသိုင်းအဝိုင်းမှာပင် အပြောင်းအလဲ ပြုကြသည်သာ ဖြစ်၏။

ရှေးထုံးစံများကို ခေတ်သစ် အခြေအနေများကြောင့်လည်း အပြောင်းအလဲ ပြု၍ လက်ခံကြသည်။

ယနေ့တိုင် ရှေးမူမပျက် ဆက်လက်၍ လက်ခံ ကျင့်သုံးနေကြသော ဟိန္ဒူများ၏ ဓလေ့ထုံးစံများလည်း များစွာပင် ရှိ၏။

ခြုံ၍ သုံးသပ်မည် ဆိုပါက ထိုဓလေ့ထုံးစံများသည် ဗြာဟ္မဏများ ကြီးစိုးသော ဘဝ နေနည်းများကို ဥပဒေ ထုံးတမ်း အစဉ်အလာ ဖြစ်အောင် ပြုလုပ်ထားခြင်းများသာ ဖြစ်၏။ သို့သော် ထိုဓလေ့ ထုံးစံများ အပေါ် သစ္စာ စောင့်သိသူများကမူ ထိုကဲ့သို့ ပြောဆိုကြမည် မဟုတ်ပေ။

ထိုသူများ အတွက်မူ ဤသို့ ကံပြုသော နည်းလမ်းများသည် ဘဝ လွတ်မြောက်ရေး နည်းလမ်းများ ဖြစ်သည်

ဟု ရှုမြင်ကြသည်။ ထိုကဲ့သို့သော ထုံးတမ်းစဉ်လာနှင့် အညီ နေထိုင် ဆက်ဆံသွားပါက အနာဂတ်၌ ဘဝ လွတ်မြောက်ရေးနှင့် ချမ်းသာ သုခ ပြည့်စုံရေးကို ဖြစ်စေနိုင်သည် ဟုလည်း ယုံကြည်ကြသည်။ သို့သော် ဤကံဖြင့် သွားသော လမ်းသည် ဉာဏ်ပညာဖြင့် သွားသော လမ်းထက် အောက်တန်း ကျသည်ဟုလည်း သဘော ထားကြသည်။ 'ဉာဏမဂ္ဂ' ခေါ်သော ဉာဏ်ပညာဖြင့် သွားသော နည်းလမ်းသည်သာ ဘဝ လွတ်မြောက်ရေး အတွက် ပိုပြီး ဒဿန ဆန်သော၊ အတွေး ပါသော နည်းလမ်း ဖြစ်သည် ဟုလည်း ယူဆကြသည်။

## ၂။ ဉာဏမဂ္ဂ (ဉာဏ်လမ်း)

ဥပနိသျှဒ် ကျမ်းများ၌ ဘဝ ပြဿနာများကို ဖြေရှင်းရေးကို ဆင်ခြင်တုံ တရား အပေါ်မှာသာ အခြေခံထားခဲ့လေသည်။ ဥပနိသျှဒ် ကျမ်းများ၌ ပါသော ဒဿန အတွေးအခေါ်များကို နှစ်ခြိုက်သော သူများသာလျှင် ထို ဉာဏ်လမ်းသို့ လိုက်နိုင်ကြပေသည်။ ဤနည်းလမ်းသည် ခက်ခဲသော နည်းလမ်း ဖြစ်သည်။ ဉာဏ်လမ်းသို့ လိုက်နိုင်ရန် အတွက် သမာဓိ လိုအပ်သည်။ သမာဓိ ရမှ ဉာဏ်ပညာစခန်းသို့ တက်လှမ်းနိုင်သည်။

ဉာဏ်လမ်း၏ အဝင် ဂိတ်ဝတွင် အယူအဆ တစ်ခု ရှိသည်။ ထိုအယူအဆမှာ လူသား အပေါင်းတို့ တွေ့ကြုံခံစားနေရသော ဒုက္ခ ခပ်သိမ်းနှင့် မကောင်းမှု အကုသိုလ်တို့၏ အကြောင်းသည် အဝိဇ္ဇာ ဖြစ်သည် ဆိုသော အယူအဆ ဖြစ်သည်။ လူသားသည် အဝိဇ္ဇာ မှောင်တိုက်၌ ပိတ်မိနေသည်။ မိမိ၏ သဘော သဘာဝကို မိမိ ကိုယ်တိုင် မသိသောကြောင့် ပြုသမျှသော ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် အမှားနှင့် စ၍သာ ပြုလုပ်နေမိကြသည်။ လူတို့ ဆင်းရဲ ဒုက္ခ ရောက်ခြင်းသည် သီလ ချိုးဖောက်မှုကြောင့် မဟုတ်ဘဲ မှားယွင်းသော မနောကံ အဝိဇ္ဇာကြောင့်သာ ဖြစ်ရပေသည်။

ဤအယူအဆကို ဟိန္ဒူ ဘာသာနှင့် ပတ်သက်သော ဒဿန စနစ်များ အားလုံးက လက်ခံကြသည်။ ဤအချက်သည် ဟိန္ဒူ ဘာသာ၏ ထူးခြားသော အမြင် ဖြစ်သည်။

သို့ပါလျက်လည်း ဤဒဿန အတွေးအခေါ် စနစ်များ အားလုံးသည် ထိုအခြေခံ အပေါ်မှာ ထူထောင်သော အဆို ပြုချက်နှင့် ပတ်သက်၍မူ သဘောထား ညီညွတ်ခြင်း မရှိကြပေ။ အခြေခံကျသော အဝိဇ္ဇာကြောင့် မနော ဒုစရိုက်များ ကျူးလွန်ခြင်း အယူအဆ အပေါ်၌ သဘောထား ကွဲပြားမှု များစွာ ရှိသည်။ အဘယ်ကြောင့် ဆိုသော် အဝိဇ္ဇာဆိုသော အယူအဆသည်လည်း တင်ကူး၍ မှတ်ယူထားသော ထင်မြင်ချက် တစ်ခုသာ ဖြစ်သောကြောင့် ဖြစ်၏။

ဤနေရာ၌ ပြိုင်ဘက် (ဆန့်ကျင်ဘက်) အယူအဆများကို အကျယ် လေ့လာသင့်ပါ၏။ သို့သော် နေရာ အခက်အခဲ ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လွယ်ကူ အဆင်ပြေရေးကို ရှေးရှုသောအားဖြင့် အဝိဇ္ဇာနှင့် ပတ်သက်သော အကောင်းဆုံး သင်ကြားနိုင်သော ဟိန္ဒူ အယူအဆများကိုသာ ဦးစားပေး ဖော်ပြသွားပေတော့မည်။

ဤတွင် ရှေးက ဥပနိသျှဒ် ကျမ်းများ၌ တွေ့ခဲ့ကြရသော ဧကတ္တ ဒဿန အမြင်ကို အခြေခံသော အယူအဆကို လေ့လာသင့်၏။

ဧကတ္တ ဝါဒ သဘောတရား အရ လူသားတို့၏ မကောင်းမှု ဒုစရိုက်များသည် မှားယွင်းစွာ တွေးခေါ်သော သူ၏ အတွေးအခေါ် အယူအဆပေါ်မှာ တည်နေပေသည်။ ထိုအယူအဆသည်ကား လူသားသည် မိမိကိုယ်ကို ဗြဟ္မ အတ္တမံမှ ကင်း၍ သီးခြား ရပ်တည်နေသော ပုဂ္ဂိုလ် သတ္တဝါ တစ်ဦး အဖြစ် ထင်မြင် ယူဆခြင်းပင် ဖြစ်၏။ ထိုကဲ့သို့ ဗြဟ္မ အတ္တမံနှင့် ကင်း၍ သီးခြား တည်နေသော ငါစွဲကြောင့် လူသားသည် မနော ဒုစရိုက်များ၊ အမှားအယွင်းများကို တွေးခေါ် ပြုမူလာတော့သည်။

အမှန်မှာ ဗြဟ္မ အတ္တမံသည် အကြွင်းမဲ့ ပရမတ္ထ တရားကြီး ဖြစ်၏။ လူသားနှင့် ဗြဟ္မ အတ္တမံသည် နှစ်ခု မဟုတ်၊ တစ်ခုတည်း တစ်သဘောတည်းသာ ဖြစ်သည်။ လူသားသည် အမှန်စင်စစ် ဗြဟ္မ အတ္တမံသာ ဖြစ်ပေသည်။ တသီးတခြား မဟုတ်ပေ။

သို့ရာတွင် လူသားသည် အလုံးစုံ ပါဝင်သော ဝိညာဉ်တော်ကြီးမှ သီးခြား ကင်းလွတ်၍ ပုဂ္ဂိုလ် သတ္တဝါ သီးခြား တည်နေသည်ဟု ယူဆခြင်းသည် အဝိဇ္ဇာကြောင့် ဖြစ်သော

မှောက်မှားသော အထင်အမြင် အယူအဆ ဖြစ်၏။ လူသားသည် အဝိဇ္ဇာဖြင့် ဆက်လက်၍ ပုဂ္ဂိုလ်စွဲသန်ပြီး နေသွားပါက သူသည် အစဉ်မပြတ် လည်ပတ်နေသော သံသရာစက်ထဲသို့ ကျရောက် သွားရပေတော့သည်။

ဤကေတ္တဝါဒ အမြင်ကို ရှင်းလင်းစွာ သရုပ်ဖော်ရန်အတွက် ဥပနိသျှဒ် ခေတ် ကတည်းက အသုံးပြုခဲ့သော ဥဒါဟရဏ် ပုံဆောင်ချက် တစ်ခု ရှိပေသည်။ သူတို့က လူသားနှင့် ဗြဟ္မ အတ္တမံတို့ ဆက်နွယ်ပုံသည် မြစ်ချောင်းများနှင့် သမုဒ္ဒရာ ရေပြင်တို့ ပေါင်းစည်း ဆက်စပ်ပုံနှင့် တူသည်ဟု ဆိုကြသည်။ မြစ်ချောင်းများသည် မိမိတို့၏ မြစ်ချောင်း အဖြစ်ကို လည်းကောင်း၊ အမည် နာမများကို လည်းကောင်း သမုဒ္ဒရာထဲသို့ ရောက်သော အခါ စွန့်၍ မြစ်ချောင်းတို့၏ သဘော ပပျောက်သွားကြရပေသည်။

သမုဒ္ဒရာထဲသို့ စီးဝင်သော

မြစ်ချောင်းများ ပမာ

အမည်များ ပုံသဏ္ဍာန်များကို စွန့်၍ ပပျောက် သွားကြရသလို

ထို့အတူ သိမြင်သော သူသည် အမည် အသွင် သဏ္ဍာန်မှ လွတ်မြောက်ပြီးနောက်

ကောင်းကင် အမြင့်ဘုံ၌ စံနေတော်မူသော

အမြင့်တကာ့ အမြင့်ဆုံး ဗြဟ္မ အတ္တမံသို့ စီးဝင်သွားကြရပေသည်။

ပုဂ္ဂိုလ် သတ္တဝါတို့သည် ပင်လယ်ရေ မျက်နှာပြင်ပေါ်သို့ တက်လာလိုက် မြုပ်သွားလိုက် ဖြစ်နေသော လှိုင်းလုံးကြီးများနှင့်လည်း တူသည်ဟု ဆိုကြသည်။

သို့မဟုတ် လှိုင်း ပုတ်လိုက်သော အခါ သမုဒ္ဒရာ ရေမျက်နှာပေါ်သို့ ခေတ္တ ခဏအားဖြင့် လွင့်ပျံတက်လာသော ရေစက် ရေပေါက်နှင့်လည်း တူသည်ဟု ဆိုကြသည်။

ထိုနောက်ဆုံး ဖော်ပြသော နှိုင်းယှဉ် ဥပမာသည် ပို၍ ကျယ်သော အဓိပ္ပာယ်ကိုလည်း ဖြစ်ပေါ်စေသည်။

သမုဒ္ဒရာ ရေပြင်မှ သီးခြား ဖြစ်သွားသော ဆားငန်ရေစက်သည် ဆိုကြပါစို့၊ သမုဒ္ဒရာ ရေမျက်နှာပြင် အထက်တွင် ပျံသန်း နေခဲ့ပေသည်။ ထိုရေစက်ကို အမြင် နှစ်မျိုးဖြင့် မြင်ကြည့်နိုင်၏။

ပထမ အမြင်တွင် ထိုရေစက်သည် သီးခြား ဖြစ်တည်နေသော ရေစက် တစ်စက် အဖြစ် မြင်နိုင်သည်။ ထို ရေစက်မှာ တစ်စုံတစ်ခုသော အတိုင်းအတွာ အရွယ် ပမာဏလည်း ရှိသည်။ အချိန်ကာလ တစ်ခု၌ နေရာဌာန တစ်ခုမှာ တည်ရှိနေခဲ့သော သဘောလည်း ရှိသည်။

ထို့ပြင် ထို ရေစက် တစ်စက်သည် အခြားသော ရေစက် ရေပေါက်တို့နှင့် ကွဲပြား ခြားနားစွာ တည်နေသော သဘောလည်း ရှိသည်။ သီးခြား ဖြစ်တည်နေဟန် ရှိသည်ဟု ယူဆနိုင်သည်။

ဒုတိယ အမြင်မှာ ဤသို့ ပြောဆိုခြင်းသည် အဖြစ်မှန်ကို မှားယွင်းစွာ သရုပ်ဖော် တင်ပြခြင်းသာ ဖြစ်သည်။ အကြောင်းမူ ထို ရေစက်သည် အမှန်အားဖြင့် လေထဲသို့ လွင့်ပျံသွားသော သမုဒ္ဒရာ ရေတစ်စက်ပင် ဖြစ်၏။ ထို့ပြင် ထိုရေစက်သည် အမြင်အားဖြင့်သာ သီးခြား အသွင်ကို ဆောင်သော ရေစက် တစ်ခုဟု ထင်ရခြင်း ဖြစ်သည်။

ဤ ဒုတိယ အမြင်ကို ဟိန္ဒူ အတွေးအခေါ် ဒဿနဂိုဏ်းများက လက်ခံကြသည်။ နှိုင်းယှဉ် ဥပမာ အရ လူပြိန်းများ၏ အသိအမြင်တွင် မြင်တွေ့နေရသော အပေါ်ယံ ပညတ် အမြင်များသည် အမှန်စင်စစ်အားဖြင့် ဗြဟ္မ အတ္တမံများသာ ဖြစ်သည်။ ၎င်းတို့ကို မြင်ရသော အတိုင်း အစစ်အမှန်များ မဟုတ်ကြချေ။ ထိုသီးခြား အသွင်ဆောင်သော ပုဂ္ဂလိက ပစ္စည်းများ၊ ပုဂ္ဂိုလ် သတ္တဝါများမှာလည်း အစစ်အမှန် သဘောများ ရှိပါသည်။ သို့သော် ထို အစစ် အမှန် သဘောသည် ဗြဟ္မ အတ္တမံ၏ အစစ် အမှန် သဘောသာ ဖြစ်၏။

နှိုင်းယှဉ် တင်ပြအပ်သော ဆားငန်ရေစက်ကို ပို၍ လွတ်လပ်စွာ အဓိပ္ပာယ် ဖွင့်ရလျှင် မိမိ အတ္တကိုယ်ဖြင့် သီးခြား တည်နေသည် ဆိုသော ပုဂ္ဂိုလ်စွဲ အမြင် (သက္ကာယဒိဋ္ဌိ) ကြောင့် သတ္တဝါတို့ ပဋိသန္ဓေသစ် ယူ၍ သံသရာလည်နေရခြင်း သဘော ပေါ်ပေါက် လာရလေသည်။

ဆိုကြပါစို့၊ သမုဒ္ဒရာ ရေပြင်ပေါ်သို့ လွင့်စဉ် တက်လာသော ရေစက်ကလေးက 'ငါသည် သီးခြား တည်နေတဲ့ ပုဂ္ဂိုလ်ပဲ၊ ငါနှင့် တူသော အရာကိုလည်း ငါ မမြင်၊ ငါ့ဘာသာ ရပ်တည်နေဖို့ပဲ ရည်ရွယ်တယ်' ဟု ဆိုလျှင် လူသား၏ သီးခြား ဝိညာဉ်၏ မှန်ကန်ခြင်း သဘောသည် ဆားငန် ရေစက် တစ်စက်၏ မှန်ကန်ခြင်း သဘောမျှသာ ဖြစ်သွားပေလိမ့်မည်။

မိမိ၏ ပုဂ္ဂိုလ် အသွင် (သက္ကာယဒိဋ္ဌိ) ကို တွယ်တာနေခြင်းသည် သမုဒ္ဒရာ ရေမျက်နှာပြင်ပေါ်သို့ လွင့်စဉ် တက်လာသော ဆားငန်ရေစက်ကို ဖက်တွယ် နေသကဲ့သို့သာ ဖြစ်ပေလိမ့်မည်။

အချိန်တန်၍ ထိုရေစက်သည် ရေပြင်ပေါ်သို့ ပြန်ကျသွားသော အခါ ထိုရေစက်သည် သမုဒ္ဒရာ ရေပြင်ထဲတွင် ရောနှော ပျောက်ကွယ် သွားရပေဦးမည်။

ထိုအခါ ပြင်းထန်သော သမုဒ္ဒရာ လေပြင်း ပုတ်ခတ်သော ဒဏ်ကို ထိုရေစက်လည်း ကျန်သော သမုဒ္ဒရာ ရေပြင်နှင့် အတူ အလူးအလိမ့် ခံစားရပေမည်။

ဤသို့ ခံရခြင်းမှာ အဝိဇ္ဇာဖြင့် မှားယွင်းစွာ ငါစွဲ စွဲ၍ တွေးနေသမျှ ခံရပေမည်။

သို့သော် ထိုရေစက်သည် သူ့ဘာသာ လေထဲသို့ ရောက်သွားသော သမုဒ္ဒရာပဲဟု သိမြင်ပါက ထိုနည်းဖြင့် မိမိ၏ ပုဂ္ဂိုလ်စွဲ၊ အတ္တစွဲ အမြင်များကို လက်လျှော့ စွန့်လွှတ်လိုက်ပါက ၎င်းသည် သမုဒ္ဒရာထဲသို့ ပြန်ကျ သွားသော အခါ ငါ ရေစက် ဟူသော အစွဲ မရှိဘဲ ရေပြင် အဖြစ်ပင် ခံယူ လိုက်ခြင်းကြောင့် သူသည် ရောက်သင့်သော အခြေအနေသို့ ပြန်ရောက်သွားကာ သမုဒ္ဒရာ၏ အဖြစ်ဖြင့်ပင် ခံယူသွားပေတော့သည်။

ထို့အတူ လူသားတို့၏ လွတ်မြောက်ရေးတွင်လည်း သမ္မာဒိဋ္ဌိ အမြင် (မှန်ကန်သော အမြင်) ကို ရရှိရေးသည် အရေးကြီးပေသည်။

နှလုံးသားကို ချည်ထားသော ကြိုး အထုံး လျှော့ပြေ သွားသော အခါ

သံသယ (ဝိစိကိစ္ဆာ) များ အားလုံး ပြတ်တောက် သွား၏။

ထိုအခါ လူသား၏ ကံသည် ပြတ်လေတော့၏။

ဤ အချက်ကို ရှင်းရှင်းလင်းလင်း သိရန် လိုသေး၏။

နှလုံးသား၏ အထုံး ပြေပြီ ဆိုသည်ကို ဘယ်နည်းဖြင့် သိနိုင်မည်နည်း။

ဗြဟ္မ အတ္တမံနှင့် ပေါင်းစည်းခြင်းဖြင့်သာ လွတ်မြောက်ရေး ယုံကြည်ချက်သည် ဘယ်အခါ ပေါင်းစည်းရေး အသိဉာဏ် ပညာ ဖြစ်လာမည်နည်း။

ဤတွင် အသိဉာဏ် ပညာကို ဦးစားပေးသော အတွေးအခေါ် ဂိုဏ်းများ အားလုံးက ပေါင်းစည်းရေး အသိဉာဏ် ပညာသည် ကုသိုလ် ကောင်းမှု ပြုခြင်းမျှ မဟုတ် ဆိုသော အချက်ကို သဘောတူ လက်ခံ ထားကြလေသည်။

ကံ ကံ၏ အကျိုး အားလုံး ကင်းငြိမ်း ဆိတ်သုဉ်းပြီးလျှင် သံသရာမှ လွတ်မြောက်သော၊ ပဋိသန္ဓေ နေခြင်း ကင်းသော ဘဝ၏ အဆုံးသို့ ရောက်ခြင်းသည် ကမ္မဋ္ဌာန်း ဘာဝနာကို ပြင်းစွာ အားထုတ်ခြင်းဖြင့် ရသော ပဋိဝေဓ ဉာဏ်ကို ရမှ ဖြစ်သည် ဆိုသော အချက်ကို လက်ခံ လာကြသည်။

ဤကား ဉာဏ်လမ်း၏ အဆုံးပန်းတိုင် သဘော ဖြစ်၏။ ထို ဘဝ ပန်းတိုင်သို့ ရောက်ရှိရန် အတွက် ကြိုတင် ပြင်ဆင်မှု များစွာ ပြုရပြီး ကျင့်ကြံ အားထုတ်မှု များစွာ လိုအပ်ပေသည်။

မနုကျမ်း ဓမ္မသတ်ထဲတွင် ဤ ဉာဏ်လမ်း အဆုံး ပန်းတိုင်သို့ ရောက်အောင် အားထုတ်ရမည် ဆိုသော ဂန္ထဝင် အယူအဆကိုလည်း ဖော်ပြထားသည်။ ထိုဓမ္မသတ်ထဲတွင် အိန္ဒိယ နိုင်ငံသားများ အားလုံးက ကြည်ညို၍ ဗြာဟ္မဏ ပုဏ္ဏားများ ကိုယ်တိုင်က အားကျစေရန် ဘုရား တရား ကြည်ညိုသော ဗြာဟ္မဏ တစ်ဦး၏ စံထားအပ်သော ဘဝ နေနည်းကိုလည်း ဖော်ပြထားသည်။

စံထားအပ်သော ဘဝတွင် အဆင့် လေးဆင့် ရှိသည်။ တိတိကျကျ လိုက်နာ ကျင့်ကြံသော အစီအစဉ်တွင် ကမ္မမဂ္ဂနှင့် ဉာဏမဂ္ဂ သဘော နှစ်ခုသည် အချင်းချင်း ရောနှော လျက် ရှိသည်။

အဆင့် လေးဆင့် ဆိုသည်မှာ (၁) ဘာသာရေး ဆိုင်ရာ စာသင်သား ရှင်သာမဏေ ဘဝ၊ (၂) အိမ်ထောင်ရှင် ဘဝ၊ (၃) ရသေ့ ဘဝ၊ (၄) ဘုန်းကြီး ရဟန်း ဘဝတို့ ဖြစ်သည်။

ဗြာဟ္မဏ ပုဏ္ဏားငယ် တစ်ဦးသည် ငယ်စဉ် အခါ၌ (မွေးနေ့ မင်္ဂလာ၊ ကင်ပွန်းတပ် မင်္ဂလာ၊ နေကြည့် မင်္ဂလာ၊ ထမင်းခွံ့ မင်္ဂလာ၊ ဆံချ မင်္ဂလာ စသည်) မင်္ဂလာ ကိစ္စများကို ပြုပြီးနောက် သူသည် ဘဝ လွတ်မြောက်ရေး ခရီး၏ အစ ဖြစ်သော ရှင်သာမဏေ ဘဝကို ခံယူရသည်။

ဤ ရှင်သာမဏေ ဘဝကို ဇာတ် ထုံးစံနှင့် အညီ ကျင်းပသော မင်္ဂလာ အခမ်းအနားဖြင့် ခံယူရသည်။ ချည်မန်း စလွယ် ဆင်ခြင်း၊ မီးကို ပူဇော်ခြင်းနှင့် အခြားသော ဝိသုဒ္ဓိ အစီအစဉ် ပူဇော် ပသမှုများကို ပြုလုပ်ရသည်။

သူသည် သာသနာ့ ဘောင်၌ ဒုတိယ အကြိမ် ဖွားမြင်ခြင်း သဘောကို ဆောင်သည်။ ထို့နောက် သူ့ကို ဝေဒ ကျမ်းစာများကို သင်ကြားပေးမည့် ဆရာ့ အိမ်သို့ အပ်နှံရသည်။ ဆရာ့ အိမ်တွင် ဝေဒ ကျမ်းစာများတွင် ပါသော ယဇ် ပူဇော် ပသနည်းများနှင့် ဇာတ်ထုံးစံ ဓလေ့များကို သင်ယူရသည်။ ဆရာ့ အိမ်တွင် နေပြီး ပညာ သင်ကြားရသော ကာလကို တိတိကျကျ သတ်မှတ်ထားခြင်း မရှိပေ။ သူ့ အသက် ၂၅ နှစ် အထိ ကြာချင် ကြာပေလိမ့်မည်။ သူ လေ့လာချင်သော ဝေဒကျမ်းစာ သုတ္တန် အရေအတွက်ပေါ်မှာ မူတည်ပေသည်။ များများ သင်ချင်လျှင် များများ ကြာသည်။

ထိုကာလအတွင်း၌ သူ့ဆရာက သူ့အား စားသောက်ဖွယ်ရာများကို ထောက်ပံ့ခြင်း မရှိပေ။ စာသင်သား သာမဏေသည် မိမိ စားရန် အစာကို မိမိ ဘာသာ ရှာဖွေရသည်။ သာမဏေသည် မိမိ သပိတ်ကို လွယ်ပြီး အိမ်စဉ်လျှောက်၍ ဆွမ်းခံရလေသည်။

စာသင်နှစ် ကုန်ဆုံးခြင်းသို့ ရောက်သော အခါ သူသည် ဆရာ့အိမ်မှ ပြန်လာပြီးနောက် သူ၏ ဘဝ ဒုတိယ အဆင့်သို့ တက်လှမ်းနိုင်ပြီ ဖြစ်၏။

ထိုအချိန်တွင် သူသည် မိဘအိမ် မိသားစုထံသို့ ပြန်ပြီးလျှင် အိမ်ထောင် ပြုရသည်။ ထို့နောက် အိမ်ထောင်ရှင်၏ တာဝန် ဝတ္တရားများကို ထမ်းဆောင် ရလေသည်။ ဤကဲ့သို့ ပြုလုပ်ရန် လိုအပ်သည်။ မပြုလုပ်၍ မရချေ။ မည်သည့် ဗြာဟ္မဏမှ မည်မျှပင် ဘာသာရေးစိတ် ပြင်းထန်စေကာမူ မိမိ၏ အမှုကိစ္စ ရိုးရာ ပူဇော် ပသမှုများကို ဆက်လက် ပြုလုပ်ရန် အတွက် သားယောကျ်ားများ ကျန်ရစ်အောင် မပြုလုပ်ပါက အသိ အလိမ္မာ ဉာဏ်ပညာ ရှိသည် မမည်ပေ။ မိမိ ကိုယ်ပွား သားသမီးများ ကျန်ရစ်စေရမည်။

အိမ်ထောင်ရှင် ဘဝမှာ ရှေးထုံးစဉ်လာ ရိုးရာ ဓလေ့များနှင့် အညီ ပြုဖွယ် ကိစ္စ များစွာ ရှိသည်။ ထို ပြုဖွယ်ကိစ္စ၊ မင်္ဂလာ ကိစ္စ၊ မင်္ဂလာ အခမ်းအနားများကို လုံ့လပြု၍ ဆောင်ရွက်ရသည်။ ပြည့်စုံ လုံလောက်ခြင်း မရှိဘဲ လိုအပ်နေသော အိမ်ထောင်ရှင်တိုင်းသည် သက်ရှိ သတ္တဝါတို့အား ညှဉ်းဆဲခြင်း အမှုကို ပြုတတ်သည် ဆိုသော အချက်ကို သူသည် သိနားလည်ရသည်။ အထူးသဖြင့် ချက်ပြုတ်ရာတွင် ဖြစ်၏။

အိမ်ထောင်ရှင်များ၌ ငါးခုသော သားသတ်ရုံများ ရှိ၏။ ၎င်းတို့မှာ မီးဖို လည်းကောင်း၊ ကြိတ်ဆုံ လည်းကောင်း၊ တံမြက်စည်း လည်းကောင်း၊ ကျည်ပွေ့ လည်းကောင်း၊ ရေအိုး လည်းကောင်း ဖြစ်၏။ ထိုအရာတို့ဖြင့် အိမ်ထောင်ရှင်သည် အပြစ် ဒုစရိုက်များ၏ ရစ်ပတ် ဖွဲ့နှောင်ခြင်းကို ခံကြရသည်။

ထို အပြစ်တို့ကို ပြေပျောက်ပါစေခြင်း အကျိုးငှာ အရှင်မြတ်များက နေ့စဉ် အိမ်ထောင်ရှင်များအား ငါးပါးသော ယဇ် ပူဇော်မှုကို ပြုကြရန် ပြဋ္ဌာန်း ထားခဲ့ကြပေသည်။

ဗြာဟ္မဏများ ယဇ် ပူဇော်ခြင်းကား ဝေဒ ကျမ်းများကို လေ့လာ သင်ယူခြင်း ဖြစ်၏။ အစားအစာနှင့် ရေများကို ပေးကမ်းခြင်းသည် အဘိုး အဘွား မိဘရိုးရာကို ပူဇော်ခြင်း တာပန မည်၏။ မီးရှို့၍ ပူဇော်ခြင်းသည် နတ်များကို ပူဇော်ခြင်း မည်၏။ ဗလိ နတ်စာ ကျွေးခြင်းသည် နတ်ဆိုး နတ်ကောင်း အားလုံးကို ပူဇော်ခြင်း မည်၏။ ထို့ပြင် ဧည့်သည်များအား ပျူငှာစွာ ဧည့်ဝတ်ပြုခြင်းသည် လူတို့အား ပူဇော်ခြင်း မည်၏။

လူသည် မိမိ၏ အာဟာရ ကိစ္စကို လွန်စွာ သတိပြု၍ ဆင်ခြင်ရ၏။ မိမိ၏ ဇာတ်နှင့် ဆိုင်သော စည်းကမ်းထုံးစံများကို လုံးဝ မချိုးဖောက်ရ။ နှစ်ပေါင်း ကြာမြင့်လာသော အခါ ဆံဖြူ ပါးရေ တွန့်ပြီး မြေးမြစ်များကို မြင်တွေ့ရသော အဆုံး၌ သူသည် တတိယ အရွယ် တတိယ အဆင့်သို့ ရောက်ရှိလေတော့သည်။

ထိုအခါ ရသေ့ အသွင်ကို ယူရ၏။ ဘဝကို အမှုမဲ့ အမှတ်မဲ့ ပေါ့ပေါ့ဆဆ သဘော ထား၍ မဖြစ်တော့ပေ။ သူသည် လောကီ အာရုံ ကာမဂုဏ်များကို ကပ်ငြိသော စိတ်မှ လုံးဝ ကင်းစင်အောင်၊ လောကကို လျစ်လျူ ရှုနိုင်သော စိတ်ဓာတ်ကို ဖွံ့ဖြိုးအောင် ထူထောင်ရ၏။

ထွန်ယက် စိုက်ပျိုးခြင်းဖြင့် ရအပ်သော အစားအစာ အားလုံးကို စွန့်ပယ်၍ လည်းကောင်း၊ ကိုယ်ပိုင် ပစ္စည်း ဥစ္စာ မှန်သမျှကို စွန့်ပယ်၍ လည်းကောင်း တောသို့ ထွက်ခွာရ၏။ ထိုအခါ ဇနီး မယားကို သားများသို့ လွှဲအပ်၍ ဖြစ်စေ၊ ဇနီး မယားနှင့် အတူ ယှဉ်တွဲ၍ ဖြစ်စေ တော ထွက်နိုင်သည်။ သူနှင့် အတူ မြတ်သော ယဇ်မီးကို ယူဆောင်သွားရသည်။ ယဇ် ပူဇော်ရန် လိုအပ်သော ပစ္စည်းများကိုလည်း ယူသွားနိုင်သည်။

သူသည် တောအရပ်၌ နေနိုင်သည်။ သူသည် ဓမ္မသတ်နှင့်အညီ စွန့်ခြင်းကြီး ငါးပါးကို ပြုခွင့် ရှိ၏။ သူသည် သမင် အရေပြားကို ဖြစ်စေ၊ အဝတ်စုတ်များကို ချုပ်သော အဝတ်ကို ဖြစ်စေ ဝတ်ဆင်နိုင်သည်။ ဝေဒ ကျမ်းစာများကို ရွတ်ဖတ်ခြင်း၌ အစဉ်သဖြင့် လုံ့လ ပြုရသည်။ လက်ဆောင် ပစ္စည်းကို မည်သည့် အခါမျှ လက်ခံယူခြင်း မပြုရ။ သက်ရှိ သတ္တဝါများ အပေါ်၌ မေတ္တာ ကရုဏာ တရားကို ပွားများနေရမည်။ ရွာ၌ ဖြစ်စေ၊ လယ်၌ ဖြစ်စေ ထွန်ယက် စိုက်ပျိုးအပ်သော အစားအစာ ဟူက လုံးဝ မသုံးဆောင်ရပေ။ မြင့်မြတ်သော ဝိဉာဉ်တော်ကြီးနှင့် ပေါင်းစည်းမိရန် အလို့ငှာ ဥပနိသျှဒ် ကျမ်းများ၌ ပါဝင်သော ဂါထာ မန္တရားများကို လေ့လာ သင်ကြားရမည်။ လောကီ အာရုံ ကာမဂုဏ် တရား အားလုံးနှင့် စပ်သော တဏှာကို စွန့်ပယ်ရမည်။

သူသည် လုံးဝ ဘာသာ တရား၌ ကိုင်းရှိုင်းသော ပုဂ္ဂိုလ် ဖြစ်လာသော အခါ၌ သူသည် နတ်ကို ဖြစ်စေ၊

ဘိုးဘွား ဘီဘင် ရိုးရာများကို ဖြစ်စေ နောက်ထပ် ပူဇော်ပသရန် မလိုအပ်တော့ပေ။ ထို့ပြင် မီးကိုလည်း ပူဇော်နေရန် မလိုအပ်တော့။ မီးကို ငြိမ်းစေနိုင်ပြီ ဖြစ်၏။

သူသည် လွတ်လပ်သော သူ ဖြစ်လေပြီ။

အဘယ်ကြောင့် ဆိုသော် သူ၏ စိတ်တွင် ယခုအခါ ပြန်လည်၍ သန့်ရှင်းသော ယဇ်မီးကို သိမ်းဆည်းနိုင်ပြီ ဖြစ်သောကြောင့် ဖြစ်၏။

အကယ်၍ သူ၏ ဇနီးသည် သူနှင့် အတူ ရှိနေဦးမည် ဆိုပါက သူမသည် လောကီ အာရုံ ကာမဂုဏ် တရားအားလုံး၊ ကိလေသာ အားလုံးမှ သူ (ယောကျ်ား) လွတ်မြောက်သွားပြီ ဆိုသည်ကို သိမြင်ပြီးနောက် သူ့ကို တောထဲမှာ တစ်ယောက်တည်း ထားခဲ့ပြီးလျှင် သူမသည် ခွဲခွာသွားပေလိမ့်မည်။ ဤနည်းဖြင့် သူသည် စတုတ္ထ အဆင့် (စတုတ္ထ အရွယ်) သို့ ဆိုက်ရောက်သွားလေသည်။

နောက်ဆုံး အဆင့် ဖြစ်သော စတုတ္ထ အရွယ်သည်ကား ရဟန်း သူတော်စင် အဖြစ် ကျင့်ကြံ အားထုတ်ရသော အဆင့် ဖြစ်၏။ သူသည် ဉာဏမဂ္ဂ၏ အဆုံး ပန်းတိုင် ဖြစ်သော အရိယာ မဂ်ဉာဏ် ဖိုလ်ဉာဏ်၊ ဟိန္ဒူ ဘာသာအလို အရ စတုတ္ထ ဈာန် သမာပတ်ကို ရအောင် ရောက်အောင် ကြိုးစား အားထုတ်ရသည်။ သူသည် ထာဝရ ဗြဟ္မာကြီး၏ ဝိညာဉ်၌ အပြည့်အဝ ရှာန်ဝင်စားခြင်း မပြုနိုင်သေးမီ ကွယ်လွန်ခြင်းသို့ ရောက်လျှင်လည်း ရောက်နိုင်သေး၏။

သို့ရာတွင် မသေမီ *အမြင့်ဆုံးသော ဉာဏ်*[၁] သို့ ရောက်အောင်ကား အားထုတ်ရပေမည်။ အမြင့်ဆုံး ဉာဏ်စခန်းသည် မသေမီ ရောက်အောင် အားထုတ်ရမည့် စခန်း ဖြစ်သည်။

ထိုဉာဏ် အဆင့်ကို အလွန် နက်ရှိုင်းသော ကမ္မဋ္ဌာန်း ဘာဝနာ အားထုတ်ခြင်းအားဖြင့်သာ ရရောက်နိုင်ပေသည်။

မနုကျယ် ဓမ္မသတ်၌ 'အရာရာသည် ကမ္မဋ္ဌာန်း၌သာ တည်မှီရ၏။ အကြောင်းမူကား အကြင်သူသည် အထွတ်အမြတ်ဆုံး ဝိညာဉ်တော်နှင့် စပ်သော အသိပညာ စခန်းသို့ ရောက်အောင် တတ်သိ လိမ္မာခြင်း မရှိပါမူ ထိုသူသည် ဆုလာဘ် အားလုံးကို ရိတ်သိမ်းယူနိုင်မည် မဟုတ်' ဟု ဆိုထားပေသည်။

နောက်ဆုံး ရောက်ရမည့် ဉာဏ်အဆင့်ကို မနုကျယ် ဓမ္မသတ်တွင် ရှင်းရှင်းလင်းလင်း ဖော်ပြ ထားလေသည်။

သူ့အား အဖော် မပါ တစ်ကိုယ်တည်းသာလျှင် လှည့်လည် သွားလာနေပါစေ။ သူ့မှာ မီးသော် လည်းကောင်း၊ နေရာဌာန အိုးအိမ် လည်းကောင်း မရှိတော့ပေ။ တစ်နေ့လျှင် တစ်ကြိမ် ဆွမ်းခံရန် သွားပါစေ။ မီးဖိုချောင်မှ မီးခိုး မထွက်သော အခါ၊ ကျည်ပွေ့လည်း လှုပ်ရှားခြင်း ကင်းစွာ တည်နေသော အခါ၊ မီးကျီးခဲများ ငြိမ်းသွားသော အခါ၊ လူအပေါင်းတို့လည်း သူတို့၏ စားရန် အစာများကို စားပြီးသော အခါ၊ စားကြွင်း စားကျန်များကို ပန်းကန်များထဲမှ စွန့်ပစ်ပြီးသော အခါမှ ရသေ့ ရဟန်းအား ဆွမ်းခံခြင်းကို ပြုပါစေ။ ··· သစ်ပင် ခြေရင်းသည် သူ၏ နေစရာ အိမ် ဖြစ်ပါစေ။ စုတ်ပြဲ၍ ယုတ်ညံ့သော အဝတ်ကို ဝတ်ဆင်ပါစေ။ အထီးကျန် တစ်ကိုယ်တော် အဖြစ်ဖြင့် အရာခပ်သိမ်းတို့ကို ဥပေက္ခာ ပြုလျက် နေခြင်းသည်သာလျှင် အကြင်သူ၏ လွတ်မြောက်ခြင်း အမှတ်အသားများ ဖြစ်ကြကုန်၏။ သူ့အား သေခြင်းကိုလည်း အလို မရှိသင့်။ သူ့အား နေခြင်းကိုလည်း မတောင့်တသင့်။ သူသည် မိမိ အတွက် သင့်ရောက်လာမည့် အချိန်ကို လုပ်သား ကျေးကျွန်သည် ၎င်း၏ လုပ်ခ လစာကို စောင့်မျှော်သလို စောင့်မျှော်၍သာ နေသင့်၏။ နက်ရှိုင်းသော ကမ္မဋ္ဌာန်း ဘာဝနာ အားထုတ်ခြင်းဖြင့်သာ အလွန် သိမ်မွေ့ သော အမြင့်မြတ်ဆုံး ဝိညာဉ်တော်၏ သဘော သဘာဝနှင့် သက်ရှိ သတ္တဝါတို့၌ ထိုဝိညာဉ်တော် တည်ကိန်းနေပုံကို သူသည် သိမြင် နားလည်အပ်၏။

အကြင်သူသည် တပ်မက်ခြင်း တဏှာ အားလုံးကို ဤနည်းဖြင့် သုတ်သင် ဖယ်ရှား စွန့်လွှတ်လိုက်သော အခါ ဗြဟ္မာ တစ်ပါးတည်း၌သာ ပြန်လည်၍ တည်ကိန်းသွားပေတော့သည်။ ထိုအခါ သူသည် ထာဝရ ဗြဟ္မာ အဖြစ်သို့ ဆိုက်ရောက်ပေတော့သည်။

ယနေ့ မျက်မှောက် ကာလသို့ ရောက်သည့် တိုင်အောင် ဤ သမာဓိ ဈာန် အဆင့်သို့ ဆိုက်ရောက်ခြင်းကို ဉာဏ်လမ်းသို့ လိုက်သောသူတိုင်း ရှေ့ရှု အားထုတ်သင့်သည်ဟု အယူ ရှိကြလေသည်။ သို့သော် ထိုဈာန်သမာဓိ အဆင့်သို့ ဆိုက်ရောက်ရန်မှာ ဆင်ခြင်ဉာဏ် တစ်ခုတည်းဖြင့် အားထုတ်ပါက မလွယ်ကူပေ။ ဤသို့ ဈာန် အဆင့်သို့ ရောက်အောင် စိတ်တည်ငြိမ်မှု သမာဓိ ဖြစ်ပေါ်စေရန် စိတ် တစ်ခုတည်းဖြင့် ပြုလုပ်၍ မရ၊ သာမန် စိတ်ချုပ်ပြီး စိတ် တည်ငြိမ်မှုကို ရရှိစေရန် ခန္ဓာကိုယ်၏ အထောက်အပံ့ အကူအညီကိုလည်း ရယူရပေမည်။

ဥပနိသျှဒ် ကျမ်းများ၌ ထိုသို့ သိစိတ် ဝိညာဉ် ချုပ်သွားအောင် ပြုလုပ်နည်း တစ်ခုကို အရိပ်အမြွက် ဖော်ပြ

---
၁။ Summum bonum

နေရာတွင်မူ ယောဂနည်းကို ကျင့်သုံးသော သူများ အဖို့ ဤနည်းသည် ဉာဏ်လမ်းသို့ လိုက်ရာ၌ အလွန် အရေး ပါသော နည်းဖြစ်ကြောင်း၊ ဈာန် သမာဓိ ဖြစ်ပေါ်စေရေး တွင် များစွာ အထောက် အပံ့ ဖြစ်စေသော နည်း ဖြစ် ကြောင်း၊ ဤနည်းဖြင့် အဝိဇ္ဇာကြောင့် ဖြစ်သော ဘဝ၏ လေးလံသော ဝန်ထုပ် ဝန်ပိုးကြီးမှ ကင်းလွတ်ရေးနှင့် အာရုံ ငါးပါး ကာမဂုဏ် တရားများ၏ ဆွဲဆောင်ခြင်းမှ ကင်း လွတ်ရေး အတွက် အားထုတ်နိုင်ကြောင်းကို သိမှတ် ရပေ မည်။

ထား၏။ ထိုနည်းကို ယောဂနည်းဟု ခေါ်၏။ ထိုနည်း အရ ပထမဦးစွာ ရှုရှိုက်သော အသက်ကို ပြန်မထုတ်ဘဲ အောင့်ထားရ၏။ အာရုံဖြင့် ထိတွေ့ သိမြင်မှု မှန်သမျှကို ရုပ်သိမ်း၍ ဈာန်၌ နစ်မြောသွားအောင် ပြုလုပ်ရသည်။ ထို သို့ ပြုလုပ်ရာ၌ 'ဥုံ' ဆိုသော ဂမ္ဘီရ ဝဏ္ဏ အသံကို ရွတ်ရ သည်။ 'ဥုံ'ကို အထပ်ထပ် ရွတ်ရသည်။ ယောဂီ၏ စိတ် သည် ဘဝင်ကျပြီး နစ်မြောသွားသည် အထိ ရွတ်ရသည်။

ယောဂနှင့် ယောဂီ အကြောင်းကို ကျွန်ုပ်တို့သည် နောက်ပိုင်း၌ ကြားကြရပေဦးမည်။ သို့သော် ယခု ဤ

## ၃။ ဘတ္တိမဂ္ဂ (ဆုတောင်း ပတ္ထနာနည်း)

ဟိန္ဒူ အယူဝါဒကို ဗုဒ္ဓ အယူဝါဒက ဝါးမျိုသွားခြင်း မခံ ရအောင် ခုခံနိုင်ခဲ့သော တစ်ခုတည်းသော အကြီးမားဆုံး သော အကြောင်း အချက်မှာ အိန္ဒိယ နိုင်ငံသား လူပြိန်း ပရိသတ်၏ စိတ်သဘောထားပင် ဖြစ်ပေသည်။ နှစ်ပေါင်း များစွာ အကျပ်အတည်း ကာလကို ကြုံတွေ့ ရပြီးနောက် ဟိန္ဒူ အယူဝါဒသည် တဖြည်းဖြည်း ပြန်လည်၍ နာလန် ထလာခြင်းမှာ အထက်တန်းစား ဇာတ်မြင့်များက အသိ ဉာဏ် နိုးကြားမှု မည်သို့ပင် ရှိစေကာမူ သာမန် အရပ်သား များမှာ ထိုဇာတ်မြင့်များ၏ အသိဉာဏ် နိုးကြားမှု၏ အကျိုး သက်ရောက်မှုကို မခံရဘဲ ၎င်းတို့ ဘာသာ ကိုယ့်နည်း ကိုယ့်ဟန်ဖြင့်သာ ဘာသာ ကိုင်းရှိုင်းခြင်းကို ငြိမ်သက်စွာ ဆက်လက် ပြုလုပ် နေခဲ့ကြလေသည်။

ဗြာဟ္မဏများက ပြည်သူတို့၏ စိတ်တွင် ဖြစ်ပေါ်နေ သော ဤသဘောထားကို ခံစားမိကြပြီးလျှင် ထိုသဘော ထားကို လိုက်လျောကာ ဟိန္ဒူ ဘာသာကို ကယ်တင်ရန် ကူညီ အားပေးခဲ့လေသည်။ ပို၍ အသိဉာဏ် ထက်မြက် သူများက ဒဿန ပညာများကို ဟောပြော ဆွေးနွေးနေ ကြစဉ် လူသာမန်များကမူ နတ်တို့ ထံမှ အမ အစခံရအောင် ပူဇော် ပသနေကြလေသည်။

မနုကျမ်း ခေတ်သတ်ထဲတွင် ဘာသာရေး အတွေး အမြင်တွင် အယူအဆသစ် ဖြစ်ပေါ်လာခြင်းကို တစ်ကြိမ် မက ဖော်ပြ ထားလေသည်။

ထိုအတွေးသစ် အမြင်သစ် အပြင် ပူဇော် ပသ ဆု တောင်း ပတ္ထနာ ပြုသော နည်းလမ်းဖြင့် ဘဝ၏ လွတ် မြောက်မှုကို ရှာနေကြပုံကိုလည်း ဖော်ပြ ထားလေသည်။ ထို ပူဇော် ပသ ဆုတောင်း ပတ္ထနာ ပြုသော နည်းကို ဟိန္ဒူ စာပေများ၌ ဘတ္တိမဂ္ဂဟု ဖော်ပြထားသည်။ ထိုနည်းသည် ကမ္မမဂ္ဂ၊ ဉာဏမဂ္ဂ နည်းလမ်းများ၏ ပြိုင်ဘက်နည်း ဖြစ် သည်။ ထိုနည်းကို လူအများ နှစ်ခြိုက်စွာ လက်ခံ ကျင့်သုံး နေကြသောကြောင့် ထိုနည်းနှင့် ဆက်စပ်၍ ဟိန္ဒူ စာပေ များတွင် နတ်ကွန်းများ၊ ဝတ်ကျောင်းများနှင့် နတ်ဆရာ ဘုန်းကြီးများ အကြောင်းကို ပထမဆုံး အကြိမ် ဖော်ပြ ထားသည်ကို တွေ့ရသည်။ ဘတ္တိမဂ္ဂ (ဆုတောင်း ဝတ်ပြု နည်း) သည် ပေါ်ပေါက်ခဲ့ပြီ။

ဘတ္တိ၏ အဓိပ္ပာယ်ကို ဖော်ပြရလျှင် သက်ဆိုင်ရာ နတ်တစ်ပါးပါးကို စိတ်အား ထက်သန်စွာဖြင့် မျှော်လင့် အားထားလျက် ပူဇော် ပသခြင်းဖြင့် နတ်၏ အကူအညီ အစောင့်အရှောက်ကို ပြန်လည် ရရှိသဖြင့် ကျေးဇူးဂုဏ်ကို ချီးမွမ်းသောနည်း ဖြစ်သည်ဟု ဆိုနိုင်သည်။

တစ်ခါတစ်ရံ နတ်ကို အလွန်အမင်း အရူးအမူး ချစ် ခင်အောင် ပြုလုပ်သော နည်းကို ယူသည်။ ကိုယ့် ကိုယ် ကိုယ် နတ်သို့ ပုံအပ်ခြင်း၊ နတ်ကတော် ခံခြင်း၊ နတ် ရှိရာ ဝတ်ကျောင်းတွင် သွားရောက်၍ ဝတ်ပြုခြင်း၊ မိမိ အိမ်မှာ နတ်ရုပ်များ ထား၍ ပူဇော်ခြင်း စသည်တို့ ပါဝင်သည်။

ဘတ္တိနည်း ပေါ်ပေါက်လာသည်မှာ အခြား နည်းများ နှင့် နှိုင်းစာလျှင် နောက်ကျသည်ဟု ဆိုနိုင်သည်။

သို့သော် ဤနည်းသည် ရှေးက လူများ ကိုးကွယ်ခဲ့ သော နတ် ကိုးကွယ်မှုကို မတိမ်ကောသွားအောင် ဆက်

လက် ထိန်းသိမ်း ထားသည်နှင့်လည်း တူသည်။ ရှေးကျသော ကာလ ကတည်းက လူများသည် နတ်များ၏ မစမှုကို ခံရအောင် အမျိုးမျိုး ပူဇော် ပသခြင်းကို ပြုခဲ့ကြလေသည်။

သို့သော် ထိုလူသားများအား နတ်ကို ကိုးကွယ်နေရုံဖြင့် ဘ၀၏ လွတ်မြောက်မှု ချမ်းသာကို မရနိုင် ဆိုသော အယူအဆကို ယုံကြည်အောင် ပြုလုပ်နိုင်ခြင်း မရှိခဲ့ပေ။ လူသား၏ အတွေ့အကြုံတွင် ဤလောကထဲတွင် မိမိထက် တန်ခိုး ကြီးမားသော ပုဂ္ဂိုလ်များဖြင့် ပြည့်နှက်နေသည်။ ထိုပုဂ္ဂိုလ်များထံမှ ကယ်တင်ခြင်း၊ မစခြင်းကို ရရှိနိုင်သည်ဟု ယုံကြည် ထားကြလေသည်။

လူသာမန်များ၊ လူပြိန်းများသည် အတွေးအခေါ် ပညာရှင်များနှင့် တရား အားထုတ်သော ယောဂီများ၏ ဉာဏ်လမ်းပေါ်က အမြင်များကို မည်သည့် အခါမျှ မီအောင် မလိုက်နိုင်ကြချေ။ ဉာဏ် အဆင့်အတန်း ရှိသော လူတန်းစားများ ပြောဆိုသော အချက်များသည် မမှန်ဟု ၎င်းတို့ စိတ်မှာ ယူဆသောကြောင့်လည်း မဟုတ်။ ၎င်းတို့ အနေနှင့်မူ ပညာဉာဏ် ရှိသူများ၏ ဆိုဆုံးမသော စကားများကိုလည်း ရိုသေ လေးစားသမှု ပြုကြသည်သာ ဖြစ်၏။

ယခုခေတ် လူများသည် အိုင်စတိုင်း၏ နားမလည်နိုင်သော သဘောတရား သီ၀ရီများကို လက်ခုပ် ဩဘာ ပေး၍ ချီးမွမ်းနေကြသကဲ့သို့ပင် ဖြစ်၏။

ဤကဲ့သို့ ပညာရှိ ပဏ္ဍိတ်များ၏ အယူအဆများ၏ မှန်ကန်ခြင်းကို အသိအမှတ် ပြုကြစေကာမူ အိန္ဒိယ နိုင်ငံသား လူများစု၏ နေ့စဉ် ဘ၀ အပေါ်တွင် ပညာရှိများ၏ အယူအဆသည် မည်သည့် အခါကမျှ အကျိုး သက်ရောက်မှု တစ်စုံတစ်ရာ မရှိခဲ့ချေ။ လူသာမန်များက စဉ်းစားကြသည်မှာ 'ပညာရှိ တွေးခေါ်ရှင် ပဏ္ဍိတ်များ၏ နည်းလမ်းသည် သူတို့ အတွက် ကောင်းမွန် သင့်မြတ် ပေလိမ့်မည်၊ သို့သော် ငါကတော့ ငါ့နည်း ငါ့ဟန်နှင့်ပဲ လုပ်ရမှာပဲ' ဟု စဉ်းစားတတ်ကြလေသည်။

အများကြိုက် ဟိန္ဒူ ၀ါဒတွင် ဘာသာရေး အပြင်အပ သဘောအားဖြင့် ဘတ္တိ၏ ရေရှည် အကျိုး သက်ရောက်မှုများမှာ မရေမတွက်နိုင်အောင်ပင် များပြားလှပေသည်။

ဟိန္ဒူ ဘာသာရေးဂိုဏ်း များစွာတို့သည် ဘ၀ လွတ်မြောက်ရေးကို ဆုတောင်း ပတ္ထနာ ပြုသော ဘတ္တိနည်းဖြင့်ပင် ရှာဖွေ ဆည်းပူး ကြလေသည်။

ဤကဲ့သို့ ဆုတောင်း ပတ္ထနာ နည်းကို အားသန်ကြစေကာမူ ကမ္မမဂ္ဂ နည်းနှင့် ဉာဏမဂ္ဂ နည်းများ၏ အကျိုးပေး သန်ခြင်း၊ တန်ခိုး ပါခြင်း သဘောကိုလည်း ငြင်းပယ်ခြင်း မရှိကြချေ။ ကံနည်း၊ ဉာဏ်နည်းတို့သည် ပို၍ပင် အကျိုးပေး သန်ကြောင်းကို ၀န်ခံတတ်ကြသည်။ သို့သော် နတ်များအား ပူဇော် ပသ၍ ဆုတောင်း ပတ္ထနာ ပြုခြင်းသည်လည်း သူ့နည်းနှင့်သူ မှန်သည်၊ ဤနည်းဖြင့်လည်း ဘ၀ လွတ်မြောက်ရေးကို ဖြစ်စေနိုင်သည်ဟု ယုံကြည် ယူဆကြလေသည်။

ဤ ဘတ္တိမဂ္ဂဟု ခေါ်သော နတ်များအား ပူဇော် ပသ၍ ဆုတောင်း ပတ္ထနာ ပြုသော နည်းလမ်းသည်လည်း ဘ၀ လွတ်မြောက်ရေး၊ ဘ၀ ချမ်းသာ ရရေး အတွက် မှန်ကန်သော နည်းလမ်း တစ်ခုပင် ဖြစ်ကြောင်းကို ပထမဦးစွာ နာမည်ကျော် ဘဂ၀ါ ဂီတ ကျမ်းကြီးထဲတွင် အသိအမှတ်ပြုထားပေသည်။ ဘဂ၀ါ ဂီတကား ဟိန္ဒူ ဘာသာ၀င်များ အမြတ်တနိုး ပြုသော ဂန္ထ၀င် ဘာသာရေး စာပေကျမ်းကြီး ဖြစ်၏။ ထိုကျမ်းကို ကျွန်ုပ်တို့သည် အလေးအမြတ် ပြုအပ်၏။ အဘယ်ကြောင့် ဆိုသော် ထိုကျမ်းသည် ဟိန္ဒူ ၀ါဒ အပေါ်၌ နှစ်ပေါင်း ထောင်နှင့် ချီ၍ ကြာမြင့်သည့်တိုင်အောင် ဩဇာ လွှမ်းမိုးနိုင်ခဲ့သောကြောင့် ဖြစ်၏။

သမိုင်းကြောင်း အရ ဘဂ၀ါ ဂီတ၏ အရေးပါ အရာရောက်မှုသည် ထိုကျမ်းထဲတွင် ဘတ္တိမဂ္ဂကို ဘ၀ ထွက်မြောက်ရေး၏ မှန်ကန်သော နည်းလမ်း တစ်ခု အဖြစ် အတည်ပြု လက်ခံ၍ ထည့်သွင်းခဲ့ခြင်းပင် ဖြစ်၏။

ဤ အတည်ပြုချက်သည် မဟာ ဘာရတ ကဗျာရှည်ကြီးထဲတွင် ပါ၀င်သော ဇာတ်လမ်းထဲတွင် ပါ၀င်လာခြင်း ဖြစ်၏။

ထို ၀တ္ထု ဇာတ်လမ်း အရ အဇ္ဇုန ခေါ်သော ပဏ္ဍ၀ မျိုးနွယ်တို့၏ စစ်ခေါင်းဆောင်သည် ကုရု မင်းသားများနှင့် သူ့ ဦးလေးတော် မျက်မမြင် ဒရိတိရာဿထတို့အား ယှဉ်ပြိုင် တိုက်ခိုက်ရသော စစ်ပွဲတွင် သူ၏ ညီအစ်ကိုများနှင့် မဟာမိတ်များကို ခေါင်းဆောင်၍ တိုက်ပွဲ ၀င်ရမည့် အချိန်တွင် တွေဝေ ယိမ်းယိုင် နေခဲ့လေသည်။ သူ တိုက်ခိုက် ချေမှုန်းရမည့် သူများမှာ သူ၏ သွေးရင်းသားရင်း ဆွေမျိုးရင်းချာများ ဖြစ်သောကြောင့် ဖြစ်၏။

ထိုအချိန်တွင် သူရဲကောင်း နတ်ဘုရား ကရိသျှနသည် ရထားမှူး ဖြစ်၏။ ကရိသျှနသည် သူ၏ ဘေးမှာ ရပ်လျက် အရေး ကြုံလျှင် ချက်ချင်း အရေးယူ ဆောင်ရွက်မည့် ဟန်ဖြင့် ပါလာသည်။ ဤနေရာ၌ အဇ္ဇုနသည် ဆောင်ရွက်သူ မဟုတ်တော့။ သူ့ ဦးလေးတော် ကုရုမင်းသားတို့၏ ခေါင်းဆောင်သည်သာ ဆောင်ရွက်သူ ဖြစ်၏။ သူသည် စစ်ခရာ

(တိုက်ပွဲ ခေါ်သံ ခရုသင်း) ကို မှုတ်စေသူ ဖြစ်ပေသည်။ ထိုတိုက်ပွဲတွင် အဇ္ဈုနသည် မိမိ၏ ဆွေမျိုးရင်းချာများကို တိုက်ခိုက်ရန် ဝန်လေးလျက် စိတ်ဓာတ် ကျကာ လေးမြား ကို ချထား၍ နေလေသည်။

ထိုအခါ ရထားမှူး ဖြစ်သူ ကရိသျှန နတ်ဘုရားက အဇ္ဈုနအား အရာခပ်သိမ်းတို့တွင် ဓာတ်နှင့် ပတ်သက်သော အရေး တာဝန်သည်သာ အရေး အကြီးဆုံး တာဝန် ဖြစ် ကြောင်း၊ အဇ္ဈုနသည် ခတ္တိယ တစ်ပါး ဖြစ်၍၊ ထိုကြောင့် ခတ္တိယ တစ်ဦး အနေနှင့်မူ စစ်တိုက်ရမည် ဖြစ်ကြောင်း ကရိသျှနက ဆုံးမလေသည်။

ထိုသို့ တိုက်ပွဲ၌ ကြုံသော အခါ သူ့အနေနှင့် သူ့ ဆွေ မျိုးများကို သတ်ရစေကာမူ အရေး မကြီးတော့ဟု ဆိုသည်။ ထိုသို့ တိုက်ပွဲမှာ ကြုံသောကြောင့် ဆွေမျိုးများကို မသတ် လို၍ ထိုတိုက်ပွဲကို သူသည် ခတ္တိယ တစ်ဦး အနေဖြင့် တာဝန် မကျေဘဲ ရှောင်ဖယ်လိုက်ပါက ထိုသို့ ပြုလုပ်ခြင်း သည် ဓာတ် အပေါ်၌ တာဝန် မကျေရာ ကျသဖြင့် သူသည် အပြစ်ကို ကျူးလွန်ရာ ကျပေသည်။ ထိုတိုက်ပွဲတွင် သူ ပါဝင် တိုက်ခိုက်၍ ကျဆုံးသွားသည် ဆိုလျှင် သူသည် *သွာဂ သုခဘုံ* [၁] တွင် စံစားရမည်။ သူသည် ထိုစစ်ပွဲတွင် အနိုင် ရ၍ အောင်မြင်လျှင်လည်း သူသည် မင်း အဖြစ်ဖြင့် ရာဇပလ္လင်ပေါ်မှာ စံစားရမည်ဟု ကရိသျှနက ဆိုလေသည်။

ဤကဲ့သို့ မျက်မှောက် ကြုံတွေ့နေရသော အခက်အခဲ ကို ဒဿန နည်းကျ ရှုမြင် ဆင်ခြင်ပြီးလျှင် ကရိသျှနက ဆက်၍ စိတ်ဓာတ် ကျနေသော စစ်ခေါင်းဆောင် အဇ္ဈုန အား လူတစ်ဦးမှာ လုံ့လပြု၍ အားထုတ်ရန် နည်းနှစ်နည်း ရှိကြောင်း ဆုံးမသည်။

တစ်နည်းမှာ ကံနည်းဖြစ်ကြောင်း၊ ထိုနည်းဖြင့် ကံ ပြု၍ ကြိုးစား အားထုတ်ရကြောင်း၊ အခြား တစ်နည်းမှာ ဉာဏ်နည်း ဖြစ်ကြောင်း၊ ထိုနည်းဖြင့် ကမ္မဋ္ဌာန်း ဘာဝနာ ကို အားထုတ်ရကြောင်း ပြောလေသည်။

ကမ္မဋ္ဌာန်း ဘာဝနာကို အားထုတ်သော နည်းသည် ဉာဏ်ကို ဖြစ်စေသော နည်း ဖြစ်သည်။ ထိုနည်းဖြင့် မိမိ ကိုယ်ကို အဆုံးစွန် အစစ်အမှန် တရားနှင့် ပေါင်းစည်း နိုင်သော ထိုးထွင်း သိမြင်သော ဉာဏ်ကို ရစေနိုင်သည်။ ထိုဉာဏ်သည် လူတစ်ဦးအား အပြုအမူ၌ မှန်ကန်သော သဘောထားကို ဖြစ်ပေါ်စေနိုင်သည်။ သို့သော် ဤ လမ်း များသည် အကြောင်း မသင့်သော လမ်းများလည်း ဖြစ်နိုင် သည်။ အဘယ်ကြောင့်ဆိုသော် မည်သူမျှ ကမ္မဋ္ဌာန်း တရား အားထုတ်စဉ် တစ်ခဏမျှပင် ကံကို မပြုဘဲ ရပ်နား၍ မရ သောကြောင့် ဖြစ်၏။ ထို့ပြင် အဇ္ဈုန အတွက် ဤအချက် သည် ပို၍ အရေးကြီးသည်။ ကမ္မဋ္ဌာန်း တရား အားထုတ် ခြင်းဖြင့် ထိုးထွင်း သိမြင်သော ဉာဏ်ကို ရရှိပြီးနောက် ထို ဉာဏ်နှင့် အညီ ဆောင်ရွက်ခြင်း မပြုဘဲနှင့် မည်သူမျှ မှန် ကန်သော အမှုကို မပြုနိုင်ကြောင်းလည်း ဆုံးမလေသည်။

ကမ္မဋ္ဌာန်းကို အားထုတ်သော အခါ မှန်ကန်စွာ ပြုမူ ဆောင်ရွက်ခြင်း ဆိုသည်မှာ ဆုလာဘ် (အကျိုးစီးပွား) ကို မမျှော်လင့်ဘဲ အားထုတ်ခြင်းပင် ဖြစ်သည်။

ကရိသျှနက အဇ္ဈုနအား ညင်သာစွာ တိုက်တွန်းသည်။ လူအပေါင်းတို့သည် အဆုံးစွန်သော အမှန်တရားကို သိမြင် သော အခါ ၎င်းတို့သည် မိမိ အကျိုး အတွက် မဟုတ်ဘဲ လူခပ်သိမ်းတို့ အတွက်နှင့် ထာဝရ ဗြဟ္မာကြီးတို့ အတွက် ပြုသင့် ပြုထိုက်သည်ဟု ဓာတ်အားဖြင့် လည်းကောင်း၊ ဌာ နန္တရအားဖြင့် လည်းကောင်း သတ်မှတ်ထားသော အလုပ်ကို လုပ်ကြရသည်သာ ဖြစ်ကြောင်းကိုလည်း ဆုံးမလေသည်။

ထို့နောက် ယခုအခါ ဗိဿနိုး နတ်မင်း လူသား အသွင် ဝင်စားသဖြင့် အထွတ်အမြတ် နတ်ဘုရားက လူသား အသွင် ဆင်းသက်တော်မူသော ကရိသျှနက အဇ္ဈုနအား ယောဂ အကျင့်၏ ဝိညာဉ်ပိုင်း ဆိုင်ရာ အကျိုး ကျေးဇူး ကြီးမားပုံကို ညွှန်ပြ ဆုံးမပြန်သည်။ ယောဂ ကျင့်စဉ်ဖြင့် အဇ္ဈုနသည် အရာခပ်သိမ်းကို မြင်နိုင်သည်။ အမှုခပ်သိမ်း ကို ဆောင်ရွက်နိုင်သည်။

ယောဂ ကျင့်စဉ်သည်ကား ထာဝရ ကမ္ဘာ့ ဝိညာဉ် တော်ကြီး ဗြဟ္မာကြီး၏ အလုပ် ဖြစ်၏။

သို့သော် ဤတွင် ဗြဟ္မာ၏ သဘောကို ကိုယ်ထည် ဒြဗ် မပါသော ဂုဏ်သတ္တိ သဘော သက်သက်ဖြင့် ပြထား ခြင်း မရှိပေ။ ကရိသျှနသည် ဗိဿနိုး နတ်မင်း ဖြစ်၏။ ဗိဿနိုးသည် ဗြဟ္မာကြီး ဖြစ်၏။ ဗြဟ္မာကြီးကား အရာ ခပ်သိမ်းတို့ တစ်သဘောတည်းဖြင့် ပေါင်းစည်း ညီညွတ်ရာ တစ်ခုတည်းသော ကတ္တား သဘော ဖြစ်၏။ မိမိကိုယ်ကို ဗိဿနိုးနှင့် ငြိတွယ်အောင် ပူးတွဲနိုင်သော သူသည် ဗြဟ္မာ ကြီးနှင့်လည်း ပေါင်းစည်းခြင်း အတွေ့အကြုံကို ရရှိနိုင်ပေ သည်။

အကြွင်းမဲ့ အစစ်အမှန် တရားကြီးနှင့် ပေါင်းမိပြီး ရှာန် သမာပတ်ကို ခံစားလိုသော ယောဂီသည် ထိုသို့ လွတ် မြောက်ခြင်း ချမ်းသာကို ရှာန် သမာဓိကို ပွားများ အား ထုတ်ခြင်းဖြင့် ရရှိအောင် ဆောင်ရွက်နိုင်ပေသည်။

---

၁။ Swarga-heaven

ထိုသို့ ရှာန်၌ တည်ခြင်းသည် ဗိသနိုး အဖြစ်သို့ ဆိုက်ရောက်ခြင်း ဖြစ်၏။ သို့မဟုတ် လူသား အသွင် ဝင်စားသော ဗိသနိုး နတ်၏ ကိုယ်ပွား ကရိသျှနနှင့် ဆက်စပ် ငြိတွယ်မိခြင်း ဖြစ်၏။

ဘဂဝါ ဂီတာထဲတွင် ကရိသျှနက အဇ္ဇုနအား မိမိသည် သာမန် လူသား မဟုတ်၊ ဗိသနိုးနတ် ဝင်စားသူ ဖြစ်ကြောင်း ယုံလောက်အောင် ဗိသနိုးနတ် အသွင်ကို ဖန်ဆင်းပြောင်းလဲ၍ ပြလေသည်။ ထာဝရ ဖြဟ္မာကြီး ဖြစ်ကြောင်း နတ်ဘုရား အသွင်ကိုလည်း ပြသည်။ အံ့အားသင့်နေသော စစ်ခေါင်းဆောင်အား မိမိ၏ အဖြစ်မှန်ကို ထုတ်ဖော် ပြသလေသည်။

ထို နတ် အသွင်၌ မရေမတွက်နိုင်အောင် များပြားသော ပါးစပ်များ၊ မရေမတွက်နိုင်အောင် များပြားသော မျက်လုံးများ၊ အရပ် ရှစ်မျက်နှာသို့ မူသော မျက်နှာပေါင်းများစွာကို ဆောင်လျက် တောက်ပသော လက်ဝတ် ရတနာများ၊ နတ်ဝတ်တန်ဆာများကို ဆင်မြန်းလျက် နတ်တို့၏ ပျံ့မွှေးသော ရနံ့ကို ဆောင်လျက် ပြသလေသည်။

ဤကဲ့သို့ ထူးခြားသော နတ်ဘုရား အသွင်ဖြင့် ကရိသျှနကို မြင်လိုက်ရသော အခါ အဇ္ဇုန၏ ဆံပင်များ အားလုံး ဝက်မင်ဘီးကဲ့သို့ အံ့အားသင့်လျက် ထောင်ထကုန်ကြ၏။

ထိုအခါ အဇ္ဇုနလည်း ကြည်ညို လေးစားသော အသံကို ပြုလျက် အလွန် ထူးကဲ မြင့်မြတ်သော အသွင်ကို ဖယ်၍ ကရိသျှန အသွင်ကိုပင် ပြသပါရန် ဆုတောင်း ပတ္ထနာ ပြုလေတော့သည်။ နတ်ဘုရားလည်း သူ၏ တောင်းပန် ခယခြင်းကို လက်ခံတော် မူပြီးလျှင် ဘဂဝါ ဂီတာ၏ အနှစ် ဖြစ်သော ဂါထာကို ရွတ်ဖတ်လေ၏။ သူ့အားလည်း အကြွင်းမဲ့ ယုံကြည် သက်ဝင်၍ ဝတ်ပြု ပူဇော်ခြင်းကို ပြုရန် တောင်းဆိုလေ၏။ ဤသို့ ဆုတောင်း ပတ္ထနာ ပြုသော ဘတ္တိနည်းဖြင့် ဘဝ လွတ်မြောက်ရေးကို ရရှိစေတော်မူလေ၏။

ဤ အကြောင်းကို ဘဂဝါ ဂီတာတွင် ဂါထာဖြင့် တန်ဆာ ဆင်လျက် ဖော်ပြထားလေသည်။ ထိုဂါထာသည် သမိုင်းကြောင်း အရလည်း အရေးပါလှ၏။ ဂါထာ စီပုံ လှပ ဆန်းကြယ်ရုံမျှမက ဟိန္ဒူ လူမျိုး ခေါင်းဆောင်များ အပေါ်၌လည်း ဩဇာ သက်ရောက်မှု ရှိသောကြောင့် ဖြစ်၏။

မဟတ္တမဂန္ဓီမှ အစ ယနေ့ ခေါင်းဆောင်များတိုင်အောင် ဤဂါထာ၏ ဩဇာ လွှမ်းမိုးဆဲပင် ရှိ၏။ ဒဿနသဘော အရမှု ဘဂဝါ ဂီတာထဲတွင် ပါဝင်သော အစစ်အမှန်သဘော အယူအဆနှင့် ဘဝ အဓိပ္ပာယ် သဘော အယူအဆများသည် မဖြေရှင်းနိုင်သော ရှေ့နောက် မညီမညွတ်မှုများဖြင့် ပြည့်နှက်လျက် ရှိ၏။

သို့ပင် ဖြစ်စေကာမူ ဘဂဝါ ဂီတာ၏ လက်တွေ့ အကျိုး သက်ရောက်မှုကား ဟိန္ဒူ ဘာသာ၏ ယုံကြည် ကိုးကွယ်မှု အပိုင်းတွင် နက်ရှိုင်းစွာ တည်ရှိ၏။ ထို့ပြင် လူကြိုက်များသော ဟိန္ဒူ ဝါဒ၏ ဘတ္တိမဂ္ဂ (ဆုတောင်း ပတ္ထနာ ပြုသော နည်းလမ်း) ကိုလည်း ဉာဏ်ပညာ ရှိသူတို့ လက်ခံနိုင်အောင် လေးစားဖွယ် ဖြစ်အောင် ပြုလုပ်နိုင်ခဲ့၏။

ဤ အချက်တွင် အလွန် ဉာဏ် အဆင့် မြင့်သော၊ ကိုယ့်ကိုယ်ကိုယ် စင်ကြယ်အောင် ပြုရသော ဉာဏမဂ္ဂ နည်းသည် လည်းကောင်း၊ ကာယကံ၊ ဝစီကံကို စောင့်ထိန်းရသော အကျင့် သီလနှင့်ဆိုင်သော ကမ္မမဂ္ဂ နည်းလမ်းသည် လည်းကောင်း ဤ ဆုတောင်း ပတ္ထနာပြုသော ဘတ္တိ နည်းလမ်းလောက် လူများစု ဖြစ်သော လူပြိန်း ပရိသတ်၏ ဘာသာရေး ဆိုင်ရာ အလိုပြည့်အောင် မစွမ်းဆောင်နိုင်ကြောင်း ထင်ရှားသည်။

ထို့ကြောင့်လည်း ဘဂဝါ ဂီတာသည် ဟိန္ဒူ ဘာသာဝင်များ အားလုံး၏ ထူးထူးခြားခြား အလေးအမြတ် ပြုခြင်းကို ခံရခြင်း ဖြစ်ပေသည်။ အထူးသဖြင့် ဗိသနိုးကို ကိုးကွယ်သော ဟိန္ဒူ ဘာသာဝင်များက ဘဂဝါ ဂီတာကို ၎င်းတို့၏ အထွတ် အမြတ်ဆုံးသော ပိဋက ကျမ်းစာ ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုကြလေသည်။

ဂိုဏ်းပေါင်းစုံမှ ဟိန္ဒူ ပဏ္ဍိတ်များကလည်း ဘဂဝါ ဂီတာကို ဘာသာရေးနှင့် စပ်၍ အဖိုးတန်သော စိတ် လှုပ်ရှားဖွယ် ဖော်ပြချက် တစ်ခု အဖြစ် ဂုဏ်တင်၍ ပြောဆိုကြလေသည်။

ဤအချက်တို့ကို အပြစ် တင်ခြင်း ခံရမည်ကို အကြောက်အလန့် ကင်းစွာဖြင့် ပြောဆိုနိုင်၏။ သို့ပင် ဖြစ်စေကာမူ ဘဂဝါ ဂီတာသည် ထူးခြားမှု ရှိသည် မှန်သော်လည်း ဤကျမ်းစာသည် ဟိန္ဒူတို့၏ အတွေးအခေါ် စနစ်တည်ဆောက်ရေးတွင် ဖော်ပြသော တွန်းအား တစ်ခုမျှသာ ဖြစ်သည်ဟု ဆိုနိုင်ပေသည်။ အခြားသော ဟိန္ဒူ စနစ် ဖြစ်ပေါ်လာစေရန် စေ့ဆော် တိုက်တွန်းသော တွန်းအား ပေးသည့် အချက်များလည်း ရှိသေး၏။

ထိုအချက်များကို ယခု ကျွန်ုပ်တို့ ဆက်လက် လေ့လာကြရပေဦးမည်။

## ၄။ ရှေး အယူအစွဲသန် ဟိန္ဒူ ဒဿန စနစ် ခြောက်ခု

ဘီစီ ၅၀၀ မှ အေဒီ ၅၀၀ အတွင်း နှစ်ပေါင်း တစ်ထောင် ကာလ အတွင်းဝယ် ရှေး အယူအစွဲသန် ဟိန္ဒူ ဒဿန စနစ် (ဂိုဏ်း) ခြောက်ခု ပေါ်ထွန်းခဲ့လေသည်။ နောက် အနှစ် တစ်ထောင် ကာလ အတွင်း၌မူ ထိုဒဿန စနစ် ခြောက်ခုသည် မိမိတို့၏ အတွေးအခေါ်များကို နောက်ပိတ်ဆုံး အတည်တကျ ဖြစ်အောင် သန့်စင်ခဲ့ကြလေသည်။

အမှန်မှာ အတွေးအခေါ် ဂိုဏ်းများ၏ အရေအတွက်သည် ခြောက်ခုမက ရှိလေသည်။ သို့သော် ဟိန္ဒူ ဘာသာကို သက်ဝင် ယုံကြည်သူများက ဤဂိုဏ်း ခြောက်ဂိုဏ်းသာလျှင် ထိထိရောက်ရောက် ရှိသော အတွေးအခေါ် ဂိုဏ်းများ အဖြစ် စစ်ထုတ်၍ လက်ခံခဲ့ကြလေသည်။

ဤဂိုဏ်း ခြောက်ခုစလုံးက ဟိန္ဒူများ အရေးထားသော အယူအဆ တစ်ခုကို လက်ခံခဲ့ကြသည်။ ထို အယူအဆမှာ ရှေးအယူအစွဲသန် ဝါဒ အတွက် အရေး ပါသော လိုအပ်ချက် အဖြစ် သဘော ထားကြလေသည်။ ၎င်းမှာ ဝေဒ ကျမ်းများသည် ယုံကြည် ကိုးကွယ်မှု ကိစ္စ အတွက် နောက်ပိတ်ဆုံး အကျင့် သီလများကို ချမှတ်ပေးသော ကျမ်းများ အဖြစ် လက်ခံကြခြင်း ဖြစ်၏။

ဝေဒ ကျမ်းများ ဆိုရာတွင် ရှေးကျသော အဋ္ဌကထာများနှင့် အလင်းပြကျမ်းများ အားလုံး ပါဝင်သည်ဟု နားလည် သဘော ပေါက်ကြလေသည်။ (ဗြဟ္မဏနှင့် ဥပနိသျှဒ် ကျမ်း) များကို မူရင်း ဝေဒ လေးပုံတွင် နောက်ဆက်တွဲ ကျမ်းများ အဖြစ် ထပ်ထည့်ကြပေသည်။

ကျွန်ုပ်တို့သည် ရှေး အယူအစွဲသန် ဒဿန ဂိုဏ်းများကို ဟိန္ဒူ ပဏ္ဍိတ်များ စီစဉ်ထားသော အရိုးအစဉ် အတိုင်း လိုက်၍ စဉ်းစားမည် မဟုတ်ပေ။ ကျွန်ုပ်တို့ အနေနှင့် ထိုအတွေးအခေါ် ဂိုဏ်းများ အနက် ဘာသာ ယုံကြည် ကိုးကွယ်မှု အပေါ် အကြီးအကျယ် အကျိုး သက်ရောက်မှု ရှိသော အတွေးအခေါ် ဂိုဏ်းများ အကြောင်းကိုသာ အဓိက ထား၍ လေ့လာ တင်ပြမည် ဖြစ်ပါသည်။ (ကျန်သော အတွေးအခေါ် ဂိုဏ်းများ အကြောင်းကိုမူ အကျဉ်းချုံး၍သာ ဖော်ပြမည် ဖြစ်ပါသည်။)

### သင်္ချာ[၁]ဒဿန စနစ်

ပထမဦးစွာ အရေးပါသော တွေးခေါ် မြော်မြင်ရေး စနစ် တစ်ခုသည် ဥပနိသျှဒ် ကျမ်းများထဲတွင် ဖော်ပြထားသော ဧကတ္တဝါဒကို တုံ့ပြန်လာသော အတွေးအခေါ် စနစ်ပင် ဖြစ်၏။ ဤ အတွေးအခေါ် စနစ်သည် ရှေးကျသော ပထမ ဥပနိသျှဒ် အတွေးအခေါ်များလောက် ရှေးကျသော်လည်း ဤ အတွေးအခေါ်များကို နောက်ကျသော ဥပနိသျှဒ် ကျမ်းများထဲတွင် ဖော်ပြထားသည်ကို တွေ့ရသည်။

ဤအတွေးအခေါ်များကို စတင် တွေးခေါ်ခဲ့သူသည် ကပိလဟု အမည်ရသော အတွေးအခေါ် ပညာရှင် ဒဿန ဆရာကြီး ဖြစ်သည်။ သူ့ကိုလည်း ဂေါတမ ဗုဒ္ဓ ဖွားမြင်ရာ ကပိလဝတ် ပြည်တွင် ဖွားမြင်ခဲ့လေသည်။

သို့သော် သူသည် ဂေါတမ ဗုဒ္ဓထက် အနှစ် ၁၀၀ လောက် စောသည်။ သူ တွေးခေါ်ခဲ့သော သင်္ချာ ဒဿန စနစ်သည် ဂျိန်း ဘာသာ အတွေးအခေါ်များပေါ်တွင် လည်းကောင်း၊ ဗုဒ္ဓဘာသာ အတွေးအခေါ်များပေါ်တွင် လည်းကောင်း လေးနက်စွာ ဩဇာ လွှမ်းမိုးခဲ့လေသည်။ ဤအတွေးအခေါ်သည် မြဲမြံစွာ ဒွတ္တဝါဒနှင့် အနိဿရိယ နိမ္မာန ဝါဒ (ဖန်ဆင်းရှင် ဘုရားမဲ့ ဝါဒ) ကို လက်ခံသော အယူဝါဒ ဖြစ်သည်။

ဤအယူဝါဒသည် ဤလောက၌ အစစ်အမှန် ပရမတ္တ သစ္စာတရား နှစ်ပါး ရှိသည်ဟု ယုံကြည်ထားသော ဝါဒ ဖြစ်သည်။ ၎င်းမှာ (၁) ရုပ် (သဘာဝ လောက) နှင့် (၂) နာမ် (ဝိညာဉ်) သဘောတို့ ဖြစ်သည်။ သင်္ချာ ဂိုဏ်းသားများက ရုပ်သဘောကို *ပကတိ*[၂] ဟု ခေါ်ကြသည်။ ဝိညာဉ် သဘောကိုကား *ပုရိသ*[၃] ဟု ခေါ်ကြလေသည်။

ဤတွင် ပုရိသ (ဝိညာဉ်) သည် ဗြဟ္မဏများ ယုံကြည်သော ဗြဟ္မာကြီး ဗြဟ္မံ အတ္တမံကဲ့သို့ အလုံးစုံ အကျုံးဝင်သော ဝိညာဉ်မျိုး မဟုတ်ချေ။ သင်္ချာ ဂိုဏ်းသားတို့၏

---

၁။ Sankhya

၂။ Prakriti

၃။ Purusha

ပုရိသသည် မရေမတွက်နိုင် များပြားသော ပုဂ္ဂိုလ် သတ္တဝါ များ၏ ဝိညာဉ်များကို ဆိုလိုသည်။ ထို ဝိညာဉ်များသည် လည်း တစ်ခုကို တစ်ခု အမှီအခို ကင်းစွာ တည်နေကြ သည်ဟု ယူဆကြသည်။

သဘာဝ တရား (ပကတိ) ၌ ငြိတွယ်၍ အကျဉ်း ကျနေသော ဝိညာဉ်တို့သည် အဝိဇ္ဇာ ဖုံးလွှမ်းနေမှုကြောင့် သောက ဒုက္ခကို ခံစားနေကြရသည်။ အဝိဇ္ဇာက ဝိညာဉ် ကို ခန္ဓာကိုယ် ဖြစ်စဉ် သဘာဝ တရား (ပကတိ) အား သံယောဇဉ် ငြိတွယ်စေသည်။ ဤကဲ့သို့ ခန္ဓာကိုယ်၌ ဖြစ် သော တဏှာ သံယောဇဉ်ကြောင့် ဝိညာဉ်သည် တစ်ဘဝ ပြီး တစ်ဘဝ ပဋိသန္ဓေ နေ၍ ပြန်လည် မွေးဖွားနေရသည်။

ထိုသို့ ဖြစ်ရာ အဖန်တလဲလဲ ကျင်လည် နေရသော ဘဝ သံသရာမှ လွတ်မြောက်ရေးကို ရရှိရန်မှာ အလုံးစုံ သော ဝိညာဉ်တော်ကြီး (ဗြဟ္မာကြီး) နှင့် မိမိ ပေါင်းစည်း စေသော အသိဉာဏ် ပညာကို ရရှိရုံဖြင့် မဖြစ်နိုင်ပေ။

ဝိညာဉ်သည် ရုပ်ခန္ဓာမှ ကင်းကွာ၍ တည်နေနိုင်သော အသိ ပညာကို ရရှိမှသာ ဘဝ သံသရာက လွတ်မြောက် ခြင်း ကိစ္စသည် ဖြစ်နိုင်သည်။

ဤသို့ ဖြစ်ရန်မှာလည်း ဝိညာဉ်၏ စင်ကြယ်ခြင်းကို ဖြစ်စေသော ဝိသုဒ္ဓိ ကျင့်စဉ်ဖြင့်သာ ဖြစ်နိုင်သည်။

နောက်ဆုံး အဆင့်တွင် ထာဝရ တည်နေနိုင်သော နိရောဓ သမာပတ်ကို ဝင်စားနိုင်ရမည်။

ဤတွင်လည်း ဘဝ လွတ်မြောက်ရေးကို ဉာဏမဂ္ဂ သဘော၌သာ ရှာဖွေလေသည်။

## ယောဂ [၁] ဒဿန စနစ်

ဤ ယောဂ ဒဿန စနစ်ကို ပထမဦးစွာ ဥပနိသျှဒ် ကျမ်းများ၌ ဖော်ပြစဉ်ကပင် ဤ စနစ်သည် စိတ်ကို ဈာန် သမာဓိ၌ တည်အောင် လေ့ကျင့်သော နည်းများကို များစွာ ထူထောင်ခဲ့လေသည်။ ထို့ပြင် ဤနည်းသည် ဉာဏ မဂ္ဂ ကျင့်စဉ်တွင် အရေးပါသော အခန်းက ပါဝင်ခဲ့လေ သည်။

ဤနည်းကို အေဒီ နှစ် ရာစု၌ ပေါ်ထွန်းခဲ့သော ပတဉ္ဇလီ လက်ထက်တွင် အလွန် အဆင့်မြင့်သော စိတ် လေ့ကျင့်နည်း ဖြစ်အောင် အချောကိုင် သုတ်သင် ခဲ့လေ သည်။

ပတဉ္ဇလီသည် သချ်ာ ဒဿန စနစ်မှ သူ၏ အတွေး အခေါ် အယူအဆ များစွာကို ရယူခဲ့လေသည်။

သို့သော် သချ်ာ စနစ်နှင့် သူနှင့် ကွဲပြား သွားသည် မှာ သူက ဣဿရိယ နိမ္မာန ဝါဒ (ထာဝရ ဖန်ဆင်းရှင် ဘုရား ရှိသည်ဟု လက်ခံသော ဝါဒ) ကို ယူလိုက်သော ကြောင့် ဖြစ်သည်။ သို့သော် ယောဂ ဒဿန၏ အတွေး အခေါ်ပိုင်း ဆိုင်ရာ အခြေခံသည် သမိုင်းကြောင်း အရ ၎င်း၏ လက်တွေ့ ကျင့်ကြံနည်း ဖြစ်သော ကမ္မဋ္ဌာန်း အား ထုတ်ပုံ နည်းလမ်းများလောက် အရေးပါ အရာရောက်ခြင်း မရှိပေ။

ယောဂ စနစ်သည် သမထနည်း (ကမ္မဋ္ဌာန်းနည်း) များစွာကို ဖော်ထုတ်ပေးခဲ့သည်။ ဤ ဘာဝနာ နည်းများ သည် ဘဝ လွတ်မြောက်ရေးပိုင်း ဆိုင်ရာ တက္ကိက အတွေး အခေါ် သက်သက်ကို စိတ်ပညာ သဘော အရ ပညာသား ပါပါ ပြုပြင် မွမ်းမံထားသော နည်းများပင် ဖြစ်၏။

ရှေးအခါမှသည် ယခုထက်တိုင်အောင် ဉာဏမဂ္ဂ နည်း သမထ နည်းများသည် ပေါက်မြောက် အောင်မြင်အောင် ကျင့်ကြံ အားထုတ်နိုင်ဖို့ အလွန် ခက်ခဲပေသည်။

အကြောင်းမှာ သမထကို ဈာန် အဆင့်ဆင့် ပေါက် မြောက်အောင် အားထုတ်ရေးသည် လူသာမန်တို့ အဖို့ လက် လှမ်း မမီသော အဆင့် ဖြစ်နေပေသည်။ အလွန် ဉာဏ် ထက်မြက်ပြီး စိတ်အင်အား သန်မာသူများသာ ရောက်နိုင် ရနိုင်သော အဆင့် ဖြစ်နေသောကြောင့် ဖြစ်ပေသည်။

သို့ဖြစ်ရာ ၎င်း၏ အသိဉာဏ်ဆိုင်ရာ ပြင်းထန် တင်း မာမှုကို လျှော့ချလိုက်သော အခါကျမှသာ ထိုနည်းကို လူ အများ စိတ်အား ထက်သန်စွာ လက်ခံ၍ ကျင့်ကြံ အား ထုတ်ကြလေသည်။

ယောဂနည်း၏ ဆွဲဆောင်မှု အရှိဆုံးမှာ စိတ်ကို သမာဓိ ရအောင် ပြုလုပ်ရာ၌ ထောက်ပံ့ ပေးသော ၎င်း၏ ဇီဝကမ္မဗေဒပိုင်းနှင့် စိတ္တဗေဒပိုင်း ဆိုင်ရာ အစီအမံများ ကြောင့်ပင် ဖြစ်ပေသည်။

ဤတွင် ယောဂ ထိုင်နည်း (အာသနများ)၊ အသက် ရှူပုံ ရှူနည်း၊ သင့်တော်ရာ ဂါထာ မန္တန်များကို နရီ စည်း ချက်ကျ ရွတ်ဖတ် နည်းများသည် အရေးပါလှပေသည်။ ပတဉ္ဇလီ ၏ ဂန္ထဝင် *ရာဇယောဂ* [၂] ၌ ထူးခြားသော အစီ အစဉ်များ ရှိသည်။

၎င်းမှာ အဆင့် ရှစ်ဆင့် ရှိသည်။ ၎င်းတို့မှာ-

၁။ Yoga

၂။ Raja Yoga

(၁) **ယာမ** - သက်ရှိ သတ္တဝါတို့အား သေစေလိုသော စိတ်ဖြင့် သတ်ဖြတ် ညှဉ်းဆဲခြင်းမှ ရှောင်ကြဉ်ခြင်း။ (ဤတွင် အဟိံသကို ကျင့်ကြံခြင်း ဖြစ်သည်။) ဤတွင် အဆင့် ငါးခု (ပဉ္စ သီလ) ပါဝင်သည်။ မသတ်ရ၊ မလိမ်ရ၊ မခိုးရ၊ မမြတ်သော အမှုကို မပြုရ (ဗြဟ္မစရိယ အကျင့်ကို ကျင့်ရသည်။)၊ သူတစ်ပါး စည်းစိမ် ဥစ္စာကို ပြုစုခြင်း မရှိရ။

(၂) **နိယာမ** - မိမိကိုယ်ကို စောင့်စည်းသော စည်းကမ်းကို လိုက်နာခြင်း။ သန့်ရှင်းစွာ နေရမည်၊ ငြိမ်သက်စွာ နေရမည်၊ ချိုးနှိမ်စွာ နေရမည်၊ လေ့ကျင့်ခြင်းဖြင့် နေရမည်၊ ဝတ်ပြုခြင်းဖြင့် နေရမည်။

(၃) **အာသန** - သင့်တော်ရာ ဣရိယာပုတ်ဖြင့် ထိုင်ခြင်း။ ဥပမာ-ညာ ခြေဖဝါးကို ဘယ်ဘက် ပေါင်ပေါ်မှာ တင်၍ ထိုင်ခြင်း၊ ဘယ် ခြေဖဝါးကို ညာဘက် ပေါင်ပေါ်မှာ တင်၍ ထိုင်ခြင်း၊ လက် နှစ်ဖက်ကို ယှက်တင်လျက်၊ ဘယ် လက်ဖဝါးပေါ်မှာ ညာ လက်ဖမိုး တင်လျက် သို့မဟုတ် ရှေ့သို့ လက်ကို စုံချလျက် မျက်လုံးကို မှိတ်လျက် သို့မဟုတ် နှာသီးဖျားကို ကြည့်လျက် ထိုင်ခြင်းမျိုး ဖြစ်သည်။

(၄) **ပရဏာယာန** - အသက် ရှူခြင်း၊ ဝင်လေ ထွက်လေကို ရှုမှတ်ခြင်း။ ဤတွင် အသက် ရှင်နေခြင်း သဘော အားလုံးကို ဝင်လေ ထွက်လေ သဘောသို့ လျှော့ချ၍ နရီ စည်းချက်ကျ ဖြစ်နေသော ထိုဖြစ်စဉ်ကို ရှုမှတ်ခြင်း ဖြစ်သည်။ ဤနည်းဖြင့် သိစိတ်ယှဉ် ကြွက်သားများ၊ သိစိတ်လွတ် ကြွက်သားများနှင့် အာရုံကြောတွင်း လျှပ်စစ် စီးကြောင်းများ အားလုံးကို ထိန်းချုပ်မှု အောက်သို့ ရောက်အောင် ပြုလုပ်ခြင်း ဖြစ်သည်။ ယောဂီသည် ကျောရိုးကို ဖြောင့်မတ်စွာ ထား၍ ထိုင်ရမည်။ လည်ပင်း၊ ဇက်၊ ခေါင်းနှင့် ရင်ဘတ်တို့သည် မျဉ်း တစ်ဖြောင့်တည်း ကျ၍ နေစေရမည်။ ထို့နောက် ဝင်သက် ထွက်သက်ကို စည်းချက်ကျ မှန်မှန် ရှူရမည်။ ထိုသို့ ဝင်သက် ရှူတိုင်း ထွက်သက် ထုတ်တိုင်းမှာ စိတ်ထဲက "ဦး" ဟု ရေရွတ်နေရမည်။ (နောက်ပိုင်း အလေ့ အကျင့် ရလာသောအခါ ယောဂီသည် ဘယ်ဘက် နှာခေါင်းဖြင့် ရှူသွင်းသော အသက်ကို ခေတ္တ အောင့်ထားပြီး နောက် ပြန်၍ ထုတ်သော အခါ ညာဘက် နှာခေါင်းပေါက်ဖြင့် ပြန်ထုတ်နိုင်အောင် လေ့ကျင့် ရသည်။) ထိုကဲ့သို့ အသက်ကို အောင့်ထားခြင်းမှာ အာရုံကြောတွင်း လျှပ်စစ် စီးကြောင်းကို ကျောရိုးအောက်ပိုင်းသို့ သက်ဆင်းစေရန် ဖြစ်သည်။ ထို လျှပ်စစ် စီးကြောင်းသည် ကျောရိုးမှ အောက်သို့ ဆင်းပြီးလျှင် ကျောရိုး အောက်ခြေကို ဆောင့်ပြီး ထွက်မြောက် သွားစေခြင်း ဖြစ်သည်။

(၅) **ပစ္စာဟာရ** - အာရုံများကို ဖြတ်တောက်ခြင်း။ အာရုံဒွါရနှင့် အာရုံ ဝတ္ထုများကို ထိတွေ့ခြင်း ကင်းအောင် ပြုခြင်း၊ လိပ် သတ္တဝါသည် မိမိ၏ ခြေလက်များကို လိပ်ခွံ အောက်၌ သိမ်းဆည်းသကဲ့သို့ ပြုခြင်း ဖြစ်၏။ ဤအဆင့်တွင် အပြင် ဗဟိဒ္ဓ လောကကို အဆက် ဖြတ်ခြင်း ဖြစ်၏။

(၆) **ဓာရဏာ** - သမာဓိ၌ တည်ခြင်း။ ဤအဆင့်တွင် စိတ်သည် တစ်ခုတည်းသော အာရုံ၌ စွဲမြဲစွာ တည်သွား ပေတော့သည်။ ဧကဂ္ဂတာ သဘော ဖြစ်သည်။ စိတ်သည် တစ်အာရုံတည်း၌ တည်ကြည် သက်ဝင်သွားသော အခါ ကျန်သော အာရုံများ ပြတ်တောက်သွားလေတော့သည်။

(၇) **ဈာန** - သမထ ဘာဝနာ ပွားများ အားထုတ်ခြင်း။ ဤ အဆင့်တွင် စိတ်သည် ဧကဂ္ဂတာ သမာဓိ၌ စူးဝင်လျက် ကျန်သော အာရုံအားလုံးကို ရုပ်သိမ်းလိုက်လေသည်။

(၈) **သမာဓိ** - ဤ အဆင့်တွင် စိတ်သည် ပြင်ပ အာရုံအားလုံးနှင့် အဆက် ပြတ်လျက် ဘာကိုမျှ မသိဘဲ မြောသွားလေသည်။ ပြုသူကိုလည်း မသိ၊ အပြုခံ သဘောကိုလည်း မသိတော့ပေ။ သမာဓိ၌ စိတ် တည်ကြည်သွားခြင်းသည် အဆုံးစွန်သော ဓာတ်ကြီးနှင့် ပေါင်း

စည်း မိသွားခြင်း ဖြစ်သည်ဟု ယူဆကြလေသည်။

ယောဂ ကျင့်စဉ်၏ အဓိက အချက်မှာ ဤပုံစံ၌ ဖြစ်စေ၊ အခြားသော ပုံစံများ၌ ဖြစ်စေ စိတ်ကို ၄င်း၏ အာရုံ သိခြင်းမှ ကင်းအောင် ဖိနှိပ် ချုပ်ချယ်၍ နှိပ်ကွပ်ခြင်း ဖြစ်ပေသည်။

တစ်ကိုယ်လုံးကို ထိုကဲ့သို့ အာရုံသိစိတ် (ဝိညာဉ်) ပျောက်ကင်းပြီး ဘဝင် ကျသွားအောင် ပြုလုပ်ခြင်းပင် ဖြစ်သည်။ ထိုအချိန်တွင် အာရုံ ခံစားခြင်းလည်း မရှိတော့၊ တွေးတော ဆင်ခြင်ခြင်းလည်း မရှိဘဲ ကင်းမဲ့ သွားလေတော့သည်။ အကျိုး ရလာဒ်ကား ဗဟိဒ္ဓ လောကနှင့် အတ္တ အမှန်သည် လုံးဝ ကင်းကွာ လွတ်မြောက်သွားခြင်းကို ခံစားရခြင်း ဖြစ်၏။ ထိုအချိန်တွင် ကြောင်းကျိုး ဆက်နွယ်မှု တရားများလည်း သူ့အပေါ် သက်ရောက်ခြင်း မရှိတော့ပေ။ သူသည် ကြောင်းကျိုး နိယာမမှလည်း ကင်းလွတ်သွားပြီ ဖြစ်၏။

ထိုအခါ ဤဈာန်သမာဓိ မတိုင်မီ ကြိုတင်၍ ဖြစ်စေ၊ ဈာန်သမာဓိ၏ နောက်မှ အစဉ်လိုက်၍ ဖြစ်စေ ထူးခြားသော စိတ်တန်ခိုးများ၊ အကြားအာတ် အမြင်ဓာတ် (ထိုးထွင်း၍ သိခြင်း) များလည်း ဖြစ်ပေါ်လာတတ်ပေသည်။ ဥပမာ - ယောဂီသည် အမှန်ပင် မြေမှ ကြွ၍ ဈာန် ပျံနိုင်ခြင်းမျိုး၊ မြေကြောကို ရှုံ့၍ လိုရာ အရပ်သို့ ခဏချင်းဖြင့် ရောက်နိုင်ခြင်း၊ ပထဝီ သိဒ္ဓိ၊ မိမိကိုယ်ကို နေရာဌာန များစွာတွင် တစ်ပြိုင်နက် ဖြစ်ပေါ်စေနိုင်ခြင်း၊ ဣဒ္ဓိဝိစ အာဘိဉာဉ် တန်ခိုးမျိုးနှင့် မိမိ အလိုရှိရာ ပြီးမြောက် အောင်မြင်စေနိုင်သော ထူးခြားသော သိဒ္ဓိ မဟိဒ္ဓိများကို ရရှိလာနိုင်ပေတော့သည်။

သို့သော် ယောဂ ကျင့်စဉ်၏ အဓိက ရည်မှန်းချက်မှာ ဤလောကီ သိဒ္ဓိများကို ရရှိစေရေး မဟုတ်ပေ။ ဗြဟ္မာကြီးနှင့် မိမိ၏ အတ္တ ပေါင်းစည်း ညီညွတ်သွားခြင်းဖြင့် အမတ သုခဘုံသို့ စံဝင်နိုင်ရေးပင် ဖြစ်ပေသည်။

### ဝေဒန္တ[၁] ဒဿန စနစ်

ဤ အတွေးအခေါ် စနစ်၏ အမည်သည် ၄င်း၏ အဓိက အတွေးအခေါ် သဘောတရား ဥပနိသျှဒ် အတိုင်း ခေါ်ထားသော အမည် ဖြစ်သည်။ ထိုအတွေးအခေါ်ကို 'ဝေဒန္တ' ဟု ခေါ်သည်။ ဝေဒန္တ၏ အနက်မှာ ဝေဒ၏ အဆုံးပိုင်း ဟူ၍ ဖြစ်၏။ အနာဂတ် တွေးခေါ် မြော်မြင်မှု၏ အခြေခံများသည် ဥပနိသျှဒ် ကျမ်းများထဲတွင် ပါဝင်သည်။

အထူးသဖြင့် ကေတ္တ ဝါဒ သို့မဟုတ် ဘုရား များစွာကို ကိုးကွယ်ခြင်းနှင့် ဆိုင်သော ဒဿနများကို ဖော်ပြသော စာပေ ကျမ်းဂန်များထဲတွင် ပါဝင်ခဲ့လေသည်။ ရှေးထုံးစဉ်လာကို လိုက်သော *ဇေမိနီ*[၂] သုခမိန်၏ နောက်လိုက်များကမူ ၄င်းတို့၏ မူရင်းစွဲ အခြေခံစွဲ ဝါဒမှ ခွဲခွာရန်ကို ငြင်းဆန်ကြပေမည်။ ပူရဝမိမံသ အတွေးအခေါ် စနစ်ကို တီထွင်သူ ကာနဒနှင့် ကပိလတို့လို ကြားဝင် ဖျန်ဖြေရေး သမားများ အနေနှင့်မူ ၄င်းတို့၏ သမားရိုးကျ အတွေးအခေါ် အတိုင်း ကမ္ဘာ လောကကြီး၏ အစစ်အမှန် သဘောကိုရော၊ ပုလ္လိက ဝိညာဉ်၏ အစစ်အမှန် သဘောကိုရော ဆက်၍ လက်ခံ ထားကြလေသည်။

သို့သော် အတွေးအခေါ် လွတ်လပ်ခွင့်ကို လိုလားကြသော၊ အမြစ် မြေလှန် ပြောင်းလဲခြင်းကို လိုလားကြသူများကမူ ထိုးထွင်း သိမြင်သော ပဋိဝေဓ ဉာဏ်သည် သာမန် အာရုံသိနယ်ကို လွန်မြောက်ပြီးလျှင် တွေးခေါ် မြော်မြင်သော ဒဿနနယ်သို့ ပြေးဝင်သွားရန် အားသန်သည်ဟု ယူဆကြသည်။ သူတို့၏ အမြင်တွင် အပြင် ဗဟိဒ္ဓ လောကကြီးနှင့် တကွ လူသား၏ ဝိဉာဏ်သိ (အာရုံသိ) သဘော အားလုံးသည် မာယာ သဘောကို ဆောင်သည်။ အထင်မှား အမြင်မှား ဝိပလ္လာသ တရားများသာ ဖြစ်သည်ဟု ယူဆကြသည်။ ထိုအချက်သည် ဥပနိသျှဒ် ကျမ်းများထဲမှာ ပါကြောင်းကိုလည်း အထောက်အထား ပြကြသည်။ အဆင့်အတန်း မြင့်သော အိန္ဒိယ အတွေးအခေါ်များလည်း ဤလူများ ဘက်သို့ ပါသွားကြလေသည်။

ပထမဆုံး ကေတ္တ သဘော ပါသော ဥပနိသျှဒ် ဒေသနာများသည် ရှေ့နောက် ညီညွတ်သော အတွေးအခေါ် စနစ် တစ်ခု အဖြစ်ဖြင့် ခက်ခဲ နက်နဲသော ဝေဒန္တသုတ္တန် စကားထာများထဲတွင် ပါဝင်လျက် ရှိပေသည်။

ဤသုတ္တန် အတွေးစာများကို *ဘဒြာယာန*[၃] က စီစဉ်ခဲ့သည်ဟု ဆိုသည်။ ဤ ဆရာကြီးသည် ထင်ရှားသော ပုဂ္ဂိုလ် ဖြစ်သည်။ ခရစ်တော် မပေါ်မီ တစ် ရာစုလောက်က ပေါ်ပေါက်ခဲ့သည်ဟု ယူဆရသည်။ သူ၏ အတွေးစာ စကားထာများကို နှုတ်တိုက် အာဂုံဆောင်စေခဲ့သည်။ ၄င်းတို့သည် အလွန် တိုရှ၍ အချက် ကျလှသည်။ သူ အသက်

၁။ Vedanta

၂။ Jaimini ၃။ Badrayana

ရှင်စဉ် ကာလမှာပင် ထိုစကားထာများကို သူ ကိုယ်တိုင် နှုတ်ဖြင့် အဓိပ္ပာယ် ဖွင့်ပေးရန် လိုအပ်ခဲ့သည်။ သူ အဓိပ္ပာယ် ဖွင့်ပေးမှသာ ၎င်းစကားထာများ၏ အနက် အဓိပ္ပာယ်ကို သိနားလည်နိုင်ခဲ့ကြလေသည်။

ထိုနောက်ပိုင်း ရာစုနှစ်များ အတွင်း၌ ထိုကဲ့သို့ နှုတ်ဖြင့် အဋ္ဌကထာများမှာ မူရင်း ကျမ်းစာများ၏ မရှင်းမလင်း ထောက်ခံချက်များဖြင့် ဆက်လက် ဖြစ်ပေါ်နေခဲ့သေးသည်။

ထိုသို့ ဖြစ်ပေါ်နေခြင်းမှာ နောက်ဆုံးတွင် ဝေဒန္တ အတွေးအခေါ် ဂိုဏ်း သုံးဂိုဏ်း ကွဲပြီး ပေါ်ပေါက်သည့် အချိန် အထိပင် ဖြစ်၏။

ထိုဝေဒန္တ အတွေးအခေါ်ဂိုဏ်း သုံးဂိုဏ်း အနက် ဤတွင် ကျွန်ုပ်တို့သည် နှစ်ဂိုဏ်း အကြောင်းလောက်ကို သာ ဖော်ပြမည် ဖြစ်၏။

ထိုနှစ်ဂိုဏ်းမှာ *သံကာရာ* [၁] စရိယ ဂိုဏ်းနှင့် *ရာမာနုဂျာ* [၂] စရိယ ဂိုဏ်းများ ဖြစ်၏။

သံကာရာ၏ အတွေးအခေါ် စနစ် ဖြစ်သော *ဝိပလ္လာသ ဝါသီ ကေဝလ ဝါဒ* [၃] ကို အဒွိယတ ဝါဒဟုလည်း ခေါ်သည်။ ဒွိယတ ဝါဒ မဟုတ်သော အယူဟု ဆိုလိုသည်။

အဘယ်ကြောင့်ဆိုသော် သူ၏ အတွေးအခေါ်တွင် လောကနှင့် ဗြဟ္မာကြီးသည် တသီးတခြားစီ ဖြစ်တည် နေကြသည်ဟု ယူဆခြင်း မရှိသောကြောင့် ဖြစ်သည်။ လောကက တခြား၊ ဗြဟ္မာက တခြားဟု အစစ်အမှန် တရားသည် နှစ်ခု ကွဲပြားနေသည် ဆိုသော အယူကို ဒွိယတ ဝါဒဟု ခေါ်သည်။

အမှန်မှာ ပုဂ္ဂိုလ် ကိုယ်ခြိပ် မပါသော၊ ဖော်ပြ၍ မရ သော ဗြဟ္မာသည်သာ အစစ်အမှန် ဖြစ်၍ ကျန်သော အရာ အားလုံးသည် မာယာ (ဝိပလ္လာသ) များချည်းသာ ဖြစ်သည်။ ရုပ်လောကနှင့် ဝိညာဉ်၏ သီးခြား ပုဂ္ဂိုလ် အသွင်ဖြင့် တည် ရှိပြီး အဖန်တလဲလဲ မွေးဖွား ကျင်လည်နေသည် ဆိုခြင်း သည် အားလုံးပင် ထင်ယောင်ထင်မှား (ဝိပလ္လာသ) များသာ ဖြစ်ကြကုန်သည်။

ထိုဝိပလ္လာသ တရားများသည် အိပ်မက်ထဲတွင် မြင် တွေ့ရတတ်သော အမျိုးမျိုး ပြောင်းလဲနေသော အရိပ် အယောင်များနှင့် ပမာ တူပေသည်။

မျက်လှည့် ဆရာ ပြသော မျက်လှည့်နှင့်လည်း တူ ပေသည်။

နောက်ပိုင်း ဥပနိသျှဒ် ကျမ်းများထဲတွင် ထိုကဲ့သို့သော အရိပ်အယောင်များ ဖြစ်ရခြင်း အကြောင်းရင်းကို စူးစမ်း ထားပေသည်။

ထိုကိစ္စနှင့် ပတ်သက်၍ သွေတဇွတ ဥပနိသျှဒ် ကျမ်း ထဲတွင် ဆိုပုံမှာ ဥပမာအားဖြင့် ဤသို့ ဖြစ်၏။

မြတ်သော ကဗျာ၊ ယဇ်ပူဇော်ခြင်း၊ ပသပွဲများ၊ ဝတ်ပြုမှုများ၊ အတိတ်၊ အနာဂတ်နှင့် ဝေဒက ဖော်ပြ သော အရာများသည် ဤ လောက အားလုံးကို ဝိပလ္လာသ မျက်လှည့်ဆရာက ဗြဟ္မာကြီးမှ တစ်ဆင့် ဖော်ထုတ်ခဲ့လေပြီ။

ထိုလောကထဲ၌ ပုဂ္ဂိုလ်၏ ဝိညာဉ်လည်း ပါဝင် နေ၏။ ယခုအခါ အကြင်သူသည် သဘာဝ တရားကို ဝိပလ္လာသ တရားဟု သိအပ်၏။

ထိုဝိပလ္လာသ တရား၏ လက်သည်သည်ကား ထာဝရ တန်ခိုးတော်ရှင် ထာဝရ ဗြဟ္မာကြီးပင် ဖြစ် ၏။

သို့သော် ထို ဝိပလ္လာသ တရား ဖြစ်သော လောက သည် အကြွင်းမဲ့ အစစ်အမှန် တရား မဟုတ်ချေ။

ဤကိစ္စကို ညင်သာစွာ ကိုင်တွယ်ရာ၌ သံကာရာ စရိယသည် အိန္ဒိယ ဒဿနာ၏ သဘောမှန်ကို လက်ခံ ကျင့် သုံးနိုင်သော ပုဂ္ဂိုလ် ဖြစ်ပေသည်။

'ဝိပလ္လာသ' ဆိုသော စကားသည် အနောက်တိုင်း ဒဿန ပညာရှင် အင်မင်နျူဝယ် ကန့်၏ ဒဿနထဲတွင် ပါဝင်သော အပေါ်မြင် သဘော (appearance) ဆိုသော စကားနှင့် အဓိပ္ပာယ်ချင်း အတူတူပင် ဖြစ်ဟန် တူပေသည်။ ကန့်၏ အတွေးအခေါ်တွင် ထပ်ဆင့် ထည့်သွင်းထားသော ရုပ်လောက ဖြစ်စဉ်နှင့် နာမ်လောက ဖြစ်စဉ် သဘောသည် သံကာရာစရိယ၏ အတွေးအခေါ်တွင် ထပ်ဖြည့်ထားသော မာယာ လောကနှင့် ဗြဟ္မာ လောက သဘောနှင့် သဘော ချင်း တူနေပေသည်။

သံကာရာစရိယ၏ အမြင်တွင် လူပုဂ္ဂိုလ်၏ နာမ် ဝိညာဉ်သည် အာရုံများကို အားကိုးရသော အခါ အရာဝတ္ထု တို့၏ အပေါ်ယံ အခွံ အကာ သဘောကိုသာ သိနိုင်စွမ်းပေ သည်။ မိမိ၏ နေ့စဉ်ဘဝ အတွေ့အကြုံများတွင် တွေ့ထိ သိ မြင်ရသော အာရုံဖြင့် သိအပ်သော လောကသည် အာကာသ နှင့် ဌာန ဘောင်အတွင်း၌သာ အဝိဇ္ဇာက လှည့်ဖျားသည့် အတိုင်းသာ အရိပ်အယောင် သဘောကို သိမြင်ကြရပေသည်။ အာရုံ ခံ၍ သိရသော အတွေ့အကြုံထဲက အရာဝတ္ထုများကို အစစ် အမှန်များဟု ထင်မြင်နေခြင်းမှာ အဝိဇ္ဇာ၏ လုပ်

---

၁။ Sankara ၂။ Ramanuja
၃။ Illusionist Monism

ထိုအဝိဇ္ဇာက လူသားများအား ဝိညာဉ်သည် ဗြဟ္မာကြီးနှင့် အစဉ်သဖြင့် တစ်သွေးတစ်သားတည်း ဖြစ်လျက်သာ တည်ရှိသည် ဆိုသော သဘောကို မသိနိုင်အောင် ဖုံးကွယ်ပိတ်ဆီး ထားခဲ့ပေသည်။

ဤ အယူအဆသည် ဥပနိသျှဒ် ကျမ်းလာ ဓေတ္တဒဿန အမြင်၏ ယုတ္တိနည်းကျ အထွတ်အထိပ်သို့ ဆိုက်ရောက်ခြင်း သဘော ဖြစ်၏။

ဝေဒန္တ သုတ္တန်၏ အဋ္ဌကထာကို သံကာရာစရိယသည် အေဒီ ၈၀၀ လောက်က ရေးသားခဲ့လေသည်။

ရာမာနုဂျာမှာ နောက် အနှစ် သုံးရာခန့် နောက်ကျသည်။ ရာမာနုဂျာသည် ဗိဿနိုး ကိုးကွယ်သူ ပညာရှင်များအနက် အလွန် ထင်ရှား ကျော်ကြားခဲ့သော ပဏ္ဍိတ် တစ်ဦး ဖြစ်၏။ သူက ဗိဿနိုးသည်သာ တစ်ခုတည်းသော အစစ်အမှန် တရားကြီး ဖြစ်ကြောင်း ဖော်ပြ၍ လူအများ လက်ခံယုံကြည်လာအောင် ဥပနိသျှဒ် ကျမ်းများကို ပြန်လည်၍ အဓိပ္ပာယ် ဖွင့်ဆိုချက်များ ရေးသားခဲ့သူ ဖြစ်လေသည်။

သူလည်း ဓေတ္တ အယူဝါဒကိုပင် ယူခဲ့သူ ဖြစ်၏။ ထိုအခါမှ စ၍ ဤစနစ်ကို အဒွိယတ ဝေဒန္တ ဟူသော အမည်ကို တွင်စေခဲ့၏။

သူ့ အမြင်တွင် ရူပ လောက၊ ပုဂ္ဂလိက ဝိညာဉ်နှင့် အဆုံးစွန် ဖြစ်သော ပရမတ္တ သစ္စာ ထာဝရ ဘုရား ဗြဟ္မာကြီးတို့သည် တစ်ခုစီ သီးခြား အစစ်အမှန်များချည်းသာ ဖြစ်ကြသော်လည်း ၎င်းတို့သည် တစ်မျိုး တစ်စားတည်း တစ်သဘောတည်းသာ ဖြစ်သည်ဟု ယူဆခဲ့ပေသည်။ ရုပ်လောကနှင့် ပုဂ္ဂိုလ် သတ္တဝါတို့သည် ဗြဟ္မာကြီး၏ ပုံသဏ္ဌာန်ကို ဖော်ဆောင်ချက်များသာ ဖြစ်ကြကုန်သည်ဟု သူ ယူဆခဲ့လေသည်။

ထိုအကြွင်းမဲ့ အစစ်အမှန် တရားကြီးသည် ပုဂ္ဂိုလ်ဒြပ် ရှိသော အရာ ဖြစ်၏။ ဒြပ်မဲ့ ပုဂ္ဂိုလ်မဲ့ သဘောကြီး သက်သက် မဟုတ်ချေ။ သူ၏ အမည်သည် ဗိဿနိုး ဖြစ်၏။ အကျဉ်းချုပ်အားဖြင့် ဗိဿနိုးသည်ပင် ဗြဟ္မာကြီး ဖြစ်တော့၏။ ထိုဗြဟ္မာကြီးသည် ကြီးကျယ် ခမ်းနားသော နတ်ဘုံ နတ်နန်း နတ်ပြည်တွင် နေတော်မူသည်။ သူ၏ အဖြစ်ကို သူ ဖန်ဆင်းအပ်သော လောကတွင် ယေဘုယျအားဖြင့် ဖော်ထုတ် ပြသထားသည်။

အထူးသဖြင့် သူ၏ ကိုယ်ပွား လူဝင်စား ဘုရား 'အဝတာရ' များအားဖြင့် ဖော်ပြကြသည်။ အဝတာရများသည် ဤ လောက၌ ဘုရား ဝင်စားအပ်သော လူ တိရစ္ဆာန် စသည်များ ဖြစ်ကြသည်။

ဆောင်ချက်များကြောင့် ဖြစ်၏။ အဝိဇ္ဇာက လောက၏ အရိပ်အယောင် သဘောကို အစစ်အမှန်ဟု ထင်မြင်အောင် လှည့်စားနေပုံမှာ ညရီဆည်းဆာ အချိန်တွင် လမ်းဘေး၌ ကျနေသော ကြိုးစကို မြွေဟု ထင်မြင်စေသကဲ့သို့ ဖြစ်၏။ အဝေး၌ ရှိသော မှတ်တိုင်ကို ညရောင်တွင် လူဟု ထင်မြင်စေသကဲ့သို့ ဖြစ်၏။ ထိုကဲ့သို့သော အခြေအနေတွင် ကြိုးစကို မြွေဟု ထင်မြင်ခြင်း၊ လမ်းမှတ်တိုင်ကို လူဟု ထင်မြင်ခြင်း၊ ထိုသို့ ယုံကြည် စွဲလမ်းခြင်းသည် ဆင်ခြင်ဉာဏ် မသုံးဘဲ မာယာ၏ ကျော့ကွင်း၌ အမိခံရခြင်းပင် ဖြစ်၏။

မာယာသည်ကား ဝိပလ္လာသ ခေါ်သော ထင်မှား မြင်မှား သဘောများကို လုပ်ဆောင်သော လက်သည်ပင် ဖြစ်၏။

ထို့ကြောင့် ပုဂ္ဂလိက လူသား၏ ဝိညာဉ်ကို အစစ်အမှန်ဟု ထင်မြင် ယူဆ၍ ယုံကြည်ခြင်းသည် မာယာလောကထဲသို့ ကျရောက် သွားခြင်းပင် ဖြစ်ပေသည်။ ထိုအခါ ရရှိသော အသိဉာဏ်ပညာသည်လည်း အောက်တန်းစား အသိပညာသာ ဖြစ်၏။ သို့သော် ကျွန်ုပ်တို့၏ သီးခြား ဝိညာဉ်များသည်၊ သီးခြား အတ္တ သဘာဝသည် ဗြဟ္မ အတ္တမံ၏ သဘောနှင့် ထပ်တူထပ်မျှပင် ဖြစ်သည်ဟု သိမြင်ခြင်းသည်သာ အမှန်တရားကို သိမြင်ခြင်း ဖြစ်၍ အဆင့်မြင့် အသိဉာဏ်ပညာ ဖြစ်ပေတော့သည်။

အလားတူစွာ အာရုံသိ လောကထဲရှိ အရာဝတ္ထုများကို အချိန် ကာလနှင့် နေရာ ဌာနအားဖြင့် သိမြင်နေခြင်း သဘောကို အကြင်သူသည် ဣဿရ ဖန်ဆင်းရှင် ဖန်ဆင်းသော အစစ်အမှန်များ အဖြစ် မှတ်ယူ၍ ၎င်းတို့ကို ဗိဿနိုး၊ သီလ၊ ရာမ စသော နာမည်များဖြင့် ရှိခိုး ပူဇော် ဝတ်ပြုလျှင်ကား အဝိဇ္ဇာက ဖန်ဆင်းသော မာယာ ဝိပလ္လာသများမှာ တစ်ဆင့် အကြွင်းမဲ့ အထွတ်အမြတ် အမှန်တရားကို သိမြင် နားလည်ရာ ရောက်ပေတော့သည်။

အစစ်အမှန် တရား ဖြစ်သော ဗြဟ္မ အတ္တမံကား တစ်ခုတည်းသော အမှန်တရား အဖြစ် တည်ရှိ၏။ ဗြဟ္မ အတ္တမံ၌ နေရာ ဌာန သဘော မရှိ၊ အချိန်ကာလ သဘော မရှိ၊ ထာဝရ တည်မြဲ၏။ ဥပနိသျှဒ်ထဲတွင် ထိုသဘောကို မှန်ကန်စွာ ဖော်ပြထား၏။ 'တတ္တဝံ အသိ' ဟူ၍ ဖော်ပြထားသည်။ ထိုအရာသည် သင် ဖြစ်၏ဟု အနက် ရ၏။

အဖန်တလဲလဲ မွေးဖွားခြင်းဖြင့် ကျင်လည်ကြရသော ဘဝ သံသရာစက်မှ လွတ်မြောက်ရေးမှာ အဝိဇ္ဇာ မျက်နှာဖုံးကို ဖယ်ခွာပစ်ခြင်းဖြင့်သာ ဖြစ်နိုင်ပေသည်။

ဤလောက၌ ဗြဟ္မာကြီးသည် တိရစ္ဆာန် အသွင်ဖြင့်လည်း ဝင်စားသည်။ လူသား အသွင်ဖြင့်လည်း ဝင်စားသည်။ ထိုဘုရား ဝင်စားသော ပုဂ္ဂိုလ် သတ္တဝါများ အားလုံးကိုပင် အဝတာရဟု ခေါ်ရသည်။ ထိုအဝတာရများက သတ္တဝါတို့ အတိ ဒုက္ခ ရောက်သော အခါ ကယ်တင်ကြသည်။

ထို့ကြောင့် လူသား၏ ဘဝ ပန်းတိုင်သည် ဗိဿနိုးကို သင့်မြတ်သော ပူဇော် သက္ကာရမှုဖြင့် ဆုတောင်းပတ္ထနာ ပြုခြင်း (ဘတ္တိ) ကို ပြုသူသည် ပုဂ္ဂိုလ် ဒြပ်မဲ့ အကြွင်းမဲ့ သဘော၌ ချုပ်ငြိမ်း ပပျောက်သွားသည့် သဘောမဟုတ်၊ နတ်ပြည်သို့ ရောက်၍ ဗိဿနိုး၏ ရှေ့မှောက်တွင် နတ်စည်းစိမ်ကို အပြည့်အဝ ခံစားရရေးပင် ဖြစ်ပေတော့သည်။

ရာမာနုဂျာ၏ ဝေဒန္တ အယူအဆသည် ဗိဿနိုး ကိုးကွယ်သူများ အပေါ်မှာသာ ကြီးမားသော ဩဇာ သက်ရောက်မှု ရှိခဲ့သည် မဟုတ်၊ အိန္ဒိယ တစ်ပြည်လုံး အပေါ်မှာပင် ဩဇာ ကြီးမားခဲ့လေသည်။

ခေတ်သစ် အတွေးအခေါ် လွတ်လပ်မှု အတွက် လှုပ်ရှားသူများ၏ ယေဘုယျ သဘောထားမှာ ရာမာနုဂျာကို လိုလား ထောက်ခံသော သဘော ရှိကြလေသည်။

## ၅။ အများကြိုက် ဟိန္ဒူ ဘာသာ

ဟိန္ဒူ ဘာသာဝင် လူများစုသည် ဟိန္ဒူ ဘာသာကို ကိုးကွယ် နေကြစေကာမူ ယခု ကျွန်ုပ်တို့ တင်ပြခဲ့ပြီးသော ဟိန္ဒူ ဘာသာရေး ဆိုင်ရာ အယူအဆများကို ရှင်းရှင်းလင်းလင်း နားလည် သဘော ပေါက်ကြသည် ဟူ၍ကား မဆိုနိုင်ပေ။ သူတို့သည် မိမိတို့ ဒေသ အလိုက် ရိုးရာ ထုံးစံများ အတိုင်း လိုက်နာ လုပ်ဆောင်နေကြခြင်းကိုပင် ဘာသာတရား၌ ကိုင်းရှိုင်းနေခြင်း ဖြစ်သည်ဟု ယုံကြည်ထားကြပေသည်။

သူတို့သည် မိမိတို့၏ နတ်ကိုလည်း ကိုးကွယ်ကြသည်။ လူရိုင်းတို့၏ နတ်ရုပ်ကြီးများကိုလည်း ကိုးကွယ်ကြသည်။ ဆိုက်ဗေးရီးယား ပြည်သားတို့ ကိုးကွယ်သော နတ်မျိုးကိုလည်း ကိုးကွယ်ကြသည်။ မိစ္ဆာ နတ်ဆိုးများကိုလည်း ကိုးကွယ်ကြသည်။ တိရစ္ဆာန်ကိုလည်း ရှိခိုး ကိုးကွယ်ကြသည်။ အစောင့်နတ်၊ ကွင်းပိုင် နယ်ပိုင်များကိုလည်း ကိုးကွယ်ကြသည်။

တချို့ကလည်း ဟိန္ဒူ ဘာသာက လက်ခံထားသော အဆင့်မြင့် နတ်ဘုရားများ ဖြစ်သော ဗိဿနိုး၊ ဗြဟ္မာကြီး၊ သီဝ၊ ရာမ၊ ကရိသျှနားတို့ကိုပါ ကိုးကွယ်ကြသည်။ တချို့ကမူ မကိုးကွယ်ကြ။ မိမိတို့ ဒေသ အလိုက် ရိုးရာ နတ်များကိုသာ ကိုးကွယ်ကြသည်။

လွန်ခဲ့သော အတိတ် ကာလက အိန္ဒိယပြည်ကို အုပ်စိုးသော ဗြိတိသျှ အုပ်ချုပ်ရေး အရာရှိများက ၎င်းတို့၏ အစီရင်ခံစာများတွင် အောက်ပါ အတိုင်း ရေးသား ဖော်ပြထားကြသည်ကို တွေ့ရသည်။

'သာမန် ကျေးရွာသား တစ်ဦးသည် သူ၏ နေ့စဉ် ဘဝတွင် နောင်ဖြစ်မည့် ဘဝ အရေး ကိစ္စကိုလည်း မစဉ်းစားကြ။ သူတို့သည် မိမိတို့ ရွာက ကိုးကွယ်နေသော နတ်များကို ကိုးကွယ်ရခြင်းဖြင့်ပင် ကျေနပ်ရောင့်ရဲနေကြသည်။ သူတို့ အဖို့ မိုးကောင်းဖို့၊ သီးနှံဖြစ်ထွန်း အောင်မြင်ဖို့၊ ပလိပ် ရောဂါ၊ ဝမ်း ရောဂါ၊ ကျောက် ရောဂါ စသော ကပ်ရောဂါ အန္တရာယ်များမှ လွတ်မြောက်ဖို့လောက်သာ အရေးကြီးပေသည်။ ကျေးလက် ဒေသများ၌ ဝေလေ့ ဘာသာအားဖြင့် ယုံကြည် ကိုးကွယ်မှု ဘာသာ နှစ်မျိုး ရှိသည်။ တစ်မျိုးမှာ နေ့ဖို့ ညစာ ပြည့်စုံရေး အတွက် ကိုးကွယ်သော ဘာသာနှင့် ဗြာဟ္မဏများသာ သိသော အဆင့်မြင့် ဘာသာ ကိုးကွယ်မှုတို့ ဖြစ်ကြပါသည်။ ဗြာဟ္မဏတို့ ကိုးကွယ်သော ဘာသာကို လူပြိန်း အရပ်သားများက နားလည်ရန်လည်း မကြိုးစားကြပေ။'

တချို့ အရပ်ဒေသများတွင်မူ ဟိန္ဒူ ဘာသာ တည်ရှိသည် ဟူ၍ပင် ပြောဖို့ ခက်လှသည်။ ဟိန္ဒူ ဘာသာ အစားရှေးခေတ် လူသားများ ကိုးကွယ်ခဲ့ကြသော နတ် ကိုးကွယ်မှု သဘောလောက်သာ ရှိကြလေသည်။ ဤတစ်ဆင့်ခံ ဟိန္ဒူ ဘာသာ ကိုးကွယ်မှုကို သန်း လေးဆယ်ကျော် ရှိသော ဇာတ်မဲ့ ဇာတ်နိမ့်များက ကိုးကွယ်နေကြသည်။

အိန္ဒိယပြည်တွင် လူများစုသည် ရှေးအယူမှန် အစွဲသန် ဟိန္ဒူဘာသာကို ရေးကျသော လူများ ကိုးကွယ်ခဲ့ကြသည့် ၎င်းတို့ ဒေသဆိုင်ရာ ရိုးရာ နတ် ကိုးကွယ်မှုနှင့် ပူးတွဲ၍

ကိုးကွယ်ကြလေသည်။ ရွာ တစ်ရွာတည်းမှာပင် ဟိန္ဒူ ဘာသာဆိုင်ရာ နတ်ကြီးများကို ကိုးကွယ်သော နတ်ကွန်း ဗိမာန်များလည်း ရှိသည်။ ထိုနတ်ကွန်းများ၌ ဗြာဟ္မဏ ပုဏ္ဏားများက ဦးဆောင်၍ ဝတ်ပြု ပူဇော်မှုများကို စနစ် တကျ ပြုလုပ်ပေးလျက် ရှိသည်။ ထိုနတ်ကွန်း နတ်ဗိမာန် ကြီးများ ဘေးမှာ ယှဉ်လျက်ပင် ရွာစောင့်နတ်၊ ကွင်းစောင့် နတ် စသည့် ရိုးရာ နတ်များကို ကိုးကွယ်သော လမ်းဘေး ကျောက်တုံးများ၊ သစ်ပင်များ၊ နတ်စင်ငယ်များလည်း တည် ရှိ နေပေသည်။

ထိုနတ်စင်များတွင် ရွာသားများသည် သူတို့ ကိုယ် တိုင် နတ်ဆရာ ဘုန်းကြီးများ အကူအညီ မပါဘဲ ဝတ်ပြု ပသ ကိုးကွယ်နေကြလေသည်။

ဤကဲ့သို့ ကျေးရာ ကြုံရာ နတ်များကို ကိုးကွယ်နေ ခြင်းကို ဗြာဟ္မဏ ပုဏ္ဏားများက ဘာမျှ မပြော။ သည်းခံ၍ နေကြသည်။

သို့သော် ဗြာဟ္မဏ ပုဏ္ဏားများက ထိုအောက်နတ် ကိုး ကွယ်သူများနှင့်ကား ကင်းကင်းကွာကွာ နေတတ်ကြသည်။

## မဟာ တြိမုတိ

'တရိမိုတီ' ဆိုသည်မှာ သုံးပါးပေါင်းမှ တစ်ပါးဖြစ်သော ဘုရားကို ဆိုလိုသည်။ ဟိန္ဒူ ဘာသာဝင်များတွင် အား လုံးက လက်ခံထားသော အချက်မှာ သုံးပါးပေါင်း တစ်ပါး ဖြစ်သော 'မဟာ တရိမိုတီ' ဘုရားပင် ဖြစ်သည်။

၎င်းမှာ ဖန်ဆင်းရှင် ဗြဟ္မာ၊ ဖျက်ဆီးရှင် သိဝနှင့် စောင့်ရှောက်သော အရှင် ဗိဿနိုး သုံးပါးပေါင်း တစ်ပါး ဟု ယူသော ဘုရား ဖြစ်သည်။ ၎င်းကို ဟိန္ဒူ ဘာသာ အခေါ်အဝေါ်အားဖြင့် 'တရိမုတိ' ဟု ခေါ်သည်။ သုံးပါး ပေါင်း တစ်ပါး ဖြစ်သော 'တရိမုတိ' ဘုရားကို အသိ အမှတ် ပြု၍ ကိုးကွယ်သူများသည် ဗြာဟ္မဏ ပုဏ္ဏားများ ဖြစ်ကြသည်။

ဤစကြဝဠာ၏ ဘောင် အတွင်း၌ ဤသုံးပါးပေါင်း တစ်ပါး ရသော ဘုရားသည်သာ အစစ် အမှန် သဘော အတွက် ရပ်တည်နေသည်ဟု ဆိုသည်။

အိန္ဒိယ ပြည်သား လူပြိန်း သန်းပေါင်း များစွာက လည်း သုံးပါးပေါင်း တစ်ပါး ဖြစ်သော ဘုရားကို ယုံကြည် လေးစားစွာ ပူဇော် ပသကြသည်။

ကာလ ကြာမြင့်သော အခါ ဤ သုံးပါးပေါင်း တစ် ပါး ဖြစ်သော ဟိန္ဒူ နတ်ဘုရားက ဒေသဆိုင်ရာ ရှေးခေတ် လူသားများ ကိုးကွယ်သော နတ်များ၏ အလုပ် ကိစ္စများကို သိမ်းသွင်း ယူလိုက်ကြသည်။

ဗြာဟ္မဏ ပုဏ္ဏားများက ဒေသဆိုင်ရာ နတ်များ တည်ရှိသည် ဆိုသော အချက်ကို ဆင်ခြင်တုံ တရားနှင့် အညီ အောက်ပါအတိုင်း ရှင်းလင်း ဖော်ပြကြသည်။

ပုဂ္ဂိုလ်ဒြပ် အသွင် ကင်းသော ဗြဟ္မံ အတ္တမံ ဓာတ် ကြီးသည် တရိမုတိ သဘောကို ပုဂ္ဂိုလ် သတ္တဝါ အသွင် ဖြင့် ဖော်ပြသည်။ ထိုဗြဟ္မာ သိဝနှင့် ဗိဿနိုး နတ်ကြီး များသည် ဖန်ဆင်းခြင်း သဘော၊ ဖျက်ဆီးခြင်း သဘော နှင့် ကာကွယ် စောင့်ရှောက် သိမ်းဆည်းခြင်း သဘောများ ကို အသီးသီး ဖော်ဆောင်ကြရသည်ဟု ရှင်းပြကြသည်။

## ဗြဟ္မာကြီး

မဟာ နတ်ကြီး သုံးပါး အနက် ဗြဟ္မာကြီးသည် ဖန်ဆင်း သော အရှင် ဖြစ်သည်။ ၎င်းကို ကိုးကွယ် ဆည်းကပ်မှု အနည်းဆုံး ဖြစ်သည်။ ဗြဟ္မာကြီး သက်သက် ကိုးကွယ် သော နတ်ဗိမာန် ဝတ်ပြုရာ ဌာနသည် ဒါဇင်ဝက်ခန့်ပင် မရှိတော့ပေ။ ထိုဗြဟ္မာကြီးသည် ရှေးခေတ်က လူများ ကိုးကွယ်ခဲ့ကြသော ကောင်းကင်ဘုံ၌ စံနေတော်မူသော နတ်ဘုရားနှင့် တူသည်ဟု နှိုင်းယှဉ်အပ်ပေသည်။

ထိုဗြဟ္မာကြီးသည် ဖန်ဆင်းခြင်း ကိစ္စကို ဆောင်ရွက် ပြီးစီးသော အခါ သူ့ အနေနှင့် လူ့ပြည် လောက၌ လုပ် စရာ ဘာမျှ မရှိတော့ပေ။ သို့သော် ထိုဗြဟ္မာကြီးကို နက် ရှိုင်းစွာ လေးစားသည့် သဘောကား ရှိပါ၏။ အနုပညာ နယ်တွင် ဗြဟ္မာကြီး၏ ပုံကို မင်းစိုးရာဇာတို့၏ အဆောင် အယောင်ဖြင့် သရုပ်ဖော်ကြသည်။ ဗြဟ္မာကြီး ရုပ်တုတွင် ဦးခေါင်း လေးခု ပါသည်။ ဝေဒ ကျမ်းများကို ပြင်းပြင်း ပြပြ ဖတ်ရှုနေသည်။ ငန်းဖြူကို စီးသည်။ လူ့ လောကနှင့် ကင်းကင်းကွာကွာ နေခြင်း သင်္ကေတ ဖြစ်သည်။

## သိဝ

သိဝသည် အာရှတိုက်သားများ ကိုးကွယ်သော အရေး ပါ သော ဘုရားကြီးများ အနက် တစ်ပါး ဖြစ်သည်။ ၎င်းကို ကိုးကွယ်ကြသူများက သိဝကို 'မဟာ ဒေဝ' ဟူသော ဘွဲ့ ကိုလည်း ပေးထားကြသည်။ 'နတ်မင်းကြီး' ဟု အဓိပ္ပာယ် ရသည်။ သိဝ၏ စရိုက် လက္ခဏာများမှာ အလွန် ရှုပ်ထွေး သည်။ စိတ်ဝင်စားဖွယ် ကောင်းသော အချက်များလည်း

အချို့ ပါဝင်သည်။ ဝေဒ ခေတ်က ကိုးကွယ်ခဲ့ကြသော ရုဒ္ဒနတ်၏ နောက်ပိုင်း ခေတ်၏ အသွင်အပြင်သည် သိဝ ဖြစ်သည်။ သူသည် ဖျက်ဆီးခြင်းကို ဆောင်သူ အဖြစ် တည်ရှိဆဲ ဖြစ်သည်။

ယဇုဝေဒ ကျမ်းတွင် ဆိုသော စကားများ အရ သူသည် ခြိမ်းခြောက်သူ၊ သတ်ဖြတ်သူ၊ နှိုးဆွသူ၊ အတိ ဒုက္ခ ရောက်စေသူ ဖြစ်သည်။ သူ၏ မျက်မှောက်ထင်ရှား ရှိနေခြင်းကို သစ်ရွက် ကြွေခြင်းဖြင့် သိမြင်ရာသည်။ သူကား ရောဂါကို ဆောင်သူ၊ မရဏကို ဆောင်သူ၊ လူကို သေစေသူ ဖြစ်သည်။ မီး သဂြိုဟ်ရာ အရပ်၌ သူ ရှိနေခြင်းကို သိမြင်ရာသည်။ ထိုနေရာ၌ သူ့ကို ဂုဏ်ပြု ချီးမွမ်းရာသည်။ သို့သော် သူသည် မကောင်းဆိုးဝါး နတ်မျိုးကား မဟုတ်ပေ။

သူ၏ အမည်က သူသည် မင်္ဂလာ အပေါင်းကို ပြည့်စုံစေနိုင်ကြောင်းကို ဖော်ပြလျက် ရှိသည်။ သိဝသည် ချမ်းသာခြင်း အနက်လည်း ရသည်။

ဤအမည်ကို သူ့အား ပေးခြင်းနှင့် ပတ်သက်၍မူ စိတ်ဝင်စားစရာ တွေးခေါ်ဖွယ် အချက် အချို့ ရှိသည်။ ဝေဒခေတ် အဆုံး၌ ရုဒ္ဒကို အလွန် ကြောက်ရွံ့ခဲ့ကြဟန် တူသည်။ သူ့အမည်ကိုပင် မဖော်ပြဝံ့ခဲ့ကြပေ။ နောက်ဆုံးတွင် ရုဒ္ဒကို ကိုယ်စားပြု၍ ဖော်ပြရန် အတွက် သိဝ ဟူသော ဘွဲ့အမည် ပေါ်ပေါက်လာခြင်း ဖြစ်၏။

သိဝဟု အမည် ပေးခြင်းမှာ ကောင်းကျိုး ချမ်းသာ မင်္ဂလာ သဘောကို ဆောင်ခြင်းမျှ မကဘဲ သူ့ကို ကြောက်လန့်၍ မြှောက်ပင့်သော သဘောဖြင့် ဤ ဘွဲ့အမည်ကို ပေးခြင်းလည်း ဖြစ်နိုင်သည်။

ထို့ပြင် သိဝမှာ အပြု သဘော ဆောင်သော ကူညီမစသည့် သဘောများလည်း ရှိကြောင်း ယုံကြည်ဖွယ် အကြောင်းများလည်း ရှိပေသည်။

မူလ အစက သူသည် တောင်စောင့်နတ် ဖြစ်သည်။ လွင်ပြင်များသို့ ချင်းနင်း ဝင်ရောက်၍ အပြစ် ဒဏ်ခတ် ဖျက်ဆီးသော နတ် ဖြစ်၏။

သို့သော် တောတောင်သို့ ဝင်ရောက်ပြီး ခိုလှုံရာ အရပ် ပြုသူများက သူ၏ ကြင်နာသော စောင့်ရှောက်မှုဖြင့် လူသားတို့၏ ရောဂါ အနာများကို ကုသနိုင်သော ဆေးဖက်ဝင် အပင်များကို စိုက်ပျိုး ရရှိနိုင်ကြောင်း တွေ့ရှိခဲ့ကြလေသည်။

သို့ဆိုလျှင် သိဝသည် အဖျက် လုပ်ငန်း သက်သက်ကိုသာ ပြုလုပ်သည်ဟု ယူ၍ ဖြစ်ပါမည်လား။

တစ်ခါတစ်ရံ၌ သူ၏ လာရောက်ခြင်းသည် ဆိုးမလိုလိုနှင့် ကောင်းကျိုး ဖြစ်ရန် အတွက် ဖြစ်နေသည် မဟုတ်ပါလော။ တဖြည်းဖြည်းနှင့် သိဝ၏ ဖျက်ဆီးခြင်းသည် အသစ် ဖန်တီး ဖြစ်ပေါ်မှု အတွက် နေရာပေးသည့် သဘောဖြင့် ပြုလုပ်နေခြင်းသာ ဖြစ်ကြောင်း ခံစား သိမြင်လာကြလေတော့သည်။

သူ့ကို သစ်ရွက် ကြွေခြင်း၌ တွေ့မြင်ရသည်ကား မှန်၏။ သို့တစေ သူသည် မျှော်လင့်ချက်ကို ပြည့်စုံစေခြင်းနှင့် လည်း သက်ဆိုင်ပေသည်။

ကဗျာ ဆရာ ရှယ်လီ ပြောသလို 'ဆောင်း ရောက်သော အခါ နွေဦး ကာလသည်လည်း နောက်မှာ ရှိနေစမြဲပင်' ဆိုသကဲ့သို့ ဖြစ်၏။

ထို့နောက် အဖျက်သဘော သက်သက် ဆိုလျှင်လည်း အပူပိုင်း ဒေသ နိုင်ငံများတွင် ကြာရှည်ခံသော အကျိုး ရလဒ်ကို ခံစားရမည် မဟုတ်ပေ။ ဟင်းသီး ဟင်းရွက်ပင်များ အိုမင်း ရင့်ရော် သေဆုံးခြင်းသည် ဘဝသစ် ဖန်တီး ဖြစ်ပေါ်လာရေး၏ ရှေ့ပြေး နိမိတ်ပင် ဖြစ်၏။ ပို၍ အားသန်သော အပင်များ ပေါက်ရန် အတွက် မြေဆွေးကို ရရှိခြင်း ဖြစ်ပေသည်။

ထို့ပြင် ပြန်လည် မွေးဖွားခြင်း သဘောကို လက်ခံထားသော တိုင်းပြည်တွင် သေခြင်းတရားသည် ဘဝသစ်၌ ပြန်လည် ဖြစ်ထွန်းရေး အတွက် ဘဝဟောင်းက ထွက်မြောက်ခြင်းလည်း ဖြစ်ပေသည်။ သိဝ၏ လုပ်ဆောင်ချက်များကို ပို၍ အဓိပ္ပာယ် ရှိသော ချဲ့ထွင်မှု ပြုနိုင်ပေသည်။

သူသည် သက်ရှိ လောက၌ ပြန်လည် မွေးဖွားခြင်း သဘော အားလုံးနှင့် ထပ်တူ ဖြစ်ပေသည်။ သစ်ပင်များ ပြန်ပေါက်ခြင်း၊ တိရစ္ဆာန်များ မျိုးပွားခြင်း၊ လူများ မျိုးပွားခြင်း အားလုံးသည် သိဝ၏ ကျေးဇူး မကင်းပေ။

ဤမျိုးပွားခြင်း အတွက် လိုအပ်သော လိင်စွမ်းအားကို သရုပ်ဖော်သောအားဖြင့် သူ့ကို ကိုးကွယ်ရာ အရပ်ဝတ်ကျောင်းတိုင်းတွင် သိဝလိင်္ဂကို သင်္ကေတ ပြု၍ ဖော်ပြထားကြသည်။

ထိုသင်္ကေတများ အနက် ထင်ရှား၍ အဓိကကျသော အမှတ်အသားများမှာ လိင်္ဂနှင့် ယောနိ (ယောကျ်ား အင်္ဂါ၊ မိန်းမ တန်ဆာ) တို့ ဖြစ်ကြလေသည်။ ဤ သင်္ကေတများသည် လူပြိန်း အမြင်တွင်သာ ယောကျ်ား တန်ဆာ၊ မိန်းမ တန်ဆာ အသွင်ကို ဆောင်သော်လည်း နက်ရှိုင်းသော သဘော၌ ဘုရားသခင်၏ ဖန်ဆင်းခြင်း စွမ်းအားကို ဖော်ဆောင်ပေသည်။

သီ၀ ကိုးကွယ်သူများသည် အိမ်မှာ ဖြစ်စေ၊ ဝတ်ကျောင်းများမှာ ဖြစ်စေ ဤ သင်္ကေတပြု လိင်္ဂယောနိများကို အလွန် ကြည်ညို လေးစားသော စိတ်ဖြင့် ချဉ်းကပ်ပူဇော်တတ်ကြသည်။

ထို့နောက် ဤ အယူအဆနှင့် ပေါင်းစည်း၍ ဆက်လက် တိုးတက် ဖွံ့ဖြိုးလာသော အယူအဆမှာ သီ၀သည် အသက် ဇီ၀နှင့်လည်း သက်ဆိုင်ပေသည်။

သီ၀သည် အသက်ဇီ၀ ဓာတ်ကြီး ဖြစ်သည်ဟု ယူဆခြင်း ဖြစ်သည်။ သူ့ပုံကို မိစ္ဆာ နတ်ဆိုး၏ တွန့်လိမ်နေသော ကိုယ်ပေါ်တွင် ကနေဟန် ထုလုပ်ကြသည်။ လက်လေးဖက်ကို လေတွင် မြှောက်၍ လှပစွာ ကနေဟန် ဖြစ်သည်။ လက်တစ်ဖက်တွင် ဗုံငယ် တစ်ခုကို ကိုင်လျက်၊ အခြား လက်တစ်ဖက်တွင် မီးလျှံ သို့မဟုတ် အသွား သုံးချောင်း ပါသော မှိန်းကို ကိုင်လျက်၊ သူ့ခေါင်းပေါ်မှာ ဆန်းစလငယ်ကို တင်ထားလျက်၊ သူ့ဆံပင်မှာ ဂင်္ဂါ မြစ်ရေများ စီးဆင်းလျက်၊ သူ့ တစ်ကိုယ်လုံးသည် အလွန် အားသန်စွာ ကနေခြင်း ဖြစ်၏။

ဤသီ၀၏ ကပ်ဟန်သည် မွေးဖွားခြင်း ဓာတ်နှင့် သေဆုံးခြင်း မရဏကို စက်လှည့်နေဟန် ဖြစ်သည်ဟု ယုံကြည်သူများ၏ စိတ်မှာ ခံစားကြရလေသည်။ အခြားသော ရှင်သန်ခြင်း သဘောကိုလည်း သီ၀၏ ကိုယ်တွင် ဖော်ပြထားကြသည်။ ၎င်းမှာ သူ၏ နဖူး အလယ်တွင် ထောင်လိုက် ဖော်ပြထားသော တတိယ မျက်လုံး မြွေကို လည်ဆွဲ ပြုထားသော ပြာသော လည်ပင်းတို့ ဖြစ်ကြသည်။

တချို့သော သီ၀ ရုပ်တုများတွင် မျက်နှာ ငါးခုခြောက်ခု ပါလေ့ ရှိ၏။ မျက်နှာထား တစ်ခုနှင့် တစ်ခု မတူ ကွဲပြား ခြားနားကြသည်။ ထိုမျက်နှာများ အားလုံးကို စုပေါင်း၍ အဓိပ္ပာယ် ဖော်လိုက်လျှင် သူ၏ ဂုဏ်သတ္တိ အမျိုးမျိုး၊ စွမ်းအား အမျိုးမျိုးကို သရုပ် ဖော်ပြခြင်း ဖြစ်သည်ကို နားလည်ရသည်။

ပထမဆုံး အမြင်မှာ အံ့ဖွယ် ဖြစ်သည်။ သီ၀သည် ရသေ့၊ သူတော်စင်များ၏ အကြီးအချုပ် နာယက ဖြစ်သည် ဆိုသော အချက် ဖြစ်သည်။ တစ်ခါတစ်ရံ သူ့ပုံကို ဈာန်သမာပတ် ဝင်စားနေဟန် ဖော်ပြတတ်ကြသည်။ သူ၏ ကိုယ်လုံးတီး ကိုယ်ကို ပြာများဖြင့် သုတ်လိမ်းထားသည်။ သူ့ဆံပင်ကိုလည်း ရသေ့ကြီးများ၏ ဆံပင်လို ထုံးဖွဲ့ထားသည်။

သူ့ကို ရသေ့ သူတော်စင် အသွင်ဖြင့် ဖော်ဆောင်ခြင်း၌ ထားအပ်သော ဆင်ခြင်ပုံမှာ ဤသို့ ဖြစ်တန်ရာသည်။

ရသေ့ သူတော်စင်တို့သည် မိမိတို့၏ နိမ့်ကျသော အတ္တကို ဖျက်ဆီး၍ မြင့်မားသော အတ္တ ၀ိညာဉ် ဖြစ်အောင် ဖော်ဆောင်ခြင်း သဘောကို ဖော်ခြင်း ဖြစ်နိုင်သည်။ ခန္ဓာကိုယ်ကို ချုပ်တည်း၍ ၀ိညာဉ်ကို လွတ်မြောက်စေခြင်း သဘော၊ လောကီနှင့် ဆိုင်သော တဏှာ သံယောဇဉ် မှန်သမျှကို အမြစ်မှ ပယ်လှန် နုတ်ပစ်ခြင်း သဘောတို့ ဖြစ်နိုင်သည်။ ရလဒ်မှာ တန်ခိုး သိဒ္ဓိ မဟိဒ္ဓိများကို ရရှိလာခြင်း ဖြစ်၏။ ထို့ကြောင့် သီ၀သည် ရသေ့ သူတော်စင်များ၏ ဘက်တွင် တည်ရှိနေလေသည်။

ဤအချက်ကို ဆာ ချားလ်စ် အီးလယော့က ဤသို့ ဖော်ပြထားပေသည်။

အတွေးအခေါ် ဒဿန တစ်ရပ် အနေနှင့် သီ၀ ကိုးကွယ်မှုတွင် သစ္စာတရားနှင့် စွမ်းအားများ ပါရှိပေသည်။ ဤ ကိုးကွယ်မှုသည် အကောင်းဆုံး ပုံလွှာကို ဖော်ပြနိုင်သည်။ စကြ၀ဠာကို စိုးမိုးသော စွမ်းအား အဖြစ် ဖော်ပြရာ၌ မျိုးပွားခြင်း သဘောကိုရော ဖျက်ဆီးခြင်း သဘောကိုပါ ဖော်ပြထားပေသည်။

မျိုးပွားခြင်း အမှုကို ပြုလုပ်ခြင်းသည် ဖျက်ဆီးခြင်း သဘောကို ပြုလုပ်ရန်လည်း လိုအပ်လာပေသည်။ မျိုးပွားခြင်းနှင့် ဖျက်ဆီးခြင်း သဘော နှစ်ရပ်သည် အမှန်မှာ အနိစ္စ သဘော၏ ဘက်နှစ်ဖက်သာ ဖြစ်သည်။ ပြောင်းလဲခြင်း သဘောကို ဖြစ်ခြင်းနှင့် ပျက်ခြင်းသဘောအားဖြင့် ဖော်ပြရသည်။

ဖန်ဆင်းသူသည် ဖျက်ဆီးသူလည်း ဖြစ်ရပေသည်။ သို့သော် ဤသို့ ဖျက်ဆီးခြင်းသည် အမျက် ဒေါသကြောင့် ဖျက်ဆီးခြင်းကား မဟုတ်ပေ။ သဘာ၀ အလျောက် ပြုရခြင်း ဖြစ်၏။ ကြက်ကလေး ပေါက်ဖွားရန် အတွက် ကြက်ဥကို ဖျက်ဆီးရသကဲ့သို့သာ ဖြစ်ပေသည်။ ကလေး မွေးသော အခါ သန္ဓေသားသည် ဖြစ်တည်ခြင်း ပြီးဆုံးတော့သည်။ လူကြီး ဖြစ်လာသော အခါ ကလေး ဘ၀ ပျက်စီးသွားသကဲ့သို့ပင် ဖြစ်ပေသည်။

## သီ၀၏ ကြင်ရာတော်များ

သီ၀ နတ်မင်းကြီးသည် အသက် ဇီ၀၏ စွမ်းအင်ကို ပေးသော ပုဂ္ဂိုလ် ဖြစ်ကြောင်းကို သူ၏ ကြင်ရာတော် ဇနီးမယားများ၏ စရိုက်များဖြင့် သက်သေ ထင်ရှားစေသည်။ သူ၏ နတ်သမီး ကြင်ရာတော်သည် တစ်ဦးတည်း၌ ဖြစ်သော ပုဂ္ဂိုလ် အများ ဖြစ်၏။

အိန္ဒိယ နိုင်ငံ နေရာ ဒေသ အလိုက် နာမည်ကွဲ အမျိုးမျိုးကို ဆောင်ယူလျက် ရှိ၏။ တောင်ပေါ်သားများက ပါဘတီဟု ခေါ်ကြသည်။ သို့မဟုတ် ဉမ္မာ အလင်းရောင် ဟူသော အမည်ကိုလည်း ပေးကြသည်။ ထို့ပြင် ထိုနတ်သမီးကိုပင် ဒုရဂါ - မချဉ်းကပ်နိုင်သူ၊ စန္ဒီ - ရိုင်းစိုင်းသူ၊ ကာဠီ - မည်းနက်သူ စသည်ဖြင့်လည်း အမည် အမျိုးမျိုး ဖြင့် ခေါ်ကြသည်။

သူမသည် ကူညီ မစသူ၊ ပူဆွေး ဒုက္ခ ရောက်စေသူ၊ ထို့ပြင် ရုတ်တရက် ချက်ချင်း ကြမ်းကြုတ် ရက်စက်သူ၊ ရောဂါ အနာများကို ပြန့်ပွားစေသူ၊ သို့ဖြင့် လူတို့ကို ကြောက်လန့်အောင် ပြုသူ။ သို့သော် မိစ္ဆာ နတ်ဆိုးများ၏ ရန်ငြိုး မပြေသော ရန်သူကြီးလည်း ဖြစ်ပေသည်။

သူမအား ကိုးကွယ်သူများကိုမူ အကြင်နာ ထားသည်။ သို့သော် လူနှင့် တိရစ္ဆာန်များကို စားသောက်လေ့ ရှိသည်။ ဒုရဂါသည် အိန္ဒိယ နိုင်ငံရှိ ဓားပြများ၊ ကုလားဓားပြ၊ လူသတ်သမားများ၏ နာယကလည်း ဖြစ်သည်။

အသား မည်းသူ ကာဠီသည် သူ၏ လည်ပင်းတွင် ဦးခေါင်းခွံများကို လည်ဆွဲ အဖြစ် ဝတ်ဆင်သည်။ ထို့ပြင် သူမ၏ လက်လေးချောင်းကို ကောက်ရိုက်တံ အဖြစ် အသုံးပြုပြီး သူမ၏ သားကောင်များ၏ အသားများကို ပါးစပ်တွင်းသို့ မသွတ်သွင်းမီ တွန်းလှန် ဖြိုလှဲ ဖျက်ဆီးသည်။ သို့သော် သူမ ချစ်ခင် နှစ်သက်သူများနှင့် သူမကို ချစ်ခင်သူများကိုမူ အလွန် ရက်ရောသည်။ အလွန် ကြင်နာသနားသည်။ ဘင်္ဂလားနယ်တွင် ကာဠီကို မိခင်ကြီး အဖြစ် (မယ်တော်ကြီး အဖြစ်) ဖြင့် ကြည်ညိုကြလေသည်။

ဒေါက်တာ ရာဒါ ကာရစ်ရှနန်လို၊ ဆွာမိ ဝိဝေကနန္ဒလို ဉာဏ်ပညာ ကြီးမားကြသူများကပင် ကာဠီကို အလွန် ကြည်ညိုသောအားဖြင့် ပူဇော်၍ ဆုတောင်း ပတ္ထနာ ပြုခြင်း (ဘတ္တိ) ကို မပြတ် ပြုလုပ်ခဲ့ကြလေသည်။

သီဝ နတ်မင်းကြီးနှင့် အစဉ်သဖြင့် ရင်းနှီး ချစ်ခင်စွာ ပေါင်းသင်းသူမှာ *ဂနေရှ* [1] ဖြစ်သည်။ ဂနေရှသည် ဆင် ဦးခေါင်း လူကိုယ် ပါသော နတ်ဖြစ်သည်။ ဂနေရှ အပြင် နွားလှ ဥသဘ အဖြူ နန္ဒီသည်လည်း သူ့အနားမှာ အမြဲ ရှိသည်။

ဂနေရှသည် သီဝ နတ်မင်းနှင့် ပါဘတီမှ ဖွားမြင်သော သား ဖြစ်သည်။ သီဝ နတ်ကွန်းတိုင်း၌ ဆင်ဦးခေါင်းနှင့် လူကိုယ် ပါသော နတ် ဂနေရှကို တွေ့မြင်ရတတ်ပေသည်။ ဂနေရှကို ဆင်ကြီ ကြံတတ်သူ၊ ဆင်ကဲ့သို့ ခွန်အား ကြီးမားသူ၊ အခက်အခဲများကို တွန်းလှန် ဖယ်ရှားနိုင်သူ အဖြစ် သင်္ကေတ ပြုထားကြသည်။ နို့ကဲ့သို့ ဖြူဖွေးသော နွားလှ ဥသဘ ပုံဖြင့် ဖော်ဆောင်သော နန္ဒီ၏ ရုပ်တုကိုလည်း သီဝ နတ်ကွန်းများ၌ လဲလျောင်းလျက် နေသည်ကို တွေ့မြင်နိုင်သည်။

တစ်ခါတစ်ရံ နတ်ကွန်း ခြံဝင်းထဲမှာ ဖြစ်စေ၊ မြို့ရွာ လမ်းမများပေါ်မှာ ဖြစ်စေ လှည့်လည် သွားလာနေသော အဖြူရောင် ရှိသော နွားထီးဖြင့်လည်း နန္ဒီကို ကိုယ်စား ပြု၍ ဖော်ပြကြသည်။ ထို အဖြူရောင် နွားသိုးသည် အနှောင့် အယှက် အတားအဆီး ကင်းမဲ့စွာ လွတ်လပ်ခြင်း သဘောကို ဖော်ဆောင်သည်။ နန္ဒီသည် သီဝ နတ်ကွန်း၏ ဘဏ္ဍာစိုး လည်း ဖြစ်၍ ခြေလေးချောင်း သတ္တဝါတို့ကို အစိုးရသူ လည်း ဖြစ်သည်။

## သတ္တိ ဝါဒ [2]

ယေဘုယျ သဘော အရ သီဝ နတ်မင်း၏ ကြင်ရာတော် နတ်သမီးများကို ပူဇော် ဝတ်ပြုခြင်းသည် ဣတ္ထိယ စွမ်းအား အဖြစ် ဖော်ဆောင်သော သူ၏ တက်ကြွ လှုပ်ရှားသော တန်ခိုး သတ္တိများကို ပူဇော် ပသခြင်း သဘော အဖြစ် သဘော ထားကြသည်။ အဓိကအားဖြင့် သီဝကိုပင် ဦးတည်ချက် ထား၍ ပူဇော် ဝတ်ပြုကြခြင်း ဖြစ်ပေသည်။

သို့သော် အိန္ဒိယပြည် မြောက်ပိုင်းတွင် သီဝ နတ်မင်း၏ ကြင်ရာတော်များကိုပင် သီးသန့် ကိုးကွယ်သော ဟိန္ဒူ ဘာသာ ဂိုဏ်းကွဲ တစ်ခုလည်း ရှိသေးသည်။ ထို ဂိုဏ်းသည်လည်း သီးခြား ဘာသာ ကိုးကွယ်မှု တစ်ခု အသွင်ကိုပင် ဆောင်ယူလျက် ရှိလေသည်။

ဤ ဘာသာ ကိုးကွယ်မှုကို သတ္တိ ဘာသာ၊ သတ္တိ ဝါဒဟု သီးခြား အမည်ဖြင့် ခေါ်ကြသည်။ ထို သတ္တိဂိုဏ်း မှာပင် ထပ်မံ၍ လက်ဝဲဂိုဏ်း၊ လက်ယာဂိုဏ်း ဟူ၍ ကွဲပြား ခြားနားနေပြန်သေးသည်။ လက်ယာဂိုဏ်း သတ္တိ ကိုးကွယ်သူများတွင် အချော ကိုင်ထားသော ဒဿန အမြင် တစ်ခု ရှိသည်။ ဤ ဒဿန အမြင် အရ လောကမှာ အဖြူရောင် မေတ္တာ စွမ်းအားဘက် ရှိသည်။ ထို အဖြူရောင် မေတ္တာ စွမ်းအား ကြီးသော သဘာဝ၏ ဘက်တစ်ဖက်ကို မိခင် နတ်သမီး (မယ်တော်) ဖြင့် သင်္ကေတ ပြုထားကြ

---

၁။ Ganesha

၂။ Shaktism

သည်။ ထို ပုံသဏ္ဌာန် တစ်ခုတည်းမှာပင် ရှင်ခြင်းနှင့် သေခြင်း သဘော နှစ်ရပ်ကို ပေါင်းစပ်၍ ရှုမြင်ထားကြသည်။

မကြာမီက ပေါ်ထွန်းခဲ့သော ဘင်္ဂလီ ကဗျာဆရာနှင့် ပညာရှိ သူခမိန်များ ဖြစ်ကြသော တဂိုးနှင့် ရာဒါကရစ်ရှနန်တို့ကမူ သဘာဝ၏ သိခက်၍ အစစ်အမှန် ဖြစ်သော သတ္တိ သဘောကို မာယာနှင့် အတူတူပင် ဖြစ်သည်ဟု ယူဆခဲ့ကြလေသည်။

ထို့ကြောင့် ရာဒါ ကရစ်ရှနန်က ကာဠီ နတ်သမီးကို ကြည်ညိုပုံနှင့် ပတ်သက်၍ သူ နားလည်ပုံကို အောက်ပါအတိုင်း ရေးသား ခဲ့လေသည်။

'ကျွန်ုပ်သည် အနန္တ တန်ခိုးတော်ရှင် ထာဝရ ဘုရားသခင် အကြောင်းကို စဉ်းစားသော အခါ ဖန်ဆင်းခြင်းလည်း မပြုသော၊ ဖျက်ဆီးခြင်းလည်း မပြုသော၊ စောင့်ရှောက်ခြင်းလည်း မပြုသော အဖြစ်အနေကို ကျွန်ုပ်သည် ဗြဟ္မာ သို့မဟုတ် ပုရိသ ဓာတ်ကြီးဟု ခေါ်ပါသည်။ ပုဂ္ဂိုလ် အသွင် မဆောင်သော အန္တိမ ဓာတ်ကြီးပင် ဖြစ်သည်။ လှုပ်ရှားသော သဘော၊ ဖန်တီးသော သဘော၊ စောင့်ထိန်းသော သဘော၊ ဖျက်ဆီးသော သဘောဖြင့် စဉ်းစားသော အခါ ထိုသဘော ရှိသော ပုဂ္ဂိုလ်ကို ကျွန်ုပ်သည် သတ္တိ သို့မဟုတ် မာယာဟု ခေါ်ပါသည်။ ဤကား ပုဂ္ဂိုလ် အသွင် ရှိသော နတ်ဘုရား ဖြစ်ပါ၏။ သို့သော် ထိုသဘော နှစ်ခုကို ခွဲခြားသော သဘောဖြင့် ရှုလျှင် ၎င်းတို့သည် ကွဲပြား ခြားနားခြင်း သဘော မရှိပါ။ ပုဂ္ဂိုလ်ရှိခြင်း၊ ပုဂ္ဂိုလ် မရှိခြင်းသည် သဘော တစ်မျိုးတည်းသာ ဖြစ်သည်။ တစ်ခုတည်းသာ ဖြစ်ပါသည်။ ဘယ်လို သဘော တစ်မျိုးတည်း ဖြစ်သနည်း ဆိုသော် နို့နှင့် အဖြူရောင် ဖြစ်ခြင်းကဲ့သို့ ဖြစ်ပါသည်။ အဖြူရောင် ရှိတိုင်း နို့ မဖြစ်သော်လည်း နို့နှင့် အဖြူရောင်သည် ကွဲပြား ခြားနားသော အရာ နှစ်ခု မဟုတ်ပါ။ တစ်ခုတည်း၏ သဘော နှစ်မျိုးသာ ဖြစ်ပါသည်။ သို့မဟုတ် စိန်နှင့် ၎င်း၏ အရောင်တောက်ပခြင်း သဘောမျိုးလည်း ဖြစ်ပါသည်။ နို့နှင့် အဖြူရောင်၊ စိန်နှင့် အရောင် တောက်ပခြင်းကို ခွဲရှု၍ မဖြစ်သကဲ့သို့ပင် မယ်တော်ကြီး ဖြစ်သော ကာဠီနှင့် ဗြဟ္မာကြီးကိုလည်း ခွဲရှု၍ မဖြစ်ပါ။ တစ်ခုတည်း အဖြစ် ရှုမြင်ရပါမည်။'

ကာဠီသည် ဗြဟ္မာ ခေါ်သော အရာပင် ဖြစ်၏။ တခြား မဟုတ်ပေ။

ကာဠီသည် ရှေးဦး စွမ်းအင် (သတ္တိ) ပင် ဖြစ်၏။ ကာဠီကို လက်ခံခြင်းသည် ဗြဟ္မာကို လက်ခံခြင်း ဖြစ်၏။ ဗြဟ္မာနှင့် သူ၏ သတ္တိ တန်ခိုးတို့သည် ထပ်တူထပ်မျှ တူသော သဘော ရှိပါသည်။

လက်ဝဲ သတ္တိဂိုဏ်း အယူအဆများကိုကား အထူး မှတ်ချက် ပြုဖွယ် မရှိပါ။ ဤကား ရှေးကျသော လူများ သဘာဝ စွမ်းအားများကို ရှိခိုး ပူဇော် ကိုးကွယ်ခဲ့ကြသကဲ့သို့ပင် ဖြစ်၏။ သောက်စား ပျော်ပါးခြင်း သဘော ဖြစ်၏။ ကာဠီနှင့် ဒုရဂါကို မည်းနက်သော ရက်စက် ကြမ်းကြုတ်သော သတ္တိ သဘောကို ယူကြသည်။ အဝတ်အစား မပါသော မိန်းမများ၏ အကများ၊ သွေး အရောင်အဆင်း ရှိသော ဝိုင် အရက်ကို ဆက်ကပ် ပူဇော်ခြင်းများသည် ရှိခိုး ပူဇော်ခြင်းများ ဖြစ်ကြသည်။

ဤဂမ္ဘီရ သဘော ရှိသော ဘာသာ ကိုးကွယ်မှုမျိုးသည် ရှေးက ဂရိနှင့် ရောမ နိုင်ငံများ၌ ထွန်းကားခဲ့သော ဘာသာ ကိုးကွယ်မှုမျိုးနှင့် တူသည်ဟု နှိုင်းယှဉ်နိုင်ဖွယ် ရှိသည်။ အိန္ဒိယ နိုင်ငံတွင်မူ ဤဘာသာ ကိုးကွယ်မှုသည် တန္တရ ဝါဒနှင့် ပေါင်းစပ်နေသည်ဟု ဆိုရပေမည်။ (တန္တရ ဝါဒ အကြောင်းကို ရှေ့ပိုင်း၌ လာမား ဗုဒ္ဓဘာသာ အကြောင်း ဖော်ပြစဉ်က ဆွေးနွေး တင်ပြခဲ့ဖူးပြီ။)

### ဗိဿနိုးနတ်

ဗိဿနိုးသည် ဟိန္ဒူ တရိမုတိ (သုံးပါးပေါင်း တစ်ပါးတည်း ဖြစ်သော ဘုရား) ၏ အဖွဲ့ဝင် နတ်တစ်ပါး ဖြစ်သည်။ သူသည် ဖန်ဆင်းသူ ဖျက်ဆီးသူ မဟုတ်၊ ထိန်းသိမ်း စောင့်ရှောက်သူ ကာကွယ်သူ ဖြစ်သည်။ သူသည် အစဉ်သဖြင့် အကြင်နာ ကရုဏာ တရား ကြီးမားသူ ဖြစ်သည်။ အဓိကအားဖြင့် တန်ဖိုးများကို ထိန်းသိမ်း စောင့်ရှောက်သူလည်း ဖြစ်ပေသည်။ ရုပ်ထွေးသော သီဝနတ်နှင့် မတူ တစ်မူထူးစွာ သူသည် ဘုရား၏ မဟာ ကရုဏာတော်နှင့် မဟာ ပညာ သဘောကို နမူနာ ပြသူ၊ ခန္တီနှင့် ပြည့်ဝသူ ဖြစ်သည်။ သူသည် ကောင်းကင်ဘုံမှ စောင့်ကြည့်နေတော်မူသည်။ လူ့ တန်ဖိုးများကို ခြိမ်းခြောက်သည်ကို မြင်ရသော အခါတိုင်း၊ ကောင်းမှု ကုသိုလ် တရားများကို ဖျက်ဆီးသော အန္တရာယ်နှင့် ကြုံရသော အခါတိုင်း ထိုအရာများ အတွက် သူသည် သူ၏ ထိန်းသိမ်းတတ်သော အစွမ်း သတ္တိ ဩဇာ အားလုံးကို အသုံးပြု၍ ထိန်းသိမ်း စောင့်ရှောက်တတ်လေသည်။

ထို့ကြောင့် ဗိဿနိုးသည် လူထု ကြား၌ လူကြိုက်များ၍ ထင်ပေါ် ကျော်ကြားမှု၌ သီဝနှင့် ပြိုင်ဘက် ဖြစ်နေလေသည်။

သူ၏ ဝတ္ထု ဇာတ်လမ်းများကလည်း သူ့ကို ကိုးကွယ်သူများ တိုးပွား လာစေခဲ့လေသည်။ သူ့ရုပ်တုကို ထုလုပ်ကြသော အခါ သူ့မှာ လက်လေးချောင်းဖြင့် ထုလုပ်တတ်ကြသည်။

သူ့ လက်နှစ်ဖက်တွင် သူ၏ ရာဇ အာဏာစက်ကို ဖော်ဆောင်သော သင်္ကေတများကို ကိုင်ထားသည်။ ၎င်းမှာ မင်း အဆောင်အယောင် လှံတံနှင့် သံပြားဝိုင်းကို ကိုင်ဆောင်ထားသည်။ အခြား လက်နှစ်ဖက်တွင်မူ သူ၏ မေ့ာ်ဝိဇ္ဇာ အစွမ်းကို ဖော်ဆောင်သော သင်္ကေတ အမှတ်အသားနှင့် သူ၏ သန့်ရှင်း စင်ကြယ်မှုကို ဖော်ဆောင်သော သင်္ကေတ အမှတ်အသားများ ဖြစ်သော ခရုသင်းနှင့် ကြာပန်းများကို ကိုင်ဆောင်ထားသည်။ သူ့ ခေါင်းပေါ်တွင်မူ သရဖူနှင့် မကိုဋ်ကို ဆောင်းထားသည်။ သူ့ ခြေဖဝါးများမှာ အပြာရောင် ဖြစ်သည်။ သူ၏ ဝတ်လုံ သိုရင်းမှာ အဝါရောင် ဖြစ်သည်။ သူ့ မျက်လုံးများမှာ ကြာပန်း သဏ္ဌာန်ရှိသည်။ ဟိန္ဒူ ဘာသာဝင်များ အလွန် ကြည်ညိုကြသည်။

သူ ထိုင်နေသော အခါ သူသည် လောက၏ မြွေကြီးပေါ်မှာ ထိုင်လျက် အနားယူသည်။ ထိုမြွေကို သိဿသို့မဟုတ် အနန္တဟု ခေါ်သည်။ သူ၏ စီးတော်ယာဉ်သည် ဂဠုန်ငှက် ဖြစ်သည်။ ငါး တစ်ကောင်သည်လည်း သူ၏ သင်္ကေတ ဖြစ်၏။

သူ၏ သတ္တိ သို့မဟုတ် ကြင်ရာတော်မှာ ချစ်ခင်ဖွယ်ကောင်းသော လာဘ် လာဘကို ပေါများစေသော လက္ခမီးမယ်တော် နတ်သမီး ဖြစ်သည်။

ဗိဿနိုး နတ်ကို လူကြိုက် များပြီး ထင်ပေါ် ကျော်ကြား လာခြင်းမှာ ဝေဒကျမ်းများ၌ ပါဝင်သော ဒဏ္ဍာရီပုံပြင်ကြောင့် ဖြစ်သည်။ ဝေဒကျမ်းထဲတွင် သူသည် နေနတ်မင်း ဖြစ်လေသည်။ နေသည် အမှောင်ထုထဲမှ ကမ္ဘာမြေကြီးကို ပြန်လည် ရယူပြီးနောက် ကောင်းကင်နှင့် ကမ္ဘာအကြား သွားလာနေသည် ဆိုသော နောက်ဆုံး ဇာတ်စကားကို ယူခဲ့ကြသည်။

ဝေဒခေတ် လူများသည် ကမ္ဘာကြီးကို အသုရာနတ်ဘာလီက ဖမ်းစားခြင်း ဇာတ်ဝတ္ထုကိုလည်း တီထွင်ခဲ့ကြလေသည်။

ထိုဇာတ်လမ်းထဲတွင် ဗိဿနိုးနတ်သည် လူပုကလေးအသွင် သဘောထား သိမ်မွေ့စွာ ပေါ်လာပြီး အသုရာ နတ်မိစ္ဆာထံမှ ကတိ စကားကို ရယူခဲ့လေသည်။ အသုရာ နတ်မိစ္ဆာကြီးက သင်၏ ခြေ သုံးလှမ်းဖြင့် သွားနိုင်သော မြေအပြင်ကို သင် ရစေ ဟူ၍ ကတိပြု၏။

ဗိဿနိုးလည်း မိမိ၏ မူလ ပုံပန်းသဏ္ဌာန်ကို ဖန်ဆင်းလျက် ခြေနှစ်လှမ်းတည်းဖြင့် ကောင်းကင်နှင့် မြေပြင်အဆုံးသို့ ရောက်အောင် လှမ်းသွားလေ၏။ ထိုအခါ ကမ္ဘာမြေကြီးနှင့် ကောင်းကင်ဘုံကို လူနှင့် နတ်များ အတွက် ပြန်လည်၍ ရွေးယူနိုင်ခဲ့လေတော့သည်။ တတိယ ခြေလှမ်းကို လှမ်းကြွလိုက်လျှင် ငရဲဘုံ အထိ ရောက်သွားမည် ဖြစ်၏။ ထို့ကြောင့် ထိုခြေကို မလှမ်းတော့ဘဲ ငရဲကို အသုရာနတ်၏ လက်ထဲမှာပင် ထားရစ်ခဲ့လေသည်။

ဤဝတ္ထု ဇာတ်လမ်း အရ ဗိဿနိုး နတ်မင်း၏ စိတ်သဘောထားနှင့် အကျိုး လိုလားမှုကို ပေါ်လွင်စေ၏။ ထို့ကြောင့် သူ့ကို လူများက ချစ်ခင် နှစ်သက်ကြလေသည်။ ဤကား ဗိဿနိုး နတ်ကို လူကြိုက် များခြင်း၊ ထင်ပေါ်ခြင်း အကြောင်း ယုတ္တိ ဖြစ်၏။

ထို့ပြင် သူသည် ဤ ကမ္ဘာ မြေပေါ်သို့ လူဝင်စားဘုရား လိုအပ်သော အခါတိုင်း အဝတာရ အဖြစ်ဖြင့်လည်း ဆင်းသက်လာသည်ဟု ယူဆကြသည်။ သူသည် တစ်ကြိမ်တစ်ခါတည်းသာ ဆင်းသက်လာသည် မဟုတ်ပေ။ ဆိုခဲ့ပြီးသော အတိုင်း လူပုကလေး အသွင်ဖြင့် ဆင်းသက်သည့်အပြင် လူဝင်စား ဘုရား ရာမ အဖြစ်ဖြင့် လည်းကောင်း၊ လူစွမ်းကောင်း ရာမာယန အဖြစ်ဖြင့် လည်းကောင်း၊ မဟာဘာရတထဲက စစ်သူရဲကောင်း ရထားမှူး ကရစ်သျှန အဖြစ်ဖြင့် လည်းကောင်း ဆင်းသက် လာတတ်သည်လည်း ရှိသည်။ သူသည် တိရစ္ဆာန် အသွင် အဝတာရ အဖြစ်ဖြင့် လည်းကောင်း၊ လူသား အသွင် အဝတာရ အဖြစ်ဖြင့် လည်းကောင်း လူ့ပြည်သို့ ဆင်းသက်လာသည်လည်း ရှိသည် ဆို၏။

## ဗိဿနိုး လူဝင်စား ဘုရား အဝတာရများ

အစဉ်အလာအားဖြင့် ဗိဿနိုး၏ အဝတာရများမှာ ဆယ်ပါးရှိသည်။ လူအများကြိုက် ချဲ့ထွင်ထားသော အဝတာရများကတော့ အရေအတွက် များသည်။ အစဉ်အလာ ရိုးရာ စာရင်း အရ အဝတာရ ကိုးပါးမှာ ပွင့်ပေါ်ပြီးကြပြီ။ ဒသမမြောက် အဝတာရသာ ပွင့်ဖို့ ကျန်သေးသည်ဟု ယုံကြည်ကြလေသည်။

ထိုအဝတာရများ အနက် သုံးပါးကို ကျွန်ုပ်တို့သည် ရှေ့တွင် ဖော်ပြခဲ့ပြီးပြီ။ အခြားသော အဝတာရများတွင် ဗိဿနိုးသည် ငါးကြီး အဖြစ်လည်း ဖြစ်ခဲ့သည်။ ကမ္ဘာကို ရေ လွှမ်းမိုးစဉ်က ပထမ လူသား မနုကို ထိုငါးကြီးက

ကယ်တင်ခဲ့လေသည်။ တောဝက်သိုးလည်း ဖြစ်ခဲ့ဖူးပြီ။ တောဝက်သိုးသည် သူ၏ အစွယ်ဖြင့် ပင်လယ် ရေပြင် အောက်သို့ နစ်သွားသော ကမ္ဘာ မြေကြီးကို ရေပေါ်သို့ ရောက်အောင် ပင့်တင်ပေးခဲ့သည်။ မနုသီဟလည်း ဖြစ်ခဲ့ဖူးပြီ။

သူသည် ဗိဿနိုးကို ကိုးကွယ်သော သား၏ အသက်ကို သတ်ရန် ကြိုးစားသော မိစ္ဆာ နတ်ဆိုး ဖခင်အားလည်း အပိုင်းပိုင်း ပြတ်စေခဲ့သည်။

ဗြဟ္မဏ စစ်သူရဲကောင်းလည်း ဖြစ်ခဲ့ဖူးပြီ။ သူသည် ခတ္တိယ ဇာတ်ဝင်များကို နှစ်ဆယ့်တစ်ကြိမ်တိတိ အနိုင် တိုက်ခိုက်ပြီးနောက် ဗြဟ္မဏတို့၏ အချုပ်အခြာ အာဏာကို ထူထောင် ပေးခဲ့လေသည်။ ထို့နောက် နဝမမြောက် အဝတာရ အဖြစ် ဂေါတမ ဗုဒ္ဓလည်း ဖြစ်ခဲ့ဖူးပြီဟု ဆိုသည်။ (ဟိန္ဒူများက ဂေါတမ ဗုဒ္ဓသည် ဗိဿနိုး ဝင်စားသော နဝမမြောက် အဝတာရ ဖြစ်သည်ဟု အယူ ရှိကြလေသည်။)

ဒသမမြောက် အဝတာရမှာ ကာလကိ ဖြစ်ဖွယ် ရှိသည်။ မီးလျှံဓားကို ကိုင်လျက် မြင်းဖြူကို စီးနင်းလျက် လာပြီးလျှင် ဖြောင့်မတ် မှန်ကန်သူတို့အား ကယ်တင်ပြီးလျှင် ကောက်ကျစ်သူများကို ကလိယုဂ်ခေတ် အဆုံးတွင် ဖျက်ဆီး သုတ်သင်ပစ်မည် ဖြစ်သည်။

အဝတာရ လူဝင်စား ဘုရားများ စာရင်းထဲတွင် ဗုဒ္ဓကိုပါ ထည့်သွင်းလာခြင်းမှာ စိတ်ဝင်စားဖို့ ကောင်းသည်။ တချို့သော သံသယ ရှိသူများက ဗိဿနိုး၏ အဝတာရများ စာရင်းထဲတွင် ဗုဒ္ဓကိုပါ ထည့်သွင်းလာခြင်းသည် ဟိန္ဒူ ဘာသာနှင့် ဗုဒ္ဓ ဘာသာကို ပေါင်းစည်း၍ အကြံဖြင့် ပြုလုပ်ထားသော နည်းဗျူဟာ တစ်ရပ်သာ ဖြစ်သည်ဟု သံသယ ရှိကြသည်။

အဝတာရများ အနက် လူသိ အများဆုံး၊ အကျော်ကြားဆုံး အဝတာရများမှာ ရာမနှင့် ကရိသျှနတို့ ဖြစ်ကြသည်။

ရာမသည် ဟိန္ဒူ ဘာသာရေး ကဗျာရှည်ထဲတွင် စံပြ သူရဲကောင်း အဖြစ် ပါဝင်ခဲ့လေသည်။ ထို့နောက် သူ့ ဇနီး မယ်သီတာသည်လည်း စံတော်ဝင် အမျိုးသမီး ဖြစ်လေသည်။ ရာမယနဇာတ်ထဲတွင် ပါဝင်သကဲ့သို့ ရာမသည် မိတ္ထီလာ ပြည်သူ မင်းသမီးချော သီတာနှင့် လက်ထပ်ခြင်းသည် ပျော်ရွှင်ဖွယ် လက်ထပ်ခြင်း ဖြစ်ခဲ့လေသည်။

သို့သော် လက်ထပ်ပြီး နောက်ပိုင်းတွင် အတိဒုက္ခများစွာနှင့် ကြုံတွေ့ရလေသည်။

လင်္ကာဒီပ ဘုရင် ရာဝဏ (ဒသဂီရိ) က မယ်သီတာကို သစ္စာ မဲ့စွာ ဖမ်းဆီး၍ သူ၏ ပိုင်နက်ကျွန်းသို့ ခေါ်သွားလေသည်။ စိတ်ဒုက္ခ ကြီးစွာ ခံစားရလျက် ရာမသည် ဟာနုမန်၏ အကူအညီကို ရယူခဲ့လေသည်။ (ဟာနုမန်သည် မျောက်မင်း ဖြစ်သည်။ ကမ္ဘာ့ စာပေတွင် ပထမဆုံးသော ထောက်လှမ်းရေးသမား ဖြစ်သည်။ နောက်ပိုင်းတွင် သူလည်း ဟိန္ဒူ နတ်တစ်ပါး အဖြစ် သီးခြား ဖြစ်ပေါ်လာသည်။)

မျောက်မင်း ဟာနုမန်သည် ကျယ်ပြန့်စွာ ထောက်လှမ်းရေး အလုပ်ကို ပြုလုပ်၍ မယ်သီတာကို လိုက်ရှာခဲ့လေသည်။ နောက်ဆုံးတွင် မယ်သီတာကို တွေ့ရှိလေသည်။ ရာမသည် ရာဝဏကို ယှဉ်ပြိုင် တိုက်ခိုက်၍ သတ်ဖြတ်လိုက်သည်။ မယ်သီတာသည် ရာဝဏနှင့် ဖောက်ပြန်ခြင်း ရှိ မရှိ သက်သေ ပြရန် အတွက် မီးပုံထဲသို့ ခုန်ဆင်း၍ သူ၏ သန့်စင်မှုကို ပြသခဲ့လေသည်။ ပြီးမှ ရာမနှင့် မယ်သီတာ ပြန်ပေါင်း ရသည်။

အိန္ဒိယ တစ်ပြည်လုံး အနှံ့အပြား ဒေသများကို လိုက်၍ ရာမာယန ဇာတ်သည် ကွဲပြားမှု ရှိသည်။ သို့သော် ရာမကိုမူ ကျယ်ပြန့်စွာ ကြည်ညိုကြလေသည်။ သန်းပေါင်း များစွာသော အိန္ဒိယ ပြည်သားများသည် ရာမကို ကိုးကွယ်စရာ ဘုရား အဖြစ် သတ်မှတ်ကြလေသည်။ သူ့ ရုပ်တုကိုလည်း ကယ်တင်ရှင် သူရဲကောင်း အဖြစ်သာမက ဘုရား အဖြစ်ဖြင့် ကိုးကွယ် ပသကြသည်။

ဤကဲ့သို့ ကိုးကွယ်ကြရာတွင် ရာမကို ကိုးကွယ်မှု၌ အယူကွဲ နှစ်ခု ရှိသည်။ (၁) ပထမ အယူ အရ ရာမကို ဗိဿနိုး၏ အဝတာရ သူရဲကောင်း တစ်ဦး အဖြစ်ဖြင့် ကြည်ညိုခြင်း၊ အလေးအမြတ် ပြုခြင်း ဖြစ်သည်။ (၂) ဒုတိယ အယူမှာ ရာမကိုပင် နတ်ဘုရား အဖြစ် ပူဇော် ပသ ကိုးကွယ်ကြခြင်း ဖြစ်သည်။

ရာမကို အထွတ် အမြတ် ထားကြသည် မှန်သော်လည်း ကရိသျှနက ပို၍ လူကြိုက် များသည်။ နှစ်ပါးစလုံးကိုပင် အဝတာရ အဖြစ် လည်းကောင်း၊ နတ်ဘုရားများ အဖြစ် လည်းကောင်း ကိုးကွယ်ကြသည်။

ကရိသျှန၏ စရိုက်က ရာမ၏ စရိုက် လက္ခဏာများထက် ပို၍ ရှုပ်ထွေးသည်။

ကရိသျှနမှာ ကွဲပြား ခြားနားသော သဘော နှစ်ရပ် ရှိသည်။

မဟာ ဘာရတထဲတွင် သူသည် စိတ်ဓာတ် ပြင်းထန်သော၊ လတ်တလောဉာဏ် ရှင်သော စစ်သူရဲကောင်း တစ်ဦး အဖြစ် ဖော်ပြထားသည်။

ကဗျာရှည်ကြီး၏ အဖြစ်အပျက်များ တစ်လျှောက်လုံးတွင် သူသည် လူသားများအား ဗိဿနိုး နတ်မင်းကို အလေးအမြတ် ပြုကြရန် အတွက် လမ်းညွှန် လမ်းပြ ပြုရေးကိုသာ အရေးထားကြောင်း တွေ့ရသည်။ ဗိဿနိုး နတ်မင်းကား အနန္တ တန်ခိုးတော်ကြီး၏ ဘုရား အသွင် ဖြစ်ပြီး ကရစ်သျှနမှာ ဗိဿနိုး၏ လူဝင်စား ဖြစ်သည်။

ဤကိစ္စနှင့် ပတ်သက်၍ ဘဂဝါ ဂီတာထဲတွင် လောကီသား အသွင်ကို ယူထားသော ဗိဿနိုးနတ် လူဝင်စား ဖြစ်သော သူ့ကို အကြွင်းမဲ့ ဝတ်ပြု ပူဇော် ဆတောင်း ပဏ္ဍနာ (ဘတ္တိ) ပြုကြရန် တိုက်တွန်းထားလေသည်။

ဤကား ထာဝရ ဘုရား၏ ကိုယ်မှာ ဗိဿနိုးနတ် ဝင်စားသော ကရစ်သျှန ဖြစ်၏။ ကဗျာရှည်ထဲက ကရစ်သျှန ဖြစ်၏။

အခြား ကရစ်သျှနမှာ မြူးထူး ပျော်ပါးသော အရွယ် လူငယ် ကရစ်သျှန ဖြစ်၏။ ကျေးလက် ပုံပြင်များတွင် ပါဝင်သော ဇာတ်လိုက် ကရစ်သျှန ဖြစ်သည်။

ဟိန္ဒူ ဘာသာဝင်များ၏ စိတ်ကူး စိတ်သန်းများသည် ကရစ်သျှန၏ နုပျို ငယ်ရွယ်စဉ် ဘဝကို နှစ်သက်စွဲလမ်းမှု ရှိကြသည်။ ကရစ်သျှန၏ ငယ်စဉ် ဘဝသည် အစားအစာ ငမ်းသော ထောပတ် သူခိုး ဖြစ်ခဲ့သည် ဆို၏။ သူ့ အသွင်မှာ ဝဝတုတ်တုတ်ကလေး ဖြစ်သည်။

ဟိန္ဒူ အမျိုးသမီး ထောင်ပေါင်း များစွာသည် နေ့စဉ် ဤ လူငယ် ကရစ်သျှနကလေးကို ကိုးကွယ် ဝတ်ပြု ဆတောင်းကြလေသည်။ အီတလီ အမျိုးသမီးများသည် ယေရှု ခရစ်တော်၏ ကလေးငယ် ဘဝ (ဘမ်ဘိနို) ကို ရှိခိုး ကိုးကွယ် ပူဇော်နေကြသကဲ့သို့ ဖြစ်၏။

ဤကလေးငယ် ကရစ်သျှနသည် ကျေးလက် သဘာဝ ရှိသော လူငယ် ဖြစ်၏။ ကျေးလက် ပုံပြင်များ၌ သူ့ကို နွားကျောင်းသား အဖြစ်ဖြင့်လည်း ဖော်ပြကြ၏။ သူ့ အသွင်ကို ဖော်ပြသော အခါ ပလွေငယ်ကို မှုတ်နေဟန်၊ နွားအုပ်များ အလယ်တွင် ကျက်စားဟန် ဖော်ပြကြသည်။ ဤပုံစံသည် ကျေးလက်သူ နို့သည်မလေးများ အလွန် နှစ်သက်သော ပုံစံ ဖြစ်၏။ ထို မိန်းကလေးများကို သူက ကျီစယ်နေသော ဟန် ဖြစ်၏။ သူသည် ဤ မိန်းကလေးများစွာနှင့်ကား ပေါင်းစည်း ညီညွတ်စွာ နေခဲ့၏။ သို့သော် သူ့ အမြတ်နိုးဆုံးမှာကား သူ၏ ချစ်သူ *ရာဓ* [၁] သာလျှင် ဖြစ်၏။

တချို့ မှားယွင်းသော စာပေများ၌ ကရစ်သျှနနှင့် ရာဓတို့၏ အချစ်ကို ဖွဲ့ဆိုရာတွင် သတ္တိ ဝါဒ သဘောနှင့် တူသယောင်ယောင် ဖော်ပြကြလေသည်။

ကရစ်သျှနကို အလွန် ကြည်ညိုသော ဂိုဏ်း တစ်ဂိုဏ်းကမူ သူ့ကို ရာမ ကိုးကွယ်သူများက ရာမကို အထွတ်အမြတ် ထားကြသကဲ့သို့ အထွတ်အမြတ် ပြုကြလေသည်။

ဘင်္ဂလား ပြည်နယ်တွင် ဂိုဏ်း တစ်ဂိုဏ်းက ကရစ်သျှန ရုပ်တု အနီးတွင် သူ၏ ဇနီး ရာဓ ရုပ်တုကိုပါ ထား၍ ကိုးကွယ်ကြလေသည်။ ကိုးကွယ်သူများအားလည်း ဤနတ်ဘုရား နှစ်ပါးစလုံး၏ မေတ္တာကို ခံရအောင် ပြုလုပ်ကြဖို့ ညွှန်ပြထားလေသည်။

သေလွန်ကြသော အခါ *ဘရိန္ဒဘာန* [၂] သုခဘုံမှာ ခံစားရရေးကို မျှော်လင့်၍ ကရစ်သျှနနှင့် ရာဓကို ကိုးကွယ်ကြလေသည်။ ထို သုခဘုံတွင် ကရစ်သျှနနှင့် ရာဓတို့ တွေ့ဆုံ၍ လူငယ်များ ဘဝ ချစ်တင်းနှောခဲ့ကြသည်ဟု ယုံကြည်ကြသည်။

ကရစ်သျှန ကိုးကွယ်သူများ အနက် အချို့ ဂိုဏ်းများသည် လက်ဝဲ သတ္တိ ဝါဒကို ယူကြသည်ဟု ဆိုနိုင်ဖွယ် ရှိပေသည်။ အမှန်မှာတော့ ကရစ်သျှန ကိုးကွယ်သူအားလုံးကတော့ ဘုရား၏ ချစ်ခြင်း မေတ္တာသည် သန့်ရှင်းသော ဝိညာဉ် သဘောသာ ရှိသည်၊ ကိလေသာ ကာမ သဘော မပါဟု သဘော ထားတတ်ကြပါသည်။

## ပြည်တွင်း ပြည်ပ လူသာမန်တို့၏ ကိုးကွယ် ဝတ်ပြုမှု

အိန္ဒိယ နိုင်ငံသား လူပြိန်းများသည် နတ်ဘုရား အမြောက်အမြားကို အကန့်အသတ် မရှိ၊ အစဉ်းစား အဆင်အခြင် မရှိ ကိုးကွယ် ဆည်းကပ်သူများ ဖြစ်ကြလေသည်။ အတွေ့အကြုံ အရ နတ်သား သို့မဟုတ် နတ်သမီး မယ်တော် ဒေဝီ တစ်ပါးပါးကိုသာ မိမိတို့အား အထူး စောင့်ရှောက် ထောက်မသူ အဖြစ်၊ ကာကွယ် စောင့်ရှောက်သော နတ်ဘုရား အဖြစ် ကိုးကွယ်ရန် လမ်းညွှန်နေစေကာမူ၊ ထိုနတ်ကို မိမိ အိမ်တွင် ဘုရားစင် နတ်စင် ပြုလုပ်ပြီး ထိုနတ်ရုပ်ကို တင်လျက် မနက်ည ပူဇော် ပသခြင်းကို မပြတ် ပြုလုပ်နေစေကာမူ ထိုသူသည် အခြားသော သဘာဝ တရားကို လွှမ်း၍ ဖြစ်သော တန်ခိုးရှင် အမျိုးမျိုးကိုလည်း ကိုးကွယ်တတ်လေသည်။

---

၁။ Radha

၂။ Brindaban

ထိုနတ်ဘုရားများ၏ အရေအတွက်မှာ မရေမတွက်နိုင်အောင်ပင် များပြားသည်။

ဟိန္ဒူများက သူတို့ ကိုးကွယ်သော နတ် အရေအတွက်မှာ ၃၃ ကုဋေ ရှိသည်ဟု ပြောလေ့ ရှိပါသည်။ ထိုအရေအတွက်သည် သန်းပေါင်း ၃၃၀ မျှ အရေအတွက်ဖြစ်သည်။ ထိုမျှ ကိုးကွယ်သော နတ်ဘုရား အရေအတွက်များပြားသည့် အလျောက် သာမန် ကျေးရွာသား တစ်ဦးသည် လိုအပ်လာပြီ ဆိုလျှင် နတ်ကွန်း အသီးသီးသို့ လှည့်လည်၍ ပူဇော် ပသလေတော့သည်။

သူသည် အလုပ်ကိစ္စ တစ်ခု ပြုလုပ်ရာတွင် အခက်အခဲများကို ဖယ်ရှားလိုသော အခါ ဂနေရှကို ပူဇော် ပသသည်။ ဂနေရှသည် ဆင်ဦးခေါင်း ရှိသော သီဝ နတ်မင်း၏ သားတော် ဖြစ်သည်။

သူသည် ကိုယ်ကာယ ကျန်းမာ သန်စွမ်းမှုကို အလိုရှိသော အခါ ဟာနုမာန် နတ်ကို ဝတ်ပြု၍ ဆုတောင်းလေသည်။ ဟာနုမာန် နတ်သည် ရာမ ဇာတ်ထဲက မျောက်မင်းဖြစ်သည်။

သူ၏ ဖခင် သေဆုံးခါနီးတွင် ရာမ ဘုရားကို အသနား ခံ၍ ဆုတောင်းတတ်လေသည်။

ကျောက် ရောဂါ၊ ကာလဝမ်း ရောဂါများကို ကြုံကြုံခံ၍ သွားလာရာ အရပ်၌ ဥပဒ် အန္တရာယ် ကင်းဝေးစေပြီးလျှင် အလိုရှိအပ် တောင့်တအပ်သော စည်းစိမ် ချမ်းသာတို့ကို ရရှိစေရန် အတွက် လည်းကောင်း၊ သားသမီး ရတနာများစွာ ရရှိစေရန် အတွက် လည်းကောင်း၊ ကျွဲ နွားများကျန်းမာ ချမ်းသာစေရေး အတွက် လည်းကောင်း သူသည် အခြားသော နတ်များထံသို့ သွားရောက်၍ ပူဇော် ပသ ဆုတောင်းခြင်းကို ပြုလေသည်။

သူသည် နတ်ကွန်းကို သွားပြီး နတ်ရုပ် ရှေ့မှာသာ သူ၏ ကြည်ညိုမှုကို ထုတ်ဖော် ပြသသည် မဟုတ်၊ နေရာခပ်သိမ်းတို့၌လည်း အလားတူ ပူဇော် ပသခြင်း အမှုကို ပြုလုပ်လေသည်။

သူသည် မြစ်ထဲမှ ကျောက်တုံး လုံးလုံးဝိုင်းဝိုင်း တွေ့လျှင် ဆယ်ယူပြီး လမ်းဘေးမှာ ချကာ သီဝ နတ်မင်း၏ သင်္ကေတ အဖြစ် ကိုးကွယ်သည်။ သစ်ပင်ကို တွေ့လျှင်လည်း ဟင်္သပဒါး အနီရောင် ဆေးများဖြင့် သုတ်လိမ်းပြီးလျှင် သဘာဝ တရား၏ အသီးအနှံ ဖြစ်ထွန်းမှု စွမ်းအားအဖြစ် သတ်မှတ်၍ ပူဇော် ပသပြန်သည်။ မှောင်မည်းသော လိုဏ်ဂူများကိုမူ ယမမင်း (သေမင်း) အဖြစ် သတ်မှတ်၍ ကိုးကွယ်ပြန်သည်။

တစ်သက်တာ ယုံကြည် ကိုးကွယ် ဆည်းကပ်မှု ပြုရာတွင် သာမန် အရပ်သား လူပြိန်း တစ်ဦးသည် မိမိ အလိုရှိသော ကိစ္စ အတွက်သာလျှင် သူ၏ ဘာသာရေး အသိစိတ်ဓာတ်ကို ဖော်ပြသည် မဟုတ်။ အခါခပ်သိမ်း သူ့အတွက် သူ ပူဇော် ပသခြင်း အမှုကို ပြုနေရမည် ဆိုသောသဘောဖြင့်လည်း ဝတ်ပြု ဆုတောင်းခြင်းကို ပြုတတ်ကြလေသည်။

မိမိတို့ ရပ်ရွာ အလိုက် ရှိခိုး ဝတ်ပြုပုံ သုံးမျိုးကို တစ်ပြိုင်နက်တည်း ပြုလုပ်နေကြသည်။

ပထမ သူကိုယ်တိုင် လိုအပ်လာလျှင် လိုအပ်သလို အိမ်က ဘုရားစင် နတ်စင် ရှေ့မှာ ဖြစ်စေ၊ ဘုရားကျောင်းမှာ သွား၍ ဖြစ်စေ၊ မိမိ ကြည်ညို စိတ်သန်ရာ အခြားနေရာမှာ ဖြစ်စေ ပူဇော် ပသခြင်း၊ မိသားစု ကိုယ်စား နတ်ဆရာက ဖြစ်စေ၊ အိမ်သားထဲမှ အမျိုးသမီး အသက် ကြီးသူ တစ်ဦး တစ်ယောက်က ဖြစ်စေ၊ အစ်ကို အဖေ စသူတို့က ဖြစ်စေ ဦးဆောင်၍ အိမ်ရှိ ဘုရားစင် ရှေ့မှာ ပူဇော်ပသပွဲကို ကျင်းပခြင်း၊ တတိယမှာ မိမိ တစ်ဦးတစ်ယောက်တည်း အတွက် ဖြစ်စေ၊ မိသားစု တစ်စုလုံး အတွက် ဖြစ်စေ ပြုလုပ်သည်။

ဒေသဆိုင်ရာ နတ်ဆရာက နေ့စဉ် အကြိမ် များစွာဒေသဆိုင်ရာ နတ်ကွန်းမှာ ပူဇာ ခေါ် ပူဇော်ပွဲများကိုကျင်းပ ပြုလုပ်ခြင်း ဖြစ်သည်။

သို့သော် ဤမျှလောက် ပူဇော် ပသရုံဖြင့်လည်း လူသာမန်တို့၏ လိုအင်ဆန္ဒ အားလုံးကား ပြည့်စုံခြင်း မရှိသေးပေ။ သူသည် အရပ် တစ်ပါးသို့ လှည့်လည် ဘုရားဖူးသွားပြီး ထူးခြားသော အကျိုး ရလဒ် ကောင်းချီး မင်္ဂလာကို ရရှိအောင် ပြုလုပ်လိုသော ဆန္ဒလည်း ပြင်းပြလျက် ရှိတတ်ပေသည်။

ဟိန္ဒူ ဘာသာဝင် သန်းပေါင်း များစွာတို့သည် ဤကဲ့သို့ ဘုရားဖူး ခရီး ထွက်ကြပြီးနောက် ဝတ်ကျောင်းတော်အလိုက် ဘာသာရေးပွဲ အခမ်းအနား ပြုလုပ်ရခြင်းကို များစွာကျေနပ် အားရတတ်ပေသည်။

အလာဟာဘာဒ်၌ ပြုလုပ်သော *မှာဂ် မေလ* [၁] ဘုရားပွဲမျိုးသည် ဟိန္ဒူ ဘာသာဝင်များ စုဝေးရာ ပွဲသဘင် ဖြစ်သည်။ [မြန်မာ နိုင်ငံတွင် တောင်ပြုံးပွဲ ကျင်းပသော အခါမြန်မာပြည် အရပ်ရပ်မှ နတ်ကို ယုံကြည်သူများ စုရုံး ရောက်ရှိလာကြသကဲ့သို့ပင် ဖြစ်ပါသည်။ *(ဘာသာပြန်သူ)*]

---

၁။ Magh Mela

ဟိန္ဒူ ဘာသာဝင်များသည် နတ် များစွာကို ကိုးကွယ်ကြသည့် အလျောက် တစ်နှစ်ပတ်လုံး ပူဇော်ပွဲများ ကျင်းပရာ နေရာ၊ မွန်မြတ်သော အရပ် ဌာနများလည်း များပြားလှပေသည်။

မွန်မြတ်သော အရပ် ဌာနများမှာ နှစ်မျိုး နှစ်စား ရှိသည်။ (၁) မွန်မြတ်သော အရပ် ဌာန တစ်ခုမှာ နတ်ကွန်းများ၊ ဘုရား ဝတ်ကျောင်းများ မဆောက်၍ မဖြစ်သော မွန်မြတ်သော အရပ်မျိုးလည်း တစ်ခု၊ (၂) ဒုတိယ အမျိုးအစားမှာ နတ်ကွန်း၊ ဘုရားကျောင်း ဆောက်လုပ်ပြီးမှ မွန်မြတ်သော နေရာ ဌာန အဖြစ် သတ်မှတ်ခြင်း ခံရသော အရပ်မျိုး ဖြစ်ပါသည်။

တစ်ခါတလေ ရှေးက တည်ရှိခဲ့ကြသော မွန်မြတ်သော နေရာ ဌာနများကို ဘယ် အမျိုးအစားထဲကို ထည့်သွင်း သတ်မှတ်ရမည်ကို မသိနိုင်တော့ပေ။

ပထမ အမျိုးအစား မွန်မြတ်သော အရပ် ဌာနများသည် အများအားဖြင့် တောင်ထိပ်များ သို့မဟုတ် မြေပြန့် လွင်ပြင် ဆိုလျှင်လည်း နက်စောက်သော လိုဏ်ခေါင်းများ ရှိရာ၊ ထူးခြားသော ပုံသဏ္ဌာန် ရှိသော ကျောက်တုံးများ ရှိရာ၊ ပပ်ကြားအက် ကြီးများ ရှိရာ မြေပြင်၊ ရေပူစမ်း ရှိရာ အရပ်များ၊ သဘာဝ အံ့ဖွယ် အခြင်းအရာများ ရှိရာ အရပ် ဒေသများ ဖြစ်ပါသည်။ ထိုအရပ်ဒေသများသည် နတ်များ အလည်အပတ် လာရာ အံ့ဖွယ် အရပ်များ အဖြစ် ယူဆကြသည်။ သို့သော် အများအားဖြင့် ထိုကဲ့သို့သော အမွန်အမြတ်ထားသော အရပ် ဌာနများသည် မြစ်ကြီးများ ကမ်းရိုး တစ်လျှောက်မှာ ရှိတတ်ပေသည်။

ဟိန္ဒူများသည် သူတို့ နိုင်ငံရှိ အကြီးဆုံး မြစ်ကြီးများကို မြစ်ဖျားမှ မြစ်မတိုင်အောင် မွန်မြတ်သော နေရာ ဌာန အဖြစ် ယူဆကြလေသည်။

ပူရဏာ၏ မြစ်ကွေ့တိုင်းကို မြစ်ခွဲတိုင်းကို ဂုဏ်ပြု အမွှမ်းတင်သောအားဖြင့် ဝတ္ထုဇာတ်လမ်း တစ်ခုစီဖြင့် နတ်ဘုရားများ ကြွရောက်ရာ အရပ်များ အဖြစ် ချီးမွမ်း ပြောဆိုကြလေသည်။

ဤကား သီဝနတ် ကြွရာ အရပ်၊ ဤကား သူ၏ ကြင်ရာတော်များ (သတ္တိများ) ကြွရာ အရပ်၊ ဤကား ရာမ အရပ်၊ ဤကား ကရစ်သျှန အရပ် စသည်ဖြင့် သတ်မှတ်ပြောဆိုကြလေသည်။

အမှန်မှာတော့ ထို မြစ်ကြီး တစ်လျှောက်ရှိ အမွန်အမြတ် ပြု၍ သတ်မှတ်ထားရာ အရပ် ဒေသများသို့ မြစ်ဖျားမှ မြစ်ဝသို့ တိုင်အောင်၊ တစ်ဖန် မြစ်ဝမှ မြစ်ဖျားသို့ တိုင်အောင် မြစ်၏ ဝဲယာ တစ်ဖက်စီရှိ နတ်ကွန်းများ၊ ဝတ်ကျောင်းများသို့ ဘုရားဖူး လှည့်လည် သွားလာပြီး ၎င်းတို့ ဝတ်ပြုပုံ၊ ထိုဒေသနှင့် ဆိုင်သော ဒဏ္ဍာရီ ဇာတ်လမ်းများကို သွားရောက် လေ့လာဖို့ ကောင်းပါသည်။

သို့သော် ဘုရားဖူးများသည် ဤမျှလောက် ဝေးလံသော ခရီးသို့ ဒေသ အနှံ့ သွားရောက်ပြီး ဝတ်ပြုခြင်းကိုကား ပြုခဲလှသည်။ ၎င်းတို့သည် ထိုမွန်မြတ်သော မြစ်ကြီး တစ်လျှောက်တွင် ရှိသော ဘုရား ဝတ်ကျောင်းများသို့ သွားရာတွင် မိမိတို့ အားသန်ရာ နေရာ ဌာန တစ်ခုတလေသို့သာ သွားရောက် ဝတ်ပြုတတ်ကြပေသည်။ မြစ်ရေထဲသို့ ပန်းများကို ကြဲချခြင်း၊ သန့်ရှင်းသော ရေထဲသို့ ဆင်းပြီး ရေချိုးခြင်း၊ ထိုရေကို အိုးငယ် ခွက်ငယ်များဖြင့် အိမ်အပြန် ဆောင်ယူသွားခြင်းများကို ပြုလုပ်ကြသည်။

အိန္ဒိယပြည်တွင် အသန့်ရှင်းဆုံး၊ အမွန်မြတ်ဆုံး မြစ်သည် ဂင်္ဂါမြစ် ဖြစ်သည်။ အိန္ဒိယ တစ်ပြည်လုံးက မိခင်ဂင်္ဂါ (ဂင်္ဂါ မာတာ) ဟု ခေါ်ကြသည်။

ဤသို့ မွန်မြတ်သော မြစ် ဖြစ်ရခြင်း အကြောင်းမှာ ဤမြစ်သည် ကောင်းကင်ဘုံရှိ ဗိဿနိုး နတ်မင်း၏ ခြေဖဝါး အောက်မှ စတင် မြစ်ဖျားခံ၍ စီးဆင်းလာသည်ဟု ယူဆသောကြောင့် ဖြစ်သည်။

ဗိဿနိုး ခြေဖဝါး အောက်က စတင် စီးဆင်းပြီးနောက် သီဝ နတ်မင်း၏ ခေါင်းပေါ်သို့ ကျကာ သီဝနတ်၏ ဆံပင်ကို လျှော၍ စီးဆင်းသွားသော မြစ် ဖြစ်သည်ဟု အယူ ရှိကြသည်။ ထိုမြစ်ကြောင်း တစ်လျှောက်တွင် အသန့်ရှင်းဆုံး အမွန်မြတ်ဆုံးဟု ယူဆသော နေရာများ၌ ဝတ်ပြုရာ အရပ်များကို သတ်မှတ်ထားကြလေသည်။ ဂင်္ဂါနှင့် ယမုနာမြစ်တို့ ဆုံရာ ဗို စာလုံး ပုံစံ သဲခုံရှိရာ အရပ်သည် မွန်မြတ်သော အရပ် ဖြစ်သည်။ ထိုနေရာတွင် အာလဟာဘတ်မြို့ ရှိသည်။ ထို မြို့သည် မေလ ဘုရားပွဲများ ကျင်းပရာ နေရာ ဒေသ ဖြစ်သည်။ ဂင်္ဂါ မြစ်ဝ ဘင်္ဂလား ပင်လယ်အော်ထဲသို့ စီးဝင်ရာ နေရာသည်လည်း မြတ်သော ဌာန တစ်ခု ဖြစ်သည်။

အထူးသဖြင့် မြစ်ဝကျွန်းပေါ် ဒေသရှိ ဆောင်ဂါကျွန်းသည် မွန်မြတ်သော နေရာ ဌာန တစ်ခု ဖြစ်သည်။ ထိုနေရာတွင် မြတ်သော ရေ သန့်စင် ပွဲသဘင်ကို နှစ်ဆန်း တစ်ရက်နေ့၌ ကျင်းပလေ့ ရှိသည်။

သို့သော် ဗာရာဏသီသို့လည်း ဘုရားဖူး များစွာ သွားရောက်ကြပြီးလျှင် ၎င်းတို့၏ အပြစ်များကို ဆေးကြောရန် အတွက် ဂင်္ဂါ မြစ်ရေဖြင့် သန့်စင်ကြသည်။

ဤကဲ့သို့ ဂင်္ဂါ မြစ်ထဲသို့ ဆင်းပြီး ရေချိုးလိုက်ခြင်း အားဖြင့် အတိတ်က သူတို့ ပြုခဲ့သော မကောင်းမှုများ၊ အပြစ်များ အားလုံး ပပျောက် သန့်စင်သွားသည်ဟု ယုံကြည်ကြသည်။

ထို့ပြင် ဂင်္ဂါ မြစ်ရေထဲသို့ ခြေချပြီးမှ ရုတ်တရက် သေဆုံးသွားလျှင်လည်း ထိုသူသည် သိဝ၏ သုခဘုံသို့ ရောက်သည်ဟု အယူ ရှိကြလေသည်။ ဤလူများမှာ ဂင်္ဂါ မြစ်ရေကို ချိုးလိုက်ခြင်းအားဖြင့် အနာ ရောဂါ ပပျောက်၍ ကျန်းမာခြင်း သုခကို ခံစားရသည်ဟု အယူ ရှိကြလေသည်။

## နွားမကို ကာကွယ် စောင့်ရှောက်ခြင်း

ဝိညာဉ်၏ သံသရာ လည်ခြင်း သဘောတရား၏ အရေးပါမှုကို အသိအမှတ်ပြုသော ပညာရှင်များသည် အလားတူ ကျယ်ပြန့်သော ဟိန္ဒူတို့၏ ဘာသာရေး ဘဝ၏ အသွင်အပြင် တစ်ခုကိုမူ တစ်ခါတစ်ရံ အရေးပါသည်ဟု အသိအမှတ် မပြုလိုကြပေ။ ထို ဘာသာရေး အလေ့အထမှာ နွားမကို အလေးအမြတ် ပြု၍ ကြည်ညို ကိုးကွယ်ခြင်းပင် ဖြစ်သည်။

ဤဟိန္ဒူတို့၏ ထူးခြားသော ဘာသာရေး အလေးအမြတ် ပြုမှုကို ကက်သရင်း မေရီး၏ 'အမိ အိန္ဒိယ' ကြောင့် တိုက်ကြီး သုံးတိုက်တွင် ခါးသီးသော အငြင်း ပွားမှု ဖြစ်ပေါ်ခဲ့ပြီး ကတည်းက လျစ်လျူ ရှုထားခဲ့လိုသော သဘောထား လျော့နည်းခဲ့ပါသည်။

မစ္စ မေရီးက ဟိန္ဒူ ဘာသာဝင်များသည် နွားမကို အထီးကျန် တစ်ကောင်တည်း အိန္ဒိယပြည်၏ စားရမဲ့ သောက်ရမဲ့ ခြောက်ကပ်နေသော လမ်းများပေါ်တွင် ဒုက္ခ အတိဖြင့် ဘေးမဲ့ လွှတ်၍ ဂုဏ်ပြုကြသည်ဟု ရေးသားခဲ့လေသည်။

ထိုအခါ အိန္ဒိယမှ တုံ့ပြန်မှုသည် ချက်ချင်း ပေါ်ပေါက်ခဲ့လေသည်။ တုံ့ပြန်မှု အားလုံးသည် သည်းမခံနိုင်အောင် အမျက် ထွက်ခြင်းပင် ဖြစ်၏။ မဟတ္တမ ဂန္ဒီလို ပုဂ္ဂိုလ်များကပင် နွားမကို ကာကွယ် စောင့်ရှောက်ခြင်း ဘက်က ခုခံ ကာကွယ် ပြောဆိုခဲ့လေသည်။ ဤကိစ္စသည် ဟိန္ဒူဝါဒ၏ ဗဟို အချက်အချာ ကိစ္စ ဖြစ်သည်။ ဟိန္ဒူ ဘာသာဝင် အားလုံး၏ ခိုင်မာသော ယုံကြည်ချက် ဖြစ်သည်ဟု ဆိုခဲ့လေသည်။ ထို့ပြင် မှတ်လောက်သားလောက် ဖြစ်အောင် အောက်ပါ စကားများဖြင့် ပြောဆိုခဲ့လေသည်။

> လူ့ တိုးတက်မှု ဖြစ်စဉ်တွင် နွားမကို ကာကွယ် စောင့်ရှောက်ရေး ကိစ္စသည် အလွန် အံ့ဖွယ် ကောင်းသော ဖြစ်ရပ် တစ်ခု ဖြစ်သည်ဟု ကျွန်ုပ် ယူဆသည်။ ဤအချက်သည် လူကို လူ အဖြစ်ထက် ကဲလွန်သွားစေသော အချက်ပင် ဖြစ်၏။ နွားမသည် လူ မဟုတ်သော သတ္တ လောကကြီး တစ်ခုလုံးဟု အဓိပ္ပာယ် ထွက်သည်။ လူသားသည် နွားမမှ တစ်ဆင့် သတ္တဝါ အားလုံးနှင့် မိမိသည် ထပ်တူထပ်မျှ ဖြစ်သည့် သဘောကို သိနားလည်စေနိုင်သည်။ အိန္ဒိယပြည်သား သန်းပေါင်း များစွာတို့ အဖို့ နွားမသည် မိခင်ပင် ဖြစ်သည်။ နွားမသည် သနားစရာ ကောင်းသော ကဗျာ တစ်ပုဒ်ပင် ဖြစ်၏။ နွားမကို ကာကွယ် စောင့်ရှောက်ခြင်းသည် စကား မပြောတတ်သော ထာဝရ ဘုရား ဖန်ဆင်းသော သတ္တဝါ အားလုံးကို ကာကွယ် စောင့်ရှောက်ခြင်း မည်ပေသည်။

ဤစာ၌ ရိုးဖြောင့် သန့်ရှင်းသော ခံစားချက်ကို အငြင်းပွားဖွယ် မရှိပေ။ သင်္ကေတပြုခြင်း သဘောနှင့် ပတ်သက်၍သာ အနည်းငယ် ဆိုဖွယ် ရှိပါသည်။ နွားမကို ကာကွယ် စောင့်ရှောက်ခြင်းသည် လင်းယုန် ငှက်နှင့် ခြသေ့တို့ကို ကာကွယ် စောင့်ရှောက်ခြင်းထက် အကျင့် သီလ သဘော အရ မြတ်သည်ဟု အထွတ်အမြတ် ထား၍ ပြောဆိုခြင်းမှာ အကြောင်း ယုတ္တိမဲ့ ပြောဆိုခြင်း မဟုတ်ပေ။ ဟိန္ဒူတို့၏ သဘောထားသည် မဟတ္တမ ဂန္ဒီ၏ အထက်တွင် ဖော်ပြခဲ့သော အရေးအသားထက် ပို၍ ခြွင်းချန် မထားသော သဘောကို ဆောင်သည်ဟု ဆိုနိုင်သည်။

ရှေးကျသော ခေတ်က ဟိန္ဒူ ဘာသာဝင်များသည် နွားမကို ရှိခိုး ပူဇော်ခဲ့ကြလေသည်။

ဟိန္ဒူတို့၏ နွားမကို ရှိခိုး ကိုးကွယ်မှုနှင့် ပတ်သက်၍ မိုနီးယား ဝီလျံ၏ ရေးသားချက်များကို ဂန္ထဝင်စာ အဖြစ် ကိုးကား ပြောဆိုတတ်ကြပါသည်။

ထိုစာမှာ ဤသို့ ဖြစ်ပါသည်။

> 'တိရစ္ဆာန် အားလုံးတို့တွင် နွားမသည် အမြတ်ဆုံး ဖြစ်၏။ နွားမ၏ တစ်ကိုယ်လုံးတွင် နေရာ အနှံ့ အပြား၌ နတ်များ စောင့်ရှောက်လျက် ရှိသည်။ နွားမကိုယ်တွင် မသန့်ရှင်းသော အရာ ဟူ၍ ထုတ်ပယ်ပစ်စရာ အစိတ်အပိုင်းသည် မြူမျှပင် မရှိပေ။ ထိုမှ တစ်ပါးလည်း နွားမမှ ထွက်ကျသော (သေး) ရည်သည်ပင် သန့်စင်သော ရေတို့တွင် အမြတ်ဆုံး ရေ အဖြစ် ထိန်းသိမ်းအပ်သော ရေ ဖြစ်သည်။ ထို ရေ

သည့် အပြစ်များကို ပြေပျောက်စေရန် ဖျက်ဆီးနိုင်သော ရေ ဖြစ်သည်။ ထို့ရေဖြင့် ထိသမျှ အရာ အားလုံးကို သန့်ရှင်း စင်ကြယ်စေသည်။ နွားချေးကဲ့သို့ သန့်သော အရာသည်လည်း တခြား မရှိပေ။ နွားချေးများ ချထားသော တွင်းသည် နောင် အခါ၌ မြေသန့် မြေကောင်း ပြန်ဖြစ်သွားသည်။ ညစ်ညမ်းမှု မရှိပေ။ နွားချေးကို မီးရှို့၍ ရသော ပြာသည်လည်း သန့်ရှင်းသော ပြာ ဖြစ်သည်။ အစက မသန့်ရှင်းခဲ့သော အရာမှန်သမျှကို ထိုပြာဖြင့် ပွတ်လျှင် သန့်ရှင်း စင်ကြယ်စေသည်။ အပြစ် ကျူးလွန်သူကို ထိုပြာဖြင့် ပက်ဖျန်းလိုက်ရုံဖြင့် ထိုသူသည် သူတော်စင် အဖြစ်သို့ ရောက်ရှိ သွားနိုင်ပေသည်။

နွားမ၏ ပြုအပ်သော ကုသိုလ် ကောင်းမှုများကို နွားထီးများသို့လည်း အထိုက်အလျောက် လွှဲပေးနိုင်သည်။ နွားထီးများကို သီဝ နတ်မင်းကို ရည်စူး၍ ဘေးမဲ့လွှတ်ခြင်း၊ သူတို့ ဘာသာ လမ်းများပေါ်တွင် ဘေးမဲ့ သွားလာနေစေခြင်းသည် အလွန် ကုသိုလ် ရသော အလုပ် ဖြစ်သည်။

မကြာမီက ကွယ်လွန်သွားသူကို ရည်စူး၍ နွားထီးကို ဘေးမဲ့ လွှတ်ခြင်း ကုသိုလ်ကောင်းမှုကို ပြုပါက ထိုပုဂ္ဂိုလ်သည် နောင်တမလွန် ဖြစ်ရာ ဘဝ၌ ကြီးမားသော ကောင်းကျိုးချမ်းသာကို ခံစားရသည်ဟု ယုံကြည်ကြသည်။

ရှေးအခါကမူ နွားမကို သတ်သော သူသည် ကြီးမားသော ရာဇဝတ်မှုကို ကျူးလွန်ခြင်း ဖြစ်သည်ဟု ယူဆခဲ့ကြလေသည်။ ဤအယူအဆကြောင့် ဟိန္ဒူနှင့် မွတ်ဆလင်တို့ကြားတွင် ကြီးစွာသော အဓိကရုဏ်း ဖြစ်သည့် အကြောင်း ဖြစ်ခဲ့ဖူးလေသည်။ ဗြိတိသျှ ခေတ်က ဖြစ်၏။ ဤပြဿနာသည် အိန္ဒိယပြည်တွင် နှစ်စဉ် အောာရာဟင်က သားတော် အိုက်ဇက်ကို ထာဝရ ဘုရားသခင်ထံ စွန့်လွှတ် ပူဇော်သော ကိုရ်ဘန်နီ ပွဲသို့ ရောက်တိုင်း ပေါ်ပေါက်ခဲ့ဖူးလေသည်။ နောက်ပိုင်းတွင် အိန္ဒိယပြည်ကို ဟိန္ဒူ အပိုင်း၊ မွတ်ဆလင် အပိုင်း ခွဲခြားလိုက်သော အခါမှာပင် ဟိန္ဒူများသည် နွားမကို သတ်ဖြတ်သော အလေ့အထကို တားမြစ် ပိတ်ပင်ခဲ့ကြလေသည်။

အိန္ဒိယ နိုင်ငံ ဒေသ အနှံ့အပြားတွင် နွားမများကို ပူဇော်သော ရာသီသို့ ရောက်သော အခါ နွားများကို နတ်သို့ ဆက်သည့် ပွဲများ ကျင်းပကြသည်။ နွားမများ၏ လည်ပင်းတွင် ပန်းကုံးများကို ချိတ်ဆွဲပေးကြသည်။ နွားမ၏ နဖူးပေါ်သို့ ဆီများ သွန်းလောင်းကြသည်။ ခြေဖဝါး (ခွာ) များကို ရေဖြင့် သွန်းလောင်းကြသည်။ ထိုအချိန်တွင် ဘေးမှာ ရပ်ကြည့်နေကြသော ကြည်ညိုသူများ၏ မျက်ဝန်း အစုံတွင် ကျေးဇူး ကရုဏာ မျက်ရည်များဖြင့် ပြည့်လျှံနေတတ်ပေသည်။

အိန္ဒိယပြည်ရှိ ဟိန္ဒူ ကျေးလက် ဒေသများတွင် နွားချေးကို အနည်းနည်း အဖုံဖုံ အသုံးပြုကြသည်။ တချို့က နွားချေးခြောက်ကို လောင်စာ အဖြစ် သုံးသည်။ ကြမ်းပြင်ကို ဆေးသော ရေ၌ နွားချေးကို ဖျော်၍ ပိုးသန့် ဆေးရည် အဖြစ်လည်း အသုံးပြုကြသည်။ ထိုရေဖြင့် ကြမ်းပြင်များ၊ တံခါးပေါက်များ၊ နံရံများကို ပက်ဖျန်းကြသည်။ ရွှံ့ ကျည်ပွေ့၊ ရွှံ့ ပလာစတာများတွင်လည်း နွားချေးကို ဆေး အဖြစ် ရောသုံးသည်။ တချို့ ကျေးလက် ဒေသများ၌ လူသေခါနီးတွင် ဤဘဝမှ သေလွန်သော အခါ နောင် ဘဝ၌ သုဂတိ ဘုံဘဝသို့ ရောက်ရှိရေး အတွက် သူ့အိပ်ရာကို ဖင်ပေးပြီး ရပ်နေသော နွားမ၏ အမြီးကို ဆွဲထားရသည်။ သို့မဟုတ် အခန်းထဲမှာ နွားမကို ထည့်ထားပြီး ထိုနွားမကို ချည်ထားသော ကြိုးကို လူနာက ဆွဲကိုင်ထားရလေသည်။

## ဗြာဟ္မဏများ၏ မြင့်မြတ်ခြင်း

လူ့ ကိုယ်ရည်ကိုယ်သွေးထဲတွင် ဩဇာ တန်ခိုး ထက်သော အရည်အသွေး တစ်ရပ် အဖြစ် ပါဝင်သော မြင့်မြတ်ခြင်း သဘောကို အိန္ဒိယပြည်တွင် ရှေးခေတ်ကရော၊ ယခုခေတ် တိုင်အောင်ပင် စွဲမက်ခြင်း ရှိကြလေသည်။ အခြားသော ဇာတ်ဝင်များကိုလည်း မြင့်မြတ်သည်ဟု သဘောထားတတ်ကြသော်လည်း (မဟတ္တမ ဂန္ဒီကို မြင့်မြတ်သော ပုဂ္ဂိုလ် သူတော်စင်ဟု ယူဆကြသည်။) ဗြာဟ္မဏ ပုဏ္ဏား ဇာတ်ဝင်များကိုမူ အခြား ဇာတ်ဝင်များ အားလုံးထက် ပို၍ မြင့်မြတ်သည်ဟု ယူဆကြလေသည်။

ဤအချက်ကို လွန်လေပြီးသော ခေတ်များကတည်းက မနုကျမ်း ဓမ္မသတ်တွင် ရှင်းလင်းစွာ ဖော်ပြထားခဲ့ပြီး ဖြစ်လေသည်။ ထိုဓမ္မသတ်ထဲတွင် ဗြာဟ္မဏ ပုဏ္ဏားများကို ဤလောက၌ ဖန်ဆင်းထားအပ်သော သက်ရှိ သက်မဲ့ အားလုံးတို့ထက် အမြတ်ဆုံး သခင် အဖြစ် သတ်မှတ် ထားလေသည်။ နတ်ဆရာ အဖြစ်ဖြင့် ဖြစ်စေ၊ ဆရာ ဂုရု အဖြစ်ဖြင့် ဖြစ်စေ ဗြာဟ္မဏသည် ဤကမ္ဘာပေါ်တွင် အဆင့် အမြင့်ဆုံးသော လူသား ဖြစ်သည်။ ဤလောက၌ ရှိရှိသမျှသော အရာ ခပ်သိမ်းတို့သည် သူ၏ ဥစ္စာ ပစ္စည်းများသာ ဖြစ်ကြသည်။ သူသည် ဇာတိအားဖြင့် မြင့်မြတ်သူ ဖြစ်ခြင်းကြောင့် ရှိရှိသမျှ အရာခပ်သိမ်းသည် သူနှင့် ထိုက်သည်။

ဗြာဟ္မဏ တစ်ဦးသည် ပညာ တတ်သည် ဖြစ်စေ မတတ်သည် ဖြစ်စေ သူသည် ကြီးမြတ်သော ဘုရားဇာတ် ဘုရား အနွယ် ဖြစ်သည်။ တောက်ပသော မီးလျှံသည် သင်္ဂြိုဟ်ရာ အရပ်၌ပင် ဖြစ်စေ မညစ်ညူးစေနိုင်။ ယဇ် ပူဇော်သော ထောပတ်ဖြင့် ပသလျှင် ထိုမီးလျှံသည် ထပ်မံ၍ အားကြီးစွာ တိုးပွား တောက်လောင်လာနိုင်ပေသည်။

သို့ဖြစ်ရာ အဆင့်အတန်း နိမ့်ကျသော အသက်မွေးမှု အလုပ်အကိုင်ကို လုပ်နေရသော ဗြာဟ္မဏ ပုဏ္ဏားပင် ဖြစ်စေကာမူလည်း ထိုပုဏ္ဏားတို့ကို အနည်းနည်းဖြင့် ဂုဏ်ပြုအပ်သည်သာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ထိုပုဏ္ဏားတိုင်းသည် အလွန် ကြီးကျယ်သော ဘုရား ဇာတိ ရှိသူများ ဖြစ်သောကြောင့် ဖြစ်ပေသည်။

ယခုခေတ်သို့ ရောက်သော အခါ ထို သီခက် နက်နဲသော ပုဂ္ဂိုလ် အရည်အသွေးကို ခက်ခဲစွာ ထိန်းသိမ်းထားရသည်။ သို့သော် ယခုခေတ် တိုင်အောင်လည်း ပုဏ္ဏားမျိုးသည် ဇာတ်အားဖြင့် ပို၍ မြင့်မြတ်သည် ဆိုသော အယူအဆကို ထိန်းသိမ်းထားဆဲပင် ဖြစ်၏။ ပုဏ္ဏား တစ်ဦးသည် ဘယ်လို ဘဝ အခြေအနေမျိုးမှာပင် ရှိနေစေကာမူ ထိုပုဏ္ဏားအား သတ်ဖြတ်ခြင်း သို့မဟုတ် မကောင်းသဖြင့် ပြုမူခြင်းသည် အလွန် ဆိုးသွမ်းသော စက်ဆုပ် ရွံရှာဖွယ် အပြစ်ကို ကျူးလွန်ခြင်း မည်ပေသည်။

သို့သော် ဤသို့ ဆိုသောကြောင့် ပုဏ္ဏား ပုဂ္ဂိုလ် တစ်ယောက်ချင်းတိုင်းကို အလေးအမြတ် ပြုဖို့ လိုအပ်သည်ဟုကား မဆိုလိုပေ။ ထိုသို့ ပုဏ္ဏား ပုဂ္ဂိုလ် မြင်တိုင်း အရှိအသေ အလေးအမြတ် ပြုရမည်၊ ပြုဖို့ လိုအပ်သည်ဟု ယူလျှင်ကား မှားသည်။

သဘောတရားအားဖြင့်တော့ ပုဏ္ဏားသည် လူထဲမှာ အမြတ်ဆုံး ပုဂ္ဂိုလ် ဖြစ်သည်။ သူသည် မည်သည့် အသက်မွေးမှု အလုပ်ကိုပင် လုပ်လုပ် သူသည် မြတ်သည် ဟူ၍ကား သဘောအားဖြင့် မှတ်ရပေမည်။ သို့သော် မင်း၏ မြင့်မြတ်ခြင်းကို ထိုမင်း ပြုသော အပြုအမူဖြင့်သာ ဆုံးဖြတ်ရသကဲ့သို့ ပုဏ္ဏား၏ မြင့်မြတ်ခြင်းမှာလည်း ပုဏ္ဏား၏ အပြုအမူမှာသာ တည်ပေသည်။

ယခုခေတ်တွင် ဗြာဟ္မဏများမှာလည်း အသက်မွေးမှု အတွက် အလုပ်အကိုင် မျိုးစုံကို လုပ်ကိုင် စားသောက်ကြရသည်။

သို့ဖြစ်ရာ သဘာဝ အလိုအားဖြင့် တချို့သော အလုပ်များကို ပုဏ္ဏားများ လုပ်ကိုင် စားသောက်နေပုံမှာ ရယ်ဖွယ် ရွတ်ချွဖွယ် ဖြစ်နိုင်ပေသည်။

အလယ်ခေတ် ဥရောပမှ ရဟန်းများနှင့် အလားတူ ဖြစ်၏။ အလယ်ခေတ် ဥရောပမှ ခရစ်ယာန် ဘုန်းကြီးများသည် ၎င်းတို့၏ ယုတ်ညံ့သော အလုပ်အကိုင်များ၊ ဒုစရိုက်မှုများ အတွက် သူတို့ကိုယ် သူတို့ လူရိုသေအောင် နေစေကာမူ သူတို့သည် မှားယွင်းနေကြောင်း ထင်ရှား စေခဲ့ပေသည်။

အိန္ဒိယပြည်တွင် ဗြာဟ္မဏများကို ပြက်ရယ် ပြုသူများလည်း ရှိပါသည်။ သို့သော် ထိုကဲ့သို့ ပြက်ရယ် ပြုသူများသည်ပင်လျှင် သေပြီး နောက်ဘဝတွင် လူပြန်ဖြစ်ပါက ဗြာဟ္မဏ ပုဏ္ဏားမျိုး၌သာ ဖြစ်လိုသော စိတ်ဆန္ဒနှင့် မျှော်လင့်ချက် ရှိကြသည်။

အိန္ဒိယပြည်တွင် လူအများ အကြည်ညိုဆုံး၊ အလေးစားဆုံး ထားသော ဗြာဟ္မဏများမှာ ဂုရုများ ဖြစ်ကြပါသည်။ ထိုဂုရုများသည် အစုလိုက် အဖွဲ့လိုက် ဘာသာရေး ပညာ ပေးရေး အတွက် ဟိန္ဒူ ဘာသာ၏ အဆုံးအမများ အတိုင်း သတိရှိရှိ ကျင့်ကြံ ပွားများ အားထုတ်နေကြသူများ ဖြစ်ကြသည်။ သူတို့၏ အလုပ်မှာ ဟိန္ဒူ ဘာသာဝင်များကို ဘာသာရေး အသိပညာများကို သင်ကြား ပို့ချရေးပင် ဖြစ်သည်။

ဟိန္ဒူ မိသားစုများ၏ ဘာသာရေး ပွဲများ၊ အခမ်းအနားများကို ဂုရုများက နည်းပေးလမ်းပြ ပြု၍ ဦးဆောင်ကျင်းပ ပေးရသည်။ ချမ်းသာ ကြွယ်ဝသူများသည် မိမိတို့ အိမ်တွင် မိသားစု ဆရာ အဖြစ် ဂုရု တစ်ပါးကို အမြဲတမ်း ဆောင်ထားကြလေသည်။ သို့ရာတွင် ဂုရု အနေနှင့်မှု အများအားဖြင့် မိသားစု အများ၏ ဘာသာရေး ကိစ္စများကို လှည့်လည် သွားလာ၍ ဆောင်ရွက် ပေးတတ်ကြသည်သာ ဖြစ်ပါသည်။

ဂုရုသည် အစဉ်သဖြင့် စိတ်ဓာတ် မြင့်မြတ်သူ ပုဂ္ဂိုလ် ဖြစ်သည်။ ကောင်းမှု ကုသိုလ် ပြုရေး အတွက် အင်အားကြီးမားသော၊ ထိရောက်သော စွမ်းအား တစ်ခု ဖြစ်သည်။ သူ၏ အဓိက တာဝန် (အလုပ်) မှာ ယောကျ်ားကလေးများအား ဘာသာရေး အသိပညာ ပေးရန်၊ သင်ကြားပေးရန် ဖြစ်သည်။ ဇာတ်နှင့် ဆိုင်ရာ တာဝန်များကိုလည်း ထမ်းဆောင်ရသည်။ လူလားမြောက် အရွယ် ရောက်သူများကို စလွယ်ကြိုးများ တပ်ဆင်ပေးပြီး လူကြီးဘောင် အတွင်းသို့ သွတ်သွင်းပေးရသည်။

ကျွန်တော်တို့ အနေနှင့် သူတော်စင် ဆာဒူးများ၊ သညာသီများ၊ ယောဂီများ အကြောင်းကိုလည်း ချန်ထားခဲ့၍ မဖြစ်ပေ။ ထိုပုဂ္ဂိုလ်များမှာလည်း အိန္ဒိယ ပြည်တွင်

အလွန် ထင်ရှားပါသည်။ *ဆာဒူး၊ သညာသီ* [၁] နှင့် ယောဂီများမှာ အနည်းငယ် ခြားနားပါသည်။

ယောဂီများမှာ ပညတ် သဘောအားဖြင့် ယောဂ အကျင့်ဖြင့် တစ်နေ့သော အခါ သညာသီ (ဟိန္ဒူ ဘုန်းကြီး) များနှင့် ဆာဒူးများကဲ့သို့ ဉာဏ် အထူးကို ရရန် ရည်သန်၍ အားထုတ်နေကြသူများ ဖြစ်ကြပါသည်။

သညာသီများမှာ ယခုခေတ်တွင် ပြာများဖြင့် သုတ်လိမ်းထားသော သိဝ နတ်ကို အတုယူ၍ ကျင့်ကြံ အားထုတ်ကြသူများ ဖြစ်သည်။ သို့သော် ဂန္ထဝင် ဟိန္ဒူ အယူအဆအရမူ သူတို့သည် ထိုအဆင့်ကို စတုတ္ထ ဈာန်သမာပတ်ကို ရရှိပြီးမှ ရောက်ရှိနိုင်သည်ဟု ယူဆသည်။

ဆာဒူးသည်ကား ထိုသို့သော စတုတ္ထ ဈာန်သမာပတ် အဆင့်သို့ ရောက်ရှိပြီးသူ ဖြစ်သည်။ သူသည် ဈာန် သမာဓိ အဆင့်ဆင့်သို့ ဆိုက်ရောက်ပြီး သမာပတ်၌ တစ်ကြိမ်မက တည်ပြီးသော ပုဂ္ဂိုလ် ဖြစ်သည်။

သူသည် ယခုအခါ အစစ်အမှန် သူတော်စင် ဖြစ်ပြီးသူ ဖြစ်၏။

ထိုသို့သော ဆာဒူး အမျိုးအစားများမှာ အိန္ဒိယပြည်တွင် ထောင်နှင့် ချီ၍ များစွာ ရှိပေသည်။ အများအားဖြင့် အဝတ်အစား အပြည့်အစုံ ဝတ်ဆင်ကြသော ဆာဒူးများလည်း ရှိသည်။ သူတို့အား ယုံကြည် ကိုးကွယ်ကြသူများ အပေါ်တွင် အလွန် ဩဇာ ညောင်းကြသည်။

တချို့ အနည်း အကျဉ်းသော ဆာဒူးများမှာ သမာဓိ အာရုံဖြင့်သာ နေကြသည်။ ၄င်းတို့သည် အဝတ် တစ်ဝက် တစ်ပျက်သာ ဝတ်သည်။ မလှုပ်တလှုပ် နေကြသည်။ ကိုယ်ကို ပြာဖြင့် သုတ်လိမ်းထားကြသည်။ သို့မဟုတ် လုံးဝ တိတ်ဆိတ် ငြိမ်သက်စွာ အလွန် အချမ်းခံလျက် နေသည်။

တချို့မှာ အရူး တစ်ပိုင်း ဖြစ်နေသည်။ တချို့လည်း လုံးဝ ရူးသွပ်လျက် ရှိကြသည်။

အိန္ဒိယပြည်တွင် မြင့်မြတ်သော အရပ်များမှာ ဘာသာရေး အယူအစွဲ သန်လွန်းသူများ အတွက်မူ သံလိုက်ကျောက်တုံးနှင့် တူပေသည်။

ဘာသာရေးပွဲ ကျင်းပချိန်တွင် ဤ အဝတ် မဝတ်သော ကိုယ်လုံးတီးနေသူ ဆာဒူးများသည် ထောင်နှင့် ရာနှင့် ချီ၍ ထိုအရပ်သို့ ရောက်လာကြသည်။

သူတို့ ထိုအရပ်ကို ဖြတ်သန်းသွားကြသော အခါ သူတို့ နင်းသွားသော မြေပေါ်က ဖုန်မှုန့်များကို လူများက အလုအယက် လိုက်ပြီး ကျုံးကြသည်။ ထိုလူများသည် ထို မြေမှုန့်များဖြင့် သူတို့ ကိုယ်ပေါ်တွင် ပွတ်သပ်ကြသည်။

အနောက် နိုင်ငံသားများ အနေနှင့် သံချွန် သံဆူး မွေ့ရာပေါ်တွင် ထိုင်၍ သူတို့၏ သမာဓိ အားကို ပြသနေကြသော ဆာဒူးများ၏ ပုံများကို မြင်တွေ့ဖူးပြီး ဖြစ်ကြသည်။

တချို့ ဆာဒူးများက မီးပုံများ အလယ်တွင် ထိုင်လျက်၊ တချို့က မီးခိုးထဲတွင် ဇောက်ထိုး တွဲလောင်း ဆွဲလျက်၊ တချို့က သူတို့၏ အသားတွင် သံဆူးကြီးများဖြင့် ချိတ်ဆွဲလျက်၊ တချို့က တစ်နေရာတည်းတွင် ခြေနှစ်ဖက် လက်နှစ်ဖက်ကို ကားပြီး ခန္ဓာကိုယ်ကို ခြောက်ခန်းအောင် ပြုလျက်၊ တချို့ကလည်း မျက်လုံး ကန်းသည် အထိ နေကို မမိုတ်သော မျက်လုံးဖြင့် ငေးကြည့်လျက်၊ တချို့ကလည်း လေးလံသော သံကြိုးများဖြင့် လည်ပင်းနှင့် ခြေထောက်၊ ကိုယ်များကို ရစ်ပတ်လျက် ကျင့်နေကြသည်ကို အနောက်တိုင်းသားများ တွေ့ဖူးကြပါသည်။

ထိုမျှလောက် မိမိ ကိုယ်ကို မိမိကိုယ်တိုင် ဒုက္ခ ပေး၍ ညှဉ်းဆဲ နေကြပုံ၊ ထိုမျှလောက် သည်းခံ၍ ဖွဲသန်စွာ ကျင့်ကြံကြပုံများကို မြင်ရသော အနောက်တိုင်းသားများမှာ အံ့အား သင့်ကြရပေသည်။

ပို၍ အတွေးအခေါ် ရှိသော ပုဂ္ဂိုလ်များကမူ မိမိကိုယ်ကို ညှဉ်းဆဲခြင်း ပြုရာ၌ ဆိတ်ငြိမ်ရာ အရပ်သို့ တစ်ဦးတည်း သွား၍ တောထွက်ပြီး ကျင့်ကြသည်။ ထိုအရပ်များ၌ မိမိ၏ စိတ်ကို ငြိမ်သက်ခြင်း သမာဓိ၌ တည်အောင် အားထုတ်ကြသည်။

အခြား ပုဂ္ဂိုလ်များကမူ လူများရာ အရပ်၊ လူစည်ကားရာ အရပ်ကို တွယ်တာ၍ ကြည်ညိုသူများ၏ လှူဒါန်း ပူဇော်ခြင်း လာဘ် လာဘကို တောင့်တလျက် နေကြလေသည်။

ဤသို့ ပြုမူနေကြခြင်း အားလုံး၌ ကိုယ့် ယုတ္တိနှင့် ကိုယ် မရှိကား မဟုတ်ပေ။

ထိုကဲ့သို့ ကိုယ့်ကိုယ်ကို ညှဉ်းဆဲခြင်း ပြုကြရာ၌ ထူးဆန်းသော အကြောင်း ယုတ္တိ ပြချက်များကား ရှိပေသည်။

ထိုသို့ ပြုလုပ်ရာ၌ အခြေခံ ရည်မှန်းချက်မှာ ကိုယ်ကို ညှဉ်းပန်း နှိပ်စက်ခြင်းဖြင့် ဝိညာဉ်၏ လွတ်မြောက်ခြင်းကို ရရှိရန် အတွက်ပင် ဖြစ်ကြပေသည်။

---

၁။ Sadhu, Sannyasi

# ၆။ မျက်မှောက်ခေတ် ပြဿနာများနှင့် ဆန့်ကျင်ဘက် အယူအဆများ

ကျွန်ုပ်တို့ လေ့လာ၍ ဖော်ပြခဲ့ပြီးသမျှ ဟိန္ဒူဝါဒ၏ အဖြစ်သနစ်များကို သုံးသပ်လိုက်လျှင် ရှင်းရှင်းလင်းလင်း ဖော်ပြသင့်သည် ဆိုသော အချက် ပေါ်ထွက်လာပါသည်။ ထိုအချက်မှာ ဤသို့ ဖြစ်ပါသည်။ ဤ ရှုပ်ထွေးသော ယဉ်ကျေးမှုထဲတွင် မူရင်း အယူအဆများနှင့် ကွဲပြား ခြားနားသွားသော အယူအဆများသည် တစ်ခုတည်းသော တစ်မျိုးတည်းသော အခြေခံပေါ်တွင် ချမှတ်ခြင်းကို အန်တုလျက်ရှိပေသည်။ ဤမျှလောက် အံ့ဖွယ် ကောင်းလောက်အောင် ကွဲပြား ခြားနား၍ များပြားလှသော အယူအဆများကို ယခုလို တစ်ခန်း တစ်ကဏ္ဍမျှဖြင့် ဖော်ပြရန် မဆိုထားဘိ။ အလွန် ရှည်လျားသော စာအုပ်ကြီး တစ်အုပ်ဖြင့် အကုန်အစင် အစုံအလင် တင်ပြရန်ပင် ဖြစ်နိုင်ဖွယ် မရှိပါ။ ဟိန္ဒူအယူဝါဒထဲမှာ စိန်ခေါ်ခြင်း၊ အန်တုခြင်း မခံရဘဲ ကာလကြာမြင့်စွာ ရပ်တည်ခဲ့သော အယူအဆကား မရှိသလောက်ပင် ဖြစ်၏။

ဤကား ဟိန္ဒူ အယူဝါဒ၏ အနှစ်သာရ သဘောပင် ဖြစ်သည်ဟု ဆိုရလောက်အောင်ပင် မှန်ကန်သော အချက် ဖြစ်ပေသည်။

ဝေဒကျမ်းများနှင့် ဥပနိသျှဒ် ကျမ်းများထဲတွင် သင့်တင့် လျောက်ပတ်စွာ အမိပ္ပာယ် ဖွင့်ဆိုထားသော အယူအဆများသည် မှန်ကန်သည်ဟု ယုံကြည်ကြသည်။ ထို့နောက် ကမ္မ နိယာမ သဘော အရ ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားသော စနစ်သည်လည်း မှန်ကန်၍ တရား မျှတမှု ရှိသည်ဟုလည်း ယုံကြည်ကြသည်။

ဂျိန်းဘာသာ၊ ဗုဒ္ဓဘာသာနှင့် ဆစ်ခ်ဘာသာများတွင် ပါဝင်သော ရှေး အရိုးအစဉ် အယူနှင့် ကွဲလွဲသော အယူအဆများတွင် မူလ အယူအစွဲ ရှိသူများနှင့် ပြုပြင် ပြောင်းလဲရေး စိတ်ထက်သန်သူများ၏ အယူအဆများ ဆန့်ကျင်ကွဲလွဲပုံများကို တစ်စိတ်တစ်ဒေသလောက်ကိုသာ ဖော်ပြခဲ့သည်။ ထို့ကြောင့် ကျန်ရှိသော စာမျက်နှာ နေရာများ၌ ထိုစိတ်ဝင်စားဖွယ် ကောင်းသော အချက်ကို လေ့လာ သုံးသပ်လျှင် အကောင်းဆုံး ဖြစ်မည်ဟု ယူဆရပေသည်။

ထိုသို့ လေ့လာ သုံးသပ်သော အခါ ဆန့်ကျင်ဘက် အယူအဆများနှင့် ပြဿနာ အချို့ကို ဖော်ထုတ်၍ ဆွေးနွေးလျှင် ကောင်းမည် ထင်ပါသည်။

အထူးသဖြင့် အပြောင်း အလဲကို ဖြစ်စေခဲ့သော အယူအဆများနှင့် ပြဿနာများကို ဖော်ထုတ်၍ ဆွေးနွေးမည် ဖြစ်ပါသည်။

## (၁) အနောက်တိုင်းမှ ဘာသာ ကိုးကွယ်မှုနှင့် သိပ္ပံပညာ၏ တုံ့ပြန်မှု

ဟိန္ဒူ အယူဝါဒသည် အလွန် လွတ်လပ်ပြီး အလွန် ရှေးအယူအစွဲ သန်သော၊ ပဟေဠိ ဆန်သော ဘာသာ အယူဝါဒ တစ်ခု ဖြစ်သည်။

လွတ်လပ်ခွင့် သဘောသည် ၎င်း၏ အယူဝါဒကို လိုက်နာသူများအား ခွင့်ပြုထားသော အသိဉာဏ် လွတ်လပ်ခွင့် ဖြစ်သည်။

ထိုလွတ်လပ်ခွင့် သဘော အရ ဟိန္ဒူ ဘာသာဝင် တစ်ဦးသည် ဝေဒ ကျမ်းများ၌ ပါဝင်သော အဆို အမိန့်များကိုသော် လည်းကောင်း၊ မဟာ ဗြဟ္မာ၏ မြင့်မြတ်ခြင်း သဘောကို လည်းကောင်း သို့မဟုတ် ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားသော စနစ်သည် မှန်ကန်သည်ဟု ယူသော အယူကိုသော် လည်းကောင်း ငြင်းလိုက ငြင်းပယ်နိုင်သည်။

ဤသို့ ငြင်းပယ်စေကာမူ ထိုသူသည် ဟိန္ဒူ ဘာသာဝင် အဖြစ်ပင် ဆက်လက် တည်နေနိုင်သည်။ တစ်ခုတော့ ရှိသည်။ ထိုသူသည် မိမိတို့ ရပ်ရွာ ဒေသ အလိုက် လက်ခံကျင့်သုံးဆဲ ကိုယ်ကျင့်သီလနှင့် ဆိုင်သော စည်းမျဉ်း စည်းကမ်းများကို အပြတ်အသတ် ချိုးဖောက်ခြင်း မပြုသရွေ့ သူ့ကို ဟိန္ဒူ ဘာသာဝင် အဖြစ်ပင် ဆက်လက် ယူဆကြသည်။

အထူးသဖြင့် မွေးကတည်းက ကျင့်သုံး လာခဲ့သော အစားအသောက်နှင့် ဆိုင်သော တားမြစ်ချက်များကို လိုက်နာရသည်။ ဇာတ်နိမ့်သူနှင့် ဇာတ်မြင့်သူ အတူတကွ တစ်

စားပွဲတည်းမှာ စားသောက်ခြင်း မပြုရ။ ဇာတ်နိမ့်သူ ကိုင်သော ရေခွက်ဖြင့် ဇာတ်မြင့်သူက ရေ မသောက်ရ။ ထိမ်းမြားခြင်းနှင့် ဆိုင်သော တင်းကျပ်သည့် စည်းမျဉ်း ဥပဒေများ၊ နွားမကို အလေးအမြတ် ပြု၍ ရှိခိုး ကိုးကွယ်မှုများကို လိုက်နာနေသရွေ့ သူသည် ဟိန္ဒူ ဘာသာဝင် အဖြစ်ပင် ဆက်လက် တည်နေပေသည်။

အကျဉ်းအားဖြင့် ဆိုလျှင် ထိုသူတို့သည် ဟိန္ဒူ ဘာသာနှင့် ပတ်သက်သော ပြုပြင် ပြောင်းလဲရေးကို ကိုယ့်ရင်ထဲက ကိုယ့်ဘာသာ ပြုလုပ်လိုက ပြုလုပ်နိုင်သည်။ ထိုသို့ ပြုလုပ်ခြင်းကြောင့် ထိုသူသည် ဟိန္ဒူ ဘာသာကို လုံးဝ ပုန်ကန် ခြားနားသူ အဖြစ်သို့ မရောက်နိုင်ပေ။

ရာစု နှစ်ပေါင်း များစွာ ကြာသော ကာလ အတွင်း၌ ဟိန္ဒူ ဘာသာရေးဂိုဏ်း များစွာတို့သည် ရှေးအယူနှင့် ကွဲလွဲသော (မိစ္ဆာဒိဋ္ဌိ အယူဟု ဟိန္ဒူ ဘာသာဝင်များ ယူဆသော) ဘာသာ အယူဝါဒများနှင့် နိုင်ငံရပ်ခြားမှ ရောက်ရှိလာသော ဘာသာ အယူဝါဒများ၏ အစိက ကျသော အယူဝါဒများကို အနည်းအကျဉ်း ပြုပြင် ပြောင်းလဲ၍ လက်ခံလိုက လက်ခံခွင့် ပြုခဲ့ကြလေသည်။

ထိုအချိန် ကာလများ၌ ဗြာဟ္မဏ ပုဏ္ဏားများ၏ ကန့်ကွက်မှုများကား ရှိတန်သလောက် ရှိခဲ့ပေသည်။ သို့သော် သူတို့၏ ကန့်ကွက်မှုသည် ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားသော စည်းကမ်းများကို မဖောက်ဖျက်သေးသရွေ့ ဘာသာရေး ငြိမ်းချမ်းမှုကို အနှောင့်အယှက် မဖြစ်ခဲ့ပေ။ သို့မဟုတ် မွတ်ဆလင်များ ဩဇာ ကြီးမားစဉ် အခါက တစ်ခါတစ်ရံ အမဲသားကို စားခြင်း ကိစ္စမျိုး ပေါ်ပေါက်ခဲ့ဖူးသည်။ ထိုကဲ့သို့ နွားသား စားခြင်း၊ ဇာတ်ခွဲခြင်း စနစ်ကို ပျက်စီးစေခြင်း မဖြစ်သရွေ့ အခြား ဘာသာ ကိုးကွယ်မှုမှ အယူဝါဒများကို ဟိန္ဒူများက အနည်းငယ် ပြုပြင် ပြောင်းလဲ၍ ယူသော်လည်း ပြဿနာ မရှိခဲ့ပေ။

၁၉ ရာစုနှစ်တွင် လွတ်လပ်ရေး အယူဝါဒ တစ်ခု ပေါ်ပေါက်ခဲ့လေသည်။ ဤ အယူအဆသည် ခရစ်ယာန် သာသနာပြုများ၏ သွန်သင်မှုနှင့် အနောက်တိုင်း သမိုင်း ဘာသာရပ်ကို ကျောင်းတွင် သင်ကြားပေးမှုတို့ကြောင့် ဖြစ်ပေါ်လာသော တိုက်ရိုက် အကျိုးဆက် တစ်ခုပင် ဖြစ်၏။ ထိုအချိန်တွင် အိန္ဒိယပြည်၌ ခရစ်ယာန် သာသနာပြုများ တည်ထောင်သော ကျောင်းများ ပေါ်ပေါက်လာသည်။

ဤ လွတ်လပ်ရေး ဝါဒ လှုပ်ရှားမှု ပေါ်ပေါက်လာသော အခါ အခြားသော လှုပ်ရှားမှုများလည်း နောက်ဆက်တွဲ ဖြစ်ပေါ်လာကြလေသည်။

ထိုလှုပ်ရှားမှုများ အကြောင်းကို အောက်တွင် ခေါင်းစဉ် အသီးသီး ခွဲခြား၍ ဖော်ပြလိုက်ပါသည်။

## (က) ဗြဟ္မာ သမဇ္ဇ [၁]

ဤအဖွဲ့သည် လွတ်လပ်ရေး လှုပ်ရှားမှု တစ်ခု ဖြစ်သည်။ အနောက်တိုင်း အယူအဆများနှင့် ပြန်၍ သင့်မြတ်အောင် ပြုလုပ်သော ဘာသာရေး လှုပ်ရှားမှု တစ်ခု ဖြစ်သည်။ ခေတ်သစ် ဟိန္ဒူ ဘာသာရေး လှုပ်ရှားမှုများ အနက် ဗြဟ္မာသမဇ္ဇ လှုပ်ရှားမှုသည် အလွန် အရေးပါသော လှုပ်ရှားမှု တစ်ခု ဖြစ်သည်။ အဖွဲ့ဝင် ဦးရေ များပြားသောကြောင့်ချည်း မဟုတ်ပါ။ ထို လှုပ်ရှားမှု၏ ဩဇာ သက်ရောက်မှု ကြီးမားခြင်းကြောင့်လည်း ဖြစ်ပါသည်။

ထိုအဖွဲ့ကို ကာလကတ္တားမြို့တွင် ၁၈၂၈ ခုနှစ်တွင် ဖွဲ့စည်း တည်ထောင်ခဲ့ကြလေသည်။ ရမ် မိုဟမ်ရိုင်း ဆိုသူ ဉာဏ်ပညာ ထက်မြက်သော ဗြဟ္မာ တစ်ဦးက ဦးဆောင်၍ တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

မိုဟမ်ရိုင်းသည် ဗုဒ္ဓ ဘာသာကို လည်းကောင်း၊ ဗိုရိုအက်စတာ ဘာသာကို လည်းကောင်း၊ အစ္စလာမ် ဘာသာနှင့် ခရစ်ယာန် ဘာသာများကို လည်းကောင်း လေ့လာ ဆည်းပူးခဲ့လေသည်။ သူ လေ့လာခဲ့ပြီးသမျှ ဘာသာ အယူဝါဒ အားလုံးတွင် တူညီသော ဘာသာရေး ဆိုင်ရာ ကျောရိုး အခြေခံ ရှိကြောင်း သူ တွေ့ရှိရလေသည်။

ထိုသို့ သိမြင်ပြီးသော အခါ သူ သိမြင်ထားသော ဘာသာ အယူဝါဒတိုင်းက လက်ခံထားသော ဗဟို အနှစ်သာရ သဘော အပေါ်တွင် မူတည်၍ ဘာသာရေး အသင်းအဖွဲ့ တစ်ခုကို တည်ထောင်ရန် ဦးဆောင်မှု ပေးခဲ့လေသည်။

သူ့ အယူဝါဒသစ်မှာ ဘာသာ ကိုးကွယ်မှုတိုင်း၏ အခြေခံရာ သစ္စာ တရားသည် ညီညွတ်ရေး၊ ကိုယ်ရည်ကိုယ်သွေး တိုးတက် မြင့်မားရေးနှင့် ထာဝရ နတ်ဘုရားနှင့် ဆိုင်သော ဘာသာရေး အယူများပင် ဖြစ်ကြသည်ဟု သူ ရှုမြင်ခဲ့လေသည်။

'ရှာဖွေ၍လည်း မရ၊ ပြောင်းလဲ ဖောက်ပြန်ခြင်းလည်း ကင်းသော ထာဝရ ဖြစ်သော စကြဝဠာ လောကကြီးကို ဖန်ဆင်းသူ ထိန်းသိမ်း စောင့်ရှောက်သူ ထာဝရ ဘုရား' ဆိုသော တစ်ပါးတည်းသော ထာဝရ ဘုရား ဝါဒကို သူသည် လက်ကိုင်ပြုပြီးလျှင် နတ်ဘုရား များစွာကို

---

၁။ Brahma Samaj

လက်ခံ ကိုးကွယ်သော ဘာသာ အယူဝါဒနှင့် ရုပ်တု ကိုးကွယ်မှု သဘောများ အားလုံးနှင့် ဤသို့ နတ်ဘုရား များစွာ၏ ရုပ်တုများကို ပြုလုပ် ကိုးကွယ်နေကြသော ဟိန္ဒူတို့၏ ဘာသာရေး ဝတ်ပြုပွဲများ အားလုံးကို သူသည် ငြင်းပယ်ခဲ့လေသည်။

သူသည် ထာဝရ ဘုရားသခင်၏ ကိုယ်ရည် ကိုယ်သွေးနှင့် ပတ်သက်သော ညီညွတ်ရေး သဘောထား အားလုံးကို သူ လက်ခံခဲ့လေသည်။

ယေရှု ခရစ်၏ သီလ သိက္ခာပုဒ်များသည် 'ငြိမ်းချမ်းရေးနှင့် ချမ်းသာ သုခ ရရှိရေး အတွက် လမ်းညွှန် လမ်းပြ အယူအဆများ ဖြစ်သည်' ဟု သူ ရှုမြင်ခဲ့လေသည်။

တစ်လောကလုံးက လက်ခံသော ဘာသာ အယူဝါဒ တစ်ခုကို ဖော်ထုတ်နိုင်ရန် အတွက် သူသည် ဟိန္ဒူ ဘာသာဝင်များ လက်ခံထားသော ယေဘုယျ ယုံကြည်ချက် များစွာကို စွန့်လွှတ်ခဲ့လေသည်။ ဥပမာ ဝိညာဉ်၏ သံသရာ လည်ခြင်း သဘောတရားနှင့် နောက်ဆုံးတွင် ပုဂ္ဂလိက ဝိညာဉ်သည် စကြဝဠာ ဝိညာဉ်တော်ကြီးနှင့် ပေါင်းစည်းရမည် ဆိုသော သဘောတရားများကို သူသည် ပယ်ချခဲ့လေသည်။

အစ ကနဦး ကတည်းက ဗြဟ္မာ့သမဇ္ဇ အဖွဲ့ဝင်များ၏ ဘာသာရေး ပွဲများတွင် ရုပ်ပုံ ရုပ်တုများ ပြုလုပ် ပူဇော်ခြင်းနှင့် တိရစ္ဆာန်များအား ယဇ် ပူဇော်ခြင်းကို လုံးဝ ခွင့်မပြုခဲ့ပေ။ ပထမဆုံး အကြိမ် ဟိန္ဒူများသည် ဘာသာရေး ဝတ်ပြုမှုများကို ဥရောပ ပရိုတက်စတင့် ဘာသာဝင်များ ပြုကြသကဲ့သို့ ဓမ္မ သီချင်းများ သီဆိုခြင်း၊ ကျမ်းစာအုပ်များ ရွတ်ဖတ်ခြင်းများဖြင့် စုဝေးခြင်းမျိုးကို ပြုလုပ်ခဲ့ကြလေသည်။

လူမှုရေး ပြုပြင် ပြောင်းလဲရေးများကိုလည်း ပြုလုပ်ခဲ့ကြသည်။ ဟိန္ဒူ အမျိုးသမီးများ လင်ယောကျ်ား သေဆုံးသော အခါ လင်ယောကျ်ားနှင့် အတူ လိုက်၍ သေဆုံးရသော *ဆုတီး*[၁] စနစ်ကို ဖျက်သိမ်းလိုက်သည်။ ထို့နောက် ကလေးချင်း လက်ထပ် ထိမ်းမြားပေးခြင်း စနစ်ကို တားမြစ်ခဲ့လေသည်။ ယောကျ်ား တစ်ယောက် မိန်းမ အများနှင့် လက်ထပ်ခြင်းကို အားပေးခဲ့သော်လည်း ဖြစ်မြောက်အောင် တက်တက်ကြွကြွ မဆောင်ရွက်ခဲ့ပေ။ ဤကဲ့သို့ ပြုပြင်ပြောင်းလဲမှုများ၊ ဤကဲ့သို့ လျှော့ပေါ့မှုများ ပြုလုပ်ခဲ့ခြင်း၌ ရမ် မိုဟမ်ရိုင်း ကိုယ်တိုင်က မိမိ၏ ဇာတ် အပေါ် သစ္စာစောင့်သိကြောင်းကို ပြသရန် အတွက် သူသည် တစ်သက်လုံး ဗြဟ္မာတို့၏ ချည် စလွယ်ကို ဆင်မြန်း ထားခဲ့လေသည်။

သူသည် သူ၏ ဟိန္ဒူ ဘာသာဝင်များနှင့် စိတ်ဝမ်းကွဲပြားခြင်း ဖြစ်ရန် မလိုလားခဲ့ပေ။ ထို့ကြောင့် သူ့ လှုပ်ရှားမှုတွင် သူသည် ပါရမီ ရှိသော ကြီးကျယ် မြင့်မြတ်သူ အဆင့်အတန်းကို ရရှိခဲ့လေသည်။

သူ၏ ဗြဟ္မာ့ သမဇ္ဇ လှုပ်ရှားမှုတွင် ဘင်္ဂါလီ ကဗျာဆရာ အကျော် ရာဘင်ဒြာနတ် တာဂိုး၏ ဖခင်သည် ခေါင်းဆောင် ဖြစ်လာခဲ့လေသည်။

၁၈၆၀ ခုနှစ်တွင် ဗြဟ္မာ့ သမဇ္ဇ အဖွဲ့ နှစ်ခြမ်း ကွဲသွားလေသည်။ ထိုအချိန်တွင် *ကေရှစ် ချန္ဒရာ ဆင်း*[၂] ဆိုသူသည် အင်္ဂလိပ် ကျောင်းမှာ ပညာ သင်ကြားပြီးနောက် ပညာ တတ်မြောက်လာလေသည်။ သူသည် ခရစ်တော်ကို ဘုရားသခင်၏ လူမှု ပြုပြင် ပြောင်းလဲရေးသမား အဖြစ် နှစ်သက် ကြည်ညိုသူ ဖြစ်သည်။ သူသည် အိန္ဒိယပြည်၏ ဇာတ် ခွဲခြားခြင်း စနစ်ကို အမြစ်ပါ မကျန်ရအောင် တွန်းလှန် တိုက်ခိုက်ပြီးလျှင် ဇာတ် စည်းကမ်းများ အားလုံးကို အမြစ် မကျန်ရအောင် ပယ်လှန်ကြရန် တိုက်တွန်း လှုံ့ဆော်ခဲ့လေသည်။ ဇာတ်တူချင်း ထိမ်းမြားရေး အယူအဆ အပါအဝင် ဇာတ် စည်းကမ်း အားလုံးကို ပစ်ပယ်ရေးကို ဟောပြောခဲ့လေသည်။

အသစ် ပြုပြင် ပြောင်းလဲရေးသမားများနှင့် အယူဝါဒဟောင်းကို နှစ်သက် မြတ်နိုးသူများ အကြားတွင် သဘောထား ကွဲပြားမှု ပေါ်ပေါက်လာလေတော့သည်။

ကေရှစ်၏ နောက်လိုက်များသည် *အိန္ဒိယ ဗြဟ္မာ့ သမဇ္ဇ*[၃] အမည်ဖြင့် အသင်းသစ်ကို တည်ထောင်လိုက်ကြလေသည်။ မူလ ဗြဟ္မာ့ သမဇ္ဇ (အာဒိဗြဟ္မာ့သမဇ္ဇ) နှင့် ကွဲပြား သွားလေတော့သည်။ နောင်သော အခါ သူ့ နောက်လိုက်များသည် သူနှင့် ခွဲသွားကြပြန်ပြီးလျှင် *သာဓာရဏ ဗြဟ္မာ့ သမဇ္ဇ*[၄] အမည်ဖြင့် အသင်းခွဲကို တည်ထောင်ကြပြန်လေသည်။

ထိုအခါ ကေရှစ်သည် သူ၏ ဆုတ်ယုတ်သွားသော အသင်း အမည်ကို ပြောင်းလိုက်ပြန်သည်။

၁။ Suttee

၂။ Keshab Chandra Sen

၃။ Brahma Samaj of India

၄။ Sadharan Brahma Samaj

ဤတစ်ကြိမ်တွင် သူ၏ အသင်း အမည်ကို *နဝဘိဒ္ဓန သမဇ္ဇ* [၁] ဟု ခေါ်တွင်စေခဲ့လေသည်။ ကေရှပ်၏ ကျန်ရှိနေသေးသော သက်တမ်း ကာလ အတွင်း၌ သူသည် တစ်စတစ်စနှင့် သူ့ကိုယ်သူ ဟိန္ဒူ တစ်ဦး၏ လုပ်ငန်းကို လုပ်ဆောင်နေခြင်း မဟုတ်ဘဲ ကမ္ဘာပေါ်၌ ခရစ်တော်၏ လုပ်ငန်းများကို ဆက်လက် လုပ်ကိုင်နေသူ ဖြစ်မှန်း သိနားလည်လာခဲ့လေသည်။

သူ ကွယ်လွန်ပြီးနောက် သူ၏ ထိတ်လန့်ဖွယ် ဖြစ်သော အတွေးအခေါ်ကို သူ့ နောက်လိုက်များက ဖြစ်နိုင်သရွေ့ အရေး မပါဘဲ သေးသိမ်သွားအောင် ပြုလုပ်ခဲ့ကြလေတော့သည်။

ယခုအခါ အာဒိဗြဟ္မာ့သမဇ္ဇရော၊ နဝဘိဒ္ဓနသမဇ္ဇရော နှစ်သင်းစလုံးသည် သဓာရဏ ဗြဟ္မာ့သမဇ္ဇ အသင်းလောက် ဩဇာတိက္ကမ မရှိကြတော့ပေ။ သို့သော် ထို အသင်းကွဲ အုပ်စု သုံးခုစလုံးပင် ဆက်လက်၍ အဘ ဘုရားသခင်နှင့် လူသားချင်း ညီရင်းအစ်ကို ဖြစ်ရေး အခြေခံ မူပေါ်မှာ မူတည်၍ ကျယ်ပြန့်သော ဘာသာတရား ဖြစ်အောင် ဆောင်ရွက်နေကြသေးသည်။

**(ခ) အရိယာ သမဇ္ဇ**

ဤလှုပ်ရှားမှုကား ဝေဒခေတ်သို့ ပြန်သွားသော လှုပ်ရှားမှု ဖြစ်သည်။ ဤအသင်းကလည်း တစ်လောကလုံးက လက်ခံသော ဘာသာ ကိုးကွယ်မှု ဖြစ်ရေး အတွက် ကြိုးပမ်းခဲ့သည်။ အိန္ဒိယပြည်တွင် အထိုက်အလျောက် အောင်မြင်မှု ရရှိခဲ့လေသည်။

ဤအသင်းသည် ခရစ်ယာန် ဆန့်ကျင်ရေး၊ အနောက်တိုင်း ဆန့်ကျင်ရေး မူကို စွဲကိုင်လျက် အမျိုးသား ဂုဏ်သိက္ခာ မြှင့်တင်ရေးကို ဆောင်ရွက်ခြင်းဖြင့် အမျိုးသားကြိုက် ဖြစ်ခဲ့လေသည်။

ထိုအသင်းကို ၁၈၇၅ ခုနှစ်တွင် *ဆွာမိ ဒယာနန္ဒ* [၂] က ဦးဆောင်၍ ဖွဲ့စည်းခဲ့သည်။ သူသည်လည်း ဗြဟ္မဏ တစ်ဦး ဖြစ်သည်။ ငယ်စဉ်ကတည်းက ဘာသာရေးတွင် တော်လှန် ပုန်ကန်တတ်သော အတွေ့အကြုံ ရှိသူ ဖြစ်သည်။

ငယ်စဉ်ကတည်းက သူသည် သိဝ နတ်ဘုရားကို ကိုးကွယ်ရာမှ ဥပနိသျှဒ် ကျမ်းများ၌ ပါသော ဧကတ္တ ဝါဒကို ရသေ့ တပသီ တစ်ဦး အဖြစ်ဖြင့် လက်ခံ၍ ကျင့်သုံးခဲ့လေသည်။

ထိုသို့ ကျင့်သုံးခဲ့သည်မှာ ကာလ အပိုင်းအခြား တစ်ခုမျှသာ ဖြစ်သည်။ နောက်ကာလ၌မူ သူသည် သချ်ာ ဒဿနဂိုဏ်းက လက်ခံခဲ့သော ဒွိယအတ္တဝါဒကို လက်ခံ ကျင့်သုံးပြန်သည်။

နောက်ဆုံး၌ သူသည် ဝေဒ ကျမ်းများ၌ လာသော ဘာသာ တရားသည်သာ ရှေး အကျဆုံး ဖြစ်၍ ဘာသာ ကိုးကွယ်မှု အားလုံးတို့တွင် အသန့်ရှင်းဆုံး ဖြစ်သည်ဟု ယုံကြည်သွားလေတော့သည်။

ထို အယူဝါဒသည် အယူသီးမှု၊ ရုပ်တု ကိုးကွယ်မှု သို့မဟုတ် မှားယွင်းသော လူဝင်စား ဘုရား အဝတာရ သဘောတရားများ၏ အစွန်းအထင်းလည်း မရှိ၊ မနှစ်သက်ဖွယ် ကောင်းသော ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားမှု စနစ်မှလည်း လွတ်သည်ဟု သဘော ကျခဲ့လေသည်။ ထို ဝေဒ ကျမ်းများသည် တစ်ဆူတည်းသော ဘုရားမှ တိုက်ရိုက် ချပေးသော နှုတ်ကပါဋ်တော်များ ထုတ်ဖော် ပြောဆိုခြင်းများ ဖြစ်သည်။ သေချာစွာ နားလည် သဘောပေါက်လျှင် ဘုရား များစွာကို လက်ခံ ကိုးကွယ်ခြင်းကို သင်ကြားခြင်း မရှိဟု သူက သင်ကြားခဲ့လေသည်။

ဝေဒ ကျမ်းများထဲတွင် အတိတ်ကို ဖွင့်သော သော့ အစစ်အမှန် ပါရုံသာမက အနာဂတ် အတွေး အခေါ် တိုးတက်မှုများကို ဖွင့်လှစ်ရန် သော့ အစစ် အမှန်လည်း ပါသည်။ ဝေဒ ကျမ်းများ၌ မကြာမီက သိပ္ပံပညာ နယ်တွင် ရှာဖွေ တွေ့ရှိချက်များနှင့် ပတ်သက်သော ကြိုတင် မှန်းဆချက်များလည်း ပါထားပြီး ဖြစ်သည်။ ထိုတွေ့ရှိချက်များတွင် ရေနွေးငွေ့ဖြင့် မောင်းသော စက်ယန္တရား၊ မီးရထား၊ ပင်လယ်ကူး သင်္ဘောကြီးများနှင့် လျှပ်စစ် မီးများ ပါဝင်သည်။ ထိုအရာများ ဖြစ်ပေါ်လာမည်ကို ဝေဒ ကျမ်းများ၌ ကြိုတင် မှန်းဆ၍ ဟောထားပြီး ဖြစ်ကြသည်။

ဝေဒ ကျမ်းများထဲတွင် ရူပဗေဒ အခြေခံများရော၊ ဓာတုဗေဒ အခြေခံများကိုရော ချမှတ်ထားပြီး ဖြစ်၏။ ထို့ကြောင့် ဝေဒ ကျမ်းများသည် သဘာဝ တရားကို ဖော်ပြသော စံထားလောက်သော ပုံထုတ် စက္ကူပြာနှင့် တူသည်။ သဘာဝ လောက အဆောက်အအုံကြီးနှင့် အတိအကျ တူသော သဘောများသည် ဝေဒ ကျမ်းများ၌ ပါသည်။

ယခုအခါ အရိယာ သမဇ္ဇ ဂိုဏ်းကွဲ နှစ်ခု တည်ရှိသည်။ တစ်ခုသည် လစ်ဘရယ် အယူ ရှိသူများ၏ အသင်း ဖြစ်သည်။ လွတ်လပ်စွာ တွေးခေါ်မှုကို လိုလားကြသူများ

---

၁။ Nava Bidhana Samaj
၂။ Swami Dayanand

ဖြစ်သည်။ နောက်တစ်ခုသည် ရေးအယူကိုသာ အမှန်ဟု ယူသော ရေးထုံးလိုက်သော ကွန်ဆာဗေးတစ်များ ဖြစ်ကြသည်။ နှစ်ဖွဲ့စလုံးသည် ပညာ ပေးရေးနှင့် အိန္ဒိယပြည် မြောက်ပိုင်းတွင် လူသားချင်း ကြင်နာသော လုပ်ငန်းများကို လုပ်ကိုင်လျက် ရှိကြသည်။ ထိုအဖွဲ့များက ဖွင့်လှစ်ထားသော ကျောင်းများတွင် ဝေဒ ကျမ်းများကို အခြေခံသော ခေတ်သိပ္ပံပညာများကို သင်ကြားပေးသည်။ ထိုအဖွဲ့၏ နောက်လိုက်များမှာ သန်းဝက်ခန့် ရှိသည်။

(ဂ) လောကီရေး ဝါဒ[၁] ထွန်းကားလာခြင်း

ဟိန္ဒူ ဘာသာဝင် အများစုသည် လောကုတ္တရာ ဘာသာရေးကိုသာ နှစ်သက် ရှင်လန်းတတ်ကြသည်။ လွန်ခဲ့သော ရာစုနှစ် အတွင်း၌မူ အိန္ဒိယပြည်တွင် ရုပ်ဝါဒနှင့် လောကီရေးဘက်သို့ ရည်ရွယ်သော လှုပ်ရှားမှု တစ်ခု ပေါ်ပေါက်ခဲ့လေသည်။ ဤလှုပ်ရှားမှုသည် အိန္ဒိယ နိုင်ငံသား အတွေးအခေါ် အဆင်အခြင်ဉာဏ် ရှိသူများအား များစွာ စိုးရိမ်ထိတ်လန့် ဖြစ်စေခဲ့သည်။

ခေတ်သစ် အတွေးအခေါ် လမ်းကြောင်း အရ အသိဉာဏ်ပညာ ရှိသူများသည် အဖွဲ့အစည်းနှင့် ဖြစ်သော ဘာသာ ကိုးကွယ်မှုများ အပေါ် စိတ်ဝင်စားမှု လျော့နည်း ကျဆင်းလာခဲ့လေသည်။ ထိုပုဂ္ဂိုလ်များက ဘာသာတရားသည် ရေးကျသော လူသားများ၏ ဘဝ အမြင်နှင့် လောက အမြင် အပေါ်မှာ တည်ထားသော အယူသီးမှုများသာ ဖြစ်သည်ဟု ရှုမြင်လာကြလေသည်။ ဘာသာ တရားများက ဟောကြားသော လောကီအာရုံ ကာမဂုဏ် တရားများကို စွန့်ပယ်ရေးနှင့် ဘဝ အဆိုးမြင် သဘောတရားများကို သူတို့သည် ဆန့်ကျင်လာကြသည်။

ထိုအခါ ဘာသာရေးနှင့် ဘာသာရေးသမားများ အပေါ်တွင် ပို၍ သံသယစဉ် ကင်းလာကြပြီးလျှင် ပို၍ ဝေဖန် သုံးသပ်လာကြလေသည်။ ထောင်သောင်းချီသော လူအများသည် ရေးက ဟိန္ဒူ ဓမ္မများကို အယုံအကြည် မရှိကြတော့ပေ။ ဟိန္ဒူ ဘာသာရေး ပွဲသဘင်များကိုလည်း လက်မခံကြတော့ပေ။ ဘာသာရေး ယုံကြည် သက်ဝင်မှုကို စွန့်ပယ်ခဲ့ကြသည် ဆိုရာတွင်လည်း မိသားစု အကြောင်း၊ လူမှုရေး အကြောင်းများကြောင့် ယုံကြည်မှု သဘောကိုကား လက်ခံ ထားကြရဆဲ ဖြစ်၏။ ဗြာဟ္မဏများသည်ပင်လျှင် ဘာသာရေးကို အရှက်တကွဲ အကျိုးနည်းအောင် ပြောဆိုပြုမူ လာကြလေတော့သည်။

နောက်ပိုင်းတွင် အနောက်တိုင်း လူသား ဝါဒနှင့် မတ်စ် ဝါဒ သဘောတရားများကြောင့် ဘာသာရေး ပြိုပျက်မှု တိုးပွား လာလေတော့သည်။

အထူးသဖြင့် ကွန်မြူနစ် ဝါဒ ထိုးဖောက် ဝင်ရောက်လာသော အသိုင်းအဝိုင်း အချို့တွင် ဖန်ဆင်းရှင် ဘုရားကို ရှုတ်ချ ပြောဆိုသော လေသံများ၊ သဘောထားသစ်များကို ကြားလာရလေသည်။

ထိုလေသံများကို ကြားနာရသည့် အခါ မည်မျှပင် ပြင်ဆင်ထားသူ ဖြစ်စေကာမူ ဟိန္ဒူ လူငယ်များက "ကမ္ဘာပေါ်ရှိ လူသားများ အနက် ကျွန်ုပ်တို့ အိန္ဒိယ နိုင်ငံသားများသည် ပို၍ ရုပ်ဝါဒီ ဆန်ရန် လိုအပ်ပေသည်။ ကျွန်ုပ်တို့မှာ ဘာသာတရားက များလှသည်။" ဟု ဆိုသော အရေးအသားများကို တွေ့ရသော အခါ အထိတ်တလန့် အံ့အားသင့်ကြရသည်။

အနောက်တိုင်း ဒီမိုကရေစီတွင် ဘာသာရေးနှင့် နိုင်ငံရေးကို ခွဲခြား ထားရမည် ဟူသော သဘောတရား အရ လူငယ် အမျိုးသားဝါဒီများသည် လောကီရေးဘက်သို့ ပါသွားကြလေသည်။

အမျိုးသား ခေါင်းဆောင်ကြီး ဖြစ်သော ဂျဝါဟာလာ နေရူးသည်ပင်လျှင် ဤလောကီရေး ဖြစ်သော အယူဝါဒကို စွဲကိုင်လာခဲ့လေသည်။

သူသည် ငယ်စဉ်ကပင် သိခက် နက်နဲသော ဂမ္ဘီရ သဘောများနှင့် ပူဇော်ပသခြင်း ကိစ္စများကို နှစ်သက်ခြင်း မရှိခဲ့ပေ။ သူသည် ခဝပ် ကိုးကွယ်မှု ဆုတောင်း ပတ္ထနာ ပြုမှုကို အခြေခံသော ဘာသာ ကိုးကွယ်မှုကို မုန်းတီးကြောင်း၊ ထိုဘာသာ ကိုးကွယ်မှုမျိုးကို လူ့ဘဝမှ ဖယ်ရှား ပစ်သင့်ကြောင်းကိုပင် ထုတ်ဖော် ရေးသားခဲ့လေသည်။

ဤအချက်တွင်မူ ဂျဝါဟာလာ နေရူးနှင့် မဟာတ္တမ ဂန္ဒီတို့သည် အယူအဆချင်း မတူခဲ့ကြပေ။

(၂) လူမှု ပြုပြင် ပြောင်းလဲရေးများ

အသိပညာရှင်များထဲတွင်သာ အမြင် အယူအဆ ပြောင်းလဲသည် မဟုတ်။ လွန်ခဲ့သော ရာစု အတွင်း၌ ဗြဟ္မာသမဇ္ဇ အသင်းများ အကြောင်းကို ဖော်ပြစဉ်က ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီး ဖြစ်သကဲ့သို့ အိန္ဒိယ နိုင်ငံတွင် လူမှု အပြောင်းအလဲများလည်း ဖြစ်ပေါ်ခဲ့လေသည်။

၁။ Secularism

ဤကိစ္စသည် ဇာတ် စနစ် အပြောင်းအလဲ ဖြစ်ပေါ်ရာ၌ လည်းကောင်း၊ အိမ်ထောင်ရေး စည်းကမ်း ဥပဒေများ အပြောင်းအလဲ ဖြစ်ရာ၌ လည်းကောင်း အထူးသဖြင့် မှန်ကန်ပေသည်။

(က) ဇာတ် ပြဿနာ

ရှေးခေတ် အိန္ဒိယ နိုင်ငံတွင် တင်းကျပ်သော ဇာတ် ခွဲခြားမှု စနစ်သည် စီးပွားရေး အဆောက်အအုံပေါ်မှာပါ အကျိုးအကျပ် ဖြစ်စေခဲ့လေသည်။ ထိုစဉ်ကမူ ထိုပြဿနာသည် ရိုးရှင်းခဲ့သည်။ သို့သော် လူမှုရေး ဖြစ်စဉ်ကို ရိုးရိုးရှင်းရှင်း ထား၍ ရကောင်းသည် မဟုတ်ပေ။ ထို လူမှု အဆောက်အအုံသည် တဖြည်းဖြည်း ရှုပ်ထွေးလာပေတော့သည်။ ရှေးခေတ်က လက်ခံထားခဲ့သော ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြားမှု စနစ်လည်း ပြိုကွဲ သွားလေတော့သည်။

လုပ်ငန်း ဆိုင်ရာ ဇာတ်စနစ်က လူတန်းစားဆိုင်ရာ ဇာတ် စနစ်ကို ဖျက်သိမ်းလိုက်သလို ဖြစ်သွားစေခဲ့လေသည်။

အခွင့် အာဏာ ရှိသူ တစ်ဦးက ပြောပုံမှာ ဤသို့ ဖြစ်သည်။

'အိန္ဒိယပြည်မှာ သီးခြား ဇာတ်တွေလည်း ရှိတယ်၊ ဇာတ်အုပ်စုတွေလည်း ရှိတယ်၊ စက်မှု မထွန်းကားခင် ရှေး အခါက ဆိုရင် လုပ်ငန်း တစ်ခုစီမှာ အုပ်စု ဇာတ်စနစ် ရှိခဲ့တယ်၊ သာမန် လယ်သမား ယာသမား အုပ်စုတွေ၊ တချို့ အထူး သီးနှံ စိုက်တဲ့ သူတွေ၊ ဥပမာ ကွမ်း စိုက်သူတွေ၊ ဟင်းသီး ဟင်းရွက် စိုက်သူတွေ၊ ပန်း စိုက်သူတွေ၊ ဆေးရွက် စိုက်သူတွေ၊ ပြီးတော့ လက်မှု ပညာသည် အုပ်စုတွေ၊ ဥပမာ အိုးလုပ်သူတွေ၊ ပန်းထိမ် ပညာသည်တွေ၊ ပန်းပဲသမားတွေ၊ ပန်းတဉ်း (ကြေး လက်မှု) ပညာသည်တွေ၊ အုပ်ချုပ်ရေးသမားတွေ၊ ဆေးဆိုးပန်းရိုက်သမားတွေ၊ ပြီးတော့ ကျေးရွာ သူရင်းငှားတွေ ဖြစ်ကြတဲ့ နွားကျောင်းသားတွေ၊ ဆတ္တာသည် (ဆံပင်ညှပ်သမား) တွေ၊ ပင်မင်း (အဝတ်လျှော်) သမားတွေ၊ အစောင့် ဒရဝမ်တွေ၊ မိလ္လာကျုံး အမှိုက် ကျုံးသူတွေနှင့် အခြားသော လုပ်ငန်း လုပ်ဆောင်သူတွေ ဖြစ်တဲ့ လေ့သမားတွေ၊ တံငါသည်တွေ၊ ကျွဲနွား မွေးမြူသူ ခြိသမားတွေ၊ တေးဂီတ ပညာရှင်တွေ၊ သရုပ်ဆောင်တွေ၊ မြေတူးသမားတွေ၊ ဆန်ကြိတ်ခွဲသမားတွေ၊ မုဆိုးတွေ၊ ကြက်ဘဲမွေးမြူသူတွေ စတဲ့ လုပ်ငန်း အုပ်စု အလိုက် ဇာတ်ခွဲတာလည်း ရှိခဲ့တယ်'

ဤသို့ လုပ်ငန်း အလိုက် ဇာတ် ခွဲခြားမှု အပြင် လူမျိုးစုံ အလိုက် ဇာတ်ခွဲခြင်းလည်း ရှိခဲ့လေသည်။ ဂိုဏ်းဂဏ အရ ဇာတ်လည်း ရှိသည်။ ထို့ပြင် ကျူးကျော် ဝင်ရောက် တိုက်ခိုက်ပြီး ဇာတ် တည်ထောင်ခြင်းလည်း ရှိသည်။ တစ်ပြည်မှ တစ်ပြည်သို့ ရွှေ့ပြောင်း နေထိုင်လာသူများ၏ ဇာတ်လည်း ရှိသည်။

အနိမ့်ဆုံးဇာတ် ရှိသူများထဲမှာပင် သန့်ရှင်းသူ ဇာတ်၊ မသန့်ရှင်းသူ ဇာတ် ဟူ၍ ခွဲခြားသေးသည်။

သန့်ရှင်းသူများ၏ ဇာတ်မှာ ရှေးအခေါ်အတိုင်း သုဒ္ဒ အမည်ဖြင့် အုပ်စု ဖွဲ့တတ်ကြသည်။ သူတို့သည် လုပ်ငန်း အလိုက် အယုတ် အမြတ် ခွဲခြားခြင်းကို မလုပ်ဘဲ မိမိတို့၏ လူမှုရေး ဘာသာရေး အမှု ကိစ္စ ဆောင်ရွက်ရာတွင် အခါအခွင့် အလိုက် ဂုဏ်သတင်း ကြီးသော ဗြဟ္မာဏများကို မိမိတို့၏ နတ်ဆရာ ဘုန်းကြီး အဖြစ် တင်ထား၍ ပြုလုပ်လေ့ ရှိကြသည်။

မသန့်ရှင်းသူများသည် လုပ်ငန်း အရ အောက်တန်းကျသူများ ဖြစ်သည်။ ယုတ်ညံ့သော အလုပ်ဖြင့်သာ အသက်မွေးသူများ ဖြစ်ကြသည်။ ၎င်းတို့မှာ ဒွန်းစဏ္ဍား အလုပ်၊ သုဘရာဇာ အလုပ် လုပ်သူများ၊ အမှိုက်လှဲ၊ မိလ္လာ ကျုံးသူများ ဖြစ်ကြသည်။ ၎င်းတို့ အထဲတွင် သားရေနယ်သမားများ၊ ဖိနပ်ချုပ်သမားများ၊ ကြိမ် ကုလားထိုင် ထိုးသူများ၊ ကူလီ အထမ်းသမားများနှင့် ကျွမ်းကျင်မှု မရှိသော နေ့စား လက်လုပ်လက်စားများ ပါဝင်ပေသည်။

ဤ မသန့်ရှင်းသော ဇာတ်နိမ့်များကို ဇာတ်မြင့်များက ကာလ ကြာမြင့်စွာကပင် အောက်တန်းစား အပယ်ခံ ဇာတ်နိမ့်များဟု သတ်မှတ် ထားခဲ့ကြလေသည်။

ထို့ပြင် ၎င်းတို့ကို *မတို့ထိအပ်သူများ* [၁]၊ မဆက်ဆံအပ်သူများဟုလည်း ခေါ်ကြသည်။ ထိုကဲ့သို့ အပယ်ခံ ဇာတ်နိမ့်များ၏ အရေအတွက်မှာ အိန္ဒိယ နိုင်ငံတွင် လူဦးရေ ငါးသန်းခန့် ရှိသည်။ ရှေးအခါကမူ ထိုသူတို့၏ ဘဝ အခြေအနေသည် သနားစဖွယ် ဖြစ်ခဲ့လေသည်။

မနုကျမ်း ဓမ္မသတ်ထဲမှာ ပါသော စက်ဆုပ်စရာ အထင်သေးစရာ ဖြစ်သော စဏ္ဍာလများကဲ့သို့ ထိုဇာတ်နိမ့် အပယ်ခံများကို ရွာထဲက ဝက်များ၊ ခွေးလေ ခွေးလွင့်များ လောက်သာ သဘောထားခြင်း ခံကြရလေသည်။

---

၁။ Untouchables

ဤ မတို့ထိအပ်သော ဇာတ် ပြင်ပမှ နိမ့်ကျသော အလုပ် လုပ်စားရသူများကို လူတိုင်းက စက်ဆုပ်ကြသည်။ အမြင်သေးကြသည်။ ရွတ်ချကြသည်။ သူတို့နှင့် အသား ချင်း ထိဖို့ကို မဆိုထားနှင့်၊ ထိုမသန့်ရှင်းသော ဇာတ်နိမ့် များ၏ အရိပ်ကို နင်းမိလျှင်ပင် ဇာတ်မြင့်များမှာ ညစ်ညမ်း သွားသည်ဟု ယူဆကြသည်။

အိန္ဒိယပြည်၏ တချို့ ဒေသများတွင် ထို ဇာတ်နိမ့် များ လမ်းထဲသို့ ထွက်လာလျှင် မိမိ လာပြီ ဖြစ်ကြောင်း ကို လူသိရှင်ကြား ဖြစ်အောင် ကြေညာရသည်။ သို့ဖြင့် ထို သူတို့၏ အရိပ်နှင့် ထိသဖြင့် ညစ်နွမ်းခြင်း ဖြစ်ရမည့် အထက်တန်းစား ဇာတ်မြင့်များသည် ၎င်းတို့နှင့် မထိဘဲ ဝေးဝေးက ထဘီ၊ လုံချည်ကို သိမ်းဆည်း၍ ရှောင်ဖယ် သွားနိုင်စေရန် ဖြစ်သည်။

တချို့ လမ်းများနှင့် ဈေး အရပ်များတွင် ဇာတ်နိမ့် များကို တားမြစ်ထားကြသည်။ တချို့ ဘုရား ဝတ်ကျောင်း များ၌ ဝတ်ကျောင်း ပရဝုဏ် အတွင်း ပေ ဘယ်လောက် အထိ မဝင်ရဟုလည်း သတ်မှတ်ထားသည်။ အများနှင့် သက်ဆိုင်သော ရေတွင်းမှ ရေကိုလည်း ထိုသူများ မခပ်ရ။ ထိုအောက်တန်းစားများ အတွက် သီးခြား သတ်မှတ်ထား သော ရေတွင်းမှ ရေကိုသာ သူတို့ချင်း ခပ်ယူ သုံးစွဲနိုင် သည်။

ဗြာဟ္မဏ တစ်ဦး လမ်းပေါ်မှာ လာသည်ကို မြင်လျှင် အပယ်ခံ ဇာတ်နိမ့် တစ်ဦးသည် လမ်းပေါ်က ဆင်းပြီး လယ်ကွင်းထဲသို့ ထွက်သွားရသည်။ ဝေးဝေး ရှောင်ရသည်။ အကယ်၍ ထိုသူက ဗြာဟ္မဏ ပုဏ္ဏား အနီးက ဖြတ်သွား လျှင် ဖြစ်စေ၊ ချဉ်းကပ်လာလျှင် ဖြစ်စေ ထိုပုဏ္ဏားသည် ရေချိုး ပစ်ရသည်။ သူ့ကိုယ်ပေါ်ရှိ သန့်ရှင်းသော ချည် စလွယ်ကို အသစ် လဲပစ်ရသည်။ အခြားသော သန့်စင်ရေး အစီအစဉ်များဖြင့်လည်း ဆောင်ရွက်ရလေသည်။

တချို့ အရပ်ဒေသများတွင် အောက်တန်းစား ဇာတ် နိမ့် တစ်ဦးသည် ကုန်သည် တစ်ဦး၏ လက်ထဲက ပစ္စည်း ကိုလည်း ဝယ်ယူ၍ မရပေ။ ထိုကုန်သည်က ထိုပစ္စည်းကို မြေပေါ်မှာ ချထားခဲ့ပြီး အရပ် တစ်ပါးသို့ ထွက်ခွာသွား သည် အထိ စောင့်ပြီးမှ ယူရသည်၊ သို့မဟုတ် ထိုပစ္စည်း ကို ပစ်မြှောက်၍ ပေးမှ ယူရသည်။

အမှန်မှာ အောက်တန်းစား အပယ်ခံ ဇာတ်မဲ့များမှာ ဇာတ် မရှိသူများ ဖြစ်သည်။ ဇာတ်မှ အပပြုခြင်း ခံရသူများ ဖြစ်ကြသည်။ သူတို့သည် စုစည်းမှု ကင်းသော ခွေးလေ ခွေးလွင့်များသာ ဖြစ်ကြ၏။

ဤ အချက်သည် ရှေးအခါကမူ အလွန် မှန်ကန်ခဲ့ သည်။ သို့သော် ဇာတ်မဲ့များလည်း အချိန် ကြာလာသော အခါ ဇာတ်ရှိသူများကဲ့သို့ပင် စုစည်းလာကြသည်။

ထို ဇာတ်မဲ့များ၏ ဇာတ်များစွာ ယခုအခါ တည်ရှိ နေပြီ ဖြစ်၏။

ဟိန္ဒူ ဘာသာတွင် ဇာတ်နှင့် ပတ်သက်သော တင်း ကျပ်သည့် စည်းကမ်း ဥပဒေများကို ပယ်ဖျက်ရေးနှင့် ဇာတ် စနစ် တစ်ခုလုံးကို ပယ်ဖျက်ရေး ကြိုးပမ်းမှုများကို ပြုလုပ် ခဲ့ကြသည်လည်း ရှိသည်။

ထိုကြိုးပမ်းချက်များမှာ နှစ်မျိုး နှစ်စား ရှိသည်။

ရှေးအကျဆုံးသော ကြိုးပမ်းမှုများမှာ နောက်လိုက် များသော အရိုးအစဉ်ကို ဆန့်ကျင်သူများက ဇာတ် စည်း ကမ်း ဥပဒေများကို ပြုပြင်ရန် ကြိုးပမ်းမှု ဖြစ်သည်။ အယူ ဝါဒ ပြောင်းသူများ၊ ဇာတ် အဆင့်အတန်းကို စွန့်လွှတ်သူ များအား ဖိတ်ခေါ်၍ လောကီနယ်မှ အနား ယူကြရန် စည်း ရုံးသည်။ ဘာသာ အယူဝါဒသစ်ကို ခံယူပြီး သံဃာ့ အဖွဲ့ အစည်းတွင် ပါဝင်စေသည်။ သံဃာ့ဘောင်တွင် ဇာတ် အနိမ့် အမြင့် ခွဲခြင်း လုံးဝ မရှိတော့ပေ။

ဤအချက်တွင် ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့သည် အစွမ်းဆောင်နိုင်ဆုံး ဖြစ်ခဲ့ကြလေသည်။ သို့သော် သံဃာ့ အဖွဲ့အစည်းမှ အပ ဖြစ်သူများသည်ကား ဇာတ်စည်းကမ်း များကိုပင် ဆက်လက် ကျင့်သုံး လိုက်နာ၍ နေခဲ့ကြလေ သေးသည်။

ဇာတ်နှင့် ပတ်သက်သော ပြုပြင် ပြောင်းလဲရေး အစစ် အမှန်ကား မပေါ်ပေါက်သေး။ လူသာမန်များမှာ ရှေးက ဇာတ်စည်းကမ်း ဥပဒေများ အတိုင်းပင် လိုက်နာ၍ လက် ထပ် ထိမ်းမြားခြင်းကို ပြုလုပ် နေကြလေသည်။

ဤသို့ ပြုလုပ်နေကြခြင်းမှာ ဇာတ်စနစ်ကို ဆန့်ကျင် ခြင်း မဟုတ်ဘဲ ဇာတ်စနစ်ကို ပို၍ ခိုင်မာအောင် မြေတပ် လုပ်ခြင်း၊ ကတုတ် လုပ်ခြင်းနှင့် တူနေပေတော့သည်။

ဘုန်းကြီးကျောင်းများ၌ ရဟန်း ခံပြီး သံဃာ့ဘောင် သို့ ကူးပြောင်း သွားကြသူများသာလျှင် ဇာတ် စနစ်ကို ဆန့်ကျင်သွားသူများ ဖြစ်ကြလေသည်။

ဘုရားသခင် တိုက်ရိုက် ချပေးသော နှုတ်ကပါဌ်တော် များကို လက်ခံသော ဘာသာရေး ခေါင်းဆောင်များက ဘာသာ အယူဝါဒ ပြောင်းလာသူများ အတွက် ဘာသာရေး ဂိုဏ်းသစ်ကို တည်ထောင်ကြသော အခါမှသာ ပို၍ လူမှု ရေး အကျိုး သက်ရောက်သော ဇာတ်စနစ် ပယ်ဖျက်ရေး ကိစ္စသည် ပီပီပြင်ပြင် ပေါ်ထွန်းလာတော့သည်။

ရှေးက မည်သို့ပင် ဇာတ်နိမ့် ဇာတ်မြင့် အယူကို ယူခဲ့ကြစေကာမူ ထာဝရ ဘုရားသခင်၏ ရှေ့တော်မှောက်၌ လူသား အားလုံးသည် တန်းတူရည်တူပင် ဖြစ်သည်။

သူတို့သည် လွတ်လွတ်လပ်လပ် စားနိုင်သည်။ လွတ်လွတ်လပ်လပ် လည်ပတ်နိုင်သည်။ အယူဝါဒသစ်ထဲမှာ ပါဝင်သူ အချင်းချင်း လွတ်လွတ်လပ်လပ် ထိမ်းမြား လက်ထပ်နိုင်သည်။

သို့သော် ဤဂိုဏ်း၏ အပြင်အပမှ ပုဂ္ဂိုလ်များနှင့်မူ လက်မထပ်နိုင်။ လက်မထပ်နိုင်ခြင်းမှာ သူတို့ကိုယ်၌က လက်မထပ်လိုခြင်းလည်း တစ်ရပ်၊ ထိုသို့ ဂိုဏ်းပြင်ပက လူနှင့် လက်ထပ်ရေးကို စီစဉ် ပေးနိုင်သူ မရှိခြင်းကြောင့် လည်း တစ်ရပ် ဖြစ်သည်။ ကြာသော် ထိုဂိုဏ်းသစ်မှာလည်း ဇာတ်သစ် တစ်ခုလို ဖြစ်ပေါ် လာလေတော့၏။

ဘုံဘေမြို့ရှိ သိဝနတ်ကို ကိုးကွယ်သော *လိင်္ဂယတ်* [၁] များနှင့် အိန္ဒိယ တောင်ပိုင်းသားများ၊ လူဦးရေ သုံးသန်းခန့် ရှိသော ဘင်္ဂလားနယ်မှ *ဘိုက်ရှတန်* [၂] များသည် ဤကဲ့သို့ ဖြစ်ခဲ့ကြသူများ၏ နမူနာ ပြယုဂ်များ ဖြစ်ကြသည်။ ဗြဟ္မာများ ကြီးစိုးသော ဇာတ် စနစ်ကို ကန့်ကွက်သူများ ဖြစ်ကြလေသည်။

ဇာတ်စနစ်ကို တိုက်ခိုက်ခဲ့ကြသော ဒုတိယ အမျိုးအစားမှာ အတွင်းက နေ၍ ပြုပြင် ပြောင်းလဲရေးကို ပြုလုပ်ကြသူများ ဖြစ်ကြလေသည်။ ဤ ပြုပြင် ပြောင်းလဲရေးသည် မကြာမီကမှ ပြုလုပ်ခဲ့ကြသော ပြုပြင် ပြောင်းလဲရေး ဖြစ်သည်ဟု ဆိုနိုင်သည်။

ခရစ်ယာန် အယူဝါဒ၏ ဩဇာနှင့် အနောက်တိုင်း လူ့ အဖွဲ့အစည်း ပုံစံကို တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ခံယူကြသော လူမှုရေး ဘဝ ကောင်းမွန်မှုကို လိုလားသူများ၏ ပြုပြင် ပြောင်းလဲရေး ဖြစ်သည်။

မဟတ္တမ ဂန္ဒီ ဦးဆောင် ပြုလုပ်ခဲ့သည် ဆိုသော အဆိုပြုချက် တစ်ရပ်မှာ ဤသို့ ဖြစ်သည်။

အသက်မွေးဝမ်းကျောင်း လုပ်ငန်းသည် ရိုးရာ အမွေဆက်ခံချင် ဆက်ခံပါစေ၊ သို့သော် အခြားသော တားမြစ်ချက်များကိုမူ ဖျက်သိမ်းပစ်ရမည်၊ အထူးသဖြင့် လူ အချင်းချင်း မတို့ထိအပ် ဆိုသော အယူအဆလို တားမြစ်ချက်ကို ဖျက်သိမ်းပစ်ရမည် ဟူ၍ အဆိုပြုလာကြသည်။

သူ သေသည် အထိ မဟတ္တမ ဂန္ဒီသည် နောက်ဆုံး အောင်မြင်အောင် ပြုလုပ်နိုင်ခဲ့လေသည်။

၁။ Lingayat ၂။ Baishtam

၁၉၄၈ ခုနှစ် နှောင်းပိုင်းတွင် ပြုလုပ်ခဲ့သော ဟိန္ဒူတို့၏ အိန္ဒိယ တိုင်းပြုပြည်ပြု လွှတ်တော်တွင် မတို့ မထိအပ် ဆိုသော စနစ်ကို ဖျက်သိမ်း ပစ်လိုက်ပြီးလျှင် ထိုစနစ် ကျင့်သုံးမှု မှန်သမျှကို ဥပဒေ အရ တားမြစ်လိုက်လေသည်။

အိန္ဒိယ နိုင်ငံ၏ နိုင်ငံရေး ခေါင်းဆောင်များသည် ခေတ်နှင့် အညီ အများ၏ သဘောထား အရ အပြု သဘောဖြင့် ပြန်လည် တုံ့ပြန် လာခဲ့ကြလေသည်။

ခေတ်က ခေတ်သစ် စက်မှု ထွန်းကားသော လူ့ အဖွဲ့အစည်း အခြေအနေများကို ဖန်တီးနေပြီ ဖြစ်ရာ ရှေးကျသော လူမှုရေး စနစ်များမှာ သူ့အလိုလို ပြိုကွဲလျက် ရှိနေပြီ ဖြစ်ပါသည်။ ရှေးက ဇာတ် သီးခြား နေခြင်းမျိုးလည်း ကြေမွ ပြိုကွဲသွားပြီး ရထားပေါ်မှာ ဘတ်စ်ကားပေါ်မှာ ဇာတ်နိမ့်နှင့် ဇာတ်မြင့်များ မလွဲသာ မရှောင်သာ ရောနှော စီးနင်းရသော အခြေအနေများလည်း ဖြစ်ပေါ်လာပြီ ဖြစ်၏။

ရထားပေါ်မှာ ဘူတာရုံမှာ မလွှဲသာမရှောင်သာ ရောနှော စီးနင်းရအောင် ခေတ်သစ် ဘဝ အခြေအနေက ဖန်တီးလိုက်လေပြီ။

ထို့ကြောင့် ဇာတ်မြင့်များ အနေနှင့် သူ့ ရွာမှာသာ သူက ဇာတ် စည်းကမ်းကို လိုက်နာချင် လိုက်နာနိုင်မည် ဖြစ်သော်လည်း ခရီး သွားလာသော အခါတွင်မူ စိတ်လျှော့ကြရပေတော့သည်။

ကိုယ့်ရွာမှာ ဆိုလျှင် အနီးအနား ကပ်၍ ထိုင်မိလျှင် ကိုယ်မှာ မသန့်မရှင်း ဖြစ်ရသည်ဟု ယူဆသော ဇာတ်မဲ့များနှင့်လည်း အနီးအနား ကပ်၍ ထိုင်ကြရလေပြီ။ ဟိုတယ်ကြီးများတွင်လည်း ဇာတ်နိမ့် အတွက် သတ်မှတ်ထားသော ပန်းကန် ခွက်ယောက်များ၊ ဇာတ်မြင့်များ အတွက် သီးသန့် ပန်းကန်များ ထားပေးရန် တောင်းဆို၍ မရတော့ပေ။

ပြည်သူလူထု များစွာတို့မှာ သူတို့ ဘဝ ရာစု နှစ်ပေါင်း များစွာ တည်ရှိနေခဲ့ရာ တောအုပ် အတွင်းမှ လှုပ်ထုတ်ခြင်း ခံရသကဲ့သို့ ဖြစ်သွားလေသည်။

ကျေးလက် ဒေသများတွင်လည်း ခေတ်သစ် ကူးသန်းရောင်းဝယ်မှု စနစ်နှင့် စက်မှု ဘဝ ပေါ်ထွန်းလာသည့် အတွက် အပြောင်းအလဲ များစွာ ဖြစ်ပေါ်လာလေသည်။ ရာစု ခေတ်နှင့် ချီ၍ တည်ရှိခဲ့သော ကျေးလက် လက်မှုပညာ လုပ်ငန်းများကိုလည်း လုပ်ကိုင်လိုသူ မရှိကြတော့ပေ။

အဘယ်ကြောင့်ဆိုသော် စက်ရုံများ၊ သတ္တုတွင်းများ၊ စက်ရုံကြီးများ ပေါ်ပေါက်လာသော အခါ သူတို့ကို အလုပ်

လက်မဲ့ ဘဝသို့ ရောက်ရှိ သွားစေလေတော့သည်။ လူများသည် မိမိတို့၏ မိဘ ရိုးရာ အသက်မွေးမှု အလုပ်များကို စွန့်ပြီး ပို၍ အကျိုး အမြတ် များသော အသက်မွေး ဝမ်းကျောင်း အလုပ်အကိုင်ကို လုပ်ကိုင်လာကြလေသည်။

ထို့ကြောင့် ဇာတ်စနစ်ကို လိုလားသူများ၏ အသည်းနှလုံးတွင်းသို့လည်း ပြောင်းလဲလိုသော စိတ်ဓာတ်များ ဝင်ရောက် လာလေတော့သည်။

(ခ) ကလေးချင်း လက်ထပ် ထိမ်းမြားခြင်းနှင့် မုဆိုးမ အဖြစ်

ကလေးချင်း လက်ထပ် ထိမ်းမြားခြင်း ဓလေ့ထုံးစံသည် အိန္ဒိယ နိုင်ငံတွင် ရာစုနှစ်ပေါင်း များစွာ ကြာအောင် တည်ရှိနေခဲ့လေသည်။

ဘီစီ ၄ါး ရာစုလောက်ကတည်းက ထိုမိသားစု ဥပဒေထုံးစံ ရှိခဲ့ကြောင်း သိရသည်။ ထိုထုံးစံ အရ အပျို မဖြစ်မီကပင် မိန်းကလေးတိုင်းကို အိမ်ထောင် ချထားရန် လိုအပ်ပေသည်။ လွန်ခဲ့သော အနှစ် ရှစ်ရာ ကိုးရာလောက် အထိ လိုက်နာ ကျင့်သုံးခဲ့သော အဆိုပါ ဥပဒေ ထုံးတမ်းစဉ်လာသည် ဇာတ် မတူသူ အပျို လူပျိုချင်း ချစ်ကြိုက်ခြင်းကို ကြိုတင် ကာကွယ်ရန် လိုလားသော ဆန္ဒကြောင့် ဖြစ်ပေါ်လာသည်ဟု ယူဆရပေသည်။

သို့သော် အခြား အကြောင်းများလည်း ရှိပေသေးသည်။ တစ်ကြောင်းမှာ ဇာတ် ထုံးစံက ဇာတ်မတူသူချင်း ထိမ်းမြားခြင်းကို တားမြစ်ထားရကား သားသည် ဖခင်သည် မိမိသား အတွက် သင့်တော်ရာ သတို့သမီး ချွေးမလောင်းကို စောနိုင်သမျှ စောစီးစွာ ရှာဖွေရန် လိုအပ်လာလေတော့သည်။ ထို့ကြောင့် မိဘများသည် သားသမီးများ လသား အရွယ်ကတည်းက စေ့စပ် ကြောင်းလမ်းထားကြရသည်။ သားသမီးများ ရှစ်နှစ် ကိုးနှစ် အရွယ် ရောက်လျှင်ပင် လက်ထပ် ထိမ်းမြား ပေးကြရလေသည်။

ပို၍ အရေးပါသော အချက်မှာ မိသားစု စနစ် အတွက် ကလေးချင်း ထိမ်းမြားသော စနစ်က လက်ငင်း အကျိုးပြုသော အချက် ရှိသည်။ ထိုစနစ်သည် မိဘနှင့် သားသမီး အိုးခွဲ အိမ်ခွဲခြင်း မရှိဘဲ မိသားစု စည်းလုံး ညီညွတ်မှုကို ဖြစ်ပေါ်စေသည်။

ချွေးမသည် အသက် နှစ်ဆယ် ကျော်မှ ယောက္ခမ အိမ်သို့ ရောက်ရှိလာလျှင် မိသားစု၏ အကျင့်စရိုက်များနှင့် လိုက်လျောညီထွေ ဖြစ်အောင် တစ်သွေးတည်း တစ်သားတည်း၊ တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်ဖို့ ခဲယဉ်းသည်။ ယောက္ခမ မိဘနှင့် ချွေးမ တည့်ဖို့ ခဲယဉ်းသည်။ ချွေးမ သတို့သမီးသည် ရှစ်နှစ် အရွယ်မှာ ယောက္ခမ အိမ်သို့ ရောက်လာလျှင် လင်၏ မိဘများ ဓလေ့ထုံးစံနှင့် အညီ ကိုက်ညီအောင် ပြုပြင် ပုံသွင်းဖို့ လွယ်သည်။

ထိုအခါ ချွေးမနှင့် ယောက္ခမသည် စိတ်ဝမ်း မကွဲ၊ သွေးရင်း သားရင်းလို တစ်စိတ် တစ်ဝမ်းတည်း ဖြစ်သွားနိုင်သည်။

ထိုအယူအဆကြောင့် အဖ ဦးစီးသော မိသားစု စနစ် အတွက် မရှိမဖြစ် လိုအပ်သော တောင်းဆိုချက် တစ်ရပ် ဖြစ်လာခဲ့ခြင်း ဖြစ်ပေသည်။ ရလဒ်အားဖြင့် ဟိန္ဒူ ဘာသာဝင် ဇနီးများမှာ သိတတ်သည့် အရွယ်ကတည်းက မိရင်း ဖရင်းနှင့် ခွဲပြီး လင့်အိမ်တွင် ကြီးပြင်းခဲ့ရသောကြောင့် ထိုမိန်းမများသည် မိမိ၏ မိရင်း ဖရင်း အိမ်က အကြောင်းများကို မှတ်မိခြင်း မရှိကြတော့ပေ။

ဤ ကလေး ဘဝက အိမ်ထောင် ပြုသည့် စနစ်၏ ဝမ်းနည်း ကြေကွဲဖွယ် အကျိုးဆက်မှာ မုဆိုးမ ဖြစ်ခြင်းပင် ဖြစ်သည်။

လင် သေဆုံးသွားသော အခါ မုဆိုးမ ဖြစ်ကျန်ရစ်သူ အမျိုးသမီးသည် အရွယ် ကောင်းသေးစေကာမူ မနုကျယ် ဓမ္မသတ် အရ နောက်ထပ် အိမ်ထောင် မပြုရတော့ပေ။ ထို့ကြောင့် အရွယ် ကောင်းလျက်ပင် ထို မုဆိုးမ မိန်းကလေးသည် ယောက္ခမ အိမ်မှာ ဆင်းရဲ ငြိုငြင်စွာ မပျော်ရွှင်ဘဲ ဆက်လက် နေထိုင်ကြရလေသည်။ ထိုမုဆိုးမ မိန်းကလေးသည် လင့် အိမ်မှာ ဝန်ထုပ်ဝန်ပိုးကြီး တစ်ခု အဖြစ်ဖြင့်သာ အချိန် ကုန်ရတော့သည်။ နောက်ထပ် ဘဝ အဆင့် မြင့်စရာ မျှော်လင့်ချက်လည်း လုံးဝ မရှိတော့။ ထမင်းစားချင်လျှင် ယောက္ခမ အိမ်တွင် ဤကဲ့သို့ အလုပ် လုပ်၍သာ နေရပေတော့သည်။

မုဆိုးဖိုများမှာ ထိုမျှလောက် ကံဆိုးသည် မဟုတ်ပေ။ သင့်တော်ရာ သတို့သမီး တစ်ဦးကို တွေ့လျှင် သူတို့က နောက်ထပ် အိမ်ထောင်ပြုနိုင်သည်။ သို့သော် ဤကိစ္စမှာလည်း မကြာခဏ ဘက်မညီသော အိမ်ထောင်မျိုးကို ဖြစ်ပေါ်စေတတ်ပေသည်။ ယောကျ်ားက လူလတ်ပိုင်း ရောက်နေပြီး ဇနီးက ကလေး (အပျို မဖြစ်သေးသူ) ဖြစ်နေတတ်ခြင်းပင် ဖြစ်သည်။

ဤကိစ္စတွင်လည်း မုဆိုးဖိုသည် မုဆိုးမကိုလည်း လက်ထပ်ခွင့် မရှိ၊ လက်ထပ်ရမည့် အရွယ်ကို လွန်သွားသူ သက်တူ ရွယ်တူကိုလည်း လက်ထပ်ခွင့် မပြုပေ။

မကြာခင် ကာလသို့ ရောက်သည့် တိုင်အောင် ဤအခြေအနေကို ခရစ်ယာန် သာသနာပြုများနှင့် ဟိန္ဒူ ကန့်ကွက်သူ၊ ပြုပြင် ပြောင်းလဲရေးသမားများက မလွဲ မရှောင်သာ မလုပ် မဖြစ်သော အလုပ် အဖြစ် လက်ခံထားခြင်းကို ဝေဖန်၍ ပယ်ချခဲ့ကြလေသည်။

ထို့ပြင် ဆေးဘက်ဆိုင်ရာ အစီရင်ခံစာများ၏ ဆန့်ကျင် တိုက်ခိုက်မှုများကြောင့် ဤပြဿနာသည် ဟိန္ဒူ ဘာသာဝင်များ အကြား၌ ပြင်းထန်သော ပြဿနာ တစ်ခု အဖြစ် သတိ ပြုမိလာကြလေတော့သည်။

၁၈၉၀ ခုနှစ်တွင် အစိုးရက ကလေးချင်း လက်ထပ်ခြင်း ကန့်သတ်ရေး ဥပဒေကြမ်းကို တင်သွင်းခဲ့လေသည်။ အစိုးရက ဥပဒေဖြင့် စမ်းသပ်သည့် သဘောဖြင့် ပိတ်ပင်လိုက်ခြင်း ဖြစ်၏။

ထိုဥပဒေ အရ ယောကျ်ားကလေး အသက် ၁၈ နှစ်၊ မိန်းကလေး အသက် ၁၄ နှစ် မပြည့်မီ လက်ထပ် ထိမ်းမြားခြင်းသည် တရား မဝင် လက်ထပ်ခြင်း ဖြစ်ကြောင်း သတ်မှတ် ပြဋ္ဌာန်းခဲ့လေသည်။ လက်ထပ် ထိမ်းမြားသင့်သော အသက်အရွယ်ကို မြှင့်တင်လိုက်ခြင်း ဖြစ်၏။

သို့သော် ထိုဥပဒေသည် ဗြိတိသျှ အုပ်စိုးသော အိန္ဒိယ နိုင်ငံ အတွက်သာ ဖြစ်၏။ ယခုအခါ အိန္ဒိယ တစ်ပြည်လုံးတွင် ဟိန္ဒူ ဘာသာဝင်များသည် ဥပဒေဖြင့် ဖိနှိပ်မှုကို ခံစားလာကြပြီးနောက် ရှေးက အလေ့အထကို ပြန်လည် ကျင့်သုံးလိုသော စိတ်ဆန္ဒများ ပြန်လည် ပေါ်ပေါက် လာကြပြန်သည်။ အပျို ဖြစ်သော အချိန်၌ လက်ထပ် ထိမ်းမြားခြင်းကို ပြုနိုင်သည်ဟု ပြုပြင်လာကြပြန်သည်။

## (၃) နိုင်ငံရေး အပြောင်းအလဲ

နိုင်ငံရေး အပြောင်းအလဲများ အကြောင်းကို အပြည့်အစုံ ဖော်ပြနေမည် ဆိုလျှင် ဤစာအုပ် တစ်အုပ်လုံးဖြင့် ဖော်ပြသည့်တိုင် ပြည့်စုံခြင်းသို့ ရောက်မည် မဟုတ်ပေ။ သို့သော် ဤ နိုင်ငံရေး အပြောင်းအလဲများ အကြောင်းကို လုံးဝ မဖော်ပြဘဲ ချန်ခဲ့ပြန်လျှင်လည်း ကျွန်ုပ်တို့၏ လေ့လာမှုမှာ ကျိုးမြောင်းရာ ကျပေဦးမည်။

အဘယ်ကြောင့် ဆိုသော် အိန္ဒိယ နိုင်ငံတွင် နိုင်ငံရေးကို ဘာသာရေးနှင့် လုံးဝ ကင်းကွာအောင် ပြုလုပ်၍ မရနိုင်သောကြောင့် ဖြစ်ပေသည်။

ယေဘုယျအားဖြင့် အိန္ဒိယ လူမျိုးများ၏ ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးခွင့် ရရှိရေး အတွက် ကြာမြင့်စွာ ရုန်းကန်လှုပ်ရှားမှုတွင် အရေးပါသော အချက်ကြီး သုံးချက် ရှိပေသည်။

ပထမ အချက်မှာ ကောင်းစွာ တည်ထောင်ထားပြီးသော အိန္ဒိယ လူမျိုးများ၏ ဦးဆောင် ဦးရွက် ပြုလိုသော စိတ်ဓာတ် ဖြစ်သည်။

အသိပညာရှင်များ အနေနှင့် ကမ္ဘာ့ မဟာ လူမျိုးကြီးများ နည်းတူ ကိုယ့်ဘဝကို ကိုယ် ထူထောင်ချင်သော၊ ထိုသို့ စွမ်းဆောင်နိုင်သည်ဟု ယုံကြည်သော စိတ် ဖြစ်သည်။ အဘယ်ကြောင့် သူ့ကျွန် ဘဝမှာ နေရမည်နည်း ဆိုသော နိုင်ငံရေး နိုးကြားမှု ဖြစ်သည်။

ဒုတိယ အချက်မှာ မဟတ္တမဂန္ဒီ၏ ကိုယ်ရည်ကိုယ်သွေး ထက်မြက်မှုနှင့် ဦးဆောင်နိုင်မှု ဖြစ်သည်။

ထို့ပြင် မဟတ္တမဂန္ဒီ၏ ကိုယ်ကျင့်သီလ ကောင်းမွန်မှုနှင့် စိတ်ကူး ကောင်းမှုမှာလည်း ဤခေတ်တွင် တုပနိုင်သောသူ မရှိသလောက်ပင် ရှားသည်။ သူသည် အမျိုးသား ကိုယ့်ကြမ္မာ ကိုယ် ဖန်တီးရေး (လွတ်လပ်ရေး) အတွက် အစီအမံများ ပြုလုပ်၍ နိုင်ငံရေး လှုပ်ရှားမှုကို ဦးဆောင်ခဲ့သည်။

သူသည် ဟိန္ဒူ လက်နက်ဖြင့် တိုက်ခိုက်ခဲ့လေသည်။ အကြမ်းမဖက်သော နည်းဖြင့် ခံရေး၊ သည်းခံခြင်းနှင့် စိတ်ကောင်း စေတနာဖြင့် လှုပ်ရှားရေး မှုများသည် အင်အား ကြီးမားသော အခြေအနေများကို ထိပ်တိုက် ရင်ဆိုင်သော အခါ ဝိညာဉ်၏ စွမ်းအားများ ဖြစ်လာကြလေသည်။

မိမိတို့၏ အမွေခံ ဘာသာ ယုံကြည်မှုနှင့် ဘဝနေနည်း အပေါ် သစ္စာ စောင့်သိမှု *(ဆွာဒေရှီ)*[၁] အပေါ် မြဲမြံစွာ ရပ်တည်ခြင်းဖြင့် အကြမ်း မဖက် ခုခံခြင်း ဖြစ်၏။ ဤ အံ့ဖွယ် ကောင်းသော နည်းဖြင့် သူသည် လက်တွေ့ကျကျ ကွန်ဂရက် ပါတီ အတွင်းရှိ ကွဲပြား ခြားနားသော အစိတ်အပိုင်းများကို စုစည်း ညီညွတ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့လေသည်။

ဟိန္ဒူ အိန္ဒိယ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ကို ဗြိတိသျှ အစိုးရက ပေးရသည် အထိ သူ ဦးဆောင်မှု ပေးနိုင်ခဲ့လေသည်။

တတိယ အချက်သည် ဟိန္ဒူ ဘာသာဝင်များနှင့် မွတ်ဆလင် ဘာသာဝင်များ အကြား ဖြစ်ပေါ်နေသော မြင့်မား နက်ရှိုင်းလာသော သဘောထား ကွဲပြားမှု ဖြစ်သည်။ အစ ပထမတွင် ဟိန္ဒူများဘက်က ထိုကဲ့သို့ သဘောထား

---

၁။ Swadeshi

ကွဲပြားမှု ရှိသည် ဆိုသော အချက်ကို ငြင်းဆန်နေခဲ့ကြလေသည်။

သို့သော် မြင့်မားစွာ စုစည်းထားသော ပါကစ္စတန် လှုပ်ရှားမှုက ဟိန္ဒူများအား ထို သဘောထား ကွဲပြားမှု ရှိကြောင်းကို လက်ခံလာစေရန် သက်သေ ထူပြခဲ့လေသည်။ နောက်ဆုံးတွင် ဟိန္ဒူများက မွတ်ဆလင် နိုင်ငံ ခွဲခြား ထူထောင်ခြင်းကို သဘောတူ လက်ခံ ရလေသည်။

၁၉၄၇ ခုနှစ်တွင် အိန္ဒိယနှင့် ပါကစ္စတန် ခွဲကြသော အခါ မွတ်ဆလင်များရော၊ ဟိန္ဒူများရော၊ ဆစ်ခ် ဘာသာဝင်များရော သန်းပေါင်း များစွာတို့မှာ သေသူ သေ၊ အိုးအိမ်မဲ့ ဖြစ်သူ ဖြစ်၊ နေရာ အရွှေ့အပြောင်း ဖြစ်သူ ဖြစ်နှင့် အတိဒုက္ခ များစွာ ရောက်ခဲ့ရပေသည်။

ဂန္ဒီနှင့် နေရူးလို အိန္ဒိယ နိုင်ငံ၏ အမျိုးသား ခေါင်းဆောင်များ အဖို့ ကြေကွဲစရာ ဖြစ်ခဲ့ရရုံမျှမက လူ သန်းပေါင်း များစွာ အတွက်လည်း ကြေကွဲစရာ ဖြစ်ခဲ့ရပေသည်။ ထိုအဖြစ်ကြောင့်ပင် ဂန္ဒီကိုလည်း လုပ်ကြံ သတ်ဖြတ်ခြင်း ခံခဲ့ရလေတော့သည်။

ဟိန္ဒူ ဘာသာသည် သံသရာ ဘဝ လွတ်မြောက်ရေးကို လိုလားသော ဘာသာ ဖြစ်သော်လည်း ထိုဘာသာက နိဗ္ဗာန်ကို မရှာဖွေဘဲ လူသားတို့၏ ဘဝ ကောင်းစားရေးကိုသာ လိုလားသော လောကီ ကောင်းစားရေးသမား ခေါင်းဆောင်များကို ရွေးထုတ်ခဲ့လေသည်။ ဤအချက်ကို အခြားသော ကမ္ဘာ့ ဘာသာရေး ခေါင်းဆောင်ကြီးများကလည်း သတိ ပြုမိရန် ပျက်ကွက်ခဲ့ခြင်း မရှိပေ။

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


1. Buhler G. The Code of Manu
2. Farquhar, J.N. An Outline of Religious Literature of India
3. Griswold, H.D. Insight into Modern Hniduism
4. O'Malley, L.S.S. Popular Hinduism, the Religion of the Masses
5. Pratt, J.B. India and its Faiths

## အခန်း ( ၈ )
## ဆစ်ခ် ဘာသာ အယူဝါဒ

*ဆစ်ခ် ဘာသာ* [၁] သည် ဥရောပနှင့် အာဖရိကတိုက်တွင် လူသိနည်းသော ဘာသာ အယူဝါဒ တစ်ခုသာ ဖြစ်သည်။ ပထမ အနေအားဖြင့် ဤ ဘာသာ ကိုးကွယ်မှုကို အိန္ဒိယ နိုင်ငံ၊ ပန်ဂျပ် ပြည်နယ် တစ်ခုတည်းမှာသာ တွေ့ရှိရသည်။ ပန်ဂျပ် ပြည်နယ်သည် အိန္ဒိယ နိုင်ငံ အနောက်မြောက်ပိုင်းတွင် ရှိသည်။ ထို့ကြောင့် ကာလ ကြာမြင့်စွာ ဗြိတိသျှ ကိုလိုနီ အုပ်ချုပ်ရေး အရာရှိများနှင့် စစ်ဘက်ဆိုင်ရာ အရာရှိများမှ အပ အခြားသူများ အသိ နည်းခဲ့လေသည်။

ဗြိတိသျှ ကိုလိုနီ အရာရှိများက ဤ ဘာသာကို အသုံးကျသော ဘာသာ အဖြစ် သဘော ထားခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ဤ ဘာသာကို ကိုးကွယ်သူများသည် ဟိန္ဒူလည်း မဟုတ်၊ မွတ်စလင်လည်း မဟုတ်သော ကြောင့် ဖြစ်သည်။ သို့သော် ထို ဘာသာ နှစ်ခုစလုံးနှင့် မကင်းသော ဘာသာ အယူဝါဒ တစ်ခုလည်း ဖြစ်သည်ဟု ဆိုနိုင်သည်။

ထို့ကြောင့် ဤ ဘာသာဝင်များသည် ဟိန္ဒူနှင့် မွတ်စလင် ဘာသာကြီး နှစ်ခု အကြားၗ ခွဲခြားလျက် ရှိသော ပြင်းထန်သော အာဃာတမှလည်း ကင်းကြသည်။

ကိုလိုနီ အုပ်ချုပ်သူများကမူ ဆစ်ခ် ဘာသာဝင်များ၏ ဟိန္ဒူနှင့် မွတ်စလင် အယူဝါဒ နှစ်ခု ပေါင်းစည်းထားမှုကို နှစ်သက်ကြသည်။ ဆစ်ခ် ဘာသာဝင်များသည် စံပြ ရဲ (ပုလိပ်) များ ဖြစ်ကြသည်။ သူတို့သည် သန်မာ ရဲစွမ်းသတ္တိ ရှိသူများ ဖြစ်ကြသည်။ အသား စားသော လူမျိုးများလည်း ဖြစ်ကြသည်။ ကိုယ်ကာယလည်း အထူး တောင့်တင်း ခိုင်မာသည်။ စစ်၏ ကြမ်းတမ်း ပြင်းထန်သော အခြေအနေများကို ရဲစွမ်းသတ္တိ ရှိရှိ ခုခံနိုင်ရန် လေ့ကျင့် သင်ကြား၍လည်း ရသည့် အပြင် သူတို့သည် ဟိန္ဒူများကိုရော မွတ်စလင်များကိုပါ ဘာသာရေး အရ မလိုလားမှု၊ မုန်းတီးမှုလည်း မရှိကြပေ။ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များက သူတို့ကို သစ္စာ အရှိဆုံးနှင့် အားအကိုးရဆုံးသော တိုင်းရင်းသား လူမျိုးစု အဖြစ် တန်ဖိုး ထားတတ်ကြလေသည်။

ဆစ်ခ် ဘာသာ အယူဝါဒ၏ ကျော်စော ကိတ္တိ ရှိရသည့် အကြောင်း တစ်ခုမှာ ဤ ဘာသာ အယူဝါဒသည် ကမ္ဘာမှာ သက်တမ်း အငယ်ဆုံးသော ဘာသာ ယုံကြည် ကိုးကွယ်မှု တစ်ခု ဖြစ်ခြင်းကြောင့်လည်း ဖြစ်ပေသည်။ ယခု မျက်မှောက် ဆစ်ခ် ဘာသာသည် ၁၅ ရာစုလောက်ကမှ စတင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်လေသည်။

ဤ ဘာသာသည် လုံး၀ အသစ်အဆန်း ဖြစ်သော ဘာသာ အယူဝါဒ တစ်ခုဟုလည်း မဆိုနိုင်ပေ။ ၄င်း ဘာသာ၏ အခြေခံ အယူအဆ ဖြစ်သော ဧကတ္တဝါဒ (တစ်ပါးတည်းသော ထာဝရ ဘုရားကိုသာ ယုံကြည် ကိုးကွယ်ခြင်း) ကို မွတ်စလင် ဘာသာမှ ရယူခဲ့ခြင်း ဖြစ်သည်။ အခြားသော အယူဝါဒ များစွာကိုမူ အနည်းအကျဉ်း အပြောင်းအလဲ လုပ်သောအားဖြင့် ဟိန္ဒူ ဘာသာမှ တိုက်ရိုက် ရယူခဲ့ခြင်း ဖြစ်ပေသည်။

ဆစ်ခ် ဘာသာသည် မတူညီသော ဘာသာ အယူဝါဒ နှစ်ခုကို ပေါင်းစည်းထားသော ဘာသာ အယူဝါဒ၏ ပြယုဂ် တစ်ခုပင် ဖြစ်ပေသည်။ ထိုသို့ မတူသော အယူဝါဒများကို ပေါင်းစည်းရာ၌ အောင်မြင်မှု ရခဲ့သော ဘာသာ အနည်းငယ်ထဲက တစ်ခုသာ ဖြစ်သည်။

တစ်နည်းအားဖြင့် ဆစ်ခ် ဘာသာ အယူဝါဒသည် ကာလ ကြာမြင့်စွာက တည်ရှိခဲ့သော ဘာသာ အယူဝါဒကြီး နှစ်ခုကို တစ်ခုတည်း ဖြစ်အောင် လုပ်ထားသော ဘာသာ အယူဝါဒ တစ်ခု ဖြစ်ရုံမျှမက ဤဘာသာသည် အစကောင်းခြင်း ရှိသော ဘာသာ အယူဝါဒ တစ်ခု ဖြစ်သည်ဟု ဆိုသော်လည်း ရကောင်းသော ဘာသာ အယူဝါဒ ဖြစ်ပါ

၁။ Sikhism

သည်။ ဤဘာသာကို ယုံကြည် ကိုးကွယ်သူများက သူတို့၏ ဘာသာမှာ ထာဝရ ဘုရားသခင်က တိုက်ရိုက် ပို့ချပေးသော နှုတ်ကပါဌ်တော် အသစ်များကို ရထားသော ဘာသာ ဖြစ်သည်ဟု ယူဆကြလေသည်။ ထာဝရ ဘုရားသခင်က ဤဘာသာကို တည်ထောင်သူ ဂုရု နာနတ်ထံသို့ နှုတ်ကပါဌ်တော်များကို တိုက်ရိုက် ချပေးခဲ့သည်ဟု ယုံကြည်ကြလေသည်။ ဤဘာသာကို ယုံကြည် ကိုးကွယ်သူများက ဤဘာသာသည် ရှေးက လေ့လာ သုံးသပ်ပြီး အသိပညာဖြင့် တည်ဆောက်ထားသော ဘာသာ ဖြစ်သည် ဆိုသော အမြင်ကို ဆန့်ကျင်သည်။

သူတို့က ဘုရားသခင်သည် ဂုရု နာနတ် ရှေ့မှာ ပေါ်လာပြီးနောက် သူ့အား ပျောက်ဆုံးသွားသော ကမ္ဘာကြီးကို ကယ်တင်ရမည်ဟု သာသနာပြု တာဝန်ကို ပေးသည် ဆို၏။ ထို့ကြောင့် ဆစ်ခ် ဘာသာသည် ဆင်ခြင်တုံ တရားဖြင့် ပေါင်းစည်းထားသော ဘာသာ မဟုတ်ကြောင်း သိသာထင်ရှားသည်။

# ၁။ ဂုရု နာနတ်၏ ဘဝနှင့် လုပ်ရပ်များ

## နာနတ်၏ သမိုင်း ရှေ့ပြေးများ

သမိုင်း စာမျက်နှာပေါ်တွင် နာနတ် ပေါ်ပေါက်မလာမီက ဘာသာ အယူဝါဒသစ်ကို တည်ထောင်ရန် အတွေးအခေါ် မရှိသူများက သူ့အတွက် လမ်းခင်းသော အခြေအနေများကို ပြင်ဆင်ထားနှင့်ကြလေပြီ။ ထိုလူများက သူတို့ အမြင်တွင် ယိုယွင်း ပျက်စီးလာပြီ ဖြစ်သော ဟိန္ဒူ ဘာသာ အယူဝါဒများကို သန့်ရှင်း စင်ကြယ်အောင် လုပ်ဖို့ လိုအပ်နေပြီဟု ယူဆလျက် ရှိကြလေသည်။

ထိုသူတို့၏ ပြုပြင် ပြောင်းလဲရေး ထပ်တလဲလဲ ကြိုးပမ်းမှုများ အတွက် သွယ်ဝိုက်သောအားဖြင့် အကျိုးသက်ရောက်မှုမှာ စစ်သွေးကြွ မွတ်စလင်များ၏ ပြင်းထန်သော ကေတ္တ ဝါဒ (ဘုရား တစ်ဆူတည်း ဝါဒ) ပင် ဖြစ်လေသည်။

မွတ်စလင်များသည် အေဒီ ၁၀ ရာစု အတွင်း အိန္ဒိယပြည် အနောက်မြောက်ပိုင်းသို့ ချင်းနင်း ဝင်ရောက်လာပြီး ခိုင်မာစွာ ထိုဒေသကို အုပ်စိုးနေခဲ့ကြလေသည်။

ထို့နောက် ရက်စက်စွာ ဖိနှိပ် ချုပ်ချယ်ပြီး သူတို့၏ အချုပ်အချာ အာဏာစက်ကို အိန္ဒိယ တစ်ပြည်လုံးသို့ ပျံ့နှံ့အောင် ဆောင်ရွက်ခဲ့ကြလေသည်။

၁၂ ရာစု စောစောပိုင်းတွင် ဟိန္ဒူ ကဗျာဆရာကြီး *ဇေဒဗ္ဗ* [၁] ဆိုသူက 'ဘုရားသခင်၏ နာမတော် (ဂုဏ်တော်) ကို အနုဿတိ ပွားများခြင်း' နှင့် နှိုင်းစာလျှင် ဘာသာရေးဝတ်ပြု ပူဇော်ပွဲများနှင့် မင်္ဂလာ အခမ်းအနားများ ကျင်းပနေခြင်းသည် ဘာမျှ တန်ဖိုး မရှိဟု ဟောပြောခဲ့လေသည်။ ထိုစကားသည် ဆစ်ခ် ဘာသာ အယူဝါဒ အတွက် သော့ချက် စကား ဖြစ်ခဲ့လေသည်။ ဤစကားသည် အစ္စလာမ်တို့၏ အယူဝါဒ စစ်စစ်ကို ဟိန္ဒူများက လက်ခံ ကျင့်သုံးလိုက်ခြင်းပင် ဖြစ်သည်။

နောက် ရာစုနှစ် နှစ်ခု ကြာသော အခါ အခြား ပြုပြင်ပြောင်းလဲရေးသမား တစ်ဦး ပေါ်ထွန်းလာပြန်သည်။ သူ့အမည်မှာ *ရာမနန္ဒ* [၂] ဖြစ်သည်။ သူသည် ဗိဿနိုး ဂိုဏ်းတစ်ခုကို တည်ထောင်ပြီးလျှင် ဟိန္ဒူဘာသာ ယုံကြည်မှုအချို့နှင့် ကိုးကွယ်မှု အချို့ကို အပုပ်ချ သန့်စင်ခဲ့လေသည်။

သူကိုယ်တိုင်နှင့် သူ့ နောက်လိုက်များသည် ဟိန္ဒူဘာသာက လက်ခံထားသော တားမြစ် ကန့်သတ်ချက်များနှင့် ဇာတ်နိမ့် ဇာတ်မြင့် ခွဲခြား ဆက်ဆံခြင်း အပြင် အသားစားမှုကို တားမြစ်ခြင်းများအား ချိုးဖောက် တွန်းလှန်၍ ထိုအစွဲအလမ်းများမှ လွတ်မြောက်အောင် ပြုလုပ်ခဲ့ကြလေသည်။

သူ၏ ဟောပြော ဆွေးနွေးချက်များသည် လူအများကို စိတ်လှုပ်ရှားစေခဲ့လေသည်။ သို့သော် ယခုအခါ သူ၏ နာမည် ထင်ပေါ် ကျော်ကြားလာခြင်းမှာ သူ့ လုပ်ရပ်များကြောင့် မဟုတ်ဘဲ သူ့ထက် ကြီးကျယ်ခဲ့သော သူ၏ နောက်လိုက် တစ်ဦး၏ လုပ်ဆောင်ချက်များကြောင့် ဖြစ်လေသည်။

သူ၏ တပည့် သာဝကမှာ *ကာဘီရ်* [၃] (၁၄၄၀-၁၅၁၈) ဆိုသူ ဖြစ်သည်။ သူသည် ယနေ့တိုင် အိန္ဒိယပြည်တွင်

---

၁။ Jaidev

၂။ Ramananda

၃။ Kabir

ပြန့်ပွားလျက် ရှိသော သူ့ လမ်းစဉ်ကို လိုက်သူများအား သူ့ အမည်ကို ပေးခဲ့လေသည်။ ထိုသူများကို *ကဘီရ်၏ နောက်လိုက်များ* [၁] ဟု ခေါ်ကြသည်။

ကဘီရ်သည် မွတ်စလင်များထံမှ ရုပ်တု ကိုးကွယ်ခြင်းကို မုန်းတီးသည့် သဘောကို ယူခဲ့လေသည်။

သူ့ထက် မျိုးဆက် တစ်ခု အလျင်က ပေါ်ပေါက်ခဲ့သော ဟိန္ဒူ ကဗျာဆရာ *နန္ဒဗ* [၂] ကလည်း ကျောက်ရုပ်သို့မဟုတ် သစ်သား ရုပ်တုထဲမှာ ဘုရား နေသည် ဆိုသော အယူအဆကို ပြစ်တင် ရှုတ်ချခဲ့လေသည်။

နန္ဒဗက ထိုသို့ ရုပ်တုထဲမှာ ဘုရား ရှိသည်၊ ဝိညာဉ် ရှိသည်ဟု ယုံကြည် ကိုးကွယ်ခြင်းသည် ဘာသာရေးကို အပြစ်ပြုခြင်း ဖြစ်သည်။ ပူဇော် ပသခြင်းများ၊ ကျမ်းစာဖတ်ခြင်းများ၊ ဘုရားဖူး သွားလာခြင်းများ၊ ရသေ့ ပြုပြီး တပယ်သီ အကျင့် ကျင့်ခြင်းများနှင့် ဂင်္ဂါမြစ် အတွင်း ရေချိုးခြင်းများသည် ဘာသာရေးကို အပြစ်ပြုခြင်းများ အဖြစ် ယူဆခဲ့လေသည်။

ကဘီရ်သည် တစ်ဆူတည်းသော ဘုရားကို ယုံကြည် ကိုးကွယ်သူ ဖြစ်သည်။ သူက ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည်သာ မည်သည့် အဆင့်အတန်း၊ မည်သည့် ဇာတ် ရှိသူကို မဆို ကမ္မ နိယာမမှ လွတ်မြောက်စေကြောင်း အတွက် လုံလောက်သော အကြောင်း ဖြစ်သည်ဟု ကြေညာခဲ့လေသည်။

တစ်နည်းဆိုသော် ထာဝရ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာဖြင့်သာ သံသရာ၌ အဖန်တလဲလဲ ပဋိသန္ဓေ နေ၍ ကျင်လည်ရခြင်းမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်း ကောင်းသော လုံလောက်သော အထောက်အပံ့ ဖြစ်သည်ဟုလည်း ဟောကြားခဲ့လေသည်။

သူက ဟိန္ဒူ ဘာသာဝင်များ၏ ဝေဒ ကျမ်းများမှာ အထူး အခွင့် အာဏာ ရှိသည် ဆိုသော အယူအဆကိုလည်း ငြင်းပယ်ခဲ့လေသည်။ သက္ကတ ဘာသာဖြင့် မရေးဘဲ အရပ်သုံး စကားဖြင့် ဗြာဟ္မဏ ပုဏ္ဏားများကို လည်းကောင်း၊ မွတ်စလင်များကို လည်းကောင်း သူတို့၏ အနှစ်သာရ မရှိသော ပူဇော် ဝတ်ပြုခြင်းများ အတွက် ရေးသား တိုက်ခိုက်ခဲ့လေသည်။

ထို ဝေဒ ကျမ်းများ၏ နေရာတွင် သူက ဘာသာရေး ဆရာ ဂုရုကိုသာ ကိုးကွယ်ရမည် ဖြစ်ကြောင်း အစားထိုး ဖော်ပြခဲ့လေသည်။ မှန်ကန်သော ဘဝနေနည်းကို ဆရာကောင်း ဂုရုထံမှ အပ ဘယ်မှာမှ မရနိုင်ဟုလည်း ဆိုလေသည်။ ကဘီရ်၏ သင်ကြားချက်များတွင် မွတ်စလင်နှင့် ဟိန္ဒူ ဘာသာရေး သဘော အမြင်များကို ပေါင်းစည်း ဆက်စပ်ထားကြောင်း ပေါ်လွင် ထင်ရှားသည်။

ထိုကိုယ်ကျင့်တရား ဆိုင်ရာ အခြေခံ အုတ်မြစ်ပေါ်တွင် နာနတ်သည် သူ၏ ကိုယ်ပိုင် သဘော အယူအဆများကို စိုက်ပျိုး မွေးမြူ ထူထောင်ခဲ့လေသည်။ သူသည် ကဘီရ်၏ အယူအဆများကို မကြာခဏ ကိုးကား ပြောဆိုလေ့ ရှိ၏။

## နာနတ်၏ ဘဝ ဖြစ်စဉ်နှင့် အလုပ်များ

အချက်အလက်များ တိကျ ခိုင်မာရန် နီးစပ်သလောက် ရှိသော အချက်မှာ နာနတ်ကို အေဒီ ၁၄၆၉ ခုနှစ်တွင် ပန်ဂျပ်ပြည်နယ် မြို့တော် လာဟိုမှ မိုင် သုံးဆယ်ခန့် ဝေးသော *တာလ်ဝန်ဒီ* [၃] ကျေးရွာကလေးတွင် မွေးဖွားခဲ့လေသည်။ သူ့ မိဘများသည် ဟိန္ဒူ ဘာသာဝင်များ ဖြစ်ကြသည်။ ကုန်သည် ဇာတ် အဆင့်အတန်း ရှိသည်။ ဒေသ အလိုက် ထိုဇာတ်ကို *ခတိ* [၄] ဟု ခေါ်ကြသည်။ (ရှေးခေတ် ခတ္တိယ ဇာတ်မှ ဆင်းသက်လာသော စကား ဖြစ်နိုင်သည်။) သို့သော် ခတ္တိယများလောက် သူတို့သည် စီးပွားရေးအားဖြင့် အဆင့် မမြင့်ကြပေ။ ခတ္တိယများနှင့် နှိုင်းစာလျှင် သူတို့က အဆင့် နိမ့်သည်။ သူ့ ဖခင်သည် ကျေးရွာ စာရင်းကိုင် တစ်ဦး ဖြစ်ပြီး လယ်ယာ အလုပ်ကို လုပ်ကိုင်သူလည်း ဖြစ်သည်။ သူ့ မိခင်မှာမူ ကြားသိရသလောက် အလွန် ဘုရား တရား ကြည်ညိုသူ ဖြစ်သည်။ ခင်ပွန်းနှင့် သားကို အလွန် အလေးထား၍ ပြုစု စောင့်ရှောက်သူ ဖြစ်သည်။

နာနတ် မွေးဖွားသော အချိန်က တာလ်ဝန်ဒီ မြို့လေးကို *ရိုင်း ဘူးလာ* [၅] ဟု ခေါ်သော မြို့စားကလေး တစ်ဦးက အုပ်စိုးနေခဲ့လေသည်။ သူသည် အစက ဟိန္ဒူ ဘာသာဝင် ဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် သူ့ဖခင်နှင့် အတူ မွတ်စလင် ဘာသာဝင် အဖြစ် ကူးပြောင်း ခံယူခဲ့သူ ဖြစ်လေသည်။ သို့သော် သူသည် ဟိန္ဒူဘာသာကို ယုံကြည် ကိုးကွယ်ကြသူများ အပေါ်တွင်လည်း သည်းခံစိတ် ရှိသူ ဖြစ်သည်။

ထို့ကြောင့် ဟိန္ဒူ ဘာသာနှင့် အစ္စလာမ် ဘာသာတို့ ပေါင်းစည်းရေး ကြိုးပမ်းမှုများကို အားပေးခဲ့လေသည်။

---

၁။ Kabir panthis  ၂။ Namdev

၃။ Talwandi  ၄။ Khati  ၅။ Rai Bular

နာနက်သည် ထိုစဉ် ကာလ၌ ကြီးပြင်းလာရကား ထို မြို့စားကလေးနှင့် စိတ်တူ ကိုယ်တူ ဖြစ်ကာ ခင်မင် ကျွမ်းဝင်ခဲ့လေတော့သည်။

နာနက်၏ ငယ်စဉ် ဘဝ အဖြစ်သနစ်များသည် သမိုင်း ထင်ရှား ဖြစ်ပါလျက် အံ့ဖွယ် ဒဏ္ဍာရီများ အဖြစ် သို့ ပြောင်းလဲသွားခဲ့ကြလေသည်။ သူ၏ ငယ်စဉ် ဘဝသည် အရွယ်နှင့် မလိုက်အောင်ပင် တတ်သိ လိမ္မာသော ဘဝ ဖြစ်သည်ဟု ဆိုကြသည်။ ပင်ကို သဘာဝအားဖြင့်ပင် ကဗျာဉာဏ် ထက်သန်သူ ဖြစ်လေသည်။

သူသည် ငယ်စဉ်ကတည်းက အချိန်ကာလ များစွာ ကို ကမ္မဋ္ဌာန်း ဘာဝနာ တရား အားထုတ်ခြင်းဖြင့် ကုန် ဆုံးစေခဲ့သည်ဟု ဆို၏။ သူ့ကို ငယ်စဉ် အခါက လုပ်ကိုင် စေခဲ့သော နွားထိန်း ကျွဲထိန်း အလုပ်၊ ကုန်ရုံထိန်း အလုပ် များသည် သူ၏ ဘာသာရေး တွေးခေါ် မြော်မြင်ရေး အလုပ်ကို တန်ဖိုးမဲ့ ဖြစ်စေသည်ဟု ယူဆကာ ထိုအလုပ် များကို မလုပ်လိုခဲ့ပေ။ မိဘများမှာ သူတို့ သား အတွက် အလုပ်အကိုင် အဆင် မပြေလေတိုင်း စိတ်ပျက်ခဲ့ရလေ သည်။

သူသည် လင်ယောကျ်ား အိမ်ထောင်သည် အဖြစ် လည်း အောင်မြင်သူ ဖြစ်မလာခဲ့ဟု ဆိုကြသည်။

သူ့ ယောက်ဖ လုပ်သူက သူ့ကို ဆူလတန်ပူရ် မြို့ တွင် အစိုးရ အလုပ် တစ်ခု ရှာပေးခဲ့သည်ကို သူက လက်ခံ ခဲ့လေသည်။ ထိုသို့ လက်ခံခဲ့သည့် အတွက် သူ့ဖခင်သည် စိတ် အတော်အတန် သက်သာခွင့် ရခဲ့လေသည်။ ထို အလုပ်ကို လုပ်ကိုင်ရန် ဆူလတန်ပူရ် မြို့သို့ သွားသော အခါ နာနက်သည် သူ၏ ဇနီးနှင့် ကလေး နှစ်ယောက်ကို သူ့ မိဘများထံမှာ အပ်နှံ ထားခဲ့လေသည်။ ထို ခရိုင်မြို့ ကြီးတွင် သူ့ကို နိုင်ငံပိုင် စတိုးဆိုင် တစ်ဆိုင်၌ မန်နေဂျာ အဖြစ် ခန့်ထားခဲ့လေသည်။

ထို ဆိုင်၌ အလုပ် လုပ်စဉ် အလုပ်ချိန် အတွင်း၌ သူသည် အလုပ်ကို နိုင်နိုင်နင်းနင်း ကြိုးစား လုပ်ကိုင်ခဲ့ သည် ဆို၏။

ညနေပိုင်း ရုံးဆင်းချိန်တွင်မူ သူသည် သူ၏ ဖန် ဆင်းရှင်ကို ပူဇော်သော ဓမ္မ တေးသီချင်းများကို သီဆို၍ နေလေ့ ရှိသည် ဆို၏။

သူ့ မိတ်ဆွေ စောင်းသမားကလေးမှာ *မာဒနာ* [၁] ဆို သူ ဖြစ်သည်။ မာဒနာသည် မွတ်စလင် တစ်ဦး ဖြစ်သည်။

၁။ Mardanar

မာဒနာသည် တာလ်ဝန်ဒီမှာ သူနှင့် အတူ နေရန် လိုက် လာခဲ့သူ ဖြစ်သည်။ နာနက်၏ ဘဝ တစ်လျှောက်လုံးတွင် မာဒနာသည် အရေးပါသော အခန်းက ပါဝင်ခဲ့သူ ဖြစ်၏။ တဖြည်းဖြည်းနှင့် သူတို့ နှစ်ဦးသည် သစ္စာ တရားကို ရှာ ဖွေသူ လူအုပ်စု၏ အချက်အချာ ကျသူများ ဖြစ်လာကြ လေတော့သည်။

ထိုအချိန်တွင် ဖြစ်ပေါ်လာသော နာနက် ရင်ထဲက ဘာသာရေး စိတ်ထက်သန်မှုသည် သူ့ ဘဝ၏ အကျပ် အတည်း အဖြစ်သို့ လျင်မြန်စွာ ရောက်ရှိလာလေသည်။ ရုတ်တရက် သူ့ ဘဝကို အဆုံးအဖြတ် ပေးမည့် အတွေ့ အကြုံ တစ်ရပ် ပေါ်ပေါက်လာလေသည်။ ထို အတွေ့အကြုံ သည် သူ့ဘဝ တစ်ခုလုံးကို ပြောင်းလဲသွားစေခဲ့လေတော့ သည်။

တစ်နေ့သ၌ နာနက်သည် မြစ်ထဲမှာ ရေချိုးပြီးနောက် တောထဲသို့ ဝင်ကာ ပျောက်ကွယ်သွားလေသည်။ ထိုတော ထဲတွင် သူသည် ထာဝရ ဘုရားသခင်၏ ပုံရိပ်ကို မျက် မှောက် တွေ့မြင်ရလေသည်။ ထာဝရ ဘုရားသခင်က သူ့ ကို နတ်သုဒ္ဓါ တစ်ခွက်ကို ပေးသနားလေသည်။ သူက လည်း ထိုနတ်သြဇာခွက်ကို ကျေးဇူးတင်စွာ လက်ခံ ရယူ လိုက်လေသည်။

ထိုအခါ ထာဝရ ဘုရားသခင်က သူ့ကို အမိန့် ရှိ လေသည်။

'ငါသည် သင်နှင့် အတူ ရှိ၏၊ သင့်ကို ပျော်ရွှင် ချမ်း မြေ့သော အဖြစ်သို့ ရောက်အောင် ငါ လုပ်ဆောင်ပေးခဲ့ပြီ၊ ထို့ပြင် သင့် အမည်ကို ခံယူပြီး သင့် နောက်ကို လိုက်သူ များကိုလည်း ပျော်ရွှင် ချမ်းသာစေမည် ဖြစ်၏၊ သင်က ငါ၏ နာမတော်ကို ထပ်တလဲလဲ ရွတ်ဖတ် ပူဇော်ပါလော့၊ ထို့အတူ တခြားသူတို့ကိုလည်း ဘဂဝါနသတိကို ပွားများ စေပါလော့၊ လောကီ ကိစ္စတို့ဖြင့် စိတ်ကို နောက်ကျိခြင်း မရှိစေနှင့်၊ ငါ၏ နာမတော်ကို အထပ်ထပ် ရွတ်ဖတ် ပူဇော် လျက် အလှူဒါနကို ပြုလော့၊ ဝတ်ပြု ပူဇော်လော့၊ စိတ်ကို စင်ကြယ်အောင် ဆေးကြော သုတ်သင်လော့၊ ကမ္မဋ္ဌာန်း ဘာဝနာကို ပွားများ အားထုတ်ပါလော့၊ သင့်အား ငါသည် ငါ၏ ကတိ ဝန်ခံသော ပဋိညာဉ်၏ အမှတ်ဖြင့် နတ်သုဒ္ဓါ ကို ပေးခဲ့ပြီးပြီ' ဟု ဆိုတော်မူလေသည်။

ဤခံစားချက်ဖြင့် နာနက်သည် ထာဝရ ဘုရားသခင် အပေါ်၌ ဖြစ်သော သူ၏ ကြည်ညိုခြင်း သစ္စာ တရားကို ဓမ္မတေးများ ဖွဲ့၍ သာယာ နာပျော်ဖွယ် ဖြစ်အောင် သီဆို လေတော့၏။

ထာဝရ ဘုရားသခင် ဆိုသည်မှာ စစ်မှန်သော သဘာဝ တရားကြီးကို ဆိုခြင်းဖြစ်သည်။ သူ သီဆိုသော ဓမ္မ တေးသီချင်းများမှာ အလိုအလျောက် ဖြစ်ပေါ်လာသော သုခ အမြင့်ဘုံ၏ တေးဂီတများ ဖြစ်သည်ဟု ဆိုလေသည်။

သူသည် ယနေ့ခေတ်တိုင်အောင် ဆစ်ခ် ဘာသာ ဝင်များ နံနက်တိုင်း ဘုရား ရှိခိုးသော အခါ သီဆိုရသော *ဇပ္ပဇီ* [၁] ခေါ် ဓမ္မ ဂါထာ၏ နိဒါန်းကို သူ့ နှုတ်က အလို အလျောက် သီဆိုခဲ့သည် ဆို၏။

'ထာဝရ ဘုရားသည်ကား တစ်ပါးတည်း ဖြစ်၏၊ သူ့ အမည်မှာ သစ္စာတည်း၊ ဖန်ဆင်းရှင် ဖြစ်၏၊ သူသည် ကြောက်ခြင်း အလျှင်း မရှိ၊ ဒေါသလည်း ကင်း၏၊ နိစ္စ ထာဝရ ဖြစ်၏၊ သေခြင်း မရှိ၊ မွေးဖွားခြင်း မရှိ၊ မိမိဘာ သာ ရှင်သန်နေတော်မူ၏၊ အဆုံး မရှိ မဟာ တန်ခိုးတော် ရှင် ဖြစ်၏၊ အစ မူလကလည်း သစ္စာရှင်သည် ရှိ၏၊ သစ္စာ ရှင်သည်သာ အစ မူလ ပထမ ဖြစ်၏။

'သစ္စာရှင် ထာဝရ ဘုရားသခင်သည် အတိတ်က လည်း ရှိခဲ့၏၊ အနာဂတ်မှာလည်း ရှိနေဦးမည်သာ၊ အို… နာနတ်'

တောတွင်းသို့ ကွယ်ပျောက်သွားပြီးနောက် သုံးရက် ကြာသောအခါ နာနတ်သည် တောထဲမှ ပေါ်ထွက်လာခဲ့ လေသည်။

သူသည် တစ်နေကုန် နှုတ်ဆိတ်လျက် ငြိမ်သက်စွာ နေခဲ့လေသည်။ နောက်နေ့တွင် သူသည် အောက်ပါ အကျိုးအကြောင်းနှင့် ပြည့်စုံသော ကြေညာချက်ကို ထုတ် ဖော် ပြောဆိုလေတော့၏။ 'ဤ လောက၌ ဟိန္ဒူ ဟူ၍ လည်း မရှိ၊ မွတ်စလင် ဟူ၍လည်း မရှိ' ဟူ၍ ဖြစ်၏။

နောင်အခါ ထိုကြေညာချက်သည် ဝမ်းမြောက်ဖွယ် သတင်းတော်ကို ကြားသိစေခြင်း၊ သာသနာပြု လုပ်ငန်း များ၏ အဖွင့် ကြေညာချက် စာတမ်း ဖြစ်လာခဲ့လေသည်။ အိန္ဒိယ တစ်ပြည်လုံးနှင့် ပါရှား၊ အာရေဗျတို့ကို မှန်ကန် သော ယုံကြည် ကိုးကွယ်မှုသို့ ရောက်အောင် ပြောင်းလဲ စေလိုသော ရည်ရွယ်ချက် ရှိခဲ့လေသည်။

သူသည် မြောက်ဘက်နှင့် အိန္ဒိယပြည် အနောက် ဘက်ရှိ ကျယ်ပြန့်သော ခရီးရှည်ကို လှည့်လည် သွားလာ ခဲ့လေသည်။

ထိုသို့ ခရီးရှည် လှည့်လည်ခြင်းသည် နှစ်နှင့် ချီ၍ ကြာမြင့်ခဲ့လေသည်။

ထိုသို့ ခရီး လှည့်လည်နေစဉ် နာနတ်သည် သူနှင့် အတူ သူ၏ သူငယ်ချင်း စောင်းသမား မာဒနာကို ခေါ် ဆောင် သွားခဲ့လေသည်။ ထို ခရီးစဉ် တစ်လျှောက်တွင် နာနတ်က သူ၏ ဝမ်းမြောက်ဖွယ် သတင်းကောင်းကို ဆောင် ယူသော ဓမ္မတေး သီချင်းများကို ဆိုသော အခါ သူက *ရီဗက်* [၂] ဟု ခေါ်သော ကြိုးတပ် တူရိယာ စောင်းကလေး ကို တီးခတ်၍ ကူပံ့ပေးခဲ့လေသည်။

သူတို့ နှစ်ဦးသည် ခရီးရှည် လှည့်လည် သွားလာ၍ သာသနာ ပြုကြစဉ် ဟိန္ဒူ ဘာသာဝင်များ အထွတ်အမြတ် ထားရာ ဘုရားဖူး ဒေသများသို့လည်း သွားရောက် တည်းခို ခဲ့ကြလေသည်။

ထို ဟိန္ဒူ ဘုရားဖူး ဒေသများ အနက် ဟာဒဝါသို့ လည်းကောင်း၊ ဒေလီသို့ လည်းကောင်း၊ ဗာရာဏသီသို့ လည်းကောင်း၊ ဂျာဂါနတ် ဝတ်ကျောင်းတော်နှင့် ဟိမဝန္တာ ရှိ အထွတ်အမြတ် ထားရာ နေရာ ဒေသ အနှံ့အပြားသို့ လည်း ရောက်ခဲ့ကြလေသည်။

ဘာသာရေး ဆိုင်ရာ အာဏာပိုင်များ၏ ရတ်တရက် ခုခံ တွန်းလှန်ခြင်းများကို ခံကြရသော်လည်း ၎င်းတို့သည် နောက်တွန့်ခြင်း မရှိဘဲ နာနတ်သည် ဈေးအရပ်များ၊ မြေ ကွက်လပ်များနှင့် လမ်းထောင့်များ၌ သူ၏ ဓမ္မတေးများကို သီဆိုကာ လူအများအား သူ၏ တရား ဓမ္မများကို ဟော ကြားခဲ့လေသည်။

ဘာသာ အယူဝါဒ ပြောင်းလဲ လက်ခံကြသူများကို သာသနာတော်တွင်း သွတ်သွင်းခြင်း ပြုရုံမျှသာ နေရာ တစ်နေရာတွင် ခေတ္တ တည်းခိုနေပြီးနောက် အခြား တစ် နေရာသို့ ခရီး ဆက်လက် ထွက်ခွာသွားခဲ့ပြန်လေသည်။

သူ ကြဲချခဲ့သော မျိုးစေ့များကို အပင် ပေါက်အောင်၊ ရှင်သန်အောင် ထာဝရ ဘုရားသခင် *သစ္စာ နာမတော်* [၃] က ပြုစု ပျိုးထောင်ပြီး ရှင်သန်၍ အသီး အပွင့်များ သီးပွင့် အောင် ပြုလုပ် ပေးလိမ့်မည် ဟူ၍ သူ ယုံကြည် စိတ်ချ ထားခဲ့လေသည်။ သူ ဝတ်ဆင်ရန် ဝတ်ရုံကို သူကိုယ်တိုင် စီမံ ပြုလုပ်ခဲ့လေသည်။ သူ့ ဝတ်ရုံတွင် အရောင် မျိုးစုံ ပါ သည်။ ရုတ်တရက် ကြည့်ရုံဖြင့် သူ၏ ဘာသာ အယူဝါဒ ကြီး နှစ်ရပ်ကို ပေါင်းစပ်ရန် ကြိုးစားမှုကို ပေါ်လွင် ထင် ရှား စေလေသည်။

သူသည် သရက်သီးမှည့် အရောင် ကိုယ်ကျပ် အင်္ကျီ ကို ဝတ်ဆင်ထားသည်။ ထိုအင်္ကျီပေါ်တွင် သူသည် အဖြူ

---

၁။ Japji

၂။ Rebeck

၃။ True Name

ရောင် ပဝါ တစ်ထည်ကို ရစ်ပတ်ထားသည်။ သူ့ ခေါင်းတွင်မူ မွတ်စလင် ဘာသာရေးဆရာများ ခေါင်းတွင် ပေါင်းသော *ဒါရ်ဗစ်* [၁] ခေါ် ခေါင်းပေါင်း ပဝါနှင့် ဗလီတက် ဦးထုပ်ကို ဆောင်းထားသည်။ ထို့ပြင် အရိုး ပုတီး တစ်ခုကိုလည်း လည်မှာ ဆွဲထားသည်။ ကုံကုမံ အရောင် အမှတ်အသား တစ်ခုကိုလည်း သူ၏ နဖူးပေါ်တွင် ဟိန္ဒူများကဲ့သို့ ရေးထိုးထားလေသည်။

သို့သော် ထိုသို့ ပြုလုပ်ခဲ့ခြင်းသည် သူတို့ ပန်ဂျပ်နယ်သို့ မရောက်မီ ကာလတွင်သာ ဖြစ်၏။ ပန်ဂျပ်သို့ ရောက်ပြီးနောက် သိသာ ထင်ရှားသော အောင်မြင်မှုကို မရမီကသာ ထိုသို့ ခရီး လှည့်လည် သွားလာ၍ သာသနာပြုခဲ့ကြလေသည်။

ပန်ဂျပ်သို့ ရောက်သော အခါ သူ့ ဘာသာကို ယုံကြည် သက်ဝင်သူများ၊ သာဝကများကို တွေ့ရလေသည်။ ထိုသာဝက အုပ်စုကို ဆစ်ခ်ဟု ခေါ်ခြင်း ဖြစ်၏။ နာနက်၏ တပည့် သာဝကများ ဖြစ်ကြလေသည်။

အသက်အရွယ် ကြီးရင့်သည့် တိုင်အောင် သူသည် မာဒနာကို သူနှင့် အတူ ဆောင်ယူ၍ နေခဲ့လေသည်။ သို့ရာတွင် ဤ မှတ်တမ်းများသည် ဒဏ္ဍာရီ ဆန်သည်ဟု အာရှေဗျ ကမ္ဘာက လူများက ယူဆကြလေသည်။

အဘယ်ကြောင့် ဆိုသော် ဒေသစာရီ လှည့်လည်နေစဉ် အခါက သူတို့ နှစ်ဦးစလုံးသည် မွတ်ဆလင် ဘုရားဖူးများ ဝတ်ဆင်သော အဝတ်ပြာများကို ဝတ်ဆင်ပြီးနောက် လက်တွင်လည်း ခရီးသွားတုတ် (တောင်ဝှေး) များကို ကိုင်ဆောင်ထားခဲ့ကြသည် ဆို၏။ မွတ်ဆလင်များနှင့် အပြည့်အဝ တူညီကြစေရန် အတွက် သူတို့သည် ရေခွက်များနှင့် ဘုရား ရှိခိုးသော အခါ ခင်းရန် ကော်ဇောငယ် တစ်ခုစီကိုလည်း ယူဆောင်သွားခဲ့ကြသည် ဆို၏။ နာနက်သည် သူ၏ ဓမ္မ တေးသီချင်းများကို စုဆောင်းထားသော စာအုပ်ကိုလည်း သူ့လက် ချိုင်းကြားမှာ ညှပ်၍ ယူဆောင်သွားသည် ဆို၏။

နောက်ဆုံးတွင် သူတို့သည် လပေါင်း များစွာ ကြာသောအခါ မက္ကာ မြို့တော်သို့ ဆိုက်ရောက် သွားခဲ့ကြလေသည်။

ဆိုရိုး စကားများ အရ ဂုရုကြီးသည် ပင်ပန်း နွမ်းနယ်လျက် ရှိသည်။ ခြေဖဝါးများလည်း ပေါက်ပြဲလျက် အနာများ ရနေပြီ ဖြစ်၏။ သူသည် ဘုရား ဝတ်ပြုသူများ ဝတ်ပြု ပူဇော်ရာ ဗလီကြီးထဲသို့ သွားပြီး ထိုင်နေလေသည်။ သူသည် မွတ်စလင်တို့၏ ဓလေ့ ထုံးစံများကို ဂရုမပြုခဲ့ပေ။ ထို့ကြောင့်လည်း သူသည် အခက်အခဲများကို ကြုံတွေ့ခဲ့ရလေသည်။ ညအခါ သူသည် လှဲချပြီး အိပ်စက်အနား ယူရန် ပြင်ဆင်သော အခါ ကာအဗာ ကျောက်တုံးကြီးဘက်သို့ ခြေဆင်း၍ အိပ်မည် ပြုလေ၏။

မွတ်စလင် ဗလီ ဆရာ တစ်ဦးက တွေ့ရှိသွားပြီး သူ့ကို ခြေဖြင့် ကန်ကျောက်ပြီးလျှင် 'ဟေ့ ဒါ ဘယ်က ဘုရား တရား မကြည်ညိုတဲ့ အကောင်လဲကွ၊ ဒုစရိုက်ကောင်၊ ဘုရားသခင် ဘက်ကို ခြေဆင်းပြီး အိပ်တဲ့ အယုတ်တမာ အကောင်၊ ဘာကောင်လဲ... ဒါ' ဟု ဆိုလေသည်။ ထိုအခါ ဂုရုကြီးက 'ငါက ဘုရား မရှိတဲ့ ဘက်ကို ခြေဆင်းတာကွ' ဟု ပြန်ပြောလေရာ မွတ်စလင် ဗလီ ဆရာက ဂုရုကြီးကို ခြေက ဒရွတ်တိုက် ဆွဲယူသွားပြီးလျှင် ပြောင်းပြန် လှည့်ပစ်လိုက်လေတော့၏။

ထိုအတောအတွင်းမှာပင် ဂုရုကြီးသည် မဒီနာ မြို့သို့ ခရီး ဆက်လက် ထွက်ခွာခဲ့ပြန်လေသည်။ ထို့နောက် ဘဂ္ဂဒက် မြို့သို့ ပြန်လည် ထွက်ခွာ သွားခဲ့လေတော့၏။

ဘဂ္ဂဒက် မြို့သို့ ရောက်သောအခါ သူသည် သူ၏ ဘာသာရေး သဘော အယူအဆများကို အကျဉ်း ချုပ်ပြီး ကြေညာချက် တစ်စောင် ရေးသား ထုတ်ဝေခဲ့လေသည်။

သူ့ ကြေညာချက်ထဲတွင် 'ငါသည် ဤခေတ်တွင် လူအပေါင်းတို့အား လမ်းပြရန် အတွက် ပေါ်ထွန်းလာခြင်း ဖြစ်၏၊ ငါသည် ဘာသာ ဂိုဏ်းဂဏ အားလုံးကို ပယ်သည်၊ ငါသည် တစ်ပါးတည်းသော ထာဝရ ဘုရားကိုသာ သိ၏၊ ထိုဘုရားသည် မြေပေါ်၌ လည်းကောင်း၊ ကောင်းကင်ဘုံ၌ လည်းကောင်း၊ နေရာခပ်သိမ်းတို့၌ လည်းကောင်း တည်ရှိသည်ဟု ငါ အသိအမှတ် ပြု၏'

သူ့ဘဝ လုပ်ငန်း တာဝန်ကြီး ပြီးပြည့်စုံခါနီး အချိန်တွင် နာနက်သည် မိမိ ဇာတိ ရပ်ရွာ အိန္ဒိယ နိုင်ငံသို့ ပြန်ကြွလာခဲ့လေသည်။

ကာတာပူရ် မြို့သို့ ဆိုက်ရောက်သော အခါ မာဒနာသည် ဖျားနာပြီး ကွယ်လွန်သွားလေတော့၏။

နာနက်လည်း အသက် ကြီးရင့် အိုမင်းမစွမ်း အရွယ်သို့ ရောက်ပြီ ဖြစ်၏။ ခရီး သွားလာ နေခဲ့ရသောကြောင့်လည်း ပင်ပန်း နွမ်းနယ်လျက် ရှိ၏။

ယခုဆိုလျှင် နာနက်၏ အသက်အရွယ်မှာလည်း ခြောက်ဆယ့် ကိုးနှစ် အရွယ်သို့ ဆိုက်ရောက်နေပြီ ဖြစ်၏။ ကြာရှည် အသက် ရှင်လျက် နေရတော့မည် မဟုတ်

---

[၁]။ Dervish

ပေ။ သူ၏ နောက်ဆုံး အချိန်သည် နီးကပ်လာပြီကို သိရပြီး နောက် အနာဂတ်တွင် သူ၏ နောက်လိုက် ဆစ်ခ်များ၏ အင်အားလည်း ကြီးထွားလာမည်ကို သိမြင်သော အခါ သူသည် ဆုံးဖြတ်ချက် တစ်ခုကို ချမှတ်ခဲ့လေသည်။ ထို ဆုံးဖြတ်ချက်ကား ကာလ ကြာမြင့်စွာ အကျိုး ဖြစ်ထွန်းမည့် ဆုံးဖြတ်ချက် ဖြစ်၏။ သူသည် သူ့ လုပ်ငန်းကို ဆက်ခံမည့် အရိုက်အရာ ဆက်ခံနိုင်သူကို ခန့်ထားခဲ့ရန် ဆုံးဖြတ်ခဲ့ခြင်း ဖြစ်၏။ သူ၏ သားများမှာ သူ့စကားကို နားထောင်သူများ မဟုတ်ကြသဖြင့် သူ့ အရိုက်အရာကို ဆက်ခံနိုင်သူများ ဖြစ်ကြမည် မဟုတ်ပေ။

ထို့ကြောင့် သူ့ တပည့် သာဝကများထဲမှ *အန်ဂါဒ်* [၁] ဆိုသူကို သူ၏ အရိုက်အရာကို ဆက်ခံသူ အဖြစ် ရွေးချယ်ခဲ့လေသည်။

၁၅၃၈ ခုနှစ်၊ အောက်တိုဘာလတွင် သူသည် ကွယ်လွန်ရန် အတွက် နာမကျန်း ဖြစ်လျက် အိပ်ရာ၌ လဲလေ၏။

ဆိုရိုးစကားများ အရ ဆစ်ခ်များ၊ ဟိန္ဒူများနှင့် မွတ်စလင်များ သူ့အနားသို့ ဝိုင်းရံ ရောက်ရှိလာကြလေသည်။ အတူတကွ ပူဆွေး သောက ရောက်ကြလေသည်။

မွတ်စလင်များထဲက ဘာသာ ပြောင်းလာသူများက သူတို့၏ ဂုရုကြီးကို မြေမြှုပ် သင်္ဂြိုဟ်ရန် အလို ရှိကြလေသည်။ ဟိန္ဒူ ဘာသာမှ ပြောင်းလာကြသော ဆစ်ခ်များကမူ သူတို့၏ ဂုရုကြီးကို မီးသင်္ဂြိုဟ်ရန် အလို ရှိကြလေသည်။ ထိုကိစ္စကို သူတို့၏ ဂုရုကြီးကို အသိပေး ပြောကြားသော အခါ သူက 'ဟိန္ဒူ ဘာသာမှ ပြောင်းလာသူများက ငါ၏ ညာဘက်တွင် သူတို့၏ ပန်းများကို ချထားကြ၊ မွတ်စလင် ဘာသာမှ ပြောင်းလာသူများက သူတို့၏ ပန်းများကို ငါ၏ ဘယ်ဘက်မှာ ချထားကြ၊ နောက်နေ့ နံနက်တွင် မည်သို့နွမ်းဘဲ လန်းဆန်းနေသော ပန်းများဘက်က လူများက ငါ၏ အလောင်းကို သင်္ဂြိုဟ်ခွင့် ရကြစေ' ဟု အမိန့် ရှိလေသည်။

ထိုသို့ ပြောဆိုပြီးနောက် သူသည် အဝတ် တစ်ထည်ကို သူ့ကိုယ်ပေါ်သို့ ဖုံးလွှမ်းလိုက်ပြီးနောက် ငြိမ်သက်ခြင်းသို့ ဆိုက်ရောက်သွားလေတော့၏။

ထိုအဝတ်စကို နောက်တစ်နေ့ နံနက်တွင် ဖယ်ရှားလိုက်သောအခါ ထို အဝတ် အောက်တွင် ဘာမျှ မတွေ့ရတော့၊ အလောင်း မရှိတော့ဟု ဆိုလေသည်။

ဘေးတစ်ဖက်စီရှိ ပန်းများ အားလုံးလည်း လန်းဆန်းစွာ ပွင့်လျက်ပင် ရှိကြသော ဟူ၏။

ဤသို့လျှင် ကွယ်လွန်သည့် အချိန်တိုင်အောင် နာနတ်သည် ဟိန္ဒူနှင့် မွတ်စလင်တို့၏ သင့်မြတ်ရေးကို ဆောင်ရွက်တော်မူခဲ့လေသည်ဟု ဆိုရိုးစကား ရှိကြလေသည်။ ဤကား ကြည်ညိုသူတို့ ပြောကြသော ဆိုရိုးစကားပင်တည်း။

## ၂။ နာနတ်၏ သင်ကြားချက်များ

ကမ္ဘာပေါ်၌ အလွန် ကွဲပြား ခြားနားသော အယူဝါဒကြီး နှစ်ရပ်ကို ပေါင်းစည်း ညီညွတ်အောင် ပြုလိုသော သူ၏ ကြိုးပမ်းချက်က လွဲလျှင် ဂုရု နာနတ်၏ အယူဝါဒ ရေးရာ ဆုံးမ သြဝါဒများမှာ အံ့သြဖွယ်ကောင်းလောက်အောင်ပင် ရိုးစင်းလှပေသည်။

သူ၏ အယူအဆများ ရှေ့နောက် ညီညွတ်နေခြင်းမှာ သူ၏ တစ်ခုတည်းသော အချက်အချာ ကျသည့် ခံယူချက်ကြောင့်ပင် ဖြစ်၏။

ထိုခံယူချက်မှာ တခြား မဟုတ်။

ဖန်ဆင်းရှင် ထာဝရ ဘုရားသခင်ကို အလုံးစုံသော လောက ခပ်သိမ်းတို့၏ အချုပ်အချာ အနန္တ တန်ခိုးတော်ရှင် ဉာဏ်တော်ရှင် အဖြစ် သတ်မှတ် ခံယူခြင်းပင် ဖြစ်လေသည်။

နာနတ်က သူ၏ ထာဝရ ဘုရားသခင်ကို *သစ္စာ နာမတော်* [၂] ဟု ခေါ်ခဲ့လေသည်။ အဘယ်ကြောင့် ဆိုသော် ပိုင်းခြား သတ်မှတ်၍ သူ့အား ခေါ်ကြသော အလ္လာဟ် အရှင်မြတ်၊ ရာမ၊ သီဝ သို့မဟုတ် ဂနိသျှ စသည့် အမည် နာမများကို ရှောင်ရှားလိုသောကြောင့် ဖြစ်၏။

သူက သစ္စာ နာမတော်သည် နေရာခပ်သိမ်းတို့တွင် နည်း အမျိုးမျိုးဖြင့် ဖော်ဆောင်လျက် ရှိသည်။ ထို သစ္စာ နာမတော်ကို အမည် အမျိုးမျိုး တပ်၍ ခေါ်နေကြသည်ဟု ဟောကြားခဲ့လေသည်။ သို့သော် သစ္စာ နာမတော်သည်

---

၁။ Angad

၂။ True Name

တစ်ပါးတည်းသော ထာဝရ တန်ခိုးတော်ရှင် ဖြစ်သည်။ အကယ်၍ အမည်နာမ တစ်မျိုးမျိုးကို အသုံးပြု၍ ခေါ်ကြသည်။ (ဆိုကြပါစို့၊ ကရုဏာတော်ရှင် 'ဟရီ' ဟု ခေါ်သည်။) ထိုသို့ ခေါ်ခြင်းသည် ထို ဘုရားသခင်၏ ဂုဏ်တော် တစ်ပါးကို ချီးကျူး မြွက်ဖော်၍ ခေါ်ခြင်း ဖြစ်၍ ကောင်းမြတ်သည်သာ ဖြစ်၏။

တစ်ကြိမ်တည်းမှာပင် ထာဝရ ဘုရားသခင်သည် တွေးဆ ဆင်ခြင်၍ မသိနိုင်လောက်အောင်ပင် သတ္တဝါအားလုံးတို့ထက် အလျင်ဦးစွာ တင်ကူး၍ ပြဋ္ဌာန်းလျက်ရှိ၏။ ထို့အပြင် သတ္တဝါတို့တွင် အမြင့်ဆုံး အမြတ်ဆုံး အဖြစ် လူကို စီမံခန့်ထားပြီးလည်း ဖြစ်၏။ ထိုလူသားတို့ကို နိမ့်ကျသော သတ္တဝါများက အလုပ်အကျွေး ပြုကြရမည် ဖြစ်၏။

ဤအယူအဆသည် ဟိန္ဒူတို့၏ အသား စားခြင်းကို တားမြစ်သော တားမြစ်ချက်အား ဖယ်ရှားလိုက်ခြင်း ဖြစ်၏။

ဤ အယူအဆတွင် နာနက်သည် မွတ်စလင်တို့၏ အယူအဆကို ခိုင်မာစွာ လက်ခံလိုက်ကြောင်း သက်သေထင်ရှားလှပေသည်။

တစ်နည်းအားဖြင့် နာနက်သည် ဟိန္ဒူတို့၏ မာယာ (ထင်ယောင် မြင်ယောင် မှားမှု) သဘောတရားကိုလည်း သူ့ကို ဆန့်ကျင်ဘက် လုပ်နေကြသော ဗြာဟ္မဏတို့ လက်ခံသည့် အတိုင်း သဘောတူ လက်ခံခဲ့လေသည်။ ထာဝရ ဘုရားသခင်က ရုပ်ဝတ္ထုများကို ဖန်ဆင်းရာ၌ သူ့ကိုယ်ကို မာယာ ခြုံလွှာဖြင့် လွှမ်းခြုံပြီး ဖန်ဆင်းတော်မူခဲ့ခြင်း ဖြစ်၏။

သူ၏ ဂမ္ဘီရ တန်ခိုးတော်ဖြင့် ဖန်ဆင်းအပ်သော မာယာ သဘောမှာ အကန့်အသတ် ရှိသော ဗြဟ္မာ၊ ဗိဿနိုးနှင့် သီဝ စသော နတ်များကို ဖန်ဆင်းလိုက်မိခြင်းပင် ဖြစ်သည်။ ကောင်းကင်ဘုံ၊ နတ်ဘုံများ၊ ငရဲဘုံ၊ လူ့ဘုံ၊ တိရစ္ဆာန်ဘုံနှင့် အပင်များကို ဖန်ဆင်းခြင်းပင် ဖြစ်၏။ ထိုအကြောင်းကို ဂုရုကြီးသည် သူ၏ နံနက်ခင်း ဘုရားရှိခိုး ဖြစ်သော ဇပ္ပဇိထဲတွင် ဤသို့ စပ်ဆိုထားလေသည်။

မာယာ တစ်ခုသည် ထာဝရ ဘုရားနှင့် ပေါင်းဖက်မိသော အခါ လက်ခံနိုင်ဖွယ် ရှိသော ကလေး သုံးဦးကို မွေးဖွားစေခဲ့လေသည်။

ထို ကလေး သုံးဦးတို့တွင် တစ်ဦးမှာ ဖန်ဆင်းရှင် (ဗြဟ္မာ) ဖြစ်၏။

ဒုတိယ သားတော်မှာ စီမံ ခန့်ခွဲမှု ဗိဿနိုး ဖြစ်သည်။

တတိယ သားတော်မှာ ဖျက်ဆီးခြင်းကို ဆောင်ရွက်သူ သီဝ ဖြစ်၏။

ထိုသူတို့အား ဘုရားက မြင်သော်လည်း ထိုသူတို့သည် ဘုရားကို မမြင်နိုင်ကြချေ။ ဤကား အံ့ဖွယ် ရှိလှ၏။

ဤသို့ ဆိုခြင်းမှာ နာနက်၏ ပြောလေ့ ပြောထ ရှိသော နည်း မဟုတ်ချေ။ အကန့်အသတ် ရှိသော ထိုနတ်များက ဖန်ဆင်းသော အရာများမှာ လက်သုံး ကိရိယာများသာ ဖြစ်ကြသည်။ နာနက်၏ အလေ့ထုံးစံမှာ သစ္စာနာမတော်ကိုသာ တစ်ပါးတည်းသော ဖန်ဆင်းရှင် ထာဝရ ဘုရားသခင် အဖြစ် ကိုးကွယ် ဆည်းကပ်ရန် ဖြစ်လေသည်။

ထာဝရ ဘုရားသည်သာ ကမ္ဘာ လောကကို ဖန်ဆင်းပြီးနောက် သူကိုယ်တိုင် အမည် နာမများကို ပေးထားပေသည်။

သူသည် မာယာကိုလည်း သူ၏ တန်ခိုးတော်ဖြင့် ဖန်တီးခဲ့ပေသည်။

ထို့ကြောင့် ဤ လောကသည် လုံးဝ စစ်မှန်သော လောက မဟုတ်။

'လောကသည် လျှပ်စစ်ရောင်ကဲ့သို့ အလွန်တရာ ဖြစ်ပျက် မြန်သော လောက ဖြစ်၏' ဟု နာနက်က သီဆိုခဲ့လေသည်။

သူသည် ဟိန္ဒူတို့၏ ဝိညာဉ် သံသရာ လည်ခြင်းကိုလည်းကောင်း၊ ကမ္မ နိယာမကို လည်းကောင်း လက်ခံ ထိန်းသိမ်းခဲ့လေသည်။

ထို့နောက် သူ၏ တရားကို နာယူကြသူများအား ဘုရားနှင့် ကင်းကွာစွာ နေလျက် ကံကို ပြုခြင်းဖြင့် သံသရာ ရေလျဉ်ကြောတွင် အချိန် ကြာမြင့်စွာ မျောပါ မနေကြရန် သတိပေး တိုက်တွန်းခဲ့လေသည်။

ကောင်းမှုကံ၊ မကောင်းမှု ကံကို ပြုနေမည့် အစား ဘုရားသခင်၏ နာမတော်ကို အထပ်ထပ် ရွတ်ပွားခြင်း ဟူသော ဘဂဝါနုဿတိ တရားကို ပွားများ အားထုတ်ကြဖို့၊ ထာဝရ ဘုရားသခင်၌ ဈာန်ဝင်စားကြဖို့၊ ထိုကဲ့သို့ သမာပတ် ဝင်စားခြင်းအားဖြင့်သာလျှင် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြောင်း ဟောကြား ဆုံးမခဲ့လေသည်။

ကယ်တင်ခြင်း၊ လွတ်မြောက်ခြင်း ဟူသည်မှာ ပရဒိသုခဘုံသို့ စံဝင်ခြင်း မဟုတ်၊ သစ္စာ နာမတော် ဖြစ်သော ဘုရားသခင်ထံမှောက်သို့ ရောက်ရှိအောင် ဈာန်သမာပတ်ဖြင့် မိမိ၏ အတ္တကို ပယ်ဖျောက်ခြင်းသာ ဖြစ်သည်ဟုလည်း ဟောကြားခဲ့လေသည်။

ဤတွင် ဘုရားသခင် ထံမှောက်သို့ ဝင်ရောက်မည့် ဆဲဆဲ ဖြစ်ခြင်း သဘောသည် သက်ဝင် ယုံကြည်မှု အတွက် လိုအပ်ချက် တစ်ခု ဖြစ်လာသည်။

နာနက်သည် မွတ်ဆလင်များ၏ ထာဝရ ဖန်ဆင်းရှင် ဘုရားသည် လောကကို လွှန်မြောက်၍ နေခြင်း သဘောမှ လွှဲဖယ်ပြီးလျှင် ဟိန္ဒူတို့၏ လောကထဲ၌ လူသားတို့ နှလုံး သားပေါ်တွင် ဘုရား စံစားလျက် ရှိသည် ဆိုသော အယူ အဆကို လက်ခံခဲ့လေသည်။

ထို့ကြောင့် ထာဝရ ဘုရားသခင်ထံမှောက်သို့ သမာ ပတ်ဖြင့် ရောက်ရှိလိုလျှင် လူသားသည် မိမိ၏ နှလုံးသား ကို ဖြူစင်အောင် သန့်စင်စေပြီးလျှင် သူ့နှလုံးသားပေါ်ရှိ ဘုရားသခင်ထံတွင် အပန်းဖြေ ရပ်နားရန်သာ လိုသည်။

ဘုရားသခင်သည် လောကကို ဖန်ဆင်းပြီးနောက် ထိုလောကကို သူ၏ ကိုယ်တွင်းသို့ သွတ်သွင်းကာ သူ၏ အရာခပ်သိမ်းတို့၌ ပျံ့နှံ့လျက် စံစားနေခြင်းကို သိစေတော် မူခဲ့လေပြီ။

ထို့ကြောင့် သစ္စာရှင် ဘုရားသခင်ကို ဝေးဝေးမှာ လိုက်ရှာနေစရာ မလို။ သူသည် နှလုံးသားတိုင်းပေါ်မှာ စံစားလျက် ရှိနေပေသည်။

ထိုသို့ စံစားလျက် ရှိကြောင်းကို ဂုရု၏ အဆုံးအမ လမ်းညွှန်မှုဖြင့် သိရှိနိုင်ပေသည်။

သူသည် ထာဝရ ဘုရားကို သိလိုလျှင် ကမ္ဘဋ္ဌာန်း ဘာဝနာ တရားကို အပြင်းအထန် အားထုတ်ခြင်းဖြင့်သာ သိနိုင်သည် ဟူ၍ အခိုင်အမာ ယုံကြည်ထားလေသည်။

နာနက်သည် ပူဇော် ပသမှု၊ ဝတ်ပြုမှုဖြင့် ဘုရား သခင်ကို ကျေနပ် နှစ်သိမ့်စေနိုင်သည် ဆိုသော အချက်ကို လုံးဝ မယုံကြည်သော ပုဂ္ဂိုလ် ဖြစ်သည်။

ထိုအချက်တွင် သူသည် ခရစ်ယာန် *ကွေကာ* [၁] များ နှင့် တူပေသည်။

တဖြည်းဖြည်းနှင့် သူသည် မွတ်ဆလင်များနှင့် ဟိန္ဒူ များ၏ ဘုရားသခင်ကို အမှန်တကယ် နှလုံး မသွင်းဘဲ အပေါ်ယံ သဘောဖြင့် ခဝပ် ပူဇော်၍ ဆုတောင်း ပတ္ထနာ ပြုနေကြခြင်းကို ငြင်းပယ်ခဲ့လေသည်။

အမှန်မှာ ပူဇော် ဝတ်ပြုခြင်း ကိစ္စသည် ဘုရားသခင် ထံသို့ စေလွှတ်သော လူသား၏ စိတ်ပိုင်းဆိုင်ရာ လှုပ်စစ် လှိုင်းများကို လမ်းလွှဲသွားအောင် ပြုလုပ်ခြင်းနှင့် တူသည် ဟု ဆိုလေသည်။ လူတိုင်း၏ လက်ဖဝါးပေါ်တွင် ထိုသူ၏ ဘဝ အကြောင်း ကံများကို ဖော်ပြထားသော သရုပ်ဖော် အရေး အကြောင်းများ ရှိသည်ဟု သူက ဆိုသည်။

ပထမတွင် ဂုရုသည် မွတ်ဆလင်တို့၏ ဘုရား ဝတ် ပြုရာ အရပ်သို့ သွား၍ တက်ရောက်ခဲ့လေသည်။ သူ့ကို ဘုရားသခင်က ဂုရု အဖြစ် ခေါ်ယူခြင်းကို ခံရပြီးနောက် ဖြစ်၏။

ထို ဝတ်ပြုပွဲများသို့ ရောက်သော အခါ သူသည် ခွက်ထိုးခွက်လန် ရယ်မောနေတတ်သည်ဟု ဆို၏။ မွတ် စလင်များမှာ ထိုကဲ့သို့ သူ ရယ်မောနေသည်ကို မြင်သော အခါ ဘုရား ဝတ်ပြုပြီးသည့်တိုင်အောင် စောင့်မနေနိုင် ကြဘဲ သူ့ကို ရုတ်တရက် လိုက်ဖမ်းကြကာ အဘယ်ကြောင့် ထိုကဲ့သို့ ရယ်ရသလဲ ဆိုသည်ကို ဖြေရှင်းစေကြလေတော့ သည်။

ထိုအခါ မွတ်စလင်တို့၏ ဘုရား ဝတ်ပြုခြင်းကို ဘုရားက လက်မခံကြောင်းကို ရှင်းလင်း ပြောဆိုခဲ့လေ သည်။

ထို့အတူ ဟိန္ဒူ ဘာသာဝင်များ၏ ဘုရားဖူး သွားပြီး ဝတ်ပြု ပူဇော်ခြင်းများကို လည်းကောင်း၊ ရုပ်တု မျိုးစုံ ကိုးကွယ်နေခြင်းကို လည်းကောင်း အယုံအကြည် မရှိ ကြောင်း ထုတ်ဖော် ပြောဆိုခဲ့လေသည်။

နောက်ဆုံး အနေနှင့် ထာဝရ ဘုရားသခင် အစစ်ကို လူတို့၏ ယုံကြည် ကိုးကွယ်မှု၊ နှလုံးသွင်းမှုကို ရုပ်တုများ က အာရုံ ပျက်ပြားအောင် ပြုလုပ်သည်ဟု ယူဆခဲ့လေသည်။

ဤအချက်တွင် သူသည် မွတ်ဆလင်များကို ပိုမို နှစ်သက်ကြောင်း ပြောဆိုခဲ့လေသည်။

သစ်သားရုပ်၊ ကျောက်ရုပ်တွေထဲမှာ ဘုရား မရှိနိုင် ပါဘူး ဟုလည်း သူက ဟောကြားခဲ့၏။ ဘုရားဖူး ခရီး သွားခြင်းနှင့် ပတ်သက်၍မူ သစ္စာ နာမတော်ကို အကြိမ် ကြိမ် ရွတ်ဖတ် ပူဇော်ခြင်းသည် ဘုရား ဝတ်ပြုရာ အရပ် ဖြ နေရာ၌ ရေချိုးခြင်းနှင့် အကျိုး ရလဒ်ချင်း တူသည် ဟု သူက ဆိုလေသည်။

ရသေ့ ရဟန်း ပြု၍ ဤလောကမှ တော ထွက်၍ ကျင့်ခြင်းနှင့် ပတ်သက်၍မူ သူက 'တောထဲကို သွားပြီး ဘာဖြစ်လို့ ဘုရားကို ရှာနေကြတာလဲ၊ ငါသည် ဘုရားကို အိမ်မှာ တွေ့ခဲ့တာပဲ' ဟု နာနက်က ပြောဆိုလေသည်။

- ဘာသာ တရား ဆိုတာ စပ်ချုပ် ကုတ်အင်္ကျီထဲ မှာလည်း မရှိဘူး။ ယောဂီရဲ့ တောင်ဝှေးထဲမှာလည်း မရှိဘူး။ ကိုယ်ပေါ်မှာ သုတ်လိမ်းတဲ့ ပြာမှုန့်တွေမှာလည်း မရှိဘူး။

---

၁။ Quaker

- ဘာသာတရား ဆိုတာ ပန်ထားတဲ့ နားတောင်းထဲမှာလည်း မရှိဘူး။ ဦးပြည်း ခေါင်းတုံးထဲမှာလည်း မရှိဘူး။ ဦးချို ခရာ မှုတ်တဲ့ အထဲမှာလည်း မရှိဘူး။

- ဘာသာတရား ဆိုတာ သုသာန် တစပြင်တွေကို လှည့်လည် သွားလာရာမှာလည်း မရှိဘူး။ ထိုင်ပြီး သမာဓိကို ထူထောင်ရာမှာလည်း မရှိဘူး။

- ဘာသာတရား ဆိုတာ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ လှည့်လည် သွားလာရာမှာလည်း မရှိဘူး။ သို့မဟုတ် ဘုရားဖူး ခရီး ထွက်ပြီး ဘုရား ဝတ်ပြုရာ အရပ်တွေမှာ၊ ရေချိုးရာမှာလည်း မရှိဘူးဟု သူက ကြွေးကြော် ခဲ့လေသည်။

လူကောင်း သူကောင်း၊ ဆစ်ခ် ဘာသာ၏ တပည့်နောက်လိုက်ကောင်းများ ဆိုသည်မှာ စိတ် သဘောထားဖြူစင် သန့်ရှင်းသူ၊ သန့်ရှင်း စင်ကြယ်သော ကံကို ပြုသူ၊ ပညာရှိ သူတော်ကောင်းတို့ကို ပူဇော် ဆည်းကပ်သူ၊ မိမိအား သင်ကြား ဆုံးမသော ပုဂ္ဂိုလ်ကို ဂုဏ်ပြုသူ၊ ဂုရု၏ ဆုံးမသော စကားနှင့် ဘုရား တရားနှင့် ဆိုင်သော အသိပညာကို လှူသည် အစားအစာကို တောင့်တသကဲ့သို့ တောင့်တသူ ဖြစ်၏။

သူတော်ကောင်းသည် မိမိ၏ ဇနီး မယားကိုသာ ချစ်ခင် ကြင်နာပြီး အခြားသော မိန်းမများကို စွန့်ပယ်သူဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ခိုက်ရန် ဖြစ်ပွားမည့် အကြောင်းကို ရှောင်ရှားလေ့ ရှိ၏။ သူသည် မိမိကိုယ်ကို အလွန်အထင် ကြီးပြီး အထူး သိဒ္ဓိတင်သူ မဟုတ်။ သူတစ်ပါးကို နှင်းခြေခြင်း အမှုကိုလည်း မပြု။

ထို့ပြင် သူသည် မကောင်းသော အပေါင်းအသင်းကိုလည်း စွန့်ခွာသည်။ သူတော်ကောင်း ပညာရှိကိုသာ ပေါင်းသင်းတတ်ကြကုန်သည်။

နာနက်၏ အယူဝါဒနှင့် အလေ့အကျင့်များသည် သိသိသာသာ စိတ် တည်ငြိမ်မှု ရှိကြောင်း ပေါ်လွင်စေသည်။ သို့ဖြစ်စေကာမူ ဤကား သူ ထူထောင်ခဲ့သော တက်ကြွ လှုပ်ရှားသော နိုင်ငံရေး ယုံကြည်မှု အဖြစ်သို့ နှစ်နှင့် ချီ၍ ပြောင်းလဲအောင် ဆောင်ရွက်ရမည့် ဘာသာတရား၏ တစ်ခုတည်းသော ကံကြမ္မာ ဖြစ်၏။

## ၃။ ဆစ်ခ် အယူဝါဒ၏ နိုင်ငံရေး သမိုင်း

နာနက် နောက်တွင် ဆစ်ခ် ဘာသာရေး ခေါင်းဆောင် အရိုက်အရာကို ဂုရု ကိုးပါး တိတိ ဆက်ခံခဲ့လေသည်။ ထိုအခါ ထိုဘာသာကို ယုံကြည် ကိုးကွယ်သူများလည်း တိုးတက် ကြီးထွားလာခဲ့လေသည်။

ပထမ ဂုရု လေးပါး အနက် *ဂုရု အမာ ဒတ်စ်* [၁] (၁၅၅၂-၁၅၇၄) သည် ထူးခြားသော ပုဂ္ဂိုလ် ဖြစ်သည်။ သူသည် အလွန် နှိမ့်ချသူ ဖြစ်သည်။ လူတန်းစား မာနမှ ကင်းလွတ်သည်ဟု ထင်ရှား ကျော်ကြားခဲ့လေသည်။

သူက 'ဘယ်သူမှ ဇာတ်ဂုဏ် မမောက်ကြနှင့်၊ ဤကမ္ဘာလောကကြီးကို မြေသား တစ်မျိုးတည်းဖြင့် ဖန်ဆင်းထားခြင်းသာ ဖြစ်သည်' ဟု ဟောကြားခဲ့လေသည်။

ရှေးကျသော ဆစ်ခ် ဘာသာ၏ စိတ် တည်ငြိမ်ခြင်း သမာဓိ ရှိမှုသည် သူ ပြုလုပ်ခဲ့သမျှ လုပ်ငန်း ဆောင်တာများတွင် ပေါ်လွင် ထင်ရှားခဲ့လေသည်။ သူ့ခေတ်က ဆစ်ခ် ဘာသာဝင်များသည် အမှန်တကယ် ငြိမ်းချမ်းရေး စည်းကမ်းများ အတိုင်း လိုက်နာ ကျင့်သုံးခဲ့ကြလေသည်။ 'တစ်စုံတစ်ယောက်သော သူက သင့်အား မကောင်းသဖြင့် ကြံစည် ပြုမူသည် ဖြစ်အံ့၊ ထိုသို့ ပြုလုပ်ခြင်းအား သည်းခံပါလော့၊ ထိုသို့ ပြုမူခြင်းကို သုံးကြိမ်တိတိ သင် သည်းခံပြီးပါက စတုတ္ထ အကြိမ်တွင် သူ့ကိုယ်စား ထာဝရ ဘုရားသခင်က တိုက်ခိုက် ပေးပါလိမ့်မည်'

သို့သော် ပဥ္စမမြောက် ဂုရု ဖြစ်သော *ဂုရု အာဂျန်* [၂] (၁၅၈၁-၁၆၀၆) သည် ဆစ်ခ် ဘာသာကို ပို၍ စစ်သွေးကြွသော ဘာသာ အဖြစ်သို့ ရောက်အောင် ပြောင်းလဲပေးခဲ့လေသည်။

ဤသို့ ဖြစ်ခြင်းသည် မွတ်စလင် အုပ်စိုးသူများ ဘက်က သဘောထား ပြောင်းလဲ လာခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ ထို့အပြင် ဆစ်ခ် ဘာသာ အတွင်းမှာလည်း ရပ်ရည် အဆင်း တင့်တယ်ခြင်း ရှိသော ဂုရု အာဂျန်၏ သန်စွမ်းမှုနှင့် ခေါင်းဆောင်မှုကြောင့်လည်း ဖြစ်နိုင်သည်။

သူ၏ ရှေးက ဖြစ်သော ခေါင်းဆောင်များ၏ ရည်မှန်းချက် ကြီးသော စီမံချက်များကို ပြီးပြည့်စုံအောင် ဆောင်

၁။ Guru Amar Das

၂။ Guru Arjan

ရွက်သည့် အနေနှင့် သူသည် *အမ္ဗရစ်ဆာ* [၁] ရေကန်ကြီးကို တူးဖော်ခဲ့လေသည်။ ထိုရေကန်ကြီး အလယ်က ကျွန်းပေါ်တွင် *ရွှေကျောင်းကြီး* [၂] ကိုလည်း အပြီး တည်ဆောက်ခဲ့လေသည်။

ဂုရု အာဂျန်သည် ကာလ ကြာမြင့်စွာ အကျိုး သက်ရောက်မှု ရှိစေမည့် အရေးပါသော ကိစ္စ နှစ်ရပ်ကိုလည်း ဆောင်ရွက်ခဲ့လေသည်။

ပထမ အချက်မှာ သူသည် ဆစ်ခ် ဘာသာဝင်တို့၏ သမ္မာကျမ်းစာ *ဂရန်သ်* [၃] ကို သူ့လက်ထက်တွင် စုဆောင်း ရေးသားခဲ့လေသည်။

ဆစ်ခ် ဘာသာဝင်များ ဘုရား ရှိခိုး ဝတ်ပြုသော အခါ သီဆိုကြသော ဓမ္မတေးများသည် စုဆောင်း ရေးသားခြင်း မပြုဘဲ ထားပါက ကြာမြင့်သော အခါ ပျောက်ကွယ် သွားမည်ကို သိမြင်သဖြင့် ထိုကဲ့သို့ စုဆောင်း ရေးသား ပြုစုခဲ့ခြင်း ဖြစ်လေသည်။ ထို ဓမ္မတေးများကို သူသည် တစ်စုတစ်ပေါင်းတည်း ဖြစ်အောင် ပြုလုပ်ခဲ့လေသည်။

သူကိုယ်တိုင်မှာလည်း ဉာဏ်ရည် ထက်မြက်သော ကဗျာဆရာ တစ်ဦး ဖြစ်၏။ ထိုကျမ်းထဲတွင် ပါဝင်သော ဓမ္မ တေးသီချင်း ထက်ဝက်လောက်မှာ သူကိုယ်တိုင် သီကုံးသော ဓမ္မ ကဗျာ တေးသီချင်းများ ဖြစ်ကြလေသည်။ ကျန်သော ဓမ္မ တေးသီချင်းများမှာ အများအားဖြင့် ဂုရု နာနတ် သီကုံးသော တေးသီချင်းများ ဖြစ်ကြပြီး အခြား ဓမ္မ တေးများမှာ ဒုတိယ ဂုရု၊ တတိယ ဂုရုနှင့် စတုတ္ထ ဂုရုနှင့် ဖေဒက်ဗ်၊ နာနန်ဒက်ဗ်နှင့် ကဘီရ် ဓမ္မတေးများ ဖြစ်ကြလေသည်။

ဤ စုဆောင်း ရေးသားသော ဆစ်ခ် ဘာသာဝင်များ၏ သမ္မာ ကျမ်းစာကို ချက်ချင်းပင် ဆစ်ခ် ဘာသာဝင်များကရော ပြင်ပမှ ပုဂ္ဂိုလ်များကပါ မှတ်သားဖွယ် ကျမ်းစာ အဖြစ် အသိအမှတ် ပြုကြရလေသည်။

မွတ်စလင် ဧကရာဇ် *အက္ကဘာ* [၄] အား ဤ ကျမ်းစာ အကြောင်းကို သူ၏ မှူးတော် မတ်တော်များ အကြံပေး ပညာရှိများက အသိပေး တင်လျှောက်ကြရာ မွတ်စလင် ဘုရင်ကြီးက ဤ ကျမ်းစာကို မွတ်စလင် ဘာသာကို မယုံကြည်သူများ၊ ဘုရား တရား မကြည်ညိုသူများ၏ အန္တရာယ် ကြီးမားသော လုပ်ရပ်ကြီး တစ်ခု အဖြစ် ယူဆခဲ့လေသည်။

သို့ရာတွင် အက္ကဘာ ဘုရင်သည် ခန္တီ ဓာတ်ခံ ရှိသော မင်းတစ်ပါး ဖြစ်ရကား ဂရန်သ် ကျမ်းစာကို လေ့လာ စိစစ်ပြီးနောက် သူက ဤကျမ်းစာထဲတွင် အန္တရာယ် ပြုသော အချက် တစ်စုံတစ်ရာ မရှိကြောင်း ကြေညာခဲ့လေသည်။

သူ ကိုယ်တိုင်ပင်လျှင် ဂုရု အာဂျန် ရှိရာ အရပ်သို့ လေးလေးစားစား သွားရောက် လည်ပတ်ပြီးနောက် သူ၏ ခွင့်ပြု သဘောတူကြောင်းကို ပြသခဲ့လေသည်။

သို့သော် စိတ်သဘောထား ကြီးမြတ်သော အက္ကဘာ မင်းမြတ် နတ်ရွာစံသော အခါ သူ့သားတော်ကြီး *ဂျဟန်ဂီးရ်* [၅] က ဖခင်၏ အရိုက်အရာ နန်းမွေကို ဆက်ခံခဲ့လေသည်။ သူကား အလွန် ရက်စက် ကြမ်းကြုတ်၏။ ဘာသာရေး အယူအစွဲ ကြီးသူ ဖြစ်၏။ နိုင်ငံရေး လုပ်ကြံမှု ပြုသည် ဟူသော စွပ်စွဲချက်ဖြင့် သူသည် ဂုရု အာဂျန်ကို ဖမ်းဆီးခဲ့လေသည်။ ဖမ်းဆီးပြီးနောက် သေသည် အထိ နှိပ်စက် ညှဉ်းဆဲခဲ့လေ၏။

သို့သော် ဂုရု အာဂျန် မကွယ်လွန်မီ သူသည် ရေရှည် အကျိုး ဖြစ်ထွန်းစေသော ဒုတိယ ဆောင်ရွက်မှု တစ်ခုကို ပြုလုပ်ခဲ့လေသည်။ သူက သူ၏ သားတော် *ဟာဂေါဝိန္ဒ* [၆] ဆိုသူအား သူ၏ ရာဇပလ္လင်ပေါ်တွင် လက်နက် အပြည့်အစုံဖြင့် နန်းတက်ပြီးနောက် သူ၏ စွမ်းအား ရှိသလောက်ဖြင့် လက်နက်ကိုင် တပ်ဖွဲ့ ဖွဲ့စည်းရန်ကို အမိန့်ပေး မှာထားခဲ့လေသည်။

ဂုရု ဟာ ဂေါဝိန္ဒ (၁၆၀၆-၁၆၄၅) သည် သူ့ဖခင်၏ နောက်ဆုံး အမိန့်ပေး မှာထားချက်ကို လေးစား လိုက်နာခဲ့လေသည်။ သူ့လက်ထက်တွင် သူသည် စိတ်ငြိမ်သက်ရေး အယူဝါဒက လိုလားသော အဝတ်အစားများကို ဝတ်ဆင်ရန် ငြင်းဆန်ခဲ့လေသည်။ အစဉ်အလာ အရ ဘိုးဘေး စဉ်ဆက်က ဝတ်ဆင်ခဲ့သော ခေါင်းပေါင်းနှင့် ဆွဲကြိုးကို သူသည် ဝတ်ဆင်ခြင်း မပြုတော့ပေ။ သူ၏ ရည်ရွယ်ချက် သဘောထားကို ရှင်းရှင်းလင်းလင်း ကြေညာခဲ့လေသည်။

'ငါ၏ လည်ဆွဲသည် ဓား ခါးပတ် ဖြစ်လိမ့်မည်၊ ငါ၏ ဖောင်းတော်သည်လည်း ရာဇာမင်းတို့နှင့်သာ ထိုက်တန်သော ဒေါင်းတောင်ဖြင့် တန်ဆာ ဆင်သော ဖောင်းတော်သာ ဖြစ်ပေလိမ့်မည်'

သူ့ စကား အတိုင်း လက်တွေ့ အကောင်ထည် ဖော်ရန် သူသည် လက်မနှေးခဲ့ပေ။ သူသည် သူ့အပါးတွင် လက်

---

၁။ Amritsar
၂။ Golden Temple
၃။ Granth
၄။ Akbar
၅။ Jahangir
၆။ Har Govinda

နက်ကိုင် ကိုယ်ရံတော် အစောင့်အရှောက်များကို ချထားလေသည်။ ထို့နောက် ဆစ်ခ် လူမျိုးတို့၏ အခိုင်အမာ ခုခံနိုင်သော ခြေကုပ် စခန်း ခံတပ်ကြီးကို တည်ဆောက်လေသည်။ ထို့နောက် အချိန်မီ သူ့ အဆင့်အတန်းနှင့် အညီ ဆစ်ခ် စစ်မှုထမ်းလိုသော ဘာသာဝင် ထောင်ပေါင်း များစွာ ပါဝင်သော စစ်တပ်ကြီးကို ဖွဲ့စည်း တည်ထောင်ခဲ့လေတော့၏။

သူသည် စစ်ရိက္ခာများကို လည်းကောင်း၊ စစ်ဝတ်စုံများကို လည်းကောင်း ထောက်ပံ့ ပေးကမ်းနိုင်သည်။ လက်နက်များကိုလည်း ပေးကမ်း ထောက်ပံ့နိုင်လေသည်။ ထိုစရိတ်များ အားလုံးကို ရွှေကျောင်းတော်ကြီး၏ ဘဏ္ဍာတော်တိုက်မှ ထုတ်ယူ သုံးစွဲခဲ့ခြင်း ဖြစ်၏။

ယခုအခါ ဆစ်ခ် ဘာသာဝင်များမှာ မင်းနေပြည်နှင့် တကွ ချမ်းသာ ကြွယ်ဝသော လှပသည့် ရွှေကျောင်းတော်ကြီးလည်း ရှိနေပြီ ဖြစ်သဖြင့် ပတ်လည်တွင် ရှိသော မွတ်စလင် လောကက ဆစ်ခ် ဘာသာဝင်များ အပေါ် ပို၍ ပို၍ ရန်လိုလာကြလေတော့သည်။

ထိုအခါ မွတ်စလင်များက အမျိုးသား စိတ်ဓာတ်ကို ဖွံ့ဖြိုး တိုးတက်လာအောင် ဆောင်ရွက်ကြလေသည်။

မွတ်စလင်များ၏ အမြင်တွင် ဆစ်ခ် ဘာသာဝင်များသည် အန္တရာယ် မပေးသော ဂိုဏ်း ဂဏ မဟုတ်တော့ကြောင်း သဘော ပေါက်လာကြသည်။ သူတို့သည် အိန္ဒိယပြည် မြောက်ပိုင်းတွင် နိုင်ငံရေး အာဏာ ချိန်ခွင်လျှာ ညီမျှမှုကို ခြိမ်းခြောက်နိုင်သော နိုင်ငံရေးနှင့် လူမှုရေး အင်အား အစစ်အမှန် ဖြစ်လာပြီဟု သိမြင်လာကြသည်။

ထို့ကြောင့် မွတ်ဆလင်များသည် သူတို့ အချင်းချင်း နှီးဆော် လှုပ်ရှားလာကြလေသည်။

ဆစ်ခ် ဘာသာဝင်များကလည်း ထိုလှုပ်ရှားမှုများကို ခုခံရန် အသင့် အနေအထားတွင် ပြင်ဆင်ထားပြီး ဖြစ်၏။ တစ်ဖက်တွင် သူတို့သည် ဟိန္ဒူ ဘာသာဝင်များ၏ သိခက်နက်နဲသော ဂမ္ဘီရ အယူဝါဒများကို တားဆီး၍ တင်းခံသော သဘော ရှိပြီး ကျန်တစ်ဖက်တွင်မူ မွတ်ဆလင်တို့၏ ယုံကြည်မှု၌ စွဲမြဲသော စိတ်ဓာတ်ကို လက်ခံပြီးလျှင် သူတို့ ကိုယ်တိုင်ကမူ တိုက်ရည်ခိုက်ရည် ရှိသော လူများ ဖြစ်အောင် ဆောင်ရွက်ထားကြလေသည်။

ပထမပိုင်းတွင် အခြေအနေ အရပ်ရပ်သည် အဆင်မချောခဲ့ပေ။ ဂုရု ဟာ ဂေါဝိန္ဒက တိုက်ခိုက်ခဲ့ရာ သူ့ကို သူ့ဖခင်အား သေသည် အထိ ညှဉ်းပန်း နှိပ်စက်ခဲ့သော ဂျဟာန်ဂီးရ်ကပင် ဖမ်းဆီး၍ ထောင်ချခဲ့လေသည်။

သို့သော် ဤတစ်ကြိမ်တွင်မူ ဒဏ်ငွေကို ပေးဆောင်ရုံဖြင့် သူ့အား ထောင်မှ လွှတ်ပေးခဲ့လေသည်။ သူလည်း နောက်ထပ် တစ်ဖန် တိုက်ခိုက်ပြန်လေသည်။

ဘက်မညီသော တိုက်ခိုက်မှုများသည် ဆက်လက်ဖြစ်ပေါ်လျက် ရှိနေခဲ့ရာ ဒသမမြောက် ဂုရု *ဂေါဝိန္ဒ ဆင်း* [၁] (၁၆၇၅-၁၇၀၈) လက်ထက် အထိပင် ဖြစ်၏။ ထို ဂုရု ဆက်ခံသော အခါ သူ့ကို *ဂေါဝိန္ဒ ရိုင်း* [၂] ဟုလည်း အမည် ပေးကြလေသည်။ သို့သော် လူအများကမူ သူ့ကို ဂေါဝိန္ဒ ဆင်း ဟူ၍သာ ခေါ်ကြလေသည်။ ဂေါဝိန္ဒ ဆင်း ဆိုသည်မှာ သီဟ (ခြင်္သေ့) ဂေါဝိန္ဒ ဟူ၍ အနက် ရသည်။

သူ့ လက်ထက်တွင် ဆစ်ခ် ဘာသာဝင်များသည် တွန်းလှန်မှုကြီးများကို ပြုရန် အတွက် အုံကြွလာကြသည်ကို တွေ့ရသည်။ ဆစ်ခ် ဘာသာဝင်များက ကိုယ်ပိုင် အုပ်ချုပ်ခွင့် ရသော စစ်နိုင်ငံကို ထူထောင်ရန် လိုလား နေကြလေသည်။ သူတို့သည် မွတ်စလင်တို့၏ အုပ်ချုပ်ခံဘဝမှ လွတ်မြောက်သော ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရှိ နိုင်ငံကို ထူထောင်လိုခြင်း ဖြစ်၏။

ဂေါဝိန္ဒသည် စစ်သွေးကြွသူ ဖြစ်သော်လည်း သတိသမ္ပဇဉ် ရှိသူလည်း ဖြစ်သည်။

သူသည် လက်နက်ကိုင် တိုက်ခိုက်ခြင်းကို ရှောင်ရှားနိုင်မည့် အခွင့်အခါကောင်း ရရှိချိန်ကို မျှော်လင့် စောင့်စားနေစဉ်မှာပင် သူသည် သူ၏ နောက်လိုက်များ၏ စိတ်ဓာတ်ကို ခိုင်မာစေရန် အတွက် ဓမ္မ တေးများကို ရေးသား၍ သီဆိုစေခဲ့လေသည်။

ပထမ ဂုရု ပြုလုပ်သည့် နည်းလမ်း အတိုင်း ပြုကျင့်သော်လည်း ပို၍ ကိုယ်ခံအား ကောင်းရန် ဆောင်ရွက်ပုံမျိုးဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်လေသည်။ ဥပမာ

'သူ့လက်တွင် မြားကို ကိုင်ထားသော အရှင်မြတ်အား အကျွန်ုပ် ဦးညွှတ် ပူဇော်ပါ၏။ အကြောက် တရားကင်းသော အရှင်မြတ်အား အကျွန်ုပ်သည် ဦးညွှတ် ပူဇော်ပါ၏။

'မျက်မှောက် ပစ္စုပ္ပန်၌ လည်းကောင်း၊ အနာဂတ်၌ လည်းကောင်း နတ်တို့ထက် နတ် အမြတ်ကြီး မြတ်သော ထိုထာဝရ ဘုရားသခင်အား အကျွန်ုပ်သည် ဦးညွှတ် ဝပ်တွား ပူဇော်ပါ၏။ ဓားလွယ်ကောက်ကို ဦးညွှတ်ပါ၏။ နှစ်ဖက်သွား ရှိသော ဓားရှည်ကို အကျွန်ုပ် ဦးညွှတ်ပါ၏။ စစ်ဓားလွယ်တို့နှင့် ဓားမြှောင်ကို အကျွန်ုပ် ဦးညွှတ်ပါ၏။

---

၁။ Govinda Singh    ၂။ Govinda Rai

'အကျွန်ုပ်သည် မင်းလုံတံကို ကိုင်ဆောင်သော အရှင်မြတ်အား ဦးညွှတ် ရှိခိုးပါ၏။

'အကျွန်ုပ်သည် မြားနှင့် အမြောက် လက်နက်ကို ဝပ်တွား ပူဇော်ပါ၏။ ထိတ်လန့်ဖွယ် ဆုတောင်း ပတ္တနာပြုသော အခါတိုင်း ဤစကားများဖြင့် စကားပလ္လင် ခံကာ အစ ချီလေ့ ရှိ၏။

'အို လောကကို ဖန်ဆင်းသော အရှင်၊ အို ကယ်တင်တော်မူသော အရှင်၊ အကျွန်ုပ်၏ မြတ်နိုးတော်မူသော အရှင်၊ အရှင်မြတ်အား နှုတ်ဆက်ပါသည်၊ အို အရှင်မြတ်ဘုရား'

ဤ ဓမ္မ တေးများကို နောက်ပိုင်းတွင် ဂုရု ဆယ်ပါးတို့၏ သမ္မာကျမ်းစာ 'ဂရန့်သ်' ထဲတွင် ထည့်သွင်း ဖော်ပြခဲ့လေသည်။

အဆို အမိန့် တစ်ခု အရ ဤ ဆယ်စောင် ကျမ်းကို ဂေါဝိန္ဒ ဆင်း ကွယ်လွန်ပြီး နောက်မှ သူ့ကို ဂုဏ်ပြုသော အားဖြင့် စုပေါင်း ဖော်ပြခဲ့ခြင်း ဖြစ်သည် ဆို၏။

ဂုရု ဂေါဝိန္ဒ ဆင်းသည် မူရင်း ဂရန့်သ် ကျမ်းများကို ဖတ်ရှုသောအခါ ဆစ်ခ် ဘာသာဝင်များသည် စိတ်နှလုံး နွမ်းနယ် ပျော့ညံ့သွားကြောင်း လေ့လာ တွေ့ရှိခဲ့လေသည်။

ထို့ကြောင့် သူ၏ နောက်လိုက် ဆစ်ခ် ဘာသာဝင်များ အနေနှင့် ရွတ်ဖတ်လိုက်လျှင် စိတ်ဓာတ် တက်ကြွပြီး တိုက်ရဲ ခိုက်ရဲသော စိတ်ဓာတ်များ ဖြစ်ပေါ်စေမည့် ဓမ္မ တေးများကို ကိုယ်တိုင် ရေးသား သီကုံးရန် ဆုံးဖြတ်ချက် ချခဲ့လေသည်။

ဂေါဝိန္ဒ ဆင်းကို ဘုရားသခင်က အခွင့် အာဏာ ပေးအပ်ခဲ့သည် ဟူ၍ လုံးလုံးလျားလျား ယုံကြည် သက်ဝင်ခြင်း အပေါ်တွင် ဘာမျှ ပြဿနာ မရှိပေ။

သူ၏ ကြီးကျယ်သော၊ အသစ် ပြုပြင် ပြောင်းလဲခြင်းကို အကောင်အထည် ဖော်လိုသော စိတ်အား ထက်သန်မှု ဖြစ်ပေါ်လာသော အခါ သူသည် ဤသို့ ပြုလုပ်ခြင်းမှာ ဘုရားသခင်၏ ဆန္ဒတော် အတိုင်း ပြုလုပ်ရခြင်း ဖြစ်သည် ဟု ခံစားမိလေသည်။

သူ၏ ဓမ္မကျမ်းစာသစ်ကို *ခန္ဒဒီပါ* [၁] ဟု ခေါ်သည်။ *ဓား ဘာသာသို့ သွတ်သွင်းခြင်း ရေဖျန်း မင်္ဂလာ* [၂] ဟု အဓိပ္ပာယ် ရသည်။

တစ်နေ့သ၌ နောက်လိုက် သာဝက ငါးပါးတို့၏ ရိုးသား စင်ကြယ်ခြင်းကို ပြည့်ပြည့်စုံစုံ စမ်းသပ် စစ်ဆေးပြီးသော အခါ သူသည် သံမဏိ ဇလုံ တစ်ခုထဲသို့ ရေကို သွန်းလောင်းချပြီးနောက် ထိုရေကို အသွား ထက်လှသော ဓား တစ်လက်ဖြင့် မွှေလေသည်။ ထိုရေထဲသို့ အိန္ဒိယ သကြားခဲများကို ထည့်ပြီး ကောလီ ကြေအောင် မွှေသည်။ ပြီးမှ ထိုအချိုရည်ကို သာဝက ငါးဦးတို့အား တစ်ဦးလျှင် လက်တစ်ခုပ်စာစီ ပေးပြီး သောက်သုံး စေခဲ့လေသည်။ ထို့နောက် ထိုလူတစ်ဦးစီ၏ ခေါင်းပေါ်နှင့် မျက်လုံးများပေါ်တွင် ထို ရေစင်ကို ငါးကြိမ်စီ ပက်ဖျန်း လိုက်လေသည်။

ဤသို့ဖြင့် ထိုလူများကို အယူဝါဒသစ်သို့ ရေဖျန်းခြင်း မင်္ဂလာဖြင့် သွတ်သွင်းခဲ့လေသည်။

ထိုလူများက ဆစ်ခ် ဘာသာဝင်များ၏ စစ်ညာသံ ဖြစ်သော *'သီရိ ဝါဂုရု ဇီက ကဟာလသော၊ သီရိ ဝါဂုရု ဇီကီဖတ'* [၃] ဆိုသော ဂါထာကို ထပ်တလဲလဲ ရွတ်ဆိုစေခဲ့လေသည်။ (သန့်စင်ခြင်းသည် ထာဝရ ဘုရား၌ တည်ပါစေ၊ အောင်မြင်ခြင်းသည် ထာဝရ ဘုရား၌ တည်ပါစေ။) ဤ ပဥ္စဝဂ္ဂီ ငါးဦးစုသည် သန့်ရှင်းသော လူစု 'ခါလသာ' (Khalsa) များ အဖြစ် ဖွဲ့စည်းကြပြီးလျှင် ၎င်းတို့၏ ဘွဲ့အမည်ကို ဆင်း (သီဟ) ခြင်္သေ့ဟု ခံယူ လိုက်ကြလေသည်။

ထိုအခါမှ စ၍ သူတို့သည် 'ကေ ငါးပါး' ကို ဝတ်ဆင်ကြရလေသည်။ (၁) ကက်စ် ခေါ် ဆံရှည် ထားခြင်း၊ ပါးမြိုင်းမွေး မုတ်ဆိတ်ရှည် ထားခြင်း၊ (၂) ကင် ခေါ် ဘီးကို ဆောင်ခြင်း၊ (၃) ကတ်ချ် ခေါ် အတွင်းခံ ဘောင်းဘီတိုကို ဝတ်ခြင်း၊ (၄) ကာရာ ခေါ် သံမဏိ လက်ကောက်ကို ဝတ်ခြင်း၊ (၅) ကန္ဒ ခေါ် သံမဏိ ဓားမြှောင်ကို ဆောင်ခြင်း။

ထို့အပြင် သူတို့သည် မမြင်ရသော တစ်ပါးတည်းသော ဘုရားသခင်ကို ခဝပ် ကိုးကွယ်ရန် ပဋိညာဉ် ပြုကြရသည်။ ဂုရုများကို ဂုဏ်ပြု ချီးမွမ်းရသည်။ ထို့ပြင် သမ္မာကျမ်းစာ ဂရန့်သ်ကို ဆောင်ကြရလေသည်။ သူတို့သည် ထိုအခါမှ စ၍ အရက်သေစာကဲ့သို့သော စိတ်ကို ထကြွစေသော အရာ မှန်သမျှကို ရှောင်ကြဉ်ကြရသည်။ ဆေးငုံခြင်းကိုပင် မပြုကြရတော့ပေ။ သူတို့ကို အစက

---

၁။ Khanda di Pahul

၂။ Baptism of The Sword

၃။ Sri wahguru ji ka kahalso,
Sri wahguru ji ki fatah

အသား စားသူများ မဟုတ်လျှင် စတင်၍ အသား စားရန် အားပေးလေသည်။

ဂုရု ဂေါဝိန္ဒ ကိုယ်တိုင် ဆင်း (သီဟ) အဖြစ်ကို ခံယူခဲ့လေသည်။ ဘာသာဝင်စ ပုဂ္ဂိုလ်များ လိုက်နာရသော ဝိနည်း ငါးခုကို ခံယူ ကျင့်သုံးရသည်။ သာဝက ငါးဦးကို သာသနာတော်သို့ သွတ်သွင်းခြင်း ရေဖျန်း မင်္ဂလာ (ဗတ္တိဇံ) ကို ပြုလုပ်ပြီးနောက် ဂုရု ဝေါဝိန္ဒက သူ့ကိုလည်း ထိုအတိုင်း ပြုလုပ်စေခဲ့လေသည်။

ထို့နောက်မှ သူသည် ထို ဘာသာရေး အစဉ်အလာ သစ်ကို လူတန်းစား မရွေး၊ ဇာတ် မရွေး ခံယူနိုင်ခွင့်ကို ဖွင့်ပေးခဲ့လေသည်။

ဇာတ် မြင့်သူများ စိတ်ပျက်စရာ ဖြစ်စေခဲ့သော အချက်မှာ ထိုသို့ ဖွင့်ပေးလိုက်သော အခါ ထို ဘာသာ ထဲသို့ ဇာတ်နိမ့်များ၊ လူ့ အဆင့်အတန်း မရှိသူများ၊ အမျိုး ညံ့များ အစုလိုက် အပုံလိုက် စုဝေး ဝင်ရောက် လာခဲ့ကြ လေတော့သည်။ ၎င်းတို့အား ဓားရေစင်ဖျန်းခြင်း မင်္ဂလာ (ဗတ္တိဇံ) ဖြင့် ဘာသာသို့ သွတ်သွင်းပေးလိုက်သော အခါ အပယ်ခံ ဇာတ်နိမ့်များသည် လွတ်လပ်သော၊ ကြောက်ရွံ့ ခြင်း ကင်းသော အခြား စစ်သားကောင်းများနှင့် တန်းတူ ညီမျှသော စစ်သားကောင်းများ ဖြစ်လာကြလေတော့၏။ အနေအထိုင် သန့်ရှင်းမှု၊ အားရှိသော အာဟာရ မှန်သမျှကို စားသုံးရမှုကြောင့် သူတို့သည် ကိုယ်ကာယ ထွားကျိုင်း သန်မာလာကြပြီးလျှင် ဘာသာတရား၌ ယုံကြည် သက်ဝင် သော စိတ်အား ထက်သန်မှုက သူတို့အား တိုက်ပွဲများ တွင် ရဲစွမ်းသတ္တိကို ဖြစ်ပေါ်စေခဲ့လေတော့သည်။

ထို့ပြင် သူတို့ကို စိတ်ချ ယုံကြည်မှုနှင့် လွတ်လပ် သော ခေါင်းဆောင်များကလည်း နည်းပေးလမ်းပြ ပြုလုပ် ခဲ့ကြလေသည်။

ဤကိစ္စတွင် မှန်ကန် သင့်မြတ်သော အသိအမြင် ရရှိ စေရန် အတွက် ကျွန်ုပ်တို့၏ စိတ်ထဲတွင် အချက် တစ် ချက်ကို သိမြင် နားလည်ထားရန် လိုအပ်ပေသည်။

ထို အချက်မှာ ဆစ်ခ် ဘာသာဝင်တိုင်းကို ဆင်း (သီဟ) ဘွဲ့ကို ပေးသည် မဟုတ် ဆိုသော အချက် ဖြစ် ၏။ ဆင်းများသည် မူရင်းအားဖြင့် ဆစ်ခ် ဘာသာဝင် လူထုထဲက ပေါ်ထွက်လာသူများ ဖြစ်ကြသည်။ သူတို့သည် ယခုအခါ စိတ်တည်ငြိမ် အေးချမ်းမှု ရှိသော မူလ ဆစ်ခ် ဘာသာဝင် 'နာနတ် ပန်သီ' ခေါ် ဂုရု နာနတ်၏ နောက် လိုက်များနှင့် သိသိသာသာ ကွဲပြား ခြားနားစွာ ရပ်တည် နေသူများ ဖြစ်ပြီး သူတို့က အရေအတွက်အားဖြင့်လည်း သာလွန်ကြလေသည်။ နာနတ် နောက်လိုက်များ၊ တည်ငြိမ် အေးချမ်းစွာ နေသူများသည် ယခုအခါ ဂိုဏ်းဂဏ များစွာ ကွဲပြား ခြားနားလျက် ရှိကြသည်။ တချို့က ဂိုဏ်းခွဲ ပြင်း ထန်သူများ ဖြစ်ကြပြီး တချို့မှာ ဟိန္ဒူ ဘာသာထဲသို့ပင် စိမ့်ဝင်သွားကြပြီ ဖြစ်၏။

တစ်ခုပဲ ရှိသည်၊ ဟိန္ဒူများ ရှုထောင့်က ကြည့်လျှင် တော့ ဆစ်ခ်များသည် ဟိန္ဒူများလောက် ဇာတ် ဓလေ့ထုံးစံ များကို လိုက်နာ ကျင့်သုံးခြင်း မရှိတတ်ကြပေ။

ဂေါဝိန္ဒ ဆင်း၏ ဉာဏ်ပညာ ထက်မြက်ပြီး အင် အား တောင့်တင်းသော မွတ်စလင် ဘုရင် *ဩရန်ဇက်*[၁] ကို ခုခံ တိုက်ခိုက်ခဲ့ခြင်းများသည် ဆစ်ခ် ဘာသာဝင်များ အတွက် အကျိုး အမြတ် တစ်စုံတစ်ရာ မရရှိခဲ့ချေ။ သူ့ အရိုက်အရာကို ဆက်ခံရန် မျှော်လင့်ထားခဲ့သော သူ့ သား တော် နှစ်ပါးစလုံး အသက် ဆုံးရှုံးခဲ့ကြရလေသည်။ ထို့ နောက် ဆစ်ခ် စစ်တပ်လည်း အကြီးအကျယ် စစ်ရှုံး၍ ကစဉ့်ကလျား ဖြစ်ခဲ့ရလေသည်။ ရဲရင့်၍ စိတ်ဓာတ် ခိုင်မာ သော ဧကရာဇ် ဘုရင် နတ်ရွာစံသော အခါ ဂုရု ဂေါဝိန္ဒ ဆင်းသည် ဘုရင်ကြီး၏ နန်းမွေကို ဆက်ခံသူ ဘဟာဒူး ဆားနှင့် သင့်မြတ်စွာ ဆက်ဆံခဲ့လေသည်။

ထိုဘုရင် လက်ထက်တွင် မွတ်ဆလင် လုပ်ကြံသူ တစ်ဦး၏ ဓားဖြင့် ထိုးသတ်ခြင်းကို ခံရသဖြင့် ဂုရု ဂေါဝိန္ဒ ဆင်းသည် ၁၇၀၈ ခုနှစ်တွင် အနိစ္စ ရောက်ခဲ့ရလေသည်။ ထိုကဲ့သို့သော အဖြစ်အပျက်နှင့် ကြုံရသော အခါ သူ့ကို အရိုက်အရာ ဆက်ခံမည့် သူနှင့် ပတ်သက်၍ သူ စိတ် ပျက် အားငယ် ရှိခဲ့လေသည်။

ထို့ကြောင့် သူက သူ သေလွန်ပြီး နောက်တွင် သူ့ နောက်လိုက်များအား ဆစ်ခ်တို့၏ သမ္မာကျမ်းစာ ဂရန့်သ် ကိုပင် သူတို့၏ ဆရာ ဂုရု အဖြစ် ကိုးကွယ်ရစ်ကြဟု မှာ ထားခဲ့လေသည်။ ကျမ်းစာထဲမှာ ပါသော ဓမ္မ အဆုံးအမ များမှ အပ အခြား ဆရာ မလိုတော့ကြောင်းလည်း မှာ ထားခဲ့လေသည်။

ဆစ်ခ် ဘာသာဝင်များသည် အမိန့်ကို နာခံတတ်ကြ သူများ ဖြစ်ကြသည်။ ထိုအခါမှ စ၍ သူတို့မှာ နောက် ထပ် ဂုရု မပေါ်ပေါက်တော့ပေ။ ဂုရုကို ကိုးကွယ်မည့် အစား သူတို့သည် ဂရန့်သ် ကျမ်းစာကိုပင် ဘုရားသခင် ၏ အခွင့် အာဏာ ရရှိသော ဆရာ အဖြစ် ကိုးကွယ်ကြ လေတော့သည်။ အမ္ဗရစ်ဆာ ကျွန်းပေါ်ရှိ ရွှေကျောင်းတော်

---

၁။ Aurangzeb

ကြီးထဲတွင် ဂရန့်သ် ကျမ်းစာသည် ဘုရား အဖြစ် အပူဇော်ခံလျက် ရှိ၏။ နံနက်တိုင်း ထိုကျမ်းစာကို အဖိုးတန် ဘရိုကိတ် အစဖြင့် ထုပ်သိမ်းထားရာမှ အထုပ် ဖြေပြီး ရှိသေ လေးမြတ်စွာ ရတနာများ စီခြယ်ထားသော ပလ္လင်နိမ့်ပေါ်သို့ တင်ထားသည်။ ညကျလျှင် ထိုကျမ်းစာကို မွန်မြတ်သော ခန်းဆောင် အတွင်းရှိ ရွှေမွေ့ရာပေါ်တွင် စံမြန်းရန် ပြန်သိမ်းထားကြသည်။ မည်သူ တစ်စုံတစ်ယောက်မျှ ဝင်ရောက် ကျူးကျော် နှောင့်ယှက်ခြင်း မပြုနိုင်အောင်လည်း ကာကွယ် စောင့်ရှောက် ထားကြလေသည်။

ကျမ်းစာပါ ဂါထာများကို နေ့စဉ် ကျောင်းတော်ထဲမှာ ပွဲတင်ထပ်မျှ ရွတ်ဖတ် နေကြသော်လည်း မူရင်း ကျမ်းစာမှ ရွတ်ဖတ်ခြင်း မဟုတ်ဘဲ မိတ္တူမှ စာများကိုသာ ရွတ်ဖတ်ကြခြင်း ဖြစ်သည်။

ထိုကျမ်းစာကို ဘာသာ ပေါင်းစုံဖြင့်လည်း ရေးသားထားသည်။ ရေးဟောင်း စာပေ အက္ခရာများနှင့်လည်း ရေးသားထားသည်။ လူအများက ကြည်ညို လေးစားနေကြစေကာမူလည်း ထိုကျမ်းစာပါ စကားများကို နားလည်ကြသည်ကား မဟုတ်ချေ။

ဂုရု ဂေါဝိန္ဒ ဆင်း လက်ထက်က စ၍ ဖြစ်ပေါ်ခဲ့သော ဆစ်ခ် ဘာသာဝင်များ၏ သမိုင်းကြောင်းသည်ကား ကြီးကျယ်သော စစ်သမိုင်း အဖြစ်သာ ထင်ရှားခဲ့လေသည်။ ဆစ်ခ် ဘာသာဝင်များသည် တိုက်ပွဲ များစွာကို အောင်မြင်ခဲ့သည်။ ထို့ကြောင့် ပန်ဂျပ် ပြည်နယ် တစ်ခုလုံးကို အုပ်စိုး လွှမ်းမိုးနိုင်ခဲ့လေသည်။

၁၈၄၅ ခုနှင့် ၁၈၄၈ ခုနှစ်များ အတွင်း ဗြိတိသျှ လူမျိုးများက သူတို့ကို လက်အောက်ခံ လုပ်ရန် ရောက်ရှိလာသော အခါ ဆစ်ခ် ဘာသာဝင်များသည် ၎င်းတို့၏ စိတ်တက်ကြွသော တိုက်ခိုက်မှုများကို လက်လျှော့ခဲ့ရလေသည်။

၁၈၄၉ ခုနှစ်တွင် ဆစ်ခ် ဘုရင် မဟာရာဇာ ဒူကစ်ဆင်းသည် ဗြိတိသျှ စစ်တပ်ကို လက်နက်ချ အညံ့ခံခဲ့ရလေသည်။

ထို့နောက် အညံ့ခံခြင်း အထိမ်းအမှတ် အဖြစ် ဗြိတိန်ဘုရင်မကြီး ဝိတိုရိယ ဘုရင်မအား ကမ္ဘာကျော် ကိုဟီးနူစိန်တုံးကြီးကို လက်ဆောင် ပဏ္ဏာ အဖြစ် ဆက်သခဲ့လေသည်။

ထိုအခါမှ စ၍ ဆစ်ခ် ဘာသာဝင်များသည် သူတို့ကို အောင်နိုင် စိုးမိုးသူကို အရိုအသေ ပြုရမှန်း သိလာကြလေသည်။ နောင်အခါ ဗြိတိသျှ ရဲများ အတွက် ဆစ်ခ်များသည် ဦးစားပေး ခံရသော ရဲ (ပုလိပ်) များ ဖြစ်လာကြလေသည်။ ထို ပန်ဂျာပီ ရဲများကို တရုတ်ပြည်၊ ဟောင်ကောင်၊ စင်ကာပူနှင့် မြန်မာ နိုင်ငံများမှာပါ တွေ့မြင်ကြရလေသည်။

ယခုအခါ ဆစ်ခ်များမှာ ကံဆိုးလျက် ရှိ၏။ ၁၉၄၇ ခုနှစ်တွင် အိန္ဒိယနှင့် ပါကစ္စတန်တို့ ခွဲခြားလိုက်သော အခါ သူတို့၏ ပန်ဂျပ် ပြည်နယ်သည် အိန္ဒိယထဲ တစ်ဝက်၊ ပါကစ္စတန်ထဲ တစ်ဝက် ပါသွားလေသည်။

ထိုအခါ ပူဆွေးသောက ရောက်လျက် ရှိသော ဆစ်ခ်များသည် ဟိန္ဒူများကိုရော မွတ်စလင်များကိုပါ ခုခံ တိုက်ခိုက်ခဲ့ကြလေသည်။

သူတို့ကို ဟိန္ဒူများကရော မွတ်စလင်များကပါ ဘာသာရေး လွတ်လပ်ခွင့်နှင့် လူမှုရေး တရား မျှတမှုကို ရရှိစေမည်ဟု ကတိ ပြုထားသော်လည်း ယနေ့တိုင် အကောင်အထည် ဖော်နိုင်ခြင်းကား မရှိသေးပေ။

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


1. Archer. J. C. The Sikhs
2. Field, Dorothy The Religion of Sikhs
3. Mac Auliffe, M.A. The Sikh Religion : Its Gurus, Sacred Writings and Anthems

# အပိုင်း (သုံး)

## အရှေ့ဖျား ဒေသမှ ဘာသာတရားများ

အိန္ဒိယ၏ ဘာသာတရားများ၌ ကျွန်ုပ်တို့ တွေ့မြင်ခဲ့ရသော အယူအဆသစ်များနှင့်အတူ ရှေးအယူဝါဒ များကိုပါ လက်ခံ ထိန်းသိမ်းထားခြင်း သဘော လက္ခဏာကို အရှေ့ဖျား ဒေသ၏ ဘာသာတရားများ တွင်လည်း အထင်အရှား တွေ့မြင်ရပေသည်။ အမှန်အားဖြင့်လည်း မည်သည့် ဘာသာတရားမှ ၎င်း၏ အတိတ်ကြောင်းများကို လုံးလုံးလျားလျား လွန်ကျော်၍ ဖြစ်ပေါ် တိုးတက်သွားနိုင်သည် မဟုတ်ပေ။ မိမိ ဖြစ်တည်စ ကနဦး အခါက ရှေးကျသော အယူဝါဒ ယုံကြည် သက်ဝင်မှုများကို အသိနှင့် ယှဉ်၍ ငြင်းပယ်ခဲ့ကြသော ဘာသာတရားများ၌ပင်လျှင် နောက်ပိုင်းသို့ ရောက်လာသော အခါ ရှေးကျသော ယုံကြည် သက်ဝင်မှုများကိုပင် ပြန်လည် သွတ်သွင်းလာတတ်ကြပေသည်။ သို့သော် အတိတ်ကို ငြင်း ပယ်ခြင်းမျိုးမှာ လုပ်ရိုးလုပ်စဉ် မဟုတ်သော လုပ်ထုံး လုပ်နည်းလည်း ဖြစ်ပေသည်။ အိန္ဒိယနှင့် အရှေ့ ဖျား ဒေသများ၌ကား ရှေးအယူဝါဒများကို မည်သည့်အခါကမျှ ပစ်ပယ်လေ့ မရှိခဲ့ကြပေ။ ရှေ့သို့ တိုးတက်သွားသဖြင့် ရှေးအယူအဆများကို နောက်မှာ ချန်ထားခဲ့ရသည့်တိုင်အောင် ထို ရှေးအယူအဆ များတွင် မှန်ကန်သော သဘော ရှိသည် ဟူသော အချက်ကိုကား လက်ခံထားဆဲပင် ဖြစ်လေသည်။

ဤအချက်မျှသာ မကသေး၊ အခြားသော တူညီချက်များလည်း ရှိသေး၏။ သို့သော် အရှေ့ဖျား ဒေသမှ ဘာသာတရားများသည် အိန္ဒိယ နိုင်ငံတွင် ပေါ်ပေါက်ခဲ့သော ဘာသာတရားများနှင့် အရေး ကြီးသော အချက်များတွင် ကွဲပြား ခြားနားလေသည်။

အိန္ဒိယမှ ဘာသာတရားများသည် သဘာဝ တရားကို ထင်ယောင်မြင်မှား ဖြစ်ခြင်းများအား တန်ဖိုး ထားတတ်ကြသည်။ သို့မဟုတ် ဒုတိယတန်းစား၊ တတိယတန်းစား တန်ဖိုး ရှိသော အရာများ အဖြစ် ယူဆကာ ထိုတရားများ အပေါ် အနည်းဆုံး အတွေးအခေါ်အားဖြင့် အောင်နိုင်ရေးကို တမ်းတ လိုလားကြသည်။

တရုတ် လူမျိုးများနှင့် ဂျပန် လူမျိုးများကား ထိုကဲ့သို့ အလွယ်တကူ မလုပ်တတ်ကြပေ။ ယေဘုယျအားဖြင့် သူတို့သည် သဘာဝတရား၏ အလှကိုသာ ရသ ခံစားတတ်အောင် ပြုစု ပျိုးထောင် တတ်ကြသည်။ ဗုဒ္ဓဘာသာဝင်များနှင့် *တောက် ဘာသာဝင်*[၁] များ၏ ဩဇာ သက်ရောက်မှုမှ အပ ဖြစ်သော အရှေ့ဖျား ဒေသသားများသည် ဤ လောကီနယ်တွင် ဖြစ်နိုင်သမျှ အသက် ရှည်ကြာစွာ လောကီ အာရုံ ကာမဂုဏ် တရားများကို ခံစား၍ နေလိုကြပေသည်။ သဘာဝ တရားသည် ပရမတ္ထ သစ္စာ မဟုတ်ချေ။ သို့သော် ထို သမုတိသစ္စာ ဖြစ်သော သဘာဝ တရားသည် လူ့ဘဝ ကိစ္စများ၌ တန်ဖိုး ရှိသော အခန်းက ပါဝင်နေပေသည်။ သဘာဝ တရားသည် ထင်ယောင်ထင်မှား ဖြစ်အောင် လှည့်စား ဖြားယောင်းနေသော ပုံသဏ္ဌာန်များနှင့် စွမ်းအားစုများ၏ အဆောက်အအုံ မဟုတ်ချေ။ သဘာဝ တရား သည် လုပ်ဆောင်မှု သဘော အရရော ဖြစ်တည်မှု သဘော အရပါ ထူးကဲ မြင့်မြတ်သော အစီအစဉ် နှင့် အလှအပကို ဖော်ဆောင်လျက် ရှိပေသည်။ ဤနေရာ၌ တစ်ခုတည်းသော စိတ်သဘောထား ကွဲပြား စေနိုင်သော ထင်မြင် ယူဆချက်မှာ တောက်ဝါဒီများ၏ အယူအဆပင် ဖြစ်သည်။ အထူးသဖြင့် ဇဝန ဉာဏ် ရှင်သန်သော *ချောင်ဇူး*[၂] ၏ အယူအဆ ဖြစ်၏။

---

၁။ Taoist ၂။ Chaung-Tzu

ချောင်ဇူးက သဘာဝ တရားကို သိခက် နက်နဲ၍ အံ့ဖွယ်ကောင်းသော တောက် လမ်းစဉ်ကို ဤစကြဝဠာ လောကၥ ဖော်ဆောင်နိုင်သော တစ်ခုတည်းသော အကျိုး သက်ရောက်အောင် လုပ်ဆောင်ပေးသော ဖြစ်စဉ် အဖြစ် တန်ဖိုး ထားခဲ့လေသည်။

ဤတွင် ချောင်ဇူးသည် တရုတ် အနုပညာရှင်များနှင့် ကဗျာဆရာများအား အတွင်းစိတ်ကို လှုံ့ဆော် တိုက်တွန်းနိုင်သူ ဖြစ်ခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် သူက သဘာဝတရား၏ ပုံပန်းသဏ္ဌာန်များနှင့် ဖွမ်းအား သတ္တိများသည် တောက်[၁] သဘောကို လုပ၍ ထိရောက်သော ရှင်သန် လှုပ်ရှားမှု သဘော ပါအောင် လုပသော ဗဟိဒ္ဓ ဖော်ဆောင်ချက် အဖြစ် လက်ခံရန် ထိုအနုပညာရှင်များနှင့် ကဗျာဆရာများအား ကူညီ လမ်းညွှန်ပေးခဲ့လေသည်။

ဂျပန် လူမျိုးများမှာ ထိုကဲ့သို့သော ဒဿန အမြင်များ မရှိကြပေ။ သူတို့သည် သစ်ပင်များ၊ ပန်းများနှင့် သူတို့ နိုင်ငံ၏ လုပသော ဂုဏ်ယူဖွယ် ရှုမျှော်ခင်းကို အံ့ဖွယ်ကောင်းလောက်အောင် လုပသော ပုံပန်းသဏ္ဌာန်များ၊ အဆောက်အအုံများ အဖြစ် ရှုမြင်၍ ချစ်ခင်တတ်သူများ ဖြစ်လာကြလေသည်။ ထို သဘာဝတရားသည် ဂျပန် လူမျိုးများ၏ ပန်းချီ အနုပညာ ဖန်တီးရာတွင် လည်းကောင်း၊ ကမ္ဘာ့ အတိုဆုံးဖြစ်သော ဟိုက္ကူ ကဗျာ စပ်ဆိုရာတွင် လည်းကောင်း ဓမ္မမိဋ္ဌာန်ကျကျ သရုပ်ဖော်စရာ အဖြစ် လက်ခံခဲ့ကြလေသည်။ ဤအချက်ကို အရှေ့တိုင်းသားတို့၏ ထူးခြားသော ဘဝ ခံစားချက် အဖြစ် မှတ်ယူနိုင်ပေသည်။

မင်းသား *တိုင်ရာ နို တဒါနိုရိ*[၂]၏ ဘဝ ခံစားချက်များတွင် သိသာ ထင်ရှားသည်။ ထိုမင်းသားသည် အသက် ရှင်ရေး အတွက် အနောက်ဘက် တောင်တန်းထဲတွင် ပုန်းအောင်း နိလှုံနေစဉ်မှာပင် သူသည် ဘဝ၏ ဆင်းရဲ ဒုက္ခ များစွာကို ခံစားနေရစဉ်မှာပင် သူသည် ဆည်းဆာချိန် ကျရောက်လာပုံကို ကဗျာ စပ်ဆိုခဲ့လေသည်။

သည်ည ငါ့ရဲ ဘဝလမ်းမှာ ဆည်းဆာ ကျရောက်လာပြီ။
သည်ည ငါ တည်းခိုစရာ အတွက်
သစ်ပင်ရဲ့ အရိပ်ကို ရသည်။
ပြီးတော့ ငါ့ကို ဧည့်ခံသူက ပန်းကလေး တစ်ပွင့်။

နာမည်ကျော် ဗုဒ္ဓဘာသာ ရဟန်းတော် *ဘာရှိုး*[၃] ရေးစပ်ခဲ့သော ထင်ရှားသော အမျိုးသား ဟိုက္ကူ ကဗျာကိုလည်း လေ့လာကြည့်သင့်သည်။

ကာလ ကြာမြင့်စွာကတည်းက
အထီးကျန် ငြိမ်သက်နေတဲ့ ရေအိုင်၊
အသံလည်း မကြားရ လှုပ်ရှားမှုလည်း မရှိ ငြိမ်လို့
ရုတ်တရက် ဒီရေအိုင်ထဲကို ဖားကလေး တစ်ကောင်
ခုန်ဆင်းလိုက်မှ ပလုံတဲ့။

ဤတွင် သဘာဝ အရှိကို အရှိအတိုင်း သရုပ်ဖော် တင်ပြထားသော ဤကဗျာကလေးထဲမှာ နက်ရှိုင်းသော အဓိပ္ပာယ်တွေ ပါဝင်နေသည်ကို သံသယ ဖြစ်စရာ မလိုပေ။ ဂျပန် လူမျိုး ကြားနာသူ ပရိသတ်သည် ဤ ကဗျာထဲတွင် ဘာသာရေး ခံစားချက် အနက် အဓိပ္ပာယ်များ ပါရှိကြောင်းကို နားလည် သဘော ပေါက်ကြသည်။

ဤတွင် အထီးကျန် ရေအိုင် ဆိုသည်မှာ နိဗ္ဗာန်ကို ဆိုလိုကြောင်း၊ ပျော့စိစိ ဖားကလေး ဆိုသည်မှာ ရုတ်တရက် ဗောဓိဉာဏ်ကို ရရှိလာသူ ဖြစ်၏။ ခုန်ဆင်း ဆိုသည်မှာ ထာဝရ ပရမတ္ထ သစ္စာ

---

၁။ Tao

၂။ Taisra no Tadanori

၃။ Bashō

နယ်သို့ ဆိုက်ရောက်ခြင်းဟု အနက် ရသည်။ သဘာဝနှင့် ဝိညာဉ် ဘဝသည် ပရမတ္ထ သစ္စာ တစ်ခုတည်း၏ ဟိုဘက်နှင့် သည်ဘက်ပင် ဖြစ်ပေသည်။

ပါမောက္ခ *အက်ဖ် အက်စ် စီ နော့သရော့* [၁] ၏ ထင်မြင်ချက်မှာ ဤသို့ ဖြစ်၏။

အရှေ့တိုင်းသားတို့၏ သဘောမှာ အလွန်အမင်း အထည်ဒြပ် ပါသော သဘော ရှိသည်။ လက်တွေ့ ကျသည်။ သရုပ်မှန်သော လူမျိုးများ ဖြစ်ကြသည်။ အရှေ့တိုင်းသားတို့၏ ဘာသာတရား ကိုးကွယ်မှုမှာလည်း အနောက်တိုင်းသားများ ယူဆသော ဘာသာတရား ကိုးကွယ်ပုံမျိုးထက် အနောက်တိုင်းသားများက ရသ အတွေ့အကြုံဟု ယူဆသော သဘောနှင့် ပို၍ နီးစပ်သည်။ သို့ရာတွင် ဤသို့ ဆိုရာ၌ သတိပြုရန်လည်း လိုသည်။ အဘယ်ကြောင့် ဆိုသော် ရသ သဘောကို အရှေ့တိုင်းသားများ ခံစားပုံအတိုင်း ခံစားရပေမည်။ ထိုသို့ ရသ ခံစားပုံမှာ အနောက်တိုင်းသားများ ရသ ခံစားပုံနှင့် မတူပေ။ လိုရင်းကို ဆိုရန်ထက် အရှေ့တိုင်းသားတို့၏ ရသ အနုသဘာဝ သက်သက် ခံစားပုံမှာ ဘုရား တရား ကြည်ညိုခြင်း သဘောကို ဆောင်သည်။

တရုတ် ပန်းချီနှင့် ပတ်သက်၍ *ကျီယန် ယီး* [၂] ရေးသား တင်ပြသကဲ့သို့ပင် ဖြစ်သည်။

တရုတ် ပန်းချီ၏ အရေးပါဆုံးသော စိတ်ပိုင်းဆိုင်ရာ ဖြစ်စဉ်မှာ ကြည့်ရှုသူ၏ စိတ်အာရုံကို ညွတ်ပြောင်းသွားစေပြီး မိမိ၏ ပင်ကို အဖြစ်ကို မေ့ပျောက်သွားကာ မိမိသည်ပင် စကြဝဠာ၏ မဟာ ဝိညာဉ်တော်ကြီးနှင့် ထပ်တူ ဖြစ်သွားသကဲ့သို့ ခံစားရခြင်းပင် ဖြစ်၏။ မဟာ ဝိညာဉ်တော်ကြီး ဆိုသည်မှာ သက်ရှိ အားလုံးကို ဖြစ်ပေါ်စေသော အရာကို ဆိုလိုသည်။

အရှေ့ဖျား ဒေသ၏ ဘာသာတရားများတွင် အခြားသော အချက်များလည်း ပါသေး၏။ ထိုအချက်များကိုလည်း မှတ်သားရန် လိုသေးသည်။ ထိုသဘောမှာ လူသားနှင့် သဘာဝတရားသည် သဇီဝ သဘော အနေအားဖြင့် အပြင်အပ သဘောဖြင့် ဆက်သွယ်နေခြင်း မဟုတ်၊ တရုတ် လူမျိုးတို့၏ ဘာသာ ယုံကြည် ကိုးကွယ်မှုကို သရုပ်ဖော်ချက် တစ်ခုဖြင့် ဖော်ပြသင့်၏။ ရှေးကျသော တရုတ် လူမျိုးတို့၏ အချက်အချာ ကျသော ယုံကြည်မှုမှာ ကောင်းကင်ဘုံ၊ မြေကမ္ဘာနှင့် လူသားတို့သည် တစ်ခုနှင့် တစ်ခု ဆက်စပ်နေကြသည်။ တစ်စုံတစ်ခုသော မဖွယ်မရာသော အကြောင်းကံခေသော ကိစ္စ တစ်ခု တစ်နေရာမှာ ပေါ်ပေါက်လျှင် ထိုကိစ္စသည် ကောင်းကင်ဘုံကိုလည်း ထိခိုက်သည်။ မြေကမ္ဘာကိုလည်း ထိခိုက်သည်။ လူသားကိုလည်း ထိခိုက်သည်။ လူတို့၏ မှားယွင်းသော အပြုအမူ ဖြစ်စေ၊ မင်းဧကရာဇ်တို့၏ မှောက်မှားသော အပြုအမူ ဖြစ်စေ သဘာဝတရား တစ်ခုလုံးကို ကမောက်ကမ ဖြစ်စေနိုင်သည်။ မင်းသည် မင်းကျင့်တရားနှင့် အညီ မကျင့်ကြံလျှင် ဥတုရာသီ မညီမညွတ် ဖောက်ပြန်သည်။ ကောင်းကင်ဘုံမှာလည်း ကမောက်ကမ ဖြစ်သည်။

'တောက်' ဆိုသည်မှာ လူက သဘာဝ နိယာမများနှင့် လိုက်လျောညီထွေ နေခြင်းကြောင့် ကောင်းကင်ဘုံမှာရော၊ နတ်ပြည်မှာပါ ချမ်းသာသုခကို ခံစားရခြင်းကို ဆိုလိုသည်။ လောက၏ ညီညွတ်မျှတခြင်းကို ထိန်းသိမ်းခြင်းသည် တောက် ဖြစ်သည်။ ထိုကဲ့သို့ သဘာဝ၏ နိယာမများကို လေးစား လိုက်နာလျှင် ကောက်ပဲသီးနှံ ရှင်သန် ကြီးထွားသည်။ လူတို့ ချမ်းသာသုခ ခံစားကြရသည်။ လူနှင့် တစ်လောကလုံး ဆက်စပ်နေသည်။ လူ ဖောက်ပြန်လျှင် လောက ဖောက်ပြန်သည်။ လောကကြီး တစ်ခုလုံး၏ အစိတ်အပိုင်းတိုင်းသည် တစ်ခုနှင့် တစ်ခု အပြင် ဗဟိဒ္ဓ သဘောဖြင့် ဆက်စပ်နေသည် မဟုတ်။ စက်ယန္တရားကြီး တစ်ခု၏ အစိတ်အပိုင်းများလို အတွင်းသားအားဖြင့် ဆက်စပ်နေသည်။ လောက၏ အစိတ်အပိုင်းတိုင်းသည် အပြန်အလှန် သဘောအားဖြင့် ထိခိုက်တတ်သော သဘော ရှိသည်။ လက်ဖျားဆိတ် လက်ထိပ်နာ ဆိုသကဲ့သို့ ခန္ဓာကိုယ် အစိတ်အပိုင်းများ ဆက်စပ်သလို ဆက်စပ်နေသည်။ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ခုကို ထိခိုက်လျှင် တစ်ကိုယ်လုံး နာကျင်သကဲ့သို့ ဖြစ်သည်။

---

၁။ F.S.C. Northrop ၂။ Chiang Yee

ဤကဲ့သို့သော ခံစားချက်မျိုးသည် ဂျပန် လူမျိုးများ အတွင်း၌ ကာလ ကြာမြင့်စွာကပင် တည်ရှိနေခဲ့လေသည်။ ရှေး အယူအဆများ၏ သြဇာ လွှမ်းမိုးမှု အောက်တွင် နေကြဆဲ ဖြစ်သော လူပုဂ္ဂိုလ် များစွာတို့သည် ကေရာဇ် ဘုရင်၊ ပြည်သူလူထုနှင့် ဂျပန် တောင်တန်းများသည် လည်းကောင်း၊ ကောင်းကင်ပြင်သည် လည်းကောင်း တစ်စုတည်း တစ်ပေါင်းတည်း တစ်ခုတည်းသာ ဖြစ်သည် ဟူ၍ သဘောထားကြလေသည်။ ထိုလောကထဲတွင် ရှင်သန်မှု အစွမ်းသတ္တိသည် အရာခပ်သိမ်းတို့ကို ထိလွှမ်းခိုက်လွှယ်စေသည်။

အရှေ့ဖျား ဒေသတွင် လျှို့ဝှက် ဖုံးကွယ်ထားသော နတ်ဘုရား များစွာကို ကိုးကွယ်မှုလည်း ရှိသည် သို့မဟုတ် ၎င်းသဘောကို အရာဝတ္ထုတိုင်း၌ နတ် ရှိသည်ဟု ယုံကြည်သော အယူဝါဒ ဖြစ်သည်ဟု ဆိုနိုင်မည် ထင်ပါသည်။

## အခန်း ( ၉ )
## တရုတ် ဘာသာတရားနှင့် တောက် ဝါဒီများ

ရှေးခေတ် တရုတ်ပြည် အကြောင်းကို လေ့လာသော ပညာရှင်များသည် *လောင်ဇူး* [၁] နှင့် *ကွန်ဖြူးရှပ်* [၂] ၏ ဘဝ ဖြစ်စဉ်များကို ရေးသားကြရာ၌ ထို တရုတ် သုခမိန်ကြီးများသည် အနှစ် နှစ်ထောင်ကျော် တည်တံ့ခဲ့သော တရုတ် ယဉ်ကျေးမှု၏ ရင့်မှည့်နေပြီ ဖြစ်သော အကျိုး ရလဒ်ကို ခံစားကြရသူများ ဖြစ်သည်ဟု ယုံကြည် ယူဆခဲ့ကြလေသည်။ သူတို့၏ နောက်ကြောင်းပြန် အကြည့်သည် ကာလအားဖြင့် ကွာဝေးလွန်းလှရကား မကြာမီက တွေ့ရှိခဲ့ရသော သမိုင်းဆိုင်ရာနှင့် ရှေးဟောင်း သုတေသနက ရှာဖွေတွေ့ရှိမှု အရ ဆိုလျှင် ရှေး အယူအဆများနှင့် ပတ်သက်သော အဖြစ်များ အပေါ်တွင် များစွာ သံသယ ဖြစ်ဖွယ် ရှိလေသည်။ သို့သော် သူတို့၏ အမြင်သည် မှားသည်တော့ မဟုတ်ပေ။

အဓိကအားဖြင့် တရုတ် ယဉ်ကျေးမှုသည် အလွန် ရှေးကျပြီး လုံးဝ တရုတ် ယဉ်ကျေးမှု စစ်စစ် ဖြစ်သည် ဆိုသော အချက်ကိုသာ သံသယ ဖြစ်ဖွယ် ရှိပါသည်။

ဤ အယူအဆများကို တရုတ် လူမျိုးများ အသိအမှတ် ပြုထားကြောင်းကို တရုတ် လူမျိုး အများစု လက်ခံထားသော ဝေ့ ထုံးစံများတွင် တွေ့ရှိရသည်။ တရုတ် လူမျိုးတို့၏ သမိုင်းကြောင်းနှင့် ပတ်သက်သော ဒဏ္ဍာရီများတွင် သူတို့အား ဉာဏ်ပညာ ရှိသော *ယူကျောက်* [၃] ဆိုသူက သူတို့အား အိုးအိမ် တည်ဆောက်ရန် သင်ကြားပေးခဲ့သည်ဟု ဆိုကြသည်။

ထို့နောက် *ဆွီချင်း* [၄] ဆိုသော တိုင်းရင်းသား တစ်ဦးက တုတ်ချောင်း အခြောက် တစ်ခုကို အခြား တုတ်ချောင်း တစ်ခုဖြင့် ပွတ်တိုက်ခြင်းအားဖြင့် မီးကို ရရှိနိုင်ကြောင်း ပြသခဲ့သည်ဟု ဆိုကြသည်။

ထို့ပြင် *ဖူဆီ* [၅] ခေါ်သော မုဆိုးကြီး ခေတ်ကျသော ခေတ်က တရုတ် လူမျိုးများအား တောရိုင်း တိရစ္ဆာန်များကို အိမ်မွေး တိရစ္ဆာန် အဖြစ် ယဉ်ကျေးအောင် ပြုလုပ်ပုံကို သင်ကြားပေးခဲ့သည်ဟု ဆိုသည်။

သူသည် ထူးခြားသော စတင် တီထွင်သူ ဧကရာဇ်လည်း ဖြစ်သည်။ သူ့ လက်ထက်တွင် သံကို အသုံးပြုပြီး တောလိုက် ပစ္စည်းများ၊ ငါးမျှားချိတ်များကို ပြုလုပ်ခဲ့လေသည်။ ငါးဖမ်းပိုက်ကိုလည်း သူ တီထွင် ပေးခဲ့လေသည်။ ပိုက်ဖြင့် ငါးဖမ်းပုံကို လည်းကောင်း၊ အရုပ်ပုံ စာရေးနည်းကို လည်းကောင်း၊ သုံးထောင့်ပုံ ရှစ်ခုဆက် သင်္ကေတဖြင့် ကြိုတင် ခန့်မှန်းခြင်း နည်းကို လည်းကောင်း၊ တူရိယာ ပစ္စည်းများဖြင့် တီးခတ်နည်းကို လည်းကောင်း သူ တီထွင်ခဲ့လေသည်။

ဧကရာဇ် ဘုရင်ကြီးက နွားဆွဲသော လှည်းယာဉ်ကို တီထွင်ပြီးနောက် လူများကို လယ်ယာ စိုက်ပျိုးနည်း၊ ဆေးဝါး ကုသနည်းများကို သင်ကြား ပေးသော ကာလ၌ *ရှင်နွမ်း* [၆] ခေါ် လယ်စောင့်နတ်ကို ကိုးကွယ်မှု ပေါ်ပေါက်လာခဲ့လေသည်။

ဧကရာဇ် ဟွန်တီသည် နောက်မင်းများတွင် အကျော်ကြားဆုံး အထင်ရှားဆုံး မင်း ဖြစ်သည်။

သူ့လက်ထက်တွင် အုတ်ဖုတ်နည်းကို တီထွင်ခဲ့လေသည်။ သစ်ထွင်း အိုးခွက် ပန်းကန်များနှင့် မြေအိုး မြေခွက်များကိုလည်း တီထွင်ခဲ့သည်။ ပြက္ခဒိန်နှင့် ငွေကြေးစနစ်ကိုလည်း တီထွင်သည်။

သူ၏ မိဖုရားခေါင်ကြီးက ပိုး မွေးမြူနည်း၊ ပိုးချည်နှင့် ပိုးထည် ရက်လုပ်နည်း ယဉ်ကျေးမှုကို လူအပေါင်းတို့အား စတင် ပြုလုပ်စေခဲ့လေသည်။

---

၁။ Lao-Tzu　၂။ Confucius
၃။ Yu Ch'ao　၄။ Sui Jen

၅။ Fu Hsi
၆။ Shen Nung

ဒဏ္ဍာရီ စကားများ အရ ကမ္ဘာပေါ်တွင် ပေါ်ပေါက်သော လူထုး လူချွန် မှန်သမျှသည် တရုတ်ပြည်မှ စတင်ပေါ်ပေါက်ခဲ့သည်ချည်းပင် ဖြစ်သည် ဟူ၏။

ထိုမင်းများ မတိုင်မီကလည်း ကပ်ကမ္ဘာ များစွာ ရှိခဲ့သေးသည်။ လွန်လေပြီးသော ကပ်ကမ္ဘာများ၌ မဟာခေတ်ကြီး ဆယ်ခေတ် ရှိခဲ့ဖူးသည် ဆို၏။ ထိုခေတ်ကြီးများသည် အနှစ် နှစ်သန်းကျော် ကြာခဲ့သည်။

ထို ခေတ်ကြီးများကို လူသားများ၊ လူတစ်ပိုင်း တိရစ္ဆာန် တစ်ပိုင်းနှင့် တိရစ္ဆာန် ပုံသဏ္ဍာန် ရှိသော မင်းများက အုပ်စိုးခဲ့ကြလေသည်။ သူတို့သည် နန်း တစ်ခါတက် အုပ်စိုးလျှင် အနှစ် တစ်သောင်း ရှစ်ထောင် ကြာသည် ဆို၏။ ထိုမင်းများသည်ပင်လျှင် လောက၏ အစသို့ မရောက်နိုင်သေးပေ။

တရုတ်မင်းများ အုပ်စိုးသော ခေတ် မတိုင်မီ အနှစ် နှစ်သန်းကျော် ကာလက ပန်ကုဟု ခေါ်သော ပထမ လူသားသည် တရုတ်ပြည်တွင် နေထိုင်ခဲ့လေသည်။

ထိုလူသားသည် ယခုခေတ် လူသားများထက် ကိုယ်ကာယမှာ လေးဆလောက် ပို၍ ကြီးမားသည်။ ထိုလူသားသည် ကမ္ဘာ လောကကြီး ကသောင်းကနင်း ဖြစ်နေစဉ် ကာလ ကတည်းက ရောက်ရှိလာလေသည်။ သူ့လက်ထဲတွင် တူနှင့် ဆောက်ကို ကိုင်ထားလေသည်။ လူတို့ ပင်ပန်းစွာ လုပ်ကိုင် စားသောက်ရသော ခေတ်ကာလသည်လည်း အနှစ် တစ်သောင်း ရှစ်ထောင် ကြာခဲ့သော ဟူ၏။

သူသည် ကောင်းကင်နှင့် လူ့ပြည် ကမ္ဘာ မြေပြင်ကို ကွဲပြား ခြားနားအောင် ပြုခဲ့လေသည်။ ကောင်းကင်ပေါ်တွင် နေ နေရာ၊ လ နေရာ၊ ကြယ်တာရာများ၏ နေရာများကို နေရာ ပိုင်းခြား ပေးခဲ့လေသည်။ တောင်များကို ဖို့ခြင်း၊ ချိုင့်ဝှမ်းကို တူးခြင်း ကိစ္စများကိုလည်း ပင်ပန်းကြီးစွာ သူပြုလုပ်ခဲ့လေသည်။ နောက်ဆုံးတွင် သူ၏ ခန္ဓာကိုယ်ကိုပင် အပိုင်းပိုင်း ခွဲခြမ်း ဝေငှထားခဲ့လေသည်။

သူ သေဆုံးသော အခါ သူ့ ခန္ဓာကိုယ်သည် အပိုင်း ငါးပိုင်း ကွဲပြားသွားသည်။

ထိုအပိုင်း ငါးပိုင်းမှ တရုတ် လူမျိုးများ အထွတ်အမြတ် ထားသော တောင်ကြီး ငါးလုံး ဖြစ်လာသည်ဟု ဆိုသည်။

သူ့ ခေါင်းနေရာ၌ အရှေ့ဘက်က *တိုင်* [၁] တောင်တန်း ဖြစ်လာသည်။ သူ့ ကိုယ်နေရာ၌ အလယ်ပိုင်းရှိ *ဆွန်း* [၂] တောင်တန်း ဖြစ်လာသည်။ သူ့ ညာဘက် လက်နေရာ၌ မြောက်ဘက် *ဟင်းဂ်* [၃] တောင်တန်း ဖြစ်လာသည်။ သူ့ ဘယ်ဘက် လက်နေရာ၌ တောင်ဘက် ဟင်းဂ် တောင်တန်း ဖြစ်လာသည်။ သူ့ ခြေနှစ်ချောင်း နေရာ၌ အနောက်ဘက်ရှိ *ဟွာ* [၄] တောင်တန်း ဖြစ်လာသည်။

သူ၏ အသက် ရှူခြင်းသည် လေနှင့် တိမ်တောင် တိမ်တိုက်များ ဖြစ်လာကြသည်။ သူ့ အသားများသည် လယ်ကွင်းပြင်များ ဖြစ်လာကြပြီး သူ၏ မုတ်ဆိတ်များက ကြယ်တာရာများ ဖြစ်သွားကြသည်။ သူ့ အသံသည် မိုးခြိမ်းသံ ဖြစ်လာသည်။ သူ၏ အရိုးများသည် သတ္တုဓာတ်များ ဖြစ်သွားကြသည်။ သူ့ကိုယ်က ထွက်သော ချွေးသီး ချွေးပေါက်များက မိုးသီး မိုးပေါက်များ ဖြစ်သွားကြသည်။ နောက်ဆုံး သူ့ကိုယ်ကို ကိုက်ခဲ့ကြသော ပိုးမွှားများသည် လူသတ္တဝါများ ဖြစ်ကုန်ကြလေသည်။

ဤကဲ့သို့ ကြံစည် ဖန်တီး၍ ပြောဆိုခဲ့ကြသော ဒဏ္ဍာရီ ဇာတ်ဝတ္ထုများသည် သူတို့၏ တိုင်းရင်းဖြစ် ယဉ်ကျေးမှု ထွန်းကားသော ခေတ်အတွင်း တရုတ်တို့၏ ယုံကြည်မှုကို လေးနက်စွာ ဖြစ်ပေါ်စေခဲ့လေသည်။

သို့သော် မည်သည့် အရပ် ဒေသရှိ ကြီးကျယ်သော ယဉ်ကျေးမှုမှ လုံးလုံးလျားလျား တိုင်းရင်းဖြစ် ယဉ်ကျေးမှု မဖြစ်နိုင်ခဲ့ကြချေ။ တရုတ် လူမျိုးများသည်လည်း အခြားသော တိုင်းတစ်ပါးသားများထံမှ အတတ်ပညာ များစွာကို လေ့လာ သင်ယူခဲ့ကြရသည်သာ ဖြစ်သည်။

အိုးလုပ် အိုးဖုတ်သော နည်းစနစ်နှင့် လောဟာ သတ္တုရောကို ပြုလုပ်ပုံ၊ ထိုပစ္စည်းဖြင့် အခြား သတ္တုထည်များကို ပြုလုပ်သော နည်း နိဿယများကိုလည်း အာရှ တိုက် အလယ်ပိုင်းရှိ လူမျိုးများထံမှ လေ့လာ သင်ကြားယူခဲ့ကြရဟန် တူသည်။

ယခုအခါ ဤကဲ့သို့ ယဉ်ကျေးမှု ချေးငှား ယူခဲ့ရခြင်းများသည် ကုန်စည် ကူးသန်း ရောင်းဝယ်မှု အရ ဆက်စပ်မှု၏ ရလဒ်များလား သို့မဟုတ် တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ပြောင်းရွှေ့ နေထိုင်မှု၏ အကျိုး ရလဒ်များလား သို့မဟုတ် ပြောင်းရွှေ့ နေထိုင်ကြသော လူမျိုးများ၏ ကျူးကျော် တိုက်ခိုက်မှု ရလဒ်လား ဆိုသော အချက်မှာ မထင်ရှားတော့ပေ။

ဤကိစ္စနှင့် ပတ်သက်၍ အကျယ်တဝင့် တွေးခေါ်ရေး ကိစ္စသည် ကျွန်ုပ်တို့၏ ကိစ္စ မဟုတ်ပေ။ တရုတ်

၁။ Tai ၂။ Sung

၃။ Heng ၄။ Hua

ယဉ်ကျေးမှုတွင် တိုင်းရင်းဖြစ်နှင့် သူတစ်ပါးထံမှ ချေးငှားယူထားရသော အချက်များ ရောယှက်နေမှု အရှုပ်ကို ဖြေရှင်းရန် မဖြစ်နိုင်တော့သည့် အတွက် ထိုကိစ္စကို နောင်အခါ ရှေးဟောင်း သုတေသန ပညာရှင်များက ဖြေရှင်းနိုင်လျှင် ဖြေရှင်းဖို့ ချန်လှပ် ထားခဲ့ပေတော့မည်။

ထိုပြဿနာမှ အခြား တစ်ဖက်သို့ လှည့်၍ တရုတ်ပြည်သူ သာမန် ပုထုဇဉ် ပရိသတ်တို့ လက်ခံ ကျင့်သုံးခဲ့ကြသော ဘာသာ ယုံကြည် ကိုးကွယ်မှု ဆိုင်ရာ အယူအဆများ အကြောင်းကိုသာ စဉ်းစားကြပါဦးစို့။ ထိုကိစ္စသည်ပင်လျှင် ရှေးကျလှသော ကိစ္စ တစ်ခု ဖြစ်နေပါပြီ။

## ၁။ တရုတ် လူမျိုးတို့၏ ဘာသာ ကိုးကွယ်မှု ဆိုင်ရာ အခြေခံ အချက်အလက်များ

တရုတ် လူမျိုးတို့ ကိုးကွယ်သော ဘာသာတရားသည် တိုင်းရင်းဖြစ်ရော၊ တိုင်းတစ်ပါးဖြစ်ရော၊ ရှုပ်ထွေး၍ ပညာသား ပါသော အမြင်ရော၊ ပညာသား မပါသော လူပြိန်းအမြင်တွေရော၊ အယူသီးသော အမြင်ရော၊ ဆင်ခြင်ဉာဏ်ပါသော အမြင်ရော အချက်အလက် မြောက်မြားစွာကို ရောနှော ပေါင်းစပ်ထားသော ဘာသာတရား ဖြစ်သည်ဟု ဆိုနိုင်သည်။ ကျွန်ုပ်တို့သည် တရုတ်ပြည်က ဗုဒ္ဓဘာသာ အကြောင်းကို တစေ့စောင်း ဖော်ပြခဲ့ပြီးပြီ။ ဗုဒ္ဓဘာသာ အကြောင်းကို 'တောက်' အယူဝါဒနှင့် လည်းကောင်း၊ ကွန်ဖြူးရှပ် အယူဝါဒနှင့် လည်းကောင်း တသီးတခြား စဉ်းစားရမည့် အကြောင်းကိုလည်း ဆိုခဲ့ပြီးပြီ။ ကျွန်ုပ်တို့ ယခု လေ့လာ တင်ပြရမည့် အချက်မှာ လူအများ လက်ခံ ကိုးကွယ်လျက် ရှိသော ဘာသာ ယုံကြည် ကိုးကွယ်မှုထဲမှ ကျောထောက် နောက်ခံ အဖြစ် လည်းကောင်း၊ ထိုဘာသာ၏ မြင့်မားသော အတွေးအခေါ် စနစ်ကို တိုးတက် ဖြစ်ပေါ်စေသော အချက်အလက်များ အကြောင်းကိုသာ အကန့်အသတ် ထား၍ လေ့လာ တင်ပြမည် ဖြစ်ပါသည်။

ထိုကဲ့သို့ အကန့်အသတ် ထား၍ လေ့လာ တင်ပြမည့် အချက်အလက်များကိုပင်လျှင် ကျဉ်းကျဉ်း မြောင်းမြောင်း တင်ပြ ဆွေးနွေးရန်မှာ အခက်အခဲ ရှိပေသည်။

များပြားလှသော တရုတ်ပြည်၏ ရှေးကျသော ယုံကြည် ကိုးကွယ်မှုများနှင့် အစား သွင်းလာသော ယုံကြည် ကိုးကွယ်မှုများ၊ အလေ့အကျင့်များ အကြောင်းကို စဉ်းစားသော အခါ ၎င်းတို့ကို အစားထိုး ဝင်ရောက်လာသော ယုံကြည်မှုများ၊ ဘာသာရေး အလေ့အကျင့်များနှင့် ယှဉ်၍ စဉ်းစား သုံးသပ်ရပေမည်။ သို့ရာတွင် တရုတ် ဘာသာ ကိုးကွယ်ပုံကို အသေးစိတ် လေ့လာမှသာ ရှုပ်ထွေးစေကာမူလည်း ထိုလေ့လာမှုမျိုးကသာ ကျွန်ုပ်တို့အတွက် အကျိုးဆောင်နိုင်ကောင်းပေလိမ့်မည်။

အရှုပ်အထွေးများကို မရှင်းလင်းဘဲ တရုတ်တို့၏ ဘာသာ ကိုးကွယ်မှုကို ယေဘုယျ အမြင် ရရုံလောက်သာ လေ့လာလျှင် ထိုသို့ လေ့လာခြင်းသည် မှန်ကန်သော ထင်မြင် ယူဆချက်ကို ရနိုင်မည် မဟုတ်ချေ။ တစ်ဖက်က အသေးစိတ် လေ့လာလျှင်လည်း အရှုပ်တော်ပုံနှင့် ရင်ဆိုင်ရမည်။ ယေဘုယျ သဘောဖြင့် လေ့လာပြန်လျှင်လည်း ရှင်းတော့ ရှင်းမည်၊ သို့သော် မမှန်မကန် အမှားမှား အယွင်းယွင်း ဖြစ်သွားနိုင်သည်။

ထိုပြဿနာကို ချိန်ခွင်လျှာ ညီအောင် ဘယ်သို့ ဖြေရှင်းကြမည်နည်း။ ထိုပြဿနာကို ရှောင်ရှားနိုင်စေရန် အကြောင်းအရာ (ခေါင်းစဉ်) တစ်ခုချင်း အလိုက် လေ့လာ တင်ပြခြင်းသည်သာ အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ဦးစွာ ရှေးက တရုတ် လူမျိုးတို့၏ *စကြဝဠာ အမြင်*[၁] သည် ဘာလဲ ဆိုသော မေးခွန်းက စ၍ လေ့လာကြပါစို့။

### ရှေးကျသော တရုတ် လူမျိုးတို့၏ စကြဝဠာ အမြင်

အိန္ဒိယပြည်တွင် ဥပနိသျှဒ် ကျမ်းများ၌ ဧကတ္တ ဝိဉာဏဝါဒကို ထူထောင်နေကြစဉ် ကာလလောက်တွင် တရုတ်လူမျိုးများသည် ကောင်းကင်နှင့် မြေပြင်ပေါ်တွင် ဖြစ်ပျက်လျက် ရှိသော ဖြစ်စဉ်များ၏ အခြေခံကျသော နည်းလမ်းတကျ ဖြစ်မှုနှင့် သဘော ညီညွတ်မှုကို ပေါ်လွင်စေရန်

---

၁။ Cosmology

နတ်များကို အစီအစဉ် နေရာ ချထားမှုကို ကြီးပမ်းဆောင်ရွက် နေခဲ့ကြလေသည်။

အခြားသော လူမျိုးများကဲ့သို့ပင် ရှေးကျသော တရုတ်လူမျိုးများကလည်း ကမ္ဘာ မြေကြီးသည် အပြား အချပ်ကြီး ဖြစ်သည်ဟု ယုံကြည် ယူဆကြလေသည်။ ကမ္ဘာ မြေကြီးသည် ရွှေ့လျားခြင်း ကင်းသော အပြားဝိုင်းကြီး ဖြစ်ပြီး ထိုအပြားဝိုင်းကြီးပေါ်တွင် ကုပ်ခုံးသော ကောင်းကင်ကြီးက ဖုံးအုပ်ထားသည်ဟု ယူဆခဲ့ကြလေသည်။

သူတို့ စိတ်ထဲတွင် ထိုကမ္ဘာမြေ အပြားချပ်ကြီးပေါ်တွင် တရုတ်ပြည်က ဗဟိုချက် ကျသော နေရာ၌ တည်ရှိနေသည်ဟု ထင်မြင် ထားကြလေသည်။ တရုတ်ပြည်သည် *မဇ္ဈိမ မင်းနေပြည်တော်ကြီး*[၁] ဖြစ်သည်ဟု ဆိုကြလေသည်။ သာ၍ ဝေးသော အရပ်ဒေသတို့သည် တရုတ်ပြည်၏ အလယ် ဗဟိုချက်မှ ကွာလှမ်းသွားခြင်း ဖြစ်သည်။ တရုတ်ပြည်၏ နှလုံးသား နေရာ အလယ်ချက်တွင် ဧကရာဇ်၏ နန်းတော်ကြီး ရှိသည်။ ထိုနန်းတော်ကြီး အတွင်း၌ ထားရှိသော ရာဇ ပလ္လင်တော်များ ရှိသည်။ ထိုနေရာသည် ကောင်းကင်နှင့် မြေပြင် ဆက်သွယ်ရာ ဌာန ဖြစ်သည်။

သဘာဝကို ကြည်ညိုသော စိတ်ဖြင့် လယ်သမားများ စိုက်ပျိုးသူများသည် နေ့ အခါမှာ ဖြစ်စေ၊ ည အခါမှာ ဖြစ်စေ မိုးကောင်းကင်ကို မော့ကြည့်သော အခါ သူတို့သည် ကောင်းကင်ပေါ်ရှိ နေ လ ဂြိုဟ် နက္ခတ်တာရာများ ရွေ့လျားနေပုံကို မြင်ရပြီး ၎င်းတို့၏ အစီအစဉ်အကျ ဖြစ်ပေါ်လျက် အညီအညွတ် ဖြစ်နေကြပုံကို အလွန် အထင်အမြင် ကြီးမိကြလေသည်။ ဂြိုဟ် နက္ခတ်တာရာတိုင်းမှာ သူ့အတွက် သတ်မှတ်ထားသော ဂြိုဟ်သွားလမ်း အတိုင်း ပုံမှန်အားဖြင့် သွားလာနေကြသည်။ နှစ်စဉ် နှစ်တိုင်းပင် လျှင် ထိုနည်းအတိုင်း ဖြစ်ပေါ်နေကြလေသည်။ ဖြစ်တောင့်ဖြစ်ခဲ ကြုံတောင့်ကြုံခဲ တစ်ခါတလေမှသာ ကောင်းကင်ပေါ်တွင် ကြယ်တံခွန်များ လင်းထိန်ပြီး ထိုးကျလာတတ်သည်။

သို့သော် ထိုကြယ်တံခွန်များကိုလည်း အသုရာ နတ်မိစ္ဆာများက ထိန်းသိမ်းထားကြသည်။ ထို့ကြောင့် ထိုကြယ်တံခွန်များသည် ဘယ်အခါမျှ ဥပဒ် အန္တရာယ် မပြုဘဲ မျက်စိ အောက်က ဖြတ်သန်းသွားပြီး ပျောက်ကွယ်သွားတတ်ကြလေသည်။ ထို ကြယ်တံခွန်များ ဘယ်ကို ရောက်သွားသလဲ ခြေရာ ကောက်၍လည်း မရတော့ပေ။

ထို့အတူ ဖြစ်တောင့်ဖြစ်ခဲ ကြုံတောင့်ကြုံခဲအားဖြင့် တစ်ခါတလေ နေမင်းကို အသုရာ နတ်မည်းကြီးက ဖမ်းမျိုရန် ကြိုးပမ်းတတ်လေသည်။ သို့သော် ဤ နေကြတ်မှု ခြောက်လှန့်ခြင်းကိုလည်း လူများက သံပုံးတီး အော်ဟစ်ပြီး မောင်းထုတ်လိုက်လျှင် လွတ်မြောက် သွားတတ်လေသည်။

နေမင်းသည် သူ သွားရာ လမ်း တစ်လျှောက်တွင် ခေတ္တ ခဏမျှပင် ရပ်နားနေခြင်း မရှိဘဲ အသုရာ ခံတွင်းက ထွက်ပေါ်လာပြီးလျှင် သွားမြဲတိုင်းသော လမ်းကြောင်း အတိုင်းသာ သွားလာနေပေတော့သည်။

အခြားသော ရာသီများ၌ ကောင်းကင်ပြင်သည် အမျက်ထွက်ပြီး ဥပါပုံများနှင့် ဝရဇိန် မိုးကြိုးစက် လက်နက်များဖြင့် ပစ်ခတ် တိုက်ခိုက်တတ်သည်။ သို့သော် ထိုကဲ့သို့ ပြုလုပ်ခြင်းမှာ ကောင်းကင်နှင့် မြေပြင် အကြား၌ ဖြစ်ပေါ်နေသော သင့်တင့် မျှတမှုကို လူတို့၏ အကျင့် ပျက်မှုများ၊ ပြစ်မှု ကျူးလွန်မှုများက နှောင့်ယှက် ဖျက်ဆီးသဖြင့် ကောင်းကင် ဒေါသ ထွက်ခြင်းကြောင့် ဖြစ်သည် ဆို၏။

ကမ္ဘာမြေကြီးကလည်း ထို့အတူ နိယာမ တရားများကို လေးစား လိုက်နာခြင်း မရှိသော အခါ မထင်မရှား ပြတတ်သည်။ ကမ္ဘာ မြေကြီးပေါ်တွင် ရာသီစက်သည် ပြောင်းလဲ ဖောက်ပြန်ခြင်း မရှိဘဲ တစ်ခုပြီး နောက်တစ်ခု ဆက်လက် ဖြစ်ပေါ်နေသော အစီအစဉ် ရှိပေသည်။ သစ်ပင်များက သူ့ အစီအစဉ်နှင့် သူ ရှင်သန် ကြီးထွားနေကြသည်။ မီးလျှံက အပေါ်သို့ တက်သည်။ ရေလျဉ်က အောက်သို့ စီးဆင်းသည်။ ဤကား မြေပြင်၏ သဘာဝ နိယာမ ဖြစ်သည်။

ဤမြေပေါ်တွင်လည်း နတ်မိစ္ဆာတို့၏ တန်ခိုး ပြမှု ရှိသည်။ ကောင်းကင်၏ ပြစ်ဒဏ်ခတ်ခြင်းလည်း ဖြစ်သည်။ ထိုအခါ မြေပြင်ပေါ်မှာလည်း အနှောင့်အယှက်များ ဖောက်လွဲ ဖောက်ပြန် ဖြစ်မှုများ ဖြစ်ပေါ်လာတတ်သည်။ ထိုအခါ ရေ လွှမ်းမိုးသည်၊ လေပြင်း မုန်တိုင်း တိုက်သည်၊ မြေငလျင် လှုပ်သည်၊ မိုးခေါင်သည်၊ အချိန်အခါ မဟုတ် အအေးဓာတ် လွန်ကဲတတ်သည်။ သို့ပါလျက်လည်း ကမ္ဘာ မြေကြီးသည် သူ့ အလုပ်ကို သူ အနှောင့်အယှက် အတားအဆီး မရှိ ဆက်လက် လုပ်ဆောင်သည်သာ ဖြစ်သည်။ နေရာတိုင်းမှာ သူ့ အစီအစဉ်နှင့် သူ၊ သူ့ အလုပ် ကိစ္စနှင့် သူ ဖြစ်ပေါ်နေကြသည်သာ ဖြစ်ပေသည်။

---

၁။ The Middle Kingdom

## ယန်း နှင့် ယင် ၁

'ယန်း' နှင့် 'ယင်' အကြောင်းကို တရုတ် တွေးခေါ်ရှင်ကြီးများ တွေးခေါ် ဆင်ခြင်ခဲ့ကြသည်မှာ ကာလ ကြာမြင့်လှပြီ။ ကွန်ဖြူးရှပ်ခေတ် မတိုင်မီ နှစ်ပေါင်း များစွာကတည်းကပင် ဖြစ်သည်။ ခန့်မှန်းခြေအားဖြင့် ဘီစီ ၁၀၀၀ လောက် ကတည်းကပင် ဖြစ်တန်ရာသည်။

ယန်းနှင့် ယင်သည် သဘာဝ လောကထဲရှိ အရာဝတ္ထုတိုင်းမှာ တည်ကိန်းနေသည်။ အပြန်အလှန် အညမည အားဖြင့် ကျေးဇူး ပြုနေသော သဘာဝ စွမ်းအင် ဓာတ်ကြီး နှစ်ပါး ဖြစ်သည်။ လောက၌ တည်ရှိသော အရာဝတ္ထုတိုင်း၊ ထိုအရာဝတ္ထုများနှင့် ဆက်သွယ်၍ ဆင်းသက် ပေါက်ဖွားလာသော အရာတိုင်းနှင့် ထိုအရာကို ဆက်ခံ ဆင့်ပွားလာသော အရာတိုင်းမှာ ဤ စွမ်းအင် ဓာတ်ကြီး နှစ်ပါး ပါဝင်လျက် ရှိသည်။

ယန်းနှင့် ယင်သည် ဖိုဓာတ် မဓာတ် သဘော ရှိသည်။

ယန်းသည် အဖိုဓာတ် သဘော ရှိသည်။ တက်ကြွလှုပ်ရှားသည်။ နွေးထွေးသည်။ ခြောက်သွေ့သည်။ တောက်ပသည်။ ဖွားမြင်စေတတ်သော သဘော ရှိသည်။ အရှိသဘော၊ အဖြစ် သဘောကို ဆောင်သည်။ မြစ်၏ မြောက်ဘက် သဘော၊ သတ္တဝါတို့၏ အထီး သဘော၊ မီး သဘောတို့သည်လည်း ယန်း၏ သဘောများချည်းပင် ဖြစ်သည်။

ယင်၏ သဘောမှာ နိမ့်ကျသော နှေးကွေးသော ဓာတ်သဘော ဖြစ်သည်။ ဤဓာတ်သည် ဩဇာ ကောင်းမွန်သော သီးနှံ ဖြစ်ထွန်းသော ပေါက်ဖွားတတ်သော သဘောကို ဆောင်သည်။ အမှောင် သဘော၊ အအေး သဘော၊ စိုစွတ်သော သဘော၊ လျှို့ဝှက် နက်နဲ သိမ်မွေ့သော သဘော ရှိသည်။ သဘာဝ၏ အမ သဘော၊ မဖြစ် သဘောကို ဆောင်သည်။

အရိပ် သဘောတို့မှာ ယင်ကို တွေ့ရသည်။ ငြိမ်သက်ခြင်း သဘော ရှိသည်။ တောင်၏ မြောက်ဘက် သဘော၊ မြစ်၏ အမှောင်ကျသော တောင်ဘက်ကမ်း သဘော အားလုံးသည် ယင်၏ သဘောချည်းသာ ဖြစ်၏။ အရာဝတ္ထု တစ်ခုသည် ခဏ တစ်ခု၌ ယင် သဘောကို ဆောင်သော လက္ခဏာကို ပြတတ်သည်။ နောက်တစ်ခဏ၌မူ စွမ်းအား သတ္တိတို့ဖြင့် အရောင် အလျှံအဝါ ထသော ယန်း သဘောကိုလည်း ဆောင်နိုင်သည်။ သို့ဖြစ်ရာ သစ်တုံးခြောက်သည် အမြင်အားဖြင့်မူ ယင် သဘောကို ဆောင်သည်ဟု ထင်ရသည်။ သို့သော် ထိုသစ်တုံးခြောက်ကို မီးထဲသို့ ထည့်လိုက်သောအခါ အလျှံအဝါ ထပြီး ယန်း၏ သတ္တိ အလျှံပယ် ရှိကြောင်းကို ပြတော့သည်။

ဤသို့ ဖြစ်ခြင်းသည် ၎င်း သစ်တုံး၏ အထည်ဒြပ် ပြောင်းလဲသွားခြင်းကြောင့် ဖြစ်သည် မဟုတ်ချေ။

အမှန်မှာ ထိုသို့ ဖြစ်ခြင်းသည် ၎င်း သစ်တုံး၏ အတွင်း စွမ်းဆောင်မှု သတ္တိတို့၏ ဓာတ်သဘော တစ်ခုမှ အခြား တစ်ခုသို့ ပြောင်းလဲတတ်သော သဘော ရှိခြင်းကြောင့် ဖြစ်ပေသည်။ ဤအတိုင်းပင်လျှင် အခြားသော အရာဝတ္ထုတိုင်းလည်း ဖြစ်တတ်သည်ချည်းပင်။ ယင် အားသာသော အရာဝတ္ထုမျိုး၊ ယန်း အားသာသော အရာဝတ္ထုမျိုးလည်း ရှိကြသည်သာ ဖြစ်ပါသည်။

ထိုကဲ့သို့ ဖိုဓာတ် မဓာတ် တစ်ခုခုက လွှမ်းကဲနေသော အရာဝတ္ထုတို့ကို ဥပမာ ပြရလျှင် အမြဲတမ်း မီးတောက် မီးလျှံ ထနေသော နေမင်းကို ပြနိုင်သည်။ ကမ္ဘာ ပထဝီ မြေကြီးမှာ ယင် ဓာတ် လွှမ်းကဲသော အရာဝတ္ထု ဖြစ်သည်။ ကောင်းကင်မှာမူ ယန်း ဓာတ်၏ စွမ်းအားများဖြင့် ပြည့်နှက်နေသော အရာ ဖြစ်သည်။ ဤကဲ့သို့ သဘာဝထဲရှိ အရာဝတ္ထုများ၏ ဓာတ်ပေါင်း သဘောကို ဆင်ခြင်ပုံမှာ ခေတ်သစ် ရူပဗေဒ၏ သီဝရီများနှင့် မခြားနားလှပေ။

အောက်တွင် ဖော်ပြထားသော ဖော်ပြချက် အရ ဆင်ခြင်ကြည့်နိုင်သည်။

တရုတ်တို့၏ ရူပ ကမ္ဘာသည် ကမ္ဘ ကမ္ဘာ ဖြစ်သည်။ .... အရာဝတ္ထုများကို ခွဲခြားရာ၌ ထိုအရာဝတ္ထုများတွင် ပါဝင်သော ဒြပ်ပေါင်းများ၏ ကွဲပြား ခြားနားမှုကို မယူဘဲ ထိုအရာဝတ္ထုတို့၏ လုပ်ဆောင်ပုံ လုပ်ဆောင်နည်း ကွဲပြား ခြားနားပုံကိုသာ ယူသည်။ အထည်ဒြပ် သဘောတို့သည် ဂုဏ်သတ္တိ တစ်မျိုးကို ဆောင်ယူနေရာမှ အခြား ဂုဏ်သတ္တိ တစ်မျိုး ဖြစ်ပေါ်လာမှသာ ပြောင်းလဲသည်ဟု ယူဆသည်။ ထိုကဲ့သို့ ဂုဏ်သတ္တိ ပြောင်းလဲသွားသော အဆင့်သို့ ရောက်မှသာ ထိုအရာဝတ္ထုများကို အမည် အမျိုးမျိုး တပ်ပြီး ခေါ်ကြသည်။ သို့ရာတွင် အမည်နာမ ကွဲပြားခြင်းမှာ ၎င်းတို့၏ လုပ်ဆောင်ချက် ကွဲပြားမှုနှင့်သာ ဆိုင်သည်။ အရာဝတ္ထု တစ်ခုတည်း တစ်သဘောတည်း ရှိခြင်းကို ပြောဆိုရာ၌ တရုတ် လူမျိုးတို့တွင် ဒြပ်သဘော၊ ရုပ်ဝတ္ထု သဘောနှင့် ဆိုင်သော ယူဆချက် အမှတ်သညာ သဘော ရှိပုံ မရပေ။

---

၁။ The Yang and the Yin

ရှေးခေတ်က တရုတ် တွေးခေါ်ရှင်ကြီးများကမူ အရာဝတ္ထုများ တစ်ခုနှင့် တစ်ခု ကွဲပြား ခြားနားခြင်းတွင် သိပ်သည်းမှု ဒီဂရီ ကွာခြားခြင်းနှင့် ၎င်းတို့၏ လုပ်ဆောင်ချက် ကွာခြားမှုကြောင့် ဖြစ်သည်ဟု ယူဆခဲ့ကြလေသည်။ သိပ်သည်းမှု ဒီဂရီ ကွာခြားမှု ဆိုရာမှာလည်း ၎င်းတို့၏ လုပ်ဆောင်ချက် သဘော တစ်မျိုးပင် ဖြစ်သည်ဟု ယူဆနိုင်သည်။

ယောကျ်ားနှင့် မိန်းမတို့သည် ယင်နှင့် ယန်း ဓာတ်တို့၏ အညမညအားဖြင့် အပြန်အလှန် ကျေးဇူးပြုမှု ဒီဂရီ ကွာခြားချက် အရ ပေါ်ပေါက်လာသော သက်ရှိ အရာဝတ္ထုနှစ်ခုသာ ဖြစ်သည်။

သူတို့သည် လုပ်ဆောင်မှုတိုင်း၌ ဂုဏ်သတ္တိ အချိုးအစား ကွာခြားသည့် သဘောကိုသာ ပြသည်။

ယောကျ်ားက ယန်း ဓာတ်၏ သတ္တိ စိုးမိုးသည်။ ကောင်းကင် ဆန်သည်။

မိန်းမက ယင် ဓာတ်သတ္တိ၏ စိုးမိုးမှု များသည်။ မြေကြီး ဆန်သည်။

အခြား တစ်နည်းအားဖြင့် လေ့လာ သုံးသပ် ကြည့်ပါက *ရှင်း* [၁] ခေါ် နတ်ကောင်းများမှာ ယန်း သတ္တိ အားသန်သည်။ *ကွေအိ* [၂] ခေါ် နတ်ဆိုးများမှာ ယင် သတ္တိ အားသန်သည်။

နောက်တစ်ဖက်က ကြည့်ပြန်လျှင်လည်း ပဥ္စဓာတု ဖြစ်သော သတ္တု၊ သစ်သား၊ ရေ၊ မီး၊ မြေတို့သည် လောကဓာတ် အတွင်း ယန်းနှင့် ယင် ဓာတ်တို့၏ အပြန်အလှန် ကျေးဇူး ပြုမှုကြောင့် ဖြစ်ပေါ်လာသော ရလဒ် ဓာတ်ကြီးများသာ ဖြစ်ကြကုန်သည်။ ပထဝီ မြေကြီးသည် အနည်ထိုင်လာသော အရာ တစ်ခုသာ ဖြစ်ပြီး ဤဓာတ်ကြီးများမှာ ပို၍ အငွေ့ပျံပြီး ဖြစ်ခြင်း သဘောကို ဆောင်သည်။

နောက်ဆုံး အနေနှင့်မူ အဖြစ်အပျက်များ အားလုံးသည် ဖြစ်ပြီးနောက် ပျက်ကုန်ကြရခြင်းမှာ ယန်းနှင့် ယင် ဓာတ်တို့၏ သြဇာ လွှမ်းမိုးမှုကြောင့် ဖြစ်ကြောင်း ဖော်ဆောင်နေကြသည်။

အရာခပ်သိမ်းတို့သည် ဤ ဓာတ် နှစ်ပါး၏ သြဇာ လွှမ်းမိုးမှုကြောင့် တက်လိုက် ကျလိုက် သီးပွင့်လိုက် ရင့်ရော် ညှိုးနွမ်းသွားလိုက် ဖြစ်နေကြရလေသည်။

၁။ Shen ၂။ Kwei

## တောက် အယူအဆ [၃]

ရှေးကျသော တရုတ် တွေးခေါ်ရှင်များသည် အရာဝတ္ထု တစ်ခု၏ ဖြစ် တည် ပျက် (ဥပါဒ် ဌီ ဘင်) သဘောကို ရှင်းလင်းသော သဘောတရား သီအိုရီ ထုတ်၍ ရှင်းပြနိုင်ရုံဖြင့် ရောင့်ရဲ တင်းတိမ်ခြင်း မရှိခဲ့ကြပေ။ သူတို့သည် သဘာဝ တရားထဲတွင် ဖြစ်စဉ်များ၏ ထင်ရှား ဖြစ်ပေါ်နေသော အစီအစဉ် ကျမှု သဘော၊ အဆင်ပြေ ညီညွတ်မှု သဘောများကိုပါ ရှင်းလင်း ဖော်ပြလိုသော ဆန္ဒ ရှိခဲ့ကြလေသည်။

ထိုသို့ သူ့ အစီအစဉ်နှင့် သူ အဆင်ပြေ ညီညွတ်နေအောင် ဖန်တီး ပေးနေသော အရာသည် ဘာလဲ။ ထိုအမေးကို ဖြေသော အဖြေ၌ သူတို့ ယူဆထားသော မှတ်ယူချက်မှာ 'တောက်' ဖြစ်သည်။ သဘာဝ လောကကြီး တစ်ခုလုံး အစီအစဉ် ကျန သေချာစွာ အဆင်ပြေ ညီညွတ်နေသည်မှာ တောက် (Tao) ကြောင့် ဖြစ်သည်ဟု ယူဆခြင်း ဖြစ်သည်။

ကောင်းကင်မှာရော မြေပြင်မှာပါ အဖြစ်အပျက်များ အားလုံး၌ အစီအစဉ် ကျအောင် အဆင်ပြေ ညီညွတ်မှု ရှိအောင် ဖန်တီးပေးသော စကြဝဠာ လောကဓာတ် စွမ်းအင်သည် တောက် ဖြစ်သည်။ ရိုးရိုး စကားလုံးထွက် အနက် အဓိပ္ပာယ်မှာ တောက်သည် မဂ် (လမ်း) ဖြစ်သည်။ တစ်ခါတစ်ရံ တောက်၏ အနက်သည် မြစ် တစ်ခု၏ ရေလမ်းကြောင်းဟုလည်း ရသည်။ ယေဘုယျ သဘော အရမူ တောက်သည် 'သွားရာ လမ်းစဉ်' ဟု အနက်ရသည်။

တောက်သည် အရာဝတ္ထုတို့၏ ဖြစ်ရိုး ဖြစ်စဉ် သဘော၊ ထိုအရာဝတ္ထုများ၏ မှန်ကန်သော လုပ်ဆောင်ပုံ လုပ်ဆောင်နည်း သို့မဟုတ် အကျင့်စရိုက် သဘောကိုလည်း ရည်ညွှန်းသည်။

ဤ စကြဝဠာ လောကဓာတ်၏ ဖြစ်ပျက်မြဲ အစဉ်ဓမ္မတာ သဘောသည် ထာဝရ ဖြစ်စဉ် ဖြစ်သည်ဟုလည်း တရုတ် လူမျိုးများ ယူဆကြသည်။ ရှေးကျသော တရုတ် လူမျိုးများသည် စကြဝဠာ လောကဓာတ်ကြီး၏ ယန္တရား သဘောနှင့် ထိုယန္တရားကို မောင်းနှင်လျက် ရှိသော အတွင်း စွမ်းအားကို ခွဲခြား ဖော်ပြလိုသော သဘော ရှိသည်ကိုလည်း တွေ့ရသည်။ သူတို့၏ စိတ်ထဲတွင် စကြဝဠာကြီးကို ယန္တရား

၃။ The Conception of Tao

ကြီးလို လည်ပတ် လှုပ်ရှားနေအောင် ဖန်တီးပေးနေသော အဆိုပါ အတွင်း စွမ်းအားကြီးသည် စကြဝဠာ လောက ဓာတ်ကြီး မပေါ်ပေါက်မီ ရှေးဦး ကာလကပင် အလျင် စော စွာ ပေါ်ပေါက်နေခဲ့ပြီး ဖြစ်သည်ဟုလည်း သူတို့ စိတ်ထဲ တွင် ယူဆထားပုံ ရသည်။

ပထမ စကြဝဠာကြီး မပေါ်ပေါက်မီကတည်းက ထို စကြဝဠာကြီး ပေါ်ပေါက်လာလျှင် ဘယ်လို လှုပ်ရှား ဖြစ် ပျက်ရမည် ဆိုသည်ကို ကြိုတင် စီစဉ်ထားသော စီမံချက် (သင့်မြတ်သော ဖြစ်ပေါ်ပုံ ဖြစ်ပေါ်နည်း) ရှိရမည်။ ရူပ လောက ဓာတ်ကြီးသည် ထိုနည်းအတိုင်း ဖြစ်ပေါ် လှုပ်ရှား ရမည် ဖြစ်သည်။

နောက်တစ်ဆင့်မှာ ဤ သဘာဝ တရား၏ ဆောင် ရွက်ပုံ ဆောင်ရွက်နည်းသည် ပြည့်စုံ ကုံလုံခြင်း ရှိ မရှိ ကြည့်ရန် ဖြစ်သည်။ ဤသဘာဝ၏ ဖြစ်ရိုးဖြစ်စဉ် ဓမ္မတာ သဘောသည် ကြိုတင် စီစဉ်ထားသော ပုံစံ အဆင် ဖြစ်သည်။ အရာခပ်သိမ်းတို့သည် ဖြစ်သင့် ဖြစ်ထိုက်သော သဘော သဘာဝ အတွင်း ဖြစ်ကြရပါမူကား ထို အဆင်ပြေ ပုံစံ အတိုင်းသာ ဖြစ်ပေါ် ဆောင်ရွက်ကြရပေမည်။

တောက်သည် ညီညွတ်ခြင်း၊ လုံးပေါင်း ပြည့်စုံခြင်း နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းကို ဖော်ဆောင်သော ဖြစ်စဉ် ဓမ္မတာ သဘောပင် ဖြစ်သည်။

တောက်၏ သဘာဝ လိုလားမှုသည် ငြိမ်းချမ်းခြင်း၊ ကြီးပွားခြင်းနှင့် ကျန်းမာခြင်း ဖြစ်သည်။

တောက်သည် ကျင့်စဉ်နှင့်အညီ လိုက်လျောညီထွေ ဖြစ်အောင် မကျင့်ကြံသော လမ်းလွဲ ဆိုးသွမ်းနေသော သူများနှင့် မိစ္ဆာ နတ်ဆိုးများ အတွက်မူကား မသက်ဆိုင် ကြောင်း ထင်ရှားလာတတ်ပေသည်။

အမှန်မှာ နေရာတိုင်း၌ အကယ်၍ တောက်နှင့်အညီ ကျင့်ကြံ လိုက်နာ နေထိုင်တတ်ပါမူကား ကောင်းကင်ဘုံ၊ လူသားများနှင့် ကမ္ဘာ လောကကြီးသည် အဆင်ပြေ ညီ ညွတ်လျက် တစ်လုံးတစ်စည်းတည်း ဖြစ်နေပေလိမ့်မည်။ လောက၏ အစိတ်အပိုင်းတိုင်းသည် တစ်ခုကို တစ်ခု အပြန်အလှန် အကျိုးပြုကာ စကြဝဠာ လောကဓာတ်ကြီး တစ်ခုလုံး၏ သာယာ စိုပြည် ကောင်းစားရေးကို ဆောင် ရွက်ပေလိမ့်မည်။

ထိုသို့သော ပြီးပြည့်စုံသော ဘဝ အခြေအနေမျိုးကို လိုလား တောင့်တကြသည်။ တရုတ် လူမျိုးများသည် ထိုသို့သော ပဒေသာပင် ရွှေခေတ်ကြီးကို တောက်ဓမ္မနှင့် အညီ အုပ်စိုးသော ဓမ္မရာဇာ မင်းများ ဖြစ်ကြသော ဧကရာဇ် *ယောက်* [၁] နှင့် *ရှုန်း* [၂] တို့ လက်ထက်က ရရှိခဲ့ကြသည်ဟု အယူ ရှိကြလေသည်။

ထိုခေတ်သည် တစ်လောကလုံး ချမ်းသာသုခနှင့် ပြည့်စုံသော ခေတ် ဖြစ်သည်။ ထိုခေတ်တွင် လူအပေါင်း တို့သည် လောကီ ပဟုဒိ သုခဘုံမှာ စံစား၍ နေခဲ့ကြရ သည်။ ထိုကဲ့သို့ အလုံးစုံသော လိုအင်ဆန္ဒ အပေါင်း ပြည့်စုံသော ဘဝ အခြေအနေကြီးသည် ထိုခေတ် ဖြစ်ပေါ် ချိန် တန်သော အခါ ကမ္ဘာ မြေပြင်ပေါ်သို့ ပြန်လည် ရောက် ရှိ လာပေဦးမည်ဟုလည်း ယုံကြည် မျှော်လင့်နေကြသည်။

ထိုခေတ်မျိုးသို့ ပြန်လည် ရောက်ရှိရန်မှာ အုပ်စိုး သော ဧကရာဇ် မင်းကောင်းမင်းမြတ်များ အပေါ်မှာ တည် သည်။ ဘုရင်မင်းက တောက်နှင့်အညီ ကျင့်ကြံ နေထိုင် မှသာ သူသည် ကမ္ဘာ မြေပြင်ပေါ်၌ လူသတ္တဝါတို့၏ ငြိမ်း ချမ်းရေး၊ သင့်မြတ်ရေးကို ဆောင်ရွက်ပေးသော လောက ဓာတ် စကြဝဠာ စွမ်းအင် ဖြစ်လာမည်။ ထိုအခါ သူ၏ အုပ် စိုးရာ နယ်မြေပေါ်တွင် ကြီးပွား ချမ်းသာခြင်း အပေါင်းနှင့် ပြည့်စုံသော ပဒေသာပင် ခေတ်ကြီး ရောက်ရှိလာပေမည်။

## ရှေးကျသော တရုတ် လူမျိုးများ၏ သမိုင်း အမြင် သဘောတရား

တရုတ် လူမျိုးတို့၏ သမိုင်းနှင့် ကျေးလက် ပုံပြင်များကို အမှုမဲ့ အမှတ်မဲ့ လေ့လာသူသည် တရုတ် ဘုရင်မင်းများ အကြောင်းကို လေ့လာမိသော အခါ ဤ တရုတ် ဘုရင် များသည် အကြွင်းမဲ့ အာဏာ ရှိသော အထိန်းအချုပ် ကင်းသော သက်ဦးဆံပိုင် ဘုရင်များ ဖြစ်ကြသည်ဟု လွယ် လွယ်နှင့် အဖြေ ထုတ်မိပေလိမ့်မည်။ သို့ရာတွင် ဤ ထင် မြင်ချက်သည် ဒဏ္ဍာရီများ၌ အသုံးအဖြုန်း ကြီးလွန်းပြီး ကိုယ်ထင်ရာ ကိုယ် လုပ်ခဲ့ကြသော မင်းများ၏ အထောက် အထား အရ ရှိစေကာမူ ပုံကြီး ချဲ့လွန်းသော မှတ်ချက် တစ်ခုသာ ဖြစ်ပေသည်။

တရုတ် ဧကရာဇ်များသည် ရှေးက မင်းတို့ ပြုကျင့် ခဲ့သော မင်းကျင့်တရားများနှင့် ထုံးတမ်း ဓမ္မသတ်များကို လေ့လာ သင်ကြား လေ့ကျင့်ကြရသည်။ ကမ္ဘာပေါ်ရှိ အခြား သော ဒေသများရှိ ပဒေသရာဇ် ဧကရာဇ် မင်းများကဲ့သို့ မင်းတို့၏ ကြီးလေးသော တာဝန် ဝန်ထုပ် ဝန်ပိုးကြီးကို သယ်ပိုးတတ်အောင် သင်ယူကြရသည်။

---

၁။ Yao    ၂။ Shun

ကေရာဇ် တစ်ပါးသည် နတ်များကို မှန်မှန် ဝတ်ပြု ပူဇော်ပြီး တိုင်းသူပြည်သား အပေါင်းတို့၏ ကောင်းကျိုး ချမ်းသာကို အစဉ်နှလုံး သွင်း၍ အုပ်ချုပ် မင်းလုပ်ပါက ထိုမင်းအား တိုင်းသူပြည်သား အပေါင်းတို့သည် *ကောင်းကင်ဘုံ၏ သား* [၁] တာဝန်ကို ကျေပွန်သူ အဖြစ် များစွာ ကြည်ညို လေးစားကြလေသည်။ ထိုမင်းသည် မင်းတို့၏ အဆောင်အယောင် ဖြစ်သော ရာဇပလ္လင်ပေါ်၌ ထိုင်နေရ စေကာမူ သူသည် တိုင်းသူပြည်သားတို့ အပေါ်တွင် ထား အပ်သော တာဝန် မကျေပွန်သဖြင့် တိုင်းသူပြည်သားတို့ မချမ်းသာ၊ သူ့အပေါ်မှာ တိုင်းသားပြည်သူတို့ မကြည်ဖြူ ကြကြောင်း သိရလျှင် ရာဇပလ္လင်ပေါ်မှာ ထိုင်၍ စံစားနေရ စေကာမူ သူလည်း မချမ်းသာ၊ သက်သောင့်သက်သာ မရှိ တော့ပေ။

ထိုကဲ့သို့ မင်းသည် မင်းကျင့်တရားနှင့် မညီ၊ မင်း၏ တာဝန် မကျေပွန်ပါက သူ့ တိုင်းနိုင်ငံ အတွင်းမှာလည်း စီးပွား ဆုတ်ယုတ်၍ အတိဒုက္ခ ရောက်ကြရပေတော့သည်။

ကွန်ဖြူးရှပ် သုခမိန် လက်ထက်လောက်က စ၍ တရုတ် သမိုင်းဆရာ ပညာရှိတို့သည် သူတို့၏ ကေရာဇ် မင်းများကို မိုးကျရွှေကိုယ်တော်များ အဖြစ် လက်ခံ ယူဆ ကြလေသည်။ ကေရာဇ် မင်းများသည် ကောင်းကင်ဘုံက လူသားနှင့် နတ်များ အကြား၌ သင့်တင့် ညီညွတ်အောင် ဆောင်ရွက်ရေး အတွက် ရွေးချယ် စေလွှတ်ခြင်း ခံရသူများ ဖြစ်သည်ဟု ရှုမြင်ခဲ့ကြလေသည်။

ထိုမင်းများသည် လူသားတို့၏ ကြီးပွား ချမ်းသာ ရေး၊ ကောင်စားရေးကို ဆောင်ရွက် ပေးကြရမည် ဖြစ်သည်။ ကေရာဇ် မင်းသည် ကောင်းကင်ဘုံ၏ အလိုဆန္ဒ အတိုင်း ကြိုးကုတ် အားထုတ်၍ ဆောင်ရွက်မှသာ ကောင်းကင်ဘုံ သည် သူ့ဘက်က ရပ်တည်ခြင်းကို ရရှိမည် ဖြစ်သည်။ သို့ သော် အကယ်၍ ကေရာဇ် မင်းသည် ကောင်းကင်ဘုံရှိ ဘုရား၏ အလိုဆန္ဒတော် အတိုင်း လိုက်နာ ဆောင်ရွက် ခြင်း မပြုဘဲ ကာမဂုဏ် လိုက်စားမှု လွန်ကြူးပြီးလျှင် ပျင်းရိစွာ၊ သတိသမ္ပဇဉ် ကင်းချွတ်စွာ ဆောင်ရွက်ပါက ကောင်းကင်ဘုံက မကျေနပ်ခြင်းကို ဖော်ပြသောအားဖြင့် ထိုနိုင်ငံတွင် ဥပဒ် အန္တရာယ် ကျရောက်လာမည် ဖြစ်၏။ ထိုအခါ ပြည်သူလူထုမှာ ထိုမင်းအား ထောင်ထား ခြားနား ပုန်ကန်ခွင့် ရရှိလာပြီးလျှင် မင်းကို နန်းချ၍ ဖယ်ရှား ပစ်ကြမည် ဖြစ်၏။

ထိုကဲ့သို့သော အခြေအနေတွင် ကောင်းကင်ဘုံက ၎င်း၏ ဆန္ဒနှင့် အညီ အုပ်စိုးမည့် ပုန်ကန်သူများကို နန်း တင်ပေးမည် ဖြစ်၏။

ဤသဘောတရား အမြင်ကို ရှေးကျသော တရုတ် ပညာရှိ သုခမိန်ကြီးများနှင့် ရှည်လျားသော တရုတ် လူမျိုး တို့ အတိတ် သမိုင်းကြောင်း တစ်လျှောက်တွင် အသုံး ပြုခဲ့ကြလေသည်။ မင်းဆက် တစ်ဆက် တက်တိုင်း ကျ တိုင်းမှာ ဤ သဘောတရားဖြင့် ရှင်းလင်း ဖော်ပြကြ၏။

တရုတ်ပြည်၏ ပထမ မင်းဆက်ကို လွန်၍ ဤ သဘောတရား အမြင်ကို အသုံးချခဲ့ကြသည်။ ပထမ မင်း ဆက်ကို တည်ထောင်ကြသူများမှာ ကေရာဇ် ယောက်နှင့် ရှွန်းတို့ ဖြစ်ကြသည်။ ထိုမင်းများသည် သားစဉ်မြေးဆက် နန်းမွေ ဆက်ခံသော စနစ်ကို မကျင့်သုံးဘဲ တိုင်းပြည်တွင် အစွမ်းသတ္တိ အရှိဆုံး၊ အရည်အချင်း အပြည့်ဝဆုံး ပုဂ္ဂိုလ် ကို ရှာဖွေ၍ နန်းမွေ ဆက်ခံခွင့်ကို ပေးအပ်ခဲ့လေသည်။

ကွန်ဖြူးရှပ် နောက်လိုက် တပည့် ပညာရှိ သုခမိန် ကြီး မင်းရှပ် [၂] အား သူ၏ တပည့် တပန်းများက ဘီစီ သုံး ရာစုတွင် ဤသို့ မေးမြန်းခဲ့ဖူးလေသည်။

'ဆရာကြီး ခင်ဗျား၊ ကေရာဇ် မင်းကြီး ယောက်က ကေရာဇ် ရှွန်းကို နိုင်ငံတော်ကို လွှဲအပ်ပေးခဲ့တယ် ဆိုတာ အမှန်ပဲလား' ဟု မေးသောအခါ သုခမိန်ကြီး မင်းရှပ်က 'ဘယ်ဟုတ်မလဲကွယ်၊ ကေရာဇ် ဘုရင်က နိုင်ငံတော်ကို အခြား တစ်ယောက်ကို သူ ပေးချင်တိုင်း ပေးလို့မှ မရ တာ' ဟု ဖြေကြားခဲ့လေသည်။ ထိုအခါ တပည့်များက 'ရှွန်းကတော့ ရခဲ့တာပဲ၊ အဲဒါ ဘယ်သူ ပေးလို့ ရခဲ့တာလဲ' ဟု မေးကြပြန်ရာ သုခမိန်ကြီး မင်းရှပ်က 'အဲဒါ ကောင်း ကင်ဘုံနှင့် ပြည်သူ ပြည်သားတွေက ပေးလို့ ရခဲ့တာကွယ်၊ ကေရာဇ် ယောက်က ပေးလို့ ရတာ မဟုတ်ဘူး' ဟု ဖြေ ကြားခဲ့လေသည်။

ပြီးမှ သူက ဤသို့ ရှင်းပြခဲ့လေသည်။ 'ယောက်က ရှွန်းကို နိုင်ငံတော်ရဲ့ ယဇ်ပူဇော်ပွဲကြီးကို ဦးစီး နာယက ပြုပြီး ကျင်းပစေခဲ့တယ်၊ အဲဒီအခါ ရှွန်းရဲ့ စီမံ ဆောင်ရွက် ပုံတွေကို နတ်တွေက နှစ်ခြိုက် ဝမ်းမြောက်ခဲ့တယ်၊ အဲဒါ ကြောင့် သူ့ကို ကောင်းကင်ဘုံက လက်ခံခဲ့တာ၊ ပြီး ယောက် မင်းကြီးက ရှွန်းကို လူတွေရဲ့ အမှုအခင်းတွေကို ဦးစီး နာယက ပြုပြီး ဖြေရှင်းစေခဲ့တယ်၊ သူ စီမံ ဆောင်ရွက် ပုံတွေကို လူတွေကလည်း နှစ်သက်ပြီး လက်ခံခဲ့ကြတယ်

၁။ Son of Heaven

၂။ Mencius

လေ၊ ဒီတော့ ကောင်းကင်ဘုံနှင့် တိုင်းသူပြည်သားတွေက ရှန်းကို နိုင်ငံတော်ကြီးကို ပေးခဲ့ကြတာပေါ့၊ ဧကရာဇ် တစ်ပါးက အခြား တစ်ယောက်ကို နိုင်ငံတော်ကို ပေးခွင့် မရှိဘူး၊ မပေးနိုင်ဘူး' ဟုလည်း ရှင်းပြခဲ့လေသည်။

အတိတ် ခေတ်များတုန်းက ပညာရှိ သုခမိန်များသည် ဤသို့ ကြေညာခဲ့ဖူးလေသည်။

တိုင်းသူပြည်သားတို့ လက်မခံ ကြည်ညိုခြင်းကို မခံ ရသော ဧကရာဇ် မင်းများသည် နန်းချခြင်းကို ခံခဲ့ကြရဖူး ပြီ။ ရှားမင်းဆက် (ပထမ မင်းဆက် ၂၂၀၅-၁၇၆၆ ဘီစီ) သည် တွန်းလှန် ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။ အဘယ် ကြောင့်ဆိုသော် ထိုမင်းများသည် ကာမဂုဏ် စည်းစိမ် ချမ်းသာတို့ကို အလွန်အမင်း ခံစားပြီး နန်းတော်သူ နန်း တော်သားများသည် ဘုရား တရား ကြည်ညိုခြင်း မရှိ ကြသောကြောင့် ဖြစ်သည်။ ထို မင်းဆက်ကို တွန်းလှန် ဖြိုဖျက်သူမှာ ကောင်းကင်ဘုံက စေလွှတ်လိုက်သော *ရှင်း မင်းဆက်* [၁] ကို တည်ထောင်ကြသူများ ဖြစ်သည်။ ရှင်း မင်းဆက်သည် (ဘီစီ ၁၇၆၅-၁၁၂၃ အထိ) စိုးစံခဲ့လေ သည်။ တစ်ဖန် ဆိုခဲ့ပြီးသော အကြောင်းမျိုးများကြောင့်ပင် လျှင် ရှင်း မင်းဆက်ကို ချောင် မင်းဆက် (၁၁၂၂-၂၅၆ ဘီစီ) က အဆုံးသို့ ဆိုက်ရောက်စေခဲ့လေသည်။ အခြား သော နောက် မင်းဆက်များ ကျဆုံးခြင်း အကြောင်းကို လည်း ဤနည်းအတိုင်း ဖြေရှင်းခဲ့ကြလေသည်။

ဘုရင်နှင့် ၄င်း၏ မှူးကြီးမတ်ရာတို့သည် ထီးနန်းကို အုပ်စိုးကြရခြင်းမှာ ကောင်းကင်ဘုံ၏ အလိုဆန္ဒနှင့် ခွင့်ပြု ချက် အရသာလျှင် အုပ်စိုးကြရသည် ဆိုသော အယူအဆ သည် အုပ်စိုးသူ မင်းများ အတွက် သူ၏ တိုင်းသူပြည်သား များ အပေါ် အောင်မြင်စွာ အုပ်ချုပ်ရေး အတွက် များစွာ တန်ဖိုး ရှိလှသည်။ သို့သော် ထိုအယူအဆသည်ပင် တစ်ခါ တစ်ရံတွင် မင်းဧကရာဇ်များကို ဘေးကျပ်နံကျပ် ဖြစ်စေခဲ့ လေသည်။ တိုင်းပြည်တွင် ကျရောက်လာသော ဘေးဥပဒ် အန္တရာယ်များ အားလုံးနှင့် အထိတ်တလန့် ဖြစ်ရမှုများ အားလုံးသည် ဘုရင် ဧကရာဇ်၏ မှားယွင်းမှုကြောင့် ဖြစ် ရသည်ချည်း ဖြစ်သည်ဟု ယူဆကြသည်။ တိုင်းသူ ပြည် သားများ ဆင်းရဲ ကျပ်တည်းလျှင်လည်း ဘုရင်ကိုပင် အပြစ် တင်ကြသည် သို့မဟုတ် ပြည်တွင်း မငြိမ်မသက် ဖြစ်မှု ကြောင့် နိုင်ငံတော်မှာ အစိတ်စိတ် အမြွာမြွာ ကစဉ့်ကလျား ဖြစ်ရလျှင်လည်း ဘုရင်မှာသာ တာဝန် အရှိဆုံး ဖြစ်သည်။ ယုတ်စွ အဆုံး တိုင်းပြည်မှာ မိုး ခေါင်လျှင်၊ ရေ လွှမ်းမိုး လျှင်၊ ကပ် ရောဂါ ကျရောက်လျှင်လည်း ဘုရင်သည် မင်း ကျင့်တရားနှင့် အညီ မကျင့်သောကြောင့် ဖြစ်ရသည်ဟု စွပ်စွဲခံရသည်။

ဘုရင်ကို ကောင်းကင်ဘုံက ကာကွယ် စောင့်ရှောက် သည်၊ သို့သော် ဘုရင်က ကောင်းကင်ဘုံ၏ အမိန့်ကို မနာခံ၊ ဘုရား တရား မကြည်ညို၊ ကောင်းကင်ဘုံကို ရိုသေ လေးစားစွာ ဝတ်ပြု ပူဇော်ခြင်း မရှိ၍သာ ထိုကဲ့သို့ ဥတု ရာသီ မမှန်မကန် ဖောက်ပြန်ရသည်ဟု သဘောထားကြ လေသည်။

တရုတ်ပြည် သမိုင်း တစ်လျှောက် သနားစဖွယ် မြင်ကွင်းများ အနက်တွင် တရုတ် ဧကရာဇ်များက ကောင်း ကင်ဘုံသို့ သွားပြီး မိမိ၏ တိုင်းသူပြည်သားများ အပေါ် အကြင်နာ မေတ္တာ တရား ထားရှိရန် အတွက် အသနားခံ သော မြင်ကွင်းသည် သနားစရာ အကောင်းဆုံး မြင်ကွင်း များ ဖြစ်ခဲ့လေသည်။ ထိုသို့ အသနားခံရာတွင် ဧကရာဇ် မင်းကိုယ်တိုင်ကလည်း မိမိတို့ ပြုမိမှားသော အပြစ် ရှိပါက လည်း သနားသဖြင့် ခွင့်လွှတ်ပါရန် အသနား ခံရလေသည်။

ချောင် မင်းဆက်က ဘုရင် တစ်ပါးသည် ဤကဲ့သို့ အကျဉ်းအကျပ် ဖြစ်ခဲ့ပုံကို *ဘွဲ့သီချင်းကြီးကျမ်း* [၂] တွင် သရုပ် ဖော်ထားလေသည်။

> ကောင်းကင် အမြင့်ဘုံတွင် ခမ်းနားလှစွာ နဂါး ငွေ့တန်းကြီး ပေါ်ထွန်းနေပါသည်။
>
> ထွန်းပသော နေမင်းကြီးကလည်း ကောင်းကင် ပြင်ကို ဖြတ်သန်းသွားလျက် နေပါသည်။
>
> မိုး ရွာဖို့တော့ အာမခံချက် မရှိပါ။
>
> ဆီအန် မင်းကြီးလည်း ကောင်းကင်ကို ငေး ကြည့်ရင်း နှုတ်က စိတ်သောက ရောက်သော အသံ ထွက်လာသည်။
>
> 'အို ကောင်းကင်ဘုံ၊ ကျွန်ုပ်တို့မှာ အဘယ် အပြစ်ကို လွန်ကျူးမိခဲ့ပါသနည်း။
>
> 'သေကျေ ပျက်စီးခြင်းတို့သည် သက်ဆင်းလာ ကြပါပြီ၊ အကြင်နာ ကင်းသော ငတ်မွတ် ခေါင်းပါး ခြင်း ဆင်းရဲက ကျွန်ုပ်တို့၏ သန္နိုင်းများကို ဖြည့် တင်းနေပါပြီ။
>
> 'နိမ့်ချစွာ တိုးလျှိုး တောင်းပန်နေသော မင်းကြီး ကို သနားပါလော့'

---

၁။ Shang dynasty

၂။ The Book of Odes

ဘီစီ နှစ် ရာစုလောက်တွင် ဤ အယူအဆသည် ကြောက်မက်ဖွယ် ကောင်းသော အဆင့်သို့ ဆိုက်ရောက်လာခဲ့လေသည်။ ထိုအခါ ထို အယူအဆကို အောက်ပါအတိုင်း အသေးစိတ် ဖော်ပြခဲ့ကြလေသည်။

အကယ်၍ မင်းနှင့် သူ၏ မှူးကြီးမတ်ရာတို့သည် ပြုဖွယ် ရှိသော ပူဇော် ပသခြင်း အမှုကို ပြုကျင့်ခြင်း မရှိလျှင်၊ အကယ်၍ တစ်ဖက်တွင် မြင့်မြတ်သော ဂုဏ် ကျက်သရေနှင့် အခြား တစ်ဖက်တွင် ရိုသေ လေးမြတ်သော စိတ် မရှိလျှင် ထိုအခါ၌ သစ်ပင်တို့လည်း ပေါက်ပွားမြဲ အတိုင်း ရှင်သန် ပေါက်ပွားခြင်း မရှိကြတော့ပေ။ နွေ ရာသီတွင်လည်း လေပြင်းတို့သည် အလွန်အမင်း တိုက်ခတ်ကြကုန်လတ္တံ့။

အကယ်၍ မင်း၏ စိတ်သည် ထိုးထွင်း သိမြင်တတ်သော ဉာဏ် မရှိလျှင် ထိုအခါ စိုက်ပျိုးခြင်း ရိတ်သိမ်းခြင်းတို့သည်လည်း ပြည့်စုံခြင်းသို့ မရောက်ဘဲ နေလတ္တံ့။ ထို့ကြောင့် နွေနှောင်း ရာသီ အခါ၌ မိုးကြိုး ပစ်သံသည် အဆမတန် ဆူညံလတ္တံ့။

## မြေကြီးကို ရှိခိုးခြင်း

ရှေးခေတ် တရုတ်ပြည်၏ ဘာသာတရား ကိုးကွယ်မှုတွင် ရှေးကျသော တရုတ် ယဉ်ကျေးမှုသည် လယ်ယာ စိုက်ပျိုးရေးကို အခြေခံသော ယဉ်ကျေးမှု ဖြစ်ကြောင်းကို အမှန်အကန် ပုံရိပ် ထင်ပြလျက် ရှိပေသည်။ ရှေးခေတ်က တရုတ်တို့၏ ဘာသာ ကိုးကွယ်မှုတွင် *ရှီ*[၁] ခေါ်သော လက်လုပ် တောင်ပို့ များစွာကို ပြုလုပ်ခဲ့ကြလေသည်။

ထိုတောင်ပို့များသည် မြေဆီ သြဇာ ထက်မြက်ကောင်းမွန်စေရန် အတွက် သင်္ကေတ အဖြစ် ပူဇော်ခြင်း ဖြစ်သည်။ ကျေးရွာတိုင်းမှာ ထိုတောင်ပို့များကို တည်ဆောက်ထားကြသည်။ တချို့ တောင်ပို့များ ထိပ်တွင် သစ်ပင် တစ်ပင်စီကိုလည်း စိုက်ထားတတ်ကြသည်။ ထိုသစ်ပင်ရှိသော တောအုပ်သည် အမြတ်တနိုး ပူဇော်ရာ တောအုပ်ဖြစ်သည်။

ဤတောင်ပို့သည် လယ်ယာ စိုက်ပျိုးသူတို့၏ ကိုးကွယ်မှုတွင် အချက်အချာ ကျသော အရာ ဖြစ်သည်။ ဒေသဆိုင်ရာ မြေဆီ သြဇာကို ပေးသော လယ်နတ်ကို ထိုတောင်ပို့၌ ပူဇော်ပွဲများ ကျင်းပခြင်းအားဖြင့် ကောက်ပဲသီးနှံများ ရှင်သန် ကြီးထွားရန် အတွက် မြေဆီ သြဇာကို ရရှိရန် သေချာသည်ဟု ယုံကြည်ကြလေသည်။

နွေဦးပေါက် ရာသီတွင် ရှီ ခေါ် တောင်ပို့ ရှေ့တွင် ပွဲကျင်းပလေ့ ရှိသည်။ ထိုပွဲ ကျင်းပသော အခါ အကအခုန်များ သီဆို တီးမှုတ်မှုများလည်း ပါဝင်သည်။

ယေဘုယျအားဖြင့်မူ ဥရောပသားများ ကျင်းပလေ့ ရှိသော မေလ ကပွဲနှင့် သဘောချင်း ဆင်တူပေသည်။ ရှီတောင်ပို့သည် နွေနှောင်း ဆောင်းဦး ရာသီ စောစောပိုင်းတွင်လည်း တရုတ် လူမျိုးတို့၏ ကောက်သိမ်းပွဲ မြင်ကွင်းကို ဆောင်ယူတတ်ပေသည်။

တရုတ်ပြည်သည် ပဒေသရာဇ် မင်းများ အုပ်စိုးသော ခေတ်သို့ ရောက်ရှိ လာသောအခါ မြေပြင် အနှံ့တွင် ပို၍ ကြီးမားသော တောင်ပို့များ အစီအရီ ပေါ်ပေါက် လာလေသည်။ ပြည်နယ် မြို့တော် သို့မဟုတ် နိုင်ငံတော်၏ မင်းနေပြည် မြို့တော်တွင် ထိုသို့ ရှီ တောင်ပို့ကြီး တစ်ခုစီ ရှိသည်။ ပဒေသရာဇ် မင်း၏ ပိုင်နက် နေပြည်တော်ကို သရုပ်သင်္ကေတ ပြုထားသော တောင်ပို့ကြီး ဖြစ်သည်။ ထိုမင်းနေပြည်ရှိ တောင်ပို့ကြီးကို အရောင် ငါးမျိုး ရှိသော မြေဆီမြေသားများဖြင့် တည်ဆောက်ကြရသည်။ မြေ အရောင်တစ်ခုစီသည် ပိုင်နက် နယ်မြေ တစ်ခုလုံးရှိ မြေဆီ သြဇာစောင့် နတ်တစ်ပါးစီကို ကိုယ်စား ပြု၍ တင်ပြထားခြင်း ဖြစ်သည်။ နောက်ဆုံး တောင်ပို့တွင် ဧကရာဇ် မင်းကြီးကိုယ်တိုင် နွေရာသီ နေမင်းနှင့် အဝေးဆုံးသို့ ရောက်ရှိချိန်တွင် လယ်ထွန် မင်္ဂလာ ပွဲသဘင်ကို ဆင်ယင် ကျင်းပခြင်းဖြင့် မြေကြီးကို ရှိခိုး ပူဇော်ခြင်း အထိမ်းအမှတ် ပွဲကို ကျင်းပရသည်။ ထိုအစဉ်အလာသည် ခေတ်သစ်တိုင်အောင် ကြာရှည် တည်တံ့ခဲ့လေသည်။

## ကောင်းကင်ကို ရှိခိုးခြင်း

အချိန် ကြာလာသည်နှင့်အမျှ ကမ္ဘာမြေကြီးကို ရှိခိုး ပူဇော်ခြင်း အလေ့အထသည် လျော့နည်းလာသည်။ ထိုအချိန်တွင် ကောင်းကင်ကို ရှိခိုး ပူဇော်ခြင်း အလေ့အထက တိုးပွားလာခဲ့လေသည်။

*ရှန်*[၂] မင်းဆက် လက်ထက်တွင် *တီ*[၃] သို့မဟုတ် *ရှန်တီ*[၄] အမည်ရှိသော နတ်ကို ကိုးကွယ်ခဲ့ကြလေသည်။ ရှန်၏ အဓိပ္ပာယ်မှာ 'အထက်ပိုင်း'ဟု အနက် အဓိပ္ပာယ်

၁။ She

၂။ Shang ၃။ Ti ၄။ Shang Ti

ရပြီး တီ၏ အဓိပ္ပာယ်မှာ 'အုပ်စိုးသူ ဧကရာဇ်မင်း' ဟု အဓိပ္ပာယ် ရသည်။ ဤနတ်သည် ထိုစဉ်အခါက အထက်ပိုင်း သို့မဟုတ် ကောင်းကင်ကို အုပ်စိုးသော နတ် ဖြစ်လေသည်။

ရှန်ခေတ် လူများက ဤနတ်အား မိုးရွာသွန်းစေရန် ပူဇော် ပသခဲ့ကြသည်။ ထိုနတ်သည် ကမ္ဘာမြေပြင် တစ်ခုလုံးကို အပေါ်မှ စီး၍ စောင့်ကြပ် ကြည့်ရှုနေသည်ဟု ယုံကြည်ကြသည်။ စစ် မထွက်မီ သူတို့သည် နတ်ဟောဆရာထံတွင် စစ်ထွက်ခြင်းကို ရှန်တီ နတ်က လိုလားခြင်း ရှိ မရှိကို နတ်မေးလေ့ ရှိသည်။

ချောင် မင်းဆက် အုပ်စိုးမှု စတင်သော အချိန်တွင် အခြားသော အမည် တစ်မျိုး ပေါ်ပေါက်လာပြီးနောက် ရှန်တီ၏ အမည်ကို ပြောင်းလဲစေခဲ့လေတော့သည်။

ထိုအမည်မှာ *တီယင်* [၁] (ကောင်းကင်) ဖြစ်သည်။ ဤအမည်သည် ပုဂ္ဂိုလ်စွဲ မပါသော ယေဘုယျ ဂုဏ်ပြပုဒ် တစ်ခုသာ ဖြစ်သည်။ မူလ အစက တီယင်၏ အဓိပ္ပာယ်မှာ 'နတ်ဘုံ နတ်နန်း' ဟူ၍ ဖြစ်သည်။ ၎င်းမှာ အခြား မဟုတ် ကောင်းကင်ပြင်ပင် ဖြစ်သည်။

ချောင် မင်းဆက်နှင့် ၎င်းနောက် ဆက်ခံသော မင်းဧကရာဇ်များသည် ကောင်းကင်နှင့် နီးစပ်စွာ ဆက်ဆံမှုကို အကြောင်းပြု၍ ၎င်းတို့၏ အမည်များတွင် *တီယန်ဇူး* [၂] ဟူသော ဘွဲ့ကို ခံယူခဲ့ကြလေသည်။ ၎င်းမှာ ကောင်းကင်ဘုံ၏ သားတော်ဟု အဓိပ္ပာယ် ရသည်။ ထိုမင်းများသည် ပြည်သူပြည်သားများ ကိုယ်စား ၎င်းတို့၏ အကျိုးငှာ နှစ်စဉ် နှစ်တိုင်း ပွဲလမ်းသဘင်များ ဆင်ယင် ကျင်းပလျက် ကောင်းကင်ကို ရှိခိုး ပူဇော်ကြသည်။

နောက် ရာစုများသို့ ရောက်သော အခါ ပီကင်း မြို့တော်၌ တရုတ် ဧကရာဇ်များသည် ဆောင်းရာသီ၌ ဧကရာဇ်တို့၏ ကောင်းကင်ဘုံ ယဇ် ပူဇော်ပွဲ အခမ်းအနားကို မြို့တော်၏ တောင်ဘက် (မြေကြီး ယဇ်ပလ္လင်၏ ထောင့်ဖြတ်ကျသော နေရာရှိ) သလင်း ကျောက်ဖြူဖြင့် ပြုလုပ်ထားသော လှပသော ယဇ်ပလ္လင်ပေါ်၌ ကျင်းပခဲ့ကြလေသည်။

ကောင်းကင် နတ်ကို မြေပြင်ပေါ်သို့ ကြွဆင်းပြီးနောက် 'ဧကရာဇ် ယဇ်ပလ္လင် အထွတ်အမြတ် အုပ်စိုးသူ သခင်' ဟု စာတန်း ထိုးထားသော ကျောက်သားပြင်ပေါ်၌ စံမြန်းပါရန် ဖိတ်ကြားရလေသည်။ ဧကရာဇ် မင်းကြီးသည် ပူဇော်ပွဲ အဆင့်ဆင့်တွင် ပူဇော်ဖွယ် ပစ္စည်း အမျိုးမျိုး ဖြစ်သော အမွှေးနံ့သာ၊ ကျောက်စိမ်း၊ ပိုးထည်၊ သားပြုတ်ရည်၊ ဆန်အရက်များဖြင့် ကိုယ်တိုင် တင်ဆက်ရသည်။

ထို့နောက် ပစ္စည်း မျိုးစုံ တင်ဆက် ပူဇော်ထားသော ယဇ်ပလ္လင်ကို ဧကရာဇ် မင်းကြီးက သူ၏ နဖူးဖြင့် ကိုးကြိမ် ကိုးခါ တိုက်ရသည်။ ထိုအချိန်တွင် သတ်မှတ် ပြဋ္ဌာန်းထားသော ဘုရားရှိခိုး ဂါထာများကို တာဝန် ရှိသူ မင်းမှုထမ်းများက အသံ ကျယ်လောင်စွာဖြင့် ရွတ်ဖတ်ကြရလေသည်။

ဤ မင်္ဂလာ အခမ်းအနားနှင့် အခမ်းအနား တက်ရောက်သူများက ဘိုးဘေးစဉ်ဆက် ဧကရာဇ် မင်းများအား ရည်မှန်း၍ ပူဇော်ခြင်း မပြုပါက ကောင်းကင်နှင့် မြေပြင်၏ သင့်မြတ်မှု အဆင်ပြေမှုများ ပျက်ပြားတတ်သည်ဟု ခံစားတတ်ကြလေသည်။

## အရပ်ဒေသနှင့် ဆိုင်သော နတ်များကို ရှိခိုး ပူဇော်ခြင်း

သဘာဝ တရားကြီး တစ်ခုလုံးသည် အမျိုးမျိုးသော နတ်များဖြင့် သက်ရှိ ထင်ရှား ဖြစ်ပေါ်နေသည်ဟု တရုတ်လူမျိုးများ ယုံကြည်ကြသည်။ ကောင်းကင်မှာလည်း အာကာသစိုး နတ်များ စုဝေး ညီညာလျက် ရှိသည်။ မြေကြီးပေါ်မှာလည်း ဘုမ္မစိုး နတ်များ စုဝေး ညီညာလျက် ရှိ၏။ အာကာသ ကောင်းကင်ပြင်၏ ဒုတိယ ပစ္စယံတွင် နေနတ်မင်း အတွက် နေရာ ရှိသည်။ လနတ်မင်း အတွက် နေရာ ရှိသည်။ ဂြိုဟ်ငါးလုံး အတွက် နေရာ ရှိသည်။ ကြယ်စုကြီးထံက ကြယ်တာရာ ခုနစ်လုံး အတွက် နေရာ၊ နက္ခတ် ၂၈ လုံး အတွက် နေရာ အပျဉ်ငယ်များ ရှိသည်။ လေနေရာ၊ မိုးတိမ်–နေရာ၊ မိုး နေရာ၊ မိုးကြိုး နေရာများ ရှိသည်။

နတ်များ အားလုံးကတော့ ကောင်းကင်ပေါ်မှာချည်း နေကြသည် မဟုတ်ချေ။ တောင်စောင့်နတ်လည်း ရှိသည်။ မြစ်စောင့် နတ်လည်း ရှိသည်။ လမ်းစောင့်နတ်၊ လယ်စောင့်နတ်များလည်း ရှိပေသေးသည်။ မြစ်ဝါ မြစ်နှင့် တရုတ်ပြည်ရှိ အဓိက တောင်တန်းကြီးများမှာ ရှေး ပဝေသဏီကာလမှသည် ခေတ် အဆက်ဆက်တို့တွင် တိုင်းပြည်ကို အုပ်စိုးသူများ အထူး အရေးထား ပူဇော် ပသရသော နေရာများ ဖြစ်ကြသည်။

တရုတ် လူမျိုးများ၏ အတွေးအမြင် အရ နတ်တိုင်းလည်း ကျေးဇူး ပြုကြသော နတ်များ မဟုတ်ကြချေ။ ရှေး အထက်ကျော် ကာရီ ကတည်းက တရုတ်ပြည်တွင်

၁။ Tien ၂။ Tien Tzu

အမျိုးမျိုးသော နတ်မိစ္ဆာများ၊ မကောင်းဆိုးဝါး နတ်များသည် လူတို့ နေရာ အိမ်နီး ဝန်းကျင်၌ လည်းကောင်း၊ လမ်းများပေါ်၌ လည်းကောင်း၊ အထူးသဖြင့် ညဥ့်အခါ လမ်းပေါ်၌ ခရီးသွားလာသူများ ပါးသွားသော အခါ သရဲတစ္ဆေ စသော နာနာဘာဝများသည် ထိုနေရာများသို့ စုဝေးရောက်ရှိလာကြသည် ဆိုသော အယူအဆ ရှိခဲ့လေသည်။

ထို မကောင်းဆိုးဝါး နတ်မိစ္ဆာများသည် တောရိပ်တောင်ရိပ်များကို ခိုရ၍ ပုန်းအောင်းနေတတ်ကြသည်ဟု လည်း အယူ ရှိကြလေသည်။

မကောင်းဆိုးဝါး နတ်များ၏ အမျိုးအစား အရေအတွက် များစွာ ရှိသည်။ အကြောင်းမှာ ရေထဲမှာ ဖြစ်စေ၊ မြေပေါ်မှာ ဖြစ်စေ၊ လေထဲမှာ ဖြစ်စေ နတ်မိစ္ဆာများ ရှိသောကြောင့် ဖြစ်သည်။ တိရစ္ဆာန်များထဲမှာလည်း မကောင်းဆိုးဝါး တိရစ္ဆာန်များ ရှိသည်။ ငှင်းတို့မှာ သမန်းကျား၊ မိစ္ဆာ ဝံပုလွေ၊ မိစ္ဆာ မြေခွေး၊ မိစ္ဆာ ခွေးများ ရှိသည့် အပြင် အိမ်သုံး တိရစ္ဆာန်များထဲမှာပင် မိစ္ဆာနတ်များက တိရစ္ဆာန် ယောင်ဆောင်နေသည်များ ရှိသည်ဟု ယုံကြည်ကြလေသည်။ ငှက်ထဲမှာလည်း ငှက် မိစ္ဆာများ ရှိသည်။ ငါးထဲမှာလည်း ငါး မိစ္ဆာ ရှိသည်။ မြွေထဲမှာလည်း မြွေ မိစ္ဆာများ ရှိသည်။ မကောင်းဆိုးဝါး နတ်များ ကပ်နိုင်သော အရာများကား များပြားလှပေသည်။ သက်ရှိများမှာသာ နတ်မိစ္ဆာများ ပူးကပ်၍ နေကြသည် မဟုတ်သေး၊ သစ်ပင်များ သက်မဲ့ ပစ္စည်းများမှာလည်း ထိုမိစ္ဆာနတ်များ စွဲကပ်လျက် ရှိသည်။

အကြမ်းကြုတ်ဆုံး မိစ္ဆာ နတ်များမှာ လူကို စားသော အစိမ်းသရဲများ၊ သွေးစုပ်ဖုတ်ကောင်များ၊ နတ်ဘီလူးများနှင့် ဦးချို ပေါက်သော နဖူး ရှိသော အစွယ်ကားကားနှင့် ဆံပင် အနီ ရှိသော ကိုယ်ထည် ကြီးမားသည့် နတ်မိစ္ဆာကြီးများ ဖြစ်သည်။

ကာလ ကြာမြင့်စွာ အတွေးအခေါ် ရှုပ်ထွေး နေခဲ့ပြီးမှ အထက် ဖော်ပြပါ နတ်များကို အတန်းအစား နှစ်မျိုးဖြင့် ခွဲခြား သတ်မှတ်လာကြလေသည်။

(၁) ပထမ အမျိုးမှာ *ရှင်း*[၁] ခေါ် နတ်ကောင်းများ ဖြစ်ကြပြီး (၂) ဒုတိယ အမျိုးမှာ *ကွေးအိ*[၂] ခေါ် နတ်ဆိုး နတ်မိစ္ဆာများ ဖြစ်ကြသည်။ ထိုနတ် နှစ်မျိုးစလုံးသည် အရေအတွက်အားဖြင့် မရေမတွက်နိုင်အောင်ပင် များပြားသည်။ စကြဝဠာ တစ်တိုက်လုံးတွင် ထိုနတ်များဖြင့် ပြည့်နှက်နေသည်ဟု အယူ ရှိကြလေသည်။ ရှင်း ခေါ် နတ်ကောင်းများမှာ ကောင်းကင် နတ်များ ဖြစ်သည်။ ဘုံဗိမ္မာန်ဖြင့် နေရသော နတ်များ ဖြစ်သည်။ နေနတ်၊ လနတ်၊ ကြယ်တာရာနတ်၊ လေနတ်၊ တိမ်နတ်၊ မိုးနတ်၊ မိုးကြိုးနတ်၊ မီးနတ်၊ တောင်နတ်၊ မြစ်နတ်၊ သမုဒ္ဒရာနတ်၊ ရက္ခစိုးနတ်၊ စမ်းချောင်းနတ်၊ ကျောက်ဆောင်နတ်၊ သစ်ပင်နတ် စသည်တို့ ဖြစ်ကြသည်။ ဘိုးဘေးစဉ်ဆက် ရိုးရာ နတ်များသည်လည်း 'ရှင်း' ခေါ်သော နတ်ကောင်း နတ်မြတ်များ ဖြစ်ကြသည်။

ယုံကြည် စိတ်ချနိုင်ခြင်း မရှိသော စကြဝဠာ၏ တန်ခိုးများသည် ကွေးအိ ခေါ် နတ်ဆိုးများ ဖြစ်ကြသည်။ ထိုနတ်များသည် အရပ်ရပ်တွင် တစ်ပြိုင်နက် တည်ရှိနေကြသည်။ ထိုနတ်များသည် နည်း အမျိုးမျိုးဖြင့် လူတို့အား ကံဆိုးမိုးမှောင် ကျစေသည်။ ညဥ့်၏ အမှောင်ကို ဖန်ဆင်းပြီး နေရာတိုင်း၌ မှောင်ရိပ်ဖြင့် မီးအိမ် အလင်း မဆောင်သော သူကို ကြောက်မက်ဖွယ် ဖြစ်အောင် လုပ်တတ်ကြသည်။

တရုတ် လူမျိုးများလောက် နတ်မိစ္ဆာများ၏ ရန်ကို ကြောက်တတ်သော လူမျိုးလည်း တခြား မရှိပြီ။ သူတို့လောက် နတ်ကောင်းများက သူတို့ဘက်မှာ ရှိပြီး မစအောင် လုပ်သော လူမျိုးလည်း တခြား မရှိပြီ။

ယခု ကာလ၌ လူသာမန်တို့သည် နတ်မိစ္ဆာများ၏ ရန်ကို ကာကွယ်ရန် အတွက် မှော်ဝိဇ္ဇာ ပညာကို အားကိုးတတ်ကြသည်။ တောက် အယူဝါဒ ဂိုဏ်းမှ နတ်ဆရာဘုန်းကြီးများသည် စုန်း နတ် ဖုတ် တစ္ဆေများကို နှင်ထုတ်သော မှော်ပညာများကို ကျွမ်းကျင်ကြသည်။ နတ်မိစ္ဆာ ကွေးအိများကို နိုင်နင်းသော လက်နက်များမှာ နတ်ကောင်းများ၏ သြဇာ သက်ရောက်မှု ရှိသော အရာဝတ္ထုများ ဖြစ်ကြသည်။

နေမင်းသည် မကောင်းဆိုးဝါး နတ်များကို နှင်ထုတ်သော အဓိက အကျဆုံး အရာ ဖြစ်သည်။ ကြက်ဖသည် နေထွက်တော့မည့် အကြောင်းကို တွန်သံဖြင့် ကြေညာသူ ဖြစ်သည်။ ထို့ကြောင့် ကြက်ဖမှာလည်း နတ်မိစ္ဆာ ကွေးအိများကို နှိမ်နင်းနိုင်သော တန်ခိုး သတ္တိ ရှိသည်ဟု အယူရှိကြသည်။ နှလုံး ရောဂါ ဖြစ်သော လူနာများ၏ နှလုံး နေရာမှာ ကြက်ဖ၏ သွေးကို သုတ်လိမ်းခြင်းဖြင့် ကုသပေးသည်။ လေဖြတ်ပြီး ကိုယ်တစ်ခြမ်း သေသော သူများ၏ နှလုံးကိုလည်း ကြက်သွေးဖြင့် သုတ်လိမ်းပေးသည်။ မြေဖြင့် ပြုလုပ်ထားသော ကြက်ဖ ရုပ်မှာလည်း နတ်မိစ္ဆာ

---

၁။ Shen ၂။ Kwei

များကို နိုင်နင်းသော တန်ခိုး သတ္တိထူး ရှိသည်ဟု ယူဆကြသည်။

ထို့ကြောင့် တရုတ် လူမျိုးများသည် ထိုမြေကြက်ဖ ရုပ်ကို အိမ်ခေါင်မိုးပေါ်မှာ လည်းကောင်း၊ ခြံတံခါးပေါက်များ အပေါ်မှာ လည်းကောင်း တင်ထားတတ်ကြသည်။

နွေဦးပေါက် ရာသီ အောင်မြင်စွာ ချီတက်လာခြင်းသည် နတ်ကောင်းများ၏ စွမ်းဆောင်မှု ပြည့်ဝရကား ထိုရာသီကို မက်မုံ ပန်းပွင့်များဖြင့် သင်္ကေတ ပြု၍ ဖော်ပြကြသည်။

ထို့ကြောင့် ရှေး အထက်ကျော် ကာရီကတည်းက မက်မုံပင်၏ အကိုင်းအခက်များကို လည်းကောင်း၊ မက်မုံသား ပျဉ်ပြားပေါ်တွင် ရှေးက သူတော်စင်များ၏ သြဝါဒများကို စာတန်း ရေးထိုးပြီး လည်းကောင်း၊ စက္ကူ အနီများဖြင့် မက်မုံ ပန်းပွင့်သဏ္ဍာန် ပြုလုပ်ထားသော ပန်းပွင့်များကို လည်းကောင်း တံခါးမကြီး အဝတွင် တရုတ် နှစ်သစ်ကူး နေ့ရက်၌ သံမှို စွဲ၍ ချိတ်ဆွဲထားတတ်ကြသည်။ မီးပုံကြီးများ ပြု၍ လည်းကောင်း၊ မီးတုတ်များ ထွန်းညှိခြင်းဖြင့် လည်းကောင်း၊ ဆီမီးတိုင်၊ ဖယောင်းတိုင်များ မီးအိမ် မီးပုံများ၊ ဗြောက်အိုး မီးပေါက်များ ပစ်ဖောက်ခြင်းဖြင့် လည်းကောင်း ကွေးအိ နတ်မိစ္ဆာများကို ခြောက်လှန့်တတ်ကြသည်။

အထူးသဖြင့် နှစ်သစ်ကူး ပွဲတော် အခါ၌ ထိုကဲ့သို့ ပြုလုပ်တတ်ကြလေသည်။ ထိုရက်တွင် အိမ်တွင်း၌ နတ်မိစ္ဆာများ မရှိအောင် သန့်ရှင်းရေးကို ဆောင်ရွက်တတ်ကြလေသည်။

## ရိုးရာနတ် ကိုးကွယ်မှု

သေသူများ အပေါ် ထားရှိသော သဘောထား အမြင် အကြောင်းကို လေ့လာခဲ့စဉ်က အသက် မသေဘဲ ကျန်ရစ်သူများက မကြာမီက သေဆုံးသွားသူများသည် တမလွန်ဘဝ၌ ဆက်လက်၍ ဖြစ်တည်နေခြင်း သဘောကို သိမြင်နားလည်ပုံနှင့် စပ်၍ ဆိုခဲ့ပြီးပြီ။

အထူးသဖြင့် ကျန်ရစ်သူ မိသားစု၏ ဘဝတွင် ကျယ်ပြန့်သော အခန်းကဏ္ဍက ပါဝင်ခဲ့သူများ အပေါ် ထားရှိသော တရုတ် လူမျိုးများ၏ သဘောထားကို သိခဲ့ရပြီးပြီ။

ထိုသေသွားသူများ အကြောင်းကို တွေးမိရုံမျှဖြင့် ထိုသူများကို မျက်မှောက်သို့ ရောက်လာစေနိုင်သည်။ ထိုသေသူများနှင့် စကား ပြောလိုသော် ပြောနိုင်သည်ဟု ဆိုသော် သဘာဝ မကျဟု မဆိုသာ။ သို့သော် ထိုကဲ့သို့ သေသူကို ရှင်သူက စကား ပြောလျှင် သေသူတို့က စကား ပြန်မပြောနိုင်။ သူတို့က သဘော တူသည် မတူသည် ဆိုရုံမျှကိုသာ မှုန်ဝါးဝါး ဖော်ပြနိုင်သည်။

စိတ်ပညာ သဘော အရ ခွဲခြမ်း စိတ်ဖြာ လေ့လာမည် ဆိုပါက ထိုကိစ္စနှင့် ပတ်သက်၍ စိတ်လှည့်စားမှု တစ်ခုသာ ဖြစ်သည်၊ စိတ်ကူး ယဉ်ခြင်း တစ်ခုသာ ဖြစ်သည်ဟု ယုံမှား သံသယ ဖြစ်ဖွယ် ရှိစေကာမူ ထိုကိစ္စနှင့် ပတ်သက်၍ ယုံကြည် သက်ဝင်မှုကိုလည်း ဖြစ်စေနိုင်ကြောင်း ထင်ရှားသည်။ ထို့ပြင် နောက်ဆက်တွဲ သဘောအနေနှင့် ထို အယူအဆသည် ယုတ္တိ ရှိသည်ဟုပင် ဘဝင်ကျစေနိုင်ပါသည်။ ထိုကဲ့သို့ပင် ရှေးက တရုတ် လူမျိုးများသည် ယုံကြည် သက်ဝင်မှု ရှိခဲ့ကြလေသည်။

ယခုထက်တိုင် တရုတ် လူမျိုးများထဲမှာ ဘိုးဘွားမိဘ ရိုးရာ နတ်များ၊ တစ္ဆေကြီးများနှင့် ပတ်သက်၍ ထိုကဲ့သို့ပင် ယုံကြည် သက်ဝင်နေကြဆဲ ဖြစ်လေသည်။

တရုတ် လူမျိုးများတွင် မိသားစု စည်းလုံး ညီညွတ်မှုနှင့် စပ်သော ကြီးကျယ်သော သဘောထားမျိုး ခံစားမှုမျိုး ရှိကြသည်။ ထိုခံစားချက် အမြင်သည် ရိုးရာ ကိုးကွယ်ပသမှုနှင့် နီးစပ်စွာ နှောင်ဖွဲ့ထားကြောင်း တွေ့ရသည်။

မိသားစု အကြောင်းကို တရုတ် လူမျိုးများ ပြောဆိုကြသော အခါ သူတို့၏ စိတ်ထဲတွင် မိသားစု ဆိုသည်မှာ အဖေ၊ အမေနှင့် သားသမီးများလောက်ကိုသာ ဆိုလိုခြင်း မဟုတ်ဘဲ ထိုထက် ပိုသော အနက် အဓိပ္ပာယ် ရှိပေသည်။ အဘယ်ကြောင့်ဆိုသော် မိသားစု (မျိုးရိုး) ထဲတွင် ဘိုးဘွား ရိုးရာ နတ်များလည်း ပါဝင်သည်။ မိဘက် ဖဘက် အဘိုး အဘွားများ အားလုံးမှာ အသက် ရှင်ဆဲ နတ်များ (တစ္ဆေကြီးများ) အဖြစ် မိသားစုနှင့် အတူ ရှိနေပေသည်။ ထို ဘိုးဘွား နတ်များက ပို၍ပင် တန်ခိုး သြဇာ ကြီးမားပေသည်။

ထို အဘိုး အဘွား နတ်များက သားစဉ်မြေးဆက် ကောင်းစားရေး၊ ကြီးပွားရေးကို ဆောင်ရွက်ပေးနေသည်။ သားမြေးများ၏ ကြီးပွား ချမ်းသာရေးနှင့် ပတ်သက်နေကြပေသည်။ သို့သော် ရိုးရာက မနှစ်သက်လျှင်လည်း ဒေါသ အမျက် ထွက်ပြီး အပြစ်ဒဏ် ခတ်နိုင်သည်ဟုလည်း ယုံကြည် စွဲလမ်းကြလေသည်။

သေသူများနှင့် အသက် မသေ ကျန်ရစ်သူ မိသားစုများ၏ ဆက်ဆံရေးသည် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ သဘောဖြင့် အပြန်အလှန် မှီခိုမှု ရှိလေသည်။

တစ်နည်းအားဖြင့် သေသူများသည် ရှင်သူများနှင့် သူတို့ အကြားမှာ ကြီးမားသော သံယောဇဉ် အနှောင်အဖွဲ့ ကို ထိန်းသိမ်းထားရေး အတွက် ရှင်သူများ အပေါ် မှီခို ကြရသည်။ ထိုသံယောဇဉ် နှောင်ဖွဲ့မှုကို အသစ် အသစ် ဖြစ်စေရန် အတွက် ရှင်သူများက သေသူများ အတွက် စားပွဲ သောက်ပွဲများဖြင့် အနည်းဆုံး တစ်နှစ် တစ်ခါ ပူဇော် ပသ ကျွေးမွေးကြရသည်။

ကျိုလိပွန်ဟု ခေါ်သော သေသူများကို ရည်စူး၍ စားဖွယ်သောက်ဖွယ်များဖြင့် ပူဇော် ပသခြင်း ပွဲကို တစ်နှစ် တစ်ကြိမ် ပြုလုပ်ကြခြင်းအားဖြင့် သေသူများကို ရှင်သူများက သတိရ အောက်မေ့စေနိုင်သည်။

အမှန်မှာ ရှင်သူတို့ တည်ခင်း ကျွေးမွေးသော အစားအသောက်များကို သေသူများက အမှန်တကယ် စားသောက်နိုင်ကြသည်တော့ မဟုတ်ပေ။ အဘယ်ကြောင့် ဆိုသော် သေသူများ ရှေ့မှောက်တွင် တင်မြှောက် ပသထားသော အစားအစာများမှာ ပပျောက်သွားခြင်း မရှိပေ။ ထို အစားအစာများ၏ အငွေ့ သဘော အနှစ်သာရ သဘောကိုသာ မိဘ ဘိုးဘွား ရီးရာ တစ္ဆေကြီးများက စားသုံးကြသည်ဟု ယုံကြည် ယူဆကြလေသည်။

ထိုအစားအစာများကို ရိုးရာများ အတွက် တည်ခင်း ပြီးနောက် ခဏ ကြာသော အခါ မိသားစုများနှင့် နတ်ဆရာများက စားသောက်ကြရပေသည်။

အခြား တစ်နည်းအားဖြင့် ရှင်သူများကလည်း သေသူများ အပေါ် မှီခိုကြရပေသည်။ ကောင်းစွာ ပူဇော် ပသ ထားခြင်း ခံရသော ရိုးရာ နတ်များကလည်း ကျန်ရစ်သူ မိသားစုများ၏ ကြီးပွား ချမ်းသာရေးကို တက်ကြွစွာ ဆောင်ရွက်ပေးကြရသည်။ မိသားစု အတွက် ကောင်းကျိုး ချမ်းသာ ရောက်ခြင်းသည် သူတို့ထံသို့ ကောင်းကျိုး ချမ်းသာ ရောက်ခြင်း ဖြစ်သည်။ မိသားစု အတွက် ဆိုးကျိုး ဆင်းရဲ ရောက်ခြင်းသည် သေသူများထံသို့လည်း ဆိုးကျိုး ဆင်းရဲ ရောက်ခြင်းပင် ဖြစ်လေသည်။

ထိုအချက်ကို တန်ခိုး ရှိသော၊ အင်အား ကြီးသော မိသားစု၏ မိတ်ဆွေများ သို့မဟုတ် ရန်သူများက ကောင်းစွာ သိနားလည်ကြပေသည်။

မြေမြှုပ် သင်္ဂြိုဟ်ခြင်း ကိစ္စသည် တရုတ် လူမျိုးများ အဖို့ အရေးကြီးသော အရေးကိစ္စ တစ်ရပ် ဖြစ်သည်။ အကုန်အကျ များစွာ ခံ၍ ပြုလုပ်ကြရသည်။

ရှေးခေတ် တရုတ်ပြည်တွင် ချမ်းသာ ကြွယ်ဝသော မိသားစု ဘိုးဘွားများ သေဆုံးသော အခါ ပဉ္စလောဟာ သတ္တုဖြင့် ပြုလုပ်သော အိုးခွက်ပန်းကန်များနှင့် အမဲလိုက် ပစ္စည်း ကိရိယာ များကိုပါ တစ်ပါတည်း ထည့်သွင်း၍ မြှုပ်နှံကြရပေသည်။ တစ်ခါတစ်ရံတွင် ခွေးများ၊ မြင်းများ နှင့် လူသား အခိုင်းအစေများကိုပါ သေသူနှင့် အတူ မြှုပ်နှံ လိုက်ကြရသည်။

ကြွင်းကျန်ရစ်သော အရိုး ပုရပိုက် တစ်ခု အရ တချို့သော ရှန်မင်းဆက်မှ မင်းများသည် ၎င်းတို့ သေဆုံးသောအခါ ၎င်းတို့နှင့် အတူ သင်္ချိုင်းထဲတွင် လူသား အခြွေအရံ တစ်ရာမှ သုံးရာလောက် အထိ မြှုပ်နှံ၍ သင်္ဂြိုဟ် ပစ်ကြသည် ဆို၏။ ထိုလူများသည် နောင်ဘဝတွင် သူတို့၏ အခြွေအရံ အစေခံများ အဖြစ် ဆောင်ရွက်ကြရန် ဖြစ်သည်။ (ဤ အလေ့အထသည် ရှေးခေတ် တရုတ် လူမျိုးများနှင့် အီဂျစ်၊ အာဖရိကနှင့် ဂျပန် လူမျိုးများ အပြင် အခြား ထို ဓလေ့ထုံးစံ ရှိသော လူမျိုးများနှင့်ပါ ဆက်ဆံမှု အဆက် အသွယ် ရှိခဲ့ကြသောကြောင့် ဖြစ်နိုင်ပါသည်။)

ဘီစီ ၆၂၁ ခုနှစ်တွင် ချင်း ပြည်ထောင်မှ မြို့ဝန် မု ဆိုသူ သေဆုံးခဲ့သော အခါက သူ၏ စွမ်းရည်သတ္တိ အရှိဆုံးသော အမှုထမ်း သုံးဦးကို သူ့ထံသို့ လာကြရန် ဆင့်ခေါ်ထားခဲ့လေသည်။ ကဗျာကျမ်းထဲက လင်္ကာ တစ်ခုတွင် ထိုမြို့ဝန်၏ သင်္ချိုင်း အနီးတွင် ထိုလူစွမ်းကောင်း သုံးဦးတို့အား ယဇ်ပူဇော်ခြင်း အကြောင်းကို ဖော်ပြ ထားလေသည်။ ထိုကဲ့သို့ ဂူပိတ်ပြီး အရှင်လတ်လတ် သင်္ဂြိုဟ်ခြင်း ခံခဲ့ရသော လူများ၏ သဘာဝ အလျောက် စိတ်ထိခိုက်ဖွယ် ကောင်းသော တုံ့ပြန်မှုကို စဉ်းစားကြပါစို့။

မြို့ဝန် မု၏ သင်္ချိုင်းသို့ ဘယ်သူ လိုက်ပါကြမလဲ။

ဇု ချဲ့ ချင်းဟုလေ၊

ဒီချင်းဟုပေါ့၊

လူတစ်ရာလောက်ကို ခုခံနိုင်တာ

သို့သော် သူ သင်္ချိုင်းကို ရောက်တော့

သူက ကြောက်လန့်ပြီး တုန်နေတယ်။

ဤကဗျာထဲမှာ လူသား တစ်ယောက်၏ ခံစားချက်များ အပြည့်အဝ ပါသည်။ လာမည့် ဘေးကို ကြိုတင် နိမိတ် ပြထားချက်များ ပါသည်။ တရုတ်ပြည်တွင် လူကို ယဇ် ပူဇော်သော အလေ့အထများသည် ချောင်မင်းဆက် နှောက်ပိုင်း ကာလ အထိ ဆက်လက် တည်ရှိ နေခဲ့လေသည်။ သို့သော် နောက်ပိုင်းကျသော အခါ ရက်စက် ကြမ်းကြုတ်သော အသွင်ဖြင့် ဆက်လက် တည်မြဲခြင်း မဟုတ်တော့ပေ။ ပထမပိုင်းမှာ လူသား စင်စစ် အစား မြေရုပ် ရွှံ့ရုပ်များဖြင့် အစားထိုး၍ သေသူ၏ သင်္ချိုင်းထဲသို့ ထည့်

ပေးကြသည်။ နောက်ပိုင်းကျတော့ စက္ကူရုပ်များဖြင့် အစားထိုး၍ ထည့်သွင်း ပေးတတ်ကြလေသည်။ မြေရုပ် စက္ကူရုပ်များတွင် လူရုပ်များသာမက ခွေးရုပ်၊ မြင်းရုပ် စသော တိရစ္ဆာန် အရုပ်များပါ ပါဝင်ခဲ့ကြလေသည်။

အိမ်ထဲရှိ နေရာ တစ်နေရာကို မိသားစု ဘ၀၏ ဗဟိုဌာန အဖြစ်ဖြင့် ရွေးချယ် သတ်မှတ်ပါက (လူတိုင်း မလုပ်ကြတော့သော်လည်း ယခုတိုင် ထို အစဉ်အလာ ရှိသေးသည်။) ထို နေရာကို ရိုးရာ နတ်ကွန်း ထားရာ နေရာ အဖြစ် သတ်မှတ်တတ်ကြလေသည်။

သာမန် အရပ်သူ အရပ်သား ဆင်းရဲသားများ၏ အိမ်တွင်မူ ဤနတ်ကွန်းသည် တမင်တကာ ဆောက်လုပ်ထားသော စင်ကလေး တစ်ခု ဖြစ်သည်။ ထိုစင်ပေါ်တွင် ဘိုးဘွားများ၏ အမည်ကို ကမ္ပည်း ရေးထိုးထားသော သစ်သားပြားကလေး တစ်ခုကို တင်ထားသည်။

ဒေသ ဆိုင်ရာ မျိုးရိုး အလိုက် ဖွဲ့စည်းထားသော အဖွဲ့အစည်းများကမူ ဘုံကျောင်းကို ထူထောင် ထားကြသည်။ ထိုဘုံကျောင်းထဲရှိ ဘုရားစင်၊ ရိုးရာ နတ်စင် ရှေ့တွင် စားသောက်ဖွယ်ရာများဖြင့် ပူဇော် ပသကြရသည်။ အခြားသော ပူဇော်ပွဲ အခမ်းအနားများကိုလည်း ထိုဘုရားစင် ရှေ့မှာ ပြုလုပ်ကြရလေသည်။ ထိုနေရာမှာပင် သတို့သမီး၏ ဖခင်သည် သူ့သမီး၏ လက်ထပ် ထိမ်းမြားခြင်းကို ရိုးရာ အဘိုး အဘွား နတ်များ၏ ခွင့်ပြုချက်ကို ရယူကြရလေသည်။ ထိုနေရာမှာပင် သတို့သား၏ ဖခင်ကလည်း ရိုးရာ ဘိုးဘွား နတ်များထံတွင် သူ့သား၏ လက်ထပ် ထိမ်းမြားခြင်း အစီအစဉ်ကို ခွင့်ပြုချက် တောင်းရလေသည်။ ဤနတ်ကွန်း ရှေ့မှာပင် လာရောက်ပြီး ခရီး သွားလာတော့မည့် အခါတွင် ဖြစ်စေ၊ အရေးကြီးသော မိသားစု ကိစ္စ တစ်စုံတစ်ရာကို ဆောင်ရွက်တော့မည့် အခါမှာ ဖြစ်စေ ရိုးရာ နတ်များထံတွင် နတ်ပြပြီး ခွင့်ပြုချက် တောင်းခံကြရသည်။ စီးပွားရေး လုပ်ငန်း တစ်စုံတစ်ခု လုပ်တော့မည် ဆိုလျှင်လည်း ရိုးရာ နတ်များ၏ ခွင့်ပြုချက်ကို တောင်းခံကြရလေသည်။ ထို့ကြောင့် တရုတ် လူမျိုးတို့သည် အဆုံးအဖြတ် ပြုရမည့် အရေးကိစ္စ မှန်သမျှတို့တွင် နတ်ပြပြီး နတ်တို့၏ ခွင့်ပြုချက်ကို ရယူလေ့ ရှိကြသည်။

ရိုးရာ နတ်ကိုးကွယ်မှု ဓလေ့ထုံးစံ၏ အရေးပါသော အပိုင်းမှာ နွေဦးပေါက်နှင့် နွေနှောင်း ဆောင်းဦးပေါက် ရာသီတွင် ရှေး ဘိုးဘွား မိဘများ၏ သင်္ချိုင်း ရှိရာ အရပ်သို့ ဘုရားဖူးသွားခြင်း ဓလေ့ထုံးစံ ဖြစ်သည်။ ထိုသင်္ချိုင်းများတွင် သင်္ချိုင်းပွဲ ပြုလုပ်ရန် ဖြစ်သည်။ ထို နွေဦး ရာသီ သင်္ချိုင်းပွဲ အခါတွင် မိသားစုများသည် ဘိုးဘွား မိဘများ၏ အုတ်ဂူ သင်္ချိုင်း ရှိရာ အရပ်ကို သန့်ရှင်းရေး လုပ်ကြရသည်။ ပျက်စီးနေသော အုတ်ဂူ သင်္ချိုင်းများကို ပြန်လည် ပြုပြင် မွမ်းမံခြင်း ကိစ္စကို ဆောင်ရွက်ကြရသည်။ ပြီးမှ ထို သင်္ချိုင်းတွင် စားသောက်ဖွယ်ရာ လှူဖွယ် ၀တ္ထုများဖြင့် တည်ခင်း၍ မိဘ ဘိုးဘွားများအား ပူဇော် ပသကြရသည်။ နွေနှောင်း ဆောင်းဦးပေါက် ရာသီတွင်မူ စက္ကူဖြင့် ပြုလုပ်သော အနွေး စောင်များနှင့် အဝတ်အစားများကို မိဘ ဘိုးဘွားများ၏ ဂူသင်္ချိုင်း ရှိရာ အရပ်သို့ သွားပြီး မီးရှို့ကြရသည်။ မိဘ ဘိုးဘွားများ အတွက် ရောက်လာတော့မည့် ဆောင်းရာသီတွင် အအေးဒဏ်ကို ခံနိုင်ရန် အကာအကွယ် ဖြစ်သော အနွေးထည် အဝတ်အစားများကို ပေးခြင်း ဖြစ်သည်။

လွန်လေပြီးသော အတိတ် ကာလက မိဘ ရိုးရာ မိသားစု ဓလေ့ထုံးစံ ကိုးကွယ်မှု အစဉ်အလာကို ဖောက်ဖျက် ပစ်ပယ်သည်ဟု ယူဆရသူအား ထိုမိသားစုထဲမှ စွန့်ပစ်ခြင်းကို ခံရသူ အဖြစ် သတ်မှတ်ကြခြင်းကို အံ့ဩဖွယ် မရှိပါ။

ထိုသူများကို မိသားစုများက ဝိုင်းပယ်ရုံမျှမက ရိုးရာ နတ်များကလည်း လက်စား ချေ၍ ဒဏ်ခတ်တတ်ကြသည်ဟု ယုံကြည် စွဲလမ်းကြသည်။ ထိုသူ သေဆုံးလျှင် သူသည် ကသိလ်ကံမဲ့ အဖြစ်ဖြင့် အမြဲတမ်း ဝေ်မွတ် ခေါင်းပါးသော တစ္ဆေ၊ ပြိတ္တာ ဘ၀ဖြင့်သာ ဂုဏ်ကျက်သရေ ကင်းမဲ့စွာ နေရလေတော့သည်။ ထိုတစ္ဆေ ပြိတ္တာကို ကောင်းမှုပြု၍ အမျှဝေ ထောက်ပံ့မည့် ဆွေမျိုး မိသားစုလည်း မရှိတော့ပေ။ ထိုသူသည် အထီးကျန်၊ စားရမဲ့ သောက်ရမဲ့ တစ္ဆေ ပြိတ္တာ ဘ၀ဖြင့်သာ နေရတော့သည်။

ကွန်ဖြူးရှပ် သုခမိန်သည် သူ၏ တစ်သက်တာ သာသနာရေး ကြိုးပမ်းမှု အဖြစ် နိုင်ငံတော်၌ ဖြောင့်မတ်မှန်ကန်သော အစိုးရမင်းများ ပေါ်ထွန်းရေးကို ဆောင်ရွက်ခဲ့စေကာမူ သူ၏ ဆောင်ရွက်ချက်ကို ရှီ မြို့စား၏ မှတ်တမ်းထဲတွင် အသိအမှတ်ပြု မှတ်တမ်း တင်ခြင်း မခံရဟု ဆိုသည်။

'ကျွန်ုပ်တို့ အထဲမှာ မိမိတို့၏ အပြုအမူ၌ ရိုးသားဖြောင့်မတ်ကြောင်း ထင်ရှား ပြသသူ ရှိပေလိမ့်မည်၊ ထိုသူသည် သူ့ ဖခင်က သိုးကို ခိုးယူသော အမှု၌ ထိုသို့ ဖခင် ခိုးယူကြောင်းကို သက်သေ ထွက်ဆိုနိုင်သူ ဖြစ်ရမည်'

ကွန်ဖြူးရှပ်က ထိုအချက်ကို ဆန့်ကျင်သောအားဖြင့် ပြန်ကြားခဲ့လေသည်။

'ကျွန်ုပ်တို့ အထဲမှာ တိုင်းပြည် အုပ်ချုပ် မင်းလုပ်သူများ ဘက်က ကြည့်လျှင် အဖ လုပ်သူက သား၏ အပြစ် (မကောင်းမှု ဒုစရိုက်) ကို ဖုံးကွယ်သည်၊ သားကလည်း အဖ၏ အပြစ် (မကောင်းမှု ဒုစရိုက်) ကို ဖုံးအုပ်ကွယ်ကာ နေကြသည်၊ ထိုအချက်တွင် ရိုးသား ဖြောင့်မတ်မှုကို ရှာဖွေရမည်' ဟု သူက ဆိုသည်။

တရုတ် လူမျိုးများသည် ကွန်ဖြူးရှပ် ချမှတ်သော မူဝါဒများကို ထိထိရောက်ရောက် လက်ခံ ကျင့်သုံးကြသည်။

၁၉၁၂ ခုလောက်က စပြီး တိုင်းပြည် တာဝန် ဆိုသော အမျိုးသားရေး တာဝန်နှင့် စပ်သော စိတ်သဘောထားမျိုး ကြီးထွား သန်မာလာသော်လည်း တစ်ပြိုင်နက်တည်းမှာပင် အနောက်တိုင်းဆန်ဆန် ပြုလုပ်သော စီးပွားရေး ဘဝကလည်း တိုးတက် ကြီးပွားလာခဲ့လေသည်။ ထိုအခါ မိသားစု သံယောဇဉ် သဘောသည် အားနည်းလာလေသည်။

ထိုအချိန်တွင် ကိုယ့် ဘဝကို ကိုယ် ရွေးချယ်ရမည်၊ ကိုယ့် အလုပ်ကို ကိုယ့်စိတ်ကြိုက် ရွေးချယ်ရမည်၊ ကိုယ့်အိမ်ထောင်ဖက်ကို ကိုယ် ကြိုက်ရာ ရွေးချယ်နိုင်ရန် လူ့အခွင့်အရေး ရှိရမည် ဆိုသော အယူအဆများ တိုးပွားလာလေသည်။ သို့သော် ယခုထက်တိုင် မိသားစု အပေါ်သစ္စာ ရှိမှု၊ ရိုးရာ ထုံးစံ လိုက်နာမှုသည် အမြင့်ဆုံးသော လူ့တာဝန် အဖြစ်ကား တရုတ် လူမျိုးတိုင်းလိုလို၏ စိတ်ထဲတွင် ခံယူထားကြဆဲပင် ဖြစ်၏။

### ဘိုးဘွား ရိုးရာ သဘောတူ ခွင့်ပြုမှုနှင့် အများ လက်ခံထားသော ဓလေ့များ၏ အာဏာစက်

ဘာသာ ကိုးကွယ်မှုကို သင့်မြတ် မှန်ကန်သည်ဟု မှတ်ယူထားသော ဓလေ့ထုံးစံများနှင့်အညီ ကျင့်ကြံ နေထိုင်သော လူမှုရေး ဘဝနှင့် တန်းတူ ဂုဏ်ရည်တူ ထားခြင်း ဆိုသော ထူးခြားသည့် ဘဝနေနည်းကို ထည့်သွင်း စဉ်းစားခြင်း မပြုဘဲနှင့် တရုတ် လူမျိုးတို့၏ ဘာသာ ယုံကြည် ကိုးကွယ်မှု အကြောင်းကို စဉ်းစားပါက မည်သည့် အခါမျှ ပြည့်စုံခြင်းသို့ ရောက်နိုင်မည် မဟုတ်ချေ။

ဂျပန်မှတစ်ပါး အခြား မည်သည့် နိုင်ငံမှာမှ ဓလေ့ထုံးစံများ၏ ရက်စက် ကြမ်းကြုတ်စွာ မင်းမူခြင်းကို ပို၍ ခံစားကြရမည် မဟုတ်ချေ။ သဘာဝအားဖြင့် ဤကဲ့သို့ ဖြစ်ရခြင်းမှာလည်း ရှေးက ဘိုးဘွားဘီဘင် အစဉ်အဆက်တို့က 'ဖခင်တို့၏ ရိုးရာ ဓလေ့ထုံးစံများ' ကို အရှည်တည်တံ့စေလိုသော ဆန္ဒကြောင့်လည်း ဖြစ်ပါသည်။ ထို့ပြင် တရုတ်တို့၏ အသိုင်းအဝိုင်းသည် သေသူနှင့် ရှင်ကျန်ရစ်သူတို့ အချင်းချင်း အပြန်အလှန် ဆက်ဆံနေရသော လူ့အဖွဲ့အစည်းမျိုး ဖြစ်ရကား တရုတ် လူမျိုးတို့၏ စိတ်နှလုံးထဲတွင် ရှေးထုံးစဉ်လာ ဓလေ့ထုံးစံများကို ပြိုကွဲ ပျက်စီးမခံလိုသော သဘောထားသည် အကျိုး ရလဒ်အားဖြင့် တသီးတခြား ဖြစ်ပေါ်လာသည်ဟု ဆိုနိုင်သည်။

တချို့သောသူတို့ ထင်မြင် ယူဆကြသလို မဟုတ်ဘဲ ဤမူဝါဒများကို ဆွေမျိုး မိသားစု တစ်ခုနှင့် တစ်ခု ကြားမှာ သင့်မြတ်သည်ဟု လက်ခံထားကြသော ဓလေ့ ထုံးစံများ ကွဲပြားအောင် ဖန်တီးရန် ပြုလုပ်ထားခြင်း မဟုတ်ပေ။ ကံအားလျော်စွာ ဘိုးဘေးဘီဘင် ရိုးရာ သဘောကို လူမှုဘဝထဲတွင် ခေတ် အဆက်ဆက် ပညာရှိ သုခမိန်ကြီးများ ဖော်ထုတ်ခဲ့ကြသည့် အတိုင်း အညီအညွတ် သဘောတူပြီး တညီတညွတ်တည်း လက်ခံ အတည် ပြုထားကြခြင်းသာ ဖြစ်ပေသည်။

ရှေး ဘိုးဘွား ရိုးရာများသည် လူတို့ ကျင့်ကြံလိုက်နာကြရသည့် ဓလေ့ထုံးစံ ဓမ္မသတ်များကို ချမှတ်ပေးကြသူများ ဖြစ်၏။ ထိုဘိုးဘေး မိဘများမှ ဆင်းသက်ပေါက်ဖွား လာကြသူများကလည်း လူမှုရေး ဓလေ့များ အသုံးအနှုန်းများကို ဆုံးဖြတ် ပြဋ္ဌာန်းပေးကြသော ပညာရှိ သုခမိန်ကြီးများ၏ အဆုံးအဖြတ်များကို လွန်စွာ တန်ဖိုးထား၍ လေးစား လိုက်နာတတ်ကြလေသည်။

တရုတ်ပြည်၏ သုခမိန်ကြီးများ၊ အထူးသဖြင့် ကွန်ဖြူးရှပ်နှင့် သူ၏ နောက်လိုက် တပည့်များသည် လူမှုရေး ဘဝ တည်ငြိမ်ရေး အတွက် အသုံးကျသော လုပ်ဆောင်ချက်များကို ပြုလုပ်ခြင်းဖြင့် အလုပ်အကျွေး ပြုခဲ့ကြလေသည်။ သူတို့သည် သမိုင်း ပညာရပ်ကို လွန်စွာ ကျွမ်းကျင်နှံ့စပ်ကြသည်။ အတိတ် ကာလက လူတို့၏ အသုံးအနှုန်းများနှင့် ပတ်သက်သော မှတ်တမ်းများကိုလည်း သိရှိ နားလည်သော ပညာ ရှိကြသည်။

မူလ သုခမိန် (ရှီ) သည် ဘုရင့် လေးပြိုင်ပွဲတွင် အမှတ်ပေး ဒိုင်လူကြီး ဖြစ်ခဲ့သည်။ သူသည် အခြားသော မှတ်တမ်းများကိုလည်း ပြုစုခဲ့လေသည်။ နောင် အခါ၌ သမိုင်း ပညာရှင် ဖြစ်လာခဲ့လေသည်။

နောက်ဆုံးတွင် ထိုပညာရှိကြီးသည် သူ၏ မှတ်တမ်းများကို ရှေးက ပညာရှင်များ ပြုစုခဲ့သော မှတ်တမ်းများနှင့်လည်းကောင်း၊ ခေတ်ပြိုင် ပညာရှင်များ၏ မှတ်တမ်းများ

နှင့် လည်းကောင်း တိုက်ဆိုင် စိစစ်ခဲ့လေသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် သူသည် သုတေသီ ပညာရှင်ကြီး ဖြစ်လာခဲ့လေသည်။ ကေရာဇ် မင်းများက သူ၏ အကြံပေးချက်များ အပေါ် မှီခို *အားထားလာရလေသည်*။

ရာစုနှစ်များ ကြာလာပြီးသော အခါ ထိုပုဂ္ဂိုလ်သည် တရုတ်ပြည်၏ အစိုးရ အဖွဲ့ထဲတွင် အာဏာ ဩဇာ ရှိသူ ဖြစ်လာသည်။ လခ ရိက္ခာ အမြောက်အမြား ရရှိသည်။ မြေယာ များစွာကို ဆုတော် လာဘ်တော် အဖြစ် ရရှိသည်။ သူသည် သမိုင်း ဖြစ်ရပ်များနှင့် လူမှု အသုံးအနှုန်း များစွာကို သူမတူအောင် တတ်မြောက် ကျွမ်းကျင်သောကြောင့် ရရှိလာသော လူမှု အဆင့်အတန်းကို အခိုင်အမာ ပြုလုပ်ရန် အတွက် ဟန်မင်းဆက် ဘီစီ ၂၀၆ ခု အေဒီ ၈ ခုနှစ် အတွင်း ကာလ တစ်လျှောက်လုံးတွင် သူသည် သူနှင့် အဆင့်အတန်း တူသူများနှင့် ပူးပေါင်းကာ အပြင်က လူများ မဝင်နိုင်သော ပိတ်ထားသော လူတန်းစား တစ်ရပ်ကို ဖန်တီးလေတော့သည်။

ထိုကဲ့သို့ မင်းစိုးရာဇာတို့၏ အတိုင်ပင်ခံ ဝန်ထမ်း အဆင့်သို့ ရောက်ရှိရန် အတွက် တရုတ် ဂန္ထဝင် စာပေများ၊ တရုတ် သမိုင်း ဖြစ်ရပ်များနှင့် ဆိုင်သော သင်ရိုးညွှန်းတမ်း အတိုင်း လေ့လာ ကျက်မှတ်ပြီးလျှင် အလွန်ပင်ပန်း ဆင်းရဲ ခက်ခဲသော ပြည်သူ့ ဝန်ထမ်း စာမေးပွဲကို ဝင်ရောက် ဖြေဆိုကြရလေသည်။ ထို့ကြောင့် ပညာရှိ သုခမိန်များသည် တရုတ်ပြည်တွင် ပညာ ပေးသူများလည်း ဖြစ်ပြီး အဆင့်မြင့် ဝန်ထမ်း ရာထူးများကို ထမ်းဆောင်ရသူများလည်း ဖြစ်လာကြလေတော့သည်။

ဤအချက်သည် ကွန်ဖြူးရှပ်ခေတ် စောစောပိုင်းတွင် မှန်ကန်ခဲ့လေသည်။ ကွန်ဖြူးရှပ် ကိုယ်တိုင်မှာလည်း ပညာရေးသမား အဖြစ် လည်းကောင်း၊ အစိုးရ အဆင့်မြင့် ဝန်ထမ်း (မင်းတိုင်ပင်) အဖြစ် လည်းကောင်း အမှုထမ်းခဲ့သူ ဖြစ်သည်။ ဤကိစ္စတွင် သူသည် ရှေ့ဆောင် လမ်းပြသူလည်း ဖြစ်ခဲ့ပေသည်။

ခေတ် အဆက်ဆက် သူတို့၏ စွမ်းဆောင်မှုများကို ချိန်စက်ရပါလျှင် တရုတ် ပညာရှင်များသည် အနောက်တိုင်း သဘောဖြင့် သိပ္ပံပညာရှင်များ အဖြစ်သို့ မရောက်ခဲ့ကြစေကာမူ သူတို့သည် ကြီးကျယ်သော လူမှုရေး ယန္တရား ပညာရှင်များကား ဖြစ်ခဲ့ကြလေသည်။ သူတို့သည် တရုတ်လူမျိုးတို့၏ ဘဝ ဖြစ်စဉ်ကို အတိုင်းအတာ တစ်ခု အထိ သိသိသာသာ အဆုံးအဖြတ် ပေးပြီး စီမံ ဖန်တီးနိုင်ခဲ့ကြသူများ ဖြစ်သည်။

သူတို့၏ ရာထူး အဆင့်အတန်း အလိုက် တရုတ်လူမျိုးများအား အမျိုးသား စိတ်ဓာတ်နှင့် တရုတ် ဓလေ့ထုံးစံများ ဖြစ်ပေါ်လာအောင် ဖန်တီး ထုတ်လုပ် ပေးနိုင်ခဲ့ကြလေသည်။

ကွန်ဖြူးရှပ်ကဲ့သို့ပင် *မင်းရှပ်* [၁]*၊ ချောင်ဇူး* [၂]*၊ မိုဇူး* [၃]*၊ ဆွန်ဇူး* [၄] *နှင့် ချူဆီ* [၅] စသော ပညာရှိ သုခမိန်တို့သည် စွမ်းဆောင်နိုင်ခဲ့ကြသူများ ဖြစ်ကြလေသည်။

## ရှေး ပဒေသရာဇ် မင်းများ လက်ထက်တွင် လူမှုရေးနှင့် ဘာသာရေး လုပ်ငန်းများကို အဆင့်အတန်း သတ်မှတ်ပုံ

ကွန်ဖြူးရှပ် သုခမိန် အထူး လိုလားသော တည်တံ့စေလိုသော ရှေးခေတ် တရုတ် ပဒေသရာဇ် အုပ်စိုးရေးသည် စိတ်ဝင်စားဖွယ် ကောင်းသော ကိစ္စ တစ်ရပ်ပင် ဖြစ်သည်။ ထိုစနစ်သည် ဘာသာ အယူဝါဒ ရေးရာ၌ အုပ်ချုပ် စီမံခွင့် ရှိသော အာဏာပိုင် အဖွဲ့ အဖြစ် သတ်မှတ်ခြင်း ခံရသော စနစ် ဖြစ်သည်။ အကြွင်းမဲ့ အာဏာရှင် စနစ် အဖြစ် သတ်မှတ်သော စနစ် ဖြစ်သည်။ ချောင်မင်းဆက် ကောင်းစားစဉ် အခါက တရုတ်ပြည်ကို လက်အောက်ခံ အမှီအခိုခံ ပြည်နယ်ပေါင်း ရာပေါင်း များစွာ ခွဲဝေ ပိုင်းခြားပစ်ခဲ့ကြလေသည်။ ထိုပြည်နယ်များကို အုပ်စိုးရသော မင်းညီ မင်းသားများသည် ဧကရာဇ် ဘုရင်၏ သစ္စာတော်ခံများ ဖြစ်ကြသည်။ ဧကရာဇ် ဘုရင်ကို တိုက်ရိုက် တာဝန် ခံကြရသူများ ဖြစ်ကြလေသည်။

ထိုပြည်နယ်များကို တစ်ဖန် ထပ်မံ၍ ခရိုင် တိုင်းများ ခွဲခြား သတ်မှတ်လိုက်ပြန်သည်။ ထို ခရိုင် တိုင်းများကို သက်ဆိုင်ရာ တိုင်း ခရိုင် ဝန်ထမ်းများက အုပ်ချုပ်ကြရလေသည်။ ကောင်းစွာ စီမံ ခန့်ခွဲထားသော ပြည်နယ်တွင် ခရိုင် တစ်ခုစီကိုလည်း ဖြစ်နိုင်သမျှ လေးကွက် အုပ်စု၊ ရှစ်ကွက် အုပ်စုများ ခွဲ၍ အုပ်ချုပ်ခဲ့လေသည်။

အပြင်ဘက် ကျသော ရှစ်ကွက် အုပ်စု လယ်မြေများကို လယ်သမား မိသားစု တစ်ခုတည်းက ၎င်းတို့ အသုံးပြုရန် အတွက် ထွန်ယက် စိုက်ပျိုးကြရလေသည်။ ထိုသို့ ထွန်ယက်ကြရသူ မိသားစု ရှစ်စု ရှိသည်။ ထိုမိသားစု ရှစ်စုသည် ဗဟိုက မြေကွက်ကို စုပေါင်း ထွန်ယက် စိုက်ပျိုးပြီး ၎င်းတို့ကို အုပ်ချုပ်နေသော တိုင်းခရိုင် အုပ်

---

၁။ Mencius ၂။ Chuang-Tzu
၃။ Mo-Tzu ၄။ Hsun-Tzu ၅။ Chu-Hsi

ချုပ်ရေးမှူးများအား ပဏ္ဏာ ဆက်သွင်းကြရလေသည်။ ထို့ကြောင့် တရုတ် ကျေးလက် ဒေသများသည် စနစ်တကျ သပ်သပ်ရပ်ရပ် ခွဲဝေထားသော လယ်ယာမြေများ ဝန်းရံထားသော အရပ်များ ဖြစ်ကြသည်။

ဘေးက မြေကွက်များကို မိမိတို့ မိသားစု အတွက် စိုက်ပျိုး စားသုံးခွင့် ရှိသော လယ်သမား မိသားစုများသည် အလယ်က အစိုးရပိုင် မြေကွက်ကို ထွန်ယက် စိုက်ပျိုးခြင်း၊ ကျွဲ နွား မွေးမြူခြင်းကို စုပေါင်း ပြုလုပ်ကြပြီးလျှင် ၎င်းတို့၏ အရှင်သခင်များကို ဆက်သကြရခြင်း ဖြစ်သည်။

ထိုမြို့စား နယ်စားများသည် ထိုရာထူးကို သားစဉ်မြေးဆက် ဆက်ခံကြရသည်။ ဧကရာဇ် ဘုရင်က သူတို့အပေါ်တွင် သစ္စာတော်ခံ ဘုရင်မင်းမြတ် အဖြစ်ဖြင့် တည်ရှိသည်။ ဘုရင်ခံ အဆင့်အတန်း ရှိသူများမှာ မြို့စားများ၊ မားကွစ် မှူးမတ်များ၊ မားကွစ်အောက် မှူးမတ်များ၊ မှူးမတ်ငယ်များ ဟူ၍ လေးမျိုး လေးစား ရှိလေသည်။ အမှီခိုခံ နယ်စားများ အောက်တွင် အုပ်ချုပ်ရေးမှူးများ ရှိလေသည်။ တိုင်းခရိုင် အုပ်ချုပ်သူများ ဖြစ်ကြသည်။ ထိုမှတစ်ဆင့် မြို့သူကြီး၊ ရွာသူကြီး၊ ရပ်ကွက် လူကြီး အဆင့်ဆင့်ကိုလည်း ခွဲခြား သတ်မှတ်ထားလေသည်။

ထိုဧကရာဇ် ဘုရင်မင်းမြတ်က အစ လက်အောက်ခံ ပြည်နယ်၊ တိုင်းခရိုင်၊ အုပ်ချုပ်သူများနှင့် အရပ်သား အုပ်ချုပ်ခံ ပြည်သူများ အထိ အဆင့်ဆင့် လိုက်နာ ကျင့်သုံးရသော ကိုယ်ကျင့်တရား ပြဋ္ဌာန်းချက်များ ရှိသည်။ ထိုအကျင့်သီလများကို လိုက်နာ ကျင့်သုံးကြရသည်။

ဤမျှလောက်ဖြင့်လည်း အလုံးစုံ ပြည့်စုံစွာ ဖော်ပြနိုင်ခြင်း မရှိသေးချေ။ ကွန်ဖြူးရှပ် လက်ထက် မတိုင်မီကပင် သာမန် အရပ်သူ အရပ်သားများ၏ အမှုအကျင့်များနှင့် ပတ်သက်သော မသင့်တော် မလျောက်ပတ်ဟု သတ်မှတ်ထားသော ဓလေ့ထုံးစံ စည်းမျဉ်းများ ရှိခဲ့ပြီး ဖြစ်လေသည်။ ၎င်းမှာ အရပ်သူ အရပ်သားများနှင့် အဆင့်နိမ့် ဝန်ထမ်းများ အနေနှင့် ဝသုန္ဓရေ မြေနတ်နှင့် စကြဝဠာ နတ်များကို ယဇ် ပူဇော်ခြင်း မပြုရခြင်း ဖြစ်သည်။

မည်သည့် မင်းညီ မင်းသားမျှလည်း ဧကရာဇ် မင်းတို့သာ ဆောင်ရွက်မည့် ယဇ် ပူဇော်ခြင်းများကို ဆောင်ရွက်ခြင်း မပြုကြရချေ။ ထို့အတူ မင်းညီ မင်းသားတို့ ပြုလုပ် ဆောင်ရွက်သော ပူဇော် ပသခြင်း ကိစ္စများကိုလည်း အရပ်သူ အရပ်သားများက ပြုလုပ်ခွင့် မရှိပေ။ အခွင့်အာဏာရ မဟုတ်သူများက တောင်စောင့်နတ်၊ မြစ်စောင့်နတ်များကို ပူဇော် ပသခြင်း မပြုရ။

နောက်ပိုင်း ခေတ် တရုတ်ပြည်တွင် (၎င်းမှာ ဘီစီ နှစ် ရာစုလောက်က စပြီး နောက်ပိုင်း ကာလ၌) အရပ်သူ အရပ်သားများသည် အမျိုးနှင့် ဆိုင်သော နတ်များကို ပူဇော် ပသခြင်း မပြုကြရတော့ဘဲ မိမိတို့၏ မိဘဘိုးဘွား ရိုးရာ နတ်များကိုသာ ကိုးကွယ်ခွင့် ပူဇော် ပသခွင့် ရှိလေတော့သည်။ အိမ်စောင့် နတ်၊ တံခါးစောင့် နတ်၊ မီးဖိုစောင့် နတ်၊ ကျန်းမာရေးကို စောင့်သော နတ်၊ ကံကြမ္မာကို စောင့်သော နတ်များကိုကား အရပ်သားများ ပူဇော် ပသနိုင်သည်။ တောင်စောင့် နတ်၊ မြစ်စောင့် နတ်တို့မှာ ပဒေသရာဇ် မင်းညီမင်းသားများသာ ပူဇော် ပသရသော နတ်များ အဖြစ် သတ်မှတ် ထားကြလေတော့သည်။

ဧကရာဇ် ဘုရင်သည်လည်း ခုနစ်နှစ်လျှင် တစ်ကြိမ်ကျ သူ၏ နိုင်ငံ အနံ့အပြားသို့ တိုင်းခန်း လှည့်လည်ပြီးလျှင် အဓိက မြစ်ကြီးများ တောင်ကြီးများ အနီးတွင် ယဇ်ပူဇော်ပွဲများကို ကျင်းပ ပြုလုပ်လေ့ ရှိပေသည်။ ရှန့်တီ ခေါ် ဧကရာဇ် သုခဘုံကို ဘုရင်ကသာ သုခဘုံ၏ ယဇ်ပလ္လင်ပေါ်တွင် ယဇ်ကို ပူဇော်၍ ပွဲလမ်းသဘင် ကြီးကျယ်စွာ ဆင်ယင် ကျင်းပရလေသည်။ ထို ယဇ်ပလ္လင်သည် မင်းနေပြည်တော်၏ အပြင်ဘက်တွင် တည်ရှိလေသည်။

## ပဒေသရာဇ် စနစ် ကျဆုံးခြင်းနှင့် ဂိုဏ်းဂဏများ ပေါ်ပေါက်လာခြင်း

ဘီစီ ၇၂၂ မှသည် ၂၂၁ အထိ ဖြစ်သော အနှစ် ၅၀၀ ကာလသည် ပဒေသရာဇ် အုပ်စိုးမှု စနစ် တဖြည်းဖြည်း ယိုယွင်း ပျက်စီးသော ကာလ ဖြစ်ခဲ့လေသည်။ ထိုပဒေသရာဇ် ဘုရင် အုပ်စိုးမှု နေရာမှာ စုစည်း ကျစ်လျစ်မှု မရှိသော လူ့ဘောင် အဖွဲ့အစည်း စနစ်က အစားထိုး ဝင်ရောက်ခဲ့လေသည်။ ထိုစနစ် အရ သာမန် အရပ်သူ အရပ်သား ကုန်သည် လယ်လုပ်များပါ မကျန် အဆင့်အတန်းမဲ့ လူသား အားလုံးသည် နိုင်ငံရေး အရ အရေးပါ အရာရောက်သော အဆင့်အတန်းသို့ တက်လှမ်းလာနိုင်ကြသည်။ သို့ဖြင့် ရာဇသွေးပါသူများသာ နန်းမွေ ဆက်ခံ အုပ်ချုပ်ခဲ့သော အမွေစားအမွေခံ သစ္စာခံ မြို့စား နယ်စား မှူးမတ်များ အုပ်စိုးသော စနစ်သည် ပြိုကွဲ ပျက်စီးခဲ့ရလေသည်။

တစ်ဖက်က ကြည့်လျှင် ရှေးက မှူးမျိုးမတ်မျိုး မိသားစုများသည် သူတို့၏ အုပ်စိုးမှု နယ်ပယ် အတွင်း ရုတ်တရက် ပေါ်ပေါက်လာသော နောက်မှ ပေါက်သည့် ရွှေကြာပင် အာဏာကို လုယူ ခံစားနေကြသူများနှင့်

မသင့်မတင့် ဖြစ်ကာ ဆင်းရဲ နွမ်းပါး လာခဲ့ကြလေသည်။ တခြား တစ်ဖက်တွင်လည်း ချောင် ကေရာဇ် ဘုရင်များက ၎င်းတို့၏ ပိုင်နက် လက်အောက်ခံ နယ်မြေများကို တာတာတို့၏ ကျူးကျော်မှု ရန်မှ အကာအကွယ် ပေးရန် မတတ်နိုင်ကြတော့ပေ။ မြောက်ဘက် အရပ်မှ ကျူးကျော် ဝင်ရောက်လာကြသော တာတာ လူမျိုးများကလည်း အလုံးအရင်းနှင့် ဖိစီးလာကြ၏။

ထိုအခြေအနေသည် လက်အောက်ခံ မြို့စား နယ်စား မှူးမတ်များ၏ အင်အားကို ကြီးထွားလာစေခဲ့၏။

တာတာတို့၏ ရန်ကို မြို့စား နယ်စားများသည် မိမိတို့၏ ကိုယ်ပိုင် လက်နက်ကိုင် အဖွဲ့အစည်းများဖြင့် ရရာ လက်နက်ကို စွဲကိုင်လျက် ခုခံ တွန်းလှန်၍ ကိုယ့်နေရာကိုကိုယ် ကာကွယ်ခဲ့ကြလေသည်။ ထိုသို့ ကာကွယ်ရာမှ စ၍ မြို့စား နယ်စား မှူးမတ်များသည် ကိုယ့်ပိုင်နက် နေရာတွင် ကိုယ် အချုပ်အခြာ အာဏာပိုင်များ ဖြစ်လာကြလေသည်။ ထိုကာလ အတွင်း၌ ဤ တန်ခိုး ဩဇာ ကြီးထွားလာသော နယ်စားများက ကေရာဇ် ဘုရင်ကို ဘေးသို့ တွန်းထုတ်လိုက်ကြပြီးလျှင် အချင်းချင်းလည်း ထောင်ထား လာကြလေတော့သည်။

ထိုအချိန်မှာပင် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်နေကြရသော မြေကျွန်များကလည်း ၎င်းတို့အား ပစ္စည်း ပိုင်ဆိုင်ခွင့် မပြုသော လယ်ယာမြေ စနစ် အောက်က လွတ်မြောက်ရေး အတွက် လှုပ်ရှား ထကြွလာကြလေတော့သည်။ ထိုလယ်ကျွန်များသည် သူတို့ လုပ်ကိုင်နေကြသော လယ်ယာ မြေများကို ပိုင်ဆိုင်သူများ ဖြစ်လာကြလေသည်။ တချို့ လယ်သမားများမှာ မိမိတို့ ပိုင်သော လယ်ယာ မြေများကို တစ်ခုနှင့် တစ်ခု ဆက်စပ်ကြပြီးလျှင် လယ်ပိုင်ရှင်ကြီးများ အဖြစ် ဩဇာ အာဏာ ရရှိလာကြလေသည်။

ကျေးလက် ဒေသများတွင် ကုန်သည် လူတန်းစားများလည်း ပေါ်ပေါက်လာသည်။ ထိုကုန်သည်များသည် မကြာမီမှာပင် ချမ်းသာ ကြွယ်ဝသူများ ဖြစ်လာကြလေသည်။

မြို့စား နယ်စား မှူးမတ် မိသားစုတို့ အနေနှင့်မူ ၎င်းတို့၏ ဩဇာ အာဏာများ ကျဉ်းမြောင်း ကျဆင်းလာကာ သာမန် အရပ်သူ အရပ်သားများ ဘဝသို့ ဆိုက်ရောက်လာနေပြီ ဆိုသည်ကို သိရှိ သဘောပေါက် လာကြလေသည်။ ယခုအခါ သူတို့သည် ကိုယ့်ဝမ်းစာကို ကိုယ့်လုပ်အားဖြင့်သာ ရှာစားကြရသူများ ဖြစ်လာခဲ့ကြလေသည်။

ကွန်ဖြူးရှပ်လည်း မှူးမျိုးမတ်နွယ်မှ ဆင်းသက်လာသူ ဖြစ်ဟန် တူသည်။ သူလည်း ယခုအခါ မလွဲမရှောင်သာ ကိုယ့်ဝန် ကိုယ်ထမ်းရသည့် အဖြစ်သို့ ဆိုက်ရောက်ခဲ့လေတော့သည်။

ပဒေသရာဇ် ဘုရင် စနစ် ပြိုကျ ပျက်စီးသွားသော အခါမှ စ၍ နောက် အနှစ် နှစ်ရာကျော် ကာလ ပတ်လုံး တရုတ်ပြည်တွင် ပြည်တွင်း မငြိမ်မသက်မှုများ ပြင်းထန်သော၊ ပြည်တွင်းစစ် ဖြစ်ပွားသော ကာလ ဖြစ်ခဲ့လေတော့သည်။

ထိုကာလကို 'ပြည်ထောင် အချင်းချင်း စစ်ခင်းသော ကာလ' ဟု ခေါ်ကြလေသည်။ ပြည်ထောင်ငယ်များမှာ ပျက်စီး ယိုယွင်း၍ ပျောက်ကွယ်ကုန်ကြသည်။ နောက်ဆုံးတွင် အင်အားကြီး ပြည်ထောင် ခုနစ်ခုတို့သာလျှင် သူ့ထက် ငါ အနိုင်ရ ကြီးစိုးရေး အတွက် အပြင်းအထန် တိုက်ခိုက် နေခဲ့ကြလေတော့သည်။

ကေရာဇ် ဘုရင်သည်ကား ထိုကာလ၌ အရေးပါသော ပြယုဂ် ခေါင်းဆောင် ဖြစ်နေခဲ့၏။ အား အကြီးဆုံးသော ပဒေသရာဇ် မင်းသား၏ ကြိုးဆွဲ ရုပ်သေးရုပ် ဖြစ်၏။

ဘီစီ ၂၂၁ တွင် ချင်း ပြည်ထောင်မှ မြို့စား ချန်းသည် ပြိုင်ဘက် နိုင်ငံများ အားလုံး အပေါ်တွင် အနိုင် ရရှိပြီးနောက် မဟာ ကေရာဇ်မင်း ရှီဟွန်တီကဲ့သို့ တရုတ်ပြည်ကြီး တစ်ပြည်လုံးကို သူ့ လက်အောက်တွင် စည်းလုံးညီညွတ်မှု ရအောင် ပြုလုပ်နိုင်ခဲ့လေသည်။ ပြည်ထောင် အသီးသီးမှ မင်းစိုးရာဇာ မိသားစုများ အားလုံးကို သာမန် အရပ်သား အဖြစ်သို့ ကျရောက်သွားအောင် ပြုလုပ်လျက် ပဒေသရာဇ် စနစ်ကိုလည်း နောက်ထပ် ပြန်၍ နာလန်မထူနိုင်အောင် ထိုးနှက် ဖြိုဖျက် ပစ်ခဲ့လေတော့သည်။

ရှေးက တည်ရှိခဲ့သော အရိုးအစဉ် တစ်ခုလုံး ကသောင်းကနင်း ဖြစ်လျက်နေသော ကာလ၊ အရိုးအစဉ်သစ်ကိုလည်း ထူထောင်ရန် ကြိုးပမ်းနေစဉ် ကာလ အတွင်းဝယ် အယူဝါဒချင်း ကွဲပြား ခြားနားသော အတွေးအခေါ် ဂိုဏ်းများ ပေါ်ထွန်းလာခဲ့လေသည်။

ခေတ်ကာလ အပြောင်းအလဲ ဖြစ်သော အခါတိုင်း ထိုကဲ့သို့ အတွေးအခေါ် ဂိုဏ်းများကို ထူထောင်ကြသော ဒဿန ဆရာကြီးများ ပေါ်ပေါက်ရိုး ထုံးစံ ရှိပေသည်။

တချို့သော အတွေးအခေါ် ဂိုဏ်းများသည် ပဒေသရာဇ် စနစ်ကို တိုက်ခိုက် ပုတ်ခတ်ကြသည်။

ထိုစနစ် ပပျောက်သွားရေးကိုလည်း လိုလားခဲ့ကြလေသည်။

ထိုအတွေးအခေါ်သမားများမှာ *မွေ့သတ် ဝါဒီ*[၁] များ ဖြစ်ကြလေသည်။

တခြား အတွေးအခေါ် ဂိုဏ်းသားများကမူ ပဒေသရာဇ် စနစ်ကို ဆင်ခြင်တုံ တရားနှင့် အညီ စံပြ ပုံစံဖြင့် ပြန်လည် တည်ဆောက်လိုကြလေသည်။ ထိုအတွေးအခေါ် ပညာရှင်များထဲတွင် ကွန်ဖြူးရှပ်နှင့် သူ၏ နောက်လိုက်များ ပါဝင်ခဲ့ကြလေသည်။ နိုင်ငံရေး စနစ်များနှင့် လုံးဝ မပတ်သက်သော အတွေးအခေါ် ဂိုဏ်းများလည်း ရှိခဲ့သေး၏။ ထိုအတွေးအခေါ်ဂိုဏ်းတွင် *တောက်ဝါဒီ*[၂] များ ပါဝင်ခဲ့ကြလေသည်။

အချို့သော *မိုဟစ်*[၃] ဆိုသူများကမူ အသုံးကျရေး ရှုထောင့်က လူပြိန်းကြိုက် ဟောပြောကြလေသည်။ ရှေးခေတ်က ဘာသာရေး အယူဝါဒ အရ တစ်လောကလုံး အပေါ် မေတ္တာ ကရုဏာ ထားရှိရေး၊ လူသား အားလုံး ကောင်းစားရေး ဝါဒကို ဟောပြောကြလေသည်။

ထိုအတွေးအမြင် အယူအဆ အချို့၏ လူမှုရေး အပြောင်းအလဲကို ဖြစ်စေခြင်း သို့မဟုတ် လူမှုရေး စနစ်ဟောင်းကို ပြန်လည် ထိန်းသိမ်းရေးကို ဖြစ်စေခြင်း အတွက် အဆိုပြုချက်ကို ကျွန်ုပ်တို့ အနေနှင့် လေ့လာ သုံးသပ်ရပေဦးမည်။

တရုတ်ပြည်၏ ရှည်လျားသော ဘာသာရေး သမိုင်းကြောင်း တစ်လျှောက်၌ ထိုအတွေးအခေါ်များကြောင့် ဖြစ်ပေါ်လာသော ဘာသာရေး အကျိုး ထင်မှုများကိုလည်း ကျွန်ုပ်တို့က လေ့လာ သုံးသပ်ရပေဦးမည်။

## ၂။ တောက်ဝါဒ

တောက် ဝါဒ[၄] ဆိုသော စကားသည် အနက် ရှုပ်ထွေးသော ပုဒ်တစ်ခု ဖြစ်သည်။ ထိုစကားသည် ရှေးခေတ်က တွေးခေါ်မှု အားလုံးနှင့် လူနေမှု အားလုံး၏ ဗဟိုချက် ဖြစ်သော တောက် လမ်းစဉ်ကို လည်းကောင်း၊ သို့မဟုတ် ဘီစီ ၂၀၀ မှ အေဒီ ၂၂၁ အထိ ဖြစ်သော ဟန်မင်းဆက် လက်ထက်က စတင် ပေါ်ပေါက်သော မှော်ဝိဇ္ဇာ ပညာနှင့် ဘာသာရေး ရောထွေးနေသည့် သဘောကို သိမြင်အောင် အဓိပ္ပာယ်ဖော် ဆောင်ပုဒ် တစ်ခုလည်း ဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုအချက် နှစ်ခုစလုံးတွင် တောက်သည် ယုံကြည်မှုနှင့် ကိုးကွယ် ဆည်းကပ်မှုများကို သယ်ဆောင်လာသော ယာဉ်လည်း ဖြစ်သည်။ ကာလ ကြာမြင့်စွာကပင် လူအများ၏ ယုံကြည် ကိုးကွယ်မှုနှင့် အယူသီးမှု သဘော အဖြစ် ပေါ်ပေါက်ခဲ့ပြီး တရုတ် လူမျိုးတို့၏ အတွေးအမြင်နှင့် ဘဝတွင် ဒဿန သဘောနှင့် ဂန္ထီရ သဘောတို့ကိုပါ ဖော်ဆောင်သော စကား ဖြစ်သည်။

ကျွန်ုပ်တို့ သိရသမျှ တောက်ဝါဒသည် လောင်တန်းဟုလည်း ခေါ်သော လောင်ဇူး လက်ထက်က စတင် ပေါ်ပေါက်သည်ဟု ဆိုသည်။ ထို အတွေးအခေါ် ဆရာကြီးကား သုခမိန်ကြီး ဖြစ်၏။ အနာဂတ်ကို ကြိုတင် သိမြင်သော ဆရာကြီး အဖြစ်လည်း လူသိများ၏။ သို့ရာတွင် သူ့အကြောင်းကို သိသူ နည်းပါးလှ၏။ သူ အသက် ထင်ရှား နေခဲ့ကြောင်းကိုပင် အနုမာန မျက်ရမ်းဆ၍ ပြောနေကြရ၏။ သူ အသက် ထင်ရှား ရှိခဲ့ခြင်း အကြောင်းကို ပြောဆိုကြရာ၌လည်း သံသယ ဖြစ်ဖွယ် ရှိ၏။

သူသည် ဘီစီ ၆၀၄ ခုနှစ်တွင် ချူ ပြည်နယ်မှာ မွေးဖွားခဲ့သည် ဆို၏။ ထိုပြည်နယ်၏ မြို့တော် *လိုယန်း*[၅] ရှိ ဘုရင့် မော်ကွန်းတိုက်တွင် အုပ်ချုပ်ရေးမှူး အဖြစ် အရေးပါသော အစိုးရ ရာထူးတွင် အမှု ထမ်းဆောင်ခဲ့သည် ဆို၏။ သူသည် လောက၌ အစိုးရ အဖွဲ့အစည်းကို ထူထောင်ခြင်းနှင့် ဆိုင်သော အသိပညာကို စတင် မေးခွန်း ထုတ်ခဲ့လေသည်။ အသိပညာ အတွက် အသိပညာကို ရှာဖွေခြင်း၏ မှားယွင်းကြောင်းကိုလည်း သူ ဆိုဆုံးမသည်။ ထိုသို့သော အသိပညာသည် လူတို့အား မှားယွင်းသော ဘဝ နေနည်းဖြင့် နေထိုင်မှုကို ဖြစ်ပေါ်စေသည်ဟုလည်း သူ ယူဆခဲ့လေသည်။ သူ့ကိုယ်သူလည်း အစိုးရ အဖွဲ့ထဲတွင် ရာထူး ဌာနန္တရ ရယူပြီး နေခြင်း၏ အမှားကို သိမြင်လာသဖြင့်

---

၁။ Legalists
၂။ Taoists
၃။ Mohists
၄။ Taoism
၅။ Loh-yang

ထိုရာထူးမှ နုတ်ထွက်ပြီးလျှင် မိမိ၏ အိမ်ရှိရာ အရပ်သို့ ပြန်သွားလေသည်။

ကျန်သော ဝတ္ထု ဇာတ်လမ်းမှာ ပို၍ပင် စောဒက တက်ဖွယ် ဖြစ်၏။

လူမသိ ရှင်မကြားသော ဘဝ၏ လွတ်မြောက်မှုကို လိုလားသော စိတ်ဓာတ်၏ မရပ်မနား တိုက်တွန်းမှုကြောင့် လည်းကောင်း၊ ကွန်ဖြူးရှပ် အပါအဝင် စပ်စုသော ဧည့်သည်များ လာရောက်ခြင်းကို မနှစ်မြို့၍ လည်းကောင်း၊ အသက်အရွယ် ကြီးရင့်ပြီ ဖြစ်သော ဒဿန ဆရာကြီးသည် နွားနက် နှစ်ကောင် ဆွဲသော လှည်းကို စီးပြီး အနောက် အရပ်သို့ ထွက်ပြေးရန် ဆုံးဖြတ်ခဲ့သည် ဆို၏။ သူသည် ဝိပလ္လာသ တရားတို့ဖြင့် ရောပြွမ်းလျက် အထင်မှား အမြင်မှား ဖြစ်နေသော လောကကြီးနှင့် အကျင့် သီလ ဖောက်ပြန် ပျက်စီးနေသော လူ့ အဖွဲ့အစည်းကြီးကို စွန့်ခွာရန် အတွက် ပြင်ဆင်ခဲ့လေသည်။ သို့သော် အနောက်ဘက် မြို့တံခါးကို စောင့်ရှောက်နေသော သူမိတ်ဆွေ *ယင်ဆီ*[၁] က တားဆီးပြီး သူ၏ ဒဿန အမြင်များကို စာဖြင့် ရေးသား ပြုစုရန် တိုက်တွန်းလေသည်။

သို့ဖြင့် လောင်ဇူးသည် တံခါးမှူး၏ အိမ်တွင် ကာလ ကြာမြင့်စွာ နေပြီး သူ၏ အတွေးအခေါ် ကျမ်းကို ရေးသား ပြုစုသည် ဆို၏။

ထိုကျမ်းသည် နောင်အခါ၌ *တောက်တဲ့ကျင်း*[၂] ဟူသော အမည်ဖြင့် ထင်ရှားသော ဒဿနကျမ်း ဖြစ်လာလေသည်။ တောက်တဲ့ကျင်း ဆိုသည်မှာ တောက်လမ်းစဉ်နှင့် ၄င်းလမ်းစဉ်၏ အစွမ်းသတ္တိ ကျမ်း ဟူ၍ အဓိပ္ပာယ် ရသည်။

ထိုကျမ်းကို ပြုစုရာတွင် သူသည် ကြွပ်ဆတ်သော ဝါကျတိုကလေးများဖြင့် ရေးသား စီကုံးခဲ့လေသည်။ တချို့ ဝါကျများမှာ အဓိပ္ပာယ် မပေါ်လွင်ဘဲ လျှို့ဝှက်သော အနက် အဓိပ္ပာယ်ကို ဆောင်လျက် ရှိ၏။ သူသည် သူ၏ အတွေးအခေါ် အယူအဆများကို ထုတ်ဖော် ရေးသားပြီးနောက် တောင်ကြားလမ်း တစ်ခုကို ဖြတ်၍ သူ့အား လူမသိ ရှင်မကြားနိုင်သော အရပ်ဒေသ တစ်ခုသို့ ထွက်ခွာ တိမ်းရှောင်သွားသည် ဆို၏။

ပြည်ထောင် အချင်းချင်း စစ်ခင်းနေသော ကာလ အတော အတွင်း၌ပင် ဤ စိတ်ကူးယဉ် ဇာတ်လမ်းကို အတည်ပြုခြင်း မရှိခဲ့ကြောင်း ထင်ရှားသည်။

အဘယ်ကြောင့်ဆိုသော် လေး ရာစုတွင် ပေါ်ထွန်းခဲ့သော တရုတ် ပညာရှိ သုခမိန်ကြီး ချောင်ဇူးက သူ၏ သမားအိုကြီးသည် သူ့ အိပ်ရာထဲမှာပင် ကွယ်လွန်ခဲ့ကြောင်း ထုတ်ဖော် ပြောဆိုသောကြောင့် ဖြစ်၏။

ဒဏ္ဍာရီ ဆန်သော သုခမိန်ကြီး လောင်ဇူးသည် အသက်ထင်ရှား ရှိခဲ့ကြောင်း ဖြစ်နိုင်ဖွယ် အထောက် အထားများကား ရှိ၏။ သို့ရာတွင် ပညာရှင် အခွင့်အာဏာ ရှိသူများ၏ စိတ်တွင် အကယ်၍ တောက် ဒဿနစ၏ ဖခင် ဖြစ်သူ လောင်ဇူးသည် ကွန်ဖြူးရှပ် မတိုင်မီကတည်းက တည်ရှိခဲ့သည် ဆိုပါက သူသည် တောက်တဲ့ကျင်း ကျမ်းကို ရေးသားသူ မဟုတ်ဟု ယူဆကြသည်။

ထိုဘာသာရေး ဂန္ထဝင် ကျမ်းကြီးသည် ကွန်ဖြူးရှပ် ခေတ် နောက်ပိုင်းကျမှ ပေါ်ပေါက် လာသော ကျမ်း ဖြစ်သည်။ ထိုကျမ်း ပေါ်ပေါက်လာသော ခေတ်ကာလကို တွက်ဆရလျှင် ဤသို့ ပြောဆိုရာသည်။ တောက်တဲ့ကျင်း ကျမ်းထဲတွင် ပဒေသရာဇ် ခေတ် ပြိုကွဲ ပျက်စီးသည့် အကြောင်းကို ကြိုတင် ဖော်ပြထားသော ဘဝနှင့် သဘာဝ များနှင့် စပ်သော သဘောထား အမြင်များကို ဖော်ပြထား သည်။ ထို့ပြင် ပြည်ထောင်ချင်း စစ်ခင်းနေသော ကာလရှိ ဉာဏ်ပညာ ထက်မြက်သူများ အမြင်တွင် ထိုကျမ်းထဲတွင် လက်ဆတ် သစ်လွင်သော အတွေးအခေါ် အယူအဆများ ပါရှိသည်ဟု မြင်ကြလေသည်။

တောက် ဝါဒသည် တောက်တဲ့ကျင်း၏ အမြဲတမ်း အကျိုး သက်ရောက်မှု ရှိသော အတွေးအခေါ် ပုံစံ ဖြစ်သည်ဟုလည်း ထိုခေတ် ပညာရှင်များက ယူဆခဲ့ကြလေ သည်။ ထို့ပြင် ဤကျမ်းသည် အလွန် ကြီးကျယ်သော စွမ်းဆောင်မှုကြီး တစ်ခု ဖြစ်၏။ ထိုကျမ်းထဲမှာ ပါသော အတွေးအခေါ် အယူအဆများမှာလည်း ဝမ်းနည်း ကြေကွဲဖွယ် ကောင်းသော ခေတ်ဆိုးကြီးထဲတွင် စိတ် တက်ကြွဖွယ် ကောင်းသည့်ပြင် ဆုံးဖြတ်ချက် ခိုင်မြဲစွာဖြင့် ကြိုးပမ်း လုပ်ဆောင်ကြရေးကို ဖော်ညွှန်းလျက် ရှိ၏။ ဖောက်ပြန် ပြောင်းလဲခြင်း မရှိသော ပရမတ္ထ သစ္စာ တရားကို သိမြင် ဆုပ်ကိုင်ထားကြရန် စေ့ဆော်နိုင်ခဲ့၏။ တစ်ချိန်တည်းတွင် ခေတ်ပြိုင် ပေါ်ပေါက်ခဲ့သော ကွန်ဖြူးရှပ်၏ ပူဇော်သက္ကာယ ကိစ္စတို့ကိုသာ စိတ်သန်သူ တပည့်တပန်းများ အားကောင်းနေသော အချိန်တွင် တောက်တဲ့ကျင်း ကျမ်းထဲတွင် ကွန်ဖြူးရှပ်၏ အယူအဆများကို တော်လှန်ရမည့် ပင်ကို သဘောထားများကိုလည်း ထုတ်ဖော် ရေးသား ထားလေသည်။

---

၁။ Yin-Hsi      ၂။ Tao Te Ching

ခေတ်သုံးခေတ်ကို ကျော်ဖြတ်ရမည့် တောက်ဝါဒ၏ ကံကြမ္မာကို အပိုင်း သုံးပိုင်း ခွဲပြီး စဉ်းစားလျှင် အဆင်ပြေပေလိမ့်မည်။ (က) ဒဿန ဆန်သော (ဝါ) တိုးတက်ကြီးပွားဆဲ အပိုင်း၊ ထို အပိုင်းတွင် သိခက် နက်နဲသော ဂမ္ဘီရ သဘော လက္ခဏာများ အားသန်လျက် ရှိသည်။ (ခ) မှော်ဝိဇ္ဇာ ဆန်သော အပိုင်း ဖြစ်သည်။ (ဂ) တရုတ် မင်းဧကရာဇ်များ အစိုးရများက တောက် ဝါဒကို အစိုးရ၏ ဘာသာ ကိုးကွယ်မှု အဖြစ် ပြောက်ကျား အသိအမှတ် ပြုခြင်း ခံရသော အပိုင်း ဖြစ်သည်။

## (က) တောက်ဝါဒ၏ ကြီးပွားလာသော ဒဿန ဆန်သော ကဏ္ဍ

တောက် ဝါဒ ဒဿနများ ကြီးပွား တိုးတက်လာသော ခေတ်သည် ဘီစီ ငါး ရာစုနှင့် လေး ရာစုကြား ကာလ ဖြစ်သည်။

### ပြိုင်ဆင်ခြင်း

အကျိုးပြုရန် ထောက်ကူသော ဖွံ့ဖြိုး တိုးတက်မှု အချိန် ပထမ ဖြစ်ပေါ်လာခဲ့လေသည်။ ထိုခေတ်တွင် ရှေ့တော်ပြေးများ ပေါ်ပေါက်လာသည်။ (ဆိုကြပါစို့၊ ထိုသူများထဲတွင် တောက် ဝါဒ၏ မူလ အခြေခံရာ ပုဂ္ဂိုလ် လောင်တန်လည်း ထိုပုဂ္ဂိုလ်များထဲတွင်ပါသည်ဟု ယူဆကြပါစို့။) ထိုရှေ့တော်ပြေး ပုဂ္ဂိုလ်များက လမ်းခင်းရန် ပြင်ဆင်ခဲ့ကြလေသည်။ ဘီစီ ခြောက် ရာစုကတည်းက ကွန်ဖြူးရှပ်သည် အမည် မထင်ရှားသော တောက်ဝါဒီဏ်း ရှေ့ပြေး ပုဂ္ဂိုလ်များကို တွေ့နေခဲ့ရပြီ ဖြစ်၏။ ထိုပုဂ္ဂိုလ်များသည် လူ့ယဉ်ကျေးမှု စနစ်ကို ငြင်းပယ်နေကြသော တောထွက် ပုဂ္ဂိုလ်များ ဖြစ်ကြလေသည်။

ကွန်ဖြူးရှပ်ခေတ် နောက်တွင်လည်း အခြားသော ရှေ့တော်ပြေးများ ပေါ်ပေါက်လာကြလေသည်။ ပို၍ စိတ်ဝင်စားဖွယ် ကောင်းပြီး ပို၍ ရဲတင်းသော ပုဂ္ဂိုလ်များသည် သူတို့၏ နောက်လိုက်များ အပေါ် သူတို့၏ ထင်မြင် ယူဆချက်များကို ပို၍ ဖိဖိစီးစီး ပြောဆိုနေကြပြီ ဖြစ်၏။ သူတို့သည် စိတ်တက်ကြွလာအောင်၊ စိတ်ထိခိုက်အောင် ပြောဆိုတတ်ကြသည်။

ထို့ကြောင့် သူတို့၏ အတွေးအမြင် အယူအဆများ၌ အများ လက်ခံ သဘော တူထားချက်များနှင့် မတူသော အယူအဆများသည် တရားနာ ပရိသတ်အား ပို၍ နှစ်ခြိုက်စေခဲ့လေသည်။

ဤကဲ့သို့ အများ လက်ခံ သဘော တူထားသော ဓလေ့ထုံးစံ မဟုတ်သော အမြင်များကို *ယန်ချူး*[၁]က ကောင်းစွာ သရုပ်ဖော် တင်ပြခဲ့လေသည်။ ယန်ချူးသည် ဘီစီ ငါး ရာစု အကုန် လေး ရာစုဆန်းစ ကာလတွင် ပေါ်ပေါက်ခဲ့သော ပညာရှင်ကြီး တစ်ပါး ဖြစ်သည်။ ထိုအချိန်က တရုတ်ပြည်ကြီး တစ်ပြည်လုံး အုန်းအုန်းကျွက်ကျွက် ဆူပွက်လျက်၊ ပရမ်းပတာ ဖြစ်လျက် ကြိမ် မီးအုံးသဖွယ် ခံစားနေရလေသည်။ ဘယ်သူမှ ဘာမျှ မတတ်နိုင် ဖြစ်နေကြလေသည်။ ထိုအခါ သူ့စိတ်ထဲတွင် တရုတ်ပြည်၏ ပြည်တွင်း အရေး ကိစ္စများကို ကျောခိုင်းလျက် မိမိ၏ ပုဂ္ဂလိကဘဝ တိုးတက်ရေး ကိစ္စများကိုသာ ပွားများ အားထုတ်ခြင်းဖြင့် ကိုယ့်ကိုယ်ကိုယ် စစ်မှန် ကောင်းမွန်သော အဖြစ်သို့ ရောက်အောင် လုပ်သင့်သည်ဟု ထင်မြင် ယူဆခဲ့လေသည်။

ဤသို့ ဆင်ခြင်ခြင်းအားဖြင့် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုကို မပျက်စီးစေဘဲ သူက ဟန်နှင့်ပန်နှင့် ပြောဆိုသည်မှာ 'လူတိုင်း လူတိုင်း ကိုယ့်ဖို့ကိုယ် ဆောင်ရွက်ကြ' ဟု ဟောကြားလေသည်။ ထို့နောက် ကွန်ဖြူးရှပ်နောက်လိုက်များ သွေးလန့်သွားအောင် သူက ပြောဆိုသည်မှာ 'ကမ္ဘာ လောကကြီး တစ်ခုလုံး အတွက် သူ့အနေနှင့် မိမိ ခြေသလုံးမွေး တစ်ပင်မျှကိုသာ ပေးပါ ဆိုလျှင်ပင် မပေးပါလေနှင့်' ဟုလည်း ဟောကြားလိုက်လေသည်။

ဤသို့ ပြောဆိုရခြင်းမှာ သူသည် သူ့ဘဝကို အပြင်လောကကြီး တစ်ခုလုံးထက် ပို၍ တန်ဖိုး ထားခြင်းကြောင့် ဖြစ်၏။ 'ဗဟိဒ္ဓ ပစ္စည်းများဖြင့်လည်း ကိုယ့်ကိုယ်ကိုယ် အတုပ်အနှောင် ဖြစ်အောင် မလုပ်လေနှင့်' ဤကား သူ၏ အဓိကကျသော ဟောကြားချက် ဖြစ်၏။

ပို၍ အများ လက်ခံထားသော အယူအဆ ဓလေ့ထုံးစံများနှင့် ကွဲလွဲသော အယူအဆ ရှိသူမှာ *ပင်မင်း*[၂]နှင့် သူ၏ နောက်လိုက်များ ဖြစ်ကြသည်။ ပင်မင်း၏ နောက်လိုက် တပည့် နှစ်ဦးမှာ *တီယင်ပျင်*[၃]နှင့် *ရှင်တောက်*[၄] တို့ ဖြစ်သည်။ သူတို့က အသိပညာကို ပစ်ပယ်ရန် စိတ် ဆုံးဖြတ်ထားကြသည်။ သူတို့သည် ဘက်လိုက်ခြင်း မရှိ၊ အဖွဲ့အစည်း ပါတီတွင် ပါဝင်ခြင်း မရှိ။ မည်သည့် ကိစ္စနှင့်မျှ

၁။ Yang Chu
၂။ Ping Meng
၃။ Tien Pien
၄။ Shen Tao

မပတ်သက်ဘဲ ကင်းကင်းရှင်းရှင်း ရရစားစား နေလိုကြသည်။ မနက်ဖြန် အတွက် အပူအပင် မထားလိုကြပေ။ လောကမှာ ဖြစ်စရာ ရှိသည့် အတိုင်း ဖြစ်ခြင်းကို လက်ခံသည်။ လောက ဖြစ်စဉ်ကို ဝင်ရောက် နှောင့်ယှက်စရာ မလိုဟု သဘောထားကြသည်။

နှောင်းခေတ်တွင် ပေါ်ပေါက်သော တောက် ဝါဒီ *ချောင်ဇူး* [၁] ကမူ ထိုသူများအား 'ကြောင့်ကြမဲ့ ကံကို လက်ခံကြသူများသာ ဖြစ်သည်' ဟု ယူဆခဲ့လေသည်။ 'အကယ်၍ ငါ၏ ဘယ်ဘက် လက်ကိုသာ ကြက်ဖ အဖြစ်သို့ ပြောင်းလဲနိုင်မည် ဆိုလျှင် ငါသည် ထိုလက်ဖြင့်ပင် ညဉ့်၏ အချိန်ကာလကို မှတ်သားမည် ဖြစ်၏၊ အကယ်၍ ငါ၏ ညာဘက် လက်ကို လေး အဖြစ်သို့ ပြောင်းလဲနိုင်မည် ဆိုလျှင်လည်း ငါသည် ငှက်ကို ပစ်ချပြီး ကြော်စားမည် ဖြစ်သည်၊ အကယ်၍ ငါ၏ တင်ပါးဆုံ အရိုးကို ဘီး အဖြစ်သို့ ပြောင်းလဲနိုင်မည် ဆိုပါက၊ ပြီးတော့ အကယ်၍ ငါ၏ ဝိညာဉ်ကို မြင်း အဖြစ်သို့ ပြောင်းလဲနိုင်မည် ဆိုပါက ငါသည် ထို မြင်းလှည်းကိုသာ တက်စီးမည် ဖြစ်သည်၊ နောက်ထပ် မြင်းကောင်း တစ်ကောင် ရှာနေတော့မည် မဟုတ်ပါ'

ဤ အမြင်သည် ထိုသူတို့၏ အမြင် ဖြစ်သည်။ ကောင်းသော ဘဝ၏ လျှို့ဝှက်ချက်များကို သိမြင်ထားသော ပညာ ရှိသော သူသည် အရာခပ်သိမ်းတို့၏ ဖြစ်စဉ်အတိုင်းသာ မရှောင်လွှဲသာပဲ လိုက်နာရမည် ဖြစ်၏။

ထိုသူတို့၏ အယူအဆ တစ်ခုကို ဤသို့ တွေ့ရသည်။

'ရှင်တောက်သည် အသိပညာကို ပယ်သည်၊ အတ္တ (သက္ကာယ ဒိဋ္ဌိ) ကို စွန့်သည်၊ မလွှဲသာသော သဘာဝ အတိုင်း လိုက်နာသည်၊ အရာရာကို ဥပေက္ခာ ရှုသည်'

သူက ဤသို့ ဆိုသည်။ 'အသိပညာကို သိရန် မလို' သူသည် အသိပညာကို အထင်အမြင် သေးသည်။ ထို့ပြင် အသိပညာကိုလည်း ဖျက်ဆီးသည်။ လောက၌ ကောင်းမြတ်မှုကို ပို၍ လိုလား နှစ်သက်သော နည်းလမ်းကို သူက ပြက်ရယ်ပြုသည်။

သူသည် ကမ္ဘာပေါ်ရှိ ပညာရှိ ကဝိ သူတော်စင်ကြီးများကိုလည်း ရှုတ်ချသည်။ သူသည် ပတ်ဝန်းကျင် အခြေအနေကို လိုက်၍လည်း ပြောင်းလဲနေတတ်သည်။ အမှားအမှန်ကို ဂရုပြုလေ့ မရှိ။ သူသည် ဆင်းရဲ ဒုက္ခ ရောက်မည့် အရေးကို ရှောင်ကြဉ်ရေး တစ်ခုတည်းကိုသာ အရေးထားသည်။ ဘာကိုမျှ အသိပညာနှင့် အတွေးအခေါ်အားဖြင့် လေ့လာခြင်း မပြု။ အတိတ်ကို လည်းကောင်း၊ အနာဂတ်ကို လည်းကောင်း အရေး မထား၊ ဂရု မပြု၊ အရာရာနှင့် ကင်းကင်းရှင်းရှင်း ဖြစ်အောင် ဥပေက္ခာ ပြု၍သာ နေလေ့ ရှိသည်။

သူ့ကို တွန်းပို့သော နေရာသို့ သူ သွားသည်။ သူ့ကို ခေါ်ဆောင်သွားသော နေရာသို့ သူ လိုက်သည်။ သူသည် လေပွေ မုန်တိုင်း တစ်ခုနှင့်လည်း တူသည်။ လေမှာ လွင့်သွားသော ငှက်မွေး တစ်ချောင်းနှင့်လည်း တူသည်။ လည်နေသော စပါးကြိတ်စက်၏ ဆန်ကြိတ်ကျောက်နှင့်လည်း တူသည်။ သူသည် ချွတ်ယွင်းချက် ကင်းသော ပြည့်စုံသူ ဖြစ်သည်။ အလုပ် လုပ်ရာမှာ ဖြစ်စေ၊ နားနေရာမှာ ဖြစ်စေ သူ့မှာ အမှားအယွင်း ကင်းသည်။ ထို့ပြင် သူသည် သူ တစ်ပါးကိုလည်း ထိခိုက်အောင် ပြစ်မှားခြင်း မရှိပေ။

ဘယ်သို့ ဖြစ်နိုင်မည်နည်း။ အသိပညာ ကင်းသော သတ္တဝါသည် ကိုယ့်ကိုကိုယ် အခိုင်အမာ ပြောဆိုခြင်းမှ လည်းကောင်း၊ အသိပညာ၏ အနှောင်အဖွဲ့မှ လည်းကောင်း ကင်းရှင်းသည်။ လှုပ်ရှားရာမှာ ဖြစ်စေ၊ ငြိမ်သက်စွာ နေသော အခါမှာ ဖြစ်စေ သူတို့သည် သဘာဝ၏ မူဝါဒနှင့် ကင်းကွာခြင်း မရှိသောကြောင့် ဖြစ်သည်။

ထို့ကြောင့် သူက ဆိုသည်။

'တို့က အသိပညာ ကင်းတဲ့ သတ္တဝါတွေ ဖြစ်ချင် ဖြစ်ပါစေ၊ ဒါဆိုရင် လုံလောက်ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ မြေစိုင်ခဲကလေး တစ်ခုတောင်မှ တောက် လမ်းစဉ်နှင့် မကင်းပါဘူး'

ယန်ချူးနှင့် ရှင်တောက်တို့သည် အမှန်တရားကို လိုလားသူများ အတွက် သဘာဝ တရားက ပြဌာန်းပေးသော တောက်လမ်းစဉ်ကို ဖော်ထုတ်ရန် ကြိုးပမ်းနေကြစဉ် အခြားသော ပို၍ ဝေဖန် စိစစ်တတ်သော ဉာဏ်ပညာ ကြီးမားကြသူများကလည်း တောက်တဲ့ကျင်းနှင့် ချောင်ဇူး၏ အက်ဆေးများကို စုဆောင်းနေခဲ့ကြလေသည်။

တောက်တဲ့ကျင်း ဒဿနနှင့် ကိုယ်ကျင့်တရား အမြင်

တောက်တဲ့ကျင်း ကျမ်းသည် လူတစ်ဦး တစ်ယောက်တည်း၏ ဦးနှောက် ဉာဏ်မှ ထွက်ပေါ်လာသော အတွေးအခေါ် ကျမ်း တစ်စောင် မဟုတ်ကြောင်း ပေါ်လွင် ထင်ရှားပေသည်။ အထပ်ထပ် တည်းဖြတ်မှုနှင့် ကြားညှပ် အပို ထည့်သွင်းမှုများကြောင့် ထိုကျမ်းမှာ မူရင်း ပျောက်နေပြီ ဖြစ်

---

၁။ Chuang-tzu

၏။ သို့သော် ယခု တွေ့မြင်ရသော တောက်တဲ့ကျင်း ကျမ်း၏ အတွေးအခေါ် အများစုသည် ဘီစီ လေး ရာစုတွင် ပေါ်ပေါက်ကြောင်းကိုကား သံသယ ဖြစ်ဖွယ် မရှိပေ။

တောက်တဲ့ကျင်း ကျမ်းတွင် အရာခပ်သိမ်းတို့ကို သဘာဝ ဖြစ်ခွင့် ရှိသည့် အတိုင်း ဖြစ်ပေါ်စေပါက ထို အရာများသည် အံ့ဖွယ် ကောင်းလောက်အောင်ပင် အပြစ်မရှိ ညီညွတ်စွာ ဖြစ်ပေါ်လာမည် ဖြစ်သည် ဆိုသော သီဝရီကို ခြွင်းချက် မရှိ လက်ခံသည်။

ဤသို့ အလိုက်သင့် အဆင်ပြေစွာ ဖြစ်ပေါ်ရခြင်းမှာ သဘာဝ တရား၏ ထာဝရ ဖြစ်စဉ် တောက်ကို အဟန့်အတား မပြုသောကြောင့် တောက်သည် ပြေပြစ် ချောမောစွာ ဖြစ်ပေါ်လာရသည့် အတွက် ဖြစ်၏။

တောက် ဆိုသည်မှာ အဘယ်နည်း။ ထိုစကား၏ အဓိပ္ပာယ်ကို အဖြေဖွင့် ဖွင့်ဆိုရန် ခက်ခဲသည်။ တောက်တဲ့ကျင်း ကျမ်း၏ အစဦးဆုံး ဝါကျတွင် ဤသို့ တောက်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရန် မဖြစ်နိုင်ကြောင်းကို ဖော်ပြထားသည်။ စကားလုံးဖြင့် ဖော်ပြအပ်သော တောက် (Tao) သည် ထာဝရ တောက် မဖြစ်နိုင်ပေ။ အမည်ကို ထပ်ဆင့် မှည့်ခေါ်သော အမည်သည် အမည် အစစ်အမှန် (ဝါ) အကြွင်းမဲ့ အမည် မဖြစ်နိုင်တော့ပေ။ တောက်ကို စကြဝဠာ၏ သိခက် နက်နဲသော ဂမ္ဘီရ သဘောဖြင့် ရစ်ပတ်ထုပ်ပိုးထားသည်။ သို့ဖြစ်စေကာမူ တောက်သည် ဖြစ်တည်နေသော အရာခပ်သိမ်းထဲမှာ တည်ရှိနေသော လှုပ်ရှားမှု အစွမ်းသတ္တိ တဲ့ (Te) ဖြစ်ပေါ်ရာ တစ်ခုတည်းသော ရင်းမြစ် ဖြစ်သည်။

အင်အား အကြီးမားဆုံးသော လှုပ်ရှားမှု စွမ်းအားဖြစ်ပေါ်မှုသည် တောက် တစ်ခုတည်းထဲမှ စီးဆင်းလာခြင်းသာ ဖြစ်သည်။ တောက်၏ ပင်ကို သဘောမှာ မထင်ရှားပေ။ စမ်းသပ်၍လည်း မရ။ ဘယ်သို့ စမ်းသပ်၍ ရပါမည်နည်း။ အလွန် မထင်ရှားလှ၍ ဖြစ်၏။ သို့ပင်ဖြစ်သော်လည်း တောက်၏ အတွင်း သဘောတွင် ပုံပန်းသဏ္ဌာန်ကား ရှိသည်။ မည်မျှပင် မထင်ရှားပါစေ၊ မည်မျှပင် စမ်းသပ်၍ မရပါစေ၊ တောက် အတွင်းတွင် အထည်ဒြပ်လည်း ရှိသည်။ ဘယ်လောက်ပင် နက်နဲစေကာ၊ ဘယ်လောက်ပင် မသိသာ မထင်ရှားစေကာ တောက် အတွင်းမှာ ရှင်သန်မှုကို ဖြစ်စေသော အခြေခံ သဘောကြီးလည်း ရှိနေပေသည်။

တောက်ကို စူးစမ်းသော လေ့လာမှုသည် ကျွန်ုပ်တို့အား ဘဝ မစမီ၊ အရာဝတ္ထုများ မပေါ်ပေါက်မီ ကမ္ဘာဦး အလွန် ကာလသို့ ဆိုက်ရောက်သွားစေနိုင်သည်။ သို့သော် ထိုသို့ မေးသော မေးခွန်းကိုကား ကျွန်ုပ်တို့ မတားဆီးနိုင်ပါ။ ဖြစ်ခြင်း ကိစ္စတွင် တောက်သည် ဘယ်ကဲ့သို့ ပါဝင်ဆောင်ရွက်ပါသနည်း။ ဤမေးခွန်းသည် တောက်တဲ့ကျင်းကျမ်း၏ ဗဟို အချက်အချာ ကျသော မေးခွန်းပင် ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် လူသား၏ ဘဝ ဖြစ်တည်မှု၏ အဓိက ရည်မှန်းချက်သည် တောက်နှင့် အညီ အလိုက်အသင့် အဆင်ပြေအောင် နေ၍ ဘဝ၏ ပြည့်စုံမှုကို ရရှိအောင် ဆောင်ရွက်ရန် ဖြစ်သောကြောင့် ဖြစ်၏။

တောက် ဝါဒီများ အဖို့ ဤကိစ္စသည် ဘယ်လောက်အရေးကြီးသည့် ကိစ္စ ဖြစ်ကြောင်းကို သိမြင်နိုင်လောက်ပေပြီ။ အကြောင်းမူ ကောင်းကင် အမြင့်ဘုံနှင့် ဤမြေပြင်တို့သည် တောက်ကို သူ့ သဘော အတိုင်း ဖြစ်ပေါ်ရန် ခွင့်ပြုသော အခါ သင့်မြတ်ခြင်းသို့ အပြည့်အဝ ရောက်ရှိသလို၊ ရှေးခေတ်က ဧကရာဇ် မင်းများသည် တောက်နှင့် အညီ အလိုက်သင့် ကျင့်ကြံကြသော အခါ တိုင်းသူပြည်သား လူအများ၏ ကျန်းမာရေး၊ ကြီးပွား ချမ်းသာရေးကို ဆောင်နိုင်ကြသလို ထို့အတူ လူအပေါင်းတို့သည်လည်း တောက်နှင့် အညီ လိုက်လျောညီထွေ ကျင့်ကြံမှသာလျှင် လူ့ဘဝ၏ အမြင့်ဆုံး အမြတ်ဆုံးသော ချမ်းသာသုခကို ရရှိနိုင်ကြပေလိမ့်မည်။

လူသားမှာ အစွမ်း သတ္တိ ရှိသည်။ ထိုအစွမ်းသတ္တိကို အသုံးချပြီး လူသားသည် မိမိ၏ ဘဝလမ်းကို ရွေးချယ်၍ လူမှု အလေ့အကျင့်များကို ထူထောင်ကြရပေသည်။ ထိုသို့ ပြုလုပ်ကြရာတွင် လူသားသည် ထာဝရ ဖြစ်သော မဟာ တောက် လမ်းစဉ်ကြီး၏ အစီအစဉ် အတိုင်း ဆောင်ရွက်ကြခြင်း မဟုတ်ဘဲ မိမိ အစီအစဉ်နှင့် မိမိ ဘာသာ ကြိုက်သလို ဆောင်ရွက်ကြခြင်းသာ ဖြစ်၏။

သို့သော် ထိုသို့ ပြုလုပ်ကြရာတွင် လူသားများမှာ ဆန်းကြယ်သော ယဉ်ကျေးမှု ဘောင်ထဲတွင် အတိဒုက္ခ ရောက်ကြရပေသည်။ ထို ဆန်းပြားသော ယဉ်ကျေးမှု ဆိုသည်မှာလည်း အမှန်စင်စစ် သူ လုပ်သော ယဉ်ကျေးမှုပင် ဖြစ်၏။ လူသားသည် ထာဝရ ဖြစ်သော တောက် လမ်းစဉ်ကြီးကို သွေဖည်၍ ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ခဲ့ကြခြင်းသည် ရေကို အဆန် ကူးခတ်သည်နှင့် တူလှပေသည်။ သဘာဝ တရားက သူ့ကို အဆန် စီးပြခြင်းဖြင့် တိုက်ခိုက်နေပေတော့သည်။

လူသား အနေနှင့် သဘာဝ တရားကို သူ အနိုင် ရလိမ့်မည်ဟု ထင်ကောင်း ထင်ပေလိမ့်မည်။ သို့သော် လူသားသည် ဘယ်တော့မှ သဘာဝကို အနိုင် ရလိမ့်မည်

မဟုတ်ပေ။ လူသားမှာ သူ ကြိုက်သလို တွေးခေါ် ခံစား ပြုလုပ်နိုင်သော အစွမ်းသတ္တိ ရှိသည်ကား မှန်ပါသည်။ ထိုသို့ တွေးခေါ် ခံစား ပြုလုပ်ခြင်းကိုလည်း တောက် လမ်းစဉ်ကြီးက ခွင့်ပြုထားပါ၏။ သို့သော် သဘာဝက ခွင့်ပြုသည် ဆိုသည်မှာလည်း သဘာဝ ပပျောက်သွားလောက်အောင် ပြုလုပ်ခြင်းကို ခွင့်ပြုခြင်း မဟုတ်ပေ။

သဘာဝ တရားသည် ကရုဏာ အားကြီးသည် မဟုတ်၊ ရက်စက်သော ဥပေက္ခာဖြင့် သဘာဝ တရားသည် အရာခပ်သိမ်းတို့အား မိမိ ကိစ္စကို မိမိ ဆောင်ရွက်ကြရန် ပြုလုပ်တတ်ပေသည်။ တောက်နှင့် ဆန့်ကျင်သော အရာတိုင်းသည် မကြာမီပင် ပျက်စီး ဆုံးရှုံးကြရပေသည်။

ကိုယ့်ကိုယ်ကိုယ် ဟုတ်သည် မှန်သည်ဟု ယူဆသော သူသည် မတောက်ပနိုင်၊ ကိုယ့်ကိုယ်ကိုယ် ပင့်မြှောက်သော သူသည် အမြင့်သို့ မဆိုက်ရောက်နိုင်။ တောက်နှင့်အညီ ဆင်ခြင် စဉ်းစားမည် ဆိုပါက ထိုသူသည် စားကြွင်းစားကျန်နှင့် တူ၏၊ သို့မဟုတ် ကိုယ်တွင်း၌ ပေါက်သော ယဉ်းနာ ယောင်နာနှင့် တူသည်။ လူခပ်သိမ်းတို့၏ စက်ဆုပ်ဖွယ်ရာ ကောင်းသော အရာ တစ်ခု အဖြစ်သို့သာ ဆိုက်ရောက်ရပေသည်။

တောက်သည် အသံ ဆူညံသော ဖြစ်စဉ် တစ်ခု မဟုတ်ချေ။ တောက်သည် အလွန် တိတ်ဆိတ် ငြိမ်သက်သည်။ တိတ်ဆိတ် ငြိမ်သက်လွန်းသောကြောင့် တောက်ဖြစ်တည်နေခြင်းကို စူးစမ်း ထောက်လှမ်းရန်ပင် မဖြစ်နိုင်ပေ။ ထိုးထွင်း သိမြင်တတ်သော တန်ဖိုးပွတ္တိဉာဏ် ရှိမှသာ တောက်၏ သဘောကို သိမြင်နိုင်သည်။

> သုခ အမြင့်ဘုံ၏ လမ်းသည် ခုခံ ငြင်းဆန်ရသော လမ်း မဟုတ်၊ အောင်မြင်အောင် ဆောင်ရွက်ရသော လမ်း ဖြစ်သည်။ ၎င်း၏ အလိုဆန္ဒကို ကြေညာရန် မဟုတ် ၎င်း၏ တုံ့ပြန်မှုကို ရအောင် ဆောင်ရွက်ရန်သာ ဖြစ်သည်။
>
> အမိန့်ဖြင့် ဆင့်ခေါ်ရန် မဟုတ်၊ အရာရာမှာ သူ့ဘာသာ အလိုအလျောက် ဖြစ်လာသည်ကို လက်ခံရန်သာ ဖြစ်သည်။ တောက်သည် အရာရာကို ပြုလုပ်ဖန်တီးပေးသည်။
>
> တောက်သည် အရာရာကို ပိုင်ဆိုင်ခြင်း ကင်းစွာ ပြုလုပ်ပေးခဲ့သည်။
>
> တောက်သည် သူတစ်ပါး အပေါ် မှီခိုခြင်း မရှိဘဲ ပြုမူ ဆောင်ရွက်သည်။ ထို့ပြင် သူတစ်ပါး အပေါ် စိုးမိုးခြင်း မပြုဘဲနှင့်လည်း ချီးမြှောက်သည်။

ထို့ကြောင့် သုခ အမြင့်ဘုံနှင့် ဤ မြေကမ္ဘာသည် လူသားများလည်း အပါအဝင်ဖြင့် အကယ်၍ တတ်နိုင်ကြပါက တောက်နှင့်အညီ လက်လျှော့၍ ကျင့်ကြံခြင်းဖြင့် လုံခြုံ စိတ်ချမှုကို ရရှိ ခံစားနိုင်ပေသည်။ လက်ရှိ ဘဝ၏ ပြည့်စုံခြင်း အတွေ့အကြုံကို ခံစားရနိုင်သည်။

တောက်သည် အစဉ်သဖြင့် လှုပ်ရှားခြင်း ကင်းသည်။

သို့ပါလျက်လည်း တောက် မလုပ်သော အရာ ဟူ၍ ဘာမျှ မရှိပေ။ တောက်၏ လမ်းစဉ်ကို မလိုက်နာကြသော လူတို့သည် တဒင်္ဂ အောင်မြင်မှုကိုကား ရကောင်း ရနိုင်ကြပေမည်။ သို့သော် သူတို့သည် သတိ ရှိအပ်သည်။ အဘယ်ကြောင့် ဆိုသော် အရာဝတ္ထုတိုင်းမှာ မရှောင်လွှဲသာသော နိယာမ တစ်ခု ရှိသည်။ ၎င်းမှာ ရွေ့လျားမှု တစ်ခုသည် တိုးတက်မှု အစွန်း တစ်ဖက် အဆုံးသို့ ရောက်သော အခါ ၎င်းသည် နောက်ကြောင်းပြန် ပြောင်းပြန် ဖြစ်လာတတ်သည်။ မကျဆုံးမီက မာန်မာန ထောင်လွှားနိုင်သည်။ အောင်မြင်မှုသည်လည်း ကြီးစွာသော အတိဒုက္ခသို့ ရောက်အောင် ပြောင်းပြန် ဖြစ်ပေါ်လာတတ်သည်။ အဆုံးသို့ ရောက်သော ကိစ္စတိုင်းသည် အစသို့ ပြန်ကြရသည် ချည်းပင်။

> အရာခပ်သိမ်းတို့သည် ဖြစ်ပေါ်လာကြကုန်၏။
>
> ထို့နောက် ၎င်းတို့သည် မူလသို့ ပြန်သွားကြသည်ကို မြင်ကြရ၏။ ကြီးထွား သန်စွမ်းခဲ့ကြသော အရာများကို ကြည့်ကြပါကုန်။ ၎င်းတို့လည်း တစ်ခုစီ မူလသို့ ပြန်ကြရသည်သာ ဖြစ်၏။
>
> မူလသို့ ပြန်ရခြင်းသည် တောက်၏ စွမ်းအားပင် ဖြစ်၏။ လေးညို့ကို အဆုံး ရောက်အောင် ဆွဲပါ။
>
> ထိုအခါ တစ်ချိန်တွင် သင့်စိတ်ထဲမှာ ရပ်နားချင်လာမည်။
>
> ဓားသွားကို အလွန် ထက်အောင် သွေးပါ။ ထို့နောက် ထိုဓားသွား တုံးသွားသည်ကို သင် တွေ့လိမ့်မည်။
>
> သင့် အိမ်နံရံမှာ လောဟာနှင့် ကျောက်စိမ်းများကို စီခြယ်သပြီးသော အခါ ထိုအရာများကို စောင့်ရှောက် ထိန်းသိမ်းထားခြင်း၌ မတတ်သာတော့ပေ။ စည်းစိမ် ဉစ္စာနှင့် နေရာ ဌာနသည် မောက်မာ စော်ကားခြင်းကို ဖြစ်စေသည်။
>
> ၎င်းသည် ပျက်စီးခြင်းကို နောက်ဆက်တွဲ ယူဆောင်လာတတ်သည်။

သင့် အလုပ် ကိစ္စ ပြီးဆုံးသော အခါ ဆုတ်ခွာ၍ ထွက်သွားပါတော့။

တောက်၏ လမ်းစဉ်အတိုင်း လိုက်နာ ကျင့်ကြံသော သူမှာပင် ဘဝ၏ အတက်အကျ သဘောသည် ရှိတတ်ပါသည်။

ထို့ကြောင့် တစ်လောကလုံးရှိ အရာခပ်သိမ်းတို့၌ ပြောင်းပြန် ဖြစ်တတ်သော သဘောသည် အမြဲအစဉ် ရှိ၏။ သဘာဝ ဖြစ်စဉ်တိုင်းသည် သဘောချင်း အတူတူ ဖြစ်တတ်ကြောင်း ထင်ရှား၏။ အရာခပ်သိမ်းတို့သည် ၎င်းတို့၏ မူလ သဘာဝသို့ ပြန်ကြရ၏။ အဆုံးတွင် ၎င်းတို့ အားလုံးသည် တစ်သဘောတည်းသို့ သက်ဝင် သွားကြရသည်သာ ဖြစ်၏။

တောက်သည် ကောင်းကင် အောက်တွင် တည်ရှိသော အရာတိုင်း၌ ပါဝင် လုပ်ဆောင်လျက် ရှိ၏။ ထို တောက်သည် တစ်သဘောတည်းပင် ဖြစ်၏။ မထင်ရှားသော်လည်း မူလ အစကို ဖော်ဆောင်တတ်သော သဘော ရှိ၏။ ဖုံးကွယ်ထားသော်လည်း အရာခပ်သိမ်းကို ရစ်ပတ်ထား၏။

အဘယ်ကြောင့် ဆိုသော် မျက်စိလည်း ငေးကြည့်နေပါလျက် တောက်ကို တစ်ချက်ကလေးမျှ မမြင်နိုင်ပါ။

အဘယ်ကြောင့် ဆိုသော် နားလည်း နားထောင်နေပါလျက် တောက်ကို တစ်ချက်ကလေးမျှ မကြားရပါ။

၎င်းကို သိမ်မွေ့သော အရာဟု ခေါ်ရသည်။

အဘယ်ကြောင့် ဆိုသော် လက်ကလည်း ၎င်းကို စမ်းပါလျက် တစ်ချက်ကလေးမျှ စမ်း၍ မတွေ့ရပါ။

၎င်းကို အလွန့် အလွန် သိမ်ငယ်သော အရာဟု ခေါ်ပါသည်။

ဤသုံးခုကား စေ့စပ် သေချာစွာ ကြည့်၍ မရနိုင်သော အရာများ ဖြစ်ခြင်းကြောင့် ၎င်းတို့ကို တစ်သဘောတည်း အဖြစ် ရောနှော ပေါင်းစပ် ယူရသည်။

တောက်သည် တစ်ကို မွေးဖွားသည်။ တစ်သည် နှစ်ကို မွေးဖွားသည်။ နှစ်သည် သုံးကို ဖွားမြင်သည်။ သုံးခု ပေါင်းသည် အရာခပ်သိမ်းကို ဖွားသန့်စင်စေပါသည်။

ထို့ကြောင့် ပညာရှိ သုခမိန်သည် တစ်ခုတည်းကိုသာ ပွေ့ပိုက်သည်။ ပညာရှိ သုခမိန် သူတော်စင်သည် သူ့ကိုယ်သူ အားလုံးသော အရာတို့နှင့် အတူ တစ်ခုတည်းတွင် ပါဝင်သူ တစ်ဦးသာ ဖြစ်သည်ဟု သိမြင် နားလည်သည်။ သူနှင့် တကွ သဘာဝထဲတွင် သီးခြား ဖြစ်တည်နေကြသော အရာခပ်သိမ်းတို့သည် လည်းကောင်း၊ အာကာသနှင့် ကာလ ဘောင် အတွင်း၌ ဖြစ်ပျက်ကြကုန်သော အပေါ်ယံကို အာရုံဖြင့် သိရသော အဖြစ်အပျက်တို့သည် လည်းကောင်း အတွင်း သဘောအားဖြင့်မူကား ကွဲပြား ခြားနားကြသည် မဟုတ်။ ဖြစ်ခြင်း ပျက်ခြင်း သဘော၌မူကား ထို အဖြစ်အပျက်များ အားလုံး အရာဝတ္ထုများ အားလုံးသည် အတူတူပင် ဖြစ်ကြကုန်သည်။ အားလုံး ဖြစ်ပျက်ချည်းသာ ဖြစ်၏။ ဤသို့ ဖြစ်ပျက်ခြင်းသည် သဘာဝ တရား၏ ဖြစ်ပုံ ဖြစ်နည်း ဖြစ်၏။

ဤကား အရာခပ်သိမ်းတို့၏ ကံကြမ္မာ သဘောပင် ဖြစ်သည်ဟုလည်း ဆိုအပ်၏။

ထို့ကြောင့် သူတော်စင် ပညာရှိတို့သည် သူ့ကိုယ်သူ သဘာဝ အတိုင်း (တောက် အတိုင်း) ဖြစ်အောင် နေတတ်ကြ၏။ မိမိကိုယ်ကိုလည်း ကျူးကျူးလွန်လွန် ဖြစ်အောင် အားမထုတ်။ တသီးတခြား ဖြစ်အောင်လည်း ကြိုးစားခြင်း မရှိကြပေ။

ရှေးက လူကြီးသူမတို့ ဆိုတတ်ကြသည်ကား 'နှိမ့်ချပါ၊ သို့ဖြင့် သင်သည် အကြွင်းမဲ့ အဖြစ် တည်လာလိမ့်မည်'

ဤစကားသည် အနှစ် မရှိသော ဟာလာဟင်းလင်း စကားဟု ဆိုအပ်သလား။

သဘာဝ တရားသည် ရေးကြီးခွင့်ကျယ် လုပ်ရန် မလိုပါ။

နေ့တစ်ဝက်လောက် နံနက်ခင်းမှာ လေတိုက်လိုက်ရုံဖြင့် နေ့တစ်ဝက်လောက် မိုးရွာနိုင်ပါသည်။

ဤလေနှင့် ဤမိုးတို့သည် သဘာဝ ဖြစ်ရပ်တွေပါပဲ။ အကယ်၍ သဘာဝသော်မှ ရေးကြီးခွင့်ကျယ် လုပ်နေစရာ မလိုလျှင် လူကကော အဘယ်ကြောင့် လုပ်အပ်သနည်း။

အရာရာကို သဘာဝ အတိုင်း ဖြစ်ခွင့် ပေးလိုက်ပါ။ ဝင်မရှုပ်ပါနှင့်။ ဤဖော်ပြချက်များထဲတွင် ဘာသာရေး အကြောင်း မပါဟု ငြင်းဆိုကြပေလိမ့်မည်။ စေဒက တက်နိုင်သည်ကား တောက်သည် ပုဂ္ဂိုလ် သဘောကို မဆောင်ချေ။ ထို့ပြင် ပုဂ္ဂိုလ်တို့သည် တချို့သော နယ်ပယ်တွင် တောက်၏ ဖော်ပြချက်များ ဖြစ်စေကာမူ တောက်မှာ ပုံပန်းသဏ္ဌာန် မရှိ။ ဗလာ သက်သက်သာ ဖြစ်၏။ ထို့ကြောင့် အကြင်သူသည် တောက် ကမ္ဘာ့ဗိမာန်းကိုသာ ဖွား

များရာသည်။ လုပ်ရိုးလုပ်စဉ် သဘောအားဖြင့် တောက်ကို ရှိခိုး ကိုးကွယ်ရန် မလိုပေ။ တောက်ကို သိလည်း မသိနိုင်၊ တောက်သည် လူပုဂ္ဂိုလ်တို့အား သနား ကရုဏာဖြင့်လည်း တုံ့ပြန်မည် မဟုတ်။ ဤကား စကြဝဠာ၏ ကမ္ဘာဖြစ်စဉ်သာ ဖြစ်၍ ထိုက်သတ္တိဖြင့် မရှိခြင်းမှ ရှိလာခြင်း ဖြစ်၏။

ဤ သဘောအားဖြင့် တောက် ဝါဒကို ဘာသာရေး အဖြစ် နားလည်နိုင်ပေသည်။ ဤ ဘာသာကား တစ်ဖက်သတ် ထိုးထွင်း သိမြင်မှု ဝိဇ္ဇာဉာဏ် သဘော အပေါ်၌ တည်ထားသော ဘာသာ ယုံကြည် ကိုးကွယ်မှု ဖြစ်သည်မှာ ယုံမှားဖွယ် မရှိပေ။ တောက် ဝါဒသည် ဒဿန အမြင် သက်သက် မဟုတ်ပေ။ တောက်သည် ကံကြမ္မာကို အဆုံးအဖြတ် ပေးသည်။ ဤကား ဘဝကို အုပ်စိုးနေသော စွမ်းအားစု ဖြစ်သည် ဟူ၍လည်း ဆိုနိုင်သည်။

ထို့နောက် တောက် သဘောနှင့် အညီ ကျင့်ကြံ နေထိုင်ခြင်းမှာလည်း ဂမ္ဘီရ ဘာသာတရား၏ မျိုးတူစု တစ်ခုပင် ဖြစ်သည်ဟု ဆိုသင့်သည်။

တောက်ကို လေ့လာရာ၌ ဒဿန အမြင်ဖြင့် အစပျိုးရသည်။ ပရမတ္ထ သစ္စာတရား ဟူသည် အဘယ်နည်း။ ထို့နောက် အဆုံးတွင် ဘာသာ ယုံကြည် ကိုးကွယ်မှု သဘောသို့ သက်ရောက်သွားသည်။ ကျွန်ုပ်အနေနှင့် ဤ ပရမတ္ထ သစ္စာတရားကြီးနှင့် အပြည့်အဝ ကိုက်ညီအောင် ဘယ်သို့ ပြုမူ ကျင့်ကြံအပ်သနည်း ဆိုသော ကိစ္စသို့ ဆိုက်ရောက်သွားသည်။

ယခု တောက်တဲ့ကျင်း ကျမ်းမှာ လာသော ကိုယ်ကျင့် တရား အမြင်များကို လေ့လာကြဦးစို့။ ဆိုခဲ့ပြီးသော သဘောတရား အမြင်များသည် ကိုယ်ကျင့်တရား သဘောကို ပေါ်လွင်အောင် အကြံ ပြုလျက် ရှိ၏။

အဓိက စဉ်းစားရမည့် အချက်ကို ဝါကျ နှစ်ကြောင်းတည်းဖြင့် ဖော်ပြနိုင်ပေသည်။ ဝါကျ တစ်ခုမှာ အပြုသဘောကို ဆောင်သည်။ အခြား ဝါကျ တစ်ခုမှာ အဖျက်သဘော၊ ငြင်းပယ်ခြင်း သဘောကို ဆောင်သည်။ အပြောင့်သဘောဖြင့် ဖော်ပြရလျှင် လူ တစ်ဦးသည် တောက်၏ သဘာဝ အတိုင်း သူ့ ကိုယ်တွင်း အစ္စတ္တ သန္တာန်မှာ ဖြစ်ပေါ်လာအောင် ကျင့်ကြံရမည်။ ထို့ပြင် တောက်၏ ငြိမ်သက်ခြင်း အစွမ်းသတ္တိ၏ လက္ခဏာကို ဖော်ဆောင်ရမည်။ ပိုင်ဆိုင်ခြင်း ကင်းသော ထုတ်လုပ်ခြင်းကို ပြုလုပ်ရမည်။ သက္ကာယဒိဋ္ဌိ ကင်းသော လုပ်ဆောင်မှု (ကံ ကိစ္စ) ကို ဆောင်ရွက်ရမည်။ အုပ်စိုးခြင်း ကင်းသော တိုးတက် ဖွံ့ဖြိုးမှုကို ဖြစ်စေရမည်။ ငြင်းပယ်သော သဘောမှာ ဤသို့ ဖြစ်၏။ သဘာဝ ပြေပြစ် ချောမောစွာ ဖြစ်ပေါ်နေသော သဘောကို ရှုပ်ထွေးသွားအောင် ဝင်မရှုပ်ပါနှင့် ဟူ၍ ဖြစ်၏။

တောက်တဲ့ကျင်း ကျမ်းတွင် ဖော်ပြထားသည်မှာ ဝူဝိ [၁] ကို ကျင့်သုံးခြင်းသည် အလိမ္မာဉာဏ် ပြည့်စုံခြင်း ဖြစ်သည်။ ဤနည်းသည် ဘာမျှ မလုပ်ရဘဲနှင့် ကိစ္စ အားလုံးကို ပြီးစီးစေနိုင်သည် ဟူ၏။ (ဂူဝိ သဘောမှာ ငြိမ်သက်ခြင်း၊ ထိပါးအောင် မလုပ်ခြင်း၊ ဝင်မရှုပ်ခြင်း သဘော ဖြစ်၏။)

ထို့ကြောင့် ပညာရှိ သူတော်စင်တို့သည် မိမိတို့၏ လုပ်ငန်းများကို ကံ မပါဘဲ ဆောင်ရွက်လျက် ရှိကြ၏။ ထို့ပြင် သူ၏ သင်ကြားချက်များကိုလည်း စကားလုံး မပါဘဲ ပြောကြားကြလေသည်။ ပညာရှိ သူတော်စင်သည် အနှား ယူခြင်းကို ပြု၏။ အိမ်မှာ နေခြင်းကို မဆိုလိုပေ။ သူသည် ကိုယ့်ကိုယ်ကိုယ် ဤသို့ ပြောတတ်၏။

အိမ် အပြင်ကို မသွားဘဲနှင့်
အကြင်သူသည် တစ်လောကလုံးကို သိ၏။
အိမ်ပြတင်းမှ ချောင်းမကြည့်ဘဲနှင့်
အကြင်သူသည် အမြင့် သုခဘုံ၏ တောက်ကို သိနိုင်၏။
ခရီးရှည် ဆက်၍ သွားလေလေ
အကြင်သူသည် မသိလေလေ ဖြစ်၏။
ထို့ကြောင့် ပညာရှိ သူတော်စင်သည် အရာရာကို ခရီး မသွားဘဲနှင့် သိ၏။
သူသည် အရာရာကို ကြည့်ရှုခြင်း မပြုဘဲ အမည်ကို ပြောနိုင်၏။
သူသည် အရာရာကို ပြုလုပ်ခြင်း မရှိဘဲနှင့် ပြီးစီးစေနိုင်၏။

ထိုကဲ့သို့သော သူသည် မိုက်မဲသူ သို့မဟုတ် ဤလောက အပြင်ဘက်က လူဟု ထင်ရဖွယ် ရှိ၏။ အခြားလူများမှာ နိုးကြားကြလျက် သိနေကြသူများ ဖြစ်၏။ သူတစ်ယောက်တည်းသာလျှင် ဉာဏ်နည်းသူ၊ စိတ် ရှုပ်ထွေးသူ၊ အသိပညာဉာဏ် မရှိသော မပြီးတတ်သေးသော ကလေးငယ်နှင့် တူသူ ဖြစ်သည်ဟု ထင်ရဖွယ် ရှိ၏။

ဤကား ငြင်းပယ်ခြင်း သဘောကို ဆောင်သည်။ သို့သော် ထိုသို့ကား မဟုတ်ဟု တောက်တဲ့ကျင်း ကျမ်း

---

၁။ Wu-Wei

အမြင့်ဆုံးသော ကောင်းမြတ်ခြင်းကား ရေနှင့်ပမာ တူ၏။ ရေသည် အခြားအရာများ အထင်အမြင်သေးသော၊ ချိုင့်ခွက်သော နေရာ၌ နေသည်။ ထို့ကြောင့် ရေသည် တောက်နှင့် နီးစပ်လှသည်။

ဤ သဘော အယူအဆကို ထူထောင်ရာ၌ တောက်တဲ့ကျင်းသည် တောက်ဝါဒီ ပညာရှိ သူတော်စင်များ၌ တောက် လမ်းစဉ်နှင့် အညီ ဖြစ်သော ဝိဇ္ဇာမယ သိဒ္ဓိ စွမ်းအင်များ ပိုင်ဆိုင်ကြောင်းကိုပါ ဖော်ပြထားလေသည်။ ထို ဝိဇ္ဇာမယ သတ္တိကား အတိုက် သဘောထက် အခံ သဘောက ပိုကဲကြောင်း၊ သေခြင်း၏ တိုက်ခိုက်ခြင်းကိုပင် ခံနိုင်စွမ်း ရှိပြီးသော သဘော ရှိကြောင်း အထိ ပြဆိုထားလေသည်။ ထိုသူတော်စင်များသည် တောရိုင်း သတ္တဝါများနှင့် လူဆိုး လူကြမ်းများ၏ တိုက်ခိုက်ခြင်းကိုလည်း ခံနိုင်စွမ်း ရှိကြသည်။

ဤ သဘောတရား အရ ဆိုလျှင် လူတစ်ဦးသည် တောက်ကို ပိုင်ဆိုင်ပြီ ဆိုလျှင် သူသည် အသက် ရှည်စွာ နေရ၏။ အသက် ရှင်၍ နေစဉ် မအို မနာတော့ပေ။ အိုခြင်း နာခြင်းမှ ကင်းလေပြီ။

တစ်ခုသော စာပိုဒ်တွင် ဤ အကြောင်းအရာများကို ဖော်ပြရာ၌ နိမ့်ချစွာ 'ဓံမေသုတ်' 'ကျွန်ုပ် ဤသို့ ကြားဖူးပါသည်' ဆိုသော စကားကို သုံး၍ ဖော်ပြထားသည်ကို တွေ့ရသည်။ သို့သော် နောက်ပိုင်းတွင် ဤအချက်သည် လွန်စွာ အကျိုး ထိရောက်မှု ရှိကြောင်း တွေ့ရသည်။

> အကျွန်ုပ် ဤသို့ ကြားဖူးပါသည်။ အကြင်သူသည် ဘဝ၏ လျှို့ဝှက်သော သဘောကို ပိုင်ဆိုင်သော အခါ တိုင်းတစ်ပါးသို့ ခရီး သွားသော အခါ၌လည်း ကြံ့ကို တွေ့ကြုံရသော် လည်းကောင်း၊ ကျားကို တွေ့ကြုံရသော် လည်းကောင်း ထိုသူသည် ထွက်ပြေးခြင်း မပြုတော့ပေ။ သူအား ရန်သတ္တရု ပြုလိုသော လူများ ရှိရာ အရပ်သို့ ဝင်သွားသော အခါ၌လည်း သူသည် မိမိနှင့် အတူ ဓားကိုသော် လည်းကောင်း၊ ဒိုင်းရှည်ကိုသော် လည်းကောင်း ဆောင်ယူသွားခြင်း မပြုတော့ပေ။ ကြံ့ကလည်း ထိုပုဂ္ဂိုလ်၌ ဦးချိုဖြင့် ထိုးသတ်ရန် နေရာကို ရှာမတွေ့တော့ပါ။ ကျားကလည်း ထိုပုဂ္ဂိုလ်၌ သူ့ လက်သည်းရှည်ဖြင့် ကုတ်သတ်ရန် နေရာကို ရှာမတွေ့တော့ပါ။ စစ်သားများကလည်း ထိုပုဂ္ဂိုလ်၌ သူ့ဓားဖြင့် ခုတ်သတ်ရန် နေရာကို ရှာမတွေ့တော့ပါ။ အဘယ်ကြောင့် ဤသို့ ဖြစ်ရပါသနည်း။ အကြောင်းမူကား ထိုပုဂ္ဂိုလ်၌ သေ

တွင် ဆိုသည်။ ငြိမ်သက်ခြင်း၊ ဝိဝေက သဘော ဂုဝိတွင် အပြု သဘောကို ဆောင်သော အစွမ်းသတ္တိများ ပါရှိသည်။ လူ့ ဘဝတွင် ထိုသဘော၏ ကောင်းကျိုး သက်ရောက်မှုများမှာ ကြင်နာခြင်း၊ ရိုးသား ဖြောင့်မတ်ခြင်းနှင့် နိမ့်ချခြင်းတို့ ဖြစ်သည်။

လူတစ်ဦးသည် အခြားသူများအား ဝင်ရောက် စွက်ဖက် နှောင့်ယှက်ခြင်း မပြုလျှင် လူအချင်းချင်း ဆက်ဆံရေးသည် တောက်က အဆင်ပြေအောင် ဆောင်ရွက် ပေးသကဲ့သို့ သဘာဝ အလျောက် လွယ်ကူစွာ အလျောက်ဘာဝ ဖြစ်ပေါ်လာကာ စစ်မှန်သော မေတ္တာ ဓာတ်လည်း ပေါက်ဖွားလာပေတော့သည်။ စစ်မှန်သော ကရုဏာ၊ ရိုးသား ဖြောင့်မတ်မှုနှင့် ဘဝနှင့် လူတို့၏ ဆက်ဆံရေးတွင် ရောင့်ရဲ ကျေနပ်မှုများပါ အလိုအလျောက် ဖြစ်ပေါ်လာပေမည်။

မိမိကိုယ်ကို ဒေါသမှ ချုပ်တည်းခြင်း၊ လိုဘ ကြီးခြင်းနှင့် ဝင်ရောက် စွက်ဖက်ခြင်းမှ ချုပ်တည်းခြင်းတို့သည် အကျိုး ရလဒ်တွင် အပျက် သဘောကို ဘယ်တော့မှ ဆောင်ခြင်း မရှိ။

၎င်းထဲတွင် ပါဝင်သော အစွမ်းသတ္တိသည် ကောင်းဖို့ အတွက်သာ ဖြစ်သော အစွမ်း သတ္တိ ဖြစ်ပေသည်။

> ငါ့အပေါ် ကောင်းသော သူများ အပေါ်မှာ ငါက ကောင်းမည် ဖြစ်၏။ ငါ့အပေါ် မကောင်းသော သူများ အပေါ်မှာလည်း ငါက ကောင်းပါမည်။ ဤသို့ အားဖြင့် အားလုံး ကောင်းစေမည် ဖြစ်၏။ ငါ့အား ရိုးသား ဖြောင့်မတ်သူများကို ငါက ရိုးသား ဖြောင့်မတ်ပါမည်။ ငါ့အား ရိုးသား ဖြောင့်မတ်ခြင်း မရှိသူများကိုလည်း ငါက ရိုးသား ဖြောင့်မတ်ပါအံ့။ သို့ဖြင့် အားလုံး ရိုးသား ဖြောင့်မတ်စေပါမည်။

အထပ်ထပ် ပြုအပ်သည်ကား သဘာဝ ကရုဏာ၌ သက်ဝင် ယုံကြည်ခြင်း ဖြစ်၏။ ထိုသို့ သက်ဝင်ခြင်းအားဖြင့် အားကြီးသူတို့သည်လည်း အန္တရာယ်မရှိ၊ ဤသို့ ကျင့်ခြင်းအားဖြင့် အားနည်း ချည့်နဲ့သူတို့သည်လည်း မခုခံနိုင်သူများ ဖြစ်လာပေမည်။

ဤ ကမ္ဘာလောက၌ ရေထက် ပို၍ နူးညံ့ ပျော့ပျောင်းသော အရာ ဟူ၍ မရှိပေ။ သို့သော် မာကျောခက်ထန် အားသန်သော အရာများကို တိုက်ခိုက်သော အခါ၌မူ ရေထက် အားသန်သော အရာသည် မရှိပြီ။ ပျော့ပျောင်းသော အရာသည် မာကျောသော အရာကို အောင်နိုင်နိုင်သည်။ အားနည်းသူသည်လည်း အားကြီးသူကို အောင်နိုင်နိုင်၏။

ခြင်း တရား ဝင်ရောက်နိုင်သော နေရာ မရှိတော့သော ကြောင့် ဖြစ်၏။

အခြား တစ်နေရာ၌ ဤသို့ ဆိုထားသေးသည်။

အကြင်သူသည် ကောင်းမြတ်သော ကုသိုလ်တရားတို့ဖြင့် ထုံမွမ်း ပြည့်စုံသော အခါ သူသည် နို့ရှိ အရွယ် ကလေးငယ်နှင့် တူသည်ဟု နှိုင်းယှဉ် အပ်ပါသည်။

ထိုသူအား အဆိပ် ရှိသော ပိုးကောင်တို့လည်း မကိုက်ကြပြီ။ ရက်စက် ကြမ်းကြုတ်သော တောရိုင်းသတ္တဝါတို့လည်း မကိုက်ကြပြီ။ အသား စားသော ငှက်များလည်း မထိုးသုတ်ကြပြီ။

တောက်သို့ ရောက်ပြီးသော သူသည်
ထာဝစဉ် အသက် ရှင်သန်နိုင်ပြီ။

သူ၏ ခန္ဓာကိုယ်သည် အိမ်မင်း ရင့်ရော်ခြင်းသို့ ရောက်ကောင်း ရောက်မည် ဖြစ်သော်လည်း သူသည်ကား ဘယ်တော့မှ မသေနိုင်တော့ပေ။

ယခု ကျွန်ုပ်တို့ အနေနှင့် နှောင်းခေတ် တောက်ဝါဒီများ ဤယုံကြည်ချက်ကို လိုက်စားကြပုံကို လေ့လာကြပါဦးစို့။

လောလောဆယ်၌မူ တောက်တဲ့ကျင်း ကျမ်းထဲမှာ ပါသော အစိုးရနှင့် စပ်ဆိုင်သော ထင်ရှားသော သဘောတရား အကြောင်းကို ဆိုပါဦးအံ့။

တောက်တဲ့ကျင်း ကျမ်းထဲမှာ ပါသော ဘဝ ဒဿန သဘောတရားနှင့် ကိုက်ညီသော နိုင်ငံရေး မူဝါဒသည် လွတ်လပ်စွာ ကုန်စည် ကူးသန်း ရောင်းဝယ်ရေး စနစ်သာ ဖြစ်ကြောင်း အလွယ်တကူ သိနိုင်ပါသည်။ တိုင်းသူ ပြည်သားတို့၏ လုပ်ကိုင် စားသောက်သော ဘဝထဲသို့ အစိုးရက ဝင်ရောက် စွက်ဖက်ခြင်း မပြုခြင်းသည်သာ တစ်ခုတည်းသော ငြိမ်းချမ်းရေးနှင့် လွတ်လပ်ရေး အတွက် စိတ်ချရသော လမ်းစဉ် ဖြစ်ပေသည်။

တောက်သည် ထာဝရ လှုပ်ရှားခြင်း ကင်းသော အရာ ဖြစ်၏။ သို့ဖြစ်သော်လည်း တောက် မလုပ်ဘဲ ကျန်နေသော အရာ ဟူ၍ ဘာမျှ မရှိချေ။ အကယ်၍ ဤသဘောတရားကို မင်းနှင့် မင်းညီမင်းသားတို့သည် လက်ခံ ကျင့်သုံးကြပါမူကား အရာခပ်သိမ်းတို့သည် မိမိတို့ဘာသာ မိမိတို့၏ ပြုပြင် ပြောင်းလဲရေး ကိစ္စကို ဆောင်ရွက်ကြပေလိမ့်မည်။

ဤသို့အားဖြင့် ငါ ချမှတ်သော သဘောကို ငါ သိ၏။ တိုင်းနိုင်ငံထဲတွင် ချုပ်ချယ် ကန့်သတ်မှုများ၊ ပိတ်ပင်တားဆီးမှုများကို များများ ပြုလုပ်ပါက ပြည်သူလူထုသည် ဆင်းရဲသည်ထက် ဆင်းရဲ လာကြပါလိမ့်မည်။ တိုင်းသူ ပြည်သားတို့သည် နေရာတကာ ပါလွန်းသော အစိုးရ၏ လက်အောက်ခံများ ဖြစ်ကြပါက တိုင်းပြည်တွင် ရှုပ်ထွေးမှုများ ပေါ်ပေါက်လာပေလိမ့်မည်။ ဥပဒေတွေ၊ စည်းကမ်းတွေ၊ အမိန့်တွေ များလေလေ ခိုးသား ဓားပြ ပေါများလေလေ ဖြစ်၏။

ထို့ကြောင့် ပညာရှိ သူတော်စင်ကြီးများက ဆိုသည်ကား 'ငါက ဘာမှ မလုပ်လေလေ၊ ပြည်သူတို့က သူတို့၏ ဘဝ ပြုပြင် ပြောင်းလဲရေးကို သူတို့ဘာသာ လုပ်ကြလေလေ ဖြစ်၏၊ ငြိမ်သက်ခြင်း တည်ငြိမ်ခြင်းကို ငါက လိုလားလေလေ ပြည်သူ လူထုသည် သူတို့ဘာသာ တရားသဖြင့် ဖြစ်အောင် ဆောင်ရွက်ကြလေ ဖြစ်၏၊ အကယ်၍ ငါက ဝင်ရောက် စွက်ဖက်ခြင်း၊ ဝင်ရှုပ်ခြင်း မပြုဘဲ နေမှသာ ပြည်သူလူထုသည် ချမ်းသာ ကြွယ်ဝ လာကြပါလိမ့်မည်၊ ငါ့မှာ လောဘ တဏှာမှ ကင်းမှသာ ပြည်သူလူထုသည် သဘာဝအားဖြင့် ရိုးသား ဖြောင့်မတ်သော အဖြစ်သို့ ပြန်သွားကြလိမ့်မည်'

တောက်တဲ့ကျင်း ကျမ်းထဲတွင် စံပြ လူ့အဖွဲ့အစည်းပုံစံကိုလည်း စိတ်ဝင်စားဖွယ် ဖော်ပြထားသည်။ ၄င်းမှာ ငယ်သော ကျေးလက် နိုင်ငံ ဖြစ်သည်။ ငြိမ်သက်သည်။ ပြည့်စုံ ဖူလုံသည်။ အားလုံး ပြည်တွင်းမှာ ဖြစ်သည်။ သေးငယ်သော နယ်နိမိတ်ထဲတွင် အရာရာ ပြည့်စုံသည်။

> တိုင်းပြည် ငယ်ငယ် လူဦးရေ နည်းနည်း ရှိပါစေ၊ ထိုတိုင်းပြည်တွင် လူ၏ လုပ်အားကို ဆယ်ဆ၊ အဆ တစ်ရာမက သက်သာစေသော စက်ယန္တရားများ ရှိလျှင် ကောင်းပါသည်။ သို့သော် ပြည်သူများက ထို စက်ယန္တရားများကို သုံးကြရမည် မဟုတ်ပါ။ ... ပြည်သူများသည် ဝေးကွာလှမ်းသော တိုင်းတစ်ပါးသို့လည်း သွားရောက် နေထိုင်ခြင်း မရှိ ဖြစ်ရမည်။ ထိုနိုင်ငံတွင် ရထားများ၊ လှေသမ္ဗန်များ ရှိစေကာမူ လူတို့က စီးနင်းခြင်း မပြုပါ။ ထိုနိုင်ငံတွင် စစ်လက်နက်များလည်း ရှိစေကာမူ မည်သူ တစ်စုံတစ်ယောက်မျှ ထိုလက်နက်များကို ထုတ်ယူ သုံးစွဲခြင်း မပြုကြပါ။ ထိုနိုင်ငံက ပြည်သူများသည် ကြိုးထုံးများကိုသာ ပြန်၍ သုံးစွဲကြလိမ့်မည်။
>
> ပြည်သူလူထုကို ချိုမြိန်သော အစားအစာ စားရအောင် လုပ်ပေးပါ။ ဝတ်ကောင်းစားလှ ဝတ်ရအောင် လုပ်ပေးပါ။ သက်သက်သာသာ နေရသော အိမ်များ ရအောင် လုပ်ပေးပါ။

လူတို့၏ နေ့စဉ် ဘဝသည် သာယာ ချမ်းမြေ့ပါစေ။

ထိုအခါ ပြည်သူလူထုသည် နယ်စပ် ဒေသကို စောင့်ရှောက်ကြလိမ့်မည်။ နယ်ခြားက ကြက်တွန်သံကို ကြားကြလိမ့်မည်။ နယ်ခြားက ခွေးဟောင်သံကိုလည်း ကြားကြရလိမ့်မည်။ သို့သော် ပြည်သူတို့သည် အိုမင်းမစွမ်း ဖြစ်ပြီး သေဆုံးခြင်းသို့ ရောက်သည့်တိုင်အောင် နယ်ခြားသို့ ရောက်အောင် တမင်တကာ သွားကြည့်ကြလိမ့်မည်ကား မဟုတ်ပေ။

ဤအစီအစဉ်ထဲတွင် စစ်မက် ဖြစ်ပွားရန် အကြောင်း မပေါ်ပေါက်တော့ပေ။ ဤကိစ္စတွင် တောက်တဲ့ကျင်းသည် အခိုင်အမာ ဆိုထားကြောင်း တွေ့ရသည်။ စစ်လက်နက်များသည် မည်မျှ လှပကြစေကာမူ ထိုလက်နက်များသည် မကောင်းဆိုးဝါး အတိတ် နိမိတ်များသာ ဖြစ်ကြကုန်သည်။ ထိုလက်နက်များကို သက်ရှိ သတ္တဝါတိုင်းက မုန်းတီးကြသည်။ ထိုကြောင့် တောက်ကို ရရှိပြီးသော သူသည် လက်နက်နှင့် ဘာမျှ မပတ်သက်တော့ပေ။ သို့သော် ကျွန်ုပ်တို့သည် အံ့အားသင့်လောက်သော ထိုးထွင်း သိမြင်မှု ဉာဏ်အတွက်ကား ပြင်ဆင်ထားခဲ့သည်။

> ထို့ကြောင့် နိုင်ငံကြီးများသည် နိုင်ငံငယ်များကို မိမိ လက်အောက်သို့ ကျရောက်စေသော အခါ ထိုနိုင်ငံငယ်များကို ဆုလာဘ် အဖြစ် ပြုလုပ်ကြသည်။ ထို့ပြင် နိုင်ငံငယ်များက နိုင်ငံကြီးများကို မိမိ လက်အောက်သို့ ကျရောက်၍ အညှံ့ခံစေသော အခါ နိုင်ငံကြီးများ၏ ပိုင်နက် အားလုံးကို အနိုင် ရရှိလေတော့သည်။ ဤနည်းအားဖြင့် တစ်ခုသော နိုင်ငံသည် မိမိ အလို ပြည့်ရန် အတွက် နိမ့်ကျစေရသည်။ အခြား နိုင်ငံသည်လည်း နှိမ့်ချခြင်းအားဖြင့် အလို ပြည့်ခြင်းသို့ ရောက်ရသည်။ အကယ်၍ ကြီးကျယ်သော နိုင်ငံသည် လူများကို စုစည်းပြီး ထောက်ပံ့ ကျွေးမွေးလိုခြင်းမှ အပ အခြားသော အလိုဆန္ဒများ မရှိလျှင် နိုင်ငံငယ်များ အနေနှင့်လည်း အခြား လူများကို အလုပ်အကျွေး ပြုလိုသော ဆန္ဒမှတစ်ပါး အခြား အလိုဆန္ဒ ရှိတော့မည် မဟုတ်ချေ။ သို့သော် ထိုသို့ ဖြစ်ရန်မှာကား နိုင်ငံ နှစ်မျိုးစလုံးတွင် မိမိတို့၏ လိုအင်ဆန္ဒများ ရှိကြစေကာမူ နိုင်ငံကြီးများ အနေနှင့် နှိမ့်ချခြင်းကို လေ့လာရပေမည်။

ကျွန်ုပ်တို့ အနေနှင့် တောက်တဲ့ကျင်း ကျမ်းမှာ ပါသော နိုင်ငံရေးနှင့် လူမှုရေး အသိပညာ ထွန်းကားရေးကို ဆန့်ကျင်သော အယူအဆကို စာနာ ထောက်ထားရန် မလိုစေကာမူ ဤ အယူအဆသည်ကား နိုင်ငံတကာနှင့် ဆိုင်သော ပရဟိတ သဘောတရား ဖြစ်သည်ကား ထင်ရှားလှပေသည်။ ထိုအယူဝါဒသည် အကျွန်ုပ်တို့ အဖို့မှ မြင့်မားလွန်းနေသည်။ ရှေးခေတ်က တရုတ်ပြည်တွင် ဤ အယူအဆများကို သတိ မမူဘဲ မနေခဲ့ကြပေ။

**ချောင်ဇူး၏ အက်ဆေးများ**

ချောင်ဇူး (ချောင်ချူး) သည် တောက် ဝါဒီများ အနက် မူလ ဆရာကြီး လောင်ဇူးမှအပ ကျန် ဆရာကြီးများတွင် အထင်ရှားဆုံးသော ဒဿန ဆရာကြီး ဖြစ်သည်။ သူသည် ဘီစီ လေး ရာစုလောက်တွင် သက်ရှိ ထင်ရှား နေခဲ့သည်။ ထို့နောက် သူ့ဆရာကြီး၏ အတွေးအခေါ် အယူအဆများကို လူသိရှင်ကြား ဖြစ်အောင် အထူး ကြိုးပမ်းခဲ့လေသည်။ ဤသို့ ဆောင်ရွက်ရာ၌ သူနှင့် ခေတ်ပြိုင် ဖြစ်သော ကွန်ဖြူးရှပ်၏ တပည့် မင်းရှပ် ဆောင်ရွက်သည့် ပုံစံ အတိုင်း ပြုမူ ဆောင်ရွက်ခဲ့ခြင်း ဖြစ်လေသည်။

သူ၏ လက်ဖြစ် အကြောင်းအရာ များစွာ ပါဝင်သော အက်ဆေးပေါင်း ၃၃ ပုဒ်သည် ကျွန်ုပ်တို့ လက်ထက်သို့တိုင်အောင် ရောက်ရှိလာသည်။ ထိုအက်ဆေးများမှာ ပြောင်မြောက်စွာ ရေးဖွဲ့ထားသော အက်ဆေးများ ဖြစ်သည်။

ထိုအက်ဆေးများထဲတွင် ဇဝနဉာဏ် ရွှင်သော ပုံဝတ္ထုကလေးများ တစ်ပုဒ်စီလည်း ပါဝင်သည်။ ဖတ်ချင့်စဖွယ် ရေးဖွဲ့ထားသည့် ပုံဆောင် တင်စားချက်များ ပါသည်။ ထို့ပြင် စိတ်ကူးဖြင့် ရေးဖွဲ့ထားသော အပြန်အလှန် စကားပြောဟန်များလည်း ပါဝင်သည်။ စာပေ ဆွဲဆောင်မှုကို ရရှိစေရန် ကြိုးပမ်း ဆောင်ရွက်ထားခြင်း ဖြစ်သည်။

သူသည် သူနှင့် ခေတ်ပြိုင် ဖြစ်သော ကွန်ဖြူးရှပ်ဝါဒ အတွေးအခေါ်များကို ထိုးနှက် တိုက်ခိုက် ပြောဆိုရခြင်းကို နှစ်သက်သည်။

ချောင်ဇူးသည် တောက် ဝါဒ၏ အချက်အချာ ကျသော အယူအဆများကို ဖော်ပြရာ၌ တောက်ဝါဒီများ၏ ဟောကြားချက်များ အပေါ် သစ္စာရှိရှိ ဖော်ပြသည်။

သို့သော် သူသည် တောက်တဲ့ကျင်း ကျမ်းမှာ ပါဝင်သော အတွေးအခေါ် အယူအဆများကို ကျော်လွန်၍ 'တောက်၏ ပုံသဏ္ဌာန် ပြောင်းလဲ ဖြစ်ပေါ်ပုံ' များကို အသေးစိတ် ဖော်ပြခဲ့လေသည်။

အရာဝတ္ထုများသည် တည်ခြင်း ဖြစ်ခြင်း သဘော၏ စက်လှည့်မှုဖြင့် စတင် ဖြစ်ပေါ် လာကြရသည်။ အစက ဘဝ ဖြစ်တည်ခြင်း မရှိသော အဖြစ်အနေမှ ဘဝ ဖြစ်တည်လာကြသည်ဟု ဆိုသည်။ ဤစက်အလှည့်သည် သံသရာ စက်အလှည့် ဖြစ်သည်။ ဘဝစက်၊ ရာသီစက် စသည် ဘဝလှည့်ပတ်မှု သဘောများ ပေါ်လာသော အခါမှသာ အချိန်ကာလ ဆိုသော သဘောသည် နောက်ဆက်တွဲ ပေါ်ပေါက်လာသည်။ ရာသီ အချင်းချင်း တစ်ခုသည် တစ်ခုကို ဖြစ်ပေါ်အောင် ဖန်တီးပြီး တစ်ခုကို တစ်ခုက ပြန်ဖျက်နေကြသည်။ ထိုဖြစ်ပျက် အစဉ်ကြီးသည်ကား အဆုံးမဲ့ ဖြစ်သည်။ ယင် နှင့် ယန်း သဘော နှစ်ခုသည် တောက် လမ်းစဉ်မှ ပေါက်ပွားလာကြသည်။ တစ်ခုကို တစ်ခု ဩဇာ သက်ရောက်မှု ရှိကြသည်။ တစ်ခုကို တစ်ခုလည်း အပြန်အလှန် ဖျက်ဆီးနေကြသည်။ ဖြစ်ပျက် အစဉ်ကြီးသည်ကား အဆုံးမဲ့ ဖြစ်တော့သည်။

ကိုယ်ကျင့်တရား နယ်ပယ်မှာလည်း ကျွန်ပ်တို့မှာ ဆွဲဆောင်မှု အချစ်နှင့် တွန်းလှန်မှု အမုန်းတရားများ ရှိကြသည်။ မိန်းမနှင့် ယောကျ်ား (ဖိုနှင့် မ) ကွဲပြား ခြားနားမှု ရှိသည်။ ထို မတူညီသော ဖိုနှင့်မ ဆက်ဆံမှုကသာ သားစဉ် မြေးဆက်ကို ပေါက်ဖွား လာကြရသည်ဟု သူက ဆိုသည်။ သို့သော် ငြိမ်းချမ်းသော အခြေအနေသည် လည်းကောင်း၊ မငြိမ်းချမ်းသော အခြေအနေသည် လည်းကောင်း အမြဲ မရှိ။ အားလုံး အနိစ္စချည်းပင်။ ကံဆိုး၍ ဆင်းရဲ ကျပ်တည်းခြင်းသည် လည်းကောင်း၊ ကံကောင်း၍ ကြွယ်ဝချမ်းသာခြင်းသည် လည်းကောင်း၊ လုံခြုံ စိတ်ချရခြင်းသည် လည်းကောင်း၊ ဘေးအန္တရာယ် ကြုံတွေ့ရခြင်းသည် လည်းကောင်း အပြန်အလှန် အညမည အကြောင်း ပြုမှု သဘောတရား အရ တစ်ခုကို တစ်ခု ဆက်ခံ၍ ဖြစ်ပေါ်တတ်ကြသည်။ တစ်ခုပြီး နောက်တစ်ခု ဖြစ်တတ်သည်။

ဤသို့ ဖြစ်ရခြင်းမှာ ပြောင်းပြန် ဆင့်ကဲ ဖြစ်တတ်သော ဆန့်ကျင်ဘက်တို့ ပေါင်းစည်းခြင်း နိယာမကြောင့် ဖြစ်ရသည်ဟု သူ ယူဆသည်။ ရှင်သန်ခြင်းနှင့် ယိုယွင်းအိုမင်းခြင်း လည်းကောင်း၊ တိုးပွားခြင်းနှင့် ဆုတ်ယုတ်ခြင်း လည်းကောင်း တဝဲလည်လည် စက်လှည့်၍ ဖြစ်နေကြသည်။ တစ်ခု၏ အဆုံး၌ အသစ် တစ်ခု စတင် ဖြစ်ပေါ်လာရပေသည်။

ဤသဘောဖြင့်သာ ကျွန်ုပ်တို့သည် သစ္စာ တရား၏ ဖြစ်ပေါ်ပုံ သဘောနှင့် လောကကြီး၏ ဖြစ်ပေါ်ပုံ သဘောတို့ကို ဆွေးနွေးရာသည်။ အရာခပ်သိမ်းတို့၏ ဘဝသည် ဖြစ်ပြီး ပျက်သွားပုံမှာ မြန်ဆန်လှသည်။ ကဆုန်ပေါက် ပြေးသော မြင်းကဲ့သို့ ဖြစ်သည်။ အလှည့်တိုင်းမှာ ပြောင်းလဲနေကြသည်။ အချိန် နာရီတိုင်းမှာ ပြောင်းလဲနေကြသည်။ လူတစ်ယောက် အနေနှင့် ဘာလုပ်သင့်သလဲ၊ ဘာမလုပ်သင့်ဘူးလဲ။ ဤပြောင်းလဲမှု စက်ကို သူ့ဘာသာ လည်နေပါစေ။

တောက်ဝါဒီများ၏ ဘာမှ လုပ်မနေနှင့် ဝါဒကို ချောင်ဇူးကလည်း မှန်ကန်ကြောင်း ထောက်ခံ ပြောဆိုခြင်းမှာ အကြွင်းမဲ့ သစ္စာ (အမှန်တရား) နှင့် အကြွင်းမဲ့ ကောင်းမြတ်ခြင်း တရားတို့ကို ဤ အစဉ် ပြောင်းလဲ ဖောက်ပြန်နေသော ကမ္ဘာကြီးထဲတွင် မသိနိုင်ဟု ယူဆသောကြောင့် ဖြစ်ဟန် တူသည်။

အရာခပ်သိမ်းတို့သည် ညီတူညီမျှ ဖြစ်သည်။ သဘာဝ တရား (တောက်) က ဖြစ်ခွင့်ပြုသော အရာ မှန်သမျှသည် ကောင်းမြတ်ကြသည်ချည်းသာ ဖြစ်သည်။ ဖြစ်ရန် လိုအပ်၍ ဖြစ်ရသည်ချည်းသာ ဖြစ်သည်။ လူသားများ အဖို့ သူ့ကိုယ်သူ မေးရန် လိုအပ်သည်ကား ဘယ်တော့ ဖြောင့်မတ် မှန်ကန်မှာလဲ၊ ဘယ်တော့ မဖြောင့်မမတ် မမှန်မကန် ဖြစ်မှာလဲ ဟူ၍ ဖြစ်၏။ အဖြေကိုကား သိနိုင်ရန် နည်းလမ်း မရှိပေ။

> လူတစ်ဦးသည် စိုထိုင်းသော နေရာ၌ အိပ်စက်ပါက သူသည် ခါးနာ ရောဂါ ရပြီး သေလိမ့်မည်။ သို့သော် စိုထိုင်းသော အရပ်၌ ငါးရှဉ့် တစ်ကောင် နေလျှင် ဘာဖြစ်မည်နည်း။ ထို့ပြင် သစ်ပင်ပေါ်မှာ တက်၍ နေလျှင် လူသည် စိုးရိမ် ထိတ်လန့် ဖြစ်နေရမည် ဖြစ်၏။ အကြောများ တောင့်တင်းနေမည် ဖြစ်၏။ သို့သော် မျောက်တစ်ကောင် အဖို့မူ သစ်ပင်ပေါ်မှာ နေ၍ ဘာဖြစ်မည်နည်း။ သို့ဆိုလျှင် လူ၊ ငါးရှဉ့်နှင့် မျောက်တို့တွင် မည်သူ၏ အလေ့အကျင့်သည် အကြွင်းမဲ့ မှန်ကန် သင့်မြတ်ပါသနည်း။ လူက အသား စားသည်။ သမင် ဒရယ်တို့က မြက်စားသည်။ ကင်းခြေများက မြွေကို စားသည်။ ဇီးကွက်နှင့် ကျီးတို့က ကြွက်ကို စားကြသည်။ ဤသတ္တဝါလေးဦးတို့တွင် မည်သူ၏ အရသာသည် အကြွင်းမဲ့ မှန်ကန်သော အရသာ ဖြစ်မည်နည်း။
>
> လူသားတို့၏ အလို ဆန္ဒနှင့် အကျိုး စီးပွားသော အရ အကယ်၍ ကျွန်ုပ်တို့က အရာဝတ္ထုတစ်ခုကို ကောင်းသည် ဆိုးသည် ဆိုသော သဘောကို လူပုဂ္ဂိုလ်ကို လိုက်၍ ပုဂ္ဂလဓိဋ္ဌာန် သဘောဖြင့်

ဆုံးဖြတ်မည် ဆိုပါက ဤလောက၌ မကောင်းသော အရာ ဟူ၍ လည်းကောင်း၊ မဆိုးသော အရာ ဟူ၍ လည်းကောင်း ရှိတော့မည် မဟုတ်ပေ။

ဤအမြင်က ချောင်ဇူးအား မင်းဆက် သုံးဆက်နှင့် ပတ်သက်သော အများ လက်ခံထားသော အယူအဆနှင့် ကွဲလွဲသော ဖော်ပြချက်ကို ပြုလုပ်ရန် ဖန်တီးခဲ့လေသည်။

> များယွင်းသော ကာလ၌ ရောက်လာပြီး ဒီရေကို ဆန့်ကျင်၍ သွားသောသူကို လုယူ ခံစားသူဟု ခေါ်ရသည်။ မှန်ကန်သော အချိန်တွင် ရောက်လာပြီး ခေတ်ကာလနှင့် အညီ ဆောင်ရွက်သူကိုကား အခွင့် အရေးကို ကာကွယ်သူဟု ခေါ်ရသည်။ ... အဆင့် အတန်း အနိမ့်နှင့် အမြင့် ခွဲခြားခြင်းနှင့် အိမ်ကြီး အိမ်ငယ် ခွဲခြားခြင်းကို သင် ဘယ်သို့ သိနိုင်ပါ သနည်း။

ချောင်ဇူးက လူ၏ စိတ် ရှုပ်ထွေးပြီး ဣန္ဒြေ ပျက်ခြင်းကို လူ မဟုတ်သော သတ္တဝါတို့ လောကကို စိုးမိုးသော စိတ် ရှုပ်ထွေးပြီး ကြံရာမရ ဖြစ်ခြင်းနှင့် ဆက်စပ် စဉ်းစားသည်။

> ပင်လယ်ဖျံကြီးမျိုးသည် ကင်းခြေများကို ငြူစူ မုန်းတီးသည်။ ကင်းခြေများသည် မြွေကို ငြူစူ မုန်းတီးသည်။ မြွေသည် လေကို ငြူစူ မုန်းတီးသည်။ လေသည် မျက်စိကို ငြူစူသည်။ မျက်စိသည် စိတ်ကို ငြူစူသည်။
>
> ပင်လယ်ဖျံကြီးက ကင်းခြေများကို ပြောသည်မှာ 'ငါသည် ခြေ တစ်ချောင်းတည်းနှင့် ခုန်ပေါက်၍ သွားသည်၊ သို့သော် သိပ်မအောင်မြင်ပါ၊ သင်သည် သင့် ခြေများ အားလုံးကို ဘယ်သို့ ထိန်းသိမ်း၍ သွားပါသလဲ'
>
> 'ငါ မထိန်းသိမ်းပါဘူး' ဟု ကင်းခြေများက ဖြေသည်။ 'သင်သည် သွားရည်ယိုခြင်းကို မမြင်ဖူးဘူးလား၊ သွားရည် ယိုပြီ ဆိုလျှင် တချို့ တံတွေးစက်သည် ပုလဲလုံးလောက်ပင် ရှိပါသည်၊ ငယ်သော တံတွေးစက်က နှင်းမှုန်လောက် ရှိသည်၊ သူတို့သည် မြေပေါ်သို့ ရောနှော ရှုပ်ထွေးပြီး ကျသွားကြသော အခါ ရေတွက်ရန် မဖြစ်နိုင်တော့ပါ၊ ထို့နှန်း အတိုင်းပင် ငါ၏ စက်ယန္တရားသည်လည်း သဘာဝ အတိုင်း အလုပ် လုပ်နေကြခြင်းသာ ဖြစ်ပါ၏၊ ထိုခြေများ ဘယ်လို လှုပ်ရှား သွားလာနေကြသည်ကိုကား ငါ သိပင် မသိပါ'
>
> ကင်းခြေများက တစ်ဖန် မြွေကို ပြောပြန်သည်။ 'ငါ့တွင် ခြေလက်တွေ များပြားပါလျက် ခြေလက် မရှိသော သင့်လောက် လျင်မြန်စွာ မသွားလာနိုင်ပါ၊ ဘယ်လို ဖြစ်တာလဲ'
>
> 'သတ္တဝါ တစ်ဦးရဲ့ သဘာဝ ယန္တရားပဲပေါ့' ဟု မြွေက ဖြေသည်။ 'ဒီတော့ ငါ့မှာ ခြေလက်တွေ ရှိဖို့ လိုဦးတော့မလား'
>
> မြွေကလည်း လေကို ပြောပြန်သည်။
>
> 'ငါသည် တွန့် လိမ် ၍ သွားနိုင်ပါ၏၊ သို့သော် ငါ့မှာ ပုံပန်းသဏ္ဌာန် ရှိပါသည်၊ ယခု သင်မူကား မြောက်ပင်လယ်မှ ပြင်းစွာ တိုက်ခိုက် ဆင်းသက်လာပြီး တောင်ပင်လယ်သို့ ဦးတည်သွားပါသည်၊ သို့ပါလျက် သင့်မှာမူကား ပုံပန်းသဏ္ဌာန် မရှိယောင် တကား၊ ဘယ်လို ဖြစ်တာပါလိမ့်'
>
> 'မှန်ပါသည်၊ သင် ငါ့ကို ပြောသလို ပြင်းစွာ တိုက်ခိုက်၍ လာသည် မှန်၏၊ သို့သော် ငါ့ကို ကန်ကျောက်နိုင်သော သူသည်ကား ငါ့ထက် သာလွန်ပါ၏၊ တစ်နည်းအားဖြင့်မူကား ငါသည် သစ်ပင်ကြီးများကို လည်းကောင်း၊ အဆောက်အဦကြီးများကို လည်းကောင်း ဖြိုချ ဖျက်ဆီးနိုင်ပါသည်၊ ဤကား ငါ၏ အားသန်သော အချက် ဖြစ်၏'

လေကား အလိမ္မာဉာဏ် ရှိ၏။ လေသည် တန်ဖိုး လွဲမှားစွာ ထားခြင်းကြောင့် ဖြစ်သော ငြူစူခြင်းဖြင့် မိမိကိုယ်ကို အားငယ်အောင် မပြု။ လေက မာကျောခြင်းကို အသိအမှတ် ပြုရာ၌ ဆက်စပ်သောအားဖြင့် အားနည်းခြင်း သဘောကိုပါ အသိအမှတ် ပြုသည် (ငါ့ကို ကန်ကျောက်နိုင်သူသည်ကား ငါ့ထက် သာသူ ဖြစ်၏) ဟု အသိဉာဏ်ဖြင့် တခြားသော အရာဝတ္ထုများနှင့် ကွဲပြားပုံကို ဆင်ခြင်နိုင်၏။ သူ့ သဘောကို သူ ဆောင်၍ ဖြစ်ရသော အခါတိုင်း လေသည် သဘာဝ အတိုင်းသာ ပြုသင့်သည့်အတိုင်း ပြု၏။ ထိုအခါ အလွန် ခွန်အား ကြီးပြီး သန်မာတတ်၏။

အလားတူ ယုတ္တိဗေဒကို အသုံးပြု၍ ချောင်ဇူးက လူသားသည် ကြီးခြင်း ငယ်ခြင်း၊ နိမ့်ခြင်း မြင့်ခြင်း၊ မှားခြင်း မှန်ခြင်း အပေါ် စောဒက တက်ရန် မသင့်ဟု ဆိုသည်။

ဖြစ်စရာ ရှိသော အရာတိုင်းကို တောက်၏ ပုံသဏ္ဌာန် ပြောင်းလဲ ဖြစ်ပေါ်ခြင်း နိယာမ အတိုင်း ဖြစ်သင့်သလို ဖြစ်ပါစေဟုသာ သဘော ထားရမည်ဟု ဆိုသည်။ ထိုသို့ ပြုမူနိုင်ခြင်းဖြင့် သူသည် လေနှင့် လည်းကောင်း၊ မြွေနှင့်

လည်းကောင်း၊ ကင်းခြေများနှင့် လည်းကောင်း လက်တွဲနိုင်ပြီး သဘာဝ၏ သင့်တင့် ညီညွတ်ခြင်းသို့ ရောက်မည်ဟု ယူဆသည်။

'အချိန် ကာလကိုလည်း သတိ ဂရု ပြုမနေနှင့်၊ မှားသည် မှန်သည်ကိုလည်း စဉ်းစား မနေနှင့်၊ သို့သော် အနန္တ လောကထဲသို့ ဝင်ဆံ့အောင် ပြုပြီး ထိုနေရာ၌ သင်၏ နောက်ဆုံး အပန်းဖြေ အနားယူခြင်းကို ပြုပါ'

ဤကား ပညာရှိ သူတော်စင်တို့၏ ကျင့်ပုံ ကျင့်နည်း ဖြစ်၏။ သူတို့သည်ကား သဘာဝ အတိုင်း မှန်ကန်စွာ နေကြသူများ ဖြစ်ကြသည်။ သူတို့သည် လ၏ ဘေးမှာ ဖြစ်စေ၊ နေ၏ ဘေးမှာ ဖြစ်စေ ထိုင်၍ နေနိုင်ကြသူများ ဖြစ်ကြပါသည်။ ထို့ပြင် စကြဝဠာကြီး တစ်ခုလုံးကိုပင် လက်ခုပ်ထဲမှာ ဆုပ်ကိုင် ထားနိုင်ကြသူများ ဖြစ်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် သူသည် အရာရာကို ညီညွတ်သော တစ်ခုတည်းသော သဘောသို့ ရောက်အောင် ရောနှော ပေါင်းစပ်ပစ်သည်။ ဤအရာ ထိုအရာ စသည်ဖြင့် ခွဲခြားသော ရှုပ်ထွေးသည့် သဘောကိုလည်း ငြင်းပယ်ခဲ့လေသည်။ ရာထူး ဌာနန္တရနှင့် သူများထက် သာလွန်ကြီးမြတ်ခြင်း ဂုဏ်စသည်တို့ကို ပညာရှိ သူတော်စင်သည် စိတ်လှုပ်ရှားခြင်း ကင်းစွာ လျစ်လျူရှုသည်။ အနှစ် တစ်သောင်းတိုင်အောင် ပြုပြင် ပြောင်းလဲမှုများ ဖြစ်သော်လည်း သူ၏ စည်းလုံး ညီညွတ်ခြင်း သဘောသည် နစ်နာ ဆုံးရှုံးခြင်း မရှိပေ။

ပညာရှိ သူတော်ကောင်းသည် ရုပ်လောက၏ ပြောင်းလဲ ဖြစ်ပျက်နေခြင်းများကို ကိုယ်တိုင် အသေးစိတ် သိရှိအောင် ကြိုးပမ်းခြင်းဖြင့် မိမိကိုယ်ကို ပွန်းပဲ့ မခံပေ။

သူသည် အရာခပ်သိမ်းတို့၏ ထင်ရှားသော ယေဘုယျ ပရမတ္ထ အမြင်ဖြင့်သာ နေသည်။ သူသည် တောက်ကို မိမိ၏ ဝိညာဉ်အိမ် ပြု၍သာ နေသည်။ တောက် သဘောတွင် အရာခပ်သိမ်းတို့၏ ကွဲပြား ခြားနားသော သဘော ကင်းပျောက်ပြီး အားလုံး တစ်သဘောတည်း ဖြစ်သွားသည်။

ဤတွင် ရည်ညွှန်း ဖော်ပြထားသော အတွေ့အကြုံသည် လောကုတ္တရာ အတွေ့အကြုံ ဖြစ်သည်။ ထိုအတွေ့အကြုံကို သာမန် စိန္တာမယ ဉာဏ်လောက်ဖြင့် သိမြင်ပေါက်မြောက်နိုင်မည် မဟုတ်ချေ။

စိန္တာမယ ဉာဏ်ဟု ဆိုအပ်သော ဆင်ခြင်ဉာဏ်သည် သီးခြား ပုဂ္ဂလိက သဘော၊ ကွဲပြား ခြားနားသော အရာဝတ္ထု တစ်ခုစီ၏ သဘောကိုသာ သိမြင်နိုင်သည်။ ဆင်ခြင်ဉာဏ်က ရှင်သန် လှုပ်ရှားသည်။ တကယ့် ဉာဏ် အစစ်က ငြိမ်သက်သည်။ ပြုလုပ်သည့် သဘော မရှိ၊ လက်ခံသည့် သဘောသာ ရှိသည်။

သင်၏ နားဖြင့် မဟုတ်၊ သင်၏ စိတ်ဖြင့်သာ။ သင်၏ စိတ်ဖြင့်လည်း မဟုတ်၊ သင်၏ ဝိညာဉ်ဖြင့်သာ ကြားပါ။ နားထောင်ပါ။ နားဖြင့် ကြားအောင် နားထောင်ခြင်း သဘောကို ရပ်ပါ။ သင့် စိတ်၏ ပုံရိပ် ထင်ခြင်း သဘောကိုလည်း ရပ်လိုက်ပါ။ သင့် ဝိညာဉ်ကိုသာ အပြင် လောကကို တုံ့ပြန်တတ်သော သဘော ဖြစ်အောင်၊ ကွက်လပ် သဘော ဖြစ်အောင် လုပ်ထားလိုက်ပါ။ ထိုကဲ့သို့ ဖွင့်ထားသော၊ အသင့် လက်ခံတတ်သော သဘောတွင်သာ 'တောက်' တည်နေပါသည်။

တောက်ဝါဒ၏ ပန်းတိုင်သည် သမထဈာန် ဝင်စားနိုင်ရေးပင် ဖြစ်သည်။ ထိုသဘောသည် 'တောက်' ၏ အဆုံးစွန်သော သစ္စာတရား ဖြစ်သည်။ တစ်စုံတစ်ယောက်သော သူသည် ဤသို့ ဘဝင် ကျပြီး ဈာန်ကို ဝင်စားနိုင်ရန် အတင်း တွန်းလုပ်၍ မရပါ။ ဘဝင် ကျပြီး ဈာန်သမာပတ် ဝင်စားခြင်း သဘောသည် သူ့ဘာသာသူ ဖြစ်လာရမည်သာ ဖြစ်သည်။ ဤကား လုံးဝ သယံဇာတ ဖြစ်စဉ် ဖြစ်၏။ သို့သော် ဈာန်သမာပတ် သဘော ဖြစ်ပေါ်လာသော အခါ ထို ဈာန် အတွေ့အကြုံကို တွေ့ကြုံ ခံစားရသူကို ဈာန်သမာပတ်က ပြောင်းလဲသွားအောင် ပြုလုပ်သည်။ ထိုအခါ အထင်မှား အမြင်မှား ဖြစ်နေသော သက္ကာယဒိဋ္ဌိကိုလည်း ပယ်ပြီးသား ဖြစ်နေသည်။ ထိုအခါ ကောင်းကင်ဘုံ ဗြဟ္မာ့ ဘုံ၏ အတွေ့အကြုံကို အပြည့်အဝ ခံစားရပေတော့သည်။

ထိုအခါမှ စ၍ ပညာရှိ သူတော်ကောင်းသည် ကိလေသာ အာရုံ ကာမဂုဏ်ပေါင်း ထောင်သောင်းမက ပြည့်ဝနေသော လောကီနယ်မှ ကင်းကွာလျက် မိမိ၏ တသီးတခြား နေခြင်းကို လူတို့က လာရောက် နှောင့်ယှက်ခြင်း မပြုနိုင်အောင် သူသည် မိုက်မဲသော စကားကို ဆိုရန် မိမိကိုယ်ကို ပြုစု ပျိုးထောင်ထားရတော့သည်။ သူ့စိတ်သည် အေးချမ်း၍ ငြိမ်သက်၏။ အတွေးများ စိတ်ကူးများသည် အရေးပါခြင်း မရှိ ဆိုသော အသိ သူ့မှာ ရှိ၏။ အတွေးများ စိတ်ကူးများသည် အမှန်မှာ ပုဂ္ဂလဓိဋ္ဌာန် ဆန္ဒစွဲ သဘောများသာ ဖြစ်ကြောင်း သူ သဘော ပေါက်ထား၍ ဖြစ်၏။

အသွင်အပြင်အားဖြင့် လျင်မြန်စွာ ရွေ့လျား ပြောင်းလဲနေသော ကမ္ဘာကြီးထဲတွင် ဘဝကို ရေးကြီးခွင်ကျယ် မလုပ်ဘဲ၊ တက်တက်ကြွကြွ ဘာမျှ မလုပ်ဘဲ ငြိမ်သက်

အေးချမ်းစွာ ဘဝကို ခံယူခြင်းသည် အကောင်းဆုံး ဖြစ်သည် ဆိုသော သဘောကို သူ သိမြင်သည်။

ဤယုံကြည်ချက်ကို စွဲကိုင်ကာ ချောင်ဇူးသည် ပူပန်ကြောင့်ကြခြင်း၊ စိတ်ပျက်ခြင်း ကင်းစွာ အသက်ရှင် နေထိုင်ခဲ့သည်ဟု သူ့နောက်လိုက်များက ဆိုသည်။ ဤကား သူ့ နောက်လိုက်များ ပြောသော ပုံပြင်စကား ဖြစ်သည်။ ထို့နောက် သူ့ဇနီး ကွယ်လွန်သွားသော အခါ သူ့မိတ်ဆွေ ယုတ္တိဗေဒ ဆရာကြီး *ဟွီဇူး*[၁] က သူနှင့် အတူ ဝမ်းနည်းခြင်း ပြုရန် ထုံးစံ ရှိသည့် အတိုင်း သူ့ထံသို့ သွားလေသည်။ ထိုအခါ ချောင်ဇူးကို မြေကွက် တစ်ခုပေါ်မှာ ထိုင်နေသည်ကို တွေ့ရလေသည်။ သူသည် သီချင်း ဆိုပြီး သတ္တုခွက် တစ်ခုကို တီးခတ်၍ စည်းလိုက်နေသည်ကို တွေ့ရသည် ဆို၏။ သတ္တုခွက်ကို သူ့ခြေထောက် နှစ်ခုကြားမှာ ညှပ်ပြီး တီးခတ်နေခြင်း ဖြစ်သည်။ သူ လုပ်နေပုံကို မြင်ရသော အခါ ဟွီဇူးလည်း သွေးလန့်သွားလေသည်။ ထိုအခါ ဟွီဇူးက သူ့ကို ဆိုသည်။

'ဘယ့်နယ်လဲကွာ၊ မင်းမိန်းမနှင့် အတူ နေခဲ့ကြပြီး သားအကြီးဆုံးတောင်မှ လူလားမြောက်ခဲ့ပြီ ဥစ္စာ၊ မင်းက သူ သေတာကို ကြည့်ပြီး မျက်ရည် တစ်စက်တောင်မှ မကျဘူး ဆိုတာကတော့ လွန်လွန်းတာပေါ့၊ မကောင်းပါဘူး၊ မင်းက မျက်ရည် မကျရုံ မကဘူး၊ ခုတော့ ခွက်ကို ခေါက်စည်းလိုက်ပြီး သီချင်းကိုတောင် ဆိုနေနိုင်သေးတယ် ဆိုတော့'

ထိုအခါ ချောင်ဇူးက ဆိုသည်။

'ဘယ် ဟုတ်ရမှာလဲကွ၊ သူ သေစကတော့ ငါ စိတ်မထိခိုက်ဘဲ ဘယ်နေလို့ ရပါ့မလဲ၊ ဒါပေမဲ့ နောက်တော့ ငါ ဒီကိစ္စကို စဉ်းစား သုံးသပ်ကြည့်တယ်၊ ဒီအခါကျတော့ ငါ သိလာတယ်၊ အမှန်ကတော့ သူဟာ စကတည်းက အသက်ကို မရှိဘူး ဆိုတာ ငါ သိမြင်လာတယ်၊ ပြီးတော့ အသက် ပါမလာရုံတင် မကပါဘူး၊ သူဟာ အစကတည်းကကို ပုံပန်းသဏ္ဍာန် ပါမလာဘူး၊ သူ့မှာ အစကတည်းက အထည်ဒြပ်ကို မရှိဘူး၊ အနတ္တပဲ ဆိုတာကို ငါသိသွားတယ်၊ နောက် ဓာတ်တွေ ကမောက်ကမ ကသောင်းကနင်း ဖြစ်ပြီး ရှုပ်ထွေးတဲ့ အခြေအနေကို ရောက်တော့မှ အထည်ဒြပ် ပေါ်လာတာကွ၊ အထည်ဒြပ် အသွင်ဆောင် ပြောင်းလဲလာမှ ပုံပန်းသဏ္ဍာန် ဆိုတာ ဖြစ်ပေါ်လာတာ၊ အဲဒီမှာ ပုံသဏ္ဍာန်က ပြောင်းပြောင်းပြီး သက်ရှိ အသွင် ဖြစ်ပေါ်လာတာကွ၊ ခုတစ်ခါ သက်ရှိက အသွင် ပြောင်းပြီး သေခြင်း ဆိုတာ ရောက်လာတယ်၊ ဒါဟာ တကယ်တော့ ရာသီဥတု လေးမျိုး ပြောင်းသလိုပါပဲကွာ၊ နွေဦးပေါက်၊ ဆောင်းဦးပေါက်၊ ဆောင်းနှင့် နွေရာသီတွေလိုပေါ့၊ ခု သူက စကြဝဠာ ဆိုတဲ့ အိမ်ကြီးထဲမှာ လဲလျောင်းပြီး အိပ်စက်သွားပြီလေ၊ ဒီတော့ ခုကျမှ ငါက အော်ငိုပြီး ညည်းတွားမြည်တမ်းနေရင် ငါဟာ ကံကြမ္မာကို ဥပေက္ခာ ပြုသလို ဖြစ်နေမှာပေါ့၊ ဒါကြောင့် ငါက မငိုဘဲ စိတ်ထိန်းထားတာ' ဟု ဆိုလေသည်။

နောက် ပုံပြင် တစ်ခုတွင် ချောင်ဇူး၏ ဒဿန မာနကို ဖော်ပြထားလေသည်။

ချောင်ဇူးသည် ကြမ်းတမ်းသော စပ်ချုပ် ဝတ်ရုံကြီးကို ဝတ်ရုံပြီး ခြေမှာလည်း ဖိနပ်ကို ကြိုးစည်းပြီး လမ်းပေါ်မှာ လျှောက်သွားနေစဉ် သူသည် ဝီ မင်းဆက်မှ မှူးမတ်တစ်ဦးနှင့် ဆုံတွေ့ကြလေသည်။

မှူးမတ်က 'ဆရာကြီး၊ ကျွန်တော် မြင်ရတာဖြင့် ဆရာကြီး စိတ် မချမ်းမသာ ဖြစ်လာပုံပဲ၊ ဘယ်လို ဖြစ်တာလဲ ခင်ဗျာ'

'ဘာပြောတယ်၊ ပြန်ပြောပါဦး၊ ဒါ စိတ်မချမ်းမသာ ဖြစ်တာ မဟုတ်ဘူး၊ ဆင်းရဲတာ မွဲတေတာ၊ ပညာရှိဟာ တောက်ကို သိမြင်တဲ့ အသိပညာ ရှိတယ်၊ ဒီတော့ သူ ပြုမူတာတွေဟာ ဘယ်တော့မှ စိတ် မချမ်းသာတာ မရှိဘူး' ဟု သူက ဆိုလေသည်။

ချောင်ဇူးနှင့် ပတ်သက်သော ဆိုရိုးစကားများတွင် အထင်ရှားဆုံး ဖြစ်ရပ်မှာ ပုမြစ်ပေါ်တွင် လှေမျှောပြီး ငါးမျှားနေစဉ် သူ့ကို ရာထူး ဌာနန္တရ လာရောက် အပ်နှင်းသည့် ကိစ္စ ဖြစ်သည်။

ချူ မင်းဆက်မှ မှူးမတ် တစ်ဦးက သူ၏ အရာရှိများကို ချောင်ဇူးထံ စေလွှတ်ပြီး ဝန်ကြီး ရာထူးကို လက်ခံရန် ကမ်းလှမ်းလေသည်။ ချောင်ဇူးသည် ထိုအရာရှိကို လှည့်မကြည့်ဘဲ ငါးကိုသာ ဆက်လက်၍ မျှားမြဲတိုင်း မျှားနေလေသည်။ ပြီးမှ သူက ဆိုသည်။

'ငါ ကြားတယ်၊ ချူ မင်းဆက်မှာ အလွန် မွန်မြတ်တဲ့ လိပ် တစ်ကောင် ရှိတယ်၊ အဲဒီ လိပ်ဟာ လွန်ခဲ့တဲ့ အနှစ် သုံးထောင်လောက်က သေဆုံးသွားခဲ့တယ်၊ ဒီတော့ မင်းသား တစ်ပါးက ဒီလိပ်သေကို သေတ္တာခေါင်း တစ်ခုထဲကို ဂရုတစိုက် ထည့်ပြီး အဲဒီခေါင်းကို သူ့ရိုးရာ ဘုရားစင်ပေါ်မှာ တင်ထားတယ်တဲ့၊ ခုဒီလိပ်ဟာ သေဆဲပဲလား၊ သူ့အလောင်းကို ကိုးကွယ်နေဆဲပဲလား၊ ဒါမှမဟုတ် လိပ်

---

၁။ Hui-tzu

က ပြန်ရှင်ပြီး ရွံ့နွံထဲမှာ အမြီး တလှုပ်လှုပ်နှင့် သွားလာနေပြီလား'

'ဒီလိပ် ရှင်နေလောက်ပါပြီ' ဟု အရာရှိ နှစ်ဦးက သံပြိုင် ဖြေလိုက်ကြသည်။ 'ဒါဆို ပြီးရော၊ သွားကြတော့၊ ငါလည်း ရွံ့ထဲမှာ အမြီးပဲ လှုပ်နေတော့မယ်' ဟု ဆိုလိုက်လေသည်။

သူ့ခေတ်ကို သူ အပြစ်တင် ပြောဆိုခြင်း၌ ချောင်ဇူး၏ ပြုလုပ်ပုံသည် အင်အား ကြီးမားသည်။ သူ့ ရှေ့က ပေါ်ပေါက်ခဲ့သော တောက်ဝါဒီ ဆရာကြီး နှစ်ဦးနှင့် ကွန်ဖြူးရှပ်တို့၏ အတိတ်က ပြုလုပ်ခဲ့ကြပုံကို သူ စံထားသည်။ သို့သော် ထိုသို့ ရှုမြင်ရာတွင် သူ့အမြင်သည် ကွန်ဖြူးရှပ်နောက်လိုက်များ၏ အမြင်နှင့်ကား ခြားနားသည်။

ကွန်ဖြူးရှပ် ဝါဒီများ၏ ကိုယ်ကျင့်တရား သဘောထားများသည် အတင်း တွန်း၍ ပြုလုပ်သော အရာများ ဖြစ်ခြင်းကြောင့် ဘဝ၏ အခြေအနေကို ဆိုးဆိုးရွားရွား ရှုပ်ထွေးသွားစေသည်။ ထိုသို့ ပြုလုပ်ပါက လူသားသည် ရိုးရိုးသားသား သဘာဝ အတိုင်း နေနိုင်တော့မည် မဟုတ်ဟု သူက ဝေဖန် သုံးသပ်သည်။

ထိုသဘောကို သူ ရှုမြင်ပုံမှာ ဤသို့ ဖြစ်ပါသည်။

လူမှာ ဗီဇစိတ် အလိုများသာ ဖြစ်ပေါ်စဉ် အခါက လူများသည် ငြိမ်သက်စွာ သွားလာ လှုပ်ရှားပြီး စူးစိုက် မြဲမြဲစွာ ငေးကြည့်ခဲ့ကြပါသည်။ ထိုစဉ်အခါက ဆိုလျှင် တောင်ပေါ်မှာ လူသွားလမ်းပင် မရှိသေးပါ။ ရေပေါ်မှာလည်း လှေသမ္ဗန်သော် လည်းကောင်း၊ တံတားသော် လည်းကောင်း မရှိသေးပါ။ သူ့ ပတ်ဝန်းကျင် အခြေအနေနှင့် သင့်တင့်စွာ အရာခပ်သိမ်းတို့ကို ထုတ်လုပ်ထားပါသည်။ ငှက်များနှင့် သားရဲ တိရစ္ဆာန်များလည်း ပေါများပါသည်။ သစ်ပင်နှင့် ချုံပင်များလည်း ရှင်သန် ကြီးထွားနေကြပါသည်။ သင်သည် သစ်ပင်ပေါ်သို့ တက်ပြီး တောကျီးကန်း၏ အသိုက်ကို ချောင်းကြည့်လိုလျှင်လည်း ချောင်းကြည့်နိုင်ပါသည်။ ထိုကာလက လူများသည်လည်း ငှက်များ၊ သားရဲ တိရစ္ဆာန်များနှင့် အတူ နေထိုင်ခဲ့ကြလေသည်။ ဖန်ဆင်းထားသော အရာ အားလုံးမှာ တသားတည်းသာ ဖြစ်ခဲ့ကြလေသည်။ ထိုစဉ်က လူကောင်းနှင့် လူဆိုး ဟူ၍လည်း ခွဲခြားမှု မရှိပါ။ အသိဉာဏ်ပညာ မရှိသဖြင့် အားလုံးမှာ တူညီနေကြရကား သူတို့ ပြုသော ကောင်းမှုများမှာလည်း လမ်းလွဲခြင်း မရှိခဲ့ချေ။ လူတိုင်းမှာ မကောင်းသော ယုတ်ညံ့သော လိုအင် ဆန္ဒများ မရှိခြင်း၌ တူညီကြရကား သူတို့ အားလုံးသည် သဘာဝ အလျောက် သိက္ခာ ရှိသော အခြေအနေတွင် နေခဲ့ကြရလေသည်။ လူ့ဘဝ ပဒေသာပင်ကြီး ရှိခဲ့သည်ဟုပင် ဆိုသင့်ပါ၏။

သို့သော် ပညာရှိ သူတော်စင်များ ပေါ်ပေါက်လာကြသောအခါ လူများ အပေါ် အလှူဒါနဖြင့် ခြေချုပ်ခြင်း၊ တာဝန် ဝတ္တရားဖြင့် အိမ်နီးနားချင်း အပေါ် ခြေချုပ်ခြင်း ပြုကြလေတော့သည်။ ထိုအခါ ကမ္ဘာပေါ်၌ မယုံသင်္ကာ စိတ်များ ပေါ်ပေါက်လာလေတော့သည်။ ထို့နောက် တေးဂီတ အပေါ် စိတ်ပျော့ပျောင်းလာပြီး မင်္ဂလာ အခမ်းအနားများ အပေါ် အရည် ပျော်ကုန်ကြလေတော့သည်။ ထိုအခါ ပိုင်နက် နယ်မြေ နိုင်ငံတော်ကြီးလည်း အကွဲကွဲ အပြားပြား ဖြစ်သွားလေတော့သည်။

ဤကား သမိုင်းဦး ဘုံမြေ ခေတ်ကို ချောင်ဇူး ရှုမြင်ပုံ ဖြစ်၏။ ထိုအမြင်တွင် ချောင်ဇူးက တောက်တဲ့ကျင်းကျမ်းကို များစွာ ကျော်လွန်သွားခဲ့လေသည်။

သူ၏ အယူအဆ သက်သက်မှာ ချူ ယဉ်ကျေးမှု လက်ထက်တွင် လူမှုရေး ဘဝ ပုံစံသော် လည်းကောင်း၊ လူမှု အဖွဲ့အစည်း အဆောက်အအုံ တစ်စုံတစ်ရာသော် လည်းကောင်း ဘာမျှ မပေါ်ပေါက်ခဲ့သေးချေ။ ဘာမျှလည်း မလုပ်ခဲ့ကြသေးပေ။ လူများမှာ သဘာဝအားဖြင့် တန်းတူရည်တူ ဘဝမှာပင် ရှိနေခဲ့ကြသေးသည်။ ပြီးမှ မိမိတို့၏ တိုင်းရင်းသား မျိုးရိုး ဂုဏ်သိက္ခာကို ပျက်စီးအောင် ပြုလုပ်လာခဲ့ကြလေသည်။

'လူမှု အဆောက်အအုံတွေ ပေါ်ပေါက်လာလို့ လူဆိုး ဓားပြတွေ ပေါ်ပေါက်လာကြတာ၊ ပညာရှိ သုခမိန်တွေကို တွန်းလှန်ပစ်ပြီး လူဆိုး ဓားပြတွေကို လွှတ်ထားလိုက်ကြ၊ ဒါမှ နိုင်ငံတော်ကြီးလည်း နေသားတကျ ဖြစ်သွားလိမ့်မယ်' ဟု သူက ပြင်းပြင်းထန်ထန် ပြောဆိုခဲ့လေသည်။

လူမှု အဆောက်အအုံ မှန်သမျှကို လိုလား နှစ်သက်ခြင်း မရှိသော သူ၏ သဘောထားသည် သူ၏ ချစ်ခင် နှစ်သက်သော ပြက်လုံးများကို သဘာဝ တရားဘက်သို့ လှည့်လိုက်သော အခါ ပျောက်ကွယ်သွားလေသည်။ တရုတ် အနုပညာရှင်များအား သစ္စာတရားကို သူတို့၏ အနုပညာတွင် ရှာဖွေရန် အတွက် မည်သည့်ဘက်သို့ လှည့်ကြည့်ရမည် ဆိုသည်ကို သူက သင်ကြား ပေးခဲ့လေသည်။ သူ့လက်ထက်က စ၍ တရုတ် အနုပညာရှင်များ၏ စိတ်တွင်

သဘာဝ တရားသည် သူတို့၏ အချစ်ဦး ဖြစ်လာခဲ့လေသည်။ ယနေ့ထက်တိုင် ချောင်ဖူးသည် တရုတ် အနုပညာရှင်များ၏ စိတ်တက်ကြွမှုနှင့် စိတ်ကူးကောင်းမှု အတွက် အဓိက ရေထွက်စမ်းကြီး ဖြစ်သည်ဟု ဆိုကြသည်။

ထို့ပြင် ချောင်ဖူးက တရုတ် အနုပညာရှင်များအား သဘာဝ၏ မဟိဒ္ဓ သဘောကိုသာ ကြည့်ရှုခြင်း မပြုကြရန် တိုက်တွန်းခဲ့သည်ဟုလည်း ဆိုသည်။ တရုတ် အနုပညာရှင်များကို သူက သဘာဝ တရားထဲက ထာဝရ ဖြစ်နေပုံများကို ကြည့်တတ်သော အရည်အချင်းကို ဖြစ်ပေါ်လာအောင် စိတ်ဓာတ် စေ့ဆော် ပေးခဲ့လေသည်။ ၎င်းမှာ ပုံသဏ္ဌာန်တိုင်း၏ နောက်ကွယ်တွင် တည်ရှိသော အစစ်အမှန် တရားပရမတ္ထ သစ္စာကိုပါ ပန်းချီဆရာများ၊ ကဗျာဆရာများ မြင်ရမည်ဟု ဆိုလိုခြင်း ဖြစ်သည်။

တစ်ခုသော နှစ်သက်ဖွယ် လှုံ့ဆော်မှု ပါသော သရုပ်ဖော်မှု တစ်ခုတွင် သူက အနုပညာရှင်များနှင့် ဒဿန ဆရာများကို အလွန်အမင်း ရှုပ်ထွေးသော လူ့အသိပညာနှင့် ဆိုင်သော ပြဿနာ တစ်ရပ်ကို တင်ပြခဲ့လေသည်။ ၎င်းမှာ စိတ်ထဲက ပုံသဏ္ဌာန်များ၏ အမှန်တရားကို ရရှိအောင် ဘယ်လို လုပ်ကြမလဲ ဆိုသော ပြဿနာ ဖြစ်သည်။

> တစ်ရံရောအခါက ကျွန်ုပ် ချောင်ဖူးသည် အိပ်မက် တစ်ခု မြင်မက်ဖူးလေသည်။ အိပ်မက်ထဲတွင် ကျွန်ုပ်သည် လိပ်ပြာကလေး တစ်ကောင် ဖြစ်နေ၏။ ဟိုမှသည်မှ တောင်ပံခတ်၍ ပျံသန်းနေခဲ့လေသည်။ လိပ်ပြာတို့၏ သဘော အတိုင်းပင် ဖြစ်၏။ ... ရုတ်တရက် အကျွန်ုပ် မေးမိသည်။ ယခုမှ ထိုသို့ လိပ်ပြာကလေး ဖြစ်နေသည်ဟု အိပ်မက် မက်နေစဉ် အခါက ကျွန်ုပ်သည် လူတစ်ဦး အဖြစ် အိပ်မက် မက်နေခြင်း ဟုတ် မဟုတ် ကျွန်ုပ် မပြောတတ်တော့ပေ။ သို့မဟုတ် ယခုကျွန်ုပ်သည် လိပ်ပြာ ဘဝနှင့် လူဖြစ်နေသည်ဟု အိပ်မက် မက်နေသလားလည်း မပြောတတ်တော့ပေ။

သို့ရာတွင် တောက် ဝါဒသည် ဤကဲ့သို့ လျှို့ဝှက်နက်နဲသော အချည်းနှီး ကြံစည်၍ ဒဿနနည်းကျ သဘာဝ တရားကို အဓိပ္ပာယ် သတ်မှတ်ခြင်း၊ လူ့ဘဝ၏ အဓိပ္ပာယ်ကို ရှာခြင်း အလုပ်ကို ကြာမြင့်စွာ မလုပ်တော့ဘဲ ဝိဇ္ဇာမယ သဘောတရားဘက်သို့ ဦးလှည့်သွားခဲ့လေသည်။

ဤသို့ ဝိဇ္ဇာမယ ပညာ အဖြစ်သို့ ပြောင်းလဲသွားခြင်းတွင် ချောင်ဖူးကပါ အရိပ် မြင့်ပေးခဲ့သည်။ သူ့မှာလည်း တာဝန် ရှိသည်ဟု ဆိုသင့်ပေသည်။

## (ခ) တောက်ဝါဒ၏ ဝိဇ္ဇာမယပိုင်း

ဝိဇ္ဇာမယ ပညာ၏ ပြဿနာမှာ ဤ ခန္ဓာကိုယ် အတိုင်း အိုမင်း ရင့်ရော်ခြင်း မရှိဘဲ အသက် ရှည်စွာ နေနိုင်ရေး အာယုသိဒ္ဓိ ပြီးရေးပင် ဖြစ်သည်။ တရုတ် လူမျိုးများသည် ဤကိစ္စကို စိတ်ဝင်စားကြသည်။ မည်သူမျှ သူတို့ အိုရမည့် အရေးထက် ပို၍ ကြိုတွေးလေ့ မရှိပေ။ မိသားစု ကြီးမားသော အုပ်စုများ၌ လူငယ် လူရွယ် များစွာ ရှိကြပေရာ သူတို့သည် လူကြီးများ၏ တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်နိုင်ကြမည် ဖြစ်သည်။ တရုတ် လူမျိုးများ အဖို့ ဘဝသည် အသက် ခြောက်ဆယ်ကျမှ စတင်သည် ဆို၏။

သို့သော် ထာဝရ ရှင်သန်ရေးကိုလည်း အထူး စိတ်ဝင်စားကြသည်။ တောက် ဝါဒက ထာဝရ အသက် ရှင်သန်နေရေး အတွက် ကူညီ ဆောင်ရွက် ပေးနိုင်ကြောင်း ကတိပြုဟန် တူသည်။ တောက်တဲ့ကျင်း ကျမ်းထဲတွင်လည်း တောက်၏ လျှို့ဝှက်သော တန်ခိုးကို ရရှိထားသူသည် လူ၏ လက်နက်ဖြင့်သော်လည်း သတ်၍ မသေနိုင်၊ တောရိုင်း တိရစ္ဆာန်တို့၏ ကိုက်စား သတ်ဖြတ်ခြင်းကြောင့်လည်း မသေနိုင်ကြောင်း ဆိုထားသည်ကို တွေ့ရသည်။ တောက်၏ တန်ခိုးသတ္တိကို ရရှိထားသော သူသည် မည်သည့် အဆိပ် ရှိသော တွားသွား သတ္တဝါမျှလည်း မကိုက်၊ မည်သည့် သားစားငှက်မျှလည်း သုတ်ချီခြင်း မပြုနိုင်သော နို့စို့သားငယ် လူမမည်နှင့် တူသည်။ ထို့ပြင်တဝ 'တာအိုသို့ ဆိုက်ရောက်ပြီးသော ပုဂ္ဂိုလ်သည် အမြဲတမ်း အသက်ရှည်စွာ နေရ၏။' ဤအယူအဆကို ချောင်ဖူးက နောက်ထပ် ဖြည့်စွက်၍ တွေးခေါ် တင်ပြထားသေးသည်။

ပုံပြင်ထဲက ကေရာဇ် ဘုရင်ကြီး *ဖုဆီ* [၁] သည် တောက်ဉာဏ်ကို ရရှိခဲ့ဖူးလေသည်။ ထို့ကြောင့် သူသည် ထာဝရ ဖြစ်တည်နိုင်သော သဘောတရားများ၏ လျှို့ဝှက်ချက်ကို တိတ်တဆိတ် ရရှိအောင် ဆောင်ရွက်နိုင်ခဲ့လေသည်။ *ပင်းအိုင်* [၂] လည်း တောက်ဉာဏ်ကို ရရှိခဲ့၏။ ထို့ကြောင့် သူသည် မြစ်စောင့်နတ် ဖြစ်လျက် မြစ်ချောင်းမှန်သမျှကို အစိုးရသူ ဖြစ်လေသည်။ *ချိန်းဝု* [၃] လည်း ထိုနည်းအတူ တောက်ဉာဏ်ကို ရရှိသဖြင့် တောင်စောင့်နတ် ဖြစ်လာ၏။ တောင်တော်မြတ် *တိုင်ရှန်း* [၄] အပေါ်တွင် နေ

---

၁။ Fu Hsi
၂။ Ping I
၃။ Chien Wu
၄။ Tai Shan

ရ၏။ ကေရာဇ် ဝါလည်း တောက်ဉာဏ်ကို ရရှိခဲ့၏။ ထို့ကြောင့် ကောင်းကင်ပေါ်က တိမ်တိုက်များ အပေါ်မှာ လေဟုန် စီး၍ နေရ၏။ ... *အနောက် မယ်တော်* [၁] ဘုရင်မ၏ မယ်တော်လည်း တောက်ဉာဏ်ကို ရရှိခဲ့၏။ ရှောင်ကွန်း အရပ်တွင် အခြေချ၍ နေရ၏။ ထိုအခါမှ စ၍ ထိုမယ်တော် နေသော အရပ်ကို မည်သူမျှ မသိကြတော့ပေ။ *ပင်ဆု* [၂] လည်း တောက်ဉာဏ်ကို ရရှိသူ ဖြစ်၏။ ထို့ကြောင့် ရှွန်း မင်းဆက် လက်ထက်မှသည် မင်းသား ငါးပါး လက်ထက် တိုင်အောင် အသက် ရှင်လျက် ကာလ ကြာမြင့်စွာ နေခဲ့ရ လေသည်။

သို့ရာတွင် ချောင်ဖူးသည် ဤ တောက်ဝါဒ၏ ဝိဇ္ဇာ မယပိုင်းကို အလွန် စိတ်အား ထက်သန်ခြင်း မရှိ ဆိုခြင်း မှာလည်း ဖြစ်နိုင်ရန် အကြောင်း ရှိသည်။ သူသည် ဤသို့ ဆွေးနွေး တင်ပြခဲ့ဖူးသည်။ ထိုဆွေးနွေးချက်သည် အလွန် ရေးကျသော အယူအဆ ဖြစ်ပြီး သူ့လက်ထက်တိုင်အောင် ဆင်းသက်လာသော အယူအဆလည်း ဖြစ်နိုင်သည်။ ထို အယူအဆကို စကား အပြန်အလှန် ပြောခန်းဖြင့် ဖော်ပြ ထားလေသည်။

နန်ပိုဇက်ကွီးက ညူယုကို ဆိုသည်။

'မင်းဟာ အသက် ကြီးလှပြီ၊ ဒါပေမဲ့ မင့် အသား အရေက ကလေး အသားအရေလိုပဲ နုပျိုဆဲပဲ၊ ဘယ်လို ဖြစ်တာလဲ'

ညူယုက ပြန်ပြောသည်။

'ကျွန်မက တောက်ကို လေ့လာထားတာကိုး'

နန်ပိုဇက်ကွီးက မေးပြန်သည်။

'ငါကော တောက်ကို လေ့လာလို့ ရပါ့မလား'

'ရှင် ဘယ်လို လုပ်ပြီး ရပါ့မလဲ၊ မရနိုင်ပါဘူး၊ ရှင်က တောက်ဉာဏ်ကို ရနိုင်မည့် လူစားမှ မဟုတ်တာ၊ ပုလီယန်အိုင် ဆိုတဲ့ လူတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူ့မှာ ပညာရှိ သူတော်စင်ကြီး ဖြစ်နိုင်တဲ့ ဉာဏ်ရည် ဉာဏ်သွေး တွေတော့ ရှိတယ်၊ ဒါပေမဲ့ တောက်ဉာဏ်ကို ရနိုင်တဲ့ ပညာရှိ အရည်အသွေးတော့ မရှိဘူး၊ ခု ကျွန်မကျတော့ တောက်ဉာဏ်ကို ရတယ်၊ ပညာရှင် ဉာဏ်ရည် ဉာဏ်သွေး တော့ မရှိပါဘူး၊ ... သူ့ ဒီဉာဏ်ကို ရအောင် ကျွန်မက သည်းခံပြီး စောင့်ဆိုင်းခဲ့ရတယ်၊ သုံးရက် ကြာတော့ သူ ဟာ လောကီနယ် ရုပ်လောကကို ကျော်ဖြတ်နိုင်ခဲ့တယ်၊ နောက်ထပ် ခုနစ်ရက် စောင့်တော့ သူဟာ ရုပ်ဝတ္ထုတွေ အားလုံး ရှိတဲ့ လောကီ နယ်ကို ကျော်လွန်သွားပြီးတဲ့တိုင် အောင် နောက်ထပ် ကိုးရက်တိတိ ကျွန်မ စောင့်ခဲ့ရသေး တယ်၊ အဲဒီ အချိန်ကျမှ သူဟာ နံနက်ခင်းကို ရှင်းရှင်း လင်းလင်း မြင်တွေ့သွားတယ်၊ နောက်တော့မှ သူဟာ အထီး ကျန်သော တစ်ခုတည်းသော သဘောကို သဘော ပေါက် သွားတယ်၊ ဒီလို အထီးကျန် သဘောရဲ့ ဆိတ်ငြိမ်မှုကို မြင် တွေ့သွားပြီးတဲ့ နောက်မှာတော့ သူဟာ အတိတ်နှင့် ပစ္စုပ္ပန် ခွဲခြားပြီး ရှုမြင်တဲ့ သဘောကို စွန့်လွှတ် ဖျက်သိမ်းပစ်လိုက် နိုင်တယ်၊ အတိတ်နှင့် ပစ္စုပ္ပန်ကို ခွဲရှုတဲ့ သဘောကို ပယ် ဖျက်ပစ်လိုက်ပြီးတဲ့နောက် သူဟာ ရှင်ခြင်းနှင့် သေခြင်း ကင်းတဲ့ နိဗ္ဗာန် သဘောကို သက်ဝင်သွားတော့တာပေါ့'

သူသည် သူ့ ခေတ်က ပေါ်ပေါက်ခဲ့သော ဒဿန ဆရာကြီး *လီဇူ* [၃] ဆိုသူနှင့်လည်း စကား ပြောသည်။ လီဇူ သည် တကယ် သက်ရှိ ထင်ရှား ဖြစ်သော လူပုဂ္ဂိုလ် တစ် ဦးလား သို့မဟုတ် သူ့စိတ်က ဖန်တီးခဲ့သော ဇာတ်ကောင် လား မပြောတတ်ပေ။

ဤ အံ့ဖွယ် ပညာရှိ သူတော်စင်ကြီးသည် လေဟုန် ကို စီး၍လည်း သွားနိုင်သည်။ အေးမြသော လေပြည် လေညင်းနှင့် အတူ သူသည် လွင့်မျောကာ ၁၅ ရက် တိုင် တိုင် သွားနိုင်သည်။ သေမျိုး ဖြစ်သော သတ္တဝါတို့တွင် ချမ်းသာ သုခကို ခံစားရသော ထိုကဲ့သို့သော လူပုဂ္ဂိုလ် မျိုးကား ရှားလှပါသည်။ သို့ဖြစ်စေကာ ချောင်ဖူးက ပြော သည်မှာ လီဇူသည် လမ်း မလျှောက်ရဘဲနှင့် သွားနိုင်စေ ကာမူ သူသည် လေကိုကား အမှီပြု၍ နေရသေးသည်။ ကောင်းကင်နှင့် မြေပြင်၏ ထာဝရ ကျန်းခန့်မှု အပေါ် ရထား လုပ်၍ စီးနိုင်သော စကြဝဠာ အနန္တသို့တိုင်အောင် မမြဲသော အရာဝတ္ထုတို့ကို အခြေအရံ ပြုလျက် ဆောင်ယူ သွားနိုင်သော အကြင်သူ အဖို့ အဘယ် အရာကို မှီခိုရန် လို အပ်ပါမည်နည်း။

တောက် ဝါဒသည် မြေကြွန်အင်ဖတ် အလုပ်ဖြင့် အသက်မွေးမှု ပြုသူများနှင့် ဟန် မင်းဆက် လက်ထက် နန်းတွင်း အရာထမ်းများ၏ အကြားမှာ ခေတ်စားလာသော အကြောင်းအရာ ဖြစ်လာသော အခါ တောက်ဝါဒီ စစ်စစ် သည် ထာဝရ ပရမတ္ထ သစ္စာတရားကို သိရှိမှုမက သူ သည် ထို သစ္စာတရား အတိုင်း ထာဝရ အသက် ရှင်၍ နေနိုင်သည် ဟူသော ယုံကြည်ချက် တစ်ခုလည်း ပေါ် ပေါက်လာသည်။

၁။ Western Mother (Fairy) ၂။ Peng Tsu

၃။ Lieh-tzu

တောက် ဝါဒီ စစ်စစ်သည် မပြဲသော အနိစ္စ သဘောတို့ကို လွန်မြောက်ပြီးလျှင် ထာဝရ အသက် ရှင်၍ နေနိုင်သော အာယုသိဒ္ဓိလည်း ပြီးတော့သည်ဟု ယူဆလာကြလေသည်။ သူသည် နှင်းမှုန်များပေါ်မှာ လည်းကောင်း၊ သေးငယ်သော ပိုးမွှားကောင် ကလေးများပေါ်မှာ လည်းကောင်း နေနိုင်သည်။ ဤကဲ့သို့ နှင်းမှုန် နှင်းစက်များပေါ်မှာ နေနိုင်သည် ဆိုခြင်းမှာ ထာဝရ နေနိုင်ခြင်း ဖြစ်ပါမည်လား။ ထိုကဲ့သို့ အသက် ရှင်လျက် ထာဝရ နေနိုင်အောင် အဂ္ဂိယတ် ပညာဖြင့် ပြုလုပ်ရဦးမည်လား။

တောက်ဝါဒီတို့၏ အတွေးအခေါ်နှင့် စမ်းသပ်မှုများသည် ထိုလမ်းအတိုင်း ဆင်းသက် လာခဲ့လေသည်။ ဘီစီ နှစ် ရာစုသို့ ရောက်သောအခါ ဟန်မင်းဆက် ဧကရာဇ် ဘုရင်ဝူတီသည် ကွန်ဖြူးရှပ် ဝါဒ၏ နာယက ဖြစ်သော်လည်း သူသည် တောက် ဝါဒကို နှစ်သက်လာအောင် သူ၏ ကေရီမိဖုရားကြီးနှင့် မိဖုရားကြီး၏ အခြွေအရံများက ဆွဲဆောင်ခဲ့ကြလေသည်။

တစ် ရာစု၏ နာမည်ကျော် တရုတ် သမိုင်း ပညာရှင်ကြီး *ဆုမာချိန်း*[၁]က ဤအစဉ်အလာကို မှတ်တမ်း တင်ခဲ့ရာ၌ (မှန်သည် မှားသည်ကိုကား မဆိုနိုင်) မြေကြန်အင် နိမိတ်ဖတ် ဆရာ *လီရှောင်ကျင်း*[၂] က ဧကရာဇ် ဘုရင်ကြီးကို ကိုယ်တိုင်ကိုယ်ကျ အဂ္ဂိယတ် ထိုးရန် အတွက် ဖိုကို ကိုင်ရန် တိုက်တွန်းခဲ့သည် ဆို၏။ ဤသို့ ပြုလုပ်ခြင်းအားဖြင့် ပရ လောက (ဝိညာဉ် လောက) ၏ ကောင်းချီး မင်္ဂလာ ပြုခြင်းကို ခံရပြီး ဟင်္သာပဒါးမှ ရွှေ ဖြစ်အောင် လုပ်သောနည်းကို ရရှိနိုင်သည်ဟု တိုက်တွန်းခဲ့သည် ဆို၏။

ထို့နောက် ဟင်္သာပဒါးမှ ဖြစ်သော ရွှေဖြင့် ပြုလုပ်သော ရွှေခွက် ရွှေဖလားများဖြင့် သူသည် စားသောက်၍ နေထိုင်ခဲ့သည် ဆို၏။ ထိုအခါ သူသည် အသက် ရှည်ခြင်း အာယုသိဒ္ဓိကိုလည်း ရရှိခဲ့သည် ဆို၏။

ထိုအခါမှ စ၍ တရုတ် လူမျိုးတို့သည် ရွှေကို အသမ္ဘိန္နဓာတ် အဖြစ် ယူဆကာ စား၍ ရသော ရွှေနှင့် ဆက်စပ်မှု ရှိလာကြသည် ဆို၏။ အသက် မသေအောင် ရွှေ စားရမည် ဆိုသော အယူအဆ ပေါ်ပေါက်လာသည်။ ထို့ပြင် မြေကြန်အင်နိမိတ်ဖတ် ဆရာက ဧကရာဇ် ဘုရင်ကြီးကို နောက်ထပ် အသက် မသေဘဲ နေနိုင်သော အာယုသိဒ္ဓိကို ရရှိစေရန် တောင်တော်မြတ် တိုင်ရှန်းပေါ်တွင် ဖန်ရှန်း ပွဲတော်ကို ကျင်းပရန်ကိုလည်း တိုက်တွန်းခဲ့သည် ဆို၏။ ထိုပွဲတော်ကို ကျင်းပလျှင် နောက်ထပ် မသေတော့ဟုလည်း ဆိုလေသည်။ ဤသို့ ပြုလုပ်ခဲ့သည့် အတွက် ဧကရာဇ် ဘုရင်ကြီး ဟွမ်တီသည် အာယုသိဒ္ဓိကို ရရှိခဲ့ဖူးကြောင်းကိုလည်း မြေကြန်အင် နိမိတ်ဖတ် ဆရာက ပြောဆိုလေသည်။ ထိုအချိန်က စ၍ ဝူတီ ဘုရင်ကြီး၏ အနီးတွင် တောက် ဝါဒီများ ဝန်းရံလျက် နေခဲ့ပြီး ထိုတောက်ဝါဒီများ၏ အကြံပေးချက် အတိုင်း တရုတ် လူမျိုးတို့၏ ဘာသာကိုးကွယ်မှုတွင် ကွန်ဖြူးရှပ် ဝါဒီတို့ကို ဆန့်ကျင်ကာ တီထွင်မှု အမျိုးမျိုးကို ပြုလုပ်ခဲ့သည် ဆို၏။

အေဒီ တစ် ရာစုသို့ ရောက်သောအခါ တောက်ဝါဒတွင် ဝိဇ္ဇာမယ အတတ်ပညာကို အလေး ထားခြင်းသည် အထွတ်အထိပ်သို့ ရောက်ရှိလာလေတော့သည်။

ထိုအချိန်တွင် *ချန်လင်း*[၃] သို့မဟုတ် *ချန်တောက်လင်း*[၄] ဟုလည်း လူသိများသော ပုဂ္ဂိုလ် တစ်ဦးသည် တရုတ်ပြည် အရှေ့ဘက်မှ တရုတ်ပြည် အနောက်ဘက်သို့ နိုင်ငံ ရွှေပြောင်း၍ လာလေသည်။ ထို့နောက် လျှို့ဝှက် အဖွဲ့အစည်း တစ်ခုကို ထူထောင်ခဲ့လေသည်။ ထိုအဖွဲ့သည် အဂ္ဂိယတ် ထိုးခြင်းကို လည်းကောင်း၊ တောက်ဝါဒီတို့၏ သမထ ဈာန်ကမ္မဋ္ဌာန်း အလုပ်ကို လည်းကောင်း ဖောက်ချ၍ လုပ်ကိုင်ခဲ့လေသည်။ သူ့အဖွဲ့ထဲသို့ ဝင်ရောက်လာသူတိုင်းသည် သူ့ကို ဆန်ငါးစိတ် ပေးရသည်။ ထို့ကြောင့် သူ့ဂိုဏ်းကို *ဝူတုမီတောက်*[၅] ဆန်ငါးစိတ်ဂိုဏ်း ဟူ၍ သမုတ်ခဲ့ကြလေသည်။

သူ ချမှတ်ခဲ့သော အခြေခံ အုတ်မြစ်ပေါ်တွင် သူ့သားနှင့် သူ့မြေးတို့က အဖွဲ့အစည်း အဆောက်အအုံကြီး တစ်ခုကို တည်ထောင်ခဲ့ကြလေသည်။ အယူသီးသော နောက်လိုက်များစွာကို ဆွဲဆောင် စည်းရုံးနိုင်ခဲ့သည်။ နောက်ပိုင်းတွင် စစ်အင်အား ဖြစ်လာကာ နိုင်ငံရေး အာဏာကို ရရှိခဲ့လေတော့သည်။

အချိန် ကာလ ကြာမြင့်လာသော အခါ ချန်တောက်လင်းကို ဘုရား တစ်ဆူကဲ့သို့ ကိုးကွယ် လာကြပြီးလျှင် သူ့ကို နတ်ပြည်က လာသော ဓမ္မဆရာ အဖြစ် ကိုးကွယ်ခဲ့ကြလေသည်။ အဘယ်ကြောင့်ဆိုသော် သူ့ကို လောင်ဇူးကိုယ်တိုင် နတ်ပြည်က လာပြီး သိက္ခာ တင်ပေးသည်ဟု ယုံကြည်ကြလေသည်။ ထို့ပြင် သူ့ကိုယ်တိုင်လည်း အသက်

---

၁။ Ssu-ma Chien
၂။ Li Shao Chin

၃။ Chang -Ling
၄။ Chang-tao-Ling
၅။ Wu Tou Mi Tao

မသေနိုင်သော အာယုဝဍ္ဎန ဆေးနည်းကို ရှာဖွေ ဖော်ထုတ်ပေးနိုင်ခဲ့သည် ဆို၏။

ထို့နောက် သူသည် လွန်ဟူး (နဂါးကျား) တောင်ပေါ်မှ ကျားကို စီး၍ နတ်ပြည်သို့ အရှင်ထွက် ထွက်သွားသည် ဆို၏။

ထိုသို့ ထွက်ရပ် မပေါက်မီက သူသည် သူ၏ အသက်ရှည်ဆေးဖြင့် ထုံကူးကာ အသက် ၁၂၂ နှစ် အသက် ရှင်လျက် နေခဲ့သည် ဆို၏။ သူ၏ ဩဇာ လွှမ်းမိုးမှုလည်း ကာလ ကြာမြင့်စွာ တည်ရှိခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ရာစုနှစ်ပေါင်း များစွာ ကြာမြင့်သည့်တိုင်အောင် သူ၏ နောက်လိုက်များသည် ကီယန်စီ ပြည်နယ်ရှိ နဂါးကျား တောင်ပေါ်တွင် နတ်ဆရာ ဘုန်းကြီးများ အဖြစ်လည်းကောင်း၊ ရဟန်းမင်းများ အဖြစ် လည်းကောင်း အစဉ်အဆက် နေထိုင်ခဲ့ကြသည် ဆို၏။ ထိုရဟန်းမင်း တစ်ပါးစီသည် ချန်တောက်လင်း လူဝင်စား အဖြစ်ဖြင့် လူ့ပြည်သို့ ပြန်လာကြသော ပြည်တော်ဝင် ပုဂ္ဂိုလ်များ ဖြစ်ကြသည်ဟု ယူဆကြလေသည်။

ထို့ပြင် ရာစုနှစ် အတန် ကြာမြင့်သည့်တိုင်အောင် ထို ရဟန်းမင်း၏ ကုန်ကျစရိတ်များကို ဆွန်း မင်းဆက် ဧကရာဇ် ဘုရင် ချင်ဇွန်း (၉၉၈-၁၀၂၃ အေဒီ) က ကျခံခဲ့လေသည်။ သို့သော် နောက်ဆုံးတွင် အာဏာ ကျဆင်းမှုကြီး ဖြစ်လာခဲ့လေသည်။ မကြာမီ ကာလ အတွင်း ဖြစ်ပွားခဲ့သော မငြိမ်မသက် ဆူပူ အုံကြွမှုများကြောင့် တောင်များပေါ်က ရဟန်းမင်းများကို မောင်းထုတ်ခြင်း ခံခဲ့ရလေသည်။ နောက်ထပ်လည်း ထို ရဟန်းမင်းများ ထို တောင်များပေါ်သို့ ပြန်မလာရတော့ပေ။

ထို့နောက် ချန်ချောင်း (ချန်တောက်လင်း အဆက်အနွယ် တစ်ဦး) ဦးဆောင်သော တောက်ဝါဒီဂိုဏ်း တစ်ခု ပေါ်ပေါက်လာသေးသည်။ နောက်လိုက် ထောင်သောင်းမကများပြားခဲ့လေသည်။ မြစ်ဝါ မြစ်ဝှမ်း တစ်ခုလုံးကို အချိန်အတန်ကြာအောင် သိမ်းပိုက်ထားနိုင်ခဲ့လေသည်။

နောက်ပိုင်းတွင် အာဏာ ကျဆင်းလာခြင်း၊ ဤလှုပ်ရှားမှုနှင့် အလားတူ လှုပ်ရှားမှုများ ရှုံးနိမ့်ခြင်း ရှိခဲ့စေကာမူ တောက် ဝါဒီများသည် အာဏာ ရရှိရေး အတွက် စွန့်စား ဆောင်ရွက်လိုသော စိတ်ဓာတ် အမြဲတမ်း ရှိခဲ့လေသည်။

ထိုစဉ် ကာလ အတွင်းတွင် တောက်ဝါဒီတို့၏ ဝိဇ္ဇာ ဓရ ပညာရပ်သည် ဖွံ့ဖြိုး တိုးတက်နေခဲ့လေသည်။ အေဒီလေး ရာစုတွင် ပေါ်ပေါက်ခဲ့သော သုတေသီ ပညာရှင် *ကိုဟွန်း*[၁] သည် ဝိဇ္ဇာ ပညာရပ်နှင့် ဆိုင်သော ကျော်ကြားသော စာအုပ် တစ်အုပ်ကို ရေးသားခဲ့လေသည်။ သူ ကိုယ်တိုင်လည်း သူ မသေမီ နှစ်များကို လိုဖု တောင်ပေါ်တွင် နေထိုင်လျက် အသက် မသေဆေး ဖော်စပ်ရေးကို စမ်းသပ်လုပ်ကိုင်၍ နေခဲ့လေသည်။ သူသည် ဝိဇ္ဇာ ပညာရပ်နှင့် ပတ်သက်သော အကြောင်း အရာများကို အသေးစိတ် ဖော်ပြ ရေးသားခဲ့လေသည်။ (အိန္ဒိယ ဂမ္ဘီရ ပညာမှ ရရှိသော နည်းဟု ဆိုသည်။) သူ့ နည်းသည် အာနာပါနနည်း ဖြစ်သည်။ အသက် ရှူနည်း၊ အာနာပါန နည်း၏ ရည်ရွယ်ချက်မှာ ကာယနှင့် စိတ္တပိုင်းဆိုင်ရာ ဝိညာဉ်၏ စွမ်းအင်သတ္တိကို တိုးတက် ကြီးပွားလာအောင် လေ့ကျင့်ခြင်း ဖြစ်သည်။

သူ့ နည်းတွင် ဓာတ်စာ စားနည်းလည်း ပါသည်။ ဓာတ်စာ စားခြင်းသည် အသက် ရှည်စေရန် ဖြစ်သည်။ အထူးသဖြင့် လေပေါ်မှာ နှင်းမှုန်များပေါ်မှာ ဥတုဒဏ်၊ အဖျား အနာ ဒဏ်ကို ခံနိုင်ပြီး နေနိုင်ရန် ဖြစ်သည်။ ဤနည်း တစ်ခုတည်းဖြင့် အိုခြင်း ဇရာနှင့် သေခြင်း မရဏကိုကား မတားဆီးနိုင်ပေ။

သူသည် အဂ္ဂိရတ် ပညာကိုလည်း အသုံးပြုခဲ့သည်။ စားနိုင်သော ရွှေရည်ကို ရှာဖွေ ဖော်ထုတ်ရန် ဖြစ်သည်။ ထိုရွှေရည်သည် စားသုံးသူအား အာယုသိဒ္ဓိ ပြီးစေသော အာယုဝဍ္ဎနဆေး ဖြစ်သည်။ ပြဒါးကို အခြေ မခံသော စပ်လမ်းကို သူ ရှာဖွေခဲ့သည်။ ထို စပ်လမ်းတွင် သူသည် ဟသ်ာပဒါးကို ပို၍ သင့်တော်သော သတ္တု အဖြစ် ယူဆခဲ့လေသည်။ သို့သော် အဂ္ဂိရတ် ပညာရှင်များသည် မိမိတို့ မျှော်လင့်ထားသော အကျိုး ရလဒ်ကို ရအောင် တစ်ခါမျှ မဆောင်ရွက်နိုင်ခဲ့ကြပေ။ မှော်ပညာရပ်ပိုင်းတွင် သဘာဝ ဖြစ်ရပ်များကို ထိန်းချုပ်နိုင်သော နည်း အမျိုးမျိုးကို ရရှိခဲ့ပါ၏။

ကိုဟွန်းက အဆောင် လက်ဖွဲ့ စီရင်နည်း အချို့ကို ဖော်ပြခဲ့လေသည်။ ထိုလက်ဖွဲ့များကို မျိုထားလျှင် ဖြစ်စေ၊ ကိုယ်မှာ ဆောင်ထားလျှင် ဖြစ်စေ ထိုဆောင်ထားသူအား အန္တရာယ် မကျရောက်အောင် စစ်လက်နက်ကဲ့သို့ ကာကွယ်နိုင်သည် ဆို၏။ ထို့ပြင် လက်ဖွဲ့ထဲတွင် ဖော်ပြထားသော အမည် လက်နက်များဖြင့်လည်း ထိုသူအား ပစ်ခတ် တိုက်ခိုက်၍ မရတော့ဟု ဆိုသည်။ ထိုသူသည် စားပြီး တုတ်ပြီး သေနတ် ပြီးလေတော့သည်။ ထို့ကြောင့် လက်ဖွဲ့ စီရင်သော

---

၁။ Ko Hung

အခါ လက်ဖွဲ့ထဲတွင် မိမိတို့အား မထိခိုက်စေလိုသော လက်နက်များ၏ အမည်များကို ထည့်သွင်း ဖော်ပြရန် အထူးဂရုပြုရမည်ဟု ဆိုသည်။ ထိုသို့ မဟုတ်ပါက မှော်ဆရာ တစ်ဦး အငိုက် မိခံလိုက်ရသကဲ့သို့ ခံရနိုင်သည်။

ထို မှော်ဆရာသည် ဦးချွန် ထက်သော လက်နက်၊ အသွား ထက်သော လက်နက်တို့ကို ရှိန်းပြီးကြောင်း သက်သေ ပြနိုင်ခဲ့၏။ သို့သော် သူ့ကို တုတ်ဖြင့် ရိုက်သတ်သော အခါ သေရလေသည်။ တုတ်လက်နက်ကား လူသိများ၏။ သို့သော် သူက တုတ်လက်နက်၏ အန္တရာယ်ကို ကြိုတင်တွက်ဆခြင်း မပြုမိခဲ့ချေ။

အခြားသော ကိုယ်ကို ပျောက်စေနိုင်သော မန္တန် လက်ဖွဲ့ စီရင်နည်းများလည်း ရှိ၏။ ရုပ်အသွင်ကို ပြောင်းလဲစေသော ရုပ်ပြောင်း ရုပ်လွှဲ မန္တန် လက်ဖွဲ့ စီရင်နည်းများလည်း ရှိသည်။ အချုပ် အနှောင်မှ လွတ်မြောက်စေနိုင်သော မန္တန် လက်ဖွဲ့ စီရင်နည်းများလည်း ရှိသည်။ ထို့ပြင် မြေလျှို မိုးပျံနိုင်သော အစီအရင်များလည်း ရှိသည်။

ထိုမျှသာမကသေး၊ ရေပေါ်မှာ လမ်းလျှောက်၍ သွားနိုင်သော ဥဒကသိဒ္ဓိ ပြီးစေနိုင်သော ဆေးအစီအရင် နည်းလည်း ရှိသေးသည်။

ထိုဆေးကို တစ်နေ့ ခုနစ်လုံး သုံးကြိမ် ရက်ဆက်သုံးနှစ် မပျက်မကွက် သောက်သုံးထားလျှင် ကိစ္စ ပြီးသည်။ တစ်ကြိမ်မျှ မပျက်ကွက်ရပေ။

အခြား တစ်နေရာတွင် ကိုဟွန်းသည် မှော်ဝိဇ္ဇာ တံဆိပ်တုံး အကြောင်းကိုလည်း ဖော်ပြထားခဲ့လေသည်။ ထိုတံဆိပ်တုံးကို မြေပြင်ပေါ်က ဖုန်မှုန့်များပေါ်မှာ ဖြစ်စေ၊ ရွှံ့ပေါ်မှာ ဖြစ်စေ ခတ်နှိပ်လိုက်ပါက ထိုနေရာမှ ကြမ်းတမ်းသော သားရဲ တိရစ္ဆာန်များ၊ ဆိုးဝါး ယုတ်မာသော နတ်မိစ္ဆာ၊ နတ်စိမ်း နတ်ကြမ်းများ ဖြတ်သန်း သွားလာခြင်း မပြုနိုင်တော့ဟု ဆိုသည်။

ထို့အတူ ရိက္ခာ သိုလှောင်ရုံများ၏ တံခါးပေါက်ဝတွင် ထိုတံဆိပ်ကို ခတ်နှိပ်ထားလျှင် အစားအစာများနှင့် တိရစ္ဆာန်များကို အကာအကွယ် ပေးနိုင်သည် ဆို၏။

ဤကဲ့သို့ ဝိဇ္ဇာအတတ်၊ မှော်အတတ်များကို ကျွမ်းကျင် လိမ္မာသောကြောင့် တောက်ဝါဒီ နတ်ဆရာများ၊ ဘုန်းကြီးများသည် ယနေ့ထက်တိုင် တရုတ်လူမျိုး သာမန် အရပ်သားများ အကြားတွင် တွင်ကျယ်နေပေသေးသည်။ သူတို့သည် ထင်ရှားသော မြေကြန်အင် နိမိတ်ဟော ဆရာများ၊ အံ့ဖွယ် ဖန်တီး ပြတတ်သော မှော်ဆရာများ ဖြစ်ကြသည်။ သို့သော် ဤကဲ့သို့ အရပ်သားများ အပေါ် ဩဇာ အာဏာ ရရှိစေနိုင်ရန် ဤ အံ့ဖွယ် လုပ်ပြသော မှော်ဆရာများသည် ဘာသာရေးဆိုင်ရာ အခွင့် အာဏာများကို ရရှိထားရန် လိုအပ်သည်။

ဤသို့လျှင် တောက် ဝါဒသည် ဘာသာ ယုံကြည် ကိုးကွယ်မှု ဖြစ်လာရလေသည်။

## (ဂ) ဘာသာ ယုံကြည် ကိုးကွယ်မှု ဖြစ်လာသော တောက်ဝါဒ

တောက်ဝါဒ၏ တတိယ ကဏ္ဍသည် အေဒီ ၁၆၅ လောက် ကတည်းက ကြိုတင်၍ ပုံဆောင်လာခဲ့သည်ဟု ဆိုနိုင်သည်။ ထိုအချိန်တွင် ဒုတိယ ဟန်မင်းဆက်မှ ဧကရာဇ် ဘုရင်ဟွန်က ပထမဆုံး အကြိမ် လောင်ဇူးအား နိုင်ငံတော်၏ ပူဇော် ပသပွဲ ပြုလုပ်ရန် အမိန့် ပေးခဲ့ပြီး လောင်ဇူးကို ဂုဏ်ပြုသောအားဖြင့် ဘုရား ဝတ်ပြုရာ ကျောင်းတော်ကြီး တစ်ဆောင်ကိုလည်း ဆောက်လုပ်ပေးခဲ့လေသည်။

သို့ရာတွင် ထိုကဲ့သို့ တင်ကူး၍ လမ်းခင်းပေးခဲ့မှုသည် ခုနစ် ရာစု ရောက်သည့်တိုင်အောင် ခေတ်စားခြင်း မရှိခဲ့သေးချေ။ ခုနစ် ရာစုတွင် *လီရှီမင်း*[၁] သည် မဟာ တန်မင်းဆက်ကို ထူထောင်ခဲ့ပြီး တောက် ဝါဒကို တစ်ခုတည်းသော ဖွဲ့စည်းထားသော နိုင်ငံတော် ဘာသာ အဆင့် သတ်မှတ် ပေးခဲ့လေသည်။

သို့ဖြစ်စေကာ ထိုအချိန်တွင် ဗုဒ္ဓဘာသာသည် တရုတ်လူမျိုးများ၏ ဘာသာ ကိုးကွယ်မှု ဘဝတွင် ထိထိ ရောက်ရောက် ကြီးကြီးကျယ်ကျယ် နေရာ ယူထားပြီ ဖြစ်ပါသည်။ တင်းမာ၍ ရိုးရာ ဓလေ့ထုံးစံကို အရေးထားသော ကွန်ဖြူးရှပ် ဝါဒကိုလည်း စာတတ်ပေတတ်များနှင့် အစိုးရ ဝန်ထမ်းများက အသိအမှတ် ပြုထားကြဆဲ ဖြစ်လေသည်။ ထို အခြေအနေတွင် တောက်ဝါဒမှာလည်း တစ်ဖက်က ဉာဏ်ပညာ ရှိသူများနှင့် အခြား တစ်ဖက်က အန္တေဝါသိ တပည့်ရင်းများနှင့် ဝိဇ္ဇာရေ ပညာရပ်၏ လျှို့ဝှက် ပညာကို လေ့လာနေကြသော စာသင်သားများနှင့် သာမန် နိမ့်ကျသော လူတန်းစားများထဲတွင် ကြိုတင် လက်ခံထားသော ဘာသာ အယူဝါဒ တစ်ခု ဖြစ်နေခဲ့လေသည်။ ဤကဲ့သို့ စာမတတ် ပေမတတ်သော်လည်း ကိုးကွယ် အားထားရာ ရှာနေသော လူထု၏ မျက်စိထဲတွင် ထေရဝါဒ (ဟီနယာန) ဗုဒ္ဓဘာသာကိုမှု ကောင်းကျိုးပေးမည့် ဘာသာ အဖြစ် မမြင်

---

၁။ Li Shih-Min

တတ်ကြချေ။ သို့သော် မဟာယာန ဗုဒ္ဓဘာသာကိုကား သူတို့ လက်ခံနိုင်ကြသည်။

ကရုဏာရှင် ဗောဓိသတ္တ ဘုရားလောင်းက သူတို့၏ နေ့စဉ် ဘဝတွင် အကူအညီ အထောက်အပံ့ ပေးသည်။ ထို့ပြင် သုခဘုံကို ဝင်ခွင့် ပြုသော ဈာနိဗုဒ္ဓများကိုလည်း မကြာမီ လှူဖွယ်ဝတ္ထုများဖြင့် ပူဇော် ပသ၍ တရုတ် လူမျိုး သန်းပေါင်း များစွာက ဆုတောင်းကြလေတော့သည်။

ဗုဒ္ဓဘာသာသည် တရုတ်ပြည် တစ်ပြည်လုံးကိုသာ မက ကိုရီးယား အထိ ပျံ့နှံ့သွားရကား တောက် ဝါဒီများမှာ အံ့အားသင့်ကြရပေသည်။ သို့ပင်ဖြစ်သော်လည်း တရုတ် လူမျိုးများမှာ အခြားသော အရင်းအမြစ်များ၊ အင်အားများ ရှိသည်။ ၎င်းမှာ နတ်များ၊ ဝိညာဉ်များကို ကိုးကွယ်သော ရိုးရာ ဓလေ့ ရှိသည်။ ထို ရိုးရာ အမွေအနှစ်များကို ပြန်၍ သုံးသပ်စ ပြုလာကြလေသည်။ လုပ်စရာများ ကျန်သေးကြောင်း တွေ့ရှိရသော အခါ သူတို့သည် အိန္ဒိယမှ ယူဆောင်လာသော မဟာ ယုံကြည် ကိုးကွယ်မှုကြီး (ဗုဒ္ဓဘာသာ) ကို စတင် အတုယူ၍ ပြုလုပ်ကြလေတော့သည်။

ဤကြိုးပမ်းမှုသည် ကိုယ့်အသိနှင့်ကိုယ် ဆောင်ရွက်သော ထောက်ခံ အားပေးခြင်း ခံရသော ကြိုးပမ်းမှု ဖြစ်သည်ဟု အခိုင်အမာ မဆိုသာ။ သို့သော် အမှန်တကယ် ဖြစ်ပေါ်ခဲ့သော အခြေအနေမှာကား တရုတ် သမိုင်းတွင် ဗုဒ္ဓ မြတ်စွာဘုရားကဲ့သို့ ထင်ရှားပြီး လူအများ ကြည်ညိုခြင်း ခံရသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို ရှာဖွေခဲ့ကြခြင်းပင် ဖြစ်သည်။

လောင်ဇူးကို အစကပင် ဘုရား တစ်ဆူကဲ့သို့ ကိုးကွယ်ခဲ့ကြသော အစဉ်အလာ ရှိသည်။ *'ဂမ္ဘီရ မူလ ဧကရာဇ်'*[၁] ဟူသော ဘွဲ့အမည်ကို ပေးခဲ့ကြလေသည်။ သိခက်သော အစရှိသော ဧကရာဇ်ဟု ဆိုလိုသည်။ ထို့ပြင် လောင်ဇူးကို နတ်များက ပူဇော် ပသနေကြရသည်ဟုလည်း အယူ ရှိကြလေသည်။ ဗုဒ္ဓနှင့် လိုဟန်များကို အတုယူ၍ ပြုလုပ်လာသော အယူအဆ ဖြစ်သည်။ နောင်အခါ တောက် ဘာသာ အရေးအသားများကိုလည်း ပါဠိ ပိဋကများကဲ့သို့ ပိဋက အဖြစ် ဖွဲ့စည်း ထားခဲ့ကြလေသည်။ ဘုရား တန်ဆောင်းများ၊ ဝတ်ကျောင်းများကိုလည်း တည်ဆောက်ကြသည်။ ဗုဒ္ဓဘာသာ ပုံစံကို နမူနာ ယူပြီး ရသေ့များကိုလည်း စုစည်းခဲ့ကြလေသည်။

ဤသို့ ဆောင်ရွက်ရုံမျှဖြင့်လည်း တောက် ဝါဒကို လူများစု အတွင်း၌ ကျေနပ်ဖွယ် ကောင်းသော ဘာသာ ယုံကြည် ကိုးကွယ်မှု တစ်ခု အဖြစ် လက်ခံရန် အကြောင်း မလုံလောက်သေးပေ။ ယခုတိုင် တောက် ဝါဒတွင် နတ်ဘုရား ကိုးကွယ်မှုမှာလည်း ရှင်းရှင်းလင်းလင်း မရှိသေးချေ။

ထို့ကြောင့် တောက် ဝါဒီများ၏ နတ်များ၊ ဝိညာဉ်များကို စနစ်တကျ စုစည်း၍ ကိုးကွယ်မှု ဖြစ်အောင် ပြုလုပ်ကြရပြန်သည်။ စေတနာမှာကား အမျိုးသားရေး စိတ်စေတနာကဲ့သို့ပင် ရိုးသား စင်ကြယ်သည်ဟု ဆိုနိုင်ကောင်းပါသည်။

တရုတ်ပြည်မှာ လက်တစ်ကမ်းတွင် အစဉ်အဆက် လက်ခံ ကိုးကွယ်ခဲ့ကြသော နတ်များလည်း ရှိသည်။

မိမိတို့ အလိုရှိသော အခါ ကူညီ၍ ကရုဏာဖြင့် စောင့်ရှောက်နေကြသော နတ်များလည်း ရှိပါလျက် အဘယ်ကြောင့် တိုင်းတစ်ပါးဖြစ် နတ်ဘုရားများကို လက်ခံရပါသနည်း။

ဤမေးခွန်း ပေါ်ပေါက်လာလေသည်။

သို့သော် တရုတ် ဘာသာ ကိုးကွယ်မှုကို တောက် ဝါဒီတို့၏ ပြန်လည် တည်ဆောက်ရန် ကြိုးပမ်းမှုမှာကား လုံးဝ ရိုးသား ဖြောင့်မတ်ခြင်း မရှိဟု ဆိုကြသည်။ လုံးလုံးလျားလျား ကြံဖန် လီဆယ်၍ လုပ်ကိုင်ခဲ့သော လုပ်ရပ်များလည်း ရှိခဲ့လေသည်။

ဘာသာ ကိုးကွယ်မှု ဖြစ်အောင် ပြုလုပ်ကြရာ၌ အလွန် အံ့အားသင့်ရသော အဖြစ်အပျက်မှာ ဆွန်း မင်းဆက်မှ ဧကရာဇ် ဘုရင် *ချင်ဆွန်း*[၂] လက်ထက်တွင် ပေါ်ပေါက်ခဲ့လေသည်။

၎င်းမှာ ကောက်ကျစ် စဉ်းလဲစွာ တောက်ဝါဒကို လုံးလုံးလျားလျား ထာဝရ ဘုရား ကိုးကွယ်သော ဣဿရိယ နိမ္မာန ဝါဒ ဖြစ်အောင် ကြံဆောင် ပြုလုပ်ခဲ့ခြင်းပင် ဖြစ်သည်။

သူ၏ ကောက်ကျစ်သော အကြံအစည်မှာ သူ၏ ဂုဏ်သိက္ခာကို ပြန်လည် အဖတ်ဆည်ရန် ဖြစ်သည်။

အေဒီ ၁၀၀၅ ခုနှစ်လောက်တွင် မြောက်ပိုင်းသို့ ကျူးကျော် ဝင်ရောက်လာသော နောမဒ် လူမျိုးများကို မောင်းထုတ်နိုင်ခြင်း မရှိသောကြောင့် ဧကရာဇ် ဘုရင်မှာ အရှက်တကွဲ အကျိုးနည်း ဖြစ်ခဲ့ရလေသည်။ လွန်စွာ

---

၁။ Emperor of Mysterious Origin

၂။ Chen Tsung

ကြောက်မက်ဖွယ် ကောင်းသော *ကီတန် တာတာ* [၁] လူမျိုးများသည် တရုတ်ပြည် မဟာ တံတိုင်းကြီးကို ကျော်ဖြတ်ကာ စိမ့်ဝင်လာခဲ့ကြရာ ကေရာစ် ဘုရင်မှာ ထိုလူမျိုးများနှင့် ငြိမ်းချမ်းရေး ပြုလုပ်ရန် အတွက် မြောက်ပိုင်း နယ်မြေများစွာကို တာတာ လူမျိုးများ လက်သို့ အပ်နှံခဲ့ရလေသည်။

ထိုအခါ ကေရာစ် ဘုရင်က တောက်ဝါဒီ ဗေဒင်ဆရာများနှင့် မြေကြန်နိမိတ်ဖတ် ဆရာများကို ခေါ်ယူ၍ တိုင်ပင်ခဲ့ရလေသည်။

သူကိုယ်သူ ပြည်သူလူထုက နှစ်သက်သော ဘုရင်ဖြစ်အောင် ဘယ်ပုံ ဘယ်နည်းအားဖြင့် ပြန်လည်၍ သိက္ခာဆည်ရပါမည်နည်း။

အစဉ်အလာ အရ ပြောဆိုကြသည်မှာ သူ၏ စဉ်းလဲသော ဝန်ကြီး တစ်ဦး ဖြစ်သူ *ဝမ်ချင်းကျို* [၂] က ကေရာစ် ဘုရင်ကြီးအား ကောင်းကင်ဘုံမှ ဗျာဒိတ် ရသည်ဟု ကြံဖန် လီဆယ်ပြီး လုပ်ဖို့ လိုအပ်ကြောင်း အကြံ ပေး၍ ဘုရင်ကြီးအား အံ့အားသင့်စေခဲ့လေသည်။

အစပိုင်းတွင် ဘုရင် ကေရာစ်လည်း ထိုဝန်ကြီး၏ အကြံအစည်ကို ကန့်ကွက်ခဲ့လေသည်။

ထိုအခါ ဝန်ကြီးက မျက်နှာပြောင် တိုက်ပြီး ပြောလေသည်။

ရှေးအခါကလည်း လိုအပ်သော အခါတိုင်း ထိုကဲ့သို့ ပြုလုပ်ခဲ့ရသည်၊ ထိုသို့ ပြုလုပ်ရခြင်း အတွက် ဘယ်သူမျှ စိတ် မသန့်ခြင်း မဖြစ်ခဲ့ကြ၊ ပညာရှိ သူတော်စင်များသည် သူတို့၏ မူဝါဒများကို ပြည်သူလူထုက နှစ်သက် လက်ခံလာအောင် ပြုကြရာတွင် ဤကဲ့သို့ပင် ကောင်းကင်ဘုံက ကြားဝင် ဆောင်ရွက်ခဲ့ကြရသည်ချည်း ဖြစ်ကြောင်း ဝန်ကြီးက ရှင်းပြလေသည်။

ဘုရင်လည်း ဝန်ကြီး၏ စကားကို များစွာ နှစ်ထောင်းအားရ ဖြစ်ကာ ကေရာစ်၏ ပိဋကတ်တိုက်သို့ သွားပြီး ပညာရှင် သုခမိန်များနှင့် တိုင်ပင် ဆွေးနွေးလေတော့သည်။

အေဒီ ၁၀၀၈ ခုနှစ်တွင် ဘုရင်ကြီးက သူ၏ မှူးကြီးမတ်ရာများကို ညီလာခံ ခေါ်ပြီးလျှင် သူ့ကို အိပ်မက်ထဲတွင် ကောင်းကင်ဘုံက သူ့ထံသို့ စာတစ်စောင် ပို့ပေးမည်ဟု သတင်း ပေးသည်ဟု မြင်မက်ကြောင်း ပြောဆို တိုင်ပင်လေသည်။

ထိုစာမှာ နတ်များက လောင်ဖူး၏ ဟန်အတိုင်း ရေးသားထားသော စာ ဖြစ်သည်ဟုလည်း ပြောလေသည်။

မကြာမီ မြို့စားက ကောင်းကင် တံခါးဝ၏ ထောင့်စွန်း တစ်နေရာတွင် ပဝါစ အဝါရောင် တစ်ခု ကောင်းကင်က လွင့်လာသည်ကို မြင်ရသည်ဟု သတင်း ပို့လေသည်။ ထိုပဝါထဲတွင် စာတစ်စောင် ပါဝင်ကြောင်း တွေ့ရလေသည်။ ဘုရင်လည်း ကိုယ်တော်တိုင် ခြေကျင် လျှောက်၍ ပဝါစ အောက်သို့ ကျလာသည်ကို စောင့်ကြည့်တော်မူလေသည်။ ထိုစာကို နန်းတော် အမှုထမ်းများက တစ်တိုင်း တစ်ပြည်လုံးသို့ ဖြန့်ဝေပြီး သတင်းစကား ပြန့်ပွားအောင် ဆောင်ရွက်ကြလေသည်။

နောက် ခြောက်လ ကြာသော အခါ အခြား ကောင်းကင်ဘုံမှ ဗျာဒိတ် တစ်ခု ကျလာပြန်သည်။

အေဒီ ၁၀၁၂ ခုနှစ်သို့ ရောက်သော အခါ ကေရာစ် ဘုရင်ကြီးနှင့် အဆက်အသွယ် ရှိသော နတ်သားသည် *ယူဟောင်* [၃] ဖြစ်ကြောင်း ပေါ်လွင် ထင်ရှား လာလေတော့သည်။

ဤနတ်သား အကြောင်းကို တရုတ် ရာဇဝင် သမိုင်းတွင် ကိုး ရာစု မတိုင်မီက မကြားခဲ့ဖူးချေ။ ယခုမူ ဤနတ်သည် အထွတ်အထိပ် ရောက်လျက် အဆင့် အမြင့်ဆုံးနတ် အဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်၏။

နောက် ဆက်ခံခဲ့ကြသော ဘုရင် ကေရာစ်များကလည်း ဤနတ်၏ စင်ကြယ်မှုနှင့် ကြီးကျယ်မှုကို ကြေညာကြရသည်။ ဤနတ်သားသည် နတ်ပြည်၏ ကိစ္စများကို စီမံသူ၊ ရုပ်လောက၏ နိယာမများကို ဖန်တီးသူ၊ အချိန်ကာလကို စိုးမိုးသူ၊ ထို့ပြင် ပူဇော် ပသမှုများကို တရားဝင်လက်ခံသူ၊ ထိုမျှသာမကသေး ကောင်းမြတ်မှုနှင့် တောက်လမ်းစဉ်ကိုလည်း ရရှိထားပြီး ပိုင်ဆိုင်ထားပြီးသူ အဖြစ်လက်ခံကြလေသည်။

ဆိုရိုး စကား ရှိသည်ကား ရှေး လူကြီးများ အသိအမှတ် ပြုခဲ့ကြသော ကောင်းကင်ဘုံက ကေရာစ် အုပ်စိုးသူ (ရှန်တီ) ဆိုသည်မှာ တခြား မဟုတ်ဘဲ ဤနတ် ယူဟောင်ပင် ဖြစ်နေလေတော့သည်။ ယူဟောင်ကား ကျောက်စိမ်း ကေရာစ် ဖြစ်၏။ ကြေးဆံနီနတ်ဟုလည်း ခေါ်ကြသည်။

ထိုအခါ ပြည်သူလူထုက ကျယ်ပြန့်စွာ တုံ့ပြန်လာကြလေတော့သည်။

ပြည်သူလူထုမှာ သူတို့ အစဉ် အဆက် ကိုးကွယ်လာခဲ့ကြသော ကြေးဆံနီနတ် (ရှန်တီ) ကို ကေရာစ်၏

---

၁။ Kitan Tartar

၂။ Wang Chin-jo

၃။ Yu Huang

အသိအမှတ် ပြုခြင်း ခံရသည့် အတွက် အလွန်အမင်း နှစ်သိမ့် ဝမ်းမြောက်ကြရလေသည်။ ထိုအခါမှ စ၍ ပြည်သူလူထု စိတ်ထဲတွင် ကြေးဆံနီနတ် (ရှန်တီ) နှင့် ကျောက်စိမ်း ဧကရာဇ်သည် တစ်ပါးတည်း ဖြစ်သည်ဟု ယုံကြည်စွဲလမ်းခဲ့ကြလေတော့သည်။ စတင် ဖြန့်ဝေခဲ့သော လုပ်ကြံဇာတ်လမ်းသည် ပြည်သူလူထု၏ ထုံးတမ်းစဉ်လာ အယူအဆ အဖြစ်သို့ အခက်အခဲ မရှိ ရောက်ရှိသွားကာ သမိုင်း အဖြစ် ထင်ရှားလာလေတော့သည်။

အခြား တီထွင်မှု တစ်ခုဖြင့်လည်း အများပြည်သူတို့၏ ကျေနပ်မှုကို ရရှိအောင် ဆောင်ရွက်နိုင်ခဲ့လေသည်။ စိမ်ကိန်းထဲတွင် နတ်ပြည်နှင့် ငရဲ အကြောင်းကို ထည့်သွင်းခဲ့လေသည်။

အမတ သုခဘုံသည် တရုတ် လူမျိုးတို့၏ ရိုးရာ ယုံကြည်မှုတွင် ပါဝင်သော အရှေ့ဘက် ပင်လယ် (ဂျပန်နှင့် တရုတ်ပြည် အကြား) ထဲတွင် ရှိသည်ဟု ယူဆသော တြိမင်္ဂလာဒီပ ကျွန်းသုံးကျွန်းပေါ်တွင် နေရာ အနှံ့အပြား၌ တည်ရှိသည်ဟု ဆိုသည်။ ထိုနေရာသို့ သွားသောသူ အားလုံးမှာ ပြန်လမ်း မရှိဟုလည်း ယုံကြည် ယူဆထားကြလေသည်။ ငရဲမှာမူ ညှဉ်းဆဲ နှိပ်စက်မှု၊ အပြစ်ဒဏ် ခတ်မှုများဖြင့် ပြည့်နှက်နေသော နေရာ၊ ကြောက်မက်ဖွယ် ငရဲသားဘီလူးများ၊ နတ်စိမ်းများ ပြည့်နှက်နေသော နေရာ ဌာနဖြစ်သည်။ အသက်ရှင်ဆဲ လူသားများ အနေနှင့် သေသွားကြသော မိဘ ဆွေမျိုးသားချင်းများ ဤ ဆင်းရဲဒုက္ခ ကြီးမားသော ငရဲမှ လွတ်မြောက်ရေး အတွက် ဆောင်ရွက်ရန်မှာ သူတို့၏ အဓိကကျသော တာဝန်ကြီး တစ်ရပ် ဖြစ်လာခဲ့လေသည်။

တောက်ဝါဒီတို့၏ နောက်ဆုံး အဆင့် ဘာသာ ကိုးကွယ်မှုကို ဖန်တီးခြင်းနှင့် ပတ်သက်၍မူ ထိုလုပ်ရပ်သည် တောက်ဝါဒီတို့၏ လုပ်ရပ် ဖြစ်သည်ဟုပင် ဆိုသင့်ပါမည်လားဟု အငြင်းပွားဖွယ် ဖြစ်၏။ သို့သော် တောက်ဝါဒီ နတ်ဆရာ ဘုန်းကြီးများကမူ တွေဝေခြင်း မရှိဘဲ အရပ်သား လူသာမန်များ၏ နတ်များနှင့် ဝိညာဉ်များ အပေါ် အရေးထား၍ ကိုးကွယ်ကြခြင်းကို တားဆီးရန် အကြောင်း မရှိဟု အခိုင်အမာ ဆိုကြလေသည်။ အချိန်ကာလ ညောင်းလာသည်နှင့်အမျှ ကျောက်စိမ်း ဧကရာဇ်ဟု ခေါ်သော ရှန်တီ ကြေးဆံနီနတ်သည် အဆင့် အမြင့်ဆုံး နတ် ဖြစ်လာသည်။ ထိုနတ်သည် လောင်ဇူးနှင့် လည်းကောင်း၊ လင်ပိုနှင့် လည်းကောင်း ဆက်စပ်မှု ရှိသည်။ လင်ပို နတ်သည်လည်း သဘာဝလွန် သတ္တဝါ နတ်ဝိညာဉ်များ၏ ဗိုလ်ချုပ်နတ် တစ်ပါး ဖြစ်သည်။ နောင်အခါ ထိုနတ် သုံးပါးသည် တောက်ဝါဒီတို့၏ တြိနီတိ ခေါ် ရတနာသုံးပါး ဖြစ်လာသည်။ ထိုတြိနီတိ (ရတနာ သုံးပါး) ကို တောက် ဝါဒီများသည် ပို၍ မြတ်နိုးစွာ ကြည်ညို ကိုးကွယ်ကြသည်။ ထိုကိုးကွယ်မှုမှာ အစက တောက်ဝါဒီတို့၏ ဘာသာ ကိုးကွယ်မှု မဟုတ်ခဲ့ပေ။ ထိုနတ်များ အပြင် ထာဝရ ရှစ်ပါး ဝိဇ္ဇာခိုရ်များ၊ မီးဖိုစောင့်နတ်၊ တံခါးစောင့်နတ်၊ မြို့စောင့်နတ်များကိုလည်း ကိုးကွယ်ကြသေးသည်။

ထာဝရ ရှစ်ပါးမှာ အများ ပြည်သူတို့ နှစ်သက် ကြည်ညိုကြသော ဝိဇ္ဇာခိုရ်များ ဖြစ်ကြသည်။ ၎င်းတို့မှာ လုံးလုံးလျားလျား တရုတ်ပြည်ဖြစ် ဝိဇ္ဇာခိုရ်များ ဖြစ်ကြသည်။ ထိုဝိဇ္ဇာများသည် တြိမင်္ဂလာဒီပ ခေါ် ကျွန်းသုံးကျွန်းပေါ်ရှိ တောင်များပေါ်တွင် နေထိုင်ကြသည်ဟု ယူဆကြသည်။ ထိုဝိဇ္ဇာခိုရ်များသည် မူလက လူသားများ ဖြစ်ကြသည်။ သို့သော် ထိုဝိဇ္ဇာခိုရ်များသည် ရသေ့များ၊ တပသီများ အဖြစ် ကျင့်ကြံ အားထုတ်ခဲ့ကြသောကြောင့် အသက်မသေဘဲ နေနိုင်သော ထွက်ရပ်ပေါက် ပုဂ္ဂိုလ်များ ဖြစ်လာကြသည်။ ထို့ကြောင့် ယခု ထိုထွက်ရပ်ပေါက် ဝိဇ္ဇာများသည် အစဉ် နုပျိုသော စိတ်ဖြင့် ၎င်းတို့၏ အိုမင်းသော ခန္ဓာကိုယ်ကြီးများနှင့်ပင် နေထိုင်လျက် ရှိကြသည်။

ထိုထွက်ရပ်ပေါက် ဝိဇ္ဇာခိုရ် ရှစ်ပါး အနက် လေးပါးသည် ထင်းရှူးပင်ကြီး တစ်ပင် အောက်မှာ အတူတကွ ထိုင်လျက် နေကြသည်။ နှစ်ပါးကမူ တတိယ ပုဂ္ဂိုလ်က ၎င်းတို့ အတွက် ပူအောင် လုပ်ထားပေးသော စပျစ်ရည် ချိုကို မြည်းစမ်းနေကြသည်။ ကျန်တစ်ပါးက ပလွေ မှုတ်လျက် ဖြေဖျော်နေသည်။ တခြား ပုဂ္ဂိုလ် လေးဦးတို့မှာမူ တစ်ဦးစီ တသီးတခြား နေထိုင်ကြသည်။

'ထာဝရ မယ်တော်' ဟိုစိန်ကုသည် ရှေးအခါက အနိစ္စမျိုးသာ ဖြစ်၏။ ဈေးဆိုင် ပိုင်ရှင် မိဘများနှင့် အတူ နေခဲ့စဉ် အခါက သူမသည် ကနုကမာမှုန့်နှင့် လရောင်ကို ဓာတ်စာ အဖြစ် စားသုံး၍သာ နေခဲ့လေသည်။ ဤကဲ့သို့ စားသုံးနေခဲ့ခြင်းကြောင့် သူမသည် သေခြင်း ကင်းသော ထွက်ရပ်ပေါက် ဝိဇ္ဇာခိုရ် ဖြစ်သွားလေသည်။ တစ်ခါတစ်ရံ သူမသည် မိုးတိမ်တိုက်များကို စီး၍ လူတို့ မြင်သာအောင် ကိုယ်ထင်ပြတတ်သည်။ သူမ၏ လက်ထဲတွင်လည်း ကြာပန်းများကို ကိုင်ထားတတ်သည်။ မသေဆေး မက်မုံသီးကို ကိုင်ထားသော အခါလည်း ရှိသည်။ ထာဝရ ပုဂ္ဂိုလ် ရှစ်ပါးသည်လည်း နတ်သမီး နတ်သားများသာ ဖြစ်ကြကုန်သည်။

*မယ်တော် ဒေဝီ* [၁] ၏ အုပ်ချုပ်မှု အောက်တွင် နတ်သမီးများ နေရပြီး နတ်သားများ၊ ဝိဇ္ဇာဓိုရ် ယောကျ်ားများကိုမူ *တွန်ဝန်ကွန်း* [၂] က အုပ်ချုပ်သည်။

မီးဖိုစောင့်နတ် ဇောင်ရှင်းသည် ဟိုတစ်ကြိမ်က အဂ္ဂိရတ် ထိုးသော ဖိုကို စောင့်သော နတ် ဖြစ်သည်။ တောက်ဝါဒီနတ် စစ်စစ် မဟုတ်။

ဘီစီ နှစ် ရာစုတွင် ဟန် ဧကရာဇ် ဝူတီ၏ ဂုဏ်ပြုခြင်းကို ခံရသော နတ် ဖြစ်သည်။ ထိုနတ်ကို တရုတ်ပြည် အနှံ့အပြားတွင် ကိုးကွယ်ကြသည်။ သူ့ကို မီးဖိုစောင့်နတ် အဖြစ်လည်း ကိုးကွယ်ကြသည်။

မီးဖို ခေါင်းတိုင် ထောင့်တစ်နေရာမှာ နေပြီး မိသားစု ပြုလုပ် ပြောဆိုသမျှ ကောင်းမှု ဆိုးမှု ကိစ္စ အားလုံးကို စောင့်ကြည့် နေသော နတ် ဖြစ်သည်။ အိမ်တွင် အလွန် ဆော့သော ကလေးများကို မြင်လျှင် ထိုနတ် ရှိနေကြောင်း သတိရနိုင်သည်။

၁၂ လမြောက် လ၏ ၂၄ ရက်နေ့တွင် ထိုနတ်၏ စက္ကူရုပ်ကို အစားအသောက်များ၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကြသည်။ စက္ကူဖြင့် ပြုလုပ်သော အိမ်၊ ရထား၊ ငွေများကို မီးခိုး ခေါင်းတိုင် ရှိသော မီးဖိုမှာ မီးရှို့ကြရသည်။

ထိုနတ်သည် နှစ်စဉ် နတ်ပြည်သို့ တက်၍ သူ စောင့်ရှောက်သော မိသားစုများနှင့် ပတ်သက်သော ကိစ္စအဝဝကို နတ်ပြည်တွင် နှစ်စဉ် အစီရင်ခံစာ တင်ရသည်။

နှစ်သစ်ကူးချိန်တွင် တံခါးစောင့် နတ်ကြီး နှစ်ပါးကို လှူဖွယ်ဝတ္ထုများဖြင့် ဝတ်ပြု၍ ဆုတောင်း ပတ္ထနာ ပြုကြရသည်။ ထိုနတ်များကို *မင်းရှင်း* [၃] ဟု ခေါ်သည်။ အလွန် ရေးကျသော နတ်များ ဖြစ်သည်။ စစ်ဝတ်စုံ ဝတ်ဆင်ထားသော သူတို့၏ စက္ကူ အရုပ်များသည် ဓားရှည်များ၊ လှံများကို ကိုင်ဆောင်ထားကြသည်။ သူတို့ကို တံခါးမကြီး တစ်ဖက်တစ်ချက်စီမှာ ကပ်ထားရသည်။ နောင်လာမည့် နှစ်တွင် အိမ်ထဲသို့ မကောင်းသော ဘေး၊ မကောင်းသော ရန် အန္တရာယ်များ မကပ်ရောက်လာနိုင်စေရန် အတွက် ဖြစ်သည်။

တရုတ် မြို့တိုင်းလိုလိုမှာ မြို့စောင့်နတ် *ချင်ဟွန်* [၄] ကို ကိုးကွယ်ကြသည်။ ယခုတော့ မင်းက တရားဝင် ကိုးကွယ်ခြင်းမျိုး မဟုတ်တော့ပေ။ အစက ဤနတ်ကို တန် မင်းဆက် လက်ထက်တွင် ဘာသာ ကိုးကွယ်မှုကို ဖန်တီးပြုလုပ်ခဲ့ကြသူများက ကိုးကွယ်ခဲ့ကြသည်။ ၁၄ ရာစု မတိုင်မီက ဤနတ်ကို ဘုရင် ကိုယ်တိုင်က တရားဝင် ကိုးကွယ်ခဲ့ရသည်။

တောက်ဝါဒီများ ကိုးကွယ်သော နတ်များ အားလုံး၏ အကြောင်းကို ဤတွင် အကုန်အစင် ဖော်ပြရန် အတွက် နေရာ မပေးနိုင်တော့ပါ။ ထိုနတ်များကား များလွန်းလှသည်။ မြစ်စောင့်နတ်၊ မြေဆီလွှာ မြေဩဇာစောင့်နတ်၊ တောင်စောင့်နတ်၊ ကြယ်တာရာစောင့်နတ်၊ အလုပ်အကိုင် အမျိုးမျိုးကို လိုက်၍ အကြီးအကဲ နတ်များလည်း ရှိသည်။ ထို့ပြင် နတ်ဘုရားလို ကိုးကွယ်ခြင်း ခံရသော အမျိုးသား သူရဲကောင်း နတ်များလည်း ရှိသေးသည်။

ကျန်းမာရေးနတ်၊ ကံကြမ္မာနတ်၊ တိရစ္ဆာန် အမျိုးမျိုး ဟင်းသီး ဟင်းရွက် အမျိုးမျိုးကို စောင့်သော နတ်များ၊ နဂါးများ၊ ဇာမဏီ ငှက်များ၊ ယူနီကောင်း စသည်များလည်း ရှိသေးသည်။

တောက်ဝါဒသည် ကျဆုံးလာခဲ့သည့် နှစ်ပေါင်းများစွာ ကြာခဲ့လေပြီ။ တောက်ဝါဒ ပြန့်ပွားရေး အတွက် အစိုးရက စိတ်ဝင်စားစွာ ဆောင်ရွက်ခြင်းမျိုးလည်း မရှိတော့ပေ။ အစိုးရသည် ယခုအခါ တောက်ဝါဒကို မျက်မှောင် ကြုတ်လျက် မလိုလားသော သဘောကိုပင် ပြသနေပြီ ဖြစ်၏။ ခေတ်ပညာ ပြန့်ပွားလာသော နေရာတိုင်း၌လည်း တောက်ဝါဒကို ယုတ္တိ မရှိသော အယူသီးမှု တစ်ခု အဖြစ် သဘောထားလာကြလေသည်။ လူသာမန် အရပ်သားများကသာ တောက်ဝါဒကို ငြိတွယ်နေကြသည်။ အခါ အားလျော်စွာ ပြာဖုံးနေသော မီးကျီးခဲများမှာ မီးထတောက်တတ်သည်။

၂၀ ရာစု အစလောက်တွင် ဖြစ်ပွားခဲ့သော ဘောက်ဆာ ပုန်ကန်မှုကြီးတွင် တောက်ဝါဒသည် အနှာပြန်၍ ယဉ်းလာပြန်သည်။

ဤ ဝါဒသည် ယခုတိုင်အောင် အရပ်သားများ၏ စိတ်ထဲတွင် နက်ရှိုင်းစွာ အမြစ် တွယ်နေဆဲ ဖြစ်ကြောင်းကို ပြသရန် ဖြစ်သည်။

ဘောက်ဆာ ပုန်ကန်မှုကြီးတွင် ပါဝင်ကြသူများသည် အင်းများ၊ လက်ဖွဲ့များ၊ စမများကို ကိုယ်ပေါ်တွင် ဆောင်၍ ရှုပ်ရှုပ်ချုံချုံ တိုက်ခိုက်ခဲ့ကြကြောင်း အစိုးရ မှတ်တမ်းများ၌ ဖော်ပြထားသည်ကို တွေ့ရသည်။

---

၁။ Fairy Queen Mother
၂။ Tung Wang Kung
၃။ Men Shen
၄။ Cheng Huang

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


1. Dabs. H.H. Chapter on 'Taoism' in China
2. Fung. Y.L. A History of Chinese Philosophy
3. Giles, Lionel The Sayings of Lao-tzu
4. Giles. H.A. Chaung-Tzu _ Mystic, Moralist and Social Reformed
5. Legge, James The Text of Taoism
6. Lin Yutang The Wisdom of China and India
7. Waley, Arthur The Way and Its Power, a study of the Tao-Te Ching
8. ____ Three Ways of Thought in Ancient China

## အခန်း ( ၁၀ )
## ကွန်ဖြူးရှပ်နှင့် ကွန်ဖြူးရှပ် ဝါဒ
## လူသား ဝါဒ ဘဝ အကောင်းမြင် သဘောကို လေ့လာခြင်း

ကွန်ဖြူးရှပ် အကြောင်းကို လေ့လာရာ၌ သိရှိရသော သူ့သဘောထား အမြင် အယူအဆများမှာ အတော်အတန် စိတ်ချရသော သတင်း စကားများ ဖြစ်၍ ကျွန်ုပ်တို့ ကံကောင်းသည်ဟု ဆိုနိုင်ပါသည်။ သူ့တပည့် သာဝကများက ကွန်ဖြူးရှပ်၏ ဟောကြားချက်များကို အစက စ၍ စနစ်တကျ ထိန်းသိမ်းထားနိုင်ခဲ့ကြသည်။ သူ့စရိုက် သူ့ဝါသနာများကိုလည်း အသေးစိတ် တိတိကျကျ ဖော်ပြနိုင်ကြသည်။ အစဉ်အလာ မှတ်သားလာခဲ့ကြသော အတ္ထုပ္ပတ္တိနှင့် ပတ်သက်၍ကား ကျွန်ုပ်တို့ အနေနှင့် အတိအကျ မဆိုနိုင်။ အကြောင်းမူကား ထိုအတ္ထုပ္ပတ္တိသည် ကျွန်ုပ်တို့အား သမိုင်းဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ အငြင်းပွားစရာ များစွာ ဖြစ်စေပါသည်။

ထိုအတ္ထုပ္ပတ္တိထဲတွင် ဒဏ္ဍာရီ ပုံပြင် ဆန်သော အချက်အလက် များစွာ ပါရှိနေသောကြောင့် ဖြစ်ပါသည်။

သို့ရာတွင် ဤ သံသယ ဖြစ်ဖွယ် ရှိသော မှတ်တမ်းမှတ်ရာများသည်ပင်လျှင် တန်ဖိုး ရှိပါသည်။

ထိုမှတ်တမ်းများထဲတွင် ကွန်ဖြူးရှပ်၏ တပည့်သာဝကများ ထားခဲ့သော နိုင်မာသော အကြောင်းအရာများ စုစည်း ပါဝင်နေသောကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် ထို အတ္ထုပ္ပတ္တိ မှတ်တမ်းများကလည်း အမှီအခို ပြုလောက်သော ကွန်ဖြူးရှပ်၏ ရုပ်ပုံလွှာကို ဖော်ဆောင်ပေးလျက် ရှိပါသည်။ ထိုမှတ်တမ်းများသည် အရေးပါသော အရာများ ဖြစ်ကြသည်။

ကွန်ဖြူးရှပ်သည် ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ ဆိုသော အချက်သည် အရေးပါသော အကြောင်းအရာကြီး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူ၏ ဟောကြားချက်များတွင် လူမှုရေး စနစ် တစ်ခုကို အောင်မြင်အောင် လုပ်ဆောင်ကြရာတွင် သီလ သမာဓိ ပညာနှင့် ပြည့်စုံသော အဆင့်မြင့် လူပုဂ္ဂိုလ်များ ရှိရန် လိုအပ်သည်။ ထိုလူများသည် ကိုယ်ကျင့်တရား ကောင်းမွန်ပြီး အခြားသော သူများ အပေါ် တာဝန် သိတတ်သူများ၊ သူတော်ကောင်း စိတ်ဓာတ် အခြေခံ ရှိသူများ ဖြစ်ရမည် ဆိုသော အချက် ပါဝင်သည်။

တရုတ် လူမျိုးများသည် အတိတ် ကာလက ကွန်ဖြူးရှပ်၏ သင်ကြားချက်များကို လေ့လာပြီး လိုက်နာ ကျင့်သုံးခဲ့ကြလေသည်။ ထို့ပြင် သူတို့၏ ပညာ သင်ကြားရေး စနစ်ကို လည်းကောင်း၊ အစိုးရ လုပ်ထုံးလုပ်နည်းများကို လည်းကောင်း ကွန်ဖြူးရှပ်၏ သင်ကြားချက်များနှင့် အညီ ပြုပြင် ဆောင်ရွက်ခဲ့ကြလေသည်။ မကြာမီ ကာလထိတိုင် တရုတ် လူမျိုးများသည် ကွန်ဖြူးရှပ် ချမှတ်ပေးသော မူဝါဒ အတိုင်း လိုက်နာခဲ့ကြလေသည်။

ဤကဲ့သို့ သူ ပြောဆို ဟောကြားသမျှကို လေးစား လိုက်နာခဲ့ကြခြင်းမှာ သူ၏ အကျင့် စာရိတ္တ အပေါ် တရုတ် လူမျိုးများက စိတ်ချ ယုံကြည်မှု အပြည့်အဝ ရှိသောကြောင့် ဖြစ်သည်။

သူသည် ပညာရှိ သုခမိန် တစ်ပါး ဖြစ်ရုံမျှမက သူသည် အကျင့် ပျက်အောင် ဖျက်ဆီး၍ မရသော လူသား တစ်ဦးလည်း ဖြစ်သည်။ လူ့နလုံးသား ရှိသူ တစ်ဦးလည်း ဖြစ်သည်။ သူကား စံထားလောက်သော လူကြီးလူကောင်း (သူတော်ကောင်း) တစ်ဦးလည်း ဖြစ်သည်။ ထို့ထက် ပိုသော အကြောင်းများလည်း ရှိသေး၏။ ကွန်ဖြူးရှပ်၏ အကျင့်စရိုက်သည် စည်းစနစ်ကျမှု၊ ညီညွတ်မှု၏ နမူနာပြ ဖြစ်သည် ဆို၏။

တရုတ် လူမျိုးများ၏ စိတ်ထဲတွင် သူ့ မူဝါဒနှင့် အညီ ကွန်ဖြူးရှပ်လို အကျင့်သီလ သမာဓိနှင့် ပြည့်စုံသော လူများကို မွေးထုတ်နိုင်လျှင် တရုတ်ပြည်ကြီးသည်လည်း ကြီးပွား ချမ်းသာလာမည် ဖြစ်သည်ဟု သိမြင် ခံစားတတ်ကြသည်။

ထိုအခါ လူပုဂ္ဂိုလ် တစ်ဦးချင်း၏ ဘဝသည်လည်း များစွာ အဆင်ပြေလာမည်။ ထိုမျှသာမကဘဲ မိသားစု ဘဝထဲမှာလည်း အဆင်ပြေမှု အဆင့် မြင့်လာမည်၊ တိုင်းပြည်

နိုင်ငံတွင်းမှာလည်း အဆင့်မြင့် အဆင်ပြေ ညီညွတ်မှုကို ရရှိလာမည်ဟု ယုံကြည်တတ်ကြသည်။

ထိုအခါ ကောင်းကင်ဘုံနှင့် မြေကမ္ဘာ ကြားမှာလည်း အဆင်ပြေ ညီညွတ်ခြင်း သဘောသည် ဖြစ်ပေါ်လာလိမ့်မည်ဟု ယူဆကြသည်။ ဤညီညွတ်မှုကို မုချ ဖြစ်ပေါ်လာအောင် ကွန်ဖြူးရှပ်၏ သင်ကြားချက်များ အပေါ် သစ္စာရှိရှိ လိုက်နာသူများ၏ ကိုယ်ကျင့်တရား ဩဇာကြီးမားလာမှုက ပြုလုပ်ပေးနိုင်သည်ဟုလည်း ယုံကြည်ကြသည်။

တောက် ဝါဒီများနှင့် နှိုင်းစာလျှင် တရုတ် လူမျိုးများ၏ ပညာရေး အခြေခံ အုတ်မြစ်ကို ကွန်ဖြူးရှပ် ဝါဒီများက ပို၍ ချမှတ် ဆောက်တည် ပေးနိုင်ခဲ့သည် ဆိုခြင်းမှာ မဆန်းပေ။ တောက်ဝါဒီများက ဘဝ၏ လျှို့ဝှက်ချက်များကို လေ့လာ ဖော်ထုတ်ရေးထက် သဘာဝ တရား၏ လျှို့ဝှက်ချက်များကို လေ့လာ ဖော်ထုတ်ရေးဘက်သို့ စိတ်လှည့် သွားခဲ့ကြသည်။

သို့သော် ကွန်ဖြူးရှပ်မှာမူ လူသား ဝါဒီ စစ်စစ် ဖြစ်သည်။ သူသည် လူသားတို့၏ ဘဝ လျှို့ဝှက်ချက်နှင့် လူ အချင်းချင်း ဆက်ဆံရေး ပို၍ ကောင်းမွန်လာရေး၏ လျှို့ဝှက်ချက်များကို ရှာဖွေ တွေ့ရှိခဲ့လေသည်။

ပထမဦးစွာ ကျွန်ုပ်တို့ အနေနှင့် ကွန်ဖြူးရှပ်သည် ဘယ်လို လူပုဂ္ဂိုလ်မျိုးလဲ ဆိုသည်ကို လေ့လာ ကြည့်ကြပါစို့။ ထို့နောက် သူ၏ ယုံကြည်ချက်များသည် ဘာတွေလဲ ဆိုသည်ကို လေ့လာကြည့်ကြမည်။

ပြီးမှ တရုတ် လူမျိုးတို့၏ အတွေးအခေါ် ကြွယ်ဝတိုးတက် ဖွံ့ဖြိုးမှုတွင် သူ၏ ကိုယ်ကျင့်သိက္ခာနှင့် သူ၏ သင်ကြားချက်များ၊ အတွေးအခေါ်များက ဩဇာ သက်ရောက်ပုံကို လေ့လာရန် အားထုတ်ပါမည်။

## ၁။ လူသား ကွန်ဖြူးရှပ်

ကွန်ဖြူးရှပ် အကြောင်းကို အကောင်းဆုံး သိခွင့်ရသော ရင်းမြစ်မှာ သူ့ တပည့်များက စုဆောင်း ပြုစုထားသော သူ့ ဩဝါဒများ ပါဝင်သော၊ ထင်ရှား ကျော်ကြားသော *အနယ်လက်* [၁] ကျမ်း ဖြစ်သည်။ သို့သော် ထိုကျမ်းထဲတွင် သူ၏ အတ္ထုပ္ပတ္တိ ဘဝ ဖြစ်စဉ်နှင့် ပတ်သက်သော အကြောင်းအရာများကား အလုံအလောက် အပြည့်အစုံ မပါဝင်ချေ။ ထို့ကြောင့် နောင်ခေတ် ကွန်ဖြူးရှပ် အစဉ်အလာတွင် ကွန်ဖြူးရှပ် မွေးဖွားသည်မှ အိုမင်း ရင့်ရော်သည် အထိ အတ္ထုပ္ပတ္တိများကို လိုက်လံ ရှာဖွေ အသေးစိတ် မှတ်တမ်းတင်ရသော အလုပ် ရှုပ်ခဲ့ရလေသည်။ ကျွန်ုပ်တို့ လေ့လာ သိရှိခဲ့ပြီး ဖြစ်သည့် အတိုင်း နောက်ပိုင်း သိရှိရသော အကြောင်းအရာများသည် သမိုင်း တန်ဖိုး အနေနှင့်မူ သံသယ ဖြစ်ဖွယ် ရှိသည်။ သို့ဆိုလျှင် နောက်ပိုင်း သိရှိရသော အချက်အလက်များကို လုံးဝ မကိုးစားဘဲ အနယ်လက်ကျမ်း တစ်ခုတည်း အပေါ်မှာသာ ကိုးစားရမည်လား၊ သို့မဟုတ် ဘီစီ ၈၀ လောက်က ပေါ်ပေါက်ခဲ့သော တရုတ် သမိုင်း ပညာရှင်ကြီး ဆုမာချိန်း၏ မှတ်တမ်းများကိုပင် လိုက်နာလျှင် ကောင်းမည်လား။ ထိုနှစ်ချက်စလုံးသည် ကျေနပ်ဖွယ် မရှိချေ။ ပထမ မှတ်တမ်းမှာလည်း ကွန်ဖြူးရှပ် ဂိုဏ်း၏ နိုင်ငံရေး ရည်မှန်းချက်ကို တိတိကျကျ လုံလုံလောက်လောက် ဖော်ပြထားခြင်း မရှိ။ ဒုတိယ မှတ်တမ်းကလည်း အစဉ်အလာ စကားများကို လက်ခံ ထားလွန်းသည်။

အလယ် အလတ် သဘောကျအောင် အစဉ်အလာ ဆိုရိုး စကားများကို အထိုက်အလျောက် လက်ခံ၍ ကွန်ဖြူးရှပ် တပည့်များက အခွင့်အာဏာကို ယူ၍ ကွန်ဖြူးရှပ် အတွေးအခေါ် ဂိုဏ်းကို ထူထောင်ပုံကို ယူ၍ သူ၏ အတ္ထုပ္ပတ္တိကို ဖော်ထုတ်မည် ဆိုလျှင် အောက်ပါအတိုင်း ဆိုသင့်ပါသည်။

ကွန်ဖြူးရှပ်သည် ရှေးခေတ် လု ပြည်တွင် ဆင်းရဲသော်လည်း လူရိုသေ ရှင်ရိုသေ ရှိသော မိသားစုမှ မွေးဖွားလာခဲ့သူ ဖြစ်သည်။

လုပြည်နယ်သည် ရှန်တွန်း ကျွန်းဆွယ်တွင် တည်ရှိသည်။ သူ၏ ဘိုးဘေးများမှာ ဆွန်းပြည်နယ်မှ လုပြည်နယ်သို့ ထွက်ပြေးလာခဲ့ကြသော မှူးမျိုးမတ်နွယ် ဒုက္ခသည်များ ဖြစ်ကြသည် ဆို၏။ ဆွန်း ပြည်နယ်တွင် မြို့စား မင်းသားကို ပုန်ကန်မှု တစ်ခု ဖြစ်ပွားစဉ်က ထွက်ပြေး တိမ်းရှောင်လာကြရသူများ ဖြစ်လေသည်။

[၁] Analects

ဘီစီ ၅၅၁ ခုနှစ်လောက်တွင် သူ့ကို ဖွားမြင်သည်ဟု ထင်ရသည်။ သူ့ကို ဖွားမြင်ပြီး မကြာမီ ရက်ပိုင်းအတွင်းမှာပင် သူ့ဖခင် ကွယ်လွန်ခဲ့လေသည်။ သူနှင့် ငယ်ရွယ်သူ သူ့မိခင်တို့မှာ ဆင်းရဲဒုက္ခ ရောက်လျက် ကျပ်တည်း ကျဉ်းမြောင်းစွာ နေထိုင်ခဲ့ကြရလေသည်။

အနယ်လက် ကျမ်းထဲတွင်မူ ကွန်ဖြူးရှပ်က သူ့ဖခင်သည် သူဆင်းရဲ တစ်ဦး ဖြစ်သည်။ သူသည် ဆင်းရဲသား တစ်ဦး၏ သား ဖြစ်သည်ဟု ဆိုသည်။ ထို့ကြောင့် လူသာမန်တို့ လုပ်ကိုင်နိုင်သော စေစားခံ ယုတ်ညံ့သော အလုပ် မှန်သမျှကို သူ လုပ်ကိုင်နိုင်သည်ဟု ဆိုသည်။ ထိုအလုပ်မျိုးကို မင်းညီမင်းသား အထက်တန်းစားများကား မလုပ်နိုင်ပေ။ ထိုကဲ့သို့ ငယ်စဉ် ကာလက ရုန်းကန်ခဲ့ရသော ကြမ်းတမ်းသော ဘဝကို ပြန်လည်သုံးသပ်ခြင်းဖြင့် နောက်ပိုင်းဘဝတွင် သူသည် ဘဝကို ဤသို့ သုံးသပ်ခဲ့လေသည်။ 'ဆင်းရဲခြင်းကို ဒေါသ မဖြစ်ဘဲ နေနိုင်ဖို့တော့ ခဲယဉ်းသည်' ဟု သူက ဆိုသည်။

ဆင်းရဲ ကျပ်တည်းသော ဘဝ ပတ်ဝန်းကျင်မှာ ရှင်သန် ကြီးထွားခဲ့ရစေကာမူ အနစ်နာခံ၍ ရှာဖွေ ကျွေးမွေးခဲ့သော မိခင်၏ ကျေးဇူးကြောင့် ကွန်ဖြူးရှပ်သည် လူကြီးလူကောင်း တစ်ဦး အဖြစ်သို့ ရောက်ရှိလာစေရန် လိုအပ်သော ပညာများကို သင်ကြားခွင့် ရရှိခဲ့လေသည်။ သူသည် ရွာ၏ နည်းပြဆရာထံမှာ ပညာ သင်ကြားခဲ့ရသည်။ ထို့နောက် ရှေးခေတ် တရုတ် လူမျိုးများ၏ ကဗျာနှင့် သမိုင်းပညာများကို တစ်သက်လုံး လေ့လာ ဆည်းပူးနေသူ အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ထို့ပြင် ရှေးခေတ် တရုတ် ဂန္ထဝင် ဂီတ အနုပညာကိုလည်း သူသည် စိတ်ဝင်စားစွာ လေ့လာ ဆည်းပူးခဲ့လေသည်။ ထိုဂီတကား ယခု ခေတ်တွင် မရှိတော့ပေ။ ထိုဂီတကို သူသည် ပလွေဖြင့် မှုတ်သည်။ မကြာခဏ အပေါင်းဖော်များအား ရှေးသီချင်းကြီးများကို သူက သီဆို ပြတတ်လေသည်။ အနယ်လက် ကျမ်းထဲတွင် ပါဝင်သော ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ အကျဉ်း တစ်ခုတွင် အသက် ၁၅ နှစ်ခန့်က သူသည် ဤ ဂီတ လေ့လာမှုကို အပြင်းအထန် ပြုလုပ်ခဲ့သည် ဆို၏။ ထိုအချိန်က စ၍ သူသည် သုတေသီပညာရှိ သုခမိန် ဖြစ်ရမည်ဟု စိတ် ဆုံးဖြတ်ချက် ရှိခဲ့သည် ဆို၏။

သို့သော် ထို သတင်း ရရှိသော ဌာနကပင် ဖော်ပြထားသည်မှာ သူသည် သူ၏ အချိန်ကာလများ အားလုံးကို စာပေ လေ့လာမှု တစ်ခုတည်း အတွက်သာ အသုံးချခဲ့ခြင်း မဟုတ်ဟု ဆိုသည်။ သူသည် အမဲလိုက်ခြင်း၊ ငါးမျှားခြင်း အလုပ်များကိုလည်း များစွာ ပြုလုပ်ခဲ့လေသည်။ သို့သော် ထိုသို့ ပြုလုပ်ခဲ့ခြင်းမှာ အသက်မွေးဝမ်းကျောင်း ပြုလိုသောသဘောဖြင့် လုပ်ခဲ့ခြင်း မဟုတ်ဘဲ မှုးမျိုးမတ်မျိုးတို့ လုပ်လေ့ လုပ်ထ ရှိသော အားကစား စိတ်ဓာတ်ဖြင့် ပြုလုပ်ခဲ့ခြင်းသာ ဖြစ်သည် ဆို၏။ သို့သော် သူ့ တပည့်များကမူ ဤသို့ မှတ်သားထားခဲ့ကြလေသည်။

'ဆရာကြီးသည် ငါးမျှားသည်၊ သို့သော် ပိုက်ကွန်ဖြင့်ကား ငါးဖမ်းခြင်းကို မပြု၊ ငှက် ပစ်သည်၊ သို့သော် သစ်ပင်ပေါ်၌ နားနေသော ငှက်ကို မပစ်' ဟု ဆိုသည်။ သူသည် စစ်ရထားကို လည်းကောင်း၊ ရထား မောင်းနှင်ရခြင်းကို လည်းကောင်း နှစ်သက်သည်။ ထို့ပြင် လေးပစ်ခြင်း အတတ်၌လည်း အဆင့်မြင့် ကျွမ်းကျင်သော လေးသမားကောင်း တစ်ဦး ဖြစ်သည်။ 'လူကြီး လူကောင်း တစ်ယောက်မှာ လေးပစ်ခြင်းက လွဲပြီး တခြား ပြိုင်ဘက် ဆိုတာ မရှိပါဘူး' ဟု ဆိုသည်။

သူ့ အသက် နှစ်ဆယ်ခန့် ရှိသော အခါ အစိုးရ ရာထူး တစ်ခု ဖြစ်သော လုပြည်နယ် နယ်စား အတွက် ကောက်ပဲသီးနှံနှင့် တိရစ္ဆာန် မွေးမြူရေး လုပ်ငန်းများ အပေါ် အခွန် ကောက်ခံရသော အကောက်တော် အရာရှိ ရာထူးတွင် တာဝန် ထမ်းဆောင်ခဲ့လေသည်။ ထို့နောက် အိမ်ထောင် ပြုခဲ့လေသည်။ သို့သော် အိမ်ထောင်ရေး ဘဝမှာ အဆင်မပြေ။ အောင်မြင်မှု မရရှိခဲ့ပေ။ အိမ်ထောင် ပြုခြင်းမှာ သားစဉ်မြေးဆက် မျိုးဆက်ကို ဆက်ခံရန် အတွက် သား တစ်ယောက် ရရှိရန် အိမ်ထောင် ပြုခဲ့ခြင်း ဖြစ်၏။

သူ့ အသက် ၂၅ နှစ်ခန့်တွင် သူ့မိခင် ကွယ်လွန်ခဲ့လေသည်။ ကွန်ဖြူးရှပ် အတွက်မူ မိခင် သေဆုံးသွားခြင်းသည် သူ့အတွက် အကြီးဆုံး ကြေကွဲဖွယ် ဖြစ်ရပ် ဖြစ်ခဲ့လေသည်။ မိခင် သေဆုံးသော အခါ သူသည် အစိုးရ ရာထူးမှ ချက်ချင်း အနား ယူလိုက်လေသည်။ ထို့နောက် ၂၇ လ တိုင်တိုင် မိဘ အတွက် ပူဆွေးခြင်း ကာလ အဖြစ် အနားယူ၍ နေခဲ့လေသည်။ တရုတ် လူမျိုးတို့၏ အစဉ်အလာ အရ ပူဆွေးခြင်း ကာလ အဖြစ် သူ နေခဲ့သော နေ့ရက်များသည် သုံးနှစ် ကာလနှင့် ညီမျှသည်ဟု ဆိုသည်။

ပူဆွေးခြင်း ကာလ အဆုံးတွင် သူသည် ပလွေ တစ်လက်ကို ဆောင်ယူကာ ပလွေ မှုတ်သော်လည်း မှုတ်၍ မရ၊ နားနားပြီး မှုတ်ရသည်။ သီချင်း ဆိုရန် ကြိုးစားသည်။ သီချင်းလည်း ဆို၍ မရဘဲ ငါးရက် ကြာသည်။ သူ ပြုခဲ့သော အစဉ်အလာသည် နောင်အခါ တရုတ် လူမျိုးတို့၏

ဂန္ထဝင်မြောက် သားသမီး ဝတ္ထုများ ထုံးစံ ဖြစ်လာခဲ့လေတော့သည်။

ယခုမူ သူသည် ဆရာ အဖြစ် ခံယူကာ သမိုင်း ဘာသာရပ်ကို သင်ကြား ပို့ချလေသည်။ ထို့ပြင် ကဗျာ လင်္ကာ စပ်ဆိုနည်းကို လည်းကောင်း၊ အစိုးရ လုပ်ငန်း ပညာရပ်၊ သင့်မြတ်စွာ ကျင့်အပ်ခြင်း ပညာ၊ ဂီတပညာနှင့် ဘုရားတရား ကိုးကွယ် ဆည်းကပ်မှုနှင့် စပ်ဆိုင်သော ပညာများ (ဆဋ္ဌနယ) ကို သင်ကြား ပို့ချပေးလေသည်။ တပည့်များ စုဝေး ရောက်ရှိလာပြီး သူ့ကို ဝန်းရံ နေကြလေသည်။ တချို့သော တပည့်များမှာ သူနှင့် အတူ နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြလေသည်။ သို့သော် သူ၏ ဂုဏ်သတင်း ကြီးမားမှုကြောင့် လုပြည်နယ်မှာ ရှိသော အထက်တန်းစား လူကုံထံ မိသားစုများ၏ သားမြေးများကို သူ့ထံ ပို့ကြသော်လည်း သူကမူ သူ၏ မူဝါဒများကို ထိထိရောက်ရောက် အကောင်အထည် ဖော်၍ ယိုယွင်းနေသော လူမှု စနစ်ကြီးကို တိုးတက်အောင် ပြုနိုင်ရန်မှာ သူနှင့် သူ့ တပည့်များသည် အစိုးရ အဖွဲ့ထဲတွင် ရာထူးကြီးများကို ထမ်းဆောင်ခွင့် ရမှသာ ဖြစ်မည်ဟု အစဉ်တစိုက် ပြောဆိုနေခဲ့လေသည်။

အထောက်အထားများကို စိစစ်၍ မရသော်လည်း သူသည် လုပြည်နယ် ဘုရင်ခံ၏ ဝန်ကြီး အဖွဲ့ (အစိုးရ အဖွဲ့) တွင် တာဝန် ယူခဲ့သည်ဟု ဆို၏။ အသက် ၅၀ အရွယ်တွင် သူသည် ပြည်သူ့လုပ်ငန်း ဝန်ကြီး ဌာနတွင် ဝန်ကြီးရာထူး အထိ တိုးတက် ရောက်ရှိခဲ့ဖူးသည်။ ထို့ပြင် တရားရေး ဝန်ကြီး အဆင့်မှ ဝန်ကြီးချုပ် ရာထူး အထိပင် ရောက်ရှိခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် သူ၏ အောင်မြင်၍ ဖြောင့်မတ်သော အုပ်ချုပ်ပုံကို လျှို့ဝှက်စွာ ကြံစည်မှု ဖြစ်ရပ်ကြောင့် သူသည် မျက်နှာ ပျက်ရသည့် အဖြစ်မျိုးနှင့် ကြုံရကာ ရာထူးမှ နုတ်ထွက်ခဲ့ရလေသည်။

ဤဖြစ်ရပ်သည် မှန်သည် ဖြစ်စေ၊ မှားသည် ဖြစ်စေ သူ့ အသက် ၅၅ နှစ် အရွယ်တွင် သူသည် လုပြည်နယ်ကို စွန့်ခွာ၍ ထွက်သွားခဲ့လေသည်။ သူနှင့် အတူ တပည့်ကြီး သုံးဦးလည်း အတူပါသွားခဲ့လေသည်။ ထို့နောက် နောက်ထပ် ၁၅ နှစ် ကြာသည့်တိုင် ပြည်နယ် တစ်ခုမှ တစ်ခုသို့ ခရီး လှည့်လည် သွားလာ၍ နေခဲ့လေသည်။ အစိုးရ တစ်ခုခုတွင် ရာထူး ဌာနန္တရ ကြီးကြီးမားမား ရရှိနိုင်ရန် အတွက် ထိုသို့ ပြည်နယ် တစ်ခုမှ တစ်ခုသို့ လှည့်လည် သွားလာနေခဲ့ခြင်း ဖြစ်လေသည်။

ပဒေသရာဇ် မင်းစိုးရာဇာများက သူ့အား ကောင်းစွာ ဧည့်ခံ ပြုစုကြလေသည်။ ကွယ်ရာတွင်မူ ပြက်ရယ် ပြုကြသည်။ တချို့ မင်းများကမူ သူ့ကို အလွန် ကြီးကျယ်သော ပညာရှင် တစ်ဦး အဖြစ် အသိအမှတ် ပြုသည်။ သို့သော် ထိုကဲ့သို့ သူ့ကို အထင်ကြီးသူများကိုပင် သူ၏ အယူအဆ ဖြစ်သော ကိုယ်ကျင့်တရား ကောင်းမွန်မှုကို နမူနာ ပြု၍ အုပ်ချုပ်သော အစိုးရ စနစ်ကို စိတ်ဝင်စားအောင် ပြုလုပ်၍ မရခဲ့ပေ။ သို့သော် ပြည်နယ် ဘုရင်ခံများက သူ့စကားကို တရိတသေ နားထောင်ကြပြီ ဆိုပြန်လျှင်လည်း အစိုးရ အရာရှိများကမူ သူ့ကို ဖယ်ရှားပစ်ရန် လျှို့ဝှက် ကြံစည်ကြပြန်သည်။

တချို့ ခရိုင်များတွင် မယုံသင်္ကာ ဖြစ်ခြင်းကိုလည်း ခံရတတ်သည်။ ကွန် မြို့တွင် သူ့ကို လူစုလူဝေးနှင့် ဖမ်းဆီးပြီး အကျဉ်း ချထားခြင်း ခံရလေသည်။ ပု မြို့တွင် သူ့ကို ဝန်းရံပြီး လက်နက်ဖြင့် ကာကွယ်ခြင်းကို လက်ခံစေခဲ့သည်။ ဆွန်း ပြည်နယ်တွင်မူ သူ၏ ရန်သူများ ရောက်ရှိလာကြသော အခါ ချင်း ပြည်နယ်သို့ ခြေကျင် ကိုယ်လွတ် ထွက်ပြေးခဲ့ရသည် ဆို၏။

ထိုသို့ ထွက်ပြေးရစဉ် အခါ သူ့တပည့်များက *ဟွန်တွီ* [၁] ဆိုသူ စစ်ဘက် အရာရှိ တစ်ဦးသည် သူတို့နောက်က ထက်ကြပ်မကွာ လိုက်လာသည်ဟု သိရှိရသဖြင့် သူ့ကို အလျင်အမြန် သုတ်ခြေတင် ပြေးဖို့ တိုက်တွန်းကြရာ သူက 'ကောင်းကင်ဘုံက ပေးထားတဲ့ တန်ခိုး (တဲ့) ငါ့မှာ ရှိပါတယ်၊ ဒီတော့ ဟွန်တွီလို အကောင်ကို ငါက ဘာဖြစ်လို့ ကြောက်ရမှာတုံး' ဟု ဆိုလေသည်။ သူသည် ပင်ကိုအားဖြင့် မဖြစ်မနေ လုပ်တတ်သော စိတ်ဓာတ် ပြင်းထန်သူ ဖြစ်သော်လည်း သူသည် တချို့ ကိစ္စများတွင်မူ ပေါ့ပေါ့တန်တန် လုပ်တတ်လေသည်။

တာ့ဆီယန် ပြည်နယ်ကို ဖြတ်သန်းစဉ် လူတစ်ဦးက သူ့ကို နောက်ပြောင်သောအားဖြင့် ပြောသည်မှာ 'ကွန်ဖြူးရှပ်က ကြီးကျယ်သည်တော့ မှန်ပါရဲ့၊ သူက အရာရာကိုလည်း သိတယ်၊ ပြီးတော့ ဘာတစ်ခုကိုမှ နာမည် မတပ်တတ်ဘူး' ဟု ဆိုလေသည်။ ကွန်ဖြူးရှပ်က သူ့တပည့်များဘက်သို့ လှည့်ပြီး ပြက်ရယ်ပြု၍ 'ခု ငါ ဘာလုပ်ပြရမှာလဲကွ၊ ရထား မောင်းပြရမလား၊ လေး ပစ်ပြရမလားဟ' ဟု မေးလိုက်လေသည်။

လု ပြည်နယ်တွင် ရာထူးကြီး တစ်ခု ရထားသော သူ့တပည့် တစ်ယောက်ကို အကြောင်းပြု၍ ပြည်နယ် ဘုရင်ခံအိုင်က ဘီစီ ၄၈၄ တွင် ကွန်ဖြူးရှပ်အား လှိုက်လှဲစွာ ဖိတ်

၁။ Huan Tuei

မန္တက ပြုလေသည်။ ထိုအချိန်တွင် ကွန်ဖြူးရှပ်၏ အသက်မှာ ၆၇ နှစ် ရှိပြီ ဖြစ်၏။ သူသည် ထိုဖိတ်ကြားချက်ကို ရသော အခါ ဇာတိ ပြည်နယ်သို့ ပြန်လာခဲ့လေသည်။ သူ့ကို ပြည်နယ် ဘုရင်ခံက တစ်ခါတစ်ရံ ခေါ်ယူပြီး တိုင်ပင်ဆွေးနွေးကာ အကြံဉာဏ် တောင်းခံသည်။

ထို့နောက် သူ၏ သက်တမ်း နောက်ဆုံး ကာလကို အနားယူခြင်းဖြင့် ကုန်လွန်စေခဲ့လေသည်။

နောင်းပိုင်း ကွန်ဖြူးရှပ် အစဉ်အလာ အရ သူသည် သူ့ သက်တမ်း တစ်လျှောက် ဟောပြော သင်ကြားပေးခဲ့သော ပညာရပ်ဆိုင်ရာ အချက်အလက်များကို *ရှုကျင်း* [၁] ခေါ် သမိုင်းကျမ်း၊ *ရှိကျင်း* [၂] ခေါ် ကဗျာ လင်္ကာကျမ်း၊ *လီကျိ* [၃] ခေါ် ပွဲဖော် ပသမှုကျမ်း၊ *အိုင်ကျင်း* [၄] ခေါ် အနိစ္စကျမ်းနှင့် *ချွန်းကျူ* [၅] ခေါ် နွေဦးပေါက်နှင့် ဆောင်းဦးပေါက် ကျမ်းများ အဖြစ် စုဆောင်း မှတ်တမ်း တင်၍ နေခဲ့လေသည်။

ပထမ ကျမ်းကြီး လေးကျမ်းမှာ ရှေးက ပညာရှိတို့ ဆိုရိုးစကားများကို စုပေါင်းထားသော စာညွှန့်ပေါင်း စာပဒေသာ ကျမ်းများ ဖြစ်၏။ နောက်ဆုံးကျမ်းမှာ သူကိုယ်တိုင် ရေးစပ် စီကုံးသော ကျမ်း ဖြစ်သည်။ သို့သော် ဤအချက်အလက်များသည်ပင်လျှင် အလွန် သံသယ ဖြစ်ဖွယ် ရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ဘီစီ ၄၇၉ တွင် သူ မကွယ်လွန်မီ အချိန်ကလေးတွင် သူ့ဘဝနှင့် ပတ်သက်၍ သူ စိတ်ပျက်မိကြောင်းကို ထုတ်ဖော် ပြောဆိုခဲ့ဖူးလေသည်။ သို့သော် သူ့ တပည့်များသည် သူ၏ နိုင်ငံရေးနှင့် လူမှုရေး ရည်မှန်းချက်များကို ဆက်လက် အကောင်အထည် ဖော်ရန် သန္နိဋ္ဌာန် အပြည့်အဝဖြင့် ကျန်ရစ်ခဲ့ကြလေသည်။

## ၂။ ကွန်ဖြူးရှပ်၏ သင်ကြားချက်များ

### အရင်းအမြစ်များကို မျက်မှောက် အကဲဖြတ်ခြင်း

ပထမဦးစွာ ကွန်ဖြူးရှပ် ဟောကြားခဲ့သော တရား ဓမ္မများကို ရရှိသော အရင်းအမြစ်များနှင့် ပတ်သက်၍ ဆွေးနွေးရန် အရေးကြီးသည်။ အဘယ်ကြောင့် ဆိုသော် ဂန္ထဝင် ကွန်ဖြူးရှပ်၏ ကျမ်းကြီး ငါးကျမ်းသည်ပင်လျှင် ကွန်ဖြူးရှပ်၏ လက်ဖြစ် အားလုံး မဟုတ်ဟု ယခုအခါ ယူဆချက် တူညီနေကြသောကြောင့် ဖြစ်၏။ နောက်တစ်ချက်မှာ သူ၏ တပည့်များက ထိုကျမ်းများကို တည်းဖြတ် သုတ်သင်ခြင်း၊ ပြောင်းလဲ ပြုပြင်ခြင်း၊ သူတို့ အမွေ ဆက်ခံ ရရှိခဲ့သော အချက်အလက်များကို မူရင်း အတိုင်း မထားဘဲ ချဲ့ထွင်ခြင်း ကိစ္စများကို ဆောင်ရွက်ခဲ့ကြသောကြောင့် ဖြစ်၏။

သို့ဖြစ်ရာ တရုတ် သမိုင်း ပညာရှင်ကြီး ဆုမာချိန်းက 'ကွန်ဖြူးရှပ် မရှိတဲ့ နောက် နှစ်ပေါင်း တစ်ရာကျော် ကာလ အတွင်းမှာ မင်းရှပ်က ရှီနှင့် ရှု ကျမ်းတွေကို အစီအစဉ် ကျအောင် ပြုလုပ်ခဲ့တယ်' ဟု ဆိုသည်။ ပြီးတော့ ခု လက်ရှိ တွေ့မြင်နေရသော လီကျိ ကျမ်းသည်လည်း ကွန်ဖြူးရှပ် လက်ထက်ကျမှ တည်းဖြတ်ပြီး ဖြစ်ပေါ်လာသော ကျမ်းနှင့် မတူဘဲ ဘီစီ နှစ် ရာစု အတွင်း ဟန်မင်းဆက် လက်ထက် စောစောပိုင်းကျမှ ဖြစ်ပေါ်လာသော ကျမ်း ဖြစ်ဟန် တူနေပေသည်။

သို့သော် ပို၍ အခြေခံကျသည့် အချက် တစ်ချက်ကို လည်း ဖော်ပြရန် ရှိပေသည်။ ထိုအချက်မှာ သူ့လက်ထက် မတိုင်မီကတည်းက အသင့် တည်ရှိနေခဲ့ပြီးသော ထိုဂန္ထဝင် ကျမ်းများကို ကွန်ဖြူးရှပ်က ပညာရှင်ပီပီ ဂရုဓမ္မဖြင့် စိစစ် လေ့လာ တည်းဖြတ်ခဲ့ခြင်း ဖြစ်သည်ဟု ယူဆရန်လည်း အကြောင်း ရှိပေသည်။ ကွန်ဖြူးရှပ် လက်ထက် မတိုင်မီ ကတည်းက ဆရာသမားများသည် ထိုကျမ်းများကို အသုံး ပြုနေခဲ့ပြီဟု ယူဆရန် အကြောင်း ရှိသည်။

အကယ်၍ ကွန်ဖြူးရှပ် အနေနှင့် ဂန္ထဝင် ကျမ်းများမှာ အသင့် သုံးစွဲနေကြပြီး တန်ဖိုး ထားခြင်း ခံရသော စာပဒေသာ ကျမ်းများ ဖြစ်သည်ဟု ယူဆပါမူကား သူ၏ အဓိက လုပ်ငန်းမှာ ထိုကျမ်းများတွင် ပါဝင်သော သင်ခန်းစာများကို ထောက်ပြ ညွှန်ကြားရန်ပင် ဖြစ်ပေလိမ့်မည်။ အမှန်အားဖြင့်လည်း အနယ်လက် ကျမ်းထဲတွင် ထိုသို့ ဆိုရန် အထောက်အထားများ ပြည့်နှက်လျှက် ရှိပေသည်။

---

၁။ Shu Ching
၂။ Shih Ching
၃။ Li Chi
၄။ I Ching
၅။ Chun Chiu

ထိုသဘောဩသာလျှင် သူ၏ မူရင်း ကျသော လုပ်ဆောင်ချက်များကို လေ့လာ ကြည့်ရပေမည်။ ဖြစ်နိုင်သည်ကား သူသည် အတန်အသင့် တည်းဖြတ်ခြင်း လုပ်ငန်းကို ပြုလုပ်ခဲ့သည်ဟု ဆိုနိုင်သည်။ သူ၏ တည်းဖြတ်မှုမှာ အဓိကကျသော အကျိုး သက်ရောက်မှု ရှိပေသည်။ ဤကဲ့သို့ သူသည် တည်းဖြတ်ခြင်း အမှုကို ပြုခဲ့သည်ဟု ယူဆလျှင်ပင် သူသည် ဘယ်နေရာမှာ ဘာတွေကို တည်းဖြတ် သုတ်သင်ခဲ့သည် ဆိုသည်ကိုကား ကျွန်ုပ်တို့ မသိနိုင်ကြတော့ပါ။

နောက်တစ်ချက်ကိုလည်း ရှင်းလင်း တင်ပြရပေဦးမည်။ ဂန္ထဝင် ကျမ်းကြီး ငါးကျမ်းတွင် ကွန်ဖြူးရှပ်သည် အပြောင်းအလဲများ ပြုလုပ်ခဲ့ခြင်း ဖြစ်နိုင်သည်။ ထိုအချက်ကိုမူ ပယ်၍ မရပေ။ သူသည် သူ၏ ပုဂ္ဂိုလ်ရေး အယူအဆများကို ဤ ကျမ်း ငါးကျမ်းထဲသို့ အခွင့် မရဘဲ ဝင်၍ စွက်ဖက် ရေးသားခဲ့ခြင်းမျိုးကိုကား မပြုလုပ်ခဲ့ပေ။ သူသည် ကျမ်းစာများကို ဖန်တီးသူ မဟုတ်၊ တစ်ဆင့် ပို့ဆောင်ပေးသူ အဖြစ်သာ ခံယူ ကျင့်သုံးခဲ့ကြောင်းမှာလည်း ထင်ရှားသည်။ ထိုအချက်ကိုလည်း သူကိုယ်တိုင်က ထုတ်ဖော် ပြောဆိုခဲ့လေသည်။

အနယ်လက် ကျမ်းထဲတွင် သူ၏ အဆို နှစ်ရပ်ကို မှတ်တမ်း တင်ထားခဲ့လေသည်။

ထိုစကားများ အရ သူသည် ရှေးက ပညာရှင်များ၏ လုပ်ရပ် အပေါ် များစွာ အရိုအသေ ပြုထားကြောင်း ထင်ရှားသည်။

'ကျွန်ုပ်ကား တစ်ဆင့် ပို့ဆောင်သူသာ ဖြစ်၏၊ ဖန်တီးသူ တစ်ယောက်ကား မဟုတ်ပေ၊ ကျွန်ုပ်သည် ရှေးပညာရှိ သူကောင်းများ အပေါ် ယုံကြည်၍ မြတ်နိုးခြင်းလည်း ရှိပါသည်'

'ကျွန်ုပ်သည် မွေးကတည်းက ပညာရှိ ဖြစ်လာသူလည်း မဟုတ်ပါ၊ ရှေးက ပညာရှင်ကြီးများ ထားရစ်ခဲ့သော ပညာများကို လေ့လာရန် လိုလားခဲ့သည့် အလျောက် ထိုပညာရပ်များကို ပင်ပန်း ကြီးစွာဖြင့် လေ့လာ လိုက်စားခဲ့သူသာ ဖြစ်ပါသည်'

ထိုစကားများ အရ ဂန္ထဝင် ကျမ်းများသည် ကွန်ဖြူးရှပ်၏ မူရင်း အယူအဆများကို ဖော်ပြထားသည့် ရင်းမြစ်များ မဟုတ်ကြဟု ဆိုနိုင်ပါသည်။ ထိုကြောင့် သူ့ ပုဂ္ဂိုလ်ရေး အယူအဆ၊ အထင်အမြင်များကို သုံးသပ်ရန်မှာ တိတိကျကျ မဖြစ်နိုင်တော့ပေ။ သို့မဟုတ် အကန့်အသတ်ဖြင့်သာ သူ၏ မူရင်း စာအုပ်ထဲမှ ထုတ်နုတ်၍ ခန့်မှန်း ဖော်ပြရန်သာ ဖြစ်နိုင်ပေသည်။

သူ့ မူရင်း အယူအဆများကို ဖော်ပြထားသော ကျမ်းမှာလည်း ရှားပါးလွန်းရကား သူ့အယူအဆ သက်သက်ကို ဖော်ပြရေး ကိစ္စမှာ လွန်စွာ ခက်ခဲပေသည်။ သူ၏ သင်ကြားချက်များနှင့် ပတ်သက်၍ အခြားသော ရင်းမြစ်များမှ ထုတ်နုတ် ဖော်ပြရန်မှာလည်း သာ၍ပင် ခက်ခဲပေသည်။ သူသည် ဂန္ထဝင် ကျမ်းများကို လေ့လာစဉ်၊ အသုံးပြုစဉ် သူ၏ မှတ်ချက်များ၊ အဓိပ္ပာယ် ရှင်းလင်းချက်များကို အနီးအနားတွင် ရပ်၍ နားထောင်ကြသူများအား အသေးစိတ် လွတ်လွတ်လပ်လပ် စကားဖြင့်သာ ပြောဆို ရှင်းလင်းခဲ့ပြီး မှတ်တမ်း တင်ထားခဲ့ခြင်း မရှိသည့် အတွက် အခက်အခဲ ရှိပေသည်။

ထို့ပြင် လူတွေ လိုက်နာ ကျင့်သုံး ထိန်းသိမ်းအပ်သော တရားများကို ဟောကြား ပို့ချရာတွင်လည်း စာပေကျမ်းဂန်ထဲတွင် ပါဝင်သော သူ တန်ဖိုး ထားသော အချက်အလက်များ ပါဝင်နိုင်ပေသည်။

ထိုဆွေးနွေးချက်များ၊ မှတ်ချက်များသည် ကြားနာသူများ အတွက်မူကား အလွန် အရေးကြီးပေလိမ့်မည်။ ထိုအချက်အလက်များကို ထိုပရိသတ်တို့က ဝါးခြမ်းပြားပေါ်မှာ ဟိုတစ်စ ဒီတစ်စ ရေးသားထားခဲ့ကြခြင်း ဖြစ်နိုင်သည်။ နောင်အခါကျမှ ထိုမှတ်စုမှတ်ရာများကို ပို၍ ပြည့်စုံအောင် အဓိပ္ပာယ် ဖွင့်ဆို၍ မှတ်တမ်း တင်ခဲ့ကြခြင်း ဖြစ်နိုင်သည်။

ကွန်ဖြူးရှပ်၏ ကိုယ်ပိုင် သင်ကြားချက်များ အသေးစိတ်သည် ဤနည်းအားဖြင့် သူ့ တပည့်များက တစ်ဆင့် ကျွန်ုပ်တို့ထံသို့ ရောက်ရှိလာခဲ့ပေသည်။

ထိုအဓိပ္ပာယ် ရှင်းလင်း၍ စုဆောင်းထားချက်များမှာ အားလုံး ကျမ်းကြီး လေးကျမ်း ရှိသည်။ ၄င်းတို့မှာ

(၁) အနယ်လက် (လွန်ယူး) (ဩဝါဒကျမ်း) ဤကျမ်းသည် ကွန်ဖြူးရှပ်၏ ဩဝါဒများနှင့် သူ့ တပည့်အချို့၏ ဩဝါဒများကို စုဆောင်း တင်ပြထားသော ဩဝါဒ ပေါင်းချုပ် ကျမ်း ဖြစ်သည်။ ထိုကျမ်းပါ အချက်အလက်များ အားလုံးကို သူ၏ ဩဝါဒများ ဖြစ်သည်ဟု အတိအကျ အခိုင်အမာ မဆိုနိုင်သော်လည်း ထိုကျမ်းသည် သူ၏ ပုဂ္ဂိုလ်ရေး အယူအဆများကို ဖော်ပြထားသော ကျမ်း ဖြစ်၍ သူနှင့် ပတ်သက်၍ သိအပ်သော အချက်အလက် အရင်းအမြစ်များ ပါဝင်သော အရေးပါသော ကျမ်း ဖြစ်သည် ဟူ၍ကား ဆိုရပေမည်။

(၂) မဟာ ပညာကျမ်း (တာ့ဆွီး) ဤကျမ်းသည် မူလက လိရှိကျမ်း၏ အခန်း ၃၉ ဖြစ်သည်။ သို့ရာတွင်

ချူဆီ လက်ထက်က စ၍ ထိုအခန်းကို မူလကျမ်းမှ သီးခြား အသုံးပြုရန် အတွက် ဖယ်ထုတ်ထားခဲ့လေသည်။ ဤကျမ်းသည် ကွန်ဖြူးရှပ် လက်ထက်က စ၍ ပေါ်ပေါက်လာသော ကျမ်းဖြစ်သည်ဟု ကျွန်ုပ်တို့ မယူဆနိုင်ပေ။ ကွန်ဖြူးရှပ် အယူအဆများထက် ဤကျမ်းမှာ ပါသော အမြင် အယူဝါဒများမှာ ဆွန့်ဇူး (ဘီစီ ၂၉၈-၂၃၈) ၏ အမြင် အယူအဆများပေါ်မှာ မူတည်ထားသည်ဟု ယူဆနိုင်ပေသည်။

ဤကျမ်း တစ်ခုလုံးသည် မင်းညီ မင်းသားများကို အထူးသဖြင့် လူကြီး လူကောင်း ဖြစ်အောင် သင်ကြားပေးသော သင်ကြားနည်း ပညာရေး အခြေခံ အချက်အလက်များကို ဖော်ပြရန် အစကတည်းက စီစဉ် ဆောင်ရွက်ထားဟန် တူသည်။ ဂန္ထဝင် တရုတ်ပညာရေးတွင် ဤကျမ်းသည် ကျောင်းသား လူငယ်များ ပထမဆုံး လေ့လာရသော ဖတ်စာ ဖြစ်ခဲ့လေသည်။

(၃) **နယူပဒေသကျမ်း (ချုန်ယန်း)** ဤကျမ်းသည်လည်း လိရှိကျမ်း၏ အစိတ်အပိုင်း တစ်ခု ဖြစ်သည် (အခန်း ၂၈)။ ဤ ကျမ်းသည် ကွန်ဖြူးရှပ် အတွေးအခေါ်များ၏ ဒဿန အယူအဆများကို ခမ်းနားစွာ ဖွင့်ဆိုထားသော အဖွင့်ကျမ်း ဖြစ်သည်။ အထူးသဖြင့် လူ့သဘာဝနှင့် သဘာဝတရားဆိုင်ရာ ကိုယ်ကျင့်တရား အစီအစဉ်များ၏ ဆက်စပ်ပုံကို လေ့လာထားသော ကျမ်း ဖြစ်သည်။

ကျမ်းပါ အကြောင်းအရာများသည် ကွန်ဖြူးရှပ်၏ မြေးဖြစ်သူ *ဇူးဆု* [၁] ကို အကြောင်း ပြု၍ ရေးသားခဲ့သော ကျမ်း ဖြစ်သည်ဟု အစဉ်အလာ မှတ်ယူခဲ့ကြသည်။ သို့သော် ယခုအခါ ဤကျမ်းကို စိတ်ဓာတ် ပြင်းထန်သော အရည်အချင်း ဖြစ်ပေါ်လာအောင် ဖန်တီးသော အကြောင်းအရာများ ဖြစ်သည်ဟု ယူဆကြသည်။ နောက်တစ်ချက်မှာ ဤကျမ်းတွင် အပိုင်း နှစ်ပိုင်း ထား၍ ရေးထားသည်။ တစ်ပိုင်း နောက်မှ ကျန်တစ်ပိုင်းကို ရေးသားခြင်း ဖြစ်သည်။ အစပိုင်း အဓိကကျသော အပိုင်းကို ဇူးဆု လက်ထက်တွင် ရေးသားပြီး နောက်ကျသော အပိုင်းကို မင်းရှပ် လက်ထက် နောက်ပိုင်းကျမှ ရေးသားဟန် တူသည်။ ဘီစီ နှစ် ရာစုကျမှ ရေးဟန်တူသည်။

(၄) **မင်းရှပ်ကျမ်း** ဘီစီ သုံး ရာစုခေတ်က ပေါ်ပေါက်သော ကျမ်း ဖြစ်သည်။ ရှေးကျသော ကွန်ဖြူးရှပ်ဝါဒီ အတွေးအခေါ် ပညာရှင်များ၏ အဆိုအမိန့် ဩဝါဒများနှင့် အရေးအသားများကို စုပေါင်းထားသော ပေါင်းချုပ်ကျမ်း ဖြစ်သည်။

ကွန်ဖြူးရှပ် အတွေးအခေါ်များကို ပထမဆုံး စနစ်တကျ ပြည့်ပြည့်စုံစုံ ဖော်ပြထားသော ကျမ်း ဖြစ်သည်ဟု ဆိုနိုင်သည်။

ဤကျမ်းလေးကျမ်းကို လေ့လာခြင်းအားဖြင့် ကျွန်ုပ်တို့၏ အခက်အခဲများ အားလုံးကို ဖယ်ရှားပစ်နိုင်သည်ဟု ဆိုလျှင်ကား မိုက်မဲရာ ကျပေမည်။

နောက်ဆုံး အနေနှင့် အခက်အခဲ တစ်ခုလည်း ကျန်ရှိနေပေသေးသည်။ ထိုအခက်အခဲမှာ သမိုင်းကြောင်း အရဖြစ်ပေါ်လာသည်ဟု ဆိုနိုင်သည်။ ဂန္ထဝင်ကျမ်း ငါးကျမ်းနှင့် ကွန်ဖြူးရှပ်၏ ကျမ်းကြီး လေးကျမ်းသည် တစ်ချိန်တွင် ၎င်းတို့၏ ဆက်လက် တည်ရှိခြင်းကိုပင် ခြိမ်းခြောက်သော နှောင့်ယှက် တားဆီးခြင်းကို ရင်ဆိုင်ခဲ့ကြရသည်။

တရုတ်ပြည် တစ်ပြည်လုံးကို စိုးမိုး အုပ်ချုပ်နိုင်ခဲ့သော ပထမ ဧကရာဇ်မင်း အစစ်မှာ ချင်မင်းဆက်မှ ချင်းမြို့စား ဖြစ်သည်။ ကာလ တိုတောင်းစွာ တည်ရှိခဲ့သော ချင်မင်းဆက်ကို တည်ထောင်သူ ဖြစ်သည်။ ဘီစီ ၂၂၁ တွင် သူသည် တရုတ် တစ်ပြည်လုံးကို အနိုင် ရရှိပြီးနောက် ရှေးမင်းများ မတတ်နိုင်ခဲ့သော တရုတ် တစ်ပြည်လုံးကို စုစည်းစွာ အုပ်ချုပ်နိုင်ခဲ့လေသည်။ သူသည် ဝင့်ကြွားသော ဘွဲ့တံဆိပ်တော်ကို ယူခဲ့သည်။ သူ့ကိုယ်သူ *ရှီဟောင်တီ* [၂] သို့မဟုတ် ပထမဆုံး ဧကရာဇ်ဘွဲ့ကို ခံယူခဲ့လေသည်။

သူသည် အုပ်ချုပ်ရေးနှင့် စစ်ရေးကို အထူး ကျွမ်းကျင်သူ ဖြစ်သည်။ သူ့ လက်ထက်တွင် ဧကရာဇ် နိုင်ငံတော်၏ မင်းနေပြည်တော် အသစ်ကို တည်ထောင်ခဲ့လေသည်။ ရှေးက ပဒေသရာဇ် စနစ်ဟောင်းကို ဖျက်သိမ်းပစ်ခဲ့လေသည်။ ဗဟို အာဏာပိုင် အစိုးရ စနစ်ကို တည်ထောင်၍ သူကိုယ်တိုင် ဗဟို အာဏာပိုင် ဧကရာဇ် ဘုရင်အဖြစ် အုပ်စိုးခဲ့လေသည်။ နိုင်ငံတော် တစ်ခုလုံးကို အုပ်ချုပ်မှု စီရင်စု (ခရိုင်) သစ် ၃၆ ခု ခွဲပြီး အုပ်ချုပ်သည်။

သူ့ လက်ထက်တွင် မဟာ တံတိုင်းကြီးကို တည်ဆောက်သည်။ ငွေကြေးသစ်ကို စတင် တီထွင် သုံးစွဲစေသည်။ အစိုးရ ဝန်ထမ်းများနှင့် ပတ်သက်၍လည်း ပြုပြင်

၁။ Tzu Ssu

၂။ Shih Huang-ti

ပြောင်းလဲမှုများကို ပြုလုပ်သည်။ အစိုးရ ဝန်ထမ်း များစွာ အလုပ် ပြုတ်ကုန်ကြသည်။ ပိုးထည်ကို အစားထိုး တီထွင်သည်။ ရေးက ဝါးပေါ်တွင် သံကညစ်ဖြင့် စာရေးသော စနစ်မှ နူးညံ့သော အမွေးဖြင့် ပြုလုပ်သော စုတ်တံဖြင့် ပန်းချီ ရေးခြယ်သော စနစ်ကိုလည်း တီထွင်ခဲ့လေသည်။ ထို့နောက် တရုတ် စာရေးနည်းကိုလည်း လွယ်ကူအောင် ဖန်တီးခြင်းကို အားပေးခဲ့လေသည်။

ဤ ပြုပြင် ပြောင်းလဲမှုများ အကြားတွင် စနစ်သစ် တီထွင်ရန် အားထုတ်ခဲ့သော အားထုတ်မှုကိုမူ စနစ်ဟောင်း သမားများ၊ ရှေးထုံး အယူအစွဲ သန်သော ကွန်ဆာဗေးတစ်များက အနှောင့်အယှက် ပြုကြလေသည်။ ထိုသို့ နှောင့်ယှက်သူများထဲတွင် ကွန်ဖြူးရှပ်၏ အတွေးအခေါ်များဖြင့် လေ့ကျင့် သင်ကြားထားကြသော ကျောင်းဆရာများနှင့် အရာရှိ အရာခံများ အဓိကအားဖြင့် ပါဝင်ကြလေသည်။ ထိုပုဂ္ဂိုလ်များသည် ရှေး မင်းဆက် သုံးဆက်တွင် ကျင့်သုံးခဲ့သော ပဒေသရာဇ် စနစ်ကို တွယ်ကပ်နေကြသူများ ဖြစ်ကြလေသည်။ ထိုသူများက သူ၏ ပြုပြင် ပြောင်းလဲမှုများသည် ပြည်သူတို့၏ ဘဝ အဆင်ပြေမှုနှင့် ကျင့်ဝတ်သိက္ခာများကို ပျက်စီးစေသည်ဟု ပွင့်ပွင့်လင်းလင်း ဆန့်ကျင် ကန့်ကွက်ကြလေသည်။

သူ၏ ဝန်ကြီးချုပ် *လီဆု* [၁] ၏ အကြံပေးချက် အရ ဘီစီ ၂၁၃ တွင် ဧကရာဇ် ဘုရင် ရှီဟောင်တီသည် စာအုပ် ကျမ်းဂန်များကို မီးရှို့ပစ်ရန် အမိန့် ထုတ်ခဲ့လေသည်။ ဝန်ကြီးချုပ်သည် ကွန်ဖြူးရှပ်ကို ဆန့်ကျင်သော ဥပဒေဝါဒီများ၏ ဘက်တော်သား တစ်ဦး ဖြစ်သည်။ သူ့ ရည်ရွယ်ချက်မှာ သာမန် အရပ်သူ အရပ်သားများ၏ အတွေးအခေါ်များကို သူ ချမှတ်သော စံနှုန်းများနှင့် စံကိုက် ဖြစ်အောင် ပြုလုပ်ရန် ဖြစ်သည်။ ထို့ကြောင့် ရှေးက အသိပညာများ ပါသော ကိုယ်ပိုင် သိမ်းဆည်းထားကြသော စာအုပ်များကို ဖျက်ဆီး သုတ်သင်ပစ်လိုခြင်း ဖြစ်သည်။

ထိုစာအုပ်များ အနက် ဝတ်ပြုမှုနှင့် ဆိုင်သော အိုင်ကျင်း ကျမ်းနှင့် လယ်ယာ စိုက်ပျိုးရေးနှင့် ဆေးကျမ်းများ မှအပ ပြည်သူ့ အုပ်ချုပ်ရေးနှင့် စပ်ဆိုင်သမျှ စာအုပ်များကို မီးရှို့ ဖျက်ဆီးပစ်လိုခြင်း ဖြစ်၏။ အထူးသဖြင့် သူ၏ မုန်းတီးမှုမှာ ကဗျာကျမ်းနှင့် သမိုင်းကျမ်းများ ဖြစ်ကြသည်။ သတ်မှတ်ထားသော စာအုပ်များကို ပိုင်ဆိုင်ထားသူများသည် သက်ဆိုင်ရာသို့ အပ်နှံခြင်း မရှိဘဲ ထိမ်ချန်ထားသည်ကို တွေ့ရှိပါက ကျောပေါ်တွင် သံပူဖြင့် တံဆိပ် ခတ်နှိပ်ပြီး မဟာ တံတိုင်းကြီး တည်ဆောက်ရာတွင် အလုပ်ကြမ်းဖြင့် လေးနှစ် အလုပ် လုပ်ရန် အပြစ်ဒဏ် ချမှတ်မည် ဖြစ်ကြောင်း အမိန့် ထုတ်လေသည်။

ကွန်ဖြူးရှပ် ဝါဒီများ ဖြစ်ကြသော ပညာရှင် ၄၆၀ တို့မှာ အမိန့် မနာခံဘဲ သစ္စာဖောက်မှုဖြင့် အရှင်လတ်လတ် မြေမြှုပ် သတ်ဖြတ်ခြင်းကို ခံခဲ့ရလေသည်။

သို့ရာတွင် သူ၏ အမိန့် ထုတ်ပြန်ပြီးနောက် သုံးနှစ်ကြာသော အခါ ဧကရာဇ် ရှီဟောင်တီ နတ်ရွာစံလေတော့၏။ ထိုအခါ အတိတ်က ပညာရပ်များ အပေါ် ရန်ငြိုးထားမှုလည်း ဆုံးခန်း တိုင်လေတော့၏။

သူ့ကို ကျေးဇူးတင်စရာ ကောင်းသည်မှာ သူသည် လူအများ လက်ဝယ် ပိုင်ဆိုင်ထားသော စာအုပ်များကိုသာ မီးရှို့ခဲ့ခြင်း ဖြစ်ပြီး အစိုးရ ပြတိုက် ပိဋကတိုက်များ အထဲတွင် သိမ်းဆည်းထားသော စာအုပ်များကိုကား မီးရှို့ ဖျက်ဆီးခြင်း မရှိခဲ့ပေ။

သူ နတ်ရွာစံပြီးနောက် ငါးနှစ် အတွင်း ပေါ်ပေါက်လာသော ဟန်မင်းဆက် လက်ထက်တွင် ကွန်ဖြူးရှပ်၏ ဂန္ထဝင် စာပေများကို ပြည်သူလူထုတို့ ပြန်လည် ထိန်းသိမ်းနိုင်ခဲ့ကြလေသည်။ ထိုအခါ ထို ကျမ်းဂန် စာပေများသည် ပို၍ပင် ထင်ပေါ် ကျော်ကြားလာလေတော့သည်။

ထိုအခါ မထင်မှတ်ဘဲ မတော်တဆ ဖြစ်ပေါ်လာသော ဆိုးဆိုးရွားရွား ဖြစ်မှု တစ်ခုနှင့် ကြုံရပြန်သည်။ ထူးဆန်းစွာ ထိုမကောင်းဆိုးဝါး အဖြစ်သည် ဖိနှိပ်မှု ခံရခြင်းကြောင့် ဖြစ်ပေါ်လာသော အကျိုး ရလဒ် မဟုတ်ဘဲ မီးရှို့ မခံရဘဲ ကျန်ရစ်ခဲ့သော ကျမ်းဂန်များကို မိတ္တူ ပွား၍ ရေးကူးရာ၌ ဖြစ်ပေါ်လာသော အမှားအယွင်းများ ဖြစ်၏။

ဤသို့ ဖြစ်ရခြင်းမှာ ရေးကူးပုံ စနစ်သစ်ကြောင့် ဖြစ်၏။ ရှေးအခါကမူ ပညာရှင်များသည် တိုသော ဝါးခြမ်းများ ပေါ်မှာ သတ္တု ကညစ်ဖြင့် ရေးကူးကြရပေရာ အမြန် ကူး၍ မရ၊ ဖြည်းဖြည်းချင်း ကူးရသည်။ ထို့ကြောင့် အမှားအယွင်း နည်းသည်။ ယခု တစ်ကြိမ်တွင်မူ ပညာရှင်များသည် ထို ကျမ်းဂန်များကို ရှည်လျားသော ပိုးထည်ပေါ်မှာ စုတ်တံဖြင့် ရေးသား၍ ကူးယူကြလေသည်။ ပိုးထည်ပေါ်မှာ စုတ်တံဖြင့် ရေးကူးရခြင်းသည် အလွန် လွယ်ကူ၍ လျင်မြန်သည်။ ထို့ကြောင့် အမှားအယွင်းလည်း များသည်။ ထို့ပြင် တမင်တကာ လုပ်လိုသော ဆန္ဒဖြင့် မဟုတ်ဘဲ ကျမ်းဂန်များကို ရေးကူးကြရာ၌ ကျမ်းတစ်စောင်ကို ကူးရင်း အခြား ကျမ်းမှ အယူအဆများပါ ရောနှော ပါကုန်ကြသည်။

---

၁။ Li Ssu

ထို့ပြင် ဂန္ထဝင်ကျမ်း ငါးကျမ်းကို ပြုစုခဲ့သော ကွန်ဖြူးရှပ်ကို ကြည်ညိုခြင်းကို အကြောင်း ပြု၍ သူ မွေးဖွားခြင်းနှင့် ပတ်သက်သော အံ့ဖွယ် ဝတ္ထု ဇာတ်လမ်းများကိုပါ ရေးထည့်ကြလေသည်။

ထို့နောက် တဖြည်းဖြည်း ပိဋက စာပေဟောင်းများကို ရှာဖွေ တွေ့ရှိကြပြန်သည်။ ထို ရေးဟောင်း ပိဋက စာပေများသည် ပိဋက စာပေသစ်နှင့် သဘော အယူအဆများ ဆန့်ကျင်လျက် ရှိကြောင်း တွေ့ရှိရပြန်သည်။

ထိုအခါ ချက်ချင်းပင် ပိဋက စာပေဟောင်း ဂိုဏ်း တစ်ဂိုဏ်း ပေါ်ပေါက်လာလေတော့သည်။ ပိဋက စာပေဟောင်းနှင့် ပိဋက စာပေသစ် ဂိုဏ်းနှစ်ဂိုဏ်း အကြားတွင် အယူအဆ တိုက်ပွဲလည်း ပေါ်ပေါက်လာလေသည်။

ထိုတိုက်ပွဲသည် အနှစ် နှစ်ထောင်ကျော်အောင် ကြာမြင့်ခဲ့လေသည်။ သို့သော် ထိုတိုက်ပွဲကြောင့် အကျိုး ရလဒ်ကောင်းများလည်း ပေါ်ထွက်ခဲ့လေသည်။

ပိဋက ဆိုင်ရာ ဝေဖန် သုံးသပ်မှုများ ပေါ်ပေါက်လာပြီးနောက် ၁၇ ရာစုနှင့် ၁၉ ရာစု အတွင်း၌ ချင်း မင်းဆက် သုတေသီ ပညာရှင်များသည် ပိဋက စာပေဟောင်း အတုများကို သုတ်သင် ဖယ်ရှားခြင်း၊ သဘော ကွဲလွဲသော အချက်များကို ပြန်လည် အဓိပ္ပာယ် ရှင်းလင်း သတ်မှတ်ခြင်း အလုပ်များကို ပြုလုပ်နိုင်ခဲ့ကြလေသည်။

ယခု ဆွေးနွေးသင့်သည်များကို အကျယ်တဝင့် ဆွေးနွေးခဲ့ပြီးပြီ။ ယခု ကွန်ဖြူးရှပ်၏ ကိုယ်ပိုင် သင်ကြားချက်များကို ဂရုတစိုက် ဆက်လက် လေ့လာကြည့်ကြပါဦးစို့။

## ကွန်ဖြူးရှပ်၏ ကိုယ်ကျင့်တရား ဆိုင်ရာ မူဝါဒများ

ကွန်ဖြူးရှပ်၏ ကိုယ်ကျင့်တရား ဆိုင်ရာ အတွေးအခေါ်များသည် သဘော နှစ်ရပ်ကို သိမြင် နားလည်ခြင်းမှ ပေါက်ဖွားလာသည်ဟု ဆိုနိုင်သည်။ သဘော တစ်ရပ်မှာ သူ့ခေတ်က တရုတ်ပြည်သည် အကျင့်ပျက်လျက် ရှိသည်။ သို့သော် တိုင်းပြည်၏ အကျင့်သီလ ပျက်မှု အခြေအနေမှာ ပြန်လည်၍ ကောင်းမွန်အောင် အဖတ် ဆည်၍ မရနိုင်လောက်သည့် အခြေအနေသို့ မဆိုက်ရောက်သေးပေ။ အခြေအနေသည် ဆိုးသည်ကား မှန်ပါ၏။ သို့သော် မျှော်လင့်ချက် ကင်းမဲ့လောက်အောင်ကား မဖြစ်သေးချေ။ လူတို့၏ အလေ့အကျင့်များကသာ အကျင့် ပျက်နေကြသည်။ သို့သော် လူများမှာမူကား ဆိုးဆိုးဝါးဝါး ပျက်စီးခြင်း မရှိကြသေးပေ။ လူများသည် ကောင်းအောင် ပြုပြင်လျှင်ကား ကောင်းလာနိုင်သည်၊ လွှတ်ထားလိုက်လျှင်လည်း ဆိုးသည်ထက် ဆိုးသွားနိုင်သော အခြေအနေမှာ တည်ရှိနေကြသည်။

သို့သော် ဘာကြောင့် လူ့ အပြုအမူများမှာ အကျင့်ပျက်နေကြရသနည်း။

ဤမေးခွန်းကို ကွန်ဖြူးရှပ်က လွယ်လွယ်ကူကူပင် ဖြေသည်။ သူ့အဖြေမှာ ဤသို့ ဖြစ်သည်။ ရှေးမင်းဆက် သုံးဆက်တုန်းက မင်းများ မင်းကျင့်တရားနှင့် အညီ ကျင့်ကြံ နေထိုင်ခဲ့ကြသကဲ့သို့ လူအများသည် *လီ*[၁] ခေါ် ကျင့်စဉ်နှင့်အညီ ကျင့်ကြံ နေထိုင်ကြရန် ပျက်ကွက်သောကြောင့် ဖြစ်သည်ဟု သူက ဆိုသည်။

ဤစကားလုံး လီ သည် တရုတ် နိုင်ငံကြီးကို ပြန်လည် ပြုပြင်ရန် ကြိုးပမ်းသော သူ၏ အစီအစဉ်တွင် အလွန်အရေး ပါသော စကားလုံး ဖြစ်သည်။ ဤ စကားလုံးကို အဓိပ္ပာယ် အပြည့်အစုံ ထွက်အောင် ဘာသာပြန်ရန် အလွန် ခက်သည်။ အဘယ်ကြောင့်ဆိုသော် စကားစပ် အမျိုးမျိုးကို လိုက်၍ ဤ စကားလုံးသည် အဓိပ္ပာယ် အမျိုးမျိုး ထွက်တတ်သောကြောင့် ဖြစ်သည်။ တချို့ စကား အဆက်အစပ် သဘော အရ ဤစကားလုံးသည် သင့်မြတ်ခြင်း၊ လျော်ကန်ခြင်း၊ အကျင့် တော်မှန်ခြင်း ဟု အဓိပ္ပာယ် ရသည်။ (ဘာသာပြန်လေ့ ရှိသော သဘော ဖြစ်သည်။ သို့သော် အဓိပ္ပာယ် အတိအကျ ဖြစ်ပြီဟုကား မဆိုနိုင်သေး။) တချို့ ကိစ္စ၌ ရိုသေခြင်း၊ ယဉ်ကျေးစွာ ပြုမူခြင်း၊ လောကဝတ် ပျူငှာခြင်းဟု အနက်ရသည်။ တချို့ ကိစ္စတွင် ကြည်ညိုခြင်း၊ ဆည်းကပ် ကိုးကွယ်ခြင်းဟု အနက် ရသည်။ တချို့ ကိစ္စတွင် ပူဇော် ပသမှု မင်္ဂလာ အခမ်းအနား ဟူ၍ လည်းကောင်း၊ တချို့ ကိစ္စတွင် ပြည်သူတို့၏ ပွဲသဘင် အခမ်းအနား ဓလေ့ ထုံးစံ စသည် အနက်များရသည်။ လူမှုရေးနှင့် ဘာသာရေး ဆိုင်ရာ စံထားအပ်သော အရာ အမှုအရာ အလေ့အကျင့်ဟုလည်း သဘော ရသည့် အခါ ရသည်။

လီရှိကျမ်းထဲတွင်ကား လီ၏ အဓိပ္ပာယ်ကို သိသာပေါ်လွင်အောင် ရှင်းလင်း ဖော်ပြထားသည်။ အောက်ပါ စာပုဒ်ကို လေ့လာသင့်သည်။

ပြည်နယ် ဘုရင်ခံ အိုင်က ကွန်ဖြူးရှပ်ကို မေးသည်။ 'မဟာ လီ ဆိုတာ ဘာလဲ ဆရာကြီး၊ ဘာဖြစ်လို့ ဆရာကြီးက လီ ဆိုတဲ့ စကားကို ရေးကြီးခွင်ကျယ် လုပ်ပြီး ပြောပြော နေရတာလဲ'

ကွန်ဖြူးရှပ်က ဖြေသည်။

---

၁။ Li

'သင့်ရဲ့ နိမ့်ကျတဲ့ မင်းမှုထမ်း အနေနှင့်တော့ လီရဲ့ သဘောကို နားလည်ဖို့ မထိုက်ပါဘူး'

'ဒါပေမဲ့ ဆရာကြီးကတော့ လီ ဆိုတာကိုပဲ အစဉ်တစိုက် လက်သုံးစကား လုပ်နေတယ် မဟုတ်လား' ဟု နယ်စားက မေးသည်။

*ကွန်ဖြူးရှပ်။* ။ ကျုပ် သိထားတာကတော့ လူတွေ အသက်ရှင် နေထိုင်ကြရတဲ့ အနက်မှာ လီ ဆိုတာဟာ အကြီးကျယ်ဆုံး ကိစ္စ ဖြစ်တယ်။ လီမှ မရှိရင် ကျုပ်တို့ဟာ စကြဝဠာထဲမှာ ရှိကြတဲ့ နတ်မြတ် နတ်ကောင်း နတ်အပေါင်းတို့ကို ဘယ်လို ရှိခိုး ပူဇော်ကြရမယ် ဆိုတာကိုလည်း သိကြတော့မှာ မဟုတ်ဘူး။ ပြီးတော့ ဘုရင့် အဆင့်အတန်း၊ မှူးမတ်များရဲ့ အဆင့်အတန်းကို ဘယ်လို သတ်မှတ်ရမယ် ဆိုတာကိုလည်း သိကြတော့မှာ မဟုတ်ဘူး။ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံ တိုင်းသူ ပြည်သား ကြီးသူနှင့် ငယ်သူ အကြားမှာ ဘယ်လို အဆင့်အတန်း ထားပြီး ဆက်ဆံရမယ် ဆိုတာကိုလည်း သိတော့မှာ မဟုတ်ဘူး။ ဒါ့အပြင် လင်နှင့် မယား ကြားမှာ ရှိတဲ့ ဆက်ဆံရေး၊ သားသမီးနှင့် မိဘ ကြားမှာ ရှိတဲ့ ဆက်ဆံရေး၊ ညီနှင့် အစ်ကို၊ မောင်နှင့် နှမ ကြားမှာရှိတဲ့ ဆက်ဆံရေး သဘောတွေကိုရော၊ မိသားစုထဲမှာ အချင်းချင်း ထားရှိအပ်တဲ့ ဆက်ဆံရေး ဝတ္တရားတွေကိုရော ဘယ်လိုမှ သတ်မှတ်လို့ ရတော့မယ် မဟုတ်ဘူး၊ အဲဒါကြောင့် ပညာရှိ သူတော်ကောင်းတွေဟာ လီကို ဒီလောက် အရေး ထားကြရတာပေါ့'

ဇုယုနှင့် စကား ပြောရာမှာလည်း ကွန်ဖြူးရှပ်က ဆိုသည်မှာ 'လီ ဆိုတဲ့ သဘောတရားနှင့် ဖြောင့်မတ် မှန်ကန်ခြင်း သဘောတို့ဟာ လူမှုရေး ကျင့်ထုံးတွေရဲ့ အခြေခံမှုတွေ ဖြစ်ကြတယ်၊ ဒီအခြေခံမှုတွေကြောင့် လူတွေဟာ အုပ်စိုးသူ အစိုးရနှင့် အုပ်ချုပ်ခံ ပြည်သူတွေ ကြားမှာ တရားဝင် အဆင့်အတန်း သတ်မှတ်ပြီး ဒီအဆင့်အတန်းတွေကို ထိန်းသိမ်းထားကြတာပေါ့၊ မိဘနှင့် သားသမီး၊ ညီနှင့် အစ်ကို၊ မောင်နှင့် နှမ၊ လင်နှင့် မယား သင့်သင့်မြတ်မြတ် ညီညီညွတ်ညွတ် ပေါင်းသင်း နေနိုင်အောင်လည်း ဒီ အခြေခံမှုတွေကပဲ ထိန်းသိမ်း ပေးထားတာပေါ့၊ ဒါကြောင့်လည်း လူမှုရေး အဆောက်အဦတွေကို တည်ထောင် ထားနိုင်ကြတာပေါ့'

'ဒါဆို အရာခပ်သိမ်းထက် လီက ပိုပြီး အရေးပါတာပေါ့' ဟု ဇုယုက မေးပြန်သည်။

ကွန်ဖြူးရှပ်က 'အဲဒီ လီနှင့်ပဲ ရှေးက မင်းကောင်း မင်းမြတ်များဟာ ကောင်းကင်ဘုံက ချမှတ်တဲ့ ဥပဒေသတွေကို လူ့ပြည်မှာ လူ့သဘာဝနှင့် အညီ ကျင့်သုံးပြီး အုပ်ချုပ်နိုင်ခဲ့ကြတယ်၊ ဒါကြောင့် လီနှင့် အညီ ကျင့်သုံးတဲ့ လူဟာ အသက် ရှင်နေရပြီး လီကို ဆုံးရှုံးသွားတဲ့ လူဟာ သေကြရတာပေါ့၊ ... လီဟာ ကောင်းကင်ဘုံမှာ အခြေခံတယ်၊ ကောင်းကင်ဘုံက အကျင့် သီလများ အတိုင်း လူ့ပြည်မှာ ပုံသဏ္ဌာန် ပေါ်အောင် ဆောင်ရွက်တယ်၊ နတ်များကို ရှိခိုး ကိုးကွယ်မှုနှင့်လည်း ဆိုင်တယ်၊ အသုဘ အခမ်းအနား အစီအစဉ် ပူဇော် ပသမှုနှင့်လည်း ဆိုင်တယ်၊ ရိုးရာ ကိုးကွယ်မှု ပူဇော် ပသမှုနှင့်လည်း ဆိုင်တယ်၊ လေးအတတ်၊ ရထား မောင်းနှင်ခြင်း အတတ်၊ အရွယ် ရောက်ခြင်း မင်္ဂလာ၊ ထိမ်းမြားမင်္ဂလာနှင့် သံတမန်ရေးရာ ကိစ္စများ အားလုံးနှင့်လည်း သက်ဆိုင်တယ်၊ ဒါကြောင့် ပညာရှိ သုခမိန်များက လူများအား ဤ လီ သဘောကို လူမှုရေး အစီအစဉ် တစ်ခု အဖြစ် သင်ကြားပေးခဲ့ကြတယ်၊ ဒီ လီနှင့် အညီ ကျင့်ကြံလျှင် နေရာတကာမှာ မိသားစု အတွင်း တိုင်းပြည် အတွင်း ကမ္ဘာ လောကကြီး တစ်ခုလုံးမှာ ဖြောင့်မတ် မှန်ကန်မှု သဘောတွေ ပေါ်ပေါက်လာရတော့တယ်'

ဤ စာပိုဒ်များတွင် ကွန်ဖြူးရှပ်၏ အခြေခံ မူဝါဒ သဘောများ ပေါ်လွင်ပါသည်။

(၁) လူမှု ဆက်ဆံရေး ဘဝကို အဆင် ပြေအောင် ပြုပြင်ရာတွင် လီသည် အလွန် အရေးပါသော ကိစ္စ ဖြစ်သည်။ ထိုလူမှု ဆက်ဆံရေး သဘောသည် ငါးမျိုး ရှိသည်။ ၄င်းတို့မှာ မင်း (အုပ်စိုးသူ) နှင့် အုပ်စိုးခံ ပြည်သူတို့ အကြား ဆက်ဆံရေး၊ အဖေနှင့် သား အကြား ဆက်ဆံရေး၊ ကြီးသူနှင့် ငယ်သူ (မိတ်ဆွေ) အပေါင်းအသင်း အကြား ဆက်ဆံရေး၊ လင်နှင့် မယား အကြား ဆက်ဆံရေး၊ အကြီးဆုံး သားနှင့် ငယ်သော ကျန်သားများ အကြား ဆက်ဆံရေး စသည်တို့ ဖြစ်သည်။ ဤ ဆက်ဆံရေး ငါးမျိုး အပြင် အခြား ဆက်ဆံရေးများကိုလည်း ဖော်ပြထားသေးသည်။ ၄င်းတို့မှာ လူနှင့် စကြဝဠာ နတ်ဝိညာဉ်များ အကြား ဆက်ဆံရေး၊ မင်းနှင့် မှူးမတ် ဝန်ကြီးများ အကြား ဆက်ဆံရေး၊ သံတမန်များ အကြား ဆက်ဆံရေး စသည်တို့ ဖြစ်သည်။ သို့သော် အထက် ဖော်ပြပါ ဆက်ဆံရေး ငါးမျိုးကို ပဓာန ထားခြင်းမှာ ၄င်းတို့သည် လူမှု အဆောက်အဦ၏ အခြေခံ ဖြစ်သည်ဟု ယူဆသောကြောင့် ဖြစ်၏။

(၂) လီကို ကျင့်သုံးခြင်းဖြင့် လူ့ အဖွဲ့အစည်း အတွင်း လူအချင်းချင်း ဆက်ဆံကြရာတွင် အဆင်ပြေနိုင်သည်။

တော်တည့် ဖြောင့်မတ်စေနိုင်သည်။ လူ အချင်းချင်း ညီညွတ်မှုကို အိမ်တွင်းမှာ လည်းကောင်း၊ ရွာတွင်းမှာ လည်းကောင်း၊ တိုင်းနိုင်ငံ အတွင်းမှာ လည်းကောင်း ဖြစ်ပေါ်လာစေနိုင်သည်။ နောက်ဆုံးတွင် ကွန်ဖြူးရှပ် နှင့် သူ့ ဂိုဏ်းသားများ အနေနှင့် တရုတ် လူမျိုးတို့၏ အန္တိမ စကြဝဠာ သဘာဝတရား အပေါ် ထားရှိသော လေးနက်သော ခံစားချက်ကို သစ္စာ ရှိစွာ ဖော်ထုတ်နိုင်ကြောင်း သက်သေ ပြနိုင်ခဲ့ကြလေသည်။ ပန်းတိုင်မှာ မြေကမ္ဘာနှင့် ကောင်းကင်ဘုံ နတ်ပြည်တို့ အကြား၌ သင့်မြတ် ညီညွတ်သော သဘောကို ရရှိရေးပင် ဖြစ်သည်။ သို့ဖြင့် လူသားများ အကြား၌လည်း ကောင်းကင်ဘုံ၏ အလိုဆန္ဒနှင့် အညီ ကျင့်သုံး နေထိုင်ရေးကို ဖော်ဆောင် ပေးနိုင်ခဲ့ကြလေသည်။

(၃) လီကို ကျင့်သုံးခြင်း၏ သာဓက တစ်ခု ဖြစ်သော လူမှုရေး မင်္ဂလာ ပွဲလမ်းသဘင် ပုံသဏ္ဌာန်များကို ရှေးမင်းကောင်း မင်းမြတ်များနှင့် ပညာရှိ သူတော်စင်ကြီးများ၏ ကျင့်သုံးမြဲ ထုံးတမ်းစဉ်လာနှင့် အညီ ကျင့်သုံး လိုက်နာ လာတတ်ကြစေရန်လည်း ဖော်ဆောင်ပေးခဲ့သည်။

ဤမူဝါဒ၏ နောက်ဆုံး အခြေခံများကို အထူး ဂရုပြုအပ်ပေသည်။

ရှေးက လူကြီးသူမများသည် အလွန် တရား မျှတသော လူ့ အဖွဲ့အစည်းထဲတွင် ညီညွတ်စွာ၊ ယဉ်ကျေး ပြေပြစ်စွာ နေထိုင် ဆက်ဆံခဲ့ကြသည်ဟု ကွန်ဖြူးရှပ်က ယုံကြည်လေသည်။ ကြီးမြတ်သူများရော နိမ့်ကျသူများကပါ ဒူးနေရာ ဒူး၊ တော်နေရာ တော် သဘောဖြင့် မိမိတို့၏ နေရာဌာန အမှုကိစ္စကို သိနားလည်ကြလေသည်။ ထို့ပြင် မိမိတို့၏ အခြေအနေ အဆင့်အတန်းနှင့် အညီ ယဉ်ကျေး သိမ်မွေ့စွာ ပြုမူ ဆက်ဆံခဲ့ကြလေသည်။

ထို့ကြောင့် သူသည် ရှေးက မင်္ဂလာ အခမ်းအနားအစီအစဉ် ဓလေ့ ထုံးစံများကို လေ့လာ မှတ်သားပြီး သူကိုယ်တိုင်က ထိုကဲ့သို့ မင်္ဂလာ ရှိစွာ နေထိုင်နိုင်ရန် အားထုတ်ခဲ့လေသည်။ တရုတ်ပြည် တစ်ပြည်လုံးလည်း ရှေးထုံး စဉ်လာမပျက် မင်္ဂလာ အခမ်းအနားများကို လိုက်နာကျင့်သုံး၍ နေစေလိုသော ဆန္ဒ သူ့မှာ ရှိလေသည်။

ဤအယူအဆကြောင့် တောက် ဝါဒီများက သူ့ကို ဝေဖန်၍ ပြက်ရယ် ပြုခဲ့ကြလေသည်။ တောက်ဝါဒီများကမူ သူ၏ ထုံးပုံနည်းကျ ဝါဒကို သဘာဝ မကျ အနှစ်သာရ ကင်းသော အယူအဆဟု ဝေဖန် ပုတ်ခတ်ကြလေသည်။

သို့သော် ကွန်ဖြူးရှပ်ကမူ သူသည် မှန်ရာကို ခိုင်မြဲအောင် ထုံးပုံနည်းကျ နည်းလမ်းဖြင့် ဆောင်ရွက်ရန် ရပ်တည်နေသည်ဟု ယုံကြည် ယူဆလေသည်။

အခါတစ်ပါး၌ *ဇုကွန်း* [၁] ဆိုသူက ကွန်ဖြူးရှပ်အား မေးလေသည်။

'ဆရာကြီး၊ လူတစ်ဦးရဲ့ ဘဝ တစ်လျှောက်လုံးမှာ ကျင့်သုံး လိုက်နာအပ်သည့် စည်းမျဉ်းကို ဖော်ပြနိုင်တဲ့ စကားလုံး တစ်လုံးလောက်များ ရှိပါသလား ခင်ဗျား'

ဆရာကြီးက ဖြေသည်။

'အဲဒါ အညမည သဘော ပါတဲ့ *ရှု* [၂] ဆိုတဲ့ စကားလုံးပဲပေါ့ကွယ်၊ မင်းကို မပြုလုပ်စေလိုတဲ့ ကိစ္စမျိုးကို မင်းကလည်း တခြား လူတွေကို မလုပ်နှင့်ပေါ့' ဟု ဆိုသည်။

ဤစကားလုံးများထဲတွင် ကွန်ဖြူးရှပ်သည် လူသားတို့ လိုက်နာအပ်သော သမ္မာ ကျမ်းစာသစ်ထဲက ရွှေစည်းမျဉ်းမျိုးပင် ဖြစ်သည်။ သူက အညမည အပြန်အလှန် သဘောကို အဓိပ္ပာယ် ဖွင့်ဆိုလိုဟန် တူသည်။ ပဋိသေဓ သဘောဖြင့် ဖော်ပြသည်။

သို့သော် ထိုစကားလုံးသည် ကရုဏာ သဘော၊ ကိုယ်ချင်းစာ သဘောကို ဖော်ဆောင်သည်။ ကိုယ့်ကို မပြုလုပ်စေလိုသော ကိစ္စကို သူတစ်ပါး အပေါ်မှာ ကိုယ်ကလည်း မပြုလုပ်ပါနှင့် ဆိုသော စကားသည် ဆန့်ကျင်ဘက် ပဋိသေဓ သဘောဖြင့် ဆိုသော စကား ဖြစ်သည်။ သို့သော် ကွန်ဖြူးရှပ်သည် ထိုတရားစကားကိုပင် အပြု သဘောဖြင့်လည်း သူ၏ နယူပဒေသ ကျမ်းတွင် အောက်ပါ အတိုင်း ဆိုခဲ့လေသည်။ ၎င်းတရားသည် ယေရှု ခရစ်တော်၏ ရွှေ စည်းမျဉ်းများနှင့် သဘောချင်း တူပေသည်။

သူ ဆိုပုံကား 'လူတို့ရဲ့ ကိုယ်ကျင့်တရား နယ်ပယ်မှာ အချက် လေးချက် ရှိတယ်၊ အဲဒီ အချက် လေးချက် အနက်က တစ်ချက်ကိုတောင် ငါ့ဘဝမှာ မလိုက်နာနိုင်ခဲ့ဘူး၊ အဲဒါတွေက ငါ့သားတွေက ငါ့ကို လုပ်ကျွေးစေချင်သလို ငါက ငါ့ဖခင်ကို မလုပ်ကျွေးနိုင်ခဲ့ဘူး၊ ငါ့ မှူးမတ်တွေက ငါ့ကို ခစားစေချင်သလို ငါက ငါ့အရှင်သခင်ကို မခစားနိုင်ခဲ့ဘူး၊ ငါ့ညီတွေက ငါ့ကို အရိုအသေ ပြုပြီး ဆက်ဆံစေချင်သလို ငါ့က ငါ့အစ်ကိုကြီးကို အရိုအသေ ပြုပြီး မဆက်ဆံနိုင်ခဲ့ဘူး၊ ငါ့မိတ်ဆွေတွေက ငါ့ကို ဆက်ဆံစေချင်တဲ့ နည်းလမ်း အတိုင်းလည်း ငါက ငါ့မိတ်ဆွေတွေကို မဆက်ဆံမိခဲ့ဘူး'

---

၁။ Tzu-Kung    ၂။ Shu

ဤ သဘောထားကို တောက် ဝါဒီများနှင့် ရင်ဆိုင်ရသော အခါ ကွန်ဖြူးရှပ်သည် ခြွင်းချက် ထားခဲ့ဟန် တူသည်။

တစ်စုံတစ်ယောက်က ကွန်ဖြူးရှပ်ကို 'ဆရာကြီး၊ မကောင်းသဖြင့် ပြုမူခြင်း အတွက် ကြင်နာခြင်းနှင့် တုံ့ပြန်ပေးဆပ်ပါ ဆိုတဲ့ စကားကို ဘယ်လို သဘော ရပါသလဲ' ဟု မေးသော အခါ သူက 'ဒါဆို ကြင်နာခြင်း အတွက် မင်းက ဘာနှင့် ပေးဆပ်မှာတုံး' ဟု ပြန်မေးလေသည်။ 'ကရုဏာကိုတော့ ကရုဏာနှင့်ပဲ ပေးဆပ်ပြီး မကောင်းမှုကိုလည်း ကောင်းမှု၊ တရား မျှတမှုနှင့် ပေးဆပ်ရတော့မှာပေါ့'

ဤစကား အရ အပြန်အလှန် မေတ္တာထားရေး၊ ကိုယ်ချင်းစာ တရားနှင့် ပတ်သက်၍ အပြည့်အဝ လက်ခံခြင်း မပြုဘဲ ခြွင်းချက် ထား၍ လက်ခံဟန် တူသည်။ သူ့ စိတ်ထဲတွင် မကောင်းမှု ဒုစရိုက်ကို ပြုသော သူသည် ကိုယ်ချင်းစာ တရားနှင့် ထိုက်တန်သူ မဟုတ်ဟု ယူဆထားပုံ ရသည်။

## မဟာ ဆက်ဆံရေး ငါးမျိုး

သို့သော် အညမည အပြန်အလှန် ကိုယ်ချင်းစာ တရားထားရာ ဌာနတိုင်း၌ အလွန် အဆင်ပြေ ညီညွတ်မှု ရှိသော ဆက်ဆံရေး ကောင်းမွန်မှု ပေါ်ပေါက်လာသည်။ လီရှိကျမ်းထဲတွင် အောက်ပါ အစီအစဉ်များကို ချမှတ်ခဲ့လေသည်။ ၎င်းကို ကွန်ဖြူးရှပ် လေ့လာရာမှ ပေါ်ထွက်လာသော ၎င်းကို မဟာ ဆက်ဆံရေး ငါးမျိုး၌ အသုံးချပုံ ဖြစ်သည်။

ဖခင်၌ ဖြစ်သော ကရုဏာ တရား၊ သားသမီးက မိဘ ဝတ္တရား ကျေပွန် ရှိသေခြင်း၊

အစ်ကို အကြီးဆုံး၌ ဖြစ်သော ဂုဏ်သိက္ခာ ကြီးခြင်း၊ လူကြီး လူကောင်း ဆန်ခြင်း၊ ငယ်သူတို့၌ ဖြစ်သော နှိမ့်ချခြင်း နိဝါတ တရား။

လင်ယောက်ျား၌ ဖြစ်သော တော်တည့် ဖြောင့်မှန်ခြင်း၊ ဇနီး မယား၌ ဖြစ်သော ဆုံးမ နာခံခြင်း။

ကြီးသူ၌ လေးစားခြင်း၊ ငယ်သူကို စောင့်ရှောက် ကာကွယ်ခြင်း၊

အုပ်စိုးသူ မင်း၌ မေတ္တာ ကရုဏာ ရှိခြင်း၊ မှူးမတ်တို့၌ သစ္စာ စောင့်သိ ရိုသေခြင်း။

ဤ ဆယ်ပါးသော 'အိုင်' ဟု သတ်မှတ်ထားသော ကောင်းမွန် သင့်မြတ်သော အမူအကျင့်တို့သည် လူ့ အဖွဲ့ အစည်းထဲ၌ တည်ရှိပါမူကား ထိုအခါ အမြင့်ဆုံးသော ကောင်းမွန် သင့်မြတ်ခြင်း သဘော (လီ) သည် အမှန်တကယ် ဖြစ်ပေါ်လာပေလိမ့်မည်။ လူသား အချင်းချင်း အကြား၌လည်း အကြွင်းမဲ့ သင့်တင့် ညီညွတ်ခြင်း သဘောသည်လည်း စိုးမိုးနေပေလိမ့်မည်။ ထိုအခါ လူတို့သည်လည်း လူ့သဘော အစစ်အမှန် (ဂျင်) ကို ထုတ်ဖော် ပြသလာကြပေလိမ့်မည်။ ခိုက်ရန် ဖြစ်ပွားခြင်း လည်းကောင်း၊ အနှောင့်အယှက် ပေးခြင်း လည်းကောင်း၊ မတရားမှု ပြုခြင်း လည်းကောင်း မရှိတော့ပေ။ မိတ်ဆွေ အပေါင်းအသင်းတို့ အကြား၌လည်း ပျော်ရွှင် ချမ်းသာခြင်းသာ ရှိပေတော့မည်။ အိမ်သူ အိမ်သားများ အကြားမှာလည်း သင့်တင့် ညီညွတ်ကြပေတော့မည်။ တိုင်းပြည် အတွင်းမှာလည်း ငြိမ်းချမ်း သာယာခြင်းသာ ရှိပေတော့မည်။

ကွန်ဖြူးရှပ်ကား ယေဘုယျ သဘောများဖြင့်သာ မှုန်ဝါးဝါး အတွေးအခေါ်များကို တွေးခေါ် တင်ပြသော ဒဿန ဆရာမျိုး မဟုတ်ပေ။ သူသည် လက်တွေ့ကျကျ တွေးခေါ် လုပ်ဆောင်တတ်သော ဒဿန ဆရာမျိုး ဖြစ်သည်။ ယခု လီ သဘောတရားကို လက်တွေ့ ကျင့်သုံးပုံကို ဟောကြားသော အခါတိုင်း ကွန်ဖြူးရှပ် ပုံကြီးချဲ့၍ ပြောတတ်သော သဘောများကို လေ့လာ ကြည့်ကြပါစို့။

ဖခင်နှင့် သားများ အကြား ဆက်ဆံရေး၊ မင်းနှင့် ပြည်သူ အကြား ဆက်ဆံရေး၊ နာမည် ဂုဏ်သိက္ခာကောင်းကို သန့်စင်အောင် ပြုပြင် နေထိုင်ခြင်း၊ အကြီးအကဲ ထူးခြားသော ပုဂ္ဂိုလ်တို့၏ သဘော သဘာဝ စသည်တို့ကို ကွန်ဖြူးရှပ် အရေးထား စဉ်းစားခဲ့လေသည်။

## သားသမီးတို့၏ မိဘများ အပေါ် ဝတ္တရား ကျေပွန်ခြင်း

တရုတ် ယဉ်ကျေးမှု တစ်ခုလုံးသည် မိသားစု အခြေခံပေါ်မှာသာ ရပ်တည်နေသည် ဆိုသော အယူကို ကွန်ဖြူးရှပ် မယူပေ။ သို့သော် သူ ပြောသော အချက်မှာ မိသားစု အကျိုးရှိရေး အတွက် အထောက်အကူ ပြုသည်။ ထိုအချက်သည် တရုတ် လူမျိုးများ ပထမ ဦးစားပေး စဉ်းစားသော အချက် ဖြစ်သည်။ မိသားစု အရေးထက် ပို၍ မြင့်မားသော ဝတ္တရား မရှိတော့ပေ။ တရုတ်ပြည်တွင် မိသားစု အပေါ် တာဝန်ကျေပွန်ရေး၊ သစ္စာ ရှိရေးသည် လူတစ်ဦး၏ ပထမဆုံး ထားရသော သစ္စာ ရှိမှုပင်တည်း။ တရုတ် လူငယ် တစ်ဦး သူ့ဘဝ တစ်ခုလုံးကို မိသားစု တာဝန် ထမ်းဆောင်ရေး အတွက် မြှုပ်နှံခြင်း မပြုဘဲ၊ ဖခင်ကို ရိုသေ လေးစားခြင်း မရှိဘဲ၊ ဖခင် သေဆုံးသော အခါ အကြီးဆုံးသားက ဖခင်

၏ အရိုက်အရာကို မခံယူဘဲနှင့် သူသည် လူလား မြောက်ပြီဟု မယူဆပေ။

ဤအဓိပ္ပာယ်မှာ ဖခင်တိုင်း၌ မိသားစု၏ ကိစ္စ မှန်သမျှကို ဖြည့်ဆည်းပေးရန် ကြီးမားသော ဝတ္တရား ရှိကြောင်း ဖော်ပြသည်။

ဖခင်သည် သားများအား သားကောင်းသားမြတ်များ ဖြစ်လာစေရန် သူကိုယ်တိုင်က နမူနာပြ ဆောင်ရွက်ရမည်။

ကွန်ဖြူးရှပ်က ဤကိစ္စသည် သူ့ဘာသာသူ ထင်ရှားသော အချက် အဖြစ် ယူဆခဲ့လေသည်။

သားသမီး အပေါ် ဝတ္တရား ကျေပွန်မှု ကိစ္စကို သူဤမျှလောက် အလေးအနက် ထား၍ ဖော်ပြခြင်းမှာ ထိုဝတ္တရား မရှိလျှင် ဖခင်၏ ကောင်းမြတ်ခြင်း သဘောသည် ထိထိရောက်ရောက် ပေါ်လွင် ထင်ရှားနိုင်မည် မဟုတ်သောကြောင့် ဖြစ်၏။

ဤနေရာ၌ သူ့ခေတ်က စ၍ တရုတ် လူမျိုးတို့၏ အသိဉာဏ်ထဲတွင် ပုံ့တင်သံ ရိုက်ခတ်စေသော တူရိယာကြီးကို သူက တီးခတ်လိုက်ခြင်း ဖြစ်၏။ ထိုအသံသည် အိမ်ကိုလည်း ပဲ့တင် ရိုက်ခတ်သည်။

ဤအကြောင်းအရာနှင့် ပတ်သက်၍ ပြောဆိုသော အရေးကြီးသော စကား များစွာ အနက် ကွန်ဖြူးရှပ်၏ စကား အချို့ကို စဉ်းစား ကြည့်သင့်ပါသည်။

ဆရာကြီးက ဆိုသည်။ သင့် ဖခင် အသက် ရှင်စဉ် အခါ၌ သူ့ကိစ္စကို သိအောင် လုပ်ပြီး ဆောင်ရွက်ပါ။ သူ မရှိတော့သော အခါ၌ကား သူ ဘယ်လို လမ်းလျှောက်ခဲ့သလဲ ဆိုသည်ကို ကြည့်ပါ။ ဖခင် လုပ်ဆောင်ခဲ့သည့် အတိုင်း အပြောင်းအလဲ ဘာမျှ မလုပ်ဘဲ သုံးနှစ်တိုင်တိုင် ကြည်ညိုခြင်း သဘောကို ပြပါ။

ထိုအခါ မင်းဝု ဆိုသူက သား၏ တာဝန် ဝတ္တရားကို မေးသည်။

ဆရာကြီးက ဖြေပုံမှာ 'နာမကျန်း ရှိသော အခါမှ အပ သားသည် မိခင် ဖခင်တို့အား စိတ်သောက ရောက်အောင် မပြုလုပ်သင့်' ဟူ၍ ဖြစ်၏။

ထိုအခါ ဇုဆုကလည်း သား၏ တာဝန် ဝတ္တရားကို မေးပြန်သည်။

ဆရာကြီးက ဖြေသည်မှာ 'ခုခေတ် လူတွေက မိဘကို လုပ်ကျွေးရင် အဲဒါ သားကောင်း သားမြတ်လို့ ပြောနေကြတယ်၊ ဒါပေမဲ့ ခွေးတွေ၊ မြင်းတွေကိုလည်း ကျွေးမွေး စောင့်ရှောက်နေကြရတာပဲ၊ ဒီတော့ မိဘကို ဂုဏ်ပြုခြင်း မပြုနိုင်ရင် မိဘကို ပြုစု ကျွေးမွေးတယ် ဆိုတာ ခွေးတွေ မြင်းတွေကို ပြုစု ကျွေးမွေးတာနှင့် ဘာ ခြားနားတော့မှာလဲ' ဟု ဆိုသည်။

ဆရာကြီးက ဆိုပြန်သည်ကား 'မိခင်၊ ဖခင်တို့ အသက်ရှင်ဆဲ အခါမှာ မိဘကို ပစ်ပြီး ဝေးလံတဲ့ ခရီးကို မသွားကြပါနှင့်၊ မလွှဲသာလို့ ခရီး သွားရမယ် ဆိုရင်တောင် ရက်တိုတိုနှင့် ပြန်လာနိုင်အောင် လုပ်ပါ'

**နယူပဒေသကျမ်းမှာလည်း** ဤ ဩဇာ ကြီးမားသော သီလ သိက္ခာပုဒ်များကို ချမှတ်ပေးခဲ့လေသည်။

ကွန်ဖြူးရှပ်က မှတ်ချက် ချသည်မှာ 'ဧကရာဇ် ဂူနှင့် သူ့ညီ နယ်စား ချောင်တို့ဟာ တကယ့်ကိုပဲ သစ္စာတရားနှင့် ပြည့်စုံကြသူများ ဖြစ်ကြပါပေတယ်။

'နွေဦးပေါက် ရာသီနှင့် နွေနှောင်း ဆောင်းကူး ရာသီတွေမှာ သူတို့ဟာ ရိုးရာ နတ်ကွန်းတွေကို ပြုပြင် ထိန်းသိမ်းကြတယ်၊ ပြီးတော့ ပူဇော် ပသပွဲ အခင်းအကျင်းကို စီစဉ် ဆောင်ရွက်ကြတယ်၊ မိသားစုရဲ့ အဆောင်အယောင် လက်ဝတ် ရတနာများနှင့် ဆံထိုး ဆံကျင်တွေကို ခင်းကျင်းပြီး လှူဖွယ်ဝတ္ထုများနှင့်လည်း ပသ ပူဇော်ကြတယ်။

'ကျွန်ုပ်တို့ မိဘများ ရှေးအခါက စုဝေးခဲ့ကြသည့် နေရာတွင် စုဝေးကြပြီးလျှင် ကျွန်ုပ်တို့ လက်ထက် မတိုင်မီက ဖခင်များ ကျင်းပ ပြုလုပ်ခဲ့သော မင်္ဂလာ ပွဲသဘင်များကို သူတို့ ကျင်းပသည့်အတိုင်း အကျွန်ုပ်တို့ကလည်း ဖခင်များ နည်းတူ ကျင်းပခြင်းအားဖြင့် လည်းကောင်း၊ ကျွန်ုပ်တို့ မတိုင်မီ မိဘများ လက်ထက်က တီးမှုတ်ခဲ့ကြသော တေးဂီတများကိုပင် ကျွန်ုပ်တို့က တီးမှုတ်ခြင်းအားဖြင့် လည်းကောင်း၊ မိဘများက အလေးအမြတ် ပြုခဲ့သူများအား ကျွန်ုပ်တို့ကလည်း အလေးအမြတ် အရိုအသေ ပြုခြင်းအားဖြင့် လည်းကောင်း၊ မိဘများနှင့် ရင်းနှီး ချစ်ခင်သူများအား ရင်းနှီး ချစ်ခင်ခြင်းအားဖြင့် လည်းကောင်း၊ ထို့ပြင် ကွယ်လွန်သွားကြသူများအားလည်း သူတို့သည် အသက် ထင်ရှား ရှိနေဆဲကဲ့သို့ လည်းကောင်း ပြုစု လုပ်ကျွေးခြင်းသည် သားသမီးတို့၏ ဝတ္တရား ကျေပွန်ခြင်းပင် ဖြစ်သည်' ဟု ဆိုသည်။

ကွန်ဖြူးရှပ်သည် သားသမီး ဝတ္တရား ကျေပွန်ရေးနှင့် ပတ်သက်၍ မမိုက်မသုန် ဆုပ်ကိုင်ထားသည်ဟု မဆိုနိုင်စေကာမူ သူ၏ တပည့် နောက်လိုက် အများစုကမူ သားတစ်ယောက်၏ တာဝန် ဝတ္တရားမှာ အရာရာ၌ ဖခင်အား အသက် ရှင်စဉ် ရိုသေ လေးစားရမည်၊ ထို့အတူ အရာရာ၌ ဖခင် သေဆုံးသွားသော အခါမှာလည်း ရိုသေ လေးစားရမည်ဟု စိတ်ဆုံးဖြတ်ခဲ့ကြလေသည်။ ဖခင်နှင့် သားတို့၏

ဆက်ဆံရေးမှာ ပုခက်တွင်း ကာလမှသည် သင်္ချိုင်းကုန်း ရောက်သည် အထိ အမှုကိစ္စ ဆောင်ရွက်မှု မှန်သမျှနှင့် ပတ်သက်ကြောင်း၊ အလွန် အရေးပါသော လူမှုရေး တာဝန် ဖြစ်ကြောင်းကို တရုတ် လူမျိုးတိုင်း နားလည် ထားကြသည်။

'သားသမီး ဝတ္တရား ကျေပွန်ခြင်း မူဝါဒအားဖြင့် ကမ္ဘာကြီး တစ်ခုလုံးကို ပျော်ရွှင် ချမ်းသာစေနိုင်ပြီး ရန် အန္တရာယ် အပေါင်းမှလည်း ကင်းဝေးစေနိုင်သည်' ဟု ကွန်ဖြူးရှပ် ရှုမြင်ခဲ့လေသည်။

ဤအမြင်သည် ဖခင် တစ်ယောက်ကသာ ဖခင်လို ကျင့်ရမည်ဟု ဆိုလိုခြင်း မဟုတ်၊ ဘိုးဘေးဘီဘင်က အစ အကြီးအကဲ လုပ်သူတိုင်း၊ ပညာရှိတိုင်း၊ ဧကရာဇ်မင်းနှင့် တကွ မင်းညီ မင်းသားတိုင်း လိုက်နာ ကျင့်ကြံအပ်သော တရားဓမ္မ ဖြစ်သည်ဟုလည်း ရှုမြင်ခဲ့လေသည်။ ဤ သား သမီး ဝတ္တရား ကျေပွန်ခြင်း သဘောတရားကို ဤနည်း အားဖြင့် ချဲ့ထွင်ယူမည် ဆိုပါက အဆုံးမရှိ ချဲ့ထွင်နိုင်ပေ သည်။

## နိုင်ငံရေး ဒဿန အမြင်

မင်းနှင့် ပြည်သူတို့ အကြားတွင် ကြည်ဖြူ နှစ်သက်သော ဆက်ဆံရေး ဖြစ်ပေါ်ရန် အရေးကြီးကြောင်းကို ကွန်ဖြူး ရှပ်သည် အလေးအနက် ထား၍ စဉ်းစားခဲ့လေသည်။ ဤ တွင် သူသည် ကိုယ်ကျင့်တရားနှင့် နိုင်ငံရေးကို ရောနှော လုံးပေါင်း၍ စဉ်းစားခဲ့လေသည်။

သူ ဟောကြားသော တရား စကားများကို နာကြ ကုန်သော လူအပေါင်းတို့အား သူက အကယ်၍ မင်းကသာ အမြင့်ဆုံး လူမှု သင့်မြတ်ရေး ဥပဒေ ကျင့်ထုံးများကို လိုက်နာ ကျင့်ကြံမည်ဆိုပါက အဆင့်မြင့် ရာထူးကြီးများ ကို ရွက်ဆောင် နေကြရသော အထက်တန်း အာဏာပိုင် ပုဂ္ဂိုလ်များမှ အောက်ဆုံး အဆင့်ရှိ လူများ အထိ အားလုံး သော ပြည်သူများသည်လည်း မိမိတို့ ရောက်ရှိနေသော ဘဝ အခြေအနေတွင် ပို၍ အကျင့် သီလနှင့် ပြည့်စုံစွာ နေကြ မည်သာ ဖြစ်သည်။ ထိုအခါ တစ်တိုင်း တစ်ပြည်လုံး၏ ကိုယ်ကျင့်သိက္ခာနှင့် စပ်သော ဝိညာဉ်ပိုင်း ဆိုင်ရာ ဥတု ရာသီ တစ်ခုလုံးလည်း ပြောင်းလဲသွားမည်သာ ဖြစ်သည်။ လူ့ အဖွဲ့အစည်း၏ ပြုပြင် ပြောင်းလဲမှုသည် ထိပ်ဆုံးတန်း ဖြစ်သော အုပ်စိုးသူများထဲတွင် အစ ပျိုးရသည်။ ပြီးမှ အောက်ဆုံးဆင့် လူများထံသို့ ဆင်းသက်ရသည်။

ကွန်ဖြူးရှပ်က မကြာခဏ သူ၏ ထင်မြင်ချက်ကို ထုတ်ဖော် ပြောဆိုရာ၌ ပြောလေ့ပြောထ ရှိသော စကားမှာ 'အစိုးရ အလုပ်ကို အကျင့်သီလ (တဲ့) ဖြူစင်စွာဖြင့် လုပ်ကိုင်သောသူကို မြောက် ဝင်ရိုးစွန်းရှိ ဓူဝံ ကြယ်ဖြင့် နှိုင်းခိုင်းအပ်ပေသည်၊ ဓူဝံကြယ်သည် သူ့ နေရာမှာသာ သူ နေပြီး ကျန်သော ကြယ်တာရာများက သူ့ကို ဦးခိုက်ကြရ ပေသည်'

အခါတစ်ပါး၌ လု ပြည်နယ်မှ ချိ မျိုးနွယ်စု ခေါင်း ဆောင် ဖြစ်သူ အရေးပါသော ပုဂ္ဂိုလ် အမတ်ငယ် ချီကန် ဆု ဆိုသူက ကွန်ဖြူးရှပ်အား တိုင်းပြည်ကို ဘယ်သို့ အုပ် ချုပ်ရမည်နည်း ဆိုသော မေးခွန်း တစ်ခုကို မေးမြန်းဖူးလေ သည်။

ထိုအခါ ကွန်ဖြူးရှပ်က ဖြေလေသည်။

'တိုင်းပြည် အုပ်ချုပ် မင်းလုပ်တယ် ဆိုတာ ဖြောင့် ဖြောင့်မှန်မှန် လုပ်တာပဲ၊ အကယ်၍ သင် အမတ်မင်းက ပြည်သူတွေကို ဖြောင့်ဖြောင့်မှန်မှန် ဖြစ်အောင် ဦးဆောင်မှု ပေးရင် ဘယ်ပြည်သူ တစ်ဦး တစ်ယောက်က လမ်းဖြောင့် ပေါ်က ချော်ပြီး ဘေးကို ထွက်သွားရဲတော့မှာလဲ' ဟု ဖြေ လေသည်။

ထိုအမတ်ငယ်သည် နောင်အခါမှာလည်း တစ်ကြိမ် ကွန်ဖြူးရှပ်နှင့် ဆုံတွေ့သောအခါ မေးပြန်သည်။

'ဥပဒေမဲ့ တရားမဲ့ ပြုကျင့်သူကို ဥပဒေကို လေးစား လိုက်နာလာအောင် ကျွန်ုပ်က သေဒဏ် မချမှတ်သင့်ဘူး လား၊ ဆရာကြီး ဘယ်လို ထင်မြင်ပါသလဲ' ဟု မေးလေ သည်။

ဤ အရေးကြီးသော မေးခွန်းကို ကွန်ဖြူးရှပ်သည် သူ့အား အရှိအသေ အလေးအမြတ် ပြုခြင်းကို ခံရလောက် အောင် အဖြေ ပေးနိုင်ခဲ့လေသည်။ သူ့ကို ကိုယ်ကျင့်သီလ ကို အထွတ်အထိပ် ထားသူ အဖြစ် လေးစားခြင်း ခံခဲ့ရ လေသည်။ သို့သော် သူ့အဖြေကို ဥပဒေ ဝါဒီများကမူ ကဲ့ရဲ့ ပြုံး ပြုံးကြလေသည်။

သူက 'အမတ်မင်း၊ သင်၏ အုပ်ချုပ်ရေး စနစ်ထဲ တွင် သေဒဏ်ကို ထားရန် ဘာလိုသလဲ၊ သင်ကသာ ကောင်း မြတ်သော နှလုံးသားကို ရိုးသားစွာ ထုတ်ဖော် ပြသလျှင် သင့်ပြည်သူများမှာလည်း သင့်ကဲ့သို့ပင် သင့် နမူနာကို ယူ ၍ ကောင်းသော စိတ်နှလုံးကို ဆောင်ကြမည်သာ ဖြစ်၏၊ မင်း၏ ကိုယ်ကျင့်တရား ကောင်းမွန် မြင့်မြတ်မှုသည် လေ နှင့် အလားသဏ္ဌာန် တူပါသည်၊ ပြည်သူလူထု၏ ကိုယ် ကျင့်တရား ကောင်းမွန် မြင့်မြတ်မှုမှာ မြက်နှင့် အလား

သဏ္ဌာန် တူပါသည်၊ အဘယ်ကြောင့် ဆိုသော် လေတိုက်ရာ ဘက်သို့ မြက်ပင်များ လဲရသည်မှာ မြက်တို့၏ ဓမ္မတာ ဖြစ်ပါသည်'

ကွန်ဖြူးရှပ်၏ ထင်မြင် ယူဆချက်ကို နားလည်ရန်အတွက် ကွန်ဖြူးရှပ်၏ ဤအခြေခံ ယုံကြည်ချက် အပေါ် အလွန်အမင်း အလေးအနက် ထား၍ ရမည် မဟုတ်ပေ။ သူက ပြည်သူလူထုသည် နှလုံးသား ကောင်းမြတ်ပြီးသား ဖြစ်သည်။ သူတို့က ခေါင်းဆောင် အဖြစ် ရှုမြင်သူ အပေါ်က လူများက နှလုံးထား ကောင်းမွန်လျှင် ပြည်သူလူထုကလည်း အလိုက်သင့် တုံ့ပြန်ကြမည်သာ ဖြစ်၏။

'အကယ်၍ တိုင်းပြည် တစ်ပြည်မှာ ကောင်းမြတ်သော အုပ်စိုးသူ မင်းများ အနှစ် တစ်ရာလောက်သာ အုပ်စိုးမည် ဆိုပါက ထိုနိုင်ငံတွင် ဒုစရိုက် ပြစ်မှုများလည်း ပပျောက်သွားမည် ဖြစ်ပြီး သေဒဏ်ကိုလည်း ဖျက်သိမ်း ပစ်ရမည်သာ ဖြစ်သည်' ဟု သူက အလေးအနက် ပြောဆိုလေသည်။

သူ ယုံကြည်သည်မှာ အကယ်၍ အုပ်စိုးသူ မင်းကသာ ကောင်းမွန် မြင့်မြတ်ပြီး တရားဓမ္မနှင့် အညီ အုပ်စိုးမည် ဆိုပါလျှင် ပြည်သူလူထုမှာလည်း အကျင့်သီလနှင့် ပြည့်စုံပြီး ဆုံးမ လွယ်သူများ ဖြစ်လာကြပေလိမ့်မည်။ အပြန်အားဖြင့် မင်း မကောင်းလျှင် ပြည်သူတို့ ဆိုးသွမ်းကြမည်သာ ဖြစ်၏။

ကွန်ဖြူးရှပ်၏ နောက်လိုက်များက သူ၏ သမိုင်းကို လေ့လာ ဖော်ထုတ်ချက်မှ ရရှိသော အမြင်ကို ဖော်ပြထားသော အဓိက အယူအဆ တစ်ရပ်ကို နယူပဒေသကျမ်းတွင် အောက်ပါ အတိုင်း တွေ့ရှိရသည်။

'ရှေးအခါက မင်းကောင်း မင်းမြတ်တို့သည် သူတို့၏ အကျင့်သီလ ကောင်းမွန် မြင့်မြတ်မှုကို တိုင်းနိုင်ငံ အတွင်း ထွန်းပအောင် ပြုလုပ်လိုသော အခါ တိုင်းပြည်ကို ပထမဦးစွာ အစီအစဉ် ကျအောင် ဆောင်ရွက်ကြလေသည်။ မိမိတို့၏ တိုင်းပြည်ကို နေသားတကျ ဖြစ်အောင် ဆောင်ရွက်လိုသော အခါ သူတို့သည် ပထမဦးစွာ မိမိတို့၏ မိသားစုဘဝကို နေသားတကျ ဖြစ်အောင် စီစဉ် ဆောင်ရွက်ကြလေသည်။ မိသားစု ဘဝကို နေသားတကျ ဖြစ်အောင် ဆောင်ရွက်လိုသော အခါ သူတို့သည် သူတို့ကိုယ် သူတို့ ပထမ ပြုစု ပျိုးထောင်ကြရလေသည်။ မိမိတို့ ကိုယ်ကို မိမိတို့ ပြုစု ပျိုးထောင်လိုသော အခါ သူတို့သည် ပထမ ဦးစွာ မိမိတို့၏ နှလုံးသားများကို နေသားတကျ ဖြစ်အောင် ပြင်ဆင်ကြရလေသည်။ မိမိတို့၏ နှလုံးသားများကို နေသားတကျ ဖြစ်အောင် ပြင်ဆင်လိုကြသော အခါ သူတို့သည် ပထမဦးစွာ မိမိတို့၏ အတွေးအခေါ်များကို ရိုးသား စင်ကြယ်အောင် ပြုကြရလေသည်။ အတွေးအခေါ်များ ရိုးသား စင်ကြယ်အောင် ပြုလုပ်လိုသော အခါ သူတို့သည် ပထမဦးစွာ အသိပညာ ဉာဏ်ကို ကျယ်ပြန့်အောင် ချဲ့ထွင်ကြရသည်။ ထိုကဲ့သို့ အသိဉာဏ်ပညာ ကျယ်ပြန့်မှုသည်ကား အရာခပ်သိမ်းကို စူးစမ်း လေ့လာမှု အပေါ်မှာ တည်လေသည်။ ဤကဲ့သို့ အရာဝတ္ထုများကို စူးစမ်း လေ့လာခြင်းအားဖြင့် သူတို့၏ အသိဉာဏ် ပညာကို ပြည့်စုံအောင် ပြုကြရလေသည်။ သူတို့၏ အသိဉာဏ် ပညာ ပြည့်စုံလာသော အခါ သူတို့၏ အတွေးအခေါ်များလည်း ရိုးသား စင်ကြယ်လာလေသည်။ သူတို့၏ အတွေးအခေါ်များ ရိုးသား စင်ကြယ်လာသော အခါ သူတို့၏ နှလုံးသားများလည်း နေသားတကျ ဖြစ်လာလေတော့သည်။ သူတို့၏ နှလုံးသားများ နေသားတကျ ဖြစ်လာသောအခါ သူတို့ကိုယ် သူတို့ ပြုစု ပျိုးထောင်နိုင်ကြတော့သည်။ သူတို့ကိုယ် သူတို့ ပြုစု ပျိုးထောင်နိုင်ကြသော အခါ သူတို့၏ မိသားစုများမှာလည်း အခိုင်အမာ နေသားတကျ ဖြစ်တော့သည်။ မိသားစုများ ဘဝ အခိုင်အမာ နေသားတကျ ဖြစ်သောအခါ သူတို့၏ တိုင်းပြည်သည်လည်း မှန်ကန်စွာ အုပ်ချုပ်သော တိုင်းပြည် ဖြစ်လာလေတော့သည်။ သူတို့၏ တိုင်းပြည်ကို မှန်ကန်စွာ အုပ်ချုပ်နိုင်သော အခါ နိုင်ငံတော် တစ်ခုလုံးလည်း အေးချမ်း ငြိမ်သက်လျက် ပျော်ရွှင်ခြင်း သုခနှင့် ပြည့်စုံလေတော့၏။'

ဤထင်ရှားသော စာပိုဒ်နှင့် ရှေးက ဖော်ပြခဲ့သော ကောက်နုတ်ချက်များ အရ ကွန်ဖြူးရှပ်၏ သင်ကြားချက်မှာ ကောင်းမွန်သော ဘဝ ဖြစ်ပေါ်ရေးကို ဥပဒေဖြင့် စည်းကြပ်၍ မရ၊ စိတ်ဝိညာဉ် ပြုပြင်မှုနှင့်သာ ဆိုင်သည် ဆိုသော အယူအဆသည် ပေါ်လွင် ထင်ရှားသည်။ နမူနာကောင်း ပြနိုင်ခြင်းသည် ပြစ်မှု ဒုစရိုက်များကို ကာကွယ်နိုင်သည်။ လူတို့ ပြဋ္ဌာန်းသော စတက်ကျ ဥပဒေများကမူ ပြစ်မှု ဒုစရိုက်များကို ပေါ်ပေါက်စေသည်။

ကောင်းစွာ ဖွဲ့စည်းအပ်သော နိုင်ငံသည် ဥပဒေဖြင့် ဖွဲ့စည်းသော နိုင်ငံ မဟုတ်။ ထိုနိုင်ငံသည် စိတ်စေတနာကောင်းများနှင့် ကောင်းမှု ကုသိုလ် တရားများကိုသာ ပြုလုပ်လိုသော စိတ်ဆန္ဒများ ပြန့်ပွား ကူးစက်မှုနှင့် ကောင်းမြတ်သော၊ ပူးပေါင်း ဆောင်ရွက်လိုသော စိတ်ဓာတ် ပြန့်ပွားမှုကြောင့် ပေါ်ပေါက်လာသော နိုင်ငံသာ ဖြစ်သည်။ ကောင်းမြတ်သော နိုင်ငံကို ဥပဒေဖြင့် ဖြစ်အောင် လုပ်ယူ

၍ မရပေ။ မေတ္တာ တရားနှင့် ကောင်းမြတ်သော ပူးပေါင်းဆောင်ရွက်မှုက တရား ဥပဒေကို မလိုအပ်သော အဖြစ်သို့ ရောက်သွားစေပါသည်။

သင့်မြတ်သော သဘောကို ပြုစု ပျိုးထောင်ပြီးသော မင်းသား တစ်ပါးသည် တည့်မတ်သော နှလုံးသား ရှိအောင် ပြင်ဆင်ပြီး၍ သူ၏ အတွေးအခေါ်များလည်း ရိုးသား စင်ကြယ်ပြီး ဖြစ်လျှင် သူ၏ မိသားစုမှာလည်း နေသားတကျ ဖြစ်ပြီး ဖြစ်ရကား သူ အုပ်စိုးသော တိုင်းပြည်မှာလည်း ပျော်ရွှင်ခြင်း သုခကို ခံစားရသော တိုင်းပြည် ဖြစ်လေတော့သည်။

ထိုတိုင်းပြည်တွင် မှူးမတ် အရာထမ်း အမှုထမ်းများ အားလုံးလည်း ထိုမင်းသားနှင့် သဘောထားချင်း တူညီကြသည် ဖြစ်၍ ထိုတိုင်းပြည်သည် မှန်ကန်စွာ အုပ်ချုပ်သော တိုင်းပြည် ဖြစ်လေတော့သည်။

နယူပဒေသ ကျမ်းထဲတွင် လု ပြည်နယ် ဘုရင်ခံကို ကွန်ဖြူးရှပ် ပြောဆို ဆုံးမသော စကားကို ကိုးကား ဖော်ပြထားလေသည်။

'လူတွေ ရှိတဲ့ အခါ အစိုးရကောင်းလည်း ကြီးပွားသန့်စွမ်းလာမည် ဖြစ်၏။ လူတွေ မရှိတော့သော အခါ ကောင်းသော အစိုးရလည်း ယိုယွင်း ပျက်စီး ပျောက်ကွယ်သွားရမည်သာ ဖြစ်၏။ .... ထိုကြောင့် အစိုးရ၏ အပြုအမူသည် လူများ အပေါ်မှာသာ တည်သည်။ လူမှန် နေရာမှန် ရရှိရေးသည် အုပ်စိုးသူ မင်း၏ အကျင့် စာရိတ္တပေါ် မူတည်၍သာ ရရှိနိုင်သည်။ အုပ်စိုးသူ မင်းသည် မိမိ၏ အကျင့် စာရိတ္တကို ပြုစု ပျိုးထောင်လိုလျှင် အကျင့် သီလ ဥပဒေသ (တောက်) ကို အသုံးပြုရမည်။ အကျင့် သီလ ဥပဒေသကို ပြုစု ပျိုးထောင်ရန် အလို့ငှာ အုပ်စိုးသူ မင်းသည် အကျင့်သီလ သဘော (ဂျင်) ကို အသုံးပြုရမည်။ အကျင့် သီလ ဥပဒေသ ဆိုသည်မှာ လူပီသမှု ဖြစ်သည်။'

ကဗျာ လင်္ကာ ကျမ်းထဲတွင် ကောင်း မြတ် သော ကေရာဇ်မင်း *ရှွန်း*[၁] နှင့် ပတ်သက်၍ ဤသို့ ဖော်ပြထားလေသည်။

ကြီးကျယ် မြင့်မြတ်သော မင်းသား ပြုမူပုံကား
သူ လုပ်သမျှ အမှုကိစ္စ အားလုံးတွင် မှန်ကန်ခြင်း သဘော ရှိ၏။
သူ၏ အသိပညာသည် တောသူ တောင်သားများမှ
မှူးမတ် သေနာပတိများ အထိ အုပ်စိုး လွှမ်းမိုးသည်။

၁။ Shun

ကွန်ဖြူးရှပ်သည် ကိုဓ ဥပဒေ ပြဋ္ဌာန်းရေးကို ပြုလုပ်ခြင်း မရှိဟု ဆိုသည်။ ထို့ပြင် သူသည် ဥပဒေ စည်းမျဉ်းများကို စာဖြင့် ရေးသား ဖော်ပြရန် ကြိုးပမ်းခြင်း အားလုံးကိုလည်း ဆန့်ကျင်ခဲ့သည်ဟု ဆိုသည်။

ထိုခေတ် ထိုအခါက နိုင်ငံရေး သုခမိန်များ အားလုံးနီးပါးနှင့် ဒဿန ဆရာကြီးများသည် ဘဝ အမှု ကိစ္စများ အားလုံး အတွက် ဥပဒေများ ရေးသား ပြဋ္ဌာန်းရမည် ဆိုသော အယူအဆကို ဆန့်ကျင်ခဲ့ကြလေသည်။ သို့သော် အခါအားလျော်စွာ အမှု ကိစ္စ ပေါ်ပေါက်မှု အပေါ် မူတည်၍ အပြစ်ဒဏ် စီရင်ရန် အတွက် ချမှတ်သော ဥပဒေ စည်းမျဉ်းမျိုးကား ရှိသည်။ သို့သော် ထိုဥပဒေများမှာ အမှုကိစ္စကို ကုစားပြီး၍ ထို အပြစ် ဒုစရိုက် ပပျောက်သွားလျှင် ထို ဥပဒေကိုလည်း လူတို့ မေ့ပစ်လိုက်ကြသဖြင့် ပပျောက်သွားလေတော့သည်။

ထိုကြောင့်လည်း ရှေးအခါက တရုတ်ပြည်တွင် တရား စီရင်သော တရားသူကြီးများသည် မိမိတို့ တရားခွင် ရှေ့မှောက်သို့ ရောက်ရှိလာကြသော အမှုကိစ္စများကို မိမိတို့၏ အသိဉာဏ်ဖြင့် ဆင်ခြင်၍သာ စီရင် ဆုံးဖြတ်ကြသည်။ ရှေးက စီရင်ထုံးများကို မူတည်၍ ဆုံးဖြတ် စီရင်သော ထုံးစံ မရှိပေ။

ကွန်ဖြူးရှပ် ဆိုဆုံးမသည်ကား 'လူတွေကို ဥပဒေနှင့် လမ်းညွှန်ပြီး အပြစ်ဒဏ် ခတ်ပြီး စည်းကမ်း ရှိသေအောင် လုပ်၊ ထိုအခါ လူများက အပြစ်ဒဏ် ကျူးလွန်ခြင်းကို ကြဉ်ရှောင်ကြမည် ဖြစ်၏၊ သို့သော် ထိုသူတို့သည် ဟိရိဩတပ္ပ တရား ကင်းမဲ့သွားကြမည်သာ ဖြစ်၏၊ လူများကို စည်းကမ်းတကျ နေတတ်အောင် ရှိသေလေးစားတတ်မှုဖြင့်သာ ပြုလုပ်ပါ၊ ထိုအခါ သူတို့သည် ဟိရိဩတပ္ပ တရားကို နှလုံး ထားတတ်လာကြပြီးလျှင် ကောင်းမွန် လာကြပေလိမ့်မည်' ဟု ဆိုသည်။

ကွန်ဖြူးရှပ်၏ မြင့်မားသော မျှော်လင့်ချက် ဖြစ်၏။

သူသည် ဆိုရိုး စကား တစ်ခု၏ မှန်ကန်ခြင်းကို ဝန်ခံလေ့ ရှိသည်။

ထို ဆိုရိုး စကားမှာ 'မင်းကောင်း တစ်ပါး ဖြစ်ဖို့ အလွန် ခက်ခဲသည်' ဆိုသော စကား ဖြစ်သည်။

သို့သော် သူ ဆက်၍ ဆိုသည်ကား 'မင်းကောင်း တစ်ပါး ဖြစ်ဖို့ ခက်ခဲသည် ဆိုသော သဘောကို အသိအမှတ် ပြုသော သူသည်ကား သူ့ တိုင်းပြည်ကို ကြီးပွားအောင် လုပ်ခြင်း၌ မအောင်မြင်ဘဲ ရှိပါဦးမည်လား' ဟု ဆိုသည်။

သူ ဆိုလိုသည်ကား မင်းတစ်ပါးသည် မင်းကောင်း တစ်ပါး ဖြစ်ရေး ကိစ္စကို စဉ်းစား၍ နေသမျှ ကာလပတ်လုံး သူသည် သူ့စိတ်ထဲမှာ ကောင်းမြတ်သော သဘောကို ခံစား၍ နေရမည်သာ ဖြစ်၏။ ရလဒ်ကား ပြည်သူလူထု ကောင်းစား ကြီးပွားခြင်းပင် ဖြစ်၏။ မည်သူမျှ ဖခင် အုပ်ချုပ်သော တိုင်းပြည်နှင့် ပတ်သက်သော မျှော်လင့်ချက်ကို ဤမျှလောက် ရှင်းရှင်းလင်းလင်း အဓိပ္ပာယ် သတ်မှတ် ဖော်ပြနိုင်ခြင်း မရှိခဲ့သေးပေ။

ထို့ကြောင့် ကွန်ဖြူးရှပ်၏ နိုင်ငံရေး ဒဿန အမြင်သည် အခြေခံအားဖြင့် အကောင်းမြင် ဝါဒ ဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုအယူအဆသည် ရှေးက ကိုယ်ကျင့်တရားနှင့် ဆိုင်သော ဒဿန ဆရာများ ယုံကြည် သက်ဝင်သော အချက်ပေါ်တွင် အခြေခံထားသည်။ ထိုအချက်မှာ လူတိုင်းသည် မွေးကတည်းက ကောင်းသော သဘောကို လိုလားသော စိတ်ဓာတ် သဘာဝအားဖြင့် ရှိသည် ဆိုသော အမြင်ဖြစ်သည်။ သို့သော် လူတို့ အကျင့် ပျက်ခဲ့ရခြင်းမှာ ပတ်ဝန်းကျင်နှင့် သူတို့ကို သင်ကြားပေးသော ပညာရေး စနစ်က ဖျက်ဆီးသောကြောင့် ဖြစ်သည်ဟု ဆိုသည်။ နောက်ဆုံး အနေနှင့် လူ့သဘာဝ၏ အခြေခံ ပြောင်းလဲမှုများကို တမင်တကာ ပြုလုပ်နေစရာ မလို၊ အပြောင်းအလဲ လုပ်လိုခြင်းသည် လူ့အကျင့် လူ့ဝါသနာပင် ဖြစ်သည်။ အပြောင်းအလဲ လုပ်လိုခြင်းသည် လူ့အဖွဲ့အစည်းထဲတွင် နေထိုင်စဉ် အကျင့် ပါနေသော တွေးခေါ်ပုံ၊ ဆုံးဖြတ်ပုံ၊ ပြုမူပုံပင် ဖြစ်သည်။

လူ့သဘာဝသည် မူလက စင်ကြယ်ပြီး ဖြစ်သည်။ အထူး လိုအပ်သည်ကား ကိုယ်ကျင့်တရားနှင့် ယှဉ်တွဲရှိရှိ စဉ်းစား ဆင်ခြင်တတ်အောင် ပြုစု ပျိုးထောင်ရေးပင် ဖြစ်သည်။

ထိုသို့ ပြုစု ပျိုးထောင်ခြင်းအားဖြင့် လူသား၏ ပင်ကိုဖြစ်သော ဖြောင့်မတ် မှန်ကန်ခြင်းနှင့် ကောင်းမြတ်ခြင်း သဘောတို့ကို ဖော်ထုတ်နိုင်မည် ဖြစ်သည်။

## နာမည်ကောင်းကို ထိန်းသိမ်းရေး

ကိုယ်ကျင့်တရားနှင့် နိုင်ငံရေးကို ပြန်လည် ဖွဲ့စည်း တည်ဆောက်ခြင်း၌ ဘက်တစ်ဖက် ရှိသည်။ ထိုဘက်ကို နာမည်ကောင်းကို ထိန်းသိမ်းရေးဘက် (ကိစ္စ) ဟု ခေါ်နိုင်သည်။ နိုင်ငံရေးနှင့် ကိုယ်ကျင့် သိက္ခာပိုင်းတွင် နာမည်ကောင်း ရရှိရေးသည် အရေးပါသော ကိစ္စ တစ်ရပ် ဖြစ်ကြောင်း ကွန်ဖြူးရှပ် ဆွေးနွေး တင်ပြခဲ့လေသည်။ ထိုဆွေးနွေးချက်သည် *အနှယ်လက်* ကျမ်းထဲမှာ ပါသည်။

ဆုလုက ပြောသည်။

'ဆရာကြီး၊ ဝေပြည် နယ်စား မင်းသားဟာ ဆရာကြီးကို စောင့်မျှော်နေပါတယ်၊ သူ့ ပြည်နယ်ကို အုပ်ချုပ်ရေး ကိစ္စမှာ တာဝန်ယူ ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်၊ ဒီတော့ ဆရာကြီး အနေနှင့် ပထမဆုံး ဘာကို ဆောင်ရွက်မှာလဲ ခင်ဗျာ'

ဆရာကြီးက ပြန်ပြောသည်။

'လိုအပ်တာ တစ်ခုက နာမည်တွေကို နေသားတကျ ဖြစ်အောင် လုပ်ဖို့ပဲကွယ့်'

ထိုအခါ တပည့် ဖြစ်သူက ဇဝေဇဝါ ဖြစ်လျက် ပြောသည်။

'ဆရာကြီး ခင်ဗျား၊ နာမည်တွေက ကာလ ကြာမြင့်စွာ ကတည်းက ယူထားကြတာပဲဟာ၊ ဘာကြောင့် နေသားတကျ ဖြစ်အောင် လုပ်ရမှာလဲ'

ထိုအခါ ကွန်ဖြူးရှပ်က သူ့ကို ပုဂ္ဂလ ပညတ် သဘောကို နားမလည်သူ၊ ပညတ် သွားရာ ဓာတ်သက် ပါသည့် သဘောကို နားမလည်သူ အဖြစ် ပြစ်တင် ဆုံးမလေသည်။ ပြီးမှ နာမည်များ မမှန်ကန်လျှင် ပညတ် စကားလုံးများကို အဓိပ္ပာယ် တလွဲဖြင့် သုံးစွဲနေကြမည် ဖြစ်ကြောင်း၊ ထိုအခါ ဘယ် အရာမှ တိကျ ခိုင်မာသော အခြေခံ မရှိတော့ဘဲ ပညတ်တလွဲ ဓာတ်တလွဲ ဖြစ်နေတော့မည် ဖြစ်ကြောင်း၊ ထိုသို့ ဖြစ်လျှင် လီနှင့် ဂီတသည် ညှိုးနွမ်းသွားတော့မည် ဖြစ်ကြောင်း၊ ဥပဒေနှင့် အပြစ်ဒဏ် စီရင်ခြင်းများလည်း တရား မျှတတော့မည် မဟုတ်ကြောင်း၊ လူအပေါင်းတို့မှာလည်း ဒူးနေရာ တော်နေရာကို သိကြတော့မည် မဟုတ်ကြောင်း ရှင်းပြသည်။

ဤသို့ နာမည် အခေါ်အဝေါ်များ မှားယွင်းနေလျှင် စကားလုံးများနှင့် နာမည်များကို လူ တစ်ဦးသည် အထူး ဂရု ပြုကြတော့မည် မဟုတ်တော့ပေ။

အခြား ဆွေးနွေးခန်း တစ်ခုတွင်လည်း ကွန်ဖြူးရှပ်က ကြေညာသည်မှာ 'မင်းသည် မင်း အကျင့်ကို ကျင့်သော အခါ၊ မှူးမတ် ဝန်ကြီးသည် ဝန်ကြီး အကျင့်ကို ကျင့်သော အခါ၊ ဖခင်သည် ဖခင်လို ကျင့်သော အခါ၊ သားသည် သားလို ကျင့်သော အခါ မှန်ကန်သော လူမှုရေး ဘဝသည် ဖြစ်ပေါ်လာပေလိမ့်မည်'

သူ ဆိုလိုသည်ကား လူတို့သည် အမည် နာမများ ဘာအတွက် တည်ရှိနေကြသည်ကို သိရှိ သဘော ပေါက်

သော အခါမှသာ သူတို့သည် မိမိတို့၏ အမည်နာမ အဓိပ္ပာယ်နှင့် အညီ ပြုမူ ကျင့်ကြံကြပေလိမ့်မည်။

မနောကံ၊ ဝစီကံ တိကျ မှန်ကန်ခြင်း မရှိဘဲနှင့် ကိုယ်ကျင့်တရားသည် မတည်ရှိနိုင်ပေ။

ကွန်ဖြူးရှပ်သည် အသိပညာပိုင်း ဆိုင်ရာ ကမောက်ကမ ဖြစ်မှုနှင့် ကိုယ်ကျင့်တရား လမ်းလွဲခြင်း ကြားတွင် မလွဲရှောင်သာသော ဆက်စပ်မှု ရှိသည်ဟု ယူဆသည်။ ဤသဘောတရား အရ လူတိုင်းသည် ဘဝ တစ်လျှောက်တွင် မိမိ ရပ်တည်နေသော လူမှုရေး အရ လက်သင့်ခံထားသော အနေအထား အတိုင်း တိကျ မှန်ကန်စွာ လူ့အဖွဲ့အစည်း ထဲတွင် အမြင့်မားဆုံး ပြုကျင့်ကြရမည်ဟု ဆိုခြင်း ဖြစ်သည်။

## ကြီးမြတ်သော လူ

ကွန်ဖြူးရှပ် လွန်စွာ ယုံကြည် အားထားပြီး အမြဲတစေ ပြောလေ့ ပြောထ ရှိသော လူစားမျိုးသည် အမည်နာမနှင့် ထိုအမည်နာမနှင့် အညီ မိမိ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများကို ရှင်းလင်း တိကျစွာ သိနားလည်ပြီး အံ့ဖွယ် ကောင်းလောက်အောင် တည့်မတ်စွာ ကျင့်သော (ဂျင်) သင့်မြတ်သော အမြင် ရှိသော (လီ) လူမျိုး ဖြစ်သည်။ သူက ထိုလူစားမျိုးကို ဥတ္တမပုရိသ သို့မဟုတ် ကြီးမြတ်သော လူဟု ခေါ်သည်။ စစ်မှန်သော *ချွန်ဇူး*[၁] ခေါ် ကြီးမြတ်သူ၊ မင်း ဖြစ်မည့်သူ ဖြစ်သည်။

ကွန်ဖြူးရှပ် ဖော်ပြထားသော ဤ လူကြီးလူကောင်း အစစ်အမှန် သဘောကို အထူး ဂရု ပြုရမည်။ ထိုလူမျိုးသည် သား ဖြစ်လျှင် သား၏ တာဝန် ဝတ္တရားကို ကျေပွန်သည်။ ဖခင် ဖြစ်လျှင်လည်း တရား မျှတ၍ ကြင်နာ ကရုဏာ ကြီးမားသည်။ မင်းမှုထမ်း ဖြစ်လျှင်လည်း တာဝန် ကျေပွန်၍ သစ္စာ ရှိသည်။

ဤစံနှုန်းများသည် ကွန်ဖြူးရှပ်က ကိုယ်ကျင့်တရားနှင့် ပြည့်စုံသော ဒဿန ဆရာကြီးများ၌ ပြည့်စုံသည်ဟု အခိုင်အမာ ဆိုသည်။

ကြီးမြတ်သော ဥတ္တမပုရိသ ယောကျ်ားကောင်း ယောကျ်ားမြတ်သည် ပဉ္စသီလနှင့် အခါခပ်သိမ်း ပြည့်စုံသည်ဟု သူက ဆိုသည်။ သူသည် ငါးပါးသော ဂုဏ်ကျေးဇူးနှင့် အခါခပ်သိမ်း ပြည့်စုံသည်။ ထို ဂုဏ်သိက္ခာများမှာ ကိုယ့်ကိုယ်ကိုယ် လေးစားခြင်း၊ သဘောထားကြီးခြင်း၊ ရိုးသား ဖြောင့်မတ်ခြင်း၊ စိတ်အား ထက်သန်ခြင်းနှင့် အများ အကျိုးကို လိုလားသော စေတနာ အားကြီးခြင်း စသည်တို့ ဖြစ်သည်။

ဤသိက္ခာ ငါးပါးတို့သည် ကြီးမြတ်သူ ဥတ္တမပုရိသ ယောကျ်ားတို့၌ ရှိအပ်သော အရည်အချင်းများ ဖြစ်ကြသည်ဟု သူက ဆိုသည်။

သူ ရှာဖွေနေသော ညီညွတ်ခြင်း သဘောကို ပုံသေနည်းကျ ဥပဒေဖြင့် ပြုလုပ်၍ မရ။ လူတို့၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော အတွင်း သဘော ဖြောင့်မတ်မှု၊ ရိုးသား စင်ကြယ်မှုနှင့် သူတစ်ပါး အကျိုးကို လိုလားသော စိတ်စေတနာဖြင့်သာ ဖော်ထုတ်အပ်သည်။ သူ့ အနေနှင့် လောကဝတ် သဘောဖြင့် ပြုလုပ်အပ်သော မရိုးသားသည့် ယဉ်ကျေး သိမ်မွေ့ခြင်း သဘောကို အသုံး မပြုလိုပေ။ သူသည် စကား ပရိယာယ် ကြွယ်သော မဟုတ်မမှန် ပြောဆိုသူကိုလည်း အလေးအနက် ငြင်းပယ်သည်။ ဟိတ်တစ်လုံး ဟန်တစ်လုံးနှင့် ပြောဆိုတတ်သူများ၊ ဘုရားတကာ ဟန်ဆောင် ကြောင်သူတော် ကြက်သူခိုးများကို လည်းကောင်း အလေးအနက် ငြင်းပယ်သည်။

မင်းရှပ်က ကွန်ဖြူးရှပ်အား ကိုးကား ပြောဆိုရာတွင် 'ကျုပ်ကတော့ အစစ်နှင့် တူအောင် လုပ်ထားတဲ့ အတုဆိုရင် အားလုံးကို မုန်းတယ်၊ ကျုပ်က အယုံ သွင်းတတ်တဲ့ လူကိုလည်း မုန်းတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့က လူကောင်းတွေနှင့် ရောထွေးကုန်အောင် လုပ်တတ်လို့ပဲ၊ ကျုပ်က ဘုရားတကာ အယောင်ဆောင် ကြောင်သူတော် လို လူတွေကိုလည်း မုန်းတယ်၊ သူတို့က အကျင့် သိက္ခာ ရှိတဲ့ လူတွေနှင့် ရှုပ်ထွေးသွားအောင် လုပ်တတ်တယ်၊ အနယ်လက် ကျမ်းထဲမှာ ဆရာကြီး ပြောတာ ကြားဖူးတယ်၊ ဘယ်လို ပြောသလဲ ဆိုတော့ ဘုရားတကာ အယောင်ဆောင် ကြောင်သူတော်တွေဟာ အကျင့်သိက္ခာ သူခိုးတွေပဲကွယ်' ဟု ဆိုသည်။

အခြား ကိစ္စ တစ်ခုနှင့် ဆက်စပ်၍လည်း သူက မှတ်ချက်ချသည်။

'လူတစ်ယောက်ဟာ လူပီသတဲ့ လူမှန် ပုဂ္ဂိုလ်မှန် မဟုတ်လို့ ရှိရင် သူ ပူဇော် ပသနေတာတွေဟာလည်း ဘာမှ အသုံးမကျဘူး၊ လူမှန် ပုဂ္ဂိုလ်မှန် မဟုတ်တဲ့ လူမှာ ဂီတဟာလည်း ဘာမှ အသုံးမကျတော့ဘူး'

ဤကား ကွန်ဖြူးရှပ်၏ ဘဝ ဒဿန၏ နှလုံးသားကို တို့ထိနိုင်သော စကားများ ဖြစ်သည်။

---

၁။ Chung-tzu

ကြီးမြတ်သော ပုဂ္ဂိုလ်တို့သည် မိမိတို့မှာ လီနှင့် အညီ ကျင့်ကြံ နေထိုင်သည်ဟု ခံစားကြရသည်။ အဘယ် ကြောင့် ဆိုသော် သူသည် မိမိ၏ ပင်ကို ရိုးသား ဖြောင့် မတ်သော သဘော (ဂျင်) ကို သိနားလည်သူ ဖြစ်သည်။ ဤအချက်သည်ကား အရေးပါသော ကိုယ်ကျင့်တရားနှင့် စပ်ဆိုင်သော အချက် ဖြစ်သည်။

ဒေါက်တာ ဖန်ယုလန်ကလည်း ဂျင် ခေါ် ပင်ကို အားဖြင့် ဖြောင့်မတ် မှန်ကန်သော သဘောသည် ကွန်ဖြူး ရှပ်၏ တရားမွေတွင် အလုံးစုံ ပေါင်းဝင် စုစည်းသော အယူ အဆ ဖြစ်သည်။

ထို့ပြင် ထိုသဘော အယူအဆသည် ကွန်ဖြူးရှပ် ဒဿနာ၏ ဗဟိုချက်မ ဖြစ်သည်ဟုလည်း ဆိုသည်။

မိမိ၏ အမှုအရာနှင့် မိမိ၏ စိတ်သဘောထား အကြားတွင် တိကျသော အံဝင် ခွင်ကျမှု ဖြစ်အောင် ပြု လုပ်ပြီးသော ကြီးမြတ်သော ပုဂ္ဂိုလ်သည် သူ့ အပြုအမူ၌ တခြားလူများ၌ တွေ့ရခဲသော၊ ရှားပါးသော အရည်အချင်း ကောင်းများကို တွေ့ရသည်။ ကြီးမြတ်သော သူ၌ တင့် တယ်သော အမှုအရာသည် အသက် ရှူနေသကဲ့သို့ သဘာဝ အတိုင်း ဖြစ်ပေါ်နေသည်။ သူ့မှာ တာဝန် ဝတ္တရားကို ဦး ထိပ်ထားသော စိတ်နေ သဘောထား ရှိသည်။ သို့သော် ထိုတာဝန် ဝတ္တရားကို ဆောင်ရွက်ရန်မှာလည်း အခက်အခဲ မရှိတတ်ပေ။ လောကထဲ၌ ကြီးပွားရာတွင် သူ့မှာ ကျဉ်း မြောင်းသော မျက်နှာ လိုက်ခြင်း သဘောသော် လည်း ကောင်း၊ အယူအစွဲ ကြီးသော မြင်ပြင်းကတ်ခြင်း သဘော သော် လည်းကောင်း မရှိတော့ပေ။ သူ၏ ဖြောင့်မတ် မှန် ကန်မှုသည်လည်း မည်သည့် အခါမျှ ရိုင်းပျသည့် သဘော ကို မဆောင်တော့ပေ။

သူသည် အစဉ်သဖြင့် မိမိကိုယ်ကို နှစ်လိုဖွယ် ဖြစ် အောင် ထိန်းသိမ်း စောင့်ရှောက်နိုင်သူ ဖြစ်၏။ သူသည် ယဉ်ကျေး သိမ်မွေ့သူ ဖြစ်၏။ ကိုယ်နှုတ်နှလုံးကို စောင့် စည်းသူ ဖြစ်၏။ သူသည် အလွန် စိတ်သဘောထား ကြီး သူ ဖြစ်၏။ သူသည် ရိုးသားသည်။ ဖြောင့်မတ်သည်။ တရား မျှတမှုကို ချစ်မြတ်နိုးသည်။

သူသည် လူတို့၏ မျက်နှာ အမူအရာကို ကြည့်ပြီး သူတို့၏ စကားနှင့် စိတ်သဘောကို အကဲ ဖြတ်တတ်သည်။ ထို့နောက် သူသည် သတိ ဝီရိယ ရှိရှိ လိမ္မာ ပါးနပ်စွာ တုံ့ပြန်တတ်လေသည်။ မိမိ၏ အကျင့် သိက္ခာကို တည် ဆောက်ရာမှာလည်း အခြားသူများ၏ အကျင့်သိက္ခာကိုပါ တည်ဆောက်ရန် အားထုတ်သည်။

အဆင့်မြင့် လူသားများသည် မိမိတို့၏ အကျင့် သိက္ခာ ကို တည်ဆောက်ကြရာ၌ တာဝန် သိတတ်သော သဘော ကို အခြေခံ အုတ်မြစ် အဖြစ် ချမှတ်ထားကြသည်။ ပြီး လျှင် ထိုတာဝန်သိမှု သဘောနှင့် လိုက်လျောညီထွေ ဖြစ် အောင်၊ သင့်မြတ်အောင် ကာယကံ ဝစီကံကို ပြုသည်။ ထို သဘောကို သိမြင်စေရန် ဖော်ပြရာ၌ တစ်ကိုယ်ကောင်း မဆန်သော သဘောဖြင့် ပြုသသည်။ ထို့နောက် ထိုသဘော ကို ရိုးသား စင်ကြယ်မှုနှင့် သစ္စာ တရားတို့ဖြင့် ပေါင်းစပ် ကာ တိကျ ခိုင်မာအောင် ပြုတတ်ကြသည်။

ဤကား ကွန်ဖြူးရှပ်၏ ကိုယ်ကျင့်တရား အမြင် တွင် ပါဝင်သော မြင့်မြတ်သော လူသား၏ စံနမူနာ ဖြစ် သည်။ လူသားများ ထိုစံအတိုင်း လိုက်နာ ကျင့်ကြံနိုင်သည် မကျင့်ကြံနိုင်သည်ကား တခြား ဖြစ်၏။

ဤမြင့်မြတ်သော ပုဂ္ဂိုလ်သည် သူ့ကိုယ်သူ မေ့လျော့ ခြင်း အလျှင်း မရှိပေ။ ကိုယ့်ကိုယ်ကိုယ် စောင့်ထိန်းရမည့် အစ္ဈတ္တ နိယာမကို သူသည် အစဉ် ရှိသေစွာ လိုက်နာ ကျင့်သုံးသူ ဖြစ်သည်။ သူသည် အသိဉာဏ်ပညာ ဦးနောက် နှင့် စိတ်တည်ငြိမ်မှု သမာဓိနှင့် သီလတို့ကိုလည်း အစဉ် စောင့်ရှောက်၏။ ကြီးမြတ်သော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့ သည် စားသောက်စဉ် အခါမှာပင် မိမိ စားဖော် စားဖက် များ အပေါ် ထားအပ်သော ဝတ္တရားကို ဆောင်ရွက်ရန် မေ့လျော့ ပျက်ကွက်ခြင်း မရှိပေ။

အလျင်စလို အမှုကိစ္စများကို ဆောင်ရွက်ရမည့် အခါ မှာ ဖြစ်စေ၊ ဖြေမဆည်နိုင်အောင် စိတ်ထိခိုက်ပြီး စိတ် ရှုပ်ထွေးနေသော အခိုက်အတန့်မှာ ဖြစ်စေ သူသည် သူ၏ သီလဂုဏ်ကို အစဉ် စောင့်သိ ရှိသေ၏။ သူကား အမှန် ပင် လူကြီး လူကောင်း တစ်ဦး ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် သူသည် မြင့်မြတ်သော သဘောအားဖြင့် နေထိုင် သူ ဖြစ်၏။ သီလ၊ သမာဓိ၊ ပညာဖြင့် နေသူ ဖြစ်၏။ သူ့ စိတ်သည် အသင့်အတင့် နှလုံးသွင်းတတ်သည်၊ တည်ငြိမ် သည်၊ ကရုဏာ တရားနှင့် ကိုယ်ချင်းစာ တရားကို အစဉ် လက်ကိုင်ထားလေ့ ရှိသည်။

ဤ သဘောတရားကို ကွန်ဖြူးရှပ်က 'ရွှေ နည်း လမ်း' ဟု ခေါ်သည်။

## ဘာသာ ကိုးကွယ်မှု ဆိုင်ရာ သင်ကြားချက်

အခြေခံအားဖြင့် ကွန်ဖြူးရှပ်သည် ဘာသာရေး ခေါင်း ဆောင် မဟုတ်၊ ကိုယ်ကျင့်တရား ပညာကို သင်ကြားပေး

သော ကိုယ်ကျင့်တရား ဆရာ တစ်ဦးသာ ဖြစ်၏။ သို့သော် ကွန်ဖြူးရှပ်သည် ဘာသာ ကိုးကွယ်မှု ဆိုင်ရာ အမှန်တရား များကိုကား ယုံကြည် သက်ဝင်မှု ရှိသူ ဖြစ်သည်။

ထို့ကြောင့် သူ့ခေတ် သူ့အခါက ပြုလုပ် ဆောင်ရွက် ခဲ့ကြသော ဘာသာရေး ပွဲလမ်းသဘင် အခမ်းအနားများကို အားပေး ချီးမြှောက်သောအားဖြင့် တက်ရောက်ခဲ့လေသည်။

သို့သော် ဘာသာ ယုံကြည် ကိုးကွယ်မှုနှင့် စပ်သော သူ့ စိတ်သဘောထားမှာ ဝေဖန် သုံးသပ်သော သဘောထား ဖြစ်သည်။ ကွန်ဖြူးရှပ်သည် ဆင်ခြင်ဉာဏ်ကို ဦးစားပေးသူ ဖြစ်သည်။ သူသည် လုံးဝ လူသား ဝါဒီ တစ်ဦး ဖြစ်သည်။ ထို့ကြောင့် အရာရာကို လူသား အကျိုး စီးပွား ဘက်က ရပ်တည်ပြီး ဝေဖန် သုံးသပ်တတ်လေသည်။

ယုံကြည် ကိုးကွယ်မှုနှင့် စပ်သော သူ့အနေအထားမှာ လူအများ လက်ခံထားကြသော အယူအဆနှင့် ဆန့်ကျင်သော အယူအဆ ဖြစ်လျှင်၊ လူမှုရေး ကိစ္စ အလို့ငှာ တစ်စုံ တစ်ရာ အကျိုးပြုမှု မပါသော ကိစ္စ ဖြစ်လျှင် သူသည် ထို ကိစ္စကို အေးစက်စက်သာ သဘောထားသည်။

သူ၏ တရားဓမ္မ ဟောပြောမှုတွင် သူသည် အံ့ဖွယ် အတိတ် နိမိတ်နှင့် စပ်သော စကား၊ တန်ခိုး ဣဒ္ဓိပါတ်နှင့် စပ်သော စကား၊ သဘာဝလွန် တရားများနှင့် စပ်သော စကားများကို ဆွေးနွေးရန် ရှောင်ရှားလေ့ ရှိသည်။

အဘယ်ကြောင့် ဆိုသော် ထိုကိစ္စမျိုးကို ဆွေးနွေး ခြင်းဖြင့် အချိန် အကုန် မခံလိုသောကြောင့် ဖြစ်သည်။ ‘သဘာဝလွန် တရားကို လေ့လာတဲ့ အထဲမှာ နစ်သွားရင် သိပ် အန္တရာယ် များတယ်’ ဟု သူက ဆိုသည်။

ဤသို့ ဆိုရာ၌ သူသည် သဘာဝလွန် တရားများ အပေါ် အယုံအကြည် မရှိသောကြောင့် မဟုတ်၊ သို့သော် ထိုကိစ္စများသည် လူသားတို့၏ ကောင်းကျိုး ချမ်းသာ ရကြောင်း ကိစ္စကို ပေါ့ပေါ့ဆဆ ပစ်ပယ်ထားစေနိုင်သောကြောင့် ဖြစ်၏။

ဤ ရှုထောင့်မှ နေ၍ ကျွန်ုပ်တို့သည် သူ၏ ဆိုရိုး စကား နှစ်ခုကို အကဲဖြတ်သင့်ပေသည်။ သူ့ တပည့် ဖြစ်သူ ဆုယုက သူ့ကို သေသွားသူများ၏ ဝိညာဉ်နှင့် ပတ်သက်၍ ထားအပ်သော ဝတ္တရား အကြောင်းကို မေးဖူးလေသည်။

ထိုအခါ သူက ဖြေသည်။

‘အသက် ရှင်နေတဲ့ လူတွေနှင့် ပတ်သက်တဲ့ ငါတို့ရဲ့ ဝတ္တရား မကျေပွန်သေးခင် ဘယ်လို လုပ်ပြီး တို့က သေသွားတဲ့ လူတွေရဲ့ ဝိညာဉ်နှင့် ပတ်သက်တဲ့ တာဝန်ကို ကျေပွန်အောင် လုပ်လို့ ရမှာလဲ’ ဟု ဆိုသည်။

သူ ယုံကြည်သော အတိုင်း သူ့သဘောထားကို ဖော်ပြပုံမှာ ရှင်းသည်။ သူကား လူသား ဝါဒီပီပီ အသက် ရှင်နေသော လူသားများ အရေးကိုသာ ဦးစားပေး စဉ်းစားသည်။

‘အသက် ရှင်နေတဲ့ လူသားတွေရဲ့ အကျိုး အတွက် ကျရာ တာဝန်ကို စိတ်ပါလက်ပါ ထမ်းဆောင်ရင်း သေသွားသူတွေရဲ့ ဝိညာဉ်တွေကိုလည်း လေးစားသမှု ပြုရုံပြီး သူတို့နှင့် ခပ်လှမ်းလှမ်း နေတာဟာ ပညာရဲ့ သဘောပဲ’ ဟု သူက ဆိုသည်။

နိုင်ငံတွင်းမှာ စည်းလုံး ညီညွတ်မှု ရှိစေလိုမှု၊ အိမ်တွင်းမှာ စည်းလုံး ညီညွတ်မှု ရှိစေလိုမှုကြောင့် သူသည် သူ့ခေတ်က ကျင်းပ ပြုလုပ်သော ပူဇော် ပသပွဲများ၊ မင်္ဂလာ အခမ်းအနားများသို့ တတ်နိုင်သလောက် သူ တက်ရောက် ချီးမြှင့်ခဲ့လေသည်။

ဘိုးဘေး အစဉ်အဆက် ရိုးရာ ပူဇော် ပသမှုနှင့် ပတ်သက်၍မူကား ဘိုးဘွားများသည် သက်ရှိ ထင်ရှား ရှိနေကြဘိသကဲ့သို့ သူ ပြုမူခဲ့လေသည်။

ထို့ပြင် အခြားသော ဝိညာဉ်များကို ပူဇော် ပသရာမှာလည်း သူသည် လေးလေးစားစား သဘောထားသည်။ ယဇ် ပူဇော်ပွဲများသို့ စိတ်ပါလက်ပါ ပါဝင် အားပေး ဆင်နွှဲရန်မှာ သူ့ တာဝန် ဖြစ်သည်ဟု သူ ခံယူသည်။

‘ငါ အဖို့တော့ ယဇ် ပူဇော်ပွဲကို ပါဝင် ဆင်နွှဲခြင်း မပြုဘဲ နေတာဟာ ယဇ် ပူဇော်ခြင်း မပြုတာနှင့် အတူတူပဲ’ ဟု ဆိုသည်။

ဘိုးဘေးများကို ပူဇော်သော ရိုးရာ ပူဇော် ပသမှုကို သူ အသိအမှတ် ပြုခြင်းကိုလည်း ထိမ်ချန် မထားပေ။

ဤအကြောင်းကို နယူပဒေသ ကျမ်းထဲတွင် ကေရာဇ် ဘုရင်ကြီး ဂူနှင့် သူ့ညီ နယ်စား ချူတို့ အကြောင်းကို ရေးသား ဖော်ပြခဲ့လေသည်။

နွေဦးပေါက်နှင့် နွေနှောင်း ရာသီများ၌ ၎င်းတို့သည် ရိုးရာ နတ်ကွန်းများကို ပြုပြင် ထိန်းသိမ်းပြီးလျှင် သင့်တော်ရာ ယဇ်ပူဇော်ပွဲကို ကျင်းပကြကြောင်း၊ သူတို့သည် အလွန် ကြည်ညို သဒ္ဓါစိတ် ထက်သန်သူများ ဖြစ်ကြောင်းကိုလည်း ဖော်ပြခဲ့လေသည်။

သူ့ စိတ်ထဲတွင် ရှေးအခါက ပေါ်ပေါက်ခဲ့ကြသော ကေရာဇ် မင်းကောင်းမင်းမြတ်များသည် အလွန် ကံကောင်းသူများ ဖြစ်ကြသည်ဟု ယူဆသည်။ အဘယ်ကြောင့် ဆိုသော် သူတို့ ကွယ်လွန်သွားကြသော အခါ ၎င်းတို့၏ သားစဉ်မြေးဆက်က သူတို့ အတွက် ယဇ် ပူဇော်ပွဲကို ဆက်လက် ကျင်းပကြသည်ဟုလည်း ဆိုသည်။

သို့ဆိုလျှင် ကွန်ဖြူးရှပ်၏ ဘာသာ ကိုးကွယ်မှုဆိုင်ရာ ဒဿနသည် ဘာဖြစ်မည်နည်း။

အခါ တစ်ပါး၌ ကွန်ဖြူးရှပ်သည် အကြီးအကျယ် နာမကျန်း ဖြစ်လေသည်။ ထိုအခါ သူ့ တပည့်များထဲက ဆုယုက သူ့အား 'ဆရာကြီး ကျန်းမာရေး အတွက် ဆု တောင်းခွင့်ပြုပါ' ဟု တောင်းပန်လေသည်။

ထိုအခါ သူက 'အဲဒီလို ဆုတောင်းလို့ ရသလား' ဟု သူက ပြောပြီး ဖယ်ရှားပစ်သည်။

ထိုအခါ ဆုယုက 'ရပါတယ် ဆရာကြီး' ဟု ပြန် ပြောသည်။ 'ဆုတောင်းခန်း ကျမ်းထဲမှာ ပြောထားပါ တယ်၊ မြေပေါ် မြေအောက်မှာ ရှိတဲ့ နတ်တွေထံမှာ ဆု တောင်းပါတဲ့'

ဤတွင် ကွန်ဖြူးရှပ်က 'ငါ ဆုတောင်းခဲ့တာ ကြာပဲ ကြာလှပြီပဲကွယ့်' ဟု ဆိုသည်။ ထိုစကား၏ အဓိပ္ပာယ် အတိအကျကို ဆုံးဖြတ်ချက် ချရန်ကား ခက်ခဲလှသည်။

သူ၏ ဘာသာ ကိုးကွယ်မှု ဆိုင်ရာ သက်ဝင် ယုံ ကြည်မှုမှာ လူတစ်ယောက်သည် ကိုယ်ကျင့်သီလနှင့် အညီ ကျင့်ကြံ နေထိုင်လျှင် ထိုသို့ နေထိုင်ခြင်းသည် ကောင်း ကင်ဘုံ၏ အလို ဆန္ဒ အတိုင်းပင် ဖြစ်သည် ဆိုသော အယူ အဆတွင် တည်နေသည်ဟု ဆိုရပေမည်။

ဤအယူအဆသည် သဘာဝလွန် အယူအဆ ဟူ၍ လည်းကောင်း၊ ကေတ္တ ဣဿရိယ နိမ္မာန ဝါဒ ဖြစ်သည် ဟူ၍ လည်းကောင်း ပြောဖို့ ခက်သည်။

သူ့အယူအဆသည် သိခက် နက်နဲသော ဂမ္ဘီရ သဘော ပါသည်။ လူအများ သက်ဝင် ယုံကြည် ကိုးကွယ်နေကြ သော ဘာသာ ကိုးကွယ်ပုံနှင့်လည်း မတူ။ တသီးတခြား ဖြစ်နေသည်။

စူးစမ်းလိုသူ တစ်ဦးက သူ့ကို မေးဖူးသည်။

'လူတွေက အိမ်တောင်ဘက် ထောင့်မှာ စောင့်နေတဲ့ နတ်ထက် မီးဖိုချောင်စောင့် နတ်နှင့် အဆင် ပြေအောင် နေဖို့ ပိုပြီး အရေးကြီးတယ်လို့ ဘာဖြစ်လို့ ပြောနေကြတာ လဲ' ဟု မေးလေသည်။

ထိုနတ်နှစ်ပါးသည် အိမ်တိုင်းမှာ ရှိသည်ဟု တရုတ် လူမျိုး အများစုက ယုံကြည်ကြသည်။ ထိုစကားကို ကြား သော အခါ ကွန်ဖြူးရှပ်က ဆတ်ခနဲ ဖြေလေသည်။

'အဓိပ္ပာယ် မရှိတာ၊ မင်း ကောင်းကင်ဘုံရဲ့ အလို တော်ကို ဆန့်ကျင်ပြီး မကောင်းမှု ဒုစရိုက်ကို ကျူးလွန် ရင် အဲဒါကို မင်းက နတ်ဆီမှာ သွားပြီး ဆုတောင်းလို့ မရ ပါဘူး' ဟု ဆိုလေသည်။

အခြေခံကျသော အချက်မှာ ဤသို့ ဖြစ်၏။

သူ့စိတ်ထဲတွင် သူ့မှာ ကျော်ထောက်နောက်ခံ အဖြစ် ဖြင့် ကောင်းကင်ဘုံ ရှိသည်ဟု သူ ခံစား နားလည်နေပုံ ရသည်။ သူ့မှာလည်း ကြိုတင် နိမိတ် ဖတ်နိုင်သော ကိုယ် ပိုင် အသိဉာဏ် ရှိသည်ဟု ယူဆထားဟန် တူသည်။ ဤ ကိစ္စတွင် သူ့ကိုလည်း အခြားသော ဘာသာရေး ခေါင်း ဆောင် တမန်တော်များ စာရင်းထဲမှာ ထည့်နိုင်ပေမည်။

တစ်ခါကမူ ကွန် မြို့သို့ ရောက်သော အခါ သူ့ကို ခြိမ်းခြောက်နေသော လူအများက ဝိုင်းအုံထားကြသည်။ ထိုအခါ သူ့တပည့်များက သူ့အသက်ကို စိုးရိမ်ကြောင့်ကြ ကြသည်။ သို့သော် သူက ပြောလေသည်။

'ချောင်း မင်းဆက်ကို တည်ထောင်တဲ့ ဘုရင် ဝင် သေကတည်းက ငါက ဝင်မင်းရဲ့ အစဉ်အလာကို ထိန်းသိမ်း လာခဲ့တာပဲ မဟုတ်လား၊ အကယ်၍ ကောင်းကင်ဘုံက အလိုတော် ရှိရင်တော့ အဲဒီ အကျင့် သီလကို စောင့်ထိန်း လာခဲ့တဲ့ အစဉ်အလာဟာ ပျက်မှာပေါ့၊ နောင်လာ နောက် သားတွေလည်း ဒီအစဉ်အလာ ထုံးစံနှင့် ပတ်သက်တဲ့ အသိ ပညာကို မရတော့ဘူးပေါ့၊ ဒါပေမဲ့ ဒါဟာ ကောင်းကင် ဘုံရဲ့ အလို ဆန္ဒတော် အတိုင်းသာ ဖြစ်မယ် ဆိုရင်တော့ ဒီ အစဉ်အလာဟာလည်း ပျောက်ပျက်နိုင်မှာ မဟုတ်ပါဘူး၊ ဒီတော့ ကွန်မြို့က လူတွေကကော ငါ့ကို ဘာများ လုပ်နိုင် မှာတဲ့လဲ' ဟု ဆိုလေသည်။

အခြားသော အဖြစ်အပျက် တစ်ခုတွင်လည်း သူက အခိုင်အမာ ကြွေးကြော်သည်။

'ကောင်းကင်ဘုံက ပေးထားတဲ့ တန်ခိုး (တဲ့) ငါ့မှာ ရှိတယ်၊ ဒီတော့ ဟွန်တွိလို အကောင်ကို ငါက ဘာလို့ ကြောက်ရမှာတုံး' ဟု ဆိုသည်။

သူ၏ ဘာသာရေး အယူအဆမှာ သူ့ကို ကောင်းကင် နိုင်ငံက လူ့လောက ကောင်းကျိုးကို ဆောင်ရွက်ရန် စေ လွှတ်ခြင်း ခံရသူ ဖြစ်သည်ဟု ယူဆထားကြောင်း ထင်ရှား သည်။ သူ ပြောဟောနေသော တရားဓမ္မများမှာ ကောင်း ကင်ဘုံ၏ အလို ဆန္ဒတော်များကို သတင်း စကား အဖြစ် ပြောကြားခြင်း ဖြစ်သည်ဟု ယူဆထားကြောင်း ထင်ရှား သည်။ သူ့မှာ ကောင်းကင်ဘုံက ပေးထားသော တန်ခိုး ရှိသည်။ သူ့ကို ကောင်းကင်ဘုံက စောင့်ရှောက်ထားသည် ဟု ယူဆထားသည်။

ထို့ကြောင့် ဒေါက်တာ လင်ယုတန်က ကွန်ဖြူးရှပ် သည် အဆင့်မြင့် ခရစ်ယာန် ဘုန်းတော်ကြီးနှင့် တူသည် ဟုပင် ဆိုခဲ့ဖူးလေသည်။

## ၃။ ကွန်ဖြူးရှပ်ဂိုဏ်းနှင့် ပြိုင်ဘက်ဂိုဏ်းများ ပြိုင်ဆိုင်၍ အနိုင်ရမှုများ

### ကွန်ဖြူးရှပ် အယူဝါဒဂိုဏ်းကို တည်ထောင်ခြင်း

မင်းရှပ်က ကွန်ဖြူးရှပ် ကွယ်လွန်သော အခါ သူ့တပည့်များ၏ ပူဆွေးသောက ရောက်ကြပုံ အစဉ်အလာကို ထင်ရှားသော စာတစ်ပိုဒ်တွင် ဖော်ပြခဲ့လေသည်။

'ကွန်ဖြူးရှပ် ကွယ်လွန်သောအခါ သုံးနှစ်ကြာသော် သူ့တပည့်များသည် မိမိတို့ အိမ်ရှိရာ အရပ်သို့ အသီးသီး ပြန်သွားကြရန် မိမိတို့၏ အထုပ်အပိုးများကို ပြင်ဆင်ကြလေသည်။ သို့သော် ဇုကွန်းထံမှ ထွက်ခွာခွင့် ပြုရန် ခွင့်တောင်းရန် အတွက် ဇုကွန်းထံသို့ ဝင်ကြသော အခါ သူတို့သည် တစ်ယောက်ကို တစ်ယောက် ပြန်ကြည့်ကြလေသည်။ ထို့နောက် သူတို့ ညည်းတွားကြရာ သူတို့အားလုံး အသံများ ပျောက်ကွယ်သွားကြသည် အထိ ဖြစ်လေ၏။ ထို့နောက် သူတို့သည် မိမိတို့ အိမ်ဂေဟာ အသီးသီးသို့ ပြန်သွားကြလေ၏။ သို့သော် ဇုကွန်းကမူ ယဇ်ပလ္လင် ရှိရာ အရပ်သို့ ပြန်သွားပြီးလျှင် ထိုနေရာ၌ အိမ်တစ်ဆောင်ကို ဆောက်၏။ နောက်ထပ် သုံးနှစ်တိုင်တိုင် ထိုအိမ်တွင် သူ နေထိုင်ခဲ့လေသည်။'

ဤ ဖြစ်ရပ်သည် ကွန်ဖြူးရှပ်ဂိုဏ်း ပေါ်ပေါက်လာရသည့် အကြောင်း ဖြစ်သည်ဟု ယူဆရဖွယ် ရှိသည်။

အဖွဲ့ဝင် အများစု (အရေအတွက်အားဖြင့် ၇၀ ခန့်) သည် အကွဲကွဲ အပြားပြား ဖြစ်သွားကြကာ ပဒေသရာဇ်မင်းများထံမှာ မင်းမှုထမ်းလျက် နေခဲ့ကြလေသည်။

သမိုင်းပညာရှင်ကြီး ဆုမာချိန်းက 'အရေးပါတဲ့ လူတွေက ပဒေသရာဇ်မင်းတွေဆီမှာ မင်းဆရာ ဖြစ်တဲ့ လူက ဖြစ်တယ်၊ ဝန်ကြီး မှူးကြီး မတ်ကြီး ဖြစ်တဲ့ လူ ဖြစ်တယ်၊ သိပ် အရေးမပါတဲ့ လူတွေကလည်း အရာရှိ အရာခံ မင်းမှုထမ်းတွေနှင့် မိတ်ဆွေ ဖြစ်သူက ဖြစ်၊ ဆရာ ဖြစ်သူက ဖြစ်ကြတယ်၊ တချို့ကလည်း အလုပ်က အနားယူသွားပြီး နောက်ထပ် မတွေ့ရတော့ဘူး၊ ဒီအချိန်မှာ တချို့က သူတို့ဆရာကြီး ဟောကြားခဲ့တဲ့ တရားတွေကို ပြန့်ပွားအောင် လုပ်ဖို့ အတွက် ဂိုဏ်းဂဏတွေကို စတင် တည်ထောင်ခဲ့ကြတယ်၊ နောက် ရာစုကို ရောက်တော့ သူ့ နောက်လိုက်တပည့်များ အားလုံးက ဝိုင်းဝန်း ကူညီပြီးတော့ အကြောင်းအရာတွေကို စုဆောင်းပေးကြတယ်၊ ဒီတင် နောက်ဆုံး ကျတော့ အနယ်လက် ကျမ်းကြီး ဖြစ်လာတော့တာပဲ၊ တဖြည်းဖြည်းနှင့် နောက် သုံးလေး ရာစု အချိန် ကာလလောက် အတွင်းမှာ ကွန်ဖြူးရှပ် ဂိုဏ်းက နယူပဒေသကျမ်း၊ သားသမီး ဝတ္တရား ကျမ်း စသည့် ကျမ်းကြီး ကျမ်းကောင်းတွေကို ရေးသား ထုတ်ဝေနိုင်ခဲ့ကြတယ်။

'လက်ရှိ ပူဇော် ပသပုံ ကျမ်းနှင့် အနိစ္စ လက္ခဏာကျမ်း အဋ္ဌကထာ၊ နွေဦးပေါက် ဆောင်းဦးပေါက် ရာဇဝင်ကျမ်းလည်း ပေါ်ထွက်လာတယ်၊ အခြား အရေးအသားကျမ်းများလည်း ပေါ်ထွက်လာခဲ့တယ်၊ ခုတော့ မရှိကြတော့ပါဘူး၊ ဒုတိယ ရာစုနှစ် အတွင်းမှာ ဂိုဏ်းဆရာ လုပ်ခဲ့တာကတော့ ဇုဆု ဖြစ်ပါတယ်၊ သူဟာ ကွန်ဖြူးရှပ်ရဲ့ မြေးပညာရှိ တစ်ပါးပါပဲ၊ သူဟာ ဘမျိုး ဘိုးတူ ဖြစ်တယ်၊ စာပေ သင်ကြား ပို့ချခြင်း အလုပ်ကို လုပ်ရင်းပဲ အချိန်ကုန်ခဲ့ပါတယ်' ဟု ဆိုသည်။

ကွန်ဖြူးရှပ် အတွေးအခေါ်များ ပြန့်ပွားလာခြင်းကို အဖြစ်အပျက် နှစ်ခုက ကန့်ကွက် တားဆီးခဲ့လေသည်။ အဖြစ်အပျက်များမှာ ဘီစီ ၄၀၃ မှ ၂၂၁ ခု အကြား ပေါ်ပေါက်ခဲ့သော စစ်မက် ဖက်ပြိုင်သော ကာလ အတွင်း ချောင် ပဒေသရာဇ် စနစ် လျင်မြန်စွာ ကျဆုံး ပျက်စီးခြင်းလည်း တစ်ရပ် ဖြစ်သည်။ ထို့နောက် ထိုကာလ အတွင်း၌ အတွေးအခေါ် ဂိုဏ်း အမျိုးမျိုး ပေါ်ပေါက်လာခြင်းလည်း အကြောင်း တစ်ရပ် ဖြစ်သည်။ ထိုအတွေးအခေါ်များသည် ခေတ်ကာလ အရှုပ်အထွေးများကို ကိုယ်ကျင့် တရားနှင့် နိုင်ငံရေး အရ အဖြေ ရှာရန် ကြိုးပမ်းခဲ့ကြသော အတွေးအခေါ်များ ဖြစ်သည်။

ထိုအချိန်တွင် ပဒေသရာဇ် စနစ်ဟောင်းမှ ဆင်းသက်ပေါက်ပွားလာကြသူများနှင့် ပဒေသရာဇ် စနစ် သက်ဆိုးရှည်မှသာ မိမိတို့၏ ရာထူး သက်တမ်းရှည်သည့် သူများကသာ ကွန်ဖြူးရှပ် ဂိုဏ်း၏ အတွေးအခေါ်များကို နားထောင်လိုကြသည်။

ထိုအချိန်တွင် အသိပညာကို လိုလားသူ တစ်ဦးသာ ရှိသည်။ ထိုပုဂ္ဂိုလ်မှာ မှူးမတ်ငယ် တစ်ဦး ဖြစ်သူ ဝေ ပြည်နယ်မှ ဝင် ဖြစ်သည်။ ထိုအချိန်တွင် နေရာ အနှံ့အပြား၌ တိုက်ပွဲများ ဖြစ်နေကြရာ ကွန်ဖြူးရှပ် ဝါဒလည်း ကျဆုံးရလေတော့သည်။

ချီပြည်နယ်နှင့် လုပြည်နယ်များမှာသာ မင်းရှပ်နှင့် ဆွန်ဇူးလို ပုဂ္ဂိုလ်များ ကျန်ရှိလေတော့သည်။

မင်းရှပ်နှင့် ဆွန်ဇူးတို့သည် ကွန်ဖြူးရှပ်၏ တရားဓမ္မ အတိုင်း လိုက်နာ ကျင့်သုံးကြသူများ ဖြစ်ကြလေသည်။ သူတို့သည် ၎င်းတို့၏ ဆရာကြီးကဲ့သို့ပင် ပညာရှိများ ဖြစ်ကြ၍ ထင်ပေါ် ကျော်ကြားသူများ ဖြစ်ကြလေသည်။

အယူအဆဟောင်းများကို လက်ခံလိုကြသော ကွန်ဆာဗေးတစ်များကမူ ၎င်းတို့၏ လူမှု စနစ်ဟောင်းကို အထောက်အကူ ပြုမည့် အယူအဆများကို အထူး ကြည့်ရှုထောက်မလိုသော စိတ်ဆန္ဒမျိုး ရှိကြသည်။

ကွန်ဖြူးရှပ်၏ ဝါဒ သဘောတရားများမှာ မှူးမတ် အုပ်စိုးရေးကို ထောက်ခံသော လေသံ ပါသည့်ပြင် ပဒေသရာဇ် ဘုရင် အုပ်စိုးရေး စနစ်ကိုလည်း ပွင့်ပွင့်လင်းလင်း ထောက်ခံသော အယူဝါဒ ဖြစ်သည်။ မင်းညီ မင်းသားများ အနေနှင့် ကွန်ဖြူးရှပ် ဝါဒ ထွန်းကားရေးကို လိုလားကြသော်လည်း သူတို့ စိတ်ထဲတွင် ဤ ဝါဒ ထွန်းကားရန် အခွင့်အလမ်း မရှိတော့ဟုလည်း ခံစား သိမြင်နေကြလေသည်။ ကမ္ဘာကြီး တစ်ခုလုံးလည်း ပြောင်းလဲနေပြီ ဖြစ်၏။ ထို့ပြင် လူ့ အဖွဲ့အစည်းထဲမှာလည်း ပညာရှိ သုခမိန်ကို မလိုလားသော စိတ်သဘောထားများ ပြန့်ပွားနေပြီ ဖြစ်၏။

ဤအချက်ကို အလွယ်တကူ နားလည်နိုင်ရန် ထိုခေတ်တွင် အပြိုင်အဆိုင် ပေါ်ပေါက်လာသော အတွေးအခေါ်များကို အကျဉ်းအားဖြင့် လေ့လာ ကြည့်သင့်ပေသည်။

## ဆန့်ကျင်ဘက် အတွေးအမြင်များ (၁)
## တောက်ဝါဒီများ

တောက်တဲ့ကျင်း ကျမ်းကို စုဆောင်း ပြုစုသူများသည် ကွန်ဖြူးရှပ်၏ နောက်လိုက်များ အပေါ် သဘောထား ကြီးခြင်း မရှိခဲ့ကြပေ။ သူတို့သည် လူမှုရေး စည်းကမ်း ချမှတ်သူများ ထိန်းချုပ်သော စီးပွားရေး စနစ်ကို ဟောပြောသူများအား မုန်းတီး ခါးသီးကြလေသည်။ ၎င်းတို့ အနက် ကွန်ဖြူးရှပ် နောက်လိုက်များကို အထူးသဖြင့် ပို၍ မုန်းတီးကြလေသည်။ သူတို့သည် ဥပဒေ ဝါဒီများနှင့် မိုဇူး နောက်လိုက်များကိုလည်း ရွံမုန်းခဲ့ကြသည်။

အောက်ပါ ကဗျာတွင် ကွန်ဖြူးရှပ် နောက်လိုက်များ၏ အယူအဆများကို တိုက်ရိုက် ရည်ရွယ်၍ ပုတ်ခတ် ရေးသားထားကြောင်း ထင်ရှားသည်။

> တောက် အယူအဆ ကျဆုံးသွားမှုကြောင့် မေတ္တာနှင့်
> တရား မျှတခြင်း အယူအဆ ပေါ်ထွန်းလာသည်။
> အသိပညာနှင့် လိမ္မာ ပါးနပ်မှု ပေါ်ပေါက်လာသော
> အခါ သီလကြောင် ဝါဒကြီးလည်း ထွန်းကားလာ
> လေတော့၏။
> ခြောက်ပါးသော ဆက်ဆံရေး တရား ပျက်ပြားသွား
> သော အခါ မိဘ၏ အကြင်နာတရား၊ သားသမီး၏
> ဝတ္တရား ကျေပွန်မှုကို ချီးမွမ်းလာကြသည်။
> တိုင်းပြည်ကြီး ကစဉ့်ကလျား ဖြစ်ပြီး အုပ်ချုပ်ရေး
> ပျက်ပြားသော အခါမှာလည်း မှူးမတ်များ၏ သစ္စာ
> စောင့်သိမှုကို ချီးမွမ်းကြပြန်သည်။

ဤစကားများသည် တောက် ဝါဒီများက ကွန်ဖြူးရှပ် ဝါဒီများကို တိုက်ခိုက်သော စကားများ ဖြစ်သည်။ တောက် ဝါဒီများက ကွန်ဖြူးရှပ် ဝါဒီများကို ပြက်ရယ် ပြုတတ်ကြသည်။

## ဆန့်ကျင်ဘက် အတွေးအမြင်များ (၂)
## မိုဇူး နောက်လိုက်များ

ကွန်ဖြူးရှပ် ဝါဒကို ဆန့်ကျင်သော အခြား အတွေးအခေါ် ဂိုဏ်း တစ်ခုမှာ *မိုဇူး ခေါ် မိုတီ* [၁] ၏ နောက်လိုက်များ ဂိုဏ်း ဖြစ်သည်။

သူသည် စိတ်အား ထက်သန်မှု ရှိသော၊ သနားကရုဏာစိတ် ကြီးမားသော လူစားမျိုး ဖြစ်သည်။ သူ့ အမြင်မှာ အစိုးရသည် ဘာသာရေး ခွင့်ပြုချက်များ အတိုင်း အတိအကျ လိုက်နာ ကျင့်သုံးသင့်သည်ဟု ယူဆသည်။ နေရာတကာတွင် ရိုးရိုးသားသားနှင့် စေ့စေ့စပ်စပ် သုံးစွဲကြရန် အမြဲတမ်း တိုက်တွန်းသည်။

၁။ Mo-tzu or Mo-ti

သူ၏ အတွေးအခေါ် ဂိုဏ်း ကွယ်ပျောက်ပြီးနောက် သူ့ နာမည်ကိုလည်း အနှစ် နှစ်ထောင်ခန့် ကာလ အတွင်း တရုတ် ပညာရှင်များကသာ သိရှိကြတော့စေကာမူ မိုဇူး ကား သူ့ခေတ် သူ့အခါက အရေးပါသော ပုဂ္ဂိုလ် တစ်ပါး ဖြစ်ခဲ့လေသည်။

တရုတ် လူမျိုးတို့၏ ဒဿန ပညာနှင့် ဘာသာ ကိုး ကွယ်မှု သမိုင်းတွင်လည်း မိုဇူး၏ နာမည်သည် ဆက်လက် ရှင်သန်ဆဲ ဖြစ်၏။

သူ အသက် ရှင်နေခဲ့သော ကာလသည် ပြည်ထောင် အချင်းချင်း စစ်မက် ဖြစ်ပွားမှု အခေါင်အဖျားသို့ ရောက်ရှိ နေသော ကာလ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ကွန် ဖြူးရှပ် ကွယ်လွန်ပြီးနောက် များမကြာမီမှာပင် သူ့ကို မွေး ဖွားခဲ့လေသည်။ လု ပြည်နယ်မှာပင် မွေးဖွားခဲ့ဟန် တူသည်။ သူ၏ ငယ်စဉ် ဘဝတွင် ကွန်ဖြူးရှပ် ဂိုဏ်းသားများ၏ ဩဇာ လွှမ်းမိုးမှု အောက်၌ နေထိုင်ခဲ့ရသည်။ ဆွန် မင်း များ၏ နန်းတော်တွင် အမှုတော် ထမ်းခဲ့သည်။ ဆွန်မင်း ၏ သံတမန် အဖြစ်ဖြင့် ဝေပြည်နယ်သို့ အမှုထမ်းရန် သွား ရောက်ခဲ့ရလေသည်။ နောက်ပိုင်းတွင် သူသည် ကွန်ဖြူးရှပ် ဝါဒကို စွန့်ပယ်ခဲ့လေသည်။ ထုံးပုံ နည်းကျ ဓလေ့ထုံးစံ များကိုလည်း မလိုက်နာတော့ဘဲ လွတ်လွတ်လပ်လပ် ပို၍ ကျယ်ပြန့်စွာ တွေးခေါ် လုပ်ဆောင်နိုင်သော ဒီမိုကရေစီ သဘောထားကို လက်ခံ ကျင့်သုံးခဲ့လေသည်။ ဤသို့ ဖြစ် ခြင်းမှာ ဆွန် နန်းတော်တွင် အမှုထမ်းခဲ့သောကြောင့်လည်း ဖြစ်နိုင်သည်။ ထိုပြည်နယ်တွင် ပြည်သူများက ချူ ယဉ် ကျေးမှုကို ဖိနှိပ် ချုပ်ချယ်သော စနစ် အဖြစ် သဘော ထားခဲ့ကြလေသည်။

ဘီစီ နှစ် ရာစု အတွင်းက စုဆောင်း ရေးသားခဲ့သော *ဟွေနန်ဇု* [၁] ခေါ် အတွေးအခေါ် အက်ဆေးများ အရ မိုဇူး သည် ကွန်ဖြူးရှပ် ဝါဒီများ၏ ပညာများကို လေ့လာ လိုက် စားခဲ့သည်။ ထိုပညာများကို သင်ယူခဲ့သည်။

သူ့စိတ်ထဲတွင် ကွန်ဖြူးရှပ် ဝါဒီများ ကျင့်သုံးနေကြ သော မင်္ဂလာ၊ အမင်္ဂလာ အခမ်းအနားများမှာ ရှုပ်ထွေးပြီး လုပ်ရကိုင်ရ ခက်သည့် အလေ့အကျင့်များ ဖြစ်သည်ဟု ယူဆသည်။ အကုန်အကျ များသော အသုဘ အခမ်းအနား များမှာလည်း ငွေကို အလဟဿ ဖြုန်းပစ်ခြင်းသာ ဖြစ်ပြီး လူအများကို ဆင်းရဲ ကျပ်တည်းစေသည်။ သူတို့၏ စိတ် အနှောင့်အယှက် ဖြစ်မှုကလည်း သင့်တင့် လျောက်ပတ်စွာ အမှုကိစ္စ ဆောင်ရွက်ရာမှာ အနှောင့်အယှက် ဖြစ်စေသည်။ ထို့ကြောင့် သူသည် ချူ မင်းဆက်၏ သင်ကြားချက်များ အားလုံးကို ငြင်းပယ်ခဲ့လေသည်။ ထို့နောက် ရှေးခေတ်က ပေါ်ပေါက်ခဲ့သော ရှာ မင်းဆက် လက်ထက်က လက်ခံ ကျင့်သုံးခဲ့သော ရိုးရိုးသားသား နေထိုင်ပြီး ဘုရားသခင်၏ အလိုတော်ကျ အတိုင်း နေထိုင်သော စနစ်ဆီသို့ ပြန်သွား ခဲ့လေသည်။

ဆွန်းနှင့် ဝေ ပြည်နယ်တို့၌ အမှုတော် ထမ်းဆောင် နေစဉ်အခါ ကာလကပင် သူသည် ဘာသာရေး ဂိုဏ်းနှင့် တူသော အတွေးအခေါ်ဂိုဏ်း တစ်ဂိုဏ်းကို တည်ထောင် ခဲ့လေသည်။ ထိုဂိုဏ်းသည် ရသေ့ တပဿီများကဲ့သို့ ခြိုးခြံစွာ ကျင့်သည်။ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ကိုင် ကြသောကြောင့် ရှေးခေတ်ကတည်းက တရုတ်ပြည်တွင် နာမည် ကျော်ကြား လူသိများခဲ့သော ဂိုဏ်း တစ်ဂိုဏ်း ဖြစ်လာခဲ့လေသည်။

မိုဇူးမှာ အဓိက ရည်မှန်းချက်ကြီး နှစ်ခု ရှိခဲ့လေ သည်။ ပထမ ရည်မှန်းချက်မှာ သူ့ လူများ အားလုံးကို ကိုယ်ကျိုး မဖက်ဘဲ အများ အကျိုး အတွက် သာတူညီမျှ ညီရင်း အစ်ကို စိတ်ဓာတ်ဖြင့် အလုပ် အတူ လုပ်ကြသည့် စည်းလုံး ညီညွတ်သော လူ့ဘောင် အဖွဲ့အစည်းကို တည် ထောင်လိုခြင်း ဖြစ်သည်။

ဒုတိယ ရည်မှန်းချက်မှာ လူတိုင်း လူတိုင်းက ကောင်းကင်ဘုံ၏ ဆန္ဒတော်နှင့် အညီ လုပ်ကိုင် ဆောင် ရွက်စေလိုခြင်းပင် ဖြစ်သည်။

ကောင်းကင်ဘုံ ဆိုသည်မှာ အချုပ်အခြာ အာဏာကို ဆိုလိုခြင်း ဖြစ်သည်။ ထိုကောင်းကင်ဘုံမှ သတ္တဝါတိုင်း အတွက် မေတ္တာ တရားနှင့် အများ အကျိုးကို လိုလားမှု သဘောများ ထွက်ပေါ်လာသည်ဟု သူ ယူဆလေသည်။

ပထမ ရည်မှန်းချက်ကို အကောင်အထည် ဖော်ရန် အတွက် မိုဇူးသည် လူသားများ အပေါ် မေတ္တာ ထားခြင်း နှင့် အသုံးကျ ဝါဒ ယုတ္တိဗေဒကို ပေါင်းစပ် ဆင်ခြင်ခဲ့လေ သည်။

'ပြည်ထောင် အချင်းချင်း စစ်ခင်း နေကြတာတွေ၊ အိမ် အချင်းချင်း လုယက် ခံစားနေကြတာတွေ၊ မင်းနှင့် ပြည်သူ အချင်းချင်း မကြည်ဖြူကြ သစ္စာ မစောင့်စည်းကြ တာတွေ၊ သားနှင့် အဖ ကြားမှာ ကြင်နာမှုနှင့် သားသမီး ဝတ္တရား ကျေပွန်မှု မရှိကြတာတွေ၊ ညီနှင့် အစ်ကို ကြားမှာ မသင့်မမြတ် ဖြစ်နေကြတာတွေ အားလုံးဟာ ကမ္ဘာကြီး အတွက် ကြီးမားတဲ့ ဘေးအန္တရာယ်တွေ ဖြစ်တယ်။

၁။ Huai-nan-tzu

'သို့သော် ဤ ဘေးအန္တရာယ်တွေ ဘယ်အခါ ပေါ် ပေါက် လာသလဲ၊ ဒီ ဘေးအန္တရာယ်တွေဟာ အချင်းချင်း ချစ်ခင်မှု မရှိတဲ့ အခါ ပေါ်ပေါက်လာတယ်၊ ခုမျက်မှောက် ကာလမှာ ပဒေသရာဇ် မင်းများမှာ ကိုယ့်တိုင်းပြည်ကိုသာ ချစ်ကြပြီး တခြား တိုင်းပြည်တွေ အပေါ်မှာ ချစ်ခင်တဲ့ စိတ် မထားကြဘူး၊ ဒါကြောင့် သူတို့ဟာ တခြား တိုင်းပြည်တွေ ကို ဝင်ရောက် တိုက်ခိုက်ဖို့ကို စိတ် နှောင့်နှေးခြင်း မရှိ ကြဘူး၊ အိမ်ထောင် ဦးစီး လုပ်ကြတဲ့ လူတွေကလည်း ကိုယ့်အိမ်ကိုပဲ ချစ်ရမယ်လို့ သိနားလည်နေကြတယ်၊ တခြား အိမ်ကိုပါ ချစ်ရမယ် ဆိုတာ နားမလည်ကြဘူး၊ ဒါကြောင့် သူတို့ဟာ တခြားသူများ အိမ်ကို လုယက် ခံစား ရေးကို စိတ်နှောင့်နှေးခြင်း မရှိကြဘူး၊ လူပုဂ္ဂိုလ် တစ်ဦး ချင်းကလည်း ကိုယ့်ကိုယ်ကိုယ် ချစ်ဖို့ကိုသာ သင်ကြား ထားကြတယ်၊ တခြား လူကိုလည်း ချစ်ရမယ် ဆိုတာကို သင်ကြား မထားကြဘူး၊ ဒါကြောင့် တခြားလူကို ထိခိုက် နစ်နာအောင် လုပ်ရာမှာ စိတ် နှောင့်နှေးခြင်း မရှိကြဘူး၊ ဒါကြောင့် ဘေးအန္တရာယ်တွေ၊ လုယက် ဖက်ပြိုင် အနိုင်ကျင့် မှုတွေ၊ စွပ်စွဲမှုတွေနှင့် မုန်းတီးမှုတွေဟာ တစ်ကမ္ဘာလုံးမှာ ဖြစ်ပေါ်နေကြရတယ်၊ အပြန်အလှန် မေတ္တာ ထားမှု မရှိ လို့ပဲပေါ့။

'ဤ အခြေအနေကို ဘယ်လို လုပ်ပြီး ပြောင်းလဲ ပစ်ကြမလဲ၊ ဒီအခြေအနေကို မေတ္တာ အပြန်အလှန် ထား ခြင်း၊ အပြန်အလှန် ကူညီခြင်းအားဖြင့်ပဲ ပြောင်းလဲပစ်ကြ ရမှာပဲ၊ သို့သော် အပြန်အလှန် မေတ္တာနှင့် အပြန်အလှန် ကူညီမှုကို ဘယ်လို လုပ်ကြရမှာလဲ။

'ဒီလို အပြန်အလှန် မေတ္တာ ထားဖို့၊ အပြန်အလှန် ကူညီဖို့ ဆိုရင် သူတစ်ပါး နိုင်ငံကို ကိုယ့်နိုင်ငံလို သဘော ထားမှ ဖြစ်မယ်၊ သူတစ်ပါး အိမ်ကိုလည်း ကိုယ့်အိမ်လို သဘော ထားမှ ဖြစ်မယ်၊ သူတစ်ပါးကိုလည်း ကိုယ်နှင့် ထပ်တူ သဘော ထားမှ ဖြစ်မယ်၊ ပဒေသရာဇ် မင်းတွေ ဟာ အချင်းချင်း တစ်ဦးကို တစ်ဦး မေတ္တာ ထားပြီး ချစ်ခင် လေးစားကြမယ် ဆိုရင် ပြည်ထောင် အချင်းချင်းလည်း စစ် မဖြစ်တော့ဘူး၊ အိမ်ထောင် ဦးစီး အချင်းချင်း တစ်ဦးကို တစ်ဦး ချစ်ခင် လေးစားကြမယ် ဆိုရင် တစ်အိမ်ကို တစ် အိမ်က လုယက် ဖျက်ဆီးတာမျိုးလည်း မရှိတော့ဘူး၊ လူ အချင်းချင်းလည်း တစ်ဦးကို တစ်ဦး ချစ်ခင် လေးစားကြ မယ် ဆိုရင် တစ်ဦးကို တစ်ဦး ထိခိုက် နစ်နာအောင်လည်း မလုပ်တော့ဘူး၊ မင်းနှင့် ပြည်သူဟာ တစ်ဦးကို တစ်ဦး ချစ်ခင် ကြည်ဖြူကြမယ် ဆိုရင် တိုင်းပြည်မှာ ကျေးဇူး တရားနှင့် သစ္စာ တရားများလည်း ဖြစ်ပေါ်လာမှာပဲ၊ ဖခင် နှင့် သား တစ်ဦးကို တစ်ဦး ချင်ခင်ကြမယ် ဆိုရင် သူတို့ ဟာ ချစ်ခင် လေးမြတ်ပြီး သားသမီး ဝတ္တရား ကျေပွန်ကြ မှာပဲ၊ ညီနှင့် အစ်ကို အချင်းချင်း ချစ်ခင် လေးစားကြမယ် ဆိုရင် သူတို့ သင့်မြတ်ကြပေလိမ့်မယ်၊ ကမ္ဘာပေါ်မှာ ရှိကြ တဲ့ လူတွေ အချင်းချင်းသာ တစ်ဦးကို တစ်ဦးက ချစ်ခင် မြတ်နိုးခြင်း ရှိကြမယ် ဆိုရင် ထိုအခါ၌ အားနည်းသူကို အားကြီးသူက အနိုင် ကျင့်လိုသော သဘော၊ လူနည်းစုကို လူများစုက အနိုင် ကျင့်လိုသော သဘော၊ ဆင်းရဲသူကို ချမ်းသာ ကြွယ်ဝသူက အနိုင် ကျင့်လိုသော သဘောတို့ လည်းကောင်း၊ ဂုဏ်ကြီးသူက ဂုဏ်ငယ်သူကို အနိုင် ကျင့် လိုသော သဘော၊ ရိုးသားသူကို စဉ်းလဲသူက လိမ်လည် လှည့်ဖျားလိုသော သဘောတို့သည်လည်း ရှိတော့မည် မဟုတ်ပေ၊ မေတ္တာ ဓာတ်၏ အစွမ်းသတ္တိကြောင့် ဘေး အပေါင်း ရန်အပေါင်း အန္တရာယ် အပေါင်း၊ လုယက် ဖက် ပြိုင်ခြင်း အပေါင်း၊ စွပ်စွဲခြင်းနှင့် မုန်းတီးခြင်း အပေါင်း ကို ဖြစ်ပေါ်လာခြင်းမှ တားဆီးပြီး ဖြစ်ပေလိမ့်မည်၊ ထို ကြောင့် အကျိုး စီးပွား ဖြစ်ခြင်းသည် ထမြောက် ဖြစ်ပေါ် လာပေလိမ့်မည်'

ဤစကားများသည် လက်တွေ့ မကျသော စိတ်ကူး ယဉ် နာမ်ဝါဒသာ ဖြစ်သည်ဟု တစ်စုံတစ်ယောက်သော သူသည် တွေးတော ဆင်ခြင်အံ့။

ထိုအခါ မိုဇူးက ဤသို့ အခိုင်အမာ ပြောဆိုလေ သည်။ 'ဒါတွေဟာ အကယ်၍ အသုံး မကျဘူး ဆိုရင် ကျွန်ုပ်ကလည်း ၎င်းတို့ကို လက်ခံခဲ့မည် မဟုတ်ပါ၊ သို့ သော် အသုံး မကျရင် ကောင်းတဲ့ အရာ ဆိုတာ ဘယ်မှာ ရှိပါ့မလဲ' ဟု ဆိုလေသည်။

သူ့အတွေးအခေါ်၏ အနှစ်သာရ သဘောမှာ မေတ္တာ တရားနှင့် အချင်းချင်း ယိုင်းပင်း ကူညီမှုသည် အကျိုး ခံစားရမြဲ ဖြစ်သည်ဟု ယုံကြည်ခြင်းပင် ဖြစ်သည်။ ယခု ကာလ လူအများ ပြောဆိုနေကြသကဲ့သို့ ဖြစ်၏။

'သူများ အပေါ် မေတ္တာ ထားလျှင် သူများကလည်း ကိုယ့်ကို မေတ္တာ ထားမှာပဲ၊ သူများ အကျိုး ဆောင်ရင် ကိုယ်ကျိုးလည်း အောင်မှာပဲ၊ သူများကို ကိုယ်က မုန်းလျှင် သူများကလည်း ကိုယ့်ကို မုန်းမှာပဲ၊ သူများကို ထိခိုက် အောင် လုပ်လျှင် သူများကလည်း ကိုယ့်ကို ထိခိုက်အောင် လုပ်မှာပဲ'

မေတ္တာ တရားသည် အခါခပ်သိမ်း အကျိုးပေးသည်။ မုန်းတီးခြင်း ဒေါသသည်ကား အခါခပ်သိမ်း အကျိုး ယုတ်

စေပါသည်။ ကံ မကောင်းချင်တော့ ကမ္ဘာပေါ်ရှိ လူကြီး လူကောင်းများသည် ဤအချက်ကို မသိတတ်ကြကုန်။

မိုရှား ထိုင်၍ စဉ်းစားနေပုံမှာ လူအများဆုံး အတွက် အကြီးမားဆုံး ကောင်းကျိုး ရရှိစေရန် အသေချာဆုံးနှင့် အမြန်ဆုံး အကျိုး ပြီးမြောက်စေမည့် နည်းလမ်းကို ရှာဖွေနေပုံ ရသည်။

တောက်ဝါဒီတို့၏ ဘာမှ မလုပ်နှင့် ဝါဒလည်း ဤကိစ္စကို မပြီးမြောက်စေနိုင်ပါ။ ကွန်ဖြူးရှပ်၏ ပူဇော် ပသခြင်း အလေ့အကျင့်ဖြင့်လည်း ဤကိစ္စကို ပြီးမြောက်စေနိုင်မည် မဟုတ်ပါ။ စစ်ကြောင့်လည်း မေတ္တာတရား ဖြစ်ပေါ်နိုင်မှုကို ပျက်စီးစေနိုင်သည်။ ပျင်းရိခြင်းကြောင့်လည်း မေတ္တာတရားကို ဆုံးရှုံးစေနိုင်သည်။ သီးခြား သဘောကို ဆောင်သော ချစ်ခြင်း မေတ္တာ - ကိုယ်ကိုယ်ကိုယ်သာ ချစ်ခြင်း၊ ကိုယ့်မိသားစုကိုသာ ချစ်ခြင်း၊ ကိုယ့်မျိုးနွယ်ကိုသာ ချစ်ခြင်း သဘောတို့သည်လည်း လူအများ အပေါ် ထားရမည့် လူသား၏ မေတ္တာ အင်အားကို ဆုတ်ယုတ် သွားစေနိုင်သည်။ ထိုကဲ့သို့ အချင်းချင်း မေတ္တာ တူမျှ ထားရှိ ဆက်ဆံမည့် လူ့ အဖွဲ့အစည်းမှာ လူတန်းစား ခွဲခြားခြင်း မရှိသော အတူတကွ အားသွန်ခွန်စိုက် အလုပ် လုပ်ကြပြီး သာတူညီမျှ ခံစားရသော လူ့ အဖွဲ့အစည်းမျိုး ဖြစ်မှ ဖြစ်မည်ဟု သူ ရှုမြင်ခဲ့လေသည်။

တိုင်း နိုင်ငံ အတွင်းမှာ စီးပွားဥစ္စာကို ဖြန့်တီးခြင်း၊ အချိန် ဖြုန်းခြင်း၊ လုပ်အား ဖြုန်းတီးခြင်းမျိုး မရှိစေသင့်။ အချိန်ကုန် ငွေကုန်ကြေးကျ များလှသော ပူဇော် ပသပွဲများကို ဖြတ်တောက် လျှော့ချပစ်ရမည်။ ထိုကိစ္စများသည် မကောင်းမှု ဖြစ်သောကြောင့် မဟုတ်။ သို့သော် ထိုမင်္ဂလာ အမင်္ဂလာ အခမ်းအနား ပူဇော် ပသပွဲများသည် အလွန် အချိန် ကုန်သည်။ ထို့ပြင် စီးပွား ဖြစ်ထွန်းမှု၊ လူဦးရေ ဖြစ်ထွန်းမှု အတွက်လည်း အသုံးမကျသောကြောင့် ဖြစ်သည်။ သူက ကွန်ဖြူးရှပ် ဝါဒီများ အလွန် နှစ်ခြိုက်သော အသုဘ အခမ်းအနား ကြီးကျယ်စွာ ကျင်းပမှု၊ ရက်ရှည်လများ ပူဆွေးမှု ကိစ္စများကို ရှုတ်ချသည်။ စီးပွားရေး ဖြန့်တီးမှု ဖြစ်သည်ဟု မြင်သည်။ အသုဘ အခမ်းအနားကို မလုပ်ရဘူးဟု မဆို။ တိုတိုတောင်းတောင်း ငွေကုန်ကြေးကျ သက်သာ၊ အချိန်ကုန် သက်သာအောင် လုပ်ပါဟု သူ တိုက်တွန်းသည်။

ဤအကြောင်းများကြောင့် မိုရှားကို ကွန်ဖြူးရှပ် ဝါဒီများကရော တောက် ဝါဒီများကပါ ရန်ငြိုးဖွဲ့ကြသည်။ သူသည် စီးပွားရေး အကျိုး တစ်ခုတည်းကို ကြည့်ပြီး ဘဝကို သာယာ လှပအောင် ပြုသော ယဉ်ကျေးမှု ဓလေ့ထုံးစံများကို စတေး ပစ်သည်ဟု စွပ်စွဲကြသည်။

မိုရှားကို ဆန့်ကျင် ရှုတ်ချသော စကားကို မင်းရှုပ်က လည်း ပြောဆိုခဲ့လေသည်။

'တိုင်းနိုင်ငံ တစ်ခုလုံးမှာ ယန်ချူးနှင့် မိုတီ (မိုရှား) ရဲ့ စကားသံတွေနှင့်ပဲ ပြည့်နှက်နေပြီ၊ လူတို့ ပြောဆိုနေကြသော စကားများကို နားထောင်ကြည့်မည် ဆိုလျှင် သူတို့သည် တစ်ယောက် အမြင်ကို တစ်ယောက်က ယူပြီး ပြောဆိုနေကြသည်နှင့် တူပေသည်၊ ယန်ချူး၏ မူဝါဒကလည်း ကိုယ့်အတွက် ကိုယ်သာ လုပ်ဆောင်ပါ ဟူ၍ ဖြစ်သည်၊ အချုပ်အခြာ အာဏာပိုင်မင်း အတွက် ထည့်သွင်း စဉ်းစားခြင်း မပြုပါ၊ မိုရှား၏ မူဝါဒကျပြန်တော့ လူတိုင်းကို အညီအမျှ ချစ်ပါ ဟူ၍ ဖြစ်၏၊ ထိုစကားသည် ဖခင် အပေါ်၌ အထူးတလည် ချစ်ခင် မြတ်နိုးခြင်း သဘောကို အသိအမှတ် မပြုပါ၊ မင်းကို လည်းကောင်း၊ ဖခင်ကို လည်းကောင်း အသိအမှတ် မပြုပါမှုကား ထိုအဖြစ်သည် တိရစ္ဆာန် အဖြစ်သာ ဖြစ်ပေတော့မည်' ဟု ဆိုလေသည်။

သို့ရာတွင် မိုရှားသည် ဤ ဝေဖန် ပုတ်ခတ်မှုများကို နားမထောင်ဘဲ ထိုဝေဖန်မှုများကို ကြို့တင် ကာကွယ်သော အားဖြင့် သူသည် ကောင်းကင်ဘုံ၏ ခွင့်ပြုမိန့် အတိုင်း ပြုမူ ဆောင်ရွက်နေခြင်းသာ ဖြစ်သည်ဟု ခံယူထားခဲ့လေသည်။

သူ့အနေနှင့် ကိစ္စ နှစ်ခုတွင် အခိုင်အမာ ခံယူထားလေသည်။ ပထမ အချက်မှာ ကောင်းကင်ဘုံသည် လူ အချင်းချင်း အညီအမျှ ချစ်မြတ်နိုးခြင်းကို လိုလားသည် ဟူသော အချက် ဖြစ်သည်။ ဒုတိယ အချက်မှာ ဤ ယုံကြည်ချက်တွင် အဆင့်မြင့် အသုံးဝင်မှု ပါဝင်သည်။

အကြောင်းမှုကား ကောင်းကင်ဘုံသည် မေတ္တာစိတ်ကို ဖြစ်ပေါ်စေသော ရင်းမြစ် ဖြစ်သည်ဟု ယုံကြည်ခြင်းသည် လူသားများ အတွက် မက်လုံးကို ဖြစ်ပေါ်စေနိုင်သည်ဟု သူ ယူဆသည်။ ရှေးက သူတော်စင် မင်းကောင်း မင်းမြတ်များ ကိုးကွယ်ခဲ့ကြသော ဝိညာဉ် ကိုးကွယ် ပသမှုနှင့် ပတ်သက်သော ခေတ်ပြိုင် ပုဂ္ဂိုလ်များ၏ သံသယ ဖြစ်မှုကို သူ အပြင်းအထန် ရှုတ်ချသည်။ ထို့နောက် အထက် ကောင်းကင်ဘုံနှင့် အောက် မဟာပထဝီမြေ စပ်ကြားတွင် မေတ္တာတရားကို ပွားများရမည် ဆိုသော အချက်ကို ဦးစားပေး ဟောကြားခဲ့လေသည်။

'ကောင်းကင်ဘုံသည် လူသားများ အပေါ် နှစ်နှစ်ကာကာ ချစ်မြတ်နိုးသည် ဆိုသော အချက်ကိုကား ကျွန်ုပ်ကောင်းကောင်း သိပါ၏၊ ... ကောင်းကင်ဘုံသည် နေကို

လည်းကောင်း၊ ကြယ်တာရာများကို လည်းကောင်း၊ ဥတုရာသီ လေးခုကို လည်းကောင်း ဖြစ်ပေါ်စေပါသည်၊ ဆီးနှင်းကို ကျစေသည်၊ မြူကို ဆိုင်းစေသည်၊ မိုးကို ရွာစေသည်၊ ... တောင်ကုန်းနှင့် မြစ်တို့ကို တည်ဆောက်သည်၊ ချောင်းမြောင်းနှင့် ချိုင့်ဝှမ်း မြေပြန့်ကိုလည်း ဖြစ်ပေါ်စေသည်၊ ထို့ပြင် မြို့စား နယ်စားများကိုလည်း ခန့်ထားပေးသည်၊ လူကောင်းများကို ချီးမြှောက်၍ လူဆိုး လူမိုက်များကိုကား အပြစ်ဒဏ် ခတ်သည်၊ ဤအစဉ်အလာသည်ကား ရှေး ပဝေသဏီ ကာလမှ စ၍ ယခု မျက်မှောက်ခေတ်ရောက်သည့်တိုင်အောင် တည်ရှိနေပေသည်။

'ကောင်းကင်ဘုံသည် ကမ္ဘာလောက တစ်ခုလုံးကို အလုံးစုံ ခြုံ၍ ချစ်မြတ်နိုးသည်၊ အရာခပ်သိမ်းတို့ကို လူသားတို့ အကျိုးငှာ စီမံ ဆောင်ရွက်ထားပေးသည်။

'ယခု အဘယ် အရာတို့ကို ကောင်းကင်ဘုံက နှစ်ခြိုက်၍ အဘယ် အရာတို့ကို ကောင်းကင်ဘုံက ရွံမုန်းသနည်း၊ ကောင်းကင်ဘုံသည် ရိုးသား ဖြောင့်မတ်ခြင်းကို အလို ရှိသည်၊ မတရား ပြုခြင်းကို ရွံမုန်းသည်၊ အဘယ်ကြောင့် ဆိုသော် ရိုးသား ဖြောင့်မတ်၍ တရား မျှတခြင်းဖြင့်သာ လောကသည် ရှင်သန်နိုင်ပြီး ရိုးသား ဖြောင့်မတ်ခြင်း၊ တရား မျှတခြင်း မရှိပါမူကား လောကသည် သေဖွယ်ရာသာ ရှိသောကြောင့် ဖြစ်၏၊ ရိုးသား ဖြောင့်မတ်၍ တရား မျှတခြင်းဖြင့်သာ လောကသည် ကြီးပွား တိုးတက်ချမ်းသာ ကြွယ်ဝနိုင်သည်၊ ရိုးသား ဖြောင့်မတ် တရား မျှတခြင်း မရှိပါမူကား လောက ဆုတ်ယုတ်၍ ဆင်းရဲကျပ်တည်းပေလိမ့်မည်၊ ကောင်းကင်ဘုံသည် လောက၏ ညီညွတ်ခြင်းကို လိုလားသည်၊ မညီမညွတ် ကမောက်ကမ ဖြစ်တည်ခြင်းကို အလို မရှိပေ၊ ထို့ကြောင့် ကောင်းကင်ဘုံသည် ဖြောင့်မတ်၍ တရား မျှတခြင်းကို လိုလားပြီး မဖြောင့်မတ်၍ တရား မမျှတခြင်းကို အလို မရှိ ဟူ၍ အကျွန်ုပ်တို့ သိအပ်ပေသည်'

ကမ္ဘာပေါ်ရှိ လူတော် လူကောင်း အပေါင်းတို့သည် သူ၏ အဆိုပြုချက်များကို လက်တွေ့မကျသော တော်လှန်ပြောင်းလဲသော အယူအဆများ အဖြစ် သတ်မှတ်၍ ငြင်းပယ်ကြလိမ့်မည် ဆိုသည်ကို မိုဇူးလည်း ကောင်းစွာ သိထားပြီး ဖြစ်ဟန်တူသည်။

ထို့ကြောင့် သူ ပြောပုံမှာ မှတ်သားဖွယ် ရှိပါသည်။

ကမ္ဘာပေါ်ရှိ လူကြီး လူကောင်းများက ဤသို့ ဆိုဖွယ် ရှိ၏။ 'ကောင်းတော့ ကောင်းပါတယ်၊ ဟုတ်ပါတယ်၊ မေတ္တာတရားကိုသာ တစ်ကမ္ဘာလုံးက လက်ခံကြမယ် ဆိုရင်တော့ အလွန့် အလွန် ကောင်းပေမှာပဲ၊ ဒါပေမဲ့ ဒါက ခက်လည်း ခက်တယ်၊ အလှမ်းလည်း သိပ်ဝေးတယ်၊ ဒါ ဘာဖြစ်လို့ ဖြစ်ရတာလဲ ဆိုတော့ ကမ္ဘာပေါ်မှာ ရှိကြတဲ့ လူကြီးလူကောင်းတွေက ကမ္ဘာကြီး အတွက် ကျေးဇူး များမယ့် ကိစ္စကို အသိအမှတ် မပြုချင်ကြဘူး၊ သို့မဟုတ် ဘယ်အရာဟာ ဘေးအန္တရာယ် ဖြစ်စေမလဲ ဆိုတာကို နားမလည်ကြလို့ပဲ' ဟု သူက ဆိုသည်။

## ဆန့်ကျင်ဘက် အတွေးအမြင်များ (၃)
## ဥပဒေ ဝါဒီများ

မိုဇူးက ကွန်ဖြူးရှပ် နောက်လိုက်များ၏ အယူအဆများကို တိုက်ခိုက်နေသော ကာလတွင် ပို၍ အားကြီးသော ဆန့်ကျင်ဘက် အင်အားစုလည်း တစ်ခု ရှိသေးသည်။ ထို ဆန့်ကျင်ဘက် အင်အားစုသည် ဥပဒေ ဝါဒီဂိုဏ်း ဖြစ်သည်။ ဤ ဂိုဏ်းသည် လျော့လျော့ရဲရဲ ဖွဲ့စည်းထားသော ဂိုဏ်း ဖြစ်သည်။ အတွေးအခေါ် မျိုးစုံကို တွေးခေါ်ကြသော အတွေးအခေါ်သမားများ ပါဝင်သော ဂိုဏ်း ဖြစ်သည်။

ထို အမြင် အမျိုးမျိုး ရှိသော အတွေးအခေါ်သမားများသည် အချက် တစ်ချက်ပေါ်တွင်မူ သဘောထားချင်း တူညီခဲ့ကြလေသည်။ ထိုအချက်သည် ဥပဒေဖြင့် စနစ်တကျ ခိုင်ခိုင်မာမာ ဖွဲ့စည်း တည်ဆောက်ထားခြင်း မရှိသော လျော့ရဲသော ပဒေသရာဇ် စနစ် မှန်သမျှသည် စနစ်တကျ ဥပဒေ စည်းမျဉ်းဖြင့် အုပ်ချုပ်သော အုပ်ချုပ်ပုံ စနစ်ကို နေရာ ဖယ်ပေးရမည် ဆိုသော အယူအဆ ဖြစ်သည်။

ဥပဒေ ဝါဒီ ဂိုဏ်းသားများသည် တိုင်းပြည်ကို အခြေခံ ဥပဒေဖြင့် စနစ်တကျ အုပ်ချုပ်မှသာ ထို လူ့ အဖွဲ့အစည်းသည် တည်တံ့နိုင်သည်ဟု ယုံကြည် ယူဆကြသည်။

ကွန်ဖြူးရှပ် ဂိုဏ်းသားများကမူ တိုင်းပြည်ကို ရေးသား ပြဋ္ဌာန်းထားသော တရား ဥပဒေဖြင့် အုပ်ချုပ်ခြင်းသည် လူဆိုး သူခိုး ဓားပြများကို ပို၍ ပေါ်ထွန်းစေသည်၊ တိုင်းပြည်ကို အုပ်ချုပ်သော ပဒေသရာဇ် မင်းသည် မင်းကျင့်တရားဖြင့်သာ အုပ်ချုပ်သင့်သည်ဟု ယူဆသည်။

အစိုးရသည် အကျင့်သီလ အရာ၌ ပြည်သူလူထုအား နမူနာ ပြလျက် အုပ်ချုပ်မှသာ ထို လူ့အဖွဲ့အစည်းထဲတွင် ငြိမ်းချမ်း သာယာမှု ဖြစ်ပေါ်လာနိုင်သည် ဆိုသော ကွန်ဖြူးရှပ် နောက်လိုက်များ၏ အယူအဆများသည် လက်တွေ့မကျဟု ခေါင်းမာသော အစစ်အမှန် ဝါဒီများက ယူဆကြသည်။

ထို ဥပဒေ ဝါဒီများကမူ ယခု ကာလ၌ ပေါ်ပေါက်နေသော အကြွင်းမဲ့ အာဏာရှင် စနစ်ကို ကာကွယ်ရန် တင်ကူး၍ ဥပဒေ စည်းမျဉ်း များစွာကို ချမှတ်ခဲ့ကြလေသည်။ အခြားသော ဥပဒေ ဝါဒီများကလည်း *မာခီယာဗယ်လီ* [၁] ၏ အနေအထားနှင့် တူသော အနေအထားမျိုးကို ယူခဲ့ကြလေသည်။ သူတို့ကလည်း မင်း ဖြစ်မည့် သူသည် ဥပဒေနှင့် မဟာမိတ် ဖွဲ့ခြင်းကို ကိုယ့်ကျိုး ကိုယ့်စီးပွားကို ငဲ့၍ သာလျှင် လတ်တလော အကျိုး ရှိ မရှိကို ကြည့်၍ ပြုလုပ်ကြမြဲ ဖြစ်သည် သို့မဟုတ် တောက် သဘောတရား အရ သင့် မသင့် အခြေအနေ အပြောင်းအလဲကို လိုက်၍သာလျှင် ဥပဒေနှင့် မဟာမိတ်ကို ပြုရိုး ထုံးစံ ရှိသည်ဟု ရှုမြင်ကြသည်။

ထို့ပြင် လူသားသည် မိမိ၏ ကာမဂုဏ် စည်းစိမ် ချမ်းသာကို လိုလားသော စိတ်၊ ဆင်းရဲ ဒုက္ခကို ကြောက်ရွံ့သော စိတ်ဖြင့် မိမိ၏ ကောင်းကျိုးချမ်းသာ ရရှိအောင်သာ အုပ်ချုပ်အပ်သော သတ္တဝါ ဖြစ်ရကား ဥပဒေကို ရှင်းလင်း ပြတ်သားစွာ ချမှတ်ရမည်။

ဤသို့ ချမှတ်ခြင်းဖြင့် လူသား အနေနှင့် ဘယ်သို့ ပြုလုပ်လျှင် အကျိုး စီးပွား ခံစားရပြီး မည်သို့ ပြုလုပ်လျှင် အပြစ်ဒဏ် ကျခံရမည် ဆိုသည်ကို နားလည် သိရှိနိုင်ပေသည်။ မင်းလုပ်မည့် မင်းသား၏ ရှုထောင့်က ကြည့်လျှင်ကား လူစုလူဝေးထဲက လူသား တစ်ယောက်သည် ငန်းအုပ်ထဲက ငန်းတစ်ကောင်လို၊ သမင်အုပ်ကြီးထဲက သမင်တစ်ကောင်လို မြင်ရမည် ဖြစ်သည်။

ထို့ကြောင့် အများထဲမှာ တစ်သားတည်း ကျအောင် သူတို့အား ဥပဒေ စည်းကမ်း စနစ်ဖြင့် နေတတ်အောင် လေ့ကျင့် သင်ကြားပေးရမည်။ မင်း၏ အမိန့်ကို ငြိမ်းချမ်းသော ကာလမှာ ဖြစ်စေ၊ စစ် ဖြစ်သော ကာလမှာ ဖြစ်စေ လေးစား လိုက်နာတတ်အောင် လေ့ကျင့် သင်ကြားပေးရမည်။

စစ်မက် ဖြစ်ပွားနေသော ကာလ ပြီးဆုံးကာနီး အနှစ်နှစ်ရာခန့်တွင် ဤ ဥပဒေ ဝါဒီများသည် မင်းနေပြည်တိုင်းရှိ အုပ်ချုပ်ရေး ကောင်စီများထဲတွင် တန်ခိုး အာဏာ ရှိသူများ ဖြစ်ခဲ့လေသည်။ (ထိုကာလသည် ဘီစီ ၄၂၅ မှ ၂၂၅ အကြား ကာလ ဖြစ်သည်။) ထို ဥပဒေ ဝါဒီများ၏ အယူအဆများသည် ခေတ် အဆက်ဆက်တွင် တရုတ်တို့၏ နိုင်ငံရေး သဘောတရားနှင့် ကိုယ်ကျင့်တရား သဘော အယူအဆများ အပေါ်တွင် အမြဲတမ်း အရာထင်လျက် ကျန်ရစ်ခဲ့ပေတော့သည်။

၎င်းတို့၏ ရှေးအကျဆုံး ကိုယ်စားလှယ်မှာ အလွန်အမင်း သရုပ်မှန်ဝါဒီ ဖြစ်သော *ရှန်းယန်* [၂] ဖြစ်သည်။ သူသည် အနောက်ဖျား ဒေသရှိ ချင်းပြည်နယ်တွင် ဝန်ကြီးရာထူးကို ကာလ အတန်ကြာ အမှု ထမ်းဆောင်ခဲ့သည်။ သို့သော် နောက်ဆုံးတွင် သွေးထွက်သံယို လှို့ဝှက် လုပ်ကြံမှု တစ်ခုထဲတွင် ပါဝင်ခဲ့ရာ စစ်ပွဲ တစ်ခုတွင် ကျဆုံးခဲ့ရလေသည်။ ဘီစီ ၃၃၈ တွင် သူ့အလောင်းကို စစ်ရထားများဖြင့် တက်နင်း ဖျက်ဆီးခံခဲ့ရသည်။ သူက သူ့မင်းသားကို မိမိ၏ တိုင်းသူပြည်သားများအား အမှုကိစ္စ နှစ်ခုတည်းကိုသာ ဆောင်ရွက်ကြစေရန် အကြံပေးခဲ့လေသည်။ ၎င်း အမှုကိစ္စ နှစ်ခုမှာ ထွန်ယက် စိုက်ပျိုးရေး အလုပ်နှင့် စစ်မက် တိုက်ခိုက်ရေး အလုပ်တို့ ဖြစ်သည်။

'တိုင်းပြည်၏ အရေးပါ အရာရောက်မှုကို ဖြစ်စေသော အရာ၊ အုပ်စိုးသော မင်း၏ ဂုဏ် ကျက်သရေကို တိုးပွားစေသော အရာသည်ကား စစ်အင်အား ဖြစ်၏၊ မြေယာကို မထွန်ရက်လျှင် လူအများ စိတ်ဒုက္ခ ရောက်ရပြီး စစ် မတိုက်ဘဲ နေလျှင် လူအများ ဘေးအန္တရာယ် ကြုံရသော အခြေအနေကို ဖြစ်ပေါ်လာအောင် လုပ်ပါ'

ရှန်းယန်သည် ကွန်ဖြူးရှပ် ဝါဒီများက လယ်သမားဖြစ်ထိုက်သူများနှင့် စစ်သား ဖြစ်ထိုက်သူများအား ပညာရှင်များ ဖြစ်လာအောင် လမ်းလွှဲ၍ လုပ်ကိုင်ခြင်းကို အလွန်ရွံမုန်းသည်။

သူ သို့မဟုတ် သူ၏ အမည်ခံ ကလောင်ဝှက်ဖြင့် ရေးပေးသူက မုန်းတီးစွာ ကြေညာပုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

'အကယ်၍ တိုင်းပြည် တစ်ပြည်တွင် အောက်ပါကိစ္စ ဆယ်ခုကိုသာ အရေးပေး ဆောင်ရွက်ကြပါက ဘွဲ့သီချင်း သီဆိုခြင်း၊ သမိုင်းကို လေ့လာခြင်း၊ ပူဇော် ပသမှုကို ပြုခြင်း၊ တေးဂီတကို လေ့လာခြင်း၊ ကောင်းမှု ကုသိုလ် ပြုခြင်း၊ ယဉ်ကျေးမှုကို ပြုစု ပျိုးထောင်ခြင်း၊ သူတစ်ပါးကို စောင့်ရှောက်ခြင်း၊ ဂုဏ်သိက္ခာကို စောင့်စည်းခြင်းနှင့် စဉ်းလဲသော ဆင်ခြေများ ပေးခြင်း၊ အလိမ္မာဉာဏ် သုံးခြင်းများကိုသာ ပြုလုပ်နေကြလျှင် အုပ်စိုးသူ မင်းမှာလည်း သူ့ကို ကာကွယ်ရန်နှင့် အကျိုး ဖြစ်ထွန်းအောင် ဆောင်ရွက်မည့်သူ ရှိတော့မည် မဟုတ်တော့ပေ၊ အကယ်၍ တိုင်း

---

၁။ Machiavelli

၂။ Shang Yang

ပြည်ကို ဤကိစ္စ ဆယ်ခုဖြင့်သာ အုပ်ချုပ်ပါက ဤတိုင်းပြည်သည် ချက်ချင်းပင် ရန်သူ ချဉ်းကပ်သဖြင့် ကစဉ့်ကလျားဖြစ်ရမည် ဖြစ်၏၊ အကယ်တန္တ ရန်သူ မချဉ်းကပ်သည့်တိုင်အောင် ထိုတိုင်းပြည်သည် ဆင်းရဲ ကျပ်တည်းမည်သာ ဖြစ်၏' ဟု ဆိုလေသည်။

ဥပဒေ ဝါဒီများ အထဲတွင် ရှန်းယန်သည် ဥပဒေဖြင့် တင်းကျပ်စွာ အုပ်စိုးရေး ကိစ္စကို အလေးအနက် ထားသော အုပ်စု၏ ခေါင်းဆောင် ဖြစ်သည်ဟု ယူဆရသည်။

အခြား အုပ်စု တစ်စု ရှိသေးသည်။ ထိုအုပ်စုကို *ရှင်းတောက်* [၁] ဆိုသူက ခေါင်းဆောင်သည်။ သူကမူ အချုပ်အခြာ အာဏာကို ပို၍ အလေးထား ပြောဆိုသည်။

'အကြောင်းမူကား တိုင်းသူ ပြည်သားတို့သည် မိမိတို့၏ ဘုရင်ကို လိမ်လည် လှည့်စားခြင်း မပြုရဲတော့ပေ၊ ဤကဲ့သို့ မင်းအား မလိမ်ရဲခြင်းမှာ မင်းကို ချစ်သောကြောင့် မဟုတ်၊ ဘုရင်၏ ဘုန်းတန်ခိုး အာဏာကို ကြောက်ကြသောကြောင့်သာ ဖြစ်၏'

တတိယ အုပ်စုကမူ လူများနှင့် လူ့ကိစ္စများကို ကျွမ်းကျင်စွာ ကိုင်တွယ်တတ်သော နိုင်ငံရေး အတတ်ကျွမ်းကျင်မှုကို ပို၍ ဦးစားပေးသည်။

ထိုတတိယ အုပ်စု၏ ခေါင်းဆောင်မှာ *ဟန်ဖိုင်* [၂] ဖြစ်သည်။

ဟန်ဖိုင် (ဘီစီ ၂၃၃ တွင် သေဆုံး) သည် ရှန်းယန်နှင့် တူသည်။ ချင်းပြည်နယ်တွင် အထက်တန်း အရာရှိ တစ်ဦး ဖြစ်သည်။ သူ ကိုယ်တိုင်ကလည်း ဉာဏ်ပညာ ထက်မြက်သည်။ သူ အမှုထမ်းရသော မင်းသားမှာလည်း အလွန် ထက်မြက်သူ ဖြစ်သည်။ ထိုမင်းသားသည် ဟန်ဖိုင် ဝမ်းနည်း ကြေကွဲဖွယ်ရာ သေဆုံးသွားပြီးနောက် တရုတ်ပြည် တစ်ပြည်လုံးကို တိုက်ခိုက် အောင်မြင် သိမ်းပိုက်ပြီးနောက် စည်းလုံး ညီညွတ်အောင် ဆောင်ရွက်နိုင်ခဲ့လေသည်။ သူသည် အကြွင်းမဲ့ အာဏာရှင် ကေရာဇ် ဘုရင် ရှီဟွန်တီ ဖြစ်လာသည်။ ထိုမင်းသည် ဟန်ဖိုင် မြတ်နိုးသော တောက်တဲ့ကျင်း အတိုင်း လိုက်နာခဲ့လေသည်။

ဟန်ဖိုင်သည် ကွန်ဖြူးရှပ် နောက်လိုက် ပညာရှင် ဆွန်ဇူးထံတွင် ပညာ သင်ကြားခဲ့လေသည်။ သူ၏ အရေးအသားများတွင် ကွန်ဖြူးရှပ် တပည့်များ၏ ဩဇာ ညောင်းနေသည်ကို တွေ့ရသည်။ သူ့ကို *ဟန်ဖိုင်ဇူး* [၃] ဟုလည်း ခေါ်ကြသည်။ သူ၏ အရေးအသားများသည် အခြားသော ဥပဒေ ဝါဒီများ၏ အရေးအသားများထက် ပိုမို လေးနက်ပြီး ပိုမို ကြွယ်ဝသည်။ ထိုသို့ ဖြစ်ခြင်းမှာ ကွန်ဖြူးရှပ် နောက်လိုက်များထံမှာ ပညာ သင်ကြားခဲ့ခြင်းကြောင့် ဖြစ်သည်ဟု ဆိုသည်။

ကံမကောင်း အကြောင်းမလှသောကြောင့် ဟန်ဖိုင်မှု လျှို့ဝှက် ကြံစည်မှု တစ်ခုထဲတွင် ကျရောက် သွားခဲ့ရလေသည်။ ထိုနောက် ဖမ်းဆီး ခံရပြီး အကျဉ်း ချထားခြင်း ခံရစဉ် အဆိပ်ခတ် ခံရသည်ဟုလည်း ယူဆရသည်။ အခြားသော ဇာတ်လမ်း တစ်ပုဒ် အရမူ သူ့ကိုယ်သူ သတ်သေသည်ဟုလည်း ဆိုသည်။ သူ့အပေါ် မနာလို ဝန်တို ဖြစ်နေသော သူ့မိတ်ဆွေ *လီဆု* [၄] ၏ အကြံပေးမှုကြောင့် သူ့ကိုယ်သူ သတ်သေသည်ဟုလည်း ဆိုကြသည်။

ဟန်ဖိုင်က လူတိုင်းမှာ တစ်ကိုယ်ကောင်း ဆန်သော စိတ် ရှိပြီး ရုပ်ဝါဒီ ဆန်ကြသည်ဟု ယုံကြည်သည်။ သူ့ဘာသာတရားမှာ အုပ်စိုးသူ မင်း၏ အမိန့်ကို နာခံခြင်းပင် ဖြစ်သည်။ မိဘ စကားကို လေးစား လိုက်နာခြင်း၊ သားမယားကို လုပ်ကျွေးခြင်း၊ မိမိနှင့် ဘဝတူ လူသားများ၏ အကျိုးကို ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

လူသားများသည် အချင်းချင်း ချစ်ခင်ကြသည် ဆိုသော အချက်ကိုလည်း ဟန်ဖိုင်က မငြင်းပေ။ သို့သော် ကိုယ်ကျိုး ကိုယ့်စီးပွား ရရှိရေးနှင့် နှိုင်းစာလျှင် ထို ချစ်ခြင်း မေတ္တာသည် ပဓာန မကျ သာမညသာ ဖြစ်သည်ဟုလည်း သူ ခံယူခဲ့ပေသည်။

အဖနှင့် သားတို့၏ အကြားရှိ ဖြစ်သော နွေးထွေးသော ခံစားချက်နှင့် တူသော အရာသည်ကား ဘယ်အရာမျှ မရှိချေ။ ထို့ပြင် ပြည်သူ့ ကျင့်ဝတ် သိက္ခာ အပေါ်တွင် အခြေခံ၍ ပြုမူ ဆက်ဆံစေလိုသော အကြင်သူသည် သူ၏ စီရင်စုနယ် အတွင်း ကျရောက်သူများအား တားမြစ်ချက်များ ထုတ်ပြန်ရာတွင် ထိုသူသည် ပြည်သူများ အပေါ်၌ သွေးရင်းသားရင်း ဆွေမျိုးရင်းချာ သဘောမျိုး ထား၍သာ လျှင် ကားမြစ်ချက်များကို ထုတ်ပြန်ရာသည်။

ထို့ပြင် မိခင် ဖခင်တို့သည် သားများကို ဆက်ဆံရာ၌ ချစ်ခြင်းထက် ပိုသော အရာသည် ရှိသေး၏။ သားယောက်ျားကလေး တစ်ယောက် ဖွားမြင်လာသော အခါ မိဘနှစ်ပါးတို့သည် တစ်ဦးကို တစ်ဦး ဂုဏ်ပြုကြ၏။

---

၁။ Shen-Tao  ၂။ Han Fei
၃။ Han Fei Tzu
၄။ Li Ssu

အကယ်၍ သမီး မိန်းကလေး ဖွားမြင်လာပါက သူတို့သည် ထိုမိန်းကလေးကို သတ်သော်လည်း သတ်ပစ်ရာ၏။ သားနှင့် သမီး နှစ်ဦးစလုံးသည် ဤမိခင်၏ ဝမ်းဗိုက်မှ ပေါ်ထွက် လာကြသူများ ဖြစ်ကြပါလျက် သားယောကျ်ား ဖြစ်မှုကား ဂုဏ်ယူကြ၏။သမီး မိန်းကလေး ဖြစ်မှုကား သေစေလိုကြ၏။

မိဘသည်ပင်လျှင် နောင် အခါ၌ သူတို့၏ အဆင်ပြေမှုကို ထည့်သွင်း စဉ်းစားကြကုန်သေး၏။ သူတို့သည် ရေရှည် အကျိုး အမြတ် ရရှိရေးကို တွက်ချက်ကြသေး၏။ သို့ဖြစ်ရာ မိခင်နှင့် ဖခင်တို့သည် သားသမီးတို့နှင့် ဆက်ဆံကြရာတွင် အတွက် အစား ထားသော စိတ်မျိုး ရှိကြကုန်သည်သာ ဖြစ်၏။

သူသည် လယ်ယာ စိုက်ပျိုးရေးနှင့် ပတ်သက်၍ ပြောဆိုရာတွင် သူ၏ အယူအဆကို ပို၍ ကောင်းမွန်အောင် ပြုလုပ်နိုင်ခဲ့လေသည်။

လူတစ်ယောက်သည် သူ၏ လုပ်အားကို လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းတွင် သူရင်းငှား အဖြစ် ရောင်းစားသော အခါ လယ်ရှင် အလုပ်ရှင်သည် သူ့အား မိမိ၏ မိသားစု စားရမည့် အစားအစာများကို ထိုသူရင်းငှားအား ပေးရ၏။ လယ်ရှင်က သူရင်းငှားအား သုံးစရာ ငွေနှင့် ဝတ်စရာ အဝတ်အစားများကိုလည်း ပေးရ၏။ ဤကဲ့သို့ ပေးကမ်းခြင်းမှာ သူရင်းငှားကို ချစ်၍ ပေးခြင်း မဟုတ်။

သို့သော် သူ ဆိုသည်ကား 'ဒီလို ပေးမှ သူက လယ်ကိုလည်း ညက်ညက် ထွန်မှာပေါ့၊ စပါးကိုလည်း အထွက်ကောင်းအောင် စိုက်ပျိုးမှာပေါ့'

အခြား တစ်ဖက်တွင်လည်း သူရင်းငှားက ထွန်ယက်ခြင်းကို လည်းကောင်း၊ ပေါင်းသင်ခြင်းကို လည်းကောင်း အားစိုက်ထုတ်၍ လုပ်ကိုင်ပေလိမ့်မည်။ သူရင်းငှားဘက်က သူ ခွန်အား ရှိသမျှ ကျွမ်းကျင်သမျှ ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်းကို ပြုလုပ်သည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် လယ်ရှင်ကို သူရင်းငှားက ချစ်ခင်သောကြောင့် မဟုတ်။

သို့သော် သူက ပြောသည်မှာ 'ဒီလို လုပ်မှ ကျုပ်က ကောင်းကောင်း စားရမှာပေါ့၊ ငွေနှင့် ဝတ်စရာ အဝတ်တွေကို လွယ်လွယ်နှင့် ရမှာပေါ့'

ဤသို့လျှင် သူရင်းငှားသည် လယ်ရှင်ထံတွင် သားအဖ ချစ်ခြင်းမျိုးဖြင့် ခွန်အား စိုက်ထုတ်၍ မနိုမကတတ် အလုပ်ကို လုပ်၏။

သို့သော် သူတို့၏ နှလုံးသား အမှန်မှာကား အသုံးကျမှု အပေါ်မှာသာ အခြေ စိုက်၏။ ထို့ပြင် သူတို့ နှစ်ဦးစလုံးသည် တစ်ဦးကို တစ်ဦးက အလုပ်အကျွေး ပြုနေကြသည် ဆိုသော အယူအဆကို လက်ခံ ကျင့်သုံးနေကြကြောင်း ထင်ရှားပေသည်။

ဤ တွေးခေါ်ပုံသည် ဟန်ဖိုင်အား သူ၏ မင်းသားဖြစ်သူ ချင်းပြည် နယ်စားအား များစွာ အလေး ထားစေသော အခြားသော ထင်မြင် ယူဆချက်များကို ပေးနိုင်ရန် အခွင့် သာစေခဲ့လေသည်။

ကွန်ဖြူးရှပ် နောက်လိုက်များနှင့် မိုဇူးကဲ့သို့သော အခြားသော ပုဂ္ဂိုလ်များ အနေနှင့် *ယိုးနှင့် ရှွန်း*[၁] တို့ ခေတ်ဆီသို့ ပြန်၍ ခြေရာ ခံလိုက်နေခြင်းသည် ရယ်စရာ ကောင်းသည်ဟု သူက ဆိုသည်။

ယိုးသည် သပ်သပ်ရပ်ရပ် မရှိသော သက်ကယ်မိုး မိုးထားပြီး အချော ကိုင်ထားခြင်း မရှိသော ဝက်သစ်ချသား ပျဉ်များ ကာထားသော အိမ်မှာ နေခဲ့သူ ဖြစ်၏။ သူသည် သမင် အရေခွံကို ဝတ်ဆင်ခဲ့သည်။ စားတော့လည်း ကြိတ်ဖွပ်ထားခြင်း မရှိသော နံ့စားပြောင်း လုံးတီးကို စားခဲ့လေသည်။ ယခုခေတ် ကူလီ အထမ်းသမား တစ်ဦးသည်ပင်လျှင် သူ့ထက် ပို၍ လူနေမှု အဆင့်အတန်း မြင့်သေး၏။ တိုးတက်သော ခေတ်အမြင် ရှိသော သူတို့သည် ရှေးခေတ်က လူများ၏ ရိုးစင်းသော အနေအထိုင်ကို ရယ်ချင်ကြပေလိမ့်မည်။ *ရှား*[၂] ခေတ်တုန်းက လူတစ်ဦးသည်ပင်လျှင် သူ့အနေနှင့် သစ်ပင်ပေါ်မှာ အသိုက် လုပ်ပြီး နေရမည်၊ မီးခတ် ကျောက်ကို ခတ်ပြီး မီးမွေးရမည် ဆိုလျှင် ရယ်ချင်ပေလိမ့်မည်။

ရှန်းနှင့် ချောင် ခေတ်သို့ ရောက်သော အခါမှာပင် သူက မြစ်ရေ လျှံခြင်းကို ထိန်းချုပ်ရန် အတွက် မိမိဘာသာ ပြင်ဆင်မှုများ ပြုလုပ်သည်ကို မြင်တွေ့သူများက လှောင်ပြောင်ခြင်းကို ခံရပေလိမ့်မည်။

သို့ဖြစ်ရာ ယခု ခေတ် ယခု အခါတွင် တစ်စုံတစ်ယောက်က ယိုးနှင့် ရှွန်း၊ တန်၊ ဝုနှင့် ယူးတို့၏ အနေအထိုင်မျိုးကို ချီးမွမ်း ပြောဆိုနေခြင်းကို ခေတ်သစ် ပညာရှင်များက ရယ်သွမ်း သွေးကြမည်သာ ဖြစ်ပေသည်။

ထို့ကြောင့် ပညာရှိ သူတော်ကောင်းတို့သည် ရှေးကျသော ခေတ်က အနေအထိုင်ကို လေ့ကျင့်ခြင်း မပြုပေ။ သူသည် သူ့ခေတ်က အရေးကိစ္စများကို ဦးစားပေး၍ ဆွေးနွေး တင်ပြမည် ဖြစ်၏။ ထို့ပြင် သူသည် ခေတ်နှင့်အညီ ပြုမူ နေထိုင်နိုင်ရန်သာ သူ့ကိုယ်သူ ပြင်ဆင်ပေလိမ့်မည်။

---

၁။ Yao and Shun　　၂။ Hisa

ဟန်ဖိုင်သည် သူ၏ အကြံပေးချက်များကို တောက်တဲ့ကျင်း ကျမ်းကို လေ့လာရာမှ ရရှိခဲ့သော အသိပညာများနှင့် ပေါင်းစပ်၍ ပေးခဲ့လေသည်။ လူသည် တောက်ကြောင့် သူ့သဘောကို သူ ဆောင်သည်။ မင်းသားသည် တောက်ကို အားကျရာသည်။ မည်သည့် ကိစ္စတွင်မှ အလွန်အကျွံ မလုပ်သင့်၊ မည်သည့် အရေးအခင်းတွင်မှ စူးစူးနစ်နစ် မပါဝင်သင့်ဟု သူက ဆိုသည်။

'တိုင်းတာ၍ မရလောက်အောင် ကြီးကြီးမားမား နေပါ၊ နှိုင်းထောက်၍ မရလောက်အောင် နက်နက်ရှိုင်းရှိုင်း နေပါ'

အုပ်စိုးသူသည် မိမိ၏ အလိုဆန္ဒများကို ထုတ်ဖော်ခြင်း မပြုရ။ အဘယ်ကြောင့်ဆိုသော် ဘုရင်က မိမိ အလိုဆန္ဒကို ဖွင့်ဟ ထုတ်ဖော်လျှင် မှူးကြီးမတ်ရာများက ဘုရင်၏ အလိုတော်ကျ အလိုလိုက် အကြိုက်ဆောင်ကာ သူတို့ကိုယ် သူတို့ တောက်ပြောင်အောင် လုပ်ကြပေလိမ့်မည်။ ဘုရင်က မိမိ၏ အကြိုက်နှင့် မကြိုက်ကို ဖုံးကွယ်ထားမှသာလျှင် မှူးကြီးမတ်ရာတို့သည် မိမိတို့၏ နှလုံးသား အစစ်အမှန်ကို ထုတ်ဖော် ပြသလာကြပေလိမ့်မည်။ ထို့အတူ ဉာဏ်ပညာ ရှိသော မင်းမြတ် ဖြစ်စေကာမူ ထိုမင်းသည် တမင်တကာ ဖြစ်အောင် မလုပ်သင့်၊ ဖြစ်သင့် ဖြစ်ထိုက်သော အရာ အားလုံးကို သူ့သဘော သူဆောင်၍သာ ဖြစ်လာစေရာသည်။

ဤကား *တောက်တဲ့ကျင်း* ကျမ်းထဲတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော ခေါင်းဆောင်မှု သဘော ဖြစ်၏။

ဤကား ဝူ-ဝေကို ကျင့်သုံးခြင်း မည်၏။ တောက်ကို သူ့သဘော သူဆောင်၍ ဖြစ်ခွင့် ဖြစ်လမ်း ရှိသည်နှင့် အညီ ဖြစ်စေခြင်း ဖြစ်၏။

ဟန်ဖိုင်က တိုင်းပြည် အုပ်ချုပ်မှု ပညာနှင့် ဝူဝေ သဘောတရားသည် နီးစပ်စွာ ဆက်စပ်မှု ရှိကြောင်းကို သူ၏ မင်းသားအား သတိပေး ပြောဆိုခဲ့လေသည်။ သူက မင်းသား တစ်ပါးသည် တောက်နှင့်အညီ ကင်းကင်း မနေပါက သူ့ကို ဝန်းရံနေသော ဘေးအန္တရာယ်များကို ရှင်းရှင်းလင်းလင်း ပုံပေါ်အောင် ဖော်ပြခဲ့လေသည်။

မင်းနှင့် ဆက်ဆံနေသော မှူးမတ်များမှာ ဘုရင်နှင့် ဆွေမျိုး တော်စပ်ခြင်း မရှိ။ သို့သော် ဘုရင်ကို လုပ်ကျွေး၍ ဘုရင့်ဝန်ကို ထမ်းဆောင်နေကြသည်မှာ ပတ်ဝန်းကျင် အင်အားစုများ၏ ဖိစီး ချုပ်ချယ်မှုကြောင့်သာ ဖြစ်၏။

ထို့ကြောင့် ဘုရင့်ထံမှာ အမှုတော် ထမ်းနေသော မှူးမတ် တစ်ဦးသည် ဘုရင်၏ စိတ်သဘောထား အခြေအနေကို မပြတ် စောင့်ကြည့်နေလေ့ ရှိသည်။ သို့သော် ဘုရင်ကမူ ထိုမှူးမတ်တို့ အပေါ် အကျိုးမဲ့ မိမိကိုယ်ကို သိဒ္ဓိတင်လျက် နေ၏။

အကယ်၍ ဘုရင်သည် မိမိ၏ သား အပေါ်၌ အလွန် ယုံကြည် စိတ်ချသည် ဖြစ်အံ့၊ ထိုအခါ ကောက်ကျစ် စဉ်းလဲသော မှူးမတ်တို့သည် သူတို့၏ ကိုယ်ကျိုး စီးပွား ပြီးမြောက်ရေး အတွက် ဘုရင် သားတော်ကို အသုံးချသွားကြပေလိမ့်မည်။ အကယ်၍ ဘုရင်က မိမိ၏ မိဖုရားကြီး အပေါ် အလွန် ယုံကြည် စိတ်ချသည် ဖြစ်အံ့။ ကောက်ကျစ်သော မှူးမတ်များသည် ထိုမိဖုရားကြီးကို အသုံးချသွားမည် ဖြစ်၏။

ဆေးဆရာက လူနာ၏ ပွန်းရှသွားသော ဒဏ်ရာမှ ထွက်သော သွေးကို ပါးစပ်ဖြင့် စုပ်ယူခြင်းသည် လူနာအပေါ် သွေးသား အရင်းအချာ၊ ဆွေမျိုးသားချင်းလို သဘောထားသောကြောင့် မဟုတ်၊ ထို လူနာထံမှ အကျိုးအမြတ် ရရှိရေးကို မျှော်ကိုးသောကြောင့် ဖြစ်၏။ ထို့အတူ လှည်း ရထား လုပ်သော ဆရာသည် သူ၏ ရထားကို ပြုလုပ်ပြီးပါက လူတို့ ချမ်းသာခြင်း၊ ဂုဏ်ရှိခြင်းကို အလို ရှိ၏။ ခေါင်းစပ်သော လက်သမားသည် ခေါင်းစပ်ပြီးပါက လူတွေ စောစောစီးစီး သေဆုံးခြင်းကို အလို ရှိ၏။

ဤသို့ ဖြစ်ခြင်းမှာ လှည်းရထား လုပ်သူသည် လူတို့ အပေါ် ကောင်းစားစေလိုသောကြောင့် မဟုတ်သလို ခေါင်းစပ်သော လက်သမားသည် လူသားတို့ အပေါ် ရက်စက်သောကြောင့် မဟုတ်ပေ။ လူများ ချမ်းသာပြီး ဂုဏ် မရှိလျှင် သူ၏ ယာဉ်ရထားကို ဝယ်စီးနိုင်မည် မဟုတ်ပေ။ ထို့အတူ လူမသေလျှင်လည်း လက်သမားသည် သူ့ခေါင်းကို ရောင်းစားရမည် မဟုတ်ပေ။ သို့ဖြစ်ရာ လက်သမား၏ စိတ်သဘောထားမှာ မည်သူ့ကိုမျှ မုန်းတီး၍ မဟုတ်၊ သူ၏ အကျိုး ရှိမှုမှာ လူသေမှ ဖြစ်သောကြောင့်သာ လူသေစေချင်ခြင်း ဖြစ်၏။

အလားတူ အကြောင်းကြောင့် မိဖုရား၊ မင်းသား၊ မောင်းမနှင့် အိမ်ရှေ့ မင်းသားတို့ စိတ်သဘောတူ အုပ်စုဖွဲ့မိပြီ ဆိုလျှင် သူတို့သည် အုပ်စိုးသူ မင်းကို စောစောစီးစီး သေစေလိုကြတော့သည်။ အကြောင်းမှုကား ဘုရင် စောစော မသေဘဲနှင့် သူတို့သည် အာဏာ တန်ခိုး မရှိလာနိုင်သောကြောင့် ဖြစ်၏။ သူတို့၏ စိတ်သဘောထားမှာ မင်းကို မုန်းတီးသောကြောင့် မဟုတ်ပါ၊ သို့သော် သူတို့၏ အကျိုးစီးပွားသည် ဘုရင် နတ်ရွာစံမှု အပေါ်မှာ မူတည်၍သာ ဖြစ်ပေါ်လာနိုင်သောကြောင့် ဖြစ်၏။

ထို့ကြောင့် နိဂုံးချုပ်အားဖြင့် သူသည် သရုပ်မှန် အဖြေကို ထုတ်လိုက်သည်။

'ထို့ကြောင့် လူတို့အား အုပ်စိုးသော မင်းသည် မိမိသေမှ အကျိုး ဖြစ်ထွန်းမည့် သူများကို အထူး သတိပြု၍ စောင့်ကြည့်ရသည်'

ဤ ဥပဒေ ဂိုဏ်းသား တွေးခေါ်ရှင်များသည် ဤသို့လျှင် တရုတ် နိုင်ငံတော်၏ ပထမဆုံး ဧကရာဇ်မင်း ဖြစ်သော ရှီဟွန်တီ အတွက် လမ်းခင်း ပေးခဲ့ကြသူများ ဖြစ်ကြသည်။

သို့သော် ကျွန်ုပ်တို့သည် ဟန်ဖိုင် အကြောင်းကို ကြို၍ ပြောသလို ဖြစ်နေသည်။ ဟန်ဖိုင်သည် ကွန်ဖြူးရှပ် ဂိုဏ်းသား ချန်ပီယံကြီး နှစ်ဦး ဖြစ်သူ မင်းရှပ်နှင့် ဆွန်ဇူးတို့၏ နောက်မှ ပေါ်ပေါက်သော ပုဂ္ဂိုလ် ဖြစ်၏။ ဟန်ဖိုင်ဇူးနှင့် သူ၏ နောက်လိုက် အပေါင်းအသင်းများသည် သူတို့၏ အတွေးအခေါ်များ၊ နိုင်ငံရေး အရ အောင်ပန်း ဆင်နိုင်ခဲ့သော ခေတ်၏ အနှစ် နှစ်ရာ အဆုံး ကာလကျမှ ပေါ်ပေါက်လာကြသူများ ဖြစ်သည်။

ထိုအချိန်တွင် ဤ ကွန်ဖြူးရှပ် နောက်လိုက်များမှာလည်း နိုင်ငံရေး အာဏာ ရရှိရေး အတွက် ကြိုးပမ်းနေခဲ့၏။ သို့သော် အောင်မြင်မှု မရရှိခဲ့ပေ။ ကံအားလျော်စွာ သူတို့၏ ရေရှည် အကျိုးရှိမှု အတွက် ထိုအချိန်တွင် ကွန်ဖြူးရှပ် အတွေးအခေါ် ဂိုဏ်းသားများတွင် ဉာဏ်ပညာ ထက်မြက်သော အတွေးအခေါ်သမားများ အများအပြား ပေါ်ထွန်းခဲ့လေသည်။ ထိုအတွေးအခေါ် ဂိုဏ်းကွဲများသည် မင်းရှပ်နှင့် ဆွန်ဇူးတို့၏ အရေးအသားကြောင့် ပေါ်ထွန်းလာခြင်း ဖြစ်၏။ ထို့ကြောင့် ကွန်ဖြူးရှပ် ဝါဒမှာလည်း ထပ်လောင်းသော အကျိုး ဖြစ်ထွန်းမှုများကို ရရှိခဲ့လေသည်။

## မင်းရှပ်၊ ရှေးအယူမှန် အစွဲသန်သူ

မင်းရှပ်ကို ဆရာ ဖြစ်သူ ကွန်ဖြူးရှပ် ကွယ်လွန်ပြီးနောက် အနှစ် တစ်ရာကျော်မှ ဖွားမြင်ခဲ့လေသည်။ ကွန်ဖြူးရှပ် ဂိုဏ်းသားများ အနက် မင်းရှပ်သည် သူ့ ဆရာ၏ အတွေးအခေါ်များကို ချဲ့ထွင် ရေးသားရာ၌ အကြီးကျယ်ဆုံး ပုဂ္ဂိုလ် ဖြစ်လာသည်။ သူ၏ အရေးအသားများတွင် သူ့ဆရာ၏ ယုံကြည်ချက် ဖြစ်သော လူမှာ မွေးဖွားစဉ်ကပင် မွေးရာပါ ကောင်းမြတ်သော စိတ်စေတသိက်များ ရှိသည်၊ ထိုစိတ်ကောင်း စေတသိက်ကောင်းများကို ပဒေသရာဇ် ဘုရင် အုပ်စိုးသော စနစ်ကသာ ကောင်းစွာ ထိန်းသိမ်း၍ ကြီးပွားအောင် လုပ်ပေးနိုင်သည် ဆိုသော အချက်များကို သူ့ လက်ထက်တွင် ကျယ်ပြန့်စွာ ဖော်ထုတ်ခဲ့လေသည်။

မင်းရှပ် (မင်းကို) သည် ဆောက် ပြည်နယ်သား ဖြစ်သည်။ ဆောက် ပြည်နယ်သည် လု ပြည်နယ် အနီးရှိ ပြည်နယ် အသေးကလေး ဖြစ်သည်။ ငယ်စဉ်ကပင် သူသည် ကွန်ဖြူးရှပ် အတွေးအခေါ်၏ ဩဇာ လွှမ်းမိုးခြင်းကို ခံရသည်။ သူ ပညာရှိ တစ်ပါး ဖြစ်လာရာတွင် သူ့မိခင်၏ အမြော်အမြင် ကြီးမားပုံမှာ တရုတ် လူမျိုးများ အတွက် စံနမူနာ ယူစရာ ဖြစ်ခဲ့လေသည်။ သူ၏ ပညာ ဗဟုသုတ လေ့လာလိုစိတ် ဖြစ်ပေါ်လာပုံမှာ ဝမ်းမြောက်ဖွယ် အစဉ်အလာကောင်း တစ်ခု ဖြစ်ခဲ့သည်။

ဤပုံပြင်သည် မှားသည် မှန်သည်ကိုကား အတပ် မပြောနိုင်ပါ။ သူ့ ဖခင်သည် အသက် ငယ်ငယ်နှင့် ကွယ်လွန်သွားခဲ့လေသည်။ ထိုအခါ သူ့မိခင်သည် သားငယ်နှင့် အတူ သင်္ချိုင်းကုန်း တစ်ခု အနီးတွင် တစ်ဦးတည်း နေထိုင်ခဲ့ရလေသည်။

ထိုနောက် များမကြာမီ သူမတွင် စိတ်ပူစရာ အကြောင်း ဖြစ်ပေါ်လာလေတော့သည်။ အဘယ်ကြောင့် ဆိုသော် သူမ၏ သားသည် ကစားသော အခါ အသုဘ ထုံးစံများကို အတု ယူ၍သာ ကစားနေသောကြောင့် ဖြစ်၏။

ထိုအခါ မိခင်သည် သူ့ကို ခေါ်၍ ဈေး အနီးရှိ အိမ် တစ်အိမ်သို့ ပြောင်းရွှေ့ခဲ့လေသည်။ ထိုနေရာသို့ ရောက်သော အခါမှာလည်း သူ့ကို ပတ်ဝန်းကျင်၏ ဩဇာ လွှမ်းမိုးခြင်း ခံရပြန်သည်။ သူသည် ကစားသော အခါ ဈေးရောင်း ဈေးဝယ် အလုပ်ကို လုပ်ခြင်းဖြင့်သာ ကစားနေလေတော့သည်။

သူမသည် သူ့ သားငယ် ဤကဲ့သို့ ဈေးရောင်း ဈေးဝယ်ခြင်းဖြင့် ကစားနေပုံကိုလည်း မနှစ်သက်ပေ။

ထို့ကြောင့် ကျောင်း တစ်ကျောင်းနှင့် နီးရာ အရပ်ရှိ အိမ်တစ်အိမ်သို့ လျင်မြန်စွာ ရွှေ့ပြောင်းခဲ့ပြန်သည်။

ကျောင်း အနီးသို့ ပြောင်းရွှေ့ခြင်းမှာ သူ့သားသည် ကျောင်းသားများ ဆရာများကို အတု ယူပြီး ကစားလိမ့်မည် ဟု မျှော်လင့်၍ ဖြစ်၏။ မိခင်၏ မျှော်လင့်ချက်များ ပြီးမြောက် အောင်မြင်ခဲ့လေသည်။ သူသည် ကွန်ဖြူးရှပ်၏ မြေး ဖြစ်သူ ဇူဆု၏ တပည့်များ ဖွင့်ထားသော ကျောင်း တစ်ကျောင်းမှာ သူ စာသင်ခဲ့ရလေသည်။ ထို့နောက် သူ ဘာသာ ပညာရှိ တစ်ပါး ဖြစ်လာလေတော့သည်။

နောင်အခါ သူသည် ချီ ပြည်နယ် ဘုရင်ခံထံမှာ မင်းမှုထမ်းခဲ့လေသည်။ သို့သော် ပြည်နယ် ဘုရင်ခံ မင်းသား

က ကွန်ဖြူးရှပ် အတွေးအခေါ်ကို လွန်သော ပြုပြင် ပြောင်းလဲမှုများကို ပြုလုပ်လာသောအခါ သူသည် ထိုပြည်နယ်ကို စွန့်ခွာ ထွက်သွားခဲ့လေသည်။

သူ့ဆရာ ကွန်ဖြူးရှပ်ကဲ့သို့ ပြည်နယ် တစ်ခုမှ တစ်ခုသို့ လှည့်လည် သွားလာလျက် အုပ်စိုးသူ မင်းသားများအား ကွန်ဖြူးရှပ် နည်းလမ်းများကို လိုက်နာရန် နိုးဆော် တိုက်တွန်းခဲ့လေသည်။ သို့သော် လုံးဝ အောင်မြင်မှု မရရှိခဲ့ပေ။ ထို့ကြောင့် နောက်ဆုံးတွင် မိမိ၏ မွေးရာ ဇာတိ ဖြစ်သော ဆောက် ပြည်နယ်သို့ ပြန်ပြီး အနား ယူရန် ဆုံးဖြတ်ခဲ့လေသည်။ ထို့နောက် သူသည် ထိုပြည်နယ်တွင် ဘီစီ ၂၈၉ ခုနှစ်တွင် သူ ကွယ်လွန်သော အချိန် အထိ နေထိုင်ခဲ့လေတော့သည်။

သူ ကွယ်လွန်သော အချိန်၌ သူ့ အသက်သည် ၈၁ နှစ် ရှိပြီ ဖြစ်၏။ သူ၏ နောက်ပိုင်း အချိန် ကာလများတွင် စာပေ သင်ကြား ပို့ချခြင်း၊ အလွန် ပြေပြစ်သော အရေးအသားဖြင့် ကွန်ဖြူးရှပ် အတွေးအခေါ်များကို စာပေ ရေးသား ပြုစုခြင်း အလုပ်များကို လုပ်ကိုင်၍ နေခဲ့လေသည်။ သူ၏ အရေးအသား ကောင်းမှုကြောင့် သူ့ခေတ်က ပညာတတ် အသိုင်းအဝိုင်းထဲတွင် သူ၏ စာပေများကို အရေးတယူ လေ့လာခြင်းကို ခံခဲ့ရလေသည်။

လူ့ သဘာဝ၏ မွေးရာပါ စိတ်ဓာတ်သည် ကုသိုလ်စိတ် ဖြစ်သည်ဟု သူ အကြွင်းမဲ့ ယုံကြည်ထားလေသည်။ ဤ အယူအဆကို ဖော်ဆောင်သော၊ ထင်ရှားသော စာပိုဒ်နှစ်ခု ရှိသည်။ ထိုစာပိုဒ်များကို ကိုးကား ဖော်ပြပါမည်။

> 'လူ့သဘာဝသည် ကုသိုလ်ဘက်သို့ ညွတ်သော သဘော ရှိပုံမှာ ရေသည် နိမ့်ရာဘက်သို့သာ စီးဆင်းတတ်သော သဘောနှင့် တူပေသည်။ ရေ အားလုံးသည် နိမ့်ရာသို့သာ စီးဆင်းမြဲ ဓမ္မတာ ရှိသကဲ့သို့ လူ့စိတ်သည်လည်း ကောင်းရာ ကုသိုလ်ဘက်သို့သာ အစဉ် ညွတ်ကိုင်းသော သဘော ရှိပေသည်။
>
> လူတို့သည် မကောင်းမှု ဒုစရိုက်ကို ပြုကျင့်လာသည် ဖြစ်အံ့။ ထိုသို့ ဖြစ်ခြင်းသည် လူ၏ မူလဗီဇ စိတ်ကြောင့် မှောက်မှားခြင်း ဖြစ်ရသည် မဟုတ်။ လူတိုင်း၏ စိတ်ထဲတွင် ကရုဏာ သဘော၊ သနား ကြင်နာတတ်သော သဘော ရှိသည်ကို တွေ့ရသည်။ လူတိုင်း၏ စိတ်ထဲတွင် ရှက်တတ်သော သဘော ရှိကြောင်းကို တွေ့ရသည်။ လူတိုင်း၏ စိတ်ထဲတွင် ရိုသေ လေးစားတတ်သော သဘော ရှိကြောင်းကို တွေ့ရသည်။ လူတိုင်း၏ စိတ်ထဲတွင် အမှားနှင့် အမှန်ကို ခွဲခြားတတ်သော သဘော ရှိကြောင်းကို တွေ့ရသည်။ သနား ကြင်နာတတ်သော ကရုဏာ စိတ်ကို သူတစ်ပါး အကျိုးကို လိုလားသော စိတ်၊ ပေးကမ်း စွန့်ကြဲလိုသော စိတ်ဟု ခေါ်သည်။ ရှက်တတ်သော စိတ်ကို ဖြောင့်မှန်သော သဘောဟု ခေါ်သည်။ ရိုသေ လေးစားတတ်သော စိတ်ကို သင့်မြတ်သော သဘောဟု ခေါ်သည်။ အမှား အမှန်ကို ခွဲခြားသော စိတ်ကိုကား ပညာဟု ခေါ်သည်။ စွန့်ကြဲခြင်း၊ ဖြောင့်မတ်ခြင်း၊ သင့်မြတ်ခြင်းနှင့် ပညာ (အကျင့်သီလ ပြည့်စုံခြင်း) သဘောတို့သည် ကျွန်ုပ်တို့၏ ကိုယ်တွင်းသို့ သွတ်သွင်းရသော အရာများ မဟုတ်။ ထိုအရာများ အားလုံးသည် လူသားတို့၏ မူလ ပင်ကို သဘာဝအားဖြင့် လူမှာ ရရှိပြီးသော အရည်အချင်းများသာ ဖြစ်ကြသည်။
>
> လူတိုင်းမှာ ဤ အရည်အသွေးများသည် အစို့အညှောင့်များ အဖြစ် ပါလာကြသည်။ အပင် ပေါက်ရန် အသင့် အနေအထားတွင် ရှိကြသည်။ တစ်ခါတစ်ရံ ထိုအရည်အသွေးများသည် ပညာရှိ သူတော်ကောင်းများ၌ ရင့်မှည့်သော အခြေအနေသို့ ဆိုက်ရောက်လာကြကြောင်းကို တွေ့မြင်ကြရသည်။ ထိုအရည်အချင်းများ မပါဘဲ မွေးဖွားလာသော လူ ဟူ၍ တစ်စုံတစ်ယောက်မျှ မရှိပေ။

တရုတ် လူမျိုးများသည် အောက်ပါ စကားများကို ကိုးကား၍ ပြောတတ်ကြသည်။

'လူတိုင်းမှာ တခြား လူများ အပေါ် ထားတတ်သော အကြင်နာ ကရုဏာတရား ရှိကြမြဲ ဖြစ်သည်။ … လူတိုင်းမှာ ကရုဏာ မေတ္တာ တရား ရှိကြသည်ဟု ကျွန်ုပ် ဆိုလိုသော အနက်မှာ ဤသို့ ဖြစ်သည်။ ကလေး တစ်ယောက်သည် ရေတွင်းထဲသို့ မတော်တဆ ကျတော့မည့် အခြေအနေသို့ ဆိုက်ရောက်နေသည်ကို မြင်ရသော အခါ မြင်ရသူတိုင်း ခြွင်းချက်မရှိ စိတ် ပူပန်ကြမည်သာ ဖြစ်၏။ ထိုသို့ ပူပန်သော စိတ် ဖြစ်ပေါ်ခြင်းမှာ ထိုကလေးသည် မိမိနှင့် သွေးတော် သားစပ်သောကြောင့် မဟုတ်ပေ။ ကလေး မိဘများနှင့် ခင်မင် ရင်းနှီးမှု ရှိသောကြောင့်လည်း မဟုတ်ပေ။ သို့မဟုတ် အိမ်နီးနားချင်း မိတ်ဆွေ အပေါင်းအသင်း ဖြစ်၍လည်း မဟုတ်ပေ။ ဘေးလူများ၏ ချီးမွမ်းခြင်းကို ခံချင်သောကြောင့်လည်း မဟုတ်ပေ။ သို့မဟုတ် အကြင်နာ တရား မရှိသူဟု ပြောဆို

ဖြစ်တင်ခြင်းကို မခံလို၍လည်း မဟုတ်ပေ။ ဤရှုထောင့်က ကြည့်လျှင် အကြင်နာ ကရုဏာ တရား မရှိသော သူသည်ကား လူ မဟုတ်ဟု ဆိုနိုင်သည်။ ကောက်ကျစ်မှု၌ အရှက် မရှိသော လူကိုလည်း လူ မဟုတ် ဟု ဆိုနိုင်သည်။ နှိမ့်ချခြင်း၊ အရိုအသေ ပြုခြင်း၊ ဂါရဝ တရား မရှိသော သူကိုလည်း လူ မဟုတ်ဟု ဆိုနိုင်သည်။ အမှား အမှန်ကို မခွဲခြားနိုင်သူကိုလည်း လူ မဟုတ်ဟု ဆိုနိုင်သည်။'

သို့ပင်ဖြစ်စေကာမူ လူတိုင်းသည် ပင်ကို သဘောအားဖြင့် ကုသိုလ်စိတ်၊ ကုသိုလ် စေတသိက် ရှိကြခြင်း၌ တူညီကြသော်လည်း သူတို့သည် ကိုယ်ကျင့်တရားကို ဆောက်တည်ကြရာ၌ကား အညီအမျှ မဖြစ်နိုင်ကြပေ။ ဤကွဲပြား ခြားနားမှုက လူ အချင်းချင်း အဆင့်အတန်း မတူသော အဖြစ်သို့ လူ့ အဖွဲ့အစည်းထဲတွင် ရောက်ရှိအောင် ပြုလုပ်တတ်ပေသည်။

ဤသို့ ဆိုရိုး စကား ရှိ၏။

'တချို့သော လူပုဂ္ဂိုလ်တို့သည် စိတ်ဖြင့် အလုပ်လုပ်ကြသည်၊ တချို့သော လူတို့သည် ခွန်အားဖြင့် အလုပ်လုပ်ကြသည်၊ စိတ်ဖြင့် အလုပ် လုပ်သော သူများက အခြားသော လူများကို အုပ်စိုးကြရသည်၊ ခန္ဓာကိုယ် ခွန်အားဖြင့် အလုပ် လုပ်သော သူများက သူတစ်ပါး အုပ်စိုးခြင်းကို ခံစားကြရသည်၊ တခြားသော သူများ၏ အုပ်စိုးခြင်းကို ခံရသော သူများသည် အုပ်စိုးသူများအား ထောက်ပံ့ကြရသည်'

ဤကား တစ်လောကလုံးက အသိအမှတ် ပြုထားသော လူ့စည်းကမ်း ဖြစ်၏။

ဤ အချက်သည် တစ်ဦးသော မင်းရုပ်၏ တပည့်ဖြစ်သူအား လွန်စွာ ရှုပ်ထွေးစေခဲ့လေသည်။ ထို့ကြောင့် ထိုတပည့် ဖြစ်သူက မေးမြန်းလေသည်။

'လူတိုင်းဟာ လူဖြစ်ချင်း အတူတူ ဖြစ်ကြပါလျက် တချို့က ကြီးမြတ်သော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်၊ တချို့မှာမူကား သေးသိမ်သော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်၊ အဘယ်ကြောင့် ဤသို့ ဖြစ်ရပါသနည်း'

ထိုမေးခွန်းကို မင်းရုပ်က ဖြေလေသည်။

'လူမှာ ကြီးကျယ်သော အစိတ်အပိုင်း ရှိသည်၊ ထိုအစိတ်အပိုင်းဘက်သို့ လိုက်သော သူသည် ကြီးကျယ်သူ ဖြစ်လာသည်၊ လူမှာ သေးသိမ်သော အစိတ်အပိုင်းလည်း ရှိသည်၊ ထို အစိတ်အပိုင်းဘက်သို့ လိုက်သော သူသည် သေးသိမ်သူ ဖြစ်လာသည်'

သို့သော် တပည့် ဖြစ်သူက အလွယ်တကူ လက်မခံဘဲ အကျောက်အကန် ပြောဆိုနေလေသည်။

'အားလုံးဟာ လူဖြစ်ချင်းမှာ အတူတူပဲ၊ တချို့က ကြီးကျယ်တဲ့ ဘက်ကို လိုက်လို့ ကြီးကျယ်သည်၊ တချို့က သေးငယ်သော ဘက်ကို လိုက်လို့ သေးငယ်သည် ဆိုသည်မှာ ဘယ်လို ဖြစ်ပါသနည်း'

ထိုအမေးကို မင်းရုပ်က ဖြေသည်။

'တွေးခေါ်တတ်သော သဘောသည် စိတ်မှာ ရှိသည်၊ တွေးခေါ် ဆင်ခြင်ခြင်းအားဖြင့် စိတ်မှာ သမ္မာဒိဋ္ဌိ အမြင်ကို ရရှိလာနိုင်သည်၊ တွေးခေါ် ဆင်ခြင်ခြင်း အမှုကို လျစ်လျူရှုခြင်းအားဖြင့် အမြင်မှန်ကို မရနိုင်ပေ၊ စိတ်နှင့်အာရုံတို့သည် ကျွန်ုပ်တို့အား ကောင်းကင်ဘုံက ပေးထားသော အရာများ ဖြစ်သည်၊ လူတစ်ဦးသည် မိမိကိုယ်၏ ကြီးကျယ် မြင့်မြတ်သော ဘက်တွင် ခိုင်မာစွာ ရပ်တည်နေပါမူကား ယုတ်ညံ့ သေးသိမ်သော အစိတ်အပိုင်းက သူ့ကို ကြီးမြတ်သော ဘက်မှ ဆောင်ယူခြင်း မပြုနိုင်၊ ဤသည်ပင်လျှင် ကြီးမြတ်သောသူ ဖြစ်ရခြင်း အကြောင်း ဖြစ်၏'

သို့သော် အဘယ်ကြောင့် ကြီးကျယ် မြင့်မြတ်သော လူတို့သည် ပို၍ ထင်ရှား မဖြစ်ပါသနည်း။ ဤမေးခွန်းကို ဖြေရာ၌မူ မင်းရုပ်သည် ပတ်ဝန်းကျင် အခြေအနေက လူ အမျိုးမျိုးတို့၏ သဘာဝ တန်ခိုး သတ္တိကို ရှိရှိအောင် ဖြည့်ဆည်းရာ၌ များစွာ အကျိုး သက်ရောက်မှု ရှိပုံကို ရည်ညွှန်း ပြောဆိုလိုဟန် ရှိ၏။

ရှေး ခေတ်ကောင်းစဉ် ကာလက ဆိုလျှင် လူတို့၏ သားသမီး ကလေးများသည် အများအားဖြင့် ကောင်းမွန် မြင့်မြတ်သော သဘော ရှိခဲ့ကြလေသည်။ သို့သော် ခေတ်ဆိုးသို့ ရောက်သောအခါ ထိုကလေးများသည် အများအားဖြင့် မကောင်းမှု ဒုစရိုက်များကို ပြုကျင့်ကြကုန်သည်။

ဤသို့ ပြုကျင့်ခြင်းသည် ကောင်းကင်ဘုံက ပေးသနားထားသော သဘာဝ သတ္တိကြောင့် မဟုတ်ပေ။ ကောင်းမှုကို စွန့်၍ မကောင်းမှု ဒုစရိုက် တရားများကို ပြုကျင့်ခဲ့ကြခြင်းသည် ၎င်းတို့၏ စိတ်ကို ကျော့ဖမ်းသော မကောင်းသော ပတ်ဝန်းကျင်ထဲတွင် နစ်မွန်းခဲ့ကြသောကြောင့် ဖြစ်သည်။

လူတစ်ဦး၏ ကောင်းမြတ်သော သဘောတို့ကို ဖော်ဆောင်ပေးနိုင်သော အကောင်းဆုံးသော ပတ်ဝန်းကျင် အခြေအနေကို ဖခင်၏ အရိုက်အရာကို ခံယူရသော ပဒေသရာဇ်စနစ်တွင်သာ တွေ့ရသည်။ ထိုစနစ်တွင် အကယ်၍ အုပ်စိုးသူသည် မင်းမှုးမတ်တို့ ကောင်းစားရေး အတွက် အုပ်ချုပ်

ခြင်း မပြုဘဲ ပြည်သူ အများ ကောင်းစားရေး အတွက် အုပ်စိုးပါမူကား ထိုစနစ်သည် အကောင်းဆုံးသော ပတ်ဝန်းကျင် အခြေအနေ ဖြစ်သည်။

မင်းရုပ်သည် ချီ ပြည်နယ် ဘုရင်ခံ *ဆုအန်* [၁] ထံသို့ သွားသော အခါ တရုတ်ပြည်၏ ဧကရာဇ် ဖြစ်ရန် အကြံရှိသော ထိုမင်းက ဧကရာဇ် မင်းစည်းစိမ်ကို ရရှိအောင် ဘယ်သို့သော ကောင်းမှု ကုသိုလ်ကို ပြုရမည်နည်းဟု မေးကြောင်း မှတ်တမ်း ရှိသည်။

ထိုအခါ မင်းရုပ်က ဖြေသည်။

'မင်းကြီး၊ ပြည်သူတို့ အပေါ်၌ မေတ္တာတရား ထား၍ လုံခြုံအောင် ကာကွယ် စောင့်ရှောက်ပါလော့'

ထိုအခါ မင်းကြီးက မေးပြန်သည်။

'ကျွန်ုပ်ကဲ့သို့သော မင်းသည် ပြည်သူတို့ကို မေတ္တာဖြင့် ကာကွယ် စောင့်ရှောက်ရန် စွမ်းနိုင်ပါမည်လော'

ထိုအခါ မင်းရုပ်က 'မှန်ပါသည်၊ စွမ်းနိုင်ပါ၏' ဟု ပြောလေသည်။

'မင်းကြီး၊ သင် မင်းကြီး၏ မိသားစုထဲမှာ ရှိသော ဂုဏဝုမို၊ ဝယဝုမို ရှိသူတို့အား ကြည်ညို လေးစားမှုဖြင့် ဆက်ဆံပါ၊ ထိုအခါ အခြားသော မိသားစုတွင် ရှိသော အသက် ကြီးသူ၊ ဂုဏ်ကြီးသူတို့ကိုလည်း တစ်ပါးသောသူတို့သည် သင်မင်းကြီး နည်းတူ ကြည်ညို လေးစားသောအားဖြင့် ဆက်ဆံကြပါလိမ့်မည်၊ သင့် မိသားစုထဲရှိ ငယ်သူတို့ အပေါ်၌ ကရုဏာ တရားဖြင့် ဆက်ဆံပါလော့၊ ထိုအခါ အခြား မိသားစုများထဲမှာ ရှိသော ငယ်သူတို့ကိုလည်း တစ်ပါးသူတို့သည် အကြင်နာ ကရုဏာ တရား ထား၍ ဆက်ဆံ လာကြပါလိမ့်မည်၊ ဤသို့ ပြုကျင့်ပါက တိုင်းနိုင်ငံ တစ်ခုလုံးမှာ ထိုသို့သော ဆက်ဆံရေးသည် အနှံ့အပြား ဖြစ်ပေါ်လာပါလိမ့်မည်။

'ယခုအခါ သင်မင်းကြီးကသာ ထိုကဲ့သို့ ပြုမူ ဆက်ဆံပါက အစိုးရ၏ အပြုအမူသည် အများ ကောင်းစားရေးကို ဖြစ်ပေါ်စေပါက နိုင်ငံတော် အတွင်းရှိ မင်းမှုထမ်းအပေါင်းတို့ကလည်း အရှင်မင်းကြီး၏ အမှုတော်ကို ကျေပွန်စွာ ထမ်းဆောင်ကြပါလိမ့်မည်၊ လယ်သမားများကလည်း အရှင်မင်းကြီး၏ လယ်ယာမြေများကို ထွန်ယက် စိုက်ပျိုးပေးလိုစိတ် ဖြစ်ပေါ်လာပါလိမ့်မည်၊ ကုန်သည်များကလည်း သင်မင်းကြီး၏ ဈေးပြင်ကနား၌ သူတို့၏ ကုန်ပစ္စည်းများကို သိုလှောင် ရောင်းချကြပါလိမ့်မည်'

ဤစကားများကို ထောက်ရှုခြင်းအားဖြင့် မင်းရုပ်၏ စိတ်ထဲတွင် သူ၏ စံပြ နိုင်ငံတော်နှင့် ပတ်သက်သော အယူအဆ (ရှေးကျသော ပဒေသရာဇ် စနစ်) ကို စွဲမြဲစွာ ဆုပ်ကိုင်ထားစေကာမူ သူသည် ပြည်သူလူထု၏ အရေးပါသော အခန်းကဏ္ဍကိုလည်း အခိုင်အမာ ပြောဆိုခဲ့လေသည်။

'ပြည်သူ လူထုသည် နိုင်ငံတော်တွင် အရေး အပါဆုံးသော အစိတ်အပိုင်း ဖြစ်သည်၊ ထို့ကြောင့် ကျေးလက်ဇနပုဒ်သားတို့ကို ရရှိအောင် ပြုလုပ်ခြင်းသည် ဧကရာဇ် ဖြစ်လာရန် နည်းလမ်းပင် ဖြစ်သည်'

မင်းရုပ်သည် သူ့ခေတ် သူ့အခါက ပေါ်ပေါက်ခဲ့ကြသော မာခီယာဗယ်လီ ဆန်သော မှူးမတ်များ၏ အယူအဆကိုလည်း တိုက်ခိုက် ပြောဆိုခဲ့လေသည်။

'ယခု ခေတ်တွင် မင်း အနားမှာ ခစားကြရသော သူများက ပြောဆိုလေ့ ရှိသည်မှာ ငါတို့သည် ငါတို့၏ မင်း အတွက် လယ်ယာမြေများကို တိုးချဲ့ စိုက်ပျိုးအောင် လုပ်ဆောင်နိုင်သည်၊ ဘုရင်၏ ရတနာ ရွှေတိုက်ကို ပြည့်တင်းနိုင်သည်၊ လက်နက် အင်အားကိုလည်း ပြည့်စုံစေနိုင်သည်' ဟူ၍ ဖြစ်၏။

ထိုကဲ့သို့သော မှူးမတ်များကို ယခု အခါ 'ကောင်းသော မှူးမတ်များ' ဟု ခေါ်ကြသည်။ သို့သော် ရှေးအခါကမူ ထိုကဲ့သို့သော သူများကို 'ပြည်သူ့ ဓားပြများ' ဟုသာ ခေါ်ခဲ့ကြလေသည်။

မင်းရုပ်သည် သူ့ခေတ် သူ့အခါကို ကောင်းစွာ လေ့လာပြီးနောက် သူ၏ စံပြ အစိုးရ စနစ် ထူထောင်ရေး ကိစ္စတွင် စစ်ကြောင့် ဖြစ်ခွင့် ဖြစ်လမ်း အားလုံးကို ပျက်စီးသွားစေနိုင်သည် ဆိုသော အချက်ကို ကောင်းစွာ သဘောပေါက်ခဲ့လေသည်။ ထို့ကြောင့် သူသည် အစဉ်သဖြင့် စစ်ကို ကဲ့ရဲ့ပြစ်တင်ခဲ့လေသည်။

စစ်ကို ဖန်တီးသူများသည်လည်း 'ပြည်သူ့ ဓားပြများ' ပင် ဖြစ်သည်။ စစ်နှင့် ပတ်သက်၍ သူ့မှာ ပိုကဲသော ယုံကြည်ချက် အချို့လည်း ရှိသည်။

စစ်သည် နိုင်ငံတော်ကို ဥပဒ် အန္တရာယ် ဖြစ်စေရုံသာမက စစ်သည် ကောင်းကင်ဘုံ၏ ပညတ်ချက်များကို ချိုးဖောက်သော သူများအား အပြစ်ဒဏ် ခတ်ရာ၌လည်း ထိရောက်မှု ရှိသည်။ တိုင်းပြည် တစ်ပြည်ကို မကောင်းသဖြင့် အုပ်ချုပ်သော အခါ ကောင်းကင် နိုင်ငံတော်သည် အကျင့် ပျက်မှု ဒုစရိုက်များ အကန့်အသတ် မရှိ ဖြစ်ပေါ်သည် အထိ အားကြီးသူက အားငယ်သူ အပေါ် နှိပ်စက် အနိုင်ယူခြင်းကို ခွင့်ပြုသည်။ ထို့နောက် ဖြောင့်မတ် မှန်ကန်

---

၁။ Hsiian

သော တရား ရှိသူတို့သည် စုရုံးကြပြီးလျှင် ပုန်ကန် ထကြွလာကြပြီးလျှင် ကောင်းကင်ဘုံ၏ အခွင့်အာဏာဖြင့် မျှော်လင့်ချက် ကင်းမဲ့လောက်အောင် အကျင့် ပျက်နေသော အုပ်စိုးသူ မင်းအား ရာဇပလ္လင်ပေါ်မှ မောင်းထုတ် ပစ်ကြပေတော့သည်။

ဤသည်ကား မင်းရှပ်၏ ဘာသာရေး အမြင် ဖြစ်၏။ သိခက် နက်နဲသော ဂမ္ဘီရ သဘောကို ဆောင်သော အမြင်ဖြစ်၏။

သူသည်လည်း ကွန်ဖြူးရှပ်ကဲ့သို့ပင် ကောင်းကင်ဘုံ၏ လမ်းညွှန်မှုနှင့် ကောင်းကင်ဘုံ၏ ခန့်ထားသော သဘောကို ယုံကြည်သူ ဖြစ်၏။

ကောင်းကင်ဘုံသည် မြင်လည်း မြင်သည်၊ ကြားလည်း ကြားသည်။ အရာခပ်သိမ်းတို့ အတွက် ကောင်းကင်ဘုံမှ သတ်မှတ် ခန့်ထားပေးချက် ရှိသည်။ လူတစ်ဦးသည် သူ့စိတ်ကို သမာဓိ ရအောင် လေ့ကျင့်ပြီးနောက် မိမိ၏ သဘောသဘာဝကို လေ့လာခြင်းအားဖြင့် ကောင်းကင်ဘုံ၏ ဆန္ဒတော်ကို သိရှိနိုင်သည်ဟု သူ ရှုမြင်သည်။ အဇ္ဈတ္တ သန္တာန်၏ ပြကတေ့ သဘောကို ကောင်းကင်ဘုံက ဖန်ဆင်းပေးသည်။

ဤအဇ္ဈတ္တ သန္တာန်၏ ပြကတေ့ သဘောကို ရိုးဖြောင့်သော သဘောဖြင့် ကြည့်ခြင်းသည် ကောင်းကင်ဘုံကို ထိုမှ တစ်ဆင့် ရှုမြင်နိုင်သည်။

တောက်ဝါဒီများနှင့် အပြိုင်အဆိုင် သဘောအားဖြင့် မင်းရှပ်က ကိုယ်ကျင့်တရားနှင့် စပ်ဆိုင်သော သဘောတို့သည် ကျွန်ုပ်တို့ ကိုယ်ထဲမှာ အပြည့်အစုံ ပါရှိပြီး ဖြစ်သည်ဟု ယုံကြည်လေသည်။

ထို့ကြောင့် ဒေါက်တာ ချန်၊ ဝစ်၊ ဇစ်က 'မိမိတို့ အဇ္ဈတ္တ သန္တာန်ကို နားလည်စေရန် သဘာဝ တရားကို လေ့လာမည့် အစား သဘာဝ တရားကို နားလည်စေရန် မိမိတို့ အဇ္ဈတ္တ သန္တာန်ကို လေ့လာပါ' ဟု ဆိုသည်။

ဤနည်းအားဖြင့် ကောင်းကင်ဘုံက ကြိုတင် သတ်မှတ် ပေးလိုက်သော မိမိတို့၏ ကံကြမ္မာကို ပြည့်အောင် ဖြည့်ဆည်းကြရမည်ဟု ဆိုသည်။

ဤအချက်တွင် မင်းရှပ်သည် နောင်နှစ်ပေါင်း ထောင်နှင့် ချီ၍ ကြာအောင် ဩဇာ ကြီးမားခဲ့သော အကြံပြုချက် တစ်ခုကို ပေးခဲ့လေသည်။

သူ့အမြင်တွင် လူတိုင်း လူတိုင်းမှာ ၎င်းတို့၏ ကိုယ်တွင်း၌ 'ကျယ်ပြန့်စွာ စီးဆင်းလျက် ရှိသော ရှင်သန်သော စွမ်းအင်' ရှိသည်ဟု ယုံကြည်သည်။ ထိုစွမ်းအင်ကို သူက ချီ[၁] ဟု ခေါ်သည်။ ၎င်းမှာ ဘာဂဆွန်၏ အတွေးအခေါ်တွင် ပါဝင်သော Elan Vital ခေါ် ရှင်သန် ကြီးထွားမှုကို ဖြစ်စေသော စွမ်းအားမျိုး ဖြစ်သည်။ ဖြောင့်မတ် မှန်ကန်စွာ အကျင့် သီလနှင့် အညီ အသက်ရှင် နေထိုင်သော ပုဂ္ဂိုလ်မည်သူမဆိုသည် ဤ ဇီဝ ဝိညာဉ် စွမ်းအင် ချီ၏ လွတ်လပ်စွာ စီးဆင်းမှုကို အတားအဆီး ပြုသော အရာများကို ဖယ်ရှားပစ်နိုင်သည်။ ရှင်သန် ကြီးထွားမှုကို ဖြစ်စေရန် ထိုအရာက ကူညီ အားပေးသည် မဟုတ်။ ရှင်သန် ကြီးထွားမှုကို ဖြစ်စေသော အလွန် ကြီးမားသော စွမ်းအင်သည် ရှိပြီးသား ဖြစ်သည်။ လိုအပ်သည်မှာ ထိုစွမ်းအင် စီးဆင်းရာ မြောင်းကို ရှင်းပေးရန်သာ ဖြစ်သည်။

ဖြောင့်မတ် မှန်ကန်ခြင်းဖြင့် ထို စွမ်းအင် စီးဆင်းရာ မြောင်းကို ရှင်းပေးရမည်။ ထိုသို့ ရှင်းပေးလိုက်လျှင် ထို စွမ်းအင်သည် သူ့ အလိုလို လွတ်လပ်စွာ စီးဆင်းသွားနိုင်မည် ဖြစ်သည်။

ထိုအခါ သူတော်စင်သည် ထို တန်ခိုး သတ္တိကို ရရှိပြီးလျှင် တန်ခိုး ဩဇာ ကြီးမား ကျယ်ပြန့် လာပေတော့သည်။

'ဤ စွမ်းအင်ကား အလွန့် အလွန် ကြီးမား၏၊ အလွန့် အလွန်လည်း အားသန်လှပေသည်၊ ထိုစွမ်းအင်ကို ဖြောင့်မတ် မှန်ကန်ခြင်းဖြင့် ထောက်ပံ့ အားပေးပြီး ထိခိုက် နာကျင်ခြင်း မရှိအောင် ထိန်းသိမ်းပါက ထိုစွမ်းအင်သည် ကောင်းကင်နှင့် မြေပြင် အကြား အာကာသ တစ်ခုလုံးသို့ ပျံ့နှံ့သွားသည်'

မင်းရှပ်၏ အမြင်နှင့် တောက် ဝါဒီတို့၏ အမြင်ကို ပို၍ ကွဲပြားစွာ ရှုမြင် သုံးသပ်မည် ဆိုပါက တောက် ဝါဒီတို့၏ အမြင်သည် တောက်ကို ဗဟိဒ္ဓ သဘာဝတွင် ရှာသော အမြင် ဖြစ်သည်။ မင်းရှပ် အမြင်မှာကား အဇ္ဈတ္တ သန္တာန်၌ ဇီဝဝိညာဉ် စွမ်းအင်၏ စီးဆင်းခြင်းကို ရှာသော အမြင် ဖြစ်သည်ဟု ဆိုနိုင်သည်။

နောင်လာသော မျိုးဆက်များ၌ လူသားတို့၏ အဇ္ဈတ္တ သန္တာန်၌ ကုသိုလ်စိတ် ရှိသည် ဆိုသော မင်းရှပ်၏ အမြင်ကိုပင် လက်ခံခဲ့ကြလေသည်။ သို့သော် သူ၏ အကောင်းမြင်ဝါဒ၊ သိမ်မွေ့မှု၊ ပညာကို ချစ်မြတ်နိုးမှုနှင့် ငြိမ်းချမ်းရေး သဘောတို့သည်လည်း သူ၏ ဩဇာကို တိုးပွား စေခဲ့လေသည်။ အထူးသဖြင့် ပညာတတ် အသိုင်းအဝိုင်းထဲတွင် သူ့ ဩဇာ ကြီးမားခဲ့လေသည်။

---

၁။ Ch'i

ထို့ကြောင့်လည်း ကွန်ဖြူးရှပ် ဝါဒီများ၏ အမြင်တွင် ကွန်ဖြူးရှပ် ပြီးလျှင် မင်းရှပ်သည် ဒုတိယ အထင်ရှားဆုံး သော ပုဂ္ဂိုလ် အဖြစ် သတ်မှတ်ကြသည်။

## ဆွန်ဇူး၊ အယူ ဖောက်ပြန်မှု ချန့်ဝီယံ

မင်းရှပ် မကွယ်လွန်မီ အချိန်ကလေးတွင် ဖွားမြင်သည်။ ဆွန်ဇူးသည် လတ်တလော ဩဇာ ကြီးမားလာသူ ဖြစ်သည်။ ဤကဲ့သို့ ဩဇာ ကြီးမားလာခြင်းမှာ သူ၏ ဘက်စုံ ကျွမ်း ကျင် လိမ္မာမှုကြောင့်လည်း ဖြစ်သည်။ အထိုက်အလျောက် သူသည် တောက်ဝါဒီတို့၏ ဩဇာ လွှမ်းမိုးခြင်းကို ခံခဲ့ရ သည်။ အလားတူစွာ ဥပဒေ ဂိုဏ်းသားများ၏ ဩဇာ လွှမ်း မိုးခြင်းကိုလည်း ခံခဲ့ရသည်။ ဥပဒေ ဝါဒီများ နည်းတူ သူ သည် နိုင်ငံတော်၏ အခွင့်အာဏာ ရှိမှုနှင့် လုပ်ဆောင်မှု အပိုင်းကို ချီးမြှောက် ပြောဆိုခဲ့သည်။

ထို့ပြင် လူ့သဘာဝ၏ အားနည်းချက်များကို လက်ခံ ရာ၌လည်း အလွန် သရုပ်မှန် ဝါဒီ ဆန်သည်။

ဆွန်ဆူး သို့မဟုတ် ဆွန်ကျင်း (ဘီစီ ၂၉၈-၂၃၈) သည် ကျောက်နယ် ဇာတိ ဖြစ်သည်။ သို့ရာတွင် သူ့ဘဝ ၏ အချိန် ကာလ များစွာသည် ချီ ပြည်နယ်တွင် ကုန်လွန် ခဲ့လေသည်။ ထိုပြည်နယ်တွင် သူသည် ကြီးကျယ်သော မင်းမှုထမ်း အရာရှိကြီး တစ်ဦး ဖြစ်ခဲ့လေသည်။ နန်းတော် ထဲမှာသာမက ပြင်ပရှိ ပညာရှင်များ အုပ်စုထဲတွင်လည်း သူသည် တက်ကြွစွာ ပါဝင် လှုပ်ရှားခဲ့သူ တစ်ဦး ဖြစ်လေ သည်။ သူသည် ဟန်ဖိုင်နှင့် လီဆုတို့အား ပညာ သင်ကြား ပေးခဲ့လေသည်။ ၎င်းတို့သည် ဥပဒေ ဂိုဏ်းသားများ၏ အသိုင်းအဝိုင်းတွင် ခေါင်းဆောင်များ ဖြစ်ခဲ့ကြလေသည်။

ချီ ပြည်နယ်တွင် စွပ်စွဲ၍ မကောင်း သတင်း ပြော ဆိုခြင်း ခံရပြီးနောက် သူသည် ချူ ပြည်နယ်သို့ ထွက်ခွာ သွားခဲ့လေသည်။ ထိုပြည်နယ်၏ လန်လင်းမြို့တွင် တရား သူကြီး အဖြစ် ဆောင်ရွက်ကာ သူ၏ သက်ကြီး ရွယ်အို ပိုင်းကို ကုန်ဆုံးစေခဲ့လေသည်။

သူ၏ ဒဿန အမြင်များကို ထူထောင်ရာ၌ ဆွန်ဇူး သည် မင်းရှပ်၏ အဓိကကျသော အတွေးအခေါ် အယူ အဆကြီး နှစ်ခုကို ငြင်းပယ်ခဲ့လေသည်။

တစ်ခုမှာ လူသား၏ မွေးရာပါ သဘာဝသည် ကောင်း မြတ်သော ကုသိုလ် စိတ်နှင့် ယှဉ်သော သဘာဝ ရှိသည် ဆိုသော အမြင် ဖြစ်သည်။ ထို့ပြင် နောက် အယူအဆ တစ်ခုမှာ ကောင်းကင်ဘုံသည် လူ့ဘုံ လောကကို သူ၏ ပုဂ္ဂိုလ်ရေး ကိစ္စ တစ်ရပ်လို စောင့်ကြည့်နေသည် ဆိုသော အမြင် ဖြစ်သည်။

ထိုအဓိက ကျသော မင်းရှပ်၏ အမြင် နှစ်ခုစလုံးကို ဆွန်ဇူးက ငြင်းပယ်လိုက်လေသည်။ သူ့အမြင်တွင် 'လူ သားသည် သဘာဝအားဖြင့် ယုတ်မာသည်၊ အကျင့် ဆိုး သည်' ဟု ခံယူသည်။ လူသားကို ကောင်းမြတ်သော ဘဝ အခြေအနေသို့ ရောက်အောင် ပြုပြင် သင်ကြားပေးမှ ရ သည်။ ထိုကဲ့သို့ သင့်တော်သော အခြေအနေမှာ ထားပြီး တိတိကျကျ တိုးတက် ကောင်းမွန်လာအောင် ပြုပြင်နိုင် သော်လည်း သူ့ကို သူ့သဘောနှင့်သူ ရှိစေတော့ဟု ပစ်ချ ထားလိုက်လျှင် သူသည် ကောက်ကျစ် စဉ်းလဲလာပြန်သည်။ ပင်ပျို့ ပင်နုနှင့် တူသည်။ ပင်ပျို့ ပင်နုကို ဖြောင့်ဖြောင့် မကြီးထွားမီ တစ်ခုခုနှင့် ကပ်၍ ဖြောင့်အောင် ချည်နှောင် ထားမှသာ ဖြောင့်ဖြောင့် ကြီးထွား ရှင်သန် လာသကဲ့သို့ ဖြစ်သည်။ လူသား၏ ဆုံးမ မနိုင်၊ ဆိုနိုင် ခက်ခဲသော သဘောကို ထိန်းချုပ်ရန် အတွက် သင့်တော်သော စည်း မျဉ်း စည်းကမ်းနှင့် ဥပဒေ လိုသည်။ ထိုဥပဒေဖြင့် သူ တစ်ပါး၏ ပိုင်ဆိုင်မှု၊ သူတစ်ပါး၏ အခွင့်အရေးကို အသိ အမှတ်ပြု လေးစားလာအောင် ကွပ်ညှပ် ပြုပြင်ပေးရသည်။ လူသား၏ ဆိုးရွား ယုတ်မာသော သဘာဝကို ဆုတ်ယုတ် စေပြီး ကောင်းသော သဘာဝ ရှင်သန် ကြီးထွားလာအောင် မှန်မှန်ကန်ကန် ပညာ ပေးသော နည်းဖြင့်လည်း ပြုပြင် ရသည်။

ဤ အမြင်သည် လီ၏ အရေးပါမှုကို အလေးအနက် ပြုရာ၌ ဆွန်ဇူးက ကွန်ဖြူးရှပ်ထက်ပင် သာသည်ဟု ဆိုရ သည်။ စည်းမဲ့ကမ်းမဲ့ ကပေါက်တိ ကပေါက်ချာ ဖြစ်နေ သော လူ့သဘောကို ပြုပြင်ရန် အတွက် နိုင်ငံတော်သည် လီနှင့် အညီ ကျင့်ကြံ နေထိုင်တတ်အောင် သင်ကြား ပြုပြင် ပေးသော ပညာရေး စနစ်ကို ချမှတ်ရမည်ဟု သူက ဆိုလေ သည်။

> လူ့သဘာဝသည် ယုတ်ညံ့၏။ … ထို့ကြောင့် လူသား၏ မူလ သဘာဝကို ဇက်ကြိုး လျှော့ပေးပြီး လူ့ ခံစားမှု ဝေဒနာ နောက်သို့ လိုက်ပါပါမူကား မလွဲမသွေ လုယက် ဖက်ပြိုင်ခြင်းနှင့် လျှပ်စားဖြတ် စားခြင်းကို ကြုံရမည် ဖြစ်၏။ ကောက် ကွေး သော သစ်သားသည် လက်သမား၏ စည်းမျဉ်းနှင့် အညီ ဖြောင့်ဖြောင့်စန့်စန့် သစ်ခွေနိုင်စေရန် ရေနွေးငွေ့ ဖြင့် ပေါင်းခံ၍ ဆန့်ရမည် ဖြစ်၏။ ထိုသို့ ပြုလုပ်မှ သာ ထိုသစ်သားသည် စန့်စန့်ဖြောင့်ဖြောင့် ဖြစ်နိုင်

၏။ အသွားတုံးသော သံသတ္တုကို ကြိတ်ပြီး သွေးရ၏။ သို့မှသာ အသွား ထက်နိုင်သည်။ လူသား၏ မူလ သဘာဝသည်လည်း ယုတ်ညံ့၏။ ထို့ကြောင့် သူသည် ဆရာ့ထံမှာ ပညာ သင်ကြားရ၏။ ဥပဒေကို လေးစား လိုက်နာရ၏။ ထိုသို့ ပြုလုပ်မှသာ လူသည် ဖြောင့်မတ်သော သဘောကို ဆောင်တတ်၏။

မင်းရှပ်၏ အမြင် ဖြစ်သော သင့်မြတ်သော အပြုအမူ ဖြစ်ပေါ်လာအောင် လေ့ကျင့် သင်ကြားခြင်းဖြင့် ရအပ်သော အတွေ့အကြုံကို စုဆောင်း၍ ရရှိနိုင်စေကာမူ ထိုအပြုအမူ အနေအထိုင်သည် လူ့သဘာဝနှင့် တခြားစီ ဖြစ်သည် ဆိုသော အမြင်ကို ဆန့်ကျင်လျက် ဆွန်ဇူးက စောဒက တက်သည်။

လေ့ကျင့် စုဆောင်း၍ ရအပ်သော၊ သင့်မြတ်သော အပြုအမူ၏ စိုးမိုးခြင်း (လီ) နှင့် တရား မျှတခြင်း သဘော (ယီ) နှင့် ပညာရှိ သူတော်ကောင်းတို့၏ ဆက်ဆံမှုသည် အိုး လုပ်သူနှင့် ရွှံ့စေးတို့၏ ဆက်ဆံရေးနှင့် တူ၏။ အိုး လုပ်သူသည် ရွှံ့စေးကို ထုထောင်း၍ ပုံသွင်းခြင်းဖြင့်သာ အိုး အမျိုးမျိုးကို ဖန်တီး၍ ရရှိနိုင်ပေသည်။

ပညာရှိ မင်းများသည် လူ့သဘာဝ၏ ယုတ်ညံ့ခြင်း၊ အကျင့် ပျက်ခြင်း၊ ပုန်ကန် ထကြွလိုခြင်း၊ ကစဥ့်ကလျား ရှိခြင်း သဘောကို သိရှိကြကုန်သည်။ ထို့ကြောင့် ထို ဆိုးယုတ်သော လူသားကို ပြုပြင်ရန် အလို့ငှာ ပညာ ရှိသော မင်းကောင်း မင်းမြတ်တို့သည် သင့်မြတ် လျော်ကန်သော လူ့အပြုအမူများ ဖြစ်ပေါ်လာစေမည့် စည်းကမ်းများကို ရှင်းလင်း ပြတ်သားစွာ ချမှတ်ကြရသည်။ သူတို့သည် ဤသို့ သိမြင်ကြကုန်သည်။

'အကယ်၍ လူမှာ ဆရာ မရှိ၊ သို့မဟုတ် အကျင့်သီလ မရှိ၊ ထိုအခါ သူသည် အကယ်၍ ဉာဏ်ပညာ ရှိသူ ဖြစ်လျှင် သူသည် ဓားပြ လူဆိုး ဖြစ်လာပေလိမ့်မည်၊ သူသည် ရဲရင့်သူ ဖြစ်လျှင် သူသည် မုချ လူသတ်သမား ဖြစ်လာပေမည်၊ အကယ်၍ သူ့မှာ အရည်အချင်း ရှိသူ ဖြစ်လျှင် သူသည် မုချ မတည်မငြိမ် ဖြစ်အောင် လှုံ့ဆော်လိမ့်မည်၊ အကယ်၍ သူသည် စကား အချေအတင် ငြင်းခုံတတ်သူ ဖြစ်လျှင် သူသည် သစ္စာတရားနှင့် ဝေးကွာသော အဖြစ်သို့ ဆိုက်ရောက်သွားပေလိမ့်မည်၊ သို့ရာတွင် အကယ်၍ လူမှာ ဆရာလည်း ရှိ၍ အကျင့် သီလလည်း ရှိလျှင်ကား အကယ်၍ သူသည် ဉာဏ် ရှိသူ ဖြစ်လျှင် သူသည် လျင်မြန်စွာ ပညာတတ် ဖြစ်လာနိုင်သည်၊ အကယ်၍ ရဲရင့်သူ ဖြစ်လျှင်ကား သူသည် လျင်မြန်စွာ အံ့ဖွယ်သရဲကို ဖန်တီးနိုင်သူ ဖြစ်လာမည်၊ အကယ်၍ သူ့မှာ အရည်အချင်း ရှိလျှင် သူသည် လျင်မြန်စွာ ခြောက်ပြစ်ကင်း ပုဂ္ဂိုလ် ဖြစ်လာမည်၊ အကယ်၍ သူသည် စကား အချေအတင် ပြောမှု၌ ကျွမ်းကျင်သူ ဖြစ်ပါက သူသည် လျင်မြန်စွာ အမှုကိစ္စတို့၏ အမှန် အမှားကို ခွဲခြား သိမြင်နိုင်သူ ဖြစ်လာပေလိမ့်မည်'

ကောင်းကင်ဘုံနှင့် ပတ်သက်သော သဘောထား အရာ၌မူ ဆွန်ဇူးသည် တောက် ဝါဒီတို့၏ သဘောထားဘက်သို့ ယိုင်ညွှတ်မှု ရှိကြောင်းကို တွေ့ရသည်။

ထိုသဘောမှာ တောက် ဝါဒီတို့၏ ပုဂ္ဂိုလ် မဆန်သော သဘာဝ ဖြစ်စဉ် အတိုင်း ဖြစ်ခြင်း သဘော၊ တောက် သဘောပင် ဖြစ်သည်။ ကောင်းကင်ဘုံ၏ သဘောကို လူသား အသွင်သဏ္ဍာန်ဖြင့် မရှုမြင်အပ်။ အဘယ်ကြောင့်ဆိုသော် ကောင်းကင်ဘုံ ဆိုသော အမည်သည် စကြဝဠာ ဖြစ်စဉ်ကို ပြုပြင်လျက် ရှိသော ကျေနပ်အောင် လျော်ကြေး ပေးသော နိယာမ သဘော၏ အမည်သာ ဖြစ်သည်။ ထို့ကြောင့် ဝတ်ပြု ဆုတောင်းတိုင်း မိမိ ဆုတောင်း ပြည့်လိမ့်မည်ဟု မမျှော်လင့်အပ်ဟု သူက ဆိုသည်။

'အကြင်သူသည် ကောင်းကင်ဘုံနှင့် အလောင်းအစား သဘော မပြုလုပ်အပ်ပေ၊ အရာရာသည် သူ့သဘော သူဆောင်၍ တောက်နှင့် အညီသာလျှင် ဖြစ်ပေါ်နေကြပေသည်၊ ... ကြယ် ကြွေသော အခါ ဖြစ်စေ သို့မဟုတ် နတ်သစ်ပင် ညည်းတွားသော အခါ ဖြစ်စေ လူတို့သည် အထိတ်တလန့် ဖြစ်ကြရကုန်၏၊ သူတို့က ဒါ ဘာကြောင့် ဖြစ်သလဲဟု မေးကြ၏၊ ကျွန်ုပ်က ဘာကြောင့်မှ မဟုတ်၊ ဘာအကြောင်းမျှ မရှိဟု ဖြေလိုက်၏၊ ဤသို့ ဖြစ်ခြင်းမှာ ကောင်းကင်နှင့် မြေပြင်တို့၏ ပြုပြင် ပြောင်းလဲမှုကြောင့် ဖြစ်ခြင်း ဖြစ်၏၊ ယင်နှင့် ယန်းတို့၏ အပြောင်းအလဲကြောင့် ဖြစ်ကြောင်း ပြောရ၏၊ လူတို့က မိုးကို ရွာအောင် ဆုတောင်းပါက မိုး ရွာ၏၊ အဘယ်ကြောင့် ထိုသို့ ဖြစ်သနည်းဟု မေးကြ၏၊ ကျွန်ုပ်က ဘာ အကြောင်းမှ မရှိဟု ဖြေ၏၊ လူတွေက မိုး ရွာအောင် ဆုမတောင်းလည်း မိုးကတော့ သူ့အချိန်ကျ သူ ရွာမှာပဲဟု ဖြေလိုက်၏၊ လူတွေက အားမြလှသော ဆောင်းရာသီကို မလိုလားကြစေကာမူ ကောင်းကင်ဘုံက ဆောင်းရာသီကို ပယ်ဖျက်ပစ်လိုက်မည် မဟုတ်ပေ၊ ထို့အတူ ကျွန်ုပ်

တို့က ဝေးကွာလှမ်းခြင်းကို ကန့်ကွက်သောကြောင့်လည်း မြေပြင်က မြေကြော ရှုံ့ပေးလိမ့်မည် မဟုတ်ချေ။

'ကျွန်ုပ်တို့က အသုံးအစွဲ စေ့စပ် ခြိုးခြံပြီး စီးပွား ဥစ္စာ တိုးပွားရာ တိုးပွားကြောင်း ကြံစည် လုပ်ကိုင်နေသရွေ့ ကောင်းကင်ဘုံမှာ ကျွန်ုပ်တို့ကို ဆင်းရဲအောင် ပြုလုပ်နိုင်သော အစွမ်းသတ္တိ မရှိပေ၊ ထို့အတူ ကျွန်ုပ်တို့ကသာ အာဟာရ ပြည့်ဝသော အစားအစာကို စားသုံးပြီး ကိုယ့်ကိုယ်ကိုယ် အနေအထိုင် ဆင်ခြင်၍ နေပါမူ ကိုယ်ကာယ လေ့ကျင့်ခန်းများကို မှန်မှန် ပြုလုပ်နေလျှင်လည်း ကောင်းကင်ဘုံသည် ကျွန်ုပ်တို့ကို နာမကျန်း ဖြစ်အောင် လုပ်နိုင်ဖို့ ခဲယဉ်းပေသည်။

'အရာခပ်သိမ်းတို့ကို ဖြစ်ပျက်အောင် ဆောင်ရွက်ခြင်းသည် ကောင်းကင်ဘုံ၏ နည်းလမ်း မဟုတ်၊ ထို့အတူ ကမ္ဘာ မြေပြင်၏ နည်းလမ်းလည်း မဟုတ်၊ ၎င်းမှာ လူတို့၏ လုပ်နည်းလုပ်ဟန်သာ ဖြစ်၏'

သဘာဝ တရားထဲတွင် ဖြစ်ပျက်သော အဖြစ်အပျက်အားလုံးသည် သဘာဝ နိယာမ အတိုင်းသာ ဖြစ်ပျက်ကြရသည်။ သဘာဝထက် လွန်ကဲသော ဖန်ဆင်းခြင်း ဟူသည် ဘယ်မှာမှ မရှိပေ။

ဤအချက်တွင် ဆွန်ဇူးသည် အသေအချာ ယုံကြည်သည့် အလျောက် သူသည် နတ်များ၊ ဝိညာဉ်များ ရှိသည် ဆိုသော အချက်ကိုပင် ငြင်းပယ်ခဲ့လေသည်။ လူတို့ ယုံကြည်နေကြသော ဘုံဗိမာန်ဖြင့် နေသော နတ်များလည်း မရှိ၊ နတ်မိစ္ဆာများ၊ အသူရာများလည်း မရှိ၊ ကုန်ကုန် ပြောရလျှင် ဘိုးဘွား ဘီဘင် ရီးရာ နတ်များလည်း မရှိဟု သူ ယုံကြည်လေသည်။

ဖြစ်အံ့သည်ကို တင်ကူး ဟောပြောခြင်း ကိစ္စသည် အနာဂတ် အဖို့ မသေချာပေ။ သို့သော် ဖြစ်လတ္တံ့သည်ကို တင်ကူး ဟောပြောပြီးမှ အရေးကြီးသော ကိစ္စများကို သိ၍ ဆုံးဖြတ်သော အခါ ဤသို့ ဆုံးဖြတ်ခြင်းသည် သူတို့ စိတ်ထဲတွင် သူတို့ အလိုရှိအပ် တောင့်တအပ်သော အရာကို ဤသို့ ပြုလုပ်လျှင် ရမည်ဟု ထင်သောကြောင့် ဆုံးဖြတ်ခြင်းသာ ဖြစ်၏။ အဖြစ်အပျက် အပေါ် အစိုးရှာယ် ကောက်ယူခြင်းမျှသာ ဖြစ်၏။

'လူအများက ဤကဲ့သို့ အနာဂတ် ဖြစ်လတ္တံ့သည်ကို တင်ကူး ပြောဆိုခြင်းသည် သဘာဝထက် လွန်ကဲသော တန်ခိုး ဣဒ္ဓိပတ် အရာ ဖြစ်သည်ဟု ထင်တတ်ကြသည်၊ အကြင်သူသည် အဖြစ်အပျက် အပေါ် ကံကောင်းသည်ဟု အစိုးရှာယ် ကောက်ယူခြင်းကို အကြင်သူသည် ဤ အဖြစ်အပျက်ကား နတ်တို့ မလိုလား၍ ဖြစ်ရသည်ဟု သဘာဝ လွန် ဖန်တီးရှင်ကို ယိုးမယ်ဖွဲ့ပါက ကံမကောင်းတော့ပေ'

ဆွန်ဇူးသည် သဘာဝ အတိုင်း ဆင်ခြင်သော အမြင်ကို လက်ကိုင် ထားပြီးလျှင် ရှေးပဝေသဏီ ကတည်းက ယဉ်ကျေးမှု အမွေ အဖြစ် လက်ခံလာခဲ့ကြသော အသုဘ အခမ်းအနားများနှင့် ယဇ်ပူဇော်ပွဲ အခမ်းအနားများကို ပြန်လည် သုံးသပ်ခဲ့လေသည်။

သူသည် အဖြစ်အပျက်ကို အခြေခံကျကျ လေ့လာသုံးသပ်သော အမြင်ကို ယူသည်။ ပူဇော် ပသခြင်း မင်္ဂလာ အခမ်းအနားများသည် လူတို့ အတွက် ကောင်းမွန်ပါသည်။ ထို ပူဇော်ပွဲသဘင် မင်္ဂလာ အခမ်းအနားများ၌ သဘာဝ လွန်သော သဘော ဟူ၍ ဘာမျှ မရှိပေ။ သို့သော် ထိုပူဇော် ပသပွဲသဘင် ကိစ္စများတွင် ပုဂ္ဂလဓိဋ္ဌာန် သဘောအားဖြင့် အကျိုး သက်ရောက်မှု တန်ဖိုးကား ရှိသည်။ လူသားတို့၏ ခံစားချက်ကို ဖွင့်ပြနိုင်ရန် ခွင့်ပြုထားခြင်း၊ လူ့ဘဝ အတွက် လှပသော သဘောကို ဆောင်ယူခြင်း၊ လူသားတို့၏ ကြည်ညိုခြင်းကို ပြုစု ပျိုးထောင်သည့် သဘောများ ပါရှိပေသည်။

'ထို့ကြောင့် အကျွန်ုပ် ဆိုသည်ကား ယဇ် ပူဇော်ခြင်းသည် မှတ်သားထားသော အရာများကြောင့် ဖြစ်သော စိတ်လှုပ်ရှားခြင်း၊ တွေးတောခြင်း၊ ကြံစည်ခြင်း၊ တမ်းတခြင်းများကြောင့် ဖြစ်ပေါ်လာရသည်၊ ဤကား သစ္စာ စောင့်သိခြင်း၊ ယုံကြည် အားထားခြင်း၊ ချစ်ခြင်းနှင့် ကြည်ညိုခြင်းတို့ အစွန်းသို့ ရောက်ခြင်းလည်း ဖြစ်သည်၊ ဤကား ပူဇော်မှုတို့တွင် ကြီးကျယ်သော အရာ ဖြစ်၏၊ လှပသော လုပ်ဆောင်ချက် ဖြစ်၏၊ ထိုနေရာ၌ ပညာရှိ သူတော်စင်များ မရှိပါက ဤကိစ္စကို မည်သူမျှ နားလည် သဘောပေါက်ကြမည် မဟုတ်ပေ၊ ပညာရှိ သူတော်စင်ကြီးများသာလျှင် ဤကိစ္စကို နားလည် သဘော ပေါက်နိုင်ကြသည်၊ မင်းမှုထမ်းများက ထိုပူဇော်ပွဲများကို စောင့်ထိန်းကြသည်၊ အရပ်သား ပြည်သူများ အကြားတွင်ကား ထိုပူဇော် ပသပွဲများသည် ဓလေ့ထုံးစံများ ဖြစ်လာကြသည်၊ သာမန် အရပ်သားများ စိတ်ထဲတွင် ဤပူဇော် ပသပွဲများသည် နတ်များ ဝိညာဉ်များကို အလုပ်အကျွေး ပြုခြင်း ဖြစ်သည်ဟု ထင်မြင်တတ်ကြသည်'

ဆွန်ဇူး အဖို့ ဤ ပူဇော် ပသ ပွဲသဘင် ကျင်းပခြင်း၏ ရသ ခံစားမှု သဘော အနုပညာ သဘောကို ပို၍ နှစ်ခြိုက်သည်။ သက်ရှိ သတ္တဝါများကို အလုပ်အကျွေး ပြုသော ပူဇော် ပသပွဲ မှန်သမျှသည် ပျော်ရွှင် ဝမ်းမြောက်ခြင်းကို အလှဆင်သည်။ သေသူများ အတွက် ရည်စူး၍ ပူဇော်

လျှင်လည်း သေသူများ အတွက် ဝမ်းနည်း ပူဆွေးခြင်းကို အလှဆင်သည်။ ဤ ပူဇော် ပသခြင်းများသည် ကြည်ညို ခြင်း သဒ္ဓါတရားကိုလည်း အလှ ဆင်သည်။ အကယ်၍ စစ်ရေး စစ်ရာ အတွက် ပူဇော် ပသလျှင်လည်း ထိုသို့ ပူဇော် ခြင်းသည် ဂုဏ်ကျက်သရေ ကြီးမြတ်ခြင်းကို အလှ ဆင် သည်။

ခြုံ၍ ကြည့်လျှင် ဆွန်ဇူးသည် သက်ရှိ လူသားများ အတွက် လိုအပ်ချက်ကို ကျော်လွန်၍ သွားလိုသော အလို ဆန္ဒ မရှိကြောင်း ပေါ်လွင်သည်။ ဥပမာ အသုဘ ကိစ္စမှာ သက်ရှိ လူသားများက သေသူများ အတွက် ရည်စူး လှူဒါန်း ပူဇော်ရာတွင် အသက်ရှင် ကျန်ရစ်သူများက သေ သူများကို အသက် ရှင်ဆဲ ပုဂ္ဂိုလ်များလို သဘော ထားပြီး ပူဇော် လှူဒါန်းကြသည်။ ထိုသို့ လှူဒါန်းခြင်းဖြင့် သေသူတို့ ၏ ခွဲခွာသွားခြင်းကို စေတနာ အလှဆင်ခြင်း ဖြစ်သည်။

ထို့ကြောင့် အသက်ရှင် ကျန်ရစ်သူများသည် ရိုးရာ ပူဇော် ပသပွဲများကို အထူး ဂရုစိုက်ပြီး ပြည့်ဝ ကုန်စင် အောင် ဆောင်ရွက်တတ်ကြလေသည်။ ယာဉ်ရထားများမှ အစ အသုံးအဆောင် ပစ္စည်းများကို သေသူ အတွက် ရည် စူး၍ မီးရှို့ ပူဇော်ခြင်း၊ မြေမြှုပ် ပူဇော်ခြင်း အမှုကို ပြုလုပ် ကြသည်။

သို့သော် 'မြင်းများကိုမူကား အရှင်လတ်လတ် မမြှုပ် ဘဲ ဘေးမဲ့ လွှတ်ကြသည်၊ သေသူ အတွက် ရည်စူး ပူဇော် သော ပစ္စည်းများမှာ ဟန်ပြ သဘောမျှသာ ဖြစ်သည်၊ သုံး ၍ ရသော အရာများ မဟုတ်ကြချေ'

ဤသို့ ပြုလုပ်ခြင်းကို ဆင်ခြင်ဉာဏ် ပါသော ပြုအပ် သည်ကို ပြုခြင်းဟု ဆိုသင့်ပေသည်။ စိတ် လှုပ်ရှားခြင်း ကို ထိန်းချုပ်၍ ဖော်ပြခြင်း ဖြစ်သည်။ ထိုသို့ စိတ် လှုပ်ရှား ခြင်းကို ဖော်ပြရာ၌ အဆမတန် အကုန်အကျ ခံခြင်း၊ မလို လားအပ်ဘဲ ဖြုန်းတီးခြင်း မဖြစ်အောင် ဆင်ခြင်ဉာဏ်ဖြင့် ထိန်းချုပ်သည့် သဘော ပါသည်။ သူ့နေရာနှင့် သူ စိတ် လှုပ်ရှားခြင်းကိုလည်း ဖြစ်ခွင့် ပြုသည်။ သို့သော် အလွန် အကျွံ မဖြစ်ရအောင်လည်း ကန့်သတ် ထိန်းချုပ်ထားသည်။ အခြား နေရာများမှာကဲ့သို့ပင် ဤ ကိစ္စတွင်လည်း ချိန်ဆ သည့် သဘော ပါသည်။ ထုံးတမ်းစဉ်လာများထဲမှ မိမိတို့ ခေတ်ကာလ အလျောက် အသုံးကျမည့် အရာများကို ဆင် ခြင် သုံးသပ်၍သာ ယူရာသည်။

ဆွန်ဇူးသည်ကား အမြင် ကျဉ်းမြောင်းသော ကွန်ဖြူး ရှပ် ဝါဒီမျိုး မဟုတ်ပေ။ သူသည် ကွန်ဖြူးရှပ် ဝါဒတွင် လက်ခံထားသော လီ သဘောကို တောက်ဝါဒီများ လက်ခံ ထားသော တောက် သဘောနှင့် သဘောချင်း တူညီသည် ဟု ရှုမြင်သည်။

တောက် သဘောသည် စကြဝဠာ ဖြစ်စဉ်ကြီး ဖြစ် သည်ဟု သူ နားလည်သည်။ တောက် သဘောတွင် ကောင်း ကင်ဘုံနှင့် မြေကမ္ဘာတို့ ပေါင်းစည်း ညီညွတ်သည်။ ထို သဘောဖြင့် နေနှင့် လတို့ ထွန်းပနေကြသည်။ ထိုသဘော ဖြင့် ဥတု လေးလီ ဖြစ်ပေါ်နေကြသည်။ ထိုသဘောဖြင့် နက္ခတ်တာရာတို့ သူ့လမ်းနှင့် သူ လှည့်ပတ်နေကြသည်။ ထိုသဘောဖြင့် သောမနဿ သဘောနှင့် ဒေါမနဿ သဘောသည် သူ့နေရာနှင့်သူ ဖြစ်ပျက်နေကြသည်ဟု သူ နားလည်သည်။ သူ့အပေါ်တွင် တောက် ဝါဒီတို့၏ အတွေး အခေါ် ဩဇာ သက်ရောက်မှု ရှိကြောင်းကိုလည်း သူ ပြသ ခဲ့လေသည်။

စကြဝဠာကြီးသည် ပုဂ္ဂိုလ်ရေး သဘောကို မဆောင် ဘဲ သူ့ အလိုလိုသာလျှင် ပိုမို ဖြောင့်မတ်သော သဘော၊ တိကျ မှန်ကန်ပြီး ပြည့်စုံသော သဘောသို့ ရောက်အောင် ရွေ့လျားနေသည်ဟု သူ ခံယူထားလေသည်။

## ဟန်ခေတ် စောစောပိုင်း၌ ကွန်ဖြူးရှပ် ဝါဒ၏ အောင်မြင်မှု

ရှီဟွန်တီမင်း လက်ထက်တွင် ဥပဒေ ဝါဒီများသည် အကြီးအကျယ် အောင်မြင်မှု ရရှိခဲ့ကြလေသည်။ သို့သော် ရှီဟွန်တီ မင်းဆက် ကျဆုံးသော အခါ သူတို့၏ ဥပဒေ ဝါဒီ ဂိုဏ်းလည်း အစည်းပြေလျက် ပြိုကွဲ သွားခဲ့လေတော့ သည်။

ကွန်ဖြူးရှပ်၏ နောက်လိုက်များက လက်ခံထားခဲ့ ကြသော ဥပဒေ ဝါဒီများ၏ အယူအဆများသာလျှင် တရုတ် နိုင်ငံရေး လောကတွင် လက်ခံသော အယူအဆများ အဖြစ် ဝင်ရောက် လာခဲ့ပေတော့သည်။ အဘယ်ကြောင့် ဆိုသော် တရုတ် လူမျိုးများသည် ရှီဟွန်တီ၏ စိတ်ထင်တိုင်း နှိပ် စက်၍ အုပ်စိုးသော အုပ်ချုပ်မှု အပေါ် အကြင်နာ စိတ် မထားနိုင်ခဲ့ကြပေ။

ရှီဟွန်တီ၏ ကြိုးပမ်းမှုများသည် တရုတ် လူမျိုးများ ၏ ဘဝနှင့် အတွေးအခေါ် တစ်ခုလုံးကို ပြန်လည် စီစဉ် စေခဲ့သောကြောင့် ဖြစ်သည်။

ဟန် မင်းဆက် စောစောပိုင်း ကာလ ပထမပိုင်းတွင် တိုင်းသူပြည်သားများသာ တောက် ဝါဒီများ၏ ငြိမ်သက် ခြင်းနှင့် တူစွာ သက်ပြင်း ချ၍ အသက် ရှူခဲ့ကြလေသည်။ လူအပေါင်းတို့မှာ စိတ် သက်သာ ကိုယ် သက်သာ ဖြစ်ခဲ့

ကြရလေသည်။ ရှီဟွန်တီ မင်းလက်ထက်မှာ ပြည်သူတို့ ပင်ပန်း ဆင်းရဲခဲ့ကြရသမျှ ယခုမှပင် စိတ်ပန်း ကိုယ်ပန်း ဖြေနိုင်ကြရတော့သည်။

ဟန်မင်းဆက် ပထမ ဧကရာဇ် ဘုရင်များကလည်း ဤကဲ့သို့ တိုင်းသူပြည်သားများ စိတ်သက်သာမှု ရရှိခြင်းကို အားပေးအားမြှောက် ပြုခဲ့လေသည်။ ဤခွင့်ပြုချက်နှင့် တောက်ဝါဒသည် ထိတွေ့ခဲ့လေသည်။ ပြည်သူ လူထုမှာလည်း တိုက်ခိုက်ရေးဘက်မှ စိတ်ကူးယဉ် တွေးတောရေးဘက်သို့ ပြောင်းသွားခဲ့ကြလေသည်။ တောက် ဝါဒီတို့၏ မြေကြန်အင်လက္ခဏာဖတ် ပုရောဟိတ်များမှာ ဓာတ်လုံးထိုးခြင်း၊ မသေဆေး ဖော်ခြင်း၊ အဂ္ဂိရတ် ထိုးခြင်း အလုပ်များကို လူအများ စိတ်ဝင်စားလာအောင် ကျယ်ကျယ်ပြန့်ပြန့် လုပ်နိုင်ခဲ့ကြလေသည်။

သို့သော် ကွန်ဖြူးရှပ် နောက်လိုက်များလည်း အလုပ်များနေခဲ့ကြ၏။ သူတို့က သူတို့ထံမှ ယူပြီး ရှီဟွန်တီ ဘုရင်ကြီးက မီးရှို့ပစ်ခဲ့သော စာပေ ကျမ်းဂန်များကို ပိဋကသစ်ဖြစ်အောင် ပြန်လည် ရေးကူးနေကြရလေသည်။ သူတို့သည် ရှီဟွန်တီ ဘုရင်ကြီး လက်ထက်က နေထိုင်ခဲ့ကြရသော စစ်တပ် ပုံစံဖြင့် နေရသော ဘဝကို မနှစ်သက်ကြပေ။ သူတို့က အစည်းအကွပ် မရှိသော မင်းမဲ့ပုံစံ ဆန်ဆန် အနေအထိုင်မျိုးကို နှစ်သက်ကြသည်။ ထို့ကြောင့် သူတို့က ဟန် ဧကရာဇ်များကို မင်းကျင့် တရားများကို ပြန်လည် သုံးသပ်ရန် အသနားခံကြသည်။

သို့သော် ဟန် ဧကရာဇ် ဂူတီ လက်ထက် မတိုင်မီကမူ သူတို့၏ ပန်ကြားချက်များကို အရေးတယူ မပြုခဲ့ကြပေ။ ဘီစီ ၁၃၆ ခုနှစ်လောက်ရောက်မှ၊ ဂူတီ ဧကရာဇ် အုပ်စိုးသော စတုတ္ထနှစ်လောက် ရောက်မှသာ နာမည်ကျော် ကွန်ဖြူးရှပ် နောက်လိုက် ပညာရှင် တစ်ပါး ဖြစ်သူ *တွန်ချွန်းရှု*[၁] (၁၇၉-၁၀၄ ဘီစီ) သည် သူ၏ ထင်ရှား ကျော်ကြားလှသော မှတ်တမ်းကို ဧကရာဇ် ဘုရင်ကြီးအား ဆက်သွင်းနိုင်ခဲ့လေသည်။

အစပိုင်းတွင် ဧကရာဇ် ဘုရင်သည် နိုင်ငံတော် စည်းလုံး ညီညွတ်ရေး ကိစ္စ အပေါ် အလေးအနက် မထားကြောင်း သူ သိမြင်ခဲ့လေသည်။ ထိုအခါ သူက ဘုရင်အား ဆရာများနှင့် အတွေးအခေါ် ဂိုဏ်းများသည် အယူအဆချင်း မတူဘဲ ကွဲပြား ခြားနားနေသမျှ ကာလပတ်လုံး တိုင်းပြည် စည်းလုံး ညီညွတ်ရေးသည် ဖြစ်ပေါ်လာနိုင်မည် မဟုတ်ဟု သတိပေး ပြောဆိုခဲ့လေသည်။ ပြည်သူလူထုမှာ ဘယ် အယူအဆကို လိုက်နာရမှန်း မသိတော့ပေ။ အစိုးရ၏ စတက်ကျူ ဥပဒေများမှာလည်း ရှုပ်ထွေး ပွေလီလျက် ရှိသည်။

ထို့ကြောင့် တွန်ချွန်းရှုက ပြောသည်မှာ ဤ ရှုပ်ထွေး ပွေလီနေသော အခြေအနေမှ ထွက်မြောက်နိုင်မည့် နည်းလမ်းမှာ တစ်ခုတည်းသာ ရှိတော့သည်။ ထိုနည်းလမ်းမှာ ကွန်ဖြူးရှပ်၏ နည်းလမ်း ခြောက်သွယ်သို့ ပြန်သွားခြင်းပင် ဖြစ်သည်။ အခြားသော နည်းလမ်းများကို ဖြတ်တောက် လျှော့ချပစ်ရမည်။ ထိုနည်းလမ်းများ၊ အတွေးအခေါ်များကို နောက်ထပ် ကြီးပွားခွင့် မပေးရ။ ထိုသို့ ပြုလုပ်မှသာလျှင် အစိုးရ ပြဋ္ဌာန်းသော စတက်ကျူ ဥပဒေများလည်း ရှုပ်ထွေးမှု ကင်းပြီး ရေ့နောက် ညီညွတ်လာမည်။ ထိုအခါ ပြည်သူလူထုကလည်း ဥပဒေနှင့် အညီ မည်သို့ နေရမည်ကို သိမြင် နားလည်လာမည်။

ဤခိုင်မာသော အဆိုပြုချက်နှင့် အတူ သူက ဧကရာဇ် မင်းကြီး အနေနှင့် တိုင်းပြည်တွင် အကယ်ဒမီ သို့မဟုတ် ကောလိပ် ကျောင်းတော်ကြီး တစ်ခု တည်ထောင်၍ မင်းမှုထမ်းများအား ရှေးက ကောင်းမြတ်သော အတွေ့အကြုံများကို အခြေခံကာ လေ့ကျင့် သင်ကြားပေးသင့်ကြောင်း အကြံဉာဏ်ကိုပါ ပေးခဲ့လေသည်။

ဤ အကြံပေးချက်ကို ဧကရာဇ် မင်းကြီးကလည်း များစွာ နှစ်ခြိုက်တော်မူလေသည်။

မင်းကြီးလည်း တွန်ချွန်းဆု အကြံပေးချက် အတိုင်း လိုက်နာခဲ့လေသည်။ အစိုးရ ကမကထ ပြုသော ပညာရေး စနစ်ထဲတွင် ကွန်ဖြူးရှပ် နောက်လိုက်များသည် အကြီးအကဲ ရာထူး ဌာနန္တရများကို ရရှိလာကြပြီးလျှင် အစိုးရ အမှုထမ်းများကို လေ့ကျင့် သင်ကြားပေးရလေသည်။

ထိုအခါမှ စ၍ ကွန်ဖြူးရှပ် နောက်လိုက်များသည် အုပ်စိုးသူ လူတန်းစားများကို လေ့ကျင့် သင်ကြား ပေးရသော အပေါ်စီး ပညာရှင်များ အဖြစ် စတင်၍ နှစ်ပေါင်း နှစ်ထောင်ကျော် ဩဇာ လွှမ်းမိုးနေနိုင်ခဲ့လေတော့သည်။

ဤသို့ ဩဇာ လွှမ်းမိုး၍ အောင်မြင်လာခြင်းသည် ရှေးကျသော ကွန်ဖြူးရှပ် ဝါဒ မဟုတ်၊ (၁) ကွန်ဖြူးရှပ်ကို သာမန် လူသား တစ်ဦး မဟုတ်ကြောင်း ပုံကြီးချဲ့ ပြုပြင်ထားသော ကွန်ဖြူးရှပ် ဝါဒသာ ဖြစ်သည်။ (၂) ထိုကွန်ဖြူးရှပ် ဝါဒသည် ဥပဒေ ဝါဒီ ဂိုဏ်းသားများ၏ အယူအဆများနှင့် ရောစပ်ထားသော ဝါဒ ဖြစ်သည်။ အထူးသဖြင့် အိန္ဒိယနှင့် လည်းကောင်း၊ ဗဟို အာရှနှင့် လည်းကောင်း၊ ကိုရီးယားနှင့် လည်းကောင်း နယ်ချင်း စပ်လောက်အောင်

၁။ Tung Chung-Shu

ကျယ်ပြန့်နေသော တရုတ်ပြည်ကြီးကို အုပ်ချုပ်မည့် ဗြူရိုကရေစီ စနစ်ကို ချဲ့ထွင်မှုဒွိ ကွန်ဖြူးရှပ် ဝါဒီများသည် ဥပဒေ ဝါဒီများ၏ အယူအဆများကို လက်ခံယူခဲ့ကြလေသည်။ (၃) ထို့ပြင် ထို ကွန်ဖြူးရှပ် ဝါဒတွင် မိုဇူး၏ ယုံကြည်ချက်ကိုလည်း လက်ခံ ထားခဲ့ကြလေသည်။ မိုဇူးက အစိုးရသည် သာမန် အရပ်သူ အရပ်သားများ အပေါ် အောင်မြင်ရန်နှင့် အရပ်သား ပြည်သူတို့၏ ထောက်ခံ အားပေးမှုကို ရရှိနိုင်ရန် အတွက် ဘာသာရေး ခွင့်ပြုချက်ကို ကျောထောက်နောက်ခံ ပြုထားရမည်ဟု ဟောကြားခဲ့လေသည်။ အထက် ကောင်းကင်ဘုံနှင့် အောက် နတ်ဝိညာဉ်တို့၏ လိုလား ခွင့်ပြုမှုကို ရရှိရမည်ဟု ဆိုလိုသည်။

## ကွန်ဖြူးရှပ် နောက်လိုက်များ၏ သုခမိန် ဝါဒ

ပညာရှင်များ၏ ရှုထောင့်က ကြည့်လျှင် ကွန်ဖြူးရှပ် ဝါဒ၏ တိုးတက် ကြီးပွားသော ကာလသည် ဟန် မင်းဆက် နှောင်းပိုင်း ကာလ အေဒီ (၂၃-၂၂၀ အေဒီ) သို့ ရောက်သော အခါ ဆုံးခန်း တိုင်သွားသည်ဟု မြင်ကြသည်။ အမှန်မှာ ဒေါက်တာ ဖန်ယုလန် ယူဆသကဲ့သို့ ကွန်ဖြူးရှပ် ဝါဒ၏ ကြီးပွားခြင်းသည် ထို့ထက်ပင် စောသော ကာလ ကတည်းက ဆုံးခန်း တိုင်ခဲ့ပြီဟု ဆိုသော် ဆိုနိုင်သည်။

အဘယ်ကြောင့် ဆိုသော် ဧကရာဇ် ဘုရင်က တွန်ချုန်းရှု၏ အကြံ ပြုချက်များကို အကောင်အထည် စတင်ဖော်ဆောင်ကတည်းက ဒဿန ဆရာကြီးများ၏ ခေတ်ကုန်ပြီး ဂန္ထဝင် စာပေ လေ့လာရေးခေတ် စတင်ခဲ့ပြီဟု ဆိုနိုင်သည်။

ဤ အပြောင်းအလဲမှာ ပြုပြင်မှုနှင့် ဆိုင်သော အတွေးအခေါ်မှသည် ကျမ်းဂန် အဆိုအမိန့်များနှင့် ညီ မညီကို ဝေဖန် သုံးသပ်သော ခေတ်သို့ ပြောင်းခြင်း ဖြစ်သည်။

တစ်နည်း စည်းစနစ် ကျနအောင် ပြုလုပ်ခြင်းနှင့် အယူအဆ ကွဲပြား ခြားနားမှုများကို သင့်မြတ်အောင် ပြန်လည် ပေါင်းစည်းခြင်း အတွက် ကြိုးပမ်းခြင်းများဘက်သို့ ပြောင်းရွှေ့သွားခဲ့လေသည်။

ဤ အပြောင်းအလဲ ဖြစ်ခြင်း သဘောသည် တွန်ချုန်းရှု၏ အရေးအသားများတွင် ပေါ်လွင် ထင်ရှားသည်။ သူသည် ဧကရာဇ်မင်း၏ အကြံပေး ပုဂ္ဂိုလ် အနေထက် ကိုယ့်ကိုယ်ကိုယ် သတိ ရှိသော ပညာရှင် သုခမိန် အဖြစ် ပို၍ ထင်ရှားသည်။ သူသည် မင်းရှပ်ထက် ပို၍ ဆွန်ဇူး၏ အယူအဆများ နောက်သို့ လိုက်သည်။ ထို့ပြင် ကွန်ဖြူးရှပ် ဝါဒထဲသို့ သူ့အမြင်တွင် မှန်ကန်သည်ဟု ယူဆသော အယူအဆများကို သွတ်သွင်းခဲ့လေသည်။ သူ့ အမြင်တွင် တောက်ဝါဒီတို့၏ ယင် ယန်း အညမည သဘောတရားနှင့် ပဉ္စ စွမ်းအား သဘောတရားများကို မှန်သည်ဟု ယူဆသည်။

သူ၏ သုခမိန် ဝါဒ စစ်စစ် သဘောကို သူ၏ ကျမ်းစာထဲမှ ကောက်နုတ်ထားသော အောက်ပါ စာပုဒ်များတွင် သိမြင်နိုင်ပေသည်။

> 'ကောင်းကင်ဘုံမှာ စွမ်းအား ငါးပါး ရှိသည်။ ပထမ စွမ်းအားသည် သစ်သားဓာတ် ဖြစ်သည်။ ဒုတိယ စွမ်းအားသည် မြေဓာတ် ဖြစ်သည်။ တတိယ စွမ်းအားသည် မြေဆီဓာတ် ဖြစ်သည်။ စတုတ္ထ စွမ်းအားသည် သတ္တုဓာတ် ဖြစ်သည်။ ပဉ္စမ စွမ်းအားသည် ရေဓာတ် ဖြစ်သည်။
>
> ဤ 'ပဉ္စ သတ္တိ' သည် မိဘ အပေါ် ဝတ္တရား ကျေပွန်သော သားများ၏ လုပ်ဆောင်ချက်နှင့် မင်း အပေါ်တွင် သစ္စာ ရှိသော မှူးမတ်တို့၏ လုပ်ဆောင်ချက်နှင့် ညီညွတ်သည်။ မီးသည် သစ်သားကို စွဲလောင်သကဲ့သို့ သားသည် မိဘ၏ ဆုံးမ သွန်သင်ပဲ့ပြင်သော ကာလကို ပြည့်စုံစေရာသည်။ သားသည် ဖခင်၏ အလောင်းကို မြေမြှုပ် သင်္ဂြိုဟ်သော အခါသို့ ရောက်သော အခါသည် ရေက သတ္တုကို နိုင်သော အခါသို့ ရောက်ခြင်းနှင့် တူပေသည်။ မင်းမှုကိစ္စများကို ဆောင်ရွက်ကြရာမှာလည်း ကြည်ညို ချစ်ခင်စွာ အမှုတော်ကို ထမ်းဆောင်ခြင်းသည် မြေဆီလွှာက ကောင်းကင်ဘုံကို တုံ့ပြန် ပေးအပ်သည်နှင့် တူပေသည်။
>
> သို့ဖြစ်ရာ ကျွန်ုပ်တို့ အနေနှင့် ဤလောကဌ် အစွမ်းသတ္တိ ရှိသော လူ ရှိသည်။ ထို့အတူ ဤလောကဌ် အစွမ်းသတ္တိ ငါးမျိုး ရှိသည်။ ထို အစွမ်းသတ္တိ ငါးမျိုးသည် ကိုယ့်အလှည့်ကို ကိုယ် မှန်ကန်စွာ ထိန်းသိမ်းထားကြသည်။ မင်းမှုထမ်းများမှာလည်း စွမ်းအား ငါးပါး ရှိသည်။ ထိုစွမ်းအား တစ်ခုစီသည်လည်း ကိုယ့်ကိစ္စကို ကိုယ် အစွမ်းကုန် လုပ်ဆောင်နေကြသည်။

ဤ သုခမိန် ဝါဒမျိုးသည် ကွန်ဖြူးရှပ် နောက်လိုက်များကို ရာစု နှစ်ပေါင်း များစွာ သိမ်းကျုံး ယူငင်ခဲ့လေသည်။

သို့ရာတွင် စည်းစနစ် ကျအောင် ပြုလုပ်လိုသူများကမူ သုခမိန် ဝါဒ၏ အယူအဆ အားလုံးကို လိုက်နာခြင်း မရှိခဲ့ကြပေ။

ဤသို့ မလိုက်နာခြင်းမှာ သုခမိန် ဝါဒသည် ပညာရှင်တို့၏ ဦးနှောက် ကစားကွက် တစ်ခုသာ ဖြစ်လာမည် ဖြစ်ပြီး နောက်ဆုံးတွင် အယူသီးမှု ဖြစ်သွားမည့် အရေးကို မြင်သောကြောင့် ဖြစ်၏။

*ဝမ်ချုန်း*[၁] (၂၇-၁၀၀ အေဒီ) သည် ကွန်ဖြူးရှပ် ဝါဒ လက်ဝဲဂိုဏ်း၏ ဆင်ခြင်တုံတရား အဓိက ဝါဒီ တစ်ဦး ဖြစ်သည်။ ဆင်ခြေ နည်းနည်းနှင့် ပို၍ အတွေ့အကြုံ အခြေပြုသော အတွေးအမြင် ရရှိဖို့ ကြိုးပမ်းခဲ့သူ ဖြစ်သည်။

သူသည် ဘာသာရေးတွင် တွေ့ရသော အယူသီးခြင်းနှင့် သဘာဝလွန် ဝိဉာဏ ဝါဒများကို တိုက်ခိုက်သည်။

သူသည် လုံးလုံးလျားလျား သဘာဝ ဝါဒီ၊ လူသားဝါဒီ တစ်ဦး ဖြစ်သည်။ သူ့မှာ တရုတ် စာရေးဆရာများ၌ ရှိတတ်သော စာရေးဟန် ရှင်းလင်းမှု၊ ကလောင်စွမ်းအား ရှိမှုနှင့် ပြည့်စုံသည်။ သူ့အရေးအသားများထဲမှလည်း ထုတ်နုတ် ဖော်ပြမှသာ သင့်မြတ်ပေမည်။

'မျက်မှောက်ခေတ် သုခမိန်များ၌ သူတို့၏ ဆရာကြီး သမားကြီးများ ပြောဆိုခဲ့သော စကားလုံးတိုင်းသည် ရှေးကျပြီး အစစ်အမှန် သဘောကို ဆောင်ယူကြသည် ဟူ၍ ယုံကြည်လိုသော အစွဲ ဥပါဒါန် ရှိကြသည်။ ထိုစကားလုံးများကို နှုတ်တိုက် အာဂုံဆောင်လျက် ဟောပြောကြရာ၌ သူတို့၏ စိတ်ထဲတွင် ထိုစကားလုံးများကို ရှင်းလင်းချက်များ ပေးရန် လိုအပ်ကြောင်းကို မသိမြင်တတ်ကြပေ။

'အများ လက်ခံထားသော အယူအဆမှာ သေသွားသူတိုင်းသည် တစ္ဆေ ဖြစ်သွားကြသည်။ ထိုတစ္ဆေများသည် လူများကို အကျိုး ယုတ်အောင် ဖျက်ဆီးနိုင်သည် ဟူ၍ ဖြစ်သည်။ ... ကျွန်ုပ် ယူဆသည်ကား သေဆုံးသွားသူတို့သည် တစ္ဆေများ မဖြစ်ကြ။ ၎င်းတို့မှာ အသိဉာဏ်လည်း မရှိကြတော့။ လူများကို ထိခိုက် နစ်နာအောင်လည်း မဖျက်ဆီးနိုင် ဟူ၍ ဖြစ်သည်။ ကျွန်ုပ်၏ အယူအဆကို ထင်ရှားအောင် မည်သို့ သက်သေ ပြရမည်နည်း။ လူသည်လည်း သတ္တဝါ တစ်ဦး ဖြစ်သည်။ အခြားသော သက်ရှိများလည်း သတ္တဝါများပင် ဖြစ်သည်။ ၎င်းတို့ သေသော အခါ ထိုသတ္တဝါများသည် တစ္ဆေ ပြိတ္တာများ မဖြစ်ကြကုန်။ အခြားသော သတ္တဝါများ သေလျှင် တစ္ဆေ ပြိတ္တာများ မဖြစ်ကြပါဘဲနှင့် လူသေမှ အဘယ်ကြောင့် တစ္ဆေ ဖြစ်ရပါမည်နည်း။

'နွေကာလ၏ အခေါင်အထွတ်သို့ ရောက်ရှိလာသော အခါ မိုးကြိုးနှင့် လျှပ်စစ်သံများသည် တစ်ခဲနက် ဖြစ်ပေါ်လာကြသည်။ ထိုမိုးကြိုး လျှပ်စစ် စွမ်းအားသည် သစ်ပင်များကိုလည်း ဖြိုခွဲနိုင်သည်။ အိမ်များကိုလည်း ဖြိုလှဲ ဖျက်ဆီးသည်။ တစ်ခါတစ်ရံ လူများကိုပင် သေကျေ ပျက်စီးစေနိုင်သည်။ အများတကာ အယူအဆမှာ ဤကဲ့သို့ သစ်ပင်များကို ဖြိုခွဲ၊ အိမ်များကို ဖြိုလှဲ ဖျက်ဆီးခြင်းသည် ကောင်းကင်ဘုံမှ နဂါးကို စေလွှတ်၍ ပြုလုပ်ခြင်း ဖြစ်သည်ဟု အယူသီးနေခြင်း ဖြစ်သည်။ ထို့နောက် လျှပ်စစ် မိုးကြိုးထိမှန်ပြီး လူသေဆုံးသော အခါ ဤကဲ့သို့ ဖြစ်ရခြင်းသည် လူတို့ ပြုလုပ်သော အပြစ်ကို ဖုံးကွယ်ထားသောကြောင့် ဖြစ်သည်ဟု ယူဆကြသည်။

'ဥပမာ လူသည် မသန့်ရှင်းသော အစားအစာများကို စားသောက်ပြီး ဖုံးကွယ်ထားခြင်းဖြင့် ကောင်းကင်ဘုံက နတ်များ အမျက် ဒေါသ ထွက်ကာ လူများကို မိုးကြိုး ပစ်၍ သတ်ဖြတ်ပစ်ခြင်း ဖြစ်သည်ဟု ယူဆကြခြင်းမျိုး ဖြစ်သည်။ မိုးခြိမ်းသံသည် ကောင်းကင်ဘုံက နတ်များ မကျေမနပ် ဒေါသ ထွက်၍ ဟိန်းဟောက်သော အသံ ဖြစ်သည်ဟု ဆိုသည်။ ဤအယူအဆများ အားလုံးသည် လုံးဝ အဓိပ္ပာယ် မရှိပေ။ ယုတ္တိ မရှိပေ။'

ဤကား သဘာဝ ယုတ္တိ မရှိသော အယူအဆများကို ဝမ်ချုန်း တိုက်ခိုက် ငြင်းပယ်ခြင်း ဖြစ်သည်။

ကွန်ဖြူးရှပ်က လူကို မှားတတ်သော သတ္တဝါ အဖြစ် ရှုမြင်သည်။ လူ့ သဘာဝသည် ဆိုးယုတ်သော သဘော ရှိသည်ဟု မြင်သည်။ ထိုအမြင်ကိုလည်း ဝမ်ချုန်းက ပြောင်းပြန် လှန်၍ ပြုပြင်ဖို့ ကြိုးပမ်းခဲ့လေသည်။ သူ့ အမြင်တွင် လူသည် မှားတတ်သော သတ္တဝါ မဟုတ်၊ လူမှာ ကြည်ညိုဖွယ် ကောင်းသော ဘုရား ဇာတိ ပါလာသည်ဟု သူ ရှုမြင်သည်။

## ကွန်ဖြူးရှပ် ဝါဒနှင့် ဗုဒ္ဓ ဝါဒ

တရုတ်ပြည်သို့ ဗုဒ္ဓ ဝါဒ ရောက်ရှိလာခြင်းသည် ကွန်ဖြူးရှပ် ဝါဒကို အပြင်းအထန် စမ်းသပ်ခြင်း ခံရသော အဖြစ်သို့ ဆိုက်ရောက် သွားစေခဲ့လေသည်။ ဘာသာ အယူဝါဒသစ် (ဗုဒ္ဓ ဝါဒ) တရုတ်ပြည်တွင် ပေါ်ပေါက်လာသော အခါ တောက် ဝါဒက မနှစ်သက်သည့် သဘောကို များစွာ မပြခဲ့။ သို့သော် မနာလို ဝန်တိုသည့် သဘောဖြင့်သာ ဗုဒ္ဓ ဝါဒကို ဆန့်ကျင် ခုခံရေး လှုံ့ဆော်မှုများကို ပြုလုပ်ခဲ့ကြလေသည်။ သို့သော် ရှေး အယူ အစွဲသန်သော ကွန်ဖြူးရှပ် ဝါဒီများကမူ အခိုင်အမာ ဆန့်ကျင် တိုက်ခိုက်ခဲ့ကြသည်။

---

၁။ Wang Chung

သူတို့ အမြင်တွင် ဗုဒ္ဓဝါဒသည် လောကုတ္တရာ ဆန်လွန်းသည်၊ နတ္ထိက ဝါဒ ဖြစ်သည်ဟု ရှုမြင်ခဲ့လေသည်။ သူတို့က ဇာတိ တစ်ဖန် ဖြစ်ပေါ်၍ သံသရာ လည်ခြင်းသဘော၊ ဇာတိကြောင့် ဇရာ မရဏ သဘော ဖြစ်ရသည်ဆိုသော အယူအဆကို မနှစ်သက်ကြပေ။ အထူးသဖြင့် လူသားကို လူ့ အဖွဲ့အစည်း ကောင်းရာ ကောင်းကြောင်း လုပ်ဆောင်ရမည့် အစား ဘဝ လွတ်မြောက်ရေး အတွက် ကြိုးပမ်းကြရန် တိုက်တွန်းခြင်းကို ကွန်ဖြူးရှပ် ဝါဒီများ လုံးဝ မလိုလားကြပေ။

သို့ရာတွင် သူတို့၏ ကန့်ကွက်ချက်များကို မထိရောက်အောင် ပြုလုပ်သော အချက် နှစ်ချက် ရှိလေသည်။ ဗုဒ္ဓ ဝါဒသည် သစ်ဆန်းသည်လည်း တစ်ချက်၊ နောက်တစ်ချက်မှာ သူတို့၏ သုခမိန် ဝါဒက ဘာမျှ အတွေးအခေါ် မပါဘဲ ပုံသေနည်းကျ လုပ်နေသလို ဖြစ်နေသည်။

နန်းတော်ထဲမှာ ပြုလုပ်နေကျ ပူဇော် ပသပွဲများ၊ ကွန်ဖြူးရှပ် ကျောင်းများထဲမှာ ပြုလုပ်နေကျ ပူဇော် ပသပွဲများမှာလည်း အနှစ်အသား မပါသလို ဖြစ်နေကြသည်။

ထို့ပြင် ဟန်မင်းဆက် နောက်ပိုင်းတွင် မင်းနေပြည်သုံးခုက ပုန်ကန် ခြားနားကြပြီး (အေဒီ ၂၂၀ - ၂၈၀) အတွင်း တရုတ်ပြည်ကို ပိုင်းခြား၍ ယူသွားကြရာ ဟန်မင်းဆက် ပြိုကွဲ ပျက်စီးသွားခဲ့လေသည်။

အနှစ် ၃၅၀ ကျော်ကြာ တရုတ်ပြည်သည် မြောက်ဘက်မှ လာကြသော လူရိုင်းများ၏ ဝင်ရောက် တိုက်ခိုက်ခြင်းကို ခံစားခဲ့ရလေသည်။ တရုတ်ပြည်တွင် စည်းလုံးညီညွတ်ခြင်း မရှိတော့ဘဲ တကွဲတပြား ဖြစ်ကုန်ကြရလေသည်။ လူအပေါင်းတို့မှာလည်း ဆင်းရဲဒုက္ခ ကြုံတွေ့နေကြရလေတော့သည်။

အသိပညာ ရှိသော ပုဂ္ဂိုလ်များသည် တိုင်းပြည်၏ ဖရိုဖရဲ ဖြစ်နေသော အခြေအနေကို စိတ်ရှုပ်ထွေး နောက်ကျူလျက် ရှိကြလေသည်။

၄င်းတို့သည် ဗုဒ္ဓဘာသာကိုလည်း မခံယူနိုင်ကြပေ။ သို့သော် ကွန်ဖြူးရှပ် ဝါဒ၏ ထုံးပုံ နည်းကျ ပူဇော် ပသမှုများနှင့် အခြေအနေနှင့် မအပ်စပ်မှုများကိုလည်း မနှစ်မြို့နိုင်ဘဲ ရှိကြလေသည်။

ဤကဲ့သို့ ဒုက္ခဆင်းရဲ ကြုံနေရစဉ် ကာလ၏ စောစောပိုင်းတွင် *ဝစီ ဝိသုဒ္ဓိဂိုဏ်း* [၁] ဆိုသော ဂိုဏ်း တစ်ဂိုဏ်း ပေါ်ပေါက်ခဲ့လေသည်။

ထိုဂိုဏ်းသည် ဝိုင် အရက်ကို သောက်ပြီး သဘာဝ အတိုင်း နေကာ ကဗျာ လင်္ကာကို ရွတ်ဆိုလျက် အပူအပင် ကင်းစွာ နေသော ဂိုဏ်း ဖြစ်သည်။ ရှုပ်ထွေးသော နိုင်ငံရေး အခြေအနေနှင့် စပ်သော စကား၊ သမိုင်း အရှုပ်အထွေး စကားကို ပြောဆို ဆွေးနွေးခြင်းမှ ရှောင်ကြဉ်ကြသည်။ သူတို့သည် ဤကဲ့သို့သော စိတ် ဆင်းရဲဖွယ် ကြုံဆုံနေရသော ကာလမှာပင် မြူးထူး ပျော်ပါးလျက် နေနိုင်ကြလေသည်။ 'ဝေဠုဝန် တောမှ ပညာရှိ သူတော်စင် ခုနစ်ပါး' ဟုလည်း ခေါ်သည်။ သူတို့သည် ကွန်ဖြူးရှပ် ဝါဒီ မင်းမှုထမ်းများကို ပျော်ရွှင် မြူးထူးစွာ ရယ်သွမ်းသွေးကြသည်။ သူတို့ကမူ ကဗျာ လင်္ကာများကို ရွတ်ဆိုရင်း ဝိုင် အရက်ချိုကို သောက်လျက် စိတ်သက်သာရာကို ရှာဖွေ၍ နေကြလေသည်။

ထို ဝစီ ဝိသုဒ္ဓိ ဂိုဏ်းသားများထဲက တစ်ဦး ဖြစ်သူ *ယွမ်ချီ* [၂] သည် ကွန်ဖြူးရှပ် ဂိုဏ်းသားများကို အကြီးအကျယ် ထိုးနှက် ပုတ်ခတ်ပြီး လှောင်ပြောင်ခဲ့လေသည်။ သူက စိတ်ကူးဖြင့် ဒဿန ဆရာကြီး တစ်ဦးထံသို့ စာရေးသော လူတစ်ယောက်ကို ဖန်တီးခဲ့လေသည်။ ထို ဒဿန ဆရာမှာ ဝေဠုဝန် တောထဲက ပညာရှိ သူတော်ကောင်း ခုနစ်ဦး အနက် တစ်ဦး ဖြစ်ဟန် တူသည်။ သူက သင့်မြတ်အောင် ဝတ်စား ဆင်ယင်လျက်၊ သင့်မြတ်စွာ ပြောဆို၊ သင့်မြတ်စွာ ပြုမူနေသော ကွန်ဖြူးရှပ်၏ လူကြီး လူကောင်းကို ချီးမွမ်းခန်း ထုတ်လေသည်။

ဒဿန ဆရာကြီးလည်း ထိုသူကို တွေ့ဆုံ မေးမြန်းရန် ရောက်လာသော အခါ သက်ပြင်းကြီးကို ချသည်။ ထိုသူက သန်းကြီးမနှင့် ပတ်သက်သမျှ စကား မျိုးစုံကို ပြောလေတော့သည်။

'ဘောင်းဘီထဲမှာ နေတဲ့ သန်းကြီးမ အကြောင်းကို ကြားဖူးပါသလား၊ ချုပ်ရိုးထဲမှာ ဝင်ပြီး ခိုလှုံနေတဲ့ သန်းကြီးမလေ၊ အဲဒီ သန်းကြီးမဟာ လမ်းလျှောက် သွားရင်လည်း ချုပ်ရိုး အစပ်ကနေပဲ သိပ် ဂရုတစိုက် သွားတယ်လေ၊ သူ ဟိုရွှေ့ ဒီရွှေ့ ရွှေ့တဲ့ အခါမှာလည်း သူက ဘယ်တော့မှ သူ နေတဲ့ နေရာကနေ ဝေးဝေး မရွှေ့ဘူး၊ ပြီးတော့ သူဟာ သင့်တင့် လျှောက်ပတ်တဲ့ လောက ကျင့်ဝတ် အတိုင်းပဲ ပြုမူတယ်လေ၊ သူ ဗိုက်ဆာတဲ့ အခါမှာတော့ လူ့အသားကို ဖောက်စားတာပဲ၊ ပြီးတော့ သူက သူ ဘယ်တော့မှ ဝတ်မှာ မဟုတ်ဘူးလို့ စိတ်ချ ယုံကြည်မှုလည်း အပြည့်အဝ

၁။ The School of Pure Speech

၂။ Yuan Chi

ရှိတယ်၊ ဒါပေမဲ့ ဘောင်းဘီကို လျှော်ဖို့ ဖွပ်ဖို့ ပြုတ်ဖို့ ချွတ်ယူလိုက်တဲ့ အခါမှာတော့ သန်းကြီးမရဲ့ မြို့နိုင်ငံလည်း ပျက်စီးတော့တာပဲ၊ မလွတ်တော့ဘူးလေ'

သူက ကွန်ဖြူးရှပ်၏ လူကြီး လူကောင်း ဆိုသူများကို သန်းကြီးမနှင့် နှိုင်း၍ ပုံခိုင်း ပြောဆိုခြင်း ဖြစ်သည်။

'သင်တို့ရဲ့ လူကြီး လူကောင်း ဆိုတဲ့ လူတွေဟာလည်း လောကထဲမှာ နေထိုင်ကြတာဟာ ဘောင်းဘီ ချုပ်ရိုးထဲမှာ နေတဲ့ သန်းကြီးမလိုပဲ မဟုတ်ဘူးလား' ဟု မေးလေသည်။

ဤကား လောကဝတ်နှင့်အညီ သင့်တင့် လျောက်ပတ်စွာ နေထိုင်ပြီး အကျပ်အတည်းကို မဖြေရှင်းနိုင်သော အစိုးရကို ဝေဖန်သော ထင်ရှားသော တောက်ဝါဒီတို့၏ ဝေဖန်ရေး ဖြစ်ရုံမျှမက ဤဝေဖန်ချက်က ဗုဒ္ဓဘာသာဝင်များကိုလည်း လောကီ ကိစ္စများကို ထိထိရောက်ရောက် ဖြေရှင်းနိုင်စွမ်း မရှိဟု စွပ်စွဲလိုက်ခြင်းလည်း ဖြစ်ပေသည်။

တစ်ဖက်က တောက်ဝါဒီများနှင့် အခြား တစ်ဖက်က မဟာယာန ဗုဒ္ဓဘာသာ၏ အောင်မြင်မှု ရရှိလာခြင်း နှစ်ခု အကြားတွင် ညှပ်ပူး ညှပ်ပိတ် မိကာ ကွန်ဖြူးရှပ် နောက်လိုက်များ၏ အင်အား လျော့နည်း ကျဆင်းလာလေတော့သည်။ ရှေးဟောင်း ကျမ်းဂန် အစွဲသန်သော ခေါင်းမာသူ အချို့ ကျန်ရှိနေသည်မှအပ အခြား ကွန်ဖြူးရှပ် ဂိုဏ်းသားများ ကျဆုံးသွားသည်။ ထို ရှေးကျမ်းဂန် အစွဲသန်သူများသည် သူတို့၏ ကွန်ဖြူးရှပ် ဘုရား ဝတ်ကျောင်းများတွင် ဗုဒ္ဓဘာသာ ဆန်ဆန် အလေ့အထများကို ကျင့်သုံးလာကြသည်။ သူတို့၏ ယုံကြည်မှုများကိုလည်း ကောင်းကင်ဘုံနှင့် မြေပြင်ပေါ်ရှိ အံ့ဖွယ် အမှတ်အသားများ ပါသော ပုံဝတ္ထုများဖြင့် တန်ဆာ ဆင်၍ ပြောဟော လာကြပြန်သည်။

မူရင်း ကွန်ဖြူးရှပ် ဝါဒသည် ဒဏ္ဍာရီများ၊ ပုံပြင်များမှ လုံး၀ ကင်းရှင်းသည်။ ယခုမူ သူတို့၏ ကျမ်းဂန်များထဲမှာပင် ကွန်ဖြူးရှပ်နှင့် ပတ်သက်သော အံ့ဖွယ်ဆန်းကြယ်သော ဒဏ္ဍာရီ ပုံပြင်များကို ထည့်သွင်း လာကြလေတော့သည်။

ကွန်ဖြူးရှပ် မမွေးမီ ယူနီကောင်း (ဦးချို တစ်ချောင်း ရှိသော နတ်မြင်းပျံ) ပေါ်လာသည်ဟု ဆိုလာကြသည်။ ကွန်ဖြူးရှပ် မိခင်က နတ်မြင်းပျံ၏ ဦးချိုတွင် ဖဲပြား တစ်ခု စည်းပေးလိုက်သည်ဟုလည်း ဆိုလာကြသည်။ ကွန်ဖြူးရှပ် ဖွားမြင်သော ညဥ့်တွင် နဂါး နှစ်ကောင် ပေါ်လာသည်။ ထို့ပြင် ဂြိုဟ်ကြီး ငါးလုံး ပူးသည်ဟုလည်း ပြောဆိုလာကြပြန်သည်။

ထို့နောက် ကောင်းကင်ဘုံမှ နတ်စောင်း တီးသံ၊ နတ်သီချင်းသံ ကြားရသည်။

ထိုသီချင်းထဲတွင် 'နတ်တေးဂီတသံကို ကြားကြစေသား၊ လူ့ပြည်မှာ ကောင်းကင်ဘုံက စေစားသော သူတော်စင် တစ်ပါး ဖွားမြင်ခဲ့လေပြီ၊ သူ၏ အယူအဆများသည် လောက၏ ဥပဒေသများ ဖြစ်စေသတည်း' ဆိုသော အသံကိုလည်း ကြားကြရသည်ဟု ဆို၏။

အခြား ပုံပြင် တစ်ခုလည်း ရှိသေးသည်။ ထိုဒဏ္ဍာရီမှာ တောက်ဝါဒီများ ဖန်တီးသော ဒဏ္ဍာရီ ဖြစ်ဖွယ် ရှိသည်။ ထို ဒဏ္ဍာရီ အရ ကွန်ဖြူးရှပ် ကွယ်လွန်သော အခါ ကောင်းကင်မှ ဥပါပုံ တစ်ခု ကျဆင်းလာပြီး ကျောက်စိမ်းပြား တစ်ခုပေါ်တွင် ကမ္ဗည်း ကျောက်စာ ထိုးထွင်းခဲ့သည် ဆို၏။ ထို့ကြောင့် ရှီဟွန်တီ မင်းကြီးက သူ့စစ်သည်များကို ကွန်ဖြူးရှပ်၏ အုတ်ဂူကို ဖွင့်ခိုင်းသော အခါ ထို စစ်သားများသည် ကွန်ဖြူးရှပ်၏ အုတ်ဂူထဲတွင် ဤ အဖြစ်အပျက် အကြောင်းနှင့် တကွ ပထမ ကေရာဇ် မင်းကြီး နတ်ရွာစံမည့် အကြောင်း ရှေးဖြစ် နိမိတ်ဖတ် စာတန်း ပါသော ကျောက်စိမ်းပြားပေါ်က ကမ္ဗည်း စာတန်းကို တွေ့ရှိရသည် ဆို၏။

သို့သော် ဝါဒ အငြိုင်အဆိုင် မရှိဘဲနှင့် မဖြစ်လာနိုင်သော အချက် တစ်ချက်မှာ ဘာသာကြီး သုံးရပ်ကို ပေါင်းစည်း ညီညွတ်အောင် ကြိုးပမ်းမည့် ပညာရှိ သုခမိန်များ ပေါ်ပေါက်လာခြင်းပင် ဖြစ်သည်။

တောက် ဝါဒီများဘက်တွင် ခြောက် ရာစုလောက်က ပေါ်ပေါက်ခဲ့သော ပညာရှိ တစ်ပါး ဖြစ်သူ *တန်ကျောက်* [၁] က တောက် သဘောတရားသည် ဘာသာကြီး သုံးရပ်စလုံး၌ အခြေခံကျသော အယူအဆ အဖြစ် ပါဝင်လျက် ရှိသည်ဟု ဆိုခဲ့လေသည်။

ဗုဒ္ဓဘာသာဘက်ကလည်း ဘာသာကြီး သုံးခုစလုံးမှာ တူညီသော သဘောများ ရှိသည် ဆိုသော အတွေးအခေါ်မျိုးကို ဆန့်ကျင်သော သဘောထား မရှိခဲ့ပေ။ အဘယ်ကြောင့် ဆိုသော် ဗုဒ္ဓဘာသာဝင်များကလည်း *လီရှိကျိန်း* [၂] (အေဒီ ၅၉၀) ရေးသားခဲ့သော အချက်ကို ကိုးကား ဖော်ပြလေ့ ရှိသည်။

လီရှိကျိန်းက ဗုဒ္ဓဘာသာသည် နေ ဖြစ်သည်။ တောက်ဝါဒသည် လ ဖြစ်သည်။ ကွန်ဖြူးရှပ် ဝါဒသည် ဂြိုဟ်ကြီး ငါးလုံး ဖြစ်သည်ဟု ဆိုခဲ့လေသည်။

---

၁။ Tan Chiao    ၂။ Li Shih-Chien

နောင်သော အခါ တရားဝင် ခွင့်ပြုချက် ရရှိသော ဂိုဏ်းတစ်ဂိုဏ်းကို ထူထောင်သူ ဗုဒ္ဓဘာသာ ရဟန်းတော် တစ်ပါးသည် ပလ္လင်ပေါ်တွင် ဗုဒ္ဓ ရုပ်ပွားတော်နှင့်အတူ ကွန်ဖြူးရှပ် ရုပ်တု၊ လောင်ဇူး ရုပ်တုများကို ဘေးချင်း ယှဉ်၍ တည်ထား ကိုးကွယ်ခဲ့လေသည်။

ကွန်ဖြူးရှပ် နောက်လိုက်များ အနက် ဝမ်တွန်း (၅၈၃ - ၆၁၆ အေဒီ) သည် ဘာသာကြီး သုံးရပ်စလုံး၌ မဇ္ဈိမ ပဋိပဒါ လမ်းစဉ်ကို အခြေခံထားကြသည်ချည်းသာ ဖြစ်သည်ဟု အယူ ရှိလေသည်။

မည်သို့ပင် ဆိုစေ ကွန်ဖြူးရှပ် ဝါဒသည် ၎င်း၏ ထူးခြားသော အသွင် လက္ခဏာများကို ဆောင်ထားနိုင်စွမ်း ရှိသည်ကား အမှန် ဖြစ်၏။ ကွန်ဖြူးရှပ် ဝါဒမှာ ၎င်း၏ ဖြစ်စဉ်ကို တစ်ဖြောင့်တည်း ထိန်းသိမ်းနိုင်အောင် တည်ငြိမ်သော အချက် တစ်ချက် ရှိသည်။ ၎င်းမှာ ၎င်းတို့၏ သင်ရိုး ညွှန်းတမ်း ဖြစ်သည်။

ကေရာဇ်၏ တက္ကသိုလ် ကျောင်းတော်ကြီးနှင့် ၎င်း လက်အောက်ရှိ ကျောင်းငယ်များ၌ အနယ်လက်နှင့် ဂန္ထဝင် ကျမ်းများကိုပါ သင်ကြားချက်များ အတိုင်း ၎င်းတို့၏ စာသင်သားများကို လေ့ကျင့် သင်ကြား ပေးနေသေးသရွေ့ ကွန်ဖြူးရှပ် ဝါဒသည် ၎င်း၏ သမိုင်း အခြေခံ အချက်အလက်များမှ သွေဖည်သွားမည့် အရေးကို လုံခြုံ စိတ်ချရသေးသည်။ စင်စစ်သော်ကား ကွန်ဖြူးရှပ် နောက်လိုက်များထဲက ခုခံနေသော အမာခံ ကျောရိုးများသည် နောက်ဆုံးတွင် ကွန်ဖြူးရှပ် ဝါဒ ပြန်လည် ရှင်သန်ရေးကို ဆောင်ရွက်ကြလေတော့သည်။

## ဟန်ယူး [1]

ထိုကဲ့သို့ နောက်ဆုံး၌ ကွန်ဖြူးရှပ် ဝါဒ ပြန်လည် ရှင်သန် ခေတ်ထရေး အတွက် ပထမဆုံး အရိပ် နိမိတ် ပေါ်ပေါက် လာခြင်းမှာ တန် မင်းဆက်၏ ၁၃ ဆက်မြောက် ကေရာဇ် *ဆိန်ဆွန်း*[2] လက်ထက်တွင် ဗုဒ္ဓ၏ အရိုး ဓာတ်တော်နှင့် ပတ်သက်သော ပညာရှင် ဟန်ယူး၏ ကျော်ကြားလှသော ကန့်ကွက်ချက်ကြောင့် ဖြစ်ပေသည်။ ဟန်ယူး (သို့မဟုတ် ဟန်ဗွီကျင်း ၇၆၇-၈၂၄ အေဒီ) သည် ကွန်ဖြူးရှပ် ဝါဒများ အနက် မင်းရှပ်၏ အယူအဆများနှင့် ပတ်သက်၍ ရဲရင့်စွာ ဖော်ထုတ်ခဲ့သော ပညာရှင် တစ်ဦး ဖြစ်ပေသည်။

၁။ Han Yu　　၂။ Hsien Tsung

သူ၏ စာတန်း တစ်ခု ဖြစ်သော 'တောက်၏ မူလ အစ' ထဲတွင် သူက တောက် သဘော၏ အဓိပ္ပာယ်ကို တောက် ဝါဒီများ ဖွင့်ဆိုချက်သည် မှောက်မှားနေသည်ဟု ဆိုလေသည်။

တရုတ်ပြည်တွင် ရှေးမင်းများ ကျင့်သုံးခဲ့ကြသော တောက် လမ်းစဉ်သည်ကား လူသား အချင်းချင်း အကျိုး ဆောင်ရွက်ရေးကို ရှေးရှုသော ကောင်းမြတ်သော နည်းလမ်းသာ ဖြစ်သည်။ ထိုနည်းလမ်းသည် သဘာဝ တရား၏ သိခက် နက်နဲသော ဂမ္ဘီရ သဘော တစ်ခုခု၌ ဈာန်ဝင်စားနိုင်ရေး အတွက် ဆင်ခြင်တုံ တရားနှင့် လူ့ အဖွဲ့အစည်း ကိစ္စများကို စွန့်ပယ်သော နည်းလမ်း မဟုတ်ကြောင်း သူ ဖော်ပြခဲ့လေသည်။

တောက် ဝါဒီများသည် မှောက်မှားစွာဖြင့် အများ အကျိုးကို လိုလားခြင်းနှင့် တရား မျှတခြင်း သဘောများကို မထီမဲ့မြင် ပြုနေကြသည်။

ထိုသို့ ပြုခြင်းအားဖြင့် ကောင်းမြတ်သော ဘဝ ဖြစ်ပေါ်ရေး အတွက် လိုအပ်သော မူဝါဒများ အားလုံးနှင့် တောက် လမ်းစဉ် တစ်ခုလုံးကို ဖောက်ဖျက်နေကြသည်။

ဗုဒ္ဓဘာသာဝင်များ၏ အယူအဆများကို ယူပြီး ထို အယူအဆများကို စတင် ပြုလုပ် ဆောင်ရွက် နေကြခြင်းသည် အခြေအနေကို ဆိုးရွားသွားစေခဲ့သည်။

ထို့နောက် သူက ဗုဒ္ဓဘာသာဝင်များကိုလည်း လောကီ ကြီးပွားကြောင်း အလုပ်များကို ပစ်ချပြီး ဘာမှ မလုပ်ဘဲ ငုတ်တုတ် ထိုင်ကာ နိဗ္ဗာန် ရောက်ကြောင်း အကျင့်ကိုသာ ကျင့်နေကြသူများ ဖြစ်သည် ဟူ၍ လည်းကောင်း၊ မိသားစု ဘဝ၏ အခြေခံများကို ဖျက်ဆီးကာ ယောက်ျားများကို ဘုန်းကြီးကျောင်းသို့ တွန်းပို့နေသည်၊ ဘုန်းကြီး ရဟန်း ဆိုသော လူတန်းစား ဖြစ်သွားသော အခါ ထိုသူသည် လူ့ အဖွဲ့အစည်း အတွက် ဘာမျှ အသုံး မဝင်တော့သော လူ ဖြစ်သွားသည် ဟူ၍ လည်းကောင်း ဝေဖန် ပုတ်ခတ် ပြောဆိုလေသည်။

ထို့ကြောင့် ဟန်ယူးက တောက် ဝါဒီများနှင့် ဗုဒ္ဓဘာသာဝင်များ၏ ပိဋက စာပေ ကျမ်းဂန်များ အားလုံးကို လူအများ ရှေ့မှောက်တွင် မီးပုံ ရှို့ပစ်ရမည်၊ ဘုန်းကြီး ကျောင်းများကိုလည်း လူနေအိမ်များ အဖြစ် ပြောင်းလဲ ပစ်ရမည်ဟု တောင်းဆိုခဲ့လေသည်။

အေဒီ ၈၂၀ ခုနှစ်တွင် သူက ဗုဒ္ဓ၏ အရိုး ဓာတ်တော်နှင့် ပတ်သက်၍ ကန့်ကွက်ခဲ့လေသည်။ ထိုစဉ်က ဗုဒ္ဓ၏ အရိုး ဓာတ်တော်ကို ကေရာဇ် ဘုရင် ကိုယ်တိုင်က ဗုဒ္ဓ

ဘာသာ ရဟန်းတော် တစ်ပါးထံမှ လက်ခံယူရန် အတွက် ကြီးကျယ်သော အခမ်းအနားကြီးကို ဆင်ယင် ကျင်းပခဲ့လေသည်။ ထို အရိုး ဓာတ်တော် လက်ခံပွဲ အခမ်းအနားကို ဟန်ယူးက ရဲဝံ့စွာ ကန့်ကွက်ခဲ့လေသည်။ ထိုသို့ ကန့်ကွက်ခြင်း အတွက် နာမည်ကျော် ပညာရှင် တစ်ပါး ဖြစ်သော ဟန်ယူးကို ဘုရင်က အစိုးရ တာဝန် တစ်ခု ပေးပြီး ဝေးကွာလှမ်းသော တောင်ပိုင်း ပြည်နယ် တစ်ခုသို့ နယ်နှင်ဒဏ်ခတ်လိုက်လေသည်။ ထိုပြည်နယ်တွင် သူသည် ပင်ပန်းဆင်းရဲစွာ ပြည်ပြေးဘဝဖြင့် နေခဲ့ရလေသည်။ နောက်ဆုံးကျမှ သူ့ကို နေပြည်တော်သို့ ပြန်ခွင့်ပြုလေသည်။ သို့သော် ပြည်နှင်ဒဏ် ခံနေရသော ဘဝ၌ ပင်ပန်း ဆင်းရဲမှုကြောင့် ရောဂါ ရရှိပြီးလျှင် သူ ကွယ်လွန်ခဲ့ရလေသည်။

### ချူဆီနှင့် ဝန်ယန်မင်းတို့၏ ကွန်ဖြူးရှပ် ဝါဒသစ်

ကွန်ဖြူးရှပ် ဝါဒ ပြန်လည် ရှင်သန်ရေး ကိစ္စကို *ကွန်ဖြူးရှပ် ဝါဒသစ်* [၁] ဟု အမည် ပေးခဲ့ကြခြင်း ဖြစ်သည်။ ထိုသို့ ကွန်ဖြူးရှပ် ဝါဒ ပြန်လည် ရှင်သန်ရေးကို ဆောင်ရွက်ရာတွင် ကျောထောက် နောက်ခံ တစ်ခု အဖြစ် ဆင်းရဲ ဒုက္ခ ကြီးမားသော လူမှု အပြောင်းအလဲ တစ်ရပ်နှင့် ကြုံတွေ့ခဲ့ရလေသည်။

ဉာဏ်ပညာ ထက်မြက်သော တန် မင်းဆက်သည် တရုတ် ပြည်နယ်စပ် ဒေသများကို ဖိစီးနေသော လူမျိုးစုများကို တွန်းလှန် ဖယ်ရှားပစ်နိုင်ခဲ့လေသည်။ ထို့ပြင် ရှေးက ကျူးကျော် ဝင်ရောက်ခဲ့ကြသော ကျူးကျော်သူများကိုလည်း ၎င်းတို့၏ ဖုံးကွယ်နေသော အင်အား ကြီးမားသည့် ယဉ်ကျေးမှု အရှိန်အဟုန်ကို ဖော်ထုတ်နိုင်အောင် ပြုလုပ်ခဲ့လေသည်။ ကဗျာ၊ ပန်းချီနှင့် ကြွေထည် အနုပညာများ ထွန်းကား လာလေတော့သည်။

ပြည်တွင်းစစ် ခေတ္တ ရပ်နားပြီးနောက် ပေါ်လာသော *ဆွန် မင်းဆက်* [၂] (၉၆၀-၁၂၇၉ အေဒီ) သည် တန် မင်းဆက်ကို ဆက်ခံခဲ့လေသည်။ သို့သော် ဆွန် မင်းဆက်သည် တန် မင်းဆက်လောက် ဖွမ်းဖွမ်းတမံ မဆောင်ရွက်နိုင်။ ထို မင်းဆက်ကို နောက်က အတိဒုက္ခ ရောက်စေသော စစ်ရေးနှင့် နိုင်ငံရေး ဆုံးရှုံးမှုများက လိုက်ပါလာခဲ့လေသည်။

တန်မင်းဆက် လက်ထက်က တရုတ်ပြည်ကို ဝန်းရံနေကြသော လူရိုင်းများကို တိုက်ခိုက် ချေမှုန်းပြီးလျှင် နိုင်ငံတော်၏ နယ်နိမိတ်ကို အရှေ့မြောက်ဘက်တွင် ကိုရီးယားအထိ၊ အနောက်ဘက်တွင် အာဖဂန်နစ္စတန် အထိ ချဲ့ထွင်နိုင်ခဲ့လေသည်။

ဆွန်မင်းဆက် လက်ထက်ကျတော့ ပြည်တွင်း မငြိမ်မသက်မှုများ၊ အကျင့်ပျက်မှုများကြောင့် နယ်စပ် ဒေသရှိ လူမျိုးစုများ ပုန်ကန် ခြားနားကြခြင်းကို မတားဆီးနိုင်ဖြစ်ခဲ့ရလေသည်။

ပထမ ကီတန်များ၊ နောက် ချင်းများ၊ နောက်ဆုံး မွန်ဂိုများသည် မြစ်ဝါမြစ် တစ်လျှောက် စိမ့်ဝင်လာခဲ့ကြလေသည်။

မွန်ဂိုများက နောက်ဆုံးတွင် အင်အား ကြီးမား လာကြပြီးလျှင် ကူဗလိုင်ခန်း လက်ထက်တွင် တရုတ်ပြည်တောင်ပိုင်း ယန်စီ မြစ်ဝှမ်း အထိ တိုက်ခိုက် သိမ်းပိုက်လိုက်ကြကာ ဆွန် မင်းဆက်ကိုပါ အပြီးအပိုင် ဖြုတ်ချပစ်ခဲ့လေတော့သည်။ ကူဗလိုင်ခန်း တပ်များသည် နောက်ဆုံးတွင် အင်ဒိုချိုင်းနားနှင့် မြန်မာ နိုင်ငံများ အထိ ထိုးဖောက် ဝင်ရောက်ခဲ့ကြလေသည်။

ဤ ဖြစ်ရပ်များ စတင်စဉ်ကပင် တရုတ် လူမျိုးတို့သည် ၎င်းတို့ အပေါ် အောင်နိုင်သူများ အပေါ် မိမိတို့၏ ယဉ်ကျေးမှုကို အောင်နိုင်သူများက လက်ခံပြီး ပြောင်းလဲလာစေသော နည်းဖြင့် တုံ့ပြန်ခဲ့ကြလေသည်။

ဝိသေသအားဖြင့်မူ ထိုအချိန်တွင် ရှေးကျသော ကွန်ဖြူးရှပ် ဝါဒသို့ ပြန်သွားသော အခြေအနေမျိုး ဖြစ်ပေါ်ခဲ့လေသည်။ ဟန်ယူးသည် အစောဆုံး ရှေးဟောင်း ကွန်ဖြူးရှပ် ဝါဒသို့ ပြန်သွားခြင်း၏ နိမိတ်ပြသော အသံ ဖြစ်သည်။ သို့ရာတွင် ကွန်ဖြူးရှပ် ဝါဒသစ်သို့ အမှန်တကယ် ပြန်ပြောင်း ဖြစ်ပေါ်ခြင်းသည် တန် မင်းဆက် လက်ထက်တိုင်အောင် ဖြစ်ပေါ်ခဲ့ခြင်း မရှိသေးပေ။

တန် မင်းဆက် ပြိုကျ ပျက်စီးသွားပြီးနောက် ၎င်းကို ဆက်ခံသော ဆွန် မင်းဆက်သည် ခေတ်ဆိုး ခေတ်ပျက်ကြီးနှင့် ကြုံကြိုက်ရလေသည်။

ထိုအချိန်တွင် ပေါ်ပေါက်ခဲ့ကြသော ပညာရှင် အုပ်စုကြီးထဲတွင် ကွန်ဖြူးရှပ် ဝါဒသစ်ကို ထူထောင် ဟောပြောကြရာ၌ ထင်ရှား ကျော်ကြားခဲ့ကြလေသည်။

ထိုခေတ်က ပုဂ္ဂိုလ်ကျော်များမှာ *ချောင်လျီယန်ဆီ* [၃] (၁၀၁၇-၁၀၇၃)၊ ကွန်ဖြူးရှပ် ဝါဒသစ် လှုပ်ရှားမှုကို အစဖော်ပေးသူ *ချောင်ကန်းချေ့* [၄] (၁၀၁၁-၁၀၇၇)၊ *ချန်ဟင်း-*

၁။ Neo-Confucianism ၂။ Sung Dynasty

၃။ Chou Lien-hsi ၄။ Shao K'ang-chieh

*ချူ* [၁] (၁၀၂၀-၁၀၆၇) နှင့် အတု မရှိသော *ချင်း ညီအစ်ကိုများ [အိချွန် (၁၀၃၃-၁၁၀၇) နှင့် မင်တောက် (၁၀၃၆-၁၀၈၆)]* [၂] တို့ ဖြစ်ကြသည်။

ဤပုဂ္ဂိုလ် တစ်စုတို့သည် သဘာဝနှင့် ဆင်ခြင်တုံ တရားဂိုဏ်း ဆိုသော အတွေးအခေါ်ဂိုဏ်း တစ်ဂိုဏ်းကို တည်ထောင်ခဲ့ကြလေသည်။ ထို ဂိုဏ်းသည် ကွန်ဖြူးရှပ် ဝါဒ ပြန်လည် ထွန်းကားရေး လှုပ်ရှားမှု၏ ပထမ ကာလတွင် ထွန်းကား ပြန့်ပွားခဲ့လေသည်။

ချူဆီက သုံးသပ်ရာတွင် သူတို့နှင့် ဗုဒ္ဓဝါဒီ၊ တောက်ဝါဒီများ အကြား ဆက်ဆံရေးသည် ဆန့်ကျင်ဘက် သဘောကို ဆောင်ခဲ့သည်ဟု ဆိုစေကာမူ ဗုဒ္ဓ ဝါဒနှင့် တောက် ဝါဒ အတွေးအခေါ်များကို လုံးလုံးလျားလျား ပစ်ပယ်ကြသည်ကား မဟုတ်ဟု ဆိုသည်။

ကွန်ဖြူးရှပ် ဝါဒသစ်က အဓိက ထား၍ ကြိုးပမ်းသော အချက်မှာ ကွန်ဖြူးရှပ် ဝါဒ အစစ်အမှန် ပြန်လည် ထွန်းကားရေး ကိစ္စ ဖြစ်သည်။ ထိုသို့ ကွန်ဖြူးရှပ် ဝါဒ စစ်စစ် ပြန်လည် ထွန်းကားခြင်း မရှိသေးမီကမူ ကွန်ဖြူးရှပ် ဝါဒနှင့် ကိုက်ညီသော ဗုဒ္ဓ ဝါဒနှင့် တောက် ဝါဒမှ အယူအဆများကို အငှား သဘောဖြင့် ယူ၍ လက်ခံ ထားခဲ့ကြလေသည်။

*ချူဆီ* [၃] (၁၁၃၀-၁၂၀၀) သည် အစိုးရ အဖွဲ့ထဲတွင် အဆင့်မြင့် ရာထူး ရှိသော အရာထမ်း တစ်ဦး၏ သား ဖြစ်သည်။ သူကိုယ်တိုင်လည်း အဆင့်မြင့် မင်းမှုထမ်း ရာထူးကို ရခဲ့ဟန် တူသည်။ သို့သော် သူသည် ရာထူး တာဝန်ဖြင့် နှစ်မွန်းနေသော ဘဝကို မနှစ်ခြိုက်ပေ။ ရာထူး တာဝန်မှ ဆင်းပြီး တာဝန် ကင်းသော၊ အလုပ် များများ မလုပ်ရဘဲ အကျိုး ခံစားရသော စာပေ လေ့လာ လိုက်စားချိန် ပိုရသော အလုပ်ကို သူ ပို၍ နှစ်သက်လေသည်။

သူသည် ပထမတန်းစား စာပေ ပညာရှင် ဖြစ်သည်။ ကွန်ဖြူးရှပ် ဝါဒနှင့် ပတ်သက်သော သူ၏ အဖွင့်ကျမ်း အဋ္ဌကထာများသည် အပြည့်စုံဆုံး ကျမ်းများ အဖြစ် ချက်ချင်း အသိအမှတ် ပြုခြင်းကို ခံခဲ့ရလေသည်။

ချင်း လူမျိုးများ တရုတ်ပြည်ထဲသို့ ဝင်ရောက် ကျူးကျော်လာသော အခါ သူ စိတ် အနှောင့်အယှက် ဖြစ်ခဲ့ရလေသည်။ ထိုအခါ သူက တရားဥပဒေ အရ ကျေအေးရေး ပေါ်လစီကို ဟောကြားခဲ့လေသည်။ ထို ပေါ်လစီကို ဘုရင်က နှစ်သက်ခြင်း မရှိခဲ့ပေ။ သို့သော် သူ၏ သမင်ဖြူဥမင်၌ ဟောကြားသော တရားသည် ထင်ရှားသော စာပေ ပညာရှင်များ၏ နှစ်သက်ခြင်းကို ခံခဲ့ရလေသည်။

သူသည် ကျပ်တည်းစွာ နေထိုင်သော အလေ့အထ ရှိသည်။ ထိုအကျင့်ကို သူသည် တရုတ် အတ္ထုပ္ပတ္တိရေးဆရာ တစ်ဦးထံမှ ရရှိသည်ဟု ဆိုသည်။

နံနက်စောစော အရုဏ် တက်ချိန်တွင် သူသည် အိပ်ရာမှ ထသည်။ ထို့နောက် သန့်ပြန့်သော အဝတ်အစားများကို ဝတ်ဆင်ပြီးနောက် မိဘ ဆရာသမား (ကွန်ဖြူးရှပ်) တို့အား ဝတ်ပြု ပူဇော်သည်။ ထို့နောက် သူသည် စာပေ လေ့လာရေး ကိစ္စကို ဆောင်ရွက်သည်။ ပြီးမှ နေ့စဉ် လုပ်နေကျ အလုပ်များကို ဆောင်ရွက်လေသည်။ ထိုင်သော အခါ ဖြစ်စေ၊ အိပ်သော အခါ ဖြစ်စေ သူသည် ကိုယ်ကို ဖြောင့်မတ်စွာ ထားလျက် နေသည်။ အလုပ် လုပ်သော အခါမှာ ဖြစ်စေ၊ အနား ယူသည့် အခါမှာ ဖြစ်စေ သူသည် ကွန်ဖြူးရှပ်၏ ဂန္ထဝင် ကျမ်းများတွင် ဖော်ပြထားသော အမူအကျင့်များ အတိုင်း တစ်သဝေမတိမ်း လိုက်နာကျင့်ကြံ၍ နေထိုင်တတ်လေသည်။ သူ့အိမ်မှာ ရှိရှိသမျှ အရာခပ်သိမ်းတို့မှာလည်း အမြဲတမ်း နေသားတကျ ရှိသည်။ ဤကဲ့သို့ စည်းကမ်းတကျ နေသော အကျင့်ဖြင့် သူသည် ငယ်စဉ် အခါမှ စ၍ အိုမင်းရင့်ရော်သည့်တိုင် နေထိုင်ခဲ့ပေသည်။

ချူဆီသည် ဆွန်ဇူး၏ အယူအစွဲသန်မှုများကို ဝေဖန်ခဲ့လေသည်။ သူက ဆွန်ဇူးကို အယူ လွဲမှားသူဟု ခေါ်ပြီး ဆွန်ဇူးသည် ကွန်ဖြူးရှပ်၏ မူလ လူ့သဘာဝကို မွန်မြတ်သော သဘာဝ ဖြစ်သည်ဟု ယူသော အယူကို လွဲမှားအောင် ပြုလုပ်ခဲ့သည်ဟု စွပ်စွဲသည်။

ဤအချက်က ဆွန်ဇူး၏ ပြိုင်ဘက် ဖြစ်သူ မင်းရှပ်၏ အယူအဆများကိုသာ ကွန်ဖြူးရှပ် ဝါဒကို မှန်မှန်ကန်ကန် အဓိပ္ပာယ် ဖွင့်ဆိုနိုင်သော အယူမှန်များ ဖြစ်ကြောင်း သက်သေပြရာ ကျသည်။

ဤကဲ့သို့ ကွန်ဖြူးရှပ် ဝါဒကို အဓိပ္ပာယ် ဖွင့်ဆိုချက်များ အနက် ခိုင်မာသော အဓိပ္ပာယ် ဖွင့်ဆိုချက်နှင့် မခိုင်မာသော အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ခွဲခြား ပြခြင်းသည် ကွန်ဖြူးရှပ် ဝါဒနှင့် ပတ်သက်သော ချူဆီ၏ အကျိုးပြုမှု တစ်ခုပင် ဖြစ်သည်။

ကွန်ဖြူးရှပ် ဝါဒ ဂိုဏ်းနှင့် ပတ်သက်သော သူ၏ အကြီးကျယ်ဆုံး အကျိုးပြုသော လုပ်ဆောင်ချက်မှာ

၁။ Chang Heng-ch'u
၂။ Cheng brothers (I'-chuan and Ming-tao)
၃။ Chu Hsi

တောက်ဝါဒနှင့် ဗုဒ္ဓဝါဒထဲတွင် ပါဝင်သော အယူဝါဒများနှင့် ကွန်ဖြူးရှပ်၏ အယူမှန်ကို ကွဲပြားသွားအောင် ရှင်းလင်း သုတ်သင်ပေးခြင်းပင် ဖြစ်သည်။

တစ်နည်းအားဖြင့် ဆိုသော် ချူဆီသည် အခြားသော ဘာသာ အယူဝါဒများက လက်ခံထားသော ဒဿန အမြင်များကို ဆွေးနွေး သုံးသပ်ရာ၌ ကွန်ဖြူးရှပ် ဝါဒသစ်ကို လက်ခံသူများအား ခေါင်းဆောင်မှု ပေးခဲ့လေသည်။

ချူဆီသည် သူ၏ လုပ်ဆောင်ဖွယ် ရှိသော ကိစ္စများကို ဆောင်ရွက်ရာ၌ သူသည် ကွန်ဖြူးရှပ် စာပေ ကျမ်းဂန်များထဲမှ အရေးပါသော စာပိုဒ်များကို ထုတ်နုတ်ယူပြီးလျှင် ထိုစာပိုဒ်များကို အမှန်နှင့် အမှားကို ခွဲခြားရာ မှတ်ကျောက် အဖြစ် အသုံးပြုခဲ့လေသည်။

ဥပမာ တစ်ခုကို ဆောင်ပြရမည် ဆိုလျှင် သူသည် မဟာ ပညာ (Great Learning) ကျမ်းကြီးထဲမှာ ဝါကျ တစ်ခုကို ရွေးချယ် တင်ပြခဲ့လေသည်။

ထိုစာပိုဒ်မှာ 'ရှေးက ပညာရှိ သူတော်ကောင်းကြီးများသည် မိမိတို့၏ အသိပညာကို ချဲ့ထွင်ရန် အလို့ငှာ အရာခပ်သိမ်းကို စူးစမ်း လေ့လာခဲ့ကြလေသည်' ဆိုသော စာပိုဒ် ဖြစ်သည်။

ချူဆီက ထိုစာပိုဒ်၏ အဓိပ္ပာယ်ကို ဖွင့်ဆိုရာ၌ ရှေးပညာရှိ သူတော်ကောင်းတို့သည် မိမိတို့ ပတ်ဝန်းကျင်ရှိ လောက သဘာဝကို ဓမ္မဓိဋ္ဌာန်ကျကျ စူးစမ်း စစ်ဆေးခဲ့ကြလေသည်။

ထိုသို့ ပြုလုပ်ခြင်းမှာ ယေဘုယျ သစ္စာတရားကို မိမိတို့ သိမြင် နားလည်နိုင်သော အသိဉာဏ်ကို တိုးပွားစေရန် အတွက် ဖြစ်သည်။

ရှေးလူကြီးများသည် သဘာဝ တရားကို လူသားတို့၏ အရှုတ္တ သဘာဝမှ အပ ပြုထားကြသည်။ ထိုကဲ့သို့ မိမိ၏ အတွင်း သဘာဝမှ အပ ဖြစ်သော ဗဟိဒ္ဓ သဘာဝ လောကကို လေ့လာအပ်သည်ဟုလည်း ယူဆခဲ့ကြလေသည်။

သူ၏ စကြဝဠာကို ဓမ္မဓိဋ္ဌာန်ကျကျ စူးစမ်း လေ့လာရာ၌ ချူဆီက သူ့ကိုယ်သူရော သူ၏ အပေါင်းအဖော်များ ဖြစ်ကြသော ကွန်ဖြူးရှပ် ဝါဒီများကိုရော ပြောကြားရာတွင် အရာခပ်သိမ်းတို့သည် ကွန်ဖြူးရှပ်နှင့် မင်းရှပ်တို့ ဟောကြားထားသကဲ့သို့ အခြေခံ ဓာတ်ကြီး နှစ်ပါး ဖြစ်သော ရှပ်ဓာတ် (ရှပ် စွမ်းအင်) ချီ နှင့် ဆင်ခြင်ခြင်း သဘော ဖြစ်သော နာမ် စွမ်းအင် လီတို့ကြောင့် ဖြစ်ပေါ်လာကြရသည်ဟုပင် ယူဆခဲ့လေသည်။

စကြဝဠာ တစ်ခုလုံးတွင် ပြုပြင် ဖန်တီးလျက် ရှိသော ချီကို သူက မဟာ အနန္တ စွမ်းအား *တိုင်ချီ* [၁] ဟု ခေါ်သည်။ ထိုရှပ်စွမ်းအင်သည် လှုပ်ရှားမှုများနှင့် ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသော စွမ်းအင် ဖြစ်သည်ဟု ဆိုသည်။ ထိုသို့ ပြုပြင် ပြောင်းလဲခြင်းအားဖြင့် တိုင်ချီသည် ယင်နှင့် ယန်း ဆိုသော စွမ်းအား နှစ်မျိုးကို ဖြစ်ပေါ်စေသည်။ ထို့ပြင် မဟာ ဘူတ ဓာတ်ကြီး ငါးပါး ဖြစ်သော (မီးဓာတ်၊ ရေဓာတ်၊ သစ်သားဓာတ်၊ သတ္တုဓာတ်နှင့် မြေဓာတ်) ကိုလည်း ဖြစ်ပေါ်စေသည် ဆို၏။ သဘာဝ တရားထဲတွင် ဖြစ်ပျက်သမျှသော အရာခပ်သိမ်းတို့သည် ဆင်ခြင်ဉာဏ် သဘော (လီ) သို့မဟုတ် မဟာ အနန္တ စွမ်းအား သဘောကို ဖော်ဆောင်လျက် ရှိကြသည်။ သူ့စကား အတိုင်း အကျဉ်းချုပ်၍ ဆိုရသော် စကြဝဠာ လောကကြီး တစ်ခုလုံးကို ခြုံ၍ ဆိုသော် ထိုစကြဝဠာကြီးထဲတွင် မဟာ အနန္တ စွမ်းအားကြီး တစ်ခု တည်ရှိပေသည်။ အသေးငယ် သဘောဖြင့် ပြောရပါမူလည်း ထိုအရာဝတ္ထု တစ်ခုချင်း အထဲတွင် မဟာ အနန္တ စွမ်းအား တစ်ခုစီ တည်ရှိသည်။

ဤသဘောသည် လူထဲမှာလည်း ရှိသည်။ ကျွန်ုပ်တို့ ပြောဆိုနေကြသော လူ့ သဘာဝ လူ့ ဝိညာဉ်သည် ထို စကြဝဠာ၏ အနန္တ စွမ်းအား သတ္တိကြီးက စိတ် (ဝါ) နာမ် သဘော အဖြစ်ဖြင့် အလုပ် လုပ်နေခြင်း ဖြစ်သည်။ ဤ လူ့ သဘာဝ စိတ်က လူကို ကောင်းသော အဖြစ်သို့ ရောက်အောင် ပို့ဆောင်ပေးနေသည်။ ထို့ကြောင့် လူ့သဘာဝသည် မည်သို့ပင် မကောင်းမှု ဒုစရိုက်ကို ပြုမူ ကျင့်ကြံနေစေကာမူ ပင်ကို သဘောအားဖြင့် ကောင်းမွန် မြင့်မြတ်သည်။

ဆင်ခြင်တုံတရားနှင့် ဇီဝ စွမ်းအားတို့သည် တစ်ခုကို တစ်ခု အမှီသဟဲ ပြုလျက် အပြန်အလှန် ကျေးဇူးပြုနေကြသည်။ အသက်ဇီဝ စွမ်းအင်နှင့် ကင်းပလျက် တည်ရှိသော ဆင်ခြင်တုံ တရား မည်သည် မရှိပေ။ ထို့အတူ ဆင်ခြင်တုံ တရားနှင့် ကင်းလျက် တည်ရှိသော အသက်ဇီဝ စွမ်းအင် မည်သည်လည်း မရှိပေ။

မဟာ အနန္တ စွမ်းအား ဟူသည်ကား ဆင်ခြင်ဉာဏ် ပင် ဖြစ်၏။ လှုပ်ရှားမှုနှင့် တည်ငြိမ်မှု သဘောတို့သည်ကား အသက် ဇီဝ စွမ်းအား၏ သဘော လက္ခဏာများ ဖြစ်ကြကုန်၏။ ထိုစွမ်းအား နှစ်ခုတို့သည် အချင်းချင်း အမှီသဟဲ ပြုလျက် အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနေကြ၏။ တစ်ခုနှင့် တစ်ခုကို ခွဲခြား၍ မရပေ။

---

၁။ Tai Chi

မဟာ အနန္တ စွမ်းအားကို မနုဿ လူသားနှင့် ဥပမာ နှိုင်းခိုင်းနိုင်ပေသည်။ လှုပ်ရှားမှုနှင့် ငြိမ်သက်မှု သဘောများကို မြင်းနှင့် ဥပမာ နှိုင်းခိုင်းနိုင်ပေသည်။ မြင်းက လူကို သယ်ဆောင်သည်။ လူက မြင်းကို စီးနင်း မောင်းနှင်သည်။ ထို့ကြောင့် မြင်း သွားတိုင်း လာတိုင်းမှာ လူလည်း အတူ ပါနေသကဲ့သို့ ဖြစ်၏။

ဆိုခဲ့ပြီးသမျှသော ဖော်ပြချက်များ အရမူ ဤသဘောတို့သည် ရုပ်မဟုတ်သော သဘောများ ဖြစ်သည်ဟု ယူဆဖွယ်ရာ ဖြစ်စေကာမူ ထိုသို့ မယူသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုသဘော နှစ်ခုသည် ရုပ်ကို ဖန်ဆင်းပေးသော ကြောင့် ဖြစ်၏။ မဟာ အနန္တ စွမ်းအား (သို့) ဆင်ခြင်ဉာဏ်သည် ရုပ်လွန် (တက္ကိက) သဘောတရားကို ဆောင်ယူလျက် ရှိသည်။ 'စီးနင်းသည်' ဆိုသော စကားသည် လှုပ်ရှားခြင်း သဘောကို ဆောင်သော ရုပ်သဘော 'ချီ' ပင် ဖြစ်သည်။ ထို့နောက် ခြေလှမ်းက မြန်လာလေလေ ယန်း ဆိုသော စွမ်းအင်က ထွက်ပေါ်လာလေလေ ဖြစ်တော့သည်။ ခြေလှမ်းက နှေးလာသော အခါ ယင် သဘောသည် ဖြစ်ပေါ်လာသည်။ ထို ယန်း သဘောနှင့် ယင် သဘောကို ပေါင်းစပ် လိုက်သောအခါ အချင်းချင်း ထာဝရ အပြန်အလှန် ကျေးဇူးပြုမှု၊ အပြောင်းအလဲ ဖြစ်အောင် အပြန်အလှန် ပြုလုပ် ဆောင်ရွက်မှုကြောင့် ပဉ္စမဟာဘူတဓာတ် သို့မဟုတ် အသချေ အနန္တ ဖြစ်သော အရာခပ်သိမ်းတို့၌ ပါဝင်သော ရုပ်ဓာတ် သဘောသည် ဖြစ်ပေါ်လာရတော့သည်။

ချူဆီသည် ထို မဟာ အနန္တ စွမ်းအား အယူအဆတွင် သူ့စိတ်တွင် တောက် ဝါဒ၌ သူ ခံစားမိသော အမှန်သစ္စာ သဘောကို တွေ့ရှိရလေသည်။ အဘယ်ကြောင့် ဆိုသော် အရာဝတ္ထုတိုင်း၌ တည်ရှိသော နိယာမ သဘော၊ ဆင်ခြင်ဉာဏ် သဘောသည် တောက် လမ်းစဉ် ဖြစ်သော 'ဖြစ်ရမည့် သဘော အမှန်' ဆိုသော သဘောနှင့် တူသည်ဟု သူ ယူဆလေသည်။

သို့သော် ချူဆီသည် သူ၏ တိုင်ချိ သဘောတရားကို တောက်ဝါဒီများ ယူဆသကဲ့သို့ 'ငြိမ်သက် တိတ်ဆိတ်ခြင်း သဘော' ဟု မယူဆချေ။ ထို့အတူ အရာခပ်သိမ်းသည် သဘော တစ်မျိုးတည်းသာ ဖြစ်သည်၊ အားလုံး အတူတူပင် ဖြစ်သည်၊ ခွဲခြား၍ မရဟုလည်း မယူဆချေ။

ထို မဟာ အနန္တ စွမ်းအား သဘောသည် အသက်ဇီဝ စွမ်းအားနှင့် ပူးပေါင်းသွားသော အခါ ထိုစွမ်းအားက အရာဝတ္ထုများကို တစ်ခုနှင့် တစ်ခု မတူ အသစ် အသစ် ဖြစ်ပေါ်လာမှု သဘောကို ခွဲခြား ဖော်ပြသော သဘောအဖြစ် လုပ်ဆောင်သည်ဟု သူက ဆိုသည်။ ထို သဘောတရား၌ ချူဆီသည် ဗုဒ္ဓဝါဒနှင့်လည်း သဘော ကွဲလွဲသွားလေသည်။

သူက ပရမတ္ထ အမှန် (သစ္စာ) တရားသည် သုညတ သဘောသာ ဖြစ်သည် ဟူ၍လည်း မမြင်ပေ။ ထို့အတူ စကြဝဠာ လောကကြီးသည်လည်း သုညတ သဘောသို့ ပြန်လည် ဆိုက်ရောက်သွားလိမ့်မည်ဟု မယူဆပေ။ သူက သဘာဝ လောကထဲမှာ ဗဟိုချက် ကျသော သင့်မြတ် ညီညွတ်သော သဘော တစ်ခု ရှိသည်ဟု မြင်သည်။

ထိုသဘောသည် ဂုဏ်သတ္တိ ကင်းမဲ့သော၊ လှုပ်ရှားခြင်း ကင်းဆိတ်သော ငြိမ်သက်သည့် သဘော ဖြစ်သည်ဟုလည်း မယူ။ ထိုသင့်မြတ် ညီညွတ်ခြင်း သဘောသည် တက်ကြွ လှုပ်ရှားသော သဘော ဖြစ်သည်ဟု သူက မြင်သည်။ မဟာ အနန္တ စွမ်းအားကား လှုပ်ရှား ဆောင်ရွက်ခြင်း သဘောမှ မည်သည့် အခါမျှ ကင်းဆိတ်ခြင်း မရှိပေ။ ထိုသဘောသည် ဘယ်သော အခါမှ ရပ်တန့်သွားခြင်း မရှိပေ။ ထို့ကြောင့် ထိုသဘောကို ဗုဒ္ဓ၏ ပရမတ္ထ သစ္စာနှင့် သဘောချင်း တူသည်ဟု မဆိုနိုင်ပေ။ ဤသဘောကား ဖွံ့စည်း ဖြစ်ပေါ်သည်၊ သီးပွင့် ဝေဆာသည်၊ ယိုယွင်း ပျက်စီးသည်။

ချူဆီသည် ရှေးကျသော၊ အသုံး မပြုတော့သော ပေါ်ရာဏ စကားများ၏ အနက် အဓိပ္ပာယ်ကို ဖော်ဆောင်ရန် အတွက် အထိုက်အလျောက် ကြိုးပမ်း အားထုတ်ခဲ့လေသည်။ ရှေးလူကြီးများ ယူဆခဲ့ကြသော ကောင်းကင်ဘုံ၊ နတ်ဘုရားဘုံ ဆိုသော သဘောတရားကို သူက တစ်မျိုးတစ်ဖုံ လက်ခံခဲ့လေသည်။ သို့သော် သူ လက်ခံသော ကောင်းကင်ဘုံသည် လူ့အသွင်သဏ္ဌာန်ကို ဆောင်သည် ဆိုသော အမြင်ကိုမူ သူက ငြင်းပယ်သည်။

သူက ကောင်းကင်ဘုံ သဘောကို ပြောဆိုသောအခါ ဒြပ်မဲ့ တရားကိုယ် သဘောအားဖြင့်သာ ပြောဆိုသည်။ သူသည် ကွန်ဖြူးရှပ် ဝါဒတွင် ထာဝရ နတ်ဘုရားလို ဖန်ဆင်းရှင် ရှိရှိ မရှိရှိ မသိနိုင် ဆိုသော အယူအဆကို ပေါ်ပေါက်အောင် အားပေးခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော် သူ၏ မဟာ အနန္တ စွမ်းအား အယူအဆသည် ဆင်ခြင်ဉာဏ် သဘော ဖြစ်ရကား သူ့စိတ်ထဲတွင် စကြဝဠာကြီး၏ နောက်ကွယ်၌ လောကကြီးကို အစီအစဉ်တကျ ဖြစ်အောင် စီမံ ဖန်တီးပေးနေသော စိတ်ဆန္ဒတော်ကြီး တစ်ခု ရှိနေသည်ဟု ခံစားနေမိကြောင်း သိသာပေသည်။

ကွန်ဖြူးရှပ်၏ ဂန္ထဝင် ကျမ်းများကို သုံးသပ် ဖော်ပြသော စာပိုဒ် တစ်ခုတွင် သူက ထိုသဘောကို ရေးသား ဖော်ပြခဲ့လေသည်။

ဤစာပုဒ်များ အရ ကောင်းကင်ဘုံတွင် အရာရာကို စိုးမိုး အုပ်ချုပ်နေသော လူတစ်ယောက် ရှိနေသည့်ပုံ ပေါ်သည်ဟု ဆိုလေသည်။

အခြားသော အချက်များနှင့် ပတ်သက်၍ သူသည် အစဉ်အလာအားဖြင့် ဘာသာ ယုံကြည် ကိုးကွယ်မှု သဘောကို များစွာ အရေးထားခြင်း မရှိခဲ့ပေ။ နတ်များကို ရှိခိုး ကိုးကွယ်ခြင်း၊ ရုပ်တု ဆင်းတုများကို ပန်း ရေချမ်း ဆီမီး သစ်သီးများဖြင့် ပူဇော် ပသခြင်းကို သူက ရှုတ်ချ ပြောဆိုခဲ့လေသည်။ သို့သော် ဘိုးဘေး အစဉ်အလာ ရိုးရာ ကိုးကွယ်မှုကိုမူ သူ လက်ခံခဲ့လေသည်။ သို့သော် ဘိုးဘေး အစဉ်အဆက်တို့၏ ဝိညာဉ်များ ဆက်လက် တည်ရှိနေသည် ဆိုသော သဘောကို သူ ငြင်းပယ်သည်။ ဘိုးဘေးဘီဘင် အစဉ်အဆက် ရိုးရာ ကိုးကွယ်မှုသည်ကား သင့်မြတ်သော သဘော ရှိသည်။ ဘိုးဘွားများ၏ ကျေးဇူးဂုဏ်ကို ကြည်ညိုစွာ ခံစား ထုတ်ဖော်ခြင်း၌ တန်ဖိုး ရှိသည်ဟု သူ မြင်သည်။

ချူဆီသည် သီလ၊ သမာဓိကို တည်ထောင်ရန် အတွက် နေ့စဉ် တစ်နေ့တာ၏ အချိန် အတိုင်းအတာ တစ်ခုတွင် တစ်ဦး တစ်ယောက်တည်း လွတ်ရာကျွတ်ရာတွင် သွားပြီး ကမ္မဋ္ဌာန်း ဘာဝနာ တရားကို အားထုတ်လေ့ ရှိသည်။ ထိုသို့ တရား ထိုင်ခြင်းကို *'တိတ်ဆိတ်စွာ ထိုင်ခြင်း'*[၁] ဟု သူက ခေါ်သည်။

ထိုသို့ ထိုင်ခြင်းသည် ဗုဒ္ဓဘာသာဝင်များ၏ သမထ ဘာဝနာ အားထုတ်ခြင်းနှင့် သဘောချင်း တူပေသည်။

'အရှုတ္တ သန္တာန် ငြိမ်သက်သော အခါ၌ ကြည့်ရှုခြင်းသည် များစွာ အကျိုး ရှိသည်။ လူတစ်ဦးသည် အစဉ်ထာဝရ သမ္မာဝါယမဖြင့် မိမိကိုယ်ကို စိစစ်ခြင်း အမှုကို ပြုသင့်သည်။ မိမိသည် အလွန် စကား များသူ ဖြစ်ကြောင်း တွေ့ရသော အခါ သူသည် နှုတ်ဆိတ်အောင် ပြု၍ နေနိုင်သည်။ မိမိသည် သတိ မေ့လျော့တတ်သူ ဖြစ်ကြောင်း တွေ့ရှိရလျှင် မိမိကိုယ်ကို သတိနှင့် ယှဉ်၍ နေသူ ဖြစ်အောင် ပြုလုပ်နိုင်ပေသည်။ မိမိသည် ဣန္ဒြေ မဲ့သူ၊ လျှပ်ပေါ်သူ ဖြစ်ကြောင်း တွေ့ရှိရလျှင် ကိုယ့်ကိုယ်ကိုယ် ဣန္ဒြေ ရင့်ကျက်သူ၊ သိက္ခာ ရှိသူ ဖြစ်အောင် လုပ်နိုင်သည်။'

သို့သော် ထိုကဲ့သို့ 'ကိုယ့်ကိုယ်ကိုယ် သတိဖြင့် ဆင်ခြင်၍ ပြုပြင်ခြင်းသည်' ဗုဒ္ဓ၏ သမထနည်းနှင့် အတူတူပင် ဖြစ်သည်ဟု ဆိုသော စကားကိုမူ သူက ငြင်းပယ်ခဲ့လေသည်။

'ငြိမ်သက် တိတ်ဆိတ်စွာ တရား ထိုင်ခြင်း' သည် ဗုဒ္ဓ၏ သမထ ဘာဝနာ အားထုတ်ခြင်းနှင့် မတူပေ။ သမထ ဘာဝနာ အားထုတ်သော အခါ စိတ်ကူး အတွေး အားလုံးကို ချုပ်ငြိမ်းသွားအောင် ပြုလုပ်ရသည်။ ကျွန်ုပ်၏ နည်းသည်ကား မိမိ၏ စိတ်ကို ဝိရောဓိ ဖြစ်နေသော အတွေးများ၏ နှောင့်ယှက်ခြင်းမှ ကင်းအောင် တည့်မတ်ပေးခြင်းသာ ဖြစ်သည်။ ကျွန်ုပ်တို့၏ စိတ်သည် သန့်ရှင်း စင်ကြယ်နေသော အခါ၊ အနှောင့်အယှက် ကင်းနေသော အခါ သမာဓိသည် သူ့အလိုလို ဖြစ်ပေါ်လာသည် ဟု သူ ဆိုသည်။

ကွန်ဖြူးရှပ် ဂိုဏ်းသားများသည် ကမ္မဋ္ဌာန်း ဘာဝနာ အားထုတ်ခြင်းကို အရေးထားကြသကဲ့သို့ ချူဆီသည်လည်း ကမ္မဋ္ဌာန်း တရား အားထုတ်ခြင်းကို အရေးထားသည်။ တက္ကိက အတွေးများ တွေးခေါ်ခြင်း၊ ဂမ္ဘီရ အတွေးများ တွေးခေါ်ခြင်းထက် ကမ္မဋ္ဌာန်း တရား အားထုတ်ခြင်းက ပို၍ သီလ သမာဓိကို ဖြစ်စေသည်ဟု သူ ယူဆသည်။ အလယ်ချက် ကျခြင်းသည် စကြဝဠာ၏ အစီအစဉ် ကျခြင်း ဖြစ်၍ ညီညွတ်ခြင်းသည် စကြဝဠာ၏ မပြောင်းလဲနိုင်သော နိယာမ ဖြစ်သည်ဟု သူ့စိတ်မှာ ခံစားရသည်။ ထိုသဘောများကို သိမြင်ရန် အလို့ငှာ သူ့စိတ်ကိုလည်း တည်ငြိမ်အောင်၊ စူးစိုက်အောင် လုပ်ရမည်ဟု သူ နားလည်သည်။ ထိုကဲ့သို့ ပြုလုပ်ခြင်း၌ အောင်မြင်သော အခါ သူ့အသိဉာဏ်တွင် 'လူသတ္တဝါ အားလုံးသည် ညီရင်းအစ်ကို မောင်ရင်းနှမများချည်းသာ ဖြစ်ကြကုန်သည်၊ အရာခပ်သိမ်းတို့သည်လည်း မိမိ၏ အခြွေအရံများသာ ဖြစ်ကြသည်' ဟုလည်း သူ သိမြင် သဘော ပေါက်သွားလေသည်။

ဘက်ပေါင်းစုံကို လက်တွေ့ သဘောအားဖြင့် ပေါင်းစပ်၍ ညီညွတ်အောင် ပြုလုပ် လာနိုင်သောကြောင့် ချူဆီသည် ကွန်ဖြူးရှပ်၏ အတွေးအခေါ်များကို အဓိပ္ပာယ် ဖွင့်ဆိုရာ၌ သူ့ခေတ် သူ့အခါက စ၍ အမှားအယွင်း ကင်းသော၊ အလွန် အရေးပါသော အဋ္ဌကထာ ဆရာကြီး ဖြစ်လာခဲ့လေတော့သည်။ (သူ့ကို ကမ္ဘာ့ ပညာရှင်များက ကွန်ဖြူးရှပ် ဝါဒ၏ သောမတ် အကွိုင်းနပ်ဟု ခေါ်ကြလေသည်။ သောမတ် အကွိုင်းနပ်သည် ခရစ်ယာန် အယူဝါဒကို မှန်ကန်စွာ အဓိပ္ပာယ် ဖွင့်ဆိုနိုင်သော ခရစ်ယာန် ဘာသာ အဋ္ဌကထာ ဒဿန ဆရာကြီး တစ်ဦး ဖြစ်သည်။)

---

၁။ Silent sitting

သို့ဆိုစေကာမူ သူသည် အခြားသော အဖွင့်ကျမ်းဆရာများ အားလုံး၏ ထောက်ခံ အားပေးမှုကို ခံရလောက်အောင်လည်း မြင်ကွင်း တစ်ခုလုံးကို အပြည့်အစုံ လွှမ်းမိုးအုပ်စိုးနိုင်ခြင်း မရှိပေ။

သူ၏ ကွန်မြူးရုပ် ဝါဒ အဖွင့် ကျမ်းများကို အများစုက ထောက်ခံခဲ့ကြပါသည်။ သို့သော် ကွန်မြူးရုပ် နောက်လိုက်များထဲတွင် ဗုဒ္ဓဝါဒနှင့် တောက်ဝါဒ၏ လွှမ်းမိုးမှုကို ခံယူထားကြသူများက ပိုများနေသည်။ ထိုသူတို့သည် စိတ်ပိုင်းဆိုင်ရာ စူးစမ်း စစ်ဆေးမှု၊ အချွတ္တ သန္တာန်ကို လေ့လာဖော်ထုတ်မှုဘက်၌ ပို၍ အလေး ထားကြသည်။

ဤအုပ်စုထဲတွင် နာမည် အကြီးဆုံး ပုဂ္ဂိုလ်သည် ဝန်ယန်မင်း (၁၄၇၃-၁၅၂၉ အေဒီ) ဖြစ်သည်။

ချူဆီ နောက် အနှစ် နှစ်ရာ ငါးဆယ်ကျော်မှ ပေါ်ပေါက်လာသော ပညာရှင် သုတေသီ တစ်ဦး ဖြစ်သည်။ ထိုအချိန်တွင် ဆွန် မင်းဆက်နှင့် ယူအန် (မွန်ဂို) မင်းဆက်များသည် သမိုင်းထဲသို့ လွန်မြောက် ရောက်ရှိသွားကြပြီ။ မင်း မင်းဆက် (၁၃၆၈-၁၆၄၄ အေဒီ) သည်ပင် ပေါ်ပေါက်ခဲ့သည်မှာ အနှစ် တစ်ရာကျော်သွားပြီ ဖြစ်၏။

ထိုခေတ်သည် ကာမဂုဏ် လိုက်စားသော၊ ပေါက်လွတ်နေသော၊ အကျင့်သီလ ပျက်သော ခေတ် ဖြစ်သည်။

ထိုအချိန်က နန်းတော်ထဲမှာ အကျင့် ပျက်သော မိန်းမလျာ တစ်ယောက် တန်ခိုး ကြီးထွားလျက် ရှိသည်။ ထိုမိန်းမလျာ၏ မခံသာအောင် ပြစ်မှားမှုကြောင့် ဝန်ယန်မင်းသည် ဝေးကွာသော ပြည်နယ် တစ်ခုသို့ ထွက်ပြေးသွားခဲ့လေသည်။ ထိုအချိန်တွင် သူသည် သူ၏ ဒဿနအမြင်များကို ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့လေသည်။

သူ့ အတွေးအခေါ် အရ စိတ်နှင့်ကင်း၍ ဖြစ်သောအရာ ဟူ၍ ဘာမျှ မရှိ ဆိုသော သဘောတရားကို သူ ရရှိလာလေသည်။

အဘယ်ကြောင့်ဆိုသော် အရာခပ်သိမ်းတို့၏ အတွင်းအချွတ္တ သန္တာန်မှ စိတ်က ထိုအရာဝတ္ထုကို ပုံပန်းသဏ္ဌာန်ပေါ်အောင် ဖန်တီးနေသည်ဟု သူ ရှုမြင်ခဲ့လေသည်။

လောက၌ ရှိရှိသမျှ၊ ဖြစ်ဖြစ်သမျှ အရာခပ်သိမ်းတို့ကို စိတ်က ပြုပြင် ဖန်တီးနေသည် ဆိုသော ထိုသဘောတရားကို သိသာ ထင်ရှားအောင် ဝန်ယန်မင်းသည် သူ့အသက် ၂၁ နှစ် အရွယ်တွင် လက်တွေ့ စမ်းသပ်ချက်တစ်ခုကို ပြုလုပ်ခဲ့ဖူးလေသည်။ အရာဝတ္ထုများ အတွင်း၌တည်နေသော ဆင်ခြင်တုံ တရားကို သိလိုလျှင် ကျွန်ုပ်တို့သည် ဗဟိဒ္ဓရှိ အရာဝတ္ထု အမျိုးမျိုးကို စူးစမ်း လေ့လာရမည်ဟု ဆိုဆုံးမသော ချူဆီ၏ အကြံပေးချက်ကို သူသည် အရေးတယူ ပြုခဲ့လေသည်။

သူ၏ နည်းလမ်းကို စမ်းသပ်ရန် အတွက် ဝန်ယန်မင်းသည် သူ့ ဖခင်၏ ဝါးတောကို ရွေးချယ်ခဲ့လေသည်။ သုံးရက် သုံးညတိုင်တိုင် သူသည် ဝါးတောထဲမှာ ထိုင်လျက် ဝါးပင်များက သူ့ကို ဘာများ သင်ကြားမလဲဟု စောင့်ဆိုင်းနေခဲ့လေသည် ဆို၏။ လိုချင်သော ရလဒ်ကိုကား မရဘဲ သူသာလျှင် အကြီးအကျယ် အအေးမိသော ရောဂါကို ခံစားရလေတော့သည်။ ထိုအခါ သူက အဖြေ ထုတ်လိုက်သည်။ အရာဝတ္ထုများက စိတ်ထဲကို ဆင်ခြင်ဉာဏ် ထည့်မပေးနိုင်လျှင် စိတ်က အရာဝတ္ထုများထဲသို့ ဆင်ခြင်ဉာဏ် ထည့်သွင်းရန်သာ ရှိတော့သည်ဟု သူက ဆိုသည်။

ခေတ်သစ် အဓိပ္ပာယ် ဖွင့်ဆိုသူ တစ်ဦး၏ အဆိုအရမူ 'ဥပမာ ဝါးပင် ကိစ္စ၌ ဝါးပင်သည် အတွင်း၌ ဟောင်းလောင်း ဖြစ်လျက် နှိမ့်ချသော သဘော ရှိပေ၏ဟု တစ်စုံတစ်ဦးက ဆင်ခြင်လျှင်၊ တစ်နှစ်ပတ်လုံး စိမ်းလန်း၍ နေနိုင်ပေသည်ဟု တစ်စုံတစ်ဦးက ဆင်ခြင်နိုင်လျှင်၊ ဖူးပွင့်ဝေစီသော သဘော မရှိဘဲ သေးသွယ်သော အရွက်ကလေးများဖြင့် ရိုးရိုးရှင်းရှင်း ကိုယ့်ကိုယ်ကိုယ် တန်ဆာဆင်နိုင်ပေသည်ဟု ဆင်ခြင်နိုင်လျှင်၊ ဖြောင့်ဖြောင့်မတ်မတ် တည်လျက် သိက္ခာရှိရှိ နေနိုင်ပေသည်ဟု စဉ်းစား ဆင်ခြင်နိုင်လျှင် ထိုသူသည် ဝါးပင်၏ ဥယျာဉ်၌ အခြေအရံ အဖြစ်တည်နေသော သဘော၏ တန်ဖိုးများကို ဖော်ဆောင်သောဆင်ခြင်ဉာဏ် အကြောင်း ယုတ္တိ များစွာကို နားလည်နိုင်ပေသည်။

'ကျွန်ုပ်တို့၏ ကိုယ်ပိုင်စိတ်များသည် အရာဝတ္ထုများ၌ ဖြစ်သော ဆင်ခြင်ဉာဏ် အကြောင်းယုတ္တိများကို သိနိုင်သော ရင်းမြစ် မူလ ဖြစ်ပေသည်။'

ဤသည်တို့ကား ဝန်ယန်မင်း၏ ကိုယ်ကျင့်တရားနှင့်ဆိုင်သော အရေး ပါသော သဘောတရားများ ဖြစ်၏။

ကျွန်ုပ်တို့ အတွင်း၌ ရှိသော ဆင်ခြင်ဉာဏ် အကြောင်းယုတ္တိသည် အကျင့် သီလနှင့် ဆိုင်သော ဆင်ခြင်ဉာဏ်အကြောင်း ယုတ္တိ ဖြစ်၏။ ထို့ကြောင့် ထို ဆင်ခြင်ဉာဏ်သည် သိနားလည်ခြင်း သဘောသာ မကဘဲ ကောင်းမြတ်သော သဘောကိုလည်း ဖော်ဆောင်ပေသည်။ ဤ ဉာဏ်ကား အချွတ္တ၏ အလင်းရောင်လည်း ဖြစ်၏။ ဇီဇအားဖြင့်ဖြစ်သော ကုသိုလ်စိတ်လည်း ဖြစ်၏။ ကုသိုလ်စိတ် (ဝါ) ကောင်းမြတ်ခြင်း သဘောကို သိသော အသိသည် အပြင်

ဘက်မှ ဆည်းပူး၍ ရလာသော စိတ် မဟုတ်၊ မွေးကတည်းက ပါလာသော စိတ် ဖြစ်သည်ဟု သူ ယူဆသည်။

အကယ်၍ ထိုမွေးရာပါ ဇာတိစိတ်သည် တိမ်သလ္လာဖုံး၍ မှုန်မွှားနေပါက ထိုစိတ်ကို ကြည်လင် တောက်ပလာအောင် သင်ကြားမှုနှင့် အတွေ့အကြုံအားဖြင့် ပွတ်တိုက်သန့်စင်ပစ်ရမည်ဟု သူက ဆိုသည်။

စိတ်သည် ကြည့်မှန် ကြေးမုံနှင့် တူသည်။ ထိုကြေးမုံပြင်ကို လုံ့လ ပြု၍ ပွတ်တိုက်ပါက ထိုကြည့်မှန်သည် ကြည်လင် တောက်ပလာပေသည်။ တောက်ပသော အစွမ်းသတ္တိသည် ဘယ်တော့မှ ပပျောက်သွားခြင်း မရှိပေ။

စိတ်သည် ပင်ကို သဘောအားဖြင့် သိတတ်သော သဘောလည်း ရှိ၏။ တစ်စုံတစ်ဦးသော သူသည် သူ၏ စင်ကြယ်သော စိတ်နောက်သို့ လိုက်နိုင်ပါမူကား သူသည် ကောင်းမြတ်သော ကုသိုလ်၏ သဘောကို သိနားလည်နိုင်ပေသည်။ သူသည် သူ့မိဘများကို မြင်တွေ့ရသော အခါ မိဘ၌ ဖြစ်သော သားသမီး၏ ချစ်ခင် ကြည်ညိုခြင်း သဘောကို အလိုလို သိလာနိုင်သည်။

ဤကား မွေးရာပါ ကောင်းမြတ်ခြင်း သဘောကို သိသော အသိဉာဏ် ဖြစ်၏။

ဝန်ယန်မင်းသည် ဆော့ခရတ္တိနှင့် တူသော အတွေးအမြင် ရှိသည်ဟုလည်း ဆိုနိုင်သည်။

ထိုသဘောမှာ ကောင်းမြတ်ခြင်း သဘောကို သိလျှင် ချက်ချင်းပင် ကောင်းသော အကျင့်ကို ကျင့်တော့သည် ဆိုသော အယူအဆ ဖြစ်သည်။

'သိမြင်ပြီးနောက် သိမြင်သော အတိုင်း မကျင့်ဘဲ နေသောသူ မည်သည် မရှိပေ၊ လူတစ်ဦးသည် မကောင်းသော အနံ့ကို ရသည်နှင့် တစ်ပြိုင်နက် ထိုအနံ့ကို မုန်းတီးပေတော့သည်'

လူတစ်ဦးသည် စိတ်ကို တိမ်သလ္လာ ဖုံးနေသော တစ်ကိုယ်ကောင်း စိတ်ကို သုတ်သင် ဖယ်ရှားခြင်းဖြင့် မိမိ စိတ်ကို ကြည်လင် သန့်ရှင်းလာအောင် ပြုလုပ်ရန် အရေးကြီးပေသည်။ ဤကဲ့သို့ ပြုလုပ်ရန်မှာ မိမိစိတ်ကို တည်ငြိမ်သော သမာဓိ ရလာအောင် ပြုလုပ်မှသာ ဖြစ်နိုင်သည်။ သမထ (ဝါ) သမာဓိဖြင့်သာ စိတ္တဝိသုဒ္ဓိကို ရနိုင်သည်ဟုလည်း သူ ယူဆသည်။

ဤကား ကွန်ဖြူးရှပ် ဝါဒနှင့် စပ်ဆိုင်သမျှ ဆိုခဲ့ရာ ပြည့်စုံခြင်းသို့ ရောက်ပြီဟုကား မဆိုနိုင်သေးပါ။

နောက်ထပ် ဆိုရဦးမည် ဆိုလျှင် ချင်း မင်းဆက်ခေတ်တွင် ပေါ်ပေါက်ခဲ့သော ကွန်ဖြူးရှပ် ဝါဒသစ် အကြောင်းများကို ဆိုနိုင်သေး၏။ သို့သော် ယခု ကျွန်ုပ်တို့ ဆိုပြီးခဲ့သမျှဖြင့်ပင် ကွန်ဖြူးရှပ် ဝါဒ၏ ဒဿနနှင့် ဘာသာရေးဆိုင်ရာ သဘော သရုပ်မှန်သည် ပေါ်နိုင်လောက်ပေပြီ။

## ၄။ နိုင်ငံတော်က ကွန်ဖြူးရှပ်ကို ကိုးကွယ်ခြင်း

နိုင်ငံတော် အစိုးရက ကွန်ဖြူးရှပ်၏ ဝိညာဉ်ကို ကိုးကွယ်မှု အစဉ်အလာကား တည်ထွန်းလျက် ရှိပြီ။ သို့သော် ထိုသို့ ကွန်ဖြူးရှပ် ကိုးကွယ်မှုသည် အလွယ်တကူ ဖြစ်ပေါ်လာသည် မဟုတ်။ ကာလ ကြာမြင့်စွာ တဖြည်းဖြည်း တိုးတက်ထွန်းကားလာခြင်း ဖြစ်သည်။ ဤကဲ့သို့ တိုးတက်မှု နှောင့်နှေးရသည့် အကြောင်းများကို ဝေးဝေးလံလံ ရှာဖွေရန် မလိုပေ။

ကွန်ဖြူးရှပ်သည် အသက် ထင်ရှား ရှိစဉ် သူ့ ခေတ်သူ့အခါက အောင်မြင် ကျော်ကြားခြင်း မရှိခဲ့ပေ။ ထို့အတူ မင်းရှပ်သည်လည်း သူ့ဆရာကဲ့သို့ပင် တိုင်းရေး ပြည်ရာကိစ္စများ၌ ကြီးကျယ်သော ပုဂ္ဂိုလ် ဖြစ်အောင် ပြုလုပ်နိုင်စွမ်း မရှိခဲ့ပေ။ သူတို့၏ ဆရာကြီး ကွန်ဖြူးရှပ် ကွယ်လွန်ပြီး နှစ်ပေါင်း ရာပေါင်း များစွာ ကြာမြင့်သည့် တိုင်အောင် မည်သည့် ကွန်ဖြူးရှပ် နောက်လိုက်များမှ အစိုးရနှင့် ပတ်သက်သော အယူအဆများကို အမြဲတမ်း ပြောင်းလဲသွားအောင် ပြုလုပ်နိုင်သော တန်ခိုး သြဇာ အာဏာ ရှိသော အဆင့်သို့ မရောက်ရှိနိုင်ခဲ့ကြပေ။

သို့သော် ထို့နောက် ပထမ ဧကရာဇ် ဘုရင်ကြီး ရှိဟွန်တီ၏ လုပ်ဆောင်ချက်များနှင့် လုပ်ပုံကိုင်နည်းများကို ဖယ်ရှားပစ်သော ခေတ်ကာလသို့ ရောက်ရှိလာသော အခါ၊ ထို့ပြင် ကွန်ဖြူးရှပ်၏ ဂန္ထဝင် ကျမ်းစာများကို ပြန်လည်ဖော်ထုတ်၍ ခေတ်စားလာသော အခါ ဟန် မင်းဆက်မှ ဧကရာဇ် ဘုရင်ကြီး ဂူတီ (၁၄၁မှ ၈၇ ဘီစီ) သည် ကွန်ဖြူးရှပ် ဝါဒကို လက်ခံပြီးလျှင် ကွန်ဖြူးရှပ်၏ ဟောကြား

ချက်များကို နိုင်ငံတော်၏ မူဝါဒများ အဖြစ်လည်း လက်ခံခဲ့လေသည်။

ဤသို့ ပြုလုပ်လိုက်ခြင်းသည် မင်းမှုထမ်းများ အတွက်မူ အလွန် အရေးကြီးသော ဆုံးဖြတ်ချက် တစ်ရပ် ဖြစ်ခဲ့သည်။ အဘယ်ကြောင့် ဆိုသော် ထိုအချိန်မှ စ၍ နောင်ကာလ၌ တောက် ဝါဒီများနှင့် ဗုဒ္ဓ ဝါဒီ ဧကရာဇ် ဘုရင်များ နန်းတက်လာသော အခါ၌ပင် ကွန်ဖြူးရှပ်အား ပညာရှင် သုခမိန်ကြီး အဖြစ် နိုင်ငံတော်က ဂုဏ်ပြုပြီး အစိုးရ အသိအမှတ်ပြု အဆင့်အတန်း၌ ထားရှိခဲ့လေသည်။

ကွန်ဖြူးရှပ်အား တစ်ဆင့်ထက် တစ်ဆင့် မြင့်မားသော ရာထူး ဌာနန္တရများ၌ တိုးမြှင့် ဂုဏ်ပြုသော ဖြစ်ရပ် ဇာတ်လမ်းများမှာ စိတ်ဝင်စားဖွယ် ကောင်း၏။

ပထမ အစကမူ ကွန်း မိသားစုနှင့် ကွန်ဖြူးရှပ်၏ အနီးကပ် တပည့်တပန်းများကသာ သူ၏ ဝိညာဉ်ကို မှန်မှန် ကိုးကွယ် ဆည်းကပ်လျက် ပူဇော် ပသမှုကို ပြုခဲ့ကြလေသည်။ နောင်အခါတွင်မူ နိုင်ငံရေး စိတ်ဓာတ် ရှိကြသော မင်းစိုးရာဇာများက ကွန်ဖြူးရှပ်၏ သင်္ချိုင်းတွင် ပူဇော် ပသပွဲများကို ကျင်းပခဲ့ကြလေသည်။

မင်းများက ထိုကဲ့သို့ ပြုလုပ်ခဲ့ခြင်းမှာ ကွန်ဖြူးရှပ်ကို ကြည်ညိုလွန်းသောကြောင့် မဟုတ်။ ထိုသို့ ပြုလုပ်ခြင်းကြောင့် တိုင်းသူပြည်သား၊ ရပ်သူရွာသားများ စိတ်မှာ ကျေနပ်မှု ရရှိစေရန် အတွက် ဖြစ်၏။

ထိုသဘောဖြင့် ပထမဆုံး ပူဇော် ပသပွဲကို ကျင်းပခဲ့သော မင်းမှာ ဟန် ဧကရာဇ် *ကောက်ဇု* [၁] ဖြစ်၏။

ကောက်ဇု ဘုရင်သည် သူကိုယ်တိုင်ကမူ တောက် ဝါဒကို စိတ် ယိုင်ညွတ်မှု ရှိသော်လည်း ကွန်ဖြူးရှပ်၏ သင်္ချိုင်းတွင် နွား တစ်ကောင်၊ သိုး တစ်ကောင်နှင့် ဝက် တစ်ကောင်ကို သတ်ပြီး ယဇ် ပူဇော်ခဲ့လေသည်။

ဘီစီ ၁၉၅ ခုနှစ်တွင် ထိုမင်းသည် တိုင်းခန်း လှည့်လည်စဉ် လု ပြည်နယ်ရှိ ကွန်ဖြူးရှပ်၏ သင်္ချိုင်းဂူသို့ ရောက်သော အခါ ထိုကဲ့သို့ ယဇ် ပူဇော်ခဲ့ခြင်း ဖြစ်၏။

ထိုကာလမှ စ၍ နောက်ပိုင်း မင်းအဆက်ဆက်တို့ သည်လည်း နိုင်ငံရေး အကျိုးကို ကြည့်ပြီးလျှင် ကွန်ဖြူးရှပ်၏ သင်္ချိုင်းဂူတွင် ယဇ် ပူဇော်ပွဲများကို ကျင်းပ ပြုလုပ်ခဲ့ကြလေတော့သည်။

အေဒီ ၁ ခုနှစ်တွင် ဟန်မင်းဆက်မှ *ဧကရာဇ် ဘုရင်ပင်း* [၂] သည် ကွန်ဖြူးရှပ် သင်္ချိုင်းဂူ အနီးရှိ ကွန်ဖြူးရှပ် ဘုရား ဝတ်ကျောင်းတော်ကို ပြုပြင် တည်ဆောက်ရန် အမိန့်ပေးခဲ့ပြီးလျှင် ကွန်ဖြူးရှပ်ကိုလည်း မြို့စား နယ်စား ရာထူးကို ပေး၍ ဂုဏ်ပြု ချီးမြှောက်ခဲ့လေတော့သည်။

ထိုအချိန်မှ စ၍ ကွန်ဖြူးရှပ် ဝတ်ကျောင်းတော်တွင် ဆုတောင်း ပတ္တနာများ၊ ပရိတ် တရားတော်များ ရွတ်ဖတ်ခြင်း၊ ယဇ်ပူဇော်ပွဲ အပြင် ငွေကြေး ပိုးဖဲ လှူဒါန်း ပူဇော်ခြင်းများကိုပါ ပြုလုပ်လာခဲ့ကြလေတော့သည်။ ထို့ပြင် သေပြီးမှ ဂုဏ်ပြု ချီးမြှင့်သော ဂုဏ်ထူး ဘွဲ့ထူးများ ပေးခြင်း အလေ့အထလည်း ပေါ်ပေါက်လာလေတော့သည်။

နောင် ရာစုခေတ် အဆက်ဆက်တွင်လည်း ဘုရင်များက ကွန်ဖြူးရှပ်အား ပညာရှင်ကြီး အဖြစ် ဂုဏ်ထူး ဘွဲ့ထူး အမျိုးမျိုးကို ပေး၍ ချီးမြှင့်ကြလေသည်။

ထို့ပြင် ကွန်ဖြူးရှပ်၏ သားစဉ်မြေးဆက်တို့ကိုလည်း မှူးမတ် ရာထူး အဆင့်အတန်းမျိုး ပေးပြီး ချီးမြှင့်ခဲ့လေသည်။

နိုင်ငံတော်က ကွန်ဖြူးရှပ်အား ပုဂ္ဂိုလ် ကိုးကွယ်မှု နောက်အဆင့် တစ်ဆင့်သည် အေဒီ ၆၃၀ ခုနှစ်တွင် ဖြစ်ပေါ်လာခဲ့လေသည်။

ထိုအချိန်တွင် တန် မင်းဆက်မှ ဧကရာဇ် ဘုရင် တိုင်ဆန်းသည် တရုတ်ပြည် တစ်ဝှမ်းရှိ ပြည်နယ်တိုင်း၌ ကွန်ဖြူးရှပ် အမှတ်တရ နိုင်ငံတော်၏ ဘုရားဝတ်ကျောင်းများကို တည်ဆောက်ကြရမည်ဟု အမိန့် ပြန်တမ်း တစ်စောင်ကို ထုတ်ခဲ့လေသည်။ ထိုဘုရားကျောင်းများ၌ ပုံမှန် ပြုလုပ်သော ယဇ် ပူဇော်ပွဲများ ကျင်းပကြရမည်ဟုလည်း အမိန့် ထုတ်ခဲ့လေသည်။

ထိုဧကရာဇ်မင်းသည် ထိုကွန်ဖြူးရှပ် ဘုရား ဝတ်ကျောင်းများကို အမျိုးသား ခန်းမများ အဖြစ် ပြောင်းလဲပြီးလျှင် ထိုခန်းမများထဲတွင် ကွန်ဖြူးရှပ်၏ ရုပ်တု အနီးတွင် ထင်ရှားသော စာပေ၊ အတွေးအခေါ် ပညာရှင်ကြီးများ၏ ရုပ်တု ဆင်းတုများကိုပါ ထား၍ ဂုဏ်ပြု ချီးမြှင့်ခဲ့လေတော့သည်။

ရှစ် ရာစုခေတ်သို့ ရောက်သောအခါ ဗုဒ္ဓဘာသာ၏ ဩဇာ လွှမ်းမိုးခြင်းကို ခံယူသော တန် ဧကရာဇ် တစ်ဦးသည် ထိုအမျိုးသား ခန်းမထဲတွင် ကွန်ဖြူးရှပ်၏ ရုပ်တုများ အပြင် သူ၏ နောက်လိုက်များထဲမှ ထင်ရှားသော တပည့်ကြီးများ၏ ရုပ်ပုံ ပန်းချီကားချပ်များကိုပါ နံရံတွင် ချိတ်ဆွဲထားရန် အကြံ ပြုခဲ့လေသည်။

အဘယ်ကြောင့် ဆိုသော် နောင် ရှစ် ရာစု အတွင်း၌ ကွန်ဖြူးရှပ်၏ ဝတ်ကျောင်းတော်များမှာ ဗုဒ္ဓဘာသာ ဘုရား

---

၁။ Kao Tsu ၂။ Emperor Ping

တန်ဆောင်းများနှင့် များစွာ ကွဲပြား ခြားနားခြင်း မရှိတော့သောကြောင့် ဖြစ်၏။

ကွန်ဖြူးရှပ်အား ယဇ်ဖြင့် ပူဇော်ခြင်း အလေ့အထသည် တဖြည်းဖြည်း ပို၍ ကြီးကျယ် ခမ်းနားလာသည်။

တန် ဧကရာဇ်များသည် နွေဦးပေါက်နှင့် နွေနှောင်းကာလများ၌ ပို၍ ခမ်းနား ကြီးကျယ်သော ပူဇော်ပွဲများကို ကျင်းပ ပြုလုပ်လာကြလေသည်။ မင်း နေပြည်တော်ရှိ နိုင်ငံတော် ဘုရား ဝတ်ကျောင်း၌ ထို ယဇ်ပူဇော်ပွဲကို ခမ်းနား ကြီးကျယ်စွာ ကျင်းပ ပြုလုပ်လေသည်။

ထို ယဇ်ပူဇော်ပွဲတွင် နွားသိုး တစ်ကောင်၊ ဝက် တစ်ကောင်နှင့် သိုး တစ်ကောင်ကို သတ်ဖြတ်၍ ကွန်ဖြူးရှပ် ရုပ်တုအား ဆက်ကပ်ကြသည်။ ထို့နောက် ခမ်းနားစွာ တေး ဂီတများကို တီးမှုတ်ပြီးလျှင် ကခုန် ပျော်မြူးကြလေသည်။ ထို့ပြင် ဝတ်ပြု ဆုတောင်းပွဲများကိုလည်း ငြိမ်သက် ခမ်းနားစွာ ပြုလုပ်ကြသည်။

မွန်ဂို မင်းများ အုပ်စိုးသော ခေတ်သို့ ရောက်သောအခါ ယဇ်ပူဇော်ပွဲ အခမ်းအနားသည် ပို၍ပင် ကြီးကျယ်လေးနက်လာသည်။ အမွှေးနံ့သာများကို ထွန်းညှိကြသည်။ ကွန်ဖြူးရှပ်၏ ရုပ်တု ရှေ့တွင် နဖူးမြေကျ ရှိခိုး ဦးချသော အလေ့အထလည်း ထိုအချိန်တွင် ပေါ်ပေါက်လာလေသည်။ ရာပေါင်း များစွာသော ပဉ္စလောဟာ ခွက်များ၊ သစ်သား ခွက်များ၊ ကြွေခွက်များကိုလည်း အခမ်းအနားတွင် အသုံးပြုကြသည်။ ဝိုင် အရက်ချို နှစ်မျိုးကိုလည်း ဆက်ကပ် ပူဇော်ကြသည်။ နွား တစ်ကောင်၊ ဝက် ငါးကောင်၊ သိုး ငါးကောင်ကို လည်းကောင်း၊ စားကောင်းသောက်ဖွယ် များစွာကို လည်းကောင်း ယဇ်ပလ္လင်၌ ဆက်ကပ် ပူဇော်ကြလေသည်။

၁၅၃၀ ခုနှစ်တွင် ကွန်ဖြူးရှပ်အား ကိုးကွယ်မှုနှင့် ပတ်သက်၍ သိသာ ထင်ရှားသော ပြုပြင် ပြောင်းလဲမှု တစ်ခု ဖြစ်ပေါ်ခဲ့လေသည်။

ကွန်ဖြူးရှပ် နောက်လိုက် ပညာရှင် တစ်ဦး၏ အကြံပေးချက် အရ မင်း မင်းဆက် ဧကရာဇ် တစ်ပါး ဖြစ်သူ *ချေချင်း* [၁] သည် ကွန်ဖြူးရှပ်အား အပ်နှင်းထားသော ရှည်လျားသော ဘွဲ့ထူး ဂုဏ်ထူးများကို ပြန်လည် နုတ်သိမ်းလိုက်ပြီးလျှင် ကွန်ဖြူးရှပ်အား 'ဆရာကြီး ကွန်း' ဟူ၍ ရိုးရိုးပင် ခေါ်ခဲ့လေသည်။ ထို့ပြင် ကွန်ဖြူးရှပ် ဘုရား ဝတ်ကျောင်းတော်များ၌လည်း မူလက အတိုင်း ရိုးရိုးရှင်းရှင်း ပြုလုပ်ခဲ့သော သမိုင်း အစဉ်အလာများကို ပြန်လည် ထိန်းသိမ်းစေခဲ့လေသည်။ ပူဇော်ပွဲ အခမ်းအနားများကိုလည်း ရှေးမူမပျက် ကျင်းပစေသည်။ ကွန်ဖြူးရှပ် ရုပ်တု နေရာများ၌လည်း ရှေးမူအတိုင်း ကမ္ပည်း ကျောက်ပြားများ သို့မဟုတ် သစ်သားပြားများကိုသာ ထောင်ထားစေသည်။ ကျောက်ပြား သစ်ပြားများပေါ်တွင် ကမ္ပည်းစာများ ရေးထိုးထားစေသည်။

၂၀ ရာစု အစလောက်တွင် (၁၉၁၁ ခုနှစ်လောက်ကတည်းက) ကွန်ဖြူးရှပ်အား နိုင်ငံတော်က ပုဂ္ဂိုလ်ရေး ကိုးကွယ်မှု ပြုလုပ်ခဲ့သော အစဉ်အလာသည် မှေးမှိန်လာခဲ့လေသည်။

ပီကင်း မြို့တော်ရှိ ယဇ်ပလ္လင်တွင် ကောင်းကင်ဘုံကို ရှိခိုး ပူဇော်သော ပွဲသဘင်များ၌ မည်သည့် ဧကရာဇ်မျှ ပါဝင် ဆင်နွှဲခြင်း မပြုလုပ်ကြတော့ပေ။ ကောင်းကင်ဘုံ ဘုရား ဝတ်ကျောင်းတော်ကိုသာ စနစ်တကျ ဆက်လက် ထိန်းသိမ်း ထားကြတော့သည်။ ထိုကျောင်းတော်ထဲတွင် ကွန်ဖြူးရှပ် အတွက် ယဇ် ပူဇော်ပွဲများကို ရံဖန်ရံခါ ကျင်းပဆဲ ဖြစ်၏။ ကွန်ဖြူးရှပ်၏ ဇာတိ ရပ်ရွာရှိ ဘုရား ဝတ်ကျောင်းမှအပ ကျန်သော နေရာများတွင် နိုင်ငံတော် ဘုရား ဝတ်ကျောင်းများသည် အသုံး မပြုတော့သော အဆောက်အဦများ ဖြစ်ကုန်ကြလေတော့သည်။

ထိုအချိန်မှ စ၍ ကွန်ဖြူးရှပ်ကို နိုင်ငံတော်က ကိုးကွယ်မှု အစဉ်အလာသည် ဘယ်သောအခါမှ ပြန်၍ ဖြစ်ပေါ်လာနိုင်ခြင်း မရှိတော့ပေ။ သို့သော် ကွန်ဖြူးရှပ်၏ ဝါဒများကို ဘဝ ဒဿနများ အဖြစ် လက်ခံခြင်းကား ဆက်လက် အားကောင်းဆဲ ဖြစ်၏။ အနောက်တိုင်းသား ဒဿနဆရာများက သဘာဝ တရားကို လူ၏ ဗဟိဒ္ဓမှာ ထားပြီး လူသားတို့ အကျိုးငှာ သဘာဝကို အသုံးချရေး ကိစ္စကို အားပေးစေကာမူ လူနှင့် လူ့အဖွဲ့အစည်း၊ လူနှင့် သဘာဝ တရား အကြားတွင် အတွင်း သဘောအားဖြင့် အပြန်အလှန် ဆက်စပ်မှု ရှိနေသည် ဆိုသော ကွန်ဖြူးရှပ်၏ အယူအဆများကား တရုတ် လူမျိုးများ၏ စိတ်ထဲတွင် ဘယ်အခါကမျှ ပျောက်ပြယ်သွားခြင်း မရှိခဲ့ပေ။

---

၁။ Chia Ching

# ဆက်လက် လေ့လာသင့်သော ကျမ်းများ

1. Bruce, J.P. Chu Hsi and His Masters
2. Fung, Y.L. A History of Chinese Philosophy
3. Hughes, E.R Chinese Philosophy in Classical Times
4. Johnston, R.F. Confucianism and Modern China
5. Lin Yu Tang The Wisdom of Confucius
6. Shryock, John The Origin and Development of the State Cult of Confucius

## အခန်း ( ၁၁ )
## ရှင်တို၊ ဂျပန် မျိုးချစ်စိတ် ဘာသာတရား

ဤဂျပန်တို့၏ တိုင်းရင်းဖြစ် ဘာသာ ကိုးကွယ်မှုသည် အခြေခံအားဖြင့် အယူဝါဒနှင့် ဆိုင်သော အတွေးအခေါ် စနစ် တစ်ရပ် မဟုတ်ချေ။ ဤကား အခြေခံအားဖြင့် ရင်းနှီးပြီးသား ဘဝနေနည်းနှင့် ရင်းနှီးပြီးသား နေရာ ဌာနများကို ချစ်ခင် ကြည်ညိုစွာ သစ္စာ စောင့်သိခြင်း သဘောသာ ဖြစ်သည်။

ဂျပန် လူမျိုးများ အဖို့တွင် မျိုးချစ်စိတ်သည် နလုံးသားရေးရာ ကိစ္စ ဖြစ်သည်။ ထိုကိစ္စသည် ပထမ အရေးထားအပ်သော ကိစ္စ ဖြစ်သည်။ ပြီးမှသာ ဒုတိယ အနေနှင့် အယူဝါဒ ကိစ္စကို အရေးထားသည်။ ဂျပန် လူမျိုးများ၏ စိတ်ထဲတွင် ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကို အလွန် ချစ်ခင်သော သဘော ရှိသည်။ ထိုနက်ရှိုင်းသော သဘောကို အကောင်းဆုံး ဖော်ပြနိုင်သော နည်းလမ်းမှာ မိမိတို့ကို ဧကရာဇ် ဘုရင်က လုပ်စေချင်သော ကိစ္စကို မဖြစ်မနေ လုပ်ဆောင်ခြင်းပင် ဖြစ်သည်ဟု မမိုတ်မသုန် ယုံကြည်ထားကြလေသည်။

ထိုယုံကြည်ချက်သည် သူတို့ အတွက် အသက် ရှင်နေခြင်းနှင့် စပ်သော သဘောထား အတွက် လုံလောက်သော အကြောင်း ဖြစ်သည်။ ဧကရာဇ်နှင့် မိမိတို့၏ နိုင်ငံ အပေါ် သူတို့၏ စိတ် လှုပ်ရှားဖွယ် ကောင်းသော သစ္စာ စောင့်သိ ရှိသေမှုကို ပြင်းပြင်းထန်ထန် ထုထောင်ကြသည်။ သူတို့သည် အမျိုးသား စည်းလုံး ညီညွတ်ရေး (ကိုကုတိုင်း) ဆိုသော သဘောတရား အပေါ်၌ သစ္စာ စောင့်သိရေး ကိစ္စမှာ အခက်အခဲ မရှိကြချေ။

ဂျပန် လူမျိုးတို့သည် မိမိတို့၏ တိုင်းပြည်ကို ချစ်မြတ်နိုးကြရာ၌ တစ်သမတ်တည်းသော စိတ် ကြီးကြီးကျယ်ကျယ် ထားရှိကြသူများ ဖြစ်သည်။

ဤ တိုင်းပြည်ကို ချစ်သော စိတ်သည် အရာဝတ္ထု တစ်ခု၊ နေရာ ဌာန တစ်ခုကို ချစ်ခင် နှစ်သက်ခြင်းမျိုး မဟုတ်ဘဲ တစ်တိုင်း တစ်ပြည်လုံးကို ခြုံ၍ ချစ်ခင် နှစ်သက်သော တရားကိုယ် (ဒြပ်မဲ့) သဘောမျိုးသာ ဖြစ်သည်။ သူတို့၏ တောင်ကုန်းတိုင်း၊ ရေအိုင်တိုင်း၊ တောင်တန်းတိုင်း၊ မြစ်တိုင်းကို သူတို့ ချစ်ခင် နှစ်သက်ကြသည်။ ချစ်ခင် နှစ်သက်လွန်းကြရကား မိမိတို့ တိုင်းပြည်ကို ခွဲခွာ၍ သွားရန်ပင် စဉ်းစားခဲ့ကြသည်။ သူတို့၏ ချယ်ရီပန်းပင်များ၊ သူတို့၏ ဘုရား တန်ဆောင်းများ၊ သူတို့၏ လှပသော ရှုခင်း ရှိသည့် နေရာများသည် ဘဝကို အပြည့်အဝ ခံစားနိုင်ရေးတွင် မရှိမဖြစ် လိုအပ်လျက် ရှိကြသည်။

ဤ လှပသော ရှုခင်းများ အလယ်တွင် သူတို့၏ ရှေးက ဖခင်များ နေထိုင်ခဲ့ကြပြီး သေဆုံးသွားခဲ့ကြသည်။ ထိုနေရာ ဒေသများကို ဘိုးဘေးဘီဘင် ရိုးရာ နတ်များက စောင့်ရှောက်လျက် ရှိကြသည့် အတွက် သူတို့၏ မိသားစုများသည် ထိုနေရာမှာပင် ဆက်လက်၍ နေထိုင်ကြပြီးလျှင် ၎င်းတို့၏ ရှုပ်ထွေးသော ဘဝ အဖြစ်အနေကို ခံယူ ထိန်းသိမ်းကြရသည်။ ထို့ပြင် သူတို့၏ တိုင်းပြည်သည် သူတို့ ထာဝရ ပိုင်ဆိုင်သော တိုင်းပြည် ဖြစ်သည်။

၁၉၄၅ ခုနှစ် အထိ မည်သည့် ကျူးကျော်သူ တစ်ဦးတစ်ယောက်မျှ သူတို့၏ ကမ်းခြေကို ဖြတ်ပြီး မသွားနိုင်ခဲ့ကြပေ။ ထို့ကြောင့် ဂျပန် လူမျိုးများသည် မိမိတို့၏ ဇာတိမြို့ရွာကို စွန့်ခွာပြီး တခြား တစ်ပါးသော အရပ်တွင် သွားရောက် နေထိုင်ရေး ကိစ္စကို စဉ်းစား၍ပင် မရတတ်ကြပေ။ ထိုမျှသာမကသေး၊ သူတို့၏ တိုင်းပြည် အတိဒုက္ခ ရောက်သော အခါ ထို ဘေးရန် အန္တရာယ်ကို ကာကွယ်ရန် အတွက် ဂျပန် လူမျိုးများ အနေနှင့် ပျော်ပျော်ကြီး အသေခံ ဆောင်ရွက်ရန် ဝန်မလေးပေ။

သို့သော် ဤကဲ့သို့ မိမိ တိုင်းပြည် အတွက် အသက်ကို စွန့်လွှတ်ကြရန် ဟောကြားထားသော အယူဝါဒ တစ်စုံတစ်ရာကား မရှိပေ။ ဤသည်မှာ အမျိုးသား တစ်ရပ်လုံး၏ ခံစားမှု စိတ်လှုပ်ရှားမှု အရ ဖြစ်ပေါ်လာသော စိတ်ဓာတ်ပင် ဖြစ်သည်။

ဤစိတ်ဓာတ်သည် ရိုးတွင်းခြင်ဆီမှာ စွဲနေသော စိတ်ဓာတ် ဖြစ်သည့် အတွက် စိတ်ပညာရှင်များက ဤစိတ်ဓာတ်သည် ဂျပန် လူမျိုးတို့၏ မွေးရာပါ ဗီဇ စိတ်ဓာတ် ဖြစ်သည် ဟူ၍ပင် ဆိုကြလေသည်။

ဤခံစားချက်မျိုးမှာကား ဒဏ္ဍာရီ ပုံပြင်ထဲမှာ ဖော်ပြထားသော စိတ်ဓာတ်မျိုးပင် ဖြစ်၏။ ထိုစိတ်ဓာတ်သည် ဂျပန်ပြည်တွင် အစပိုင်း၌ ဒဏ္ဍာရီ သဘောဖြင့် ပထမ ပေါ်ပေါက်ခဲ့ပြီး နောင်အခါ၌မူ ထိုစိတ်ဓာတ်သည် အမျိုးသားရေး စိတ်ဓာတ် အဖြစ် ပြောင်းလဲ ဖြစ်ပေါ်ခဲ့လေတော့သည်။

ဤ ဒဏ္ဍာရီ ဆန်သော အတွေးအခေါ်သည် အစကနဦးတွင် ကဗျာ လင်္ကာ အသွင်ဖြင့် ပေါ်ပေါက်သည်။ လွန်လေပြီးသော ရာစုနှစ်ပေါင်း များစွာကပင် ပေါ်ပေါက်ခဲ့သည်။ နောင်အခါ ဂျပန် လူမျိုးများက သူတို့ တိုင်းပြည်သည် ဘုရားသခင်က ဖန်ဆင်းပေးသော တိုင်းပြည် ဖြစ်သည်ဟု ယုံကြည်လာကြသည်။ ထို့နောက်တွင် မည်သည့် တိုင်းပြည်မှ ဂျပန်ပြည်လို ဘုရားသခင် ဖန်ဆင်း စောင့်ရှောက်ပေးသော တိုင်းပြည် မဟုတ် ဟူသော အယူသီးမှု ဖြစ်ပေါ်လာလေတော့သည်။

ထိုအယူဝါဒသည် ဂျပန် လူမျိုးတို့၏ စိတ်မှာ ထူးထူးခြားခြား စွဲလမ်းလာသော အခါ ဂျပန်သည် ဘုရားသခင်၏ အလိုတော်နှင့်အညီ တစ်ကမ္ဘာလုံး၏ ဗဟိုချက် ဖြစ်ရမည် ဆိုသော အယူအဆ ဖြစ်ပေါ်သွားလေတော့သည်။

## ၁။ ရှင်တို ဒဏ္ဍာရီ

ရှင်တို ဆိုသော စကား၏ အဓိပ္ပာယ်မှာ 'ဘုရားသခင်၏ လမ်းစဉ်' ဟူ၍ ဖြစ်သည်။ ဂျပန် နိုင်ငံ၏ အတိတ် ကာလက ဘာသာရေး ယုံကြည် ကိုးကွယ်မှု သဘောကို ဤစကားလုံးက ဖော်ပြလျက် ရှိ၏။

ဤစကား မှန်ကန်ကြောင်းကို ဂျပန် နိုင်ငံ၊ ဂျပန် လူမျိုးတို့နှင့် နေမျိုးနွယ်လာ ဂျပန် ဘုရင် မိသားစုများ၏ မူလ အစကို သမိုင်း မှတ်တမ်း တင်ထားသော *ကိုဂျိကိ* [၁] ခေါ် 'ရှေးကျသော သမိုင်း ဖြစ်ရပ်များ မှတ်တမ်း' အရ ချင့်တွက်၍ ဆိုနိုင်ပေသည်။ ထိုသမိုင်း မှတ်တမ်းမှာ အေဒီ ရှစ် ရာစုလောက်က စ၍ ကမ္ဘည်း တင်ထားသော မှတ်တမ်း ဖြစ်၏။ ထိုမှတ်တမ်းထဲမှာ ပါသော ဖြစ်ရပ် ဇာတ်လမ်းမှာ ဤသို့ ဖြစ်၏။

ဂျပန် ကျွန်းများသည် နတ်များက အထူး စီမံ ဖန်တီးထားသော ကျွန်းများ ဖြစ်ကြကုန်သည်။ အဓိကကျသော လဟာ လွင်တီးခေါင်ကြီး ဖြစ်ပေါ်လာပြီးနောက် ကောင်းကင်ဘုံနှင့် မြေကမ္ဘာတို့မှာ တသီးတခြား ကွဲပြားသွားခဲ့လေသည်။

ကောင်းကင်ပြင်၌ လွင့်မျောနေသော မြူနှင်းမှုန်များထဲတွင် အမျိုးမျိုးသော နတ်တို့သည် ပေါ်ပေါက်လာကြပြီးလျှင် ၄င်းတို့မှာ ထူးခြားသော အဖြစ်အပျက် တစ်စုံတစ်ရာ မရှိဘဲ အလိုလို ပပျောက်သွားခဲ့ကြလေသည်။

နောက်ဆုံးကျမှ ဂျပန် ကျွန်းများကို ဖန်တီး ထုတ်လုပ်ကြသော နတ်နှစ်ပါး ပေါ်ပေါက်လာကြသည်။ ထိုနတ်နှစ်ပါးမှာ နတ်သားနှင့် နတ်သမီး (ဖိုနှင့် မ) နတ်နှစ်ပါး ဖြစ်ကြသည်။ *အီဇာနာဂိ* [၂] သည် နတ်သား ဖြစ်၏။ *အီဇာနာမိ* [၃] သည် နတ်သမီး ဖြစ်၏။ ထိုနတ်သား နတ်သမီးတို့၏ အခြေအရံ အပေါင်းအသင်းများက သူတို့ကို ဂျပန် ကျွန်းများကို ဖန်တီး ပြုလုပ်ရန် အမိန့်ပေးသည် ဆို၏။

ထိုနတ်မောင်နှံတို့သည် ကောင်းကင်ဘုံ၏ တံတား (သက်တံ) ပေါ်မှ မြေပြင်သို့ ဆင်းသက်ခဲ့ကြသော ဟူ၏။ သက်တံ တံတား၏ အောက် အဆုံးသို့ ရောက်သော အခါ အီဇာနာဂိသည် သူ၏ ရတနာ လှံတံဖြင့် ဗွက်ထနေသော မြေအပြင်ကို ထိုးမွှေလိုက်ရာ မြေအပြင်သည် ပျစ်ခဲ၍ မာကျော လာလေတော့သည် ဆို၏။

ထို့နောက် သူသည် လှံတံကို ဆွဲနုတ်၍ မြှောက်တင်လိုက်ရာ လှံတံမှာ ကပ်၍ ပါလာသော ဆားရေတို့သည် စုခဲသွားကြပြီးလျှင် ကျွန်းတစ်ကျွန်း ဖြစ်သွားလေတော့သည်။ ထိုကျွန်းပေါ်သို့ သူတို့ နှစ်ဦး ဆင်းသက်ကြပြီးလျှင် အတူတကွ နေထိုင်ကြရာ အီဇာနာမိ၏ ဝမ်းမှ ဂျပန်၏ အရေးပါသော ကျွန်း ရှစ်ကျွန်းကို ဖွားမြင်ခဲ့သည် ဆို၏။

ထို့နောက် သူတို့ နှစ်ဦးသည် ၃၅ ပါးသော နတ်များကို ဖွားမြင်ကြလေသည်။ နောက်ဆုံး နတ်သည် ဒေါသ

---

၁။ Kojiki

၂။ Izanagi ၃။ Izanami

ကြီးသော မီးနတ် ကာဂုဇုချီ ဖြစ်သည်။ သူ့ကို မွေးဖွားစဉ် သူ့ မိခင်မှာ အပြင်းအထန် မီးလောင်ကျွမ်းခြင်း ခံခဲ့ရလေသည်။ ဇနီး ဖြစ်သူ အိဇာနာမိကို သေဆုံးစေခဲ့သော အကြောင်းကြောင့် ဖခင်ဖြစ်သူ အိဇာနာဂိသည် ကာဂုဇုချီကို အလွန့် အလွန် အမျက် ထွက်ပြီးလျှင် သူ့ဓားဖြင့် လျင်မြန်စွာ အပိုင်းပိုင်းအတစ်တစ် ခုတ်ပိုင်း ပစ်လိုက်လေသည်။

ထိုအခါ လွင့်ပျံ့သွားသော အပိုင်းအစများမှ အခြားသော နတ်များ ဖြစ်ပေါ်လာကြသော ဟူ၏။

ဤ သမိုင်း ဖြစ်ရပ်၏ အရေးပါသော အစိတ်အပိုင်းမှာ နောက်ဆက်တွဲ ဖြစ်ရပ်များ ဖြစ်၏။ အိဇာနာမိ ကွယ်လွန်ပြီးနောက် သူသည် မြေအောက် ကမ္ဘာ (ယောမိ နိုင်ငံ) သို့ ကျရောက်သွားရာ သောကကို ဖြေမဆည်နိုင် ဖြစ်နေသော အိဇာနာဂိသည် ဇနီးသည် ကျရောက်သွားရာ မြေအောက် ကမ္ဘာသို့ အချိန်မီ လိုက်သွားခဲ့လေသည်။ ထိုသို့ လိုက်သွားခြင်းမှာ သူမအား အထက် လောက သုဂတိဘုံသို့ ပြန်လည် ရောက်ရှိနိုင်ရန် ကယ်တင်ရေး အတွက် ဖြစ်၏။ သို့ရာတွင် သူသည် ဇနီး ရောက်ရှိသွားသော မြေအောက် ကမ္ဘာသို့ အချိန်မီ မရောက်နိုင်ဘဲ ရှိလေသည်။ ထိုအခါ သူမသည် ခန္ဓာကိုယ် ပြိုကွဲလျက် ၄င်းကို မျက်စိဖြင့် မမြင်နိုင်တော့ပေ။

အိဇာနာဂိသည် သူမ အနီးသို့ ရောက်သော အခါ ထိုနေရာတွင် အမှောင် ကျရောက်နေပြီ ဖြစ်၏။ သူမက သူ့ကို အိဇာနာဂိက မကြည့်ပါနှင့်ဟု ပြောဆိုလေသည်။ သို့သော် အိဇာနာဂိသည် သူ့ခေါင်းက ဆံပင်တွင် ပတ်ထားသော ဘီး တစ်ချောင်း၏ အဆုံးမှ အသွားကို မီးရှို့လိုက်သည်။ ထိုအလင်းရောင်ဖြင့် သူသည် သူ့ ဇနီးကို ကြည့်လိုက်ရာ သူ့ဇနီးသည် သူ့ ရှေ့မှာ လဲလျောင်းလျက် ရှိပြီး သူ့ တစ်ကိုယ်လုံးကို ကြောက်မက်ဖွယ်ရာ ပိုးလောက်များက စားသောက်လျက် ရှိသည်ကို မြင်တွေ့ရလေ၏။

ထိုအခါ သူမက အော်ဟစ်ပြီး သူ့အား 'နင်က ငါ့ကို အရှက် ကွဲအောင် လုပ်လိုက်တာလား' ဟု ဆိုလေသည်။ ထို့နောက် သူ ထွက်ပြေးသွားသော အခါ ယောမိ ခေါ် ငရဲနိုင်ငံမှ အရုပ် ဆိုးသော မိန်းမများကို သူ့နောက်က လိုက်စေလေတော့သည်။

သူ့နောက်က လိုက်လာကြသော အကျည်းတန် ငရဲမများကို နှောင့်နှေး ကြန့်ကြာအောင် သူသည် ကောက်ကျစ်စဉ်းလဲသော နည်းပရိယာယ် မျိုးစုံကို ပြုလုပ်ရတော့သည်။ ထိုအခါ သူ့ ဇနီးဟောင်းက သူ့ နောက်သို့ မိုးကြိုး နတ် ရှစ်ပါးကိုလည်း လိုက်ခိုင်းလေသည်။

ထို့ပြင် ယောမိ ငရဲသား စစ်သည် သောင်းငါးထောင်ကိုလည်း လိုက်စေခဲ့လေသည်။

ထိုစစ်သည်များကို အိဇာနာဂိက တွန်းလှန် တိုက်ခိုက်လိုက်သော အခါ သူမ ကိုယ်တိုင် အိဇာနာဂိ နောက်သို့ လိုက်လာခဲ့လေတော့၏။ သူက အထက် ကမ္ဘာသို့ ပြေးဝင်သော အခါ သူသည် ကျောက်ခဲ တစ်လုံး ကောက်ယူ၍ ထိုကျောက်ခဲဖြင့် ပစ်လိုက်လေသည်။ ထိုသို့ ပစ်လိုက်ခြင်းသည် ဗိုလ်ခြေ တစ်ထောင်အားဖြင့် ပစ်သည်နှင့် တူညီ၏။ ထိုခဲများဖြင့် အောက် ကမ္ဘာနှင့် အထက် ကမ္ဘာတို့ ဆက်သွယ်ရာ တောင်ကြားလမ်းကို ပိတ်ဆို့ပစ်လိုက်လေသည်။

ရှေးအခါက ချစ်မြတ်နိုးခဲ့ကြသော နတ်နှစ်ပါးလည်း ကျောက်တန်း ကျောက်ဆောင် တစ်ဖက်စီမှာ နေလျက် တစ်ယောက်ကို တစ်ယောက် အမုန်းဖြင့် နှုတ်ဆက် ခွဲခွာခဲ့ကြရလေသည်။

ယခုအခါ တစ်ကိုယ်လုံး ညစ်ညမ်းလျက် ရှိသော အိဇာနာဂိသည် သူ့ ကိုယ်ကို ဆေးကြော သုတ်သင်ရန် အတွက် သမုဒ္ဒရာထဲသို့ ဆင်းသက်သွားခဲ့လေသည်။ သူ့ကိုယ်မှာ ဝတ်ဆင်ထားသော အဝတ်အထည်များ ဖြစ်သည့် ခါးပန်းကြိုးနှင့် ကျန်သော အဝတ်အထည်များကို ချွတ်ပြီး လွှင့်ပစ်လိုက်သော အခါ ထိုအဝတ်များသည် တစ်ခုချင်း နတ်တစ်ပါးစီ ဖြစ်သွားကြလေတော့၏။

သို့သော် အဓိက ဖြစ်ရပ်မှာကား ဖြစ်မလာသေးပေ။ ကိုဂျိကိ သမိုင်း မှတ်တမ်း အရ သူသည် ရေထဲသို့ ဆင်းသွားသော အခါ ဂျပန် လူမျိုးများ ကိုယ်လက် သန့်စင်သော အခါ ပြုလုပ်ကြမြဲ ထုံးစံအတိုင်း သူသည် ဘယ်ဘက် မျက်လုံးရှိ အညစ်အကြေး (မျက်ချေး) များကို ဦးစွာ ဆေးကြော သုတ်သင်လိုက်လေသည်။ ထိုသို့ ပြုလုပ်ခြင်းဖြင့် သူသည် ဂျပန် နတ်များ၏ ကြည်ညို လေးစားခြင်းကို ခံရသော *အမာတာရာဆု* [1] ခေါ် နေ နတ်သမီးကို မွေးထုတ်ခဲ့လေသည်။

ဤကား အရေးပါသော ဖန်ဆင်းခြင်း ဖြစ်၏။ ထို့နောက်တွင် သူသည် လနတ် *ဇုကီယောမိ* [2] ကို ညာဘက် မျက်လုံးမှ မျက်ချေးများကို ဆေးကြော သုတ်သင်ခြင်းဖြင့် ဖန်ဆင်းလိုက်ပြန်လေသည်။ ထို့နောက် မုန်တိုင်းနတ် *ဆု-ဆ-နို-ဝို* [3] ကို သူ၏ နှာခေါင်းကို ဆေးကြော သုတ်သင်ခြင်းဖြင့် ဖန်ဆင်းလေသည်။

---

၁။ Amatarasu
၂။ Tsuki-Yomi
၃။ Susa-no-wo

နှောင်နှစ်ပေါင်း များစွာ ကြာသော အခါ နေနတ်သမီး အမတာရာဆုသည် သူ၏ နတ်ဘုံ နတ်နန်းမှ အောက်သို့ ငုံ့ကြည့်လေသော် အောက် မြေကမ္ဘာပေါ်ရှိ ကျွန်းများတွင် ဖရိုဖရဲ ပြိုကွဲ ပျက်စီးလျက် ကမောက်ကမ ဖြစ်နေသည်ကို မြင်တွေ့ရပြီး စိုးရိမ်ခြင်း ဖြစ်ရလေသည်။ ထိုကျွန်းများကို မုန်တိုင်း နတ်သား၏ သားက အုပ်စိုးနေသည်ကို တွေ့ရသည်။ သို့သော် မုန်တိုင်း နတ်သား၏ သားက အုပ်စိုးနေခြင်းကို သူမ မကျေနပ်ပေ။

ထို့ကြောင့် နောက်ဆုံးတွင် နေနတ်သမီးသည် သူ၏ မြေးဖြစ်သူ *နီ-နီ-ဂိ* [၁] ကို ဂျပန် ကျွန်းများသို့ ဆင်းသက်ပြီး သူမကိုယ်စား ကျွန်းသားများကို အုပ်စိုးရန် အခွင့်အာဏာကို အပ်နှင်း၍ စေလွှတ်လိုက်လေသည်။

နေနတ်သမီးက မြေး ဖြစ်သူအား မိန့်မှာသော တိုင်းရေး ပြည်ရေး စကားများကို ဂျပန် ကျောင်းသူ ကျောင်းသားငယ်များသည် နှုတ်တိုက် အာဂုံ ဆောင်ထားကြလေသည်။

နီ-နီ-ဂိလည်း အဘွား နေနတ်သမီး၏ အမိန့်ကို နာခံလေသည်။ သူသည် ပထမ ကျူရှူကျွန်းမှာ နေပြီး အုပ်စိုးလေသည်။ နှောင် ကာလ ကြာမြင့်သော အခါ နီ-နီ-ဂိ၏ မြစ် ဖြစ်သူ *ဂျင်မုတင်နို* [၂] (ပထမဆုံး လူသား ဧကရာဇ်) သည် ကျူရှူကျွန်းမှ လှေသင်္ဘောများဖြင့် ဂျပန်၏ ဗဟို အချက်အချာ ကျွန်း ဖြစ်သော ဟွန်ရှိုပေါ်ရှိ ယာမာတို၏ ပိုင်နက် နယ်မြေကို တိုက်ခိုက် သိမ်းပိုက်၍ အောင်မြင်တော်မူလေသည်။ သူလည်း ထိုကျွန်းပေါ်မှာပင် နန်းစိုက်လျက် မင်းနေပြည်တော်ကို တည်ထောင်၍ နေလေတော့သည်။ အစဉ်အလာ သမိုင်း မှတ်တမ်း အရ ထိုအချိန်သည် ဘီစီ ၆၆၀ ဖြစ်လေသည်။

ထိုစဉ် အခါက ဂျပန် ပြည်တွင် အုပ်စိုးနေသော မိသားစုများရော၊ တိုင်းသူပြည်သား မိသားစုများပါ အားလုံးသော ဂျပန် လူမျိုးတို့သည် ကျွန်းများပေါ်မှာ နေထိုင်ကြသော သေးနုပ်သော နတ်များ (သေးငယ်သော ကာမိ) များမှ ဆင်းသက် လာကြသူများ ဖြစ်ကြလေသည်။

ထို့ကြောင့် ဂျပန် ဧကရာဇ် မိသားစုသည်သာလျှင် နေနတ်သမီး အမတာရာဆုမှ မျိုးနွယ်မပျက် ဆင်းသက် လာကြသူများ ဖြစ်ကြောင်း နားလည်ရပေသည်။ ထို့ကြောင့် ဂျပန် လူမျိုးတို့သည် နတ်ပြည်က ဆင်းသက် လာကြသူများ ဖြစ်ပြီး ဂျပန် ကျွန်းများမှာလည်း နတ်တို့က ဖန်ဆင်းသော ကျွန်းများ ဖြစ်ကြသည်ဟု ယုံကြည် လက်ခံထားကြလေသည်။

ဤ ရှင်တို ဘာသာရေး အယူအဆသည် ဂျပန် နိုင်ငံ တစ်ခုတည်းနှင့်သာ သက်ဆိုင်သော အယူအဆ ဖြစ်သည်။ အခြားသော တိုင်းပြည်များ ကိစ္စကို ရှင်တို ဘာသာတွင် ထည့်သွင်း စဉ်းစားခြင်း မပြုပေ။ ထို့ပြင် ဂျပန် ပြည်တွင် နတ်သား နတ်သမီးများဖြင့် ပြည့်နှက်နေသည်ဟု ဂျပန် လူမျိုးများ ယုံကြည်ကြသည်။ နတ်ဘုရား များစွာကို ကိုးကွယ်သော အယူဝါဒသည် ဂျပန်ပြည်တွင် အကန့်အသတ် မရှိပေ။ ရှေးက ဂျပန် လူမျိုးတို့သည် နေရာ ဌာနတိုင်း၌ သဘာဝ စွမ်းအားစု တစ်ခု တွေ့တိုင်း ထိုသဘာဝ ဖြစ်ရပ်သည် နတ်တစ်ပါးက ဖန်တီးသည်ဟု ယူဆတတ်ကြလေသည်။ ထို့ကြောင့် သူတို့က သူတို့၏ တိုင်းပြည်ကို 'နတ်တို့၏ တိုင်းပြည်' ဟု သမုတ် ထားကြလေသည်။

နှောင်သော အခါ၌ ဂျပန် လူမျိုးတို့ ကိုးကွယ်သော နတ်များ၏ အရေအတွက်ကို ခန့်မှန်းကြရာတွင် နတ်ပေါင်း ရှစ် အသင်္ချေ ရှိသည်၊ သို့မဟုတ် နတ်အပေါင်း ရှစ်ဆယ် အသင်္ချေ ရှိသည်ဟု ရေတွက်ကြသည်။ ထို့ပြင် နတ်များစွာ ကိုးကွယ်ကြရာ၌ အဓိက အကြီးအချုပ် နတ် အဖြစ် နေနတ်သမီး အမတာရာဆုကို သတ်မှတ် ထားကြကြောင်း တွေ့ရှိရပေသည်။ ဂျပန် နိုင်ငံတွင် နေနတ်သမီး နတ်ကွန်း တည်ရှိသော ကျွန်းသည် အမြတ်ဆုံး ကျွန်း ဖြစ်သည်ဟုလည်း ယူဆကြလေသည်။ သို့ရာတွင် သူမကို သူမ၏ မှုးမတ်များတွင် ပထမဆုံး ပုဂ္ဂိုလ် အဖြစ်ထက် ပို၍ အလေးအမြတ် ထားခြင်း မရှိကြပေ။

သူမနှင့် အပေါင်းအသင်းများမှာ သူမနှင့် အတူ ဖွားမြင်လာကြသော ဇုကိယောမိ လနတ်သားနှင့် အကျင့် ဆိုးသော မုန်တိုင်း နတ်သား ဆု-ဆာ-နို-ဝိုတို့သာ မကဘဲ အခြားသော နတ် များစွာလည်း ပါဝင်ပေသည်။ လေနတ်များလည်း နေ နတ်၏ အပေါင်းအသင်း အခြွေအရံများ ဖြစ်ကြသည်။ လေပြည် နတ်သား၊ လေပြည် နတ်သမီး၊ လျှပ်စစ် နတ်သား၊ မိုးကြိုး နတ်သား၊ မိုး နတ်သား၊ တောင် နတ်သား၊ မြေသြဇာ နတ်သမီး၊ ဖူဂျီတောင် နတ်၊ အစားအစာ ပေးသော နတ်များလည်း ရှိသေးသည်။ အစားအစာကို ပေးသော နတ်များကို ယခုအခါ ဂျပန် လယ်သမားများ အထူး အရေး ထား၍ ကိုးကွယ်ကြလေသည်။

ရောဂါ ကုသပေးသော နတ်များ၊ ကြယ်တာရာ နတ်များ၊ ဝိသုဒ္ဓိ နတ်များ၊ ပင်လယ် နတ်များ (ပင်လယ် မျက်နှာပြင် နတ်၊ ပင်လယ် အလယ် ရေလွှာ နတ်၊ ပင်လယ် ရေ

---

၁။ Ni-ni-gi ၂။ Jimmu Tenno

နက်ပိုင်း နတ် ဟူ၍ ကွဲသေးသည်။) ထို့ပြင် မြစ်နတ်၊ ဆိပ်ကမ်းနတ်၊ နှင်းမှုန်နတ်၊ သစ်ပင်စောင့် ရုက္ခစိုးနတ်၊ သစ်ရွက်စောင့်နတ်၊ ကျောက်ဆောင်နတ်၊ မြေလျှင်နတ်၊ မီးတောင်နတ် ဟူ၍ နတ် အမျိုးအမည်ပေါင်း မရေမတွက်နိုင်အောင်ပင် များပြားလှပေသည်။ နောက်ထပ် နတ် စာရင်းကို အရှည်အဝေး ရေးဆွဲ ပြနေစရာ မလိုတော့ပေ။ ဂျပန်ပြည်ကို ရှင်တို ဘာသာ ဒဏ္ဍာရီထဲတွင် နတ်များဖြင့် သရုပ်ဖော်ထားကြောင်း ပေါ်လွင် ထင်ရှားနေပေပြီ။

## ၂။ ဂျပန် သမိုင်းထဲက ရှင်တို ဒဏ္ဍာရီ

သို့သော် ရှင်တို ဒဏ္ဍာရီသည် ရောနှော ပေါင်းစပ်ထားသော အရာ တစ်ခုသာ ဖြစ်သည်။ ထို့ကြောင့် ထိုသဘော၏ ထိရောက်မှု အမှန်ကို သိရှိလိုလျှင် ထိုဒဏ္ဍာရီ ဖြစ်ပေါ်လာသည့် မူလ အစနှင့် ပတ်သက်သော ပတ်ဝန်းကျင် အခြေအနေများကိုပါ သိမှသာ အဆင် ပြေလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် သို့မှသာ ကျွန်ုပ်တို့ အနေနှင့် ရှင်တိုဒဏ္ဍာရီက အလုပ်အကျွေး ပြုသော လုပ်ငန်းဆိုင်ရာ သဘောကို သိနားလည်နိုင်ပေမည်။

### ဒဏ္ဍာရီ၏ ရောနှော ပေါင်းစပ်နေသော သဘာဝ

ရှင်တို ဒဏ္ဍာရီသည် ရှေးကျသော လူမျိုးများ၏ သဘာဝနှင့် ပတ်သက်သော တုံ့ပြန်သည့် သဘောကို ထင်ဟပ်လျက်ရှိသည်။ နတ် ကိုးကွယ်မှု ဘာသာ အယူအဆထက် ပိုမိုတိုးတက်ခြင်း မရှိလှပေ။ ထိုအချက်သည် ထင်ရှားသည်။ ဒီ၊ စီ၊ ဟော်လ်တွမ်၏ အယူအဆ အရ အိဇာနာဂိနှင့် အိဇာနာမိတို့သည် ကမ္ဘာ့ လူမျိုးများ၏ စကြဝဠာဆိုင်ရာ ရင်းနှီးသိကျွမ်းပြီး ဒဏ္ဍာရီများ၌ ပါရှိသော 'ကောင်းကင် ဖခင်၊ မြေ မိခင်' ဆိုသော အယူအဆကိုပင် ဂျပန် ပုံစံဖြင့် ယူဆထားခြင်း ဖြစ်သည်ဟု ဆိုသည်။

အသေးစိတ် အချက်အလက်များမှာလည်း ကမ္ဘာနှင့် အဝှမ်း လက်ခံထားကြသော ရာသီများ အပြောင်း အလဲဖြစ်ပုံ သဘောကို ဖော်ပြသော ယေဘုယျ ပုံစံနှင့် ကိုက်ညီသည်ဟု ဆိုသည်။ အိဇာနာမိ သေဆုံးရသော ဒဏ္ဍာရီဇာတ်လမ်းထဲတွင် မြေကို မီးလောင်စေသော နွေ၏ အပူကို ဆောင်သော မီးနတ်ကြောင့် ဖြစ်သည်ဟု သူက ဆိုသည်။ ထို့ကြောင့် အိဇာနာဂိက မီးနတ်ကို သူ၏ ဓားဖြင့် ခုတ်ပိုင်းလိုက်သော အခါ လျှပ်စစ် မိုးကြိုးနှင့် မိုးနတ်များ ဖြစ်ပေါ်လာကြောင်း ဖော်ပြထားလေသည်။ ထိုဒဏ္ဍာရီ၏ သဘော သက်ရောက်မှုမှာ မိုးခေါင်သော သားကြောင့် လောင်ကျွမ်းနေသော မြေမိခင် အပေါ် မိုးမုန်တိုင်း သက်ရောက်ခြင်းသည် ရန်ငြိုးဖွဲ့၍ သတ်ဖြတ်ခြင်း သဘောပင်ဖြစ်သည်။

ဒေါက်တာ ဟော်လ်တွမ်က ဆက်လက်၍ ပြောဆိုရာတွင် မြေအောက် ကမ္ဘာ၌ အိဇာနာဂိက အိဇာနာမိကို လိုက်ရှာခြင်း ပုံပြင်သည် အနောက်တိုင်းက သော်နီယန် ဒဏ္ဍာရီတွင် ပါဝင်သော မြေအောက် ကမ္ဘာမှာ နေသော နတ်များ အကြောင်းနှင့် သဘောချင်း တူနေကြောင်း ပေါ်လွင် ထင်ရှားသည်ဟု ဆိုသည်။ မြေမိခင် ပျောက်ဆုံးသွားခြင်းသည် ဟင်းသီးဟင်းရွက်များ သေဆုံးခြင်းကို ဖြစ်ပေါ်စေသည်။ ကောင်းကင် ဖခင်က မြေမိခင်ကို ရှာဖွေပြီး ကမ္ဘာပေါ်သို့ ပြန်ပို့ပေးရသည့် ကိစ္စမှာလည်း အီဂျစ် ဒဏ္ဍာရီထဲမှ အိုင်းဆစ်က အိုဆီရစ် ကိုယ်ကို ရှာဖွေသည့် ဇာတ်လမ်းနှင့် တူနေကြောင်း သူက ဖော်ပြသည်။

ဂျပန် ဒဏ္ဍာရီနှင့် ပတ်သက်၍ အဓိပ္ပာယ် ဖွင့်ဆိုပုံ သဘောကို ပြောစရာ များစွာ ကျန်ပေသေးသည်။ သို့သော် ဤအဓိပ္ပာယ် ဖွင့်ဆိုချက်သည် ဒဏ္ဍာရီ ပုံပြင်၏ အစိတ်အပိုင်းမျှကိုသာ ရှင်းလင်း ဖော်ပြနိုင်သည်။ ထို့ပြင် ဤအစိတ်အပိုင်းမှာလည်း အကျဉ်းချုပ်၍ ပြောရလျှင် နေနတ်သမီးနှင့် သူ၏ ဆိုဆုံးမ၍ မရသော မောင် ဖြစ်သူ မုန်တိုင်း နတ်သားတို့၏ ရန်ဖြစ် တိုက်ခိုက်မှု ဇာတ်လမ်းများနှင့် ထပ်နေပြန်သည်။

ဤခိုက်ရန် ဖြစ်ပွားမှု ဇာတ်လမ်းကိုလည်း အဓိပ္ပာယ် နှစ်မျိုး ဖွင့်ဆိုနိုင်သေးသည်။ ပထမ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ နေနှင့် မိုးမုန်တိုင်းတို့၏ အဆုံးမဲ့ အားပြိုင်မှု သဘောကို ဖော်ညွှန်းပါသည်။

နောက်တစ်ခုမှာ ပထဝီ သဘောကို ရည်ညွှန်းပါသည်။ နေ နတ်သမီး အမတာရာဆုသည် တောင်ပိုင်းရှိ

ကျူးရှူ ကျွန်းသားများကို ကိုယ်စားပြုသည်။ ဆု-ဆ-နီ-ဝို မုန်တိုင်းနတ်က အိဇိုမို ကျွန်းတွင် နေထိုင်သူများကို ကိုယ်စားပြုသည်။

ထိုလူမျိုး အုပ်စု နှစ်ခုသည် အာရှ တိုက်မှ ဂျပန်ကျွန်းများသို့ ဝင်ရောက် နေထိုင်လာကြစဉ် ရှေးအခါက အချင်းချင်း တိုက်ခိုက်ခဲ့ကြခြင်းကို ဖော်ညွှန်းထားသော ဒဏ္ဍာရီ ဖြစ်သည်။

ထို့ကြောင့် ဒဏ္ဍာရီ တစ်ခုလုံးသည် ရှေးကျသော ဂျပန် လူမျိုးများမှ လူမျိုးစု အချင်းချင်း ရန်းကန် တိုက်ခိုက်လာခဲ့ကြသော အမျိုးမျိုးသော အကြောင်းအရာ အယူအဆများကို ပေါင်းစပ်ထားခြင်း ဖြစ်ပေသည်။

## ရှင်တို ဘာသာဟောင်း၏ လူမှုရေး ကျောထောက်နောက်ခံ

ဂျပန် လူမျိုးများသည် ရောနှော ပေါင်းစပ်ထားသော လူမျိုးများ ဖြစ်သည်။ တစ်ပိုင်းတစ်စအားဖြင့် ၎င်းတို့မှာ ကိုရီးယား လူမျိုး အနွယ်များ ဖြစ်ပြီး တစ်ပိုင်းတစ်စအားဖြင့်မူ မွန်ဂိုလီးယန်း လူမျိုး အနွယ်များ ဖြစ်ကြလေသည်။ ထို့ပြင် အခြား တစ်ပိုင်းအားဖြင့် မလေး လူမျိုးနွယ်များလည်း ဖြစ်ကြလေသည်။ သူတို့၏ ရှေးက ဘိုးဘွားဘီဘင်တို့သည် အာရှတိုက် ဗဟို ကုန်းမြေမှ လည်းကောင်း၊ တောင်ပစိဖိတ် ကျွန်းများမှ လည်းကောင်း အချိန်ကာလ ကွဲပြားခြားနားစွာ လာရောက် နေထိုင်ကြသူများ ဖြစ်ကြပြီး ထိုဝင်ရောက် နေထိုင်လာကြသူများက ဂျပန် တိုင်းရင်းသားကျွန်းသားများ ဖြစ်သော *အအိနု* [၁] လူမျိုးများကို မြောက်ဘက် အရပ်သို့ မောင်းထုတ် ပစ်ခဲ့ကြလေသည်။

ထင်ရှားသည်မှာ ရှေးက ဂျပန် လူမျိုးများ၏ ပြည်သူ့ဘဝ အခြေအနေမှာ လူမျိုးနွယ်၊ လူမျိုးစုများ လျော့ရဲစွာ ပေါင်းစု နေထိုင်ခဲ့ကြပြီး လူမျိုးနွယ်၊ လူမျိုးစု တစ်ခုစီမှာလည်း လွတ်လပ်စွာဖြင့် မိမိတို့ ဓလေ့ ထုံးစံနှင့် မိမိတို့ ကြိုက်သလို နေထိုင်လာခဲ့ကြခြင်းသာ ဖြစ်ပေသည်။

သူတို့သည် သဘာဝနှင့် အုပ်စု ခေါင်းဆောင် အကြီးအကဲကို ကိုးကွယ်သော စနစ် ရှိခဲ့ကြလေသည်။

မှော် အတတ်၊ တဖူး ခေါ် တားမြစ်ချက်များ၊ ရှေးကျသော လူမျိုး အဖွဲ့အစည်းများ၌ ဘာသာ ကိုးကွယ်ဆည်းကပ်ကြသလိုပင် အရောရော အနှောနှော ကိုးကွယ်နေခဲ့ကြလေသည်။

ဂျပန် လူမျိုးများသည် မြွေခွေးကို နတ်တမန် အဖြစ် ကိုးကွယ်ခဲ့ကြသည်။ လေးနှင့် မြားကို လူရှိန်း နတ်ရုပ် အဖြစ် တင်ထားပြီး နတ်များကို ကြည်ညိုခြင်း အထိမ်းအမှတ် ပြုလုပ်ထားခဲ့ကြလေသည်။ အအိနု တိုင်းရင်းသားများနှင့် အမြဲတမ်းလိုလို တိုက်ပွဲများ ဖြစ်ပွားနေကြရသည့်အတွက် ဂျပန် လူမျိုးတို့၏ ဘဝ တစ်ခုလုံးမှာ စစ်ရောင်လွှမ်းလျက် ရှိလေသည်။ စစ်သူရဲကောင်းများကို အလွန်အကျူး ရိုသေ လေးစားကြသည်။ ထိုသူရဲကောင်းများကို ရှင်စဉ်မှာ လည်းကောင်း၊ သေပြီးသော အခါ၌ လည်းကောင်း အထူး လေးစား ကြည်ညိုကြလေသည်။

အဝတ်ကြမ်းများကို ဝတ်ဆင်ပြီး ရှေးကျသော အိမ်များမှာ နေထိုင်ခဲ့ကြသော်လည်း ဂျပန် လူမျိုးများသည် တစ်ကိုယ်ရေ အသန့်အပြန့်ကိုမူ အလွန် ကြိုက်နှစ်သက်ကြလေသည်။ ထိုသဘောကို ယခုခေတ်တိုင်အောင် တွေ့မြင်ကြရသည်။ လူ သေဆုံးခြင်းကို ပတ်ဝန်းကျင် မသန့်ရှင်းမှု ဖြစ်စေသည်ဟု ယူဆကြသောကြောင့် လူသေလျှင် ချက်ချင်း သင်္ဂြိုဟ်သော အလေ့အထ ရှိကြလေသည်။ ထို့နောက် ပူဆွေးသော ရက် ဆယ်ရက် သတ်မှတ်ထားသည်။ ထိုရက် လွန်သော် မိသားစု တစ်စုလုံး ရေ ရှိရာ အရပ်သို့ သွားပြီး ရေချိုး သန့်စင်ကြလေသည်။ အသက် မသေ ကျန်ရစ်သူများသည် ရှေးက သေဆုံးသွားကြသူများ နေထိုင်ခဲ့ကြရာ အဆောက်အဦများကိုလည်း စွန့်လွှတ်လေ့ ရှိကြသည်။ ထို့နောက် အဆောက်အဦသစ်ကို ဆောက်လုပ် နေထိုင်တတ်ကြသည်။

ဤ အလေ့အထသည် ရှေးက ဧကရာဇ် ဘုရင်များအား အခက်အခဲ ကြုံစေခဲ့လေသည်။ ဧကရာဇ် ဘုရင်သစ် တစ်ပါး နန်းတက်လာပြီ ဆိုလျှင် မင်းနေပြည်ဟောင်းနှင့် နန်းတော်ဟောင်းကို စွန့်ပြီး နန်းတော်သစ်၊ မြို့တော်သစ်ကို အခြား နေရာ၌ တည်ထောင်ကြလေသည်။ ဤဖြစ်ရပ်သည် ဘုရင်သစ် တစ်ပါး နန်းတက်တိုင်းမှာ အစိုးရ အုပ်စိုးမှု စနစ်ကို ယာယီအားဖြင့် ဖရိုဖရဲ ဖြစ်စေခဲ့လေသည်။ တိုင်းသူ ပြည်သားများမှာလည်း အခြား မင်းနေပြည်သစ်တွင် နေသားတကျ ဖြစ်အောင် ပြုလုပ်ကြရလေသည်။

ဘီစီ ၁ ရာစုက ဆိုလျှင် ဂျပန် လူမျိုးတို့၏ ယဉ်ကျေးမှုမှာ အဓိကအားဖြင့် သုံး ဌာန ရှိလေသည်။ တစ်နေရာမှာ အနောက် တောင်ဘက်ရှိ ကျူးရှူကျွန်း ဖြစ်သည်။ အခြား တစ်နေရာမှာ အိဇုမိုကျွန်း ဖြစ်သည်။ အချက်အချာကျသော ကျွန်းကြီး၏ အနောက်ဘက် အစွန်းမှာ တည်ရှိလေသည်။ တတိယ အချက်အချာ ကျသော နေရာမှာ ယာ

---

[၁] Ainu

မာတို ဖြစ်သည်။ ကျွန်း ပင်လယ်၏ မြောက်ဘက် အစွန်းမှာ တည်ရှိသည်။ နောင် ကာလ ကြာမြင့်သောအခါ ထိုအခြေ အနေများ အားလုံးမှာ ရှင်းလင်းသွားသည်။ သို့သော် ကျူရှု ကျွန်းတွင် လူမျိုးစုများသည် ပင်လယ်နတ်ကို ကိုးကွယ် နေကြကြောင်း ပေါ်လွင်သည်။ အလယ် ဗဟို ကျွန်းကြီး တွင် အိဇုမို လူမျိုးနွယ်များက မုန်တိုင်းနတ် ဆု-ဆ-နို-ဝိုကို ကိုးကွယ်နေကြသည်။ ထိုအချိန်တွင် ယာမာတို မျိုး နွယ်များကမူ နေ နတ်သမီးကို ကိုးကွယ်ကြလေသည်။ ထို နေနတ်သမီးသည် ကောင်းကင်ဘုံကို အစိုးရသော နတ်သမီး ဖြစ်ပြီး သူတို့ မျိုးနွယ်စု ခေါင်းဆောင် အကြီးအကဲများ၏ အဘွား ဖြစ်သည်ဟုလည်း အယူ ရှိကြလေသည်။

အေဒီ ၁ ရာစုသို့ ရောက်သောအခါ ယာမာတို မျိုးနွယ်စုက အခြားသော လူမျိုးစုများ အပေါ် လွှမ်းမိုး အုပ်စိုးနိုင်ရေး အတွက် နည်းနှစ်နည်းဖြင့် ကြိုးပမ်းခဲ့လေသည်။ တစ်နည်းမှာ သူတို့၏ ခေါင်းဆောင်ကို နေမျိုးနွယ်လာ ဧကရာဇ် အဖြစ် နန်းတင်ခြင်းအားဖြင့် လည်းကောင်း၊ အခြား တစ်နည်းမှာ အခြား လူမျိုးစုများနှင့် ဆိုင်သော ဒဏ္ဍာရီများကို တစ်စုတည်း ဖြစ်အောင် ပေါင်းစည်းပြီး 'နတ်ဘုရားများ၏ လမ်းစဉ်' ဆိုသော ခေါင်းစဉ် အောက် တွင် ရှင်းလင်းစွာ ဖော်ပြခဲ့လေသည်။

## တရုတ်တို့၏ ဘာသာ ကိုးကွယ်မှုနှင့် ယဉ်ကျေးမှုက ရှင်တို ဘာသာဟောင်း အပေါ် အကျိုး သက်ရောက်မှု

ဤ ရှင်တို ဘာသာဟောင်းသည် ယခု ပြောဆိုရမည့် အခြေအနေသို့ ဆိုက်ရောက်လာစေကာမူ ၄င်းမှာ ပုံသဏ္ဍာန် အတိအကျလည်း မရှိ၊ ဦးတည်ချက်လည်း မရှိခဲ့သေးပေ။ အေဒီ ၅ ရာစုသို့ ရောက်လာသော အခါ တရုတ် လူမျိုး တို့၏ ယဉ်ကျေးမှု သြဇာက ဂျပန် လူမျိုးများ အပေါ် လွှမ်းမိုး သက်ရောက်လာသော အခါကျမှသာ ရှင်တို ဘာ သာဟောင်းသည် အမျိုးသား ယဉ်ကျေးမှု အသွင်အပြင်ကို ပေါ်ပေါ်လွင်လွင် ဆောင်ယူ လာနိုင်ခဲ့ပေတော့သည်။ ထို အချိန်က အမျိုးသား ဘဝနှင့် အမျိုးသား အတွေးအမြင် တို့တွင် အပြောင်းအလဲများ စတင် ဖြစ်ပေါ်လာခြင်းသည် ဂျပန် သမိုင်းတွင် မှတ်လောက်သားလောက်သော ဖြစ်ရပ် တစ်ခု ဖြစ်ခဲ့လေသည်။

ဂျပန် လူမျိုးများသည် တရုတ် လူမျိုးများ၏ အတွေး အခေါ် အယူအဆများနှင့် လုပ်ပုံကိုင်နည်းများကို ခံယူ ပြီးလျှင် သူတို့၏ ဘဝ လိုအပ်ချက်နှင့် အညီ မိမိတို့ ဘဝကို စိတ်အား ထက်သန်စွာ ပြုပြင် တည်ဆောက်ခဲ့ကြလေ သည်။ သူတို့သည် ဤ ကိစ္စကို ဆောင်ရွက်ရာ၌ စေ့စေ့ စပ်စပ် ဆောင်ရွက်ခဲ့ကြလေသည်။

လက်တွေ့ကျသော အတတ်ပညာများကို တစ်ကြိမ် ရပြီ ဆိုလျှင် ထိုနည်းပညာများ အစဉ် တိုးတက်အောင်၊ ကျွမ်းကျင်မှု တိုးပွားအောင် ဂျပန် လူမျိုးများသည် လျင် မြန်စွာ လေ့လာ ဆည်းပူးကြလေသည်။ တရုတ် လူမျိုး များ သင်ကြား ပြသသမျှကို သူတို့ နည်းပညာ ရအောင် ကြိုးစားကြလေသည်။ အိုးလုပ်ခြင်း အတတ်၊ သတ္တု အရည် ကြို အတတ်၊ သစ်ထွင်းပန်းပု အတတ်၊ လယ်ယာ စိုက် ပျိုးရေး အတတ်၊ ပန်းမန် စိုက်ပျိုးရေး အတတ်၊ ဥယျာဉ် စိုက်ပျိုးရေး အတတ်၊ ပိုး မွေးမြူရေး အတတ်၊ လမ်းနှင့် တံတား ဆောက်လုပ်ရေး အတတ်နှင့် ဆည်မြောင်း တာ တမံ ဆောက်လုပ်ရေး အတတ် စသည်တို့ကို ဂျပန်များ သည် တရုတ် လူမျိုးတို့ထံမှ သင်ယူခဲ့ကြရလေသည်။ ဤ နည်းဖြင့် ရှေးကျသော လူမျိုးများ ဘဝမှ ဂျပန် လူမျိုးများ သည် ရုပ်ပိုင်း ယဉ်ကျေးမှုတွင် ပိုမို တိုးတက်သော အဆင့် သို့ ရောက်ရှိလာခဲ့ကြလေသည်။

လူမှုဆက်ဆံရေး နယ်ပယ်တွင်လည်း ကွန်ဖြူးရှပ် ဝါဒီများ၏ အတွေးအခေါ်များက အစဉ်သဖြင့် ကိုယ်ကျင့် တရား ကောင်းမွန်ရေးကို အလေးထား၍ အမြဲတမ်း ပြောင်း လဲမှုများကို ဖြစ်ပေါ်စေခဲ့လေသည်။ အထူးသဖြင့် မိဘများ အပေါ် သားသမီးများ၏ တာဝန် ဝတ္တရား ကျေပွန်မှုကို အားသစ် လောင်းပေးခဲ့လေသည်။ ရှေးကျသော ရှင်တို ဘာ သာဟောင်းမှာ သဘာဝကို အမှတ်မဲ့ ကိုးကွယ်မှု ဘာသာ တစ်ခုသာ ဖြစ်ခဲ့လေသည်။ ထိုသဘာဝ အပြောင်းအလဲများ ကို နတ်များက ဖန်တီးနေကြသည်ဟု ယူဆ ကိုးကွယ်မှု နှင့်အတူ ဘိုးဘွားဘီဘင် ရိုးရာနတ် ကိုးကွယ်မှုကိုလည်း လျော့လျော့ရဲရဲ လက်ခံ ထားခဲ့ကြလေသည်။

ယခု တရုတ် လူမျိုးတို့၏ အယူအဆများကို လက်ခံ ကျင့်သုံးလာသော အခါကျမှ ဂျပန် လူမျိုးများမှာလည်း ရိုးရာ ဘိုးဘွား နတ်များ ကိုးကွယ်မှုကို ပီပီပြင်ပြင် ရှင်း ရှင်းလင်းလင်း ဆောင်ရွက်လာတတ်ကြတော့သည်။

ဤကား သမိုင်းကြောင်း အရ သိသာ ထင်ရှားသော အပြောင်းအလဲ ဖြစ်ရပ် တစ်ခု ဖြစ်သည်။

ဧကရာဇ် ဘုရင်များသည် နေနတ်သမီးမှ ဆင်းသက် လာကြသူများ ဖြစ်သည်ဟု ယူဆ လက်ခံရုံမျှ မကတော့ဘဲ အထက်တန်း အဆင့်မြင့် မင်းမှုထမ်း မှူးကြီးမတ်ရာများ သည်လည်း နေနတ်သမီးနှင့် ရင်းနှီး ကျွမ်းဝင်သော နတ်

များမှ ဆင်းသက်လာသော အဆက်အနွယ်များ ဖြစ်ကြသည် ဆိုသော အယူအဆပါ ထွန်းကားလာလေတော့သည်။ သို့ရာတွင် သာမန် အရပ်သူ အရပ်သားများမှာမူကား နေနတ်ဒ သီးနှင့် ဆွေမတော် မျိုးမစပ်သော ကွာလှမ်းသော နတ်များမှ ဆင်းသက်လာကြသူများ ဖြစ်သည်ဟု ယူဆလာကြလေသည်။

ဤနည်းဖြင့် ဂျပန် လူမျိုး တစ်ရပ်လုံးသည် ဧကရာဇ် ဘုရင်ကြီးနှင့် ဆွေမျိုး မကင်းသော နတ် မိသားစုများမှ ဆင်းသက် လာကြသူများသာ ဖြစ်သည် ဆိုသော ဒဏ္ဍာရီ အခြေခံကို ရရှိစေခဲ့လေတော့သည်။

ဤအချက်ကို ၁၉ ရာစု၏ နောက်ဆုံး ဆယ်နှစ်အတွင်းတွင် အထူး အရေးထား ပြောဆိုခဲ့ကြလေသည်။

သို့ရာတွင် ဂျပန် လူမျိုးများ အပေါ်တွင် ဗုဒ္ဓဘာသာကလည်း ကြီးမားစွာ ဩဇာ လွှမ်းမိုးခဲ့သေးသည်။ ဗုဒ္ဓဘာသာမှာလည်း တရုတ် လူမျိုးများမှ တစ်ဆင့် ဂျပန်ပြည်သို့ ရောက်ရှိလာခြင်း ဖြစ်၏။

၆ ရာစု အတွင်း ဗုဒ္ဓဘာသာသည် ဂျပန် နိုင်ငံသို့ ရောက်ရှိလာသော အခါ ထိုဘာသာနှင့်အတူ စိတ်အားထက်သန်ဖွယ် ကောင်းသော ပိဋက စာပေများကို လည်းကောင်း၊ ကြွယ်ဝသော အနုပညာကို လည်းကောင်း၊ လူ့အတွေးအခေါ် နယ်ပယ်တိုင်း အတွက် သစ်လွင် လတ်ဆတ်သော အယူအဆများကို လည်းကောင်း သယ်ဆောင်လာခဲ့လေသည်။ အထူးသဖြင့် ယုတ္တိဗေဒပိုင်း၊ ဆေးဝါးကုသမှုပိုင်း၊ လူမှုဝန်ထမ်း လုပ်ငန်းပိုင်းမှာ အတွေးအခေါ် အသစ်အဆန်းများ ပါလာခဲ့လေသည်။

ဗုဒ္ဓဘာသာက ဂျပန် လူမျိုးများ၏ ကိုယ့် နေရင်းဇာတိမြေကို ချစ်ခင်ရေး စိတ်ဓာတ်ကို ပျက်ပြားသွားစေခဲ့လေသည်။ ဗုဒ္ဓဘာသာက ပင်လယ်ရပ်ခြား ဒေသများ၏ ဘာသာ အယူဝါဒများကို ဂျပန်တို့ထံသို့ ယူဆောင်လာခဲ့လေသည်။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသာ ရဟန်းတော်များ၏ အမြင်တွင် ဘာသာရေး အခြေခံ အစစ်အမှန်များသည် ဂျပန်ပြည်မှာ မရှိဘဲ အိန္ဒိယပြည်နှင့် တရုတ်ပြည်မှာသာ ရှိသည်ဟု ရှုမြင်ထားသောကြောင့် ဖြစ်သည်။ ဇာတိ ဒေသစွဲ ကြီးမားသော မျိုးနွယ်စု ခေါင်းဆောင်များသည် ဤအယူအဆနှင့် ရင်ဆိုင်ကြရသည်။

သို့သော် ဗုဒ္ဓ ဘာသာမှာ ဂျပန် လူမျိုးများ အကျိုးရှိရာ ရှိကြောင်း အကျိုး ပြုနိုင်သော အချက်အလက်များစွာ ပါရှိပေရာ တိုးတက်သော အတွေးအမြင် ရှိသူများကို များစွာ ဖွဲ့မက်စေခဲ့နိုင်လေသည်။ အစ ပထမကပင် ဗုဒ္ဓဘာသာသည် အဆင့်မြင့် လူ့အဖွဲ့အစည်း အစိတ်အပိုင်းထဲတွင် အောင်မြင်မှုများကို ရရှိခဲ့လေသည်။ ခုခံမှုမှာ တိုတောင်းသော ကာလ အတွင်းမှာသာ ဖြစ်ပေါ်ခဲ့သည်။ ထို့နောက်ပိုင်းတွင် နန်းတွင်းသူ နန်းတွင်းသားများ၊ မင်းနှင့် မှူးမတ်များသည် ဗုဒ္ဓဘာသာကို နှစ်နှစ်ခြိုက်ခြိုက် လက်ခံခဲ့ကြလေတော့သည်။ ဘုရင်က လက်ခံသော အခါ မှူးမတ်များကလည်း အလိုက်သင့် လက်ခံ ကိုးကွယ်ကြလေတော့သည်။

ဤနည်းဖြင့် ဂျပန် နိုင်ငံ အနှံ့အပြားတွင် ကျောင်းကန် ဇရပ်များ အများအပြား ပေါ်ပေါက် လာလေတော့သည်။ ထိုအခါ သာမန် အရပ်သား ပြည်သူများကလည်း တဖြည်းဖြည်း ဗုဒ္ဓဘာသာကို ကိုးကွယ် လာကြလေတော့၏။

အတွေးအခေါ်သစ် လှုပ်ရှား ထကြွခြင်းကြောင့် ဖြစ်ပေါ်လာသော အရေးကြီးသည့် အကျိုးဆက် တစ်ခုမှာ ဘုရင့်ခွင့်ပြုချက်ဖြင့် ပြုလုပ်သော ဒေသခံ ပြည်သူများ အကြား၌ ဆက်လက် တည်ရှိနေသော တိုင်းရင်းဖြစ် ဒဏ္ဍာရီများကို စာဖြင့် မှတ်တမ်း တင်ရန် ကြိုးပမ်းမှု ဖြစ်လေသည်။

အေဒီ ၆၂၀ ခုနှစ်တွင် 'ရှေးက အဖြစ်အပျက်များ သမိုင်း မှတ်တမ်း' ခေါ်သော *ကူဂျိကိကျမ်း* [၁] ထွက်ပေါ်လာသည်။ ထို သမိုင်း မှတ်တမ်း ကျမ်းထဲတွင် ဧကရာဇ် ဘုရင်ကြီး ဂျင်မုတင်နိမှ အစပြု၍ နောက်ပိုင်း မင်းများ အကြောင်း ပါဝင်လေသည်။

အေဒီ ၇၁၂ တွင် ပို၍ ရှင်းလင်း ပြည့်စုံသော ကူဂျိကိကျမ်း ထွက်ပေါ်လာသည်။ ထိုကျမ်းသည် ဂျပန် နိုင်ငံ၏ သမိုင်းကျမ်း ဖြစ်ဖို့ ရည်ရွယ်ထားဟန် တူသည်။ ကမ္ဘာလောကကြီး ဖန်ဆင်း ဖြစ်ပေါ်လာသည့် အချိန်က စ၍ အေဒီ ၇ ရာစု အလယ်ပိုင်းလောက် အထိ ဂျပန် မင်းဆက်များ အကြောင်း ပါဝင်လေသည်။

ထို ကူဂျိကိ ကျမ်းနှင့် အပြိုင် ပေါ်ထွန်းလာသော ကျမ်းတစ်စောင် ရှိသေးသည်။ ထိုကျမ်းသည် *နီဟွန်းဂီ* [၂] (ဂျပန် သမိုင်း မှတ်တမ်း) ကျမ်း ဖြစ်သည်။ ထိုကျမ်းထဲတွင် ပို၍ တိကျ ခိုင်မာသော သမိုင်း အချက်အလက်များ ပါဝင်သည်။ အေဒီ ၇၂၀ ခန့်တွင် နီဟွန်းဂီ ကျမ်းကို ထုတ်ဝေခဲ့လေသည်။ နောက် ရာစု တစ်ခုလောက် ခြားပြီး အေဒီ ၈၀၆ ခုနှစ်တွင် *ကိုဂိုရှုအိ* [၃] အမည် ရှိသော ကျမ်းတစ်စောင်

---

၁။ Kujiki
၂။ Nihongi
၃။ Kogoshui

ထွက်ပေါ်လာပြန်သည်။ ထိုကျမ်းသည် 'ရှေးကျသော ဒဏ္ဍာရီ ဓာတ်လမ်းများကို သန့်ရှင်းအောင် သုတ်သင်ခြင်း' ကျမ်း ဖြစ်သည်။ ရှင်တို ဘာသာနှင့် ပတ်သက်သော ရှေးက ဘုန်းကြီးဂိုဏ်း တစ်ဂိုဏ်း၏ လုပ်ဆောင်ချက်များကို ကာ ကွယ် ရေးသားထားသော ကျမ်း ဖြစ်သည်။

နောင်အခါ ၁၀ ရာစု၏ ပထမ နှစ် အစိတ် အတွင်း တွင် အရေးပါသော ရှင်တို ဘာသာ၏ ပူဇော် ပသမှု ဆိုင်ရာ သင်္ဂြိုဟ်ကျမ်း *အင်ဂိရှိကိ* [၁] ပေါ်ပေါက်လာသည်။ အထူး သဖြင့် ကေရာဓိ ဘုရင် ကိုးကွယ်မှုနှင့် ပတ်သက် ဆက် စပ်သော မင်းဆွေ မင်းမျိုးများ အကြောင်း ဖြစ်သည်။

ဤ ကျမ်းများ အားလုံးလိုလိုသည် တရုတ် အတွေး အခေါ်များနှင့် ဗုဒ္ဓဘာသာ အယူဝါဒများ၏ ဩဇာ လွှမ်းမိုး မှုကို ဖော်ပြသော ကျမ်းများချည်းသာ ဖြစ်ကြကုန်သည်။ နိုင်ငံခြားသား တွေးခေါ်ပုံများသည် ပေါ်လွင် ထင်ရှားလျက် ရှိသည်။ ဥပမာ ကူဂျိကိ ကျမ်း၏ အဖွင့် စာပိုဒ်တွင် လည်း ကောင်း၊ နိဟွန်းဂိ ကျမ်း၏ အဖွင့် စာပိုဒ်တွင် လည်းကောင်း ဂရိ ဒဿန ပညာများ၏ ဩဇာ လွှမ်းမိုးမှု မကင်းကြောင်း ကို ဖော်ပြလျက် ရှိသည်။

ကူဂျိကိနှင့် နိဟွန်းဂိ ကျမ်းများသည် ပင်လယ်ရပ်ခြား တိုင်းတစ်ပါး အတွေးအခေါ်များ၏ ကျေးဇူးကို အလေး အနက် ခံယူထားကြောင်း တွေ့ရသည်။ အထူးသဖြင့် နိုင်ငံ ရေး အတွေးအခေါ်ပိုင်းမှာ ဖြစ်သည်။

ထိုအတွေးအခေါ် အရ ကေရာဓိ ဘုရင်တို့ ရရှိထား သော အချုပ်အချာ အာဏာသည် ရှေး ပဝေသဏီ ကာလ ကပင် ကောင်းကင်ဘုံမှ နတ်ဘုရားများက ပေးထားသော အခွင့်အာဏာ ဖြစ်ကြောင်း ဖော်ပြထားလေသည်။

## ရီယိုဘု သို့မဟုတ် ရောနှော ရှင်တို

၈ ရာစု ခေတ်သို့ ရောက်သော အခါ ဗုဒ္ဓဘာသာသည် အုပ်စိုးသူ လူတန်းစားများ အပေါ်တွင် ဩဇာ လွှမ်းမိုးနိုင် နေပြီ ဖြစ်၏။ ရှင်တို ဘာသာနှင့် ဗုဒ္ဓ ဘာသာကို နီးနီး စပ်စပ် ပြန်လည် သင့်မြတ် ညီညွတ်အောင် လုပ်ရန် လိုအပ် လာပုံ ပေါ်သည်။ ကံအားလျော်စွာ ဟိုဆိုနှင့် ရှင်ဂွန် ဂိုဏ်း များမှ ဗုဒ္ဓဘာသာ ရဟန်းတော်များက ထိုအချက်ကို ဘာ သာရေး ကြိုးပမ်းမှု များစွာကို ပြုလုပ်ပြီး ပြန်လည် ဖော် ထုတ်နိုင်ခဲ့ကြလေသည်။ ထိုဘုန်းကြီးများက ဂျပန်ပြည်ရှိ ဒေသခံ နတ်များသည် ဗုဒ္ဓများနှင့် ဗောဓိသတ္တများ ဖြစ်ကြ သည်၊ ၄င်းတို့သည် ဂျပန် ကျွန်းများတွင် ပြန်လည် ပွင့် ပေါ်လာကြသော ဘုရားလောင်းများ ဖြစ်ကြသည်ဟု ဆို သည်။

နေ နတ်သမီး အမတာရာဆုသည် ဗုဒ္ဓဝေရောစဏပင် ဖြစ်သည်။ စစ်နတ် ဟာချိမန်သည် ဂျပန် နိုင်ငံသို့ နတ်အသွင် ကို ယူပြီး ဆင်းသက်လာသော ဗောဓိသတ္တ ခတ္တိဂါဘ ဖြစ် သည် ဆို၏။

ဤကဲ့သို့ ဗုဒ္ဓဘာသာ (မဟာယာန) အယူအဆများ နှင့် ဂျပန်တို့၏ ရှင်တို ဘာသာကို ရောနှော ပေါင်းစပ် ခြင်းကို *ရီယိုဘု* [၂] သို့မဟုတ် ရောနှော ရှင်တိုဟု ခေါ်ကြ သည်။ ဤမတူညီသော အယူဝါဒ နှစ်ရပ်ကို ပေါင်းစည်း ရာတွင် ဗုဒ္ဓဘာသာ (မဟာယာန) မှ ဗောဓိသတ္တ နတ် ဘုရား များစွာကို အစ မူလထားပြီး ဂုဏ်ပြုကာ ရှင်တို ဘာ သာက လက်ခံထားသော နတ်များမှာမူ ဗုဒ္ဓဘာသာ နတ် ဘုရား ဗောဓိသတ္တများ၏ ဂျပန် ပြည်၌ ပွင့်လာကြသော ကိုယ်ပွားများ ဖြစ်သည်ဟု ယူဆကြလေတော့သည်။

ဤအတွေးအခေါ် အကျပ်အတည်းတွင် ရှင်တို ဘာ သာက လက်လျှော့ ပေးခဲ့ရသည်မှာ မဆန်းပေ။ (ထိုအချိန် လောက်မှာပင် အိန္ဒိယ ပြည်တွင်လည်း ဟိန္ဒူ ဘာသာက ပထမ အလျှော့ပေးပြီး နောက်မှ ဗုဒ္ဓဘာသာကို ပြန်လည် ဝါးမျိုခဲ့ပေတော့သည်။)

ရီယိုဘု သို့မဟုတ် နှစ်ဖက်သွား ရှင်တိုသည် ဂျပန် လူမျိုးများ အပေါ် အကြီးအကျယ် ဩဇာ လွှမ်းမိုးခဲ့လေ သည်။ ဤ ရောနှော ရှင်တို ဘာသာသည် ပညာတတ် လူ တန်းစားများကိုပါ သိမ်းသွင်းနိုင်ခဲ့ပေသည်။ ဤ အကျိုး ဆက် ပေါ်ထွန်းလာသော နှစ်ကာလများ အတွင်း ရှင်တို ဘုရား တန်ဆောင်းများတွင် ဗုဒ္ဓဘာသာ ကိုးကွယ် ဆည်း ကပ်မှုများကိုပါ အတွင်းကျကျ နေရာ ပေးလာခဲ့ကြသည့် ပြင် ဗုဒ္ဓဘာသာ မဟာယာန ဘုန်းကြီးများ ကိုယ်တိုင်က ဦးဆောင်၍ ပူဇော် ပသခြင်းများကို ပြုလုပ်ခဲ့ကြလေသည်။ ထို့နောက် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာများကိုလည်း ရှေး ကျသော ရှင်တို ဘာသာထဲသို့ သွတ်သွင်းလာခဲ့ကြသည်။ ရှင်တို ဘုရား တန်ဆောင်းများကိုလည်း ပြုပြင် ပြောင်း လဲကာ ဗုဒ္ဓဘာသာဆန်ဆန် စေတီ ပုထိုးများကိုပါ တည် ဆောက်လာခဲ့ကြလေသည်။ ရှင်တို ဘာသာ ဘုရား တန် ဆောင်းများမှာ ဗုဒ္ဓဘာသာ အသွင်အပြင်သို့ များစွာ ပြောင်း

၁။ Engi-shiki

၂။ Ryobu

လဲ သွားခဲ့လေသည်။ ထို့ကြောင့် ပါမောက္ခ *ဟော်တန်* [၁] က 'မေဂျီ ခေတ်တိုင်အောင် ဂျပန်သည် ဗုဒ္ဓဘာသာ နိုင်ငံ ဖြစ်သည်ဟု ဖော်ပြသင့်သည်' ဟု ဆိုလေသည်။

ဂျပန် လူမျိုးများ၏ ဗုဒ္ဓ ဘာသာကို နှစ်သက်မှုနှင့် ခံယူ ကျင့်သုံးမှုသည် အေဒီ ၁၃ ရာစု အစပိုင်း ခေတ်တိုင်အောင် ဆက်လက် တည်ရှိခဲ့ပေသည်။

ထိုခေတ်သည် ဧကရာဇ် ဘုရင်များက တန်ခိုး ဩဇာ ကြီးထွားလာသော မှူးမတ်များနှင့် စစ်ဝါဒီ ဆာမူရိုင်းများကို ထိန်းချုပ်ခြင်း မပြုနိုင်ဘဲ ရှိခဲ့လေသည်။

အေဒီ ၁၆ ရာစု ခေတ် အဆုံးသို့ ရောက်သောအခါ ရှိုဂွန်း ခေါ် တိုကိုဂါဝါ မိသားစုမှ ပေါ်ထွန်းလာသော အာဏာရှင်က တကွဲတပြား ဖြစ်နေသော ဂျပန် နိုင်ငံ၏ ပဒေသရာဇ် စနစ်ကို အဆုံးသတ်စေပြီး နိုင်ငံရေး စည်းလုံး ညီညွတ်မှုကို ဖန်တီးပေးခဲ့လေသည်။ ထိုအခါမှ စ၍ တိုကိုဂါဝါ အုပ်စိုးရေး ခေတ် (၁၆၀၀ မှ ၁၈၆၇ အေဒီ) စတင် ဖြစ်ပေါ်ခဲ့လေတော့သည်။ ဤခေတ်တွင် ရှင်တို ဘာသာသည် အရေးပါ အရာရောက်မှု ရှိခဲ့လေသည်။ အဘယ်ကြောင့် ဆိုသော် ရှင်တို ဘာသာသည် ထိုခေတ်တွင် ပြန်လည် ဆန်းသစ်မှုများကို ပြုလုပ်နိုင်ခဲ့သောကြောင့် ဖြစ်ပေသည်။

## ၁၇ ရာစု အတွင်း<br>ရှင်တို ဘာသာကို ပြန်လည် ဆန်းသစ်ခြင်း

ရှင်တို ဘာသာကို ပြန်လည် ပြုပြင်ခြင်း ကိစ္စသည် ကြိုတင် ပြင်ဆင်ခြင်း မရှိဘဲ ပြုလုပ်ခဲ့သော အရာ မဟုတ်ချေ။ ရှင်တို ဝါဒကို ဗုဒ္ဓဘာသာက ဝါးမျိုပစ်တော့မလို ဖြစ်ခဲ့သော ခေတ်ကာလများ အတွင်းမှာပင် ရှင်တို ဘာသာကို ရှင်းလင်း ဖော်ပြနိုင်သူများကို တွေ့ရှိခဲ့ရပေသည်။

၄င်းတို့မှာ နာရာမြို့ရှိ ကာဆုဂါ ဘုရား တန်ဆောင်း၌ *ဥရာဘေး* [၂] ရဟန်း ခံခြင်း ကိစ္စ၊ *အီဆဲ* [၃] ၌ ပြုလုပ်သော *ဝါတာရိုင်း* [၄] ရဟန်း ခံခြင်း ကိစ္စ စသည်တို့ ဖြစ်သည်။

ဤ ပြုပြင် ပြောင်းလဲမှုတွင် ဂျပန် လူမျိုးတို့၏ *ကာမီ* [၅] ကို အရင်းမူလ ထားပြီး ဗုဒ္ဓဘာသာ ဆိုင်ရာ နတ်ဘုရားများကို အဖျား ထားခြင်းကို ဆောင်ရွက်နိုင်ခဲ့လေသည်။

သူတို့သည် ဧကရာဇ် ဘုရင်ကိုလည်း လူပုံသဏ္ဌာန်ကို ယူထားသော နတ်ဘုရား အဖြစ် ပြန်၍ ထားကာ ကောင်းကင်ဘုံက ရရှိသော အချုပ်အချာ အာဏာကို ပြန်လည် တည်ဆောက်ခဲ့ကြလေသည်။

ဤနည်းဖြင့် သူတို့သည် ဘုရင် ဧကရာဇ်ကို နတ်ပြည်မှ တိုက်ရိုက် ဆင်းသက်လာသူ ဖြစ်သည် ဆိုသော အယူအဆကို အဓိက အလေးထား၍ ဖော်ပြခဲ့ကြလေသည်။ ဂျပန် ဧကရာဇ်သည် နေနတ်သမီး အမတာရာဆုမှ ဆင်းသက်လာသော နေမျိုးနွယ်လာ ဖြစ်သည်ဟု ခံယူကြသည်။

၁၇ ရာစုသို့ ရောက်သော အခါ ရှင်တို ဘာသာတွင် မှတ်လောက်သားလောက်ဖွယ်ရာ အတွေးအခေါ် ဆန်းသစ်မှုကြီး တစ်ခု ဖြစ်ပေါ်လာခဲ့ပေသည်။

ထိုအချိန်တွင် တိုကိုဂါဝါ ရှိုဂွန်းများက ခရစ်ယာန်ဘာသာကို ရက်စက် ကြမ်းကြုတ်စွာ သတ်ဖြတ်၍ နှိမ်နင်းမှုနှင့် ကြုံခဲ့ရသည်။ ထို့နောက် ဂျပန် ဆိပ်ကမ်းများသို့ နိုင်ငံခြားသားများ ဝင်ထွက်ခြင်း မပြုနိုင်အောင် နှစ်ပေါင်း နှစ်ရာကျော် ပိတ်ပင်မှုကြီး ပေါ်ပေါက်ခဲ့လေသည်။

ထိုအဖြစ်အပျက်များသည် ရှင်တို ဘာသာဝင် ပညာရှိ သုခမိန်များကို လည်းကောင်း၊ ရှင်တို ဘာသာရေး၏ အမျိုးသားရေး စိတ်ဓာတ် ရှင်သန်ရေး သဘောထားကို လည်းကောင်း အားပေး အားမြှောက် ပြုသလို ဖြစ်ခဲ့လေသည်။ ရှေးက အယူဝါဒများကို ပြန်လည် လေ့လာ လိုက်စားခြင်း ဖြစ်ပေါ်လာသည်။ ၁၆ ရာစုနှင့် ၁၇ ရာစုနှစ်များတွင် ပညာရှိ သုခမိန် သုံးပါး ဖြစ်ကြသော *မာဘုချိ* [၆]၊ *မိုတိုးရိ* [၇] နှင့် *ဟီရတာ* [၈] တို့သည် နိုင်ငံခြား ဆန့်ကျင်ရေး ခံစားချက်ကို အခွင့်ကောင်း ယူကာ ရှင်တို ဘာသာကို ပြုပြင် ပြောင်းလဲရေး လုပ်ဖို့ ကြိုးပမ်းခဲ့ကြလေသည်။ ထို ရှင်တို ဘာသာ ပြုပြင်ရေးကို သူတို့က *ဝိသုဒ္ဓိရှင်တို* [၉] ဟု ခေါ်ခဲ့ကြလေသည်။ သို့မဟုတ် 'ရှေးက မူမှန် လမ်းစဉ်' ဟုလည်း ခေါ်ကြလေသည်။

ဤအုပ်စု၏ ဒုတိယ ပုဂ္ဂိုလ်သည် ဂျပန် သမိုင်းတွင် အကြီးကျယ်ဆုံးသော ပညာရှင် သုခမိန် ဖြစ်သည်ဟု ယူဆနိုင်ပါသည်။ သူ၏ ကိုဂျိကိ အဋ္ဌကထာ ကျမ်းသည် ယခုထက်တိုင်အောင် ဩဇာ အာဏာ ရှိသော ကျမ်း တစ်စောင် ဖြစ်ဆဲ ဖြစ်၏။ ဤပုဂ္ဂိုလ်ကား ရှေးကျသော ဂျပန် လူမျိုးတို့၏ လမ်းစဉ်ကို အရေးထားသူ ဖြစ်သည်။ ထို့ကြောင့်

---

၁။ Horton　　၂။ Urabe
၃။ Isé　　၄။ Watarai　　၅။ Kami
၆။ Mabuchi　　၇။ Motoori
၈။ Hirata　　၉။ Pure Shinto

သူနှင့် ခေတ်ပြိုင် ပုဂ္ဂိုလ် ပညာရှိများက ဂျပန်တို့၏ အသိပညာများသည် တရုတ်တို့၏ အရင်းအမြစ်များပေါ်မှာ မှီခိုနေရသည် ဆိုသော အမြင်ကို လက်မခံဘဲ ဂျပန်မှာ ကိုယ်ပိုင် လမ်းစဉ်များ ရှေး ပဝေသဏီကတည်းက ရှိခဲ့သည် ဆိုသော အမြင်ကိုသာ စွဲမြဲစွာ ဆုပ်ကိုင် ထားခဲ့ကြလေသည်။

ထို့ကြောင့် သူက ဤကဲ့သို့ ကြေညာခဲ့လေသည်။

'မိကာဒိုသည် ကောင်းကင် နတ်ဘုံမှ တိုက်ရိုက် ဆင်းသက်လာသူ ဖြစ်သည် ဆိုသော အချက်အချာကျသည့် သစ္စာစကား အရ ဂျပန်သည် အခြားသော တိုင်းပြည်များထက် သာလွန် မြင့်မြတ်သည် ဆိုသော စကားသည် သဘာဝ ကျသည်။ မည်သည့် အခြား နိုင်ငံမှ ဂျပန်နှင့် တန်းတူရည်တူ အဆင့်အတန်းကို မရနိုင်ပေ။ ထို့ကြောင့် နိုင်ငံတိုင်းသည် ဂျပန် နိုင်ငံသို့သာ သစ္စာခံရမည်။ ဂျပန် နိုင်ငံ၏ ဘုရင်မင်းမြတ်ကိုသာ လက်ဆောင်ပဏ္ဏာ ဆက်သရမည်။'

ထို့ပြင် သူက ဂျပန် လူမျိုးတို့မှာ တိုင်းရင်းဖြစ် အကျင့်သီလ သဘောမျိုး မရှိ၊ ကွန်ဖြူးရှပ် အယူအဆများမှ ငှားယူထားသော အကျင့်သီလ သဘောများသာ ရှိသည် ဆိုသော အယူအဆကိုလည်း သူက ငြင်းပယ်ခဲ့လေသည်။

သူက 'အကျင့် သီလ ဆိုတာ အကျင့် သီလ ခေါင်းပါးသော သူများ အတွက်သာ လိုသည်၊ ဂျပန် လူမျိုးတို့မှာ အစကတည်းက ကောင်းမြတ်သော ဘုံက လာကြသူများ ဖြစ်ရကား ၎င်းတို့သည် အကျင့်သီလနှင့် ပြည့်စုံပြီးသူများ ဖြစ်ကြသည်၊ ထို့ကြောင့် ဂျပန် လူမျိုးများ အတွက် အကျင့် သီလ ဝိနည်း သိက္ခာပုဒ်များ မလိုအပ်ပေ၊ ထို့ကြောင့် ထို သိက္ခာပုဒ်မျိုး မရှိခဲ့ခြင်း ဖြစ်သည်' ဟု ချေပ ပြောဆိုလေသည်။ ထို့ကြောင့် ဂျပန် လူမျိုးများသည် နိုင်ငံခြားသားများ တွေးခေါ်သလို မတွေးခေါ်သင့်၊ ရှေးက ရှင်တို ဘာသာက လက်ခံထားသော လမ်းစဉ် အတိုင်းသာ ကျင့်သုံးသွားသင့်သည်ဟု ဆိုလေသည်။

## ၁၈၆၈ ခုနှစ်၌ ပြန်လည် တည်မြဲစေခြင်း

ရှင်တို ဘာသာကို ဗုဒ္ဓဘာသာနှင့် ကွန်ဖြူးရှပ် ဝါဒတို့နှင့် ကင်းရှင်းသွားအောင် ပြန်လည် ပြုပြင်ခြင်း ကိစ္စကို ကြိုးပမ်းခဲ့ခြင်းသည် ဂျပန် လူမျိုးတို့၏ အလေ့အထကို ပြောင်းလဲသွားအောင် ပြုလုပ်နိုင်ခြင်း မရှိခဲ့ပေ။ ထိုပြုပြင် ပြောင်းလဲမှုကြောင့် ဆွေးနွေး ငြင်းခုံမှုများလောက်သာ ဖြစ်ပေါ်ခဲ့လေသည်။ သို့သော် ထိုလှုပ်ရှားမှု၏ အကျိုး ရလဒ်ကား ၁၉ ရာစုသို့ ရောက်သော အခါ ဒုတိယ အကြိမ် မဟာ ပြုပြင် ပြောင်းလဲမှုကြီး တစ်ခု ဂျပန်ပြည်မှာ ဖြစ်ပေါ်လာခြင်းပင် ဖြစ်လေသည်။

ဂျပန်ပြည် အဖို့ ဤ ပြုပြင် ပြောင်းလဲမှုကို ပြုလုပ်ရမည့် အခြေအနေသည် ရုတ်တရက် ဖြစ်ပေါ်လာသည်။ သူတို့သည် တခြား နိုင်ငံများနှင့် အဆက် ဖြတ်ပြီး ရသေ့ နိုင်ငံ အဖြစ် ဆက်လက် နေထိုင်လိုသော်လည်း သူတို့သည် အမေရိကန်တို့၏ သင်္ဘောကြီးများ သူတို့၏ ကမ်းခြေ တစ်လျှောက်တွင် ပေါ်လာခြင်းနှင့် တစ်ခါတစ်ရံ သင်္ဘော ပျက်ပြီး သူတို့ ကမ်းခြေသို့ နိုင်ငံခြားသားများ ရောက်ရှိလာခြင်းကိုမူ မတားဆီးနိုင်ခဲ့ကြပေ။

ဂျပန် ဆိပ်ကမ်းများသို့ ဆိုက်ရောက်လာသော သင်္ဘောသားများကို တစ်ခါတစ်ရံ 'နိုင်ငံခြားသား မကောင်းဆိုးဝါး မိစ္ဆာကောင်များ' ဆိုပြီး သတ်ပစ်တတ်သည်။ ထိုသို့ ကံဆိုး ကြမ္မာဆိုးနှင့် မကြုံတွေ့ရသူများကို နိုင်ငံရင်းသို့ ပြန်အပ်ရေး ကိစ္စမှာလည်း လပေါင်း များစွာ ကြာမြင့်ခဲ့လေသည်။ သတ်ပစ်ခြင်း မခံရသော နိုင်ငံခြား သင်္ဘောသားများကို သက်ဆိုင်ရာ နိုင်ငံရင်းများသို့ ဒတ်ချ် ကုန်သည်များမှ တစ်ဆင့် ပြန်အပ်ပေးသည်။

ဂျပန်ပြည်၏ ရေပိုင်နက် အတွင်းသို့ ထိုစဉ်က ဝင်ရောက်ခွင့် ပြုသူများမှာ ဒတ်ချ် ကုန်သည် သင်္ဘောများသာ ဖြစ်သည်။

သို့ရာတွင် သင်္ဘောကြီးများ အတွက် ဤပြဿနာသည် တစ်ခုတည်းသော ပြဿနာ မဟုတ်ပေ။ တစ်ခါတစ်ရံ ထိုသင်္ဘောကြီးများမှာ ဂျပန် နိုင်ငံသို့ ရောက်သော အခါ ပါလာသော သောက်ရေနှင့် အစားအစာ ရိက္ခာများ ကုန်ခန်းသွားတတ်သည်။ သို့ဖြစ်ရာ ထို သင်္ဘောကြီးများသည် သောက်ရေနှင့် အစားအစာ ရိက္ခာ ဖြည့်တင်းရန် အလို့ငှာလည်း ဂျပန် ဆိပ်ကမ်းများသို့ ကပ်လိုကြသည်။

သမ္မတကြီး ဖီလ်မိုးသည် ဤလိုအပ်ချက်ကို သိသည့် အပြင် ဂျပန်နှင့်လည်း နိုင်ငံခြား ကုန်သွယ်ရေးကို ပြုလုပ်လိုသည်။ ထို့ကြောင့် ဂျပန် အစိုးရကို စာဖြင့် ရေးသား၍ တချို့သော ဆိပ်ကမ်းများကို အမေရိကန် သင်္ဘောများ ဝင်ရောက်ရေးကို ဖွင့်ပေးပါရန် တောင်းပန်လေသည်။

ဤ သမ္မတကြီး၏ စာကို ယူပြီး ရေတပ် ဗိုလ်ချုပ် ပယ်ရီသည် ၁၈၃၅ ခုနှစ်တွင် စစ်သင်္ဘော လေးစင်းဖြင့် တိုကျို ပင်လယ်ကွေ့သို့ ဝင်ရောက် လာခဲ့လေသည်။ ထို့နောက် သမ္မတကြီး၏ စာကို ရှိဂွန်းထံသို့ အရောက် ပေးပို့နိုင်ခဲ့လေသည်။ ထို့နောက် ထိုစာနှင့် ပတ်သက်သော ပြန်

ကြားစာကို ရယူရန် ရွှေဦးပေါက် ရာသီတွင် ပြန်လာမည် ဖြစ်ကြောင်း ပြောဆိုကာ ရေတပ် ဗိုလ်ချုပ် ပယ်ရီသည် တရုတ်ပြည်သို့ ထွက်ခွာသွားခဲ့လေသည်။

ရှိုဂွန်းလည်း အမေရိကန် သမ္မတ၏ စာကို ဂျပန် နိုင်ငံရှိ ပဒေသရာဇ် မင်းများထံသို့ ဖြန့်ဝေ ပေးပို့လိုက်လေ သည်။ ထိုစာကို ရသော အခါ ပဒေသရာဇ် မင်းများသည် အုပ်စု သုံးစု ဖွဲ့ဖြစ်သွားလေသည်။ လစ်ဘရယ် အုပ်စုက တစ်စု၊ ဖျန်ဖြေရေးသမား အုပ်စုက တစ်စု၊ နိုင်ငံခြားသား ဆန့်ကျင်ရေး အုပ်စုက တစ်စု ဖြစ်သွားလေသည်။ နိုင်ငံ ခြားသား ဆန့်ကျင်ရေး အုပ်စုမှာ အင်အား အကြီးမားဆုံး အုပ်စု ဖြစ်လာသည့်ပြင် နိုင်ငံခြားသား ဆန့်ကျင်ရေးသမား ဧကရာဇ် ဘုရင် *ကိုမေ* [၁] ၏ ထောက်ခံ အားပေးမှုကိုလည်း ခံရလေသည်။

ရေတပ် ဗိုလ်ချုပ် ပယ်ရီသည် ၁၈၅၄ ခုနှစ်တွင် ဂျပန် ပြည်သို့ စစ်သင်္ဘော ဆယ်စင်း၊ စစ်အင်အား နှစ်ထောင်ဖြင့် ပြန်ရောက်လာသည်။ ရှိုဂွန်းလည်း ပယ်ရီ၏ တိုက်တွန်းမှု ကို လိုက်လျောရလေတော့သည်။ ထို့နောက် ပင်လယ်ထဲမှာ သင်္ဘော ပျက်ပြီး ဂျပန် ကမ်းခြေသို့ ဆိုက်ရောက်လာသော သင်္ဘောသားများကို ကောင်းမွန်စွာ ပြုစု စောင့်ရှောက်ရေး ကိစ္စ အပါအဝင် ရေနှင့် ရိက္ခာ ရယူနိုင်ရန် ကမ်းကပ်လာ သော သင်္ဘောများကို ကမ်းကပ်ခွင့် ပြုရန်၊ အရေး မပါ သော ဆိပ်ကမ်းမြို့ သုံးမြို့တွင် ကုန်သွယ်ရေး ကိစ္စကို ဖွင့် ပေးရန် စသော အချက်အလက်များ ပါဝင်သည့် စာချုပ်ကို အပြီးသတ် ချုပ်ဆိုရန် လက်မှတ် ရေးထိုးရလေသည်။

ဤ စာချုပ်ကို ချုပ်ဆိုရာ၌ ရှိုဂွန်းသည် နန်းတော် ကြီး၏ သဘောတူ ခွင့်ပြုချက်ကို ရယူခြင်း မပြုခဲ့ပေ။ သို့ သော် ဧကရာဇ် မင်းကြီးက တစ်ကြိမ် တစ်ခါ၌ သူနှင့် အပြတ်အသတ် အာဏာလုပွဲ ဆင်နွှဲရန် ဆုံးဖြတ်ပြီး လာ သော အခါ ရှိုဂွန်းလည်း သူ၏ ရုံးအာဏာကို ဖျက်သိမ်းပြီး အလျှော့ ပေးကာ ဧကရာဇ် ဘုရင်ကို အချုပ်အခြာ အာ ဏာကို ပြန်လည် အပ်နှင်းလျက် နန်းတင်ရလေသည်။ ထို အဖြစ်အပျက်သည် ၁၈၆၈ ခုနှစ်တွင် ဖြစ်ပွားခဲ့လေသည်။

သို့သော် ရှိုဂွန်းသည် အနောက်တိုင်း ဆန်ခြင်း ကိစ္စကို ခွင့်ပြုခဲ့ပေရာ ထိုကိစ္စကို ရပ်တန့်သွားအောင် ပြု၍ မရတော့ပေ။ ခေတ် နောက်ပြန်ဆွဲသမား ခေါင်းဆောင် များက အနောက်တိုင်း ဆန်ခြင်းကို တားမြစ် ပိတ်ပင်လို ကြသည်။ သို့ရာတွင် သူတို့၏ ကမ်းခြေ အကာအကွယ် များမှာ ပြင်သစ်၊ ဗြိတိန်နှင့် ဒတ်ချ် သင်္ဘောများက ပစ် ခတ်လိုက်သော အမြောက်ဆံများကြောင့် လွင့်စဉ်ကုန်ကြ သည်ကို ထိတ်လန့်ဖွယ်ရာ တွေ့ကြုံ သိမြင် လိုက်ရသော အခါ နိုင်ငံခြားသား ဆန့်ကျင်ရေး ခေါင်းဆောင်များ အနေ နှင့် ဂျပန်ပြည်တွင် စစ်ရေး ကိစ္စသည် အရေး ပါလာပြီ ဖြစ် ကြောင်း၊ ချက်ချင်း ရင်ဆိုင် ဖြေရှင်းရမည့် ကိစ္စ ဖြစ်လာ ပြီ ဖြစ်ကြောင်း နားလည် သဘော ပေါက်သွားကြလေ တော့သည်။

ထိုအခါ ထိုခေါင်းဆောင်များသည် ဂျပန် နိုင်ငံတွင် စစ်အင်အားကို အနောက်တိုင်း စစ်အင်အားနှင့် အပြိုင် တည်ထောင်ရန် ဆုံးဖြတ်ချက် ချကြလေသည်။ ထိုအခါ ဂျပန် လစ်ဘရယ်များကလည်း ဂျပန်ပြည်ကို စက်မှုလက်မှု ထွန်းကားရေးနှင့် ခေတ်မီ နိုင်ငံ ဖြစ်ရေးကို ဆောင်ရွက် ရန် လိုလားခဲ့ကြလေသည်။

ဤကား ကြီးမားသော ပြုပြင် ပြောင်းလဲရေး လုပ် ငန်းကြီး ဖြစ်ပေတော့သည်။ ဤကိစ္စကို အထူး အလျင် အမြန်နှင့် ပြည့်စုံ ကုံလုံအောင် ဆောင်ရွက်ရမည်ဟုလည်း နားလည်လာကြလေတော့သည်။

ကွန်ဆာဗေးတစ်များကမူ အနောက်တိုင်း စီးပွား ရေးနှင့် စက်မှု ထူထောင်ရေး နည်းလမ်းများကို လက်ခံ ကျင့်သုံးမည် ဆိုလျှင် ဤသို့ လက်ခံ ကျင့်သုံးခြင်းသည် ဂျပန်၏ လိုအပ်ချက်များနှင့် လိုက်လျောညီထွေ ဖြစ်စေ ကာမူ အခိုက်အတန့်အားဖြင့်မူ ယဉ်ကျေးမှုနှင့် အတွေး အမြင် ပြောင်းလဲမှုကို လုပ်ရဦးမည်ဟု သုံးသပ်ကြသည်။ သို့သော် ဤကိစ္စသည် သူတို့အား ရှေးက စစ်မှုရေးရာ စံ များကို ခေတ်သစ် ပတ်ဝန်းကျင်တွင် ပြန်လည် ထိန်းသိမ်း ရေး ပြုလုပ်ရမည် ဆိုသော အယူအဆသို့ ဆိုက်ရောက် သွားစေပြန်သည်။

ဤအချက်ကို ရှုမြင်လျက် ၁၈၁၉ ခုနှစ်က ရေးဆွဲ သော ဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံ ဥပဒေတွင် ကြည်းတပ်နှင့် ရေတပ်ကို အရပ်သား အစိုးရ လက်အောက်တွင် မထား တော့ဘဲ ဧကရာဇ် ဘုရင်၏ တိုက်ရိုက် အုပ်စိုးမှု အောက် တွင် ထားရှိရေးကို ဆောင်ရွက်ကြလေတော့သည်။

ဤတွင် ရှေးက ရှင်တို ဘာသာ၌ လက်ခံ ယုံကြည် ခဲ့ကြသည့် အတိုင်း ဘုရင်သည် နေနတ်သမီးမှ တိုက်ရိုက် ဆင်းသက်လာသော အလွန် မြင့်မြတ်သော ပုဂ္ဂိုလ် ဖြစ်သည် ဆိုသော ဒဏ္ဍာရီ ပုံပြင်ကို ချီးမြှောက် လာခဲ့ကြပြန်သည်။ ဘုရင် ဧကရာဇ်ကို အမျိုးသား ဘဝတွင် အမြင့်မားဆုံး အနေအထားသို့ မြှင့်တင်လိုက်ကြသည်။

---

၁။ Komei

ဤအချက်ကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် ထည့်သွင်း ဖော်ပြခဲ့ကြလေသည်။ ထိုအချက်ကို ထင်ရှား ဖြစ်ပေါ်စေရန် အတွက် ရှင်တို ဒဏ္ဍာရီကို ဗုဒ္ဓဘာသာ အယူအဆများနှင့် ကင်းဝေးသွားအောင် ပြုလုပ်ရေးကိုလည်း လိုလားခဲ့ကြလေသည်။

ထိုအယူအဆနှင့် အညီ ဧကရာဇ် မေဂျီ၏ ပထမဦးဆုံး ဦးစားပေး ဆောင်ရွက်ချက်မှာ ဧကရာဇ် စနစ်ကို ပြန်လည် ထူထောင်ပြီးသည်နှင့် ဗုဒ္ဓဘာသာကို ဖြိုဖျက်ပြီးလျှင် ရှင်တို ဘာသာကို နိုင်ငံတော် ဘာသာ အဖြစ် အသိအမှတ်ပြုလိုက်ခြင်းပင် ဖြစ်သည်။ ဗုဒ္ဓဘာသာနှင့် ဆိုင်သမျှ ကိစ္စအဝဝကို ဖယ်ရှား ဖျက်သိမ်းရေး အမိန့်ထဲတွင် ရှင်တိုဘုရား တန်ဆောင်းများ အတွင်းရှိ ဗုဒ္ဓဘာသာ ရဟန်းသံဃာများ အားလုံးကိုပါ ဖယ်ရှားပစ်ရေး ကိစ္စလည်း ပါဝင်ခဲ့လေသည်။ အပုပ်ချရေး လုပ်ငန်း များစွာကို ပြုလုပ်ခဲ့ရာတွင် တချို့ ကိစ္စမှာ အကြမ်းဖက်သော နည်းကိုပင် အသုံးချခဲ့ကြလေသည်။ ဗုဒ္ဓဘာသာကိုလည်း တိုက်ခိုက်ခဲ့လေသည်။ သို့ရာတွင် ဗုဒ္ဓဘာသာနှင့် ရှင်တိုဘာသာတို့မှာ တစ်ခုနှင့် တစ်ခု ရောနှော ပေါင်းစပ်နေပြီ ဖြစ်ရကား အမျိုးသားရေး အမြင်ဖြင့် ရှင်တို ဘာသာသို့ သန့်သန့် ပြန်ရောက်ရေး ကိစ္စမှာ လက်တွေ့အားဖြင့် မဖြစ်နိုင်သော အခြေအနေသို့ ဆိုက်ရောက်ခဲ့လေတော့သည်။ သာမန် အရပ်သူ အရပ်သား တိုင်းသူ ပြည်သားများမှာ ဘာသာနှစ်ခုစလုံးကိုပင် ဆက်လက်၍ အရေး ထားနေကြလေသည်။

၁၈၇၇ ခုနှစ်တွင် ဗုဒ္ဓဘာသာကို သီးခြား ရပ်တည်ခွင့်ကို ပေးခဲ့လေသည်။ ၁၈၈၉ ခုနှစ် ရေးဆွဲသော ဖွဲ့စည်းပုံ အခြေခံ ဥပဒေတွင် နိုင်ငံသားတိုင်းမှာ လွတ်လပ်စွာ ဘာသာ ကိုးကွယ် ယုံကြည်ခွင့် ရှိကြောင်း ပြဋ္ဌာန်းပေးခဲ့လေသည်။ အစိုးရကမူ ရှင်တို ဘာသာကို ဦးစား ပေးခဲ့လေသည်။ သာသနိက အဆောက်အဦများ ဝန်ကြီး ဌာနကို ဖွဲ့စည်းပြီး အမျိုးသား ဘာသာ ယုံကြည် ကိုးကွယ်မှု ဖြစ်ပေါ်အောင် ဖော်ဆောင်ခဲ့သည်။

ထိုဝန်ကြီး ဌာနသည် နောက်ပိုင်းတွင် သုံးပိုင်း ကွဲသွားသည်။ ရှင်တို သာသနိက အဆောက်အဦများ ဦးစီးဌာန (၎င်းဌာနကို ပြည်ထဲရေး ဝန်ကြီး လက်အောက်မှာ ထားသည်) ဘာသာရေး ဦးစီး ဌာန (၎င်းကို ပညာရေး ဝန်ကြီး ဌာန လက်အောက်မှာ ထားသည်)။ ထိုအခါမှ စ၍ ရှင်တို ဘာသာမှာလည်း *နိုင်ငံတော် ရှင်တို* [၁] နှင့် *ဂိုဏ်း ရှင်တို* [၂] ဟူ၍ နှစ်ပိုင်း ကွဲသွားခဲ့လေသည်။ ထို သဘောနှစ်ခုကို ကျွန်ုပ်တို့ ဆက်လက် လေ့လာကြမည် ဖြစ်၏။

## ၃။ ၁၉၄၅ ခုနှစ် အထိ နိုင်ငံတော် ရှင်တို ဘာသာ

နိုင်ငံတော် ရှင်တို ဘာသာသည် အစိုးရက မျိုးချစ်စိတ် ထက်သန်ရေး အတွက် ကမကထ ပြုသော အစီအစဉ် ဖြစ်သည်ဟု အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။ ထိုအစီအစဉ်ကို ၁၉၄၅ ခုနှစ် အထိ ပြုလုပ်ခဲ့ကြလေသည်။ ရှင်တို ဘာသာ ဂိုဏ်းများ၏ လွှမ်းမိုးမှုကို ဖယ်ရှားထားသော ဘုရား တန်ဆောင်းများတွင် နိုင်ငံတော် အစိုးရက ရှင်တို ဘာသာဆိုင်ရာ ပူဇော် ပသပွဲများကို စီစဉ် ကျင်းပခဲ့လေသည်။ ထိုဘုရားကျောင်းများကို နိုင်ငံတော်ပိုင် အဆောက်အဦများ အဖြစ်လည်း သတ်မှတ်ထားခဲ့ကြလေသည်။

ဤနိုင်ငံတော် ရှင်တို ဘာသာ၏ ရည်ရွယ်ချက်မှာ နိုင်ငံသားများ၌ မျိုးချစ် စိတ်ဓာတ်၊ အမျိုးကို ချစ်သော ခံစားချက်များ ဖြစ်ပေါ်လာအောင် စနစ်တကျ ပြုစု ပျိုးထောင်ပေးရေးပင် ဖြစ်သည်။

ရှေးကျသော ဓလေ့ ထုံးစံများကို နိုင်ငံတော် ရှင်တို ဘာသာ၌ အလေးထားသည်။ ရှေးကျသော ဂျပန် လူမျိုးတို့၏ စိတ်ဓာတ်ကို ပြန်လည် ဖော်ထုတ်ရန် ဖြစ်သည်။ ဂျပန် လူမျိုးတို့ အနေနှင့် ရှေးက ဂျပန်တို့၏ မျိုးချစ် စိတ်ဓာတ် ပြင်းထန်ခြင်းမျိုးကို ပြန်လည် ဖြစ်ပေါ်လာအောင် လုပ်ဖို့ လိုအပ်ချက်နှင့်အညီ ဤ နိုင်ငံတော် ရှင်တို ဘာသာ ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

ရှေးက ဂျပန် မျိုးချစ် စိတ်ဓာတ်သည် စီးပွားရေး၊ ပညာရေးနှင့် နိုင်ငံရေး ဘဝတွင် အနောက်တိုင်း ယဉ်ကျေးမှု အရ ဖြစ်ပေါ်လာသော အပြောင်းအလဲများကြောင့် မှေးမှိန်ခဲ့ရသည်။

---

၁။ State Shinto  ၂။ Sectarian Shinto

## ဂျပန်ပြည်ရောက် အနောက်တိုင်း အတွေးအခေါ်နှင့် ဘုရား ရှိ မရှိ မသိနိုင် ဝါဒ

ဧကရာဇ်ခေတ် ပြန်လည် ထူထောင်ရေး မတိုင်မီက အနောက် နိုင်ငံ အတွေးအခေါ်များကို အလုံးအရင်းနှင့် တင်သွင်းမှု ပြုခဲ့ကြသောကြောင့် ဂျပန် ဘဝနှင့် ဂျပန် ယဉ်ကျေးမှု၌ အုံကြွမှု ဖြစ်ခဲ့ခြင်းသည် ပထမပိုင်းတွင် ရှင်တို ဘာသာ၏ ကံကြမ္မာကို ဆန့်ကျင်စွာ အကျိုး သက်ရောက်စေခဲ့လေသည်။ ပြည်သူ ပြည်သားများမှာ စိတ်ရှုပ်ထွေးတွေဝေသွားကြပြီး ကာလ အတန်ကြာအောင် အစိုးရက အာဏာ အပ်နှင်းထားသော နိုင်ငံတော်ပိုင် ဘုရား တန်ဆောင်းများကို စွန့်ခွာ သွားခဲ့ကြလေသည်။ တစ်ပြိုင်နက်တည်းတွင် ဗုဒ္ဓဘာသာကလည်း ပြန်၍ ထွန်းကား လာသည့်ပြင် ၄င်းဘဝ ရပ်တည်ရေး အတွက် တိုက်ပွဲ ဝင်လျက်ရှိသည်။ ထိုအချိန်မှာပင် ခရစ်ယာန် ဘာသာကလည်း သေရာက ပြန်ထလာသလို ပြန်၍ ပေါ်လာပြန်သည်။

ထိုအခြေအနေများက ပြည်သူလူထု ကြားတွင် ရှေးကျသော တိုင်းရင်းဖြစ် ဘာသာ အယူဝါဒများ အဆုံးသတ်သွားတော့မည့် နိမိတ် ပြေးနေသလို ဘာသာရေး ခံစားချက်များ ဖြစ်ပေါ်လာစေတော့သည်။ ပြည်သူ လူထုသည် ဘာကိုမျှ မယုံကြည်လိုတော့ပေ။ ဘုရား ရှိ မရှိ မသိနိုင်၊ ပရမတ္ထသစ္စာတရားကို မသိနိုင် ဆိုသော *အဂ္ဂနော့စတစ် အမြင်* [၁] သည်လည်း ပြည်သူလူထု အကြားမှာ ပျံ့နှံ့လျက် ရှိသည်။ အသစ် တည်ထောင်သော တက္ကသိုလ်များမှ ကျောင်းသူ ကျောင်းသား၊ စာသင်သားများ အပေါ် အနောက်တိုင်း သိပ္ပံပညာ၏ ဩဇာ သက်ရောက်မှုကလည်း ဤ ဘာသာရေး သဘောထားကို လျှင်မြန်စွာ ပြန့်ပွား သွားစေခဲ့လေသည်။ စာသင်သားများက ဘာသာ အားလုံးကို ပြက်ရယ်ပြုလာကြလေသည်။ နောက်ဆုံးတွင် ဘာသာ တရားများ အပေါ် သံသယ ဖြစ်သော ဝိစိကိစ္ဆာသည် ကျယ်ပြန့်သွားပေတော့သည်။

တိုကျို တက္ကသိုလ်ရှိ ကျောင်းသူ ကျောင်းသားများ၏ ထင်မြင်ချက်ကို သန်းခေါင် စာရင်း ကောက်ယူ ကြည့်သောအခါ နှစ်ဆယ် ရာစု အစပိုင်းလောက်တွင် ထိုစာရင်းတွင် ကျောင်းသား ကျောင်းသူပေါင်း ၄၆၀၈၂၉၈၉ ယောက်က ဘုရား ရှိ မရှိ မသိနိုင်ဟု ယုံကြည်သူများ အဖြစ် မှတ်ပုံတင်ကြသည်။ ၁၅၁၁ ဦးက ဘုရားမဲ့ ဝါဒီများ အဖြစ် မှတ်ပုံတင်ကြလေသည်။ ကျောင်းသား ၁၁၈ ဦးသာလျှင် ခရစ်ယာန် ဘာသာ၊ ဗုဒ္ဓ ဘာသာနှင့် ရှင်တို ဘာသာ ကိုးကွယ်သူများ အဖြစ် စာရင်း ပေးသွင်းကြလေသည်။

ဤကား အမှန်ပင် ဘာသာရေး အပေါ် အယုံအကြည် မရှိသော ပဓာန မထားကြောင်း ထူးခြားစွာ ဖော်ပြသော ဘာသာရေး ခံစားချက် ဖြစ်ပေတော့သည်။

### အစိုးရ၏ သဘောထား

ဂျပန် အစိုးရသည် အစ ကနဦးကတည်းကပင် ရှင်တို ဘာသာကို ပပျောက်သွားမည့် အဖြစ်မှ ကာကွယ်ရေး အစီအမံများကို ဆောင်ရွက်ခဲ့လေသည်။

အစိုးရ၏ နည်းဗျူဟာမှာ ခံစစ် သဘောရော ထိုးစစ်သဘောရော ပါဝင်သည်။ ခံစစ် သဘော ဆောင်ရွက်ရာတွင် ရှင်တို ဘာသာ ဒဿနရှိများကို ပြန်လည်၍ အဓိပ္ပာယ် ရှင်းလင်း ဖော်ပြရေး လုပ်ငန်းကို အားပေးခြင်း ပါဝင်သည်။ စိစစ် ဝေဖန်တတ်သော ခေတ်ပညာတတ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် လူတန်းစားများ လက်ခံနိုင်မည့် အဓိပ္ပာယ် ဖွင့်ဆိုချက်များ ဖြစ်အောင် ပြုလုပ်ရေး ဖြစ်သည်။ အစိုးရ၏ အခွင့်အာဏာ တစ်စိတ်တစ်ပိုင်းကို ရရှိသော အမြင်မှာ နိုင်ငံ တစ်ဝန်း၌ လက်ခံထားကြသော နတ်များသည် ယခင် တစ်ကြိမ်က ထူးခြား ပြောင်မြောက်သော အရည်အသွေးများနှင့် ပြည့်စုံခဲ့ကြသော လူသားများပင် ဖြစ်ကြသည် ဆိုသော အမြင် ဖြစ်သည်။

နေနတ်သမီးသည် ဂျပန် လူမျိုးတို့၏ အရှေ့ဦး ခေတ်က ရှင်သန် ပွားများလျက် ရှိခဲ့ကြသော မျိုးနွယ်စု တစ်စု၏ အုပ်စိုးသူ ဘုရင်မ ဖြစ်ခဲ့သည်ဟု ဆိုသည်။ သူမသည် ဂျပန် ယဉ်ကျေးမှုနှင့် အမျိုးသား အဖွဲ့အစည်း၏ အခြေခံ အုတ်မြစ်ကို ချမှတ်ပေးခဲ့သည် ဆို၏။

ဤ အမြင်သည် ဂျပန် စကား 'ကာမိ' ၌ ရှုပ်ထွေးသော အနက် အဓိပ္ပာယ်ကို ထူးဆန်းစွာ ဖြစ်ပေါ်စေခဲ့လေသည်။ ကာမိ၏ အဓိပ္ပာယ်မှာ အံ့ဖွယ် ထူးခြားသော အစွမ်းသတ္တိ၊ ထူးခြား လွန်ကဲသော စွမ်းရည် ရှိသော ပုဂ္ဂိုလ်ကို ခေါ်သည်။

ထင်ရှား ကျော်ကြားသော ပညာရှင်ကြီး မိုတိုးရီ ပြောဆိုခဲ့သော လွန်ခဲ့သော အနှစ် နှစ်ရာကျော်က စကားကို ယခုတိုင်အောင်ပင် အရေးတယူ ပြောဆို နေကြသေးသည်။

---

၁။ Agnosticism

'ယေဘုယျအားဖြင့် ပြောရလျှင် ဤသို့ ဆိုနိုင်ပါသည်။ ကာမိသည် ပထမဦးစွာ ရှေးက စာပေ မှတ်တမ်းများထဲတွင် ပါဝင်သော ကောင်းကင် နတ်များနှင့် မြေပြင် နတ်များ အားလုံးကို သိမြင်စေသောသဘော သက်ရောက်သည့် စကား ဖြစ်သည်။ ထို့ပြင် နတ်ကွန်းများတွင် လူတို့၏ ကိုးကွယ်ခြင်းကို ခံရသော နတ်များကိုလည်း ထိုစကားက ပုံဆောင် ဖော်ပြသည်။ ဤစကားထဲတွင် လူများ၊ ငှက်လို သတ္တဝါ၊ သားရဲ တိရစ္ဆာန်များ၊ သစ်ပင်များ၊ ပင်လယ်များ၊ တောတောင်များ ပါဝင်သည် ဟူ၍ကား မဆိုနိုင်ပေ။ ရှေးက ထို စကားကို သုံးနှုန်းခဲ့ကြရာတွင် သာမန်ထက် ထူးခြား လွန်ကဲ ပိုမို မြင့်မြတ်သော သဘော၊ ထူးခြား ပြောင်မြောက်သော သဘော၊ လွန်ကဲသော ကောင်းမှု သို့မဟုတ် အံ့ဖွယ်သရဲ ထူးကဲသော အရာများကိုသာ ကာမိဟု ခေါ်ခြင်း ဖြစ်သည်'

မိုတိုးရိက ထပ်မံ ပြောဆိုရာတွင်

'ဘုရားခေတ်က ကာမိ ဆိုသည်မှာ အများအားဖြင့် ထိုခေတ်က လူများပင် ဖြစ်သည်။ ထိုသို့လျှင် ထိုခေတ်က လူများ အားလုံးမှာ ကာမိများ ဖြစ်ကြသောကြောင့် ထိုခေတ်ကို ဘုရားခေတ်ဟု ခေါ်ခြင်း ဖြစ်သည်' ဟုလည်း ဆိုပါသည်။

ဤစကား၏ နတ်များနှင့် ဆိုင်သော သဘော အနက်ကို ရရှိသော အခါ ဂျပန် ပညာရှိများသည် ဂျပန် ဒဏ္ဍာရီအားလုံးကို ယုတ္တိ ရှိအောင် ဒဏ္ဍာရီထဲက နတ်များကို လူသား အသွင်သို့ ပြောင်းလဲခဲ့ကြလေသည်။ ထိုနည်းဖြင့် အနောက်တိုင်းသားများ လက်ခံထားသော သမိုင်း သိပ္ပံအမြင်နှင့် ကိုက်ညီစေခဲ့လေသည်။ ထိုသဘောကို ဖော်ဆောင်သော ပြယုဂ် တစ်ခုကို ထုတ်ပြရလျှင် ပါမောက္ခ တစ်ဦး၏ အောက်ပါ ကြေညာချက်ကို ကြည့်နိုင်ပါသည်။

'ရှင်တို ဘာသာသည် တရုတ် စာလုံး သဘောအားဖြင့် နတ်များ၏ နည်းလမ်းဟု အနက်ရသည်။ နတ် ဆိုသည်မှာ အဘယ်နည်း။ နတ်ဟု ခေါ်နိုင်သော အရာကားများစွာ ရှိ၏။ ဂရိ နိုင်ငံတွင် ကြယ်တာရာ နတ်များ ရှိသည်။ အိန္ဒိယ ပြည်တွင် ဟိန္ဒူများက ဗုဒ္ဓကိုပင် နတ်ဟု ဆိုကြသည်။ အနောက်တိုင်းသားများ အဖို့မူ ကောင်းကင်ဘုံကို အစိုးရသော ဖန်ဆင်းရှင် နတ်ဘုရား တစ်ပါးတည်း ရှိသည်။ သို့ဖြစ်ရာ ကမ္ဘာပေါ်မှာ နတ် အမျိုးမျိုးကို ကိုးကွယ်လျက် ရှိကြောင်း သိသာသည်။ ကျွန်တော်တို့ တိုင်းပြည်တွင် နတ်များမှာ ရှေးက ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များပင် ဖြစ်ကြလေသည်။ နေနတ်သမီး အမတာရာဆုကို အိဆဲ နတ်ကွန်းမှာ ထားပြီး ကိုးကွယ်ကြသည်။ ဧကရာဇ် ဘုရင်ကြီး ဂျင်မုကို ကာရှိဝါဘာရာ နတ်ကွန်းမှာ ထားပြီး ကိုးကွယ်ကြသည်။ ဧကရာဇ် ဘုရင် အိုဂျင် ဂိုဒိုင်ဂိုကို ယိုရှီနို နတ်ကွန်းမှာ ထားပြီး ကိုးကွယ်ကြသည်။ ရှေးက ဘိုးဘွားများကို နတ်များ အဖြစ် နတ်ကွန်းမှာ ထားပြီး ပူဇော် ပသကြခြင်းသည် ကျွန်ုပ်တို့ လူမျိုး၏ ထူးခြားသော သဘောပင် ဖြစ်၏။ ဤသဘောကို အခြားသော ကမ္ဘာပေါ်ရှိ ယဉ်ကျေးသော နိုင်ငံများတွင် မတွေ့မြင်ကြရပေ။ မှန်ပါသည်။ ယခုထက်တိုင်အောင် ကျွန်ုပ်တို့ တိုင်းပြည်တွင် တိရစ္ဆာန် ကိုးကွယ်မှု၊ ကျောက်ဆောင်၊ သစ်ပင်၊ တောတောင်များကို ကိုးကွယ်ခြင်းမျိုးက အထိုက်အလျောက် ရှိပါသေးသည်။ သို့ရာတွင် ရှင်တို ဘာသာ အရ နတ်ဟု ဆိုသူများသည်ကား ကျွန်ုပ်တို့၏ ဘိုးဘွားဘီဘင်များကို နတ် အဖြစ် ရိုးရာ ကိုးကွယ်မှု သဘောသာလျှင် ဖြစ်ပေတော့၏။'

ဤဆင်ခြေသည်ကား သမိုင်း အခြေခံအားဖြင့် ခိုင်မာမှု များစွာ မရှိပေ။ အထူးသဖြင့် အဓိက နတ်များနှင့် ပတ်သက်သော အကြောင်းအချက်များတွင် မခိုင်မာဟု ဆိုနိုင်သည်။

အဘယ်ကြောင့်ဆိုသော် ရှင်တို ဒဏ္ဍာရီတွင် ပါဝင်သော နေနတ်သမီး အမတာရာဆု၊ မုန်တိုင်း နတ်သား ဆု-ဆ-နို-ဝို၊ အိဇာနာဂိနှင့် အိဇာနာမိတို့သည် သဘာဝ၏ အခြင်းအရာများ အတွက် ရပ်တည်နေကြသော နတ်များသာ ဖြစ်ကြသည်။ တောက်ပသော နေမင်း၊ မုန်တိုင်း၊ ရှေးကျသော ကောင်းကင်ဘုံ၏ ဖခင်၊ မိခင် မြေကြီးများကို ကိုယ်စားပြုသော နတ်များသာ ဖြစ်၍ ထိုနတ်များသည် တစ်ချိန်တုန်းက လူသားများ ဖြစ်ကြသည်ဟု မဆိုနိုင်ပေ။ သို့သော် ထိုပါမောက္ခ၏ ဆင်ခြေသည် ခေတ်ပညာတတ် လူတန်းစားများ၏ နှစ်သက်မှုကို ရရှိအောင် ဆွဲဆောင်နိုင်ပေသည်။ ထို ခေတ်ပညာတတ်များက မိမိတို့၏ ရှေးထုံးတမ်းစဉ်လာများသည် သိပ္ပံပညာနှင့်လည်း ညီညွတ်မှု ရှိသည်ဟု မြင်လိုကြသည်။

အခြား တစ်ဖက်တွင် အစိုးရက ရှင်တို ဘာသာ အရှိန်အဟုန် ကြီးမားအောင် ကြိုးပမ်းလိုသည်။ တရားဝင် အစိုးရ၏ အမြင်မှာ ရှင်တိုမှာ ဘာသာ ကိုးကွယ်မှု တစ်ခု မဟုတ်။

မှန်ကန်စွာ ပြောဆိုရမည် ဆိုပါက ရှင်တိုသည် ဂျပန် လူမျိုးတို့၏ ကိုယ်ကျင့်တရားနှင့် အမျိုးသားရေး အဖွဲ့

အစည်း အဆောက်အဦများ အပေါ် သစ္စာ စောင့်သိမှု သဘောသာ ဖြစ်သည်။

ဤ အချက်ကို ထင်ရှားစေရန် အလို့ငှာ ကေရာဇ် စနစ် ပြန်လည် ထူထောင်ရေး သို့မဟုတ် မေဂျီ အစိုးရသည် ၁၈၈၂ ခုနှစ်တွင် *ဂျင်ဂျ ရှင်တို* [၁] ခေါ် နိုင်ငံတော် ရှင်တို နှင့် *ကျိုဟ ရှင်တို* [၂] ခေါ် ဂိုဏ်း ရှင်တိုကို ခွဲခြား ပစ်ခဲ့ကြလေသည်။ ဒုတိယ ရှင်တို ဘာသာမှာ အစိုးရ၏ ငွေကြေး ထောက်ပံ့မှုကို မရရှိတော့သဖြင့် ရပ်တည် နိုင်ခြင်း မရှိတော့ပေ။ မိမိဘာသာ သီးခြား ရပ်တည်နိုင်ခွင့် ရှိသော ဘာသာမှာ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် ဘာသာများ ဖြစ်သည်။

နိုင်ငံတော် ရှင်တို ဘာသာသည် အမျိုးသား ကိုယ်ကျင့် တရားနှင့် အညီ ပြည်သူလူထုက လိုက်နာ ကျင့်ကြံသဖြင့် မျိုးချစ် စိတ်ဓာတ် ထက်သန်လာအောင် အခမ်းအနားများ ပြုလုပ်ခြင်း စနစ်ထက် မပိုကြောင်း ကြေညာသည်။ ဤလုပ်ငန်းကို တရားဝင် ပြုလုပ်ခြင်း၌ ၁၈၇၀ မှ ၁၈၉၀ ခုနှစ်များ အတွင်း မေဂျီ ကေရာဇ်က ဂျပန်ကို ခေတ်မီအောင် ပြန်လည် စည်းရုံးရာ၌ ထုတ်ပြန်ခဲ့သော ကြေညာချက်များ အပေါ်တွင် အခြေစိုက်သည်။

အထူးသဖြင့် ၁၈၉၀ ခုနှစ်က ထုတ်ပြန်ခဲ့သော ပညာရေး ဆိုင်ရာ အမိန့် ပြန်တမ်းကို အလေး ထား၍ ဆောင်ရွက်ရသည်။ ထိုကြေညာချက်သည် ဂျပန် အတန်းကျောင်းများ စနစ်၏ အခြေခံလည်း ဖြစ်သည်။

ဂျပန် လူမျိုးများသည် ဤ ပညာရေး ဆိုင်ရာ ကြေညာချက်ကို နိုင်ငံတော် ရှင်တို ဘာသာ၏ အခြေခံများ ချမှတ်ပေးသော ကြေညာချက် ဖြစ်သည်ဟု ခံယူကြသည့်ပြင် ထိုကြေညာချက်ထဲတွင် ဂျပန် လူမျိုးတို့၏ အမျိုးသားရေး စိတ်ဓာတ် အမှန်ကိုလည်း ဖော်ပြထားသည်ဟု ခံယူကြသည်။

ထို အကြောင်းကြောင့် ပညာရေး ဝန်ကြီးများသည် ကျောင်းများသို့ အောက်ပါ အမိန့် ပြန်တမ်းကို ထုတ်ပြန်တတ်ကြသည်။

'သင့်တော်ရာ အဆင်ပြေသော နေ့တွင် ကျောင်း၏ အခမ်းအနားကို ကျင်းပ ပြုလုပ်ပြီးလျှင် ကျောင်းသားများ စုဝေးကြရာ၌ ကေရာဇ် ဘုရင်၏ ပညာရေး အမိန့် ပြန်တမ်းကို ကျောင်းသူ ကျောင်းသားများ ရှေ့မှောက်တွင် ဖတ်ကြား၍ ၎င်းတို့ အဓိပ္ပာယ်ကို နားလည်အောင် ရှင်းလင်း ပြောပြကြရမည်။ ထို့နောက် ထို အမိန့် ပြန်တမ်း အတိုင်း လိုက်နာ ကျင့်ကြံကြရမည်ဟု ညွှန်ကြားကြရမည်' ဖြစ်ကြောင်း ညွှန်ကြားထားလေသည်။

၁၉၁၁ ခုနှစ်တွင် ထုတ်ပြန်သော အခြား ပြန်တမ်း တစ်ခုတွင်လည်း ကြည်ညိုခြင်း စိတ်သဘောသည် ရှေးက ဘိုးဘွား ဘီဘင်များကို ရိုသေ လေးစားမှုနှင့် အပြန်အလှန် ဆက်စပ်နေပေသည်။ ထိုသဘောသည် အမျိုးသားရေး အကျင့်သိက္ခာကို တည်ဆောက်ရာမှာလည်း အလွန် အရေးပါသည်။ ထို့ကြောင့် ကျောင်းများ ရှိရာ ဒေသများရှိ ဒေသန္တရ နတ်ကွန်းများ၌ ပူဇော်ပွဲများ ပြုလုပ်ကြသော အခါ ကျောင်းဆရာ များက ကျောင်းသူ ကျောင်းသားများကို နတ်ကွန်းများသို့ ခေါ်ဆောင်သွားပြီးလျှင် ဘိုးဘွား ဘီဘင် ရိုးရာနတ်များကို ကြည်ညို လေးစားတတ်အောင် ပြုလုပ်ကြရမည်ဟု ညွှန်ကြားထားလေသည်။

ထိုညွှန်ကြားချက်များ အပြင် အခြားသော ညွှန်ကြားချက်များလည်း ရှိသေးသည်။ နေ့စဉ် ကျောင်းခန်းမများ၌ ကျောင်းသူ ကျောင်းသားများ စုဝေးကြပြီးလျှင် ကေရာဇ် ဘုရင်မင်းမြတ်၏ ပုံကို အလေးပြုရေးကိုလည်း ညွှန်ကြားထားလေသည်။

## နိုင်ငံတော်ပိုင် နတ်ကွန်းများ

အစိုးရက ခွဲခြား သတ်မှတ်ပြီး ပြည်သူပိုင် ပြုလုပ်လိုက်သော ဘုရားဝတ်ကျောင်း တန်ဆောင်းများမှာ အရေအတွက်အားဖြင့် ၁၁၀၀၀၀ ရှိသည်။ ထို ဘုရားဝတ်ကျောင်း တန်ဆောင်းများထဲတွင် လမ်းဘေး ဇရပ်လို သေးသေးမွှားမွှား အဆောက်အဦများ ပါဝင်ခြင်း မရှိပေ။ အသွားအလာ ခက်ခဲသော ဝေးကွာလှမ်းသည့် အရပ် ဒေသများရှိ ဘုရား တန်ဆောင်း၊ ကျောင်းဇရပ်များလည်း အထက်ပါ စာရင်းထဲတွင် ပါဝင်ခြင်း မရှိပေ။ ပြည်ထဲရေး ဌာနက စာရင်း ကောက်ယူသော ဘုရား ဝတ်ကျောင်းတော်များမှာ အများအားဖြင့် ဒဏ္ဍာရီထဲက သူရဲကောင်းများနှင့် ရှေးက ဘိုးဘွား မျိုးနွယ်စု ခေါင်းဆောင်များကို အမှတ်တရ တည်ဆောက်ထားသော ဝတ်ကျောင်းများ ဖြစ်ကြသည်။

အခြားသော ဘုရား တန်ဆောင်း နတ်ကွန်းများမှာ ကောက်နှံစပါးနတ် အိန်ာရီ၏ တမန်တော် မြေခွေးကို ဂုဏ်ပြုထားသော သေးငယ်သော နတ်ကွန်းမျိုး၊ အခြား နတ်ကွန်းများမှာလည်း စက်ရုံ ဝင်းထဲမှာ တည်ဆောက်ထားသော နတ်ကွန်းမျိုး၊ ကုန်တိုက်ကြီးများ ခေါင်မိုးပေါ်မှာ

---

၁။ Jinja-Shinto ၂။ Kyoha-Shinto

တင်ထားသော နတ်ကွန်းမျိုးများ ဖြစ်ကြသည်။ တချို့ အရောင်းအဝယ် လုပ်ငန်းများ စည်ကားရာ ခရိုင် မြို့ကြီး များတွင် စတိုးဆိုင်များ အကြား၌လည်း နတ်ကွန်းများကို တည်ထားကြသည်။

အသိအမှတ် ပြုခြင်း ခံရသော နတ်ကွန်းကြီးများ၌ အမှု ကိစ္စများကို ဆောင်ရွက်နေကြသော နတ်ဆရာ ဘုန်း ကြီးများမှာ ၁၆၀၀၀ ခန့် ရှိသည်။

ထိုနတ်ဆရာများကို အစိုးရက ခန့်ထားပေးသည်။ ထိုနတ်ဆရာများကို ဘာသာရေး ပွဲလမ်းသဘင်များ ကျင်းပ ခြင်း မပြုလုပ်ကြရန် တရားဝင် ညွှန်ကြားထားလေသည်။ ထိုနတ်ဆရာ ဘုန်းကြီးများကို အသုဘ အခမ်းအနားများ၌ ပါဝင်၍ ကြီးကြပ် လုပ်ဆောင်ခြင်း ကိစ္စမျိုးကို ခွင့်မပြုပေ။

ကျေးလက် ဒေသများတွင် နတ်ဆရာ ဘုန်းကြီး တစ် ပါးတည်းက နတ်ကွန်း အများကြီးတွင် အလုပ်အကျွေး ပြု ကြရသည်။ ကြီးကျယ်သော နတ်ကွန်းကြီးများတွင်မူ နတ် ဆရာကို ကူညီ ဆောင်ရွက်ရန် အတွက် ဝိုင်းဝန်း ကူညီသူ ဆယ်ဦးခန့် ရှိသည်။

အစဉ်အလာ အရ နိုင်ငံပိုင် နတ်ကွန်းများမှာ အသွင် အပြင်အားဖြင့် ဂျင်ဂျား ဆိုသော အမည်ကို ရယူကြရသည်။ အဓိပ္ပာယ်မှာ 'နတ်အိမ်' ဟူ၍ ဖြစ်သည်။ အများအားဖြင့် ထိုနတ်ကွန်းများမှာ ရှေးကျသော ပုံစံ၊ ဆေးရောင်ခြယ်ခြင်း မရှိသော အဆောက်အဦများ ဖြစ်ကြသည်။ အချိန် ကာလ ကြာမြင့်သည်နှင့်အမျှ ရာသီဥတု ဒဏ်ကို ခံရပုံ ပေါ်စေရန် သစ်သားများကို ဆေး မသုတ်ဘဲ အပွင့် ထားရသည်။ အိမ်ဆဲ ကျွန်းပေါ်ရှိ မဟာ ဇကေရာဇ် နတ်နန်း ပုံစံကို လိုက်ကြရ သည်။

ထိုနတ်ကွန်းများ ပြိုယွင်းလာမှုကို ပြင်ဆင်ရန် အတွက် အနှစ် နှစ်ဆယ်မှာ တစ်ကြိမ် ပြန်လည် တည်ဆောက်ကြရ လေသည်။ ကျေးလက် ဒေသများရှိ နတ်ကွန်းများမှာ နိမ့် သော တောင်ကုန်းကလေးများပေါ်မှာ တည်ရှိကြသည်။ ထို နတ်ကွန်းသည် ထိုတောင်ကုန်း နိမ့်နိမ့်ကလေးပေါ်မှာ ထင်းရှူးပင်များ အကြား၌ တောရိပ် တောင်ရိပ်ကို မှီလျက် အေးချမ်းစွာ တည်ရှိနေပေသည်။ နတ်ကွန်း တည်ရှိရာ အရပ်ကို စတုရန်းကျကျ အကွက်ချပြီး ဝင်းခြံ ခတ်ထား သည်။ ခြံဝင်း တစ်ဖက်စီမှာ မုခ်တစ်ပေါက်စီ ရှိသည်။

ထိုနေရာတွင် ကမ္ဘာကျော် ရှင်တို တံခါးပေါက်ကြီး 'တိုရီး' တည်ရှိသည်။ ထို တိုရီး တံခါးပေါက်ကြီးသည် တရုတ် ဘုရားကျောင်းထဲက စေတီနှင့် လည်းကောင်း၊ အစ္စလာမ် ဘာသာ ဗလီများရှိ မိနာရတ် မျှော်စင်နှင့် လည်း ကောင်း သဘောချင်း တူသည်ဟု ဆိုနိုင်သည်။ ထို တိုရီး ဂိတ်ကြီး၏ နောက်ဘက်နားတွင် အရိပ် ရသော လမ်း ကျဉ်းကလေး တစ်ခု ရှိသည်။ ထိုလမ်းကလေးသည် နတ် ကွန်း အပြင်ဘက်သို့ ရှေ့ရှုသွားသည်။ ဘုရား ဝတ်ပြုရာ သန့်ရှင်းသော နေရာ တစ်ခု ရှိသည်။ ထိုအဆောက်အဦ သည် သေးငယ်သော အဆောက်အဦ ဖြစ်ပြီး ခေါင်းလောင်း တစ်ခုကိုလည်း တံစက်မြိတ်တွင် ချိတ်ဆွဲထားလေသည်။

ဒုတိယ ကမ္ဘာစစ် မဖြစ်မီ အနှောင့်အယှက် ကင်း သော နေ့များတုန်းက ဆိုလျှင် နတ်ကွန်း၏ သန့်ရှင်းသော ပရဝုဏ် အတွင်းတွင် ဤသို့ ရှုမြင်ကြရမည် ဖြစ်သည်။ ဝတ်ပြုသူသည် *ဟိုက်ဒင်* [၁] ခေါ်သော ဘုရား ဝတ်ပြုရာ သန့်ရှင်းသော အဆောက်အဦ အနီးသို့ ချဉ်းကပ်သော အခါ ဘုရား ဝတ်ပြုသူသည် ဘေးသို့ ဆင်းပြီး ရေသန့်စင်ရာ ဌာန တွင် သူ၏ ခြေ လက် ပါးစပ်များကို ရေဆေး သုတ်သင် ကြရသည်။ ထို့နောက် သူသည် ပြင်ဘက်က နတ်ကွန်းသို့ ချဉ်းကပ်သွားပြီးလျှင် ထိုနတ်ကွန်း ရှေ့မှာ ထိုင်ပြီး ရှိခိုးရ သည်။ လက်အုပ်ချီ ဦးညွှတ် ရှိခိုးပြီးနောက် ခေါင်းလောင်း ကို ထိုးရသည်။ ထို့နောက် တစ်ဖန် ဦးညွှတ်၍ ရှိခိုးရပြန် သည်။

အကယ်၍ ဝတ်ပြုသူသည် အပြင် နတ်ကွန်းသို့ တက် သည့် လှေကားထစ်များ အတိုင်း တက်သွားပါက အပေါ် ဆုံး လှေကားထစ်သို့ ရောက်သော အခါ ထိုနေရာတွင် ဒူး ထောက်၍ ဦးချ ရှိခိုးရပြန်သည်။ ဤတစ်ကြိမ်တွင် သူ သည် ခါးညွှတ်ရုံမျှမက နဖူး မြေထိ ရှိခိုးရသည်။ လှူ ဖွယ်ဝတ္ထု တစ်စုံတစ်ခုကို အဝတ်စ တစ်စပေါ်မှာ တင်ပြီး ပူဇော်ခဲ့ရသည်။ သို့မဟုတ် ထိုလှူဖွယ် ဝတ္ထုကို အလှူခံပုံး (ရတနာ သေတ္တာ) ထဲသို့ ထည့်ခဲ့ရသည်။ ထို့နောက် ရှိခိုး ဆုတောင်းရသည်။ ရှိခိုးပြီးနောက် ကမ္ပဌာန်း တရားကို အားထုတ်ရသည်။ ပြီးမှ တိတ်ဆိတ် ငြိမ်သက်စွာ အနား ယူ၍ နေရသည်။

အပြင် နတ်ကွန်းနှင့် မလှမ်းမကမ်းတွင် အတွင်း သန့်ရှင်းသော ဝတ်ပြုရာ နေရာ *ဟွန်ဒွန်* [၂] တစ်ခု ရှိသည်။ ထိုနေရာကို အပြင် နတ်ကွန်းနှင့် အမိုး ရှိသော စောင်းတန်း ဖြင့် ဆက်သွယ်ထားလေ့ ရှိသည်။ ထိုဟွန်ဒွန် ဝတ်ပြုရာ သို့မူ ဝတ်ပြုသူသည် ကိုယ်တိုင် ဝင်ရောက်ခြင်း မရှိပေ။ သို့သော် ထိုအဆောက်အဦထဲတွင် *ရှင်တိုင်* [၃] ခေါ် နတ်၏

---

၁။ Haiden
၂။ Hondon
၃။ Shintai

ခန္ဓာကိုယ်ကို ခေါင်းသွင်းထားကြောင်း သူ သိသည်။ ထို အရာကား အလွန် အဖိုး ထိုက်တန်သော ရတနာ ဖြစ်၍ မည်သူ့ကိုမျှ ကြည့်ရှုခွင့် မပြုပေ။

အမှန်မှာတော့ ထို အတွင်းဆောင်ထဲတွင် ရှားပါးသော ကျောက်တုံးကြီး တစ်တုံး သို့မဟုတ် သစ်ပင် တစ်ပင်သာ ရှိပါသည်။ အများအားဖြင့်မူ ရတနာ အိမ်ထဲတွင် ထည့်သွင်းထားသော အရာများမှာ သေးငယ်သော အရာဝတ္ထုများ ဖြစ်တတ်ပါသည်။ ရှေးကျသော သမိုင်းဝင် ဓား တစ်လက်လည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ ကြည့်မှန် ကြေးမုံငယ် တစ်ချပ်လည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ သို့မဟုတ် ဓာတ်လုံး တစ်လုံးလည်း ဖြစ်နိုင်သည်။ သို့မဟုတ် ရှေးကျသော ပေပုရပိုက် တစ်ခုလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

တူညီသော သဘော ရှိသော အရာမှာ ထိုရတနာ သေတ္တာ၌ ထည့်သွင်းထားသော အရာဝတ္ထုသည် ရှေးအခါက အုပ်စိုးသူ မျိုးနွယ်စုက တန်ဖိုး ထားပြီး အမြတ်တနိုး သိမ်းဆည်း ပိုင်ဆိုင်ခဲ့သော အရာ ဖြစ်တတ်သည်။ သို့မဟုတ် တန်ခိုး ဩဇာ ကြီးမားသော မျိုးနွယ်စု ဘိုးဘွားများက ဖန်တီး ထုတ်လုပ်သော ပစ္စည်း တစ်စုံတစ်ခုလည်း ဖြစ်နိုင်သည်။ မည်သည့် ကိစ္စမှာပင် ဖြစ်စေ ထိုအရာသည် သက်မဲ့ ပစ္စည်း မဟုတ်တော့ဘဲ သက်ရှိ ဥတ္တမ ပုရိသ၏ သင်္ကေတ ဖြစ်လာသည်။ ထို့ကြောင့် ထိုပစ္စည်းကို 'ဝိညာဉ် အစားထိုး ပစ္စည်း' ဟု ခေါ်လေ့ ရှိကြသည်။

တစ်နည်းအားဖြင့် မမြင်ရသော နတ် ဝိညာဉ် တည် ကိန်းလျက် ရှိသော ကိုယ်စားပြု ပစ္စည်း ဖြစ်သည်။ အဖိုးတန် ပစ္စည်း ဖြစ်ရကား ထိုပစ္စည်းကို ကောင်းစွာ အထူး ရက်လုပ်ထားသော အဝတ်အထည်ဖြင့် ရစ်ပတ် ထုပ်ပိုးထားကြသည်။ ပြီးမှ ထိုပစ္စည်းကို မွန်မြတ်သော ရွှေကြုတ် ငွေကြုတ် အထပ်ထပ်တွင် ထည့်သွင်း ထားတတ်ကြသည်။ ပြီးမှ ထိုကြုတ် အထပ်ထပ်ကို အပေါ်က အဝတ်စဖြင့် ရစ်ပတ် ထုပ်ဖွဲ့ထားပြန်သည်။ ထို ရတနာပစ္စည်း ကြုတ်ကို ရွှေ့ပြောင်းလေ့ မရှိ။ တစ်နှစ် တစ်ခါ ကျေးရွာ နတ်ပွဲ ကျင်းပသော အခါကျမှသာ ဘီးတပ် နတ်ကွန်းပေါ် တင်ပြီး ဖြစ်စေ၊ ဝါးပေါ်မှာ တင်၍ ဖြစ်စေ လမ်းများပေါ်တွင် လှည့်လည်လေ့ ရှိသည်။ ထိုရတနာထမ်းစင် ရှေ့ကရော နောက်ကပါ တံခွန် ကုက္ကား အလံကိုင်များ၊ အိုးစည် ဗုံမောင်း တီးသူများ၊ ကခုန်သူများ၊ ဓာတ်နီပါတ် ခင်းကျင်းပြသသူများ၊ သီချင်း သီဆိုသော ကညာပျိုများ ခြံရံ လိုက်ပါကြလေသည်။

ရှင်တိုင် ဆိုသော စကား၏ အနက် အဓိပ္ပာယ်မှာလည်း ကွဲပြား ခြားနားသည်။ ထိုသို့ ကွဲပြား ခြားနားခြင်းမှာ ဆည်းကပ် ကိုးကွယ်သူ၏ ယုံကြည်မှု သဒ္ဓါတရားနှင့် သိနားလည်မှု ပညာ အပေါ်မှာ တည်၍ ကွဲပြား ခြားနားခြင်း ဖြစ်သည်။

သာမန် အရပ်သားများထဲမှ အကြည်ညို သန်သူများကမူ ရှင်တိုင်ကို ရှေးက သူတို့ အရပ် ဒေသရှိ နတ်တစ်ပါး အဖြစ် ဖြစ်စေ၊ သို့မဟုတ် ရှေး ဘိုးဘွားဘီဘင်မှ နတ်ဖြစ်သွားသော ရိုးရာ နတ်တစ်ပါး အဖြစ် ဖြစ်စေ သဘောထား၍ ကိုးကွယ်ကြသည်။ ထိုမျှသာမကသေး၊ ထိုနတ်မှာ ကြားနိုင်သော နတ်နား ရှိသည်ဟု ယူဆကာ ဝတ်ပြု ဆုတောင်းခြင်း အမှုကိုလည်း ပြုတတ်ကြလေသည်။ သို့ပင် ဖြစ်စေကာမူ လူများစုကမူ ဤရှင်တိုင်ထဲတွင် သိသာသော ဘာသာရေး တန်ဖိုး ဘာမျှ မရှိဟု ယူဆလာကြပြီ ဖြစ်၏။ ပညာတတ်များကမူ ပို၍ ခွဲခြမ်း စိတ်ဖြာ သုံးသပ်လာကြသည်။ သူတို့ကမူ ရှင်တိုင်သည် အတိတ်က လူစွမ်းကောင်းများ၊ ရိုးရာ နတ်များကို သင်္ကေတ ပြုထားသော အရာ တစ်ခုသာ ဖြစ်သည်ဟု သဘော ထားနေကြပြီ ဖြစ်ပါသည်။

## အိဆဲရှိ မဟာ ဧကရာဇ် နတ်ကွန်းကြီး

အဆိုပါ နတ်ကွန်းကြီးသည် ၁၉၄၅ ခုနှစ် မတိုင်မီကမူ အပူ အဇော် အပ အသ အလွန် များသော မဟာ ဧကရာဇ် နတ်ကွန်းကြီး ဖြစ်လေသည်။ နေ နတ်သမီး အမတာရာဆု တည်ရှိသော နတ်ကွန်းကြီး ဖြစ်သည်။ ဤ နတ်ကွန်းကြီးမှာ အစိုးရ၏ အမျိုးသားရေး ရည်မှန်းချက် အတွက် အလွန် အရေးပါသော နတ်ကွန်းကြီး ဖြစ်ရကား ဂျပန် လူမျိုးများ အနေနှင့် ရှေးခေတ်ကတည်းက ထိုနတ်ကွန်းသို့ တစ်သက်တွင် အနည်းဆုံး တစ်ခေါက် မဖြစ်မနေ ဘုရားဖူး သွားရမည် ဆိုသော အသိကို စိတ်မှာ မွေးထားကြရသည်။

အိဆဲသည် ဂျပန်ပြည် အဓိက ကျွန်းကြီး၏ တောင်ဘက်စွန်းမှာ တည်ရှိသည်။ ကျွန်းပင်လယ် အရပ်တွင် ဖြစ်သည်။ ထိုဒေသသည် ဂျပန် လူမျိုးတို့၏ ရှေးကျသော ယဉ်ကျေးမှု စတင် ထွန်းကားရာ အရပ် ဖြစ်သည်။ ထိုနေရာတွင် ယခုထက်တိုင် နေနတ်သမီး၏ နတ်ကွန်း တည်ရှိသည်။ ထိုနတ်ကွန်းနှင့် အစားအစာ နတ်ကွန်း တိုယိုအုကေ ဟိုမ်းကို ဆက်သွယ်ထားသည်။ ထိုနှစ်ခု ကြားတွင် နတ်ကွန်း ရိပ်သာမှာ လေးမိုင် ရှည်လျားသည်။ ထိုရိပ်သာသည် ခမ်းနားလှသော ထင်းရှူးတောကို ဖြတ်သွားသည်။ ယခုအခါ

ရှေးကကဲ့သို့ ဂရုတစိုက် စောင့်ရှောက်ထားခြင်း မရှိတော့သော်လည်း ထိုနတ်ကွန်းကြီး နှစ်ခုသည် ဆေးရောင် ခြယ်သထားခြင်း မရှိသော ထင်ရှူးသား တစ်မျိုး ဖြစ်သော စီဒါ သစ်မျိုးဖြင့် ပြုလုပ်ထားသည်။ ရှေးက ရှင်တိုဟန်ဖြင့် တည်ဆောက်ထားသည်။

ရှေးပဝေသဏီ ကာလ ကတည်းက နေနတ်သမီး အမတာရာဆုမှာ အတွင်း နတ်ကွန်း ရှိခဲ့လေသည်။ ထိုနတ်ကွန်းမှာ တံတိုင်း နှစ်ထပ် ကာရံထားသော အတွင်းမှာ တည်ရှိသည်။ ထို တံတိုင်း နှစ်ထပ် အတွင်းရှိ အတွင်း နတ်ကွန်းထဲသို့ အခွင့်အာဏာ ရှိသော နတ်ဆရာ ဘုန်းကြီးများနှင့် အစိုးရ အရာရှိကြီးများသာ ရှေးက ဝင်ရောက်ခွင့် ရှိခဲ့လေသည်။ ထိုနတ်ကွန်းထဲမှာ ထည့်သွင်းထားသော ရတနာများမှာ 'နတ်ဧကရာဇ်တို့၏ မင်းမြှောက် တန်ဆာ' များ ဖြစ်သည်။ ရတနာ သုံးမျိုး ရှိသည်။ နေနတ်သမီး၏ အဖိုးတန် ပစ္စည်း သုံးမျိုးမှာ မှန် (ကြေးမုံ) တစ်ချပ်၊ ဓားရှည် တစ်လက်နှင့် ရှေးကျသော အဖိုးတန် ကျောက်မျက် ရတနာ ဆွဲကြိုး တစ်ကုံးတို့ ဖြစ်သည်။ ထိုရတနာ သုံးပါးအနက် တန်ဖိုး အထားဆုံး ပစ္စည်းမှာ ကြည့်မှန် (ကြေးမုံ) ဖြစ်သည်။

နတ်ဝတ် မင်းမြှောက် တန်ဆာများ လူ့ပြည်သို့ ဘယ်ပုံ ဘယ်နည်း ရောက်ရှိလာသနည်း ဆိုသော ပုံပြင်ဇာတ်လမ်းကိုမူ နေနတ်သမီးက သူ၏ မြေး ဖြစ်သူ နီနီဂီကို လူ့ပြည်ကို အုပ်ချုပ်ရန် လွှတ်လိုက်သော ဇာတ်လမ်းဖြင့် ရှင်းပြထားသည်။ ဂျပန်ပြည် ကျောင်းများ အားလုံး၌ ထိုစဉ်က စ၍ နောင် ဧကရာဇ်မင်းများ အဆက်ဆက်တွင် သင်ကြားကြရသည်။ ဂျပန် ဧကရာဇ် မင်းဆက်ကား ခေတ်အဆက်ဆက် အစဉ် မပျက်ဘဲ တည်ရှိခဲ့သော တစ်ခုတည်းသော မင်းစဉ် မင်းဆက် ဖြစ်သည်။ ထိုနတ်ဝတ် မင်းမြှောက် တန်ဆာ ရတနာ သုံးမျိုးကိုလည်း ရှေးမင်းစဉ်ဆက် လက်ဆင့်ကမ်း၍ ဆောင်ယူ ထိန်းသိမ်း လာခဲ့ကြလေသည်။

ဤ မင်းမြှောက်တန်ဆာ ရတနာများ တည်ရှိရာ မဟာ ဧကရာဇ် နတ်ကွန်းကား အလွန် သန့်ရှင်း မွန်မြတ်၏။ ဂျပန် လူမျိုးတို့၏ အမျိုးဂုဏ်ကို ဆောင်၏။ ဧကရာဇ် ဘုရင် ကိုယ်တိုင်က ဤ မဟာ ဧကရာဇ် နတ်ကွန်းတွင် ပူဇော်ပွဲကို ကြီးကြပ် ကျင်းပရ၏။ ထိုနတ်ပွဲ ကျင်းပရာသို့ ဧကရာဇ် ဘုရင် ကိုယ်တိုင် အနည်းဆုံး တစ်ကြိမ် လာရောက် ကြည့်ညိုရ၏။ နိုင်ငံခြား တိုင်းပြည်များသို့ စစ်ကြေညာသော အခါ ထိုနတ်ကွန်းသို့ ဘုရင် ကိုယ်တိုင် ကြွသွားပြီး ပူဇော် ပသလေ့ ရှိသည်။ ဘုရင် ကိုယ်တိုင်က ဤ ဂျပန် လူမျိုးတို့ အတွက် သေရေး ရှင်ရေး ကိစ္စကို နတ်များသို့ တိုင်တည် ပြောဆိုရလေသည်။

## နိုင်ငံတော် အခမ်းအနား

ရှေး အတိတ် ကာလကမူ နိုင်ငံတော်က ကျင်းပ ပြုလုပ်သော နတ်ပူဇော်ပွဲ အခမ်းအနား သို့မဟုတ် မဟာဝိသုဒ္ဓိ အခမ်းအနား (အိုဟာရာအိ) တွင် ဘုရင် ကိုယ်တိုင် ပါဝင်ဆင်နွှဲခဲ့လေသည်။ ဤ မဟာ ဝိသုဒ္ဓိ ခေါ်သော အိုဟာရာအိ နတ် ပူဇော်ပွဲ သဘင်ကြီးကို အိဆဲ နတ်ကွန်းမှာသာမက အခြား အရပ် ဒေသများရှိ နတ်ကွန်းများမှာပါ ကျင်းပ ပြုလုပ်ခဲ့ကြလေသည်။ ဤပွဲတော်ကို တစ်နှစ်လျှင် နှစ်ကြိမ်ကျ ကျင်းပ ပြုလုပ်ရသည်။ ဇွန်လမှာ တစ်ကြိမ်၊ ဒီဇင်ဘာလမှာ တစ်ကြိမ် ကျင်းပခဲ့လေသည်။ ဤပွဲတော် ကျင်းပရခြင်း၏ အနှစ်သာရမှာ ဝိသုဒ္ဓိ ပူဇော် ပသပွဲဖြင့် အမျိုးသားရေး အကျင့် ပျက်မှုများကို အပုပ် ချခြင်း ဖြစ်သည်။

ဤပူဇော်ပွဲ အခမ်းအနားများကို မကျင်းပမီ ပထမဦးစွာ နတ်ဆရာ ဘုန်းကြီးများသည် မိမိကိုယ်ကို အတွင်း အပြင် သန့်ရှင်း စင်ကြယ်အောင် အစားအသောက်ကို ရှောင်ကြဉ်ခြင်းဖြင့် ဥပုသ် ဆောက်တည်ကြရသည်။ ပူဇော်ပွဲ အခမ်းအနား ပြုလုပ်သောအခါ သူတို့သည် *နူဆာ*[၁] ခေါ် ဝိသုဒ္ဓိ ဆေးကြိမ်လုံးကို ဝှေ့ယမ်းပြီး ပရိတ်ဂါထာ မန္တန်များကိုလည်း နှုတ်က ရွတ်ဖတ် သရဇ္ဈာယ်ရသည်။ ထို့နောက် အပြစ် ပြေရန် ပူဇော် ပသသော လူ့ဖွယ် ပစ္စည်းများကို လက်ခံကြရသည်။

ထိုအချိန်တွင် ပြည်သူလူထုသည် ၄င်းတို့ အတွက် ယတြာ ချေထားသော မိမိ၏ ကိုယ်ပွား စက္ကူရုပ် သို့မဟုတ် ကောက်ရိုးရုပ်ကို ပွတ်သပ်နေကြရသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် မိမိတို့ ပြုခဲ့မိသော အကုသိုလ် ဒုစရိုက်များကို မိမိကိုယ်မှ ယတြာ ရုပ်ထဲသို့ ရွှေ့ပြောင်းသွားရန် ဖြစ်၏။ ထိုယတြာ အရုပ်များကို နတ်ဆရာက လက်ခံယူပြီး စုပေါင်းကာ အင်းအိုင် မြစ်ချောင်းများထဲရှိ ရေထဲသို့ စွန့်ပစ်ရသည်။ လိုအပ်လျှင် လိုအပ်သလို သမုဒ္ဒရာထဲသို့ သွား၍ စွန့်ပစ်ရသည်လည်း ရှိသည်။ ဤနည်းဖြင့် ပြည်သူပြည်သားများ ကျူးလွန်ထားသော အပြစ် ဒုစရိုက်များကို ဆေးလျှော်ပစ်ကြရသည်။

---

၁။ Nusa

ထို ပူဇော်ပွဲ အခမ်းအနား ကျင်းပချိန် အတွင်း သင့်တော်သော အချိန်တွင် ခွင့်လွှတ်တတ်သော နေနတ်သမီးမှ တိုက်ရိုက် ဆင်းသက်လာသူ ဘုရင် ဧကရာဇ်က မင်းနေပြည်မှ နေ၍ တိုင်းသူပြည်သားများ၏ အပြစ်များ၊ မကောင်းမှု ဒုစရိုက်များကို ခွင့်လွှတ်ကြောင်း ကြေညာရသည်။

ဤ အခမ်းအနားမျိုးမှာ ဖြစ်စေ၊ အခြားသော အခမ်းအနားများမှာ ဖြစ်စေ နတ်ဆရာ ဘုန်းကြီးက ဆေး စီရင်ထားသော တုတ်တံ (ကြိမ်လုံး) ကို ဝှေ့ယမ်းခြင်းသည် ရှင်တို ဘာသာ အရ အရေးပါသော လုပ်ဆောင်ချက် တစ်ခု ဖြစ်သည်။ ထိုဆေးနှင်တံ စတင် ဖြစ်ပေါ်လာသော သမိုင်း အစကို လေ့လာကြည့်လျှင် အစက *ဆကာကီ* [၁] ခေါ်သော မွှန်မြတ်သော သစ်ပင်၏ အကိုင်းကို ကောင်းကင်ဘုံက နတ်များက ပူဇော်ပွဲ အတွက် အသုံးပြုခဲ့ကြသည်။ ထို သစ်ကိုင်းကို မော်သွင်းထားသည်။

အခြားသော ရှင်တို ဘာသာ ပူဇော်ပွဲများ မတိုင်မီနှင့် ကျင်းပပြီးနောက် ပြုလုပ်ရသော ထုံးတမ်းစဉ်လာ လုပ်ထုံး လုပ်နည်းများမှာလည်း ဤကဲ့သို့ပင် မော်နှင့် ပတ်သက်၍ ဆင်းသက်လာသော အစဉ်အလာများ ဖြစ်သည်။

ဥပမာများမှာ တားမြစ်ချက် ပါသော တဖူး ကြိုးကို နတ်ကွန်း၏ တံစက်မြိတ်နှင့် တိုရီး ထောင်တိုင်များ အကြားတွင် တွဲလောင်း ချထားခြင်းမျိုး၊ တံခွန် ကုက္ကားများ ကာလွှားထားခြင်းမျိုး၊ စက္ကူရုပ်၊ ကောက်ရိုးရုပ်များကို ကိုယ်စားရုပ် ယတြာ လုပ်၍ နတ်ကွန်း အတွင်းမှာ ထည့်ထားခြင်းမျိုး၊ ပွဲတော် လှည့်လည်ပွဲ ကျင်းပချိန်တွင် ကြမ်းတမ်းသော မျက်နှာဖုံးစွပ်ပုံများကို ပြုလုပ်၍ မျက်နှာမှာ စွပ်ပြီး လှည့်လည်ခြင်းမျိုး စသည်တို့ ဖြစ်ကြသည်။

ဤနှစ်စဉ် ကျင်းပမြဲ နတ်ပွဲတော်သို့ ရှေး အတိတ်ကာလကမူ ဧကရာဇ် ဘုရင် ကိုယ်တိုင် ပါဝင် ဆင်နွှဲလေ့ရှိခဲ့ဖူးလေသည်။ အိဆဲနှင့် အခြား အရပ် ဒေသများရှိ နတ်ကွန်းများ၌ နတ်ဆရာ ဘုန်းကြီးများက ပူဇော် ပသပွဲများကို အကျအပုံ မပါဘဲ တစ်နေ့ပြီး တစ်နေ့ ဆက်လက် ကျင်းပ ပြုလုပ်ကြရသည်။ ပူဇော် ပသပုံများမှာ အလွန် ရိုးစင်းသည်။ အတွင်း နတ်ကွန်းသို့ ပူဇော် ပသမည့် ဗလိနတ်စာများကို သယ်ယူသွားပြီး ယဇ်ပလ္လင်ပေါ်မှာ တင်ပြီး ပသကာ ဂါထာ မန္တန်များကို ရွတ်ဖတ်ရသာ ဖြစ်သည်။

ထိုသို့ ပြုလုပ်ခြင်းကို *နိုရိတို* [၂] ဟု ခေါ်သည်။

ထို့နောက် ပသထားသော လှူဖွယ် ပစ္စည်းများကို ပြန်သိမ်းပြီးလျှင် ဘုန်းကြီးများနှင့် ပူဇော် ပသသူများက တိတ်ဆိတ် ငြိမ်သက်စွာ ပြန်လည် ထွက်ခွာသွားကြခြင်း ဖြစ်၏။

ပူဇော် ပသရသည့် ဗလိနတ်စာမှာလည်း အများအားဖြင့် နှစ်မျိုး နှစ်စားသာ ရှိ၏။ တစ်မျိုးမှာ အစားအစာဖြင့် ပူဇော် ပသခြင်းနှင့် နောက်တစ်မျိုးမှာ အဝတ်အထည်ဖြင့် ပူဇော် ပသခြင်း ဖြစ်သည်။

အစားအစာဖြင့် ပူဇော် ပသရာတွင်လည်း အများအားဖြင့် ဆန် သို့မဟုတ် ချက်ပြီးသား ထမင်း၊ ဆန်အရက် (ဆာကေး)၊ ငါး၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ မုန့်ချို၊ ဆားနှင့် အလားတူ စားစရာများ ဖြစ်၏။

အဝတ်အထည်ဖြင့် ပူဇော် ပသရာတွင် အများအားဖြင့် ရှည်လျားသော ပိုးထည်စ၊ ချည်ထည်စနှင့် ဂုန်လျှော်စ စသည်တို့ ပါဝင်သည်။

ဤ လှူဖွယ် ပစ္စည်းများကို ဗလိနတ်စာ ကျွေးသည့် အနေနှင့် ပူဇော် ပသခြင်းသည် ရှေးက ဧကရာဇ်တို့၏ ဘိုးဘေးဘီဘင် ရိုးရာ နတ်များအား ကျေးဇူး တုံ့ပြန်သည့် သဘော ဖြစ်၏။

ဧကရာဇ်တို့၏ ဘိုးဘွားဘီဘင် ရိုးရာ နတ်များနှင့် မျိုးနွယ်စု အကြီးအကဲများ၏ ရိုးရာ နတ်များက ဂျပန်လူမျိုးတို့၏ ကြီးပွားရေး စီးပွားရေးကို အစဉ်သဖြင့် နည်းပေးလမ်းပြ ပြုလုပ်နေကြသည်ဟု ယုံကြည်သဖြင့် ထို နတ်များ၏ ကျေးဇူးကို တုံ့ပြန်သည့် သဘောဖြင့် ဗလိနတ်စာ ကျွေးပွဲကြီးကို ကျင်းပကြခြင်း ဖြစ်၏။ ကြီးကျယ်သော နတ်ကွန်းကြီးများတွင် ကျင်းပသော ခမ်းနား ကြီးကျယ်သော ပူဇော်ပွဲ အခမ်းအနားများသို့ ဧကရာဇ် ဘုရင်ကြီး၏ သံတမန်များ တက်ရောက် ပူဇော်လေ့ ရှိသည်။ ထို ပူဇော်ပွဲကို ရိုးရာ ပူဇော်ပွဲ ဖြစ်သည်ဟုလည်း အဓိပ္ပာယ် ဖွင့်ဆိုနိုင်သည်။

---

၁။ Sakaki

၂။ Norito

# ၄။ အိမ်တွင်းနှင့် ဂိုဏ်းရှင်တိုဘာသာ

အစိုးရ၏ အနေအထားကို ဖုံးအုပ် ကွယ်ကာထားသော အဓိပ္ပာယ် နှစ်ခု ထွက်သော အဓိပ္ပာယ် ရှုပ်ထွေးသော သဘောမျိုးသည် အိမ်တွင်းနှင့် ဂိုဏ်းရှင်တို ဘာသာ၌ မရှိပေ။ ဂိုဏ်းများ အတွင်း ဘာသာရေး အကျိုး ရှိ မရှိ တော့ မသိဟု ငြင်းဆိုပြီး ကိုယ်ကျင့်တရား ကိစ္စကိုသာ ပြုစု ပျိုးထောင်ကြသော အုပ်စုများ ရှိစေကာမူ ဂိုဏ်းများကို ထောက်ခံ အားပေးနေကြသော လူများစုမှာမူကား ဘာသာရေး၌ ပွင့်ပွင့်လင်းလင်း မထိမ်မချန် ကြည်ညို ကိုးကွယ်ကြသူများ ဖြစ်ကြလေသည်။

## အိမ်တွင်း ရှင်တို ဘာသာ

အိမ်တွင်း ရှင်တို ဘာသာ၏ အချက်အချာ ကျသော အနှစ်သာရ သဘောမှာ *ကာမိ-ဒါန* [၁] ခေါ်သော နတ်စင် ဖြစ်သည်။ ကိုယ်ပိုင် အိမ်များ၌ အများအားဖြင့် ထိုနတ်စင်မျိုးကို ပိုင်ဆိုင်ထားကြသည်။

ထိုနတ်စင်ပေါ်တွင် သတိရ အောက်မေ့ဖွယ် ပျဉ်ချပ်ငယ် သို့မဟုတ် စက္ကူပြားများကို တင်ထားသည်။ ထိုပျဉ်ချပ်ငယ် သို့မဟုတ် စက္ကူပြားပေါ်တွင် ကွယ်လွန်ပြီးသော အိမ်ဦးနတ် (အဘိုး အဘွား တစ်ဦး သို့မဟုတ် အိမ်တွင်းနတ်) ၏ အမည်ကို ရေးထိုးထားသည်။ တချို့က ရပ်ရွာနှင့် ဆိုင်သော ကွင်းပိုင် နယ်ပိုင်နတ် တစ်ပါး၏ အမည်ကို ရေးထိုးထားသည်။ တစ်ခါတစ်ရံ အမတာရာဆု အမည်၊ တစ်ခါတစ်ရံ ဆန်စပါး နတ်သမီး အိနာရီ၏ အမည် သို့မဟုတ် ထိုအမည် နှစ်ခုစလုံး ဖြစ်စေကို ပျဉ်ချပ်ပေါ်မှာ ရေးထိုးထားသည်။ ၄င်း နှစ်ပါးကို ဂုဏ်ပြုသောအားဖြင့် သူတို့၏ သင်္ကေတများကိုလည်း နတ်စင်ပေါ်မှာ တင်ထားကြသည်။ ၄င်းတို့မှာ မွန်မြတ်သော ကြည့်မှန်ချပ်ငယ် (မီယာ) သို့မဟုတ် ကျမ်းစာများကို ရေးသားထားသော စက္ကူ အစရှည်များကို ချိတ်ဆွဲထားကြသည်၊ သို့မဟုတ် အိဆဲ သို့မဟုတ် အခြား နတ်ကွန်း ရှိရာ အရပ် ဒေသများမှ ရရှိခဲ့သော အဆောင် လက်ဖွဲ့များကိုလည်း နတ်စင်ပေါ်မှာ တင်ထားတတ်ကြသည်။ နတ်စင်သည် ဤနေရာ၌ နတ်ကွန်း အငယ်စားပင် ဖြစ်သည်။ ဤ နတ်စင်သည် မိသားစု၏ ရာဇဝင်နှင့် ထိရောက်မှုကို မှတ်တမ်း တင်ထားသော ပစ္စည်းများ၊ ဝန်ပိုများကို သိုမှီးထားရာ နေရာလည်း ဖြစ်သည်။ (စာရေးသူသည် ဂျပန် လယ်သမားကြီး တစ်ဦးကို တွေ့ဖူးပါသည်။ ထိုလယ်သမားကြီး နာမကျန်း ဖြစ်စဉ် အခါက ခရစ်ယာန် သာသနာပြုများက သူ့ကို ဂရုတစိုက် ကြင်နာစွာ ပြုစု စောင့်ရှောက်ခဲ့ကြလေသည်။ ထိုကျေးဇူးကို အောက်မေ့သောအားဖြင့် ထိုလယ်သမားကြီးသည် ထိုခရစ်ယာန် သာသနာပြုတို့ စွန့်ပစ်ထားသော ဖိနပ်စုတ် တစ်ရန်ကို ကောက်ယူပြီး သူ့အိမ်က နတ်စင်ပေါ်မှာ အမှတ်တရ ဖြစ်အောင် တင်ထားသည်ကို တွေ့ခဲ့ရဖူးပါသည်။)

ယခုခေတ်တိုင်အောင် အိမ်တွင်း နတ်စင်၌ ပူဇော် ပသခြင်း ကိစ္စကို နေ့စဉ် ပြုလုပ်ကြသည်။ အထွေအထူး တော့ မဟုတ်ပေ။ လှူဖွယ်ဝတ္ထု အနည်းငယ် (ဗုဒ္ဓဘာသာ မြန်မာ လူမျိုးများ အိမ်က ဘုရားစင်မှာ ဆွမ်းရေချမ်း ကပ်သကဲ့သို့) ကို နတ်စင်ပေါ်မှာ တင်ပြီး နှုတ်က ဆုတောင်းစာများ ရွတ်ဖတ် သရဇ္ဈာယ်ခြင်းပင် ဖြစ်၏။ သို့ရာတွင် မိသားစု ဘဝ၌ အရေးကြုံသော အခါ၊ အကျပ်အတည်း ကြုံသော အခါ၌မူကား ပို၍ ခမ်းခမ်းနားနား ပူဇော် ပသမှုများကို ပြုလုပ်ကြသည်။ ထိုအခါ ဖယောင်းတိုင်ငယ်များကို ထွန်းညှိခြင်း၊ ဆန်အရက်ကို ဆက်ကပ်ခြင်း၊ ဆာကာကိသစ်ပင်၏ အကိုင်း အခက်ကို တင်ခြင်းနှင့် တင်နေကျ စားသောက်ဖွယ်ရာ လှူဖွယ်ဝတ္ထုများ အပြင် အဝတ်စများကိုပါ ဖြည့်စွက်၍ တင်ပြီး ပသကြသည်။

ထိုအချိန်တွင် မိသားစု တစ်စုလုံး နတ်စင် ရှေ့က ကြမ်းပြင်ပေါ်မှာ ထိုင်ကြပြီးလျှင် ဦးခေါင်းကို ညွှတ်လျက် တိတ်ဆိတ် ငြိမ်သက်စွာ အာရုံပြု၍ ဆုတောင်းကြလေသည်။

အစဉ်သဖြင့် အိမ်တွင်း ဘာသာရေး ဘဝသည် ရှင်တိုဘာသာ လက္ခဏာနှင့် ကင်းကွာခြင်း မရှိပေ။ မိသားစု၏ အရေး ကြီးသော အမှုကိစ္စများ အတွက် ဗုဒ္ဓဘာသာ ရဟန်းသံဃာတော်များကိုလည်း ပင့်ဖိတ်ပြီးလျှင် ပူဇော် ပသခြင်း

---

၁။ Kami-dana

ပရိတ် တရား နာခြင်းများကိုလည်း အခါအားလျော်စွာ ပြုလုပ်တတ်ကြလေသည်။ အထူးသဖြင့် အသုဘ ကိစ္စများတွင် ဗုဒ္ဓဘာသာ ရဟန်း သံဃာတော်များက အသုဘ ကိစ္စ အဝဝကို ဆောင်ရွက်ပေးကြလေသည်။ ဂျပန် လူမျိုးတို့၏ အဖွဲ့အစည်းထဲတွင် ဗုဒ္ဓဘာသာ ရဟန်း သံဃာတော်များက အသုဘ ဆရာများ အဖြစ် ဆောင်ရွက်ပေးကြရသည်မှာ မရှောင်လွှဲသာသော ကိစ္စ တစ်ရပ်ပင် ဖြစ်သည်။

ဂျပန် မိသားစုများသည် ကာမိဒါန ခေါ် နတ်စင်အပြင် ၎င်းတို့ အိမ်တွင် *ဘုတ်စုဒါန* [၁] ခေါ် ဗုဒ္ဓဘာသာ ဘုရားစင်ကိုလည်း တသီးတသန့် ထားရှိတတ်ကြလေသည်။ ထိုဗုဒ္ဓဘာသာ ဘုရားစင်ပေါ်တွင်မူ ဘဝနတ်ထံ ပုံလွန်တော်မူသွားကြသော ထင်ရှားသော၊ ရဟန်း သံဃာတော်များ၏ အမည်ကို ရေးထိုး ကမ္ပည်း တင်ထားသော သစ်သားပြားပျဉ်ချပ်ငယ်များကို တင်ထားတတ်ကြသည်။ ဤဘုရားစင်ရှေ့တွင် ရဟန်း သံဃာတော်များသည် ဘုရား ရှိခိုးစာများကို အချိန် ခြားပြီး ရွတ်ဖတ် သရဇ္ဈာယ်ကြရပါသည်။

ဤကား တိုင်းရင်းဖြစ် ဘာသာက မိသားစု၏ ကြည်ညို ကိုးကွယ်မှုတွင် ဗုဒ္ဓဘာသာ အပေါ် ရှုမြင်ပုံ နမူနာ တစ်ခုပင် ဖြစ်ပေတော့သည်။

## ရှင်တိုဂိုဏ်းများ

အုပ်စုဖွဲ့ ကိုးကွယ်မှု ဘာသာရေး သဘော သက်သက်ကို ရှင်တို ဘာသာ ဂိုဏ်းများတွင် တွေ့မြင်ကြရပါသည်။ ဒုတိယ ကမ္ဘာစစ် မတိုင်မီကမူ သာသနာရေး ဦးစီး ဌာနမှ အသိအမှတ် ပြုခြင်း ခံရသော ရှင်တိုဘာသာ ဂိုဏ်းများမှာ တစ်ဒါဇင်ကျော်ခန့် ရှိခဲ့ပါသည်။

ထိုဂိုဏ်း အရေအတွက်မှ ထက်ဝက်ခန့်သည် ၁၈၆၈ ခုနှစ်တွင် ပြုလုပ်ခဲ့သော ဧကရာဇ် စနစ် ပြန်လည် ထိန်းသိမ်းရေး ကာလ နောက်ပိုင်းတွင် ပေါ်ပေါက်ခဲ့ခြင်း ဖြစ်ပါသည်။ ကိုယ့်ဘာသာကိုယ် ဘာသာရေးဂိုဏ်း အဖြစ် လူသိရှင်ကြား ကြေညာနေသော ဂိုဏ်းများကို သဘော တူရာ စုစည်းရန် ကြိုးပမ်းမှု ကိစ္စတိုင်း၌ သူတို့၏ ညွှန့်ပေါင်း ဖြစ်သော သဘော ပေါ်လာသည်။ ထိုဂိုဏ်းများ အနက် သုံးဂိုဏ်းလောက်သာ သီးသီးသန့်သန့် ရှိသော ရှင်တို ဘာသာ ဂိုဏ်းများ ဖြစ်သည်ဟု ဆိုနိုင်သည်။ ဂိုဏ်း နှစ်ဂိုဏ်းမှာ ကွန်ဖြူးရှပ် ဝါဒနှင့် ရောနှော ပေါင်းစပ်ဖို့ ကြိုးပမ်းချက် နှစ်ခု ဖြစ်သည်။ ဂိုဏ်း သုံးဂိုဏ်းကိုမူ တောင်ဂိုဏ်းများဟု ခေါ်သည်။ အထူးသဖြင့် ထိုဂိုဏ်းများသည် မတ်စောက်သော တောင်ထိပ်များပေါ်တွင် တည်ထားကြသောကြောင့် ဖြစ်သည်။ ရည်ရွယ်ချက်မှာ တောင်ထွတ်များပေါ်တွင် ဗိမာန်ဆောက်တည်၍နေခြင်းဖြင့် ဂျပန်ပြည်ကို စောင့်ရှောက်သော နတ်ကြီးများနှင့် အဆက်အသွယ် ရရှိနိုင်ရန် ဖြစ်ပေသည်။

ဤနောက်ဆုံး နာမည်ရ ဂိုဏ်း နှစ်ဂိုဏ်းသည် ၎င်းတို့၏ ယုံကြည်ချက်ကို ဖူဂျီ တောင်ထွတ်ပေါ်တွင် တည်ထားကြသည်။ သူတို့က ဖူဂျီ တောင်ထိပ်ကို အမျိုးသား ဘဝ၏ သင်္ကေတ အဖြစ် လည်းကောင်း၊ ကမ္ဘာပေါ်တွင် အမွန်မြတ်ဆုံးသော တောင် အဖြစ် လည်းကောင်း ယူဆကြသည်။ ဝိသုဒ္ဓိ ဂိုဏ်းဟု ခေါ်သော ဂိုဏ်းများ အနက် နှစ်ဂိုဏ်းမှာ ရှေးက ရှင်တို ဘာသာ၌ ကျင့်သုံးခဲ့သော အခမ်းအနားဖြင့် သန့်စင်အောင် ပြုလုပ်ခြင်းကို အလေးအနက် ထားကြသည်။ သို့သော် ထိုဂိုဏ်းသားများသည် ဟိန္ဒူ ဘာသာဝင်များက ၎င်းတို့၏ စိတ်ဝိညာဉ်ကို သန့်စင်အောင် ပြုလုပ်သော နည်းလမ်းများကိုလည်း လက်ခံ ယူထားကြသည်။ အထူးသဖြင့် အသက်ကို ပြင်းပြင်း ရှူသော အာနာပါနနည်းနှင့် မီးနင်းခြင်း အကျင့်များကို ကျင့်ကြသည်။

ရှင်တို ဂိုဏ်းများ အနက် စိတ်ဝင်စားဖို့ အကောင်းဆုံးလည်း ဖြစ်၍ သြဇာ အကြီးဆုံးလည်း ဖြစ်သော ဂိုဏ်းမှာ ပျောက်စေဆရာ ဂိုဏ်း ဖြစ်သည်။ ယုံကြည်မှုဖြင့် အနာရောဂါများကို မန်းမှုတ် ကုသော ဂိုဏ်း ဖြစ်သည်။

ထိုဂိုဏ်းမှာ သုံးဂိုဏ်း ရှိသည်။ တစ်ဂိုဏ်းမှာ *တန်ရိကျို* [၂] ဂိုဏ်း ဖြစ်သည်။ ၎င်းတို့ကို ဂျပန်ပြည်က ခရစ်ယာန်သိပ္ပံဂိုဏ်းဟုလည်း ခေါ်ကြသည်။ ထိုဂိုဏ်းကို ထူထောင်သူမှာ အမျိုးသမီး တစ်ဦး ဖြစ်သည်။ လူကြိုက် အများဆုံးနှင့် အင်အား အကြီးဆုံး ဂိုဏ်းလည်း ဖြစ်သည်။

ဒုတိယ ကမ္ဘာစစ် မဖြစ်မီ နောက်ဆုံး ဆယ်စုနှစ်များ အတွင်းတွင် အခြား ဂိုဏ်းများလည်း ပေါ်ပေါက်သည်။ နောက်လိုက် အင်အားလည်း များကြသည်။

သာသနာရေး ဦးစီးဌာန၏ အသိအမှတ် ပြုခံရဖို့မှာ ကြာမြင့်သည်။ တချို့ ဂိုဏ်းများမှာ နိုင်ငံတော်၏ စည်းလုံးညီညွတ်မှုကို အန္တရာယ် ဖြစ်စေသည် ဆိုကာ နှိပ်ကွပ် သုတ်သင်ခြင်းကို ခံကြရသည်။

---

၁။ Butsu-dana

၂။ Tenri Kyo

## ၅။ ရှင်တို ဘာသာနှင့် စစ်သူရဲကောင်းများ

နတ်ဘုရားများ၏ လမ်းစဉ်သည် အစ ကနဦးကတည်းကပင် စစ်သူရဲကောင်းများ၏ လမ်းစဉ်နှင့် လွယ်ကူစွာ သင့်မြတ်ညီညွတ်နိုင်သော လမ်းစဉ် ဖြစ်ခဲ့လေသည်။ အမှန်မှာ ရှင်တို ဘာသာနှင့် စစ်သူရဲကောင်းတို့၏ လမ်းစဉ်တို့ နီးနီးစပ်စပ် တူညီခြင်း သဘောကို *ဆာမူရိုင်း* [၁] တို့၏ ကိုယ်ကျင့် ဥပဒေများ၌ ကာလ ကြာမြင့်စွာကပင် ပေါ်လွင် ထင်ရှားခဲ့ပေသည်။ ဆာမူရိုင်းများမှာ ပဒေသရာဇ် ဘုရင်များ ခေတ်က စစ်နှင့်ဆိုင်သော လူတန်းစားများ ဖြစ်ကြသည်။ ထိုဆာမူရိုင်းတို့ ကျင့်သုံးသော ကိုယ်ကျင့်သီလ ဥပဒေသများကို *ဘူရှီဒို* [၂] ဟု ခေါ်သည်။ အဓိပ္ပာယ်မှာ 'စစ်သူရဲကောင်း ရဲမက်တို့၏ ကျင့်စဉ်' ဖြစ်သည်။

### ဘူရှီဒို ကျင့်စဉ်

ဘူရှီဒို ကျင့်စဉ်တွင် အပြီးတိုင် ချမှတ်ထားသော စည်းမျဉ်း ဥပဒေများ မပါရှိပေ။ ဤစည်းမျဉ်းများ အကျင့်သီလများသည် သင့်တင့် လျောက်ပတ်သည်ဟု လက်ခံ ကျင့်သုံးသော စနစ်များသာ ဖြစ်သည်။ စာဖြင့် ရေးသား ပြဋ္ဌာန်းထားသော ဥပဒေများ မဟုတ်ကြပေ။ အမူအကျင့်ဆိုင်ရာ အနှုန်းအစံ သဘောများသာ ဖြစ်ကြသည်။ သို့ဖြင့် ပဒေသရာဇ် ခေတ်တွင် ဤ ဘူရှီဒို ကျင့်စဉ်များသည် ယဉ်ကျေးမှုနှင့် ဝိညာဉ်ပိုင်း ဆိုင်ရာ စွမ်းအားများကို ဖြစ်စေရန် ကျေးဇူးပြုခဲ့ကြလေသည်။

ရှင်တို ဘာသာက ဘူရှီဒို ကျင့်စဉ် အတွက်၊ တိုင်းပြည်နှင့် ဘုရင် အတွက် သက်စွန့်ဆံဖျား စွန့်စားရန် ကြည်ညိုသော စိတ်ကို လည်းကောင်း၊ ကွန်ဖြူးရှပ် ဝါဒက ၄င်း အတွက် ကိုယ်ကျင့်တရားများကို လည်းကောင်း၊ ဈင် ဗုဒ္ဓဘာသာက ကိုယ်တိုင် သီးခြား တစ်ယောက်တည်း စိတ်ကို တည်ငြိမ်အောင် လေ့ကျင့်သော သမထ နည်းများကို လည်းကောင်း၊ ထို့နောက် ပဒေသရာဇ်ခေတ် အကျင့်ဓလေ့များက စောဒက မပါဘဲ အထက် အမိန့်ကို နာခံခြင်း အကျင့်တို့ကို လည်းကောင်း ပေးခဲ့လေသည်။ ထို့ပြင် ထိုသို့ ကျင့်နိုင်ခြင်း အတွက် ဂုဏ်ယူတတ်သော သဘောတို့ကို ပေးခဲ့လေသည်။

ဂျပန် လူမျိုးများ အကြောင်းကို ကောင်းကောင်း အကျွမ်းတဝင် သိသော ခရစ်ယာန် သာသနာပြု တစ်ဦးက ဘူရှီဒိုတို့၏ ရုစ်ပါး သီလကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားခဲ့ဖူးလေသည်။

**(၁) သစ္စာ ရှိခြင်း (Loyalty)**

ဤကား မိမိ၏ ဧကရာဇ် အပေါ်နှင့် မိမိ၏ အနီးစပ်ဆုံး အရှင်သခင် အပေါ် သစ္စာ စောင့်သိခြင်း ဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်သော ထင်ရှားသော စကားပုံ တစ်ခုမှာ 'သစ္စာရှိသော မင်းမှုထမ်း မင်းခစားသည် အရှင်သခင် နှစ်ဦးကို တစ်ပြိုင်နက် ခစားလေ့ မရှိ' ဟူ၍ ဖြစ်သည်။

**(၂) ကျေးဇူးတရား (Gratitude)**

မှန်ကန်သော ဘဝနေနည်းသည် တာဝန် သိတတ်ခြင်း မဟုတ်၊ ကျေးဇူး သိတတ်ခြင်း ဖြစ်သည် ဆိုသည်ကို ဂျပန်တို့ နှစ်သက်ကြသည်။ ထိုအယူအဆသည် ခရစ်ယာန် အယူအဆနှင့် တူနေသည်ဟု ဆိုသည်။

**(၃) ရဲစွမ်းသတ္တိ (Courage)**

အရှင်သခင်၏ အကျိုးကို ဆောင်ရွက်ရာ၌ အသက်ကို ပျော်ရွှင်စွာ စွန့်လွှတ်နိုင်ခြင်း ဖြစ်သည်။

**(၄) တရား မျှတခြင်း (Justice)**

ဤ အဓိပ္ပာယ်မှာ မိမိ၏ တာဝန် ဝတ္တရားကို ဆောင်ရွက်ရာ၌ ကိုယ်ကျိုး ကိစ္စကို ပဓာန မထားခြင်းကို ဆိုလိုသည်။

**(၅) ဖြောင့်မတ် မှန်ကန်ခြင်း (Truthfulness)**

ရဲမက် တစ်ဦးသည် မိမိအား အန္တရာယ် ဖြစ်မည်၊ ထိခိုက်မည်ကို ရှောင်ရှားရန် အလို့ငှာ လိမ်လည် ပြောဆိုခြင်းကို စက်ဆုပ် ရွံရှာသည်။

---

၁။ Samurai ၂။ Bushido

**(၆) ယဉ်ကျေး သိမ်မွေ့ခြင်း (Politeness)**
အားကြီးသူ အားသန်သူ၏ အမှတ်အသားမှာ ပတ်ဝန်းကျင် အခြေအနေ အားလုံး၌ ယဉ်ကျေး သိမ်မွေ့စွာ ပြုမူ ဆက်ဆံခြင်းပင် ဖြစ်သည်။ ရန်သူ အပေါ်မှာပင် ယဉ်ကျေးဖွယ်ရာ သိမ်မွေ့စွာ ဆက်ဆံနိုင်ခြင်း ဖြစ်သည်။

**(၇) မျိုသိပ်ထားခြင်း (Reserve)**
မည်မျှပင် စိတ်လှုပ်ရှား ထိခိုက်ဖွယ် အရေးကြုံသည် ဖြစ်စေ စစ်သူရဲကောင်း ရဲမက်သည် မိမိ၏ ခံစားချက်ကို မဖော်ပြရ။ မျိုသိပ်ထားအပ်သည်။

**(၈) ဂုဏ်ကျက်သရေ (Honour)**
အရှက်တကွဲ ဖြစ်ခြင်းထက် အသက် သေခြင်းက မြတ်သည်။ ရဲမက်သည် အစဉ်သဖြင့် ဓားရှည် နှစ်လက်ကို ဆောင်ယူ သွားရသည်။ ရှည်လျားသော ဓားသည် ရန်သူကို တိုက်ခိုက်ရန် ဖြစ်သည်။ တိုသော ဓားမှာ မိမိ အရေး နိမ့်သောအခါ မိမိကိုယ်ကို အဆုံး စီရင်ရန် ဖြစ်သည်။

မိမိကိုယ်ကို အဆုံး စီရင်ရန် အသင့် ဖြစ်နေခြင်း သဘောသည် ဘူရှီဒို ကိုယ်ကျင့်တရား၏ အလွန် အရေးပါသော ထိတ်လန့်ဖွယ် အချက် ဖြစ်သည်။ သို့သော် ဆုံးရှုံးမှု မတော် မတရား ပြုမူမှု အတွက် ပြေအေးစေရန် ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင်ခြင်းကို လက်ခံထားသည်။

စစ်သူရဲကောင်းသည် ထိုကဲ့သို့ ရှက်ဖွယ် အရေးကြုံသောအခါ မိမိကိုယ်ကို အဆုံး စီရင်ခြင်းဖြင့် ထိုအပြစ်ကို ပြေအေးစေရန် ပြုလုပ်ရေး အတွက် စိတ်ရော ကိုယ်ပါ အသင့် ပြင်ဆင်ထားရသည်။

ထိုကဲ့သို့ စိတ်ဖြင့် ပြင်ဆင်ထားရသော ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင်ခြင်းကို *ဟာရာကီရီ* [၁] ဟု ခေါ်သည်။ အခမ်းအနားဖြင့် မိမိဘာသာ လိုလိုလားလား စိတ်အေးချမ်းသာ စည်းမျဉ်း ဥပဒေနှင့် အညီ သတ်သေရသော လုပ်ရပ် ဖြစ်သည်။ ဤကိစ္စတွင် စိတ်လှုပ်ရှားမှုကို လုံးဝ မပြရ။ အလွန် တည်ငြိမ် အေးချမ်းသော နည်းဖြင့်သာ ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင်ရသည်။

အမျိုးသမီးများပင်လျှင် ထိုကိစ္စမျိုး၌ မိမိတို့၏ လည်ချောင်း သွေးကြောကို *ဂျီဂိုင်း* [၂] ခေါ်သော နည်းဖြင့် လှီးဖြတ်ပြီး သေရသည်။

ဘူရှီဒို စိတ်ဓာတ်ကို ဖော်ပြရာ၌ ရေးခေတ် ဂျပန်ပြည်တွင် ထင်ရှား လူသိများလှသော 'လက်စားချေ ရဲရွေတော် ၄၇ ဦး' ပုံပြင်လောက် ပီပီပြင်ပြင် ဖော်ပြနိုင်သော ဇာတ်ဝတ္ထုကား တခြား မရှိတော့ပေ။

အရှင်သခင် တစ်ဦးသည် သူ့အထက်က အကြီးအကဲ ပုဂ္ဂိုလ် တစ်ဦး၏ ထပ်တလဲလဲ ရန်စခြင်းကို ခံနေရလေသည်။ သည်းမခံနိုင်သည့် အဆုံးသို့ ရောက်သော အခါ သူသည် သူ့ကို ညှဉ်းဆဲနေသူအား ဓားဖြင့် ချိန်ရွယ်ပြီး ပျောက်ဆုံးသွားလေတော့သည်။

နန်းတော်ကြီးက သူ့အား အလျင်အမြန် ဟာရာကီရီ လုပ်၍ မိမိကိုယ်ကို အဆုံး စီရင်ရမည်ဟု အမိန့် ပေးခဲ့လေသည်။ ထို့ပြင် သူ နေထိုင်ခဲ့သော ရဲတိုက်ကြီးနှင့် တကွ ပစ္စည်းပစ္စယ အားလုံးကို နိုင်ငံပိုင် သိမ်းယူရမည်ဟုလည်း အမိန့် ချမှတ်ခဲ့လေသည်။

ထိုသခင်မှူးမတ်ကြီးလည်း အခမ်းအနားနှင့် မိမိကိုယ်ကို အဆုံး စီရင်ပြီးသော အခါ သူ၏ ရဲရွေတော် ဆာမူရိုင်းများသည် *ရိုနင်* [၃] ခေါ် သခင့် အတွက် လက်စားချေသော ရဲရွေတော် ဆာမူရိုင်းများ ဖြစ်သွားကြလေတော့သည်။

နန်းတော်ကြီးက ဤ ကြေကွဲဖွယ် ဖြစ်ရပ်ကို ဖန်တီးခဲ့ကြသော အရာရှိ အရာခံများသည် လက်စားချေ ခံရမည့် အရေးကို သိမြင်ကြသဖြင့် ထိုအချိန်က စ၍ ထိုရဲတိုက်ကြီးကို အစောင့်အကြပ် ထူထပ်စွာ ချမှတ်ထားကြလေတော့၏။ သူ၏ သူလျှိုများက သူ့အား သတင်း ပို့သည်မှာ ရိုနင် ခေါ် သခင့် အတွက် လက်စား ချေမည့် ဆာမူရိုင်း ခေါင်းဆောင်သည် သေသောက်ကျူးသူ၊ ကာမဂုဏ် လွန်ကျူးစွာ ခံစားသူများကို သယ်ထုတ်သည့် လှည်းပေါ်သို့ ရောက်ရှိနေပြီ ဖြစ်ကြောင်း၊ ထိုလှည်းတန်းမှာ သူ၏ ကွယ်လွန်သွားသော အရှင်သခင် အတွက် ထမ်းဆောင်ရမည့် တာဝန်ကို ဆောင်ရွက်လာခြင်း ဖြစ်မည်မှာ ထင်ရှားကြောင်း သတင်း ပို့လေသည်။

သူတို့ကမူ ရိုနင် ခေါင်းဆောင်က သူတို့၏ ရန်သူကို ချေမှုန်းရန် အတွက် စဉ်းလဲသော လုပ်ဆောင်ခြင်း ဖြစ်လိမ့်မည်ဟု သံသယ မဖြစ်မိပေ။

ရိုနင်တို့၏ ဥပါယ်တံမျဉ်ဖြင့် စဉ်းလဲစွာ ကြံစည်သော အကြံအစည်သည် ထမြောက် အောင်မြင်သွားလေ၏။ ရန်သူ ရဲတိုက်တွင် တိတိကျကျ အစောင့်အကြပ်များ

---

၁။ Harakiri ၂။ Jigai

၁။ Ronin

ကို လျှော့ချထားသည့်ပြင် အစောင့် ထက်ဝက်လောက်မှာလည်း အဝေးသို့ ထွက်ခွာသွားကြလေသည်။

နှင်းများ ထူထပ်စွာ ကျနေသော ညတွင် ရိုနင် ၄၇ ဦးတို့သည် ရဲတိုက်ဆီသို့ လျှို့ဝှက်စွာ လာကြပြီးလျှင် ရဲတိုက်ကို ဝင်ရောက် တိုက်ခိုက်ကာ သူတို့၏ သေဆုံးသွားသော အရှင်သခင်၏ ရန်သူတော်များကို လက်ရ ဖမ်းဆီးကြလေတော့၏။

ရိုနင် အဖွဲ့ ခေါင်းဆောင်သည် ဖမ်းဆီး မိထားသော သခင့် ရန်သူ မှူးမတ်ကို လေးလေးစားစား စကား ဆိုလေသည်။

'အို အရှင်၊ ကျွန်ုပ်တို့သည်ကား အာဆန်နို တာကုမိနိကာမိ၏ ရဲမွေတော်များ ဖြစ်ကြပါသည်၊ လွန်ခဲ့သော နှစ်က အရှင်သခင်နှင့် ကျွန်ုပ်တို့၏ သခင်တို့ နန်းတော်ထဲမှာ ခိုက်ရန် ဖြစ်ပွားခဲ့ကြပါသည်၊ ထိုစဉ်က ကျွန်ုပ်တို့၏ သခင်မှာ ဟာရာကီရီ လုပ်၍ မိမိကိုယ်ကို အဆုံး စီရင်ရမည်ဟူသော ပြစ်ဒဏ်ကို ကျခံခဲ့ရပါသည်၊ ထို့ကြောင့် သူ၏ မိသားစုများမှာ ပျက်စီး ဆုံးရှုံးခဲ့ကြရပါသည်၊ ကျွန်ုပ်တို့သည် ယခု ညတွင် သူ့အတွက် လက်စားချေရန် လာရောက်ကြပါသည်၊ သူ၏ သစ္စာရှိသော ရဲမွေတော်များ၏ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရန် အတွက် ဖြစ်ပါ၏၊ ကျွန်ုပ်က အရှင်သခင်အား ကျွန်ုပ်တို့၏ တရားသဖြင့် ဖြစ်အောင် ဆောင်ရွက်သော အမှု၏ ရည်ရွယ်ချက်ကို အသိအမှတ် ပြုစေချင်ပါသည်၊ ထို့ကြောင့် အရှင်သခင်အား ယခုပင် ဟာရာကီရီ အမှုကို ပြုရန် တောင်းပန်ပါ၏၊ ကျွန်ုပ်သည်လည်း အရှင်သခင်၏ နည်းတူ ဒုတိယလူ အဖြစ် ဂုဏ်ယူဖွယ် အမှုကို ပြုပါမည်၊ ကျွန်ုပ်သည် အရှင့် ဦးခေါင်းကို ရယူပြီးလျှင် ထို ဦးခေါင်းကို အာဆန်နို တာကုမိနိကာမိ၏ သင်္ချိုင်းတွင် ပူဇော် ဆက်သလိုသော ဆန္ဒ ရှိပါသည်'

သို့သော် ရန်သူတော် မှူးမတ်သည် စကား တစ်လုံးမျှ ပြန် မပြောနိုင်ဘဲ ထိတ်လန့် တုန်လှုပ်၍သာ နေလေတော့၏။

ထိုအခါ ရိုနင်တို့၏ ခေါင်းဆောင်သည် ထိုသူ့ အပေါ် ခုန်အုပ်ပြီးလျှင် သူ့ခေါင်းကို သူ့သခင် မိမိကိုယ်ကို အဆုံး စီရင်သော ဓားဖြင့် ဖြတ်ယူ လိုက်လေတော့သည်။

ပြီးလျှင် ရိုနင်များ အားလုံး တစ်စုတစ်ဝေးတည်းဖြင့် သူတို့၏ သခင်ကြီး သင်္ချိုင်းသို့ သွားကြပြီးလျှင် သူ့သခင်၏ ဝိညာဉ်ကို ထိုဦးခေါင်းကို ပေးဆက်လိုက်ကြလေတော့၏။

ထို့နောက် သူတို့သည် အစိုးရက သူတို့ကို ပေးအပ်လာမည့် ပြစ်ဒဏ်ကို ခံယူ၍ ကျေအေးအောင် ဒဏ်ဆောင်သွားရန် အတွက် အသင့်ပင် ငြိမ်သက်စွာ စောင့်ဆိုင်းနေကြလေ၏။

အစိုးရက သူတို့အား အပြစ် ပြေအေးအောင် ဟာရာကီရီ ပြုလုပ်ကြရမည်ဟု အမိန့် ပေးလေသည်။ ဤတွင် သူတို့ အားလုံးသည် ကျေနပ်စွာ ဟာရာကီရီ လုပ်ပြီး မိမိကိုယ်ကို တစ်ဦးမကျန် အဆုံး စီရင်လိုက်ကြလေတော့၏။ ဂျပန် တစ်ပြည်လုံး ထိုသူတို့အား ဂုဏ်ပြု ချီးမွမ်းကြရလေတော့၏။

ထိုအခါမှ စ၍ ဤ ရိုနင် ၄၇ ဦးတို့၏ ဒဏ္ဍာရီဇာတ်လမ်းသည် ဂျပန် လူမျိုးတို့၏ စိတ်ထဲတွင် အနိုင်းမဲ့သော ဘူရှီဒို စိတ်ဓာတ်၏ နမူနာပြ ဖြစ်ရပ် အဖြစ် စွဲမြဲနေခဲ့လေတော့၏။

## ဘူရှီဒိုနှင့် ခေတ်သစ် စစ်သူရဲများ

ခေတ်သစ် ဂျပန် လူမျိုးတို့ အရေးထား လေးစားသော စိတ်တွင်လည်း ဘူရှီဒို ကိုယ်ကျင့်တရား အမြင်များက ဩဇာလွှမ်းမိုးလျက် ရှိသည် ဆိုသော အချက်မှာ သံသယ ဖြစ်ဖွယ် မရှိပေ။

ရုရှား ဂျပန် စစ်ပွဲ အတွင်းက စစ်သူရဲကောင်း ဖြစ်ခဲ့သော *ဗိုလ်ချုပ်ကြီး နိုဂီ*[1] သည် ၁၈၉၄ ခုနှစ်တွင် တရုတ်နှင့် စစ်ကြေညာကြောင်းကို ကြားသိရသော အခါ သူသည် ရှေ့တန်းသို့ ချက်ချင်း အိမ်မှ ထွက်ခွာသွားခဲ့လေသည်။ ဇနီး သားသမီးများကိုပင် နှုတ်မဆက်ခဲ့တော့ဟု ဆိုသည်။ ထို့နောက် ၁၉၁၂ ခုနှစ်တွင် မေဂျီ ဘုရင် နတ်ရွာ စံသွားသော အခါ ဗိုလ်ချုပ်အိုကြီးနှင့် သူ့ ဇနီးတို့သည် ဟာရာကီရီနှင့် ဂျီဂိုင်း အတိုင်း မိမိတို့ကိုယ်ကို အဆုံး စီရင်လိုက်ကြလေတော့သည်။ ဤကဲ့သို့ ပြုလုပ်လိုက်ခြင်းအားဖြင့် သူတို့သည် နောင်ဘဝမှာလည်း သူတို့၏ ဘုရင် မင်းမြတ်ထံတွင် ရင်းနှီးသော အခြွေအရံများ ဖြစ်ကြရမည်ဟု ယုံကြည်သောကြောင့် ဖြစ်၏။

ဤဖြစ်ရပ် အပြင် ဘူရှီဒိုနှင့် ဆာမူရိုင်း စိတ်ဓာတ်ကို ဖော်ပြသော အခြားသော ဖြစ်ရပ်များလည်း များစွာ ရှိ၏။

ထိုဖြစ်ရပ်များ အနက် နမူနာ ဖြစ်ရပ် တစ်ခုမှာ *ဗိုလ်ဆာကူရိုင်း*[2] ၏ ဖြစ်ရပ် ဖြစ်၏။ သူသည် ရုရှား ဂျပန် စစ်ပွဲ

---

၁။ General Nogi ၂။ Lieutenant Sakurai

အတွင်းက ပို့အာသာကို သိမ်းပိုက်သော တိုက်ပွဲတွင် ခြေလက် မသန်မစွမ်း ဖြစ်သွားခဲ့ရလေသည်။ ထို့နောက် သူသည် ဘာသာရေး ဆန်သော စစ်ပညာ စာအုပ် တစ်အုပ်ကို ရေးသားခဲ့လေသည်။ စာအုပ်၏ အမည်မှာ *မနုဿကျည်ဆန်* [၁] များ ဖြစ်၏။ ထိုစာအုပ်သည် ဂျပန်ပြည် တစ်ဝှမ်းလုံးတွင် လပေါင်း အတန်ကြာအောင် အလွန် ရောင်းကောင်းသော စာအုပ် တစ်အုပ် ဖြစ်ခဲ့လေသည်။

ထိုစာအုပ်၏ ခေါင်းစဉ်သည် ပို့အာသာကို သိမ်းပိုက်ရေး တိုက်ပွဲတွင် မိမိကိုယ်ကို ပဓာန မထားဘဲ စွန့်လွှတ်စွန့်စား တိုက်ပွဲ ဝင်ရင်း ရုရှားတို့၏ စက်သေနတ် အောက်တွင် ပြောင်ပြောင်ကြီး အသက် စွန့်သွားကြသော၊ စက်သေနတ်ဖြင့် တားဆီး၍ မရသော ဂျပန် စစ်သားများ၏ အကြောင်း ဖြစ်၏။

ထိုစစ်သားများ အနက် များစွာတို့သည် တိုက်ပွဲတွင် အထွတ်အထိပ် စွန့်လွှတ် စွန့်စားရေး အတွက် စိတ်အားထက်သန်ကြပုံကို ဖော်ပြထား၏။ ထိုသို့ အသက်ကို စွန့်လွှတ်ရခြင်းသည် အမျိုးကို ချစ်မြတ်နိုးခြင်း အတွက် ပြီးပြည့်စုံသော ဆုလာဘ် ဖြစ်သည်ဟု ထိုစစ်သားများ ခံယူခဲ့ကြပုံကို ဖော်ပြထားလေသည်။

ဗိုလ်ဆာကုရိုင်း ကိုယ်တိုင်မှာလည်း ဧကရာဇ် ဘုရင်ကြီးနှင့် တိုင်းပြည် အတွက် အသက်ကို စွန့်လွှတ်လိုသော မျိုးချစ် စိတ်ဓာတ် သွေးဆူလျက် ရှိ၏။

သူသည် ထိုးစစ် တစ်ခုကို မဆင်နွှဲမီ သူ့ရဲဘော်များကို သူ့အနားမှာ စုဝေးစေပြီးနောက် သစ္စာရေ တစ်ခွက်ကို ယူကာ 'ရဲဘော်တို့၊ ဒီရေကို သင်တို့ စိတ်ထဲမှာ သေခါနီး နောက်ဆုံး သောက်တဲ့ ရေအဖြစ်နှင့် သောက်ကြ' ဆိုပြီး တိုက်သည်။ ရဲဘော် စစ်သားများ အားလုံးလည်း မုချ သေမည် ဟူသော ဆုံးဖြတ်ချက်ဖြင့် ထိုရေကို သောက်လိုက်ကြသည်။ ထိုဆုံးဖြတ်ချက်ကား ဘုရင့်နောင် ဖောင်ဖျက်သကဲ့သို့ ဖြစ်၏။ စစ်သား အားလုံးက မိမိကိုယ်ကို ငဲ့ကွက်သောစိတ် လုံးဝ မရှိတော့ဘဲ ရှပ်ရှပ်ချွံချွံ တိုက်ပွဲကို ဆင်နွှဲကြလေတော့၏။

စစ်သားများ အားလုံး၏ စိတ်ထဲတွင် ဤတိုက်ပွဲကို နိုင်လျှင် နိုင်၊ မနိုင်လျှင်လည်း အသေ ခံဖို့ ဆုံးဖြတ်ပြီးသား ဖြစ်နေလေတော့၏။

ဘူရှီဒို ကိုယ်ကျင့်တရားနှင့် ပတ်သက်၍ ကျွမ်းကျင်သူ ပညာရှင်များက ကိုယ့်ကိုယ်ကိုယ် အဆုံး စီရင်ခြင်း စိတ်ရှုပ်ထွေးမှုသည် စစ်သူရဲကောင်းတို့၏ မူလ လမ်းစဉ်ကို သွေဖည်ရာ ကျသည်ဟု ဆိုကောင်း ဆိုကြပေမည်။

စစ်သူရဲကောင်းတို့သည် တိုင်းပြည်နှင့် အရှင်သခင် အပေါ်မှာ သစ္စာ စောင့်သိ ရှိသေရမည်။ မိဘတို့ အပေါ် ဝတ္တရား ကျေပွန်ရမည်။ တိုက်ပွဲတွင် ကြောက်ရွံ့ခြင်း ကင်းလျက် ရဲစွမ်းသတ္တိနှင့် ပြည့်စုံစွာ တိုက်ခိုက်ရမည်။ သေဘေး အန္တရာယ်နှင့် မလွဲသာမရှောင်သာ ကြုံတွေ့ကြရသော အခါ သူတို့သည် ဆင်ခြင်တုံ တရား ကင်းစွာ ရဲစွမ်းဖြင့် အသက်ကို စွန့်လွှတ်ကြရန်ကား မဟုတ်ပေ။ တစ်နည်းအားဖြင့် ၄င်းတို့ အနေနှင့် မိမိတို့၏ အိုးအိမ်၊ မိမိတို့၏ တိုင်းပြည်ကို လုံခြုံအောင် ကာကွယ်ရေး ကိစ္စကိုသာ အဓိက အရေးထား၍ စဉ်းစား ဆောင်ရွက်ကြရပေမည်။ ထိုသဘောမှာ မိမိတို့၏ အသက်ကို ရှည်နိုင်သလောက် ရှည်ကြာစွာ နေနိုင်အောင်ကိုသာ အဓိက ထား၍ ဆောင်ရွက်ကြရမည်ဟု ဆိုလိုသည်။

သို့သော် ဤစည်းမျဉ်းတွင်လည်း ခြွင်းချက် တစ်ခုကား ရှိသေး၏။ အရှက်တကွဲ အကျိုးနည်း ဂုဏ်သိက္ခာ ကျဆင်းရမည့် ကိစ္စ ဖြစ်မှုကား မိမိကိုယ်ကို အဆုံး စီရင်ခြင်း ဟာရာကီရိသည် တရား၏။ သို့ဖြစ်ရာ တာဝန် ဝတ္တရားကြီးကို ထမ်းဆောင်ရသော စစ်သူရဲ တစ်ဦးသည် စစ်ပွဲတွင် အဖမ်းခံရသော အခါ သို့မဟုတ် စစ်ရေး ကိစ္စ၌ အရေးကြီးသော ကိစ္စကို ထမ်းဆောင်နိုင်ခြင်း မရှိဘဲ ပျက်ကွက်သော အခါ၌ ထိုစစ်သူရဲသည် ဟာရာကီရိ လုပ်၍ မိမိကိုယ်ကို အဆုံး စီရင်နိုင်သည်။

## ရှင်တို ဘာသာနှင့် အစိုးရ စစ်ဝါဒ

ဒုတိယ ကမ္ဘာစစ် မတိုင်မီ ကာလကနှင့် စစ်ကြီး အတွင်း၌ တိုင်းပြည် အတွက် မိမိတို့၏ အသက်ကို စွန့်လွှတ် ပေးလှူခဲ့ကြသော ဂျပန် စစ်သားများ၏ ဂုဏ်ကို မြင့်တင်သော သတိရ အောက်မေ့ဖွယ်ပွဲများကို အထူး အလေး ဂရုပြု၍ ကျင်းပခဲ့ကြလေသည်။ သတ်မှတ်ထားသော နေ့ကြီး ရက်ကြီးများ၌ ဂျပန်ပြည် တစ်ဝန်းလုံးတွင် ရှင်တို ဘာသာဝင် နတ်ဆရာ ဘုန်းကြီးများသည် 'ဝိညာဉ်ခေါ် ယဇ်ပလ္လင်' ဟု ခေါ်သော သတ်မှတ်ထားသော နေရာများ၌ ဝတ်ရွတ်စဉ်များကို ရွတ်ဖတ် သရဇ္ဈာယ်ကြလေသည်။

ထိုပူဇော်ပွဲတွင် သေဆုံးသွားသော သူရဲကောင်း စစ်သည်များ၏ ဝိညာဉ်များကို အပူဇော်ခံ ကြွရောက်ကြပါရန် ဖိတ်မန္တက ပြုရလေသည်။ တိုကျို မြို့တွင် ဂျပန် အစိုးရက

---

၁။ Human Bullets

ရှင်တို ဘာသာ နတ်ကွန်းကြီး တစ်ခုကို တည်ဆောက်ထားသည်။ ထိုနတ်ကွန်းတွင် နှစ်စဉ် ကြည်းတပ် ရေတပ်များမှ ကျဆုံးသွားသော စစ်သည် သူရဲကောင်းများကို ပူဇော် ပသ၍ ဂုဏ်ပြုသော အခမ်းအနား ပွဲကြီးကို ဆင်ယင် ကျင်းပလေသည်။

*ယာဆုကုနီ-ဂျင်ဂျ* [၁] ဟု ခေါ်သော ဤနတ်ကွန်းကြီးကို ကြည်းတပ်နှင့် ရေတပ် အရာရှိကြီးများသည် လက်နက်ကိုင် တပ်ဖွဲ့များ၌ မျိုးချစ် စိတ်ဓာတ်ကို မြှင့်တင်နိုင်ရေး အတွက် ပူဇော် ပသပွဲ အခမ်းအနား ပွဲကြီးများကို ပုံမှန်အားဖြင့် ကျင်းပ ပြုလုပ်ကြလေသည်။ ဤနတ်ကွန်းကြီးထဲတွင် တိုက်ပွဲများ၌ ကျဆုံးသွားကြသော စစ်သူရဲကောင်းများ၏ အမည်များကို ကမ္ပည်း တင်ထားသည်။ ထိုကမ္ပည်းများမှာ ယခုထက်တိုင် တည်ရှိသည်။

စစ်သူရဲကောင်းများ အတွက် စစ်စိတ် စစ်သွေး ထက်သန်ရေး ကိစ္စကို အခြား ဌာနများက ဆောင်ရွက်ပေးခဲ့သော အချိန် ကာလများလည်း ရှိခဲ့၏။ ထိုစဉ်အခါကမူ ထိုကိစ္စကို တက္ကသိုလ်များရှိ ရှင်တို ဘာသာ ဌာနများရှိ ပါမောက္ခများ၏ စာပေ အရေးအသားများဖြင့် ဆောင်ရွက် ပေးခဲ့ကြပါသည်။ ဘာသာရေး ဆိုင်ရာ အမျိုးသားရေး စိတ်ဓာတ် တက်ကြွအောင် ပြုလုပ်ပုံ အစွန်း တစ်ဖက် ရောက်ခဲ့သည့် ဖြစ်ရပ်မျိုးလည်း ရှိခဲ့ဖူးလေသည်။

အောက်တွင် ဖော်ပြမည့် ထင်ရှားသော ပါမောက္ခတစ်ဦး၏ စာတမ်း တက်ထားပုံတွင် ကောင်းစွာ ပေါ်လွင်ထင်ရှားပါသည်။

သူက ရှင်တို ဘာသာသည် ဘာသာ အယူဝါဒ အားလုံး၌ ပါဝင်သော ယုံကြည် သက်ဝင်မှု အခြေခံပင် ဖြစ်သည်ဟု ဆိုသည်။ ရှင်တို ဘာသာသည် ဘာသာ အားလုံးနှင့် ဆိုင်သော ဘာသာ အယူဝါဒပင် ဖြစ်သည်။ ထို စကားအတွက် သူက သက်သေခံ အထောက်အထားကို ရှာပြရာတွင် ကိုဂျိကီ ကျမ်းတွင် ပါဝင်သော ပထမ ဝါကျ၌ ပထမ နတ်ကြီးက ဖော်ပြထားချက်ကို သက်သေခံ ထုတ်ပြလေသည်။ ဗဟို နတ်ပြည်၏ အရှင်သခင် နတ်မင်းကြီးသည် ဘာသာ အသီးသီးနှင့် ဒဿန အသီးသီးက အသိအမှတ် ပြု၍ လက်ခံထားသော စကြဝဠာ၏ အရှင်သခင် ဖန်ဆင်းရှင် နတ်မင်းကြီးမှ တစ်ပါး အခြား မဖြစ်နိုင်ဟု သူက ဆိုသည်။ ထို နတ်ဘုရားကား အရာခပ်သိမ်းတို့၏ အခြေခံ ဖြစ်သော ထာဝရ နတ်မင်းကြီးလည်း ဖြစ်၏။ ထို့ကြောင့် သူက ရှင်တို ဘာသာ၌ မူလ အစကတည်းကပင် အလုံးစုံ အကျုံးဝင်သော ဝိညာဉ် သဘောကြီးသည် ပါဝင်ပြီး ဖြစ်သည်ဟု ဆိုလေသည်။ ထိုဝိညာဉ်ကြီးသည် လူပုဂ္ဂိုလ် တစ်ဦးချင်း၏ အသက် ဝိညာဉ် အဖြစ်လည်း ဖော်ဆောင်လျက် ရှိသည်။ ထို့ကြောင့် ရှင်တို ဘာသာထဲတွင် ကျန်သော ဘာသာ အယူဝါဒများ အားလုံး အကျုံးဝင်လျက် ရှိသည်မှာ ထင်ရှားသည်။ ထို့ကြောင့် ဗုဒ္ဓ၊ ကွန်ဖြူးရှပ်၊ လောင်ဇူး၊ ယေရှု ခရစ်တို့ အားလုံးတို့သည်လည်း ၎င်းတို့ ကိုယ်တိုင်က သတိ မပြုမိကြစေကာမူ ရှင်တို ဘာသာ၏ သာသနာပြု ပုဂ္ဂိုလ်များချည်းသာ ဖြစ်ကြသည်ဟုလည်း သူက ဆိုလေသည်။

သို့သော် ရှင်တို ဘာသာမှာ ထူးခြား ပေါ်လွင်သော အချက် တစ်ချက်ကား ရှိ၏။ ထိုအချက်ကြောင့်လည်း ဤဘာသာသည် ကြီးကျယ်လျက် ရှိ၏။ ထိုအချက်မှာ နိုင်ငံရေးနှင့် ဘာသာရေးကို ခွဲခြားခြင်း မပြုသော အချက်ပင် ဖြစ်သည်။ ဂျပန် ဧကရာဇ်သည် နိုင်ငံရေး အရ အချုပ်အခြာ အာဏာပိုင် ဖြစ်သလို ဘာသာရေး အရလည်း အချုပ်အခြာ အာဏာပိုင် ဖြစ်၏။ ထိုအချက်မှာ နေနတ်သမီး အမတာရာဆု လက်ထက်ကတည်းက စဉ်ဆက်မပြတ် ဖြစ်ခဲ့သော အစဉ်အလာကြီး တစ်ခု ဖြစ်၏။

ဂျပန် ဧကရာဇ်သည် စကြဝဠာ ဝိညာဉ်တော်ကြီး၏ အလိုတော် အရ လူ့ပြည်သို့ ကိုယ်စား အုပ်ချုပ်ရန် ကြွလာသူ သက်ရှိ ပုဂ္ဂိုလ် ဖြစ်၏။ ထိုပုဂ္ဂိုလ်ကို အခြားသော တိုင်းပြည် နိုင်ငံများတွင် နာမည် အမျိုးမျိုးဖြင့် ကိုးကွယ်ခြင်းကို ခံရသည်။ ဂျပန်ပြည်တွင်ကား သူသည် ဧကရာဇ် ဘုရင်မင်းမြတ် ဖြစ်သည်။

ထို ပါမောက္ခက 'ဧကရာဇ် ဘုရင်သည် လူ့အသွင်ဖြင့် ဖော်ဆောင်ထားသော နတ် ဖြစ်သည်။ သူသည်ကား နတ်၏ ဖော်ဆောင်မှုပင်တည်း' ဟုလည်း ဆိုလေသည်။ ကျွန်ုပ်တို့ တိုင်းပြည်၏ ဧကရာဇ် ဘုရင် မင်းမြတ်သည်ကား ဤလောက၌ တုဖက် မမြင်သော အရည်အသွေးများဖြင့် ပြည့်စုံသော အနှိုင်းမဲ့ ပုဂ္ဂိုလ် ဖြစ်သည်ဟုလည်း သူက ဆိုလေသည်။ ထို့ကြောင့် ဘုရင်သည် ဘုရားလည်း ဖြစ်၍ မင်းလည်း ဖြစ်သည်။

ဂျပန် စစ်ဘက်ကလည်း ဤ အမြင်ကို လက်ခံရန် လက်မနှေးခဲ့ကြပေ။

ဤအချက်ကို ယူ၍ စစ်အောင်နိုင်ခြင်းသည် ဂျပန်နိုင်ငံ အတွက် ဘုရား၏ ဝတ္တရားကို ဆောင်ရွက်ခြင်းပင် ဖြစ်သည်ဟု ယူကြလေသည်။

---

၁။ Yasukuni-Jinja

ထိုစကားကို ကြည့်လျှင် ဘာသာရေး တန်ဖိုးများ ရောထားသော အမျိုးသားရေး စိတ်ဓာတ် အမြင်ကို တွေ့ရမည် ဖြစ်ပါသည်။

စစ်ဘက် အမြင်ဖြင့် ကြည့်လျှင်လည်း ဤအယူအဆသည် အသုံးကျသော ယုံကြည်မှု ဖြစ်သည်။

ဤ မျှော်လင့်ချက်၏ လှုံ့ဆော်မှုကြောင့် ဂျပန် လူမျိုးများသည် အာရှတိုက် တစ်ခုလုံး၏ ကံကြမ္မာကို ဖန်တီးရေး အတွက်နှင့် တစ်ကမ္ဘာလုံးကို စိုးမိုးရေး အတွက် တိုက်ပွဲ ဝင်ရန် အင်အားကို ဖန်တီးပေးခဲ့လေတော့သည်။ သို့ရာတွင် ဒုတိယ ကမ္ဘာစစ် အပြီးတွင် ဂျပန် လူမျိုးတို့၏ စစ်ရေး အမြင်သည် ဘေးသင့်ခဲ့လေတော့သည်။

ဂျပန် လူမျိုးများ စစ်ရှုံးခဲ့ပြီးနောက် အနောက်တိုင်း သိပ္ပံ ပညာ၊ အနောက်တိုင်း ဒဿန ပညာ၊ အနောက်တိုင်း ဘာသာရေးတို့နှင့် ကြုံတွေ့ကြရပြီးနောက် အသစ် ဖြစ်ပေါ်လာသော ဒီမိုကရေစီနည်းကျ လူမှု ဘဝကို မြင်တွေ့ခဲ့ကြရလေတော့သည်။

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


1. Anesaki, M. The History of Japanese Religion
2. Holtom, D.C. The National Faith of Japan
3. Sakamaki, Shujo Shinto: Japanese Ethnocentrism
4. Aston, W.G. Shinto; The Way of Gods

# အပိုင်း ( လေး )
# အရှေ့နီး ဒေသမှ ဘာသာ အယူဝါဒများ

အနောက်တိုင်းသား သာမန် စာဖတ်သူများ အနေနှင့် အရှေ့တိုင်း ဘာသာ အယူဝါဒများမှ အရှေ့နီး ဒေသ ဘာသာ အယူဝါဒများဆီသို့ ဦးလှည့်၍ လေ့လာသော အခါ ရင်းနှီး ကျွမ်းဝင်ပြီး ပတ်ဝန်းကျင်ထဲ ရောက်ရှိသွားသလို ခံစားရမိပေမည်။ ဖြစ်ပွားနေသော အယူအဆများမှာလည်း ပို၍ အလွယ်တကူ နားလည်နိုင်သော အယူဝါဒများ ဖြစ်နေသည်ကို တွေ့ရမည်။ အိန္ဒိယနှင့် အရှေ့ဖျား ဒေသမှ ဘာသာ အယူဝါဒများမှာ နားလည်ရန် အလွန် ခက်ခဲလှသည် မဟုတ်စေကာမူ အနောက်တိုင်းသား လေ့လာသူ အနေနှင့် ထိုဘာသာ အယူဝါဒများသည် သူ့အတွက် အလွန် စိမ်းနေသည် ဟူသော ခံစားချက်ကို သူ့ ရင်ထဲမှာ ဖန်တီး ဖြစ်ပေါ်လာစေနိုင်သည်။ ဥပမာ သူသည် နတ်ဘုရား များစွာကို ယုံကြည် ကိုးကွယ်သူ များနှင့် လည်းကောင်း၊ သို့မဟုတ် လူဝင်စား နတ်ဘုရား ဆိုသော အယူအဆနှင့် လည်းကောင်း အကျွမ်း တဝင် ရင်းရင်းနှီးနှီး ရှိမည် မဟုတ်ပေ။ ထို့အတူ သူ့မှာ ကိုယ့်ကိုယ်ကိုယ် သဘာဝ တရားနှင့် ထပ်တူ ပြုသော၊ သဘာဝ၏ စွမ်းအားစုများကို မျှဝေ ခံစားသော အရှေ့တိုင်း ဂမ္ဘီရ ဝါဒကိုလည်း ခံစားတတ်မည် မဟုတ်ပေ။ ထို့ပြင် သူသည် ထာဝရ ဘုရားသခင်ကိုလည်း ကောင်းကင်ဘုံ၊ တောက်၊ ဗြဟ္မာ-အတ္တမံ သို့မဟုတ် အဓိဗုဒ္ဓ ဟူ၍ ပုဂ္ဂိုလ်မဲ့ သဘောဖြင့်လည်း နားလည်နိုင်မည် မဟုတ်ချေ။ နေ့စဉ် ဘဝတွင် လိုက်နာ ကျင့်ကြံအပ်သော ကိုယ်ကျင့်သီလ သိက္ခာပုဒ်များကို ချမှတ်ပေးသော ဘာသာ အယူဝါဒမျိုး နှင့်သာ အလေ့အကျင့် ရနေသော အနောက်တိုင်းသား လေ့လာသူသည် အရှေ့တိုင်း ဘာသာ အယူဝါဒ များ၌ သူ မျှော်လင့်သလို ကိုယ်ကျင့်သီလ သိက္ခာပုဒ်များကို ကြိုတင် ချမှတ်ထားခြင်းမျိုးကို မတွေ့ရ တော့ပေ။

အရှေ့နီး ဒေသမှ ဘာသာ အယူဝါဒများတွင်ကား အနောက်တိုင်းသား လေ့လာသူ အဖို့ ပို၍ နားလည်ရ လွယ်သော မြင်ကွင်းကို တွေ့ရနိုင်ပေသည်။ ထာဝရ ဘုရားသခင်သည် ပုဂ္ဂိုလ် အသွင်ကို ဆောင်နေသည်။ ထိုဘုရားကို အနည်းနှင့် အများ လူသားဆန်ဆန် ရှုမြင်နိုင်သော သဘော ရှိသည်။ အလွန် ကောင်းမွန်သော ကိုယ်ကျင့်တရားကို လိုလားသော သဘော ရှိသည်။ ဘုရား များစွာ ကိုးကွယ် သော အယူအဆသည် အရှေ့နီး ဒေသရှိ *ဘာသာ* ကိုးကွယ်မှုများတွင် ဝိညာဏ *ဗဟုဝါဒ*[၁] ဖြစ်လာသည်။ ထိုဝါဒထဲတွင် ထာဝရ ဘုရားသခင်သည် ဖန်ဆင်းရှင် ဖြစ်လာသည်။ စကြဝဠာ လောကကြီးကို စောင့် ရှောက် ကျွေးမွေးသူ ဖြစ်လာသည်။ ထိုအရှင်၏ ဘေး ပတ်ဝန်းကျင်တွင် ကောင်းမှု ကုသိုလ်ကို ပြု၍ ကောင်းကျိုး ချမ်းသာကို ရရှိလာသော လူများနှင့် ကောင်းကင်တမန် နတ်များ ခြံရံလျက် ရှိသည်။ ဘာသာ တရားသည် ဘဝနှင့် လောကကို အောင်နိုင် ကြီးစိုးသော နည်းလမ်း တစ်ခုသာ ဖြစ်သည်။ လောကကို လည်းကောင်း၊ ဘဝကို လည်းကောင်း ငြင်းပယ်ရန် မဟုတ်။ လောကမှ ထွက်ပြေးရန် မဟုတ်ပေ။ တပဿီ အကျင့်သည် အဓိက မဟုတ်။ သာမညသ ဘောမျှသာ ဖြစ်သည်။ သဘာဝ တရားသည် လက်အောက်ခံ အမှန်တရား (သမုတိသစ္စာ) မျှသာ ဖြစ်သည်။ ဖန်ဆင်းထားအပ်သော အရာမျှသာ ဖြစ်သည်။ သဘာဝ တရားသည် ဘုရားသခင်နှင့် လူသားတို့၏ ဆက်ဆံရေး သဘောကို ဖော်ဆောင်သည့် ဇာတ်လမ်းကို ခင်းကျင်းပြသရာ ဇာတ်ခုံမျှသာ ဖြစ်သည်။ ထိုသို့ ၄င်း၏ အသုံး ကျမှု

၁။ Spiritual Pluralism

သည် အဆုံးသို့ ဆိုက်ရောက်သွားသော အခါ ထို သဘာဝ တရားကြီးလည်း ပျက်စီးသွားမည်သာ ဖြစ်သည်။ ကမ္ဘာ ပျက်ဦးမည် ဖြစ်သည်။

ထို့နောက် ဆိုကြပါစို့။ အရှေ့နီး ဒေသ ဘာသာ အယူဝါဒများသည် ဟိုမှ သည်မှ အနည်းငယ်သော မဖြစ်စလောက် ခြွင်းချက်မှအပ လူပုဂ္ဂိုလ်၏ တန်ဖိုးကို အမြင့်ဆုံးထားသော အယူဝါဒများ ဖြစ်သည်ဟု ဆိုနိုင်သည်။ လူနှင့် ဘုရားတို့၏ ဆက်ဆံရေးကိုလည်း ပုဂ္ဂိုလ် ပုဂ္ဂိုလ်ချင်း မျက်နှာချင်းဆိုင် တွေ့ရမည်ကဲ့သို့ ယူဆသည်။ ထိုနေရာတွင် ကုသိုလ် ကောင်းမှု ဆိုသော ကိုယ်ကျင့်တရားတို့သည် အရေးပါသည်။

ထို့ပြင် လူသားသည် ဘုရားသခင်နှင့် ဝိညာဉ်ချင်း ဆက်စပ်သည့် သဘောအားဖြင့် သဘာဝ တရားကို လွန်မြောက်၍ ရပ်တည်နိုင်သည်။ အရှေ့တိုင်းသားများ ယုံကြည်ကြသလို လူသားသည် သဘာဝထဲမှာ ပိတ်မိခံနေရသည့် သဘော မရှိပေ။ နတ်၊ လူနှင့် သဘာဝ တရားတို့သည် တစ်ခုတည်းသော အရာအဖြစ်ဖြင့် ပေါ်ပေါက်လာသည်ဟု မဖော်ပြနိုင်။ သို့သော် ၎င်းတို့မှာ တသီးတခြားစီဖြင့် အခြေခံအားဖြင့် ကိုယ့်သိက္ခာနှင့်ကိုယ် တည်ရှိနေကြပေသည်။

## အခန်း ( ၁၂ )
## ဇိုရိုအက်စတာ ဘာသာ

ကမ္ဘာပေါ်ရှိ ဘာသာ ယုံကြည် ကိုးကွယ်မှု ဆိုင်ရာ အဆောက်အဦများနှင့် အတွေ့အကြုံများကို လေ့လာခဲ့ကြရာတွင် ကျွန်ုပ်တို့သည် စိတ်ဝင်စားဖွယ် ကောင်းသော အချက်သို့ ဆိုက်ရောက်လာပြီ ဖြစ်ပါသည်။ ပို၍ ထင်ရှားစွာ လူသားတို့၏ တွေးခေါ် မြော်မြင်မှု သမိုင်းတွင် ကျွန်ုပ်တို့သည် *ဇိုရိုအက်စတာ* [၁] ဘာသာ၏ ဆင့်ကဲ တိုးတက်မှု ဖြစ်စဉ်နှင့် ၎င်း၏ အိမ်နီးချင်း ဘာသာ ဖြစ်သော ဟိန္ဒူ ဘာသာတို့၏ တိုးတက် ဖြစ်ပေါ်မှု ဖြစ်စဉ်ကို ရှုမြင်ကြရာတွင် ပထဝီ ပတ်ဝန်းကျင်၏ လူတို့၏ ယုံကြည် ကိုးကွယ်မှု အပေါ် အကျိုး သက်ရောက်မှု အပိုင်းကို တွေ့မြင်ကြရပေသည်။

ဇိုရိုအက်စတာ ဘာသာနှင့် အာရိယန် လူမျိုးတို့၏ ဟိန္ဒူ ဘာသာတို့သည် ဖြစ်ပေါ်ရာ ဇီဇ ရင်းမြစ်ချင်း တူညီကြပေသည်။ ရေကြည်ရာ မြက်နုရာ လှည့်လည် သွားလာနေကြသော အင်ဒို အာရိယန် လူမျိုးများသည် ခရစ်တော် မပေါ်မီ နှစ်နှစ်သန်းလောက် ကာလက အတူတကွ လာခဲ့ကြရာမှ ကက်စပီယန် ပင်လယ် အနီးတွင် လူစု ခွဲခဲ့ကြလေသည်။ လူတစ်စုက အိန္ဒိယ ပြည်ထဲသို့ ဝင်သွားကြပြီး အခြား အုပ်စု တစ်စုက အီရန် ကုန်းမြင့်ဆီသို့ ထိုးထွင်း ဝင်ရောက် သွားခဲ့ကြလေသည်။ ဤကဲ့သို့ ရပ်သဘော အားဖြင့် ခွဲခွာကြခြင်းသည် ယဉ်ကျေးမှု အပြိုင် ဖြစ်ပေါ်စေသော အကြောင်း ဖြစ်ခဲ့လေတော့သည်။

ဆိုကြပါစို့၊ အိန္ဒိယထဲသို့ ဝင်သွားကြသော အာရိယန် လူမျိုးများနှင့် အီရန် ကုန်းမြင့်သို့ ဝင်သွားကြသော အာရိယန် လူမျိုးများသည် ရှေးက ၎င်းတို့ နေထိုင်ခဲ့ကြသလို ဥရောပ တောင်ပိုင်း မြေမြင့် တစ်နေရာရာ၌သာ အတူ ယှဉ်တွဲ၍ နေထိုင်ခဲ့ကြမည် ဆိုလျှင်လည်း သူတို့သည် ဇိုရိုအက်စတာ ဘာသာနှင့် ဟိန္ဒူ ဘာသာ ဆိုသော အလွန် ကွဲပြား ခြားနားသော အယူဝါဒများကိုပင် ထူထောင်ခဲ့ကြပေလိမ့်မည်။ ဤသို့ ဘာကြောင့် ဖြစ်ရသလဲဟု မေးမြန်းခြင်းကား အချည်းနှီးသာ ဖြစ်၏။ သူတို့ ပျံ့နှံ့ လာကြရာတွင် အချိန်နှင့် ပတ်ဝန်းကျင် ရေမြေ သဘာဝ အခြေအနေများက ၎င်းတို့ကို ဝင်ရိုးစွန်း တစ်ဖက်စီသို့ ရောက်ရှိသွားအောင် ဖန်တီးခဲ့သောကြောင့် ဖြစ်၏။

ဇိုရိုအက်စတာ ဘာသာ၏ သမိုင်း ဖြစ်စဉ်ကို ပြောပြရန် မလွယ်ကူပေ။

ကျွန်ုပ်တို့ ရရှိထားသော ရင်းမြစ် အထောက်အထားများမှာလည်း ရှင်းလင်းခြင်း မရှိသည့်ပြင် ခိုင်မာခြင်းလည်း မရှိပေ။ ဝေဒ ဘာသာရေးကို လေ့လာစဉ်က အတိုင်းပင် ဖြစ်တော့သည်။

ဇိုရိုအက်စတာ ဘာသာ၏ ပိဋက ကျမ်းစာ ဖြစ်သော *အာဗက်စတာ* [၂] သည် အရောရောအနှောနှော သောင်းပြောင်းထွေလာ ဖြစ်နေသည်။ အစေး ကပ်ခြင်းလည်း မရှိ။ အမှန်အားဖြင့်လည်း ဤကျမ်းသည် ရှေးက ရှိခဲ့သော စာပေစုကြီး၏ အစိတ်အပိုင်း တစ်ခုသာ ဖြစ်နေ၏။ အခြား အစိတ်အပိုင်းကြီးများမှာ ပျောက်ဆုံးကုန်ကြပြီ ဖြစ်၏။

အာဗက်စတာ ကျမ်းကြီးထဲမှ ကျွန်ုပ်တို့ အတွက် အရေး အကြီးဆုံးသော အစိတ်အပိုင်းမှာ *ယာဆာနာ* [၃] ဖြစ်၏။

အကြောင်းမှာ ထိုကျမ်းထဲတွင် ဂါထာများ (ဇိုရိုအက်စတာ ဂါထာ) ဖြစ်၏။ ရှေးက ပြောဆိုခဲ့ကြသော ရှေးစကား ပေါရာဏများဖြင့် ရေးသားထား၏။ (ဝေဒကျမ်းများကို ရေးသားထားသော ဘာသာ စကားနှင့်ကား နီးစပ်၏။) ထိုကျမ်းထဲတွင် ဇိုရိုအက်စတာ၏ ဘဝ အတွေးအခေါ်နှင့် ပတ်သက်သော ယုံကြည် စိတ်ချရသော တစ်ခုတည်းသော သတင်း အချက်အလက်များ ပါဝင်ပေသည်။

---

၁။ Zoroastrianism

၂။ Avesta

၃။ Yasna

အာဗက်စတာ၏ အခြား အစိတ်အပိုင်းများမှာ *ဗိပါရက်* [၁]၊ *ဝန္ဒိဒါ* [၂] နှင့် *ယသျှတ* [၃] ခေါ် ချီးမွမ်းခြင်း ဂါထာများ ဖြစ်ကြသည်။ ထို့ပြင် ကောခ အာဗက်စတာ ခေါ် အာဗက်စတာ ကျမ်းငယ်တို့ ဖြစ်ကြသည်။ ၎င်းကျမ်းများမှာ ယုံကြည် အားထားဖွယ် မရှိပေ။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏ နောက်ပိုင်း ကာလ အပြောင်းအလဲများနှင့် လောက အမြင်များ အပေါ် အလေးထားမှုများကြောင့် ဖြစ်၏။

ကျွန်ုပ်တို့၏ လေ့လာမှု လမ်းကြောင်းမှာကား ဇိုရိအက်စတာ မတိုင်မီက အီရန် လူမျိုးတို့ ကိုးကွယ်ခဲ့ကြသော ဘာသာရေးကို စတင် လေ့လာရမည် ဖြစ်၏။ ပြီးမှ ဇိုရိအက်စတာ၏ ဘဝ ဖြစ်စဉ်နှင့် သူ၏ ဟောကြားချက်များကို လေ့လာရမည် ဖြစ်၏။

ထိုနောက်မှ သူ၏ ဘာသာရေး စနစ်ထဲသို့ နောင်အခါ သွတ်သွင်းလာကြသော အပြောင်းအလဲများ အကြောင်းကို လေ့လာရမည် ဖြစ်၏။

## ၁။ ဇိုရိအက်စတာ မတိုင်မီက အီရန် ဘာသာရေး

ဤတွင် အချက်အလက်များကို တိတိကျကျ ဆုံးဖြတ်ရန် အတွက် အခက်အခဲ ရှိ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ရရှိထားသော ဇိုရိအက်စတာ၏ လူသိများသော ဘာသာရေး ဆိုင်ရာ အချက်အလက်များသည် အာဗက်စတာ ကျမ်းထဲတွင် ဆန့်ကျင်ထားသော ကျမ်းကိုးများမှ ဖြစ်နေသောကြောင့် ဖြစ်၏။ အခြားသော အလင်းရောင် အချို့ကိုမူ မကြာမီက တူးဖော် တွေ့ရှိခဲ့သော ကျောက်စာများမှ ရရှိခဲ့၏။ ထို ကျောက်စာများသည် အာဗက်စတာ ကျမ်းပါ အချက်အလက်များကို အတည်ပြု၍ ဖြည့်စွက်နိုင်ခဲ့၏။ သို့သော် အထောက်အထားများကား ဤမျှသာ ဖြစ်၏။

ကျွန်ုပ်တို့ သိရသမျှမှာ အီရန် လူမျိုးများ၏ အများ ကိုးကွယ်ရာ ဘာသာ အယူဝါဒသည် ဝေဒ ဘာသာ၌ ပါဝင်သော အချက်အလက်များနှင့် တူညီနေပေသည်။

လူသာမန်တို့က 'ဒေဝ' ဆိုပြီး ရှိခိုး ကိုးကွယ် နေကြသော အရာများမှာ ကိုယ်ရောင် ကိုယ်ဝါ ထွန်းလင်းတောက်ပသော အရာဝတ္ထုများ၏ အမည် နာမများ ဖြစ်ကြ၏။ ၎င်းတို့မှာ သဘာဝ တရား၏ တန်ခိုးသတ္တိများ ဖြစ်သော နေ၊ လ၊ နက္ခတ်တာရာ၊ မြေ၊ မီး၊ ရေ၊ လေ စသည် တို့၏ အမည်များ ဖြစ်ကြလေသည်။

ထိုနတ်အမည်များထဲတွင် ထင်ရှားသော အမည်မှာ ဣန္ဒြာ (ဝေဒကျမ်းမှာ ဣန္ဒြ) နဂါးကို သတ်သော မိုးနတ်။ သို့ရာတွင် အီရန်တို့၏ ဘာသာတွင် ဣန္ဒြာသည် အိန္ဒိယ အာရိယန် လူမျိုးများထဲတွင် ထင်ပေါ် ကျော်ကြားသလောက် အရေးပါ အရာ ရောက်ခြင်း မရှိပေ။ ဣန္ဒြာကို မေတြာ (ဝေဒ မေတ္တာ) က စိုးမိုးနေသည်။ မေတြာသည် အလွန် လူကြိုက် များသော နတ် ဖြစ်သည်။ အာရိယန်တို့၏ ကျေးလက် ပုံပြင်များထဲတွင်လည်း ထိုနတ်ကို လူသိရှင်ကြား များလှသည်။

ဘီစီ ၁၄၀၀-၁၃၀၀ အတွင်း အေရှမိုင်းနားတွင် တွေ့ရှိရသော ဟစ်တိုက် ကျောက်စာတွင် သူ့ကို *မီးဒရပ်ရှီးလ်* [၄] အမည် အောက်တွင် ဖော်ပြထားသည်။

ထိုနတ်သည် *မီတာနီ* [၅] ခေါ် ထိုဒေသရှိ အာရိယန် လူမျိုးစုတို့၏ အကြီးဆုံး နတ် ဖြစ်၏။ ထို လူမျိုးစုများ အတွက် သူသည် စစ်နတ်လည်း ဖြစ်သည်။ အလင်းရောင် နတ်လည်း ဖြစ်သည်။ သူသည် သစ္စာ ရှိမှု၊ သစ္စာ စောင့် စည်းမှု အတွက် ရပ်တည်သော နတ် ဖြစ်သည်။ နောက်ပိုင်း ဂါထာများ၌ (ကောခ အာဗက်စတာတွင်) ဤ နတ်ကို မင်းသားများ စစ်ထွက်ခါနီးတွင် ကိုးကွယ်သော နတ် အဖြစ် ဖော်ပြထားလေသည်။

မေတြာနှင့် အတူ ပေါ်ပေါက်လာသော နတ်တစ်ပါး ရှိသေး၏။ ဟစ်တိုက် ကျောက်စာထဲတွင် ထိုနတ်၏ အမည်ကို ဥရုနဿသျှီး ဟူ၍ ဖော်ပြထား၏။ ဂရိ လူမျိုးတို့ အထဲတွင် ထိုနတ်သည် 'ဥရာနိုစ်' ဖြစ်သည်။ ဝေဒကျမ်းများ၌မူ ၎င်းကို ဝရုဏဟု ဖော်ပြခဲ့ကြလေသည်။ ကောင်း

၁။ Vispared
၂။ Vendidad
၃။ Yashts
၄။ Miidraashshiill
၅။ Mitanni

ကင်ကို အစိုးရသော နတ်၊ အကျင့် သီလကို စောင့်သော နတ် ဖြစ်သည်။ ထိုနတ်သည် မြင့်မားသော ကိုယ်ကျင့်တရား ရှိသော နတ် ဖြစ်သည်။

ထို့နောက် ကမ္ဘာ လောကကြီး ဖြစ်ပေါ်လာပုံ အကြောင်း သဘာဝပိုင်းနှင့် ကိုယ်ကျင့်တရားပိုင်းကို ကြား သိရပြန်သည်။ ထိုသဘောတရား၏ ဂုဏ်သတ္တိများမှာ မှန်ကန်ခြင်း၊ သစ္စာနှင့် ဘုရား၏ အမိန့်အာဏာများ ဖြစ်သည်။ (ဤ အယူအဆသည် ဝေဒကျမ်းများထဲမှ ရီတာ သဘောတရား) ပင် ဖြစ်သည်။ ထို့နောက် အမြဲနတ် နာသစ္စာ သို့မဟုတ် အသဃဝင် (၄င်းတို့ကို ဟစ်တိုက် ကျောက်စာထဲတွင် *နာသျာဒ်ချာနွား* [၁] ဟု ခေါ်သည်။) ကို နှောင်းခေတ် ပါသျှန် လူမျိုးများက နတ် တစ်ပါးတည်း အဖြစ် အဆင့်လျှော့ချပြီးလျှင် မရဏ သေမင်း ယမ အဖြစ် သတ်မှတ်ခဲ့ကြလေသည်။ ၄င်းသည်ပင် ပထမဆုံးသော သေရမည့် လူသား ယီမာ (ဝေဒ ကျမ်းများ၌ *ယာမ* [၂]) မင်း ဖြစ်လာသည်။ ထို့နောက် ဘိုးဘွားဘီဘင် ရိုးရာ ဖခင်နတ် အဖြစ် *ဖရာဝသီ* [၃] ကို သတ်မှတ်သည်။ ၄င်းမှာ ဝေဒကျမ်းပါ *ပီထရာ* [၄] ပင် ဖြစ်သည်။

ဤ နတ်တန်ခိုးများကို ရှိခိုး ကိုးကွယ်ကြပြီး ယဇ်ပူဇော်ခြင်းကိုလည်း ပြုကြသည်။ ကောင်းကင် လေဟာပြင် အောက်တွင် ယဇ်ပလ္လင်ကို ထားပြီး ယဇ်ပလ္လင် ဘေးတွင် နတ်ဆရာ၏ အကူအညီဖြင့် မီးကို ပူဇော်ကာ *ဟိုးမ* [၅] ခေါ် ယဇ်ရည်ကို စတီသောက်ပြီး ပူဇော်ကြသည်။

ထိုယဇ်ရည်မှာ ဝေဒ ခေတ်က သောမရည်ပင် ဖြစ်သည်။

ရှေးကျသော အီရန် လူမျိုးများ၏ မီးကို ပူဇော်ခြင်းမှာလည်း ထူးခြားသော စိတ်ဝင်စားဖွယ် ကိစ္စ တစ်ခု ဖြစ်သည်။ ထိုအလေ့အထသည် ရှေးက အိန္ဒိယ လူမျိုးများ၏ မီးကို ပူဇော်ခြင်းနှင့် သဘောချင်း တူညီနေသော အကြောင်းကြောင့်သာ မဟုတ်ပေ။ ထို့ပြင် ဇိုရိအက်စတာ အယူဝါဒ အတွက် သမိုင်းကြောင်း အရ အရေး ပါခြင်းကြောင့်လည်း ဖြစ်၏။

ထိုအလေ့အထသည် ယခုခေတ် ကာလသို့တိုင်အောင် ဆက်လက် တည်ရှိနေပေသေးသည်။ ဝေဒ နာမည် အဂ္ဂနိကိုမူ စာပေ ကျမ်းဂန်များထဲတွင် ဖော်ပြထားခြင်း မရှိပေ။ သို့ရာတွင် ထိုမီးနတ်ကို ပူဇော် ပသ၍ ကိုးကွယ် ဆည်းကပ်ကြကြောင်း ထင်ရှားသည်။ ယဇ်မီးပူဇော်ပွဲတွင် မီးကို ထွန်းညှိပြီး ပူဇော်သော အခါ ယဇ်ပလ္လင် အနီးရှိ မြက်ပင်များကို ဘုရားအား ပူဇော်ရန် လှူထားရသည်။ ထိုမြက်များကို ယဇ်ရည်ဖြင့် ပက်ဖျန်းရသည်။ စားပွဲပေါ်တွင် ယဇ်ပူဇော်ထားသော ပစ္စည်း တစ်စိတ်တစ်ဒေသကို တင်၍ ပသထားရသည်။ မမြင်ရသော ဧည့်သည် နတ်များ အတွက် ဖြစ်သည်။ ယဇ် ပူဇော်ထားသော အရာများသည် ဆန်စပါးနှင့် ပြုလုပ်ထားသော အစားအစာ ဖြစ်သည်၊ သို့မဟုတ် တိရစ္ဆာန် တစ်မျိုးမျိုးလည်း ဖြစ်နိုင်သည်။ တိရစ္ဆာန်နှင့် ပူဇော်သော ယဇ်ကောင် ကိစ္စတွင် ယဇ်ကောင်ကို တန်ခိုးရှိသည်ဟု ယူဆပြီး ရှိခိုးသော သစ်ကိုင်းကြီးနှင့် တို့ထိရသည်။ ထို့နောက် ထိုသစ်ခက်ကို မီးပူဇော်ရာ ရှေ့မှာ ထား၍ ကြည်ညိုရသည်။ ဟိုးမ ယဇ်ရည်ကို ပက်ဖျန်း၍ စတီသောက်သုံးသော အခမ်းအနား စီရင်ပုံမှာ ဝေဒ ခေတ်က ဟိန္ဒူများ ယဇ် ပူဇော်သည့် အတိုင်းပင် ဖြစ်သည်။

ယေဘုယျအားဖြင့် ရှေးကျသော အီရန် လူမျိုးများသည် အများအားဖြင့် လယ်သမားများသာ ဖြစ်ကြသည်။ ရှေး ပဝေသဏီ ခေတ်က နော်မက် လူမျိုးများ ခေတ်ကတည်းက ကိုးကွယ်လာကြသော ဘာသာကို ဆက်လက် ကိုးကွယ်ကြသူများ ဖြစ်ကြသည်။ သို့သော် ထိုဘာသာသည် သူတို့၏ လယ်ယာ စိုက်ပျိုးရေး ဘဝနှင့် မကိုက်ညီတော့ဟု စတင် ခံစား လာကြသည်။ အကုန်အကျ များသော တိရစ္ဆာန်ဖြင့် ယဇ်ပူဇော်ခြင်းသည် တဖြည်းဖြည်းနှင့် ဝန်ထုပ်ဝန်ပိုးကြီး ဖြစ်လာလေတော့သည်။ နောမက်များ အတွက် စီးပွားရေး အရ စွန့်လွှတ်မှုသည် အီရန် လယ်သမားများ အတွက်မူ အကုန်အကျ များလွန်းနေပေတော့သည်။

နောက်ဆုံးတွင် အပြောင်းအလဲ ပြုလုပ်ရန် အချိန်သို့ ကျရောက်လာလေတော့၏။ လယ်ယာကိုင်းကျွန်း လုပ်ကိုင်စားသောက်သူ များစွာတို့သည် ဘာသာရေး အတွေ့အကြုံ အရ နတ်ဆရာများ၏ ဟောကြားချက်များကို အလိုလိုဆန့်ကျင်လာကြလေတော့သည်။

နတ်ဆရာများမှာမူ အစဉ်အလာ ကိစ္စများကိုသာ နှစ်ခြိုက်ကြသည်။ ပြုပြင် ပြောင်းလဲရေးကို မလိုလားကြပေ။ သို့သော် လိုအပ်ချက်ကို သူတို့က လျစ်လျူရှုခြင်းသည် မိမိတို့၏ ဘေးအန္တရာယ်ကို မိမိတို့ လျစ်လျူရှုပြီး နေကြသလို ဖြစ်နေပေတော့သည်။

အဘယ်ကြောင့် ဆိုသော် ဇိုရိ အက်စတာကား အမှုမဲ့ အမှတ်မဲ့ နေတတ်သူ ပုဂ္ဂိုလ် မဟုတ်သောကြောင့် ဖြစ်၏။

---

၁။ Nashaadtianna ၂။ Yama
၃။ Fravashi ၄။ Pitaras ၅။ Haoma

## ၂။ ဇိုရိုအက်စတာ၏ ဘဝနှင့် ဟောကြားချက်များ

### ဘဝ

ဇိုရိုအက်စတာ [၁] သည် လယ်ပိုင်ရှင် တစ်ဦး၏ သား ဖြစ်သည်။ သူ့ဖခင်သည် အာရိယန် လူမျိုးနွယ်မှ ဆင်းသက်သူ ဖြစ်နိုင်သည်။ ဤအချက်ကို သူ့ ဘဝနှင့် သူ့ ဟောကြားချက်များမှ ခြုံယူ ဆင်ခြင်ကြည့်လျှင် ရသည်။ သူ့ဘဝနှင့် သူ့ဟောကြားချက်များက ထိုအချက်ကို ထောက်ခံနေသလို ရှိသည်။ သူ့နာမည် ကိုယ်၌ကပင်လျှင် ကျေးလက် ဆန်သည်။ ဇိုရိုအက်စတာ ဆိုသော ဥပရောပသားတို့က သူ့ကို ဂုဏ်ပြု၍ ခေါ်သော ထိုဂုဏ်ပုဒ်ပြ စကားလုံးသည် ရှေးကျသော အီရန် စကားလုံး ဇရသုတြ၏ ဂရိပုဒ်ပျက် ဖြစ်သည်။ နောက်ဆုံး အသံ သုတြ (ဥသျှုတြ) သည် ကုလားအုတ်ဟု အနက် ရသည်။

ဇိုရိုအက်စတာကို ဖွားမြင်သော မွေးနှစ် သက္ကရာဇ်သည် အလွန် မသေချာလှပေ။ ပါရှန်များ၏ အစဉ်အလာ မှတ်သားချက် အရ ဆိုလျှင်တော့ ဘီစီ ၆၆၀ ခန့်က ဖြစ်သည်ဟု ဆိုသည်။

အများအပြွင်း ရှိနိုင်သော်လည်း ထိုနှစ်ကိုပင် ခေတ်သစ် ပညာရှင်များက ဇိုရိုအက်စတာ၏ မွေးနှစ် အဖြစ် လက်ခံထားကြပေသည်။ အခြားသော ပညာရှင်များကမူ ဇိုရိုအက်စတာသည် ထိုထက် ရှေးကျသော ကာလက အသက် ရှင်လျက် နေခဲ့ခြင်း ဖြစ်နိုင်သည်ဟု ဆိုကြသည်။ သူတို့ အမြင် ဘီစီ ၁၀၀၀ လောက်က ဖြစ်နိုင်သည်ဟု ယူဆကြသည်။ မကြာမီက ရှေးဟောင်း သုတေသန ရှာဖွေတွေ့ရှိချက်များ အရမူ အစဉ်အလာ လက်ခံထားကြသော ဘီစီ ၆၆၀ ဆိုသော ခုနှစ်ကိုပင် မှန်ကြောင်း ထောက်ခံချက် တွေ့ရှိရသည်။

အခြား လွဲချော်နိုင်သော အချက် တစ်ချက် ရှိသေးသည်။ ထိုအချက်သည် သူ၏ မွေးရာ ဇာတိ အရပ်နှင့် ပတ်သက်သော ကိစ္စ ဖြစ်သည်။

သူသည် *မယ်ဒီးယား* [၂] မှာ ဖွားမြင်ခဲ့သလား သို့မဟုတ် *ဘက်ထရီးယား* [၃] မှာ ဖွားမြင်ခဲ့လေသလား။ ဖြစ်နိုင်ခြေ ရှိသော အချက်မှာ သူ့ကို မယ်ဒီယား မြို့မှာ မွေးဖွားခဲ့ပြီး ကြီးပြင်း၍ သူ့ အလုပ်အကိုင်ကို လုပ်ကိုင် နေထိုင်သော အခါ ဘက်ထရီးယား မြို့မှာ နေထိုင်ခဲ့ခြင်း ဖြစ်နိုင်သည်။

အစဉ်အလာ ဆိုရိုး စကား အရ သူသည် ငယ်စဉ်အခါက နည်းပြဆရာ တစ်ဦးထံမှာ ပညာ သင်ကြားခဲ့သည်။ အသက် ၁၅ နှစ် အရွယ်တွင် (အိန္ဒိယ ဗြာဟ္မဏ ပုဏ္ဏားများ လွယ်သော) စလွယ်ကြိုး ကုသတိကို ရရှိခဲ့သည်။

သူသည် သနား ကရုဏာ အားကြီးသူ ဖြစ်သည်ဟု ထင်ရှားသည်။ အထူးသဖြင့် အစားအစာ ငတ်မွတ် ခေါင်းပါးသော ကာလ၌ သူသည် သက်ကြီးရွယ်အိုများနှင့် ကျွဲနွားတိရစ္ဆာန်များ အတွက် အလွန် စိုးရိမ် ပူပန်တတ်ကြောင်း ဖော်ပြခဲ့သည်။

ထို့နောက် သူ့အသက် နှစ်ဆယ် အရွယ်တွင် မိခင် ဖခင်တို့ကို ခွဲခွာ၍ ထွက်သွားလေသည်။ မိဘများက သူ့ အတွက် ရွေးချယ်ပေးသော ဇနီး မယားကိုလည်း စွန့်ခွာသွားခဲ့လေသည်။ ထို့နောက် အရပ်တကာသို့ လှည့်လည်သွားလာကာ သူ့ ရင်ထဲ၌ ဖြစ်ပေါ်နေသော နက်နဲသော ဘာသာရေး မေးခွန်းများ အတွက် အဖြေကို လိုက်ရှာ၍ နေခဲ့လေသည်။

သူသည် တွေ့ကြုံသမျှ ရူးစမ်းခွင့်ပြုသောသူ အားလုံးထံသို့ ဆည်းကပ်ကာ လောကုတ္တရာ ဉာဏ်ကို ရရှိရန် အားထုတ်ခဲ့လေသည်။

အခါ တစ်ပါး၌ အဖြစ်အပျက် တစ်ခုတွင် ပွင့်လင်းသော သဘင်ပွဲ တစ်ခုတွင် ဝိညာဉ်နှင့် ပတ်သက်

---

၁။ Zoroaster

၂။ Media

၃။ Bactria

၍ အရေးပါသော ကိစ္စ တစ်ရပ်ကို စူးစမ်း မေးမြန်းစဉ် သူ့ကို ပြောလေသည်။

'ဆင်းရဲသားကို ကျွေးမွေး ထောက်ပံ့ပါလော့၊ ကျွဲနွားများကိုလည်း မြက်ခြောက် ကောက်ရိုးများကို ပေးပါလော့၊ မီးကိုလည်း ထင်း လောင်စာများဖြင့် ထောက်ပံ့ပါလော့၊ ရေထဲသို့လည်း သစ်သီး အရည်ကို လောင်းထည့်၍ နတ်မိစ္ဆာ အများကို ရှိခိုး ပူဇော်ပါလော့'

ဇိုရိုအက်စတာသည် သူ၏ လိုလားသော သဘောထားကို သက်သေ ပြရန် အတွက် ပထမ အချက်လေးချက်ကို သူတော်ကောင်းတို့ လုပ်အပ်သော အလုပ် အဖြစ် လက်ခံ၍ ကျင့်သုံးခဲ့လေသည်။ သို့သော် နတ်မိစ္ဆာများကို ရှိခိုး ကိုးကွယ်ရမည် ဆိုသော အချက်ကိုကား သူသည် ပြတ်ပြတ်သားသား ငြင်းပယ်ခဲ့လေတော့သည်။

ဂရိ မှတ်တမ်းများ အရ သူသည် တောင်ပေါ်ရှိ လိုဏ်ဂူ တစ်ခုတွင် လုံးဝ စကား မပြောဘဲ ခုနစ် နှစ် နေထိုင်၍ တရား အားထုတ်ခဲ့သည် ဆို၏။ ထိုအစဉ်အလာသည် ရောမသို့ ရောက်ရှိ လာသောအခါ အံ့အားသင့်စရာ ဇာတ်လမ်း ဖြစ်သွားခဲ့လေသည်။ သူသည် သဲကန္တာရထဲတွင်လည်း ဒိန်ခဲ တစ်ခုတည်းကို မှီဝဲပြီး အနှစ် နှစ်ဆယ် နေထိုင်ခဲ့သည်ဟု ဆိုသည်။

ဆင်ခြင် တိုင်းထွာတတ်သော အသက် သုံးဆယ် အရွယ်တွင် သူသည် ဗျာဒိတ်တော် တစ်ခုကို လက်ခံ ရရှိသည်။ ဒဏ္ဍာရီ ပုံပြင်များက မူလ ဖြစ်ရပ် အမှန်ကို အံ့ဖွယ်သရဲ ဖြစ်အောင် အဆမတန် ပုံကြီး ချဲ့ခဲ့လေသည်။

ပထမဆုံး အံ့အားသင့်စရာ မြင်ကွင်းကို သူ၏ အိမ်အနီး *ဒိုင်တြာ* [၁] မြစ်ကမ်းပေါ်တွင် မြင်တွေ့ရသည်။ မြင်ကွင်းထဲတွင် မြင်ရသော ပုဂ္ဂိုလ်သည် လူထက် ကိုးဆခန့် ပို၍ ကြီးသည်။ ဇိုရိုအက်စတာ၏ ရှေ့တည့်တည့်တွင် ထိုပုဂ္ဂိုလ် ပေါ်လာသည်။ ၎င်းကား *ဗိုဟုမန* [၂] ခေါ်သော ကောင်းကင် တမန် ဖြစ်သည်။ ဗိုဟုမန ကောင်းကင် တမန်က ဇိုရိုအက်စတာကို မေးခွန်း ထုတ်သည်။ ထို့နောက် သူ၏ ရုပ်ခန္ဓာ ကိုယ်ပေါ်က အဝတ်အစားများကို ဘေးမှာ ပုံချထားရန် ပြောသည်။ ထို့နောက် ရုပ်ခန္ဓာ မပါသော ဝိညာဉ် သက်သက်ဖြင့် *အာဟုရ မာဇဒါ* [၃] 'ပညာ၏ အရှင်သခင်' ၏ ရှေ့တော် မှောက်သို့ တက်လာရန် စေခိုင်းသည်။ အာဟုရ မာဇဒါသည်ကား လောက၏ အချုပ်အခြာ အာဏာကို ပိုင်စိုးသော ဘုရားသခင် ဖြစ်သည်။ တရားရုံးကို စိုးမိုးလျက် ကောင်းကင် တမန်များ ခြံရံလျက် နေသည်။ ထူးဆန်းသော အဖြစ်အပျက် မှတ်တမ်းကို အသေးစိတ် မှတ်တမ်း တင်ထားသည်။

ဇိုရိုအက်စတာသည် နတ်သဘင် အစည်းအဝေး အလယ်သို့ ရောက်ရှိနေလေသည်။ ထိုနတ်သဘင် အစည်းအဝေးပွဲသို့ ရောက်လျှင် ရောက်ချင်း ဇိုရိုအက်စတာသည် ကြမ်းပြင်ပေါ်တွင် သူ့အရိပ်ကို သူ မမြင်ရတော့ပေ။

၎င်းသို့ ဖြစ်ရခြင်းမှာ ကောင်းကင် တမန်များ၏ ကိုယ်ရောင် ကိုယ်ဝါ ထွန်းလင်း တောက်ပလွန်းသောကြောင့် ဖြစ်၏။ ထိုနတ်တမန်များက သူ့ကို ပတ်ပတ်လည် ဝန်းရံထားကြလေသည်။

အာဟုရ မာဇဒါက ထို့နောက် ဇိုရိုအက်စတာကို ညွှန်ကြားလေသည်။

'ယခု သင့်ကိုယ်သင် တမန်တော်ဟု ခေါ်လော့၊ ဘာသာတရားတို့၏ မှန်ကန်သော အစဉ်အလာ အတိုင်း သင်၏ တာဝန် ဝတ္တရားကို ထမ်းဆောင်ပါလော့' ဟု ဆိုသည်။

နောင် ရှစ်နှစ်ကြာ ကာလ အတွင်း ဇိုရိုအက်စတာ၏ အမြင်ဓာတ်ထဲတွင် အဓိကကျသော ကောင်းကင် တမန်ခြောက်ပါးကို တစ်ပါးစီ တိတိကျကျ မြင်တွေ့ရတော့သည်။ ထိုနတ်တမန် တစ်ဦးစီနှင့် ပြောဆို ဆွေးနွေးရသော အခါ သူ၏ မူလ ဗျာဒိတ်တော်သည် ပို၍ ပြည့်စုံခြင်းသို့ ရောက်ရှိ လာလေတော့၏။

၎င်းသို့လျှင် အစဉ်အလာ စကား ဖြစ်ပေါ် လာလေတော့၏။ သို့သော် ဂါထာများ၌မူ ၎င်း ဗျာဒိတ်တော်နှင့် ပတ်သက်သော ရည်ညွှန်းချက်များသည် ပို၍ ခိုင်မာသည်ဟု ဆိုနိုင်ပေသည်။

'မာဇဒါအာဟုရာ၊ အရှင့်အား အကျွန်ုပ်သည် ကျွန်ုပ်ထံသို့ သမ္မာသက်ပ္ပ (ဗိုဟုမန) ရောက်လာစဉ်ကပင် မြင့်မြတ်သော အရှင် အဖြစ် အသိအမှတ် ပြုပြီး ဖြစ်ခဲ့ပါသည်၊ အရှင်က အကျွန်ုပ်ကို သင် မည်သူနည်း၊ သင့်ကို ဘယ်သူ ပိုင်ဆိုင်သနည်း၊ သင် ပိုင်သော ပစ္စည်းများနှင့် သင့် ကိုယ်သင် မေးခွန်း ထုတ်မည့် နေ့ကို မည်သည့် သင်္ကေတဖြင့် သင် သတ်မှတ်မည်နည်း စသော မေးခွန်းများကိုလည်း အရှင် မေးခဲ့ပါပြီ။

'ထိုအခါ အကျွန်ုပ်က သူ့ကို ပြောဆိုခဲ့ပါသည်၊ ပထမ မေးခွန်း အတွက် အကျွန်ုပ်သည်ကား ဇရသုတြ ဖြစ်၏၊

---

၁။ Daitya
၂။ Vohu Mansh
၃။ Ahura Mazda

မှသာ ဝါဒီတို့၏ ရန်သူ အစစ် ဖြစ်၏၊ ကျွန်ုပ်၏ အစွမ်းရှိသမျှဖြင့် ဖြောင့်မှန်သူတို့အား အစွမ်းသတ္တိ အပြည့်ဖြင့် အကျွန်ုပ်သည် ကူညီ ထောက်ပံ့ကာ အနာဂတ် ကာလ၌ အရာဝတ္ထုအား ဖြောင့်မတ်ခြင်းသို့ အဆုံးမဲ့ ရောက်ရှိစေပါမည်၊ ထိုသို့လျှင် အကျွန်ုပ်သည် အရှင့်အား ချီးမွမ်းသော ဂါထာကို ရွတ်ဆိုပါသည်၊ အရှင်မြတ် မာဇဒါ၊ အကျွန်ုပ်သည် အရှင့်အား မွန်မြတ်သော ပုဂ္ဂိုလ် အဖြစ် အသိအမှတ်ပြုခဲ့ပြီး ဖြစ်ရကား အရှင် မာဇဒါ အာဟုရာ၊ သူ၏ မေးခွန်းဖြစ်သော ဘာအတွက် သင် ဆုံးဖြတ်မည်နည်း ဆိုသော အမေးကို အကျွန်ုပ် ဖြေကြားပါ၏၊ သင်၏ မီးကို ကြည်ညိုစွာ လုပ်ကျွေးသော ကိစ္စ မှန်သမျှအား အကျွန်ုပ်သည် အစွမ်းရှိသမျှ ကာလပတ်လုံး မှန်ကန်သည်ဟု မှတ်ယူပါမည်၊ ထို့နောက် အကျွန်ုပ် အားကိုးသောသူ အပေါ်၌လည်း မှန်ကန်ကြောင်း ပြပါလော့။

'ထို့နောက် အရှင်က အကျွန်ုပ်ကို ပြောဆိုပါ၏၊ ဖြောင့်မတ်သော သူတို့အား တရား ပြရန် အတွက် သင် သွားပါလော့ ဟူ၍ ဖြစ်၏၊ ထို့နောက် အရှင်က အကျွန်ုပ် မလိုက်နာသော ကိစ္စကိုလည်း လိုက်နာရမည်ဟု အမိန့် ပေးတော်မူခြင်း မရှိပါ၊ အကျွန်ုပ်၏ လေးစား လိုက်နာခြင်းအား အရှိန်အဟုန် မြင့်ပါလော့၊ လာလော့၊ ရတနာ အပေါင်းနှင့် ပြည့်စုံသော ကံကြမ္မာ အတိုင်း လိုက်နာပါလော့၊ ထိုကံကြမ္မာသည် လူအပေါင်းတို့အား နှစ်မျိုးသော ကံ အကျိုးကို ပေးပါလိမ့်မည်'

ဤကဲ့သို့ ဘုရားသခင်၏ ခေါ်ယူခြင်းကို ခံရပြီးနောက် ဆယ်နှစ်ပတ်လုံး ဇိုရိအက်စတာသည် ဆိတ်ကွယ်ရာတွင် တစ်ပါးတည်းသာ စိတ် တန်ခိုး ကြီးမားအောင် ကျင့်ကြံ အားထုတ်၍ နေလေတော့သည်။ ထိုအချိန်တွင် အများပြည်သူ၏ အားပေး ချီးမြှောက်မှုကိုကား မရရှိခဲ့ပေ။ သူသည် ချက်ချင်းပင် တရား ဟောရန် စတင် ဆောင်ရွက်ခဲ့လေသည်။ သို့သော် အောင်မြင်ခြင်းကား မရှိခဲ့ပေ။ သူ ထံသို့ ပြင်းထန်သော မာရ် နတ်များ ရောက်လာကြပြီး စိတ်ပျက်အောင် ဟန့်တားကြလေသည်။

မာရ်နတ် *အန်ဂရာ မိန်းယု* [၁] က သူ့အား မာဇဒါ ဘုရားကို ကိုးကွယ်သော ဘာသာကို စွန့်လွှတ်ရန် တိုက်တွန်းလေသည်။ သို့သော် ဇရသုတြက သူ့ကို ဖြေဆိုသည်မှာ 'မစွန့်လွှတ်နိုင်ဘူး၊ ငါသည် မာဇဒါ ဘုရားအား ကိုးကွယ်သူတို့၏ ကောင်းမြတ်သော ဘာသာ အယူဝါဒကို အသက် သေသေ အရိုးအရေ ခန်းခန်း ဝိညာဉ်နှင့် ခန္ဓာ ကွဲကွာသည့်တိုင် မစွန့်လွှတ်ပေဘူး'

နောက်ဆုံးတွင် သူသည် ဆုလာဘ်ကို ရရှိပေတော့သည်။ နောက် ဆယ်နှစ်တွင် သူသည် သူ၏ တူ ဖြစ်သူ *မေဓျာကျိမိုနှာ* [၂] *ကို* သူ့ဘာသာသို့ ကူးပြောင်းအောင် အောင်မြင်စွာ ဆောင်ရွက်နိုင်ပေတော့သည်။

ထို့နောက် အီရန် နိုင်ငံ အရှေ့ပိုင်းရှိ နေရာ တစ်နေရာ၌ သူသည် အီရန် မင်းသား တစ်ပါး ဖြစ်သူ *ဝိဿတပ္ပ* [၃] ၏ နန်းတော်ထဲကို ရောက်ရှိနေကြောင်း တွေ့ရသည် ဆို၏။ မျှော်လင့်ချက် အသစ်များ ဖြစ်ပေါ်လာကာ သူသည် ထိုမင်းသားကို သူ၏ ဘာသာ အယူဝါဒကို လက်ခံလာစေရန် နှစ်နှစ်တိတိ ကြိုးပမ်းခဲ့သည်ဟု ဆိုသည်။

ဝိဿတပ္ပ မင်းသားလည်း မိမိ၏ ပတ်ဝန်းကျင်တွင် ချီးမွမ်းခြင်း အစဉ်အလာ ရှိသော အခြေအရံများ ခြံရံနေသဖြင့် လျှို့ဝှက် ဖုံးကွယ်လျက်သာလျှင် မိမိကိုယ်ကို ရိုးသားဖြောင့်မတ်သူ အဖြစ်၊ ရိုးသား စင်ကြယ်သူ အသက်မွေးမှု၌ စင်ကြယ်သူ အဖြစ်ကိုသာ ဖော်ပြနေရလေသည်။

သို့ရာတွင် သူသည် အာဗက်စတာကို အလွန် ရွံရှာမုန်းတီးသော *ကာပန်* [၄] များ၏ ဩဇာ လွှမ်းမိုးမှုကို ခံနေရ၏။ ကာပန်များမှာ လောဘ ရမ္မက် ကြီးသော နတ်ဆရာ ဘုန်းကြီးများ ဖြစ်ကြသည်။ ထိုသူတို့၏ များပြားလှသော တိရစ္ဆာန်များဖြင့် ယဇ် ပူဇော်ခြင်းနှင့် သူတို့၏ ကောက်ပဲသီးနှံ စိုက်ပျိုး ဖြစ်ထွန်းရေးနှင့် တိရစ္ဆာန် ကျွဲနွားများ ကာကွယ်ရေး အတွက် အသုံးပြုသော မှော် အတတ်များက မြောက်ပိုင်းရှိ လှည့်လည် တိုက်ခိုက်နေကြသော နောမက် လူမျိုး (ကျူရန်နီးယန်း) များကို အနားသို့ မကပ်နိုင်အောင် တားဆီးထားနိုင်ခဲ့ပေသည်။

ထို နတ်ဆရာများ၏ နတ်မိစ္ဆာများ၏ ဩဇာ လွှမ်းမိုးမှု အမျိုးမျိုးကလည်း ဖျက်ဆီးလျက် ရှိသည်။ ထို အခြေအနေများသည် ဇိုရိအက်စတာ၏ ပြင်းထန်သော ဆန့်ကျင်ကန့်ကွက်မှုကို သွေးထိုးပေးသလို ဖြစ်စေခဲ့၏။

ဤကဲ့သို့ အပြိုင် ဩဇာ လွှမ်းမိုးမှု အတွက် ယှဉ်ပြိုင်ကြစဉ် ထိုနတ်ဆရာများက ဇိုရိအက်စတာကို ထောင်သွင်း၍ အကျဉ်း ချထားနိုင်ခဲ့ကြလေသည်။ သို့ရာတွင် နှစ်နှစ် ကြာပြီးနောက် အဆုံးသို့ ရောက်သောအခါ ဇိုရိ

---

၁။ Angra Mainyu

၂။ Maidhyanimaoniha

၃။ Vishtaspa

၄။ Karpans

အက်စတာက မင်းသား ဝိသတပ္ပ၏ အချစ်တော် မြင်းနက်ကြီး မကျန်းမမာ ဖြစ်သည်ကို ထူးဆန်းစွာ ကုသပေး၍ ရောဂါ ပျောက်ကင်းသွားမှုကြောင့် လည်းကောင်း၊ မင်းသား ဝိသတပ္ပ၏ ကြင်ရာတော် မင်းသမီး တစ်ပါး ဖြစ်သူ *ဟူတောက်ဆာ* [၁] ၏ ကူညီ မစမှုကြောင့် လည်းကောင်း ဇိုရိအက်စတာသည် မင်းသား ဝိသတပ္ပကို သူ့ အယူသို့ ပါအောင် စည်းရုံးနိုင်ခဲ့လေတော့သည်။

မင်းသား၏ ဘာသာ အယူဝါဒ ပြောင်းလဲခြင်းသည် ခြွင်းချက်မရှိ အပြည့်အစုံ ပြောင်းလဲခြင်း ဖြစ်၏။ ဝိသတပ္ပသည် သူ၏ တန်ခိုး အာဏာ ရှိသမျှကို အသုံးပြုပြီး ဇိုရိအက်စတာ၏ ဘာသာ အယူဝါဒ ပြန့်ပွားရေး အတွက် အစွမ်းကုန် ဆောင်ရွက်လေတော့သည်။ နန်းတော်ကြီး တစ်ခုလုံးလည်း မင်း၏ အလိုသို့ လိုက်ကာ ဘာသာ အယူဝါဒ သစ်ကို လက်ခံ၍ လိုက်နာကြလေတော့သည်။

ဘုရင်၏ ညီတော် ဇာအင်း [၂] နှင့် သူ၏ ဉာဏ်ပညာ ထက်မြက်သော သားတော် အိစဖင်ဒါ [၃] တို့သည် ဘာသာ ပြောင်းလဲလာသူများတွင် အထူး အရေး ပါသူများ ဖြစ်ကြလေသည်။

ဝိသတပ္ပ၏ နိုင်ငံတော် ကောင်စီတွင် ပါဝင်သော အဆင့်မြင့် မှူးမတ်များထဲမှ ညီအစ်ကို တော်သူ မှူးကြီး မတ်ကြီး နှစ်ပါး ဖြစ်ကြသော *ဖရာရှောင်စတြာ* [၄] နှင့် *ဂျန်နပ္ပ* [၅] တို့သည် လက်ထပ် ထိမ်းမြားမှု အရ ဇိုရိအက်စတာ၏ ဆွေတော် မျိုးတော်များ ဖြစ်လာကြလေသည်။

ပထမ မှူးမတ်က ဇိုရိအက်စတာအား သူ၏ သမီးတော် *ဟောင်ဗီ* [၆] ကို ဇနီး အဖြစ် ပေးအပ် ဆောင်နှင်းခဲ့လေသည်။ ဒုတိယ မှူးမတ်က ဇိုရိအက်စတာ၏ ပထမ ဇနီးနှင့် ရသော သမီး *ပေါင်ရှုစစ္စတာ* [၇] ကို ဇနီး အဖြစ် လက်ထပ်ယူခဲ့လေသည်။

နောက် အနှစ် နှစ်ဆယ် ကြာသော အခါ ဇိုရိအက်စတာ ဘာသာသည် အီရန် လူမျိုးများ အကြားတွင် အင်အား ကြီးမားစွာဖြင့် ပျံ့နှံ့နေပြီ ဖြစ်၏။ ထိုဘာသာကို ကာကွယ်ရန် အတွက်လည်း ဘာသာရေး စစ်ပွဲ နှစ်ကြိမ် ဆင်နွှဲခဲ့ရသည်ဟု အစဉ်အလာ မှတ်တမ်းများက ဆိုသည်။

ပထမ စစ်ပွဲတွင် အိစဖင်ဒါသည် ကျူးကျော်လာသော ကျူရန်နီးယန်း လူမျိုးများကို သုတ်သင် ချေမှုန်းခြင်းဖြင့် အဆင့်မြင့် သူရဲကောင်း အဖြစ်သို့ ရောက်ရှိခဲ့လေတော့သည်။

ဒုတိယ စစ်ပွဲ ဖြစ်ပွားသော အချိန်တွင် ဇိုရိအက်စတာ၏ အသက်မှာ ၇၇ နှစ် ရှိပြီ ဖြစ်၏။ ထိုစစ်ပွဲကိုလည်း ပထမတွင် အောင်မြင်ခဲ့၏။ ထို့နောက် ဇိုရိအက်စတာသည် ထိုစစ်ပွဲမှာပင် ကျဆုံးခဲ့ရသည်ဟု အာဗက်စတာတွင် ရေးသား ဖော်ပြထားလေသည်။ ကျူရန်နီးယန်း လူမျိုးများက ဘာလ်မြို့ကို အင်အားဖြင့် ပြန်လည် တိုက်ခိုက်ပြီးနောက် ဇိုရိအက်စတာက မီး ယဇ်ပလ္လင်တွင် မီးကို ပူဇော်နေစဉ် ရုတ်တရက် ဝင်လာသော ကျူရန်နီးယန်း စစ်သည် တစ်ဦးက ဓားဖြင့် ခုတ်သတ်ခဲ့သည် ဆို၏။

ထိုဖြစ်ရပ်သည် မှန်သည် ဖြစ်စေ၊ မှားသည် ဖြစ်စေ ဇိုရိအက်စတာ ကွယ်လွန်ခြင်းကြောင့် ဇိုရိအက်စတာ၏ ဘာသာ အယူဝါဒ ပပျောက်သွားခြင်း မရှိသည်မှာ ထင်ရှားသည်။ သူ၏ အယူဝါဒသစ်ကို သူသည် အမြစ် တွယ်မိအောင် စိုက်ပျိုးပြီး ဖြစ်ခဲ့လေပြီ။

ဇိုရိအက်စတာ ဘာသာသည် အီရန် လူမျိုးတို့၏ နှလုံးသား မြေပြင်တွင် အမြစ် တွယ်လျက် ကြီးပွား ကျန်ရစ်ခဲ့ပြီ ဖြစ်ပါသည်။

## သူ၏ ဟောကြားချက်များ

ဇိုရိအက်စတာ ဟောကြားခဲ့သော ဘာသာ အယူဝါဒသည် ထူးခြားသော ကိုယ်ကျင့်တရားဆိုင်ရာ ဖန်ဆင်းရှင် ဘုရား တစ်ပါးတည်း ရှိသည် ဆိုသော အယူဝါဒ ဖြစ်၏။

ဟီဗရူးတို့၏ တမန်တော် ဓကတ္တ ဣသရိယ ဝါဒီ *မိုးဇက်* [၈] ကဲ့သို့ပင် သူလည်း အမွေ ဆက်ခံ ယူခဲ့သော ယုံကြည်ချက်များ အပေါ်မှာ အခြေခံသော်လည်း သူ့ အယူအဆသည် မူရင်းကျသော အယူဝါဒ တစ်ခုပင် ဖြစ်သည်။

သူသည် သူ၏ အနန္တ တန်ခိုးတော်ရှင် ဘုရားသခင်ကို အဟုရာမာဇဒါ (ပညာသခင်) ဟု ခေါ်ဆိုရာ၌ သူသည် တီထွင်ရန် အားမထုတ်ခဲ့ပေ။ ထိုနာမည်သည် သူ့ခေတ်က လူသိရှင်ကြား ဖြစ်နေသော အမည် ဖြစ်၏။ ထိုနတ်ဘုရားသည် ထိုခေတ်က လူမသိ ရှင်မကြားသေးသော နတ်ဘုရား မဟုတ်ပေ။

---

၁။ Hutaosa
၂။ Zain
၃။ Isfendir
၄။ Frashaostro
၅။ Jamnaspa
၆။ Huovi
၇။ Pourucusta

၈။ Moses

အနည်းငယ် သံသယ ဖြစ်ဖွယ် ရှိစေကာမူ အဟုရာ မာဇဒါဟု ခေါ်သော ထိုနတ်ဘုရားသည် အိန္ဒိယသို့ ဝင်သွားကြသော အာရိယန် လူမျိုးများ ကိုးကွယ်သော ဝါရုဏ ဆိုသော သဘာဝနှင့် ကိုယ်ကျင့်တရား ဆိုင်ရာ ဓမ္မသဘော တရားမှ တစ်ပါး အခြား မဟုတ်ပေ။ ထိုကိုယ်ကျင့်တရား မြင့်မားသော နတ်ကိုပင် ဇိုရိအက်စတာတို့ မျိုးနွယ်စုက ရှေးကာလ ကြာမြင့်စွာကတည်းကပင် ယုံကြည် ကိုးကွယ် ဆည်းကပ်လာခဲ့ကြဟန် တူပေသည်။ ထိုနတ်ကို ဝါရုဏ ဟူသော အမည်ဖြင့် မခေါ်ကြတော့စေကာမူ ပညာရှင်များစွာတို့ကမူ မူလ အမည် နေရာတွင် အိန္ဒိယ၌ ရုဒ္ဒရ အမည်ကို သိဝဟု မင်္ဂလာ ရှိသော သူရဲကောင်း ဆန်ဆန် အမည်ကို ပြောင်းလဲ မှည့်ခေါ်သလို မှည့်ခေါ်ခဲ့ကြခြင်း ဖြစ်နိုင်သည်ဟု ယူဆကြသည်။

ထို့ကြောင့် အဟုရာ မာဇဒါမှာလည်း ဂုဏ်ပြု၍ မင်္ဂလာ ယူထားသော အမည် ဖြစ်ကြောင်း ထင်ရှားပါသည်။

မာဇဒါ ဆိုသည်မှာ 'ဉာဏ်ပညာ ရှိခြင်း' သို့မဟုတ် 'အလင်းရောင်နှင့် ပြည့်စုံခြင်း' ဟု အဓိပ္ပာယ် ရသည်။

အဟုရာမှာ ဝေဒ ခေတ်သုံး အသုရာနှင့် အဓိပ္ပာယ်ချင်း အတူတူပင် ဖြစ်သည်။ အဓိပ္ပာယ်မှာ 'အရှင်သခင်' ဟူ၍ ဖြစ်သည်။ အရှင်သခင် Lord မှာ အင်ဒို ဥရောပ လူမျိုးများ၏ ထင်ရှားသော ပုဂ္ဂိုလ်များ၊ နတ်ဒေဝါများကို ပေးသော အမည် ဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင် အရှင် သခင် နတ်ဘုရားများ အတွက် သုံးသော စကားလုံးကို ဇိုရိအက်စတာက တစ်ဖက်၊ ဝေဒ အာရိယန်များက တစ်ဖက် လိမ် လှည့်ထားပုံမှာ စိတ်ဝင်စားဖွယ် ကောင်းပါသည်။ အင်ဒို အာရိယန်များ ဖြစ်ကြသော ရောမ လူမျိုးများ၊ ဆဲ့လ် လူမျိုးများက လည်း ကမ္ဘာ တစ်ဖက်ခြမ်းတွင် နတ်များကို ဒေဝဟု ခေါ်ကြသည်။ (၎င်းကို ရောမတို့က ဒေယုဟု ခေါ်သည်။ ဆဲ့လ်များက ဒိဝင်ဟု ခေါ်သည်။ အင်္ဂလိပ်တို့က ဒီးတိ သို့မဟုတ် ဒီဗင်နီတီဟု ခေါ်ကြသည်။)

သို့ရာတွင် အိန္ဒိယ၏ ကျယ်ဝန်းသော သဘာဝ အင်အားစုများကို တွေ့ကြုံရသော အတွေ့အကြုံ အရ အရှင်သခင်၏ အမည်ကို အသုရာဟု ခေါ်ကြလေသည်။

ထိုစကားလုံးသည် မိစ္ဆာ နတ်ဆိုးများကို ရည်ညွှန်းသော စကားလုံး ဖြစ်သည်။ အံ့ဖွယ် ထူးကဲ မြင့်မြတ်သော၊ မကောင်းမှု ပြုသော မိစ္ဆာ နတ်ဆိုးကို ရည်ညွှန်းသော စကား ဖြစ်သည်။ ထိုကဲ့သို့ စကားလုံး အဓိပ္ပာယ် ရွေ့လျော ပြောင်းလဲသွားပုံကို ဣရုဝေဒ ဂါထာများ၏ စောစောပိုင်း ဂါထာများ၌ တွေ့ရှိရသည်။

အီရန်တွင်ကား ဇိုရိအက်စတာက ဤ စကားလုံးများ၏ အဓိပ္ပာယ်ကို ဆန့်ကျင်ဘက် အဓိပ္ပာယ်ဖြင့် တွဲစပ်ပေးခဲ့လေသည်။ မာဇဒါတွင် သူက စစ်မှန်သော အဟုရာ ဂုဏ်တစ်ခုကို သူ ရှုမြင်ခဲ့လေသည်။ ထိုဂုဏ်အရ မာဇဒါကို လုံးဝဥဿုံ ကြည်ညိုအပ်သည်ဟု ဆိုသည်။ ထူးကဲ မြင့်မြတ်သော အံ့ဖွယ် အရှင်သခင် အဖြစ် သူ ယူဆသည်။ မာဇဒါသည် ပြီးပြည့်စုံသော ဉာဏ်ပညာနှင့် ကုသိုလ် တရားများဖြင့် ပြည့်စုံသူ ဖြစ်သည်။ သို့သော် မာဇဒါကို သူ့ လူမျိုးများ အသိအမှတ်ပြု ကိုးကွယ်သော နည်းဖြင့် အသိအမှတ် မပြုဘဲ နေမည်ကိုလည်း သူ စိုးရိမ်သည်။ ရှေးက ဘာသာ ယုံကြည် ကိုးကွယ်မှုများမှ နတ်ဆရာများ၏ ဦးဆောင်မှု အောက်တွင် သူတို့သည် ဒေဝ ခေါ် နတ်ပေါင်းများစွာကို ရှိခိုး ကိုးကွယ်ခဲ့ကြရလေသည်။

နတ်များကို ရှေးကျသော အာရိယန် လူမျိုးများက ဒေဝဟု ခေါ်ခဲ့ကြလေသည်။ သူတို့သည် အသိဉာဏ် မပါဘဲ ယဇ်ပလ္လင်ပေါ်က မီးကို လည်းကောင်း၊ ဟောမပင်က ရသော ယဇ်ရည်ကို လည်းကောင်း ဒေဝများ အဖြစ် ကြည်ညိုခဲ့ကြသေးသည်။ ထိုနတ်များ၏ အကူအညီဖြင့် အကျင့် ပျက်သော နတ်ဆရာများသည် မှော်အတတ်များကို စီရင်ခဲ့ကြလေသည်။

ရိုင်းသော ကျူးရန်နှောမတ် လယ်သမားများသည် အီရန် လူမျိုးများကို တိုက်ခိုက်ခြင်း မပြုမီ ဤနတ်များကို ယဇ်ဖြင့် ပူဇော် ပသကြလေသည်။ ၎င်းတို့သည် ကောင်းမွန်သော လယ်သမားများ၏ ကျွဲနွားများကို သယ်ယူ သွားကြပြီး စပါးကျီများနှင့် အိမ်များကို မီးတင် ရှို့တတ်ကြသည်။

ထိုကိစ္စ အတွက် ဇိုရိအက်စတာမှာ အဖြေ တစ်ခုတည်းသာ ရှိ၏။ သူက သိမ်းကျုံးပြီး ဤနတ်များ အားလုံးသည် နတ်မိစ္ဆာများသာ ဖြစ်ကြသည်၊ ရန်ငြိုးကြီးသော လှည့်လည် တိုက်ခိုက်နေသော နတ်ယုတ်မာများသာ ဖြစ်ကြကြောင်း ကြေညာခဲ့လေသည်။ ဤနတ်များသည် လူအပေါင်းတို့ကို မကောင်းမှုဖြင့် ပျက်စီးစေလျက် အဟုရာ မာဇဒါ အရှင်သခင်ကို မကိုးကွယ်အောင် ဖန်တီးနေကြသည်ဟု သူက ဆိုသည်။ သူတို့ကို ကိုးကွယ် ဆည်းကပ်ခြင်းအား ပယ်ဖျက်ပစ်ရမည်ဟုလည်း သူက ဆိုသည်။

သူသည် အများ လက်ခံထားသော ဘာသာ ယုံကြည် ကိုးကွယ်မှုကို ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ခဲ့လေသည်။ ဇိုရိ

အက်စတာသည် သူ၏ ဘာသာအယူဝါဒကို တိုရှင်း လိုရှင်း အယူအဆ အနည်းငယ်ဖြင့် စနစ်တကျ ချမှတ်ပေးခဲ့လေသည်။

(၁) သူသည် သူ ရရှိခဲ့သော ဗျာဒိတ် အပေါ်တွင် ခိုင်မာစွာ ရပ်တည်လျက် သူ၏ ဘာသာ အယူဝါဒကို စတင်ခဲ့လေသည်။ ဂါထာများထဲတွင်လည်း သူ့ကို ဘုရားသခင် အဟုရာမာဇဒါက တမန်တော် အဖြစ် သာသနာပြု လုပ်ငန်းကို လုပ်ဆောင်ရန် ခေါ်ယူခဲ့ကြောင်းကို အခါခါ ဖော်ပြခဲ့လေသည်။ ထို့ကြောင့် သူ ဟောကြားသော ဘာသာတရားသည် ပြီးပြည့်စုံပြီး အဆုံး စွန်သော ဘာသာတရား ဖြစ်သည်ဟု သူ ယူဆလေသည်။

(၂) သူသည် တစ်ပါးတည်းသော အဟုရာ မာဇဒါ ဘုရားသခင် အပေါ်၌သာ ပုံ၍ ယုံကြည် ကိုးကွယ်လေသည်။ အဟုရာ မာဇဒါသည်သာ သူ့ အတွက် တစ်ပါးတည်းသော အနန္တ တန်ခိုးတော်ရှင် နတ်ဘုရား ဖြစ်သည်ဟု ဆိုလိုသည်။ သူသည် ဖန်ဆင်းခြင်း၌ လည်းကောင်း၊ တန်ဖိုး ရှိခြင်း၌ လည်းကောင်း၊ နောက်ဆုံး တရား စီရင်ဆုံးဖြတ်ခြင်း၌ လည်းကောင်း ထိုဘုရားသည် အနန္တ တန်ခိုးတော်ရှင် ဖြစ်သည်။ သူ၏ နောက်လိုက်များနှင့် မတူဘဲ ဇိုရိအက်စတာက အရာခပ်သိမ်းတို့သည် မာဇဒါ ဘုရားသခင်၏ အလို ဆန္ဒတော် အတိုင်းသာလျှင် ဖြစ်ပေါ် လာရသည်ဟု ယုံကြည် ယူဆလေသည်။

ဂါထာများတွင် ပါဝင်သော အောက်ပါ ဝါကျ အရ မာဇဒါ ဘုရားသည် အမှောင်ကို လည်းကောင်း၊ အလင်းကို လည်းကောင်း ဖြစ်စေတော်မူသော အကြောင်း ဖြစ်သည်။

> ခေတ် အဆက်ဆက် အဘယ် ပုဂ္ဂိုလ်သည် ပထမဆုံးသော ဖြောင့်မတ် မှန်ကန်ခြင်း၏ ဖခင် ဖြစ်သနည်း။ နေနှင့် ကြယ်တာရာတို့၏ သွားရာ လမ်းကြောင်းကို အဆုံးအဖြတ် ပေးသူသည် မည်သူ ဖြစ်သနည်း။ အဘယ် ပုဂ္ဂိုလ်ကို အကြောင်း ပြု၍ လ ပြည့်ခြင်း၊ လကွယ်ခြင်းသည် ဖြစ်ရပါသနည်း။ အဘယ်သူသည် မြေအပြင်ပေါ်မှ အောက်သို့ ကျမသွားရအောင် ထောက်မထားသနည်း။ ရေနှင့် သစ်ပင် ပန်းမန်တို့ကို မည်သူ ပြုလုပ်ထားသနည်း။ လေနှင့် မိုးတိမ်တို့အား လျင်မြန်ခြင်းဖြင့် မည်သူ တံပိုးတပ်ပေးခဲ့ပါသနည်း။ မည်သည့် အနုပညာရှင်သည် အလင်းနှင့် အမှောင်ကို ဖန်ဆင်းခဲ့သနည်း။ အိပ်စက်ခြင်းနှင့် နိုးထခြင်းကို မည်သူ ဖန်တီးသနည်း။ နံနက်ခင်း နေ့လယ်ခင်းနှင့် ညကို ဘယ်သူ ဖန်တီးပြီး လူသားအား မိမိ၏ တာဝန်ကို နားလည်သော စိတ် ဖြစ်ပေါ်အောင် ဘယ်သူ ပြုလုပ်ခဲ့သနည်း။ အို … မာဇဒါ၊ ဤအခြင်းအရာတို့ကို ကြည့်ခြင်းဖြင့် အရှင့်အား ကျွန်ုပ် အသိအမှတ် ပြုပါ၏။ အရှင်သည်သာ လျှင် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အရာ ခပ်သိမ်းကို ဖန်ဆင်းသော အရှင် ဖြစ်ပါပေ၏။

(၃) သူမှာ အဟုရာ မာဇဒါ၏ အကျိုး စီးပွားအားလုံးကို ပြီးမြောက်စေနိုင်သော နည်းလမ်း ရှိကြောင်းကို သိသော အသိ ရှိ၏။ မာဇဒါ အရှင်သည် သူ့ အလို ရှိသမျှ ဆန္ဒတော်ကို အမျိုးမျိုးသော နတ်တို့၏ အပြုအမူဖြင့် ဖော်ပြ၏။ ထိုနတ်တန်ခိုးကို *အမေရှာ စပင်တပ်* [၁] ဟု ခေါ်သည်။

ဤ အကျင့်သိက္ခာနှင့် ဆိုင်သော ပြုမူ ဆောင်ရွက်ချက်များသည် ဗိုဟုမန (သမ္မာသင်္ကပ္ပ) ဆိုသော အမည်ကိုလည်း ရသည်။

*အရှ* [၂] (မှန်ကန်ခြင်း)၊ *ခတ္တရ* [၃] (တန်ခိုး၊ အစိုးရခြင်း)၊ *ဟောဝတ* [၄] (ချမ်းသာ ကြီးပွားခြင်း)၊ *အာမေဋ္ဌိ* [၅] (ကြည်ညိုခြင်း) နှင့် *အမေရေတ* [၆] (ထာဝရ ဖြစ်ခြင်း) သဘောတို့သည် ဗိုဟုမန ဆိုသော စကား၌ အကျုံးဝင်၏။

အရှသည် ဝေဒ ခေတ်သုံး စကားလုံး *ရိတ* [၇] ပင် ဖြစ်၏။ ဗိုဟုမနသည် အဟုရာမာဇဒါ ဘုရားသခင်က ဇိုရိအက်စတာအား ပထမ ဗျာဒိတ်တော် ချပေးသော နတ်တန်ခိုးတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ လုပ်ဆောင်ချက်ပင် ဖြစ်သည်။ အာမေဋ္ဌိ၊ ဟောဝတ၊ အမေရေတ သဘောတို့သည် အဟုရာမာဇဒါ ဘုရားသခင်က လူသားတို့ အတွက် ပေးသော ကောင်းကျိုး ချမ်းသာ ဆုလာဘ်များပင် ဖြစ်သည်။ ထိုအယူအဆ သဘောများ အားလုံးသည် ဒြပ်မဲ့ တရားကိုယ် သဘောများသာ ဖြစ်ကြကုန်သည်။ ထို့ကြောင့် ထိုသဘောတို့ကို ဇိုရိအက်စတာ ဘယ်လို ခံယူသလဲ ဆိုသည်မှာ စိတ်ရှုပ်ထွေးဖွယ် ရှိ၏။ ထိုသဘောတို့သည် အဟုရာ မာဇဒါ ဘုရားသခင်၏ ထူးခြား ကောင်းမြတ်သော ဂုဏ်သတ္တိများဟုပင် သူက ယူဆထားလေသလား၊ သို့မဟုတ် ထိုသဘောတို့သည် အဟုရာမာဇဒါ ဘုရားကို ပုဂ္ဂိုလ် သဘော ပေါ်လွင်အောင် လွယ်ကူစွာ ဖော်ဆောင်ရန် အတွက် အသုံးပြုသော ဒြပ်မဲ့ စွမ်းအားစု

---

၁။ Amesha Spentas
၂။ Asha
၃။ Kshathra
၄။ Hauvatat
၅။ Armaiti
၆။ Ameretat
၇။ Rita

သဘောများပင် ဖြစ်လေသလား မထင်ရှားပေ။ အမေရှာ စပင်တပ် အပြင် အခြားသော နတ်တန်ခိုးကို ဖော်ဆောင်သော စကားလုံးများလည်း ရှိသေး၏။ ဥပမာ သန့်ရှင်းသော ဝိညာဉ်တော် *(စပင်တ မိန်ညု)*[၁]၊ အမိန့် နာခံခြင်း *(ဆရိုး ရှ)*[၂]၊ ကျွဲနွားများကို ကာကွယ်ပေးသော နွား ဖန်ဆင်းရှင် *(ဂေးယပ် ဥရဗာ)*[၃] နှင့် အခြား စကားလုံး များစွာလည်း ကျန်ရှိသေး၏။ သို့ရာတွင် ထိုစကားလုံး တစ်လုံးကိုမျှ နတ်တန်ခိုး အဖြစ် ရှင်းရှင်း သဘော ပေါက်ရန် မလွယ်ပေ။ ၎င်းတို့မှာ သီးခြား ကိုယ်ရည်ကိုယ်သွေးကို ဆောင်လျက် ရှိကြပုံကိုလည်း ရှင်းရှင်း နားမလည်နိုင်ပေ။

အဖြစ်အပျက်တိုင်းတွင် ထို စကားလုံးများသည် အဟုရာ မာဇဒါ၏ ကိုယ်စား လက်အောက်ခံ ဖော်ပြချက်များသာ ဖြစ်ကြကြောင်း တွေ့ရသည်။ လိုရင်းကို ဆိုရသော် ဇိုရိအက်စတာသည် တစ်ပါးတည်းသော ဘုရား သခင် ဖန်ဆင်းရှင် ဆိုသော ဧကတ္တ ဣသရိယ နိမ္မာန ဝါဒကို လက်မလွှတ်ဘဲ နတ်များစွာ အကြောင်းကို ပြည့်ဝ ကုံလုံစွာ ကျွန်ုပ်တို့အား ပေးအပ်ခဲ့ပေသည်။

(၄) အဟုရာ မာဇဒါသည် အနန္တ တန်ခိုးတော်ရှင် အချုပ်အခြာ အာဏာပိုင်ရှင် ဖြစ်စေကာမူ သူသည် ဆန့်ကျင်ဘက် ကင်းသော အရှင်ကား မဟုတ်ပေ။ ဤအချက်သည် ဇိုရိ အက်စတာ၏ အရေးပါသော ယုံကြည်ချက် ဖြစ်၏။ အရှ (ဖြောင့်မတ် မှန်ကန်ခြင်း) နှင့် ဆန့်ကျင်ဘက် အဖြစ် ဒရုဂျ် (လိမ်လည် လှည့်ဖြားခြင်း) ရှိ၏။ သစ္စာတရားသည် မှောက်မှားခြင်းကို ရင်ဆိုင်ရ၏။ ရှင်ခြင်းသည် သေခြင်းကို ရင်ဆိုင်ရ၏။ သန့်ရှင်းသော ဝိညာဉ်တော် စပင်တ မိန်ညုသည် ယုတ်ညံ့သော ဝိညာဉ် အန်ဂရာ မိန်ညု၏ ဆန့်ကျင်ခြင်းကို ခံရ၏။

ထို့ကြောင့် ဤသဘာဝ လောကနှင့် လူ့ဘဝထဲတွင် အခြေခံ ကျသော ဤ ကွဲပြား ခြားနားမှုများကို အဆက်မပြတ် အလေးအနက် ထားကြရန် ဂါထာများ၌ ဖော်ပြထား၏။ အမှန်နှင့် အမှားကို ခွဲခြား၍ ကျင့်ဆောင်ရေးကို ဂါထာများက ထင်ရှားအောင် ဖော်ပြ၏။ ဤကွဲပြား ခြားနားမှုများသည် ဖန်ဆင်းခြင်းနှင့်အတူ ဖြစ်ပေါ်လာကြ၏။

'အမြင်ဓာတ်ထဲတွင် အမြွှာ အဖြစ် ဖော်ပြသော အဓိက ကျသည့် ဝိညာဉ်တော် နှစ်ပါးသည်ကား ကောင်းသော ဝိညာဉ်နှင့် မကောင်းသော ဝိညာဉ်တို့ ဖြစ်ကြသည်။ ကာယကံ၊ ဝစီကံ၊ မနောကံအားဖြင့် ကောင်းခြင်း မကောင်းခြင်း ဖြစ်၏။ ဤနှစ်ပါးသော ဝိညာဉ်တို့တွင် အသိ ပညာ ရှိသော ပုဂ္ဂိုလ်တို့သည်ကား မှန်သော သဘောကိုသာ ရွေးချယ်ကြကုန်၏။ မိုက်မဲသော သူတို့ကား ထိုသို့ မပြုကြကုန်။ ထို့ပြင် ဤအမြွှာ ဝိညာဉ်များသည် ကနဦး အစက စတင်၍ အတူတကွ ဖြစ်ပေါ်လာကြစဉ်ဝယ် သူတို့သည် ဘဝကို လည်းကောင်း၊ ဘဝ မဟုတ်သည်ကို လည်းကောင်း တည်ထောင်ခဲ့ကြလေသည်။ ထို့ကြောင့် နောက်ဆုံး၌ အဆိုးဆုံးသော ဘဝ ဖြစ်သော ငရဲကို မုသား နောက်သို့ လိုက်ကြသော သူတို့သည် သွားကြရလတ္တံ့။ သို့ရာတွင် အကောင်းဆုံးသော အတွေး ဖြစ်သော အမတသုခဘုံကိုကား ဖြောင့်မှန်ခြင်းသို့ လိုက်ကြသူတို့သည် သွားကြရလတ္တံ့။ ဤ အမြွှာ ဝိညာဉ် နှစ်ခုတို့ အတွက် မုသား နောက်သို့ လိုက်သောသူသည် အဆိုးဆုံးသော အရာများကို ရွေးချယ်ကြပြီးလျှင် သန့်ရှင်းဆုံးသော ဝိညာဉ်တို့သည်ကား ဖြောင့်မတ် မှန်ကန်ခြင်းကို ရွေးချယ်ကြပေသည်။

ထို့ပြင် -

ငါသည် ကမ္ဘာဦး အစက ပထမ ဖြစ်လာသော အမြွှာ ဝိညာဉ် နှစ်ခုကို ပြောဆိုပါ၏။ ၎င်းတို့ အနက် မြတ်သော ဝိညာဉ်က ရန်သူတို့ကို ဤသို့ ပြောဆို၏။ 'အတွေးများသော် လည်းကောင်း၊ အဆုံးအမများ လည်းကောင်း၊ ဆန္ဒ လည်းကောင်း၊ ယုံကြည်ချက် လည်းကောင်း၊ စကားလုံးတို့သည် လည်းကောင်း၊ အပြုအမူတို့သည် လည်းကောင်း၊ အတ္တ သို့မဟုတ် ဝိညာဉ် သဘောတို့သည် လည်းကောင်း ငါတို့ အမြွှာပင် ဖြစ်ကြသော်လည်း တစ်စုံတစ်ခုမျှ မတူကြပါကုန်'

ဤသို့လျှင် ကမ္ဘာဦး အစကတည်းက ကောင်းမြတ်သော ဝိညာဉ်သည် အဟုရာ မာဇဒါ ဘုရားသခင်ထံမှ ဖြစ်ပေါ်လာသည် ဖြစ်လျက် ပါပ ဝိညာဉ်၏ ဆန့်ကျင်ဘက် ပြုခြင်းကို ခံခဲ့ရလေသည်။ ပါပ ဝိညာဉ်ကို နောင်အခါ၌ ဆေတန် (ရှိုက်တန်) မာရ်နတ် ဟူ၍ လူတို့ ခေါ်ကြကုန်သည်။

မကောင်းသော ဝိညာဉ် မာရ်နတ် တည်ရှိခြင်းနှင့် ပတ်သက်သော အဟုရာ မာဇဒါ ဘုရားသခင်၏ တာဝန် ရှိပုံကို ဖော်ပြသော ဘာသာ စကားတို့သည် အဆုံးသတ် မရှိဘဲ ဝေဝါး ရှုပ်ထွေးနေလေသည်။

---

၁။ Spenta Mainyu
၂။ Sraosha
၃။ Geus Urva

မာရ်နတ် အန်ဂရာ မိန်ညုသည် အစ ကတည်းက အဟုရာ မာဇဒါ ဘုရားသခင်နှင့် အတူ တည်ရှိခဲ့လေသလား၊ သို့မဟုတ် နောက်မှ အဟုရာ မာဇဒါ ဘုရားသခင်က ထို မာရ်နတ်ကို ဖန်ဆင်းခဲ့လေသလား မရှင်းပေ။

ရှင်းသည်ကား အဟုရာ မာဇဒါ ဘုရားသည် မကောင်းသော မာရ်နတ် ဝိညာဉ်ကို ဖန်ဆင်းမည်ကား မဟုတ်ပေ။ သို့ရာတွင် ကောင်းသော အရာ ရှိသော နေရာတိုင်း၌ ဆိုးသော အရာ ရှိသည်ကို သဘာဝအားဖြင့် ရှာဖွေ တွေ့ရှိကြရပေသည်။ ထို့အတူ အလင်း ရှိသော နေရာ၌ အမှောင်သည် ကပ်လျက် တည်ရှိနေပေသည်။ ခြုံ၍ ပြောရလျှင် နောက်ဆုံး အမြင်ကို ဂါထာများထဲတွင် အနံ့အပြား တွေ့ရှိရပေသည်။ သို့သော် ဤ ယုံကြည်ချက်ကို နောက်ပိုင်း အာဗက်စတာ ကျမ်းထဲတွင် ဖော်ပြထားပုံများကိုလည်း မြင်တွေ့ရန် မခက်ပေ။ မာရ်နတ် ဆိုသော ပါပ ဝိညာဉ်သည် အဟုရာ မာဇဒါ ဘုရားသခင်ကို အမြဲတမ်း ဆန့်ကျင် ယှတ်မာနေသော သူ့ အလိုလို ဖြစ်ပေါ်လာသော နတ်ဆိုး နတ်ယုတ် အဖြစ် တွေ့ရသည်။

(၅) စကားလုံး အနည်းငယ်ဖြင့်သာ ဖော်ပြရန် လိုအပ်သော်လည်း လူတိုင်း၏ ဝိညာဉ်သည် အကောင်းနှင့် အဆိုးတို့ စစ်တိုက်နေသော နေရာ စစ်မြေပြင် ဖြစ်သည် ဆိုသော အယူအဆသည် ဇိုရိအက်စတာ၏ အရေး အပါဆုံးသော ကိုယ်ကျင့်တရား ဆိုင်ရာ မူဝါဒ ဖြစ်ပေသည်။ ဤကဲ့သို့ ရင်တွင်း၌ ဖြစ်ပွားနေသော စစ်ပွဲသည် အလွန်ပင် အရေးပါလှပေသည်။ လူကို ဖန်ဆင်းစဉ် အခါကပင် အဟုရာ မာဇဒါ ဘုရားသခင်က လူသားအား မိမိပြုသော အမှုကံကိစ္စ အားလုံး၌ လွတ်လပ်စွာ ရွေးချယ် ဆုံးဖြတ်ပြီး လုပ်ပိုင်ခွင့်ကို ပေးလိုက်ပြီး ဖြစ်ပေသည်။ ထို့ကြောင့် လူသည် အမှန်နှင့် အမှား ကြားမှာ ရွေးချယ် ဆုံးဖြတ်နိုင်သော အစွမ်းသတ္တိကို ရရှိပြီး ဖြစ်သည်။

အဟုရာ မာဇဒါ ဘုရား သခင်သည် သူ၏ သန့်ရှင်းသော ဝိညာဉ်တော် (စပင်တ မိန်ညု) ဖြင့် လည်းကောင်း၊ သူ၏ ဗိုဟုမန (သမ္မာသင်္ကပ္ပ) ဖြင့် လည်းကောင်း မှန်ရာကို လုပ်ဖို့ အမိန့် ပေးသော်လည်း သူသည် လူကို မာရ်နတ် အန်ဂရာ မိန်ညု၏ မကောင်းသော နှောင့်ယှက်ခြင်းမှ ကင်းအောင်ကား မပြုလုပ်ပေ။

ထို့ကြောင့် လူတိုင်းသည် သူ၏ ရင်ထဲက စစ်ပွဲနှင့် ဆိုင်သော မည်သို့ လုပ်ဆောင်သင့်သည် ဆိုသော အချက်ကို ကိုယ်တိုင်သာလျှင် ဆုံးဖြတ်ချက် ချပြီးလျှင် အကောင်းကိုသော် လည်းကောင်း၊ အဆိုးကိုသော် လည်းကောင်း ရွေးချယ်နိုင်သည်။ ကောင်းသော လူသည် မှန်သော အရာကို ရွေးချယ်ပေသည်။

(၆) ကောင်းခြင်းနှင့် မကောင်းခြင်းကို တိတိကျကျ အဓိပ္ပာယ် သတ်မှတ်ထားခြင်း မရှိပေ။ သို့သော် ကျွန်ုပ်တို့ အနေနှင့် ဂါထာများကိုလည်း (၎င်းတို့မှာ ကြည်ညို၍ ရွတ်ဆိုသော ဂါထာများသာ ဖြစ်၍ ဘာသာရေး ကျမ်း မဟုတ်ရကား) တိကျမည်ဟု မမျှော်လင့်နိုင်ပေ။ သို့သော် ဂါထာများတွင် အမှန်နှင့် အမှားကို လက်တွေ့အားဖြင့် ခွဲခြားနိုင်ရန် အညွှန်း သဘောတော့ ပါပေသည်။ ဥပမာ လူကောင်း သူကောင်းများသည် မှန်ကန်သော ဘာသာကို ကိုးကွယ်ကြသူများ ဖြစ်သည်ဟု ဇိုရိအက်စတာက ယုံကြည်သည်။ လူယုတ်မာများသည် ကောင်းမြတ်သော ဘာသာကို ငြင်းပယ်ကြသူများ ဖြစ်ကြသည်။

အထူးသဖြင့် နတ်များကို ရှိခိုး ပူဇော် ပသနေကြသော ရှေးက လူကြိုက်များခဲ့သော ဘာသာဟောင်းများကို ဆက်လက် ကိုးကွယ်သူများသည် ယုတ်ညံ့သူများ ဖြစ်ကြသည်။ ဒေဝါ ဆိုသော နတ်များသည် အန်ဂရာ မိန်ညု ခေါ်သော မာရ်နတ်၏ မဟာမိတ်များသာ ဖြစ်ကြသည်။ ထို့ကြောင့် ထိုနတ်မိစ္ဆာများ၊ မာရ်နတ်၏ အပေါင်းအသင်းများကို ဆည်းကပ် ကိုးကွယ်သူများမှာလည်း အကုသိုလ် ဒုစရိုက်များ ပြွမ်းသော ဘဝ၌ အသက် ရှင်နေကြသူများသာ ဖြစ်ကြကုန်သည်။

ထိုလူမျိုးများကို ဝေးစွာ ရှောင်ကြဉ်အပ်ရုံမျှမက ထိုသူတို့အား လက်နက်ဖြင့်ပင် တွန်းလှန်ပစ်ရမည် ဖြစ်၏။ ကောင်းမွန်သောသူ ဖြစ်မှုကား မှန်သော စကားကိုသာ အစဉ် ဆိုကြလျက် အရှနှင့် ဗိုဟုမန (မှန်ကန်ခြင်း နှင့် သမ္မာသင်္ကပ္ပ) ကို အမြဲ ကျင့်သုံးကြရမည် ဖြစ်ပေသည်။ မကောင်းမှုကို ကူညီ အားပေးခြင်း၊ ဆုလာဘ် ပေးခြင်းကား အကုသိုလ်ပင် ဖြစ်၏။

ကောင်းမှု ကုသိုလ်ကား မြေကို ထွန်ယက်၏။ မျိုးကို ကြဲ၏။ အပင်ကို ပျိုး၏။ အသီးကို သီးစေ၏။ ပေါင်းကို သင်၏။ ပလပ်မြေကို ပြုပြင် ထိန်းသိမ်း၏။ ခြောက်သွေ့မြေကို ဆည်မြောင်းဖြင့် စိုပြည်စေ၏။ တိရစ္ဆာန်တို့ကို မွေးမြူ၏။ အထူးသဖြင့် နွားမကို မွေးမြူ စောင့်ရှောက်၏။ လယ်သမားများကို လုပ်ကျွေးသော နွားများကို အထူးသဖြင့် မွေးမြူ၏။

ထိုသူတို့ အချင်းချင်း ဆက်ဆံရာ၌လည်း မှန်သော စကားကိုသာ ပြောဆိုကြ၏။ မုသား စကားကိုကား ဘယ်သော အခါမျှ မဆိုပေ။

သူယုတ်မာတို့ကား ထိုသို့သော စိတ်ဝင်စားမှုမျိုး မရှိကြပေ။ သူတို့သည် လယ်ယာ စိုက်ပျိုးခြင်း အလို့ငှာလည်း ကြောင့်ကြမဲ့ဖြစ်၏။ ဤသည်ကား သူတို့အား အပြစ်တင်ရန် အကြောင်း ဖြစ်၏။

'အို အရှင် မာဇဒါ၊ လယ်ယာ လုပ်ငန်းကို မလုပ်သော ထိုသူသည် မည်မျှပင် စိတ်အား ထက်သန်မှု ရှိစေကာမူ ထိုသူ အဖို့ ကောင်းသော သတင်းသည် ဖြစ်ပေါ်နိုင်ခြင်း မရှိပေ'

အန်ဂရာ မိန်ညု ဆိုသော မာရ်နတ်သည် လယ်ယာ ထွန်ယက် စိုက်ပျိုးမှုကို ဆန့်ကျင်ခြင်းဖြင့် အစဉ် အလုပ်များလျက် နေ၏။

လှည့်လည် တိုက်ခိုက်နေကြသော ကျူရန်နီယန်း နောမက် လူမျိုးများသည် အဆိုးဆုံးသော လူယုတ်မာများ အဖြစ်ကို ကိုယ်စားပြုသူများ ဖြစ်ကြ၏။

သူတို့သည် နတ်များကို ပူဇော် ပသကြပြီးနောက် စစ်ချီ တိုက်ခိုက်ရေးကိုသာ ပြင်ဆင်နေကြသူများ ဖြစ်ကြလေသည်။ သူတို့သည် ယဇ်ပလ္လင်ပေါ်တွင် တိရစ္ဆာန်များကို ကောက်ကျစ် စဉ်းလဲစွာ သတ်ဖြတ်လျက် ပူဇော်ပသခြင်းကိုသာ ပြုလုပ်နေကြသူများ ဖြစ်ကြလေသည်။ ထို့နောက် သူတို့သည် သူတစ်ပါး လုပ်ကိုင်ထားသော စိုက်ပျိုး မွေးမြူရေး ခြံများကို ဝင်ရောက် တိုက်ခိုက်ပြီး ထိုသူတို့ စိုက်ပျိုး ထုတ်လုပ်ထားသော ကုန်ပစ္စည်းများကို လုယက် ဖျက်ဆီး ပစ်တတ်ကြလေသည်။

ဤကား နတ်ဒေဝါ ကိုးကွယ်သူများထံမှ မျှော်လင့်ရသော မကောင်းမှု ဒုစရိုက်များပေတည်း။

(၇) ဘာသာရေး အခမ်းအနား ပွဲသဘင်များ အရမှုကား အနည်းငယ် ကျန်ရှိပေသေးသည်။ ရှေးကျသော အာရိယန် လူမျိုးများ၏ ပူဇော် ပသပွဲများကိုကား သုတ်သင် ရှင်းလင်းပစ်ခဲ့ပြီ ဖြစ်၏။ မှော်ကိစ္စ၊ ရုပ်တု ကိုးကွယ်မှု ကိစ္စများမှာ ပပျောက်သလောက် နီးပါး ဖြစ်သွားပြီ။

သို့သော် ရှေးကျသော ပူဇော် ပသမှုများ အနက် တစ်ခုကိုမူ ဇိုရိုအက်စတာသည် ဆက်လက် ထိန်းသိမ်းထားလေသည်။ အစဉ်အလာ အရ ကျွန်ုပ်တို့ သိရသမျှမှာ သူသည် သန့်ရှင်းသော မီးပူဇော်ရာ ပလ္လင် ရှေ့မှောက်မှာ အသတ်ခံရသည်။ သန့်ရှင်းသော မီးကို အဟုရာ မာဇဒါ အရှင်မြတ်၏ လူသားတို့ အတွက် လက်ဆောင် ပစ္စည်း ဖြစ်ကြောင်း နေရာ အနှံ့အပြားတွင် သူ ကြေညာခဲ့လေသည်။

ဂါထာများထဲတွင်လည်း မီးကို ပူဇော်ခြင်းသည် မှန်ကန်သော ကိစ္စ ဖြစ်ကြောင်း အကြိမ်ကြိမ် ဖော်ပြထားသည်ကို တွေ့ရသည်။ သို့သော် ဇိုရိုအက်စတာသည် သူ့ဘိုးဘွားများ လုပ်သလို မီးကို ရှိခိုးသည်ကား မဟုတ်။ သူ၏ နောက်လိုက်များလည်း နောင်အခါ၌ မီးကို ရှိခိုးကိုးကွယ်ခဲ့ကြလေသည်။

သူ့အဖို့မူ မီးသည် အဟုရာ မာဇဒါ ဘုရားသခင်က ပေးသော အဖိုး ထိုက်တန်သော သင်္ကေတ တစ်ခု အဖြစ် မှတ်ယူခြင်းသာ ဖြစ်၏။ ထို့ထက် မပိုပေ။ မီးကို ကြည့်ခြင်းအားဖြင့် ဉာဏ်ပညာ ကြီးသော အရှင်သခင်၏ သဘာဝနှင့် အနှစ်သာရကို နားလည်နိုင်သည်ဟု သူ ယူဆသည်။ ထို့ကြောင့် နောက်ဆုံးတွင် သူ့ ဘာသာ စကား၊ သူ့ ယုတ္တိဗေဒနှင့် သူ၏ အနေအထား အားလုံးကို ကြိုတင် သိမြင်ရတော့သည်။

(၈) နောက်ဆုံး အချက်မှာ ကောင်းမှုနှင့် မကောင်းမှု (ကုသိုလ်နှင့် အကုသိုလ်) တို့၏ တိုက်ပွဲနှင့် ပတ်သက်သော အယူအဆ ဖြစ်သည်။ အဟုရာ မာဇဒါကို အစဉ်သဖြင့် ဆန့်ကျင်နိုင်ပါမည်လား၊ အန်ဂရာ မိန်ညု ခေါ်သော လိမ်လည်သူ မာရ် နတ်သည် လူအပေါင်းတို့အား အစဉ်သဖြင့် မှောက်မှားအောင် နှိပ်စက်ကလူ ပြုနိုင်ပါမည်လား။

သူ၏ နောင်အခါ၌ ဖြစ်သော နောက်လိုက်များ အနေနှင့် မည်သို့သော စိတ် အနှောင့်အယှက်မျိုး ကြုံကြရစေကာမူ အဟုရာ မာဇဒါသည် အချိန် ကျလာသော အခါ မကောင်းမှု အားလုံး အပေါ် အနိုင် ရရှိသွားမည်သာ ဖြစ်သည်ဟု ဇိုရိုအက်စတာသည် သံသယ ကင်းစွာ ယုံကြည်ပေသည်။ သူ့စိတ်ထဲတွင် ကောင်းမှု ကုသိုလ် တရားလို မကောင်းမှု အကုသိုလ် ဒုစရိုက် တရားတို့သည် အမြဲ အစဉ် တည်တံ့နိုင်လိမ့်မည်ဟု မယုံကြည်ပေ။ သူသည် လုံးလုံးလျားလျား ဘဝကို အကောင်း မြင်သူ တစ်ဦးသာ ဖြစ်၏။ ဤလောက၌ ကောင်းမှု ကုသိုလ်သည်သာ အစဉ်သဖြင့် တည်တံ့နေပြီး မကောင်းမှု အကုသိုလ် ဒုစရိုက်တို့ကား ပပျောက်သွားရမည်ဟု သူ အကြွင်းမဲ့ ယုံကြည်ပေသည်။ ဘယ်သို့နည်း။

နောင်တမလွန် ဘဝ၌ တရား စီရင်ခြင်း ခံရမည်ဟု ယုံကြည်သော ကမ္ဘာ့ ဘာသာတရား တစ်ခုတွင် ပထမဆုံး အကြိမ် ကမ္ဘာ ပျက်မည့် နောက်ဆုံးနေ့ အကြောင်းကို အရေးတကြီး ဖော်ပြထားပေသည်။

ဇိုရိုအက်စတာ၏ ဟောကြားချက် အရ အထွေထွေ ရှင်ပြန် ထမြောက်ခြင်း သဘောသည် ဤကမ္ဘာ လောက၏ အဆုံးတွင် ဆိုက်ရောက်လာမည် ဟူသော အယူအဆသည် ပထမဆုံး အကြိမ် ဤဘာသာ၌ ပေါ်ပေါက်ခြင်း ဖြစ်သည်။

ထိုတရားစီရင်သော နေ့တွင် ကောင်းမှုနှင့် မကောင်းမှု သဘောကို မီးဖြင့် လည်းကောင်း၊ အရည် ကျိုထားသော သတ္တုရည်ဖြင့် လည်းကောင်း စမ်းသပ် စစ်ဆေးခြင်း ခံရမည်။ ထိုအခါ မကောင်းမှု ပြုသူများသည် ငရဲမီး လောင်ကျွမ်းခြင်းကို ခံကြရမည်။ ကောင်းမှု ပြုသူများသည် မီးလောင်ကျွမ်းခြင်း၊ သတ္တုရည် လောင်ကျွမ်းခြင်း အန္တရာယ်အပေါင်းတို့မှ ကင်းရှင်းကြပေမည်။ ထို သတ္တုရည်တို့သည် ကုသိုလ် ကောင်းမှု ပြုခဲ့သူများ အတွက် နို့ရည်ကဲ့သို့ ကြည်လင် အေးမြပေလိမ့်မည်။

ဂါထာများထဲတွင်မူကား ထို ပုံရိပ်သည် ထင်ထင်ရှားရှား မရှိလှပေ။ ထို တရား စီရင်သော အခါ မာရ်နတ်ဖြစ်သော အန်ဂရာမိန်ညု မိစ္ဆာ နတ်လည်း မီးနှင့် သံရည်ပူတို့ဖြင့် အစီရင်ခံရမည် မခံရမည်ကိုကား မရှင်းလင်းပေ။ သို့မဟုတ် ထိုနတ်မိစ္ဆာသည် ငရဲအိုးထဲတွင် ချုံးကပ်သွားမည်လား ဆိုသည်မှာလည်း ရှင်းရှင်းလင်းလင်း မရှိပေ။

အကယ်၍ နောက်ပိုင်း အယူအဆသည် မှန်ကန်ပါမူကား ပုဂ္ဂလိက တရားစီရင်မှုနှင့် ပတ်သက်သော ရုပ်ထွေးသည့် စိတ်ကူး စိတ်သန်းများသည် ရှေ့နောက် ညီညွတ်မှု အတန် အသင့်ရှိပေသည်။ လူသည် သေပြီးနောက် တစ်ဦးချင်း တရား စီရင်ခြင်းကို ခံကြရမည်။ ထို့နောက် သူ၏ ဝိညာဉ်သည် မရဏာဘုံတွင် နောက်ဆုံး ကမ္ဘာ ပျက်မည့်နေ့၌ ပြန်လည် ရှင်သန် ထမြောက်သည်အထိ နေကြရမည်။ ကောင်းသော ဝိညာဉ် ဖြစ်စေ၊ ဆိုးသော ဝိညာဉ် ဖြစ်စေ ခွဲခြားရေး တံတားပေါ်တွင် တရား စီရင်ခြင်းကို ခံကြရမည်သာ ဖြစ်သည်။ ထိုတံတားသည် ငရဲနှင့် အမတသုခ ဘုံကို ဆက်သွယ်ထားသော တံတားကြီး ဖြစ်သည်။ ထို တံတားပေါ်တွင် ဝိညာဉ် မှတ်တမ်းကို ဖတ်ကြားမည်။ ထို့နောက် ကုသိုလ်ကို ထိုတံတားပေါ်မှာပင် ချိန်ခွင်ဖြင့် ချိန်ဆက်မည်။

ကောင်းမှု ကုသိုလ်က အကုသိုလ်ထက် ပို၍ အချိန် စီးလျှင် အဟုရာ မာဇဒါ ဘုရား၏ လက်ညိုးက ထိုသူအား အမတသုခ ဘုံသို့ သွားရန် ညွှန်ပြမည်။

သို့သော် အကုသိုလ်က ကုသိုလ်ထက် အချိန် စီးလျှင်ကား အဟုရာ မာဇဒါ ဘုရား၏ လက်ညိုးက ထိုသူအား ငရဲဘုံသို့ သွားရန် ညွှန်ပြပေလိမ့်မည်။

ထိုတံတားကို ဖြတ်သန်းနိုင်ရေးကား ခက်ခဲလှ၏။ ဇိုရိုအက်စတာ၏ လမ်းညွှန်မှုကို ရရှိသော ဖြောင့်မတ်သူတို့မှာမူကား အခက်အခဲ တစ်စုံတစ်ရာ မရှိပေ။ သို့သော် မကောင်းမှု ဒုစရိုက်သမားများ အဖို့မူကား တရားသူကြီးများက အပြစ်ဒဏ် စီရင်ပြီး နောက်တွင် တံတား၏ အလယ် ဗဟိုချက် ငရဲကို ကျော်ဖြတ်သွားနိုင်ခြင်း မရှိတော့ပေ။

အဘယ်ကြောင့်နည်း။ ဇိုရိုအက်စတာသည် လူသား၏ သတ်မှတ်ထားသော ကံကြမ္မာ သဘောတရားကို ယုံကြည်သူ ဖြစ်သည်။

မကောင်းမှုနှင့် ပတ်သက်၍ သူ ဆိုသည်ကား -

ကုသိုလ် အကုသိုလ် ခွဲခြားရေး တံတားပေါ်သို့ ဆိုက်ရောက်သော အခါ သူတို့၏ ဝိညာဉ်၊ သူတို့၏ အတ္တက သူတို့အား ညှဉ်းဆဲ နှိပ်စက်ကြလိမ့်မည်။ သူတို့သည် လိမ်လည်သူတို့၏ အိမ်တွင် အစဉ် ထာဝရ ဧည့်သည်များ အဖြစ် နေကြရလိမ့်မည်။

သူတို့၏ အပြစ် မကင်းသော အသိသို့ ယိမ်းညွတ်မှုကြောင့် သူတို့သည် အပြစ်ဒဏ် စီရင်ချက် ချခြင်းကို ခံကြရပေလိမ့်မည်။

သူတို့သည် 'မုသား ဂေဟာ' တွင် နေကြရမည်။ ထိုအိမ်ကို ဂါထာများ၌ ငရဲ သို့မဟုတ် အယုတ်ညံ့ဆုံးသော ဘဝ ဖြစ်တည်မှုဟု ခေါ်သည်။ အယုတ်ညံ့ဆုံးသော ဘုံဘဝ ဖြစ်သည်။ ထိုအရပ်၌ ရန့်ဆိုးတို့ဖြင့် လှိုင်သည်။

ထို ဘုံဘဝသည် အီရန်တို့၏ စိတ်ကူးညာဏ်တွင် လွန်စွာ ထိတ်လန့် ကြောက်ရွံ့ဖွယ် ကောင်းသော ဘုံဘဝ ဖြစ်သည်။ ထိုဘုံသည် အလွန် ပုပ်စော်နံသည်။

၎င်း၏ အလင်းရောင်မဲ့ နက်ရှိုင်းမှုထဲတွင် ဝမ်းနည်းကြေကွဲဖွယ်ရာ ညည်းသံများ၊ ငိုသံများကိုသာ ကြားရသည်။ သို့ရာတွင် ငရဲ ခံစားနေရသူသည် ထာဝရအားဖြင့် တစ်ဦးတည်း အထီးကျန် ဖြစ်၍သာ နေရလေသည်။ တစ်နည်းအားဖြင့် ဖြောင့်မတ် မှန်ကန်သူတို့သည် ခွဲခြားမှု တံတား၏ အလွန်တွင် ရှိသော 'သီချင်းအိမ်' တွင် နေကြရမည် ဖြစ်သည်။

ဂါထာ၌ ထိုအိမ်ကို ပရဒိ သုခဘုံဟု ခေါ်သည်။ အကောင်းဆုံးသော ဘုံဘဝဟု ဖော်ပြသည်။ အကောင်းဆုံးသော၊ အမြတ်ဆုံးသော စိတ်ကူးများ တည်ရှိရာ ဘုံဘဝ ဖြစ်သည်။ ထိုနေရာ၌ အစဉ် ထာဝရ နေရောင်ခြည် ထွန်းပနေသည်။ ဖြောင့်မတ်သူတို့သည် ကောင်းကျိုး ချမ်းသာ အမျိုးမျိုးကို ခံစားနေရသည်။ အချင်းချင်း ပေါင်းသင်း ဆက်ဆံလျက် ပျော်ရွှင် ချမ်းမြေ့စွာ နေကြရလေသည်။

ဇိုရိုအက်စတာ၏ စိတ်တွင် အဟုရာ မာဇဒါ၏ ကောင်းမြတ်သော ဘာသာ တရားသည် အောင်မြင်မည်၊ ထိုဘာသာ အယူဝါဒကို ယူသော သူတို့သည် နောက်ဆုံး

တွင် မကောင်းမှု ဒုစရိုက်များ အားလုံးကို နှိမ်နင်းပစ်နိုင်မည်သာ ဖြစ်သည်ဟု ပြင်းထန်စွာ ယုံကြည်ထားလေသည်။ ထို့ကြောင့် သူ့မှာ ခိုင်မာသော မျှော်လင့်ချက် တစ်ခု ရှိလေသည်။

ထိုမျှော်လင့်ချက်မှာ ထိုဘာသာ အယူဝါဒကို ယူသူများ အနက် အချို့သော သူတို့သည် သူ့လိုပင် 'ကယ်တင်ရှင်' များ ဖြစ်လာကြလိမ့်မည် ဟူ၍ ဖြစ်၏။ ထို့ကြောင့် သူ့မှာ အဟုရာ မာဇဒါ ဘုရားသခင်၏ အပြီးသတ် အောင်မြင်မှု ရရှိမည် ဆိုသော အချက် အပေါ် လုံးဝ သံသယကင်းစင်လျက် ရှိလေသည်။

ဤကား သူ့ခေတ်က လူများကို ဇိုရိအက်စတာက ကိုယ်ကျင့်တရား အရ စိန်ခေါ်ခဲ့သော စစ်သွေးကြွ အယူအဆ ဖြစ်သည်ဟုလည်း ဆိုနိုင်သည်။ သူသည် သူ့ခေတ်၏ ရှေ့သို့ မည်မျှ ရောက်ရှိနေသနည်း။

ရှေ့စာများကို ဆက်လက် ဖတ်ရှု လေ့လာသူများ ချင့်ချိန်ကြည့်ကြပါကုန်။

## ၃။ နှောင်းခေတ် အာဗက်စတာ ကျမ်းလာ ဘာသာတရား

အီရန်နှင့် တူရန် ကုန်းမြင့်တွင် ဇိုရိအက်စတာ ဘာသာ စတင် ပေါ်ပေါက်လာပုံနှင့် ပြန့်ပွားသွားပုံကို ကျွန်ုပ်တို့ ရှူးစမ်း၍ မရခြင်းမှာ ဤဘာသာနှင့် ပတ်သက်သော မှတ်တမ်းမှတ်ရာများမှာ အပိုင်းပိုင်းအစစ အကွဲကွဲ အပြားပြား ဖြစ်နေသောကြောင့် ဖြစ်ပေသည်။

သမိုင်း ထင်ရှားစွာ ဘာသာ ယုံကြည် ကိုးကွယ်မှု တစ်ခု အဖြစ် ဇိုရိအက်စတာ ဘာသာသည် ပီပီပြင်ပြင် ပေါ်ပေါက်လာသော အခါတွင်မူ ထိုဘာသာသည် *အာခီမေးနီးယန်း မင်းဆက်* [၁] မှ မင်းများ ကိုးကွယ်သော ဘာသာ အဖြစ်သို့ ရောက်ရှိနေပြီ ဖြစ်ပါသည်။

အာခီမေးနီးယန်း မင်းဆက်သည် ပါရှင် အင်ပိုင်ယာကို အုပ်စိုးခဲ့သော မင်းများ ဖြစ်ကြလေသည်။ ဘီစီ ၅၃၈ ခုနှစ်တွင် ထိုမင်းဆက်ကို *မဟာ ဆိုင်းရပ်* [၂] ဆိုသူက *ကာလ်ဒီးယန်း အင်ပိုင်ယာ* [၃] ကို အဆုံးသတ်စေကာ ဘေဘီလုံကို ဖယ်ရှား သုတ်သင်ပြီး စတင် တည်ထောင်ခဲ့ခြင်း ဖြစ်လေသည်။

လောလောဆယ် ဖြစ်ပျက်နေသော အဖြစ်အပျက်များမှာ တွေးဆ ဆင်ခြင်စရာများသာ ဖြစ်ကြသည်။ အာရိယန် မင်းညီမင်းသားများ အကြား၌ ဇိုရိအက်စတာ ဘာသာသည် လျင်မြန်စွာ ပြန့်ပွားကောင်း ပြန့်ပွားခဲ့နိုင်သည်။ ထိုဘာသာ အတွက် ဘာသာရေး စစ်ပွဲများကိုလည်း အလွတ်အကျွတ် အပြင်းအထန် တိုက်ခိုက်ခဲ့ကြသည် ဆိုခြင်းမှာလည်း သံသယ ဖြစ်ဖွယ် မရှိပါ။ ထို့ပြင် အနည်းဆုံးအားဖြင့် *မေဒီယ* [၄] တွင် ဇိုရိအက်စတာ ဘာသာသည် *မာဂိ* [၅] ဆိုသော မေဒိယန် လူမျိုးစု၏ ထောက်ခံ အားပေးမှုဖြင့် အထွတ်အထိပ်သို့ ရောက်ရှိကာ ဩဇာ အာဏာ ထွန်းကားခဲ့သည်မှာ ထင်ရှားသည်။

သို့ရာတွင် မာဂိ ဆိုသူများသည် မည်သူများ ဖြစ်ကြသနည်း ဆိုသည်မှာ သိခက်သော အချက် တစ်ခု ဖြစ်နေပြန်လေသည်။ ထိုလူမျိုးစုသည် အာရိယန် အနွယ် မဟုတ်ကြောင်းကား ထင်ရှားသည်။ သို့ရာတွင် သူတို့သည် မှော်အတတ် ပညာ၌ ကျွမ်းကျင် လိမ္မာမှု အတွက် အနောက်ဘက် တစ်လွှား ဂျေရုဆလင်မြို့ အထိ လူသိများ ထင်ရှားခဲ့ကြသူများ ဖြစ်လေသည်။ (မှော် Magic ဆိုသော စကားသည်ပင် ထိုလူမျိုးများထံမှ ဆင်းသက်လာဟန် တူသည်။ Magi မှ Magic ဖြစ်လာဟန် တူသည်။) ဘေဘီလုံကလည်း သူတို့ အကြောင်းကို ကောင်းကောင်း သိသည်။ မဟာ ဆိုင်းရပ် ဘုရင် တိုက်ခိုက် ချေမှုန်း၍ ဘေဘီလုံ မပျက်မီကပင် မာဂိများ အကြောင်းကို ဘေဘီလုံမှာ လူသိများနေလေပြီ။

ဇိုရိအက်စတာ ဘာသာ စတင် ရောက်ရှိလာစကမူ ထိုလူမျိုးများသည် ထိုဘာသာကို ဆန့်ကျင်ခဲ့ကြပုံ ပေါ်သည်။ သို့ရာတွင် မိမိတို့ လူမျိုးတွင် ရှိထားသော နတ်ဆရာတို့၏ အထူး စွမ်းဆောင်နိုင်မှုသည် ဇိုရိအက်စတာ

---

၁။ Achaemenium Dynasty

၂။ Great Cyrus

၃။ Chaldaean Empire

၄။ Media

၅။ Magi

ဘာသာ ပြန့်ပွားရေး အတွက် အသုံးဝင်နိုင်သည်ဟု စတင် ယုံကြည်လာကြသော အခါ ထိုဘာသာကို သူတို့ လက်ခံ ကိုးကွယ်ကြလေတော့သည်။ ထို့နောက် ထိုဘာသာတွင် မက်ဆိုပိုတေးမီးယား၌ ဦးဆောင်ဦးရွက် ပြုနိုင်သူ ဘာသာရေး ခေါင်းဆောင်များ ဖြစ်လာကြလေတော့သည်။

မဟာ ဆိုင်းရပ် ဘုရင်သည်လည်း ဇိုရိုအက်စတာ ဘာသာကို ကိုးကွယ်သူ တစ်ဦး ဖြစ်လေသည်။ သို့ရာတွင် အမှန်တကယ် တိတိကျကျ ယုံကြည် ကိုးကွယ်သူ ဖြစ်သည်ဟုကား မဆိုနိုင်။ နိုင်ငံရေး သဘော အရ ဟန်ပြ ကိုးကွယ်ခြင်းမျှ ဖြစ်နိုင်သည်။ သူသည် ကားလ်ဒီးယန်း အင်ပိုင်ယာဘက်သို့ နယ်ချဲ့စစ် ဆင်နွှဲသော အခါက လူထု ထောက်ခံမှုကို ရရှိစေရန် အတွက် ဘေဘီလုံ၏ နတ်ဘုရား *မာဒွတ်* [၁] ကို ရှိခိုးခဲ့လေသည်။

သူ့နောက် သူ့ကို ဆက်ခံကြသော ပထမ *ဒါရီးယပ်* [၂] နှင့် *ဇာဇက်* [၃] တို့ကမူ သူ့လို စေ့စပ်ရေး သဘောဖြင့် ဆောင်ရွက်ခြင်း မရှိခဲ့ကြပေ။ သူတို့သည် အဟုရာမာဇဒါကိုသာ တညီတညွတ်တည်း ကိုးကွယ် ဆည်းကပ်သူများ ဖြစ်ကြလေသည်။ သူတို့၏ ကျောက်စာ များစွာတွင် မာဇဒါ ဘုရားကိုသာ ကောင်းကင်နှင့် မြေပြင်ကို အစိုးရတော်မူသော အရှင် အဖြစ် ဖော်ပြခဲ့ကြလေသည်။

ဂါထာများတွင် ဖော်ပြထားသော ဇိုရိုအက်စတာ ဘာသာနှင့် သူတို့၏ ဘာသာသည် တိတိကျကျ တူညီသည်ဟူ၍ကား မဆိုနိုင်ပေ။ သို့သော် သူတို့သည် အဟုရာ မာဇဒါ နှင့် ထိုဘုရား၏ တန်ခိုးတော်များ၊ ထိုဘုရား၏ ဆုတောင်း ဖြည့်ဆည်း ပေးမှုများကိုကား ယုံကြည်ကြလေသည်။

ထိုခေတ် ထိုအချိန်က ကမ္ဘာ့ သမိုင်းမှာလည်း ချိန်ခွင်ညှာ တန်းလျက် ရှိသည်။ ဒါရီးယပ်က ပထမ၊ ဇာဇက်က ဒုတိယအားဖြင့် ကမ္ဘာကြီး တစ်ခုလုံးကို အောင်နိုင်ရေးကို မျှော်မှန်းခဲ့ကြလေသည်။ ပါရှန် အင်ပိုင်ယာမှာ ရှိရှိသမျှ ရင်းမြစ်များကို အသုံးပြုပြီး သူတို့သည် ဥရောပဘက်သို့ စစ်ချီခဲ့ကြလေသည်။ ဇာဇက်သည် ဂရိ နိုင်ငံကို ကျူးကျော် တိုက်ခိုက်ခဲ့လေသည်။ သို့ရာတွင် ဂရိ အရှေ့တောင်ဘက် ကမ်းခြေရှိ ဆာလာမစ် ကျွန်းတွင် ရုတ်တရက် ဘေးအန္တရာယ် ကျရောက်လာမှုကြောင့် ရှေ့ မတိုးနိုင်ဘဲ နောက်ဆုတ်ခဲ့ရလေသည်။ ထိုအကြောင်းကြောင့် ဇိုရိုအက်စတာ ဘာသာသည် အနောက်တိုင်း ကမ္ဘာတွင် အဓိကကျသော ဘာသာ အယူဝါဒကြီး အဖြစ်သို့ ရောက်မလာနိုင်အောင် တားဆီးလိုက်သလို ဖြစ်သွားခြင်း ဖြစ်နိုင်သည်။

တိုတောင်းသော အချိန် အတွင်းမှာပင် ဇိုရိုအက်စတာ ဘာသာသည် ကမ္ဘာ အနှံ့အပြား ထွန်းကားသော ဘာသာ ဖြစ်သည်ဟု ကြွေးကြော်နိုင်လောက်အောင် အောင်မြင်မှု အထွတ်အထိပ်သို့ ရောက်ရှိလာခဲ့လေသည်။

သို့ရာတွင် ထိုဘာသာသည် ၄င်း၏ ဩဇာ လွှမ်းမိုးမှု အထွတ်အထိပ်သို့ ရောက်အောင် တက်လှမ်းရာ၌ တန်ကြေး ပေးခဲ့ရလေသည်။ ထိုတန်ကြေးမှာ မူလက ဘာသာ တီထွင်သူ၏ အယူအဆများကို တစ်နည်းတစ်ဖုံ ပြုပြင် ပြောင်းလဲ ပေးခဲ့ရခြင်းပင် ဖြစ်သည်။ သူ၏ ဘဝ အတွေးအမြင်၏ သန့်စင်၍ ပြည့်စုံခြင်းကို အများ ကြိုက်အောင် အရောင်အသွေး တောက်ပအောင် ပြုလုပ်ရန် အတွက် စွန့်လွှတ်ခဲ့ရပေသည်။

ဤ တိုးတက်မှုကြောင့် ဇိုရိုအက်စတာ ဘာသာတွင် အပြောင်းအလဲများ ဖြစ်ပေါ်ခဲ့ရပေသည်။ ဤအပြောင်းအလဲများသည် တမန်တော် ဆိုသော ကိုယ်ရည်ကိုယ်သွေး ရှိသူ တစ်ပါးက စတင် ဟောကြားပြီးနောက် နတ်ဆရာ ဘုန်းကြီးများနှင့် ဘုရင် မင်းစိုးရာဇာတို့က သာသနာ ပြန့်ပွားအောင် ပြုလုပ်သော ဘာသာတိုင်း၌ တွေ့ကြုံကြရမြဲ ဖြစ်သော အပြောင်းအလဲမျိုး ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

၁။ ဇိုရိုအက်စတာ ကိုယ်တိုင်ကိုပင် အထွတ်အမြတ် ထား၍ ရှိခိုး ကိုးကွယ်သော အမူအကျင့်များ ပေါ်ပေါက်လာသည်။ သူ၏ နောက်ပိုင်း နောက်လိုက်များတွင် ကြည်ညိုသော မျက်လုံး ရှိသူတို့သည် ထို လူသား စင်စစ် (ဂါထာများ၌ ဆင်းရဲသားတို့၏ သိုးထိန်းဟု ဖော်ပြသူကိုပင်) ဘုရားသခင်လို သဘော ထား၍ ကိုးကွယ်လာကြသည်။

ထို ပုဂ္ဂိုလ်၏ ဘဝ ဖြစ်တည်နေပုံများသည် သဘာဝ လွန် တန်ခိုး ဣဒ္ဓိပါဒ်များဖြင့် ဝန်းရံနေပေတော့သည်။ သူ့ကြောင့် ကောင်းကင်ဘုံနှင့် ငရဲတို့သည် စိတ်လှုပ်ရှားစရာများ ဖြစ်လာကြသည်။ သူ ဤလောက၌ ပွင့်ပေါ်လာမည့် အကြောင်းကို လွန်ခဲ့သော အနှစ် သုံးထောင်ကျော်ကတည်းကပင် ရှေ့ပြေး နိမိတ်များ ဖြစ်ပေါ်ကာ လူများ သိခဲ့ကြပြီး ဖြစ်သည်။

ရွှေခေတ်တွင် ပေါ်ပေါက်သော *ယီမ ဘုရင်* [၄] သည် နတ်မိစ္ဆာများအား ၄င်းတို့၏ ကျဆုံးခြင်းသည် ဆိုက်ရောက် အံ့ဆဲဆဲ ဖြစ်နေပြီဟု သတိ ပေးခဲ့လေသည်။ ထို့ကြောင့်

---

၁။ Marduk
၂။ Darius
၃။ Xerxes
၄။ King Yima

နတ်မိစ္ဆာများမှာ ကြောက်ရွံ့ ထိတ်လန့်ပြီးလျှင် ၎င်းတို့ ပျက်စီးရတော့မည့် အဖြစ်ကို ဆိုက်ရောက် မလာနိုင်အောင် ကာကွယ်ဖို့ ကြိုးပမ်းကြလေတော့သည်။ သူတို့သည် ဇိုရိအက်စတာ၏ အယူအဆများကို ဆုတ်နစ် ကြောက်ရွံ့သော စိတ်ဖြင့် မှတ်သားကြလေသည်။ အဟုရာ မာဇဒါ ဘုရားသခင်၏ တန်ခိုးတော်သည် ဇိုရိအက်စတာ၏ မိခင် ဖြစ်လာမည့် သူနှင့် ပေါင်းသင်း၍ ကျန်းမာ ကြံ့ခိုင်စေပြီးလျှင် တမန်တော် ကလေးကို ဖွားသန့်စင်စေခဲ့သည်။

တစ်ချိန်တည်းမှာပင် နတ်များ စောင့်ရှောက်ခြင်းဖြင့် ရှင်သန် ပေါက်ဖွားလာသော ဟောမ အပင်သည် လာမည့် တမန်တော်၏ *ဖရာဗာသီ* [၁] နတ်သက် ဝင်လာသည်။

ထို့ကြောင့် သင့်တော်သော အချိန် အခါ၌ ဇိုရိအက်စတာ၏ မိဘများသည် ထိုဟောမ သစ်ပင်၏ အရည်များကို နို့ရည်ဖြင့် ရော၍ သောက်ရပေမည်။ ထိုသို့ သောက်သုံးရလျှင် နတ်မိစ္ဆာတို့သည် နှောင့်ယှက် ဖျက်ဆီးခြင်းကို မပြုနိုင်ကြတော့ပေ။ ထို့ပြင် ပဋိသန္ဓေ တည်လာမည့် သန္ဓေသား၏ ရုပ်အနှစ်သာရကိုလည်း ဖျက်ဆီး နှောင့်ယှက်ခြင်း မပြုနိုင်တော့ပေ။ သူ ဖွားမြင်လာသော အခါ သဘာဝ လောကကြီး တစ်ခုလုံးသည်လည်း အုန်းအုန်းကျွက်ကျွက် ဆူပွက်၍ ပျော်ရွှင် မြူးထူးကြပေမည်။ ထိုအချိန်မှာပင် သူသည် ကျယ်လောင်သော အသံတော်အားဖြင့် ရယ်မောလိမ့်မည်။ ထိုသို့ ရယ်မောသော အခါ နတ်မိစ္ဆာများနှင့် မှော်ဆရာ ဇော်ဂီနီတို့သည် သူ့ကို အမျိုးမျိုးသော ဘေးအန္တရာယ်တို့ဖြင့် ဝိုင်းရံလာကြလိမ့်မည်။ သူ့ဖခင်မှာမူ မှော်အတတ်ဖြင့် လက်စားချေခြင်းကို ခံရမည်။ သို့သော် ထိုအတတ်တို့သည် သူ့ ကံကြမ္မာကို ချောက်ချား စေနိုင်မည် မဟုတ်ချေ။ ကလေးမူကား ပုခက်တွင်း၌ သေလုမတတ် ခံစားရသည်။ မီးကြီးလောင်မည်။ နွားအုပ်ကြီးက သေအောင် နင်းခြေကြမည်။ သို့သော် ခေါင်းဆောင် နွားထီးကြီးက ကျန်နွားများ သူ့ကို နင်းခြေ မသွားနိုင်အောင် သူ့အပေါ်မှာ ရပ်၍ ခခံကာ သူ့ကို ကယ်တင်မည်။ သူ့ကို ဝံပုလွေများ ပေါများသော ဂူထဲမှာလည်း ထားမည်။

အကြီးအကျယ် ပုံကြီး ချဲ့၍ ပြောထားသော အစဉ်အလာ စကားများ အရ ဆိုလျှင် သူ အသက် ကြီးသော အခါမှာလည်း အလားတူ အံ့ဖွယ် ဖြစ်ရပ်များနှင့် ကြုံတွေ့ရလေသည်။ ဓာတ်လမ်း တစ်ပုဒ်တွင် ဇိုရိအက်စတာသည် မကောင်း ကြံစည်သူ ကာဗစ် ဆိုသူ မှူးမတ် တစ်ဦး၏ ကြံစည်မှုကြောင့် ထောင်သွင်း အကျဉ်းချထားခြင်း ခံခဲ့ရလေသည်။ ထိုကြံစည်မှုတွင် နတ်ဆရာများ (ကာပန်များ) လည်း ပါဝင်ခဲ့ကြလေသည်။

ထိုအချိန်တွင် ဘုရင် ဝိဿတပ္ပ၏ အချစ်တော် မြင်းကြီး မြေမှာ ဘုံးဘုံး လဲလေသည်။ မြင်းကြီးလည်း မလှုပ်ရှားနိုင်တော့။ ခြေလေးချောင်း မိုးပေါ် ထောင်လျက် ပက်လက် လဲနေရ၏။ ဇိုရိအက်စတာသည် ထောင်ကျနေရာ အကျဉ်းတိုက်ထဲမှ သူသည် ထိုမြင်း၏ ရောဂါကို ကုသပေးနိုင်ကြောင်း အမှာစကား ပါးလိုက်လေသည်။ သို့ရာတွင် သူက သူ တောင်းဆိုသော အချက်ကို လိုက်လျောမှသာ ကုသပေးမည် ဖြစ်ကြောင်းကိုလည်း မှာကြားလိုက်လေသည်။ သူ ပြန်လည် ကောင်းမွန်အောင် ပြုလုပ်ပေးသော မြင်းကြီး၏ ခြေထောက် တစ်ချောင်းစီ အတွက် ဆုလာဘ် တစ်ခုစီ ပေးရမည်ဟု တောင်းဆိုလေသည်။

ဇိုရိအက်စတာကို ဘုရင့် ရှေ့တော်မှောက်သို့ သွင်းစေရန် အမိန့် ပေးလေသည်။ သူ တောင်းဆိုသော ပထမ ဆုလာဘ်မှာ ဝိဿတပ္ပ ဘုရင်က သူ၏ ဘာသာ ယုံကြည်မှုကို ယုံကြည် ကိုးကွယ်ရမည်ဟု ဆိုသည်။

ဘုရင်က ယုံကြည် ကိုးကွယ်ပါမည်ဟု ဆိုလိုက်သည်နှင့် မြင်းကြီး၏ ညာဘက်လက်သည် ပကတိ အကောင်း ပြန်ဖြစ်လေတော့သည်။ ဘုရင်လည်း များစွာ နှစ်ထောင်းအားရ ဖြစ်လျက် ကျန်သော ဆုလာဘ် သုံးခုကိုလည်း ပေးရန် အသင့် ဖြစ်လေ၏။ ၎င်းတို့မှာ ဘုရင့် သားတော် အစ္စဖင်ဒါသည် ဤဘာသာရေး အတွက် တိုက်ရမည်။ မိဖုရားကြီးလည်း ဤဘာသာကို ယုံကြည် ကိုးကွယ်သူ ဖြစ်ရမည်။ ဇိုရိအက်စတာအား မကောင်း ကြံစည်သူများ၏ အမည်နာမများကို ဖော်ထုတ် ပေးရမည်။ ၎င်း ကြံစည်သူများကို ပြစ်ဒဏ် ခတ်ရမည် ဟူ၍ ဖြစ်၏။

ထို ဆုလာဘ် သုံးခုကို လိုက်လျောသည်နှင့် မြင်းကြီး၏ ခြေလက်များ အားလုံး အကောင်း ပကတိ ပြန်ဖြစ်ကြလေတော့သည်။ မြင်းကြီးလည်း ချက်ချင်းပင် ထခုန်၍ မြေမှာ ရပ်လေတော့၏။ အင်အား အပြည့်ဖြင့် မြူးကြွစွာ ပြေးလွှားနေလေ၏။

ဤ လုပ်ရပ် တစ်ချက်တည်းဖြင့် ဇိုရိအက်စတာလည်း သူ၏ ရန်သူတော်များ အားလုံးကို ဖယ်ရှား သုတ်သင်ကာ သူ့ဘာသာကို ယုံကြည် ကိုးကွယ်သူများ တိုးပွားအောင် သာသနာ ပြုလိုက်နိုင်လေတော့သည်။

ရှေးအထက်ကျော်ကာလက ဇိုရိအက်စတာကို အလွန် အမင်း ကြည်ညို ကိုးကွယ်ခဲ့ကြလေသည်။ ဂရိ လူမျိုးများ

---

၁။ Fravashi

နှင့် ရောမ လူမျိုးများသည် သူ့ အကြောင်းနှင့် သူ့ ဘာသာအကြောင်းကို ကြားသိရပြီးနောက် များစွာ အထင် ကြီးခဲ့ကြလေသည်။ သူ့ကို ဘယ်၍ ဘယ်မျှ ကြည်ညိုခဲ့ကြကြောင်း အထောက်အထားများကို ဂရိ စာပေ ကျမ်းဂန်များ၌ များစွာ တွေ့ရှိရပေသည်။

ပို၍ ထင်ရှားသော အချက်မှာ ဘီစီ ၃၉၆ တွင် စပါတာနှင့် ပါရှားတို့ စစ် စတင် ဖြစ်ပွားခဲ့လေသည်။ ထိုအချိန်တွင် ဆော့ခရတ္တိ ပညာရှိ ကွယ်လွန်သော အခါ သူ့တပည့် ပလေးတိုးသည် ဇိုရိုအက်စတာ၏ ဘာသာကို လေ့လာရန် အတွက် ပါရှားသို့ သွားမည် ပြုလေသည်။ ထိုအခါ စပါတာနှင့် ပါရှား စစ်ဖြစ်နေမှုကြောင့် ပလေးတိုးကို ပါရှားသို့ မသွားရန် ပိတ်ပင် တားမြစ်ခံခဲ့ရလေသည်။

(၂) ဘုရား တစ်ပါးတည်းကိုသာ ယုံကြည် ကိုးကွယ်သော ဇိုရိုအက်စတာ၏ ဘာသာတွင် အပြောင်းအလဲ တစ်ခု ဖြစ်ပေါ်လာပြန်သည်။ သဘောတရား အရ ဆိုလျှင် နောက်ပိုင်း အာဗက်စတာ ကျမ်းပါ တရားဝင် သဘော အလိုအရမူ အဟုရာ မာဇဒါ ဘုရား (အောမာဇ်ဟုလည်း ခေါ်ကြသည်။) သည် အစဉ်သဖြင့် တစ်ပါးတည်းသော ဖန်ဆင်းရှင် အနန္တ တန်ခိုးတော်ရှင် ဘုရား ဖြစ်ကြောင်း လက်ခံခဲ့ကြသည်။ ထို ဘုရားသည်သာ လောကကို လွှမ်းမြောက်သည်။ အတုမဲ့ အနှိုင်းမဲ့ ဘုရား ဖြစ်သည်။ သူသည် ကြီးကျယ် မြင့်မြတ်လွန်းရကား သူ၏ ရုပ်ပွား ဆင်းတုတော်များ ပြုလုပ်လျှင် သူသည် သစ်သားထဲမှာ၊ ကျောက်တုံးထဲမှာ တည်ရှိသလို ဖြစ်နေမည်ဟု ယူဆခဲ့ကြလေသည်။

သို့သော် ထို ဘုရားသည် ပိုင်းခြားခြင်း ကင်းသော ဘုရား ဇာတိ မဟုတ်တော့ပေ။ အစက ဇိုရိုအက်စတာက နှိပ်ကွပ် တိုက်ခိုက်ခဲ့သော အာရိယန် လူမျိုးတို့၏ သဘာဝ တရားကို ရှိခိုး ကိုးကွယ်မှု အလေ့အထများ သူ့ဘာသာထဲသို့ ပြန်လည်၍ ဝင်ရောက်လာကြပြန်သည်။ ထိုအခါ သဘာဝ၏ စွမ်းအားများကိုပင် နတ်လုပ်၍ ကိုးကွယ်သော အလေ့အထ ပြန်ပေါ်လာသည်။ သို့ဖြစ်ရာ မိုဟုမန (သမ္မာကမ္မန္တ) သဘောသည် လယ်ယာ စိုက်ပျိုးမှု လုပ်ငန်းကို စောင့်ရှောက်သော ကျွဲနွား တိရစ္ဆာန်များ၏ နတ်ပြန်ဖြစ်လာသည်။ ထို့ပြင် ခတ္တရာ (အုပ်စိုးသူ) နတ်သည်လည်း သတ္တုတို့၏ အရှင်သခင် ဖြစ်လာပြန်သည်။ အလားတူပင် အမေသ စပင်တပ်နှင့် အခြား ဣတ္ထိယ နာမ ရှိကြသော နတ်များလည်း ကောင်းကင် တမန် နတ်သမီး (ဒေဝီများ) ဖြစ်လာကြလေတော့သည်။ အာမေဋ္ဌိသည် မြေဆီလွှာကို စောင့်ရှောက်သော နတ်သမီး ဖြစ်လာသည်။ ဟောဝတ (ကြွယ်ဝ ချမ်းသာခြင်း) သည် ရေကို စောင့်ရှောက်သော နတ်သမီး ဖြစ်လာသည်။ အမေရတပ် (နိစ္စ) သည် ဟင်းသီး ဟင်းရွက်များကို စောင့်ရှောက်သော နတ်သမီး ဖြစ်လာလေသည်။

ဇိုရိုအက်စတာ ဘာသာတွင် ကောင်းကင် တမန်တော် သမ္မာဒေဝ နတ်များ ရှိသည်။ အားလုံး ထိုနတ်မျိုး လေးဆယ်ခန့် ရှိသည်။ အထက်တွင် ဖော်ပြခဲ့သော နတ်များကား ကောင်းကင် တမန်တော် နတ်များလောက် တန်ခိုးလည်း မကြီး၊ အရာလည်း မရောက်ကြချေ။

ကောင်းကင် တမန် နတ်များကို *ယာဇတပ်* [၁] ဟု ခေါ်သည်။ ထိုနတ်များသည် အာရိယန် လူမျိုးများ၏ ဣရုဗေဒ ကျမ်းမှာ ပါသော နတ်များနှင့် သဘောချင်း တူနေကြသည်။ အရုဏ်နတ် ဥသ၊ လေနတ် ဝါယု စသည်တို့လည်း ဤ နတ်စာရင်းထဲမှာ ပါလာသည်။ ၄င်းနတ်များ အထဲတွင် အကြီးဆုံး နတ်သည် မေထြာ ဖြစ်သည်။ အမှန်မှာ ဇိုရိုအက်စတာသည် ဤ အရောင်အလင်း ရှိသော နတ်များနှင့် ပတ်သက်သူ မဟုတ်စေကာမူ လူများက ထိုနတ်များကို တွယ်ကပ်နေကြသည်။ နောက်ပိုင်း အာဗက်စတာ ကျမ်းတွင် သူသည် ရှေးက အရေးပါသကဲ့သို့ အရေးပါသူ ဖြစ်လာပြန်သည်။ သူ့ နာမည်ကို အဟုရာ မာဇဒါ ဘုရား၏ အမည်နှင့် ရောနှော၍ ဖော်ပြထားသည်။

အထူးသဖြင့် နောက်ပိုင်း အာခီမီးနီးယန်း ဘုရင်များ၏ ကျောက်စာများထဲတွင် ထိုသို့ ဖော်ပြခြင်း ဖြစ်သည်။ ဥပမာ *အာတက်ဇာဇက်* [၂] ဘုရင်၏ ကျောက်စာများတွင် ထိုသို့ တွေ့ရခြင်း ဖြစ်သည်။ ဘာသာရေး ဓမ္မသတ် သဘောအရမူ သူသည် အဟုရာ မာဇဒါ ဘုရား၏ လက်အောက်ခံ တမန်တော်သာ ဖြစ်သည်။ သို့ရာတွင် လူအများ ကိုးကွယ်နေကြသော ဘာသာတွင်ကား သူသည် ဘုရား တစ်ဆူ ဖြစ်နေလေသည်။ သူသည် အလင်းနတ်ဘုရား ဖြစ်သည်။ သစ္စာစကားနှင့် မှန်သော ယုံကြည်မှုကို သက်ဝင်သူများအား ကောင်းကျိုးချမ်းသာကို ပေး၍ မစသူ ကူညီသူ နတ်ဘုရား၊ သူ့ကို ယုံကြည် ကိုးကွယ်သော သူများအား ယခု ဘဝမှာရော နောင် တမလွန် ဘဝမှာပါ အမှောင်ကို ဖယ်ရှင်း၍ အလင်းကို ဆောင်ရန် အားထုတ်ရာတွင် ကူညီ မစသူ အဖြစ် ကိုးကွယ်လာကြလေသည်။

ဤနောက်ပိုင်း ဇိုရိုအက်စတာ ဘာသာ၌ ထူးခြားလာသော အချက် တစ်ချက်မှာ အဟုရာ မာဇဒါ နတ်ဘုရား

---

၁။ Yazatas ၂။ Artaxerxes

ကိုယ်တိုင် မေထြာ နတ်ကြီးကို ယဇ်ပူဇော်ခြင်း အမှုကို ပြုသည် ဆိုသော အချက် ဖြစ်၏။

ဤကား ထာဝရ ဘုရားသခင် တစ်ပါးတည်းကိုသာ ကိုးကွယ်သော ဇေတ္တ ဣဿရိယ ဝါဒ အတွက် အကြီးအကျယ် ထိခိုက်ခြင်း တစ်ရပ် ဖြစ်နိုင်သည်ဟု ပညာရှင်များက ယူဆကြလေသည်။

နောက်ပိုင်းတွင် ဟောမ ခေါ် သန့်ရှင်းသော ယဇ်ရည်ကို သောက်သုံးခြင်း၊ ဇိုရိအက်စတာ မုန်းတီးသော တိရစ္ဆာန် ယဇ်ကောင်များဖြင့် ဇိုရိအက်စတာကို ပူဇော်ခြင်းများကိုလည်း ပြုလုပ်လာကြလေသည်။

သူသည် ဣရဝေဒ ကျမ်းမှာ ပါသော 'သေခြင်း တရားကို ဖယ်ရှားသူ' သေခြင်း ကင်းသော ထာဝရ ဝိညာဉ်တော် ဖြစ်လာလေသည်။

ထို့ပြင် ဖရာဗာသီများလည်း ရှိသေးသည်။

ထိုသတ္တဝါများမှာ သဘော လက္ခဏာများ ရောနှောပေါင်းစပ်ထားမှုကြောင့် ဘယ်လို သတ္တဝါမျိုး ဟူ၍ ကွဲကွဲပြားပြား ခွဲခြား၍ ဖော်ပြရန် ခက်ခဲသည်။ မူလ အစကတော့ ထိုသတ္တဝါများသည် ရိုးရာ နတ်များ ဖြစ်ခဲ့ပုံရသည်။ ထို ရိုးရာ နတ်များကို ကျန်ရစ်သူ ဆွေမျိုး မိသားစုများက ရှိခိုး ကိုးကွယ်ကြသည်။ သို့သော် နောက်ပိုင်းကျတော့ ထို နတ်များ၏ ထိရောက်မှုက ကျယ်ပြန့်လာသည်။ ထိုနတ်များသည် အစောင့်အရှောက် နတ်များ အဖြစ် နမူနာစံပြ ဖြစ်လာကြသည်။ ထူးခြားသော ဉာဏ် အရည်အသွေးများ ရှိသည့် စောင့်ရှောက်သူ လူများ နတ်များ ဖြစ်လာကြသည်။ သက်ရှိ လူသားများကိုပင် နောက်ဆုံး၌ ဖရာဗာသီ ရှိလာသည်ဟု ယူဆသည်။ ၎င်းမှာ အတ္တဝိညာဉ် သဘော ဖြစ်သည်။ ထို အတ္တဝိညာဉ်သည် သေခြင်း ကင်းသော ဝိညာဉ် ဖြစ်လာသည်။ ထို ဝိညာဉ်များသည် ပြန်လည်၍ ဇာတိ တစ်ဖန် ထပ်မံ မရသေးသော လောကကြီးကို ပြန်လည် ထိန်းသိမ်း စောင့်ရှောက်သော *ဆောက်ရှိယန့်* [၁] များ ဖြစ်ကြသည်ဟု ယုံကြည် ကိုးကွယ်လာကြလေသည်။

ထိုထာဝရ ဝိညာဉ်များ အပြင် အခြားသော မသေသော ဝိညာဉ်များလည်း များစွာ ရှိသေးသည်။ ၎င်းတို့မှာ အမေသ စပင်တာ၊ ယာဇတပ်နှင့် အဟုရာ မာဇဒါ နတ်ဘုရားတို့ ဖြစ်ကြသည်။ ၎င်းတို့သည်ပင် ဖရာဗာသီများ ဖြစ်လာကြသည်။ ထိုသဘောကို နားလည်ရ လွယ်အောင် အဓိပ္ပာယ် ကျဉ်းကျဉ်းဖြင့် ပြောရလျှင် ထိုထို ဖရာဗာသီတို့သည် ပလေးတိုး၏ ဒဿန ပညာထဲက လူ့ ဝိညာဉ်လို သက်ရှိ ပုဂ္ဂိုလ်၏ သေခြင်းကင်းသော ကိုယ်ရည် ကိုယ်သွေး အပိုင်း ဖြစ်သည်ဟု ဆိုနိုင်ပေမည်။ ထိုဝိညာဉ်သည် လူ မမွေးခင်ကလည်း သူ့ ဖသ ဝိညာဉ်ဘုံထဲမှာ တည်ရှိနေသည်။ လူ သေသွားပြီးနောက်လည်း ထိုဝိညာဉ်သည် သူ့ဘုံနှင့်သူ ဆက်လက် တည်ရှိနေသည် ဆိုသော သဘောပင် ဖြစ်သည်။

ထိုကဲ့သို့ ဘိုးဘွား အစဉ်အဆက် ရိုးရာ ဝိညာဉ်များ တည်ရှိနေခြင်းကြောင့် ကျန်ရစ်သူများက ပူဇော် ပသ ဆုတောင်း၍ ရသည်။ ထိုဝိညာဉ်များက ဆုတောင်းသူ ပူဇော်ပသသူများအား တုံ့ပြန်သောအားဖြင့် မစကြသည်၊ ကူညီကြသည်ဟုလည်း ယူဆလေသည်။ လောကီရေးမှာသာမက လောကုတ္တရာ လွတ်မြောက်ရေးတွင်ပါ ထို ဖရာဗာသီ ထာဝရ ဝိဉာဉ်များက ကူညီ စောင့်ရှောက်သည်ဟု ယူဆလေသည်။

ယခု အထိ အဟုရာမာဇဒါ၏ နယ်ပယ်ကို ပါရှန်တို့၏ ကူညီ မစသော နတ်များနှင့် အလိုက်သင့် ဖြစ်အောင် ပြုလုပ်ခြင်းမှာ အာရိယန်တို့၏ အစီအစဉ်နှင့် တခြားစီ ဖြစ်ခဲ့ပေသည်။ ဒုတိယမြောက် အာတက်ဇာဇက် (၄၀၄-၃၅၈ ဘီစီ) လက်ထက်က ရေးထိုးခဲ့သော ကျောက်စာ တစ်ချပ်တွင် ပထမ အကြိမ် အဖြစ် နတ်သမီး *အနာဟိတ* [၂] (ခြောက်ပြစ်ကင်းသူ) အကြောင်းကို ဖော်ပြထားသည်ကို တွေ့ရလေသည်။

ထိုမင်းသည် ဤ နတ်သမီးကို လွန်စွာ ကြည်ညိုလေးစားလေသည်။ ထို့ကြောင့် ထို နတ်သမီး၏ ရုပ်တုများကို ထုလုပ်ပြီး ဘေဘီလုံမှာရော၊ ဆူဆမှာရော၊ အက်ဘာတနာမှာရော၊ ဒမတ်စကတ်မှာရော၊ ဆာဒစ်မှာပါ တည်ထား ကိုးကွယ်ခဲ့လေသည်။ ဤ နတ်သမီး၏ မူလ အစမှာတော့ ကောင်းမွန်လှသည် မဟုတ်ပေ။ ဤ နတ်သမီးသည် ဘေဘီလုံ လူမျိုးများ ကိုးကွယ်ခဲ့ကြသော နတ်သမီး *အစ်ရှတာ* [၃] ၏ ပုံစံ အမျိုးမျိုးထဲမှ တစ်ခုကို ယူထားခြင်းမျှသာ ဖြစ်ပေသည်။ *ယာရှ်* [၄] ကျမ်းတွင် အနာဟိတ နတ်သမီး၏ ဂုဏ်ကို ချီးမွမ်းသော ဂါထာ များစွာ ပါသည်။ သူမကိုပင် ကောင်းကင်မှ ဆင်းသက်လာသော၊ မြေပြင်၌ သီးနှံများ ထွက်အောင် ပြုလုပ် ဆောင်ရွက်ပေးသော ရေ

၁။ Saoshyants

၂။ Anahita ၃။ Ishta

၄။ Yasht

နတ်သမီး အဖြစ်လည်း ယူဆကြသည်။ ထိုနတ်သမီးသည် သီးနှံများ တိုးပွား ထွက်ရှိအောင် ကူညီ မစသည်။ ကျွဲနွား များ ပွားများအောင် စောင်မသည်။ သူသည် လူသားများ ကိုလည်း နိုးကြား ထကြွအောင် ဆောင်ရွက်ပေးလေသည်။

အစ်ရှတာလိုပင် ဤ နတ်သမီးသည် အထူးသဖြင့် အမျိုးသမီးများကို စောင့်ရှောက်ပြီး သားသမီး ပွားများ အောင် မျိုးပွားခြင်းကို ကူညီ မစသည်။ အမျိုးသမီးများ မီးဖွားရ လွယ်ကူအောင်၊ နို့ရည် ဖောဖောသီသီ ထွက် အောင်လည်း ဤနတ်သမီးကပင် ကူညီ မစသည်။

ဤဖြစ်ရပ်များကို ခြုံကြည့်လျှင် တစ်ပါးတည်းသော ထာဝရ နတ်ဘုရားကို ကိုးကွယ်ခဲ့ကြရာမှ နတ်အမျိုးမျိုးကို ကိုးကွယ်သော အဖြစ်ကို ပြန်လည် ရောက်ရှိသွားကြောင်း တွေ့ရပေမည်။

ဤကဲ့သို့ ဖြစ်ခြင်းသည် ဘာသာ ကိုးကွယ်မှု သမိုင်း တွင် ဖြစ်လေ့ဖြစ်ထ မရှိသော အဖြစ်မျိုးကား မဟုတ်ပေ။ ဘာသာ ကိုးကွယ်မှု အားလုံးမှာလိုလိုပင် ခက်ခဲ ကျပ်တည်း ဆုတ်နစ်သော ခေတ်မျိုးတွင် တမန်တော်များ ပြောကြား သော သတင်း စကားများကို ဝမ်းပန်းတသာ လက်ခံတတ် ကြပေသည်။ သို့ရာတွင် ပို၍ အဆင့်အတန်း မြင့်သော အတွေးအခေါ်များနှင့် ပို၍ စင်ကြယ်သော အကျင့်များ ပေါ်ပေါက်လာသော အခါဝယ် ဘာသာ အယူဝါဒများ၌ ပို၍ အဆင် ပြေသော၊ ပို၍ နေပျော်ဖွယ် ကောင်းသော အယူ အဆ အလေ့အကျင့်များသို့ ပြုပြင် ပြောင်းလဲခြင်းများ ဖြစ် ပေါ်လာတတ်ပေသည်။ ဤကား ဘာကိုမျှ အလေးအနက် မတွေးဘဲ သက်သာသလို လိုက်၍ နေတတ်သော လူသာမန် ပုထုဇဉ်တို့၏ ဓလေ့ပင်တည်း။

(၃) အကုသိုလ် ဒုစရိုက် ဆိုသော အယူအဆသည် ပို၍ ဖွံ့ဖြိုး တိုးတက်လာသည်။ ထိုသဘောကို ကိုယ်ကျင့် တရား ဆိုင်ရာ ဒွတ္တ ဝါဒဖြင့် ချဉ်းကပ်တတ်ကြပေသည်။ ကောင်းမြတ်သော နတ်တမန်များလိုပင် ယုတ်ညံ့သော နတ်ဆိုး နတ်မိစ္ဆာများလည်း ရှိသည်။

ထို နတ်များကိုလည်း ဇိုရိအက်စတာက ပုဂ္ဂိုလ် အသွင်ဖြင့် ဖော်ပြသည်။ ၎င်းတို့မှာ အန်ဂရာ မိန်ညူ။ ထို နတ် အကြောင်းကို ဇိုရိအက်စတာသည် ခါးခါးသီးသီး ပြောလေ့ ရှိသည်။ ထိုနတ်သည် ကမ္ဘာ လောကကြီးကို စတင် ဖန်ဆင်းစဉ်ကပင် အဟုရာ မာဇဒါ ဘုရားသခင်ကို ဘက်တိုက် ဆန့်ကျင်လာသော မာရ်နတ် ဖြစ်သည်။ ထို နတ်သည် ယခုအခါ အဟုရာ မာဇဒါနှင့် အပြိုင် တန်ခိုး ထွားသော နတ်တမန် ဖြစ်လာပေသည်။

အာဗက်စတာ ကျမ်း၏ နောက်ပိုင်းတွင် အန်ဂရာ မိန်ညူ မာရ်နတ်ကို အဟုရာ မာဇဒါ ဘုရားနှင့် တစ်တန်း တစ်စားတည်း တန်ခိုး ထွားသော နတ်အဖြစ် အကြိမ်ကြိမ် ဖော်ပြထားသည်။ သူသည် အဟုရာ မာဇဒါ ဘုရားကို အစဉ် သဖြင့် ပဋိပက္ခ ပြု၍ ဆန့်ကျင်သူ အဖြစ် ဖော်ပြထားလေ သည်။ ဥပမာအားဖြင့် ကမ္ဘာ လောကကြီးကို ဖန်ဆင်းခြင်း၌ပင်လျှင် အဟုရာ မာဇဒါ ဘုရား တစ်ပါးတည်းက ဖန် ဆင်းခြင်း မဟုတ်ဘဲ အန်ဂရာ မိန်ညူ မာရ်နတ်နှင့် အဟုရာ မာဇဒါတို့ ပူးပေါင်း ဖန်တီးသည်ဟု ဖော်ပြထားလေသည်။

အဟုရာ မာဇဒါ ဘုရားက အီရန်နီယန် လူမျိုးများ အပါအဝင် ကောင်းသော မြတ်သော အရာများ အားလုံးကို ဖန်ဆင်းသည်။ ထိုအခါ အန်ဂရာ မိန်ညူက ဆိုးသော၊ ယုတ် သော၊ ကြမ်းကြုတ်သော အာရိယန် မဟုတ်သော အရာ အားလုံးကို ဖန်ဆင်းသည်။ လူသားများ၏ အကုသိုလ် ဒုစရိုက်မှု မှန်သမျှကိုလည်း သူကပင် စေ့ဆော် ဖန်တီး သည်။ လောဘ၊ တဏှာ၊ စုန်းအတတ်၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဣဿာ၊ မစ္ဆရိယ၊ ဒေါမနဿ၊ မာန်မာန အားလုံးကို မာရ် နတ်က ဖန်ဆင်းထားသည်။

ဤ မာရ်နတ် အန်ဂရာ မိန်ညူ၏ မကောင်းမှု ပြုနိုင် သော အစွမ်းသတ္တိမှာလည်း အကန့်အသတ် မရှိပေ။ ထို ခေတ် ထိုအခါက လူတို့မှာ ဖြစ်ပွားသော အနာ ရောဂါများ ၏ ၉၉.၉၉ ရာခိုင်နှုန်းကိုလည်း ဤမာရ်နတ်ကပင် ဖန်တီး ခဲ့သည်ဟု ဆိုသည်။ သို့သော် နောက်ဆုံး အချက်မှာ ဤ နတ်သည်ပင် မရဏ သေမင်း ဖြစ်သည် ဆို၏။

ဤ မာရ်နတ် အန်ဂရာ မိန်ညူ ပြုလုပ်နိုင်သော မကောင်းမှု ဒုစရိုက်များကို အဆမတန် တိုးပွား များပြား အောင် သူ့ကို ကူညီနေသော သူ ဖန်ဆင်းထားသော နတ် မိစ္ဆာ သရဲသဘက်များက ကူညီ ဆောင်ရွက်ပေးကြသည်။ ဥပမာ *အာကာမန* [၁] (မိစ္ဆာ ကမ္မဋ္ဌ)၊ *အန္ဒာ* [၂] (ဝေဒ ဣန္ဒြာ)၊ *နာအွန်ဟိုက်သေးယ* [၃] (ဝေဒနာဆျာ)၊ *သောရု* [၄]၊ *ဖောရု* [၅]၊ *ဇေရီ* [၆] နှင့် အခြား နတ်များသည် မာရ်နတ်၏ နောက်လိုက် နောက်ပါ နတ်မိစ္ဆာများ ဖြစ်ကြလေသည်။

ဤ မကောင်းဆိုးရွား နတ်မိစ္ဆာများ အပြင် အခြား သော မရေမတွက်နိုင်သော နတ်ဆိုး နတ်ယုတ်များလည်း ရှိကြပေသေးသည်။ ဤကိစ္စတွင် *ဒရုဇ္ဇ* [၇] ခေါ်သော (မှသား

---

၁။ Aka Manah
၂။ Andar
၃။ Naonhaithya
၄။ Sauru
၅။ Fauru
၆။ Zairi
၇။ Druj

နတ်) ကိုလည်း ချန်ထားခဲ့၍ မဖြစ်ပေ။ ဤနတ်သည် နတ်သမီး အဖြစ် ဤတွင် ပေါ်လာသည်။ ဖြောင့်မတ်သော သဘောကို ချေဖျက်ရာတွင် အလွန် ဆိုးသော နတ်သမီး ဖြစ်သည်။

ဤသို့လျှင် မကောင်းမှု အကုသိုလ် ဒုစရိုက် ပြဿနာကို ဖြေရှင်းရာတွင် ကောင်းမှု မှန်သမျှ နတ်ကောင်းမှ ဖြစ်လာပြီး မကောင်းမှု မှန်သမျှမှာ နတ်ဆိုးမှ ဖြစ်လာသည်ဟု ဆိုနိုင်ဖွယ် ရှိသည်။ သို့ရာတွင် ရှေ့စကား နောက်စကား ညီစေရန် မကောင်းမှုကို ဖန်ဆင်းသော မာရ်နတ်သည် ကောင်းမှုကို ဖန်ဆင်းသော နတ်ဘုရားနှင့် အတူ ထာဝရ ယှဉ်တွဲ၍ ရှိနေရပေတော့မည်။ သို့မဟုတ်ပါက ကောင်းမြတ်သော ထာဝရ ဘုရားသခင်သည်ပင် ကမ္ဘာဦး အစကတည်းက မကောင်းမှု ဒုစရိုက်များကိုလည်း ဖန်ဆင်းခဲ့သည်ဟု ဆိုရပေလိမ့်မည်။ ဤသို့ ယုတ္တိ ရှိရှိ စဉ်းစား ဆင်ခြင်ခြင်းကို ဇိုရိအက်စတာ၏ နောက်လိုက် အချို့သာလျှင် ခံယူထားကြပေသည်။

မာဂိ လူမျိုး အင်အားကြီးသော အုပ်စုသည် ၄ ရာစု ဘီစီလောက်ကတည်းက အဆိုပြုလာသော အချက်ကို နှစ်သက်ဖွယ် မရှိသော အယူအဆ အဖြစ် ရှောင်ရှားကြပေသည်။ သူတို့၏ အမြင်တွင် အဟုရာ မာဇဒါရော အန်ဂရာ မိန်ညု နှစ်ပါးစလုံးသည် ဇာဗန် (အာကာသ၊ ကာလ အစဉ်ကြီး) မှ ပေါက်ပွား လာကြသူများ ဖြစ်သည်။ ထိုကြောင့် ဘုရားနှင့် မာရ်နတ်သည် ကာလ တစ်လျှောက်လုံးမှာ အညီအမျှ အတူ ယှဉ်တွဲ၍ ရှိနေရသည်။ သို့ရာတွင် ဤ အယူအဆကို ဖော်ထုတ်ရာမှာပင် အဟုရာ မာဇဒါက အနိုင် ရရှိခဲ့ကြောင်း ကြေညာခဲ့လေသည်။ ထို့ကြောင့် သမ္မာဒိဋ္ဌိ အမြင်၊ သမ္မာသင်္ကပ္ပ ကောင်းသော အတွေးအခေါ် ရှိသူတိုင်းသည် မကောင်းမှု ဒုစရိုက် သဘောကို ဆန့်ကျင်ကြရမည်သာ ဖြစ်သည်ဟု ဆိုလေသည်။

(၄) လူက ဘဝ တစ်လျှောက်လုံးတွင် နတ်မိစ္ဆာများနှင့် ပဋိပက္ခ ဖြစ်နေခြင်းသည် အခြေခံအားဖြင့် ကိုယ်ကျင့်တရားနှင့် ညီသည်ဟု ဖော်ပြစေကာမူ နောက်ပိုင်းကျသော အာဗက်စတာ ကျမ်းတွင် အထူးသဖြင့် ဗင်ဒီဒတ် ကျမ်းတွင် ထိုပဋိပက္ခသည် လူသား အပေါ် နတ်မိစ္ဆာများက ကိလေသာ အညစ်အကြေးများ စွဲထင်အောင် ပြုသော အပြုအမူကိုသာ တိုက်ပွဲ ဆင်ခြင်းမျိုး ပို၍ ဖြစ်လာသည်။

ဤကဲ့သို့ အရေးထားမှု သဘောထား အပြောင်းအလဲ ဖြစ်ခြင်းသည် မှော်ပညာအားဖြင့် လူ့ဘဝကို စောင့်ထိန်းကာကွယ်ခြင်း သဘောမှ ဇိုရိအက်စတာ၏ ဘာသာရေးသဘောသို့ ပြောင်းလဲခြင်းလည်း ဖြစ်ပေသည်။ နတ်မိစ္ဆာများ၏ တန်ခိုး သတ္တိကို ပြန်လည် တုံ့ပြန်ခြင်းသည် အကျင့်သီလ၏ ညွှန်ကြားချက်ဖြင့် ပြုလုပ်ရသော ကိစ္စ မဟုတ်ဘဲ ဟိန္ဒူ ဝေဒခေတ်က သုံးခဲ့သော မန္တန်များလို တန်ခိုး ကြီးသော မန္တရားများကို အသုံးပြု၍ ပြုလုပ်ရခြင်း ကိစ္စသာ ဖြစ်လာပေသည်။ ထိုမန္တန်များမှာ ဇိုရိအက်စတာ၏ ဂါထာများထဲမှ အားလုံး နီးပါးကို အင်းများ၊ ပရိတ် မန္တန်များ၊ စမများ အဖြစ် အသုံးပြုခြင်းပင် ဖြစ်သည်။

ထိုဂါထာများ၊ မန္တာန်များကို နားလည်သူက ဖြစ်စေ၊ နားမလည်သူက ဖြစ်စေ အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဖတ်ပြီး မန္တန် စုတ်လျှင် ထိုမန္တန်များမှာ တန်ခိုး ဖြစ်ပေါ်လာသည် ဟူ၍ ယူဆခဲ့ကြလေသည်။

မန္တန်များ အပြင် နတ်မိစ္ဆာများကို ခြောက်လှန့် နှင်ထုတ်ရန် အတွက် ထိရောက်သော အခြား နည်းတစ်နည်းမှာ ဟောမ ခေါ် သန့်ရှင်းသော ယဇ်ရည်တို့ဖြင့် ပူဇော် ပသ တင်မြှောက်ခြင်း ဖြစ်ပေသည်။ ယခုခေတ်တွင် အိန္ဒိယရှိ ပါရစီ လူမျိုးများ ထိုမြတ်သော အပင်မှ အညွှန့်အခက်များကို ယူ၍ ကျောက်ဆုံထဲမှာ ထည့်ထောင်းကာ သတ္တုရည်ကို ညှစ်ယူပြီးလျှင် နို့ဖြင့် ဖြစ်စေ၊ ရေဖြင့် ဖြစ်စေ ရောနှော၍ ထိုအရည်ကိုပင် နတ်တင်၍ ပသကြသည်။ ထို မူးယစ်တတ်သော စိမ်ရည်ကို နတ်ဆရာက အချို့အဝက်သောက်သုံးသည်။

ဤသို့ တင်မြှောက် ပသခြင်း အစီအစဉ်သည် လွန်ခဲ့သော နှစ်ပေါင်း ထောင်ပေါင်း များစွာ ကတည်းက အင်ဒိုအာရိယန် လူမျိုးများ အိန္ဒိ မြစ်ဝှမ်း တစ်လျှောက်တွင် ပြုလုပ်ခဲ့ကြသော အစဉ်အလာပင် ဖြစ်သည်။

သို့သော် ပို၍ တိုက်ရိုက် အကျိုး ထိရောက်မှု ရှိသော နည်းမှာ လူတစ်ဦး၏ ကိလေသာ အညစ်အကြေးကို ပူးကပ်နေသော အစွဲပယောဂအား သန့်စင်သွားအောင် ဖယ်ရှား ပြုလုပ်ခြင်းပင် ဖြစ်သည်။

ဗင်ဒီဒတ် ကျမ်းအရ သေဆုံးသွားသူနှင့် ဆက်စပ်မှု ရှိနေခြင်းသည် ကိလေသာ အညစ်အကြေး ဖြစ်ခြင်း၏ အဓိက အကြောင်း ဖြစ်ပေသည်။

လူသေကောင်နှင့် အသားချင်း ထိသော သူသည် မိမိကိုယ်ကို သန့်ရှင်း စင်ကြယ်စေရန် မွန်မြတ်သော ရေဖြင့် ဖြစ်စေ၊ နွားကျင်ငယ်ရေဖြင့် ဖြစ်စေ ဆေးကြော သုတ်သင်ရမည်ဟု ဆိုသည်။ ရှေးကျသော ပါရစီ လူမျိုးများကဲ့သို့ပင် ခေတ်သစ် အခါမှာလည်း ထို လူသေကောင်များကို အလွန် ညစ်ညမ်းသော အရာများ အဖြစ် ယူဆကြသော

ကြောင့် လူသေကောင်ကို မြေမှာ မြှုပ်လျှင် မြေ ညစ်ညမ်းမည်၊ ရေမှာ မျှောလျှင် ရေ ညစ်ညမ်းမည်ကို မလိုလားသောကြောင့် လည်းကောင်း၊ ထို့ပြင် မီးရှို့လျှင်လည်း ထိုနေရာ၌ မီးသည် မသန့်ဖြစ်မည်ဟု ယူဆသောကြောင့် လည်းကောင်း၊ ရှေးကျသော ဇိုရိအက်စတာ ဘာသာ ထွန်းကားကတည်းက လူသေကောင်ကို ကျောက်ဖျာပေါ်မှာ တင်၍ဖြစ်စေ၊ ထုံးများ ခင်းထားသော နေရာမှာ ဖြစ်စေ ပစ်ထားတတ်ကြလေသည်။

ထိုနေရာကို တိတ်ဆိတ်ခြင်း မျှော်စင် [၁] ဟု ခေါ်သည်။ ထိုနေရာကို အမိုး မရှိဘဲ ဖွင့်ထားသဖြင့် အသားစား ငှက်များ၊ လင်းတများက လူသေကောင်ကို လာ၍ စားကြပေသည်။

ဇိုရိအက်စတာ ဘာသာဝင်များ၏ အမြင်တွင် သေသူ၏ ခန္ဓာကိုယ် အစိတ်အပိုင်း မှန်သမျှ မသန့်ရှင်းဟု အယူရှိသလို အသက် ရှင်ဆဲ လူ၏ ခန္ဓာကိုယ်မှ ဖြတ်ထုတ်ပစ်သော ခြေသည်း လက်သည်း၊ ဆံပင်၊ မုတ်ဆိတ်က အစ ခန္ဓာမှ အပ ဖြစ်သွားသော အရာတိုင်းသည်လည်း မသန့်ရှင်းသော အရာများပင် ဖြစ်သည်ဟု ယူဆကြသည်။ လူရေ့၊ သူရေ့၊ လူမြင်ကွင်းမှာ တံတွေး ထွေးခြင်းကိုလည်း ပိတ်ပင် တားမြစ်သည်။

လူ့ ခန္ဓာကိုယ်ထဲမှ ထွက်သွားသော ထွက်သက်သည်ပင်လျှင် မသန့်ရှင်းတော့ဟု သဘော ထားကြသဖြင့် ယခုခေတ် ကာလသို့ တိုင်အောင် ထိုဘာသာ၏ နတ်ဆရာဘုန်းကြီးများသည် သူတို့၏ နှာခေါင်းနှင့် ပါးစပ်များကို အဝတ်ဖြင့် ဖုံးကာ ထားတတ်ကြလေသည်။

အထူးသဖြင့် သန့်ရှင်းသော မီးကို ပူဇော်သော အခါ၌ ထိုကဲ့သို့ နှာခေါင်းနှင့် ပါးစပ် အဖုံးများကို စွပ်ထားတတ်ကြသည်။ လူသေကောင်၏ အသားကို စားတတ်ကြသော သတ္တဝါများ ဖြစ်သော ပိုးလောက်များ၊ ပုရွက်ဆိတ်များ၊ ယင်ကောင်များကို မနှစ်သက်ကြချေ။ ထိုသတ္တဝါများသည် မာရ်နတ် အန်ဂရာ မိန်ညူ ဖန်ဆင်းသော သတ္တဝါများဖြစ်သည်ဟု ယူဆကြသည်။

မြွေနှင့် ဖားများမှာလည်း မာရ်နတ် ဖန်ဆင်းသော သတ္တဝါများပင် ဖြစ်သည် ဆို၏။

ရှေးအခါက မာဂိ လူမျိုးများသည် ဘုရား တရား ကြည်ညိုသော အပြုအမူ အဖြစ် ထိုသတ္တဝါများကို အမြောက်အမြား သတ်ဖြတ် သုတ်သင်တတ်ကြလေသည်။ ထိုယုတ်ညံ့သော သတ္တဝါကောင်များနှင့် တိုက်ရိုက် တို့ထိမိသောသူသည် ချက်ချင်းပင် မိမိကိုယ်ကို သန့်ရှင်း စင်ကြယ်အောင် ဆေးကြော သုတ်သင်ရလေသည်။

ဤကဲ့သို့ ကိုယ်ကျင့်တရားကို အသစ် ပြုပြင်သည့် သဘော၊ သီလဗ္ဗတပရာမ သဘောသို့ ပြောင်းလဲ စဉ်းစားလာခြင်းမှာလည်း ဇိုရိအက်စတာ ဘာသာရေး သမိုင်းတွင် ထင်ရှားသော အမှတ်အသားပင် ဖြစ်သည်။

(၅) အခြား တစ်ဖက်တွင်မူ ဇိုရိအက်စတာ၏ ဘာသာရေးသည် ပို၍ အသေးစိတ် ပြုပြင်ထားသော သဘော ရှိလာသည်။ တမလွန် ဘဝနှင့် ပတ်သက်သော အယူအဆကို ပို၍ အသေးစိတ် သရုပ်ဖော် တင်ပြလာသည်။ စိတ်ကူးဉာဏ် အဆင့် မြင့်သည်ဟု ဆိုနိုင်သည်။

ထိုအပိုင်းတွင် လူတစ်ဦးချင်း အပေါ် အပြစ်ဒဏ် စီရင်ချက် ချခြင်း အကြောင်းကို ပို၍ ရသ ပါအောင် တင်ပြလာသည်။ လူတစ်ဦး ကွယ်လွန်ပြီးနောက် လေးရက်ကြာသည့်တိုင်အောင် တရား စီရင်ခြင်း ကိစ္စသည် မဖြစ်ပေါ်သေးပေ။ သေပြီး သုံးညတိုင်တိုင် သေသူ၏ ဝိညာဉ်သည် သေသူ၏ ကိုယ်ခန္ဓာ၏ ထိပ်ပိုင်းတွင် ထိုင်လျက် သူ အတိတ်က ပြုလုပ်ခဲ့သော ကုသိုလ် အကုသိုလ်များကို ပြန်၍ ကမ္မဋ္ဌာန်း ပွားများသည်ဟု ယူဆကြသည်။

သူ ပြုခဲ့ပြီးသမျှ ကာယကံ၊ ဝစီကံများ အားလုံးကို ပြန်၍ ဆင်ခြင် သုံးသပ်သည်။ ထိုကာလတွင် သေသူသည် သက်သောင့်သက်သာ ရှိသည်။ အကယ်၍ ထိုဝိညာဉ်သည် ဖြောင့်မတ်သော ဝိညာဉ် ဖြစ်လျှင် သူ့ကို ကောင်းမြတ်သော ကောင်းကင်တမန်များက ပြုစု စောင့်ရှောက်ကြသည်။ သူ့ဝိညာဉ်သည် ကောက်ကျစ်သော ဝိညာဉ် ဖြစ်လျှင် သူသည် အညှဉ်းဆဲ အနှိပ်စက်ခံရသည်။ နှိပ်စက်ခြင်းကို နတ်မိစ္ဆာများက ပြုလုပ်ကြခြင်း ဖြစ်သည်။ သေပြီး စတုတ္ထနေ့တွင် သေသူ၏ ဝိညာဉ်သည် *ချင်ဗတ် တံတား* [၁] သို့ သွားရသည်။

ထိုတံတားပေါ်တွင် တရားသူကြီးများ၏ ရှေ့မှောက်၌ တရား စီရင်ခြင်း ခံရန် အတွက် သွားရပ်ရသည်။ မေထရာနှင့် သူ့ အပေါင်းအသင်းများ ဖြစ်သော *ဆရိုးရှ နှင့် ရာရှနု* [၂] တို့က တရားသူကြီးများ အဖြစ် စစ်ဆေးကြသည်။ ရာရှနု၏ လက်ထဲတွင် ကုသိုလ်နှင့် အကုသိုလ်ကို အပြီးသတ် ချိန်သော ချိန်ခွင်ကြီးကို ကိုင်ထားသည်။ တရားစစ်ဆေးပြီး စီရင်ချက် ချလိုက်သော အခါ ဝိညာဉ်သည် ချင်ဗတ် တံတားကြီးကို ဖြတ်သန်းသွားရသည်။

---

၁။ Tower of Silence

၁။ Chinvat Bridge  ၂။ Sroasha and Rashnu

ပါလဗီ ကျမ်းအရ တံတားကြီး အလယ်တွင် *ဘွန်ဒါဟီဆင်း* [၁] ဆိုသော အလွန် အသွားထက်သော ဓားနှင့် တူသော အရာကြီး တစ်ခု ရှိသည်။ ထိုတံတားကြီး အောက်တည့်တည့်တွင် ငရဲကြီး ရှိသည်။ ထိုဝိညာဉ်ကို ထိုအသွားထက်သော အရာကြီး ရှိရာ တံတားကြီး၏ အလယ်သို့ ဆောင်ယူသွားကြသည်။

အကယ်၍ ထိုဝိညာဉ်သည် ဖြောင့်မတ်သော၊ ကုသိုလ်များသော ဝိညာဉ် ဖြစ်လျှင် အသွား ထက်သော အရာကြီးသည် ပြောင်းပြန် လှန်ပြီး အနောင့်ဖြင့် ခံသည်။ ကောက်ကျစ် စဉ်းလဲ၍ အကုသိုလ် များသော ဝိညာဉ် ဖြစ်လျှင် အသွား ထက်သော အရာကြီးသည် မူလ အတိုင်း ထက်သော အသွားဖြင့် ခံသည်။ သွားလမ်း မပေးတော့ပေ။ ထိုဝိညာဉ်ကို ရှေ့သို့ ခြေလှမ်း သုံးလှမ်းတည်းဖြင့် သယ်ဆောင်ယူသွားသည်။ ၄င်း ခြေလှမ်း သုံးလှမ်းမှာ မကောင်းသော မနောကံ၊ မကောင်းသော ဝစီကံ၊ မကောင်းသော ကာယကံ ဖြစ်သည်။ ထိုနေရာမှာပင် ထိုဝိညာဉ်ကို အသွား ထက်မြက်သော ဓားကြီးက ခုတ်ပိုင်း၍ တံတားဦးမှ ပစ်ချလိုက်ရာ ထိုဝိညာဉ်သည် ငရဲပြည်သို့ ကျဆင်းသွားရလေတော့သည်။

အခြားသော တံတားကို ကျော်ဖြတ်ရပုံ ဇာတ်လမ်းမှတ်တမ်း တစ်ခုတွင်မူ ဖြောင့်မတ်သော ကုသိုလ်ရှင်၏ ဝိညာဉ်ကို သူ၏ *ဒေးနာ* [၂] ခေါ် ဝိညာဉ်ကပင် လှပသော မိန်းကလေး အသွင်ဖြင့် ဦးဆောင်၍ ခေါ်သွားပုံကို နှစ်သက်စဖွယ် ဖော်ပြထားလေသည်။ ကောက်ကျစ် စဉ်းလဲသော အကုသိုလ်ရှင်၏ ဝိညာဉ်ကို အကျည်းတန်သော အမယ်အိုကြီး (ဇော်ဂနီ) ကြီး တစ်ဦးက ဦးဆောင်၍ ငရဲသို့ ခေါ်သွားကြောင်း ဖော်ပြထားလေသည်။ နောက်ဆုံး ကျမ်းဂန်၌ ဖော်ပြချက်မှာ ဤသို့ ဖြစ်၏။

ဖြောင့်မတ် မှန်ကန်သော ဝိညာဉ်သည် ချင်ဗတ် တံတားကြီးပေါ်သို့ တက်လာသော အခါ အမတ သုခဘုံမှ ပျံ့လာသော မွှေးရနံ့သည် လှိုင်လာလေတော့သည်။ ကတိုးနံ့၊ ငါးကြီး အန်ဖတ် ရနံ့များ ဖြစ်၏။ ထိုမွှေးရနံ့များကို ခံစားရသော အခါ ချမ်းသာတကာတို့ထက် သာလွန် ကောင်းမြတ်သော သုခ ချမ်းသာကို ခံစားရလေသည်။

ထိုဝိညာဉ်သည် တံတားကြီး၏ အလယ်သို့ ဆိုက်ရောက်လာသော အခါ အလွန် လှပသော အဆင်း ပေါ်လာသည်ကို မြင်ရ၏။ အလားတူ လှပသော အဆင်း ရှိသော မိန်းမမျိုးကို ဤလောက၌ ယခင်အခါက သူ မမြင်ဖူးပေ။ ထိုပေါ်လာသော လှပသော အဆင်းသည် ဝိညာဉ် ရှေ့မှာ ပေါ်လာသော အခါ ဝိညာဉ်က ဤသို့ ဆိုလေသည်။ 'ဤမျှလောက် လှပကြော့ရှင်းသော အဆင်း ရှိသော သူသည် အဘယ်သူနည်း၊ သင်နှင့် တူသော လှပသော အဆင်း ရှိသော သူကို ကျွန်ုပ်သည် တစ်ခါမျှပင် မမြင်ဖူးပေ' ထိုအခါ ပေါ်လာသော လှပသော အဆင်းက ဤသို့လျှင် ဆို၏။ 'ငါသည်ကား သင်၏ ကောင်းမြတ်သော ကုသိုလ်ကံပင်တည်း၊ ငါကား ပင်ကိုအားဖြင့် ကောင်းမြတ်ပါ၏၊ သို့သော် ငါ့အား ပို၍ ကောင်းမြတ်စေရန် သင်၏ ကာယကံ၊ ဝစီကံ၊ မနောကံတို့က ပြုလုပ် ပေးခဲ့ပေသည်'

ထို့နောက် ထိုအမျိုးသမီးသည် သူ့အား ပွေ့ဖက်လေသည်။ ပြီးလျှင် နှစ်ဦးစလုံး ချမ်းသာခြင်း အပြည့်ဖြင့် အမတ သုခဘုံသို့ စံဝင်သွားကြလေတော့၏။

သို့ရာတွင် အကယ်၍ ဝိညာဉ်သည် ကောက်ကျစ် စဉ်းလဲသော ဝိညာဉ် ဖြစ်ပါမူကား-

ထို ဝိညာဉ်သည် ချင်ဗတ် တံတားကြီးပေါ်သို့ တက်လှမ်းလာသော အခါ ငရဲမှ ထွက်လာသော အလွန့် အလွန် ပုပ်ဟောင်သော ရနံ့သည် လေမှာ လွင့်ပျံ့လာလေသည်။ နံစော်လွန်းရကား ဤကဲ့သို့သော အနံ့ဆိုးမျိုးကို ဤကမ္ဘာပေါ်မှာ ကြားပင် မကြားဖူးချေ။ ထိုထက် ပို၍ နံစော်သော ရနံ့ဆိုးမျိုးလည်း ဤကမ္ဘာပေါ်၌ မရှိတော့ပေ။ ထိုပုပ်သော ရနံ့သည် ဤတံတားပေါ်သို့ ဒုစရိုက်မျိုးကို ကျူးလွန်၍ ရောက်ရှိလာသော သူတို့ အတွက် အဆိုးဆုံးသော အပြစ်ဒဏ် စီရင်ခြင်း ဖြစ်၏။

ထိုဒုစရိုက် ဝိညာဉ်သည် ချင်ဗတ် တံတားကြီး၏ အလယ်သို့ ဆိုက်ရောက်လာသော အခါ ထိုဝိညာဉ်သည် အလွန် အကျည်းတန်သော၊ ကြောက်မက်ဖွယ်ကောင်းသော၊ ဤမျှလောက် အရုပ်ဆိုး အကျည်းတန်သော အသွင်သဏ္ဌာန်မျိုးကို မြင်ပင် မမြင်ဖူးသော အဆင်းအသွင် တစ်ခုကို မြင်ရ၏။

ထို့နောက် ထိုပေါ်လာသော အဆင်းသဏ္ဌာန်က ပြောလေသည်။ 'အသင် ထွက်ပြေးလိုသော ဆန္ဒ ရှိသလား' ထိုအခါ ဒုစရိုက် ဝိညာဉ်က ပြန်မေးသည်။ 'ဤမျှ အရုပ်ဆိုး အကျည်းတန်လှသော၊ ကြောက်မက်ဖွယ် အဆင်းရှိသော အသင်ကား မည်သူနည်း၊ သင့်လောက် အရုပ်ဆိုး အကျည်းတန်ပြီး ကြောက်

---

၁။ Bundahishm ၂။ Deana

မက် ရွံရှာဖွယ် ကောင်းသူကို ငါသည် ကမ္ဘာပေါ်၌ တစ်ခါမျှပင် မမြင်ဖူးခဲ့ပါ'

သူမက ထိုအခါ ဤသို့ ဆိုလေသည်။ 'ငါကား တခြားသူ မဟုတ်၊ သင် ပြုခဲ့သော ကံပင်တည်း၊ ငါ၏ ပင်ကိုသဘောကလည်း အရုပ်ဆိုး အကျည်း တန်ပါသည်၊ ထိုမျှ အရုပ်ဆိုး အကျည်းတန်သည်ကို သင်၏ မကောင်းမှု ပြုခဲ့သော ကံတို့က တစ်နေ့ထက် တစ်နေ့ ပို၍ ပို၍ ဆိုးအောင် ပြုခဲ့ပါသည်၊ ယခုမူ သင်သည် ငါ့အား အတိဒုက္ခ ပြည့်ဝလျက် ရှိသော ဘုံထဲသို့ ရောက်အောင် ပစ်ချခဲ့ပြီ၊ ထိုကြောင့် ငါတို့ သည် ပြန်လည် ရှင်ပြန် ထမြောက်သည့် နေ့တိုင် အောင် အပြစ်ဒဏ်ကို ခံစား၍ နေရပေတော့မည်'

ထို့နောက် သူမသည် သူ့ကို ပွေ့ဖက်လိုက်သည်။ ပြီးနောက် နှစ်ယောက်စလုံး ချင်ဗတ် တံတား အလယ်မှ အောက်ငရဲ ရှိရာသို့ ဖောက်ထိုး ကျဆင်း သွားကြလေတော့၏။

ဤကား ဇိုရိအက်စတာ၏ နောက်လိုက် ဘာသာဝင် များက သူတို့၏ ဘာသာရေး ခေါင်းဆောင်ကြီး ဟောကြား ခဲ့သော လူသား၏ ကုသိုလ်ကံ အကုသိုလ်ကံက ထိုလူ၏ အနာဂတ် ဘဝ ကြမ္မာကို အဆုံးအဖြတ် ပေးပုံကို အသေး စိတ် စိတ်ဝင်စားစဖွယ် ဖော်ပြခဲ့ကြခြင်း ဖြစ်၏။

ဤ နောက်ပိုင်း ကျမ်းများ၌ သူ ပြုခဲ့သော ကုသိုလ် နှင့် အကုသိုလ်သည် ချိန်ခွင်ညှာ ညီနေလျှင် ဘယ်ဘုံသို့ ရောက်သလဲ ဆိုသော ပုစ္ဆာကို အဖြေ ပေးခဲ့လေသည်။ ထို သို့သော ကုသိုလ်နှင့် အကုသိုလ် ချိန်ခွင်ညှာ ညီနေသူတို့ သည် ကောင်းကင်နှင့် ကြယ်တာရာများ စပ်ကြားရှိ 'ဟာ မက်စတာကင်' ခေါ်သော ငရဲဘုံနားနီး အရပ်သို့ ပို့ထား ခြင်း ခံကြရသည်။

ဤဘာသာ၏ အယူဝါဒ အရ ငရဲသည် အထပ်ထပ် အဆင့်ဆင့် ရှိသည်။ အောက် အကျဆုံး အဝီစိ ငရဲကား ဤ ကမ္ဘာ မြေကြီး၏ အောက်ဆုံးတွင် ရှိသည်။ အမှောင်ဆုံး အရပ် ဖြစ်သည်။ ထိုအရပ်၌ မှောင်မိုက်ခြင်းကို လက်ဖြင့် ပင် ဆုပ်ကိုင်၍ ရသည်။ ပုပ်သိုး နံစော်သော ရနံ့များမှာ လည်း ထိုအရပ်၌ မခံမရပ်နိုင်အောင်ပင် ဖြစ်သည်။

တစ်နည်းအားဖြင့် ကောင်းကင်ဘုံသည်ကား အထက် ဘဝများသို့ တက်လှမ်းခြင်း သဘောကို ကိုယ်စားပြုသည်။ ထိုအဖြစ်သည် သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသင်္ကပ္ပ သဘောတို့ကို ဖော်ဆောင်သည်။ ကြယ်တာရာများ အကြား တွင် ထို သုခဘုံ၊ နတ်ဘုံ နတ်နန်း တည်ရှိသည်။ ထို နတ် ဘုံ နတ်နန်းများကို ဖြတ်သန်းပြီးလျှင် ကောင်းမြတ်သော ကုသိုလ် ဝိညာဉ်တို့သည် *ဂါရော့တမန် သို့မဟုတ် ဂါရို ဒီမန်*' ဆိုသော သီချင်းအိမ်သို့ ရောက်သည်။ ထိုအရပ်ကား ကောင်းချီး မင်္ဂလာ အပေါင်း ပြည့်စုံသော အရပ်တည်း။

ထိုအကောင်းဆုံးသော စိတ်ဝိညာဉ်များ နေရာ အရပ် တွင် ကုသိုလ် ကောင်းမှုတို့ဖြင့် ထုံမွှမ်းထားသော ဝိညာဉ် သည် အမြင့်မားဆုံးသော ကောင်းကျိုး ချမ်းသာ မုန်သမျှ ကို အပြည့်အဝ ခံစားလျက် နောက်ဆုံး တရား စီရင်မည့် ဝိညာဉ်များ ရှင်ပြန် ထမြောက်သောနေ့ အထိ နေရပေမည်။

နောက်ဆုံး အပြီးသတ် တရား စီရင်သော နေ့သို့ ဆိုက်ရောက်လာသော အခါ ဇိုရိအက်စတာ ဘာသာဝင် များက ကမ္ဘာ့ သက်တမ်းကို ဖော်ပြသော သဘောတရား တစ်ရပ်ကို တီထွင်ပြီး ဝိညာဉ် တစ်ခုစီသည် အနှစ် သုံး ထောင် ကြာအောင် နေကြရမည်ဟု ဆိုသည်။

ထို အနှစ် သုံးထောင်တန်းသို့ ရောက်ရှိသော အခါ ထိုနောက်ဆုံး ခေတ်ကြီး၏ အစတွင် ဇိုရိအက်စတာသည် ပြန်ပေါ်လာမည်။ သူ့ကို နောက်ထပ် ကယ်တင်ရှင် သုံးပါး က ဆက်ခံကြမည်။ ထိုကယ်တင်ရှင် သုံးပါး ပေါ်ပေါက် ပြီးလျှင် ထို အနှစ် သုံးထောင်တန်း ခေတ်၏ အဆုံးသို့ ရောက်မည်။ ထို ကယ်တင်ရှင် တစ်ဦးလျှင် အနှစ် တစ် ထောင်စီ ခြား၍ ပေါ်ပေါက်လာကြမည်။

ထိုပုဂ္ဂိုလ်များမှာ *သြရှေတာ* [၂]၊ *သြရှေတာမာ* [၃] နှင့် *ဆိုရှိယန်* [၄] ဆိုသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ထို ကယ် တင်ရှင် သုံးဦး ပေါ်ပြီးလျှင် ကမ္ဘာ ပျက်မည်။

ဇိုရိအက်စတာကား ထိုကယ်တင်ရှင် သုံးဦး၏ ဖခင် ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ဇိုရိအက်စတာ၏ မျိုးစေ့သည် ပါရှား နိုင်ငံ၏ ရေကန် တစ်ခုထဲတွင် ထူး ဆန်းစွာ ထိန်းသိမ်းထားသည်ဟု အဆို ရှိကြသည်။ ထို့ နောက် အနှစ် တစ်ထောင်စီ ခြားပြီး အပျိုစင် သုံးဦးတို့ သည် ထိုရေကန်၌ ရေချိုးကြမည်။ သို့ဖြင့် ကယ်တင်ရှင် သုံးဦးသည် ထူးဆန်းစွာ ပဋိသန္ဓေ ယူကြမည်ဟု ဆိုရိုး စကား ရှိသည်။

ဆိုရှိယန် ဆိုသော နောက်ဆုံးပိတ် ကယ်တင်ရှင် မေယိယ ပေါ်ပေါက်လာသော အခါ ကမ္ဘာ ပျက်မည့် ကာလ စတင်ပေတော့မည်။ ထိုအခါ ကောင်းကင်ဘုံသည် သတ္တဝါ တွေကိုရော ငရဲသား အားလုံးရောကို ခါချလိုက်မည် ဖြစ်

---

၁။ Garotman or Garodemana
၂။ Aushetar
၃။ Aushetarmah
၄။ Soshyans

၏။ ထိုသူတို့သည် တရား စီရင်ရာ အရပ်၌ စုဝေးကြရမည် ဖြစ်၏။ ထိုနေရာ၌ ဖြောင့်မတ်သော ဝိညာဉ်နှင့် ကောက်ကျစ် စဉ်းလဲသော ဝိညာဉ်များကို ခွဲခြား သတ်မှတ်မည် ဖြစ်၏။ ထို့နောက် ကမ္ဘာ မြေကြီးပေါ်သို့ အရည် ကျိုထားသော သတ္တုရည်ပူကို လောင်းချလိုက်မည်။ ငရဲ ပွက်ပွက်ဆူမည်။ လောက တစ်ခုလုံးကို ထိုကမ္ဘာမီး လောင်ပြီး သန့်စင်စေမည် ဖြစ်၏။ သက်ရှိ သတ္တဝါ အားလုံး ထို မီးလောင်နေသော သတ္တုရည်မြစ်ထဲမှာ မျောကြရမည်။

သို့သော် ထိုသတ္တုရည်ပူသည် ဖြောင့်မတ်သော ကုသိုလ် ကောင်းမှု ပြုခဲ့သူများ အတွက်မူ နွေးသော နို့ရည်ကဲ့သို့ ဖြစ်မည်။ ထိုသူတို့မှာ လောင်ကျွမ်းစရာ အကုသိုလ် ဒုစရိုက်များ မရှိရကား သံရည်ပူသည် နို့ရည်ကဲ့သို့ ဖြစ်မည်။

သို့ရာတွင် ကောက်ကျစ် စဉ်းလဲသော ဒုစရိုက်သမားများ အတွက်မှာမူကား ထိုသူတို့၏ အကုသိုလ် အဖို့ ဘာဂကို လိုက်၍ လောင်ကျွမ်း သန့်စင်ခြင်းကို ခံကြရမည် ဖြစ်၏။

ထိုသူတို့ ကိုယ်မှ မကောင်းမှု ဒုစရိုက်များကို ကမ္ဘာမီး လောင်ကျွမ်း၍ ကုန်စင်သွားသော အခါ သူတို့သည်လည်း ကောင်းမြတ်သော အဖြစ်သို့ ရောက်ကြရပေတော့မည်။

နောက်ဆုံး ကြုံရမည့် ပဋိပက္ခတွင် အဟုရာ မာဇဒါဘုရားနှင့် သူ၏ ကောင်းကင်တမန် နတ်များသည် အာဟရီယန်နှင့် သူ၏ နတ်မိစ္ဆာများကိုပါ မီးလျှံထဲသို့ ပစ်ချကြလိမ့်မည်။ ထိုသူတို့ကိုလည်း ကမ္ဘာမီး လောင်ကျွမ်းသွားလိမ့်မည်။

ထိုကဲ့သို့ မီးလျှံဖြင့် အပြစ် ပေးခြင်း ခံရပြီးသောမသေဘဲ ကျန်ရစ်သူများ အားလုံးမှာ အတူတကွ ကောင်းကင်ဘုံ နတ်ဘုံ နတ်နန်း အသစ်မှာ နေကြရမည်။ အသစ်ပေါ်ထွန်းလာမည့် ကမ္ဘာမြေပေါ်၌ နေကြရမည်။ ချမ်းသာသုခ အပေါင်းကို အပြည့်အဝ ခံစားကြရပေမည်။ ပဒေသာပင် ခေတ်ကြီးသို့ ပြန်ရောက်ကြမည်။

လူကြီးများမှာ အသက် လေးဆယ် အရွယ်ထက် ပို မကြီးတော့ဘဲ ထိုအရွယ်ဖြင့်ပင် ဆက်လက် နေသွားကြရမည်။ လူငယ်များမှာလည်း ဆယ့်ငါးနှစ် အရွယ်ထက် ပို၍ မကြီးတော့ပေ။ မိတ်ဆွေများ၊ ဆွေမျိုးများသည် ပြန်လည်ပေါင်းစည်းကာ ထာဝရ နေကြရပေတော့မည်။ နောက်ဆုံးတွင် ငရဲသည်လည်း သန့်စင်သွားမည်။ ကမ္ဘာကြီးကို ချဲ့ရန်အတွက် ငရဲကိုပင် အသုံးပြုနိုင်မည်။ ထိုအခါ ကမ္ဘာ လောကကြီး တစ်ခုလုံးလည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ မဟုတ်တော့ဘဲ နိစ္စ၊ သုခ၊ အတ္တ ဖြစ်သွားပေတော့မည်။

## ၄။ မျက်မှောက်ခေတ် ဇိုရိုအက်စတာ ဘာသာဝင်များ

ကျွန်ုပ်တို့ လေ့လာ သုံးသပ်ကြည့်ခဲ့ကြပြီးသော ဇိုရိုအက်စတာ ဘာသာရေး ဆိုင်ရာ သဘောတရားများ အပြောင်းအလဲ ဖြစ်ခြင်းသည် အာခေမီးနီယန် မင်းများ လက်ထက်တွင် စတင် ဖြစ်ပေါ်သည်ဟု ယူဆရပေသည်။ ထို့နောက် ထိုအယူဝါဒကို မဟာ အလက်ဇန္ဒား ဘုရင်၏ နယ်ချဲ့ ကျူးကျော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သော အနှောင့်အယှက်များ ကာလ ကြာမြင့်စွာ ဖြစ်ပေါ်ခဲ့ပြီးမှ *ဆာဆန်းနီးယန်း မင်းဆက်* [၁] (၂၂၆-၆၅၁ အေဒီ) အချိန်လောက်ကျမှ ပြန်လည် လက်ခံခဲ့ကြလေသည်။

ဤ ကာလ အတွင်း၌ ဇိုရိုအက်စတာတို့၏ ဩဇာသည် ရှေးအယူမှန် အစွဲသန် ယုဒ ဝါဒနှင့် အစ္စလာမ် မတိုင်မီ အကြို ကာလ အာရပ်များ အပေါ် လွှမ်းမိုးခဲ့လေသည်။ ထိုသူများ အနက် မက္ကာ မြို့မှ ကုလားအုတ်မောင်းသမား လူငယ် တစ်ဦးမှာ ဇိုရိုအက်စတာနှင့် ဂျူး (ရဟူဒီ) များနှင့် ခရစ်ယာန်များ ပြောဟောနေသော နောက်ဆုံး တရား စီရင်ပြီး ကမ္ဘာ ပျက်မည့်နေ့ နီးကပ်လာပြီ ဆိုသော အမြင်ကြောင့် စိတ်ဓာတ် ချောက်ချား ကစဉ့်ကလျား ဖြစ်ကာ သူသည် သူ၏ အရပ်သူ အရပ်သားများ အကြားတွင် သူ့ကိုယ်သူ တမန်တော် အဖြစ် ဟစ်အော် ပြောဆိုနေလေရာ ဇာတိ ရပ်ရွာသားများက မုန်းတီး တိုက်ခိုက်ခြင်းကို ခံရသဖြင့် မိမိ ဇာတိ ရပ်ရွာမှ ထွက်ပြေး သွားရပြီးနောက် စစ်သား တမန်တော် ဘဝကို စတင်ခဲ့လေသည်။

ထိုပုဂ္ဂိုလ်၏ ပြောင်းလဲသွားမှုသည် အာရေဗျ တစ်ခွင်တစ်ပြင်ကို ပြောင်းလဲသွားစေခဲ့ရုံမျှမက ဂျူးများနှင့် ခရစ်

---

၁။ Sassanian Dynasty

ယာန်များ၏ ကမ္ဘာကိုပါ တုန်လှုပ် ချောက်ချား စေခဲ့လေသည်။ နောက်ဆုံးတွင် ထိုပုဂ္ဂိုလ်ကြောင့် ဇိုရိုအက်စတာ ဘာသာမှာ ပျောက်ကွယ်သွားလုမတတ် ဖြစ်ခဲ့ရလေတော့သည်။

## မွတ်ဆလင် အောင်မြင်မှု၏ အကျိုးဆက်

တမန်တော်မြတ် မိုဟမ္မဒ်ကို ဆက်ခံကြသူများသည် မယုံကြည်နိုင်လောက်အောင်ပင် လျင်မြန်ပြီး ပြည့်စုံ ကုံလုံသော အောင်ပွဲများကို ဆက်လက် ရရှိအောင် ဆောင်ရွက် နိုင်ခဲ့ကြလေသည်။ ၆၃၆ ခုနှစ်တွင် သူတို့သည် ဆီးရီးယားကို ရောမများ လက်မှ တိုက်ခိုက် သိမ်းယူနိုင်ခဲ့ကြလေသည်။ ၆၃၇ ခုနှစ် နောက်ပိုင်း ဆယ်စုနှစ်တွင် ဆာဆန်နီတို့၏ အင်ပိုင်ယာကြီးကို တိုက်ခိုက် သိမ်းယူပြီးလျှင် ၆၅၁ (၆၅၂) လောက်တွင် နောက်ဆုံး ဆာဆန်နီ ဘုရင်ကို သစ္စာဖောက်ပြီး သတ်ဖြတ် သုတ်သင်လိုက်ကြလေသည်။ ဤ အရေးအခင်းသည် ဇိုရိုအက်စတာ ဘာသာကို အလဲ ထိုးလိုက်သလို ဖြစ်သွားသည်။ သို့သော် နောက်ထပ် အနှစ် ၁၀၀ ကြာသည့်တိုင်အောင် စစ်နိုင်လာသော အာရပ်များသည် ၎င်းတို့၏ လက်အောက်ခံ လူများ အားလုံးကို ဘာသာကူးပြောင်း လက်ခံလာအောင် အင်အား သုံး၍ မဆောင်ရွက်နိုင်ခဲ့ကြသေးပေ။

အဘယ်ကြောင့်ဆိုသော် 'ကျမ်းစာမြတ် ချပေးထားသော လူမျိုးများကို ကြင်နာ ရက်ရောစွာ ပြုမူရမည်' ဟု ကုရ်အာန် ကျမ်းထဲတွင် ဆိုထားသောကြောင့် ဖြစ်သည်။ ထိုအချိန်တွင် ဇိုရိုအက်စတာများမှာ ဂျူးများ၊ ခရစ်ယာန်များမှာလိုပင် ပိဋကကျမ်းစာများ ရှိနေခြင်းကြောင့် ဖြစ်၏။ မွတ်ဆလင်များ စစ်အောင်နိုင်ပြီး အချိန် အတန်ကြာပြီးမှသာ ဖိအားကို အသုံးပြုခဲ့ခြင်း ဖြစ်သည်။ ထိုသို့ ဖိအားကို သုံးစွဲရာတွင် အာရပ် လူမျိုးများမှာသာ တိုက်ရိုက်တာဝန် မရှိတော့ပေ။

မည်သို့ပင်ဆိုစေ အာရပ်များ စစ်အောင်နိုင်ပြီး အနှစ်တစ်ရာ ကာလ အတွင်းဝယ် ဇိုရိုအက်စတာ ဘာသာဝင် မြောက်မြားစွာတို့သည် ပါရှား နိုင်ငံမှ ထွက်ခွာသွားရန် ဆုံးဖြတ်ချက် ချခဲ့ကြလေသည်။ ပထမ ထိုသူတို့သည် ကွာဝေးသော အောက်အရပ် ပင်လယ် ကမ်းခြေမြို့ ပါရှန် ပင်လယ်ကွေ့ ပါးစပ်ဝမှာ ရှိသော ထိုမြို့သို့ ရွှေ့ပြောင်းကြပြီး ထိုမှတစ်ဆင့် အိန္ဒိယ ကမ်းခြေရှိ ကျွန်းတစ်ကျွန်းသို့ ပြောင်းရွှေ့ခဲ့ကြပြန်လေသည်။ အခြားသော ဇိုရိုအက်စတာ ဘာသာဝင် နိုင်ငံရပ်ခြားသို့ ပြေးလာသူများက ထိုသူတို့နှင့် ပေါင်းစည်းမိခဲ့ကြလေသည်။ သည်းခံစိတ် ရှိသော ဟိန္ဒူ လူမျိုးများ အကြားသို့ ရောက်သော အခါ သူတို့အား ပါရစီများဟု ခေါ်ကြပြီးလျှင် ၎င်းတို့၏ ဘာသာကို လွတ်လွတ်လပ်လပ် ကိုးကွယ်ခွင့် ပြုခဲ့ကြလေသည်။ ပါရစီများမှာ ပါရှန် လူမျိုးများပင် ဖြစ်သည်။ မကြာမီ သူတို့အား မည်မျှကောင်းစွာ ကျွေးမွေး ပြုစုထားသည်ကို တွေ့ကြရပေမည်။ ပါရှားတွင် ကျန်ရစ်ခဲ့ကြသော ဘာသာတူ ကိုးကွယ်ကြသူများမှာကား သူတို့လောက် ကံမကောင်းခဲ့ကြပေ။

## ဂဘာရ်များ

ဂဘာရ် [၁] ဆိုသည်မှာ မယုံကြည်သူများဟု အဓိပ္ပာယ် ရသည်။ (အာရဗီ အသံထွက်ဖြင့် ကာဖယ်ရ်များဟု ခေါ်သည်။) မွတ်ဆလင်များက ပါရှန် (ပါရစီ) များကို ချိုးနှိမ်၍ ခေါ်သော စကားလုံး ဖြစ်သည်။ ပါရှားမှ လာသော ဇိုရိုအက်စတာများကမူ သူတို့ကိုယ်သူတို့ ထိုကဲ့သို့ မခေါ်ကြချေ။ သူတို့ကိုယ်သူတို့မူကား *ဇာဒုရှ်ရှန်း* [၂] (ဇိုရိုအက်စတာ ဘာသာဝင်များ) သို့မဟုတ် *ဘာဟ်ဒီနန်* [၃] (သမ္မာဒိဋ္ဌိ အယူ ရှိသူများ) ဟူ၍ ခေါ်ကြလေသည်။ သို့ရာတွင် ဘာသာရေး နှိပ်စက် ညှဉ်းပန်း သတ်ဖြတ်မှုများကို အချိန်ကြာမြင့်စွာ ပြုလုပ်လာသော အခါ ထိုအမည်ကို သူတို့သာ သိပြီး ကျန်လူများ မသိအောင် လျှို့ဝှက် ထားကြရလေသည်။ ထိုအချိန်ကမူ သူတို့၏ အဝတ်အစားများမှာ ကြမ်းတမ်းပြီး အရောင်အဆင်းလည်း မွဲသည်။ သူတို့၏ အပြုအမူများမှာလည်း နှိပ်ကွပ်ခြင်း ခံကြရသည်။ သို့ရာတွင် သူတို့သည် မိမိတို့၏ ယုံကြည် သက်ဝင်မှုကို စွဲမြဲစွာ ဖက်တွယ်ထားကြလေသည်။

နတ်ဆရာ ဘုန်းကြီးများက ရှေးက ပူဇော် ပသသော နည်း အတိုင်း သန့်ရှင်းသော မီးကို မီး ပူဇော်ရာ ဌာန၌ အစပြု၍ ပူဇော် ပသမှု ပြုနေကြလေသည်။ မီးကို အစပြု ပူဇော်ပြီးမှ ကျန်သော ပူဇော်ဖွယ် ပသဖွယ် ကိစ္စများကို တစ်ခုပြီး တစ်ခု ဆက်လက် ဆောင်ရွက်ကြလေသည်။

သာမန် ပုထုဇဉ် လူသားများမှာ ရှေးက ပူဇော် ပသပုံများကို သစ္စာ ရှိစွာ ဆက်လက် ခံယူ၍ ပြုလုပ်နေကြသည်။ ထိုသာမန် ပုထုဇဉ်တို့ အနေနှင့် သူတို့၏ သား

---

၁။ Gabars
၂။ Zardushtiam
၃။ Bah-dinan

ယောက်ျားကလေးများကို သုဒြ ခေါ် သန့်ရှင်းသော ရုပ် အင်္ကျီ အပ်နှင်းခြင်းနှင့် ကုဋ္ဌ ခေါ် သန့်ရှင်းသော ခါးပန်း ကြိုး အပ်နှင်းခြင်း အခမ်းအနားကို အကျဉ်း ချုပ်၍ ပြုလုပ် လိုသော ဆန္ဒ သဘောထားမျိုး မရှိကြပေ။

ထို သန့်ရှင်းသော ချည်ကြိုးတွင် ကြိုး သုံးမျှင် ပါ သည်။ ကောင်းသော ကာယကံ၊ ကောင်းသော ဝစီကံ၊ ကောင်းသော မနောကံ သဘောကို သင်္ကေတ ပြုထားခြင်း ဖြစ်သည်။ ထိုချည်ကြိုးကို သူတို့က ခါးပန်းကြိုး အဖြစ် ဆင်မြန်းကြသည်။ ထို့အတူ ထိမ်းမြား မင်္ဂလာ ကိစ္စနှင့် အသုဘ အခမ်းအနားများတွင်လည်း ရှေးထုံးစဉ်လာ အတိုင်း အပြည့်အဝ ပြုဖွယ် ကိစ္စ မှန်သမျှကို ပြုလုပ်လိုကြသည်။ အသုဘ ကိစ္စသည် 'တိတ်ဆိတ်သော မျှော်စင်' ခေါ်သော သင်္ချိုင်းကုန်းတွင် လူသေကောင်ကို လင်းတငှက် အစာ အဖြစ် ကျောက်ဖြာပေါ်မှာ တင်၍ ထားခြင်းဖြင့် ပြီးဆုံးရ သည်။ ရှေးက ပြုခဲ့သော ဝိသုဒ္ဓိ ကျင့်စဉ်များလည်း ရှိ သေးသည်။ ထို ထုံးတမ်းစဉ်လာ ပူဇော် ပသနည်းများကို လည်း သူတို့က လိုက်နာကြသေးသည်။ ဝိသုဒ္ဓိ အစီအစဉ် ဆိုသည်မှာ မိမိကိုယ်နှင့် မသန့်ဟု ယူဆသော အရာဝတ္ထု နှင့် ထိမိသော အခါ သန့်ရှင်းအောင် သနပြေအောင် ဆောင် ရွက်ခြင်း ဖြစ်သည်။

ဂျူး လူမျိုးများလိုပင် ရာစုနှစ်ပေါင်း များစွာ သူတို့မှာ ဘာသာရေး နှိပ်ကွပ် ညှဉ်းပန်းမှု ဒဏ်ကို ခံစားရသည် ဆိုသော ကရွတ် ကင်းလျှောက် ခံစားရမှုမျိုး ရှိသည်။ ထို ခံစားချက်ကြောင့် သူတို့သည် လျှို့ဝှက်တတ်သူများ ဖြစ် လာကြသည်။ ထို လျှို့ဝှက်တတ်မှုကြောင့် သူတို့သည် မယုံသင်္ကာ ဖြစ်တတ်သူများလည်း ဖြစ်လာခဲ့ကြလေသည်။

## အိန္ဒိယမှ ပါရစီများ

ယခုအခါ ဇိုရိအက်စတာ ဘာသာ ကိုးကွယ်သူများ၏ အရေအတွက်မှာ သောင်းကျော်လောက်သာ ကျန်ရှိပေတော့ သည်။ ပို၍ ကံကောင်းသူများမှာ အိန္ဒိယပြည်မှာ နေကြ သော ပါရစီ လူမျိုးများ ဖြစ်ကြသည်။ သူတို့၏ အရေ အတွက်သည် အိန္ဒိယပြည်တွင် တိုးပွားလျက် ရှိရာ လူဦး ရေ တစ်သိန်းကျော် ရှိသည်။ သူတို့သည် ဘုံဘေ အခြေ စိုက် ပြည်နယ်သို့ ဦးစွာ ဝင်ရောက် နေထိုင်ခဲ့ကြလေသည်။ ဘုံဘေ မြို့သို့ ရောက်ရှိလာသော ပြင်ပ ဧည့်သည် တစ် ဦးသည် ပါရစီ လူမျိုးများကို မြင်လျှင် ချက်ချင်း မှတ်မိ သည်။ မှတ်မိလွယ်ခြင်းမှာ သူတို့၏ အသားအရေက ဖြူဖြူ ဖွေးဖွေး ရှိပြီး အာရိယန် လူမျိုးများ၏ အသွင်အပြင် ရှိသည့် ပြင် သူတို့၏ အဝတ်အစား အဆင်အပြင်ကလည်း ရှေးမူ နှင့် ခေတ်မူကို ပေါင်း၍ တင့်တင့်တယ်တယ် သိက္ခာရှိရှိ ဝတ်စား ဆင်ယင်တတ်သောကြောင့် ဖြစ်၏။ အမျိုးသား များက ဥရောပ ဝတ်စုံကို ဝတ်ဆင်လေ့ ရှိသည်။ သို့သော် ဘောင်းဘီ ဖင်ကျပ်မျိုးကိုကား ဝတ်ဆင်လေ့ မရှိပေ။

ထို့ပြင် သူတို့သည် အပြင်သို့ ထွက်သောအခါ ခေါင်း ဆောင်း မပါဘဲ ထွက်လေ့ မရှိပေ။ အများအားဖြင့် အရောင် တောက်သော တောင့်တင်းသည့် အဝတ်ဖြင့် ချုပ်သော ဦးထုပ်ကို ဝတ်ဆင်လေ့ ရှိသည်။ အရောင်ရင့်များကိုသာ ဝတ်ဆင်ကြသည်။ ဦးထုပ်မှာလည်း ဦးစွန်း မပါ။ ဦးထုပ် ဆောင်းသော အခါမှာလည်း ဦးခေါင်း နောက်ဘက်သို့ ကိုင်းကိုင်း ဆောင်းတတ်ကြသည်။

အမျိုးသမီးများက အရောင် တောက်သော အိန္ဒိယ ဆာရီကို ဥရောပ စတိုင် ဝတ်စုံ အပေါ်က ရစ်ပတ်ထား ကြသည်။ မျက်နှာ အဖုံး အကာ မပါဘဲ လွတ်လပ်စွာ မျက်နှာဖွင့်ဖြင့် သွားလာ လှုပ်ရှားနေကြသည်။

နတ်ဆရာ ဘုန်းကြီးများက အဖြူရောင် ခေါင်းပေါင်း ကို ပေါင်းထားကြသည်။ မုတ်ဆိတ်ရှည် အပြည့်အဝ ထား သည်။ ထို့ပြင် သန့်ရှင်း စင်ကြယ်သော အဖြူရောင် အင်္ကျီ ရှည်ကို ရှေးပုံစံ အတိုင်း ဝတ်ဆင်ကြသည်။

ဘုံဘေမြို့နေ ပါရစီများကို ခရီးသွား ဧည့်သည်များ အနေနှင့် ညနေခင်းတွင် မြို့၏ ကမ်းနား ပင်လယ်ကွေ့ သဲခုံပေါ်တွင် အစုလိုက် အဝေးလိုက် တွေ့ရတတ်သည်။ သူတို့သည် ပင်လယ်တွင်းသို့ သက်ဆင်းသွားသော နေကို ကမ္ဘာ့ဌာန်း အာရုံ ယူလျက် ကြည်ညိုနေတတ်ကြသည်။

ရှေးထုံးစဉ်လာ အရ တောက်ပသော ရေပြင်သည် အနောက်ဘက်မှ လိမ့်လာသော ရေ ဖြစ်သည်ဟု အယူ ရှိကြလေသည်။

လူတန်းစား သဘော အရ ပြောရလျှင် ပါရစီများ သည် လူချမ်းသာများ ဖြစ်ကြသည်။ ထို့ပြင် အိန္ဒိယပြည် တွင် သူတို့သည် အတိုးတက်ဆုံး လူမျိုးစု ဖြစ်သည် ဆို သော ဂုဏ်ကိုလည်း ထိန်းသိမ်းထားလိုကြသည်။ သူတို့ကို အများအားဖြင့် အိန္ဒိယပြည်တွင် အတော်ဆုံး လုပ်ငန်းရှင် များ အဖြစ် လည်းကောင်း၊ အလွန် ထက်မြက်သော စက်မှု လုပ်ငန်းရှင်များ အဖြစ် လည်းကောင်း အသိအမှတ် ပြုကြ ရသည်။ သူတို့သည် အကောင်းဆုံး ဟိုတယ်များ၊ အကြီး ဆုံး စတိုး (ကုန်စုံ) ဆိုင်ကြီးများနှင့် အိန္ဒိယ လေကြောင်း လိုင်းသစ်များကို ပိုင်ဆိုင်သူများ ဖြစ်ကြသည်။ သူတို့သည်

ငွေကြေး ချမ်းသာအောင်သာ ပြုလုပ်နိုင်ကြသည် မဟုတ်သေး၊ သူတို့၏ များပြား ကျယ်ဝန်းလှသော အကျိုးပြု လုပ်ငန်းများကြောင့်လည်း ထင်ပေါ် ကျော်ကြားသူများ ဖြစ်ကြသည်။

သို့ရာတွင် ဇိုရိုအက်စတာ ဘာသာဝင် မဟုတ်သူများနှင့် ဆက်ဆံကြသော အခါ သူတို့သည် မိမိတို့၏ ဂုဏ်သိက္ခာကို များစွာ ထိန်းထိန်းသိမ်းသိမ်း ပြု၍သာ ဆက်ဆံတတ်ကြသည်။ ပါရှား၏ ဘာသာကို မယုံကြည်သူ ဂဘာရ်များ အဖြစ် သဘော ထား၍သာ အေးစက်စက် လက်ခံဆက်ဆံကြသည်။

သူတို့သည် အပြင်လူများကို ဘယ်လောက်ပင် ယုံကြည်ရသူ ဖြစ်စေကာမူ သူတို့ ပြုလုပ်သော မီးပူဇော်မှုလို ပူဇော် ပသပွဲများကို ပါဝင် ဆင်နွဲခွင့် မပြုတတ်ကြပေ။

ပါရစီ လူမျိုးများ၏ ပူဇော် ပသပွဲ အခမ်းအနားများ အားလုံးကို နတ်ဆရာ ဘုန်းကြီးများကသာ ကြီးကြပ်၍ ဆောင်ရွက်ရသည်။ ထိုသို့ ပြုလုပ်ခြင်းမှာ ရှေးမာဂိ လူမျိုးများ လက်ထက်ကတည်းက အစဉ်အလာ မပျက် ဆက်လက် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်၏။ သူတို့၏ အဆင့်မြင့် နတ်ဆရာ ဘုန်းကြီးများကို *ဒတ်စတား* [၁] များဟု ခေါ်ကြသည်။ ထိုနတ်ဆရာ ဘုန်းကြီး အများစုမှာလည်း အလွန် ဉာဏ်ပညာနှင့် ပြည့်စုံသူများ ဖြစ်ကြလေသည်။ သို့သော် မီးပူဇော်ရာ နတ်ကွန်း၌ ပြုလုပ်သော မီးပူဇော်ပွဲကိုမူ သူတို့က ဦးဆောင် ကျင်းပခြင်း မပြုပေ။ သို့သော် ထိုကိစ္စ အလို့ငှာ အထူး လေ့ကျင့်ထားကြသော နတ်ဆရာများ ရှိကြသည်။

၎င်းတို့ကို *မိုဘက်* [၂] များဟု ခေါ်သည်။ သူတို့ ဦးဆောင်၍ ကျင်းပသော ပူဇော် ပသပွဲများမှာ အလွန် တိကျသည်။ ထိုနတ်ဆရာများသည် သူတို့ကိုယ် သူတို့လည်း ဝိသုဒ္ဓိ ကျင့်စဉ်များနှင့်အညီ သန့်ရှင်းအောင် အမြဲ ပြုလုပ်ထားကြသည်။ ထိုနတ်ဆရာများသည် အာဗက်စတာ ကျမ်းစာ ထက်ဝက်လောက်ကို နှုတ်တိုက် အာဂုံ ဆောင်ထားနိုင်ကြသူများ ဖြစ်သည်။ ထို ကျမ်းစာပါ စကားလုံးများမှာ ရှေးစကားဖြင့် ရေးသားထားသောကြောင့် ထိုစာများကို ရွတ်ဖတ်တတ်စေကာမူ အဓိပ္ပာယ်ကိုကား မသိကြချေ။ ထိုကိစ္စတွင် နတ်ဆရာများနှင့် သာမန် ဘုရား ဝတ်ပြုသူများသည် များစွာ ခြားနားခြင်း မရှိကြပေ။

---

၁။ Dasturs ၂။ Mobeds

## မီး ဝတ်ပြုရာ ဘုရားကျောင်းနှင့် ဘုရား ရှိခိုးခြင်း

ပါရှားနှင့် အိန္ဒိယ နိုင်ငံ နှစ်ခုစလုံးတွင် မီးပူဇော်ရာ ဘုရားဝတ်ကျောင်းနှင့် အခြား အဆောက်အဦများကို လမ်းပေါ်မှာ လှမ်းကြည့်လျှင် ခွဲခြား၍ မရပေ။ သို့သော် မီးပူဇော်သူများ အနေနှင့်မူ မီးပူဇော်ရာ ဘုရားကျောင်းကို သိသည်။ ထို့ပြင် အပြင်လူများ အနေနှင့် အပြင်ပန်းကို ကြည့်ပြီး မစူးစမ်းခြင်းသည် ပို၍ ကောင်းသည်။ ပါရှား နိုင်ငံမှာ ဆိုလျှင် မီးပူဇော်ရာ အရပ်သည် အဆောက်အဦ တစ်ခုထဲတွင် သီးသန့် ထားသော အခန်း တစ်ခန်း အဖြစ် သတ်သတ်မှတ်မှတ် ထားသည်။ အိန္ဒိယမှာတော့ အဆောက်အဦ တစ်ခုလုံးကိုပင် မီးပူဇော်ရာ ပွဲသဘင် ကျင်းပရာ ဌာန အဖြစ် သီးသန့်ထားသည်။ သို့ရာတွင် အိန္ဒိယ ဘုရားကျောင်းများ အားလုံးသည် အညီအမျှ မွန်မြတ်သော သဘော မရှိကြပေ။ တချို့ အဆောက်အဦများမှာ ရှေး အစဉ် အဆက်ကတည်းက နှစ်ပေါင်း ကြာမြင့်စွာ မီးပူဇော်ရာ ဝတ်ကျောင်းတော် ဖြစ်လာခဲ့သည့် အတွက် ထို အဆောက်အဦက ပိုပြီး မြင့်မြတ်သည်ဟု ယူဆကြသည်။

ဤကဲ့သို့ မီးကို သန့်ရှင်း စင်ကြယ်အောင် ပြုလုပ်ခြင်းသည် ဇိုရိုအက်စတာ ဘာသာဝင်များ အတွက် ထူးခြားသည်။ ထူးခြားသည် ဆိုခြင်းမှာ သာမန် စိတ်ဝင်စားမှုထက် ပိုသော သဘောကို ဆိုလိုသည်။

ပို၍ သန့်စင် မွန်မြတ်သော မီးသည် မတူညီသော မီး ၁၆ မျိုးကို ပေါင်းစည်းထားခြင်း ဖြစ်သည်။ ထိုမီးများ အားလုံးကို ပူဇော် ပသမှု အမျိုးမျိုးဖြင့် သန့်ရှင်း စင်ကြယ်အောင် သုတ်သင်ထားပြီးသား ဖြစ်သည်။ ထိုမီးများ အနက် တစ်မျိုးမှာ အလောင်းကောင် မီး ရှို့ရာမှ ယူထားသော မီး ဖြစ်သည်။

အမွှေးနံ့သာ စန္ဒကူးသားများကို မီးသင့်ဂြိုဟ်သော မီးဖြင့် မွေးယူထားသည်။ ထို့နောက် မီးလျှံ၏ အထက်တွင် တို့ထိရန် ခက်လောက်အောင် မြင့်သော နေရာ၌ သတ္တုဗန်း တစ်ချောင်းကို ထားသည်။ ထိုသတ္တုဗန်းတွင် အပေါက် သေးသေးကလေး တစ်ခု ရှိသည်။ ထိုသတ္တုဗန်းထဲတွင် စန္ဒကူး နံ့သာစကလေးများကို ထည့်ထားသည်။ ထိုစန္ဒကူးစကလေးများသည် မီး ထတောက်လာသော အခါ မီးသစ် တစ်ခုကို ရသည်။ ထိုမီးမှ အခြား မီးကို ကူးပြီး ပွားယူသည်။ ထိုကဲ့သို့ မီးသစ် ကူးယူခြင်းကို ၉၁ ကြိမ် ပြုလုပ်ရသည်။ ထို

သို့ မီးကို မွေးယူစဉ်တွင် ပရိတ် ဂါထာ မန္တန်များကို ရွတ်ဖတ် သရဇ္ဈာယ် နေရသည်။

အခြား မီးများမှာလည်း အလားတူ သတ္တုဖြွန်းကို အသုံးပြုပြီး သန့်စင်အောင် ပြုလုပ်ယူထားရသည်။ တချို့ မီးများမှာ မိုးကြိုး ပစ်ရာမှ ရရှိသော မီး ဖြစ်သည်။ တချို့ မီးမှာ မီးခတ်ကျောက်မှ မီးခတ်ယူပြီး ရသည်။ ထို့နောက် တချို့ မီးသည် ရုပ်ပွား ဆင်းတု ထားရာ ဘုရား ဝတ် ကျောင်း၊ မီးသန့် ပြုလုပ်သော နည်းဖြင့် သန့်စင် ယူထား သော အိမ်မီးများ ဖြစ်သည်။ နောက်ဆုံးတွင် သန့်စင်ပြီး မီး ၁၆ မျိုးကို စုပေါင်းပြီး နတ်ဆရာ ဘုန်းကြီးက ထိုမီး များကို သူတို့ နှာခေါင်းက ထွက်သော လေပုပ်ဖြင့် မထိရ အောင် နှာခေါင်းနှင့် ပါးစပ်ကို ပိတ်ပြီး အရိုးပြာအိုး တစ်ခု ထဲသို့ ထည့်သည်။ ပြီးမှ ထိုမီးကို မီး ဝတ်ကျောင်းမှ မီး ပူဇော်ရာ အခန်းတွင် ဆက်လက် ထားရှိရသည်။

ထိုမီးသည် အတွင်းခန်း အလယ်တွင် နေရာ ယူသည်။ အရိုးပြာ အပြည့် ထည့်ထားသော အိုးထဲတွင် ဆက်လက် တောက်လောင်နေသည်။ ထိုပြာအိုး မီးကို ခြေလေးချောင်း ရှိသော ကျောက်ပလ္လင်ပေါ်တွင် တင်ထားရသည်။ ထိုမီးကို နေ့ည မပြတ် စောင့်ရှောက် ပူဇော်နေရသော နတ်ဆရာ ဘုန်းကြီးက နံ့သာစ၊ စန္ဒကူးစများဖြင့် မီးထိုး ပေးနေရ သည်။ မီးပူဇော်ရာ အခန်းထဲတွင် တာဝန် ကျ၍ မီးကို အဆက်မပြတ် ပူဇော်နေစဉ် နတ်ဆရာ ဘုန်းကြီးသည် သူ့ ပါးစပ်ကို အဝတ်ဖြင့် ဖုံးအုပ်ထားရသည်။ ထိုသို့ ပြုလုပ် ထားရခြင်းမှာ သူ့ပါးစပ်က ထွက်သော မသန့်ရှင်းသော လေသည် သန့်ရှင်းသော မီးထဲသို့ ရောက်သွားမည် စိုးသော ကြောင့် ဖြစ်သည်။ ထိုအချိန်တွင် ထို နတ်ဆရာ ဘုန်းကြီး သည် မီး၏ အနီးအနားတွင် ချေဆတ်ခြင်း၊ ချောင်းဆိုး ခြင်းကိုလည်း မပြုလုပ်ကြရပေ။

ထိုမီးကို ပူဇော်လိုသော ဘုရား ဝတ်ပြုလိုသူ မည်သူ မဆို တစ်ယောက်ချင်း မီးပူဇော်ရာ အခန်းထဲသို့ အလို ရှိ သလို လာနိုင်သည်။ ထို မီးပူဇော်ရန် လာသော ဝတ်ပြုသူ သည် မီးခန်းထဲသို့ မဝင်မီ အဝတ် ဖုံးထားခြင်း မရှိသော ခန္ဓာကိုယ် အစိတ်အပိုင်းများကို သန့်ရှင်း စင်ကြယ်အောင် ဆေးကြောကြရသည်။ ထို့နောက် အာဗက်စတာ ကျမ်းမှာ ပါသော ကုဗို ခေါ် ဘုရားရှိခိုး စာများကို ရွတ်ဆိုကြရ သည်။ ထို့နောက် ဖိနပ်ကို ချွတ်ပြီးမှ အဝင်ပေါက်က ဝင် သွားရသည်။ မီး ရှိသော အခန်းကို ကျော်၍ မသွားရ။ ထို နေရာတွင် သူ့လက်မှာ ပါသော နံ့သာ စန္ဒကူးတုံးနှင့် လှူ ဖွယ်ဝတ္ထု ငွေကြေးများကို နတ်ဆရာ ဘုန်းကြီး လက်သို့ အပ်ရသည်။ ပြီးမှ အရိုးပြာ အိုးထဲက ပြာ တစ်ဆုပ်ကို လက်ခံ ယူရသည်။ ထိုပြာကို သူ့ နဖူးနှင့် မျက်ခွံပေါ်မှာ သုတ်လိမ်းလိုက်ရသည်။ ပြီးလျှင် မီး ရှိရာသို့ ဦးညွှတ်၍ ဘုရား ဝတ်ပြု ဆုတောင်းခြင်းကို ပြုရသည် (သို့သော် ထိုသို့ ရှိခိုးခြင်းသည် မီးကို ရှိခိုးခြင်း မဟုတ်၊ မီးသည် သင်္ကေတ မျှသာ ဖြစ်သည်။)။ ထို့နောက် သူသည် ဖြည်းညင်းစွာ နောက်သို့ ဆုတ်၍ ဖိနပ် ထားရာ အရပ် အထိ သွားရ သည်။ ဖိနပ် စီးပြီးသော အခါ အိမ်သို့ ပြန်နိုင်ပြီ။

ပါရစီ လူမျိုးများ၏ ဘာသာရေး ဓလေ့ ထုံးစံများ သည် နောက်ပိုင်းတွင် ပြုစုသော အာဗက်စတာ ကျမ်းကို အခြေခံသည်။ နှစ်စဉ် ကျင်းပမြဲ ပွဲလမ်းသဘင်များကို အကျဉ်းချုပ် လေ့လာရုံဖြင့် ဇိုရိုအက်စတာ ဘာသာ အပေါ် မှာချည်း အခြေ မခံကြောင်း ပေါ်လွင် ထင်ရှားသည်။

ပွဲသဘင် တစ်ခုမှာ မေတြာကို ဂုဏ်ပြု ပူဇော်သော ပွဲ ဖြစ်သည်။ မေတြာ၏ နေရာသည် နေမင်း ဖြစ်သည်။ သူ့ကို ယုံကြည် ကိုးကွယ်သူများ၏ သစ္စာ စောင့်သိမှု၊ သစ္စာ ရှိမှုနှင့် မိတ်သင်္ဂဟ ဖြစ်မှုကို နှစ်သက်သည်။

*ဖာဗာဒင်* [၁] ကို ဂုဏ်ပြု ပူဇော်သော လေးနက် တည် ကြည်သော ပွဲလည်း ရှိသေးသည်။ ထိုနတ်သည် ဖရာဗာသီ ခေါ် ရိုးရာ နတ်များ၏ အကြီးအချုပ် နတ် ဖြစ်သည်။

ထိုနတ်ကို ပူဇော် ပသပွဲ ကျင်းပသော အချိန်တွင် (ဆယ်ရက်ကြာ ကျင်းပသည်) ရိုးရာ ဘိုးဘွားနတ် ဝိညာဉ် များသည် မိမိတို့၏ သက်ဆိုင်ရာ ဆွေမျိုး မိသားစု အဆက် အနွယ်များ၏ အိမ်သို့ လာရောက်တတ်ကြသည်။

ထိုရိုးရာ နတ်များက တိတ်ဆိတ်သော မျှော်စင် ရှေ့ တွင် လာရောက်ပြီး သင်္ချိုင်းပွဲ ထွက်သော မိသားစုများကို ကြိုဆိုကြသည်။

နောက် ပွဲသဘင် တစ်ခုမှာ ဗိုဟုမန ခေါ် ကျွဲနွား တိရစ္ဆာန်များကို စောင့်ရှောက်သော နတ် ပူဇော်သည့် ပွဲ ဖြစ်သည်။ ထိုအချိန်တွင် ပါရစီ လူမျိုးများသည် တိရစ္ဆာန် များ အပေါ် အထူး မေတ္တာ ကရုဏာဖြင့် ဆက်ဆံကြသည်။

အခြား ပွဲတစ်ပွဲမှာ ဖန်ဆင်းခြင်း အဆင့် ခြောက်ခု ကို သတိရ အောက်မေ့ဖွယ် ပြုလုပ်သော ပွဲ ဖြစ်သည်။ ဖန်ဆင်းခြင်း ခြောက်ဆင့်မှာ - ကောင်းကင်၊ ရေ၊ မြေ၊ သစ်ပင်၊ တိရစ္ဆာန်နှင့် လူများကို ဖန်ဆင်းခြင်း ဖြစ်သည်။ ဖန်ဆင်းခြင်း အမှတ်တရပွဲ ဖြစ်သည်။

---

၁။ Farvadin

## တိတ်ဆိတ်ခြင်း မျှော်စင်များ

တိတ်ဆိတ်ခြင်း မျှော်စင်ကို ဒတ်ခမာဟု ခေါ်သည်။ လူသေကောင်ကြောင့် မြေဆီလွှာကို မညစ်ညမ်းစေရန်နှင့် ပုပ်သိုးသွားသော အသားအရေကြောင့် ရေကို မညစ်ညမ်းစေရန် လူသေကောင်ကို ကျောက်ဖျာပေါ်မှာ တင်ထားပြီး ငှက်လင်းတစာ ကျွေးသော နေရာ ဖြစ်သည်။ ထိုနေရာသည် စက်ဝိုင်းပုံ ဖြစ်သည်။ အောက်ခြေတွင် ကျောက်ဖျာ လုပ်ထားပြီး ဘေးပတ်လည်ကို အုတ်တံတိုင်း ကာရံထားသည်။ ကြမ်းခင်း၏ အလယ်တွင် ချိုင့်ခွက် တစ်ခု ပြုလုပ်ထားသည်။ ထိုချိုင့်ခွက်မျိုးကို အဆင့် သုံးဆင့် ထား၍ ပြုလုပ်ထားသည်။

အမြင့်ဆုံး နေရာသည် ယောကျ်ားများ အတွက် ဖြစ်သည်။ ဒုတိယ အဆင့်သည် မိန်းမများ အတွက် ဖြစ်သည်။ အောက်ဆုံး အဆင့်မှာ လူငယ်ကလေးများ အတွက် ဖြစ်သည်။ အလောင်းကောင်ကို ဒတ်ခမာသို့ လူခြောက်ယောက်က သယ်ပိုးပြီး ယူသွားရသည်။

ထို အလောင်း ထမ်းသူများ နောက်က ပူဆွေးသူများ လိုက်ကြရသည်။ အားလုံး အဖြူရောင် ဝတ်စုံကို ဝတ်ထားကြရသည်။ အသုဘကို နောက်ဆုံး ရှုပြီး နောက် အလောင်းကို အလောင်း ထည့်သည့် ကျင်းထဲမှာ ထည့်ထားခဲ့ကြရသည်။ အလောင်းကောင်ကို အဝတ်များဖြင့် ရစ်ပတ်စည်းနှောင်ထားရသည်။ ထိုအဝတ်များကို ကတ်ကြေးဖြင့် ညှပ်ပြီး ထားခဲ့ရသည်။

အသုဘ ပို့သူများ သင်္ချိုင်းက ခွာသွားသည်နှင့် တစ်ပြိုင်နက် လင်းတများ ရောက်လာကြပြီး ထိုးဆင်းလာကြပြီး အလောင်းကို ဝိုင်းဝန်း ထိုးသုတ် စားသောက်ကြလေတော့သည်။ ထိုလင်းတများသည် အနီးအနားတွင် နား၍ စောင့်ဆိုင်းနေကြသည်။ နာရီဝက် တစ်နာရီ အတွင်း အလောင်းကောင်မှာ အသား လုံးဝ မကျန်တော့။ အရိုးစု သက်သက် ဖြစ်သွားလေတော့သည်။ ထိုနောက် အရိုးများလည်း ပြင်းသော နေပူချိန်ကြောင့် ခြောက်သွေ့သွားသည်။ နောက် တစ်ရက် နှစ်ရက် ကြာသော အခါ အရိုး ကောက်သူများ ဝင်ရောက်လာပြီး ထိုအရိုးစုများကို အလယ်ရှိ တွင်းနက်ကြီးထဲသို့ ပစ်ချလိုက်ကြလေတော့သည်။

ထင်ရှားသော အကြောင်းကြောင့် ထို တိတ်ဆိတ်သော မျှော်စင် သင်္ချိုင်းကုန်းများကို တောင်ထိပ်ပေါ်တွင် တည်ထားကြသည်။ ဘုံဘေမြို့ ပတ်ဝန်းကျင်တွင် ထိုသင်္ချိုင်းမျိုး ခုနစ်ခု ရှိသည်။ ထိုနေရာတိုင်းမှာ အသားစား လင်းတငှက် များစွာ လာရောက် နေထိုင်ကြသည်။

ပါရစီ လူနည်းစု နေထိုင်ရာ ကာလကတ္တားလို နေရာတွင် လူသေ အလောင်းကို စားရခြင်းမှာ ရံဖန်ရံခါသာ ဖြစ်ခြင်းကြောင့် လင်းတငှက်များက အစဉ်သဖြင့် စောင့်စားနေခြင်းမျိုး မရှိပေ။ ထို့ကြောင့် လင်းတများ အချိန်မီ မရောက်လာတတ်ကြပေ။ ပါရစီ လူနည်းစု ရှိရာ အရပ်ရှိ ဒတ်ခမာများတွင် လူသေ အလောင်းကို ခေါင်းမှာ ထည့်၍ ဖြစ်စေ၊ မြေမြှုပ်၍ ဖြစ်စေ သင်္ဂြိုဟ်တတ်ကြသည်။

ဇိုရိုအက်စတာ ဘာသာရေး အကြောင်း လေ့လာမှုကား ဤတွင်၍ အဆုံးသတ်သင့်ပြီ။ ပြက္ခဒိန် ရေတွက်မှုနှင့် စပ်၍ ပါရစီ လူမျိုးများ နှစ်ခု ကွဲလျက် ရှိပုံ အကြောင်းများကို ပြောမည် ဆိုလျှင်ကား ပြောစရာများစွာ ကျန်ပေသေးသည်။ သို့သော် ဘာသာ ယုံကြည် ကိုးကွယ်မှုနှင့်ကား ဤမျှလောက် ဆိုလျှင် လုံလောက်ပြီ။ ဤဘာသာကား ဘာသာရေး သမိုင်းတွင် တမန်တော် တစ်ပါးတည်းသာ ရှိသော ဘာသာ အယူဝါဒ ဖြစ်ပေတော့သည်။

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


1. Dhalla, M.N. — History of Zoroastrianism
2. Jackson, A.V. — Zoroaster, the Prophet of Ancient Iran
3. — d — Zoroastrian Studies
4. Moulton, J.H. — Early Zoroastrianism
5. Pavry, J.D.C. — The Zoroastrian Doctrine of the Future Life

## အခန်း ( ၁၃ )
## ယုဒ ဘာသာ

ကျွန်ုပ်တို့ ယခု ပြောဆိုအံ့ ဖြစ်သော ကိုယ်ကျင့်တရားနှင့် ဘာသာ ကိုးကွယ်မှုဆိုင်ရာ တိုးတက် ဖွံ့ဖြိုးမှုသည် လူသားများ အတွက် မည်သည့် အခါမျှ တန်ဖိုး ကင်းမဲ့သွားမည့် သဘော မရှိချေ။ ရှေးကျသော ဟီဗရူး (ဟေဗြဲ) လူမျိုးများနှင့် ၎င်းတို့မှ ဆင်းသက်လာကြသော လူများသည် ကိုယ်ကျင့်တရား အရရော၊ ဘာသာ ယုံကြည် ကိုးကွယ်မှု အရပါ ကိုယ့် အသွင်အပြင်နှင့် ကိုယ် ရှင်သန် ကြီးထွားလာကြသူများ ဖြစ်ကြလေသည်။ ထို့ပြင် သူတို့၏ အတွေ့အကြုံများသည် တစ်လောကလုံးနှင့် ဆိုင်သော ယေဘုယျ တန်ဖိုးနှင့် ဆီလျော် ကိုက်ညီမှုလည်း ရှိသည်။ သူတို့ တွေးခေါ် ခံစားရသမျှမှာ အထူး စိတ်ဝင်စားစရာ ဖြစ်ပြီး သူတို့မှ အပ ဖြစ်သော အခြားသူများ အတွက်လည်း နည်းပေး လမ်းပြ သဘော ပါသည်။ သို့ဖြစ်ရာ အနာဂတ် ကာလ ကြာမြင့်သည့်တိုင် ၎င်းတို့၏ အတွေးနှင့် ခံစားမှု အတွေ့အကြုံများက ဆက်လက်ပြီး သြဇာ သက်ရောက်မှု ရှိနေကြဦးမည်မှာ ယုံမှားဖွယ် မရှိချေ။

ကြီးမားသော စဉ်းစားစရာ အကြောင်းများသည် ဂျူးဘာသာရေး လမ်းကြောင်းပေါ်တွင် လွှမ်းမိုးနေသည်ဟု ဆိုနိုင်ဖွယ် ရှိပါသည်။ ထို စဉ်းစားစရာ အကြောင်း ဆိုလိုရင်းအချက် ဆိုသည်မှာ တစ်ပါးတည်းသော ဖြောင့်မတ် မှန်ကန်သော ထာဝရ ဘုရားက လူမှု ဖြစ်စဉ်နှင့် သဘာဝ ဖြစ်စဉ် အားလုံးကို ပြုပြင် ဖန်တီးနေသည် ဆိုသော အချက်ဖြစ်သည်။ ဤ စဉ်းစားစရာ အကြောင်းသည် ရုတ်တရက် ချက်ချင်း ရောက်ရှိလာသည် မဟုတ်ချေ။ သို့သော် တစ်နည်းနည်းအားဖြင့် ဤ စဉ်းစားစရာ အကြောင်းသည် မူလ အစကတည်းက နားလည်လာသော အကြောင်းပင် ဖြစ်၏။ ကိုယ်ကျင့်တရား အရရော၊ လူမှုရေး အရရော ထိခိုက်လွယ်သော စိတ်သဘောထား ရှိသူများသာလျှင် သမိုင်း ဖြစ်စဉ်ကို ထိုကဲ့သို့သော တစ်ပါးတည်းသော ထာဝရ ဘုရား၏ အလိုတော် အတိုင်း ဖြစ်လာခဲ့ရသော လူ့ ဖြစ်စဉ် အဖြစ် သိမြင် နားလည်ခဲ့ကြပေသည်။

လူမှုရေး အရ စိတ် ထိခိုက် လွယ်ကြသူများ ဖြစ်ရကား ဟီဘရူး လူမျိုးများသည် သမိုင်းကို လေးစားသော စိတ် ရှိကြသူများ ဖြစ်ကြသည်။ သို့သော် ထိုသို့ ဖြစ်ခြင်းမှာ မတော်တဆ ကြုံကြိုက်သလို ရံဖန်ရံခါမှသာ ပြောက်ကျား သဘောဖြင့် ဖြစ်ခြင်း မဟုတ်။ အစဉ်သဖြင့် တည်တည်ငြိမ်ငြိမ်နှင့် မယိမ်းမယိုင်ဘဲ ဖြစ်လာခြင်းမျိုးသာ ဖြစ်သည်။

ဤအချက်ကို အနည်းငယ် အလေးအနက် ထား၍ ဆိုသင့်၏။ သမ္မာ ကျမ်းထဲမှ ဓမ္မဟောင်း ကျမ်းစာသည် ဟီဘရူး သမိုင်း ပညာရှင်များက မှတ်တမ်း တင်ထားသော ဟီဘရူး (ဟေဗြဲ) လူမျိုးများ၏ သမိုင်းကြောင်း အပြည့်အစုံပင် ဖြစ်သည်။ ဘီစီ ရှစ် ရာစုမှ စ၍ ဖြစ်ပေါ်ခဲ့သော သမိုင်းကြောင်းသည်ကား ခိုင်ခိုင်မာမာ ရှိ၏။ ခိုင်မာမှု ရှိကြောင်းကို ခေတ်သစ် ရှေးဟောင်း သုတေသန ဌာနမှ တူးဖော် တွေ့ရှိချက်များ အရ ပေါ်လာသော ရှေး ပါလက်စတိုင်း ယဉ်ကျေးမှုဖြင့် သက်သေ ထင်ရှားနေပေသည်။

တစ်ပြိုင်နက်တည်းမှာပင် ဟေဗြဲ လူမျိုးများ ရေးသားသော ဘာသာရေးနှင့် ဆိုင်သည့် ရေးသားထားသော သမိုင်းကိုလည်း ချန်ထားခဲ့၍ မဖြစ်ပေ။ လိုအပ်ချက် အတိုင်း အဓိပ္ပာယ် ဖွင့်ဆို၍ ပြန်လည် တည်ဆောက်ကြည့်မည် ဆိုလျှင် ဓမ္မဟောင်း ကျမ်းစာထဲတွင် မှတ်တမ်း တင်ထားသော သမိုင်းသည် အဓိပ္ပာယ် ကြွယ်ဝလာပါသည်။

# ၁။ တမန်တော် မိုးဇက် မတိုင်မီ ဟေဗြဲတို့၏ ဘာသာ ယုံကြည် ကိုးကွယ်မှု

ဟေဗြဲတို့သည် ဆီးမိုက် လူမျိုးများ ဖြစ်ကြသည်။ မူလ အစက အာရေဗျ သဲကန္တာရထဲမှာ မြောက်ဘက် နယ်စပ်သို့ မွေးဖွားလာကြသူများ ဖြစ်သည်။ သူတို့သည် ရာစု နှစ်ပေါင်းများစွာ သဲကန္တာရထဲတွင် လှည့်လည် သွားလာ၍ နေထိုင်ခဲ့ကြသူများ ဖြစ်လေသည်။ အခြားသော ရှေးက ဆီးမိုက် လူမျိုးများနှင့် ထိုစဉ်က ဆီးမိုက် လူမျိုးများလိုပင် သူတို့သည် အာရေဗျ မြောက်ပိုင်းရှိ အိုအေစစ်များ အနီးရှိ လေ့ကားထစ်လို ဖြစ်နေသော နေရာ ဒေသများတွင် စခန်းချ၍ နေခဲ့ကြသူများ ဖြစ်ကြပါသည်။ ထိုဒေသများ၌ ဟင်းသီးဟင်းရွက်များ ခပ်ကျဲကျဲ ပေါက်ရောက်လျက် ရှိကြသည်။ စခန်း ချသော နေရာများတွင် သူတို့သည် သိုးရေခွံ၊ ဆိတ်ရေခွံ၊ ကုလားအုတ် အရေခွံများဖြင့် ပြုလုပ်သော ရွက်ဖျင်တဲများကို ထိုးကြသည်။

ထိုကဲ့သို့သော အမိုး အကာ အောက်တွင် သူတို့၏ လူမျိုးစု ဘဝသည် ရတတ်သမျှဖြင့် ရောင့်ရဲစွာ နေခဲ့ကြရလေသည်။ လူမျိုးစု တစ်စုတိုင်းသည် မိမိတို့ဘာသာ တသီးတခြား နေတတ်ကြသည်။ တစ်နေ့တာ ဘဝကို အုပ်ချုပ်သော ဖခင် အကြီးအကဲ၏ အမိန့်ပေးသံ တစ်ခုတည်းဖြင့် အစပြုသည်။ ထိုအကြီးအကဲ ပုဂ္ဂိုလ်၏ အနေအထားသည် ယခုခေတ် *ရှိက်* [၁] ဟု ခေါ်သော အကြီးအကဲနှင့် အဆင့်အတန်း တူသည်ဟု ဆိုနိုင်သည်။

ထို ရှေးပဝေသဏီ ကာလက သူတို့လက်ဝယ် ပိုင်ဆိုင်ထားသော လက်နက်နှင့် အသုံးအဆောင် ပစ္စည်းများသည် ကျောက်လက်နက် ပစ္စည်းများသာ ဖြစ်ကြသည်။ သူတို့၏ ယုံကြည် ကိုးကွယ်မှုမှာလည်း စတင် အကောင်အထည် ဖော်ခါစ ရှိသေးသည်။ လူစိမ်း မှန်သမျှကို မယုံသင်္ကာ ဖြစ်လေ့ ရှိကြသည်။ သို့သော် ရွက်ဖျင် တဲထဲတွင် ဖြစ်ပေါ်လာသော အမှားအယွင်း တစ်စုံတစ်ရာ ပေါ်ပေါက်သည့်အခါ သူတို့သည် ကျယ်ပြန့်သော သဲကန္တာရထဲသို့ အတူတကွ ထွက်ကြပြီးလျှင် ပျာယာ ခတ်၍ မနာလို ဝန်တိုသော လောကကြီးကို ဆန့်ကျင်သော အပြုအမူများကို ပြုမူတတ်ကြလေသည်။

သူတို့၏ ဘဝသည် အိမ်ထဲမှာ ဆိုလျှင် ရဲဘော်ရဲဘက်စိတ် ရှိကြသည်။ သို့သော် အပြင်ဘက်တွင် ထိတ်လန့် စိုးရိမ်စရာ ကိစ္စ ပေါ်ပေါက်သော အခါတွင်မူ သူတို့သည် မိမိတို့၏ ဘာသာရေး ယုံကြည် ကိုးကွယ်မှု အရ မှန်ကန်ကြောင်း သစ္စာ ပြု၍ သက်သေထူလေ့ ရှိကြသည်။

## နတ် ကိုးကွယ်မှုနှင့် လူမျိုးစု နတ်ဘုရားများ

သဲကန္တာရ အမွေအနှစ် အဖြစ် ဟီဘရူး (ဟေဗြဲ) လူမျိုးများ စတင်၍ ပြုလုပ်သော အချက်သည် သဘာဝ လုပ်ရှားမှုများနှင့် နတ်များကို ကိုးကွယ်မှုမှ ဘုရား များစွာကို ကိုးကွယ်သော အယူဝါဒ၊ ထိုမှတစ်ဆင့် ဘုရား တစ်ပါးတည်းကိုသာ ကိုးကွယ်သော အယူဝါဒများဆီသို့ ပြောင်းလဲခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်ဖွယ် ရှိပါသည်။ ရှေးကျသော ယုံကြည်မှုများကလည်း ဆက်လက်၍ အခိုင်အမာ တည်နေဆဲ ဖြစ်သည်။ ထိုအချိန်တွင် နောက်ပေါ် အယူဝါဒများကလည်း ထိုအထဲမှာပင် ပါဝင်နေသည့် အရိပ် လက္ခဏာများ ပေါ်ပေါက်လျက် ရှိသည်။

ကျောက်တုံးကြီးများနှင့် ကျောက်တိုင်ကြီးများကို အလေးအမြတ် ပြု၍ ကြည်ညို ကိုးကွယ်နေခြင်းကား နေရာတကာမှာ တည်ရှိနေသည်။

တချို့ ကျောက်ခဲလုံးကြီးကို တွေ့ရလျှင်ပင် ထိုအရာကို အလေးအမြတ် ပြုသော သဘောဖြင့် ရှုမြင်ကြသည်။ သဲကန္တာရနေ လူများသည် သူတို့၏ နေရာ ဒေသ သတ်မှတ်သည့် မှတ်တိုင်များကို ဂုဏ်ပြုတတ်ကြသည်။ ကျောက်တိုင်ကြီးနှင့် တူသော ကျောက်တုံးကို ခေါ်သော ဆီးမိုက်

၁။ Sheik

လူမျိုးတို့၏ အမည်မှာ *မာဇ္ဇေဗာ* [၁] ဖြစ်သည်။ ထိုအမည်သည် ရှေး အကျဆုံး ဟေဗြဲ လူမျိုးများ နှုတ်ကျိုးနေသော အမည် ဖြစ်သည်။ နှောင်းခေတ် ဟေဗြဲများကမူ ထိုကျောက်တိုင်ပုံ ကျောက်တုံးကို *ဂီလ်ဂါလ်* [၂] ဟု ခေါ်သည်။

ထိုအမည်သည် ပါလက်စတိုင်း ဒေသမှ မြို့တစ်မြို့၏ အမည် ဖြစ်လာခဲ့လေသည်။ အဓိပ္ပာယ်မှာ ကျောက်တိုင်များ ဝိုင်းနေသော နေရာ၊ ကျောက်ဝိုင်း အရပ် ဟူ၍ ဖြစ်သည်။ ကျောက်တုံးများနှင့် ကျောက်တိုင်များသည် ဘာသာရေး အခမ်းအနားများ၊ ယဇ် ပူဇော်ပွဲများ ပြုလုပ်ရန် အတွက် အဆင်ပြေသော နေရာ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ထိုကျောက်တုံး ကျောက်တိုင်များ၏ ထူးဆန်းသော ပုံပန်းသဏ္ဌာန် သို့မဟုတ် လူပုံသဏ္ဌာန်လို ထင်ရခြင်း သို့မဟုတ် တောင်ထိပ်တွင် ထူးဆန်း အံ့ဖွယ် တည်ရှိခြင်းတို့သည် အံ့ဖွယ် အကျိုး သက်ရောက်မှုကို ဖြစ်စေသည်။

အစ ပထမက ဆိုလျှင် ထိုကျောက်တုံးများမှာ အသက်ရှိသလိုလို နတ် ရှိသလိုလို ခံစားခဲ့ကြသည်။ နောက်ဆုံးကျတော့ ထို ကျောက်ဆောင် ကျောက်တုံးကြီးများသည် မိစ္ဆာ နတ်ဆိုး နတ်ဘီလူးများ နေထိုင်ရာ နတ်ကွန်းများ ဖြစ်သည်ဟု ယူဆလာကြလေတော့သည်။

ထိုသို့သော ယုံကြည်မှုမျိုးသည် သဲကန္တာရမှာ နေထိုင်ကြသူများထဲတွင် သဘာဝ အတိုင်း ဖြစ်ပေါ်တတ်သော ယုံကြည်မှုမျိုး ဖြစ်သည်။ ထို့အတူ ရေတွင်း၊ စမ်းချောင်း စသည်တို့မှာလည်း အလွန် အမွန်အမြတ် ထားအပ်သော နေရာများ ဖြစ်သည်။ ထိုရေတွင်းများ၊ စမ်းချောင်းများကို နတ်များ သို့မဟုတ် အပြင်အပမှ တန်ခိုးရှင်များက ဖန်တီးပေးထား၍ လူတို့ ရကြသော အရာများ အဖြစ် ယုံကြည်ကြသည်။ ထို့ကြောင့် နတ်များကို ကျေနပ်အောင် ပူဇော်ပသဖို့ လိုသည်။ သို့မဟုတ်ပါက နတ်များ ဒေါသ ဖြစ်လျှင် ရေတွင်းများ စမ်းချောင်းများတွင် ရေ ခန်းခြောက်သွားနိုင်သည်ဟု ကြောက်စိတ်ဖြင့် ကိုးကွယ်ကြလေသည်။

ထို့အတူ သစ်ပင်များ၊ အထူးသဖြင့် အမြဲ စိမ်းလန်းသော သစ်ပင်များမှာလည်း နတ်များ နေထိုင်ကြသည်ဟု အယူ ရှိကြသည်။ ထို့ကြောင့် တောအုပ်များသည် အမွန်အမြတ် ထားအပ်သော အရပ်များ ဖြစ်လာကြသည်။

သို့ရာတွင် သစ်ပင်များကို ကိုးကွယ်ကြရာ၌ သစ်ပင်ကို မြင်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခြင်းထက် ကြောက်ရွံ့ထိတ်လန့်သော စိတ်က ပိုကဲသည်။ သဲကန္တာရနေ လူများအနေနှင့် တော ထူလျှင် သားရဲတိရစ္ဆာန်များ ခိုအောင်းနေနိုင်သောကြောင့် လည်းကောင်း၊ သရဲ ဘီလူးများ ချုံခိုနိုင်သည်ဟု ယူဆသောကြောင့် လည်းကောင်း တောနက်သစ်ပင်များကို ကြောက်လန့်ကြခြင်း ဖြစ်သည်။

ထို့ပြင် သစ်ပင်များသည် လျှပ်စစ် မိုးကြိုးကိုလည်း ဆွဲချနိုင်သည် ဟူ၍ လည်းကောင်း၊ နတ်မိစ္ဆာများ ရှင်သန်ရာ နေရာလည်း ဖြစ်နိုင်သည်ဟု ယူဆကြသည်။ တစ်နည်းအားဖြင့် တချို့ သစ်ပင်များသည် သစ်ရွက်ချင်း လှုပ်ခတ်သော တီးတိုးသံကို ပြုလျက် ဉာဏ်ပညာ သဘောကိုလည်း ပြောဆိုတတ်ကြသည်ဟု ယုံကြည်ကြသည်။

ထိုသို့ ပညာကို ပေးသော နတ်ဝိညာဉ်များမှာကား ကာကွယ် စောင့်ရှောက်သော နတ်များ ဖြစ်ကြသည်။ ၎င်းနတ်များက သက်သာခွင့်နှင့် အရိပ် အာဝါသကို ပေးကြသည်။ ထို့ပြင် တစ်စုံတစ်ခုသော အခြေအနေတွင် ၎င်းတို့သည် ဗျာဒိတ် စကားများကိုပင် ပြောကြားတတ်သည်ဟု ယုံကြည်သည်။ ထို ဗျာဒိတ် စကားများကို နားလည်တတ်သူများကား ရှားသည်ဟု ယူဆကြသည်။

လယ်ကွင်းထဲက တောရိုင်း တိရစ္ဆာန်များထဲတွင် မြွေများကိုမူ အများအားဖြင့် ကြောက်ရွံ့တတ်ကြသည်။ ထို့ပြင် ထိုမြွေများတွင် နတ်မိစ္ဆာများ စီးပြီး ကောက်ကျစ်စဉ်းလဲစွာ ဒုက္ခ ပေးတတ်သည်ဟု ယူဆလျက် ကိုးကွယ်ဆည်းကပ်ကြလေ့ ရှိသည်။ ဆိတ်များသည် အမွေးရှည်နတ် ဝင်စားသော သတ္တဝါများ (ဟီဘရူး ဘာသာဖြင့် - ဆီရဲအင်မ်) ဝင်စားသော သတ္တဝါများ ဖြစ်သည်ဟု ယူဆသည်။ သဲကန္တာရမှာ နေပြီး ယဉ်ပါးအောင် ပြုလုပ်၍ မရသော ကျားသစ်ကြီး၊ ကျားသစ်၊ ဆင်၊ ခွေးအ၊ ဝံပုလွေနှင့် မြေခွေးများသည်လည်း ရိုင်းစိုင်းသော နတ်မိစ္ဆာ အုပ်စုများ ဖြစ်သည်ဟု ယူဆကြသည်။ ထို့အတူ အပြေး မြန်သော ငှက်ကုလားအုတ်များနှင့် အသားစား ငှက်များမှာလည်း နတ်မိစ္ဆာ အုပ်စုဝင်များ ဖြစ်ကြသည်။

သို့ရာတွင် ရှေးက ဟေဗြဲ လူမျိုးများသည် ဖော်ပြပြီး နတ်များ အပြင် အခြားနတ် များစွာကိုလည်း ရှိသည်ဟု ယုံကြည်ကြလေသည်။

လူပုံသဏ္ဌာန် ရှိသော တစ္ဆေ သရဲများ ရှိသည် ဟူ၍ လည်းကောင်း၊ ထို့ပြင် နောင်အခါ အာရပ် လူမျိုးများက *ဂျင်* [၃] ဟု ခေါ်သော နတ်ကောင်း နတ်မြတ်များလည်း ရှိသည်ဟု ယုံကြည်ကြသေးသည်။

---

၁။ Marzebah

၂။ Gilgal

၃။ Jim

မည်သို့ပင် ဖြစ်စေ ဆီးမိုက် လူမျိုးများ အနေနှင့် နတ်များ အပေါ် သဘောထား ဆက်ဆံရာတွင် ကြောက်ရွံ့သည့်သဘော၊ အံ့သြသည့် သဘောဖြင့် သဘာဝ တရား၏ လျှို့ဝှက် နက်နဲသည့် တန်ခိုးကို ရှိခိုး ကိုးကွယ်သည့် သဘောမျိုးထက် တိုင်းသူပြည်သားများက မိမိတို့၏ ဘုရင်ကို အမှုးအမြော် ဝင်ရာတွင် ရှိသေ လေးစားခြင်းမျိုး၊ သားနှင့် အဖ ဆက်ဆံရာတွင် ထားသော ကြည်ညို လေးစားခြင်းမျိုးဖြင့်သာ ဆက်ဆံကြသည်။

နတ်တိုင်းကိုလည်း ဖခင်လို သို့မဟုတ် အရှင်သခင်လို လူတစ်ဦးသည် အခါခပ်သိမ်း မဆက်ဆံနိုင်ပေ။ ရင်းနှီး ကျွမ်းဝင်မှုမှာလည်း ယေဘုယျ သဘော မဖြစ်နိုင်ပေ။ ဖြစ်ပုံမှာကား ဤသို့ ဖြစ်၏။ တစ်ဦးတစ်ယောက်က ရွေးချယ်ခြင်းမျိုးလည်း ရှိသည်။ အများက ရွေးချယ်ခြင်းမျိုးလည်း ရှိသည်။ နတ်များက လူကို ရွေးချယ်ခြင်းလည်း ရှိသည်။ လူမျိုးနွယ်စုက နတ်ကို ရွေးချယ်ခြင်းမျိုးလည်း ရှိသည်။

အစကတည်းက ဟေဗြဲ လူမျိုးများ နတ် ကိုးကွယ်ကြရာတွင် နတ်က လူကို ရွေးချယ်ပြီး မသည့် အခါ မသည်၊ လူက နတ်ကို ရွေးချယ်ပြီး ပူဇော် ပသသည့် အခါ ပသသည့် သဘောမျိုး ရှိခဲ့ကြလေသည်။

## အေဗရာဟမ်နှင့် ပါလက်စတိုင်းသို့ ပြောင်းရွှေ့ နေထိုင်ခြင်း

တမန်တော် အေဗရာဟမ်သည် ယခုအခါ တစ်နည်း တစ်ဖုံ အယူအဆသစ်ဖြင့် ရပ်တည်လျက် ရှိသည်။ မကြာမီက အီရတ်၊ ဆီးရီးယားနှင့် ပါလက်စတိုင်း နိုင်ငံတို့တွင် ကြာမြင့်စွာ မြေအောက်၌ နစ်မြုပ်နေသော အထောက်အထားများကို ရှာဖွေ တွေ့ရှိချက် အရ အေဗရာဟမ်ကို စိတ်လှုပ်ရှားဖွယ် ကောင်းသော အနေအထား၌ သတ်မှတ် ထားရှိလာကြရသည်။

သမ္မာကျမ်းစာပါ အစဉ်အလာ စကား အရ အေဗရာဟမ်၏ ဘိုးဘေးများမှာ သဲကန္တာရထဲက ထွက်သွားရအောင် အခြားသော ဆီမိုက် လူမျိုး အုပ်စုများ ပြုလုပ်ကြသကဲ့သို့ပင် ဖိအား ပေးခြင်းကို ခံခဲ့ကြရသည်ဟု ဆိုသည်။

ထိုအုပ်စုများမှ ဘေဘီလုံ လူမျိုးများလည်း ဖြစ်သွားကြသည်။ *အရာမေရမ်း*[၁] ဖြစ်သူ ဖြစ်၊ *ဖိုနီးရှန်း*[၂] ဖြစ်သူ

သဲကန္တာရထဲတွင် သဲမုန်တိုင်းကို ဆောင်ယူ၍ တိုက်ခတ်လာသော ဒေါသ ထွက်နေသော လေသည်လည်း သဘောဆိုးသော နတ်မိစ္ဆာ၏ လုပ်ဆောင်ချက် ဖြစ်လာသည်။ ထိုနတ်ဆိုးသည် ကပ်ရောဂါ ကျရောက်ခြင်းနှင့် ပျက်စီး ဆုံးရှုံးခြင်းနှင့် ဆက်စပ်နေသည်။ ထိုနည်းတူ ဆိုးယုတ်သော အမှုကိစ္စများကို ဆောင်ရွက်သော အခြား နတ်ဆိုးများလည်း ရှိသေးသည်။ ထို့အတူ အကျိုးစီးပွားကို ဖြစ်စေသော သမ္မာဒေဝ နတ်များလည်း များစွာ ရှိသေးသည်။

ဤတွင် ယခု လေ့လာမှု၌ အရေးပါသော အစိတ်အပိုင်း တစ်ခုသို့ ကျွန်ုပ်တို့ ရောက်လာကြပြီ ဖြစ်၏။ အားလုံးသော တန်ခိုး သတ္တိ တစ်စုံတစ်ခုကို အတိုင်းအတာ တစ်ခုအထိ ပိုင်ဆိုင်သော နတ်များကို ဆီးမိုက် လူမျိုးများသည် နာမည် အသီးသီး ပေးထားကြသည်။ အများအားဖြင့် အယ်လ် (el) သို့မဟုတ် အယ်လင် (elim) သို့မဟုတ် အယ်လိုဟင် (elohim) စသော အမည်များကို ပေးကြသည်။ အဓိပ္ပာယ်မှာ 'ထူးမြတ်သော အရှင်သခင်' ဟု အနက် ရသည်။ ထိုစကားများသည် ကျယ်ဝန်းပြီး အဓိပ္ပာယ် ပြည့်ဝသည်။ အရေးကြီးသော နတ်ဘုရားများကိုရော အရေးမပါသည့် နတ်ဘုရားများကိုပါ ဤစကားဖြင့် အသုံးပြု၍ ခေါ်ဝေါ်နိုင်သည်။ ဤစကားသည် အများအားဖြင့် ပို၍ အကျိုး ပြုသော တန်ခိုးရှင်ကို သတ်မှတ် ခေါ်ဝေါ်သော စကား ဖြစ်စေကာမူ ဤစကားကိုပင် နတ်မိစ္ဆာများကို အမည် သတ်မှတ်ရာတွင်လည်း အသုံးပြုခဲ့ကြလေသည်။

နောင်အခါ အရာမီးယန်း လူမျိုးများနှင့် ဟေဗြဲ လူမျိုးများသည် ဤစကားလုံးကို တစ်ဆူတည်းသော နတ်ဘုရား သခင်ကို ရည်စူး၍ အသုံးပြုသော အခါတွင်ကား ၎င်း၏ အနက် အဓိပ္ပာယ်သည် ကောင်းသော သဘောကို ဆောင်ယူလေတော့သည်။

အခြားသော နတ်တို့၏ ဘွဲ့ အမည်ကို သမုတ်အပ်သော ဆီးမိုက် လူမျိုးများ၏ လောကသုံး သုံးသော ဝေါဟာရ တစ်ခုမှာ အဒိုနီ (Adoni) (ဟေဗြဲ အဒိုနီးယာ) ဖြစ်သည်။ အဓိပ္ပာယ်မှာ အရှင်သခင် (Lord) ဖြစ်သည်။

ဤနတ်များ၏ ဘွဲ့ အမည်ကို သမုတ်သော စကားလုံးများကို စိစစ်ခြင်းသည် ထိရောက်မှု ရှိသော အချက် တစ်ချက်ကို ဖော်ထုတ်ပေးသည်။

ဆီးမိုက် လူမျိုးများက သူတို့နှင့် သူတို့၏ အဆင့်မြင့် နတ်ဘုရားများ၏ ဆက်ဆံရေးသည် တိုက်ရိုက် ဆက်ဆံရေး၊ ပုဂ္ဂိုလ်ရေး အရ ဆက်ဆံရေးမျိုး ဖြစ်သည်ဟု ယူဆကြသည်။

---

၁။ Aramaean ၂။ Phoenician

ဖြစ်၊ *အမိုရိုက်* [၁] ဖြစ်သူ ဖြစ်၊ *ကာနန်နိုက်* [၂] ဖြစ်သူ ဖြစ် ကုန်ကြသည်။

သူ၏ လူမျိုးစုသည် ကာလ အတန် ကြာအောင် ဘေဘီလုံတွင် နေထိုင်ခဲ့ကြသည်။ *ချားလ်ဒီး* [၃] ဒေသမှ *ဥူးရ်* [၄] ခေါ်သော အရပ်တွင် နေထိုင်ခဲ့ကြသည်။ ထိုနေရာတွင် အေဗရာဟမ်ကို ဖွားမြင်ခဲ့သည်ဟု ယူဆရသည်။ သူတို့၏ အုပ်စု ခေါင်းဆောင် ရှိက်များ၏ ဦးဆောင်မှုဖြင့် သူ့ လူမျိုး သည် မက်ဆိုပိုတေးမီးယား လွင်ပြင် နယ်စပ် တစ်လျှောက် အနောက်ဘက်ရှိ ဟာရန်း ခေါ်သော အာရေဗျ သဲကန္တာရ ၏ မြောက်ဘက်စွန်းရှိ ကုန်းခေါင်သော ဒေသသို့ ဝင်ရောက် ပြောင်းရွှေ့ နေထိုင်ခဲ့ကြလေသည်။

ထိုအရပ်ဒေသသို့ ပြောင်းရွှေ့ နေထိုင်ခြင်း ကိစ္စသည် ဖြစ်နိုင်ခဲ့ခြင်းမှာ အကြောင်း ရှိပေသည်။

အဘယ်ကြောင့်ဆိုသော် ထိုဒေသရှိ လူမှုရေး အခြေ အနေမှာ အချိန် အတန် ကြာအောင် လူဦးရေ အပြောင်း အလဲကြောင့် အနှောင့်အယှက် ဖြစ်လျက် နေခဲ့ပေသည်။ ထို ကြောင့် အသစ် ဝင်ရောက် လာသူများကို ချက်ချင်း မောင်း ထုတ်ခြင်း မပြုခဲ့ကြပေ။ သို့ရာတွင် ထိုနေရာမှာလည်း အေ ဗရာဟမ်၏ လူမျိုးစုသည် ကြာရှည် မနေခဲ့ကြပေ။ ဤကဲ့သို့ နောက်ထပ် ပြောင်းရွှေ့ရာမှာလည်း အကြောင်း ရှိပေသည်။

အကျဉ်းအားဖြင့် ၁၉ ရာစု ဘီစီတွင် အာမိုရိုက် ဘုရင် ကြီး ဖြစ်သူ ဓမ္မသတ် ကျမ်းပြု ဟမ္မူရာဘီ နတ်ရွာစံပြီး နောက် မက်ဆိုပိုတေးမီးယန်း တောင်ကြား မြေပြန့်ပေါ်ရှိ ဆူမာရီ-အာကေးဒီးယန်း အင်ပိုင်ယာကြီးလည်း လူရိုင်း များ အရှေ့မြောက်ဘက်မှ ဝင်ရောက် တိုက်ခိုက် သတ်ဖြတ် ခြင်းကြောင့် ရုတ်တရက် အစိတ်စိတ် အမြွာမြွာ ကြေမွ သွားလေတော့သည်။

ဤ ကျူးကျော်သူ လူရိုင်းများမှာလည်း သူတို့ ကိုယ် တိုင်ပင် နောက်ဘက်က တွန်းထိုးလာသူများ၏ ဖိအား ပေး သည့် ဒဏ်ကို ခံကြရပြန်သည်။ သူတို့ နောက်က ကြီးမား သော အင်ဒိုအီရန်နီးယန်း ခေါ် အာရိယန် လူအုပ်စုကြီးက အလုံးအရင်းနှင့် ဝင်ရောက် ဖိအား ပေးလာကြသည်။

ထိုအခါ ၎င်းတို့သည် တောင်ပိုင်းသို့ ဖောက်ဝင် သွား ကြရလေတော့သည်။ ဆီးရီးယားနှင့် ပါလက်စတိုင်း ဒေသ များ၏ အခြေအနေမှာ အတူတူပင် အနှောင့်အယှက် ပေး ခြင်းကို ခံနေကြရသည်။ အာရှမိုင်းနားမှ ဟိတိုက်နှင့် ဟာ ရီးယန်း လူမျိုးများမှာလည်း မောင်းထုတ် ခံကြရသည်။ တချို့က အနောက်သို့ ရောက်သွားကြသည်။ တချို့က တောင်ဘက် အရပ်သို့ ရောက်သွားကြသည်။ အနယ်နယ် အရပ်ရပ်က ရောက်လာကြသော ဒုက္ခသည်များဖြင့် ပါလက် စတိုင်း ဒေသတွင် လူဦးရေ တိုးပွား လာခဲ့လေတော့၏။ ၎င်းတို့တွင် ဟူးရီးယန်း (သမ္မာကျမ်းပါ ဟိုရိုက်) များ၊ အမိုရိုက်များနှင့် ဆီးမိုက် မဟုတ်သော လူမျိုးများ အား လုံး ပါဝင်ကြသည်။

ထိုနောက် ပို၍ ထင်ရှားလာသည်မှာ အေဗရာဟမ်နှင့် ဆက်နွယ်နေသော ဟေဗြဲ လူမျိုးစုများမှာ တောင်ဘက် အရပ်သို့ လှည်းထုတ်ခြင်း ခံခဲ့ကြရသည်။ အီဂျစ် လူမျိုး များက ဟိုက်ဆော့ဟု ခေါ်သော ရွှေ့လျားနေသော အာ ရိယန်များ နောက်က ကပ်၍ လိုက်လာကြလေသည်။

ကမ္ဘာဦးကျမ်းစာထဲတွင် အေဗရာဟမ်၏ ဇာတ်လမ်း သည် ခေတ် အဆက်ဆက်က အစဉ်အလာ အမျိုးမျိုးနှင့် ရောယှက်လျက် ရှိသည်။

ထိုသို့ အုတ်အရောရော ကျောက်အရောရော ဖြစ်နေ ခြင်းသည် သမိုင်း ပညာရှင်များကို သူ့အကြောင်းနှင့် စပ်၍ ပြောဆိုကြသော အခါ ဒွိဟ သံသယ ဖြစ်စေခဲ့လေသည်။ သို့ရာတွင် မယုံသင်္ကာ ဖြစ်မှု သံသယက ကြီးမားလွန်းသည့် အတွက် ယခု မျက်မှောက် တွေ့ရှိရသော အထောက်အထား များကိုပင် လက်ခံရန် ခွင့်မပြုချင်ကြတော့ပေ။

သေချာသော အချက် တစ်ချက်မှာ သူသည် နယ်မြေ ပြောင်းရွှေ့ နေထိုင်လာကြသော ဟေဗြဲ လူမျိုးစု၏ ခေါင်း ဆောင် ဖြစ်ရုံမျှမက သူသည် သူ့ လူမျိုး အုပ်စုထဲမှာပင် ထူးခြားသော လူပုဂ္ဂိုလ် တစ်ဦး ဖြစ်ခဲ့သော အချက် ဖြစ် လေသည်။ နောက်ပိုင်း ပေါ်ပေါက်သော ဒဏ္ဍာရီ စကား များသည် သူ့အကြောင်းကိုသာ အဓိက ထား၍ ပြောဆို ကြသော ဒဏ္ဍာရီများ ဖြစ်ခဲ့ကြလေသည်။

သူ့ဇာတ်လမ်း အကျဉ်း သဘောမှာ ဤသို့ ဖြစ်၏။ အေဗရာဟမ်၏ ပင်ကို ဘာသာရေး အတွေ့အကြုံက သူ့ အား သူ၏ ယုံကြည် ကိုးကွယ်မှု အားလုံးကို တစ်ပါးတည်း သော ကာကွယ် စောင့်ရှောက်သော၊ တစ်ပါးတည်းသော နတ်ဘုရား အပေါ်မှာ အခြေစိုက်စေခဲ့လေသည်။ ထို တစ် ပါးတည်းသော နတ်ဘုရားကို သူက *အယ်လ် ရှတ်ဒိုင်* [၁] (တောင်တန်းများ၏ သခင် အယ်လ်) ဟု ခေါ်ခဲ့လေသည်။

---

၁။ Amorites
၂။ Canaanites
၃။ Chaldees
၄။ Ur

၁။ EL-Shaddai

သူ ခေါင်းဆောင်သော လူမျိုးစုနှင့် အတူ သူက တောင်ဘက် အရပ်သို့ နယ်မြေ ပြောင်းရွှေ့ နေထိုင်ရန် အခွင့်အခါကို စောင့်မျှော်နေစဉ် အခါက အယ်လ် ရှတ်ဒိုင် နတ်ဘုရားက သူ့ကို ထိုအရပ်သို့ ရွှေ့ပြောင်း နေထိုင်ရန် အတွက် အားပေးခဲ့လေသည်။

ထိုကြောင့် အေဗရာဟမ်သည် ဤ နတ်ဘုရား၏ ကတိ စကားကို ယုံကြည်ပြီးလျှင် ရှည်လျားသော ခရီးကြမ်းကို နှင်ခဲ့လေတော့၏။ သူ၏ ကျွဲနွား တိရစ္ဆာန်အုပ်များ၊ လူအုပ်စုများနှင့် အတူ သူသည် ကင်နန်နိုက် လူမျိုးများ အခြေစိုက် နေထိုင်ရာ အရပ်သို့ ဆိုက်ရောက်ခဲ့ကြလေတော့သည်။

ဤ၊တစ်ကြိမ်တွင်လည်း သူသည် လုံခြုံ စိတ်ချစွာ သူ့အိမ်ကို ထုံးကျောက်စင်တန်းပေါ်တွင် တည်ဆောက်လေသည်။ သူ ကွယ်လွန်သောအခါ သူ ပိုင်ဆိုင်ခဲ့သော နေရာအိုးအိမ်တို့ကို သူ့သား အိုက်ဇက်နှင့် သူ့မြေး ဂျက်ကော့ဗ်တို့က အမွေ ဆက်ခံကာ အဆက်ဆက် နေထိုင်ခဲ့ကြလေသည်။

ထိုနောက် အစဉ်အလာ စကား အရ ထိုနေရာတွင် ကြောက်မက်ဖွယ်ရာ အငတ်ဘေး ဒုဗ္ဘိက္ခန္တရ ကပ်ကြီး ဆိုက်ရောက်ခဲ့လေသည်။

ထိုနေရာတွင် ဆက်လက်၍ အသက်ရှင် နေထိုင်နိုင်ရန် မတတ်နိုင်တော့သည့်အတွက် အေဗရာဟမ်၏ သားစဉ်မြေးဆက်တို့သည် နောက်တစ်ကြိမ် နယ်မြေ ရွှေ့ပြောင်း နေထိုင်ခဲ့ကြရပြန်လေတော့သည်။

ဤ တစ်ကြိမ်တွင်မူ အီဂျစ်ပြည် နယ်စပ် အထိ ပြောင်းရွှေ့ခဲ့ကြလေသည်။ ဤ၌တွင် ဂျိုဇက်၏ ဇာတ်လမ်း၌ နောက်ဆက်တွဲ အဖြစ်အပျက် များစွာကို ရှင်းလင်း ဖော်ပြထားလေသည်။ ထိုနေရာတွင် *ဂိုရှင်* [၁] ဟု ခေါ်သော မြေဩဇာ ကောင်းမွန်သော မြေပြန့် ရှိလေသည်။

ယခုအခါ သမိုင်း ပညာရှင်များက အေဗရာဟမ်၏ ဇာတ်လမ်းကို အတော်အတန် ဖြည့်စွက် ပြောဆိုလိုသော သဘောမျိုး ရှိနေကြပြန်သည်။ သူတို့က အေဗရာဟမ်သည် ဘီစီ ၁၈၀၀ ခုနှစ်လောက်တွင် ဟာရန် ဆိုသော အရပ်သို့ အင်ဒိုအီရန်နီယန် လူမျိုးများ ကျူးကျော် ဝင်ရောက်လာပြီး နောက် များမကြာမီမှာပင် ထိုအရပ်မှ နယ်မြေ ပြောင်းရွှေ့သွားခဲ့သည်ဟု ယူဆလာကြသည်။ ထိုသို့ ပြောင်းရွှေ့ နေထိုင်ခြင်းသည် ကန်နန်း အရပ်သို့ အာရီယန် ကျူးကျော်သူများ ဝင်ရောက်မလာမီကပင် ကြို၍ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။ သို့သော် သူ၏ သားစဉ်မြေးဆက်တို့သည် အီဂျစ်ပြည်ဘက်သို့ ပြောင်းရွှေ့ နေထိုင်ရန် တွန်းပို့ခြင်း ခံခဲ့ရသည် ဆိုသော အချက်ကို သိမြင် နားလည်ခဲ့ကြလေသည်။ ထိုအချိန်သည် ဘီစီ ၁၇၅၀ မှ ၁၅၈၀ ခုနှစ် အကြား ကာလ ဖြစ်နိုင်သည်ဟုလည်း ယူဆကြလေသည်။ အခြား လူမျိုးစုများ မပါဘဲ အေဗရာဟမ်၏ လူမျိုးစုသာလျှင် မြေဩဇာကောင်းမွန်သော နိုင်းလ်မြစ်၏ မြစ်ဝကျွန်းပေါ် အရပ်သို့ ဆိုက်ရောက်ခဲ့ကြသည် ဆိုသော အချက်မှာလည်း သံသယဖြစ်ဖွယ်မရှိချေ။

ထို မျိုးဆက် နောက်က ဆက်လာသော မျိုးဆက်များတွင် (နောက်ပိုင်း အီဂျစ်များက ဟိုက်ဆော့ ဟု ခေါ်သော) အာရီယန် ကျူးကျော်သူများသည် ဆီးမိုက် လူမျိုးများနှင့် မဟာမိတ် ဖြစ်ခဲ့ကြဟန် တူသည်။ သူတို့သည် မြို့ရွာများ၏ အမည်များကို ဆီးမိုက် ဘာသာ စကားဖြင့် သမုတ်ခဲ့ကြရုံမျှမက ဆီးမိုက် အရာရှိများကိုလည်း သူတို့ လက်အောက်တွင် ခန့်ထားခဲ့ကြောင်း တွေ့ရှိရလေသည်။

မျိုးဆက် များစွာ ကြာမြင့်သည့်တိုင်အောင် အရာ ခပ်သိမ်းတို့သည် အဆင်ပြေစွာ ဖြစ်ပျက်နေခဲ့ကြလေသည်။ ဟေဗြဲ လူမျိုးများသည် အထူးသဖြင့် ကြီးပွား ချမ်းသာပြီး လူဦးရေလည်း တိုးတက် များပြားလာခဲ့လေသည်။

ထို့နောက် ဘီစီ ၁၅၈၀ နှင့် ၁၅၆၀ ကြားကာလတွင် အီဂျစ် လူမျိုးများသည် ထကြွလာကြပြီးလျှင် ဟိုက်ဆော့ လူမျိုးများကို တိုက်ခိုက် မောင်းထုတ်ခဲ့ကြလေတော့သည်။

ထိုနောက် မြေထဲပင်လယ် အရှေ့ဘက် ကမ်းခြေ တစ်လျှောက်လုံးကို ပြန်လည် စိုးမိုးနိုင်ခဲ့လေတော့သည်။

ဤကဲ့သို့ အုပ်စိုးသူ လူတန်းစားများကို မှန်းတီးပြီး တွန်းလှန် ဖယ်ရှားရာတွင် ဟေဗြဲ လူမျိုးများ ပါဝင်ခြင်း မရှိခဲ့ပေ။ နောက်ထပ် နှစ်ပေါင်း ၁၅၀ လောက် ကြာမြင့်သည့်တိုင်အောင် ဟေဗြဲ လူမျိုးများကို ၄င်းတို့၏ အိမ်နီးနားချင်း အီဂျစ် လူမျိုးများထက် အဆင့်အတန်း နိမ့်ကျသွားအောင် ပြုလုပ်ခဲ့ခြင်း အလျှင်း မရှိခဲ့ပေ။

သို့သော် အီဂျစ် ထီးနန်းသို့ စိတ်မနှံ့သော ဖာရိုး ဘုရင် တစ်ပါး နန်းတက် လာလေတော့သည်။ ၄င်းမှာ *ဒုတိယမြောက် ရမ်းဆေး* [၂] ဘုရင် ဖြစ်၏။

သူသည် ပြည်သူ့ လုပ်ငန်း အဆောက်အအုံကြီးများကို အကြီးအကျယ် တည်ဆောက်ချင်သော အာသာရမ္မက်

---

၁။ Goshen

၂။ Ramses II

ပြင်းထန်သူ ဖြစ်၏။ သူ့ လက်ထက်တွင် မြို့သစ်ကြီးများကို လည်းကောင်း၊ အထိမ်းအမှတ် ဘုရား ဝတ်ကျောင်းကြီးများကို လည်းကောင်း တည်ဆောက်လိုသူ ဖြစ်လေသည်။ ထိုသို့ တည်ဆောက်ရာတွင် အခကြေးငွေ မပေးရဘဲ ခိုင်းစေနိုင်သော အလုပ်သမားများကို အလို ရှိရကားသူသည် အရှေ့မြောက်ဘက် နယ်စပ် အနီးတွင် နေထိုင်လျက်ရှိကြသော ဟေဗြဲ လူမျိုးများ အပေါ် မျက်စိကျလေတော့၏။ ထိုအခါ ၎င်းတို့ကို တိုက်ခိုက် ချေမှုန်းပြီး ကျွန်ပြုလေတော့သည်။ ထို ဟေဗြဲ လူမျိုးများကို ဖာရိုး ဘုရင်၏ တည်ဆောက်ရေး လုပ်ငန်းများတွင် အတင်း အဓမ္မ နည်းဖြင့် အခ မပေးဘဲ စေခိုင်းလေတော့သည်။ ထိုသို့ ပြုလုပ်ခြင်းမှ ဟေဗြဲ လူမျိုးများကို ကယ်တင်နိုင်မည့်သူ မပေါ်လာခဲ့ပေ။ ထိုအချိန်တွင် အီဂျစ် ပြည်၌ သဘာဝ ဘေးအန္တရာယ်ဆိုးကြီး အကြီးအကျယ် ကျရောက်လာမှသော် လည်းကောင်း၊ သူတို့ လူမျိုးထဲမှ သူတို့၏ ဘဝကို ကယ်တင်နိုင်မည့်သူ ပေါ်ပေါက်လာမှသော် လည်းကောင်း သူတို့၏ ဘဝသည် သက်သာရာ ရရှိပေတော့မည်။

သူတို့ဘဝ လွတ်မြောက်ရေး အတွက် ထိုအချက် နှစ်ချက်တွင် တစ်ချက် အနည်းဆုံး ပြည့်စုံလာမှသာ ဖြစ်နိုင်ပေတော့မည်။

## ၂။ *မိုးဇက်နှင့် ယာဝေး*[၁] ၏ ပဋိညာဉ်

ဟီဗရူး (ဟေဗြဲ) နှင့် ဂျူး လူမျိုးတို့၏ မိုးဇက် အပေါ် ကြည်ညို ကိုးကွယ်မှုမှာ ထိုက်ထိုက်တန်တန် မြင့်မားလှပေသည်။ မိုးဇက်သည် ပထမ အဆင့် ရှိသော ကြံစည် ဖန်တီးနိုင်စွမ်း ရှိသော ပုဂ္ဂိုလ် ဖြစ်သည်။ ကံဆိုးချင်တော့ သူ၏ လုပ်ဆောင်ချက် အသေးစိတ် အတိအကျမှာ အစဉ်အလာ ရိုးရာ အပြောအဆိုများဖြင့် ဖုံးကွယ်ထားသလို ဖြစ်နေရပေသည်။

မိုးဇက်နှင့် ပတ်သက်သော ဇာတ်ဝတ္ထုများမှာ အကျွန်ုပ်တို့ လက်ထက်သို့ ဒဏ္ဍာရီ ပုံပြင်သဖွယ် ရောက်ရှိလာရပေသည်။ ဓမ္မဟောင်း ကျမ်းစာပါ ထွက်မြောက်ရာ လမ်း (Exodus) နှင့် တောလည်ရာ ကျမ်း (Numbers) ထဲတွင် သူ့ အကြောင်းများမှာ ကွေ့လိမ် ရစ်ပတ်၍ ပါလာသည်။ ဤ စာပေ မှတ်တမ်းနှင့်တကွ ရှိသော ဤအစဉ်အလာ စကားများသည် သူ ကွယ်လွန်ပြီးနောက် အနှစ် လေးရာငါးရာ ကြာမှ ပြုစုကြခြင်း ဖြစ်သည်။ ထိုမှတ်တမ်းများသည် မိုးဇက်၏ ကလေးငယ် ဘဝ အကြောင်းများကို ဖော်ပြထားသော ထင်ရှားသော ဒဏ္ဍာရီများ ဖြစ်သည်။

ထိုအခါ၌ အီဂျစ်တွင် ဘုရင်သစ် တစ်ပါး နန်းတက်လာသည်။ ထိုမင်းက သူ၏ တိုင်းသူပြည်သားများအား ဆိုသည်ကား 'ဣသရေလ အမျိုးအနွယ်ဖြစ်သော လူမျိုးတို့သည် တဖြည်းဖြည်း လူဦးရေများပြားလာကြပြီးလျှင် ငါတို့အဖို့ အင်အား ကြီးမားသော အဆင့်သို့ ရောက်နေကြပြီ၊ လာကြကုန်လော့၊ ငါတို့သည် သတိ ရှိသဖြင့် ထိုသူတို့က အင်အားကြီးမားလာပြီးနောက် စစ် ဖြစ်သော အခါ ငါတို့၏ ရန်သူများနှင့် ပူးပေါင်းကြကာ ငါတို့အား မတိုက်ခိုက်မီ ကြိုတင်၍ ကာကွယ် ထားကြကုန်လော့'

ဤသို့လျှင် ဖာရိုး ဘုရင်သည် သူ၏ တိုင်းသူပြည်သား အပေါင်းတို့အား အမိန့်ပေးလေသည်။

'ဟေဗြဲ လူမျိုးတို့၌ မွေးဖွား လာကြကုန်သော လူတိုင်းကို နိုင်းလ်မြစ်ထဲသို့ သင်တို့က ပစ်ချကြရမည်၊ သို့သော် သင်တို့သည် မိန်းကလေးတိုင်းကိုကား အရှင် ထားရမည်'

ယခု ဂျက်ကော့၏ အိမ်သား တစ်ဦး ဖြစ်သော လူတစ်ယောက်သည် ဂျက်ကော့ အိမ်က မိန်းမပျို တစ်ဦးကို လက်ထပ် ထိမ်းမြားခဲ့လေသည်။ ထို မိန်းကလေးသည် မကြာမီ ကိုယ်ဝန် ရရှိပြီးလျှင် သားယောကျ်ားကလေး တစ်ဦးကို ဖွားမြင်ခဲ့လေသည်။ ထိုသားသည် အလွန် ကြံ့ခိုင် သန်စွမ်းရကား မိခင်သည် ထိုသားငယ်ကို သုံးလတိုင်တိုင် ဝှက်ထားရလေသည်။ ထိုကလေးကို ဆက်လက် ဝှက်ထားရန် မဖြစ်တော့သည့် အခါ မိခင်သည် ကျူရိုး ကျူရွက်ဖြင့် ပြုလုပ်သော သေတ္တာကြီး တစ်လုံးကို ဝယ်ပြီးလျှင် ကလေးငယ်ကို ထို ကျူသေတ္တာထဲမှာ ထည့်ကာ ထိုသေတ္တာကို နိုင်းလ် မြစ်ကမ်းဘေးရှိ ကျူတောထဲတွင် ချထားလိုက်လေသည်။ သူ့အစ်မက ထို

---

[၁]။ Moses and Yahweh

ကလေး၏ ဖြစ်ပျက်သမျှ ကိစ္စ အလုံးစုံကို သိရှိနိုင်စေရန် ခပ်လှမ်းလှမ်းမှ စောင့်ကြည့်နေခဲ့လေသည်။

ထိုအချိန်မှာပင် ဖာရိုး ဘုရင်၏ သမီးတော် တစ်ပါးသည် နိုင်းလ် မြစ်ဆိပ်သို့ ရေချိုးရန် ဆင်းလာလေသည်။ ထိုအချိန်တွင် ရံရွေတော် မောင်းမမိသံများက မြစ်ကမ်း နံဘေးတွင် လျှောက်သွားကြလေသည်။ ထိုနောက် မင်းသမီးသည် ကျူတောထဲတွင် ပစ်ထားသော သေတ္တာကြီးကို မြင်တွေ့သွားလေတော့၏။ ထိုအခါ အထိန်းတော် မိန်းကလေးကို ထိုသေတ္တာကြီးကို သွား၍ ယူရန် အမိန့် ပေးလေသည်။ သေတ္တာကြီးကို ဖွင့်လိုက်သော အခါ ကလေးငယ်ကို မြင်တွေ့ရလေတော့၏။ ကလေးငယ်မှာ ငိုနေရှာသည်။ မင်းသမီးလည်း ကလေး အပေါ် သနား ကြင်နာသော စိတ် ဖြစ်ပေါ်လာလေတော့သည်။

ထိုနောက် ဤသို့ ဆိုလေ၏။

'ဒီကလေးကား ဟေဗြဲ လူမျိုးတို့၏ ကလေးငယ် တစ်ဦး ဖြစ်ပေ၏'

ထိုအခါ သူ့အစ်မ ဖြစ်သူက ဘုရင့် သမီးတော်ကို ဤသို့ ပြောလေသည်။

'အရှင့် သမီးတော်၊ ဤသို့ ဆိုလျှင် ဟေဗြဲ အမျိုးသမီး တစ်ဦးကို ဤကလေးအား ပြုစု စောင့်ရှောက်သူ နို့ထိန်းသည် အဖြစ် ဆောင်ရွက်ရန် ကျွန်တော်မျိုးမ ခေါ်ပေးရပါမည်လား ဘုရား'

ဖာရိုး ဘုရင်၏ သမီးတော်က 'အေး သွားခေါ်ချေ' ဟု အမိန့် ပေးလေသည်။ ဤတွင် မိန်းကလေးလည်း ကလေးငယ်၏ မိခင်ကို သွားခေါ်၍ ပေးလေသည်။ ထိုနို့ထိန်းသည် ကလေးငယ်၏ မိခင်ရင်းကို ဖာရိုး ဘုရင်၏ သမီးတော်က ဆိုသည်။

'ဒီကလေးငယ်ကို ယူသွားပြီး ငါ့အတွက် ပြုစု စောင့်ရှောက်ပေးပါ၊ ငါသည် သင့်အား ကျသင့်သော အဖိုးအခကို ပေးမည်'

ထိုအခါ ထိုမိန်းမသည် ကလေးငယ်ကို ယူ၍ နို့ထိန်းသည် အဖြစ် ပြုစု စောင့်ရှောက်၍ မွေးမြူလေတော့သည်။

ထိုနောက် ထိုကလေး ကြီးပြင်းလာသော အခါ သူမသည် ထိုကလေးကို ဖာရိုး ဘုရင့် သမီးတော်ထံသို့ ယူဆောင် သွားလေတော့သည်။ ထိုအခါ သူ့သည် ဘုရင့် သမီးတော်၏ သားတော် ဖြစ်သွားရလေတော့၏။

သူမက ထိုကလေးကို မိုးဇက်ဟု ခေါ်လေသည်၊ မိုးဇက် ဆိုသည်မှာ ဆယ်ယူခြင်း အနက် ရသည်၊ ဤ အမည်ကို ပေးရခြင်းမှာ ငါသည် သူ့အား ရေထဲမှ ဆယ်ယူ ရရှိသောကြောင့် ဖြစ်၏ဟု ဆိုလေသည်။

အစဉ်အလာ အရ ပြောဆိုကြသော စကားမှာ တစ်နေ့သ၌ မိုးဇက် လူလားမြောက်သော အခါ အီဂျစ် လူမျိုး တစ်ဦးက ဟေဗြဲ လူမျိုး တစ်ဦးကို ရိုက်နှက်၍ နှိပ်စက်နေသည်ကို မြင်တွေ့ရလေရာ သူသည် ဒေါသကို မထိန်းနိုင်တော့ဘဲ ထိုအီဂျစ် လူမျိုးကို တုတ်ဖြင့် ရိုက်နှက်၍ သတ်ပစ်လိုက်လေတော့သည်။

နောက်နေ့တွင် လူမမြင်သော အရပ်၌ သူ အီဂျစ် လူမျိုး တစ်ဦးကို သတ်ဖြတ်ခဲ့သည် ဆိုသော သတင်းသည် လူသိရှင်ကြား ပြန့်နှံ့နေသည်ကို ကြားသိရလေလျှင် သူသည် အရှေ့ဘက်ရှိ ပင်လယ်နီကို ကျော်ဖြတ်ကာ *မိုက်ဒီယန်း*[၁] ဆိုသော အရပ် အထိ ထွက်ပြေး တိမ်းရှောင်ခဲ့လေတော့သည်။

ထိုသို့ တိမ်းရှောင် ပုန်းအောင်းနေစဉ် ကာလ၌ သူသည် မိုက်ဒီယန်း နတ်ဆရာ ဘုန်းကြီး တစ်ပါး ဖြစ်သူ *ဂျယ်သရိုး*[၂] နှင့် ပေါင်းမိကြလေသည်။

သူသည် ဂျယ်သရိုး၏ သမီး *ဇစ်ပိုရာ*[၃] နှင့် လက်ထပ် ထိမ်းမြား၍ နေလေရာ သားနှစ်ယောက် ထွန်းကားခဲ့လေတော့သည်။

ကာလ ကြာမြင့်သော အခါ ထိုဇာတ်လမ်းတွင် ဆက်လက် ဖော်ပြထားသည်မှာ အီဂျစ် ဘုရင်လည်း နတ်ရွာစံလေတော့သည်။

ထိုအခါ ဝေးလံသော မိုက်ဒီယန်းတွင် ဟေဗြဲ သမိုင်း၌ ထင်ရှားသော အဖြစ်အပျက်ကြီး တစ်ခု ဖြစ်ပျက်ခဲ့လေတော့၏။

မိုးဇက်သည် ယောက္ခထီး ဖြစ်သူ နတ်ဆရာ ဂျယ်သရိုး၏ သိုးအုပ်များကို ထိန်းကျောင်းနေစဉ် သူသည် ထိုတိရစ္ဆာန်အုပ်ကို သဲကန္တာရ၏ အနောက်ဘက်ခြမ်းသို့ ခေါ်သွားမိလေသည်။ ထို နေရာသို့ ရောက်သော အခါ သူသည် *ဟိုရက်ဗ်*[၄] ခေါ်သော နတ်ဘုရားတောင်ကို တွေ့ရလေသည်။ ထိုနောက်

---

၁။ Midiam
၂။ Jethro
၃။ Zipporah
၄။ Horeb

ဘုရားသခင်ထံမှ နတ်တမန် တစ်ဦး သူ့ထံသို့ ဆိုက်ရောက်လာသည်။ ဦးစွာ ချုံပေါ်၌ မီးတောက် မီးလျှံလို ပေါ်လာပြီးမှ ကောင်းကင် တမန် နတ်အသွင် ထင်ရှား ပေါ်လာလေသည်။ သူက ကြည့်လိုက်တော့လည်း ချုံပေါ်၌ မီးတောက် မီးလျှံသာ ရှိပြီး ချုံပုတ်ကိုကား မီးစွဲလောင်ခြင်း မရှိသည်ကို တွေ့ရလေသည်။

သူက ချုံပုတ် ဘေးကို ပတ်၍ လှည့်ကြည့်မည် ပြုသော အဖြစ်ကို ဘုရားသခင်က တွေ့မြင်ရသော အခါ ချုံပုတ် အပြင်ဘက်မှ ဘုရားသခင်က သူ့ကို ခေါ်တော်မူလေသည်။

'မိုးဇက် မိုးဇက်၊ ငါကား ဤမှာ ရှိ၏၊ ငါ့အနားသို့မူကား သင် မလာနှင့်၊ သင့်ခြေမှ ဖိနပ်ကို ချွတ်လော့၊ အဘယ်ကြောင့် ဆိုသော် သင် ယခု ရပ်နေသော မြေအပြင်သည် သန့်စင် မွန်မြတ်သော ဘုရား၏ အောင်မြေ ဖြစ်သောကြောင့် ဖြစ်၏' ဟု ဆိုတော်မူလေသည်။

ထိုအခါ မိုးဇက်က သူ့ မျက်နှာကို ဖုက်လျက် (ဘုရားသခင်၏ မျက်နှာတော်ကို မော်မဖူးဝံ့သောကြောင့်) ဆိုလေသည်။

'အကျွန်ုပ်သည် အီဂျစ်ပြည်မှာ ကျန်ရစ်ခဲ့သော ကျွန်ုပ်တို့ လူမျိုးများ အပေါ် ရှိရမည့် ပဋိညာဉ်နှင့် တာဝန် ကျရောက်မှုကို ကျွန်ုပ် သိမြင်ပါသည်' ဟု ဆိုလေသည်။

ဘုရားသခင်က ထိုအခါ ဆိုသည်ကား 'အဖိနိုပ်ခံ ဘဝမှ ထိုသူတို့၏ ငိုညည်းသံကို ငါ ကြားသိတော်မူသည်၊ ငါသည် သူတို့၏ ပူဆွေး သောကရောက်နေမှုကိုလည်း သိသည် ဖြစ်သောကြောင့် ငါသည် ထိုသူတို့အား အီဂျစ် လူမျိုးတို့၏ လက်အောက်မှ ကယ်တင်ရန် အတွက် ဆင်းသက်တော်မူလာခြင်း ဖြစ်ပေသည်၊ ထိုသူတို့အား သူတို့နှင့် ထိုက်သင့်သော မြေနေရာ၊ ထိုနေရာ၌ နို့နှင့် ပျားရည်တို့လည်း အလျှံပယ် ပေါ်များပေ၏၊ ထိုနေရာကား ကန်နန်နိုက်များနှင့် ဟစ်တိုက် လူမျိုးများ၊ အမိုရိုက် လူမျိုးများ၊ ပယ်ရီဇိုက် လူမျိုးများ၊ ဟစ်ဗိုက်နှင့် ဂျက်ဘူဆိုက် လူမျိုးများ နေထိုင်ရာ နိုင်ငံ ဖြစ်ပေ၏၊ ထိုကြောင့် ယခုပင် သင် လိုက်ခဲ့ပေတော့၊ ငါသည် သင့်အား ဖာရိုး ဘုရင်ထံသို့ ပို့အံ့၊ သင်သည်ပင်လျှင် ငါ၏ လူမျိုးများ ဖြစ်သော ဣသရေလ (အစ္စရေး) လူမျိုးများကို အီဂျစ် လူမျိုးများ လက်အောက်မှ လွတ်မြောက်အောင် ဆောင်ယူမည့်သူ ဖြစ်၏' ဟု ဆိုလေသည်။

ထိုအခါ မိုးဇက်က ဘုရားသခင်ကို ဤသို့ ဆိုလေသည်။

'ကျွန်ုပ်က ဣသရေလ လူမျိုးများထံသို့ သွား၍ သူတို့အား သင်တို့၏ ခမည်းတော် အဘ ဘုရားသခင်က ငါ့အား သင်တို့ထံသို့ လွှတ်လိုက်သည်ဟု ဆိုသောအခါ သူတို့က ကျွန်ုပ်အား ထိုဘုရားသခင်၏ အမည်သည် ဘာလဲဟု ပြန်မေးခဲ့ပါမူ ကျွန်ုပ်က ဘယ်သို့ အဖြေ ပေးရပါမည်နည်း' ဟု မေးလေသည်။

မိုးဇက်၏ အမေးကို ဖြေကြားတော်မူသော အဘ ဘုရားသခင်၏ အဖြေသည်ကား အလွန် အရေးကြီးပေ၏။ ဘုရားသခင်က သူ့ အမေးကို ဖြေပုံမှာ ဤသို့ ဖြစ်၏။

'ငါကား ငါပင် ဖြစ်၏၊ ဤသို့လျှင် သင်က ဣသရေလများ မေးမြန်းသော် ဖြေကြားပါလော့၊ ယာဝေး ... ဖြစ်၏၊ ထိုဘုရားက ငါ့ကို စေလွှတ်လိုက်သည်ဟု ဖြေကြားပါလော့' ဟု ဆိုလေသည်။

မိုးဇက်သည် စိတ်ဓာတ် ခိုင်မာ သန့်စွမ်းပြီး ဆုံးဖြတ်ချက် ခိုင်မာသော ဘုရားနှင့် တိုက်ရိုက် ပုဂ္ဂိုလ်ရေး ဆက်ဆံမှု အတွေ့အကြုံကို ရရှိခဲ့လေသည်။ အထောက်အထားများ အရ ဤ နတ်ဘုရား ယာဝေးသည် သဘာဝ နတ်တစ်ဦးမျှသာမကဘဲ သဘာဝထက် လွန်ကဲသော၊ ထူးမြတ်သော သဘော ရှိသော နတ်ဘုရား ဖြစ်လာသည်။

ထို တန်ခိုးရှင် နတ်ဘုရားသည် နိုင်ငံ တစ်နိုင်ငံ၏ ကံကြမ္မာကို အစိုးရသော အရှင်သခင်လည်း ဖြစ်ပေသည်။ သူ့အပေါ် သစ္စာ ရှိစွာ ယုံကြည် ကိုးကွယ်သူများအား ငြိမ်းချမ်း သာယာမှုနှင့် ကြီးပွား ချမ်းသာမှုကို ပေးမည်ဟုလည်း ကတိကဝတ် ပြုသော နတ်ဘုရား ဖြစ်လာသည်။ မိုးလေရာသီဥတုကိုရော ကျွဲနွား တိရစ္ဆာန် ပေါများရေးကို လည်းကောင်း၊ စစ်ပွဲမှာ အောင်နိုင်ရေးနှင့် သားသမီး ရတနာ ထွန်းကားရေး၊ အသက်ရှည် ကျန်းမာရေးများ အတွက်ပါ တာဝန်ယူ ကတိ ပြုသော နတ်ဘုရား ဖြစ်သည်။ သူသည် တရားမျှတသော နတ်ဘုရား ဖြစ်သည်။ ထို့အတူ ပြင်းထန်သော ခံစားမှု ရှိသော နတ်ဘုရားလည်း ဖြစ်သည်။ သူ့အား ရှိသေလေးစား လိုက်နာသော လူများ အပေါ် သစ္စာ ရှိစွာ စောင့်ရှောက်သည်။ သို့သော် သူ့အပေါ် မယုံကြည်သူများ၊ သစ္စာမရှိသူများကိုကား မလိုလားသော နတ်ဘုရားလည်း ဖြစ်သည်။

ယာဝေး နတ်ဘုရား၏ သဘော လက္ခဏာ အပြည့် အစုံကိုမူ မိုးဇက်လည်း ချက်ချင်း မသိရှိခဲ့ပေ။ မိုးဇက်သည် သူ့အပေါ် ကျရောက်လာသော တာဝန် ဝတ္တရားမျှကိုသာ အစ ကနဦး၌ သိနားလည်ခဲ့လေသည်။ ထိုတာဝန်မှာ အီဂျစ်ပြည်ရှိ ဟေဗြဲ လူမျိုးများကို ဦးဆောင်၍ ဆိုင်းနိုင်း ဒေသသို့ ခေါ်ဆောင်သွားရေးပင် ဖြစ်သည်။

ထိုနေရာတွင် နတ်ဘုရားက ဘုရား တစ်ပါးကို အလိုရှိနေသော လူမျိုးနှင့် ပဋိညာဉ် ပြုစေလိုသော ဆန္ဒ ရှိခဲ့လေသည်။

ဤတွင် လူတိုင်းသိ ဖြစ်နေသော၊ ဇာတ်လမ်း ဖြစ်သော မိုးဇက်သည် အီဂျစ်ပြည်သို့ အလျင်အမြန် သွားရောက်ပြီးလျှင် သူ့ အကြံအစည် အတိုင်း ဟေဗြဲ လူမျိုးများက လိုက်နာ ဆောင်ရွက်အောင် ပြုပြီးနောက် အီဂျစ်ပြည်မှ ထွက်မြောက်ရာ ကျမ်းပါ အတိုင်း ပင်လယ်နီကို သူ့ လူမျိုးများနှင့် အတူ ဖြတ်သန်းသွားခဲ့ပုံ၊ သူတို့အား နေရပ်သို့ ပြန်သွားရန် အီဂျစ် လူမျိုးများက စစ်ရထားများဖြင့် လိုက်လံ တိုက်ခိုက်သည်ကို တွန်းလှန်ခဲ့ကြပုံများကိုမူ အထူး မဖော်ပြတော့ပေ။

ဤကဲ့သို့ အီဂျစ်ပြည်မှ ဟေဗြဲ လူမျိုးများ မိုးဇက်၏ ဦးဆောင်မှုဖြင့် အလုံးအရင်းနှင့် ထွက်ခွာသွားကြခြင်းသည် အီဂျစ်ပြည်တွင် အန္တရာယ်ကြီး၏ ခြောက်လှန့်ခြင်း ခံနေရစဉ် အချိန်ကိုက် ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်လေသည်။

ထိုအချိန်တွင် အီဂျစ်ပြည်၏ မြောက်ဘက်နှင့် အနောက်ဘက်၌ လစ်ဗျားဘက်က လာသော လူရိုင်းများ၏ ကျူးကျော် ဝင်ရောက်ခြင်း အန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။ နိုင်းလ် မြစ်ဝဘက်တွင်လည်း ပင်လယ်ဓားပြများက မြစ်ကမ်း တစ်လျှောက်ရှိ မြို့ကြီးများကို ဝင်ရောက် တိုက်ခိုက်ရန် အတွက် သင်္ဘောများဖြင့် လာရောက်နေကြလေသည်။

ဤကဲ့သို့ အီဂျစ် လူမျိုးများ စိတ်ချောက်ချားနေစဉ်တွင် ဟေဗြဲ လူမျိုးများ အတွက် အလုံးအရင်းနှင့် အီဂျစ်ပြည်ထဲက ထွက်ခွာသွားရန် အခွင့်အခါကောင်းကို ရရှိခဲ့လေတော့သည်။

သို့သော် မိုးဇက်၏ ခေါင်းဆောင်မှုကလည်း အလွန်ကြီးကျယ်သော ကူညီ ထောက်ပံ့မှုကို ဖြစ်စေခဲ့လေသည်။ ထိုသို့ ကူညီ ထောက်ပံ့မှုကို ဖြစ်စေခဲ့ခြင်းမှာ အီဂျစ်ပြည်တွင် မဟုတ်ဘဲ အစဉ်အလာအားဖြင့် ဆိုင်းနိုင်းဟု ခေါ်သော တောင်မြတ်၏ ခြေရင်းတွင် ဖြစ်၏။ ထိုတောင်ကို ဟိုရက်ဗ်ဟုလည်း ခေါ်ကြသည်။

ဤ ဟိုရက်ဗ် တောင်မြတ် တည်ရှိရာ အရပ်ကိုမူ ယခုတိုင်အောင် တိတိကျကျ မသိရသေးဘဲ အငြင်းပွားစရာ ဖြစ်ဆဲ ဖြစ်၏။ အစဉ်အလာ အယူအဆ အရ ဆိုလျှင်တော့ ထိုတောင်သည် ဆိုင်းနိုင်း ကျွန်းဆွယ်၏ တစ်နေရာရာမှာ ရှိသည်ဟု ယူဆရသည်။ သို့ရာတွင် မကြာမီက ပညာရှင်များကမူ ထိုတောင်၏ နေရာသည် ပင်လယ်သေ၏ အနောက်တောင်ဘက်သို့ အနည်းငယ် ကျသော *အကွာဘာ ပင်လယ်ကွေ့* [၁] ထိပ် သို့မဟုတ် *ကာဒက်ရှ်ဘာနီးယား* [၂] ဒေသ အတွင်းမှာ တည်ရှိသည်ဟု ဆိုကြလေသည်။

နေရာ ဒေသမှာ အရေးမကြီးလှပေ။ ထိုနေရာတွင် မိုးဇက်က ဟေဗြဲ လူမျိုး သူ့နောက်လိုက် ယုံကြည်သူများနှင့် ယာဝေး နတ်ဘုရား အကြားတွင် ပေါင်းကူး ဆက်သွယ်ပေးသူ အဖြစ် ဆောင်ရွက် ပေးခဲ့ခြင်းကသာ ပို၍ အရေး ပါပါသည်။ ထို ယာဝေး နတ်ဘုရားသည် ဟေဗြဲ လူမျိုးများကို အီဂျစ် ပြည်တွင်းမှ ခေါ်ထုတ်ရန် စေလွှတ်ခဲ့သော ဘုရား ဖြစ်သည်။ သို့ဖြစ်၍ ဟေဗြဲ လူမျိုးများ အီဂျစ်ပြည်မှ ထွက်မြောက်ရန် ကြိုးပမ်းကြရာတွင် ကြုံတွေ့ရသော ဘေးအန္တရာယ်များမှလည်း ထိုဘုရားက ကယ်တင်ပေးခဲ့လေသည်။

ယခု ထို လူမျိုးများသည် ထို ဘုရားနှင့် ပဋိညာဉ် တစ်ခု ပြုရန် လိုလားလျက် ရှိကြလေသည်။ အစဉ်အလာ စကား အရ ထိုပဋိညာဉ်ထဲတွင် ပါဝင်ရမည့် သဘော တူညီချက်များကိုလည်း အောက်ပါ အတိုင်း သိခွင့်ပေးခဲ့လေသည်။ နောက်လိုက် ဟေဗြဲ လူမျိုးများကို တောင်ခြေရင်းတွင် ထားရစ်ခဲ့ပြီးနောက် မိုးဇက်သည် ယာဝေး နတ်ဘုရားနှင့် ဆွေးနွေး ညှိနှိုင်းရန် အတွက် တောင်ပေါ်သို့ ဆက်သွားလေသည်။ နောက် ရက် အတန် ကြာသော အခါ မိုးဇက်သည် ထိုလူမျိုးများ အတွက် ယာဝေး နတ်ဘုရား အလိုတော် ရှိသော အချက်များကို ယူဆောင်၍ ပြန်ဆင်း လာခဲ့လေသည်။ ထိုယာဝေး နတ်ဘုရား၏ အလို ဆန္ဒတော်များကို အကျဉ်း ချုပ်၍ 'ပညတ်တော်များ' ဟု ခေါ်၍ ကျောက်ပြားပေါ်တွင် ကျောက်စာများ အဖြစ် ထုထွင်းထားလေသည်။

နောင်အခါ ထိုပညာတော်များကို ချဲ့ထွင်ပြီးလျှင် *တော်ရာကျမ်း* [၃] သို့မဟုတ် *ဓမ္မသတ်* [၄] အဖြစ် ဖန်တီးခဲ့ကြလေသည်။

---

၁။ Aqabar Gulf
၂။ Kadesh-Barnea
၃။ Torah
၄။ Law

မှတ်တမ်းပေါ်တွင် ပညတ်တော်များကို နှစ်ပိုင်း ခွဲ၍ ကမ္ဗည်း တင်ထားသည်။ ကျောက်ပြား တစ်ချပ်ပေါ်တွင် ကိုယ်ကျင့်တရားနှင့် ဆိုင်သော ဥပဒေ စည်းမျဉ်းများကို ဖော်ပြထားသည်။ ထိုကမ္ဗည်းကျောက်ချပ်ပေါ်မှာ ပါသော ကိုယ်ကျင့်သီလ ပညတ်တော်များကို 'ပညတ်တော် ဆယ်ချက်' ဟု လူသိ များပါသည်။ ထို ကျင့်ထုံး ဥပဒေသများ လောက် လူသိ များပြီး ဩဇာ ကျယ်ပြန့်ခြင်း ရှိသော ကျင့်ထုံး ဥပဒေမျိုးကား မရှိသလောက်ပင် ဖြစ်၏။ သို့ရာတွင် ကျွန်ုပ်တို့ ယခု ရရှိလာခဲ့ကြသော ကျင့်ထုံး ဥပဒေသများသည် မူရင်း ကမ္ဗည်း စာသား အတိုင်း ရရှိခဲ့ခြင်း ဟုတ် မဟုတ်ကိုကား သံသယ ဖြစ်ဖွယ် ရှိပါသည်။

ကျွန်ုပ်တို့ ရရှိခဲ့သော ကျင့်ထုံး ဥပဒေသများသည် နှောင်းခေတ် လူများက အပြည့်အစုံ ချဲ့တွင် ရေးသားထားသော ကျင့်ထုံး ဥပဒေများ ဖြစ်ကြောင်းကား ထင်ရှားသည်။ အချက် တစ်ချက်မှာ မိုးဇက် ကွယ်လွန်ပြီးနောက် နှစ်ပရိစ္ဆေဒ ကြာမြင့်သည့်တိုင်အောင် ထိုနတ်ဘုရား ယာဝေးသည် ကောင်းကင်၊ မြေကြီးနှင့် ပင်လယ် သမုဒ္ဒရာများကို ဖန်ဆင်းတော်မူသော အရှင်နှင့် အတူတူပင် ဖြစ်သည်ဟု ယူဆခြင်းကား ဖြစ်ပေါ် မလာခဲ့သေးပေ။

ဤဖြစ်ရပ်ကို မှတ်တမ်းများ၌ စိတ်ဝင်စားဖွယ် ဤသို့ မှတ်တမ်း တင်ထားခဲ့လေသည်။

ဘုရားသခင်က မိုးဇက်ကို အမိန့် ရှိသည်ကား

'ကျောက်ပြား နှစ်ပြားကို ဖြတ်လော့၊ ထိုနောက် နံနက်တွင် ဆိုင်းနိုင်း တောင်ပေါ်သို့ တက်၍ တောင်ထိပ်တွင် သင့်ကိုယ်ကို ငါ၏ ရှေ့မှောက်သို့ ရောက်ရှိစေလော့၊ သင်နှင့် အတူ မည်သူ့ကိုမျှ တောင်ပေါ်သို့ ခေါ်မလာနှင့်၊ ထို့ပြင် တောင် ပတ်ဝန်းကျင်တွင် မည်သူမျှလည်း မရှိစေနှင့်၊ သိုး အုပ် နွားအုပ်များကိုပင် တောင်၏ ရှေ့မှောက်တွင် မြက် စားကျက်၌ မရှိစေနှင့်'

ထို့ကြောင့် မိုးဇက်သည် ကျောက်ပြား နှစ်ချပ်ကို ဖြတ်၏။ ထို့နောက် နောက်နေ့ နံနက်တွင် အိပ်ရာမှ စောစော စီးစီး ထပြီးလျှင် ဆိုင်းနိုင်း တောင်ပေါ်သို့ တက်သွားလေ၏။ ဘုရားသခင်က အမိန့် ရှိသည့် အတိုင်း သူ့လက်ထဲတွင် ကျောက်ပြား နှစ်ချပ်ကိုလည်း ဆောင်ယူ၍ သွား၏။

ထိုအခါ ဘုရားသခင်သည် တိမ်တိုက် တစ်ခုထဲမှ နေ၍ ဆင်းသက်တော်မူလာလေသည်။ ထို့နောက် မိုးဇက်က ဘုရားသခင်၏ အမည်ကို တမ်းတသော အခါ ဘုရားသခင်သည် သူ ရပ်နေသော နေရာမှာပင် နေရာ ယူလေသည်။

ဘုရားသခင်သည် သူ့ ရှေ့မှ ဖြတ်သန်းသွားပြီးလျှင် ကြေညာသည်ကား

'ငါသည် ဘုရားသခင် ဖြစ်၏၊ ငါသည် ဘုရားသခင် ဖြစ်၏၊ မဟာ ကရုဏာတော်နှင့် ကျက်သရေ အပေါင်းနှင့် ပြည့်စုံတော်မူသော ဘုရားသခင်လည်း ဖြစ်၏၊ ကြင်နာခြင်း အပေါင်းနှင့် ပြည့်စုံသည် ဖြစ်၍ အမျက်ဒေါသ ဖြစ်ခဲတော်မူသော သစ္စာတော်၌ တည်သော ဘုရားသခင်လည်း ဖြစ်တော်မူ၏၊ ထောင်ပေါင်း များစွာသော ခေတ်ကာလများ၌ လည်း အကြင်နာ တရားကို ပြသတော်မူခဲ့ပြီ၊ မတရားမှု၊ မဖြောင့်မတ်မှုများကို လည်းကောင်း၊ လွန်ကျူးခြင်းနှင့် အပြစ် ဒုစရိုက်များကို လည်းကောင်း သည်းခံ ခွင့်လွှတ်တော်မူသော အရှင်သခင် ဖြစ်၏၊ သို့ရာတွင် အပြစ် ဒုစရိုက် တရားများကိုကား အပြစ်ဒဏ် စီရင်ခြင်း မရှိဘဲ မထားခဲ့ပေ၊ သို့ပင် ဖြစ်စေကာမူ သားမြေးများ၏ မကောင်းသမှု ပြုခြင်းကို ဖခင်က ဆုံးမသည့် သဘောဖြင့်သာ အပြစ်ဒဏ်ကို စီရင်ခဲ့ခြင်း ဖြစ်၏'

ထိုအခါ မိုးဇက်လည်း လျင်မြန်စွာ သူ့ ဦးခေါင်းကို မြေမှာ ချ၍ ရှိခိုး ကန်တော့၏။ အရိုအသေကို ပြု၏။

ဤ စာပိုဒ် နောက်တွင် ယာဝေး ဘုရားသခင်၏ ဟေဗြဲ လူမျိုးများနှင့် သူ ပဋိညာဉ် စာချုပ် တစ်ခု ပြုလုပ်ရန် ဆန္ဒ ရှိတော်မူကြောင်း ကြေညာချက် ထွက်ပေါ်လာလေသည်။

ထိုစာချုပ်ထဲတွင် အောက်ပါ သဘော တူညီချက်များ ပါဝင်လေသည်။

'သင်တို့သည် သင်တို့ အတွက် မည်သည့် အရည်ကို၍ သွန်းလောင်းသော ရုပ်တု ဘုရားကိုမျှ မပြုလုပ်ရ။

'ငါက သင်တို့အား အမိန့် ရှိသည့် အတိုင်း သင်တို့သည် တဆေး မပါသော ကိတ်မုန့်ချို တည်ခင်းပွဲကို ကျင်းပကြရမည်၊ ထို တဆေး မပါသော ကိတ်မုန့်ချိုကိုပင် ခုနစ်ရက်ပတ်လုံး စားသုံး၍ နေကြရမည်။

'သင်တို့၏ ကျွဲ နွား သိုးများမှ ပထမဆုံး မွေးလာသမျှ အထီးများ အားလုံးကို ငါ ပိုင်ဆိုင်သည်ဟု မှတ်ကြရမည်၊ မြည်း၏ ပထမသားကိုလည်း ငါ ပိုင်ဆိုင်၏၊ သို့ရာတွင် ထိုသားများကို သင်တို့သည် သိုးတစ်ကောင်ဖြင့် ရွေးယူနိုင်၏၊ အကယ်၍ ထိုကဲ့သို့ ရွေးယူခြင်း မပြုပါက ထိုသားကောင်၏ လည်ကို ဖြတ်၍ ငါ့အား ပူဇော်ရမည်၊ သင်တို့၏ ပထမဆုံး မွေးသော သားယောကျ်ားကလေး အားလုံးကိုလည်း ထိုနည်းအတူ သိုးတစ်ကောင်ဖြင့် ရွေးယူကြရမည်။

'ငါ့ထံသို့ မည်သူမျှ ပူဇော်ဖွယ် မပါဘဲ လက်ချည်းသက်သက် မလာကြရ။

'သင်တို့သည် ခြောက်ရက်ပတ်လုံး အလုပ် လုပ်ကြရမည်၊ သတ္တမ နေ့ရက်တွင်ကား အနား ယူကြရမည်၊ လယ်ထွန်ခြင်း၊ ကောက်ရိတ်ခြင်း ကိစ္စ အားလုံးကို ရပ်ဆိုင်း၍ အနား ယူကြရမည်၊ သင်တို့သည် ရက်သတ္တပတ် ပွဲတော်များကိုလည်း ကျင်းပကြရမည်၊ ကောက်သစ် ပွဲတော်ကို ကျင်းပကြရမည်၊ နှစ်ကုန်သော အခါမှာလည်း နှစ်သစ်ကူး ပွဲကို စုဝေး ကျင်းပကြရမည်၊ သင်တို့၏ အမျိုးသားယောကျ်ား အားလုံးသည် တစ်နှစ်လျှင် သုံးကြိမ်တိုင်တိုင် ဘုရားသခင် (ဣသရေလတို့၏ ဘုရားသခင်) ကို အဖူးအမြော် လာကြရမည်။

'သင်တို့သည် တဆေး ပါသော ပေါင်မုန့်နှင့် အတူ အသွေးအသားဖြင့် ငါ့အား ယဇ် ပူဇော် ပသခြင်းကို မပြုကြရပေ၊ ယဇ် ပူဇော် ပသထားသော အစားအစာများကို ညကို ကျော်လွန်၍ နောက်နေ့ နံနက် အထိ ချန်မထားကြရပေ၊ သင်တို့ လယ်ယာ၌ စိုက်ပျိုး၍ ရသော ပထမ ကောက်ဦး အားလုံးကို သင်တို့သည် သင်တို့၏ အရှင်သခင် ရှိရာ ဝတ်ကျောင်းတော်သို့ ယူဆောင် လာကြရမည်။

'သင်တို့သည် ဆိတ်သားငယ်ကို သူ့ မိခင်၏ နို့ရည်ဖြင့် မချက်ပြုတ်ရ'

ဤ ပဋိညာဉ် အချက်အလက်များတွင် ပါဝင်သော အကြောင်းခြင်းရာများကို ကြည့်ခြင်းအားဖြင့် ဤပဋိညာဉ်စာချုပ်သည် မူရင်း ပဋိညာဉ် ဖြစ်နိုင်ဖွယ် မရှိပေ။

ဤ စာချုပ်တွင် ပါဝင်သော အချက်အလက်များအားလုံးသည် စိုက်ပျိုးရေးနှင့် ဆက်စပ်နေသည်ကို တွေ့သည်။ နော်မက်ဒစ် လူ့အသိုင်းအဝိုင်း အဖွဲ့အစည်း သဘောသက်ဝင်ခြင်း မရှိသည်ကို တွေ့ရပေသည်။

ထို့ကြောင့် ဤ ပဋိညာဉ်ပါ အချက်အလက် အတိအကျကိုမူ ပြန်လည် ဖော်ထုတ်၍ မရတော့ပေ။ မည်သို့ပင်ဆိုစေ ဤပဋိညာဉ်တွင် ဖော်ပြထားသော ယာဝေး ဘုရားသခင်နှင့် သူ့ကို ယုံကြည် ကိုးကွယ်သူများ အကြား ပြုလုပ်ရန် သဘော တူထားသော ပွဲလမ်းသဘင်များ၏ သဘောသဘာဝများကိုကား ထိန်းသိမ်း ထားကြကြောင်း တွေ့ရှိရသည်။

အောက်ပါ စာပိုဒ် အရ ဤအချက်သည် ပေါ်လွင်ထင်ရှား၏။

ထို့နောက် မိုးဇက်က သူ၏ လူများအား ဘုရားသခင် ချမှတ်သော စည်းမျဉ်းများနှင့် မင်္ဂလာ အခမ်းအနားများကို ပြန်လည် ပြောပြသော အခါ သူ့ လူများ အားလုံးက တစ်သံတည်းဖြင့် ဤသို့ ဖြေကြားခဲ့ကြလေသည်။

'ကျွန်ုပ်တို့သည် ဘုရားသခင် ချမှတ်သော စည်းမျဉ်း ဥပဒေ အားလုံးကို လေးစား လိုက်နာကြပါမည်'

ထို့ကြောင့် မိုးဇက်လည်း တောင်ခြေရင်းတွင် ပူဇော်ပသရာ ယဇ်ပလ္လင် တစ်ခုကို လည်းကောင်း၊ ၎င်းနှင့် အတူ မွန်မြတ်သော ကျောက်တိုင် ၁၂ တိုင်ကို လည်းကောင်း တည်ဆောက်လေသည်။ ကျောက်တိုင် တစ်တိုင်စီသည် ဣသရေလ လူမျိုးစု ၁၂ စု အနက် တစ်စုစီကို ရည်ညွှန်းခြင်း ဖြစ်၏။

ထို့နောက် သူက ဣသရေလ လူမျိုး လူငယ်များအား မီးဖုတ်ထားသော လှူဖွယ် ဝတ္ထုများနှင့် နွားထီးများကို ဘုရားသခင်၏ ကျေးဇူးတော်ကို အောက်မေ့သောအားဖြင့် ယဇ် ပူဇော် ပသရန် စေခိုင်း၏။ ထိုအချိန်တွင် မိုးဇက်ကိုယ်တိုင်ကမူ သွေး၏ ထက်ဝက်ကို ယူပြီးလျှင် ဇလုံတစ်ခုထဲမှာ ထည့်၏။ ထို့နောက် ကျန်ထက်ဝက်သော သွေးများကို ယဇ်ပလ္လင်ပေါ်သို့ လောင်းပက်လိုက်၏။

ထို့နောက် သူသည် ပဋိညာဉ် စာအုပ်ကို ယူ၍ လူအများ ကြားသိရအောင် ဖတ်ပြလေသည်။ ထိုအခါ လူအပေါင်းက ဤသို့ ပြောဆိုကြလေသည်။

ဘုရားသခင်က လမ်းညွှန်သမျှကို ကျွန်ုပ်တို့ လိုက်နာဆောင်ရွက်ကြပါမည်။

ထိုအခါ မိုးဇက်လည်း သွေးများကို ယူပြီး လူအပေါင်းတို့ အပေါ်သို့ ပက်ဖျန်းလိုက်လေသည်။ သူ့နှုတ်ကလည်း ဤသို့ ဆို၏။

ဘုရားသခင် ပြုလုပ်ခဲ့သော ပဋိညာဉ် သွေးများသည် ဤ စည်းမျဉ်းများ အပေါ်တွင် မူတည်၍ ပြုလုပ်ခဲ့သည်ဟု ရှုမြင်ကြကုန်လော့။ နှောင်သော ကာလဝယ် ဤ ပူဇော်ပသမှု သဘော၏ အကျိုး သက်ရောက်မှုကို ကောင်းစွာ သိမြင်ကြရပေသည်။ ယာဝေး ဘုရား၏ ယဇ်ပလ္လင်ပေါ်ကိုလည်း ဤသွေးဖြင့်ပင် ပက်ဖျန်းခဲ့၏။ လူအများပေါ်သို့လည်း ထိုသွေးဖြင့်ပင် ပက်ဖျန်းခဲ့၏။

ဤသို့ ပြုလုပ်ခြင်းသည် လူ အားလုံးကို တစ်သွေးတစ်သံ တစ်မိန့်တည်း၌ တစ်စည်းတစ်လုံးတည်း တည်ရှိစေနိုင်ခဲ့လေတော့သည်။ ဤလုပ်ရပ်သည် စည်းလုံး ညီညွတ်ခြင်းကို ဖြစ်စေသော အလွန် တည်ကြည် ခိုင်ခဲ့သော လုပ်ရပ်ဖြစ်၏။ အခြားသော ဆီးမိုက် လူမျိုးစုများလည်း တစ်ခါတစ်ရံ အလားတူ စတိ ပူဇော် ပသမှုမျိုးကို ပြုလုပ်လေ့ ရှိကြသည်။

ဤပဋိညာဉ် ကတိ ထားမှုတွင် ဥပဒေ သဘောနှင့် ပဋိညာဉ် သဘော သိသာ ထင်ရှားစွာ ပါသည်။

လူအများက ယာဝေး ဘုရားသခင်အား တည်ကြည်သော တရားဝင် သဘော တူညီမှုဖြင့် မိမိတို့ ကိုယ်ကို အပ်နှံကြသည်။ လူအချင်းချင်းသည် တစ်ဦးကို တစ်ဦး ပဋိညာဉ် ခံခြင်းကို သွေးဖြင့် အတည် ပြုလိုက်ခြင်း ဖြစ်သည်။

ဟေဗြဲ လူမျိုးများသည် ခရီး သွားရန် ပြင်ဆင်ကြသော အခါ သူတို့မှာ ပြဿနာ ကြုံလာရသည်။

ထို ပြဿနာမှာ ယာဝေး ဘုရားသခင်ကို သူ့ တောင်ပေါ်မှာ ထားရစ်ခဲ့ပြီး ထွက်ခွာသွားရန် ပြဿနာ ပေါ်ခြင်း မဟုတ်ချေ။ အဘယ်ကြောင့် ဆိုသော် ယာဝေး ဘုရားသခင်မှာ သူတို့ သွားရာသို့ အတူ လိုက်ပါနိုင်သော ဝိညာဉ် စွမ်းအင် တန်ခိုး ရှိသည်ဟု ယုံကြည်ထားပြီး ဖြစ်သောကြောင့် ဖြစ်၏။ သို့ရာတွင် ပြဿနာမှာ ထို ဘုရားနှင့် အဆက်အသွယ် ပြုနိုင်မည့် ကြားခံလူကို ပေးနိုင်ရေးပင် ဖြစ်၏။

ဆိုင်းနိုင်း တောင်မှာတုန်းက မိုးဇက်က တောင်ပေါ်သို့ တက်သွားသည်။ တောင်ထိပ်သို့ ရောက်သော အခါ ဘုရားသခင်က သူ့ကို စကား ပြောသည်။ အကယ်၍ ထို တောင်ကို ထားခဲ့ပြီး သူတို့ ထွက်ခွာသွားပါက နောက် ဘာ ဖြစ်မည်နည်း။ ထိုပြဿနာကို ဖြေရှင်းရန်မှာ ရှေးအခါက ပြုလုပ်သကဲ့သို့ ဘုရားသခင်နှင့် သူ့ကို ယုံကြည် ကိုးကွယ်သူများ တွေ့ဆုံနိုင်သော နေရာကို ရှာပေးရန်ပင် ဖြစ်၏။ ၄င်းမှာ ဘုရား တန်ဆောင်း၊ နတ်ကွန်း သို့မဟုတ် မွန်မြတ် သန့်ရှင်းသော နေရာ သတ်မှတ်ပေးရေးပင် ဖြစ်ပေသည်။ ထိုအခါ သူတို့သည် သူတို့နှင့် အတူ သယ်ယူသွားနိုင်သော 'ရွက်ဖျင်တဲ နတ်ကွန်း' ကို ကြံစည် ဖန်တီးကြလေတော့သည်။ ၄င်းကို ဘုရားနှင့် တွေ့ဆုံရာ ရွက်ဖျင်တဲဟု ခေါ်ကြလေသည်။

ထိုဘုရားနှင့် တွေ့ဆုံရာ နေရာ အဖြစ် သတ်မှတ်ထားသော ရွက်ဖျင်တဲကို အမွန်အမြတ် ပစ္စည်း အဖြစ် သိမ်းဆည်း ထားကြသည်။ ထိုတဲကို တည်ဆောက်သော အခါတိုင်းမှာ ပူဇော် ပသရန် သင့်တော်သော သူကို လွှတ်၍ ဆောက်လုပ်ရသည်။ အစဉ်အလာ ပြောစကားများ အရ လယ်ဗွီ လူမျိုးစုထဲက တစ်ဦးတစ်ယောက်ကို စေလွှတ်၍ ပြုလုပ်သည်။ ထိုလူမှ နောင်အခါတွင် နတ်ဆရာ ဘုန်းကြီးများ ဆင်းသက် ပေါ်ပေါက်ခဲ့သည်ဟု ဆိုသည်။

ထို တဲ အတွင်း တိတ်ဆိတ်သော နေရာ၌ မိုးဇက်လည်း ယာဝေး ဘုရားသခင်နှင့် စကား ပြောနိုင်သည်ဟု ဆိုသည်။ ထိုဘုရားနှင့် တွေ့ဆုံရာ ရွက်ဖျင်တဲထဲမှာ ဘာမျှ မရှိသော အရာ မဟုတ်ချေ။

အစဉ်အလာ လုပ်ရိုး လုပ်စဉ် အခါ ထိုတဲထဲတွင် သေတ္တာကြီး တစ်လုံး ရှိသည်။ ထိုသေတ္တာကြီးထဲတွင် ကျောက်ပျဉ်ကြီး နှစ်ချပ်ကို ထည့်ထားသည်။ ကျောက်ပျဉ်ကြီးများပေါ်တွင် ဘုရားသခင်၏ ပဋိညာဉ် စာတမ်းများကို ရေးထိုးထားသည်။ ဤကား ထင်ပေါ် ကျော်ကြားသော ပဋိညာဉ် သေတ္တာကြီး ဖြစ်၏။

ထိုသေတ္တာကြီးသည် နောက်ပိုင်း ဟေဗြဲ လူမျိုးတို့၏ သမိုင်းစဉ် တစ်လျှောက်တွင် အလွန် အရေးပါခဲ့လေသည်။

မိုးဇက် အသက် ထင်ရှား ရှိစဉ် အခါက ဣသရေလ လူမျိုးများသည် အလုံးအရင်းနှင့် ချီတက် သွားလာကြတော့မည့် အခါတိုင်း ထိုသေတ္တာကြီးကို သူတို့သည် ရိုသေလေးမြတ်စွာဖြင့် ကုန်တင် လှည်းကြီးပေါ်တွင် တင်ဆောင်၍ ယူသွားကြသည်ဟု အစဉ်အလာ အရ ပြောဆိုကြသည်။

စစ်ပွဲထဲသို့လည်း ဆောင်ယူ သွားတတ်ကြသည်။ ဤ သေတ္တာကြီး ပါလာလျှင် စစ်သည်များမှာ အလွန် အားရှိကြသည်။

နောင်အခါ၌မူ ဤ သေတ္တာကြီးမှာ အမွန်အမြတ် ထားလွန်းရကား လူသာမန်တို့၏ လက်ဖြင့်ပင် ဤ သေတ္တာကြီးကို မတို့ မထိကြရတော့။ နတ်ဆရာ ဘုန်းကြီးများသာ ထိကိုင်၍ ရတော့သည်။

နှစ် ပရိစ္ဆေဒ ကြာလာသည်နှင့်အမျှ သဘာဝ အားလျော်စွာ ပူဇော် ပသမှု နည်းလမ်းမှာလည်း တိုးတက် ဖွံ့ဖြိုးလာကာ ပို၍ ပို၍ အထပ်ထပ် မွမ်းမံကာ အသေးစိတ် စီမံမှုများ ဖြစ်ပေါ် လာခဲ့လေသည်။

ရှေးအကျဆုံး ပူဇော် ပသမှုများမှာ နှစ်စဉ် ကျင်းပမြဲ ဖြစ်သော အီဂျစ်ပြည်မှ ဣသရေလ လူမျိုးများ ထွက်မြောက်ခြင်း အထိမ်းအမှတ် ပွဲတော်နှင့် ရက်သတ္တပတ် အဆုံးတွင် ကျင်းပမြဲ ဖြစ်သော ဥပုသ် စောင့်ခြင်းပင် ဖြစ်သည်။

ထွက်မြောက်ခြင်း ပွဲတော်သည် ရှေးကျသော ဆီးမိုက် လူမျိုးများ၏ ပွဲသဘင်ကို ဟေဗြဲ လူမျိုးများက သင့်တော်၍ လက်ခံ ကျင့်သုံးကြခြင်း ဖြစ်သည်။ ထိုပွဲတော်တွင် အီဂျစ် လူမျိုးများ၏ အနှောင်အဖွဲ့ အောက်က သူတို့ လွတ်မြောက်ခဲ့ကြခြင်းကို အမှတ်တရ ပွဲများ ကျင်းပ ပြုလုပ်ကြလေသည်။

ဤ ပွဲတော်သည် နွေဦးပေါက် ရာသီ ပွဲတော် ဖြစ်သည်။ နွေဦးပေါက် ကာလ နေ့တာ ညတာ ညီမျှသော

အချိန်နှင့် နီးစပ်သော လပြည့်ညတွင် ကျရောက်သည်။ မိသားစုတိုင်းသည် ဆည်းဆာချိန်နှင့် အရုဏ် မတက်မီ အချိန်အတွင်း ယဇ် ပူဇော်သော သိုးသား (ဆိတ်သား) ကို လျှင်မြန်စွာ ကုန်အောင် စားကြရသည်။ ထိုသိုး (ဆိတ်) ၏ သွေးကို အိမ် အဝင် တံခါးပေါက်မှာ သုတ်လိမ်းရသည်။ သိုး တစ်ကောင်လုံး၏ အသားကို ကုန်အောင် ညဥ့်တွင်း ချင်း စားကြရသည်။

စားသုံးသူက ဖြစ်စေ၊ ကုန်အောင် စား၍ မကုန်လျှင် မီးဖြင့် ကုန်အောင် ရှို့ပစ်ရသည်။ ယဇ်ကောင်၏ အသားကို နောက်နေ့ အတွက် လုံးဝ မချန်ရ။ ဘာမျှ မကျန်အောင် လုပ်ပစ်ရသည်။

ဥပုသ်နေ့မှာလည်း ရှေးက အစဉ်အလာ အရ ပေါ်ပေါက်လာဟန် တူသည်။

ထိုကဲ့သို့ ရက်သတ္တပတ် ကုန်ဆုံးသော နေ့တွင် ဥပုသ်သီလ စောင့်ထိန်းခြင်းသည် ဟေဗြဲ လူမျိုးများ အီဂျစ်ပြည်မှ ထွက်မြောက်ခြင်း မတိုင်မီကပင် တည်ရှိခဲ့သော အစဉ်အလာ ဖြစ်သည်။

ရှေးအခါ ကာလကတည်းက သတ္တမမြောက် နေ့ကို အနား ယူပြီး ကောင်းမှု ကုသိုလ် ပြုရာ နေ့ အဖြစ် သတ်မှတ် ထားခဲ့ကြလေသည်။ ဘုရားသခင်ကို ကြည်ညိုသော နေ့ ဟူ၍ သဘော ထားခဲ့ကြသည်။ ရှေးကတည်းက စတင်လာခဲ့သော ပွဲသဘင် တစ်ခုမှာ လဆန်းရက် ပွဲတော် ဖြစ်သည်။

နောက်ပွဲမှာ သိုးမွေးညှပ် ပွဲတော်။ ရဟူဒီ အရေပြားလှီး မင်္ဂလာပွဲ (ဆီးမိုက်နှင့် ဆီးမိုက် အနွယ် လူမျိုးတိုင်း ပြုလုပ်သော ပွဲ ဖြစ်သည်။ အမျိုးသား ကလေးများ၏ အင်္ဂါ စပ် အရေပြား လှီးခြင်း မင်္ဂလာ ဖြစ်သည်။)၊ စစ် မထွက်မီ အစားအသောက်နှင့် ပတ်သက်သော တားမြစ်ခြင်းနှင့် သွေးဖြင့် လက်စားချေခြင်း ဓလေ့ထုံးစံများ အားလုံးသည် ရှေးကတည်းက စတင်လာခဲ့သော အစဉ်အလာ ပွဲသဘင်များ၊ ဓလေ့ ထုံးစံများ ဖြစ်ကြသည်။

သို့ဖြစ်ရာ မိုးဇက်၏ ဘာသာသည် ရှေးကျသော လူရိုင်းခေတ် ယုံကြည် ကိုးကွယ်မှုမှ ပို၍ ကိုယ်ကျင့်တရား ကျင့်ထုံးများ ဖွံ့ဖြိုးလာသော ဘာသာ ယုံကြည် ကိုးကွယ်မှုသို့ တိုးတက် ပြောင်းလဲလာသော ဘာသာ ယုံကြည် ကိုးကွယ်မှုဟု ဆိုနိုင်ပေသည်။

ထိုအချိန်အထိ လူများသည် ယာဝေး နတ်ဘုရားကို သန့်သန့်ရှင်းရှင်း ကိုးကွယ် ဆည်းကပ်ခြင်း၌ အသင့်ပြင်ဆင်ပြီး မဖြစ်သေးခြင်း သဘောကို ဆိုင်းနိုင်း တောင်ခြေ၌ ဖြစ်ပွားခဲ့သော *အာရွန်* [၁] ၏ ဝတ္ထုကြောင်း အရ သိသာ ထင်ရှားပေသည်။

ထိုဝတ္ထုကြောင်း အရ မိုးဇက်သည် ဆိုင်းနိုင်း တောင်ပေါ်သို့ တက်သွားရာ နေ့ပေါင်း ညပေါင်း ၄၀ ကြာ တောင်ပေါ်မှ ပြန်ဆင်းမလာဘဲ နေခဲ့လေသည်။ ထိုအခါ လူအများမှာ အငြိမ် မနေနိုင်ဘဲ ဆိုဆုံးမရ ခက်နေလေတော့၏။

လူထုက မိုးဇက်သည် တောင်ပေါ်မှ ပြန်ဆင်းလာရန် ကြန့်ကြာနေသည်ကို တွေ့ကြရသော အခါ လူအများသည် အာရွန်၏ အနီးသို့ ဝိုင်းဝန်း ရောက်ရှိ လာကြပြီးလျှင် အာရွန်အား ပြောဆိုကြလေသည်။

'လာ၊ ငါတို့ ကိုးကွယ်ရန် အတွက် နတ်ဘုရား တစ်ပါးကို ပြုလုပ်ပေးပါ၊ အဘယ်ကြောင့်ဆိုသော် မိုးဇက်သည်လည်း ငါတို့ကို ဤနည်းအတိုင်း လုပ်ပေးခဲ့ပေသည်၊ မိုးဇက်သည် ငါတို့အား အီဂျစ် နိုင်ငံထဲမှ ထုတ်ယူလာခဲ့သူ ဖြစ်၏၊ ယခု သူ ဘာဖြစ်နေသည်ကိုလည်း ငါတို့ မသိရပေ'

ထိုကြောင့် အာရွန်က ထိုလူများကို ပြောဆိုလေသည်။

'ဤသို့ဆိုလျှင် သင်တို့ ဇနီး မယားများ နားမှာ ဝတ်ဆင်ထားသော ရွှေနားကွင်းများကို လည်းကောင်း၊ သားများထံက ရွှေလက်စွပ်များကို လည်းကောင်း၊ သမီးများထံက ရွှေနားကွင်းများကို လည်းကောင်း ချွတ်ယူခဲ့ကြကုန်လော့'

ထို့ကြောင့် လူအများသည် မိမိတို့ နားမှာ ပန်ဆင်ထားသော ရွှေနားကွင်းများကို လည်းကောင်း၊ သားသမီး ဇနီး မယားထံမှ ရွှေလက်စွပ်၊ နားကွင်းများ အားလုံးကို လည်းကောင်း ချွတ်ယူခဲ့ကြပြီးလျှင် အာရွန်အား ပေးအပ်ကြလေသည်။

အာရွန်လည်း ရွှေများကို လက်ခံယူပြီးလျှင် အရည်ကျိုကာ နွားသိုး ပုံစံ ဆင်းတု တစ်ခုကို သွန်းလုပ်လေသည်။ ထိုနောက် ဤသို့ ဆိုလေသည်။

'အို ဣသရေလတို့၊ ဤတွင် သင်တို့၏ နတ်ဘုရား ရုပ်ကို ရပြီ၊ သင်တို့အား အီဂျစ်ပြည်က ခေါ်ထုတ်၍ ယူဆောင်လာသော နတ်ဘုရား၏ ဆင်းတုကို ရပြီ' ဟု ဆိုလေသည်။

ဤအဖြစ်ကို မြင်သော် အာရွန်လည်း ထိုအရုပ် ရှေ့တွင် ယဇ်ပလ္လင် တစ်ခုကို တည်ဆောက်၏။ ထိုနောက် အာရွန်က ကြေညာလေသည်။

---

၁။ Aaron

'နက်ဖြန်ခါ ဘုရားသခင်ကို ပူဇော်သော ပွဲကြီး တစ်ပွဲကို ဆင်ယင် ကျင်းပကြမည်'

ထို့ကြောင့် နောက်နေ့တွင် လူတို့သည် အိပ်ရာမှ စောစောစီးစီး ထကြပြီးလျှင် မီးမြှိုက်ထားသော လှူဖွယ်ဝတ္ထုတို့ကို ပသ၍ ပူဇော်ကြ၏။ ကျေးဇူးတော်ကို ချီးမွမ်းကြ၏။ လူများလည်း ထိုင်လျက် စားပွဲ သောက်ပွဲကို ကျင်းပကြ၏။ ထိုနောက် ထ၍ ပျော်ရွှင် မြူးထူးစွာ ကခုန်ကြလေ၏။

ထိုအခါ ဘုရားသခင်က မိုးဇက်အား အမိန့် ရှိ၏။

'ခုချက်ချင်း တောင်ပေါ်မှ ဆင်းလော့၊ သင်က အီဂျစ်ပြည်မှ ထုတ်ယူလာခဲ့သော သင့် လူများသည် ယခုအခါ အလွန် ယုတ်ညံ့သော အမှုများကို ပြုလုပ်နေကြပြီ'

မိုးဇက်လည်း ထိုအခါ လှည့်၍ တောင်ပေါ်မှ ပြန်ဆင်းခဲ့လေတော့၏။

ရွက်ဖျင် တဲစခန်း အနီးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် သူသည် နွားရုပ်တုကို လည်းကောင်း၊ ကခုန် မြူးထူး ပျော်ပါး နေကြသည်ကို လည်းကောင်း မြင်တွေ့ရလေ၏။ ဤတွင် မိုးဇက်လည်း အကြီးအကျယ် ဒေါသ အမျက်ထွက်လေ၏။

ထိုအခါ ပညတ်တော်များ ပါရှိသော ကျောက်ပြားများကို သူ သယ်ဆောင်လာရာမှ လွှင့်ပစ်လိုက်၏။ ကျောက်ပြားများလည်း တောင်ခြေရင်းတွင် ကျိုးပဲ့၍ ကျ၏။

ထိုနောက် သူသည် သူတို့ ပြုလုပ်ထားသော ရွှေနွားရုပ်ကို ယူပြီးလျှင် မီးရှို့၏။ မီးရှို့ပြီးနောက် အမှုန့် ဖြစ်သွားအောင် ထုထောင်း ခြေဖျက်ပစ်၏။

ထို့နောက် ထိုအမှုန့်များကို ရေမျက်နှာပြင်ပေါ်သို့ ကြဲဖြန့်ပစ်လိုက်လေ၏။

ထို့နောက် မိုးဇက်က အာရွန်အား ပြော၏။

'ဒီလူတွေက မင်းကို ဘာလုပ်ခိုင်းလို့ မင်းက ဒီလောက်ကြီးကျယ်တဲ့ အပြစ်ကို ကျူးလွန်ရတာလဲ'

အာရွန်က ဆို၏။

'ကျွန်ုပ်အား ဘုရားသခင်သည် အမျက် မထွက်ပါစေလင့်၊ ဤလူမျိုးများသည် မည်မျှလောက် ဆိုးသွမ်းကြသည်ကို သင်လည်း သိပြီး ဖြစ်ပါ၏၊ သူတို့က အကျွန်ုပ်ကို ပြောကြသည်ကား ငါတို့ ရှေ့ဆက် ကိုးကွယ်ရန် အတွက် နတ်ဘုရားကို စီမံပေးပါ ဟူ၍ ဖြစ်၏၊ ထိုအခါ ကျွန်ုပ်က သူတို့အား ရွှေ ရှိသော သူတိုင်း ထိုရွှေများကို ကိုယ်မှ ချွတ်၍ ယူခဲ့ကြဟု ပြောသည်၊ ထိုရွှေများကို ယူလာပြီး ကျွန်ုပ်အား ပေးကြသော အခါ ကျွန်ုပ်သည် ထိုရွှေများကို မီးထဲ ထည့်၍ မီးရှို့သည်၊ ပြီးနောက် ထိုနွားရုပ် ဖြစ်ပေါ်လာပါသည်'

ဤကဲ့သို့ အယူ ဖောက်ပြန်ခြင်းမျိုးသည် လာမည့် အနာဂတ် ကာလတွင်လည်း ခဏ ခဏ မဖြစ်ပျက်သော အရာမျိုး မဟုတ်ခဲ့ပေ။

## ၃။ ယာဝေး ဘုရားသခင်နှင့် *ဘားလ်* [၁] များ

နှစ်ပေါင်း များစွာ ကြာမြင့်သည့်တိုင် ကန္တာရ တောထဲတွင် လှည့်လည် သွားလာနေကြရင်း (အစဉ်အလာ စကား အရ အနှစ် လေးဆယ် ကြာသည် ဆို၏။) အီဂျစ်ပြည်မှ ထွက်မြောက်လာခဲ့ကြသော ဟေဗြဲ လူမျိုးများသည် အင်အားကြီးမားလာပြီဟု ခံစားလာကြပေသည်။ ထိုအခါ ကနန်နီးကို ဝင်ရောက် တိုက်ခိုက် ကျူးကျော် သိမ်းပိုက်ရန် လိုလားလာခဲ့ကြလေသည်။

'အောင်နိုင်ခြင်း' အကြောင်း ဇာတ်လမ်းကို *ဂျိုရှဝါး* [၂] အကြောင်းနှင့် တရားသူကြီး ကျမ်းပါ အကြောင်း အရာများ ပြောရုံဖြင့် ထိုဇာတ်လမ်းကို ပြန်လည် တည်ဆောက်ရန် မလွယ်ကူပေ။ ထိုကျမ်းများ အရ ဟေဗြဲ လူမျိုးများ၏ အဓိက တိုက်ခိုက်မှုများကို ဂျိုးဇက်၏ လူမျိုးစုက ဦးဆောင်ခဲ့သည်ဟု ဆိုသည်။ ဂျိုရှဝါး ဗိုလ်ချုပ် အဖြစ် ဆောင်ရွက်မှု အောက်တွင် ဂျော်ဒန် မြစ်ကို ဖြတ်ကျော်နိုင်ရန် အတွက် တိုက်ခိုက်ခဲ့ကြသော *အက်ဖရီယမ်* [၃] နှင့် *မနာဆေး* [၄] တို့သည် ဂျယ်ရီကို မြို့ကို သိမ်းပိုက်ကြပြီးလျှင် ဂျယ်ရီကိုကို အခြေခံကာ သူတို့၏ ပါလက်စတိုင်း အလယ်ပိုင်း အထိ တိုက်ခိုက် အောင်မြင်မှုကို စက်ဖြန့်နိုင်ခဲ့ကြလေသည်။

၁။ Baals
၂။ Joshua
၃။ Ephrian
၄။ Manassch

အချိန်ကိုက်ပင် *ရှေချမ်း* [၁] ကို သိမ်းပိုက်နိုင်ခဲ့လေသည်။ *ရှီလော့* [၂] နှင့် *ဆမားရီယား* [၃] တို့ကိုလည်း သိမ်းပိုက်ပြီးနောက် အလယ်ပိုင်း နယ်မြေ တစ်ခုလုံးကို ထိန်းချုပ်နိုင်ခဲ့ကြလေသည်။ တောင်ဘက်မှ ကျူးကျော် တိုက်ခိုက်ခဲ့ကြရာ သူတို့သည် *ဂျူဒါ* [၄] နှင့် *ဆီမီယွန်* [၅] ကို လည်းကောင်း၊ မြို့ရိုး ကာထားသော ဂျေဘူဆိုက်မြို့ တည်ရှိရာ အရပ်နှင့် နယ်ချင်း စပ်လျက် ရှိသော ကုန်းမြင့်ပိုင်းကိုလည်းကောင်း သိမ်းပိုက်နိုင်ခဲ့ကြလေသည်။

ဤသို့ တိုက်ခိုက်ခဲ့ကြရာတွင် သူတို့ကို တောင်ဘက်အရပ်မှ ဟေဗြဲ မဟုတ်သော *ကင်နိုက်* [၆] လူမျိုးများက ကူညီ အားပေးခဲ့ကြလေသည်။ လူမျိုးစု နှစ်ခု ဖြစ်သော *ရူဘင်* [၇] နှင့် *ဂါဒ်* [၈] တို့ကလည်း ဂျော်ဒန်မြို့ အရှေ့ဘက်က နောက်ကျောမှ ရပ်တည်ပေးသည်။

အခြား လူမျိုးများကလည်း သူတို့ ဘာသာ ကန်နန်းမြောက်ပိုင်းကို ဖြတ်ကျော်၍ သွားသည်။ သူတို့၏ လမ်းတွင် တိုက်ခိုက်မှုများ နည်းပြီး နယ်မြေ ပြောင်းရွှေ့ နေထိုင်သည့် သဘောက ပိုသည်။ သူတို့သည် တဖြည်းဖြည်းနှင့် အက်စဒရေလွန် မြေပြန့်ကို ထိုးဖောက် ဝင်ရောက်ပြီး မြောက်ပိုင်း နိုင်ငံသို့ ထိုးဝင်သွားကြလေသည်။

တောင်ဘက် အရပ်တွင် အခြေချ နေထိုင်မှု ပျက်ပြားခဲ့ပြီးနောက် ဒန်းတို့သည် နောက်ဆုံးတွင် မြောက်ဘက်အစွန်ဆုံးရှိ နယ်မြေကို သိမ်းပိုက်ခဲ့ကြလေသည်။

ထို့နောက် ဇဘူလွန်တို့က အနောက်မြောက်ဘက်ရှိ ဖိုနီးရှန်း ကမ်းခြေဘက်သို့ ဆက်သွားကြပြီးလျှင် ထိုအရပ်ရှိ ဟာစ်တိုက် လူမျိုးများနှင့် ငြိမ်းချမ်းစွာ နေထိုင်ရေး အတွက် ချစ်ကြည်ရေး စာချုပ်ကို ချုပ်ဆိုခဲ့ကြလေသည်။

ထိုအချိန်တွင် *အီဆာရှား* [၉]၊ *အက်ရှား* [၁၀] နှင့် *နဿဖ်တာလီ* [၁၁] အစ ရှိသော အခြား လူမျိုးစုများမှာ ကန်နန်းလူမျိုးများ၏ အုပ်စိုးမှု အောက်တွင် လယ်ယာ သူရင်းငှားအလုပ်သမား ဘဝဖြင့် နေရခြင်းကို ကျေနပ် နှစ်သိမ့်၍ နေကြလေသည်။ ကင်နန်းနိုက် လူမျိုးများသည် *ဂါလီလီရေအိုင်* [၁၂] အနီးရှိ မြို့ရိုး တံတိုင်းခတ် ထားသော မြို့များတွင် နေထိုင်ကြသူများ ဖြစ်ကြလေသည်။ နယ်မြေများကို တိုက်ခိုက် သိမ်းပိုက်သော လုပ်ငန်းစဉ်တွင် တချို့သော လူမျိုးစုများသည် ဝါးမျိုခံရပြီး ကွဲပြား လွင့်ပျောက် ကုန်ကြလေသည်။ *ဆီမီယွန်* [၁၃] နှင့် *ဘင်ဂျမင်* [၁၄] လူမျိုးစုများ ကဲ့သို့ ဖြစ်၏။

အစဉ်အလာ အရ ဤသည်မှာ ရှည်လျားသော ဖြစ်စဉ် တစ်ခု ဖြစ်ကြောင်းကိုမူ ဖုံးကွယ်ခြင်း မရှိပေ။ ကန်နန်းလူမျိုးများသည် ၎င်းတို့ နေထိုင်ရာ မြို့များနှင့် ရွာများကို ခိုင်ခံ့သော မြို့ရိုး တံတိုင်းများဖြင့် ကာရံထားကြလေသည်။ ၎င်းတို့မှာ စစ်ရထားများလည်း ရှိသည်။ ထို့ပြင် ဟေဗြဲတို့၏ ရှေးကျသော လက်နက် ပစ္စည်းများထက် သာလွန်သော လက်နက်ကောင်းများလည်း ရှိကြလေသည်။ ဂျေရုဆလင်မြို့ တည်ရှိရာ ကုန်းမြင့်ပေါ်တွင် အင်အား ကြီးသော ဂျေဘူဆိုက် လူမျိုးစုများသည် ကျောက်အုတ်တို့ဖြင့် ကာရံထားသော မြို့ရိုး တံတိုင်းကြီးများ ရှိသော မြို့များတွင် လုံခြုံစွာ နေထိုင်ခဲ့ကြလေသည်။ သူတို့သည် ဟေဗြဲ လူမျိုးများ၏ တိုက်ခိုက်လာမှု မှန်သမျှကိုလည်း တွန်းလှန် ဖယ်ရှားပစ်ရန် ဆုံးဖြတ်ထားကြလေသည်။ ထိုကဲ့သို့ သူတို့ နေလာခဲ့ကြသည်မှာ အနှစ် နှစ်ရာခန့် ကြာမြင့်ခဲ့လေသည်။

အခြား နေရာများ၌ ဟေဗြဲ လူမျိုးများ အနေနှင့် မိမိတို့ သိမ်းပိုက် ရရှိထားသော အကာအရံ မရှိသော နေပြည်တော်များ၌ နေရခြင်းကိုပင် ကျေနပ် ရောင့်ရဲနေခဲ့ကြလေသည်။ အဘယ်ကြောင့် ဆိုသော် သူတို့၏ တိုက်ခိုက်မှုများကို ကန်နန်း လူမျိုးများက ပြန်လည် ခုခံ တိုက်ခိုက်ခဲ့ကြသောကြောင့် ဖြစ်၏။ သို့ရာတွင် ဘယ်နည်းနှင့်ပဲ ဖြစ်ဖြစ် ဟေဗြဲ လူမျိုးများသည် သူတို့ ကိုယ်ပိုင် နယ်မြေ ရရှိအောင်ကား ဆောင်ရွက်နိုင်ခဲ့ကြလေသည်။

သို့ရာတွင် သူတို့၏ နယ်မြေ ပိုင်ဆိုင်မှုသည် စိတ်ချရလောက်အောင် လုံခြုံမှု မရှိခဲ့ကြပေ။ သူတို့၏ ပြင်ပမှ ရန်သူများကို လုံးဝ ချေမှုန်းနိုင်မှသာ စိတ်ချလက်ချ နေနိုင်ကြပေမည်။

ဤသို့ ဖြစ်ရန်မှာ အလွန် ကြာမြင့်စွာ တိုက်ခိုက်ရန်းကန်နိုင်မှသာ ဖြစ်နိုင်ပေသည်။

အရှေ့ဘက်ရှိ သူတို့၏ ဆီမိုက် ရန်သူများ၊ အက်ဒိုမိုက် လူမျိုးစုများ၊ မိုအာဘိုက် လူမျိုးစုနှင့် အမ္မိုနိုက် လူမျိုးစုများကလည်း အမြဲတမ်း သူတို့ နေထိုင်သော နယ်မြေ

---

၁။ Shechem ၂။ Shiloh ၃။ Samaria
၄။ Judah ၅။ Simeon ၆။ Kenite
၇။ Reuban ၈။ Gad ၉။ Issachar
၁၀။ Asher ၁၁။ Naphtali
၁၂။ Lake of Galilee

၁၃။ Simeon
၁၄။ Benjamin

ထဲသို့ ဝင်ရောက်နိုင်ရန် အတွက် နှောင့်ယှက်လျက် ရှိကြလေသည်။

သို့သော် ကြောက်စရာ အကောင်းဆုံး ရန်သူများမှာ ပါလက်စတိုင်း လူမျိုးများ ဖြစ်ကြသည်။ ၎င်းတို့သည် ဆီးမိုက် မဟုတ်သော လူမျိုးများ ဖြစ်ကြသည်။ သူတို့သည် အနောက်တောင်ပိုင်း ကမ်းခြေ မြေပြန့် ဒေသသို့ မြေထဲပင်လယ် ကျွန်းများမှ ရောက်ရှိလာကြသူများ ဖြစ်ကြ၏။ ထိုလူမျိုးများ၏ မူလ နေထိုင်ရာ အရပ်သည် ကရိကျွန်းများ ဖြစ်ကြလေသည်။ ထိုကျွန်းများမှ သူတို့ကို မောင်းထုတ် ခံကြရသော အခါ သူတို့သည် ပင်လယ် ဓားပြများ ဖြစ်လာကြလေသည်။ သူတို့သည် ဟေဗြဲ လူမျိုးများ အီဂျစ်နိုင်ငံမှ ထွက်ပြေးစဉ် အခါက ကူညီ အားပေးခဲ့ကြဟန် တူသည်။ သူတို့သည် ကိုလိုနီ နယ်မြေ ထူထောင်ရန် မြောက်ဘက် အရပ်သို့ သွားပြီး ထို ကိုလိုနီကို တောင်ပိုင်း ပါလက်စတိုင်း ကမ်းခြေမှာ ထူထောင်နိုင်ခဲ့ကြလေသည်။

တဖြည်းဖြည်းနှင့် သူတို့သည် ကုန်းတွင်းပိုင်းသို့ ပြန့်နှံ့ သွားခဲ့ကြလေသည်။ ထိုနောက် ခိုင်ခံ့စွာ တည်ဆောက်ထားသော မြို့ငါးမြို့ကို ကျောထောက် နောက်ခံ ပြုပြီးလျှင် သူတို့သည် တောင်ကုန်းများပေါ်သို့ တက်တိုက်ကြလေသည်။ ဟေဗြဲ လူမျိုးများလည်း မျိုးဆက် များစွာ ကြာမြင့်သည့်တိုင်အောင် သူတို့နှင့် တိုက်ခိုက်၍သာ နေခဲ့ကြရပေရာ တစ်မျိုးနှင့် တစ်မျိုး စိတ်ဝမ်း ကွဲပြားသွားကြလေတော့သည်။

ဤ ဝတ္ထုကြောင်းကို ယခုအခါ သမိုင်း ပညာရှင်များက ပြင်ဆင် ဖြည့်စွက်ခြင်းများ ပြုလုပ်ထားကြပြီ ဖြစ်၏။

သူတို့က အီဂျစ်ပြည်မှ ထွက်မြောက် လာခဲ့ကြသော ဟေဗြဲ လူမျိုးများကိုသာ ကျဉ်းမြောင်းစွာ သတိ ပြုခဲ့ကြလေသည်။ ယခုအခါ ကန်နန်း မြို့ကို ထွက်မြောက်လာသူများ မဟုတ်ကြသော ဟေဗြဲ လူမျိုးများက ကျူးကျော်ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်း အကြောင်းမှာ သက်သေ ထင်ရှား ပေါ်လွင်လာပြီ ဖြစ်၏။

ဤ သက်သေခံ အထောက်အထားကို *တယ်လ်-အယ်လ်-အမာနာ အုတ်ခွက်စာ* [၁] ဟု လူသိများသော ၁၈၈၇ ခုနှစ်က အီဂျစ်ပြည်တွင် လယ်သူမ တစ်ဦး တွေ့ရှိခဲ့သော အုတ်ခွက် အရ သိရှိရခြင်း ဖြစ်၏။ ထိုအုတ်ခွက်စာသည် အီဂျစ် ပြည်နယ် ဘုရင်ခံ၏ လက်အောက်ခံ ပြည်နယ် အရာရှိ တစ်ဦးက ကန်နန်းမြို့ရှိ ဖာရိုး ဘုရင်ထံသို့ ပေးပို့ခဲ့သည့် စာဟု ယူဆရသည်။

ဘီစီ ၁၄၀၀ မှ ၁၃၅၀ ခုနှစ်များ အတွင်းက ရေးသားပေးပို့ခဲ့သော စာ ဖြစ်သည်။ ထိုစာထဲတွင် *ဟာဘီရီ* [၂] ဟု ခေါ်သော နယ်ခြား ကျူးကျော်သူ လူမျိုးများ၏ ရန်ကို ကာကွယ်ရန် အကူအညီ တောင်းသည့် စာ ဖြစ်ကြောင်း တွေ့ရှိရသည်။ ထိုကျူးကျော်သူများသည် အရှေ့ဘက်နှင့် အရှေ့မြောက်ဘက် အရပ်မှ လာကြပြီး နယ်စပ်ကို ကျူးကျော် တိုက်ခိုက်ကာ တစ်နိုင်ငံလုံးကို သိမ်းပိုက်ရန် ခြိမ်းခြောက် နေခဲ့ကြလေသည်။

စာထဲတွင်

'အရှင်မင်းကြီး၊ ယခုအခါ အရှင်မင်းကြီး ပိုင်ဆိုင်သော နယ်မြေမှာ လက်ကျန် မရှိတော့သလောက် ဖြစ်နေပါပြီ၊ ဟာဘီရီတို့သည် အရှင်မင်းကြီး၏ ပိုင်နက်နယ်မြေမှန်သမျှကို အလုံးအရင်းနှင့် ဝင်ရောက် တိုက်ခိုက်နေကြပါပြီ။

'ဘုရင်၏ ပိုင်နက် နိုင်ငံတော်မှာ ဟာဘီရီတို့၏ လက်အောက်သို့ ကျရောက်လျက် ရှိနေပါပြီ၊ ယခုအခါမှာလည်း ဘုရင်၏ မင်း နေပြည်တော် ဖြစ်သော ဂျေရုဆလင်မြို့ နိုင်ငံတော်ကြီးလည်း ကီလား လူမျိုးတို့၏ လက်တွင်းသို့ ကျရောက်သွားပါပြီ၊ အကယ်၍ အငှား စစ်သား စစ်ကူများကိုသာ မရရှိပါက ဘုရင်မင်းကြီး၏ နိုင်ငံတော် တစ်ခုလုံးသည် ဟာဘီရီတို့၏ လက်တွင်းသို့ ကျရောက် ဆုံးရှုံးရပါတော့မည်'

ဤကား တယ်လ်-အယ်လ်-အမာနာ အုတ်ခွက် စာတွင် ပါသော အီဂျစ်ပြည်က ပေးပို့သည့် အစီရင်ခံစာ ဖြစ်၏။ ဤဟာဘီရီ (နယ်စပ် ကျူးကျော်သူများ) ဟု ဖော်ပြထားသော စကားသည် ဟေဗြဲ (ရဟူဒီ) လူမျိုးများကို ရည်ညွှန်းသော စကား ဖြစ်သလော၊ အကယ်၍ ထိုသို့ ဖြစ်ပါမူကား လက်အောက်ခံ ပြည်နယ် အရာရှိများ၏ အလန့်တကြား ဖြစ်မှုသည် တဖြည်းဖြည်း လျော့ကျသွားခြင်း ဖြစ်နိုင်ဖွယ် ရှိပါသည်။ ဟာဘီရီတို့သည် တိုင်းနိုင်ငံ တစ်ခုလုံးကို နေ့ချင်းညချင်း သိမ်းပိုက်နိုင်ခြင်း မရှိပေ။ လူမျိုးစုများ၏ အရှိန်နှင့် တိုးဝင်လာခြင်းသည် အလုံးအရင်းနှင့် ဝင်ခြင်းမျိုး မဟုတ်ဘဲ စိမ့်ဝင်ခြင်းမျိုးသာ ဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် ကန်နန်း လူမျိုးများသည် ခံတပ်များကို အထပ်ထပ် တည်ဆောက် ထားခဲ့ကြသောကြောင့် ဖြစ်၏။

---

၁။ Tell-el-Amarna Letter

၂။ Habiri

ထိုပြင် ကန်နန်း လူမျိုးများသည် သူတို့ နေထိုင်ရာ မြို့ရွာများ အားလုံးကို မြို့ရိုး အုတ်ရိုးများဖြင့် ကာရံပြီး နေထိုင်ကြသူများလည်း ဖြစ်ကြသည်။ ကျူးကျော် ဝင်ရောက်လာသော လူမျိုးစုမှာမူကား လူများ နေထိုင် ပိုင်ဆိုင်ထားခြင်း မရှိသော တောင် ထူထပ်ရာ အရပ်များတွင် အခြေချ၍ ထူထပ်စွာ နေထိုင်ကြသူများ ဖြစ်ကြလေသည်။

နောက် ကာလ အတန်ငယ် ကြာသော အခါ အကယ်၍ ကျွန်ုပ်တို့၏ ယူဆချက်သည် မှန်ကန်ပါက အီဂျစ်မှ ထွက်မြောက်လာသော ဟေဗြဲ လူမျိုးများသည် မိုးဇက်၏ ယာဝေး ဘုရားသခင် အပေါ် ယုံကြည် သက်ဝင်မှု၏ အားပေး အားမြှောက်ပြုမှုကြောင့် ထိုဒေသတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီးလျှင် ဟာဘီရီ လူမျိုးစုများနှင့် စိတ်တူကိုယ်တူ ပူးပေါင်းကာ အရေးပါသော ကန်နန်း လူမျိုးများ၏ မြို့များကို အပြင်းအထန် ဝင်ရောက် တိုက်ခိုက်ကြလေတော့သည်။ နောက်ဆုံးတွင် သူတို့သည် ထိုဒေသရှိ တိုင်းနိုင်ငံ အားလုံး၏ အရှင်သခင်များ ဖြစ်လာကြလေတော့သည်။

ထို့အတူ အရေးပါသော အခြား တစ်ချက်မှာ ဟာဘီရီ လူမျိုးစုများသည် ဟေဗြဲ လူမျိုးများ အပေါ် အထင် ကြီးလာကြပြီးလျှင် သူတို့ ကိုးကွယ်သော ယာဝေး ဘုရားသခင်ကိုပင် သူတို့၏ ဘုရားသခင် အဖြစ် ယုံကြည် ကိုးကွယ်ကြခြင်း ဖြစ်လေတော့သည်။

သို့ရာတွင် ဤကဲ့သို့ ဖြစ်ခဲ့ကြသည် ဆိုသော အချက် တစ်ခုတည်းသာလျှင် အီဂျစ်ပြည်မှ ထွက်မြောက် လာကြသော ဟေဗြဲ လူမျိုးများ၏ အောင်မြင်မှု တစ်ခုတည်း မဟုတ်သေးချေ။

နှစ်ပရိစ္ဆေဒ ကြာလာသော အခါ သူတို့သည် ၎င်းတို့၏ အိမ်နီးချင်း ကန်နန်း လူမျိုးများကိုရော၊ ၎င်းတို့၏ မဟာမိတ်များကိုရော၊ မိမိတို့ ကိုယ်တိုင်ကိုပါ နိုင်ငံ တစ်နိုင်ငံ လူမျိုး တစ်မျိုးတည်း အဖြစ် သွတ်သွင်းနိုင်ခဲ့ကြလေတော့သည်။

ပါလက်စတိုင်း လူမျိုးများ၏ ခြိမ်းခြောက်မှု တိုးပွားများပြားလာခြင်းသည် စိတ်ဝမ်း ကွဲပြားမှု၏ အကြောင်း ဖြစ်လာခဲ့လေသည်။ ထိုအကြောင်းကို မေ့ပျောက်၍ မရကြတော့ပေ။ အထူးသဖြင့် အနာဂတ်ကို ကြိုတင် သိမြင်သူ *ဆင်မျူဝယ်* [၁] နှင့် ပထမ ဘုရင် *ဆော်လ်* [၂] တို့၏ လက်ထက်တွင် ပါလက်စတိုင်း လူမျိုးများကို ၎င်းတို့၏ မူရင်းဒေသ ဖြစ်သော ပင်လယ် ကမ်းရိုးတန်း မြေပြန့်များဆီသို့ ပြန်လည် မောင်းထုတ်ရန် ကြိုးပမ်းမှုကြီးများကို ပြုလုပ်ခဲ့ကြလေသည်။

နောက်ဆုံးတွင် ဤ ကြိုးပမ်းမှုများ၏ အကျိုး ရလဒ်များ စတင် ဖြစ်ပေါ်လာခဲ့လေတော့သည်။

ဆောလ် ဘုရင် မတိုင်မီ ရှေးက မျိုးဆက်များ လက်ထက်က ပါလက်စတိုင်း လူမျိုးများသည် စစ်ပွဲတွင် ဘုရားသခင်နှင့် ပြုလုပ်ထားသည့် ပဋိညာဉ်များ ထည့်ထားသော သေတ္တာကြီးကို သိမ်းပိုက် ရရှိသွားကြစေကာမူ ထို ပါလက်စတိုင်းများက ကံဆိုး မိုးမှောင် ကျမည်ကို ကြောက်လန့်ကြသဖြင့် ထို သေတ္တာကြီးကို နွားလှည်း တစ်စီးပေါ်မှာ တင်ပြီး နယ်စပ်ကို ဖြတ်ကျော်ပြီး ပြန်ပို့လိုက်ကြလေသည်။ ထိုအချိန်တွင် သူတို့သည် စစ်ပွဲတွင် အထပ်ထပ် အရှုံးဒဏ်ကို ခံစားနေခဲ့ရပြီ ဖြစ်၏။

ဆောလ် ဘုရင်သည် *ဂီလ်ဘိုး တောင်ကုန်း* [၃] တိုက်ပွဲတွင် ရှုံးနိမ့်သွားသော အခါ သူ့ကိုယ်သူ သတ်သေသွားလေသည်။ သို့ရာတွင် အောင်နိုင်သူ *ဒေးဗစ်* [၄] သည် ပါလက်စတိုင်း လူမျိုးများကို နောက်ဆုံး၌ စစ်ရှုံးစေခဲ့သဖြင့် ၎င်းတို့၏ စစ်စိတ် စစ်မာန်များ ပျက်ပြားသွားရလေတော့၏။

ထိုသို့ ဖြစ်ပျက်နေစဉ်မှာပင် ယာဝေး ဘုရားသခင်၏ ဘာသာရေးသည် အပြောင်းအလဲ များစွာ ဖြစ်ပေါ်လျက်နေခဲ့လေ၏။ မပြောင်းလဲဘဲ တင်းခံနေသော အချက်များလည်း များစွာ ကျန်ရှိနေသေး၏။ ထို့နောက် ထိုးထွင်း သိမြင်မှု အသစ်များလည်း မြင့်မားစွာ ပေါ်ပေါက်လာလေသည်။ အကြီးအကျယ် ပြောင်းလဲမှုများတွင် ခြေသလုံးအိမ်တိုင် လှည့်လည် သွားလာ နေထိုင်ခဲ့ကြသော လူမျိုးများ အဖြစ်မှ လယ်ယာ လုပ်ငန်းကို အခြေချ လုပ်ကိုင်ကာ မြို့ရွာ တည်ထောင်၍ နေထိုင်သော သူများ အဖြစ် ပြောင်းလဲလာခြင်းလည်း တစ်ချက် ပါဝင်၏။

ဟေဗြဲ လူမျိုးများသည် သဲကန္တာရထဲမှ လာကြစဉ် အခါက သူတို့သည် ဖွံ့ဖြိုးပြီး ယဉ်ကျေးမှုနှင့် ဘာသာ ကိုးကွယ်မှု ရှိသူများ အဖြစ်သို့ ရောက်ရှိနေကြပြီ ဖြစ်၏။ ထိုသူများသည် ၎င်းတို့၏ အိမ်နီးနားချင်း လူမျိုးများထံမှာလည်း လေ့လာ သင်ယူစရာ များစွာ ရှိနေမည်မှာ သဘာဝကျပါသည်။

ကန်နန်း လူမျိုးများသည် ၎င်းတို့၏ လယ်ယာ စိုက်ပျိုးရေး ဘဝမှ ပေါ်လာသော သဘာဝ ကိုးကွယ်မှု ဘာသာကို ပြည့်ပြည့်စုံစုံ ထူထောင်ထားကြပြီးသူများ ဖြစ်ကြလေ

---

၁။ Samuel ၂။ Saul

၃။ Mt. Gilboa ၄။ David

သည်။ သူတို့ ကိုးကွယ်သော နတ်များမှာလည်း အများအားဖြင့် ထွန်ယက် စိုက်ပျိုး မွေးမြူရေး လုပ်ငန်းနှင့် ဆိုင်သော နတ်များသာလျှင် ဖြစ်ကြကုန်သည်။ ထိုသူတို့ကို လူတန်းစား အမည်အားဖြင့် 'ဘားလ်' ဟု ခေါ်ကြသည်။ ၎င်း ဘားလ်၏ အဓိပ္ပာယ်မှာ 'မြေပိုင်ရှင်' ဟု အဓိပ္ပာယ်ရသည်။

ယုံကြည်ချက် တစ်ခုမှာ မြေကွက် တစ်ကွက်သည် ဘားလ် မြေပိုင်ရှင် တစ်ဦး၏ ပိုင်ဆိုင်မှု အောက်သို့ ရောက်မှသာလျှင် ထိုမြေသည် မြေဆီ ဩဇာ ဖြစ်ထွန်းလာသည် ဟူ၍ ဖြစ်၏။ ထို ဘားလ် (မြေရှင်) သည် ထိုမြေကို သူ၏ နယ်နိမိတ် အတွင်း၌ ပဒေသရာဇ် မင်းများ အုပ်ချုပ်သလို အုပ်ချုပ်လေသည်။ ပဒေသရာဇ် ဘုရင်များလို အုပ်စိုးစေကာမူ သူကိုယ်တိုင်ကမူ ဘားလ်များကို အစိုးရသော အရှင်သခင် နှစ်ပါး၏ ကျေးတော်မျိုး ကျွန်တော်မျိုး အဖြစ်ပင် နေသည်။ ထို အရှင်သခင် နတ်နှစ်ပါးမှာ အချုပ်အခြာ ကျသော လှုပ်ရှားခြင်း ကင်းသော နတ် *အယ်လ်* [၁] နှင့် အမြင့်ဆုံးသော ကောင်းကင်ဘုံ (နတ်ဘုံ) တွင် နေတော်မူသော မုန်တိုင်း နတ်တို့ ဖြစ်ကြသည်။ မုန်တိုင်း နတ်သည် လှုပ်ရှားသော နတ် ဖြစ်သည်။ တန်ခိုး ငယ်သော နတ်များ အားလုံးကို အစိုးရသော နတ်ချုပ် ဖြစ်သည်။ သူ့ကို နတ်ဘုံ၏ မဟာ အုပ်စိုးသူ (ဣန္ဒာဒေဝ) ဟုလည်း ခေါ်ကြသည်။

အယ်လ် နတ်ဘုရား၏ ကြင်ရာတော်မှာ *အာရှီရတ်* [၂] ဖြစ်သည်။ ဟေဗြဲ လူမျိုးများက ထိုနတ်သမီးကို *အာရှဲရာ* [၃] ဟု ခေါ်ကြသည်။ ထို့ပြင် ထိုမဟာဘားလ်ကြီး အပါးတွင် သူ၏ အစ်မတော် *အာနသ်* [၄] လည်း ရှိသည်။ ထို့ပြင် မြေဩဇာ ကောင်းမွန်မှုနှင့် သီးနှံ ဖြစ်ထွန်းမှုကို ဖြစ်စေသော နတ်သမီး *အာစတာတယ်* [၅] လည်း ရှိသေးသည်။

ကောင်းကင်ဘုံရှိ နတ်များ၏ တန်ခိုးကို မြေပြင်ပေါ်တွင် မြေရှင် ဘားလ်များက လက်ခံရရှိသည့် အတွက် ထို ဘားလ် ပိုင်သော မြေသည် မြေဩဇာ ကောင်းမွန် ထက်မြက်လာရသည်ဟု အယူ ရှိကြလေသည်။ သို့သော် ဘားလ် မြေရှင် တစ်ဦးစီသည် သူ၏ လုပ်ငန်းခွင်တွင် မြေဆီဩဇာ ကောင်းမွန်အောင် လုပ်နိုင်ကြောင်းကို ကျွန်ုပ်တို့ တွေ့ရပေသည်။

ထို့ကြောင့် နောက်ဆုံးတွင် သူသည်ပင်လျှင် ကောက်ပဲ သီးနှံ၊ ဝိုင် အရက်ချိုနှင့် ဆီများကို ပေးသူ အဖြစ်သို့ ရောက်ရှိလာရပေတော့သည်။ ဥတု ရာသီ အပြောင်းအလဲများ၊ နွေဦးကာလ ရာသီ၊ နွေ ရာသီ၊ နွေနှောင်း ရာသီတို့ သည်လည်း ထိုဘားလ်၏ အသက် အပိုင်းအခြားနှင့် ဆက်နွယ်နေသည်ဟု ယူဆကြသည်။

ဘားလ် မွေးဖွားခြင်း၊ ဘားလ် ကြီးထွား ရှင်သန်ခြင်းနှင့် ဘားလ် သေဆုံးခြင်းကို မူတည်၍ ဥတုရာသီ ပြောင်းနေရသည်ဟု အယူ ရှိလေသည်။

ထိုဘားလ် သေဆုံးသော အခါ ဟင်းသီးဟင်းရွက်များလည်း နွမ်းခြောက် ပျက်စီးကြပြီးလျှင် သူ ပိုင်ဆိုင်ခဲ့သမျှ အရာတို့သည် သူ့အတွက် ပူဆွေးသောက ရောက်ကြရသည်ဟုလည်း ယူဆကြသည်။ သူ့ကို သတိရ အောက်မေ့ပြီး ငိုကြွေးခြင်း ပွဲကိုလည်း ကျင်းပကြသည်။ မြို့ရွာခရိုင်များတွင် ဆံပင်ကို ဖားလျား ချ၍ ပူဆွေးခြင်း ပွဲများကို ကျင်းပ ပြုလုပ်ကြသည်မှာ ထုံးစံ ဖြစ်နေလေသည်။ သူသည် နောက်တစ်ဖန် ပြန်လည် မွေးဖွားလာသော အခါ ဝမ်းမြောက်ခြင်း ပွဲလမ်းသဘင်များကိုလည်း ကျင်းပကြသည်။ ထိုပွဲတွင် သဘင်ပွဲ ဆင်နွှဲကြသူများသည် ပျော်ရွှင်မြူးထူး ကခုန်ကြခါ အနီးအနားရှိ နတ်ကွန်းများသို့ စုဝေးသွားကြသည်။ နတ်ပူးကြသည်။ ထိုသို့ နတ်ပူးကြခြင်းမှာ သူတို့ထံသို့ မြေဆီ ဩဇာ ထက်မြက် ကောင်းမွန်အောင် ပြုလုပ်ပေးသော နတ်တန်ခိုးများ ပြန်လည် ရောက်ရှိလာခြင်း အထိမ်းအမှတ် ဖြစ်သည် ဆို၏။

တစ်နိုင်ငံလုံးရှိ တောင်ထိပ်များ၊ တောင်ကြား ချိုင့်ဝှမ်းများ၊ စမ်းချောင်းများ၊ ရေတွင်းများတွင် များလှစွာသော ဘားလ် မြေပိုင်ရှင်များ ရှိကြောင်းကို အသိအမှတ် ပြုထားကြသည်။ ထိုနေရာတိုင်း၌ သူတို့၏ ဘုရား ဝတ်ပြုရာ နေရာများကိုလည်း သတ်မှတ် ပြုလုပ်ထားကြသည်။ မြင့်တက်နေသော ကုန်းမြေ၊ အုတ်ရိုး တံတိုင်း အတွင်းမှာ ဖြစ်စေ၊ သို့မဟုတ် အနီးအနားရှိ လွမ်းမိုးလျက် ရှိသော မြေမြင့်ပေါ်မှာ ဖြစ်စေ၊ မြို့တိုင်းမှာ ထိုမြို့၏ နာယက၊ ဘားလ်ကို ဂုဏ်ပြုသောအားဖြင့် သန့်ရှင်း စင်ကြယ်သော ဝတ်ပြုရာ အရပ်ကို သတ်မှတ်ထားကြသည်။ ထိုမြို့၏ အမည်နှင့် ထို ဘားလ်၏ အမည်ကို ရောယှက်၍ ဖော်ပြထားကြသည်။

ဤ မြင့်မြတ်သော နေရာများကို ကြီးကြပ် ကွပ်ကဲရသော နတ်ဆရာ ဘုန်းကြီးသည် အမိုးအကာ မရှိသော မြေကွက်တွင် ရှိခိုး ဝတ်ပြုပွဲများကို ဦးဆောင် ကျင်းပသည်။ ထိုမြေကွက်သည် နတ်ကွန်း တစ်ခုခုကို မျက်နှာမူလျက် ရှိသော မြေကွက် ဖြစ်သည်။ နတ်ကွန်းထဲတွင် နတ်ရုပ် တစ်ရုပ်လည်း ရှိတတ်သည်။ ထို နတ်ရုပ်ကို ရှိခိုး

---

၁။ EL ၂။ Ashirat ၃။ Asherah
၄။ Anath ၅။ Astarte

ဝတ်ပြုသူများက မှုန်ဝါးဝါးသာ မြင်ကြရသည်။ နတ်ကွန်း အပြင်ဘက်ရှိ ယဇ်ပလ္လင် အနီးတွင် ကျောက်တိုင် တစ်တိုင် လည်း ရှိသည်။ ထိုကျောက်တိုင်မှာ နတ်၏ လိင် နိမိတ် ဖြစ်သည်။ ထို့အတူ ထိုနေရာတွင် သစ်သားဖြင့် ပြုလုပ် ထားသော တိုင်တစ်တိုင်လည်း ရှိနိုင်သည်။ ၎င်းတိုင်ကို *အာရှရာ* [၁] ဟု ခေါ်သည်။ ထိုတိုင်သည် နတ်သမီးကို ကိုယ် စား ပြုသော သင်္ကေတ ဖြစ်သည်။

ထိုမှုန်မြတ်သော နေရာများတွင် နွားသိုး၏ ရုပ်တု များကိုလည်း ခင်းကျင်း ပြသထားကြသည်။ ထို့အတူ ပဉ္စလောဟာ သတ္တုဖြင့် သွန်းလုပ်ထားသော မြွေရုပ်များ လည်း ရှိသည်။ ဤအရုပ်များမှာ နတ်၏ မြေဩဇာ ထက် သန်၍ သီးနှံ အောင်မြင်မှုကို ပေးစွမ်းသော နတ်တန်ခိုးကို ဖော်ဆောင်သော လူကြိုက် များသည့် အမှတ်သင်္ကေတများ ဖြစ်ကြသည်။ ယဇ်ပူဇော် ပသပုံမှာလည်း နှစ်မျိုး နှစ်စား ရှိသည်။

(၁) ဆုလာဘ်ဖြင့် ပူဇော်ခြင်း - ၎င်းမှာ သီးဦး သီးဖျား၊ ပင်ဦးပင်ဖျားဖြင့် ပူဇော်ခြင်း ဖြစ်သည်။ စိုက်ခင်းထဲမှ ထွက်သော ပထမဆုံး အသီး၊ ပထမဆုံး ပေါက်သော အပင်ဖြင့် ပူဇော်ခြင်း ဖြစ်သည်။ သို့ မဟုတ် ယဇ်ပလ္လင်ပေါ်တွင် တိရစ္ဆာန်၏ အသားကို မီးရှို့၍ ပူဇော်ခြင်းလည်း ဖြစ်သည်။

(၂) သောက်စားပွဲ မင်္ဂလာဖြင့် ယဇ် ပူဇော်ခြင်း - ဤ ပူဇော်ပွဲတွင် နတ်နှင့် သူ့ကို ကိုးကွယ်သူများ အတူတကွ သောက်စား၍ ပူဇော်ခြင်း ဖြစ်သည်။ ဤသို့ဖြင့် ရိုးတွင်းခြင်ဆီကို သန်မာစေသည်ဟု ဆို သည်။

ထို့ပြင် အဓိကကျသော ပွဲတော် သုံးခုလည်း ရှိသေး သည်။ ထိုပွဲတော်များမှာ နွေဦးပေါက် ရာသီ ပွဲတစ်ခု၊ နွေဦး ကာလ ရာသီ ပွဲတစ်ခု၊ ဆောင်းဦးပေါက် ပွဲတစ်ခု ဖြစ် သည်။ ထိုရာသီ ပွဲများတွင် မြေဆီဩဇာကို ဖြစ်ထွန်းစေ သော နတ်သမီးများ၏ အခန်း ကဏ္ဍကို အထွတ်အမြတ် ထား၍ ကျင်းပကြလေသည်။

ထို နတ်သမီးများ အနက်တွင် အရေး အကြီးဆုံး နတ်သမီးမှာ *အာစတာတယ်* [၂] (ဟေဗြဲတို့၏ *အာရှ်တော ရက်သ်* [၃] နတ်သမီး၊ ဘေဘီလုံတို့၏ *အစ်ရှ်တာ* [၄] နတ် သမီးနှင့် အတူတူ) ဖြစ်သည်။ ထိုနတ်သမီးမှာ အီဂျစ်တို့ ကိုးကွယ်သော *အိုင်းစစ်* [၅] နတ်သမီးနှင့် လည်းကောင်း၊ ဂရိ လူမျိုးတို့၏ *ဒီမီတာ* [၆] နတ်သမီးနှင့် လည်းကောင်း၊ ရောမ တို့၏ *ဗီးနပ်* [၇] နတ်သမီးနှင့် လည်းကောင်း အရည်အသွေး များ အတူတူပင် ရှိသည်။

ထိုနတ်သမီးကို ပသရာတွင် ဆိုက်ပရပ်ရွက်၊ ခရ ဖင်လိမ်ပန်း အရွက်နှင့် ထန်းရွက်များသည် မွန်မြတ်သော သစ်ရွက်များ ဖြစ်ကြသည်။ ထိုသစ်ရွက်များသည် အမြဲ စိမ်း လန်းသော သစ်ရွက်များ ဖြစ်ကြသောကြောင့် ဖြစ်၏။ ထို နတ်သမီး၏ ကိုယ်စားပြု သင်္ကေတ ရုပ်တုများမှာ ဦးချို နှစ်ချောင်း ပါသော နွားမ ဖြစ်သည်။ သူမ၏ ပင်ကို နတ် သမီး အသွင်ဖြင့် ဖော်ပြရာတွင် ထို နတ်သမီး အရုပ်မှာ ကိုယ်လုံးတီး ဝတ်လစ်စားလစ် ဖြစ်သည်။ အာနာသ်နှင့် သူမ၏ အစ်မတော်တို့ကဲ့သို့ပင် ဖြစ်သည်။ ထိုနတ်သမီး များလည်း အက်စ်တာတယ် နတ်သမီးကဲ့သို့ပင် မြေဆီ ဩဇာကို ပေးသော နတ်သမီး ဖြစ်သည်။

သို့ရာတွင် သူမသည် အခါခပ်သိမ်း နူးညံ့ သိမ်မွေ့မှု၊ ကြင်နာမှုကို ပြသော သဘော မရှိတတ်ပေ။ တစ်ခါတစ်ရံ သူမသည် ထိန်းမနိုင် သိမ်းမရ ဖြစ်သောအခါ ကြမ်းကြုတ် ရက်စက်၍ ထကြွ သောင်းကျန်းသော အခါများလည်း ရှိ သည်။ ထိုအခါ အိန္ဒိယပြည်မှ ကာဠီ နတ်သမီးနှင့်လည်း သဘောချင်း တူသည်။ ကြမ်းကြုတ် ရက်စက်သော၊ မည်း နက်သော သဘောလည်း သူ့မှာ ရှိသည်။ တစ်ခါတစ်ရံ သူမ၏ လက်ထဲတွင် ဓားရှည်ကြီးကို ဆွဲကိုင်ထားတတ် သည်။ မြင်းပေါ်သို့ ဗလာကိုယ်တီးဖြင့် စီးနင်း လိုက်ပါ တတ်သည်။ ထိုနောက် သွေးစွန်းသော သတ်ဖြတ်မှုကို ပြု တတ်သည်။ ဤသို့ ဖြစ်ခြင်းမှာ လိင်သည် ကြမ်းကြုတ် သော သဘောရော၊ အသက်ဇီဝကို ပေးသော သဘောပါ ရှိ သောကြောင့် ဖြစ်နိုင်သည်။

ဤသဘောကို ဆက်စပ်သောအားဖြင့် သူမကို ရှိခိုး ပူဇော်ကြသော အခါ ကန်နန်း လူမျိုးများသည် ဝတ်ကျောင်း တော် အတွင်း ပြည့်တန်ဆာ အကျင့်ကို ကျင့်လေ့ ရှိကြ သည်။ သူမ၏ နတ်နန်းထဲတွင် ကျင်းပသော ပူဇော်ပွဲကို အမျိုးသားနှင့် အမျိုးသမီးတို့သည် ဤကိစ္စ အလို့ငှာ စုံတွဲ တက်ရောက် ဆင်နွှဲကြသည်။ ထိုထုံးစံကို *ကီဒက်ရှော* [၈] ဟု ခေါ်သည်။ 'ဘုရားကို လှူထားသော ပုဂ္ဂိုလ်များ' ဟု အဓိပ္ပာယ် ရသည်။

၁။ Asharah
၂။ Astarte
၃။ Ashtoreth
၄။ Ishtar
၅။ Isis
၆။ Deimeter
၇။ Venus
၈။ Kedeshoth

အာစတာတယ်နှင့် ဘားလ်တို့၏ နတ် လက်ထပ်ပွဲကို ကန်နန်း လူမျိုးများသည် နွေနှောင်း ရာသီတွင် ကျင်းပလေ့ ရှိသည်။

သူမသည် မြေဆီသြဇာ ဖြစ်၍ ဇနီး မယား ဖြစ်လာသည်။ သူက မြေ၏ အရှင်သခင် ဖြစ်၍ လင်ယောကျ်ား ဖြစ်လာသည်။ သူက သူမကို မြေဆီသြဇာ ပြည့်ဝ၍ သီးနှံ ထွန်းကားအောင် ပြုပေးသူ ဖြစ်သည်။

ဟေဗြဲ လူမျိုးများသည် ဤ အယူအဆများကို သိရှိလာကြသော အခါ ၎င်းတို့၏ အများစုကိုပင် သဘာဝ အလျောက် လက်ခံ ကျင့်သုံးကြောင်း တွေ့ရှိခဲ့ကြလေသည်။

ဟေဗြဲ လူမျိုးများ အနက် မြို့ရွာ လယ်ယာ လုပ်ငန်း ဖြင့် အခြေချ မနေဘဲ သိုးထိန်း နွားထိန်း ဘဝဖြင့် ဆက်လက်၍ လှည့်လည် သွားလာနေကြသူများသည် ယာဝေး ဘုရားမှ တစ်ပါး အခြား နတ်များ၏ ကူညီ မစမှုကို ဘာမျှ ယူနေစရာ မလိုဟု သိမြင် ခံစားကြသည်။

ယာဝေး ဘုရားသည် တောင်ပေါ်က မုန်တိုင်း နတ်ဘုရား ဖြစ်သည်။ ကန္တာရထဲမှာ လှည့်လည် သွားလာနေခဲ့ကြစဉ်က ထိုနတ်ဘုရားသခင်ကသာ သူတို့ကို ဦးဆောင် လမ်းညွှန်မှု ပေးခဲ့ကြသည်။ ထို့ပြင် စစ်ပွဲများတွင် လည်းကောင်း၊ ငြိမ်းချမ်းသော ကာလတွင် လည်းကောင်း အင်အား ပြည့်ဝစေခဲ့သော ဘုရားသခင် ဖြစ်သည်။

လက်တွေ့အားဖြင့်မူ သူတို့သည် လေ့လာစရာ များစွာ ရှိပေသေးသည်။ လယ်ယာ လုပ်ကိုင် စိုက်ပျိုးခြင်း အတတ်ပညာကိုလည်း သူတို့ထံမှ လုံးလုံးလျားလျား သင်ယူကြရပေဦးမည်။ ပညာရေးဆိုင်ရာ ကျွမ်းကျင် လိမ္မာမှု ရရှိအောင် ဆောင်ရွက်ရေး ကိစ္စသည် သူတို့ အတွက် ကြီးကျယ်သော ကိစ္စ တစ်ရပ် အဖြစ် တည်ရှိနေပေသေးသည်။

ဟေဗြဲ လယ်ယာ လုပ်ကိုင်သူများသည် သူတို့၏ ယာဝေး ဘုရားသခင် အပေါ် ယုံကြည် ကိုးကွယ်မှုကို မစွန့်ဘဲ ကန်နန်း လူမျိုးများနှင့် အတူ ကျေးလက် တောရွာများမှ တောင်ကုန်းများပေါ်သို့ သွားကြပြီးလျှင် ၎င်းတို့၏ သီးဦး သီးဖျားများဖြင့် ဒေသဆိုင်ရာ ဘားလ်များနှင့် အက်ရှ်တောရက်သ် နတ်သမီးကို ပူဇော် ပသကြသည်။ ဆုလာဘ် အတွက် ပူဇော်ဖွယ်ရာများနှင့် ငြိမ်းချမ်းရေး အတွက် ပူဇော်ဖွယ်ရာ များကိုလည်း ယူဆောင်သွားကြပြီးလျှင် ထိုပစ္စည်းများ အားလုံးကို မီးရှို့ ပူဇော်နည်းများကိုပါ လေ့လာ ဆည်းပူးကြလေသည်။

၎င်းတို့သည် အိမ်နီးနားချင်း ကန်နန်း လူမျိုးများ၏ ရာသီ ပွဲတော်များကိုလည်း လေ့လာကြသည်။ ထိုပွဲတော်များကို ဂျူးစပါးများ စတင် ရိတ်သိမ်းချိန်နှင့် နွေနှောင်း ရာသီတွင် ကျင်းပလေ့ ရှိကြသည်။

တဖြည်းဖြည်းနှင့် ယာဝေး ဘုရားသခင်သည် စိုက်ပျိုး မွေးမြူရေး လုပ်ငန်း တစ်ခုလုံးကိုလည်း စိုးမိုး အုပ်ချုပ်သည် ဆိုသော ယုံကြည်မှု ထွန်းကား လာလေသည်။ ဤ အမြင်သည် ပထမ အစတွင် ကုန်းမြင့် ဒေသများတွင် နေသူများနှင့် နယ်စပ် ဒေသများတွင် နေသူများ၌ စတင် ပေါ်ပေါက်ခဲ့သည်ဟု ယူဆရသည်။

ထိုဒေသများသည် ကောင်းကောင်း ဆိုးဆိုး ဘယ် အခြေအနေမျိုးပဲ ရောက်ရောက် မိုးဇက်၏ အစဉ်အလာ ယုံကြည်မှု အတိုင်းပင် နေခဲ့ကြသော ဒေသများ ဖြစ်ကြလေသည်။

ထို့အတူ ဘားလ်များကို ရှိခိုး ပူဇော်မှုကို လွတ်လပ်စွာ ပြုလုပ်နေကြသူများ၏ စိတ်တွင်လည်း 'ဤကဲ့သို့ ဘားလ်များကို ရှိခိုး ပူဇော်ခြင်းအားဖြင့် ငါတို့သည် ကောင်းကင်ဘုံ၏ ပိုင်ရှင် ဘားလ် ဖြစ်တော်မူသော ယာဝေး ဘုရားသခင်ကိုရော အက်ရှ်တောရက်သ် နတ်သမီး၏ နောက်၌ ဖြစ်သော တန်ခိုးများကိုပါ ရှိခိုး ကိုးကွယ်ရာ ကျသည်' ဟု အယူ ရှိလာကြလေသည်။

တရားသူကြီးများ၏ ခေတ်ကာလကမူ *ရှီလော့* [၁] ဒေသရှိ ယာဝေး ဘုရားသခင်၏ ဝတ်ကျောင်းတော်ထဲတွင် ပဋိညာဉ် ကျောက်ပြားများ ထည့်ထားသော သေတ္တာကြီး တစ်ခုတည်းကိုသာ ထားသည်။

နောင်အခါ ကာလတွင်မူ *ဒန်း* [၂] ရှိ *ဘက်သဲလ်* [၃] ဝတ်ကျောင်းတော်တွင် နွားသိုး ရုပ်များ (ရွှေနွား) များကိုပါ ယာဝေး ဘုရားသခင်၏ သင်္ကေတများ အဖြစ် ထားရှိ ကိုးကွယ်လာကြလေသည်။ ထိုအရာတွင် အဓိပ္ပာယ် တစ်ခုတည်းသာ ရှိနိုင်ပေသည်။ ၎င်းမှာ ယာဝေး နတ်ဘုရားသည် သူ လုပ်နေကျ လုပ်ငန်းများ အပြင် နွားသိုးဖြင့် ကိုယ်စားပြုထားသော အမှု ကိစ္စများကိုပါ ယခုအခါ အုပ်စိုးလိုက်သည် ဟူသော အဓိပ္ပာယ် ဖြစ်၏။

သဲကန္တာရ တစ်ခွင်တွင် ဟေဗြဲ လူမျိုးများကို ဦးဆောင် လမ်းပြ ပြုခဲ့သော ယာဝေး ဘုရားသခင်သည် ယခုအခါ လယ်ကွင်းများနှင့် ကျွဲနွားများသို့ အသီးအနှံနှင့် သားသမီးများ ပွားစည်းမှုကိုပါ ဆောင်ကြဉ်းနိုင်ကြောင်းကို သက်သေ ပြလိုက်ခြင်းပင် ဖြစ်၏။

---

၁။ Shiloh　　　၂။ Dan

၃။ Bethel

ယာဝေး ဘုရားသခင်သည် အနန္တော အနန္တ တန်ခိုးတော်ရှင် ဖြစ်သည် ဆိုသော အယူအဆ ပေါ်ပေါက်ရန် တာစူလျက် ရှိပြီ ဖြစ်၏။

ဤသို့ ထိုးထွင်း သိမြင်မှု အယူအဆ အပြောင်းအလဲမှာလည်း အမှန် မရှိ စိတ်မချရဘဲ ဖြစ်ပေါ်လာခြင်း ဖြစ်၏။ အချိန် အတန် ကြာသည့်တိုင် ယာဝေး ဘုရားသခင်သည် ဘားလ် ကိုးကွယ်မှု အယူဝါဒ နှင့် သမ မျှတစွာ ကြေကြေညက်ညက် ရောနှော ပေါင်းစပ်ခြင်း မပြုနိုင်ဘဲ ရှိခဲ့၏။ သို့သော် နောက်ပိုင်းကျတော့ ဘားလ် ကိုးကွယ်မှု အယူဝါဒ၏ ဝါးမြိုခြင်းကို ခံရ၏။ ထို အယူဝါဒ အောက်သို့ နစ်မြုပ်သွားလေတော့၏။

ကာလ ကြာမြင့်စွာ နေခဲ့ပြီးမှ ယာဝေး ဘုရားသခင် ကိုးကွယ်မှု အယူဝါဒ၏ လွှမ်းဆော်မှုကြောင့် ထိုဘုရားသည် ရှေးကထက်ပင် ကြီးကျယ် မြင့်မြတ်ကြောင်းကို ဖော်ပြရန်အတွက် ပြန်လှန် ပြောဆို ဟောကြားရန် အလို့ငှာ တမန်တော်များ ပွင့်ပေါ်လာကြလေတော့၏။

## ၄။ တမန်တော်များ၏ ပြန်လှန် ငြင်းဆို ဟောကြားချက်များနှင့် ပြုပြင် ပြောင်းလဲရေးများ

ဤဘာသာ အယူဝါဒထဲတွင် သဘာဝ တရားနှင့် ထာဝရ ဘုရားသခင်ကို ခွဲခြားထားသည်။

ဣသရေလတို့၏ ဤ အခြေအနေကို ဆန့်ကျင် တိုက်ခိုက်သောအားဖြင့် နောင်အခါ ပေါ်ပေါက်လာကြသော တမန်တော်များက ပြင်းထန်သော စစ်ပွဲများကို ဆင်နွှဲလာကြခြင်း ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် မိုးဇက် ယုံကြည် ကိုးကွယ်ခဲ့သော အထွတ်အမြတ် ထားသော ထာဝရ ဘုရားသခင်သည် အဆင့် နိမ့်သော ဒေသဆိုင်ရာ သဘာဝ စွမ်းအားစု နတ်များ အဖြစ်သို့ နိမ့်ချခြင်း ခံနေရပြီဟု သူတို့ မြင်လာကြသောကြောင့် ဖြစ်၏။

ဤအခြေအနေသည်ပင် ကြီးကျယ်သော တမန်တော်များ ပွင့်ထွန်းလာရသည့် ပင်မ အကြောင်းတရားကြီး ဖြစ်ပေတော့သည်။ ထိုတမန်တော်များသည် မကြာခဏ သူတို့ခေတ်၏ အယူအဆများကို ဆန့်ကျင် တိုက်ခိုက်သူများ ဖြစ်လာကြရလေသည်။

ယာဝေး ဘုရားသခင်ကို ဘားလ် နတ်ဘုရား ဖြစ်အောင် ကြိုးပမ်းမှု၏ အန္တရာယ် ရှိပုံကို ခေတ်သစ် ပညာရှင်အများက ကောင်းစွာ ဖော်ပြခဲ့ကြပေသည်။

ဤအန္တရာယ်ကို ယာဝေး ဘုရားသခင်ကို လယ်ယာ စိုက်ပျိုးရေးနှင့် ဆိုင်သော နတ်ဘုရား အဖြစ်သို့ ပြောင်းလဲခြင်း အန္တရာယ်ဟု ဆိုသင့်သည်။

ဘားလ် ဝါဒက သဘာဝ ဖြစ်ရပ်များကို နတ်များ၏ ဆောင်ရွက်ချက်များ အဖြစ် ရှုမြင်တတ်သည်။ သဘာဝ ရာသီစက်တွင် သီးနှံပင်များ ရှင်သန် ပေါက်ရောက်လာခြင်း၊ မှည့်ရင့်ပြီး သေဆုံးသွားကြခြင်း၊ မြေဆီ ဩဇာကို ပေးသော မိုး ရွာသွန်းခြင်း၊ မြေဆီလွှာကို ခြောက်သွေ့စေသော အပူ နေပူပြင်းခြင်း၊ ဥယျာဉ် ခြံမြေများရှိ သစ်သီးဝလံများ ကြီးထွားလာပြီး မှည့်ရင့်ခြင်း သို့မဟုတ် ထိုသီးနှံများကို သဘာဝ အင်အားစုများက ဖျက်ဆီးခြင်း၊ ထိုအခြင်းအရာ အားလုံးကို ဒေါသ အမျက် ထွက်တတ်သော နတ်များနှင့် အကျိုး ဆောင်တတ်သော နတ်များက ဖန်တီးကြသည်ဟု ယူဆကြသည်။

ထိုနတ်များကို ဓမ္မဟောင်း သမ္မာကျမ်းစာတွင် ဘားလ် နတ်များဟု ခေါ်ထားလေသည်။

ဤဘာသာ အယူဝါဒသည် သဘာဝကို ကိုးကွယ်သော အယူဝါဒပင် ဖြစ်သည်။ ထိုသဘာဝ ဖြစ်ရပ်များကိုပင် နတ် ခေါင်းတပ်၍ ရှိခိုး ကိုးကွယ်ကြခြင်း ဖြစ်သည်။ စစ်မှန်သော ယာဝေး အယူဝါဒသည် တစ်နည်းအားဖြင့် သမိုင်းကြောင်းကိုပင် ဘုရားသခင်၏ ဆောင်ရွက်ချက် အဖြစ် ယူဆသော အယူ ဝါဒ ဖြစ်သည်။

### ဟေဗြဲတို့၏ အနာဂတ်ကို ကြိုတင် ဟောကြားခြင်းများ၏ မူလ အစ

ကြီးကျယ်သော မဟာ တမန်တော်များသည် ကြိုတင် ပြင်ဆင်အပ်သော ကျောထောက်နောက်ခံ အခြေအနေ မရှိဘဲနှင့် ရုတ်တရက် ချက်ချင်း ပေါ်ထွန်းလာသော ထုံးစံ မရှိချေ။ ရှေးက ပေါ်ပေါက်ခဲ့ကြသော ရှေး အလျင် ကျသော တမန်တော်များက နောင် ပေါ်ပေါက်လာမည့် တမန်တော်

များ အတွက် လမ်းခင်း ပေးသွားတတ်ကြသည်။ ဤကနဦး တမန်တော်များသည် ဘီစီ ၁၀၀၀ တန်း မတိုင်မီ ကာလ တရားသူကြီးများ ခေတ်တွင် ပေါ်ထွန်းခဲ့ကြသူများ ဖြစ်ကြလေသည်။ ၎င်းတို့ကို 'နဗီ' များဟု ခေါ်ကြသည်။ ကခုန်နေကြသော အရှေ့တိုင်းမှ *ပသီ ဘိုးတော်* [၁] များကဲ့သို့ပင် သူတို့သည်လည်း တပသီ အကျင့်ကို ကျင့်ကြံ အားထုတ်ကြသူများ ဖြစ်သည်။ သူတို့၏ စိတ်ထဲတွင် ဘာသာရေး အမျက် ပြင်းထန်လာသော အခါ သူတို့ကိုယ်မှာ ယာဝေး ဘုရားသခင်၏ ဝိညာဉ်တော် အပြည့်အဝ ကိန်းအောင်းလာသည်ဟု ယူဆကြသည်။

ပထမ နဗီများသည် ဒေါသ အမျက်ဖြင့် တုန်လှုပ်ချောက်ချားစွာ ခုန်ပေါက်၍ ထွက်လာတတ်ကြသည်။ သူတို့သည် နှုတ်ကလည်း ရောက်တတ်ရာရာ သူတို့ ကိုယ်တိုင်ပင် နားမလည်နိုင်သော စကားများကိုလည်း ကပေါက်တိကပေါက်ချာ ပြောတတ်သည်။

သို့သော် သူတို့နှင့် အတူ တွဲ၍ စိတ်အေးလက်အေးနှင့် တည်ငြိမ်စွာ ပြုမူကြသူများလည်း ပါလာတတ်ကြသည်။ ထိုသူများကား နောက် ပေါ်ထွန်းလာမည့် တမန်တော်များ အကြောင်းကို ကြိုတင် ဟောပြောကြသော တမန်တော်များ၏ ရှေ့ပြေး ပုဂ္ဂိုလ်များ ဖြစ်တတ်ကြလေသည်။ ထိုသူများမှာ ဒေးဗစ်မင်း လက်ထက်က *နာသန်* [၂] လို ပုဂ္ဂိုလ်မျိုး၊ ဆော်လမွန် ဘုရင် လက်ထက်က *အဟိဂျာ* [၃] လို ပုဂ္ဂိုလ်မျိုး ဖြစ်သည်။ တမန်တော်များမှာ ဘုရင်များ၏ ရှေ့မှောက်နှင့် လူထု ရှေ့မှောက်တွင် ပေါ်လာပြီး ယာဝေး ဘုရားထံမှ အမှန်တရား သစ္စာနှင့် စပ်သော စကားများကို ပြောကြားကြသူများ ဖြစ်ကြလေသည်။ တစ်ဦးချင်း ပေါ်လာသော နဗီ တမန်တော်များ ရှိသလို အစုလိုက် အဖွဲ့လိုက် ဂိုဏ်းဖွဲ့၍ ပေါ်ထွန်းလာသော နဗီများလည်း ရှိကြသည်။ ဤကဲ့သို့ ဂိုဏ်းဖွဲ့၍ ပေါ်ပေါက်လာသော နဗီများသည် *အယ်လီဂျာ* [၄] ၏ ခေတ်တွင် ပေါ်ပေါက်ခဲ့လေသည်။ သူကိုယ်တိုင်လည်း ဂိုဏ်းဝင် တစ်ဦး ဖြစ်၏။

## အယ်လီဂျာနှင့် အယ်လီရှာ [၅]

အယ်လီဂျာ လက်ထက်တွင် ယာဝေး ဘုရားသခင်၏ ကိုယ်ကျင့်သီလကို အခြေခံသော ဘာသာ ယုံကြည် ကိုးကွယ်မှုမှ သဘာဝကို ကိုးကွယ်သော ဘာသာ ယုံကြည် ကိုးကွယ်မှုသို့ လျှောကျခြင်းကို အပြင်းအထန် ကန့်ကွက်သော တမန်တော်၏ ကန့်ကွက်မှုများ စတင် ပေါ်ပေါက်ခဲ့လေသည်။ မြောက်ပိုင်း မင်းနေပြည်တော်တွင် *အာဟာဗ် ဘုရင်* [၆] လက်ထက်၌ ထိုဘုရင်သည် ကောက်ကျစ် စဉ်းလဲသော သူ၏ မိဖုရား *ဂျေဇယ်ဘယ်* [၇] ၏ တိုင်ယာ မြို့သားများ ကိုးကွယ်သော သဘာဝ အင်အားစုများကို နတ် အဖြစ် ကိုးကွယ်သော ဘာသာကို ကိုးကွယ်ရန် တိုက်တွန်းချက်အား ဘုရင်က လိုက်လျောခဲ့ရသဖြင့် ထိုသဘာဝ (နတ်) ကိုးကွယ်မှု အယူဝါဒသည် အစ္စရေးတွင် လွှမ်းမိုး လာခဲ့လေတော့သည်။ အယ်လီဂျာသည် ယာဝေး ဘုရားသခင်ကို ကိုးကွယ်သော ဘာသာတရား ဘက်က အမှန်တကယ် မှတ်သားဖွယ် ဖြစ်အောင် ခိုင်မာစွာ ရပ်တည်ခဲ့လေသည်။

ဟေဗြဲ သမိုင်းဆရာများ၏ အဆိုအရ အယ်လီဂျာ၏ ပြုပြင် ပြောင်းလဲမှုများ စတင် အကောင်အထည် ဖော်သော အချိန်၌ အစ္စရေးတွင် တိုင်ယာ မြို့သားများ၏ သဘာဝ နတ် ဗာလ နတ်ရုပ် ကိုးကွယ်မှု ဘာသာ အယူဝါဒကို ဒူးမထောက် အရှုံး မပေးဘဲ ကြံ့ကြံ့ခံ၍ နေသော လူဦးရေမှာ ခုနစ်ထောင်ခန့်သာ ရှိတော့သည် ဆို၏။

သို့ရာတွင် သူ၏ ပြုပြင် ပြောင်းလဲရေး လုပ်ငန်း ဆောင်ရွက်မှုများ အပြီး မသတ်ခင်မှာပင် ဗာလ နတ်ရုပ် ကိုးကွယ်မှုဟု ခေါ်သော သဘာဝ အင်အားစုများကို နတ်ရုပ် ထုလုပ်၍ ကိုးကွယ်သော ဘာသာ အယူဝါဒကို လက်ခံသူ ဦးရေမှာ သိသိသာသာ လျော့ကျသွားပြီး စုဝေးလိုက်လျှင် အဆောက်အဦ တစ်ခုထဲတွင်ပင် ဝင်ဆံ့သော အရေအတွက်ခန့်သာ ကျန်ရှိတော့သည် ဆို၏။ သူသည် သနားကရုဏာ တရားကို လက်ကိုင်ထားသူ တစ်ဦး မဟုတ်ချေ။ သူ့ စိတ်ထဲတွင် ယာဝေး ဘုရားသခင်သည် ကြမ်းကြုတ်သော နတ်ဘုရား ဖြစ်သည်။ ဖြောင့်မတ် မှန်ကန်မှုနှင့် တရားမျှတမှု အတွက် ယာဝေး နတ်ဘုရားသည် လိုက်လျောခြင်းကို အလို မရှိသော ဘုရားသခင် ဖြစ်သည်ဟု လက်ခံထားလေသည်။

ဂျေဇယ်ဘယ် မိဖုရားက *နာဘုသ်* [၈] ဆိုသူအား ခဲဖြင့်ထုပြီး သူ၏ စပျစ်ခြံကို အာဟာဗ် ဘုရင်က သိမ်းယူနိုင်အောင် ကြံစည် ပြုလုပ်သော အခါ အယ်လီဂျာသည် ဘုရင်၏ ရှေ့တော်မှောက်သို့ အလုံးအရင်းဖြင့် ဝင်ရောက်ပြီးလျှင်

---

၁။ Dervish ၂။ Nathan ၃။ Ahijah
၄။ Elijah ၅။ Elijah and Elisha
၆။ King Ahab ၇။ Jezabel
၈။ Naboth

စပျစ်ခြံ အတွင်းမှာ ရပ်တည်လျက် ယာဝေး ဘုရားသခင်၏ ကြောက်မက်ဖွယ် ကောင်းသော ကျိန်စာကို ရွတ်ဆိုကန့်ကွက်ခဲ့လေသည်။

ထိုနောက် ဖြစ်ပျက်ခဲ့သော ဘာသာရေးဆိုင်ရာ စိတ်ဝင်စားဖွယ်ရာ ဖြစ်ရပ်မှာ ယာဝေး ဘုရားသခင်နှင့် ဗာလနတ်များ၏ တန်ခိုး ပြိုင်ပွဲကို *ကာမဲ တောင်* [၁] ပေါ်တွင် ပြုလုပ်ခဲ့ခြင်း ဖြစ်၏။

ထိုပြိုင်ပွဲတွင် ယာဝေး ဘုရားသခင်က စစ်မှန်သလား၊ ဗာလ နတ်များက စစ်မှန်သလား ဆိုသည်ကို ပြသရန် အလီဂျာက အခိုင်အမာ ယာဝေး ဘုရားသခင်ဘက်က ရပ်တည်၍ ကြိုးပမ်းခဲ့လေသည်။ ထိုပွဲတွင် ယာဝေး ဘုရားသခင်သည်သာ စစ်မှန်သော တန်ခိုးတော်ဖြင့် ပြည့်စုံပြီး ဗာလနတ်က မစစ်မှန်ကြောင်း ပေါ်လွင် ထင်ရှားစေခဲ့လေသည်။

သို့ရာတွင် အလီဂျာ အသက်ထင်ရှား ရှိနေစဉ် ကာလတွင် ဗာလနတ် ကိုးကွယ်မှုကို အမြဲတမ်း ပပျောက်သွားအောင် နောက်ထပ် တိုးတက် ဆောင်ရွက်နိုင်ခြင်းကား မရှိခဲ့တော့ပေ။

သူ၏ ကြိုးပမ်းမှုများကို နန်းတော်ကြီး၏ ဆန့်ကျင်မှုအင်အားက အလွန် ကြီးမားခဲ့၏။ ထို့ကြောင့် ပြည်သူလူထု တစ်ရပ်လုံးကို ပြောင်းလဲသွားအောင် ပြုလုပ်ရန်မှာ အလွန်ခက်ခဲခဲ့၏။

အယ်လီဂျာသည် ထူးဆန်း အံ့သြဖွယ်ရာ ရုတ်တရက် ပျောက်ကွယ် သွားသောအခါ သူ၏ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းများကို သူ၏ သာဝက တပည့်ကြီး ဖြစ်သူ အယ်လီဆာက ဆက်လက် ဆောင်ရွက်ခဲ့၏။ သူက အစ္စရေး ဘုရင် တစ်ပါး ဖြစ်သူ *ဂျေဟူး* [၂] အား နိုင်ငံရေးနှင့် ဘာသာရေး ဆိုင်ရာ တော်လှန် ပြောင်းလဲမှုများ ပြုလုပ်ရန် တိုက်တွန်း အားပေးခဲ့လေသည်။

ဤ တော်လှန် ပြောင်းလဲရေး လုပ်ငန်းသည် ဟေဗြဲတို့၏ သမိုင်းတွင် အလွန် သွေးထွက်သံယို များသော တော်လှန်ရေး တစ်ခု ဖြစ်ခဲ့သည် ဆို၏။ ဤ ဂျေဟူး ဘုရင်ကား အလွန် ရက်စက် ကြမ်းကြုတ်သော ဘုရင် တစ်ပါး ဖြစ်၏။ စစ်ရထား စီးနင်း မောင်းနှင်ခြင်း၌ အလွန် ထင်ရှားသော ဘုရင် ဖြစ်၏။ သူသည် နန်းတော်သူ နန်းတော်သားများ အားလုံးကို သုတ်သင် ချေမှုန်းရုံသာမက ဗာလနတ်ကိုးကွယ်သူ အားလုံးကိုလည်း ဖျက်ဆီး ပစ်ခဲ့လေသည်။ သတ်ဖြတ်မှု ကြီးမားလွန်းရကား နောက် ရာစု တစ်ခုသို့ ရောက်သော အခါ *ဟိုဆီး* [၃] က ဤ တော်လှန် ပြောင်းလဲရေး လုပ်ငန်းကို အပြစ်တင် ပြောဆိုခဲ့လေသည်။

အကျဉ်းချုံး၍ ပြောရလျှင် အယ်လီဂျာနှင့် အယ်လီဆာတို့၏ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းများကြောင့် ဗာလနတ် ကိုးကွယ်မှု ဘာသာသည် အကြီးအကျယ် ထိခိုက်နစ်နာခဲ့သည်ကား မှန်၏။ သို့သော် ပပျောက်သွားလောက်အောင်ကား အထိ မနာခဲ့ပေ။ ဤ နတ်ကိုးကွယ်မှု ဘာသာသည် ပြန်လည် နာလန်ထခဲ့လေသည်။

အမြဲ တည်ရှိခဲ့သော အရေးပါသော အကျိုး ရလဒ်တစ်ခုမှာကား ပါလက်စတိုင်း ဒေသတွင် ယာဝေး ဘုရားသခင်ကို အထွတ်အမြတ် ထားမှုသည် တည်မြဲစွာ ဖြစ်ပေါ်ခဲ့လေသည်။ နောင်အခါတွင်လည်း ဤ ဘုရားသခင်ကို သံသယ ဖြစ်ခြင်း၊ ငြင်းဆန်ခြင်း မပြုကြတော့ပေ။ ဗာလနတ် ကိုးကွယ်မှုကိုမူ ဒေသ ဆိုင်ရာ ကိုးကွယ်မှု အဖြစ် ကိုးကွယ်နိုင်ကြလေသည်။ ထိုဒေသန္တရ နတ်များ အပေါ်တွင် ယာဝေး ဘုရားသခင်က အရှင်သခင် အဖြစ် တည်ရှိသည်ဟု ယူဆခြင်းဖြင့် ဗာလ နတ်များသည် ယာဝေး ဘုရားသခင်၏ အစေအပါးများ အဖြစ်သို့ ကျရောက်သွားရလေတော့သည်။ ယာဝေး ဘုရားသခင်ကိုသာ ယုံကြည်ကိုးကွယ်နေကြသူများ အတွက်မူ ဤဖြစ်ရပ်သည် အောင်နိုင်မှုကြီး တစ်ရပ် ဖြစ်ခဲ့၏။ တစ်နည်းအားဖြင့် ဤ အောင်နိုင်မှုသည် ရုတ်တရက် ချက်ချင်း ပေါ်လွင် ထင်ရှားခြင်း မရှိခဲ့သေးပေ။ ထို့ကြောင့် ခါနန် ပြည်သားများ၏ ဘာသာရေး ဓလေ့ထုံးစံများ ဆက်လက် တည်တံ့နေနိုင်ရန် အတွက် ယိုပေါက်ကြီး တစ်ခု ဖြစ်နေခဲ့ပေတော့သည်။

နောက်ရာစုသို့ ရောက်ရှိလာသော အခါ သာမန် အရပ်သူ အရပ်သားများသည် ဗာလနတ် ကိုးကွယ်မှုဘက်သို့ ပါသွားကြပြန်သည်။

ထိုအကြောင်းကြောင့်ပင် အာမောစ် [၄] နှင့် သူ၏ နောက်လိုက်များသည် တိုက်ခိုက်ရန် အတွက် တစ်ဟုန်ထိုး ချီတက်လာကြပြန်လေသည်။

## အာမောစ်

အာမောစ်သည် ရှစ် ရာစုခေတ်က ပေါ်ထွန်းခဲ့သော တမန်တော်များ အနက်တွင် ပထမဆုံးနှင့် အကြီးကျယ်ဆုံးသော ပုဂ္ဂိုလ် ဖြစ်ခဲ့လေသည်။ တောင်ပိုင်း နယ်စပ် ဒေသမှ ပေါ်

---

၁။ Mt. Carmel
၂။ Zehu
၃။ Hosea
၄။ Amos

ထွက်လာသူ ဖြစ်သည်။ ထိုဒေသတွင် ယာဝေး ဘုရားသခင် ကိုးကွယ်မှုကို သဘာဝ ကိုးကွယ်မှု ဘာသာ အဆင့်သို့ ရောက်အောင် ရှုတ်ချခြင်းသည် အခြား အရပ်များမှာ လောက် တိုးတက် ကြီးပွားခြင်း မရှိသေးပေ။ ထိုသို့ ဖြစ်ရကား သူသည် သူ၏ ရှေးက ပွင့်ခဲ့သော တမန်တော်ကြီး အယ်လီဂျာနှင့် ပေါ်ထွန်းရာ နေရာ ဒေသချင်း ဆင်တူသည်ဟု ဆိုနိုင်သည်။ အယ်လီဂျာသည်လည်း ခါနန် ပြည်၏ နယ်စပ် ဒေသမှ ပေါ်ထွန်းလာသူ ဖြစ်၏။ ဂျော်ဒန် နိုင်ငံအလွန် ခါနန်ပြည်၏ နယ်စပ်မြို့ကလေး *တစ်ရှ်ဘေ* [၁] သည် အယ်လီဂျာ၏ ဇာတိ မြို့ကလေး ဖြစ်၏။

အာမော့စ်ကမူ ဂျေရုဆလင် မြို့၏ တောင်ဘက် ၁၂ မိုင်ခန့် အကွာ *တေကွာ* [၂] မြို့သား ဖြစ်သည်။ သူ၏ အလုပ် အကိုင်မှာ သိုးကျောင်းခြင်းနှင့် သစ်ပင် ချိုင်ခြင်း အလုပ် ဖြစ်သည်။ သူသည် သိုးများကို မောင်းပြီး မြောက်ပိုင်းရှိ လူဦးရေ ထူထပ်ပြီး အရောင်းအဝယ် စည်ကားရာ မင်းနေပြည် မြို့တော်ကြီးများသို့ သိုးများကို ရောင်းချရန် သွားလေ့ ရှိ၏။

ထိုကာလသည် ဘီစီ ၇၆ဝ ခန့် ကာလ ဖြစ်၏။

*ယုဒ* [၃] မြို့တွင် *ဥဇ္ဇိယ* [၄] မင်း အုပ်စိုးနေပြီး အစ္စရေးတွင် ဒုတိယမြောက် *ဂျယ်ရောဘုမ်း* [၅] မင်း အုပ်စိုးနေစဉ် ဖြစ်သည်။

သူ မြင်တွေ့ရသော အရာများသည် သူ့အား ကြာမြင့်စွာ စိတ် စွဲလမ်းပြီး စိတ် အနှောင့်အယှက် ဖြစ်အောင် ဖန်တီးခဲ့ကြလေသည်။ တေကွာ မြို့ကလေးမှာတုန်းက ဆိုလျှင် သူသည် သိုးကျောင်းခြင်း၊ သစ်ပင် ချိုင်ခြင်း အလုပ်ကို လုပ်ကိုင်သူ ဖြစ်စေကာမူ မြို့သူ မြို့သားများက သူ့အား တန်းတူရည်တူ ဆက်ဆံခဲ့ကြလေသည်။ ဤ အချက်ကို မြောက်ပိုင်းရှိ စီးပွားရေး ပိုမို ရှုပ်ထွေးသော မြို့များသို့ ရောက်သော အခါမှာလည်း သူသည် ထည့်မတွက်ဘဲ မနေနိုင်ခဲ့ပေ။

ထိုအရပ် ဒေသတွင်မူ လယ်ပိုင်ရှင် လူတန်းစားများ ပေါ်ပေါက်လျက် ရှိပြီး လယ်သမားများ၏ လွတ်လပ်ခွင့်ကို ဖျက်ဆီး ခံနေရကြောင်း သူ တွေ့မြင် ရလေသည်။ လယ်ပိုင်ရှင်များသည် လယ်ယာ မြေများကို တစ်ကွက်ပြီး တစ်ကွက် ဝယ်ယူပြီးလျှင် ကောက်ပဲသီးနှံ ဈေးကွက်ကို ခြယ်လှယ် ဈေးကစားကာ သူတို့ကိုယ်သူတို့ ချမ်းသာသည်ထက် ချမ်းသာအောင် ပြုလုပ်နေကြလေသည်။ လူမှု အဆောက်အဦကြီး တစ်ခုလုံးသည် အထူးအဆန်းကြီး ဖြစ်နေပေသည်။

အတိတ် ကာလက ဖြစ်ပွားခဲ့သော စစ်ပွဲများသည် လူလတ်တန်းစားများကို ပပျောက်သွားအောင် ဖန်တီး ပစ်ခဲ့ကြပြီ။ လူချမ်းသာနှင့် လူဆင်းရဲများမှာလည်း ကိုယ်ကျင့်တရား သဘော အရ အထိန်း မရှိ မျောချင်ရာ ရေစုန် ရေဆန် မျောနေပြီ ဖြစ်၏။ ဘာသာရေး သဘော အရရော၊ ကိုယ်ကျင့် သီလ သဘော အရပါ လျော့ရဲသော၊ ပေါ့လျော့သော သဘောများသည်လည်း နေရာတိုင်းမှာ ဖြစ်ပေါ်နေ၏။ အကျင့်သိက္ခာ လည်းကောင်း၊ တရား မျှတခြင်း သဘော၊ ကြင်နာခြင်း ကရုဏာ သဘောများ ပါသော ဝိညာဉ်ပိုင်းဆိုင်ရာ ဘာသာ ယုံကြည် ကိုးကွယ်မှုသည် လည်းကောင်း ပျက်ပြားနေပြီ ဖြစ်၏။

သူသည် ဤအချက်များကို ပြန်လည် သုံးသပ်သော အခါ မြောက်ပိုင်း ဒေသတွင် ရုတ်တရက် အပြစ်ဒဏ် စီရင်ခြင်း ခံရတော့မည့် ဆဲဆဲ ဖြစ်နေခြင်း အရေးကို သူ့ အာရုံထဲတွင် ကြိုတင်၍ တွေးမြင်နေမိလေသည်။

သူသည် ယုဒမှ လာခဲ့ခြင်း ဖြစ်သော်လည်း သူ့စိတ်မှာ တွေဝေခြင်း မရှိတော့။ သူသည် မြောက်ဘက် မင်းနေပြည် ရှိရာသို့ အဆောတလျင် သွားခဲ့လေသည်။

ယာဝေး ဘုရားသခင်က သူ့အား အနာဂတ်ကို ကြိုတင် ဟောကြားရန် အတွက် တာဝန် ပေးအပ်နေပြီ ဖြစ်၏။

သူသည် ဘက်သယ် မြို့မှာ ဟောပြောသော စကားများကိုရော၊ အခြားသော အရပ်ဒေသများတွင် ပြောသော စကားများကိုပါ ကဗျာလင်္ကာ ပုံစံဖြင့် ပြန်လည် ရေးသားခဲ့၏။

သူ၏ မိုးကြိုးစက်လို ထက်မြက်သော ကြိုတင် နိမိတ်ဖတ် ဟောကြားသော စကားလုံးများသည် ထိထိရောက်ရောက် သက်ဝင် ယုံကြည်မှုကို ဖြစ်စေနိုင်ခဲ့၏။

သူ အကြီးအကျယ် စိတ်ပျက်လက်ပျက် ဖြစ်ရသော အချက်မှာ လူမှုရေး မတရားမှုများနှင့် ကိုယ်ကျင့်တရား ပေါ့လျော့ ပျက်ပြားလာခြင်း ကိစ္စများ ဖြစ်၏။

လူမှုရေး ဒုစရိုက်မှုများနှင့် မတရား ပြုကျင့်မှုများ အတွက် အပြစ်ဒဏ် စီရင်သော အနေဖြင့် မြောက်ဘက် အရပ်မှ ရန်သူများသည် တိုင်းပြည်ကို ဝင်ရောက် တိုက်ခိုက်ကြတော့မည် ဖြစ်ကြောင်းကို အာမော့စ်က ကြိုတင် ဟောကြားခဲ့လေသည်။ ရန်သူများသည် ခံတပ်များကို ဖျက်ဆီးကြပြီးလျှင် နန်းတော်များကို ချေမှုန်း တိုက်ခိုက်ကာ

---

၁။ Tishbe ၂။ Tekoa ၃။ Judah
၄။ Uzziah ၅။ Jereboam II

တိုင်းသူပြည်သားများကိုလည်း တိုင်းတစ်ပါးသို့ ဖမ်းဆီးခေါ်ဆောင်သွားကြလိမ့်မည်ဟု သူ ဟောကိန်း ထုတ်ခဲ့လေသည်။

လူမှုရေး အကျင့် ပျက်ပြား ဖောက်ပြန်မှုများကို သူ၏ စွဲချက် တင်ခြင်းသည် မတရားမှု သဘောမှာသာ ရပ်တန့်ခြင်း မပြုဘဲ အမျိုးသားရေးဆိုင်ရာ ဘာသာ ယုံကြည်ကိုးကွယ်မှုကို စွန့်ပယ်ခြင်းအား ယာဝေး ဘုရားသခင်က သူ့ကို ရပ်တုကိုးကွယ်သူများ ပူဇော် ပသသော နည်းမျိုးဖြင့် ပူဇော် ပသခြင်း ပြုကြစေကာမူ စိတ်ပျက် ငြီးငွေ့လျက် ရှိကြောင်း၊ မနှစ်သက်ကြောင်းကို ထုတ်ဖော် ဟောကြားခဲ့လေသည်။

ဘက်သယ် မြို့မှ အထက်တန်း နတ်ဆရာ ဘုန်းကြီးဖြစ်သူ အမာဇီယာက ယုဒက လာသော တမန်တော်၏ ဟောကိန်းများကို ကြောက်လန့်ပြီးလျှင် သူ့အား ဘုရင့်အမိန့် အာဏာကို ယူကာ မောင်းထုတ်ခဲ့လေသည်။

'ယုဒကို ပြန်ပါ၊ ဟိုမှာ ကိုယ့်ဘာသာ လုပ်စားပါ၊ ဟိုမှာပဲ တမန်တော် လုပ်ချင်လည်း လုပ်ပါ၊ ဒါပေမဲ့ ဘက်သယ်ကိုတော့ ဘယ်တော့မှ ပြန်မလာပါနှင့်၊ ဘာဖြစ်လို့လဲဆိုတော့ ဘက်သယ်က ဘုရား ဝတ်ကျောင်းတော်က ဘုရင့် ဝတ်ကျောင်းတော် ဖြစ်တယ်၊ ဒါဟာ နိုင်ငံတော်ရဲ့ ဘုရားကျောင်းတော် ဖြစ်လို့ပဲ' ဟု ဆိုခဲ့လေသည်။

သို့သော် အာမောစ်က ပြန်ပြောခဲ့လေသည်။

'ကျုပ်က တမန်တော်လည်း မဟုတ်ပါဘူး၊ တမန်တော်ဂိုဏ်းမှာ ပါဝင်သူ တစ်ဦးလည်း မဟုတ်ပါဘူး၊ ကျုပ်က သိုးကျောင်းသား တစ်ယောက်ပါ၊ သစ်ပင် အလုပ်ပြင်တဲ့ သစ်ချိုင်သမား တစ်ယောက်ပါ၊ ဒါပေမဲ့ သိုးအုပ်ထဲကနေ ကျုပ်ကို ထာဝရ ဘုရားသခင်က ရွေးထုတ် ယူခဲ့တာပါ၊ ထာဝရ ဘုရားသခင်က ကျုပ်ကို သင်သွားပြီး အစ္စရေးက လူတွေကို ဟောကိန်း ထုတ်ပါ ဆိုလို့ ကျုပ်က လာတာ၊ ဒါကြောင့် ခု ဘုရားသခင်ရဲ့ အမိန့် စကားများကို နားကြားကြပါ'

တီထွင် ကြံဆမှု ပါဝင်သော ဘာသာရေး ယုံကြည်ကိုးကွယ်မှုတွင် အာမောစ်သည် ခေတ်သစ် တစ်ခေတ်ကို ဖွင့်လှစ်နိုင်ခဲ့လေသည်။

ကြောက်မက်ဖွယ်ရာ အပြစ်တင် စွဲဆိုချက်များကို ပြောဆိုရင်းကပင် သူသည် ယာဝေး ဘုရားသခင်၏ သဘောသဘာဝနှင့် ထိုဘုရား၏ တရား စီရင်ခြင်း အယူအဆများကိုပါ လူသိရှင်ကြား ဖြစ်အောင် ထုတ်ဖော် ဟောကြားလေသည်။ ထိုအယူအဆများသည် သူ့ခေတ် သူ့အခါက လူများ၏ အတွေးအခေါ် အယူအဆ အရ ဆိုလျှင် များစွာ ခေတ်ရှေ့သို့ ရောက်နေခဲ့လေသည်။ ယာဝေး ဘုရားသခင်က မြောက်အရပ်ရှိ ရန်သူများကို စေလွှတ်ပြီး အပြစ်ဒဏ် ခတ်မည်၊ အစ္စရေးနှင့် အတူ အပြစ်ဒဏ် ချမှတ်ခြင်း ခံရမည့် သူများမှာ ဖိလစ်စတိုင်း လူမျိုးများ၊ အာမိုနိုက် လူမျိုးများ၊ မိုအာဘိုက် လူမျိုးများနှင့် ဒမတ်စကတ်မှ လူများ၊ ဖိုနီးရှားမှ လူများ၊ အီဒန်မှ လူများလည်း ပါသည်။

ထိုသူများလည်း ဒဏ်ခတ်ခြင်းမှ ကင်းလွတ်နိုင်ကြမည် မဟုတ်ကြောင်း သူ ဟောကြားခဲ့လေသည်။ သဘာဝတရား၏ စွမ်းအားစုများကို စေစားနိုင်သော သူ၏ တန်ခိုးတော်သည် အနန္တော အနန္တ ဖြစ်ကြောင်းလည်း သူ ဟောကြားခဲ့သည်။

ကောက်ပဲသီးနှံများ မရင့်မှည့်မီ သုံးလလောက် ကတည်းက ကြိုတင်ပြီး မိုးခေါင် ရေရှားခြင်းကို ထိုယာဝေး ဘုရားသခင်က ဖြစ်စေခဲ့သည်။ လယ်ကွင်းများရှိ သီးပင်များကိုလည်း ဖားဥတက် မှိုစွဲပြီး ပိုးကျ ပျက်စီးစေခဲ့လေသည်။ ထို့ပြင် ကောက်ပဲသီးနှံ ကွင်းများသို့ ကျိုင်းကောင်ပိုးများ ကျစေခဲ့သည့်ပြင် အစ္စရေး စစ်သားများကိုလည်း အီဂျစ်ပြည်မှာ ဖြစ်သော ပလိပ် ရောဂါ ကျရောက်စေခဲ့လေသည်။ ထို့ပြင် ရှေးအခါက ဆိုဒန်နှင့် ဂိုမိုရာ မြို့ကြီးများသည် ကောက်ကျစ် စဉ်းလဲမှုများကြောင့် ပျက်စီး ဆုံးရှုံးခဲ့ရသည့် နည်းတူ အစ္စရေးကိုလည်း ယာဝေး ဘုရားက မြေလျှောင် လှုပ်ခြင်းဖြင့် ဖျက်ဆီးလေသည်။

ထာဝရ ဘုရား၏ တန်ခိုး စွမ်းအင်များကို ကမ္ဘာအနှံ့အပြားမှာ ထုတ်ဖော် ပြသခဲ့ပြီး ဖြစ်ကြောင်းကိုလည်း သူ ဟောကြားခဲ့လေသည်။

## ဟိုဆီး

အာမောစ်သည် ဖြောင့်မှန်၍ တရား မျှတမှုကို ဖော်ဆောင်သော ဘုရားသခင်၏ တမန်တော် ဖြစ်ခဲ့သလို ဟိုဆီးသည် အာမောစ်နှင့် ခေတ်ပြိုင် ဖြစ်သော်လည်း ငယ်ရွယ်သူ ဖြစ်ကာ သူသည် မေတ္တာကို ဖော်ဆောင်သော ဘုရားသခင်၏ တမန်တော် အဖြစ် ပေါ်ထွန်းလာသည်ဟု ဆိုနိုင်သည်။

အာမောစ်နှင့် မတူသော အချက်မှာ ဟိုဆီးသည် မြောက်ဘက် အရပ်က လာသူ ဖြစ်သည်။ မြောက် အရပ်က လူများ၏ လူမှုရေး အခြေအနေများနှင့် အကျွမ်းတဝင် ရှိသည့် အတွက် သူ့ကို မြောက်ဘက် အရပ်သားများက မလိုလားခြင်း၊ ကြောက်လန့်ခြင်း မရှိခဲ့ပေ။

ထိုအကြောင်းကြောင့်လည်း သူ၏ အဓိက လိုလား ချက်မှာ ကိုယ်ကျင့်တရား ကိစ္စ မဟုတ်ဘဲ ထာဝရ ဘုရား သခင်ကို ယုံကြည် ကိုးကွယ်ရေး ကိစ္စသာ ဖြစ်ခဲ့လေသည်။

သူ၏ အနာဂတ်ကြို နိမိတ်ဖတ် ဟောကိန်းများသည် သူ၏ ကိုယ်ရေးကိုယ်တာ ပတ်ဝန်းကျင် အခြေအနေများ အပေါ် မူတည်ပြီး ပေါ်ပေါက်ခဲ့ခြင်း ဖြစ်လေသလားဟု စဉ်းစား တွေးမှားစရာ ရှိသည်။

ဖြစ်နိုင်သည်မှာ သူသည် သူ့ အပေါ်တွင် သစ္စာ မရှိ သော အမျိုးသမီး တစ်ဦးနှင့် အိမ်ထောင်ကျခဲ့ရာ ထိုမိန်းမ သည် သူ့ကို ပစ်ပြီး အိမ်မှ ထွက်ခွာသွားလေသည်။ သူက လည်း ထိုမိန်းမနှင့် ရသော သားသမီးကလေးများကို သူ့ သားသမီး အရင်းများ အဖြစ် အသိအမှတ် မပြုဘဲ နေလေ သည်။ ထိုမိန်းမသည် နှစ်ပေါင်း များစွာ ကြာသည့်တိုင် အောင် သစ္စာ ပျက်ယွင်းစွာ နေခဲ့ပြီးမှ သူ့အိမ်သို့ ပြန်လာ ခဲ့လေသည်။ ထိုအခါမှာလည်း သူက ထိုမိန်းမကို ပြန်လည် လက်ခံပြီး ပေါင်းသင်းပြန်လေသည်။ ဤနည်းဖြင့် သူ၏ ကိုယ်ရည်ကိုယ်သွေးကို ပြန်လည် ထူထောင်ပြန်လေသည်။

ဟိုဆီးသည် သူ၏ အိမ်တွင်းရေး အစမ်းခံ ဘဝကို စဉ်းစား ဆင်ခြင်သည့် နည်းတူ အစ္စရေး လူမျိုးများက ယာဝေး ဘုရားသခင် အပေါ် ပြုမူသော အတွေ့အကြုံ သည်လည်း သူ၏ အတွင်းရေး ဘဝနှင့် သဘောချင်း ဆင် တူသည်ဟု သူ ရှုမြင်ခဲ့လေသည်။ ယာဝေး ဘုရားသခင် သည်လည်း သူ့ လူမျိုးများ၏ သစ္စာ ပျက်ယွင်းခြင်း အတွေ့ အကြုံကို ခံစားခဲ့ရလေသည်။

အစ္စရေး လူမျိုးများက ယာဝေး ဘုရားသခင် အပေါ် သစ္စာမဲ့ခြင်းက ပို၍ပင် ဆိုးသည်ဟု ဆိုနိုင်သေးသည်။ စစ် မှန်သော ဘုရားသခင်ကို စွန့်ပယ်ခြင်း၏ ရလဒ် အဖြစ် မလွဲမသွေ ခံစားကြရမည့် နိုင်ငံရေးနှင့် လူမှုရေး အပြစ် ဒဏ် စီရင်ချက်ကို သိမြင်နိုင်ခြင်း မရှိဘဲ အစ္စရေး လူမျိုး များသည် ကျရောက်လာမည့် ဥပဒ် အန္တရာယ်များကို နိုင်ငံ ခြား အချစ်တော် မဟာမိတ်များ ရှာဖွေခြင်းဖြင့် ကြိုတင် ကာကွယ်ရေး နည်းလမ်းကိုသာ လိုက်စားနေခဲ့ကြလေသည်။

အဖွဲ့ တစ်ဖွဲ့က ဒမတ်စကတ်ကို မဟာမိတ် ဖွဲ့သည်။ ကျန်တစ်ဖွဲ့က အီဂျစ်နှင့် လည်းကောင်း၊ တတိယ အုပ်စု က အဆီးရီးယားနှင့် မဟာမိတ် ဖွဲ့ပြီး အာဏာရ နန်းတက် ရန် ကြိုးစားနေကြလေသည်။ ဘာသာရေး အရမှာလည်း သူတို့သည် တိုင်းတစ်ပါးက နတ်များနှင့် ပြည်တွင်းက အကျိုးမဲ့သော ဗာလနတ်များ၏ အကူအညီ အထောက်အပံ့ ကိုသာ အားကိုးအားထား ပြုလျက် နေကြကုန်၏။

ဟိုဆီးသည် ပူဆွေး ကြေကွဲဖွယ်ရာ ကောင်းသော ထိုစကားလုံးများကို ယာဝေး ဘုရားသခင်၏ နှုတ်ထွက် စကားများ အဖြစ် ဖန်တီးခဲ့ပြီးလျှင် သူ၏ ဟောကြားချက် များကို ခွင့်လွှတ်ရန် အလို့ငှာ ဖြစ်သော မလွဲပြောင်းနိုင်သော မေတ္တာ စကားဖြင့် အဆုံးသတ်ထားလေသည်။

ဟိုဆီး အနေနှင့် သူ၏ ကြိုးပမ်းချက်များကို သူ့ ခေတ် သူ့အခါက လူများက အာမော့စ် ခေတ်က လူများ နားထောင်အောင် ပြုလုပ်နိုင်ခြင်း ရှိ မရှိမှာ သံသယ ဖြစ် ဖွယ်ရာ ရှိ၏။ သူ့ခေတ်က လူများ ပြောဆိုလေ့ ရှိသော စကားများကို သူက ဒေါသတကြီးဖြင့် ကိုးကား ပြောဆို ရာတွင် ဤသို့ အော်ဟစ် ပြောဆိုလေသည်။

'တမန်တော် ဆိုတာ အရူးပဲတဲ့၊ စိတ်ဓာတ် တက် ကြွ လှုပ်ရှားနေတဲ့ လူဟာ ရူးနေတဲ့ လူပဲတဲ့'

ဘုရားသခင်၏ ဘက်တော်သားများ စုဝေး ဝတ်ပြုရာ ဘုရားကျောင်းထဲမှာပင် လူများသည် တမန်တော် ဆိုသူကို ဆန့်ကျင် ရန်လိုနေကြကြောင်းကို သူ တွေ့ရှိရလေသည်။ အမှန်အားဖြင့် အကယ်၍ သူသာ အသက် ရှင်လျက် ရှိပြီး အဆီးရီးယန်း မြောက်ပိုင်း မင်းနေပြည်တော်ကို တိုက်ခိုက် သိမ်းပိုက်ပြီးနောက် အစုလိုက် အပြုံလိုက် မီးလောင်တိုက် သွင်းပြီး သတ်ဖြတ်ခြင်း အမှု ပြုပုံကို ကိုယ်တိုင် မြင်တွေ့ ခဲ့ရပါမူကား ထာဝရ ဘုရားသခင် အနေနှင့် အစ္စရေး လူမျိုး များအား မေတ္တာဖြင့် သူ့ဘက် ပါအောင် ကြိုးစား သွေး ဆောင်ခဲ့ခြင်းသည် အချည်းနှီး ဖြစ်ခဲ့ရကြောင်းနှင့် ထို ကိစ္စတွင် သူ ကြိုတင် နိမိတ်ဖတ် ဟောကြားခဲ့ချက်များ အားလုံးသည် အမှန်တကယ် ဖြစ်ပွားခဲ့ကြောင်းကို တွေ့မြင် ခံစားရပေမည်။

## အိဇိုင်းယား[၁]

ထိုအချိန် အတောအတွင်း၌ တောင်ပိုင်း မင်းနေပြည်သည် တမန်တော်၏ အဆုံးအမကို ခံယူရန် အတွက် ဆိုက်ရောက် လာလေသည်။

ဘီစီ ၇၄၀ ကုန်ခါနီး အချိန် *ဥဇ္ဇီယာ*[၂] မင်း လက် ထက်တွင် ဂျေရုဆလင် မြို့၏ လမ်းပေါ်၌ မိကောင်းဖခင် များမှ ဆင်းသက်လာသူ လူငယ် တစ်ဦးသည် တမန်တော် ၏ လုပ်ငန်း တာဝန်များကို ထမ်းဆောင်ရန် အတွက် ပေါ် ပေါက် လာခဲ့လေသည်။

---

၁။ Isaiah ၂။ Uzziah

သူ၏ အမည်မှာ အိန္ဒိုင်းယား ဖြစ်၏။ သူသည် ယာဝေး ဘုရားသခင်၏ အမှန်တကယ် ရှိခြင်းကို ထိတွေ့ သိမြင်ရသူ ဖြစ်၏။ ထို အတွေ့အကြုံသည် သူ့အား များစွာ စိတ်လှုပ်ရှား ခံစားစေခဲ့လေသည်။ ထိုအတွေ့အကြုံကို သူက အောက်ပါ စကားလုံးများဖြင့် ပြန်လည် ပြောပြလေသည်။

ဥဇ္ဇိယမင်း နတ်ရွာစံတဲ့ နှစ်မှာ အကျွန်ုပ်သည် ဘုရားသခင်ကို အလွန် မြင့်မားလှတဲ့ ရာဇပလ္လင် တစ်ခုပေါ်မှာ ထိုင်တော်မူနေတာကို တွေ့မြင်ရတယ်။ အရှင်မြတ်ရဲ့ ဝတ်ရုံတော် အရှည်ကြီးဟာ ဝတ်ကျောင်းတော်ရဲ့ ကြမ်းပြင် တစ်ခုလုံးကို ဖုံးအုပ်နေတယ်။ အတောင် ခြောက်ဖက် ရှိတဲ့ ကောင်းကင်တမန် နတ်သားများက အရှင်မြတ် ပတ်ပတ်လည်မှာ ပျံဝဲနေကြတယ်။ အတောင် ခြောက်ခု အနက် နှစ်ခုက မျက်နှာကို ဖုံးကွယ်ထားတယ်။ အတောင် နှစ်ခုကတော့ ကိုယ်ကို ဖုံးအုပ်ထားတယ်။ အတောင် နှစ်ခုကတော့ ပျံနေတယ်။ ကောင်းကင်တမန် နတ်သားများဟာ တစ်ဦးကို တစ်ဦး ခေါ်နေ ထူးနေကြတယ်။

'မြတ်သော၊ မြတ်သော၊ မြတ်သော အရှင်သခင်သည် ရဲမက်ဗိုလ်ပါ ပရိသတ်တို့၏ အရှင်သခင်ပေတည်း၊ အရှင်မြတ်၏ ဖိတ်ဖိတ် တောက်နေသော တန်ခိုး ရောင်ဝါတို့သည် မြေပြင် အလုံးကို လွှမ်းဖုံးနေသည်'

ရွတ်ဆိုသော အသံကြောင့် ဝတ်ကျောင်းတော်၏ ဝင်ပေါက် တံခါးမ အောက်ခြေမှာ တုန်လှုပ်ပြီးလျှင် ကျောင်းတော်ထဲမှာ မီးခိုးတွေ မွှန်လာတယ်။ အဲဒီ အခါ အကျွန်ုပ်က ပြောတယ်။

'အလိုလေး၊ ငါ ဘာမှ မလုပ်ရသေးပါကလား၊ ငါ့နှုတ်ခမ်းတွေဟာလည်း မသန့်ရှင်းသေးပါကလား၊ မသန့်ရှင်းတဲ့ ခံတွင်း ရှိသူတွေ ကြားထဲမှာ ငါ ရောက်နေပါကလား၊ ငါ့ ကိစ္စ မပြီးသေးပါကလား၊ ဘာကြောင့်လဲ ဆိုတော့ ငါ့မျက်လုံးတွေက ရဲမက်ဗိုလ်ပါတို့ရဲ့ အရှင်သခင် ဘုရင်မင်းမြတ်ကို မြင်နေသေးတယ်'

သို့သော် ကောင်းကင်တမန် တစ်ဦးဟာ အကျွန်ုပ် ရှိရာဘက်ဆီသို့ ပျံသန်းလာနေတယ်။ သူ့လက်ထဲမှာလည်း မီးစွဲနေတဲ့ ကျောက်မီးသွေး တစ်တုံးကို ကိုင်ထားတယ်။ အဲဒီ ကျောက်မီးသွေးကို သူဟာ ယဇ်ပလ္လင်ဆီက မီးညှပ်နှင့် ကောက်ယူလာတာ ဖြစ်တယ်။ သူဟာ ထိုကျောက်မီးသွေးနှင့် အကျွန်ုပ်၏ ပါးစပ်ကို လာပြီး တို့ထိတယ်။ သူ့ နှုတ်ကလည်း 'ခု ဒီ မီးခဲနှင့် သင့် နှုတ်ခမ်းကို တို့ထိလိုက်ပြီ၊ ဒါကြောင့် သင့် အပြစ်တွေ အားလုံး ပြေပျောက်သွားပြီ၊ သင် ပြုခဲ့မိတဲ့ ဒုစရိုက် အပြစ်ဒွေ အားလုံးကိုလည်း ခွင့်လွှတ်လိုက်ပြီ' လို့ ပြောတယ်။

ဒီနောက်မှာတော့ ထာဝရ ဘုရားသခင်ရဲ့ အသံတော်ကို ကျွန်ုပ် ကြားရတယ်။

ဘုရားသခင်ရဲ့ အသံတော်က 'ဘယ်သူ့ကို ငါ စေလွှတ်ရမလဲ၊ ငါတို့ အတွက် ဆောင်ရွက်မည့် သူဟာ ဘယ်သူ ဖြစ်မလဲ' တဲ့။

အကျွန်ုပ်က အဖြေ ပေးလိုက်ပါတယ်။

'ဒီမှာ ကျွန်တော်မျိုး ရှိနေပါတယ်၊ ကျွန်တော်မျိုးကို စေလွှတ်တော်မူပါ' လို့ ပြောလိုက်တယ်။

အိန္ဒိုင်းယားသည် သူ့ကိုယ်သူ ထာဝရ ဘုရားသခင်က စေလွှတ် တာဝန် ပေးခြင်းခံရသူ တမန်တော် အဖြစ်ဖြင့် လူအများ အတွက်ရော၊ ယုဒ ဘုရင်များ၏ အကြံပေး ပုဂ္ဂိုလ်အဖြစ် လည်းကောင်း နှစ်ပေါင်း လေးဆယ်ခန့် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့လေသည်။

မသေချာ မရေရာသော ခေတ်ကာလ အတွင်းမှာပင် သူသည် ဘုရားသခင်၏ ကြည့်ရှု မစခြင်းကို ခံရသူ အဖြစ်ဖြင့် သွေဖည် တိမ်းစောင်းခြင်း မရှိဘဲ ဆောင်ရွက်ခဲ့လေသည်။ သူသည် ယုံကြည် ကိုးကွယ်မှု၏ တမန်တော် ဖြစ်၏။ သူ့ စိတ်ထဲမှာ ယာဝေး ဘုရားသခင် အပေါ် လုံးဝ စိတ်ချယုံကြည်ထားကာ လုံးဝ ယုံမှားခြင်း၊ တုန်လှုပ်ခြင်း မရှိခဲ့ပေ။

သူသည် ဂျေရုဆလင် မြို့တော်ကို စိုးမိုး အုပ်ချုပ်သူများအား မြို့တော်ကြီး၏ လုံခြုံရေးသည် ဘေးပတ်ဝန်းကျင် အိမ်နီးနားချင်း နိုင်ငံများနှင့် အဖွဲ့ချုပ် ဖွဲ့စည်းခြင်းကို ရပ်တန့်ခြင်း၌ တည်ကြောင်း အစဉ် သတိပေး တားမြစ်ခဲ့လေသည်။

အဖွဲ့ချုပ် ဖွဲ့ခြင်း မပြုဘဲ ယုံကြည် စိတ်ချရသော ယာဝေး ဘုရားနှင့် မဟာမိတ် ပြုခြင်းသည်သာလျှင် ဂျေရုဆလင် မြို့တော်၏ ရေရှည် တည်တံ့ လုံခြုံရေး အတွက် စိတ်ချရကြောင်းကိုလည်း သူက အကြံပြု တင်ပြခဲ့လေသည်။

'သင်တို့ရဲ့ အင်အားဟာ တိတ်ဆိတ် ငြိမ်သက်တဲ့ ယုံကြည်မှု သဒ္ဓါတရားပဲ ဖြစ်တယ်' ဟုလည်း သူက သတိပေး ပြောဆိုခဲ့လေသည်။ ယုဒ ဘုရင်များကို အကြံ ပေးရာ၌ သူသည် ဤ သတိပေးချက်ကိုသာ အမြဲတမ်း ထုတ်ဖော် ကြေညာလေ့ ရှိသည် ဆို၏။

*အာရမ်* [၁] ပြည်နှင့် *ပေကာ* [၂] ပြည်တို့ကို အုပ်စိုးကြသော *အာဟာပ်ဇ်* [၃] နှင့် *ရေဇင်* [၄] မင်းများ လက်ထက်တွင် အစ္စရေး ဘုရင်၏ သားတော် *ရေမာလိယာ* [၅] သည် ဂျေရုဆလင် မြို့တော်ကို တိုက်ခိုက်ရန် အတွက် အလုံးအရင်းဖြင့် ချီတက်လာခဲ့လေသည်။ ဘုရင့် နန်းတော်ကြီးသို့ *အာရမီးယန်း* [၆] လူမျိုးများသည် *အက်ဖရင်း* [၇] ဒေသကို တိုက်ခိုက် သိမ်းယူသွားပြီ ဆိုသော သတင်း စကား ရောက်ရှိလာသောအခါ အာဟာပ်ဇ်နှင့် သူ့ တိုင်းသူပြည်သားများ၏ နှလုံးသားများသည် တောတွင်း သစ်ပင်များကို လေပြင်းတိုက်ခိုက်သဖြင့် တုန်လှုပ်ကြသကဲ့သို့ တုန်လှုပ်နေကြလေတော့သည်။

သို့သော် ထာဝရ ဘုရားသခင်က အီဇိုင်းယားအား ဤသို့ မိန့်မြွက်တော်မူလေသည်။

'သင်၏ သား ဖြစ်သူ ရှီးယား ယာရှုဗ်နှင့် အတူ အာဟာပ်ဇ် ဘုရင်ကို အထက် ဆည်ကြီးက ဆက်သွယ်ထားသော မြောင်းထိပ်မှာ သွားရောက် တွေ့ဆုံလော့၊ ထိုနေရာသည် စစ်မြေပြင်သို့ သွားရာလမ်း ဖြစ်၏၊ ထိုနောက် အာဟာပ်ဇ် ဘုရင်အား စိတ်ကို ငြိမ်သက်စွာ ထားပါ၊ ဤမိုတ်တုတ် မိုတ်တုတ် နှစ်ခု၏ မကောင်းသော အစိတ်အပိုင်းနှစ်ခုကို မကြောက်ပါနှင့်ဟု ပြောပါ၊ ရေဇင်နှင့် ရေမာလိယာ၏ သားတို့ကို မကြောက်ပါနှင့်ဟု ပြောပါလော့၊ အာရမ်သားများ၊ အက်ဖရင်သားများနှင့် ရေမာလိယာ၏ သားတို့သည် သင့်အား မကောင်းသဖြင့် ကြံစည်ကြသူများ ဖြစ်ကြသည်၊ သူတို့သည် ယုဒကို ကျူးကျော် တိုက်ခိုက်ကြပြီးလျှင် ထိုတိုင်းပြည်ကို ဒုက္ခ အကျဉ်းအကျပ်သို့ ရောက်ရန် ကြံရွယ်နေကြသူများ ဖြစ်သည်၊ ယုဒကို ချိုးဖောက်ဖျက်ဆီးပြီးနောက် သိမ်းယူကြပြီးလျှင် တာဘီးလ်၏ သားကို နန်းတင်ရန် ကြံရွယ်ချက် ရှိကြသည်'

သို့ရာတွင် ဤကိစ္စနှင့် ပတ်သက်၍ ထာဝရ ဘုရားသခင်က အမိန့်တော်ရှိသည်မှာကား

'သူတို့၏ အကြံအစည်သည် မအောင်မမြင် ဖြစ်လိမ့်မည်၊ ဤကိစ္စကား မဖြစ်နိုင်။

'ဒမတ်စကတ်သည်သာ အာရမ်တို့၏ မင်းနေပြည် ဖြစ်သည်၊ ထို့ပြင် ရေဇင်သည်လည်း ဒမတ်စကတ်ကိုသာ အုပ်စိုးရမည် ဖြစ်သည်။

'ဆမားရီးယားသည်ကား အက်ဖရင်တို့၏ မင်းနေမြို့တော် ဖြစ်သည်။

'ရေမာလိယာ၏ သားသည်လည်း ဆမားရီးယားကိုသာ စိုးမိုး အုပ်ချုပ် မင်းလုပ်ရပေမည်။

'သင်၏ ယုံကြည်မှု သဒ္ဓါတရားသည် ကြံ့ခိုင်ခြင်း မရှိလျှင် သင်လည်း ရပ်တည်နိုင်မည် မဟုတ်' ဟူ၍ ဖြစ်၏။

နှစ် အတန် ကြာ၍ အာရမီးယန်းတို့၏ အန္တရာယ် ပပျောက်သွားသော အခါ မြောက်ပိုင်း မင်းနေပြည်ကို ဘီစီ ၇၂၂ တွင် အဆီးရီးယန်း လူမျိုးများက တိုက်ခိုက် ဖျက်ဆီးခြင်းကို ခံရပြန်လေသည်။

ထိုနောက် အဆီးရီးယန်းများသည် ဂျေရုဆလင် မြို့တော် ရှေ့တွင် တပ်စခန်းများ ချထားကြပြန်သည်။ အဆီးရီးယန်း တပ်များကို အုပ်ချုပ်သော ဗိုလ်ချုပ်ကြီးမှာ အစွမ်းသတ္တိ အင်အား ကြီးမားသော *ဆေနာခရစ်* [၁] ဆိုသူ ဖြစ်လေသည်။

ဤ တစ်ကြိမ်မှာလည်း အီဇိုင်းယားသည် ရှိန်းပြီးသော ယုံကြည် သက်ဝင်မှုမျိုးဖြင့် ယာဝေး ဘုရားသခင်ပေါ်မှာသာ လုံးဝ ပုံအပ် ယုံကြည်လျက် ဘုရားသခင်ကသာ ဂျေရုဆလင်ကို ကယ်တင်နိုင်သည်ဟု ရန်သူ လက်သို့ ဂျေရုဆလင်မြို့ ကျရောက်အံ့ဆဲဆဲတွင် ဆိုလေသည်။ ဘေးအန္တရာယ် ကျရောက်နေသော ဟာဇက္ကီးယား ဘုရင်က သို့အား ယာဝေး ဘုရင်သခင်ထံ အကူအညီ တောင်းပေးရန် ပန်ကြားသောအခါ သူက ဂျေရုဆလင်ကို အဆီးရီးယန်းတို့ သိမ်းယူခြင်း မပြုနိုင်ကြောင်း အနာဂတ်ကြို ဟောကိန်း ထုတ်ခဲ့လေသည်။ ထူးဆန်း အံ့သြဖွယ်ရာ သူ၏ အနာဂတ်ကြို ဟောကိန်းမှာ မှန်ကန်ခဲ့လေသည်။ အဆီးရီးယန်းတို့သည် မြို့တော်အား ဝိုင်းရံ ပိတ်ဆို့ထားခြင်းကို ရုပ်သိမ်းသွားခဲ့ကြလေသည်။

သို့သော် အီဇိုင်းယားက သစ္စာမဲ့ခြင်းနှင့် ကောက်ကျစ်စဉ်းလဲခြင်းသည် အနာဂတ် ကာလ၌ လုံခြုံရေး တည်တံ့နိုင်မြဲမှုကို ခံစားရမည် မဟုတ်ဟု ဟောကြားခဲ့လေသည်။ သူတို့သည် စားလက်နက် သို့မဟုတ် ပင်ပန်း နွမ်းနယ်မှုဖြင့် သက်သောင့်သက်သာ နေရသော မိမိတို့၏ အိုးအိမ်များကို စွန့်လွှတ်ကာ ဝေးလံသော အရပ်၌ ပြည်ပြေးများ

၁။ Aram
၂။ Pekah
၃။ Ahaz
၄။ Rezin
၅။ Remalia
၆။ Aramaeans
၇။ Ephaim

၁။ Sennacherib

အပြစ်ဖြင့် ပျက်စီး သေဆုံးကြရလိမ့်မည်ဟု ဆိုသည်။ အီဇိုင်းယားသည် လူမှုရေး ဒုစရိုက် ကျူးလွန်မှုများ၊ လာဘ်စားမှုများ၊ မတရား ပြုကျင့်မှုများကို ပြင်းထန်စွာ ကန့်ကွက်ခဲ့လေသည်။

ယာဝေး ဘုရားသခင်သည် လူ့သမိုင်းကို ရှေ့သို့ တိုးတက် ထွန်းကားအောင် တွန်းပို့သော စွမ်းအား ဖြစ်သည်။ သူသည် ကောက်ကျစ် စဉ်းလဲမှု မုန်သမျှကို အပြစ်ဒဏ်ခတ်မည် ဖြစ်သည်။ ဘယ်နေရာမှာ ဖြစ်ဖြစ် ဒမတ်စကတ်၊ အီဂျစ် ယုဒ မကျန် ဘယ်နေရာမှာ မဆို ယာဝေး ဘုရားသခင်၏ ဒဏ်ခတ်ခြင်းကို ခံရမည်သာ ဖြစ်သည်။ ကောက်ကျစ် စဉ်းလဲသူများသည် ယာဝေး ဘုရားသခင်၏ ကြံစည်ပြုလုပ်မှုကြောင့် အချင်းချင်း ဖျက်ဆီးကြလိမ့်မည်။ အဆီးရီးယားသည်လည်း ကျန် ဒေသများကဲ့သို့ပင် အပြစ်ဒဏ်စီရင်ခြင်းကို ခံရမည် ဖြစ်သည်။

သို့ရာတွင် လောလောဆယ်တွင်မူကား ယာဝေး ဘုရားသခင်က အလုံးစုံ ဖျက်ဆီး ရုပ်သိမ်းခြင်း အစားတင်းပုတ်၊ တုတ်ချောင်းတို့ဖြင့် ဒေါသတကြီး ရိုက်ပုတ်ခြင်းမျိုးကို ပြုပေဦးမည်။ တရား မျှတမှု ရှိစေရန် အလို့ငှာ နိုင်ငံတစ်ခုလုံးကို ဝင်ရောက် တိုက်ခိုက် ဖျက်ဆီးခြင်းမျိုးကိုပင် ပြုရန် လိုအပ်ပါက ပြုမည်သာ ဖြစ်သည်။

အီဇိုင်းယားသည် အပြစ်ဒဏ် စီရင်ခြင်း အကြောင်းကို ပြောဆို ဟောကြားရာ၌ အာမော့စ်ကဲ့သို့ တင်းမာသော်လည်း ယာဝေး ဘုရားသခင်၏ အစီအမံများ၌ ကရုဏာတရားနှင့် မေတ္တာတရားကို အခြေခံကြောင်းကို ဟောကြားရာတွင်မူကား ဟိုဆီးနှင့် တူသည်ဟု ဆိုသင့်ပေသည်။ တိုင်းပြည်ကို သန့်ရှင်း စင်ကြယ်သွားအောင် အပုပ်ချခြင်းကိစ္စသည် တိုင်းပြည် ပိုမို ကောင်းမွန်ရန် အတွက်သာ ဖြစ်ကြောင်းကို သူက ဆိုခဲ့လေသည်။

အပြစ်ဒဏ် စီရင်ခြင်းကို ခံရပြီးပါက ထိုနေရာတွင် ကျန်ရစ်သူများအတွက် ကောင်းကျိုးချမ်းသာများ ရောက်ရှိလာမည် ဖြစ်၏။ ယာဝေး ဘုရားသခင် အပေါ် ခိုင်မာစွာ ယုံကြည်ခြင်းဖြင့် ဒုက္ခ မုန်သမျှကို ခါးစည်း ခံခဲ့ကြသူများအတွက် ယာဝေး ဘုရားသခင်သည် ကောင်းမှု အားလုံးကို ပေးအပ်မည် ဖြစ်သည်။ ငြိမ်းချမ်းခြင်း၊ ကြွယ်ဝ ချမ်းသာခြင်း၊ ကျန်းမာခြင်း ဆုလာဘ်များကို ခံစားကြရမည် ဖြစ်၏။ ထိုသူများ အပေါ်တွင် ယာဝေး ဘုရားသခင်သည် သနားကရုဏာ တရားများ ထားရှိမည် ဖြစ်ပေသည်။ အလျှံပယ်စွာ အပြစ်ကို ချမ်းသာပေးမည် ဖြစ်၏။

## မီခ

အီဇိုင်းယား၏ တရားများ လှုံ့ဆော်မှုကြောင့် *မီခ* [၁] အမည်ရှိသော လူငယ် တစ်ဦးသည် တော ကျေးလက် ဒေသမှ ဂျေရုဆလင် မြို့ကြီးသို့ တက်လာခဲ့လေသည်။ ဘီစီ ၇၂၂ ခုတွင် မြောက်ပိုင်း မင်းနေပြည်ကြီးသည် ရန်သူများ လက်သို့ ကျရောက်အံ့ဆဲဆဲ အချိန်တွင် သူသည် နိမိတ်ဖတ် ဟောကိန်းများကို စတင် ပြုလုပ်ခဲ့လေသည်။

သူ၏ ကြိုတင် နိမိတ်ဖတ် ဟောကြားချက် နှစ်ရပ်မှာ မှတ်သားဖွယ် ကောင်းသည်။ သူ၏ နိမိတ်ဖတ် ဟောကြားချက် တစ်ရပ်မှာ အများက နှစ်သက် သဘောကျပြီး လက်ခံထားသော ဂျေရုဆလင်မြို့သည် ဘယ်တော့မှ ဖျက်ဆီးခြင်း မခံရနိုင် ဆိုသော အယူအဆကို ကျိုးနွံ လက်ခံထားသော တမန်တော်များကို ဆန့်ကျင်သော ဟောပြောချက် ဖြစ်ပြီး ကျန်ဟောကြားချက် တစ်ရပ်မှာ ဝိညာဉ်ပိုင်းဆိုင်ရာ ဘာသာကိုးကွယ်မှု၏ အနှစ်သာရကို မှတ်သားဖွယ် ကောင်းအောင် အဓိပ္ပာယ် ဖွင့်ဆိုနိုင်ခြင်း ဖြစ်လေသည်။

### သမ္မာကျမ်းစာ ပဋ္ဌမအုပ် ပြုပြင်ရေး [၂]

တမန်တော် မီခ နောက်တွင် အနှစ် ၇၀ တိုင်တိုင် တမန်တော်များ ပေါ်ပေါက်ခြင်း မရှိဘဲ တမန်တော် ဆိတ်သောကာလ ဖြစ်ခဲ့လေသည်။

တမန်တော်များ ပေါ်ထွန်းခြင်းကို ဖိနှိပ်ခဲ့ခြင်းကြောင့် ပေလား။ ထိုသို့ ဖြစ်တန်ရာသည်။ အကြောင်းမှာ အဆီးရီးယန်းများ၏ ဂျေရုဆလင်မြို့ကို ဝိုင်းထားခြင်း အန္တရာယ်ကို ကျော်လွန်ခဲ့ပြီး နောက်တွင် *မနဿေ* [၃] ဘုရင် နန်းတက်ခဲ့လေသည်။ ထိုအခါ ယာဝေး အယူဝါဒသည် အကြီးအကျယ် ဆုတ်နစ်သော ခေတ်နှင့် ကြုံတွေ့ရပြန်လေသည်။

အချက် နှစ်ချက်သည် ထင်ရှား ဖြစ်ပေါ်နေသည်ဟု ယူဆရပေသည်။ တစ်ခုမှာ ခါနန်း ပြည်သားများ ယာဝေး ဘုရားကို ကိုးကွယ်ပုံ ကိုးကွယ်နည်းသို့ ဆုတ်နစ်သွားခြင်း ဖြစ်သည်။ ပြည်သူများ အနေနှင့် မြင့်သော ယဇ်ပလ္လင်ကြီးပေါ်မှာ ပွဲခင်းပြီး ပူဇော်ခြင်းမျိုးကို စက်ဆုပ်စွာ စွန့်လွှတ်လိုက်ကြပြီဖြစ်၏။ သူတို့သည် မှော် အတတ်၊ အဆောင်

---

၁။ Micah
၂။ The deutaronomic reform
၃။ Manasseh

လက်ဖွဲ့၊ အကာအကွယ် ပြုခြင်း၊ အိမ်တွင်း နတ်များနှင့် ရုပ်တုများ အပေါ် ကာလ ကြာမြင့်စွာ အားကိုးအားထား ပြုလာခြင်းကို စွန့်လွှတ်ခြင်း အတွက် ဘေးအန္တရာယ် ကျရောက်လာနိုင်ခြင်းကိုကား ကြောက်ရွံ့ကြသည်။

ထို့ပြင် တမန်တော်များ၏ ကိုယ်ကျင့်တရားကို တင်းတင်းကျပ်ကျပ် အခြေခံသော ဘာသာ အယူဝါဒမှာလည်း သူတို့ အတွက် ထာဝရ ဘုရား ကိုးကွယ်ခြင်းကို လက်မခံသော ရုပ်တု ကိုးကွယ်မှု တစ်ဝက်၊ အခြား ဆန့်ကျင်ဘက် အယူဝါဒများ တစ်ဝက်တစ်ပျက် ပေါင်းစပ် လက်ခံသော ဘာသာ ကိုးကွယ်မှုနှင့် နှိုင်းစာလျှင် သူတို့ အတွက် အေးစက်စက်နိုင်သည်၊ နှစ်သက်ဖွယ် မကောင်းဟု ယူဆကြလေသည်။ အယူဝါဒ ဖောက်ပြန်ခြင်းကား တစ်လောကလုံးမှာ ပျံ့လှနီးပါး ဖြစ်နေပေပြီ။

အခြား ဆုတ်ယုတ်ရသည့် အကြောင်း တစ်ရပ်မှာ အဆီးရီးယန်းတို့၏ ဘာသာ အယူဝါဒကို အစိုးရက ကမကထ ပြု၍ ကြားခံ ဆက်သွယ်ပေးခြင်း ဖြစ်၏။

ယုဒသည် အဆီးရီးယားသို့ လက်ဆောင် ပဏ္ဏာ ဆက်သရသော လက်အောက်ခံ ကျွန်နိုင်ငံ တစ်ခု ဖြစ်သည် ဆိုသော အချက်ကိုလည်း မမေ့အပ်ပေ။

ထိုအကြောင်းကြောင့်လည်း ဘုရား ဝတ်ကျောင်းတော် ထဲတွင် အဆီးရီးယားတို့ ကိုးကွယ်သော နတ်သား နတ်သမီးများကို နတ်ကွန်း တည်ဆောက်ပြီး ပူဇော် ပသထားရလေသည်။ ဤကဲ့သို့ အလားတူ ဖြစ်ရပ်မျိုးသည် ရှေးက လည်း ဖြစ်ဖူး၏။ သို့သော်လည်း ဤမျှလောက် အတိုင်းအတာ အထိတော့ မဟုတ်ခဲ့ပေ။

ရှေးအခါက ဆော်လမွန် ဘုရင်သည် သူ၏ များပြားလှစွာသော မိဖုရားများ ကျေနပ်မှု ရှိကြစေရန် အတွက် ဂျေရုဆလင် မြို့ထဲတွင် တိုင်းတစ်ပါးက လာသော နတ်များ အတွက် နတ်ကွန်း များစွာကို တည်ဆောက် ပေးခဲ့ဖူးလေသည်။ သို့ရာတွင် ထိုနတ်ကွန်းများကို ဘုရား ဝတ်ကျောင်းတော် ရှိရာ နေရာ အနီးအပါးတွင်ကား တည်ဆောက်ခွင့် မပြုခဲ့ပေ။ ထိုနတ်ကွန်းများမှာ ကိုယ်ရေးကိုယ်တာ နတ်များ အဖြစ် လျှို့လျှို့ဝှက်ဝှက် ကိုးကွယ်မှု အဆင့်အတန်းလောက်သာ ရှိခဲ့လေသည်။

တမန်တော် အီဇိုင်းယား ခေတ်တွင် ထိုတမန်တော် ကန့်ကွက်နေသည့် ကြားက ဘုရင် အာဟပ်ဇ်သည် ယုဒမင်းနေပြည်ကို ကယ်တင်နိုင်ရန် အတွက် အဆီးရီးယန်း လက်အောက်ခံ ရှိခိုး လက်ဆောင် ပဏ္ဏာ ဆက်သသော နိုင်ငံ အဖြစ်ကို ခံယူကာ ထိုမဟာမင်းကြီး၏ ကာကွယ်စောင့်ရှောက်ခြင်း ခံရရန် အလို့ငှာ ခစားရသော ပဒေသရာဇ်မင်းသည် ဘုရား ဝတ်ကျောင်းတော် ရှေ့တွင် နတ် ပူဇော်ရန် အတွက် ယဇ်ပလ္လင် တစ်ခုကို တည်ဆောက်ခဲ့လေသည်။ ထို ယဇ်ပလ္လင်သည် အဆီးရီးယန်းတို့ ဘုရား ရှိခိုးသော အခါ အသုံးပြုသော ယဇ်ပလ္လင်၏ မိတ္တူ ပုံစံတူ ဖြစ်၏။ ၎င်းမှာ သစ္စာ ခံခြင်း၏ အထိမ်းအမှတ် ဖြစ်လေသည်။

ရှေးက ယာဝေး ဘုရားသခင်ကို ပူဇော်သော ယဇ်ပလ္လင်ကိုမူ ဘေးကို ဖယ်ရှားပစ်ခဲ့လေသည်။ အဆီးရီးယန်းတို့ ကိုးကွယ်သော နေမင်း ရုပ်တုများကိုလည်း ဘုရား ဝတ်ကျောင်းတော် အတွင်းမှာနှင့် ကျောင်းတော် ပတ်ဝန်းကျင် မြေနေရာ၌ ထုလုပ်၍ နေရာပေးခဲ့လေသည်။

*တမ်မွဇ် (အဒိုနစ်)* [၁] ကို ရှိခိုး ပူဇော်သော ပန်းချီ တစ်ခုကိုလည်း ကျောင်းတော်၏ ခေါင်မိုးပေါ်မှာ တင်ထားခဲ့လေသည်။ ယာဝေး ဘုရားသခင်၏ ဝတ်ကျောင်းတော်အား ဤကဲ့သို့ မလေးမစား ပြစ်မှားသောအားဖြင့် မသန့်မရှင်း ဖြစ်အောင် ပြုမူခြင်းများကို နောက်မင်း လက်ထက်တွင် အီဇိုင်းယား၏ ပြုပြင် ပြောင်းလဲရေး ဦးဆောင်မှု အရ ဖိနှိပ် ချုပ်ချယ်ခဲ့လေသည်။

နောက်တက်သော မင်းမှာ ဟေဇကိုယာ ဖြစ်၏။ သို့ရာတွင် အဆီးရီးယန်းတို့၏ ဖိအား ပေးမှုနှင့် ဘာသာရေး ပေါ့လျော့မှုများသည် နောက်ဆက် နန်းတက်သော မနဿေမင်း လက်ထက်သို့ ရောက်သော အခါ ပြန်လည် ဖြစ်ပေါ်လာကြပြန်လေသည်။ မနဿေမင်း လက်ထက်တွင် သူ့အဘိုး အာဟပ်ဇ်မင်း လက်ထက်က ဆောင်ရွက်ချက်ထက်ပင် ပိုမိုကာ အဆီးရီးယန်းတို့၏ နတ် ကိုးကွယ်မှုကို အားပေး အားမြှောက် ပြုခဲ့ပြန်လေသည်။

သူ့လက်ထက်တွင် ဘေဘီလုံနှင့် နင်နီဝေးမှ နေနတ်၊ ကြယ်တာရာ နတ်များ အတွက်ပါ ယဇ်ပလ္လင်များကို ဝတ်ကျောင်းတော် အတွင်းမှာရော အပြင်မှာပါ တည်ဆောက်ခဲ့လေသည်။ သူသည် *ကောင်းကင် အမြင့်ဘုံ၏ ဘုရင်မ အစ်ရှတာ* [၂] ကို ဂုဏ်ပြုသောအားဖြင့် ဝတ်ကျောင်းတော်၏ နယ်နိမိတ် အတွင်းတွင် *အက်ရှရာ နတ်ကွန်း* [၃] တစ်ခုကို တည်ဆောက်ခဲ့လေသည်။ ထိုနတ်ကွန်းတွင် လူများ စုဝေးပြီး အမွှေးနံ့သာတိုင် ထွန်းညှိခြင်း၊ အရက် လောင်း၍ ရေစက်ချ ပူဇော်ခြင်း၊ မုန့်များကို အစ်ရှတာ နတ်သမီး ပုံစံ ပြုလုပ်မီးဖုတ်ပြီး ပူဇော်ခြင်းများကို ဆောင်ရွက်ကြလေသည်။

---

၁။ Tammuz (Adonis) ၂။ Ishtar
၃။ Asherah

ဆီးမိုက်တို့၏ နတ်များ အနီးအနားတွင် ရှိနေခြင်းကို အမှု ထားလျက်ပင် မနသေ့ မင်းသည် ဗာလ နတ်များ အတွက် ယဇ်ပလ္လင် များစွာကို တည်ဆောက်ရုံမျှမက သူ၏ သားတစ်ယောက်ကိုပင် ကလေးစားနတ် *မိုလက်* [၁] အတွက် သတ်၍ ယဇ် ပူဇော်ခဲ့လေသည်။

ဤကဲ့သို့ အုပ်စိုးသူများက အဆီးရီးယန်း နတ် ကိုးကွယ်ပုံမျိုးကို အားပေးအားမြှောက် ပြုသော ပေါ်လစီကို ကျင့်သုံးနေပြီး ပြည်သူများကလည်း ကိုယ်ကျင့်သီလကို အခြေခံသော ဘာသာ ကိုးကွယ်မှုကို ပစ်ပယ်ကာ ကိုယ်ကျင့် သီလနှင့် ဝေးသည်ထက် ဝေးသွားသောအခါ ယာဝေး ဘုရားသခင်ကို ကိုးကွယ်သော ဘာသာ အယူဝါဒသည် လုံးဝ စုံးစုံးနစ် ဆိတ်ကွယ်လုမတတ် ဖြစ်ခဲ့ရလေတော့သည်။

သို့ရာတွင် ထိုသို့ကား မဖြစ်ခဲ့ပေ။ ဖြစ်ရပ် နှစ်ခု ပေါ်ပေါက်လာလေသည်။ တမန်တော်များ၏ အသံသည် ပြန်၍ ပေါ်ပေါက်လာသည်။

တမန်တော်များမှာ *ဇက်ဖာနီယာ* [၂]၊ *ဟာဘာကွတ်* [၃]၊ *နာဟွန်း* [၄] နှင့် အကြီးကျယ်ဆုံး ပုဂ္ဂိုလ်မှာ *ဂျယ်ရမိုင်ယာ* [၅] ဖြစ်၏။

အဆီးရီးယန်းတို့၏ ကမ္ဘာ့ အင်ပိုင်ယာကြီး စတင် ပြိုကွဲ ပျက်စီးစ အချိန်တွင် မနသေ့မင်း၏ မြေး ဖြစ်သူ ဘုရင်ကောင်း *ဂျိုဆိုင်ယား* [၆] သည် ကြီးမားသော ဘာသာ ရေး ပြုပြင် ပြောင်းလဲမှုကြီးကို ဆောင်ရွက်ခဲ့လေသည်။

ဂျိုဆိုင်ယား ဘုရင်၏ ပြုပြင် ပြောင်းလဲရေး လုပ်ငန်း များမှာ ဤသို့ ဖြစ်ပေါ်ခဲ့လေသည်။

ဘီစီ ၆၂၁ တွင် ဘုရင်က အထက်တန်း နတ်ဆရာ ဘုန်းကြီး တစ်ပါးကို အာဏာ အပ်နှင်းပြီး ဘုရား ဝတ် ကျောင်းတော် အတွင်း ပြုပြင်ရန် အချိန် လွန်နေသော ပြင် ဆင်မှု ကိစ္စများ အားလုံးကို ပြုလုပ်စေခဲ့လေသည်။

အထက်တန်း နတ်ဆရာ ဘုန်းကြီးသည် နောက်ပိုင်း တွင် အရေးပါ အရာရောက်သော တွေ့ရှိချက်ကို လူသိ ရှင်ကြား ပြောကြားခဲ့လေသည်။ ရှေးက ကြားဖူးခြင်း မရှိ သော ဓမ္မသတ်ကျမ်း တစ်စောင်ကို ရှာဖွေ တွေ့ရှိရကြောင်း သူက ပြောဆိုလေသည်။ ထိုကျမ်းသည် ဝှက်ထားသော နေရာ၌ ကာလ ကြာမြင့်စွာ ရှိနေခဲ့ရသည်ဟုလည်း ဆို လေသည်။

ဤကျမ်းမှာ မိုးဇက် ခေတ်ကတည်းက တည်ရှိ ခဲ့သည်ဟုလည်း သူက ကြေညာလေသည်။

ဤသတင်းကို ဘုရင် ကြားသိသော အခါ ဘုရင်က သူ့ဝတ်လဲတော်များကို ဖွာပြီး သူ၏ အတိုင်ပင်ခံ အကြံ ပေး မင်းတိုင်ပင် အမတ်များကို ဤကျမ်းသည် ယာဝေး ဘုရားသခင်ထံမှ လာသော ဓမ္မသတ်ကျမ်း အစစ် ဟုတ် မဟုတ်ကို စုံစမ်း စစ်ဆေးစေခဲ့လေသည်။ မင်းတိုင်ပင် အမတ်များသည် ဤကိစ္စကို တမန်တော်မ *ဟူလဒါ* [၇] ဆို သူနှင့် တိုင်ပင်ခဲ့သည်။ သူမက ဤ ဓမ္မသတ်ကျမ်းသည် ဘုရားသခင်ထံက လာသော ကျမ်း စစ်မှန်ကြောင်း သက် သေခံလေသည်။

ထိုအခါ ဘုရင်က ပြည်သူများကို ညီလာခံ သဘင် ကြီး ကျင်းပစေပြီး အသစ် တွေ့ရှိသော ဤ ဓမ္မသတ်ပါ တရား ဥပဒေ ထုံးတမ်းများ အတိုင်း ထိုက်သင့်သလို လေး နက် တည်ကြည်စွာ လိုက်နာ ကျင့်သုံးပါမည့် အကြောင်း ကတိသစ္စာ ပြုစေခဲ့လေသည်။ သို့ဖြစ်ရာ ဤကျမ်းထဲတွင် ရှုတ်ချထားသော ဘာသာရေး ကျင့်ထုံးများ အားလုံးကို သန့်ရှင်း စင်ကြယ်အောင် သုတ်သင်ခြင်းဖြင့် ဘာသာရေး ပြုပြင် ပြောင်းလဲမှုကြီးကို စတင် ဆောင်ရွက်ခဲ့လေသည်။

*ဘုရင်များ၏ ဒုတိယ ကျမ်းစာ* [၈] ထဲတွင် ဤ ပြုပြင် ပြောင်းလဲရေး၏ ထင်ရှားသော ဖြစ်ရပ် တစ်ခုကို အောက် ပါ အတိုင်း ရှင်းရှင်းလင်းလင်း ဖော်ပြထားလေသည်။

> ထို့နောက် ဘုရင်က အထက်တန်း နတ်ဆရာ ဘုန်းကြီး ဟီလကီးယားနှင့် ဒုတိယ နတ်ဘုန်းကြီး တို့ အပြင် တံခါးမှူး နတ်ဆရာများအား ဘုရား ဝတ် ကျောင်းတော် အတွင်းရှိ ဗာလ နတ် ကိုးကွယ်မှုနှင့် အာရှရာတို့ အတွက် ပြုလုပ်ထားသော နတ် အသုံး အဆောင် ပစ္စည်းများ၊ နတ်ရုပ်များ အားလုံးကို ဂျေရုဆလင် မြို့တော် အပြင်ဘက်သို့ ထုတ်ယူပြီး မီးပုံရှို့စေခဲ့၏။ ထိုနောက် မီးရှို့၍ ကျန်ရစ်သော ပြာ များကို ဘက်သယ်သို့ ဆောင်ယူစေခဲ့၏။ ထို့ပြင် ဘုရင်က ရုပ်တု ကိုးကွယ်သော နတ်ဆရာ ဘုန်းကြီး များကိုလည်း ဖယ်ရှားလိုက်၏။ ထို့ပြင် ဗာလ နတ် များကို ယဇ်ပူဇော်သူများ၊ နေကို ပူဇော် ပသသူများ၊ လကို ပူဇော် ပသသူများ၊ နက္ခတ် တာရာများကို

---

၁။ Molech
၂။ Zephaniah
၃။ Habakkuk
၄။ Nahum
၅။ Jeremiah
၆။ Josiak
၇။ Huldah
၈။ Second Book of Kings

ပူဇော် ပသသူများ အားလုံးကိုလည်း ဖယ်ရှား သုတ်သင်ပစ်လေသည်။

ဘုရား ဝတ်ကျောင်းတော် အတွင်း၌ တည်ထားသော မြေသြဇာ ကောင်းမွန်၍ သီးနှံ ဖွံ့ဖြိုးရေး အတွက် နတ် ကိုးကွယ်သူများ၏ နတ်စင်များကိုလည်း ဘုရင်က ဖြိုဖျက်ပစ်လိုက်သည်။ ဂျိုရှဝါ မြို့တံခါးဝမှာ တည်ထားသော *ဆတ်တား* [၁] နတ်ပူဇော်ရာ ပလ္လင်အမြင့်များကိုလည်း ဘုရင်က ဖျက်ဆီး ဖယ်ရှားစေခဲ့၏။ ထို့ပြင် တိုဖက်သ်ဟု ခေါ်သော မိုလက် နတ်ကို သား သို့မဟုတ် သမီးကို မီးရှို့ ပူဇော်သော အစဉ်အလာကိုလည်း ရှုတ်ချခဲ့လေသည်။ ယုဒ ဘုရင်များက နေမင်းကို ပူဇော်ထားသော မြင်းများကိုလည်း ဤဘုရင်က သိမ်းယူလေသည်။ ထို့နောက် နေနတ်၏ စစ်ရထားကိုလည်း ဘုရင်က မီးရှို့ ဖျက်ဆီးပစ်လိုက်၏။ ဝတ်ကျောင်းတော် ခေါင်မိုးပေါ်ရှိ ယဇ်ပလ္လင်များကိုရော အဆောင် တစ်ခုနှင့် တစ်ခု အကြားရှိ မြေကွက်လပ်များတွင် မနဿေ ဘုရင် လက်ထက်က တည်ထားသော ယဇ်ပလ္လင်များကိုပါ ဖြိုဖျက်ပစ်လိုက်သည်။ အစ်ရှတာ နတ်သမီး အတွက် ဆော်လမွန် ဘုရင် လက်ထက်က ဂျေရုဆလင်မြို့ အရှေ့ဘက်တွင် တည်ထားသော ယဇ်ပလ္လင် စင်မြင့်များကိုလည်း ဤဘုရင်က ဖျက်ဆီးလိုက်သည်။ ရှေးက ထောင်ထားခဲ့ကြသော ကနားတိုင်များကိုလည်း ချိုးဖျက်လိုက်ပြီးနောက် ထိုကနားတိုင်များ နေရာတွင် လူ၏ အရိုးများဖြင့် ဖြည့်ထားလိုက်လေသည်။

ဘုရင်သည် ဂျေရုဆလင် မြို့နှင့် အနီးအနားတွင်သာ ပြုပြင် ပြောင်းလဲခြင်းကို ပြုလုပ်ပြီး ရပ်နားခြင်း မပြုဘဲ ယုဒ နိုင်ငံ အလုံးမှာ ဘက်သယ်မြို့ အထိ သူ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်လေသည်။

ပြုပြင် ပြောင်းလဲရေး လုပ်ငန်း၏ အရေးပါသော ကိစ္စတစ်ရပ်လည်း ဆက်လက် ပေါ်ပေါက်ခဲ့၏။ ဂျေရုဆလင်မြို့ပြင်ရှိ ယာဝေး ဘုရားသခင်၏ သန့်ရှင်းသော ကျောင်းတော်များထဲက နတ်ဆရာများကို အစုလိုက် အပုံလိုက်သယ်ယူ၍ ဖယ်ရှား ပစ်လိုက်လေသည်။ ထို့နောက် ဂျေရုဆလင်မြို့ကို ယာဝေး ဘုရားသခင်ကို ကိုးကွယ် ဝတ်ပြုရာ ဗဟို ဌာန အဖြစ် သတ်မှတ်လိုက်လေသည်။ သင့်တော်သော ပူဇော် ပသမှုများကို ဂျေရုဆလင်မြို့ ယာဝေး ဘုရားကျောင်းတော်မှာသာ ပြုလုပ်ရမည်ဟုလည်း သတ်မှတ်ပေးလိုက်သည်။

ဆက်လက်၍ ပြုလုပ်သော ပြုပြင် ပြောင်းလဲရေးများမှာ သမ္မာ ကျမ်းစာ၏ ပထမ ငါးကျမ်းထဲမှာ ပါဝင်သော ဓမ္မ ကိုယ်ကျင့်တရားများနှင့် စပ်ဆိုင်၏။

တိုင်းပြည် တစ်ပြည်လုံးတွင် အသစ် ဖြစ်ပေါ်လာသော *ဝိဉာဏ ဝါဒ* [၂] သည် ပျံ့နှံ့သွားလေသည်။ ဓမ္မသစ်ကျမ်းထဲတွင် ကျေးကျွန်များ အပေါ် သနား ကရုဏာ ထား၍ ဆက်ဆံရန်နှင့် မရှိဆင်းရဲသားများ၏ လိုအပ်ချက်များကို ထည့်သွင်း စဉ်းစားရန် စသော လူသား ဝါဒ အကျင့်သိက္ခာများကို တောင်းဆိုထားလေသည်။ ဓမ္မသစ်များ ပေါ်ပေါက်လာသော အခါ လက်စား ချေခြင်း၊ အာဃာတ ထားခြင်းကို ဖော်ဆောင်ထားသော ဓမ္မဟောင်းများမှာ အလိုလို ရှုတ်ချပြီးသား ဖြစ်သွားလေသည်။ 'လူတိုင်းသည် မိမိ၏ ပြစ်မှုဒုစရိုက် အတွက် သေဒဏ် စီရင်ခြင်းကို ခံရမည်' ဟူသော ကြမ်းကြုတ်သော ဥပဒေ ကျင့်ထုံးမျိုး ဓမ္မသစ်ထဲမှာ ပါစေကာမူ ရှေးကျသော ခေတ်က ဥပဒေများနှင့် နှိုင်းစာလျှင်မူကား ဓမ္မသစ် ဥပဒေ ကျင့်ထုံးများက များစွာ တရားမျှတခြင်း၊ ဖြောင့်မတ် မှန်ကန်ခြင်း စသော ကျင့်ဝတ်သိက္ခာများနှင့် ပြည့်စုံသည်ဟု ဆိုနိုင်သည်။

ဤကဲ့သို့ စေ့စပ် သေချာသော ပြုပြင် ပြောင်းလဲမှုများဖြင့် စတင် ဆောင်ရွက်ခဲ့သော ပြုပြင် ပြောင်းလဲရေးသည် လုံးဝ ဥဿုံ အောင်မြင်မှုကား မရရှိခဲ့ပေ။

ဤသို့ ဖြစ်ရခြင်းမှာ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းများသည် ပြင်းထန်လွန်းခြင်းလည်း အကြောင်း တစ်ရပ်ဖြစ်၏။ ထို့နောက် ဂျေရုဆလင်တွင် ဗဟိုချက် ထား၍ဗဟိုက ချုပ်ကိုင်ရန် အားထုတ်ခြင်းလည်း တစ်ရပ် ဖြစ်၏။

ယခုအခါ ဂျေရုဆလင်က နတ်ဆရာ ဘုန်းကြီးသည် ယာဝေး ဘာသာ ကိုးကွယ်မှု တစ်ခုလုံးကို ချုပ်ကိုင်ရာ၌ အကြွင်းမဲ့ အာဏာကို ရရှိသွား၏။ ကျေးလက် တောရွာများမှ နတ်ဆရာ ဘုန်းကြီးများ ပပျောက်သွားရ၏။ ထို့ကြောင့် ဘာသာရေး ပျော်ပွဲရွှင်ပွဲ ပြုလုပ်ရန် အတွက်ပင် ကျေးလက်ဒေသမှ အရပ်သူ အရပ်သားများသည် ဂျေရုဆလင် မြို့တော်သို့ သွားရောက် နေကြရ၏။

ဤဖြစ်ရပ်က တောသူ တောင်သားများ စိတ်ထဲတွင် သူတို့ အရပ်ဒေသ၌ သူတို့ကို စောင့်ရှောက်မည့် ဘုရားသခင် မရှိတော့ ဟူသော ခံစားချက်ကို ဖြစ်ပေါ်စေခဲ့လေသည်။

---

၁။ Satyrs

၂။ Idealism

ယာဝေး ဘုရားသခင် အစစ်အမှန်သည် ယခုအခါ နှုတ်ဟ ပြောဆိုခြင်းငှာ မစွမ်းသာအောင်ပင် ကျေးဇူးတော် အစုံ ဂုဏ်တော် အနန္တနှင့် ပြည့်စုံသော မြတ်စွာဘုရား ဖြစ်နေသည်ကား မှန်၏။ သို့ရာတွင် ယာဝေး ဘုရားသခင်၏ တည်ရှိနေမှုမှာ ယခင်ကလို လူများနှင့် ရင်းနှီး ကျွမ်းဝင်ခြင်း သဘောကား မရှိတော့ဘဲ လူသာမန်များနှင့် အလှမ်း ကွာဝေးသွားလေသည်။ သာမန် အရပ်သူ အရပ်သားများ၏ အဆင့်မြင့် ဉာဏ်ပညာဖြင့် ယုံကြည် ကိုးကွယ်မှုကို ပြုလုပ်နိုင်ရန် ခဲယဉ်းရကား သူတို့သည် စိတ် လှုပ်ရှားမှု သဘောအရ ပို၍ ကျေနပ်မှု ရှိသော ယုံကြည် ကိုးကွယ်မှုမျိုးဘက်သို့ ဆုတ်ယုတ် ကျဆင်းသွားကြလေတော့သည်။

## ဂျယ်ရယ်မီယာ [၁]

လူစွမ်းကောင်းတို့ အရည်အချင်းနှင့် လုံးဝ ပြည့်စုံသော ဤမဟာ လူသား တမန်တော်သည် အန္တရာယ် ကျရောက်မည့် အကြောင်း၊ ဘုရားသခင်က အပြစ်ဒဏ် စီရင်ခံရမည့် အကြောင်းကို လူသိရှင်ကြား ပြောဆိုမှုကြောင့် ပတ်ဝန်းကျင်က မနှစ်သက်ဘဲ ရှုတ်ချ ပြစ်တင်ခြင်းကို ခံခဲ့ရလေသည်။ သူသည် သူ၏ ကြိုတင် နိမိတ်ဖတ် ဟောကြားခြင်းကို အသက် နှစ်ဆယ်ကျော် စောစောပိုင်း အချိန်က စပြီး ဟောပြောခဲ့လေသည်။ သူသည် နတ်ဆရာ ဘုန်းကြီး မိသားစုမှ ဆင်းသက်လာသူ ဖြစ်သည်။ သူတို့ မိသားစုသည် ဂျူးဆီးယား၏ ပြုပြင် ပြောင်းလဲရေးခေတ် မတိုင်မီက အာနိတပ်မြို့ ဘုရား ဝတ်ကျောင်းတွင် အုပ်ချုပ် စီမံနေခဲ့ရလေသည်။ ထိုမြို့သည် မြို့ကလေး တစ်မြို့ ဖြစ်သည်။ ဂျေရုဆလင်မြို့ အရှေ့မြောက်ဘက် လေးမိုင်ခန့် အကွာတွင် တည်ရှိသည်။

တိုင်းပြည် အပေါ် ကျရောက်မည့် ဘေး အန္တရာယ် ခြိမ်းခြောက်မှုနှင့် ကြုံနေရချိန်တွင် သူ့စိတ်၌ သူ့ကို ယာဝေး ဘုရားသခင်က တမန်တော် အဖြစ် ရွေးချယ်ပြီး နိမိတ်ဖတ် ဟောကြားရန် ဆင့်ခေါ်ခြင်း ခံရသည်ဟု ခံစားမိလေသည်။

ဘုရားသခင်၏ နှုတ်ကပါဠ်တော်များ အကျွန်ုပ်ထံသို့ ရောက်ရှိလာသည်။

'သင့်ကို အမိ ဝမ်းဗိုက်၌ သန္ဓေ မတည်မီကပင် ငါ သိသည်၊ သင့်အား ငါ၏ တမန်တော် အဖြစ် နိုင်ငံများ အတွက် ငါ ခန့်ထားသည်'

ထို့နောက် ကျွန်ုပ်က ပြော၏။

'အို ထာဝရ ဘုရားသခင်၊ အကျွန်ုပ် မပြောတတ်ပါ၊ အဘယ်ကြောင့်ဆိုသော် အကျွန်ုပ်သည်ကား လူငယ် တစ်ဦးသာ ဖြစ်သေး၏'

သို့သော် ထာဝရ ဘုရားသခင်က ဆိုသည်မှာ

'ကျွန်ုပ်သည် လူငယ်မျှသာ ရှိသေး၏ဟု သင် မဆိုပါနှင့်၊ အဘယ်ကြောင့်ဆိုသော် ငါ စေလွှတ်ရာ လူများဆီသို့ သင်သည် မုချ သွားရမည် ဖြစ်၏၊ ထို့ပြင် ငါ အမိန့် ရှိသမျှကို သင်သည် ပြောဆိုရမည်'

ထို့နောက် ထာဝရ ဘုရားသခင်သည် သူ၏ လက်မောင်းတော်ကို ဆန့်တန်းပြီးလျှင် ကျွန်ုပ်၏ နှုတ်ခမ်းကို သူ့လက်ဖြင့် တို့ထိပြီးလျှင် ဆိုသည်ကား 'ရှုလော့၊ သင့်ပါးစပ်ထဲသို့ ငါ၏ စကားလုံးများကို ထည့်သွင်းလိုက်ပြီ' ဟူ၍ ဖြစ်၏။

တမန်တော် ဂျယ်ရယ်မီယာ ဟောကြားသော နိမိတ်ဖတ် စကားများမှာ အများအားဖြင့် တိုင်းနိုင်ငံများကို သတိပေး နှိုးဆော်သော စကားများ ဖြစ်ကြလေသည်။ ဘေး အန္တရာယ်များ ကျရောက်လာမည့် အကြောင်း၊ ထို ဘေး အန္တရာယ်များကို ယာဝေး ဘုရားသခင်၏ အကူအညီဖြင့်သာ လွတ်မြောက်ကြရမည့် အကြောင်းများကိုသာ ပြောဟော၏။ သူ၏ နိမိတ်ဖတ် ဟောကြားချက်များ အားလုံးမှာ အချည်းနှီးသာလျှင် ဖြစ်ခဲ့ကြရလေသည်။ သူ၏ လုပ်ဆောင်ချက်များမှာ ခက်ခဲလွန်းရကား နောက်ပိုင်း ကာလတွင် သူသည် နလုံး ရောဂါ ဒဏ်ကိုပင် ခံစားခဲ့ရလေသည်။

သူ့ကို လူကြိုက် နည်းသည်ထက် နည်းလာစေကာမူ ဂျယ်ရယ်မီယာသည် ထာဝရ ဘုရားသခင်က သူ့အား ပြောကြားစေလိုသော စကားများကို သူသည် အတိအကျ ပြောဆိုရန် တွန့်ဆုတ်ခြင်း အလျှင်း မရှိခဲ့ပေ။ ဘုရင်များက သူ့ကို တိုင်ပင်သော အခါမှာလည်း သူသည် သတင်းဆိုးများကို နားဝင်ချိုအောင် ပြောဆိုခြင်း မရှိ။ မည်သည့် ခြိမ်းခြောက်နေသော လူစုလူဝေးကမှလည်း သူ့အား ချိုချိုသာသာ ပြောဆိုအောင် ပြုလုပ်၍ မရခဲ့ပေ။ သူသည် အလိုက်သင့် ပေါင်းသင်းတတ်သော လူစားမျိုးလည်း မဟုတ်ချေ။

သူ၏ ခက်ထန်သော နှစ်ကာလများ အတွင်း၌ သူ့အနားတွင် သစ္စာ ရှိသော မိတ်ဆွေ တစ်ဦးသာလျှင် ကြံ့ကြံ့ခံ ရပ်တည်နေခဲ့၏။ သူ့အား ဘုရင်များ၊ မင်းညီ မင်းသားများ၊ လူသာမန်များနှင့် သူ့လို တမန်တော်များကပါ ကဲ့ရဲ့ ရှုတ်ချခဲ့ကြလေသည်။ ထိုသူမှာ သူ၏ ကိုယ်ရေး အတွင်းရေးမှူး ဖြစ်သူ ဘာရုခ် ဆိုသူ ဖြစ်၏။ သူသည် ဂျယ်ရယ်မီယာက

---

၁။ Jeremiah

နှုတ်တိုက် ခေါ်ပေးသော ဟောကိန်းများကို စာဖြင့် လိုက်ကူးပေးရသူ ဖြစ်၏။

နောက်ပိုင်းတွင် သူက တန်ဖိုး ရှိသော အတ္ထုပ္ပတ္တိ စာတမ်း တစ်ခုကို ရေးသားခဲ့ပြီး ထိုစာတမ်းထဲတွင် ဟောကိန်းများကို ဂျယ်ရယ်မီယာ တမန်တော်က ထုတ်ဖော် ပြောဆိုလာပုံနှင့် ထိုဟောကိန်းများကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာသော အကျိုးဆက်များကိုပါ ဖော်ပြထားလေသည်။

ယုဒ နိုင်ငံ၏ အခက်ခဲဆုံး၊ အရှုပ်ထွေးဆုံး သမိုင်းခေတ် ကာလထဲတွင် တမန်တော် ဂျယ်ရယ်မီယာ ပေါ်ထွန်းလာခြင်း ဖြစ်၏။ အဆီးရီးယန်း အင်ပိုင်ယာကြီး ကျဆုံးချိန်တွင် သူသည် သူ၏ လုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့လေသည်။ ထိုအချိန်တွင် *ဆင်သီယန်* [၁] ကျူးကျော်သူများက ဆီးရီးယားကို ဖြတ်၍ ပါလက်စတိုင်း ကမ်းခြေ ဒေသမှ အီဂျစ် နိုင်ငံ အထိ ဖြစ်၏။ ထိုအချိန်တွင် ယုဒ နိုင်ငံသည် ထိတ်လန့်စွာ နေရသော ကာလနှင့် ကြုံတွေ့နေခဲ့လေသည်။

လှည့်လည် သွားလာနေကြသော ဆင်သီယန်များ ဆုတ်ခွာ သွားပြီးနောက် များမကြာမီ အရှေ့ဘက်တွင် အရေးကြီးသော အပြောင်းအလဲ တစ်ခု ဖြစ်ပေါ်ခဲ့လေသည်။

အရှေ့ဘက်ရှိ နင်နီဝေး မင်း နေပြည်တော် ကျဆုံးသည်။ ဤတွင် အဆီးရီးယန်း အင်ပိုင်ယာကြီး၏ နေရာတွင် ဘေဘီလုံ အင်ပိုင်ယာကြီး ဖြစ်ပေါ်လာစေရန် နေရာဖယ်ပေးခဲ့ရလေတော့၏။

ထိုအခါမှ စ၍ အရှေ့ဘက် တစ်လွှားတွင် အချုပ်အခြာ အာဏာ ပိုင်စိုးရေး အတွက် အီဂျစ်နှင့် ဘေဘီလုံ နိုင်ငံတို့သည် အင်အား ပြိုင်ဆိုင်လျက် ရှိခဲ့ကြလေသည်။ ယုဒ နိုင်ငံသည်လည်း နိုင်ငံတကာ လျှို့ဝှက် လုပ်ကြံမှု ပြုရာ နေရာ ဒေသ တစ်ခု ဖြစ်လာလေသည်။

အီဂျစ်သည် သူ၏ ဘေးဘက်တွင် တောတောင် ထူထပ်သော နိုင်ငံငယ် တစ်ခုကို ရရှိရန် မျှော်လင့်နေခဲ့၏။ ထိုနိုင်ငံတွင် တိုက်၍ မရနိုင်သော ခံတပ် မင်းနေပြည်လည်း ရှိ၏။ အီဂျစ် အနေနှင့် ထိုမျှော်မှန်းချက်သည် အထိုက်အလျောက် အောင်မြင်လျက် ရှိ၏။

ဤကဲ့သို့ လှည့်ပတ်သော အားပြိုင်မှုတွင် မင်းကောင်းမင်းမြတ် ဖြစ်သော ဂျိုဆီးယားသည် သူ၏ မဟာမိတ်ဟု အဆိုပြုထားသော အီဂျစ် လူမျိုးများနှင့် တိုက်ခိုက်ရသော တိုက်ပွဲ တစ်ခု အတွင်း ကျဆုံးခဲ့ရလေသည်။ နောက် မကြာမီ အတွင်းမှာပင် အီဂျစ်သည် *ကာချေမစ်* [၂] ဒေသ၌ ဖြစ်ပွားသော တိုက်ပွဲတွင် ဘေဘီလုံတို့၏ လက်အောက်သို့ ကျရောက် သွားရလေတော့သည်။

ယုဒမှာ ယခုအခါ မင်းကောင်းမင်းမြတ် ကင်းမဲ့လျက် ရှိ၏။ နိုင်ငံမြစ်ဘက်က လာသော သူ၏ ဝင့်ကြွားသော မဟာမိတ် ဆိုသူလည်း အရှေ့ဘက်က အင်အားများ လက်အောက်သို့ ကျရောက်သွားပြီ ဖြစ်၏။ ဘေဘီလုံ နိုင်ငံက နှစ်စဉ် သူတို့ အပေါ်တွင် ကြီးလေးသော အခွန်အတုပ်များ၊ ရှိခိုးပဏ္ဏာများကို ကောက်ခံလျက် ရှိ၏။ ထိုအခါ အီဂျစ်က ၎င်း၏ လျှို့ဝှက် ကြံစည်မှုကို ပြန်လုပ်လာပြန်သည်။ ကတိသစ်များကိုလည်း ပေးလာပြန်၏။ ဂျေရုဆလင်တွင်ကား မင်းနှင့် ပြည်သူတို့သည် အသင့် နားစိုက်နေကြရတော့သည်။

သို့ရာတွင် တမန်တော် ဂျယ်ရယ်မီယာမှာ ပါးနပ်လိမ္မာသော အမြင် ရှိ၏။ ထို့ပြင် အင်အားကြီး ကာလ်ဒီယန်း တန်ခိုး အာဏာကို ရင်ဆိုင် ပုန်ကန်ခြင်းသည် မိုက်မဲရာ ကျနိုင်ကြောင်းကိုလည်း သူ ရှုမြင် သုံးသပ်မိခဲ့လေသည်။ သူသည် ယာဝေး ဘုရားသခင်က မြို့တော်ကို မပျက်စီးအောင် ထိန်းသိမ်းထားမည် ဖြစ်၍ ယုဒက ဘေဘီလုံတို့၏ တိုက်ခိုက်မှုကို ပုန်ကန် ခြားနားသင့်သည် ဆိုသော အယူအဆကို ဆန့်ကျင်လျက် သူ၏ ရပ်ဆွေ ရပ်မျိုး ပြည်သူများ၏ မနှစ်မြို့မှုကို ဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးခဲ့လေသည်။

တစ်နေ့သ၌ သူသည် ဘုရား ဝတ်ကျောင်းတော်တွင် မိန့်ခွန်း တစ်ခု ပြောဆိုရန် အတွက် ပေါ်လာလေသည်။ ထိုမိန့်ခွန်းတွင် သူက အယူ ဖောက်ပြန်သော လူများအား ထိခိုက် နစ်နာ ဆုံးရှုံးစေမည့် ရာဇဝတ်မှုဖြင့် ရုံးတင် စစ်ဆေးခြင်း အကြောင်းကို ဟောပြောလေသည်။

ထိုနောက် အော်ဟစ်ပြီး 'ဘုရားသခင်က ဒီလို ပြောတယ်၊ ငါသည် ဒီဝတ်ကျောင်းတော်ကို ပျက်စီးနေသော ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်း နိုင်ငံရဲ့ ရှေးဟောင်းမြို့ ရှီလော့လို လုပ်ပစ်မယ်၊ ဒီမြို့တော်ဟာလည်း ကမ္ဘာပေါ်မှာ ရှိတဲ့ နိုင်ငံတိုင်းရဲ့ ကျိန်စာ သင့်တဲ့ မြို့ ဖြစ်အောင် လုပ်ပစ်မယ်လို့ ပြောတယ်'

ဤသို့ ပြောဆိုလိုက်သော အခါ သူ့ဘဝသည်လည်း ချက်ချင်း လက်ငင်း ဘေး အန္တရာယ်နှင့် ကြုံရလေတော့သည်။

တမန်တော် ဂျယ်ရယ်မီယာက ဤကဲ့သို့ ထာဝရဘုရားသခင်က သူ့လူမျိုး (အစ္စရေး) များကို ပြောရန် အမိန့်ပေးသော စကားများကို ပြောကြားပြီးသော အခါ နတ်ဆရာ ဘုန်းကြီးများနှင့် တမန်တော် ဆိုသူများက သူ့ကို

---

၁။ Scynthiam ၂။ Carchemish

ဖမ်းဆီးကြပြီးနောက် 'မင်းတော့ သေပြီသာ မှတ်၊ ဘုရားသခင် နာမည်ကို သုံးပြီး သင်သည် ဤ ဘုရား ဝတ်ကျောင်းတော်ကို ရှီလော့ မြို့ဟောင်းလို ပျက်စီးအောင် လုပ်ပစ်မယ်၊ ဒီမြို့ကိုလည်း လူသူ ကင်းမဲ့တဲ့ တစပြင် ဖြစ်အောင် လုပ်ပစ်မယ်လို့ ခြိမ်းခြောက်ရဲတဲ့ အကောင် မင်းကို သတ်ပစ်မယ်' ဟု ဆိုကြလေသည်။ ဤတွင် ဂျယ်ရယ်မိယာ ဝင်နေသော ဘုရား ဝတ်ကျောင်းတော်ကို လူစုလူဝေးကြီးကလည်း ဝိုင်းရံထားကြလေသည်။

ယုဒမြို့ရှိ မင်းညီမင်းသားများက ဤ သတင်းကို ကြားသိရသော အခါ သူတို့သည် နန်းတော်ကြီးမှ ထွက်၍ လိုက်လာကြလေသည်။ မင်းညီမင်းသားများသည် ဘုရား ဝတ်ကျောင်းတော်သို့ ဝင်ရာ တံခါးသစ် ဝင်ပေါက်၌ နေရာယူကြလေသည်။ နတ်ဆရာ ဘုန်းကြီးများနှင့် တမန်တော်ဆိုသူများကရော ပြည်သူများကပါ မင်းသားများအား အကြောင်းစုံကို ပြောကြားကြလေသည်။

ထိုအခါ တမန်တော် ဂျယ်ရယ်မိယာက မင်းညီ မင်းသားများနှင့် ပြည်သူများအား ဤသို့ ပြောလေသည်။

'အရှင် မင်းသားတို့ ကြားသိအပ်သော စကားလုံးများဖြင့် ဤကျောင်းတော်နှင့် ဤမြို့တော်ကို ဆန့်ကျင်သည့် စကားများကို ထာဝရ ဘုရားသခင်က အကျွန်ုပ်ကို ပြောခိုင်း၍ အကျွန်ုပ် ပြောခြင်း ဖြစ်၏၊ သို့သော် ယခုအခါ အရှင် မင်းသားတို့နှင့် လူအပေါင်းတို့က ထာဝရ ဘုရားသခင် အသံတော်ကို နားထောင်ပြီး မိမိတို့ကိုယ်ကို ပြုပြင်ကြမည် ဆိုပါက ထာဝရ ဘုရားသခင်က အန္တရာယ် ကျရောက်အောင် ဒဏ်ခတ်မည်ဟု ဆိုထားသော စကားများအတိုင်း မဆောင်ရွက်ဘဲ တစ်မျိုးတစ်ဖုံ စိတ်ပြောင်းသွားနိုင်ပါ၏၊ အကျွန်ုပ်မှာမူကား ကြည့်ကြပါလော့၊ အကျွန်ုပ်သည်ကား သင်တို့ လက်တွင်းမှာသာ ရှိ၏၊ သင်တို့က မှန်သည် သင့်သည်ဟု ထင်သောနည်းဖြင့် အကျွန်ုပ်ကို ပြုလိုသည့်အတိုင်း ပြုကြပါကုန်လော့၊ တစ်ခုကိုသာ အခိုင်အမာ မှတ်ကြပါ၊ အကယ်၍ သင်တို့က အကျွန်ုပ်ကို သတ်ဖြတ်ကြသည် ဆိုပါအံ့၊ သင်တို့သည် အပြစ် မရှိသော သူ၏ သွေးဖြင့် သင်တို့ ကိုယ်ကို လိမ်းကျံမိပြီ၊ ဤမြို့ကိုလည်း ထိုသွေးဖြင့် စွန်းထင်းစေခဲ့ပြီ၊ ဤလူမျိုးကိုလည်း ထိုသွေးဖြင့် စွန်းထင်းစေခဲ့ကြပြီဟု မှတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ထာဝရ ဘုရားက အကျွန်ုပ်ကို အမှန်ပင် စေလွှတ်တော်မူခဲ့သောကြောင့် ဖြစ်၏၊ ဤ သင်တို့ ကြားခဲ့ရသော စကားများကို သင်တို့အား ပြောကြားရန် အတွက် စေလွှတ်ခဲ့ခြင်းကား အမှန် ဖြစ်၏' ဟု ဆိုလေသည်။

ဤခိုင်မာသော စကားများကို ကြားသိရသော အခါ အခြေအနေသည် ရုတ်တရက် လုံးဝ ပြောင်းလဲ သွားလေ၏။ တမန်တော် ဂျယ်ရယ်မိယာလည်း အသက် ချမ်းသာရလေတော့၏။

ထိုအခါ မင်းညီ မင်းသားများက နတ်ဆရာများနှင့် တမန်တော် ဆိုသူများအား ဤသို့ ဆိုကြလေသည်။

'ဤ ပုဂ္ဂိုလ်ကား သေထိုက်သူ မဟုတ်၊ အဘယ်ကြောင့် ဆိုသော် သူသည် ငါတို့ ကိုးကွယ်သော ထာဝရ ဘုရားသခင်၏ နာမတော်ဖြင့် ငါတို့အား ဟောပြောသောကြောင့် ဖြစ်၏'

ဤဖြစ်ရပ်၌ ထင်ရှား၍ မှတ်သားဖွယ် ကောင်းသော အချက် တစ်ရပ်၌ ဂျယ်ရယ်မိယာ၏ ဘက်တော်သား တမန်တော် (ပရောဖက်) ဆိုသူများသည် သူ့ကို ဆန့်ကျင်သော နတ်ဆရာ ဘုန်းကြီးများနှင့် ပူးပေါင်းသွားကြခြင်း ဖြစ်၏။ သူတို့၏ အမြဲတမ်း ဆန့်ကျင်နေမှုသည် နာကြည်းဖွယ် ကောင်းသော နစ်နာချက် တစ်ခုပင် ဖြစ်၏။

ဖြစ်ရပ် တစ်ခုတွင် ဂျယ်ရယ်မိယာသည် သူ့ဇက်ပေါ်၌ သစ်သား ထမ်းပိုး တစ်ခုကို ထမ်းပြီး လမ်းတစ်လမ်းပေါ်မှာ ပေါ်လာလေသည်။ ဤ ထမ်းပိုးမှာ ဘေဘီလုံ ဘုရင်၏ အုပ်စိုးမှုကို သင်္ကေတ ပြုထားခြင်း ဖြစ်သည် ဆို၏။ ထို ဘေဘီလုံ ဘုရင်၏ ထမ်းပိုးကို ယုဒ ပြည်သူများ၏ ဇက်ပေါ်၌ ထမ်းရွက်ကြရတော့မည် ဆိုသော အဓိပ္ပာယ် ဖြစ်သည် ဆို၏။

ဂျယ်ရယ်မိယာက ဤကဲ့သို့ ထမ်းပိုးကြီးကို ထမ်းရွက်ပြီး ဘုရား ဝတ်ကျောင်းတော် ရှေ့က ဖြတ်သန်းသွားသော အခါ ကျောင်းတော်ထဲမှ သူ့ကို ဆန့်ကျင်ဘက် လုပ်နေသော တမန်တော် တစ်ဦး ဖြစ်သူ *ဟာနန်နီးယား*[၁] ထွက်လာပြီး သူ့ဇက်ပေါ်က ထမ်းပိုးကြီးကို ဆွဲဖြုတ်ကာ လမ်းပေါ်မှာ ရိုက်ချိုး ပစ်လိုက်လေသည်။ ထို့နောက် ထို တမန်တော် ဟာနန်နီးယားက ဘုရားသခင်ထံမှ ဆန့်ကျင်ဘက် စကားများကို ရသည် ဆိုကာ ဤသို့ ပြောဆိုလေသည်။

'ထာဝရ ဘုရားသခင်က ဒီလို ပြောတယ်၊ ဘေဘီလုံ ဘုရင် *နဘူခက်နေဇာ*[၂] ၏ ပြည်သူ တစ်ရပ်လုံး ဇက်ပေါ်က အုပ်စိုးမှု ထမ်းပိုးကြီးကိုလည်း နှစ်နှစ် အတွင်းမှာ ငါ ရိုက်ချိုးပစ်လိုက်မယ်' ဟု ဆိုလေသည်။

ဂျယ်ရယ်မိယာသည် ဤအချက်ကို ခေတ္တ အနားယူစဉ်းစား ဆင်ခြင်ပြီးလျှင် ဟာနန်နီးယား၏ မှားယွင်းသော

---

၁။ Hananiah ၂။ Nebuchadnezzer

ဟောကိန်းကို တုံ့ပြန်ရန် အော်ဟစ်၍ ထွက်လာ ပြန်လေသည်။

'များယွင်းနေသော တမန်တော် ဆိုသူက သူ၏ လိမ်လည်သော စကားများကို ပြည်သူတို့ ယုံကြည်အောင် လုပ်နေပြန်ပြီ၊ ထို့ကြောင့် ထိုသူတို့ကို ထာဝရ ဘုရားသခင်က သံထမ်းပိုးကြီးနှင့် တုပ်နှောင်လိမ့်မည်၊ ဘေဘီလုံ ဘုရင် နဘူခက်နေဇာ၏ ဝန်ကို ထမ်းဆောင်ကြပါ၊ ပြည်သူတို့၏ ဇက်ပေါ်မှာ မကျိုးနိုင်သော သံထမ်းပိုးကြီး စည်းနှောင်ခြင်း ခံရလိမ့်မည်' ဟု ဆိုပြန်သည်။

အခြားသော ဂျေရုဆလင်ရှိ ပရောဖက် ဆိုသူများက လည်း ဂျယ်ရယ်မိယာကို ဟာနန်နီးယားထက် ပို၍ အကောင်း မမြင်ခဲ့ကြပေ။ သူက ပြင်းထန်သော အပြစ်ဒဏ် ခတ်ခြင်း အကြောင်းကိုသာ ထုတ်ဖော် ဟောကြားနေသော ကြောင့် ဖြစ်၏။

ထို့နောက် ပရောဖက် (တမန်တော်) ဆိုသူများ၏ ပြောဟောမှုများသည် ဘယ် ဘုရားသခင်ကမှ ပြောဟော စေသော စကားများ မဟုတ်၊ သူတို့ဘာသာ သူတို့၏ စိတ်ထဲမှ မျှော်မှန်းချက်များကို ဘုရား ပြောသော စကားများ အဖြစ် လိမ်လည် ပြောဆိုနေကြသူများသာ ဖြစ်သည် ဟူသော အယူအဆ ဖြစ်ပေါ်လာကာ တမန်တော် ဆန့်ကျင်ရေး စိတ်ဓာတ်များ ပေါ်ပေါက်လာလေသည်။

ထို့နောက် ယုဒက မဆင်မခြင်ဘဲ ဘေဘီလုံကို ပုန်ကန် ခြားနားလေရာ နဘူခက်နေဇာ ဘုရင်၏ စစ်တပ်များသည် ယုဒ နေပြည်တော်ကို ချဉ်းနင်း ဝင်ရောက် လာကြလေတော့သည်။ ထိုအခါ ဂျယ်ရယ်မိယာက မင်းညီမင်းသားများ မနှစ်သက်နိုင်၊ သည်းမခံနိုင်ဖွယ် စကားများကို ပြောဆိုပြန်လေသည်။

'အားလုံး သေကုန်ကြတော့မှာပဲ၊ အားလုံး ဝေါ်ပြတ်ကုန်ကြတော့မှာပဲ၊ အားလုံး ကပ်ဆိုက်ကုန်ကြတော့မှာပဲ၊ အသက် မသေဘဲ ကျန်ချင်တဲ့သူတွေ ကာလ်ဒီယန်းတွေဆီ သွားပြီး လက်နက် ချကြရင် အသက် ချမ်းသာရာ ရကြလိမ့်မယ်' ဟု လူသိ ရှင်ကြား ဟောပြောပြန်လေသည်။

ထိုအခါ ဂျေရုဆလင်ကို အုပ်စိုးသူများက ဂျယ်ရယ်မိယာသည် လက်နက်ကိုင် တိုက်ခိုက်နေကြသော စစ်သားများအား စိတ်ဓာတ်ကျအောင် ပြုလုပ်နေသည်ဟု ဘုရင့်ထံ စွပ်စွဲ သံတော်ဦး တင်ကြလေသည်။ ဂျယ်ရယ်မိယာကို ဖယ်ရှား သုတ်သင်ပေးရန် တောင်းဆိုကြရာ သူ့ကို ဖမ်းဆီးပြီး နန်းရင်ပြင်ရှိ ရေစည်ကြီးထဲသို့ ပစ်ချကာ ရွှံ့ရေထဲမှာ နစ်မွန်းစေခဲ့လေသည်။

ယုဒ မြို့တော်သည် ဘေဘီလုံ နိုင်ငံ၏ လက်အောက်သို့ ကျရောက်သည့် အချိန်တိုင်အောင် သူ့ကို လွတ်လပ်ခွင့် မပေးဘဲ ထားခဲ့လေသည်။

ဤတစ်ကြိမ် ဘေးအန္တရာယ် ကြုံတွေ့ရခြင်းသည် ဂျယ်ရယ်မိယာ အတွက် ပထမဆုံး အကြိမ်နှင့် နောက်ဆုံး အကြိမ် မဟုတ်သေး။ တစ်ခါက သူ့ကို ဖမ်းဆီး ချုပ်နှောင်ပြီး ၂၄ နာရီ လုံးလုံး ခြေထိတ် ခတ်ထားခဲ့လေသည်။ တစ်ခါကလည်း သူ့ မြို့သား အချင်းချင်းတို့က *အနာတော့သ်* [၁] မြို့တွင် သူ့ကို သေကြောင်း ကြံစည်ခဲ့ကြဖူးသည်။

*ဂျေဟွိုက်ကင်း* [၂] ဘုရင် လက်ထက်တွင်လည်း သူနှင့် ဘာရုချ်တို့သည် ပုန်းအောင်း တိမ်းရှောင်၍ နေခဲ့ရသေးသည်။ ထိုဘုရင်သည် နန်းတော်ထဲတွင် ဂျယ်ရယ်မိယာ၏ ဟောကိန်း ပါသော စာလိပ် တစ်ခုကို တွေ့၍ ဖတ်ရှုကြည့်ရာ စာပါ အကြောင်းအရာများကြောင့် ဘုရင်သည် အကြီးအကျယ် အမျက်ထွက်ကာ စာလိပ်ကို ဆုတ်ဖြဲပြီး မီးရှို့ ဖျက်ဆီး လိုက်ရုံမျှမက ဂျယ်ရယ်မိယာကိုပါ ဖမ်းဆီးရန် အမိန့် ပေးခဲ့လေသည်။ အန္တရာယ်ကိုကား လွန်မြောက်ခဲ့၏။ ထိုအခါမှ စ၍ ပရောဖက် ဂျယ်ရယ်မိယာ ဘဝတွင် ငြိမ်းချမ်းစွာ နေရသော အခါ ဟူ၍ ဘယ်အခါမှ မရှိခဲ့တော့ပေ။

ဂျေရုဆလင် မြို့တော်ကို ဘီစီ ၅၈၆ ခုနှစ်တွင် နဘူခက်နေဇာ ဘုရင်က တိုက်ခိုက် ဖျက်ဆီးခဲ့သော အခါ ထိုမင်းက သူ့ကို မိတ်ဆွေ အဖြစ် သတ်မှတ်ပြီး လွတ်လပ်စွာ နေခွင့်ပြုခဲ့လေသည်။ မြို့သူ မြို့သား လက်တစ်ဆုပ်စာ လောက်နှင့်အတူ ယုဒမြို့မှာ နေရန် အတွက်လည်း သူ့အား ခွင့်ပြုခဲ့လေသည်။ ဂျယ်ရယ်မိယာသည် ထိုကျန်ရစ်သူ မြို့သားများနှင့် ပြန်လည် သင့်မြတ်အောင် ကြိုးပမ်းခဲ့သေးသည်။ သို့ရာတွင် နဘူခက်နေဇာ ဘုရင် ခန့်ထားခဲ့သော မြို့သူကြီး *ဂေဒါလီယာ* [၃] လုပ်ကြံ သတ်ဖြတ်ခြင်း ခံရမှုနှင့် ဆက်စပ်လျက် လုပ်ကြံသူများက ဂျယ်ရယ်မိယာအား ပြန်ပေး ဆွဲကာ အီဂျစ် နိုင်ငံသို့ ပို့လိုက်ကြလေသည်။ အီဂျစ်တွင် သူသည် အနည်းအကျဉ်းလောက်သာ ဟောကိန်းများကို ထုတ်ခဲ့နိုင်သည်။ နောက်ပိုင်းတွင် သူသည် မထင်မရှား ပျောက်ကွယ်လျက် ဘဝ ဇာတ်သိမ်းသွားလေတော့သည်။

ဂျယ်ရယ်မိယာ၏ ဟောကိန်းများသည် ခြိမ်းခြောက်သည့် သဘော၊ မကောင်းမြင် သဘော များသည်ဟု ဆိုနိုင်

---

၁။ Anatoth

၂။ Jehoiakim

၃။ Gedaliah

'ရှေးတုန်းကတော့ အဖေက စပျစ်သီး အချဉ် စားရင် သူ့ သားသမီးတွေက သွားကျဉ်တယ်လို့ ဆိုတယ်၊ သို့သော် လူတိုင်းဟာ ကိုယ့်အပြစ်နှင့် ကိုယ် သေကြရတာပဲ၊ ဒါ ကြောင့် လူတိုင်းဟာ စပျစ်သီး အချဉ်ကို စားရင် ကိုယ့် သွားပဲ ကျဉ်မှာပဲ' ဟု သူက ဆိုသည်။

ဤကား ပုဂ္ဂလိက လူသားသည် ကိုယ်ပြုသမျှ ကိုယ် ခံရမည်၊ ကိုယ်ပြုသော ကံ အတွက် ကိုယ်ပင် တာဝန် ယူ ကြရမည် ဟူသော သဘောတရားကို ဖော်ဆောင်လာခြင်း ဖြစ်၏။

ဤ ဖော်ပြချက်သည် အရေးကြီးသည်။ လူသားနှင့် ထာဝရ ဘုရား ကြားမှာ တိုက်ရိုက် ဆက်သွယ်မှု ရှိနေ ကြောင်းကို ဖော်ပြနိုင်လေသည်။ ထိုအချက်သည် ဘုရား ဝတ်ကျောင်းတော်ကို သွားပြီးမှ ပူဇော် ပသနေမှုများသည် အရေး မပါတော့ကြောင်း ပေါ်လွင်လာသည်။

လူသား၏ ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ပိုင်း ဆိုင်ရာ အဆင့်မြင့် ဖြစ်ပေါ်ရေး အတွက် ဝတ်ကျောင်းတော်မှ တစ်ဆင့် ပူဇော်နေရန် မလိုတော့ကြောင်း သဘောထား ပြောင်း လဲမှုကိုလည်း ဖြစ်စေခဲ့လေသည်။

ဤအချက်သည် ဓမ္မသစ် ကျမ်းစာ ဖြစ်ပေါ်လာရေး အတွက် ဂျယ်ရယ်မီယာ၏ ဦးဆောင်ချက် ဖြစ်သည်ဟု လည်း ဆိုနိုင်ပေသည်။

သော်လည်း လုံးလုံးလျားလျား မကောင်းမြင် ဝါဒမျိုးမူကား မဟုတ်ချေ။ သူ့ဟောကိန်းများထဲတွင် မျှော်လင့်ချက် ကောင်း များလည်း ပါသည်။

သူက 'ယာဝေး ဘုရားသခင်သည် နိုင်ငံများကို အပြစ်ဒဏ် ခတ်ရာတွင် ဘေဘီလုံ နိုင်ငံကို အသုံးချပြီး ပါက ဘေဘီလုံကိုလည်း အပြစ်ဒဏ် ခတ်မည် ဖြစ်ကြောင်း၊ ထိုနောက်တွင် ယုဒမှ လူများနှင့် အစ္စရေးမှ လူများသည် တိုင်းတစ်ပါးသားများကို လုပ်ကျွေးသမှု ပြုကြတော့မည် မဟုတ်၊ ယုဒသို့ ပြန်လာကြပြီးနောက် ထာဝရ ဘုရားသခင် ကိုသာ အလုပ်အကျွေး ပြုကြလိမ့်မည်၊ ထိုအချိန်တွင် သူတို့ ၏ မင်းကောင်း မင်းမြတ်သည် *ဒေးဗစ်* [၁] ဘုရင် ဖြစ်လိမ့် မည်၊ ထိုမင်းကား ယာဝေး ဘုရားသခင်က သူတို့ အတွက် ဘုရင် အဖြစ် နန်းတင်ပေးခြင်း ခံရသူ ဖြစ်ကြောင်း' များ ကိုလည်း သူသည် ကြိုတင် နိမိတ်ဖတ် ဟောကြားခဲ့လေ သည်။

ဤဟောကြားချက်ကား ဂျယ်ရယ်မီယာခေတ် တမန် တော်များ ပွင့်ထွန်းသော အစဉ်အလာ သမိုင်းတွင် ထူးခြား ချက် တစ်ရပ် ဖြစ်၏။

ထို့ပြင် ဂျယ်ရယ်မီယာသည် သူ၏ ဟောကိန်းများ တွင် ပုဂ္ဂလိက လူသား၏ တာဝန် ဝတ္တရားပိုင်းကိုပါ ဆက် စပ် ထည့်သွင်း၍ ဟောကြားနိုင်ခဲ့လေသည်။

## ၅။ ဘေဘီလုံသို့ နှင်ထုတ်ခြင်း

ဘေဘီလုံ ဘုရင် နာဗူခက်နေဇာသည် ဤသတင်း ကို ကြားသိရသော အခါ သူသည် ယုဒ၏ ပုန်ကန် ခြား နားခြင်းကို အမြဲတမ်း ချုပ်ငြိမ်းသွားအောင် ချေမှုန်းပစ်ရန် ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် အရေးယူ ဆောင်ရွက်လေ တော့သည်။

ဘီစီ ၅၈၇ တွင် သူသည် ဂျေရုဆလင်ကို သူ၏ စစ် အင်အား အလုံးအရင်းဖြင့် ရင်းနှီး မြှုပ်နှံလိုက်လေသည်။ သုံးလကြာ မြို့ကို ဝိုင်းရံ တပ်ချထားပြီးနောက် ဘုရင်သစ် ဇေဒီကိုင်ယာ ဂျေဒိုက်ရင်းလည်း နန်း တက်၍ မကြာမီမှာပင် မြို့တော် အလုံးကို လုံးဝ ဖျက်သုဉ်းခြင်းမှ ကာကွယ်နိုင်စေရန် လက် နက်ချ အသုံခံရလေတော့၏။ နာဗူခက်နေဇာလည်း ဘုရား ဝတ်ကျောင်းတော်ကို လုယက် ဖျက်ဆီးလေ၏။ စစ်သုံ့ပန်း

အီဂျစ် လိုလားသော ဘာသာရေး အယူသီး အမျိုးသားရေး ဝါဒီ အုပ်စုများသည် သူတို့ ရှောင်ရှားနိုင်ရန် မျှော်လင့်ထား သော ဟေဗြဲတို့၏ အချုပ်အခြာ အာဏာ ဆုံးရှုံးမှု ဘေးဆိုး ကြီးကို သူတို့ပင် ဖြစ်အောင် ဖန်တီးခဲ့ကြလေသည်။

သူတို့က အသက်အရွယ် ကြီးရင့်နေပြီ ဖြစ်သော ဂျေဒိုက်ကင်း ဘုရင်ကို နာဗူခက်နေဇာ ဘုရင်အား ရှိခိုး ပဏ္ဏာ မဆက်သဘဲ နေရန် ဆွဲဆောင် တိုက်တွန်းခဲ့ကြလေ သည်။ အီဂျစ်၏ စစ်အင်အား အပေါ် အားကိုးပြီး အမျိုး သား လွတ်လပ်ရေး အတွက် ကြံ့ကြံ့ခံ ရပ်တည်နေရန်ကို လည်း ဆွဲဆောင်ခဲ့ကြလေသည်။

---

၁။ David

များကိုလည်း ဘေဘီလုံ နိုင်ငံသို့ ဖမ်းဆီး ခေါ်ဆောင်လေ၏။

စစ်သုံ့ပန်းများတွင် ဘုရင်နှင့် တကွ သုံ့ပန်း အရပ်သား တစ်သောင်း ပါဝင်လေသည်။ မှူးမတ်များ အားလုံး၊ ထင်ရှားသော စစ်သူရဲများ အားလုံးနှင့်တကွ လက်မှုပညာသည်များ၊ ပန်းပု၊ ပန်းရံ၊ ပန်းထိမ်၊ ပန်းပဲ စသည့် ပန်းပညာရှင်များကိုသာမက စစ်နှင့် သင့်တော်သည်ဟု ထင်ရသူ အားလုံးကို ဖမ်းဆီး ခေါ်ဆောင်သွားခြင်း ဖြစ်၏။

ဘေဘီလုံသို့ ရောက်သော အခါ ဘုရင်ကို ထောင်သွင်း၍ အကျဉ်း ချထားလေသည်။ ခေါ်ဆောင်သွားသော စစ်သုံ့ပန်းများကိုမူ လက်အောက်ခံ ကျေးကျွန်များ အဖြစ် ချေဘာ မြစ်ရိုး တစ်လျှောက်မှာ အိုးအိမ် တည်ထောင်၍ နေစေခဲ့လေသည်။

ယုဒမှာ ကျန်ရစ်သူများကိုမူ ပြည်နှင်ဒဏ် ပေးခြင်း ခံရသော ဘုရင်၏ ဦးရီးတော်သူ *ဇေဒက္ကိယာ*[၁] ၏ အုပ်ချုပ်မှု အောက်မှာ ထားလေသည်။ သူသည် ဂျိုဆီးယာ မင်း၏ တတိယ သားတော် ဖြစ်၏။

ဘီစီ ၅၈၈ သို့ ရောက်သော အခါ နဘူခက်နေဇာ ထံတွင် ကိုးနှစ်ကြာ သစ္စာခံ၍ နေခဲ့သော ဇေဒက္ကိယာက လည်း သစ္စာ လှန်၍ ပုန်ကန် ခြားနားပြန်လေသည်။

ယခု တစ်ကြိမ်တွင်မူ ဂျေရုဆလင်ကိုလည်း ချန်မထားတော့ပေ။ နဘူခက်နေဇာ၏ တပ်များက တစ်နှစ်ခွဲ ကျော် ကြာအောင် မြို့ကို ဝိုင်းရံ တပ်ချထားလေသည်။ ထိုအတောအတွင်း ဂျေရုဆလင် မြို့တော် ဝိုင်းရံ ပိတ်ဆို့ခံနေရခြင်းကို သက်သာစေရန် စစ်ကူ ရောက်လာသော အီဂျစ် တပ်များကို မြို့တော်ကို ဝိုင်းရံ ထားသူများက ပြန်လည် တိုက်ခိုက် မောင်းနှင်ထုတ်လိုက်ကြလေသည်။ ထို့နောက် ဂျေရုဆလင်ကို တိုက်ခိုက် သိမ်းယူကြလေသည်။

ဘေဘီလုံများနှင့် သူတို့၏ မဟာမိတ်များသည် မြို့ကို စနစ်တကျ လုယက် ဖျက်ဆီးကြပြီးနောက် မီးရှို့ကြ၏။ မြို့တွင်းရှိ အဆောက်အဦ မှန်သမျှကိုလည်း ဖျက်ဆီးပစ်၏။ ဖျက်ဆီးခံ အဆောက်အဦများတွင် ဘုရားဗိတ်ကျောင်းတော်လည်း ပါဝင်သည်။ ဘုရား ကျောင်းတော်ထဲမှ မြတ်သော ရေးသဘော်ကြီး အကြောင်းကိုလည်း နောင်အခါတွင် ဘာမျှ မကြားရတော့ပေ။ ဘေဘီလုံများက မြို့တော်၏ နံရံ အုတ်ရိုးများကိုလည်း ပင်ပန်းခံကာ ဖျက်ဆီးကြ၏။ မြို့တော်ကြီးမှာ စနစ်တကျ ဖျက်ဆီးခြင်းကို ခံလိုက်ရသည့်အတွက် နောင် အနှစ် ၁၅၀ ကျော် ကြာသည့်တိုင်အောင် မူလ အတိုင်း ဖြစ်အောင် ပြန်လည် တည်ဆောက်နိုင်ခြင်း မရှိတော့ပေ။

ဘေဘီလုံ နိုင်ငံသို့ သံကြိုးဖြင့် ချည်နှောင်၍ ဆွဲယူသွားခြင်း မခံရမီ ဘုရင် ဇေဒက္ကိယာအား သူ၏ သားများကို သတ်ဖြတ် သုတ်သင်သည့် ပွဲကို ကိုယ်တိုင် ကြည့်ရှုစေခဲ့၏။ ထို့နောက် သူ၏ မျက်လုံးများကိုပါ ထုတ်ယူပစ်ခြင်း ခံရလေသည်။

ဂျယ်ရယ်မီယာနှင့် ဆင်းရဲသား အချို့မှ အပ ကျန်သော ဂျေရုဆလင် မြို့သူ မြို့သား အားလုံးကို ဖမ်းဆီး ခေါ်ဆောင်သွားကြလေသည်။

ဂျေရုဆလင် မြို့ အနီး ပတ်ဝန်းကျင် မြို့ငယ်များရှိ အထက်တန်းလွှာများ အားလုံးကိုလည်း ခြောက်ခန်းသွားအောင် တဖြည်းဖြည်း စိမ့်၍ ထွက်သွားစေလေသည်။ ထိုအချိန်တွင် အများစုမှာ တောင်ဘက်ရှိ အီဂျစ် နိုင်ငံသို့ ထွက်ပြေးခဲ့ကြလေသည်။

နိုင်ငံ တစ်ခုလုံးမှာ အစိတ်စိတ် အမြွှာမြွှာ ဖြစ်ကျန်ရစ်၏။ တစ်စိတ် တစ်ပိုင်းမှာ ဘေဘီလုံ လက်အောက်သို့ ရောက်သည်။ ကျန် အစိတ်အပိုင်းများမှာ အီဂျစ်သို့ ခိုလှုံကြလေသည်။ သူတို့သည် အုပ်စုကွဲများ အဖြစ် နိုင်းလ် မြစ်ကြောင်း တစ်လျှောက်နှင့် မြစ်ဝပိုင်းမှာ အိုးအိမ် ထူထောင်၍ နေကြရလေသည်။ တတိယ အုပ်စုမှာမူ ပျက်စီး ကျန်ရစ်သော မြို့တော်မှာပင် ဖြစ်သလို နေရစ်ခဲ့ကြလေသည်။

အမျိုးသား အဆင့်အတန်းတွင် အကြီးအကျယ် ပြောင်းလဲမှုကြီး ဖြစ်ပေါ်သွားရကား သမိုင်းဆရာများက ဘီစီ ၅၈၆ တွင် ဂျေရုဆလင် မြို့တော် ကျဆုံးစဉ် မသေမပျောက် မပျက်မစီးဘဲ ကျန်ရစ်သူများအား ဟေဗြဲ လူမျိုးများဟု မခေါ်ကြတော့ဘဲ ဂျူး (ယေဝတီ) များဟု ပြောင်းလဲ ခေါ်ခဲ့ကြလေတော့သည်။

ဘေဘီလုံ နိုင်ငံသို့ မောင်းထုတ်ခြင်း ခံရသော အဖြစ်သည် ယုဒ နိုင်ငံသားများ အတွက် လူမျိုးစု ဆယ်ခု ပျောက်ဆုံးသွားရသော အဆီးရီးယန်း လူမျိုးများ၏ ပြည်နှင်ဒဏ်လောက် အတိ ဒုက္ခရောက်ရသော အဖြစ်ဆိုးကား မဟုတ်ပေ။ နဘူခက်နေဇာ ဘုရင်၏ ရန်ပြုခြင်းသည် နိုင်ငံရေးသဘော ပါသည်။

နဘူခက်နေဇာ အနေနှင့် ဟေဗြဲတို့၏ အချုပ်အခြာ အာဏာ ဆက်လက် တည်ရှိခြင်းကို ဆန့်ကျင်ခြင်းသို့ ဦးတည် လုပ်ဆောင်ခြင်း ဖြစ်၏။ တစ်ခါက ဂျူး လူမျိုးများကို ဘေဘီလုံ ဘေးပတ်ဝန်းကျင် ဒေသများသို့ တင်ပို့ခဲ့ပြီး

---

၁။ Zedekiah

ထိုသူတို့အား ထိုဘုရင်သည် လွတ်လပ်ခွင့်ကိုလည်း အထိုက် အလျောက် ပေးထားခဲ့လေသည်။ ဂျူး လူမျိုးများသည် အတူတကွ စုရုံးနေထိုင်ခွင့် ရှိကြသည့်ပြင် သူတို့၏ လူမှု ဆက်ဆံရေး ဓလေ့ ထုံးစံများ၊ ယဉ်ကျေးမှုများ အတိုင်း နေထိုင် လုပ်စားကြခြင်းကိုလည်း အနှောင့်အယှက် မရှိ ခွင့် ပြုထားလေသည်။

ထိုသူတို့ အခြေချ နေထိုင်ရာ ဒေသသည် မြေဩဇာ ကောင်းမွန်သော မြစ်ဝကျွန်းပေါ် ဒေသနှင့် ဆက်စပ်နေသော ဒေသ တစ်စိတ်တစ်ပိုင်း ဖြစ်၏။ ဆည်မြောင်းများဖြင့်သာ ပိုင်းခြားထားသော ဒေသ ဖြစ်ရကား ပါလက်စတိုင်း ဒေသ နှင့် နှိုင်းစာလျှင် လယ်ယာ စိုက်ပျိုးရေး ရှုထောင့်မှ ကြည့် လျှင် များစွာ သာလွန် ကောင်းမွန်သော ဒေသ ဖြစ်လေ သည်။

ထို့ပြင် ထိုဒေသသည် ကမ္ဘာပေါ်မှာ အကြီးကျယ်ဆုံး ဖြစ်သော ဘေဘီလုံ မြို့တော်နှင့် နစ်ပူ မြို့ကြီး နှစ်မြို့၏ ကြားမှာ တည်ရှိလေသည်။ ထို့ကြောင့် ထိုဒေသသည် စီးပွား ရေး အကျိုး ဖြစ်ထွန်းရေး အတွက် ထူးခြားစွာ အခွင့် အလမ်း သာလျက် ရှိ၏။ ထို့ကြောင့် ထိုဒေသတွင် အိုးအိမ် အခြေတကျ ထူထောင် နေထိုင်ပြီး ကြီးပွား တိုးတက်နိုင် သော အခွင့်အရေးများကို အသုံးချသော သူတို့မှာ အံ့ဩ ဖွယ် ကောင်းလောက်အောင် စီးပွား ဖြစ်ထွန်းကြလေသည်။

အစ ပထမ ကာလ၌မူ အခြေတကျ ဖြစ်ရန်မှာ ခက်ခဲ နေခဲ့၏။ ဤအချက် အတွက် သက်သေခံ အထောက်အထား များ ဓမ္မဟောင်း ကျမ်းစာထဲတွင် ထင်ရှား ရှိ၏။

ထိုဒေသ၌ အိုးအိမ် ထူထောင်ခါစက ကြုံခဲ့ရသော အခက်အခဲများသည် တဖြည်းဖြည်း ပပျောက်သွားလေသည်။ စီးပွားရေး အရမူ ဤဒေသက သည်းခံနိုင်သည်ထက်ပင် ပို၍ ကောင်းနေသေးသည်။ မြေဩဇာ ကောင်းမွန်သော ဤ အရပ်၌ စိုက်ပျိုးသော အခါ သီးနှံများ လွန်စွာ ဖွံ့ဖြိုး အောင် မြင်ကြလေသည်။ ကျောက်တုံး ကျောက်ခဲများ ပေါများသော ယုဝ ဝန်းကျင်တွင် ထိုကဲ့သို့သော သီးနှံ ဖွံ့ဖြိုး အောင်မြင်မှု မျိုးကို တစ်ခါမျှပင် မကြုံတွေ့ခဲ့ရစဖူးပေ။

ဂျူးလူမျိုး များစွာမှာလည်း လယ်ယာ လုပ်ကိုင်ခြင်းမှ လွတ်မြောက်ကြကာ အစိုးရ လုပ်ငန်းများတွင် စစ်သားများ အဖြစ် လည်းကောင်း၊ ရုံးဝန်ထမ်းများ အဖြစ် လည်းကောင်း အမှုထမ်းခွင့်ကိုလည်း ရရှိခဲ့ကြလေသည်။ အခြားသူများကမူ စီးပွား ဖြစ်ပွားရာ ဖြစ်ပွားကြောင်း ကုန်သည် ပွဲစား အလုပ် များကို ပြုလုပ်ကြလေသည်။ သူတို့၏ သားချင်းများ အီဂျစ် နှင့် ဆီးရီးယားတွင် လုပ်ကိုင်နေကြသော နည်းလမ်းများ အတိုင်း လိုက်နာ လုပ်ကိုင်နေကြခြင်း ဖြစ်၏။ ဤကဲ့သို့ ဂျူး လူမျိုးများ ကြီးပွား ချမ်းသာ ဖြစ်လာကြသော အခါ မကြာမီမှာပင် ဘေဘီလုံ နိုင်ငံ၌ *ဆီးမိုက် ဆန့်ကျင်ရေး အယူဝါဒ* [၁] ထွန်းကားလာကြောင်းကိုလည်း တွေ့ရှိရလေ သည်။ ဂျူး လူမျိုးများသည် ကမ္ဘာပေါ်တွင် ဆီးမိုက် ဆန့် ကျင်ရေး ညည်းပန်း နှိပ်စက် သတ်ဖြတ်မှု များစွာကို ကာလ ကြာမြင့်စွာ ခံစားခဲ့ကြရလေသည်။

### ယေဝတီ ဝတ်ကျောင်းတော် စတင် ဖြစ်ပေါ်ခြင်း [၂]

ယာဝေး ဘုရား ကိုးကွယ်ရေး အယူဝါဒသည် ယခုအခါ ပြင်းထန်သော စမ်းသပ် စစ်ဆေးခြင်းကို ခံနေရပြီ ဖြစ်၏။ ပြည်ပြေး ဖြစ်ကြရသူများ၏ စိတ်ထဲတွင် သူတို့ ကိုးကွယ် သော ပါလက်စတိုင်း နတ်ဘုရားများသည် တိုင်းတစ်ပါး သားများ ကိုးကွယ်သော နတ်ဘုရားများလောက် တန်ခိုး သတ္တိ မရှိ၍သာ သူတို့ကို ကာကွယ် စောင့်ရှောက်ခြင်း မပြု နိုင်ခဲ့ကြခြင်းပေလားဟု စဉ်းစား ဆင်ခြင်လာကြလေတော့ ၏။

သို့မဟုတ် တမန်တော်ကြီးများ ဟောပြောခဲ့ကြသော အမြင် ဖြစ်သော ယာဝေး ဘုရားသခင်သည် သူ့ လူမျိုးများ နှင့်သာ နေရာခပ်သိမ်း၌ အတူတကွ ရှိသည်၊ သူ ရွေးချယ် ထားသော လူမျိုးများမှအပ ကျန်သော လူမျိုးများ၏ ကံ ကြမ္မာကိုလည်း ပြုပြင် စီရင်သည် ဆိုသော အယူအဆသည် ဆက်လက် တည်ရှိသေးရဲ့လားဟု သံသယ ဖြစ်လာကြ သည်။ ထင်ရှားစွာပင် တချို့သော လူတို့သည် ယာဝေး ကိုးကွယ်မှုကို စွန့်လွှတ်ကြပြီးလျှင် ဘေဘီလုံ နိုင်ငံကို ကြွယ်ဝ ချမ်းသာအောင် ကူညီ မစကြသော နတ်များကို ပြောင်း၍ ကိုးကွယ်နေကြ၏။

ရှေးက ဖြစ်ခဲ့ဖူးသော အယူဝါဒ ဖောက်ပြန် ယိမ်းယိုင် ခြင်းသည် ယခု တစ်ဖန် အီဂျစ် နိုင်ငံ၌ ပြန်ဖြစ်ပေါ်လာ ပြန်၏။ ဂျယ်ရယ်မီယာကို အီဂျစ်သို့ ပြန်ပေး ဆွဲသွားကြ သူများသည် ရှေးက တမန်တော် ဆိုသူများကို အန်တု ပုန် ကန်နေကြပြီ ဖြစ်၏။

'ကျုပ်တို့ဟာ သင်တို့ ပြောသော စကားများကို နား ထောင်ကြတော့မည် မဟုတ်၊ ကောင်းကင် ဘုရင်မ အစ်ရှ် တာကိုသာ ငါတို့သည် ပူဇော် ပသကြပေတော့မည်၊ ရှေးက

---

၁။ Anti-Semitism

၂။ The Origin of Synagogue

ငါတို့ မိဘ ဘိုးဘွားများ၊ ငါတို့၏ ဘုရင်များ၊ ယုဒနှင့် ဂျေရုဆလင် မြို့များ၌ ထိုကောင်းကင် ဘုရင်မ နတ်သမီးကို သေရည်များ သွန်းလောင်း၍ ပူဇော် ပသသကဲ့သို့ ငါတို့သည် ပူဇော်ကြပေအံ့' ဟု ဆိုကြလေသည်။

'ထိုစဉ်အခါကမူ ငါတို့မှာ စားစရာလည်း ပေါများခဲ့၏၊ စည်းစိမ်ဥစ္စာများလည်း ပေါများခဲ့ကြ၏၊ ဘေးဥပဒ်အန္တရာယ်များနှင့်လည်း မကြုံခဲ့ကြရ၊ သို့သော် ထိုနတ်သမီးကို မပူဇော် မပသဘဲ နေခဲ့ကြကတည်းက ငါတို့မှာ ကိုးကွယ်ရာမဲ့ အထီးကျန် ဘဝ အမျိုးမျိုးနှင့် ကြုံတွေ့ခဲ့ကြရ၏၊ ငါတို့မှာ ရက်စက်စွာ သတ်ဖြတ်ခံရခြင်း၊ ငတ်မွတ်ခေါင်းပါးခြင်းများနှင့်သာ ကြုံတွေ့ခဲ့ကြရ၏' ဟုလည်း ဆိုကြလေသည်။

သို့ရာတွင် ယုဒ ဘာသာ၏ အနာဂတ်ကို ချမှတ်ကြသူများကမူ သူတို့၏ ယုံကြည် ကိုးကွယ်မှုတွင် တုန်လှုပ်ပြောင်းလဲခြင်း မရှိခဲ့ကြပေ။ ယာဝေး ဘုရားသခင်ကို ကိုးကွယ်မှုသည် ကျယ်သည်ထက်ပင် ကျယ်ပြန့်ပြီး ပို၍လည်း နက်ရှိုင်း လာခဲ့လေတော့သည်။ အီဂျစ်တွင် လည်းကောင်း၊ ဘေဘီလုံတွင် လည်းကောင်း ထိုလူများနှင့် အတူ ယာဝေး ဘုရားသခင်သည် တည်ရှိနေခဲ့၏။

ဘေဘီလုံရှိ ယာဝေး ဘုရားသခင် အပေါ် သစ္စာ ခံသူများ အဖို့မူ ကမ္ဘာပေါ်တွင် ယာဝေး ဘုရားသခင်ကို ပူဇော်ပသရန် နေရာသည် ဂျေရုဆလင် မြို့ရှိ ဝတ်ကျောင်းတော်ထဲရှိ ယဇ်ပလ္လင် တစ်နေရာတည်းသာ ရှိသည် ဟူ၍ စွဲမြဲယုံကြည်နေကြလေသည်။

ဤကဲ့သို့ အဆင့်မြင့် ဘုရားသခင်ကို ချဉ်းကပ်နည်းကို ယခုအခါ ငြင်းပယ်မှုများလည်း ပေါ်ပေါက်နေပြီ ဖြစ်၏။

ယုံကြည်သူများသည် ဥပမာအားဖြင့် ဥပုသ်နေ့များ၌ မိမိတို့ အိမ်များတွင် စုဝေးကြပြီးလျှင် ဘုရားသခင်၏ ဓမ္မများ ပါသော စာလိပ်များနှင့် တမန်တော်များ၏ ရေးသားချက်များကို စုပေါင်း ရွတ်ဖတ်ကြသည်။ ထို့ပြင် သူတို့သည် သူတို့၏ ရှေးက သမိုင်းစာများကိုလည်း စုပေါင်း ရွတ်ဖတ်ကြသည်။ သို့သော် ထိုကျမ်းစာများမှာ ပိဋကတ် ကျမ်းစာများ အဖြစ်သို့ စုစည်းနိုင်ခြင်းကား မရှိသေးပေ။ ဤကဲ့သို့ ကျမ်းစာများကို ဥပုသ်နေ့များ၌ စုပေါင်း ရွတ်ဆိုကြရာမှ တစ်စုံတစ်ယောက်က ဦးဆောင်ပြီး ဝတ်ပြု ဆုတောင်းခြင်းများကိုပါ ပြုလုပ်လာကြ၏။ ဤဝတ်ပြုပွဲများသည် နောင်အခါ ယေဝတီ ဝတ်ပြုပွဲများ အဖြစ်သို့ ပြောင်းလဲ ဖြစ်ပေါ်လာကြ၏။

ဤ ယေဝတီ ဝတ်ပြု ဆုတောင်းပွဲများသည် ဘေဘီလုံမှ စတင်ပြီး ထိုပွဲများ၌ ကျမ်းစာများကိုပါ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ အမှားအယွင်း သုတ်သင်ခြင်းများ အထိ ပြုလုပ် လာစေနိုင်ခဲ့ကြသည်။

ဤ ဘုရား ရှိခိုးနည်းများ ဖြစ်ပေါ်လာခြင်းနှင့် အတူ ထင်ရှား မှတ်သားဖွယ်ရာ တိုးတက် ဖြစ်ပေါ်လာခြင်း ကိစ္စတစ်ရပ်မှာ ဘာသာရေး စာပေ ကျမ်းဂန်များ တိုးပွားလာခြင်းပင် ဖြစ်၏။ ရှေးက ရေးသားထားသော စာပေ ကျမ်းဂန်များကို ဥပုသ်နေ့များတွင် အသင့် သုံးနိုင်စေရန် မိတ္တူများ ပွားကူးခဲ့ကြလေသည်။ ထိုကျမ်းစာများကို ဂျူး ပြက္ခဒိန်နှစ် အတွင်း ဘာသာရေး ပွဲလမ်းသဘင် နေ့များတွင်လည်း အသုံး ပြုကြသည်။ ထိုအခါ စာဖြင့် မှတ်တမ်း တင်ထားရခြင်း မရှိသေးသော အစဉ်အလာများ ပပျောက် မေ့လျော့ကုန်မည်ကို တွေးတော ပူပန်ကြသူများကလည်း ထို ထုံးတမ်းစဉ်လာများကို အလျင်အမြန် စာဖြင့် မှတ်တမ်း တင်ရန် ကြိုးပမ်းကြသည်။

ထို့ပြင် ရှေးက သမိုင်းစာများကိုလည်း ပြန်လည်သုံးသပ်ပြီး ထိုသမိုင်းစာများ၊ ဓမ္မသတ်များကိုလည်း တိုးချဲ့၍ မှတ်တမ်း တင်ကြလေသည်။

စာပေ မှတ်တမ်း တင်ခြင်းများက ခေတ်ပြိုင် ဘာသာရေး ထိုးထွင်း ရှုမြင်မှုများကိုလည်း ပေါ်ပေါက်စေခဲ့၏။

ထိုအချိန်တွင် ကြီးကျယ်သော တမန်တော် နှစ်ဦး ပေါ်ပေါက်လာပြီး သူတို့၏ အားပေး တိုက်တွန်းသော အတွေးအမြင်များ ပါသည့် အပြော အဟော အရေးအသားများလည်း ပေါ်ပေါက်လာကြလေ၏။

## တမန်တော် အီဇက်ကီးလ်[၁]

*တမန်တော် အီဇက်ကီးလ်*[၁] ၏ ဘဝ အကြောင်းအရာ အနည်းငယ်မျှကိုသာ သိရ၏။ ဖြစ်နိုင်သည်မှာ သူ့နာမည်ဖြင့် ရေးသားထားသော ကျမ်းစာများသည် သူ မရှိသည့် နောက်မှ ရေးသားသော ကျမ်းစာများ ဖြစ်နိုင်ပေသည်။ သူသည် ပြည်ပြေးများ အတွင်း၌ ပေါ်ပေါက်ခဲ့သော သမ္မာကျမ်းစာ ပထမ ငါးအုပ်တွင် ပါသော ဥပဒေများကို အထူးလေ့လာသူများ အသိုင်းအဝိုင်း၏ ခေါင်းဆောင် ဖြစ်ဖွယ်ရှိ၏။ သူတို့သည် ဟေဗြဲ သမိုင်းကို အဓိပ္ပာယ် အကျယ်ဖွင့်ဆိုကြသူများလည်း ဖြစ်၏။

---

၁။ Ezekiel

သူတို့သည် ဓမ္မဟောင်း ကျမ်းစာမှ *တရား စီရင်ခြင်း ကျမ်း*[၁]၊ *ဆင်မျူဝယ်ကျမ်း*[၂] နှင့် *ဘုရင်များကျမ်း*[၃] စသည်များကို ပြန်လည် သုံးသပ်ပြီး ပဉ္စမ ငါးကျမ်းပါ တန်ဖိုး ဆုံးဖြတ်ချက်နှင့် အညီ ပြန်ရေးခဲ့ကြလေသည်။

အီဇက်ကီးလ်သည် ဂျေရုဆလင် မြို့မှ နတ်ဆရာ ဘုန်းကြီးမျိုးက ဆင်းသက်လာသူ ဖြစ်၏။ ဘီစီ ၅၉၇ ခုနှစ်တွင် ဂျေရုဆလင်မှ သုံ့ပန်း အဖြစ်ဖြင့် ဘေဘီလုံသို့ ဖမ်းဆီးခေါ်ဆောင်သွားစဉ် ပါဝင်ခဲ့သူ ဖြစ်သည်။ ထိုနောက် သူသည် ဂျူး လူမျိုးများနှင့်အတူ ချေဘာ မြစ်ကြောင်း တစ်လျှောက်တွင် နေထိုင်ခဲ့လေသည်။ အနှစ် နှစ်ဆယ်ကျော် ကြာအောင် သူသည် တမန်တော်၏ လုပ်ငန်း တာဝန်များနှင့် အစ္စရေး မိသားစုများကို စောင့်ရှောက်သူ အဖြစ် တက်ကြွစွာ လှုပ်ရှား ဆောင်ရွက်၍နေခဲ့သူ ဖြစ်သည်။

သိုးထိန်းသည် သိုးများကို စောင့်ရှောက် ကြည့်ရှုထိန်းကျောင်းသလို သူသည် သူ့လူမျိုး ပြည်ပြေးများ အပေါ် ဂရုတစိုက် ထိန်းသိမ်း စောင့်ရှောက်နေခဲ့လေသည်။ သူ့ စိတ်ထဲတွင်လည်း သူ့ လူမျိုးများကို ပြန်လည် တည်မြဲအောင်နှင့် ပြန်လည် တိုးတက် ကြီးပွား စည်ကားအောင် ပြုလုပ်ဖို့ကိုလည်း အမြဲ ကြံစည် စိတ်ကူး၍ နေခဲ့လေသည်။

သူသည် သူ၏ ကြံစည် စိတ်ကူးမှုများကို စာဖြင့် ရေးသားခဲ့၏။ အစ္စရေး လူမျိုးများကို ပြန်လည် စုစည်း ထူထောင်ရေးနှင့် ဘုရား ဝတ်ကျောင်းတော်ကို ပြန်လည် စည်ကားအောင် ထူထောင်ရေး အစီအစဉ် အသေးစိတ်များကို သူ ရေးသားခဲ့လေသည်။ ထို့ကြောင့် ယုဒ ဘာသာ၏ နှောင်းပိုင်း အယူအဆများတွင် သူ၏ ဩဇာ လွှမ်းမိုးမှုသည် အလွန် ကြီးကျယ်သည်။

အီဇက်ကီးလ်၏ ရှိခိုး ကိုးကွယ်မှု ဒဿန အမြင်များတွင် လူပုဂ္ဂိုလ် တစ်ဦးချင်း၏ တာဝန် ဝတ္တရားပိုင်းကို အလေးအနက် ထား၍ ဖော်ပြခဲ့သည်။

## ဒုတိယ အီဇိုင်းယား

ပြည်ပြေးများ၏ ဘယ်သူမှန်း မသိသော တမန်တော်ကြီးကို ပညာရှင်များက *ဒုတိယ အီဇိုင်းယား*[၄] ဟု အမည် ပေးခဲ့ကြခြင်း ဖြစ်၏။ သူ၏ ဟောကိန်းများကို အီဇိုင်းယား ကျမ်း၏ နောက်ပိုင်းတွင် ထည့်သွင်း ဖော်ပြထားလေသည်။ အခန်း ၄၀ က စပြီး နောက်ပိုင်း ကျမ်းစာများသည် သူ၏ ဟောကိန်းများ ဖြစ်ကြသည်။ သူ့ဘဝ အကြောင်း၊ သူ့မျိုးရိုးမိဘ ဆွေမျိုးများ အကြောင်း ဘာဆို ဘာမျှ မသိကြရ။ သို့သော် ကံအားလျော်စွာ သူ၏ အတွေးအခေါ် အယူအဆများမှာ ကျွန်ုပ်တို့ကို ရှောင်လွဲခဲ့ခြင်း မရှိ၍သာ တော်သေး၏။ သူ့ အမြင် သူ့ အတွေး သူ့ ဟောကိန်းများသည် ဓမ္မဟောင်း ကျမ်းစာကို အထွတ်အထိပ်သို့ ရောက်အောင် ဖန်တီးပေးခဲ့နိုင်သည်။

ဒုတိယ အီဇိုင်းယားနှင့် ပတ်သက်သော အချက်အချာ ပြဿနာသည် ဂျူး လူမျိုး ပြည်ပြေးများ၏ စိတ်ထဲတွင် အရိပ်အယောင် ဖြစ်ပေါ်နေခဲ့သည်မှာ ကျယ်ပြန့်လျက် ရှိ၏။ ဤကား သူတို့ အပေါ်သို့ ကျရောက်လျက် ရှိသော မကောင်းမှု ဒုစရိုက်များ ဖြစ်၏။ ယာဝေး ဘုရားသခင်သည် သူတို့ အပေါ်သို့ ဆင်းရဲ ဒုက္ခများ ဤမျှလောက် ကျရောက်အောင် အဘယ်ကြောင့် ဒဏ်ခတ်နေပါသနည်း ဆိုသော ပြဿနာ ဖြစ်၏။

ရှေးကျသော အဖြေမှာ သူတို့ ပြုလုပ်ခဲ့ကြသော အပြစ် ရှိသောကြောင့် အပြစ်ဒဏ် စီရင်ခြင်း ဖြစ်သည် ဟူ၍ ဖြစ်၏။ ထိုအဖြေမှာလည်း ကျေနပ်နိုင်ဖွယ် မရှိတော့ပေ။

ထင်ရှားသော အထောက်အထားမှာကား သူတို့ ဂျူးများထက်ပင် ဆိုးပြစ်များ ရှိခဲ့ကြသော ဘေဘီလုံသားများမှာကား ယခုအခါမှာ ကြီးပွား ချမ်းသာ၍ နေကြ၏။

ဒုတိယ အီဇိုင်းယား တမန်တော်သည် ရှေးက ပေးခဲ့ကြသော သမားရိုးကျ အဖြေကိုလည်း မပယ်။ ထိုအဖြေထဲမှာလည်း မှန်သော အချက်များ ပါဝင်နေသည်ကို သူ ရှုမြင်မိ၏။ သို့ရာတွင် ဂျူး လူမျိုးများ ခံစားနေရသော ဒုက္ခဆင်းရဲများ၊ ပြဿနာများကို ထို အဖြေမျိုးလောက်ဖြင့် လုံးလုံး စိတ်ကျေနပ်ဖွယ် ဖြစ်အောင် ဖြေရှင်းပေးနိုင်မည် မဟုတ်ကြောင်းကိုလည်း သူ စဉ်းစားမိ၏။ သူ့ လူမျိုးများ၏ အစမ်းသပ်ခံနေရခြင်း ကိစ္စကို မျက်မှောက် ကမ္ဘာ့ အခြေအနေကို အခြေခံ၍ သူက တင်ပြလိုက်၏။

သူတို့၏ ပြဿနာသည် ယာဝေး ဘုရားသခင်၏ တစ်ကမ္ဘာလုံးနှင့် ဆိုင်သော ရွေးယူရေး စီမံ ဆောင်ရွက်ချက်၏ တစ်စိတ် တစ်ပိုင်းသာ ဖြစ်ကြောင်း သူက ကြေညာလိုက်၏။

ဤတွင် သူ၏ အယူအဆသည် သက်ရောက်ရာ နယ်ပယ် အကျယ်အဝန်းအားဖြင့်ကား ကြီးကျယ်လှ၏။ ယာဝေး ဘုရားသခင်သည် တစ်ပါးတည်းသော ဘုရားသခင်

၁။ The book of Judges
၂။ The book of Samuel
၃။ The book of Kings
၄။ Deutero-Isaiah

အဖြစ်သို့ ဘာ အရည်အချင်းမှ မလိုဘဲ အလိုလို ရောက်ရှိသွား၏။ 'ဤဘုရားမှ တစ်ပါး အခြား တစ်ပါး မရှိ' ဆိုသော အဖြစ်သို့ ရောက်၏။ သူ၏ ဆောင်ရွက် အရေးယူချက်သည် တစ်ကမ္ဘာလုံးကို သက်ရောက် လွှမ်းခြုံသွား၏။ ထိုအချက်အရ သူ၏ ပြုပြင် ဆောင်ရွက်သမျှကို တစ်နေရာ တစ်ဒေသအားဖြင့် ကွက်၍ မကြည့်ရဘဲ စကြဝဠာ တစ်ခုလုံးနှင့် ခြုံ၍ ကြည့်ရမည် ဆိုသော အယူအဆသို့ ရောက်လေ၏။

'သင်တို့ မသိကြကုန်သလော၊ သင်တို့ မကြားကြကုန်သလော၊ အရှင်မြတ်သည် ထာဝရ တည်နေသော ဘုရားသခင် ဖြစ်၏၊ တစ်ကမ္ဘာလုံးကို အဆုံးတိုင် ဖန်ဆင်းတော်မူသော အရှင် ဖြစ်၏'

ဤ ဘုရားသခင်သာလျှင် ပထမဆုံးသော ဘုရားသခင်လည်း ဖြစ်၏။ နောက်ဆုံးသော ဘုရားသခင်လည်း ဖြစ်၏။

'ငါ၏ ရှေ့မှာလည်း ဘုရား ဟူ၍ မရှိခဲ့၊ ငါ၏ နောက်တွင်လည်း ဘုရား ဟူ၍ မရှိနိုင်'

သူ တစ်ဦးတည်းသာလျှင် ကောင်းကင်ကိုလည်း ဖန်ဆင်းတော်မူ၏။ ရေမြေ တောတောင်ကိုလည်း ဖန်ဆင်းတော်မူ၏။ လူသားတို့ကိုလည်း အသက် ရှင်ခြင်းကို ပေးသနားတော်မူ၏။ သမိုင်းကိုလည်း သူသာလျှင် ထိန်းချုပ်ပြုပြင်၏။ အလင်းကိုလည်း ဆောင်တော်မူ၏။ အမှောင်ကိုလည်း ဖန်ဆင်းတော်မူ၏။ ငြိမ်းချမ်းမှုကိုလည်း ပြုလုပ်တော်မူ၏။

ဤ အိမ့်ရှင် ဖြစ်သော မြတ်စွာဘုရားက သူ၏ ကမ္ဘာအင်အား တန်ခိုးတော် တည်ရာ နေရာတော်မှာ နေလျက် ဆိုတော်မူသည်ကား 'ကောင်းကင်သည် မြေပြင်ထက် မြင့်မားသကဲ့သို့ ငါ၏ နည်းလမ်းများမှာလည်း သင်တို့၏ နည်းလမ်းများထက် မြင့်မား၏၊ ငါ၏ အတွေးအမြင်များမှာလည်း သင်တို့၏ အတွေးအမြင်များထက် မြင့်မား၏'

မည်သို့ပင် ဖြစ်စေ ကယ်တင်ရှင် ဖြစ်တော်မူသော အရှင်ကဲ့သို့ နောင်တ သံဝေဂ ရသော စိတ်နှလုံးနှင့် နှိမ့်ချသော စိတ်နှလုံးမျိုးဖြင့် နေကြရမည်ဟု သူ ဟောကြားခဲ့လေသည်။

ထို့ပြင် ဘုရားသခင်၏ ကယ်တင်ခြင်း၊ ရွေးယူခြင်းကိစ္စသည်လည်း နေရာဒေသ တစ်ခု၊ လူမျိုး တစ်မျိုးနှင့်သာ စပ်ဆိုင်သည် မဟုတ်၊ တစ်လောကလုံးနှင့် စပ်ဆိုင်သော ကိစ္စ ဖြစ်၏။ သူသည် လူသား တစ်ရပ်လုံးကို ကယ်တင်တော်မူမည်ဟု ဆိုလို၏။ ယေဝတီ မဟုတ်သူများကိုရော၊ ယေဝတီ (ဂျူး) များကိုရော ကယ်တင်မည် ဖြစ်၏။

လူသားထု တစ်ရပ်လုံးကို ကယ်တင်မည့် ဘုရားဖြစ်ကြောင်းကို သတင်း စကား ကြားသိစေရန် အတွက် ထာဝရ ဘုရားသခင်သည် တမန်တော် တစ်ဦးကို အလိုရှိအပ်၏။ အစ္စရေးသည် ထိုတမန်တော်ပင် ဖြစ်၏။ ဤအချက်တွင် ဒုတိယ အီဇိုင်းယားသည် သူ၏ မူရင်း အတွေးအမြင်ကို ဖော်ထုတ်နိုင်ခဲ့၏။

ထို့ကြောင့် ယေဝတီ ဂျူး လူမျိုးများသည် ရွေးချယ်ခြင်း ခံရသော လူမျိုးများ ဖြစ်ကြ၏။ မရထိုက်သော အရေးပေးခြင်းကို ရရှိသော လူမျိုး မဟုတ်၊ လူသားတို့ အတွက် အလင်းရောင်ကို ဆောင်သော လူမျိုး အဖြစ် အလုပ်အကျွေးပြုရမည့် လူမျိုးများသာ ဖြစ်၏ဟု သူ ဟောကြားခဲ့လေသည်။

သို့သော်လည်း ယေဝတီ လူမျိုးများသည် သူတို့၏ လောက အကျိုးကို ဆောင်ရွက်ရမည့် တာဝန် ဝတ္တရားများကို မကြားယောင် မမြင်ယောင် ရှိခဲ့ကြလေသည် တကား။ သို့ဖြစ်ရကား ထိုလူမျိုးတို့သည် မိမိတို့ ကိုယ်ကို သန့်စင်အောင် ဝိသုဒ္ဓိကို ပြုလုပ်ကြရပေဦးမည်။

ထိုသို့ ပြုရာတွင် သတ္တုကို ပူသော မီးဖို၌ ဖိုထိုး၍ သန့်စင်ရသကဲ့သို့ 'ဆင်းရဲဒုက္ခ ဖိုတွင် ဖိုကျင် ထိုးခြင်းကို ခံ၍ သန့်ရှင်း စင်ကြယ်အောင် ပြုလုပ်ခံကြရခြင်းသာ ဖြစ်သည်' ဟု သူက ဆိုလေသည်။

ရွေးချယ်ခံ လူမျိုးများသည် ပျက်စီးခြင်းသို့ လည်းကောင်း၊ လုယက် ဖျက်ဆီးခြင်းကို ပြုသူများ အဖြစ်သို့ ကျရောက်သူများ အဖြစ် စွန့်လွှတ် ရပေတော့မည်။ အဘယ်ကြောင့် ဆိုသော် ထိုလူမျိုးတို့သည် အပြစ် ဒုစရိုက်များကိုလည်း ကျူးလွန်ခဲ့ကြ၏။ ဘုရားသခင် ပြဋ္ဌာန်းသော လမ်းသို့လည်း မလိုက်ကြ။ သူ၏ လမ်းညွှန်မှုများကိုလည်း မနာယူကြတော့သောကြောင့် ဖြစ်၏။

'ထို့ကြောင့် ထိုလူမျိုးများ အပေါ်သို့ ဘုရားသခင်က သူ၏ ပူလောင်သော ဒေါသရည်ကို လောင်းချတော်မူခြင်း ဖြစ်၏၊ ရက်စက် ကြမ်းကြုတ်သော စစ်ပွဲကို ဖန်တီးတော်မူခြင်း ဖြစ်၏' ဟု ဆို၏။

ဤအပြစ်ဒဏ် စီရင်ခြင်းကား ပြုလုပ်ရမည့် အပြစ်ဒဏ်သာ ဖြစ်၏။ ဤသည်မှာ ရွေးချယ်ခြင်း ခံရသော လူမျိုးများ ပြုသော အပြစ် ဒုစရိုက် အတွက် ဘုရားသခင်က ချမှတ်သော အပြစ်ဒဏ်သာ ဖြစ်၏။ သို့ရာတွင် ဘုရားသခင်၏ တမန်တော်က စိတ်သက်သာဖွယ် ဖြစ်သော စကားများကို ယူဆောင်လာပြီ ဖြစ်၏။ ဘုရားသခင်က ဂျေရုဆလင်၏ အပြစ်ဒဏ်ကို အပြည့်အဝ ကျခံပြီးပြီ ဖြစ်ကြောင်း

ကြေညာပြီ၊ သို့ဖြစ်၍ သူ့ လူမျိုးများသည် နောက်ထပ် အပြစ်ဒဏ်များကို ကျခံရန် မလိုအပ်တော့ဟု သူက ဟော ကြားလေသည်။

ဒုက္ခ ဆင်းရဲများ ကျရောက်ခဲ့ရခြင်းသည် အချည်းနှီး မဖြစ်ဟုလည်း သူက ဆိုသည်။ ဒုက္ခ ဆင်းရဲများ ကျရောက် ရခြင်းသည် ဂျူး လူမျိုးများကို သန့်ရှင်း စင်ကြယ်စေခဲ့ ရုံမျှမက စောင့်ကြည့်နေကြသော ယေဝတီ မဟုတ်သူများ ၏ စိတ်နှလုံးတွင်းသို့လည်း သူတို့ကိုပါ ရွေးယူမည် ဖြစ် ကြောင်း၊ ဂျူးများက သူတို့ ကိုယ်စား အပြစ် ကျခံခဲ့ရ ကြောင်း ပြောဆိုရာကျ၍ ဂျူး မဟုတ်သူများပါ သူ့ဘက် သို့ ပါခဲ့ကြလေသည်။ ဤ အယူအဆကြောင့် ဘာသာရေး ဘွဲ့ သီချင်းကြီး တစ်ခုကို ရေးသား ဖြစ်ပေါ်စေခဲ့၏။

ဒုက္ခခံ စေတမန်၏ အပြစ်ကို ကမ္ဘာပေါ်ရှိ နိုင်ငံ အများ ကြားသိကြရလေသည်။

ဤသို့ ဘုရားသခင်က သူ၏ စေတမန် ဖြစ်သူ ဂျူး လူမျိုးများကိုသာ လူသားများ အားလုံး ကိုယ်စား အပြစ် ဒဏ်ကို ကျခံစေခဲ့ခြင်း ဖြစ်ကြောင်းကို ဂျူး မဟုတ်သော ဘုရင်များနှင့် လူမျိုးများ ကြားသိကြရသော အခါ များစွာ စိတ်နှလုံး တုန်လှုပ်မိကြလေသည်။

ဘုရားသခင်၏ အစေစားခံ လူမျိုး အစ္စရေးများကိုသာ ဘုရားသခင်က အပြစ် ပေးသည့် သဘောကိုလည်း ထိုသူ တို့ နားလည်သွားကြလေသည်။ ဖြောင့်မတ်ခြင်း၊ တရား မျှတခြင်း သဘောကို သူတို့အား သိစေသဖြင့် သူတို့သည် ထိုတရားများအတိုင်း ကျင့်ကြံလာကြ၏။

စစ်မှန်သော ထာဝရ ဘုရားသခင်၏ ကိုယ်ကျင့်တရား သဘောကိုလည်း ယေဝတီ မဟုတ်သူများပါ သိမြင် လာကြ ရပေတော့သည်။

ဂျူး လူမျိုးများ အပေါ်တွင် ဘုရားသခင် ပြုလုပ်ခဲ့ သော အပြစ်ဒဏ် ခတ်ခြင်း၏ သဘောသည် တရား မျှတမှု အတွက် ပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်းကို ဒုတိယ အီဇိုင်းယား က ညွှန်ပြနိုင်ခဲ့၏။

သို့သော် သူသည် အတိတ်ကိုသာ ပြန်ကြည့်ခြင်း မပြုဘဲ အနာဂတ်ကိုပါ လှမ်းမျှော်ကြည့်နိုင်ခဲ့၏။

ထာဝရ ဘုရားသခင်၏ နောက်ထပ် ရွေးယူမည့် အစီအမံတွင် ဂျူး လူမျိုးများကို ဂျေရုဆလင်၌ ပြန်လည် တည်ထောင်ပေးမည် ဖြစ်ကြောင်းကို ဟောပြီးနောက် ဂျေရုဆလင်ကို ဗဟို ပြု၍ ရွေးယူခြင်း အမှုကို ဆက်လက် ပြုလုပ်မည် ဖြစ်ကြောင်းကိုလည်း ဟောကိန်း ထုတ်ခဲ့လေ သည်။

ဤကိစ္စသည် ပါရှန် စစ်ဘုရင် ဆိုင်းရပ်၏ လုပ်ဆောင် ချက်များဖြင့် အကျိုး သက်ရောက်မှု ရှိခဲ့၏။ ထိုမင်းသည် ဘုရားသခင်၏ လမ်းညွှန်မှုဖြင့် အိုးထိန်းသည်သည် ရွှံ့ရုပ် များကို နင်းခြေသကဲ့သို့ အုပ်ချုပ်သူ မင်းများကို နင်းခြေ ပြီးလျှင် ဘေဘီလုံကိုပါ တိုက်ခိုက် ချေမှုန်းပြီးလျှင် ဂျူး လူမျိုးများကို လွတ်မြောက်စေခဲ့လေသည်။

ပါရှန် လူမျိုးများ ၄င်းတို့၏ နေရပ် ဒေသသို့ ပြန် သွားကြသော အခါ ဂျူး လူမျိုးများက ဘုရားသခင်၏ နာမ တော်ဖြင့် တိုင်းနိုင်ငံများ ကိစ္စ ၎ကို စီမံ ဆောင်ရွက်ကြလေ သည်။

တစ်ကမ္ဘာလုံးက ဘုရားသခင်ကို ယုံကြည် ကိုးကွယ် သူများသည် ထာဝရ ဘုရား၏ အမိန့်သံကို နာခံရန် အတွက် ဂျေရုဆလင် မြို့တော်သို့ စုရုံးကြရလေသည်။

သူ၏ ကိုယ်ကျင့်တရား ဆိုင်ရာ ဝိဉာဏ ဝါဒက လူသား များစွာကို နှစ်သက်စေခဲ့ရကား ဒုတိယ အီဇိုင်း ယား၏ ဩဇာသည် ယုဒ ဘာသာ၏ နောင်းပိုင်းတွင် အသိ ဉာဏ် ရှိသူများအား လွှမ်းမိုးခဲ့လေသည်။ ထိုထက် လွန်၍ သူ၏ ဩဇာသည် ခေတ်ဦး ခရစ်ယာန် ဘာသာ အပေါ်သို့ လည်း သက်ရောက်မှု ရှိခဲ့လေသည်။ လူတချို့ကသာ သူ့ကို နားလည်ကြသည်။ တချို့ကမူ သူ့ကို နားမလည်ကြ။

သူ၏ ဟောကိန်းများကို မေရှိယ ကယ်တင်ရှင် ရောက် လာမည်ကို မျှော်လင့်နေကြသော သူများက ထပ်ခါ ထပ်ခါ ရှာဖွေနေခဲ့ကြသည်။ သူ့ ဟောကိန်းများက မိမိ ကိုယ်တိုင် ဆင်းရဲ ဒုက္ခ မှန်သမျှကို ခံစားပြီး လူအပေါင်းတို့ကို ကယ် တင်မည့် သူ၏ သဘောကို ဖော်ဆောင်လျက် ရှိရာ ထို ကယ်တင်ရှင်သည် လူမျိုး တစ်မျိုး၊ နိုင်ငံ တစ်နိုင်ငံ မဟုတ် ဘဲ လူသား တစ်ယောက်သာ ဖြစ်မည် ဟူသော အယူအဆ သည် နောင်အခါတွင် ဖြစ်ပေါ် လာလေတော့သည်။

ထိုကမ္ဘာကို ကယ်တင်မည့် မေရှိယ ကယ်တင်ရှင် လူသားသည် လူအများ အတွက် မိမိ တစ်ဦးတည်းက ဒုက္ခ အားလုံးကို ခံစားသော ကရုဏာတော်ရှင် ဖြစ်သည်။

ခေတ်ဦး ခရစ်ယာန် ဘာသာဝင်များ အမြင်တွင် ထို ပုဂ္ဂိုလ်သည် နဇရက် မြို့သား ယေရှု ဖြစ်သည်။ ထိုသူသည် ဤ ဟောကိန်းနှင့် လုံးဝ ကိုက်ညီသည်ဟု ယူဆကြလေ သည်။

# ၆။ ပြန်လည် စည်းရုံးရေး ခေတ်တွင် ယုဒ ဘာသာ ပြန်လည် ထွန်းကားခြင်း

ဘီစီ ၅၃၈ ခုနှစ်တွင် မဟာ ဆိုင်းရပ် ဘုရင်သည် ဘေဘီလုံကို သိမ်းယူခဲ့လေသည်။ ထို့နောက် ထိုမြို့တော်ကို သူ၏ အင်ပိုင်ယာကြီး၏ မြို့တော် အဖြစ် ပြုလုပ်ခဲ့လေသည်။ ထို အင်ပိုင်ယာ ပိုင်နက် နိုင်ငံကြီးသည် ပါရှန် ပင်လယ်ကွေ့မှ ပင်လယ်နက် အထိ လည်းကောင်း၊ အိန္ဒု မြစ်ဝှမ်းမှ အေဂျင် ပင်လယ်ကမ်းရှိ ဂရိမြို့ အထိ လည်းကောင်း ကျယ်ပြန့်ခဲ့လေသည်။ သူ့ ပတ်ဝန်းကျင် နီးစပ်ရာကို ကြည့်လိုက်သော အခါ ဘေဘီလုံ မြို့သားများထဲတွင် သွေးသား မစပ်သော သုံ့ပန်းများ၏ အုပ်စုများကို သူ မြင်တွေ့ရလေသည်။ ထိုသူများ၏ အနေအထိုင်မှာလည်း အခြား လူများ၏ အနေအထိုင်နှင့် ကွဲပြား ခြားနားလေသည်။ သူတို့ အကြောင်းကို စုံစမ်း မေးမြန်းကြည့်သော အခါမှာလည်း သူတို့၏ ညည်းတွားချက်များကို သူ ကြားသိရပြန်သည်။ သူတို့၏ ခင်မင်မှုကို ရရှိစေရန် အတွက် လည်းကောင်း၊ တစ်ချိန်တည်းမှာပင် ထိုသူတို့အား အီဂျစ် နယ်စပ်သို့ ပို့ပြီး ထိုနေရာတွင် ကြားခံနယ် တစ်ခု ထူထောင်စေနိုင်ရန် လည်းကောင်း စီစဉ် ဆောင်ရွက်လေသည်။ ပြန်လိုသူများကိုလည်း ဂျေရုဆလင်သို့ ပြန်ရန် ခွင့်ပြုမိန့် ပေးခဲ့လေသည်။ ပထမ ပြည်ပြေး မျိုးဆက် ဖြစ်ခဲ့ရသူများ အတွက် ကာလ ကြာမြင့်စွာ တောင့်တခဲ့ရသော 'ပြည်တော်ပြန်' ကိစ္စသည် ယခုမှပင် ဖြစ်လာနိုင်ပေတော့၏။

## ယုဒနှင့် ဂျေရုဆလင်သို့ ပြည်တော်ပြန်ခြင်း

ဂျူး လူမျိုးများ၏ အုပ်စုလိုက် ပြည်တော်ပြန် ခရီး ထွက်ခွာရေး အတွက် စည်းရုံးခြင်းကို ချက်ချင်း စီစဉ် ဆောင်ရွက်ကြလေသည်။ နောင်ခေတ် ဂျူး လူမျိုး သမိုင်းဆရာများ အဆို အရ ဆိုင်းရပ် ဘုရင်က ဂျူး လူမျိုးများ အတွက် အခွင့်ထူး သတ်မှတ်ပေးသော အမိန့် ပြန်တမ်း တစ်စောင်ကို ထုတ်ဝေခဲ့သည်။ သူက ယေဝတီ (ဂျူး) လူမျိုးများအား နဘူခက်နေဇာ ဘုရင် လက်ထက် ဘီစီ ၅၈၆ ခုနှစ်က သိမ်းယူသွားခဲ့သော ဘုရား ဝတ်ကျောင်းတော်ထဲက အသုံးအဆောင် ပစ္စည်းများကိုလည်း ပြန်လည် ပေးအပ်လေသည်။ အုပ်စု ဖွဲ့၍ ခရီး ထွက်ရာ၌ လိုအပ်သော ရန်ပုံငွေ ရှာဖွေ စုဆောင်းခြင်းကိုလည်း သူက ခွင့်ပြုခဲ့လေသည်။

ပြည်တော်ပြန် ခရီးကို ခေါင်းဆောင်သူ နှစ်ဦး ရှိခဲ့၏။ ၎င်းတို့မှာ ဂျေဟိုက်ချင်း ဘုရင်၏ မြေး ဖြစ်သူ *ဇေရုဘာဘဲလ်* [၁] နှင့် *ဂျိုရှုဝါ* [၂] တို့ ဖြစ်ကြလေသည်။

ဇေရုဘာဘဲလ်သည် ဒေးဗစ် မင်းမျိုးရိုးမှ ဆင်းသက်သူ ဖြစ်၏။ ကယ်တင်ရှင် ဖြစ်ရန် အလားအလာ ရှိသူလည်း ဖြစ်သည်။ ဂျိုရှုဝါသည်ကား လူအများ ကြည်ညိုခြင်းခံရသော *လေဗိုက်* [၃] လူမျိုးစုမှ *ဇာဒိုကိုက်* [၄] အနွယ်ဝင် နတ်ဆရာ ဘုန်းကြီးမျိုးက ဆင်းသက်သူ ဖြစ်၏။ အစ ပထမပိုင်းတွင် ဂျူး လူမျိုး အများစုသည် ပြည်တော်ပြန်လိုခြင်း မရှိခဲ့ကြောင်းမှာ ထင်ရှား၏။ ယခုအခါ ဘေဘီလုံသည် သူတို့ အခြေချ နေထိုင်ရာ ဒေသ ဖြစ်နေပြီ ဖြစ်သောကြောင့် ဖြစ်၏။

နောက် ရာစု တစ်ခု ကြာသော အခါ ထိုဘေဘီလုံမှာ ကျန်ရစ်သူ ဂျူး လူမျိုးများအားလည်း ဘုရားသခင်၏ ဝိညာဉ်တော်က ဂျေရုဆလင် မြို့တော်သို့ ပြန်ပြီး ဘုရားသခင်၏ ဝတ်ကျောင်းတော်ကို ပြန်လည် တည်ဆောက်ကြရန် စိတ်ကို နှိုးဆော်ခြင်းကြောင့် ပြန်သွားခဲ့ကြကြောင်း *အက်ဇရာ* [၅] က ဖော်ပြခဲ့၏။

ဂျေရုဆလင် မြို့တော်သို့ ဆိုက်ရောက်ကြသော အခါ ပြည်တော်ပြန် ပြည်ပြေးများ၏ ပထမဦးဆုံး ဆောင်ရွက်ချက်မှာ ပျက်စီး ယိုယွင်းနေသော ဝတ်ကျောင်းတော် နေရာတွင် ယဇ် ပူဇော်ရာ ပလ္လင်တော်ကို တည်ဆောက်ကြခြင်း ဖြစ်၏။ ထို့နောက် နံနက် တစ်ကြိမ်၊ ညနေ တစ်ကြိမ် ပုံမှန် ပူဇော် ပသခြင်း ကိစ္စကို စတင် ဆောင်ရွက်ကြလေတော့

---

၁။ Zerubbabel
၂။ Joshua
၃။ Levite
၄။ Zadokite
၅။ Ezra

သည်။ ပြန်လည် တည်ဆောက်ခဲ့ကြသော ပလ္လင်တော်သည် တမန်တော် အီဇက္ကီးလ် အကြံ ပြုထားခဲ့သည့် အတိုင်း လူမျိုး စုများ၏ ဘဝ အချက်အချာ နေရာ ဖြစ်လာလေသည်။ ဘုရား ဝတ်ကျောင်းတော် နေရာရှိ အမှိုက်ပုံကြီးကို တဖြည်းဖြည်း ရှင်းလင်း သုတ်သင်ခဲ့ကြပြီးနောက် လူငယ်တွေက ပျော် ရွှင် အော်ဟစ်ရင်း လူကြီးတွေက ဝမ်းနည်း ကြေကွဲစွာ ငို ရှိုက်ရင်းဖြင့်ပင် အုတ်မြစ်ကို ပြန်ချကြပြီးလျှင် ဝတ်ကျောင်း တော်သစ်ကို ပြန်လည် တည်ဆောက်ကြလေသည်။

သို့ရာတွင် ဂျူး လူမျိုးစုများသည် ကျောင်းတော် တည်ဆောက်ခြင်း လုပ်ငန်းကို ဆက်လက်၍ ပြီးမြောက် အောင် ဆောင်ရွက်ရန် မတတ်နိုင်တော့ကြောင်း ဖော်ပြလာ ကြသည်။ လူအများစုမှာ ကျောင်းတော် ပတ်ဝန်းကျင်နှင့် အနီးအနားရှိ ကျေးလက် ဒေသများ၌ နေထိုင်ကြရန် နေရာ ရွေးချယ်ကြသည်။ ဂျေရုဆလင် မြို့ကြီးထဲတွင် မနေလိုကြ တော့ပေ။ မြို့တော်ကြီးထဲတွင် အဆောက်အဦ အပျက်အစီး အမှိုက်ပုံကြီးများက အိုးအိမ် တည်ဆောက်ခြင်း ပြုလုပ်ရာ၌ စိတ်ပျက် အားလျော့ ဖြစ်အောင် အနှောင့်အယှက် ဖြစ်နေ လေသည်။ သို့ရာတွင် ဂျေရုဆလင် မြို့ပြင်ဘက် မြို့စွန် ဒေသများက မဆိုစလောက် ပိုကောင်းလျက် ရှိသည်။

အသစ် ရောက်ရှိလာသူများ အတွက် စီးပွားရေး အခွင့် အလမ်းလည်း ပြောပလောက်အောင် ဘာမျှ မရှိချေ။ ထို့ပြင် ပြည်ပြေး မဟုတ်သော နိုင်ငံရင်းသား ဆိုသူများက ပြည် ပြေး အထက်တန်းစား လူကုံထံများ ကျန်ရစ်သော ပစ္စည်း များကို အပိုင် ယူထားကြရာ ယခင် လူဟောင်းများက သူ တို့၏ အိမ်မြေ နေရာများကို ပြန်တောင်းလာမည့် အရေး ကိုလည်း နှလုံးမသာ ဖြစ်ကြမည်မှာ ယုံမှားဖွယ် မရှိပေ။

အဘယ်ကြောင့်ဆိုသော် ထိုပြည်တော်ပြန် ပြည်ပြေး များက ၄င်းတို့ ရရှိထားသော အနှစ် ခြောက်ဆယ်၊ အနှစ် ခုနစ်ဆယ် ဘိုးဘွားပိုင် ဂရန်မြေများ အဖြစ် ပြန်တောင်း နိုင်သော အခွင့်အရေး ရှိသောကြောင့် ဖြစ်၏။

သို့ရာတွင် အခြားသော ခုခံနိုင်သော အချက်များလည်း ပြည်ပြေး မဟုတ်သူများ၌ ရှိနေသေးသည်။ ပြည်ပြေး ပြည် တော်ပြန်များသည် အနှစ် ခုနစ်ဆယ်တိုင်တိုင် ဂျေရုဆလင် နှင့် ဂျေရုဆလင် တရား ဥပဒေများကို မိမိတို့ထက် ပို၍ မြင့်မြတ်သော အရာများ အဖြစ် အလေးအမြတ် ထားခဲ့ကြ သူများ ဖြစ်၏။ ပြည်ပြေး မဟုတ်သူများကို ပြည်ပြေးများ က ယုတ်ညံ့သူများ အဖြစ် ရှုမြင်ကြသည်။ အဘယ်ကြောင့် ဆိုသော် ထိုသူတို့သည် တရားဟောရာ ကျမ်းမှာ ပါသော လူမျိုး အဆင့်အတန်းမှ လျှောကျသွားသူများ ဖြစ်ကြသော ကြောင့် ဖြစ်၏။ သူတို့သည် *အီဒိုမိုက်* [၁]များ၊ *အမ္မိုနိုက်* [၂] များ၊ *ဆမာရိတန်* [၃] များနှင့် အပြန်အလှန် အိမ်ထောင်ပြု ထိမ်းမြားခဲ့သောကြောင့် ဖြစ်၏။

ထိုကြောင့် ပြည်ပြေး မဟုတ်သူများ ဘက်ကလည်း သူတို့အား ဘာသာရေး အရရော၊ လူမှုရေး အရရော ယုတ် ညံ့သူများ၊ အောက်တန်း ကျသူများ အဖြစ် ဆက်ဆံခံရ ခြင်းကို မကျေမနပ် စိတ်မချမ်းမသာ ဖြစ်ကြသည်။

ထို့ကြောင့် သူတို့သည် ကျောင်းတော်ကြီး ပြန်လည် တည်ဆောက်မှု လုပ်ငန်းနှင့် အခြား ပြန်လည် တည်ဆောက် ရေး လုပ်ငန်း စီမံကိန်းများတွင် ပါဝင် ကူညီ ဆောင်ရွက် နေခြင်းကို အားမပေးဘဲ ရပ်ထားလိုက်ကြလေတော့သည်။ ထိုအခါ ဂျူး လူမျိုးစုများ အတွင်း၌ ဘာသာရေး အရရော၊ စီးပွားရေး အရပါ စိတ်ဓာတ်ကျမှုကြီးသည် နှစ်ပေါင်း ၁၅ နှစ်ကျော် ကြာအောင် လွှမ်းမိုး နေခဲ့သဖြင့် ကျောင်းတော် ကြီး တည်ဆောက်မှုမှာလည်း ထိုကာလ အတွင်း အတို့ အထိ မရှိ ပစ်ထားခြင်း ခံခဲ့ရလေတော့၏။

နောက်ပိုင်းတွင် တမန်တော် *ဟဂ္ဂိုင်း* [၄] *နှင့် ဇာခရိ ယာ* [၅] တို့၏ တိုက်တွန်း နှိုးဆော်မှုကြောင့် ဝတ်ကျောင်း တော်ကြီး တည်ဆောက်ခြင်း အလုပ်ကို ပြန်၍ လုပ်ဆောင် ကြလေသည်။

ဟဂ္ဂိုင်းက ကြိမ်းမောင်း ပြောဆိုသည်မှာ 'ဘုရား ဝတ်ပြုရာ ကျောင်းတော်ကြီးကို အပျက်အစီး ဘဝနှင့် ပစ် ထားတဲ့ လူမျိုးဟာ ဘယ်လို လုပ်ပြီး ကြီးပွား တိုးတက် မလဲ' ဟူ၍ ဖြစ်၏။

တမန်တော် နှစ်ဦးစလုံးက ကျောင်းတော်ကြီးကို ပြန် ၍ အပြီးသတ် တည်ဆောက်ရေးကို အားပေး စည်းရုံး ဆောင်ရွက်ကြလေသည်။

ကမ္ဘာ့ အာဏာ ချိန်ခွင်လျှာမှာ အပြောင်းအလဲ ဖြစ် လာပြီးနောက် ယုဒသည် လွတ်လပ်သော မင်းနေပြည်တော် ပြန်၍ ဖြစ်လာမည်။ ထိုအခါ ဒေးဗစ် ဘုရင်၏ မြေးတော်သူ ဇေရုဘာဘဲလ်သည် ထိုနိုင်ငံမှာ ဘုရင် ဖြစ်လာမည်။ သူ သည် ယာဝေး ဘုရားသခင်၏ တမန်တော် ကယ်တင်ရှင် မေယိုယ ဖြစ်သည် ဆိုသော ကြီးမားသော မျှော်လင့်ချက် ကြောင့် ကျောင်းတော်ကြီး ပြန်လည် တည်ဆောက်ရေး လုပ်ငန်းကို အကောင်အထည် ဖော်နိုင်ခဲ့ခြင်း ဖြစ်၏။ ဇေရု ဘာဘဲလ်ကို ရွေးချယ်ခြင်း ခံရသူ ဖြစ်သည်ဟုလည်း ယုံ

---

၁။ Edomites
၂။ Ammonites
၃။ Samaritans
၄။ Haggai
၅။ Zechariah

ကြည်နေကြလေသည်။ ဤ မျှော်လင့်ချက်က သူတို့အား သက်ဝင် လှုပ်ရှားစေခဲ့၏။

ဂျူး လူမျိုးများသည် ကျောင်းတော်ကြီး အပြီးသတ် တည်ဆောက်ရေးကို အလျင်အမြန် ဆောင်ရွက်ကြလေတော့သည်။ ဤကျောင်းတော်ကြီးမှာ ဆော်လမွန် ဘုရင် တည်ဆောက်ခဲ့သော ကျောင်းတော်နှင့်ကား မတူတော့ပေ။ သို့သော် အချိုးအစား ကျန မှန်ကန်၍ အခိုင်အခန့် ပြန်လည် တည်ဆောက်ကြခြင်း ဖြစ်၏။

ထိုကျောင်းတော်ကြီးကို အပြီးသတ် တည်ဆောက်ကြပြီးသော အခါ ဂျူး လူမျိုးများသည် ဘုရားသခင် ချီးမြှင့်မည့် အရေးပေးမှု အရိပ် နိမိတ်များ ဖြစ်ပေါ်လာမည့် အချိန်ကို စောင့်စားနေကြလေတော့သည်။ ထို့နောက်ကား အခြေအနေ ပြောင်းလဲမှု တစ်စုံတစ်ရာမျှပင် ဖြစ်မလာတော့ပေ။

ရာစုနှစ် တစ်ခုသာ ကုန်သွားသည်။ တမန်တော်များ ပေးထားသော ယုဒ နိုင်ငံ မင်းနေပြည် ပြန်ဖြစ်ရေး ကိစ္စသည် ဘာမျှ အကောင်အထည် ပေါ်မလာခဲ့ပေ။

'ဒါတွေ မဖြစ်နိုင်တော့ဘူးနှင့် တူတယ်' ဟု တချို့လူများ စိတ်မှာ တွေးလာကြ၏။

*မလာချိ* [၁] ကျမ်းကို ရေးသားသူသည် ထိုအချိန်ကာလ အတွင်း၌ ဟောကိန်းများ ထုတ်သူ ဖြစ်လာလေသည်။ သူက ဂျူး လူမျိုးများကို စိတ်အား ထက်သန်မှု လျော့ကျသူများ၊ စိတ်ဓာတ် မခိုင်မာသူများ၊ အပြစ် တင်လွယ်သူများ၊ ယာဝေး ဘုရားသခင် အပေါ် ရိုသေ လေးစားမှု မရှိသူများ၊ သဿမေဓ အခွန်များကို မှန်မှန် မပေးသူများ၊ ယဇ်ပူဇော်ရာမှာလည်း မှားယွင်းသော အပြစ်အနာ မကင်းသော ယဇ်ကောင်များဖြင့်သာ ပူဇော်သူများ၊ ကျောင်းတော်၏ ဘာသာရေး ပွဲလမ်းသဘင်များတွင်လည်း တရိုတသေ ပါဝင် ဆင်နွှဲခြင်း မပြုသူများ ဖြစ်သည်ဟု စွပ်စွဲ အပြစ်တင်လေသည်။ 'ဒီတော့ ဒီလူမျိုး အနေနှင့် ဘုရားသခင်ထံက ကောင်းချီး မင်္ဂလာကို ဘယ်လို လုပ်ပြီး မျှော်လင့်နိုင်မလဲ' ဟုလည်း ဆိုလေသည်။

ဤ အခြေအနေ အရပ်ရပ် အကြောင်းကို ဘေဘီလုံမှာ ကျန်ရစ်ကြသော ဂျူး လူမျိုးများ အကြား သိကြရသော အခါ စိတ်မချမ်းမသာ ဖြစ်ကြလေသည်။

ဘေဘီလုံ ဂျူး လူမျိုးစုထဲမှ ဘုရင်၏ ခွက်ကိုင် အချစ်တော် ဖြစ်သူ လူငယ် တစ်ဦးသည် ဂျေရုဆလင်ရှိ လူများ၏ စိတ်ဆင်းရဲစရာ အခြေအနေများကို ကြားသိရသော အခါ သူသည် ဘုရင်၏ ရှေ့တော်မှောက်သို့ ဝမ်းနည်းကြေကွဲဖွယ် မျက်နှာဖြင့် ဝင်ရောက် ခစားလေသည်။

ဤသူငယ် စိတ်ဆင်းရဲခြင်း ဖြစ်ရသော အကြောင်းကို ဘုရင်က စုံစမ်း စစ်ဆေးသော အခါ အကြောင်းစုံကို သိရသဖြင့် ထိုသူငယ် (သူ့အမည်မှာ *နေဟီးမီးယား* [၂] ဖြစ်သည်) ကို ဂျေရုဆလင် မြို့တော်သို့ အထူး အခွင့်အာဏာ ပေး၍ ဘုရင်ခံ၏ အာဏာ အပ်နှင်းကာ စေလွှတ်ခဲ့လေသည်။ သူ့ တာဝန်များမှာ မြို့တော်၏ မြို့ရိုးများကို ပြန်လည် တည်ဆောက်ခြင်းနှင့် ဂျူး လူမျိုးစုများကို ပြန်လည် စည်းရုံးရန် ဖြစ်သည်။

နေဟီးမီးယားသည် ဂျေရုဆလင် မြို့တော်သို့ ထွက်ခွာ သွားခဲ့လေသည်။ သူနှင့် အတူ စစ်အရာရှိများ၊ မြင်းသည်တော်များလည်း လိုက်ပါသွားကြလေသည်။

ထိုအချိန်လောက်မှာပင် အက်ဇရာနှင့် ဘေဘီလုံ ဂျူး လူမျိုး ၁၇၀၀ လည်း ဂျေရုဆလင်သို့ ထွက်သွားကြသည်။ ထိုလူများမှာ ပြုပြင် ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ရန် အတွက် လက်ရွေးစင် ရွေးချယ်ထားသူများ ဖြစ်ကြသည်။ သူတို့လည်း ဂျေရုဆလင်သို့ ထွက်ခွာသွားကြသည်။ နေဟီးမီးယား၏ မြို့ရိုး တည်ဆောက်မှု လုပ်ငန်းတွင် အားသစ် လောင်းပေးရန် ဖြစ်၏။

နေဟီးမီးယား၏ စွမ်းဆောင်မှုကြောင့် အနှစ် ၁၅၀ ကျော် ပျက်စီး ယိုယွင်း နေခဲ့သော မြို့ရိုးကြီး၏ အပျက်အစီးများကို ဖာထေး ပြုပြင်ခြင်းနှင့် မီးလောင် ပျက်စီးခဲ့သော မြို့တံခါးများကို ပြန်လည် တည်ဆောက်ခြင်း ကိစ္စ အားလုံး ပြီးစီးခဲ့လေသည်။

## နတ်ဘုန်းကြီး အုပ်စိုးသော နိုင်ငံကို တည်ထောင်ခြင်း

နေဟီးမီးယား၏ ကျောထောက် နောက်ခံ ပေးမှုဖြင့် အက်ဇရာက ဂျူး လူမျိုးများကို ရေတံခါး (ဝါတာဂိတ်) ရှေ့တွင် စုဝေးကြရန် ဆင့်ခေါ်လိုက်လေသည်။

ထိုလူစုလူဝေးကြီး ရှေ့မှောက်တွင် ဓမ္မသတ် ဥပဒေ ကျမ်းကြီး တစ်စောင်ကို ဖတ်ပြသည်။ ထို့နောက် ထိုကျမ်းပါ ဥပဒေ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာ၍ နေထိုင်ကြပါမည်ဟု ကတိသစ္စာ ပြုကြလေသည်။ ဤကား ဘာသာ တရားတော်၏ အဆုံးအမနှင့် အညီ နေထိုင်သော

၁။ Malachi

၂။ Nehemiah

နိုင်ငံတော်သစ်ကို စတင် ဖွင့်လှစ်လိုက်ခြင်း ဖြစ်ပေသည်။ ထိုနိုင်ငံတွင် နတ်ဆရာ ဘုန်းကြီးများအား အခွင့်အာဏာများ အပ်နှင်းထားလေသည်။

ဤနည်းအားဖြင့် အက်ဇရာ ခေတ်က ဂျူး လူမျိုးများသည် ပြည်ပသို့ နှင်ထုတ်ခြင်း မခံရမီ ခေတ်က ပြုလုပ်ခဲ့ကြသော ဘာသာရေး ဓလေ့ ထုံးစံများကို အခြေခံကာ 'အစ္စရေး ဘာသာ' ဟု အလွယ်တကူ ခေါ်သော ယုဒ ဘာသာ (Judaism) ကို ပြန်လည် တည်ထောင် လိုက်ကြပြန်လေသည်။

ဤဘာသာတွင် အဓိကကျသော ပုဂ္ဂိုလ်များမှာ နတ်ဆရာ ဘုန်းကြီးများ ဖြစ်သည်။ သူတို့၏ မမှားနိုင်သော ကိုးကွယ်ရာ ကျမ်းမှာ ဓမ္မသတ်ကျမ်း *တိုရာ* [၁] ဖြစ်သည်။ ဤကျမ်း၏ အဓိက ထားသော အချက်မှာ ပူဇော် ပသမှုများကို လမ်းညွှန်ထားခြင်း ဖြစ်သည်။ ဘယ်ဟာက သန့်ရှင်းသည်၊ ဘယ်ဟာက မသန့်ရှင်းကြောင်းကို ခွဲခြားပြသည်။ သန့်စင်အောင် ပြုရေး (ဝိသုဒ္ဓိ) သဘောနှင့် အပြစ်ဒဏ်ကို ခံ၍ အပြစ်ကို ပြေစေခြင်း သဘော၏ ကွဲပြားပုံ၊ ခွင့်ပြုချက်နှင့် တားမြစ်ချက် ကွဲပြားပုံနှင့် ဘာသာရေး ဥပဒေများကို ရိုသေ လေးစား လိုက်နာရေး၊ နာခံရေး သဘောတရားများကို ထိုကျမ်းတွင် ဖော်ပြထားလေသည်။

အက်ဇရာနှင့် နေဟီးမီးယားတို့သည် အခွင့် အာဏာရှိသမျှကို အသုံးပြုပြီး နိုင်ငံခြားသား မိန်းမများကို ပစ်ပယ်ရေး ကြိုးပမ်းမှုကို ဆောင်ရွက်ကြလေသည်။ သူတို့နှင့် အတူ သူတို့က မွေးဖွားသော သားသမီး ကလေး သူငယ်များကိုပါ ပစ်ပယ်ရသည်။ ဂျူး လူမျိုးများအား ဂျူး မဟုတ်သူများနှင့် လက်ထပ်ခြင်းကို တားမြစ်သည်။ ဤကဲ့သို့ ဂျူး အသိုင်းအဝိုင်းထဲမှာ ဂျူး မဟုတ်သူများကို နှင်ထုတ်ခြင်း အယူဝါဒကို ကျင့်သုံးပြီးနောက် ဂျူး လူမျိုးများသည် ဘာသာရေး အရရော လူမျိုးရေး အရပါ တသီးတခြား နေသော အုပ်စု အဖြစ်သို့ ရောက်ရှိ လာလေတော့သည်။

သို့ရာတွင် သာမန် အရပ်သူ အရပ်သားများ အနေနှင့် ဘုရား မကြိုက်သော အလုပ်များကို အမှားမှားအယွင်းယွင်း လုပ်နေကြဆဲ ဖြစ်၏။ သူတို့ အတွက် တရား ဥပဒေ စိုးမိုး၍ အာဏာစက်ကို ကျိုးနွံသော ဘဝမျိုး ဖန်တီးပေးရေးမှာ ကြန့်ကြာနေလေတော့သည်။ ဘာသာရေး အရ ဘုရားသခင် ကိုယ်တိုင် အုပ်စိုးခြင်းနှင့် တရား ဥပဒေ စိုးမိုးခြင်း အမြင်များကိုကား ဂျူး လူမျိုးများ၏ စိတ်နှလုံးထဲတွင် အုတ်မြစ်ချနိုင်ခဲ့ပြီ ဖြစ်၏။ အချိန် ကာလ ကြာမြင့်လာသည်နှင့်အမျှ ဤသဘောတရားတို့သည် သူတို့အား ပို၍ ပို၍ အခိုင်အမာ တောင်းဆိုမှုများ ဖြစ်လာကြသည်။

ပြည်ပြေး ကာလ နောက်ပိုင်းမှ စ၍ ဘီစီ လေး ရာစု လောက် အထိ ကာလကို စဉ်းစားကြည့်လျှင် ထိုကာလ၌ စည်းကမ်း ဥပဒေ လိုက်နာမှုဘက်၌ ပေါ့လျော့မှုများ ရှိနေသေးစေကာမူ ထိုအချိန်တွင် ဘာသာတရား အပေါ် သစ္စာစောင့်သိမှုများ၊ သူတို့ အတွက် ပြဋ္ဌာန်းထားသော ဘာသာရေး တာဝန် ဝတ္တရားများကို အချိန်မှန်မှန် ဆောင်ရွက်ခြင်းမျိုးကား ရှိနေပြီ ဖြစ်ကြောင်းကို အသိအမှတ် ပြုရပေမည်။ အပတ်စဉ် ဥပုသ်နေ့တိုင်း ဥပုသ် စောင့်ရန် ဂျေရုဆလင် ဘုရား ဝတ်ကျောင်းတော် ရှိရာသို့ စုဝေးခြင်းမျိုး၊ အခြား စုရပ် နေရာများ၌ စုဝေးကြခြင်းမျိုးလည်း ရှိနေပြီ ဖြစ်၏။

ဤ စည်းဝေးပွဲများမှာ ယေဝတီ ဘာသာရေး စည်းဝေး ဝတ်ပြုပွဲများဟု ခေါ်သော ဝတ်ပြုပွဲများ အဖြစ်သို့ ရောက်ရှိလာကြသည်။ ဝတ်ပြုပွဲ တက်သူများလည်း တစ်စတစ်စနှင့် တိုးပွားနေလေသည်။ နှစ်ပတ်လည် ဘာသာရေး ပွဲသဘင်များနှင့် ဥပုသ်လ သတ်မှတ်ခြင်းများမှာလည်း စွဲမြဲလာသော ထုံးတမ်းစဉ်လာများ ဖြစ်လာကြသည်။ ၄င်းတို့မှာ *ယေဝတီ ပသခါ ပွဲတော်* [၂] နှင့် တစ်ပတ်လုံးလုံး တဆေး မပါသော ပေါင်မုန့်ကို စားသော ပွဲ စသည်တို့ ဖြစ်ကြသည်။ ၄င်းတို့ကို နှစ်ဦးကာလ မတ်လ၊ ဧပြီလများ၌ ပြုလုပ်ကြသည်။

*ပထမဆုံး မှည့်သော သစ်သီးစားပွဲ* [၃] နောင်အခါ *ရို့ရှ် ဟာရှာနာ* [၄] ဟု ခေါ်ကြသော နှစ်သစ်ကူးပွဲများ ကျင်းပအပြီး ၁၀ ရက်မြောက်နေ့တွင် *ယွန်ကီပူရ်* [၅] ဟု ခေါ်သော ရန်ပြေငြိမ်းပွဲကို ဥပုသ် စောင့်ခြင်းဖြင့် လည်းကောင်း၊ ၁၅ ရက်မြောက် နေ့တွင် *တာဘာနာကယ်လ်* [၆] ဟု ခေါ်သော မဏ္ဍာပ်ထိုးပွဲများကို ကျင်းပကြလေသည်။

လုံးလုံး အကျင့်သီလ သိက္ခာပုဒ်၌ တည်သော တမန်တော်များ၏ ဘာသာ အယူဝါဒကား သူ့ဘာသာ အလိုလို သာမန် လူများထဲမှာ စွဲမြဲနိုင်ခြင်း မရှိပေ။ သို့ရာတွင် ဤကဲ့သို့ ဘာသာရေး ကိစ္စများကို စောင့်စည်း ပြုလုပ်ခြင်း

၁။ Torah

၂။ Passover
၃။ Feast of weeks
၄။ Rosh Hashana-New Year
၅။ Yom Kippur
၆။ Feast of Booth-Tabernacles

များကြောင့် နှောင်းပိုင်း ယုဒ ဘာသာကို ပေါက်ပွားစေခဲ့ကြလေသည်။

ထိုမှတစ်ပါး ဂျူး လူမျိုးများ၏ လူမျိုးရေး တသီးတသန့် ဖြစ်နေမှုသည် နှစ်ပရိစ္ဆေဒ ကြာလာသော အခါ သူတို့၏ ဘာသာရေး ဆိုင်ရာ အခွင့်အာဏာ အပေါ်၌လည်း သီးသန့် အခြေအနေကို ဖြစ်ပေါ်စေခဲ့လေသည်။

ဘာသာရေး ဆိုင်ရာ အခွင့် အာဏာ အရှိဆုံး ပုဂ္ဂိုလ်သည် ဂျေရုဆလင် ဘုရား ဝတ်ကျောင်းတော်မှာ နေသော အဆင့်မြင့် နတ်ဆရာ ဘုန်းကြီး ဖြစ်၏။ ထိုဘုန်းကြီးသည် တမန်တော် မိုးဇက်၏ ညီ ဖြစ်သူ *အာရွန်* [၁] မှ ဆင်းသက်သောသူ ဖြစ်သည်ဟုလည်း ဆို၏။ ထိုဘုန်းကြီးသည် ဘာသာရေး အရရော၊ ပြည်သူ့ အုပ်ချုပ်ရေး အရရော ဂျေရုဆလင်ကို အုပ်ချုပ်ခွင့် ရသော ပုဂ္ဂိုလ် ဖြစ်၏။ သူ့ လက်အောက်တွင် သိက္ခာရ ဘုန်းကြီးများလည်း ရှိ၏။ ထို ဘုန်းကြီးများက ဘာသာရေး ပွဲလမ်းသဘင် ကျင်းပသော အခါ ဘုရား ဝတ်ကျောင်းတော် အတွင်း ဝေယျာဝစ္စ ကိစ္စများကို စီမံ ဆောင်ရွက်ရ၏။

ထို့ပြင် ရဟူဒီ အမျိုး လေဝိ အနွယ်မှ ဆင်းသက်လာသူများလည်း ရှိသေးသည်။ ထိုသူတို့သည် အဆောင်ကိုင် လက်သုံးတော်များ အဖြစ် ဆောင်ရွက်ကြရသည်။ ဝတ်ပြုပွဲ ဆိုင်ရာ တေးဂီတများ ကိစ္စ၊ ကျောင်းတော်ပိုင် ပစ္စည်းများ ထိန်းသိမ်းရေး ကိစ္စများကိုလည်း ထိုသူတို့က ပင် တာဝန်ယူ ဆောင်ရွက်ကြရသည်။ စာပေ ကျမ်းဂန်ကို တတ်မြောက်ကြသော ကျမ်းပြုဆရာများကိုလည်း အခွင့်အာဏာများ အပ်နှင်းထားသည်။ ထိုကျမ်းတတ် ကျမ်းပြု ပုဂ္ဂိုလ်များမှ ရဟူဒီ ဓမ္မဆရာများ ပေါက်ဖွားလာကြသည်။

တစ်ချိန်တုန်းကမူ ထိုကျမ်းပြုဆရာများသည် လောကီရေးနှင့်သာ သက်ဆိုင်ခဲ့ကြသူများ ဖြစ်၏။ သို့ရာတွင် ယခု အခါ၌မူ ထိုကျမ်းပြုဆရာများသည် ဘာသာရေး ပုဂ္ဂိုလ်များ ဖြစ်လာကြပြီ ဖြစ်၏။ သူတို့၏ အလုပ်မှာ ထိုရာ ကျမ်းကို ကူးရေးခြင်း၊ ထိုကျမ်းပါ စကားရပ်များ၏ အနက် အဓိပ္ပာယ်ကို ဖွင့်ဆိုခြင်း လုပ်ငန်း တာဝန်များကို ကြိုးပမ်း ဆောင်ရွက်ကြရလေသည်။ ထိုကျမ်းပြု ပုဂ္ဂိုလ်များ အနက်မှ စုပေါင်း ဝတ်ပြုပွဲများ၌ တရား ဟောပြောနိုင်သော အစွမ်းသတ္တိ ရှိလာသော ပုဂ္ဂိုလ်များကို *ရာဘိုင်* [၂] ဟု ခေါ်သော ဓမ္မကထိက ပုဂ္ဂိုလ် တရားဟော ဆရာများဟု အသိအမှတ်ပြု ခေါ်ဝေါ်လာကြလေသည်။

ရာဘိုင်များသည် လူသာမန် အရပ်သားများ အတွက် ကိစ္စ နှစ်ရပ်ကို ဆောင်ရွက်ပေးကြရသည်။ ထိုကိစ္စများကို ဆောင်ရွက်ပေးမှုကြောင့် သူတို့သည် အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ အရေးပါ အရာရောက်မှုလည်း တိုးတက်လာခဲ့လေသည်။

ပထမ ကိစ္စမှာ ဓမ္မ ကျမ်းစာများကို အဓိပ္ပာယ် ဖွင့်ဆိုရေး လုပ်ငန်းကို အသက်မွေးမှု လုပ်ငန်း တစ်ခု အဖြစ် လုပ်ဆောင်ရန် လိုအပ်ချက်နှင့် ကြုံတွေ့ရခြင်းလည်း တစ်ရပ် ဖြစ်၏။ ပို၍ လိုအပ်လာသော အချက်မှာ ဆီးရီးယားနှင့် ပါလက်စတိုင်းသားများ ပြောဆိုကြသော အရပ်သုံး စကား အာရမိတ် ဘာသာစကားက ဟေဗြဲ ဘာသာစကားကို ကျော်၍ အရပ်သုံး စကား ဖြစ်လာသည့် အတွက် ဂျူး လူမျိုးများ အနေနှင့် သူတို့၏ ပင်ရင်း ဟေဗြဲစာကို နားမလည်ကြတော့ပေ။ ဟေဗြဲ စကားကို အဓိပ္ပာယ် နားလည်ရန် အတွက် စကားပြန် လုပ်ပေးမည့်လူ လိုအပ်လာ၏။

ဒုတိယ အနေနှင့်မူ ရာဘိုင် ဓမ္မဆရာများသည် ဘာသာ ကိုးကွယ်မှုကို ဗဟိုက ချုပ်ကိုင် စုစည်းမှုကို ဒေသန္တရ အလိုက် ဝတ်ပြုနိုင်သော အခြေအနေ ဖြစ်ပေါ်လာအောင် ဆောင်ရွက်နိုင်ခဲ့ကြခြင်း ဖြစ်၏။

ထို့ကြောင့် ဝတ်ပြုပွဲများကို ဂျေရုဆလင် မြို့တော် တစ်ခုတည်းမှာသာ မဟုတ်တော့ဘဲ ကျေးလက် ဒေသများမှာပါ ပြုလုပ်နိုင်ခွင့် ရှိလာခြင်း ဖြစ်၏။ ဘီစီ ၆၂၁ ခုနှစ်က ဂျိုးဆိုယား ဘုရင်သည် ဤကိစ္စကို ဆောင်ရွက်ခဲ့သေး၏။ အခက်အခဲ ကြုံခဲ့ရလေသည်။

ဘုန်းကြီးများနှင့် ဓမ္မကထိကများသည် ပြည်သူလူထုအား အခွင့် အာဏာရ ဘာသာရေး စာပေ ကျမ်းဂန်များကို ပေးအပ်ရန် အတွက် ပျင်းရိခြင်း မရှိခဲ့ကြပေ။

ရှေးက ပြုခဲ့ကြသော နှုတ်ဖြင့် ဟောကိန်းများကို ပြောဟောသော အစဉ်အလာမှာ အဆုံး ကာလသို့ ရောက်ရှိနေပြီ ဖြစ်ရာ ဘုရားဟော တရားများကို အက္ခရာ တင်၍ ရေးသားထားသော စာပေ ကျမ်းစာများသည် ပို၍ ပို၍ လူသိ များလာနေပြီ ဖြစ်၏။

ဘေဘီလုံမှာရော ဂျေရုဆလင်မှာပါ ဘုန်းကြီးများနှင့် ကျမ်းပြု ဓမ္မဆရာများသည် စာပေ ကျမ်းဂန် ပြုစုရေး အလုပ်ကို အားစိုက်ခွန်စိုက် ဆောင်ရွက်နေကြပြီ ဖြစ်၏။ မကြာမြင့်မီ ကာလကမှ ပေါ်ပေါက်ခဲ့ကြသော တမန်တော်များ ဖြစ်ကြသည့် *မလာချိ* [၃]၊ *အိုဘာဒိယား* [၄]၊ အီဇက်ကီးလ်၊

---

၁။ Aaron
၂။ Rabbi
၃။ Malachi
၄။ Obadiah

ဟင်္ဂိုင်း၊ ဧချာရီးယားနှင့် ဒုတိယမြောက် အီဇိုင်းယားတို့၏ ရေးသားချက်များကို မိတ္တူများ ကူးယူပြီး ဖြန့်ချိနေကြ၏။ နောက်ဆုံးတွင် ထိုရာ ကျမ်းငါးစောင်ကိုလည်း အပြီးသတ် ရေးသားနိုင်ခဲ့ကြ၏။

ဘုရား ဝတ်ကျောင်းတော်ထဲတွင်လည်း သီချင်းသည်များက တေးသီချင်း ဂါထာများကို ရေးစပ် သီကုံးနေကြပြီ ဖြစ်၏။

ထိုသီချင်းများမှာ နောင်အခါတွင် *ဆာလံကျမ်း* [၁] ဟု ခေါ်သော ဓမ္မဂါထာ ကျမ်း အဖြစ်သို့ ရောက်ရှိ လာကြသည်။ အခြားသော အချစ် အလွမ်းနှင့် ဆိုင်သော တေးကဗျာ တစ်မျိုးလည်း ပေါ်ပေါက်နေပြီ ဖြစ်၏။

ထိုအချိန်တွင် ယခုခေတ် ကျွန်ုပ်တို့ သိကြသော *ဓမ္မဟောင်း သမ္မာကျမ်း* [၂] စာအုပ် သုံးပုံ နှစ်ပုံလောက်မှာ ရေးသားပြီးနေပြီ ဖြစ်လေသည်။

## ၇။ ဂရိနှင့် မက္ကဘီခေတ် အတွေးအခေါ်သစ်များ

ဘီစီ ၃၃၂ တွင် ပါလက်စတိုင်းသားတို့၏ ဘာသာ ကိုးကွယ်မှုသည် အုပ်ချုပ်မှုသစ် အောက်သို့ ကျရောက်သည်။ ၄င်းမှာ ဝေးကွာလှမ်းသော ဂရိ လူမျိုးများ၏ အုပ်စိုးမှု ဖြစ်၏။

မဟာ အလက်ဇန္ဒား ဘုရင်သည် အီဂျစ်ကို တိုက်ခိုက် သိမ်းယူနိုင်ရန် အတွက် ပါရှန်တို့၏ စစ်တပ်ကို အာရှမိုင်းနား၊ ဆီးရီးယားတို့မှ မောင်းထုတ်ပြီးနောက် ပါလက်စတိုင်းကို သိမ်းယူလေသည်။ ထို့နောက် အီဂျစ်၏ ပင်လယ်ကမ်းခြေတွင် အလက်ဇန္ဒရီးယား မြို့သစ်ကို တည်ဆောက်လေသည်။ ထိုမြို့ကို သူ့စိတ်ထဲတွင် မြေထဲပင်လယ် အရှေ့တောင်ပိုင်းရှိ ဒေသများရှိ ယဉ်ကျေးမှု တစ်ခုလုံးကို တော်လှန် ပြောင်းလဲ၍ ဖြစ်ပေါ်လာသော ယဉ်ကျေးမှု အချက်အချာ နေရာ အဖြစ် ပြုလုပ်ရန် ရည်ရွယ်ခဲ့လေသည်။

ပါရှန် အင်ပိုင်ယာကြီး တစ်ခုလုံး ကျဆုံးပြီး သူ့ ခြေဖဝါး အောက်သို့ ကျရောက်စေရန် မျှော်မှန်းခြင်း ဖြစ်၏။

### ဟယ်လင်နစ် (ဂရိ) ဩဇာ လွှမ်းမိုးမှု၏ ယေဘုယျ လက္ခဏာများ

မဟာ အလက်ဇန္ဒား ဘုရင်ကြီး၏ ရည်ရွယ်ချက်တွင် သူ၏ ပုဂ္ဂိုလ်ရေး ဘဝ ရည်မှန်းချက်သည် ပို၍ အရေးပါသော အခန်းက ပါသည်ဟု ဆိုနိုင်ဖွယ် ရှိ၏။ သို့ရာတွင် သူ၏ ပရဟိတ ဆန္ဒ ရမ္မက် ဖြစ်သော ဂရိ ယဉ်ကျေးမှု ကမ္ဘာ့ အရှေ့ဖျားသို့ ပြန့်ပွားရေးကိုလည်း သူ စတင် ဆောင်ရွက်ခဲ့လေသည်။ သို့ပင်ဖြစ်စေကာမူ ဂရိ ယဉ်ကျေးမှုကို ဝေမျှရာ၌မူ သူသည် အင်အား သုံးပြီး ဖြန့်ဝေခြင်းမျိုးကို ကား ကြံစည် စိတ်ကူးခြင်း မပြုပေ။ သူ့စိတ်ထဲမှာ သစ္စာတရား၏ ပင်ကိုအားဖြင့် ထင်ရှားသော သတ္တိ ရှိကြောင်းကို ယုံကြည်ထားသည်။ သို့အားလျော်စွာ ကမ္ဘာကြီး တစ်ခုလုံးကို ဂရိ လူမျိုးတို့၏ ဘဝ အမြင်နှင့် အညီ ပြောင်းလဲဖြစ်ပေါ်ရေးကို ပညာ ပေးသော နည်း၊ နမူနာ ပြသော နည်းများဖြင့် ဆောင်ရွက်ရန်ကိုသာ ကြံစည် စိတ်ကူးခဲ့လေသည်။

ထို့ကြောင့် အလက်ဇန္ဒရီးယားနှင့် အခြား မဟာဗျူဟာ ကျသော အရပ် ဒေသများတွင် ဂရိ လူမျိုးတို့၏ ဗိသုကာ ပုံစံကို အုတ်မြစ်ခံသော မြို့သစ်များ ထူထောင်ရန် သူ အမိန့် ပြန်တမ်း ထုတ်ခဲ့လေသည်။

ထိုမြို့များတွင် မြူနီစီပယ် ခေါ် စည်ပင်သာယာရေး အဆောက်အဦ အိမ်တန်းများ၊ အားကစားရုံများ၊ လေဟာပြင် ဇာတ်ရုံများ၊ အေသင်မြို့မှာလို ပိဋက တိုက်များကိုပါ တည်ဆောက်စေလေသည်။ ထို စံပြ မြို့များ၌ ဂရိ လူမျိုးများ၊ အီဂျစ် လူမျိုး၊ ပါရှန် လူမျိုးများနှင့် ဂျူး လူမျိုး၊ ကိုလိုနီ လက်အောက်ခံ နိုင်ငံသားများကို နေထိုင်ကြရန် သူ အားပေးခဲ့လေသည်။

မြူနီစီပယ် အုပ်ချုပ်သူ အစိုးရများက လူမျိုးတိုင်းကို ရပ်ကွက် အလိုက် မိမိတို့ လူမျိုး အုပ်စုများ ဖွဲ့၍ နေထိုင်ခြင်းကိုလည်း ခွင့်ပြုခဲ့သည်။ ထိုလူမျိုးစု အလိုက် ဒီမိုကရေစီ အခွင့်အရေးဖြင့် အချိုးကျ ကိုယ်စားလှယ်များအား မြို့ အုပ်ချုပ်ရေး အဖွဲ့များတွင် ပါဝင်ခွင့်ကိုလည်း ပြုလုပ်ပေးခဲ့သည်။ မည်သည့် နိုင်ငံသားကိုမျှ မိမိ သဘော အလျောက် မဟုတ်ဘဲ ဂရိ အဝတ်အစားကို ဝတ်ဆင်စေခြင်း၊ ဂရိ စကား

---

၁။ Book of Pslams

၂။ Old Testament

ကို အတင်းအကျပ် ပြောင်းခိုင်းခြင်းမျိုးကိုလည်း မပြုလုပ်ခဲ့ပေ။ မိမိတို့ ဆိုင်ရာ အိမ်ဂေဟာများကိုလည်း ဂရိ ဟန်ပန်အတိုင်း အလှပြင်ခြင်းကိုလည်း မိမိတို့၏ သဘော အတိုင်းသာလျှင် ပြုလုပ်လိုက ပြုလုပ်ခြင်းကိုသာ အားပေးသည်။ ဂရိ စာပေကို လေ့လာခြင်း၊ ဂရိ ဒဿနများကို လေ့လာဆွေးနွေးခြင်း ကိစ္စများကိုလည်း မိမိတို့၏ ပညာ အဆင့်အတန်း အလိုက် ပြုလုပ်လိုက မိမိတို့ သဘော အတိုင်းသာ ပြုလုပ်စေခဲ့လေသည်။

အလက်ဇန္ဒား ဘုရင်ကြီးသည် ဂျူးလူမျိုးများကိုမှ လေးစားမှု ရှိပြီး အရေးပေးလိုဟန် တူသည်။ ဂျူးလူမျိုးများကို အလက်ဇန္ဒရီးယား မြို့တော်မှာ နေထိုင်ကြစေလိုသော ဆန္ဒလည်း သူ့မှာ ရှိသည်။ နောင်အခါတွင် ဂျူးလူမျိုးများသည် အလက်ဇန္ဒရီးယား မြို့ကြီး၏ ရပ်ကွက် ငါးခုတွင် အပြည့်အဝ နေထိုင်ခဲ့ကြကြောင်းကို တွေ့ရသည်။ ဂျူးလူမျိုးများ၏ အရေအတွက်မှာ လူဦးရေ တစ်သန်းခန့် ရှိသည် ဆို၏။ သူ့စိတ်ထဲတွင် ဂျူးလူမျိုးများကို အခြားသော အရပ်ဒေသ၌လည်း အခြေချ နေထိုင်စေလိုခဲ့ပေသည်။

ဂျူး လူမျိုးများဘက်က ကြည့်လျှင်လည်း သူတို့၏ သမိုင်း တစ်လျှောက်တွင် နိုင်ငံခြား ဩဇာ လွှမ်းမိုးမှုကို အလက်ဇန္ဒား ဘုရင်ကြီး၏ ယဉ်ကျေးမှု ဆိုင်ရာ အဆိုပြုချက်များ၏ လွှမ်းမိုးမှုကို လက်ခံခဲ့ခြင်းမျိုး တစ်ကြိမ် တစ်ခါမျှပင် မရှိခဲ့ကြဖူးချေ။ ဂျူးများ အနေမှာလည်း ကမ္ဘာပေါ်ရှိ ကျန်ဒေသများ အားလုံးနှင့် ချစ်ကြည် ရင်းနှီးစွာ ဆက်ဆံလိုသော သဘောထားမျိုး ရှိခဲ့ကြလေသည်။

မျိုးဆက် သုံးဆက် ကာလ အတွင်းမှာ ဂျူး လူမျိုးများသည် သူတို့၏ စကားထဲတွင် ဂရိ စကားလုံးများကို လွတ်လွတ်လပ်လပ် သုံးစွဲခြင်းကို ခွင့်ပြုလာကြလေသည်။ သူတို့၏ သားသမီးကလေးများကိုလည်း ဂရိ နာမည်များ တပ်ပြီး ခေါ်ဝေါ်လာကြလေသည်။

ထိုသို့ ဂရိ ဩဇာ လွှမ်းမိုးခံ ပုဂ္ဂိုလ်များထဲတွင် ပို၍ ယဉ်ကျေးပြီး အဆင့်အတန်း မြင့်သော ဂျေရုဆလင် မြို့က ဘုန်းကြီး လူတန်းစားများက သာမန် အရပ်သားများထက်ပင် ပိုခဲ့ကြလေသည်။

ဂျူးလူမျိုးများသည် သူတို့၏ ဘာသာ ကိုးကွယ်မှုကို မစွန့်လွှတ်ဘဲ ဂရိ ယဉ်ကျေးမှု၏ အပေါ်ယံ အသွင်သဏ္ဌာန်များကို ကြိုဆို လက်ခံလာကြလေသည်။

သို့ဖြစ်ရာ ဂရိ ဩဇာ လွှမ်းမိုးမှု ခေတ်ကောင်းစဉ်ကာလက ဆိုလျှင် ဂျူး လူမျိုးများသည် မိမိတို့၏ ယဇ်ပူဇော်ပွဲများတွင် ယဇ်ကောင်များကို မီး ပူဇော်မှု တစ်ဝက်တစ်ပျက်နှင့် ပစ်ချထားပြီး အားကစား ကွင်းများတွင် ကျင်းပ ပြုလုပ်နေသော ဂရိ အားကစား ပြိုင်ပွဲများကို ကြည့်ရန် ဂျေရုဆလင်မှ ဘုန်းကြီးများ ကိုယ်တိုင် ကတိုက်ကရိုက် သွားခဲ့ကြကြောင်း တွေ့ရသည်။

သို့သော် ဂရိ ယဉ်ကျေးမှုကို တုံ့ပြန် ဆန့်ကျင်သော လှုပ်ရှားမှုများလည်း ရှိခဲ့ကြလေသည်။ နိုင်ငံခြား ဘဝနေနည်းများကို လက်သင့်ခံရာတွင် သာမန် အရပ်သားများသည် နှောင့်နှေးမှု ရှိတတ်ကြသည်။ ထို့ပြင် ကျမ်းပြု ပုဂ္ဂိုလ်များနှင့် ရာဘိုင် ခေါ် ဓမ္မကထိကများက တားဆီး ကန့်ကွက်ခြင်းလည်း ရှိသည်။ သူတို့သည် ထိုရာ ကျမ်းမှာ ပါသော ဂျူး လူမျိုးများ၏ ဘဝနေနည်းများကိုသာ ခိုင်မာစွာ သစ္စာရှိရှိ ရပ်တည်လျက် ဆုပ်ကိုင် ကျင့်သုံးလိုကြသည်။ ဂရိဘဝ နေနည်းများကိုကား ခုခံ တော်လှန်ကြလေသည်။

ထိုကဲ့သို့ ဂျူးတို့၏ ဘာသာရေးပါ နည်းလမ်းများကိုသာ ကြည်ညို လက်ခံကြသူများကို *ဟာဆီဒင်* [၁] များဟု ခေါ်ကြလေသည်။

အလက်ဇန္ဒား ဘုရင်သည် ပါလက်စတိုင်းကို ပိုင်ဆိုင်ခြင်း အတွက် ခုခံမှုနှင့် ကြုံရသည်။ ထို့နောက် ထိုဘုရင်သည် ဘေဘီလုံသို့ အရောက်တွင် နတ်ရွာစံလေသည်။ ထိုအကြောင်းကြောင့် ဂရိ ယဉ်ကျေးမှု ထွန်းကားအောင် ဆောင်ရွက်ချက်များမှာ လုံးဝ ချုပ်ငြိမ်း ပြတ်တောက်သွားခြင်း မရှိစေကာမူ ကြန့်ကြာမှုကား ဖြစ်ပေါ်ခဲ့လေသည်။

နှစ်ပေါင်း တစ်ရာ အတွင်းမှာ စိတ် မချမ်းသာဖွယ်ရာ ပါလက်စတိုင်း ဒေသကို ဆီးရီးယားနှင့် အီဂျစ် ရန်သူများက အကြိမ်ကြိမ် တိုက်ခိုက် သိမ်းယူခြင်းကို ခံခဲ့ရလေသည်။ အီဂျစ် ဘုရင် *တိုလမီး* [၂] သည် ကရုဏာ တရားပို၍ ရှိသော မင်း ဖြစ်ရကား သူ၏ အုပ်ချုပ် စိုးမိုးခြင်းကို ဂျူး လူမျိုးများက ပို၍ လိုလားကြလေသည်။

ဘီစီ နှစ် ရာစုသို့ ရောက်သော အခါ၌မှ ဆီးရီးယား ဘုရင် *စီလုစစ်* [၃] က အပြီးသတ် အောင်နိုင်သွားလေတော့သည်။ ထို့နောက်တွင် ခေတ္တ ငြိမ်းချမ်းမှု ရရှိခဲ့သည်။

ထို့နောက်တွင်ကား ပါလက်စတိုင်း ဒေသသားများ၏ ယုဒ ဘာသာသည် ဂရိ ဘာသာ ယဉ်ကျေးမှုဘက်သို့ ပို၍ ပြည့်ပြည့်စုံစုံ ပြောင်းလဲသွားတော့သည်။

ဤကဲ့သို့ ပြောင်းလဲသွားခြင်းသည် ဆီလုစစ် ဘုရင်က သူ၏ လက်အောက်ခံ ဂျူး လူမျိုးများ သူ့ကို တော်

---

၁။ Hasidim
၂။ Ptolemies
၃။ Seleucids

လှန်ပြီး သူ့မိဘများ၏ ယဉ်ကျေးမှု ဘက်သို့ ပြန်မသွားနိုင်အောင် တင်းတင်းကျပ်ကျပ် ဆောင်ရွက်ထားခြင်းကြောင့် မဟုတ်ပေ။

## မက္ကာဘီး [၁] လက်ထက် လွတ်လပ်ရေးခေတ်

ထင်ရှား ဖြစ်ပေါ်လာသော အချက် တစ်ခုမှာ ဂျူး လူမျိုးများ အနေနှင့် သူတို့၏ ဘာသာရေး ကိုးကွယ်မှု ဘဝကို အနှောင့်အယှက် ပေးခြင်း မခံရစဉ် အခါကမူ ဖိနှိပ်မှုများစွာကို သည်းခံ၍ နေနိုင်ခဲ့ကြလေသည်။ သို့ရာတွင် သူတို့၏ ဘာသာ ကိုးကွယ်မှုကို အန္တရာယ် ပြုလာသော အခါတွင်မူကား မခံမရပ်နိုင်ကြတော့ဘဲ ထကြွ ပုန်ကန်ကြလေတော့၏။

ဤအချက်ကို ဆီးရီးယား ဘုရင် *အန်တီယိုခပ် အက်ပီဖင်နီး* [၂] ဆိုသူသည် နားလည် သဘောပေါက်နိုင်ခြင်း မရှိခဲ့ပေ။ သူ့စိတ်ထဲမှာ သူ့ပိုင်နက် နယ်မြေ အတွင်းမှာ နေထိုင်ကြသူများ အားလုံးကို ဂရိ ယဉ်ကျေးမှု စိတ်ဓာတ် တစ်မျိုးတည်းဖြင့် တစ်လုံးတစ်စည်းတည်း ဖြစ်စေချင်သော ဆန္ဒကသာ ကဲလွန်နေသောကြောင့် သူက ဂျူး လူမျိုးများအား ဇီးယပ်နှင့် ဒိုင်အိုနီးဆပ် ဂရိ နတ်ဘုရားများကို ရှိခိုး ကိုးကွယ်ကြစေရန် အင်အားကို သုံးပြီး အတင်းအဓမ္မ ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့လေသည်။

ထို့ကြောင့် သူက ဂျူး လူမျိုးများကို အသေခံ၍ တိုက်ခိုက်ချင်လောက်အောင် နာကြည်းစေရန် ဥပုသ်စောင့်လကို တားမြစ်ခြင်း၊ ဂျူး လူမျိုးတို့၏ ကျမ်းစာများကို ကူးယူ ဖြန့်ဝေခြင်း၊ အရေပြားလီး မင်္ဂလာ ပြုခြင်းကို တားမြစ်ပိတ်ပင်ခြင်း ကိစ္စများကို ဆောင်ရွက်လေသည်။

ဂျေရုဆလင် ဝတ်ကျောင်းတော် အတွင်းမှာ ရှိသော ယဇ်ကောင် မီးရှို့ ပူဇော်ရာ ယဇ်ပလ္လင်ပေါ်၌ အိုလံပတ်၏ ဇီးယပ် နတ်ကို ပူဇော်ရာ ယဇ်ပလ္လင် တစ်ခုကို တည်ဆောက်ပြီးလျှင် ထို ယဇ်ပလ္လင်ပေါ်တွင် ဝက်ကောင်လုံးကို ယဇ်အဖြစ် တင်၍ ပူဇော်ပသလေသည်။ (ဝက်သည် ဂျူး လူမျိုးများ အတွက် အစဉ်သဖြင့် စက်ဆုပ်ဖွယ်ရာ သတ္တဝါ ဖြစ်၏။) ထိုမျှမကသေးဘဲ ထိုကဲ့သို့ ဝက်ဖြင့် ပူဇော်သော နတ်ပွဲများ၌ ဂျူး လူမျိုးများ ပါဝင်ကြရမည်ဟုလည်း သူက အမိန့် ပေးခဲ့လေသည်။ ဤအတိုင်းပင် ဂျေရုဆလင်မှာသာမက ကျေးလက် တောရွာများပါ မကျန် နေရာတိုင်းမှာ ဆောင်ရွက်စေခဲ့လေသည်။ ဂျူး ဘာသာ အပေါ် သစ္စာရှိစွာ ယုံကြည် ကိုးကွယ်နေကြသူများ၏ ရွံမုန်းခြင်းနှင့် နာကြည်းခြင်းမှာ အကန့်အသတ် အားလုံးကို ကျော်လွန်သွားပြီ ဖြစ်၏။

နောက်တစ်ခါ ထိုဘုရင်က အသက်အရွယ် ကြီးရင့်ပြီ ဖြစ်သော မတ္တားသီးယပ် ခေါ် နတ်ဆရာ ဘုန်းကြီး တစ်ပါးအား မိုဒင်ရွာမှာ ကျင်းပသော ဇီးယပ်နတ် ယဇ်ပူဇော်ပွဲကို ကြီးကြပ် ဆောင်ရွက်ရမည်ဟု ဆီးရီးယား ဝန်ရှင်တော် မင်းကြီးက အမိန့် ပေးခဲ့လေသည်။ ထိုအခါတွင်မူ ထိုနတ်ဆရာ ဘုန်းကြီးသည် ဆီးရီးယား ခရိုင် မင်းကြီးကို သတ်ဖြတ်လေတော့၏။ ဤ ဖြစ်ရပ်က ဂျူး လူမျိုးများအား ပုန်ကန် ထကြွအောင် လှုံ့ဆော် ပေးလိုက်လေတော့၏။

ဤ အရေးအခင်းတွင် နတ်ဆရာ ဘုန်းကြီး၏ သားလူစွမ်းကောင်း ဖြစ်သူ *ယုဒ မက္ကာဘီးယပ်* [၃] ဆိုသူက ဦးဆောင်၍ ဆီးရီးယား ခရိုင်ဝန်ကို သတ်ဖြတ် တွန်းလှန်လိုက်ခြင်း ဖြစ်လေသည်။ ဘီစီ ၁၆၅ ခုနှစ်တွင် ယုဒသည် ဂျေရုဆလင် တစ်မြို့လုံးကို (မြို့စောင့်တပ် ချထားသော ရဲတိုက် တစ်ခုမှ အပ) ပြန်လည် သိမ်းယူနိုင်လေတော့၏။ ဘုရား ဝတ်ကျောင်းတော်ကို မသတီစရာများ ကင်းစင်သွားအောင် သန့်ရှင်းစေပြီးနောက် ဂျူး လူမျိုးများ၏ ဘာသာ ကိုးကွယ်မှုကို ပြန်လည် ထိန်းသိမ်းလိုက်လေတော့သည်။ ပါလက်စတိုင်းသားတို့၏ ယုဒ ဘာသာကို ကယ်တင်နိုင်လိုက်ကြပြီ ဖြစ်၏။ နောက်ဆက်တွဲ ချီတက် တိုက်ခိုက်မှုဖြင့် ဆီးရီးယား လူမျိုးများကို *ဂျူဒီးယား* [၄] မြို့မှလည်း ထွက်ခွာသွားစေနိုင်ခဲ့၏။

ဘီစီ ၁၆၁ ခုနှစ်တွင် ယုဒ အသတ်ခံလိုက်ရ၏။ ထိုအခါ ခေါင်းဆောင်မှုသည် သူ့ညီ ဖြစ်သူ *ဂျော်နသန်* [၅] (ယောနသန်) လက်သို့ ကျရောက်သွားလေသည်။ သူ့နောက်တွင်မူ အငယ်ဆုံး ညီဖြစ်သူ *ဆိုင်မွန်* [၆] က ခေါင်းဆောင်ခဲ့လေသည်။ သူ့ကို ဂျေရုဆလင်၏ အဆင့်မြင့် နတ်ဘုန်းကြီး အဖြစ် တင်မြှောက်ကြလေသည်။

ဆိုင်မွန်၏ သား *ဂျွန် ဟီရကားနပ်* [၇] အနာဂတ်ကို ထိခိုက် နစ်နာဖွယ် ဖြစ်အောင် နယ်ချဲ့ စစ်ကို ဆင်နွှဲပြီး

---

၁။ Maccabees
၂။ Antiochus Epiphanes
၃။ Judas Maccabeus
၄။ Judea
၅။ Jonathan
၆။ Simon
၇။ John Hyrcanus

ယုဒီယား နေပြည်တော်ကို အီဒုမီးယား (အီဒွန်)၊ ဆမားရီး ယား၊ ဂျော်ဒန်ကို လွန်သော ပဲရီးယား ဒေသထိ ရောက် အောင် နယ်ချဲ့ခဲ့လေသည်။ သူ၏ ပိုင်နက် နယ်မြေသည် ဒေးဗစ် ဘုရင် လက်ထက်က နယ်မြေ နီးပါးခန့် ကျယ်ဝန်း ခဲ့လေသည်။ သူက အီဒုမီးယန်းသားများအား ယုဒ ဘာသာ ကို လက်ခံ ကိုးကွယ်ကြရမည်ဟု အင်အားကို အသုံးပြု၍ အဓမ္မ ဆောင်ရွက်ခဲ့လေသည်။

ဤကာလ၌ ဂျူး လူမျိုးတို့၏ တန်ခိုး အာဏာသည် ကြီးထွား၍ အမြင့်ဆုံး အခြေအနေသို့ ဆိုက်ရောက်ခဲ့သည် ဟု ဆိုနိုင်သော်လည်း ဂျူး လူမျိုးများ၏ လွတ်လပ်ရေး သည် ဘီစီ ၆၃ ခုနှစ် အထိသာ တည်တံ့ခဲ့၏။

အကယ်၍ ဂျူးများ အတွင်း၌ ပါတီ ဂိုဏ်းဂဏ အမျိုးမျိုး ကွဲပြား ခြားနားပြီး အချင်းချင်း တိုက်ခိုက်မှုများ မရှိခဲ့ပါမူကား လွတ်လပ်ရေး ကာလသည် ထို့ထက် ပို၍ ကြာမြင့်နိုင်ပေလိမ့်မည်။

## ပြည်ပြေးခေတ် နောက်ပိုင်း ဂျူး ပါတီများ ပေါ်ပေါက်လာခြင်း

အကယ်၍ ဂျူဒီးယားသည် ကျန်သော ကမ္ဘာကြီးနှင့် တသီး တခြား ကင်းကင်းရှင်းရှင်း နေခဲ့နိုင်မည် ဆိုပါက ထိုမြို့နေ လူများ၏ အကြား၌ ပါတီ ဂိုဏ်းဂဏများ ကွဲကုန်ကြမည် မဟုတ်တန်ရာပေ။ ရှိကောင်း ရှိမည် ဆိုလျှင်လည်း ရှေး ကတည်းက တည်ခဲ့သော သာမန်လူ အများစုနှင့် တမန် တော် ဆိုသော လူနည်းစု ကြားက ပဋိပက္ခမျိုးလောက်သာ ရှိပေလိမ့်မည်။ ထိုပဋိပက္ခမျိုးမှာ ပြည်ပြေးခေတ် မတိုင်မီ ကတည်းက တည်ရှိခဲ့သော ပဋိပက္ခမျိုး ဖြစ်သည်။ သို့သော် ယခုမူ ဂျူဒီးယားသည် မြို့ကြီးပြကြီး အထင်အမြင် အယူ အဆများသာ တည်ရှိပြီး ထိုအမြင် အယူအဆများကိုသာ နှစ်သက် လက်ခံသော ကမ္ဘာကြီး တစ်ခုထဲမှာ ပိတ်မိနေပြီ ဖြစ်၏။ ဤမြို့ကြီးပြကြီး အထင်အမြင်ကို လက်ခံ ကျင့်သုံး သင့် မသင့် ဆိုသော ပြဿနာ အပေါ်တွင်မူ ယခုအခါမှ စ၍ လူ အချင်းချင်း သဘောထား ကွဲပြားမှုသည် စတင် ပေါ်ပေါက်လာပြီ ဖြစ်၏။

အနောက်တိုင်းမှာကဲ့သို့ပင် ဂျူဒီးယားမှာလည်း လူ တချို့က ကမ္ဘာပေါ်မှာ ပထမဆုံး အကောင်းဆုံး ကမ္ဘာ့ ယဉ်ကျေးမှု ပုံစံဟု ထင်ရသော ယဉ်ကျေးမှု ပုံစံကို လက်ခံ နေကြပြီ ဖြစ်၏။ အခြားလူများကမူ ထိုကမ္ဘာ့ အမြင်သစ် ကို ငြင်းပယ်ကြသည်။ ဤ အမြင် အယူအဆသည် တန်ဖိုး ရှိသော မိဘဘိုးဘွား အစဉ်အဆက် လက်ခံလာခဲ့ကြသော စံများနှင့် တန်ဖိုးများကို အစားထိုးသော တန်ဖိုး မရှိသော အရာ ဖြစ်သည်ဟု ငြင်းပယ်သူများက ယူဆကြလေသည်။

တိုင်းတစ်ပါးသားများ၏ အယူအဆကို လက်ခံခြင်း နှင့် ငြင်းပယ်ခြင်း ကိစ္စသည် နိုင်ငံရေးသမားများနှင့် စီးပွား ရေးသမားများကြောင့် ရှုပ်ထွေး ပွေလီလာလေတော့သည်။ ယဉ်ကျေးမှုများကို ရွေးချယ်ခြင်း ကိစ္စသည် ရိုးရိုးရှင်းရှင်း ဖြစ်ခဲ့သည်။ ယဉ်ကျေးမှု ဆိုင်ရာ ရွေးချယ်မှု တစ်ခုတလေ မှာပင် အာဏာရ လူစုက လိုလားသော အချက်နှင့် လူ အများစု၏ ထင်မြင်ချက်နှင့် ကိုက်ညီသော အချက်တို့သည် အခါခပ်သိမ်း အံဝင်ခွင်ကျ မဖြစ်နိုင်ခဲ့ပေ။ အုပ်စိုးသူများ ဘက်က ပုဂ္ဂိုလ်ရေး ထင်ပေါ် ကျော်ကြားမှုကို လိုလား သည်။ အုပ်စိုးသူမှုများပြည်သူတို့ဘက်ကမူ အသက်မွေးမှု လွယ်ကူ ရေးကို လိုလားကြသည်။

ဂျူဒီးယားတွင်မူကား အဆင့်မြင့် လူတန်းစားများ ဖြစ်ကြသော နတ်ဆရာ ဘုန်းကြီးများသည် နိုင်ငံတကာ ဆက်ဆံရေးကို လိုလားကြသူများ ဖြစ်ကြလေသည်။ ဤ အချက်သည်ပင် အယူလွဲ အယူမှား တစ်ခု ဖြစ်နေပေတော့ သည်။ အဘယ်ကြောင့်ဆိုသော် နတ်ဆရာ ဘုန်းကြီးများ သည် အလွန် ရှေးအယူအစွဲ သန်သော (ကွန်ဆာဗေးဒစ်) များ ဖြစ်ကြပြီး ဆတ်ဆတ်ထိ မခံနိုင်သူများ ဖြစ်ကြသော ကြောင့် ဖြစ်၏။

သို့သော် ဤကိစ္စတွင်မူ နတ်ဆရာ ဘုန်းကြီးများမှာ အာဏာရ ပါတီ ဖြစ်နေလေသည်။ အဆင့်မြင့် ဘုန်းကြီး သည် အုပ်ချုပ်ရေး ဘက်မှာရော ဘာသာရေး ဘက်မှာပါ တိုင်းပြည်၏ အကြီးအကဲ ဖြစ်နေသည်။ သူသည် အခွန် အတုတ် ကောက်ခံသည်။ ရှိခိုးပဏ္ဏာ ငွေများကို စုဆောင်း ရယူသည်။ အခြားသော အဆင့်မြင့် ဘုန်းကြီးများနှင့်အတူ သူသည် တဖြည်းဖြည်း ကြွယ်ဝ ချမ်းသာလာသည်။ သူ၏ လုပ်ဆောင်ချက်များကို ဂျူး လူကြီးများက *ဆန်ဟေဒရင်*[၁] ဟု ခေါ်သော ပြည်သူ့ ကောင်စီများက အနည်းအကျဉ်း အားဖြင့် စိစစ်နိုင်သည်။ သို့သော် အများအားဖြင့်မူ သူသည် ပင် ဂိုဏ်းချုပ် ဘုန်းကြီးလည်း ဖြစ်သည်။ သူသည်ပင်လျှင် ဝန်ကြီးချုပ်လည်း ဖြစ်ပြီး နိုင်ငံခြားရေး ဝန်ကြီးလည်း ဖြစ် သည်။

ဤအချက်က အဆင့်မြင့် နတ်ဘုန်းကြီးများသည် ဂျူဒီးယားနှင့် နိုင်ငံတကာ ဆက်ဆံရေး ကိစ္စကို အမြဲတမ်း

---

၁။ Sanhedrin

စီမံ ခြယ်လှယ်နေကြသူများ ဖြစ်ကြောင်းကို ဖော်ပြသည်။ ဤအချက်၏ စိတ်ပိုင်းဆိုင်ရာ အကျိုး သက်ရောက်မှုမှာ သူတို့က ယုဒ ဘာသာရေးတွင် မည်သည့် အစိတ်အပိုင်းက အဓိက ကျပြီး မပြောင်းလဲနိုင်သော အစိတ်အပိုင်း ဖြစ်ပြီး မည်သည့် အစိတ်အပိုင်းကိုမူ သူတို့အမြင်အားဖြင့် ပြောင်းလဲ သင့်ကြောင်း၊ စေ့စပ် ဖြေရှင်းသင့်ကြောင်း စသည့် ကိစ္စများကို စိစစ်ပြီး အစိုးရ၏ မူဝါဒများကို ချမှတ် ပေးနိုင်ခြင်း ဖြစ်၏။

သိပ် မစဉ်းစားဘဲ သူတို့ ချမှတ်သော စည်းမျဉ်းမှာ ဤသို့ ဖြစ်၏။ ထိုရာ ကျမ်းမြတ်ထဲမှာ မပါဝင်သော နိုင်ငံခြားဖြစ် အယူအဆသစ်များကိုမူ မျက်မှန်းကျိုးရမည်။ သို့ရာတွင် နိုင်ငံခြားနှင့် ဆက်ဆံရေးကိုရော၊ လူနေမှု အဆင့်အတန်းကိုရော တိုးတက်စေမည့် ယဉ်ကျေးမှုဆိုင်ရာ ဆန်းသစ်မှုများကိုမူကား လက်ခံ ကြိုဆိုရမည် ဟူ၍ ဖြစ်၏။

ဤအယူအဆကြောင့် အရေးကြီးသော ပါတီ တစ်ခု ပေါ်ပေါက်လာသည်။ ၎င်းမှာ *ဆဒ္ဒူးဆီး* [၁] ပါတီ ဖြစ်သည်။ ဤ ပါတီဝင်များမှာ ချမ်းသာ ကြွယ်ဝသူများ၊ မင်းမှူးမတ်များနှင့် သာမန် အရပ်သူ အရပ်သားများနှင့် ရောနှော ပေါင်းသင်းခြင်း မရှိသော ကမ္ဘာ့ အမြင် ရှိသူများ ဖြစ်ကြလေသည်။

သူတို့သည် ရှေး ဘိုးဘွားများ လက်ထက်က ရှိခဲ့သော ယုတ္တိ တန်သော အမြင် အယူအဆများကိုလည်း ယုံကြည်ကြသည်။ ထိုရာ ကျမ်းထဲမှာ ပါသော ယုတ္တိ ရှိသော ရှေး အယူအဆများ ဖြစ်သည်။ ထို့ပြင် ဂရိ ပညာရှိကြီးများ၏ အတွေးအခေါ် အယူအဆများကို လည်းကောင်း၊ သင်ကြားချက်များကို လည်းကောင်း နှစ်သက်၍ လက်ခံကြသည်။ ဘာသာရေး နယ်ပယ်တွင်မူ သူတို့သည် ပြည်သူများ ကြားမှာ ရေပန်းစား ပြန့်ပွားနေသော ကောင်းကင်တမန်များ အပေါ် ယုံကြည်မှုကို သူတို့က လက်မခံဘဲ ငြင်းပယ်သည်။ ထို့ပြင် အထူးအားဖြင့် နောင်ဘဝတွင် ဤစိတ် ဤကိုယ် အတိုင်း အပြည့်အစုံ ပြန်လည် ဝင်စားသည် ဆိုသော လူ့ဝင်စား အယူအဆကိုလည်း သူတို့က ငြင်းပယ်သည်။

ယဉ်ကျေးမှုပိုင်းကျတော့ သူတို့က အလွန် လွတ်လပ် ကျယ်ပြန့်သော အယူအဆကို လက်ခံသူများ ဖြစ်ကြလေသည်။ သူတို့က နိုင်ငံခြား အယူအဆများကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံကြသည့် အတွက် သူတို့ကို '*ဂရိ ယဉ်ကျေးမှု သိမ်းသွင်းသူများ*' (*ဟယ်လင်နိုက်ဇား*) [၂] ဟု ခေါ်ကြလေသည်။ ဂရိ လူမျိုးတို့၏ ဘဝ အမြင်များကို ဝါဒ ဖြန့်သူများဟု ဆိုခြင်း ဖြစ်သည်။

ဤကဲ့သို့သော အရာများမှာ လုံးဝ လက်သင့် မခံသင့်သော အရာများသာ ဖြစ်သည်ဟု ဟာဆီဒင် ခေါ် (ဘာသာရေး ကြည်ညိုသူများ) က ယူဆကြလေသည်။

ဤဟာဆီဒင်များသည် လွတ်လပ်ရေး အတွက် ယုဒ မက္ကဘီးယပ် တိုက်ခိုက်စဉ်က မက္ကဘီးယပ်ဘက်မှ အလျင်အမြန် ပူးပေါင်း ပါဝင်ခဲ့ကြသူများ ဖြစ်လေသည်။ အမှန်မှာ သူတို့တွင် နိုင်ငံရေး အကျိုးစီးပွားကို မျှော်မှန်းချက် မရှိ၊ အထူးသဖြင့် နိုင်ငံတကာ အယူအဆမျိုး ပို၍ပင် မရှိသူများ ဖြစ်ကြလေသည်။ ဂရိ ယဉ်ကျေးမှုကိုလည်း စိတ်ဝင်စားခြင်း မရှိသူများ ဖြစ်ကြသည်။

သူတို့၏ အဓိက ကျသော ကြည်ညို စိတ်သန်သော အရာမှာ ယုဒ ဘာသာတရားပင် ဖြစ်သည်။ ထိုသူတို့၏ အဆင့်အတန်း အလိုက် တန်ခိုး အင်အား ကြီးမားသော ပါတီ တစ်ခု ပေါ်ပေါက်လာလေသည်။ ၎င်းမှာ *ဖာရစီး* [၃] ပါတီ ဖြစ်၏။ ထိုပါတီ၏ ပါတီဝင်များမှာ ကျမ်းပြု ပုဂ္ဂိုလ်များ၊ ရာဘိုင် ခေါ် ဓမ္မကထိကများနှင့် အဆင့်နိမ့် နတ်ဘုန်းကြီးများ ဖြစ်ကြလေသည်။

ဖာရစီးများ၏ အမြင်တွင် ဆဒ္ဒူးဆီးများသည် အပါယ်ငရဲ ကျခံရမည့်သူများ ဖြစ်ကြသည်။ ထာဝရ ဘုရားသခင်က သူတို့ကို ဖျက်ဆီးပစ်ခြင်း ခံရမည် ဖြစ်၏။ ထိုအခါ ခေတ်သစ် တစ်ခု ပေါ်လာမည်။ ဖာရစီးများသည် ကယ်တင်ရှင် အယူအဆကို လည်းကောင်း၊ သေသူများ၏ ရှင်ပြန် ထမြောက်ခြင်းနှင့် နောက်ဆုံး တရား စီရင်ခြင်း အယူအဆကို လည်းကောင်း ပွေ့ပိုက်ထားကြသည်။ သူတို့၏ စိတ်ကူး စိတ်သန်းများသည် လက်တွေ့အားဖြင့် ပြန်လည် စဉ်းစား သုံးသပ်ရသည့် အဖြစ်သို့ အထိုက်အလျောက် ပြန်ရောက်လာပြီ ဖြစ်၏။ ကမ္ဘာကြီး မပျက်မီ ကြားကာလ၌ သူတို့၏ အမြင်တွင် ကျမ်းစာများ၌ ပါဝင်သော တရားဓမ္မများနှင့် ရေးသားထားခြင်း မရှိသော ဓမ္မ တရားတော်များ အတိုင်း လိုက်နာ ကျင့်သုံးခြင်းသည် သူတို့၏ အဓိက တာဝန် ဖြစ်သည်ဟု ယုံကြည်ထားကြလေသည်။

ဆိုလိုသည်မှာ ကျမ်းစာများနှင့် ထုံးတမ်း စဉ်လာများကို ဂရုတစိုက် လေ့လာပြီး ကိုယ်ကျင့်သီလ တရားများကို လိုက်နာ ကျင့်သုံးခြင်း၊ မသန့်ရှင်းသော ပုဂ္ဂိုလ်၊ အရာဝတ္ထု

---

၁။ Sadducees

၂။ Hellenizers  ၃။ Pharisees

များ၏ အစွန်းအထင်း မရှိ သန့်ရှင်း စင်ကြယ်ရေးနှင့် ဝိညာဉ် ပိုင်း ဆိုင်ရာ တိုးတက် ဖွံ့ဖြိုးခြင်းသည်သာ ဘုရားသခင်ထံ သို့ ရောက်အောင် အသက်ရှင် နေနည်း ဖြစ်သည်ဟု ယူဆ ကြခြင်း ဖြစ်သည်။

ဂျွန် ဟီရ်ကာနာပ်စ်နှင့် သူ၏ မက္ကာဘီးယန် ဆက်ခံ သူများသည် သူတို့၏ သက်ဦးဆံပိုင် နိုင့်ထက်စီးနင်း အုပ် စိုးမှုကို အလွန်အမင်း နှစ်သက် လိုလားသော အခါ၊ ဆက် ဒူးဆီး အယူအဆများကိုလည်း အလွန် လိုလားသော အခါ ဖာရစီးများသည် အုပ်စိုးသူ လူတန်းစားများကို ထောက်ခံ ခြင်း မပြုတော့ဘဲ ပြင်းပြင်းထန်ထန် ဆန့်ကျင်၍ အတိုက် အခံ ပြုလာကြလေတော့သည်။ ကွက်ကျား ကွက်ကျား ပေါ် ပေါက်သော ဖြောင်ကျကျ ပုန်ကန်မှုများမှာ ပြင်းထန်သော နှိမ်နင်းမှု၊ သွေးထွက်သံယို များသော သတ်ဖြတ်ပွဲများနှင့် ကြုံကြရလေသည်။ ဖာရစီးများဘက်ကလည်း အခွင့်သာ သည်နှင့် တစ်ပြိုင်နက် လက်တုံ့ပြန်သောအားဖြင့် သွေးစွန်း သော လက်စားချေပွဲများကို ပြုလုပ်ကြလေသည်။ နောက် ဆုံးပိတ် ရလဒ်မှာကား ပြည်တွင်းစစ် ဖြစ်လာခြင်း ဖြစ်၏။ သို့သော် ရှေ့မတိုးသာ နောက်မဆုတ်သာသော ရပ်တန့်နေ ခြင်း တစ်ခု ဖြစ်ပေါ်လာလေသည်။

ထိုစဉ်က ဆီးရီးယားမှာ နေသော ရောမ စစ်ဗိုလ်ချုပ် *ပွန်ပေ*[2] အား ဤကိစ္စကို အပြီးသတ် ဖြေရှင်းပေးရန် တာဝန် ပေးလေသည်။

ဘီစီ ၆၃ ခုနှစ်တွင် ပွန်ပေသည် ဆီးရီးယားမှ ဆင်းလာပြီး ဂျူး တိုင်းပြည်ကို ချက်ချင်း သိမ်းယူလိုက်လေ တော့၏။ ဂျူဒီးယားလည်း ရောမ ပိုင်နက်နယ် အဖြစ်သို့ ကျရောက်လေတော့၏။

## ၈။ အေဒီ ၇၀ အထိ ရောမ အုပ်စိုးသော ခေတ်

ရောမ လူမျိုးများကို ဖိတ်ခေါ်စဉ် အခါက အငြင်းပွားမှုကို ကြီးကြပ် ဖြေရှင်းပေးရန် အတွက် ဖြစ်၏။ သို့သော် ရောမ လူမျိုးများသည် သူတို့ ရရှိသော အခွင့်အရေးကို အသုံးချကာ ဂျူး လူမျိုးများ မနှစ်သက်သော ပါလက်စတိုင်း၏ အရှင် သခင် ဖြစ်အောင် ဖန်တီးခဲ့ကြလေတော့သည်။

နောက်ဆက်တွဲ ပေါ်ပေါက်လာသော နိုင်ငံရေး အပြောင်းအလဲများသည် ဖျက်ဆီးလိုစိတ်နှင့် အဓမ္မ နိုင်ထက် စီးနင်း လုပ်လိုသော စိတ်ဓာတ်များကို တိုးပွားစေခဲ့လေသည်။ အကြီးအကျယ် နာကြည်းမှုကို ဖြစ်စေခဲ့သော အချက် တစ် ချက်မှာ *ဂရိ အိဒုမိယန် အနွယ် စစ်ဗိုလ်ချုပ် အန်တီပတာ*[1] ကြောင့် ဖြစ်သည်။ သူက ယုဒ ဘာသာကို ကိုးကွယ်ကြောင်း လူသိရှင်ကြား ပြောဆို ဝန်ခံခဲ့သော်လည်း လူမျိုးရေး အရ ဂျူး လူမျိုးများက သူ့ကို လက်မခံလိုကြပေ။ သူသည် နောက် ကွယ်က ရောမ လူမျိုးများ၏ အရေးပေးခြင်းကို ခံရအောင် ပြုလုပ်ပြီး ပုဂ္ဂိုလ်ရေး တန်ခိုး အာဏာ ကြီးထွားမှုကို ဆောင် ရွက်ခဲ့လေသည်။

ဗိုလ်ချုပ် ပွန်ပေက ယုဒကို သိမ်းပိုက်သော အခါ သူက ရောမ လူမျိုးများ၏ ထောက်ခံမှုကို ရယူပြီးနောက် မက္ကာဘီး မိသားစုဝင် အဆင့်မြင့် နတ်ဘုန်းကြီး ဒုတိယ မြောက် ဟီရ်ကာနပ်စ်ကို ဖယ်ရှားပစ်ခဲ့လေသည်။

အန်တီပတာသည် သူကိုယ်သူ ရောမ နိုင်ငံသား အဖြစ် ခံယူခြင်းကြောင့် ဂျူးလီယက် ဆီဇာက သူ့ကို ဆုလာဘ် များ ချီးမြှင့်ခဲ့လေသည်။ ထို့နောက် သူသည် ဂျူး လူမျိုး များ မုန်းတီးခြင်းဖြင့် လက်ခံရသော ယုဒ၏ အဝေး မြို့ဝန် ရာထူးကို ရရှိလာခဲ့လေသည်။

ထိုသို့အားဖြင့် ဂရိ အိဒုမိယန် အနွယ်တော် တစ်ဦး သည် ယုဒ၏ အဝေး မြို့ဝန်နှင့် အဆင့်မြင့် နတ်ဘုန်းကြီး အရိုက်အရာကို ရရှိခဲ့လေတော့သည်။

ဘီစီ ၄၀ ခုနှစ်တွင် အန်တီပတာ၏ သား *ဟာရော့ဒ်*[3] အား ဩဂတ်စတပ် ဆီဇာက ယုဒ၏ ဘုရင် အဖြစ် ရွေး ချယ် တင်မြှောက်ခဲ့လေသည်။ ဟာရော့ဒ်၏ အချစ်တော် မိဖုရား တစ်ပါးမှာ မက္ကာဘီးယန် မင်းသမီး တစ်ပါး ဖြစ်၏။ ဤကိစ္စ အတွက် သုံးနှစ်ကြာ တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ ၏။ နောက်ဆုံး၌ ဟာရော့ဒ်က အနိုင် ရရှိပြီးနောက် ပါ လက်စတိုင်း နိုင်ငံ၏ အကြွင်းမဲ့ သက်ဦးဆံပိုင် ရှင်ဘုရင် ဖြစ်လာခဲ့လေသည်။ သူသည် ပါလက်စတိုင်း ဒေသ၌

၁။ Antipater, an Idumean

၂။ Pompey

၃။ Harod

ငြိမ်းချမ်းရေးနှင့် ကြီးပွား ချမ်းသာရေးကို ဆောင်ရွက်နိုင်ခဲ့စေကာမူ၊ သူ့ လက်ထက်တွင် ဘုရား ဝတ်ကျောင်းတော်ကိုလည်း လှပသော စကျင်ကျောက်များဖြင့် ပြုပြင် မွမ်းမံပေးခဲ့စေကာမူ ဂျူး လူမျိုးများက သူ့ကို မုန်းတီးကြလေသည်။

ဘီစီ ၄ ခုနှစ်တွင် ဟာရောဒ် ဘုရင်သည် ကင်ဆာရောဂါ ဖြစ်ပြီး နတ်ရွာစံသည်။ ထိုအခါ ဂျူး လူမျိုးများမှာ ဝမ်းသာ ပျော်မြူးပြီး ဟစ်အော် ကြွေးကြော်ခဲ့ကြလေသည်။

ထိုအချိန် ကာလ အတွင်း၌ ထိရောက်သော ဘာသာရေး အခြေအနေ ဖြစ်ပေါ် ပြောင်းလဲမှုများမှာ ဖြစ်ပေါ်လျက် ရှိနေခဲ့၏။

## ကယ်တင်ရှင် (မေယိုယ) အား မျှော်လင့်ချက် အထွတ်အထိပ် ရောက်

ရောမ လူမျိုးများ ရောက်ရှိလာချိန်မှ အစပြု၍ အေဒီ ၇၀ ခုနှစ်တွင် ဂျေရုဆလင် မြို့တော်ကြီး ပျက်စီးသည့် ကာလတိုင်အောင် ကာလ တစ်လျှောက်လုံးတွင် အတိဒုက္ခ ရောက်နေကြသော ဂျူး လူမျိုး ထောင်ပေါင်း များစွာ၏ စိတ်တွင် ကယ်တင်မည့် အရှင်သခင်ကို မျှော်လင့်သော စိတ်အမြစ် တွယ်လျက် တဖြည်းဖြည်း ကြီးထွားနေခဲ့လေသည်။ ဂျူး လူမျိုးများ၏ အသည်းနှလုံးထဲတွင် အကယ်၍ မိမိတို့ လူမျိုးသည် ထာဝရ ဘုရားသခင်၏ ရွေးချယ်ခြင်းကို ခံရသော လူမျိုး အမှန် ဖြစ်၍ ထိုလူမျိုးများကို ကြည့်ရှု စောင်မမည် အမှန် ဆိုပါက မကြာမီ ကာလတွင် ထာဝရ ဘုရားသခင်သည် မိမိတို့ အတွက် ဆောင်ရွက်မည် ဖြစ်သည်ဟု ယုံကြည်နေကြလေသည်။

မကျေထိုက်ဘဲ ကျခံနေရသော သူတို့၏ ဒုက္ခဆင်းရဲအပေါင်းမှ လွတ်ကင်းအောင် တန်ခိုးတော်ရှင်၏ ကယ်တင်ခြင်းအား မျှော်လင့်ခြင်းသည် ပြင်းထန်သည်ထက် ပြင်းထန်လာလေသည်။

ထိုသို့ မျှော်လင့်ချက် ပြင်းထန် လာစေရန်လည်း ဗျာဒိတ်ပေး စာပေများလည်း အဆမတန် တိုးပွားလာလေသည်။ ထို ဗျာဒိတ်တော် ကျမ်းစာများမှာ အများအားဖြင့် မက္ကဘီး တော်လှန်ရေး ခေတ်ဦးပိုင်း ကာလက ပေါ်ထွန်းခဲ့သော *ဒယ်နီယယ်* [၁] ခေတ် ကျမ်းစာ ပုံစံနှင့် တူနေကြပေသည်။

ပဓာနကျသော ယုံကြည်ချက်မှာ ကမ္ဘာ့ အခြေအနေ ရုတ်တရက် ချက်ချင်း အကြီးအကျယ် ပြောင်းလဲသွားစေရန် ထာဝရ ဘုရားသခင်က ကြားဝင် ဖျန်ဖြေပေးမှသာ ဖြစ်မည် ဆိုသော ယုံကြည်ချက် ဖြစ်၏။

ထာဝရ ဘုရားသခင်သည် သူ၏ တမန်တော် *မေယိုယ* [၂] မှတစ်ဆင့် သူ ပိုင်ဆိုင်သော သက်ရှိ သတ္တဝါများကို ရောဂါ သေပြီးသူများကိုပါ ပြန်လည် စုစည်းပြီးလျှင် ချမ်းသာသုခနှင့် ပြည့်စုံသော ဘုံမှာ ထာဝရ အတူတကွ နေတော်မူမည်။ ထိုသို့ နေနိုင်စေရန် အတွက် သက်ရှိ အားလုံး ဆုံးရှုံးပျက်စီးခြင်း အဆုံးသို့ ရောက်ရဦးမည်ဟု တချို့က ယူဆကြသည်။ တချို့ကမူ ကမ္ဘာကြီး တစ်ခုလုံး ဦးစွာ ပျက်သုဉ်းရဦးမည်ဟု ယူဆကြသည်။

ထိုကဲ့သို့ ပြီးဆုံးခြင်းကို ကျရောက်မည့် အတိတ်နိမိတ်များ အဖြစ် စစ်မက် ဖြစ်ပွားခြင်း၊ စစ် ဖြစ်မည့် ကောလာဟလများ ပေါ်ပေါက်ခြင်း၊ အတိဒုက္ခ ရောက်ခြင်း၊ စိုးရိမ် ကြောက်လန့်ခြင်း၊ ငတ်မွတ် ခေါင်းပါးခြင်း၊ ကပ်ရောဂါများ ကျရောက်ခြင်း၊ ပါပ မင်းဆိုး မင်းညစ်များ ကမ္ဘာပေါ်၌ စိုးမိုး အုပ်ချုပ် မင်းလုပ်ခြင်း စသည်တို့ ဖြစ်ပေါ်ရပေဦးမည်။

နောက်ဆုံးပိတ် အခြေအနေ ရောက်သော အခါ နောက်ဆုံး တံပိုး မှုတ်သံကို ကြားကြရမည်။ ထိုအခါ ကယ်တင်ရှင်သည် မိုးတိမ်တိုက်များ အတွင်းက ပြန်ပေါ်လာမည်။ သူ့ ဘေး ပတ်ဝန်းကျင်မှာ ကောင်းကင် တမန်နတ်သားများ ဝန်းရံနေမည်။ သူသည် တန်ခိုးတော်ရှင် ဖြစ်သော်လည်း လူသား အသွင်အပြင်ဖြင့်ပင် ပေါ်ပေါက်လာမည်။ ထိုပုဂ္ဂိုလ်ကို လူတို့၏ သား (Son of Man) ဟုလည်း ခေါ်ကြမည်။ အခြားသော ဘွဲ့ အမည်များလည်း ရှိမည်။ ခရစ်တော် ဟူ၍ လည်းကောင်း၊ ရွေးချယ်ခံ ပုဂ္ဂိုလ် ဟူ၍ လည်းကောင်း၊ ဒေးဗစ်၏ သားတော် ဟူ၍ လည်းကောင်း၊ ဆက်ခံရန် ရွေးချယ်ခံရသော သခင် ဟူ၍ လည်းကောင်း၊ ဖြောင့်မှန်သော တရားသူကြီး ဟူ၍ လည်းကောင်း၊ ငြိမ်းချမ်းရေး မင်းသား ဟူ၍ လည်းကောင်း စသည့် ဘွဲ့အမည်တော်များဖြင့်လည်း ခေါ်ကြလိမ့်မည်။

ထိုကယ်တင်ရှင် ပေါ်လာသော အခါကာလ၌ ကမ္ဘာပေါ်ရှိ ဖြောင့်မတ်၍ တရား မျှတသူများအား ထိုကယ်တင်ရှင်ထံမှောက်သို့ ပို့ဆောင်ခြင်းကို ခံကြရမည်။ ထိုအခါ သေသူများလည်း သင်္ချိုင်းမှ ပြန်၍ ထလာကြမည်။ ရွေး

၁။ Daniel

၂။ Messiah

ကျသော အမြင် အရမူကား ကယ်တင်ရှင် ထံမှောက်သို့ ရောက်ရှိမည့် သူများမှာ ဖြောင့်မတ် မှန်ကန်မှု ရှိသော ဂျူး လူမျိုးများသာ ဖြစ်ကြသည်ဟု ယူဆခဲ့ကြသည်။ နောက်ပိုင်း အမြင်များတွင်မူကား ဖြောင့်မတ် မှန်ကန်သော ဂျူး လူမျိုး မဟုတ်သူများမှာလည်း ရွေးယူခြင်း ခံရသူများထဲတွင် ပါဝင်နိုင်သည် ဆိုသော မျှော်လင့်ချက်များ ပါလာသည်။

နောက်ဆုံးတွင် ဗိုရိုအက်စတာ ဝါဒကို လက်ခံလာကြသည်။ ဗိုရိုအက်စတာ ဝါဒ အရ ကမ္ဘာ ပျက်ပြီး နောက်ဆုံး တရား စီရင်သော အခါ လူသား ဝိညာဉ်တိုင်းသည် ကယ်တင်ရှင်၏ ရှေ့မှောက်သို့ ရောက်ကြရမည်ဟု ယူဆသည်။ ထိုဝိညာဉ်များ အနက်မှ တချို့မှာ ရွေးယူခြင်း ခံရပြီး အမတ သုခဘုံသို့ ရောက်ကြရမည် ဖြစ်ပြီး ရွေးယူခြင်း မခံရသူများမှာ ဆုံးရှုံးသူများ အဖြစ် ငရဲသို့ ရောက်ကြရမည် ဖြစ်၏။ လူဆိုး လူမိုက်များမှာ ငရဲ မီးလျှံကို ထာဝရ ခံစားကြရမည် ဖြစ်၏။ ကောင်းမြတ်သောသူများမှာ ချမ်းသာ သုခဘုံတွင် ထာဝရ ခံစား၍ နေကြရမည်။

ဤ အမတ သုခဘုံ ဆိုသော အယူအဆမှာ ထွေပြားသည်။

ထို အမတ သုခဘုံ ဆိုသည်မှာ ဤ ကမ္ဘာမြေကြီး ပေါ်မှာပင် လောကချမ်းသာဘုံ ပဒေသာပင် ဧဒင် ဥယျာဉ်ကြီးဟု ယူဆကြပြီး တချို့ကလည်း ကောင်းကင် အမြင့်ဘုံ အဖြစ် ယူဆကြသည်။

နတ်ပြည် ခုနစ်ထပ် ရှိသည်ဟု ယူဆသော အယူလည်း ရှိသည်။ ထာဝရ နတ်ဘုရားက အမြင့်ဆုံး ကောင်းကင်ဘုံ နတ်ပြည်မှာ စံစားတော်မူသည်။ ထိုဘုံတွင် ဘုရားသခင်၏ အခြံအရံများ အဖြစ် ကောင်းကင် တမန် နတ်သားများ ရှိသည်ဟုလည်း ယူဆကြသည်။

တချို့ အယူအဆတွင် ဤ လောက သုခဘုံသည် ဂျေရုဆလင် မြို့တော်ကို ဗဟိုပြု၍ တည်ရှိမည်။ ထိုသုခဘုံတွင် ကယ်တင်ရှင်နှင့် သူ၏ ရွေးချယ်ခြင်းကို ခံရသော လူများ နစ်အသချေ နေထိုင်ကြရမည်။ သူတို့သည် နောက်ဆုံး တရား စီရင်သည့် ကမ္ဘာ ပျက်သော နေ့တိုင်အောင် ထိုသို့ နေကြရမည်။ ကောင်းကင် နတ်ဘုံ နတ်နန်းသို့မူ တရား စီရင်ပြီးနောက် ရွေးယူခြင်း ခံရသော သူများသာ နေကြရမည် ဖြစ်သည်ဟု ဆိုသည်။

ယခု ဆိုခဲ့ပြီးသော ကာလ တစ်လျှောက်တွင် ဘုရားသခင်၌ ကြည်ညိုစိတ်သန်သော ဂျူး လူမျိုးများ၏ ဆင်းရဲဒုက္ခမှာ အဆမတန် ကြီးမားခဲ့၏။

သို့ပင်ဖြစ်စေကာမူ သူတို့၏ ယုံကြည် သက်ဝင်မှုမှာကား မြင့်မားလျက်သာ နေခဲ့၏။ သို့သော် ဤကိစ္စများ မျှော်လင့်ချက်များကို မယုံကြည်သော ဂျူးများလည်း ရှိတော့ ရှိခဲ့ကြပါသည်။

## ရောမခေတ် ဂျူး ပါတီသစ်များ

ရောမများ အုပ်စိုးသော ခေတ် တစ်လျှောက်လုံးမှာ ယခင် ပါတီဟောင်းများလည်း ဆက်လက်၍ လုပ်ကိုင်နေကြသည်။ ဆဒ္ဒူးဆီး ပါတီဝင်များသည် ယခင်ကထက် ပိုပြီး နိုင်ငံရေးမှာ ပါဝင် ပတ်သက်လာကြသည်။ ဖာရစီးများကတော့ ဆန်ဟေဒရင်ဟု ခေါ်သော ပြည်သူ့ကောင်စီများတွင် ကိုယ်စားလှယ်များ ပို၍ ပါဝင်ကြစေကာမူ ၄င်းတို့မှာ ယုဒသား ယုဒ ဘာသာဝင်များ၏ အဖွဲ့အစည်း အဖြစ်သာ တည်ရှိနေသည်။ သူတို့ကိုယ် သူတို့လည်း ဂျူး ဘာသာကို သစ္စာရှိစွာ သယ်ဆောင်လာသူများ အဖြစ် ခံယူထားကြလေသည်။

ထိုအချိန်တွင် နိုင်ငံရေး ဦးတည်ချက် ပြတ်ပြတ်သားသားဖြင့် ပေါ်ထွန်းလာသော ပါတီ နှစ်ခုလည်း ရှိသည်။ ပါတီ တစ်ခု၏ အမည်မှာ *ဟီရိုဒီယန်* [၁] ပါတီ ဖြစ်သည်။ အဘယ်ကြောင့် ထိုသို့ ခေါ်ရသနည်း ဆိုသော် သူတို့သည် ဟီရော့ဒ်၏ နန်းတော်ကို ထောက်ခံကြသူများ ဖြစ်ကြသောကြောင့် ဖြစ်၏။

အေဒီ ၆ ရာစုတွင် သူတို့သည် ပါတီ တစ်ခု အဖြစ် တည်ထောင်နိုင်ခဲ့ကြသည်။ ထိုအချိန်တွင် ဂျူး လူမျိုး ကိုယ်စားလှယ် အဖွဲ့၏ ပန်ကြားမှု အရ ဩဂတ်စတပ် ဆီဇာက ဟီရော့ဒ်၏ သားဖြစ်သူ အာချီလော့စ်အား ယုဒ၏ ပြည်သူ့ခေါင်းဆောင် အုပ်ချုပ်ရေးမှူး အဖြစ်မှ ဖြုတ်ချပြီး နောက် ရောမ လူမျိုး တစ်ဦးကို ထိုသူ၏ နေရာတွင် အဝေး မြို့ဝန် အဖြစ် ခန့်ထား တင်မြှောက်ပေးခဲ့လေသည်။

ဟီရိုဒီယန် ပါတီဝင်များသည် ဂရိနှင့် ရောမ ယဉ်ကျေးမှုများကို မလိုလား၍ မဟုတ်စေကာမူ သူတို့ အနေနှင့်မူ ကိုယ်ပိုင် အုပ်ချုပ်ရေးကို ဘယ်နည်းနှင့် ရရ လိုလားသူများ ဖြစ်ကြသောကြောင့် ဖြစ်၏။

သူတို့နှင့် များစွာ ခြားနားသော အုပ်စု အဖွဲ့အစည်းမှာ *ဇီးလော့တ်* [၂] ဆိုသူများ ဖြစ်ကြသည်။

သူတို့ကမူ ရောမကို ပုန်ကန် ခြားနားရေး မူဝါဒကိုသာ စွဲမက်စွာ လက်ဆုပ်လက်ကိုင် ပြုထားကြသူများ ဖြစ်

---

၁။ Herodeans ၂။ Zealots

ကြသည်။ မြောက်ဘက် ခရိုင် *ဂါလီလီ* [၁] သည် သူတို့၏ ခြေကုပ် စခန်း ခံတပ်ကြီး ဖြစ်သည်။ ထိုပါတီသည် အဖွဲ့အစည်းကြီး တစ်ခု အသွင်ဖြင့် အေဒီ ၆ ရာစုတွင် ပေါ်ပေါက်လာသည်။ ၎င်းတို့၏ ခေါင်းဆောင်မှာ ဂါလီလီ မြို့သား *ယုဒတ်* [၂] ဆိုသူ ဖြစ်သည်။ သူသည် ရောမ လူမျိုးများက သန်းခေါင် စာရင်း ကောက်ယူခြင်းကို ဆန့်ကျင် တိုက်ခိုက် ပုန်ကန်ခဲ့သူ ဖြစ်သည်။ ထိုပုန်ကန်မှုကို ရောမ စစ်ဗိုလ်ချုပ် *ဝါးရပ်စ်* [၃] က သွေးထွက်သံယို များစွာဖြင့် တိုက်ခိုက် ချေမှုန်းခြင်းကို ခံခဲ့ရ၏။ သို့သော် ဤ ပုန်ကန်မှုကား အဆုံးသတ်သွားခြင်း မရှိ။ ဇီးလော့တ် ပါတီဝင်များ အနေနှင့် ရောမ လူမျိုးများ လက်အောက်တွင် ကျွန်သဘောက် ဘဝဖြင့် ခေါင်းငုံ့ အရှုံးခံခြင်းသည် တစ်ပါးတည်းသော ကိုးကွယ်ရာ ထာဝရ ဘုရားသခင်ကို စွန့်ပယ်ရာ ကျသည်ဟု ယုံကြည်ထားကြသည်။ ဓားကို ဆွဲ၍ ရဲရင့်စွာ ပုန်ကန်ကြမှသာ ကယ်တင်ရှင် ပေါ်ပေါက်လာရေး ကိစ္စသည် လျင်မြန်စွာ ဖြစ်ပေါ်လာလိမ့်မည်ဟုလည်း သူတို့မှာ ယုံကြည်စိတ် ထားရှိကြသည်။ ထိုသူတို့သည် တောခိုပြီး နောက် ပြောက်ကျား နည်းဖြင့် ရောမများကို တိုက်ခိုက်တတ်ကြသည်။ ဤ မျိုးချစ် စိတ်ဓာတ် ထက်သန်သူများကို ရောမ လူမျိုးများက လူမျိုး ဓားပြများဟု ခေါ်ကြသည်။

နောက် ပါတီ တစ်ခုမှာ တတိယ ပါတီ ဖြစ်သည်။ ၎င်းတို့သည် နိုင်ငံရေးနှင့် မပတ်သက်သောသူများ ဖြစ်ကြသည်။ ၎င်းတို့ကို *အက်ဆင်း* [၄] ဟု ခေါ်ကြသည်။ သူတို့သည် ကယ်တင်ရှင် ပေါ်ပေါက်ရေးကို လမ်းခင်းသူများ ဖြစ်ကြသည်။ ထို့ကြောင့် သူတို့သည် ယဉ်ကျေးမှု ရှိသော လူ့အဖွဲ့အစည်းထဲတွင် ပေါ်ပေါက်နေသော အဂတိ လိုက်စားမှုများကို ရှောင်ရှားကြသည်။ လောကီ အာရုံ ကာမဂုဏ်တရားများကို ရှောင်ရှားပြီး လူ့အဖွဲ့အစည်းနှင့် ကင်းကွာရာ တောတောင် လွင်တီးခေါင်များတွင် သွားရောက် နေထိုင်ကြသည်။ ရသေ့ ရဟန်း အသွင် သီလ စင်ကြယ်အောင် သီးခြား တောရ ဆောက်တည်နေတတ်ကြသူများ ဖြစ်သည်။ အကြမ်း မဖက်ရေး ဝါဒကို ကျင့်သုံးကြပြီးလျှင် ကမ္ဘာ ပျက်မည့် နေ့ကိုသာ စိတ်သဘော နူးညံ့ သိမ်မွေ့စွာဖြင့် စောင့်မျှော်နေတတ်ကြလေသည်။

အခြားသူများလည်း ရှိသေးသည်။ ၎င်းတို့မှာ သာမန် ပုထုဇဉ်များ ဖြစ်ကြသည်။ အဖွဲ့အစည်း အသွင် မဟုတ်ဘဲ ဘာသာရေး ကိစ္စကိုလည်း ဘာသိဘာသာ နေကြသူများ ဖြစ်ကြသည်။

ဘာသာရေး ထုံးတမ်းစဉ်လာ အနေနှင့် အရေပြားလိုး မင်္ဂလာလောက်၊ အိမ်ရှေ့ တံခါးတိုင်တွင် *မေဇူးဇာ* [၅] ခေါ် ဘုရားသခင်၏ အမည် ပါသော ပုရပိုက် အင်းလိပ် ချိတ်ဆွဲခြင်းလောက်ကိုသာ ပြုလုပ်ကြသည်။

ဤ သာမန် ပုထုဇဉ်များသည် အေးချမ်း ငြိမ်သက်သော ဘဝမှာ နေထိုင်လိုကြသည်။ ၎င်းတို့သည် နာဇရတ်မြို့မှ လာသော လက်သမားငယ်ကလေးက စိန်ခေါ်သော စကားများကို ဟောပြောသံကို ကြားရသော အခါ ဝမ်းသာအားရ နားထောင်ကြသည်။ ရှေးက ကြိုတင် နိမိတ်ဖတ်ထားသော တမန်တော် ကြွလာမည် ဆိုသော စကားကို ကြားဖူးထားသည့် အတွက် ထိုပုဂ္ဂိုလ်၏ ဟောပြောသံကို ကြားရသော အခါ သာမန် လူအများမှာ အံ့ဩ ရွှင်လန်း ဖြစ်ကြလေသည်။ ထိုသူသည် *ဗတ္တိဇံ ယောဟန်* [၆] ဆိုသူ ဖြစ်သည်။ သူ၏ တရားမှာ ကမ္ဘာ ပျက်ရန် အချိန် နီးကပ်လာပြီ ဖြစ်၍ သံဝေဂ တရားများ ရကြရန် နှိုးဆော်ခြင်း ဖြစ်၏။

ဤ ဘာသာရေး အုပ်စု နှစ်ခုလုံးမှာ နောက်လိုက် အများအပြား ရရှိခဲ့ကြလေသည်။ သို့သော် ဟီရော့ဒ် အန်တီပတ်က တစ်ဦးကို ခေါင်းဖြတ်၍ သတ်ဖြတ်ပစ်ပြီး ကျန် တစ်ဦးကို လက်ဝါးကပ်တိုင်မှာ ကားစင်တင်၍ သတ်ဖြတ်လိုက်လေသည်။ ယုဒ ဘာသာသည် ကြေကွဲဖွယ် အဖြစ်ဆိုးကြီးနှင့် ကြုံတွေ့ခဲ့ရလေတော့၏။

---

၁။ Galilee
၂။ Judas
၃။ Varus
၄။ Essenes
၅။ Mezuzah
၆။ John the Baptist

# ၉။ စိတ်ဓာတ်ကျမှုကြီး

ဂျူး လူမျိုးများ၏ မကျေနပ်မှုများမှာ တဖြည်းဖြည်းနှင့် အခေါင်အဖျားသို့ ရေးရှူ ရောက်ရှိလာသည်။ သွေးထွက်သံယိုမှုများ၊ ဆူပူ အုံကြွမှုများ မကြာခဏ ဖြစ်ပွားနေသည်။ တိတ်ဆိတ် ငြိမ်သက်သော အချိန်သည် ခေတ္တ ခဏမျှသာ ရှိတော့၏။

အေဒီ ၆ ရာစုတွင် ဂါလီလီ မြို့သား ယုဒတ်၏ ပုန်ကန်မှုမှ အစပြု၍ နောက်ပိုင်း အနှစ် ၆၀ ကာလ တစ်လျှောက်လုံး ပါလက်စတိုင်း ဒေသတွင် ပွက်ပွက် ဆူနေလေတော့၏။ ရောမများကလည်း သိသည်။ ဤဒေသတွင် ငြိမ်းချမ်းရေး ရရှိစေရန် မလွဲမသွေ ဆောင်ရွက်ရမည့် ကိစ္စတစ်ခုမှာ ဂျူး လူမျိုးများ၏ ဘာသာရေးကို ခွင့်ပြုထားခြင်းသာ ဖြစ်ကြောင်း ရောမများလည်း သဘောပေါက်ကြသည်။ ထိုသို့ ပြုလုပ်ရန်ကိုလည်း သူတို့၏ ပေါ်လစီ ပြုလုပ်ထားခဲ့၏။ အခြားဘက်များတွင်မူ ရောမများက ကြောက်မက်ဖွယ်ရာ အင်အားကို အသုံးပြု၍ နှိမ်နင်းလေသည်။

ပထမ ရာစု စတင်ကတည်းက ပါလက်စတိုင်း ဒေသကို ခရိုင် လေးခု ခွဲခြားပြီး ခရိုင် သုံးခုကို ဟီရော့ဒ်၏ သားများက အုပ်ချုပ်ကြရပြီး စတုတ္ထ ခရိုင်ကိုမူ ရောမ လူမျိုး အဝေး မြို့ဝန်က ဂျေရုဆလင် အောက်ဘက် ကမ်းခြေမြို့ *ဆီဇာရီးယား* [၁] မှာ နေပြီး အုပ်ချုပ်လေသည်။

ဂျူး လူမျိုးများ၏ ခံစားချက်များကို မသိကျိုးကျွန် လျစ်လျူ ရှုပြီး အဝေး မြို့ဝန်များ အနေနှင့် ဂျေရုဆလင် မြို့ထဲသို့ သူတို့၏ ပိုင်နက် အသိအမှတ် ပြုသော ဆီဇာ၏ ရုပ်တုကို သွင်းယူခြင်း မပြုပေ။ ဂျေရုဆလင် ဝတ်ကျောင်းတော်ကြီးထဲတွင် ဧကရာဇ်၏ ရုပ်တု ထားပြီး ကိုးကွယ် ဝတ်ပြုစေခြင်းမျိုးကိုလည်း ပြုလုပ်ရန် လိုအပ်သည်ဟု သဘော မထားခဲ့ကြတော့ပေ။ ရောမများ အနေနှင့် ဂျူး လူမျိုးများ၏ မိမိတို့ သဘောဆန္ဒ အလျောက် နေ့စဉ် နံနက်တိုင်းမှာ ဘုရင် ဧကရာဇ် အတွက် ကျောင်းတော်ကြီး၏ ယဇ်ပလ္လင်ပေါ်တွင် ယဇ်ပူဇော် ပသရန် သဘော တူနေခြင်းကိုပင် ကျေနပ်လျက် ရှိကြလေသည်။

ဂျူးများဘက်ကလည်း အထိမခံ ကြွေပန်းကန် ဖြစ်နေသည်။ အမြဲတမ်း သတိ ဝီရိယဖြင့် စောင့်ကြည့်နေလေသည်။

အဝေး မြို့ဝန် ပိလ လက်ထက်တွင် သူ့ အထင် ဧကရာဇ် ဘုရင်၏ ရုပ်တုကို ညသန်းခေါင် အချိန်၌ ဂျေရုဆလင် မြို့ထဲသို့ ယူဆောင်ထားလိုက်လျှင် သူ့ကို ကန့်ကွက်ခြင်း ခံရမည် မဟုတ်ဟု ယူဆကာ ထိုသို့ ပြုလုပ်ရာ အမြဲ နိုးနိုးကြားကြား ရှိနေသော ဂျူး လူမျိုးများ၏ သတိ ရှိမှုနှင့် ကြုံရပြီး သူ့အကြံ ပျက်ပြားခဲ့ရလေသည်။

ပိလမင်းလည်း အမျိုးမျိုး ကြံစည်လျက် ဂျူး လူမျိုးများ၏ အကဲကို စမ်း၏။ စမ်းတိုင်းလည်း ကန့်ကွက်မှုများနှင့် ကြုံရကာ ပုန်ကန် ထကြွမှု ဖြစ်မလောက် အခြေအနေသို့ ရောက်သွားရလေသည်။

ပါလက်စတိုင်း နိုင်ငံ တစ်ခုလုံးကို မဟာ ဟာရော့ဒ် ဘုရင်၏ မြေး ဖြစ်သူ *ဟာရော့ဒ် အဂ္ဂရိပ* [၂] အုပ်စိုးစဉ် ကာလ၌ အခြေအနေ အနည်းငယ်မျှ တိုးတက်ခဲ့၏။ ထိုအချိန်တွင် အဝေးမြို့ဝန်များကို ပြန်ခေါ်ခဲ့၏။ သို့သော် လူကြိုက်များသော ဟာရော့ဒ် အဂ္ဂရိပ နတ်ရွာစံသော အခါ အဝေး မြို့ဝန်များကို ပြန်၍ ခန့်ထားပြန်၏။ အဝေး မြို့ဝန် တစ်ဆက်ပြီး နောက်တစ်ဆက် ခန့်ထားရာ မတည်မငြိမ်မှုများလည်း တိုးပွားသည်ထက် တိုးပွားလာလေတော့၏။ နေရာတိုင်းမှာ ဓားပြ၊ သောင်းကျန်းသူများ၊ သူပုန်များ ထကြွနေတော့၏။ ဂျေရုဆလင် မြို့တော်ထဲမှာလည်း အဓိကရုဏ်းများ ဖြစ်ပွားနေလေသည်။ ပျော့ညံ့သော အဆင့်မြင့် နတ်ဘုန်းကြီးမှာလည်း လုပ်ကြံ သတ်ဖြတ်ခြင်းကို ခံရလေသည်။ ဂျူးနှင့် ဂျူး မဟုတ်သူများ၊ ဂျူးနှင့် ဆမားရီးတန်းများ၊ ဂျူးနှင့် ရောမ လူမျိုးများ ကြားမှာ ပဋိပက္ခများလည်း ဖြစ်ပွားနေလေသည်။

အခြေအနေမှာ အတိအလင်း တော်လှန် ပုန်ကန် ထကြွရန် အသင့် ဖြစ်သော အဆင့်သို့ ဆိုက်ရောက်နေပြီဖြစ်၏။

---

၁။ Caesarea

၂။ Herod Agrippa

အေဒီ ၆၆ ခုနှစ် နီရိုး ဘုရင်၏ အုပ်ချုပ်မှု အဆုံးသတ်ခါနီး အချိန်သို့ ဆိုက်ရောက်လာပြီ ဖြစ်၏။

နှစ်ဦး နှစ်ဖက်စလုံးက စစ်တိုက်ရန် ဆုံးဖြတ်ချက်ဖြင့် တိုက်ခိုက်သော စစ်ပွဲကြီး စတင်နေပြီ ဖြစ်၏။ ဂျူး လူမျိုးများ အချင်းချင်း ကြားမှာလည်း စိတ်ဝမ်း ကွဲပြားခြားနားမှုများ ပေါ်ပေါက်ကာ အချင်းချင်း စစ်ဖြစ်တော့မလောက် ဖြစ်နေ၏။ သို့သော် အရေးကြုံသော အချိန်၌မူကား အချင်းချင်း အငြင်းပွားလျက်ပင် အရေးကြီး၍ သွေးနီးကာ ပူးပေါင်း တိုက်ခိုက်ကြလေသည်။ ရောမများဘက်ကလည်း သည်းမခံနိုင်တော့ဘဲ လက်ပိုက် ကြည့်မနေနိုင် ဖြစ်လာလေတော့၏။

နီရိုး ဘုရင် နတ်ရွာစံသော အခါ ဗိုလ်ချုပ် *ဝေသပါရှန်* [၁] ကို ရောမသို့ ပြန်ခေါ်ပြီး နန်းတင်ကြလေသည်။ ထိုအခါ ထိုမင်းသည် သူ၏ သားတော် *တိုက်တပ်* [၂] ကို စစ်ဗိုလ်ချုပ် ခန့်ပြီး ဂျူး လူမျိုးများ၏ ပုန်ကန် ထကြွမှုများကို ငြိမ်းအေးသွားအောင် တိုက်ခိုက်စေလေသည်။ ပဋိပက္ခ ဖြစ်ပွားမှုများမှာ မယုံကြည်နိုင်လောက်အောင် ရက်စက်ကြမ်းကြုတ်၍ ပြင်းထန်လေသည်။

တိုက်တပ်သည် ဂျေရုဆလင် မြို့ကို ဝိုင်းဝန်း တပ်ချပြီး ပိတ်ဆို့ကာ ဂျူး လူမျိုးများအား အညံ့ခံ လက်နက်ချရန် အရေးယူ ဆောင်ရွက်လေသည်။ သို့သော် ဂျူးများကို လက်နက် ချအောင်မူကား မပြုလုပ်နိုင်ခဲ့ပေ။ ဂျူး လူမျိုးများက သူရဲကောင်း ဆန်စွာ ရောမ တပ်များ၏ ပိတ်ဆို့မှုကို ခုခံကြလေသည်။

ဂျေရုဆလင် မြို့တော်ကြီးမှာ ဖျက်ဆီးခြင်း ခံလိုက်ရသည်။ နတ်ဘုန်းကြီးများနှင့် သူတို့၏ ယဇ်ပူဇော်မှုများလည်း ပပျောက်သွားသည်။ ဆဒ္ဒူးဆီး ပါတီလည်း သမိုင်းမြင်ကွင်းမှ လုံးဝ ပပျောက်သွားလေတော့၏။ ဓီးလော့တ်များ၊ အက်ဆင်းများ၊ ဟီရိုးဒီးယန်းများလည်း သမိုင်း မြင်ကွင်းမှ ဆဒ္ဒူးဆီးများ နောက်ကို လိုက်၍ ပပျောက်သွားလေသည်။ ရာဘိုင် ပါတီ (ဖာရစီး) တစ်ခုနှင့် နောက်ထပ်ဖြစ်ထွန်းလာသော ခရစ်ယာန်ဟု ခေါ်သော အယူ မတူသူ ဂိုဏ်းတို့သာ နောက်ပိုင်း ကာလ၌ ဩဇာ ရှိသော အဖွဲ့အစည်းများ အဖြစ် ကျန်ရစ်လေတော့သည်။ ဂျူး ဘာသာ အစိတ်စိတ် ကွဲပြားသွားသော အချိန်တွင် ခေတ္တ ခဏမျှသာ ရောမ လူမျိုးများ အောင်မြင်မှု ရရှိခဲ့ကြသည်။ ဂျူး လူမျိုးများလည်း ကစဉ့်ကလျား ဖြစ်သွားကြရာ ဂျေရုဆလင်မြို့တောင်ဘက်သို့ မျက်နှာ မူ၍ ရှိခိုး ဝတ်ပြုခြင်းကိုပင် ပြုလုပ်ရန် အကြောင်း မရှိတော့သလို ဖြစ်သွားရလေသည်။

အေဒီ ၇၀ သို့ ဆိုက်ရောက်သော အခါ ဂျူး လူမျိုးများ၏ စိတ်ဓာတ် ကျမှုကြီးသည် အမျိုးသားရေး အသွင်ဖြင့် တစ်ပြည်မှ တစ်ပြည်သို့ ရွှေ့ပြောင်းခြင်း အဆင့်သို့ ဆိုက်ရောက်လာလေသည်။ တချို့သော ဂျေရုဆလင် မြို့သားများသည် အရှေ့ဘက်ရှိ ဘေဘီလုံ နိုင်ငံသို့ ထွက်ပြေးကြလေသည်။ တချို့မှာ အရှေ့ တောင်ဘက်ရှိ အာရေးဗျသဲကန္တာရထဲသို့ ထွက်ပြေးကြသည်။ ထိုနေရာများမှာ ရောမတို့၏ ဩဇာ လွှမ်းမိုးမှုမှ ကင်းလွတ်သော နေရာများ ဖြစ်ကြသည်။ အခြား ဂျူးများကလည်း မြေထဲပင်လယ် ဒေသရှိ ဆွေမျိုးများ၊ မိတ်ဆွေများ ရှိရာသို့ ထွက်ပြေးကြသည်။

တစ်ပြည် တစ်ရပ်သို့ လူအားလုံး ထွက်ပြေးကြသည်တော့ မဟုတ်။ တချို့မှာ ပါလက်စတိုင်း ကျေးလက် ဒေသသို့ ပြောင်းရွှေ့ နေထိုင်ကြသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဂျေရုဆလင် မြို့တော်သို့ ပြန်ပြီး နေရန် ရည်ရွယ်ချက်ဖြင့် တော ကျေးလက် ဒေသမှာ ခေတ္တမျှ သွားရောက်စတည်းချ နေထိုင်ခြင်း ဖြစ်၏။

ဓီးလော့တ်များကတော့ သူတို့၏ ပုန်ကန်မှုသည် မျှော်လင့်ချက် မရှိတော့ဟု မယုံကြည်ကြဘဲ တောတောင်များမှာ နေပြီး တက်တက်ကြွကြွ လှုပ်ရှားနေကြလေသည်။

ဂျေရုဆလင် မြို့တော် ကျဆုံးပြီးနောက် အနှစ်ခြောက်ဆယ် ကြာသော အခါ သွေးထွက်သံယို များသော ပုန်ကန် တော်လှန်မှု တစ်ခု ပါလက်စတိုင်း ဒေသတွင် ဖြစ်ပွားခဲ့လေသည်။

ယုဒီယသို့ အလည်အပတ် သွားရောက်သော အခါ ကေရာဇ် *ဟာဒ္ဒရီးယန်း* [၃] သည် ရာစုနှစ် ထက်ဝက် (အနှစ် ၅၀ ကျော်) ကြာမြင့်သည့်တိုင်အောင် ပျက်စီး ယိုယွင်းလျက် ရှိနေသော ဂျေရုဆလင် မြို့ကြီးကို ကိုယ်တိုင် မြင်တွေ့ရလေသည်။ ထိုအခါ ဟာဒ္ဒရီးယန်း ကေရာဇ်သည် ယခင်ရောမ မြို့တော်၌ ထုတ်ခဲ့သော သူ၏ အမိန့်ကို ပြန်ထုတ်လေသည်။

ထိုအမိန့်မှာ ဂျေရုဆလင် မြို့တော်ကို ပြန်လည် တည်ဆောက်ပြီးနောက် *ဂျူပီတာ ကက်ပိတိုလီနပ်* [၄] နတ်ဘုရား၏ ဝတ်ကျောင်းတော်ကို ဂျူး လူမျိုးများ၏ ဖြိုဖျက်ထားသော ဘုရား ဝတ်ကျောင်းတော် မြေနေရာတွင် တည်ဆောက်စေသော အမိန့် ဖြစ်သည်။

---

၁။ Vespasian ၂။ Titus

၃။ Hadrian ၄။ Jupiter Capitolinus

ဟာဒ္ဒရီးယန်း ဘုရင်သည် ဆီးရီးယားသို့ ပြန်သွားသည်နှင့် တစ်ပြိုင်နက် ယုဒီးယားမှာလည်း လက်နက်ကိုင် ပုန်ကန်မှု ပေါ်ပေါက်လေတော့သည်။ ဟာဒ္ဒရီးယန်း ဘုရင်လည်း ဤအကြောင်းကို ကြားလျှင် ဂျူး လူမျိုးများကို သတ်ဖြတ်ပြီး အညွှန့်ခံသည့်တိုင်အောင် နှိမ်နင်းရန် အမိန့်ထုတ်ပြန်လေသည်။ ထို့ပြင် ဂျူးများကို ဆန့်ကျင်သောအားဖြင့် ဂျူး လူမျိုးများ၏ ဘာသာရေး အရ ဥပုသ်စောင့်ခြင်း၊ အရေဖျားလှီး မင်္ဂလာ ပြုလုပ်ခြင်းနှင့် ထိုရာ ကျမ်းစာကို လေ့လာခြင်း ကိစ္စများ အားလုံးကိုလည်း တားမြစ်လိုက်လေသည်။

တိုက်ခိုက်မှုများမှာ သုံးနှစ်ခွဲ ကြာသည်။ ယုဒီးယားမှာလည်း လူနေ အိမ်ခြေ ကင်းမဲ့သော အဖြစ်သို့ ဆိုက်ရောက်သွားသည်။ ထို့နောက် ရောမ လူမျိုးများသည် စီမံထားသည့် အတိုင်း ဂျေရုဆလင် မြို့တော် ပြန်လည် တည်ဆောက်ခြင်း ကိစ္စကို ဆက်လက် ဆောင်ရွက်ပြန်လေသည်။ သို့သော် ထိုမြို့တော်မှာ ဂျူး လူမျိုး မဟုတ်သူများသာ နေထိုင်ခွင့် ရသော ရောမ လက်အောက်ခံ ကိုလိုနီ ဖြစ်သွားလေသည်။ ထိုမျှသာမကသေး၊ ဂျေရုဆလင် မြို့တော်၏ အမည်ကိုလည်း ရောမ လူမျိုးများက ဧလီယာ ကက်ပီတိုလီနာ ဟူ၍ ပြောင်းပစ်လိုက်ကြလေသည်။

မြို့တော် အနီးသို့ လာပြီး စိတ်ပျက် အားလျှော့သော မျက်လုံးများဖြင့် မျှော်ရှုကြည့်ကြသော မျိုးချစ် ဂျူး လူမျိုးများသည် သူတို့၏ ဘုရား ဝတ်ကျောင်းတော်ဟောင်း တည်ရှိခဲ့သော မွန်မြတ်သော မြေနေရာ၌ ရောမနတ် ဝတ်ကျောင်းတော်ကို တည်ထားသည်ကို မြင်တွေ့ကြရသည်။

သို့သော် မျိုးချစ် ဂျူး လူမျိုးများအား မြို့တော်ထဲသို့ ခြေချခွင့် မဆိုထားနှင့်၊ မြို့တော် အနီးအနားတွင် မယောင်မလည် လာကြည့်ခွင့်ကိုပင် တားမြစ် ပိတ်ပင်ထားသည်။ တွေ့ရှိလျှင် သေဒဏ် အပြစ် ပေးစေခဲ့၏။

ကျောင်းတော်ကြီးကို ဖျက်ဆီးသည့် နှစ်ပတ်လည်နေ့သို့ ရောက်သော အခါမှသာ ဘုရား ဝတ်ကျောင်းတော်ဟောင်း၏ ကြွင်းကျန်ရစ်သော အုတ်ခုံနံရံသို့ လာပြီး မိမိတို့၏ အမျိုးသားရေး အဆောက်အဦကြီး ဆုံးရှုံး ပျက်စီးရခြင်း အတွက်၊ သူတို့ လူမျိုး ပျက်စီး ဆုံးရှုံးရခြင်း အတွက် ထိုအုတ်နံရံကို မှီပြီး ညည်းတွား ငိုကြွေးခြင်းကို ခွင့်ပြုခဲ့လေသည်။ ထို 'နံရံ၌ ငိုကြွေး မြည်တမ်းခြင်း' ဓလေ့ထုံးစံသည် ယခုခေတ်တိုင်အောင် တည်မြဲလျက် ရှိလေသည်။

## တာလမွဒ် - ဂျူး ဓမ္မသတ်ကို စီရင်ခြင်း

ဂျူး လူမျိုးများ အနေနှင့်ကား လက်လျှော့ခြင်း မရှိခဲ့ကြ။ ဓါးလှော့တတ်တို့၏ မှားယွင်းသော အယူအဆများ ပပျောက်သွားသည်။ 'ဓား ကိုင်သောသူ ဓားကြောင့် ပျက်စီး ရလိမ့်မည်' ဟူသော ခရစ်တော်၏ အယူအဆ မှန်ကန်မှုကို လက်ခံလာကြသည်။ အကြမ်းမဖက် ခုခံရေး မှုကို လက်ခံလာကြသည်။ ကိုယ်ကျင့်တရား ဆိုင်ရာ ဘာသာ ခေါင်းဆောင်များ၊ ရာဘိုင် ဓမ္မဆရာများ၏ ဦးဆောင်မှုကြောင့် နောင်အနာဂတ်မှာ ကြုံရမည့် ဘာသာရေး ညှဉ်းပန်း နှိပ်စက်မှုများကို ရင်ဆိုင် ကျော်ဖြတ်နိုင်ခဲ့ကြလေသည်။

အေဒီ ၆၉ ခုနှစ်တွင် မိုလ်ချုပ် တိုက်တပ်သည် ဂျေရုဆလင် မြို့သို့ ဆိုက်ရောက်သော အခါ ခေါင်းဆောင် ရာဘိုင် ဓမ္မဆရာ *ဂျိုဟာနန် ဘင် ဇက္ကိုင်* [၁] သည် ရောမ စစ်တပ် ကြားမှ ထွက်ပြေး လွတ်မြောက်သွားပြီးလျှင် ပင်လယ်ကမ်းစပ် မြို့ကလေး ဂျဗ္ဗနာသို့ ရောက်သွားသည်။ ထိုမြို့တွင် သူသည် ဂျူး ဘာသာရေး ကျမ်းစာများကို စတင်သင်ကြား ပို့ချပေးခဲ့လေသည်။ ယုဒ ဘာသာ ဆိုင်ရာ ဓမ္မများကို ပပျောက် တိမ်မြုပ်မသွားအောင် ကြိုးပမ်းနိုင်ခဲ့ခြင်း ဖြစ်၏။ သူသည် ယခင် ရာစုနှစ်က ပေါ်ပေါက်ခဲ့သော အလွန် ထင်ရှားသော ဓမ္မဆရာ ရာဘိုင် *ဟီလဲလ်* [၂] ၏ နောက်လိုက် ဖြစ်သည်။ သူသည် သူ လုပ်ရမည့် အလုပ်များကို အားကြိုးမာန်တက် ဆောင်ရွက်သူ ဖြစ်သည်။ သူသည် ရဟူဒီ ကျမ်းစာများကို လေ့လာပြီး အဓိပ္ပာယ် ဖွင့်ဆိုနိုင်အောင် ကြိုးပမ်းကြမည့် စာသင်သားများ၊ ပညာရှင်များကို စုစည်းပြီး ဂျူး ပြက္ခဒိန်ကို ရက် သတ်မှတ်ပေးမည့် ပညာရှင် အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ထိုအချိန်တွင် ဘာသာရေး စည်းဝေးပွဲများ မလုပ်နိုင်ကြတော့ပေ။ ထို ပြက္ခဒိန်တွင် တစ်နှစ် တစ်ခါ ကျင်းပရမည့် ဘာသာရေး ပွဲသဘင် ရက်များကို သတ်မှတ်ပေးခဲ့သည်။ တဖြည်းဖြည်းနှင့် ဤဘာသာရေး အဖွဲ့အစည်းသည် ဂျူးဘာသာနှင့် ပတ်သက်၍ အခွင့်အမိန့် အရှိဆုံး ကောင်စီ ဖြစ်လာသည်။ ဤ ကောင်စီသည် ဂျူး ဘာသာရေး ဆိုင်ရာ ကျင့်ထုံး အမှန်များကို ချမှတ်သည်။ ထိုကောင်စီ၏ ဥက္ကဋ္ဌသည် ရောမ အင်ပိုင်ယာကြီး အတွင်းမှာ ရှိရှိသမျှ ဂျူး လူမျိုးများ အားလုံး၏ အစိုးရ အသိအမှတ်ပြု ဂိုဏ်းချုပ်ကြီး ဖြစ်လာလေသည်။

---

၁။ Johanan ben Zakkai ၂။ Hillel

ဤ ဂိုဏ်းကြီး တည်ရှိခဲ့သည့် အနှစ် ခြောက်ဆယ် ကာလ အတွင်း အရေးပါသော လုပ်ဆောင်ချက်ကြီး တစ်ခု ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်။ ရေးသားထား သော ထိုရာ ကျမ်းစာကို အသေးစိတ် လေ့လာ မှတ်တမ်း တင်ကြပြီးနောက် ခေတ်အဆက်ဆက် လက်ခံခဲ့ပြီး ကမ္ဘည်း မတင်ရသေးသော (ဟလကာ) ဓမ္မ ကျမ်းစာများကိုလည်း တိတိကျကျ အဓိပ္ပာယ် သတ်မှတ်ပေးနိုင်ခဲ့ကြသည်။ ဤ ဆောင်ရွက်မှုက စည်းမျဉ်း ဥပဒေများ၊ ဖြတ်ထုံးများ အားလုံးကို စုစည်းပြီး ရွေးချယ် မှတ်တမ်း တင်နိုင်ခဲ့၏။ ဤ လုပ်ငန်းကြီးကို ဦးဆောင်မှု ပေးပြီး အချက်အလက် များကို ရှာဖွေပေးခဲ့သူမှာ ရာဘိုင် *အကီဘာ* [၁] ဖြစ်သည်။

ဟက်ဒရီးယန်း မင်းနောက် ဆက်လက် ဖြစ်ပွားခဲ့သော စစ်ပွဲ အစဉ်အဆက်ကြောင့် ဂျူဒန်မြို့မှာ ပေါ်ပေါက်ခဲ့သော ဘာသာရေး ဂိုဏ်းကို ရုတ်တရက် ဆုံးခန်း တိုင်စေခဲ့လေ သည်။ အကီဘာလည်း တိုက်ပွဲများ အတွင်းမှာ ပျောက် ဆုံးခဲ့၏။ အခြားသော ဓမ္မဆရာ ရာဘိုင်များနှင့် စာပေ ပညာရှင်များလည်း အသက် ဆုံးရှုံးခဲ့ကြရ၏။ အသက် မသေ ကျန်ရစ်သူများက ဂျူဒန်မြို့မှ ကျမ်းစာလိပ်များကို ဂါလီလီ မြို့သို့ တရားမဝင် ခိုးသွင်းခဲ့ကြလေသည်။

ထိုကျမ်းစာ ပြုစုရေး လုပ်ငန်းကို ပြန်၍ ပြုလုပ်သော နေရာမှာ ပင်လယ် ဆိပ်ကမ်းမြို့ *ဟိုင်ဖာ* [၂] အနီးရှိ *ဥရှာ* [၃] အရပ် ဖြစ်၏။ ထို့ပြင် အခြားသော ကုန်းတွင်းပိုင်း အရပ် ဒေသ အများအပြားတွင်လည်း ထိုလုပ်ငန်းများကို လုပ်ကိုင် ခဲ့ကြလေသည်။

### မစ်ရှနာ ကျမ်း [၄]

ဂါလီလီ ဂိုဏ်းသားများသည် ထူးချွန်သော ဓမ္မဆရာ ရာဘိုင် များကို ပေါ်ထွန်းလာအောင် စွမ်းဆောင်နိုင်ခဲ့ကြလေသည်။ ထိုရာဘိုင် ဓမ္မဆရာများ အနက် အထင်ရှားဆုံးမှာ *ရာဘိုင် မီယာ* [၅] နှင့် *ရာဘိုင် ယုဒါ* [၆] တို့ ဖြစ်ကြသည်။ ထိုဓမ္မဆရာ များ၏ အမည်များသည် မစ်ရှနာ ခေါ် ဓမ္မ အဋ္ဌကထာ ကျမ်းကြီးကို ပြုစုခြင်း ကိစ္စနှင့် ဆက်စပ်နေသည်။ မစ်ရှနာ ကျမ်းသည် မူရင်း ထိုရာ ကျမ်းကြီးကို အဓိပ္ပာယ် ဖွင့်ဆို သော အဋ္ဌကထာ ကျမ်းနှင့် တူသည်။ ထိုကျမ်းထဲတွင် ရာဘိုင် ဓမ္မဆရာများ လိုက်နာရမည့် ဝိနည်း သိက္ခာပုဒ် ပေါင်း လေးထောင်လောက်ကို စုစည်း ဖော်ပြထားသည်။ ထိုကျမ်းသည် ဓမ္မဆရာ ရာဘိုင် ယုဒါ လက်ထက်သို့ ရောက် သောအခါ မူရင်း ထိုရာ ကျမ်းကြီးတမျှ ဩဇာ တိက္ကမ ရှိသော ဓမ္မကျမ်းမြတ် တစ်စောင် ဖြစ်လာလေသည်။ တမန် တော် မိုးဇက် လက်ထက်က ရရှိခဲ့သော မူရင်း ထိုရာ ကျမ်းသည် အေဒီ နှစ် ရာစုသို့ ရောက်သော အခါ ခေတ် အခြေအနေနှင့် မကိုက်ညီတော့သဖြင့် အသုံး မတည့်တော့ ပေ။ ဂျူး လူမျိုးများ၏ ခေတ်ကာလ အလျောက် လိုအပ် ချက်များကို မစ်ရှနာ ကျမ်းက ဖြည့်ဆည်း ပေးနိုင်ခဲ့လေ သည်။ ရှေးက ပေါ်ထွန်းခဲ့သော သူတော်စင် ဆရာကောင်း ဆရာမြတ်များ၏ အမူအခင်း ဆိုင်ရာ အဆုံးအဖြတ်များ နှင့် အစီအရင်ပေါင်း ၁၅၀ ကျော်ကို မစ်ရှနာ ကျမ်းတွင် မှတ်တမ်းတင်နိုင်ခဲ့ကြလေသည်။

ကျမ်းမြတ်ပါ အကြောင်းအရာများကလည်း ကျယ် ဝန်းလှသည်။ အခန်း တစ်ခုတွင် ရာသီပွဲများ အကြောင်း၊ ဥပုသ် ဝါလ အကြောင်း၊ အခြား တစ်ခန်းတွင် ဘုရား ဝတ်ပြု ဆုတောင်းများ၊ လယ်ယာ စိုက်ပျိုးရေးဆိုင်ရာ ထုံး တမ်း အစဉ်အလာ စည်းမျဉ်း စည်းကမ်းများနှင့် ဆင်းရဲ သား နင်းပြားများ၏ လူ့အခွင့်အရေးများကို မှတ်တမ်း တင် ထားသည်။ တတိယခန်းတွင် အမျိုးသမီး အခွင့်အရေးများ၊ အိမ်ထောင် ပြုမှု ကွာရှင်းမှု ဆိုင်ရာ ဥပဒေ စည်းမျဉ်းများ ကို ပြဋ္ဌာန်းထားသည်။ စတုတ္ထ အခန်းမှာ မှုခင်း ဆိုင်ရာ ဥပဒေများ၊ တရားမ ဥပဒေများကို ပြဋ္ဌာန်းထားသည်။ ပဉ္စမ ကျမ်းတွင် ယဇ် ပူဇော်မှု ဆိုင်ရာ စည်းမျဉ်း စည်းကမ်းများ ကို ဖော်ပြထားသည်။ ဆဋ္ဌမ ကျမ်းတွင် ဂျူးတစ်ဦး အနေ နှင့် မည်သို့ ပြုမူလျှင် သီလ မစင်ကြယ်ပုံ၊ ဘယ်သို့ ပြုမှ သာ သီလ စင်ကြယ်ပုံများ၊ သီလ စင်ကြယ်အောင် သုတ် သင်ပုံများကို ပြဋ္ဌာန်းထားသည်။

ဂါလီလီ ဂိုဏ်းသည် ရာစုခေတ် တစ်ခေတ် ကြာမျှ ပြန့်ပွား စည်ပင် တိုးတက်ခဲ့လေသည်။ ဤဂိုဏ်း စည်ပင် တိုးတက်ခဲ့ကြောင်းကို သူတို့ ပြုစုခဲ့ကြသော မစ်ရှနာကျမ်း ၏ ကြီးကျယ်၍ အရာ ရောက်မှုက ထင်ရှားစေပါသည်။ ဤဂိုဏ်းသည် နောက်ထပ် အနှစ် နှစ်ရာခန့် ဆက်လက် တည်တံ့နေခဲ့သေး၏။ ထို့နောက် ဂျူး လူမျိုးများ၏ အသိ ပညာ ထွန်းကားမှုကို ပါလက်စတိုင်းသားတို့၏ တာလမုဒ် ကျမ်းမှ တစ်ဆင့် စွမ်းဆောင်နိုင်ခဲ့ကြလေသည်။ သို့သော် ထိုစွမ်းဆောင်မှုသည် အရေး မပါလှသော၊ ပြည့်စုံခြင်းလည်း မရှိသော စွမ်းဆောင်မှုမျှသာ ဖြစ်၏။ အသိပညာပိုင်း ဆိုင်ရာ

---

၁။ Akiba
၂။ Haifa
၃။ Usha
၄။ Mishnah
၅။ Rabbi Meir
၆။ Rabbi Judah

ဦးဆောင်မှုမှာ အချိန် ကြာမြင့်စွာကပင် ဂါလီလီမှ ဘေဘီလုံရှိ ပညာရှင်များ လက်ဝယ်သို့ ပြောင်းရွှေ့ ရောက်ရှိ သွားခဲ့ပြီ ဖြစ်၏။

ဘေဘီလုံရှိ အသိပညာရှင် ဂိုဏ်းမှာ အခိုင်အမာ တည်ရှိနေခဲ့သည်မှာ ကာလ ကြာမြင့်စွာကပင် ဖြစ်၏။

ဘီစီ ၅၈၆ တွင် နဘူခက်နေဇာ ဘုရင်က ဂျေရုဆလင် မြို့ကို တိုက်ခိုက် သိမ်းယူပြီးနောက် အသိပညာရှင်၊ အတတ်ပညာရှင်များကို ဘေဘီလုံသို့ ဆောင်ယူသွားသည့် အချိန်က စ၍ ဘေဘီလုံတွင် ဂျူး လူမျိုးများ၏ ဦးရေမှာ တစ်သန်းခန့် အထိပင် တိုးတက် လာခဲ့လေသည်။ ဤ ဂိုဏ်းသားများသည် ဘေဘီလုံတွင် အရေးပါ အရာရောက်သူများ ဖြစ်လာကြသည်။ ဘေဘီလုံ အစိုးရကလည်း ဒေးဗစ်ဘုရင်၏ အနွယ်တော် ဂျူးများကို ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ အဖြစ် တလေးတစား ဆက်ဆံခဲ့လေသည်။ ယုဒ ဘာသာကိုလည်း အသိဉာဏ် ကြွယ်ဝသော ဓမ္မဆရာများ၏ ကြီးကျယ်သော စွမ်းဆောင်မှု အဖြစ် ဘေဘီလုံတွင် အသိအမှတ်ပြုခြင်းကို ခံရလေသည်။

ထိုဘေဘီလုံ ဂိုဏ်းသားများ၏ ကြိုးပမ်းမှုကြောင့် *ဂယ်မာရာ* [၁] ခေါ်သော ပြည့်စွက် ဓမ္မ ကျမ်းကြီး တစ်စောင် ထပ်မံ ပေါ်ပေါက်ခဲ့ပေသေးသည်။

## ဂယ်မာရာနှင့် တာလမွဒ်

မစ်ရှနာ ကျမ်းထဲတွင် ဂျူး လူမျိုးတို့၏ ယုဒ ဘာသာတရားနှင့် ဆိုင်သော ဓမ္မ အချက်အလက်များနှင့် ဂျူး လူမျိုးတို့၏ ဘဝ ကိစ္စများ အားလုံးကို ပြည့်စုံအောင်၊ ထောင့်စုံအောင် ဖော်ပြနိုင်ခြင်း၊ အဓိပ္ပာယ် ဖွင့်ဆိုနိုင်ခြင်း မရှိပေ။ မစ်ရှနာကျမ်းကိုပင် နောက်ထပ် အဋ္ဌကထာ အဖွင့် ကျမ်းများ ရေးသားရန် လိုအပ်နေပြန်သည်။

မစ်ရှနာကျမ်းကို ပြုစုသူများသည် ကမ္ပည်း တင်ထားခြင်း မရှိသော ဓမ္မများ အပိုင်းကိုသာ အထူး ဦးစားပေး၍ ရေးသားခဲ့ကြသည်။ ထိုကျမ်းထဲတွင် *ဟဂ္ဂါဒါ* [၂] ဟု ခေါ်သော ပါးစပ် ရာဇဝင် ရိုးရာ ဓလေ့ ထုံးစံများမှာ အနည်းအကျဉ်းသာ ပါဝင်ခဲ့လေသည်။ ဟဂ္ဂါဒါ ပါးစပ် ရာဇဝင်ထဲတွင် ဂျူး လူမျိုးများ၏ သမိုင်းဖြစ်ရပ်များ၊ ဝတ္ထုကြောင်းများ၊ ပုံပြင် ဒဏ္ဍာရီများ အများအပြား ပါသည်။ ရှေးက ပညာရှိများ၏ ဆိုရိုး စကားများလည်း ပါသည်။ ထို့ပြင် မကောင်းမှု အကုသိုလ် ဒုစရိုက်များ အတွက် မျက်မှောက် တမလွန်တွင် ခံစားရမည့် အပြစ်ဒဏ်များ အကြောင်း၊ ကောင်းမှု ကုသိုလ် အတွက် မျက်မှောက် တမလွန်တွင် ရရှိ ခံစားရမည့် အကျိုး ရလဒ်များ အကြောင်းကိုလည်း တင်ကူး ရေးသားထားချက်များ ပါသည်။ သမ္မာ ကျမ်းစာနှင့် ပတ်သက်သော တိုတိုနှင့် ချက်ကျသော မှတ်ချက်များ၊ အစွရေး၏ ထင်ရှားသော ဓမ္မဆရာများ၊ အာစရိယများ၏ ကောက်ချက်များလည်း ပါသည်။

ထို့ကြောင့် မစ်ရှနာ ကျမ်း၏ အခြေခံကျသော၊ မပါလျှင် မဖြစ်သော အစိတ်အပိုင်းများကို ပြည့်စုံစွာ စုဆောင်းပြီးသော အခါ ပါလက်စတိုင်းနှင့် ဘေဘီလုံ မြို့သား ပညာရှင်များသည် ထိုကျမ်းများအား ကမ္ပည်း တင်ခြင်း အလုပ်ကို ပြုလုပ်ကြရပြန်သည်။

မစ်ရှနာ ကျမ်းထဲမှာ မပါသေးသော ပါးစပ် ရာဇဝင် စုဆောင်းထားသော ကမ္ပည်း မတင်ရသေးသော အချက်များ အပေါ်တွင် သဘော တူညီမှု ရရှိအောင် ဆောင်ရွက်ကြရ ပြန်သည်။ ရှာဖွေ စုဆောင်းပြီး အချက်အလက်များ တစ်ခုမှ ပပျောက်သွားခြင်း မရှိရအောင် ဆောင်ရွက်ခြင်း ဖြစ်၏။

ထို့နောက် ၃ ရာစု၏ ဒုတိယ လေးလပိုင်းသို့ ရောက်သော အခါ ဂျူး လူမျိုးများ၏ အသိပညာပိုင်း ဆိုင်ရာ ဦးဆောင်မှု အခန်းကဏ္ဍသည် ဘေဘီလုံသို့ ပြောင်းရွှေ့သွားပြီးနောက် ကာလတွင် သည်းခံစိတ် ထားရှိသော ပသီ လူမျိုးများ၏ အုပ်စိုးမှုကို ဆာဆနီးယန်း မင်းဆက်ဖြင့် အစားထိုးခြင်းကို ခံရသည်။ ထိုမင်းဆက်ကား အဓမ္မ မင်းဆက်ဖြစ်သည်။ ထိုမင်းဆက်ကို *မာဂီ* [၃] ခေါ် ဇိုရိအက်စတာ နတ်ဘုန်းကြီးများက ဩဇာ လွှမ်းမိုးသည်။ အနှစ် ရာနှင့်ချီပြီး လုံခြုံစွာ၊ စီးပွားရေး ဖွံ့ဖြိုးစွာ အသက်ရှင် နေထိုင်လာခဲ့ကြသော ဘေဘီလုံ ဂျူးများသည် ဘာသာရေး ညှဉ်းပန်း နှိပ်စက်ခြင်း ဒဏ်ကို စတင် ခံစားကြရပြန်သည်။

ဂျူး လူမျိုးများ သေသော အခါ အလောင်းကို မြေမြှုပ်ခြင်း မပြုရဟု တားမြစ်ခြင်း ခံရလေသည်။ အဘယ်ကြောင့် ဆိုသော် အလောင်းကို မြေမြှုပ်ခြင်းသည် မြေဆီလွှာကို ညစ်ညမ်းစေသည်ဟု ဇိုရိအက်စတာ ဘာသာဝင်များက ယူဆသောကြောင့် ဖြစ်၏။ ထို့နောက် ဂျူး လူမျိုးများ၏ ယဇ်ပူဇော်သော ပွဲတင် ပစ္စည်းများကို ဇိုရိအက်စတာတို့၏ ယဇ်ပလ္လင်ပေါ်မှာသာ ပူဇော်ရမည်ဟုလည်း အမိန့်ပြန်တမ်း ထုတ်ပြန်သည်။ အဘယ်ကြောင့်ဆိုသော် ထိုခေတ်

---

၁။ Gemara

၂။ Haggadah

၃။ Magi

က မာဂီ ခေါ် ဇိုရိအက်စတာ နတ်ဘုန်းကြီးများ အနေနှင့် မီးကိုသာ ၎င်းတို့ ကိုးကွယ်သော နတ်ဘုရား၏ သင်္ကေတ အဖြစ် အယူအစွဲ သန်နေကြသောကြောင့် ဖြစ်၏။ မီးကို ဇိုရိအက်စတာ ဘာသာဝင် မဟုတ်သူများ အနေနှင့် ဘာသာရေး ကိစ္စများ၌ အသုံးပြုခြင်းကိုလည်း သူတို့က တားမြစ်ခဲ့ကြလေသည်။

ရလဒ်မှာ ဂျူးလူမျိုးများ အနေနှင့် ချက်ချင်း လက်ငင်း အခက် ကြုံရခြင်း ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် မစ်ရှနာ ကျမ်းထဲတွင် သောကြာနေ့ည နေမဝင်မီ ဥပုသ်အတွက် မီးကို ထွန်းညှိရပြီး ထိုမီးကို နောက်နေ့ အထိ ထားရှိရမည်ဟု ညွှန်ကြားထားသောကြောင့် ဖြစ်၏။ ထို ဓလေ့ထုံးစံကို ရှေး အယူအစွဲသန်သူများက ယနေ့တိုင် ဆက်လက် ထိန်းသိမ်း စောင့်ရှောက်ကြမြဲ ဖြစ်၏။ ထိုမီးနှင့် ပတ်သက်သော တားမြစ်ချက်က အဓိကရုဏ်းများနှင့် လူသတ်ပွဲများ ဖြစ်ပေါ်လာအောင် ရှေ့ရှု လုပ်ဆောင်လိုက်သကဲ့သို့ ဖြစ်သွားလေတော့သည်။

အခက်အခဲသစ် တစ်ခု၏ အဆုံးသတ် အခြေအနေမှာ ဂျူး လူမျိုးများ၏ အသိပညာပိုင်း ဆိုင်ရာ စိတ်အား ထက်သန်မှုမှာ ကြီးထွားနေဆဲ ဖြစ်ခြင်းပင် ဖြစ်၏။ ရာဘိုင် ဓမ္မရာများ၏ ကြီးမြတ်သော အဋ္ဌကထာ ကျမ်းများမှာ နောက်ဆုံး၌ အစီအစဉ်တကျ ပြုလုပ်ခြင်းသို့ ဆိုက်ရောက်လာလေသည်။ ရှေးက ကမ္ဗည်း တင်ထားရခြင်း မရှိသေးသော ဓမ္မဥပဒေသများ (ဟာလကာ) နှင့် ပါးစပ် ရာဇဝင် အချက်အလက် (ဟဂ္ဂါဒါ) များကို ဂယ်မာရာ ကျမ်းထဲတွင် တပေါင်းတစည်းတည်း ကမ္ဗည်း မှတ်တမ်း တင်နိုင်ခြင်း ဖြစ်၏။ ထိုကျမ်းသာ ဘေဘီလုံ ဂိုဏ်း၏ အပြည့်စုံဆုံးကျမ်း ဖြစ်လာသည်။ ထိုကျမ်းကို မစ်ရှနာကျမ်းနှင့် ပေါင်းလိုက်သော အခါ ရလဒ်မှာ တာလမွဒ် ကျမ်းကြီး ဖြစ်လာခြင်းပင် ဖြစ်၏။ တာလမွဒ် ကျမ်းသည် အေဒီ ၅ ရာစု ပြီးဆုံးခါနီးတွင် ပြည့်စုံခြင်းသို့ ရောက်လေတော့သည်။

ထိုကျမ်း ပြည့်စုံစွာ မှတ်တမ်းတင်နိုင်ခြင်းသည် ဂျူးလူမျိုးများ၏ သမိုင်းတွင် သမိုင်း မှတ်တိုင် တစ်ခု ဖြစ်၏။ ထိုကျမ်းကြီးတွင် အခန်း (အပိုင်း) ခြောက်ပိုင်း ပါဝင်သည်။ အတွဲပေါင်း ၆၃ တွဲ ရှိသည်။ ဝမ်းနည်း ကြေကွဲဖွယ် ဂျူးလူမျိုးများ၏ အရှေ့မှ အနောက်ဘက် အရပ်သို့ ထွက်ပြေးရပုံများ၊ ထိုမှ တစ်ဖန် အလယ်ခေတ်တွင် အစမ်းသပ်ခံဘဝဖြင့် နေရင်း ဒေသသို့ ပြန်လာကြရပုံ အကြောင်းစုံကို မှတ်တမ်း တင်ထားခဲ့ကြလေသည်။

ဤကျမ်းသည် ဂျူး လူမျိုးများ အတွက် စိတ်ဓာတ် ကြံ့ခိုင် ခုခံ အားကောင်းမှု၏ ခံတပ်ကြီးသဖွယ် ဖြစ်၏။

ထိုတာလမွဒ်ကျမ်းကို ဒေါသ ဖြစ်နေသော အုပ်ချုပ်ရေး အာဏာပိုင်များက ဈေးပြင်ကနား အရပ်တွင် ပုံပြီး မီးရှို့ခြင်း၊ စာရွက်များကို တစ်ရွက်ချင်း ဆုတ်ဖြဲပြီး ရေမှာ မျှောပစ်ခြင်းများကို ပြုလုပ်ခဲ့စေကာမူ ဤကျမ်းကား ဘာသာရေး ညှဉ်းဆဲခြင်း အမျိုးမျိုးကို ခံစားကြရသော ဂျူး လူမျိုးများနှင့် အတူ ဆက်လက် ရှင်သန်လျက်သာ နေခဲ့၏။ ဂျူး လူမျိုးများကလည်း တာလမွဒ် ကျမ်း၏ အဆုံးအမများကို နာခံလျက်သာ ကျင့်ကြံ နေထိုင်ခဲ့ကြလေသည်။

အခြား လူမျိုးများ၏ စိတ်ထဲတွင် ထိုကျမ်းထဲမှာ ပါဝင်သော အကြောင်းအရာများကို ရယ်ချင်စရာ ဖြစ်ကောင်း ဖြစ်မည် ဖြစ်သော်လည်း ဂျူး လူမျိုးများ အဖို့မှာကား ထိုကျမ်းသည် ဘုရားသခင်၏ ဆန္ဒတော် အတိုင်း ဖြစ်ပေါ်လာသော ကျမ်း ဖြစ်ပြီး ဉာဏ်ပညာနှင့် ပြည့်စုံ ကုံလုံသည်ဟုလည်း ခံယူချက် ပြင်းထန်ကြပေသည်။

## ၁၀။ အလယ်ခေတ် ဂျူး လူမျိုးများ

အလယ်ခေတ် အစပိုင်းတွင် ဂျူး လူမျိုးများ၏ အနေအထားမှာ ဘာသာကြီး နှစ်ခု၏ ထိပါးမှုကို သိသိသာသာ ခံခဲ့ကြရသည်။ ဘာသာကြီး နှစ်ခုမှာ ခရစ်ယာန် ဘာသာနှင့် အစ္စလာမ် ဘာသာတို့ ဖြစ်ကြသည်။ ခရစ်ယာန် ဘာသာက ဂျူး လူမျိုးများ အပေါ် ရန်လို မုန်းထားသည့် သဘော ရှိသည်။ အစ္စလာမ် ဘာသာကတော့ ချစ်ခင် ရင်းနှီးသည့် သဘော မရှိစေကာမူ သည်းခံသည့် သဘော ရှိသည်။

အစကတည်းက ခရစ်ယာန် ဘာသာနှင့် ဂျူး လူမျိုးများ၏ ဆက်ဆံရေးသည် ဘယ်အခါမှ ကောင်းမွန်သော ဆက်ဆံရေး မရှိခဲ့ပေ။

ဤသို့ ဖြစ်ရခြင်း အကြောင်းမှာ ဤသို့ ဖြစ်သည်။ ၁ ရာစုလောက်က စပြီး ယုဒ ဘာသာ၏ သဘော အယူအဆ အားလုံးကို ရာဘိုင် ဓမ္မဆရာများကသာ သတ်မှတ်လာခဲ့ကြသည်။

ခရစ်ယာန်များက ခရစ်တော်သည် မေယှိယ ခေါ် ကယ်တင်ရှင် ဖြစ်ကြောင်း အခိုင်အမာ ဆိုကြသည်။ ထိုအဆိုကို ဂျူးများက အစ ကတည်းက လက်မခံဘဲ ငြင်းပယ်ခဲ့ကြလေသည်။ သို့သော် ခရစ်ယာန်များက တစ်နေ့တွင် ယေရှုသခင်ကို ကယ်တင်ရှင် ခရစ်တော် အဖြစ် လက်ခံလာအောင် ဆွဲဆောင်နိုင်လိမ့်မည် ဆိုသော မျှော်လင့်ချက်ကို မစွန့်လွှတ်ခဲ့ကြ။ နောက်ထပ် ရာစု နှစ်ခု ကျော်သည့်တိုင်အောင် ခရစ်ယာန် သာသနာပြုများက သူတို့၏ ဘာသာ ယုံကြည်ကိုးကွယ်မှုကို သက်ဝင်လာအောင် မနေမနား ကြိုးပမ်းအားထုတ်ခဲ့ကြလေသည်။ သို့သော် သူတို့ ရရှိသော အောင်မြင်မှုမှာ အနည်းအကျဉ်းမျှသာ ရှိခဲ့သည်။

ဂျူး လူမျိုးများသည် ခရစ်ယာန် ဒေသနာကို စိတ်အဓိဋ္ဌာန် ခိုင်မာစွာဖြင့် ဆန့်ကျင်နေခဲ့ကြသည်။

အထူးသဖြင့် စိန့်ပေါလုက ခရစ်ယာန် ဘာသာကို ဥရောပမှာ ပြန့်ပွားအောင် ပြုလုပ်ပြီးနောက် ဂရိ လူမျိုးများက ခရစ်ယာန် ဘာသာကို ခံယူလာသည့် အချိန်က စ၍ ဂျူးတို့ဘက်က ပို၍ ဆန့်ကျင်လိုစိတ် ပြင်းပြလာခဲ့ကြလေသည်။ အဓိကမှာ ရာဘိုင် ဓမ္မဆရာများ အနေနှင့် ယုဒဘာသာကြီး ပြိုကွဲသွားခြင်း၊ ပျောက်ကွယ်သွားခြင်းကို မလိုလားကြပေ။ ဂျူး ဓမ္မဆရာ ရာဘိုင်များက ဘာသာတရားကို ဒဿနဆန်ဆန် အဓိပ္ပာယ် လျှောက်ဖွင့်နေခြင်းမျိုးကိုလည်း မလိုလားကြ။ သူတို့အနေနှင့် တာလမွဒ် ကျမ်းထဲမှာ ပါသော ဥပဒေ စည်းကမ်း ထုံးတမ်းများ အတိုင်းသာ တိတိကျကျ လိုက်နာ၍ ဂျူးတို့၏ ဘဝနေနည်းကို ထိန်းသိမ်းထားလိုကြသည်။

ထိုနောက် အဆုံးတွင် ခရစ်ယာန် ဘာသာကို ဂရိယဉ်ကျေးမှု သွတ်သွင်းလာခြင်းကိုလည်း ဂျူးများဘက်က ရှုမြင် သုံးသပ်လာမိကြသည်။ သူတို့ အမြင်တွင် ခရစ်ယာန် ဘာသာမှာ ဘာသာရေးနှင့် ဆိုင်သော စိတ်ကူးယဉ် မြော်မြင်ခြင်း သဘောများ ပါဝင်နေသည့် အတွက် မိမိတို့၏ လက်တွေ့ စမ်းသပ်ပြီး နှစ်ပရိစ္ဆေဒ ကြာမြင့်စွာ ကျင့်သုံးလာခဲ့ကြသော၊ အစဉ်အဆက် လက်ခံလာခဲ့ကြသော ကိုယ်ကျင့် တရားဆိုင်ရာ အမှန်တရားများကို ခရစ်ယာန်တို့၏ အတွေးအမြင်များနှင့် လဲလှယ်စရာ အကြောင်း မရှိဟု ယူဆကြသည်။ ခရစ်ယာန်များက စိတ်ကူးယဉ်ချင် သူတို့ဘာသာ စိတ်ကူးဖြင့် ကျေနပ်လိုက ကျေနပ်နိုင်သည်။

ဤပဋိပက္ခသည် အေဒီ ၃၁၂ ခုနှစ်တွင် ကွန်စတင်တိုင် ဘုရင်က ခရစ်ယာန် ဘာသာ အယူကို ခံယူလိုက်သော အခါ နိုင်ငံရေး ပြဿနာ ဖြစ်လာလေတော့သည်။ ကွန်စတင်တိုင် ဘုရင်သည် နောက်ပိုင်းတွင် ခရစ်ယာန် ဘာသာကို နိုင်ငံတော် ဘာသာ အဆင့်သို့ တိုးမြှင့်လိုက်လေသည်။ ယခုအခါ ခရစ်ယာန် ဘိရှော့ ခေါ် ခရစ်ယာန် ဂိုဏ်းအုပ် ဘုန်းကြီးများသည် တန်ခိုး သြဇာ ကြီးထွားလျက် ရှိနေပြီ ဖြစ်၏။ ထိုအခါ ထိုဂိုဏ်းအုပ် ဘုန်းကြီးများက နိုင်ငံတော် အစိုးရကို ကျောထောက် နောက်ခံ ပြုလျက် ခရစ်ယာန် ဘာသာ၏ ဖိအားကို ခုခံနေကြသော ဂျူးလူမျိုးများ အပေါ် လိုလား နှစ်သက်သော သဘော ဆန္ဒမရှိခြင်းကို ပြသလာကြလေတော့သည်။

အလယ်ခေတ် ကာလ ကြာမြင့်လာလေလေ ခရစ်ယာန်နှင့် ဂျူး လူမျိုးတို့၏ ရန်လို မုန်းထားမှုမှာလည်း ပြင်းထန်လာလေ ဖြစ်တော့၏။ အခါ အားလျော်စွာ အကြမ်းဖက်မှုများလည်း ဖြစ်ပွားနေကြပြီ ဖြစ်၏။

အစ ပထမပိုင်းတွင် မွတ်ဆလင်များက ဂျူး လူမျိုးများ အပေါ် ကောင်းကောင်းမွန်မွန် ဆက်ဆံကြသည်။

ပါလက်စတိုင်း၊ ဆီးရီးယားနှင့် ဘေဘီလုံတို့တွင် မွတ်ဆလင်များက ဂျူးများ အပေါ် သည်းခံရုံမျှမက အကြင်နာကရုဏာ ထားသော သဘောဖြင့်လည်း ဆက်ဆံခဲ့ကြလေသည်။ အဘယ်ကြောင့် ဆိုသော် ဂျူးများက မွတ်ဆလင်များအား ခရစ်ယာန်နှင့် ဗိုရိအက်စတာ အယူဝါဒများမှ လွတ်မြောက်သူများ အဖြစ် ရှုမြင် အထင်ကြီးခြင်းကို ခံရသောကြောင့် ဖြစ်၏။ ထို့ပြင် အစ္စလာမ် ဘာသာနှင့် ယုဒဘာသာတို့ အကြားမှာ တူညီမှု များစွာ ရှိသည့် အကြောင်းများကြောင့်လည်း မွတ်ဆလင်များက ဂျူးများအား ကင်းထောက်ခြင်း၊ သတင်း ထောက်လှမ်းခြင်းစသော ဝန်ဆောင်မှုများ ပေးခြင်းဖြင့်လည်း ကူညီခဲ့ကြလေသည်။

ထို့ကြောင့် ဘေဘီလုံရှိ ရာဘိုင်များ၏ ဘာသာရေးဂိုဏ်းသည် နောက်တစ်ကြိမ် ကြီးထွား စည်ကားလာပြန်သည်။ ဘဂ္ဂဒက် မြို့တော်ရှိ နန်းတော်ထဲတွင် 'ပြည်ပြေးမင်းသား' ဟု ခေါ်သော ပုဂ္ဂိုလ်သည် တန်ခိုး အာဏာ ကြီးထွားလာလေသည်။ မွတ်ဆလင် စစ်အောင်နိုင်သူများခေတ် ထွန်းကားလာသော အခါ ဂျူး ကုန်သည်များမှာလည်း နေ့ချင်းညချင်း ကြီးပွား ချမ်းသာကြလေသည်။ သို့သော် ရတနာပုံကိန်း ဆိုက်သော ကာလသည်ကား ကြာရှည် ခံခဲ့သည်တော့ မဟုတ်။ စီးပွားရေး ကောင်းမွန်မှုက ဂျူး လူမျိုးများ၏ ဘဝကို အပြောင်းအလဲ ဖြစ်စေခဲ့လေသည်။

တူရကီ လူမျိုးများ ရောက်လာကြသော အခါ ဂျူးများမှာ အဖိနှိပ်ခံ ဘဝသို့ ကျရောက်ကြရပြန်သည်။ ထို့ကြောင့် ၁၀ ရာစုနှင့် ၁၁ ရာစု အတွင်းတွင် ဘေဘီလုံရှိ ပညာရှင်

မွေဆရာများသည် သူတို့၏ အဖိုးတန် မွေ စာခွေများကို ဆောင်ယူကာ စပိန် နိုင်ငံသို့ ဝေးဝေးလံလံ ထွက်ပြေးကြလေသည်။

ထိုအခါမှ စ၍ ဂျူး ဘာသာဆိုင်ရာ သင်ကြားမှုများသည် သည်းခံစိတ် ရှိသော စပိန် ဘုရင်များ လက်ထက်တွင် တစ်ဖန် စည်ကား ထွန်းကားပြန်လေသည်။ ဂျူး လူမျိုးများနှင့် စပိန် ညီအစ်ကိုများ ပူးပေါင်းပြီး ဂျူး ဒဿနနှင့် သိပ္ပံပညာ၏ 'ရွှေခေတ်' ကို အနောက်ဘက် ကမ္ဘာခြမ်းတွင် ဖန်တီး တည်ထောင်ခဲ့ကြလေတော့၏။

## ဘေဘီလုံနှင့် စပိန်မှ အတွေးအခေါ်သစ်

အရှေ့တိုင်းနှင့် အနောက်တိုင်း ယုဒ ဘာသာ အယူအဆများကို ပေါင်းပြီး ဤ စပိန်ပြည်ဖြစ် ကြား အယူအဆကို ဖြစ်ပေါ်စေခဲ့လေသည်။

အနောက်တိုင်း ဂျူး ဘာသာရေး ကျမ်းတတ်ပုဂ္ဂိုလ်များသည် အကျိုး ခံစားခွင့် သုံးခုကို ရရှိ ခံစားခဲ့ကြသည်။ ပထမ အနေနှင့် အာရေဗျ သိပ္ပံပညာ၏ အကျိုးကို ခံစားရသည်။ ထိုသိပ္ပံပညာသည် သင်္ချာနှင့် နက္ခတ္တဗေဒဘက်တွင် သာလွန်၍ ကောင်းမွန်သည်။ ထိုသိပ္ပံပညာကို အာရှစ္စတိုတယ်က ပြန်လည် ဖော်ထုတ် ပေးခဲ့လေသည်။

နောက်တစ်ခုမှာ ဂျူး လူမျိုးတို့၏ ကဗျာ လင်္ကာများနှင့် စာကြီးပေကြီး ကျမ်းကြီးကျမ်းခိုင်များ ပြန်လည် ခေတ်ထလာခြင်း အကျိုးကိုလည်း ခံစားရသည်။

ထို့နောက် ၁၁ ရာစု အတွင်း ထို စာပေ ကျမ်းဂန် ကဗျာ လင်္ကာများ တိုးတက် ဖွံ့ဖြိုးနေခဲ့သည်။ သို့သော် ဘေဘီလုံမှ ပညာရှင်များကလည်း ကြံစည် ဖန်တီးမှုဘက်တွင် တိုးတက်လျက် ရင့်သန်လာကြပြီ ဖြစ်၏။ သူတို့သည် ကျဉ်းမြောင်းသော အမြင် ရှိသော တာလမွဒ် ဝါဒီများ မဟုတ်ကြတော့ပေ။ သူတို့ ဘေဘီလုံကို စွန့်ခွာပြီး ထွက်မလာမီကပင် သူတို့သည် တာလမွဒ် ကျမ်းကိုသာ ဖက်တွယ်ထားကြသူများ အဖြစ်မှ လွတ်မြောက်စေသော ဖြစ်ရပ်တစ်စုံတစ်ခုနှင့် ကြုံတွေ့ခဲ့ကြရသည်။ ၎င်းမှာ အစဉ်အလာရှိရာ အယူအဆနှင့် ကွဲလွဲသော *ကာရိုက်* [၁] အယူအဆ ထွန်းကားလာပြီး ရှေး အယူအဆများကို မှန်ကန်အောင် ပြုပြင်သော တုံ့ပြန်မှု ဖြစ်သည်။

ထို အယူအဆကို ဦးဆောင်ခဲ့သူမှာ ပညာရှင်ကြီး *ဆားဒီးယား* [၂] ဆိုသူ ဖြစ်သည်။

၁၀ လမ်းညွှန် အဖြစ် တာလမွဒ် ကျမ်းပါ ညွှန်ကြားမှုများ အတိုင်း မလွဲမသွေ လိုက်နာကြရမည် ဆိုသော အယူအဆသည် ဂျူး လူမျိုးများ၏ လောကထဲတွင် တစ်လောကလုံးက တစ်ညီတစ်ညွတ်တည်း လက်ခံ ကျင့်သုံးသော အယူအဆ ဘယ်တုန်းကမျှ မဖြစ်လာခဲ့ပေ။ အခါအားလျော်စွာ ကယ်တင်ရှင်ကို မျှော်လင့် တောင့်တမှုက သူတို့၏ နောက်လိုက်များကို တာလမွဒ် ကျမ်းထဲက ဥပဒေများကို လေးစား လိုက်နာခြင်း မရှိဘဲ ထိုရာ ကျမ်းသို့ နောက်ပြန်ဆုတ်သွားစေခဲ့ခြင်းမျိုးလည်း ဖြစ်တတ်သည်။

သို့ရာတွင် ဤအချက်သည် တာလမွဒ် ကျမ်းကို ဆန့်ကျင်သော တုံ့ပြန်မှုတွင် အရေး မပါလှသော တုံ့ပြန်မှုသာ ဖြစ်၏။ ပိုပြီး ကြီးကျယ်သော အနှောင့်အယှက် ပေးသော တုံ့ပြန်မှုမှာ တာလမွဒ် ကျမ်းသည် ရှေးကျသော အစ္စရေး လူမျိုးများ အတွက် ဘုရားသခင်က တိုက်ရိုက် ချပေးတော်မူသော အစစ်အမှန် တရားများမှ သွေဖည်သွားသော ကျမ်းဖြစ်သည် ဆိုသော စောဒက တက်မှု ဖြစ်၏။

ဤဆန့်ကျင် ကန့်ကွက်မှုကို ပြုလုပ်ရာ၌ ဦးဆောင်ဦးရွက် ပြုလုပ်ခဲ့သူမှာ ဘဂ္ဂဒက်မြို့မှ ကျမ်းတတ် ပညာရှင်ပုဂ္ဂိုလ် *အာနန် ဘင် ဒေးဗစ်* [၃] ဆိုသူ ဖြစ်၏။ သူ့ကို *အိက္ခဆီးလာ့ချ်* [၄] ဘွဲ့ကို ပေးခဲ့ကြသည်။ အေဒီ ၇၆၇ ခုနှစ်တွင် သူ၏ ကွဲပြားသော မိစ္ဆာ ဝါဒများကြောင့် ငြင်းပယ်ခြင်း ခံခဲ့ရသည်။

သူက ဂျူး လူမျိုးများ အချုပ်အခြာ အာဏာ ရှိသော တရားဝင် ကျမ်းသည် ယခုအခါကျွန်ုပ်တို့က *မွေဟောင်းကျမ်းစာ* [၅] ဟု ခေါ်သော သမ္မာ ကျမ်းစာဟောင်းသာ ဖြစ်ကြောင်း၊ တာလမွဒ် ကျမ်း မဟုတ်ကြောင်း ထုတ်ဖော်ကြေညာခဲ့လေသည်။ သူ ဖွဲ့စည်း တည်ထောင်ခဲ့သော ဘာသာရေး ဂိုဏ်းသစ်ကို လူအများက 'ကျမ်းစာဟောင်း၏ သားသမီးများ' ဟူ၍လည်း လှောင်ပြောင်၍ ခေါ်ခဲ့ကြသည်။ ပိုပြီး တွင်ကျယ်သော အမည်မှာ ကာရိုက် (စာဖတ်သူများ) ဟူသော အမည် ဖြစ်သည်။ ဤ လှုပ်ရှားမှုသည် အချို့ အချက်များတွင် ကက်သလစ် ဘုရင်ကျီ ဂိုဏ်းကို ဆန့်ကျင်ခဲ့ကြသော *ပရိုတက်စတင့် အနာဘက်ပတစ်* [၆] များ၏ တုံ့ပြန်မှုနှင့် တူသည်ဟု ဆိုနိုင်သည်။

၁။ Karaite

၂။ Saadiah　　၃။ Anan bin David

၄။ Exilarch　　၅။ Old Testament

၆။ Protestant Anabaptist

ယေဘုယျအားဖြင့် ကာရိုက် ဂိုဏ်းသားများ အကြား တွင် အသား စားခြင်း မှန်သမျှကို တားမြစ်ထားသည်။ မစ်ရှနာ ကျမ်းမှာ ပါသော ဥပုသ်နေ့တွင် တစ်ညလုံး မီး ထွန်းခြင်းကို မလိုက်နာကြပေ။ ရောဂါ ဖြစ်လျှင် ဆေးဆရာ သမားတော်ကို အားကိုးအားထား ပြုခြင်းသည် ဘာသာရေး ဆိုင်ရာ ကတိ ခံဝန်ချက်များ အပေါ်၌ ယုံကြည် သက်ဝင်မှု နည်းပါးခြင်း အဖြစ် မှတ်ယူတတ်ကြသည်။ 'ငါသည် သင် တို့အား ကုသတော်မူသော အရှင် ဖြစ်သည်' ဆိုသော ဘုရားသခင်၏ ကတိ ခံဝန်ချက် ဖြစ်သည်။ အသုံး မပြု တော့သော ရှေးခေတ်က ရိုးရာ ကုထုံးများကို ပြန်လည် ဖော်ထုတ်ခဲ့ကြသည်။

နောက်ပိုင်းကျတော့ ဤဂိုဏ်းသည် ပရိုတက်စတင့် ဂိုဏ်းများလိုပင် အစိတ်စိတ် ကွဲပြီး တဖြည်းဖြည်းနှင့် ဂျူး လောကထဲတွင် ခေါင်းပါးသွားရလေသည်။ ရုရှား နိုင်ငံ တွင်တော့ ဤ ဂိုဏ်းသား လက်ကျန်များမှာ ယခုခေတ် တိုင်အောင်ပင် တည်ရှိနေသေးသည်။

ဤဂိုဏ်း၏ သမိုင်းကြောင်း အရ အရေး ပါသော အချက်မှာ ရှေး အယူအစွဲ သန်သော ဂျူး လူမျိုးများ၏ နှစ်သက် လိုလားမှုများကို ပို၍ ယုတ္တိ ရှိသော ဘုရားသခင် နှင့် ပတ်သက်သော အယူအဆများကို လက်ခံလာအောင်၊ နိုးကြားလာအောင် ဆောင်ရွက်နိုင်ခြင်းပင် ဖြစ်သည်။

ထို့ပြင် တာလမွဒ်ကျမ်း အပေါ်၌ ရှေးက ရှိခဲ့သော ဓမ္မဟောင်း သမ္မာကျမ်းစာ၏ ကျေးဇူး ပြုလျက် ရှိပုံကို ပြန်လည် သုံးသပ်အောင်လည်း လှုံ့ဆော်နိုင်ခဲ့သည်။ ထိုကိစ္စ များကို ခေတ်၏ အကျိုးစီးပွား ရှိမှုနှင့် ကိုက်ညီအောင် ကြိုးပမ်း ဆောင်ရွက်သူမှာ ဘေဘီလုံရှိ သူရ အကယ်ဒမီ ကျောင်းအုပ်ကြီး ဆားဒီးယား ဘင် ဂျိုးဇက် (၈၈၂-၉၄၂ အေဒီ) ဖြစ်၏။

ဆားဒီးယား အနေနှင့် ကာရိုက် ဂိုဏ်းသားများ၏ မူရင်း ဟေဗြဲ ဘာသာ စကားသို့ ပြန်သွားလိုသော စိတ်အား သန်မှုကို အသိအမှတ် ပြုသည်။ (ယခုအခါ ဟေဗြဲ ဘာသာ စကားကို ဓမ္မဆရာ ရာဘိုင်များပင် ရေးခြင်း ဖတ်ခြင်း မပြုကြတော့သဖြင့် ထိုဘာသာစကားသည် စကားသေ ဖြစ် နေပြီ ဖြစ်၏။) ထို့ကြောင့် သူသည် ဓမ္မဟောင်း သမ္မာ ကျမ်းစာကို အာရဗီ ဘာသာစကားသို့ ပြန်ဆိုရန် စတင် ဆောင်ရွက်ခဲ့လေသည်။

ဤသို့ ပြုလုပ်ခြင်းအားဖြင့် သူ၏ ခေတ်ပြိုင် တာလမွဒ် ဂိုဏ်းသားများ အနေနှင့် ကျမ်းစာထဲတွင် သူတို့၏ အနေ အထား ဘယ်သို့ ရှိသည် ဆိုသည်ကို သိသာ ထင်ရှားစေ ရန် ဖြစ်၏။ ထိုမျှမကဘဲ ကျမ်းစာထဲမှာ ပါသော သူတို့၏ ရပ်တည်မှု အနေအထားသည် အကြောင်း ယုတ္တိ ခိုင်မာ ကြောင်းကို အာရဗီ ဘာသာ စကားဖြင့် ဘာသာပြန် ရေး သားထားပြီး ဖြစ်သော ဂရိ ဒဿန ပညာ၊ သိပ္ပံပညာများ နှင့် တိုက်ဆိုင် လေ့လာကြည့်နိုင်ကြစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်း ဖြစ်လေသည်။

ဘုရားသခင်ထံမှ ကျလာသော ကျမ်းစာနှင့် ဆင်ခြင် ဉာဏ်မှ ပေါ်ထွက်လာသော ဒဿန ပညာများသည် တစ်ခု ကို တစ်ခု ပြည့်စုံအောင် ဖြည့်စွက်ပေးသော ဖြည့်ဘက် များ ဖြစ်ကြသည်ဟု သူက ဆိုသည်။ ထို့ကြောင့် ကျမ်းစာ ရော၊ ဒဿန ပညာရော နှစ်ခုစလုံးပင် လိုအပ်သော အရာ များ ဖြစ်ကြသည်။

ထိုသို့အားဖြင့် သူသည် ဂျူး လူမျိုးများ၏ အတွေး အခေါ်ကို လောကီ အမြင်များနှင့်လည်း ကိုက်ညီအောင် အသစ်တစ်ဖန် စနစ်တကျ ပြုလုပ်ဖို့ ကြိုးပမ်း အားထုတ် ခဲ့လေသည်။

ဘေဘီလုံမှ ပညာရှင်များ စပိန် နိုင်ငံသို့ ပြောင်းရွှေ့ သွားကြသောအခါ သူတို့သည် ဆားဒီးယား၏ လစ်ဘရယ် (လွတ်လပ်စွာ တွေးခေါ်သော) အယူအဆများကို ဆောင် ယူသွားကြလေသည်။

ထိုအတွေးအခေါ်များက စပိန် နိုင်ငံတွင် အသိဉာဏ် ပွင့်လင်းသော ဂျူး လူမျိုးများ၏ အယူအဆသစ်ကို ဖန်တီး ကြရာတွင် များစွာ အထောက်အကူ ပြုလေသည်။

စပိန် နိုင်ငံတွင် အရှေ့နှင့် အနောက် အတွေးအခေါ် များ၏ အကျိုး ရှိသော ပေါင်းဆုံမှု ဖြစ်ပေါ်ခဲ့ရာ ထို ဆုံ စည်းမှုသည် စပိန်ပြည်တွင် အတွေးအခေါ် တိုးတက်မှုကို လျှင်မြန်စေခဲ့လေသည်။ စပိန်သည် ဂျူး လူမျိုးများ၏ စာပေ ယဉ်ကျေးမှု ထွန်းကားရာ ဗဟို ဌာန အဖြစ်သို့ အလျှင်အမြန် ရောက်ရှိသွားလေသည်။

၁၀ ရာစုနှစ်က *ဂေါ်ဒိုဗာ* [၁] တွင် ဂျူး အကယ်ဒမီ တက္ကသိုလ်ကို တည်ထောင်နိုင်ခဲ့လေသည်။ ထိုတက္ကသိုလ် တွင် ပညာရှင် အဆက်ဆက်သည် ဂျူး လူမျိုးများ၏ ဆန်း သစ်သော စာပေနှင့် အတွေးအခေါ်များကို အားပေးခဲ့ကြ သည်။

၁၁ ရာစု နှင့် ၁၂ ရာစုနှစ်များ အတွင်း၌ *အီဘင် ဂါဘီရိုး* [၂]၊ *ယုဒ ဟာလီဗီ* [၃] နှင့် *အီဘင် အက်ဇရာ* [၄] စသော

---

၁။ Gordova
၂။ Ibn Gabirol
၃။ Judah Halevi
၄။ Ibn Ezra

ပညာရှင်များသည် အလွန် ရှင်းလင်း၍ တန်ဖိုး ကြီးမားသော စာပေ ကျမ်းဂန်များနှင့် ကဗျာလင်္ကာများကို ရေးသားခဲ့ကြလေသည်။

ပိုပြီး ထင်ပေါ် ကျော်ကြား၍ ကြီးကျယ်သော ပုဂ္ဂိုလ်မှာ ၁၂ ရာစုတွင် ပေါ်ထွန်းသော ပညာရှင်ကြီး *မိုးဇက် ဘင်မိုင်မွန်* [၁] (၁၁၃၅-၁၂၀၄ အေဒီ) ဖြစ်သည်။ သူ့ကို မိုးဇက်မိုင်မွန်နိုက်ဟုလည်း ခေါ်ခဲ့ကြသည်။ သူ့ကို ကော်ဒိုဗာတွင် မွေးဖွားခဲ့သည်။ သို့သော် သူ ငယ်စဉ် အခါကပင် ဘာသာရေး ညှဉ်းပန်း နှိပ်စက်မှုကြီးမှ ကင်းဝေးစေရန် မိသားစုနှင့်အတူ အီဂျစ် နိုင်ငံ ကိုင်ရိုမြို့သို့ ထွက်ပြေးခဲ့ကြသည်။

ကိုင်ရိုတွင် သူသည် အဋ္ဌကထာ ကျမ်းကြီး နှစ်စောင်ကို ရေးသားခဲ့လေသည်။ သူ၏ အဋ္ဌကထာ ကျမ်း တစ်စောင်မှာ မစ်ရှနာ ကျမ်းကို စနစ်တကျ ပြန်လည် အဓိပ္ပာယ်ဖွင့်ဆိုသော ကျမ်း ဖြစ်ပြီး အခြား ကျမ်းတစ်စောင်မှာ ဓမ္မဆရာ ရာဘိုင်များနှင့် ပတ်သက်သော ဥပဒေများကို အကျဉ်းချုပ်၍ တာလမွဒ် ကျမ်းကို ပြန်ရေးသည့်ကျမ်း ဖြစ်သည်။ မိုင်မိုနိုက်သည် ဘုရားသခင်ထံမှ ပို့ချ ဖွင့်ဆိုချက်များကို လူတို့၏ ဆင်ခြင်ဉာဏ်နှင့် ကိုက်ညီအောင် အဓိပ္ပာယ် ဖွင့်ဆိုရန် အားထုတ်ခဲ့လေသည်။

သူ၏ ဆင်ခြင်တုံတရား အယူဝါဒကို ဂျူး ပညာရှင်များစွာက လက်မခံကြပေ။ သူတို့က ဘာသာ ယုံကြည် ကိုးကွယ်မှုသည် လျှို့ဝှက်သော အဓိပ္ပာယ်နှင့် ဂမ္ဘီရ သဘောကို ဆောင်ရမည်ဟု ယူဆကြသည်။ အစိန္တေယျ ဖြစ်ရမည်။ ဆင်ခြင်ဉာဏ်ဖြင့် ကြံစည်ရုံဖြင့် အဓိပ္ပာယ် အကုန်ကို သိနိုင်စွမ်း မရှိရ။ သို့သော် ထိုသဘောများ အားလုံးကို အမှန်တကယ် ကြည်ညို ကိုင်းရှိုင်းခြင်း သဒ္ဓါ တရားဖြင့်သာ သိလာနိုင်ရမည်။

ထိုအမြင်များကို ထုတ်ဖော် တင်ပြ လာကြသူများအနက် အထင်ရှားဆုံး ပုဂ္ဂိုလ်မှာ *နာဟ်မာနိုက်* [၂] (၁၁၉၅-၁၂၇၀) ဖြစ်သည်။ သူသည် စပိန် နိုင်ငံ ဂေရိုနာ အရပ်တွင် မွေးဖွားသူ ဖြစ်သည်။ သူ့ အမြင်တွင် လူသား၏ အကန့်အသတ် ရှိသော အသိဉာဏ်လောက်ဖြင့် ထာဝရ ဘုရားသခင်၏ အနာဒိ အနန္တ သဘောကို တိုင်းထွာ ဆင်ခြင်၍ မရ၊ သူ၏ နက်ရှိုင်းသော ဘုရားသခင် အပေါ်၌ ကိုင်းရှိုင်းမှု၊ ကြည်ညို သက်ဝင်မှုဖြင့်သာ ထာဝရ ဘုရားသခင်၏ သဘော အလုံးစုံကို သိနိုင်သည်ဟု ရှုမြင်လေသည်။

ထိုနည်းတူစွာ ၁၄ ရာစုတွင်လည်း ဟာဆဒိုင် ဂရက်စ်ကပ်စ် ဆိုသူကလည်း မေတ္တာစာတ် သက်ဝင် ယုံကြည်မှုအားဖြင့်သာလျှင် ဘုရားသခင်ထံမှောက်သို့ ဆိုက်ရောက်နိုင်သည်၊ ဆင်ခြင်ဉာဏ်ဖြင့် ရှာခြင်းအားဖြင့် ဘုရားသခင်ကို ဘယ်တော့မှ မတွေ့နိုင်ဟု ဆိုလေသည်။

ဘာသာ ယုံကြည် ကိုးကွယ်မှုတွင် လျှို့ဝှက် နက်နဲသော အဓိပ္ပာယ် ပါရှိရမည် ဆိုသော ယုံကြည်ချက် အတွက် ပေါ်ထွက်လာသော ကျမ်းမှာ ကဗ်လာ ကျမ်း ဖြစ်သည်၊ ဤကျမ်းထဲတွင် ဂမ္ဘီရ သဘော ပါသော ဂဏန်းများနှင့် သင်္ကေတများ ပါရှိသည်။ ထိုဂဏန်းများ သင်္ကေတ (စမ) များကို အစီအစဉ် အမျိုးမျိုး ပြုလုပ်ခြင်းအားဖြင့် အစွမ်းသတ္တိ အမျိုးမျိုး ဖြစ်ပေါ်လာနိုင်သည်ဟု ယူဆခဲ့ကြသည်၊ (အင်း အစီအရင်၊ စမ စီအရင်မျိုးနှင့် သဘော တူမည် ထင်ပါသည်။) ဂဏန်းနှင့် အက္ခရာ စာလုံးများ အစီအရင် မှန်ကန်သွားလျှင် ထိုအင်းသည် စွမ်းသည်၊ ဘုရားသခင်နှင့် ဆက်သွယ်မိပြီး ဘုရားသခင်၏ တန်ခိုးများ ကိန်းလာသည်ဟု ယူခြင်း ဖြစ်သည်။

## ခရူးဆိတ် စစ်ပွဲများနှင့် ဂျူး ရပ်ကွက်များ

ဂျူး လူမျိုးများမှာ ဤအချိန်တွင် ပြင်သစ်၊ အင်္ဂလန်၊ ဂျာမဏီ နိုင်ငံများ အထိ ပြန့်နှံ့နေပြီ ဖြစ်၏။ ထိုနိုင်ငံများတွင် ဂျူး လူမျိုးများသည် အသက်မွေးဝမ်းကျောင်း တစ်မျိုးတည်းသော အလုပ်ကို လုပ်ကိုင်ကြပြီး ကိုယ့်အုပ်စုနှင့်ကိုယ် တသီးတခြား နေထိုင်ကြလေသည်။ ထို့နောက် မိမိတို့၏ ဘာသာ ယုံကြည် ကိုးကွယ်မှု အပေါ်တွင်လည်း သစ္စာ ရှိစွာဖြင့် ဆည်းကပ် နေကြလေသည်။ သူတို့၏ ဘာသာရေး ပွဲများကို အများပြည်သူ လူထု မမြင်တွေ့နိုင်အောင် လူသူ ဆိတ်ကွယ်ရာတွင် ကျင်းပလေ့ ရှိကြသောကြောင့် အများပြည်သူတို့အား စိတ် လှုပ်ရှားပြီး စပ်စုချင်စရာ ဖြစ်အောင်၊ မယုံသင်္ကာ ဖြစ်အောင် လုပ်သလို ဖြစ်နေတော့သည်။

အပြင်ဘက်က လူအများ၏ စိတ်ထဲတွင် ဂျူး လူမျိုးများသည် လျှို့ဝှက်၍ အများ ပြည်သူတို့၏ ငြိမ်းအေးစွာ နေမှုကို ဖျက်ဆီးရန် လုပ်ကြံနေသူများ ဖြစ်သည် ဟူသော ထင်မြင်ချက်ကို ဖြစ်ပေါ်စေခဲ့သည်။ သူတို့သည် မစ္ဆရိယ စိတ် ရှိသူများ ဖြစ်သည်ဟုလည်း စွပ်စွဲခံကြရသည်။

၁၁ ရာစု ကုန်ခါနီးတွင် ဖြစ်ပေါ်လာသော ဘာသာရေး (ခရုဆိတ်) စစ်ပွဲကြောင့်လည်း ထိုသို့ အထင်ခံရခြင်း

၁။ Moses ben Maimon ၂။ Nahmanides

ဖြစ်၏။ ထိုအခါမှ စ၍ ဂျူး လူမျိုးများအား အတိအလင်း သတ်ဖြတ် ညှဉ်းဆဲမှုများ ပေါ်ပေါက်လာလေတော့သည်။ ဂျူးများအား သတ်ဖြတ်ခြင်းကို ဂျာမဏီ နိုင်ငံက စတင် ပြုလုပ်ခဲ့သည်။ ဂျာမဏီတွင် ဂျူး လူမျိုးများအား အစုလိုက် အပုံလိုက် သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်ပြီးနောက် ထိုလူသတ်ပွဲများသည် ကျန်သော ဥရောပ တစ်ခွင်လုံးသို့ ပြန့်နှံ့ ဖြစ်ပေါ်လေတော့သည်။

လူသတ်ပွဲများ ပြုလုပ်ကြပြီးသော အခါ နိုင်ငံ အသီးသီးမှ ဂျူး လူမျိုးများကို နှင်ထုတ်ခြင်းများ ဆက်လက် ဖြစ်ပွားပြန်လေသည်။ ဂျာမဏီ နိုင်ငံတွင် တစ်မြို့ပြီး တစ်မြို့မှ ဂျူး လူမျိုး တစ်ယောက်မကျန်ကို နှင်ထုတ်ခဲ့ကြလေသည်။ အင်္ဂလန်ကလည်း ၁၂၉၀ ခုနှစ်တွင် ဥပဒေ အရ နှင်ထုတ်သည်။ ၁၃၉၄ ခုနှစ်တွင် ပြင်သစ်ပြည်သည် ဂျူး လူမျိုးများအား သူတို့ နိုင်ငံမှာ အခြေချ နေထိုင်ခြင်းကို ငြင်းပယ်လိုက်လေသည်။ ၁၄၉၂ ခုနှစ်တွင်မူ ခရစ်ယာန် အဖြစ် ဘာသာ ပြောင်းခြင်း မရှိသော ဂျူး လူမျိုးများ အားလုံးကို မောင်းထုတ်ရန် အမိန့် ထုတ်ပြန်လေတော့သည်။

သူတို့ အတွက် ထွက်လမ်း ပွင့်နေသော တစ်ခုတည်းသော ဘက်သည် အရှေ့ဘက် အရပ် ဖြစ်သည်ဟု ခံစားမိကြသော စပိန်နှင့် ဥရောပ တောင်ပိုင်းမှာ နေကြသော ဂျူး လူမျိုးများသည် တူရကီနှင့် ဆီးရီးယား နိုင်ငံများသို့ ပြေးဝင် ခိုလှုံကြလေသည်။ ထိုဒေသများသို့ ရောက်သော အခါ သူတို့သည် *လာဒီနီ* [၁] ဟု ခေါ်သော ဟေဗြဲနှင့် စပိန် ရောစပ်ထားသော ဘာသာ စကားကို ပြောဆိုကြလေသည်။

မြောက်ပိုင်းက ဂျူး လူမျိုးများသည် ပိုလန် နိုင်ငံသို့ အမြောက်အမြား ပြေးဝင် ခိုလှုံကြသည်။ ထိုဒေသက သူတို့၏ ကုန်သွယ်ရေး အတတ်ပညာနှင့် ငွေချေးခြင်း လုပ်ငန်းကို ကြိုဆို လက်ခံကြသည်။ ထိုဒေသသည် ထိုအချိန်က လူနေ ကျဲသော အရပ် ဖြစ်သည်။ သို့သော် ဂျူးများသည် ပိုလန်သားများနှင့်လည်း သွေးသား တော်စပ်အောင် ပေါင်းသင်း ဆက်ဆံခြင်း မပြုဘဲ နေခဲ့ကြသည်။ ပိုလန်သို့ ရောက်သော်လည်း ပိုလန် စကားကို မပြောဘဲ သူတို့ချင်း ပြောသော အခါ ဂျာမန် စကားနှင့် ဟေဗြဲ ဘာသာ စကားကို ရောထားသော *ယီဒစ်* [၂] ခေါ်သော စကားကိုသာ ပြောဆိုကြသည်။

အီတလီ၊ ဩစတြီးယားနှင့် ဂျာမဏီတွင် မပြောင်းရွှေ့ဘဲ ကျန်ရစ်ခဲ့ကြသူများကို ထိုနိုင်ငံသားများက လုံးဝငြင်းပယ် နှင်ထုတ်ခြင်း အထိ မပြုလုပ်ကြသော်လည်း မြို့စွန် မြို့ဖျား ကျသော အဆိုးဆုံးသော နေရာ ဒေသများတွင် *ဂက်တို* [၃] ခေါ် ရဟူဒီ လူမျိုးများ နေထိုင်ရာ အရပ်များတွင်သာ အတင်းအကျပ် နေထိုင်စေခဲ့ကြလေသည်။

ထို့ထက် ပို၍ သူတို့ အတွက် စိတ် မချမ်းသာစရာကောင်းသော ဖြစ်ရပ်မှာ ကက်သလစ် ဘုရားကျောင်း ဩဇာကြီးမားသော အရပ်များတွင် ၁၃ ရာစု အတွင်း ဂျူး လူမျိုးများအား တားမြစ်သည့် ဥပဒေ အရ ၄င်းတို့ လမ်းထွက်သော အခါ ၄င်းတို့အား ဝတ်ဆင်ရန် သတ်မှတ်ထားသော အဝတ်အစားနှင့် တံဆိပ် အမှတ်အသား ပါသော အဝတ်ကို မဝတ်ဘဲ ထွက်ပါက သေသည် အထိ အပြစ်ဒဏ် စီရင် သတ်မှတ် ထားခဲ့လေသည်။ ထို အမှတ်အသားမှာလည်း အရှက် ခွဲသော သဘောဖြင့် သတ်မှတ်ထားသော အမှတ်အသား တံဆိပ် ဖြစ်သည်။

မြို့များတွင်လည်း အများအားဖြင့် ဂျူး (ရဟူဒီ) လူမျိုးများ သီးသန့် နေထိုင်သည့် ဂက်တို ခေါ် ရပ်ကွက်များကိုလည်း မြင့်မားသော အုတ်တံတိုင်းကြီးများဖြင့် ကာရံထားကြသည်။ ညအခါတွင် ဂျူး လူမျိုးများကို ထိုအုတ်တံတိုင်း အမြင့်ကြီးများထဲတွင် သော့ခတ်၍ အကျဉ်း ချထားသလို ပြုလုပ်ခဲ့ကြသည်။ မိုးချုပ်သော အချိန်နှင့် ထိုအုတ်တံတိုင်း ပြင်ပ၌ ဂျူး လူမျိုးများကို တွေ့ရှိလျှင်လည်း သေဒဏ် စီရင်ခြင်း ခံရသည်။ ဒဏ်ငွေကိုလည်း အမြဲ ပေးဆောင်ကြရလေသည်။

## ၁၁။ ခေတ်သစ် ကမ္ဘာမှ ယုဒ ဘာသာ

ပရိုတက်စတင့် ပြုပြင် ပြောင်းလဲရေးသည် အကြောင်း များစွာ ပေါင်းစုံ၍ ဖြစ်ပေါ်လာသော အရာ တစ်ခု ဖြစ်သည်။ ထိုသို့ အကျိုးပြုသော အချက်များတွင် အရေးပါသော အချက်တစ်ချက်မှာ ပြုပြင် ပြောင်းလဲရေးသမားများက သမ္မာကျမ်းစာကို မူရင်း ဟေဗြဲ ဘာသာ စကား၊ ဂရိ ဘာသာ စကားများဖြင့် ပြန်၍ လေ့လာလိုကြခြင်း ဖြစ်သည်။

---

၁။ Ladini

၂။ Yiddish

၃။ Ghetto

*လူသာ* [၁] သည် ဂျူးနှင့် ခရစ်ယာန်များ အကြား၌ သွေးသား တော်စပ်သည့် သဘော ရှိကြောင်းကို လေ့လာ တွေ့ရှိပြီးနောက် စိတ်အား ထက်သန်ကာ ၁၅၂၃ ခုနှစ်တွင် 'ယေရှုသည် မွေးရာပါ ဂျူး လူမျိုး တစ်ဦး ဖြစ်သည်' ဆို သော စာတန်းကို ရေးသား ထုတ်ဝေခဲ့သည်။ 'ဂျူး လူမျိုး များသည် ငါတို့၏ သခင်နှင့် သွေးသား တော်စပ်သည်။ ဂျူးများက ငါတို့ထက်ပင် ခရစ်တော်နှင့် ပို၍ ရင်းနှီးသူ ဖြစ်သည်။ ... ထို့ကြောင့် ဂျူးများ အပေါ် သနား ကရုဏာ ရှေ့ထား၍ ဆက်ဆံရမည်ဟု ငါ တိုက်တွန်းပါ၏။ ငါတို့ သည် ပုပ်ရဟန်း မင်း၏ ဥပဒေကို လိုက်နာစရာ မလို၊ ခရစ်ယာန်တို့၏ မေတ္တာ တရားကိုသာ ကျင့်သုံးကြပြီးလျှင် သူတို့အား ချစ်ခင် ရင်းနှီးသော စိတ်နှလုံး ထားကြရမည်' ဟုလည်း ရေးသားခဲ့သည်။

သို့ရာတွင် လူသာ၏ ဘဝ တစ်လျှောက်တွင် ခရစ် နှစ် ပထမ သုံးရာစုကို လေ့လာကြည့်သော အခါ ဂျူးများ သည် ခရစ်ယာန် ဘာသာသို့ သက်ဝင် ယုံကြည်ခြင်း မရှိ ဘဲ အနိုင်အမာ ရပ်တည် ခုခံလာကြကြောင်းကို တွေ့ရှိရပြီး နောက် သူသည် ဂျူးများကို စတင်၍ အပြင်းအထန် ပြစ် တင် ပြောဆိုလာလေတော့သည်။

၁၅၄၂ ခုနှစ်တွင် ထုတ်ဝေခဲ့သော 'ဂျူးများနှင့် သူ တို့၏ လိမ်လည်မှုများ အကြောင်း' ဆိုသော စာတန်းတွင် ရှေးအခါက ဂျူးများသည် ခရစ်ယာန်များ၏ သောက်ရေ တွင်းများကို အဆိပ် ခတ်ခဲ့ကြကြောင်း၊ ဂျူး လူမျိုးများ သည် ခရစ်ယာန် ကလေးငယ်များကို သတ်ဖြတ်ပြီး သူ တို့၏ ရဟူဒီ *ပသခါ ယဇ်ပွဲ* [၂] အတွက် သွေးများကို ထုတ် ယူခဲ့ကြကြောင်း ကောလာဟလများကိုပါ ထည့်သွင်း ရေး သားထားလေသည်။

ဘာသာရေး ပြုပြင် ပြောင်းလဲမှုကြောင့် ဥရောပ ဂျူး များ အတွက် အမြဲတမ်း တိုးတက် ကောင်းမွန်သော အခြေ အနေသည် တကယ်တမ်း ဖြစ်မလာခဲ့ပေ။

၁၆ ရာစုနှင့် ၁၇ ရာစုများ အတွင်းတွင် ဂျူး လူမျိုး များ၏ ကံကြမ္မာသည် အနိမ့်ဆုံး အဆင့်သို့ပင် ဆိုက်ရောက် သွားလေသည်။

သူတို့သည် ရပ်သဘောအားဖြင့် တံတိုင်း ခတ်ထား သော ဂက်တိုများထဲမှာ နေရသည်သာမကဘဲ သူတို့ ဖန် တီးသော စိတ် ဝိညာဉ် ဆိုင်ရာ အကျဉ်းစခန်း ဂက်တိုများ ထဲမှာလည်း နေခဲ့ကြရလေသည်။ ထိုဂက်တိုများက သူတို့ နှင့် ကျန် ကမ္ဘာ လောကကြီး တစ်ခုလုံးကို အဆက် ပြတ် အောင် တံခါး ပိတ်ထားခြင်း ခံကြရလေသည်။

အခြေအနေ တိုးတက် ကောင်းမွန်မှု ဖြစ်လာသည် ဆို ပြန်တော့လည်း အလွန် နှေးကွေးစွာသာ ဖြစ်ပေါ်ခဲ့လေသည်။

## အရှေ့ ဥရောပ

အရှေ့ ဥရောပရှိ ဂျူး လူမျိုးများသည် ရှေးက သူတို့၏ ဘဝ နေပုံနေနည်း အတိုင်းပင် မူမပြောင်းဘဲ ဆက်လက် နေထိုင်ခဲ့ကြလေသည်။ ၁၇ ရာစုတွင် ဂျူး လူမျိုးများအား အစုလိုက် အပြုံလိုက် သတ်ဖြတ် သုတ်သင်မှုများ ပြုလုပ် ခြင်းကို ခံကြရလေသည်။ အထူးသဖြင့် ပိုလန် နိုင်ငံတွင် သူတို့အား ကော့ဆက် လူမျိုးများက သတ်ဖြတ်ကြလေ သည်။ ဒေါသ ဖြစ်နေသော ရုရှား လူမျိုးများက သူတို့၏ ပဒေသရာဇ် သက်ဦးဆံပိုင် ဘုရင်ကို တော်လှန် ပုန်ကန် ကြသော အခါတွင်လည်း ဂျူး လူမျိုးများကို အစုလိုက် အပြုံလိုက် သတ်ကြပြန်ရာ လူ ငါးထောင်ကျော် အသတ် ခံရလေသည်။

ဤကဲ့သို့ ဂျူး လူမျိုးများ အစုလိုက် အပြုံလိုက် သတ် ဖြတ်ခံရခြင်းကြောင့် ဂျူး လူမျိုးများ၏ ဘိုးဘွား အမွေ ရလာသော ဘာသာ ယုံကြည် ကိုးကွယ်မှုကို ပို၍ ခိုင်မာ စေခဲ့လေသည်။ နယ်မြေ ဒေသ အလိုက် ဘာသာရေးနှင့် ဆိုင်သော ယုံကြည် ကိုးကွယ်မှု လုပ်ငန်းများ ကွဲပြား ခြား နားမှုတော့ ရှိသည်။

လစ်သိုးနီးယားနှင့် ရုရှားဖြူ ခေါ်သော အရပ်များတွင် တာလမွဒ် ကျမ်းကို လေ့လာမှုနှင့် မူရင်း ဟေဗြဲ ဘာသာ စကားကို ပညာရေး သဘော အရ လေ့လာမှုကို ဦးစား ပေးခဲ့ကြလေသည်။

ထိုဒေသများတွင် ထူးခြားသော ကိုယ်ရည်ကိုယ်သွေး ရှိသော ပုဂ္ဂိုလ်မှာ ၁၈ ရာစုတွင် ပေါ်ထွန်းသော ပညာရှင် *ဝီလနာမှ အလီဂျာ* [၃] ဆိုသူ ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် သူ တို့ကို အုပ်စိုးသော ဓမ္မဆရာ ရာဘိုင် ဖြစ်လာသည်။ သူကား ကြီးကျယ်သော အသိပညာရှင် တစ်ဦး ဖြစ်သည်။ သူသည် တစ်ချိန်က ဟေဗြဲ သဒ္ဒါကျမ်းတတ် ပုဂ္ဂိုလ်၊ နက္ခတ္တပညာ ရှင်၊ စာရေးဆရာနှင့် ဂမ္ဘီရဝါဒီ ဟာဆီဒင်တို့၏ မုန်းတီး ခြင်း ခံရသော ရန်သူလည်း ဖြစ်လေသည်။ သူသည် ထင် ပေါ် ကျော်ကြားသော အကယ်ဒမီ ကျောင်းတော်ကြီးကို

၁။ Luther ၂။ Passover (Pesakh)

၃။ Elijah of Vilna

တည်ထောင်ခဲ့သူလည်း ဖြစ်သည်။ ၁၉ ရာစု အတွင်း ထိုကျောင်းတော်ကြီးသို့ ဥရောပ တစ်ခွင် တစ်ပြင်လုံးမှ စာသင်သားများ လာရောက်ကြပြီး တာလမွဒ် ကျမ်းကို ရေးနှစ်ပေါင်း တစ်ထောင်လောက် စောသော အချိန်က ဘေဘီလုံတွင် ရေးထုံးစဉ်လာ အရ ဘာသာရေး စာပေများကို လေ့လာကြသကဲ့သို့ လေ့လာကြလေသည်။

ပရီပက် စိမ့်မြေ အရပ်၏ တောင်ပိုင်း၊ ပိုလန် နိုင်ငံ တောင်ပိုင်းနှင့် ယူကရိန်း ဒေသများတွင် အရှေ့တိုင်း တာလမွဒ် ဝါဒ ထွန်းကားခဲ့လေသည်။ ထို ဘာသာ ယုံကြည် ကိုးကွယ်မှုသည် စိတ်လှုပ်ရှားမှု ပါသော ဂမ္ဘီရ ပညာကို လက်ခံ ကျင့်သုံးခဲ့ပြီးနောက် ထိုဝါဒသည် နောက်ဆုံးတွင် တာလမွဒ် ကျမ်းထဲတွင် ပါဝင်သော အထင်အမြင် အယူအဆများကို ပစ်ပယ်သောဘက်သို့ ဦးလှည့်သွားလေတော့သည်။

ထိုသူများထဲတွင်လည်း ထင်ရှားသော ဘာသာရေး ခေါင်းဆောင် တစ်ဦး ပေါ်ပေါက်ခဲ့လေသည်။ သူ့ကို *မိုလ်ဒါဗီးယားက အစ္စရေး* [၁] ဟုလည်း ခေါ်သည်။ နောက် ချစ်မြတ်နိုးသော အမည်သစ်ဖြင့် *ဘားလ် ရှမ်း တော့* [၂] (ဘုရားသခင်၏ အမည်တော်ဖြင့် ဖြစ်သော ဆရာကောင်း ဆရာမြတ်) ဟုလည်း ခေါ်ခဲ့ကြလေသည်။

သူ့ အယူအဆ အရ ထာဝရ ဘုရားသခင် အကြောင်းကို စဉ်းစား တွေးခေါ်သည် ဆိုခြင်းမှာ ဘုရားသခင်သည် နေရာ ဌာနတိုင်း၌ ရှိသည် ဆိုသော အချက်ကို သိမြင်နားလည်ခြင်းကို ဆိုလိုသည်။ သဘာဝ တရားထဲမှာ ဘုရားရှိသည်။ လူ့ဘဝထဲမှာ ဘုရား ရှိသည်။ လူသားတိုင်း၏ အတွေးများထဲမှာ ဘုရား ရှိသည်။ ဘာသာတရား ဆိုသည်မှာ အရာခပ်သိမ်းတို့၌ ဘုရားသခင် တည်ရှိသည် ဆိုသော အချက်ကို ခံစား သိမြင်ခြင်း ဖြစ်ပြီး ထိုကိုယ်တွင်းမှာ တည်ကိန်းသော ဘုရားသခင်ကို သိမြင်ပြီး ဝမ်းမြောက်ဝမ်းသာ ဝတ်ပြု ဆုတောင်းခြင်း ဖြစ်သည်ဟုလည်း သူက ဆိုသည်။

သူ ပြောလေ့ ရှိသော စကား တစ်ခုမှာ ဤသို့ ဖြစ်၏။

'ကျုပ် ဘဝမှာ ရလာတဲ့ အောင်မြင်မှုတွေဟာ တွေးခေါ် ဆင်ခြင် လေ့လာလို့ ရလာတာတွေ မဟုတ်ဘူး၊ ရှိခိုး ဝတ်ပြု ဆုတောင်းလို့ ရတာတွေချည်းပဲ' ဟု ဆိုလေသည်။

ရှေးက အနှစ် တစ်ထောင်ကျော်က ခေါ်ခဲ့သော 'ဟာဆီဒင်' ဆိုသော စကားလုံးကိုပင် အသုံးပြုပြီး သူ၏ နောက်လိုက်များ၊ ဘုရားသခင်ကို ကြည်ညို ကိုင်းရှိုင်းသူများကို သူက ဟာဆီဒင်ဟု ခေါ်ခဲ့လေသည်။ ထို့ကြောင့် သူ အစပျိုးခဲ့သော ဘာသာရေး လှုပ်ရှားမှုကို *ဟာဆီဒင် ဝါဒ* [၃] ဟု ခေါ်ကြလေသည်။

## ဗဟိုနှင့် အနောက် ဥရောပ

ဗဟိုနှင့် အနောက် ဥရောပ တစ်ခွင်တွင် လွန်ခဲ့သော ရာစုနှစ် နှစ်ခု အတွင်း အရေးပါသော သွင်းကုန် တစ်ခုမှာ နှေးကွေးသော်လည်း စိတ်ရှင်လန်းဖွယ် ကောင်းသော မြို့သူမြို့သားများ၏ ချို့တဲ့မှုမှ လွတ်မြောက်လာခြင်းပင် ဖြစ်၏။ ထိုဖြစ်ရပ် နောက်က ဆက်၍ ဖြစ်ပေါ်လာသော အရာမှာ 'လောကီသို့ ပြန်သွားခြင်း' ဆိုသော ဖြစ်ရပ် ဖြစ်၏။

ဥရောပ အသိပညာ ပွင့်လင်းခြင်းကို ဦးဆောင် ခေါင်းရွက် ပြုခဲ့ကြသူများကလည်း ထိုလွတ်မြောက်လာမှု၏ တရား မျှတသည့် သဘောကို လက်ခံ ခွင့်ပြုခဲ့ကြလေသည်။

၁၈ ရာစု အတွင်း ဖြစ်ပေါ်ခဲ့သော ထိုသဘောထား ပြောင်းလဲလာမှုသည် ၁၈ ရာစုနှင့် ၁၉ ရာစုခေတ်၌ ပြင်သစ်နှင့် ဂျာမဏီ နိုင်ငံများတွင် တော်လှန် ပြောင်းလဲရေး လှုပ်ရှားမှုကြီးများကို လက်တွေ့အားဖြင့် ဖြစ်ပေါ်စေခဲ့ပေတော့သည်။

၁၈ ရာစုခေတ်၌ ဥရောပတွင် ပေါ်ထွန်းသော အသိပညာရှင်များ၏ ဆင်ခြင်တုံ တရား ဝါဒနှင့် သံသယ ဝါဒများသည် ဘာသာ တရား ယုံကြည် ကိုးကွယ်မှု မှန်သမျှကို ရယ်စရာ အလုပ်များ ဖြစ်သည်ဟု ယူဆထားခဲ့ကြလေသည်။ သူတို့သည် ဘာသာရေးနှင့် လူတန်းစား အတားအဆီးများကို ယဉ်ကျေးမှု ဗဟိုချက်တွင် နှိမ့်ချထားရန် ဦးဆောင် ကြိုးပမ်းခဲ့ကြလေသည်။

သို့ဖြစ်သည့် အားလျော်စွာ ခေတ်သစ် ဂျူး လူမျိုးများ၏ ထင်ရှားသော ခေါင်းဆောင် တစ်ဦး ဖြစ်သူ *မိုးဇက် မင်ဒဲလ်ဆွန်း* [၄] ဆိုသူသည် ဘာလင် မြို့တော်တွင် ဂျူး လူမျိုးများကို တားဆီး ပိတ်ပင်ထားသော အတားအဆီးများကို ချိုးဖောက်ကာ ပညာရှင် အသိုင်းအဝိုင်း၏ ဗဟို ဌာနသို့ ရောက်သည် အထိ ထွန်းထွန်းပေါက်ပေါက် လုပ်ဆောင်နိုင်ခဲ့လေတော့သည်။ သူသည် အတတ် ပညာများကို လေ့လာ လိုက်စားရင်း ထိုစဉ်က ဘာလင် မြို့တော်တွင် စာပေအရာ၌ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ထင်ရှားနေသော

၁။ Israel of Moldavia ၂။ Baal Shem Top ၃။ Hasidism ၄။ Moses Mendelsohn

ပညာရှင်ကြီး *လက်ဇင်း*[၁] ဆိုသူနှင့် ခင်မင် ရင်းနှီးသော မိတ်ဆွေ ဖြစ်သွားကြလေသည်။ မင်ဒဲလ်ဆွန်းအား စာပေ စင်မြင့်တွင် ဝင့်ကြွားသူ ဖြစ်လာအောင် လက်ဇင်းက မြေ တောင်မြှောက် ပေးခဲ့လေသည်။

မင်ဒဲလ်ဆွန်းသည် ဂျာမန် ဘာသာဖြင့် စာပေများကို ရေးသား ပြုစုရာတွင် ဂျူးများ ပြောဆို ရေးသားသော ဂျာမန် စာပေမျိုး မဟုတ်ဘဲ ဂျာမန် လူမျိုးများ ရေးသားလိုသော ဂျာမန် စာပေမျိုးကို ပြုစုနိုင်ခဲ့လေသည်။

အသင်္ခတပဥ္စာ ကျမ်းကို မင်ဒဲလ်ဆွန်းသည် ပလေတိုး၏ ပဥ္စာကျမ်း ရေးသားသော နမူနာ အတိုင်း ရေးသား ခဲ့ရာ ဥရောပတိုက်သားများ နှစ်ခြိုက်စွာ ဖတ်ခဲ့ကြလေသည်။ သူ့လူမျိုး ဂျူးများ အတွက် အလုပ်အကျွေး ပြုသောအားဖြင့် သူသည် ဓမ္မဟောင်း သမ္မာ ကျမ်းစာမှ ပထမ ငါးကျမ်းကို အဆင့်မြင့် ဂျာမန် ဘာသာ စကားဖြင့် ဘာသာပြန် ရေးသား ခဲ့ရုံမျှမက အဆင့်မြင့် အဖွင့်ကျမ်း (အဋ္ဌကထာ) ကိုပါ ဖြည့်စွက်၍ ရေးသားခဲ့လေသည်။

သို့ရာတွင် သူ၏ အဓိကကျသော စာပေ လုပ်ငန်းမှာ သူ့ လူမျိုးများ အတွက် အသနားခံ လျှောက်လွှာများ ဖြစ်၏။ ထိုစာပေများတွင် ဂျူး လူမျိုးများအား ဂက်တို ခေါ် အကျဉ်းထောင်သဖွယ် အုပ်စုလိုက် တံတိုင်း ခတ်ထားသော ဘဝမှ လွတ်မြောက်စေပြီး တခြား လူမျိုးများနှင့် တန်းတူ ရည်တူ ဘဝဖြင့် ခေတ်သစ် ကမ္ဘာ လောကကြီးထဲသို့ ဝင် ခွင့်ပြုရေးကို ပန်ကြားထားလေသည်။ ဂျူး လူမျိုးများ သူ မြင်ချင်သလို လွတ်မြောက်သော ဘဝကိုကား သူကိုယ်တိုင် မမြင်တွေ့ခဲ့ရပေ။ သို့သော် သူ့ ဘဝ တစ်လျှောက်လုံးတွင် ဂျူး လူမျိုးများ လွတ်မြောက်ခြင်းဖြင့် ဥရောပမှာ အဖိုး တန်လာမည့် အရေးကိုကား သူကိုယ်တိုင်၏ ဘဝဖြင့် ပြသ နိုင်ခဲ့လေသည်။

## လစ်ဘရယ် ဝါဒနှင့် ပြုပြင် ပြောင်းလဲရေး

ဒီမိုကရေစီ ထွန်းကားလာပြီးနောက် အမေရိကန်ပြည်နှင့် ဥရောပတွင် ဖြစ်ပေါ်လာသော တော်လှန် ပြောင်းလဲရေးများ က နောက်ဆုံးတွင် ဂျူး လူမျိုးများအား ပြည်သူ့ လွတ်လပ် ခွင့်ကို အပြည့်အဝ ရရှိစေခဲ့လေသည်။

အမေရိကန် တော်လှန်ရေးက 'လူတိုင်းသည် လွတ် လပ်ပြီး တန်းတူ ညီမျှသော သတ္တဝါများ အဖြစ် ဖန်ဆင်း ထားသူများ ဖြစ်ကြသည်' ဆိုသော နိုင်ငံရေး ဝါဒ သဘော ထားကို ဖြစ်ပေါ် စေခဲ့လေသည်။ ပြင်သစ် တော်လှန်ရေး ကာလ အတွင်း၌ ပြင်သစ် ပြည်ရှိ ဂျူး လူမျိုးများသည် နိုင်ငံသား အခွင့်အရေးကို အပြည့်အဝ ရရှိခဲ့ကြလေသည်။ နပိုလီယန် ရောက်သွားသော နေရာတိုင်း၌ သူသည် ဂျူး ရပ်ကွက် အုတ်တံတိုင်းများကို ဖြိုဖျက်ပြီးနောက် ဂျူး လူမျိုးများအား လွတ်လပ်သော လူမျိုး အဖြစ် ကမ္ဘာမှာ ရပ်တည်စေခဲ့၏။

နပိုလီယန် ခေတ်နောက် ဖြစ်ပေါ်သော ခေတ်များတွင် ခေတ်နောက်ပြန်ရေး လုပ်ရပ်များ ဖြစ်ပေါ်လာပြန်သည်။

ဥရောပ တစ်ခွင်တစ်ပြင်လုံးတွင် ဂျူး လူမျိုးများအား အတင်း အဓမ္မ ရွေးချယ်စေခြင်းကို ပြုလုပ်ခံရပြန်သည်။ ဂျူး လူမျိုးများ အနေနှင့် ဂက်တို အုတ်တံတိုင်းများ အတွင်းသို့ ပြန်သွားကြမလား၊ ခရစ်ယာန် ဘာသာကို ခံယူကြမလား၊ ကြိုက်ရာ ရွေးချယ်စေခဲ့ကြလေသည်။

ဂျူး လူမျိုး အများအပြားမှာ ခရစ်ယာန် ဘာသာကို ခံယူခဲ့ကြရသည်။ တချို့ ဂျူးများကတော့ အကျဉ်းစခန်း များသို့ ပြန်သူ ပြန်ကြသည်။ တချို့ကမူ မြေအောက် တော် လှန်ရေး လှုပ်ရှားမှုများနှင့် လက်တွဲပြီး ခေတ် နောက်ပြန် ဆွဲ အစိုးရများ ပြုတ်ကျရေး အတွက် လျှို့ဝှက်စွာ စည်းရုံး ဆောင်ရွက်ကြလေသည်။

နောက်ဆုံးတွင် ၁၈၄၈ ခုနှင့် ထိုနှစ် နောက်ပိုင်းတွင် အုံကြွမှုကြီးများ ဖြစ်ပေါ်လာလေတော့၏။ ထို လူထု အုံ ကြွမှုကြီးများကြောင့် ဥရောပ တစ်ခွင်လုံးရှိ ဂျူး လူမျိုးများ သည် တခြား လူမျိုးများနှင့် တန်းတူရည်တူ အခွင့်အရေး ကို အပြည့်အဝ ရရှိ ခံစားရလေတော့သည်။

ဂျူး လူမျိုးများနှင့် တခြား လူမျိုးများမှာ ဥပဒေ အရ တန်းတူ အခွင့်အရေး ရရှိလာသည်။ တက္ကသိုလ်များက လည်း ဂျူး လူမျိုးများအား တံခါး ဖွင့်၍ လက်ခံလာကြ သည်။ ထိုအချိန်က စပြီး ဂျူး လူမျိုး ဆရာဝန်များ၊ နိုင်ငံ ရေးသမားများ၊ ပြဇာတ်ဆရာများ၊ ပါမောက္ခများနှင့် သိပ္ပံ ပညာရှင်များသည် ဥရောပ လူ့အဖွဲ့အစည်းထဲသို့ စီးဝင် လာကြလေတော့၏။ နိုင်ငံရေးတွင် ဒီမိုကရေစီ အောင်ပွဲ ခံလာမှုကြောင့် ဂျူး လူမျိုးများမှာ ဥရောပတွင် အများဆုံး အကျိုးပြုသူများ ဖြစ်လာကြလေသည်။

ဂျူး လူမျိုးများ လွတ်မြောက်လာခြင်းသည် ယုဒ ဘာသာရေး ကိုးကွယ်မှုတွင်လည်း ရေရှည် အကျိုး သက် ရောက်မှုများ ရှိခဲ့လေသည်။ ပညာတတ် ဂျူး လူမျိုးများ အနေနှင့် ခေတ်သစ် ကမ္ဘာမှ လုပ်ငန်း ဆောင်တာများထဲ

---

၁။ Lessing

တွင် ပါဝင် လုပ်ဆောင်လာကြရသော အခါ သူတို့၏ စိတ်ထဲတွင် ယုဒ ဘာသာသည် ရှေးကလို ဘယ်သူနှင့်မှ မရော မနှောဘဲ သီးသန့် နေပုံနေနည်းမျိုး နေ၍ မဖြစ်တော့။ ကိုယ့်ဘာသာကို ကိုယ် ကာကွယ်ရန် ပြုလုပ်ထားသော အတားအဆီးများကို ပယ်ဖျက်ပြီး ရှေးက ရှိခဲ့ဖူးသော တိုးတက်သော သဘောထားများ ပြန်လည် ခံယူ ကျင့်သုံးမှ ဖြစ်တော့မည်ဟု ရှုမြင် ခံစားလာကြရလေသည်။

ဤ ခံစားချက်၏ ရလဒ်မှာကား ပြုပြင် ပြောင်းလဲသော ယုဒ ဘာသာ ဖြစ်ပေါ်ရေး လှုပ်ရှားမှုကို ဖြစ်ပေါ်လာစေသည်။ ဤ လှုပ်ရှားမှုသည် ပြုပြင် ပြောင်းလဲရေး သမား၊ ဓမ္မဆရာ ရာဘိုင်များ အုပ်စိုး ထိန်းချုပ်သော ဘာသာရေး တရားပွဲများတွင် စတင် ဖြစ်ပေါ်ခဲ့လေသည်။ ဘာသာရေး တရားပွဲများကို လွယ်ကူ ရှင်းလင်းပြီး ခေတ်မီအောင် ဆောင်ရွက်ကြသည်။

ဥပုသ် ဝတ်ပြုပွဲများကို အကျဉ်း ချုံ့ပြီး ထိုဥပုသ်ပြုသော ပါတီမောက် ဂါထာများကို အရပ် သုံး စကားများဖြင့် ဘာသာပြန်၍ ဥပုသ် ပြုကြလေသည်။

ဘုရား ဝတ်ကျောင်းများတွင် ဓမ္မ သီချင်း ဆိုသော သံပြိုင် အဖွဲ့များ ဖွဲ့ပြီး လေမှုတ် အော်ဂင်များကို တပ်ဆင်ကြသည်။ ဓမ္မ တေးသီချင်းများကိုလည်း ဒေသသုံး စကားများဖြင့် သီဆိုလာကြသည်။ ဤလှုပ်ရှားမှု၏ အခြေခံ မူဝါဒများကို *အေဘရာဟမ် ဂိုင်ဂါ* [၁] ဆိုသူက ချမှတ် ပေးခဲ့လေသည်။

'ယုဒ ဘာသာသည် အပြီးသတ် အချောကိုင်ပြီးသော ဘာသာ တစ်ခု မဟုတ်၊ လက်ရှိ ယုဒ ဘာသာမှာ ပြုပြင်စရာ ဖျက်သိမ်းစရာ အချက်အလက် များစွာ ရှိသည်၊ ကမ္ဘာပေါ်တွင် မြင့်မား၍ ပိုမို ကောင်းမွန်သော အဆင့်အတန်း၌ ရပ်တည်လိုလျှင် ယုဒ ဘာသာကို အသစ်အဆန်း ဖြစ်အောင် ပြုပြင် မွမ်းမံရမည်' ဟူသော သဘောတရားကို ပြုပြင်ရေးသမားများက လက်ကိုင် ထားလာကြသည်။

ပြုပြင်ရေးသမားထဲတွင် သဘောထား ပျော့ပျောင်းသူများလည်း ပါသည်။ သဘောထား ပြင်းထန်သူများလည်း ပါသည်။ သဘောထား ပြင်းထန်သူများ၏ ကြေညာချက်သည် ၁၈၄၃ ခုနှစ်တွင် ပေါ်ထွက်လာသည်။ ထိုအခါ ဂျူး ကမ္ဘာ လောက တစ်ခုလုံး တုန်လှုပ်သွားခဲ့ရလေတော့သည်။

ထို ကြေညာချက်ထဲတွင် 'ပထမအားဖြင့် မိုးဇက် စတင်ခဲ့သော ဘာသာတရား၌ အတောမသတ် ဖြစ်ပေါ် တိုးတက်မှုများ ရှိနိုင်သည် ဆိုသော အချက်ကို ကျွန်ုပ်တို့ အသိအမှတ် ပြုသည်။ **ဒုတိယအားဖြင့်** အငြင်းပွားဖွယ် အချက်အလက်များ၊ တာလမွဒ် အမည်ခံသော အကျယ် ဖွင့်ဆိုသော ကျမ်းများ၊ ပြဋ္ဌာန်းချက်များ၏ ပေါင်းချုပ် ကျမ်းများသည် ကျွန်ုပ်တို့ အတွက် လက်တွေ့ သဘော ရှုထောင့်က ကြည့်လျှင် မဖြစ်မနေ လိုက်နာရမည့် အခွင့် အာဏာ ရှိသော ကျမ်းများ မဟုတ်။ **တတိယ အနေအားဖြင့်** အစ္စရေး လူမျိုးများအား ပါလက်စတိုင်း နိုင်ငံသို့ ဦးဆောင် ရှေ့ရှုက်ပြီး ပြန်လည် ခေါ်ဆောင်သွားမည့် ကယ်တင်ရှင် မေယိုယဆိုသူကို အကျွန်ုပ်တို့ မျှော်လင့်ခြင်းလည်း မပြုတော့။ အလိုလည်း မရှိတော့ပေ။ ကျွန်ုပ်တို့သည် မိမိတို့ နေထိုင်နေသည့် ဇာတိ မွေးရပ်မြေနှင့် နိုင်ငံသား အခွင့်အရေး အပြည့်အဝ ရရှိသော နိုင်ငံမှအပ တခြား အဖ နိုင်ငံတော် ဆိုသည်ကိုလည်း မလိုလားတော့ပေ။'

သို့သော် ၁၈၄၈ ခုနှစ် နောက်ပိုင်းတွင် ရှေးအယူအစွဲ သန်သူ ကွန်ဆာဗေးတစ်များက ပြုပြင် ပြောင်းလဲရေးသမားများကို ရပ်တန့်သွားအောင် ခုခံ တိုက်ခိုက်ကြပြန်သည်။ ထိုအခါမှ စ၍ ပြုပြင် ပြောင်းလဲမှုသည် အမေရိကန် နိုင်ငံသို့ ပြောင်းရွှေ့သွားလေတော့၏။

ယခုအခါ ဂျူး လူမျိုးများ၏ ပြုပြင် ပြောင်းလဲရေး လှုပ်ရှားမှုသည် အမေရိကန် နိုင်ငံတွင် သြဇာ ကြီးမား တန်ခိုး ထွားလျက် ရှိ၏။

ရှေးအယူ ရှေးမှုကိုသာ နှစ်သက်သူများက ပြုပြင် ပြောင်းလဲရေးသမားများကို အစဦး ကာလကတည်းက အပြင်းအထန် တိုက်ခိုက်လာခဲ့ကြလေသည်။

အဘယ်ကြောင့် တိုက်ခိုက်ကြသနည်း ဆိုလျှင် ပြုပြင်ရေးသမားများက ဘုရားသခင်ထံမှ ကျလာသော ဓမ္မသတ်ကျမ်းပါ ဗျာဒိတ်တော်များကို ငြင်းပယ်ကြသောကြောင့် ဖြစ်၏။ ရှေး အယူအစွဲ သန်သူများက ဓမ္မသတ်ကျမ်းပါ ယုံကြည်မှု အပိုင်းထက် ကျင့်ကြံမှု စရဏပိုင်းကို ပို၍ လက်ခံ ကျင့်သုံးရန် အားသန်ကြသည်။ သူတို့၏ ဘဝတွင် မိုးဇက်၏ ဓမ္မသတ်ကျမ်းပါ ပြဋ္ဌာန်းချက်များ အတိုင်း လိုက်နာ၍ နေလိုကြသည်။ ဥပုသ်မီး ထွန်းညှိခြင်း၊ ရှေးမှု အတိုင်း ဥပုသ် စောင့်ခြင်း၊ ရှေးက အစဉ်အလာအားဖြင့် ပြုလုပ်လာခဲ့ကြသော ဘာသာရေး ပွဲများကို အကျဉ်း ချုံးပြီး စတိလောက်သာ လုပ်ခြင်းမျိုးကို မလိုလားကြ။ အစာအာဟာရနှင့် ပတ်သက်သော ရှောင်ရန် ဆောင်ရန် စည်းကမ်း ဥပဒေများကို လည်းကောင်း၊ ယဇ်ပူဇော်ပွဲ အစားအစာများနှင့် ပတ်သက်သော ဥပဒေ စည်းကမ်းများကို တစ်သဝေ

၁။ Abraham Geiger

မတိမ်း လိုက်နာ ကျင့်သုံးလိုကြသည်။ ရှေးက ဓမ္မသတ်ကျမ်းများမှာ ပြဋ္ဌာန်းထားသော ဥပဒေ စည်းမျဉ်းများအတိုင်း လိုက်နာ ကျင့်သုံးခြင်းဖြင့် ကိလေသာ အညစ်အကြေးများကို သန့်ရှင်း စင်ကြယ်အောင် သုတ်သင် ရှင်းလင်းခြင်း မပြုဘဲနှင့် သူတော်စင် (အရိယာ) အဖြစ် ဘုရားသခင်က လက်ခံသူ အဖြစ်သို့ မရောက်နိုင်ဟု ရှေး အယူအစွဲ သန်သူများက ယူဆကြလေသည်။

သူတို့ အမြင်မှာ အခြေအနေက ခွင့်ပြုသမျှ ရှေးက ဓမ္မသတ်ကျမ်းပါ တရားတော်များ အတိုင်း ဂျူး လူမျိုးများ အနေနှင့် ဂရုတစိုက် လိုက်နာ ကျင့်သုံးကြရမည်ဟု ယူဆကြလေသည်။

## ဇီယွန် ဝါဒ[၁]

ပြုပြင် ပြောင်းလဲရေးသမား ဂျူးလူမျိုးများရော ရှေး အယူအစွဲသန်သော ဂျူးများ အတွက်ပါ လွယ်ကူ ချောပြေသည်တော့ မဟုတ်ပေ။ ၁၉ ရာစု ဒုတိယပိုင်း ကာလ အတွင်း၌ ဂျူး လူမျိုးများ၏ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်း ဆိုင်ရာ အောင်မြင်မှုများကြောင့် ဥရောပတွင် ဂျူး လူမျိုး ဆန့်ကျင်ရေး ဝါဒ လှိုင်းသစ် တစ်ရပ် ပေါ်လာအောင် လှုံ့ဆော် သွေးဆွပေးသလို ဖြစ်ခဲ့ပြန်သည်။ ရုရှ နိုင်ငံမှာ ဂျူး လူမျိုးများ အစုလိုက် အပြုံလိုက် အသတ်ခံရသည်။ ရန်ငြိုးထားပြီး လက်စား ချေတတ်သော ဂျူး လူမျိုးများသည် ဂျာမဏီ နိုင်ငံတွင် ညှဉ်းပန်းခြင်း၊ အနိုင်ကျင့်ခြင်းကို ခံကြရသည်။

ပြင်သစ် ပြည်တွင်လည်း လူသိများ ထင်ရှားသော *ဒရေးဖပ်စ်*[၂] အမှု ပေါ်ပေါက်ခဲ့သည်။ (ထိုအမှုမှာ ပြင်သစ်ပြည်တွင် ဂျူး လူမျိုး ကြည်းတပ် အရာရှိ တစ်ဦး ဖြစ်သူ အဲလဖရက် ဒရေးဖပ်စ်အား သစ္စာ ဖောက်မှုဖြင့် မှားယွင်းစွာ စွပ်စွဲခံရခြင်း ဖြစ်သည်။)

ဤဖြစ်ရပ်များက ဂျူး လူမျိုးများအား သူတစ်ပါး နိုင်ငံတွင် ခိုလှုံနေရသော ဘဝသည် လုံခြုံမှု မရှိ၊ ဂျူး လူမျိုးများ အတွက် ဘဝ လုံခြုံမှု ရှိရေးမှာ မိမိတို့၏ အမျိုးသား တိုင်းပြည် ပါလက်စတိုင်း နိုင်ငံကို ပြန်လည် တည်ထောင်မှသာ ဖြစ်နိုင်မည် ဆိုသော အယူအဆကို ယုံကြည် သက်ဝင် လာစေခဲ့လေတော့သည်။

ဤ ထင်မြင် ယူဆချက်ကို အစိုင်အခဲ ဖြစ်အောင် ဖန်တီး ပေးလိုက်သော သမိုင်း မှတ်တိုင်မှာ *သီယိုဒို ဟာဇဲလ်*[၃] ရေးသားသော ၁၈၉၆ ခုနှစ်ထုတ် စာအုပ် '*ဂျူးနိုင်ငံ*'[၄] ဖြစ်သည်။

ဤ စာအုပ်ပါ အယူအဆများကို အခြေခံပြီး နိုင်ငံတကာက အရေးတယူ သတိမူရလောက်သော လှုပ်ရှားမှု တစ်ရပ် လျှင်မြန်စွာ ပေါ်ပေါက်လာလေတော့သည်။

ထို လှုပ်ရှားမှုကို **ဇီယွန် ဝါဒ** ဟု ခေါ်ကြရလေသည်။ အစကတည်းကပင် ဇီယွန် ဝါဒကို ရှေး အယူအစွဲ သန်သော ဂျူးများက ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံ အားပေးခဲ့ကြလေသည်။ ယခုမူ ပြုပြင်ရေးသမား ဂျူးများကလည်း ဇီယွန် ဝါဒကို ထောက်ခံနေကြပြီ။ အစကမူ ပြုပြင်ရေးသမား ဂျူးများက ဤဝါဒကို ခေတ်နောက်ပြန်ဆွဲ ဝါဒဟု ရှုမြင်ကာ ဆန့်ကျင်နေခဲ့ကြလေသည်။

ပထမ ကမ္ဘာစစ်ကြီး အတွင်းတွင် *ဘာလ်ဖိုး ကြေညာ စာတမ်း*[၅] ကို ထုတ်ဝေလိုက်ကြသည်။

ဗြိတိသျှ အစိုးရက ထိုကြေညာစာတမ်းကို ထောက်ခံသောအားဖြင့် 'ဂျူး လူမျိုးများ အတွက် ပါလက်စတိုင်း အမျိုးသား တိုင်းပြည် ထူထောင်ရေး' ကို အရေး ပေးခဲ့လေသည်။ ဤရည်မှန်းချက် အောင်မြင်အောင် အထောက်အပံ့ ပြုရေး ကိစ္စကိုလည်း ဗြိတိသျှ အစိုးရက လိုလားသောကြောင့် ဇီယွန် ဝါဒီများ၏ လှုပ်ရှားမှုသည် နေ့ချင်းညချင်း နိုင်ငံရေး လှုပ်ရှားမှုကြီး အဆင့်သို့ ဆိုက်ရောက်သွားလေတော့၏။

နောက်နှစ်ပေါင်း နှစ်ဆယ် အတွင်းတွင် ဂျူး လူမျိုး ထောင်ပေါင်း များစွာတို့သည် ပါလက်စတိုင်း ဒေသသို့ သွားကြလေသည်။ ဗြိတိသျှ အစိုးရ၏ အကာအကွယ် ပေးမှုဖြင့် ထိုအရပ်ဒေသ၌ ဂျူး လူမျိုးများ၏ အမျိုးသား ဘဝကို တည်ဆောက်ရန် အတွက် အုတ်မြစ်ကို အခိုင်အမာ ချကြလေတော့၏။

ဒုတိယ ကမ္ဘာစစ် အတွင်း နာဇီများက ဂျူး လူမျိုးများကို အစုလိုက် အပြုံလိုက် မီးလောင်တိုက် သွင်းပြီး သတ်ဖြတ်ခဲ့ခြင်းနှင့် ဒုတိယ ကမ္ဘာစစ်ကြောင့် ဖြစ်ပေါ်လာသော နေရာ အပြောင်းအလဲ ဖြစ်မှုများကြောင့် ကမ္ဘာပေါ်ရှိ ဂျူး လူမျိုးများအား လွတ်လပ်သော ဂျူးနိုင်ငံ ထူထောင်ရေးကို အရှိန်အဟုန် မြင့်အားလာအောင် တွန်းအား ပေးသလို ဖြစ်

၁။ Zionism
၂။ Dreyfus
၃။ Theodor Herzl
၄။ The Jewish State
၅။ Balfour Declaration

သွားလေတော့သည်။ ကမ္ဘာကြီးက စောင့်ကြည့်နေစဉ်မှာပင် ၁၉၄၇ ခုနှစ်တွင် ကျင်းပသော ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးက ပါလက်စတိုင်း ဒေသကို ပိုင်းခြားပေးပြီး ဂျူး နိုင်ငံ တည်ထောင်ခြင်း ကိစ္စ လက်တွေ့ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးခဲ့လေတော့သည်။

ဤ ဆုံးဖြတ်ချက်ကို အာရပ် နိုင်ငံများက အပြင်းအထန် ကန့်ကွက်ခဲ့ကြလေသည်။

ထို့အတူ ဂျူးများထဲမှာလည်း ပါလက်စတိုင်း ဒေသတွင် ဂျူး လူမျိုးများ၏ နိုင်ငံကို တည်ထောင်မှသာ ဂျူး ဖြစ်သည် မဟုတ်၊ ဘယ်မှာပဲနေနေ ဂျူး လူမျိုးများ အနေနှင့် ထာဝရ ဘုရားသခင် ရှိကြောင်း သက်သေခံဖို့သာ အရေးကြီးသည် ဆိုသော အမြင်ကို အမေရိကန်ပြည်သား ဖြစ်နေကြသော ဂျူး လူမျိုးများက တင်ပြလာကြပြန်သည်။

ယခုတိုင် ဂျူး လူမျိုးများထဲမှာ အမြင်ချင်း မတူသော အုပ်စုများ ကွဲပြားနေသည်။

ယုဒ ဘာသာ၏ အနာဂတ်သည် ထို အယူ ကွဲပြားနေသော ဂျူး လူမျိုးများ အကြားမှာ တည်ရှိသည်ဟု ဆိုသင့်မည် ထင်ပါသည်။

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


1. W.F. Albright From stoneage to Christianity
2. Lwis Browne Edt. The Wisdom of Israel
3. A. Cohen Everyman's Talmud
4. R. Kittel The Religion of the People of Israel
5. Oesterley and Robinson Hebrew Religion, Its Origin and Development

## အခန်း ( ၁၄ )
## ခရစ်ယာန် ဘာသာ - စင်တော်ဖွင့် ကာလ
## [ ယေရှု၏ ဘာသာ ]

ခရစ်ယာန် ဘာသာ၏ ဝတ္ထုကြောင်းသည် ထိုဘာသာကို ထူထောင်သော ထာဝရ နတ်ဘုရားသခင်က လူ့ပြည်သို့ လူသား အသွင်ဖြင့် သက်ဆင်းတော်မူလာခြင်း ဟူသော ဝတ္ထုကြောင်း အရ ပေါ်ထွန်းလာခြင်း ဖြစ်သည်။ အခြားသော ဘာသာ ယုံကြည် ကိုးကွယ်မှုများတွင် လူဝင်စားသဘောတရားကို လက်ခံထားကြသော်လည်း ထိုအချက်ကို ထိုဘာသာ၏ အချက်အချာ အယူအဆ အဖြစ် သတ်မှတ် မထားတတ်ကြပေ။ ခရစ်ယာန် ဘာသာမှာ ယေရှုသည် ဘုရားသခင်၏ စရိုက် လက္ခဏာများ အားလုံးကို ရှင်းလင်းစွာ သရုပ်သကန် ပေါ်အောင် ပုံဖော်သော ပုဂ္ဂိုလ် ဖြစ်သည် ဆိုသော အချက် အပေါ်၌ အခြားသော ခရစ်ယာန် အယူဝါဒများကို သဘော အဓိပ္ပာယ် သက်ရောက်စေခဲ့လေသည်။

ထာဝရ ဘုရားသခင်က လူသား အသွင် ဝင်စားခြင်းဖြင့် အစ ပျိုးခဲ့သော ဘာသာတရားသည် နောက်ပိုင်းကျတော့ လုံးဝ လူဆန်သော သဘောသို့ သက်ရောက်သွားသည်။ လူဆန်လိုက်သည်မှာ အဝိဇ္ဇာ တဏှာဖြင့် လိမ်းကျံသော ပုထုဇဉ် လုံးလုံး ဆန်သွားသည် ဟူ၍ပင် ဆိုသင့်ပေတော့သည်။

ဤဘာသာ၏ ဝတ္ထုကြောင်းကား ရှည်လျားလှပေ၏။

ဤ ခရစ်ယာန် ဘာသာ၏ ဇာတ်ဝတ္ထုကြောင်းကို တိုတို နှောင်းနှောင်း အကျဉ်း ချုံးပြီး ရှင်းအောင် ပြောရန် မလွယ်ပေ။

ခရစ်ယာန် ဘာသာ၏ ပထမ ရာစုတွင် ကျမ်း စာအုပ်များကို အခြားသော သမိုင်းကြောင်း အရ ခေတ်ပြိုင် ကာလများမှာထက် ပို၍ ရေးသားခဲ့ကြလေသည်။ ထိုသို့ စာပေ ကျမ်းဂန်များ ပေါ်ထွန်းလာရသော အဓိက အရင်း အမြစ်မှာ ဓမ္မသစ် ကျမ်းစာပါ *ဂေါ်စပယ်* [၁] ခေါ်သော ခရစ်တော်၏ ဘဝ အတ္ထုပ္ပတ္တိနှင့် သူ၏ ဟောကြားချက်များနှင့် ဓမ္မသစ်ကျမ်းမှာ ပါသော *အီပစ္စယ်* [၂] ခေါ် စာသဝဏ်များပင် ဖြစ်သည်။

ထိုကာလ အတွင်း၌ စူးစမ်းလိုသော စိတ်သဘောထားရှိသူများက ထိုအကြောင်းအရာများကို စေ့စေ့စပ်စပ် ရှာဖွေဖော်ထုတ်ခဲ့ကြလေသည်။ နောက် ၇၅ နှစ် အတွင်းမှာ ထိုကျမ်းစာများကို သမိုင်းကြောင်း အရ ဝေဖန် သုံးသပ် အကဲဖြတ်မှုများကို ပြုလုပ်ခဲ့ကြရာ ဓမ္မသစ် ကျမ်းစာမှာ ပါသော ခရစ်ယာန် ဘာသာမှ ခရစ်တော် အကြောင်း အတ္ထုပ္ပတ္တိစာများက ယေရှု ခရစ်တော် ကိုယ်တိုင် ဟောကြားသော ခရစ်ယာန် ဘာသာ အကြောင်း မှတ်တမ်းများကို ဖုံးဖိ၍ ပြုပြင်ထားသည် ဟူသော အဆုံးအဖြတ်သို့ ဆိုက်ရောက်သွားစေလေတော့သည်။ သို့သော် ပြုပြင် ပြောင်းလဲထားမှု အတိုင်းအတာ ဘယ်၍ ဘယ်မျှ ရှိသည် ဆိုသော အချက်အပေါ်တွင်မူကား စိတ်ဝမ်းတူညီမှု မရရှိခဲ့ကြပေ။

ထင်ရှားသော အချက်မှာ ယေရှု ခရစ်တော် ကိုယ်တိုင်က သူ၏ ဟောကြားချက် ဒေသနာတော်များကို စာဖြင့် ရေးသား၍ မှတ်တမ်း ပြုထားခဲ့ခြင်း မရှိ ဆိုသော အချက်ဖြစ်သည်။

သူသည် သူ၏ နောက်လိုက် တပည့် သာဝကကြီးများ အပေါ်မှာသာ အားကိုးအားထား ပြု၍ ထိုသာဝကကြီးများ မှတ်သားထားသော သူ၏ ဟောကြားချက်များ၊ သင်ကြားချက်များကို ထပ်ဆင့်၍ လှည့်လည် ဟောကြားစေခဲ့လေသည်။

သမိုင်း ဆရာများက ယေဘုယျအားဖြင့် ခရစ်တော် ကွယ်လွန် အနှစ် ၃၀ ရောက်ပြီးခါမှ သူ့ တပည့် သာဝက အချို့က သူ၏ သင်ကြားချက်များကို မမေ့မီ ရေးသား၍ မှတ်တမ်း တင်ခဲ့ကြသည်ဟု ယူဆကြသည်။

---

၁။ Gospels

၂။ Epistles

## ၁။ ယေရှု သခင် ပွင့်လာသော ကမ္ဘာ လောက

မကြာမြင့်မီ ကာလကမှ ရောမတို့၏ စိုးပိုင်သော လက်အောက်ခံ နယ်မြေ ဖြစ်လာသော ဒေသတွင် ယေရှု သခင် ဖွားမြင်လာခြင်း၌ ထူးခြားချက် အချို့ ရှိသည် ဟူ၍ စတင်ပြောဆိုသင့်၏။ နောက်ဆုံး ရောမ စစ်အင်အားဖြင့် သိမ်းပိုက်ခြင်း ခံရသော ဒေသများ အနက် တစ်ခုမှာ ပါလက်စတိုင်း ဒေသ ဖြစ်၏။ အထက်တွင် တွေ့မြင် သိရှိရပြီး ဖြစ်သကဲ့သို့ ဂျူး လူမျိုးများမှာ တိုင်းတစ်ပါးသားတို့၏ ထမ်းပိုး အောက်သို့ တစ်ကြိမ်ပြီး တစ်ကြိမ် ဆိုက်ရောက်ခဲ့ကြရလေသည်။ သို့ဆိုက်ရောက်ခဲ့ကြရာတွင် ရောမ လူမျိုးတို့၏ အုပ်စိုးမှုသည် တခြား လူများ အုပ်စိုးမှုထက် ပို၍ သည်းခံစိတ် မရှိ ဖြစ်လာစေခဲ့သည်ဟု ဆိုသင့်၏။ ဤသို့ ဖြစ်ရခြင်းမှာ ရောမ လူမျိုးများသည် အထွတ်အထိပ်က နေလိုခြင်းလည်း တစ်ရပ်၊ သူတို့မှာ ဒေသခံ ပြည်သူများ အပေါ် စည်းကမ်းတကျ အုပ်စိုးလိုသော ခံစားချက် ကဲလွန်လျက် ရှိခြင်းလည်း တစ်ရပ်ကြောင့် ဖြစ်၏။

ဤအချက်များတွင် ရောမ လူမျိုးများနှင့် ဂရိ လူမျိုးများ ကွာခြား၏။ ဂရိ လူမျိုးများမှာ စာနာစိတ် ရှိ၏။ စိတ်ကူးယဉ်ပြီး အတုံ့အပြန်အားဖြင့် ဆက်ဆံတတ်သော လူမျိုးဖြစ်၏။ ရောက်ရာ အရပ် ဒေသရှိ ပြည်သူများနှင့် လိုက်လိုက်လျောလျော ဆက်ဆံ၏။ ထိုအရပ်ဒေသရှိ လူများ၏ အတွေးအခေါ် အယူအဆများကို တန်ဖိုး ထားထိုက်သည်ကို တန်ဖိုး ထား၍ လေးလေးစားစားလည်း ဆက်ဆံတတ်ကြ၏။ သို့သော် ဂျူး လူမျိုးများနှင့် ရောမ လူမျိုးများမှာ ပြဒါး တစ်လမ်း သံ တစ်လမ်း ဖြစ်နေကြ၏။ တစ်ဦးနှင့် တစ်ဦး ကြည့်လျှင် လျှို့ဝှက်သော စကားဝှက် ပဟေဠိလို အကြည့်မျိုးဖြင့်သာ ကြည့်ကြ၏။ တစ်ဦးကို တစ်ဦး နားလည်အောင် အားမထုတ်ကြပေ။

ဤကဲ့သို့ တစ်ဦးကို တစ်ဦး ခက်မာသော စိတ်နှလုံးထားဖြင့် ဆက်ဆံလျက် ရှိကြရာ အဆင်ပြေအောင် ပြုလုပ်နိုင်မည့် အလားအလာများကို ပိတ်ပင်ထားသလိုသာ ဖြစ်နေ၏။ သို့ဖြစ်ရာ အရပ် ဒေသ တစ်ခုတည်းတွင် သူတို့ အတူတူ နေကြခြင်းသည် လူမှုရေး အုံကြွမှုကို မလွဲမသွေ ဖြစ်ပေါ်စေမည့် အခြေအနေကိုသာ ပေါ်ပေါက်စေလျက် ရှိ၏။

ဤ ဖြစ်ရပ် ဤ အခြေအနေသည် ပါလက်စတိုင်း ဒေသ အနှံ့အပြားမှာ ဖြစ်ပေါ်လျက် ရှိပေရာ ယေရှုသည် သူ ငယ်စဉ် ဘဝမှာပင် သူ့ ပတ်ဝန်းကျင်၌ လျင်မြန်စွာ ပြောင်းလဲ ဖြစ်ပေါ်နေသော နိုင်ငံရေးနှင့် လူမှုရေး ဘဝ အခြေအနေများနှင့် ပတ်သက်သော ရှုပ်ထွေးသော ခံစားချက်ကို ခံစားခဲ့ရပြီး ဖြစ်နိုင်ပေသည်။ သူ ကြီးပြင်းလာတော့လည်း အငြင်း ပွားရင်း ပဋိပက္ခ ဖြစ်ကာ မုန်းတီးမှုများသာ ရှိသော ပတ်ဝန်းကျင် အခြေအနေထဲမှာ ကြီးပြင်းလာခဲ့ရ၏။ ထိုဒေသ၌ စကား အချေအတင် ပြောဆိုနေမှုကလည်း အတော မသတ် ဖြစ်နေ၏။ အဖြစ်အပျက်များကြောင့် လူကြီးများ၏ စိတ်ထဲမှာ ဝေခွဲ မရအောင် ဖြစ်လျက် ရှိ၏။ တိုးပွားလာသော တင်းမာမှုများကြောင့်လည်း စိတ်ဆင်းရဲလျက် ရှိကြ၏။

ယခုထက်တိုင်အောင်ပင် ထိုဒေသ၏ အခြေအနေကို သမိုင်းဆရာများသည် ရှုပ်ထွေးနေသော ခေတ် သက်ဆိုးရှည်နေဆဲ ဖြစ်သည်ဟု ရှုမြင် အကဲဖြတ်ကြ၏။ သို့ဖြစ်မူ ခေတ်ပြိုင် လူများ အနေနှင့် ဘယ်သို့ ခံစား ကြရပါမည်နည်း။

### ယေရှု ခေတ်တွင် ပါလက်စတိုင်း ဒေသ၏ နိုင်ငံရေး ခွဲခြားမှုများ

ယေရှု ဘုရားသခင် ဖွားမြင်ခါနီး အချိန်၌ *မဟာ ဟီရော့ဒ်* [၁] ဘုရင်ကြီး နတ်ရွာစံလေသည်။ ဟီရော့ဒ် ဘုရင်၏ သား သုံးယောက်တို့သည် နောက်ဆက်တွဲ ကျရောက်လာမည့် ဆိုးရွားသော မသင်္ကာဖွယ် အခြေအနေမှ လွတ်မြောက်ပြီး

၁။ Herod the Great

အသက် ချမ်းသာရေး အတွက် ထွက်ပြေးသွားကြ၏။ ဟီရော့ဒ် ဘုရင်သည် သူ၏ သေတမ်းစာတွင် ပါလက်စတိုင်း ဒေသကို သားသုံးယောက် အတွက် သုံးပိုင်း ခွဲခြားပေးရန် မှာကြားထားခဲ့၏။ ထိုအချိန်၌ ထိုစိတ်မချမ်းသာဖွယ် ဖြစ်နေသော နိုင်ငံတွင် ထကြွ ပုန်ကန် သောင်းကျန်းမှုများ ဖြစ်ပေါ်လုဆဲဆဲ အခြေအနေ ဆိုက်ရောက်လျက် ရှိ၏။

ထိုအခါ ဟီရော့ဒ်၏ သား သုံးယောက်သည် ရောမမြို့တော်သို့ အလျင်အမြန် သွားရောက်ကြပြီးလျှင် သူတို့၏ သေတမ်းစာပါ အမွေ ပစ္စည်းကို အတည်ပြုချက် ရယူရန် ဆောင်ရွက်ကြလေသည်။

ထိုအခါ ဩဂတ်စတပ် ဆီဇာ ဘုရင်ကြီးက ယုဒိယ၊ ဆီးရီးယားနှင့် အိဒုမီးယား ဒေသတို့ကို *အာခီလော့စ်* [၁] အား ပေး၏။ ဂါလီလီနှင့် ပဲရီးယားကို *ဟီရော့ဒ် အန်တီပတ်* [၂] အား ပေး၏။ ထို့နောက် ဂါလီလီ ရေကန်ကြီး၏ အရှေ့မြောက်ပိုင်း ဒေသကို ဖိလစ်အား ပေး၏။ သို့သော် အာခီလော့စ်အားမူ အာဏာကုန် လွှဲအပ်ပေးခြင်း မပြုဘဲ ထား၏။ အခြားသော ဟီရော့ဒ်၏ သားနှစ်ယောက်ကိုမူကား အလုံးစုံ အာဏာကုန် အပ်နှင်းလိုက်၏။

ဩဂတ်စတပ် ဆီဇာ၏ သတိနှင့် ဆောင်ရွက်မှုသည် အကျိုးအကြောင်း ခိုင်လုံကြောင်းကို တွေ့ရ၏။ အဘယ်ကြောင့် ဆိုသော် နောင်ကိုးနှစ် ကြာသော အခါ ကေရာဇ် ဘုရင်ကြီး၏ ရှေ့မှောက်တွင် အာခီလော့စ်အား ပြင်းထန်သော စွဲချက် အမျိုးမျိုး အတင်ခံရကာ သူ့အား ဂေါလ်သို့ အပို့ ခံရကာ ဖျောက်ဖျက် ပစ်လိုက်ရလေသည်။ အာခီလော့စ်၏ အရိုက်အရာကို အဝေးရောက် မြို့ဝန် အမည်ခံသူ ရောမ အရာရှိ တစ်ဦးအား ပေးအပ်လိုက်၏။ သူသည် ဆီးရီးယား၏ ဘုရင်ခံ ရာထူးတာဝန်ကိုပါ အပ်နှင်းခြင်း ခံရလေသည်။

အဝေးရောက် မြို့ဝန် တစ်ဦးပြီး တစ်ဦး ပြောင်း၍ အုပ်ချုပ်ခဲ့၏။ သူတို့သည် ယုဒိယကို ဆီဇာရီးယားမှ နေ၍ အုပ်ချုပ်ကြ၏။ ဆီဇာရီးယားသည် ဂျေရုဆလင် မြို့၏ အောက်ဘက် ပင်လယ် ကမ်းခြေမှာ တည်ရှိ၏။

ဂျူး လူမျိုးများ၏ နောက်ကွယ်တွင် သမိုင်းကို ပြောင်းလဲသွားအောင် ပြုလုပ်နိုင်သော အင်အားစုများ ရှိသည်ဟု ထိုအဝေးရောက် ဘုရင်ခံများက မယူဆခဲ့ကြပေ။ ထိုဘုရင်ခံ အချို့သည် လုယက် စားတတ်သော အရှက် အကြောက်ကင်းသူများ ဖြစ်ကြ၏။ ရောမသို့ ပြန်ပြီး အနား ယူသော အခါ စည်းစိမ်ချမ်းသာ အပြည့်အဝဖြင့် နေနိုင်အောင် ငွေများများ အလုံအလောက် ရရှိဖို့ကိုသာ အရေး ထားကြသူများ ဖြစ်၏။ သူတို့သည် နိုင်ငံရေး သက်ညှာမှု အနေနှင့် ဂျူး လူမျိုးများအား လူမှု အခွင့်အရေးနှင့် ဘာသာရေး အခွင့်အရေး တော်တော်များများကို လိုက်လျော ခွင့်ပြုထားကြစေကာမူ (၄င်းမှာ ရောမ အင်ပိုင်ယာ စနစ်က ခွင့်ပြုထားသလောက်သာ ဖြစ်၏။) သူတို့သည် ဂျူး ဘာသာရေး ကိုးကွယ်မှု အပေါ်တွင် အဝေးကနေပြီး ချုပ်ကိုင်ထားနိုင်အောင်လည်း စီစဉ် ဆောင်ရွက်ထားကြလေသည်။

ဥပမာ အားဖြင့် သူတို့သည် အဆင့်မြင့် နတ်ဆရာ ဝတ်ဆင်ရသော ဝတ်ရုံတော်ကို *အန်တိုနီးယား မျှော်စင်* [၃] ထဲမှာ သိမ်းဆည်းထား၏။ ဘာသာရေး ပွဲလမ်းသဘင်များ ကျမှသာ ထိုနတ်ဆရာများ ဝတ်ဆင်နိုင်အောင် ထုတ်ယူခွင့် ပြု၏။ ဤသို့ ပြုလုပ်ခြင်း၏ အဓိပ္ပာယ်မှာ အဆင့်မြင့် နတ်ဆရာများ၏ ရာထူး ခန့်ထားခြင်းကို ထိန်းချုပ်ထားသည့် အဓိပ္ပာယ် ဖြစ်၏။ သူတို့ အလိုကျသော နတ်ဆရာကိုသာ ထိုအဆင့်မြင့် နတ်ဆရာ ဝတ်စုံကို ထုတ်ယူ ဝတ်ဆင်ခွင့်ပြုခြင်းဖြင့် ထိန်းချုပ်ထားခြင်း ဖြစ်၏။

သူတို့သည် အခါအားလျော်စွာ ဂျေရုဆလင် မြို့တော်၌ စစ်ဝတ်စုံ အပြည့်နှင့် ဒိုင်းလွှား ကာထားသော ဩဂတ်စတပ် ဆီဇာ၏ ရုပ်တုကိုလည်း ကေရာဇ် နတ်အဖြစ် ထားတတ်ကြလေသည်။ သို့သော် ထိုသို့ ပြုလုပ်သော အခါတိုင်း ဂျူး လူမျိုးများက ကန့်ကွက်တတ်ကြလေသည်။ ထိုအခါ အဝေးရောက် မြို့ဝန် ဘုရင်ခံများသည် အတင်း အဓမ္မ မပြုလုပ်ကြတော့ပေ။

ဤသို့သော ပတ်ဝန်းကျင် အခြေအနေမျိုးထဲတွင် ယေရှုသည် မပျော်ပိုက်နိုင်ပေ။ ထိုသို့သော စိတ်ပျက် အားငယ်စရာ ကောင်းသော အခြေအနေ ပတ်ဝန်းကျင်ထဲတွင် ဂျူးများကလည်း သူတို့ အချင်းချင်း ပူးပေါင်း၍ အုံကြွရန် အားထုတ်ကြ၏။ ဖာရစီများက ဆာဒ္ဒူးဆီးများနှင့် ပူးပေါင်းကြ၏။ ဇီးလော့တ်နှင့် ဟီရော့ဒ် နောက်လိုက်များက ကျန်လူများနှင့် ပူးပေါင်းကာ အုံကြွနေကြလေသည်။

## ဂါလီလီမှ အခြေအနေ

တစ်ဖက်တွင် ဂါလီလီ၌ကား စိတ် နာကြည်းမှု အမျက်ဒေါသ ဖြစ်မှုများမှာ ပို၍နည်း လျော့နည်းနေလေသည်။ ထိုဒေသတွင် အရောရော အနှောနှော ဖြစ်နေသော ပြည်သူ

၁။ Archelaus ၂။ Herod Antipas

၃။ Tower of Antonia

များကို ဟီရော့ဒ် အန်တီပတ်က စိုးမိုး အုပ်ချုပ် မင်းလုပ် နေရလေသည်။ ဂျူး လူမျိုးများမှာ လူများစု ဖြစ်သည်။ ထို ဒေသတွင် ဂရိ ဘာသာစကား ပြောသူများလည်း ရှိသည်။ ထို့ပြင် ပင်လယ်ကမ်းခြေ ဒေသမှ ဆီးရီးယား အထိ လည်း ကောင်း၊ ကုန်းတွင်းပိုင်း ဒေသမှ မြောက်ပိုင်း အထိ လည်း ကောင်း နေထိုင်ကြသူများသည် ဖိုနီးရှန်း လူမျိုးများ ဖြစ်ကြသည်။ အချို့သော ခရိုင် မြို့များ၌ ဤ ဂျူး မဟုတ်သော လူမျိုးများထက် ဂျူး လူမျိုးများက အရေအတွက် သာလွန် များပြားသည်။ ထို့ပြင် ဂျော်ဒန်မြစ်ကို ဖြတ်ကျော် သွားလျှင် ပယ်ရီးယား နယ်မြေ အတွင်းမှာပင် ဖြစ်သော် လည်း ဟီရော့ဒ်၏ အုပ်ချုပ်မှု အာဏာ သက်ရောက်ခြင်း မရှိသော ကိုယ်ပိုင် အုပ်ချုပ်ရေး မြို့နယ် ဆယ်ခု ရှိနေသေး သည်။

ထို ကိုယ်ပိုင် အုပ်ချုပ်ရေး မြို့နယ် ဆယ်ခုသည် ဂရိ လူမျိုးတို့၏ မြို့နိုင်ငံ ပုံစံဖြင့် အဖွဲ့ချုပ် ဖွဲ့စည်းထားကြလေ သည်။ ဤ မြို့နိုင်ငံ အဖွဲ့အစည်းမှာ အလက်ဇန္ဒား ဘုရင်၏ စိတ်ကူးယဉ် အိပ်မက်ထဲက နိုင်ငံတကာ အဖွဲ့အစည်း ပုံစံ သစ်ကို ပါလက်စတိုင်း ဒေသ၌ ဖော်ပြချက် တစ်ခုလည်း ဖြစ်၏။ ဤ မြို့နိုင်ငံ အဖွဲ့အစည်း တည်ရှိနေခြင်းသည် အဘယ်ကြောင့် ဟီရော့ဒ် အန်တီပတ်က နိုင်ငံတကာ ဝါဒကို လိုက်စားသလဲ ဆိုသော အချက်ကို ဖြေရှင်းရာ၌ အထောက်အကူ ပြု၏။ ကမ္ဘာ့ ယဉ်ကျေးမှုများ သူ့ နယ် မြေထဲသို့ တဖြည်းဖြည်း ဝင်ရောက် ရောနှောသွားခြင်း အားဖြင့် သူ့ အုပ်စိုးမှု အောက်မှာ ရှိကြသော ပြည်သူများ အချင်းချင်း သွေးစည်း ညီညွတ်မှုကို ဖြစ်ပေါ်စေနိုင်သည်ဟု သူ မျှော်လင့်ထားလေသည်။

သို့ရာတွင် ဂါလီလီရှိ ဂျူး လူမျိုးများသည် သူတို့၏ ဘာသာ ယုံကြည် ကိုးကွယ်မှုကို ခြိမ်းခြောက်ခြင်း မပြု သမျှ အရှုး လုပ်သည်ကိုပင် ဝမ်းမြောက်ဝမ်းသာ လက် ခံရန် အသင့် ရှိသော ကြိုတင် သဘောထား ရှိသူများ ဖြစ် ရကား ဟီရော့ဒ် အန်တီပတ်က သူတို့၏ အဓိကကျသော မြို့များကို ဂရိ-ရောမ ပုံစံ မြို့များ အဖြစ် ပြောင်းလဲလိုက် သော အခါ များစွာ စိတ်ထိခိုက်ခြင်း မရှိကြပေ။

ဤ ယဉ်ကျေးမှု စွန့်စားခန်း တစ်ခုမှာ ဂါလီလီ ဒေသမှ အကြီးဆုံး မြို့ *ဆက်ဖိုရစ်* [၁] ကို ပြန်လည် တည် ဆောက်ခြင်း ဖြစ်၏။ ထိုမြို့ကြီးသည် *နာဇရက်* [၂] မြို့၏ မြောက်ဘက် လေးမိုင်ခန့် အကွာတွင် တည်ရှိ၏။ ဤမြို့ သည် နယ်မြေ အကျယ်အဝန်း အရ မဟုတ်သော်လည်း အမြင် ပသာဒအားဖြင့်ကား ခမ်းနား ကြီးကျယ်ပုံ ပေါ်လွင် ထင်ရှားလာလေသည်။ ဂါလီလီ ရေကန်ကြီး၏ အနောက် ဘက်ကမ်းတွင် တိုင်ဗေးရီးယပ်၏ မြို့သစ် ဖြစ်လာလေ သည်။ တိုက်တန်း အိမ်တန်းများဖြင့် ပြန်လည် ဖွဲ့စည်း တည်ဆောက်ထားသော ထိုမြို့ကို ဟီရော့ဒ် ဘုရင်က ရောမ ဧကရာဇ်၏ အုပ်စိုးမှု လက်အောက်ခံ အဖြစ် နာမည်သစ် ပေးခဲ့လေသည်။ ဟီရော့ဒ် ဘုရင် အုပ်စိုးမှု အောက်တွင် ဂရိ လူမျိုးတို့၏ ဩဇာ လွှမ်းမိုးမှုသည် အမြင့်ဆုံး အဆင့်သို့ ဆိုက်ရောက်ခဲ့လေသည်။

ဂါလီလီရှိ ဂျူး လူမျိုးများသည် ဤအခြေအနေများ အားလုံးနှင့် သင့်မြတ်အောင် လိုက်လျောညီထွေ နေခဲ့ကြ ရသည်။ အစကပင် ဤသို့ နေထိုင်ရာတွင် တိုက်ရိုက် ပေး ဆောင်ရသော အုပ်ချုပ်ရေး စရိတ် အခွန် အတုတ်များမှာ ကြီးလေးလှ၏။ ထို အခွန်အတုတ်များ၏ တစ်စိတ် တစ် ဒေသမှာ ဟီရော့ဒ်၏ ဘဏ္ဍာ ဖြစ်ပြီး ကျန်အားလုံးကို ရောမ သို့ ပေးအပ်ရလေသည်။

ယခုမူ ထို့ထက်ပင် လေးလံသော အခွန် အတုတ် များကို ပေးဆောင်နေကြရ၏။ သွင်းကုန် ထုတ်ကုန်များ အပေါ်တွင်သာ အကောက်အခွန်များ ပေးဆောင်ရသည် မဟုတ်ဘဲ တစ်မြို့မှ တစ်မြို့သို့ သင်္ဘောဖြင့် တင်ပို့လျှင် လည်း အကောက်အခွန်များကို ပေးဆောင်ကြရမည်။ လယ် ယာမှ ကုန်ပစ္စည်းများကို ဈေးကွက်ထဲသို့ သယ်ဆောင် လာလျှင်လည်း အကောက်အခွန် ပေးဆောင်ကြရသည်။ တံတားကို ဖြတ်လျှင်လည်း အခွန်အခ ပေးရသည်။ ဆိပ် ကမ်းမှာ ကပ်လျှင်လည်း ဆိပ်ကမ်းခွန် ပေးရသည်။ ထို့ပြင် ဆားခွန်ကိုလည်း ပေးကြရသည်။ ဤသို့အားဖြင့် မိမိတို့မှာ ကျွန်ခံနေရသော အဖြစ် အတွက် အကျိုး ပြုပေးနေရသလို ဖြစ်နေပြီ ဆိုသည်ကို တွေးမြင်လာကြလေတော့သည်။

ထို့ကြောင့် အေဒီ ၆ ခုနှစ်တွင် ဆီးရီးယား ဘုရင်ခံ *ကွီရီးနီးယပ်* [၃] က အခွန်အကောက်ကို ပိုပြီး တိတိကျကျ ကောက်ခံနိုင်စေရန် ပါလက်စတိုင်း ဒေသတွင် သန်းခေါင် စာရင်း ကောက်ခိုင်းသော အခါ ပါလက်စတိုင်း ဒေသမှာ နေကြသော လူများ ကြားတွင် ချက်ချင်းပင် ဆန့်ကျင် အုံ ကြွမှုများ ဖြစ်ပေါ်လာလေတော့၏။

ထိုအချိန်တွင် ယေရှုသခင်သည် ဆယ်နှစ်၊ ၁၂ နှစ် ခန့် အရွယ်သို့ ရောက်နေပြီ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သူ့

၁။ Sepphoris ၂။ Nazareth

၃။ Quirinius

အနေနှင့် ဂါလီလီရှိ ဂျူး လူမျိုးများ၏ ယေဘုယျ စိတ်လှုပ်ရှား ခံစားမှုကို ကောင်းကောင်း ခံစား သိမြင်နေပြီ ဖြစ်ပေလိမ့်မည်။ ထို အုံကြွမှုသည် မကြာမီ ဆူပွက်လာပြီး သောင်းကျန်း ထကြွသော အခြေအနေသို့ ဆိုက်ရောက်သွားလေသည်။

ဂါလီလီ အရပ်သား ယုဒ ဆိုသူ လူတစ်ယောက်သည် ဖာရစီ အမျိုးသား *ဇာဒုတ်* [၁] ဆိုသူ၏ အကူအညီဖြင့် ဇီးလော့တ် အမည်ရှိ ပါတီကို ဖွဲ့စည်း တည်ထောင်ခဲ့လေသည်။ သူ့ပါတီထဲတွင် သွေးဆူနေသော ဂါလီလီ အရပ်သားများ ပါဝင်သည်။

ထို့ပြင် သူသည် အရေးကြုံလျှင် တိုက်ခိုက်ရန် အဆင်သင့် ဖြစ်မည့် သူပုန်တပ် တစ်ခုကိုလည်း ဖွဲ့စည်း တည်ထောင်လေသည်။

သူတို့၏ ကြွေးကြော်သံမှာ 'ယာဝေးမှတစ်ပါး အခြား ဘုရား မရှိ၊ ဘုရား ဝတ်ကျောင်းတော်ကို အခွန်ဘဏ္ဍာ ပေးခြင်းမှ တစ်ပါး အခြား အခွန် အကောက် မရှိ၊ ဇီးလော့တ် ပါတီဝင်များမှ တစ်ပါး အခြား မိတ်ဆွေ မရှိ' ဟူ၍ ဖြစ်၏။

ယုဒနှင့် သူ၏ နောက်လိုက်များသည် ဆက်ဖိုးရစ်မြို့ကို အံ့အားသင့်သွားအောင် လက်နက်တိုက်ကို သိမ်းပိုက်နိုင်ခဲ့ကြပြီးလျှင် သူ့လူများကို ထိုလက်နက်တိုက်က ရသော လက်နက်များဖြင့် တပ်ဆင်ပေးခဲ့လေသည်။ ထို့နောက် ထိုမြို့ကို သူတို့၏ ဌာနချုပ် ပြုလုပ်ခဲ့ကြလေသည်။

သူပုန်တို့၏ လုပ်ဆောင်ချက်များ ပြင်းထန်လာသော အခါ ရောမ စစ်ဗိုလ်ချုပ် *ဗါရု* [၂] သည် လူ သုံးထောင်မှ ခြောက်ထောင် အထိ ပါဝင်သော ရှေးက ရောမ စစ်တပ်ကြီး နှစ်တပ်ကို ဆောင်ယူလျက် သူပုန်များကို နှိမ်နင်းရန် ရောက်ရှိလာလေတော့၏။

ရောမ စစ်ဗိုလ်ချုပ်သည် ဆက်ဖိုးရစ်မြို့ကို မီးရှို့ ဖျက်ဆီးလိုက်သည်။ ထို့နောက် ဇီးလော့တ် ပါတီဝင် များစွာကို ကားစင်မှာ တင်၍ သတ်ဖြတ်ခြင်းဖြင့် သူတို့၏ လှုပ်ရှားထကြွမှုကို ပပျောက်သွားအောင် ဆောင်ရွက်လေသည်။ သို့သော် ဇီးလော့တ်တို့၏ လျှို့ဝှက် လှုပ်ရှားမှုမှာ ဆက်လက်ဖြစ်ပွားနေလေသည်။ သူ့ဘဝ တစ်လျှောက်လုံးတွင် ယေရှုသခင်သည် ဤ ဘဝ ဖြစ်ရပ်မှန်များနှင့် နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်နေခဲ့ရ၏။ အဘယ်ကြောင့် ဆိုသော် ဇီးလော့တ် ပါတီဝင်များ ခံစား ကြုံတွေ့ခဲ့ရသော ကားစင် တင်၍ သတ်ဖြတ်ခြင်းမျိုးကို သူကိုယ်တိုင် ခံစားခဲ့ရသောကြောင့် ဖြစ်၏။

ဇီးလော့တ်တို့၏ အရေးတော်ပုံကို ဂါလီလီရှိ ဂျူး လူမျိုး အားလုံးက ထောက်ခံ အားပေးခဲ့သည် မဟုတ်ချေ။ *အက်ဆင်း* [၃] ဆိုသူများသည် အကြမ်းဖက် တိုက်ခိုက်မှုမျိုး မှန်သမျှကို ဆန့်ကျင်သူများ ဖြစ်ကြသည်။ သူတို့သည် တိရစ္ဆာန်များကို သတ်ဖြတ်ပြီး ယဇ် ပူဇော်ခြင်းကိုပင် ဆန့်ကျင်သူများ ဖြစ်ကြလေသည်။

ဂါလီလီ အရပ်တွင် ထိုသူများ၏ အရေအတွက်မှာ အတော်ပင် များပြားသည်ဟု ဆိုနိုင်သည်။ သူတို့သည် ဘုန်းကြီးကျောင်း ရိပ်သာများမှာ နေထိုင်ကြပြီး ခေတ်ကာလ အလျောက် ပေါ်ပေါက်နေသော စစ်မက် ဖက်ပြိုင်ခြင်းမျိုးကို အာရုံ ပြုခြင်း မရှိဘဲ ကယ်တင်ရှင် မေယိုယကိုသာ စိတ်အား ထက်သန်စွာ သည်းခံစိတ်ဖြင့် စောင့်စားနေကြလေသည်။ လောလောဆယ်တွင် သူတို့သည် အိမ်ရာ တည်ထောင်ခြင်း မပြုသော လူ့အဖွဲ့အစည်းထဲတွင် သီလ သိက္ခာ ပုဒ်များကို တိတိကျကျ လိုက်နာ စောင့်ထိန်း၍ နေကြသူများ ဖြစ်လေသည်။ သူတို့ အချင်းချင်း ကြားတွင် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုမှာလည်း ဘုံပိုင် ဖြစ်၏။ ပုဂ္ဂလိကပိုင် မရှိချေ။ ဥပုသ်နေ့များ၌ ဥပုသ် သီတင်း ဆောက်တည်ကြ၏။ ကျန်ရက်များတွင် သူတို့၏ လယ်ကွင်းများတွင် အလုပ်လုပ်ကြသည်။ နေ့စဉ် ဘုရား ဝတ်ပြု ဆုတောင်းခြင်း၊ အစာမစားဘဲ ဥပုသ် စောင့်ခြင်းနှင့် မကြာခဏ ခြေလက် သန့်စင်အောင် ရေဖြင့် ဆေးခြင်းကိုသာ အဓိကအနေဖြင့် လုပ်ဆောင်နေတတ်ကြလေသည်။

တခြား တစ်ဖက်တွင် ဖာရစီ လူမျိုးများလည်း ရှိကြသေး၏။ ထိုလူမျိုးများမှာလည်း အကြမ်း ဖက်ခြင်းကို သတိ သမ္မဇဉ် တရား လက်ကိုင်ထား၍ ရှောင်ရှားတတ်ကြသူများ ဖြစ်၏။ ထိုသူများ၏ ပါတီသည် ဂါလီလီ အရပ်တွင် အကြီးဆုံးသော ပါတီ ဖြစ်၏။ ထိုပါတီကို ဦးဆောင်သူများမှာ ကျမ်းပြုဆရာများနှင့် ဓမ္မဆရာ ရာဘိုင်များ ဖြစ်ကြသည်။

ဂျူး ပါတီများသည် အားလုံးလိုလိုပင် အသင်း အဖွဲ့ ဖွဲ့စည်းခြင်း အယူအဆကို ဂရိ လူမျိုးများနှင့် ရောမ လူမျိုးများထံက ရရှိခဲ့ကြ၏။ ထို့ပြင် စည်းလုံး ညီညွတ်သော ခေါင်းဆောင်မှု ရှိမှသာ သူတို့ ဘဝ ရပ်တည်ရေး အတွက် မျှော်လင့်ချက် ရှိကြောင်း သိရှိ နားလည်ထားကြ၏။

ဖာရစီ လူမျိုးများ တည်ထောင်ထားသော အကယ်ဒမီ ကျောင်းများသို့ သူတို့ တက်ရောက်ပြီး သင်ကြား

၁။ Zaddok ၂။ Varus

၃။ Essenes

ကြ၏။ ထိုအကယ်ဒမီ ကျောင်းတော် တက္ကသိုလ်များသည် ဂရိ လူမျိုးများ၏ အကယ်ဒမီ ကျောင်းများနှင့် သဘော အယူအဆရော၊ သင်ကြား ပြသပုံ နည်းနိဿယများမှာရော ဆင်တူကြ၏။ ထိုကျောင်းတော်မျိုး အကြီးဆုံးမှာ ဂျေရု ဆလင်မြို့တွင် တည်ရှိ၏။ လျင်မြန်စွာ တိုးတက် ပြောင်းလဲ နေသော ကမ္ဘာလောကကြီးထဲတွင် ဖာရစီ လူမျိုးများသည် အခါအခွင့် ရသလောက် သူတို့၏ ထုံးတမ်းစဉ်လာများ မူဝါဒများနှင့် အညီ နေနိုင်အောင် ပြုလုပ်ခဲ့ကြလေသည်။ သူတို့ စိတ်ထဲတွင် ကယ်တင်ရှင် မေယိယ အမြန်ဆုံး ပွင့် ထွန်းလာမည့် တစ်ခုတည်းသော နည်းလမ်းမှာ လောလော ဆယ် အချိန်တွင် ယုဒဘာသာကို အရိုးအစဉ်မှ သွေဖည် ဖောက်ပြန်ကာ ကောက်ကျစ် စဉ်းလဲခြင်း မရှိအောင် ထိန်း သိမ်းထားပြီး ဘာသာရေး အလုပ်များကို အသေးအမွှား ကိစ္စမှာပင် အတိမ်းအစောင်း မရှိဘဲ လိုက်နာ ကျင့်သုံးရေး ပင် ဖြစ်သည်ဟု ခံစား သိမြင်နေကြလေသည်။

ဆိုလိုသည်မှာ သူတို့အနေနှင့် ဥပုသ်ဆိုင်ရာ ဝိနည်း များကို ထိန်းသိမ်းရေး၊ ဂျူး လူမျိုးများ၏ ဘာသာရေး ပွဲလမ်းများကို ကျင်းပ ပြုလုပ်ရေး၊ သဿမေဓ အခွန်ဆောင် ခြင်း၊ ရှိမာ ခေါ် နာခံတော် ဘုရား ဝတ်ပြုခြင်း အမှုကို ထပ်တလဲလဲ ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက် နေခဲ့လေသည်။ တံခါးမကြီး၏ နောက်ကွယ်တွင် မေဇူဇာ ခေါ် စမ အင်းလိပ်ကို ချိတ်ဆွဲခြင်း၊ နဖူး မျက်ခုံးစပ်တွင် လက်ဖွဲ့ အဆောင် ထားခြင်း၊ ဘာသာရေး အခမ်းအနားများ ကို အထူး သန့်ရှင်း စင်ကြယ်အောင် တိတိကျကျ ပြုလုပ် ခြင်း၊ ဘာသာရေးနှင့် ပတ်သက်သော မွန်မြတ်သော ပစ္စည်း များကို မှန်မှန်ကန်ကန် ကိုင်တွယ် အသုံးပြုခြင်း၊ အစား အစာနှင့် ပတ်သက်သော ပညတ်ချက်များကို တိတိကျကျ လိုက်နာခြင်း၊ တရားရုံးများ၌ မည်သူ့ကိုမျှ တရား ဥပဒေ အရ အရေးယူခြင်း၊ ရင်ဆိုင်ခြင်း မပြုဘဲ နေခြင်းများကို လိုက်နာ ကျင့်ကြံကြသည်။

တရားရုံးများ၌ အမှုအခင်း ရင်ဆိုင်ခြင်းကို မပြုလုပ် ခြင်းမှာ ဂျူး လူမျိုးများ အနေနှင့် ရှေးက ဂျူးမျိုး ဘိုးဘေး အစဉ်အဆက် လက်ခံ ကျင့်သုံးလာသော ဆန်ဟီဒရင် ခေါ် မွေသတ် အဆုံးအဖြတ်များကိုသာ လိုက်နာသင့်သောကြောင့် ဖြစ်၏။

သူတို့၏ ရှေးကျသော ပူဇော် ပသမှုများ၊ ထုံးတမ်း ဓလေ့များကို အပြောင်းအလဲ လုပ်၍ အသစ်များကို လက်ခံ ရတော့မည့် အချိန်ကာလသည် မဝေးကွာလှတော့ပြီ ဖြစ် သော်လည်း သူတို့သည် ဤအချိန် အထိ မွေသတ်ကျမ်းပါ ဥပဒေ စည်းမျဉ်းများကို မလိုက်နာသူများ အပေါ် အပြစ် တင်လျက်သာ ရှိနေကြဆဲ ဖြစ်လေသည်။

ဆဒ္ဒူးဆီးများမှာ အခြား လူမျိုးများနှင့် နှိုင်းယှဉ်၍ ပြောမည် ဆိုလျှင် ဂါလီလီ ဒေသ၌ ဩဇာ တိက္ကမ နည်း ပါးသူများ ဖြစ်ကြလေသည်။

သို့ရာတွင် သူတို့သည် ပို၍ပင် ရှေးဆန်သော ကွန် ဆာဗေးတစ် အယူ ရှိသူများ ဖြစ်ကြလေသည်။ သူတို့ အမြင် တွင် ရှေးယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့် ထိုရာ ကျမ်းတို့ သည် မပြောင်းလဲအပ်သော အရာများ ဖြစ်သည်ဟု ယူဆ ထားကြလေသည်။

သို့သော် ဖာရစီများကမူ ရှေး ထုံးစဉ်လာများကို ကာလ ဒေသ အခြေအနေ အပြောင်းအလဲများ အရ လိုအပ် သလို အပြောင်းအလဲ လုပ်သင့်သည်ဟု ရှုမြင်တတ်ကြသည်။ ထိုသို့ အပြောင်းအလဲ လုပ်ခြင်းသည် ဘာသာရေး အရ စိတ်ဓာတ် ပြိုကွဲခြင်းကို မဖြစ်စေဘဲနှင့် ဂျူး လူ့အဖွဲ့အစည်း တည်မြဲရေးကို အထောက်အကူ ပြုရပေမည်။

သို့ရာတွင် ဆဒ္ဒူးဆီးများရော ဖာရစီများကပါ စိတ် ဓာတ် ပေါ့လျော့ခြင်း၊ အခွင့်အရေး ရှာခြင်း သို့မဟုတ် အကြမ်းဖက် ဆောင်ရွက်ခြင်း သဘောများကိုမူကား ဆန့် ကျင်ရာ၌ တူညီကြလေသည်။

အချို့ လူသာမန် အရပ်သူ အရပ်သားများ အနေနှင့် မူကား အများအားဖြင့်မှာ ဘာကိုမှ အလေးအနက် မထား ပေါ့ပေါ့နေ ပေါ့ပေါ့စားများသာ ဖြစ်ကြသည်။ သူတို့ကို လောကီ အာရုံ ကာမဂုဏ် တရားများက အလွယ်တကူ လွှမ်းမိုးသည်။ ဘာသာရေး ကိစ္စမှာလည်း အလေးအနက် မထားဘဲ ပေါ့ပေါ့ဆဆ ဝေဝေဝါးဝါးနှင့်သာ နေခဲ့ကြလေ သည်။ သူတို့ကိုယ် သူတို့ တိကျသော ဂျူး လူမျိုးများ အဖြစ် ခံယူ ထားကြသူများလည်း အများအပြား ရှိကြလေသည်။ သူတို့သည် ဘာသာရေး စုဝေးပွဲများ၊ ဆွေးနွေးပွဲများသို့ လည်း မှန်မှန် တက်ကြသူများ ဖြစ်သည်။ မွေသတ်ကျမ်း ကိုရော တမန်တော်များကိုပါ ကြည်ညို ကိုင်းရှိုင်းသူများ လည်း ဖြစ်ကြသည်။ ဂျူး လူမျိုးများ၏ ဘာသာရေး ပွဲများ ကိုလည်း မှန်မှန် ကျင်းပကြသည်။ ဥပုသ်ကိုလည်း မပျက် မကွက် ဆောက်တည်ကြသည်။

ထို့ပြင် ပသခါ ပွဲတော် ရက်များတွင်လည်း ဂျေရု ဆလင် မြို့တော်တွင် တည်ရှိသော ဘုရား ဝတ်ကျောင်း တော်သို့ တစ်နှစ် တစ်ခါ မှန်မှန် သွားရောက် ဝတ်ပြုကြ သည်။ ဤမျှ ပြုလုပ်ရုံဖြင့် မပြည့်စုံသေးဟု ကြမ်းကြုတ် သော ဖာရစီများက ယူဆကြသည်။

အကယ်၍ သူတို့အနေနှင့် ဘာသာရေး အခမ်းအနားနှင့် ဆိုင်သော ကိလေသာ အညစ်အကြေးများမှ သန့်ရှင်းစင်ကြယ်အောင် ပြုလုပ်နိုင်ခြင်း မရှိလျှင် ဖြစ်စေ၊ အစားအသောက်နှင့် ဆိုင်သော ပညတ်တော်များကို အတိအကျ မလိုက်နာလျှင် ဖြစ်စေ၊ ဝတ်ကျောင်းတော်သို့ ပေးဆောင်ရမည့် သသမေဓ အခွန်ကို မပေးဘဲ နေလျှင် ဖြစ်စေ၊ အစာမစားမီ လက်များကို စင်ကြယ်စွာ မဆေးလျှင် ဖြစ်စေ၊ ဘာသာရေး အခမ်းအနားများ၌ မိမိတို့ ကိုယ်ကို စင်ကြယ်အောင် မသုတ်သင်လျှင် ဖြစ်စေ၊ အဝတ်အစား ပန်းကန်ခွက်ယောက်နှင့် ဈေးက ဝယ်ယူလာသော အစားအစာများအားလုံးကို သန့်ရှင်းအောင် ဆေးကြောခြင်း မပြုလျှင် ဖြစ်စေ၊ ဥပုသ်နေ့များ၌ အလုပ် မလုပ်ဘဲ နေလျှင် ဖြစ်စေ သူတို့သည် မစင်ကြယ်သူများသာ ဖြစ်ကြသောကြောင့် သူတို့အား ဘုရား တရား ကြည်ညိုသူများဟု မယူဆနိုင်ကြောင်း ဆိုကြသည်။ လူသာမန်များ အနက် ဘာသာတရား ကိုင်းရှိုင်းသူများကမူ သဘောထား ကျဉ်းမြောင်းသော ရှေးလူကြီးများ၏ အစဉ်အလာကို မလိုက်နာဘဲနှင့်လည်း ဘာသာတရား ကြည်ညို ကိုင်းရှိုင်းသူ ဖြစ်နိုင်သည်ဟု ယူဆကြလေသည်။

ဤအခြေအနေ အစုစု၌ ယေရှု၏ မိဘများ ရပ်တည်နေခဲ့ကြရလေသည်။

## ၂။ ယေရှု၏ ဘဝနှင့် သူ၏ ဟောကြားချက်များ

### ငယ်စဉ် ကာလ

ယေရှု သခင်ကို ဘီစီ ၄ ခုနှစ် ပတ်ဝန်းကျင်လောက်က ဖွားမြင်သည်ဟု ဆိုနိုင်ပေသည်။ ထိုအချိန်က မဟာ ဟီရော့ဒ် ဘုရင် အသက်တော် ထင်ရှား ရှိသေးသည်။

ဤအချက်အလက် အထောက်အထားများနှင့် အခြား သက်သေခံ အထောက်အထားများ အရနှင့် ယေရှုသခင်ကို *တိုင်ဗေးရီးယပ် ဆီဇာ* [၁] ဘုရင် နန်းစံ ၁၅ နှစ်တွင် ကားစင် တင်၍ သတ်ဖြတ်ခြင်း ခံရသည် ဆိုသော ရှင်လုကာ၏ သက်သေခံချက်များ အရ ယေရှု ခရစ်တော်၏ မွေးနေ့သည် ထို့ထက် ရှေးကျနိုင်သည်ဟု မှတ်ယူရန် အကြောင်း ရှိပေသည်။ ရှင်မသဲနှင့် ရှင်လုကာတို့၏ အဆို အမိန့်များ အရ ယေရှုသခင်ကို ဂျေရုဆလင် မြို့၏ တောင်ဘက် ကျသော *ဘယ်သလဟမ်* [၂] မြို့တွင် မိး်ရှူးသန့်စင် ဖွားမြင်သည်ဟု ဆိုသည်။

ထိုအချိန်က ဂျိုးဇက် (ယောဆက်) နှင့် မေရီတို့သည် ထိုမြို့သို့ အလည်အပတ် ရောက်ရှိနေသည်ဟု ဆိုသည်။ အလည်အပတ် ရောက်ရှိနေခြင်းမှာ ထိုစဉ်က သန်းခေါင် စာရင်း ပြုလုပ်နေသဖြင့် သူတို့၏ အမည်ကို မှတ်ပုံတင်ရန် ရောက်ရှိနေခြင်း ဖြစ်သည် ဆို၏။

ဧဝံဂေလိ သတင်းကောင်း ဆောင်ယူလာသူများ၏ အလို အရ ယေရှု မိသားစု၏ နေရင်း ဒေသမှာ ဂါလီလီဒေသရှိ *နာဇရက်* [၃] မြို့ ဖြစ်သည် ဆို၏။ ထိုမြို့တွင် ဂျိုးဇက်သည် သူ၏ အသက်မွေးဝမ်းကျောင်း အဖြစ် လက်သမား အလုပ်ကို လုပ်ကိုင်နေခဲ့သည်ဟု ဆိုသည်။ သို့ရာတွင် ယေရှု အနေနှင့်မူ ထိုမြို့တွင် ဖွားမြင်ပြီးနောက် ရက်သတ္တပတ် အနည်းငယ်သာ နေခဲ့သည်ဟုလည်း ဆိုကြသည်။

ယေရှုသခင်၏ ငယ်စဉ် ကလေး ဘဝ အကြောင်းကိုလည်း အနည်းအကျဉ်းသာ တိုက်ရိုက် သိခွင့်ရသည်။ *ဂေါ့စပယ်* [၄] ခေါ် သတင်းကောင်း ဆောင်ယူလာသူများထံမှ ရရှိသော အတွင်းရေး သက်သေခံ အထောက်အထားများ အရ ယေရှုသခင်၏ မိဘများမှာ သာမန် အရပ်သူ အရပ်သားများသာ ဖြစ်ကြကြောင်း သိခွင့်ရသည်။ သို့သော် သူတို့သည် အလွန် ဘုရား တရား ကိုင်းရှိုင်းသူများ ဖြစ်ကြလေသည်။

ယေရှုသခင်သည် ဂျူး လူမျိုးများ၏ ဘုရား ဝတ်ပြုစုဝေးရာ စည်းဝေးပွဲများသို့ မိဘများနှင့် အတူ လိုက်သွားလေ့ ရှိရုံသာမက မွေသတ်ကျမ်းနှင့် တမန်တော်များထံမှ ရရှိသော တရား စာပိုဒ်ရှည် များစွာကိုလည်း နှုတ်တိုက် အာဂုံ ဆောင်ထားနိုင်ခဲ့သည် ဆို၏။

တစ်နည်းနည်းအားဖြင့် သူသည် ကျမ်းပြုပုဂ္ဂိုလ်များနှင့် ဖာရစီများထံက ရရှိသော ကျမ်းစာများ၊ မွေသတ်များတွင် ပါဝင်သော တမန်တော်များ၏ ကြိုတင် နိမိတ်ဖတ် ဟောကြားချက် အစဉ်အလာများ အပေါ် လူအများက မယုံ

၁။ Tiberius Caasar ၂။ Bethelhem

၃။ Nazareth ၄။ Gospel

မကြည့် လက်မခံလိုတော့သည့် အကြောင်းအရာများကို လည်း သူ သိနားလည်နေပြီ ဖြစ်၏။

သူ၏ အသက်မွေးဝမ်းကျောင်း အဖြစ် သူသည် လက်သမား အလုပ်ကိုပင် လုပ်ကိုင်ရန် လေ့ကျင့် သင်ကြားနေခဲ့လေသည်။ ရလဒ်မှာ သူ့ရင်ထဲတွင် သာမန် လူတန်းစားများ အတွက် အကျိုး ပြုလိုသော ခံစားချက် ပြင်းထန်လာခြင်းပင် ဖြစ်၏။

ဂေါ့စပယ်များ အရ သူသည် မိသားစုကြီး တစ်စု ထဲမှာ ကြီးပြင်းလာခဲ့ရသည် ဆို၏။ သူ့ မိသားစုထဲတွင် သူ့ အပြင် အခြား မွေးချင်း ခြောက်ယောက် ရှိသေးသည်။ လေးယောက်မှာ ယောကျ်ားကလေးများ ဖြစ်ကြသည်။ ၄င်းတို့၏ အမည်များမှာ ဂျိမ်း၊ ဂျိုးဆက်၊ ဆိုင်မွန်နှင့် ဂျုဒ်တို့ ဖြစ်ကြ၏။ ကျန်လူများမှာ ညီမများ ဖြစ်ကြသည်။ မွေးချင်း မိန်းကလေး ဘယ်နယောက် ဟူ၍ကား အတိအကျ ဖော်ပြထားခြင်းကို မတွေ့ရပေ။

လူငယ် ယေရှု သခင်၏ ဘုရား ဝတ်ကျောင်းတော် အတွင်း၌ ဖြစ်ခဲ့သော ဖြစ်ရပ်သည် သူ၏ ဘုရား တရား ကြည်ညိုစိတ် ထက်သန်ခြင်းနှင့် အခြား ဘာသာရေး ကိုင်းရှိုင်းမှုများ အတွက် သက်သေခံသော အချက် ဖြစ်သည်။ သူသည် ဘုရား ဝတ်ကျောင်းတော် အတွင်း၌ ဘုရား ဝတ်ပြုရင်း ဈာန်ဝင်စားလျက် နေလေသည်။ သူ ဈာန်သမာပတ်၌ ဝင်စားနေသော ကာလမှာ မည်မျှ ကြာသည် မသိ။ သူ ပျောက်သွားခြင်း အတွက် သူ့ ဆွေမျိုးများနှင့် မိတ်ဆွေ အပေါင်းအသင်းများ အပေါ် မည်သို့ အကျိုး သက်ရောက်လျက် ရှိမည်ကိုပင် သူ မစဉ်းစားနိုင်ခဲ့တော့ပေ။

ထိုနောက်ပိုင်း၌ ဖြစ်သော ယေရှုသခင်၏ ဘဝ ၁၈ နှစ် ကာလကို တိတ်ဆိတ်သော ကာလ၊ တိမ်မြုပ်နေသော ကာလဟု ခေါ်ကြသည်။ ထိုကာလ အတွင်း၌ သူ ဘာတွေ ဖြစ်ခဲ့သည်၊ ဘယ်ကို ရောက်နေခဲ့သည် ဆိုသည်ကို သိနိုင်ရန် အတွက် တိုက်ရိုက် သက်သေခံ အထောက်အထားများကို ကျွန်ုပ်တို့ မရရှိခဲ့ပေ။ တွေးယူနိုင်သော အချက်မှာ ထိုကာလ အတွင်း၌ သူ့ ဖခင် ဂျိုးဇက် ကွယ်လွန် အနိစ္စ ရောက်ခဲ့သည် ဆိုသော အကြောင်း အချက်ပေါ် မူတည် စဉ်းစားလျှင် အကြီးဆုံးသား ဖြစ်သော ယေရှုသည် ဖခင်၏ လက်ငုတ်လက်ရင်း လက်သမား အလုပ်ကို လုပ်ပြီး ကျန်သော ညီအစ်ကို မောင်နှမများက သူ့ကို ကူညီ လုပ်ကိုင်ပေးနေခဲ့ကြသည်ဟု ဆိုနိုင်မည် ထင်သည်။

မကြာမီက ပေါ်ထွက်လာသော ပညာရှင်များ၏ မျက်ရမ်း မှန်းဆချက် အရ ထို ၁၈ နှစ် ကာလ၏ ရှေးဦးပိုင်းတွင် ယေရှုသည် မြောက်ဘက် လေးမိုင် အကွာရှိ ဆက်ဖိုးရစ် မြို့တွင် လက်သမား အလုပ်ကို လုပ်ကိုင်နေခဲ့ဟန်တူသည်။ ထိုအချိန်က ထိုမြို့ကို ဟီရော့ အန်တီပတ်က ပြန်လည် တည်ဆောက်နေခဲ့လေသည်။ ဆက်ဖိုးရစ် မြို့သည် အေဒီ ၆ ခုနှစ်က ဓါးလှော့တ် သူပုန်ထမှုတွင် မီးရှို့ ဖျက်ဆီးခြင်းကို ခံခဲ့ရသော မြို့ ဖြစ်၏။ အကယ်၍ ထိုအချက်သည် မှန်ကန်သည် ဆိုပါလျှင် သူသည် ဂရိ ဟန်ပန်ဖြင့် ပြန်လည် တည်ဆောက်သော မြို့တွင် အလုပ် လုပ်ခဲ့ရသော ကနဦး အတွေ့အကြုံ ရရှိခဲ့သူ ဖြစ်နိုင်သည်။ လက်သမား အလုပ်ကို လုပ်ကိုင်နေခဲ့သော ယေရှုသည် ထိုစဉ်က ပါလက်စတိုင်း အိမ်များသို့ ရောက်ရှိခဲ့သော သေတ္တာများ၊ ရေတံလျှောက်များနှင့် နာဇရက် မြို့ အနီးက လယ်သမားများ အသုံးပြုသော ထွန်၊ ထယ်၊ ထမ်းပိုးနှင့် လှည်းများ တည်ဆောက်ရာမှာ အသုံး ပြုသော သစ်သားများကို သစ်ခွေ တင်သွင်းခြင်း အလုပ်ကို လုပ်ကိုင်နေခဲ့သည်ဟု ယူဆရန် ပို၍ အကြောင်း ခိုင်လုံပေသည်။

## နှစ်ခြင်း မင်္ဂလာနှင့် ဖြားယောင်း သွေးဆောင်ခြင်း

အသက် သုံးဆယ် အရွယ်သို့ ရောက်သောအခါ ယေရှု၏ ဘဝတွင် အလွန် လေးနက်သော ဘဝ အတွေ့အကြုံ တစ်ခုကို ကြုံတွေ့ခဲ့ရလေသည်။ သူ့ကို ရှင်ယောဟန် (ဂျွန်) က ဂျော်ဒန် မြစ်ထဲမှာ နှစ်ခြင်း မင်္ဂလာ ပြုပေးလိုက်သော အခါ သူသည် ရှေးက ခံစားခဲ့ဖူးသော ဈာန်သမာပတ်လို ဂမ္ဘီရ အတွေ့အကြုံမျိုး၊ အမြင်မျိုးကို ထပ်ဆင့် ခံစားရပြန်သည်။ ထိုအတွေ့အကြုံသည် နာဇရက်မြို့မှာ နေခဲ့သော ငြိမ်သက်သော ကာလကို ဆုံးခန်းတိုင်စေလျက် သူ့ဘဝ၏ ဦးတည်ချက်ကို လုံးလုံးလျားလျား ပြောင်းသွားစေခဲ့လေတော့၏။

နှစ်ခြင်း မင်္ဂလာ ဗတ္တိဇံ ဆရာ ရှင်ယောဟန်သည် ဂျော်ဒန် မြစ်ကမ်းပေါ်၌ ရုတ်တရက် ပေါ်လာသည်။ အရေးတကြီး ဆောင်ရွက်ဖွယ် သတင်းစကားကိုလည်း ယူဆောင်လာလေသည်။ 'ကောင်းကင် နိုင်ငံတော်သည် ကြွလာနေပြီ၊ နောင်တ ရကြကုန်လော့' ဟု သူက ဆို၍ သတိ ပေးလေသည်။

သူသည် ဂျော်ဒန်မြစ် အလွန် သဲကန္တာရထဲက ပေါ်ထွက်လာခြင်း ဖြစ်၏။ ထိုကန္တာရထဲတွင် သူ့အထင် ခေတ်ကာလ၏ အကျပ်အတည်းများ အတွက် သူသည် ကမ္ဘာ့ဌာန်း တရားကို အားထုတ် နေခဲ့လေသည်။ ထိုစဉ်က သူသည် သဲကန္တာရထဲမှာ တွေ့ရသော ကျိုင်းကောင် အခြောက်များ

နှင့် ပျားရည်ကို မှီဝဲ စားသုံးပြီး ဧကစာရီ ရသေ့ အသွင်ဖြင့် နေထိုင်ခဲ့သည်ဟု ဂေါ်စပယ်များ၌ ဖော်ပြထားကြလေသည်။ ဤကဲ့သို့ တစ်ကိုယ်တော် ဧကစာရီ အကျင့်ဖြင့် နေခဲ့သော ကာလ ကြာမြင့်လာလေလေ သူ့စိတ်ထဲတွင် မျက်မှောက် ခေတ်ကြီး၏ အဆုံးသို့ ရောက်ခါနီး အချိန်သည် လက်တစ်ကမ်းသို့ ရောက်နေပြီဟု ခံစားရသော ခံစားချက်ကို တိုးပွား လာစေလေလေ ဖြစ်တော့၏။

ကယ်တင်ရှင် မေယိုယသည် ကမ္ဘာ လောကကြီးကို တရား စီရင်မည်။ ထို မေယိုယ ကယ်တင်ရှင်သည် ပေါ်ထွန်းလာတော့မည်။ ထို ကယ်တင်ရှင်သည် တရား စီရင်မည့် နေ့ကိုလည်း ဆောင်ယူ လာပေတော့မည်။ ထိုနေ့ကို နောင်တ ရှိသူများသာလျှင် ရင်ဆိုင်နိုင်ကြပေလိမ့်မည်။

ထို တရား စီရင်မည့် နေ့သည် အလွန် နီးကပ်နေပြီ ဖြစ်သည်ဟု သူ ထင်မြင် ယူဆသည့် အတွက် သူက ဤ ထင်ရှားသော တင်စားသည့် စကားများဖြင့် အသိ ပေးခဲ့သည်ဟု ဆိုနိုင်သည်။

'သစ်ပင်၏ အမြစ်များပေါ်သို့ ပုဆိန်သည် ရောက်နှင့်နေပြီ' ဟု သူက သတိ ပေးခဲ့လေသည်။

သူက ကယ်တင်ရှင် မေယိုယသည် စပါး လှေ့သော ခက်ရင်းကြီးကို လက်မှာ ကိုင်ထားပြီး သူ၏ တလင်းပြင်ကို ရှင်းလင်း သုတ်သင်တော့မည်။ သူ၏ ဂျုံ စပါးများကို ကျီမှာ ထည့်သွင်း သိုလှောင်တော့မည်။ ထို့နောက် ဖွဲကြမ်းများကို မငြိမ်းနိုင်သော မီးဖြင့် ရှို့ပေတော့မည်။

ထိုသို့ ယုံကြည်နေသူများမှာ သူ တစ်ဦးတစ်ယောက်တည်း မဟုတ်ပေ။ အက်ဆင်းများမှာလည်း ထိုကဲ့သို့ ကမ္ဘာ ပျက်တော့မည် ဆိုသော အလားတူ ခံစားချက်မျိုး ရှိကြလေသည်။ သို့ရာတွင် ရှင်ယောဟန်သည် အက်ဆင်းများနှင့် ပူးပေါင်းခြင်းကား မရှိပေ။ သူသည် ကမ္ဘာ ပျက်မည့် အချိန်ကို ထိုင်စောင့်နေခြင်းထက် လူအများကို သတိပေးလိုသော လူမှုရေး တာဝန်ကို ထမ်းဆောင်လိုသော စိတ်က သူ့မှာ ပိုများသည်။

ထို့ကြောင့် သူသည် သဲကန္တာရကို စွန့်ပြီး အပြင်းအထန် တရား ဟောသော တရားဟော ဆရာ အဖြစ်ကို ခံယူခဲ့လေသည်။ သတိတရား မရှိသူများကို သတိ ပေးရန် အတွက် ဖြစ်၏။

သူသည် ပါလက်စတိုင်း ဒေသ အနှံ့အပြားက လူများကို သူ၏ ဟောကြားချက်များကို နားထောင်အောင် ဆွဲဆောင်ရာ၌ အောင်မြင်ခဲ့လေသည်။ သူ့ တရားကို နာကြားသူများ အနေနှင့် သူတို့၏ ဘာသာရေး ကိုင်းရှိုင်းမှု အခြေအနေကို နားလည်ပြီး စိတ် မချမ်းမသာ ဖြစ်လာကြသော အခါ သူက ထိုသူများကို ဂျော်ဒန် မြစ်ထဲသို့ ခေါ်သွားပြီး ရေနှစ်ခြင်း မင်္ဂလာ အမှုကို ပြုလုပ်လေသည်။ နှစ်ခြင်း မင်္ဂလာ ပြုခြင်းမှာ သူတို့၏ နောင်တရခြင်းကို ထိရောက်စေရန်နှင့် ရှေးက သူတို့ ပြုခဲ့သော မကောင်းမှု ဒုစရိုက်အပြစ်များကို စင်ကြယ်အောင် ဆေးကြော သုတ်သင်ရန် ဖြစ်၏။

ထိုအခါမှ စ၍ ရှင်ယောဟန်ကို လူအများက *နှစ်ခြင်းပြုသူ* [၁] (ဘက်ပတစ်) ဟု ခေါ်ကြလေတော့သည်။ သူသည် ဘာသာရေး အခမ်းအနား ကျင်းပသူ တစ်ဦးထက် ပိုသည်။ ဘာသာ ကူးပြောင်း လာသူများအား သူသည် ကိုယ်ကျင့်သီလ ကောင်းမွန်လာအောင် အရေးတကြီး သွန်သင် ညွှန်ကြားပေးသည်။

ကယ်တင်ရှင် မေယိုယ ပွင့်ပေါ် မလာမီ စပ်ကြားကြား ကာလ၌ သူတို့သည် တစ်ဦးချင်း ပုဂ္ဂိုလ်ရေး အရရော အဖွဲ့အစည်း အနေနှင့်ပါ တရား မျှတ ဖြောင့်မတ်ခြင်း သဘောသို့ ရောက်အောင် အကျင့်သီလကို တိတိကျကျ စောင့်ထိန်း၍ နေကြအောင် သူက ဟောကြား ဆုံးမလေသည်။

သူ့ တရားကို နာကြားသူများက သူ့ကို မေးကြပေလိမ့်မည်။

'ကျွန်တော်တို့က ဘာလုပ်သင့်သလဲ'

ထိုအခါ သူ၏ အဖြေမှာ ဤသို့ ဖြစ်သည်။

'ရုပ်အင်္ကျီ နှစ်ထည် ရှိသူက ဝတ်စရာ အင်္ကျီ မရှိတဲ့ သူကို မျှဝေ ပေးရမယ်၊ ဒီလိုပဲ အစားအစာတွေ ရှိတဲ့ လူတွေကလည်း စားစရာ မရှိတဲ့ လူတွေကို မျှဝေ ပေးကျွေးကြရမယ်'

အကောက်တော် အရာရှိများကိုလည်း သူက သူတို့ကို ကောက်ခံခွင့် ပြုသော အခွန် အကောက်ထက် ပို၍ မကောက်ခံကြရန် ပြောဆို ဆုံးမသည်။

စစ်သားများကိုလည်း ပြည်သူ လူထု အပေါ် မတော်မတရား စွပ်စွဲပြီး ဆက်ကြေး မတောင်းကြရန်၊ မိမိတို့ ရရှိသော လခ ရိက္ခာဖြင့် ရောင့်ရဲကြရန်ကိုလည်း ပြောဆို တိုက်တွန်းလေသည်။

သူသည် ဟီရောဒ် အန်တီပတ် ဘုရင်က သူ့ ညီ၏ ဇနီး *ဟီရိုးဒီးယပ်စ်* [၂] ကို သိမ်းပိုက်ပြီးနောက် ညီ ဖြစ်သူကို ထောင်အကျဉ်းမှာပင် သုတ်သင် ဖျက်ဆီးလိုက်သော

---

၁။ Baptist ၂။ Herodias

အခါ သူက ဟီးရော့ဒ်ကို အပြင်းအထန် ဝေဖန် ပြောဆိုလေသည်။ သို့သော် သူ့ကို ဘုရင်က အရေးယူခြင်း မပြုဘဲ သူ့မှာသာ သစ္စာ ရှိသော နောက်လိုက်များကို ရရှိခဲ့လေသည်။ နောက် အနှစ် သုံးဆယ် ကြာသော အခါ သူ၏ နောက်လိုက်များကို *အက်ဖီးဆပ်* [၁] တွင် *စိန့်ပေါလု* [၂] က တွေ့ရှိခဲ့ရလေသည်။

ယေရှုသည် ရှင်ယောဟန် အပေါ် နှစ်သက် စွဲလမ်းခြင်း ဖြစ်သင့်သည်မှာ သဘာဝ ကျ၏။ ဓမ္မသစ် သမ္မာကျမ်းစာ ရှင်မာကု ခရစ်ဝင် ပထမ အခန်းထဲတွင် ဤဝတ္ထုကြောင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ရေးသားထားလေသည်။

ထိုအချိန် ကာလများ အတွင်းက ယေရှုသည် ဂါလီလီရှိ နာဇရက်မြို့မှ လာခဲ့ခြင်း ဖြစ်၏။ သူ့ကို ရှင်ယောဟန်က ဂျော်ဒန် မြစ်ထဲတွင် နှစ်ခြင်း မင်္ဂလာ ပြုပေးလေသည်။ ရေထဲမှ သူ့ ဦးခေါင်းကို ပြန်ဖော်လိုက်သော အခါ သူ့ အမြင်တွင် ကောင်းကင်ကြီး ထက်ခြမ်း ကွဲပြီး ဟင်းလင်း ပွင့်သွားကာ ထိုပွင့်နေသော ကောင်းကင်မှ ကောင်းကင် တမန်တော် နတ်သားသည် ချိုးငှက် အသွင်ဖြင့် သူ့ထံသို့ သက်ဆင်း လာလေသည်။ ထိုအခါ သူ့ နားထဲတွင်လည်း ကောင်းကင်မှ လာသော အသံတော်ကို ကြားရလေသည်။

'သင်သည် ငါ၏ သားတော် ဖြစ်၏၊ ငါ၏ အချစ်တော် ဖြစ်၏၊ သင်သည် ငါ ရွေးချယ်တော်မူသောသူ ဖြစ်၏'

ဤအတွေ့အကြုံသည် လေးနက်သော စိတ်လှုပ်ရှားခံစားမှုကို ဖြစ်စေခဲ့၏။ ယုံကြည် သက်ဝင်မှုကိုလည်း အလေးအနက် ဖြစ်ပေါ်စေခဲ့လေသည်။

ယေရှု၏ အသက် ၁၂ နှစ် အရွယ်က စ၍ သူ့ ရင်ထဲမှာ ဖြစ်ပေါ်ခဲ့သော စိတ်လှုပ်ရှား ခံစားမှုသည် ဘာသာရေး ကိစ္စများ၌ လူသာမန်တို့၏ ဖြစ်ရိုး ဖြစ်စဉ် စိတ်ဝင်စားမှုမျိုးထက် ပိုလွန်ခဲ့လေသည်။ သူ၏ ထိခိုက် ခံစားလွယ်သော အသိဉာဏ် ထက်မြက်မှုနှင့် လျင်မြန်သော လူမှုရေး အသိ စိတ်ဓာတ်တို့က သူ့အား လူ့ဘဝဝယ် တမန်တော်၏ အခန်းကဏ္ဍဘက်သို့ စိတ်လည်အောင် ကြိုတင်၍ စေ့ဆော်ပေးလိုက်သလို ရှိ၏။

ယခုမူ သူ့အား ထို တမန်တော် အဖြစ်သို့ ရောက်အောင် ထင်ထင်ရှားရှား ခေါ်ယူခြင်းကို ခံရပြီ ဖြစ်၏။

၁။ Ephesus　　၂။ St. Paul

ဤသို့ အသံတော်ကို ကြားရပြီး နောက် ချက်ချင်းပင် သူသည် ဂျော်ဒန် မြစ်ကို ကျော်ဖြတ်၍ သွားရသော တောနက်ကြီး တစ်ခုထဲသို့ တောထွက်သွားလေသည်။ သူ၏ အနာဂတ်တွင် ဆောင်ရွက်ရမည့် အမှုကိစ္စများကို တွေးတောကြံစည်ရန်နှင့် ကမ္ဘာ့ဒွန်း ဘာဝနာ ပွားများရန် တောတွင်းသို့ အနား ယူရန် ထွက်သွားခဲ့ခြင်းသည် ထိရောက်မှု ရှိသော ကိစ္စ တစ်ရပ်ပင် ဖြစ်၏။

ခရစ်ယာန် ဘာသာ အစဉ်အလာ အရ ဤကဲ့သို့ ယေရှု သခင် တောထွက်ပြီး ကမ္ဘာ့ဒွန်း တရား အားထုတ်ခြင်းနှင့် စဉ်းစား ဆုံးဖြတ်ခြင်းကို မာရ်နတ်က လာပြီး ဖြားယောင်းခြင်း ခံရသော ရက်လေးဆယ် ကာလဟု သတ်မှတ်ထားကြလေသည်။

ဤ ပုံဆောင်၍ ပြသော စိတ်ကူး အသုံးချပုံများ နောက်က တကယ့် အဖြစ်မှန် တရားများကို အကျွန်ုပ်တို့ အနေနှင့် မြင်အောင် ကြည့်သင့်၏။ သူ့အနေနှင့် အသက်မွေးဝမ်းကျောင်း အလုပ်ကို ဆက်၍ လုပ်ကိုင်နေနိုင်ဦးမည်လား။ မလုပ်နိုင်တော့ပါ။ သူ့အနေနှင့် လူအများကို ဆွဲဆောင်နိုင်သော တွေးခေါ် မြော်မြင်ပြီး ပြောဟောသော နည်းကို အသုံးပြုနေ၍ကော ဖြစ်မည်လား။ ထိုနည်းသည် သူ့အား ထိခိုက်စေနိုင်၏။ ထိုနည်းကိုလည်း သူ အသုံးပြု၍ မဖြစ်ပေ။ သူ့အနေနှင့် သူ့အား ဘုရားသခင်က ရွေးချယ်ခြင်းကို အစစ်အဆေး ခံ၊ အစမ်းသပ် ခံရအောင် ပြုလုပ်၍လည်း မဖြစ်ပေ။ အစ္စရေးကို ပြန်လည် ရွေးယူနိုင်စေရန် အတွက် သူ့အနေနှင့် ကြိုတင် လိုအပ်ချက် ဖြစ်သော နိုင်ငံရေး အာဏာကို ရအောင် ပြုလုပ်ရန်မှာ ဖြစ်မည်လား။ ဤကိစ္စမှာလည်း မဖြစ်နိုင်ပေ။ ထိုသို့ ပြုလုပ်ခြင်းသည် မာရ်နတ်နှင့် စေ့စပ်ပွဲ လုပ်သလို ဖြစ်သွားနိုင်ပေသည်။

ယေရှု အနေနှင့် ဆုံးဖြတ်ချက် ချရာတွင် သူ့ခေတ်က တည်ရှိနေသော ဂျူး ပါတီများ လက်ခံထားသော အယူအဆများနှင့် သဘော မတူ အယူ ကွဲပြားသော အနေအထားကို ယူမှသာ ဖြစ်မည် ဆိုသည်ကို သူ သိမြင် နားလည်ခဲ့လေသည်။

သူသည် ဇီးလော့တ်များ၏ လုပ်ပုံကိုင်နည်းများကိုလည်း ငြင်းပယ်ခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော် ဇီးလော့တ်တို့သည် အကျိုးမရှိ အချည်းနှီးသော၊ ကိုယ့်ကိုယ်ကိုယ် ပျက်စီးအောင် ဖျက်ဆီးသော နည်းလမ်းများကို ကျင့်သုံးနေကြသူများ ဖြစ်သည်ဟု သူ ရှုမြင်လေသည်။

နောင်အခါ၌ သူက ဤသို့ ဟောကြားခဲ့၏။

'ဓားကို ဆွဲကိုင်သော သူသည် ဓားဖြင့် ဖျက်ဆီးခြင်းကိုသာ ခံရပေလိမ့်မည်'

ဤအယူအဆကို အခြားသူများကလည်း သူနှင့် အတူ ခံယူလာကြလေသည်။

နာဇရက် မြို့သားများနှင့် ဆက်ဖိုးရစ် မြို့သား လူအများ၏ စိတ်ထဲတွင် ခါးသီးသော အတွေ့အကြုံများ အရ ဖိုးလော့တ်များ၏ အေဒီ ၆ ခုနှစ်က ပေါ်ပေါက်ခဲ့သော သူပုန်ထမှုသည် သူတို့အား အသက် ဆုံးရှုံးခြင်းနှင့် ပျက်စီး ဆုံးရှုံးခြင်းကိုသာ ဖြစ်စေခဲ့သည်ဟု သိနားလည်နေကြလေသည်။

ယေရှုသည် ဖာရစီများနှင့်လည်း သူတို့ အလေးအနက်ထားသော ကိစ္စများတွင် သဘောထား ကွဲပြား ခြားနားခဲ့လေသည်။ ရှင်မသဲကျမ်း အခန်း ၂၃ တွင် အပြစ် တင်ထားသော စကားများ၌ သူက ဤသို့ ဆိုထားလေသည်။

'အို အသင်တို့၊ အသင် သီလကြောင် ကျမ်းပြုဆရာများ၊ ဖာရစီများတို့၊ သင်တို့သည် ကုလား ပင်စိမ်းပင်နှင့် စမုန်နက်စေ့များ အတွက်သာ အခွန်ကို ပေးဆောင်ကြ၏၊ ထို့ပြင် သင်တို့သည် အလေး ချိန်ခွင် ချိန်တွယ်သူများအား အလေးစဉ်းလဲ ချိန်စဉ်းလဲ ဖြစ်အောင် ကြံဆောင် ပြုလုပ်ကြ၏၊ တရား မျှတခြင်း၊ သနား ကရုဏာ ထားခြင်း၊ ဂုဏ်သိက္ခာ ရှိခြင်းကို ပျက်စီးအောင် ပြုကြ၏၊ သူတစ်ပါး အကျိုးကို လျစ်လျူရှုခြင်း မပြုဘဲ သင်တို့သည် ထိုတာဝန်ဝတ္တရားများကို ထမ်းဆောင်သင့်၏' ဟု ပြစ်တင်သော စကားကို ဆိုခဲ့လေသည်။

ဆဒ္ဒူးဆီးများနှင့်မူကား ယေရှု သခင်နှင့် အဆက်အသွယ် အတန်အသင့် ရှိ၏။ သို့ရာတွင် ဆဒ္ဒူးဆီးများကို ဆန့်ကျင်လျက် ဖာရစီများဘက်သို့ ဘက်လိုက်ခြင်း ရှိခဲ့ဟန်လည်း ရှိကြောင်း တွေ့ရသည်။ အခြား တစ်ဖက်တွင်လည်း သူသည် အက်ဆင်း တစ်ဦး မဖြစ်နိုင်ကြောင်း တွေ့ရပြန်သည်။ ဗတ္တိဇံ ဆရာ ရှင်ယောဟန်ကဲ့သို့ပင် သူ့ အနေနှင့်လည်း လူမှုရေး တာဝန်တို့ကို ကျောခိုင်းပြီး ခင်ကြီး ဘဝဖြင့် တသီးတခြား ဆိတ်ကွယ်ရာ၌ နေခြင်းကို မပြုနိုင်ပေ။ ထို့ပြင် သူသည် ရသေ့ တပသီလည်း မဟုတ်။ လူသာမန်တို့ နေထိုင်ကြရာ လူသာမန်တို့ အလယ်မှာ ပေါ်ထွန်းလာရကား သူသည် မင်္ဂလာ ဧည့်ခံပွဲများ၊ စားပွဲသောက်ပွဲကြီးများကို နှစ်သက်လေသည်။

အသရေ ပျက်အောင် ပြောဆိုတတ်သော ဖာရစီများကမူ ကိလေသာကို ပွားစေသော ပွဲလမ်းသဘင် အခမ်းအနားမှန်သမျှကို ကြောက်ရွံ့ကြရကား ယေရှုသည် အခွန် စည်းကြပ်သူများနှင့် ဘာသာရေး မကိုင်းရှိုင်းသူများနှင့် အတူ ရောနှော သောက်စားနေသည်ဟု ပြစ်တင် ပြောဆိုခဲ့ကြလေသည်။

ယေရှုသည် အစားအသောက်နှင့် ပတ်သက်သော ဝိနည်း ပညတ်တော်များကိုလည်း လိုက်နာခြင်း မရှိ၊ ဥပုသ်လည်း စောင့်ထိန်းခြင်း မရှိဟု သားပုပ်လေလွင့် ပြောဆိုကြလေသည်။

သူတို့က ဗတ္တိဇံဆရာ ယောဟန်၏ နောက်လိုက် တပည့်များပင်လျှင် ဥပုသ် စောင့်ကြသည်ဟုလည်း ထောက်ပြကြသည်။ သို့သော် ယေရှုသခင်က ဥပုသ် စောင့်ခြင်းကို ဥပဒေ စည်းကမ်း ဝိနည်းများဖြင့် ပညတ် နေစရာ မလို၊ ကိုယ့်သဘော ဆန္ဒနှင့် ကိုယ်သာ လိုအပ်သလို စောင့်သင့်သည်ဟု တုံ့ပြန် ဟောကြားခဲ့လေသည်။

ဤအချက် တစ်ခုတည်းတွင်သာ ဗတ္တိဇံဆရာ ယောဟန် နှင့် ယေရှုသခင်တို့ ကွဲပြား ခြားနားသည် မဟုတ်သေး။ ယေရှုသည် လက်သမား ခုံပေါ်မှာ အလုပ် လုပ်ပြီး ကျေးလက် ဒေသက လူတွေနှင့် လက်တွေ့ ဆက်ဆံလာသူ ဖြစ်သဖြင့် နေ့စဉ် လူတွေ ကြုံတွေ့နေရသော လက်တွေ့ ဘဝ ပြဿနာများကို သိမြင်နေသူ ဖြစ်သည်။ ထို့ကြောင့် ထိုသူများကို ရှင်ယောဟန်၏ ကမ္ဘာကြီး ပျက်စီးချိန် နီးပြီဟု ခြောက်လှန့်၍ စည်းရုံးနေခြင်းမှ ကင်းဝေးအောင်လည်း သူ ပြုလုပ်လိုပေသည်။

ထို့ပြင် ရှင်ယောဟန်သည် တရားဟော ဆရာသာ ဖြစ်သည်။ သူ့ တရားကို နာရန်အတွက် လူအများသည် သူ့ထံသို့ သွားကြရ၏။ ယေရှုသခင်ကား ထိုသို့ မဟုတ်၊ လူအများ ရှိရာ အရပ်သို့ သူကိုယ်တိုင် ကြွသွားပြီးလျှင် သူတွေ့ထိသမျှ လူများအား ပြောင်းလဲသွားအောင် ပြုလုပ်ခဲ့လေသည်။

## ဂါလိလီ၌ ဓမ္မဆရာ အဖြစ် စတင် ဆောင်ရွက်ခြင်း

ရှင်ယောဟန် အဖမ်းဆီး ခံရသော အခါ ယေရှုသည် ဂျော်ဒန် မြစ်ကို ဖြတ်ကျော်၍ ဂါလိလီသို့ ခရီး ထွက်ခဲ့လေသည်။

ရှင်*မာကု*[၁] အဆို အရ သူသည် လမ်းတစ်လျှောက်လုံးတွင် 'အချိန် ကျရောက်လာပြီ၊ ဘုရားသခင် အုပ်စိုးသော ခေတ်သို့ ရောက်ချိန်နီးပြီ၊ နောင်တ ရကြကုန်လော့၊ ဤသတင်းကောင်းကို ယုံကြည်ကြလော့' ဟူသော ဘုရား

---

၁။ Mark

သခင်ထံမှ လာသော သတင်းကောင်းကို ကြွေးကြော်သွားသည် ဆို၏။

သူ့အား ဘုရားသခင်က ရွေးချယ် ခေါ်ယူခြင်း ခံရသူဖြစ်ကြောင်းကို လူအများ သက်ဝင် ယုံကြည်အောင် ပြုလုပ်နိုင်သောကြောင့် သူသည် တပည့် နောက်လိုက် လေးဦးကို ချက်ချင်း ရရှိလေတော့၏။

နောက်လိုက် ဖြစ်လာသူများမှာ ဆိုင်မွန် ပီတာ၊ သူ့ညီ အန်ဒရူး၊ ဂျိမ်းနှင့် သူ့ညီ ဖြစ်သူ ဂျွန်တို့ ဖြစ်ကြသည်။ ဂျိမ်းနှင့် ဂျွန်တို့မှာ *ဇီဘက်ဒီး*[၁] ၏ သားများ ဖြစ်ကြသည်။ အားလုံး တံငါသည်များ ဖြစ်ကြပြီး ငါးမျှားတံကို ပစ်ချကာ သူ့နောက်သို့ လိုက်ပါလာကြသူများ ဖြစ်လေသည်။

ထိုအချိန်က ဂါလီလီ ရေကန်ကြီးကို မြို့သေး မြို့ငယ်ကလေးများ ဝိုင်းရံ၍ တည်ရှိလေသည်။ ယေရှုသည် ထိုမြို့ကလေးများထဲတွင် သူ၏ ဓမ္မဆရာ အလုပ်ကို စတင်ဆောင်ရွက်လေသည်။

ထို မြို့ငယ်ကလေးများမှာ *တိုင်ဗေးရီးယပ်*[၂]၊ *တာရီချေး*[၃]၊ *ချိုရာဇင်း*[၄]၊ *ကာပါနာအွန်း*[၅] နှင့် *ဘက်သဆေးဒါး*[၆] တို့ ဖြစ်ကြသည်။ ထိုမြို့ငယ်ကလေးများ အနက်မှ ကာပါနာအွန်း မြို့ကလေးကို သူ၏ ဌာနချုပ် တည်ရှိရာ မြို့အဖြစ် သတ်မှတ်ထားလေသည်။ အဘယ်ကြောင့်ဆိုသော် ထိုမြို့တွင် ဆိုင်မွန် ပီတာ၏ အိမ် တည်ရှိသောကြောင့် ဖြစ်၏။ အစ ပထမပိုင်းတွင် သူသည် ဘာသာရေး တရားဆွေးနွေးပွဲများ၌ ပြောဟောလေသည်။ နောက်ပိုင်းတွင် ပရိသတ်က များသည်ထက် များပြားလာသောကြောင့် သူသည် ဈေး အရပ်၌ တရား ဟောလေသည်။ လယ်ပြင် ကွက်လပ်များတွင်လည်း ဟောပြောခဲ့လေသည်။

ရှင်မာကု ခရစ်ဝင်ကျမ်း ပထမ အခန်းထဲတွင် ကာပါနာအွန်းမြို့ ပထမ ဥပုသ်နေ့ တရားပွဲ၌ ယေရှု ကြုံတွေ့ခဲ့ရသော အဖြစ်အပျက် အပြည့်အစုံကို ဖော်ပြထားလေသည်။ ထိုတရားပွဲ အကြောင်းကို အထိုက်အလျောက် ချဲ့၍ တင်ပြရလျှင် ပို၍ သင့်မြတ်ပေလိမ့်မည်။

ယေရှု၏ ဓမ္မဆရာ အဖြစ် ဆောင်ရွက်ခြင်း အစပိုင်း အခြေအနေမှာ ဤသို့ ဖြစ်၏။ အစဆုံး အနေနှင့် သူသည် တရား ဆွေးနွေးရာ ဘာသာရေး စည်းဝေးပွဲ တစ်ခုသို့ ကြွသွားပြီးလျှင် ထိုပွဲတွင် သူ၏ တရားများကို သင်ကြား ပြသလေသည်။

ထိုစဉ် အခါက ကာပါနာအွန်း မြို့ကလေးတွင် ထိုဘာသာရေး စည်းဝေးပွဲမျိုး တစ်ခုထက်မက ပို၍ ရှိနိုင်ပေသည်။

ထို့နောက် သူသည် သူ့အား ဖိတ်ကြားထားသော အိမ်တစ်အိမ်သို့ သွားလေသည်။ ဘာသာရေး ဆွေးနွေးပွဲကျင်းပရာ အတွင်းခန်းမှာ ရိုးရိုးပင် ဖြစ်သည်။ အထဲတွင် ဘာပစ္စည်းမှ အထွေအထူး မရှိ။ အခန်းကို ရှင်းထားသည်။ ဘုရားရှိခိုးသူများသည် ဂျေရုဆလင် မြို့ရှိရာ အရပ်ဘက်သို့ မျက်နှာမူ၍ နေကြရသည်။ ထိုဘုရားဝတ်ပြုသူများ ရှေ့တွင် ကွပ်ပျစ် ခပ်မြင့်မြင့် တစ်ခု ရှိသည်။ ကွပ်ပျစ်ပေါ်တွင် စာဖတ်သော စားပွဲခုံ တစ်ခုကို တင်ထားလေသည်။ ထို့ပြင် အခန်း နံရံမှာ ကပ်ပြီး ကျမ်းစာလိပ်များ ထည့်သော စာတိုက် သေတ္တာ တစ်လုံးကို ချထားသည်။ ထိုသေတ္တာမှာ သစ်သား သေတ္တာကြီး ဖြစ်သည်။ သေတ္တာ ရှေ့တွင် လိုက်ကာ တစ်ခု ချထားသည်။ လိုက်ကာ ရှေ့တွင် မီးတိုင် တစ်ခုကို ချထားပြီး ထိုမီးကို အမြဲ ထွန်းညှိထားလေသည်။

ဘုရား ဝတ်ပြုသော အချိန်များ၌ အဓိက ကျသောနေရာကို လူကြီး မိဘ တစ်ဦးဦး သို့မဟုတ် ဖာရစီ ခေါင်းဆောင် လူကြီး တစ်ဦးဦးက ယူထားလေ့ ရှိသည်။ ထိုပုဂ္ဂိုလ်သည် အခြား ဝတ်ပြုသူများဘက်သို့ မျက်နှာမူ၍ ထိုင်နေလေသည်။ ထိုပုဂ္ဂိုလ်များ၏ အသံသည် *ရှီးမား*[၇] ခေါ် ဘုရား ဝတ်တက်စာများကို နှုတ်တိုက် အာဂုံ ရွတ်ဆိုကြသူများအား ဦးဆောင်သည်။ ရှီးမားသည် ဘုရား ဝတ်တက်မှု အားလုံး၏ အဓိက အစိတ်အပိုင်း ဖြစ်လေသည်။

ဘုရား ဝတ်တက်သူများ မတ်တတ် ရပ်ကြသော အခါ ဘာသာရေး စည်းဝေးပွဲကို အုပ်ချုပ်သူက ဘုရားဝတ်ပြု ဆုတောင်းစာများကို ရွတ်ဖတ်လေသည်။ ထိုအခါ စည်းဝေး ရောက်ရှိနေသူများက တုံ့ပြန်၍ ဘုရား ဝတ်ပြု ဆုတောင်းစာများကို သင့်တော်သလို အထပ်ထပ် ရွတ်ဖတ်ကြရလေသည်။

ထို့နောက် စာတိုက်သေတ္တာကြီးထဲက ကျမ်းစာလိပ်များကို ထုတ်ယူပြီး ကျမ်းစာ ဖတ်ခြင်းကို ပြုလုပ်လေသည်။ ပထမ ဟေဗြဲ ဘာသာ စကားဖြင့် ရွတ်ဖတ်ရသည်။ ထို့နောက်မှ အာရမေးယန်း ဘာသာ စကားဖြင့် ကျမ်းစာ ရွတ်ပွဲကို ကျင်းပ ပြုလုပ်ကြလေသည်။ ထို့နောက်တွင် စည်းဝေးပွဲကို အုပ်ချုပ်သူက ဖြစ်စေ၊ သူ ရွေးချယ် တင်မြှောက်သော

၁။ Zebedee
၂။ Tiberias
၃။ Taricheae
၄။ Chorazin
၅။ Capernaun
၆။ Bethsaida

၇။ Shema

သူက ဖြစ်စေ စုဝေး ရောက်ရှိနေသော ဝတ်ပြု ပရိသတ်ကို သင်ကြား ပို့ချပုံမျိုးဖြင့် တရား ဟောရလေသည်။

ကာပါနာအွန်း မြို့တွင် ယေရှု ပထမဆုံး တရား ဟောရသော အခါမှာလည်း တရားပွဲ ပုံစံမှာ ထိုနည်းအတိုင်းပင် ဖြစ်လေသည်။ သူ တရား စဟောသော အခါ ပရိသတ်သည် အံ့အားသင့်နေကြသည် ဆို၏။ အဘယ်ကြောင့် ဆိုသော် သူ ပြောဆို ဟောကြားပုံမှာ ပြောရေးဆိုခွင့် ရှိသော ပုဂ္ဂိုလ် တစ်ဦးက လာ၍ တာဝန်ခံ ပြောဆိုနေသလို ပြောဆိုသော ကြောင့် ဖြစ်၏။

သူ ပြောသမျှ စကားများမှာ သူ ယုံကြည်သည်ကို လွတ်လွတ်လပ်လပ် ပြောချင်သလို ပြောပြီး သူ့ စကားများကိုလည်း စိတ်ကြိုက် လွတ်လွတ်လပ်လပ် အဓိပ္ပာယ် ဖွင့်၍ ပြောဆိုသည့်ပြင် နှလုံးသား ခံစားချက် အပြည့်အဝ ဖြင့် ပြောဆိုသောကြောင့် ဖြစ်၏။ သူ ပြောပုံသည် ခြောက်သွေ့သော ကျမ်းတတ် တရားဟောဆရာများ ပြောဆိုပုံနှင့် လုံးဝ ခြားနားနေသောကြောင့် ဖြစ်၏။

ထိုသို့ တရား ဟောစဉ်မှာပင် ထိတ်လန့် အံ့သြဖွယ်ရာများလည်း ဖြစ်ပျက်ခဲ့သော ဟူ၏။ ပရိသတ်ထဲက လူ တစ်ဦးသည် သူ့ကိုယ်သူ သရဲ ဖမ်းထားသည်ဟု ယုံကြည် နေရာ ထိုအစွဲ ပယောဂကြောင့် သူ့မှာ ထူးခြားသော ရောဂါ များကို ခံစားနေရလေသည်။ ထိုခေတ်က ထိုရောဂါမျိုးကို အမှောင့်ပယောဂ ရောဂါ အဖြစ် တစ်ကမ္ဘာလုံးကပင် လက်ခံ ထားကြလေသည်။ ထိုသူသည် ရုတ်တရက် မျှော်လင့်ချက် ကြီးစွာဖြင့် တရား ဟောနေသော ယေရှုအား ကြားဖြတ်၍ စကား ပြောဆိုလေသည်။

'နာဇရက်မြို့သား ယေရှု၊ သင်သည် ကျွန်ုပ်တို့ထံမှ ဘာကို အလို ရှိသနည်း၊ ငါတို့ကို ဖျက်ဆီးရန် သင် လာခဲ့ သလား၊ သင် ဘယ်သူလဲ ဆိုတာကို ငါ သိပါသည်၊ သင် သည် ဘုရားသခင်ထံက လာသူ ဖြစ်၏'

ထိုသူက ထိုသို့ ဆိုသော အခါ ယေရှုက အပြစ် ဖော်ပြ၍ ဆုံးမလိုက်လေသည်။

'သင့် နှုတ်ကို ပိတ်ထားပါ၊ သင် ထိုသူထံမှ ယခု ထွက်လော့' ဟု အမိန့် ပေးလိုက်လေသည်။

ထိုမကောင်းဆိုးဝါး သရဲသည် ထိုသူအား တုန်လှုပ် စေလျက် အော်သံကြီးကို ပြုကာ ထိုသူ့ ကိုယ်မှ ထွက်သွား လေတော့သည်။

ယေရှုလည်း သူများ အံ့သြသည်ထက်ပင် ပို၍ သူ၏ ကုစားနိုင်သော တန်ခိုးကို သက်သေ ထင်ရှား မြင်တွေ့ရ သောကြောင့် အံ့သြရလေသည်။

အမှောင့် ပယောဂ ထွက်ခွာသွားခြင်းမှာ ယေရှု၏ တန်ခိုးကြောင့် ဖြစ်သည် ဆိုသော အချက်ကို ထိုခေတ်က သူ့ ပရိသတ်သည် လုံးဝ သံသယ မဖြစ်ကြပေ။

ပရိသတ်ကြီးလည်း အံ့အား သင့်နေကြ၏။ အချင်းချင်းလည်း ခေါင်းချင်း ဆိုင်၍ ဆွေးနွေးကြ၏။ ဤတရား သင်ကြားပုံကား အသစ်အဆန်း ဖြစ်၏။ အမှောင့် ပယောဂ ပြုသော မကောင်းဆိုးဝါး ဝိညာဉ်ကောင်ကိုပင် သူသည် အမိန့် ပေးနိုင်ပေစွ။ သူ့အမိန့်ကို ထိုနတ်ဆိုးကပင် နာခံ ရပေစွ တကားဟု ပြောဆို ချီးမွမ်းကြလေ၏။

ယေရှု၏ ဂုဏ်သတင်းလည်း တစ်မုဟုတ်ချင်းပင် အရပ်တကာသို့ ပျံ့နှံ့သွားလေတော့၏။

ဤ တရား ဆွေးနွေးပွဲကြီး ပြီးဆုံးသွားသော အခါ ယေရှုသည် ဆိုင်မွန် ပီတာ၏ နေအိမ်သို့ ထွက်ခွာသွားလေသည်။ ထိုအိမ်တွင် ဆိုင်မွန် ပီတာ၏ ယောက္ခမကြီးသည် အိပ်ရာထဲမှာ ဖျားပြီး လဲနေလေသည်။

ယေရှုသည် ထိုအဘွားကြီးထံသို့ သွားပြီးလျှင် လက်ကို ဆွဲထူလိုက်လေသည်။ ထိုခဏမှာပင် ထိုအဘွားအို၏ အဖျားသည် ပျောက်ကင်းသွားလေသည် ဆို၏။

ဤဖြစ်ရပ်ကြောင့် ညနေပိုင်း မိုးချုပ်ချိန်တွင် မြို့ထဲရှိ နာမကျန်း ဖြစ်နေသူများ၊ နတ်မိစ္ဆာများ ဖမ်းစားထားသည် ဟု ယူဆသူများ အားလုံးကို သူ့ထံသို့ ဆောင်ယူလာကြလေသည်။ တစ်မြို့လုံး အိမ်ရှေ့တွင် စုဝေး ရောက်ရှိလာကြလေသည်။ ယေရှုလည်း ထိုလူနာများကို ကုစား ပေးလိုက်လေသည်။

ဤ ဖြစ်ရပ်တွင် တချို့က လူ အတော် များများကို ကုစားပေးသည်ဟု ဆိုသည်။ ဧဝံဂေလိ အဖွဲ့သားများကမူ လူအားလုံးကို ကုစား ပေးလိုက်သည်ဟု ဆိုသည်။ အဆို မညီပါ။

သို့သော် ယေရှုကမူ ယုံကြည်သူများကိုသာ သူ ကုစားပေးနိုင်ကြောင်း ရိုးသားစွာ ဆိုလေ့ ရှိသည်။

သူ့စကားမှာ 'သွားကြလော့၊ ငြိမ်းချမ်းစွာ နေကြလော့၊ နောက်ထပ် အပြစ် ဒုစရိုက်များကို မကျူးလွန်ကြနှင့်၊ သင်တို့၏ ယုံကြည်ချက် သဒ္ဓါတရားက သင်တို့အား ကုစား ပေးလိုက်ခြင်းသာ ဖြစ်၏' ဟူ၍ ဖြစ်၏။

ဤသို့ အသစ် ရရှိလာသော တန်ခိုး သတ္တိကြောင့် လူသိရှင်ကြား များလာခြင်း အတွက် ယေရှုသည် စိတ် အနှောင့်အယှက် ဖြစ်ရလေသည်။

ထိုသို့ သူ့စိတ်မှာ အနှောင့်အယှက် ဖြစ်ရကြောင်းကို အောက်ပါ ဖြစ်ရပ်က ထင်ရှားစေပါသည်။

နေ အရှက် မတက်မီ နံနက်စောစောကြီး အချိန်၌ သူသည် အိပ်ရာမှ ထပြီးလျှင် လူသူ ကင်းဆိတ်သော နေရာသို့ ထွက်သွားလေသည်။ ထို့နောက် ထိုနေရာတွင် ဝတ်ပြုဆုတောင်း နေလေတော့၏။ ထိုအခါ ဆိုင်မွန်နှင့် သူ၏ အဖော်အပေါင်းများသည် သူ့ကို လိုက်ရှာကြရာ ထိုနေရာ၌ တွေ့ဆုံကြလေ၏။

ထိုအခါ ဆိုင်မွန်က သူ့ကို ပြောသည်မှာ

'ဒီလူတွေဟာ သင့်ကို လိုက်ရှာနေကြတယ်'

သူက ပြန်ပြောသည်။

'တို့ တခြား တစ်နေရာကို သွားကြစို့၊ အနီးအနားက နိုင်ငံက မြို့ကလေး တစ်မြို့ကိုပေါ့၊ ဟိုကျတော့ ငါ သူတို့ကိုလည်း တရားဓမ္မ ဟောကြားနိုင်တာပေါ့၊ ငါဒီကို ထွက်လာတာဟာ တရား ဟောချင်လို့ကွယ်' ဟု ဆိုလေသည်။

သို့ရာတွင် အခြား မြို့များသို့ ရောက်သော အခါမှာလည်း သူ တွေ့ကြုံရသော အတွေ့အကြုံများမှာ ကာပါနာအွန်း မြို့မှာ တွေ့ကြုံရသော အတွေ့အကြုံမျိုးလိုပင် ဖြစ်၏။

ရက် အတန် ကြာသည့်တိုင်အောင် ယေရှုသည် မြို့ထဲသို့ လူမြင်ရှင်ကြား ပွင့်ပွင့်လင်းလင်း သွားလာနိုင်ခြင်း မရှိပေ။ သွားနေကျ လာနေကျ မဟုတ်သော နေရာများတွင်သာ လူမသိ ရှင်မကြားအောင် ပုန်းလျှိုးကွယ်လျှိုး နေထိုင်နေခဲ့ရလေသည်။

အရပ် လေးမျက်နှာမှ လူအများတို့သည် သူ့ထံသို့ လာနေကြလေတော့၏။ သူ၏ လူကြိုက် များမှု၊ ထင်ပေါ်ကျော်ကြားမှုမှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင်ပင် ကြီးမားနေ၏။ လူအများမှာ သူ့ထံသို့ ပြေးဝင်လျက်ရှိကြ၏။ သူ့ထံသို့ ရောက်လျှင် အကျိုးထူး ခံစားကြရမည်ဟု လူအများ ယုံကြည် ကိုးစားကာ မျှော်လင့်နေကြ၏။

သူ ကာပါနာအွန်း မြို့ကလေးသို့ ပြန်လာသော အခါထိုကဲ့သို့သော လူအုပ်ကြီး စုဝေး ရောက်ရှိလာရာ တံခါးပေါက်ဝမှာ ခြေချစရာ နေရာပင် မရှိတော့ဟု ဆိုသည်။

အခြား အဖြစ်အပျက် တစ်ခုတွင်လည်း အိမ်ထဲမှာ လူများ ပြည့်ကျပ်နေသဖြင့် ထမင်းပွဲ ပြင်စရာ နေရာပင် မရှိတော့ဟု ဆိုကြ၏။

တစ်ခါမှာလည်း ရေကန်ကြီး တစ်လျှောက် လူအများ စုဝေး ရောက်ရှိလာကြရာ လူအုပ်ကြီး ပိပြီး သေတော့မလောက် ဖြစ်သဖြင့် ယေရှုနှင့် သူ၏ သာဝကကြီးများသည် ထွက်ခွာသွားနိုင်အောင် လှေကို အသင့် ပြင်ဆင်ထားကြရသည် ဆို၏။ နောက်ဆုံးတွင် လူစုလူဝေးကြီးမှာ အဆမတန် ကြီးထွားလာသဖြင့် သူသည် လှေတစ်စင်းပေါ်သို့ တက်ပြီး ကမ်းနှင့် ဝေးသော နေရာသို့ လှော်ခတ်သွားရ၏။ လူထုကြီးမှာ ကမ်းပေါ်၌ ရေစပ်နား အထိ တိုးဝှေ့ ကြည့်ရှုနေကြလေတော့၏။ ထိုရေလယ်မှပင် သူသည် ထိုလူများအား တရား ဓမ္မများကို သင်ကြားပေးလေတော့သည်။

## ယေရှု ဟောကြားသော အကြောင်းအရာများ

သူ၏ ဓမ္မဆရာ ဘဝ အစပိုင်းတွင် သူ ဟောကြားသော တရားများကို လူအများ ထိုမျှလောက် နှစ်သက် စွဲလမ်းရသော အကြောင်းများသည် အဘယ် အကြောင်းများ ဖြစ်ကြသနည်း။

အဖြေမှာ အချက် တစ်ချက်သည် သူ ပြောဟောသမျှ စကားများတွင် ခက်ခဲ နက်နဲသော ပညာရပ် ဆန်သည့် စကားလုံးများ မပါဘဲ လူတိုင်း နားလည်လွယ်သော ရိုးရိုးရှင်းရှင်း စကားလုံးများကို အသုံးပြု၍သာ ဟောကြားခြင်းလည်း တစ်ရပ် ဖြစ်၏။ သူ့တရားကို တန်ဆာ ဆင်၍ ဟောကြားသော အခါမှာလည်း သဘာဝ တရားနှင့် နေ့စဉ် ဘဝထဲက အတွေ့အကြုံများ၊ ပြယုဂ်များဖြင့်သာ တန်ဆာ ဆင်၍ ဟောကြားလေ့ ရှိ၏။ သူသည် ရိုးရိုး လူသာမန်များကို ဟောပြောသော ရိုးရိုး လူတစ်ဦးပင် ဖြစ်၏။ သူ၏ လေးနက်သော တရားဓမ္မ သင်ခန်းစာများကို ဥပမာ ပုံဆောင်ချက်များဖြင့် တန်ဆာ ဆင်လျက် ဟောကြား၏။ ထို ပုံဆောင် ဥပမာများမှာ ဘဝထဲက ဝတ္ထုကြောင်းများ ဖြစ်ကြလေသည်။

သူ့ တရားများကို လူတို့ ဤမျှလောက် ကြိုက် နှစ်သက်ကြခြင်းမှာ ထိုအကြောင်း တစ်ခုတည်းကြောင့် မဟုတ်ပေ။

သူသည် သူ့ ပရိသတ် လူထု၏ ဘာသာရေး အတွေးအမြင် ကွဲပြားမှုများကို ပေါင်းစည်းမှု အသစ်ဖြင့် ပေါင်းစည်း ညီညွတ်စေရန် သူ၏ ကိုယ်ရည်ကိုယ်သွေးနှင့် အတွေ့အကြုံအားဖြင့် အခိုင်အမာ ပုံစံ ကျနအောင် ဖော်ပြနိုင်သောကြောင့် ဖြစ်၏။

## (က) ဘာသာရေးနှင့် ဆိုင်သော ဒေသနာ

သူ၏ တပည့် သာဝကများ သူ၏ ဒေသနာကို အစဉ် သတိရအောက်မေ့စရာ ဖြစ်ကျန်ရစ်သော ထင်ရှားသော အချက် တစ်ချက် ရှိ၏။ ထိုအချက်မှာ ဘာသာရေး ရှုထောင့်၏ အချက်အချာ ကျသော သဘောပင် ဖြစ်၏။

ရော်ဒန် မြစ်ထဲတွင် ဗတ္တိဇံ ဆရာ ရှင်ယောဟန်က သူ့ကို နှစ်ခြင်း မင်္ဂလာ ပြုပေးပြီးသည့် အချိန်က စ၍ သူ့ဘဝ တစ်လျှောက်လုံးတွင် ဘုရားသခင် တည်ရှိကြောင်း အမှန်တရားနှင့် သူနှင့် ထာဝရ ဘုရားသခင်တို့ ကြားတွင် ရင်းနှီးသော ဆက်နွယ်မှု ရှိကြောင်း အမှန်တရားသည် ယေရှု ဟောကြားသမျှ တရား အားလုံး၏ အချက်အချာကျသော အချက်ပင် ဖြစ်၏။

သူ့ အတွေးအခေါ်နှင့် ဆုံးဖြတ်ချက် အားလုံးတွင် ထို အချက်သည် အမြဲအစဉ် ရှေ့နောက် ညီညွတ်သော၊ ယုတ္တိ တန်သော အချက် ဖြစ်နေခဲ့လေသည်။ ဘုရားသခင် တည်ရှိခြင်း၏ အစစ်အမှန် သဘော အပေါ်၌ သူသည် မတုန်မလှုပ် ယုံကြည် သက်ဝင်သူ ဖြစ်၏။ အမှန်မှာတော့ ထို ခေတ်သည် တစ်ကမ္ဘာလုံးလိုလိုတွင် ထာဝရ ဘုရားသခင် တည်ရှိသည် ဆိုသော အချက်ကို ယုံကြည် သက်ဝင်ကြသော ခေတ် ဖြစ်ရကား သူ့ကိုလည်း ဘယ်သူမှ စောဒက မတက်ကြတော့ပေ။

လူအများ သိချင်သော အချက်မှာ ထိုဘုရားသည် ဘယ်လို နတ်ဘုရားမျိုးလဲ၊ ထိုဘုရား၏ စရိုက် လက္ခဏာသည် ဘယ်လိုလဲ၊ ဘာတွေလဲ၊ ထိုဘုရားသည် ဘာတွေကို လုပ်လိမ့်မည်ဟု မျှော်လင့်ရမလဲ စသော အချက်များ ဖြစ်၏။

ထိုအချက်တွင် ယေရှု၏ ဟောပြောချက်များသည် လေးနက် သေချာသော အာမခံချက် သဘော ပါသည်။ အခိုင်အမာ ဆိုသော သဘော ရှိသည်။

ထာဝရ နတ်ဘုရားသည် တစ်လောကလုံးကို အုပ်စိုးတော်မူသော၊ အကျင့်သီလ ကိုယ်ရည် ကိုယ်သွေးများနှင့် ပြည့်စုံသော အချုပ်အခြာ အာဏာ ပိုင်ဆိုင်သော အရှင် ဖြစ်၏။ လူ့သမိုင်းကြောင်း တိုးတက် ဖြစ်ပေါ်မှု တစ်ခုလုံးကို တွန်းအား ပေးနေသော တွန်းအား ဝိညာဉ်တော်ကြီးလည်း ဖြစ်၏။ လောကကို လွှမ်းမြောက်သော လောက ဉတ္တရ ဖြစ်သော အရှင်လည်း ဖြစ်၏။ လွန်စွာ ဖြောင့်မတ် မှန်ကန်သော တရား မျှတခြင်း သဘောမှ မည်သည့် အခါမှ သွေဖည်ခြင်း ဖောက်ပြန်ခြင်း မရှိသော၊ လောက ဖြစ်ရပ် အားလုံးနှင့် လူတစ်ဦးချင်း၏ ကံကြမ္မာကို အဆုံးအဖြတ် ပေးတော်မူသော အရှင် ဖြစ်၏။

သို့ရာတွင် ထာဝရ ဘုရားသခင်သည် လွန်စွာ သည်းခံ ခွင့်လွှတ်တော်မူပြီး သနား ကရုဏာနှင့် ပြည့်စုံတော်မူသော အရှင် ဖြစ်ရကား လူသားတို့အား ရွေးယူခြင်း အလုပ်ကို ပြုလုပ်တော်မူသော အရှင်လည်း ဖြစ်၏။

ထို ဘုရားသခင်၏ စရိုက်နှင့် ပြုမူပုံမှာ ဖခင်၏ စရိုက် အပြုအမူနှင့် တူ၏။ ထို့ကြောင့် ယေရှုက ဘုရားသခင်ကို ချစ်မြတ်နိုးစွာ ခေါ်သော အမည်မှာ 'ခမည်းတော်ဘုရား' ဟူ၍ ဖြစ်၏။ သို့မဟုတ် 'ကောင်းကင်ဘုံ၌ စံနေတော်မူသော အဖ ဘုရားသခင်' ဟူ၍ ဖြစ်၏။

ဘုရားသခင်သည် အလုံးစုံ ကောင်းမွန် မြင့်မြတ်တော်မူသော အရှင် ဖြစ်၏။ လူသား အပေါင်းတို့အား မိမိတို့ ဘာသာ ဆုံးဖြတ်ခွင့်ကိုလည်း ခွင့်ပြုတော်မူထား၏။ သူတို့ ကြိုက်နှစ်သက်သလို စီးပွား ရှာကြံခွင့်၊ သုံးဖြုန်းခွင့်ကိုလည်း ပြု၏။ ထိုသူများကို ထာဝရ ဘုရားသည် အစဉ်သနားသဖြင့် အပြစ် ဒေါသများ၊ အကုသိုလ် ဒုစရိုက်များမှ ရွေးယူခြင်းကို ပြုလျက် ချစ်မြတ်နိုးတော်မူသည့်ပြင် သူ့ထံသို့ ပြန်လာကြသော အခါမှာလည်း ထိုသူများအား သနားသဖြင့် ခွင့်လွှတ်တော်မူလေသည်။

လူတို့ အနေနှင့် လုံးဝ သံသယ ကင်းရှင်းစွာဖြင့် ဘုရားသခင်ကို ယုံစားထိုက်၏။ စိုးရိမ် ကြောင့်ကြခြင်း ကင်းရှင်းစွာ ရှိခိုး ဝတ်ပြု ဆုတောင်းခြင်းအားဖြင့် တဖြည်းဖြည်း ဉာဏ်အလင်းကို ရရှိအောင် ပြုလုပ်သင့်၏။ အထူးသဖြင့် သီးသန့် ဆိတ်ကွယ်ရာ အရပ်မှာ ဖြစ်စေ၊ ဆိတ်ကွယ်ရာ လွင်တီးခေါင်မှာ ဖြစ်စေ၊ တောင်ထိပ်မှာ ဖြစ်စေ ဝတ်ပြု ဆုတောင်းခြင်းကို ပြုသင့်၏။

ယေရှု၏ သဘာဝ တရား အပေါ်၌ ရှုမြင်ပုံမှာ သူ၏ ဘုရားသခင်ကို ရှုမြင်သော အမြင် အပေါ် မူတည်သည်ဟု ဆိုသင့်၏။ သဘာဝ တရားကို ရှုမြင်ရာ၌ သူ့အမြင်သည် ဂျူး လူမျိုးများ၏ အမြင်နှင့် တူ၏။ သဘာဝ တရားသည် လူ့ဘဝ ဇာတ်ခုံပေါ်က လူ့ဘဝ၏ ကယ်တင်ခြင်း ဇာတ်လမ်းကို ခင်းကျင်း ကပြရာ နောက်ခံ ဇာတ်ဝင် အခမ်းအနားကြီးနှင့် တူသည်ဟု သူ ယူဆလေသည်။

သဘာဝ တရားသည် အဆုံးစွန်သော အစစ်အမှန် တရားကြီး မဟုတ်။ သဘာဝ တရား နောက်ကွယ်မှာနှင့် သဘာဝ တစ်ခုလုံး အပေါ်မှာ ဘုရားသခင်က စေစားတော်မူလျက် ရှိ၏။

ဤအချက်တွင် ယေရှုသည် ထာဝရ ဘုရားသခင်ကို သဘာဝ တရားကို ကျော်ဖြတ်၍ ရှုမြင်ပုံ၌ ဂျူးတို့၏ ရှုမြင်ပုံကိုသာ ယူသည်။ ဂရိ လူမျိုးတို့၏ အမြင် ဖြစ်သော ထာဝရ ဘုရားက တစ်ဆင့် သဘာဝ တရားကို ရှုမြင်သော အမြင်ကိုကား မယူဟု ခြုံ၍ သုံးသပ်အပ်၏။

တစ်ချိန်တည်းမှာပင် ယေရှု၏ ဟောကြားချက်များ အရ သူသည် သဘာဝ တရားကို နှစ်သက် ရွှင်လန်းသော

သဘော၊ ယုံကြည် စိတ်ချသော သဘောဖြင့် ရှမြင်ကြောင်း ပေါ်လွင် ထင်ရှားပေသည်။

'လယ်ကွင်းထဲမှာ ပွင့်နေကြတဲ့ ကြာပန်းတွေက ဘုရားသခင် ဖန်ဆင်းထားတာမို့ ကောင်းကင်ပေါ်မှာ ပျံသန်းနေကြတဲ့ ငှက်ကလေးတွေလိုပဲ ဆော်လမွန် ဘုရင်ရဲ့ ခမ်းနား ထည်ဝါမှုထက်တောင် ပိုပြီး လှပ နေကြပါသေးတယ်'

သေချာပါ၏။ အကယ်၍ လူသားများ အနေနှင့် ဘုရားသခင်၏ နိုင်ငံတော်ကြီးထဲမှာ တစ်ဦး အပေါ် တစ်ဦး ဖြောင့်မတ် မှန်ကန်သော နည်းမျိုးဖြင့် ဘယ်လို ဆက်ဆံ ပေါင်းသင်းပြီး နေရမည် ဆိုသည်ကို သိနားလည်ကြပါမူကား သူတို့သည်လည်း သဘာဝ တရားထဲမှာ သူတို့ လိုအပ်တာ အားလုံးကို ရှာဖွေ တွေ့ရှိနိုင်ကြမည်သာ ဖြစ်ပါသည်။

ဤကား လွယ်ကူအောင် ဆိုလိုက်ခြင်းသာ ဖြစ်၏။ ယေရှု ဟောကြားချက်၏ ဤ ကိစ္စနှင့် ပတ်သက်သော သဘော အမှန်မှာ လူတို့ ဒုက္ခ ရောက်ကြရခြင်းသည် ဘုရားသခင်ကို အရင် မရှာဘဲ လူတို့သည် အစားအစာနှင့် အဝတ်အထည်ကို ပထမ ရှာနေကြခြင်းကြောင့် ဖြစ်သည်။ သို့မဟုတ်ဘဲ အကယ်၍ သူတို့ အနေနှင့် ဘုရားသခင်၏ နိုင်ငံတော်ကိုသာ အရင် ရှာဖွေကြမည် ဆိုပါမူကား အစားအစာနှင့် အဝတ်အထည်တို့သည် သူ့ အချိန် ကျလျှင် သူ့အလိုလို ရရှိလာမည့် အရာများသာ ဖြစ်သည်။ ၎င်းမှာ ဘုရားသခင်၏ အစီအမံ အတိုင်း ဖြစ်၏။

ယေရှု ခေတ်က အတွေးအခေါ် ပုံစံကို ကြည့်လျှင် ဤအချက်ကို သူ၏ နှလုံးသားထဲက နှစ်နှစ်ကာကာ ယုံကြည်နေကြောင်းမှာ ထင်ရှားလှပေသည်။

ခန္ဓာကိုယ် (ရုပ်နာမ်) နှင့် ပတ်သက်သော ယေရှု၏ အမြင်မှာ ဂျူး လူမျိုးများ၏ အမြင် အတိုင်းပင် ဖြစ်သည်။ သူသည် ခန္ဓာကိုယ်ထဲမှာ စိတ်နှင့် ဝိညာဉ် ပေါင်းစည်း၍ ဆောင်ရွက်နေကြသည် ဆိုသော အယူအဆကို လက်ခံသည်။ ရှေ့က သိမြင်ခဲ့ကြသည့် အတိုင်း သူသည် ရသေ့ တပသီ မဟုတ်။ သူသည် လက်ထပ် မင်္ဂလာပွဲများ၊ စားပွဲကြီးများကို နှစ်သက်သည်။ သူက ခန္ဓာကိုယ်သည် ပင်ကို သဘောအားဖြင့် အကျင့် ဖောက်ပြန်သည်၊ ကိလေသာ ထူပြောသည် ဆိုသော အယူအဆကို ဟောပြောခြင်း မရှိ။ လက်ခံခြင်းလည်း မရှိချေ။ သို့မဟုတ် ဝိညာဉ်သည် ခန္ဓာကိုယ် အသားစိုင်ကြီးထဲမှာ အကျဉ်း ကျနေသည် ဆိုသော အယူအဆကိုလည်း လက်ခံခဲ့ခြင်း မရှိပေ။

ခန္ဓာကိုယ် (ရုပ်) သည် ယုတ်မာသော စိတ် စေခိုင်းရာကို ပြုလုပ်ပေးတတ်သော အန္တရာယ် များသော ပစ္စည်းကိရိယာ ဖြစ်လာနိုင်သည် ဆိုသော အမြင်နှင့် ခန္ဓာကိုယ်သည် ကောင်းမှုကိုလည်း ပြုနိုင်သည်၊ မကောင်းမှုကိုလည်း ပြုနိုင်သည်၊ အဘယ်ကြောင့် ဆိုသော် စိတ်သည် ကုသိုလ်ကောင်းမှုကိုရော၊ အကုသိုလ် မကောင်းမှုကိုရော ပြုလုပ်နိုင်သောကြောင့် ဖြစ်သည်။

ကုသိုလ်ကိုရော၊ မကောင်းမှုကိုရော ပြုလုပ်နိုင်သည် ဆိုသော အချက်နှင့် ပတ်သက်၍ ယေရှုက ကိုယ်ရည်ကိုယ်သွေး ပြန်လည် ကောင်းမွန်အောင် ဆောင်ရွက်ရာတွင် ကြမ်းတမ်းသော နည်းကို သုံးသင့်က သုံးရမည်ဟု ဆိုလေသည်။

'အကယ်၍ သင့် ခြေထောက်က သင့်ကို လိမ့်ကျအောင် ပြုလုပ်လျှင် ထို ခြေထောက်ကို ဖြတ်ပစ်လိုက်ပါ' ဟူ၏။

သို့ရာတွင် အပြုသဘောအားဖြင့် သူ၏ ဂျူး လူမျိုး နောက်လိုက် တပည့်ကြီး ဖြစ်သူ ရှင်ပေါလု (စိန့်ပေါ) က ထိုအမြင်ကို ရှင်းလင်းအောင် ပြုလုပ်ရာတွင် ခန္ဓာကိုယ်သည် မွန်မြတ်သော ဝိညာဉ်တော် တည်ကိန်းရာ ဝတ်ကျောင်းတော် ဖြစ်လာနိုင်သည်ဟု ရှင်းလင်း ဖော်ပြခဲ့လေသည်။

ယေရှု အနေနှင့် အကျဉ်းအားဖြင့် သူ၏ နောက်လိုက်များအား ပုဂ္ဂိုလ်ရေး ကောင်းမှု၊ လူမှုရေး ကောင်းမှု အတွက် ပြုလုပ်ကြရာ၌ စိတ် အနှောင့်အယှက် ဖြစ်စေရန် ခန္ဓာကိုယ်သည် ကောင်းမှု ကုသိုလ် အားလုံး၏ ရန်သူ ဖြစ်သည်၊ ထို့ကြောင့် ခန္ဓာကိုယ်ကို ပထမဆုံး နှိပ်ကွပ်ပစ်ရမည် ဆိုသော အယူအဆမျိုးကို ဟောကြားခြင်း မပြုခဲ့ပေ။

သူသည် အခြား တစ်ပါးသို့သာ အာရုံပြုလျက် ရှိလေသည်။ သူ၏ အဓိက စိတ်ဝင်စားမှုမှာ ဘုရားသခင်၏ အလိုဆန္ဒတော် အတိုင်း လူသားများက ပြုမူ ဆောင်ရွက်ရေး ဖြစ်သည်။ ထာဝရ ဘုရားသခင် အလိုတော် အရှိဆုံးသော အချက်မှာ ကျရောက် လာလတ္တံ့ ဖြစ်သော ကောင်းကင်နိုင်ငံတော်တွင် နေထိုင်ရန် သင့်တော်သူများ ဖြစ်အောင် ပြုလုပ်ရေးပင် ဖြစ်၏။

သားများက ဖခင်ကို ရိုသေ ကိုင်းရှိုင်းသကဲ့သို့ လူအပေါင်းတို့က ဘာသာရေး အရ ဘုရားသခင်ကို ရိုသေ ကိုင်းရှိုင်းသူများ ဖြစ်အောင် ဆောင်ရွက်ကြပြီး နေထိုင်ကြရမည့် အပြင် လူ အချင်းချင်းမှာလည်း အကျင့်သီလ ပြည့်စုံသူများ အဖြစ် ညီအစ်ကို အရင်းအချာ သဖွယ် ဆက်

ဆံ နေထိုင်ကြရမည် ဖြစ်ပေသည်။ ထိုကဲ့သို့ ကောင်းကင် နိုင်ငံတော်၌ နေထိုင်ရန် တော်သင့်သော နိုင်ငံသားများ ဖြစ်အောင် ပြုလုပ်ကြရာ၌ မည်သူ့ကိုမျှ ချန်လုပ်ထားခြင်း မပြုကြရပေ။

ဘုရားသခင်၏ ကောင်းချီး မင်္ဂလာကို ခံယူရန်နှင့် လူအချင်းချင်း ညီရင်း အစ်ကိုသဖွယ် ပေါင်းသင်း ဆက်ဆံခြင်းကို ခံယူရန် ပဋိသန္ဓေ မွေးရာပါအားဖြင့် မထိုက်သူ ဟူ၍ မရှိပေ။

ယေရှု၏ ဟောကြားချက်များ အရ ပေါ်လွင် ထင်ရှား လာသော အချက်မှာ လူသား၏ ကိုယ်ရည်ကိုယ်သွေးသည် အတိုင်းအဆ မရှိ တန်ဖိုး ရှိသည်၊ တန်ဖိုး မဖြတ်နိုင် ဆို သော ခံယူချက်ပင် ဖြစ်သည်။ ထိုသဘော အယူအဆကို ခေတ်စကား အရ လူ့ ဂုဏ်သိက္ခာကို လေးစားရေး အယူ ဝါဒဟု ခေါ်ကြသည်။ အထူးသဖြင့် သူသည် ကလေး သူငယ်များနှင့် စပ်သော အမှု ကိစ္စများ၌ လည်းကောင်း၊ အမွေ ဖြတ်ခံရသော အမှု ကိစ္စများ၌ လည်းကောင်း၊ အပြစ် ဒုစရိုက် ပြုသူများနှင့် တိုင်းတစ်ပါးသားများနှင့် စပ်သော ကိစ္စများ၌ လည်းကောင်း ထိုအမြင် အယူအဆကို ကိုးကား ပြောဆိုလေ့ ရှိသည်။

သူသည် ထိုသူများနှင့် အမြဲ ရောနှော ပေါင်းသင်း နေတတ်၏။ မေတ္တာ နိယာမမှာလည်း ခြွင်းချက် မရှိဟု သူ မြင်သည်။ မေတ္တာ ထားကြရာ၌ မိမိတို့ လူမျိုးချင်း၊ တိုင်း ရင်းသား အချင်းချင်းသာမက နိုင်ငံတကာ အတိုင်းအတာ ဖြင့်လည်း မေတ္တာ ထား၍ ဆက်ဆံရမည်ဟု သူ ယူဆ လေသည်။

ဤ အမြင် အယူအဆများသည် ယေရှု ခရစ်တော် ဟောပြော သင်ကြားချက်များ၏ အခြေခံ အကျဆုံးနှင့် ယေဘုယျ အကျဆုံး အမြင် အယူအဆများ ဖြစ်သည်ဟု ဆိုနိုင်သည်။

ထိုအယူအဆများသည် သူ့ခေတ် သူ့အခါက လူတို့ ၏ အတွေးအခေါ် ပုံစံနှင့် အထင် အမြင် အဆင်အသွေး အားလုံး တူသည်ဟုလည်း ဆိုနိုင်သည်။ ခေတ်အမြင်၊ ခေတ် အတွေး၊ ခေတ်၏ ခံစားချက်များသည် မလွဲသာ မရှောင် သာ ပါဝင်မြဲ ဖြစ်၏။

ထိုသို့ ခေတ်သဘော ခေတ် အယူအဆများ ပါဝင် နေခြင်းသည် ကျွန်ုပ်တို့အား အခက်အခဲနှင့်လည်း ကြုံစေ ပါသည်။ တချို့သော သူ အသုံး ပြုခဲ့သော အတွေး ပုံစံများ သည် တစ်ခဏမျှသာ တည်သော အတွေး ပုံစံမျိုး ဖြစ် သည်။ ယခုအခါ ထိုအတွေး ပုံစံမျိုးမှာ အများအားဖြင့် အသုံး မဝင်တော့ဟု ဆိုနိုင်သည်။ သူ့ခေတ် သူ့ အခါကမူ အလွန် အရေးပါသော အတွေး ပုံစံမျိုးများ ဖြစ်ခဲ့ကြလေ သည်။

ထို့ကြောင့် ထိုအတွေး ပုံစံမျိုးကို အထူး အသားပေး ၍ စဉ်းစားရန် လိုအပ်ခဲ့ပေသည်။

သူ့ ခေတ် သူ့ အခါက လူအများ၏ စိတ်ထဲတွင် ကယ်တင်ရှင်၏ နိုင်ငံတော်ကြီး ပေါ်ပေါက် လာလိမ့်မည် ဟု ကာလ ကြာမြင့်စွာကပင် မျှော်လင့်နေခဲ့ကြသည်။ ထို ထင်မြင်ချက် မျှော်လင့်ချက်ကို ယေရှုကလည်း ခွဲဝေယူခဲ့ လေသည်။ ထိုအချိန် ကာလက ဂျူး လူမျိုးများ၏ ဘာသာ ရေး ယုံကြည်ချက်၌ ဤ အယူအဆ၊ ဤ မျှော်လင့်ချက် သည် အချက်အချာ ကျသော မျှော်လင့်ချက် ဖြစ်နေခဲ့ပေ သည်။

ယေရှု ငယ်စဉ် ကာလကပင် ဤ မျှော်လင့်ချက် ဤ အယူအဆ၏ ဩဇာ လွှမ်းမိုးခြင်းကို ခံနေခဲ့ရသည်။ ထို ကြောင့် သူသည် သူ့ပတ်ဝန်းကျင်ကို ပုံမှန် တုံ့ပြန်သော အားဖြင့် သူ လူထုကြားထဲသို့ တိုးဝင်သော အခါ လူတို့၏ ယေဘုယျ ကျသော မျှော်လင့် တောင့်တချက်ကိုပင် အသစ် တစ်ဖန် ပြန်လည် ဖော်ထုတ်လာခြင်း ဖြစ်၏။

အောက်ပါ စာပိုဒ်ကို စဉ်းစား ဆင်ခြင်ကြည့်လျှင် ထို အချက်ကို သိလွယ်နိုင်ပါသည်။

ထို့နောက် သူက သူ၏ တပည့်သာဝကကြီးများအား ဆို၏။

'သင်တို့ ကာလ ကြာမြင့်စွာ စောင့်မျှော်ခဲ့ရသော လူသား အသွင် သားတော်၏ ခေတ်သည် ဆိုက်ရောက်လာ ပေတော့မည်၊ လူအပေါင်းတို့သည် ဤသို့ ဆိုကြပေလိမ့် မည်၊ ကြည့်ကြကုန်လော့၊ သူ ရောက်လာပြီပဲ သို့မဟုတ် ကြည့်ကြစမ်း၊ ဟောဒီမှာ သူပဲပေါ့။

'သူ့ကို လိုက်မရှာကြနှင့်၊ အဘယ်ကြောင့် ဆိုသော် လျှပ်စစ် လင်းလက်လိုက်သော အခါ အရပ် ရှစ်မျက်နှာသို့ လျှပ်စစ် အလင်းရောင် ရောက်သကဲ့သို့ သားတော် ဘုရား လည်း ထို့အတူပင် ဖြစ်လိမ့်မည်၊ သားတော် ဘုရား၏ လက် ထက်တော် အခါ၌ နောဧ၏ ခေတ် အခါကလိုပင် ဖြစ် လိမ့်မည်၊ လူတို့သည် စားလိုက် သောက်လိုက် ပျော်လိုက် လက်ထပ် ထိမ်းမြားလိုက်ကြနှင့် နောသေည် ရေ လွှမ်းမိုး ဖျက်ဆီးသော အခါ သူ၏ သင်္ဘောကြီးထဲသို့ ဝင်သည့်နေ့ အထိ နေခဲ့ကြသလို နေကြလိမ့်မည်၊ သားတော် ဘုရား ပွင့် ထွန်းလာသော အခါမှာလည်း ထို့အတူပင် ရှိကြလိမ့်မည်' ဟု ဆိုထားလေသည်။

ထိုစာပိုဒ်မှာ ပါသော အကြောင်းအရာကိုပင် ရှင်မာကု၏ ဂေါ့စပယ် သတင်း စကားများထဲတွင်လည်း (အသုံးအနှုန်း စကားလုံးကို ပြုပြင်ပြီး) ဖော်ထားသည်ကို တွေ့ရသည်။ အဓိပ္ပာယ်မှာမူကား ဆင်တူယိုးမှားပင် ဖြစ်၏။ ဖော်ပြထားပုံမှာ ဤသို့ ဖြစ်၏။

ထို့နောက် သူက သူတို့အား ပြောဆိုသည်မှာ

'သင်တို့အား ငါ ပြောမည်၊ ဤနေရာမှာ ရပ်နေကြသော အချို့သော လူတို့သည် ဘုရားသခင် အုပ်စိုးသော ခေတ်ကို ထိုခေတ် ပေါ်ပေါက်လာသော အခါ မျက်မှောက် ကြုံကြရပေလိမ့်မည်။

'ထို့နောက် ငါ ပြောဦးမည်၊ ထို အဖြစ်အပျက်များသည် မျက်မှောက်ခေတ် မကုန်မီမှာပင် ဖြစ်ပေါ်လာပေလိမ့်မည်၊ သို့သော် ဘယ်နေ့ ဘယ်အချိန် ဘယ်နာရီ ဆိုသည်ကိုတော့ အဖ ဘုရားသခင်က လွဲ၍ ကောင်းကင်တမန်များလည်း မသိနိုင်၊ သားတော် ဘုရားလည်း မသိနိုင်၊ သင်တို့ အနေနှင့်မူ သတိ ရှိရှိနှင့် စောင့်ကြည့်နေကြရမည်၊ အဘယ်ကြောင့် ဆိုသော် ထို အဖြစ်အပျက်များ ဘယ်အချိန်မှာ ဖြစ်လာမှန်း မသိသောကြောင့် ဖြစ်၏'

ဤ ဟောကြားချက်များသည် ယေရှု ဟောကြား ပြောဆိုချက်များ ဖြစ်သည်ဟု လက်ခံနိုင်လျှင် ထိုစကားများ၏ အနက် အဓိပ္ပာယ်သည် ဘာဖြစ်မည်ကို ဘာဆိုလိုသည်ကို စဉ်းစားရပေမည်။ ပထမဆုံး အနေနှင့် ထင်ရှားသော ခံယူ ယုံကြည်ချက်မှာ ကမ္ဘာ ပျက်ရန် အချိန် နီးကပ်နေပြီ၊ ခေတ်ကြီး ပျက်စီးတော့အံ့ဆဲဆဲ ဖြစ်နေပြီ ဆိုသော ယူဆချက် ဖြစ်သည်။ ဤ ယုံကြည် ခံယူချက်က ရင်အေးစရာ မျှော်လင့်ချက်ကို ဖြစ်ပေါ်စေသည်။

ယခုခေတ် လူများ အနေနှင့် စဉ်းစားလျှင်တော့ စိတ်ကူးနှင့်ပင် စိတ် အပန်း ပြေစေနိုင်မည် မဟုတ်ပေ။

၂၀ ရာစု လူသားများ အဖို့တော့ ထိုယုံကြည်ချက်သည် ထူးဆန်းသလို ဖြစ်နေပေမည်။ သို့ရာတွင် ထိုစဉ်အခါက ပါလက်စတိုင်းသား ဂျူး လူမျိုးများ အတွက်မှာ အကြီးအကျယ် စိတ်သောက ရောက်နေရချိန် ဖြစ်၏။

ဂျူး လူမျိုးများ၏ ဘဝတွင် ပါလက်စတိုင်း ပြင်ပသို့ ကစဉ့်ကလျား ရောက်ရှိနေရချိန် ဖြစ်၏။ ထိုအချက်ကို မယုံကြည်လျှင်ပင် ဆင်ခြင်ဉာဏ် မရှိသလို ဖြစ်နေလေသည်။ သူတို့သည် လူမှု တိုးတက်ရေး အခြေ လုံးဝ ကင်းမဲ့သော ကမ္ဘာထဲမှာ နေကြရလေသည်။ ထိုနေရာ ထိုအခြေအနေထဲတွင် လူ့ဘဝ ပြဿနာများကို ထာဝရ ဘုရားသခင်ကသာ တိုက်ရိုက် ကြားဝင် ဖြေရှင်းပေးနိုင်သည် ဆိုသော ခံယူချက် ပေါ်လာမည်မှာ ယုံမှားဖွယ် မရှိပေ။ ဘာသာရေး ကိုင်းရှိုင်းသော ဂျူး လူမျိုးများ၏ စိတ်ထဲတွင် သူ့ ဘဝ လွတ်မြောက်ရေး အတွက် ဘုရားသခင်က မကြာမီ ဝင်ရောက် ဆောင်ရွက်ပေးလိမ့်မည် ဟူသော အချက်ကို လုံးဝ ယုံမှားခြင်း မရှိခဲ့ကြပေ။ ရှေးကလည်း သူ့ လူမျိုးများမှာ သည်းမခံနိုင်လောက်အောင် အတိ ဒုက္ခ ရောက်ခဲ့စဉ် အတိတ်တုန်းကလည်း ဘုရားသခင်က ထိုသို့ ဝင်ရောက် ဆောင်ရွက်ပေးခဲ့ဖူးလေသည်။

သို့ရာတွင် ခေတ် အခြေအနေကို အကဲခတ် သုံးသပ်ရာ၌ ယေရှုသည် သူ၏ ထင်ရှားသော ပင်ကို အမြင် အယူအဆကို ဖော်ပြနိုင်ခဲ့လေသည်။

သူ့ခေတ် သူ့အခါက တည်ရှိခဲ့သော တည်တံ့ ခိုင်မြဲခြင်း မရှိဘဲ ပြောင်းလဲလွယ်သော နောင်တမလွန် ဘဝနှင့် စပ်ဆိုင်သော အတွေး ပုံစံမျိုးကို သူ အသုံးပြုခဲ့ခြင်း ကိစ္စကို ဂရုတစိုက် လေ့လာကြည့်သော အခါ ကယ်တင်ရှင် ကြွလာမည် ဆိုသော မျှော်လင့်ချက် ပါသော အတွေးအခေါ်မျိုးကို သူ အနည်းနှင့် အများ လက်ခံခဲ့သော်လည်း ထို အမြင် အယူအဆများကို အသွင်အပြင် ပြောင်းလဲသွားအောင်လည်း သူ ပြုလုပ်ခဲ့လေသည်။

ဂျူး လူမျိုးများ လက်ခံ ယုံကြည်လာခဲ့ကြသော ဂျူး လူမျိုးများကိုသာ သီးခြား ကယ်တင်မည့် ကျဉ်းမြောင်းသော ကယ်တင်ရှင်၏ နိုင်ငံတော် အယူအဆကို သူ လက်ခံသော်လည်း ထိုနိုင်ငံတော်သည် ဂျူး လူမျိုး တစ်ခုတည်း အတွက်သာ မဟုတ်၊ တစ်လောကလုံးရှိ လူသား အားလုံးကို ကယ်တင်မည့် ခမည်းတော် ဘုရား၏ နိုင်ငံတော် ဖြစ်သည်ဟု ပြုပြင် ပြောင်းလဲသော အယူအဆကို ဟောကြားခဲ့လေသည်။

ဘုရားသခင်၏ ရွေးကောက်ခြင်းကို ခံရမည့် သူများမှာ ဖြောင့်မတ်သော ဂျူး လူမျိုးများသာ မဟုတ်၊ အရပ်လေးမျက်နှာမှ လာသူများ အားလုံးပင် ဖြစ်သည် ဆိုသော အယူအဆကို ယေရှုက ဟောကြားလေသည်။

ရှင်မသဲ ကျမ်းထဲတွင် ထိုအယူအဆကို ရှင်းလင်းစွာ ဤသို့ ဖော်ပြထားလေသည်။

'ငါ ဆိုသည်ကား အရှေ့ အရပ်မှ လာသော သူများရော အနောက် အရပ်မှ လာသော သူများရော များစွာသော လူအပေါင်းတို့သည် ကောင်းကင် နိုင်ငံတော်ထဲတွင် အေဗရာဟမ်၊ အိုက်ဇက်၊ ဂျေကော့ဗ် စသော ရှေးက တမန်တော်များနှင့်အတူ စားပွဲကြီးတွင် နေရာ ယူ၍ ဝင်စားကြလိမ့်မည်။ ထိုစဉ် ကာလ၌ ကောင်းကင် နိုင်ငံတော်ကို ဆက်ခံမည့် သူများသည် မှောင်ကြီးထဲသို့ ဆွဲထုတ်ထားခြင်းကို

ခံရလိမ့်မည်၊ သူတို့သည် မှောင်ကြီး မျက်မည်းထဲတွင် ငို ကြွေး၍ သွားကို ကြိတ်နေကြရလိမ့်မည်'

ဤ စာပိုဒ် အရ ကောင်းကင် နိုင်ငံတော်သည် ဖြောင့် မတ်သော ဂျူး လူမျိုးစု တစ်ခုတည်း အတွက် မဟုတ်ဘဲ ဂျူး မဟုတ်သော လူများ အားလုံး ပါဝင်သော ညီအစ်ကို ရင်းချာ သဖွယ် ဆက်ဆံ ပေါင်းသင်းကြသူ လူအားလုံး အတွက် ဖြစ်ကြောင်း ယေရှုက ဟောကြားခဲ့ခြင်း ဖြစ်လေ သည်။

ထို ကောင်းကင် နိုင်ငံတော်ကြီးထဲသို့ ဝင်ခွင့် ရရှိ ရေးမှာလည်း မိုးဇက် (မောရှေ) ၏ ဓမ္မသတ်ကို လိုက်နာ ခြင်း အကြောင်း တစ်ခုတည်းသာ မဟုတ်၊ ပို၍ ကျယ်ပြန့် သော ကိုယ်ကျင့်သီလနှင့် ပြည့်စုံသူများ အားလုံးလည်း ဝင် ခွင့် ရှိကြမည်သာ ဖြစ်သည်ဟု သူက ဆိုသည်။ နှလုံးသား ဖြူစင် သန့်ရှင်းသူတိုင်းသည် ထာဝရ ဘုရားသခင်ကို မြင် တွေ့ကြရမည်။ သဘောထား သိမ်မွေ့၍ ဆုံးမလွယ်သူတိုင်း သည် မြေကမ္ဘာကို အမွေ ဆက်ခံကြရလိမ့်မည်။

ယေရှု ပွင့်ထွန်းလာသော ခေတ်တွင် ဂျူး လူမျိုးများ ၏ စိတ်ထဲတွင် ကယ်တင်ရှင်ကို မျှော်လင့်သော ခံစားချက် များ ပြင်းထန် တင်းမာနေလေသည်။ ထိုစိတ်တင်းမာမှုကို လျှော့ကျသွားစေရန် ယေရှုက ကောင်းကင် နိုင်ငံတော်သည် အမှန်စင်စစ် မျက်မှောက် ရောက်ရှိနေပြီ ဖြစ်ကြောင်း ထုတ် ဖော် ဟောကြားလေသည်။ ကောင်းကင် နိုင်ငံတော်သည် ဂျုံမှုန့် များစွာထဲက ကဇော် (တဆေး) ဖတ် တစ်ခုနှင့် တူသည်။ ကောင်းကင် နိုင်ငံတော်သည် မုန်ညင်းစေ့ကလေး တစ်စေ့နှင့်လည်း တူသည်။ အစေ့တကာတို့တွင် အသေး ငယ်ဆုံး အစေ့ကလေး ဖြစ်သည်။ သို့သော် ထိုအစေ့ငယ် ကလေးသည် အချိန် ကျလာလျှင် အပင်ကြီး အဖြစ် ပေါက် ပွား ကြီးပြင်းလာနိုင်သည်။

ယေရှုသည် နောင် တမလွန် ဘဝနှင့် ပတ်သက်သော မျှော်လင့်ချက် ပေးသော ဘာသာရေး အယူအဆများကို အလောတကြီး အပြီးတိုင် လက်ခံခြင်း မပြုခဲ့ပေ။

သူ့ အတွေးအခေါ်၏ အနှစ်သာရမှာ မျက်မှောက် ဘဝတွင် ဘုရားသခင်နှင့် ပေါင်းစည်းမှု မပြိုကွဲရေးပင် ဖြစ် သည်။ ဤ ဘုရားသခင်နှင့် ပေါင်းစည်း ညီညွတ်ရေး ဆို သော အယူအဆသည် ယေရှုနှင့် ဘုရားသခင်တို့၏ ဆက် နွယ်မှုနှင့် ပတ်သက်သော အဆစ်အထုံး များသော ပြဿနာ များကို ဖြစ်ပေါ်စေလေသည်။

သူကိုယ်တိုင်က သူသည် လူ၏ သားတော် အဖြစ် လည်းကောင်း၊ ဘုရားသခင်၏ သားတော် အဖြစ် လည်း ကောင်း သူ့ကိုယ်သူ ယူဆခဲ့သလား၊ သူ့ကို နှစ်ခြင်း မင်္ဂလာ ပြုပြီးသည့် အချိန်က စ၍ သူ့ကိုယ်သူ ကယ်တင်ရှင် ဖြစ် သည်ဟု ယူဆခဲ့သလား၊ သို့မဟုတ် တဖြည်းဖြည်းနှင့်မှ သူ့ ကိုယ်သူ ဘုရားသခင်က ရွေးချယ် စေလွှတ်သူ ဖြစ်သည် ဟု ယုံကြည် သက်ဝင်လာခြင်း ဖြစ်သလား၊ သို့မဟုတ် သူ့ နောက်လိုက် တပည့် သာဝကများက သူ့ဘဝ သက်တမ်း ကုန်ဆုံးခါနီး ကျမှ၊ သူ ကွယ်လွန်ပြီးမှ သူ့ကို ကယ်တင် ရှင် အဆင့်အတန်း သတ်မှတ်ခဲ့ကြခြင်းလား။

ဤ မေးခွန်းများကား ပဓာန ကျသော အဆုံးအဖြတ် ပေးရမည့် မေးခွန်းများ ဖြစ်၏။ သို့သော် ဤ မေးခွန်းများ အတွက် အဖြေကိုကား ဘယ်အခါကမှ မရရှိခဲ့ကြပေ။ မည် သို့ပင်ဖြစ်စေ ယေရှုနှင့် ပတ်သက်၍ တိတိကျကျ ပြောနိုင် သော အချက်မှာ သူနှင့် ဘုရားသခင် အကြားမှာ ထူးခြား သော ဆက်နွယ်မှု ရှိသည် ဆိုသော အချက်ပင် ဖြစ်သည်။

သူ့ကိုယ်သူ ဘုရားသခင်၏ သားတော်၊ လူ၏ သား တော် 'ခရစ်တော်' ဟု သုံးနှုန်း ပြောဆိုခြင်းမှာ သူ့ကိုယ် သူ ဘုရားသခင်က စေလွှတ်ခြင်း ခံရသူ ဖြစ်သည်ဟု သိ နေခြင်းပင် ဖြစ်သည်။ ထိုအချက်ကို သံသယ ကင်းသင့် ၏။ ထာဝရ ဘုရားသခင်က သူ့ကို ဘုရားသခင်၏ နိုင်ငံ တော်ကို လူ့လောကမှာ တည်ထောင်ရန် အတွက် အခွင့် အာဏာ ပေး၍ စေလွှတ်လိုက်ခြင်း ဖြစ်သည်။ ဘုရားသခင် က သူ့ကို ရွေးပြီး လူ့ပြည်သို့ စေလွှတ်လိုက်ခြင်း ဖြစ်သည်။

ထို့ကြောင့် သူသည် လူ ၁၂ ယောက်ကို သူ၏ နောက် လိုက်များ အဖြစ် ရွေးချယ်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။ သူသည် အခွင့်အမိန့် ရရှိသူ အဖြစ် တရား ဟောသည်။ သင်ကြား ခွင့် ရှိသူ အဖြစ် သင်ကြားသည်။ ကုသခွင့် ရှိသူ အဖြစ် ကုသပေးသည်။ မိုးဇက်၏ ဓမ္မသတ်ကို ကျော်လွန်သော တရား ဓမ္မကို သူ စီမံ ဖန်တီးခွင့်လည်း ရှိသည်။

သူသည် ဘုရားသခင်၏ ဝိညာဉ်တော် ကိန်းသော လူသား အဖြစ် မကြောက်မရွံ့ မတွန့်မဆုတ်ဘဲ သူ့ခေတ်က လူများ ကြားတွင် ပြောဆို ဆက်ဆံခဲ့လေသည်။ သူ့ခေတ် သူ့လောက သူ့ပတ်ဝန်းကျင်တွင် ဘာသာရေး တန်ဖိုးများ အားလုံးကို ဖြစ်ပေါ်စေမည့် အဓိက အချက်သည် ထာဝရ ဘုရားသခင် ရှိသည် ဆိုသော အယူအဆပင် ဖြစ်သည်။

'သင်တို့ အတွက် ငါ့စကားကို နားထောင်ခြင်းထက် ပိုပြီး အရေးပါသော အရာ ဘာမျှ မရှိပါ၊ ငါမှတစ်ဆင့် ဘုရားသခင်သည် သင်တို့ အားလုံးကို စကား ပြောဆိုနေ ခြင်း ဖြစ်သည်' ဟု သူက အခိုင်အမာ ဆိုခဲ့လေသည်။

### (ခ) ကိုယ်ကျင့်သီလနှင့် စပ်သော သင်ကြားချက်

ဘုရားသခင်နှင့် စပ်သော ယေရှု၏ ဘာသာရေး အသိ စိတ်ဓာတ်က သူ၏ ကိုယ်ကျင့် သီလနှင့် ဆိုင်သော ဒေသနာများကို ပေါ်ပေါက်စေခဲ့လေသည်။

ယေရှုသည် သူ၏ နောက်လိုက်များအား မှန်မှန်ကန်ကန် ဘာသာရေး ကိုင်းရှိုင်းသူများ ဖြစ်ဖို့ မျှော်လင့်ချက် များစွာ ထားလေသည်။ ရိုးသား ဖြောင့်မတ်မှု ရှိရမည်။ ဘုရား တရား ကိုင်းရှိုင်းရာ၌ စိတ် သဘောထား ပြတ်သားရမည်။

အခါ တစ်ပါး၌ လူတစ်ဦးအား သူ့နောက်သို့ လိုက်ခဲ့ရန် သူက ခေါ်သော အခါ ထိုလူက 'အကျွန်ုပ် ဖခင်၏ အလောင်းကို မြေမြှုပ် သင်္ဂြိုဟ် ခဲ့ရပါစေဦး' ဟု ဆိုလေသည်။

ထိုအခါ ယေရှုက 'သေပြီးတဲ့ လူကို သေတဲ့ အတိုင်း ထားခဲ့၊ သူတို့ ဘာသာ မြှုပ်ကြလိမ့်မယ်၊ သင်က ဘုရားသခင် နိုင်ငံတော်နှင့် ပတ်သက်တဲ့ သတင်း စကားကို သွားဖြန့်ပါ' ဟု ဆိုလေသည်။

အခြား တစ်ဦးကလည်း 'သခင်၊ ကျွန်ုပ်သည် သခင်၏ နောက်သို့ လိုက်ပါမည်၊ သို့သော် အိမ်မှာ ကျန်ရစ်ခဲ့သော အိမ်သူ အိမ်သားများကို နှုတ်ဆက်ခဲ့ပါရစေဦး' ဟု ဆိုရာ သူက 'ထယ်ကို ကိုင်ထားပြီးမှ နောက်ကို ပြန်ပြီး လှည့်ကြည့်နေတဲ့ လူဟာ ဘုရားသခင်ရဲ့ နိုင်ငံတော်နှင့် သင့်တော် ထိုက်တန်တဲ့လူ မဟုတ်ဘူး' ဟု ဆိုလေသည်။

ရိုးသား ဖြောင့်မတ်မှုနှင့် ယုံကြည် သက်ဝင်မှု၌ ပြတ်သားရေးကိုသာ တောင်းဆိုသည် မဟုတ်သေး၊ ယေရှုက သူ၏ နောက်လိုက်များအား လူမှုရေး တာဝန်၊ တရား ဥပဒေရေး တာဝန်နှင့် အခမ်းအနား ဆိုင်ရာ တာဝန် ဝတ္တရားထက် ကိုယ်ကျင့်သီလနှင့် စပ်သော တာဝန် ဝတ္တရားများကို ဦးစား ပေးရမည်ဟု ဟောကြားခဲ့လေသည်။

ဤ ကိစ္စနှင့် ပတ်သက်၍ သူသည် ဖာရစီများကို များစွာ ဝေဖန်ခဲ့လေသည်။ သူတို့ (ဖာရစီများ) သည် ထင်ရှားသော အမှား ပြုမှုများကြောင့် အပြစ် ရှိသူများ ဖြစ်ကြ၏။ သူတို့သည် အပူအပင် ကင်း၍ ချမ်းမြေ့စွာ နေနိုင်သူများ ဖြစ်ကြ၏။ ကိုယ်ကျိုးကိုသာ ကြည့်ကြသူများ ဖြစ်၏။ ဂုဏ်ပကာသနကိုသာ လိုလားကြ၏။ ဂုဏ်မြင့် ထည်ဝါဝင့်ကြွားကြ၏။ ကြောင်သူတော်များ ဖြစ်ကြ၏။ ပို၍ လေးနက်သော သူတို့၏ ကြီးကျယ်သော ပျက်ကွက် ပေါ့ဆမှုမှာ ကိုယ်ကျင့် သီလနှင့် ပတ်သက်သော အခြေခံ ကျသော မဖြစ်မနေ ဆောင်ရွက်ရမည့် သီလ သိက္ခာပုဒ်များကို အလေးမမူ လျစ်လျူရှုကြခြင်း ဖြစ်၏။

သူတို့သည် ဥပဒေများ၊ အခမ်းအနား ထုံးစလေ့အကျင့်များဖြင့် အစား ထိုးထားသော ကျင့်ဝတ် အသစ်များကို ကြံစည် ဖန်တီးကြ၏။ သူတို့သည် တောခြင်ကို အားစိုက်၍ ဖယ်ရှားကြသော်လည်း ကုလားအုတ်ကိုကား ဝါးမျိုသူများ ဖြစ်ကြ၏။ သူတို့သည် အိုးခွက် ပန်းကန်များကို အပေါ်ယံက သန့်ရှင်း စင်ကြယ်အောင် သုတ်သင်ကြသူများသာ ဖြစ်ကြ၏။ သူတို့၏ ကိုယ်တွင်းမှာမူကား လောဘ အာရုံ ကာမဂုဏ် လိုက်စားမှု အပြည့် ရှိ၏။

သူတို့သည် အပေါ်ယံက ဖြူဖွေးအောင် ဆေး သုတ် လိမ်းထားသော သင်္ချိုင်းဂူနှင့် တူကြ၏။ ထိုဂူများသည် အတွင်းမှာမူကား လူသေကောင် အရိုးစုများဖြင့် မသန့်မရှင်း ဖြစ်နေကြ၏။

သူတို့သည် မုန်ညင်းစေ့ အတွက်၊ စမုန်မျိုး အတွက် စမုန်နက် အတွက်ကို အခွန် ပေးဆောင်ကြ၏။ သူတို့သည် တရား မျှတမှု၊ သက်ညှာမှု၊ ဂုဏ်သိက္ခာ ရှိမှုကို ဖျက်ဆီးကာ အလေးချိန်ခွင် ကိုင်သူအား အလေးစဉ်းလဲ ချိန်စဉ်းလဲ ဖြစ်အောင် ဥပဒေကို ချိုးဖောက်စေသူများ ဖြစ်၏။

သူတို့သည် အရေး မပါသော မဖြစ်စလောက် ကိစ္စကိုသာ ပဓာန အရင်းခံ ထားကြသည်။ ထို့ကြောင့် သူတို့၏ ဘာသာရေး အဆင့် အနေအထားမှာ အရေး ပါသော အကျိုး သက်ရောက်မှုများ ကင်းပလျက် ရှိသည်။

ယေရှု၏ ကိုယ်ကျင့်သီလနှင့် ပတ်သက်သော ခံယူချက်များတွင် အပေါ်ယံ ဟန်ပြ သဘောမျိုးဖြင့် ပြုမူသော အကျင့် သီလ မှန်သမျှကို အတွင်းသား အနှစ်အသား ပါသော အစ္ဈတ္တ သန္တာန် အတွင်းစိတ်၏ စေ့ဆော်မှုဖြင့် ပြုသော အပြုအမူ ဖြစ်လာအောင် ပြောင်းလဲလိုခြင်းပင် ဖြစ်၏။

လူတစ်ဦး၏ ကာယကံ ဝစီကံနှင့် စပ်သော အပြုအမူသည် သူ၏ နှလုံးသားက ညွှန်ပြသည့် အတိုင်း ပြုမူ ဆောင်ရွက် ပြောဆိုမှသာ ထိုသူ၏ နှလုံးသားသည် မှန်ကန်သည်၊ သူ၏ အပြုအမူသည် ရိုးသားသည်ဟု ဆိုနိုင်သည်။ ထိုသူကိုသာ ကိုယ်ကျင့် သီလနှင့် အမှန်အကန် ပြည့်စုံသူ ဟူ၍ ဆိုနိုင်ပေမည်။ စိတ်ဝိညာဉ်နှင့် စေတနာ သန့်ရှင်းရသည် အရေးအကြီးဆုံး ဖြစ်သည်။

ဤ အယူအဆကို ကိုယ်ကျင့် သီလပိုင်း၌ အသုံးချပုံကို မသုံးသပ်မီ ယေရှုသည် ဤ မူဝါဒကို အချက်

နှစ်ချက်နှင့် ဆက်စပ်ထားကြောင်းကို အထင်အရှား တွေ့မြင်အောင် ကြည့်ရှု လေ့လာရပေဦးမည်။

ပတ်သက် ဆက်စပ်သော အကြောင်း နှစ်ခု ဆိုသည်မှာ တစ်စုံတစ်ဦး၏ အတွင်းသား ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်သော ကြောင့်ကြမှုနှင့် သူတစ်ပါး၏ အတွင်းစိတ် ကျန်းမာ ချမ်းသာမှု အတွက် ထားသော ကြောင့်ကြစိတ်တို့ပင် ဖြစ်သည်။

သူတစ်ပါး အကျင့်သီလ ပြည့်စုံသူကို နစ်နာအောင် ပြုလုပ်သော သူသည် သူ၏ ကိုယ်ကျင့်တရား ပျက်ပြားမှု အတွက် ဆင်းရဲဒုက္ခ ကြီးစွာကို ခံစားရမည် ဖြစ်သည်ဟု ယေရှုက ဟောကြားလေသည်။

ထိုသတိပေး စကားကို ဂေါ့စပယ် အကျဉ်း သုံးခုတွင်လည်း ထပ်မံ၍ ဖော်ပြထားလေသည်။ နှိမ့်ချခြင်းနှင့် ပြည့်စုံသော ယုံကြည်သူအား ထိခိုက် နစ်နာအောင် ပြုလုပ်သော သူသည် သူ၏ လည်ပင်းတွင် ကြီးစွာသော ကံကြမ္မာ ဆိုးများ ရစ်ပတ်ကာ ပင်လယ်တွင်းသို့ ပစ်ချခြင်းကို ခံကြရပေလိမ့်မည်။ အကျင့်သီလနှင့် ပြည့်စုံသော အဖြစ်ကို ထိခိုက် နစ်နာအောင် ပြုလုပ်ခြင်းသည် အကြီးဆုံးသော ပြစ်မှုကြီးပင် ဖြစ်သည်။

လူ့ကိုယ်ရည်ကိုယ်သွေး အတွင်းသဘောကို အလေးအနက် ထား၍ ပြောဆိုရာ၌ ယေရှုသည် ရှေးက ဂျူး လူမျိုးများ လက်ခံလာခဲ့ကြသော ဟေဗြဲ ဓမ္မသတ်များကို ပြန်၍ အဓိပ္ပာယ်သစ်များဖြင့် ဖွင့်ဆိုခဲ့လေသည်။ ယေရှု၏ တားမြစ်အပ်သော အကျင့် သိက္ခာပိုင်း ဆိုင်ရာ သင်ကြားချက်များကို *ရှင်မဿဲ* [၁] ခရစ်ဝင် ကျမ်းထဲတွင် စီစဉ် တင်ပြထား၏။

ရှေးခေတ်က လူများ အတွက် ပါဏာတိပါတ (အသက်ကို သတ်ဖြတ်ခြင်း) နှင့် ဆိုင်သော တားမြစ်ချက် စည်းကမ်းကို ဖော်ပြထား၏။

'သို့သော် ငါ ဆိုသည်ကား အကြင်သူသည် သူ၏ ညီအစ်ကိုများနှင့် ဒေါသထွက် ရန်ဖြစ်သော အခါ၊ ညီအစ်ကိုချင်း မထီလေးစား ပြောဆိုသော အခါ၊ ထို့ပြင် ညီအစ်ကိုချင်း မင်း ရူးပါစေဟု ကျိန်ဆဲသော အခါ သူ့ အတွင်းစိတ်မှာ ပျက်စီးစေလိုသော စေတနာ ပါသည် ဖြစ်၍ ထိုကာယကံ၊ ဝစီကံတို့သည် ပါဏာတိပါတ ကံကို ကျူးလွန်ရာ ကျသည်'

ရှေးက လူများ အတွက် ကာမေသုမိစ္ဆာစာရ ကံနှင့် ပတ်သက်သော သီလ သိက္ခာပုဒ်လည်း ရှိခဲ့သည်။

'သို့သော် ငါ ဆိုသည်ကား အကြင်သူသည် အမျိုးသမီး တစ်ဦးအား ကျူးလွန်လိုသော အလိုဆန္ဒဖြင့် ကြည့်ရှုလျှင်ပင် ထိုသူ၏ အတွင်းစိတ်၌ ထိုအမျိုးသမီးကို ကာမေသုမိစ္ဆာစာရကံ ကျူးလွန်ပြီးပြီ ဖြစ်၏'

ဤကား ယေရှု ဟောကြားချက်များမှ ကံနှစ်ပါးနှင့် ပတ်သက်သော ဥပမာ စကား နှစ်ရပ်ကို ကောက်နုတ် ဖော်ပြခြင်း ဖြစ်၏။

သို့ရာတွင် ဝိညာဉ် သဘော အရနှင့် အတွင်း အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ကိုယ်ကျင့်သီလ သဘောတို့ အပေါ် အလေးအနက် ထား၍ ပြောဆိုခဲ့သော ယေရှု၏ ဟောပြောချက်များသည် သူ၏ 'မေတ္တာ' နှင့် ပတ်သက်သော သင်ကြားချက်များ၌ အထိရောက်ဆုံး အပိုင်းသို့ ရောက်ရှိခဲ့လေသည်။ ထို သင်ကြားချက်များမှာ နားလည်အောင် အထူး ကြိုးစားရန် လိုသေးသော ကိစ္စ တစ်ရပ် အဖြစ် တည်ရှိနေသေး၏။ အဘယ်ကြောင့်ဆိုသော် သူ၏ မိတ်ဆွေနှင့် ရန်သူ အပေါ် အညီအမျှ မေတ္တာ ထားရေး အယူအဆသည် အထွတ်အထိပ် ဖြစ်သော ဆုကြီးပန် အယူအဆ ဖြစ်နေသောကြောင့် ရိုးသားသော ခရစ်ယာန် ဘာသာဝင်များ အကြားမှာပင် ထိုအယူအဆကို အသေးစိတ် အသုံးချမှုနှင့် ပတ်သက်၍ အယူအဆ ကွဲပြား ခြားနားတတ်ကြပေသည်။

အောက်ပါ စကားရပ်များတွင် အကြွင်းမဲ့ မေတ္တာ သဘောကို ဖော်ပြထားချက်များ ပါဝင်သည်။

'ရှေးက လူများ ပြောဆိုခဲ့ကြသော စကားများကို သင်တို့ ကြားဖူးကြပေလိမ့်မည်၊ သူတို့က သင်တို့သည် မိမိတို့၏ အိမ်နီးနားချင်း အပေါ် ချစ်ခင် မြတ်နိုးရမည်၊ ရန်သူကိုကား မုန်းတီးရမည် ဟူ၍ ဖြစ်၏၊ သို့သော် ငါ ဆိုသည်ကား သင်တို့၏ ရန်သူများကိုလည်း ချစ်ခင် မြတ်နိုးရမည်၊ သင်တို့အား ညှဉ်းပန်း နှိပ်စက်သူများ အတွက်လည်း ရှိခိုး ဝတ်ပြု၍ ဆုတောင်းကြရမည်၊ ထိုနည်းအားဖြင့် သင်တို့ကိုယ်ကို သင်တို့က ကောင်းကင်ဘုံ၌ စံနေတော်မူသော အဖ ဘုရားသခင်၏ သားစစ် သမီးမှန်များ ဖြစ်ကြောင်းကို ထုတ်ဖော် ပြသရမည်၊ အဘယ်ကြောင့်ဆိုသော် အဖ ဘုရားသခင်သည် သူ၏ နေမင်းကို ဆိုးသော သူများ အတွက်ရော၊ ကောင်းသော သူများ အတွက်ပါ ပေါ်ထွန်းစေသည်၊ ထို့ပြင် သူ၏ မိုးကိုလည်း ဖြောင့်မှန်သောသူများ အတွက်ရော မကောင်းမှု ပြုသူများ အတွက်ပါ ရွာသွန်းစေတော်မူသောကြောင့် ဖြစ်၏၊ သင်တို့သည် သင်တို့၏ ကောင်းကင်ဘုံ၌ စံနေတော်မူသော အဖ ဘုရားသခင်ကဲ့သို့ ပြီးပြည့်စုံ၍ အပြစ် ကင်းစင်သူများ ဖြစ်ကြရပေမည်။

၁။ Matthew

'သင်တို့သည် သူတစ်ပါး အပေါ်၌ သူတစ်ပါးက မိမိအပေါ် ပြုမူစေလိုသကဲ့သို့ ပြုမူကြရမည်'

'သင်တို့သည် သင်တို့၏ ဘုရားသခင်ကို နှလုံးသားအပြည့်ဖြင့် ချစ်မြတ်နိုးကြရမည်' ဤကား ပထမဆုံးသော ပညတ်ချက်ကြီးပင် ဖြစ်၏။ ဒုတိယ ပညတ်ချက်ကား 'သင်တို့သည် မိမိတို့၏ အိမ်နီးနားချင်း အပေါ် မိမိကိုယ်ကို ချစ်ခင်သကဲ့သို့ ချစ်ခင်စိတ် ထားရှိကြရမည်'

ဤပညတ်တော် နှစ်ချက်သည်ပင် ဓမ္မသတ် အားလုံး တမန်တော် အားလုံး၏ အဆုံးအမ အားလုံး အကျုံးဝင်သော ပညတ်တော်များ ဖြစ်ကြသည်။

ယေရှု၏ နောက်လိုက်များက သူ၏ ဘုရားသခင်၏ မေတ္တာတော်နှင့် ပတ်သက်၍ ဟောကြားချက်နှင့် လူတို့၏ မေတ္တာ အကြောင်း ဟောကြားချက်များအား နားလည်ပုံနှင့် ပတ်သက်သော မကြာမီက လေ့လာချက်များ အရ ထိုသူတို့ အနေနှင့် ဘုရားသခင်က လူတို့ အပေါ် ထားသော မေတ္တာမှာ အကန့်အသတ် မရှိသော အနန္တ မေတ္တာ ဖြစ်သည်။ ထိုမေတ္တာသည် ကောင်းသောသူများ အပေါ်သို့ လည်းကောင်း၊ မကောင်းသောသူများ အပေါ်သို့ လည်းကောင်း သွန်းလောင်းသော မေတ္တာ ဖြစ်သည်။ ရထိုက်သူ မရထိုက်သူကိုလည်း မခွဲခြား၊ လိုအပ်သူ မလိုအပ်သူကိုလည်း မခွဲခြား။ မကောင်းသဖြင့် လက်ခံသူများ အပေါ်မှာလည်း ထိုမေတ္တာတော်သည် ယုတ်လျော့ခြင်း မရှိပေ။ ဘုရားသခင်၏ မေတ္တာတော်သည် မကောင်းမှု ဒုစရိုက်မှုကို မုန်းတီးသော်လည်း လူသားတို့ အပေါ်၌ ထားရှိသော အခါ အရည်အချင်း အဆင့်အတန်း မခွဲခြားပေ။ မိခင်သည် သားသမီးများ အပေါ်၌ အညီအမျှ မေတ္တာ ထားသကဲ့သို့ ဖခင်သည် အသုံးအဖြုန်း ဖွာသောသား အပေါ်၌ မေတ္တာ ထားသကဲ့သို့ပင် ဖြစ်၏။

ခရစ်တော်၏ နောက်လိုက်တိုင်းသည် မိမိတို့ အချင်းချင်း အပေါ်၌ မေတ္တာ ထားကြရမည် ဆိုသည်မှာ လူတိုင်း နားလည်ထားရသော အချက် ဖြစ်၏။ ခရစ်တော်၏ နောက်လိုက် အချင်းချင်း ကြားမှာ အရည်အချင်း အဆင့်အတန်း မခွဲခြားဘဲ မေတ္တာထားကြရမည်။ မကောင်းမှု ဒုစရိုက်ကို မူကား အင်အား ကြီးမားစွာဖြင့် ခုခံ ဆန့်ကျင်ကြရမည်။ သို့သော် လူပုဂ္ဂိုလ်ကိုမူကား အဆုံး မရှိသော မေတ္တာတရားဖြင့်၊ အကန့်အသတ် မရှိသော သည်းခံ ခွင့်လွှတ်ခြင်းမျိုးဖြင့် ဆက်ဆံကြရမည်။

ဤကား ယေရှု ဟောကြားသော မေတ္တာ တရား ဒေသနာ၏ အချက်အချာ အယူအဆ မူဝါဒကို ဖော်ပြခြင်းသာ ဖြစ်၏။ ဤမူဝါဒကို လက်တွေ့ ကျင့်သုံးကြရာတွင်မူမည်သို့ ဆောင်ရွက်ရမည် ဆိုသည်မှာ ကျင့်သုံးသူ၏ ခံယူချက် အပေါ်တွင် မူတည်သည်ဟုသာ ဆိုရပေမည်။

ကျင့်သုံးမှုနှင့် စပ်ဆိုင်သော ဘက်တစ်ဖက်တွင် ရှင်းလင်းသော လမ်းညွှန်ချက်မျိုး ပေးထားသည်ကိုလည်း တွေ့ရှိရသည်။ ဤတွင် မိမိ အပေါ်၌ မကောင်းသဖြင့် ပြုမူသောသူကိုပင် အကြမ်း ဖက်သော နည်းဖြင့် ခုခံ တုံ့ပြန်ခြင်း မပြုရ ဆိုသော တင်းကျပ်သည့် စည်းကမ်းကို ချမှတ်ခဲ့လေသည်။

'သင်တို့သည် ရှေးက လူများ ဆိုရိုး ပြုခဲ့ကြသော စကားကို ကြားဖူးကြပေမည်၊ မျက်စိကို မျက်စိချင်း သွားကို သွားချင်း ဆိုသော စကား ဖြစ်သည်၊ ငါ ဆိုသည်ကား ထိခိုက် ဒဏ်ရာ ရလောက်သော နည်းဖြင့် တုံ့ပြန်ခြင်း၊ လက်စားချေခြင်းကို မပြုရ၊ သို့သော် တစ်စုံတစ်ဦးက သင်၏ ညာဘက် ပါးပြင်ကို လက်ဖြင့် ရိုက်လျှင် အခြား ပါး တစ်ဖက်ကိုပါ လှည့်ပေးလိုက်ပါဦး၊ ထို့ပြင် အကယ်၍ တစ်စုံတစ်ဦးက သင်၏ ရှပ်အင်္ကျီကို တောင်းခံလျှင် ထိုသူအား သင်၏ ကုတ်အင်္ကျီကိုပါ ချွတ်ပေးလိုက်ပါ'

ဤကား ယေရှု ချမှတ်ခဲ့သော မေတ္တာနှင့် ခန္တီ သဘောတရား၏ အဓိက အယူအဆ ဖြစ်၏။ ဤ မူဝါဒ အပေါ်တွင် ပညာရှင် အများ၏ သဘောထားများ ကွဲပြားနေလေသည်။ ယေရှုက မကောင်းသဖြင့် ကြံစည်သူ၊ ပြုမူသူများကိုပင် မေတ္တာ ထား၍ ချစ်ခင်စွာ ဆက်ဆံ ပေါင်းသင်းရေးမှုကို အဓိက ထားသည်။ ဘုရားသခင်သည် လူကောင်း လူဆိုး ရွေးပြီးမှ မေတ္တာရေ သွန်းလောင်းသည် မဟုတ်၊ လူအားလုံး အဆိုး အကောင်း အားလုံး အပေါ်မှာ အကြွင်းမဲ့ မေတ္တာ၊ အကြွင်းမဲ့ ခန္တီတရားတို့ဖြင့် ဆက်ဆံသည့် အတွက် လူ အချင်းချင်းလည်း တစ်ဦးက မိမိကို ထိခိုက် နစ်နာအောင် ပြုစေကာမူ ထိုသူကို ပြန်ပြီး ထိခိုက် နစ်နာအောင်၊ အနာတရ ဖြစ်အောင် မလုပ်ဘဲ ခွင့်လွှတ်ပြီး ဆက်ဆံရမည်ဟု ယေရှုက ဆိုလိုခြင်း ဖြစ်လေသည်။

ဤကိစ္စတွင် ဆိုးယုတ်သော အမှု ကိစ္စများကို ရပ်တန့်သွားအောင် တားဆီးခြင်း မပြုဘဲ ခွင့်ပြုပြီး အလျှော့အရှုံး ပေးနေလျှင် အဆိုး သံသရာ ရှည်သွားမည်သာ ဖြစ်သည်ဟု သုံးသပ်သူများလည်း ရှိသည်။

ယေရှု၏ သဘောမှာကား ထိုသို့ မဟုတ်။

'မကောင်းသဖြင့် အမှား ပြုကျင့်သူများအား သူ၏ အမှား ပြုကျင့်ခြင်းကို ကောင်းသော အပြုအမူဖြင့် တုံ့ပြန်ခုခံခြင်းအားဖြင့် သူ၏ မကောင်းသမှု ပြုကျင့်ခြင်းကို ခုခံတားဆီးပြီး ဖြစ်ကြောင်း သိနားလည်စေရမည်' ဟူသော

သဘော ဖြစ်၏။ ပါး တစ်ဖက်ကို ရိုက်သောသူအား အခြား ပါး တစ်ဖက်ကိုပါ ရိုက်ပါဦးဟု လှည့်ပေးခြင်းအားဖြင့် ထို သူ၏ မှားယွင်းသော အပြုအမူကို ခုခံ တားဆီးရာ ကျသည် ဟု ဆိုလိုခြင်း ဖြစ်သည်။

ဒေါသကို ဒေါသဖြင့် တုံ့ပြန်ခြင်းသည် ဒေါသ၏ အဆုံးသို့ မရောက်နိုင်၊ ဒေါသကို အဒေါသ မေတ္တာဖြင့်သာ တုံ့ပြန်ရမည်ဟု ယေရှု သဘောထားခြင်းပင် ဖြစ်သည်။

တစ်နည်းအားဖြင့် ကောင်းမြတ်ခြင်း သဘောသည် မည်သည့် ပုံစံမှာ မဆို အောင်နိုင်သော အစွမ်းသတ္တိ ရှိ သည်ဟု ဆိုလိုခြင်း ဖြစ်သည်။

## အတိုက်အခံ ပေါ်ပေါက်လာခြင်းနှင့် မြောက် အရပ်သို့ အနားယူရန် ထွက်ခွာသွားခြင်း

ယေရှု သွားလာ ကျက်စားရာ ဂါလီလီ ရေကန်ကြီး နံဘေးရှိ မြို့ရွာများ၌ လူအများ၏ စိတ်လှုပ်ရှား တက်ကြွပြီး အုတ် အော်သောင်းသဲ ဖြစ်ခြင်းသည် ဂျေရုဆလင် မြို့ရှိ ဖာရစီ နှင့် ဆဒ္ဒူးဆီးများ၏ စိတ်အာရုံကို ဆွဲဆောင်သလို ဖြစ်နေ ခဲ့လေသည်။

ဖာရစီများသည် တရား ဥပဒေကို အုပ်ထိန်းရသူများ ဖြစ်ပြီး ဆဒ္ဒူးဆီးများမှာ ဘုရား ဝတ်ကျောင်းတော်ကို အုပ် ထိန်းရသူများ ဖြစ်ကြလေသည်။ ထိုသူတို့သည် ယေရှုအား သူလျှိုလုပ် ထောက်လှမ်းရန် အတွက် ထောက်လှမ်းရေး သမားများကို စေလွှတ်ပြီး သူနှင့် ပတ်သက်သမျှ သတင်း အပြည့်အစုံကို ပေးပို့စေလေသည်။ ပို့လာသော သတင်းများ အားလုံးမှာ သူ့ကို မလိုလားသော သတင်းများချည်း ဖြစ် ကြလေသည်။ ထိုအချက် အပေါ် မူတည်ပြီး သူ့ကို ကျပ် တည်းစွာ မေးမြန်း စစ်ဆေးရန်နှင့် ဆန့်ကျင် ကန့်ကွက်ရန် အတွက် ဖာရစီနှင့် ဆဒ္ဒူးဆီး လက်ရွေးစင် လူများကို ဂါ လီလီသို့ စေလွှတ်လိုက်ကြလေသည်။

ထိုသူများနှင့် ယေရှုတို့သည် မကြာခဏ စကား ပြိုင်ပွဲ ပြုလုပ်ကြလေသည်။ ထိုသို့ ပြုလုပ်သော အခါတိုင်း ယေရှု၏ အစဉ်အလာနှင့် ဆန့်ကျင်သော စကားများ ပြော ပုံကို အာရုံ စူးစိုက်လာကြလေတော့သည်။

ထင်ရှားသော ရင်ဆိုင် စကားထိုးပွဲမှာ ဥပုသ်နေ့တွင် ယေရှု၏ တပည့်များသည် ဂျုံခင်းကို ဖြတ်သန်းသွားသော အခါ လမ်းသွားရင်း ဂျုံ စပါးနှံများကို လက်ဖြင့် ဆိတ်ခြင်း ဖြတ်တောက်ခြင်းကို ပြုသည့် ကိစ္စနှင့် ပတ်သက်၍ ပေါ် ပေါက်ခဲ့လေသည်။

ဖာရစီများက ထိုသို့ ပြုမူခြင်းသည် ဥပုသ်နေ့တွင် လယ်ယာ ထွက်ကုန်များကို ခူးဆွတ်ခြင်း မပြုရ ဆိုသော ဥပုသ် ဝိနည်း ဥပဒေကို ချိုးဖောက်ခြင်း ဖြစ်သည်ဟု ပြော ဆို ကန့်ကွက်ကြလေသည်။

ထိုစကားကို ယေရှုက တုံ့ပြန်ရာတွင် 'ဥပုသ် ဆိုတာ လူတွေ အတွက် လုပ်ထားတာ၊ လူတွေဟာ ဥပုသ် အတွက် လုပ်ထားတာ မဟုတ်ဘူး' ဟု ပြောဆိုလိုက်လေသည်။

ဖာရစီများ အနေနှင့် ဤစကား၏ မှန်ကန်ခြင်း သစ္စာ သဘောကို မငြင်းနိုင်သော်လည်း အစဉ်အလာကို ဆန့်ကျင် သော ဤစကား၏ တင်းမာသော လေသံကိုမူ မနှစ်သက် ကြချေ။

ယေရှု၏ အခြားသော ဟောကြားချက်များကိုလည်း သူတို့ ပြစ်တင် ဝေဖန်ကြလေသည်။ သမားတော်များအား ဥပုသ်နေ့တွင် ဆေးဝါး ကုသခြင်း အလုပ်ကို မလုပ်ကြရန် တားမြစ်ထားချက် ရှိသည် ဖြစ်ရာ ယေရှုက ဥပုသ်နေ့တွင် လူနာများကို ပျောက်စေ နည်းဖြင့် ကုသပေးသော အခါ သူတို့ ကန့်ကွက်ကြပြန်သည်။

ယေရှု၏ တပည့် နောက်လိုက်များသည် အစားအစာ ကို စားသောက်ကြသော အခါ သူတို့၏ လက်ကို အမျိုး ဘာသာ သာသနာ အခမ်းအနား နည်းဖြင့် ဆေးကြော သုတ် သင်ခြင်း မပြုဘဲ စားသောက်ကြသည်ကိုလည်း သူတို့ သတိ ပြုမိကြလေသည်။

ထို့နောက် ထိုကဲ့သို့ ဘာသာရေး ထုံးတမ်း ဓလေ့ များ အပေါ် ပေါ့ပေါ့တန်တန် လိုက်လျောနေခြင်း အတွက် သူတို့က ယေရှုကို အပြစ် တင်ကြပြန်သည်။

ယေရှုကလည်း ပြန်လည် ပြောဆိုလေသည်။

'သင်တို့အားလုံး ငါ ပြောသည်ကို နားထောင်ကြပါ၊ ဤစကားကိုလည်း နားလည်အောင် ပြုကြပါ၊ အပြင်က လူ့ကိုယ်ထဲသို့ ဝင်သွားသော ဘယ်အရာကမှ လူ့ကိုယ်ကို ညစ်ညမ်းအောင် ပြု၍ မရပါ၊ လူ့ ကိုယ်ထဲက ပြန်ထွက် သော အရာများကသာ လူကို ညစ်ညမ်းအောင် ပြုနိုင်ပါ သည်' ဟု သူက ဆိုလေသည်။

သူ၏ တပည့် တစ်ဦးက ထိုစကားကို ရှင်းပြပါဟု ဆိုသောကြောင့် သူက ရှင်းပြလေသည်။

'လူ၏ အဇ္ဈတ္တ သန္တာန် လူ့နှလုံးသားကသာ မကောင်း မှု ပြုသော အရာများ ထွက်လာခြင်း ဖြစ်သည်၊ အကျင့်သီလ မရှိခြင်း၊ ခိုးယူခြင်း၊ သတ်ဖြတ်ခြင်း၊ သူတစ်ပါး အိမ်ရာကို ပြစ်မှားခြင်း၊ လောဘ၊ ဒေါသ၊ မစ္ဆရိယ၊ လိမ်လည် လှည့် ဖြားခြင်း၊ လော်မာခြင်း၊ ရန်ငြိုးဖွဲ့ခြင်း စသည့် မကောင်းမှု

ဒုစရိုက် သဘောများ ပေါ်ထွက်လာခြင်း ဖြစ်သည်၊ ထို ကိလေသာ အညစ်အကြေးများကသာ လူကို ညစ်ညမ်းစေခြင်း ဖြစ်ကြောင်း' ယေရှုက ရှင်းပြခဲ့လေသည်။

ဖာရစီများကို အထူးသဖြင့် မခံချိ မခံသာ ဖြစ်စေသော အချက်မှာ ထုံးတမ်းစဉ်လာကို မလေးမစား ပစ်ပယ်၍ ယေရှုက ဓမ္မသတ်နှင့် တမန်တော်များ အကြောင်းကို လွတ်လပ်စွာ အဓိပ္ပာယ် ဖွင့်ဆိုခြင်း ဖြစ်သည်။

ယေရှုက မကြာခဏ 'ရှေးက လူများ ဆိုသည်ကား ...၊ ငါ ဆိုသည်ကား ...' ဆိုသော စကား အသုံးအနှုန်းဖြင့် ရှေးက လက်ခံ ထားခဲ့ကြသော အယူအဆများကို သူ့နည်းနှင့်သူ အဓိပ္ပာယ်သစ် ဖွင့်ဆိုတတ်လေသည်။

ဖာရစီများသည် ဤကိစ္စကို အဓိက ဦးတည်ချက်ထား၍ တိုက်ခိုက် ပြောဆိုကြလေသည်။ သူတို့သည် လူအများ ကြားတွင် ယေရှုသည် ဖာရစီများ လက်ခံထားသော အစဉ်အလာ အယူအဆများကို ပြောဟောသော အခါ သူ၏ အပြောအဆို ကောင်းမှုကြောင့် လူအများကို ဖာရစီတို့၏ အတွေးအခေါ်မှ သူ့ဘက်သို့ ပါအောင် ဆွဲဆောင်နိုင်ခြင်းသည် ယေရှု၏ ကိုယ်တွင် မာရ်နတ် (နတ်ဆိုး) ပူးဝင်နေသောကြောင့် ဖြစ်သည် ဆိုသော ကောလာဟလ သတင်းစကားကို ပြန့်သွားအောင် အားစိုက်ခွန်စိုက် ဖြန့်ကြလေသည်။ သူ့ကို ရိုးသားခြင်း ရှိသူ ဖြစ်သည်ဟု ထင်ရခြင်းမှာ အထင်မှားခြင်းသာဖြစ်သည်၊ အမှန်မှာ သူသည် ဘုရားသခင် ပို့ချပေးသော တရားတော်များကိုပင် ဆန့်ကျင်နေသူ ဖြစ်သည်၊ သူသည် မောရှေ (မိုးဇက်) ကိုပင် ဆန့်ကျင်သူ ဖြစ်သည်၊ လူတို့ကို လမ်းလွဲသို့ ရောက်အောင် သွေးဆောင်နေသူ ဖြစ်သည်ဟု သတင်း ဖြန့်ကြလေတော့သည်။

ယေရှုသည် မိစ္ဆာနတ် ပူးဝင်ခြင်း ခံနေရသူဖြစ်သည် ဆိုသော ကောလာဟလ စကားသည် နာဇရက် မြို့သားများ၏ နလုံးသား၌ စွဲသွားလေပြီ။ ထို့ကြောင့် သူ၏ ဇာတိရပ်ရွာ ဖြစ်သော နာဇရက်မြို့သို့ ပြန်သွားပြီး ဘာသာရေး စည်းဝေးပွဲ၌ ဟောကြားသော အခါ ထိုမြို့သူ မြို့သားများသည် သူ့အပေါ်၌ ယုံကြည် သက်ဝင်ခြင်း မရှိတော့ကြောင်း အံ့သြဖွယ်ရာ မြင်တွေ့ရလေသည်။

'တမန်တော်ကို သူ၏ ဇာတိ ရပ်ရွာမှအပ အခြားသော အရပ်ဒေသများတွင် ဂုဏ်ပြုခြင်းကို ခံရသည်။ သူ့ဆွေမျိုးများကမူ ဂုဏ်ပြုခြင်း မရှိကြ။' ဟု ရှင်မာကု၏ မှတ်တမ်းများ၌ မှတ်တမ်း တင်ထားသည်ကို တွေ့ရသည်။

ရှင်မာကုက ရှေးက ဖြစ်ရပ်များတွင်လည်း သူ၏ ဆွေမျိုးသားချင်းများသည် ကာပါနာအွန်း မြို့သို့ လိုက်လာကြပြီး သူ့ကို ဘုရား မဟောဖို့ တားမြစ်ကြကြောင်း မှတ်တမ်းတင်ခဲ့လေသည်။ သူ၏ ဆွေမျိုးများမှာ သူ၏ အပြုအမူကြောင့် အထိတ်တလန့် ဖြစ်နေကြရလေသည်။

ထိတ်လန့်ဖွယ် မှတ်တမ်း တစ်ခုမှာ ဤသို့ ဖြစ်သည်။

သူ့မိခင်နှင့် သူ၏ ညီအစ်ကို မောင်နှမများ လိုက်လာကြသည်။ သူတို့သည် အိမ်ပြင်ဘက်မှာ ရပ်နေပြီး သူ့အား အပြင်ဘက်သို့ ထွက်လာရန် သတင်း စကား ပါးလိုက်ကြလေသည်။ သူ့အား ပတ်ဝန်းကျင်တွင် လူထု ပရိသတ်က ဝိုင်းရံ၍ ထိုင်နေကြသည်။

'သင်၏ မိခင်နှင့် ညီအစ်ကိုများ အပြင်ဘက်မှာ ရောက်နေကြတယ်၊ သင့်ကို အပြင် ထွက်ခဲ့ပါလို့ မှာနေတယ်'

သူ၏ အဖြေမှာ 'ဘယ်သူလဲ ငါ့မိခင်နှင့် ငါ့ညီအစ်ကို မောင်နှမတွေ ဆိုတာ' ဟု ဆိုပြီး သူ့ ပတ်ဝန်းကျင်က ပရိသတ်ဘက်ကို လှည့်ကြည့်ကာ ဤသို့ ဆိုလေသည်။ 'ဒီမှာ ငါ့အမေတွေ၊ ငါ့မောင်နှမတွေက ဒီမှာပဲ၊ ဘုရားသခင်ရဲ့ အလိုတော် အတိုင်း လိုက်နာ လုပ်ဆောင်ကြတဲ့ လူတိုင်းဟာ ငါ့ရဲ့ ညီအစ်ကို မောင်နှမတွေချည်းပဲ'

သူ့ကို ဖြောင်ကျကျ စွပ်စွဲကြသူများအား ယေရှုက ပြန်ဖြေသော တစ်ခုတည်းသော အဖြေမှာ ဤသို့ ဖြစ်၏။

'မာရ်နတ်က မာရ်နတ်ကို ဘယ်လို လုပ်ပြီး မောင်းထုတ်လို့ ရမှာလဲ' ဟူ၍ ဖြစ်၏။ သို့သော် ဖာရစီများက ဤအဖြေကို ပယ်ချခဲ့ကြလေသည်။

ထိုစဉ်အခါက ဂါလီလီတွင် ရှိကြသော ဇီးလော့တ်အုပ်စုကလည်း ယေရှုကို ဆန့်ကျင် တိုက်ခိုက်လာကြလေသည်။ အဘယ်ကြောင့်ဆိုသော် ယေရှုက အကြမ်း မဖက်ရေး ဝါဒကို ကိုင်စွဲကာ 'ဓားကို စွဲကိုင်သောသူသည် ဓားကြောင့်ပင် ပျက်စီးရလိမ့်မည်' ဟု ဆိုသောကြောင့် ဖြစ်၏။

ဇီးလော့တ်များ၏ စိတ်တွင် ဤ အမြင်မျိုး ရှိသောသူသည် ကယ်တင်ရှင် မေသိယ မဖြစ်နိုင်ဟု ခံယူကြလေသည်။ သူသည် ပျောက်စေ နည်းဖြင့် ရောဂါ ရှိသူများကို ကုစားနိုင်သည်။ မိစ္ဆာ နတ်ဆိုးများကို မောင်းနှင်ထုတ်နိုင်သည်။ ထို့နောက် ဘာသာရေးနှင့် အကျင့်သီလ ဆိုင်ရာ ဟောပြောချက်များဖြင့် လူအများကို ဆွဲဆောင်နိုင်စေကာမူ အထက်ပါ အမြင်ကြောင့် သူ့ကို ကယ်တင်ရှင် မဖြစ်နိုင်ဟု ဇီးလော့တ် အုပ်စုက ယူဆကြခြင်း ဖြစ်လေသည်။

ထို့ကြောင့် လူသာမန် များစွာတို့သည် မယုံသင်္ကာ ဖြစ်ပြီး ယေရှုထံမှ နောက်ဆုတ် ရှောင်ရှားသွားကြလေသည်။ သူတို့သည် ရှေးကလည်း အကြိမ်ကြိမ် အလိမ် အညာ ခံရ

ကာ မှားယွင်းသော ခေါင်းဆောင်မှု နောက်သို့ ပါခဲ့ဖူးကြသည်။ ယခုလည်း တစ်ဖန် ထိုအဖြစ်မျိုးသို့ ရောက်ပြန်ပြီလားဟု သံသယဖြင့် စိတ်ပျက်လက်ပျက် ဖြစ်ကြလေသည်။ ယေရှု၏ ရန်သူများသည် နှစ်ဆ တိုး၍ တိုက်ခိုက်လာကြလေသည်။ သူ့အသက်ကိုပင် ရန်ရှာမည့် သဘောများ ပေါ်ထွက်လာလေသည်။

ထိုကဲ့သို့သော ပတ်ဝန်းကျင် အခြေအနေမျိုး ဖြစ်ပေါ်နေသော အချိန်တွင် ယေရှုသည် မြောက်အရပ်ရှိ *တိုင်ယာ* [၁] နှင့် *ဆီဒွန်* [၂] အနီးအနား အရပ် ဒေသသို့ ထွက်ခွာသွားလေသည်။ သူ ထွက်သွားသော နေရာဒေသသည် ပါလက်စတိုင်းဒေသ၏ အပြင်ဘက်ကျပြီး ဆီးရီးယား နိုင်ငံ တောင်ဘက်ပိုင်း နယ်ထဲမှာ ကျရောက်သည်။ ဤကဲ့သို့ မြောက်ဘက်အရပ်သို့ ထွက်သွားပြီး အနားယူ အပန်း ဖြေခြင်းသည် နောက်ထပ် ဆောင်ရွက်ရမည့် ကိစ္စ အရပ်ရပ် အတွက် ဆုံးဖြတ်ချက် ချရန် လိုအပ်သော စဉ်းစားချိန် ရဖို့ ဖြစ်၏။ ရှေ့ရေး အတွက် သူ၏ နောက်လိုက် တပည့်များကို ပြင်ဆင် လေ့ကျင့်ပေးရန် အတွက်လည်း ဖြစ်၏။

ကုန်းတွင်းပိုင်းမြို့ ဖြစ်သော *ဆီဇာရီးယား ဖိလစ်ပီ* [၃] သို့ သူ ရောက်ရှိ သွားသောအခါ သူနှင့်အတူ သာဝကကြီး ၁၂ ဦး ပါလာကြလေသည်။

ထိုအရပ်တွင် ပီတာ (ပေတရု) ၏ ထင်ရှားသော ဖြောင့်ချက်ပေး ဝန်ခံခြင်း အဖြစ်အပျက် ဖြစ်ခဲ့လေသည်။

ယေရှုက သူ့ တပည့်များအား ပြောသည်မှာ 'ငါ ဘယ်သူ ဘယ်ဝါ ဖြစ်တယ် ဆိုတာကို ဘယ်သူက ပြောတာလဲ'

သူ့တပည့်များက သူ့အား ပြန်ပြောကြသည်မှာ

'ဗတ္တိဇံ ဆရာ ရှင်ယောဟန်ရော အယ်လီဇာနှင့် တခြား လူတွေကရော အရှင်ဟာ တမန်တော် တစ်ပါး ဖြစ်တယ်လို့ ပြောကြတာပဲ' (ဤစကားအရ လူအများက သူ့ကို ကယ်တင်ရှင် အဖြစ် လက်မခံသေးကြောင်း ထင်ရှား၏။)

'ဒါပေမဲ့ ငါဟာ ဘယ်သူ ဘယ်ဝါ ဖြစ်သလဲ ဆိုတာကိုကော'

'အရှင်ဟာ ခရစ်တော် ဖြစ်ပါတယ်' ဟု ပီတာ (ပေတရု) က ဆိုလေသည်။

မှတ်တမ်းများထဲတွင် သူသည် ခရစ်တော် ဖြစ်ကြောင်း ဘယ်သူ့ကိုမှ မပြောကြဖို့ သူ့တပည့်ကြီး ၁၂ ယောက်ကို သူက သတိပေး မှာကြားကြောင်း ဖော်ပြထားသည်။ ထို့နောက် သူက ထိုသူများအား သူသည် ဂျေရုဆလင် မြို့သို့ သွားမည်။ ထိုမြို့တွင် အတိဒုက္ခ အပေါင်းကို ရင်ဆိုင် ခံစားပြီးနောက် သူ၏ သာသနာပြု လုပ်ငန်းကို အဆုံး သတ်ရန်အတွက် သေခြင်းကို ရင်ဆိုင်မည့် အကြောင်းကို ပြောလေသည်။

ကြောက်ရွံ့ ထိတ်လန့်နေကြသော တပည့်ကြီး ၁၂ ယောက်၏ ကန့်ကွက်ချက်ကို ပေတရု (ပီတာ) က ပြောလေသည်။ ထိုကန့်ကွက်ချက်ကို သူက မျက်နှာထား တင်းတင်းဖြင့် ပြစ်တင် ဆုံးမ ပြောဆိုလေသည်။

ထိုနောက် သူသည် ဂျေရုဆလင်သို့ သွားသော ခရီးကို ဖြည်းဖြည်း မှန်မှန်နှင့် တိတ်ဆိတ် ငြိမ်သက်စွာ စတင်ပြုလုပ်လေသည်။ ရဟူဒီ ပသခါ ပွဲတော် ရက်အမီ ဂျေရုဆလင်သို့ အရောက်သွားရန် အချိန်ကိုက် ဆောင်ရွက်ခဲ့လေတော့သည်။

**ခရစ်တော် ခံစားရသော ဝေဒနာ ရက်သတ္တပတ်နှင့် ကားစင် တင်၍ ကွပ်မျက်ခြင်း**

ကမ္ဘာ အရပ်ရပ်မှ ဂျူး လူမျိုးများသည် နှစ်ပတ်လည် ရဟူဒီ ပသခါ ပွဲတော်သို့ တက်ရောက် ဆင်နွှဲရန် အတွက် ဂျေရုဆလင် မြို့တော်သို့ လာခဲ့ကြလေသည်။

ရောမ အဝေးရောက် မြို့ဝန် ပိုင်လိတ် (ပိလ) သည်လည်း ပင်လယ် ကမ်းခြေ မြို့ ဖြစ်သော ဆီဇာရီးယားမှ ပွဲတော်ရက် အတွင်း ငြိမ်ဝပ် ပိပြားမှု ရှိစေရေးနှင့် အုံကြွရန် ကြိုးပမ်းမှုများကို စောင့်ကြည့်၍ နှိပ်ကွပ်နိုင်ရန် အတွက် ဂျေရုဆလင် မြို့တော်သို့ ပြောင်းရွှေ့လာလေသည်။

ထိုအချိန်တွင် ဂါလီလီမှ ဟီရောဒ် အန်တီပပ်လည်း ပွဲတော်ကို ပါဝင် ဆင်နွှဲရန်နှင့် သစ္စာ ရှိသော ဂျူး လူမျိုး အဖြစ်ကို ပြသရန် အတွက် ဂျေရုဆလင်သို့ ဆိုက်ရောက်လာလေသည်။ ဂျေရုဆလင် မြို့ရှိ တည်းခိုခန်းများတွင် နေရာလပ် မရှိအောင်ပင် လူများ ပြည့်ကျပ် နေလေတော့သည်။ ဂါလီလီ အရပ်သားများသည် အော်လစ် (သံလွင်) တောင်နှင့် မြို့တော် အကြားရှိ လွင်ပြင်တွင် ထိုးထားသော ယာယီ ရွက်ဖျင်တဲများတွင် နေထိုင်ရန် ပြင်ဆင်၍ လာကြလေသည်။

ထိုလူအများစုသည် ယေရှုကို သိကြသူများ ဖြစ်လေသည်။ အကယ်၍ ယေရှုကသာ သူတို့ထံမှောက်သို့ ရောက်ရှိလာပါက ခရီးဦးကြို ပြုကြမည့် သူများလည်း ဖြစ်ကြ

---

၁။ Tyre
၂။ Sidon
၃။ Caesarea Philippi

လေသည်။ ငှားရမ်းထားသော မြင်းကလေးကို စီးပြီး ယေရှုသည် သူ၏ တပည့်များ ခြံရံကာ သံလွင်တောင် ရှိရာ အရပ်သို့ ရောက်ရှိလာလေသည်။ ဂါလိလီ အရပ်သားများသည် သူ့ကို ရွှင်မြူးသော အသံများဖြင့် ဆူညံစွာ အော်ဟစ်၍ ခရီး ဦးကြို ပြုကြလေသည်။

ထိုအခါ မြို့သူ မြို့သားများက 'ဒါ ဘယ်သူလဲ' ဟု မေးကြလေသည်။ စီတန်း လှည့်လည်လာသော လူများက တုံ့ပြန်ကာ 'ဒါ ယေရှု သခင်ပေါ့၊ နာဇရက်နှင့် ဂါလိလီ အရပ်က တမန်တော်ပေါ့' ဟု ဆိုကြလေသည်။

သူ၏ တပည့်များနှင့် အတူ ယေရှုသည် ထိတ်လန့်ဖွယ် ကောင်းသော အမှုကို ပြုလေသည်။ သူသည် ဘုရားဝတ်ကျောင်း ရှိရာသို့ သွားပြီးလျှင် ကျောင်းတော် အတွင်းရှိ ငွေလဲလှယ်နေကြသော သူများ၏ စားပွဲများနှင့် အခြားပစ္စည်းများကို ကျောင်းတော် ပရဝုဏ် အတွင်း၌ ရောင်းဝယ်နေကြသူများ၏ စားပွဲခုံများ၊ ဈေးခင်းများကို သွန်မှောက်ပစ်လိုက်ကြလေသည်။

သူ့ ပါးစပ်ကလည်း အော်ဟစ်၍ 'ကျမ်းဂန်ထဲမှာ ဆိုထားတယ် မဟုတ်လား၊ ငါ့ကျောင်းတော်ဟာ လူမျိုးအားလုံး အတွက် ဝတ်ပြု ဆုတောင်းရာ ကျောင်းတော်သာ ဖြစ်ရမယ်လို့၊ ခုတော့ သင်တို့က ကျောင်းတော်ကို ဓားပြတွေ ကိန်းအောင်းတဲ့ လိုဏ်ဂူလို ဖြစ်အောင် လုပ်နေကြတယ်' ဟု ပြောဆိုလေသည်။

ဤ အပြုအမူသည် အများသူငါ နှစ်သက်၍ ကျယ်ပြန့်စွာ ထောက်ခံသော အပြုအမူသာ ဖြစ်ရပေမည်။ အုပ်ချုပ်သူ အစိုးရပိုင်းကမူကား တိုက်ရိုက် လက်တုံ့ပြန်ခြင်းမျိုး ဘာမျှ မပြုလုပ်ခဲ့ပေ။ သို့သော် ဂျူးလူမျိုး ခေါင်းဆောင်များကမူ ယေရှုအား ဒဏ်ငွေ မဆောင်ဘဲ သွားခွင့် မပြုလိုကြပေ။ သူတို့သည် စကားအားဖြင့် စတင် တိုက်ခိုက် ပြောဆိုလေသည်။ ထိုသို့ ပြုလုပ်ကြခြင်းမှာ ယေရှုအား လူလယ်ကောင်တွင် အသရေ ဖျက်လို၍ ဖြစ်၏။ လူအများ၏ ယုံကြည် လေးစားမှု ပျက်ပြားစေလိုသော မျှော်လင့်ချက်ဖြင့် တိုက်ခိုက် ပြောဆိုကြခြင်း ဖြစ်၏။

ရက်ပေါင်း များစွာ ဘုရား ဝတ်ကျောင်းတော်ထဲတွင် သူ တရား ဟောကြားနေသော အခါ ထိုဂျူးလူမျိုး ခေါင်းဆောင်တို့သည် သူ့ကို သစ္စာဖောက်မှု၊ ဘာသာ အယူဝါဒကို ပြစ်မှားမှုဖြင့် စွဲချက် တင်နိုင်ရန် ထောင်ချောက်ဖြင့် ဖမ်းခွင့်ကို စောင့်မျှော်နေကြလေတော့သည်။

သူက စစ်မှန်သော ဘုရားသခင်၏ နိုင်ငံတော် စတင် ထူထောင်ခြင်း အခမ်းအနား၌ သူ၏ လှုပ်ရှားမှုတွင် ပါဝင်ကြရန် သာမန် အရပ်သူ အရပ်သားများကို တိုက်တွန်း ပြောဆိုလေသည်။ ထိုလူများကလည်း သူ ပြောသော စကားများကို စိတ်ရောကိုယ်ပါ နားထောင်ကြလေသည်။

သို့ရာတွင် သူက ရောမ အင်ပိုင်ယာကြီးသို့ ဆန္ဒမဲ အခွန် ပေးဆောင်ရေး အတွက် ကြေညာချက် ထုတ်ရန် ငြင်းဆိုသော အခါ လူအများ၏ မျက်စိထဲတွင် သူ့ကို အကြည်ညို ပျက်အောင် အတိုက်အခံများက ပြုလုပ်ကြလေတော့သည်။ သူသည် နှစ်ခွန်းငြိ အဆိုနှင့် ရင်ဆိုင်ရလေသည်။ 'ဆီဇာအား အခွန် ပေးဆောင်ခြင်းသည် မှန်သလား၊ အခွန် မပေးဘဲ နေခြင်းသည် မှန်သလား' ဆိုသော မေးခွန်း ပေါ်ထွက်လာသည်။ အခွန် ပေးဆောင်ခြင်းသည် မှန်သည် ဆိုလျှင်လည်း အပြစ် မကင်း၊ အခွန် ပေးဆောင်ခြင်းသည် မှားသည် ဆိုလျှင်လည်း အပြစ် မကင်းအောင် သူ၏ အတိုက်အခံများက ကြံစည်ကြခြင်း ဖြစ်လေသည်။ ထို စကားကို သူက အစွန်း လွတ်အောင် ဖြေသည်။

'ဆီဇာ ပိုင်ဆိုင်တာကို ဆီဇာကို ပေးပါ၊ ဘုရားသခင် ပိုင်ဆိုင်တာကို ဘုရားသခင်ကို ပေးပါ'

ဤဖြစ်ရပ်များကြောင့် လူအများမှာ အတိုက်အခံများဘက်သို့ ပါကုန်ကြသည်။ ဟီရိုဒီယန်းများလည်း အတိုက်အခံများဘက်သို့ ပါသွားကြသည်။

ထိုသို့ ဖြစ်ကုန်ကြသည်ကို မြင်တွေ့ရသော အခါ ယေရှုသည် အနံ့ စူးသော စကား ဥပမာများဖြင့် စတင် ပြောဆို လာလေတော့သည်။

ဂျူး လူမျိုးများသည် ဘုရားသခင်၏ စားပွဲကြီးတွင် ပါဝင် ဆင်နွှဲရန် ပထမဆုံး ဖိတ်ခေါ်ခြင်းကို ခံရသူများ ဖြစ်ခဲ့သည်။ ခုကျတော့ သူတို့က ဘုရားသခင် ဖိတ်ကြားတာကို လက်မခံဘဲ ငြင်းပယ်ခဲ့ကြသောကြောင့် ဘုရားသခင်က ထို စားပွဲကြီးသို့ တိုင်းတစ်ပါးသားတွေ၊ ဇာတ်ပျက် ဇာတ်နိမ့်တွေကို ပါဝင် ဆင်နွှဲခွင့်ကို ပြုခဲ့သည်။

ရှင်မဿဲ ကျမ်းထဲတွင်လည်း ယေရှုက ဖာရစီများနှင့် ဆဒ္ဒုဆီးများအား ပြင်းထန်သော စကားလုံးများဖြင့် ပြောကြားခဲ့ပုံကို ဖော်ပြထားသည်။

'ငါဆိုသည်ကား အခွန်အကောက် စည်းကျပ်သူများနှင့် ပြည့်တန်ဆာမများက သင်တို့ထက် အလျင် ရှေ့က ဘုရားသခင်၏ နိုင်ငံတော်ထဲသို့ သွားကြလိမ့်မည်၊ သင်တို့ထံမှ ဘုရားသခင်၏ နိုင်ငံတော်ကို သူတို့ သိမ်းယူသွားကြလိမ့်မည်၊ သင့်တော်သော အသီးကို ထုတ်လုပ်မည့်သူများလက်သို့ ထိုနိုင်ငံတော်ကို ပေးအပ်လိမ့်မည်' ဟု ဆိုလေသည်။

ဗဝ်ဂေလိ အသင်းသားများက ယေရှုအား သူ၏ အတိုက်အခံများက သေကြောင်း ကြံနေကြပြီ ဆိုသည်ကို လည်းကောင်း၊ သူကလည်း သေရန် အတွက် အသင့် ပြင်ဆင်ထားပြီး ဖြစ်သည်ကို လည်းကောင်း သဘောတူ လက်ခံကြသည်။ ဂျေရုဆလင်တွင် ကျင်းပသော နောက်ဆုံး ညစာစားပွဲ အဖြစ်အပျက်တွင် ထိုအချက်သည် သိသာ ထင်ရှားခဲ့လေသည်။ ရှေးကျသော ခရစ်ယာန် ဘာသာဝင်များ ပြောဆိုလေ့ ရှိကြသကဲ့သို့ ယေရှုသည် သူ သေရတော့မည့် အကြောင်းကိုသာမက ဘယ်သူ သစ္စာ ဖောက်သွားလိမ့်မည် ဆိုသည်ကိုပါ သိခဲ့လေသည်။

ထိုအခါ သူသည် ထိုနောက်ဆုံး စားပွဲတွင် ရိုးရိုးအခမ်းအနားကလေးကိုသာ ကျင်းပလေသည်။ သူ၏ တပည့်ကြီး ၁၂ ဦးနှင့်အတူ စားပွဲ ကျင်းပနေစဉ် သူသည် ပေါင်မုန့် တစ်လုံးကို ယူပြီး ကောင်းချီးပေးလေသည်။

ထို့နောက် ထိုပေါင်မုန့်ကို အစိတ်စိတ် ခွဲခြမ်းကာ သူတို့ကို ပေးရင်း ဤသို့ ဆိုလေသည်။

'ဒါကို ယူကြ၊ ဒါဟာ ငါ့ရဲ့ အသားတော်ပဲ'

ထို့နောက် သူသည် စပျစ်ချိုရည်ခွက်ကို ယူပြီးလျှင် ကောင်းချီးပေးကာ သူတို့အား ပေးပြီး ထိုခွက်မှ စပျစ်ရည်ကို တစ်ကျိုက်စီ သောက်စေသည်။

သူ့နှုတ်ကလည်း 'ဒါ ဟာ ငါ့ရဲ့ အသွေးတော်ပဲ' ဟု ဆိုလေသည်။

နောက်ပိုင်းတွင် ဂက်ဆေးမိန်း ပန်းခြံထဲတွင် သူ့ကို ယုဒပ်က သစ္စာ ဖောက်လေသည်။

အဆင့်မြင့် နတ်ဘုန်းကြီးထံမှ စေလွှတ်လိုက်သောဓားများ တင်းပုတ်များကို ကိုင်ဆောင်လာကြသူများဘက်သို့ ယုဒပ် ပါသွားလေသည်။ သူ့ကို ရဟူဒီ မင်းတိုင်ပင် လူကြီးများ အဖွဲ့ ဆန်ဟီဒရင် ရှေ့မှောက်သို့ ပို့ကာ ဘာသာတရားကို ပြစ်မှားမှု စွဲချက်ဖြင့် ဂျူး ဥပဒေ အရ သေဒဏ် အပြစ် စီရင် ချမှတ်လိုက်လေတော့သည်။

သေဒဏ်ကို စီရင်ရန် အတွက် အဝေး မြို့ဝန် ပုန္တိပိလသည် ယေရှုအား ဟီရော့ဒ် အန်တီပတ် လက်သို့ လွှဲပေးလိုက်လေသည်။ ဟီရော့ဒ်သည် ဂါလီလီ၏ ဘုရင်ခံ ဖြစ်သောကြောင့် ဖြစ်၏။ သို့သော် ဟီရော့ဒ်သည် ယေရှုအား ပိလထံသို့ ပြန်ပို့လိုက်၏။ ပိလမင်းလည်း ယေရှုကို လွှတ်ပေးနိုင်ရန် အတွက် လူထု လက်သို့ လွှဲအပ်ပေးကြောင်း ရှေးဦး ခရစ်ယာန် ဘာသာဝင်များ အယူ ရှိကြသည် ဆို၏။ သို့ရာတွင် လူအုပ်ကြီးက ဓားပြဟု လူသိများသော ဘာရပ်စ်ကိုသာ လွှတ်ပေးရန် တောင်းဆိုကြလေသည်။ ထိုသို့ တောင်းဆိုခြင်းမှာ သူတို့ အမြင်တွင် ဘာဘာရပ်စ်သည် ဓါးလှော်တ် ပုန်ကန်မှုတွင် ပါဝင်သူဟု ယူဆသောကြောင့် ဖြစ်၏။

လူထုက ယေရှုကိုမူကား လွှတ်ပေးရန် မတောင်းဆိုကြဘဲ ကွပ်မျက်ရန်သာ တောင်းဆိုကြသောကြောင့် ပိလမင်းက သူ့ကို ကားစင် တင်၍ ကွပ်မျက်ရန် အမိန့် ပေးလိုက်လေတော့သည်။

ညနေ သုံးနာရီ အချိန်တွင် လူတိုင်းက စွန့်ခွာသွားကြသော အခါ အမျိုးသမီး တစ်ဦးသာ သူ့ အနီးက မခွာဘဲ နေလေသည်။ ထိုအခါ သူသည် ဘုရားသခင်အား ဝတ်ပြု၍ ဆုတောင်း စကားကို ဆိုလေသည်။

'အဖ ဘုရားသခင်၊ သူတို့အား ခွင့်လွှတ်တော်မူပါ၊ သူတို့သည်ကား သူတို့ ဘာလုပ်နေမှန်းကို မသိသူများသာ ဖြစ်ကြပါကုန်၏'

ထိုစကားကို သူသည် ကျယ်လောင်စွာ အော်ပြောလေသည်။

ထို့နောက် 'ဘုရား သခင်၊ ကျွန်ုပ်၏ ဘုရား သခင်၊ အဘယ်ကြောင့် အရှင်သည် အကျွန်ုပ်အား စွန့်ခွာ သွားပါသနည်း' ဟု ဆိုမြည်တမ်းရင်းပင် အနိစ္စ ရောက်လေတော့၏။

လူ့သမိုင်းတွင် သူ၏ သေခြင်းလောက် လူအပေါင်းတို့အား စိတ်ထိခိုက်စေသော သေခြင်းကား တခြား မရှိတော့ပေ။

ကားတိုင်ကို ယုံကြည်မှု၏ သင်္ကေတ အဖြစ် ပြုလုပ်ထားကြသော ခရစ်ယာန် ဘာသာဝင်များ အဖို့မူကား သူသည် သူ၏ နောက်လိုက်များကို ကယ်တင် ရွေးယူနိုင်ရန် အလို့ငှာ သေခြင်း ဆင်းရဲကို လိုလိုလားလား ခံယူသွားခြင်း ဖြစ်သည်ဟု ခံယူကြလေသည်။ ဤသို့ ကားတိုင် တင်၍ ကွပ်မျက်ခံခြင်းဖြင့် ယေရှုသည် ခရစ်ယာန်များအား သူ၏ ရွေးယူခြင်းနှင့် ဆိုင်သော ဘုရားသခင်၏ မေတ္တာတော်ကို ထင်ရှားစွာ ထိုးထွင်း သိမြင်နိုင်အောင် ပြသနိုင်ခဲ့လေသည်။

ဥပုသ်နေ့တွင် ကားတိုင်ပေါ်၌ ရပ်အလောင်းကြီးတွဲလောင်း ဖြစ်နေခြင်းကို ရှောင်ရှားနိုင်ရန် အတွက် ရဟူဒီ မင်းတိုင်ပင် အဖွဲ့ (ဆန်ဟီဒရင်) အဖွဲ့ဝင် တစ်ဦး ဖြစ်သူ ဂျိုးဆက် အရိမာထေက သူ၏ အလွတ် ဖြစ်နေသော သင်္ချိုင်းဂူကို ပေးသဖြင့် ယေရှု၏ ရုပ် အလောင်းတော်ကို ထိုဂူသို့ သွတ်သွင်းခဲ့လေသည်။

# ဆက်လက် လေ့လာသင့်သော ကျမ်းများ

1. E.I. Bosworth The Life and Teaching of Jesus
2. W.E. Bundy The Religion of Jesus
3. Shirley Case Jesus: A biography
4. C.F Kent The Life and Teaching of Jesus
5. E.F Scott The Ethical Teaching of Jesus

## အခန်း ( ၁၅ )
# ခရစ်ယာန် ဘာသာရေး ဆိုင်ရာ တိုးတက် ဖွံ့ဖြိုးမှု

ပထမ ရာစုခေတ် ခရစ်ယာန်များ အတွက် ယေရှု ကွယ်လွန်ပြီးနောက် ဖြစ်ပေါ်လာသော အဖြစ်အပျက်တို့သည် အလွန် အရေးပါသော အဖြစ်အပျက်များ ဖြစ်ကြလေသည်။ သူတို့ အတွက်မူ ယေရှု၏ ဘဝ ဖြစ်ရပ်များနှင့် သင်ကြားချက်များသည် သူတို့၏ နေ့စဉ် ဘဝနှင့် အတွေးအခေါ်များတွင် တန်ဖိုး မဖြတ်နိုင်သော အရာများ အမှန်ပင် ဖြစ်ကြလေသည်။

ထိုအဖြစ်သနစ်များ အနက် ယေရှု၏ သေရာမှ ပြန်၍ ရှင်သန် ထမြောက်ခြင်းသည် ပို၍ အဆင့် မြင့်သော တန်ဖိုးပင် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သေရာမှ ရှင်ပြန် ထမြောက်ခြင်းသည် သူ၏ လူသား အသွင်ဖြင့် ဆင်းသက်လာသော ဘုရား အဖြစ်ကို သက်သေ ထူခြင်း ဖြစ်သောကြောင့် ဖြစ်၏။ ထိုအချက်သည် သူတို့ အတွက်ပါ သေခြင်း ကင်းသော အဖြစ်သို့ ရောက်နိုင်ကြောင်း အခိုင်အမာ ပြဆိုချက် ဖြစ်သည့် အပြင် ယေရှုနှင့် အဖ ဘုရားသခင်သည် ဝိညာဉ် သဘော အရ ခွဲခြား မရသော တစ်ပါးတည်းသော ဘုရား ဖြစ်ကြောင်းကို ကတိ ပြုရာလည်း ကျလေသည်။

သူ့အပေါ်၌ သက်ဝင် ယုံကြည်ခြင်း ကျောက်ဆောင်ပေါ်၌ သူ၏ နောက်လိုက်များ တည်ဆောက်ကြသော ခရစ်ယာန် ဘာသာသည် သူ့ နောက်လိုက်များ အတွက်ရော သို့မဟုတ် ယေရှု၏ သင်ကြားချက်များ အတွက်ပါ အမြဲတမ်း သဘော အမှန် ဖြစ်သည် မဟုတ် ဆိုသော အချက်ကို လက်ခံရပေမည်။

ယုံကြည်ချက် အားသန်သော ခရစ်ယာန် ဘာသာဝင်များသည် မကြာခဏ ယုံကြည်မှုနှင့် ယေရှု တပည့်များ၏ လက်တွေ့ ကျင့်ကြံမှုများကို လည်းကောင်း၊ သူ၏ ဘာသာ ယုံကြည်မှုနှင့် ဘဝ ဖြစ်စဉ်ကို လည်းကောင်း နှိုင်းယှဉ်လေ့ရှိ၏။ ထိုကဲ့သို့ နှိုင်းယှဉ် ကြည့်ခြင်းအားဖြင့် သူတို့သည် ခရစ်ယာန် ဘာသာကို တည်ထောင်သော ပုဂ္ဂိုလ်၏ မြင့်မားသော ကိုယ်ကျင့်တရားနှင့် စိတ်ဝိညာဉ်ဆိုင်ရာ ထူးခြားမွန်မြတ်ခြင်းကို ထပ်ခါ ထပ်ခါ သက်သေ ထင်ရှားအောင် ပြသနိုင်ခဲ့ကြပေသည်။

မည်သို့ပင် ဆိုစေ ခရစ်ယာန်များက သူ့ကို သာလွန်ကြီးကျယ်လာအောင် ပြုလုပ်ခဲ့ခြင်း မဟုတ်ပေ။ သူသည် သာလျှင် သူတို့၏ အာစရိယ ဖြစ်၏။ ခရစ်ယာန် ဘာသာ၏ သမိုင်း တစ်လျှောက်၌ ထို ဘာသာသည် အဘက်ဘက်က ပြန်လည် ရှင်သန် ကြီးထွားလာခြင်းမှာ သူ၏ ဘာသာရေး အမြင်များနှင့် သူ၏ ဘဝနေနည်းကို ပြန်သွားခြင်း အပေါ်မူတည်၍ ဖြစ်လာခြင်းသာ ဖြစ်လေသည်။

ဤ အခန်းတွင် တင်ပြထားသော အကြောင်းအရာများသည် ကမ္ဘာ အရပ်ရပ်တွင် သူ့နောက်လိုက်များ၏ ဖြစ်ရပ်များနှင့် စပ်ဆိုင်သော အကြောင်းအရာများသာ ဖြစ်ကြပေသည်။

# ၁။ သာသနာပြုရန် စေလွှတ်သူများ ခေတ် [၁]

## ရှင်ပြန် ထမြောက်ခြင်း

ဂက်ဆေမိန်း ပန်းခြံထဲတွင် ယေရှု အဖမ်းခံရသော အချိန်၌ သူ၏ တပည့် သာဝကများမှာ တကွဲတပြား ထွက်ပြေးကြလေတော့သည်။ ရှင်ယောဟန် (ဂျွန်) တစ်ယောက်မှ အပ ကျန်လူ တစ်ယောက်တလေမျှပင် ကားတိုင် တင်ပြီး ကွပ်မျက်ရာ အရပ်သို့ မကပ်ဝံ့ကြချေ။ ယေရှုကို ကားတိုင် တင်နေစဉ် ကာလ အတွင်းမှာပင် ပေတရု (ပီတာ) အားလည်း ကြိုးပေးသတ်ရန် ပြင်ဆင်ထားလေပြီ။ အဆင့်မြင့် နတ်ဘုန်းကြီးရုံးက အစေခံ အမျိုးသမီး တစ်ဦးက သူသည် ယေရှု၏ နောက်လိုက် တစ်ဦး ဖြစ်ကြောင်း ဖော်ထုတ်သောအခါ သူက သူ မဟုတ်ကြောင်း ငြင်းလေသည်။ ကြောက်လန့် စိတ်အားငယ်မှုများဖြင့် သူ၏ တပည့်ကြီးများသည် ဥပုသ်နေ့၌ ပုန်းအောင်း နေကြလေသည်။

တတိယနေ့ နံနက်သို့ ရောက်သောအခါ ဂါလီလီသို့ မပြန်မီ အမျိုးသမီး အချို့က ယေရှု၏ အလောင်းကို ထည့်သွင်းထားသော အုတ်ဂူကို လိုက်ရှာကြလေသည်။ ထိုဂူကို ဖွင့်ကြည့်သော အခါ ဂူထဲတွင် ဘာမျှ မရှိဘဲ ဟာလာဟင်းလင်း ဖြစ်နေလေသည်။ သူတို့ လှည့်ထွက် သွားကြသော အခါတွင်မူ ခရစ်ယာန် သာသနာ သမိုင်းတွင် မှတ်သားဖွယ် ထူးခြားသော ဖြစ်ရပ်သည် ဖြစ်ပေါ်လာလေတော့၏။

သူတို့သည် ကောင်းကင်တမန် နတ်သားများကိုလည်း မြင်တွေ့ကြရပြီး ယေရှုသည် သေရာမှ ရှင်ပြန် ထမြောက်သွားပြီ ဖြစ်ကြောင်း ပြောဆိုသော အသံကိုလည်း ကြားကြရလေသည်။ ထိုနောက် ထိုကဲ့သို့ ရှင်ပြန် ထမြောက်သွားသော ယေရှုကို ပေထရုနှင့် အခြားသူများကလည်း တွေ့မြင်လိုက်ကြရလေသည်။

ထို အမျိုးသမီးများ ဂါလီလီသို့ ပြန်ရောက်သွားကြသောအခါ သူတို့၏ အတွေ့အကြုံများကို ထပ်တလဲလဲ ပြောဆိုကြလေတော့သည်။

ထိုအချိန်တွင် စိတ်ဓာတ် ကျဆုံးနေသူများ၏ စိတ်ပျက် အားငယ်မှုကို သတ်၍ မသေ ရှင်ပြန်ခြင်း ဆိုသော ရှိန်းပြီးခြင်းက မျှော်လင့်ချက်နှင့် ယုံကြည် အားကိုးစိတ်ကို ပြန်လည် ဖြစ်ပေါ်စေခဲ့ပြန်သည်။

ထိုယုံကြည် အားထားချက်နှင့် မျှော်လင့်ချက် ပြန်လည် ရှင်သန်လာခြင်းသည် မြေထဲပင်လယ် ထက်ဝန်းကျင် ဒေသတွင် အားကြီးသော ယုံကြည်မှု အသစ်ကို ပြန့်ပွား သွားစေလေတော့သည်။

ယေရှု၏ သေရာမှ ရှင်ပြန် ထမြောက်ပြီးနောက် ပေါ်လာသော အကြောင်းကို အစောဆုံး ကျယ်ပြန့်စွာ ဖော်ပြသော မှတ်တမ်းမှာ ရှင်ပေါလု၏ မှတ်တမ်းပင် ဖြစ်၏။

'ညီအစ်ကို သားချင်း အပေါင်းတို့၊ ယခု ငါ သတိပေး စကားကို ပြောလိုပါ၏၊ ပထမ အရေးအကြီးဆုံးသော အချက်ကို သင်တို့အား ငါ အသိ ပေးလိုပါ၏၊ ခရစ်တော်သည် ငါတို့၏ အပြစ်များ အတွက် ကျမ်းစာ၌ လာသော အတိုင်း အသေခံသွားခြင်း ဖြစ်၏၊ တတိယမြောက်နေ့တွင် သူ့ကို ကျမ်းစာထဲမှာ ကြိုတင် ဟောကြားထားသည့် အတိုင်း ပေတရုက စ၍ မြင်တွေ့ပြီး တပည့်ကြီး ၁၂ ယောက်လုံးလည်း မြင်တွေ့ကြရ၏၊ ထိုနောက်တွင် လူငါးရာကျော်ကလည်း တစ်ကြိမ်မှာ မြင်တွေ့လိုက်ကြရသည်၊ ထိုသူတို့ အများစုမှာ ယခုတိုင် အသက် ရှင်ဆဲ ရှိကြသေး၏၊ တချို့မှာ ကွယ်လွန်သွားကြပြီ၊ ထိုနောက် ယေရှုကို ဂျိမ်းလည်း မြင်တွေ့ရသည်၊ ထိုနောက် သာသနာ ပြုရန် စေလွှတ်ခြင်း ခံရသော သူများလည်း မြင်တွေ့ကြရရုံမျှမက နောက်ဆုံး၌ ငါကိုယ်တိုင်ပင် မြင်တွေ့ရပါသည်'

## ရဟူဒီ ပင်တေကုတ္တေ ပွဲတော် [၂]

ယေရှု၏ ရှင်ပြန် ထမြောက်ခြင်းဖြင့် ပေါ်လာခြင်းသည် သူ၏ နောက်လိုက် တပည့်များအား မကြာမီ ဘုရားသခင်

---

၁။ The Apostolic Age

၂။ Pentecost

၏ သားတော်ဟု ဝန်ခံ ကတိပြုထားသည့် အတိုင်း ကောင်းကင် တိမ်တိုက်တွေ အကြားမှာ မကြာမီ ပြန်ပေါ်လာပြီး လျှင် နောက်ဆုံး ကမ္ဘာ ပျက်သော နေ့တွင် လူမျိုး အားလုံးကို တရား စီရင်မည်ဟု အခိုင်အမာ ယုံကြည် သက်ဝင်စေခဲ့လေသည်။ ယခု သူတို့၏ စိတ်ထဲတွင် ယုံကြည်နေသည်မှာ သူ လူ့ပြည်သို့ လာပြီး သာသနာပြု လုပ်ငန်းများ လုပ်ဆောင်ခဲ့ခြင်းသည် ဒုတိယ အကြိမ် သက်ဆင်းလာရန် အတွက် ကြိုတင် ပြင်ဆင်မှုများကို ပြုလုပ်ရန် အတွက် ဖြစ်သည် ဟူ၍ ဖြစ်၏။ ထိုကြောင့် သူ၏ တပည့် နောက်လိုက် ၁၂၀ ခန့် အရေအတွက် ရှိသော သူများသည် သူ ပြန်လာလျှင် အသင့် ကြိုဆိုနိုင်ရန် အတွက် ဂါလီလီကို စွန့်ခွာကြပြီးလျှင် ဂျေရုဆလင် မြို့တော်သို့ ထွက်ခွာလာခဲ့ကြလေသည်။

ဂျေရုဆလင်သို့ ရောက်သော အခါ ဘုရား ဝတ်ကျောင်းတော်ကြီး၏ အပေါ်ထပ် ခန်းမကျယ်ကြီးထဲတွင် အတူတကွ ဝတ်ပြု ဆုတောင်းပြီး တိုင်ပင် ဆွေးနွေးရန် တွေ့ဆုံကြလေသည်။ ထိုလူများထဲတွင် ယေရှု၏ မိခင် မေရီနှင့် သူ၏ ညီများလည်း ပါဝင်ကြသည် ဆို၏။ သာသနာပြုရန် စေခိုင်းခြင်း ခံရသူ (အပေါ်ဆယ်) များမှာ ထိုအုပ်စု၏ တရားဝင် ခေါင်းဆောင်များ ဖြစ်ကြလေသည်။ သို့သော် ယေရှု၏ ညီဖြစ်သူ ဂျိမ်းသည် မကြာမီ ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်လာခဲ့လေသည်။

နောက်ထပ် သူတို့အားလုံး တွေ့ကြုံရသော ကြီးကျယ်သော အဖြစ်သနစ် တစ်ခုကို ဤကဲ့သို့ မှတ်တမ်း တင်ထားလေသည်။

'ပင်တေကုတ္တေ ပွဲတော်ဟု ခေါ်သော ဂျူး လူမျိုးများ၏ ကောက်သစ်စားပွဲနေ့တွင် သူတို့ အားလုံး တွေ့ဆုံစည်းဝေး နေကြလေသည်။ ထိုအချိန်တွင် ရုတ်တရက် လေပြင်း တစ်ချက် တိုက်လိုက်သလို ကောင်းကင်မှ အသံတစ်သံ ပေါ်ထွက်လာလေသည်။ သူတို့ အားလုံး ထိုင်နေကြသော အခန်း တစ်ခုလုံးကို ထိုအသံ လွှမ်းမိုးသွားလေသည်။ ထိုနောက် မီးလျှံလို လျှာများကို လူတစ်ဦးစီ၏ ဦးခေါင်းတစ်ခုစီပေါ်တွင် သူတို့ မြင်တွေ့ကြရလေသည်။ ထိုအခါ သူတို့ အားလုံး၏ ကိုယ်၌ သန့်ရှင်းသော ဝိညာဉ်တော် တည်ကိန်းကာ ထိုဝိညာဉ်တော်၏ လှုံ့ဆော်သလို သူတို့ အသီးသီးသည် နိုင်ငံခြား ဘာသာ စကား အမျိုးမျိုးကို ပြောဆို နေကြလေတော့သည်။'

ရှေးဦး ခရစ်ယာန် ဘာသာဝင်များ အဖို့ ရှင်ပြန်ထမြောက်ခြင်းသည် ဝမ်းမြောက်ဖွယ် ဂေါ့စပယ် သတင်းစကားများ၏ မှန်ကန်မှု အတွက် သက်သေ အထောက်အထားပင် ဖြစ်၏။ ထိုနောက် ပင်တေကုတ္တေ ပွဲတော်သို့ သန့်ရှင်းသော ဝိညာဉ်တော် သက်ဆင်းလာခြင်းသည် သူတို့၏ ဘုရားသခင် ယေရှု ခရစ်တော်၏ တန်ခိုးတော်များကို သူတို့မှာလည်း ရရှိခြင်းကို အာမခံချက်ပင် ဖြစ်၏။

သာသနာ ပြုရန် စေခိုင်းခြင်း ခံရသူ (အပေါ်ဆယ်) များသည် ယခု ရဲတင်းလာကြပြီးလျှင် လမ်းမများပေါ်တွင် ဖြောင်ကျကျ တရား ဟောပြောလာကြပြီ ဖြစ်၏။ ထိုလမ်းမများပေါ်တွင် လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်ကမှ ယေရှုသည် အတိုက်အခံများနှင့် ရင်ဆိုင် တိုးခဲ့ရလေသည်။ ထိုနောက် သူ့ ဘဝသည် ကားတိုင်ပေါ်တွင် ကွပ်မျက်ခံရခြင်းဖြင့် ဆုံးခန်း တိုင်ခဲ့ရလေသည်။

သာသနာ ပြုရန် စေခိုင်းခြင်း ခံရသူများသည် ကြောက်မက်ဖွယ် ကောင်းလောက်အောင် အောင်မြင်မှုများကို ရရှိလာကြလေသည်။

ဘာသာ ပြောင်းလာသူပေါင်း ရာထောင်မကတို့သည် သူတို့နှင့် လာ၍ ပူးပေါင်းကြ၏။

ဖာရစီနှင့် ဆဒ္ဒူးဆီးများသည် အလန့်တကြား ဖြစ်ကြကာ ပီတာ (ပေတရု) နှင့် ဂျွန် (ယောဟန်) ကို ဖမ်းဆီးကြလေသည်။ သူတို့ နှစ်ဦးကို ဆန်ဟီဒရင် ခေါ် ရဟူဒီမင်းတိုင်ပင် လူကြီးများ အဖွဲ့ ရှေ့မှောက်တွင် ရုံးတင်ကြလေသည်။ ထိုသူများအား ယေရှု၏ နာမတော်ဖြင့် တရားဟောခြင်းကို မပြုကြရန် ပိတ်ပင် တားမြစ်လေသည်။ သို့သော် သူတို့ လွတ်မြောက်လာကြသော အခါ ဟောမြဲတိုင်းသာ တရားဓမ္မများကို ဆက်၍ ဟောပြောကြပြန်လေသည်။

နောက်တစ်ကြိမ်လည်း သူတို့သည် ဖမ်းဆီးခြင်းကို ခံရပြန်၏။ အခြား အပေါ်ဆယ်များလည်း ဤတစ်ကြိမ်တွင် ပါ၏။ သူတို့ အားလုံးကို ဆန်ဟီဒရင် အဖွဲ့ ရှေ့မှောက် ရုံးထုတ်ကြပြန်၏။

သူတို့အား ယေရှု၏ နာမတော်ဖြင့် တရား ဟောပြောခြင်းကို မပြုလုပ်ကြရန် အမိန့် ပေးထားပြီး ဖြစ်ကြောင်း ရုံးက သတိပေးသော အခါ ပီတာနှင့် အပေါင်းပါ အပေါ်ဆယ်များက ဤသို့ ပြန်လည် လျှောက်ထားကြလေသည်။

'ကျွန်ုပ်တို့သည် လူ့စကားကိုထက် ဘုရားသခင်၏ စကားကိုသာ ရိုသေ လိုက်နာကြရပါမည်'

ဤသို့ ရုံးတော်သို့ အာခံ လျှောက်ထားသည့် စကားကြောင့် ဆန်ဟီဒရင် အဖွဲ့ဝင်များ၏ ထကြွလာသော ဒေါသကို တားဆီးသည့် သဘောဖြင့် ဖာရစီ ခေါင်းဆောင် တစ်ဦးက ကြားဝင်ပြီး ဖျန်ဖြေလေသည်။

ထိုပုဂ္ဂိုလ်သည် *ဟိလ်လက်* [၁] ၏ မြေး ဖြစ်သူ *ဂမာလီးလ်* [၂] ဖြစ်၏။ သူ့အဘိုးသည် ဓမ္မဆရာ ရာဘိုင် ကျမ်းစာသင် ကျောင်းတော်မှ နာမည် ကြီး၍ ထင်ရှားသော ဆရာ တစ်ဦး ဖြစ်၏။ သူက သူ တင်ပြသော ဆင်ခြေ အတွက် သမိုင်း အထောက်အထားများကိုလည်း ပြ၏။

'အစ္စရေးသားများ ... ဤပုဂ္ဂိုလ်များနှင့် ပတ်သက်၍ သင်တို့ အဆို ပြုသော ပြုလုပ်ဖွယ် ကိစ္စများကို ပြုလုပ်ရာ၌ သတိတရား လက်ကိုင်ထား၍ ပြုလုပ်ကြပါ၊ အဘယ်ကြောင့် ဆိုသော် ရှေး ခေတ် အတန်ကြာသော အခါက *သီယုဒတ်* [၃] ဆိုသူသည် သူ့ကိုယ်သူ အရေးပါသော ပုဂ္ဂိုလ် ဖြစ်သည်ဟု ဆိုကာ ပေါ်ပေါက်ခဲ့ဖူးပါသည်၊ ထိုအခါ အရေအတွက်အားဖြင့် လေးရာခန့် ရှိသော လူများသည် သူနှင့် ပူးပေါင်းခဲ့ကြပါသည်၊ သို့သော် ထိုသူသည် အသတ်ခံရပြီး နောက် သူ၏ နောက်လိုက် ဆိုသူများလည်း ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြပါသည်၊ သူ့နောက်မှာလည်း သန်းခေါင် စာရင်း ကောက်သော ခေတ်က ဂါလိလီမှ ယုဒတ် ဆိုသူ ပေါ်ပေါက်လာပြန်ပါသည်၊ သူလည်း နောက်လိုက် များစွာ ရရှိခဲ့ပါသည်၊ သို့သော် သူ ပျက်စီးသွားသော အခါ သူ့နောက်လိုက်များမှာ ကစဉ့်ကလျား တကွဲတပြား ဖြစ်သွားကြပါသည်၊ ထိုကြောင့် ယခု ကိစ္စတွင်လည်း ကျွန်ုပ် ဆိုပါ၏၊ ဤသူများကိုလည်း သူတို့ သဘော အတိုင်းသာ လွှတ်ထားလိုက်ပါ၊ ဘာကြောင့်လဲ ဆိုလျှင် အကယ်၍ ဤ လှုပ်ရှားမှုသည် လူ့စိတ် လူ့ ဆန္ဒကို အရင်း ခံ၍ ပြုလုပ်သော လှုပ်ရှားမှု ဖြစ်ပါက ၎င်းသည် အချည်းနှီးဖြင့် အဆုံးသတ်သွားပါလိမ့်မည်၊ သို့သော် ဤလှုပ်ရှားမှုသည် ဘုရားသခင်ထံမှ အစပြုသော လှုပ်ရှားမှု ဖြစ်ပါမူကား သင်တို့ အနေနှင့် ရပ်တန့်အောင် တားဆီး ပိတ်ပင်၍ ရမည် မဟုတ်ပါ' ဟု ဆိုရာ ထိုအကြံပြုချက်ကို လက်ခံကြလေသည်။

အာဏာပိုင်များသည် ထိုသာသနာ ပြုရန် စေခိုင်းခြင်း ခံရသော အပေါ်စဆယ်များကို လူထု ရှေ့မှောက်တွင် အသရေ ပျက် အကြည်ညို ပျက်အောင် ပြုလုပ်မည့် အစား သူတို့ သဘော အတိုင်း ခွင့်ပြုလိုက်လေတော့သည်။

## ဂျေရုဆလင်မှ ခရစ်ယာန် အသင်းတော် ဝတ်ကျောင်း

ဂျေရုဆလင်မှ ခရစ်ယာန် အသင်းတော် ဝတ်ကျောင်းကို ပပျောက်သွားအောင် ညှဉ်းပန်း နှိပ်စက်ခြင်း မခံရသော အကြောင်းအချက် နှစ်ခု ရှိဟန် တူသည်။ အကြောင်း တစ်ခုမှာ သာသနာ ပြုရန် စေခိုင်းခြင်း ခံရသူ (အပေါ်စဆယ်) များသည် ကွယ်လွန်ပြီးသော ခေါင်းဆောင်၏ နောက်လိုက်များသာ ဖြစ်ကြခြင်း တစ်ရပ်၊ ထိုအကြောင်းကြောင့် သူတို့၏ စိတ်တက်ကြွ လှုပ်ရှားမှုသည် အချိန် တန်လျှင် ပပျောက်သွားလိမ့်မည်ဟု မျှော်လင့်ကြခြင်းနှင့် ဒုတိယ အချက်မှာ (အပေါ်စဆယ်) များ အားလုံးသည် ဂျူး ဓမ္မသတ် ဥပဒေပါ အချက်အလက်များကို လိုက်နာ စောင့်စည်းကြခြင်းပင် ဖြစ်၏။

အစကမှာ ခရစ်ယာန် ဘာသာဝင် ဖြစ်လာကြသော ပါလက်စတိုင်းသားများသည် နေ့စဉ် ဘုရား ဝတ်ကျောင်းတော်သို့ သွားပြီး မိုးဇက် (မောရှေ) ၏ ဥပဒေများကို အခြားဂျူးများနှင့် မခြား ဂုဏ်ပြု ချီးကျူးကြလေသည်။

ထို့ပြင် အရေပြားလှီး မင်္ဂလာ မပြုလုပ်ရသေးသူများအား အရေပြားလှီး မင်္ဂလာပွဲများ ကျင်းပကြသည်။ သူတို့ကိုယ် သူတို့ ဂျူး ဘာသာဝင်များနှင့် မခြား ဆောင်ရွက်ကြလေသည်။ သို့သော် လက်ခံ ကျင့်သုံးနေသော ယုံကြည်ကိုးကွယ်မှု ဓလေ့ ထုံးစံများတွင် သူတို့သည် အရိုးအစဉ် မဟုတ်သော အချက်များကို ထပ်မံ ဖြည့်စွက်လာကြသည်။ ဂျူး ကျမ်းစာများ၌ ကြိုတင် ဟောကိန်း ထုတ်ထားသည့် အတိုင်း ယေရှုသည် ကယ်တင်ရှင် အမှန်ပင် ဖြစ်သည်ဟု သူတို့ ယုံကြည်ကြလေသည်။ ထို့ကြောင့် သူသည် ဘုရားသခင်၏ သားတော် အဖြစ်ဖြင့် မကြာမီ ကောင်းကင် နိုင်ငံ၏ တိမ်တိုက်များ အကြားတွင် ပြန်ပေါ်လာဦးမည်ဟုလည်း ယုံကြည်နေကြလေသည်။

သူတို့သည် သီးခြား ပုဂ္ဂလိကများ၏ နေအိမ်များ၌ တွေ့ဆုံ စည်းဝေးကြသည်။ ဂျေရုဆလင်တွင် မာကု၏ မိခင် အိမ်တွင် စုဝေးကြသည်။ ထိုသို့ လူများ စုဝေးမိသော အခါ သူတို့သည် ပေါင်မုန့်ကို ခွဲစိတ်၍ စားသောက်ကာ ဆုတောင်းပွဲများ ကျင်းပကြလေသည်၊ ယုံကြည် သက်ဝင်သူများသည် ရတတ်သမျှ ပစ္စည်းဥစ္စာများကို အချင်းချင်း ခွဲဝေ ယူကြသည်။ ပိုင်ဆိုင်မှု မှန်သမျှကို ရောင်းချပြီး လိုအပ်နေသူများကို လိုအပ်သလို ထောက်ပံ့ ပေးကမ်းကြသည်။ သူတို့မှာ ဘာသာ ပြောင်းလာသူများ၏ ပြင်းထန်သော စိတ်ဓာတ်မျိုး ရှိကြသည်။ ဘာသာ ပြောင်းလာသူများအား နှစ်ခြင်း မင်္ဂလာကိုလည်း ပြုပေးကြလေသည်။

သို့ရာတွင် ပါလက်စတိုင်းသား ယေရှု၏ နောက်လိုက်များ အနေနှင့် သူတို့သည် ဂျူး ဘာသာဝင် ဂိုဏ်းသားများလို ပြုမူ နေထိုင်ကြသည် ဆိုခြင်းမှာ မှန်ကန်သည် ဆိုသော်

---

၁။ Hillel ၂။ Gamaliel ၃။ Theudas

လည်း ဘာသာ ပြောင်းလဲလာသူတိုင်း ထိုသို့ ပြုမူနေကြသည် ဆိုလျှင်ကား မမှန်ကန်ပေ။

ယေရှုသခင် အနေနှင့် မိုးဇက်၏ ဥပဒေများနှင့် ပတ်သက်သော လွတ်လပ်သော အမြင်မျိုးကို ခံယူခဲ့သကဲ့သို့ တချို့ကလည်း လွတ်လပ်သော အမြင်မျိုးကို လက်ခံယူကြလေသည်။ အခြေအနေမှာ ဤသို့ ဖြစ်၏။ ဂျေရုဆလင်တွင် ဘာသာရေး စည်းဝေးပွဲများ ကျင်းပလျက် ရှိ၏။ ထိုပွဲများမှာ နိုင်ငံခြားက ပြန်လာကြသော ဂရိ ဘာသာ စကားကို ပြောဆိုကြသည့် ဂျူး လူမျိုးများ၏ စုဝေးပွဲများ ဖြစ်ကြ၏။ ထို ဂရိ ဘာသာ စကားပြော ဂျူးများသည် ပါလက်စတိုင်း ဂျူးများထက် ပို၍ ဘုရားဝတ်ကျောင်းတွင်း၌ ပြုလုပ်သော ယဇ်ပူဇော်ပွဲများကို မနှစ်သက်ကြပေ။ ဓမ္မသတ် ဥပဒေကို ကျင့်သုံးရာ၌ အပေါ်ယံ ဟန်ပြသဘော ပြုလုပ်ခြင်းထက် ကျမ်းစာပါ အချက်အလက်များကို အလေးအနက် ထားမှုကို ပို၍ အလေးထားကြလေသည်။

ထို့ကြောင့် ဂရိ စကားပြော ဂျူး လူမျိုးများ ခရစ်ယာန်ဘာသာဝင် ဖြစ်လာကြသော အခါ သူတို့သည် ယေရှု ဟောကြားခဲ့သော ဖာရစီများနှင့် ဆဒ္ဒူးဆီးများ၏ အလေ့အကျင့်များကို ဝေဖန်ထားသော အဆိုအမိန့်များကို ပို၍ အလေးအနက် ထားပြီး သူတို့၏ နေ့စဉ် ဘဝ၌ အသုံး ချကြလေသည်။

ခရစ်ယာန်များနှင့် ဂျူး လူမျိုး အာဏာပိုင်များ ကြားတွင် တင်းမာမှုများ ဖြစ်ပေါ်လာရုံမျှ မကဘဲ ခရစ်ယာန်အုပ်စု အချင်းချင်း ကြားမှာလည်း တင်းမာမှုများ ပေါ်ပေါက်လာလေသည်။

တခြား တစ်ဖက်တွင်လည်း သာသနာပြုရန် စေခိုင်းခြင်း ခံရသူ (အပေါ်သယ်) များနှင့် အကြမ်းနည်းဖြင့် ဆောင်ရွက်လိုသူ ဂရိ စကားပြော ခရစ်ယာန် ဂျူးများ အကြားတွင် အထိအတွေ့ မရှိသလောက် ဖြစ်နေလေသည်။ တခြားတစ်ဖက်တွင် ဂရိ စကားပြော ဂျူး ခရစ်ယာန်များက ပါလက်စတိုင်းသား ခရစ်ယာန်များသည် သူတို့၏ မုဆိုးမများကို အစားအစာများ ဖြန့်ဝေခြင်း မပြုဘဲ မုဆိုးမများ လျစ်လျူရှုခံနေရသည်ဟု စွပ်စွဲကြလေသည်။

ထိုတင်းမာမှုများကို လျော့နည်းသွားစေရန် အတွက် ခရစ်ယာန် အုပ်စုများ အားလုံး စုဝေးကြ၏။ ထိုပြဿနာ အရပ်ရပ်ကို ကြီးကြပ် ဖြေရှင်းပေးရန် အတွက် သူတို့၏ အဖွဲ့မှ လူခုနစ်ယောက်ကို ခေါင်းဆောင်များ ခန့်ကြလေသည်။ သူတို့သည် သာသနာ ပြုရန် စေခိုင်းခြင်း ခံရသော အပေါ်သယ်များ မဟုတ်ကြပေ။ သူတို့သည် အစားအစာများ ဝေငှရာ၌ ကြီးကြပ်ရန်နှင့် စာရင်းအင်းများကို စနစ်တကျ ပြုလုပ်ကြရန် အတွက် ဖြစ်သည်။

ထိုခုနစ်ယောက် အနက် တစ်ဦးမှာ ဂရိ စကား ပြောသော *စတက်ဖင်* [၁] အမည် ရှိသော ပုဂ္ဂိုလ် ဖြစ်လေသည်။ သူသည် ပို၍ လွတ်လပ်စွာ ကျင့်သုံးသော ခရစ်ယာန် လှုပ်ရှားမှု အဖွဲ့မှ ခေါင်းဆောင် ဖြစ်၏။ ဂျူး မင်းတိုင်ပင် အဖွဲ့ ဆန်ဟီဒရင် အဖွဲ့ ရုံးရှေ့မှောက်သို့ ထိုသူအား ဖမ်းဆီးပြီး ရုံးတင် တရား စွဲခြင်း မပြုမီ ကာလ တစ်လျှောက်လုံး၌ အားလုံး အဆင်ပြေနေခဲ့၏။ ဆန်ဟီဒရင် အဖွဲ့က သူ့အား အပြစ်ဒဏ် စီရင်ပြီး မသေမချင်း ခဲဖြင့် ထုသတ် ကွပ်မျက်ခဲ့လေတော့သည်။

ဤ ပြင်းထန်သော အရေးယူ ဆောင်ရွက်မှုသည် ဂျေရုဆလင်၌ ဘာသာရေး ညှဉ်းဆဲမှုကြီး စတင်တော့မည်ကို နိမိတ် ပြလိုက်ခြင်း ဖြစ်၏။ ဂျူး အာဏာပိုင်များကလည်း ဂျူး ဥပဒေကို လိုက်နာခြင်း မရှိသူများအား အရေးယူမှုများကို သိသိသာသာ ပြုလုပ်လာကြလေသည်။

ထိုအခါ သာသနာ ပြုရန် စေခိုင်းခြင်း ခံရသူများမှ အပ ကျန်ခရစ်ယာန်များသည် ယုဒနှင့် ဆမာရီးယားဘက်သို့ ပြန့်ကျဲသွားကြလေတော့သည်။

ထိုအခါမှ စ၍ ပါလက်စတိုင်း ဒေသ၌ ခရစ်ယာန် လှုပ်ရှားမှုသည် ပါတီ နှစ်ခု ကွဲသွားလေတော့သည်။ ထို ပါတီ နှစ်ခုစလုံးမှာပင် တစ်ချိန်ချိန်၌ တစ်လုံး တစ်စည်းတည်း ဖြစ်အောင် ပူးပေါင်းလိုသော ဆန္ဒမျိုး အမြဲ ရှိခဲ့ကြသော်လည်း တစ်ဖွဲ့ချင်းမှုကား ခရစ်ယာန် ဘာသာ၏ အဓိပ္ပာယ်ကို ဖွင့်ဆိုခွင့် ရှိသူ အဖြစ်သို့ ရောက်ရှိအောင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကြိုးပမ်း ဆောင်ရွက်ကြလေသည်။

တစ်ဖက်တွင် ယေရှု၏ ညီဖြစ်သူ ဂျိမ်းက ရပ်တည်နေသည်။ ယခု သူသည် ဂျေရုဆလင် မြို့ရှိ ခရစ်ယာန် အသင်းတော် ဝတ်ကျောင်း၏ ပင်မ မဏ္ဍိုင်ကြီး ဖြစ်၏။ သူ့ဘက်တွင် အပေါ်သယ် များစွာ ပါဝင်ကြလေသည်။

သူတို့က ခရစ်ယာန် ဘာသာဝင်တို့သည် ခရစ်တော်၏ နောက်လိုက် ဖြစ်ရုံဖြင့် မပြီးသေး၊ မိုးဇက်၏ ဥပဒေများကို လေးစား လိုက်နာခြင်းဖြင့် ဘုရားသခင်၏ အလိုကျအောင် ဆောင်ရွက်ဖို့လည်း လိုသည်ဟု ဆိုကြလေသည်။ သူတို့အနေနှင့် လက်ခံထားသော လိုအပ်ချက် တစ်ချက်မှာ အရေပြားလီး မင်္ဂလာ ပြုခြင်း ဖြစ်၏။ ထို လိုအပ်ချက်ကို လိုက်နာ ဆောင်ရွက်ကြရန် အတွက် ရပ်စွန် ရွာများရှိ

---

၁။ Stephen

ခရစ်ယာန် အသင်း ဝတ်ကျောင်းများ ရှိရာသို့ သူလျှိုများ၊ လျှို့ဝှက်တမန်များ စေလွှတ်လေသည်။ ရေနှစ်ခြင်း မင်္ဂလာ မပြုမီ အရေပြားလှီး မင်္ဂလာကို ဦးစွာ ပြုလုပ်ကြရန် ညွှန်ကြားခြင်းဖြစ်၏။

ထို့ပြင် သန့်ရှင်း စင်ကြယ်သူနှင့် မသန့်ရှင်း မစင်ကြယ်သူကို ခွဲခြားရေးကို ပြုလုပ်ရန်မှာလည်း လိုအပ်ချက် တစ်ခု ဖြစ်သည်ဟု ယူဆကြလေသည်။ ထိုအချက်မှာ အရေပြားလှီး မင်္ဂလာ မပြုသေးသူနှင့် အတူ ထမင်း တစ်ပွဲတည်း ထိုင်၍ မစားအပ် ဆိုသော စည်းကမ်းချက် ဖြစ်၏။

ဂျေရုဆလင် ခရစ်ယာန် အသင်းဝတ်ကျောင်းမှ ပုဂ္ဂိုလ်အချို့က စေ့စပ် ဖျန်ဖြေလိုသော သဘော ဆန္ဒမျိုး ရှိကြစဉ် အစွန်းရောက်သမားများက သူတို့ ရေးကြီးခွင်ကျယ် ပြုလုပ်နေသော အခိုင်အမာ ပြုထားသော အချက်ကို အကျယ် ချဲ့နေကြလေသည်။ ထိုသဘောထား တင်းမာသူများကို *ဂျူဒိုက်ဇာ* [၁] များ ဟူ၍လည်း ခေါ်ကြသည်။ အချိန် ကြာလာသော အခါ သူတို့သည် ဂျူး ခရစ်ယာန် အုပ်စုကွဲကို ဖွဲ့စည်းတည်ထောင်ကြလေသည်။ ၄င်းတို့ကို *အီဘီယိုနိုက်* [၂] များ သို့မဟုတ် *နာဇာရင်း* [၃] များဟု ခေါ်ကြလေသည်။

ဂျေရုဆလင် ခရစ်ယာန်များထဲတွင် အပေး အယူ လုပ်ပြီး စေ့စပ်ရေး လုပ်လိုသူမှာ ပီတာ ဖြစ်သည်။ ပီတာ၏ အမြင်တွင် သန့်ရှင်းသော ဝိညာဉ်တော်သည် ပို၍ လွတ်လပ်စွာ ကျင့်သုံးသော လစ်ဘရယ် ခရစ်ယာန်များသို့သာ လွတ်လပ်စွာ ဆင်းသက်တော်မူလေ့ ရှိသည်ဟု ရှုမြင်လေသည်။

ထို့ပြင် ပင်လယ် ကမ်းခြေသို့ သူ ခရီး လှည့်လည်သွားလာကြည့်သော အခါ ထိုအရပ်ရှိ အရေပြားလှီး မင်္ဂလာ မပြုလုပ်ကြသော နိုင်ငံခြားသားများ အကြားတွင် အယူဝါဒသစ်သည် ပျံ့နှံ့လျက် ရှိပြီး သန့်ရှင်းသော ဝိညာဉ်တော်သည် ဆင်းသက်ကြောင်း သူ တွေ့ရှိရလေသည်။ ထိုသူများအား နှစ်ခြင်း မင်္ဂလာ ပြုပေးခြင်းကိုလည်း သူက အတည်ပြုပေးခဲ့လေသည်။ သူတို့နှင့်လည်း အတူ ထိုင်ပြီး တစ်စားပွဲတည်း လက်ဆုံစားခြင်းကိုလည်း ပြုခဲ့၏။ ဂျူးတို့၏ အစားအစာနှင့် ပတ်သက်သော တားမြစ်ချက်များကို များစွာ အလေးဂရု မပြုခဲ့တော့ပေ။

သို့သော် သူ ဂျေရုဆလင်သို့ ပြန်လာသော အခါ သူ့ကို အပြင်းအထန် ဝေဖန်ကြလေတော့သည်။ အထူးသဖြင့် ဂျူဒိုက်ဇာများက ဝေဖန်ကြလေသည်။ ထိုအခါမှ စ၍ ပီတာလည်း ရဲတင်းသော အပြုအမူကို မပြုလုပ်ရဲတော့ပေ။

ခရစ်ယာန်များထဲမှ ပို၍ လစ်ဘရယ် ကျသော လှုပ်ရှားမှု ဘက်တော်သားများက အနိုင် ရရှိလိုက်ပြီးနောက် သူတို့က အယူ မှားနေကြသော ဂျူး ဘာသာဝင်များကို အင်အား ကြီးသော လွတ်လပ်သည့် ဘာသာရေး ဂိုဏ်းသားများ ဖြစ်အောင် ပြုလုပ်နိုင်ခဲ့သောကြောင့် ဂျူး မဟုတ်သူများ ကမ္ဘာတွင် ထိုဘာသာဝင်များ၏ လှုပ်ရှားမှုသည် လျင်မြန်စွာ ပြန့်ပွားသွားလေတော့၏။

ထိုလစ်ဘရယ် ဂိုဏ်းသားများ၏ ခေါင်းဆောင်မှာ တစ်ချိန် တစ်ခါက ကြမ်းကြုတ် ရက်စက်ဆုံး ညှဉ်းပန်းနှိပ်စက်သူ တစ်ဦး ဖြစ်လေသည်။ ၄င်းသည် တာဆပ် အရပ်မှ ဖြစ်ပြီး အမည်မှာ ဆောင်လ် သို့မဟုတ် ပေါလု ဖြစ်၏။

## ရှင်ပေါလုနှင့် ဥရောပသို့ ခရစ်ယာန် သာသနာ ပြန့်ခြင်း

ပေါလုကို ဒုတိယ ခရစ်ယာန် သာသနာကို ထူထောင်သူဟု မကြာခဏ ခေါ်ကြရလေသည်။ မှန်ပါ၏။ ဂျူဒိုက်ဇာများကို တိုက်ခိုက် အောင်မြင်သူမှာ ပေါလုပင် ဖြစ်၏။ ထိုအခါမှ စ၍ ဂျူဒိုက်ဇာများသည် ခရစ်ယာန် သာသနာ လှုပ်ရှားမှုတွင် အရေး မပါသော ဂိုဏ်း ဖြစ်သွားလေတော့၏။ ပို၍ အရေးပါသော အချက်မှာ ပေါလုသည် ယေရှု၏ ဘာသာရေး အကျိုးသက် ရောက်မှုများ သူ၏ တပည့် နောက်လိုက်များ အပေါ် သက်ရောက်စေမည့် ဘာသာရေး အယူအဆ တစ်ရပ်ကို ဖြစ်ထွန်းအောင် ဆောင်ရွက်ခဲ့လေသည်။ ထို ခံယူချက်သည် ခရစ်ယာန် ဘာသာကို ဂျူး မဟုတ်သော ကမ္ဘာတွင် အောင်မြင်မှုကို ရရှိစေသော အချက် ဖြစ်လေသည်။

ထို ဂျူးမဟုတ်သော ကမ္ဘာသို့ ယေရှု အကြောင်းကို သယ်ယူသော သာသနာ့ယာဉ်ဖြင့် သူသည် ယေရှု၏ သာသနာကို ထိခိုက်ခြင်း မရှိဘဲ ရောက်ရှိသွားအောင် ပို့ဆောင်ပေးနိုင်ခဲ့၏။ ထိုကဲ့သို့ ပို့ဆောင်ခြင်းဖြင့် သူသည် အနောက်ယဉ်ကျေးမှု အတွက် ကြီးမားသော အကျိုးပြုမှုကိုလည်း ရွက်ဆောင်နိုင်ခဲ့လေသည်။

ဤကိစ္စ အားလုံးကို သူသည် စောစောပိုင်းက ခရစ်ယာန် ဘာသာကို ကြမ်းကြုတ်စွာ ဆန့်ကျင်ခြင်း အလုပ်များကို ပြုလုပ်ခဲ့ပြီးနောက်မှ အောင်မြင်အောင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်လေသည်။ သူသည် ကွဲပြား ခြားနားသော ဂျူးလူမျိုး တစ်ဦး ဖြစ်၏။ ယေရှုနှင့် တစ်ချိန်တည်းလောက်

---

၁။ Judaizers ၂။ Ebionites

၃။ Nazarenes

တွင် ဖွားမြင်ခဲ့သူ ဖြစ်သည်။ ဆီးလီးရှားရှိ တာဆပ် မြို့တွင် သူ့ကို ဖွားမြင်ခဲ့ခြင်း ဖြစ်သည်။

ထိုစဉ်က ထိုမြို့သည် အရေးပါသော မြို့ကြီး တစ်မြို့ ဖြစ်၏။ ထိုမြို့တွင် တက္ကသိုလ်ကြီး တစ်ခု တည်ရှိပြီး ထိုတက္ကသိုလ်သည် *စတုဝစ်* [၁] နှင့် *ဆိုင်းနစ်* [၂] ခေါ် ဘဝကို ဥပေက္ခာ ပြု၍ ဘဝကို အပြစ် မြင်သော ဂရိ အတွေးအခေါ်များကို အောင်အောင်မြင်မြင် သင်ကြားပေးရာ ဌာန ဖြစ်လေသည်။ ဤနေရာ၌ ဂရိတို့၏ အထက်ပါ ဒဿန အမြင်များကို လေ့လာ သင်ကြားခဲ့ရဖူးဟန် တူသည်။ ဂရိ ဂမ္ဘီရ ဂိုဏ်းသားများ၏ သေခြင်း ကင်းသော အဖြစ်ကို သေခြင်းနှင့် ရှင်ပြန် ထမြောက်သော ကယ်တင်ရှင် ဘုရားကို ထပ်တူ ပြုခြင်းဖြင့် ရရှိအောင် ဆောင်ရွက်ရေး ဟူသော သိရခက်သော အမြင်မျိုး သူ့မှာ ရှိခဲ့ဟန် တူသည်။

သူ့မိဘများသည် ချမ်းသာ ကြွယ်ဝသူများ ဖြစ်ကြလေသည်။ အဘယ်ကြောင့်ဆိုသော် သူ့မိဘများသည် ရောမနိုင်ငံသား အဖြစ်ကို ဝယ်ယူ ရရှိနိုင်ခဲ့ကြသူများ ဖြစ်သည်။ ထို့ကြောင့် သူ့မှာ မွေးရာပါ ရောမ နိုင်ငံသား အဖြစ်ကို အလိုအလျောက် ရရှိပြီးသူ ဖြစ်ခဲ့လေသည်။

သို့ရာတွင် သူသည် ဂရိ ပတ်ဝန်းကျင်မှ ဘာသာရေး အယူအဆများကို ဆန့်ကျင် တုံ့ပြန်ကာ သူ့ကိုယ်သူ ဖာရစီအဖြစ်ဖြင့် တိတိကျကျ လိုက်နာနေနိုင်ခဲ့လေသည်။ ဥပဒေဓမ္မသတ် သဘော အရ ဖြောင့်မတ်စွာ ကျင့်သုံးလိုသော ဆန္ဒ ပြင်းထန်စွာဖြင့် သူသည် ဂျေရုဆလင်သို့ သွားပြီး လျှင် ဖာရစီ ဆရာကြီး ဂမာလီးလ်ထံမှာ ပညာ သင်ယူခဲ့လေသည်။ ဤ အကြောင်းအရာများကိုလည်း သူကိုယ်တိုင် မှတ်တမ်းများ ရေးသားထားခဲ့၏။ စောစောပိုင်း ခရစ်ယာန် အသင်းတော်ကို နှိပ်ကွပ် ညှဉ်းပန်းမှု ပြုစဉ်က သူသည် တက်တက်ကြွကြွ ပါဝင် ဆောင်ရွက်ခဲ့လေသည်။

စတက်ဖင်ကို ခဲဖြင့် ထု၍ ကွပ်မျက်စဉ် အခါကလည်း သူကိုယ်တိုင် ထိုဖြစ်ရပ်ကို ဘေးမှာ ရပ်၍ ကြည့်နေခဲ့လေသည်။

ခရစ်ယာန် ဘာသာကို ယုံကြည် ကိုးကွယ်သူများ မြောက်ဘက် အရပ်ရှိ ဒမတ်ကတ်နှင့် ထိုမြို့ကို ကျော်လွန်၍ ထွက်ပြေးကြသော အခါ ပေါလု (ဆောင်လ်) သည် အဆင့်မြင့် အထက်တန်း နတ်ဘုန်းကြီးထံသို့ သွားပြီး ဒမတ်ကတ် မြို့တွင် ဘာသာရေး စည်းဝေးပွဲများ ကျင်းပရန် အတွက် စာများကို ပေးရန် တောင်းဆိုလေသည်။ ထိုဘာသာရေး စည်းဝေးပွဲများတွင် ဂျူး ဘာသာကို ဆန့်ကျင်သူ အမျိုးသား ဖြစ်စေ၊ အမျိုးသမီး ဖြစ်စေကို တွေ့ရှိပါက ထိုသူများကို သံကြိုးဖြင့် ချည်နှောင်ပြီး ဂျေရုဆလင်သို့ ဆောင်ယူလာနိုင်ရန် ဖြစ်၏။

သို့သော် ကျမ်းစာထဲတွင် ဖော်ပြထားသည်မှာ သူ ဒမတ်ကတ် မြို့ အနီးသို့ ရောက်ရှိသွားသော အခါ သူ့ထက်ဝန်းကျင် ပတ်ပတ်လည်မှာ ကောင်းကင်မှ အလင်းရောင်ဆန်းကြီး တစ်ခု ရုတ်တရက် ပေါ်လာကာ သူလည်း မြေပြင်ပေါ်သို့ လဲကျသွားလေသည်။ ထို့နောက် သူ့နားထဲမှာ သူ့ကို ပြောနေသော အသံကြီး တစ်ခုကို ကြားရလေသည်။ ထိုအသံမှာ 'ဆောင်လ်၊ ဆောင်လ်၊ ငါ့ကို သင်ဘာကြောင့် ညှဉ်းဆဲ သတ်ဖြတ်သလဲ' ဟူ၍ ဖြစ်၏။

အလွန် ထိန်လင်းသော အလင်းရောင်၏ အရှိန်ကြောင့် သူ့မျက်စိများမှာ ဘာကိုမျှ မမြင်ရတော့ဘဲ ကန်းသလို ဖြစ်သွားကြလေသည်။ ပေါလုအား ထိုအခါ လက်ကို ဆွဲ၍ ဒမတ်ကတ် မြို့သို့ ခေါ်ဆောင်သွားလေသည်။ ဒမတ်ကတ် မြို့သို့ ရောက်သော အခါမှာလည်း သုံးရက်တိတိ သူ ဘာကိုမှ မမြင်ရဘဲ ကန်းနေလေသည်။ စားလည်း မစားနိုင်၊ သောက်လည်း မသောက်နိုင် ဖြစ်နေသော ဟူ၏။ သူ့စိတ်ထဲမှာ ယခုအခါ ခရစ်ယာန် ဘာသာဝင်များ အဓိက ထား၍ ယုံကြည်နေသော ရှင်ပြန် ထမြောက်လာသော ယေရှု ခရစ်တော်သည် သူ့ထံသို့လည်း လာခြင်း ဖြစ်သည်ဟု သူ ယုံကြည်သွားလေတော့၏။

ပေါလု၏ ဘဝတွင် ဖြစ်ပေါ်လာသော အပြောင်းအလဲသည် ကျယ်ပြန့်လွန်းလှရကား ယခု သူ့ကိုယ်သူ ပြန်လည် သုံးသပ် ဆင်ခြင်ရန် လိုအပ်လာပြီ ဖြစ်၍ သူသည် သူ့အဖြစ်ကို သူ ပြန်လည် သုံးသပ်ရန် အတွက် အာရေဗျ အထက်ပိုင်းသို့ ထွက်သွားခဲ့လေသည်။ ထို့နောက် သူသည် ဒမတ်ကတ် မြို့သို့ ပြန်လာခဲ့လေသည်။ ဒမတ်ကတ်သို့ ရောက်သောအခါ သူသည် ခရစ်ယာန် ဘာသာဝင် ဖြစ်သွားလေတော့သည်။ သူသည် ခရစ်ယာန် ဘာသာဝင်တို့၏ ခေါင်းဆောင် ထိုအရပ်တွင်သာ ဖြစ်သည် မဟုတ်တော့ဘဲ မြောက်ဘက် ဝေးလံသော *အန်တီအုက်* [၃] အရပ် ဒေသ အထိ သူ့ခေါင်းဆောင်မှု ကျယ်ပြန့်သွားလေသည်။ ထိုမြို့သည် ရောမ အင်ပိုင်ယာတွင် တတိယ အကြီးဆုံးမြို့ ဖြစ်၏။ ထိုမြို့တွင် ဂျူး မဟုတ်သော လူများစွာကို ခရစ်ယာန် ဘာသာဝင်များ ဖြစ်လာအောင် သူ စွမ်းဆောင်နိုင်ခဲ့လေသည်။

၁။ Stoic ၂။ Cynic

၃။ Antioch

သုံးနှစ် ကြာသော အခါ ဂျေရုဆလင် မြို့သို့ ရက်သတ္တ နှစ်ပတ် ကြာမှ သူ သွားလည်သည်။ ပီတာနှင့် ဂျိမ်းတို့နှင့် ဂျေရုဆလင်တွင် လူကိုယ်တိုင် တွေ့ဆုံပြီး ရင်းနှီးမှု ရရှိစေရန် အတွက် သွားခြင်း ဖြစ်၏။ ထိုသို့ ဂျေရုဆလင်သို့ ရက်သတ္တ နှစ်ပတ်ကြာ သွားရောက် လည်ပတ်ခြင်းမှအပ ကျန်သော အချိန် အားလုံးကို သူသည် ဆီးရီးယားနှင့် စီလီရှား ခရိုင် အရပ်များတွင်သာ အခြေချ နေထိုင်ခဲ့လေတော့သည်။

ထို့နောက် သူ၏ ထင်ရှား ကျော်ကြားသော သာသနာပြု ခရီးကို စတင်ခဲ့လေသည်။ သူနှင့် အတူ ပါသူများမှာ *ဘားနဘာတ်* [၁] နှင့် *ဂျွန် မတ်* [၂] တို့ ဖြစ်ကြသည်။ သူ၏ ပထမ သာသနာပြု ခရီးတွင် သူသည် ဆိုက်ပရပ်သို့ သင်္ဘောဖြင့် ထွက်ခဲ့သည်။ ဆိုက်ပရပ်ကျွန်း တစ်ကျွန်းလုံးကို တစ်ဖက်စွန်းမှ တစ်ဖက်စွန်းသို့ လှူးလာ ခေါက်ပြန်သွားသည်။ အေရှမိုင်းနားမှာ ဆိုက်ကပ်ပြီး ပါဂါတွင် ကိုယ့် ဘာသာ ခရစ်ယာန် ဘာသာကို ပြန့်ပွားအောင် လုပ်သူများ အဖွဲ့ကို ဖွဲ့စည်း တည်ထောင်လေသည်။

*ပီဆီးဒီးယား* [၃] ရှိ အန်တီအုတ်၊ *အိုက်ကွန်နီးယန်း* [၄]၊ *လစ္စတရာ* [၅] နှင့် *ဒါဘေ* [၆] တို့မှာလည်း အလားတူ ခရစ်ယာန် အုပ်စုများကို ဖွဲ့စည်းခဲ့လေသည်။ သူ တည်ထောင်ထားခဲ့သော ခရစ်ယာန် အသင်းများ ရှိရာသို့ ဒုတိယ အကြိမ် သွားလည်သောအခါ သူသည် ရှေးက ထရွိုင် မြို့ဟောင်းဖြစ်သော *ထရိုအစ်* [၇] သို့လည်း ခရီး ဆက်ခဲ့လေသည်။

ထိုမှ တစ်ဖန် ဥရောပတိုက်ရှိ မက်ဆီဒိုးနီးယားသို့ သင်္ဘော ခရီး ထွက်ပြန်သည်။

အဓိကကျသော ပင်လယ် ကမ်းခြေ မြို့ကြီးများ၌ အသင်း အဖွဲ့များ အစုအဝေးများ ဖွဲ့စည်း ပေးပြီးနောက် သူသည် တောင်ဘက် အရပ်ရှိ အေသင် မြို့သို့ သွားခဲ့လေသည်။ အေသင်မှ တစ်ဖန် *ကိုရင့်သ်* [၈] သို့ ဆက်သွားလေသည်။ ကိုရင့်သ်တွင် သူသည် ပဓာနကျသော ခရစ်ယာန် အသင်းတော် တစ်ခုကို တည်ထောင်ခဲ့လေသည်။ သူ၏ အပြန် ခရီးတွင် သူသည် အိမ်သို့ မပြန်မီ အိုင်အိုးနီးယားရှိ *အက်ဖိဆပ်* [၉] သို့ သင်္ဘောဖြင့် သွားပြန်သည်။

သူ၏ တတိယ ခရီးစဉ်မှာလည်း ယခင် ခရီး အတိုင်းပင် ပြန်ပတ်ခဲ့လေသည်။

သူသည် ကျန်းမာရေး ချို့တဲ့ပြီး ကိုယ်မှာ ရောဂါအချို့ ရခဲ့သော်လည်း ထို ခရီးစဉ်များ အတွင်း ပြင်းထန်သော စိတ်ဓာတ် သတ္တိတို့ဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့လေသည်။ သူ၏ ကိုယ်မှာ ရောဂါ ရခြင်းကို သူက 'အသားထဲက ဆူး' ဟု ဆိုလေသည်။ သူ့ကိုယ်မှာ ရောဂါဖြစ်လာပြီး သူ အင်အား ဆုတ်ယုတ်လာသော အခါတိုင်း သူသည် သူ့ကိုယ်ထဲမှာ ကိန်းနေသော ယေရှုထံက အားများကို ယူပြီး သူ့အပေါ် မှီခိုပြီး နေလိုက်လျှင် သူ ပြန်ပြီး ကျန်းမာ၍ အားသန်လာသည်ဟုလည်း ဆိုလေသည်။ သူ့ကိုယ်သူ ယုံကြည် အားထားမှုနှင့် ရဲစွမ်းသတ္တိ ရှိမှုက သူ့အား ဘေးအန္တရာယ် များစွာကို ကျော်ဖြတ်စေနိုင်ခဲ့သည်။

> 'ငါးကြိမ်တိတိ ကျွန်ုပ်ကို ဂျူး လူမျိုးများက အကြိမ် လေးဆယ်နီးပါး ကြိုးဖြင့် ရိုက်နှက် ဒဏ်ခတ်ခဲ့ကြသည်။ ရောမ လူမျိုးများက သုံးကြိမ် ရိုက်နှက်ခဲ့ကြသည်။ သုံးကြိမ် သင်္ဘော ပျက်၍ နစ်ခဲ့သည်။ တစ်နေ့နှင့် တစ်ညလုံးလုံး ကျွန်ုပ် ပင်လယ်ထဲမှာ မျောနေခဲ့သည်။ မကြာခဏ ခရီး ထွက်ခဲ့သောအခါတိုင်း ကျွန်ုပ်သည် မြစ်မှာလည်း အန္တရာယ် ကြုံသည်။ ခိုးသား ဓားပြ အန္တရာယ်နှင့်လည်း ကြုံရသည်။ မိမိ လူမျိုးချင်း ပြုသော ဘေးအန္တရာယ်နှင့်လည်း ကြုံရသည်။ ခရစ်ယာန် မဟုတ်သူများ၏ အန္တရာယ်နှင့်လည်း ကြုံရသည်။ မြို့မှာလည်း အန္တရာယ်နှင့် ဆုံရသည်။ သဲကန္တာရထဲမှာလည်း ဘေးအန္တရာယ် ကြုံရသည်။ ပင်လယ်ထဲမှာလည်း ကြုံသည်။ ဆင်းရဲ ပင်ပန်းမှု များစွာ၊ မအိပ်စက်ရသော ညဥ့် များစွာ၊ အစာ မစားရ ရေ မသောက်ရသော ရက် များစွာ၊ တစ်ခါတစ်ရံ အစာ မစားရဘဲ အေးစက်သော လွင်တီးခေါင်ထဲမှာ ချမ်းစီးစွာ နေခဲ့ရဖူးပါသည်' ဟု သူ ရေးသားခဲ့လေသည်။

ပေါလုကို ရှင်သန် နိုးကြား ထကြွစေပြီး သူ၏ ရှင်သန် လှုပ်ရှားသော ယုံကြည် သက်ဝင်မှုကို ဖြစ်ပေါ်စေသော အချက် နှစ်ချက် ရှိသည်။ ၄င်းတို့မှာ 'ယေရှု ခရစ်တော်၏ ဘုရား ဖြစ်ခြင်း' နှင့် 'ဝိညာဉ်တော်၏ လွတ်လပ်ခြင်း' ဆိုသော အချက်များ ဖြစ်သည်။

ဝိညာဉ်တော်၏ လွတ်လပ်ခြင်း သဘောကို သူသည် ခရစ်ယာန် ဘာသာသို့ ကူးပြောင်း သက်ဝင်ခါစ ရှေးဦးကာလ၌ သိခဲ့ရခြင်း ဖြစ်သည်။ ဆီးရီးယားနှင့် ဆီလီးရှားရှိ ခရစ်ယာန် ဘာသာဝင်များသည် အများအားဖြင့် အရေပြားလှီး မင်္ဂလာကို မပြုသူများ ဖြစ်ကြသည်။ သူတို့သည်

---

၁။ Barnabas ၂။ John Mark ၃။ Pisidia
၄။ Iconium ၅။ Lystra ၆။ Derbe
၇။ Troas ၈။ Corinth ၉။ Ephesus

ဂျူး ဘာသာမှ ဥပဒေ ဓမ္မသတ်များ အကြောင်းကိုလည်း မသိကြသူများ ဖြစ်လေသည်။ သူ ဝတ်မွတ်မှုကြီးနှင့် ကြုံတွေ့ရသော အခါ ဖြောင့်မတ် မှန်ကန်ခြင်း သဘော အမှန်၏ လျှို့ဝှက်ချက်ကို သိလာရလေသည်။

ပေါလု စိတ်ထဲမှာ ဂျူး ဓမ္မသတ် ဥပဒေများကို လိုက်နာမှုသာလျှင် ဘုရားသခင်၏ မစခြင်းကို ရရှိနိုင်သော တစ်ခုတည်းသော ဘဝ နေနည်း ဖြစ်သည်ဟု ကာလ ကြာမြင့်စွာ ယူဆနေခဲ့လေသည်။ ယခု သူ့အနေနှင့် ခရစ်တော်၏ အဆုံးအမကို နာခံကြသော ဂျူး ဥပဒေမှ အပ ဖြစ်သော သူများက ဥပဒေကို လေးစားသူများထက် ပို၍ပင် ကောင်းမွန် မြင့်မြတ်သော သဘော ရှိနေကြသည်ကို တွေ့ရသော အခါ သူ များစွာ ရွှင်လန်းအားရ ဖြစ်မိလေသည်။

ခရစ်တော်၌ တည်ကိန်းသော ဖြောင့်မတ် မှန်ကန်ခြင်း သဘောသည် ဥပဒေထဲမှာ ပါသော ဖြောင့်မတ် မှန်ကန်ခြင်း သဘောထက် ပို၍ ကြီးကျယ် မြင့်မြတ်နေပေသည်။

အကြောင်းမှာ ခရစ်တော်သည် လူသား၏ အဇ္ဈတ္တ သန္တာန် ပြောင်းလဲသွားအောင် ဆောင်ရွက်တော်မူနိုင်သော ကြောင့် ဖြစ်၏။ လူသား၏ စိတ်သဘောထား ပြောင်းပြီး မိမိတို့ လူသား အချင်းချင်း မှန်မှန်ကန်ကန် ဆက်ဆံ ပေါင်းသင်းလာအောင် ခရစ်တော်က ပြောင်းလဲပေးခဲ့သည်။ လူနှင့် ဘုရားသခင် ဆက်ဆံမှုမှာလည်း ဖြောင့်မတ်အောင် သူ စွမ်းဆောင်ခဲ့၏။

ခရစ်တော်သည် တရားဝင် ဖြစ်ရေး ဆိုသော အပေါ်ယံ ဖြောင့်မတ်ခြင်း သဘောကို မကြည့်ဘဲ အတွင်း နှလုံးသားက ဖြောင့်မတ် မှန်ကန်ရေးကိုသာ ဆောင်ရွက်တော်မူခဲ့လေသည်။ မေတ္တာ တရားသည် ဥပဒေကို ဖြည့်ဆည်းသော အရာ ဖြစ်၏။ အရေပြားလှီး မင်္ဂလာလည်း လုပ်နေစရာ မလိုတော့။ အစားအသောက်နှင့် ပတ်သက်သော တားမြစ်ချက်များကိုလည်း လိုက်နာ နေစရာ မလိုတော့။ သန့်ရှင်းသော သူနှင့် မသန့်ရှင်းသော သူလည်း ခွဲခြား နေစရာ မလိုတော့ဟု သူက ဆိုသည်။ ဥပဒေ အနှောင်အဖွဲ့တွေကို သူက ပယ်ချလိုက်လေသည်။

ဤ အချက်တွင် ဂျူးဒိုက်ဇာများသည် ပေါလုနှင့် ပဋိပက္ခ ဖြစ်လာကြလေတော့သည်။

ဂျေရုဆလင်ရှိ ပီတာ၊ ဂျိမ်း၊ ဂျွန်တို့နှင့် အတူ သူလည်း ဆန့်ကျင်ခံရခြင်း ဖြစ်သည်။ ပီတာတို့က သူ့ကို သူတို့က အရေပြားလှီး မင်္ဂလာ ပြုပြီးသူများနှင့်သာ အမှုကိစ္စများ ဆောင်ရွက်နေရစဉ် ပေါလုက အရေပြားလှီး မင်္ဂလာ မပြုသေးသူများနှင့်ပါ အမှုကိစ္စများ ဆောင်ရွက်နေပြီ ဆိုသော အချက်ကို အခြေခံကာ ပူးပေါင်း ဆောင်ရွက်ကြခြင်း ဖြစ်သည်။ ထိုအချိန်တွင် ပီတာတို့က ဂျူး လူမျိုးတို့၏ ထုံးတမ်းစဉ်လာများ အားလုံးကို မစွန့်လွှတ်လိုကြသေး။ သို့သော် ဂျူး မဟုတ်သူများ အနေနှင့် အရေပြားလှီး မင်္ဂလာကို ပြုလုပ်ရန် မလိုအပ် ဆိုသော အချက်ကိုမူ စေ့စပ်ဖြေရှင်းရန် လိုလားနေကြသည်။ သို့ရာတွင် အရေပြားလှီး မင်္ဂလာကို မပြုလုပ်လျှင် သူတို့သည် သန့်ရှင်း စင်ကြယ်ရေး အတွက် ရုပ်တုကို ပသသော အစားအစာကို မစားရ၊ လည်မျိုကို ညှစ်၍ သတ်သော တိရစ္ဆာန်၏ အသားကို မစားရ၊ သွေးကို မသောက်စားရ ဆိုသော အချက်များကို ဝန်ခံ ကတိ ပြုကြရမည်ဟု ဆိုသည်။

ဤ စေ့စပ် ဖြေရှင်းမှုသည် ပေါလု၏ ကြီးကျယ်သော အောင်ပွဲပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤစေ့စပ်သဘော တူညီမှု အရ ခရစ်ယာန် ဘာသာဝင်များကို ဂျူး ဓမ္မသတ်ပါ စည်းကမ်းများကို လိုက်နာ လေးစားရမည် ဟူသော တောင်းဆိုချက်ကို လိုက်နာရန် မလိုအပ်တော့ပေ။

ခရစ်တော်သည် ဘုရားသခင် ဖြစ်သည် ဆိုသော အချက်သည် ပေါလု ခရစ်ယာန် ဘာသာသို့ သက်ဝင် ယုံကြည်မှု၌ အဓိကကျသော အခြား အချက် တစ်ချက် ဖြစ်၏။ ဤစကားရပ်သည် သူ့အတွက် ယေရှုသည် မေယှိယ ကယ်တင်ရှင် ဖြစ်သည် ဆိုသော စကားထက် ပို၍ အဓိပ္ပာယ် နက်ရှိုင်းသည်။ သူ့အနေနှင့် ယေရှုသည် မေယှိယ ကယ်တင်ရှင် ဖြစ်သည် ဆိုသော အချက်ကို ဝမ်းမြောက်ဝမ်းသာ လက်ခံသည်။ သူသည် ဘုရားသခင်၏ နိုင်ငံတော်ကို စတင်၍ အခမ်းအနားဖြင့် ဖွင့်လှစ်သူ ဖြစ်သည်။ ကောင်းကင်တိမ်တိုက် ကြားမှာ သူ ပြန်ပေါ်လာပြီး နောက်ဆုံး ကမ္ဘာပျက်သော နေ့၌ သေသူ ရှင်သူ အားလုံးကို တရား စီရင်မည် ဆိုသော အချက်များ အားလုံးကိုလည်း သူ ဝမ်းပန်းတသာ လက်ခံသည်။

သို့သော် ဂျူး လူမျိုးများ လက်ခံထားသော အယူအဆ ဖြစ်သော ယေရှုသည် ကယ်တင်ရှင် ဖြစ်သည် ဆိုသော အယူအဆမျိုး၏ အဓိပ္ပာယ်ကို နားမလည်ကြသေးသော ဂျူး မဟုတ်သူများကို သာသနာ ပြုရသူ အနေနှင့် သူသည် ယေရှု၏ သေပြီး အပြစ် ရှိသူများ၏ အပြစ်မှ ရွေးယူခြင်းဖြင့် ကယ်တင်မည့် ခရစ်တော်၏ တန်ခိုးတော်ကို လျင်မြန်စွာ သိမြင်ခဲ့လေသည်။

ဤတွင် ပေါလုသည် ခရစ်တော် ကွယ်လွန်ခြင်းနှင့် ရှင်ပြန် ထမြောက်ခြင်း သဘောကို သူသည် မူရင်း အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ပေးနိုင်ခဲ့လေသည်။

သူက ခရစ်တော်သည် နတ်ဘုရား ဖြစ်သည်၊ သူမှာ ဘုရားသခင်၏ သဘော သဘာဝများ ရှိသည်ဟု စိတ်အား ထက်သန်စွာ ကြေညာခဲ့လေသည်။ သို့သော် သူသည် သူ့ ကိုယ်သူ နှိမ့်ချသော သဘောဖြင့် လူသား အသွင်ကို ဆောင် ယူလျက် ကောင်းကင် နိုင်ငံတော်မှ သက်ဆင်းလာတော်မူခဲ့ သည့်ပြင် ပို၍ နှိမ့်ချစွာဖြင့် ကားတိုင်ပေါ်မှာ ကွပ်မျက်ခြင်း ကို ခံယူတော်မူလေသည်။ ထိုသို့ သေပြီးမှ သူသည် ရှင် သန် ထမြောက်တော်မူခြင်းကို ပြတော်မူရန် ဖြစ်သည်။ သူ သည် သေခြင်းတရားကို အောင်နိုင်သူ ဖြစ်ပြီးလျှင် ထာဝရ ဘုရား၏ လက်ယာဘက်၌ သေသူ ရှင်သူတို့၏ အရှင် သခင် အဖြစ်ဖြင့် စံနေတော်မူသည်ဟု ဟောလေသည်။

ဤ ဂမ္ဘီရ ဆန်သော အယူအဆကို ချမှတ်ပေးပြီး နောက် ခရစ်တော်၏ ရှေးက ဖြစ်တည်ခဲ့သော ဘဝ၏ နတ်ဘုရား ဖြစ်ခြင်းကို ဖော်ထုတ် တင်ပြခဲ့လေသည်။ သူ သည် မမြင်ရသော ထာဝရ ဘုရားသခင်နှင့် တူသော ကိုယ် ပွားတော် ဖြစ်သည်။ ထာဝရ ဘုရားသခင်သည် သတ္တဝါတို့ မပေါ်မီကပင် ဖွားမြင်တော်မူသော အရှင် ဖြစ်သည်။ ထို ဘုရားကသာ ကောင်းကင်နှင့် မြေပေါ်မှာ ရှိသော သက်ရှိ သက်မဲ့ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူခြင်း ဖြစ်လေ သည်။ အရာခပ်သိမ်းကို သူသည် သူ့အတွက် ဖန်ဆင်းတော် မူခြင်း ဖြစ်သည်။

ဤကြီးမားသော အယူအဆဖြင့် ပေါလုသည် သူ၏ ထိုးထွင်း သိမြင်အပ်သော ယေရှုသည် လူ့ သမိုင်း တစ် လျှောက်တွင် ထာဝရ ဘုရားသခင်၏ ရွေးယူတော်မူသော ဝိညာဉ်တော်နှင့် မေတ္တာတော်ကို ဖော်ဆောင်ရန် အတွက် ပွင့်ပေါ်လာသူ ဖြစ်သည်။ ပေါလုသည် ဂျူး မဟုတ်သော လူမျိုးများကို ထို အယူအဆကို စွဲလမ်း နှစ်သက်သူများ အဖြစ် ဖမ်းစားနိုင်ခဲ့လေသည်။ ဂျူး မဟုတ်သူများသည် ဂရိ လူမျိုးတို့၏ ဂမ္ဘီရ ဆန်သော ဘာသာရေး ဩဇာ အရှိန် အဝါ အောက်တွင် ကြီးပြင်း လာကြသူများ ဖြစ်ကြလေ သည်။ သူတို့သည် ရှင်ပြန် ထမြောက်တော်မူသော ကယ် တင်ရှင် ဘုရားနှင့် သွေးတူသားတူ ဖြစ်အောင် ပေါင်းစည်း ခြင်းအားဖြင့် သူတို့လည်း သေခြင်း ကင်းသော အဖြစ်သို့ ရောက်နိုင်သည် ဆိုသော အယူအဆကို ကျေနပ်ကြသည်။

သို့သော် ပေါလု၏ အယူအဆက သူတို့ သိသည် ထက် ပို၍ လေးနက်သည်။ ခရစ်တော်နှင့် ပေါင်းစည်း ညီညွတ်ခြင်းဖြင့် သေခြင်း ကင်းသော သုခ ချမ်းသာကို ရယူနိုင်ရုံမျှ မကသေး၊ ဤဘဝ၌ ပြုခဲ့မိမှားသော အပြစ် ဒုစရိုက်တို့မှလည်း အပြစ်ဒဏ် ချမ်းသာရာ ရနိုင်သည်။ အဘယ်ကြောင့် ဆိုသော် ခရစ်တော်သည် သေသူ ရှင်သူ အားလုံး၏ ဘုရားသခင် ဖြစ်သည်။ အပြစ် ကင်းစင်တော်မူ သော ဂါလီလီရှိ နာဇရက် မြို့သား ယေရှုသခင် ဖြစ်သည်။ သူသည် မြင့်မား မွန်မြတ်သော ကိုယ်ကျင့်သီလကို ဟော ကြား ပြသတော်မူသည်။ ပုဂ္ဂလိကကိုရော လူ့ အဖွဲ့အစည်း ကိုရော ကိုယ်ကျင့်တရား ကောင်းအောင် ပြန်လည် ပြုလုပ် စေနိုင်ပေသည်။

ထို့ကြောင့် ပေါလု၏ ဟောကြားချက်တွင် လေးနက် သော ဂမ္ဘီရ သဘောနှင့် အကျင့်သီလ သဘောသည် ခွဲခြား မရဘဲ တစ်ပေါင်း တစ်စည်းတည်း ဖြစ်နေလေသည်။

ယေရှု၏ နောက်သို့ လိုက်ခြင်းသည် နှစ်ခြင်း မင်္ဂလာ ကို ခံယူခြင်း၊ ခရစ်တော်၏ အသွေးတော် အသားတော် စားသုံးခြင်း မင်္ဂလာဖြင့် ခရစ်တော်နှင့် သွေးတူသားတူ ဖြစ်အောင် လုပ်ရုံမျှဖြင့် မပြီးသေးပေ၊ ပိုပြီး အရေးကြီး သည်မှာ ယေရှု ကျင့်သုံးတော်မူသကဲ့သို့ ကျင့်သုံးရေးပင် ဖြစ်သည်ဟု သူက ဟောကြားခဲ့လေသည်။

ဤအချက်သည် ခရစ်ယာန် သာသနာတော် ဖွံ့ဖြိုး တိုးတက်ရေး အတွက် အရေးကြီးသည်။ အဘယ်ကြောင့် ဆိုသော် ဤအချက်တွင် ပေါလုသည် ခရစ်ယာန် သာသနာ ကို အစွန်း တစ်ဖက်သို့ ရောက်သွားခြင်းမှ ကယ်တင်နိုင် ခဲ့သောကြောင့် ဖြစ်၏။

ထိုအစွန်းမှာ ကိုယ်ကျင့်သီလ မပါသော၊ လျှို့ဝှက် နက်နဲသော၊ ဂမ္ဘီရ သဘော သက်သက်သို့ သက်ရောက် သွားခြင်း ဖြစ်၏။ ထိုအစွန်းသည် စောစောပိုင်းက သူ့ကိုယ် သူ ကယ်တင်ခဲ့ရသော အပေါ်ယံ တရား ဓမ္မသတ် အတိုင်း စေ့စပ်စွာ လိုက်နာရေး ဝါဒကဲ့သို့ပင် အန္တရာယ် များသော အစွန်းပင် ဖြစ်သည်။

ခရစ်ယာန် အသင်းတော်များသို့ ပေးပို့သော စာများ တွင် ပေါလုသည် သူ၏ ကိုယ်ကျင့်တရား၊ သီလနှင့် ဆက် စပ်ထားမှု၏ အရေးပါပုံကို သက်သေ အထောက်အထား များစွာ ဖြစ်စေခဲ့လေသည်။ သူသည် ခရစ်ယာန် အသင်း အဖွဲ့များကို လင်းယုန်ငှက်၏ မျက်လုံးမျိုးဖြင့် စောင့်ကြပ် ကြည့်ရှုခဲ့လေသည်။ အမြင် မတော်သည့် ကိစ္စများကို တွေ့ လျှင်လည်း ဖခင် တစ်ဦးကဲ့သို့ ဆူပူ ကြိမ်းမောင်းလေသည်။ ဘာသာရေး ဓမ္မပီတိ ဖြစ်ရုံဖြင့် အလုံးစုံသော အပြစ် ဒုစရိုက် များကို ဖုံးလွှမ်းစေနိုင်စွမ်း ရှိသည် ဆိုသော အချက်ကို သူ သည် ယုံကြည်ရန် ခက်ခဲလေသည်။

ဂျေရုဆလင်ရှိ ခရစ်ယာန် ဘုန်းတော်ကြီးများ အပေါ် ထားရှိသော သူ၏ ရက်ရောမှုကြောင့် သူ၏ သာသနာပြု

လုပ်ငန်း ရုတ်တရက် ပြီးဆုံးသွားရလေသည်။ သူက ဂျေရုဆလင်မြို့ ခရစ်ယာန် အသင်းတော်ရှိ ဆင်းရဲသားများ အတွက် ရန်ပုံငွေ စုဆောင်း ထူထောင်ရေး တာဝန်ကို ယူလိုက်ပြီးနောက် ထိုရန်ပုံငွေကို သူကိုယ်တိုင် ဂျေရုဆလင်သို့ ဆောင်ယူသွားရလေသည်။

ဂျေရုဆလင်တွင် သူ့ကို ဂျူးများက လူအုပ်ကြီးဖြင့် ဝိုင်းဝန်းပြီး အပြစ်ရှာကာ ဖမ်းဆီးလေတော့သည်။ သူသည် ရောမ နိုင်ငံသား ဖြစ်သောကြောင့် ဆီဇာ ဘုရင်ထံသို့ အယူခံလေသည်။ သူ့ စိတ်ထဲတွင် ဘယ်နည်းနှင့် မဆို သူ့ကို ရောမသို့ ပို့လိမ့်မည်ဟု စိတ်စော၍ မျှော်လင့်ထားခဲ့လေသည်။ သူ့ကို အချုပ်ဖြင့် ရောမ မြို့တော်သို့ ယူဆောင်သွားကြလေသည်။ သူ့ကို စစ်ဆေးပြီးလျှင် လွှတ်လိုက်လိမ့်မည်ဟု မျှော်လင့်ထားသည့် အတိုင်း ဖြစ်မလာဘဲ စိတ်ပျက်ဖွယ် ကြုံတွေ့ရလေသည်။ အာဏာပိုင်များက သူ့ကို ဆက်လက်၍ ချုပ်နှောင်ထားလေသည်။ သူမှာ ခရစ်ယာန် အသင်းတော်များနှင့် လူပုဂ္ဂိုလ်များထံသို့ စာများ ရေးသားရန် အချိန် ရရှိခဲ့၏။ သို့သော် အချုပ်အနှောင် ခံနေရသော အချိန် ကာလ ကြာလေလေ နောက်ထပ် ဘယ်လောက်ကြာကြာ အချုပ် အနှောင် ခံနေရဦးမည် ဆိုသည်မှာ မသိနိုင်လေ ဖြစ်လာလေတော့သည်။

နောက်ဆုံးတွင် သူ့ကို ရောမ အင်ပိုင်ယာ၏ ငြိမ်းချမ်းမှုကို နှောင့်ယှက် ဖျက်ဆီးသူ၊ ဒုက္ခ ပေးသူ အဖြစ်ဖြင့် အဆုံး စီရင်ခြင်းကို ခံရလေတော့သည်။

သို့ရာတွင် ထိုအချိန်တွင် သူသည် ဂျူး၊ ဂရိနှင့် ရောမ လူမျိုးများကို ခရစ်ယာန် သာသနာတော်၏ အစွမ်းဖြင့် စုစည်း ညီညွတ်မှု ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီးပြီ ဖြစ်၏။ ဂမ္ဘီရ ဝါဒီတွေရော၊ ဓမ္မသတ် ဝါဒီတွေရော၊ ဆင်ခြင်တုံ တရား ဝါဒီတွေရော လူအားလုံးတို့သည် ခရစ်တော်အပေါ် ယုံကြည် အားထားကာ ဝိညာဉ်တော်၏ အစု အဖွဲ့ အသိုင်းအဝိုင်းထဲတွင် ပါဝင်နေကြပြီ ဖြစ်ပါသည်။

## ၂။ ခေတ်ဦး ခရစ်ယာန် အသင်းတော် (ချား၍)
## [ အေဒီ ၅၀-၁၅၀ ]

### ခေတ်ဦး ခရစ်ယာန် လူ့အဖွဲ့အစည်းများ ကမ္ဘာသို့ ပြန့်ခြင်း

သို့ရာတွင် 'ပေါလုကို ခရစ်ယာန် သာသနာကို ဒုတိယ ထူထောင်သူ' ဟု ခေါ်ရာ၌ သူ၏ လတ်တလော ဩဇာ လွှမ်းမိုးမှုကို ပုံကြီး မချဲ့သင့်ပေ။ သူ့ခေတ် မတိုင်မီကပင် အခြားသော ခေါင်းဆောင်များက ခရစ်ယာန် သာသနာကို အန်တိုက်၊ အလက်ဇန္ဒရီးယားနှင့် ရောမမြို့များသို့ ရောက်အောင် သယ်ဆောင် ယူသွားကြသူများလည်း ရှိနေခဲ့ပြီ ဖြစ်၏။ သာသနာပြုရန် စေခိုင်းခြင်း ခံရသူများ အပြင် ဘားနာဘတ်၊ ဆိုင်မီယွန်နီဂါ၊ လူစီးယပ်၊ မာနီးယန်း စသူတို့ကို ဟီရော့ဒ် ဘုရင်ခံက ခေါ်ယူ သွားခဲ့လေသည်။ အပိုလိုနှင့် အခြား လူများကိုလည်း ခေါ်သွားခဲ့လေသည်။ ထိုသူများသည် ခရစ်ယာန် အသင်းတော် အသစ်များ ဖွဲ့စည်းရေးကို တက်ကြွစွာ ဆောင်ရွက်နေကြသူများ ဖြစ်ကြလေသည်။ ထို့ပြင် မြေထဲ အရှေ့ဘက် ပင်လယ် ကမ်းရိုးတန်း ဒေသများတွင်လည်း ခရစ်ယာန် ဘာသာကို ကူးပြောင်းလာသူများ လျင်မြန်စွာ ကြီးထွားလာကြလေသည်။ ထိုအချက်သည် ပေါလု ရည်မှန်းထားသော ခရစ်ယာန် သာသနာကို ရောမမှ စပိန် အထိ ပျံ့နှံ့သွားရေး ဆိုသော ရည်မှန်းချက်ပင် ဖြစ်၏။

ရှေးဦး ခရစ်ယာန် ဘာသာ၏ အဓိကကျသော အောင်မြင်မှုများသည် ရောမ အင်ပိုင်ယာ၏ ကူးသန်း ရောင်းဝယ်ရေး ဖွံ့ဖြိုးရာ ဒေသများ၌ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်၏။ ထိုသို့ ဖြစ်ခြင်းမှာ ထိုဒေသများ၌ ဘာသာရေး စည်းဝေးပွဲများ ရှိခြင်းနှင့် ဂျူး လူမျိုး ရပ်ကွက်များ ရှိခြင်းကြောင့် ဖြစ်၏။ ထို့ပြင် ဂျူး ဘာသာရေး ရှိသော နေရာ ဒေသများတွင် ခရစ်ယာန် သာသနာ၏ သတင်း စကားများသည် ထိုသူများအား အကောင်းဆုံး ဆွဲဆောင်နိုင်မှုကြောင့် ဖြစ်၏။

သို့သော် ရှေးအယူအစွဲ သန်သော အော်သဒေါ့ ဂျူး လူမျိုး အသိုင်းအဝိုင်းများက အယူဝါဒသစ်ကို ငြင်းပယ်ကြပြီး လက်ခံရန် ငြင်းဆန်ကြသော အခါ လွတ်လပ်သော ခရစ်ယာန် အသိုင်းအဝိုင်းများသည် ကုန်သည်များနှင့် အလုပ်သမား လူတန်းစားများ အကြား မြို့ကြီး မြို့ငယ် အသီးသီး

တွင် ပေါ်ထွန်းလာလေတော့၏။ ပထမ ဂရိ စကား ပြော သောသူများ အကြားမှာ ခရစ်ယာန် ဘာသာဝင် အသိုင်းအဝိုင်းများ ပေါ်ပေါက်သည်။ ထို့နောက်မှ အခြား ဘာသာစကား ပြောသူများ အကြားမှာ ပေါ်ပေါက်လေသည်။

ထို့ပြင် အနောက်ဘက် တစ်လွှားသို့ ခရစ်ယာန် သာသနာ ပြန့်ပွားသွားရုံမျှမက ထိုဘာသာသည် ယူဖရေးတီနှင့် တိုက်ဂရိ မြစ်နှစ်သွယ် အကြား လွင်ပြင်မှ အီသီယိုပီးယား အထိ ပြန့်ပွားသွားလေတော့သည်။

**အတိုက်အခံ ပြုမှုနှင့် ဘာသာရေး ညှဉ်းပန်း နှိပ်စက်မှု**

အေဒီ ၂ ရာစု အလယ်ပိုင်းသို့ ရောက်သောအခါ ခရစ်ယာန်သာသနာသည် ရောမ ပိုင်နက် နယ်မြေများကို အုပ်စိုးကြရသော ဘုရင်ခံများ အတွက် ပြဿနာကြီး တစ်ခု ဖြစ်လာလေတော့သည်။ အထူးသဖြင့် ဆီးရီးယားနှင့် အေရှမိုင်းနားဒေသများမှာ ပြဿနာ ဖြစ်လာလေသည်။ ရောမ လူများသည် သိခက် နက်နဲသော ဂန္ထိရ သဘောနှင့် လျှို့ဝှက်သည့်သဘော မှန်သမျှကို မနှစ်သက်ကြရကား ခရစ်ယာန် သာသနာကို သူတို့ ဆန့်ကျင် အတိုက်အခံ ပြုရသော အကြောင်းသည် ထင်ရှား၏။ ခရစ်ယာန် ဘာသာဝင်များ အနေနှင့် သူတို့သည် လောကီရေး နယ်ပယ်မှာ ပါဝင်နေကြသည်ဟု ယူဆကြသော်လည်း အမှန်တကယ်အားဖြင့်မူ သူတို့သည် လောကနှင့် တသီးတခြား နေတတ်ကြလေသည်။

ရောမ အင်ပိုင်ယာကြီး၏ လက်နက်ကိုင် တပ်ဖွဲ့များတွင် ပါဝင် အမှုထမ်းသူ အနည်းအကျဉ်းနှင့် အစိုးရ အုပ်ချုပ်ရေးပိုင်းတွင် အမှုထမ်းသူ အနည်းအကျဉ်း ရှိ၏။ သို့သော် အများစုမှာ လောကီ အာဏာစက်ကို ပမာမခန့် မိမိတို့နှင့် မဆိုင်သလို ဘာသိဘာသာ နေကြလေသည်။ လောကီရေးသက်သက် ဖြစ်သော ကိစ္စမျိုးတွင် သူတို့သည် အာဏာစက်ကို လေးစား လိုက်နာကြ၏။ သို့သော် အများအားဖြင့် ခြုံ၍ ကြည့်လျှင် အုပ်ချုပ်မှု အာဏာကို ဂရုမစိုက် လျစ်လျူရှု၍ နေတတ်ကြ၏။ သူတို့သည် အစိုးရ၏ မျိုးချစ်စိတ် ထက်သန်ရေး အတွက် ကိုးကွယ် ခံယူနည်းကိုမူကား လုံးလုံးလျားလျား ငြင်းဆန်ကြ၏။

ထိုနည်း အရ နိုင်ငံသားတိုင်းသည် 'ဘုရင်၏ နတ်ဘုရား အဖြစ်ကို သစ္စာရှိစွာ စောင့်သိ ရှိသေပါမည်' ဟု ကတိ သစ္စာ ပြုပြီး ဘုရင်၏ နတ်ရုပ်တု ရှေ့တွင် အမွှေးနံ့သာတို့ဖြင့် ပူဇော် ပသခြင်းကို ပြုရ၏။ ဤကိစ္စကို ခရစ်ယာန် ဘာသာဝင်များက လုံးဝ မလုပ်လိုဘဲ ငြင်းပယ်ကြရာ ထိုသို့ ငြင်းပယ်ခြင်းသည် ရောမ နိုင်ငံ အုပ်ချုပ်ရေး အာဏာပိုင်များ အတွက် ထူးထူးခြားခြား နာကြည်းစရာ ဖြစ်သွားလေသည်။

ဘာသာရေး အကြောင်းကြောင့် ဘုရင့် ဝိညာဉ် ပါသော နတ်ရုပ်တုကို မကိုးကွယ်ခြင်း ကိစ္စသည် ဘုရင့်အာဏာကို သစ္စာ မခံခြင်းနှင့် ပုန်ကန် ခြားနားခြင်း သဘောသို့ သက်ရောက် သွားလေတော့သည်။

ထို့ထက် ပို၍ ဆိုးသော ကိစ္စမှာ ခရစ်ယာန် ဘာသာဝင်များသည် တိတ်တဆိတ် လျှို့ဝှက်စွာ တွေ့ဆုံ ဆွေးနွေးကြခြင်း ဖြစ်သည်။ အထူးသဖြင့် ထို ဆွေးနွေးပွဲများကို အကာလ ညဉ့်အခါမှသာ ပြုလုပ်တတ်ကြလေသည်။

အမှန်မှာ အများအားဖြင့် သူတို့သည် နေ့ အခါ၌ အလုပ် လုပ်နေကြရသောကြောင့် ဖြစ်၏။ ခရစ်ယာန်များသည် သောက်စား ပျော်ပါးခြင်းဖြင့် ရှိနိုး ဝတ်ပြုကြသည် ဆိုသော လွဲမှား ဖောက်ပြန်သော အယူအဆလည်း ပျံ့နှံ့စွာ ဖြစ်ပေါ်နေသည်။ ခရစ်ယာန်များသည် လိင်ကိစ္စ၌လည်း ဖောက်ပြန်သူများ ဖြစ်ကြသည်၊ ထို့ပြင် လူ့ အသားကိုပင် စားသောက်ကြသူများ ဖြစ်သည် ဆိုသော အထင်အမြင် အယူအဆများလည်း ဖြစ်ပေါ်နေလေသည်။

ခရစ်တော်က ပေါင်မုန့်ကို ဖဲ့ပြီး 'ဒါကို စားကြ၊ ဒါဟာ ငါ့ရဲ့ အသားတော် ဖြစ်သည်၊ ဒါကို သောက်ကြ၊ ဒါဟာ ငါ့ရဲ့ အသွေးတော် ဖြစ်သည်' ဟု နောက်ဆုံး ညစာ စားပွဲ၌ ဆိုသော အချက်ကို လူ့အသား စားသည်ဟု စွပ်စွဲလာကြခြင်း ဖြစ်သည်။

ထို့ပြင် ခရစ်ယာန်များသည် ကဇာတ်ရုံများ ကပွဲများကို လည်းကောင်း၊ ဓားသိုင်း ယှဉ်ပြိုင် တိုက်ပွဲများ၊ အခြားသော ပွဲလမ်းသဘင်များကိုပါ ခရစ်ယာန်များက ရှောင်ဖယ်နေကြခြင်းမှာလည်း စိတ်သဘောထား ကျဉ်းမြောင်းခြင်း ဖြစ်သည်၊ သည်းခံစိတ် မရှိသူများ ဖြစ်သည်ဟု အစိုးယာယ် ဖွင့်ဆိုကြပြီးလျှင် အမျက်ဒေါသကို ဖြစ်ပွားစေလေသည်။

'ခရစ်ယာန်တွေကို ခြင်္သေ့စာ ကျွေးပစ်' ဆိုသော ကြွေးကြော်သံသည် ခေတ်စားလာလေတော့သည်။

အေရှမိုင်းနား (ဘစ်သီးနီးယား) ၏ ဘုရင်ခံ ပလိုင်နီသည် ခရစ်ယာန်များက သူတို့ကိုယ် သူတို့ ခရစ်ယာန် ဖြစ်သည်ဟု သုံးကြိမ်တိုင်တိုင် ခုခံ ပြောဆိုနေလျှင် ထိုသူကို ကွပ်မျက်ပစ်ရန် အမိန့် ပေးလေသည်။

အေဒီ ၆၄ ခုနှစ် စောစောပိုင်းတွင် ခရစ်ယာန် ဘာသာဝင်များအား ရောမ အင်ပိုင်ယာတွင် လူမြင်ရှင်ကြား

ကွပ်မျက်လေသည်။ ထိုကာလသည် နီရိုး ဘုရင် လက်ထက် ဖြစ်၏။ ထိုရာစုနှစ်များ အတွင်း၌ ဆီဇာ ဘုရင်၏ ရုပ်တုကို ပူဇော် ပသ ကိုးကွယ်ရန် ငြင်းဆန်သော ခရစ်ယာန်များကို ရောမ အာဏာပိုင်များသည် လူမြင်ရှင်ကြား ကွပ်မျက်ခြင်း အမှုကို နမူနာပြ ပြုလုပ်ခဲ့ကြလေသည်။ ထိုသို့ ကွပ်မျက်ရာတွင် ငြင်းဆန်သူ ခရစ်ယာန် ဘာသာဝင်များအား ခြင်္သေ့စာ ကျွေးခြင်းဖြင့် လည်းကောင်း၊ တံကျင်လျှိုပြီး မီးရှို့ သတ်ခြင်းဖြင့် လည်းကောင်း ကွပ်မျက်လေသည်။

အသတ် ခံရသော ခရစ်ယာန် အာဇာနည်များ၏ အရေအတွက်မှာ မများလှပါ။ သို့သော် ပြည်သူလူထု၏ တုန်လှုပ် ချောက်ချားမှုက ပို၍ ကြီးမားလာလေသည်။ ဤလုပ်ရပ်၏ အကျိုး သက်ရောက်မှုမှာလည်း ကျယ်ပြန့်သွားလေသည်။

ခရစ်ယာန်များ အတွက်ရော၊ ပြည်သူလူထု တစ်ရပ်လုံးမှာပါ အကျိုး သက်ရောက်မှု ရှိလေသည်။

အထူးသဖြင့် ခရစ်ယာန် ဘာသာသည် ထိုဘာသာကို ယုံကြည် သက်ဝင်သူများ အတွက် နေရေး အတွက်သာ ထိုက်တန်စေသည် မဟုတ်၊ သေရေး အတွက်ပါ ထိုက်တန်စေသော ဘာသာ ဖြစ်သည် ဟူသော ခံစားချက်သည် ပြင်းထန်စွာ ဖြစ်ပေါ်လာလေတော့သည်။

### ဝတ်ပြု ကိုးကွယ်မှုနှင့် ဘာသာရေး အဖွဲ့အစည်းများ ဖွံ့ဖြိုး တိုးတက်လာခြင်း

ထိုအချိန်လောက်တွင် ကိုယ်ထူကိုယ်ထ ရပ်တည်နိုင်သော ခရစ်ယာန် ဘာသာ အသင်း အဖွဲ့ အသိုင်းအဝိုင်းများ ဖွံ့ဖြိုး တိုးတက်နေပြီ ဖြစ်၏။

သာသနာ ပြုရန် စေခိုင်းခြင်းခံရသူ ပေါလု၏ ခေတ်လောက်တွင် ခရစ်ယာန် ဘာသာဝင်များသည် သူတို့ကိုယ်သူတို့ ခရစ်ယာန် အသင်း အဖွဲ့များ အဖြစ် သီးခြား ရပ်တည်နေပြီဟု စတင် ရှုမြင်နေကြလေပြီ။

သူတို့၏ ဝတ်ပြုခြင်းမှာ နှစ်မျိုး နှစ်စား ရှိလေသည်။

(၁) ဂျူး ဘာသာရေး စည်းဝေးပွဲ ပုံစံ စုဝေးခြင်း။ ထိုပွဲများသို့ ယုံကြည်သူများရော၊ စူးစမ်းလိုသူများပါ တက်ရောက်ခွင့် ရှိသည်။ ထိုစည်းဝေးပွဲများတွင် ဂျူး ဘာသာ ကျမ်းစာများကို ရွတ်ဖတ်ခြင်း၊ ဘုရား ဝတ်ပြု ဆုတောင်းခြင်း၊ တရားဓမ္မ ဟောပြောခြင်း၊ ဓမ္မ သီချင်းများကို သီဆိုခြင်းများ ပါဝင်သည်။

(၂) ဒုတိယ ဝတ်ပြုခြင်းမှာ *အာဂပေ* [၁] ခေါ် 'အချစ် စားပွဲ' ဆိုသော ဝတ်ပြုပွဲ ဖြစ်သည်။ ဤပွဲသို့ ယုံကြည်သူများသာ တက်ရောက်ခွင့် ရှိသည်။ ထိုပွဲသို့ တက်ရောက်လာသူများ အားလုံးကို ညစာဖြင့် ဧည့်ခံ ကျွေးမွေးလေသည်။ ထိုဝတ်ပြုချိန်တွင် နောက်ဆုံး ညစာ စားပွဲကို ပြန်လည် အောက်မေ့သောအားဖြင့် ယေရှု၏ အသွေးတော် အသားတော်ကို သုံးဆောင်ခြင်းဖြင့် သူနှင့် သွေးသား ပေါင်းစည်းခြင်း အခမ်းအနား ပွဲကလေးကိုလည်း ခပ်ကျဉ်းကျဉ်း ပြုလုပ်သည်။

ဤပွဲကို ကျေးဇူးတော် အောက်မေ့ခြင်း အထိမ်းအမှတ် အဖြစ်ဖြင့် ဂရိတို့က *'ယူချာရစ်'* [၂] ပွဲဟု ခေါ်ကြလေသည်။

ခရစ်ယာန် အသိုင်းအဝိုင်း အဆမတန် ကြီးထွားလာသောအခါ ကျွေးမွေးနေကျ ညစာ စားပွဲကို ဆက်လက်၍ မပြုလုပ်နိုင်ကြတော့ပေ။ ဘုရားသခင်၏ ညစာ စားပွဲ အဖြစ် ခရစ်တော်၏ အသွေးတော် အသားတော်ကို သုံးဆောင်ခြင်း အထိမ်းအမှတ်ပွဲကိုပင် တနင်္ဂနွေနေ့ အများပြည်သူ အားလုံး ပါဝင်သော ဝတ်ပြုပွဲ အပြီးကျမှသာ ပြုလုပ်ကြလေတော့သည်။ ထိုအသွေးတော် အသားတော် သုံးဆောင်ခြင်း အထိမ်းအမှတ်ပွဲကို နှစ်ခြင်း ဗတ္တိဇံ မင်္ဂလာ ခံယူပြီးသူများသာ ပါဝင် ဆင်နွှဲကြရလေသည်။

ထိုအချိန်မှာပင် ခရစ်ယာန် အသိုင်းအဝိုင်းသို့ ပါဝင်ရေး ကိစ္စကိုလည်း စနစ်တကျ အဆင့်ဆင့် သတ်မှတ်နိုင်လာကြသည်။ ခရစ်ယာန် အသင်းတော် ချား၍ အဖွဲ့ဝင် ဖြစ်လာမည့် ခရစ်ယာန် အလောင်းအလျာ ပုဂ္ဂိုလ်သည် မည်သည့် အသက် အရွယ်ပင် ဖြစ်စေ သူ့ကို စနစ်တကျ သွန်သင်ခြင်း၊ စစ်ဆေး စမ်းသပ်ခြင်းကို ဦးစွာ ပြုရသည်။ လအတန် ကြာအောင် သွန်သင် စမ်းသပ်ပြီးမှ သူ့ကို နှစ်ခြင်း မင်္ဂလာ ပြုပေးလေသည်။ ရေနှစ်ခြင်းကို ဖြစ်စေ၊ ရေဖျန်းခြင်းကို ဖြစ်စေ ပြုလုပ်ပေးလေသည်။ (ယေဘုယျအားဖြင့် အမေး အဖြေ နည်းဖြင့် သွန်သင်ခြင်းကို ဥပုသ်လ အတွင်း ပြုလုပ်ကြပြီး ဗတ္တိဇံ မင်္ဂလာကို အီစတာ ခေါ် ခရစ်တော် ရှင်ပြန်ခြင်း အထိမ်းအမှတ် ပွဲနေ့တွင် ကျင်းပ ပြုလုပ်ကြလေသည်။)

ယုံကြည်သူများသည် ဗတ္တိဇံပွဲ အတွက် အဝတ်ဖြူကို ဝတ်ဆင်လာတတ်ကြသည်။

ထိုသို့ နှစ်ခြင်း မင်္ဂလာကို ခံပြီး နောက်တွင် အတည်ပြု မင်္ဂလာပွဲ (ကွန်ဖမ်းမေးရှင်း) ခေါ် သန့်ရှင်းသော ဝိညာဉ်

---

၁။ Agape　　၂။ Eucharist

တော် ဆင်းသက်၍ တည်ကိန်းစေရန် လက်တော်တင် မင်္ဂလာကို ကျင်းပကြလေသည်။

ထိုအခါ အသင်းသားသစ်သည် သူ၏ အယူဟောင်းများ ကိုးကွယ်ခဲ့သော နတ်ဟောင်းများကို စွန့်ပြီး ခရစ်တော်၏ အဆုံးအမကို နာခံရန် ကတိသစ္စာ ပြုရလေသည်။

အစ ပထမပိုင်းတွင် ချား၍ အသင်းတော်များမှာ လျော့လျော့ရဲရဲ ဖွဲ့စည်းထားသော အသင်း အဖွဲ့များ ဖြစ်ခဲ့ကြလေသည်။ သို့သော် ပထမ ရာစုနှစ်များ ကုန်ဆုံးခါနီး အချိန်တွင် အသင်း အဖွဲ့ ဖွဲ့စည်းခြင်းကို ထေရ်ကြီး ဝါကြီးများ ပါဝင်သော အဖွဲ့က ညွှန်ကြားချက် ပေးလေသည်။ ထိုအဖွဲ့ထဲတွင် အနည်းဆုံး ဂိုဏ်းအုပ် ဂဏာစရိယ ဘုန်းကြီး တစ်ပါး သို့မဟုတ် ထို့ထက် ပို၍ ပါဝင်ရလေသည်။ တဖြည်းဖြည်းနှင့် အသင်း အဖွဲ့များမှာ ဗဟို ဦးစီး စနစ်အောက်တွင် ကျစ်ကျစ်လျစ်လျစ် ဖြစ်လာလေသည်။

ဒုတိယ ရာစု၏ ပထမ ၂၅ နှစ် ကာလတွင် အသင်း အဖွဲ့ ဖွဲ့စည်းခြင်း၊ စည်းဝေးခြင်းများကို ဂဏာစရိယ ဂိုဏ်းအုပ် ဘုန်းကြီး တစ်ပါးတည်းကသာ ခေါင်းဆောင်၍ ဖွဲ့စည်းပေးခဲ့လေသည်။

တဖြည်းဖြည်းနှင့် ဤ အလေ့အထများ ခေတ်စားလာသောအခါ ရှေးက အသင်း အဖွဲ့များတွင် ဟောပြောခြင်းများကို တမန်တော်များ၊ ဧဝံဂေလိ အဖွဲ့သားများက ဆောင်ရွက်ခဲ့ခြင်း အလေ့အထများ တစ်စ တစ်စ ပပျောက်သွားလေတော့သည်။

## အေဒီ ၁၅၀ အထိ ခရစ်ယာန် အယူဝါဒ ဖွံ့ဖြိုး တိုးတက်ခြင်း

အယူဝါဒဘက်၌ ရှင်သန် ကြီးထွားမှုသည် သင်ကြားမှု ပုံစံ ရှင်သန် ကြီးထွားမှုနှင့် ပို၍ လိုက်ဖက်ညီစွာ ဖြစ်ပေါ်ခဲ့လေသည်။

အေဒီ ၁၀၀ ခုနှစ်လောက် ရောက်သော အခါ ဓမ္မဟောင်း ကျမ်းစာနှင့် ကွဲပြား ခြားနားသော ခရစ်ယာန် ကျမ်းစာသည် အချို့သော အချက်အလက်များတွင် သီသီသာသာ ကျမ်းစာသစ် အသွင် ဖြစ်ပေါ်လာသည်။ (နောက်ဆုံးတွင် *ဓမ္မသစ် သမ္မာကျမ်း*[၁] စာ ဖြစ်လာလေသည်။)

ဤ ကျမ်းစာသစ် ပေါ်ပေါက်လာခြင်းသည် လိုအပ်ချက် ဖြစ်လာသည်မှာ ပထမ မျိုးဆက်သစ်တွန်းက ယေရှုသည် ကောင်းကင် တိမ်တိုက်တွေပေါ်မှာ ပြန်ပေါ်လာလိမ့်မည် ဆိုသော မျှော်လင့်ချက်သည် တဖြည်းဖြည်း မှေးမှိန်ပပျောက် လာသောကြောင့် ဖြစ်၏။ ရှေးအခါက ကျမ်းစာများ ရေးသားခဲ့ရသော ထိုယုံကြည် သက်ဝင်မှုသည် ယခုအခါ အပို သက်သက် အသုံးမဝင် ဖြစ်သွားပြီ ဖြစ်၏။ ယေရှု၏ ဓမ္မ ဆရာ အဖြစ်ကို မျက်မြင် သက်သေများလည်း လျင်မြန်စွာ သေကုန်ကြပြီ။ ယခု အနှစ် ငါးဆယ် ကာလကိုပင် ကျော်လွန်ခဲ့ပြီးပြီ။ ထိုအခါ ခရစ်ယာန် ဒုတိယ မျိုးဆက်သို့ပင် ရောက်ရှိနေပေပြီ။ ထိုသူများမှာလည်း ယခုအခါ ဂျေရုဆလင် မြို့နှင့် ဝေးကွာလှမ်းသော အရပ်များတွင် နေထိုင်လျက် ရှိကြပြီ။ သူတို့သည် ဆရာ သခင် ဖြစ်သူ ယေရှု၏ ဘဝဖြစ်ရပ်များနှင့် သင်ကြားချက် အဆုံးအမများကို မှတ်တမ်း တင်ရန် တောင်းဆိုနေကြပြီ ဖြစ်၏။

အေဒီ ၇၀ တွင် ဂျေရုဆလင် မြို့ကြီး ပျက်ဆီး ခံရသော အခါ ဤတောင်းဆိုချက်၏ အလျင်အမြန် လိုအပ်မှုသည် ပို၍ ကြီးထွားလာလေတော့၏။

ခရစ်တော်၏ ဘဝ ဖြစ်ရပ်များနှင့် သင်ကြားချက် ဒေသနာတော်များနှင့် ပတ်သက်သော စာပေ ကျမ်းဂန်များ ဖြစ်ပေါ်လာပုံ အကြောင်းကို ရှေ့တွင် ဆိုခဲ့ပြီးသော အခန်းနိဒါန်း၌လည်း ပြောခဲ့ပြီးပြီ။ ယခု ထပ်မံ ဆိုသင့်သည်ကား ထိုစာပေ စတင် ပေါ်ပေါက်ပြီး ပြည့်စုံခြင်းသို့ ရောက်လာသောအခါ ဖြစ်ပေါ်လာသော စာပေပါ အကြောင်းအရာများနှင့် သဘော သဘာဝ အကြောင်း ဖြစ်သည်။ အချိန်ကာလ ကြာမြင့်လာသည်နှင့်အမျှ ယေရှု၏ ဘဝ ဖြစ်စဉ်နှင့် သူ၏ ဟောကြား သင်ကြားချက်များ အပေါ် အကဲဖြတ်သော စာပေများ ပို၍ ပို၍ များပြားလာလေသည်။

ပထမ ရာစု အတွင်းတွင် ဂရိနှင့် ဂျူးတို့၏ စွမ်းဆောင်မှုများသည် ခရစ်ယာန် ဘာသာ သမိုင်းတွင် ထိုဘာသာကို ကြီးကျယ်၍ ကြွယ်ဝသော ဘာသာကြီး ဖြစ်လာအောင် ဖန်တီး ပေးနိုင်ခဲ့ပေသည်။

ဓမ္မသစ် ကျမ်းစာ၏ စောစောပိုင်း ကဏ္ဍသည် ရှင်ပေါလု၏ ပေးစာများ၊ ဆောင်းပါးစာများ၊ သဝဏ်လွှာများနှင့် ပတ်သက်သော အပိုင်း ဖြစ်သည်။ ထိုအပိုင်းနှင့် ပတ်သက်၍မူ နောက်ထပ် ပြောစရာ မကျန်တော့ပေ။ ခရစ်ယာန် အယူဝါဒ အတွက် ထိုရှင်ပေါလု၏ စာများက အကျိုး ဖြစ်ထွန်းစေခဲ့ပုံများ အကြောင်းကို ရှေ့ပိုင်းက ဆွေးနွေး တင်ပြခဲ့ပြီးပြီ။

ထို့ကြောင့် ခရစ်ယာန် ဘာသာရေး အယူဝါဒနှင့် ခရစ်တော်၏ ဘဝ ဖြစ်စဉ်နှင့် ပတ်သက်သော အဓိပ္ပာယ်

---

၁။ New Testament

ဖွင့်ဆိုချက်များ အလို့ငှာ ကျွန်ုပ်တို့ လေ့လာရဦးမည့် အချက်မှာ ဂေါ့စပယ် ခေါ် ခရစ်ယာန် ဘာသာတရား၏ အယူဝါဒရေးရာပိုင်း ဖြစ်သည်။

ရှင်မာကု၏ ခရစ်ယာန် ဘာသာနှင့် ပတ်သက်သော အယူဝါဒ ရေးရာ အဓိပ္ပာယ် ဖွင့်ဆိုချက် (ဂေါ့စပယ်) များသည် ရှေးအကျဆုံးနှင့် အကျဉ်းဆုံး ဂေါ့စပယ်များ ဖြစ်ကြသည်။ ထို ကျမ်းစာများကို အေဒီ ၆၅ နှင့် ၇၀ အကြား ကာလ၌ အန်တွိုက် မြို့တွင် ရေးသားခဲ့ခြင်းဖြစ်လေသည်။

၂ ရာစုက ပေါ်ပေါက်ခဲ့သော ခရစ်ယာန် စာရေးဆရာ *ပါပီယား*[၁] ၏ အဆိုအရ ရှင်မာကုသည် ရှင်ပေတရု (ပီတာ) စုဆောင်း ထားရှိခဲ့သော မှတ်တမ်းများ အပေါ်မှာ အခြေခံပြီး သူ၏ ဂေါ့စပယ်များကို ရေးသားခဲ့သည်ဟု ဆိုသည်။ ရှင်မာကုသည် အန်တွိုက်သို့ မသွားမီ ဂျေရုဆလင် မြို့တော်တွင် နေထိုင်ခဲ့လေသည်။ ရှင်မာကု၏ ဂေါ့စပယ်များထဲတွင် ယေရှုသခင် ဖွားမြင်သော အပိုင်း ငယ်စဉ် ဘဝ အကြောင်းအရာများကို အရေးထား ဖော်ပြခြင်း မပြုဘဲ ယေရှု နှစ်ခြင်း မင်္ဂလာကို ခံယူခြင်း အပိုင်းက စ၍ သူ၏ ဓမ္မဆရာ ဘဝ အကြောင်းအချက်များကိုသာ ရှင်းရှင်းလင်းလင်း သမိုင်းကြောင်း ပေါ်အောင် ရေးသား ဖော်ပြထားလေသည်။

ထိုဂေါ့စပယ်များထဲတွင် ယေရှု သခင်၏ လူတစ်ဦး အနေနှင့် ခံစားရချက်များကို တိတိပပ ဖော်ပြ ထားလေသည်။ သို့ရာတွင် ရှင်မာကု၏ ဂေါ့စပယ် စာများထဲတွင် ယေရှုသခင်သည် သာမန် လူသား တစ်ဦးထက် များစွာ ပိုလွန်နေသည်။ သူသည် ဘုရားသခင်၏ သားတော် ဖြစ်သည်။ ထိုအချက်သည် သူ့အား နှစ်ခြင်း မင်္ဂလာ ပေးသောအခါ ပေါ်လွင် ထင်ရှားလာသည်။ သူသည် မေယှိယ ခေါ် ကယ်တင်ရှင် ဘုရား အစစ်အမှန် ဖြစ်သည်။ ရှင်မာကု၏ စာပေများထဲတွင် ရှင်ပေါလု၏ စာပေများထဲမှာ ပါခဲ့သော ဘုရားသခင်က လူဝင်စား အဖြစ် သက်ဆင်းလာခြင်း သဘော၊ လူ့ဘဝသို့ လူဝင်စား အဖြစ်ဖြင့် မလာမီက တည်ရှိခဲ့သော ရှေးဘဝများ အကြောင်းကား ဘာမှ မပါဝင်ပေ။

ရှင်မသဲနှင့် ရှင်လုကတို့ကမူ ရှေ့သို့ ဆက်၍ ဝေးဝေးလံလံ သွားကြသည်။ လူဝင်စား ဘုရား ဖြစ်ခြင်း သဘော၏ အခြေခံ သဘောများကို ချမှတ်ပေးခဲ့ကြလေသည်။

ယေရှု၏ ကလေးငယ် ဘဝက ဖြစ်ခဲ့သော ထူးဆန်းအံ့ဖွယ် ဖြစ်ရပ်များ အကြောင်းကို ဖော်ပြပြီး ယေရှုသည် အပျိုစင်က ဖွားမြင်သူ ဖြစ်ကြောင်း ဝတ္ထုကြောင်းကို နှစ်ဦးစလုံးကပင် ရေးသား ဖော်ပြခဲ့ကြလေသည်။ သူတို့ နှစ်ဦးစလုံးပင် ယေရှု၏ ကယ်တင်ရှင် ဖြစ်ခြင်း သဘောကို ဖော်ပြသည်။ ဘုရားသခင်၏ သဘော လက္ခဏာများကို အဓိကထား၍ ပြောဆိုကြသည်။

ထို့ပြင် ယေရှုသည် ကောင်းကင်ဘုံမှ ဆင်းသက်လာသူ ဖြစ်ခြင်းကို ဖော်ပြ၍ ဟေဗြဲ ကျမ်းစာများ၌ ကြိုတင် ဟောကြားထားသော ဘုရားသခင်၏ သားတော် ကယ်တင်ရှင် ကြွလာမည် ဆိုထားခြင်းနှင့်အညီ ယေရှု ကြွလာတော်မူခြင်း ဖြစ်ကြောင်းကို ရေးသား ဖော်ပြကြလေသည်။

သို့သော် ယေရှု၏ ဘုရားသခင် ဖြစ်ခြင်း သဘောကို ရှင်းရှင်းလင်းလင်း တင်ပြထားချက်ကို စတုတ္ထ ဂေါ့စပယ်တွင် ကောင်းစွာ တွေ့ရသည်။ စတုတ္ထ ဂေါ့စပယ်ကို ရေးသားသူသည် ရှင်ပေါလု၏ အတွေးအခေါ် နောက်သို့ အစဉ်လိုက်သည်ကို တွေ့ရသည်။ ခရစ်တော်သည် ဘုရားသခင်ထံမှ လူကိုယ်တိုင် ဆင်းသက်လာသူ ဖြစ်သည် ဟူသော အမြင်ကို ခံယူထားလေသည်။

ဆိုလိုသည်မှာ ခရစ်တော်သည် လူ့ပြည်သို့ သက်ဆင်းမလာမီကပင် ရှေးဘဝ၌ တည်ရှိခဲ့သည်။ ပြီးမှ လူသားများကို ရွေးယူ ကယ်တင်ရန် အတွက် ဘုရားသခင်၏ အလုပ်ကို တာဝန်ခံကာ ဆင်းသက်လာသူ ဖြစ်သည်။ ထိုမျှသာ မကသေး၊ ကမ္ဘာ လောကကြီးကို ဖန်ဆင်းခြင်းနှင့်လည်း ခရစ်တော်နှင့် အဆက်အစပ် ရှိသည်ဟု ယူဆလေသည်။ ထိုဂေါ့စပယ်ထဲတွင် ခရစ်တော်၏ လူဝင်စား မဖြစ်မီ တည်ရှိခဲ့ဖူးသော ဘဝ အကြောင်း အောက်မေ့ဖွယ်ရာများကို တင်ပြထားသည်။ သူသည် ကောင်းကင်ဘုံမှ ဆင်းသက်လာသူ ဖြစ်ကြောင်း အထောက်အထား၊ သူ၏ ဘုရားနှင့် ပတ်သက်သော အသိပညာများ ရရှိမှု အထောက်အထားများသည် သူ၏ လူ့ဘဝ အတွေ့အကြုံများမှ ရသည် မဟုတ်၊ ရှေးဘဝကတည်းက ပါလာခြင်းသာ ဖြစ်သည်ကို သူက ဖော်ပြခြင်း ဖြစ်သည်။ ခရစ်တော်သည် ဘုရားသခင်၏ စကားများကို တစ်ဆင့်ခံ ပြောကြားရသူမျှမက သူကိုယ်တိုင်ပင် ဘုရား ဖြစ်ကြောင်းကို ဤဂေါ့စပယ်က ဆိုသည်။ ယေရှု ခရစ်တော်ကို သိနားလည်ခြင်းသည် အဖဘုရား သခင်ကို သိနားလည်ခြင်းပင် ဖြစ်သည်။

စတုတ္ထ ဂေါ့စပယ် မတိုင်မီက ရေးသားထားသော ဟေဗြဲ (ဟီဘရူး) ဘာသာ ဆောင်းပါး စာသဝဏ် (အပစ်ဆယ်) များသည် စတုတ္ထ ဂေါ့စပယ်ထဲမှာ သုံးနှုန်းထားသော Logos (word) မုက္ခပါဌ်တော် ဆိုသော စကား အသုံး

[၁]။ Papias

အနှုန်းကို မသုံးခဲ့ကြပေ။ သူ့စာ၏ ပထမ စာကြောင်းတွင် ရှေးက တမန်တော်များမှ တစ်ဆင့် အပိုင်းပိုင်း အစစဖြင့် ပြောကြားခဲ့သော ဘုရားသခင်၏ မုက္ခပါဌ်တော်များကို ယခုအခါ သူ၏ တန်ခိုး အာဏာ အားလုံးကို ပိုင်ဆိုင်သော သား၊ ထိုသားမှတစ်ဆင့် လောကကို ဖန်ဆင်းတော်မူသော သားတော်ကသာ ပြောကြားနေပေပြီ။

ထိုသားတော် ဘုရားသည် လူ့ပြည်သို့ ဆင်းသက်လာသော အခါ သူ၏ သွေးချင်းသားချင်း ညီရင်း အစ်ကို လူသားများနှင့် မခြား တူစွာ အသွေးအသားဖြင့် ဖြစ်သော လူ၏ အသွင်ဖြင့် တည်ရှိပေသည်။ လူ့သဘာဝ အတိုင်း ပင် ဖြစ်တည်တော်မူသည်။ လူသားများ ခံစားရသော အတိုင်းပင် သွေးဆောင်မှုနှင့် ကိုယ် ဆင်းရဲ စိတ်ဆင်းရဲ ခြင်းများကို မျက်ရည်ဖြင့် ခံယူတော်မူသည်။ သို့သော် သူ ၏ ပင်ကို အနှစ်သာရ သဘောမှာကား ဘုရား သခင်၏ သဘော သဘာဝ အတိုင်းပင် ဖြစ်သည်။ သူ၏ စိတ်ဝိညာဉ် ပိုင်း ဆိုင်ရာ သဘောတို့သည် ထူးခြားနေပေသည်။

လူသား ယေရှု သခင်နှင့် အဖ ဘုရားသခင်သည် အပြန်အလှန်အားဖြင့် အချိန်မရွေး တစ်ဦးက တစ်ဦးထံသို့ သက်ရောက်နိုင်သည်။ ဤ ကိစ္စတွင် ယေရှု သခင်သည် တခြားလူများနှင့် ကွဲပြား ခြားနားသည်။ တခြား သွေးချင်း ညီရင်းအစ်ကို လူသားများသည် ဘုရားသခင်သို့ တိုက်ရိုက် မဆက်သွယ်နိုင်၊ အဆင့်မြင့် နတ်ဘုန်းကြီးမှ တစ်ဆင့် ကြား ခံဖြင့်သာ ဆက်သွယ်ကြရလေသည်။

ယေရှု၏ ဘဝနှင့် လုပ်ရပ်များနှင့် ပတ်သက်သော အယူဝါဒရေးရာ ခံယူချက် သဘော နည်းသော စာသဝဏ် များ (အပစ်ဆယ်) များလည်း ရှိသေးသည်။ ၎င်းတို့မှာ ဂျိမ်းနှင့် ပီတာတို့၏ စာသဝဏ် (အပစ်ဆယ်) များ ဖြစ် ကြသည်။ ထို့ပြင် *သာသနာ ပြုရန် စေလွှတ်ခြင်း ခံရသော ဘုန်းတော်ကြီးများ* [၁] ဆိုသူတို့၏ ဘုရားဟော ဒေသနာ အရာသို့ မရောက်သော စာများလည်း ရှိသေး၏။ ထိုစာ များမှာလည်း အများအားဖြင့် ခရစ်တော်သည် ဘုရားသခင် ၏ သဘော သဘာဝကို ဖော်ဆောင်တော်မူသော ကောင်း ကင်ဘုံမှ ဆင်းသက်တော်မူသော ဘုရားသခင် ဖြစ်ကြောင်း၊ လူ့ဘဝ အတွက် အဆင့်မြင့် အကျင့်သီလကို ဖြစ်စေမည့် တရား ဥပဒေသစ်ကို ပေးဆောင်သူ ဖြစ်ကြောင်းကို အဖြောင့် ဖော်ပြသော စာများ ဖြစ်လေသည်။

အခြား စာပေများလည်း ရှိသေးသည်။ ထိုစာများမှာ ရှင်သန် ကြီးထွားလာသော ခရစ်ယာန် အသိုင်းအဝိုင်း၏ ဘာသာရေး အတွက် တိုက်ရိုက် လိုအပ်ချက် မဟုတ်ဘဲ ကျယ်ပြန့်သော ကမ္ဘာကြီး အတွက် ရည်ရွယ် ရေးသား သော စာများ ဖြစ်လေသည်။

ထိုစာပေများမှာ *အပိုလိုဂျစ်* [၂] ဟု ခေါ်သော သူများ အတွက် ဆင်ခြေ တက်ပေးသူများ၏ စာများ ဖြစ်သည်။ အကောင်းဆုံးသော ဂရိ ကျောင်းကြီးများနှင့် ရောမ ကျောင်း တော်ကြီးများ၌ ပညာ သင်ကြား တတ်မြောက်လာကြသူ များ ရှိလေသည်။

ထိုသူများသည် ရှေးခေတ် ဒဿန ပညာများ၌ အလွန် ကျွမ်းကျင် လိမ္မာသူများ ဖြစ်ကြသည်။ ထိုသူတို့က ခရစ်ယာန် ဘာသာကို ကာကွယ်၍ ဆင်ခြေ လဲထားသော စာများကို ရေးသားကြပြီးလျှင် ရောမ ဧကရာဇ် ဘုရင်များ ထံသို့ လည်းကောင်း၊ အခြား ခရစ်ယာန် ဘာသာဝင် မဟုတ် သော ရာထူး အဆင့်မြင့် ဂုဏ်သရေရှိသူများထံသို့ လည်း ကောင်း ပေးပို့ကြလေသည်။

ထို ပုဂ္ဂိုလ်များ အနက် ထင်ရှားသူများမှာ အေသင် မြို့မှ *အာရစ္စတိုက်* [၃]၊ ဆာဒစ် မြို့မှ ဂိုဏ်းအုပ် ဘုန်းကြီး *မယ်လီတို* [၄]၊ *မင်နူးရှပ် ဖဲလစ်* [၅] တို့ ဖြစ်ကြသည်။

၎င်းတို့အနက် အထင်ရှားဆုံး ပုဂ္ဂိုလ်မှာ အာဇာနည် ဟု အခေါ်ခံရသော ဂျပ်စတင် ဖြစ်၏။ သူ၏ သေခြင်းမှာ အာဇာနည်တို့၏ သေခြင်းမျိုး ဖြစ်၍ သူ့ကို အာဇာနည်ဟု ခေါ်ခြင်း ဖြစ်သည်။ သူသည် အစက ဂရိ ဒဿနဂိုဏ်း တစ်ခု ဖြစ်သော စတုဝစ် ဂိုဏ်းသား ဖြစ်သည်။ နောက် အာရစ္စတိုတယ်၏ နောက်လိုက် ဖြစ်သည်။ ထို့နောက် ပိုက် သာဂိုရပ်၏ နောက်လိုက် ဖြစ်သည်။ နောက်တစ်ခါ ပလေ တိုး၏ နောက်လိုက် ဖြစ်ပြီးမှ ခရစ်ယာန် ဘာသာဝင် ဖြစ် လာသူ ဖြစ်၏။

သူသည် သူ၏ အယူဝါဒသစ်တွင် ခြောက်ပြစ်ကင်း ပြီး ပြည့်စုံသော ဒဿန အမြင်ကို ရှာဖွေ တွေ့ရှိခဲ့လေ သည်။ သူသည် အခြားသော အယူဝါဒများမှ မှန်ကန်ခြင်း မရှိ ဆိုသော အမြင်ကို ယုံကြည် လက်ခံသူ မဟုတ်။ သူ့ အမြင်တွင် ဘုရားသခင်၏ မုက္ခပါဌ်တော် 'လိုဂေါ့' သည် ခရစ်တော် မပေါ်မီကတည်းက လူ့လောကတွင် လုပ်ဆောင် နေပြီ ဖြစ်သည်။

---

၁။ Apostolic Fathers

၂။ Apologist
၃။ Aristides
၄။ Melito
၅။ Minucius Felix

ထိုဘုရားသခင်၏ မုက္ခပါဠ်တော် လိုဂေါ့သည် ဆို *ကရေးတိ* [၁] ကို လည်းကောင်း၊ *ဟေရာကလီတပ်* [၂] ကို လည်းကောင်း ဉာဏ် အလင်း ရအောင် ဆောင်ရွက် ပေးခဲ့ သည်။ သစ္စာတရားကို ဓမ္မဟောင်း ကျမ်းစာထဲမှာ ပါသော လူမျိုးစု အကြီးအကဲ၊ လူမျိုး အဘများ (ဂရိတို့က လူရိုင်း များဟု ခေါ်သူများ) ကိုပါ မျှဝေ ပေးခဲ့သည်။ ထို့ကြောင့် ဂရိ ဒဿန ဆရာကြီးများနှင့် ဟေဗြဲ၊ ရေဝတီ တမန်တော် များသည် ဉာဏ်အလင်းကို ရခဲ့ကြခြင်း ဖြစ်သည်။

ထို့ကြောင့် ထိုရှေးခေတ်က ဉာဏ်အလင်းကို ရရှိခဲ့ ကြသော ရှေးပညာရှင်ကြီးများသည် ခရစ်တော် မတိုင်မီ ကတည်းက ခရစ်ယာန် ဘာသာဝင်များ ဖြစ်နေခဲ့ကြပြီဟု သူက ဆိုလေသည်။ သို့သော် ခရစ်ယာန် ဘာသာသည် သူ့ အမြင်တွင် အခြားသော အတွေးအခေါ် စနစ် အားလုံးတို့ ထက် သာလွန်သည်။ အဘယ်ကြောင့် ဆိုသော် ဘုရားသခင် လိုဂေါ့သည် ခရစ်တော်မှ တစ်ဆင့် ဟောပြောခြင်း မဟုတ် ဘဲ ခရစ်တော် ကိုယ်တိုင်ပင်လျှင် ဘုရား လိုဂေါ့ ဖြစ်သော ကြောင့် ဖြစ်၏။ ခရစ်တော်သည် ဘုရားသခင်၏ အကြောင်း ယုတ္တိကို အတိအကျ ဖော်ပြနိုင်သူ ဖြစ်ရကား သူ၏ အနိုင်းမဲ့ ဆရာ ဖြစ်ခြင်းကို လူသား တစ်ရပ်လုံးက လက်ခံရမည် ဟု သူက ဆိုလေသည်။

ခရစ်ယာန် စာရေးဆရာများ အနေနှင့် ယခုအခါ အထွေထွေ ဒဿန ပညာနယ်ထဲသို့ အလွယ်တကူ ကျူး ကျော် ဝင်ရောက်နိုင်ကြပြီ ဖြစ်၏။ ထို့နောက် ခရစ်ယာန် ဘာသာသည် အမှန်ပင် တစ်လောကလုံးနှင့် သက်ဆိုင်သော ဘာသာ ဖြစ်ကြောင်းကိုလည်း ပြောနိုင်ကြပြီ ဖြစ်၏။

ထိုစကား အဓိပ္ပာယ် ရရှိစေရန် သူတို့သည် '*ကက် သလစ်*' [၃] အများနှင့် ဆိုင်သော သဘောကြီးသည် ဆိုသော ဝိသေသ ပုဒ်ကို သုံးနှုန်းခဲ့ကြလေသည်။

## ၃။ ရှေးခေတ်က ကက်သလစ် အသင်းတော် (ချားချ်)
## [ အေဒီ ၁၅၀-၁၀၅၄ ]

အစက 'ကက်သလစ်' ဆိုသော စကားသည် 'တစ်လောက လုံးနှင့် ဆိုင်သော' ဆိုသည့် အနက် အဓိပ္ပာယ်ဖြင့် ခရစ် ယာန် အသင်းတော်များ အတွက် သုံးစွဲခဲ့သော စကားလုံး ဖြစ်သည်။ ယခုအခါ ရောမ အင်ပိုင်ယာကြီး တစ်ခုလုံးရှိ လူတန်းစား အားလုံးနှင့် နယ်မြေဒေသ အားလုံးသို့ ပျံ့နှံ့ ရောက်ရှိနေပြီ ဖြစ်သော ဘာသာ အယူဝါဒကို ဖော်ပြရာ၌ ထိရောက်သော စကားလုံး ဖြစ်ခဲ့လေသည်။

၂ ရာစုခေတ် အလယ်လောက် ရောက်တော့ ဤ စကားလုံးသည် ခရစ်ယာန် ဘာသာရေး အယူဝါဒကို ဖော် ပြသော တစ်ခုတည်းသော အဖွဲ့အစည်း၏ အမည် နာမ တစ်စိတ်တစ်ပိုင်း ဖြစ်သွားလေတော့သည်။ ဤအမည်ဖြင့် ကက်သလစ် ချားချ် (ဗရင်ဂျီ ဂိုဏ်း) သည် စုစည်း ညီ ညွတ်စွာ ထွက်ပေါ်လာလေသည်။ ထိုအမည်ကို ထိုအသင်း အဖွဲ့က အပြင်ဘက်က ရန်သူများကို ဆန့်ကျင်ခြင်းဖြင့် လည်းကောင်း၊ အတွင်းမှ အရိုးအစဉ် အယူကို ပစ်ပယ် သော အယူ လွဲသူများနှင့် သင်းခွဲ ဂိုဏ်းခွဲသူများကို ဆန့် ကျင်ခြင်းအားဖြင့် လည်းကောင်း ထိန်းသိမ်း လာခဲ့ကြလေ သည်။ ရှေးခေတ် ကက်သလစ် အသင်းတော်သည် ၄င်း၏ အတွင်း အပြင် ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်ရန် အတွက် အချက် နှစ်ချက်ကို ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက် ခဲ့လေသည်။

(၁) သာသနာ သန့်ရှင်း စင်ကြယ်အောင် အမှားအယွင်း များကို သုတ်သင် ရှင်းလင်းပြီးသော အယူဝါဒ စနစ် ကို ထူထောင်ကာ ထိုစနစ်ကို ခရစ်ယာန် အယူမှန် ဝါဒ (အောသဒေါ့) ဖြစ်သည်ဟု ကြေညာခဲ့ခြင်း၊
(၂) သံဃာနှင့် စပ်ဆိုင်သော အဖွဲ့အစည်းကို ဓမ္မ ဆရာ ဖြစ်ခြင်း၊ အများနှင့် သက်ဆိုင်စေခြင်း၊ စုစည်း ညီ ညွတ်မှု ရှိခြင်း၊ မွန်မြတ် သန့်ရှင်းခြင်း ဆိုသော မှု များဖြင့် တည်ထောင်ခြင်း ဖြစ်လေသည်။ ဤ ဖြစ်ပေါ် တိုးတက်မှုများကို အကျိုး သက်ရောက်မှု ရှိစေခဲ့သော ဖြစ်ပေါ်လာပုံ အဆင့်ဆင့်ကို ယခု ကျွန်ုပ်တို့ ဖော်ပြ ပါဦးအံ့။

---

၁။ Socrates ၂။ Heraclitus

၃။ Catholic

### နော့စတစ် [၁] နှင့် မာဆီယိုနိုက် [၂] အယူဝါဒကွဲများ

ဂျူး လူမျိုးများက ကယ်တင်ရှင်ကို ရှာဖွေနေသော အချိန် ဖြစ်ရုံမျှမက ကျန်သော ကမ္ဘာသားများကလည်း လူဝင်စား ဘုရားသခင်ကို ရှာဖွေနေကြပြီး ထိုအချိန်မှာပင် ဘုရား သခင်၏ ဉာဏ်တော် လိုဂေါ့ သဘောတရား ထွန်းကား လာသော အချိန်တွင် ယေရှု ပွင့်ထွန်းလာခြင်းသည် ကံ ကောင်းသည်၊ အခါကောင်း ကြုံသည်ဟု ဆိုရပေမည်။ ခရစ်ယာန် ထွေးခေါ် ပညာရှင်များက လိုဂေါ့ ဆိုသော ဘုရားသခင်၏ ဉာဏ်တော် အယူအဆကို ယေရှု အပေါ်၌ အသုံး ချလိုက်သော အခါ ဘာသာ တရားနှင့် ထာဝရ ဘုရားကို လေ့လာသော ပညာရပ် (သီယိုလိုဂျီ) သည် အားထုတ်ရခြင်း မရှိဘဲနှင့် ပေါ်ထွန်းလာခဲ့လေသည်။ ထို ဘာသာတရားနှင့် ထာဝရ ဘုရား ပညာရပ်တွင် ဘာသာ ရေး အမြင်နှင့် ဒဿန အမြင်များကို စိတ် ကျေနပ်ဖွယ် ပေါင်းစပ်ထားလေသည်။ သို့ပင်ဖြစ်သော်လည်း ဤဖြစ်စဉ် ထဲတွင် အန္တရာယ်များလည်း ရှိနေပေသည်။ ဤကိစ္စတွင် အခြေခံ အချက်အလက်များ၏ ဘက်ညီရေးကို ထိန်းသိမ်း ထားရန် လိုအပ်သည်။ သို့မဟုတ်ပါက ဖြစ်ပေါ်လာသော ဘာသာရေး ဆိုင်ရာ တန်ဖိုးများ၏ သမူဟ သဘောသစ် ပျက်စီးသွားနိုင်ပေသည်။

ဤကိစ္စသည် ၂ ရာစုနှင့် ၃ ရာစုမှ ခရစ်ယာန် ဂိုဏ်း အုပ် ဘုန်းတော်ကြီးများနှင့် ဓမ္မဆရာများ၏ အလုပ် ဖြစ် လာသည်။ ၎င်းတို့ အနေနှင့် ဆိုခဲ့ပြီးသော ဘက်ညီမှုကို ရှာဖွေ ဖော်ထုတ်ပြီး ခရစ်ယာန် မှုမှန် အယူဝါဒမှ သွေ ဖည်မှု မှန်သမျှကို ဖယ်ထုတ်ခဲ့ကြရပေသည်။

၂ ရာစု အတွင်း ခရစ်တော်၏ ပုဂ္ဂိုလ်ရေး ကိစ္စများ နှင့် လုပ်ငန်း ဆောင်တာများကို အဓိပ္ပာယ် ဖွင့်ဆိုမှုများ အနက် အယူ ဖောက်ပြန် လွဲမှားမှုများ၊ မိစ္ဆာ အယူများ အဖြစ် သတ်မှတ် ကြေညာခြင်း ခံခဲ့ရသော အယူဝါဒများမှာ နော့စတစ်နှင့် အာဆီယိုနိုက် အယူဝါဒများ ဖြစ်ကြလေသည်။

*နော့စတစ် ဝါဒ* [၃] ဆိုသော စကားသည် နော့ဆစ် (Gnosis) ဆိုသော စကားမှ လာသော စကား ဖြစ်သည်။ နော့ဆစ်၏ အဓိပ္ပာယ်မှာ အသိဉာဏ် ပညာကို စုဆောင်း ခြင်းဟု အနက် ရသည်။ ထိုအယူအဆသည် ထိုဂိုဏ်း၏ လက်ခွဲ များစွာ၌လည်း ထင်ရှားသော လက္ခဏာ ဖြစ်သည်။ ထိုဂိုဏ်းသည် ဒဿန ပညာကို ခရစ်ယာန် ဘာသာထဲသို့ ရောနှော ပေါင်းစည်းသွားအောင် ပြုလုပ်မည့် အစား ထို ဝါဒက ခရစ်တော်၏ ပုံပန်းသဏ္ဌာန်ကို ဂရိနှင့် အရှေ့တိုင်း ဘာသာ အယူဝါဒများ၏ ပြန်လည် ပေါင်းစည်း ညီညွတ် ခြင်း သရုပ် အဖြစ် ခံယူကြလေသည်။

နော့စတစ်များသည် ရုပ်နာမ်ကို အမှန်တရား နှစ်ခု အဖြစ် ခွဲခြားသော ဒွိတ္တဝါဒကို လက်ခံသည်။ ထိုနောက် ရုပ်လောကသည် အလွန် ယုတ်ညံ့သော သဘော ရှိသည့် အတွက် ဘုရားသခင်သည် ထိုရုပ်လောကကို ဖန်ဆင်းရန် အကြောင်း မရှိဟု ဆိုသည်။ လူ့ဘဝသို့ မဆင်းသက်မီက ယေရှု သခင်သည် *အီယွန်* [၄] ဟု ခေါ်သော နတ်သမီး နတ် သား (ဝိညာဉ်များ) အလယ်မှာ စံစားနေခဲ့သည်။ ထာဝရ ဘုရားသခင်သည် ယုတ်ညံ့သော ကမ္ဘာ၏ ဝေးကွာလှသော ကောင်းကင် အမြင့်ဘုံ၌သာ စံနေတော်မူသည်။ ထို့ထက် အဆင့် နိမ့်သော ဘုံ၌ ဤကမ္ဘာလောကကို ဖန်ဆင်းသော အရှင် နေသည်။ ထိုအရှင်သည် ဓမ္မဟောင်း ကျမ်းစာထဲမှာ ပါသော *ယေဟောဝါ* [၅] ဘုရား ဖြစ်သည်။ ထိုယေဟောဝါ ဘုရားသည် ယုတ်ညံ့သူ ဖြစ်သည်။ ထို့ကြောင့် သူသည် ဒြဗ်သဘောကို ဆောင်သော ရုပ်လောကကို ဖန်ဆင်းလေ သည်။

ဓမ္မဟောင်း ကျမ်းစာထဲတွင် ယေဟောဝါ ဘုရား၏ ယုတ်ညံ့သော သဘောဆိုးများ၊ အယူအဆများကို တွေ့ရ သည်။ အဒေင် ဥယျာဉ် ခေါ်သော လောက အမြင့်ဘုံ (အမတသုခဘုံ) ထဲက အသိပညာ သစ်ပင်၊ မြွေသည် နော့ စတစ် ဂိုဏ်းသားများ၏ အမြင်တွင် အာဒံနှင့် ဧဝ ဆိုသော လူ့ မျိုးနွယ်ဆက်၏ အမိ အဖ နှစ်ပါးကို ယေဟောဝါ ဘုရား၏ မှားယွင်းစွာ ဦးဆောင် ညွှန်ပြမှုမှ ကယ်တင်သော ကျေးဇူးရှင်သာ ဖြစ်သည်။ မကောင်းသော သွေးဆောင်သူ မဟုတ်ဟု ရှုမြင်ကြသည်။ ကရုဏာတော်ရှင် ဖြစ်သော နတ်သား ဘုရားသည် လောကကြီး၌ မကောင်းမှု ဒုစရိုက် များ များစွာ ဖြစ်ပွားနေသည်ကို မြင်တွေ့ ရသောအခါ သူ သည် ခန္ဓာကိုယ်ဖြင့် ရုပ်လွှဲ၍ ပြထားသော အသွင်ဆောင် ဖြင့် ဆင်းသက်တော်မူခဲ့လေသည်။ (သူ၏ အသားသည် အစစ် မဟုတ်၊ အပေါ်ယံ အမြင် သဘောမျှသာ ဖြစ် သည်။) ယုတ်ညံ့သော အသားဖြင့် ဖုံးလွှမ်းသော ကိုယ်တော်

---

၁။ Gnostic

၂။ Marcionite

၃။ Gnosticism

၄။ Aeon

၅။ Jehovah

အသွင်ဖြင့် လူ့ ဝိညာဉ်၏ ရုန်းကန် လှုပ်ရှားပုံကို ပြသတော်မူသည်။ ကိုယ်တော်၏ ရုပ်ခန္ဓာက တပသီ အကျင့်ကို ကျင့်၍ စိတ်ကမူ အသိဉာဏ်ပညာကို ရရှိအောင် ဆောင်ရွက် သိမ်းဆည်းတော်မူသည်။ ထိုအသိဉာဏ် ပညာသည် ရုပ် အနှောင်အဖွဲ့မှ ဝိညာဉ်တော်ကို လွတ်မြောက်စေပြီး သေခြင်း ကင်းသော အမတ ချမ်းသာသုခကို ရရှိစေနိုင်သည်။

ဤတွင် ခရစ်ယာန် အသင်းတော်များ အားလုံးက အားမပေးနိုင်သော ဘာသာရေး ဆိုင်ရာ အယူဝါဒများ ပါဝင်နေသည်။ ၄င်းတို့မှာ စကြဝဠာ လောကကြီး တစ်ခုလုံးကို ထာဝရ ဘုရား သခင်က အကြွင်းမဲ့ အုပ်စိုးခြင်း မပြုနိုင် ဆိုသော အယူအဆ၊ ယေဟောဝါ ဘုရား (ဓမ္မဟောင်း ကျမ်းစာပါ ဘုရား) သည် ယုတ်ညံ့သော ပုဂ္ဂိုလ်၊ အောက်တန်းကျသော ပုဂ္ဂိုလ် ဖြစ်သည် ဆိုသော အယူအဆ၊ ထို့ပြင် ဓမ္မဟောင်း သမ္မာကျမ်းစာသည် ဘာမျှ တန်ဖိုး မရှိသော ကျမ်းစာသာ ဖြစ်၍ ငြင်းပယ်ရမည် ဆိုသော အယူအဆ၊ ယေရှုသခင်သည် အမှန်တကယ် မွေးဖွား သန္ဓေစင်လာသူ မဟုတ်၊ အမှန်တကယ်လည်း သေခြင်း ဆင်းရဲကို ခံစားရသူ မဟုတ်၊ ထို့ကြောင့် ရှင်ပြန် ထမြောက်ခြင်းလည်း မဖြစ်နိုင် ဆိုသော အယူအဆများသည် ခရစ်ယာန် အယူမှန် သဘောမှ သွေဖည် ဖောက်ပြန်သွားသော အယူအဆများ ဖြစ်ကြလေသည်။

ဓမ္မဟောင်း သမ္မာကျမ်းစာသည် ဘာမျှ တန်ဖိုး မရှိ ဆိုသော အယူအဆသည် ရောမ နိုင်ငံသား *မာဆီယွန်* [၁] အား အလွန် ထကြွ လှုပ်ရှားသော ထိုဝါဒ အတွက် ရှေ့နေလိုက်သူ၊ ပြောဟောသူ ဖြစ်သွားစေခဲ့လေသည်။ သူသည် နော့စတစ် ဂိုဏ်းသားများနှင့် လုံးဝ အဆက်အသွယ် မရှိဘဲနှင့် ထိုသူများ၏ နောက်လိုက် ဖြစ်သွားကာ ဓမ္မဟောင်း ကျမ်းစာမှ ပါသော ဘုရားသခင်သည် အလွန် ရက်စက်သော တရား ဥပဒေသမား၊ အကြင်နာ ကင်းသော နတ်ဘုရား ဖြစ်သည်ဟု ထိုဘုရားအား ပုတ်ခတ် ပြောဆိုလေတော့သည်။

ထိုဘုရားသည် ရုပ်လောကကြီးကို ဖန်ဆင်းသည် ဆိုသော်လည်း ကိုယ်ကျင့် တရား အရ အောက်တန်းကျသည်။ ယုတ်ညံ့သည်။ အမှန်တကယ် ကောင်းမွန် မြင့်မြတ်သော ဘုရားသခင်သည် မမြင်နိုင်သော ဝိညာဉ် လောက၊ နတ်လောကများကို ဖန်ဆင်းတော်မူသည်။ ထိုမြင့်မြတ်သော ဘုရားသခင်ကိုမူ ရှေးခေတ်က တမန်တော်များ အနေနှင့် မသိနိုင်ခဲ့ကြပေ။ ခရစ်တော်သည်သာလျှင် ထိုမြင့်မြတ်သော ဘုရားသခင်ကို ပထမဆုံး ဖော်ထုတ်ပေးနိုင်သူ ဖြစ်လေသည်။

ဓမ္မဟောင်း ကျမ်းစာမှာ ပါသော ဘုရားက ဖန်ဆင်းသော ရုပ်လောကကြီး အတွင်း၌ လူတို့သည် သူတို့၏ ခန္ဓာအိမ် အကျဉ်းထောင်၌ အနှောင်အဖွဲ့ ခံနေကြရသည်။ သို့သော် ထိုသူတို့၏ အကျဉ်း ကျနေသော ဝိညာဉ်သည် ယေရှု ဘုရားသခင်ကို ယုံကြည် သက်ဝင်ခြင်းအားဖြင့် ရွေးယူခြင်း၊ ကယ်တင်ခြင်းကို ခံရနိုင်သည်။ ထိုသူတို့သည် ယေရှု ခရစ်တော်နှင့် ရှင်ပေါလု (စိန့်ပေါ) တို့ အတိုင်း ကျင့်ကြံအားထုတ်ကြရမည်။ ခြိုးခြံသော တပသီ အကျင့်၊ အိမ်ထောင် မပြုဘဲ နေခြင်း၊ ရုပ်လောကကို မုန်းတီး ငြီးငွေ့ခြင်း၊ ကောင်းမြတ်သော ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်နိုင်ရန် ကြိုးပမ်းခြင်းများကို ပြုလုပ်ရမည်။

မာဆီယွန်သည် သူ၏ အမြင်များကြောင့် ဖြစ်ပေါ်လာသော အလန့်တကြား ဖြစ်မှုကို တိုးပွားသွားစေရန် သူ၏ တပည့်များ အတွက် ကျမ်းစာများ ရေးသားခဲ့လေသည်။

ထိုသို့ ကျမ်းစာများ ရေးသားရာတွင် ရှင်ပေါလု၏ အရေးအသားများကိုပါ သူက တည်းဖြတ်ခဲ့သည်။ ရှင်လုက၏ ဂေါ့စပယ်များကိုလည်း သူ တည်းဖြတ် သုတ်သင်လေသည်။

ထိုသို့ တည်းဖြတ်ရာတွင် ဓမ္မဟောင်း ကျမ်းစာထဲမှာ ပါသော ဘုရားနှင့် ယေရှုနှင့် ဆက်စပ်သမျှ စာပုဒ်များ အားလုံးကို ဖယ်ရှား သုတ်သင်ပစ်လိုက်လေသည်။

ထိုမျှ မကသေး၊ သူသည် ရောမ မြို့ရှိ ခရစ်ယာန် အသင်းတော်နှင့်လည်း ခွဲထွက်ပြီးနောက် အသင်းတော်သစ်ကို ဖွဲ့စည်း တည်ထောင်ခဲ့လေသည်။

ဤ အပြုအမူ အဆောင်အရွက်များက ကမ္ဘာပေါ်ရှိ ခရစ်ယာန်များအား ထို ဆောင်ရွက်ချက်များ၏ အခြေခံသဘော အယူအဆများကို စုံစမ်း စစ်ဆေးရန် လှုံ့ဆော်ပေးခဲ့လေသည်။

### အသင်းတော် (ချား၍) ၏ အဖြေ-ဓမ္မသစ် ကျမ်းစာမှ သာသနာ ပြုရန် စေလွှတ်ခြင်း ခံရသူများ၏ သဘော အယူအဆများ၊ ဓမ္မခန္ဓာများ

ခရစ်ယာန် အသင်းတော် (ချား၍) ထဲတွင် အယူဝါဒ မှားယွင်း ဖောက်ပြန်မှုများကို ဆုံးမရန် အစီအစဉ်များ ပြုလုပ်ရေးကို ပထမဆုံး ရှင်းရှင်းလင်းလင်း ထုတ်ဖော် ပြောဆို

[၁] Marcion

သူမှာ အေရှမိုင်းနား အရပ်သား *အိုင်ရီးနေးယပ်စ်* [၁] ဆိုသူ ဖြစ်သည်။ ထို့ပြင် *ဂေါလ်* [၂] ပြည်နယ်ရှိ *လိုင်ယွန်* [၃] အရပ်က ဂိုဏ်းအုပ် ဘုန်းကြီး တစ်ပါးလည်း ပါသည်။

အေဒီ ၁၈၅ ခုနှစ်တွင် သူသည် ထင်ရှား ကျော်ကြားသော စာအုပ် တစ်အုပ်ကို ရေးသား ထုတ်ဝေခဲ့လေသည်။ စာအုပ်၏ အမည်မှာ *'မိစ္ဆာဒိဋ္ဌိကို ဆန့်ကျင်ခြင်း'* [၄] ဖြစ်သည်။ ဤစာအုပ်သည် အဆုံးအဖြတ် ပေးသော စာအုပ် အဖြစ်ဖြင့် အရေးပါခဲ့လေသည်။

ဤစာအုပ်ထဲတွင် ခရစ်ယာန် အယူဝါဒ အစစ်အမှန် အခိုင်အမာသည် ထိုဝါဒ၏ မူရင်း ကျသော သာသနာပြုရန် စေခိုင်းခြင်း ခံရသူများ၏ အယူဝါဒသာ ဖြစ်သည် ဆိုသော အချက်ကို သူက စောဒက တက်ထားသည်။

ခရစ်တော်၏ သာသနာ ပြုရန် စေခိုင်းခြင်း ခံရသော သာဝကကြီးများမှာ ပြီးပြည့်စုံသော အသိပညာ ရှိကြသည်။ ထိုပုဂ္ဂိုလ်ကြီးများ၏ သင်ကြားချက်များနှင့် သတင်း စကား (ဂေါ့စပယ်) များထဲမှာ မပါသော (ဝါ) ထိုသင်ကြားချက်များ၊ ဂေါ့စပယ်များနှင့် မကိုက်ညီသော အချက်များကို လက်မခံနိုင်ကြောင်း ရေးသား ဖော်ပြခဲ့လေသည်။

ဤ အယူအဆ အရ နော့စတစ် ဝါဒနှင့် မာဆီယွန် ဝါဒတို့ကို နှိမ်နင်းပစ်ရမည်ဟု ဆိုသည်။ ယေရှုသည် သူ၏ လျှို့ဝှက် သင်ကြားအပ်သော ဥပနိသျှည်းများကို သူ၏ လက်ရွေးစင် အန္တေဝါသိက အနည်းငယ်မျှကိုသာ ဝေမျှပေးခဲ့ခြင်း ဖြစ်သည် ဆိုသော နော့စတစ် ဝါဒီများ၏ စကားကို အိုင်ရီးနေးယပ်စ်က ပြန်လည် တုံ့ပြန် ချေပ ပြောဆိုရာတွင် အကယ်၍ ထိုကဲ့သို့ လျှို့ဝှက် သင်ကြားချက် အသိပညာများ ရှိခဲ့ပါမူကား ထိုစကားများကို သာသနာ ပြုရန် စေခိုင်းခြင်း ခံရသူများ တည်ထောင်ခဲ့သော အသင်းတော်များသည် လက်ဆင့်ကမ်း သယ်ဆောင် လာခဲ့ကြပေလိမ့်မည်ဟု သူက ထောက်ပြခဲ့လေသည်။ ထိုကဲ့သို့ သာသနာပြုရန် စေခိုင်းခြင်း ခံကြရသော တပည့်ကြီးများကို အခြေခံ အုတ်မြစ်ထား၍ တည်ထောင်ခဲ့ကြသော အသင်းတော်များ၌ ထိုကဲ့သို့သော အစဉ်အလာများ ရှိကြောင်းကို မတွေ့ရဟု သူက ဆိုလေသည်။

ခြုံ၍ ပြောရလျှင် ခိုင်မာသော အယူဝါဒကို ရရှိလိုလျှင် အပေါ်ဆယ်များ တည်ထောင်ခဲ့သော အသင်းတော်များ၊ အပေါ်ဆယ်များ၏ ရေးသားချက်များနှင့် ခရစ်ယာန် ဂိုဏ်းအုပ် ဘုန်းတော်ကြီးများကို အားကိုးကြရမည်သာ ဖြစ်သည်ဟု သူက ဆင်ခြေပေးလေသည်။

ဤအဖြေကို အနောက်တိုင်းက ခရစ်ယာန် အသင်းတော် (ချာ့ချ်) များက နှစ်သက်ကြလေသည်။ အထူးသဖြင့် ရောမ မြို့မှ ချာ့ချ်က နှစ်သက် သဘောကျလေသည်။ ထိုအသင်းတော် (ချာ့ချ်) တွင် အေဒီ ၁၅၀ နှင့် ၁၇၅ ခုနှစ်များ အကြား ကာလတွင် နော့စတစ်နှင့် မိုက်ဆီယန် ဂိုဏ်းသားများ၏ အယူဝါဒကို ဆန့်ကျင်သော ဗတ္တိဇံ (နှစ်ခြင်း မင်္ဂလာ) နှင့် ပတ်သက်သော အယူဝါဒကို ဖွဲ့စည်း တည်ထောင်ခဲ့ကြလေသည်။

ဤ အယူဝါဒကို အပေါ်ဆယ် အယူဝါဒ ဟု အိုင်ရီးနေးယပ်စ် အလိုကျ ခေါ်ကြလေသည်။

ထို အယူဝါဒကို ဖော်ဆောင်သော စကားများမှာ အောက်ပါ အတိုင်း ဖြစ်သည်။

> *'ကျွန်ုပ်သည် အနန္တ တန်ခိုးတော်ရှင် အဖဘုရားသခင်ကို သက်ဝင် ယုံကြည်ပါ၏၊ ထို့ပြင် သူ၏ တစ်ဦးတည်းသော ဖန်ဆင်းတော်မူသော သန့်ရှင်းသော ဝိညာဉ်တော်နှင့် အပျိုစင် မယ်တော် မာရီတို့မှ ဖွားမြင်တော်မူ၍ ပုန္တိပိလမင်း လက်ထက်တွင် ကားတိုင်ပေါ်၌ ကွပ်မျက်ပြီး မြေမြှုပ် သင်္ဂြိုဟ်ခြင်း ခံရသော ယေရှု ခရစ်တော်၊ တတိယမြောက် နေ့တွင် ရှင်ပြန် ထမြောက်တော်မူပြီးလျှင် အဖ ဘုရားသခင်၏ လက်ယာဘက် ကောင်းကင်ဘုံ၌ စံနေတော်မူသော၊ နောက်ဆုံးနေ့၌ ပြန်လာပြီးလျှင် သေသူ ရှင်သူ အားလုံးကို တရား စီရင်မည့် သခင် ယေရှု ခရစ်တော်အားလည်း သက်ဝင် ယုံကြည်ပါ၏။*
>
> *ထို့ပြင် သန့်ရှင်းသော ဝိညာဉ်တော်၊ သန့်ရှင်းသော အသင်းတော်၊ အပြစ်တို့ကို ခွင့်လွှတ်တော်မူခြင်းနှင့် ရှင်ပြန် ထမြောက်ခြင်း သဘောများကိုလည်း သက်ဝင် ယုံကြည်ပါ၏။*

ဤစာပိုဒ်သည် ခရစ်ယာန် အယူမှန် ဝါဒကို အကျဉ်းရုံးထားသော သာသနာပြု စေခိုင်းခြင်း ခံရသူများ၏ အယူဝါဒ အမှန် ဖြစ်လာလေသည်။

ခရစ်ယာန် အသင်းတော် (ချာ့ချ်) ၏ ကြိုးပမ်းချက်ကြောင့် နောက်ထပ် ပေါ်ထွက်လာသော အချက် တစ်ချက်မှာ သာသနာပြုရန် စေခိုင်းခြင်း ခံရသူများ၏ အစဉ်အလာ အတိုင်း ကျမ်းစာများကို အခိုင်အမာ ပြဋ္ဌာန်းခြင်း ဖြစ်လေသည်။ အေဒီ ၂ ရာစု ကုန်ခါနီး အချိန်လောက်တွင် ယခု မျက်မှောက်ခေတ် အထိ လက်ခံလာခဲ့ကြသော သမ္မာ ကျမ်း

---

၁။ Irenaeus
၂။ Gaul
၃။ Lyons
၄။ Against the Heresies

စာ၏ ဓမ္မသစ် ကျမ်းစာကို အားလုံး သဘောတူ လက်ခံ အောင် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ဓမ္မသစ် ကျမ်းစာထဲတွင် ရင်းမြစ် အခြေခံ မရေမရာ သော အချက်အလက်များ အားလုံးကို သေချာစွာ စိစစ်ပြီး နောက် ၄င်းတို့၏ တန်ဖိုး အပေါ် သံသယ ဖြစ်စရာ ဖြစ်လျှင် ထိုမခိုင်မာသော အချက်အလက် အားလုံးကို ဖယ်ထုတ် ပစ်ခဲ့ကြလေသည်။

ခရစ်ယာန် အသင်းတော်သည် ဤ ဆောင်ရွက်ချက် များကို ဆောင်ရွက်ခဲ့ခြင်းအားဖြင့် မိမိကိုယ်ကို ဂိုဏ်း အစိတ်စိတ် ကွဲပြီး ပပျောက်သွားခြင်း မရှိရလေအောင် အခိုင်အမာ တည်ဆောက်နိုင်ခဲ့လေတော့သည်။

## ကေရာဇ် နိုင်ငံတော် ဘာသာ အဖြစ် ခရစ်ယာန် ဘာသာ၏ အောင်မြင်မှု

ထိုစဉ် ကာလ၌ ရောမ၏ ဗဟို အစိုးရသည် ခရစ်ယာန် ဘာသာကို တရားဝင် ဆန့်ကျင်နေဆဲ ဖြစ်လေသည်။ ၂ ရာစု အတွင်း ကြီးထွားလာသော ခရစ်ယာန် အသင်းတော် များ ဥရောပ၌ အင်အား ကြီးမားသော ဘာသာ တစ်ခု ဖြစ် လာပြီ ဖြစ်ကြောင်းကို အသင်း အဖွဲ့ တည်ထောင်မှု အဆောက်အအုံ အဖြစ် ဖော်ပြချက် တစ်ခု ဖြစ်လာပြီ ဆို သည်ကို အစိုးရက သိမြင်လာလေတော့သည်။ ထို့ပြင် ဤ အယူဝါဒသည် ရှေးက လူရိုင်းတို့၏ ယုံကြည် ကိုးကွယ်မှု ကို ပြင်းထန်စွာ စိန်ခေါ်မှုလည်း တိုးပွားနေပြီ ဖြစ်ကြောင်း ကို နားလည်လာရပေတော့သည်။

ခရစ်ယာန် သာသနာသည် ဂရိနှင့် ရောမ ယဉ်ကျေးမှု များကို ၄င်းတို့၏ ကိုယ်ကျင့်တရားနှင့် ဝိညာဉ်ပိုင်းဆိုင်ရာ ထူးခြားသော အရောင်အသွေးကို ဖြစ်ပေါ်စေရကား ထို ဘာသာရေး တန်ဖိုးများသည် ရှေးက လက်ခံထားသော ဘာသာရေး တန်ဖိုးများကိုပါ ခြိမ်းခြောက်ကာ လုံးဝ တွန်း လှန်ပစ်မည့် အနေအထားသို့ ရောက်ရှိနေပြီ ဖြစ်၏။ ဤ အချက်သည် အစိုးရအား စတင် ဒုက္ခ ပေးလျက် ရှိ၏။ ရောမ အင်ပိုင်ယာကြီး ဆက်လက် ရှင်သန်နေနိုင်ပါ့မလား။ လှည့်လည် နေကြသော လူရိုင်း အုပ်စုများသည် ဒန်ချူနှင့် ရိုင်းမြစ်ကြောင်း တစ်လျှောက်တွင် ရောမ အင်ပိုင်ယာထဲသို့ အလုံးအရင်းနှင့် ချင်းနင်း ဝင်ရောက် တိုက်ခိုက်ရန် အတွက် အသင့် အနေအထားဖြင့် ရပ်တန့်နေကြသည်။ ထိုကဲ့သို့ ရန်စောင်နေရာက ဝင်ရောက် တိုက်ခိုက်လာပါက ငြိမ်းချမ်း ရေးသမား ခရစ်ယာန်များလည်း ခုခံနိုင်မည် မဟုတ်။ ရောမ လူမျိုးများ ကိုယ်တိုင်လည်း ခုခံနိုင်မည် မဟုတ်။ ထိုသူတို့အား ခရစ်ယာန် ဘာသာဝင်တို့၏ ဘုရား တရား ကြည်ညိုမှုနှင့် လောကုတ္တရာ အမြင်များ တစ်စိတ်တစ်ပိုင်း အားဖြင့် ကူးစက်သွားနိုင်ပေသေးသည်။ တစ်စုံတစ်ခု ပြု လုပ်မှ ဖြစ်ပေတော့မည်။

*မားကတ် အော်ရေးလိယပ်* [၁] (၁၆၁-၁၈၀ အေဒီ) သည် ပင်ကိုအားဖြင့် နှစ်သက်ဖွယ် ကောင်းသောသူ ဖြစ် သည်။ သူ့မှာ စတုဝစ် ဝါဒဟု ခေါ်သော ဥပေက္ခာ ဝါဒ အမြင် လွှမ်းမိုးနေရကား သူ့အုပ်စိုးမှု ခေတ်ကုန်ခါနီးတွင် သူ့ပိုင်နက် နယ်ပယ် အတွင်း၌ ခရစ်ယာန် ဘာသာဝင်များ အား အပြင်းအထန် နှိပ်စက် ညှဉ်းပန်းမှုကို စတင် ဆောင် ရွက်လေတော့သည်။ *ဆက်ပတိမတ် ဆာဗားရုပ်* [၂]၊ *ကာရာ ကာလာ* [၃] နှင့် *မက်ဆီမိမတ်* [၄] တို့ကလည်း မားကတ် အော်ရေးလိယပ် နည်း အတိုင်း ခရစ်ယာန် လှုပ်ရှားမှုကို တားဆီး ပိတ်ပင်ကြလေသည်။

သို့သော် ၃ ရာစု ခေတ် အလယ်သို့ မရောက်မီမှာပင် ရောမ ဗဟို အစိုးရသည် လုံးလုံးလျားလျား အလန့်တကြား ဖြစ်လာလေတော့၏။

ကေရာဇ်ဘုရင် *ဒေစီးယပ်* [၅] သည် အန္တရာယ်နှင့် ရင် ဆိုင်နေရသော နယ်စပ် ဒေသမှ ပြန်လာသော အခါ ခရစ် ယာန် ဘာသာကြောင့် စိတ်ဓာတ် ပျော့ညံ့သော အန္တရာယ် နှင့် ကြုံတွေ့ပြီး စိတ်အား ထက်သန်ခြင်း မရှိဘဲ ဖြစ်နေ ကြသည်ကို သတိ ပြုမိလေတော့သည်။

အေဒီ ၂၅၀ ခုနှစ်တွင် သူသည် အမိန့် ပြန်တမ်း တစ် စောင်ကို ထုတ်ဝေလိုက်လေသည်။ ထို အမိန့် ပြန်တမ်း အရ နိုင်ငံသားတိုင်းသည် ကေရာဇ် ဘုရင်၏ ရုပ်တုတွင် ယဇ်ပူဇော်မှု ပြုကြောင်း သက်သေခံ လက်မှတ် တစ်စောင် စီ ရယူရမည်၊ ထိုလက်မှတ်ထဲတွင် သက်ဆိုင်ရာ တာဝန်ခံ အရာရှိက ထိုသူသည် ဘုရင် ရုပ်တုတွင် ယဇ် ပူဇော် ကြောင်းကို သက်သေခံ လက်မှတ် ရေးထိုးရမည်ဟု ဖော် ပြထားလေသည်။ ထို သက်သေခံ လက်မှတ် ရယူရန် ပျက် ကွက်သူသည် သေဒဏ် ကျခံရမည် ဖြစ်သည်။

ထိုအမိန့် ပြန်တမ်း ထုတ်ဝေပြီးနောက် ဘာသာရေး နှိပ်စက် ညှဉ်းပန်းမှုတွင် အာဇာနည် အဖြစ် အသေခံသွား ကြသူများမှာ ရောမနှင့် အန်တီအုက် မြို့များရှိ ဂိုဏ်းအုပ် ဘုန်း

---

[၁]။ Marcus Aurelius

[၂]။ Septimus Severus

[၃]။ Caracalla

[၄]။ Maximimus

[၅]။ Decius

တော်ကြီးများ ဖြစ်ကြလေသည်။ အခြား လူများစွာတို့မှာလည်း သေသူ သေ၊ အညှဉ်းဆဲ အနှိပ်စက်ခံသူ ခံကြရလေသည်။ သို့သော်လည်း ထိုခရစ်ယာန်တို့သည် အလျှော့ အရှုံး မပေးဘဲ နေခဲ့ကြလေသည်။ လူများစွာလည်း အစိုးရ၏ ဖိနှိပ်ဒဏ်ကို မခံမရပ်နိုင်ဘဲ အလျှော့ အရှုံး ပေးကြလေသည်။

ကြောက်ရွံ့၍ ဖြစ်စေ၊ အင်အား မရှိ၍ ဖြစ်စေ လက်လျှော့ အရှုံး ပေးသူများကို သစ္စာရှိ ခရစ်ယာန်များက 'မှောက်မှား ပျက်ကွက်ကြသူများ' ဟု ခေါ်ကြလေသည်။

အခြား လူများကလည်း တာဝန် ရှိသော အစိုးရအရာရှိများကို သက်သေခံ လက်မှတ်များ ထုတ်ပေးရန်အတွက် တံစိုး ထိုးကြလေသည်။ ထိုကဲ့သို့ အမှန်တကယ် ဘုရင့် ရုပ်တုတွင် ယဇ် ပူဇော်ခြင်း မပြုဘဲ ယဇ်ပူဇော်သူဖြစ်ပါသည် ဆိုသော သက်သေခံ လက်မှတ် ရယူသူများမှာလည်း သစ္စာ ရှိသော အပြစ်ကို ဝန်ခံသူ ခရစ်ယာန်များ၏ အမြင်တွင် အယူ ဖောက်ပြန်သူများပင် ဖြစ်ကြလေသည်။

ဘာသာရေး ညှဉ်းပန်း နှိပ်စက်မှုကြီးသည် မကြာခင်မှာပင် အဆုံး သတ်သွားလေသည်။ ထိုအခါ အယူ ဖောက်ပြန်သူ များစွာတို့သည် ခရစ်ယာန် အသင်းတော်ထဲသို့ ပြန်လည် ဝင်ရောက်လာကြလေသည်။ ရလဒ်မှာ တချို့သော တင်းကျပ်သော ခရစ်ယာန် ဘာသာဝင်များက သင်းခွဲဂိုဏ်းခွဲခြင်းကို ဖန်တီးကြပြီး ထိုသူများအား အသင်းတော်သို့ ပြန်လည် လက်ခံခြင်းကို ကန့်ကွက်ကြလေသည်။

ဧကရာဇ် *ဝါလေရီယန်* [၁] လက်ထက်တွင် ဘာသာရေး ညှဉ်းပန်း နှိပ်စက်မှုကြီးကို အပြင်းအထန် ပြန်လည် ပြုလုပ်ပြန်သည်။ ခရစ်ယာန် အသင်းတော်ပိုင် ပစ္စည်းပစ္စယ များစွာကို သိမ်းယူပြီး အဆင့်မြင့် ဘုန်းတော်ကြီးများမှာ အာဇာနည် အဖြစ် ကွပ်မျက်ခြင်းကို ခံကြရလေသည်။ သို့ရာတွင် ဧကရာဇ် ဘုရင်သည် ပါရှန် လူမျိုးများထံတွင် သုံ့ပန်း အဖြစ် ကျရှုံးသွားသော အခါ သူ၏ အမိန့်ကိုလည်း ပြန်လည် ရုပ်သိမ်းလိုက်လေသည်။

နောက်ဆုံး အကြိမ် ဘာသာရေး ညှဉ်းပန်း နှိပ်စက်မှုကြီးကို အေဒီ ၃၀၃ ခုနှစ်တွင် ဧကရာဇ် ဘုရင် *ဒိုင်အိုကလီရှန်* [၂] မင်းလက်ထက်တွင် ပြုလုပ်ပြန်သည်။ ခရစ်ယာန် အသင်းတော် (ချားချ်) များ အားလုံးကို ဖျက်သိမ်းပစ်ရမည်ဟု အမိန့် ပြန်တမ်းများ ဆက်ခါ ဆက်ခါ ထုတ်လေသည်။ ခရစ်ယာန် ကျမ်းစာများကိုလည်း ဘဏ္ဍာတော် အဖြစ် သိမ်းယူရမည်၊ ဂိုဏ်းအုပ်များနှင့် ၎င်းထက် နိမ့်ကျသော ရာထူး အဆင့် ရှိသော ဘုန်းတော်ကြီးများကို ၎င်းတို့ကိုယ်တိုင် ဆီဇာ၏ ရုပ်တု၌ ယဇ် ပူဇော်ခြင်း မပြုသမျှ နှိပ်စက် ညှဉ်းဆဲရမည်၊ သာမန် ခရစ်ယာန် ဘာသာဝင်များကိုလည်း အလားတူ ယဇ် ပူဇော်အောင် အတင်းအကျပ် ပြုလုပ်ရမည်ဟု အမိန့် ပြန်တမ်းများ အကြိမ်ကြိမ် ဆက်ခါ ဆက်ခါ ထုတ်ခဲ့လေသည်။

သို့ရာတွင် ဘာသာရေး ညှဉ်းပန်း နှိပ်စက်မှုကြီး ခရီး မတွင်ခင်မှာပင် ဒိုင်အိုကလီရှန် ဘုရင်သည် တိုင်းပြည်တာဝန် ကြီးလေးခြင်း ဝန်ထုပ်ကို မထမ်းဆောင်နိုင်တော့သဖြင့် ထီးနန်း စွန့်၍ အနား ယူသွားလေသည်။

ထိုမင်း နောက်ပိုင်းတွင် ဘာသာရေး ညှဉ်းပန်းမှု ကလေးများသာ ဟိုမှာ သည်မှာ ကွက်ကျား ဖြစ်ပေါ်ခဲ့လေတော့သည်။ ဒိုင်အိုကလီရှန်မင်း နောက်ပိုင်းတွင် ရောမ အင်ပိုင်ယာကို ဆီဇာ လေးဦးတို့က ညှိနှိုင်း အုပ်ချုပ် ကျန်ရစ်ခဲ့ကြလေသည်။ မကြာမီမှာပင် ဆီဇာ လေးဦး အကြားတွင် မသင့်မတင့်မှုများ ဖြစ်ပေါ်လာပြီးလျှင် ညီညွတ်မှု ပျက်ပြားသွားလေတော့သည်။

၎င်း လေးဦး အနက် တစ်ဦး၏ သား ဖြစ်သူသည် ခရစ်ယာန် ဘာသာကို လိုလားသူ ဖြစ်သည်။ ထိုသူ၏ အမည်မှာ *ကွန်စတင်တိုင်* [၃] ဖြစ်သည်။ ထိုသူသည် အတိုက်အခံ အားလုံးကို အနိုင် ရရှိပြီးနောက် အေဒီ ၃၂၃ ခုနှစ်တွင် အင်ပိုင်ယာကြီး တစ်ခုလုံး၏ တစ်ဦးတည်းသော မင်း ဧကရာဇ် ဖြစ်လာလေတော့သည်။

ကွန်စတင်တိုင် မင်းသည် အခြေအနေ အရပ်ရပ်ကို လုံးဝ ပြောင်းလဲသွားအောင် ဆောင်ရွက်လေသည်။ အေဒီ ၃၁၃ ခုနှစ်ကတည်းက သူသည် အခြားသော အာဏာ ယှဉ်ပြိုင်ဘက် တစ်ဦး ဖြစ်သူနှင့် အတူ ခရစ်ယာန် ဘာသာဝင်များ၏ လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို ပေးသည့်ပြင် ခရစ်ယာန် ဘာသာဝင်များကိုလည်း အခြားသော ဘာသာဝင်များနှင့် အတူ တန်းတူ အခွင့်အရေး ပေးခဲ့လေသည်။

ထိုအချိန်တွင် မှန်သည် မှားသည် အတည် မပြောနိုင်သော ဖြစ်ရပ် တစ်ခု ကွန်စတင်တိုင်မှာ ဖြစ်ခဲ့သည် ဆို၏။ ၎င်းမှာ ကောင်းကင်ပေါ်၌ ခရစ်တော်၏ လက်ဝါး ကပ်တိုင်ကို သူ မြင်ရသည်။

'ဤအမှတ်အသားဖြင့် သင်သည် အထွတ်အထိပ်သို့ ရောက်လတ္တံ့' ဆိုသော ကမ္ပည်း ကျောက်စာကိုလည်း သူ တွေ့ရသည် ဆို၏။

---

[၁] Walerian
[၂] Diocletian
[၃] Constantine

ထို့ကြောင့် သူသည် ဗတ္တိဇံ နှစ်ခြင်း မင်္ဂလာ မပြုရသေးစေကာမူ သူ့ အထွတ်အထိပ်သို့ ရောက်ရှိရေး အတွက် ခရစ်ယာန် ဘုရားကို မျှော်လင့် အားကိုးခဲ့သည်ဟု ဆိုသည်။

ထို့ကြောင့် ကွန်စတင်တိုင်သည် ပြိုင်ဘက် ကင်းသော ဧကရာဇ်မင်း ဖြစ်လာသောအခါ ကက်သလစ် အသင်းတော် အင်အား ကြီးထွား ခိုင်မာရေး အတွက် သန္နိဋ္ဌာန် ချ၍ ဆောင်ရွက်လေတော့သည်။

သူသည် ခရစ်ယာန် အသင်းတော်မှ ဆုံးရှုံးသွားသော ပစ္စည်းများကို ပြန်လည် ဖြည့်တင်းပေးရုံမျှမက နောက်ထပ် ပစ္စည်း ပစ္စယ များစွာကိုလည်း ဖြည့်တင်းပေးခဲ့လေသည်။ သူသည် အယူ ဖောက်ပြန် လွဲမှားမှု အားလုံးကို မလိုလား၊ ခရစ်ယာန် သင်းခွဲ ရောဂါများကိုလည်း ကုစားပစ်လေသည်။

အကြောင်းမှာ သူ၏ နိုင်ငံတော်ထဲတွင် စည်းလုံး ညီညွတ်မှုကို လိုလားသောကြောင့် ဖြစ်၏။ ထိုညီညွတ်မှုကိုလည်း ခရစ်ယာန် ဘာသာ၏ စည်းလုံး ညီညွတ်မှုကို တည်ဆောက်ခြင်းဖြင့် ရယူရန် သူ မျှော်မှန်းခဲ့လေသည်။ သူ့ လက်ထက်တွင် အစပြု၍ ခရစ်ယာန်တို့၏ တနင်္ဂနွေနေ့ကို တရားဝင် အလုပ် နားရက် အဖြစ် သတ်မှတ် ပေးခဲ့လေသည်။ သူ့ လက်ထက်တွင် အသင်းတော် ဝတ်ကျောင်း အသစ်များကို တည်ဆောက်ပေးသည့်ပြင် အခြားသူများကိုလည်း ရပ်တု ကိုးကွယ်သူများ၏ စရိတ်ဖြင့် ဝတ်ကျောင်းတော် အသစ်များ တည်ဆောက်ကြရန် အမိန့် ပြန်တမ်း ထုတ်ခဲ့လေသည်။

အမှန်ပင် သူ၏ ရည်မှန်းချက်သည် ကြီးကျယ်လေသည်။ ထိုသာသနာရေး လုပ်ငန်း အားလုံးကို တက်ကြွစွာ ဦးစီး ချုပ်ကိုင်ရေးကိုပါ သူ စီမံ ဆောင်ရွက်ခဲ့လေသည်။ သူ့ကို အရိုက်အရာ ဆက်ခံသူများကလည်း သူ့ခြေရာကို ဆက်နင်း၍ လိုက်ခဲ့ကြလေသည်။

အေဒီ ၃၈၃ ခုနှစ်ကို ရောက်သော အခါ ခရစ်ယာန် ဘာသာကို ဧကရာဇ် နိုင်ငံတော်၏ နိုင်ငံတော် ဘာသာ အဖြစ် အသိအမှတ်ပြု ကြေညာခဲ့လေတော့သည်။

## အာရိယန် အငြင်းပွားမှုနှင့် နိုက်ဆင်း မူဝါဒ[၁]

ဤ အဖြစ်အပျက်များ ဖြစ်ပွား ပေါ်ပေါက်နေစဉ်မှာပင် ကက်သလစ် အယူဝါဒ၏ သာသနာရေး ပညာပိုင်းဆိုင်ရာ ဖြစ်ပေါ်မှုများမှာလည်း တဖြည်းဖြည်း ရှေ့သို့ တိုးပွားနေလေသည်။ မြောက် အာဖရိကတိုက်၌ *တာကျူလီယန်*[၂] နှင့် *ဆိုက်ပရီယန်*[၃] များ၊ အလက်ဇန္ဒရီးယားတွင် *ကလီမင့်*[၄] နှင့် *အိုရီဂင်*[၅] တို့သည် ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်တို့၏ ဆက်နွယ်မှုနှင့် ပတ်သက်သော အယူဝါဒကို စင်ကြယ်၍ ဆန့်ခါတင် ဖြစ်အောင် အဓိပ္ပာယ် သတ်မှတ်ခြင်းကို စတင် ပြုလုပ်နေကြလေပြီ။ ထို့ပြင် ခရစ်ယာန် အသင်းတော်၏ အခွင့်အာဏာ ရရှိရေးကိုလည်း တောင်းဆိုနေကြလေပြီ။ သို့ရာတွင် ၎င်းတို့ အချင်းချင်း ကြားတွင် အပြည့်အဝ သဘော တူညီမှုကို မရရှိနိုင်သဖြင့် တစ်ဖက်နှင့် တစ်ဖက် အပြင်းအထန် စကားစစ် ထိုးသော အငြင်းပွားမှုကြီးများ ဖြစ်ပေါ်လာလေတော့သည်။

ဤ ကိစ္စသည် ကမ္ဘာ့ ခရစ်ယာန် အသင်းတော်များ ကောင်စီ စည်းဝေးပွဲကြီး ကျင်းပပြီး ဖြေရှင်းမှသာ ပြီးပြေနိုင်သော ကိစ္စ ဖြစ်မည်ဟု ကွန်စတင်တိုင် ဘုရင်ကြီး၏ စိတ်မှာ ခံစားမိလေသည်။

ပတ်ဝန်းကျင် အခြေအနေ အရပ်ရပ်မှာ ဤသို့ ဖြစ်လျက် ရှိ၏။ အလက်ဇန္ဒရီးယား မြို့မှ ပညာရှိ ခရစ်ယာန် အသင်းတော် လူကြီး တစ်ဦး ဖြစ်သူ *အာရိယပ်*[၆] ဆိုသော ပုဂ္ဂိုလ်သည် ခရစ်တော်သည် အကြွင်းရှိ ပုဂ္ဂိုလ်လား၊ အကြွင်းမဲ့ ထာဝရ ပုဂ္ဂိုလ် ဖြစ်သလား ဆိုသော အယူအဆ၌ သူ၏ ခရစ်ယာန် ဂိုဏ်းအုပ် ဘုန်းတော်ကြီးနှင့် အမြင်ချင်း ကွဲပြားခဲ့လေသည်။

အာရိယပ်က ခရစ်တော်သည် လိုဂေါ့ ခေါ် ဘုရားသခင်၏ ဉာဏ်တော် အဖြစ်ကပင် ဖန်ဆင်းခြင်းကို ခံရသော ပုဂ္ဂိုလ် ဖြစ်သည်။ သူ့ကိုလည်း အခြားသော သတ္တဝါများလိုပင် ဘာမှ မရှိသော အဖြစ်မှ ဖန်ဆင်းခဲ့သော ပုဂ္ဂိုလ် ဖြစ်သောကြောင့် ခရစ်တော်သည်လည်း အနိစ္စသာ ဖြစ်ရမည်၊ ထာဝရ မဖြစ်နိုင်။ ထို့ကြောင့် သူမှာ ထာဝရ ဘုရားသခင်နှင့် ထပ်တူထပ်မျှ ဖြစ်သော အထည်ဒြပ် ဘာမှ ပါမလာနိုင်ဟု အာရိယပ်က ဆိုလေသည်။ သားတော်သည် မူလ အစ ရှိသော ပုဂ္ဂိုလ် ဖြစ်သည်၊ ထာဝရ ဘုရားသခင်ကား အစ မထင်၊ အစ မရှိသော ပုဂ္ဂိုလ် ဖြစ်သည်ဟု သူက ဆိုသည်။

အာရိယပ်၏ ဘိရော့ (ဂိုဏ်းအုပ် ဘုန်းကြီး) ကမူ သားတော်သည် ထာဝရ ဖြစ်သည်၊ ဖန်ဆင်းခြင်း ခံရသော

---

၁။ Arian Controversy and the Nicene Creed

၂။ Tertullian
၃။ Cyprian
၄။ Clement
၅။ Origen
၆။ Arius

ပုဂ္ဂိုလ် သတ္တဝါမျိုး မဟုတ်၊ ထို့ကြောင့် ထာဝရ ဘုရား သခင်နှင့် အနှစ်သာရအားဖြင့် တူသော သဘော ရှိသည်ဟု အပြင်းအထန် ဆင်ခြေ တက်လေသည်။ ဂိုဏ်းအုပ် ဘုန်းတော်ကြီးသည် ဘုန်းကြီး အစည်းအဝေး ကျင်းပ ပြုလုပ်ပြီးနောက် အာရိယပ်အား ကျမ်းကျိန်နိုင်းလေသည်။

သို့ရာတွင် ဤသို့ ပြုလုပ်ခြင်းသည် အငြင်းပွားမှုကို အရှေ့ဘက် ကမ္ဘာသို့ ပြန့်ပွားသွားအောင် ပြုလုပ်လိုက်သလို ဖြစ်သွားလေတော့သည်။

ဤသို့ ဖြစ်ခြင်းမှာ အေဒီ ၃၂၁ ခုနှစ်တွင် ဖြစ်၏။ ကွန်စတင်တိုင် ဘုရင် လက်ထက်မှာ ဖြစ်၏။ ထိုအခါ ကွန်စတင်တိုင် ဘုရင်ကြီးက ဇွေစပ် ဖြေရှင်းရန် အားထုတ်သော ကြိုးပမ်းမှု မအောင်မမြင် ဖြစ်ပြီးနောက် ခရစ်ယာန် အသင်းတော် အားလုံး၏ စည်းဝေးပွဲကြီး တစ်ခု ပြုလုပ်ရန် တောင်းဆိုပြီး ဤကိစ္စကို အပြီးအပြတ် ဖြေရှင်းစေခဲ့လေသည်။

၃၂၅ ခုနှစ် နွေရာသီတွင် အရှေ့ဘက် ကမ္ဘာခြမ်းမှ ဂိုဏ်းအုပ် ဘုန်းကြီး ကိုယ်စားလှယ် အဖွဲ့ သုံးရာတို့သည် *နိုက်ဆင်း*[၁] မြို့တွင် တွေ့ဆုံ စည်းဝေးကြလေသည်။

ထို စည်းဝေးပွဲကြီးမှ 'နိုက်ဆင်း မူဝါဒ' ဟု ခေါ်သော ထင်ရှား ကျော်ကြားသော အယူဝါဒမူကို ချမှတ်ပေးခဲ့လေသည်။

နိုက်ဆင်း အယူဝါဒ မူမှာ အောက်ပါ စာပိုဒ်တွင် ဖော်ပြထားသော အတိုင်း ဖြစ်သည်။

'ကျွန်ုပ်တို့သည် တန်ခိုးတော် အနန္တ၊ ဉာဏ်တော် အနန္တနှင့် ပြီးပြည့်စုံတော်မူသော မြင်ရ မမြင်ရ အရာ ခပ်သိမ်းကို ဖန်ဆင်းတော်မူသော တစ်ပါးတည်းသော ထာဝရ ဘုရားကို ယုံကြည် သက်ဝင်ပါ၏။ ထို့ပြင် အဖ ဘုရား၏ သားတော် ဖြစ်သော၊ အဖ ဘုရားသခင်၏ ကိုယ်မှ ဖြစ်သော၊ ဘုရားမှ ပွားသော ဘုရား၊ အလင်းရောင်မှ ပွားသော အလင်းရောင်၊ စစ်မှန်သော ဘုရားသခင်မှ ပွား၍ ဖြစ်သော စစ်မှန်သော သားတော် ဘုရား ဖြစ်သော ယေရှု ခရစ်တော်ကိုလည်း ယုံကြည် သက်ဝင်ကြပါ၏။ *ခရစ်တော်သည် ဘုရား၏ ကိုယ်မှ ပွား၍ ဖြစ်သော ဘုရားသာ ဖြစ်သည်။ ဘုရားက မိမိ၏ အထည်ဒြပ်မျိုး ဖြစ်အောင် ဖန်ဆင်းသော အရှင် မဟုတ်၊ အဖ ဘုရားနှင့် သားတော် ဘုရားသည် တစ်ခုတည်း တစ်သဘောတည်းသာ ဖြစ်သည်။* ထိုဘုရားမှ တစ်ဆင့်သာလျှင် ကောင်းကင်နှင့် မြေပေါ်ရှိ အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသည်။ ထို သားတော် ဘုရားသည် ကျွန်ုပ်တို့ကို ကယ်တင်ရန် အလို့ငှာသာလျှင် လူသားအသွင်ဖြင့် လူ့ပြည်သို့ ဆင်းသက်တော်မူပြီးလျှင် လူသားအဖြစ်ဖြင့် လူတို့၏ ဒုက္ခ အားလုံးကို ခံစားတော်မူကာ သုံးရက်မြောက် နေ့တွင် ရှင်ပြန် ထမြောက်တော်မူ၍ ကောင်းကင်ဘုံသို့ ကြွမြန်းတော်မူလေသည်။ ထို့နောက် သားတော်ဘုရားသည် သေသူ ရှင်သူ အားလုံးကို တရား စီရင်ရန် အတွက် ပြန်ကြွလာမည် ဖြစ်သည်။ ထို့ပြင် ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်ကိုလည်း ယုံကြည် သက်ဝင်ကြပါ၏။'

ဤ အယူဝါဒ အပေါ် မူတည်၍ မနှစ်သက်ခြင်းကို ဖော်ပြသော နောက်ဆက်တွဲ အယူဝါဒ မူတစ်ခုကို ကြေညာခဲ့ကြလေသည်။ ထိုကြေညာချက်တွင်

'သူ အခိုင်အမာ ထင်ရှား မရှိသော အချိန် ကာလ တစ်ခု ရှိခဲ့သည်။ သားတော် ဘုရားသည် ထာဝရ ဘုရားနှင့် သီးခြား ဖြစ်တည်သော အထည်ဒြပ်ချင်း မတူသော သဘော ရှိသည်။ သို့မဟုတ် သူ့ကိုလည်း ဖန်ဆင်းတော်မူခဲ့ခြင်းသာ ဖြစ်သည်'

ဤ အယူဝါဒသည် ဧကရာဇ် ဘုရင်၏ ဖိအား ပေးခြင်းကို ခံရသည်။ ဘုရင်သည် ငြိမ်းချမ်းရေးကို လိုလားသည့် အတွက် အယူဝါဒ အငြင်းပွားမှု အခက်အခဲကို ချက်ချင်း မဖြေရှင်းဘဲ ထားခဲ့ရလေသည်။ အထက်တွင် ဖော်ပြထားသော ဖော်မြူလာထဲမှ စာလုံးစောင်းဖြင့် ဖော်ပြထားသော စကားရပ်များကို လူအများက အပြင်းအထန် ကန့်ကွက်၍ ပယ်ချကြလေသည်။ ထို့ကြောင့် နောက် စည်းဝေးပွဲများတွင် ထိုစကားရပ်များကို ပြန်လည် နုတ်သိမ်းခဲ့ရလေသည်။ အမှန်မှာ ထိုသို့ ပြုလုပ်ခြင်းသည် စိတ်ပင်ပန်း မခံနိုင်သော အလျှင်စလို ဆောင်ရွက်ခြင်းသာ ဖြစ်၏။ နောက်ပိုင်းကျတော့ အလက်ဇန္ဒရီးယားမှ ဂိုဏ်းအုပ် ဘုန်းကြီး *အေသာနာစီးယပ်*[၂] သည် သည်းခံစိတ်ဖြင့် ကာကွယ် ပြောဆိုခဲ့လေရာ တစ်ဆင့်ပြီး တစ်ဆင့် အတိုက်အခံများ အပေါ် အသာစီး ရရှိကာ နောက်ဆုံး၌ အကြွင်းမဲ့ လက်ခံခြင်းကို ရရှိခဲ့လေတော့၏။

ထိုနောက်ပိုင်းမှာပင် ဤအယူဝါဒမူသည် မည်သူမျှ မကျူးလွန်နိုင်သော အယူဝါဒမူ ဖြစ်မလာမီ မျိုးဆက်များစွာ ကြာမြင့်စွာ အတိုက်အခံ ပြုခြင်းကို ခံနေခဲ့ရပေသေးသည်။ (ယခုခေတ် အထိ ခရစ်ယာန် ဘုရား ရှိခိုးကျောင်း

၁။ Nicaea

၂။ Athanasius

များ၌ ရှုတ်ဖတ်နေကြသော နိုက်ဆင်း မူဝါဒသည် အေဒီ ၃၂၅ ခုနှစ်က အတည်ပြုခဲ့ကြသော မူရင်း စာသား မဟုတ်တော့ဘဲ ချဲ့ထွင်ထားသော စကားများ ပါဝင်သော ကွန်စတင်တီနိုပိုလီတန် အယူဝါဒမူဟု ခေါ်သော မူ ဖြစ်နေလေပြီ။)

ဂိုဏ်းအုပ် ဘုန်းတော်ကြီး အေသာနာစီးယပ်သည် သူ၏ ခေတ်ပြိုင် အရှေ့ဘက်မှ မယုံကြည်သူများအား ယခု ပြဿနာ ဖြစ်နေသော ကိစ္စသည် စကားလုံး ပြဿနာ မဟုတ်ကြောင်း၊ ဤကိစ္စသည် ခရစ်တော်မှာ ကယ်တင်ရှင် ဟုတ် မဟုတ် ဆိုသော ပြဿနာသာ ဖြစ်ကြောင်း စောဒကများကို တင်ပြလေသည်။

နောက်ဆုံးတွင် အရှေ့ဘက်က မယုံကြည်သူများအား ယုံကြည်လာအောင် အောင်မြင်စွာ သိမ်းသွင်း ယူနိုင်ခဲ့လေသည်။ သူက သေခြင်း ရှိသော ဘဝသို့ သေခြင်း ကင်းသော ဘဝကို ယူဆောင် လာနိုင်သူမှာ ဘုရားသခင်သာ ဖြစ်၍ ယေရှုသည် သေရာမှ ရှင်ပြန် ထမြောက်ခဲ့ခြင်းအားဖြင့် သူသည် ဘုရား အစစ်အမှန် ဖြစ်ကြောင်း ဆိုလေသည်။

ထို့ကြောင့် ယေရှုသည် ဘုရား၏ အထည်ဒြပ်နှင့် အနှစ်သာရ သဘောမျိုး ရှိသော ပုဂ္ဂိုလ်သာ ဖြစ်သည်။ အာရိယပ် ပြောသလို ယေရှုသည် ဘုရားသခင် ဖန်ဆင်းအပ်သော နိမ့်ကျသော သတ္တဝါမျိုး မဟုတ်ကြောင်း သူက ဖြေရှင်းပေးခဲ့လေသည်။

## ခရစ်တော် အကြောင်း အငြင်းပွားမှုနှင့် ကာလ်ဆီဒွန် မူဝါဒ

ဘာသာ အယူဝါဒ ပညာ ဆိုင်ရာ အခက်အခဲ ဇာတ်လမ်းကား အဆုံး မသတ်သေး။ ခရစ်ယာန် လောကကို စိတ်ဝမ်းကွဲစေမည့် အယူဝါဒ ပြဿနာသစ်များ နောက်ထပ် ပေါ်ပေါက်လာပြန်သည်။ နိုက်ဆင်း မူဝါဒ အရ ခရစ်တော်မှာ ပါလာသော ဘုရားဉာဏ် လိုဂေါ့သည် အောက်နတ်များ၏ ဉာဏ်လို အဆင့် နိမ့်သော ဉာဏ်မျိုး မဟုတ်၊ အဖ ထာဝရ ဘုရားသခင်၏ ဉာဏ်နှင့် ညီမျှသော ဉာဏ်မျိုးသာ ဖြစ်သည် ဆိုသော အယူဝါဒကို တရားသေ ချမှတ်လိုက်သော အခါ နတ်ဘုရား၏ ဉာဏ်တော်သည် လူသား ယေရှု၌ တည်ကိန်းသည် ဆိုသော အချက်နှင့် ပတ်သက်၍ နောက်ထပ် ဘာမျှ မပြောကြတော့ပေ။ ထို့ကြောင့် ယခုတစ်ခါ ဝင်စားခြင်း ပြဿနာသည် ဘာသာ အယူဝါဒ ဆိုင်ရာ အပြင်းအထန် အငြင်းပွားမှု၏ အဓိက ဗဟိုချက် ပြဿနာ ဖြစ်လာပြန်လေသည်။

တစ်ကြိမ် တစ်ခါကမူ ခရစ်တော်၏ နတ်ဘုရား သဘာဝနှင့် လူသား သဘာဝကို ခွဲခြား သတ်မှတ်ခဲ့ကြဖူးသေးသည်။ ထို လူ့သဘာဝနှင့် နတ်ဘုရား သဘာဝကို တသီးတခြား ပြတ်ပြတ်ထင်ထင် ခွဲခြား သတ်မှတ်ရန် ဖြစ်နိုင်သော်လည်း ထို သဘာဝ နှစ်ခုစလုံးသည် ယေရှုသခင် ကိုယ်ရည် ကိုယ်သွေး၌ ပေါင်းစပ် ပါဝင်နေသည် ဆိုသော အခါ အခက်အခဲ ကြုံရပြန်သည်။

အနောက်တိုင်းမှာမူ ဤ အခက်အခဲကို ကြီးကြီး ကျယ်ကျယ် မကြုံတွေ့ရ။ လွန်ခဲ့သော အနှစ် တစ်ရာကျော် လောက်ကတည်းက ရှိခဲ့သော တာကျူလီယန်၏ အဓိပ္ပာယ် သတ်မှတ်သော ဖော်ပြချက်ထဲတွင် အများအားဖြင့် လက်ခံထားသော ပုံသေနည်း အယူအဆ ပါဝင်နေခဲ့လေသည်။

'ခရစ်တော်၌ သဘော နှစ်မျိုး ပါဝင်နေကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ထိုသဘော နှစ်ရပ်သည် ရှုပ်ထွေးခြင်း မရှိဘဲ လူတစ်ဦးတည်းတွင် ပူးပေါင်းနေသည်။ ယေရှု ဘုရားသခင်နှင့် လူသည် တစ်ဦးတည်းပင် ဖြစ်သည်။'

လက်တွေ့ သဘော ထားရှိသော အနောက်တိုင်းသားများသည် ထိုအချက် အပေါ်၌ နောက်ထပ် စိတ်ရှုပ်ထွေးခြင်း၊ ဇဝေဇဝါ ဖြစ်ခြင်း မရှိကြတော့ပေ။

အရှေ့တိုင်းသားများကား ထိုသို့ မဟုတ်ကြပေ။ မကြာမီ ကာလ အတွင်းမှာပင် အရှေ့တိုင်းသားများ အကြား၌ ပြင်းထန်၍ နက်ရှိုင်းသော သဘောထား ကွဲပြားမှုကြီး ဖြစ်ပေါ်လာပြန်လေတော့သည်။ အထူးသဖြင့် အလက်ဇန္ဒရီးယားနှင့် အန်တီအုတ် မြို့များမှ ကြီးမားသော ဂိုဏ်းအုပ်ဘုန်းတော်ကြီးများ၏ စီရင် ဆုံးဖြတ်ပိုင်ခွင့် အာဏာ ကွဲပြားခြင်းကိုမူ စေ့စပ် ဖြေရှင်း၍ မရတော့ပေ။ ထိုသဘော အယူအဆ ကွဲပြားမှုမှာ မှတ်ဆလင်များ ၎င်းတို့ကို အောင်နိုင်ပြီးနောက် နှိမ်နင်းပစ်လိုက်သည့် အချိန် အထိပင် ဖြစ်၏။

ဆီးရီးယားမှ ဂိုဏ်းအုပ် ဘုန်းတော်ကြီး *အပိုလီနာရစ်* [၁] က သူ၏ အနီးကပ်ဆုံး လုပ်ဖော်ကိုင်ဖက်များ၏ ခရစ်တော်နှင့် ပတ်သက်သော အမြင်ကို မလိုလားသော သဘောဖြင့် ဆန့်ကျင် တုံ့ပြန်သောအခါမှ စ၍ အငြင်းပွားမှုသည် ပထမ စ၍ ပြင်းထန် လာလေတော့သည်။

အပိုလီနာရစ်၏ လုပ်ဖော်ကိုင်ဖက်များက ခရစ်တော်သည် ပြီးပြည့်စုံသော လူသား မဖြစ်နိုင်။ ဘုရားသခင်၏ သဘော သဘာဝ အပြည့်အစုံ တည်ကိန်းသူ မဖြစ်နိုင်။ ထို့

---

၁။ Apollinaris

ပြင် သူတို့ အမြင်တွင် သားတော် ဘုရားမှာလည်း တစ်ပါး တည်း မဖြစ်နိုင်။ နှစ်ပါး ဖြစ်နိုင်သည်။ တစ်ပါးမှာ သဘာဝ အလျောက် ဖြစ်လာပြီး နောက်တစ်ပါးမှာ မွေးစားသား ဖြစ်နိုင်သည်။ ပထမ သားသည် နတ်ဘုရား၏ စိတ်ဆန္ဒ ပါပြီး နောက် ဒုတိယ သားမှာ လူ့စိတ်ဆန္ဒ ပါသူ ဖြစ်နိုင် သည်ဟု ယူဆကြလေသည်။

ထိုအယူအဆ အရ ထိုကဲ့သို့သော အရာသည် စဉ်းစား ၍ပင် ရကောင်းသော အရာ မဟုတ်။ ဘာသာရေး သဘော အရလည်း စက်ဆုပ်ဖွယ် ဖြစ်သည်။ ထို့ကြောင့် ခရစ်တော်၌ လူ့ခန္ဓာနှင့် လူ့ဝိညာဉ် နေရာ၌ ဘုရားသခင်၏ ဉာဏ်တော် လိုဂေါ့က နေရာ ယူထားသည်။ ထိုပေါင်းစည်းမှု၏ ပြယုဂ် အနေနှင့် လူ့ကိုယ်ရည်ကိုယ်သွေးနှင့် တူနေသည်။

ထိုသို့ ပေါင်းစည်းမှု ပြည့်စုံခြင်းသို့ ရောက်သော အခါ ခရစ်တော်၏ ခန္ဓာကိုယ်သည် ဘုရားသခင်၏ ခန္ဓာ ကိုယ် ဖြစ်လာသည်။ ထို့ကြောင့် ဂျူးများက ခရစ်တော်၏ ခန္ဓာကိုယ်ကို ကားတိုင်မှာ တင်၍ ကွပ်မျက်ခြင်းဖြင့် ဘုရား သခင်ကို ကားတိုင် တင်ခြင်း ဖြစ်တော့သည်။

ချက်ချင်းပင် ထိုအမြင်ကို အန်တွိုက် ဂိုဏ်းသား အတိုက်အခံများက ဝေဖန်ကာ ဤအယူအဆ အရ ဆိုလျှင် ခရစ်တော်သည် လူသား စင်စစ် မဖြစ်နိုင်တော့ဟု ထောက် ပြကြသည်။ အဘယ်ကြောင့်ဆိုသော် သူ၏ လူသား အဖြစ် သည် ပြီးပြည့်စုံခြင်း မရှိခဲ့ဟု ဆိုကြသည်။

အန်တွိုက် ဂိုဏ်းသားများက ခရစ်တော်၏ လူသား ဘဝ တစ်ခုလုံးသည် ဘုရား၏ ဘဝပင် ဖြစ်ရမည်ဟု ကြေ ညာသည်။

သမိုင်း ဖြစ်စဉ်ထဲက ယေရှုသည်ကား လူ့ သဘာဝ အပြည့်အဝ ရှိသူသာ ဖြစ်သည်။ ဆင်ခြင်တုံ တရားနှင့် လွတ် လပ်သော စိတ်ဆန္ဒတော်လည်း ရှိသူ ဖြစ်သည်။ အခြား လူများ အတိုင်းပင် ဖြစ်သည်။ ထို့နောက် သူ့မှာ တည်ကိန်း သော ဘုရား၏ ဉာဏ်တော် လိုဂေါ့သည် ဝတ်ကျောင်း တော်၌ တည်ရှိသကဲ့သို့ ပြီးပြည့်စုံသော ကိုယ်ကျင့်တရား သဘောဖြင့် ပေါင်းစည်းနေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် ဘုရား၏ ဉာဏ်တော် လိုဂေါ့နှင့် ခရစ်တော်၏ အလိုဆန္ဒ သည် တစ်ထပ်တည်း ကျသည်။

ထိုအဖွဲ့သားများ၏ အဓိက ပြောရေးဆိုခွင့် ရှိသူ *နက်စတိုးရီးယပ်* [၁] က ကွန်စတင်တီနိုပို မြို့ရှိ ရဟန်း သံဃာတော်များ အကြားမှာ အဓိကရဏ်း ဖြစ်ပေါ်လာ အောင် လှုံ့ဆော်ခဲ့လေသည်။ ထိုမြို့တွင် သူသည် ဂိုဏ်းအုပ် ဘုန်းတော်ကြီး (ဘိရှော့) ဖြစ်လာလေတော့သည်။ သူက အပျိုစင် မေရီကို (ဘုရားသခင်၏ မယ်တော်) ဟု မခေါ်ဘဲ ဆန့်ကျင် တိုက်ခိုက်သော ဟောပြောမှု တစ်ခုကို ပြုလုပ်ခဲ့ လေသည်။ သူက ကြေညာရာ၌ နတ်ဘုရား တစ်ပါးကို သူမက မွေးတာ မဟုတ်ဘူး၊ သူမက လူတစ်ယောက်ကိုပဲ မွေးတယ်၊ အဲဒီလူဟာ နတ်ရဲ့ အင်္ဂါ ဖြစ်တယ်ဟု ဆိုလေ သည်။

ထိုအခါ အလက်ဇန္ဒရီးယားမှ ဘိရှော့ *ဆိုင်ရစ်လ်* [၂] သည် ဤ ရန်ပွဲထဲသို့ အခြား တစ်ဖက်မှ ပါဝင်လာလေ တော့သည်။ သူက ခရစ်တော်၏ လူသား အဖြစ်၌ ခန္ဓာ ကိုယ် ရှိသည်၊ ဆင်ခြင်ဉာဏ် ရှိသည်၊ ဝိညာဉ်တော် ရှိ သည်ကို သူက ဝန်ခံသည်။ သို့သော် ခရစ်တော်၏ ကိုယ် ရည်ကိုယ်သွေးမှာ လိုဂေါ့ ဘုရား ဉာဏ်တော်မှအပ တခြား မရှိဟု ဆိုလေသည်။ လိုဂေါ့သည်ပင် သူ၏ ကိုယ်ရည် ကိုယ်သွေး ဖြစ်ကြောင်း ကြေညာလေသည်။

တစ်ဖက်နှင့် တစ်ဖက် ဖွဲ့ချက် တင်လိုက် ပြန်လည် ဖွဲ့ချက် တင်လိုက်နှင့် ပြဿနာမှာ လျင်မြန်စွာ ကြီးထွား လာလေသည်။

အေဒီ ၄၃၁ တွင် အထွေထွေ စည်းဝေးပွဲကြီး တစ်ခု ကို ကျင်းပရန် ဆင့်ခေါ်ခဲ့လေသည်။ ဤကောင်စီ စည်း ဝေးပွဲကြီးထဲသို့ ဒုစရိုက် မကင်းသော နိုင်ငံရေး ကိစ္စများ နှင့် ဧကရာဇ် ဘုရင်၏ ဖိအားပေးမှုများ ပါဝင် ဖွက်ဖက် လာလေတော့သည်။ နက်စတိုးရီးယပ်ကို ရာထူးမှ ချပြီး ဖျောက်ဖျက်ပစ်လိုက်ကြလေသည်။ သို့သော် ပြဿနာကား ပြေလည်ခြင်း မရှိဘဲ ကြွင်းကျန်ရစ်လေသည်။

နောက်ဆုံး၌ အေဒီ ၄၅၁ မှာ တစ်ကြိမ် အထွေထွေ ကောင်စီ စည်းဝေးပွဲကြီး ကျင်းပကြပြန်သည်။ ဤ တစ် ကြိမ်၌ ကာလ်ဆီဒွန်တွင် ကျင်းပကြသည်။ ထို ကာလ်ဆီ ဒွန် စည်းဝေးပွဲကြီးမှ ခရစ်တော်၏ သဘော သဘာဝနှင့် ပတ်သက်သော အဓိပ္ပာယ် သတ်မှတ်ချက်ကို ဖော်ထုတ်ခဲ့ ကြရာ ထိုအဓိပ္ပာယ် ဖော်ညွှန်းချက်သည် စံတင်ထားသော ကက်သလစ် အယူဝါဒ ဖြစ်လာလေတော့သည်။

နိုက်ဆင်း မူဝါဒကဲ့သို့ပင် ဤ ကာလ်ဆီဒွန် မူဝါဒ သည်လည်း အနောက်ဘက် ကမ္ဘာခြမ်းတွင် အောင်မြင်မှု ရရှိခဲ့လေသည်။ အနောက်တိုင်းသားများက ထိုမူဝါဒကို ငြင်းပယ်ခြင်း မရှိဘဲ လက်ခံကြလေသည်။ သို့သော် အရှေ့

၁။ Nestorius

၂။ Cyril

တိုင်းသားများကမူ ထိုမူဝါဒကိုလည်း သဘော မကျ၊ စိတ်ကြိုက် မတွေ့ဘဲ ရှိနေခဲ့ကြလေသည်။ အလက်ဇန္ဒရီးယား မြို့သားများ ဦးဆောင်သော သဘော အယူ ကွဲပြား ခြားနားသူများ၊ သဘာဝ တစ်ခုတည်းကို လက်ခံသော ဂိုဏ်းသားများ ဖြစ်သောကြောင့် ၎င်းတို့ကို *'မိုနိုဖီဆိုက်'*[၁] များဟု ခေါ်ကြလေသည်။

ထိုဂိုဏ်းသားများမှ အီဂျစ်နှင့် အဘီဆီးနီးယားတွင် *ကော့ပတစ် အသင်းတော် (ချာ့ချ်)*[၂] ပေါ်ထွက်လာသည်။ ဆီးရီးယားနှင့် အာမေးနီးယားတွင် ဂျက်ကိုဘိုက် အသင်းတော် (ချာ့ချ်) ပေါ်ထွက်လာသည်။ ယနေ့ထက်တိုင် သဘော အယူ ကွဲလျက် ရှိနေသေးသည်။

ကာလ်ဆီဒွန် စည်းဝေးပွဲကြီး ကျင်းပစဉ် အခါကပင် နက်စတိုးရီးယန်း ဂိုဏ်းသားများ၏ အယူအဆသည် မခိုင်မာကြောင်း ကြေညာခဲ့ပြီး ဖြစ်လေသည်။ သို့သော် သူတို့သည် ဂိုဏ်းကွဲ တစ်ခု အနေနှင့် ဆီးရီးယားမှာ လက်မလျှော့ဘဲ အခိုင်အမာ ရပ်တည်နေခဲ့ကြလေသည်။ အရှေ့ဘက် ကမ္ဘာက သူတို့၏ အယူအဆကို လက်ခံကြကြောင်း တွေ့ရလေသည်။ ထို့ကြောင့် သူတို့သည် သူတို့၏ အယူအဆကို ပါရှား၊ ထိုမှ တစ်ဆင့် အိန္ဒိယနှင့် တရုတ်ပြည် အထိ သယ်ဆောင်သွားကြလေသည်။

တရုတ်ပြည်နှင့် အိန္ဒိယသို့ ၇ ရာစုတွင် ရောက်ရှိသွားလေသည်။ ဆီးရီးယားတွင် မွတ်ဆလင်များ အောင်ပွဲခံသော အခါ နက်စတိုးရီးယန်းများ ဆက်လက် ရှင်သန်ကျန်ရစ်ခဲ့လေသည်။ အိန္ဒိယ တောင်ပိုင်းနှင့် အီရန် အနောက်မြောက်ပိုင်းတွင် နက်စတိုးရီးယန်း အသင်းတော် (ချာ့ချ်) သည် ယခုထက်တိုင်အောင် သက်ဆိုး ရှည်လျက် တည်ရှိနေသေး၏။

## ဗရင်ဂျီ ရဟန်းမင်း ရာထူး[၃] ပေါ်ပေါက်လာခြင်း

ရောမမြို့ရှိ ခရစ်ယာန် အသင်းတော် (ချာ့ချ်) သည် ရောမ အင်ပိုင်ယာတွင် အကြီးဆုံး အသင်းတော် ဖြစ်လာခဲ့လေသည်။ ထို့အပြင် အစဉ်သဖြင့် အရေးပါ အရာရောက်သော အသင်းတော်လည်း ဖြစ်ခဲ့လေသည်။ ဤသို့ အရေးပါ အရာ ရောက်ရှိခဲ့ခြင်းမှာ ထိုအသင်းတော်၏ တည်ရာ ဌာနကြောင့်လည်း ဖြစ်သည်။ သို့သော် အမှန်တကယ် ဤအသင်းတော် အဖို့ စိတ်ရှင်လန်းစရာ ကောင်းသော အချက်မှာ ဤ အသင်းတော်သည် ယေရှု၏ သာသနာပြုရန် စေခိုင်းခြင်း ခံရသော သာဝကများကို အခြေခံ အုတ်မြစ် ပြု၍ ပေါ်ထွန်းလာသော အသင်းတော် ဖြစ်ခြင်းပင် ဖြစ်၏။

ဤအသင်းတော်ကို စတင် တည်ထောင်သော ပုဂ္ဂိုလ်မှာ စိန့်ပေထရု (စိန့်ပီတာ) ဖြစ်သည်။ ထို့နောက် ရှေးဦးကာလ ထို အသင်းတော်၏ ဆရာသမားများထဲတွင် စိန့်ပေါလုလည်း ပါဝင်ခဲ့လေသည်။ အနောက်တိုင်းတွင် ဤအသင်းတော်ကြီး ထင်ပေါ် ကျော်ကြားနေခြင်းမှာ ထိုကမ္ဘာ့ခြမ်း၌ အပေါ်ဆယ် ခေါ် သာသနာပြုရန် စေခိုင်းခြင်း ခံရသော သာဝကကြီးများ တည်ထောင်သော အသင်းတော်သည် ဤ တစ်သင်းတည်းသာ ရှိသောကြောင့် ဖြစ်လေသည်။

ယုံကြည်မှု အယူဝါဒပိုင်းမှာ ဖြစ်စေ၊ ကျင့်သုံးမှုအပိုင်းမှာ ဖြစ်စေ အခက်အခဲ ပေါ်ပေါက်လာသော အခါတိုင်း ဤအယူဝါဒ၊ ဤအလေ့အကျင့်သည် သာဝကကြီးများ၏ အယူဝါဒ အလေ့အကျင့် ဟုတ် မဟုတ်၊ စင်ကြယ်သော ခရစ်ယာန် အယူဝါဒ စစ်စစ် ဟုတ် မဟုတ် အဆုံးအဖြတ်ကို ရောမ မြို့တော်ရှိ ခရစ်ယာန် ဂိုဏ်းအုပ် (ဘိရှော့) က ပြုလုပ်ပေးရသော အစဉ်အလာ ရှိခဲ့လေသည်။

ထိုရောမ ဂိုဏ်းအုပ် ဘုန်းကြီးကို ပုပ် (ရဟန်းမင်း) ဘွဲ့ချည်ခဲ့ကြလေသည်။ ထိုပုပ်ရဟန်းမင်းက အဆုံးအဖြတ်ပေးရန် တောင်းဆိုသော အသင်းတော်သို့ စာရေး၍ ဆုံးမရလေသည်။

တစ်ခါတစ်ရံ ပုပ်ရဟန်းမင်းသည် အရှေ့ဘက် ကမ္ဘာမှ မြို့ကြီး ပြကြီးများရှိ အာဏာပိုင် ဂိုဏ်းအုပ် ဘုန်းကြီးများကို ဆုံးမရသည် အထိ အာဏာစက် ဖြန့်ကြက်သွားလေသည်။ ပုပ်ရဟန်းမင်း စိတ်ထဲတွင် ထိုခရစ်ယာန် ဂိုဏ်းအုပ်များ၏ အယူအဆ အလေ့အကျင့်များသည် သာဝကကြီးများ၏ အစဉ်အလာ လမ်းကြောင်းမှ ကွဲလွဲသွားပြီ ဟူ၍လည်းကောင်း၊ ခရစ်ယာန် အသင်းတော်များ၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေမည့် အန္တရာယ် ရှိနေပြီ ဟူ၍လည်းကောင်း ခံစားရသော အခါ ထိုကဲ့သို့ ဆုံးမခြင်း ဖြစ်၏။

အနောက်တိုင်းရှိ ခရစ်ယာန် အာဏာပိုင်များက ရောမ အသင်းတော်ကြီး၏ ဂုဏ်သိက္ခာ ကြီးမားမှုကို အသိအမှတ် ပြုကြလေသည်။ ဂေါလ်မြို့မှ အီရေးနေးယပ်က သူ့အရပ်မှ လှမ်းပြီး အနောက်တိုင်းရှိ ခရစ်ယာန် အသင်းတော်များအား သာဝကကြီးများ၏ အစဉ်အလာနှင့် ပတ်သက်

၁။ Monophysites
၂။ Coptic Church
၃။ Papacy

သော ကိစ္စ အားလုံး၌ ရောမ အသင်းတော်နှင့် သဘောထား ညီညွတ်ကြရန် တိုက်တွန်းခဲ့လေသည်။ မြောက် အာဖရိက တိုက်ရှိ ဆိုက်ပရီယန်များကလည်း ရောမ မြို့ရှိ အသင်း တော်သည် အသင်းတော်ချုပ် ဖြစ်သည်ဟု ယူဆလေသည်။

ထို့ပြင် ၂ ရာစုနှင့် ၄ ရာစု အတွင်း ပေါ်ပေါက်ခဲ့ သော ဘာသာ အယူဝါဒ ရေးရာ အငြင်းပွားမှုများ၌ ရောမ အသင်းတော်ကြီးက အောင်မြင်မှု ရသော ဘက်၌ ရပ်တည် ခဲ့ခြင်းမှာလည်း ဤ အသင်းတော် အတွက် ကံကောင်း ထောက်မခြင်း တစ်ရပ်ပင် ဖြစ်၏။ နော့စတစ်များ၏ အကျပ်အတည်း ကာလတွင် သာဝကကြီးများ၏ အယူဝါဒ မူများကို ဖော်ဆောင်ပေးခဲ့သည်မှာလည်း ရောမ အသင်း တော်ကြီးပင် ဖြစ်၏။ ထို့ပြင် သမ္မာကျမ်းစာ၏ ဓမ္မသစ် ကျမ်းစာ ပိဋကကို ဖော်ဆောင်ကြရာတွင် ဦးဆောင်မှု ပေး ခဲ့သည်မှာလည်း ရောမ အသင်းတော်ကြီးပင် ဖြစ်လေသည်။

ထိုကိစ္စများ အားလုံးကို သိမြင် သဘော ပေါက်သော အားဖြင့် ပြည်သူ့ အုပ်ချုပ်ရေး အာဏာစက်သည် ကွန်စတင် တီနိုပယ် မြို့ရှိ ကေရာဇ် မင်းမြတ်၌ တည်ရှိသော်လည်း ဓမ္မစက်မှာမူ ရောမမြို့ အသင်းတော်၏ ပုပ်ရဟန်းမင်းထံ၌ တည်ရှိနေပေသည်။

*ပုပ်ရဟန်းမင်း လီယို* [၁] (၄၄၀-၄၆၁ အေဒီ) က ကြေ ညာချက် ထုတ်ခဲ့ရာတွင် ရှင်ပေတရု (စိန့်ပီတာ) သည် သာဝကကြီးများ အနက် ပထမဦးဆုံးသော သာဝကကြီး ဖြစ်ရကား စိန့်ပီတာ၏ အသင်းတော်သည် ခရစ်ယာန် အသင်းတော်များ အနက် အဓိက ပင်မ အသင်းတော်ကြီး ဖြစ်ရမည်ဟု ဆိုလေသည်။ ရှင်ပေတရု (စိန့်ပီတာ) သည် သာဝကကြီးများ အနက် ပထမ သာဝကကြီး ဖြစ်ရကား ရှင်ပေတရုကို ဆက်ခံကြသော ခရစ်ယာန် ဂိုဏ်းအုပ် ဘုန်းကြီးများသည်လည်း အခြားသော ဂိုဏ်းအုပ် ဘုန်း တော်ကြီးများ အနက် ပထမ ဂိုဏ်းအုပ် ဘုန်းတော်ကြီးပင် ဖြစ်ရမည်ဟု ပုပ်ရဟန်းမင်း လီယိုက ယူဆခဲ့လေသည်။

ပုပ် လီယိုနှင့် သူ၏ ဆက်ခံသူများသည် ဤ တောင်း ဆိုချက်ကို ခိုင်မာအောင် ပြုလုပ်ရန် လိုအပ်ချက်များကို ဆောင်ရွက်ခဲ့ကြလေသည်။ သို့သော် သူတို့၏ အောင်မြင်မှု များမှာ ရောမ အင်ပိုင်ယာကြီး ကျဆုံးသွားသော အခါ ရပ် ဆိုင်းသွားလေတော့သည်။

ပုပ်ရဟန်းမင်း အတွက် ကောင်းဖို့ ဖြစ်လာသည်မှာ ရောမ အင်ပိုင်ယာကို ကျူးကျော် ဝင်ရောက် လာသူများ သည် အယူကွဲသူ အာရီယန် ဂိုဏ်းသားများ၏ သာသနာ ပြုမှုကြောင့် ခရစ်ယာန် ဘာသာသို့ ကူးပြောင်းပြီးကြသူများ ဖြစ်နေကြလေသည်။

သူတို့သည် အယူ ကွဲလွဲကြသူများ ဖြစ်ကြ၏။ သို့ သော် သူတို့သည် ခရစ်ယာန် ဘာသာဝင်များပင် ဖြစ်ကြ ၏။ ထို့ကြောင့် ကျူးကျော်လာသူ *အာလာရစ် ဗီသီဂေါ့* [၂] သည် ရောမ မြို့တော်ကို သိမ်းပိုက်သောအခါ ပုပ် ရဟန်း မင်းကို အရေးပေး ဆက်ဆံလေသည်။ ထက်ဝန်းကျင်၌ လုယက် ဖျက်ဆီးခြင်းကို ပြုလုပ်သော်လည်း ခရစ်ယာန် အသင်းတော်၏ ဘုရားကျောင်း (ချား့ချ်) ကိုမူကား ချန် ထားလေသည်။

ဝင်ရောက်လာကြသော ရန်သူတော် လူရိုင်းများ၏ အင်အားမှာ အန္တရာယ် ကြီးမားပြီး အတိဒုက္ခ ရောက် လောက်အောင် ကြီးထွားသွားရာ ယဉ်ကျေးမှု တစ်ခုလုံး ရပ်ဆိုင်း သွားစေကာမူ ပုပ်ရဟန်းမင်း အနေနှင့် စိတ် သက် သာရာ ရနိုင်သော အချက်မှာ ထိုအာရီယန် ကျူးကျော် ဝင် ရောက်လာကြသူများအား အတန်ကြာ စည်းရုံး ဆွဲဆောင် သော အခါ ၄င်းတို့သည် ကက်သလစ် ဘာသာဝင်များ ဖြစ် လာကြသောကြောင့် ဖြစ်၏။

## ရဟန်း သံဃာတော်များ ပေါ်ပေါက်လာခြင်း

ခရစ်ယာန် ဘာသာကို နိုင်ငံတော် ဘာသာ အဖြစ် ပြုလုပ် ပြီးသောအခါ ကက်သလစ် အသင်းတော်ထဲတွင် ရသေ့ ရဟန်း သီလရှင်များ လျင်မြန်စွာ ပေါ်ပေါက်လာလေတော့ သည်။ ဤသို့ ရသေ့၊ ရဟန်း၊ သီလရှင် ပြုမှုဘက်သို့ ကိုင်း ညွတ်သော ရေးဦး ပေါ်ပေါက်သည့် သဘောထားသည် စိန့်ပေါ (ရှင်ပေါလု) ၏ နောက်လိုက်များ အကြားမှာ ပေါ် ပေါက်ခဲ့ခြင်း ဖြစ်လေသည်။

ရှင်ပေါလုက ယောကျ်ား မိန်းမများသည် လိင်မှုကိစ္စ ကို ရှောင်ရှား၍ ငယ်ဖြူများ အဖြစ် နေကြရန် ဟောပြော ခဲ့ဖူးလေသည်။ သို့ရာတွင် လှုပ်ရှားမှု တစ်ခု အသွင်ဖြင့် တိတိကျကျ ပေါ်ပေါက်လာသော အခါ လူ့ဘောင် အဖွဲ့ အစည်းကို ကြဉ်၍ လူ့ အဖွဲ့အစည်းနှင့် ကွဲပြားသွားလေ သည်။

ဤသို့ ဖြစ်ပေါ်ခြင်းမှာ ၃ ရာစု ကုန်ခါနီး အထိ စတင် ဖြစ်ပေါ်ခြင်း မရှိသေးပေ။

---

၁။ Pope Leo

၂။ Alaric the Visigoth

ဤကဲ့သို့ ရသေ့ ရဟန်း အသွင်ဖြင့် လူ့ဘောင်နှင့် ဝတ်ကြောင်ကို စွန့်ခွာသော အလုပ်ကို စတင် ပြုလုပ်သော ပထမ ပုဂ္ဂိုလ်သည် အီဂျစ်ပြည် *ကော်မာ* [၁] မြို့မှ *စိန့် အန်ထော်နီ* [၂] ဆိုသူ ဖြစ်၏။

သူသည် သူ၏ ကျေးရွာတွင် စတင်၍ ရှုတင် အကျင့်ကို ကျင့်လေသည်။ ထိုအကျင့်မှာ မအောင်မြင်ဘဲ ဖြစ်သွားလေသည်။

ထိုအခါ သူသည် လူသူဆိတ်ကွယ်ရာ သဲကန္တာရထဲသို့ ထွက်သွားလေတော့သည်။ ထို ကန္တာရထဲသို့ ရောက်သော အခါ သူသည် ထင်ရှား လှသိများသော နတ်မိစ္ဆာများ၏ ပိတ်ဆီး ကာရံခြင်းကို ခံရလေသည်။ သူ အိပ်ပျော်သွားသော အခါ ငြိမ်းချမ်းစွာ အိပ်ရသည်။ သို့သော် နိုးနေသော အချိန်၌ သူသည် ဥပုသ် ဆောက်တည်ပြီးလျှင် အဆက်မပြတ် ဝတ်ပြု ဆုတောင်းခြင်းကို ပြုလေသည်။

ထိုအခါ လူယောကျ်ား လူမိန်းမ အသွင်ကို ဆောင်ထားကြသော မိစ္ဆာသရဲများသည် သူ့အား အမျိုးမျိုးသော မကောင်းမှု ဒုစရိုက်များကို ကျူးလွန်အောင် သွေးဆောင်ကြလေသည်။

အီဂျစ်ပြည်သည် တစ်ကိုယ်တည်း အဖော် ကင်းမဲ့စွာ နေသော ဧကစာရီ တပသီများဖြင့် ပြည့်နှက်နေသော တိုင်းပြည် ဖြစ်၏။ အီဂျစ် ပြည်သူများကလည်း တပသီ အကျင့်ကျင့်သူများအား ရိုသေ လေးစားကြ၏။ ထိုသို့ ဖြိုးဖြိုးစွာ ကျင့်ကြံခြင်းမှာ နော့စတစ် ဝါဒီများနှင့် အလက်ဇန္ဒရီးယား ဘာသာ အယူ ဝါဒ ရှိသူများက ဤရုပ်လောကကြီးနှင့် ရုပ်ခန္ဓာသည် ကိလေသာများဖြင့် ညစ်ညမ်းနေသည် ဟူသော အယူဝါဒ ပြန့်ပွားနေသောကြောင့် ဖြစ်၏။

ထိုကြောင့် အန်ထော်နီသည် နောက်လိုက် များစွာကို ဆွဲဆောင်နိုင်ခဲ့လေသည်။ သို့သော် မကြာမီ ဖြစ်ပေါ်လာသော ကိစ္စ တစ်ရပ်မှာ လူသူမနီး တောကြီးမျက်မည်း ကန္တာရထဲတွင် တစ်ကိုယ်တည်း ကျင့်ကြံ အားထုတ်သူများသည် ရူးသွပ် သွားတတ်သည်၊ ဦးဆောင် လမ်းပြမည့်သူ မရှိသောကြောင့် အောင်မြင်မှု မရဘဲ ဆုံးရှုံး ရတတ်သည် ဆိုသော အယူအဆ ဖြစ်ပေါ်လာလေသည်။

ထို့ကြောင့် အစု အဖွဲ့ ပုံစံဖြင့် ရသေ့ ရဟန်း ပြုခြင်း သဘောကို ဖော်ဆောင် လာကြလေသည်။ ပထမဆုံး ထိုကဲ့သို့ ရသေ့ ရဟန်း အစု အဖွဲ့ကို စတင် တည်ထောင်သူမှာ အီဂျစ်ပြည် တောင်ပိုင်းရှိ ကော့ပတစ် ခရစ်ယာန် ဘာသာသို့ ကူးပြောင်းလာသူ *ပါချိုမီးယပ်* [၃] ဆိုသူ ဖြစ်၏။ သူသည် ဘုန်းကြီးကျောင်းများနှင့် သီလရှင် ကျောင်း တစ်ကျောင်းကို ဖွဲ့စည်း တည်ထောင်ခဲ့လေသည်။ ထိုကျောင်းများတွင် ကျောင်းထိုင် ဘုန်းကြီး၏ ညွှန်ကြားချက်ဖြင့်သာ တရားအားထုတ်ခြင်း၊ စာပေ ပရိယတ္တိ သင်ကြားခြင်းများကို မျှတအောင် ပြုလုပ်ရလေသည်။

တစ်ပါးတည်း ဧကစာရီ ကျင့်သော ရသေ့ ရဟန်း ပြုခြင်းနှင့် အစုအဖွဲ့ဖြင့် နေသော ရသေ့ ရဟန်း ပြုခြင်း စနစ် နှစ်ခုစလုံးသည် လျင်မြန်စွာ ဆီးရီးယားနှင့် အာရှမိုင်းနားသို့ ပျံ့နှံ့သွားလေသည်။ ဧကစာရီ တပသီ အကျင့်ကို ကျင့်သော ရသေ့များသည် ထိုသို့ ကျင့်သူ အချင်းချင်းကို အလွန် ဂရုစိုက်၍ အလေး ထားကြလေသည်။ တချို့က ကျောက်ဂူ လိုဏ်ခေါင်းများမှာ နေကြသည်။ သဲကန္တာရ လွင်တီးခေါင် နေရာများမှာလည်း နေကြသည်။

တချို့ *ဆီမီယွန် စတိုင်လိုက်* [၄] လို ပုဂ္ဂိုလ်များသည် မြို့ပျက်များရှိ ကျောက်တိုင်များ ထိပ်ပေါ်တွင် တက်၍ နေကြသည်။ သူတို့ အတွက် အစားအစာကို တုတ်တံမှ ချည်ပြီး အပေါ်သို့ တင်ပေးရသည်။ တချို့က သစ်ပင်ပေါ်တွင် နေကြသည်။ တချို့မှာ ဗုဒ္ဓဘာသာ (တိဗက်၊ တရုတ်) ဘုန်းကြီး ရဟန်းများကဲ့သို့ သူတို့ကိုယ်ကို ကျဉ်းမြောင်းသော အကာအရံများ ပြုပြီး နေကြသည်။ အစားအစာများကိုမူ ဟနေသော အကာအရံ ကြားက အထဲသို့ တွန်းသွင်းပေးရသည်။

သို့ရာတွင် ဤသို့သော တပသီ အကျင့် ကျင့်သူများ၏ အရေအတွက်မှာ အခိုက်အတန့် ခေတ်ထစဉ် ဦးရေထက် မပိုပေ။ အများစုမှာ ကျောင်းသခ်မ်း၌ စုဝေး နေထိုင်ပြီး ကျင့်ကြံ အားထုတ်သော ရသေ့ ရဟန်းများ ဖြစ်ကြလေသည်။ သူတို့သည် ရသေ့ ရဟန်း ပြုကြပြီးလျှင် မိမိတို့ ဘာသာ လယ်ယာ ဥယျာဉ် စိုက်ပျိုးခြင်းဖြင့် အသက် မွေးမှုကို ပြုကြလေသည်။

သူတို့သည် စောစောပိုင်းက ဆီဇာရီးယားမှ ဘိရှော့ *ဘာဆီးလ်* [၅] ၏ အရေး ပေးခြင်းကို ခံခဲ့ကြရလေသည်။ ထိုဘိရှော့သည် အရှေ့တိုင်း ခရစ်ယာန် ရှေးအယူမှန် အသင်းတော်က ဂုဏ်တင်ထားသော ကပ္ပါဒိုစီယာ မြို့ (အာရှမိုင်းနား မြို့) က ဘိရှော့ သုံးဦး အနက် တစ်ဦး ဖြစ်လေသည်။

၁။ Korma
၂။ St. Anthony
၃။ Pachomius
၄။ Simeon the Stylite
၅။ Basil

ဘိရှော့ ဘာဆီးလ်က ထိုရသေ့ ရဟန်းများ အတွက် ဝိနည်း သိက္ခာပုဒ်များကို ရေးဆွဲ ချမှတ်ပေးခဲ့လေသည်။ ထို ဝိနည်း သိက္ခာပုဒ်များမှာ အရှေ့တိုင်းတွင် အများ လက်ခံထားသော သိက္ခာပုဒ်များ အဖြစ် ယနေ့တိုင် တည်ရှိနေပေသည်။

ထို ဝိနည်းတော် အရ ဘုန်းကြီးကျောင်းများသည် ဒေသန္တရ ဆိုင်ရာ ဂိုဏ်းအုပ် ဘုန်းတော်ကြီး (ဘိရှော့) များ ထံမှာ လက်အောက် ခံကြရသည်။ ဘုန်းကြီး ရဟန်းများ နှင့် ဆိုင်သော အကျင့် သိက္ခာများကို ကျင့်သုံးကြရသည့် အပြင် အနောက်တိုင်းနှင့်လည်း တာဝန်များကို ခွဲဝေယူကြရသည်။ အရက်သေစာ သောက်စားခြင်းကိုလည်း မပြုရ။ ပရိယတ္တိ စာပေမှအပ ကျန်သော လောကီ စာပေများကို မဖတ်ကြရ။ ဆင်းရဲသားများနှင့် မိဘမဲ့ ကလေးများနှင့် ဆိုင်သော လူမှုဝန်ထမ်း လုပ်ငန်းများကိုပါ ပူးတွဲ ဆောင်ရွက်ကြရလေသည်။

အနောက်တိုင်းတွင်မူ ရသေ့ ရဟန်း ပြုခြင်း အလေ့အကျင့်သည် စတင် ဖြစ်ပေါ်မှု နှေးကွေးခဲ့လေသည်။ သို့သော် ဂျာမန် လူမျိုးများ ကျူးကျော် ဝင်ရောက်ပြီးနောက် လူ့အဖွဲ့အစည်း တစ်ခုလုံးကို ဖောက်ထိုးမိုးမျှော် ဖြစ်အောင် တွန်းလှန်လိုက်ကြသော အခါ ဤ အလေ့အထသည် လူကြိုက် များလာလေသည်။ ထို့နောက် သီးခြား လွတ်လပ်သော အသွင်သဏ္ဌာန် အဖြစ်ဖြင့် ဖွံ့ဖြိုး တိုးတက်လာလေသည်။

ကာလ အတန် ကြာသည့်တိုင် ဘုန်းကြီး ကျောင်းများမှာ ကိုယ့်ကျောင်း ကိုယ့်စည်းကမ်းဖြင့် တစ်ရွာ တစ်ပုဒ် ဆန်း စီမံ အုပ်ချုပ်နေကြလေသည်။ တချို့ ကျောင်းများမှာ စည်းကမ်း လျော့ရဲလှပေသည်။

ထို့ကြောင့် အေဒီ ၆ ရာစုတွင် *စိန့်ဘယ်နယ်ဒစ်* [၁] ၏ အမိန့် ပေါ်ထွက်လာလေသည်။ ထိုအမိန့်ထဲတွင် ပြဋ္ဌာန်းထားသော အချက်မှာ ဤအမိန့်ကို လိုက်နာသော ဘုန်းကြီးကျောင်းသည် ဘုန်းကြီးကျောင်းပိုင် လယ်ယာများ၊ ဈေးဆိုင်များ၌ အချိန်ပြည့် အလုပ် လုပ်ကြရမည်၊ စာပေ ပရိယတ္တိကိုလည်း အပြင်းအထန် စာအံ သင်ကြားရမည်၊ ထို့ထက် ပို၍ တစ်နေကုန် ဝတ်ပြု ဆုတောင်းခြင်းကို ပြုရမည်၊ ညဥ့်အခါမှာလည်း အချိန်ပိုင်းဖြင့် ဘုရားရှိခိုး ဝတ်ပြုကြရမည် ဟု ဆိုလေသည်။ နောက်ဆုံးတွင် ဘယ်နယ်ဒစ်၏ သြဇာခံ ဘုန်းကြီး ကျောင်းများ ဥရောပ အနောက်တိုင်းမှာ ပြန့်ပွားလာသော အခါ ထိုဘုန်းကြီးကျောင်းများတွင် ပိဋကတိုက်များကို အကျိုးဆက်အားဖြင့် တည်ထောင်ခဲ့ကြလေသည်။

ရသေ့ ရဟန်း ပြုခြင်း အလေ့အကျင့်သည် အပြော နှင့် အလုပ် ဘယ်လောက် ညီညွတ်ခဲ့သည်ကို အချို့သော ပုဂ္ဂိုလ်များ၏ ဆောင်ရွက်ချက်များကို ကြည့်ခြင်းဖြင့် သိနိုင်သည်။

ပထမဦးစွာ လူ့အဖွဲ့အစည်းကို အကျိုးပြု လုပ်ငန်းများ လုပ်ဆောင်ရေး ဆိုသော အချက်ကို *စိန့်ဂျယ်ရိုမီ* [၂] ၏ ဘဝ လုပ်ရပ်များတွင် ထင်ရှားသည်။

သူသည် ပါလက်စတိုင်း ဒေသတွင် ဧကစာရီ အကျင့် ကျင့်နေစဉ်မှာပင် ဓမ္မဟောင်းနှင့် ဓမ္မဟောင်း သမ္မာကျမ်းစာ နှစ်ခုစလုံးကို လက်တင် ဘာသာသို့ ပြန်ဆိုခြင်း လုပ်ငန်းကို အပြီး လုပ်ဆောင်ခဲ့လေသည်။

ရသေ့ ရဟန်း ဘဝဖြင့် နေခဲ့သူများ အနက် သြဇာ ကြီးမားသော အခြား ပုဂ္ဂိုလ် တစ်ဦးမှာ *ဂရေဂိုရီ သဂရိတ်* [၃] ဖြစ်လေသည်။ ၅၉၀-၆၀၄ အေဒီတွင် သူ့အား ပုပ် ရဟန်းမင်း ရာထူးသို့ ပထမဆုံး တင်မြှောက်ခြင်း ခံရသော ရဟန်းတော် ဖြစ်လေသည်။ သူသည် အုပ်ချုပ်မှု၌ အစွမ်း ထက်မြက်လှသော ပုဂ္ဂိုလ် ဖြစ်သည်။ ပုပ် ရဟန်းမင်း၏ ဘဏ္ဍာရေးကို စီမံ အုပ်ချုပ်မှု ကျွမ်းကျင်လှသည့် အတွက် နောက်ဆုံးတွင် သူသည် အီတလီ တစ်နိုင်ငံလုံးကို ဘုရင်မင်းတစ်ပါးလို အုပ်စိုးနိုင်ခဲ့လေသည်။ သူသည် နောက်ပိုင်းတွင် ပုပ်ရဟန်းမင်း၏ အခွင့်အာဏာကို အင်္ဂလန်မှာလည်း အုတ်မြစ် အခြေခံ ချပေးခဲ့လေသည်။ သူသည် ခရစ်ယာန် ဘာသာသို့ ကူးပြောင်းလာသော အခါ ထိုဘာသာ အတွက် များစွာ အကျိုး ပြုလိုသော ဆန္ဒ ဖြစ်ပေါ်ပြီးနောက် ပြင်သစ် နှင့် စပိန် နိုင်ငံများမှာပါ သူ၏ ဓမ္မစက်ကို တိုးပွားအောင် ဆောင်ရွက်နိုင်ခဲ့လေသည်။ သူသည် အလယ်ခေတ် ပုပ် ရဟန်းမင်းများ၏ တန်ခိုး အာဏာ ရှိပုံ ပြယုဂ်လည်း ဖြစ်၍ ရှေ့ဆောင်ဦးရွက် ပြုခဲ့သူလည်း ဖြစ်ပေသည်။

## စိန့်ဩဂတ်စတင်း [၄]

သို့သော် ရှေးခေတ် ကက်သလစ် အသင်းတော်၏ အကြီး ကျယ်ဆုံးသော ပုဂ္ဂိုလ်မှာ စိန့်ဩဂတ်စတင်း (၃၅၄-၄၃၀ အေဒီ) ဖြစ်လေသည်။

---

၁။ St. Benedict

၂။ St. Jeromy

၃။ Gregory the Great

၄။ St. Augustine

သူသည် အစက မြောက် အာဖရိကရှိ ဟစ်ပိုမြို့က ဂိုဏ်းအုပ် ဘုန်းတော်ကြီး ဖြစ်လေသည်။ သူသည် အဘက် ဘက်က လူသား ဆန်သော သဘော ရှိသည်။ သူ့မှာ လူ့ အရည်အသွေးများ ကြီးမားသော အင်အားဖြင့် ပြည့်စုံသည်။ သို့သော် သူ့စိတ်က ပိုပြီး ရှင်းသည်။ ပိုပြီး အားကောင်း သည်။ သူ၏ ရမ္မက်များကို သူသည် ထိန်းကွပ်ပြီး ထိုစိတ် အင်အားများကို ခရစ်ယာန် ဘာသာ အတွက် အသုံးချခဲ့ နိုင်လေသည်။

သူ့ဖခင်မှာ ခရစ်ယာန် ဘာသာဝင် မဟုတ်၊ သူ့မိခင် သာ ခရစ်ယာန် ဘာသာဝင် ဖြစ်သည်။ ထို မိဘ နှစ်ဦးမှ သူ့ကို ဖွားမြင်ခဲ့လေသည်။

သူ၏ ဇာတိမြို့ရှာ မြောက် အာဖရိက တိုက်မှာ သူ သည် ကျောင်းစာများကို သင်ကြားခဲ့လေသည်။ အသက် ၁၇ နှစ် အရွယ်တွင် စာပေ သင်ကြားနေစဉ်မှာပင် သူ၏ ရမ္မက် ကြီးသော စိတ်ဆန္ဒ၏ အလိုသို့ လိုက်ကာ အမြှောင် မယား တစ်ဦးကို ယူခဲ့လေသည်။ အစ ပထမဥ္စ သူသည် ဓမ္မသစ် ကျမ်းစာကို သူ လေ့လာနေသော *စီဆာရို* [၁] ၏ စာပေများနှင့် နှိုင်းစာလျှင် ဘာမျှ တန်ဖိုး မရှိဟု ဆိုကာ ငြင်းပယ်ခဲ့လေသည်။

သို့သော် စီဆာရို၏ အယူအဆ အတွေးအခေါ်များ မှာလည်း မလုံလောက်သေးဟု သူ မြင်လာပြန်သည်။ ထို အခါ သူသည် *မာနီရှေး ဝါဒ* [၂] ကို လက်ခံသူ ဖြစ်လာပြန် သည်။ (မာနီရှေး ဝါဒမှာ မာနီ ဆိုသူ ပါရှန် တွေးခေါ်ရှင် တစ်ဦးက ဇိုရိအက်စတာ ဘာသာ၊ ဗုဒ္ဓဘာသာ၊ ယုဒဘာ သာ၊ နော့စတစ် ခရစ်ယာန် ဘာသာများမှ အချက်အလက် များကို ထုတ်ယူ ပေါင်းစပ်ပြီး ဖော်ထုတ်ထားသော အတွေး အခေါ် (ဒဿန) စနစ် ဖြစ်သည်။) သို့သော် ထိုအယူဝါဒ ကိုလည်း သူ စိတ်တိုင်းမကျ ဖြစ်ပြန်သည်။ သူ့ အတွက် စိတ်သက်သာမှု အနည်းငယ်ကိုသာ ထိုအယူဝါဒများက ပေး နိုင်ခဲ့လေသည်။ အဘယ်ကြောင့် ဆိုသော် ထိုအယူဝါဒများ ကို ကြားနာသူသာ ဖြစ်ပြီး မာနီရှေး ဝါဒက တောင်းဆို သလို သူ၏ သွေးသားဥ္စ ဖြစ်သော ရာဂကိုမူ မပယ်နိုင် ကြောင်း သူ တွေ့ရလေသည်။ သူ၏ ထင်ရှား ကျော်ကြား သော *ဒေသနာ ကြားခြင်း* [၃] ကျမ်းတွင် သူက ထိုအချိန်က သူ ဝတ်ပြု ဆုတောင်းပုံကို ဖော်ပြခဲ့လေသည်။ 'စင်ကြယ် ခြင်း ဝိသုဒ္ဓိကို ပေးသနားတော်မူပါ၊ ကိလေသာကို ချုပ် တည်းနိုင်သော ကိုယ် အဖြစ်ကို ပေးသနားတော်မူပါ၊ သို့ သော် ဤသို့ကား မဖြစ်သေး' ဟု ဆိုလေသည်။

အသက် ၂၉ နှစ်တွင် သူသည် အီတလီ နိုင်ငံသို့ ထွက်သွားလေသည်။ သူ မီလန် မြို့သို့ ရောက်သော အခါ ကက်သလစ် အသင်းတော်၏ ကြီးကျယ်သော အခြား ပုဂ္ဂိုလ် တစ်ဦး ဖြစ်သူ အန်ဘရော့၏ တန်ခိုး သြဇာ ကြီးမားသော ဓမ္မ ဒေသနာများ အကြောင်းကို ကြားသိရလေသည်။ ထို ဓမ္မ ဒေသနာများသည် သူ၏ အသိစိတ်ဓာတ်ကို ထိခိုက် စေသည်။

သူ့မိခင်နှင့် သူသည် မီလန်တွင် တွေ့ဆုံကြသည်။ ထိုအခါ သူ့မိခင်က သူ့ကို သူနှင့် အဆင့်အတန်း တူသော အမျိုးသမီး တစ်ဦးနှင့် လက်ထပ် ထိမ်းမြားရန် တိုက်တွန်း လေသည်။ သူသည် ဝမ်းနည်း ကြေကွဲစွာဖြင့် သူ့အပေါ် သစ္စာ ရှိစွာ ဆက်ဆံခဲ့သော အမြှောင် မယားကို ဝေးရာသို့ ပို့လိုက်လေတော့၏။ ထိုအမျိုးသမီးသည် သူ့အတွက် သား တစ်ဦးကို မွေးပေးခဲ့သည့်ပြင် သူ့မိခင်က သူနှင့် ခွဲခွာရန် တောင်းဆိုသည်ကိုလည်း ထိုမိန်းကလေးက သဘော တူ လေသည်။ အရွယ် ကောင်းသော အချိန်ဥ္စ သူ ကိုယ်တိုင် ချစ်ရေး ဆို၍ ယူခဲ့သော မိန်းကလေးကို သူ ကွာရှင်းပစ် ခဲ့လေသည်။ သူသည် ရာဂ ဆန္ဒများ၏ သားကောင် အဖြစ် မှာပင် ရှိသေးကြောင်း တွေ့ရသော အခါ သူသည် အခြား သော အမြှောင် မယား တစ်ယောက်ကို ယူပြန်သည်။

ယခုမူ သူ့ကိုယ်သူ စိတ်ပျက်လာမိသည်။ သူ့အထင် တွင် မာနီရှေး ဝါဒီများ ယူဆကြသလို အသွေးအသား၏ ရာဂ တောင်းဆိုမှုသည် ယုတ်ညံ့သော သဘော ရှိသည်မှာ အမှန်ပင် ဖြစ်သည်ဟု သူ ထင်မြင်လာလေတော့သည်။

သူ့ ဘဝတွင် အယူအဆ အကုန်အစင် ပြောင်းလဲမှု သည် *ပလေတိုး ဝါဒသစ်* [၄] ကို လေ့လာရာမှ ဖြစ်ပေါ်လာ သော အသိဉာဏ် ပွင့်လင်းလာမှုပင် ဖြစ်၏။

သူ့စိတ်ထဲတွင် အသွေးအသား၏ သွေးဆောင်မှု ဖြစ် ပေါ်လာခြင်းသည် အသွေးအသားထဲမှာ မကောင်းသော အရာများ ကိန်းအောင်းနေခြင်းကြောင့် မဟုတ်ဘဲ ဘုရား သခင်ထံမှ အယူ ဖောက်ပြန်၍ ဆုတ်ယုတ်သွားခြင်းကြောင့် ဖြစ်သည် ဆိုသော စကားသည် မှန်နိုင်သည်ဟု သူ စတင် စဉ်းစားလာမိလေသည်။ ဘုရားသခင်သည် အရာခပ်သိမ်းတို့ ၏ အရင်းအမြစ် ဖြစ်သည် ဆိုသော အချက်ကိုလည်း သူ

---

၁။ Cicero    ၂။ Manichaessm
၃။ Confession

၄။ Neo-Platonism

အမှန်တကယ် ယုံကြည်လာပြီ ဖြစ်၏။ ရုပ်ဝတ္ထုနှင့် ဒုစရိုက်တရားများသည် ဘုရားသခင်၏ ကြံစည် ဖန်တီးမှု စွမ်းအားယုတ်လျော့ ပျောက်သွားခြင်းကြောင့် ဖြစ်သည်။ ထာဝရကောင်းမြတ်သော အရှင်သခင်နှင့် ဝိညာဉ် သဘော အရဝေးကွာသွားခြင်းကြောင့် ဖြစ်သည်ဟု အဓိပ္ပာယ် သတ်မှတ်ရမည်ဟု လည်း သူ သိမြင်လာလေသည်။

သူ၏ ခရစ်ယာန် ဘာသာသို့ ကူးပြောင်းလာခြင်းသည် ရုတ်တရက် ဖြစ်ပေါ်ခဲ့သော အရာ ဖြစ်သည်ဟု ဆိုနိုင်သည်။ ခရစ်ယာန် ဘာသာဝင် ဖြစ်လာသော ပလေတိုး ဝါဒသစ်ကို လက်ခံသူ တစ်ဦးထံမှ လေ့လာ သင်ကြားခြင်းအားဖြင့် လည်းကောင်း၊ ဘုန်းကြီးကျောင်း ဝိနည်း သိက္ခာပုဒ်များကို လေးစား လိုက်နာရုံမျှဖြင့် သွေးသားရာဂ တောင်းဆိုမှုများကို ကျော်လွှန်နိုင်ခဲ့သော အီဂျစ် ရဟန်းတော် အချို့ထံတွင် လေ့လာ သင်ယူခြင်းအားဖြင့် လည်းကောင်း သူသည် သူ၏ မိတ်ဆွေ ဖြစ်သူ *အာလီပီယပ်* [၁] ထံမှ စိတ်ရှုပ်ထွေးစွာဖြင့် ထွက်ပြေးရာ ဥယျာဉ် တစ်ခုထဲသို့ ရောက်ရှိ သွားလေသည်။ ဥယျာဉ်ထဲသို့ ရောက်သော အခါ ကလေးငယ် တစ်ဦး၏ အသံကို ကြားရလေသည်။ 'ဒါကို ယူပြီး ဖတ်ကြည့်' ဆိုသော အသံ ဖြစ်၏။

သူ့မိတ်ဆွေထံသို့ ပြန်လာသော အခါ သူသည် ဓမ္မသစ် ကျမ်းစာထဲက စာတစ်ပုဒ်ကို စာဖတ် စားပွဲ တစ်ခုပေါ်မှာ ချထားသည်ကို တွေ့ရလေသည်။ ထိုစာကို သူ ယူပြီး ဖတ်ကြည့်လိုက်လေသည်။

'ပေါက်လွှတ်ပြုမှု၊ မူးယစ် သောက်စားမှု၊ လျှပ်ပေါ်လော်လည်မှု စသည်တို့၌ သွေးသား ရာဂ၏ ပြေပျောက်ခြင်းကို မရနိုင်။ ယေရှု ခရစ်တော် အပေါ် ယုံကြည် ကိုးစားခြင်းဖြင့်သာ ရာဂ၏ ပြေပျောက်ခြင်း ရရှိနိုင်သည်'

ဤစကားများက သူ့ကို ဆုံးဖြတ်ချက် ချနိုင်သော အဖြစ်သို့ ရောက်ရှိသွားစေလေသည်။ ထိုအခါမှ စ၍ သူသည် အလိုရမ္မက်များကို ချုပ်တည်းသူ အဖြစ် တိတိကျကျ လိုက်နာ၍ နေလေတော့၏။ အန်ဘရုက သူ့ကို နှစ်ခြင်း (ဗတ္တိဇံ) မင်္ဂလာ ပြုပေးလေသည်။ ထို့နောက် သူသည် မြောက်အာဖရိကသို့ ပြန်သွားလေသည်။ ထိုအရပ်တွင် ဘုန်းကြီးကျောင်း တစ်ကျောင်း တည်ထောင်ရန် အတွက် စိတ် ဆုံးဖြတ်၍ သွားခြင်း ဖြစ်လေသည်။

ထိုအရပ်တွင် ဟစ်ပိုမြို့၌ သူသည် ခရစ်ယာန် ဂိုဏ်းအုပ် ဘုန်းတော်ကြီး ဖြစ်လာခဲ့လေသည်။ နောက် အနှစ်သုံးဆယ် အတွင်းတွင် စာပေ ကျမ်းဂန် မြောက်မြားစွာ ရေးသားခဲ့လေသည်။ ထိုမြို့ကို အတတ်ပညာကို ဖျက်ဆီးတတ်သူများက သိမ်းပိုက်ကြသော အချိန်တွင် သူ ကွယ်လွန်ခဲ့လေသည်။

ဩဂတ်စတင်း၏ ဂမ္ဘီရဆန်ဆန် ဘုရားသခင်အား ကိုယ်တိုင် တွေ့ကြုံရသော အတွေ့အကြုံက သူ့အား ဘုရားသခင်သည် ဒြဗ်မဲ့ တရားကိုယ် သဘောသာ ဖြစ်သည် ဆိုသော အမြင်ကို ရရှိစေခဲ့လေသည်။ ထာဝရ ဘုရားသည် အနီးကလေးမှာ ရှိသည်၊ အလွန် စစ်မှန်သော ဘုရား ဖြစ်သည်၊ ယေရှု ခရစ်တော်မှ တစ်ဆင့်အားဖြင့် လည်းကောင်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ ဆောင်ရွက်ချက်များအားဖြင့် လည်းကောင်း လူ့သမိုင်းနှင့် လူ့နှလုံးသား အပေါ် စိုးမိုး၍ အဆက်မပြတ် အလုပ် လုပ်နေသည်။

ဩဂတ်စတင်း၏ အမြင်တွင် ပလေတိုး ဝါဒသစ်၏ အမြင်များ စွန်းထင်းလျက် ရှိ၏။ ဘုရားသခင်သည် ထာဝရ တည်မြဲသော အရှင် ဖြစ်သည်။ အကြွင်းမဲ့ အစစ်အမှန်တရား ဖြစ်သည့်ပြင် အကြွင်းမဲ့ ကောင်းမြတ်တော်မူသော အရှင်လည်း ဖြစ်သည်။ ဘုရားသခင်သည် ကျန်သော အရာခပ်သိမ်းတို့၏ စတင် ဖြစ်ပေါ်ရာ အရင်းအမြစ် ဖြစ်သည်။ ထိုအရာခပ်သိမ်း အားလုံးသည် သူ့အပေါ်တွင်သာ ၎င်းတို့ ဆက်လက် ဖြစ်တည်ရေး အတွက် အခါခပ်သိမ်း မှီခိုနေကြရသည်။ ရုပ်လောကသည် အထူးသဖြင့် ဆင့်ပွား ဖြစ်ပေါ်လာသော အစစ်အမှန်တရား တစ်ခုသာ ဖြစ်၍ ၎င်း၏ ပင်ကို သဘောကို လေ့လာခြင်းသည် ဘာမှ တန်ဖိုး မရှိပေ။

ဤ ဘုရား အမြင်ကို ဩဂတ်စတင်းသည် သူ၏ ခရစ်ယာန် ဘုရား ယုံကြည်ချက်တွင် အသုံးပြုခဲ့လေသည်။ ခရစ်ယာန် ဘုရားမှာ 'သုံးပါးပေါင်း တစ်ပါး' ဘုရား ဖြစ်သည်။ ထိုသုံးပါးပေါင်း တစ်ပါး ဘုရားကို *တြိနိတီ* [၂] ဟု ခေါ်သည် (တြိနိတီ = အဖ ဘုရား၊ သားတော် ဘုရားနှင့် သန့်ရှင်းသော ဝိညာဉ်တော်)။ ထိုသုံးပါးတွင် တစ်ပါးသည် တစ်ပါးထက် အဆင့် နိမ့်ကျခြင်း၊ တစ်ပါးက တစ်ပါး၏ လက်အောက်ခံ ဖြစ်ခြင်း သဘော မရှိဟု သူ ရှုမြင်လေသည်။

ရှေးက ဘာသာရေး အယူဝါဒ ပညာရှင်များက အဖ ဘုရားသခင်က သားတော် ဘုရားထက် အဆင့် မြင့်သည်ဟု ယူဆခဲ့ကြလေသည်။

---

၁။ Alypius

၂။ Trinity

သူကမူ တြိနိတီထဲတွင် ညီမျှမှု သဘောသည် အလွန် ကြီးကျယ်သည်။ အဖ ဘုရားသခင်သည် သားတော် ဘုရားသခင်ထက် ပို၍ ကြီးကျယ် မြင့်မြတ်ခြင်း မရှိရုံမျှမက အဖ ဘုရားသခင်နှင့် သားတော် ဘုရားသခင် နှစ်ပါးပေါင်းသည်လည်း သန့်ရှင်းသော ဝိညာဉ်တော်ထက် ပို၍ ကြီးကျယ်ခြင်း မရှိပေ။ သန့်ရှင်းသော ဝိညာဉ်တော်သည် ဘုရား အဖြစ် အနေအားဖြင့် ဆိုလျှင် အဖ ဘုရားနှင့် သားတော် ဘုရားတို့နှင့် ဂုဏ် အဆင့်အတန်းချင်း ညီတူ ညီမျှပင် ဖြစ်သည်။ သူ့ စိတ်ထဲတွင် တြိနိတီ သဘောကို ရှုမြင်ရာ၌ ချစ်သူ၊ အချစ်ခံရသူနှင့် ချစ်ခြင်း မေတ္တာလိုပင် ဖြစ်သည်ဟု မြင်လေသည်၊ သို့မဟုတ် မှတ်ဉာဏ်၊ သိမြင် နားလည်မှုနှင့် သိလိုမှု သဘောမျိုးလည်း ဖြစ်သည်ဟု ဆိုလေသည်။ မှတ်သားထားမှု၊ သိမြင် နားလည်မှုနှင့် သိမြင်လိုမှု သဘောတို့သည် ဘဝ သုံးခု မဟုတ်၊ စိတ် သုံးခု မဟုတ်၊ ဘဝ တစ်ခုတည်း၊ စိတ်တစ်ခုတည်းသာ ဖြစ်သည်ဟု သူ ဆိုခဲ့လေသည်။

လူနှင့် ပတ်သက်သော သူ၏ အမြင်ကို ဖော်ထုတ်ရာ၌ ဩဂတ်စတင်းသည် သူ၏ ငယ်စဉ် ဘဝက အကျင့်သီလ ယုတ်ညံ့ခဲ့မှု အပေါ်တွင် မူတည်၍ တွေးခေါ်ခဲ့လေသည်။ လူ၏ ပင်ကို သဘောသည် အကျင့်သီလ ခေါင်းပါးသည်။ သူ၏ ပင်ကို သဘာဝ တစ်ခုလုံးသည် ပျက်စီးနေသည်။ မူလကတည်းက ပါလာသော အပြစ် ဒုစရိုက်များဖြင့် ပြည့်နှက်နေသည်။ ထိုအပြစ် ဒုစရိုက်များကို အာဒမ်ထံမှ ကျွန်ုပ်တို့ အားလုံး အမွေ ဆက်ခံ၍ ရရှိခဲ့ကြလေသည်။ အာဒမ်ကို ဖန်ဆင်းစဉ် အခါက သူသည် ကောင်းမြတ်သော သဘော ရှိလေသည်။ ကောင်းမြတ်သော အသိဉာဏ်လည်း သူ့မှာ ရရှိခဲ့၏။ သို့သော် သူ့မှာ လွတ်လပ်သော စိတ်ဆန္ဒ ပါလာခဲ့လေသည်။ ထို လွတ်လပ်သော ဆန္ဒဖြင့် အပြစ် ဒုစရိုက် ကင်းသော ကိစ္စတို သူ ရွေးချယ်နိုင်ပါလျက် ဧဝနှင့် အတူ တားမြစ်ထားအပ်သော သစ်သီးကိုမှ ရွေး၍ စားသောက်ခဲ့လေသည်။

ထိုသို့ စားစဉ်က စားလိုသော ဆန္ဒ အပြည့်၊ အတိမာန အပြည့်အဝဖြင့် စားသောက်ခဲ့ခြင်း ဖြစ်လေသည်။

ထိုအခါမှ စ၍ သူနှင့် တကွ သူ့ကို ဆက်ခံ ဆင်းသက်လာကြသော လူသား အားလုံးတို့မှာ မွေးရာပါ အပြစ် ဒုစရိုက်များ ပါလာကြလေတော့သည်။

ထိုအပြစ် ဒုစရိုက်တို့မှ ယခုအခါ ဘယ်သူမျှ မိမိတို့၏ အားထုတ်မှုဖြင့် ကင်းလွတ်အောင် မလုပ်နိုင်ကြတော့ပေ။

ထိုအဖြစ်ကြောင့် လူသား တစ်ရပ်လုံးသည် အကျင့်သီလ သဘောအားဖြင့် အနာ ရောဂါ ကျရောက်လျက် ရှိကြရပေသည်။

သို့ရာတွင် ဘုရားသခင်သည် ကရုဏာတော် အရှင် ဖြစ်သည်။ ဘုရားသခင်သည် သူ ရွေးချယ်သူများအား သူ၏ ဘုရားသခင်နှင့် ဆိုင်သော ကျေးဇူးတော်ဖြင့် ကယ်တင်တော်မူလေသည်။ ထို သနား ကရုဏာတော်ကို သူတို့ ရထိုက်သောကြောင့် ရကြသည် မဟုတ်၊ ဤကရုဏာတော်သည် လွတ်လပ်စွာ ပေးအပ်သော ဆုလာဘ် ဖြစ်သည်။ ဤကား ဘုရားသခင်၏ မေတ္တာတော် ဖြစ်သည်။ ထို ဘုရားသခင်၏ မေတ္တာတော်ကို လူတို့က တောင်းနေစရာ မလို၊ တောင်းချင်တိုင်း တောင်း၍လည်း မရပေ။ ထို့အတူ ဘုရားသခင်၏ ကျေးဇူးတော် မေတ္တာတော်များ ကျရောက်လာသော အခါမှာလည်း မည်သူမျှ တားဆီး ခုခံ၍ မရပေ။

ဖွဲ့ လုံ့လအားဖြင့် (သူတော်စင်တို့၏ ဖွဲ့ လုံ့လဖြင့်) အပြစ် ကျူးလွန်သည်။ ပြောင်းလဲသွားနိုင်သည်။ ဖြောင့်မတ်မှန်ကန်သွားနိုင်သည်။ သန့်ရှင်း စင်ကြယ်သွားနိုင်သည်။ အခြားသော ပုဂ္ဂိုလ်များ အတွက်မူကား ကျေးဇူးတော် ကရုဏာတော်သည် မည်သည့် အခါမျှ ကျရောက်လာမည် မဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုသူတို့မှာ နောင်တမလွန် ဘဝ၌ အပြစ်ဒဏ် စီရင်ခြင်းကို ခံကြရမည့် သူများ အဖြစ် ကြိုတင်၍ ပြဋ္ဌာန်းထားပြီး ဖြစ်သောကြောင့် ဖြစ်၏။

ဤပြင်းထန် ကြမ်းကြုတ်သော အယူဝါဒ၌ ဩဂတ်စတင်းနှင့် ဗြိတိသျှ ရဟန်းတော် *ပီလာဂီယပ်* [၁] နှင့် အခြားသော ပုဂ္ဂိုလ်များနှင့်ပါ အငြင်း ပွားခဲ့ရလေသည်။

ထိုပုဂ္ဂိုလ်များက မူလ မွေးရာပါ အပြစ် ဒုစရိုက် ဆိုသည်မှာ မရှိကြောင်း၊ လူသား အားလုံးမှာ ကောင်းမြတ်သော သဘောကို လိုလားသော သဘော အသင့် ပါလာကြောင်း၊ အာဒမ်သည် သူ၏ သားစဉ်မြေးဆက် အတွက် မကောင်းသော နမူနာ ပြယုဂ်ကို ချန်ထားခဲ့သူသာ ဖြစ်သည်၊ သို့သော် မလွတ်ကင်းနိုင်သော အကျင့်သီလ ပျက်ယွင်းမှုကြီးကို အမွေ အဖြစ် ချန်ထားခဲ့ခြင်း မရှိ၊ ယုံကြည်သက်ဝင်သော သူများ အားလုံးသည် အပြစ် လွတ်ခွင့် ရှိသည်ဟု ဆိုကြလေသည်။

သို့သော် ဩဂတ်စတင်းသည် သူ့ အမြင် အတွက် ခိုင်ခိုင်မာမာ ခုခံ ပြောဆိုခဲ့လေသည်။ သူ့အနေနှင့် ဘုရား

---

၁။ Pelagius

သခင်နှင့် ကင်းကွာသော အခါ လူသည် ရာဂနှင့် မာနမှ မလွတ်ကင်းနိုင်ကြောင်းကို ကိုယ်တိုင် တွေ့ကြုံ ခံစားခဲ့ရ ဖူးသည့် အတွက် သိသည်။

ထို့အတူ ဘုရားသခင်၏ ကရုဏာတော်၊ ကျေးဇူး တော် ရုတ်တရက် ကျရောက်လာသော အခါမှာလည်း မည်သို့ မခံမရပ်နိုင် ဖြစ်ရသည်ကိုလည်း ကိုယ်တွေ့ ကြုံခဲ့ရ ဖူးပြီး ဖြစ်၍ သိသည်။

ဩဂုတ်စတင်း၏ အယူအဆမှာ ခရစ်ယာန် အသင်း တော် ဘုရား ဝတ်ပြုသော ကျောင်း (ချာ့ချ်) သည် ဘုရားသခင်၏ ကျေးဇူး ကရုဏာတော်ကို ခံယူရာ အကြောင်း ဖြစ်သော စက္ကရမန္တ မင်္ဂလာ (ရေနှစ်ခြင်း၊ ရေဖျန်းခြင်း၊ အသွေးတော် အသားတော်ကို သုံးစားခြင်း မင်္ဂလာပွဲ၊ ကတိသစ္စာပြုပွဲ မင်္ဂလာများ အားလုံး) ကို ကျင်းပရန် အတွက် ဘုရားသခင်က ခန့်ထားသော နေရာ ဖြစ်သည်။ ထို ဘုရား ဝတ်ပြုရာ ကျောင်းတော် အသင်းတော်မှာလည်း တစ်ခုတည်းသာ ရှိသည်။ ထိုအသင်းတော်၏ အပြင်အပ၌ ဖြစ်သော အခြား အသင်းများ၊ ခရစ်ယာန် မဟုတ်သူရော၊ ခရစ်ယာန် အယူ ကွဲသူများရော မည်သူမျှ ကယ်တင်ခြင်းကို ခံရမည် မဟုတ်ဟု ဆိုလေသည်။

မြောက် အာဖရိက တိုက်ရှိ ခရစ်ယာန် အယူဝါဒ အစစ်အမှန်ကို သိလာသူဟု ဆိုသူများ (၄င်းတို့ကို *ဒိုနာတစ်* [၁] ဟု ခေါ်သူများ) က မထိုက်တန်သော တရားဟော ဆရာ ဘုန်းကြီးများက ကျင်းပ ပြုလုပ်သော စက္ကရမန္တ မင်္ဂလာသည် အကျိုး သက်ရောက်ခြင်း မရှိ၊ မထိရောက်ဟု အယူ ရှိကြလေသည်။

သို့သော် ဩဂုတ်စတင်းကမူ စက္ကရမန္တ မင်္ဂလာသည် ဘုရားသခင်က စီမံ ဖန်တီး ပြုလုပ်သော အရာသာ ဖြစ်သည်၊ လူတို့ စီမံ ဖန်တီးသော အရာ မဟုတ်သောကြောင့် ထိုမင်္ဂလာများသည် ဘုရားသခင်၏ ကျေးဇူးတော်၊ ကရုဏာ တော်ကို ရသည်သာ ဖြစ်၏။ ကျင်းပ ပြုလုပ်သူ၏ အကျင့်သီလ ထိုက်တန်မှု မထိုက် တန်မှုနှင့်မှု မဆိုင်ဟု ဆုံးဖြတ် ခဲ့လေသည်။

ဩဂုတ်စတင်း၏ သမိုင်း အမြင်များကို သူ၏ ကျမ်း တစ်စောင် ဖြစ်သော *ဘုရားသခင်၏ နေပြည်တော်* [၂] ကျမ်း တွင် ဖော်ပြခဲ့လေသည်။ ဤကျမ်းကို သူသည် ရောမ မြို့ တော်ကြီးကို လူရိုင်းများ လုယက် ဖျက်ဆီး၍ အောင်ပွဲ ခံ ချိန်မှာ ရေးခြင်း ဖြစ်သည်။ ထိုအချိန်က ခရစ်ယာန် မဟုတ်သော စာရေးဆရာများက ရောမ မြို့တော်ကြီး ကျဆုံးရခြင်းမှာ ရှေးက ရောမ မြို့တော်ကို စောင့်ရှောက်ခဲ့ကြသော တန်ခိုးကြီး နတ်များကို ပစ်ပယ်ပြီး တန်ခိုး သိမ်ငယ်သော ခရစ်ယာန် နတ်များကို ကိုးကွယ်ခဲ့မိသော အမှားကြောင့် ဖြစ်သည်ဟု ယူဆကြလေသည်။ ရှေးက ကိုးကွယ်သော နတ်များကသာ ရောမ မြို့တော်ကို တန်ခိုး အာဏာ ကြီးမားအောင် မစခဲ့ကြသည်ဟု ဆိုကြလေသည်။

ဩဂုတ်စတင်းသည် ထိုစွပ်စွဲသော အယူအဆကို ချေပရန် အတွက် ဤကျမ်းကို ရေးသားခဲ့ခြင်း ဖြစ်၏။

ဩဂုတ်စတင်း၏ ဘာသာရေး အယူအဆများကို *ရိုမင် ကက်သလစ်* [၃] အသင်းတော်များ အားလုံးက လက်ခံခဲ့ကြသည်ဟု မဆိုနိုင်ပေ။ အခြားသော ကြားဝင် အယူအဆများ၏ ဩဇာ လွှမ်းမိုးမှုလည်း ရှိသည်။ *ပရိုတက်စတင့် ပြုပြင် ပြောင်းလဲရေး* [၄] များကမူ ဩဂုတ်စတင်း၏ အယူအဆများကို ပြန်လည် လက်ခံခဲ့ကြလေသည်။ အမှန်မှာ ထိုသူများသည် စိန့်ပေါလုနှင့် ယေရှု သခင်ထံသို့ ပြန်သွားကြခြင်း ဖြစ်လေသည်။

## အရှေ့နှင့် အနောက် ခရစ်ယာန် အသင်းတော် နှစ်ခြမ်း ကွဲခြင်း

မြောက်အရပ်က လာသော ကျူးကျော်သူ လူရိုင်းများကြောင့် ရောမ အင်ပိုင်ယာကြီးသည် အာဏာ လျော့ကျသွားသည် မဟုတ်၊ ၇ ရာစုတွင် အရှေ့တောင် အရပ်မှာလည်း အခြားသော ကျူးကျော် တိုက်ခိုက်သူများ ဝင်ရောက် လာခဲ့လေသည်။ ထိုသူများသည် ပါလက်စတိုင်း ဒေသကို လျင်မြန်စွာ တိုက်ခိုက် သိမ်းယူလေသည်။ ဆီးရီးယား၊ အာရှ မိုင်းနား၊ မြောက်အာဖရိကနှင့် စပိန် နိုင်ငံ အထိ ပါဝင်လေသည်။ ကွန်စတင်တီနိုပို မြို့မှ အခိုင်အမာ ခုခံ ကာကွယ်မှုကြောင့် အခိုက်အတန့်အားဖြင့် ထို ကျူးကျော် တိုက်ခိုက်သူများကို အရှေ့ဘက်တွင် ဟန့်တားနိုင်ခဲ့လေသည်။

*ချားလ် မာတယ်* [၅] အမည် ရှိသော ဖရန့်က် မျိုးနွယ်စု ခေါင်းဆောင် စော်ဘွား တစ်ဦးက ၇၃၃ ခုနှစ်တွင် ပြင်သစ်ပြည်၌ ထို ကျူးကျော်သူများကို တွန်းလှန် ပစ်ခဲ့လေသည်။ သို့မဟုတ်ပါက ဥရောပ တစ်ခုလုံးကို မွတ်

၁။ Donatists
၂။ The City of God

၃။ Roman Catholic
၄။ Protestant Reformation ၅။ Charles Martel

ဆလင် ဘာသာဝင်များက သိမ်းယူ သွားနိုင်ခဲ့ပေလိမ့်မည်။ ကြွင်းကျန်နေသော ရောမ အင်ပိုင်ယာ အပေါ် မွတ်ဆလင်တို့၏ အောင်မြင်မှု အကျိုး သက်ရောက်ပုံမှာ ထို အင်ပိုင်ယာကို ခါတိုင်းထက် ပို၍ ပြင်းထန်စွာ အစိတ်စိတ် အမြွှာမြွှာ ဖြစ်သွားခဲ့လေသည်။ ပုပ် ရဟန်းမင်း ဒုတိယမြောက် ဂရေဂိုရီ၏ စိတ် မချမ်းမသာ အငြိုအငြင် ဖြစ်မှုကို အဖြစ်ခံလျက် ကွန်စတင်တီနိုပိုမှ ဧကရာဇ် ဘုရင် ဒုတိယမြောက် လီယိုသည် တစ်ဟုန်ထိုး ဝင်လာသော မွတ်ဆလင်များ၏ အန္တရာယ်ကို ရင်ဆိုင်နေရချိန်မှာပင် ပြုပြင်ရေး လုပ်ငန်းများကို ပြုလုပ်ခဲ့လေသည်။

အာရပ် လူမျိုးများနှင့် ခရစ်ယာန်များကပါ ခရစ်ယာန် ဘုရားကျောင်းများ အတွင်း၌ ရုပ်တု ဆင်းတုများနှင့် ရုပ်ပုံများကို တည်ထား ကိုးကွယ်နေခြင်းကို ဝေဖန် ပြောဆိုနေကြသည့် အတွက် ဧကရာဇ် ဘုရင်သည် အေဒီ ၇၂၆ ခုနှစ်တွင် ထိုရုပ်တုများကို ဆက်လက် အသုံး ပြုနေခြင်းကို တားမြစ် ပိတ်ပင်လိုက်လေသည်။

ဤသို့အားဖြင့် ခရစ်ယာန် ဘာသာ သမိုင်းတွင် *ရုပ်တု ဆင်းတုများကို ဖျက်ဆီးခြင်း လှုပ်ရှားမှု* [၁] သည် ပထမဆုံး အကြိမ် စတင် ဖြစ်ပေါ်ခဲ့လေတော့သည်။ ချက်ချင်း ဆိုသလိုပင် အရှေ့ဘက်မှာရော အနောက်ဘက်မှာပါ ဆန့်ကျင် ငြင်းဆန်မှုများ ဖြစ်ပေါ်လာလေသည်။

အရှေ့ဘက် အခြမ်းတွင် ဧကရာဇ် လီယို ဘုရင်သည် သူ၏ အမိန့်ကို လိုက်နာစေရန် စစ်တပ်ကို အသုံးပြုပြီး ဆောင်ရွက်ခဲ့လေသည်။ သို့သော် သူ၏ အမိန့်ကို မနာခံဘဲ နေသော ရောမမြို့ကို နာခံအောင် ပြုလုပ်ရေးမှာ အလုပ်ကျာဝေးနေလေသည်။

ပို၍ ဆိုးသော အချက်မှာ ပုပ် ရဟန်းမင်းက ရောမ ဘုန်းကြီး စည်းဝေးပွဲကြီး တစ်ခုကို ခေါ်ယူ ပြုလုပ်ပြီးနောက် ထိုအစည်းအဝေး ပွဲကြီးမှ ယေရှုသခင်၏ ရုပ်တု ရုပ်ပုံများကို အသုံးပြု ကိုးကွယ်ရန် ဆန့်ကျင်သူများ အားလုံး ဧကရာဇ် ဘုရင် အပါအဝင်ကို ပကာသနိယ ကံပြု၍ သပိတ် မှောက်ရန် ဆုံးဖြတ်ချက်ကို ရယူခဲ့လေတော့သည်။

ဧကရာဇ် ဘုရင်ကလည်း စစ္စလီနှင့် အီတလီတို့ကို ပုပ် ရဟန်းမင်း၏ စီရင်စု နယ်ပယ် အောက်မှ ဖယ်ရှားခြင်းဖြင့် လက်တုံ့ပြန်ခဲ့လေသည်။ ဤသို့ ပြုလုပ်လိုက်ခြင်းကြောင့် ပုပ် ရဟန်းမင်းသည် အားကိုးရာမဲ့ အခြေအနေသို့ ဆိုက်ရောက်သွားလေတော့သည်။

အဘယ်ကြောင့် ဆိုသော် အီတလီ မြောက်ပိုင်းမှာလည်း လွန်ဘတ်များ၏ ကျူးကျော် သိမ်းပိုက်ခြင်းကို ခံနေရပြီ ဖြစ်၏။ သူတို့ကလည်း ရောမကို သိမ်းယူနိုင်ရန် နှလုံးပြုထားပြီး ဖြစ်ကြလေသည်။ ထို့ကြောင့် ပုပ်ရဟန်းမင်းသည် ချားလ် မာတယ်ထံမှ အကူအညီကို တောင်းခံရလေတော့၏။ သူသည် မွတ်ဆလင်များကို တိုက်ခိုက်ရာ၌ အလွန် ရဲစွမ်းသတ္တိ ပြည့်စုံသူ ဖြစ်ရာ သူ၏ ရဲစွမ်းသတ္တိကို အားကိုးထိုက်ပေသည်။ အကူအညီ ရောက်မလာမီမှာပင် ချားလ်ရော ရဟန်းမင်း ဂရေဂိုရီပါ ကွယ်လွန်ပြီး ဖြစ်ကြ၏။

သို့သော် ချားလ်၏ သား *ပစ်ပင်* [၂] သည် အီတလီကို ကျူးကျော် ဝင်ရောက်ကာ လွန်ဘတ် ဘုရင်အား သစ္စာခံစေပြီးနောက် *ရဝန္နာ ပြည်နယ်* [၃] ကို ပုပ် ရဟန်းမင်းအား လက်ဆောင် ဆက်သလိုက်လေသည်။

ဤနည်းအားဖြင့် သူသည် ပုပ် ရဟန်းမင်းအား သူ၏ ရဟန်းမင်း ဩဇာ အာဏာကို အယ်လပင်းကို ကျော်ဖြတ်ကာ အရှေ့ဘက် အထိ ကျယ်ပြန့်သွားအောင် ဆောင်ရွက်ပေးခဲ့လေသည်။ သူကိုယ်တိုင် မသိဘဲနှင့် အနောက်ဘက်တွင် ကြီးကျယ်၍ တည်ငြိမ်မှု မရှိသော အင်ပိုင်ယာကြီး၏ အုတ်မြစ်ကိုလည်း သူ ချပေးခဲ့လေသည်။

ပုပ် ရဟန်းမင်းကြီးသည် နယ်မြေ များစွာ ရရှိသွား၏။ ယခုအခါ ပုပ် ရဟန်းမင်းသည် အီတလီတွင် အလွန်ကြီးကျယ်သော မြေပိုင်ရှင်ကြီး ဖြစ်သွားရုံမျှမက တစ်နှစ်လျှင် ဒေါ်လာ သန်းနှင့် ချီသော ဝင်ငွေကိုလည်း ရရှိသည့် ပြင် လောကီနှင့် ဆိုင်သော အချုပ်အခြာ အာဏာပိုင်၊ ခရစ်ယာန် အသင်းတော်များ၏ နိုင်ငံတော်ကိုပါ အုပ်စိုးရသော မင်း အဖြစ်သို့ ရောက်ရှိ သွားလေတော့၏။

ပုပ်သည် အချုပ်အခြာ အာဏာပိုင် မင်းတစ်ပါး အဖြစ်သို့ ရောက်ရှိသွားခြင်း ဖြစ်၏။ အလွန် အရေးပါသော အချက် ဖြစ်သည်။

ပစ်ပင်၏ သား ချားလ်မိန်းကလည်း အောင်မြင်မှုများစွာ ရရှိခဲ့၏။ သူသည် အနောက် ဥရောပ တစ်ခုလုံး ပါဝင်သော အင်ပိုင်ယာကြီးကို တည်ထောင်နိုင်ခဲ့လေသည်။ ခေတ်သစ် အခေါ် အရ ပြောရလျှင် ပြင်သစ် နိုင်ငံ၊ စပိန်နိုင်ငံ အရှေ့မြောက်ပိုင်း၊ ဘယ်လဂျီယံ၊ ဟော်လန်၊ ဂျာမနီနိုင်ငံ နယ်မြေ အများစု၊ ဩစတြီးယား၊ ဟန်ဂေရီနှင့် အီတလီ မြောက်ပိုင်း နယ်မြေ အားလုံး ပါဝင်လေသည်။

---

၁။ Iconoclastic Movement

၂။ Pippin

၃။ Province of Ravenna

အေဒီ ၈၀၀ ပြည့်နှစ် ခရစ္စမတ်နေ့တွင် သူသည် *သန့်ရှင်းသော ရောမ အင်ပိုင်ယာ၏ ကေရာဇ်* [၁] အဖြစ် ဒုတိယမြောက် လီယို ဘွဲ့ခံကာ ရာဇ ဘိသိက်ခံပွဲကို ကျင်းပခဲ့လေသည်။ ဤအချက်က အရှေ့နှင့် အနောက်သည် လမ်းခွဲခဲ့ပြီ ဖြစ်ကြောင်း ဖော်ပြလိုက်သလို ဖြစ်သွားသည်။

နောင် နှစ် အတန်ကြာသော အခါ ကွန်စတင်တီနိုပို ဘုရင် ကေရာဇ် ပဋ္ဌမမြောက် လီယိုကလည်း ချားလ်မိန်း၏ ကေရာဇ်ဘွဲ့ ခံယူခြင်းကို တရားဝင် အသိအမှတ် ပြုရလေသည်။ ထိုအခါမှ စ၍ ကေရာဇ် နိုင်ငံသည် နှစ်ခု ကွဲပြားသွားလေတော့သည်။

ထိုအချိန်တွင် အရှေ့နှင့် အနောက် ဘာသာ အယူဝါဒ ဆိုင်ရာ ကွဲပြား ခြားနားမှု ဖြစ်ပေါ်ရန်လည်း ပြင်ဆင်နေပြီ ဖြစ်၏။ ဩဂတ်စတင်းက သန့်ရှင်းသော ဝိညာဉ်တော်သည် အဖ ဘုရားနှင့် သားတော် ဘုရားထံမှ ပေါ်ထွက်လာသည်ဟု တွေးခေါ်ခဲ့လေသည်။

အေဒီ ၅၈၉ ခုနှစ်တွင် စပိန် နိုင်ငံ၌ အနောက်တိုင်း ဘာသာရေး စည်းဝေးပွဲကြီး တစ်ခု ကျင်းပ ပြုလုပ်ပြီးနောက် အေသနာစီယန် မူဝါဒဟု ခေါ်သော (သားတော် ဘုရားထံမှပါ) ဆိုသော စကားကို ထပ်ဖြည့်လေသည်။ 'သန့်ရှင်းသော ဝိညာဉ်တော်သည် အဖ ဘုရားထံမှရော သားတော် ဘုရားထံမှပါ ထွက်ပေါ်လာသည်' ဟု စကားလုံးကို ပြင်ဆင်လိုက်ခြင်း ဖြစ်သည်။

ထိုသို့စကားလုံး ပြောင်းလဲခြင်းကို အရှေ့တိုင်းသားများက အပြင်းအထန် ကန့်ကွက်လေသည်။ ထိုကဲ့သို့ စကားလုံး ပြောင်းလဲလိုက်ခြင်းသည် ဘုရားသခင်သည် အစစ အရာရာ၏ ဖြစ်ပေါ်ရာ အစ ရင်းမြစ် ဖြစ်သည် ဆိုသော အချက်ကို ငြင်းပယ်ရာ ကျသည်ဟု အရှေ့တိုင်းသားများက ယူဆကြလေသည်။ အနောက်တိုင်းသားများက 'သားတော် ဘုရားထံမှပါ' ဆိုသော စကားကို အများအားဖြင့် လက်ခံထားကြလေသည်။

ရာစုနှစ်ပေါင်း များစွာ အယူအဆ ကွဲအက်ခြင်းသည် မီးလောင်နေခဲ့လေသည်။ နောက်ဆုံး ၈၆၇ ခုနှစ်တွင် ကွန်စတင်တီနိုပို မြို့၌ ကျင်းပသော ဘုန်းတော်ကြီးများ အစည်းအဝေးကြီးက ပုပ် ရဟန်းမင်းအား သူ၏ နိုင်ငံရေး လုပ်ဆောင်ချက်များ အတွက်ရော၊ သူ၏ အယူဝါဒ ကွဲပြားမှုကို မှန်ကန်အောင် မဖြေရှင်းနိုင်ခြင်း အတွက် လည်းကောင်း ရှုတ်ချ ဖြစ်တင်ကြလေသည်။

ဤအချက်က ပုပ်ရဟန်းမင်းသည် တစ်ကမ္ဘာလုံးရှိ ခရစ်ယာန် အသင်းတော် အားလုံး၏ အချုပ်အခြာ အာဏာပိုင် ဖြစ်သည် ဆိုသော အချက်ကို လုံးဝ ငြင်းပယ်လိုက်ရာ ကျသွားလေတော့သည်။

နောက်ဆုံး အပြီးသတ် ကွဲပြား ခြားနားမှုကြီးသည် ၁၀၅၄ ခုနှစ်တွင် ဖြစ်သွားလေတော့သည်။ ဤကဲ့သို့ သင်းခွဲခြင်းကြောင့် ပုပ်ရဟန်းမင်းက ကွန်စတင်တီနိုပို၏ ဂိုဏ်းချုပ်ကို ခရစ်ယာန် သာသနာမှ သပိတ် မှောက်၍ ထုတ်ပယ်လိုက်လေသည်။ ကွန်စတင်တီနိုပို ဂိုဏ်းချုပ် ဘုန်းကြီးကလည်း ပုပ် ရဟန်းမင်းအား အလို မရှိကြောင်း ထုတ်ဖော် ကြေညာလေသည်။ ထိုအခါမှ စ၍ အရှေ့နှင့် အနောက် ကက်သလစ် ခရစ်ယာန် အသင်း နှစ်ခု ကွဲပြား ခြားနားသွားလေတော့သည်။

## ၄။ အရှေ့တိုင်း ရှေးအယူမှန် အသင်းတော်များ

မမြင့်မီ ကာလ အထိ ကွန်စတင်တီနိုပို ဂိုဏ်းချုပ်က အရှေ့တိုင်းရှိ ခရစ်ယာန် အသင်းတော်များ အပေါ်၌ အချုပ်အခြာ အာဏာပိုင် ဖြစ်ကြောင်း တောင်းဆိုချက် ရှိခဲ့စေကာမူ အရှေ့တိုင်း ခရစ်ယာန် အယူမှန် အသင်းတော်များသည် အများအားဖြင့် လွတ်လပ်သော အချုပ်အခြာ အာဏာပိုင် အမျိုးသား နိုင်ငံများ၌ တည်ရှိနေသော သဘော အလိုက် တစ်ခုနှင့် တစ်ခု အမှီအခို ကင်းစွာ လွတ်လွတ်လပ်လပ် ကိုယ့်သဘောနှင့်ကိုယ် ဆောင်ရွက်ကြသော အသင်းတော်များ အဖြစ်သာ တည်ရှိခဲ့ကြလေသည်။

အလက်ဇန်ဒရီးယား၊ ဂျေရုဆလင်နှင့် အန်တိုက် မြို့ရှိ ဘိရှော့များ၏ အခွင့်အာဏာများသည် မွတ်ဆလင်များ လက်အောက်သို့ စောစောစီးစီး ကျရောက်သွားကြလေသည်။ အေဒီ ၈ ရာစုလောက်ကတည်းက ဘာသာ အယူဝါဒ ဖွံ့ဖြိုး တိုးတက်မှုမှာ ထို အရပ် ဒေသများတွင် ရပ်ဆိုင်းသွားပြီ ဖြစ်၏။ ထို အယူဝါဒ ဖွံ့ဖြိုး တိုးတက်မှုသည် အခြား အရပ်ဒေသများမှာလည်း ရပ်ဆိုင်းသွားပြီ ဖြစ်၏။ တစ်ခုတည်း

၁။ Holy Roman Emperor

သော အမှန်တကယ် ပြောင်းလဲမှုမှာ ခရစ်ယာန် ဝတ်တက်စာများနှင့် ဘာသာရေး အလေ့အကျင့်များ ဘက်တွင်သာ ဖြစ်၏။ ဤအရာ၌ ခေါင်းဆောင်မှုကို ကွန်စတင်တီနိုပိုရှိ ဂိုဏ်းချုပ် ဘုန်းတော်ကြီးက ကာလ ကြာမြင့်စွာ ကတည်းက ပေးနေခဲ့ခြင်း ဖြစ်လေသည်။

၁၄၅၃ ခုနှစ်တွင် ကွန်စတင်တီနိုပိုမြို့ တူရကီများ လက်အောက်သို့ ကျရှုံးသွားသော အခါ ထိုဘာသာရေး ဦးဆောင် ဦးရွက် ပြုမှုသည် ဆလဗ် လူမျိုးများ၏ ခရစ်ယာန် ရှေးအယူမှန် ဝါဒ ရှိသော အသင်းတော်များသို့ ပြောင်းရွှေ့သွားခဲ့လေသည်။

ထို အသင်းတော်များ အနက် ရုရှား အယူမှန် ဝါဒ အသင်းတော်သည် အကြီးဆုံး ဖြစ်သောကြောင့် ဦးဆောင်မှုကိစ္စကို ရုရှား အသင်းတော်က ဆောင်ရွက်ခဲ့ခြင်း ဖြစ်လေသည်။ ထိုအသင်း၏ ဂိုဏ်းချုပ် ဘုန်းတော်ကြီး တစ်ခါက ပြောဖူးသည်မှာ ကွန်စတင်တီနိုပိုသည် ဒုတိယ ရောမ ဖြစ်သည်။ ထို့ကြောင့် မော်စကိုသည် တတိယ ရောမ ဖြစ်သင့်သည် ဟူ၍ ဖြစ်၏။

ခရစ်ယာန် ရှေး အယူမှန် ဝါဒကို ကျင့်သုံးသော အသင်းတော်များမှာ တစ်ခါမျှ အမှန်တကယ် ပြိုကွဲခြင်း မရှိခဲ့ကြပေ။

အပြည်ပြည်ဆိုင်ရာ အပြောင်းအလဲများ၊ ပဋိပက္ခများကြောင့် အကျိုးဆက်များ အဖြစ် တစ်ခါတစ်ရံ၌ သက်ဆိုင်ရာ နိုင်ငံများရှိ ခရစ်ယာန် အသင်းတော်များ အကြားမှာလည်း အခွင့် အာဏာနှင့် စပ်သော အငြင်းပွားမှုမျိုး ပြင်းပြင်းထန်ထန် ဖြစ်ဖူးခြင်း ရှိသည်။ ခရစ်ယာန် အသင်းတော် တစ်ခုက ကျန်တစ်ခုကို သပိတ်မှောက် ဝိုင်းပယ်ခြင်းမျိုး တစ်ကြိမ်မက ဖြစ်ပေါ်ဖူးခဲ့ခြင်း ရှိစေကာမူ နောက်ဆုံးတွင် *'အီကိုနိုမီ'*[၁] ဟု ခေါ်သော သင့်မြတ်ခြင်း အယူဝါဒမှ သဘော အရ အသင်းတော်မှ ဝိုင်းပယ်ခြင်း ခံရသော အသင်း ခေါင်းဆောင်များက သည်းခံကြရပြီး အသင်းတော်၏ အခွင့်အာဏာသည် ယုတ်လျော့ခြင်း မရှိ ဆိုသောမူအရ ပြန်လည် အတည် ပြုကြရလေသည်။

### အယူဝါဒ ဆိုင်ရာ ယေဘုယျ အနေအထား

အရှေ့တိုင်း ရှေး အယူဝါဒရှိ ခရစ်ယာန် အသင်းတော်များ၏ အဖွဲ့ခွဲများသည် အုပ်ချုပ်မှု သဘော အရ ကွဲပြား ခြားနားမှု ရှိကြစေကာမူ အယူဝါဒ ကိစ္စများတွင် အနည်းထက် အများ စည်းလုံး ညီညွတ်စွာ ရပ်တည် နေခဲ့ကြလေသည်။

ရှေးအယူမှန် သာဝကကြီးများ၏ ဟောကြားချက်များကို အဓိပ္ပာယ် သတ်မှတ် ဖွင့်ဆိုရာ၌ ရှေးက လက်ခံလာခဲ့ကြသော အယူဝါဒမှ သဘော တရားများသည် မမှားနိုင်သော အယူအဆများ ဖြစ်သည်ဟု လက်ခံ ထားကြလေသည်။ ဒေသ အလိုက် ယုံကြည်မှုနှင့် ကျင့်ထုံး ဓလေ့များ ကွဲပြား ခြားနားမှုမျိုး ရှိခဲ့သည်။ သို့ရာတွင် ယေဘုယျအားဖြင့်မူကား အသင်းတော် (ချားချ်) များသည် သူတို့၏ ရှေးက ဗရင်ဂျီ ဘုန်းတော်ကြီးများ အတည်ပြု လက်ခံထားခဲ့သော အယူဝါဒ မူများကိုမူကား လွှဲဖယ်သွားခြင်း၊ တိမ်းစောင်းသွားခြင်းကိုကား မပြုကြပေ။ မွတ်ဆလင်များ ဆီးရီးယား နိုင်ငံကို သိမ်းပိုက်ပြီးနောက် အနှစ် တစ်ရာခန့်အကြာတွင် ဒမတ်စကတ် မြို့မှ ဂျွန် (ယောဟန်) သည် ရှေးက ဗရင်ဂျီ ဘုန်းတော်ကြီးများ၏ ရေးသားခဲ့ချက်များကို စနစ်တကျ စုစည်းပြီး မူဝါဒများကို အပြည့်အစုံ ချမှတ် ပေးနိုင်ခဲ့လေသည်။

ဒမတ်စကတ် မြို့မှ ဂျွန်၏ ဆောင်ရွက်ချက်များသည် အရှေ့တိုင်းသားများ၏ အယူမှန် ဝါဒ အသင်းတော်များ၏ အထွေထွေ သဘောထားများကို ကောင်းစွာ ဖော်ဆောင်နိုင်ခဲ့ပေသည်။ အဓိက အရေးထားသော အချက်မှာ ခရစ်တော်၌ ဘုရားသခင် ဝင်စားသည် ဆိုသော ဂမ္ဘီရဆန်သော အချက်ဖြစ်သည်။ ထိုအယူအဆကို မျက်မှောက်ခေတ် ကာလသို့တိုင်အောင် လက်ဆင့်ကမ်း သယ်ဆောင် လာခဲ့ကြလေသည်။ ထိုသို့ ဆောင်ယူခဲ့ကြရာ၌ စက္ကရမန္တ သတ္တဌာနနှင့် အခြားသော ချားချ်များ၏ အခမ်းအနားဖြင့် ပူဇော် ပသမှု ကျင့်ထုံးများအားဖြင့် သယ်ဆောင်လာခဲ့ကြခြင်း ဖြစ်လေသည်။

ဒမတ်စကတ် မြို့မှ ဂျွန် အဓိက ထား၍ စဉ်းစားသော အချက်များထဲတွင် အနောက်တိုင်းသားများ လက်ခံထားသော လက်တွေ့ကျသော တရားဥပဒေနှင့် ဆိုင်သော လူနှင့် ဘုရား အကြားမှာ တည်ရှိသော ဆက်ဆံရေး ကိစ္စ မပါဝင်ခဲ့ပေ။ ထိုအချက်ကို အရှေ့တိုင်းသားများကမူ သူ့အရင်က လည်းကောင်း၊ သူ့နောက်မှ လည်းကောင်း အရေးထား စဉ်းစားခြင်း မပြုခဲ့ကြပေ။

အဓိက ထားသော အချက်မှာ ခရစ်ယာန် အသင်းတော်နှင့် ၎င်း၏ မျက်မြင် လောကပိုင်း ဆိုင်ရာ၊ ဘုရားသခင်၏ ကျေးဇူး ကရုဏာတော်ကို ခံယူရေး ဆိုင်ရာ စီမံဆောင်ရွက်မှုများသာ ဖြစ်လေသည်။

---

[၁]။ Economy

အယူအဆ အနေအထားနှင့် ပတ်သက်သော စိတ်ဝင်စားဖွယ် ကိစ္စ အချို့လည်း ရှိသေး၏။ ဘုရားရှိခိုးကျောင်း တည်ဆောက်ရာ၌ ဘိုင်ဇင်တိုင်း ခေတ် ဘုရားကျောင်း ဗိသုကာ လက်ရာများ အကြီးအကျယ် ဖွံ့ဖြိုး တိုးတက်သော အခါ ကာလ၌ ဒမတ်စကတ် မြို့က ဂျွန် ပေါ်ထွန်းလာခြင်း ဖြစ်လေသည်။ ထိုအချိန်က ဘုရားရှိခိုး ကျောင်းများတွင် ခရစ်တော်၊ မယ်တော် မေရီနှင့် သာဝကကြီးများ၊ စိန့်များ၏ ရုပ်တုများကို ထုလုပ်၍ အဆင်တန်ဆာ ပြုကာ ကိုးကွယ်နေကြလေသည်။

ထိုသို့ ရုပ်တု ကိုးကွယ်ခြင်းကို တတိယမြောက် လီယို ဘုရင်က ဖိနှိပ် ချုပ်ချယ်ပြီး နှိပ်ကွပ်ရန် အားထုတ်ခဲ့လေသည်။ ထိုအခါ ဒမတ်စကတ် မြို့မှ ဂျွန်က ရုပ်တုများ တည်ထား ကိုးကွယ်ခြင်း ဘက်က ခုခံ ကာကွယ် ပြောဆိုလေသည်။ သူက 'ရုပ်တု ကိုးကွယ်ခြင်း ပြဿနာသည် ခရစ်ယာန် ဘုန်းတော်ကြီးများ၏ အစည်းအဝေး ပွဲကြီးကသာ ဆုံးဖြတ်ရမည့် ကိစ္စ ဖြစ်သည်၊ ဘုရင် ဧကရာဇ်က ဆုံးဖြတ်ရမည့် ကိစ္စ မဟုတ်' ဟု ကြေညာခဲ့လေသည်။

ခရစ်တော်၌ ဘုရားသခင်၏ သန့်ရှင်းသော ဝိညာဉ်တော် ဝင်စားသော သဘော ရှိသလို ရုပ်တုများမှာလည်း သန့်ရှင်းသော ဝိညာဉ်တော် ဝင်စားသော သဘော ရှိသည်မှာ တူညီပေသည်။

ထို့ပြင် ရုပ်တုများသည် စက္ကူရမန္တနှင့် အလားတူပင် ဖြစ်သည်။ စာပေ ကျမ်းဂန်များမှာ စာတတ်သူများ အတွက် ကြည်ညို ကိုးကွယ်စရာ ဖြစ်သလို စာမတတ်သူများ အတွက် ရုပ်တုများသည် ကြည်ညို ကိုးကွယ်စရာ ဖြစ်သည်ဟု သူက စောဒက တက်ခဲ့လေသည်။

ထိုဗရင်ဂျီ ဘုန်းတော်ကြီးသည် ခရစ်ယာန် အသင်းတော် ဘုရားကျောင်းများက ကျင့်သုံးနေသော ပူဇော် ပသမှု မူဝါဒနှင့် စီမံ ဆောင်ရွက်မှုများ အားလုံးကို နေသားတကျ ဖြစ်ကျန်ရစ်အောင် ဆောင်ရွက်ပေးခဲ့လေသည်။ ထို လုပ်ဆောင်ချက်များ အားလုံးသည် ယုံကြည် ကိုးကွယ်သူများ ထံသို့ ဘုရားသခင်၏ ကျေးဇူးတော် ကရုဏာတော် ကျရောက်လာအောင် လုပ်ပေးသော အရာများချည်းသာ ဖြစ်ကြပေသည်။

ဤ ဆင်ခြင်ပုံ အရ အေဒီ ၇၈၇ ခုနှစ်တွင် သတ္တမ အကြိမ် အထွေထွေ ကောင်စီ စည်းဝေးပွဲကြီးကို ကျင်းပ ပြုလုပ်ခဲ့ကြလေသည်။ ဂရိနှင့် ရောမ အသင်းတော်များ နောက်ဆုံး အကြိမ် သဘော တူညီချက် ရရှိခဲ့ကြလေသည်။ ထိုစည်းဝေးပွဲကြီးက 'လက်ဝါးကပ်တိုင် ရုပ်ပုံ ရုပ်တုများနှင့် ဂေါ့စပယ် ဝမ်းမြောက်ဖွယ် သတင်း စကားများကို အလေးအမြတ် ထား၍ ဂုဏ်ပြုသင့်ကြောင်း ဆုံးဖြတ်ခဲ့ကြလေသည်။ သို့ရာတွင် ၄င်းတို့ကို ဘုရား အဖြစ် သဘောထား၍ ရှိခိုး ပူဇော်ခြင်း သဘောကား မဟုတ်ရပေ။ ရုပ်တုကို အရိုအသေ အလေးအမြတ် ပြုသော သူသည် ထို ရုပ်တုက ကိုယ်စားပြု တင်ပြထားသော အကြောင်းအရာကို အရိုအသေ ပြုခြင်းသာ မည်ပေသည်။' (ထိုအချက် အထိ အရှေ့နှင့် အနောက် အသင်းတော်များ အချင်းချင်း သဘော တူညီမှု ရရှိနိုင်ခဲ့ကြပေသည်။)

## အရှေ့တိုင်းနှင့် ရောမ အသင်းတော် ကွဲပြား ခြားနားမှုများ

သို့ပင်ဖြစ်သော်လည်း ရုပ်တု ဆင်းတုများနှင့် ပတ်သက်သော သဘောထား၌ အရှေ့တိုင်းနှင့် ရောမ အသင်းတော်တို့သည် ကွဲပြား ခြားနားနေကြဆဲ ဖြစ်၏။ အရှေ့တိုင်းတွင် ရုပ်တုကို လူကဲ့သို့ သဘော မထားကြပေ။ ရုပ်တုများသည် သင်္ကေတ အဖြစ်ဖြင့်သာ တည်ရှိလေသည်။ ရုပ်တုများသည် အရေးပါသော အနက် အဓိပ္ပာယ်များကို လွယ်ကူစွာ သရုပ် ဖော်သော ကိုယ်စားပြု ဖော်ပြချက်များသာ ဖြစ်ကြသည်ဟု ယူဆကြသည်။

ထို့ကြောင့် အရှေ့တိုင်းတွင် ရုပ်တုများကို ရောမ ဘုရားရှိခိုး ကျောင်းများမှာလို ရုပ်လုံး သဏ္ဍာန် မထုလုပ်ကြဘဲ ရုပ်ကြွ သဏ္ဍာန်ဖြင့်သာ ထုလုပ်ကြလေသည်။ တစ်နည်းအားဖြင့် အရှေ့တိုင်းသားများက ရုပ်တု ရုပ်ကြွများသည် ဘုရား သဘာဝနှင့် ဝိညာဉ် သဘောတို့ကို ပံ့ဆောင်ပြသော အရာများ အဖြစ်လောက်သာ သဘောထားသည်။ သို့သော် ရောမ အသင်းတော်များကမူ အပျိုစင် မယ်တော်နှင့် သူတော်စင် အရိယာ (စိန့်) များကို လူ့နယ် လူ့အဖြစ်သို့ သွတ်သွင်းပြီး ကိုးကွယ်ကြခြင်း ဖြစ်သည်။

ထို့ကြောင့် ယေရှု၏ မယ်တော်ကို ကိုးကွယ်ကြပုံ၌ အသင်းတော် နှစ်ခုမှာ အခြေခံအားဖြင့် ခြားနားကြလေသည်။

ရောမ ဗရင်ဂျီ ဂိုဏ်းသားများက အပျိုစင် မေရီကို သားတော်ကို ချစ်မြတ်နိုးသော မိခင်၊ သူ့ထံမှာ အသားတော်မြတ်ကို ခံယူသော သူများအား သနား ကရုဏာနှင့် အကြင်နာ တရားကို ပေးသော ပုဂ္ဂိုလ် အဖြစ် ကိုးကွယ်ကြသည်။ အရှေ့တိုင်းသားများကမူ သူမအား ဘုရားကို ဖွားမြင်တော်မူသော သန့်ရှင်း မွန်မြတ်သော မယ်တော်၊

သူ၏ ကိုယ်တွင် လူ့သဘောနှင့် ဘုရားသဘောတို့ ပေါင်းဆုံ ဝင်စားသော ပုဂ္ဂိုလ် အဖြစ်ဖြင့် ကိုးကွယ်ကြခြင်း ဖြစ်လေသည်။

ယနေ့ထက်တိုင်အောင် ကွဲပြား ခြားနားဆဲ ဖြစ်သော အချက်များလည်း ရှိသေးသည်။ အရှေ့တိုင်းသားများတွင် စက္ကရမန္တ မင်္ဂလာများ စာရင်း ရှိသည်။ အားလုံး စက္ကရမန္တ မင်္ဂလာ ခုနစ်ပါး ရှိသည်။ ဤအချက်တွင်လည်း ရိုမင်ကက်သလစ်များနှင့် ကွဲပြား ခြားနားသည်။ အရှေ့တိုင်းသားများက ဗတ္တိဇံ မင်္ဂလာကို နှစ်ခြင်း မင်္ဂလာ ပြုသည်။ ဆီလူးခြင်း မင်္ဂလာ (ဗတ္တိဇံ ခံယူပြီးနောက် ဘိရှော့က ဆီဖြင့် သုတ်လိမ်းခြင်း မင်္ဂလာ)၊ စားသောက်ပွဲ မင်္ဂလာ၊ အာပတ် ဖြေခြင်း မင်္ဂလာ၊ ရှင်ပြု ရဟန်းခံ မင်္ဂလာ၊ ထိမ်းမြား မင်္ဂလာ၊ ဗရင်ဂျီ ဘာသာဝင်များ၏ သေခါနီးတွင် ဆီလိမ်းခြင်း ဘိသိက် မင်္ဂလာ၊ (ဤ ဆီလိမ်းခြင်း မင်္ဂလာကို အနောက်တိုင်းမှာလို သေခါနီးကျမှ ပြုလုပ်သည် မဟုတ်၊ ရောဂါ ဝေဒနာ ပြင်းထန် နေချိန်မှာလည်း ထိုဝေဒနာ သက်သာစေရန် အားပေးသော အနေဖြင့် ပြုလုပ်သည်။)၊ စားသောက်ပွဲ မင်္ဂလာ ကျင်းပချိန်၌ ပေါင်မုန့်နှင့် စပျစ်ချိုရည်ကို ခရစ်တော်၏ အသားတော်၊ အသွေးတော် အဖြစ် သုံးဆောင်ကြခြင်း ဖြစ်သည်။ သို့ရာတွင် ရောမ အသင်းတော်က ပြုလုပ်သကဲ့သို့ကား မဟုတ်ချေ။ ရောမ အသင်းတော်က ထိုပေါင်မုန့်နှင့် စပျစ်ရည်ချိုသည် ခရစ်တော်၏ အသားတော် အသွေးတော် အဖြစ် အထည်ဒြဗ် ပြောင်းသွားသည်ဟု ယုံကြည်ကြလေသည်။ ဤသို့ ဒြဗ် ပြောင်းလဲသွားခြင်းမှာ သန့်ရှင်းသော ဝိညာဉ်တော်ကြောင့် ဖြစ်သည်ဟု ယူဆခြင်း ဖြစ်သည်။

စားသောက်ပွဲ မင်္ဂလာ မကျင်းပမီ ဝတ်တက်စာများကို တူရိယာ အသံ မပါဘဲ ဓမ္မ သီချင်း သီဆိုသူများနှင့် ဘုန်းကြီးများက သံပြိုင် သီဆိုကြသည်။

ထိုသို့ ကြည်ညိုဖွယ်ရာ ဝတ်တက်စာများကို ရွတ်ဖတ်နေစဉ် ပေါင်မုန့်နှင့် စပျစ်ချိုရည်ကို ယဇ်ပလ္လင် ရှေ့မှာ ထားရသည်။ အရှေ့တိုင်းသားများက ထိုစားသောက်ပွဲတွင် သုံးသော ပေါင်မုန့်ကို တဆေးပါသော ပေါင်မုန့်ကို သုံးသည်။ ရောမတို့ကမူ တဆေး မပါသော ဝေဖာကို သုံးသည်။ ပရိတက်စတင့် အသင်းတော်က စပျစ်ချို ခွက်ကိုရော ပေါင်မုန့်ကိုပါ ဘုရား ဝတ်ပြုသော ပရိသတ် လက်သို့ ပေးအပ်သည်။ ရောမ အသင်းတော်ကမူ စပျစ်ရည်ခွက်ကို ဘုန်းကြီးများ လက်မှာ ထားပြီး တစ်ဦးချင်းကို တိုက်ကျွေးသည်။

ထိုအခါ ဘုန်းကြီး၏ လက်ထဲမှာ ဖယောင်းတိုင် နှစ်တိုင်ကို မီးထွန်းထားပြီး လက်ဝါးကပ်တိုင် ပုံစံ သင်္ကေတကို ပြသည်။ ထိုကဲ့သို့ လက်ဝဲလက်တွင် ဖယောင်းတိုင် နှစ်တိုင်ကို မီးညှိပြီး ပူးကိုင်ထားခြင်းမှာ ခရစ်တော်၌ လူ့သဘာဝနှင့် ဘုရား သဘာဝ ပူးပေါင်းနေခြင်း သရုပ်ကို ဖော်ခြင်း ဖြစ်သည်။ ညာဘက် လက်တွင် ဖယောင်းတိုင် သုံးတိုင်ကိုလည်း ကိုင်ထားသည်။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ်တော် သုံးပါးပေါင်း တစ်ပါး ဘုရား (တြိနိတီ) ကို သရုပ်ဖော်ခြင်း ဖြစ်သည်။

တခြား ကွဲပြား ခြားနားမှုများလည်း ရှိသေးသည်။ အရှေ့တိုင်း အသင်းတော်က 'ရောမ မြို့က ဘိရှော့သည် ခရစ်ယာန် အသင်းတော် အားလုံး၏ ဦးစီး ခေါင်းဆောင် ဖြစ်သည်' ဆိုသော အယူကို မှားယွင်းသော အယူ ဖြစ်သည်ဟု ပယ်ချသည်။ ထို့ပြင် သာဝကကြီး ရှင်ပေတရုမှ ဆင်းသက်သော ရောမက ဘိရှော့သည်သာ သူ၏ အရိုက်အရာကို ဆက်ခံသူ ဖြစ်သည်၊ ဂျေရုဆလင်က ဘိရှော့၊ အလက်ဇန္ဒရီးယားက ဘိရှော့နှင့် အန်တွိုက်က ဘိရှော့တို့သည် ရောမက ဘိရှော့နှင့် အဆင့်အတန်း မတူ ဆိုသော အယူအဆကိုလည်း မှားသည်ဟု ပယ်ချကြသည်။

ထို့ပြင် ယုံကြည်မှုနှင့် အကျင့်သီလပိုင်းတွင် ရောမ ပုပ် ရဟန်းမင်း၏ အဆုံးအဖြတ်သည်သာ မမှားသော အဆုံးအဖြတ် ဖြစ်သည် ဆိုခြင်းကိုလည်း သူတို့က ငြင်းပယ်သည်။ ပုပ် ရဟန်းမင်း များစွာမှာ အယူ ဖောက်ပြန်မှုဖြင့် အသင်းတော်များ ကောင်စီက ရှုတ်ချ နှိမ်နင်းခဲ့ရဖူးပြီ၊ ထို့ကြောင့် ပုပ် ရဟန်းမင်းသည် အသင်းတော်များ ကောင်စီထက် ပို၍ ကြီးမြတ်သည် ဆိုခြင်းမှာ မဖြစ်နိုင်ဟုလည်း ဆိုကြလေသည်။

# ၅။ အလယ်ခေတ် ရောမ ဘုရင်ကျီ အသင်းတော်

## ပုပ် ရဟန်းမင်း အာဏာ ကြီးထွားသော ကာလ

ရောမ ဘုရင်ကျီ အသင်းတော် (ရိုမင် ကက်သလစ် ချားချ်) သည် အလယ်ခေတ်ထဲသို့ ဝင်ရောက်လာသော အခါ ၄င်း၏ ခေါင်းဆောင် ပုပ် ရဟန်းမင်း၏ ဩဇာ အာဏာမှာ နိုင်ငံရေးနှင့် ဘဏ္ဍာရေး အနေအထား အရ အနောက်တိုင်းက လောကီ သက်ဦးဆံပိုင် ဘုရင် အချို့နှင့် ညီမျှသော အဆင့်မှာ ရှိခဲ့လေသည်။ ထိုမျှသာ မကသေး၊ သူသည် အနောက်ဘက် ကမ္ဘာတွင် ဘာသာရေး၌လည်း အချုပ်အခြာ အာဏာပိုင် ဖြစ်လေသည်။

ထိုစဉ်ကာလက ပုပ် ရဟန်းမင်းများသည် ထို အနေအထားကို အမှန်တကယ် အလိုဆန္ဒ ရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ ထို အခြေအနေသို့ ရောက်ရှိလိုလျှင် ရောက်ရှိစေရန် အတွက် သူတို့မှာ မကျော်လွှန်နိုင်သော အတားအဆီး အခက်အခဲ မရှိပေ။

အနောက်တိုင်းမှ ဘုရင်များနှင့် စော်ဘွားများကလည်း သူတို့ဘက်က ရောမ ရဟန်းမင်း၏ ဘာသာရေး ဆိုင်ရာ ကိစ္စများ၌ အချုပ်အခြာ အာဏာ ပိုင်ဆိုင်မှုကို လိုက်လျောခွင့်ပြုလိုသော ဆန္ဒ ရှိခဲ့ကြလေသည်။

သို့သော် သူတို့ အားလုံး၏ စိတ်မှာ ပုပ် ရဟန်းမင်းသည် သူတို့၏ လောကီရေး ကိစ္စ သက်သက်တွင် ကျူးကျော် စွက်ဖက်ခြင်း ပြုလုပ်မည် မဟုတ်ဟု ယုံကြည် စိတ်ချထားကြလေသည်။

စောစောပိုင်းကမူ အမှန်ပင် နိုင်ငံတော်နှင့် ခရစ်ယာန် အသင်းတော်တို့သည် အတိုင်းအတာ တစ်ခု အထိ တစ်ခုကို တစ်ခု ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အနေအထားဖြင့် နေခဲ့ကြလေသည်။ နိုင်ငံ များစွာတို့သည် ခရစ်ယာန် အသင်းတော်၏ စည်းလုံး ညီညွတ်သော ဩဇာ သက်ရောက်မှု၏ တန်ဖိုးကို သိမြင်ခဲ့ကြလေသည်။ ထို့ပြင် ခရစ်ယာန် အသင်းတော်သည် သာမန် ပြည်သူများကို ဆက်လက် တည်မြဲအောင် ထိန်းထားနိုင်ခြင်းမျိုးကို မင်းညီမင်းသားများနှင့် အုပ်စိုးသော မင်းများသည် မည်သူမျှ ကြာရှည် တည်မြဲအောင် မပြုလုပ်နိုင်ခဲ့ကြပေ။ ပုပ် ရဟန်းမင်းများဘက်ကလည်း မင်းညီမင်းသားများသည် ခရစ်ယာန် သာသနာပိုင် ကျယ်ပြန့်သော အဖွဲ့အစည်း အဆောက်အဦများ၏ လုံခြုံရေးကို ထိန်းသိမ်းပေးလိမ့်မည်၊ အသင်းတော်ပိုင် မြေများ၏ လုံခြုံရေးကိုလည်း ထိန်းသိမ်းပေးလိမ့်မည်ဟု ယုံကြည် စိတ်ချမှု ရှိလေသည်။

ဤကဲ့သို့ မြေယာ ပိုင်ဆိုင်မှု အတွက် လုံခြုံမှု ရှိအောင် မင်းညီမင်းသားများဘက်က စောင့်ရှောက် ပေးခြင်းသည် မပြောပလောက်သော အကျိုးပြုမှုမျိုး မဟုတ်ချေ။

ခရစ်ယာန် အသင်းတော်များနှင့် အနောက်တိုင်းက ဘုန်းကြီးကျောင်းများကို သာသနာကို ကြည်ညိုသူ အဆင့်မြင့် အဆင့်နိမ့် နိုင်ငံသားများက မြေယာများကို မကြာခဏ လှူဒါန်းကြလေသည်။

အေဒီ ၈၀၀ ခုနှစ်လောက် ရောက်သော အခါ အသင်းတော်ပိုင် မြေမှာ ပြင်သစ်ပြည်၏ သုံးပုံ တစ်ပုံခန့် ရှိပြီး အီတလီနှင့် ဂျာမနီတွင်လည်း အလားတူ ကျယ်ပြန့်သော မြေဧရိယာများ ရရှိခဲ့လေသည်။

ချားလ်မိန်း ဘုရင် လက်ထက်နှင့် သူ လွန်ပြီးနောက် ကာလဝယ် အသင်းတော်နှင့် နိုင်ငံတော်တို့သည် တစ်ခုကို တစ်ခု အပြန်အလှန် ကူညီ ယိုင်းပင်းလျက်ပင် နေခဲ့ကြလေသည်။

သို့သော် ထိုအခြေအနေသည် နှစ်ဖက်စလုံးတွင် လျင်မြန်စွာ ယိုယွင်း ပျက်စီးလာလေတော့သည်။ ချားလ်မိန်း၏ အရိုက်အရာ ဆက်ခံသူများသည် အလယ်ခေတ်တွင် ပေါ်ထွန်းလာသော ပဒေသရာဇ် မြေပိုင်ရှင် စနစ်တွင် ပိတ်မိပြီး ပြည်ထောင်မင်းများ အစိတ်စိတ် ကွဲပြားသွားသောကြောင့် သူ၏ ကေရာဇ် နိုင်ငံကြီးကို တစ်စုတစ်စည်းတည်း ထိန်းသိမ်းထားနိုင်ခြင်း မရှိတော့ပေ။

ထိုအချိန်တွင် ပုပ် ရဟန်းမင်းများလည်း လောကီကိစ္စများတွင် တိုးတက် ပါဝင်လာနေသည်ကို တွေ့ရသည်။ သူတို့သည် ပြည်သူလူထုနှင့် ဘုန်းကြီး ရဟန်းများ၏ ရွေးချယ် တင်မြှောက်ခြင်းဖြင့် ရာထူး ရရှိလာသူများ ဖြစ်ရာ

သူတို့သည် စောစောကပင် အီတလီ၏ နိုင်ငံရေး အကွဲအပြဲထဲတွင် ပါဝင်လာကြလေတော့သည်။

ဂျာမန် လူမျိုးများက ရောမ အင်ပိုင်ယာကြီးကို ပြန်လည် တည်ထောင်သော အခါ ပုပ် ရဟန်းမင်းများကို ဂျာမန် ဧကရာဇ်များက ရွေးချယ် ခန့်ထားခဲ့လေသည်။ တစ်ခါတစ်ရံ ပုပ် ရဟန်းမင်းများသည် ဂျာမန် လူမျိုးများထဲက ဖြစ်လာကြပြီး တစ်ခါတစ်ရံ ပြင်သစ် လူမျိုးများထဲက ဖြစ်ခဲ့ကြလေသည်။ နောက်ပိုင်းသို့ ရောက်သော အခါ ပုပ် ရဟန်းမင်းများသည် အီတလီ မှူးမတ်များ အုပ်စု *(တပ်စကူလန် ပါတီ)* [၁] ၏ ရုပ်သေးရုပ်များ ဖြစ်လာကြသည်။ ထိုအခါ ထိုရဟန်းမင်းများသည် ထိုရာထူးနှင့် ထိုက်တန်လောက်အောင် ကိုယ်ကျင့် သီလနှင့် ဝိညာဉ်ရေးရာ ဂုဏ်ကျေးဇူးမျိုး မရှိကြတော့ပေ။

ခြုံ၍ ပြောရလျှင် သူတို့၏ အခွင့် အာဏာ သြဇာများ ကျဆင်းလာလေသည်။ အဝေးအလှမ်း ကျသော အရပ်ဒေသများရှိ ခရစ်ယာန် အသင်းတော်များမှာ ပုပ် ရဟန်းမင်း၏ လမ်းညွှန်မှု မရှိတော့ဘဲ ဒေသန္တရ ဆိုင်ရာ အုပ်စိုးသူ မင်းညီမင်းသားများ လက်အောက်သို့ လုံးလုံးလျားလျား ကျရောက်သွားကြလေတော့၏။

ထို့ကြောင့် ပုပ် ရဟန်းမင်းများနှင့် လောကီ အုပ်စိုးသူ မင်းများ အကြားတွင် အမျက် ဒေါသ ဖြစ်စရာ ပဋိပက္ခများ ပေါ်ပေါက်လာလေတော့သည်။ လောကီ အာဏာစက်ဖြင့် ဘာသာရေး ရာထူး ဌာနန္တရများသို့ ခန့်အပ်ခြင်း ခံထားရသော အသင်းတော် လူကြီးများမှာ လောကီစိတ် သန်သော အပူအပင် မရှိ အေးအေးဆေးဆေး နေသူများ ဖြစ်လာကြလေသည်။ တချို့က ထိုရာထူးများ ရရှိအောင် ငွေဖြင့် ဝယ်ခြင်း၊ တံစိုး ထိုးခြင်းများကို ပြုလုပ်ကြလေသည်။

ထိုအလေ့အထကို *ဓမ္မဆရာ ရာထူးကို ရောင်းဝယ်ခြင်း* [၂] ဟု ခေါ်ကြလေသည်။

ထိုသို့ ရရှိထားသော ဓမ္မဆရာ ရာထူးများကို သူတို့၏ ကိုယ်ပိုင် သီးခြား အခွင့် အာဏာလို ကျင့်သုံးကြလေသည်။ ရောမ မြို့တော်နှင့် အလှမ်း ကွာဝေးလေလေ သူတို့ စိတ်ထင်သလို ကျင့်ကြံ ပြုလုပ်လေ ဖြစ်တော့သည်။

မြောက်ပိုင်း နယ်မြေ ဖြစ်သော အထူးသဖြင့် ဂျာမနီတွင် ဘိရှော့များသည် အိမ်ထောင်သားမွေး ပြုကြပြီးလျှင် သူတို့၏ ဘိရှော့ ရာထူးကို သားများသို့ အမွေ ဆက်ခံခွင့် ပြုခဲ့ကြလေသည်။ ပုပ် လီယို (ပဉ္စမမြောက်) လက်ထက်က ချမှတ်ခဲ့သော ဘုရားကျောင်း ဝိနည်းများကို လုံးဝ ဂရုမပြုတော့ပေ။ ထိုဝိနည်း အရ ဘုန်းကြီး ရဟန်း မှန်သမျှ အသင်းတော်၏ လက်အောက် ငယ်သားများပင် အိမ်ထောင်သားမွေး မပြုရဟု ပြဋ္ဌာန်းထားခဲ့လေသည်။

တစ်ဖန် မြောက်ပိုင်းသား ဘိရှော့များသည် မကြာခဏ မင်းနှင့် မင်းညီမင်းသားများ၏ လင်ကွာ မယား ကွာမှုကိစ္စကို မင်းညီမင်းသားများ အလိုကျ လိုက်လျော၍ ခွင့်ပြုချက်များ ပေးခဲ့ကြလေသည်။

အခြား တစ်ဖက်တွင်လည်း ဓမ္မ ရေးရာ စည်းကမ်း ဥပဒေများနှင့် ပြည်သူ့ ဥပဒေများ အကြား၌ အငြင်းပွားမှု ပြဿနာ ပေါ်ပေါက်သော အခါ ထိုကိစ္စ၌ နိုင်ငံတော်က အာဏာစက် ကြီးမားနေလျှင် ဓမ္မ ရေးရာ ဥပဒေကို ချိုးဖောက်လေတော့သည်။

ပုပ် ရဟန်းမင်းနှင့် ဧကရာဇ် မင်းတို့၏ ခေါင်းချင်းဆိုင် ယှဉ်ပြိုင်မှုမှာ ကြာရှည် ရှောင်လွှဲ၍ မရတော့ပေ။

ပုပ် ရဟန်းမင်းနှင့် ဧကရာဇ်မင်းတို့ ကွဲပြားမည့်ကိစ္စကို ဆောင်ရွက်မှု ပြုနိုင်မည့် ကိုယ်ရည်ကိုယ်သွေး ရှိသော ပုဂ္ဂိုလ် ပေါ်ပေါက်လာမည့် အချိန်ကို စောင့်မျှော်လျက်ရှိ၏။

၁၀၇၃ ခုနှစ်တွင် *ဟီလ်ဒယ်ဘရန်* [၃] ပုပ် ရဟန်းမင်း ဖြစ်လာသော အခါ ဤကိစ္စ ဖြစ်ပေါ်လာလေတော့သည်။ ဟီလ်ဒယ်ဘရန်သည် သတ္တမမြောက် ဂရေဂိုရီ ဘွဲ့ခံခဲ့၏။ ဂျာမနီတွင် ဧကရာဇ် ဘုရင် အသစ် စတုတ္ထမြောက် ဟင်နရီ နန်းတက်သော အခါ ပုပ် ဂရေဂိုရီသည် မဆိုင်းမတွပင် ဤကိစ္စကို ဆောင်ရွက်လေတော့၏။ ပုပ် ရဟန်းမင်းက ဘိရှော့သည် သူ၏ ရာထူး ဌာနန္တရကို ပုပ် ရဟန်းမင်း၏ အမိန့် အာဏာဖြင့်သာ ရခြင်း ဖြစ်သည်၊ ဧကရာဇ် အမိန့် အာဏာဖြင့် ရရှိခြင်း မဟုတ် ဆိုသော အမိန့် ပြန်တမ်းကို ဟင်နရီ ဘုရင်အား လိုက်နာရန် အမိန့် ပေးလေတော့သည်။ ထို့ပြင် ဂျာမနီ ပြည်က အိမ်ထောင် ပြုလျက် နေကြသော ဘိရှော့များကိုလည်း ၎င်းတို့၏ ဇနီး မယားများကို စွန့်ရမည်ဟု အမိန့် ထုတ်လိုက်လေသည်။

သို့သော် စတုတ္ထမြောက် ဟင်နရီက ကြောက်မက်ဖွယ် ဆန့်ကျင်ဘက် အတိုက်အခံ ပြုမှုကို သက်သေပြလိုက်လေသည်။ ပုပ် ရဟန်းမင်း၏ အမိန့်ကို ပမာမခန့် ပြုသော အနေဖြင့် ဟင်နရီက မီလန် မြို့ရှိ ဘိရှော့ ရာထူး နေရာ၌ သူ့ စိတ်ကြိုက် ရွေးချယ်၍ ခန့်ထားကာ ထို ဘိရှော့ကို

---

၁။ Tusculan Party ၂။ Simony ၃။ Hildebrand

သူ၏ အုပ်ချုပ်မှု အောက်တွင် ထားလိုက်လေသည်။ ဟီလ် ဒယ်ဘရန်က သူ့ကို အလုပ် လုပ်ရန် ဆင့်ခေါ်လိုက်၏။ ဟင်နရီကလည်း သူ၏ မှူးမတ်များနှင့် ဘိရှော့များ ပါဝင်သော ကောင်စီ အစည်းအဝေး ပွဲကြီး ကျင်းပပြီးလျှင် ဟီလ် ဒယ်ဘရန်၏ ပုပ် ရဟန်းမင်း၏ အခွင့် အာဏာများကို ငြင်းပယ်လိုက်လေသည်။

ဟီလ်ဒယ်ဘရန်ကလည်း လျှပ်စစ် မိုးကြိုးစက်ကဲ့သို့ အမိန့် ပြန်တမ်း ထုတ်ပြီး ဟင်နရီအား သာသနာတော်မှ ထုတ်ပယ်ကြောင်းနှင့် သူ၏ ဂျာမနီနှင့် အီတလီမှ တိုင်းသူ ပြည်သားများအား ဟင်နရီ ဘုရင်ထံ သစ္စာ ခံရန် မလို အပ်တော့ကြောင်း အမိန့် ပြန်တမ်းထဲမှာ ဖော်ပြလိုက်လေသည်။

ဟင်နရီကလည်း ပုပ် ရဟန်းမင်းကြီးထံ ပြင်းထန်သော စာတစ်စောင် ရေးသားလိုက်သည်။ ထိုစာထဲတွင် ဟင်နရီက ပုပ် ရဟန်းမင်းကို ပုပ် ရဟန်းမင်းဟု မခေါ်ဘဲ 'ရဟန်းပျက်' ဟု ခေါ်ဝေါ် သုံးနှုန်းထားလေသည်။ အမှန်မှာ ဤအချက်တွင် ဟင်နရီသည် အထိ နာသွားလေသည်။ သူ၏ မှူးမတ်များက တစ်နှစ်နှင့် တစ်ရက် အတွင်း ဘုရင်သည် သာသနာတော်မှ ထုတ်ပယ်ခံရခြင်းက မလွတ်မြောက်ပါက သူတို့သည် ဘုရင်အား နန်းချမည်ဟု ပြောဆိုကြလေသည်။

ဟင်နရီ ဘုရင်လည်း ဒုက္ခ ကြီးစွာ ရောက်ပြီး အဲလ်ပ် တောင်တန်းကို ဖြတ်ကျော် သွားလေသည်။ ထိုအချိန်မှာ ဆောင်းရာသီ လလယ် ဖြစ်သည်။ သူသည် ကာနိုဆာရှိ ရဲတိုက်ကြီး တစ်ခုတွင် ပုပ် ရဟန်းမင်းအား တွေ့ဆုံရန် နောက်က လိုက်သွားခြင်း ဖြစ်၏။ ရဲတိုက် ခြံဝင်းထဲက နှင်းတောထဲတွင် ဟင်နရီသည် ပုပ် ရဟန်းမင်းကို တွေ့ ခွင့်ရရန် အတွက် ရပ်ပြီး စောင့်ရလေသည်။

ထိုအခါ ဂရေဂိုရီ ရဟန်းမင်းကလည်း သူ့ကို ဘာ လုပ်ရမည်ကို စဉ်းစားနေလေသည်။ နောက်ဆုံး၌ ပုပ် ရဟန်းမင်းက ဟင်နရီကို တွေ့ဆုံခွင့်ပြုပြီးလျှင် သာသနာ တော်မှ ထုတ်ပယ်ခြင်းအား ရုပ်သိမ်းပေးလိုက်လေတော့၏။

ပုပ် ရဟန်းမင်းကြီး၏ မဟာ အောင်မြင်မှုကြီး ဖြစ်သွားလေ၏။ သမိုင်း တွင်သော ဖြစ်ရပ်ကြီး ဖြစ်သွား၏။ သို့သော် ဤအောင်မြင်မှုသည် ကြာရှည် မခံခဲ့ပေ။ သုံးနှစ် ကြာသောအခါ ပုပ် ရဟန်းမင်းက ဟင်နရီကို သာသနာ တော်မှ ထုတ်ပယ်ခြင်းကို နောက်တစ်ကြိမ် မှားယွင်းစွာ ပြုလုပ်ပြန်၏။ ဤတစ်ကြိမ်တွင် ဟင်နရီ ဘုရင်၏ တုံ့ပြန်မှုမှာ ရောမသို့ စစ်တပ်ဖြင့် ချီတက်သွားပြီး ပုပ် ရဟန်းမင်းကို ရောမ မြို့မှ ဖယ်ရှားပစ်ပြီး ထိုနေရာတွင် သူ ကြိုက်သော ပုပ် ရဟန်းမင်းကို တင်မြှောက်လိုက်လေတော့သည်။

သို့သော် ပြိုင်ဆိုင်မှုမှာ အပြီး မသတ်နိုင်ခဲ့ပေ။ မကြာမီမှာပင် ပုပ် ဂရေဂိုရီရော ကေရာဇ် ဘုရင် ဟင်နရီပါ နှစ်ဦး စလုံး ကွယ်လွန် အနိစ္စ ရောက်သွားလေတော့သည်။

သူတို့ကို ဆက်ခံကြသော *ပဉ္စမမြောက် ဟင်နရီ* [၁] နှင့် ပုပ် ရဟန်း *ဒုတိယမြောက် ကာလစ်တပ်* [၂] တို့သည် ဈေးစပ် ညှိနှိုင်းမှုဖြင့် ပြေလည်မှု ရရှိသွားကြလေသည်။

ဤ ညှိနှိုင်း သဘော တူညီချက် အရ အမှုကိစ္စ အားလုံး၊ နေရာ ဒေသ အားလုံးရှိ ဘိရှော့များကို ခရစ်ယာန် အသင်းတော်ကသာ ဓမ္မဥပဒေ အရ ရွေးချယ်ရန်၊ သို့ရာတွင် သူတို့အား ဘုရားကို လှူထားခြင်း မပြုမီ ဂျာမန် ဘိရှော့များက ကေရာဇ် ဘုရင်၏ ရှေ့တော်မှောက်သို့ ဝင်ရောက်ကြပြီးလျှင် ကေရာဇ်၏ မင်း အာဏာစက်ဖြင့် လောကီ အာဏာကို အပ်နှင်းခြင်းကို ခံယူရမည် ဟူ၍ ဖြစ်၏။ တစ်နည်းအားဖြင့် ဂျာမန် ဘိရှော့များသည် ကေရာဇ် လက်ခံနိုင်သူများ ဖြစ်ကြရမည် ဆိုသော သဘော ဖြစ်၏။

ထို့ပြင် ဘိရှော့သည် အိမ်ထောင်သားမွေးမှု မပြုရ ဆိုသော ဝိနည်းကိုလည်း သဘော တူကြရသည်။

ဟီလ်ဒယ်ဘရန်၏ ပြုပြင် ပြောင်းလဲရေး အများစုမှာ အောင်မြင် ထမြောက်သွားသည့် သဘောပင် ဖြစ်၏။

ဟီလ်ဒယ်ဘရန်ထက် နောင် အနှစ် တစ်ရာ ကြာသော အခါ ပိုပြီး အာဏာ ကြီးမားသော ပုပ်ရဟန်းမင်းမှာ တတိယမြောက် *ပုပ် အင်နိုးဆင့်* [၃] (၁၁၉၃–၁၂၁၆) ဖြစ်သည်။ အင်နိုးဆင့်သည် ပုပ် ရဟန်းမင်း၏ အာဏာ အထွတ်အထိပ်သို့ ရောက်သော အချိန်တွင် ရာထူး လက်ခံခြင်း ဖြစ်သည်။

ပုပ် ရဟန်းမင်း တတိယမြောက် အင်နိုးဆင့်သည် အရည်အချင်း မရှိဘဲနှင့် ပါစားပေးခြင်း ခံရပြီး ထိုရာထူးကို ရရှိလာသော အခါ သူသည် မြေပေါ်က အချုပ်အခြာ အာဏာပိုင် မင်းများထက် သာသနာရေး ဘက်တွင် ကြီးမြတ်သော ပုဂ္ဂိုလ်ဟု ဆိုကာ ပထမဆုံးသော လောကီရေး ကိစ္စများတွင်ပါ ပါဝင် ဆောင်ရွက်သော ပုပ် ရဟန်းမင်း အဖြစ် ပြုမူ ဆောင်ရွက်လာလေသည်။

ဂျာမနီပြည်တွင် ထီးနန်းကို အပြိုင်အဆိုင် လုနေကြသူများကြောင့် အစိတ်စိတ် ကွဲပြားနေသော အချိန်တွင်

---

၁။ Henry V　　　၂။ Calixtus II

၃။ Pope Innocent III

သူက ထို ဂျာမနီပြည် ရှင်ဘုရင် တစ်ပါးကို သရဖူ ဆောင်း ပေးခြင်းဖြင့် ဘိသိက် မင်္ဂလာ ပြုပေးခဲ့လေသည်။

ထိုပုဂ္ဂိုလ်မှာ သန့်ရှင်းသော ရောမ နိုင်ငံ၏ ဧကရာဇ် ဖြစ်သူ တတိယမြောက် *အော့တို* [၁] ဖြစ်သည်။ ထိုဧကရာဇ် ဘုရင်က ပုပ် ရဟန်းမင်းအား သူ မင်းဖြစ်လာလျှင် ပြုလုပ် ပေးမည် ဆိုသော ကတိ များစွာကို ပေးခဲ့လေသည်။ ထို မင်းသည် မင်း ဖြစ်လာသော အခါ သူ ပေးထားသော ကတိ ကဝတ်များကို မေ့လျော့သွားလေသည်။

ထိုအခါ ပုပ် ရဟန်းမင်းသည် ပြင်သစ် ဘုရင်၏ အကူ အညီကို ရယူပြီး သူကိုယ်တိုင် နန်းတက်ကာ ဧကရာဇ် အော့တိုကို ဘက်ပြိုင်လေတော့သည်။

ဤနည်းဖြင့် သူ့ကိုယ်သူ မင်းကို ပြုလိုက ပြုနိုင်ပြီး ဖျက်လိုက ဖျက်နိုင်သူ ဖြစ်ကြောင်းကို သက်သေ ထူပြ လိုက်လေသည်။ ထိုအခါ ပြင်သစ် ဘုရင်၏ စိတ်ထဲတွင် သူ မချစ် မနှစ်သက်သော ဆွီဒင်သူ မိဖုရား အင်ဂေဘိုကို ကွာရှင်းမှုတွင် သူ့ဘက်က အဆုံးအဖြတ် ပေးလိမ့်မည် ထင် ပြီး ထိုမိဖုရားကို ကွာရှင်းပစ်လိုက်လေသည်။ ထိုအခါ ပုပ် ရဟန်းမင်းက ပြင်သစ်ပြည် တစ်ပြည်လုံး၌ ဘာသာရေး ဝတ်ပြုမှုများ အားလုံးကို အာဏာဖြင့် တားမြစ် ပိတ်ပင် ပစ်လိုက်လေတော့သည်။ ဘုရင်လည်း ပြည်သူတို့၏ ဆူပူ ကန့်ကွက်သော အသံများကို မခံနိုင်တော့ဘဲ အလျှော့ပေး လိုက်လျှောကာ ထိုမိဖုရားကို ပြန်လည် ပေါင်းသင်းရလေ တော့သည်။

စပိန် နိုင်ငံတွင်လည်း ပုပ် ရဟန်းမင်းသည် ပထမ မင်းနေပြည် ဖြစ်ခဲ့သော *အာရာဂွန်* [၂] ပြည်နယ်ကို သိမ်းယူ ပြီးနောက် ထိုနိုင်ငံ၏ ဘုရင်သို့ စီးစားမြေ အဖြစ် ပြန်ပေး လိုက်လေသည်။

ပုပ် ရဟန်းမင်းက ပုန်ကန် ခြားနားနေသော အင်္ဂလိပ် ဘုရင်ကိုလည်း ထိုအဆင့်သို့ ရောက်အောင် ပြုလုပ်ခဲ့လေ သည်။ ခြသေ့် နှလုံးသား ရှိသူဟု ခေါ်သော ရစ်ချာ့ဒ်၏ အစ်ကို ဘုရင် ဂျွန်သည် လူကြိုက် နည်းသော ဘုရင် ဖြစ် သည်။ သူက ကင်တာဘာရီ ဂိုဏ်းထောက် ဘုန်းတော် ကြီး နေရာ အတွက် သူ့ စိတ်ကြိုက် ပုဂ္ဂိုလ်ကို အတင်း အဓမ္မ တင်မြှောက်ခဲ့လေသည်။

ထိုအခါ ပုပ် ရဟန်းမင်းက အင်္ဂလန်ကိုလည်း ဘာ သာရေး ဝတ်ပြုမှုများ အားလုံးကို ရပ်ဆိုင်းရန် ပညတ် လိုက်လေသည်။ ဂျွန် ဘုရင်က ခုခံနေသော အခါ ပုပ် ရဟန်း မင်းက ထိုဘုရင်ကို သာသနာမှ ပထုတ်ပစ်လိုက် လေသည်။ သူ၏ မင်း အဖြစ်ကိုလည်း ရုပ်သိမ်းလိုက် ကြောင်း၊ ထိုမင်းကို ဘာသာရေး စစ်ပွဲ ဆင်နွှဲရန်လည်း တောင်းဆိုလိုက်လေတော့သည်။ ဂျွန် ဘုရင်က စည်းကမ်း ချက် ထား၍ အရှုံး ပေးရလေသည်။ အင်္ဂလန်ပြည်ကို ပုပ် ရဟန်းမင်းက စီးစားမြေ (အမှုထမ်းစားမြေ) အဖြစ် လက် ဆောင် ပေး၍ ဘုရင်က ရခြင်း ဖြစ်သည် ဆိုသော အချက် ကို အသိအမှတ် မပြုမချင်း ဘုရင်ကို နန်းတက်ခွင့် မပြုဘဲ ထားခဲ့လေသည်။ ထိုမြေပေါ်မှ တစ်နှစ်လျှင် ပုပ် ရဟန်း မင်းသို့ အခွန်တော် အဖြစ် အသပြာ တစ်ထောင် (မတ်) ကို ပေးဆောင်ရလေသည်။

ခရစ်ယာန် အသင်းတော်ထဲမှာလည်း ပုပ် တတိယ မြောက် အင်နိုးဆင့်သည် အငြင်းပွားဖွယ် မရှိသော ဓမ္မ ရေးရာ၌ အကြီးအချုပ် ဖြစ်လာခဲ့လေသည်။ အဆင့်မြင့် ဘုန်းကြီး ရဟန်းများနှင့် ပတ်သက်သမျှ အမှုကိစ္စ အငြင်း ပွားမှု မှန်သမျှကို သူ၏ အဆုံးအဖြတ်ဖြင့် ဖြေရှင်းကြရ သည်။ သူ၏ ဆုံးဖြတ်ချက်သည် အပြီးသတ် အဆုံးအဖြတ် ပင် ဖြစ်သည်။

သူသည် ဘိရှော့များကိုလည်း အခွင့်အာဏာ ပြောင်း ရွှေ့နိုင်သော အခွင့်အရေးကို ရယူထားလေသည်။

ဤနည်းအားဖြင့် ပုပ် ရဟန်းမင်း၏ အခွင့် အာဏာ သည် ဓမ္မစက် အာဏာစက်၌ သူ့လက်ထက်တွင် အထွတ် အထိပ်သို့ ရောက်ရှိခဲ့လေသည်။

## အလယ်ခေတ် ရဟန်း သံဃာတော်များ အဖြစ်

ရဟန်း သံဃာများနှင့် ပတ်သက်သော ပြုပြင် ပြောင်းလဲ ရေး ပြုလုပ်မည့် အရိပ် နိမိတ်များမှာ ခရူးဆိတ် စစ်ပွဲများ မတိုင်မီကပင် ဖြစ်ပေါ်နေခဲ့လေသည်။

ခရူးဆိတ် စစ်ပွဲများ ဖြစ်ပွားနေစဉ် ဥရောပတိုက်ရှိ ဘုန်းကြီးကျောင်း မြင်ကွင်းကို လွှမ်းမိုးနေခဲ့သော ပြုပြင်ရေး ခရစ်ယာန် သံဃာတော်မှာ *ကလယ်ယာဗော့မှ ဘားနာ့ဒ်* [၃] ဖြစ်သည်။ သူသည် တရားဟော ဆရာလည်း ဖြစ်ပြီး စည်း ရုံးသူလည်း ဖြစ်သည်။

သို့သော် အလယ်ခေတ် ရဟန်း သံဃာ ကြည်ညို ကိုး ကွယ်မှု၏ မှတ်သားဖွယ် ဖော်ဆောင်မှုသည် နောက်ပိုင်းကျမှ ပေါ်လာသည်။ ၎င်းတို့မှာ *ဖရန်စစ္စကန်* [၄] ရဟန်း သံဃာ

၁။ Otto III ၂။ Aragon

၃။ Bernard of Clairvaux ၄။ Franciscan

များနှင့် *ဒိုမီနီကန်* ၁ ရဟန်း သံဃာများ ဖြစ်ကြသည်။ ဒိုမိနီကန် သံဃာဂိုဏ်းသည် အစက သာသနာပြု လှုပ်ရှားမှုမှ စတင် ဖြစ်ပေါ်ခဲ့သည်။ ၎င်းတို့၏ မူလ ရည်ရွယ်ချက်မှာ ပြင်သစ်ပြည် တောင်ပိုင်းရှိ အယူ မှားယွင်း နေကြသော *ကာထရီ* ၂ များကို ခရစ်ယာန် အယူမှန်သို့ ပြောင်းလဲလာရန် ပြုလုပ်ဖို့ ဖြစ်လေသည်။

ဤသံဃာဂိုဏ်းကို တည်ထောင်သူမှာ စပိန်ပြည်သား *ဒိုမိနစ်* ၃ ဖြစ်သည်။ သူသည် သူ၏ တရားဟော ဆရာများကို ရှင်ပေါလု၏ နမူနာကို ယူ၍ ဥရောပတိုက် ဒေသ အသီးသီးသို့ စေလွှတ်ရန် စိတ်ဆန္ဒ ရှိခဲ့လေသည်။ အထူးသဖြင့် တက္ကသိုလ် ကျောင်းတော်များ ရှိရာ ဒေသ မြို့ရွာများသို့ စေလွှတ်ရန် ရည်ရွယ်ခဲ့လေသည်။ သူ၏ ဆောင်ရွက်ချက် အောင်မြင်မှုက ထိုသံဃာ ဂိုဏ်းကို လျင်မြန်စွာ ကြီးထွားလာစေခဲ့လေ၏။

သူ့ဂိုဏ်းက သံဃာများကို *ဖရိုင်ယာ* ၄ (ခင်ကြီးများ) ဟု ခေါ်သည်။ ထိုခင်ကြီးများသည် စာပေ ပရိယတ္တိကို များစွာ လိုက်စားကြလေသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အကြားအမြင် မများသော မယုံကြည်သေးသူများအား ဦးစွာ ဟောကြားခြင်း၊ စာပေ သင်ကြားခြင်းဖြင့် သာသနာ ပြုရသောကြောင့် ဖြစ်လေသည်။ ထိုခင်ကြီးများသည် အဓိကအားဖြင့် အနက်ရောင် ဝတ်ရုံကို ဝတ်ဆင်ကြလေသည်။ ထို့ကြောင့် သူတို့မှာ *အနက်ရောင် ခင်ကြီး* ၅ များဟု တွင်လေတော့သည်။ သူတို့သည် ဆင်းရဲ ပင်ပန်းသော ဘဝကို ခံယူကာ ဆွမ်းခံစားလေသည်။

ဘုန်းကြီး ကျောင်းတိုင်း၊ သီလရှင် ကျောင်းတိုင်းမှာ ကျောင်းထိုင် ပုဂ္ဂိုလ်၊ သီလရှင် ကျောင်းထိုင် ဆရာကြီး အသီးသီး ရှိကြသည်။ ထိုကျောင်းထိုင်နှင့် သီလရှင် ဆရာကြီးများကို လေးနှစ် တစ်ကြိမ် သံဃာထု၊ သီလရှင်ထုက ဒီမိုကရေစီ နည်းဖြင့် ရွေးချယ် တင်မြှောက်ကြခြင်း ဖြစ်သည်။ ဒိုမိနီကန်များမှာ ကံဆိုးသူများ ဖြစ်ကြလေသည်။ သူတို့ကို ပုပ် ရဟန်းမင်းကြီးက ဘုရင်ဂျီ ဘာသာ အယူဝါဒနှင့် ကွဲလွဲသူများ အဖြစ် ရွေးချယ် သတ်မှတ်ခြင်းကို ခံခဲ့ရလေသည်။

အမှန်မှာ သူတို့တွင် အယူဝါဒ ကွဲလွဲသော သဘော အယူအဆမျိုး မရှိခဲ့ကြပေ။ သူတို့၏ အယူဝါဒကို ကြိုက်နှစ်သက်သူများ လျင်မြန်စွာ တိုးပွားခဲ့သည်။ ထို နောက်လိုက်များမှာလည်း အထက်တန်း ပုဂ္ဂိုလ်များ ဖြစ်ကြပြီး သူတို့ ဘက်တော်သားများထဲက အလွန် ထင်ရှားသော စာရေးဆရာများ၊ အာစရိယများ ပေါ်ထွန်းခဲ့လေသည်။

ဘာသာရေး ပညာရှင်များ အနက် *အယ်လ်ဘာတပ် မဂ္ဂနပ်* ၆ နှင့် *သောမတ်စ် အကွီင်းနပ်* ၇၊ ဖလိုရင့်မှ ပြုပြင်ပြောင်းလဲရေးသမား *ဆာဗိုနာရိုလာ* ၈ နှင့် ဂျာမနီ ဝါဒီ *အက္ကဟာတ်* ၉ နှင့် *တောင်လာ* ၁၀ တို့သည် အလွန် လူသိများ ထင်ရှား ကျော်ကြားသူများ ဖြစ်ကြလေသည်။

ဖရန်စစ္စကန်များသည် သာမန် အရပ်သူ အရပ်သားများ အကြား၌ အောင်မြင်မှုများစွာ ရရှိခဲ့လေသည်။ *အက်စီစီမှ စိန့်ဖရန်စစ်* ၁၁ သည် ထိုဂိုဏ်းကို တည်ထောင်သူ ဖြစ်လေသည်။ ထိုပုဂ္ဂိုလ်သည် ကမ္ဘာကျော် ပုဂ္ဂိုလ်ထူးကြီး တစ်ပါး ဖြစ်သည်။ ပုဂ္ဂိုလ်ရေး အရ အလွန်တရာ နှစ်လိုကြည်ညိုဖွယ် ကောင်းသော သူတော်စင် အရိယာ (စိန့်) တစ်ပါး ဖြစ်လေသည်။ အလယ်ခေတ်တွင် လူ့ဝင်စား အဖြစ်ကြွလာသော ခရစ်တော်ဟုပင် ဆိုသင့်သူ ဖြစ်သည်။ ငယ်စဉ်က အပူအပင် မရှိ ပျော်ရွှင် ချမ်းမြေ့စွာ နေခဲ့ရသူ ဖြစ်သည်။ သူ့ ဖခင်မှာ လုပ်ငန်းရှင်ကြီး တစ်ဦး ဖြစ်သည်။ ကြွယ်ဝ ချမ်းသာအောင် ဥစ္စာနေ စုဆောင်းလိုသော စိတ်ဆန္ဒ မရှိသည့် သူ့ကို သူ့ ဖခင်က အမွေ ဖြတ်လေသည်။ သူကလည်း လောကီချမ်းသာ စည်းစိမ်ကို မမက်၊ ဘာသာတရားကိုသာ ကြည်ညိုစွာ အားထုတ်လေသည်။

ဓမ္မသစ် ကျမ်းစာထဲတွင် သူသည် ခရစ်တော်၏ ဘဝ နေနည်း စည်းမျဉ်း စည်းကမ်းများ အတိုင်း နေခဲ့ကြောင်း ဖော်ပြထားသည်။ သူက သူသည် ဆင်းရဲခြင်း သမီးပျိုနှင့် လက်ထပ်ပြီးပြီဟု ဆိုကာ ထိုနေ့က စပြီး ရလွယ်ဆုံးသော အစားအစာကိုသာ စားသည်။ အဆင်တန်ဆာ ကင်းသော အရိုးသားဆုံး အညံ့ဆုံး အဝတ်ကိုသာ ဝတ်ဆင်သည်။ သူ ဝတ်ဆင်သော အဝတ်မှာ မီးခိုးရောင် ဖြစ်သည်။ ကိုယ်ပိုင် ပစ္စည်း ဆို၍ မရှိ မဖြစ် လိုအပ်သော အသုံးအဆောင်က လွဲပြီး ဘာဆို ဘာမျှ မရှိ။ အလုပ် ရှိရာ အရပ်၌ ကျရာ အလုပ်ကို လုပ်သည်။ ငွေကြေး ရရှိရေး အတွက် မဟုတ်၊ လိုအပ်သည့် အရပ်၊ လိုအပ်သည့် အချိန်၌ လုပ်ပေးခြင်း ဖြစ်သည်။ အလုပ် မရှိသည့် အခါ ဆွမ်းခံစားသည်။ ဆင်းရဲ

၁။ Dominican
၂။ Cathari
၃။ Dominic
၄။ Friar
၅။ Black Friar
၆။ Albertus Magnus
၇။ Thomas Aquinus
၈။ Savonarola
၉။ Eckhart
၁၀။ Tauler
၁၁။ St. Francis of Assisi

သားများကို တရား ဓမ္မများ ဟောကြားသည်။ တစ်ဦး တစ်ယောက်တည်း၊ တစ်ပါးတည်း ဧကစာရီ ကျင့်သော အခါ ကျေးငှက်များ၊ သားကောင်များနှင့် အတူ နေလေသည်။ ကံ မကောင်း အကြောင်း မလှသူများကို ထောက်ပံ့သည်။ နူနာဝဲစွဲသူများ၊ အပယ်ခံများကို ကူညီသည်။ သူ့ပင်ကိုက ဖြစ်သော ကရုဏာ တရား အရရော၊ ခရစ်တော်ကို အတု ယူ၍ ပြုလုပ်သော အကြင်နာ ကရုဏာ တရားများဖြင့်ပါ ဆောင်ရွက်ခြင်း ဖြစ်လေသည်။ သီလ သိက္ခာပုဒ်ကို စောင့် ထိန်းခြင်းအားဖြင့် လည်းကောင်း၊ နမူနာပြသော အနေဖြင့် လည်းကောင်း ရွှေငွေ အတွက် မဟုတ်ဘဲ ဘုရားသခင်ကို အလုပ်အကျွေး ပြုသောအားဖြင့်သာ အလုပ် လုပ်ခဲ့လေသည်။

သူ၏ ဘဝနေနည်းသည် ချက်ချင်းပင် လူအများ စိတ် ကို ဆွဲဆောင်နိုင်ခဲ့လေသည်။ ထိုလူများ အတွက် ဓမ္မသစ် ကျမ်းစာမှာ ပါသော ခရစ်တော်၏ စည်းမျဉ်းများကိုသာ ပြဋ္ဌာန်းပေးလေသည်။ လူ ၁၂ ယောက်က သူနှင့် ပူးပေါင်း လာသောအခါ သူသည် ပုပ် ရဟန်းမင်း တတိယမြောက် အင်နိုးဆင့်ထံသို့ သွားပြီး သူတို့၏ ရဟန်း သံဃာ အဖွဲ့ အစည်းကို အသိအမှတ် ပြုရန် တင်ပြလေသည်။ ပုပ် ရဟန်း မင်းကလည်း ချက်ချင်း ခွင့်ပြုချက် ထုတ်ပေးခဲ့လေသည်။

စိန့်ဖရန့်စစ်သည် အဖွဲ့အစည်းကြီး ဖွဲ့စည်းရန် ကြိုး ပမ်းခြင်း မပြုဘဲ သူ၏ မီးခိုးရောင် ဝတ်ဆင်ထားသော ဘရင်ဂျီ ဘုန်းကြီး (ဖရိုင်ယာ) များကို နှစ်ဦး တစ်တွဲစီ သာသနာ ပြုရန် တရား ဟောဖို့ အရပ် အသီးသီးသို့ စေ လွှတ်လေသည်။

ဤမျှ ပြုလုပ်ရုံဖြင့် သူ၏ လှုပ်ရှားမှုသည် တောမီး လောင်သလို ပျံ့နှံ့ သွားလေတော့သည်။

ထိုအခါ အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်းဖို့ လိုအပ် လာလေတော့သည်။ ရဟန်း သံဃာ အဖွဲ့အစည်း အဆင့် ဆင့်၊ သီလရှင် အဖွဲ့အစည်းများနှင့် လူသာမန်များ ပါဝင် သော ဘာသာရေး အဖွဲ့အစည်း အဆင့်ဆင့်ကို ဖွဲ့စည်း တည်ထောင်ခဲ့ကြလေတော့သည်။

ခရစ်ယာန် သာသနာ၌ ဒိုမိနိကန် သံဃာ အဖွဲ့အစည်း ရော၊ ဖရန့်စစ္စကန် သံဃာ့ အဖွဲ့အစည်းရော ဩဇာတိက္ကမ ကြီးထွားခဲ့ကြလေသည်။

ဤ သံဃာ အဖွဲ့အစည်းများ၏ စွမ်းဆောင်မှုကြောင့် ခရစ်ယာန် သာသနာသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဖွဲ့အစည်းကြီး ဖြစ်လာရပေတော့သည်။

## ကျမ်းတတ် ပညာရှင်များ၏ စကော်လပ်စတစ် [၁] ဝါဒ

ဤ အဖြစ်အပျက်များ ဖြစ်ပွား ပေါ်ပေါက်နေစဉ်မှာပင် ဘာသာရေး ဂိုဏ်းများသည် အလုပ် ရှုပ်နေကြပြီ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ယိုယွင်း ပျက်စီးသွားပြီ ဖြစ်သော အဟောင်း အမြင်းများ ကြားက ကမ္ဘာသစ်ကြီး ပေါ်ထွန်း လာပြီ ဖြစ်သောကြောင့် ဖြစ်၏။ လူများသည် ယခုအခါ သူတို့၏ အသိဉာဏ် ပညာ ပါသော ပညာ အမွေအနှစ်များ ကို စတင် လေ့လာနေကြပြီ ဖြစ်သောကြောင့် ဖြစ်၏။

ချားလ်မိန်း ဘုရင် လက်ထက် အခါ ကတည်းက ဘုရား ဝတ်ပြုကျောင်းကြီးများနှင့် ဘုန်းကြီးကျောင်းကြီး များသည် သူတို့ တည်ထောင်ခဲ့ကြသော ဂိုဏ်းဂဏ ကိစ္စများ ကို နောင်လာ နောက်သား လူငယ်များ အကျိုး အတွက် ပို၍ ပို၍ ဂရုတစိုက် လေ့လာနေကြပြီ ဖြစ်၏။ တချို့သော ဆရာသမားများသည် ပညာရပ် မျိုးစုံကို လေ့လာ သင် ကြားမှုဘက်သို့ တိုးပွားစွာ အာရုံ ပြုနေကြလေပြီ။ ကျမ်း ဟောင်းများမှာ ပါသော ဘာသာရပ် အကြောင်းအရာများ ကိုသာ သင်ကြားခြင်း မပြုတော့ဘဲ အာရစ္စတိုတယ်၊ ပလေ တိုး၊ စတိုးဝစ်တို့၏ ဒဿန ကျမ်းများ၊ ပလေတိုး ဝါဒသစ် နှင့် စိန့်ဩဂတ်စတင်၏ ကျမ်းဂန် စာပေများကိုပါ လေ့လာ သင်ကြားပေးနေကြပြီ ဖြစ်၏။

ထိုမျှမကသေး၊ သူတို့ ကိုယ်တိုင် ရေးသားထားသော ကျမ်းစာသစ်များကိုလည်း ဘုန်းကြီးကျောင်းများသို့ ရောက် အောင် လှည့်လည် ပေးပို့နေကြလေသည်။ ထိုကျမ်းစာသစ် များကို ဖတ်ပြီး စကား အချေအတင် ငြင်းခုံ ပြောဆိုခြင်း များ၊ စကားရည်လုပွဲများ၊ ဆွေးနွေး ညှိနှိုင်းပွဲများကို ကျင်းပ ပြုလုပ်အောင်လည်း လှုံ့ဆော်နေကြလေသည်။

ဆရာများ၏ ဂုဏ်သတင်း ကြီးမားလာသော အခါ ရပ်ဝေး ရပ်နီးမှ စာသင်သား တပည့်များ လာရောက်၍ ပညာ သင်ကြားကြလေသည်။ အခြေအနေ အရပ်ရပ်က တက္ကသိုလ် ကျောင်းကြီးများ တည်ထောင်ရန် အတွက်ပင် အသင့် အနေအထားကို ဖန်တီးပေးလျက် ရှိနေလေပြီ။

၁၂ ရာစု နောက်ပိုင်းတွင် ပထမဆုံးသော တက္ကသိုလ် ကျောင်းကြီးကို တည်ထောင်လိုက်ကြလေသည်။

*ဘိုလောဂနာ* [၂] တက္ကသိုလ်သည် ဓမ္မကျမ်းစာများနှင့် ပြည်သူ့ ဥပဒေ အရာ၌ ကျော်စော ထင်ရှားသည်။

---

၁။ Scholasticism ၂။ Bologna

*ဆာလာနို* [၁] တက္ကသိုလ်က ဆေးပညာတွင် ကျော်ကြားသည်။

ပါရီနှင့် အောက်စဖုဒ် တက္ကသိုလ်များက ဘာသာရေး ပညာရပ်တွင် ထင်ရှား ကျော်ကြားကြလေသည်။

စကော်လပ်စတစ် ဝါဒ ဆိုသော ကျမ်းဂန်တတ် ပညာရှင်များ၏ အယူဝါဒသည် အလယ်ခေတ် ဘာသာရေး ဂိုဏ်းများ၏ ကြံစည် စိတ်ကူး တီထွင်၍ ဖြစ်ပေါ်လာသော အရာဖြစ်သည်။ ဤအယူဝါဒသည် သဘာဝအားဖြင့် ယုံကြည်သက်ဝင်မှုနှင့် ဆိုင်သော ယုတ္တိဗေဒနှင့် ပတ်သက်သည်။ ချားလ်မိမ်း ဘုရင် လက်ထက်တွင် အစမ်းသဘောအားဖြင့် ဤ အယူဝါဒ စတင် ပေါ်ပေါက်လာပြီးနောက် ကာလကြာမြင့်လာသော အခါ ၎င်းသည် ဒဿန ပညာနှင့် ပို၍ သက်ဆိုင်လာသည်။

ဤဝါဒက ကျင့်သုံးသော *ဒိုင်ယာလက်တစ်နည်း* [၂] ကို နောက်ဆုံး၌ အမှန်တကယ် ကြီးကျယ်သော ဘာသာ အယူဝါဒ ပညာ၏ ပြဿနာများတွင် အသုံး ချခဲ့ကြလေသည်။ ထိုပြဿနာမှာ ဆင်ခြင်တုံတရားနှင့် ဘုရားသခင်၏ ဖွင့်ဟ ပြောဆိုချက် သဘော နှစ်ခုကို သဘော ညီညွတ်မှု ရှိအောင် ဘယ်လို လုပ်မလဲ ဆိုသော ပြဿနာ ဖြစ်လေသည်။ တခြား တစ်နည်းအားဖြင့် ထိုပြဿနာသည် ဘာသာရေး အမြင်နှင့် သိပ္ပံပညာ၏ အမြင်တို့ကို သဘော ညီညွတ်မှု ရရှိအောင် စေ့စပ် ဖြေရှင်းရေး ပြဿနာပင် ဖြစ်သည်။ နောက် တစ်နည်း ဆိုရသော် ဘာသာ အယူဝါဒ ပညာနှင့် ဒဿန ပညာတို့ကို သဘော ညီညွတ်မှု ရရှိအောင် စေ့စပ် ဖြေရှင်းရေး ပြဿနာ ဖြစ်သည်။

ဘာသာရေး ပညာနှင့် ဒဿန ပညာ (ဆင်ခြင်တုံ တရားနှင့် ယုံကြည် သက်ဝင်မှု) အကြား သဘောထား ညီညွတ်မှု ရရှိအောင် ဆောင်ရွက်ရာတွင် စိန့်ဩဂတ်စတင်းသည် အရေးပါသော ပုဂ္ဂိုလ် ဖြစ်လာသည်။

၁၂ ရာစုတိုင်အောင် ဆင်ခြင်ဉာဏ်နှင့် ယုံကြည်သက်ဝင်မှု အကြားမှာ ကွဲပြား ခြားနားမှု ရှိနေခဲ့လေသည်။

ထို ပဋိပက္ခကို ဖြေရှင်းရာ၌ စိန့်ဩဂတ်စတင်းက 'ငါ သိနားလည်နိုင်သော အရာကိုသာ ငါ ယုံကြည်သည်' 'I believe that I may understand' ဟု ကြေညာကာ စတင် ဖြေရှင်းလိုက်လေသည်။ ဤသို့ ဖြေရှင်းရာ၌ စိန့်ဩဂတ်စတင်းသည် ပလေတို ဝါဒသစ်ကို လက်ခံကြသူများကို အမှီပြု၍ ဆိုခြင်း ဖြစ်သည်။

ပလေတို ဝါဒသစ်က ထာဝရ ဘုရားသခင်သည် အရာခပ်သိမ်းတို့ စတင် ဖြစ်ပေါ်ရာ အရင်းအမြစ် ဖြစ်သည်ဟု ဆိုလေသည်။

သို့ဆိုလျှင် ဆင်ခြင်ဉာဏ်နှင့် ဘုရားသခင်၏ ထုတ်ဖော် ဖွင့်ဟချက် ကြားမှာ ပဋိပက္ခ ဖြစ်စရာ အကြောင်း မရှိတော့ပေ။ သိပ္ပံပညာနှင့် ယုံကြည်မှု ကြားမှာလည်း ကွာဟချက် ကွဲပြားချက် ရှိရန် မလိုတော့ပေ။ ဘုရားသခင်က အသိပညာ မှန်သမျှ အားလုံးကို ပေးသနားတော် မူထားသောကြောင့် ဖြစ်သည်။

စိန့်ဩဂတ်စတင်း၏ ဦးနှောက် အသိဉာဏ်သည် ကြီးမားလွန်းသည်။ ထို့ကြောင့် အမြင် တစ်ခုတည်းကို ကွက်၍ ပြောရန် မသင့်ပေ။ စကော်လပ်စတစ် ဝါဒ၏ အခြေခံ အုတ်မြစ် တစ်ခုကို သူ ချပေးခဲ့လေသည်။ ၎င်းမှာ 'ယုံကြည်မှု အတွက် ဆင်ခြင်ဉာဏ်၏ အထောက်အပံ့ လိုသည်' ဆိုသော အချက် ဖြစ်သည်။ ထိုသဘော၏ အဓိပ္ပာယ်မှာ ဘုရားသခင်ထံက ကျလာသော ဖွင့်ဟ ပြောဆိုချက်များကို ယုတ္တိ ရှိ မရှိ လက်ခံထားသော ခရစ်ယာန် အသင်းတော်၏ တရားသော ဝါဒ အယူအဆများကို ယုံကြည်နိုင်အောင် ဆင်ခြင်ဉာဏ်က စူးစမ်း ဆင်ခြင်၍ အတည် ပြုပေးရမည်ဟု ဆိုလိုသည်။ နောင် အနှစ် ခြောက်ရာ ကြာပြီးနောက် စကော်လပ်စတစ် ဝါဒသည် ပြည့်စုံသော အဖြစ် အနေသို့ ရောက်ရှိလာသော အခါမှာလည်း ဤ အထက်ပါ အယူအဆကိုပင် တိတိကျကျ လက်ခံထားခဲ့ပေသည်။

ရှေးကျသော ကျမ်းတတ် ပညာရှင်များသည် ခရစ်ယာန် အသင်းတော်မှ ဘုန်းတော်ကြီးများ၏ အယူအဆနှင့် ခရစ်ယာန် မဟုတ်သော ဒဿန ပညာရှင်များ၏ အမြင်များကို ပေါင်းစပ်ပြီး ဘုရားဟော တရားများ၊ မုက္ခပါဌ်တော်များသည် ဆင်ခြင်ဉာဏ်နှင့် ကိုက်ညီမှု သဘောကို ရှာဖွေဖို့ ကြိုးစားခဲ့ကြလေသည်။ သို့သော် စေ့စပ် ဆွေးနွေး ဖြေရှင်း၍ မပြေလည်နိုင်သော ပြဿနာ၏ အငုတ် ကျန်နေသည်ကို သူတို့သည် မကြာမီမှာပင် တွေ့မြင် နားလည်လာကြလေသည်။

ထို အငုတ် ပြဿနာမှာ ပြောင်းလဲ ဖောက်ပြန်ခြင်း မရှိသော ယေဘုယျ ပရမတ္ထ တရားများ ဆိုင်ရာ ပြဿနာပင် ဖြစ်သည်။ ထို ပြဿနာမှာ ပရမတ်က အမှန်လား၊ ပညတ်က အမှန်လား ဆိုသော ပြဿနာ ဖြစ်လာသည်။ ပလေတို၏ အယူအဆကို အခြေခံ၍ စဉ်းစား ခဲ့ကြလေသည်။ ပလေတို၏ သဘော အရ အများနှင့် ဆိုင်သော ယေဘုယျ ပုဒ်များ၊ ဥပမာ လူ၊ အိမ် စသည်တို့၏ အဖြစ်

---

၁။ Salerno ၂။ Dialectic method

မှန် သဘော၊ ပရမတ္ထ သဘောသည် လူ အတွေ့အကြုံ၌ တွေ့မြင်ရသော လူ၊ အိမ်များ မရှိမီကပင် ကောင်းကင်ဘုံ၌ ပရမတ္ထ အနေအားဖြင့် သဘော သက်သက် တည်ရှိကြသည်။ မျက်မြင် ကိုယ်တွေ့ လူက မမြဲ၊ မျက်မြင် ကိုယ်တွေ့ အိမ်က မမြဲ၊ ပျက်စီးလွယ်သည်။ လူတွေ ဘယ်လောက်ပဲ မွေးမွေး သေသေ၊ အိမ်တွေ ဘယ်လောက်ပဲ ဆောက်ဆောက် ပျက်စီး ပျက်စီး၊ လူ ဆိုသော ပရမတ် သဘော၊ အိမ် ဆိုသော ပရမတ် သဘောကား ထာဝရ ရှိနေမည်သာ ဖြစ်သည်ဟု ဆိုသည်။

ထိုသဘောကို ယူပြီး ခရစ်ယာန် အသင်းတော် ဘုရားကျောင်း ချားချ်သည်လည်း ယေဘုယျ သဘော အဖြစ်၊ ပရမတ် သဘော အဖြစ်ဖြင့် ကောင်းကင်ဘုံမှာ ရှိသည်။ ထို ချားချ် ဆိုသော သဘောသည် တွေ့မြင်နေရသော ပုဂ္ဂလိက ချားချ်တွေ မပေါ်လာမီကပင် ကောင်းကင်ဘုံ ဘုရားသခင် ထံ၌ တည်ရှိနေသည်။ ထိုသဘော ရှိပြီး ဖြစ်၍သာ လူ့ပြည် လူ့ရွာ လူ့ကမ္ဘာမှာ ချားချ်၊ ဘုရား ရှိခိုးကျောင်းတွေ ပေါ်လာခြင်း ဖြစ်သည်ဟု ဆိုလေသည်။ သို့မဟုတ် ချားချ် ဆိုသော စကားသည် ပုဂ္ဂလိက ချားချ်တွေကို တည်ဆောက်ကြပြီးမှ တူရာ သဘောကို ယူပြီး ပေးသော နာမည် နာမ ပညတ်လား ဆိုသော အတွေးအခေါ်လည်း ပေါ်သည်။

အကယ်၍ ပထမ တွေးယူပုံ အတိုင်းသာ အမှန် ဖြစ်ပါမူကား ချားချ်သည် ဘုရားသခင်၏ အစီအမံ အဆောက်အဦ အမှန်ပင် ဖြစ်သည်။ အကယ်၍ အဖြေသည် ဒုတိယ တွေးယူပုံ သဘော အတိုင်းသာ ဖြစ်ပါမူ ချားချ်သည် လူတို့ စီမံ တည်ဆောက်သော အဖွဲ့အစည်း အဆောက်အဦသာ ဖြစ်ပေသည်။

ပရမတ် ဝါဒီနှင့် ပညတ် ဝါဒီတို့၏ အငြင်း ပွားမှုသည် တစ်ခါတစ်ရံ အရေးပါသော အယူဝါဒရေးရာ အကျိုးဆက်များကို ဖြစ်ပေါ်စေခဲ့လေသည်။ အလယ်ခေတ် တစ်လျှောက်တွင် ပညတ် ဝါဒီနှင့် ပရမတ် ဝါဒီတို့၏ အယူဝါဒ ပဋိပက္ခများ ဆက်လက် ဖြစ်ပွားနေခဲ့လေသည်။ နမူနာ ပုံစံ တစ်ခုလောက်ကိုသာ ထုတ်ပြပါမည်။

၁၁ ရာစု အလယ်လောက်တွင် *တိုဝါမြို့ ကသီဒရယ်*[၁] ကျောင်းတော်၏ ကျောင်းအုပ် ဖြစ်သူ *ဘာရင်ဂျာ*[၂] သည် အနီးအနားရှိ ဘုန်းကြီးကျောင်း တစ်ကျောင်းမှ ကျောင်းထိုင် ဘုန်းကြီး *လန်ဖရင့်*[၃] ဆိုသော ပုဂ္ဂိုလ်နှင့် အယူဝါဒ ဆိုင်ရာ အငြင်းပွားမှု ဖြစ်ခဲ့လေသည်။ အငြင်းပွားသော ပြဿနာမှာ စားသောက်ပွဲ စက္ကရမန္တ မင်္ဂလာ ပြုစဉ် အသုံးပြုသော ပေါင်မုန့်နှင့် စပျစ်ရည်ချိုသည် ခရစ်တော်၏ အသွေးတော်နှင့် အသားတော် အဖြစ် ပကတိ အမှန်တကယ် ဒြပ် သဘော အရ ပြောင်းလဲသွားခြင်း ရှိ မရှိ ဆိုသော ပြဿနာဖြစ်သည်။ (ထိုပြဿနာကို Transubstantiation ဟု ခေါ်သည်။)

ဘာရင်ဂျာက ပညတ် ဝါဒီ အဖြစ် နေ၍ ပေါင်မုန့်နှင့် စပျစ်ချိုရည်သည် ခရစ်တော်၏ ပကတိ အသွေးအသား မဖြစ်နိုင်ဟု ငြင်းသည်။ လန်ဖရင့်က ပရမတ် ဝါဒီ အဖြစ် နေ၍ ပကတိ အသွေးအသား ဖြစ်သွားသည်ဟု ဆိုသည်။

ရောမ ဘုန်းကြီးများ အစည်းအဝေးပွဲ ကျင်းပပြီး ထို ပြဿနာ၏ အဆုံးအဖြတ်ကို ခံယူရသည်။ ဘာရင်ဂျာကို ရှုတ်ချ ပြစ်တင်၍ အမှား ပြခဲ့လေသည်။

ဘာရင်ဂျာ ကိစ္စ ပေါ်ပေါက်ပြီးနောက် မဆိုင်းမတွပင် ပုပ် ရဟန်းမင်း တတိယမြောက် အင်နိုးဆင့်က ၁၂၁၅ ခုနှစ်တွင် ဦးဆောင်၍ ရောမမြို့ ပုပ် ရဟန်းမင်းကြီး၏ လက်ထရင် ကသီဒရယ် ချားချ်တွင် စတုတ္ထမြောက် လက်ထရင် ကောင်စီ အစည်းအဝေးကို ခေါ်ယူ ကျင်းပလေသည်။ ထို အစည်းအဝေးက စားသောက်ပွဲ မင်္ဂလာ၌ အသုံးပြုသော ပေါင်မုန့်နှင့် စပျစ်ရည်ချိုသည် ခရစ်တော်၏ ပကတိ အသားတော် အသွေးတော် ဖြစ်သွားသည် ဟူသော အယူအဆကို ခရစ်ယာန် အသင်းတော်၏ တရားသေ မှုအဖြစ် လက်ခံရန် ဆုံးဖြတ်ခဲ့လေသည်။

ခရစ်ယာန် အသင်းတော်သည် ပရမတ် ဝါဒီများဘက်က တက်တက်ကြွကြွ လိုက်ခဲ့လေသည်။ ကက်သလစ် ဘာသာ အယူဝါဒသည် သူတို့၏ ရပ်တည်မှု မှန်ကန်ကြောင်းကို ဆင်ခြင်ဉာဏ် ယုတ္တိဗေဒ သဘော အရ သက်သေ ထူရန် အတွက် ဒဿန ပညာကို အများအပြား အသုံးပြုခဲ့လေသည်။ ဒဿန ပညာ (ဖီလိုဆိုဖီ) ကို သူတို့က 'သိပ္ပံပညာ၏ ဘုရင်မ' ဟူ၍ပင် ခေါ်ဝေါ် သုံးနှုန်းခဲ့ကြလေသည်။ သို့သော် သူတို့၏ ကြိုးပမ်းချက်များမှာ နောက်ဆုံးတွင် အဟောသိကံ ဖြစ်သွားရလေသည်။ ၁၄ ရာစုသို့ ရောက်သောအခါ ကက်သလစ် ဘာသာ အယူဝါဒသည် ဒဿန ပညာကို သူ့လမ်း သူ သွားရန် လက်လွှတ်လိုက်ကြရလေတော့၏။

၁၂ ရာစုလောက် အထိ အာရစ္စတိုတယ်၏ အရေးအသားများသည် တစ်ပိုင်းတစ်စစီသာ ရောမ ယဉ်ကျေးမှု ထဲသို့ ရောက်သေးသည်။

---

၁။ Cathedral School of Tour

၂။ Berenger

၃။ Lanfranc

နောက် စပိန်ပြည် *ကော်ဒိုဗာ တက္ကသိုလ်* [၁] က အာရဗီ ဘာသာမှ ဘာသာ ပြန်ယူလိုက်ကြရာ ပထမဆုံး အကြိမ် အနောက်တိုင်းတွင် အနှစ် ၇၀၀ အတွင်း သဘာဝ သိပ္ပံပညာ ကို စနစ်တကျ ဖော်ပြထားသော စာပေ ကျမ်းဂန်များကို ရရှိခဲ့လေသည်။ ထိုသဘာဝ သိပ္ပံပညာများကို လေ့လာခြင်း ဖြင့် နောက်ဆုံး ရရှိသော အကျိုး ရလဒ်မှာ '*ဘာသာရေး ပညာသစ်*' [၂] ဖြစ်သည်။

ထိုအယူဝါဒကို တင်ပြနိုင်စွမ်း ရှိသူမှာ *သောမတ် အကွိုင်းနပ်* [၃] ဆိုသော အကြီးကျယ်ဆုံးသော ကျမ်းတတ် ပညာရှင်ကြီး ဖြစ်လေသည်။ သူ၏ ယုံကြည်မှု သဒ္ဓါတရား နှင့် ဆင်ခြင်မှု ဒဿန ပညာကို သမ္မဟ ဖြစ်အောင် ပေါင်း စည်းနိုင်မှုသည် စကော်လပ်စတစ် ဝါဒီများ၏ စွမ်းဆောင်မှု များအနက် အကြီးကျယ်ဆုံး၊ ဩဇာ အရှိဆုံး စွမ်းဆောင်မှု ဖြစ်လာခဲ့လေသည်။

## သောမတ် အကွိုင်းနပ်

၁၂၂၇ ခုနှစ်တွင် ဖွားမြင်သည်။ သောမတ် အကွိုင်းနပ်သည် အီတလီပြည်သား ဖြစ်သည်။ ရောမနှင့် ဂျာမနီ သွေးရော သော မှူးမျိုးမတ်မျိုးမှ ဆင်းသက်သော မိသားစု အဖွဲ့ဝင် ဖြစ်သည်။ သူသည် ဒိုမီနီကန် ဂိုဏ်းမှ ဘရင်ဂျီ ဘုန်းကြီး ဖြစ်လာလေသည်။ ဒိုမီနီကန် ခရစ်ယာန် ဂိုဏ်းမှ ဘုန်းကြီး အဖြစ်ဖြင့် သူ့ကို ပဲရစ်မြို့နှင့် ကိုလုံးများသို့ ပညာ သင် ကြားရန် ပညာတော်သင် စေလွှတ်ခြင်း ခံရသည်။

သူ့ ဆရာမှာ အခြားသော ဒိုမီနီကန်ဂိုဏ်း ဘုန်းကြီး တစ်ပါး ဖြစ်သူ *အယ်လဘာတပ် မဂ္ဂနပ်* [၄] ဖြစ်သည်။ ထိုခေတ်က စွယ်စုံကျမ်းတတ် ပုဂ္ဂိုလ် အဖြစ်ဖြင့် ထင်ရှား သူ ဖြစ်သည်။ ထိုနောက်တွင် သူသည် ကိုလုံးမှာရော၊ ထို နောက် ပဲရစ်မှာပါ စာပေ သင်ကြား ပို့ချ၍ နေခဲ့လေသည်။ စာချ ဘုန်းကြီး အဖြစ် နောက်ဆုံး အီတလီတွင် ဆောင် ရွက်ခဲ့သည်။ အီတလီမှာပင် သူ၏ အလွန် ကျော်ကြားသော ကျမ်း နှစ်စောင်ကို ရေးသား ပြုစုလေသည်။ ထိုကျမ်းများမှာ ရိုမင် ကက်သလစ် ဘာသာဝင်များ အတွက် ဘာသာရေး လမ်း ညွှန်ကျမ်းများ အဆင့်အတန်း ရှိသည်။

ပထမကျမ်းမှာ Summa Contra Gentile ခရစ်ယာန် ဆန့်ကျင်ဘက် အမြင်များ အဖွင့်ကျမ်း ဖြစ်ပြီး ဒုတိယ ကျမ်းမှာ Summa Theologica ဘာသာ အယူဝါဒ ရေးရာ ဒီပနီကျမ်း ဖြစ်သည်။

ဆင်ခြင်ဉာဏ်၊ ဘုရားသခင်၏ ဖွင့်ဟချက် မုက္ခပါဠ် တော်များကို လည်းကောင်း၊ ဒဿန ပညာနှင့် ဘာသာ အယူဝါဒ ပညာများကို လည်းကောင်း၊ အရစ္စတိုတယ်နှင့် ခရစ်တော်ကို လည်းကောင်း သဘောထား ညီညွတ်အောင် စေ့စပ် ဖျန်ဖြေရာ၌ သူက သဘာဝ အတိုင်း ဆင်ခြင်သော ရိုးရိုး ဆင်ခြင်ဉာဏ်သည် အဆင့် နိမ့်သော သိမြင် နား လည်မှု ဖြစ်ပြီး ယုံကြည်မှု ကြည်ညိုမှုသည် အဆင့် မြင့် သော သိမြင် နားလည်မှု ဖြစ်သည်ဟု ခွဲခြား ဖော်ပြခဲ့လေ သည်။

သို့သော် ထိုအသိဉာဏ် အမြင်ကို ဖြစ်စေသော သိပုံ သိနည်း နှစ်မျိုးသည် တစ်ခုကို တစ်ခု အပြန်အလှန် အကျိုး ပြုသော အရာများ ဖြစ်ကြောင်း သူ ဆိုသည်။

သဘာဝ ဆင်ခြင်ဉာဏ်၊ လူ၏ ဆင်ခြင်ဉာဏ်၊ အရစ္စ တိုတယ် အသုံးပြုခဲ့သော ဆင်ခြင်ဉာဏ်သည် အလွန် တာ သွားသော ဉာဏ်တစ်ခုပင် ဖြစ်သည်။ သဘာဝ တရားကို စူးစမ်း လေ့လာရာမှာသာ အသုံးဝင်သည် မဟုတ်၊ ဘုရား သခင် တည်ရှိကြောင်း သက်သေ ပြရာမှာလည်း အသုံး တည့်သည်။ လူ့ဆင်ခြင်ဉာဏ်ဖြင့်ပင်လျှင် ထာဝရ ဘုရား သခင်၏ တည်ရှိနေခြင်း သဘောကို ငါးပါးသော စိတ်ကို ပြုပြင်နိုင်သော ဆင်ခြေဖြင့် ပြနိုင်သည်။ လှုပ်ရှားမှု ရှိခြင်း သဘောမှ လှုပ်ရှားခြင်း ကင်းသော လှုပ်ရှားစေသူ အဖြစ် ကို ဆင်ခြင်နိုင်သည်။ လောက၌ ပထမ ဖြစ်သော စေ့ဆော် ဖန်ဆင်းတတ်သော အကြောင်းတရား ရှိရမည် ဆိုသော သဘောကို ဆင်ခြင်နိုင်သည်။ ဖြစ်နိုင်သော သဘောမှ မဖြစ် မနေ ဖြစ်ရမည့် သဘော ရှိခြင်းကို ဆင်ခြင်နိုင်သည်။ အရာ ခပ်သိမ်းတို့၌ နိမ့်ရာမှ မြင့်ရာသို့သွားသော အဆင့်အတန်း များ ရှိနေခြင်း သဘောကို ဆင်ခြင်နိုင်သည်။ လောကကြီး တည်နေပုံ ပုံစံ ဒီဇိုင်းကို စဉ်းစား ဆင်ခြင်ခြင်းအားဖြင့် ဘုရားသခင်နှင့် စပ်သော ဘာသာရေး အမြင်ကို ဆင်ခြင် နိုင်သည်ဟု ဆိုသည်။ သို့ရာတွင် ဤအချက် ငါးချက်စလုံး ကို ရိုးရိုးဉာဏ်ဖြင့် ဆင်ခြင်နိုင်သည်ကား မဟုတ်ဟု သူက ဆိုသည်။

ဘုရားသခင်၏ အကူအညီ မပါဘဲနှင့် ဘုရားသခင် ၏ သဘော သဘာဝကို ရှာဖွေ ဖော်ထုတ်နိုင်သည်။

ဆိုလိုသည်မှာ ဘုရားသခင်သည် သူ့ အလိုအလျောက် အမှန်တကယ် စင်စစ် ဖြစ်တည်နေသည်။ ဘုရားသခင် သည် ပြောင်းလဲခြင်း ကင်းသော၊ ပြီးပြည့်စုံသော၊ အလုံးစုံ

---

၁။ University of Cordova ၂။ New Theology
၃။ Thomas Aquinas ၄။ Albertus Magnus

ကောင်းမွန် မြင့်မြတ်၍ သိစပ် မြင်နှံ့သော သဘော ရှိကြောင်းကို သိနိုင်သည်။ ဘုရားသည် အနန္တ သဘော ရှိသည်။ ထို့ကြောင့် ကျေးဇူးတော် အနန္တ၊ ဉာဏ်တော် အနန္တ၊ ဂုဏ်တော် အနန္တ၊ တန်ခိုးတော် အနန္တ၊ လွတ်လပ်ခြင်း အနန္တ ဖြစ်ကြောင်းကိုလည်း ဆင်ခြင်၍ သိနိုင်သည်။

သို့သော် ဆင်ခြင်ဉာဏ်သည် ယေဘုယျ အဆိုများ ထက် ပိုပြီး ကျယ်ပြန့်သော အသိပညာကို မတည်ဆောက်နိုင်။ သို့ရာတွင် ဆင်ခြင်ဉာဏ် သက်သက်ဖြင့် ဘုရားသခင်၏ သမိုင်းနှင့် ချီ၍ ပြုလုပ်တော်မူခဲ့သော အရာများကို မသိနိုင်။ ဘုရားသခင်၏ ဖြည့်စွက်ချက် ပါသော အသိဉာဏ်မျိုးကို ရရှိမှသာ ထို သဘောကို သိနိုင်သည်။ ထို့ကြောင့် ထိုသဘောကို သိဖို့ရန်မှာ ဘုရားသခင်၏ ဖွင့်ဟချက်များ၏ ဖြည့်စွက်ချက် လိုအပ်သည်။

ဆိုလိုသည်ကား အာဒမ်၏ ကြေကွဲဖွယ် ကျဆုံးခြင်း ဖြစ်ရပ် အကြောင်း၊ ထိုကျဆုံးမှုကြောင့် လူသားတို့၏ ဘဝတွင် မူလကတည်းက အပြစ် ဒုစရိုက်များ ပါလာသည် ဆိုသော အကြောင်း၊ ဝိညာဉ်တော် ဝင်စားခြင်း၊ ရုပ်လုံးသဏ္ဌာန် ဖြစ်ပေါ်လာခြင်းနှင့် အပြစ်ကို ပြေငြိမ်းစေခြင်း သဘော၊ ထရိနီတီ သဘော၊ စက္ကရမန္တ မင်္ဂလာ ပြုခြင်းအားဖြင့် ကျေးဇူး ကရုဏာတော်ကို ခံယူ ရရှိနိုင်ခြင်း သဘော၊ သေပြီး ခန္ဓာကိုယ် ရှင်ပြန် ထမြောက်နိုင်ခြင်း သဘောနှင့် ငရဲ၏ သဘော၊ ခေတ္တ ဒုက္ခခံရာ ငရဲငယ် သဘော၊ အမတသုခဘုံ သဘောတို့ကိုကား သာမန် ဆင်ခြင်ဉာဏ်ဖြင့် မသိနိုင် ဟူလို။ ထိုသဘောတို့သည် ဆင်ခြင်ဉာဏ်ဖြင့် မမီနိုင်သော သဘောများ ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်၏ ဖွင့်ဟချက် မုက္ခပါဌ်တော်များကို ယုံကြည် သက်ဝင်ခြင်းဖြင့်သာ သိနားလည်လာနိုင်သည်ဟု သူက ဆိုသည်။

မည်သို့ပင် ဆိုစေ ယုံကြည် သက်ဝင်ရာ၌ ဆင်ခြင်ဉာဏ် ပါဖို့ လိုအပ်သည်ကား အမှန် ဖြစ်သည်။ ဆင်ခြင်ဉာဏ် (ယုတ္တိ) နှင့် ဆန့်ကျင်သော မည်သည့် ကိစ္စကိုမှ ယုံကြည်မှု သက်သက်ဖြင့် လက်မခံသင့်ဟု သူ ဖော်ပြခဲ့လေသည်။

ဤ ဆိုသော စကားသည် ထိခိုက်စရာ အကြောင်း မရှိပေ။ ခရစ်ယာန် ဘာသာ၌ ပါဝင်သော ဘုရားသခင်၏ ဖွင့်ဟချက် မုက္ခပါဌ်တော်များ အားလုံးသည် ပွင့်ပွင့် လင်းလင်း စိစစ်မည် ဆိုလျှင် ဆင်ခြင်ဉာဏ်နှင့် မည်သည့် အစိတ်အပိုင်းတွင်မှ ဆန့်ကျင်ခြင်း၊ ယုတ္တိ ကင်းခြင်း သဘော မရှိပေ။ အားလုံး ဆင်ခြင်ဉာဏ်နှင့် ကိုက်ညီသည်၊ ယုတ္တိ ရှိသည်ချည်းပင် ဖြစ်သည်။

ထို အလားတူ ဆင်ခြင်ပုံ ဆင်ခြင်နည်းအားဖြင့် သောမတ် အကွိုင်းနပ်သည် ဘာသာ အယူဝါဒ ပညာနှင့် ဒဿန ပညာကို သဘော ညီညွတ်မှု ရှိအောင် စေ့စပ် ပြေရှင်းခဲ့လေသည်။ ဒဿန ပညာသည် အာရုံဖြင့် သိမြင်နိုင်သော လောက အတွေ့အကြုံမှ စတင်သည်။ ထို့နောက် သိပ္ပံနည်းကျ ဆင်ခြင် သုံးသပ်သည်။ ထိုမှ တစ်ဆင့် ဘုရားသခင်၏ အဖြစ်ကို ဆင်ခြင် သိမြင်မှုသို့ တက်လှမ်းသည်။ ဘာသာရေး ပညာသည် ဘုရားသခင်ထံက ကျလာသော ဖွင့်ဟချက်များ၏ မှန်ကန်မှုက စသည်။ ထိုမှ လူနှင့် လူ့လောကသို့ ဆင်းသက်သည်။ တစ်ခုကို တစ်ခုက ဖြည့်စွက်ပြီး တစ်ခုက တစ်ခုကို လိုအပ်သည်။

ဤ လူနှင့် ပတ်သက်သော အယူအဆတွင် သောမတ် အကွိုင်းနပ်သည် အာရစ္စတိုတယ်၏ အယူအဆနှင့် ခရစ်ယာန်တို့၏ ဘုရားသခင်ထံက ကျလာသော ဖွင့်ဟချက်များကို ပေါင်းစပ် စဉ်းစားခဲ့ခြင်း ဖြစ်သည်။

ဤအချက်တွင် အာရစ္စတိုတယ် စဉ်းစားခဲ့သော လူ့ခန္ဓာကိုယ်မှ ရုပ်နာမ် ဆက်စပ်ပုံ သဘောကို သူ ယူသည်။ ရုပ်နှင့် နာမ်သဘောတို့သည် တစ်ခု မရှိဘဲ တစ်ခု မတည်ရှိနိုင် ဆိုသည်ကို သူ ယူသည်။ ဝိညာဉ် မရှိဘဲနှင့် ခန္ဓာကိုယ် ရုပ်သဘော သက်သက်သည် အသက် မရှင်နိုင်။ ဝိညာဉ်မှာလည်း (အတ္တ ဖြစ်စေကာမူ၊ မသေသော သဘော ရှိစေကာမူ) ရုပ်ခန္ဓာ မရှိဘဲနှင့် သူ့ချည်းသက်သက် ဘာမှ မလုပ်နိုင်။ ထို့ကြောင့် ခရစ်ယာန်တို့၏ ဘုရားသခင်၏ ဖွင့်ဟချက် ဖြစ်သော ရုပ်ခန္ဓာ ရှင်ပြန် ထမြောက်ခြင်း သဘောကို အခိုင်အမာ ယူခြင်းဖြင့် များစွာ စိတ် ချမ်းမြေ့ဖွယ် ဖြစ်ကြောင်း သူက ဆိုလေသည်။

အကွိုင်းနပ်သည် အလားတူ အာရစ္စတိုတယ်၏ အဆင့်မြင့်ဉာဏ်၊ အဆင့်နိမ့်ဉာဏ် ခွဲခြားခြင်း သဘောကို ယူကာ ခရစ်ယာန်တို့၏ စက္ကရမန္တ မင်္ဂလာများ အကြောင်းကို ရှင်းလင်းအောင် သုတ်သင်ခဲ့လေသည်။

စက္ကရမန္တ မင်္ဂလာတိုင်းမှာ မူလ အခြေခံ ဓာတ်သဘော နှစ်မျိုး ရှိသည်။ တစ်ခုမှာ ရုပ်ဓာတ် သဘော ဖြစ်သည်။ ရုပ်သဘော၌ ရေ၊ ပေါင်မုန့်၊ စပျစ်ချိုရည်၊ ဆီ စသည်တို့ ပါဝင်သည်။ နာမ်သဘောမှာ ထုံးစံအရ ပြုလုပ်မြဲ ဖြစ်သော ဝတ်တက် ဝတ်ရွတ်စာများ ဖြစ်သည်။ ထိုရုပ်သဘောနှင့် နာမ်သဘော နှစ်ခုကို ပေါင်းစပ်ခြင်းအားဖြင့် ဘုရားသခင်၏ ကျေးဇူးတော် ကရုဏာတော်ကို ခံယူရန် နည်းလမ်း ဖြစ်ပေါ်လာသည်ဟု သူက ဆိုလေသည်။ ထိုကဲ့သို့ စက္ကရမန္တ မင်္ဂလာကို ပြုလုပ်နေစဉ်တွင် လူသည် အကျိုး ခံစားရသူ

ဖြစ်ပြီး ဘုရားသခင်သည် အကြောင်းပြုသူ ဖြစ်သည်။ အားလုံး အကြောင်းအချက်များ ညီညွတ် တိုက်ဆိုင်သွားသော အခါ စက္ကရမန္တ မင်္ဂလာမှ တစ်ဆင့် ထူးဆန်း အံ့ဖွယ် ဖြစ်သော ဘုရားသခင်၏ ကျေးဇူးတော် ဂုဏ်တော်သည် ကျရောက်လာသည်ဟု သူ ဆိုလေသည်။

ဤသို့သော ထူးခြား ဆန်းပြားသော အံ့ဖွယ် ဖြစ်ရပ်များသည် အထူးသဖြင့် ဘရင်ဂျီ ဝတ်ရွတ် ဘုရား ရှိခိုးပွဲများ၌ ဖြစ်ပေါ်သည်ဟု ဆိုသည်။ ထိုပွဲများ၌ ဘုန်းကြီးများ၏ တဆေး မပါသော ပေါင်မုန့်နှင့် စပျစ်ရည်များကို ဘုရားအား တင်လှူသော အခါ ထိုပေါင်မုန့်နှင့် စပျစ်ရည်ချိုသည် ခရစ်တော်၏ အသားတော် အသွေးတော် အဖြစ်သို့ ဒြပ် ပြောင်းသွားသည်။ အနံ့ အရသာ မပြောင်းသော်လည်း ခရစ်တော်၏ သွေးသား အစစ် ဖြစ်သွားသည်။ အံ့ဖွယ် ရုပ်လုံးသဏ္ဌာန် ဖြစ်ပေါ်ခြင်း သဘောသည် ထို စပေါင်း ရှိခိုး ဝတ်ပြုပွဲများ တစ်ခုစီမှ ထပ်တလဲလဲ ဖြစ်ပေါ်သည်ဟု ဆိုသည်။

အကွိုင်းနပ်၏ အယူအဆများကို သုံးသပ်ကြည့်လျှင် ရှေးအယူမှန် ဝါဒကို အခြေခံထားသော်လည်း ပျော့ပျောင်းသော သဘောလည်း ရှိကြောင်း တွေ့ရသည်။ သူ့ စနစ်သည် တစ်နည်းအားဖြင့် တရားသေ ဆန်သည်။ သို့သော် အမှန်သစ္စာကို ရှာဖွေရာ၌ သိပ္ပံပညာကိုလည်း အခွင့်အရေး ပေး စဉ်းစားထားကြောင်း တွေ့ရသည်။

### ပုပ် ရဟန်းမင်း အာဏာ ကျဆင်းလာခြင်း

၁၃ ရာစု ခေတ်သို့ ရောက်ရှိလာသော အခါ ရဟန်းမင်းသည် သူ၏ ဩဇာ အာဏာကို အထွတ်အထိပ်၌ ထိန်းသိမ်းထားနိုင်စွမ်း မရှိတော့ပေ။ ထိုကဲ့သို့ ရဟန်းမင်း အာဏာ ကျဆင်းရသော အကြောင်း အချက်များမှာ များစွာ ရှိ၏။ ထိပ်ဆုံးက နေပြီး မပြတ်မလပ် ဖိနှိပ်နေသော ပုပ် ရဟန်းမင်း၏ ဖိနှိပ်မှုသည် ဥရောပတိုက်ရှိ အောက်က လူများ၏ စိတ်တွင် တကွဲတပြားစီ မိမိတို့ဘာသာ ရပ်တည် နေလိုသော အမျိုးသားရေး စိတ်ဓာတ်ကို ဖြစ်ပေါ်လာအောင် စေ့ဆော်ပေးသလို ဖြစ်ခဲ့လေသည်။ ပြင်သစ်နှင့် အင်္ဂလန်ပြည်သည် အထူးသဖြင့် လွတ်လပ်ရေး အတွက် လှုပ်ရှားနိုင်လာကြလေသည်။

အစက သန့်ရှင်းသော ရောမ အင်ပိုင်ယာဟု ဆိုသော အင်ပိုင်ယာကြီးသည် ယခု သန့်လည်း မသန့်ရှင်းတော့၊ ရောမလည်း မဟုတ်တော့၊ အင်ပိုင်ယာလည်း မဟုတ်တော့ပေ။ အစိတ်စိတ် ကွဲပြားပြီး တစ်လူတစ်မင်း ဖြစ်နေသော မင်းနေပြည်များကို စုစည်းထားသော အဖွဲ့အစည်း ဖြစ်နေလေပြီ။ ထိုအခါ ပြင်သစ်က အီတလီထက် ပို၍ အာဏာ ဩဇာ ကြီးကြောင်း ပြလာသည်။ ထိုအခါ ချက်ချင်း လက်ငင်း အကျိုးစီးပွားချင်း ပဋိပက္ခ ဖြစ်လာကြလေတော့၏။ ပြင်သစ် ဘုန်းကြီးများသည် ဘက်လိုက်ကြပြီးနောက် ပုပ်ရဟန်းမင်း၏ လောကီ လောကုတ္တရာ ဩဇာ အာဏာ နယ်ပယ်တွင် တွင်ကျယ်ပြီး ထင်ရှား ပေါ်လွင်လာကြလေတော့သည်။ မကြာခဏ ဆိုသလို ပြင်သစ် ဘုရင်ဘက်သို့ လိုက်ကာ လောကီရေးများမှာပါ ပါဝင် စွက်ဖက်လာလေတော့သည်။

အဋ္ဌမမြောက် ပုပ် ရဟန်းမင်း *ဘိုနီဖေ့* [၁] (၁၂၉၄-၁၃၀၃) နှင့် *ဖိလစ် သည် ဖဲယား* [၂] တို့ ရန်ဖြစ်ကြသော အခါ ဖိလစ်သည် သမိုင်း တွင်သော အမှုကိစ္စ တစ်ခုကို ဆောင်ရွက်ခဲ့လေ၏။ အနောက် ဥရောပတွင် အမျိုးသားရေး ဝါဒနှင့် ဒီမိုကရေစီကို နှိုးဆွသည့် အနေဖြင့် ဆန္ဒပြပွဲကြီး တစ်ခုကို စီစဉ် ဆောင်ရွက်ခဲ့လေသည်။ အင်္ဂလန်တွင် ပေါ်ပေါက်နေပြီ ဖြစ်သော ပါလီမန် လွှတ်တော်မျိုးကို ပြင်သစ်ပြည်တွင် ခေါ်ယူစေခဲ့လေသည်။ ဤကား ပြင်သစ်ပြည်တွင် ပထမဆုံးသော *အမျိုးသား ညီလာခံ လွှတ်တော် စည်းဝေးပွဲကြီး* [၃] ဖြစ်လေသည်။ ထိုညီလာခံ စည်းဝေးပွဲကြီးသို့ ဘုန်းကြီး ကိုယ်စားလှယ်များ၊ မှူးမတ် ကိုယ်စားလှယ်များ၊ အရပ်ဘက် ကိုယ်စားလှယ်များ ပါဝင် တက်ရောက်ခဲ့ကြလေသည်။ ထိုစည်းဝေးပွဲကြီးက ပုပ် ရဟန်းမင်းအား အပြည့်အဝ ထောက်ခံခဲ့ကြလေသည်။

ဤတွင် ပုပ် ရဟန်းမင်းက ထင်ရှားသော *ရဟန်းမင်း၏ အမိန့်တော်* [၄] ကို ထုတ်ပြန်လေသည်။ ထိုအမိန့်တော်ထဲတွင် မသင့်တော်သော စကားလုံးများ ပါဝင်ခဲ့လေသည်။

ထိုစကားရပ်များမှာ 'ငါတို့ ကြေညာသည်၊ ငါတို့ အစိုးရသည်၊ အဓိပ္ပာယ် သတ်မှတ်သည်၊ ငါတို့ အမိန့် ရှိလိုက်သည်၊ သတ္တဝါ မှန်သမျှတို့သည် ကယ်တင်ခြင်းကို ခံရစေခြင်း အလို့ငှာ ရောမ ပုပ် ရဟန်းမင်းထံ၌ အကြွင်းမဲ့ လက်အောက်ခံ ဖြစ်ရမည်'

ဤကြိုးပမ်းချက်ကြောင့် ပုပ် ရဟန်းမင်း၏ အပြစ်အနာကို ကုစားရန် အလို့ငှာ ဖိလစ်က ဒုတိယ အကြိမ် အမျိုးသား ညီလာခံ လွှတ်တော် စည်းဝေးပွဲကြီးကို ခေါ်ပြန်

---

၁။ Boniface
၂။ Philip the Fair
၃။ States General
၄။ Unan Sanctam (bull)

သည်။ ထိုညီလာခံ စည်းဝေးပွဲကြီး အတွင်း ပုပ် ရဟန်းမင်းအား အရှိအသေ တန်စွာ ရာဇဝတ်သား တစ်ဦးကဲ့သို့၊ အယူ ဖောက်ပြန် မှားယွင်းသူကဲ့သို့၊ ကိုယ်ကျင့်သီလ ပျက်စီးသူကဲ့သို့ စစ်ဆေးရန် အတွက် ရုံးရှေ့သို့ ထုတ်ခဲ့လေသည်။ ခရစ်ယာန် အသင်းတော်များ ကောင်စီသို့လည်း ပုပ်ရဟန်းမင်းအား တရား စီရင်ရန် အတွက် ဖိလစ်က အယူခံလွှာ တင်သွင်းခဲ့လေသည်။ တစ်ဖက်နှင့် တစ်ဖက် အလျှော့မပေးဘဲ တင်းခံနေခဲ့ကြလေသည်။ ပုပ် ရဟန်းမင်းမှာ ဘာသာရေးဘက်တွင်သာ ဓမ္မစက် ရှိပြီး အာဏာစက် အရ လက်နက်ကိုင် စစ်တပ် မရှိချေ။ ဖိလစ်မှာကား လက်နက်ကိုင် စစ်တပ်၏ ထောက်ခံချက် ရှိသည်။ ထို့ကြောင့် ပုပ်ရဟန်းမင်းကို ဖိလစ်က ဖမ်းဆီးပြီး အကျဉ်း ချထားလိုက်လေသည်။ မကြာမီ ပုပ်ကို အကျဉ်းမှ ပြန်လွှတ်ပေးခဲ့၏။ သို့သော် အပြစ် အနာကား ရရှိသွားပြီ ဖြစ်၏။ အမျိုးသားရေး ဝါဒ အမည်ခံ ကြမ်းကြုတ်သူများက ပုပ် ရဟန်းမင်းကို ဖမ်းဆီးကြပြီးနောက် ကန့်သတ် ချုပ်ချယ်မှုဖြင့် ထားလိုက်ကြလေတော့သည်။

ထို့နောက် ပြင်သစ်ပြည်သား ပုပ် ရဟန်းမင်း အဆက်ဆက် ရာထူး လက်ခံခဲ့ကြလေသည်။ ၁၃၀၅ မှ ၁၃၇၇ အထိ အချိန် ကြာမြင့်ခဲ့သည်။ အီတလီ ပြည်သားများ အကြမ်း ဖက်လာကြမည်ကို စိုးရိမ်သောကြောင့် ထို ပုပ်ရဟန်းမင်းများသည် အာဗစ်ဂနွန်၊ ဘောဂီလုံ အသိမ်းခံနယ်သို့ ဆုတ်ခွာသွားခဲ့ကြလေသည်။

ထိုဒေသမှာ ပြင်သစ် ဘုရင်၏ ဩဇာ အာဏာစက် အကန့်အသတ် မရှိ ကြီးမားသော နေရာ ဖြစ်သဖြင့် စင်ပြိုင် ပုပ် ရဟန်းမင်းများ ပေါ်ပေါက်လျှင်လည်း အခြား အရပ်ဒေသမှာသာ ပေါ်ပေါက်နိုင်ပေမည်။

၁၃၇၈-၁၄၁၇ ကာလသည် ပုပ် ရဟန်းမင်း၏ သိက္ခာ အကြီးအကျယ် ပျက်စီးသော ကာလ ဖြစ်သည်။ ထိုကာလကို *သင်းခွဲခေတ်ကြီး* [၁] ဟု ခေါ်ကြလေသည်။ ထိုအခါမှစ၍ ပြင်သစ်နှင့် အင်္ဂလန်တို့သည် တဖြည်းဖြည်း ပို၍ လွတ်လပ်လာကြလေတော့သည်။

ပုပ်ရဟန်းမင်း၏ ဩဇာ အာဏာကား ဆုတ်ယုတ်ခဲ့လေပြီ။

## ၆။ ပရိုတက်စတင့် ပြုပြင်ရေး

ဘရင်ဂျီ ဘာသာကို ငြင်းဆန်၍ သင်းခွဲထွက်သူ 'ပရိုတက်စတင့်' ပြုပြင် ပြောင်းလဲရေးသည် အနောက်တိုင်း ခရစ်ယာန် ဘာသာတွင် ပေါင်းစည်း စေ့စပ်၍ မရလောက်အောင် နှစ်စိတ် နှစ်ခြမ်း ကွဲသွားပြန်သည်။ အလယ်ခေတ် အတွေးအခေါ်များကို လေ့လာကြည့်လျှင် ထိုသို့ အကွဲအပြဲ ဖြစ်လာစေရန် ကာလ ကြာမြင့်စွာကပင် ကြိုတင် ပြင်ဆင်လာခဲ့ကြကြောင်း တွေ့ရှိရလေသည်။ ဤကား ဖွံ့ဖြိုး တိုးတက်မှု အသစ် တစ်ခု ဖြစ်သည်ကား သေချာသည်။ ထိုသို့ ဖြစ်လာရသည့် အဓိက အကြောင်း တစ်ခုမှာ အလယ်အလတ် လူတန်းစားများ ပေါ်ထွန်းလာခြင်း ဖြစ်သည်။ သူတို့သည် စီးပွားရေး အရရော၊ ယဉ်ကျေးမှု အရပါ ပင်ကိုအားဖြင့် ပြည့်စုံ လုံလောက်သူများ ဖြစ်ကြသည်။ ဥရောပတိုက်သားများသည် မြစ်ကမ်း တစ်လျှောက်မှ မြို့များသို့ ပြောင်းရွှေ့ နေထိုင်ကြသောအခါ အရောင်းအဝယ် ကုန်စည်ကူးသန်းမှု တိုးပွားလာသော အကျိုးအားကြောင့် ဓနဥစ္စာသည် ပစ္စည်း ဖလှယ်သော စနစ် မဟုတ်တော့ဘဲ ငွေကြေး ပုံစံဖြင့် စီးဆင်းမှု မြန်လာသည်။

ထိုအခါ ခေတ်သစ် 'အရင်းရှင် ဝါဒ' ပေါ်ပေါက်လာလေတော့၏။

တဖြည်းဖြည်းနှင့် မြေရှင်များ၊ မင်းညီမင်းသား မှူးမတ်များသည် ကြီးထွားလာသော လူလတ်တန်းစားများ အပေါ် ၎င်းတို့၏ ချုပ်ကိုင်နိုင်မှုကို လက်လျှော့ လာကြရလေသည်။ မြို့နေ လူတန်းစား ထောင်ပေါင်း များစွာတို့မှာ လွတ်လပ်သော ပုဂ္ဂိုလ် ထင်ရှား ဖြစ်လာကြသည်။ ယခင်ကလို သက်ဦးဆံပိုင် အရှင်သခင်တို့၏ ကျေးတော်မျိုး၊ ကျွန်တော်မျိုး မဟုတ်တော့ဘဲ မြို့အုပ်ချုပ်ရေး အဖွဲ့၊ မြူနီစီပယ် အုပ်ချုပ်ရေး အဖွဲ့တို့၏ လက်အောက်ခံ ဘဝလောက်သာ ဖြစ်တော့သည့် အတွက် မြို့သူ မြို့သားများသည် တဖြည်းဖြည်း ပိုပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည် ကိုးစားမှု တိုးပွားလာကြသည်။ ကိုယ့်ပြဿနာကို ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ကိုယ့်ဘာသာ ဖြေရှင်းလိုသော စိတ်ဆန္ဒများလည်း တိုးပွားလာကြလေသည်။ နိုင်ငံရေးအားဖြင့်လည်း နောင်အခါ ဒီမို

၁။ Great Schism

ကရေစီ အယူအဆ ဖြစ်ပေါ်လာမည့် အတွေးအမြင်များ ပေါ်ထွန်းလာပြီ ဖြစ်၏။

*'ကင့် မြို့က ဘုန်းကြီးရူး'* [၁] ဟု ခေါ်သော *ဂျွန် ဘောလ်* [၂] ဆိုသူက ၁၄ ရာစုတွင် လယ်သမား ပုန်ကန်မှု ဖြစ်ပေါ်လာအောင် လှုံ့ဆော်သော စကားများဖြင့် ဟောပြောလေသည်။ ထို့ကြောင့် ၁၄ ရာစုနှင့် ၁၅ ရာစု အတွင်း အင်္ဂလန်နှင့် အလယ် ဥရောပတွင် လယ်သမား ပုန်ကန်မှုများ ပေါ်ပေါက်ခဲ့လေတော့သည်။

ဥရောပတိုက်သား လူသာမန်များ အနေနှင့်လည်း သူတို့၏ ဘာသာရေး အခွင့်အာဏာ ပိုင်ဆိုင်ခြင်း သဘောကို အသိအမှတ် ခံယူလိုသော စိတ်ဆန္ဒများ ပေါ်ပေါက်စပြုလာပြီ ဖြစ်၏။ လူသာမန်တို့၏ ရင်ထဲက ခံစားချက်ကို *မာတင် လူသာ* [၃] က သူကိုယ်တိုင် သိမြင် ခံစားရသော အခါ ကောင်းစွာ ထုတ်ဖော်နိုင်ခဲ့လေတော့သည်။

ထိုအချိန် သာမန် အရပ်သူ အရပ်သားများ၏ ရင်ထဲတွင် ခရစ်ယာန် အသင်းတော် (ချားချ်) သည် အဂတိ လိုက်စား၍ အကျင့်သီလ ပျက်စီးနေသော အဖွဲ့အစည်း ဖြစ်နေပြီဟု ခံစားနေကြရလေသည်။ ချားချ် ဘုရားကျောင်းသည် အခွန်ဘဏ္ဍာကိုသာ မရမက အတင်းအကျပ် ကျယ်ပြန့်စွာ တောင်းနေသော စနစ်ကြီးဟုလည်း ထင်မြင်လာကြသည်။ ဥရောပတိုက် နေရာ အနှံ့အပြားမှ ရွှေများကို လုယက်ယူပြီး ရောမမြို့က ဘဏ္ဍာတော်တိုက်ကို ဖြည့်ဆည်း နေကြသည်ဟုလည်း မြင်လာကြသည်။ ရောမမြို့တွင် စည်းစိမ်ချမ်းသာများ၊ ရုပ်ဝါဒ၊ မကြည်ညိုမှုနှင့် ဘုန်းကြီး ရဟန်းများ ကြားမှာ ပြည့်တန်ဆာ လုပ်ငန်းသာ ကြီးစိုးနေပြီဟုလည်း ထင်မြင်လာကြလေသည်။

လူသာမန် တစ်ဦး စိတ်ထဲတွင် ချားချ်သည် အကျင့်ပျက်စီးနေပြီ ဖြစ်ရုံမျှမကဘဲ တိုးတက်နေသော အခါကာလ ဝယ် ခေတ်နောက်ကျ ကျန်ရစ်ခဲ့ပြီဟုလည်း ထင်မြင် ယူဆနေပြီ ဖြစ်၏။

ပြောင်းလဲနေသော ခေတ်ကြီးထဲတွင် ချားချ်သည် အဖွဲ့အစည်း အဆောက်အအုံ တည်ထောင်ရေး ဝါဒ၊ ရှေးအယူအစွဲ သန်သော ဝါဒ၊ အပြောင်းအလဲ မရှိ တရားသေ သတ်မှတ်ထားသော ဥပဒေ စည်းကမ်းများနှင့် ခေတ်တိုင်း ခေတ်တိုင်းကို အညီ ဖြစ်ရေး၊ တစ်ပုံစံတည်း ရှိနိုး ဝတ်ပြု၊ တစ်ပုံစံတည်းသော ဘဝနေနည်းဖြင့် နေရန်ကိုသာ ကြိုးပမ်း အားထုတ်နေသည်။ ဘာသာရေးနှင့် လူ့ဘဝ ကြားမှာ ကွာဟချက်က ကြီးသည်ထက် ကြီးမားလာသည်။ ချားချ်၏ အလိုနှင့် လူသားတို့၏ အလိုဆန္ဒ ခြားနားမှုကလည်း တိုးသည်ထက် တိုးပွားလာသည်။ လောကီ ဆန်လာပြီး အရင်းရှင် စနစ် အမျိုးသားရေး အမြင် ရှင်သန်လာသော လူသားများ အနေနှင့် ချားချ်ကို အပြောင်းအလဲ ဖြစ်စေချင်သည်။ လူသားများ အတွက် အကျိုးပြုသော အဖွဲ့အစည်း ဖြစ်စေချင်သော စိတ်ဆန္ဒများ ပိုများလေသည်။

လိုအပ်နေသည်မှာ ပြုပြင် ပြောင်းလဲရေးကို ဦးဆောင် ဖန်တီးပေးမည့် ခေါင်းဆောင်ပင် ဖြစ်၏။

## လူသာ၏ ပြုပြင်ရေး [၄]

ပြုပြင် ပြောင်းလဲရေးကို ဦးဆောင်နိုင်သော ပုဂ္ဂိုလ်မျိုးသည် ဂျာမနီ နိုင်ငံတွင် ပေါ်ပေါက်လာလေသည်။ ထိုပုဂ္ဂိုလ်သည် မာတင် လူသာ (၁၄၈၃-၁၅၄၆) ဖြစ်သည်။ အလွန်ရိုးသား ဖြောင့်မတ်၍ စိတ်ဓာတ် ပြင်းထန်သော ကိုယ်ခန္ဓာကြီးထွားသည့် ဂျာမနီ လူမျိုး ဖြစ်သည်။ သူသည် ယုံကြည်ချက်နှင့် လက်တွေ့ ဆောင်ရွက်ချက်ကို ချက်ချင်း လက်ငင်း ဆက်စပ်တတ်သူ ဖြစ်သည်။ ဆက်ဆိုနီ ပြည်နယ်တွင် ဖွားမြင်သည်။ လယ်သမား မျိုးနွယ်မှ ဆင်းသက်သူ ဖြစ်သည်။ သူ့ပတ်ဝန်းကျင်ရှိ ဘုန်းကြီးများ စာဟောဆရာများကိုမူကား အထူးအထွေ လေးစားခြင်း မရှိ။ သို့သော် ဘုရားသခင်၏ အမျက် ဒေါသ အဖြစ် ခံရမည်ကိုကား အလွန်ကြောက်တတ်သူ ဖြစ်သည်။

သူ့ ဖခင်က သူ့ကို ရှေ့နေ (ဥပဒေ အကျိုးဆောင်) ဖြစ်စေချင်သည်။ သို့သော် ဥပဒေ ပညာကို လေ့လာနေစဉ် လမ်းတစ်ဝက်မှာပင် သူ့ စိတ်သည် ဘာသာရေးဘက်တွင် ပိုပြီး ထက်သန်လာကာ စိန့်ဩဂုတ်စတင်း အနွယ် ဘုန်းကြီးကျောင်း၌ ရဟန်း အဖြစ်ကို ခံယူလေတော့သည်။ ဝိနည်းသိက္ခာပုဒ်များကို တင်းကျပ်စွာ လိုက်နာ ကျင့်သုံးခြင်းဖြင့် ဘုရားသခင်၏ သဘောကျ နှစ်ခြိုက်မှုကို ရရှိအောင် အားထုတ်လေသည်။ သူတို့ ဂိုဏ်းက ဝိနည်းသိက္ခာ ပုဒ်တော်များကို စေ့စပ် သေချာသော အမှုအကျင့်ဖြင့် လေးစားလိုက်နာလေသည်။ ကြမ်းပြင်ကို တံမြက်စည်း လှည်းသည်။ ဥပုသ် စောင့်သည်။ စာပေ ကျမ်းဂန်များကိုလည်း အပြင်း

၁။ Mad priest of Kent ၂။ John Ball

၃။ Martin Luther

၄။ Lutheran Reformation

အထန် လေ့လာသည်။ နောက်ဆုံး အရေးနှင့် အရိုးသာ ကျန်သည်။ ၎င်ပြီး ဘုရားသခင်ထံမှာ ဝတ်ပြု ဆုတောင်းသည်။ ဘုရားသခင်ကိုကား ကျေးဇူး ကရုဏာတော်ကို ပြသလာအောင် စွမ်းဆောင်နိုင်ခြင်း မရှိပေ။ ထိုအခါ သူ့စိတ်ထဲမှာ ကယ်တင်ခြင်း ခံရပါ့မလားဟု မသေမချာ မရေမရာသော အတွေးများ ဝင်လာလေတော့သည်။

၁၅၀၇ ခုနှစ်တွင် သူ့ကို ရဟန်း အဖြစ် သိက္ခာ တင်ပေးကြလေသည်။ ဆက်ဆိုနီ ပြည်နယ်၏ ဘုရင် *ရွေးချယ်ခွင့်ရသူ မင်းသား ပညာရှိ ဖရက်ဒရစ်* [၁] တည်ထောင်သော *ဝစ်တင်ဘတ်* [၂] မြို့ရှိ တက္ကသိုလ်မှာ သူ့ကို ပါမောက္ခ ရာထူး ခန့်ထားခဲ့လေသည်။

ထိုအချိန်တွင် သူ့ စိတ်ထဲမှာ အာရစ္စတိုတယ်ကို အထင်သေး အမြင်သေး ဖြစ်လာလေသည်။ စက်ဆုပ်ဖွယ်ကောင်းသူ၊ မောက်မာသူ၊ လူလိမ်တို့၏ သတ္တိ ရှိသော ခရစ်ယာန် မဟုတ်သူ ဖြစ်ပြီး အာရစ္စတိုတယ်သည် သူ၏ မှားယွင်းသော စကားလုံးများဖြင့် ခရစ်ယာန် များစွာကို အယူ လွဲမှားသွားအောင် ပြုလုပ်သူ ဖြစ်သည်ဟု စွပ်စွဲလေသည်။ ဤ မုန်းတီး ခါးသီး၍ ရန်လိုသော စကားများဖြင့် ပုတ်ခတ် ပြောဆိုခြင်း အကြောင်းမှာ အာရစ္စတိုတယ်၌ လေးနက်သော ဘာသာရေး ယုံကြည်ချက် အခိုင်အမာ မရှိခြင်းကြောင့် ဖြစ်နိုင်သည်။ လူသာသည် သူ အလွန် လိုချင်သော အချက်အလက်များကို သမ္မာ ကျမ်းစာမှ တိုက်ရိုက် ရရှိခဲ့လေသည်။ အထူးသဖြင့် ဆလမ် (ဂါထာ) ကျမ်းနှင့် ရှင်ပေါလု ခရစ်ဝင် ကျမ်းများမှ ရရှိခဲ့လေသည်။ သူသည် ရှင်သန် ကြီးထွားနေသော စိတ်အား ထက်သန်မှုဖြင့် တရားဓမ္မ ဟောပြောခဲ့လေသည်။

ထိုအတောအတွင်း ရောမ မြို့သို့ ခရီး တစ်ခေါက် ထွက်ခဲ့လေသည်။ ထိုအခါ ထိုသန့်ရှင်းသော ရွှေမြို့တော်ကို အလွန် နှစ်သက်သောစိတ် ဖြစ်ပေါ်ခဲ့လေသည်။ သူ အခိုင်အမာ သိမြင်လာသော အချက်မှာ ပုပ် ရဟန်းမင်း၏ အခွင့်အာဏာသည် မထိုက်တန်သူ၏ လက်ထဲသို့ ရောက်ရှိနေသည် ဆိုသော အချက် ဖြစ်၏။

ရောမမြို့ရှိ ဓမ္မဆရာ ဘုန်းကြီးများ၏ ဘဝတွင် ခရစ်တော်၏ ဘဝလို ဆင်းရဲခြင်း သဘော၊ နှိမ့်ချခြင်း သဘော မရှိ ကင်းမဲ့နေသည်ကို မြင်တွေ့ခဲ့ရလေသည်။

နွမ်းပါးခြင်း၊ နှိမ့်ချခြင်း မရှိရုံမျှမက လောကီ အာရုံ ကာမဂုဏ် စည်းစိမ် ခံစားမှုများနှင့် ဝါကြွား ဝင့်ဝါမှုများ၊ ခမ်းနား ကြီးကျယ်မှုများဖြင့် အချိန် ကုန်နေသည်ကိုသာ တွေ့ခဲ့ရလေသည်။

သူ၏ အစ္စုတ္တ သန္တာန်၌ စိန့်ပေါလ် (ရှင်ပေါလု) ၏ ဝါကျ တစ်ကြောင်းကို ဖတ်မိပြီးနောက် ဉာဏ်အလင်း ဖြစ်ပေါ်လာလေသည်။ ထိုစကားမှာ 'ဖြောင့်မတ် မှန်ကန်သော သူတို့သည် ယုံကြည်မှု သဒ္ဓါတရားဖြင့် နေထိုင်ကြလိမ့်မည်' ဆိုသော စကား ဖြစ်သည်။ ယုံကြည်ချက် သဒ္ဓါတရား - ဤအချက်ဖြင့်ပင် ပြည့်စုံပြီ။ ဘုရားသခင်က အလုပ်ကောင်း လုပ်ပြရုံဖြင့် ကျေးဇူး ကရုဏာတော်ကို ပေးမည် မဟုတ်။ ဘုရားသခင်သည် ဖခင်နှင့် တူသည်။ သူ့ကို ချစ်ခင် မြတ်နိုးသော သူကို ကျေးဇူး ကရုဏာကို ပြမည် ဖြစ်ပေသည်။ ထိုသို့ ဘုရားသခင်ကို ချစ်ခင်သော စိတ်၊ ယုံကြည် စိတ်ချသော စိတ်ဖြင့် နေသောသူ အားလုံးသည် သူတို့၏ သဒ္ဓါတရားဖြင့်ပင် သူတို့၏ ဖြောင့်မှန်ခြင်းကို ထင်ရှားစေမည် ဖြစ်ကြောင်း သိကြပေသည်။ ကျေးဇူးတော်ကို သိတတ်ခြင်းဖြင့် ကောင်းမြတ်သော အလုပ်ကို လုပ်သော ဘဝ၌ နေခြင်းပင် ဖြစ်သည်။ ကလေးငယ်သည် သူ့ ဖခင်က သူ့ကို ချစ်ကြောင်း သိနားလည်သကဲ့သို့ပင် ဖြစ်သည်။ ကျေးဇူးဂုဏ်ကို သိသော စိတ် (ကြောက်စိတ် မဟုတ်) သည် ခရစ်ယာန် ဘဝ၏ အရင်း မူလ အစပင် ဖြစ်သည်။

လူသာသည် ဤ ယုံကြည်ချက် အယူအဆများကို ဖွံ့ဖြိုးနေစဉ် သူ့ထံသို့ အနှောင့်အယှက် ပေးရန် အတွက် ပုပ် ရဟန်းမင်း၏ ကိုယ်စားလှယ် *တက်ဇယ်* [၃] ဆိုသူ ရောက်ရှိလာလေသည်။ အနီးအနားရှိ မြို့ရွာများတွင် ငရဲသို့ မရောက်အောင် အပြစ်ဖြေ စာတမ်းများကို ရောင်းချရန် အတွက် ရောက်လာခြင်း ဖြစ်လေသည်။

ဤအပြစ်ဖြေ စာတမ်းများကို သူ၏ ဝစ်တင်ဘတ် တက္ကသိုလ်မှ လူအများက ဝယ်ယူရန် သွားကြသောအခါ သူသည် တက္ကသိုလ်တွင် စာပေ ပို့ချခြင်း မပြုဘဲ အနီးအနားရှိ ရဲတိုက် ဘုရားရှိခိုးကျောင်းတွင် ဟောပြောပွဲ ပြုလုပ်ပြီး ထိုကဲ့သို့ အပြစ်ဖြေ စာတမ်းများ ရောင်းချခြင်းကို ပုတ်ခတ် ဝေဖန် ပြောဆိုလေတော့သည်။

သူ့လို ခံစားချက် ရှိသော အသိမိတ်ဆွေများက တိုက်တွန်းကြသော အခါ ၁၅၁၇ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့တွင် ရဲတိုက် ဘုရားရှိခိုးကျောင်း တံခါးမကြီးတွင် သူ၏ ထင်ရှားသော 'အဆိုပြုချက် ၉၅ ချက်' ဆိုသော စာ

---

၁။ Elector Frederick the Wise ၂။ Wittenberg

၃။ Tetzel

တန်းကြီးကို ရေးသား၍ ကပ်ထားလိုက်လေတော့သည်။ ထိုစာတန်းသည် ငရဲမှ အပြစ်ဖြေ စာတန်း ရောင်းစားခြင်း ကိစ္စကို အသေးစိတ် ပုတ်ခတ် ရှုတ်ချထားခြင်း ဖြစ်၏။ ပြည်သူများ စဉ်းစား ဆွေးနွေးကြရန် သူ၏ အယူအဆများကို အဆိုပြုချက်များ ပုံစံဖြင့် ရေးသား ထားလေသည်။ 'အဆို' သည် အမှား အမှန် သဘောကို ဆင်ခြင်ရန် ဖော်ပြသော ဝါကျများ ဖြစ်သည်။ တက္ကသိုလ် ပညာရှင်များ၏ ထုံးစံအရ သူက သူ၏ အဆို ၉၅ ချက်ကို တစ်ချက်စီ အပေါ် အချေအတင် ဆွေးနွေးကြပါရန်လည်း ယဉ်ကျေးစွာ တိုက်တွန်းလိုက်လေသည်။ သို့သော် သူ ပြုသော အမှု၏ အကျိုး ဖြစ်ထွန်းမှု ပေါ်ပေါက်လာအောင် သူက ဦးဆောင်၍ပင် မလုပ်လိုက်ရပေ။ သူ့ စာတန်း မူရင်းမှာ လက်တင် ဘာသာစကားဖြင့် ရေးသားထားသည်။ ၎င်းကို ဂျာမန် ဘာသာပြန်လည်း ရှိသည်။ ထိုနှစ်ခုစလုံးကို လူထုက တောင်းဆိုမှု (ဝယ်လိုအား) များလွန်းသောကြောင့် တက္ကသိုလ် ပုံနှိပ်တိုက်က အလျင် မီအောင်ပင် ရိုက်နှိပ်မပေးနိုင်တော့ပေ။ ဂျာမနီ တစ်ပြည်လုံး အုံးအုံးကျွက်ကျွက် ဝယ်ယူကြရာ လိုသလောက်ပင် မဖြန့်နိုင်ပေ။

ယခု မီးထဲသို့ ဆီလောင်း ပေးလိုက်သလို ဖြစ်သွားလေပြီ။ ဂျာမနီ နိုင်ငံ မြောက်ပိုင်း တစ်ခွင် တစ်ပြင်လုံး၌ တီးတိုး ပြောဆိုသော စကားသံများဖြင့် ကျွက်ကျွက် ညံနေပြီ ဖြစ်၏။

ထိုအချိန် အထိ ဘရင်ဂျီ ချာ့ချ်ကို စွန့်ပယ်မည် ဆိုသော အယူအဆမျိုးကား မည်သူ တစ်စုံတစ်ယောက်၏ စိတ်ထဲမှာမှ မပေါ်ပေါက်သေးပေ။ ပြုပြင် ပြောင်းလဲရေး လုပ်ဖို့ကိုသာ တောင်းဆိုနေကြသေး၏။ သို့သော် လျှို့ဝှက်စွာ ဖြစ်ပေါ်နေသော လေးနက်သည့် အသိ စိတ်ဓာတ်မှာ ရောမ လက်အောက်က လွတ်မြောက်လိုသော ပြင်းပြသည့် ဆန္ဒပင် ဖြစ်၏။

ဤသို့ ပြုမူသည့် အတွက် ပုပ် ရဟန်းမင်း၏ ကိုယ်စားလှယ် တက်ဇယ်နှင့် သူ့လူများသည် လူသာကို ချက်ချင်း တုံ့ပြန် တိုက်ခိုက်သည်မှာ သဘာဝပင် ဖြစ်၏။

သူ၏ ဂိုဏ်းအုပ် ဘုန်းကြီးကလည်း ထို အဆိုပြုချက် စာတန်း ကော်ပီ တစ်စောင်ကို ပုပ် ရဟန်းမင်းထံသို့ ပို့လိုက်လေသည်။

ပုပ် ရဟန်းမင်းက လူသာကို ချက်ချင်း ရောမသို့ လာ၍ သူနှင့် တွေ့ဆုံရမည်ဟု အမိန့် ထုတ်လေသည်။ သူ့ကို အမှု စီရင်၍ စည်းကမ်း သတ်မှတ်ရန် ဖြစ်၏။ ထိုအချိန်တွင် လူသာ၏ အပြုအမူကို ဆက်ဆိုနီ ပြည်နယ်မှ မင်းကို ရွေးချယ်သူ မင်းသားက ဂုဏ်ယူနေလေသည်။ ပုပ်က လူသာကို အရေးယူမည် ပြုသောအခါ သူက ကြားဝင်ဆောင်ရွက်လာလေသည်။

ထိုအခါ ပုပ် ရဟန်းမင်းက အလျှော့ ပေးပြီး လူသာကို ဩဂဘတ် မြို့ရှိ ပုပ် ရဟန်းမင်း၏ သံအမတ်ကြီးနှင့် တွေ့ဆုံရန် အမိန့်ကို ပြင်ဆင်လိုက်လေသည်။ လူသာသည် ထိုသံအမတ်နှင့်မူ တွေ့ဆုံခဲ့လေသည်။

ဤ ဖိအား ပေးမှု အားလုံး၏ အကျိုးဆက်သည် လုံးလုံးလျားလျား ပြုပြင် ပြောင်းလဲမှုများကို ဖြစ်ပေါ်လာစေမည့် အခြေခံ တုံ့ပြန်မှုများကို ဖြစ်ပေါ်စေခဲ့လေသည်။

လူသာအား သူ၏ အနေအထား၊ သူ၏ အပြုအမူများ မှန် မမှန်ကို စိစစ်ရန် အတွက် ကျမ်းဂန် စာပေများကို ရှာဖွေမွှေနှောက် လေ့လာစေရန် တိုက်တွန်းသလို ဖြစ်သွားလေသည်။

သမ္မာကျမ်းစာကို သူ လေ့လာ စစ်ဆေးကြည့်သောအခါ ရိုမင်ကက်သလစ် ဘရင်ဂျီ အသင်းတော်သည် ကျမ်းစာပါ အခြေခံ တရားများနှင့် လွဲချော်သွားပြီ ဆိုသည်ကို သူ စိတ်ပိုင်းဖြတ်နိုင်လာသည်။ ထို့ပြင် ဘရင်ဂျီ ဘာသာ အသင်းတော် ချာ့ချ်၏ အပြုအမူများ၊ အလေ့အကျင့်များသည် ကျမ်းစာပါ အခြေခံများနှင့် ကွဲလွဲရုံမျှမက ခရစ်ယာန် ဘာသာကို ဆန့်ကျင်သော အပြုအမူများပင် ဖြစ်နေပြီ ဖြစ်ကြောင်း သူ ယုံကြည်လာလေသည်။

ထိုအခါ သူ့စိတ်ထဲတွင် အပြစ်ဖြေ စာတန်း ရောင်းစားခြင်းလောက်ကိုသာ မေးခွန်း ထုတ်လိုခြင်း မကတော့ဘဲ အလယ်ခေတ် ခရစ်ယာန် အသင်းတော်၏ သဘောအယူအဆ အားလုံးကိုပါ မှန်ကန်ပါသလားဟု မေးခွန်းထုတ်ချင်လာသည်။ အထူးသဖြင့် ကိုယ့်ကိုယ်ကိုယ် ဆုံးမပြုပြင်ခြင်း၊ ကောင်းမှု ကုသိုလ် ပြုခြင်း ကိစ္စများကိုလည်း ဘုရားသခင်ထံမှောက်သို့ ရောက်ရှိ၍ ဘုရား အလိုတော်ကျဖြစ်စေရန် ဘုန်းကြီးများ၊ ဘိရှော့များနှင့် ပုပ် ရဟန်းမင်းတို့မှတစ်ဆင့် ကြားခံထား၍ ပြုလုပ်မှ ရသည် ဆိုသော အယူအဆကိုလည်း သူက မေးခွန်း ထုတ်လာသည်။ အမှန်တကယ် သံဝေဂရခြင်း၊ နောင်တရခြင်း ကိစ္စသည် အဇ္ဈတ္တ ကိစ္စ ဖြစ်သည်။ ထို့ကြောင့် လူပုဂ္ဂိုလ် တစ်ဦးသည် ခွင့်လွှတ်တော်မူသော အဖ ဘုရားသခင်နှင့် တိုက်ရိုက် ထိတွေ့နိုင်သည်။ ထိုအချက်ကို သူ၏ ၉၅ ချက်ပါ စာတန်း အပိုဒ် ၃၆ တွင် ဖော်ပြခဲ့လေသည်။

'ခရစ်ယာန် ဘာသာဝင်တိုင်းသည် အမှန်တကယ် သံဝေဂ တရား ရရှိသည် မှန်ပါက ဒုက္ခ ဆင်းရဲနှင့် အပြစ်တို့မှ လုံးလုံးလျားလျား လွတ်ငြိမ်းခွင့် ရှိနိုင်သော အခွင့်

အရေး ရှိသည်သာ ဖြစ်သည်။ အပြစ်ကို ချမ်းသာပေးပါမည့် အကြောင်း တောင်းပန်စာ ပါရန် မလို' ဟု ဖော်ပြခဲ့လေ သည်။

အပြစ်ကို ခွင့်လွှတ်ခြင်း၊ ချမ်းသာ ပေးခြင်း ကိစ္စ သည် ပုဂ္ဂလိက လူသား၏ ကိုယ်တိုင် ပြုလုပ်သော၊ ခရစ် တော်နှင့် တိုက်ရိုက် ဆက်နွယ်၍ ဖြစ်ပေါ်လာသော ဝိညာဉ် ပိုင်း ဆိုင်ရာ အစ္စျတ္တ ပြောင်းလဲမှု၊ ခရစ်တော်နှင့် ဘုရား သခင်၏ ဆက်နွယ်မှု အရ ဖြစ်လာသော အရာသာ ဖြစ် သည်။ (ဘုန်းကြီးများ၊ ဘိရှော့များ၊ ပုပ် ရဟန်းမင်းများက ပြုလုပ်ပေးမှ ရအပ်သော အရာ မဟုတ်ဟု ဆိုလိုသည်။)

တဖြည်းဖြည်းနှင့် လူသာ၏ အနေအထားမှာ အသင်း တော် ချား၍ ဆိုသည်မှာ ဘုန်းကြီး ရဟန်းတို့နှင့်သာ ဆိုင် သော အဖွဲ့အစည်း မဟုတ်၊ ခရစ်တော်ကို ဦးထိပ်ထား သော ယုံကြည် သက်ဝင်သူများ၏ လူ့ အသိုင်းအဝိုင်းသာ ဖြစ်သည် ဆိုသော အမြင်သို့ ဆိုက်ရောက် လာလေတော့ သည်။

တစ်ခုတည်းသော ဘာသာရေး ဆိုင်ရာ အဆုံးအဖြတ် ပေးနိုင်သော အခွင့်အာဏာ ရှိသော အရာသည် သမ္မာကျမ်း စာသာလျှင် ဖြစ်သည်။ သမ္မာကျမ်းစာကို သန့်ရှင်းသော ဝိညာဉ်တော်က သူတို့၏ ယုံကြည် သက်ဝင်မှုအားဖြင့် နား လည် သိမြင်စေမှုသာလျှင် အဆုံးအဖြတ် ပေးသော အခွင့် အာဏာ ဖြစ်သည်။

ယုံကြည် သက်ဝင်သော လူတိုင်း လူတိုင်းသည် အစွမ်းအစ အရည်အချင်းနှင့် ပြည့်စုံကြရကား သူသည်ပင် လျှင် စွမ်းဆောင်ရည် ရှိသော ဓမ္မဆရာ တစ်ဦးစီ ဖြစ်ကြ သည်၊ ထို့ကြောင့် ခရစ်ယာန် အသင်းတော်သည် 'ယုံကြည် သက်ဝင်သူများ အားလုံးနှင့် စပ်ဆိုင်သော ဓမ္မဆရာ အဖြစ် အနေ ဖြစ်ကြောင်း' ကြေညာအပ်သည်ဟု သူက ဆိုလေ သည်။

ဤအချက်ကို ပြဆိုရာ၌ သူက

'ဤကိစ္စကို သိလွယ်အောင် ပြောပါအံ့၊ အကယ်၍ ဘုရား တရား ကြည်ညိုသော သာမန် ခရစ်ယာန် လူတစ်စု သည် အကျဉ်းသားများ အဖြစ် ဖမ်းဆီး၍ သဲကန္တာရ တစ်ခု ထဲသို့ ဆောင်ယူသွားခြင်း ခံရသည် ဆိုပါစို့၊ ထိုလူစုထဲ တွင် ဘိရှော့က သိက္ခာ တင်ထားသော ဘုန်းကြီး (ဓမ္မ ဆရာ) တစ်ပါးလည်း သူတို့ထဲမှာ ပါမလာဘူး ဆိုပါစို့၊ ထိုအခါ သူတို့ အချင်းချင်း သဘော တူသော လူတစ်ဦးကို ထိုလူသည် လက်ထပ် ထိမ်းမြားခြင်းဖြင့် ဖွားမြင်လာသူ ဟုတ်သည် ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ ရွေးချယ် တင် မြှောက်ပြီးနောက် နှစ်ခြင်း မင်္ဂလာကို ပြုစေသည်၊ စား သောက်ပွဲ မင်္ဂလာကို ပြုစေသည်၊ တရား ဟောခြင်းကို ပြု စေသည် ဆိုပါက ထိုသူသည် အမှန်ပင် ဓမ္မဆရာ မည်ပေ တော့သည်၊ ဘိရှော့တိုင်း ပုပ် ရဟန်းမင်းတိုင်းက သိက္ခာ တင်ပေးထားသူနှင့် မခြားပေ၊ ထို့ကြောင့် လိုအပ်လာသော ကိစ္စရပ်များ၌ မည်သူမဆို နှစ်ခြင်း မင်္ဂလာကို ပြုပေးနိုင် သည်၊ အကယ်၍ ကျွန်ုပ်တို့ အားလုံးသည် ဓမ္မဆရာများ မဖြစ်ကြဘူး ဆိုလျှင် ထိုကိစ္စကို ဆောင်ရွက်နိုင်ကြတော့ မည် မဟုတ်တော့ပေ' ဟု သူက တင်ပြလိုက်လေသည်။

ထို့ပြင် ယုံကြည် သက်ဝင်သူတိုင်းသည် ဘာသာရေး လုပ်ဆောင်မှုများတွင် အပြည့်အဝ ပါဝင်နိုင်သည် ဖြစ်ရ ကား ဝတ်ပြုပွဲများမှာ လက်တင် ဘာသာဖြင့်သာ မကဘဲ ဂျာမန် ဘာသာဖြင့် ဖြစ်စေ၊ လွယ်ကူရာ နားလည်နိုင်သော ရှင်းလင်းသော ဘာသာ စကားဖြင့် ပြုလုပ်နိုင်ရမည်ဟုလည်း တင်ပြခဲ့လေသည်။

ပုပ် ရဟန်းမင်း၏ သံတမန် ရှေ့မှောက်တွင် လူသာ အား စစ်ဆေးခြင်း ကိစ္စသည် ပြီးပြတ်ခြင်း မရှိခဲ့ပေ။ သူ့ အား သူ တင်ပြထားသော စကားများကို ပြန်လည် နုတ် သိမ်းရမည်ဟု အမိန့် ပေးသည်။ လူသာက မနုတ်သိမ်း နိုင်ကြောင်း အတိအလင်း ငြင်းဆိုလေသည်။ သူ့ကို ဝစ် တင်ဘတ် မြို့သို့ အကြည်အသာ ပြန်သွားခွင့်ပြု၍ လွှတ် ပေးလိုက်လေသည်။

သူ့ကို ပုပ် ရဟန်းမင်း၏ ဆန့်ကျင် လှုံ့ဆော်မှုများ မှာ တဖြည်းဖြည်း ငြိမ်ကျသွားသည်။ ထို လှုံ့ဆော်မှုများ ဖြစ်အောင် ရောမ အင်ပိုင်ယာထဲတွင် နိုင်ငံရေး ဖြစ်ပေါ် တိုးတက်မှုများက ဖန်တီးခဲ့ခြင်း ဖြစ်သည်။ သို့သော် ထို လှုံ့ဆော်မှုများသည် လူသာနှင့် ကက်သလစ် ဘာသာရေး အယူဝါဒ ပညာရှင် *အက်မြို့မှ ဂျွန်* [၁] နှင့် စကား အချေ အတင် ပြောဆိုမှုတွင် အဆုံးသတ်သွားခြင်း ဖြစ်သည်။

ယခုအခါ လူသာသည် သမ္မာ ကျမ်းစာက ဆိုထား သော အဓိပ္ပာယ်ကို သူ နားလည်ထားချက်နှင့် ကက်သလစ် အသင်းတော်က ကောက်ယူပုံ မတူသော အချက် မှန်သမျှ၌ လူသာက ကက်သလစ် အသင်းတော်ကို ငြင်းပယ်နေပြီလား။ ထိုသဘောသည် ပေါ်လွင် ထင်ရှား လာလေတော့သည်။

ထိုအခါ ပုပ် ရဟန်းမင်းက လူသာကို နှိပ်ကွပ် ရှုတ် ချရန် အမိန့် ပြန်တမ်း တစ်စောင်ကို ထုတ်ပြန်လိုက်လေ သည်။

---

၁။ John of Eck

ကေရာဇ် ဘုရင် ပဉ္စမမြောက် ချားစ်ကို ကူညီ ဆောင်ရွက်ပေးရန် ပန်ကြားသဖြင့် လူသာကို ၁၅၂၁ ခုနှစ်တွင် *ဝမ်းမြို့* [၁] ရှိ ကေရာဇ် ဘုရင်၏ လွှတ်တော် ရှေ့မှောက်သို့ အခစား ဝင်ရောက်ရန် ဆင့်ခေါ်လေသည်။

လူသာကို လုံခြုံမှု ပေးရန် ကတိပြုပါက ဆက်ဆိုနီ ဘုရင် တင်မြှောက်သူ မင်းသားကလည်း ဤကိစ္စကို သဘောတူလေသည်။ လူသာ၏ လုံခြုံရေး အတွက် တာဝန်ယူ အာမခံသည်။ လူသာလည်း လွှတ်တော် ရှေ့မှောက်သို့ သွားရောက် စစ်ဆေးခံလေသည်။ လွှတ်တော် ရှေ့မှောက်သို့ ရောက်သော အခါ လူသာက သူ့ နာမည်ဖြင့် ထုတ်ဝေခဲ့သော ရေးသားချက်များသည် သူ ရေးသားခြင်း ဖြစ်ကြောင်း အသင့် ဝန်ခံလေသည်။ သို့ရာတွင် သူက ဆိုသည်မှာ ကျမ်းစာ အထောက်အထားဖြင့် သူ မှားကြောင်း မထောက်ပြနိုင်သရွေ့ သူ၏ တင်ပြထားချက်များကို ပြန်လည် နုတ်သိမ်းမည် မဟုတ် ဟူ၍ ဖြစ်၏။

အချို့သော လွှတ်တော်ထဲရှိ ဂျာမန် မင်းညီမင်းသားများက သူ့ကို အထင်ကြီးကြကြောင်း သိသော အခါ သူက ရဲရင့်စွာ ဘုရင် ကေရာဇ်နှင့် လွှတ်တော် စည်းဝေးပွဲသို့ တက်လာကြသော အသင်းတော် ကိုယ်စားလှယ်များအား ပြောလေတော့သည်။

'ကျွန်ုပ်ကို ကျမ်းဂန် အထောက်အထား၊ အာဂမယုတ္တိ ပြည့်ပြည့်ဝဝနှင့် ယုံကြည် သက်ဝင်အောင် မပြုနိုင်သမျှ ကျွန်ုပ် အနေနှင့် ပုပ် ရဟန်းမင်းရော၊ ကောင်စီရောသည် ခဏ ခဏ မှားကြပြီး ခဏ ခဏ ရှေ့နောက် မညီမညွတ် ပြုလုပ်တတ်ကြသည့် အတွက် ကျွန်ုပ်က သူတို့ အပေါ်မှာ စိတ်ချ ယုံကြည်မှု မရှိပါသဖြင့် ကျွန်ုပ်ကတော့ ကျွန်ုပ် သက်သေ အဖြစ် တင်ပြထားသော ကျမ်းစာ အထောက်အထားများကိုသာ ဆုပ်ကိုင်ထားမည် ဖြစ်ပါသည်၊ ကျွန်ုပ်၏ အသိဉာဏ်ကိုလည်း ဘုရား၏ စကား မုက္ခပါဌ်တော်များကသာ ဖမ်းစားထားနိုင်ပါသည်၊ ကျွန်ုပ် အနေနှင့် ဘာကိုမှ ပြန်လည် နုတ်သိမ်းနိုင်မည် မဟုတ်ပါ၊ အသိစိတ်၌ ဖြစ်ပေါ်လာသော အရာကို ဆန့်ကျင်သောအားဖြင့် ပြုမူခြင်းသည် လုံခြုံမှုလည်း မရှိ၊ မှန်လည်း မမှန်ဟု ယုံကြည်ပါသည်၊ ဘုရားသခင်သည် အကျွန်ုပ်အား ကူညီ မစပါစေသတည်း၊ အာမင်'

သူ၏ ပြုမူ ဆောင်ရွက်ချက်များမှာ ဘေးမှ လွှတ်မြောက်စေသော အပြုအမူမျိုး ဖြစ်ရကား သူသည် ဝမ်းမြို့မှ ဘေးမသီ ရန်မခဘဲ ပြန်ခွင့်ရရှိခဲ့လေသည်။ သို့သော် အိမ်သို့ ပြန်ရောက်သည်နှင့် မရှေးမနှောင်းမှာပင် သူ့ကို အပြစ်ဒဏ် ပေးတော့မည် ဖြစ်ကြောင်း နားလည်လာရလေတော့၏။ ဒိုက်ယက် လွှတ်တော်က သူ့ကို အချုပ်အချယ် အတားအဆီး အောက်မှာ ထားပြီး သူ့ဘက်က အလျှော့ ပေးရမည်ဟု အမိန့် ထုတ်လေတော့သည်။ မည်သူ မဆို သူ့ အရိပ်အာဝါသကို မခိုရ၊ သူ့စာအုပ်များကို မဖတ်ရဟု တားမြစ်ပိတ်ပင်လေသည်။ သို့သော် လူသာကိုကား မတွေ့ရတော့။ အဘယ်ကြောင့် ဆိုသော် ဆက်ဆိုနီ မင်းသား ဖရက်ဒရစ်က သူ့ကို လမ်းတစ်ဝက်က ဖမ်းပြီး *ဝါဘာ့ဂ်* [၂] ရဲတိုက်ကြီးထဲမှာ ဝှက်ထားခဲ့သောကြောင့် ဖြစ်လေသည်။

လူသာသည် အားလပ်သော အချိန်ကာလကို ကောင်းသော အမှုကိစ္စ အတွက် အသုံးချလေတော့သည်။ သူသည် ဓမ္မသစ် သမ္မာကျမ်းစာကို ဂျာမန် ဘာသာသို့ ပြန်ဆိုလေသည်။ နောင် နှစ် အနည်းငယ် ကြာပြီးနောက် ၁၅၃၄ ခုနှစ်တွင် ထိုဂျာမန် ဘာသာပြန် ဓမ္မသစ်ကျမ်းစာကို ပုံနှိပ်ထုတ်ဝေခဲ့လေသည်။ ဤလုပ်ရပ်သည် သမိုင်း တွင်သော လုပ်ရပ်ကြီး ဖြစ်သွားလေသည်။

ဖြစ်သွားရသည့် အကြောင်း များစွာ ရှိသည်။ ပထမ အကြောင်းမှာ ဤ ဓမ္မသစ် ကျမ်းစာကို လူသာမန်များ လက်တွင်းသို့ ရောက်အောင် ပို့ပေးနိုင်သည့် အတွက် ပြုပြင်ပြောင်းလဲရေး၏ မူဝါဒများကို လူတိုင်း သိမြင် နားလည်အောင် ပြုလုပ်နိုင်သည်။ ထို့ပြင် ဂျာမန် လူမျိုးများ အတွက် ပထမဆုံး အကြိမ် ဘာသာ စကား တစ်ပြေးညီ ဖြစ်သော ကျမ်းစာကို လေ့လာခွင့် ရသွားပြီး ထိုသို့ ဘာသာစကား တစ်ပြေးညီ ဖြစ်မှုသည် ဂျာမန် လူမျိုးများ အတွက် အမျိုးသား ယဉ်ကျေးမှု၏ စည်းလုံး ညီညွတ်မှုကိုလည်း ဖြစ်ပေါ်စေခဲ့လေသည်။ ဝမ်းမြို့က ချမှတ်ခဲ့သော အမိန့်ကိုမူ ဘယ်အခါမှ အကောင်အထည် မဖော်နိုင်ခဲ့တော့ပေ။

လူသာသည် ပုန်းအောင်းနေရာမှ ပြန်လည် ထွက်ပေါ်လာသောအခါ ကေရာဇ် ဘုရင်မှာ စစ်ရေး စစ်ရာများနှင့် နေရာ အနှံ့အပြား၌ ခိုက်ရန် ဖြစ်ပွားမှုများ၊ တိုက်ခိုက်မှုများနှင့် ရင်ဆိုင်နေရပြီး အလုပ် ရှုပ်နေလေသည်။ ထို့ပြင် ထိုအချိန်၌ ဂျာမန် လူမျိုး အများစုသည်လည်း လူသာဘက်က ပါနေပြီ ဖြစ်သောကြောင့်လည်း ဖြစ်နိုင်ပေသည်။

ပြည်နယ် ဘုရင်ခံမင်းသားက ပုပ် ရဟန်းမင်းအား သစ္စာ ခံ၍ ထောက်ခံ အားပေးမှုကို ပယ်ဖျက်ပြီးနောက်

---

၁။ Worm

၂။ Warburg

လူသာဘက်သို့ ပါသွားသော အခါ ပြည်နယ်သားများ အားလုံး တစ်ချက်တည်းဖြင့် ဘရင်ဂျီ ဘာသာကို ဆန့်ကျင်သော ပရိုတက်စတင့်များ ဖြစ်သွားကြလေတော့၏။

၁၅၄၆ ခုနှစ် လူသာ ကွယ်လွန်သော အခါ သူ၏ ပြုပြင်ရေး လှုပ်ရှားမှုသည် ဂျာမနီ အလယ်ပိုင်းမှ တောင်ပိုင်းသို့ လည်းကောင်း၊ မြောက်ပိုင်း တစ်ခုလုံးနှင့် ဂျာမနီကို လွှမ်း၍ ဒိန်းမတ်၊ နော်ဝေ၊ ဆွီဒင်နှင့် ဘော်လ်တစ် နိုင်ငံများ အနှံ့အပြားသို့ ပြန့်သွားပြီ ဖြစ်၏။

လူသာသည် သူ၏ နောက်လိုက်များ အတွက် တရားသေ ဘာသာရေး အယူဝါဒများနှင့် အသင်း အဖွဲ့ ဖွဲ့စည်းထားမှု ဘာမှ ချန်မထားခဲ့ချေ။ သူသည် ပြောင်းလဲရေးကို အကြမ်းပတမ်း ပြုလုပ်လိုသော ဆန္ဒ ရှိသူ မဟုတ်ချေ။ သူသည် သောမတ် အကွိုင်းနပ်နှင့် အာရစ္စတိုတယ်တို့၏ အယူအဆများကို ငြင်းပယ်လေသည်။ သို့သော် သူသည် ဩဂတ်စတင်း၏ အယူအဆများကိုကား ဖက်တွယ်ထားသူ ဖြစ်သည်။ သူသည် ရှေး အယူအဆများ၊ အပြုအမူများကိုသာ လက်ခံထားသော ကွန်ဆာဗေးတစ် အဖြစ်လည်း လူသိများလေသည်။

လူသာ၏ ပြုပြင် ပြောင်းလဲရေး လှုပ်ရှားမှု ကျယ်ပြန့်သွားသောအခါ ဘရင်ဂျီ ဘုန်းကြီး ရဟန်းများနှင့် သီလရှင်များသည် လူသာ၏ ဘာသာရေး အသိုင်းအဝိုင်း ဘက်သို့ စီရင်စု နယ်ပယ်မှ အထောက်အပံ့ ရသော ဘုန်းကြီးများ၊ ဆရာများ၊ လူသာမန်များ အဖြစ် ပြောင်းလဲသွားကြကာ အိမ်ထောင်သားမွေးမှုကို လွတ်လပ်စွာ ပြုလုပ်ကြလေတော့သည်။

လူသာ ကိုယ်တိုင်ကလည်း ရှေးက သီလရှင် ဖြစ်ခဲ့သော အမျိုးသမီး တစ်ဦးနှင့် အိမ်ထောင် ပြုခဲ့လေသည်။ သားသမီး ငါးဦး ဖွားမြင်ပြီး ပျော်ရွှင်ဖွယ် အိမ်ထောင်ရေးဘဝ၌ နေခဲ့လေသည်။ လူသာ၏ အသိုင်းအဝိုင်းသစ်ကို စည်းရုံး ဖွဲ့စည်းသော အခါ သူသည် လုပ်ငန်း သုံးခုကို တာဝန်ယူ ဆောင်ရွက်ခဲ့လေသည်။ သင်းအုပ်ဆရာ အဖြစ်လည်းကောင်း၊ ပေးကမ်း စွန့်ကြဲခြင်း အလုပ်နှင့် ကလေးသူငယ်များကို စာပေ သင်ကြားပေးခြင်း အလုပ်များကို ဆောင်ရွက်ခဲ့လေသည်။ အစက ဘုန်းကြီးကျောင်းများကို သူက စာသင်ကျောင်းများ၊ တက္ကသိုလ်များ အဖြစ် ပြောင်းလဲစေခဲ့သည်။

၁၅၅၅ ခုနှစ်လောက်တွင် ဖြစ်ပေါ်ခဲ့သော ဂျာမနီမှ ဘာသာရေး စစ်ပွဲများကိုကား လူသာ ကိုယ်တိုင် မြင်တွေ့သွားခြင်း မရှိပေ။ လူသာ၏ ပြုပြင် ပြောင်းလဲရေးကြောင့် ပြည်နယ် ဘုရင်ခံ အုပ်ချုပ်သူ မင်းညီမင်းသားများသည် အာဏာစက် အရရော ဓမ္မစက် အရပါ အခွင့်အာဏာ ပိုင်သူ ဖြစ်လာခဲ့လေတော့သည်။

## ဆွစ် ပြုပြင် ပြောင်းလဲရေး

ပို၍ ကြမ်းတမ်းသော ပြုပြင် ပြောင်းလဲရေးသည် ဆွစ်ဇာလန် နိုင်ငံတွင် ပေါ်ပေါက်လေသည်။ အလွန် ပညာ တတ်သော စီရင်စု နယ်စား ဘုန်းကြီး *အူးလရစ် ဇွင်ဂလီ* [၁] (၁၄၈၄-၁၅၃၁) သည် ငယ်စဉ် ကာလကပင် လူသား အကျိုးပြု ဝါဒီ ဖြစ်ချင်သော စိတ် ရှိခဲ့လေသည်။ အထူးသဖြင့် အယူသီးမှုနှင့် ဆင်ခြင်မဲ့ ယုံကြည်မှုကို တိုက်ခိုက်သော တိုက်ပွဲတွင် သူက ဓမ္မသစ် ကျမ်းစာကို ခရစ်ယာန်တို့၏ သစ္စာတရား အခြေခံမှု အဖြစ် ထားရန်ကို ပြောဆိုတိုက်တွန်းခဲ့လေသည်။ ဇူးရစ် မြို့တွင် သူသည် သမ္မာကျမ်းစာကို စနစ်တကျ ရှင်းလင်း ပြောဆိုသော လူထု ရှင်းလင်းပွဲကြီး တစ်ခုကို ပြုလုပ်ခဲ့လေသည်။ ထို ဟောပြောပွဲတွင် သူသည် ဂေါ့စပယ် ဝမ်းမြောက်ဖွယ် သတင်းစကားဖြင့် စတင် ပြောဆိုလေသည်။ ၁၅၂၂ ခုနှစ်တွင် သူ့စိတ်ထဲတွင် ခရစ်ယာန်များသည် သမ္မာ ကျမ်းကိုသာ ယုံကြည် အားထားပြီး သမ္မာကျမ်း အတိုင်းသာ လိုက်နာကျင့်ကြံအပ်သည် ဟူ၍ ယုံကြည် သိမြင်လာသည်။

လူသာ၏ အမြင်ထက် သူ့အမြင်များက ပိုပြီး ခပ်ကြမ်းကြမ်း ပြောင်းလဲမှုကို ပြုလုပ်လိုသော သဘော ရှိလေသည်။ လူသာက ခရစ်ယာန်များ အနေနှင့် လူ့ဘဝ အတွက် အထောက်အကူ ပြုပြီး သမ္မာကျမ်းစာကလည်း တားမြစ်ခြင်း မရှိသော ကက်သလစ်တို့၏ အကျင့် စရဏများကို ပစ်ပယ်ရန် မလို၊ ဇွင်ဂလီကမူ သူ၏ ယုံကြည် သိမြင်သော သဘော အတိုင်း ဇူးရစ်မြို့မှ လူအများအား သူက ဘုရားရှိခိုး ကျောင်းများ အတွင်းရှိ ရုပ်တု ဆင်းတုများနှင့် လက်ဝါးကပ်တိုင်များကို ဖယ်ရှား ပစ်ကြရန် တိုက်တွန်းခဲ့လေသည်။

ဘုရားကျောင်း အတွင်း ဓမ္မသီချင်း သီဆိုရာမှာလည်း လေမှုတ် စန္ဒရား (အော်ဂင်) မပါဘဲ သီဆိုကြရန် တိုက်တွန်း ဆွဲဆောင်ခဲ့လေသည်။ ထို့ပြင် စားသောက်ပွဲ မင်္ဂလာ အခမ်းအနားကိုလည်း ရုပ်တန့်ပစ်စေရန် အတွက် သူက 'ယေရှု ပြောတန်းက ဒါဟာ ငါ့ရဲ့ ကိုယ်ခန္ဓာ' ဖြစ်သည် ဟု ဆိုသည့် အဓိပ္ပာယ်မှာ 'ဤအရာသည် ငါ့ခန္ဓာကိုယ်ကို

---

၁။ Ulrish Zwingli

ပုံဆောင်သော အဓိပ္ပာယ်' သဘောဖြင့် ပြောခြင်းသာ ဖြစ်သည်၊ ယဇ်ပလ္လင် ထောင်သောင်းမကပေါ်မှာ တင်၍ ပသထားသော အရာများ အားလုံးသည် ကောင်းကင်ဘုံ၌ ခရစ်တော်၏ အသွေးတော် အသားတော် ချက်ချင်း လက်ငင်း ဖြစ်သွားလိမ့်မည်ဟု ယူဆခြင်းကား အသိဉာဏ် ကင်းမဲ့ရာ ကျသည်ဟု သူကလည်း လူသာ စောဒက တက်သလိုပင် ပြောဆို ကန့်ကွက်လေသည်။

ပေါင်မုန့်နှင့် စပျစ်ချိုရည်သည် သင်္ကေတ အမှတ်အသား သဘောမျှသာ ဖြစ်သည်။ ယေရှု သခင် ကားတိုင်ပေါ်၌ လူသားများ အတွက် အသက်ကို စွန့်လွှတ်သွားခြင်းကို အမှတ်ရစေရန် ပြုလုပ်သော သဘောမျှသာ ဖြစ်သည်။ ယေရှု သခင်၏ နောက်ဆုံး ညစာ စားပွဲကို ကျင်းပ ပြုလုပ်ရာ၌ သင့်လျော်သော နည်းလမ်းမှာ ရှေးခေတ် ခရစ်ယာန်များ ပြုလုပ်ခဲ့သော စားသောက်ပွဲ မင်္ဂလာ အခမ်းအနားနှင့် နီးနီးစပ်စပ် တူညီအောင် ပြုလုပ်ခြင်းသာ အကောင်းဆုံး ဖြစ်သည်။ ပူဇော် ပသမှုများကို ကျင်းနိုင်သမျှ ကျင်းကျင်းသာ ပြုလုပ်ရမည်။ ပုံမှန် ဘုရားရှိခိုးကျောင်း ဝတ်ပြုပွဲများ၌ ဓမ္မဒေသနာကို ဟောပြောခြင်းသည် အခရာ ကျသော အချက် ဖြစ်သည်။ ဤသို့ တရား ဟောခြင်းအားဖြင့်သာ ဘုရားသခင်၏ အလိုဆန္ဒတော်ကို သိမြင် နားလည်အောင် ပြုလုပ်နိုင်ပေသည်။ ဒေသဆိုင်ရာ ဘုရားရှိခိုးကျောင်းများ၏ အုပ်ချုပ်ရေးကို ဘာသာရေး စည်းဝေးပွဲ တစ်ခုစီ၏ အကြီးအကဲများ၏ လက်မှာသာ စိတ်ချလက်ချ ထားသင့်သည်။ ထိုသို့ ပြုလုပ်ခြင်းသည်သာ ရှေးခေတ် ခရစ်ယာန် ဘုရားဝတ်ကျောင်းများ၌ ပြုလုပ်ခဲ့ကြသော အလေ့အထနှင့် နီးစပ်မှု ရှိပေသည်။

ဇွင်ဂလီ အသက်ထင်ရှား ရှိစဉ် ကာလမှာပင် သူ၏ ပြုပြင် ပြောင်းလဲရေး လှုပ်ရှားမှုသည် *ဘာဆယ်* [၁]၊ *ဘန်း* [၂]၊ *ဂလာရပ်* [၃]၊ *မူလ်ဟောင်ဆင်း* [၄] နှင့် စထရောဘတ် မြို့များသို့ ပြန့်သွားသည်။ နောက်ဆုံးတွင် သူ၏ ပြုပြင် ပြောင်းလဲရေး လှုပ်ရှားမှုသည် ပြည်တွင်းစစ် ဖြစ်သည် အထိ ဖြစ်သွားသည်။ ပြုပြင် ပြောင်းလဲရေးသမားများနှင့် ကက်သလစ်များ စစ်ဖြစ်ကြသည်။ စစ်ပွဲ တစ်ခု အတွင်း၌ ၁၅၃၁ ခုနှစ်တွင် ဇွင်ဂလီ ကျဆုံးသွားလေသည်။

ဆွစ်ဇာလန် နိုင်ငံ၏ တောင်ဘက်ခြမ်းတွင် စိတ်အားထက်သန်သော လူငယ် ဓမ္မဟောဆရာ *ဖာရယ်* [၅] ဆိုသူသည် ပြုပြင် ပြောင်းလဲရေးတွင် ဂျီနီဗာမြို့ကို အောင်နိုင်သွားလေသည်။ လုံးလုံးလျားလျား ဘာသာရေး ပြုပြင် ပြောင်းလဲရေး တစ်ခုကို ပြုလုပ်ရန်မှာ လွန်စွာ ခက်ခဲသောကိစ္စ ဖြစ်ကြောင်း သိမြင်လာသော အခါ သူသည် ပြင်သစ်လူငယ် ပညာရှင် တစ်ဦး ဖြစ်သူ *ဂျွန် ကယ်လဗင်* [၆] ကို အပိုင် ရအောင် စည်းရုံးခဲ့လေသည်။

ဂျွန် ကယ်လဗင် (၁၅၀၉-၁၅၆၄) သည် သူနှင့် အတူနေပြီး သူ့ကို ကူညီ အားပေးခဲ့သည်။ ထိုအချိန် ၁၅၃၆ ခုနှစ်က ဂျွန် ကယ်လဗင်သည် ပြင်သစ်ပြည်မှ ထွက်ပြေးလာသူ ဖြစ်သည်။ ပြင်သစ် ပြည်တွင် သူ့ အသက် ၂၆ နှစ်၌ ပြုပြင် ပြောင်းလဲရေး ဂန္ထဝင် စာတန်း တစ်စောင်ကို ရေးသား ထုတ်ဝေခဲ့လေသည်။

The Institutes of the Christian Religion အမည်ရှိ ထိုစာတန်းသည် ပရိုတက်စတင့် ဘာသာ၏ အနေအထားကို အရှင်းဆုံး အဓိပ္ပာယ် ဖွင့်ဆိုထားသော စာတန်း ဖြစ်သည်။

ထိုစာတန်းသည် *ပရက်စ်ဘီတာရီယန်း ဝါဒ* [၇] ၏ အခြေခံ အုတ်မြစ်ကို ချပေးသောကျမ်း ဖြစ်လာလေသည်။ ကယ်လဗင်၏ အများနှင့် စပ်ဆိုင်သော မူဝါဒသည် သူ၏ ဘာသာရေး ယုံကြည် သိမြင်မှုမှ ယုတ္တိ သဘော အရ ပေါ်ပေါက်လာသော အယူအဆများ ဖြစ်သည်။

ထိုအယူဝါဒ (မူ) များ၏ အဓိက ကျသော အချက်အလက်များကို ဤတွင် ကောက်နုတ် ဖော်ပြသင့်၏။

၁။ ဘာသာ ယုံကြည် ကိုးကွယ်မှု၏ ဗဟို ချက်မသည် ထာဝရ ဘုရားသခင်၏ အချုပ်အခြာ အာဏာ ပိုင်ဆိုင်ခြင်း သဘောပင် ဖြစ်သည်။ ရုပ်လောကနှင့် လူ့သမိုင်းကြောင်း တစ်လျှောက် ဖြစ်ပျက်ခဲ့သမျှသော အဖြစ်အပျက် အားလုံးသည် ဘုရားသခင်၏ အလိုတော် အတိုင်းပင် ဖြစ်၏။ ဤအချက်သည် ဘုရားသခင်၏ ဘုန်းတန်ခိုး အာနုဘော်ကို စိတ်ချ ယုံကြည်နိုင်ရန် အာမခံချက်ပင် ဖြစ်သည်။ ဘုရားသခင်၏ အလိုဆန္ဒတော်သည် အစဉ်ထွေးယှဉ် သဘော ရှိ၏။ လူ့အမြင် လူ့ရှုထောင့်မှ ကြည့်လျှင် ဘုရားသခင်သည် သူ စိတ်ချမ်းသာရာကို ပြုလုပ်နေသည်ဟု ထင်ရ၏။ သို့သော် ဘုရားသခင်၏ ဂုဏ်တော်မှာ လုံးဝ သန့်ရှင်း စင်ကြယ်ပြီး လုံးဝ ဖြောင့်မတ် မှန်ကန်သော သဘော ရှိ၏။ ထို

---

၁။ Basle ၂။ Berne ၃။ Glarus
၄။ Mulhausen ၅။ Farel

၆။ John Calvin
၇။ Presbyterianism

ကြောင့် ဘုရားသခင်၏ အဆုံးအဖြတ် မှန်သမျှသည် တရား မျှတ မှန်ကန်ကြသည်ချည်းသာ ဖြစ်၏။

၂။ လူသားမှာ သဘာဝအားဖြင့် သဘာဝ တရားနှင့် သမိုင်းစဉ်ကို စေ့ဆော်နေသော ဝိညာဉ်တော် ရှိသော ဘုရားသခင်ကို သိမြင်နိုင်သော အသိပညာကို ပိုင်ဆိုင်ထား၏။ သို့ရာတွင် လူ၏ သိမြင် နားလည်နိုင်သော ဉာဏ်ပညာသည် သူ၏ မွေးရာပါ အကျင့်သီလ ခေါင်းပါးခြင်းကြောင့် မှေးမှိန်နေလေသည်။ ထိုအကျင့် ပျက်ခြင်း၊ သီလ ခေါင်းပါးခြင်းမှာ အာဒမ်မှ အမွေ ဆက်ခံ ရရှိလာခြင်း ဖြစ်သည်။ ထို့ကြောင့် လူသား၏ အသိဉာဏ် အမြင် ထက်မြက်လာစေရန် သန့်ရှင်းသော သမ္မာကျမ်းစာတော်ပါ ဘုရားသခင်၏ မုက္ခပါဌ်တော်များဖြင့် ဖြည့်စွက်ပေးရမည်။

၃။ လူသား၏ အကျင့်သီလ ပျက်စီးခြင်းသည် သူ၏ သိမြင် နားလည်မှုကို ချွတ်ယွင်းစေရုံမျှမက သူ၏ လူ့သဘာဝ တစ်ခုလုံးကိုလည်း ချွတ်ယွင်း ပျက်စီးစေသည်။ ယုံကြည် အားထားမှုဖြင့် ကယ်လ်ဗင်သည် စိန့်ဩဂုတ်စတင်းကို ကိုးကား၍ အောက်ပါ စာတန်းကို ရေးသားခဲ့လေသည်။

'မူရင်း အပြစ်ကို အဓိပ္ပာယ် သတ်မှတ်ရာ၌ လူ့သဘာဝ၌ ချွတ်ယွင်းမှု၊ အကျင့်ပျက်မှုကို အမွေ ဆက်ခံ ရရှိလာခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်သည်။ ထို မူလ အပြစ်သည် သက်ရှိ သတ္တဝါတိုင်းသို့ ကျယ်ပြန့်သွားသည်။ ထိုသို့ ဖြစ်ခြင်းသည် ဘုရားသခင်က ကျွန်ုပ်တို့ အပေါ် မနှစ်သက်စရာ၊ အပြစ် တင်စရာ၊ အမျက်ဒေါသ ထားစရာ အချက် ဖြစ်သွားသည်။ ထို့နောက် ကျွန်ုပ်တို့ ကိုယ်ထဲတွင် ကျမ်းစာ၌ သွေးသား အလုပ်ဟု ခေါ်သော အလုပ်ကို ထည့်ပေးလိုက်သည်။ ဤ အကျင့်ပျက်မှုကြောင့်ပင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမြင်အားဖြင့် ပြစ်ဒဏ်ထားခြင်းကို တရားသဖြင့် ခံရခြင်းသာ ဖြစ်သည်။ ဤသို့ အပြစ်ဒဏ် ကျခံထိုက်ခြင်း သဘောသည် တခြား တစ်ပါးသော သူ၏ ပေါ့လျော့ ပျက်ကွက်ခြင်းကြောင့် မဟုတ်။ အာဒမ် ကျူးလွန်ခဲ့သော အပြစ်သည် ကျွန်ုပ်တို့ကိုပါ အပြစ် တင်စရာ ဖြစ်လာခဲ့ခြင်းသာ ဖြစ်သည်။ ထိုသို့ အပြစ် တင်စရာ ဖြစ်ရသည်မှာ ဘုရားသခင်၏ တရားမျှတအောင် ဆောင်ရွက်သော သဘောသာ ဖြစ်၏။ ထိုသဘောသည် အပြစ် ကင်းသော၊ အပြစ် ဆိုဖွယ် မရှိသော ကျွန်ုပ်တို့ အနေနှင့် အာဒမ် ကျူးလွန်သော အပြစ်ကို ခံရခြင်း ဖြစ်သည်ဟု အဓိပ္ပာယ် မသက်ရောက်ပေ။ သာသနာ ပြုရန် စေခိုင်းခြင်း ခံရသော အပေါ်စတယ်များ ကိုယ်တိုင်က ထင်ရှားစွာ ကြေညာသည်မှာ 'သေဒဏ်ကို လူအားလုံး အပေါ်သို့ ချမှတ်ရခြင်းမှာ လူတိုင်းသည် အပြစ် ရှိသောကြောင့် ဖြစ်၏။ ထိုသဘောမှာ အားလုံးသည် မူလ အာဒမ် ကျူးလွန်သော မူလ အပြစ် ပါလာပြီး ကိလေသာဖြင့် သန့်ရှင်း စင်ကြယ်ခြင်း မရှိသောကြောင့် ဖြစ်၏။'

၄။ သို့ရာတွင် လူအားလုံးသည် ဆုံးရှုံးရသည်ကား မဟုတ်ချေ။ ယုံကြည် သက်ဝင်ခြင်းအားဖြင့် တချို့ လူတို့သည် ကယ်တင်ခြင်းကို ခံရနိုင်ခွင့် ရှိ၏။ ထိုသူတို့သည် မိမိတို့ ကိုယ်ကို ဝိသုဒ္ဓိ ဖြစ်အောင် ပြုလုပ်ကြသူများ ဖြစ်၏။ ယုံကြည် သက်ဝင်သူများ အတွက် ထုချေ ရှင်းလင်းချက်ကို ခရစ်တော်၏ လုပ်ဆောင်ချက်များအားဖြင့် ရရှိစေမည် ဖြစ်၏။ ခရစ်တော်၏ လုပ်ဆောင်ချက်များကို ဘုရားသခင်က လက်ခံတော်မူသောအားဖြင့် ကျွန်ုပ်တို့ကိုလည်း ဘုရားသခင်က ဖြောင့်မှန်သူများ အဖြစ် လိုလား နှစ်သက် လက်ခံမည် ဖြစ်၏။ သို့ရာတွင် ဘုရားသခင်သည် ခရစ်တော်ကို ယုံကြည် သက်ဝင်သော သူများကိုသာ အပြစ် လွတ်ခွင့်ပြုပြီး ရွေးချယ်ကာ နှစ်သက် လက်ခံမည် ဖြစ်၏။

၅။ ဤရွေးချယ် လက်ခံခြင်း အယူအဆသည် ကယ်လဗင်၏ အယူအဆကို *တင်ကူး၍ ဘုရားသခင် ပြဋ္ဌာန်းတော်မူခြင်း အယူဝါဒ* [၁] ကို ဖြစ်ပေါ်စေခဲ့လေသည်။ တင်ကူး၍ ဘုရားသခင်က ပြဋ္ဌာန်းခြင်း အယူဝါဒ၏ သဘောမှာ ဘုရားသခင်၏ ထာဝရ အမိန့်တော် ဖြစ်သည်။ ထိုအမိန့်တော် အရ လူတိုင်း လူတိုင်း အတွက် သူ ဖြစ်စေလိုသည်ကို ကြိုတင်၍ ဆုံးဖြတ် ပြဋ္ဌာန်းထားသော ဘုရားသခင်၏ အလိုတော်ပင် ဖြစ်သည်။ အရာခပ်သိမ်းတို့ကို တစ်တန်းတစ်စားတည်း ဖန်ဆင်းတော် မူခြင်း မရှိပေ။ တချို့ကို နောင်ဘဝ၌ ထာဝရ အသက် ရှင်နေနိုင်ရန် ကြိုတင်၍ စီမံ ဖန်တီးထားပြီး တချို့ကို နောင်တမလွန် ဘဝ၌ အပြစ်ဒဏ် ခံရစေရန် ကြိုတင်၍ စီမံ ဖန်တီးထားလေသည်။

၆။ ဩဂုတ်စတင်းကဲ့သို့ပင် ကယ်လဗင်ကလည်း ခရစ်ယာန် အသင်းတော် ချားချ်ကို သဘော နှစ်မျိုး ထား

---

၁။ Doctrine of predestination

၍ ခွဲခြား စဉ်းစားလေသည်။ မမြင်နိုင်သော ချာ့ချ် အသင်းတော်၌ ကောင်းကင်ဘုံမှာ ဖြစ်စေ၊ မြေပြင် ပေါ်မှာ ဖြစ်စေ ဘုရားသခင် ရွေးချယ်ခံရသော သူများ အားလုံး ပါဝင်ကြသည်။ မြင်ရသော အသင်းတော် ချာ့ချ်မှာမူကား မြေကမ္ဘာပေါ်က ယုံကြည်သည်ဟု ပြောဆို ဝန်ခံကြသူများ ပါဝင်သော အဖွဲ့အစည်း လူ့ အသိုင်းအဝိုင်းသာ ဖြစ်သည်။ ကျမ်းစာထဲမှာ ပါဝင် သော ဘုရားသခင်၏ မုက္ခပါဠ်တော်များ အရ ဖွဲ့စည်း တည်ထောင်သော အဖွဲ့အစည်း ဖြစ်သည်။ မြင်ရသော အသင်းတော် (ချာ့ချ်) ထဲတွင် ယုံကြည်သည်ဟု ပြော ဆိုသူများသည် သူတို့၏ အလုပ်ကြောင့် ကယ်တင် ခြင်းကို ခံကြရမည် မဟုတ်ချေ။ ဘုရားသခင်က ရွေး ချယ်ခြင်းကို ခံရမှသာ ကယ်တင်ခြင်းကို ခံရနိုင်သော ကြောင့် ဖြစ်သည်။ အမှန်အားဖြင့် သူ၏ ရိုးသား ဖြောင့် မတ်ခြင်းသည် သူ့အား ဘုရားသခင်က ရွေးချယ်ခြင်း ကို ခံရစေနိုင်သော အကြောင်း အာမခံချက်ပင် ဖြစ် သည်။ 'ကျွန်ုပ်တို့ကို အပြစ် ကင်းလွှတ်ခြင်းမှာ မိမိ တို့ လုပ်သော အလုပ် စရဏကြောင့်လည်း မဟုတ်၊ စရဏ မပါဘဲနှင့်လည်း မဟုတ်' ဟု ကယ်လဗင်က ရေးသားခဲ့လေသည်။

ကယ်လဗင်၏ ဤ အမြင်များသည် ဘဝကို ပိုပြီး လေးနက်၍ စိတ်အား ထက်သန်စေခဲ့သည်။

တာဝန်နှင့် ကိုယ်ကျင့် သီလကို သူက အထွတ် တင် ထားခဲ့သည်။

လူတစ်ဦးသည် ဘုရားသခင်၏ မျက်စိ အောက်တွင် နေရမည်။ သိမ်ဖျင်းသော သူတို့သည် လောကီအာရုံ ကာမ ဂုဏ် တရားတို့၌သာ နစ်မွန်းနေကြသည်။

ထိုသူတို့မှာ မကောင်း ဆိုးဝါး နတ်များ ဖမ်းစားခံနေ ကြရသူများ ဖြစ်ပြီး သေလျှင် ငရဲ မီးလျှံထဲသို့ ကျရောက် ကြရမည့်သူများ ကေန် ဖြစ်၏။

သန့်ရှင်းသော ဝိညာဉ်တော်၏ စေ့ဆော်မှုဖြင့် ဘုရား သခင်၏ မွန်မြတ်သော အလုပ်များကို ပြုလုပ်ကြသူများကား စိတ်အား ထက်သန်ခြင်း၊ လုံ့လ ဝီရိယ ရှိခြင်း၊ အသုံးအစွဲ စေ့စပ် သေချာ ချွေတာခြင်း စသည့် အရည်အချင်းများကို တန်ဖိုး ထားကြသူများသည် ကယ်တင်ခြင်း ခံရမည့် လက္ခဏာ ရှိသူများ ဖြစ်သည်။

ဤခိုးမလွယ်သော ယုတ္တိဗေဒအားဖြင့် ကယ်လဗင် သည် ဂျနီဗာ မြို့သားများ၏ စိတ် သဘောထားကို ပြောင်း လဲသွားအောင် ပြုပြင် ပြောင်းလဲ နိုင်ခဲ့လေသည်။ *ပျူရီတန် ဆန်သော* [၁] ရိုးသား ဖြောင့်မတ်သူများ ဖြစ်လာကြလေ သည်။

ဂျနီဗာမြို့တွင် လူ့ အဖွဲ့အစည်း ပုံစံသစ် တစ်ခု ဖြစ် ပေါ်လာလေသည်။ ကယ်လဗင်၏ သြဇာသည် ဂျနီဗာ မြို့ ၏ မြို့တော် ကောင်စီ အပေါ်မှာပါ လွှမ်းမိုးလာသည်။ သူက ခရစ်ယာန် အသင်းတော် တစ်ခုကို တည်ထောင်ပြီး ပညာ ပေးသော စနစ်ကို ပြုလုပ်ခဲ့လေသည်။ မြို့သူ မြို့သားများ အနေနှင့် သူတို့ ယုံကြည် ကိုးကွယ်သော အကြောင်းအရာ များကို ရှင်းရှင်းလင်းလင်း သိနားလည်ပြီးမှ ကိုးကွယ်မှု ဖြစ်အောင် သူက ဆောင်ရွက်ပေးလေသည်။ ဤလုပ်ဆောင် မှုသည် စိတ်လှုပ်ရှားမှုကိုထက် အသိဉာဏ် ဖြစ်ပေါ်မှုကို ဦးစားပေးသော ဆောင်ရွက်မှု ဖြစ်လာလေသည်။ ဂျနီဗာ မြို့သည် ဥရောပ တစ်ခွင် တစ်ပြင်လုံးမှ ခိုလှုံ ဝင်ရောက် လာကြသော စစ်ပြေး ဒုက္ခသည်များ၊ ပညာရှင်များ၊ ပြည် ပြေးများ၏ ခိုလှုံရာ စခန်း တစ်ခု ဖြစ်လာလေသည်။ အစက လူဦးရေ ၆၀၀၀ လောက်သာ ရှိသော မြို့မှာ လူဦးရေ ၁၃၀၀၀ လောက် ရှိလာသည်။ ထို ခိုလှုံ ဝင်ရောက်လာသူများထဲတွင် ဉာဏ်ပညာ ထက်မြက်သူများ အများအပြားလည်း ပါလာ ကြသည်။

## ပြင်သစ်နှင့် အခြား နိုင်ငံများ၌ ပြုပြင် ပြောင်းလဲရေး

ပြင်သစ်ပြည်မှ ပရိုတက်စတင့် ဘာသာဝင်များအား ကိုယ် ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်အောင် ညှဉ်းပန်း နှိပ်စက်နေသော အချိန်တွင် *ဘေဇာ* [၂] *နှင့် ကော်ဒီယာ* [၃] တို့သည် ဂျနီဗာ သို့ လာခဲ့ကြလေသည်။ ပြင်သစ်ပြည်တွင် ပြုပြင် ပြောင်း လဲရေး လုပ်ငန်းများသည် တိတ်တိတ်ဆိတ်ဆိတ် စတင် ဖြစ်ပေါ်ခဲ့သော်လည်း မကြာမီမှာပင် တစ်ပြည်လုံးသို့ ကျယ် ပြန့်သွားလေတော့သည်။ ထို့နောက် ချက်ချင်းပင်လျှင် ပြုပြင် ပြောင်းလဲရေး လှုပ်ရှားမှုသည် သွေးအိုင်ထဲမှာ နစ်ရတော့ မလောက် ဖြစ်သွားလေသည်။ နှစ်ဖက်လုံးက အကြမ်းဖက် သော ပဋိပက္ခများကို ဖန်တီးလာကြသည့် အတွက် တိုင်း ပြည်တွင် ပြည်တွင်းစစ် ဖြစ်လာလေတော့၏။

ဂျနီဗာမှာထက်ပင် ပို၍ ပြင်သစ် ပရိုတက်စတင့် ဘာ သာဝင်များ *(ဟူဂွေနော့)* [၄] က ဂျွန် ကယ်လဗင်၏ ဘာသာ ရေး အသင်းတော် (ချာ့ချ်) ဖွဲ့စည်းမှု ဆိုင်ရာ အယူအဆကို

---

၁။ Puritanic　　၂။ Beza
၃။ Cordier　　၄။ Huguenots

ပြည့်ပြည့်ဝဝ လက်ခံ ကျင့်သုံးကြလေသည်။ ဒေသ ဆိုင်ရာ ဘာသာရေး စည်းဝေးပွဲများက ၄င်းတို့၏ ဓမ္မဆရာများကို ၄င်းတို့၏ ဘုန်းကြီးများ၊ အစည်းအဝေးမှ အကြီးအကဲများ သို့မဟုတ် အလုပ်အကျွေး ပြုသူများကို ရွေးချယ် တင်မြှောက်ကြလေသည်။ ကက်သလစ် ဘုန်းကြီးများနှင့် ပြင်သစ် နန်းတော်က အလန့်တကြား ဖြစ်လာပြီးနောက် ဤ ပရိုတက်စတင့် လှုပ်ရှားမှုကို အကြမ်းဖက် နှိပ်ကွပ်ရန် ဆုံးဖြတ်ခဲ့လေသည်။

ကက်သရင်း ဒီမေဒီစီ ရင်ခွင်ပိုက် ဘုရင်မ ဖြစ်လာသော အခါ သူမသည် ပထမ ဖြားယောင်း သွေးဆောင် ပြောဆိုသည်။ ထို့နောက် ဟူဂွေနော့ ခေါ် ပရိုတက်စတင့် ဘာသာဝင်များကို ပြန်၍ ခုခံ ပြောဆိုလာလေသည်။ သူမက အင်အား ချည့်နဲ့သော နဝမမြောက် ချားလ်စ် ဘုရင်ကို ၁၅၇၂ ခုနှစ်တွင် စိန့်ဘာသိုလိုမြူးအား အစုလိုက် အပုံလိုက် ရက်စက်စွာ သတ်ဖြတ်ရန် အမိန့် ထုတ်ခိုင်းလေသည်။ ထို ရက်စက်စွာ သတ်ဖြတ်မှုတွင် လူပေါင်း ၂၀၀၀ (ပရိုတက်စတင့်များ) အသတ် ခံကြရသည်ဟု ဆိုသည်။ သို့သော် စစ်ခေါင်းဆောင်ကြီးများ ဖြစ်ကြသော ရေတပ် *ဗိုလ်ချုပ် ကိုလော့ဂနီ* [၁] က အထူးသဖြင့် ပရိုတက်စတင့်များဘက်က ပါသည်။ ထို့နောက် ပြည်တွင်းစစ် အကြိမ်ကြိမ် ဖြစ်လာသော အခါ စစ်ဘက်က ထောက်ခံသူများ လျော့နည်း လာသော်လည်း သူတို့သည် တစ်ဖက်နှင့် တစ်ဖက် သည်းခံစိတ် ထားကြရန်ကိုမူ ထိန်းသိမ်းပေးနိုင်ခဲ့သည်။

နောက်ဆုံး ၁၅၉၈ ခုနှစ်တွင်မူ *နန်တေ အမိန့်ကြော်ငြာ* [၂] စာ အရ လွတ်လပ်စွာ ယုံကြည် ကိုးကွယ်မှုကို အပြည့်အဝ ရရှိခဲ့လေတော့သည်။

ပြည်သူ့ အခွင့်အရေးများကိုလည်း အပြည့်အဝ ရရှိလာသည်။ ပြင်သစ် ပြည်မှာ ပရိုတက်စတင့် ဘာသာသည် များစွာ ကြီးထွား အားသန်လာခြင်း မရှိလှသော်လည်း ထို ဘာသာကို နိုင်ငံတော်၏ ကာကွယ်ပေးမှုကိုကား ရရှိလာလေတော့သည်။ သို့သော် ၁၆၈၅ ခုနှစ်သို့ ရောက်သောအခါ လူဝီ ၁၄ ဘုရင်က နန်တေ အမိန့် ပြန်တမ်းကို ပြန်လည် ရုပ်သိမ်းလိုက်လေသည်။ ပရိုတက်စတင့် အယူဝါဒကိုလည်း တရား မဝင်ကြောင်း ကြေညာလိုက်ပြန်သည်။ နောက်ဆုံး ပရိုတက်စတင့် ဘာသာ၏ အခွင့်အရေးများကို ပြန်လည် ထိန်းသိမ်းပေးသူမှာ နပိုလီယန် ဖြစ်လေသည်။

ပိုဆိုးသော အချက်မှာ ပြင်သစ်ပြည် အောက်ပိုင်း ဒေသများ၌ တိုက်ပွဲများဖြင့် ရုန်းရင်းဆန်ခတ် ဖြစ်နေခြင်းပင် ဖြစ်၏။ ထိုဒေသများကို စပိန် နွယ်ဖွားများက စိုးမိုးထားလေသည်။ စပိန် ဧကရာဇ်ဘုရင် ပဉ္စမမြောက် ချားလ်နှင့် သူ၏ သား ဖြစ်သူ ဒုတိယမြောက် ဖိလစ်တို့သည် ဘာသာရေး ပြုပြင် ပြောင်းလဲမှု အယူဝါဒကို ဖော်ပြရာ နေရာတိုင်း၌ ပျောက်ပျက်သွားအောင် ပြုလုပ်ဖို့ ဆုံးဖြတ်ထားကြလေသည်။ သို့သော် အောက်ပိုင်း ဒေသများကမူ ပြုပြင် ပြောင်းလဲရေးကို ဆောင်ရွက်ရန် အသင့် ပြင်ဆင်ထားကြပြီး ဖြစ်သည်။ လူသာ ရေးသားခဲ့သော စာပေများကိုလည်း ရိုက်နှိပ်ပြီး ဖြန့်ချိလျက် ရှိကြလေသည်။ နောက်ပိုင်းတွင် ဇွင်ဂလီကို ကြည်ညိုသူများကိုလည်း ရရှိလာသည်။ ကယ်လဗင်၏ ခရစ်ယာန် အသင်းတော် ဖွဲ့စည်းခြင်း ဆိုင်ရာ အယူအဆများလည်း ပျံ့နှံ့နေပြီ ဖြစ်၏။

စပိန်ကို ကြောင်ကျကျ တော်လှန် ပုန်ကန်မှုသည် ဒုတိယမြောက် ဖိလစ်က ရက်စက် ကြမ်းကြုတ်သော *အယ်လ်ဗာ မြို့စား* [၃] ကို ဘာသာ အယူကွဲ မှန်သမျှကို သတ်ဖြတ် နှိမ်နင်းရန် စေလွှတ်လိုက်သောအခါ ပေါ်ပေါက်လာလေတော့၏။

တော်လှန် ပုန်ကန်မှု တိုက်ပွဲများသည် ကာလ ကြာရှည်စွာ ဖြစ်ပွားခဲ့လေသည်။ သို့သော် နောက်ဆုံး၌ *တိတ်ဆိတ်သော ဝီလျံ* [၄] သည် မြောက်ပိုင်း ဒေသရှိ နိုင်ငံငယ်များကို စုစည်းပြီး လွတ်လပ်သော ဟော်လန် နိုင်ငံကို ထူထောင်ပေးခဲ့လေသည်။ ဟော်လန်သည် ကယ်လ်ဗင်၏ အယူဝါဒကို လက်ခံသော နိုင်ငံ ဖြစ်လာလေသည်။ ပြင်သစ် ပရိုတက်စတင့် ဘာသာဝင်များ ကျင့်သုံးသော ဒီမိုကရေစီ မူများ အရ ဟော်လန်ကလည်း ပြုပြင် ပြောင်းလဲရေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့လေတော့သည်။

## စကော့တလန် ပြုပြင် ပြောင်းလဲရေး

ဒုတိယမြောက် ဖိလစ်နှင့် တိတ်ဆိတ်သော ဝီလျံတို့၏ သဘော အယူအဆများသည် ဝိရောဓိ အသွင်ကို ဆောင်နေသကဲ့သို့ *စကော့တလန် ဘုရင်မ မေရီ* [၅] နှင့် *ဂျွန်နော့* [၆] တို့၏ အယူအဆနှင့် သဘောထားများမှာလည်း အလားတူ ဝိရောဓိ ဖြစ်နေကြသည်ဟု ဆိုသင့်၏။ ဒုတိယမြောက်

---

၁။ Admiral Coligny

၂။ Edict of Nantes

၃။ Duke of Alva

၄။ William the Silent

၅။ Mary Queen of Scotland

၆။ John Knox

ဖိလစ်နှင့် တိတ်ဆိတ်သော ဝိလျံတို့သည် တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင် ပဋိပက္ခ ဖြစ်ခဲ့ရသော အခါ ဟူ၍ မရှိခဲ့ စေကာမူ မေရီ ဘုရင်မနှင့် ဂျွန်နော့တို့မှာမူကား တစ်ကြိမ် တစ်ခါမျှမက မျက်နှာချင်းဆိုင် ပဋိပက္ခ ဖြစ်ခဲ့ရကာ အဆုံး အဖြတ် ပေးသော အကျိုး ရလဒ်များကို ဖြစ်ပေါ်စေခဲ့လေ သည်။

ပြုပြင် ပြောင်းလဲရေး တစ်ခုလုံးကို ခြုံ၍ ပြောရလျှင် စကော့တလန် အရေးသည် ခက်ခဲ နက်နဲ၍ အဆာ ကျယ် သည်ဟု ဆိုထိုက်သည်။ ထိုအချိန်က ပြည်သူ အများ၏ ထင်မြင်ချက်တွင် မေရီ ဘုရင်မသည် ပြင်သစ်ပြည်၏ ဒုတိယမြောက် ဖရန့်စစ် ဘုရင်နှင့် လက်ထပ် ထိမ်းမြားပြီး နောက် ပြင်သစ် ကက်သလစ် ဘာသာကို ယူသူ ဖြစ်လာ ခြင်းနှင့် အင်္ဂလိပ် ထီးနန်းကို စတုဝပ် ဘုရင်မ အဖြစ် သူ ရထိုက်သည်ဟု တောင်းဆိုနေချက်များ အရ စကော့ တလန်နှင့် အင်္ဂလန်တွင် ကက်သလစ် အယူ ထွန်းကား လာနိုင်သည်ဟု ယူဆထားခဲ့ကြလေသည်။

သို့သော် တကယ့် ဖြစ်ရပ်တွင် မေရီက ပြင်သစ် ဘုရင်ကို လက်ထပ်လိုက်ခြင်းသည် စကော့တလန်ပြည်က ပရိုတက်စတင့် ဘာသာဝင်များကို အခွင့်အရေး ရသွားစေ သကဲ့သို့ ဖြစ်သွားလေသည်။ ထိုအခွင့်အရေးကို ပရိုတက် စတင့်များကလည်း အရအမိ ယူရန် လက်မနှေးခဲ့ကြပေ။

မေရီသည် ပြင်သစ် ဘုရင်နှင့် လက်ထပ်ပြီးနောက် စကော့တလန်မှာ မနေဘဲ ပြင်သစ်ပြည်တွင် လိုက်နေသော ကြောင့် အချိန် ကြာမြင့်စွာ စကော့တလန်၌ သူမ ပပျောက် နေလေသည်။

ထိုအချိန်တွင် ဂျွန်နော့သည် သူ၏ ပရိုတက်စတင့် လုပ်ဖော်ကိုင်ဖက်များကို ဦးဆောင်ကာ ကယ်လဗင်ဂိုဏ်း ခရစ်ယာန် အသင်းတော် လျင်မြန်စွာ ပေါ်ထွန်းလာရေးကို ဆောင်ရွက်လေတော့သည်။ အမှန်မှာ စကော့တလန် ပြုပြင် ပြောင်းလဲရေးကို ဂျွန်နော့က စတင် ဆောင်ရွက်ခြင်း မဟုတ် ပေ။ သူသည်ပင်လျှင် ထိုပြုပြင် ပြောင်းလဲရေးထဲက ပေါ် ထွက်လာသူ တစ်ဦးသာ ဖြစ်၏။ ငယ်စဉ်က သူ့ကို ဖမ်း ဆီးပြီး ပြင်သစ် စစ်တပ် တစ်ခုက စကော့တလန်သို့ ပို့ လိုက်သည်။ စကော့တလန် ပြည်တွင် ပေါ်ပေါက်နေသော ပုန်ကန်နေသော ပရိုတက်စတင့် အုပ်စု တစ်ခုကို ဖမ်းဆီး ရန် အတွက် ဖြစ်သည်။ သူ့ကို ပြင်သစ်ပြည်သို့ အတင်း အဓမ္မ ခေါ်ဆောင်သွားကြပြီးနောက် ပြင်သစ်ပြည်တွင် ရှေး ခေတ် တိုက်လှေကြီးများ၌ သမ္ဘန်ခတ် ပြစ်ဒဏ် စီရင်ခံရသူ အဖြစ် အကျဉ်း ချထားလေသည်။ ပြင်းထန်သော အလုပ် ကြမ်းများကို ကိုးလတိုင်တိုင် လုပ်ကိုင်နေခဲ့ရလေသည်။ ထိုအကျဉ်းစခန်းမှ လွတ်မြောက်လာသော အခါ သူသည် အင်္ဂလန်ပြည်သို့ ထွက်ခွာ သွားခဲ့လေသည်။ ထိုအချိန်တွင် အင်္ဂလန်သည် ဆဋ္ဌမမြောက် အက်ဒွပ် ဘုရင် (ပရိုတက် စတင့် ဘုရင်) လက်အောက်မှာ ဖြစ်၏။ မြို့ရွာ အနှံ့အပြား တွင် သူသည် ဘုရင့် သင်းအုပ်ဆရာ အဖြစ် ဆောင်ရွက်၍ နေခဲ့လေသည်။

မေရီ ကျူဒါ နန်းတက်လာသော အခါ သူသည် ဥရောပတိုက်သို့ ထွက်ပြေး လွတ်မြောက်သွားလေတော့၏။

ထို့နောက် ဂျီနီဗာသို့ ခရီး ဆက်ခဲ့၏။ ဂျီနီဗာသို့ ရောက်သော အခါ သူသည် ကယ်လဗင်၏ တက်ကြွသော တပည့် သာဝက ဖြစ်လာလေတော့၏။ နောက်ဆုံး ၁၅၆၀ ခုနှစ်တွင် သူသည် စကော့တလန် ပြည်သို့ ပြန်လာလေ သည်။ ထို့နောက် စကော့တလန် ပါလီမန် လွှတ်တော်က သူနှင့် သူ့ အပေါင်းအသင်း ငါးဦးတို့ ရေးသား တင်သွင်း သော 'စကော့တလန်နယ် အတွင်း ပရိုတက်စတင့် ဘာသာ ဝင်များ၏ ယုံကြည် ကိုးကွယ်မှု ဆိုင်ရာ အယူအဆ မူဝါဒ ဖြောင့်ချက်' စာတန်းကို အတည်ပြုချက် ရယူနိုင်ခဲ့ခြင်းဖြင့် ကြီးမားသော အောင်မြင်မှုကို ရရှိခဲ့လေသည်။ ထိုစာတန်း သည် စကော့တလန် အသင်းတော်၏ အယူဝါဒ ပုံသေမှု ဖြစ်ခဲ့လေသည်။ ၁၆၄၇ ခုနှစ်တွင် ထိုမူဝါဒကို '*ဝက်စမင်စတာ ဖြောင့်ချက်*'[၁] ဆိုသော အယူဝါဒမူဖြင့် အစားထိုး ခဲ့လေသည်။ နောက်တစ်ပတ် ကြာသော အခါ ပါလီမန်က 'ရောမမြို့က ဘိရှော့သည် ဤ နိုင်ငံတွင် မည်သည့် စီရင် ပိုင်သော အခွင့်အာဏာမျှ မရှိ' ဟူသော အမိန့် ပြန်တမ်း ကို ထုတ်ပြန်ခဲ့လေသည်။

နောက်ဆုံးတွင် ရိုမင်ကက်သလစ် ဘိရှော့နှင့် ဘုန်း ကြီးများကို အသင်းတော်၏ နယ်မြေများမှ နှင်ထုတ်လိုက် ကြပြီးလျှင် ထိုမြေများကို စကော့တလန် မှူးမတ်များအား အပိုင်စား ပေးအပ်လိုက်လေတော့သည်။

အကျိုးဆက် ဖြစ်ပေါ် တိုးတက်မှုမှာ ခရစ်ယာန် အသင်းတော် လူကြီးများ အုပ်စိုးသော ပရက်စ်ဘီတေးရီး ယန်း စကော့တလန် ဂိုဏ်းသည် အမျိုးသားရေး အတိုင်း အတာဖြင့် ပေါ်ထွန်းလာခြင်း ဖြစ်သည်။ ထိုဂိုဏ်း အပြည့် အဝ အကောင်အထည် ပေါ်လာသော အခါ ၎င်းသည် ဒီမို ကရေစီနည်းအရ ကိုယ်စားလှယ်များ ရွေးချယ် တင်မြှောက် သော စနစ်ကို ထူထောင်ခဲ့လေသည်။ ဘာသာရေး စည်းဝေး

---

၁။ Westminster Confession

ပွဲကြီးက ဓမ္မဆရာဟု ခေါ်သော ကိုယ်စားလှယ်များကို ရွေးချယ် တင်မြှောက်ကြသည်။ ထိုဓမ္မဆရာသည် လူထု ဝတ်ပြု ဆုတောင်းပွဲများကို စီမံ ဆောင်ရွက်ရန် တာဝန် ရှိသူ ဖြစ်လာသည်။

ဝတ်ပြုပွဲများကိုသာ ဓမ္မဆရာက ကြီးကြပ် ဆောင်ရွက်ရန် တာဝန်နှင့် အခွင့် အာဏာ ရှိသည်။ သို့သော် ဒေသဆိုင်ရာ စီရင်စုပိုင် ဘုန်းကြီးများ အုပ်ချုပ်ရေး၊ စည်းကမ်း ထိန်းသိမ်းရေး ကိစ္စများကိုမူကား *တရား ဇရပ် စည်းဝေးပွဲ* [၁] ကသာ စီရင် ဆုံးဖြတ်ရသည်။ ထိုစည်းဝေးပွဲတွင် ဓမ္မဆရာများ၊ ရွေးချယ် တင်မြှောက်ထားသော ဂေါပက လူကြီးများ ပါဝင်သည်။ ထိုတရားဇရပ် စည်းဝေးပွဲများ အပေါ်တွင် *ပရက်စ်ဘီတာရီ* [၂] ခေါ် အသင်းတော် လူကြီး အဖွဲ့ ရှိသေးသည်။ ထိုအဖွဲ့ထဲတွင် အရေးပါသော ဒေသများမှ စီရင်စုနယ်ပိုင် ဘုန်းကြီးများနှင့် ထိုဘုန်းကြီးများ၏ အရေအတွက်နှင့် ညီမျှသော ရွေးချယ်ခံ ကိုယ်စားလှယ် လူကြီးများ ပါဝင်သည်။ ထိုပရက်စ်ဘီတာရီ အထက်တွင် ဘုန်းကြီးများ အစည်းအဝေး ရှိသည်။ အဆင့် အမြင့်ဆုံး အာဏာပိုင် အဖွဲ့မှာ အထွေထွေ ညီလာခံဖြစ်သည်။ အမျိုးသား အသင်းတော်များ အားလုံး၏ စီရင်ခွင့် အချုပ်အခြာ အာဏာပိုင် စည်းဝေးပွဲကြီး ဖြစ်သည်။ ကိုယ်စားလှယ် ဓမ္မဆရာများနှင့် ရွေးချယ်ခံ ဘာသာရေး ဂေါပက လူကြီးများ ပါဝင်ကြသည်။ ဤစနစ်၏ အချက်အချာ ကျသော အစိတ်အပိုင်းမှာ ပရက်စ်ဘီတာရီ ဖြစ်သည်။

စကော့တလန် ဘုရင်မ မေရီ ပြင်သစ်ပြည်က မုဆိုးမ ဖြစ်ပြီး ပြန်လာသော အခါ စကော့တလန် ခရစ်ယာန် ဂိုဏ်းမှာ ကံဆိုးသော ကာလနှင့် ကြုံရပြန်လေသည်။ ပရိုတက်စတင့် ဂိုဏ်းသားများက မေရီ ဘုရင်မသည် ကက်သလစ် ဘာသာကို အလွန် သက်ဝင် ယုံကြည်သူ ဖြစ်ကြောင်း သိထားကြလေသည်။ ထိုကြောင့် စကော့တလန် ပြည်က ပရိုတက်စတင့် ဂိုဏ်းကို ဖျက်ဆီး ချေမှုန်း ပစ်လိမ့်မည်ဟုလည်း သိထားနှင့်ကြသည်။ သူမ စကော့တလန်သို့ ပြန်ရောက်စဉ်မှု သူမသည် ညင်ညင်သာသာ သွေးဆောင် စည်းရုံးသော နည်းကို သုံးလေသည်။ စားသောက်ပွဲ မကျင်းပရဟု ပြဋ္ဌာန်းထားသဖြင့် သူ့ နန်းတော်သူ နန်းတော်သားများကို စ၍ စားသောက်ပွဲ ကျင်းပ ပြုလုပ်စေသည်။ အခြားအရပ်ဒေသများတွင်မူ ထိုပွဲ မကျင်းပရ ဆိုသော ဥပဒေကို လိုက်နာသည့် သဘောကို ပြသနေခဲ့သည်။

သူမသည် ဂျွန်နော့ကို တွေ့ဆုံ မေးမြန်းရန် အတွက် ငါးကြိမ် ခေါ်ယူခဲ့လေသည်။ သူမက ထိုတွေ့ဆုံပွဲများတွင် အလိမ္မာသုံးပြီး ဂျွန်နော့ကို အနိုင် ယူဖို့ ကြိုးစားလေသည်။ သို့သော် ဂျွန်နော့ကလည်း ပုပ်ရဟန်း မင်းကို ဆန့်ကျင်သော အနေအထားတွင်သာ ကြံ့ကြံ့ခံ၍ နေခဲ့လေသည်။

အခြားသော ကိစ္စများတွင်မူ မေရီ ဘုရင်မသည် အောင်မြင်မှုများ ရရှိခဲ့လေသည်။ အကယ်၍သာ သူမသည် ကျဆုံးသွားခြင်း မရှိခဲ့လျှင် သူမ လိုချင် ဖြစ်စေချင်သော ကိစ္စ အားလုံး ပြီးမြောက်သွားနိုင်ပေသည်။ သူမ ကျဆုံးသွားသော အခါ စကော့တလန် ပရိုတက်စတင့် ဂိုဏ်းသည် အင်အား ပြန်လည် ကြီးထွားလာလေသည်။ စကော့တလန်တွင် ပြုပြင် ပြောင်းလဲရေး ကိစ္စများ ပြီးမြောက် အောင်မြင်သွားလေသည်။

ထို အတောအတွင်းမှာပင် အင်္ဂလန် ပြည်တွင်လည်း ပြုပြင် ပြောင်းလဲရေး လုပ်ငန်းများသည် အောင်မြင်ပြီး အခြေခိုင်မြဲခဲ့လေသည်။

## အင်္ဂလိပ် ပြုပြင် ပြောင်းလဲရေး

အင်္ဂလိပ် ပြုပြင် ပြောင်းလဲရေးမှာ အနည်းထက် အများဆိုသလို ဘုရင်၏ ရုတ်တရက် စိတ်ရူး ပေါက်ခြင်းကို အကြောင်း ပြု၍ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်ပေါ်လာသော ဘာသာရေး တော်လှန် ပြောင်းလဲမှု တစ်ခုသာ ဖြစ်သည်။ ထိုဘာသာရေး ပြုပြင် ပြောင်းလဲမှုကို ပြည်သူလူထုကလည်း လိုလား တောင့်တနေသော အချိန်အခါနှင့် တိုက်ဆိုင်သွားသည်။

အင်္ဂလိပ် လူမျိုး ခေါင်းဆောင်များ အနေနှင့်လည်း ဥရောပတိုက်မှာ ဖြစ်ပေါ်နေသော ပရိုတက်စတင့်တို့၏ ဘာသာရေးဆိုင်ရာ ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့်မျိုး သူတို့၏ အမျိုးသား ဘဝထဲမှာလည်း ဖြစ်ပေါ်လာမည့် အချိန်အခါကို စောင့်စားနေခဲ့ကြလေသည်။

နောက်ဆုံးတွင် သူတို့၏ လိုလားချက် ပြည့်စုံမည့် အခြေအနေ အခွင့်အလမ်းသည် မကြာမတင် သူ့ဘာသာ ဖြစ်ပေါ်လာလေတော့သည်။

တားဆီး၍ မရသော အဋ္ဌမမြောက် ဟင်နရီ ဘုရင်သည် သူ၏ အိမ်ထောင်ရေး ဘဝကို ပြောင်းလဲလိုသော စိတ်ဆန္ဒ ဖြစ်ပေါ်လာလေသည်။ ထိုအခါ သူက သစ္စာပြုပြီး ဆိုသည်မှာ အကယ်၍ ရောမမြို့က ပုပ် ရဟန်းမင်းကြီးကို ကူညီသော ဘာသာရေး တာဝန်ခံ အဖွဲ့က သူ၏ *အာ*

---

၁။ Kirk Session ၂။ Presbytery

*ရာဂွန်မှ ကက်သရင်း*[၁] အား လက်ထပ်ထားခြင်းကို ပျက်ပြယ်ကြောင်း ကြေညာပေးပြီး *အန် ဘိုလင်း*[၂] ကို လက်ထပ်ခြင်းအား ခွင့်မပြုလျှင် သူသည် ပုပ် ရဟန်းမင်းကြီးနှင့် လမ်းခွဲမည်ဟု ကြေညာခဲ့လေသည်။ ရောမ ပုပ် ရဟန်းမင်းကြီး၏ တာဝန်ခံ အာဏာပိုင် အဖွဲ့က သူ့ အဆိုပြုချက်ကို ပယ်ချလိုက်လေသည်။ ဟင်နရီ ဘုရင်သည် ချက်ချင်း အရေးယူ ဆောင်ရွက်ရန် တွေဝေ မနေဘဲ ဆောင်ရွက်လေသည်။

သူ ပြောဆို ပြုလုပ်သမျှ ကိစ္စ အများအပြားမှာ သူ့လူမျိုး တစ်ခုလုံး၏ ထင်မြင်ချက်များကို တုန်လှုပ်အောင် ကိုင်လှုပ်သလို ဖြစ်သွားစေကာမူ သူ့လူမျိုးထဲတွင် သူ့မှာ ဩဇာ အာဏာ ကြီးထွားသော အစိတ်အပိုင်းများ ရှိနေသည့်အတွက် သူက ပါလီမန်ကို 'အင်္ဂလန်ပြည်တွင် ရောမမြို့က ဂိုဏ်းအုပ် ဘုန်းကြီး ဘိရှော့၏ စီရင် ဆုံးဖြတ်ခွင့် အာဏာ မရှိတော့ကြောင်း၊ အခြားသော နိုင်ငံခြားသား ဗရင်ဂျီ ဘုန်းကြီးများ၏ စီရင်ခွင့် အာဏာလည်း မရှိတော့ကြောင်း၊ ထို့ကြောင့် အင်္ဂလန် ခရစ်ယာန် အသင်းတော်၏ အကြီးအကဲသည် အင်္ဂလိပ် ဘုရင်မင်းမြတ်သာလျှင် ဖြစ်သောကြောင့် အင်္ဂလန်ပြည်ရှိ ဘိရှော့များကိုလည်း အင်္ဂလိပ် ဘုရင်မင်းမြတ်ကသာ ရွေးချယ်ခန့်ထားပြီး ၎င်းတို့သည် ပုပ် ရဟန်းမင်း ရှေ့မှောက်တွင် ကတိသစ္စာ ပြုရန် မလိုတော့ဘဲ အင်္ဂလိပ် ဘုရင်မင်းမြတ် ရှေ့မှောက်မှာသာ ကတိသစ္စာ ပြုကြရမည် ဖြစ်ကြောင်း၊ ဤဘုရင်၏ ခရစ်ယာန် အသင်းတော် အပေါ် အချုပ်အခြာ အာဏာ ပိုင်ဆိုင်မှုကို ငြင်းဆိုသူသည် နိုင်ငံတော် သစ္စာဖောက်ခြင်း ဖြစ်သည်' ဟု ကြေညာလိုက်လေသည်။

ဟင်နရီ ဘုရင်၏ ဆောင်ရွက်ချက်ကို သူ၏ မင်းညီမင်းသား မှူးမတ်များက အလျင်အမြန် ထောက်ခံ အားပေးကြလေသည်။ သူတို့၏ စီရင်စု ပိုင်နက် နယ်မြေ အတွင်းရှိ ဘုန်းကြီးကျောင်းများကို ပထမ စတင်၍ နှိမ်နင်းလေသည်။ ဘဏ္ဍာတော် အဖြစ် သိမ်းယူသော မြေများနှင့် ပစ္စည်းဥစ္စာများကို သက်ဆိုင်ရာ မှူးမတ်များသို့ ခွဲဝေ ပေးလိုက်လေသည်။ ဤ အခွင့်အာဏာ ရှိသော မင်းညီမင်းသား မှူးမတ်များ၏ ထောက်ခံ အားပေးမှုကို ရရှိသည့်အပြင် ဘုရင်က ရောမ ပုပ် ရဟန်းမင်းသို့ ဆောင်နေရသော အခွန် အတုတ်များကိုပါ ဖြတ်တောက်ပစ်လိုက်သည့် အတွက် အင်္ဂလိပ်ပြည်သူလူထု၏ လိုအင်ဆန္ဒလည်း ပြည့်ဝကာ ကျေနပ်သွားကြသည်။ ဘာသာရေး ကိစ္စတွင် အမျိုးသားရေး ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ကို ရရှိလိုက်သည့် အတွက်လည်း အင်္ဂလိပ်ပြည်သူလူထုကပါ ထောက်ခံ အားပေးလေသည်။

အဋ္ဌမမြောက် ဟင်နရီ ဘုရင်သည် ဘာသာ အယူဝါဒ သဘော အရ ကွန်ဆာဗေးတစ် (ရှေး အယူ အစွဲ သန်သူ) ဖြစ်သည်။ ပုပ် ရဟန်းမင်းကို အဆက် ဖြတ်လိုက်သော်လည်း ဘာသာ ကိုးကွယ်မှုဆိုင်ရာ အယူဝါဒများကိုပါ ပစ်ပယ်ရန် ရည်ရွယ်လိုသော ဆန္ဒကား မရှိပေ။

၁၅၃၉ ခုနှစ်တွင် ပါလီမန်က '*သွေးစွန်းသော ဥပဒေ*'[၃] ဟု ခေါ်သော ဥပဒေကို ပြဋ္ဌာန်းပေးလိုက်လေသည်။ *အင်္ဂလန် အသင်းတော်*[၄] သည်လည်း စားသောက်ပွဲ မင်္ဂလာ၌ အသုံးပြုသော ပေါင်မုန့်နှင့် စပျစ်ရည်ချိုသည် ခရစ်တော်၏ ပကတိ အသွေးအသား ဖြစ်သွားသည် ဆိုသော အယူဝါဒကို ယုံကြည် လက်ခံကြောင်း ကြေညာလေသည်။ ဤ ယုံကြည်ချက်ကို ငြင်းပယ်သူအား တံကျင် လျှို၍ မီးရှို့ ကွပ်မျက်မည့် အပြင် ၎င်းပိုင် ပစ္စည်းဥစ္စာများကိုလည်း မင်းဘဏ္ဍာ အဖြစ် သိမ်းယူမည် ဖြစ်ကြောင်းနှင့် ဘုန်းကြီး ရဟန်းများ အနေနှင့် အိမ်ထောင်သားမွေး ပြုခြင်းကိုလည်း တားမြစ်သည်။ မိမိတို့ဘာသာ သီးခြား ပြုလုပ်သော ဝတ်ပြုပွဲများ၌ ပေါင်မုန့်နှင့် စပျစ်ရည်ချိုကို သုံးဆောင်သော စားသောက်ပွဲ မင်္ဂလာ ပြုလုပ်ခြင်းကို ခွင့်မပြုသော ဗရင်ဂျီ အစဉ်အလာများ အားလုံးကိုမူ သူက ဆက်လက် ထိန်းသိမ်းထားသည်။ သူ ခွင့်ပြုသော လွတ်လပ်ခွင့် တစ်ခုမှာ ခရစ်ယာန် အသင်းတော် ချားချ်တိုင်းတွင် အင်္ဂလိပ် ဘာသာ စကားဖြင့် ရေးသားထားသော သမ္မာကျမ်းစာ တစ်စောင်စီ ထားရှိရမည် ဆိုသော အချက် ဖြစ်သည်။ သွေးစွန်းသော ဥပဒေ အရ လူသာနှင့် ဆွစ် ပြုပြင် ပြောင်းလဲရေးကို လက်ခံထားကြသော အင်္ဂလိပ် လူမျိုးများကို သတ်ဖြတ်ပစ်ရန် သေဒဏ်ပေးလေသည်။ အများအပြား ဥရောပတိုက်သို့ ထွက်ပြေးကြလေသည်။ အထူးသဖြင့် ဆွစ်ဇာလန် နိုင်ငံတွင် သွားရောက် ခိုလှုံနေကြလေတော့သည်။

ထိုပြည်ပြေးများသည် ဟင်နရီ ဘုရင်ကို အရိုက်အရာ ဆက်ခံသော အသက် ကိုးနှစ် အရွယ်ရှိ သူ၏ သားတော် *ဆဋ္ဌမမြောက် အက်ဒွပ်*[၅] ဘုရင် လက်ထက်တွင် တိုင်းပြည်သို့ ပြန်လာကြလေသည်။ အရွယ် မရောက်သေးသော အက်

---

၁။ Catherine of Aragon
၂။ Ann Boleyn

၃။ Bloody Statute ၄။ Church of England
၅။ Edward VI

ဒွပ် ဘုရင်၏ ကာကွယ် စောင့်ရှောက်မှုကို ရရှိပြီးနောက် အမျိုးသားရေး ပေါ်လစီသည် ဘာသာရေး အရ လက်ဝဲဘက်သို့ ယိမ်းသွားလေတော့သည်။ ဘုရင်ငယ်၏ အကြံပေး ပုဂ္ဂိုလ်များကလည်း ဘာသာရေး အရရော၊ နိုင်ငံရေး အရပါ အပြောင်းအလဲ ဖြစ်ပေါ်လာခြင်းကို လိုလားကြလေသည်။ သွေးစွန်းသော ဥပဒေကိုလည်း ဖျက်သိမ်း ပစ်လိုက်ကြသည်။ စားသောက်ပွဲ မင်္ဂလာကို သီးသန့် ပြုလုပ်သည် ဖြစ်ဖြစ်၊ ဝတ်ပြုပွဲ လူထု စည်းဝေးပွဲမှာ ပြုလုပ်သည် ဖြစ်ဖြစ် ခွင့်ပြုသည်။ *ချက်ပယ်* [၁] ခေါ် ဘုရားရှိခိုး ကျောင်းငယ်များကို မင်းဘဏ္ဍာ အဖြစ် သိမ်းယူလိုက်သည့် အတွက် ကွယ်ရာမှာ ကျင်းပသော ဝတ်ပြုပွဲများ အဆုံးသတ် သွားကြသည်။ ဘုန်းကြီးများကိုလည်း အိမ်ထောင်သားမွေး ခွင့်ပြုလိုက်သည်။ ရုပ်တု ဆင်းတုများကိုမူ ပုပ် ရဟန်းမင်း၏ ရုပ်တု ကိုးကွယ်မှု၏ ပြယုဂ်များ အဖြစ် ဘုရားရှိခိုးကျောင်းများမှ ဖယ်ရှားပစ်စေခဲ့လေသည်။

သို့သော် အက်ဒွပ် ဘုရင်ငယ်သည် အသက် ၁၅ နှစ် အရွယ်၌ နတ်ရွာစံသွားလေသည်။ သူ့ကို သူ့အစ်မ မေရီက နန်းမွေ ဆက်ခံရလေသည်။ မေရီကား ကက်သလစ် အယူဝါဒကို စိတ်အား ထက်သန်သူ ဖြစ်၏။ သူမသည် စပိန် အိမ်ရှေ့ မင်းသားနှင့် ချစ်ကြိုက်ပြီး လက်ထပ်လိုက်လေသည်။ သူမသည် ရောမ သြဇာကို ပြန်လည် ခံယူလေသည်။ အင်္ဂလန် နိုင်ငံတွင် ပုပ် ရဟန်းမင်း၏ စီရင်ပိုင်ခွင့် အာဏာကို ပြန်လည် လက်ခံလိုက်ပြန်သည်။ သူမ ကိုယ်တိုင်လည်း *'သွေးစွန်းသော မေရီ'* [၂] ဘွဲ့ အမည်ကို ခံယူလေသည်။ ပရိုတက်စတင့် ဘာသာဝင် ခေါင်းဆောင် များစွာကို ဖမ်းဆီး၍ တံကျင် လျှိုကာ မီးရှို့ သတ်ဖြတ်လေသည်။ သူမလည်း အက်ဒွပ် ဘုရင်ငယ်ကဲ့သို့ပင် ခေတ္တ ခဏမျှသာ ထီးနန်း စိုးစံရပြီးနောက် နတ်ရွာစံလေသည်။

ထိုအခါ သူမ၏ ညီမ ဖြစ်သူ အယ်လီဇဘက် မင်းသမီး နန်းမွေ ဆက်ခံရလေသည်။ သူမသည် အန်း ဘိုလင်း၏ သမီးတော် ဖြစ်သည်။ တစ်တိုင်း တစ်ပြည်လုံးကို ပရိုတက်စတင့် ဘာသာ ကြီးစိုးသွားအောင် နောက်ဆုံး၌ ဆောင်ရွက်လိုက်လေသည်။

သူ့ တိုင်းသူပြည်သားများက ချစ်မြတ်နိုးစွာ အယ်လီဇဘက် ဘုရင်မကို *'ကောင်းမြတ်သော ဘုရင်မကြီး'* [၃] ဟု ဆိုစမှတ် ပြုခဲ့ကြလေသည်။

ထိုဘုရင်မသည် သူမ၏ မောင်တော် လက်ထက်က မပြီးမပြတ် ကျန်ရစ်ခဲ့သော အမှုကိစ္စ အားလုံးကို ပြီးပြတ်အောင် ဆောင်ရွက်လေသည်။

ဆဋ္ဌမမြောက် အက်ဒွပ် ဘုရင်၏ ဘုရားရှိခိုး ဆုတောင်း ကျမ်းစာကို ပြန်လည် တည်းဖြတ်ပြီး 'အထွေထွေ ဘုရားရှိခိုး အမျိုးမျိုး' အမည်ဖြင့် ထုတ်ဝေခဲ့သည်။ ကက်သလစ်ရော၊ ပရိုတက်စတင့် ဘာသာ နှစ်ခုစလုံးက ကြိုက်နှစ်သက်သော ကျမ်းစာ ဖြစ်အောင် ပြုလုပ်နိုင်ခဲ့လေသည်။ ၁၅၅၉ ခုနှစ်တွင် ပြဋ္ဌာန်းသော တစ်ပြေးညီ ဖြစ်ရေး အက်ဥပဒေ အရ ထိုဘုရား ရှိခိုး ကျမ်း စာအုပ်ကို ဘုရားရှိခိုး ကျောင်းတိုင်းမှာ အသုံးပြုရန်လည်း ပြဋ္ဌာန်းခဲ့လေသည်။

ထို့ပြင် ခရစ်ယာန် အသင်းတော် ချားချ်၏ ယုံကြည်လက်ခံထားသော အယူအဆများကိုလည်း 'ချားချ် အော့ အင်္ဂလန်၏ ၃၉ ပုဒ်မများ' တွင် ရှင်းလင်းစွာ ဖော်ပြထားလေသည်။ ထိုပုဒ်မများသည် ယနေ့ထက်တိုင်အောင် အယူဝါဒ ဆိုင်ရာ သင်္ဂြိုဟ်ကျမ်း အဖြစ် တည်ရှိသည်။ အင်္ဂလန်ပြည်သည်လည်း ကက်သလစ် ဘုရင်များ နန်းတက်သော အခါမှာပင် ပရိုတက်စတင့် တိုင်းပြည် အဖြစ်ဖြင့်သာ တည်ရှိနေပေတော့၏။

## ပြင်းထန်သော ပရိုတက်စတင့်များ [၄]

အမျိုးသား ပြုပြင် ပြောင်းလဲရေး လှုပ်ရှားမှုများသည် တစ်နည်းမဟုတ် တစ်နည်းအားဖြင့် အုပ်ချုပ်ရေး အာဏာပိုင်များနှင့် စေ့စပ်မှုများ ပြုလုပ်နေစဉ်မှာပင် ဥရောပတိုက်တွင် ကျမ်းစာများကို တိတ်တဆိတ် လေ့လာ ရှာဖွေကြပြီး ပို၍ ပြင်းထန်သော ပြုပြင် ပြောင်းလဲရေးများ ပြုလုပ်ရန် အတွက် အုပ်ချုပ်ရေး အာဏာပိုင်များနှင့် လမ်းခွဲသော လှုပ်ရှားမှုများကို ပြုလုပ်လာကြလေသည်။ တချို့ ပြုပြင်ရေးသမားများက ဘုရား၏ စကားတော်များ အတိုင်း လှုပ်ရှားလိုကြသည်။ တခြား လူတချို့ကမူ ဆင်ခြင်တုံ တရား သက်သက်ဖြင့် လှုပ်ရှားလိုကြသည်။

ပထမ လူစုများထဲတွင် *အနာဘက်ပတစ်* [၅] ဟု ခေါ်သော ပြန်လည် ရေနှစ် မင်္ဂလာ ပြုလုပ်ရေးသမားများ ပါဝင်သည်။ ထို အုပ်စုများမှာ အများအားဖြင့် သာမန် အရပ်သူ အရပ်သားများ၊ အလုပ်သမား၊ လယ်သမားများ ဖြစ်

---

၁။ Chapel  ၂။ Bloody Mary

၃။ Good Queen Bess

၄။ The Protestant Radicals

၅။ Anabaptists

ကြသည်။ လူသာနှင့် ဇွင်ဂလီ၏ အပေါင်းအသင်းများက ဦးဆောင်မှု ပေးခဲ့လေသည်။

ထိုလူစုသည် ဓမ္မသစ် ကျမ်းစာကို ကျမ်းစာပါ စကားရပ်များ အတိုင်း ပြင်းပြင်းထန်ထန် လက်ခံ ယုံကြည်ကြသည်။ ကျမ်းစာထဲမှာ ပါသော သူတို့ သိမြင်သည့် ဘဝနေနည်း အတိုင်း တစ်သဝေမတိမ်း လိုက်နာရန်၊ လုံးဝ သွေဖည်ခြင်း မပြုရန် စိတ် ဆုံးဖြတ်ထားကြလေသည်။

အနာဘက်ပတစ်များ အားလုံး၏ စိတ်ထဲတွင် ခရစ်ယာန် ဘာသာဝင် စစ်စစ် ဖြစ်ရေး အတွက် ပထမ လိုအပ်ချက်မှာ သူ့ အသိအမြင်ထဲတွင် ခရစ်ယာန် ဘဝနေနည်း၊ ခရစ်ယာန် အကျင့် စရဏများ၏ အနက် အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်း သိမြင်ရေးပင် ဖြစ်သည်။

ထို့နောက် ဘာပဲ လုပ်ရ လုပ်ရ ဘာပဲ ပေးရ ပေးရ အားလုံးကို စွန့်လွှတ်ပြီး ထိုသိမြင်သော အတိုင်း လိုက်နာကျင့်ကြံရေးပင် ဖြစ်သည်။

ပူဇော် ပသမှုများ ပြုလုပ်ရာမှာလည်း ပါဝင် ဆင်နွှဲသူများ အနေနှင့် မိမိတို့ ဘာလုပ်နေကြသည် ဆိုသည်ကို ရှင်းရှင်းလင်းလင်း သိနားလည်ကြရမည်။ ထိုသဘော အရ သူတို့သည် ကလေးငယ်အား နှစ်ခြင်း ဗတ္တိဇံ မင်္ဂလာ ပြုလုပ်ခြင်းကို ငြင်းပယ်ကြလေသည်။

ဘာမှန်း မသိသေးသော ကလေးငယ်ကို နှစ်ခြင်း ဗတ္တိဇံ မင်္ဂလာ ပြုခြင်းသည် ဘာ အဓိပ္ပာယ်မှ မရှိဟု မြင်သည်။ ငယ်စဉ် ကလေး ဘဝက ဗတ္တိဇံ မင်္ဂလာ ပြုခဲ့ကြသူများကို ကြီးပြင်း၍ နားလည်သော အရွယ်တွင် ပြန်ပြီး ဗတ္တိဇံ မင်္ဂလာကို ပြုလုပ်ရမည်ဟု သူတို့က ဆိုသည်။ ထိုသဘော အရ သူတို့ကို ပြန်လည် ဗတ္တိဇံ ပြုလုပ်ရေးသမားများ 'အနာဘက်ပတစ်' ဟု ခေါ်ခြင်း ဖြစ်သည်။

သူတို့ အမြင်တွင် ဓမ္မသစ် ကျမ်းစာသည် ကောင်းမှု ကုသိုလ်ဖြင့် မကောင်းမှု အကုသိုလ်ကို ကျော်လွှန်ရေးကို သင်ကြားပေးသော ကျမ်းစာ ဖြစ်သည်။ မိမိကြောင့် သူတစ်ပါးမှာ ထိခိုက် နာကျင်ခြင်းဖြင့် ခုခံရန် မဟုတ်ဟု ရှုမြင်သည်။ ထို့ကြောင့် အနာဘက်ပတစ်များသည် စစ်ကာလ၌ နိုင်ငံတော်က စစ်မှုထမ်းရန် ဆင့်ခေါ်သော အခါ စစ်ထဲသို့ မဝင်ဘဲ နေတတ်ကြလေသည်။ ငြိမ်းချမ်းသော ကာလ၌လည်း အစိုးရ အမှုထမ်း အလုပ်ကို မလုပ်ကြပေ။ အစိုးရက အင်အား သုံးပြီး သူတို့၏ လုပ်ငန်းများကို အကောင်အထည် ဖော်တတ်ကြသောကြောင့် ဖြစ်၏။

အနာဘက်ပတစ်များသည် ခရစ်ယာန် ဘုန်းကြီးများနှင့် ဆိုင်သော ကိစ္စများကိုလည်း ဆန့်ကျင်ကြသည်။ သူတို့သည် ဘုရားရှိခိုးကျောင်း မဟုတ်သော မိမိတို့ အိမ်ဂေဟာများ၌သာ တွေ့ဆုံ စည်းဝေးပြီး ဝတ်ပြုကြသည်။ ဘုရားရှိခိုးကျောင်းများသည် ရုပ်တုများ ထားသော အိမ်များဟု ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် ခရစ်ယာန် ဘုန်းကြီးများ၊ ဓမ္မဆရာများသည် လောကီ အာဏာပိုင်များ အကြိုက်ကို လိုက်လျောညီထွေ ဖြစ်အောင် လိုက်လုပ်နေကြသူများ ဖြစ်သည်ဟု ရှုမြင်ကြသောကြောင့် ဖြစ်သည်။

သူတို့ အချင်းချင်းလည်း ကိစ္စ အားလုံးတွင် သဘောထား ညီညွတ်ခြင်း ရှိကြသည် မဟုတ်ပေ။ သို့သော် ကျမ်းစာကို အဓိပ္ပာယ် ကောက်ယူကြရာ၌ အမြင် ကွဲလွဲမှုများ ရှိလျှင် သည်းခံ စိတ်ရှည်စွာ ဖြေရှင်းရေးမှုကို လက်ခံထားကြသည်။ ဓမ္မသစ် ကျမ်းစာမှာ ပါသော နောက်ဆုံး ကမ္ဘာပျက်သော နေ့တွင် တရား စီရင်ရန် အတွက် ခရစ်တော်သည် ကောင်းကင် တိမ်တိုက်များပေါ်တွင် ပြန်ပေါ်လာမည် ဆိုသော မျှော်လင့်ချက်နှင့် ပတ်သက်၍ တချို့က စာပါရှိရင်းစွဲ အတိုင်း အဓိပ္ပာယ် ကောက်ယူကြသည်။ တချို့ကမူ ဗျာဒိတ်ကျမ်း သဘောဖြင့်သာ အဓိပ္ပာယ် ကောက်ယူကြသည်။ တခြားလူများကလည်း ရှေးအခါက ဂျေရုဆလင် မြို့တွင် ခရစ်ယာန်များသည် ဘုံဝါဒဖြင့် နေထိုင် ဆက်ဆံခဲ့ကြသလို နေထိုင် ဆက်ဆံကြသည်။

တစ်ခါတစ်ရံ အနာဘက်ပတစ် တစ်ဦးသည် သူ့ကိုယ်သူ တမန်တော် ဖြစ်သည်ဟူ၍လည်း ကြေညာတတ်သည်။ ဟန်းဟပ် ဆိုသူသည် ထိုသို့ ကြေညာ စည်းရုံးခဲ့ဖူးသည်။ အလုပ်သမား လူတန်းစား များစွာ၏ ထောက်ခံမှုကို ဩစတြီးယား နိုင်ငံတွင် ရရှိခဲ့လေသည်။ ဩစတြီးယားနှင့် ဂျာမနီ နယ်စပ်သော နေရာက လူများကလည်း သူ့ကို ထောက်ခံခဲ့ကြလေသည်။

နောက်ဆုံးတွင် အနာဘက်ပတစ်များသည် တည်ဆဲ ခရစ်ယာန် အသင်းတော် ချားချ်နှင့်ရော နိုင်ငံတော် အာဏာပိုင်များနှင့်ပါ ခွဲထွက်ခဲ့ကြလေသည်။ ထို့ကြောင့် သူတို့ကို ခွဲထွက်သူများဟုလည်း ခေါ်ခဲ့ကြလေသည်။ သူတို့၏ ပြင်းထန်သော ပြုပြင် ပြောင်းလဲရေး အမြင်များကြောင့် ဘာသာရေး ညှဉ်းပန်း နှိပ်စက်မှုများကို ခံခဲ့ကြရလေသည်။ အနာဘက်ပတစ် ခေါင်းဆောင် အချို့မှာ ပြစ်မှု ကျူးလွန်သူများ အဖြစ် အပြစ်ဒဏ် ကျခံခဲ့ကြရသည်။

၁၅၂၇ ခုနှစ်တွင် *ဖဲလစ် မန့်ဇ်* [၁] ဆိုသူသည် ဇူးရစ်မြို့၌ ရေမှာ ကွပ်မျက်ခံရသည်။ *မိုက်ကယ် ဆတ္တလာ* [၂] ကို

---

၁။ Felix Manz ၂။ Michael Sattler

ရော့တင်ဘတ် မြို့တွင် မီးရှို့ သတ်ပြီး သူ့ဇနီးကို ရေနှစ်၍ သတ်ခြင်းကို ခံကြရလေသည်။ နောက်နှစ်တွင် *ဘယ်လ်သာဆာ* [၁] နှင့် သူ့ဇနီးတို့မှာလည်း ဗီယင်နာမြို့တွင် အလားတူ ကံကြမ္မာဆိုးနှင့် ကြုံကြရလေသည်။ နောက်တစ်နှစ်ကြာသော အခါမှာလည်း ဂျော့ ဘလောက်ရော့ကိုလည်း တိုင်ရော မြို့တွင် မီးရှို့သတ်ခြင်း ခံရသည်။

အခြား အနာဘက်ပတစ် အုပ်စု တစ်ခုမှာလည်း ဂျာမနီ မြို့တစ်မြို့ ဖြစ်သော မွန်စတာမြို့တွင် ဘာသာရေးနှင့် လူမှုရေး ဘဝများကို တော်လှန် ပြောင်းလဲမှုကြောင့် ကက်သလစ်များနှင့် လူသာ နောက်လိုက်များ ပေါင်းပြီး တိုက်ခိုက်ကာ ညှဉ်းဆဲ သတ်ဖြတ်ခြင်းကို ခံခဲ့ကြရလေသည်။

အနာဘက်ပတစ် ခေါင်းဆောင်များသည် ဘုံဝါဒအရ နေထိုင်ခြင်း၊ လင် တစ်ဦး မယား များစွာ နေသောစနစ်ကို ကျင့်သုံးခြင်းနှင့် အကြမ်းဖက် လုပ်ဆောင်တတ်ခြင်းများကြောင့် ဥရောပတိုက်တွင် မထိုက်တန်သော နာမည်ဆိုးကို ရရှိခဲ့ကြလေသည်။

နောက်ပိုင်းတွင် ဤ နာမည်ဆိုးကို အဖတ်ဆယ်ရန် ညင်ညင်သာသာ ဆင်ဆင်ခြင်ခြင် ပြုလုပ်တတ်သော အနာဘက်ပတစ် ခေါင်းဆောင် *မင်နို ဆိုမွန်* [၂] (၁၄၉၂-၁၅၅၇) ပေါ်ပေါက်လာခဲ့သည်။

နယ်သာလန် နိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုရှိ သူ၏ နောက်လိုက်များကို *မင်နိုနိုက်* [၃] များ ဟု ခေါ်ဝေါ်ကြလေသည်။ ဤ ပုဂ္ဂိုလ်များကို ငြိမ်းချမ်းရေးသမားများဟု ခေါ်ကြသည်။ သူတို့သည် *အာမီနီယန်း* [၄] ဘာသာ အယူဝါဒကို လိုက်နာကြသည်။ ထိုဝါဒသည် ကယ်လ်ဗင် ဝါဒ၏ ကြမ်းတမ်းသော အစိတ်အပိုင်းကို ပျော့ပျောင်းသော အယူဝါဒ ဖြစ်အောင် ပြုလုပ်ထားသော ဝါဒ ဖြစ်သည်။

သို့သော် အနာဘက်ပတစ် ပုန်ကန်မှုသည် ပြင်းထန်သော အယူအဆကို ဖော်ပြသော ခရစ်ယာန် အယူဝါဒမျှသာ မကပေ။ ပြုပြင် ပြောင်းလဲရေး ခေတ်ဦး ကာလကတည်းက ပြုပြင် ပြောင်းလဲရေးသမားများ၏ အမြင်များမှာ အတည်တကျ သတ်သတ်မှတ်မှတ် မရှိခဲ့ပေ။ ထို့ပြင် ကက်သလစ် အယူဝါဒနှင့် ဘယ်၍ ဘယ်မျှ ကွဲပြား ခြားနားကြောင်းမှာလည်း ရှင်းရှင်းလင်းလင်း မရှိခဲ့ပေ။ ဆင်ခြင်ဉာဏ်ကိုသာ လုံးလုံးလျားလျား အားထားသူများက ခရစ်ယာန် အယူဝါဒများကို ဆင်ခြင်ဉာဏ်ဖြင့် စမ်းသပ် စစ်ဆေးကြသည်။ ဘာသာ အယူဝါဒကို ခိုင်ခိုင်မာမာ ပြန်လည် တည်ဆောက်ရေးအတွက် ဆင်ခြင်ဉာဏ်ကိုသာ အကန့်အသတ် မထားဘဲ အမြင့်ဆုံး၊ အမြတ်ဆုံး အထွတ်အထိပ် လမ်းညွှန် သဘောတရား အဖြစ် သတ်မှတ်ထားကြလေသည်။

ထိုသူများ အနက် *မိုက်ကယ် ဆာဗီတပ်* [၅] ဆိုသူသည် ထင်ရှားသည်။ ကယ်လ်ဗင်၏ ဂျီနီဗာ မြို့မှာပင် တံကျင် လျှိုပြီး မီးရှို့သတ်ခြင်း ခံခဲ့ရလေသည်။ နောက်ပိုင်းတွင် *ယူနီတာရီယန်း* [၆] ဟု ခေါ်သူများ အနက် သူသည် ပထမဆုံး ပုဂ္ဂိုလ် ဖြစ်သည်။ မွေးရာ ဇာတိအားဖြင့် စပိန်ပြည်သား ဖြစ်သည်။ သူသည် ဓမ္မသစ်ကျမ်းစာကို အသေးစိတ် လေ့လာရာမှ စိတ်ထိခိုက်မှု ဖြစ်သွားသည်။

ထိုစဉ်က သူသည် ခရစ်ယာန်ဂိုဏ်း ဂဏာ စရိယများ၏ မီးရထားဖြင့် ခရီး သွားနေခိုက် ဖြစ်၏။ *နိုက်ဆင်း* [၇] ၏ တြိနိတီ (ရတနာ သုံးပါး) နှင့် ပတ်သက်သော အယူအဆကြောင့် ဖြစ်၏။ ထို အယူအဆကြောင့် သူ့ နောက်လိုက်များ၊ သူ့ အရပ်သား များစွာတို့မှာ မီးရှို့ သတ်ဖြတ်ခြင်းကို ခံခဲ့ကြရလေသည်။ တချို့လည်း ဘေးလွတ်ရာ တိုင်းတစ်ပါးသို့ ထွက်ပြေးခဲ့ကြရလေသည်။ ထို အယူအဆကို သူ၏ ဆင်ခြင်ဉာဏ်ထဲတွင် မှားယွင်းနေသည်ဟု မြင်မိလေသည်။

ထိုအခါ သူသည် သူ၏ အယူအဆများကို တိတ်တဆိတ် စာဖြင့် ရေးသားပြီးနောက် ၁၅၃၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေလိုက်သည်။ သူ၏ ထင်ရှားသော ခရစ်ယာန်များနှင့် အယူ ကွဲလွဲသော စာတန်းမှာ *'တြိနိတီ အယူအဆနှင့် ပတ်သက်သော အမှားများ'* (Concerning the Errors of the Trinity) ဖြစ်သည်။ ထိုစာတန်းကို ထုတ်ဝေပြီးနောက် ပြုပြင်ရေးသမားများ၏ ထောက်ခံ အားပေးမှုကို ရလိမ့်မည် အထင်ဖြင့် သူသည် ဆွစ်ဇာလန်သို့ သွားလေသည်။ ဆွစ်ဇာလန်တွင် သူ တွေ့ဆုံရသော ပြုပြင်ရေးသမား ခေါင်းဆောင်များက သူ့ အယူအဆများကို ဟက်ဟက်ပက်ပက် မရှိဘဲ စိတ်မဝင်စား အလေး မထားကြကြောင်း တွေ့ရလေသည်။

ဆာဗီတပ်လည်း သူ၏ ဆင်ခြင် စဉ်းစားမှုသည် ပြုပြင်ရေးသမားများကို ယုံကြည် သက်ဝင်အောင် ဘာကြောင့် မလုပ်နိုင်သလဲ ဆိုသည်ကို မစဉ်းစားတတ် ဖြစ်ရလေသည်။

---

၁။ Balthasar
၂။ Menno Simon
၃။ Mennonites
၄။ Arminian
၅။ Michael Servetus
၆။ Unitarians
၇။ Nicene

သူ့အမြင်တွင် တြိနိတီ အယူဝါဒသည် ကက်သလစ်များ၏ အယူ ဖောက်ပြန်မှု ဖြစ်သည်။ သူကိုယ်သူလည်း ဓမ္မသစ် ကျမ်းစာဘက်က တိုက်ပွဲ ဝင်သော ခရစ်ယာန်ကောင်း တစ်ယောက် ဖြစ်သည်ဟု မြင်လေသည်။ ခရစ်တော်သည် ဘုရားသခင် ဇာတိ ရှိသော ကြည်ညိုဖွယ် ပုဂ္ဂိုလ် ဖြစ်သည် ဆိုသည်ကို မငြင်းပေ။ သူ့အမြင်တွင် သုံးပါးပေါင်း ဘုရား တစ်ပါးတည်း ဖြစ်သည် ဆိုသော အယူအဆသည် ဆင်ခြင် စဉ်းစား၍ မဖြစ်နိုင်သော အရာ ဖြစ်သည်ဟု ရှုမြင်လေ သည်။ သူ၏ အဆိုပြုချက်မှာ ခရစ်တော်သည် ဘုရား၏ အထည်ဒြပ်ကို ဖော်ဆောင်သော ဖော်ဆောင်ချက်သာ ဖြစ်၍ သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဆက်နွယ်မှု ရှိခြင်းကိုသာ တြိနိတီဟု ယူဆရန် ဖြစ်သည်။ သူ၏ ထိုအမြင်သည်သာ ဘုရားသခင်နှင့် ခရစ်တော်တို့၏ ဆက်နွယ်နေခြင်း သဘော ကို အပြည့်အဝ ဖော်ဆောင်သော၊ နတ်ဘုရား အဖြစ်ကို ထိန်းသိမ်းထားသော အမြင် ဖြစ်သည်ဟု သူ ယူဆလေ သည်။ ထို့ပြင် အပျိုစင်က ခရစ်တော်ကို ဖွားမြင်သည် ဆို သော အချက်ကိုလည်း သူ့အနေနှင့် ငြင်းပယ်ရန် အကြောင်း မမြင်ပေ။

ထို အယူအဆများကြောင့် သူ့မှာ အန္တရာယ်များ ရှိ လာပြီ ဆိုသည်ကို သိမြင်သောအခါ ဆာဗီတပ်သည် သူ့ နာမည်ကို ပြောင်းပြီး ပြင်သစ် နိုင်ငံသို့ ထွက်ခွာသွားလေ သည်။ ပြင်သစ်ပြည်တွင် ဆေးပညာကို လေ့လာ သင်ကြား ပြီးနောက် ဆေး ကုစားရာ အောင်မြင်သော ဆေးသမား တစ်ဦး ဖြစ်လာသည်။ ထို့ပြင် နှလုံးနှင့် အဆုတ် အကြား သွေးလည်ပတ်မှု သဘောတရားကို စတင် သိမြင်သူ သိပ္ပံ ပညာရှင်လည်း ဖြစ်လာလေသည်။

ထိုအချိန်တွင် မိစ္ဆာဒိဋ္ဌိ အယူကို စစ်ဆေးပြီး အပြစ် ဒဏ် စီရင်သူများက သူ့ကို လိုက်လံ ရှာဖွေ နေကြလေ သည်။ ထို ကာလ အတွင်း သူနှင့် ကယ်လ်ဗင် အကြား နာမည်ဝှက်ဖြင့် စာအဆက်အသွယ် ပြုနေသည်ကို ကယ်လ် ဗင်၏ မိတ်ဆွေများက ရိပ်မိသွားကြသည်။ ထို့ကြောင့် သူ ထွက်ပြေးရပြန်သည်။ ထိုကာလ၌ ကယ်လ်ဗင်၏ အနေ အထားမှာလည်း လုံခြုံ စိတ်ချရမှု မရှိ ဖြစ်နေလေသည်။ ဂျီနီဗာတွင် သူ့ကို အပြစ် ရှာနေသူများက ဖမ်းမိသွားကြ ပြီးနောက် ၁၅၅၃ ခုနှစ်တွင် တံကျင် လျှို၍ မီးရှို့ ကွပ်မျက် လိုက်ကြလေသည်။

ဆာဗီတပ်သည် ဘယ် အဖွဲ့အစည်း အုပ်စုနှင့်မျှ အဆက်အသွယ် မရှိခဲ့ပေ။ သူသည် တစ်ဦးတည်း တစ်ကိုယ် တော် စွန့်စားရေးသမား ဖြစ်သည်။ သို့သော် သူ ရေးသားခဲ့ သော စာများကို ဖတ်ရှုသူများက *တြိနိတီ ဆန့်ကျင်ရေး*[၁] အုပ်စုကို ဖွဲ့စည်းခဲ့ကြလေသည်။ ဆာဗီတပ်ကို ကွပ်မျက် ခြင်း ခံရသော အခါ ထိုအုပ်စုလည်း ဘေးလွတ်ရာ *ပိုလန် နှင့် ထရန်စီးလ်ဗေးနီးယား*[၂] ဘက်သို့ ထွက်ပြေးသွားကြ လေသည်။ ထိုအရပ်သို့ ရောက်သောအခါ သူတို့၏ အယူ ဝါဒကို စိုက်ပျိုးရန် သင့်တော်သော မြေကောင်း မြေသန့် ကို တွေ့ရလေတော့၏။ ထိုလူစုထဲမှာလည်း အယူအဆ အမျိုးမျိုး ကွဲကြသည်။ တချို့က အာရိယန် အယူဝါဒကို လက်ခံကြသည် (ရှေ့က ပြခဲ့ပြီ)။ ထို အယူဝါဒ အရ ခရစ်တော်သည် လူ့ ပြည်သို့ လူသား အဖြစ် သက်ဆင်း မလာမီ ကာလ ကြာမြင့်စွာကပင် ဘုရားသခင်ထံမှ ရှိနေခဲ့ သည်။ ဘုရားသခင်၏ လက်အောက်ခံ အဖြစ် ခစားနေခဲ့ ရသည်။ ထို့ကြောင့် ထာဝရ ဘုရားသခင်နှင့် ခရစ်တော် သည် တန်းတူရည်တူ မဟုတ်၊ ထာဝရ ဘုရားထက် နိမ့် ကျသည် ဟူသော အယူကို ယူသည်။

အခြား လူများက ထိုအယူအဆကို ငြင်းသည်။ ခရစ် တော်သည် လူ့ပြည်သို့ မလာမီကတည်းက တည်ရှိနေခဲ့သည် ဆိုသော အယူအဆကို လက်မခံကြ။ သို့သော် ခရစ်တော် သည် အပျိုစင်က မွေးသူ ဖြစ်သည်၊ ကွယ်လွန်သော အခါ ဘုရားသခင်၏ လက်ယာဘက်တွင် စံနေရန် ပြန်ကြွသွား သည် ဆိုသော အယူကို လက်ခံ ကြည်ညိုကြသည်။ ထိုသို့ ကြည်ညိုသူများ ရှိသလို မကြည်ညိုသူများလည်း ရှိသည်။

၄င်းတို့ အနက် ထရန်စဗေးနီးယားမှ ဓမ္မဆရာ *ဖရန့်စစ် ဒေးဗစ်*[၃] သည် ထင်ရှားသည်။ သူကမူ ဘုရား တစ်ပါးတည်းကိုသာ ကိုးကွယ်ရမည်၊ ခရစ်တော်သည် ဘုရား မဟုတ်၊ မေရီနှင့် ဂျိုးဇက်တို့ ပေါင်းဖက်၍ မွေးဖွား လာသော လူသား စစ်စစ် ဖြစ်သည်။ နောက်မှ ဘုရားသခင် ၏ တန်ခိုး ဣဒ္ဓိပါတ်များကို ရလာသူ ဖြစ်သည်ဟု ဆိုလေ သည်။ ဤအမြင်ကို အနောက်ဘက်ပတစ် အချို့ကပါ လက်ခံ ကြသည်။ ယနေ့ထက်တိုင် ယူနီတာရီယန် ခရစ်ယာန်များ သည် ဤအမြင်ကိုပင် ဆက်လက်၍ လက်ခံထားကြဆဲ ဖြစ်လေသည်။

ဤအယူဝါဒ ကွဲပြား ခြားနားမှုများကို ပေါင်းစည်း ညီညွတ်စေရန် စေ့စပ်ဖို့ အားထုတ်သူမှာ *ဖော့စတပ် ဆို စီနပ်*[၄] ဆိုသူ ဖြစ်သည်။ သူသည် အီတလီ လူမျိုး တစ်ဦး ဖြစ်ပြီး ဆွစ်ဇာလန်နှင့် ထရန်စဗေးနီးယားမှာ နေခဲ့ပြီးမှ

၁။ Anti-Trinitarians

၂။ Poland and Transylvania

၃။ Francis David ၄။ Faustus Socinus

ပိုလန်တွင် အခြေချသူ ဖြစ်လေသည်။ သူသည် မစ္ဆိမ ပဋိပဒါ အလယ် အလတ် နည်းကို ကျင့်သုံးရာ သူ့ အယူအဆကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံကြောင်း ထင်ရှားစွာ တွေ့ရသည်။ သူ့ အယူဝါဒကို *ဆိုစီနီယန် ဝါဒ* [၁] ဟု လူသိ များလာသည်။ သူသည် ခရစ်တော်၏ လူ့ဘဝသို့ မလာမီ ရှေးဘဝ ရှိခဲ့သည် ဆိုသော အယူကို ငြင်းပယ်သည်။ ခရစ်တော်သည် လူသား တစ်ဦးပင် ဖြစ်သည်ဟုသာ ယူသည်။

သို့ရာတွင် ခရစ်တော်သည် ရိုးရိုးလူ မဟုတ်။ ခရစ်တော်၏ ဘဝသည် အလွန် နမူနာ ယူစရာ ကောင်းပြီး သူ၏ အသိစိတ်မှာလည်း ဘုရားသခင်၏ ဉာဏ်တော်နှင့် ပြည့်ဝလျက် ရှိသည်။ ထို့ကြောင့်လည်း ခရစ်တော်သည် သေခြင်းတရားမှ ပြန်လည် ရှင်သန် ထမြောက်တော်မူပြီးလျှင် ဘုရားသခင်ထံသို့ တက်ကြွသွားကာ လက်ယာတော်၌ စံနေတော်မူသည်။ ထို့ကြောင့်လည်း ခရစ်တော်ကို ကြည်ညိုစွာ ကိုးကွယ် ဆည်းကပ်သင့်သည်။ သူ့ထံမှာ ဝတ်ပြု ဆုတောင်းသင့်သည်ဟု ဆိုလေသည်။

ထိုအချိန် ကာလတုန်းက ပိုလန် နိုင်ငံသည် ဖိနှိပ်ခံရသော လူအများအား ဧည့်ဝတ် ကျေပွန်သော ခိုလှုံရာ ဒေသ ဖြစ်လေသည်။ ထို့ပြင် လွတ်လပ်စွာ တွေးခေါ်ခွင့် ရှိသော နေရာလည်း ဖြစ်သောကြောင့် သူ့အယူအဆများကို ထုတ်ဖော် ပြောဆိုသော အခါ လူအများက နွေးထွေးစွာ လက်ခံခဲ့ကြလေသည်။ ရလဒ်မှာ ဆိုစီနပ်နှင့် သူ့လုပ်ဖော်ကိုင်ဘက် ယူနီတာရီယန်းများသည် *ရာကော* [၂] မြို့တွင် ကောလိပ်ကျောင်း တစ်ခုကို တည်ထောင်ခဲ့၏။ ထင်ရှားသော ပညာရပ်များကို သင်ကြားရာ ဌာန တစ်ခု ဖြစ်ပြီး စာသင်သားများ ထောင်နှင့်ချီ၍ လာရောက် ပညာ သင်ယူခဲ့ကြလေသည်။

သို့သော် ၁၆၃၂ ခုနှစ်တွင် ကက်သလစ် ဘရင်ဂျီ ဂိုဏ်းသားများ အာဏာ ပြန်ရလာကြပြန်သည်။ ထို့ကြောင့် ယူနီတာရီးယန်းများမှာ နှိပ်စက်ခြင်း ခံရပြန်၏။ ပိုလန်ပြည်ရှိ အခြား ပရိုတက်စတင့် ဂိုဏ်းသားများလည်း အလားတူ ခံကြရလေသည်။ ထိုအခါ သူတို့သည် ဂျာမနီ အရှေ့ပိုင်းသို့ ပြည်ပြေးများ အဖြစ် ထွက်ပြေးကြရပြန်သည်။ တချို့မှာ ဟော်လန်နှင့် အင်္ဂလန်ပြည်များသို့ ပြေးကြရသည်။

၁၆၄၈ ခုနှစ်တွင် အင်္ဂလန်ပြည်၌ ခရစ်တော်ကို ဘုရား မဟုတ်ဟု ငြင်းပယ်သူများသည် ကြီးလေးသော ပြစ်မှု ကျူးလွန်သူများ ဖြစ်၍ သေဒဏ် ကျခံရမည် ဆိုသော ဥပဒေကို ပြဋ္ဌာန်းလိုက်ပြန်ရာ ယူနီတာရီယန်းများသည် ဟော်လန်သို့ ပြေးကြရပြန်၏။

၁၈ ရာစုသို့ ရောက်သော အခါ ထိုယူနီတာရီယန်း အများအပြားသည် တိတ်တဆိတ် *နယူး အင်္ဂလန်* [၃] နယ်တွင် ပြန်ပေါ်လာကြလေသည်။ ၁၉ ရာစု အစပိုင်းသို့ ရောက်သော အခါ *အယ်လာရီ ချန်းနင်း* [၄] နှင့် *သီယိုဒို ပါကာ* [၅] တို့၏ ဟောပြောမှုကြောင့် သူတို့၏ အင်အား ကြီးမားလာသည်။ ထိုအခါ ၁၈၂၅ ခုနှစ်တွင် *အမေရိကန် ယူနီတာရီယန်း အသင်း* [၆] ကြီးကို ဖွဲ့စည်း တည်ထောင်လိုက်ကြလေတော့သည်။ ထို့နောက် ဓမ္မ စည်းဝေးပွဲကြီးများနှင့် ဓမ္မဆရာများကိုရော ၄င်းတို့၏ အသင်းတော် ချားချ်များကို ပါ စုပေါင်း တည်ထောင်လိုက်ကြလေ၏။

### အင်္ဂလန် ရေဖျန်း အသင်းတော် ဥပဒေကို မလိုက်နာသူများ

ဤ ပရိုတက်စတင့် ဂိုဏ်းသားများကို Nonconformists ဟု ခေါ်ကြသည်။ ပရိုတက်စတင့်များထဲတွင် အနှာဘက်ပတစ်များနှင့် ယူနီတာရီယန်းများသည် အလွန် ပြင်းထန်သော အယူ ရှိသူများ၊ အဆမတန် အလွန်အကျူး လုပ်တတ်သူများဟု ယူဆခံကြရသည်။ ရေဖျန်း အသင်းတော် ဥပဒေကို မလိုက်နာသူ (နွန်းကွန်ဖော်မ်မစ်) များကိုမူ (အင်အား ပိုများစေကာမူ) ထိုမျှလောက် ပြင်းထန်သူများဟု မမြင်ကြပေ။ သူတို့အပေါ် ခရစ်ယန် အသင်းတော်ကရော နိုင်ငံတော်ကပါ ပြင်းပြင်းထန်ထန် အရေး ယူခြင်းမျိုးလည်း မရှိခဲ့ပေ။ အသင့်အတင့် နှလုံးသွင်း ရှိကြသော ဤပြုပြင် ပြောင်းလဲရေးသမားများကို ဘာသာရေး ညှဉ်းပန်း နှိပ်စက်ခြင်းလည်း မပြုခဲ့ကြပေ။

နွန်းကွန်ဖော်မ်မစ်များသည် အများအားဖြင့် အနှာဘက်ပတစ်များလို နိုင်ငံတော်နှင့် ကင်းကင်းရှင်းရှင်း နေသူများလည်း မဟုတ်၊ ယူနီတာရီယန်းများလို အရိုးအစဉ် အယူဝါဒများနှင့် အညီ အယူ ဖောက်ပြန်သူများလည်း မဟုတ်ကြပေ။ သူတို့၏ ဘာသာ ယုံကြည် ကိုးကွယ်မှုကို လွတ်လပ်စွာ ကိုးကွယ်ခွင့် ပေးထားသမျှ ပြည်သူ့ ဥပဒေများကိုလည်း လေးစား လိုက်နာသည်။

---

၁။ Socinianism

၂။ Rakow

၃။ New England    ၄။ Ellery Channing

၅။ Theodore Parker

၆။ American Unitarian Association

သူတို့၏ ဘာသာ အယူဝါဒ အနေအထားနှင့် စပ်၍ ပြောရလျှင် သူတို့သည် ရှေးက လက်ခံ ထားခဲ့ကြသော ဘာသာရေး အယူဝါဒ မူများကို အများအားဖြင့် လက်ခံကြသည်။ ထိုကြောင့် သူတို့၏ တြိနီတီ အယူဝါဒမှာလည်း ဘယ်အခါကမှ ပြဿနာ ဖြစ်မလာခဲ့ပေ။ သို့ရာတွင် သူတို့၏ အသင်း အဖွဲ့ ဖွဲ့စည်းပုံမှာမူကား အခြားသော ခရစ်ယာန် အသင်းတော် (ချာ့ချ်) များ ဖွဲ့စည်းပုံနှင့် ကွဲပြားခြားနားလေသည်။ ချာ့ချ် (ဘုရားကျောင်း) အုပ်ချုပ်ရေး ကိစ္စကိုမူ အခြားသော ပရိတက်စတင့် အခွင့်အရေးများလိုပင် ကိုယ်ပိုင် ဆုံးဖြတ်ပိုင်ခွင့် ရှိရမည်ဟု တောင်းဆိုကြသည်။

## ပျူရီတန်များ [၁]

နွန်းကွန်ဖော်မ်မစ် (Nonconformist) ဆိုသော အမည်ကို အယ်လိဇဘက် ဘုရင်မ လက်ထက်မှာ ရရှိလာခြင်း ဖြစ်သည်။ ၁၅၅၈ ခုနှစ်တွင် ထိုဘုရင်မကြီး နန်းတက်သော အခါ သွေးစွန်းသော မေရီ ဘုရင်မ လက်ထက်က တိုင်းပြည်ကို စွန့်ခွာ ထွက်ပြေးသွားခဲ့ကြရသောသူများ အင်္ဂလန်သို့ ပြန်လာကြလေသည်။ သူတို့သည် တိုင်းတစ်ပါးတွင် နေထိုင်ခဲ့ကြစဉ် အခါက ကယ်လဗင် ဂိုဏ်းသားများ နေထိုင်ရာ အရပ် ဒေသများတွင် အခြေချ နေထိုင်ခဲ့ကြလေသည်။ သူတို့သည် ထိုစဉ်က ပရက်စ်ဘီတေးရီးယန်း ခရစ်ယာန် အသင်းတော် ပုံစံကို စိတ်ညွတ်ခဲ့ကြသည်။ ဘုရား ဝတ်ပြုရာမှာရော၊ နေထိုင် ဆက်ဆံရာမှာရော ရိုးရိုး ကျင့်သည်။ သို့သော် သူတို့မှာ ခွဲထွက်ရေးသမားများ၏ အလိုဆန္ဒမျိုးကား မရှိပေ။ သူတို့ အလို ရှိသော အချက်မှာ အင်္ဂလန် အသင်းတော်ကို သူတို့ အခေါ် 'ရောမ အငွေ့အသက်' မှ ကင်းရှင်း စင်ကြယ်စေလိုသော ဆန္ဒသာ ရှိသည်။ ပူဇော်ပသမှုများထက် ကျမ်းစာပါ စကားရပ်များကိုသာ သူတို့က ပို၍ အလေးထား ဦးစားပေးလိုကြသည်။ အများအားဖြင့် ထိုသူတို့သည် အခိုက်အတန့်အားဖြင့် ဂိုဏ်း အုပ်ချုပ်ရေး စနစ် ပုံစံ - ဂိုဏ်းအုပ် (ဘိရှော့)၊ ဂိုဏ်းချုပ် (အာ့က် ဘိရှော့)၊ ဂိုဏ်းထောက်ကြီး (အာ့ခ် ဒီးကွန်) စသည်တို့ကို လက်မခံလိုကြပေ။ ဒေသ အလိုက် သူတို့အလိုကျ ဓမ္မဆရာများဖြင့်သာ ဘုရား ဝတ်ပြုလိုကြသည်။ စကော့တလန်မှာ တည်ရှိသော ပရက်စ်ဘီတေးရီးယန်းဂိုဏ်း ပုံစံကို ယူရန် တချို့က ပွင့်ပွင့်လင်းလင်း ပြောဆို တင်ပြကြလေသည်။ ဤပရက်စ်ဘီတေးရီးယန်း ပျူရီတန်များ အင်အား ကြီးမားလာသော အခါ ပျူရီတန်များ နှစ်ခြမ်း ကွဲလေတော့သည်။ တစ်ခြမ်းက အင်္ဂလန် ချာ့ချ်၏ ပြုပြင် ပြောင်းလဲရေးကို အတွင်းက နေ၍ အဖွဲ့ဝင်များ အဖြစ် နေရင်းကပင် ဆောင်ရွက်လိုကြသည်။ စိတ်ရှည်ရှည် ထားပြီး ဆောင်ရွက်လိုသော သဘောထား ရှိသူများ ဖြစ်ကြသည်။

ထိုကဲ့သို့ အချိန် စောင့်ပြီး မျှော်လင့်ချက်ဖြင့် စိတ်ရှည်ရှည် ထား၍ မဆောင်ရွက်ချင်သော သူများကမူ ခွဲထွက်ရေးသမားများ အမည် ခံကာ တစ်ကြိမ်ပြီး တစ်ကြိမ် ခွဲထွက်သွားကြလေသည်။ ထိုသူများကို အစိုးရက မျက်မုန်းကျိုးပြီး နှိပ်ကွပ်လာသဖြင့် ဟော်လန် နိုင်ငံသို့ ထွက်ပြေးကြရပြန်သည်။ ၎င်းတို့သည် ပထမ ကိုယ့်အသင်းနှင့် ကိုယ် မိမိတို့ ကြိုက်ရာ စီရင် ဆုံးဖြတ်နိုင်သည်ဟု အယူရှိသော *ကွန်ဂရီဂေးရှင်းနယ်လစ်* [၂] များ ဖြစ်ကြလေသည်။ *ဘက်ပတစ်* [၃] များလည်း ပါသည်။ (နောက်ပိုင်းတွင် သူတို့ အကြောင်း သီးခြား ဖော်ပြဦးမည်။)

အင်္ဂလန် အသင်းတော် ချာ့ချ် အတွင်းမှာ ရှိနေရစ်ကြသော ပျူရီတန်များကိုလည်း ပထမမြောက် ဂျိမ်း ဘုရင် ဖြစ်လာသော အခါ တင်းတင်းမာမာ ဆက်ဆံခြင်း ခံရပြန်သည်။ ပထမမြောက် ချားလ် ဘုရင်သည် ပို၍ ကြမ်းကြုတ်သည်။ သူ့ ဖခင်ထက် ပို၍ စိတ်ဓာတ် ခက်ထန်သည်။ အင်္ဂလိပ် ပျူရီတန်များကို တည်ဆဲ အင်္ဂလန် ခရစ်ယာန် အသင်းတော်၏ အလေ့အကျင့်များ အတိုင်း အပြည့်အဝ လိုက်နာ ကျင့်ကြံစေသည်။ သူ့ ဖခင် လက်ထက်က ပြုလုပ်ခဲ့သော စကော့ လူမျိုးများ အပေါ် ခရစ်ယာန်ဂိုဏ်း အုပ်ချုပ်ရေး စနစ်ကို အတင်းအကျပ် လက်ခံအောင် ဆက်လက် ဆောင်ရွက်လေသည်။ ဤလုပ်ရပ်သည် သူ့ကို သေစေမည့် ကြိုးပမ်းချက် ဖြစ်၏။

သူ အံ့အားသင့်သွားရသော အချက်မှာ သူ လုပ်လိုက်သော လုပ်ရပ်သည် စကော့ လူမျိုးများအား သူ့ပုန်ထအောင် သွေးဆွပေးလိုက်သလို ဖြစ်သွားခြင်း ဖြစ်သည်။ စကော့ လူမျိုး ထောင်ပေါင်း များစွာတို့သည် ဘုရင်ကို သက်စွန့်ဆံဖျား ခုခံ တော်လှန်ရန် သစ္စာဆို စည်းရုံးသူများ (ကွန်ဗီနင်တာ) ဖြစ်သွားကြလေသည်။

စကော့ လူမျိုးများသည် လက်နက် စွဲကိုင်၍ ပုန်ကန်ခြားနားကြသောအခါ ဘုရင်က ပါလီမန်ကို ဆင့်ခေါ်ပြီး

---

၁။ The Puritans

၂။ Congregationalists

၃။ Baptists

ထိုပုန်ကန်မှုတွင် ပါဝင်သူ အများစုသည် ပျူရီတန်များ ဟုတ် မဟုတ် စုံစမ်း စစ်ဆေးစေသည်။

ကာလ အတန် ကြာသည့်တိုင်အောင် ပျူရီတန်များသည် အယူအဆ ကွဲပြား ခြားနားဆဲ ဖြစ်နေသေး၏။ *ဂိုဏ်းချုပ် ဘုန်းတော်ကြီး လောက်ဒ်* [၁] အာဏာ ကြီးစိုးနေစဉ် သူတို့သည် အနေကျပ်လျက် ရှိကြရာ ၁၆၂၈ မှ ၁၆၄၀ ခုနှစ်များ အကြား ကာလ၌ သူတို့သည် အတ္တလန္တိတ် သမုဒ္ဒရာကို ဖြတ်ကျော်ကာ အမေရိကန် ပြည်ထောင်စုရှိ မက်ဆက်ချူးဆက် ပြည်နယ်နှင့် ကွန်နက်တီကတ်သို့ ထွက်ပြေးသွားခဲ့ကြပြီး နယူး အင်္ဂလန် ကွန်ဂရီဂေးရှင်းနယ်လစ်များ ဖြစ်လာကြလေသည်။ သို့သော် ယခု ၁၆၄၀ ခုနှစ်တွင်လည်း သူတို့သည် ပါလီမန်တွင် အမတ်နေရာ အများစုကို ရရှိထားကြလေသည်။ ထိုကြောင့် သူတို့သည် ဂိုဏ်းချုပ် ဘုန်းကြီး လောက်ဒ်ကို ဖမ်းဆီး၍ အကျဉ်း ချထားလိုက်ကြလေတော့၏။ ဒေါသ အမျက် ထွက်နေသော ဘုရင်က သူတို့ကို ဆန့်ကျင်လာသောအခါ သူတို့သည် ဒေါသ အမျက်ထွက်ကြပြီး လက်နက် စွဲကိုင် ပုန်ကန်ကြပြီးလျှင် ပြည်သူ့ကိုယ်စားလှယ်များသည် ခေါင်းမာသော အချုပ်အခြာ အာဏာပိုင် ဘုရင် ပထမမြောက် ချားလ်ကို ခေါင်းဖြတ်၍ သတ်ပစ်လိုက်ကြလေတော့သည်။

ထိုပျူရီတန် တော်လှန်ရေးကို *အိုလီဗာ ကရွန်ဝဲလ်* [၂] က ဦးဆောင်မှု ပေးခဲ့လေသည်။ ၁၂ နှစ်တိုင်တိုင် အင်္ဂလန်နိုင်ငံသည် ပျူရီတန် နိုင်ငံ ဖြစ်လျက် နေခဲ့လေသည်။ ပြည်သူလူထုကလည်း ပျူရီတန် ကျင့်စဉ်များ အတိုင်း ကျပ်တည်းစွာ ထိန်းချုပ်၍ သီလ မြဲအောင် နေခဲ့ကြလေသည်။

ပျူရီတန် ဘဝ နေနည်းသာမက ပရက်စ်ဘီတေးရီးယန်း ဝါဒလည်း အင်္ဂလန်မှာ အောင်မြင်မှု ရရှိခဲ့သည်ဟု ဆိုသင့်၏။ *ဝက်စမင်စတာ ညီလာခံ* [၃] ကို ကျင်းပခဲ့ကြသည်။ ပါလီမန်ကို အကြံဉာဏ် ပေးရန် ဖြစ်၏။ ထိုညီလာခံတွင် အင်္ဂလိပ် ဓမ္မဆရာများ၊ လူသာမန်များ၊ စကော့ လူမျိုး ကော်မစ်ရှင်နာများ ပါဝင်ပြီး အကြံပြုချက်များကို ပါလီမန်သို့ တင်ပြရသည်။ ၎င်းကို '*ဝက်စမင်စတာ ဖြောင့်ချက်*'[၄] ဟု ခေါ်ကြသည်။ ပြုပြင် ပြောင်းလဲရေးနှင့် စပ်သမျှ စကော့နှင့် အမေရိကန် ပရက်စ်ဘီတေးရီးယန်းတို့၏ နောက်ဆုံး အကြီးကျယ်ဆုံး ဖြောင့်ချက်ဟု ဆိုနိုင်သည်။ ပါလီမန်က စိတ်မပါ့တပါနှင့် လက်ခံခဲ့လေသည်။ ထိုဖြောင့်ချက်နှင့် ပတ်သက်သော အမေးအဖြေပွဲများ အကြီး အငယ် အရှည် အတို အမျိုးမျိုး ပေါ်ပေါက်သည်။ ဤသို့ ဖြစ်ပျက်နေစဉ် ပါလီမန်က ဘာမှ အရေးယူ ဆောင်ရွက်ခြင်း မရှိခဲ့ပေ။

၁၆၆၀ ခုနှစ်တွင် ဒုတိယမြောက် ချားလ် အင်္ဂလန်သို့ ပြန်လာသည်။ ထိုသို့ ပြန်လာသောအခါ ပြန်လည် တည်ထားရေးမူကို ယူလာသည်။ ထိုအယူအဆသည် အောင်မြင်မှုများစွာ ရရှိပြီးနောက် ၁၆၆၂ ခုနှစ်တွင် ပါလီမန်က '*တစ်ပြေးညီ ဖြစ်ရေး ဥပဒေ*'[၅] ကို ပြဋ္ဌာန်းလိုက်သည်။ ထိုဥပဒေအရ ပျူရီတန်များကို အင်္ဂလန် အသင်းတော်မှ ဖယ်ရှားပစ်လိုက်ပြီး '*သင်းခွဲသူများ*'[၆] အဆင့် သတ်မှတ်လိုက်လေသည်။ ထိုလူများသည် နောက်ဆုံးတွင် ကွန်ဂရီဂေးရှင်းနယ်လစ်များ၊ ဘက်ပတစ်များ၊ *ကွဲကာ* [၇] များ၊ ပရက်စ်ဘီတေးရီးယန်းများနှင့် ယူနီတာရီးယန်းများ ဖြစ်ကုန်ကြလေသည်။

## ကွန်ဂရီဂေးရှင်းနယ်လစ်နှင့် ဘက်ပတစ်များ

ထို အတောအတွင်း ပျူရီတန် တော်လှန်ရေး မတိုင်မီကတည်းက အင်္ဂလန် နိုင်ငံကို စွန့်ခွာ၍ ထွက်သွားကြသော ဂိုဏ်းခွဲရေးသမားများသည် တိုင်းတစ်ပါးတွင် စိတ်ဝင်စား၍ အရေးပါသော သမိုင်းကြောင်းကို ဖန်တီး နေနိုင်ခဲ့ကြပြီ ဖြစ်၏။ ၁၆၀၇ ခုနှစ်လောက်ကတည်းက အမ်စတာဒမ်မြို့၌ အခြေချ နေထိုင်ခဲ့ကြသူများသည် ရှေးက အင်္ဂလန် အသင်းတော် ချားချ်၏ ဓမ္မဆရာ တစ်ဦး ဖြစ်ခဲ့သူ ဂျွန် စမစ်၏ ဦးဆောင်မှုဖြင့် မိနိုနိုက်များ၏ အသက်ကြီးမှ နှစ်ခြင်း မင်္ဂလာ ဗတ္တိဇံ ခံယူခြင်း အယူအဆများကို အိမ်နီးနားချင်းများ ထံမှာ လေ့လာလေသည်။ ဓမ္မသစ် ကျမ်းစာကို လေ့လာသော အခါ ထိုအယူအဆကို ယုံကြည် လက်ခံလာသည်။ ကလေး အရွယ် လူမမည် ဘဝ၌ နှစ်ခြင်း မင်္ဂလာ ဗတ္တိဇံ ပြုခြင်းသည် ဓမ္မသစ်ကျမ်းစာ အရ ရှေးခေတ် ခရစ်ယာန် လူကြီး မိဘများ ပြုလုပ်ခဲ့ကြသော အလေ့အထ မဟုတ်ကြောင်း သိမြင်လာလေသည်။ ထိုအခါ သူ့ကိုယ်သူလည်း ပြန်၍ နှစ်ခြင်းမင်္ဂလာ ခံယူလေသည်။ သူနှင့်အတူ သူ့လူစုလည်း နှစ်ခြင်းမင်္ဂလာကို ပြန်၍ ခံယူကြလေသည်။

၁။ Archibishop Laud
၂။ Oliver Cromwell
၃။ Westminster Assembly
၄။ Westminster Confession
၅။ Act of Uniformity
၆။ Dissenters
၇။ Quakers

၁၆၁၂ ခုနှစ်တွင် သူ၏ လူစုလူဝေးသည် လန်ဒန်မြို့သို့ ပြန်လာကြပြီးလျှင် ပထမဆုံးသော *ဗက်ပတစ် ခရစ်ယာန် အသင်းတော် ချားချ်* [၁] ကို တည်ထောင်ကြရာ ယခုတိုင် တည်မြဲလျက် ရှိလေသည်။ ဤကား နှစ်ခြင်း အသင်းတော် (ဗက်ပတစ်) ဆိုသော အခေါ်အဝေါ် ပညတ် စတင် ဖြစ်ပေါ်လာခြင်း ဖြစ်၏။ မကြာမီမှာပင် ဗက်ပတစ် အသင်းများ ဗြိတိသျှ ကျွန်းစု အနှံ့ အပြားသို့ ပြန့်ပွားသွားလေ၏။

တချို့သော ဗက်ပတစ်များသည် ဘာသာရေး အယူဝါဒ အရ အာမီနီးယန်းများ ကယ်လဗင် နောက်လိုက်များ ဖြစ်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် သူတို့ အားလုံးသည် စိတ်သဘော ညီညွတ်ကြပြီးလျှင် ဗက်ပတစ် ဝါဒကို ခံယူကြကာ ရေဖျန်းခြင်းမှ လုံးဝ ရေနှစ်ခြင်း မင်္ဂလာကိုသာ ပြုကြလေတော့၏။

၁၆၃၉ ခုနှစ်တွင် ဗက်ပတစ် အုပ်စု တစ်ခုသည် *ရော်ဂျာ ဝီလျံ* [၂] ၏ ဦးဆောင်မှုဖြင့် *ရှဒ်အိုင်လင်း* [၃] အရပ်တွင် ခရစ်ယာန် အသင်းတော် ချားချ် တစ်ခုကို တည်ထောင်လိုက်ကြလေသည်။ နောက်ပိုင်းတွင် အမေရိကန် ကိုလိုနီ တစ်ခုလုံး အထူးသဖြင့် တောင်ပိုင်း ဒေသ တစ်ခုလုံးတွင် ဗက်ပတစ် အယူဝါဒ ပေါ်ပေါက်လာလေတော့၏။

အခြားသော တိုင်းတစ်ပါးသို့ ထွက်သွား၍ အခြေချ နေထိုင်သူများသည် ဟော်လန် နိုင်ငံတွင် သူတို့၏ ပထမနှစ်များကို တိတ်တဆိတ် လူမသိရှင်မကြား နေခဲ့ကြလေသည်။

၁၅၈၂ ခုနှစ်သို့ ရောက်သော အခါ ကိန်းဘရစ်တက္ကသိုလ်မှ ပညာရှင် *ရောဘတ် ဘရောင်း* [၄] ဆိုသူသည် *ကွန်ဂရီဂေးရှင်း အယူဝါဒ* [၅] ရှင်းတမ်း တစ်စောင်ကို ရေးသား ထုတ်ဝေလေသည်။ သူ၏ ယုတ္တိဗေဒက ခိုင်မာသည်။

သူက ခရစ်တော်၏ အသင်းတော် ချားချ်သည် ခရစ်ယာန် စစ်စစ်၏ အမြင်တွင် ရဟန်း သံဃာနှင့် ဆိုင်သော အဖွဲ့အစည်း မဟုတ်၊ ခရစ်ယာန် ဘာသာကို ယုံကြည် သက်ဝင်သူများ၏ ဒေသန္တရ အစု အဖွဲ့သာ ဖြစ်သည်။ ထိုအသင်းတော် ချားချ်၏ အမြဲတမ်း ခေါင်းဆောင်မှာ မိမိတို့ သဘောဆန္ဒ အလျောက် အသင်းဝင်တိုင်းက မိမိတို့ကို အုပ်ချုပ်ရန် သဘောတူ ရွေးချယ်ခြင်းခံရသူ သင်းအုပ် ဆရာ၊ အကြီးအကဲများ၊ သင်းထောက် ဆရာနှင့် ဓမ္မဆရာများ ဖြစ်ကြသည်။ ခရစ်တော်၏ ဝိညာဉ်တော် စေ့ဆော်မှု အရ မိမိတို့ အထဲမှ မိမိတို့ ဘာသာ ရွေးချယ် တင်မြှောက်သူများ ဖြစ်ကြသည်။ ဘုရားရှိခိုးကျောင်း တစ်ခုသည် အကြွင်းမဲ့ ကိုယ့်ဘာသာကိုယ် အုပ်ချုပ်သော အသင်း ဖြစ်သည်။ ဘယ်သူကမှ ဘယ်သူ့ အပေါ်မှာ ဩဇာ လွှမ်းမိုးမှု မရှိ၊ သို့သော် ချားချ်တိုင်းသည် ခရစ်ယာန် တာဝန် ကိုယ်စီ ရှိကြလေသည်။

သို့သော် ဤဖြစ်ရပ်များ အားလုံးကို တိတ်တဆိတ် ဆောင်ရွက်နေစဉ်မှာပင် သမိုင်းမှာ မှတ်လောက်သားလောက်သော ကိစ္စတစ်ခုကို ပြုလုပ်သော အုပ်စုတစ်စုလည်း ထိုသူများထဲမှာ ရှိခဲ့လေသည်။ ၁၆၀၉ ခုနှစ်တွင် *စကရူးဘီ* [၆] မှ ပြန်လာကြသူ ကွန်ဂရီဂေးရှင်းနယ်လစ်များသည် *ဂျွန် ရော်ဘင်ဆန်* [၇] နှင့် *ဝီလျံ ဘရူးစတား* [၈] တို့၏ ဦးဆောင်မှုဖြင့် အင်္ဂလန်ပြည်တွင် *ဝီလျံ ဘရက်ဖဒ်* [၉] လည်း သူတို့နှင့်အတူ ပါဝင်လျက် *လေဒင်* [၁၀] အရပ်တွင် အခြေချ နေထိုင်ခဲ့ကြလေသည်။ ထိုနေရာမှာ နေရသည်ကို မကျေနပ် အားမရသဖြင့် သူတို့သည် အခိုက်အတန့်အားဖြင့် ဆုံးဖြတ်ချက် တစ်ခုကို ချကြလေသည်။ ထိုဆုံးဖြတ်ချက်မှာ အင်္ဂလန်ကို ပြန်သွားကြပြီး အင်္ဂလန် ရောက်မှ သူတို့ထဲက စွန့်စားရဲပြီး အစွမ်းအစ ရှိသူများကို အမေရိကန်ပြည်သို့ လွှတ်မည် ဟူ၍ ဖြစ်၏။

၁၆၂၀ ခုနှစ်သို့ ရောက်သောအခါ မေဖလားဝါး သင်္ဘောဖြင့် အတ္တလန္တိတ် သမုဒ္ဒရာကို ဖြတ်ကျော်ကာ လမ်းခရီးတွင် စိတ် အမိန္ဒြာန် ပြုကြကာ ပလိုင်းမောက် အရပ်တွင် ကိုလိုနီနယ်ကို ထူထောင်ကြလေသည်။ အခြားသော အင်္ဂလန်မှ ပြောင်းရွှေ့လာသူ အများအားဖြင့် ပျူရီတန်များသည် သူတို့ နောက်သို့ လိုက်ကာ ရှဒ်အိုင်လင်းသို့ မသွားဘဲ နယူး အင်္ဂလန်နယ် တစ်ခုလုံးသို့ ရောက်သွားကြလေသည်။ ထိုအရပ်တွင် ကွန်ဂရီဂေးရှင်းနယ် ဝါဒကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့ကြလေသည်။ ထိုဝါဒသည် ရာစုနှစ် နှစ်ခု (အနှစ် ၂၀၀) လောက် ကြာအောင် နိုင်ငံတော် ဘာသာ အဖြစ် တည်ရှိခဲ့လေတော့သည်။

## ကွဲ့ကြကာများ

ဤခေတ် ဤကာလ၌ ပေါ်ပေါက်ခဲ့သော အင်္ဂလန် ရေဖျန်း အသင်းတော် ဥပဒေကို မလိုက်နာသူ (Nonconformist)

---

၁။ Baptist Church
၂။ Roger William
၃။ Rhode Island
၄။ Robert Brown
၅။ Congregationalism
၆။ Scrooby
၇။ John Robinson
၈။ William Brewster
၉။ William Bradford
၁၀။ Leyden

အုပ်စု တစ်ခုမှာ ကွိုက်ကာများ ဖြစ်သည်။ ကွိုက်ကာများ မှာလည်း စိတ်ဝင်စားဖွယ် ကောင်းသူများ ဖြစ်ကြသည်။

ကွိုက်ကာများသည် အမှုကိစ္စ များစွာတွင် ပြင်းထန်သော သဘောထား အများဆုံး ရှိသူများ ဖြစ်ကြလေသည်။ ပျူရီတန် တော်လှန်ရေးကို ဖြစ်ပေါ်စေခဲ့သော ပြည်တွင်းစစ် ကာလ အတွင်းမှာ ကွိုက်ကာများ ပေါ်ထွန်းလာလေသည်။ ကွိုက်ကာ လှုပ်ရှားမှု၏ အနှစ်သာရ သဘောမှာ ထုံးတမ်းစဉ်လာ အတိုင်း ပုံသေ လိုက်နာသော နည်းစနစ်နှင့် အတုအယောင် ဟန်ဆောင် လှည့်စားသည့် သဘောမှန်သမျှကို ပုန်ကန် ခြားနားရေးပင် ဖြစ်သည်။

ကွိုက်ကာ ဆိုသော အမည်သည် လှောင်ပြောင်၍ ခေါ်သော အမည် ဖြစ်သည်။ သူတို့အချင်းချင်း ခေါ်သော အခါ *'မိတ်သဟာယ အသင်း'*[၁] ဟု ခေါ်ကြသည်။ ဤအယူဝါဒ ဂိုဏ်းကို တည်ထောင်သူမှာ *ဂျော့ ဖော့စ်*[၂] (၁၆၂၄-၁၆၉၁) ဖြစ်သည်။ ဘာသာရေး စိတ်ဓာတ် ပြင်းထန်သော ဉာဏ်ထူး ရှိသူ ဖြစ်သည်။ ကမ္ဘာ့ အကြီးကျယ်ဆုံး ဂမ္ဘီရ ပညာရှင်များ အနက် တစ်ဦး ဖြစ်သည်ဟု မှတ်ယူနိုင်သူ ဖြစ်သည်။ ၁၆၄၆ ခုနှစ်တွင် သူ ခရစ်ယာန် ဘာသာသို့ ကူးပြောင်းလာသည်။ ထိုအတွေ့အကြုံသည် အလွန် လေးနက်သော အတွေ့အကြုံ ဖြစ်သည်။ သူသည် ရှေးက အနာဘက်ပတစ် ဂိုဏ်းဝင် အချို့ ယုံကြည်သော ယုံကြည်မှုမျိုး ရှိခဲ့ဖူးလေသည်။ သူ့ အမြင်တွင် ခရစ်ယာန် ဘာသာဝင် စစ်စစ်သည် အယူဝါဒများနှင့် လိုက်လျော ညီထွေနေရုံဖြင့်၊ ကျမ်းစာကို ယုံကြည်သည် ဆိုရုံဖြင့် မပြီးသေး၊ ဘုရားရှိခိုးကျောင်းသို့ တနင်္ဂနွေနေ့တိုင်း မှန်မှန် သွားရုံဖြင့်လည်း ခရစ်ယာန် စစ်စစ် မဖြစ်သေး၊ ကြေးစား ဘုန်းကြီးများ၊ ဓမ္မဆရာများ ဟောကြား ရွတ်ဖတ်နေသော စကားများကို နားထောင်ရုံဖြင့်လည်း မပြီးသေး၊ မိမိ၏ အဇ္ဈတ္တ သန္တာန်မှာ ဉာဏ် အလင်းရောင် ထွန်းပြောင်လာအောင် ပြုလုပ်နိုင်မှသာ ကိစ္စပြီးမည်ဟု သူ ယူဆလေသည်။ ဘုရားသခင်၏ မုက္ခပါဠ်တော်များသည် ကျမ်းစာများထဲမှာ ထားရမည့် အရာများ မဟုတ်၊ ဘဝထဲမှာ ကျင့်သုံးရမည့် အရာများသာ ဖြစ်၏။ ထိုကျမ်းစာအုပ်ထဲက ဘုရား၏ စကားများသည် ထိုစကားများကို ပြောဆိုရန် ဘုရားသခင် ရွေးချယ်ခြင်း ခံရသူ၏ အသိစိတ်ထဲသို့ တိုက်ရိုက် ရောက်ရှိလာသည်။

ဂျော့ ဖော့စ်သည် ကြေးစား ဓမ္မဆရာများ ပြောကြားသော တရားများကို ဘယ်တော့မှ မနာပေ။ ဘုရားသခင်သည် သူ အလို ရှိသော သူမှ တစ်ဆင့်သာလျှင် သူ အလို ရှိသော အခါ ပြောဆိုသည်။ ထို့ကြောင့် အမျိုးသားတိုင်း အမျိုးသမီးတိုင်းသည် ထိုအကြောင်းကိစ္စ အလို့ငှာ ဘုရားသခင် ကိုယ်စား ပြောဟောနိုင်ခွင့်၊ ပြောဆိုပိုင်ခွင့် ရှိကြသူများချည်းသာ ဖြစ်ကြသည်။ လူသား အချင်းချင်း မိတ်သင်္ဂဟများ အဖြစ် သဘော ထား၍ ဆက်ဆံကြရမည်။ ထိုသို့ ဆက်ဆံခြင်းသည်သာလျှင် လူတိုင်း၏ ကိုယ်ရည်ကိုယ်သွေး အဖြစ် ပါလာသော ဘုရားသခင်၏ ဖြစ်ခွင့် ပြောဆိုခွင့်ကို အသိအမှတ် ပြုပြီး ကြည်ညို လေးစားရာ ကျမည်။ ထို့ကြောင့် စစ်ပြုခြင်း၊ အကြမ်းဖက်ခြင်း မှန်သမျှသည် လုံးဝ ကောက်ကျစ် စဉ်းလဲခြင်းများသာ ဖြစ်ကြသည်။ ကျွန်ပြုခြင်းသည် ခရစ်ယာန် အလုပ် လုံးဝ မဟုတ်။ ခရစ်ယာန် တစ်ဦးကို တမင်တကာ ကတိသစ္စာ ဆိုခိုင်းစရာ၊ ပဋိညာဉ် ပြုခိုင်းစရာ ဘာမှ မလိုပေ။ ခရစ်ယာန်သည် အမြဲတမ်း စိတ်တည်ငြိမ်စွာ မယုတ် မလွန်သော မှန်သော သစ္စာစကားကိုသာ ဆိုတတ်သူ ဖြစ်သောကြောင့်ပင် ဖြစ်၏။

မိတ်သင်္ဂဟများ တွေ့ဆုံ စည်းဝေးသော စည်းဝေးပွဲတွင် စက္ကရမန္တ မင်္ဂလာကိုလည်း လုပ်နေစရာ မလို၊ တမင်တကာ ပြင်ဆင်လာသော တရားမျိုးကိုလည်း ဟောစရာ မလို။ ဘုရားသခင်က လိုအပ်သော နေရာ၌ လိုအပ်သော စကားကို ပြောဆိုရန် စိတ်ကို နှိုးဆော်ပေးလိမ့်မည်ဟု ယုံကြည်ကြသည်။ (စက္ကရမန္တမှာလည်း သင်္ကေတ ပြုထားသော ရုပ်ဝတ္ထုတွေ ပါနေသည်။ ထိုရုပ်ဝတ္ထုများက စိတ်ကို အသိဉာဏ် နာမ်သဘောမှ ရွေ့လျောပြီး ရုပ်တု ကိုးကွယ်ခြင်း သဘောမျိုးသို့ ကျရောက်သွားစေနိုင်သည်။) ဘုရားရှိခိုး ဝတ်ပြု ဆုတောင်းခြင်းသည် ဘုရားတရား ကြည်ညို ဝတ်ပြုခြင်း အစ၌ လိုအပ်သည်မှာ မှန်ပါသည်။ သို့သော် ဝတ်ပြု ဆုတောင်းနေရုံဖြင့် မပြီးသေး။ ဝတ်ပြု ဆုတောင်းပြီးနောက် တိတ်ဆိတ် ငြိမ်သက်စွာ ကမ္မဋ္ဌာန်း ဘာဝနာကို အားထုတ်ရပေဦးမည်။ သို့မှသာ လူ၏ အဇ္ဈတ္တ သန္တာန်၌ ဉာဏ် အလင်းရောင် ထွန်းပြောင်လာပေလိမ့်မည်။ ထိုဉာဏ် အလင်းရောင် ပေါ်ထွက်လာသည် အထိ အားထုတ်ကြရမည်။ ဂျော့ ဖော့စ်နှင့် သူ၏ နောက်လိုက်များသည် တမန်တော်များ၌ ဖြစ်ပေါ်တတ်သော ဓာစိတ်၏ တိုက်တွန်းမှုဖြင့် ဆောင်ရွက်ခြင်းမျိုးကို တက်တက်ကြွကြွ လေးစား လိုက်နာ၍ ပြုမူလေ့ ရှိကြသည်။

ဥပမာ ဖော့စ်သည် ဓာစိတ်က တိုက်တွန်းလာပြီ ဆိုလျှင် ဘုရားရှိခိုး ကျောင်းထဲသို့ ရဲဝံ့စွာ ဝင်သွားပြီး တရား ဓမ္မ ဆရာ ဟောကြားနေသော တရားပွဲကို ကြားက ဝင်ရောက် နှောင့်ယှက် ဖြတ်တောက်ပြီး ထိုတရားပွဲကို ဖျက်

၁။ Society of Friends ၂။ George Fox

သိမ်း ပစ်တတ်သည်။ ထိုအခါ ဘုရားရှိခိုး ကျောင်းထဲမှာ အော်ဟစ်သံ ဆူညံသံများဖြင့် အုန်းအုန်းကျွက်ကျွက် ဖြစ်သွားတတ်လေသည်။ နောက်ဆုံးတွင် အစိုးရ အုပ်ချုပ်ရေး အာဏာပိုင်များက ကွိုက်ကာများသည် တိုင်းပြည် အေးချမ်းငြိမ်သက်မှုကို နှောင့်ယှက် ဖျက်ဆီးသူများ အဖြစ် ရှုမြင်ကာ အပြင်းအထန် ဆန့်ကျင်လေတော့သည်။ လူပေါင်း ထောင်ချီ၍ အကျဉ်းချခြင်း၊ ကြီးလေးသော ဒဏ်ငွေများကို ချမှတ်ခြင်းကို ခံကြရသည်။ ဖော့စ် ကိုယ်တိုင်မှာလည်း မကြာခဏ ထောင်ချခြင်းကို ခံရလေသည်။ သို့ရာတွင် သူ၏ ကြိုးပမ်းချက်ကို ဘာသာရေး ညှဉ်းပန်း နှိပ်စက်ခြင်းမျိုး ကား မခံစားခဲ့ရပေ။

ပြန်လည် ထိန်းသိမ်းရေး ကာလ၊ ဘာသာရေး ညှဉ်းဆဲမှုများဖြင့် အပြင်းအထန် နှိပ်ကွပ်မှုများ အားကောင်းနေချိန်တွင် *ဝီလျံ ပင်း*[၁] (၁၆၄၄-၁၇၁၈) သည် ကွိုက်ကာ တစ်ဦး ဖြစ်လာလေသည်။ ထို့နောက် ၁၆၈၁ ခုနှစ်တွင် ဒုတိယမြောက် ချားလ်စ် ဘုရင်ထံက ပင်ဆဲလ်ဗေးနီးယားနယ်ကို ပေးသနားခြင်း ခံရလေသည်။ ထိုသို့ ထောက်ပံ့ပေးကမ်းခြင်းကို သူက စွန့်ပယ်လိုက်သည်။ ကိုလိုနီ နယ်ချဲ့ခြင်းကို သူက ဆန့်ကျင်ပြီး ဘာသာရေး လွတ်လပ်ခွင့်ကို အလိုရှိသောသူတိုင်းသည် အထူးသဖြင့် ကွိုက်ကာများအား ဖီလာဒဲလ်ဖီးယားသို့ လာကြရန် သူက ဖိတ်ခေါ်လိုက်လေသည်။

အင်္ဂလန် ပြည်တွင်မူကား ကွိုက်ကာများ အတွက် လုံး၀ လွတ်လပ်စွာ ကိုးကွယ်ခွင့်ကို *ဝီလျံနှင့် မေရီ*[၂] နန်းတက်သော ၁၆၈၉ ခုနှစ် '*ဂုဏ်ရှိသော တော်လှန်ရေး*'[၃] အပြီး ကာလကျမှ ရရှိလေသည်။ အခြား သဘောထား ကွဲပြားမှု ရှိသူများကိုလည်း ဥပဒေဖြင့် လွတ်လပ်စွာ ကိုးကွယ်ခွင့် ပြုခဲ့လေတော့သည်။

## ၇။ ၁၆ ရာစုကတည်းက ကက်သလစ် ဝါဒ

ပရိုတက်စတင့် ပြုပြင် ပြောင်းလဲရေး ဖြစ်ပေါ်လာခြင်း၏ အကျိုးဆက် ရလဒ် အဖြစ် ကက်သလစ်တို့၏ မပေါ်လွင် မထင်ရှားခဲ့သော ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေးကို အရှိန်အဟုန် တိုးတက် ပြင်းထန်လာစေကာ အသင်းတော်များ အားလုံးကို ပြုပြင် ပြောင်းလဲရန် တောင်းဆိုမှု ကျယ်ပြန့်စွာ ဖြစ်ပေါ်လာလေတော့သည်။ ပုပ် ရဟန်းမင်းများမှာကား တွန်းအား ပေးသော အင်အားစုများထဲမှာ မပါခဲ့ပေ။ သူတို့က လက်ရှိ အခြေအနေကို ခုခံ ကာကွယ်သော ဘက်မှာသာ နေခဲ့ကြ၏။

၄ ရာစု ခေတ်က ကွန်စတင်တိုင် ဘုရင်ကဲ့သို့ ပဋ္ဌမမြောက် ချားလ်စ် ဘုရင်သည်လည်း စိုးရိမ်စိတ် ဖြစ်ပေါ်လာပြီးနောက် မညီမညွတ် ဖြစ်ရသည့် အကြောင်းရင်းများကို လျှော့ပါးသွားအောင် ဆောင်ရွက်လိုလာသည်။

ပဋ္ဌမမြောက် ချားလ်စ် ဘုရင်က ခရစ်ယာန် အသင်းတော် ချားချ်၏ ပြုပြင် ပြောင်းလဲရေးကို စိတ်အား ထက်သန်စွာ ဆောင်ရွက်လာသည်။ ထို့ပြင် ကက်သလစ် အယူဝါဒမှုများကိုလည်း ပြန်လည် အဓိပ္ပာယ် သတ်မှတ်ရန်၊ ထိုသို့ အဓိပ္ပာယ် သတ်မှတ်ခြင်းအားဖြင့် ထိရောက်မှု ရှိနေသော ပရိုတက်စတင့်တို့၏ ဝေဖန် ဝါဒ ဖြန့်မှုများကို ချေပနိုင်ရန် အတွက် ဖြစ်၏။ သူသည် ဤ အနေအထားသို့ ကာလကြာမြင့်စွာ ကက်သလစ်နှင့် ပရိုတက်စတင့်တို့ ပြန်လည် စေ့စပ် ပေါင်းစည်းရန် ကြိုးပမ်းမှု မအောင်မမြင် ဖြစ်ပြီးမှ ရောက်ရှိလာခြင်း ဖြစ်သည်။

ဤဘုရင်သည်ပင်လျှင် တတိယမြောက် ပုပ် ရဟန်းမင်း ပေါလ်အား ခရစ်ယာန် အသင်းတော်များ အားလုံး ပါဝင်သော *ထရင့်မြို့ကောင်စီ*[၄] ကို ဆင့်ခေါ်ပေးရန် ဖိအား ပေးခဲ့လေသည်။

ဤဖိအားသည် အဆုံးအဖြတ် ပေးနိုင်သော အရေးပါလှသည့် ဖိအား ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ဤဖိအား ပေးမှု၏ နောက်ကွယ်တွင် ဘာသာရေး ဆိုင်ရာ ဘုန်းကြီး ရဟန်းများရော လူသာမန်များရော၏ ပြုပြင်ရေးကို တောင်းဆိုနေသော အထွေထွေ အင်အားစုကြီး တည်ရှိနေသောကြောင့် ဖြစ်၏။ ထိုတောင်းဆိုသံများမှာ ဥရောပတိုက်တွင် ရာစုခေတ်နှင့် ချီ၍ ဖြစ်ပေါ်နေခဲ့သည်မှာ ကြာလှပေပြီ။

---

၁။ William Penn

၂။ William and Mary ၃။ Glorious Revolution
၄။ Council of Trent

ထိုကဲ့သို့ ဘာသာရေး ပြုပြင် ပြောင်းလဲမှုကို တောင်းဆိုသူများထဲတွင် (မိခင် အသင်းတော်ကို စွန့်ခွာသွားသော လူသာနှင့် ဇွင်ဂလီကို အပ ထား၍) *ဂျွန် ဝိုင်ကလစ်*[၁]၊ *ဂျွန် ဟပ်စ်*[၂] ၊ *ဆာဗိုနာရိုလာ*[၃] နှင့် *အီရပ်စ် မတ်*[၄] ဆိုသူတို့သည် အစွမ်း ထက်သူများ ဖြစ်ကြလေသည်။ သို့ရာတွင် ကက်သလစ် ပြုပြင် ပြောင်းလဲရေးသည် စပိန် နိုင်ငံတွင် စိတ်အဓိဋ္ဌာန် ပြင်းထန်ပြီး စစ်သွေးကြွနေကြသော ဉာဏ်အမြင် ပွင့်လင်းနေသော ပြုပြင်ရေး အုပ်စုများ အရှိန်အဟုန် ရလာသည့် အချိန် အထိ ပေါ်ပေါက်နိုင်ခြင်း မရှိခဲ့သေးချေ။ (ပရိုတက်စတင့်များက ၎င်းပြုပြင်ရေးကို တန်ပြန် ပြုပြင် ပြောင်းလဲရေးဟု သမုတ်ကြသည်။) စပိန် နိုင်ငံတွင် ၁၅ ရာစု အတွင်း *မူးဝါး လူမျိုး*[၅] များကို တိုင်းပြည်မှ နှင်ထုတ်သောအခါ နောက်ဆက်တွဲအားဖြင့် တိုလီဒိုမှ နာမည်ကြီး ဂိုဏ်းချုပ် ဘုန်းကြီး ဖြစ်သူ *ဇီမင်းနီး*[၆] ဦးဆောင်သော ဘုန်းကြီးများက ပြုပြင် ပြောင်းလဲရေးကို ဆောင်ရွက်ကြလေသည်။ ဇီမင်းနီး ဂိုဏ်းချုပ်ကြီးသည် *အစ္စာဘယ်လာ ဘုရင်မ*[၇] အတွက် အပြစ်ကို ဝန်ချသူ ဖြစ်၏။ စပိန် အသင်းတော် ချားချ်သည် အကျင့်ပျက် ဘုန်းကြီး ရဟန်းများကို သာသနာ သန့်ရှင်းရေး ပြုလုပ်လေသည်။ ပရိယတ္တိ စာပေများကို ဘုန်းကြီး ရဟန်းများအား သင်ကြား ပို့ချပေးမည့် သာသနာ့ တက္ကသိုလ်ကိုလည်း တည်ထောင်ခဲ့လေသည်။

ဖာဒီနန် ဘုရင်နှင့် အစ္စာဘယ်လာ မိဖုရားတို့ လက်ထက်တွင် ခရစ်ယာန် အသင်းတော် ချားချ်နှင့် နိုင်ငံတော်တို့ နီးကပ်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့ကြသည်။ အမျိုးသားရေး အသွင်ဖြင့် ဆောင်ရွက်သော မေးမြန်း စစ်ဆေးခြင်းဖြင့် အသင်းတော်နှင့် နိုင်ငံတော်သည် သာသနာ သန့်ရှင်း စင်ကြယ်ရေးကို ဆောင်ရွက်ကြလေသည်။ မေးမြန်းစစ်ဆေး အရေးယူသူများကို စပိန်ပြည့်ရှင် ဘုရင်က ခန့်ထားခဲ့လေသည်။

ဤကဲ့သို့ စပိန် ခရစ်ယာန် အသင်းတော်ကို ပြန်လည်အားသန်လာအောင် ပြုလုပ်ခြင်းသည် ဥရောပတိုက်တွင် စပိန်နိုင်ငံသည် လျင်မြန်စွာ ပထမ အဆင့် အင်အားကြီး နိုင်ငံဖြစ်သော အချိန်နှင့် အံကိုက် ဖြစ်သွားလေသည်။ ထို့ကြောင့် စပိန် ဘုရင်သည် သန့်ရှင်းသော ရောမ နိုင်ငံတော်၏ ဧကရာဇ် အဆင့်သို့ ရောက်ရှိသွားလေတော့သည်။ သူသည် ပဥ္စမ မြောက် ချားလ်စ်ဘွဲ့ကို ခံယူခဲ့လေသည်။

၁။ John Wyclif
၂။ John Huss
၃။ Savonarola
၄။ Erasmus
၅။ Moors
၆။ Ximenes
၇။ Queen Isabella

## ကက်သလစ် ပြုပြင် ပြောင်းလဲရေး

ကက်သလစ် ပြုပြင် ပြောင်းလဲရေး လှိုင်းဂယက်တွင် အဓိက ဖော်ပြချက် သုံးချက် ရှိသည်။

### (က) ထရင့် မြို့တွင် ကျင်းပသော ကောင်စီ စည်းဝေးပွဲကြီး

၁၅၄၅ ခုနှစ်တွင် ပဥ္စမမြောက် ချားလ်စ် ဘုရင်က တတိယမြောက် ပေါလ် ပုပ် ရဟန်းမင်းအား ခေါ်ပေးရန် တောင်းဆိုသော အချိန်တွင် သူ့စိတ်ထဲ၌ ပထမ လိုအပ်သော ပြုပြင် ပြောင်းလဲရေး အလုပ်များကို ပြုလုပ်ရန် ဖြစ်ပြီး ဒုတိယအားဖြင့် ကက်သလစ် အယူဝါဒများကို ပြန်လည်၍ အဓိပ္ပာယ် သတ်မှတ်ရန် မျှော်မှန်းထားခဲ့လေသည်။ ထိုသို့ ပြုလုပ်နိုင်ရန် အတွက် သူ့အနေနှင့် ပရိုတက်စတင့် ခေါင်းဆောင်ပိုင်းကို ပထမ သိမ်းသွင်း စည်းရုံးရန် ကြံစည်ထားပြီး ထိုနောက်မှ သူ၏ စစ်အင်အားဖြင့် ပရိုတက်စတင့် ဂျာမန် မင်းညီမင်းသားများကို တိုက်ခိုက် သိမ်းပိုက် အနိုင်ယူရန် စီမံထားသည်။ ဤသို့ ပြုလုပ်ခြင်းသည် ကလန်ကဆန် ပြုနေကြသူများအား ကက်သလစ် ဘောင်ထဲသို့ ရောက်အောင် စိတ်ပိုင်းဆိုင်ရာ အရ တစ်ချက် ခုတ် နှစ်ချက် ပြတ် အဖြစ်သို့လည်း ရောက်သွားနိုင်ပေသည်။ သို့ရာတွင် ကက်သလစ် ခေါင်းဆောင်များက မူဝါဒကို ဆွေးနွေးရေးနှင့် ပြုပြင်ရေးကို တစ်လှည့်စီ ဆောင်ရွက်ရန် တိုက်တွန်းနေကြပြန်သည်။ ထိုနောက် မကြာမီမှာပင် အလယ်ခေတ် ကက်သလစ် အယူဝါဒများကို ခိုင်ခိုင်မာမာ ပြန်လည် အဓိပ္ပာယ် သတ်မှတ်ခြင်းအားဖြင့် ပရိုတက်စတင့်များနှင့် ပြန်လည် ပေါင်းစည်းရေးမှာ မဖြစ်နိုင်သော အဆင့်သို့ ရောက်ရှိသွားလေတော့သည်။ ထိုကောင်စီ စည်းဝေးပွဲ ကျင်းပသော ကာလသည် (၁၅၄၅-၁၅၆၃) အထိ ၁၈ နှစ် ကြာခဲ့လေသည်။ ထိုအတောအတွင်း၌ ကြေညာသော အချက်များမှာ-

(၁) ကက်သလစ် အစဉ်အလာများသည်သာလျှင် ကျမ်းစာနှင့် ကိုက်ညီပြီး သစ္စာ တရား၏ မူလ အခြေခံလည်း ဖြစ်သည့်ပြင် အားလုံးသော ခရစ်ယာန်တို့၏ ဘဝ အပေါ်၌ အာဏာပိုင် ဖြစ်သည်။

(၂) လက်တင် ဘာသာဖြင့် ရေးသားထားသော သမ္မာ ကျမ်းစာသည်သာ မှန်မြတ်သော ပိဋကတော် ဖြစ်သည်။

(၃) ကျမ်းစာပါ အချက်အလက်များကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် ကက်သလစ် အသင်းတော်သည်သာ တစ်ခုတည်းသော အခွင့်အာဏာ ရှိသော ချားချ် ဖြစ်ရမည်။
(၄) အလယ်ခေတ် အသင်းတော် ချားချ်က စက္ကရမန္တ မင်္ဂလာကို ခုနစ်မျိုး ပြထားခဲ့သည်။ ပရိုတက်စတင့်များ ယူဆသလို နှစ်ခုတည်း မဟုတ်။
(၅) ဖြောင့်မတ် မှန်ကန်ကြောင်း ထင်ရှားစေခြင်းသည် ယုံကြည် သက်ဝင်မှု သဒ္ဓါတရားပေါ်မှာသာ တည်သည်။ သို့သော် ပရိုတက်စတင့်တို့ ပြောသလို ယုံကြည် သက်ဝင်မှု သဒ္ဓါ တစ်ခုတည်း အပေါ်မှာသာ တည်သည် မဟုတ်၊ ကောင်းမြတ်သော အကျင့် စရဏများပေါ်မှာ တည်၍လည်း ဘုရားသခင်၏ ကျေးဇူးတော်ကို ခံယူရရှိနိုင်ပေသည်။

စည်းကမ်းပိုင်းနှင့် ဘုရားရှိခိုးကျောင်း အုပ်ချုပ်ရေး အပိုင်းတို့တွင် ကျင့်ဝတ်သီလကို စောင့်ထိန်းရေးနှင့် ပညာရေးကို တိုးချဲ့ ဆောင်ရွက်ရေးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် ကောင်စီက ချမှတ်ပေးခဲ့လေသည်။

အပြစ်ဖြေလွှာ ထုတ်ဝေခြင်းနှင့် စိန့်သူတော်စင်များကို ကြည်ညိုခြင်း ကိစ္စများကို တင်းကျပ်သော စည်းမျဉ်း စည်းကမ်းများဖြင့် ဆောင်ရွက်ရမည်ဟုလည်း ကောင်စီက အမိန့် ထုတ်ခဲ့လေသည်။ တစ်နှစ် အတွင်း ဘာသာရေး ပွဲလမ်းသဘင်များ ကျင်းပရမည့် နေ့ထူး နေ့မြတ်များ၏ အရေအတွက်ကိုလည်း ကောင်စီက သတ်မှတ်ပေးခဲ့လေသည် (ထိုသို့ ပြုလုပ်ရာတွင် စီးပွားရှာသည့် သဘောမျိုး မသက်ရောက်စေရန်လည်း ဖြစ်သည်။)။ ထို့ပြင် ဤကောင်စီက မြို့ကြီး ပြကြီးများရှိ ဘိရှော့များနှင့် ဓမ္မဆရာ ဘုန်းကြီးများကသာ အများပြည်သူ ပရိသတ်အား ကျမ်းစာနှင့် ပတ်သက်သော ဟောပြောခြင်း၊ အဓိပ္ပာယ် ဖွင့်ဆိုခြင်းများကို ပြုရန်နှင့် ယေဘုယျအားဖြင့် တရားဓမ္မများကို ဟောပြောကြသော အခါမှာလည်း ဘဝ လွတ်မြောက်ခြင်း (ကယ်တင်ခြင်း) နှင့် ပတ်သက်သော တရားမျိုးကိုသာ ဦးစားပေး၍ ဟောကြားရန်ကိုလည်း အမိန့် ထုတ်ခဲ့လေသည်။

ဤကောင်စီ ဆုံးဖြတ်ချက်များ၏ ရလဒ်မှာ တာဝေးသို့ အထိ အကျိုး သက်ရောက်မှု ရှိခဲ့လေသည်။ ကောင်စီ၏ ညွှန်ကြားချက် အရ ပုပ်ရဟန်းမင်းက ပိတ်ပင် တားမြစ်သော စာအုပ်များ၏ အညွှန်း စာရင်း တစ်ခုကို ပြုစုရလေသည်။

ဤသို့ ပြုလုပ်ခြင်းဖြင့် ပရိုတက်စတင့်တို့၏ စာပေ ကျမ်းဂန်များကို ကက်သလစ်များက မလေ့လာရအောင် တားမြစ်နိုင်သော ခြေတစ်လှမ်းကို လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။

**(ခ) ချားချ်၏ ကျယ်ပြန့်သော ဆောင်ရွက်မှုများအား အမေးအဖြေ လုပ်ရေး ကိစ္စကို ပြန်လည် ဖွဲ့စည်းခြင်း**

၁၅၄၂ ခုနှစ်တွင် ပုပ် ရဟန်းမင်း တတိယမြောက် ပေါလ်ကို သူ၏ အကြံပေး ပုဂ္ဂိုလ်များက အမေးအဖြေ ပြုလုပ်ခြင်းကို ပြန်လည် ဖွဲ့စည်း ဆောင်ရွက်ရန် ဆွဲဆောင် တိုက်တွန်းခဲ့ကြလေသည်။ ထိုသို့ အမေး အဖြေ လုပ်ခြင်းကို ဥရောပတိုက် တစ်ခွင်လုံးရှိ ထိုသို့ ပြုလုပ်ခြင်းကို လိုလားထောက်ခံလိုသော အုပ်ချုပ်ရေး အာဏာပိုင်များ ရှိသော အရပ်ဒေသတိုင်းတွင် ကျယ်ပြန့်သော အတိုင်းအတာဖြင့် ချက်ချင်း ပြုလုပ်ရေးကိုလည်း တိုက်တွန်း ပြောဆိုခဲ့ကြလေသည်။ ဤကက်သလစ် ပြုပြင် ပြောင်းလဲရေး သို့မဟုတ် တန်ပြန် ပြုပြင် ပြောင်းလဲရေးသည် ကက်သလစ်တို့၏ နယ်ပယ်များ၌ ပရိုတက်စတင့်များ သန့်စင် ကင်းရှင်းသွားအောင် လျင်မြန်စွာ ဆောင်ရွက်နိုင်သော လက်နက် ကိရိယာ တစ်ခု ဖြစ်လာလေသည်။ ထိုကဲ့သို့ ပရိုတက်စတင့်များ ကင်းစင် သန့်ရှင်းသွားသော ပထမဆုံး နိုင်ငံမှာ အီတလီ နိုင်ငံ ဖြစ်လေသည်။

**(ဂ) ဂျက်စုနှင့် အခြား ဘာသာရေး ဂိုဏ်းများ**

ကက်သလစ် စိတ်ဓာတ်နှင့် စိတ်အား ထက်သန်မှုကို ပြန်လည် ပြုပြင်ရာမှ ဖြစ်ပေါ်လာသော အရေးပါသော အချက် တစ်ချက်မှာ ဘာသာရေး ဂိုဏ်းသစ်များ ပေါ်ပေါက်လာခြင်းပင် ဖြစ်၏။

ထိုဂိုဏ်းဂဏများ အနက် အထင်ရှားဆုံး ဂိုဏ်းမှာ *အစ်ဂနေးရှပ် လိုင်ယိုလာ* [၁] တည်ထောင်သော *ဂျက်စု* [၂] ဂိုဏ်း ဖြစ်သည်။

## ဂျက်စုဂိုဏ်း

လိုင်ယိုလာ (၁၄၉၁-၁၅၅၆) သည် စပိန် မူးမျိုးမတ်မျိုး တစ်ဦး ဖြစ်သည်။ အစက ဖာဒီနန်၏ နန်းတော်ထဲတွင် လူပျိုတော် လုလင် အဖြစ် ဆောင်ရွက် အမှုတော်ထမ်းနေခဲ့

၁။ Ignatius Loyola ၂။ Jesuits

ပြီးနောက် စစ်ထဲသို့ ဝင်ရာ စစ်သား တစ်ဦး ဖြစ်လာလေသည်။ ပြင်သစ်တို့နှင့် တိုက်ခိုက်သော တိုက်ပွဲ တစ်ခုတွင် အပြင်းအထန် ဒဏ်ရာ ရရှိခဲ့၏။ သူ ရောဂါ သက်သာပြီး ပြန်လည် နာလန်ထလာသော အခါ ခရစ်တော် အကြောင်း၊ စိန့် ဒိုမိနစ် အကြောင်း၊ စိန့် ဖရန့်စစ် အကြောင်းများကို ဖတ်ရှု လေ့လာလေသည်။ ထို့နောက် သာသနာပြု ပုဂ္ဂိုလ် 'မယ်တော်၏ သူရဲကောင်း' ပြုလုပ်ရန် စိတ် ဆုံးဖြတ်လိုက်လေသည်။

ထိုဆုံးဖြတ်ချက်နှင့်အညီ သူသည် မွန်ဆာရတ် မြို့ရှိ ခရစ်တော်၏ မယ်တော် ယဇ်ပလ္လင်တွင် သူ၏ လက်နက်များကို ချိတ်ဆွဲထားခဲ့ပြီးနောက် ဒိုမီနီကန် ဘုန်းကြီးကျောင်းသို့ သွားပြီးလျှင် ခရစ်တော်၏ ဘဝနှင့် လုပ်ငန်းစဉ်များကို ကိုယ်တိုင် သိမြင် နားလည်အောင် အားထုတ်ပြီးလျှင် မကောင်းမှု ဒုစရိုက်များကို တွန်းလှန် တိုက်ခိုက်သော ခရစ်ယာန်တို့၏ စစ်ပွဲကို ဆင်နွှဲရန် ကြိုးပမ်းလေတော့သည်။ ထိုကြိုးပမ်းချက်ကို နောက်ပိုင်း၌ စနစ်တကျ ဖြစ်အောင် ပြုလုပ်ပြီးနောက် *ဂျက်စု ဝိညာဉ်ပိုင်းဆိုင်ရာ လေ့ကျင့်မှု* [၁] ဟု သမုတ်ခဲ့လေသည်။

ဂျေရုဆလင် မြို့တော်သို့ ဘုရား ဖူးရန် သွားသော အခါ သူ့စိတ်ထဲမှာ ပရိယတ္တိ ပညာတတ်ဖို့ လိုသေးကြောင်း ခံစား သိမြင်လာသည်။ ထို့ကြောင့် သူသည် အလျင်အမြန် အိမ်သို့ ပြန်ပြီး စပိန်နှင့် ပြင်သစ်ပြည်တွင် စာပေ ပရိယတ္တိ ပညာများကို သင်ယူလေသည်။ ထိုသို့ စာပေ ပရိယတ္တိ လေ့လာ လိုက်စားရာ နေရာတိုင်းတွင် သူသည် အပေါင်းအသင်းများကို စုစည်းပြီး သူ၏ ကမ္မဋ္ဌာန်း ဘာဝနာ လုပ်ငန်းများကို ထိုသူများအား လေ့ကျင့် သင်ကြားပေးခဲ့လေသည်။

ထိုသို့ ပြုလုပ်ခြင်းအားဖြင့် သူ့ကို *ဖရန့်စစ် ဇေဗီးယား* [၂] ဆိုသူက နှစ်ခြိုက် ကြည်ညိုလာလေသည်။ ဇေဗီးယားသည် အိန္ဒိယနှင့် ဂျပန် နိုင်ငံတို့တွင် ထင်ရှားသော သာသနာပြု ပုဂ္ဂိုလ်ကြီး ဖြစ်လာလေသည်။

နောက် နှစ်ဦးမှာ *ဒီယာဂို လိန်နက်ဇ်* [၃] ဆိုသူနှင့် *ဆိုင်မွန် ရော့ဒရစ်ဂ်* [၄] ဖြစ်သည်။

၁၅၃၄ ခုနှစ်က ပြင်သစ်ပြည်တွင် သူသည် မိတ်ဆွေ သုံးဦးကို စည်းရုံးကာ *'ခရစ်တော်၏ အပေါင်းအသင်း'* [၅] စစ်သားများ အဖြစ် သိမ်းသွင်းပြီး ဂျေရုဆလင် မြို့သို့ သွားကြရန် သစ္စာကတိ ပြုစေလေသည်။ သာသနာပြုများ အဖြစ် ဘုရား တရားကို မကြည်ညိုသော မွတ်ဆလင်များထံသို့ သွားကြရန် ဖြစ်၏။ ထို ကြိုးပမ်း စွန့်စားခန်းမှာ မအောင်မြင်ဘဲ ရှုံးနိမ့်သွားသော အခါ သူတို့၏ ဘဝကို ပုပ် ရဟန်းမင်းထံမှာ အလုပ်အကျွေး အဖြစ် အသုံးပြုရန် ဆုံးဖြတ်ကြပြန်သည်။

တူရကီများနှင့် ဖြစ်ပွားနေသော စစ်ပွဲက သူတို့အား ဂျေရုဆလင် မြို့သို့ သွား၍ မရအောင် တားမြစ်ထားသော အခါ သူတို့သည် ရောမမြို့သို့ သွားကြလေသည်။

၁၅၄၀ ခုနှစ်တွင် ပုပ် ရဟန်းမင်းထံက သူတို့သည် အခွင့်အာဏာကို ရရှိကြပြီးနောက် *ယေရှု အသင်းတော်* [၆] ကို တည်ထောင်လေသည်။

လိုယိုလာက ပထမဆုံး ထိုအသင်း၏ ဗိုလ်ချုပ် အဖြစ် ဆောင်ရွက်လေသည်။

သူတို့ကို ဂျက်စုများဟု ခေါ်ကြသည်။ သူတို့သည် တင်းကျပ်သော စစ်စည်းကမ်းဖြင့် နေထိုင်သူများ ဖြစ်ကြလေသည်။ ဘာဝနာ အလုပ်ကို အားထုတ်ကြသည်။ အထက် အရာရှိကို အလွန် လေးစား၍ အမိန့်နာခံကြသည်။ အပြစ် ဖြစ်မည်ကို အလွန် စိုးရိမ်တတ်ကြသည်။ သူတို့ အမြင်တွင် ကာယကံ ကိစ္စမှာ အပြစ် ဒုစရိုက် ဖြစ်စရာ *ဘာအကြောင်းမျှ* မရှိ၊ မနောကံမှာ ဒုစရိုက် ဖြစ်မှသာ ထိုစေတနာက မကောင်းမှုကို ကာယကံမြောက် ပြုခွင့် ပြုခြင်း ဖြစ်သည်။ အကယ်၍ ပြုသင့်သော အမှုကိစ္စ ဖြစ်ကြောင်း အထောက်အထား ရှိပါက လူတစ်ဦးသည် မိမိစိတ်မှာ ဒွိဟ ဖြစ်သော အမှုကိစ္စကိုပင် ပြုလုပ်နိုင်သည်။ ထိုသို့ ပြုရန် အထောက်အထား အကြောင်း ယုတ္တိ ဆိုသည်မှာ မိမိထက် ပို၍ အတွေ့အကြုံ များသူ၊ မိမိ အထက်က အခွင့်အာဏာ ရှိသူက လက်ခံလျှင် ထိုအလုပ်ကို လုပ်နိုင်သည်ဟု လက်ခံကြသည်။

ဤဂျက်စုများသည် စစ်သားစိတ် ရှိသူများ ဖြစ်သည်။ ဖြစ်ပေါ်လာသော အကျိုး ရလဒ်က ကောင်းလျှင် မိမိ ပြုလုပ်လိုက်သော အမှုသည် ဖြောင့်မှန်ကြောင်း အလိုလို သိမြင် ထင်ရှားလာလိမ့်မည်ဟု ဆိုသည်။ ထို့နောက် အမှန်ကိုသာ လုံးလုံး ထုတ်ဖော် ပြောဆိုရန် လိုအပ်သော ကိစ္စတွင် 'စိတ်ကို ထိန်းသိမ်း ခြွင်းချန်' ထားခြင်းကိုလည်း သူတို့က ခွင့်ပြု

---

၁။ Jesuit Spritual Exercises

၂။ Francis Xavier

၃။ Diego Lainez

၄။ Simon Rodriguez

၅။ Company of Jesus

၆။ The Society of Jesus

ကြလေသည်။ ကတိသစ္စာ ဆိုထားသော ကိစ္စမှာပင် ဖြစ်စေ၊ လုံးလုံးလျားလျား အမှန်ကိုချည်း မခြွင်းမချန် ပြောဆိုရန် မလိုဟုလည်း ယူဆကြလေသည်။ အဓိကမှာ ဂျက်စုဂိုဏ်း၏ အယူအဆများကို အကြွင်းမဲ့ အသက်ကို စွန့်၍ ယုံကြည်လက်ခံရန်သာ ဖြစ်သည်။ စစ်ပုံစံအတိုင်း အထက် အရာရှိက အမိန့်ပေးသော ကိစ္စကို လုံး၀ လိုက်နာ လုပ်ဆောင်ရေးသာလျှင် အဓိက ကျပေသည်။ ဤကဲ့သို့ စွန့်လွှတ် စွန့်စား၍၊ အထက် အမိန့်ကို နာခံ၍ အမှုထမ်းရေးကိုသာ ဂျက်စုအသင်းသားများအား လေ့ကျင့် ပျိုးထောင်ပေးသည်။

ရှင်သာမဏေ ပြုပြီးနောက် လေးပတ်တိတိ ဝိညာဉ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းများကို အပြင်းအထန် ပြုလုပ်ကြရသည်။ ဤသို့ လေ့ကျင့် သင်ကြားစဉ် ဖော်ပြလာသော စွမ်းရည်သတ္တိ ကိုယ်ရည်ကိုယ်သွေးကို ကြည့်ပြီး ဂျက်စုတစ်ဦးကို သူ့ အထက် အရာရှိက ထိုသူနှင့် သင့်တော်သော ရာထူး တာဝန်ကို သတ်မှတ်ပေးလေသည်။ ရာထူး ဌာနန္တရ တစ်ခုခုမှာ ခန့်ထားခြင်း ခံရလျှင် ဘယ်လောက် ဝေးကွာသော အရပ်မှာ ဖြစ်ဖြစ် သူသည် သွားရောက် အမှုထမ်းပြီး အစီရင်ခံစာများကို မပြတ်မလပ် ရေးသား၍ သူ့ အထက် အရာရှိထံသို့ ပေးပို့နေရသည်။

သာသနာပြု အဖွဲ့များ စေလွှတ်ခြင်း ကိစ္စတွင် ဂျက်စုများ၏ လုပ်ကိုင် ဆောင်ရွက်ပုံသည် အောင်မြင်မှု ရရှိကြောင်း ပေါ်လွင်သည်။ ဖရန်စစ် ဇေးဗီးယားသာမက သူ့ အပေါင်းအသင်းများသည် အိန္ဒိယပြည်သို့ လည်းကောင်း၊ ဂျပန်နှင့် တရုတ်ပြည်များသို့ လည်းကောင်း ကက်သလစ်ဘာသာကို ယူဆောင်လာပြီး ပြန့်ပွားသွားအောင် ပြုလုပ်နိုင်ခဲ့ကြသည်။ သို့သော် ၁၆ ရာစုနှင့် ၁၇ ရာစု အတွင်းတွင် အခြား အဖွဲ့များက တောင် အမေရိကတိုက် စိန့်လောရင့်နှင့် မစ္စစ္စပီ မြစ်ဝှမ်း မြေပြန့်၊ မက္ကစီကိုနှင့် ကာလီဖိုးနီးယားသို့ ကက်သလစ် ဘာသာကို ယူဆောင်သွားပြီး ပျံ့နှံ့အောင် ဆောင်ရွက်ခဲ့ကြလေသည်။

ဤတွင် သိမှတ်ဖွယ် ကောင်းသော အရေးပါသော အချက် တစ်ခုမှာ တိုင်းရင်းသား လူမျိုးများ၏ အထင်အမြင်တွင် ယခု ရောက်လာကြသူ ဘုန်းကြီးများသည် ၁၆ ရာစု အတွင်းက အမေရိကတိုက် မက္ကဆီကို နိုင်ငံများကို အောင်နိုင်ခဲ့ကြသော စပိန် လူမျိုးများကဲ့သို့ ခေါင်းပုံဖြတ် ခိုင်းစားသူများ၊ အဓမ္မ လုယက် စားသောက်ကြသူများ မဟုတ်ဘဲ ကယ်တင်ရန် အတွက် လာသူများ ဖြစ်သည်ဟု သိမြင် ခံစားရခြင်းပင် ဖြစ်၏။ ဥရောပ တိုက်တွင်လည်း ဂျက်စုများသည် ညင်သာစွာနှင့် လိမ္မာ ပါးနပ်စွာ စီးပွားရေး အရေး ပါသော အရောင်းအဝယ် လုပ်ငန်းများနှင့် အစိုးရ အထက်တန်း ရာထူးများကို ရရှိအောင် ဆောင်ရွက်နိုင်ကြသည့်ပြင် ဘုရင်နှင့် မင်းညီမင်းသားများ၏ နန်းတွင်းရေးများမှာပါ ပါဝင် စွက်ဖက်နိုင်သူများ ဖြစ်လာကြလေသည်။

ပြင်သစ်၊ ပေါ်တူဂီ၊ စပိန်နှင့် ဩစတြီးယား နိုင်ငံများ၌ ၁၆ ရာစုနှင့် ၁၇ ရာစုများ အတွင်း သူတို့၏ တန်ခိုးဩဇာ အလွန် ကြီးထွားခဲ့လေသည်။ သို့ရာတွင် နောက်ဆုံး၌ သူတို့သည် အားလုံးသော ပရိုတက်စတင့်များ၏ ရန်ဘက်ကြီး ဖြစ်လာလေသည်။ အခြားသော ကက်သလစ် အုပ်စုများနှင့်လည်း မသင့်မတင့် ဖြစ်လာကြ၏။

၁၈ ရာစုသို့ ရောက်သော အခါ ပေါ်တူဂီ၊ ပြင်သစ်နှင့် စပိန်တို့က သူတို့ကို တစ်နိုင်ငံပြီး တစ်နိုင်ငံက ပိတ်ပင်တားဆီးလိုက်ကြခြင်းကို ခံရလေသည်။ နောက်ဆုံးတွင် သူတို့၏ လောကီ အာဏာ အားလုံး ဆုံးရှုံးသွားလေသည်။ သို့သော် သူတို့ အနေနှင့် ယနေ့ထက်တိုင်အောင် ထရင့်ကောင်စီက ချမှတ်ခဲ့သော အမိန့် ဒီဂရီများကို ပုပ် ရဟန်းမင်းက လက်ခံနေရအောင် ဩဇာ ကြီးမားဆဲပင် ဖြစ်၏။

ကက်သလစ် အယူဝါဒသစ် ပြောင်းလဲရေးတွင် ဖြစ်ပေါ်လာသော အဖွဲ့အစည်းသစ်များမှာ ဂျက်စု တစ်ခုတည်း မဟုတ်ချေ။ ၁၆ ရာစုနှင့် ၁၇ ရာစုနှစ်များ အတွင်း *ဩရာတိုရီးယန်း*[၁] များ၊ *သီရေးတိုင်း*[၂] များ၊ *အာဆူလိုင်း*[၃] များ၊ *ဗီစီတန်ဒိုင်း*[၄] များနှင့် *လာဇာရစ်*[၅] များလည်း ရှိသေးသည်။

ထိုဂိုဏ်း ငါးဂိုဏ်း အနက် ပထမ နှစ်ဂိုဏ်းသည် ဘုရင်ဂျီ ဘာသာ၏ ဘုန်းကြီး ရာထူး ဌာနန္တရ အဆင့်ဆင့်ကို ဖော်ပြထားသော စာအုပ်ကို ပြန်လည် ပြုပြင်ရေးနှင့် ဟောပြောသော ဓမ္မများ တိုးတက်ရေးကို အဓိက ထားကြသည်။ နောက်ဂိုဏ်း သုံးဂိုဏ်းမှာ သူနာပြု လူမှုဝန်ထမ်း လုပ်ငန်းများကို အမျိုးသမီးများ ပါဝင် ဆောင်ရွက်ရေးကို အဓိက ထား၍ ဆောင်ရွက်ကြလေသည်။

လှုပ်ရှားမှုများသည် အကျိုးများလည်း ဖြစ်ပြီး အကြောင်း တရားများလည်း ဖြစ်ကြသည်။ ထိုဂိုဏ်းများသည် မြင့်မားလာသော ကက်သလစ် သဘောထား ဖြစ်သော ကမ္ဘာပေါ်တွင် ခရစ်ယာန် အသင်းတော်၏ အလေးထား ဆောင်ရွက်မှု သဘောထားမှ ပေါက်ဖွားလာကြခြင်း ဖြစ်၏။ သူတို့က ရှေးက ခရစ်ယာန် အသင်းတော်များ၏ ပေါ်

---

၁။ Oratorians
၂။ Theatines
၃။ Ursulines
၄။ Visitandines
၅။ Lazarists

လျော့မှုများကို စိတ်အား ထက်သန်မှုဖြင့် အစား ထိုး၍ တက်တက်ကြွကြွ ဆောင်ရွက်ရေးကို တိုက်တွန်း နှိုးဆော် လာကြသည်။ ဖရန်စစ္စကန်နှင့် ဒိုမီနီကန်ဂိုဏ်း အယူအဆ များကို ပြန်၍ အားကောင်းအောင် ပြုလာကြသည်။ ပုပ် ရဟန်းမင်းကြီး၏ ရာထူးကိုပင် ထိခိုက်လာသည်။ ထိုအခါမှ စ၍ ပုပ် ရဟန်းမင်းသည် ပို၍ ရိုးရိုးသားသား ခြိုးခြံခြိုးခြံ ကျင့်ကြံလာရသည်။ ဘရင်ဂျီ ဘာသာ၏ အဓိက ရည်မှန်း ချက်များ ထမြောက် အောင်မြင်ရေးကိုသာ စိတ်အား ထက် သန်စွာ မနေမနား ဆောင်ရွက်ရလေတော့၏။

## ၁၇၀၀ ပြည့်နှစ်မှ စတင်လာသော အယူဝါဒနှင့် ရဟန်း သံဃာ ဆိုင်ရာ တိုးတက် ဖွံ့ဖြိုးမှုများ

၁၈ ရာစုသို့ ရောက်လာသည်နှင့် အများအားဖြင့် ကက်သလစ် ပြုပြင် ပြောင်းလဲရေး အင်အားစုများ ဆုတ်ယုတ်သွားကြ လေတော့သည်။ လူဝီ ၁၄ ဘုရင်က ပြင်သစ် နိုင်ငံတွင် ပုပ် ရဟန်းမင်းကြီး၏ ဩဇာ အာဏာကို တားဆီးပြီး လစ်လပ် သွားသော ဘိရှော့ နေရာများမှ ဝင်ငွေများကို ကိုယ့်အတွက် ယူသုံးရုံမျှ မကဘဲ ပြင်သစ် ရဟန်း သံဃာတော်များကို လည်း ပြင်သစ်တို့မှာ လွတ်လပ်စွာ ဆောင်ရွက်နိုင်သော အခွင့်အရေး ရှိကြောင်း ပွင့်ပွင့်လင်းလင်း တောင်းဆိုကြရန် အားပေး တိုက်တွန်းလေသည်။ ထိုအစီအစဉ် အရ ပုပ် ရဟန်း မင်းသည် အမှားအယွင်း ကင်းစင်သူ မဟုတ်ကြောင်း၊ ပုပ် ရဟန်းမင်းထက် အထွေထွေကောင်စီကသာ ပိုပြီး အာဏာ ရှိကြောင်း ပြောဆိုစေခဲ့လေသည်။ ပြင်သစ် ပြည်သားများ အကြားမှာလည်း ဆင်ခြင်ဉာဏ်ကို ဦးစားပေး စဉ်းစားလို သူများ ထွန်းကားလာသော အချိန် ဖြစ်ရကား ၁၈ ရာစု တွင် ပြင်သစ် တော်လှန်ရေးကြီးပင် ပေါ်ပေါက်ခဲ့ပြီ ဖြစ်ရာ ခရစ်ယာန် ဘာသာတွင် ဘုန်းကြီး ရဟန်း ဆန့်ကျင်ရေး အယူဝါဒ ပေါ်ထွန်းလာပြီးလျှင် အကြမ်းဖက်သော အဆင့် သို့ပင် ရောက်ရှိနေပြီ ဖြစ်၏။ ထိုအကြမ်းဖက် အမြင်များ ကို အခိုက်အတန့်အားဖြင့် ပပျောက်အောင် ဆောင်ရွက်နိုင်ခဲ့ ကြ၏။

နပိုလီယံ လက်ထက်တွင် ကက်သလစ် အသင်းတော် နှင့် သဘော တူညီမှု ရရှိပြီးနောက် ထို အသင်းတော်ကို အစိုးရ၏ အုပ်ချုပ်မှု လက်အောက်ခံ ဖြစ်စေရန် ဆုံးဖြတ် ခဲ့လေသည်။

ဂျာမနီ ပြည်တွင်လည်း အနှစ် သုံးဆယ် စစ်ပွဲက ဂျာမနီ လူဦးရေ၏ ၆၅ ရာခိုင်နှုန်းလောက်ကို လျော့ပါး သွားစေခဲ့၏။ ကက်သလစ်နှင့် ပရိုတက်စတင့်များ ကွဲပြား ခြားနားချက်ကို ပြောင်းလဲသွားအောင်လည်း ဘာမျှ မလုပ် ပေးနိုင်ခဲ့ပေ။ ထိုသို့ ဖြစ်ပြီးမှ ကက်သလစ်များမှာ အနာ တရ ဖြစ်ခဲ့ရာက နာလန် ပြန်ထခါစ ရှိသေး၏။ နပိုလီယံ စစ်ပွဲများ ပြီးဆုံးသွားပြီး နောက်ကျမှ ၁၈ ရာစုမှာ ပေါ် ထွန်းလာသော ဆင်ခြင်တုံ ဝါဒကို တုံ့ပြန်ရန် အတွက် အချစ် အလွမ်း ရိုမင်းတစ် ဝါဒ ပေါ်ပေါက်လာရာ ထိုအခါ ကျမှပင် ကက်သလစ် အသင်းတော်သည် ၎င်း၏ ရှေးက ရရှိခဲ့သော အခွင့်အာဏာကို အနည်းအကျဉ်း ပြန်လည် ရရှိ လာလေသည်။

ယေဘုယျအားဖြင့် ဥရောပတိုက်တွင် ပုပ် ရဟန်းမင်း ၏ အချုပ်အခြာ အာဏာ ပိုင်ဆိုင်ခြင်း သဘောကို တစ် ကမ္ဘာလုံး ကက်သလစ် ဘာသာဝင်များ စည်းရုံးရေး အမြင် *'အာလ်ထြာမွန်တာနစ္စင်း'*[၁] အမည်ဖြင့် ပြန်လည် ရရှိလာ လေသည်။ သို့မဟုတ် အယ်လ်ပ် တောင်တန်း မြောက် ဘက်ပိုင်းရှိ ကက်သလစ်များ၏ လှုပ်ရှားမှုက အချုပ်အခြာ အာဏာသည် 'တောင်တန်းများ၏ အလွန်' မှာ ရှိသည် ဟူသော အမြင်ကို လက်ခံခဲ့ကြလေသည်။ ၎င်းအမြင်မှာ *ဗာတီကင်*[၂] နှင့် စနစ်တကျ ဖွဲ့စည်းထားသော ပုပ် ရဟန်း မင်း၏ အစိုးရကို ဆိုလိုခြင်း ဖြစ်၏။ ဤအမြင်ကို ပုပ် ရဟန်းမင်းက အားပေးရန် အကြောင်း ထင်ရှား ရှိပေသည်။ တခြားသော အမြင်များမှာ ပုပ် ရဟန်းမင်း၏ အမြင်များကို ကန့်သတ်သော အမြင်များ ဖြစ်သောကြောင့် ဖြစ်၏။

၁၉ ရာစု အတွင်း အယူဝါဒ ရေးရာနှင့် ပတ်သက် သော ဖြစ်ပေါ် တိုးတက်မှု နှစ်ခု ရှိခဲ့သေးသည်။ ၁၈၅၄ ခုနှစ်တွင် နဝမမြောက် ပိုင်းယပ် ပုပ် ရဟန်းမင်း လက် ထက်၌ ပုပ် ရဟန်းမင်းသည် ဘရင်ဂျီ ရဟန်းမင်း၏ အတိုင် ပင်ခံ ပုဂ္ဂိုလ်များ (ကာဒီနယ်များ) နှင့် အလယ်ခေတ် က တည်းက ဆွေးနွေး ငြင်းခုံလာခဲ့ကြသော 'အပျိုစင် ဘဝ ဖြင့် စင်ကြယ်စွာ ယေရှုကို ပဋိသန္ဓေ ယူခဲ့သည် ဆိုသော အယူဝါဒသည် ကက်သလစ်တို့၏ တရားသေ အယူဝါဒ သာ ဖြစ်သည်' ဆိုသော အချက်ကို ညှိနှိုင်း တိုင်ပင်ကြ လေသည်။

ထိုသဘော၏ အဓိပ္ပာယ်မှာ ကက်သလစ် ဘာသာ အယူဝါဒကို ယုံကြည်သူ အားလုံးသည် ခရစ်တော်ကို ပဋိသန္ဓေ ယူစဉ်က သူ့မိခင်သည် အပျိုစင် ဘဝမှာပင် ရှိသေးသည်၊ အပျိုစင် ဘဝဖြင့် ပဋိသန္ဓေ ယူခဲ့ခြင်းသာ

---

၁။ Ultramontanism ၂။ Vatican

ဖြစ်သည်ဟု ယုံကြည်ရမည် ဆိုသော အချက် ဖြစ်သည်။ ထို့ကြောင့် ပင်ကိုအားဖြင့် မယ်တော် မေရီသည်လည်း သူ့မိဘများက သူ့ကို ပဋိသန္ဓေ ယူစဉ် အခါက မူလ အပြစ်ကင်းစင်ခဲ့သည်၊ သန့်ရှင်းစွာ ပဋိသန္ဓေ ယူခဲ့သည်ဟု ယူခြင်း ဖြစ်သည်။

ပို၍ အရေးကြီးသော အချက်မှာ ၁၈၇၀ ခုနှစ်တွင် ထုတ်ပြန်သော ထို ပုပ် ရဟန်းမင်း၏ ကြေညာချက် ဖြစ်၏။ ထိုကြေညာချက်မှာ ပုပ် ရဟန်းမင်း၏ ဆုံးဖြတ်ချက် မှန်သမျှသည် အမှားအယွင်း အပြစ် ကင်းစင်သည် ဆိုသော အယူဝါဒကို ကြေညာခြင်း ဖြစ်သည်။ သို့ရာတွင် ထိုကြေညာချက်ထဲတွင် ပုပ် ရဟန်းမင်း ပြောဆိုသမျှ စကားအားလုံးသည် အမှား မရှိ၊ အမှား ကင်းစင်သည် ဟူသော စကား အသုံးအနှုန်းတော့ မပါဝင်ပေ။ သို့ရာတွင် ပုပ် ရဟန်းမင်းက *အခွင့် အာဏာကို ယူပြီး ပိုင်ပိုင်နိုင်နိုင် ထုတ်ဖော် ပြောဆိုချက်* [၁] များမှာ အမှား မရှိ ဟူသော သဘောကို ဖော်ဆောင်ထားပေသည်။ ထိုသဘောမှာ ဘုရားသခင်ထံက ကျလာသော မုက္ခပါဌ်တော်များလို သာသနာ ပြုရန် စေခိုင်းခြင်း ခံရသော ခရစ်တော်၏ သာဝကကြီးများ (အပေါ်ဆယ်) ပြောဆိုသော စကားများမှာ အမှား မရှိသလို ဖြစ်သည် ဆိုသော အဓိပ္ပာယ်သို့ သက်ရောက်သွားလေသည်။

ဤအယူအဆ အရ ပုပ် ရဟန်းမင်း၏ အခွင့်အာဏာကို ယုံကြည်မှုနှင့် အကျင့်သီလနယ်တွင် အမြင့်ဆုံး အဆင့်သို့ မြှင့်တင် ပေးလိုက်သလို ဖြစ်သွားလေတော့သည်။

သို့ရာတွင် ဤကဲ့သို့ ပြုလုပ်လိုက်ခြင်းအားဖြင့် ပုပ် ရဟန်းမင်းကို နောက်ဆက်တွဲ ပေါ်ပေါက်လာသော အီတလီ အမျိုးသားရေး ဝါဒ၏ ထိုးနှက်ခြင်းမှ ကယ်တင်နိုင်ခြင်း မရှိခဲ့ပေ။

ဗာတီကင် ကောင်စီက ပုပ် ရဟန်းမင်း၏ ကြေညာချက်ကို ထုတ်ပြန်လိုက်ပြီးနောက် မရှေးမနှောင်းမှာပင် *ဗစ်တာ အင်မင်နျူဝယ်* [၂] ဘုရင်က ရောမမြို့ကို သိမ်းပိုက်လိုက်လေတော့၏။ ပြည်သူလူထု၏ ဆန္ဒ ခံယူပွဲ အရ ဘုရင်အား ထိုသို့ ပြုလုပ်ရန် ဆန္ဒ ပေးခဲ့သောကြောင့် ဘုရင်က ထိုသို့ ပြုလုပ်လိုက်ခြင်း ဖြစ်၏။

ထို့နောက် ပြည်သူပြည်သားများက ပုပ် ရဟန်းမင်းထံမှ *ခရစ်ယာန် အသင်းတော်၏ နိုင်ငံများ* [၃] ကိုပါ သိမ်းယူရန် ဆန္ဒမဲ ပေးခဲ့ကြလေသည်။ ဗာတီကင်ကို လာထရန်နှင့် ကွန်ဒေါ်လ်ဖို ရဲတိုက် တစ်ခုဖြင့်သာ ချန်ထားပြီး ပုပ်ရဟန်းမင်းကို ထိုနယ်ပယ် အတွင်းမှာသာ အာဏာ ပိုင်ခွင့် ပြုရန် လူထုက ညွှန်ကြားခဲ့ကြလေသည်။

## မကြာမီက ဖြစ်ပေါ် တိုးတက်မှုများ

၁၉ ရာစု ကုန်ဆုံးခါနီးတွင် အတွေးအခေါ် ရှိသော ကက်သလစ် ပညာရှင်များ (ဘုန်းကြီးရော သာမန် လူများပါ) သည် ခေတ်သစ် သမိုင်းနှင့် သမ္မာ ကျမ်းစာများ အပေါ် ဝေဖန် သုံးသပ်မှုများနှင့် ခေတ်သစ် သိပ္ပံပညာနှင့် အထူးသဖြင့် ဇီဝဗေဒနှင့် ဘူမိဗေဒသိပ္ပံ တွေ့ရှိချက်များကို ထည့်သွင်း စဉ်းစားဖို့ လိုလာပြီ ဆိုသည်ကို သိမြင် သဘောပေါက်လာကြလေသည်။ ဇီဝဗေဒနှင့် ဘူမိဗေဒ သိပ္ပံပညာနယ်တွင် သဘာဝ၏ ဆင့်ကဲ ဖြစ်စဉ် (အီဗော်လူးရှင်း သဘော တရား) ပေါ်ထွန်းနေပြီ ဖြစ်သောကြောင့် ဖြစ်၏။

ထိုအခါ ခေတ္တ ခဏသာ တည်ရှိခဲ့သော *ခေတ်သစ် ကက်သလစ် ဝါဒ* [၄] ပေါ်ပေါက်လာလေသည်။ ဤဝါဒက ကက်သလစ် အယူဝါဒနှင့် ခေတ်သစ် သိပ္ပံပညာ၊ ဝေဖန်သုံးသပ်သော အသိပညာများနှင့် စေ့စပ် ပေါင်းစည်း ညီညွတ်အောင် ပြုလုပ်ရန် ကြိုးပမ်းခဲ့လေသည်။ ခေတ်သစ် အယူဝါဒ ရှိသူများ၏ အသံကို ဥရောပတိုက် အနှံ့အပြားမှာ ကြားသိကြရလေသည်။ ထင်ရှားသူများမှာ အင်္ဂလန်ပြည်မှ *ဂျော့ တိုင်ရဲလ်၊* [၅] ပြင်သစ်ပြည်မှ *အယ်လ်ဖရက် လွိုင်ဇီး* [၆] နှင့် ဂျာမနီမှ *ဟာမန် ရှဲလ်* [၇] တို့ ဖြစ်ကြသည်။ သို့ရာတွင် ရဟန်းမင်း ဒသမမြောက် ပိုင်းယပ်သည် သူတို့၏ အယူအဆများမှာ အန္တရာယ် ကြီးသော အယူအဆများ ဖြစ်သည် ဟု ယူဆပြီးနောက် ၁၉၀၇ ခုနှစ်တွင် ပုပ် ရဟန်းမင်း၏ အမိန့်တော် ပြန်တမ်းဖြင့် ထိုအယူအဆများကို နှိပ်ကွပ်လေတော့၏။ ထိုနှိပ်ကွပ်မှုကြောင့် ခေတ်သစ် ကက်သလစ် အယူဝါဒလည်း အဆုံး သတ်သွားရလေတော့၏။

အလားတူ ကက်သလစ် အယူဝါဒကို ခေတ်သိပ္ပံ အမြင်များဖြင့် စေ့စပ်၍ ညီညွတ်မှု ရှာရန် အားထုတ်မှုများသည် ပြင်သစ်ပြည်မှာလည်း ပေါ်ပေါက်ခဲ့သည်။ *နီယို သောမတ်*

---

၁။ Excathedra
၂။ Victor Emmanuel
၃။ States of the Church

၄။ Modern Catholicism
၅။ George Tyrell
၆။ Alfred Loisy
၇။ Hefmann Schell

*ဝါဒ* [၁] (သောမတ်စ် ဝါဒသစ်) ဟု ခေါ်သည်။ ထိုဝါဒကို ဖော်ထုတ်သူမှာ *ဂျက် မာရီတိန်း* [၂] ဆိုသူ ဖြစ်သည်။ သောမတ် အကွိုင်းနပ်၏ ဒဿန အမြင်များကို ခေတ်သစ် ဝေါဟာရများ ခေတ်သစ် အမြင်များဖြင့် ပြန်လည် တင်ပြရန် အားထုတ်ခြင်း ဖြစ်၏။ သို့သော် ပုပ် ရဟန်းမင်းသည် အဆုံးသတ် အဆုံးအဖြတ် ပေးနိုင်သော စီရင်ပိုင်ခွင့် ရှိသူ ဖြစ်သဖြင့် ထိုအမြင်လည်း ထွန်းကားနိုင်ခြင်း မရှိခဲ့ပေ။

နောက်ပိုင်းတွင် ကက်သလစ် ဘာသာရေး ဆိုင်ရာ နိုင်ငံတကာ ညီလာခံကြီးများကို ကမ္ဘာ့ ကက်သလစ် ဘာသာ ထွန်းကားရာ အရပ်များ၌ နှစ်နှစ် တစ်ကြိမ် ကျင်းပ ပြုလုပ်ခြင်းဖြင့် ကက်သလစ် ဘာသာကို ထိန်းသိမ်းထားကြလေသည်။ နောက်ပိုင်းတွင် အမေရိကန် ပြည်ထောင်စုကို ဗဟိုဌာန အဖြစ် ထားရှိသော *ပေါလု ဝါဒီ* [၄] များလည်း ပေါ်ပေါက်လာကြသည်။ ထိုပုဂ္ဂိုလ်များက ကက်သလစ် မဟုတ်သူများပါ လက်ခံနိုင်လောက်သော အမြင်များ ပါသည့် စာပေများကို ပြုစု ထုတ်ဝေကြလေသည်။ တစ်ကမ္ဘာလုံး ကက်သလစ် အယူဝါဒ ရှိသူများ စည်းလုံး ညီညွတ်ရေးကို အားထုတ်လိုသော သာသနာပြု စိတ်ဓာတ် ပြင်းထန်သူများလည်း ရှိကြသေးသည်။ သူတို့လည်း ထင်သလောက် ဆောင်ရွက်နိုင်ခြင်း မရှိဘဲ အမျိုးသားရေး အမြင် ရှိသော ဘာသာရေး အယူအဆများ၊ ပြောင်းလဲ တိုးတက်နေသော သိပ္ပံနှင့် လူမှုရေး လှုပ်ရှားမှုများ၏ ဆန့်ကျင်ခြင်းကို ခံနေကြရလေသည်။ ဤအခက်အခဲများကို ကျော်လွှားနိုင်ရေးမှာကား မလွယ်ကူသေးပေ။

## ၈။ ခေတ်သစ် ပရိုတက်စတင့်များ

ခြွင်းချက် တစ်ခုမှအပ ကျန်သော ပရိုတက်စတင့် ဘာသာ၏ အယူဝါဒ ကွဲပြား ခြားနားမှုများသည် ၁၈ ရာစုခေတ် မတိုင်မီ ကာလ၌ ဖြစ်ပျက်ခဲ့ကြလေသည်။

ခြွင်းချက် တစ်ခုဟု ဆိုသော အရာမှာ *မက်သဒစ် ဝါဒ* [၃] ကို ဆိုလိုခြင်း ဖြစ်သည်။ မက်သဒစ် ဝါဒသည် စင်စစ် ပြုပြင် ပြောင်းလဲရေး ဝါဒ လှုပ်ရှားမှု တစ်ခု မဟုတ်ချေ။ ဤဝါဒသည် သိပ္ပံပညာ ဖွံ့ဖြိုး တိုးတက်မှုနှင့် စက်မှုတော်လှန်ရေး ဖြစ်ပေါ်လာမှုကြောင့် ပြောင်းလဲ ဖြစ်ပေါ်လာသော ခေတ်၏ ပြောင်းလဲမှုကို တုံ့ပြန်သောအားဖြင့် ပေါ်ထွန်းလာသော အယူဝါဒ တစ်ခုသာ ဖြစ်သည်ဟု ဆိုသင့်၏။

ထို့ကြောင့် ဤ ဖြစ်ပေါ် တိုးတက်မှုသည် ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုနှင့် တိုက်ရိုက် ဆက်သွယ်မှု မရှိဟု ယူလျှင် ရနိုင်ပေ၏။

ထိုသို့ ပြောင်းလဲ ဖြစ်ပေါ်လာပုံ၏ ယေဘုယျ သဘောကို ယခု လေ့လာ တင်ပြပါဦးအံ့။

### ၁၈ ရာစု ခေတ်ပေါ် သဘာဝ ယုတ္တိဖြင့် ထာဝရ ဘုရား ရှိကြောင်း ယုံကြည်သော ဝါဒ [၅]

၁၈ ရာစုခေတ် မတိုင်ခင် ကာလ အထိ အနောက်တိုင်းဖြစ် လောကဓာတ် သိပ္ပံပညာသည် ခေတ်သစ် အယူအဆ ရှင်းရှင်းလင်းလင်း ပေါ်ထွန်းခြင်း မရှိသေးဘဲ အတွေးအခေါ် ပညာ ရှိသော ပညာရှင်များ၏ စိတ်ထဲတွင် ရှုပ်ထွေး ဝေဝါးနေဆဲပင် ရှိသေးသည်။ ထိုသို့ ဖြစ်နေစဉ်မှာပင် ၁၈ ရာစု၏ အသိဉာဏ် အမြင် ထွန်းလင်းမှုကြီး ဖြစ်ပေါ်လာလေသည်။ အနောက်တိုင်း ကမ္ဘာတွင် ပထမဆုံး အကြိမ် ဘာသာ ယုံကြည် ကိုးကွယ်မှုကို ခြုံယူ ဆင်ခြင်ပုံ ယုတ္တိဗေဒနှင့်အညီ ပြန်လည် သုံးသပ်မှုကို မဖြစ်မနေ ပြုလုပ်ကြရန် တောင်းဆိုမှုများ ဖြစ်ပေါ်လာသည်။

၁၈ ရာစုခေတ်၏ အတွေ့အကြုံ အခြေခံ သိမြင်မှုကိုသာ ကိုးစားသော ပုဂ္ဂိုလ်များသည် ခရစ်ယာန် အသင်းတော်များချ်၏ တရားသေ ယုံကြည် ကိုးကွယ်မှုများ အပေါ် စိတ်

---

၁။ Neo-Thomism

၂။ Jacque Maritain

၃။ Methodist

၄။ Paulists

၅။ Deism

မကျေမနပ် ဖြစ်လာကြသည်။ သူတို့ အချင်းချင်း ကြားမှာ ရှေးခေတ်က လူများသည် ဘာသာတရား ယုံကြည် ကိုးကွယ်တတ်လာကြစေရန် ဘယ်လို အကြောင်း တရားများက ဖန်တီး ပေးခဲ့ကြသလဲ ဆိုသည်ကို စူးစမ်းချင်စိတ်များ ဖြစ်ပေါ်လာကြလေသည်။ *သဘာဝ ကိုးကွယ်မှု ဘာသာ အယူဝါဒ* [၁] ဆိုသည်မှာ ဘယ်လိုလဲ ဟူသော စူးစမ်းလိုမှု ဖြစ်ပေါ်လာသည်။ ထိုအခါ ဘုရားသခင်ထံမှ ကျရောက်လာသော မုက္ခပါဌ်တော်များကို ယုံကြည် ကိုးကွယ်သော '*ဗျာဒိတ်တော် အရ ယုံကြည် ကိုးကွယ်မှု ဘာသာ အယူဝါဒ*' [၂] အဆောက်အဦ တစ်ခုလုံးကို လုံးဝ ပစ်ပယ်လိုက်ကြသည်။ သိပ္ပံ ဉာဏ်အမြင် ကျယ်သော ပညာရှင် အများအပြား၏ စိတ်ထဲတွင် စကြဝဠာကြီး တစ်ခုလုံး စက်လည်နေပုံသည် တကယ့် ယန္တရားစက်ကြီး တစ်ခုပမာ သံမဏိ နိယာမများ အတိုင်း ဖြစ်ပျက်နေပုံကို မြင်ပြီး အံ့သြမိကြသည်။ သူတို့သည် ဂလက်လီယိုတို့၊ နျူတန်တို့ ရှုမြင်ကြသလိုပင် ရှုမြင်မိကြသည်။ သင်္ချာ သဘောဖြင့် သုံးသပ်မိကြသော အခါ သူတို့သည် အံ့ဖွယ် ဆန်းကြယ်သော တန်ခိုး ဣဒ္ဓိပါဒ် သဘောများကို စွန့်ပစ်လိုက်ကြလေတော့သည်။

သဘာဝ တရားထဲမှာ ရုတ်တရက် ဖြစ်ပေါ်လာသော အကြောင်းကိစ္စများ အတွက် ဖြစ်ဖြစ်သမျှ ဘုရားသခင်၏ အလိုတော် အတိုင်းပဲဟု ယူဆသော တွေ့ကြုံသမျှ ဘုရားတဝါဒမျိုးကိုလည်း ပြောဆိုကြခြင်း မပြုကြတော့ပေ။ သဘာဝ တရားကြီးသည် သူ့ နိယာမနှင့် သူ ဖြစ်ပျက်နေသည်ကို သိမြင် သဘောပေါက်သွားကြပြီ ဖြစ်ရကား ထိုအချိန်တွင် သဘာဝထဲမှာ ဖြစ်လာသမျှ ကိစ္စကို ဖြေရှင်းဖို့ အတွက် ဘုရားကို ဆွဲမထည့်လိုကြတော့ပေ။ ဆိုလိုသည်မှာ မိုးရွာတာလည်း သူ့ သဘာဝ နိယာမ အကြောင်းနှင့် သူ ဖြစ်သည်။ မုန်တိုင်း တိုက်တာ၊ မြေငလျင် လှုပ်တာ၊ မီးတောင် ပေါက်ကွဲတာ အစစအရာရာမှာ သူ့ သဘာဝ နိယာမနှင့် သူ ဖြစ်ပျက်နေသည့် သဘောကို သိနားလည်သွားသော အခါ သဘာဝထဲမှာ ဘုရား ပါစရာ မလိုတော့ ဆိုသော သဘောတရားကို လက်ခံလာကြခြင်း ဖြစ်သည်။

ထာဝရ ဘုရားသခင်သည် ကာလ သဘော၊ အာကာသ သဘောနှင့် များစွာ ကွာလှမ်းသည်။ ကာလ သဘောနှင့် အာကာသ သဘောသည် စကြဝဠာကြီး ဖြစ်ပေါ်လာသော အခါမှ ပေါ်ပေါက်လာသော သဘော အမြင်များ ဖြစ်သည်။ ထာဝရ ဘုရားသခင်ကို ဤစကြဝဠာ လောက အလွန်သို့ တွန်းပို့လိုက်လျှင် ဘုရားသခင် ဘယ်တုန်းက ပေါ်လာတာလဲ၊ ဘုရားသခင် ဘယ်မှာ နေတာလဲ ဆိုသော အတွေးအခေါ်တွေ ပေါ်ပေါက်စရာ အကြောင်း မရှိတော့ပေ။

ဘုရားသခင်သည် လောက (ကာလ-ဒေသ) သဘောကို လွန်မြောက်သော လောကုတ္တရာ သဘောကြီး ဖြစ်သွားပြီး ဘုရားသခင်သည် လောက မတည်မီကတည်းက၊ အာကာသနှင့် ကာလ သဘော မပေါ်မီ ကတည်းက တည်ရှိသော *နေ့များ၏ ရှေးကျသော ကိုယ်တော်* [၃] ဖြစ်သည်။ ထို့ကြောင့် ထိုဘုရားသခင်ကို ဖန်ဆင်းတော်မူသော အရှင် အဖြစ်ဖြင့် ကြည်ညို ကိုးကွယ်သင့်သည်။ အရာရာကို သူ ဖန်ဆင်းတော်မူသည်။ သို့သော် သဘာဝ ယုတ္တိဖြင့် ထာဝရ ဖန်ဆင်းရှင် ဘုရားသခင်ကို ယုံကြည် ကိုးကွယ်ကြသော ထိုပုဂ္ဂိုလ်များက ထိုထာဝရ ဘုရားကို လောကီနယ် အလွန်မှာ ထား၍ ကိုးကွယ်ကြသည်။

သဘာဝ ယုတ္တိဖြင့် ဘုရားသခင်ကို ကိုးကွယ်ကြသော 'ဒီးယစ်' များသည် ဘာသာရေးနှင့် သိပ္ပံပညာ အငြင်းပွားခြင်း၊ ပဋိပက္ခ ဖြစ်ခြင်း သဘောကို ရှောင်ရှားလိုကြသည်။ သူတို့က သဘာဝ လောကကို ဖန်ဆင်းအပ်သော အရာဟု သဘောထားသဖြင့် ဖန်ဆင်းထားသော အရာနှင့် ဖန်ဆင်းရှင်ကို တသီးတခြားစီ ခွဲခြား ရှုမြင်ကြသည်။ ဖန်ဆင်းရှင်က သဘာဝ လောကကို ဖန်ဆင်းတော်မူပြီးသော အခါ သဘာဝ လောကကြီးသည် သူ့ နိယာမနှင့် သူ့ သဘော အတိုင်းသာ သူ့ဘာသာ ဖြစ်ပျက် ပြုပြင်နေခြင်း ဖြစ်သည်၊ သဘာဝ ဖြစ်ပျက်နေခြင်းကို ဘုရားက လိုက်လုပ်နေခြင်း မဟုတ်ဟု ရှုမြင်ကြလေသည်။ ထို့ကြောင့် သဘာဝ တရားကို ဘုရားနှင့် တခြားစီ ထားပြီး လေ့လာရမည်ဟု ယူဆကြသည်။ [သိပ္ပံပညာသည် သဘာဝ တရား (ဖန်ဆင်းထားသော အရာ) ကိုသာ လေ့လာသော ပညာ ဖြစ်သည်။ ဖန်ဆင်းရှင် ဘုရားသခင်ကို လေ့လာ သိမြင်နိုင်သော ပညာ မဟုတ်ဟု ခွဲခြားထားလိုက်ခြင်း ဖြစ်သည်။]

အင်္ဂလန် အသင်းတော်မှ ဘုန်းတော်ကြီးများ အများအပြားနှင့် ဥရောပတိုက်ရှိ ဉာဏ်ပညာ ကြီးမားသော ပုဂ္ဂိုလ်များသည် သဘာဝ ယုတ္တိဖြင့် ထာဝရ ဘုရားကို ယုံကြည် ကိုးကွယ်သော (ဒီးယစ်) များ ဖြစ်လာကြလေသည်။

အမှန်မှာတော့ ထိုသူများသည် မူလကတည်းက ယူနီတာရီးယန်းများ၊ ရင်ထဲက ထာဝရ ဘုရားကို ငြင်းပယ်သော စိတ်သဘောထား ရှိပြီးကြသူများ ဖြစ်ကြသည်။

---

၁။ Natural religion
၂။ Reveal religion
၃။ Ancient of Days

ထို့ကြောင့် သူတို့သည် ကြည်ညို ကိုးကွယ်ခြင်း သဘောကို စိတ်မပါသော သူများ ဖြစ်ကြလေသည်။ ထိုသဘောထား အရပ်ရပ်သည် အင်္ဂလန် နိုင်ငံတွင် မက်သဒစ် အယူဝါဒလို ဝါဒမျိုး မဖြစ်မနေ ပေါ်ထွန်းလာအောင် လမ်းခင်းပေးသော အခြေအနေများ ဖြစ်လေသည်။ ပထမ သိပ္ပံပညာကြောင့် ဘာသာ ယုံကြည် ကိုးကွယ်မှုကို အေးစက်စက် ဖြစ်သွားသော အခြေအနေကို ပြောင်းလဲစေပြီး ဘာသာ ယုံကြည် ကိုးကွယ်မှုကို နွေးထွေးစွာ ပြန်လည် လက်ခံလာအောင် ပြုလုပ်သော ဤဖြစ်ပေါ်မှုကို လူရော ရဟန်းသံဃာများပါ စိတ်အားထက်သန်စွာ လက်ခံလာကြလေသည်။

## မက်သဒစ် အယူဝါဒ[၁]

စက်မှု တော်လှန်ရေး ခေတ်ကြီး ထွန်းကားလာနေပြီ ဖြစ်၏။ ထိုအခါ မြေယာ လုပ်ငန်းမှ စ၍ မြို့များ အထိ လူ အပေါင်းတို့မှာ ကျောက်ချ၍ စွဲမြဲ ယုံကြည်စရာမဲ့ ဖြစ်သွားကြသည်။ နေရာတကာမှာ သောက်စား မူးယစ်နေသူများ နှင့် ပုံ့နှံ့နေလေသည်။ ထို အခြေအနေသည် လူမှု ဘဝ သာယာ အေးချမ်းနေခြင်းကို ခြိမ်းခြောက်မှု ဖြစ်လာသည်။ သာမန် အရပ်သူ အရပ်သားများ၏ ဘာသာရေး ကိုးကွယ် လိုမှု ဖြစ်သော ဝိညာဉ်ပိုင်းဆိုင်ရာ ငတ်မွတ်မှုမှာကား အငတ် မပြေ ဆန္ဒ ပြည့်ဝခြင်း မရှိသေးပေ။ အင်္ဂလိပ် အသင်းတော် ချားချ်ထဲမှာ ဟောပြောနေသော အသိပညာရှင်များ၏ ဝိစိ ကိစ္ဆာ များသော ဟောပြောနေမှုများ၊ ဓမ္မများကို လူထုက အားရ ကျေနပ်ခြင်း မရှိပေ။ ထိုတရားများမှာ တရားသား မပါသော စာပေသက်သက်လို၊ တမင်တကာ ရေးသား ပြုစု ထားသော အက်ဆေးလို၊ သမားရိုးကျ ဘုရားရှိခိုး အမျိုး မျိုး စာအုပ်တွေလို ဖြစ်နေလေသည်။

ဤ၌ ဝက်စလေနှင့် သူ၏ အပေါင်းအသင်းများမှာ လည်း ဝိညာဉ်ပိုင်းဆိုင်ရာ ငတ်မွတ်မှုနှင့် ကြုံတွေ့နေရသူ များ ဖြစ်ကာ ၄င်းတို့သည် သူတို့ အလွန်အမင်း အလို ရှိနေ သော လှိုက်လှိုက်လှဲလှဲ ယုံကြည် ကိုးကွယ်မှု အတွက် စိတ်လှုပ်ရှားမှု မီးကို တင်ရှို့လေတော့သည်။

'မက်သဒစ်' ဆိုသော အမည်သည် အစ ပထမ၌ ဝက်စလေ၏ နောက်လိုက်များက အောက်စဖုဒ်မြို့မှ သူတို့ ကိုယ်သူတို့ 'သန့်ရှင်းသော အသင်း' ဟု ခေါ်သော အုပ်စု ကို စောင်းချိတ် ခနဲ့သည့် သဘောဖြင့် ခေါ်သော နာမည် ဖြစ်သည်။ ထိုအဖွဲ့တွင် သူက ခေါင်းဆောင် ဖြစ်သည်။ ထို့ပြင် ထိုအဖွဲ့ (ကလပ်) ကလေးသည် အချိန် မှန်မှန် စည်းဝေးပြီး သူတို့အခန်းထဲတွင် နည်းစနစ်ကျကျ ဝတ်ပြု ဆုတောင်းခြင်း၊ ကျမ်းစာများကို လေ့လာခြင်းတို့ကို ပြုလုပ် တတ်ကြလေသည်။

ထိုသို့ ပြုလုပ်ခြင်းအားဖြင့် သူတို့က ၄င်းတို့၏ ယုတ္တိ နည်းကျ ကိုးကွယ် ဆည်းကပ်မှု ပညာရှင် ဆရာများ လက် ထက်က သဘာဝ လောကက အဖြစ်အပျက်များသည် သူ့ သဘာဝ ဓမ္မနိယာမများ အတိုင်း ဖြစ်ပျက်နေခြင်းသာ ဖြစ် သည်၊ ထာဝရ ဘုရားက ပြုပြင် ဖန်တီးနေခြင်း မဟုတ် ဟု ယူဆခဲ့ကြသော ဘုရားကို ကောင်းကင်ဘုံမှာ ထားပြီး လောကကို ဘုရားနှင့် တခြား ခွဲခြားထားခြင်းကို အားမရဘဲ လောကထဲသို့ ဘုရားကို ပြန်လည် ဆွဲသွင်းရန် အားထုတ် ကြိုးပမ်းခဲ့ကြလေသည်။ လူ့ဘဝထဲ ဘုရားသခင် တိုက်ရိုက် ပါဝင် ပတ်သက်နေခြင်းကို လက်ခံထားသော ကွိုက်ကာ တို့၏ အတွေ့အကြုံကို ပြန်လည် ပြုစုပျိုးထောင်ရန် သူတို့က ကြိုးစား အားထုတ်ကြခြင်း ဖြစ်လေသည်။ ထို့နောက် သူ တို့၏ စိတ်ထဲတွင် ဘာသာ ယုံကြည် ကိုးကွယ်မှုသည် အမှန်တရား စင်စစ် ဖြစ်ပြီး အလွန် အရေးပါသော ကိစ္စ ဖြစ်သည်ဟုလည်း ခံစားလာရလေသည်။ နောက်ပိုင်းတွင် မိမိတို့၏ ဘာသာတူ ခရစ်ယာန် အချင်းချင်း၏ သင့်မြတ် သော အမြင်များ ပြန်လည် ဖြစ်ထွန်းလာစေရန် ကြိုးပမ်းရာ တွင် (အင်္ဂလန် အသင်းတော် ချားချ်ကိုလည်း ချန်မထား ဘဲ) ထိုအသင်းတော် အတွင်းက နေပြီး ပြုပြင် ပြောင်းလဲ ရေးကို ပြုလုပ်ရန် မျှော်မှန်းခဲ့ကြလေသည်။

သို့ရာတွင် *ဝက်စလေ ညီအစ်ကိုများ*[၂] နှင့် *ဂျော့ဝှိုက်ဖီး*[၃] တို့ ဗြိတိသျှ ကျွန်းတစ်ကျွန်းလုံး အစုန် အဆန် သို့ စတင်၍ လိုက်လံ ဟောပြောကြသော အခါ သူတို့၏ ဟောပြောပွဲတိုင်း အရပ်တကာတိုင်းမှာ လူအုပ် ပရိသတ် များ တိုးမပေါက်အောင် စည်ကားလေတော့သည်။ ဘာသာ အမြင် ပြောင်းလဲသူများမှာလည်း ဒုနှင့်ဒေး အံ့မခန်းလိလိ ဖြစ်ရလေ၏။

ထိုအခါ ပညတ်ပုဒ် တစ်ခု အသစ် တီထွင်ဖို့ လို လာလေသည်။ ထို လိုအပ်ချက် အရ ဤအသင်းတော်ကို *'မက်သဒစ် ချားချ်'*[၄] ဟု ခေါ်တွင်လေတော့၏။

---

၁။ Methodism

၂။ Wesley brothers
၃။ George Whitefield
၄။ Methodist Church

ဂျွန် ဝက်စလေကို ၁၇၀၃ ခုနှစ်တွင် *အန်ဂလီကန်*[၁] သာသနာပြု ဓမ္မဆရာ မိသားစု အိမ်၌ ဖွားမြင်ခဲ့လေသည်။ ဖခင် *ဆင်မျူ့ဝယ်နှင့် အမိ ဆူဆန်နာ ဝက်စလေ*[၂] တို့မှ ဖွားမြင်သော ၁၅ ယောက်မြောက် သား ဖြစ်သည်။ သူ၏ ညီ ဖြစ်သူ ချားလ်စ်သည် ၁၈ ယောက်မြောက်သား ဖြစ်သည်။ သူတို့ အောက်စဖုဒ် မြို့ကလေးမှာ နေထိုင်စဉ် အခါ က မက်သဒစ် အသင်း၏ အလွန် အရေးပါသော နေရာသို့ ရောက်ရှိလာသူမှာ ဂျော့ ဝှိုက်ဖီးလ် ဖြစ်သည်။ အလွန် ဉာဏ်စွမ်း ထက်မြက်သော တည်းခိုခန်းပိုင်ရှင် တစ်ဦး၏ သား ဖြစ်သည်။

ဂျွန်နှင့် ချားလ်စ် ဝက်စလေတို့သည် အမေရိကန် ပြည်ထောင်စုမှ ဂျော်ဂျီယာ ပြည်နယ်သို့ သာသနာပြု ခရီး သွားခဲ့ကြသော်လည်း နှစ်ယောက်စလုံး အောင်မြင်မှု မရ ရှိခဲ့ကြပေ။ သို့သော် ဂျွန် ဝက်စလေ အနေနှင့်မူ *မိုရာဘီယန်*[၃] ခေါ် ယူနိုက်တက် ဘရားသားရင်း အသင်းသား တစ်ဦးနှင့် သစ္စာ ရှိသော မိတ်သင်္ဂဟ အဖြစ် ချစ်ခင် ကျွမ်း ဝင်ခဲ့ကြလေတော့သည်။

အင်္ဂလန် နိုင်ငံသို့ ပြန်ရောက်လာ ကြသော အခါမှာ လည်း လန်ဒန်တွင် ညီအစ်ကို နှစ်ယောက်စလုံးသည် ပီတာ မိုလာ ဆိုသူ မိုရာဘီယန် တစ်ဦးကို အားကိုး အားထား ပြုကြလေသည်။ ထိုပုဂ္ဂိုလ်က သူတို့ နှစ်ဦးအား ဘာသာ အယူဝါဒ ပြောင်းလဲခြင်း သဘော အစစ်အမှန်ကို ကိုယ် တိုင်ကိုယ်ကျ ထိတွေ့ ခံစားရခြင်း မရှိသေးသရွေ့ ခရစ် ယာန် အစစ် မဖြစ်သေး ဆိုသော အယူဝါဒကို ယုံကြည် လက်ခံလာအောင် ဟောပြောခဲ့လေသည်။ ထိုထူးခြားသော အတွေ့အကြုံကို နောက်ပိုင်းတွင် ညီအစ်ကို နှစ်ယောက်လုံး ခံစား သိမြင်လာကြလေတော့သည်။

ဝှိုက်ဖီးလ်နှင့်အတူ သူတို့ ညီအစ်ကို နှစ်ယောက်လုံး သည် ပွင့်ပွင့်လင်းလင်း လူထု စည်းဝေးပွဲကြီးများ ကျင်းပ ပြီး တရားဓမ္မများကို ဟောပြော ပို့ချ ကြလေတော့သည်။ အလွန် ဘုရား တရား ကြည်ညို ကိုးကွယ်ချင်နေကြသော သတ္တုတွင်း အလုပ်သမားများ၊ အင်္ဂလိပ် အလုပ်သမား ထောင်နှင့် သောင်းနှင့် ချီ၍ သူတို့ တရားပွဲများသို့ တက် ရောက် နားထောင်ကြသည်။

အင်္ဂလန်မှာရော၊ စကော့တလန်နှင့် အိုင်ယာလန်မှာ ရော ထိုသတ္တုတွင်း အလုပ်သမားများနှင့် အလုပ်သမား လုပ်တန်းစားများသည် သူတို့၏ ဓမ္မပီတိ ဖြစ်ပြီး ဘဝင်ခိုက် ခြင်း သဘော၊ စိတ်လှုပ်ရှား ထိခိုက်ခြင်း သဘောကို ပြသ ကြလေသည်။ အော်ကြ၊ ညည်းကြ၊ ငိုကြ၊ ရှိုက်ကြ ဖြစ် ကုန်ကြသည်။ တချို့မှာ မေ့မြောသွားသည် အထိ ဖြစ်ကြ သည်။ *မက်သဒစ် ဘုရားရှိခိုးကျောင်းငယ်*[၄] များကို မကြာမီ တည်ဆောက်ကြလေသည်။ ပတ်ဝန်းကျင် အခြေအနေ ပေးသလို မက်သဒစ် အဖွဲ့ငယ်များ (ပုံစံမျိုးစုံ သင်တန်း များ၊ အစုအစည်းများ၊ အသိုင်းအဝိုင်းများ၊ ဂေါပကများ၊ အုပ်ချုပ်ရေး အဖွဲ့များ စသည်) ပေါ်ပေါက်လာသည်။ ချားလ်စ် ဝက်စလေကလည်း စိတ် လှုပ်ရှားဖွယ် ကောင်းသော ဓမ္မ သီချင်းများကို ရေးစပ်နိုင်ခဲ့သည်။

အသစ် ပေါ်ပေါက်လာသော မက်သဒစ် ချားချ်များ အမေရိကန်ပြည် အနှံ့အပြားမှာ ပေါ်ထွန်းလာကြသည်။ ဝှိုက်ဖီးလ်လည်း အမေရိကန် သာသနာပြု ခရီး ခုနစ်ကြိမ် တိုင်တိုင် သွားရောက်ခဲ့ရာ အကြီးအကျယ် အောင်ပွဲခံနိုင် ခဲ့၏။

၁၇၆၆ ခုနှစ်သို့ ရောက်သောအခါ မက်သဒစ် ဝါဒ သည် နယူးယောက်မြို့တွင် စတင် ပေါ်ပေါက်နေပြီ ဖြစ် ၏။ အမေရိကန် ပြည်တွင် မက်သဒစ် အသင်းတော် ပြန့် ပွားအောင် ကြိုးပမ်းကြသူများ အနက် ထင်ရှားသူ တစ်ဦး မှာ *ဖရန်စစ် အက်စဗျူရီ*[၅] (၁၇၄၅-၁၈၁၆) ဖြစ်သည်။ ထို အခါမှ စ၍ မက်သဒစ် အသင်းတော်သည် အမေရိကန် ပြည်ထောင်စုတွင် အထင်ကရ အသင်းတော်ကြီး တစ်သင်း ဖြစ်လာခဲ့လေသည်။ အသင်းတော်၏ အုပ်ချုပ်ရေး အာဏာ များကို ရွေးချယ် တင်မြှောက်ခြင်း ခံရသော ဂိုဏ်းအုပ် ဘုန်းတော်ကြီး (ဘိရှော့) က ရရှိသည်။

## သာသနာပြု လှုပ်ရှားမှု

၁၉ ရာစုခေတ်ကို ပရိုတက်စတင့် ခေတ်ကြီး ဖြစ်သည်ဟု ယူလျှင် ရနိုင်ပါသည်။ ဤခေတ်သည် အမေရိကန် ပြည် ထောင်စုတွင် ဒုတိယ အကြိမ် အသိဉာဏ် ထွန်းလင်းမှု ကြီးဖြင့် စတင်ခဲ့လေသည်။ အထပ်ထပ် အကြိမ်ကြိမ် ပြန် လည် သုံးသပ် ပြုပြင်မှုများကြောင့် အနောက် အလယ်ပိုင်း ရှိ ပြည်နယ်များတွင် နှစ်ခြင်း အသင်းတော် (ဘက်ပတစ်) များနှင့် မက်သဒစ်များ၏ အရေအတွက် တိုးပွားလာလေ

၁။ Anglican

၂။ Samuel and Susanah Wesley

၃။ Moravian

၄။ Methodist Chapel

၅။ Francis Asbury

သည်။ ဗြိတိန် နိုင်ငံတွင်လည်း အင်္ဂလန် အသင်းတော်သည် ဘုရား တရား ကြည်ညိုသော *ဧဝံဂေလိ* [၁] အဖွဲ့သားများ၏ လှုပ်ရှားမှုကြောင့် တန်ခိုး ကြီးထွားလျက် ရှိလေသည်။

ထို လှုပ်ရှားမှုများကြောင့် Y.M.C.A. ဟု ခေါ်သော ခရစ်ယာန် ကလျာဏယုဝ အသင်းကို လန်ဒန်မြို့၌ ၁၈၄၄ ခုနှစ်တွင် ဖွဲ့စည်းနိုင်ရန် အခြေခံ အုတ်မြစ်ကို ချပေးနိုင်ခဲ့လေသည်။

ထို့နောက် ၁၈၆၅ ခုနှစ်တွင် *ဝီလျံ ဘုသ်* [၂] သည် *ကယ်တင်ခြင်း တပ်* [၃] ဆိုသော အဖွဲ့အစည်းကို ထူထောင်နိုင်ခဲ့လေသည်။

ဂျာမနီ နိုင်ငံတွင်လည်း သာသနာရေး ပညာရှင်များ ဖြစ်ကြသော *ရှလိုင်ယာမာချာ* [၄] (၁၇၆၈-၁၈၃၄) နှင့် *ရစ်ချယ်လ်* [၅] (၁၈၂၂-၁၈၈၉) တို့သည် ဆန်းသစ်၍ လွတ်လပ်စွာ တွေးခေါ်သော ပရိုတက်စတင့် ဘာသာရေး အတွေးအခေါ်များ ထွန်းကားအောင် ဆောင်ရွက်ခဲ့ကြလေသည်။

သို့သော် ဤ ရာစု၏ ပဓာန အကျဆုံးသော ထိထိရောက်ရောက် ဖြစ်ထွန်းမှု နှစ်ခုမှာ ကမ္ဘာလုံး ဆိုင်ရာ ပရိုတက်စတင့် သာသနာပြု အဖွဲ့ကြီး ပေါ်ထွန်းလာခြင်းနှင့် *တနင်္ဂနွေ သင်တန်းကျောင်း* [၆] လှုပ်ရှားမှုများ လျင်မြန်စွာ ကျယ်ပြန့်စွာ ဖြစ်ပေါ်လာခြင်းပင် ဖြစ်၏။

အဆိုပါ ဖြစ်ထွန်းမှု နှစ်ခု အကြောင်းကို ဤတွင် အနည်းငယ် တင်ပြပါဦးမည်။

ကက်သလစ် ဘာသာဝင်များ၏ သာသနာပြု လုပ်ငန်းများ ပေါ်ပေါက်ခဲ့သည်မှာ ကာလ ကြာမြင့်လှပေပြီ။ ပရိုတက်စတင့် သာသနာပြု လုပ်ငန်းများ အရှိန်အဟုန် ရရှိလာခြင်းမှာ နှေးကွေးသည်ဟု ဆိုနိုင်သည်။

၁၇ ရာစုတွင် *အနောက် အင်ဒီးစ်* အရပ်တွင် ဒတ်ချ်လူမျိုးများက ကုန်သွယ်ရေး လုပ်ငန်း ဌာနကို တည်ထောင်လိုက်သော အခါ သူတို့က သူတို့ကို အတုယူပြီး သာသနာပြု လုပ်ငန်းများ လိုက်လုပ်ကြရန် အားပေးအားမြှောက် ပြုခဲ့လေသည်။

ထိုရာစုခေတ် အတွင်းမှာပင် အင်္ဂလန် ချားချ် (အသင်းတော်) ကလည်း အမေရိကန် တိုင်းရင်းသား အိန္ဒိယန်းလူနီများကို သာသနာ ပြုလိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်ခဲ့ကြလေသည်။ ထိုသို့ သာသနာ ပြုနိုင်ရန် အတွက် *နယူးအင်္ဂလန်တွင် ခရစ်ယာန် အယူမှန် ဝါဒ (ဂေါ်စပယ်) ပြန့်ပွားရေး အသင်း* [၇] ကြီးကို တည်ထောင်ခဲ့ကြလေသည်။

၁၈ ရာစုသို့ ရောက်သော အခါ ထိုအသင်းထက် ပို၍ ကျယ်ပြန့်သော ပရိုတက်စတင့် သာသနာပြု အဖွဲ့ အသင်းကြီးကို *'နိုင်ငံရပ်ခြား ဒေသများ၌ ခရစ်ယာန် အယူမှန်ဝါဒ (ဂေါ်စပယ်) ပြန့်ပွားရေး အသင်း'* [၈] ကြီးကို ကျယ်ပြန့်စွာ ဖွဲ့စည်း တည်ထောင်လိုက်ကြလေသည်။

ကွိုက်ကာများကမူ စတင်သော ကနဦး ကာလကတည်းက အနောက် အင်ဒီးစ်သို့ သာသနာပြု အဖွဲ့များကို စေလွှတ်ထားခဲ့ပြီး ဖြစ်၏။ ထို့ပြင် ထိုသာသနာပြု အဖွဲ့များကို ပါလက်စတိုင်း ဒေသနှင့် ဥရောပ ဒေသများသို့လည်း စေလွှတ်ထားပြီး ဖြစ်လေသည်။

၁၈ ရာစုခေတ် အတွင်းမှာ မိုရာဗီးယန်းများကလည်း သာသနာပြု အဖွဲ့များ ပေါ်ထွန်းရေးကို အားသွန် ကြိုးပမ်းခဲ့ကြလေသည်။

သာသနာပြု ကြိုးပမ်းမှု လုပ်ငန်းများ၏ အသွင်သစ် တစ်ခုသည် ကက်ပတိန် ကွတ် ကမ္ဘာ အနှံ့ ထုတ်ဝေ ဖြန့်ချိခဲ့သော ဂျာနယ် စာစောင်များပင် ဖြစ်သည်။ ထိုဂျာနယ်များတွင် သူ ရောက်ဖူးခဲ့သော တောင်ပစိဖိတ် ကျွန်းများပေါ်ရှိ လူများ၏ ကမ္ဘာဦး ခေတ်ကာလက လူများ၏ အခြေအနေ၌ နေထိုင်ကြရပုံများကို ဖော်ပြခဲ့လေသည်။

ထိုဂျာနယ်များကို ဖတ်ရသော အခါ ဝီလျံ ကာရေး ဆိုသူ၏ စိတ်ထဲတွင် ထိုအရပ်ဒေသများသို့ သွားပြီး သာသနာ ပြုလိုသော စိတ် ဖြစ်ပေါ် တိုးပွားခဲ့လေသည်။ သူသည် အိန္ဒိယ နိုင်ငံသို့ *ခရစ်ယာန် မဟုတ်သူများ အကြား၌ ခရစ်ယာန် အယူမှန် ဝါဒ ပြန့်ပွားရေး နှစ်ခြင်း အသင်းတော်* [၉] ၏ ပထမ သာသနာပြု အဖွဲ့ အဖြစ် သွားရောက်ရန် ဆုံးဖြတ်ခဲ့လေသည်။ ထိုအသင်းတော်ကြီးကို ၁၇၉၂ ခုနှစ်တွင် ဖွဲ့စည်း တည်ထောင်နိုင်ရန် သူ ကူညီ ဆောင်ရွက်ခဲ့လေသည်။

၁၇၉၅ ခုနှစ်တွင် ကြားဖြတ် အစီအစဉ်ဖြင့် လန်ဒန် သာသနာပြု အသင်းတော်ကို တည်ထောင်ပြီးနောက် တဟီတီ ကျွန်းသို့ သာသနာပြုများ စေလွှတ်ခဲ့လေသည်။

---

၁။ Evangeli

၂။ William Booth

၃။ Salvation Army

၄။ Schleiermacher

၅။ Ritschl

၆။ Sunday School

၇။ The Society for the Propagation of the Gospel in New England

၈။ The Society for the Propagation of the Gospel in Foreign Parts

၉။ The Baptist Society for Propagating the Gospel among the Heathen

ထို့နောက် ထို အသင်း ပုံစံကို တုပြီး အီဒင်ဘာရာ သာသနာပြု အသင်းတော်၊ ဂလပ်စကို သာသနာပြု အသင်းတော်၊ အင်္ဂလန် အသင်းတော် သာသနာပြု အဖွဲ့နှင့် ဝက်စလေယန် မက်သဒစ် သာသနာပြု အသင်း စသည်တို့ကို တည်ထောင်ကြလေသည်။

ဤကဲ့သို့ အင်္ဂလန် ပြည်တွင် သာသနာပြု အသင်းများ တည်ထောင်ခြင်းကို အားကျမခံ အမေရိကန်ပြည်ရှိ ဝီလျံ ကောလိပ်မှ ကျောင်းသား အုပ်စု တစ်စုသည် မက်ဆာချူးဆက် ပြည်နယ်တွင် ၁၈၁၀ ခုနှစ်က စ၍ သာသနာပြု အသင်း အဖွဲ့များကို ထူထောင်ကြလေတော့သည်။

အင်္ဂလန်နှင့် အမေရိကန်တို့တွင် သာသနာပြု အဖွဲ့များကို တက်တက်ကြွကြွ ထူထောင်နေကြသော အခါ ဥရောပတိုက်ကလည်း ဖင့်နွဲ့ခြင်း မရှိ၊ အလားတူ သာသနာပြု အဖွဲ့များသည် ဒိန်းမတ် နိုင်ငံ၊ ဂျာမနီ နိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့တွင် ပေါ်ပေါက်လာကြလေသည်။

## တနင်္ဂနွေ ကျမ်းစာသင်ကျောင်း လှုပ်ရှားမှုနှင့် ဘာသာရေး ပညာ

ပရိုတက်စတင့် အသင်းတော် (များ၌) အဟောင်းများက ရှေးမဆွ ကတည်းက သူတို့၏ လူငယ် လူရွယ်များအား ဘာသာရေး အသိပညာ ပေးပြီး သွန်သင်ပေးရန် လိုအပ်သည် ဆိုသော အချက်ကို သိမြင်ခဲ့ကြလေသည်။ အထူးသဖြင့် ဘာသာရေးဆိုင်ရာ အယူဝါဒများနှင့် ခရစ်ယာန်တို့၏ တာဝန် ဝတ္တရားများကို ခရစ်ယာန် အသင်းတော်၏ အဖွဲ့ဝင်များ အဖြစ် အတည်မပြုမီ သင်ကြား ပြသရန် ရည်ရွယ်ခြင်း ဖြစ်သည်။

ဤသည်မှာ နှုတ်တိုက် အာဂုံဆောင် သင်ကြားခြင်း၏ မူလ အစ ဖြစ်သည်ဟု ဆိုနိုင်သည်။

သို့ရာတွင် ထိုနည်းဖြင့် ဘာသာရေး ပညာပေးမှု လုပ်ငန်းကို အကန့်အသတ်ဖြင့် ဆောင်ရွက်ခဲ့ရာ အကျိုးရှိသင့်သလောက် မရှိခဲ့ပေ။

ထို့ပြင် ခရစ်ယာန် အသိုင်းအဝိုင်းမှ ကလေးတိုင်းကိုလည်း သွန်သင် ညွှန်ပြခြင်း မပြုနိုင်ခဲ့ပေ။

ထိုအကြောင်းကြောင့်ပင် မကြာခဏ ခေါ်ယူ သင်ကြားခြင်းမျိုး ပြုလုပ်ဖို့ လိုအပ်လာတော့၏။

အထူးသဖြင့် ဘာသာရေး ပညာ မတတ်သော ကလေးများနှင့် ဘုရား ရှိခိုး ကျောင်း မတက်တတ်သော ကလေးများကို ဘာသာရေး ပညာ ပေးရန် လိုအပ်လာသည်။

ဤ လိုအပ်ချက်ကို သိမြင် နားလည်လာသူမှာ အင်္ဂလန်နိုင်ငံ *ဂလော်ဆက်စတာ* [၁] အရပ်သား *ရောဘတ် ရိက်စ်* [၂] ဆိုသူ ဖြစ်၏။ သူသည် အကျဉ်းထောင် ပြုပြင်ရေး ကိစ္စကို စိတ်ဝင်စားရာမှ မြို့ကြီးများရှိ သူဆင်းရဲ ရပ်ကွက် လမ်းကြိုလမ်းကြားများတွင် ကလေးသူငယ် ဆိုးသွမ်း လုယက်မှုများကို သတိ ပြုမိလာခဲ့လေသည်။

ဂလော်ဆက်စတာနယ်ရှိ အပယ်ခံ မိဘမဲ့ကလေးများအား ကျောင်းပညာ သင်ကြားပေးနိုင်ရန် အတွက် သူသည် ၁၇၈၀ ခုနှစ်တွင် ပထမဆုံး တနင်္ဂနွေ ကျမ်းစာသင်ကျောင်းကို စည်းရုံး၍ တည်ထောင်ခဲ့လေသည်။ ထိုကျောင်းတွင် ကလေး သူငယ်များအား စာဖတ်တတ်အောင် သင်ကြားပေးပြီးနောက် သမ္မာကျမ်းစာကို လေ့လာပုံ လေ့လာနည်းကို သင်ကြား ပြသလေသည်။

ထိုနည်းအားဖြင့် တနင်္ဂနွေ ကျမ်းစာသင်ကျောင်း လှုပ်ရှားမှုကြီး စတင် ဖြစ်ပေါ်လာလေသည်။ ထိုလှုပ်ရှားမှုသည် ၁၉ ရာစုခေတ် ဘာသာရေး ဘဝတွင် ထိရောက်သော အကျိုး ဖြစ်ထွန်းမှုကြီး တစ်ရပ် အသွင်ကို ဆောင်ယူနိုင်ခဲ့လေသည်။ ဤတနင်္ဂနွေ ကျမ်းစာသင်ကျောင်း လှုပ်ရှားမှုသည် ဗြိတိသျှ ကျွန်းစု တစ်ခုလုံးသို့ လျှင်မြန်စွာ ပြန့်ပွားသွားလေသည်။

ထိုမျှသာမကသေးဘဲ ဥရောပတိုက်ရှိ ပရိုတက်စတင့် ဘာသာဝင်များ၏ နယ်ပယ်တွင် လည်းကောင်း၊ ထို့ပြင် အတ္တလန္တိတ် သမုဒ္ဒရာ တစ်ဖက်ကမ်း အထိ လည်းကောင်း ကျယ်ပြန့်သွားလေတော့သည်။

လန်ဒန်မြို့ တနင်္ဂနွေ စာသင်ကျောင်း အသင်းကြီး၊ ဥရောပ တိုက်မှာလည်း ထိုအသင်းကြီးမျိုး ပေါ်ပေါက်လာသည့်ပြင် အမေရိက တိုက်တွင်လည်း အမေရိကန် ပြည်ထောင်စု နိုင်ငံတော် တနင်္ဂနွေ စာသင်ကျောင်း အသင်းများ အဖွဲ့ချုပ်ကြီး ဖြစ်ပေါ်လာလေတော့သည်။

ဤအသင်းများက ကမကထ ပြုပြီး ဆရာ အတတ်သင် သင်တန်း အစီအစဉ်များ၊ သင်ခန်းစာများ၊ ကျောင်းသုံး စာအုပ်များကို ပြုစု ရေးသား၍ ပုံနှိပ် ထုတ်ဝေခဲ့ကြလေသည်။ ၁၉၀၇ ခုနှစ်တွင် ကမ္ဘာလုံးဆိုင်ရာ တနင်္ဂနွေ ကျမ်းစာသင်ကျောင်း အသင်းချုပ်ကြီးကိုပါ တည်ထောင်ဖွဲ့စည်းနိုင်ခဲ့လေတော့၏။

တနင်္ဂနွေ ကျမ်းစာသင် ကျောင်းများနှင့် ၎င်းတို့၏ ဆရာများ၏ တန်ဖိုးသည် ဤခေတ်ကာလ အတွင်း၌ အလွန်

---

၁။ Gloucester  ၂။ Robert Raikes

ကြီးမားခဲ့လေသည်။ ထို့ကြောင့် ကျမ်းစာသင်ကျောင်း မရှိသော ပရိုတက်စတင့် ဘာသာ အသင်း အဖွဲ့ မရှိသလောက်ပင် ဖြစ်ခဲ့လေသည်။

ဤတနင်္ဂနွေ စာသင်ကျောင်းများသည် ခရစ်ယာန် အသင်းတော်ထဲသို့ ဝင်ရောက်လာကြသော အသင်းသားသစ်များအား အတည်ပြု လက်ခံရေးတွင် အဓိကကျသော အဖွဲ့ အစည်း အရင်းအမြစ်များ ဖြစ်ကြလေသည်။ ၎င်းတို့၏ ပရဟိတ လုပ်ငန်းကြီးမှာလည်း ထင်ရှား ပေါ်လွင်လှသည်။ ကျောင်းအုပ်ချုပ်ရေး ပုဂ္ဂိုလ်များ၊ ဆရာများမှာ လစာ မယူဘဲ စေတနာ့ ဝန်ထမ်းများသာ ဖြစ်ကြသည်။

## ပရိုတက်စတင့် ဝါဒနှင့် သိပ္ပံပညာ

၁၉ ရာစုခေတ်သည် ယုံကြည် ကိုးကွယ်မှု ဘဝထဲသို့ သိပ္ပံပညာက ဖွတ်တိုးဝင်လာတော့မည့် အရိပ်အယောင်ပြ နိမိတ်လက္ခဏာများဖြင့် ထွန်းသစ်လာခဲ့လေသည်။ သို့သော် ဤရာစုနှစ် မတိုင်မီကတည်းက အနိုက်အတန့်အားဖြင့် ပေါ်ပေါက်ခဲ့သော ရှေးအယူမှန် ဘာသာရေး အမြင်နှင့် ခေတ်သိပ္ပံ အမြင်တို့၏ ဝိရောဓိ ဖြစ်ခဲ့ခြင်းသည် ဆက်စပ်မိသွားကြသည်။ အစက အလွန် ဘာသာရေး ကိုင်းရှိုင်းခဲ့ကြသော ခရစ်ယာန် ဘာသာဝင်များ၏ ဘဝင်နှလုံးမှာ သူတို့ ကြားနေရ၊ မြင်နေရသော အခြေအနေများကြောင့် ယခင်ကလောက် ဘာသာရေး အယူသီးမှု မရှိကြတော့ပေ။

ပထမ ရှေးဦး ကာလ၌ ဖြစ်ပေါ်လာသော အငြင်းပွားမှုမှာ သမိုင်းဆိုင်ရာ ဝေဖန်မှုနှင့် သမိုင်းကို ပြန်လည် ရေးသားမှုများ ဖြစ်ထွန်းလာသော အခါ အရှိန်အဟုန် ကျဆင်းလာသည်။

၁၈ ရာစု အတွင်း *ဟယူမ်း*[၁] နှင့် *ဂစ်ဘွန်*[၂] တို့သည် ခရစ်ယာန် ဘာသာဝင်တို့၏ ယုံကြည် ကိုးကွယ်နေပုံများမှ များပြားသော အချက်အလက်များပေါ် သံသယ ဖြစ်ခဲ့ကြလေသည်။

သို့သော်လည်း သူတို့သည် ယေရှု သခင်၏ ဘဝ ဖြစ်စဉ်နှင့် သမ္မာကျမ်းစာ တစ်ခုလုံးကို အသေးစိတ် ပြန်လည်သုံးသပ်ရန်ကိုကား အားမထုတ်ခဲ့ကြချေ။ ၁၉ ရာစုမှာတော့ ထိုကဲ့သို့ 'သမ္မာကျမ်းစာ ဝေဖန်ရေး' ခေတ်ထလာသည်။

*ဒေးဗစ် စထရောက်စ်*[၃] နှင့် *အားနက် ရေနန်*[၄] တို့သည် သူတို့၏ သမိုင်း မှတ်တိုင်များ ဖြစ်သော ဂျာမန် ဘာသာနှင့် ပြင်သစ် ဘာသာဖြင့် ရေးသားသော ကျမ်းများတွင် ခရစ်တော်၏ ဘဝ ဖြစ်စဉ်ကိုလည်း ပြန်လည် ရေးသားကြသည်။ သမ္မာ ကျမ်းစာကိုလည်း ဝေဖန် သုံးသပ်ကြရာတွင် သမ္မာကျမ်းစာသည် စာရေးဆရာ အမျိုးမျိုးက တစ်ယောက် တစ်ပေါက်စီဖြင့် ရေးသားထားသော ကျမ်းစာသာ ဖြစ်သည်၊ ရေးသားကြသော ပုဂ္ဂိုလ်ချင်း မတူသလို ရေးသားသော ကာလချင်းလည်း မတူကြကြောင်း ဖော်ပြကြသည်။

သူတို့က သမ္မာကျမ်းစာကိုလည်း Q ပိုင်း၊ M ပိုင်း၊ L ပိုင်း ဆိုပြီး အပိုင်းလိုက် ခွဲခြားပစ်လိုက်သည်။ သမ္မာကျမ်းစာ၏ ပဥ္စမ ငါးကျမ်းသည်ပင် ရေးသားချိန် ကာလ အတိုင်းအတာအားဖြင့် အနှစ် ငါးရာလောက် ကြာခဲ့လေသည်။ သူတို့၏ လေ့လာ တွေ့ရှိချက်များကြောင့် ပြင်းထန်သော အငြင်းပွားမှု ဖြစ်လာကာ ပရိုတက်စတင့် ဘာသာလည်း နှစ်ခြမ်း ကွဲသွားပြန်သည်။ ထိုနှစ်ခြမ်းကို နောင်သော အခါ *အခြေခံ ဝါဒီ*[၅] ပရိုတက်စတင့်များနှင့် *ခေတ်သစ် ဝါဒီ*[၆] ပရိုတက်စတင့်များ ဟူ၍ ခေါ်ခဲ့ကြလေသည်။

ပြင်းထန်ပြီး အချိန် ကြာမြင့်စွာ ဖြစ်ပေါ်နေခဲ့သော ဤ အငြင်းပွားမှုကြီးသည် ၁၉ ရာစု ခေတ် အလယ်ပိုင်းလောက် ရောက်သော အခါ ဒေါသတကြီး ကန့်ကွက်မှုများ၏ လွှမ်းမိုးမှု ကွယ်ပျောက်အောင် ဖုံးအုပ်မှုကို ခံရလေသည်။

ထိုအချိန်တွင် *ဒါဝင်၏ မျိုးနွယ်စုများ၏ မူလ အစ*[၇] ကျမ်းစာအုပ်ကို ရေးသား ထုတ်ဝေခဲ့လေသည်။

သူနောက် ပညာ ဆက်ခံသူများက 'အီဗော်လူးရှင်း' ခေါ် သက်ရှိ လောက ဆင့်ကဲ တိုးတက် ဖြစ်ပေါ်လာပုံ သဘောတရား (သီဝရီ) ကို ဖော်ထုတ်ခဲ့ကြလေသည်။ ထိုသဘောတရား အရ သမ္မာ ကျမ်း၏ ပထမကျမ်း *(ကမ္ဘာဦး ကျမ်း)*[၈] ပါ ဖန်ဆင်းခြင်း အယူအဆကို ပယ်ချလိုက်လေသည်။

အခြား ဖန်ဆင်းခြင်းနှင့် ဆက်စပ်သမျှ အယူအဆမှန်သမျှကိုလည်း ပယ်လိုက်လေသည်။

ထိုအချိန်မှာပင် *ဟေဂယ်*[၉] ကို ဆက်ခံသော ဒဿနပညာရှင်များကလည်း ဟေဂယ်၏ ဧကတ္တ ဝိဉာဏ ဝါဒ

၁။ Hume
၂။ Gibbon

၃။ David Strauss
၄။ Ernest Renan
၅။ Fundamentalists
၆။ Modernists
၇။ Darwin's - Origin of the Species
၈။ Genesis
၉။ Hegel

ကို ပြုပြင် ပြောင်းလဲပြီး ရုပ်ဝါဒသစ်ကို ဖော်ထုတ်လာကြလေသည်။ ထိုသူများကလည်း ဒါဝင်၏ အီဗော်လူးရှင်း သီဝရီကို ကျယ်လောင်စွာ ထောက်ခံကြလေသည်။

*လူဒဝစ် ဗျူချနာ* [၁] နှင့် *အန်းစ် ဟက်ကယ်* [၂] တို့သည် *ယန္တရား ရုပ်ဝါဒ* [၃] ၏ ချန်ပီယံများ ဖြစ်လာကြသည်။ ထို ယန္တရား ရုပ်ဝါဒ အရ ဖန်ဆင်းရှင် ဘုရားသခင်၏ အခန်းကဏ္ဍ ပပျောက်သွားလေတော့သည်။

*ဖွားဘက်* [၄] က လွန်ခဲ့သော အနှစ်သုံးဆယ် ၁၈၄၁ ခုနှစ်လောက် ကတည်းက ကြိုပြီး "မနုသတ္တ ဗေဒသည် ဘာသာ ကိုးကွယ်ရေး ပညာ၏ လျှို့ဝှက်ချက် ဖြစ်သည်။ ဘုရားသခင်သည် လူသားက ကိုယ့်ကိုယ်ကိုယ် ပြန်ပြီး ကိုးကွယ်ခြင်းသာ ဖြစ်သည်။ တြိနီတိ (သုံးပါးပေါင်း တစ်ပါး ဘုရား) ၏ သဘောမှာလည်း လူ့မိသားစု၏ သဘောကို ဘုရား အဖြစ် မှတ်ယူခြင်းပင် ဖြစ်သည်။" ဟု ရေးသားခဲ့ဖူးလေသည်။

ထို့ပြင် အင်္ဂလန်မှာလည်း *သောမတ် ဟာ့စ်လေ* [၅] နှင့် *ဟားဘတ် စပင်ဆာ* [၆] တို့ကလည်း ရှေးအယူမှန် ဝါဒကို စွဲကိုင်ထားကြသော ကွန်ဆာဗေးတစ်များ၏ မခံမရပ်နိုင်အောင် ဒေါသ အမျက်ထွက်မှုကို တိုးပွားအောင် တိရစ္ဆာန်က လူ ဖြစ်မလာနိုင် ဆိုသော လူနှင့် တိရစ္ဆာန် အကြားကွာဟချက် ရှိသည် ဆိုသော အယူကို ငြင်းပယ်ကြပြီး လျှင် လူသည် မျောက်ဝံမှ အဆင့်ဆင့် ဆင်းသက်လာသည် ဆိုသော အယူအဆကို ဆင်ခြေဆင်လက်များဖြင့် အခိုင်အမာ တင်ပြကြလေသည်။

ဤ သိပ္ပံပညာ ဆိုင်ရာ ယူဆချက်များ အားလုံးကို ရှေး အယူမှန် ဝါဒစွဲ သန်သော ခရစ်ယာန်များက ဘုရားသခင်က သီးခြား ဖန်ဆင်းထားသော သက်ရှိ မျိုးနွယ်စုများသည် တစ်ခုမှ တစ်ခုသို့ ဖောက်ပြန်ပြီး ပြောင်းလဲခြင်း မဖြစ်နိုင်ကြောင်း ငြင်းဆိုကြလေသည်။

ဘူမိဗေဒ ပညာရှင်များက လိုင်ယဲလ်၏ ကမ္ဘာမြေ ဆင့်ကဲ ပြောင်းလဲခြင်း သဘောတရားကို ရှာဖွေပြီး ဖော်ထုတ်ကြသော အခါ ဇီဝဗေဒ ပညာအရ သက်ရှိ ရုပ်များ၏ အဆင့်ဆင့် ပြောင်းလဲ တိုးတက်လာပုံ သဘောတရား (အီဗော်လူးရှင်း သီဝရီ) မှန်ကန်ကြောင်းကို ကျောက်ဖြစ် ရုပ်ကြွင်းများဖြင့် သက်သေ ထူနိုင်ကြလေသည်။

ရှေးအယူအစွဲ သန်သူများ ဖြေနိုင်သော အဖြေ တစ်ခုမှာ ဘုရားသခင်သည် မယုံကြည်သူများ၏ ဆုံးဖြတ်ချက်များယွင်းကြောင်းကို သက်သေ ထင်ရှားပြရန် အတွက် သက်ရှိ ရုပ်များကို ဖန်ဆင်းကတည်းက ကျောက်များပေါ်တွင် ထိုသက်ရှိ ရုပ်၏ ပုံသဏ္ဌာန်ကိုပါ တစ်ပါတည်း ဖန်ဆင်းခဲ့ခြင်းသာ ဖြစ်သည်ဟု ဆင်ခြေပေးကြလေသည်။

ထိုရာစုနှစ် ကုန်ဆုံးခါနီး အချိန်သို့ ရောက်သော အခါ ဇီဝ ဓာတုဗေဒ သိပ္ပံပညာက သက်ရှိ ရုပ်များကို ဖြစ်ပေါ်စေသော တန်ခိုးတော်ရှင် မရှိကြောင်း သဘောတရားကို ထုတ်ဖော်လာပြီး သိပ္ပံပညာကလည်း အတ္တဝိညာဉ် ဟူသည် မရှိကြောင်း [စိတ်ဝိညာဉ်လည်း သီးခြား မရှိ၊ အကြောင်း တိုက်ဆိုင်မှသာ (ပဋိစ္စသမုပ္ပာဒ် သဘော အရ) ဖြစ်ပေါ်လာသော အရာ ဖြစ်ပြီး ပျောက်သွားသော အရာသာ ဖြစ်ကြောင်း] ထုတ်ဖော် ပြောဆိုလာသော အခါ ဘုရား တရားကို အလွန် ကိုင်းရှိုင်းလာခဲ့ကြသော ဘာသာရေးသမားများ စိတ်ထဲတွင် ငါတို့တော့ ဘယ်လိုမှ စေ့စပ် ပေါင်းစည်း၍ မရသော အခြေအနေ၏ ကြားမှာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေသို့ ရောက်ရှိနေပြီ ဆိုသည်ကို ခံစားလာကြရလေတော့၏။

တစ်ခုမှာ သိပ္ပံပညာက မှန်လျှင် ဘာသာရေးက မှားပေတော့မည်။ အခြား တစ်ခုမှာ ဘုရားသခင်ထံက ကျလာသော ဗျာဒိတ်တော်များမှာ ဘယ်တော့မှ မမှားနိုင်ပါက သိပ္ပံပညာက ပြောဆိုချက်များသည် မတန်မရာ မှန်းဆ ပြောဆိုချက်များသာ ဖြစ်သည်ဟု ယူဆရပေမည်။ သမ္မာကျမ်းစာထဲမှာ ပါသမျှ အကြောင်းအရာ အားလုံးသည် အစမှ အဆုံးတိုင်အောင် တိတိကျကျ မှန်ကန်သည်ဟု ယူဆရပေမည်။

သို့ရာတွင် ဆူဆူညံညံ အငြင်း ပွားနေကြသည့် ကြားတွင် လွတ်လပ်သော သဘောထား ရှိသော ခရစ်ယာန်များကမူ သိပ္ပံပညာနှင့် ဘာသာရေး အကြားတွင် ထိုကဲ့သို့ စေ့စပ် ဖြေရှင်း၍ မရကောင်းသော အရာမျိုး မရှိနိုင်ဟု သဘောထားကြပြန်သည်။

ထိုသူများက အီဗော်လူးရှင်း သီဝရီသည် ဘုရားသခင်၏ ဖန်ဆင်းခြင်း နည်းလမ်းပင် ဖြစ်သည်ဟု ဆိုကာ သိပ္ပံပညာနှင့် ဘာသာရေးကို ပြန်လည် သင့်မြတ်အောင် စေ့စပ်၍ ရနိုင်ကြောင်း ယူဆလာကြပြန်သည်။ ဤ အယူအဆကို စွဲကိုင်ကြပြီးလျှင် လွတ်လပ်သော သဘောထား

---

၁။ Ludwig Buchner
၂။ Ernst Haeckel
၃။ Mechanistic materialism
၄။ Feuerbach
၅။ Thomas Huxley
၆။ Herbert Spencer

အမြင် ရှိသူများက ကိုယ့်ကိုယ်ကိုယ် ယုံကြည် စိတ်ချစွာဖြင့် ပြန်လည် တည်ဆောက်ရေး သဘောထားကို ယူလာကြပြန်သည်။

သူတို့၏ အမြင်တွင် သတိ ဝီရိယဖြင့် ရှာဖွေ တွေ့ရှိသော သိပ္ပံ တွေ့ရှိချက်များသည် ခရစ်ယာန်တို့၏ ဘာသာယုံကြည် ကိုးကွယ်မှုကို ကိုင်လှုပ်နိုင်ခြင်း မရှိဟု ဆိုကြသည်။

သူတို့က သိပ္ပံပညာသည်လည်း သက်သေ ထူပြနိုင်ခြင်း မရှိသေးသော အနုမာန မှန်းဆချက်များဖြင့်သာ အလုပ် လုပ်နေကြရသည်။ ထိုကဲ့သို့ ပြုလုပ်နေကြရခြင်းသည်ပင်လျှင် သိပ္ပံပညာရှင်များ၏ ယုံကြည် ကိုးကွယ်မှုသဘော ဖြစ်သည်။

မကြာမီကမှ လွတ်လပ်သော သဘောထား ရှိသော ခရစ်ယာန်များက ၁၉ ရာစုနှစ်တွင် ပေါ်ထွန်းသော တစ်ယူသန် ရုပ်ဝါဒသည်ပင်လျှင် လက်ခံ ယုံကြည်နိုင်ဖွယ် မရှိတော့ကြောင်း ထုတ်ဖော် ပြောဆိုလာကြလေသည်။

သူက ခရစ်ယာန် ယုံကြည် ကိုးကွယ်မှုကို သိပ္ပံပညာက မဖျက်ဆီးနိုင်ကြောင်း၊ စကြဝဠာကြီးသည် ယန္တရားကြီး သဖွယ် ဖြစ်ပျက်နေသည် ဆိုသော အမြင်ကို သက်ရှိ လောက ဇီဝ လောက၌ အသုံးချ၍ မရကြောင်း၊ အီလက်ထရွန်နှင့် ပရိုတွန်၏ အပြုအမူများကိုပင် တိတိကျကျ အဓိပ္ပာယ် သတ်မှတ် ပြောဆို၍ မရကြောင်း၊ သက်ရှိလောကနှင့် ပတ်သက်လာလျှင် သိပ္ပံပညာရှင်များ အနေနှင့် ပို၍ပင် ပွင့်လင်းသော စိတ်သဘောထား ရှိရကြောင်း၊ စိတ်ပညာမှာလည်း အတ္တ ဝိညာဉ် မရှိကြောင်း ဖော်ပြသော အချက်အလက်များကို အသေးစိတ် လေ့လာကြည့်သော အခါ မသေချာ မရေရာသော သဘောများသာ ဖြစ်ပေါ်လာကြောင်း၊ ထို့ကြောင့် ခရစ်ယာန် ဘာသာ၏ အဓိကကျသော ယုံကြည်မှုများကို သိပ္ပံက မချေဖျက်နိုင်ကြောင်း၊ သစ္စာတရား ဟူသည် ဧကော ဓမ္မောသာ ဖြစ်၍ ဘာသာရေးနှင့် သိပ္ပံပညာသည် ခွဲခြား၍ ရကောင်းသော အရာ မဟုတ်၊ ထို့ကြောင့် ဘဝကို တဖြည်းဖြည်း လေ့လာရင်း ဘဝ တစ်ခုလုံး၏ သဘောကို ငုံ၍ မြင်မိသော အခါဝယ် ဘုရားသခင်ကိုလည်း တွေ့မြင်ကြရပေတော့မည်ဟု ဆိုလေသည်။

ဘုရားသခင်ကို ယုံကြည် လက်ခံထားသော၊ ဘဝကို အကောင်းဘက်က ရှုမြင်သော၊ လွတ်လပ်သော အမြင် ရှိသူများ၏ ယုံကြည် စိတ်ချမှုသည် ပထမ ကမ္ဘာစစ်ကြီး ဖြစ်ပြီး ကပ်ကြီး ဆိုက်သောအခါ အကြီးအကျယ် တုန်လှုပ်သွားလေတော့သည်။

ထိုအခါ ခရစ်ယာန် *ရှေးအယူမှန် ဝါဒသစ်* [၁] ပေါ်ပေါက်လာလေသည်။ ထိုဝါဒသစ်က သိပ္ပံ ပညာ၏ တွေ့ရှိချက်များ အားလုံးကို မှန်သည်ဟု သဘောထား လက်ခံလေသည်။ သမိုင်းကို ဝေဖန်ချက်များကိုလည်း လက်ခံသည်။ လွတ်လပ်သော အမြင် ရှိသူများ ပြောဆိုကြသလို ဘုရားသခင်သည် သဘာဝ တရားကြီးထဲမှာ၊ လူ့သမိုင်း ဖြစ်စဉ်ကြီးထဲမှာ တည်ကိန်းလျက် ရှိသည် ဆိုသော အမြင်ကို ငြင်းပယ်ပြီး ဘုရားသခင်သည် သဘာဝတရားနှင့် သမိုင်းဖြစ်စဉ်ထဲမှာ မတည်ရှိ၊ ဘုရားသခင်သည် လောကကို လွန်မြောက်သော လောကဥတ္တရ (လောကုတ္တရာ သခင်) သာ ဖြစ်ကြောင်း ပြောဆိုလာကြသည်။

လူ့ အရုပ်တော်ပုံထဲမှာ ဘုရား မပါ၊ လူ့ ကိစ္စကို ဘုရားက ဝင်မစွက်။ ဘုရားသည် လောက အလွန်၊ သမိုင်း ဖြစ်စဉ် အပမှာသာ တည်နေသော အကြွင်းမဲ့ အနန္တ တန်ခိုးရှင်သာ ဖြစ်သည်ဟု ဆိုလာကြပြန်သည်။

ထိုအယူမှန် ဝါဒသစ်သည် အခြေခံ ဝါဒကိုရော ခေတ်သစ် ဝါဒကိုရော လွန်၍ ဘုရားနှင့် သဘာဝ တရားသည် သီးခြား တည်နေသော အစစ်အမှန် တရား နှစ်ခု (ဒွိတ္တဝါဒ) သာ ဖြစ်ကြောင်း အဆို ပြုလာကြသည်။

## လူမှုရေး ဂေါ့စပယ် [၂] (သတင်းကောင်း)

စီးပွားရေး လုပ်ငန်းကြီးများ ကြီးထွားလာသော အခါ အရင်းရှင်နှင့် အလုပ်သမားများ အကြားမှာ တင်းမာမှုများ ဖြစ်ပေါ်လာသည်။ ထို တင်းမာမှုကို အကြောင်း ပြု၍ 'ဆိုရှယ်လစ် ဝါဒ' က ဘဝသစ်ကို ဖန်တီးလာလေသည်။

ဥရောပတိုက်တွင် ၁၉ ရာစုခေတ် ဖြစ်ထွန်းလာပြီး ရာစု ခေတ် ထက်ဝက်လောက် ရောက်လာသောအခါ ထိုခေတ်သည် နိုင်ငံရေး အကျိုး သက်ရောက်မှု တိုးပွား၍ ကြီးကျယ်လာသည်။

၁၈၄၈ ခုနှစ်တွင် ဖြစ်ပေါ်သော လူမှု အုံကြွမှုကြီး ပေါ်ပေါက်လာသော အခါ အတွေးအခေါ် ရှိသော ခရစ်ယာန် အသင်းတော် လူကြီးမင်းများသည် ဆင်းရဲ ငတ်မွတ်မှုနှင့် လူမှုရေး တရား မျှတမှု မရှိခြင်း ပြဿနာတွင် ခရစ်ယာန် ဘာသာရေး အမြင်ဖြင့် ဖြေရှင်းနည်းကို ရှာဖွေ လာကြရလေသည်။

---

၁။ New Orthodoxy

၂။ Social Gospel

အင်္ဂလန် နိုင်ငံတွင် *ဖရက်ဒရစ် မောရစ်* [၁] နှင့် *ချားလ် ကင်းဆလေ* [၂] တို့သည် လူမှုပြဿနာများ အတွက် ခရစ်ယာန် သတင်းကောင်း (ဂေါ့စပယ်) များကို အသုံးချနည်းများကို စဉ်းစား ဆွေးနွေး လာကြလေသည်။

အင်္ဂလန် အသင်းတော် (ချားချ် အော့ဖ် အင်္ဂလန်) အသင်းတော်ထဲရှိ လွတ်လပ်သော အမြင် ရှိသူများသည် *ခရစ်ယာန် လူမှုရေး သမဂ္ဂ* [၃] နှင့် *ချားချ် ဆိုရှယ်လစ် အဖွဲ့ချုပ်* [၄] (နောင်အခါ *ဘုရားသခင်၏ နိုင်ငံတော် အဖွဲ့ချုပ်* [၅] ဟု တွင်သည်။) များကို တည်ထောင် ဖွဲ့စည်းကြလေသည်။ ဤ ကြိုးပမ်းမှုများတွင် ဂိုဏ်းအုပ်၊ ဂိုဏ်းချုပ် ဘုန်းကြီးကြီးများကလည်း ပူးပေါင်း ပါဝင်ကြပြီး လူမှု ပြဿနာများကို ပရိုတက်စတင့် ဘာသာက ရင်ဆိုင် ဖြေရှင်းနိုင်ရေးကို ဆောင်ရွက်ကြလေသည်။

အမေရိကန် ပြည်ထောင်စုတွင်လည်း *ဖရန်စစ် ဂျီ ပီးဘော်ဒီ* [၆] လို ပုဂ္ဂိုလ်၊ *ဝါရှင်တန် ဂလက်ဒင်* [၇] လို ပုဂ္ဂိုလ်၊ *ရှေလာ မက်သယူး* [၈] လို ပုဂ္ဂိုလ်၊ *ဝေါလ်တာ ရောချင်ဘုရှ်* [၉] လို ပုဂ္ဂိုလ်များကလည်း ကျမ်းစာများထဲမှာ ရှာဖွေမွှေနှောက်ကြပြီးနောက် ယေရှုသခင်၏ သင်ကြားချက်များအနက် အရေးကြီးသော အချက်များကို ဂရုမထားဘဲ လျစ်လျူ ရှုထားကြကြောင်း ရှာဖွေ တွေ့ရှိကြလေသည်။

ထိုအချက်မှာ 'ဘုရားသခင်၏ နိုင်ငံတော်' သဘောတရား ဖြစ်သည်။ သူတို့၏ အမြင်တွင် နာဇရက် မြို့သား လက်သမားကလေး အဖြစ်မှ လူမှုရေး တရား မျှတမှုနှင့် သူ၏ မူဝါဒများ အားလုံးသည် လူသားတို့၏ ဘဝကို ပိုမို ပျော်ရွှင် ချမ်းမြေ့ဖွယ် ကောင်းသော လူမှုဆက်ဆံရေး ဖြစ်လာရန် ဟောကြားသော တမန်တော် ဖြစ်လာသူ ယေရှု၏ တရားဓမ္မများကို လူမှုကိစ္စ အဝဝတွင် အသုံး ချနိုင်ကြောင်းကို တွေ့ရှိကြလေသည်။

ယေရှု ဟောကြားသော လူမှုရေး သတင်းကောင်း (ဂေါ့စပယ်) များကို ကျင့်သုံးခြင်းသည် ခေတ်သစ် လူသားများ ကြုံတွေ့နေရသော စီးပွားရေး၊ စက်မှု ထူထောင်ရေး၊ နိုင်ငံရေး၊ လူမျိုးရေးနှင့် နိုင်ငံတကာ ပြဿနာ များစွာကို ဖြေရှင်းပေးနိုင်သည်။ ဤ တရားဓမ္မများသည် နိုင်ငံတိုင်း၏ ငြိမ်းချမ်းရေးကိုလည်း ဆောင်နိုင်သည်။ လူမျိုးများ၏ တရား မျှတမှုကိုလည်း ဆောင်နိုင်သည်။ လူမျိုး အချင်းချင်းလည်း ချစ်ကြည် ရင်းနှီးနိုင်သည်။

ဤတွင် ပရိုတက်စတင့် အချင်းချင်း ကြားမှာ သဘောထား မတူ ကွဲပြား ခြားနားမှု ရှိကြသည်။ ယေဘုယျအားဖြင့် လွတ်လပ်သော သဘောထား ရှိသော လစ်ဘရယ်များက လူမှုရေး သတင်းကောင်း (ဂေါ့စပယ်) များကို အားတက်သရော ဟောကြား ပြောဆိုကြသည်။ ကွန်ဆာဗေးတစ်ခေါ် ရှေး အယူအစွဲ သန်သူများက နိုင်ငံရေးနှင့် လောကီကိစ္စများတွင် ပါဝင် ပတ်သက်ခြင်းသည် လူမှုရေး သတင်းကောင်းများကို ဟောကြားသူများ၊ ဓမ္မဆရာများသည် သားရဲတွင်းထဲသို့ ကျဆင်းခြင်း ဖြစ်သည်ဟု စွပ်စွဲ ပြောဆိုကြသည်။

ဝေဖန်ရေးသမားများကမူ ဓမ္မသစ် ကျမ်းစာထဲတွင် လူမှုရေးနှင့် ပတ်သက်သော သတင်းကောင်း စကား ဘာမျှ မပါဟု ငြင်းဆိုကြသည်။

ယေရှုသခင်က လူပုဂ္ဂိုလ် တစ်ဦးချင်းကိုသာ မိမိတို့ အချင်းချင်း တစ်ယောက်ကို တစ်ယောက်က ကူညီ ကယ်တင်ကြရန်လောက်သာ ဟောကြားခဲ့သည်ဟု ဆိုကြလေသည်။

လူမှုရေး ဘာသာတရား ဖြစ်သည်ဟု ယူဆသော လူများဘက်ကလည်း ပြန်ပြောကြသည်။ ဘာသာ အားလုံးသည် လူပုဂ္ဂိုလ် တစ်ဦးချင်းကို ကယ်တင်ရန် လိုလားကြသည်ချည်း ဖြစ်သည်။ ကိုယ်ကျင့်တရား ကင်းမဲ့သော လူ့အဖွဲ့အစည်းထဲတွင် ကိုယ်ကျင့်သီလဖြင့် ကယ်တင်ခြင်း သဘောသည် မဖြစ်နိုင်။ ထို့ကြောင့် ခရစ်ယာန် အသင်းတော်သည် ခေတ်သစ် လူသားများ၏ ဘဝနှင့် ပတ်သက်ဆက်နွယ်ခြင်း ကင်းသွားပြီ။ ခရစ်ယာန် သာသနာသည် လူ့အဖွဲ့အစည်း တစ်ခုလုံးကို ကိုယ်ကျင့်သီလ ကောင်းအောင် ပြုပြင်ပြီး ကယ်တင်ခြင်း မပြုနိုင်သမျှ၊ အကျင့်သီလ ပျက်နေပြီ ဖြစ်သော အလုပ်သမား လူတန်းစား အများစုနှင့် မပတ်သက်သလို ဖြစ်နေပြီဟု ဆိုကြသည်။

ထို့ပြင် သူတို့က ကြွေးကြော် ပြောဆိုကြသည်မှာ အကယ်၍ ခရစ်ယာန် သာသနာသည် ခေတ်ကာလ အလျောက် ပေါ်ပေါက်နေသော အဓိက ပြဿနာများကို ဖြေရှင်းရန် အကြောင်းကို ဘာမျှလည်း မပြော၊ ဘာ အစီအစဉ်မျှလည်း ချမှတ် ပြုလုပ်ခြင်း မရှိဘဲနေလျှင် ထိုဘာသာ

၁။ Frederick Maurice
၂။ Charles Kingsley
၃။ Christian Social Union
၄။ Church Socialist League
၅။ League of the Kingdom of God
၆။ Francis G. Peabody
၇။ Washington Gladden
၈။ Shailer Mathews
၉။ Walter Rauchenbush

သည် လူသားများ အတွက် ဘာမျှ အသုံးမကျသော ဘာသာ တစ်ခု အဖြစ်သို့သာ ဆိုက်ရောက်သွားလိမ့်မည်ဟု ဆိုကြသည်။ ခရစ်ယာန် ဘာသာ၏ ခေတ် ကုန်သွားပြီဟုလည်း ဝေဖန် ပြောဆိုကြလေသည်။

ဓမ္မသစ် သမ္မာ ကျမ်းစာထဲမှာ လူမှုရေး သတင်းကောင်းများ ဘယ်လောက် ပါသလဲ ဆိုသော ပြဿနာမှာ ဖြေရှင်း၍ မပြီးဆုံးသေးသော ပြဿနာ ဖြစ်ဆဲ ဖြစ်၏။ ဘယ်တော့မှ ဖြေရှင်း၍ ရမည့် ပြဿနာလည်း မဟုတ်ဟု ဆိုကြသည်။ အင်္ဂလိပ် စကား ပြောသော ကမ္ဘာ အရပ်ရပ်တွင် ပရိုတက်စတင့် ဘာသာဟု သမုတ်အပ်သော ဘာသာက လူမှုရေး ပေါ်လစီနှင့် လူမှုရေး စီမံချက်များကို အသေးစိတ် ရေးဆွဲကြသည်။ သူတို့၏ ညီလာခံ စည်းဝေးပွဲကြီးများတွင်လည်း လူမှုရေး အတွက် အရေးယူ ဆောင်ရွက်ရေး ကိစ္စကို အလေးပေး စဉ်းစား ဆွေးနွေးခဲ့ကြလေသည်။ ထို ပြဿနာကို အကြောင်းပြု၍ ပရိုတက်စတင့် ဘာသာဝင်များ စည်းလုံး ညီညွတ်ရေးကို ဖြစ်ပေါ်စေခဲ့လေသည်။

### ခရစ်ယာန် အသင်းတော်များ သမဂ္ဂ ဖြစ်ပေါ်ရေး လှုပ်ရှားမှုများ

လွန်ခဲ့သော အနှစ် ငါးဆယ်လောက်သော ကာလ အတွင်း၌ ပရိုတက်စတင့် ဘာသာထဲတွင် ကွဲအက် ခွဲထွက်မှုများ လျော့နည်းလာသည်။ ယခုဆိုလျှင် ကွဲအက် ခွဲထွက်ခြင်းမျိုး မရှိသလောက်ပင် ဖြစ်သွားလေပြီ။ ယခုအခါ ပရိုတက်စတင့် ဘာသာဝင် အချင်းချင်း ပြန်လည် သင့်မြတ်အောင် စေ့စပ်ညှိနှိုင်းမှုများ၊ သမဂ္ဂ ဖွဲ့စည်းမှုများကို ပြုလုပ်ရန်သာ အားထုတ်လာကြသည်။ တစ်စိတ်တစ်ဒေသအားဖြင့် ဤသို့ ပြန်လည် သင့်မြတ် စုစည်း ညီညွတ်ရေးကို ဆောင်ရွက်လာခြင်းသည် လွတ်လပ်သော သဘောထား ရှိသူ လစ်ဘရယ်များကြောင့် ဖြစ်သည်ဟု ဆိုမည် ဆိုလျှင် ဆိုသင့်၏။ သူတို့သည် ညီညွတ်ရေး ရရှိရန် အတွက် သဘော တူညီနိုင်သော အခြေခံ အချက်အလက်များ အပေါ်တွင် အရေးထားကြလေသည်။

သို့သော် အခြား ကိစ္စ များစွာလည်း ရှိသေး၏။ စီးပွားရေး တိုးတက်မှုကြောင့် ဖြစ်ပေါ်လာသော လျင်မြန်စွာ ဆက်သွယ်နိုင်မှုနှင့် အချင်းချင်း အပြန်အလှန် (အညမည) မှီခို အားထားရမှု စသော လူမှုရေး အပြောင်းအလဲများကို ဖြစ်ပေါ်စေခဲ့လေသည်။ ထို့ပြင် သိပ္ပံပညာ၏ သံသယ ဝါဒနှင့် လောကီရေး အယူဝါဒများ ပြန့်ပွားလာခြင်း စသော အကြောင်းတရားများကလည်း ဘာသာရေးသမားများကို ပေါင်းစည်း ညီညွတ်လာကြစေရန် စေ့ဆော် နေသကဲ့သို့ ရှိ၏။ ကမ္ဘာ တစ်ခုလုံးနှင့် ဆိုင်သော ခရစ်ယာန် ဘာသာဝင်များ၏ ကြိုးပမ်းချက်ကို ကျယ်ပြန့်အောင် တိုးချဲ့စေခဲ့လေသည်။

အခြေအနေ အရပ်ရပ် ကွဲပြား ခြားနားနေသော ပရိုတက်စတင့် ဘာသာသည် အားနည်းပြီး စုစည်း ညီညွတ်သော ပရိုတက်စတင့် ဘာသာ ဖြစ်မှသာ အားကောင်းလာမည်ဟု သိမြင်လာကြသည်။

လူမှု ပြဿနာများကို ရင်ဆိုင် ဖြေရှင်းရာ၌ စည်းလုံး ညီညွတ်သော ပရိုတက်စတင့် အသင်းတော်များ သမဂ္ဂ ရှိမှသာ လူမှု ကယ်တင်ရေး လုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဟု သိမြင်လာကြလေသည်။

ခရစ်ယာန် အသင်းတော်များ သမဂ္ဂ ဖွဲ့စည်းရေးကို ရာစုခေတ် တစ်ခုလောက် ကြာအောင် ဥရောပမှာရော အမေရိက တိုက်မှာပါ တောင်းဆိုနေခဲ့ကြလေသည်။ နိုင်ငံတော် အကြီးအကဲများ၊ ဘုရင်များ၊ သမ္မတများကလည်း ထိုသို့ စည်းလုံး ညီညွတ်သော အသင်းတော်များ သမဂ္ဂ ဖွဲ့စည်းခြင်းကို လိုလားသော ဆန္ဒ ရှိကြောင်းကို ထုတ်ဖော် ပြောဆိုခဲ့ကြလေသည်။

အစိုးရက ကမကထ ပြုပြီး ဖွဲ့စည်းပေးသော သာဓက တစ်ခုမှာ ၁၈၁၇ ခုနှစ်က ဖွဲ့စည်းခဲ့သော *ပရပ်ရှား အမျိုးသား ခရစ်ယာန် အသင်းတော်* [၁] ဖြစ်သည်။

သို့သော် အစိုးရက ဦးဆောင် ဖွဲ့စည်းပေးခြင်းထက် အသင်းတော် အချင်းချင်း ညှိနှိုင်း ဆွေးနွေးပြီး သမဂ္ဂ ဖြစ်မြောက်ရေးကို အဆင့်ဆင့် ဆောင်ရွက်ခြင်းက ပို၍ ထိရောက်မှု ရှိ၏။

ထိုကဲ့သို့ အဆင့်ဆင့် အဖွဲ့အစည်းများကို တိုးချဲ့ ဖွဲ့စည်းခဲ့ကြရာမှ အစပြုပြီး တစ်ကမ္ဘာလုံး ဆိုင်ရာ ခရစ်ယာန် အသင်းတော်များ ညီညွတ်ရေး လှုပ်ရှားမှု ဖြစ်ပေါ်လာခြင်းသည် ခေတ်သစ် ပရိုတက်စတင့် ဘာသာ၏ ထူးခြားသော အခြင်းအရာ တစ်ခုပင် ဖြစ်၏။ ထင်ရှားသော သာဓက တစ်ခုမှာ ၁၉၀၈ ခုနှစ်တွင် ဖွဲ့စည်းသော *အမေရိက တိုက်လုံးဆိုင်ရာ ခရစ်တော်၏ အသင်းတော်များ ကောင်စီ* [၂] ဖြစ်၏။ ပရိုတက်စတင့် အသင်းတော် သုံးဆယ်ခန့်မှ ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့အစည်းကြီး ဖြစ်၏။

---

၁။ Prussian National Church

၂။ Council of Churches of Christ in America

ဥရောပဘက်တွင်လည်း နိုင်ငံရပ်ခြား ဘာသနာပြုလုပ်ငန်းများနှင့် စပ်လျဉ်းပြီး ညီညွတ်သော အဖွဲ့အစည်းကြီးကို ပထမဆုံး အကြိမ် ဖွဲ့စည်းရန် အကြောင်း ဖန်တီးလာခဲ့လေသည်။ ၁၉၁၀ ခုနှစ်တွင် *အီဒင်ဘာရာ သာသနာပြု ကွန်ဖရင့်ကြီး* [၁] ကို ကြီးကြီးကျယ်ကျယ် ကျင်းပ ပြုလုပ်နိုင်ခဲ့လေသည်။ ထိုညီလာခံကြီး၏ အကျိုးရလဒ်မှာ ၁၉၂၁ ခုနှစ်တွင် *နိုင်ငံတကာ သာသနာပြု ကောင်စီ* [၂] ကို ဖွဲ့စည်းနိုင်ခဲ့ခြင်း ဖြစ်၏။ တစ်ဖန် ၁၉၂၈ ခုနှစ်တွင် ဂျေရုဆလင်မြို့၌ ကမ္ဘာလုံးဆိုင်ရာ ညီလာခံကြီးကို ကျင်းပ ပြုလုပ်နိုင်ခဲ့ပြီး ၁၉၃၈ ခုနှစ်၌ မဒရပ်မြို့တွင် အလားတူ ညီလာခံကြီးကို ကျင်းပ ပြုလုပ်ခဲ့ကြလေသည်။

ထိုမျှသာမကသေး၊ အင်္ဂလန် အသင်းတော်က ကြားဝင် ဆောင်ရွက်ပြီး ပရိုတက်စတင့်နှင့် ကက်သလစ်များ ပါဝင်သော *လမ်ဘက်* [၃] ကွန်ဖရင့်ကြီးကို ၁၉၂၀ ခုနှစ်တွင် ကျင်းပနိုင်ခဲ့သေးသည်။ ထို့နောက် ၁၉၂၇ ခုနှစ်တွင် ကမ္ဘာလုံး ဆိုင်ရာ ယုံကြည် ကိုးကွယ်မှု ဆိုင်ရာ ဘာသာရေး ကွန်ဖရင့်ကြီး တစ်ခုကိုလည်း *လောဆန်* [၄] မြို့တွင် ကျင်းပ ပြုလုပ်ခဲ့ကြသေးသည်။ ထိုကမ္ဘာလုံး ဆိုင်ရာ ယုံကြည် ကိုးကွယ်မှု ဘာသာရေး ကွန်ဖရင့်ကြီးသို့ ရိုမင်ကက်သလစ် အသင်းမှအပ လွတ်လပ်သော သဘောထား ရှိသော အရှေ့တိုင်း ကက်သလစ်များပါ တက်ရောက်ခဲ့ကြလေသည်။

အလားတူ ကွန်ဖရင့်ကြီးကို ၁၉၃၇ ခုနှစ်တွင် အီဒင်ဘာရာမြို့၌ ကျင်းပ ပြုလုပ်ခဲ့ကြသေးသည်။ ကမ္ဘာ အရပ်ရပ်မှ ဘာသာရေး ကိုယ်စားလှယ် အဖွဲ့များ ပါဝင် တက်ရောက်ခဲ့ကြလေသည်။

ထို့နောက် အလားတူ ကမ္ဘာ့ အတိုင်းအတာဖြင့် ပြုလုပ်သော ညီလာခံကြီးများကို ဆက်တိုက် ပြုလုပ်ကြကာ အောက်စဖုဒ်နှင့် အီဒင်ဘာရာ မြို့များ၌ ကျင်းပသော ညီလာခံများကို အကြောင်းပြု၍ *ကမ္ဘာ့ ခရစ်ယာန် အသင်းတော်များ ကောင်စီ* [၅] ကို ဖွဲ့စည်းခဲ့ကြလေသည်။ ထို ကမ္ဘာ့ အသင်းတော်များ ကောင်စီ၏ ပထမ အကြိမ် ညီလာခံကြီးကို အမ်စတာဒမ်မြို့ (ဟော်လန် နိုင်ငံ) ၌ ၁၉၄၈ ခုနှစ် ဩဂုတ်လ ၂၂ ရက်မှ စက်တင်ဘာလ ၄ ရက်နေ့ထိ ပြုလုပ်ခဲ့လေသည်။

ဤတွင် ခရစ်ယာန် ဘာသာ၏ သမိုင်းကြောင်း တစ်လျှောက် ဖြစ်ပေါ်ခဲ့သော အတွေးအခေါ် အပြောင်းအလဲများ၊ အယူဝါဒ ကွဲပြား ခြားနားမှုများ၊ ထိုမှတစ်ဖန် ပြန်လည် စုစည်း ညီညွတ်ရေး ကြိုးပမ်းမှုများကိုပါ အတော်အတန် ကျယ်ကျယ်ပြန့်ပြန့် တင်ပြခဲ့ပြီး ဖြစ်ရာ နိဂုံးချုပ်သင့်သော အခန်းကဏ္ဍသို့ ဆိုက်ရောက်ပြီ ဖြစ်၏။

ခြုံ၍ ကြည့်လျှင် ခရစ်ယာန် ဘာသာ၏ အခြေခံ သဘောထားသည် နောက် (အတိတ်) သို့ ပြန်ကြည့်သော သဘော မဟုတ်၊ ရှေ့ (အနာဂတ်) သို့သာ မျှော်ကြည့်သော သဘောမျိုး ဖြစ်ကြောင်း ထင်ရှား၏။

ဤဘာသာသည် လောကီနယ်ကို စွန့်ခွာပြီး သီးခြား ကမ္ဘာထဲမှာ ဧကစာရီ ကျင့်သော ဘာသာ မဟုတ်၊ လူ တစ်ယောက်၏ ဘဝ တစ်ခုလုံးကို လောက ကောင်းစားရေး၊ လောက ငြိမ်းချမ်း သာယာရေး အတွက် အသုံးချသော ဘာသာ ဖြစ်၏။ အကြွင်းမဲ့ သစ္စာကို ရှာသော ဘာသာ မဟုတ်၊ လူသား အပေါင်းကို ဒုက္ခဆင်းရဲမှ ကယ်တင်ရန် အားထုတ်သော ဘာသာ ဖြစ်သည်။ ကယ်တင်ခြင်း ကိစ္စကို လောကထဲမှာ ပြုပြီး ဘုရားသခင်ကို ချစ်ခင် မြတ်နိုး ကြည်ညိုစိတ် ထက်သန်လာအောင် ပြုလုပ်သော ဘာသာ ဖြစ်ကြောင်း ပေါ်လွင်ပါ၏။

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


| | | |
|---|---|---|
| 1. | Edwyn Bevan | Christianity |
| 2. | Guignebert, C. | Christianity, Past and Present |
| 3. | Joseph Klausner | From Jesus to Paul |
| 4. | K.S. Latourette | History of the Expansion of Christianity 7 vols. |
| 5. | A.G McGriffert | A History of Christian Thought 2 vols. |


---

၁။ Edinburgh Missionary Conference

၂။ International Missionary Council

၃။ Lambeth

၄။ Lausanne

၅။ World Council of Churches

## အခန်း ( ၁၆ )

# အစ္စလာမ် ဘာသာ

## (တစ်ဆူတည်း ဘုရားကို ကိုးကွယ်သော ဝါဒ)

မဟာမ္မဒ် သခင် တည်ထောင်သော အစ္စလာမ် [၁] ဘာသာသည် စောစော ကနဦး ကာလတွင် လျှင်မြန်စွာ ပြန့်ပွားခဲ့လေသည်။ ထိုသို့ ဘာသာ ပြန့်ပွားအောင် ဆောင်ရွက်ရာတွင် စစ်မက် အင်အားကို အသုံးပြု တိုက်ခိုက် သိမ်းသွင်းသော နည်းလမ်းကို အသုံးပြုခဲ့လေသည်။ ဤသို့ အဓမ္မနည်းကို ကျင့်သုံးပြီး အကြမ်းဖက် ပြုလုပ်ခဲ့ခြင်းကို အရှေ့တိုင်းသားများရော အနောက်တိုင်းသားများပါ မမေ့နိုင်သော ဖိနှိပ်ခြင်း အဖြစ် အရာ ထင်ခဲ့လေတော့သည်။ ဤဘာသာ ပေါ်ပေါက်လာသော ပထမ ရာစုနှစ် အတွင်း၌ ဤဘာသာ တိုးတက် ထွန်းကားသွားရာ လမ်းတစ်လျှောက်တွင် ကျရောက်သော အရာ အားလုံးကို ငမ်းငမ်းတက် ဝါးမျိုသွားသော လောင်မီးပမာ ရက်စက်စွာ တောင်းပန် တားဆီး၍ မရသော အရှိန် အဟုန်ဖြင့် သုတ်သင် ချေမှုန်းသွားခဲ့လေသည်။ ထိုဘာသာ ရောက်ရှိလာရာ အရပ်က လူများ အနေနှင့် ဘာလုပ်ရမှန်း မသိခင်မှာပင် ထိုဘာသာက ထိုလူများကို လွှမ်းမိုးသွားလေသည်။ မင်းအမိန့် မင်းအာဏာဖြင့် ထိန်းချုပ်ထားသော ရင်ဆိုင် ခုခံသော အရပ် ဒေသများသည်လည်း အခွန် ဘဏ္ဍာတော် ဆက်သပါမည် ဆိုသော ခံဝန်ချက်ဖြင့် လက်အောက်ခံ ဘဝဖြင့်သာ အသနားခံကြရသည်။ အသစ် ပေါ်လာသော ဘာသာရေး အယူဝါဒကို မခုခံနိုင်သူများနှင့် အစ္စလာမ် ဘာသာ အယူဝါဒကို တစ်ဝက်တစ်ပျက် လက်ခံထားကြသူများ အနေနှင့်မူကား လက်နက်ချ အညံ့ခံကြပြီးလျှင် *မွတ်ဆလင်* [၂] များ ဖြစ်လာကြလေသည်။

မွတ်ဆလင်၏ အဓိပ္ပာယ်မှာ 'သစ္စာခံသူ' ဟု အဓိပ္ပာယ်ရရှိသည်။ အခြား လူများကလည်း အစ္စလာမ် ဘာသာကို ကြိုဆိုခဲ့ကြသည်။ တချို့ကလည်း တက်တက်ကြွကြွ ခုခံကြသည်။ ထိုသို့ ခုခံကြသူများသည် သေကျေ ပျက်စီးကုန်ကြရသည်။ ပြန်လှန် တွန်းလှန်နိုင်ခြင်း မရှိကြ။ ပြင်းထန်သော ဘာသာသစ်၏ တောင်းဆိုမှုများကို ပျော့ပျောင်းသွားအောင် ပြုလုပ်နိုင်မည့် နည်းလမ်း မရှိချေ။

ဥရောပ အနောက်တောင်နှင့် အရှေ့တောင်ပိုင်းတို့တွင် ဤဘာသာ၏ ပြင်းထန်စွာ တစ်ဟုန်ထိုး တိုးဝင်လာခြင်းကို ရပ်တန့်သွားအောင် ပြုလုပ်နိုင်ပြီး ၄င်းတို့၏ တိုက်ခိုက်လာမှုကို ပြန်လည် တွန်းလှန်နိုင်လိုက်ကြသည်။

သို့ရာတွင် အစ္စလာမ် ဘာသာ၏ ပြန့်ပွားမှုသည် အရှေ့ဘက်နှင့် တောင်ဘက်တွင် ဆက်လက် ဖြစ်ပေါ်သွားရာ မိုင်ပေါင်း ထောင်ချီ၍ ဝေးသော အာရှနှင့် အာဖရိကတိုက်များ အထိ ရောက်ရှိသွားလေသည်။

သို့ရာတွင် ထိုဘာသာ၏ ပြင်းထန်သော အရှိန်အဟုန်သည် ပြန်လည် ခုခံသူများကို ကြောက်ရွံ့စေပြီး ထိုဘာသာ၏ ရိုးစင်း ရှင်းလင်းမှုကို သဘောကျသူများကမူ ထိုဘာသာကို အလွယ်တကူ လက်ခံကြလေသည်။ လူသန်းပေါင်း ၂၅၀ ကျော် (ခန့်မှန်းခြေအားဖြင့်) သည် ယခုအခါ ထို ဘာသာကို လိုလိုလားလား လက်ခံနေကြသည်။ ဤဘာသာကို လက်ခံသူများသည် ဤ ဘာသာပါ အယူအဆများသည်သာ အကြွင်းမဲ့ မှန်ကန်သော အယူဝါဒများ ဖြစ်သည်ဟု ယုံကြည် လက်ခံကြပြီး ထိုအယူဝါဒများကို သူတို့ နားလည်နိုင်ခြင်းကိုလည်း ဂုဏ်ယူတတ်ကြလေသည်။

ယေဘုယျအားဖြင့် ဤဘာသာသည် ယုံကြည် လက်ခံသူများအား များပြားလှစွာသော ကျမ်းစာများ၊ နှစ်သက်ဖွယ် မရှိသော အယူဝါဒ အငြင်းပွားမှုများ၏ ဝန်ထုပ် ဝန်ပိုး ပိခြင်း မရှိပေ။ ဤဘာသာက အခြေခံ ကျမ်းစာ တစ်ခုတည်းကိုသာ အမိအရ ဆုပ်ကိုင်ထားသည်။ ထိုကျမ်းစာပါ အချက်အလက်များကိုလည်း မူလ အတိုင်း ဘာမျှ အပြောင်းအလဲ မရှိအောင်လည်း ထိန်းသိမ်း စောင့်ရှောက်လာခဲ့ကြသောကြောင့် အဋ္ဌကထာ ဆရာများ၏ အဓိပ္ပာယ် ဖွင့်ဆိုမှုကြောင့် အယူအဆ ကွဲလွဲ ဖောက်ပြန်မှု အရှုပ်အထွေးမှ

---

၁။ Islam ၂။ Muslim

လည်း ကင်းစင်ခဲ့ပေသည်။ *ကုရ်အာန်*[၁] ကျမ်းစာထဲမှာ ပါရှိသော အရာအားလုံးကို ရှေးအယူမှန် ဝါဒကို လက်ခံသော မွတ်ဆလင်တိုင်း၏ စိတ်ထဲတွင် အကြွင်းမဲ့ အမှန်သစ္စာ တရားများချည်း ဖြစ်သည်ဟု ယုံကြည် လက်ခံကြလေသည်။ ကုရ်အာန် ကျမ်းတော်ထဲမှာ မပါသော အရာအားလုံးကို သိ၍ တန်ဖိုး မရှိဟုလည်း မွတ်ဆလင်များ စိတ်မှာ ယုံကြည် စွဲမှတ်ထားကြလေသည်။

ယုံကြည် လက်ခံနိုင်လောက်သော သက်သေခံ အထောက်အထားများကို တသီတတန်းကြီး ပြသပြီး မုဟမ္မာဒ် သခင် ဟောကြားသော တရားဓမ္မများသည် အသစ်လည်း တစ်ခုမျှ မရှိ၊ သူ့ မူရင်း ကိုယ်ပိုင် အတွေးအခေါ်လည်း ဘာမျှ မရှိကြောင်း ထောက်ပြစေကာမူ မွတ်ဆလင်များ အနေနှင့် သူတို့ ယုံကြည် ကိုးကွယ်နေသော ဘာသာအပေါ် အထင်ကြီး ဂုဏ်ယူသော သဘောထားသည် ယုတ်လျော့သွားမည် မဟုတ်ချေ။ အစ္စလာမ် ဘာသာဝင်များက ထိုဘာသာ မပေါ်ပေါက်မီက ပေါ်ပေါက်ခဲ့သော ဘာသာအယူဝါဒများမှာ ပါဝင်သော အချက်အလက်များ၊ တစ်ဝက်တစ်ပျက်သာ မှန်ကန်သော အချက်များသည် ကုရ်အာန် ကျမ်းစာထဲကျမှ အားလုံး ပြီးပြည့်စုံသွားသည်ဟုလည်း ဂုဏ်ယူ ဝင့်ကြွား၍ ပြောဆိုတတ်ကြသည်။

ကမ္ဘာပေါ်မှာ ပေါ်ထွန်းခဲ့သော ဘာသာတရားများ အကြောင်းကို နှံ့နှံ့စပ်စပ် သိကြသော ဘာသာရေး အသိကြွယ်သူများ အနေနှင့် ကုရ်အာန် ကျမ်းစာကို ဖတ်ရှု ကြည့်လိုက်သည်နှင့် တစ်ပြိုင်နက် မုဟမ္မာဒ် သခင်သည် တခြားဘာသာများမှ အယူဝါဒများကို ကျယ်ပြန့်စွာ ရယူထားကြောင်း ချက်ချင်းပင် အလွယ်တကူ သိမြင်နိုင်ပေသည်။ [ယခု ဤစာအုပ်ကို ဖတ်ရှု လေ့လာနေသော စာဖတ်သူအနေနှင့်လည်း ယခု ဖော်ပြအံ့သော အစ္စလာမ် ဘာသာ အယူဝါဒများနှင့် အကျင့်စရဏ ဓလေ့ထုံးစံများသည် ရှေးက ဖော်ပြခဲ့ပြီးသော ဘာသာ အယူဝါဒများထဲ၌ ပါဝင်ပြီးသား ဖြစ်ကြောင်းကို လွယ်ကူစွာ သိမြင်နိုင်ကြပါလိမ့်မည်။]

လူ့သမိုင်းတွင် လူနှင့် ထာဝရ ဘုရားသခင်တို့၏ ဆက်နွယ်ပုံ သဘောတရားကို ဖော်ပြရာ၌ မုဟမ္မာဒ် သခင်သည် ဂျူး ဘာသာနှင့် ခရစ်ယာန် ဘာသာများ၏ အယူအဆများ အပေါ် မှီခို အားထားခြင်း များစွာ ပြုထားသော်လည်း၊ ထို့ပြင် *ဆားဗီးယန်း*[၂] နှင့် ဇိုရိုအက်စတာ ဘာသာများမှ အယူအဆများကိုလည်း ချေးငှားသော သဘောဖြင့် များစွာ ရယူထားသော်လည်း သူ့အနေနှင့် သူ၏ ထာဝရ ဘုရားသခင် ဖြစ်သော *အလ္လာဟ်*[၃] အရှင်မြတ်အား အာရပ် လူမျိုးများ၏ စရိုက်နှင့် ကိုယ်ရည်ကိုယ်သွေးများဖြင့် ဖော်ဆောင်ထားလေသည်။ ထိုသို့ ဆိုအပ်သော အချက်များသည် နောက်ပိုင်းတွင် ပေါ်လွင် ထင်ရှားပါလိမ့်မည်။

သို့သော် အစ္စလာမ် ဘာသာ အကြောင်းကို လေ့လာရာတွင် ကျွန်ုပ်တို့သည် ကနဦးကပင် အခက်အခဲ တစ်ခုနှင့် ကြုံကြရသည်။ ထိုအခက်အခဲမှာ ဤသို့ ဖြစ်၏။ ဤဘာသာ၏ အယူဝါဒများ၊ ကိုယ်ကျင့်သီလ စရဏနှင့် ဆိုင်သော အချက်များ၏ သဘော သဘာဝကို နောက်ဆုံး ဆုံးဖြတ်သောအခါ တစ်ခုတည်းသော အကြွင်းမဲ့ အမှန်တရားစံအဖြစ် ထား၍ ဆုံးဖြတ်ရသော အရာသည် 'ကုရ်အာန်' ကျမ်းမြတ် ဖြစ်သည်ဟု ဆိုရစေကာမူ ကျွန်ုပ်တို့ အနေနှင့် မုဟမ္မာဒ် သခင်၏ ဘဝ အဖြစ်အပျက်များနှင့် အစ္စလာမ် ဘာသာ စတင် ပြန့်ပွားသော ကနဦး ကာလနှင့် စပ်ဆိုင်သော သတင်း အချက်အလက်များကိုမူကား ကုရ်အာန် ကျမ်းစာထဲမှာ မရနိုင်ခဲ့ပေ။ ထိုအချက်အလက် များစွာကို ကျွန်ုပ်တို့သည် *ဟာဒိသ်*[၄] ဟု ခေါ်သော အစဉ်အလာ စကားများ၊ မှတ်တမ်း ကျမ်းများထဲမှသာ ရရှိခဲ့ပေသည်။

ထိုအစဉ်အလာ မှတ်တမ်း ကျမ်းများသည် မွတ်ဆလင်များ၏ ပထမ မျိုးဆက်မှ စတင်ကာ ပထမ နှုတ်တိုက် အာဂုံဆောင်သော နည်းဖြင့် ထိန်းသိမ်းလာခဲ့ကြရာ နောက်ဆုံး စာပေဖြင့် ရေးသား မှတ်တမ်း တင်သည် အထိ ဖြစ်၏။ ဟာဒိသ် အစဉ်အလာ စကား မှတ်တမ်း ကျမ်းများသည် ကုရ်အာန်နှင့် မတူကြပေ။ ဟာဒိသ်ကျမ်း တစ်ခုနှင့် တစ်ခုသည် ဂိုဏ်းဂဏ အလိုက် ကွဲပြား ခြားနားကြသည်။ ဂိုဏ်းကွဲ တစ်ခုက ပြုစုသော ဟာဒိသ် ကျမ်းကို အခြား ဂိုဏ်းသားများက သံသယ မကင်းသော အကြည့်မျိုးဖြင့် ကြည့်တတ်ကြသည်။ မည်သို့ပင် ဆိုစေ ထိုကျမ်းများထဲတွင် သိသာ ထင်ရှားစွာ တွေ့မြင်နိုင်သော မကိုးစားထိုက်သော အချက်အလက်များ၊ အကြောင်းအရာများ များစွာ ပါဝင် နေစေကာမူ ထိုကျမ်းများသည် သမိုင်း သုတေသီ ပညာရှင်များ အတွက်မူကား အမှန်ပင် တန်ဖိုး ရှိလှပေသည်။

၁။ Qur'an ( Koran ဟုလည်း တချို့ စာလုံးပေါင်းကြသည်။ Qur'an က ပိုပြီး အသံထွက်နီးစပ်သည်။)

၂။ Sabaeans

၃။ Allah

၄။ Hadiths or Traditions

# ၁။ မုဟမ္မာဒ် သခင် မတိုင်မီက အာရေဗျ လူမျိုးများ၏ ယုံကြည်မှုနှင့် ဓလေ့စရိုက်များ

## လူမျိုးရေးနှင့် စီးပွားရေး အကြောင်းကိစ္စများ

အခြားသော လူမျိုးများလိုပင် အာရပ် လူမျိုးများမှာလည်း လူမျိုးရေး အရ တစ်မျိုး တစ်စားတည်း မဟုတ်ကြချေ။ ၎င်းတို့ထဲတွင် ရှေးမှ ဆင်းသက်သော *ဆီးမိုက်* [၁] လူမျိုး သန့်သန့်က အများစု ဖြစ်သည်။ အခြားသော လူမျိုးစုများ အားလုံးပေါင်းသည်ထက်ပင် များသည်။ သို့ရာတွင် အာရပ် လူမျိုး လူဦးရေ၏ အများစုသည် ဆီးမိုက်နှင့် ဆီးမိုက် မဟုတ်သောသူများ၊ သွေးရောသူများ ဖြစ်ကြလေသည်။ တောင်ဘက်ပိုင်းတွင် *အီသီယိုးပီးယား* [၂] လူမျိုးများသည် ပင်လယ်နီကို ဖြတ်ကျော်ကာ ပင်လယ် ကမ်းရိုးတန်း မြေပြန့် အရပ်ဒေသများ၌ အခြေချ နေထိုင်ရန် လာခဲ့ကြလေသည်။ အရှေ့မြောက် အရပ်တွင် အနှစ် နှစ်ထောင်ကျော် ဘီစီ ကာလလောက်က အောင်ပွဲခံခဲ့ကြသော လူမျိုးများ၏ ရောနှော ဆက်ဆံမှုကြောင့် လူမျိုးစုများ၏ အနေအထား များလည်း ပြောင်းလဲနေပြီ ဖြစ်၏။ ထိုဒေသတွင် *ဆူမေးရီးယန်း* [၃] များ၊ *ဘေဘီလိုနီးယန်း* [၄] များနှင့် *ပါရှန်များ* [၅] ရောနှောကုန်ကြပြီ ဖြစ်၏။

အီဂျစ် နိုင်ငံမှ အနောက်တောင်ဘက် တစ်လျှောက် ဒေသများတွင် *ဟာမစ် အမျိုးအနွယ် စပ်သူ* [၆] များ လူဦးရေထဲသို့ ပါဝင်လာကြလေသည်။

ခွဲခြားလိုသော စိတ်သဘောထားများကြောင့် နောက်ထပ် ကွဲပြား ခြားနားမှုများလည်း ဆက်လက် ဖြစ်ပွားသေးသည်။ စေ့စပ်၍ မရနိုင်လောက်အောင် ကွဲပြား ခြားနားသော ယဉ်ကျေးမှုများ ဖြစ်ပေါ်လာအောင် စတင် ပြုလုပ်သူများမှာ သဲကန္တာရကို စွန့်ခွာလာကြသော ဆီးမိုက် လူမျိုးများ ဖြစ်ကြလေသည်။

---

၁။ Semite
၂။ Ethiopians
၃။ Sumerians
၄။ Babylonians
၅။ Persian
၆။ Hamitic

နိုင်ငံတကာ တုန်လှုပ် ချောက်ချားမှု ဖြစ်ပွားသော ခေတ်ကာလ အတွင်း၌ ဤလူမျိုး အများစု အများအပြားသည် မြောက်ဘက်နှင့် အနောက်ဘက် ကုန်းတွင်းပိုင်း ဒေသများရှိ သဲကန္တာရ ပလပ်မြေများသို့ ပြန်သွားကြလေသည်။ ထိုနေရာသည် သူတို့၏ ဖခင်များက သူတို့ကို ပစ်ထားခဲ့သော နေရာ ဖြစ်သည်။ မုဟမ္မာဒ် သခင် လက်ထက်သို့ ရောက်သော အခါ အာရေဗျ၏ အနောက်ပိုင်း ဒေသ နေရာဒေသများ၌ ရန်သူများလက်မှ လွတ်အောင် ထွက်ပြေးလာခဲ့ကြသော ဂျူး လူမျိုး အမြောက်အမြား ရောက်ရှိနေကြပြီ ဖြစ်၏။ ဂျူး လူမျိုးများကို တိုက်ခိုက်သူများမှာ အဆီးယန်းများ၊ ဘေဘီလိုနီးယန်းများ၊ ဂရိ လူမျိုးများနှင့် ရောမ လူမျိုးများ ဖြစ်ကြလေသည်။ ထို ဂျူး လူမျိုးများသည် အာရေဗျ အနောက်ပိုင်းတွင် အိုအေစစ် အရပ်များ၌ ထွန်ယက် စိုက်ပျိုးခြင်းကို စတင် ဖောက်ချ လုပ်ကိုင်ခဲ့ကြသူများ ဖြစ်ကြလေသည်။

အထူးသဖြင့် မဒီနာမြို့နှင့် အနီးအနား ဒေသများတွင် ဂျူး လူမျိုးများ၏ လူဦးရေက များသည်။ (မဒီနာ မြို့ကို ရှေးက ယဿရစ် မြို့ဟု ခေါ်ခဲ့ကြသည်။) ထိုမျှမကသေး၊ ထို ဒေသကို ကာလ အတန် ကြာအောင် လက်နက်ကိုင် အစောင့်အရှောက်များ လက်အောက်မှာ အုပ်ချုပ်၍ ထားခဲ့ကြလေသည်။ မုဟမ္မာဒ် သခင်က ဤ မဒီနာ မြို့ကို သိမ်းပိုက်နိုင်သော အခါ ထိုမြို့မှာ နေထိုင်ကြသော ဂျူး လူမျိုး များကို သူ့ဘက်သို့ ပါအောင် သိမ်းသွင်းရန် လိုသေးကြောင်း သူ သဘော ပေါက်ခဲ့လေသည်။ သူ၏ အင်အား တောင့်တင်း ခိုင်မာလာသည် အထိ စောင့်စားနေခဲ့ရပြီး အင်အား ကြီးမားလာသော အခါကျမှသာ အစ္စလာမ် ဘာသာ အပေါ် ဂျူး လူမျိုးများက သက်ဝင် ယုံကြည်ခြင်း မရှိသည့် အတွက် သူ အမျက် ထွက်ခြင်းကို ဖော်ထုတ် ပြသကာ ထို ဂျူးများ ကို နှိမ်နင်း ပစ်လိုက်လေသည်။

မြောက်ပိုင်းက အာရပ် လူမျိုးများနှင့် တောင်ပိုင်းက အာရပ် လူမျိုးများ အကြားမှာလည်း သိသာ ထင်ရှားသော

ကွဲပြား ခြားနားမှုများ ရှိသေးသည်။ *အာရပ်တို့၏ ကျွန်း (ယာဇီရတ်-အားလ်-အာရပ်)* [၁] ဟု ခေါ်သော အာရေဗျ ကျွန်းဆွယ်ကြီးသည် ပထဝီဝင် အနေအထား အရ ရေခြား မြေခြား အရပ်များဖြင့် တကွဲတပြား ဖြစ်နေလေသည်။ စတုရန်းမိုင် တစ်သန်းလောက် အကျယ်အဝန်း ရှိသော အရပ်များမှာ ခုံးခွံလို ခုံးနေသော အနီရောင် သဲများဖြင့် ဖုံးလွှမ်းနေသည်။ ထိုအရပ်ဒေသကို အရပ်တကာသို့ လှည့်လည် သွားလာနေကြသော အိုးအိမ် အတည်တကျ မနေသူများပင် ရှောင်ရှားကြသည်။ ထိုအရပ်ကို *'လစ်လပ်သော ရပ်ဝန်း' (အားလ်-ရပ်၊ အားလ်ခါလီ)* [၂] ဟု ခေါ်ကြသည်။ ဤမြေညှံ့ရပ်ဝန်း၏ မြောက်ဘက် အရပ်တွင် ပိုပြီး လူနေများသော သဲကန္တာရ မြေပြန့် အရပ်ဝန်းကြီး ရှိသည်။ ထိုအရပ်တွင် အိုအေစစ်များလည်း ရှိသည်။ အောက်ဘက်တွင် ထွန်ယက် စိုက်ပျိုးနိုင်သော မြေများလည်း ရှိသည်။ ဤ ပို၍ ပြည့်စုံသော နယ်မြေသည် တစ်ကွေ့တစ်ပတ်ကြီး ဖြစ်ပြီး အခြား သဲကန္တာရ တစ်ခုကို ပတ်ဝိုင်းမိမတတ် ကျယ်ဝန်းလေသည်။ *နေဖွဒ်* [၃] ဟု ခေါ်သော သဲဖြူ သဲနီများ ပေါများသည့် ခဲခဲ သောင်ထွတ်များ ပေါများသည့် ကန္တာရသည် မဒ္ဒီနာမှ ဒမတ်စကတ် အထိ ကျယ်ပြန့်လေသည်။ ကန္တာရ မြေပြန့်တွင် ဆောင်းရာသီတွင် မကြာခဏ မိုးရွာသဖြင့် စိမ်းစိုသော သစ်ပင် မြက်ပင်များ ပေါက်ရောက်လျက် ရှိသည်။ သိုး၊ ဆိတ်များ၊ ကုလားအုတ်များ အတွက် စားကျက်များ ရှိသည်။ အိုးအိမ် တည်ထောင်ခြင်း မရှိဘဲ လှည့်လည် သွားလာနေသော လူမျိုးစုများ၏ မြင်းများ အတွက်လည်း စားကျက်များ ရှိသည်။

ပလပ် ရပ်ဝန်း၏ တောင်ဘက်ပိုင်းတွင် မိုးရေဖြင့် စွတ်စိုသော ယီမင် နိုင်ငံ (တောင် အာရေဗျ) တည်ရှိလေသည်။ အရှေ့တောင်ဘက်တွင် *အေဒင် ပင်လယ်ကွေ့* [၄] တည်ရှိပြီး အနောက်တောင်ပိုင်းတွင် ပင်လယ်နီ၏ မြေနိမ့်ပိုင်း ရှိသည်။ ဤအရပ်သည် ဂရိနှင့် ရောမ လူမျိုးများကြားတွင် အလွန် နာမည် ကြီးသည်။ ထိုအရပ်မှ လောဘန်ခေါ် နံ့သာဆီ တစ်မျိုးနှင့် ဟင်းခတ် မဆလာ အမွှေးအကြိုင်များ ထွက်သောကြောင့် ဖြစ်သည်။ အာရေဗျ မြောက်ပိုင်းနှင့် တောင်ပိုင်း ပထဝီ အနေအထား ကွာခြားမှုသည် လူများ အချင်းချင်း ကြားမှာပါ ကွဲပြား ခြားနားမှုများကို ဖြစ်စေခဲ့လေသည်။

၁။ Island of Arab (Jaziratal-Arab)

၂။ Vacant Quarter (Al-Rab Al-Khali)

၃။ Nefud　　၄။ Gulf of Aden

မုဟမ္မဒ် သခင် လက်ထက်က အာရေဗျ မြောက်ပိုင်းသားများသည် ဦးခေါင်း ရှည်ရှည်နှင့် သန်မာသော ခြေသလုံးအိမ်တိုင် လှည့်လည် သွားလာနေကြသူများ ဖြစ်သည်။ အာရဗီ ဘာသာ စကား သက်သက်ကိုသာ ပြောဆိုကြသည်။ သဘာဝအားဖြင့် ထိုလူမျိုးများသည် လွတ်လပ်မှုကို နှစ်သက်ကြပြီး စိတ်ကူး စိတ်သန်း ကောင်းသူများ ဖြစ်ကြသည်။ နှစ်ပေါင်း ထောင်နှင့် ချီ၍ ငတ်မွတ် ဆင်းရဲခြင်း ဒဏ်က သူတို့ကို လုယက် စားသောက်တတ်သော အလေ့အကျင့်များ ဖြစ်ပေါ်အောင် သွန်သင်ပေးလိုက်သလို ဖြစ်ခဲ့လေသည်။ သူတို့သည် ပလပ် ရပ်ဝန်း အောက်ဘက်ပိုင်းမှာ နေထိုင်ကြသော မျိုးနွယ်တူ လူမျိုးများနှင့် စကားအပြောအဆိုရော ဓလေ့ထုံးစံများပါ ခြားနားကြလေသည်။

တောင်ပိုင်းသားများက ဦးခေါင်း လုံးလုံး၊ နှာတံကောက်ကောက် ဖြစ်ပြီး သူတို့သည် ပန်းစိုက်ပျိုးသူများ ဖြစ်ကြသည်။ ဆီမိုက် ဘာသာစကားကို ပြောဆိုကြသည်။ အီသီယိုးပီးယား လူမျိုးများနှင့် နီးစပ်မှု ရှိသည်။ သူတို့ ပြောသော စကားသံမှာ မြောက်ပိုင်းသားများ၏ နားထဲတွင် စိမ်းနေတတ်သည်။

မုဟမ္မဒ် သခင် လက်ထက် မတိုင်မီက အာရေဗျ မြောက်ပိုင်းသားများသည် အပြင် လောကနှင့် အဆက်အသွယ် လုံးဝ မရှိသလောက် အဆက် ပြတ်နေခဲ့ကြသည်။ စစ်နိုင်သူများ အကြောင်းကိုပင် မကြားဖူးခဲ့ကြပေ။

သို့သော် အာရေဗျ တောင်ပိုင်းသားများမှာ မြေဩဇာ ကောင်းပြီး မိုးကောင်းသော အရပ်ကို ရရှိထားသူများ ဖြစ်သည့် အတွက် ကူးသန်း ရောင်းဝယ်မှု စည်ကားပြီး စီးပွားဖြစ်နေကြသည်။ ထိုဒေသတွင် မြို့များကို ထူထောင်ကြသည်။ မြို့ပတ်လည်မှာလည်း စိမ်းလန်းသော လယ်ကွင်းများ၊ ဥယျာဉ်ပန်းခြံများလည်း ရှိသည်။ ထို့ကြောင့် ရလဒ်အားဖြင့် သဲကန္တာရထဲက လူများက မကြာခဏ အလုံးအရင်းနှင့် ဝင်ရောက် တိုက်ခိုက်တတ်ကြသည်။ တိုင်းတစ်ပါးသားများနှင့် စစ်ဖြစ်ကြရသည်။

ရဲတိုက် ခံတပ် တည်ဆောက်ရခြင်း အတွက် ကုန်ကျစရိတ် များခြင်း၊ အခွန်အတုတ် ကြီးလေးခြင်း၊ စီးပွားရေး ဖက်ပြိုင်သော ရန်ဘက် ပေါများခြင်းနှင့် ကူးသန်း ရောင်းဝယ်ရေး ဆိုင်ရာ စိုးရိမ် ကြောင့်ကြ များခြင်းများနှင့် စီးပွားရေး ဖွံ့ဖြိုး ခေတ်ထပြီး အရောင်းအဝယ် ကောင်းချိန်တွင် ထပ်တလဲလဲ ဖြစ်တတ်သော အရောင်းအဝယ် ထိုင်းမှိုင်းခြင်း၊ စီးပွားရေး တုံ့ဆိုင်းခြင်းများကိုလည်း တောင်ပိုင်းသားများ တွေ့ကြုံ ခံစားကြရသည်။

ထို့နောက် *တိုလမီ* [၁] ဘုရင် လက်ထက် နောက်ပိုင်းတွင် ရောမ နိုင်ငံသားများသည် အိန္ဒိယ နိုင်ငံသို့ ပင်လယ်ခရီးဖြင့် လှေသင်္ဘောများ တည်ဆောက်ကာ ရွက်လွှင့်သွားနည်းကို တတ်ကျွမ်းသွားသောအခါ အာရေဗျ တောင်ပိုင်းသားများ၏ စီးပွားရေးမှာ အမြဲတမ်း ကျဆင်းသွားလေတော့၏။

အာရေဗျနှင့် ပတ်သက်သော တတိယ အပိုင်းသည် ကျွန်ုပ်တို့ အတွက် ပို၍ အရေးပါသော အပိုင်းကဏ္ဍ ဖြစ်သည်။ ထိုအပိုင်းသည် ပင်လယ်နီနှင့် အပြိုင် တောင်တန်းများ တည်ရှိသော အပိုင်း ဖြစ်၏။ ယီမင် နိုင်ငံမှ အရှေ့တောင်ဘက်ရှိ အာကဗာ ပင်လယ်ကွေ့ (အနောက်မြောက်ပိုင်း အထိ) ရှည်လျားသည်။ တချို့ နေရာများတွင် တောင်များ၏ အမြင့်မှာ ပင်လယ်ရေ မျက်နှာပြင် အထက် ပေ တစ်သောင်းကျော် အထိ မြင့်သည်။ ထိုတောင်တန်းသည် ပင်လယ်နီထဲသို့ တစ်ဟုန်ထိုး ထိုးစိုက် ဆင်းသွားသည်။ သို့သော် ၄င်းတောင်တန်း၏ အရှေ့ဘက် တောင်ဆင်ခြေလျှောများမှာ တရွေ့ရွေ့ နိမ့်ဆင်းသွားကြသည်။

ထိုဒေသတွင် မီးတောင် ချော်များ စီးဆင်းသော ချော်စီးကြောင်းများနှင့် မိုးရွာသော အခါ ရေစီး သန်ပြီး နွေအခါ ခြောက်သွေ့နေသော သဲချောင်းများလည်း ရှိသည်။ ထိုရေစီးချောင်းများမှာ သဲနီများ ရှိသော ဗဟို သဲကန္တာရကို ဖြတ်ပြီး ပါသျှန် ပင်လယ်ကွေ့ထဲသို့တိုင်အောင် စီးဆင်းနေကြသည်။

တစ်ခါတစ်ရံ ထိုဒေသရှိ တောင်တန်းများ ရှိရာသို့ ပြင်းထန်သော မိုးသက်မုန်တိုင်းများ ကျရောက်လာတတ်သည်။ တာအိဖ် သို့မဟုတ် မဒီနာလို နေရာဒေသများတွင် မြေအောက် ရေများကို ရရှိပြီး အပေါ်ယံ မြေလွှာမှာ စွတ်စိုလျက် ထွန်ယက် စိုက်ပျိုးနိုင်သော်လည်း တောင်တန်း၏ များသော အပိုင်းများမှာ ခြောက်သွေ့သော လွင်တီးခေါင်များ ဖြစ်နေကြလေသည်။ မိုးသက်မုန်တိုင်း ကျသော အခါမှာ သဲချောင်းများ၌ ရေလျှံတတ်သည်။

ထိုအရပ်ဒေသသည် အာရေဗျ ကျွန်းဆွယ်၏ အရေးပါသော အရပ်ဒေသ ဖြစ်သည်။ အကြောင်းမှာ ထိုဒေသသည် တောင်ပိုင်းရှိ အမွှေးအကြိုင်များ ထွက်ရာ နယ်မြေနှင့် မြေထဲပင်လယ် ကမ္ဘာမှ ဈေးကွက်များနှင့် ဆက်သွယ်ထားရာ လမ်းကြောင်း ဖြစ်သည်။ ပူနွေးပြီး မြေကျောတင်းမာသော အမြင့်ပိုင်း ဒေသများကို ခရစ်တော် မတိုင်မီ ခေတ်ကတည်းက ကုန်တင် ကုလားအုတ်များဖြင့် ဖြတ်သန်းကာ အရောင်းအဝယ် စည်ကားရာ *တာအိဖ်* [၂]၊ *မက္ကာ* [၃]၊ *မဒီနာ* [၄] *(ယသရစ်)* မြို့များသို့ သွားလာ ရောင်းဝယ်ခဲ့ကြလေသည်။ ထိုမှ တောင်ဘက်နှင့် မြောက်ဘက်ရှိ အီဂျစ်နှင့် ဆီးရီးယားတို့သို့လည်း သွားလာနိုင်လေသည်။

အစ္စလာမ် ဘာသာ မပေါ်ပေါက်မီ ကာလကတည်းက အရောင်းအဝယ် စည်ကားပြီး စီးပွားချမ်းသာ နေခဲ့ကြသော ဤတောင်တန်း ဒေသ (အစ္စလာမ် ဘာသာ ဖြစ်ပေါ်ရာ နေရာ) သည် ဟင်းခတ် အမွှေးအကြိုင်များကို သယ်ယူသွားကြသော ဝန်တင် ကုလားအုတ်များ တောင်ပိုင်းသို့ ဖြတ်သန်း သွားလာရာ လမ်းကြောင်းပေါ်မှာ ကျနေသော ကြောင့် ဖြစ်၏။

## ဘာသာရေး အယူအဆများ

အစ္စလာမ် ဘာသာ မတိုင်မီက တည်ရှိခဲ့သော အာရေဗျ၏ ဘာသာ ကိုးကွယ်မှု ဆိုင်ရာ အယူအဆများသည် ယုဒ ဘာသာ အခန်းတွင် ဖော်ပြခဲ့ပြီးသော အယူအဆများ အတိုင်းပင် ဖြစ်သည်။ ရှေးခေတ် လူသားများ ကိုးကွယ်သော လှည့်လည် သွားလာနေကြသော ဆီးမိုက် လူမျိုးစုများ၏ သဲကန္တာရ ယုံကြည် ကိုးကွယ်မှုများပင် ဖြစ်သည်။ (ရှေးက ယုဒ ဘာသာ အကြောင်း ဖော်ပြသော အခန်းတွင် ပြခဲ့ပြီးပြီ။)

အာရေဗျ၏ တချို့ အရပ်ဒေသများတွင် ထိုသဲကန္တာရ လူသားများ ယုံကြည် ကိုးကွယ်သော ဘာသာရေး အမြင်များသည် ပို၍ ကွာလှမ်းသော အခြားဘက်များသို့လည်း ရောက်သွားတတ်ကြကြောင်း တွေ့ရသည်။ ဥပမာ အာရေဗျ တောင်ပိုင်းတွင် အနည်းငယ် ပို၍ တိုးတက်သော ဂြိုဟ်နက္ခတ်များနှင့် ဆိုင်သော အယူဝါဒများ (ဆားဗီးယန်း ဝါဒဟု ခေါ်သည်။) ဖြစ်ပေါ်နေသည်။ လ နတ်ကို ဗဟိုပြုသော အယူဝါဒ ဖြစ်သည်။ ထို့ပြင် ဘေဘီလုံမှ လာသော အယူအဆများနှင့် ဇိုရိုအက်စတာ ဘာသာမှ အယူအဆများ၏ သြဇာ လွှမ်းမိုးမှုများလည်း ရှိသည်။ အခြား အရပ် ဒေသများတွင်မူ ဂျူး ဘာသာနှင့် ခရစ်ယာန် ဘာသာများက ခြေကုပ်မြဲလျက် ရှိနေလေသည်။ (အထူးသဖြင့် ကူးသန်းရောင်းဝယ်မှု စည်ကားရာ အရပ်ဒေသများတွင် ဖြစ်၏။)

---

၁။ Ptolamies

၂။ Ta'if

၃။ Mecca

၄။ Medina (Yathrib)

ဒေသခံ တိုင်းရင်းသားများသည် ၎င်းတို့၏ ရှေးခေတ်က အယူဝါဒများကို စွန့်လွှတ်ပြီး ဂျူး ဘာသာ၊ ခရစ်ယာန် ဘာသာများသို့ ကူးပြောင်း လက်ခံခဲ့ကြလေသည်။ တစ်ဆူတည်းသော ဘုရားသခင် ကိုးကွယ်မှု အယူအဆကို လက်ခံထားကြပြီး ဖြစ်လေသည်။

သို့ရာတွင် အာရပ် လူမျိုး အများစုကမူ မြို့များမှာရော ကျေးလက် လယ်ကွင်းများဘက်မှာပါ ဒေသဆိုင်ရာ ရိုးရာ နတ်များကို ကိုးကွယ်နေကြဆဲ ဖြစ်သည်။ တချို့ ထိုနတ်ဘုရားများမှာ လူမျိုးစု ဆိုင်ရာ နတ်များ ဖြစ်ကြသည်။ တခြား နတ်များက လူမျိုးစု တစ်ခုတည်းနှင့်သာ မဆိုင်ဘဲ ပထဝီ အနေအထား နယ်မြေ ဒေသ တစ်ခုလုံးရှိ လူမျိုးစု တိုင်းနှင့် ဆိုင်သော ဒေသခံ ကွင်းပိုင်၊ နယ်ပိုင် နတ်များ ဖြစ်ကြလေသည်။ ထိုဒေသသို့ လာရောက် နေထိုင်ကြသော သူများ အားလုံးက ထိုနတ်ကို ကိုးကွယ်ကြရသည်။ (မြန်မာပြည် အောက်ပိုင်း မြစ်ဝကျွန်းပေါ်နှင့် နီးစပ်ရာ အရပ်တွင် နေထိုင်ကြသောသူများ ယနေ့တိုင် ရေငန်ပိုင် ဦးသျှင်ကြီး နတ်ကို ကိုးကွယ်ကြသလို ပဲခူးဘက်က လူများ တလိုင်း မယ်တော် (ပဲခူး မယ်တော်) နတ်ကို ကိုးကွယ်နေကြသလိုမျိုး ဖြစ်ပေလိမ့်မည်။)

မက္ကာမြို့တွင် *ဟူဗယ်လ်* [၁] နတ်ကို ကိုးကွယ်ကြသည်။ ပီထရာတွင် *ဒုရှ်ရာ* [၂] နတ်ကို ကိုးကွယ်ကြသည်။ ပို၍ ကျယ်ကျယ်ပြန့်ပြန့် ကိုးကွယ်သော နက္ခတ်နှင့် ဆိုင်သော နတ်များလည်း ရှိသေးသည်။ တချို့ ဂြိုဟ်နက္ခတ်နှင့် ဆိုင်သော နတ်များမှာ အမည်နာမ ထင်ရှားကြသည်။ သို့သော် နိုင်ငံခြားက လာသော နိုင်ငံရပ်ခြား အမည်များသာ ဖြစ်ကြသည်။ အများအားဖြင့် ဘေဘီလုံမှာ ကိုးကွယ်ခဲ့ကြသော နတ်များ ဖြစ်ကြသည်။ ထိုနတ်များမှာ ရောမနှင့် ဂရိ လူမျိုးများ ကိုးကွယ်ခဲ့ကြသော *ဂျူပီတာ* [၃]၊ *မာကျူရီ* [၄]၊ *ကိုနိပတ်* [၅] နှင့် အခြား နတ်များပင် ဖြစ်ကြောင်း အလွယ်လေး သိနိုင်သည်။

မက္ကာ မြို့တွင် ခွဲခြား၍ မရနိုင်သော နတ်သမီး သုံးဦးကို အလွန် ကြည်ညိုစွာ ကိုးကွယ် ပူဇော်ခဲ့ကြလေသည်။ တစ်ပါးမှာ *အားလ်လတ်* [၆] ဖြစ်သည်။ မိခင် နတ်သမီးဟု ဆိုသည်။ (နေနတ် ဖြစ်ဖွယ် ရှိသည်။) နောက်တစ်ပါးမှာ *အားလ် မာနတ်* [၇] (ကံကြမ္မာ နတ်သမီး) ဖြစ်သည်။ နောက်တစ်ပါးမှာ *အားလ် ဥဇ္ဇာ* [၈] ဖြစ်သည်။ သောကြာကြယ် နတ်သမီး (ဗီးနပ် ဖြစ်ဖွယ် ရှိသည်။) ဖြစ်၏။ ထိုနတ်များ၏ ရုပ်တုများသည် *ယောကျ်ားအင်္ဂါ နိမိတ် ကိုးကွယ်မှု* [၉] ၏ ဗဟို အချက်အချာ ကျသော ရုပ်တုများ ဖြစ်ကြသည်။ ရှေးခေတ်က အစ်ရှုရာနှင့် အိုင်းဆစ် နတ်များကို ကိုးကွယ်ပုံ ကိုးကွယ်နည်းများနှင့် များစွာ တူညီပေသည်။ ထို နတ်သမီးများသည် အလ္လာဟ် အရှင်မြတ်၏ သမီးတော်များ ဖြစ်ကြသည်ဟု မှတ်ယူထားခဲ့ကြသည်။

'အလ္လာဟ်' ၏ အဓိပ္ပာယ်မှာ ထာဝရ နတ်ဘုရား ဖြစ်သည်။ ဟေဗြဲ ဘာသာတွင် အားလ်ဟု ခေါ်ပြီး ဘေဘီလုံတွင် ဘားလ်ဟု ခေါ်သော နတ်ဘုရားနှင့် အတူတူပင် ဖြစ်သည်။ အထက် ကောင်းကင် အမြင့်ဘုံ၌ စံနေတော်မူသော ဖန်ဆင်းရှင်ဟု ဝါးတားတား ယူဆကာ မုဟမ္မာဒ်သခင်၏ မျိုးနွယ်စု (ကုရိုက်ချ်) တို့ ကိုးကွယ်လာသော နတ်ဘုရား ဖြစ်သည်။

ထိုအမြင့်ဆုံး အမြတ်ဆုံး ထားသော ထာဝရ ဖန်ဆင်းရှင် နတ်ဘုရား အလ္လာဟ် အရှင်မြတ်၏ အောက်တွင် နတ်ဘုံ အဆင့်ဆင့် ရှိသည်။ ကောင်းကင်တမန် နတ်များ (ဖယ်ရစ္စတာ)၊ ရိုးရိုး နတ်ပြည်မှ နတ်သမီး နတ်သားများနှင့် ဂျင်ဟု ခေါ်သော စတုမဟာရာဇ်ဘုံမှ နတ်မိစ္ဆာများ အစိမ်းသရဲများ စသည် ဖြစ်သည်။ ထိုနတ်သမီး နတ်သားများ၏ အဆင့်အတန်း ခွဲခြားထားပုံမှာလည်း စိတ်ဝင်စားဖွယ် ကောင်းသည်။ ဖယ်ရစ္စတာဟု ခေါ်သော ကောင်းကင်တမန် နတ်များမှာ အကျင့် သီလကို အပြစ်တင် ကဲ့ရဲ့စရာ အကြောင်း မရှိ၊ အမြဲအစဉ် အကျိုး ပြုသော၊ ကောင်းကျိုးမင်္ဂလာကို ပြုသော သူတော်ကောင်း နတ်များ ဖြစ်ကြသည်။ နတ်ပြည် အဆင့်ဆင့်မှာ နေကြသော ရိုးရိုး နတ်သား နတ်သမီးများသည် အချင်းချင်း ဂုဏ်တု ဂုဏ်ပြိုင် ရှိကြသည်။ ကိုယ်ကျင့်တရားနှင့် အခါခပ်သိမ်း ပြည့်စုံကြသူများ မဟုတ်ကြချေ။

၎င်းတို့သည် အကျင့်သီလကို ပဓာန မထား၊ ကလေးသူငယ်များကဲ့သို့ ကာမဂုဏ် ခံစား၍ အပျော်ကြူးနေကြသည်။ နတ်ဥယျာဉ်များထဲမှာ ပျော်ရွှင်စွာ ကစားနေတတ်ကြသည်။ ၎င်းတို့နှင့် တစ်ဘာသာ နတ်များမှာ 'ဂျင်' ဟု ခေါ်သော နတ်ဆိုး နတ်မိစ္ဆာများ ဖြစ်ကြသည်။ အာရပ်

---

၁။ Hubal  
၂။ Dushara  
၃။ Jupiter  
၄။ Mercury  
၅။ Canopus  
၆။ Al-Lat  
၇။ Al-Manat  
၈။ Al-Uzza  
၉။ Phallic Worship

လူမျိုးများက ထိုအစိမ်းသရဲနတ်များကို ကြောက်တတ်ကြသည်။ သို့သော် ထိုနတ်များကိုလည်း ပူဇော် ပသခြင်း၊ ဗလိနတ်စာ ကျွေးခြင်းမျိုးဖြင့် အကျိုးပြုသော နတ်၊ မစသော နတ်များ ဖြစ်လာအောင် ပြုလုပ်နိုင်သည်ဟု ယူဆကြသည်။

ထိုနတ်များကို နိုင်နင်းသော မှော်ဆရာ၊ သိုက်ဆရာများ ဖြစ်အောင် လုပ်နိုင်လျှင်လည်း ၎င်းတို့၏ အကူအညီကို ယူပြီး ရတနာသိုက်များကို ရှာဖွေနိုင်သည်။ စီးပွား လာဘ်လာဘ တိုးအောင် လုပ်နိုင်သည်။ အဆောက်အဦများ ဆောက်လုပ်ရာမှာ အစောင့်အရှောက်ဖြစ်အောင် ပြုလုပ်နိုင်သည်။ ထိုနတ်မိစ္ဆာများထဲမှာလည်း အမြဲတမ်း မကောင်းကျိုးကိုသာ ပေးတတ်သော *ဂူးလ်* [၁] ဟု ခေါ်သော လူသားစား နတ်ဘီလူးများလည်း ရှိသေးသည်ဟု ယုံကြည်ကြသည်။ ထိုနတ်များအား လူဆိုး လူယုတ်မာများ၏ အသားဖြင့် ယဇ်ပူဇော်ကြရသည်။ သို့မဟုတ် ထိုနတ်ဘီလူးများသည် ညဥ့်အခါ သူတို့ စားပွဲ တည်ရန် အတွက် သင်္ချိုင်းမှ လူသေ အလောင်းများကို တူးဖော်ယူပြီး စားတတ်ကြသည်ဟုလည်း ယူဆကြသည်။ (တစ်ထောင့်တစ်ည ဒဏ္ဍာရီ ဇာတ်လမ်းများထဲတွင် အလားတူ နတ်ဆိုးများ၏ ဇာတ်လမ်းများ ပါသည်။)

အထူးသဖြင့် ခြေသလုံးအိမ်တိုင် လှည့်လည်သွားလာနေကြသော လူမျိုးများနှင့် အာရပ်၏ နေရာ အနှံ့အပြားတွင် နတ်ကိုးကွယ်မှု ဘာသာ အယူအဆများ တည်ရှိလေသည်။ ကျောက်တိုင်ကြီးများ၊ ထူးခြားသော အသွင်သဏ္ဍာန် ရှိသည့် ကျောက်တုံး ကျောက်ဆောင်ကြီးများ၊ လိုဏ်ဂူများ၊ စမ်းချောင်းများနှင့် ရေတွင်းများမှ နတ်များကို လေးစားစွာ ကိုးကွယ်ခဲ့ကြလေသည်။

တချို့ ခရိုင်များတွင် နတ်ဆိုး ထန်းပင်လို အပင်မျိုး၊ ပေပင်လို အပင်မျိုးတွင် လက်နက်များ၊ အဝတ်စများကို ချိတ်ဆွဲထားပြီး ကိုးကွယ်ခဲ့ကြလေသည်။ လူရိုင်းများ၏ အထိမ်းအမှတ် အရုပ်တိုင်ကြီးများတွင် ဝက်ဝံပုံများ၊ လင်းယုန်ငှက်၊ လင်းတငှက်နှင့် ကုလားအုတ်ပုံများကို ထုထွင်းထားပြီး ကိုးကွယ်ခြင်းလည်း ရှိသည်။

## မက္ကာမြို့

ကျောက်တုံးကို အလေးအမြတ် ထား၍ ကြည်ညိုသော အလွန် မြင်သာသော သာဓကသည် မက္ကာမြို့မှာ ရှိသည်။ ထို ကျောက်တုံးကြီးမှာ '*ကာဘာ*' [၂] (အာရေဗျ၏ အမြတ်ဆုံး ထားသော) ဝတ်ကျောင်းတော်၏ ထောင့်မှာ တည်ထားသော မိုးကြိုးသွား ကျောက်တုံးကြီး ဖြစ်သည်။

ရောမ သမိုင်း ပညာရှင် *ဒီအိုဒိုရပ် ဆီကုလပ်* [၃] (ဘီစီ ၆၀) က ထိုကျောက်တုံး အကြောင်းကို ရည်ညွှန်း ပြောဆိုခဲ့ဖူးလေသည်။ ရှေးလွန်လေပြီးသော ဝေးခဲ့ပြီးသော ခေတ်က လူသားများသည် (အာရေဗျ၏ ထိုအစိတ်အပိုင်းတွင် နေထိုင်ကြသော လူများသည်) ဥပါပျံ ကြယ်ကြွေသည်ကို မြင်တွေ့ကြရသော အခါ လွန်စွာ အံ့အားသင့်ကြပြီးလျှင် ထိုကောင်းကင်က ကျလာသော မီးတောက် မီးလျှံကြီးသည် မက္ကာမြို့၏ သဲပေါများသော လျှိုမြောင်ချပ်ကြားတွင် မီးငြိမ်းသွားသည်ကိုလည်း မြင်တွေ့ခဲ့ကြရလေသည်။

ထိုကဲ့သို့ ကောင်းကင်မှ မီးတောက် မီးလျှံကြီး ကျဆင်းလာပြီးနောက် မီးငြိမ်းသွားသော အခါ မည်းနက်သော ကျောက်တုံးကြီး ဖြစ်ကျန်ရစ်သည်ကို မြင်တွေ့ရ၍ အံ့သြထိတ်လန့် ဖြစ်ခဲ့ကြသော ဒေသခံ လူများသည် ထိုကျောက်တုံးကြီးကို ရှိခိုး ကိုးကွယ်ကြလေတော့သည်။

ထိုကျောက်တုံးကြီးကိုလည်း '*အာဆမ်* [၄] လက်ထက်က ကောင်းကင်ဘုံမှ ကျဆင်းလာသော ကျောက်တုံးမည်းကြီး' ဟု သမုတ်ကြလေတော့သည်။ အာရေဗျ သဲကန္တာရ အနီးအဝေးမှာ နေထိုင်ကြသော လူမျိုးစုများသည် တစ်နှစ်ပြီး တစ်နှစ် ထိုကျောက်တုံးကြီး ရှိရာသို့ *ဘုရား ဝတ်ပြုရန် (ဟားဂျ်)* [၅] အတွက် လာရောက်ကြပြီးလျှင် သိုးနှင့် ကုလားအုတ်များကို သတ်ပြီး ယဇ်ပူဇော်ကြလေသည်။ ထို့နောက် ကျောက်တုံးကြီးကို ခုနစ်ပတ် လှည့်ပတ် ပြေးကြပြီးလျှင် ထိုကျောက်တုံးကြီးကို နမ်းရှုပ်ကြလေသည်။

ကောင်းကင်ဘုံမှ ဘုရားသခင်၏ ကောင်းချီး မင်္ဂလာ ပြုခြင်းကို ဤသို့ ပြုခြင်းဖြင့် ရရှိလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် ပြုလုပ်ကြခြင်း ဖြစ်လေသည်။

နှစ်ကာလ ကြာမြင့်လာသော အခါ ထိုကျောက်တုံးကြီးကို ဂုဏ်ပြုသောအားဖြင့် ကုဗ ပုံသဏ္ဍာန် ရှိသော ကာဘာ ဝတ်ကျောင်းတော်ကြီးကို တည်ဆောက်ကြလေသည်။ ထိုကျောင်းကြီးထဲတွင် ဘုရားဖူး လာကြသူများ တည်းခိုရန်နှင့် နတ်ရုပ်များကို တည်ထားနိုင်ရန် ဖြစ်သည်။ အမွန်အမြတ် ထားသော ထိုကျောက်တုံးကြီးကို ဝတ်ကျောင်းတော်ကြီး၏ အရှေ့တောင်ထောင့် မြင့်သော နေရာမှာ ထား

၁။ Ghoul

၂။ Ka'bah

၃။ Diodorus Siculus

၄။ Asam

၅။ Hajj

သည်။ ကျောက်တုံးကြီးကို ခုနစ်ပတ် လှည့်ပတ် ပြေးပြီးသော သူများ ကျောက်တုံးကြီးကို နမ်းနိုင်ရန် စီစဉ်ထားလေသည်။ ကျောင်းတော် အတွင်း မှောင်သော နေရာ၌ ဒေသဆိုင်ရာ နတ်များ၏ ရုပ်တုများနှင့် တခြား ဝေးသော အရပ်မှ နတ်များ၏ ရုပ်ထုများကိုလည်း တည်ထားကြလေသည်။ ဟေဗြဲ (ဟီဘရူး) ဒဏ္ဍာရီကို အငှားယူပြီး မက္ကာမြို့သားများက ရှေး လူမျိုးစုများ၏ ဘိုးဘကြီး ဖြစ်သူ *အီဗရာဟင်* [၁] သည် သူ၏ သား *အစ္စမိုင်အီလ်* [၂] ထံသို့ အလည် လာစဉ် *ကာဘာ* ကျောင်းတော်ကြီးကို တည်ဆောက်ခဲ့ပြီး ထိုကျောင်းတော် အတွင်းဘက်တွင် ကျောက်တုံးနက်ကြီးကို မြေမှာ စိုက်ထူထားလိုက်သည်ဟု ဆိုကြလေသည်။

ကာဘာ ကျောင်းတော်မှ မလှမ်းမကမ်း တစ်နေရာတွင် မြတ်သော *ဇမ်ဇမ်* [၃] ရေတွင်းတော် တည်ရှိသည်။ ဘုရားဖူး လာကြသူများ အတွက် ထိုရေတွင်းသည်လည်း အလွန် အမွန်အမြတ် ထားသော အရာ ဖြစ်သည်။

မက္ကာ မြို့၏ ရိုးရာ အစဉ်အလာ အရ ထိုရေတွင်းမှာ ထူးဆန်း အံ့ဖွယ် သမိုင်းကြောင်း ရှိသည်။

အေဒီ ၃ ရာစုတွင် *ဘယ်နီ ဂျူရဟန်း* [၄] လူမျိုးစုမှ လူများသည် မက္ကာမြို့မှ ၄င်းတို့၏ အသျှင် *ရှိတ် ဘယ်နီ ခူဇား* [၅] က မောင်းထုတ်လိုက်သော အခါ သူတို့သည် မြို့ကို စွန့်ခွာ လက်လွှတ် မသွားမီ ထိုရေတွင်းထဲသို့ စစ်ချပ်ဝတ် အင်္ကျီ အချို့နှင့် ဓားရှည်များကို ပစ်ချခဲ့ကြသည်ဟု ဆိုသည်။ ထို့ပြင် ရွှေဖြင့် ပြုလုပ်ထားသော အာဖရိက ဒရယ်ယ်ရုပ် နှစ်ခုကိုလည်း ပစ်ချထားခဲ့ကြသည်ဟု ဆို၏။ ထို့နောက် ထိုရေတွင်းကို မြေကြီးများ၊ သဲများဖြင့် ပိတ်ဆို့ထားခဲ့ကြလေသည်။ ထိုသို့ ပြုခဲ့သောကြောင့် မြို့ကို သိမ်းယူသူများ မြို့တွင်းသို့ ဝင်လာကြသော အခါ ထိုရေတွင်း၏ တည်နေရာကို မသိနိုင်ကြတော့ပေ။

မုဟမ္မဒ် သခင်၏ အဘိုး *အာဗ်ဒယ်လာ မုတ္တာလစ်* [၆] ဦးဆောင်သော ကုရိုက်ရှ် လူမျိုးစုများ မက္ကာ မြို့တွင်းသို့ ဝင်လာကြသော အခါ ရေတွင်းကို နေရာ ပြောင်းပြီး တူးခြင်းဖြင့် မူလက အတိုင်း ရေကြောကို ပြန်တွေ့ပြီး ရေပြန်ရသည်ဟု ဆို၏။ ထိုသို့ ရေ ပြန်ထွက်အောင် ဆောင်ရွက်နိုင်သော်လည်း မက္ကာ မြို့သားများက သူ့ကို ကျေးဇူး မတင်ကြချေ။ အကြောင်းမှာ အီဗရာဟင်က သူ့နေး ဟဂ္ဂါကို သူ့တဲထဲမှ မောင်းထုတ်လိုက်သော အခါ သူမသည် သားငယ် အစ္စမိုင်အီလ်နှင့် အတူ နောင်အခါ သူတို့ မြို့ ဖြစ်လာမည့် ရှေးက လွင်တီးခေါင် အရပ်သို့ ရောက်လာလေသည်။ ထိုအချိန်တွင် သူမ၏ သားငယ်မှာ ရေငတ်ပြီး သေလုမတတ် ခံစား နေရလေသည်။ ဟဂ္ဂါသည် သားငယ်ကို ပူလောင်သော မြေပြင်ပေါ်မှာ ချထားပြီးနောက် ရေကို စိတ်အားငယ်စွာ လိုက်ရှာလေသည်။ သူမ၏ နောက်ကွယ်တွင် စိတ်ကောက်နေသော ကလေးငယ်သည် မြေကို ခြေဖနောင့်ဖြင့် ဆောင့်လေသည်။ ထိုအခါ ဇမ်ဇမ် ရေတွင်းမှ ရေများ ထွက်လာပြီး ကလေးငယ်၏ အသက်ကို ကယ်တင်ခဲ့သည်ဟု ဆိုရိုး စကား ရှိခဲ့ဖူးလေသည်။

ဤသို့ ဖြစ်ခဲ့ဖူးခြင်းကို အကြောင်းပြု၍ အသိအမှတ်ပြုသောအားဖြင့် *ကာဘာ* ကျောင်းတော်ကြီးရှိ ကျောက်တုံးနက်ကြီးကို လှည့်ပတ်ပြေးပြီးနောက် ဇမ်ဇမ် ရေတွင်းသို့ သွားရောက်ခြင်းသည် ကုသိုလ် ရသော အလုပ် ဖြစ်သည်ဟု မှတ်ယူကြသည်။

ဇမ်ဇမ် ရေတွင်းသို့ သွားကြရာမှာလည်း *ကာဘာ* ကျောင်းတော်ကြီး အနီးရှိ တောင်ကုန်း နှစ်ခု အကြားတွင် ခပ်မြန်မြန် ခေါက်တုံ့ခေါက်ပြန် ခုနစ်ခေါက် လျှောက်သွားကြရသည်။

ဟဂ္ဂါ၏ သားငယ် အတွက် ရေ ရလိုရငြား သောကဖြင့် ရှာဖွေခဲ့ရပုံကို လိုက်တု၍ ပြုလုပ်ခြင်း ဖြစ်သည်။

ထို့ပြင် မက္ကာ မြို့ကို တည်ဆောက်သူမှာ အစ္စမိုင်အီးလ် ဖြစ်ကြောင်း ကြေညာထားချက် အရ ဤ အလေ့အကျင့်ကို ပို၍ ခက်ခဲ ပင်ပန်းသော 'ဘုရားဖူးကြီး' ဟု ခေါ်သော ဓလေ့ထုံးစံကို ပြုလုပ်ကြရသေးသည်။ ထိုပွဲကို မွန်မြတ်သော *ဂျူးလ် ဟီဂျာ* [၇] လမြတ်တွင် ပြုလုပ်ကြရသည်။ ကျောက်တုံးကြီးကို ပတ်ပြေးပြီးနောက် 'ဘုရားဖူးငယ်' ဟု ခေါ်သော ဇမ်ဇမ် ရေတွင်းသို့ ခေါက်တုံ့ခေါက်ပြန် သွားကြရပြီးနောက် မက္ကာမြို့ အရှေ့ဘက်ရှိ တောင်ကုန်းများ ရှိရာ အရပ်သို့ ရက်အတန် ကြာအောင် ခရီးသွားကြ

၁။ Abraham [မွတ်ဆလင်အသံထွက် အီဘရာဟင်(မ)]

၂။ Ishmael [မွတ်ဆလင်အသံထွက် အစ္စမိုင်အီးလ်]

၃။ Zem Zem [ဇမ်ဇမ်ဟု အသံထွက်သည်။]

၄။ Beni-Jurhum

၅။ Beni-Khuza'ah (sheik)

၆။ Abd al-Muttalib

၇။ Dhu'l-Hijja

ရပြီး အီဘရာဟင်၏ ရာဇဝင် သမိုင်းထဲမှာ ပါသော ထင်ရှားသော အရပ်များသို့ အရောက် သွားကြရသည်။

ကာဘာ ကျောင်းတော်ကြီး အတွင်းမှာပင် ဟူဘားလ် နတ်ချုပ်ကြီးကို ပတ်လည် ဝိုင်းထားသော နတ်ရုပ် များစွာ ရှိကြသည်။ ဟူဘားလ် နတ်ကြီး ပြီးနောက် တန်ခိုးကြီး နတ်များမှာ (ဖော်ပြခဲ့ပြီးသော) အားလ်-လတ်-အားလ် မာ နတ်နှင့် အာလ် ဥဇ္ဇာ နတ်သမီးများ ဖြစ်ကြလေသည်။ ထို နတ်များနှင့် အပေါင်းအသင်း နတ်များထဲတွင် ကွာလှမ်းသော နေရာ၌ ထာဝရ နတ်ဘုရား 'အလ္လာဟ်' ရှိသည်။ အလ္လာဟ်မှာ ရုပ်တု မရှိချေ။ ဤ နတ်များ အားလုံး ရှိရာ ကျောင်းတော်ကြီးသည် အာရေဗျ၏ ရှိရှိသမျှ နတ်ဘုရား များ ကိုးကွယ်ရာ ဗိမာန်တော်ကြီးသဖွယ် ဖြစ်နေ၏။ ထို အကြောင်းကြောင့် အရပ်ဒေသ အနှံ့အပြားမှ လူအပေါင်း တို့သည် မက္ကာ မြို့တော်သို့ ဘုရားဖူး လာရောက်ကြရန် စီမံ ပြုလုပ်ထားသကဲ့သို့ ဖြစ်နေလေသည်။ မက္ကာ မြို့တော်သည် ထိုကဲ့သို့ ဘုရား ဝတ်ပြုရာ အရပ် အဖြစ် သီးသန့် အမွန် အမြတ် ထားရာ အရပ်ဒေသ ဖြစ်သောကြောင့် ရှေးအထက် ကျော်ကာရီ ကာလကတည်းက မက္ကာမြို့သို့ လာရောက်ကြ သော ဘုရားဖူးများသည် လက်နက်များ မပါဘဲသာလျှင် မြို့ တော်သို့ ဝင်ရောက်ခွင့် ပြုသော အစဉ်အလာ ရှိခဲ့လေသည်။

အာရေဗျ တစ်ခွင် တစ်ပြင်လုံးမှာ သဘော တူညီ ထားသော အချက်သည် နှစ်စဉ်နှစ်တိုင်း ဘုရားဖူးနှင့် ကုန် သွယ်ရန် အတွက် လေးလကို သီးခြား သတ်မှတ်ထားခဲ့ကြ လေသည်။ ထိုလေးလ ကာလ အတွင်း အကြမ်းဖက်ခြင်း၊ စစ်မက် ဖြစ်ပွားခြင်းလည်း မရှိရပေ။ အခြား အရပ်ဒေသ များကဲ့သို့ပင် မက္ကာ မြို့တော်မှာလည်း ထိုလေးလ အတွင်း ပေါ်ပေါက်လာသော ပွဲဈေးတန်းမှ အကျိုးအမြတ်ကို ခံစား ရလေသည်။

သို့ရာတွင် မက္ကာသည် ဘုရားဖူးများ လာရောက်ရာ ဗဟို အချက်အချာ ဌာန အဖြစ် ထူးမြတ်သော ဒေသဟု သတ်မှတ်ခြင်း ခံခဲ့ရလေသည်။ ထို့ပြင် အာရေဗျတွင် ခရီး သွား ကုန်သည်များ ဖြတ်သန်း သွားလာရာ အချက်အချာ ကျသော လမ်းဆုံ လမ်းခွ ဖြစ်နေ၏။ ထိုအကြောင်းများ ကြောင့် မက္ကာ မြို့တော်သည် ထိုအခြေအနေကို ခဲယဉ်းစွာ ထိန်းသိမ်း ထားရလေသည်။

ထိုသို့ ဖြစ်စေသော အကြောင်း သုံးခု ရှိသည်။ ထို အကြောင်း သုံးခုစလုံးသည် သမနိ ရှည်ကြာခဲ့ပြီ ဖြစ်၏။ ပထမ အကြောင်းသည် ပထဝီဝင် အနေအထား ဖြစ်၏။ ဒုတိယ အကြောင်းသည် စီးပွားရေး အကြောင်း ဖြစ်၏။ တတိယ အကြောင်းသည် မြို့ရွာနှင့် စပ်ဆိုင်သော အကြောင်း ဖြစ်၏။

ရပ်ပိုင်း အရ မက္ကာမှာ တွေ့ကြုံနေရသော အခက် အခဲမှာ ထိုမြို့သည် လွင်တီးခေါင် ဖြစ်သော တောင်ကြား လမ်းတွင် တည်ရှိနေခြင်း ဖြစ်သည်။ *ဝီလျံ ဘိုလစ်သို* [၁] ပြောသည့် အတိုင်း ဆိုလျှင် ထိုဒေသတွင် ပြင်းထန်သော ရေခဲသည့် ရာသီဥတု၊ မီးလောင်သလောက် ပူပြင်းသော ရာသီဥတု ဒဏ်ကို ကြံ့ခိုင်နိုင်သော စွန်ပလွံပင်လို အပင် မျိုးပင် မပေါက်နိုင်သော အရပ် ဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် ထိုကာလ၌ တိုက်ကြီး သုံးတိုက်မှ စီးပွား ချမ်းသာမှုများသည် ဥယျာဉ်ပန်းမန် မဆိုထားနှင့်၊ ချုံပုတ် စိမ်းစိမ်းကလေးများကိုပင် မမြင်ရသော ထိုဒေသသို့ အဆက် မပြတ် စီးဆင်းလျက် ရှိခဲ့ကြလေသည်။ စီးပွားရေး အရ ထင်ပေါ် ကျော်ကြားခဲ့သော မက္ကာမြို့၏ ဂုဏ်သတင်းသည် တဖြည်းဖြည်း ကျဆင်းလာခဲ့လေသည်။ ယခင်က အာရပ် လူမျိုးများ လက်ဝါးကြီး အုပ်ထားခဲ့သော ဟင်းခတ် အမွှေး အကြိုင် ရောင်းဝယ်ရေး လုပ်ငန်းသည် ရှေးက အီဂျစ် လူမျိုးများ၏ ပင်လယ်နီသို့ သွားသော ရေကြောင်းလမ်း ပြန်ပွင့်သွားသော အခါ ပြိုကွဲသွားလေတော့သည်။

ထို့ပြင် *အားလ် ဟေယာဇ်* [၂] သယ်ယူ ပို့ဆောင်ရေး မြို့သာမက အာရေဗျ တောင်ပိုင်းမှာပါ အိန္ဒိယနှင့် ဆိုမာလီ နိုင်ငံများမှ ကုန်သွယ်မှု ပြိုင်ဘက်များ ပေါ်ပေါက်လာသည့် အတွက် ကုန်ဈေးနှုန်းများ ကျဆင်းလာလေသည်။

အကျိုးဆက်ကား အာရပ်တို့၏ ကုန်စည် ကူးသန်း ရောင်းဝယ်မှု ကျဆင်းလာခြင်း ဖြစ်ပြီးနောက် တချို့သော တောင်ပေါ်မြို့များသည် အသက် ရှင်ရေး အတွက် စိုက် ပျိုးရေးဘက်သို့ ပြန်လှည့်သွားကြရလေသည်။ သို့သော် သစ်ပင် မြက်ပင်ပင် မပေါက်သော ကုန်းခေါင်ခေါင် မက္ကာ မှာမူကား ထိုကဲ့သို့ ထွန်ယက် စိုက်ပျိုးစရာ လုပ်ငန်း အခွင့် အလမ်းလည်း မရှိသည့် အတွက် ကျောက်တုံးနက်ကြီးကို အကြောင်း ပြုပြီး ဘုရားဖူး ခရီးသွားများ လာရောက်အောင် ဆွဲဆောင်ဖို့ နည်းလမ်း တစ်ခုတည်းသာ ရှိပေတော့သည်။ ထိုဆွဲဆောင်မှု စွမ်းအား တစ်ခုတည်းဖြင့်ပင် မက္ကာသည် ရပ်တည်လာခဲ့ရာ အနောက်ဘက်မှ ပီထရာမြို့၏ ရန်ကို လည်း ကာကွယ်နိုင်ခဲ့သည်။ ထို အံ့ဖွယ် ကောင်းသော ကျောက်တုံးကြီး ရှိသော မက္ကာမြို့သည် မုဟမ္မဒ် သခင် ခေတ်သို့ ရောက်သော အခါ လူနေအိမ်ခြေ ကင်းမဲ့သော

၁။ William Bolitho ၂။ Al-Hejaz

ဒေသ အဖြစ်၊ မြို့ အဖြစ် အနှစ် ငါးရာခန့် ကြာခဲ့ပြီ ဖြစ်၏။ ထိုမြို့၏ လုံခြုံရေး ကိစ္စ အတိုင်းအတာမှာလည်း သိပ်ပြီး မကြီးကျယ်လှပေ။

ကာဘာ ကျောင်းတော်နှင့် ကျောက်နက်တုံးကြီးကို အန္တရာယ် ပြုလာလျှင်လည်း ခြိမ်းခြောက်မှုကြီး အဖြစ် ပြဿနာကြီး ပေါ်ပေါက်လာမည် ဖြစ်၏။ ထိုသို့သော အလားတူ ခြိမ်းခြောက်မှုမျိုး မုဟမ္မဒ် သခင် ဖွားမြင်တော်မူသော နှစ်တွင် ကြုံခဲ့ရဖူးလေသည်။ ထိုနှစ်သည် အာရေဗျတွင် *ဆင်နှစ်*[၁] ဟု တွင်သော နှစ် ဖြစ်၏။ အဘယ်ကြောင့် ထိုသို့ ခေါ်ရသနည်း ဆိုသော် အဘီဆီးနီးယန်းနှင့် (ခရစ်ယာန် ဖြစ်သော) အာရေဗျ တောင်ပိုင်း ဘုရင်ခံက မက္ကာသို့ အလုံးအရင်းနှင့် ချီတက်၍ တိုက်ခိုက်ရန် အလို့ငှာ ဆင်တပ်ကြီး ချီ၍ လက်နက်ကိုင် တပ်ကြီးနှင့် လာခဲ့လေသည်။ လာရသည့် အကြောင်းမှာ နတ်ရုပ်တုများ တည်ရှိရာ နတ်ကွန်းကြီး ဖြစ်နေသော ဝတ်ကျောင်းတော်ကြီးကို ဖျက်ဆီးပစ်ရန် အတွက် ဖြစ်သည် ဆို၏။ သို့သော် ထိုဘုရင်ခံသည် အရှုံးပေးပြီး နောက်ဆုတ်ခဲ့ရလေသည်။ အမှန်ကတော့ မက္ကာမြို့ အနေနှင့် သူ့ရန်ကို အကာကွယ်မဲ့ ဖြစ်နေခဲ့၏။ သို့သော် ထိုအချိန်တွင် သူ့ စစ်တပ်ထဲမှာ ကျောက်ရောဂါ ဖြစ်ပွားလာသည် ဆို၏။

နှစ်ပေါင်းများစွာ မက္ကာသည် စီးပွားရေး အရ ကျပ်တည်းခဲ့သည်မှာ အကျင့် ရနေပြီ ဖြစ်၏။ ထို့ထက် ပိုပြီး စိတ်ဒုက္ခ ရောက်ရသည့် အကြောင်း ကိစ္စမှာ မြို့သူ မြို့သား အချင်းချင်း ကြားမှာ ဂိုဏ်းဂဏ အယူကွဲသူများ အချင်းချင်း တင်းမာနေသော ကိစ္စ ဖြစ်သည်။ မြို့သူ မြို့သားများ၏ ငြိမ်းချမ်း သာယာရေးကို ရန်ကြွေးကြောင့် တိုက်ခိုက်သည့် ဥပဒေဖြင့် ထိန်းသိမ်းထားသည်။ လွတ်လွတ်လပ်လပ် ရေကြည်ရာ မြက်နုရာ လှည့်လည် သွားလာနေကြသော လူမျိုးစုများ အကြားမှာ တည်ရှိသော ဥပဒေ အတိုင်းပင် ဖြစ်သည်။ မြို့နယ် တစ်ခု အတွင်း၌ စတည်းချ တဲထိုးပြီး နေကြသော လူမျိုးစုချင်း ခိုက်ရန် ဖြစ်ပွားသော အခါ တစ်စုက အခြား တစ်စုက လူတစ်ဦးကို သတ်ဖြတ်လျှင် သတ်ဖြတ်သူများဘက်က လူတစ်ဦးကိုလည်း သတ်ဖြတ်ခြင်းဖြင့် ရန်ကြွေးချေရသည်။ လူမျိုး အုပ်စု တစ်စုတည်း အတွင်းမှာ တစ်ဦးက တစ်ဦးကို သတ်ဖြတ်ပါက သတ်ဖြတ်သူ အဖို့ ကာကွယ် ခုခံပိုင်ခွင့် မရှိပေ။ သတ်သူကို ဖမ်းမိပါက သတ်ပစ်ခြင်း ခံရတော့သည်။ အကယ်၍ ထွက်ပြေး လွတ်မြောက်သွားပါကလည်း သူ့ကို ဝါးရမ်းပြေး အဖြစ် သတ်မှတ်ခြင်း ခံရတော့၏။ ထိုသူသည် ဘယ် လူမျိုးစုထဲမှာမှ မပါဝင်တော့သည့် အတွက် ဘယ်သူက တွေ့တွေ့ သူ့ကို သတ်ဖြတ်နိုင်လေသည်။ လူတိုင်း၏ ရန်သူ ဖြစ်သွားရလေသည်။ အကယ်၍ လူမျိုးစု တစ်စုထဲက လူတစ်ယောက်ကို အပြင်လူက သတ်ဖြတ်ပါက အသတ်ခံရသူ လူမျိုးစု တစ်ခုလုံးက သတ်ဖြတ်သူကို လက်စားချေလေတော့သည်။

ဤမူဝါဒသည် အာရေဗျ၌ ပြင်းထန်သော ရာဇဝတ်ပြစ်မှု ကျူးလွန်ခြင်းကို တားဆီးထားနိုင်ရုံမျှမက မြို့ရွာ ငြိမ်ဝပ် ပိပြားရေး ဥပဒေ စိုးမိုးရေး အတွက်လည်း အာမခံချက် ပေးနိုင်လေသည်။ သွေးစွန်းသော လက်စားချေခြင်းကို ကြောက်လန့်သော သဘော ဖြစ်ကြောင်း ထင်ရှားသည်။

မုဟမ္မဒ် သခင် လက်ထက်သို့ ရောက်သော အခါ မက္ကာမြို့တွင် ကြီးစိုးနိုင်ရေး အတွက် အားပြိုင်နေကြသော လူမျိုးစုကြီး နှစ်ခု ရှိလေသည်။ ၎င်းတို့မှာ ကူရိုက်ရှ်နှင့် *ခိုဇား*[၂] တို့ ဖြစ်ကြသည်။ ပထမ လူမျိုးစုသည် ၅ ရာစု အလယ်လောက်တွင် အင်အား ကြီးမားပြီး လွှမ်းမိုးသော အုပ်စုကြီး ဖြစ်လာခဲ့လေသည်။ သို့ရာတွင် ကူရိုက်ရှ် အုပ်စုထဲမှာပင်လျှင် *ဟာရှိမိုက်*[၃] နှင့် *အုမ္မာယာဒ်*[၄] ဂိုဏ်းအုပ်စုကွဲများ အချင်းချင်း အားပြိုင်ကာ တင်းမာမှုများ ဖြစ်ပွားနေကြလေသည်။ သူတို့၏ ဘက်ပြိုင်မှုမှာ ပြည်သူ့ အုပ်ချုပ်ရေးနှင့် ဘာသာရေး ဆိုင်ရာ အခွင့် အာဏာပိုင် ဖြစ်ရန် အတွက် ယှဉ်ပြိုင် တိုက်ခိုက်နေကြခြင်း ဖြစ်သည်။

ဤအားပြိုင်မှုသည် အစ္စလာမ် ဘာသာ၏ အနာဂတ် အတွက် ကြီးမားသော အကျိုးဆက်ကို ဖြစ်ပေါ်စေ၏။

---

၁။ the year of the elephant

၂။ Khoza'ah

၃။ Hashimite

၄။ Ommayad

## ၂။ တမန်တော် မုဟမ္မဒ် သခင်

မုဟမ္မဒ် သခင်အား တမန်တော် အဖြစ်သို့ ရောက်အောင် တွန်းပို့ခဲ့သော အကြောင်း အချက်တို့တွင် သူ ငယ်ရွယ်စဉ် ကပင် မိဘမဲ့ ကလေး ဘဝသို့ ရောက်ခဲ့ခြင်းသည် ပဓာန အကျဆုံးသော အကြောင်း ဖြစ်ကောင်း ဖြစ်မည်ဟု ဆိုသင့် မည် ထင်ပါသည်။

အစဉ်အလာ ဆိုရိုး စကား အရ သူ၏ ဖခင်သည် သူ့ကို မမွေးမီကတည်းက ကွယ်လွန်ခဲ့သည်ဟု ဆိုသည်။ သူ ခြောက်နှစ်သား အရွယ်သို့ ရောက်သော အခါ သူ့မိခင် ကွယ်လွန်ပြန်သည်။

ထို့ကြောင့် သူသည် ကုရိုက်ရှ် လူမျိုးစု ခေါင်းဆောင် နှစ်ဦး ဖြစ်ကြသော အဘိုး အဗ္ဗဒယ်လ် မူတာလစ်နှင့် ထို နောက် သူ၏ ဦးလေး ဖြစ်သူ *အဘူတာလစ်* [၁] တို့၏ အုပ် ထိန်းခြင်း ခံရသူ အဖြစ်သို့ ရောက်ခဲ့ရလေသည်။

ဤအုပ်စု ခေါင်းဆောင် နှစ်ဦး၏ အုပ်ထိန်းခံ ဘဝ ဖြင့် ကြီးပြင်လာရသော သူ့ဘဝ ပတ်ဝန်းကျင်သည် ဘာသာ ရေးနှင့် ပတ်သက်သော စိတ် လှုပ်ရှားမှုနှင့် ဘာသာရေး တာဝန် ရှိသော ပတ်ဝန်းကျင် ဖြစ်ခဲ့လေသည်။ ထိုပုဂ္ဂိုလ် နှစ်ဦး ဖြစ်ကြသော သူ့ အဘိုးနှင့် သူ့ ဦးလေးတို့သည် ကုရိုက်ရှ် လူမျိုးစုတွင် ထင်ရှားသော ပုဂ္ဂိုလ်များ ဖြစ်ကြ လေသည်။

တစ်ဖန် ထိုကုရိုက်ရှ် လူမျိုးစုသည် ကာဘာ ကျောင်း တော် နတ်ကွန်းကြီးနှင့် ထို နတ်ကွန်းကြီးထဲရှိ နတ်ရုပ် များနှင့် ကျောက်နက်တုံးကြီး အပြင် အနီးရှိ ဇမ်ဇမ် ရေ တွင်းကို စောင့်ရှောက်ရသော ဂေါပက တာဝန်ကို ယူထား ရသော လူမျိုးစု ဖြစ်သည်။ ထိုကျောင်းတော်၊ ကျောက်တုံး ကြီးနှင့် သန့်ရှင်း မွန်မြတ်သော ရေတွင်းနှင့် စပ်ဆိုင်သမျှ ပစ္စည်း ဥစ္စာများကိုလည်း ဤ လူမျိုးစုကပင် ထိန်းသိမ်း ရပြီး မက္ကာသို့ ဘုရားဖူး လာသူများအား အစားအစာနှင့် ရေကို သင့်တင့်သော ဈေးနှုန်းဖြင့် ပေးဝေသော တာဝန်ကို လည်း ယူကြရလေသည်။

သို့ရာတွင် သူ၏ လူကြီးမိဘ စကားကို ရိုသေ လေး စား လိုက်နာလိုသော သစ္စာခံခြင်း သဘောများကိုကား အပြည့်အစုံ ဖော်ပြထားချက်များ မရှိချေ။

သူ၏ မိဘမဲ့ ဘဝက သူ့ကို ယထာဘူတ အမြင်ကို ရရှိစေပြီး သံယောဇဉ် ကင်းသော ဆုံးဖြတ်ချက်ကို ချနိုင် စေခဲ့သည်ဟု ဆိုသော် ဆိုသင့်ပါသည်။ သူ အရွယ် ရောက် လာသော အခါ သူသည် သူ့လူမျိုးစုနှင့် လူကြီး မိဘ ဘိုး ဘွားများ လက်ခံ ယုံကြည်လာသော ယုံကြည် ကိုးကွယ်မှု များနှင့် ဓလေ့ထုံးစံများကို စတင် လေ့လာစ ပြုလာသည်။ ထိုသို့ လေ့လာသော အခါ သူသည် ဝေဖန် စိစစ်လိုသော သဘောထားဖြင့် စေ့စေ့စပ်စပ် စူးစမ်း လေ့လာသည်။ ထို အခါ သူ့စိတ်ထဲမှာ ဘိုးဘေးများ ယုံကြည် ကိုးကွယ်သော အယူဝါဒများနှင့် ကျင့်သုံးလာသော ဓလေ့ထုံးစံများကို နှလုံး မတွေ့ မနှစ်သက်ဘဲ မေးခွန်း ထုတ်လာလေတော့ သည်။ သူ့ကို လူအများ ရိုသေ ကိုင်းရှိုင်း ကိုးကွယ် ဆည်း ကပ်နေကြသော ဘာသာရေးနှင့် ကုရိုက်ရှ် လူမျိုးစု ခေါင်း ဆောင်များ အမွန်အမြတ် ထားသော အလေ့အထများကို အဆက်မပြတ် ဝေဖန် ရန်တွေ့နေမှုကြောင့် အနှောင့်အယှက် ပေးလာကြလေတော့သည်။

အထူးသဖြင့် သူ မကျေနပ်ဆုံးသော အချက်မှာ အာ ရေဗျ ဘာသာ ကိုးကွယ်မှုတွင် ရှေးကျသော အယူအဆများ ဆက်လက် ရှင်သန်နေခြင်းပင် ဖြစ်သည်။ ရုပ်တုများ ပြု လုပ်၍ နတ်ဘုရား များစွာကို ကိုးကွယ်နေခြင်း၊ နတ်ကိုး ခြင်း၊ ဘာသာရေး ပွဲတော်များ ကျင်းပသော အခါ အကျင့် ပျက်ခြင်း၊ မူးယစ် သောက်စားခြင်း၊ လောင်းကစားခြင်း၊ ဂုဏ်တု ဂုဏ်ပြိုင် ဝတ်စားကြပြီး ကခုန်ခြင်း အပြင် မလို လားအပ်သော သမီး မိန်းကလေးများကို အရှင်လတ်လတ် မြေမြှုပ် သင်္ဂြိုဟ်ခြင်းကို မက္ကာမှာသာ မကဘဲ အာရေဗျ တစ်ခွင် တစ်ပြင်လုံးမှာ ပြုလုပ်နေကြခြင်းများကို သူ့စိတ် မှာ လုံးဝ လက်မခံခဲ့ပေ။ တစ်ခါ တစ်ခါ အဓိပ္ပာယ်မဲ့ သွေး ထွက်သံယို ဖြစ်အောင် လူမျိုးစု တစ်ခုတည်းမှာပင် အတွင်း ပဋိပက္ခများ ဖြစ်ပြီး တိုက်ခိုက်ကြခြင်းမျိုး၊ အုပ်စုတွင်းမှာ

---

၁။ Abu Talib

မင်းမဲ့စရိုက်များ လွှမ်းမိုးမှုများကို သူ စဉ်းစား ဆင်ခြင်၍ မရလောက်အောင် စိတ်ရှုပ်ထွေးစွာ ခံစားရသည်။

ထို တိုက်ခိုက်မှုများမှ တစ်ဆင့် *ဘုရား တရားနှင့် စပ်ဆိုင်ရာများကို လုယက် ဖျက်ဆီးသော စစ်ပွဲ* [၁] များပါ ဆက်လက် ဖြစ်ပွား လာတတ်သည်ကိုလည်း သူ တွေ့ရသည်။ ထို ခိုက်ရန်ဖြစ်ပွားမှုများကို သူ၏ ငယ်စဉ် ဘဝတွင် သူ မြင်တွေ့ခဲ့ရလေသည်။

ထိုဘုရားတရားနှင့် စပ်ဆိုင်သမျှကို လုယက် ဖျက်ဆီးသော စစ်ပွဲ ခိုက်ရန်ဖြစ်ပွဲများသည် လမြတ် ဖူးလ်ကာဒါတွင် ဖြစ်ပွားတတ်သည်။ အထူးသဖြင့် မက္ကာမြို့၏ အရှေ့ဘက်ရှိ အိုကပ်ဇ် အရပ်တွင် သုံးရက်ကြာ နှစ်စဉ် ကျင်းပသော ပွဲတော်မှာ ဖြစ်ပွားတတ်သည်။ ထို ရန်ပွဲ ဖြစ်သော အခါ ကုရိုက်ရှ် လူမျိုးများ ပါဝင်ကြသည်။

တစ်ခါကမူ မုဟမ္မဒ်သည် ထိုကဲ့သို့ တိုက်ခိုက်ခြင်းထဲတွင် ပါဝင်ခဲ့သော သူ့ဦးလေး တစ်ဦးထံသို့ သွားရောက်ကြည့်ရှုခဲ့ရဖူးသည်။ သူသည် ရန်ထောင်တတ်သူ မဟုတ်၊ ခိုက်ရန် ဖြစ်ပွားတတ်သူ မဟုတ်။ အစဉ်အလာ မှတ်တမ်းတစ်ခုထဲတွင် သူနှင့် ပတ်သက်သော သတိရ အောက်မေ့ဖွယ်ရာ အချက် တစ်ခုကို အောက်ပါအတိုင်း မှတ်တမ်းတင်ထားကြောင်း တွေ့ရသည်။

'ကျွန်ုပ် မှတ်မိသည်။ တစ်ခါက ကျွန်ုပ်သည် ကျွန်ုပ်၏ ဦးလေးနှင့်အတူ ဘာသာရေး ဆိုင်ရာများကို လုယက်ဖျက်ဆီးသော စစ်ပွဲ (ရန်ပွဲ) တစ်ခုထဲကို ရောက်ရှိသွားကြောင်း မှတ်မိပါ၏။ ထိုအခါက ကျွန်ုပ်သည် ရန်သူများကို မြားဖြင့် ပစ်ခတ်ခဲ့ဖူးသည်။ ထိုသို့ ပြုခဲ့မိခြင်း အတွက် အကျွန်ုပ်သည် နောင်တ မဖြစ်မိချေ။' ဟု ဆိုသည်။

သို့ရာတွင် သူသည် ထိုသို့ ဘာသာရေးနှင့် စပ်သော ခိုက်ရန် ဖြစ်ပွားခြင်းမျိုးကို ထောက်ခံ အားပေးလိုသော စိတ်မျိုးကား မရှိခဲ့ပေ။

သူ၏ ကိုယ်ကျင့် တရားနှင့် ယုံကြည် ကိုးကွယ်မှုဆိုင်ရာ လွတ်လပ်သော အတွေးအမြင်များ၊ သူ့ လူမျိုးများ ပြုကျင့်နေသော မလိုလားဖွယ် အလေ့အကျင့်များမှ လွတ်မြောက်သော အမြင်များကို ပါလက်စတိုင်းနှင့် ဆီးရီးယားသို့ ဝန်တင် ကုလားအုတ်များဖြင့် ခရီး သွားစဉ် ကာလ၌ ရရှိခဲ့လေသည်။

ပထမဆုံး အကြိမ် ထိုသို့ ခရီးသွားခဲ့စဉ် အခါက သူ့အသက်မှာ ၁၂ နှစ်အရွယ်သာ ရှိသေး၏။ သူသည် ဦးလေးတော်သူ အဘူတာလစ်နှင့် လိုက်ပါသွားခြင်း ဖြစ်၏။ ဤအကြိမ်သည် သူ ခရီးရှည် ထွက်ဖူးသော ပထမဆုံး အကြိမ်ဖြစ်၏။ အသက်အရွယ် ငယ်သေးသောကြောင့် သူ၏ ဘာသာရေး အမြင်တွင် သိသိသာသာ ပြောင်းလဲခြင်းမျိုးကား ဖြစ်မလာခဲ့သေးပေ။ သို့သော် သူ့ အသက် ၂၅ နှစ် အရွယ်တွင် ဆီးရီးယားသို့ ခရီး သွားသော အခါတွင်မူကား သူ၏ အတွေးသစ် အမြင်သစ်များကို လူအများက ပိုမို လက်ခံလာကြသည်ကို တွေ့ရလေသည်။

ဤကိစ္စနှင့် ပတ်သက်၍ ပိုမို အရေးပါသော အချက်အလက် အချို့ကို ဆိုသင့်သေး၏။ ထိုအချက်မှာ တချို့သော သူနှင့် ရင်းနှီး ကျွမ်းဝင်သူ မက္ကာမြို့မှ မိတ်သင်္ဂဟများမှာ ဂျူး ဘာသာဝင်များနှင့် ခရစ်ယာန် ဘာသာဝင်များ ဖြစ်ကြ၏။ ထိုသူတို့သည် ဂျူး ဘာသာ ဓလေ့ထုံးစံများနှင့် ခရစ်ယာန် ဘာသာ ဓလေ့ထုံးစံများကို ကျွမ်းကျင်နှံ့စပ်သူများလည်း ဖြစ်ကြလေသည်။ ထိုသူများသည် ဒေသခံတိုင်းရင်းသား အာရပ်များ၏ ဘာသာ ယုံကြည် ကိုးကွယ်မှုများကို ဝေဖန် သုံးသပ်တတ်ကြသူများလည်း ဖြစ်ကြဖွယ်ရှိသည်။ သူကိုယ်တိုင်လည်း ကုန်စည်ပြပွဲများ၌ ဂျူး ဘာသာဝင်များ၊ ခရစ်ယာန် ဘာသာဝင်များနှင့် အဆက်အသွယ်ရရှိခဲ့ဖူးသည်။ ထိုပုဂ္ဂိုလ်များသည် ထိုဘာသာများ၏ တရားဝင် ကိုယ်စားလှယ်များ ဖြစ်ကြပြီး ထို ကုန်စည်ပြပွဲများအတွင်း လူထု စည်းဝေးပွဲများ၌ ထိုသူများက သူတို့၏ ဘာသာရေး အယူဝါဒများ အကြောင်းကို ဟောပြောနေကြသည်ကိုလည်း သူ တွေ့မြင်ခဲ့ရလေသည်။

ထိုအကြောင်းကြောင့်ပင် ဖြစ်ပေလိမ့်မည်။ ထိုတရားပွဲများကို မြင်ရ ကြားရသော အခါ သူ့စိတ်ထဲမှာ ထိုအယူဝါဒများကို စူးစမ်းလိုသော စိတ်၊ အလေးအမြတ် ထားလိုသော စိတ်ဓာတ်များ ဖြစ်ပေါ်ခဲ့ပုံကို ကုရ်အာန် ကျမ်းတော်ထဲတွင် အရိပ်အမြွက် ဖော်ပြထားသည်ကိုလည်း တွေ့ရှိရသည်။

ကုရိုက်ရှ် မျိုးနွယ်စုမှ ချမ်းသာ ကြွယ်ဝသော မုဆိုးမ *ခတီဂျာ* [၂] ကို သူ လက်ထပ်လိုက်ပြီး နောက်ပိုင်းတွင် သူ့ဘဝမှာ သက်သောင့်သက်သာ နေလာရသော အခါ သူ့ ရင်ထဲက ဘာသာရေး သံသယများကို ဖြေရှင်းဖို့ အတွက် အချိန်ပို၍ ရရှိလာလေသည်။

ခတီဂျာက သူ့ဦးလေး အဘူတာလစ်၏ ထောက်ခံချက်ဖြင့် သူ့ကို ကုန်တင် ကုလားအုတ်များကို စီမံ ကွပ်ကဲ

၁။ Sacrilegious War

၂။ Khadijah

ပြီး ကုန်ရောင်း ခရီး ထွက်ရန် အလုပ် စေခိုင်းခဲ့ဖူးလေသည်။ နောက်ပိုင်းတွင် သူ၏ ရိုးသားမှု၊ ကြိုးစားမှုများကြောင့် ခတီဂျာက သူ့ကို နှစ်သက် မြတ်နိုးပြီး လက်ထပ်လိုက်လေသည်။ သူ့ထက် ခတီဂျာ၏ အသက်က လေးငါးနှစ် ကြီးသည်။ သူမက သူ့ကို ချစ်သူ ဇနီးလို တစ်မျိုး၊ မိခင်လို တစ်သွယ် ဆက်ဆံ ပေါင်းသင်းခဲ့လေသည်။ ထိုမျှသာမကသေး၊ ခတီဂျာသည် သူ၏ ဘာသာရေး အတွေးအမြင် ပြောင်းလဲလာမှုများကိုလည်း ထောက်ခံ၍ အားပေးလေသည်။

သူနှင့် ခတီဂျာမှာ သားနှစ်ယောက် ထွန်းကားခဲ့သော်လည်း အသက် မရှင်ကြ။ ငယ်ရွယ်စဉ်မှာပင် ကွယ်လွန်သွားကြသည်။ အသက် မသေဘဲ ကျန်ရစ်သူမှာ သမီးတော် *ဖာတီမာ* [၁] ဖြစ်သည်။

## ဘာသာရေး အသိဉာဏ် ထွန်းပလာခြင်း

ယခုအချိန်မှ စ၍ မုဟမ္မဒ်၏ ဘဝသည် ဘာသာရေး ကိစ္စများကိုသာ အလေးအနက် ထား၍ ကြီးပမ်းသော ကာလသို့ ရောက်ရှိလာပြီ ဖြစ်၏။ သူ့ကို ဂျူး ဘာသာရေး အမြင်များနှင့် ခရစ်ယာန် ဘာသာရေး အယူအဆများက စိတ်မှာ ထိခိုက်မှု၊ ခံစားမှု ဖြစ်အောင် ပြုလုပ်လိုက်ကြောင်း ထင်ရှားသည်။ နောက်ဆုံး ကမ္ဘာ ပျက်၍ တရား စီရင်သော နေ့၌ ရုပ်တု ကိုးကွယ်သူများသည် ထာဝရ ငရဲ မီးလျှံထဲမှာ ကျခံကြရမည့်သူများ ဖြစ်သည်။ သူတို့ ပြောသော မှန်ကန်သော တစ်ပါးတည်းသော ထာဝရ ဘုရားသခင်ကို ရုပ်တု ဆင်းတု မထုလုပ်ရ၊ တမန်တော် ပြောခွင့်ရသော ပုဂ္ဂိုလ်များ၊ ပြောဆိုသော စကားများဖြင့်သာ ယုံကြည် ကိုးကွယ်ရမည်။ ထိုကဲ့သို့သော ပြောခွင့်ရ တမန်တော်များသည် ရှေးအထက် ကျော်ကာရီ (အတိတ် ကာလ) တုန်းက ပါလက်စတိုင်းတွင် အများအပြား ပွင့်ပေါ်ခဲ့ဖူးပြီ။ သို့ပါလျက် အာရေဗျမှာမူကား ယခုတိုင် တစ်ပါးတလေမျှပင် မပွင့်ပေါ်သေးပေ။ အဘယ်ကြောင့် အာရေဗျမှာ မပွင့်သေးသနည်း။

ထိုအချိန် ကာလ အတွင်း သူ၏ တစ်ကိုယ်တည်း စဉ်းစား တွေးခေါ်နေခြင်းများကို ထက်မြက် ရှင်သန်လာအောင် လှုံ့ဆော်ပေးသူမှာ အိမ်ထောင်ရေး အရ နီးစပ်၍ ဆွေမျိုးတော်လာသူ ခတီဂျာ၏ ဝမ်းကွဲမောင်၊ မျက်မမြင် ပညာရှင် *ဝါရာကာ့ဟ်* [၂] ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ဉာဏ်ပညာ ရှိသော ပုဂ္ဂိုလ် ဖြစ်ပြီး သူတို့ မိသားစု အပေါ်မှာလည်း ဩဇာ တိက္ကမ ရှိသူ ဖြစ်သည်။

ဝါရာကာ့ဟ်သည် ခရစ်ယာန် ဘာသာဝင် ဖြစ်ဖွယ်ရှိ၏။ ထိုပုဂ္ဂိုလ်၏ ပြောဆိုချက် သတင်းပေးချက်များသည် အချက်အလက် တော်တော်များများ၌ လွဲမှားသော အယူအဆများ ဖြစ်နေသည်ဟု မုဟမ္မဒ် စိတ်မှာ ခံစားရလေသည်။ သို့သော် မုဟမ္မဒ် သခင် အနေနှင့် ထိုပုဂ္ဂိုလ်ထံမှ ဘာသာ ယုံကြည် ကိုးကွယ်မှု အယူအဆများနှင့် အပြုအမူများ ဆိုင်ရာ ဗဟုသုတ အချက်အလက် များစွာကို ရရှိသည်ဟု လက်ခံထားလေသည်။

သတင်း အချက်အလက် အနည်းငယ်ကို ပေးနိုင်သော ခရစ်ယာန် ဘာသာဝင် ကျေးကျွန် တစ်ဦးလည်း ရှိသည်။ သူ့ အမည်မှာ *ဇာအိဒ်* [၃] ဖြစ်သည်။ သူ့ကို မုဟမ္မဒ်က ကျွန်အဖြစ်မှ လွတ်မြောက်ခွင့် ပေးပြီးလျှင် နောင်အခါ မွေးစားသား ပြုလုပ်ခဲ့လေသည်။ ထိုကဲ့သို့ မွေးစားသား ပြုလုပ်ထားသော သူ့ဦးလေး အဘူတာလစ်၏ သားတစ်ဦးလည်း ရှိသေးသည်။ သူ့ အမည်မှာ *အလီ* [၄] ဖြစ်သည်။ သူ့စိတ်ထဲမှာ ကမ္ဘာ ပျက်ပြီး နောက်ဆုံး တရား စီရင်သော နေ့ (ကေယာမတ်) သည် ကျရောက်လာရန် အချိန် နီးကပ်လာပြီ ဟူသော အတွေးက သူ့ကို စတင် လှုံ့ဆော်နေလေပြီ။ ထိုအခါ သူသည် မက္ကာမြို့ အနီးအပါးရှိ တောင်ကုန်းများသို့ သွားပြီး တစ်ကိုယ်တည်း တိတ်တဆိတ် တရားအားထုတ်ရန် လှည့်လည် သွားလာခဲ့လေသည်။

## တမန်တော် အဖြစ် ခေါ်သံ

မှတ်ဆလင်များ၏ ဆိုရိုး စကား အရ မုဟမ္မဒ်သည် ဟီရာ တောင်ကုန်း အနီးရှိ လိုဏ်ဂူ တစ်ခုသို့ ထွက်သွားသည် ဆို၏။ ထိုတောင်ကုန်းသည် မက္ကာမြို့၏ မြောက်ဘက် မိုင်အနည်းငယ် ကွာဝေးသော အရပ်မှာ ရှိလေသည်။ ရတ်တရက် ညတစ်ညတွင် သူ့မျက်စိ ရှေ့မှောက်တွင် မြင်ကွင်း တစ်ခု ပေါ်လာသည်။ ထိုမြင်ကွင်းသည် အကြီးဆုံး အမြတ်ဆုံး ကောင်းကင် တမန် ဂျီဘရိုင်အီးလ် (ခရစ်ယာန် အခေါ် ဂါဗြီလ) ၏ အဆင်းသဏ္ဌာန် ဖြစ်၏။ ထာဝရ ဘုရားသခင်ထံမှ သတင်းကို ဆောင်ယူလာသူ စေတမန် ဖြစ်သည်။ ဂျီဘရိုင်အီးလ်၏ အရပ် အမောင်းမှာ လေးကိုင်း နှစ်ခုစာလောက် ရှည်သည်။

---

၁။ Fatima  ၂။ Warakah

၃။ Zaid  ၄။ Ali

သူက ရေရွတ်၍ ကျယ်လောင်စွာ ပြောဆိုသည်မှာ -

ဖန်ဆင်းတော်မူသော အရှင် ထာဝရ ဘုရားသခင်၏ နာမတော်ဖြင့် သင် ရွတ်ဆိုလော့။

လူကို သွေးစိုင် သွေးခဲမှ ဖန်ဆင်းတော်မူ၏။ သင် ရွတ်ဆိုလော့၊ သင့်အား ဖန်ဆင်းတော်မူသော အရှင် ထာဝရ ဘုရားသခင်၏ ကျေးဇူးသည် အလွန် ကြီးမား၏။ ထိုဘုရားသခင်သည် လူကို မင်တံ အသုံးပြုနည်းကိုလည်း သင်ကြားပေးတော်မူ၏။

လူသားအား သူတို့ မသိသေးသော အရာများကိုလည်း သိမြင် နားလည်စေရန် သင်ကြားပေးတော်မူ၏။

ထို့နောက် ထိုမြင်ကွင်း ပျောက်ကွယ်သွားလေသည်။ မုဟမ္မဒ်လည်း ကောင်းကင်တမန် ပြောဆိုသွားသော စကားများ အားလုံးကို ပြန်လည် ရွတ်ဆိုနိုင်နေလေသည်။ (အင်္ဂလိပ် ဘာသာပြန် ကုရ်အာန် ဆူရာ ၉၆ ၏ အစပိုင်းမျှကို ဖော်ပြခြင်း ဖြစ်၏။ အစောင် နံပါတ်ကို ဖော်ပြထားခြင်း မရှိဘဲ ဆူရာ နံပါတ်ကိုသာ ဖော်ပြထားသဖြင့် မြန်မာပြန် ကုရ်အာန် ကျမ်း၏ အပိုင်း၊ အစောင်နှင့် ဆူရာ နံပါတ်ကို တိတိကျကျ မဖော်ပြနိုင်ပါ။)

ထိုသို့ မြင်ရ ကြားရပြီးနောက် မုဟမ္မဒ် သခင်သည် စိတ်လှုပ်ရှား တက်ကြွစွာဖြင့် အိမ်သို့ ပြန်ပြေးလေသည်။ စိတ်ထဲမှာလည်း မိမိ မြင်လိုက် ကြားလိုက်ရသော အရုပ်နှင့် အသံတို့သည် တကယ်ပင် ဟုတ်မှ ဟုတ်ပါလေစဟုလည်း သံသယ ထက်ဝက်နှင့် ဖြစ်၏။ စိတ်မှာ ယုံကြည်ခြင်းလည်း ထက်ဝက် ရှိသည်။ နောက်ပိုင်းတွင် သူ မြင်လိုက် ကြားလိုက်ရသော ကောင်းကင်တမန်၏ အရုပ်နှင့် အသံသည် အမှန်တကယ် ဖြစ်ကြောင်းကို အခိုင်အမာ ပြောဆိုလာလေတော့သည်။ (ဆူရာ ၅၃ ဟု ဆိုသည်။)

ကြယ်တာရာကို တည်ထားပြီးသောအခါ

သင်၏ သွေးချင်းသားချင်း ရပ်ဆွေရပ်မျိုးတို့အား မမှားကြစေလင့်၊ လမ်းလွဲခြင်းသို့ မရောက်ကြစေလင့်။

မည်သူ့ကိုမှ ကိုယ့်စိတ်နှင့်ကိုယ် စိတ်ပေါက်ရာကို လျှောက်မလုပ်ကြစေလင့်။

ဘုရားသခင်ထံမှ ချပေးတော်မူသော ကုရ်အာန်ကျမ်းမြတ်မှတစ်ပါး အခြား ဗျာဒိတ်တော်ကျမ်းသည် သူ့အတွက် မရှိပေ။

ကြောက်ခမန်းလိလိ ဖြစ်သော တန်ခိုးတော်ဖြင့် ထိုကျမ်းက သူ့အား သင်ကြားပေး၏။

အသိဉာဏ်ပညာဖြင့်လည်း သူ့အား ဆင်ယင်၏။

သူ့အား မိုးကုပ် စက်ဝိုင်း အမြင့်ဆုံး အရပ်၌ ရပ်တည်နိုင်အောင်လည်း ဟန်ချက် ညီအောင် ပြုတော်မူ၏။

ထို့နောက် သူသည် အနီးအပါးသို့ ချဉ်းကပ်လာ၏။ လေးကိုင်း နှစ်ခုစာခန့် အကွာအဝေးမှာ ရပ်တည်၏။

ထို့ထက် ပို၍ နီးကပ်စွာလည်း ရပ်တည်နေ၏။

ထို့နောက် သူ၏ ကျေးကျွန် ဖြစ်သူအား သူ ဗျာဒိတ် ပေးလိုရာကို ဗျာဒိတ် ပေးတော်မူသည်။

သူ တွေ့မြင်ရသော အရာကို သူ့စိတ်က အမှားဟု မထင်ပေ။

သူ တွေ့မြင်ရသော အရာကို သင်က ဘာ အငြင်းပွားစရာ လိုသနည်း။

အစ ပထမတွင် မုဟမ္မဒ် စိတ်ထဲတွင် သူ တွေ့မြင်ရသော ကောင်းကင်တမန်နှင့် သူ့အသံကို မမှန်ဟု သံသယဝင်မိသည်။ သူ့ကိုယ်သူပင် ရူးသွပ်သွားလေသလားဟု တွေးမိသေးသည်။ မွတ်ဆလင် အစဉ်အလာ စကား *(အားလ်ဝါကိဒီ* [၁] ၏ စကား အရ) ဤသို့ ဆိုသည်။

သူသည် သူ၏ ဇနီးအား သူ့ အတွေ့အကြုံကို ပြန်ပြောရန် အတွက် အိမ်သို့ အလျင်အမြန် သွားလေသည်။

'အိုး ခတီဂျာရယ်၊ ငါဟာ ဘယ်တုန်းကမှ ဒီရုပ်တုတွေနှင့် ဗေဒင်ဆရာတွေကို ဒီလောက် ရွံမုန်းခဲ့ခြင်းမျိုး မဖြစ်ခဲ့စဖူးပါဘူး၊ ငါ ခု အမှန်ကို ပြောတာပါ၊ ငါ့ကိုယ်ငါလည်း ဗေဒင်ဆရာတွေလို နိမိတ်ဖတ်ဆရာ ဖြစ်မှာလည်း စိုးပါတယ်'

ထိုအခါ သူ့ဇနီးက ပြန်ဆိုသည်။

'ဘုရားသခင်ကတော့ ရှင့်ကို ဘယ်တော့မှ ဒုက္ခရောက်အောင် လုပ်မှာ မဟုတ်ဘူး' ဟု ဆိုပြီးလျှင် သူနှင့် ပတ်သက်သမျှ၊ သူ့ အကျင့်သီလ စရဏ အားကောင်းခဲ့ပုံမျိုးစုံကို တသီတတန်းကြီး ပြောသည်။ ထို့နောက် သူမက သူမ၏ မောင်ဝမ်းကွဲတော်သူ ဝါရာကာ့ဟ်ထံကို သွားပြီး အကြောင်းစုံကို ပြောပြလေသည်။

ထိုအခါ သက်ကြီးရွယ်အို မျက်မမြင် ပညာရှိ အဘိုးကြီးက အော်ဟစ် ပြောဆိုသည်ကား -

'ထာဝရ ဘုရား ဆိုတာ အမှန်သစ္စာ စကားကိုပဲ ပြောတာ၊ ဘာမှ သံသယ မဖြစ်နှင့်၊ ဒါဟာ တမန်တော် ဖြစ်ဖို့

---

၁။ Al-Wakidi

ဗျာဒိတ်တော်တွေ စတင်ပြီး ရလာတာပဲကွယ့်၊ ဒီနောက်ပိုင်း ကျရင် မိုးဇက် (မူဆာနအီ) လက်ထက်ကလို ဥပဒေကျမ်းကြီး *နာမွတ်စ်* ၁ တွေ ကျလာလိမ့်မယ်'ဟု ပြောလေသည်။

ထိုကဲ့သို့ ပြောဆို ဖျောင်းဖျသည့်တိုင်အောင် မုဟမ္မာဒ်၏ စိတ်ထဲတွင် သက်သောင့်သက်သာ မရှိလှသေးပေ။ အစဥ်အလာ စကား (ဟာဒိသ်) က ဤသို့ ဆိုပြန်သည်။

ဤသို့ တွေ့ကြုံ ဖြစ်ပျက်ပြီးနောက် ကာလအတန် ကြာအောင် ဂျီဘရိုင်အီးလ် ကောင်းကင်တမန်တော်နှင့် မတွေ့ရဘဲ နေခဲ့လေ၏။ ထိုအခါ သူသည် အကြီးအကျယ် စိတ်ဓာတ် ညှိုးငယ်လျက် မျက်နှာ အောက်ချ၍ နေခဲ့လေ၏။ ထို့ကြောင့် သူသည် တောင်ကုန်း တစ်ခု ရှိရာသို့ ထွက်သွားပြန်၏။ ထိုကဲ့သို့ ကိုယ့်ကိုယ်ကိုယ် ဖျက်ဆီးပစ်ရန်ကိုသာ စိတ်အား ထက်သန်၍ နေစဥ် အခါဝယ် သူသည် ရုတ်တရက် ထွက်ပေါ်လာသော ကောင်းကင်မှ အသံတစ်ခု၏ ဖမ်းစားခြင်းကို ခံရပြန်လေသည်။ အသံလာရာဆီသို့ သူ လှမ်းမျှော် ကြည့်လိုက်၏။ မြင်ရသူကား ဂျီဘရိုင်အီးလ် ဖြစ်၏။ ဤတစ်ကြိမ်တွင် ဂျီဘရိုင်အီးလ်သည် ကောင်းကင်နှင့် မြေပြင် ကြားမှာ တည်ရှိသော ပလ္လင်ပေါ်မှာ ထိုင်လျက် နေ၏။

သူက ဆိုသည်။

'အို မုဟမ္မာဒ်၊ သင်သည်ကား ထာဝရ ဘုရားသခင်၏ တမန်တော်မြတ် ဖြစ်၏၊ အမှန်ကို ဆိုရသော်ကား ငါသည် ဂျီဘရိုင်အီလ် ဖြစ်၏'

ထိုနောက် မုဟမ္မာဒ်သည် သူ့အိမ် ရှိရာသို့ ပြန်သွားခဲ့လေ၏။ ထာဝရ ဘုရားသခင်သည် သူ့အား စိတ်အေးချမ်းသာ ဖြစ်အောင် ပြုခဲ့ပြီးပြီ ဖြစ်၏။ သူ့နှလုံးသားကိုလည်း အင်အားများဖြင့် ပြည့်တင်းအောင် အားပေးခဲ့ပြီ ဖြစ်၏။ ထိုအဖြစ်အပျက် ဖြစ်ပြီးသော နောက်ပိုင်းတွင် ထာဝရ ဘုရားသခင်ထံမှ ဗျာဒိတ် စကားများ တစ်ခုပြီး တစ်ခု ကျရောက်လာလေတော့၏။

အခြားသော အစဥ်အလာ စကား (ဟာဒိသ်) တစ်ခုသည် ဤအဖြစ်အပျက်ကို ဖော်ပြရာ၌ အနည်းငယ် ကွဲပြားနေသည်ကိုလည်း တွေ့ရ၏။ မည်သို့ပင်ဆိုစေ ကျွန်ုပ်တို့ တွေးဆ ဆင်ခြင်၍ ယူနိုင်သော အချက်မှာ မုဟမ္မာဒ်သည် သူ့ကိုယ်သူ မေးခွန်း ထုတ်ပြီး စိစစ်နေသော ကာလ၌ စိတ်ဓာတ် ကျနေခဲ့သည်။ ထိုကာလသည် လပေါင်း များစွာ ကြာခဲ့သည်။ နောက်ဆုံးကျမှ သူ့ကိုယ်သူ ထူးဆန်း အံ့ဖွယ်ရာ အဖြစ်များကြောင့် အလ္လာဟ် အရှင် ဘုရားသခင်၏ စစ်မှန်သော တမန်တော် *(ရဆူလ်)* ၂ အဖြစ် သိမြင်ယုံကြည်လာလေတော့၏။

တစ်ဆူတည်းသော စစ်မှန်သော ထာဝရ ဘုရားသခင်ကို အာရပ်တို့က 'အလ္လာဟ်' ဟု ခေါ်ကြသည်။ ထိုတစ်ဆူတည်းသော ထာဝရ ဘုရားသခင် သဘောကို ဂျူး ဘာသာနှင့် ခရစ်ယာန် ဘာသာများတွင်လည်း အမည် အမျိုးမျိုးဖြင့် ခေါ်ခဲ့ကြလေသည်။ ထိုကဲ့သို့ ထူးဆန်းသော အတွေ့အကြုံကို တွေ့ကြုံရပြီးသော အခါမှ နောက် ကာလဝယ် သူ၏ နှုတ်ဖျားမှ အာရဗီ ဘာသာဖြင့် စီကုံးထားသော ဂါထာ လင်္ကာပုဒ်များသည် အလိုလို ထွက်ပေါ်လာလေတော့သည်။ သူ့စိတ်ထဲမှာ ဘာမှ မရှိဘဲ ထိုအာရဗီ ကဗျာ လင်္ကာ ဂါထာများသည် အလိုအလျောက် အဆက်မပြတ် ထွက်ပေါ်လာနေတော့၏။ ထိုအခါ သူ့စိတ်ထဲတွင် အလ္လာဟ် အရှင်မြတ်သည် သူ့နှုတ်ဖျားမှ တစ်ဆင့် ဗျာဒိတ်တော် ဂါထာ လင်္ကာများကို ပို့ချပေးနေသည်ဟု နားလည် သဘောပေါက်လာလေတော့သည်။

တစ်ခါတစ်ရံ သူသည် ထိုဗျာဒိတ်တော် ဂါထာများကို ရွတ်ဆိုနေသောအခါ ဈာန်ဇောဖြင့် မြောမနေသလိုလည်း ဖြစ်နေတတ်သည်။

အစက သူ့စိတ်ထဲမှာ ရှိနေခဲ့သော သံသယ စိတ်များလည်း ပပျောက်သွားကြကုန်ပြီ ဖြစ်၏။ ယခု သူ့အနေနှင့် သူ့ မိတ်ဆွေများနှင့် သူ့ ဇနီးတို့ ယူဆကြသည့် အတိုင်း မှန်ပြီဟု စိတ်ချ ယုံကြည်လာလေသည်။ နောက်ဆုံးတွင် အာရေဗျ အတွက် ဘာသာရေး ကျမ်းစာကို နောက်ဆုံး အနေနှင့် ရရှိလာလေတော့၏။

အကြံတူ နောက်လူ ကောင်းစမြဲ ဆိုသကဲ့သို့ နောက်ဆုံးပိတ် ရရှိလာသော အာရေဗျ ကျမ်းစာ ပိဋကသည် ရှေးက ဂျူးနှင့် ခရစ်ယာန်တို့ ရရှိခဲ့သော ကျမ်းစာများထက် ပို၍ ကြီးမားသော တန်ခိုးသြဇာ အာဏာနှင့် ပြည့်စုံလေတော့၏။

## မက္ကာမြို့ သာသနာပြု စမ္မဆရာ

ဆွေမျိုး မိတ်သင်္ဂဟများနှင့် ညှိနှိုင်း တိုင်ပင်ပြီး မကြာမီမှာပင် မုဟမ္မာဒ်သည် လမ်းများပေါ်တွင် ပေါ်လာပြီး ဘုရား

၁။ Namus

၂။ Rasul

သခင်၏ နာမတော်ဖြင့် အစပြုလျက် ဘုရားသခင်ထံက ကျလာသော ဗျာဒိတ်တော်များကို နှုတ်တိုက် အာဂုံ ဆောင်၍ ဆိုပြနေလေသည်။ ထို့နောက် ကာဘာ ကျောင်းတော် ပရဝုဏ်ထဲမှာလည်း ဘုရားသခင်၏ မုက္ခပါဌ်တော်များကို သူ့နှုတ်က ရွတ်ဆို၍ ပရိသတ်အား နာကြားစေလေသည်။ နာကြားရသူ မက္ကာ မြို့သားများမှာ ပါးစပ် အဟောင်းသား နှင့် သူ့ကို စိန်းစိန်း ကြည့်နေတတ်ကြသည်။ ထို့နောက် မကြားဖူးသော အယူဝါဒ စကားများကို ကြားရသဖြင့် ပြက်ရယ် ပြုကြလေသည်။

'ဒီလူကတော့ ရူးနေပြီနှင့် တူတယ်'ဟုလည်း ပြောသူက ပြောကြသည်။

မယုံကြည်ချင်စရာ သူ၏ ဟောပြောချက်များထဲတွင် ကမ္ဘာ ပျက်သော နောက်ဆုံး တရား စီရင်မည့် နေ့ရက် နီးကပ်လာပြီ ဖြစ်ကြောင်း သတိပေး ခြိမ်းခြောက်သော စကားများ၊ သေသူများ အားလုံး ရှင်ပြန် ထမြောက်ကြရမည့် အကြောင်း ကြိုတင် နိမိတ်ဖတ် ဟောကြားခြင်းများ၊ ထို့နောက် ငရဲ မီးလျှံ၏ ဝါးမျို ခံကြရမည့် အကြောင်း ခြောက်လှန့်သော စကားများ ပါဝင်လေသည်။ ပရိသတ်က သူ့စကားများကို လက်မခံချင်ကြ။

မည်သူက လက်ခံသည် ဖြစ်စေ၊ လက်မခံသည် ဖြစ်စေ သူကတော့ နေ့စဉ် ကာဘာ ကျောင်းတော်ကြီး ပရဝုဏ် ထဲသို့ လာပြီးလျှင် သူ ဟောပြောမြဲ တရား စကားများကို မှန်မှန် လာရောက်၍ ဟောပြောနေလေတော့သည်။

ထိုသို့ မုဟမ္မဒ် သခင် ဟောကြားအပ်သော ဗျာဒိတ်တော် (ဘုရား၏ မုက္ခပါဌ်တော်) များထဲတွင် ဘုရားသခင်၏ တစ်ဆူတည်းသော ထာဝရ ဘုရားသခင် ဖြစ်ခြင်း သဘော၊ မုဟမ္မဒ်သည် ထိုထာဝရ ဘုရားသခင်၏ တမန်တော်မြတ် ဖြစ်ခြင်း သဘောများ ပါဝင်လေသည်။

သူ၏ ဟောကြားချက်များကို အစပိုင်းတွင် ကြားနာသူ ပရိသတ်က အထင် မကြီးကြပေ။ အထူးသဖြင့် သူ့ဆွေမျိုးသားချင်းများ ပါဝင်သော ကုရိက်ရှ် လူမျိုးစုက သူ့ကို အထင် မကြီးကြ။ နောက်ဆုံးတွင် သူ့ကြောင့် ထိုလူမျိုးစုမှာ အကြီးအကျယ် စိတ် အနှောင့်အယှက် ဖြစ်လာကြလေတော့၏။

သူတို့က တစ်ဆူတည်းသော ထာဝရ ဘုရားသခင် ရှိသည်၊ မုဟမ္မဒ်သည် ထိုဘုရားသခင်၏ တမန်တော်မြတ် ဖြစ်သည်ဟု အခိုင်အမာ ပြောဆိုနေခြင်းကို ကန့်ကွက်ခြင်း မပြုဘဲ ဂရုမစိုက်သလို သူ ဟောပြောလျှင် ရယ်သွမ်း သွေး၍သာ နေခဲ့ကြလေသည်။

ကြားနာသူ ပရိသတ်များ အကြီးအကျယ် မခံမရပ်နိုင် ဖြစ်သော အချက်မှာ သူတို့ တလေးတစား ကိုးကွယ် ပသ နေသော ရုပ်တု ကိုးကွယ်မှုကို သူက ငြင်းပယ် ပုတ်ခတ် ပြောဆိုနေခြင်းကိုကား သည်းမခံနိုင်ဖြစ်ကာ တင်းမာသော စိတ်များ သူတို့မှာ ဖြစ်ပေါ်လာကြလေတော့သည်။

သူ၏ ရယ်စရာ ကောင်းသော သေသူများ ပြန်လည် ရှင်သန် ထမြောက်သည် ဆိုသော အယူအဆကိုကား ကြိုက်သလို ပြော၍ ရသည်။ သို့သော် မက္ကာ မြို့သားများ၏ ယုံကြည် ကိုးကွယ်နေမှုကို ရွတ်ချ ချိုးနှိမ်၍ ပြောဆိုခြင်း၊ ကာဘာ ကျောင်းတော်ထဲက နတ်ရုပ်များကို ကိုးကွယ်ခြင်း သည် ငရဲသို့သာ ကျရောက်မည့် ကိစ္စ ဖြစ်ကြောင်း ပြောဆို ဟောကြားသော အခါ သူတို့၏ ရှေး အစဉ်အလာ ဖြစ်သော (ကာဘာ ကျောင်းတော်၏ အခွန် ဘဏ္ဍာတော်) ရရှိခြင်း ကိုပါ ခြိမ်းခြောက်သလို ဖြစ်လာလေတော့သည်။

ဤနေရာ၌ မုဟမ္မဒ်နှင့် သူ၏ လူမျိုးစုများ အကြား မှာ ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများ သမိုင်းကြောင်းကို ဖော်ပြ နေ၍ အကျိုး မများလှပေ။ သူ၏ နောက်လိုက် ဘက်တော် သားများမှာ အနည်းအကျဉ်းသာ ရှိပုံ ရသည်။ သူ့ ဇနီး ခတီဂျာသည် သူ၏ သာသနာပြု လုပ်ငန်းကို ပထမဦးဆုံး လက်ခံသူ ဖြစ်သည်။ သူကိုယ်သူ စိတ်ချ ယုံကြည်မှု မဖြစ် ခင်ကတည်းက ခတီဂျာက သူ့ကို ယုံကြည်နေပြီးသား ဖြစ် နေလေသည်။ သူမ၏ ယုံကြည် သက်ဝင်မှုကို လျင်မြန်စွာ ထပ်ဆင့် အတု ခိုး၍ လိုက်သူမှာ သူတို့၏ မွေးစားသား များ ဖြစ်သော ဇာအိဒ် (လွတ်မြောက်လာသူ ကျွန်ကလေး) နှင့် အလီတို့ ဖြစ်ကြလေသည်။

အလီသည် အဘူတာလစ်၏ သား ဖြစ်သည်။ ပထမ ဆုံး အစ္စလာမ် ဘာသာသို့ ကူးပြောင်း သက်ဝင်လာသူများ ထဲတွင် အလီလည်း တစ်ဦး အပါအဝင် ဖြစ်သည်။ မူလက မုဟမ္မဒ် သခင်၏ အရိုက်အရာကို ဆက်ခံမည့်သူ အဖြစ် အသိအမှတ် ပြုခြင်း ခံခဲ့ရသူ ဖြစ်သည်။

ထို့နောက် ဘာသာ ပြောင်းလာသူမှာ ကုရိက်ရှ် လူမျိုး စုထဲက ဆွေမျိုးသားချင်း တစ်ဦး ဖြစ်သူ *အဘူဘေကာ*[၁] ဖြစ်သည်။ သူသည် ကုန်သည် တစ်ဦးလည်း ဖြစ်သော ကြောင့် ဂုဏ်သိက္ခာ ရှိသူ တစ်ဦး ဖြစ်လေသည်။

အဘူဘေကာ ဘာသာ အယူဝါဒ ပြောင်းလဲ ကိုးကွယ် လာခြင်းကို အကြောင်းပြု၍ ကနဦး ဘာသာ ပြောင်းလာသူ ငါးဦး ရှိလာသည်။

---

၁။ Abu Bekr

ထိုသူ ငါးဦးထဲတွင် *အာဖွန်* [၁] ၏ သား *အုသမန်* [၂] လည်း ပါလာသည်။ (နောင်တွင် တတိယ သာဝက - ခါလီဖာ) ဖြစ်လာသူ ဖြစ်သည်။ ထင်ရှားသော ပုဂ္ဂိုလ် ဖြစ်လာသည်။ သို့ရာတွင် ဘာသာ ကူးပြောင်း ကိုးကွယ်မှုသည် ဖြည်းဖြည်းချင်းသာ ဖြစ်ပေါ်လာသည်။

ပထမ လေးနှစ် ကာလ အတွင်းမှာ ဘာသာ ကူးပြောင်းလာသူ အားလုံးပေါင်းမှာ လူလေးဆယ်ခန့်သာ ရှိသေးသည်။ ထိုသူများမှာ လင်ရော မယားပါ ယုံကြည်လာကြသူများ ဖြစ်ကြပြီး ကျွန် ဘဝက လွတ်မြောက်လာကြသူများ ဖြစ်ကြလေသည်။

လေးလေးဆယ် အချိန်တွင် မုဟမ္မဒ်ထံသို့ ဘုရားသခင်ထံမှ ဗျာဒိတ်တော်များ အဆက်မပြတ် ကျလာတော်မူနေလေသည်။ လူစုလူဝေး ရှိရာ အရပ်၌ သူက ထိုမုက္ခပါဠ်တော်များကို ရေရွတ် ဟောပြောသော အခါ သူ၏ ကုရိက်ရှ်မျိုးနွယ်စုထဲမှ ရန်ရှာလာသူများက လူအုပ် လူစု ကွဲပြားသွားအောင် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ကြလေသည်။ သူတို့က ဆူးများကို ထောင်ထားတတ်ကြသည်။ မစင်အညစ် အကြေးများ၊ ဘင်ပုပ်များဖြင့်လည်း ပစ်ပေါက်ကြသည်။ မုဟမ္မဒ် သခင်ကိုရော သူ့ တရားကို နာသူများကိုပါ ထိမှန်အောင် ပြုလုပ်ကြခြင်း ဖြစ်သည်။ ထို့နောက် ရန့်ရင်း ကြမ်းတမ်း ခက်ထန်သူများအား ခြိမ်းခြောက် ရန်စရန်လည်း အားပေးအားမြှောက် လုပ်ကြလေသည်။

သူတို့က အကြမ်းဖက်ဖို့ လိုလားကြသော်လည်း သူ့ဦးရီးတော် အဘူတာလစ်က အော်ဟစ် ငေါက်ငန်းလိုက်ပြီဆိုလျှင် နောက်ဆုတ်သွားကြပြီး သူ့ကို အကာအကွယ် ပေးသလို ဖြစ်သွားလေတော့သည်။

သူ၏ လူထု စည်းဝေးပွဲကြီး တစ်ခု ကျင်းပခြင်းကို တားဆီးရန် ပြုလုပ်သော အခင်း ဖြစ်ပွားမှု တစ်ခုတွင် ကုရိက်ရှ် လူမျိုးစုထဲမှ ရန်လိုနေသော အွမ္မာယာဒ် အဖွဲ့သားများက မုဟမ္မဒ်တို့ မိသားစု ပါဝင်သော ဟာရှိမိုက် အဖွဲ့သားများကို ဆန့်ကျင် ကန့်ကွက်သော တားမြစ်ချက် တစ်ခုကို ထုတ်ပြန်လိုက်လေသည်။ ထို တားမြစ်ချက်ထဲတွင် ဟာရှိမိုက် အုပ်စုကို အဘူတာလစ် နေထိုင်သော ရပ်ကွက်မှာသာ နေရမည်၊ အခြား အရပ်မှာ မနေရဟု တွန်းထုတ်ထားလေသည်။ ထိုအရပ်သည် တောင်ကုန်း နှစ်ခုအကြား ကျဉ်း မြောင်းသော ရပ်ဝှမ်း ဖြစ်သည်။ ထိုအရပ်တွင် နှစ်နှစ်ကျော် နေထိုင်ခဲ့ရပြီးနောက် အခြားသော အုပ်စုများက ထိုတားမြစ်ချက်ကို ပယ်ဖျက်ရန် အတွက် ဖိအား ပေးလာကြလေသည်။

ပိုပြီး ပြင်းထန်သော ထိုးနှက်မှုကြီး တစ်ခုသည် မုဟမ္မဒ် သခင် အပေါ်သို့ ကျရောက်လာပြန်သည်။ ၄င်းမှာ သူ၏ အကြီးမားဆုံး ထောက်ခံ အားပေးသူ ဇနီးသည် ခတီဂျာ ကွယ်လွန်သွားခြင်း ဖြစ်၏။

နောက်ရက်သတ္တ ငါးပတ် ကြာသောအခါ သူ့အပေါ် သစ္စာရှိစွာ ကာကွယ် စောင့်ရှောက်ခဲ့သူ အဘူတာလစ်မှာ အစ္စလာမ် ဘာသာဝင် ဖြစ်မလာသေးဘဲ သူ့အပေါ်တွင် အစဉ်သစ္စာ စောင့်သိလျက် စောင့်ရှောက်နေရာမှာ ဖမ်းဆီးသွားခြင်းကို ခံရလေသည်။

ဤ ဆုံးရှုံးမှုကြီး နှစ်ခုကြောင့် မုဟမ္မဒ်၏ အခြေအနေမှာ အင်အား ဆုတ်ယုတ်သွားလေတော့သည်။ ရန်သူများ၏ အမြင်တွင် မုဟမ္မဒ်မှာ အားကိုးရာမဲ့ ဖြစ်သွားပြီဟု ရှုမြင်လာကြပြီးနောက် *ရန်ကြွေးဆပ် ဥပဒေ* [၃] က သူ့ကို ကာကွယ်ထားစေကာမူ တချို့သော ဟာရှိမိုက် အသိုင်းအဝိုင်းက လူများမှာလည်း သူ့အပေါ် မေတ္တာ ပျက်လာကြသည့် အတွက် သူ့ကို ဖမ်းဆီး ချုပ်နှောင်ရန် အတွက် သို့မဟုတ် သုတ်သင် ဖျက်ဆီးပစ်ရန် အတွက် သွေးဆောင်ခြင်းသို့ ပါသွားကြလေတော့သည်။

ထို့ကြောင့် သူသည် ခပ်လှမ်းလှမ်းမှာ သွားနေဖို့ စတင် စဉ်းစားလာရတော့၏။ မက္ကာမြို့ တောင်ဘက် မိုင်ခြောက်ဆယ်ခန့် အကွာ *တာအိဖ်* [၄] မြို့မှာ သွားပြီး သူ့အင်အားကို စုရုံးရန် ကြံစည်သေးသည်။ သို့သော် ထိုအကြံအစည်သည် မအောင်မြင်နိုင်ကြောင်း ထင်ရှားလာလေသည်။ သူ၏ ကြိုးပမ်းချက်များမှာ မျှော်လင့်ချက် ကင်းမဲ့သလို ဖြစ်လာလေသည်။ ထိုနောက် မျှော်လင့်ချက်များ ရုတ်တရက် ပြောင်းလဲသွားရလေသည်။

အေဒီ ၆၂၀ ခုနှစ်တွင် သူသည် အိုကတ်ဇ် ပွဲတော်ရက်များ အတွက် မဒီနာမြို့ (ယဿရစ်) မှ လာသူ ခြောက်ဦးနှင့် အချိန် တော်တော် ကြာအောင် ဆွေးနွေး တိုင်ပင်ကာ ထိုသူတို့က မုဟမ္မဒ်သည် သူတို့ လူ ဖြစ်သည်ဟု ရှုမြင် သွားကြလေတော့သည်။ သူတို့၏ ဇာတိ မြို့ရွာသည် မြောက်ဘက် အရပ်သို့ မိုင် သုံးရာခန့် ကွာဝေးသည်။ ထိုအရပ်မှာလည်း အာရပ် လူမျိုးစု နှစ်ခု ဖြစ်သော *သြဇ်* [၅] နှင့်

၁။ Affan

၂။ Othman

၃။ Vendetta Law

၄။ Ta'if

၅။ Aws

*ခါဇရာဇ်* [၁] မျိုးနွယ်များ၏ သွေးစွန်းသော ခိုက်ရန် ဖြစ်ပွားမှု အုပ်စု စစ်ပွဲမှ ပြန်၍ နာလန် မထသေး။ ထို့ကြောင့် ထို မဒ္ဒီနာသားများ၏ စိတ်ထဲတွင် မုဟမ္မဒ်သည် ထိုလူအုပ်စုများ၏ လူ ဖြစ်နိုင်သည်ဟု ယူဆကြလေသည်။ ထိုသို့ ယူဆရခြင်းမှာ ထို အာရပ် လူမျိုး အုပ်စု နှစ်ခု အကြားမှာ ထိုကဲ့သို့ လက်နက် စွဲကိုင်ပြီး သွေးထွက်သံယို ဖြစ်အောင် ခိုက်ရန် ဖြစ်ခြင်းမျိုးမှ ကာကွယ်ပေးမည့် ဥပဒေ စည်းကမ်းများ ချမှတ်ပေးနိုင်သူ ဖြစ်ပါမူကား ထိုလူစုများကို သူသည် နိုင်နိုင်မာမာ အုပ်စိုးနိုင်မည့်သူ ဖြစ်သည်ဟု ရှုမြင်မိကြလေသည်။

တမန်တော် ကြွလာလျှင် ကြိုဆိုရန် အတွက် မဒ္ဒီနာမြို့သားများသည် သူတို့၏ မြို့ကို အသင့် ပြင်ထားကြလေသည်။ နောက်တစ်နှစ် ဘုရားဖူးများ ရောက်လာသော အချိန်တွင် မဒ္ဒီနာ မြို့သားများက သူတို့ မြို့၏ အခြေအနေ တိုးတက်မှုကို အစီရင်ခံကြလေသည်။

ထို့ကြောင့် နောက်တစ်နှစ်တွင် မုဟမ္မဒ် သခင်၏ အငြင်းပွားဖွယ် မရှိသော ခေါင်းဆောင်မှု ကိစ္စ အတွက် ပြင်ဆင်မှုများ အားလုံး ပြည့်စုံသွားလေတော့၏။

## ဟစ်ဂျရာ (အေဒီ ၆၂၂)

ဤကဲ့သို့ လျှို့ဝှက် စည်းရုံးနေခြင်း ကိစ္စကို ဖုံးကွယ်ထား၍ မရပေ။ နောက်ဆုံးတွင် မက္ကာ မြို့သားများ ဤတိတ်တဆိတ် ကြံစည်သော ကိစ္စကို အနံ့အပြား ပြောဆိုလာကြသည်။

ထိုအခါ ရန်လိုသော ကုရိုက်ရှ် လူမျိုးစုထဲက အွမ္မာယာဒ်များသည် *အဘူဆွဖ်ယန်* [၂] ဆိုသူ၏ ခေါင်းဆောင်မှုဖြင့် တိုက်ခိုက်ရန် ဆုံးဖြတ်ကြပြီးနောက် အလျင်အမြန်ပင် ထိုးနှက် တိုက်ခိုက်ကြလေတော့သည်။ မုဟမ္မဒ် သခင်နှင့် အဘူဘေကာတို့သည် *သောင်ဝါ* [၃] တောင်ကုန်းရှိ လိုဏ်ဂူထဲသို့ ထွက်ပြေး တိမ်းရှောင်ကြရလေသည်။ နောက်က လိုက်နေသူများ ငြိမ်သက်သွားသော အခါကျမှ ကုလားအုတ်များဖြင့် ယဿရစ် (မဒ္ဒီနာ) မြို့သို့ အောင်မြင်စွာ ထွက်ပြေးလွတ်မြောက်လေတော့၏။ ထို ခရီးသည် သာမန်အားဖြင့် ၁၁ ရက် သွားရသော ခရီး ဖြစ်၏။ ထိုခရီးကို ရှစ်ရက်တည်းဖြင့် ပေါက်ရောက်သွားလေတော့သည်။ ဤကဲ့သို့ ဆုတ်ခွာခြင်းကို *ဟစ်ဂျရာ* [၄] ဟု ခေါ်ခြင်း ဖြစ်၏။

## မဒ္ဒီနာမြို့တွင် ဘုရားသခင် ကိုယ်တော်တိုင် အုပ်စိုးခြင်းခေတ် [၅] ကို ထူထောင်ခြင်း

အစက ယဿရစ်ဟု ခေါ်ခဲ့သော မြို့သူ မြို့သားများက တမန်တော်မြတ် မုဟမ္မဒ်ကို မြင်တွေ့ရသော အခါ ကြည်ညိုလွန်းသည့် အတွက် သူ၏ တန်ခိုး သြဇာမှာ အကန့်အသတ် မရှိ ထိုမြို့ပေါ်တွင် လွှမ်းမိုးနိုင်လာလေတော့သည်။ မည်မျှလောက် လွှမ်းမိုးသနည်း ဆိုသော် ထိုမြို့၏ အမည်ကိုပင် မဒ္ဒီနာဟု ပြောင်းလဲ ပစ်လိုက်ကြသည်။ 'မဒ္ဒီနာ' ဆိုသည်မှာ တမန်တော်မြတ် မုဟမ္မဒ်၏ မြို့ဟု အဓိပ္ပာယ်ရသည်။ ထိုမြို့တွင် မုဟမ္မဒ် သခင်သည် ပထမဆုံး ဘုရားဝတ်ပြုရာ အဆောက်အဦ (ဗလီ) ကို စတင် တည်ဆောက်လေသည်။ လျင်မြန်စွာ ရိုးသားစွာဖြင့် သူသည် ကိုးကွယ်ပုံ အယူဝါဒသစ်ကို တည်ထောင်လိုက်လေသည်။ ရက်သတ္တပတ် စုပေါင်း ဝတ်ပြုပွဲ (ဂျုမ္မာနမာဇ်) ကို သောကြာနေ့၌ ပြုလုပ်ကြရသည်။

အစ ပထမပိုင်းတွင် ဘုရား ဝတ်ပြုသူများသည် ဝတ်ပြုစဉ် ဂျေရုဆလင် မြို့ဘက်သို့ လှည့်၍ ဝပ်ချကြရသည်။ သို့သော် မဒ္ဒီနာ မြို့သား ဂျူး လူမျိုးများက ဘာသာ ကူးပြောင်း ကိုးကွယ်ရန် အာခံနေကြသော အခါ ဂျေရုဆလင် မြို့ဘက်သို့ မလှည့်တော့ဘဲ မက္ကာ မြို့ဘက်သို့ လှည့်၍ ဝပ်ချကြလေတော့သည်။

အစ၌ ဗလီ၏ ခေါင်မိုးပေါ်သို့ တက်ပြီး ဘုရား ဝတ်ပြုရန် ခေါ်ခြင်း (အာဇံ ပေးခြင်း) ကို သောကြာနေ့မှာ တစ်ကြိမ်သာ ပြုလုပ်ခဲ့လေသည်။ နောက်ပိုင်းတွင် ကိုယ်ပိုင် သီးခြား ဝတ်ပြုချိန်များတွင်လည်း ဘုရား ဝတ်ပြုရန် ခေါ်ခြင်း (အာဇံ) ကို ပြုလုပ်လေသည်။

သောကြာနေ့ စုပေါင်း ဝတ်ပြုပွဲတွင် ဆင်းရဲသားများ အတွက်ရော၊ တမန်တော်မြတ် အတွက်ရော လှူဖွယ် ဝတ္ထု၊ စားစရာများကို ဗလီသို့ ယူဆောင်လာကြသော အလေ့အထ ဖြစ်ပေါ်လာလေသည်။

ဤ အစဉ်အလာများ အပြင် အခြားသော ထုံးတမ်းစဉ်လာများလည်း ပေါ်ပေါက်လာကြလေသည်။

မုဟမ္မဒ်သည် သူ၏ နောက်လိုက်များအား လှူဖွယ် ဝတ္ထုများနှင့် ဥစ္စာ ရတနာများကို ထောက်ပံ့ ဝေငှနိုင်ရန် အတွက် မက္ကာ မြို့က လာသော ကုန်တင် ကုလားအုတ်

---

၁။ Khazraj
၂။ Abu Sufyan
၃။ Mt. Thaur
၄။ Hijra
၅။ Theocracy

များကို သူကိုယ်တိုင် လက်နက်ကိုင် တပ်ဖွဲ့ငယ် တစ်ခုကို ဦးဆောင်၍ လမ်းမှ ချောင်းမြောင်း တိုက်ခိုက်လေသည်။ ထိုသို့ ပြုလုပ်ခြင်းကြောင့် မက္ကာ မြို့နှင့် စစ်ဖြစ်ခြင်းသည် ရလဒ် အဖြစ် ပေါ်ပေါက်လာလေသည်။

ပထမဆုံး မျက်နှာချင်းဆိုင် တိုက်ခိုက်ကြသော အချိန်၌ မုဟမ္မာဒ် သခင်ဘက်က အရေးသာခဲ့လေသည်။ ဒုတိယ အကြိမ် တိုက်ပွဲတွင် မက္ကာ မြို့သားများဘက်က အရေးသာလေသည်။ ထို့နောက် မက္ကာ မြို့သားများသည် ကြီးမားသော တိုက်ပွဲကြီး တစ်ခု ဆင်နွှဲရန် ပြင်ဆင်ကြလေသည်။ လူပေါင်း တစ်သောင်းလောက် အင်အားဖြင့် မက္ကာ မြို့သားများက မဒီနာ မြို့ကို ဝိုင်းရံထားလေသည်။ သို့သော် မုဟမ္မာဒ် သခင်သည် သူ၏ နောက်လိုက် ဘက်တော်သား ပါသျှန် လူမျိုးများ၏ အကြံဉာဏ်ကို ယူပြီး လျှင် မြို့ပတ်ပတ်လည်တွင် ကျုံးကို တူးထားခဲ့လေသည်။

*ကျုံးတိုက်ပွဲ*[၁] ဖြစ်ပြီး နောက်တွင် မက္ကာ မြို့သားများ စိတ်တွင် မုဟမ္မာဒ်ကို သူတို့ အလွယ်တကူ မရနိုင်ကြောင်း သိမြင်သွားကြလေသည်။

၆၃၀ ခုနှစ် ဇန်နဝါရီလတွင် မုဟမ္မာဒ် ဘက်က လူပေါင်း တစ်သောင်းလောက်နှင့် မက္ကာမြို့သို့ ချီတက် တိုက်ခိုက်လေတော့သည်။ မက္ကာ မြို့သားများမှာ ခုခံသည် ဆိုရုံမျှသာ ခုခံကြပြီးနောက် မြို့ ကျဆုံးသွားလေသည်။

ထိုအခါမှ စ၍ အလ္လာ အရှင်မြတ်၏ တမန်တော် ဂုဏ်သတင်းသည် အာရေဗျ၏ အကြီးကျယ်ဆုံး စစ်ခေါင်းဆောင်ကြီး အဆင့်သို့ ဆိုက်ရောက် သွားလေတော့၏။ ထိုအခါ မုဟမ္မာဒ်သည် ရှေးက သူ၏ သွေးချင်းသားချင်း မြို့သူမြို့သားများ အပေါ် သိက္ခာရှိရှိ သဘောထား ကြီးကြီးဖြင့် လက်တစ်ဆုပ်စာ လူတစ်စုမှအပ ကျန်လူများ အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်လေသည်။

သူ ပထမဦးဆုံး လုပ်သော အလုပ်မှာ ကာဘာ ဝတ်ကျောင်းတော်ကြီး ရှိရာသို့ အရိုအသေ ပြုသော အနေဖြင့် သွားရောက်ရန် ဖြစ်လေသည်။ သို့ရာတွင် ထိုသို့ သွားခြင်းဖြင့် မက္ကာသားများ ရှေးအထက်ကျော် ကာလ ကတည်းက ကိုးကွယ်လာသော နတ်ဘုရား အမျိုးမျိုး ထားပြီး ကိုးကွယ်ခြင်းကို လိုက်လျောသည့် သဘောဖြင့် သွားရောက်ခြင်း လုံးဝ မဟုတ်ခဲ့ပေ။ ထုံးစံအတိုင်း ကျောက်နက်တုံးကြီးကို ကုလားအုတ် စီးပြီး ခုနစ်ခေါက် ရစ်ပတ်ပြီးနောက် ဝတ်ကျောင်းတော်ကြီး အတွင်းမှာ ရှိသော နတ်ရုပ်များ အားလုံးကို ဖျက်ဆီးပစ်ကြရန် အမိန့်ပေးလေတော့သည်။ နံရံပေါ်မှာ ဆေးဖြင့် ရေးသားထားသော အီဘရဟင်းမ်နှင့် ကောင်းကင် တမန်များ၏ ပန်းချီ ပုံများကိုမူကား မဖျက်ဆီးဘဲ ချန်ထားကြရန်လည်း အမိန့် ပေးလေသည်။ သူက ဇမ်ဇမ် ရေတွင်းကို အသုံးပြုခြင်းကိုလည်း ခွင့်ပြုသည်။ နယ်ခြား မှတ်တိုင်များ အဖြစ် စိုက်ထူထားသော ကျောက်တိုင်များကိုလည်း မက္ကာ မြို့တော်၏ နယ်နိမိတ်ကို သတ်မှတ်သော နယ်နိမိတ် မှတ်တိုင်များ အဖြစ် သတ်မှတ်လိုက်လေသည်။ ထိုသို့ ပြုလုပ်လိုက်ခြင်းကြောင့် မည်သည့် မွတ်ဆလင်မျှ ရှေးကျသော မွန်မြတ်သော မြို့တော်သို့ ဘုရားဖူးသွားခြင်း (ဟာဂျ်) ကို ပြုလုပ်ရန် စိတ်တွေဝေခြင်း မရှိကြတော့ပေ။

မုဟမ္မာဒ်သည် ယခုအခါ အာရေဗျ၌ နိုင်ငံရေးနှင့် ဘာသာရေး အရ ဩဇာ အာဏာ အထွတ်အထိပ်သို့ ရောက်ရှိခြင်းကို ခိုင်မာအောင် ပြုလုပ်လေတော့သည်။ အနီးလက်တစ်ကမ်းမှာ ရှိသော တက်တက်ကြွကြွ ဆန့်ကျင်ဘက် အတိုက်အခံ ပြုသူများကို ဓားစာချင်း လက်နက်ဖြင့် အောင်နိုင်အောင် ပြုလုပ်၍ အညံ့ ခံစေသည်။ ရပ်ဝေးမှ လူမျိုးစုများကို သူ့ထံသို့ သစ္စာ ခံမည့် ကိုယ်စားလှယ် အဖွဲ့များ စေလွှတ်ရမည်ဟု တင်းမာစွာ ခေါ်ယူလေသည်။

အေဒီ ၆၃၂ တွင် မုဟမ္မာဒ် ရုတ်တရက် မကွယ်လွန်မီ သူ့စိတ်ထဲတွင် သူ ဆောင်ရွက်ရမည့် အာရပ် လူမျိုးစုများ တကွဲတပြားစီ တစ်လူ တစ်မင်း ဖြစ်နေခြင်းအား စည်းလုံး ညီညွတ်မှု ရအောင် ပြုလုပ်ရမည့် ဘုရားသခင် ပေးသော သူ၏ သာသနာပြု လုပ်ငန်း တာဝန် ပြီးမြောက်တော့မည့် အခြေအနေ ရောက်နေပြီ ဆိုသည်ကို သိမြင်သွားလေသည်။

တစ်ဆူတည်းသော ထာဝရ ဘုရားသခင်ကို ကိုးကွယ်ကြသော ဘုရားသခင်၏ အုပ်စိုးမှု အောက်တွင် အာရေဗျ တစ်ခုလုံး စည်းစည်းလုံးလုံး ဖြစ်လေပြီ။ သူ့စိတ်ထဲမှာ ဤကမ္ဘာပေါ်၌ ဘုရားသခင်၏ တရား စီရင်မည့် အချိန်အခါ ကျရောက်လာတော့မည် ဆိုသော အရေးကို ပဓာနမထားတော့သည့် အတွက် သူ၏ လတ်တလော ဆောင်ရွက်ရမည့် ကိစ္စသည် လူသားများ အကျင့်သီလကို တန်ဖိုး ထားရေးနှင့် အာရေဗျ လူမျိုးစုများ အားလုံး စည်းစည်းလုံးလုံး ဖြစ်ရေးပင် ဖြစ်၏။

သူ မကွယ်လွန်မီကလေးတွင် နောက်ဆုံး အကြိမ် သူသည် မက္ကာမြို့သို့ သွားရောက်ခဲ့သေး၏။ အစဉ်အလာ စကားများ အရ မက္ကာမြို့တွင် သူသည် အမှတ်တရ တရား

---

၁။ Battle of the Ditch

ဟောခဲ့သေးသည် ဆို၏။ ထိုမိန့်ခွန်းထဲတွင် ဤလောက၌ မွတ်ဆလင် လူပ်ရှားမှု၏ ဗဟိုချက်ကျသော အဓိက အနှစ်သာရ သဘောကို ထည့်သွင်း ဟောကြားခဲ့သည်ဟု ဆိုသည်။

'အို လူသား အပေါင်းတို့၊ အကျွန်ုပ်၏ စကားများကို နာယူကြပါကုန်လော့၊ ထိုစကားများကို ကောင်းစွာ နှလုံးသွင်းကြပါကုန်လော့၊ မွတ်ဆလင်တိုင်းသည် အခြား မွတ်ဆလင် တစ်ဦးနှင့် ညီရင်း အစ်ကို ဖြစ်ကြသည် ဟူ၍ မှတ်ကြပါကုန်လော့၊ ထို့ကြောင့် သင်တို့ အားလုံးသည် ယခု အခါ သွေးချင်းသားချင်း ညီရင်း အစ်ကိုများ ဖြစ်သွားကြပေပြီ'

မုဟမ္မဒ် သခင်သည် မကြာ မကြာ ဘုရား ဝတ်ပြုသော အခါ သူ့ကိုယ်စား အဘူဘေကာကို ဦးဆောင်သူ (အီမန်) အဖြစ် ဆောင်ရွက်စေသည်။

ဤသို့ ပြုလုပ်ခဲ့သည့် အတွက် သူ့ကို ကြည်ညိုသူများ စိတ်ထဲတွင် အဘူဘေကာကို မုဟမ္မဒ်၏ အရိုက်အရာကို ဆက်ခံမည့်သူ (ခါလီဖာ) အဖြစ် သတ်မှတ် ပြောဆိုလာကြသည်မှာ သဘာဝ ကျပေသည်။

မုဟမ္မဒ် ကွယ်လွန်သော အခါ ထို့ကြောင့် ဤလှုပ်ရှားမှု လျင်မြန်စွာ ဖြစ်ပေါ်လာခြင်းသည် ခေတ္တ ခဏမျှသာ ရပ်ဆိုင်း သွားခဲ့လေသည်။

## ၃။ အစ္စလာမ် မူဝါဒ

တမန်တော်မြတ် မုဟမ္မဒ်၏ သင်ကြားချက် (ဟောကြားချက်) များသည် အစ္စလာမ် ဘာသာ၏ အယူဝါဒ ဆိုင်ရာမူ (ယုံကြည်ချက်မူ) များ ဖြစ်လာကြလေသည်။ ထိုသင်ကြားချက်များတွင် အပြောင်းအလဲ အနည်းငယ်နှင့် ဖြည့်စွက်ချက် အနည်းအကျဉ်းမျှသာ ရှိသည်။ အဓိပ္ပာယ် ကောက်ယူချက် ကွဲပြား ခြားနားမှုများနှင့် နည်းလမ်းများ ကွဲပြားမှုကြောင့်သာ ဂိုဏ်းဂဏ ကွဲပြား ခြားနားမှုများ ရှိလာသည်။ ထိုအကြောင်းများကို ဖော်ပြရန် ရှိပါသေးသည်။ သို့သော် မည်သည့် ဂိုဏ်းကမှ မုဟမ္မဒ် သခင်၏ မူရင်း စကားများကို တမင်တကာ သွေဖည် ကွဲပြားအောင် ပြုလုပ်ခြင်းမျိုးကား မရှိပေ။

ကုရ်အာမ် ကျမ်းတော်ထဲတွင် ပါဝင်သော အခြေခံ မူဝါဒ (ယုံကြည်မှု) များမှာ အရေအတွက်အားဖြင့် မများလှပေ။ လူတိုင်းလိုပင် အာရုံ ဆောင်ရ မှတ်ရ လွယ်ကူပါသည်။ သာမန် ယုံကြည် ကိုးကွယ်သူ တစ်ဦး အဖို့ပင်လျှင် ကုရ်အာန်ထဲမှာ ပါဝင်သော ဘုရားတရားနှင့် စပ်ဆိုင်သော အချက်အလက်များ၊ အကျင့်သီလ ဆိုင်ရာ သိမ်မွေ့ နက်နဲသော သဘောများကိုပင် ခေါင်းရှုပ်စရာ မရှိပေ။

အစ္စလာမ် ဘာသာဝင် တစ်ဦး လိုက်နာ ကျင့်သုံးရမည့် ဘဝနေနည်းများမှာ သဘောတရား သီဝရီ သဘောထက် လက်တွေ့ လုပ်ဆောင်ရသည့် သဘောက ပိုများသည်။ သူ့ဘဝကို ကယ်တင်ခြင်း ခံရရေး အတွက် ပြုလုပ်ရမည့် အလုပ်များကို တိတိကျကျ ဖော်ပြထားသည်။

သူ့ကို သဘော တူသလားဟု မမေး၊ သူ့ အနေနှင့် သဘော မတူနိုင်သော အချက်အလက် များစွာ ရှိသည်။ သဘော တူနိုင်သည် ဖြစ်စေ၊ မတူနိုင်သည် ဖြစ်စေ သူ့ အနေနှင့် ကျိုးနွံစွာ လိုက်နာရမည်သာ ဖြစ်သည်။

ထိုကဲ့သို့ ကျိုးနွံခြင်း၊ မာန်လျှော့၍ လိုက်နာခြင်း သဘောကိုပင် *'မွတ်ဆလင်'* ဟု ခေါ်ခြင်း ဖြစ်သည်။ ထိုကဲ့သို့ ဘာမှ စောဒက တက်မနေဘဲ သာသနာတော်က ပြဋ္ဌာန်းထားသည့် အတိုင်း ရိုသေ ကျိုးနွံစွာဖြင့် လိုက်နာ ကျင့်သုံးခြင်းသည်ပင်လျှင် ဤ ဘဝ အတွက်ရော နောင်ဘဝ အတွက်ပါ ကောင်းကျိုး ချမ်းသာကို ရရှိခံစားရမည့် ကတိ ခံဝန်ချက် အဖြစ် ကျေနပ် နှစ်သိမ့်နိုင်ပေသည်။

မွတ်ဆလင် ဓမ္မဆရာများသည် အစဉ်သဖြင့် သူတို့၏ ယုံကြည် ကိုးကွယ်ရာ အချက်အလက်များကို အောက်ပါ ခေါင်းစဉ် သုံးခု အောက်တွင် ထည့်သွင်းတတ်ကြလေသည်။

၁။ *အီမန်* [၁] သို့မဟုတ် ယုံကြည် ကိုးကွယ်ရာ အယူဝါဒ၊

၂။ *အီဗာဒသ်* [၂] သို့မဟုတ် ဘာသာရေး တာဝန်နှင့်

၃။ *အီဆန်* [၃] သို့မဟုတ် အကျင့်သီလ

၁။ *အီမန်* - မွတ်ဆလင်များ၏ အယူဝါဒ ဆိုင်ရာ ထင်ရှားသော ယုံကြည် ကိုးကွယ်မှု (သရဏဂုံ) ၏ ပထမ အချက်မှာ *'လားအီလားဟာ အီလ္လာအလ္လာဟ်'* (အလ္လာဟ်

---

၁။ Ímán

၂။ Ibádát ၃။ Ihsan

အရှင်မြတ်မှ တစ်ပါး အခြား ကိုးကွယ်ရာ ဘုရား မရှိ) ဟု ဆိုရသည်။ ဤ ယုံကြည် ကိုးကွယ်မှု ဆိုင်ရာ (သရဏဂုံ) ဂါထာသည် မွတ်ဆလင် ဘာသာဝင်များ အတွက် အလွန် အရေးကြီးသော ဘာသာရေး ဆိုင်ရာ သဘောတရား ဖြစ်သည်။ ဘုရားသခင်သည် တစ်ဆူတည်း တစ်ပါးတည်းသာ ရှိသည် ဆိုသော အယူဝါဒထက် ပိုပြီး အရေးပါသော အယူဝါဒသည် မုဟမ္မဒ် သခင်၏ အမြင်တွင် တခြား မရှိပေ။ မုဟမ္မဒ် သခင်၏ အမြင်တွင် ဘယ်တော့မှ ခွင့်မလွှတ်နိုင်၊ ဝန်ချ တောင်းပန်ခြင်းဖြင့် အပြစ်မှ ချမ်းသာခွင့် မရနိုင်သော အပြစ် ဒုစရိုက်မှာ အလ္လာဟ် အရှင်မြတ်နှင့် တန်းတူ အခြား ထာဝရ ဘုရားသခင် ရှိသည်ဟု ရှုမြင် ယုံကြည်ခြင်းပင် ဖြစ်သည်။ (နတ်ရုပ် အမျိုးမျိုးကို ဘုရား အဖြစ် ကိုးကွယ်နေကြသော အာရေဗျ လူမျိုးစုများ အားလုံးသည် ဤ ကြီးလေးသော အပြစ် ဒုစရိုက်များကို ကျူးလွန်နေကြသူများ ဖြစ်သည်ဟု ဆိုရာကျသည်။ ထို့အတူ ဘုရားသခင်သည် သုံးပါး ပေါင်းမှ တစ်ပါး ဖြစ်သည် ဆိုသော ခရစ်ယာန်များသည်လည်း ဤ ပြစ်မှု ဒုစရိုက်ကို ကျူးလွန်သူများ ဖြစ်ကြောင်း ညွှန်းဆိုခြင်း ဖြစ်သည်။)

အလ္လာဟ် အရှင်မြတ်သည် တစ်ပါးတည်း၊ တစ်ဆူတည်း အဖြစ် တည်ရှိပြီး အရာခပ်သိမ်းတို့ထက် လွန်မြောက် ကြီးမြတ်ပေသည်။ လောကဦး တည်ရှိသမျှ အရာအားလုံးတို့ မပေါ်ပေါက်မီကတည်းက ထာဝရ ဘုရားသခင် အလ္လာဟ် အရှင်မြတ်သည် ဦးစွာ တည်ရှိပေသည်။ အလ္လာဟ် အရှင်မြတ်သည် မိမိဘာသာ တည်ရှိနိုင်သော အနန္တ တန်ခိုးတော်ရှင်၊ အရာရာကို မြင်နိုင် ကြားနိုင် ဆန္ဒပြုနိုင်သော (သိစပ် မြင်နှံ့သော) အရှင်မြတ် ဖြစ်ပေသည်။ အလ္လာဟ် အရှင်မြတ်သည်သာလျှင် ဖန်ဆင်းတော်မူသော အရှင် ဖြစ်သည်။ ထို့ပြင် ကမ္ဘာ ပျက်၍ တရား စီရင်သော (ကေယာမတ်) နေ့တွင်လည်း သူသည်သာလျှင် အပြီးအပြတ် စီရင် ဆုံးဖြတ်ပိုင်ခွင့် ရှိသူ ဖြစ်သည်။ သူသည်သာလျှင် ပြစ်မှု ကျူးလွန်ခဲ့ကြသော ယုံကြည် ကိုးကွယ်သူများကို ကယ်တင်ပြီးလျှင် အမတသုခ ချမ်းသာဘုံ (ဂျန္နသ်) သို့ ပို့ဆောင်ပေးမည် ဖြစ်၏။

သို့ရာတွင် အနောက်တိုင်းသား ပညာရှင်များ၏ အမြင်တွင် ကုရ်အာန် ကျမ်းတော်ထဲမှာ ဖော်ပြထားသော အလ္လာဟ် အရှင်မြတ်၏ စရိုက် လက္ခဏာများသည် လုံးဝ အပြည့်အစုံ ရှေ့နောက် ညီညွတ်ခြင်း သဘော မရှိဟု ရှုမြင်တတ်ကြသည်။ အကယ်၍ အကျွန်ုပ်တို့သည် ကုရ်အာန် ကျမ်းတော်ထဲမှာ ပါသော 'ဆူရာ' များကို သမိုင်း ဖြစ်စဉ်နှင့် အညီ တစ်ခုနှင့် တစ်ခု နီးနီးစပ်စပ် ဖြစ်အောင် စီစဉ်ကြည့်မည် ဆိုပါက ကျွန်ုပ်တို့ အနေနှင့် ရှေ့ပိုင်းကျသော ဆူရာများနှင့် နောက်ပိုင်းကျသော ဆူရာများ အကြားတွင် အယူအဆများ ကွဲပြား ခြားနားနေကြောင်း တွေ့ရသည်ဟု ဆိုကြသည်။

အလ္လာဟ်၏ သဘောသည် ဂျူး ဘာသာ အယူအဆများ နည်းလာပြီး အာရေဗျ အယူအဆများ ပိုများလာသည်။ ပို၍ ထိရောက်မှု ရှိလာသော အချက်မှာ လူများကို အလ္လာဟ် အရှင်မြတ်၏ အုပ်စိုးမှု သဘောသည် ပေါ့လျော့မှု သဘော နည်းလာသည်။ ပိုပြီး ဘာသာရေးဆန်ဆန် လမ်းညွှန်မှုများ ပြုလုပ်လာလေသည်။ မက္ကာမြို့နှင့် ဆိုင်သော ကာလတွင် မုဟမ္မဒ်သည် ဂျူးနှင့် ခရစ်ယာန် အယူဝါဒများ၏ ဩဇာ လွှမ်းမိုးမှုကို ခံနေရသော တမန်တော် အဖြစ် ခံစားရသည်။ တစ်ဖက်တွင် ထာဝရ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကမ္ဘာလောကကို တရား စီရင်ခြင်းသို့ ရောက်ရှိစေရန် ဖြစ်သည် ဆိုသော အယူအဆ ဖြစ်ပြီး အခြား တစ်ဖက်တွင် မူကား ဘုရားသခင်၏ အလိုတော်နှင့် ဘုရားသခင်ကို ဆန့်ကျင် ပုန်ကန်နေကြသော ကောက်ကျစ် စဉ်းလဲသည့် လူများ၏ ကိုယ့်စိတ် အလိုကို လိုက်၍ ပြုမူခြင်းများ၏ ခြားနားပုံကို ပြဆိုရန် ဖြစ်လေသည်။

ထိုအယူအဆ၏ အခြေခံ သဘောမှာ သနား ကရုဏာတော်ရှင်၊ မေတ္တာတော်ရှင် ဖြစ်တော်မူသော ထာဝရ ဘုရားသခင် အလ္လာဟ် အရှင်မြတ်သည် လူတို့ အနေနှင့် ကိုယ့်စိတ် အလိုကို လိုက်ပြီး လွတ်လွတ်လပ်လပ် လုပ်ချင်သလို လုပ်ကြသော အမှုကိစ္စများမှာ ဘုရားသခင်၏ အလိုတော်ကို ဆန့်ကျင်သော ပြစ်မှု ကျူးလွန်ခြင်း ဖြစ်၍ ထိုကျူးလွန်ခြင်း အတွက် တရား မျှတမှု၊ ဖြောင့်မှန်မှုကို ဆောင်ရွက်တော်မူရသည့် အကြောင်းများကို ဖော်ပြထားသည်။

မဒီနာမှာ နေစဉ် ကာလဝယ် မုဟမ္မဒ်သည် ဂျူးလူမျိုးများ ကိုးကွယ်သော ယုဒ ဘာသာ၊ ခရစ်ယာန် ဘာသာတို့နှင့် လုံးဝ ကွဲပြား ခြားနားသော ဘာသာသစ်ကို ထင်ရှားစွာ ဖော်ဆောင်သော စစ်ခေါင်းဆောင် ဖြစ်လာသော အခါကမှ ကုရ်အာန် ကျမ်းတော်ထဲမှာ ပါဝင်သော ဆူရာများတွင် အလ္လာဟ် အရှင်မြတ်၏ ကြီးမြတ်သော ဂုဏ်ကျက်သရေနှင့် တန်ခိုး အာဏာ ကြီးမားပုံများကိုသာ ဦးစားပေး၍ ဖော်ပြထားလေသည်။

ထိုသို့ တန်ခိုး အာဏာ ကြီးမားသော ထာဝရ ဘုရားသခင်၏ အလိုတော် အရ လူ့သမိုင်းမှာ အံ့ဩဖွယ်ရာ ဖြစ်ရပ်များ ဖြစ်ပေါ်လာရပုံ အကြောင်းအရာများ၊ ထာဝရ ဘုရား

သခင် အလ္လာဟ် အရှင်မြတ်ကို မယုံကြည်သောသူများအား သူတို့နှင့် ထိုက်တန်သော နိပ်ကွပ်မှုကို ပြုရန် ကြိုတင်၍ ပြင်ဆင်ထားသော လမ်းပေါ်သို့ မွတ်ဆလင်များက ကယ်တင်ရန် အလို့ငှာ ခြေလှမ်း လှမ်းကြရပုံများကိုလည်း ဖော်ပြထားလေသည်။

နောက်ဆုံး ဆူရာများကျတော့ လူမှာ လွတ်လပ်စွာ မိမိ ဆန္ဒ အလျောက် မိမိ ဘာသာ ရွေးချယ် ပြုလုပ်နိုင်သော လွတ်လပ်ခွင့်မျိုး မရှိကြောင်း၊ အလ္လာဟ် အရှင်မြတ်၏ အလို ဆန္ဒတော် အတိုင်းသာ ဖြစ်ကြရကြောင်း၊ ကောင်းသည် ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ အလ္လာဟ် အရှင်မြတ်၏ အလိုတော် အတိုင်းသာ ဖြစ်ကြရကြောင်း ဆိုပြန်လေသည်။

အလ္လာဟ် အရှင်မြတ်သည် လူသား၏ ယုံမှားဖွယ်ကင်းသော ပုဂ္ဂိုလ် ဖြစ်သည်။ အလ္လာဟ် အရှင်မြတ်သည် အစိန္တေယျ ဂုဏ်တော်နှင့် ပြည့်စုံသော လူ့ကြမ္မာ အားလုံးကို အဆုံးအဖြတ် ပေးတော်မူသော အရှင်မြတ် ဖြစ်သည်။ အလ္လာဟ် အရှင်မြတ်သည် ဘုရားသခင်၏ ဂုဏ်တော်၊ ကျေးဇူးတော်နှင့် အညီသာ ဆောင်ရွက်တော်မူသည်။ ထိုကိစ္စကို ဘယ်လူသားမှ ရှင်းလင်းစွာ နားလည် သိမြင်နိုင်ခြင်း မရှိ။ လူတို့ အနေနှင့် ပိုင်းခြား သိမြင်နိုင်သော အကန့်အသတ် ရှိသည့် တရား မျှတမှု စံနှုန်း အတိုင်း ဘုရားသခင်က ပြုမူ ဆောင်ရွက်ခြင်း မဟုတ်ပေ။ လိုရင်း အချုပ်သဘောမှာ အလ္လာဟ် အရှင်မြတ်သည် သူ၏ လူသားများဆင်ခြင် စဉ်းစားသလို မစဉ်းစားပေ။ ထိုလူများကို သူ့ဆန္ဒတော် အတိုင်းသာ ဦးဆောင် လမ်းပြ ပြုတော်မူခြင်း ဖြစ်၏။ ဘုရားသခင်၏ အမိန့်ကို လူသားများက နာခံ၍ လေးစားစွာ လိုက်နာကြရမည်။ ဘုရားသခင် အပေါ်၌ ယုံကြည်စိတ်ချစွာ လိုက်နာ ပြုမူခြင်းသည်ပင်လျှင် လူသားများအားလုံး၏ ပျော်ရွှင် ချမ်းမြေ့ရေးကို ရှေ့ရှုရာ ရောက်ပေသည်။ ထာဝရ ဘုရားသခင် အလ္လာဟ် အရှင်မြတ်သည် သူ့ကို ယုံကြည် ကိုးကွယ်သူများအား အကောင်းတကာတို့ထဲမှ အကောင်းဆုံးကို ရွေးချယ်၍ ပေးသနားတော်မူသည်။ ထိုလူသားများက သူ့ကို ချစ်မြတ်နိုးစွာ ယုံကြည်ကိုးကွယ်ကြသူများ ဖြစ်ရကား ထိုယုံကြည်သူများကိုလည်း ဘုရားသခင် အလ္လာဟ် အရှင်မြတ်က ချစ်ခင် မြတ်နိုးတော်မူသည်သာ ဖြစ်၏။ သူ ငြင်းပယ်အပ်သော သူများကိုမူကား အလ္လာဟ် အရှင်မြတ် မုန်းတီးတော်မူသည်။ အလ္လာဟ် အရှင်မြတ်ကား သနား ကရုဏာတော်ရှင် ဖြစ်၏။ သို့သော် မွတ်ဆလင်များကိုသာ သနား ကရုဏာ ထားတော်မူသည်။ ထိုသူများသည်ကား တစ်စုံတစ်ရာ ယုံမှားခြင်း မရှိဘဲ သူ့ထံမှောက်တွင် နိမ့်ချကာ တက်တက်ကြွကြွ ပျပ်ဝပ် ကိုးကွယ်ကြသူများ ဖြစ်သောကြောင့် ဖြစ်၏။ ထိုကဲ့သို့ သံသယကင်းစွာ ဝန်ချ ကိုးကွယ်သော မွတ်ဆလင်များကိုသာ အလ္လာဟ် အရှင်မြတ်က ထိုသူများ၏ ဘဝ လွတ်မြောက်ရေး အတွက် လမ်းညွှန် ဆောင်ရွက်ပေးတော်မူသည်။

အလ္လာဟ် အရှင်မြတ်သည် သူ၏ ဗျာဒိတ်တော်များ၊ မုက္ခပါဌ်တော်များကို နည်းသုံးနည်းဖြင့် ချပေးတော်မူလေသည်။ ပထမနည်းမှာ သူ၏ တမန်တော် မုဟမ္မာဒ် သခင်မှ တစ်ဆင့် ချပေးတော်မူသည်။ ဒုတိယ တစ်နည်းမှာ ကုရ်အာန် ကျမ်းတော်မြတ်ဖြင့် ချပေးတော်မူသည်။ တတိယနည်းမှာ သူ၏ ကောင်းကင် တမန်များမှ တစ်ဆင့် ချပေးတော်မူလေသည်။

မွတ်ဆလင်များ ဆောက်တည်ရသော ပထမ သရဏဂုံ (ယုံကြည် ကိုးကွယ်ရာ ပုံသေ ဂါထာ) သည် **'လားအီလားဟာ အီလ္လာအလ္လာ'** ဖြစ်ကြောင်း ဖော်ပြခဲ့ပြီးပြီ။ (အလ္လာဟ် အရှင်မြတ်မှတစ်ပါး အခြား ကိုးကွယ်ရာ ဘုရား မရှိ) ဟူသော ခံယူချက် ဖြစ်၏။ ဒုတိယ သရဏဂုံ (ယုံကြည် ကိုးကွယ်ရာ) သည် **'မုဟမ္မာဒ် ရစူလ်အလ္လာ'** (မုဟမ္မာဒ် သခင်သည် အလ္လာဟ် အရှင်မြတ်၏ တမန်တော် ဖြစ်သည်) ဟု ခံယူရခြင်း ဖြစ်သည်။

မွတ်ဆလင်များ အဖို့ ထာဝရ ဘုရားသခင် အလ္လာဟ် အရှင်မြတ်သည် သူ၏ ဖြစ်တည်နေခြင်းကို သူ၏ တမန်တော်များမှ တစ်ဆင့်သာ ဖော်ဆောင်လေ့ ရှိသည် ဆိုသော အချက်သည် သူ့ အလိုလို မှန်ကန်ကြောင်း ထင်ရှားသော အချက် အဖြစ် ခံယူ ထားကြလေသည်။ အခြားသော လူသာမန် ပုဂ္ဂိုလ်များသည် ထာဝရ ဘုရားသခင်ကို မသိနိုင်ဟုလည်း ယုံကြည်ကြသည်။ ဘုရားသခင် တည်ရှိကြောင်း ပေါ်လွင်စေရန် တမန်တော်များကို မထားဘဲ ဘုရားသခင်သည် သီးခြား ရပ်တည်နေနိုင်ခြင်း မရှိပေ။ ထို့ကြောင့် ခေတ် အဆက်ဆက်တွင် တမန်တော် (ပရောဖက်) များ ပွင့်ပေါ်ခဲ့ကြရလေသည်။

ထိုတမန်တော်များမှာ အီဘရာဟင်မ်၊ မိုးဇက် (မူဆာနဗီ)၊ ယေရှု ခရစ်တော် (အီဆာနဗီ) စသူတို့ ဖြစ်ကြလေသည်။

သို့သော် မုဟမ္မာဒ် သခင်ကား နောက်ဆုံးပွင့် တမန်တော် (ခါတေမွန်နဗီ) ဖြစ်လေသည်။ ရှေးက ပေါ်ထွန်းခဲ့ပြီးသော တမန်တော်များ အားလုံးထက်လည်း သာလွန်ကြီးမြတ်သော နောက်ဆုံးပွင့် တမန်တော် ဖြစ်၏။ သူ့အရင်ရှေးက ပွင့်သွားကြသော တမန်တော်များကို ဘွဲ့တံဆိပ်

ခတ်နိုပ်သူလည်း ဖြစ်၏။ ရှေးက တမန်တော်များ အနက် သူနှင့် တူသူ တန်သူကား တစ်စုံတစ်ယောက်မျှပင် မရှိခဲ့သေးပေ။ ထိုတမန်တော်များ လက်ထက်တွင် သူ့လက်ထက်မှာလောက် ပြီးပြည့်စုံသော ဗျာဒိတ်တော်များ ကျလာခြင်းလည်း မရှိခဲ့ပေ။

သူ၏ ဩဇာ အာဏာသည် အချုပ်အခြာ အာဏာ အဆင့်တွင် ရှိသော်လည်း သူသည် ဘုရားသခင်လည်း မဟုတ်၊ ဘုရား၏ သားတော်လည်း မဟုတ်၊ လူသား အသွင် ဝင်စားသော အဝတာရ ဘုရားမျိုးလည်း မဟုတ်ချေ။

သူကား လူသား မိဘများက ဖွားမြင်သော လူသား စင်စစ် (မဟာ လူသား) သာလျှင် ဖြစ်၏။

မုဟမ္မာဒ် သခင်သည် သူ့ကိုယ်သူ သဘာဝလွန် တန်ခိုး ဣဒ္ဓိပါတ်များ ရရှိထားသူ ဖြစ်သည်ဟုလည်း ဟန်ဆောင်ခြင်း ကင်းလေသည်။ ထူးဆန်း အံ့ဖွယ်ရာများကို ပြသပြီး အယုံသွင်းခြင်းမျိုးလည်း မရှိ။ စက္ကရမန္တလို သိခက် နက်နဲသော ဂမ္ဘီရ သဘောမျိုးကိုလည်း ဟောပြော ပြသခြင်း မပြု။ ဘုန်းကြီး ရဟန်း အဖြစ် သိက္ခာတင်၊ သိက္ခာ ထပ်ခြင်းမျိုးကိုလည်း မပြုလုပ်၊ ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂိုဏ်းထောက် ဘုန်းကြီး ရဟန်းများ၏ ရာထူး ဂုဏ်သိက္ခာများကိုလည်း ခွဲခြား သတ်မှတ်ခြင်း မပြုပေ။ သူ့ကိုယ်သူ တတ်နိုင်သမျှ ရိုးရိုး သာမန်လူ ပုဂ္ဂိုလ် တစ်ဦးလို နေထိုင်တော်မူခဲ့လေသည်။

သူသည် ထာဝရ ဘုရားသခင်နှင့် ပေါင်းစည်း ဆက်စပ်ရာ၌ ရုပ်ဒြပ်သဘောဖြင့် ဆက်ဆံခြင်း မဟုတ်။ စိတ်ဆန္ဒ သဘော အရသာ ဆက်ဆံတော်မူခြင်း ဖြစ်၏။ (သို့ရာတွင် လူအများ စိတ်ထဲတွင်မူ မုဟမ္မာဒ် သခင်မှာ ဘုရားသခင်၏ တန်ခိုး ဣဒ္ဓိပါတ်မျိုး ရှိသည် ဟူ၍ကား ခံစားတတ်ကြလေသည်။ မွတ်ဆလင် ဘာသာရေး အယူဝါဒ အရ မုဟမ္မာဒ်ကို ဘုရား တစ်ဆူလို သဘောထားခြင်းကို ငြင်းပယ်သည်။) သူ၏ ထူးခြားသော ကြိုးစား အားထုတ်၍ ရအပ်သော ဉာဏ် အမြင်ကြောင့် သူ့ နောက်သို့ လူသား အားလုံး လိုက်ပါခြင်းကို ခံထိုက်သော ပုဂ္ဂိုလ် ဖြစ်ပေသည်။

လူသားများကို အလ္လာဟ် အရှင်မြတ်က လမ်းညွှန်သော ဒုတိယနည်းမှာ ကုရ်အာန် ကျမ်းတော်မှ တစ်ဆင့် ပြညွှန်ခြင်း ဖြစ်၏။

မုဟမ္မာဒ် သခင် ကိုယ်တော်မြတ်ကြီးမှ တစ်ဆင့် ကျလာသော ဘုရားသခင်၏ ဗျာဒိတ်တော် မုက္ခပါဌ်တော်များမှာ လူသားများ အတွက် အတိမ်းအစောင်း မရှိသော အလ္လာဟ် အရှင်မြတ်၏ နောက်ဆုံးပိတ် အန္တိမ စကားများ ဖြစ်၏။

မွတ်ဆလင်တို့၏ အယူဝါဒ အရ ကုရ်အာန် ကျမ်းတော်မြတ်သည် ကောင်းကင်ဘုံ၌ ထာဝရ ဘုရားသခင် ရေးသားထားသော စာခွေထဲမှာ ပါသော စာများနှင့် ထပ်တူ ထပ်မျှပင် ဖြစ်သည်ဟု ယူဆကြလေသည်။ ထို ကျမ်းစာသည် ဖန်ဆင်းခြင်း ကင်းသော မူလ ပုံစံပင် ဖြစ်သည်ဟု ဆို၏။ ထိုကျမ်းစာသည် နတ်ပြည် ခုနစ်ထပ်တွင် ကာလ အစဉ် တည်သော ထာဝရ ကျမ်းစာ ဖြစ်သည် ဆို၏။ ကုရ်အာန် ကျမ်းစာသည် ထပ်ဆင့် ကူးယူထားသော မိတ္တူ ကျမ်းစာ မဟုတ်။ ကောင်းကင်ဘုံ၌ ထာဝရ ကာလ အစဉ် ဝယ် တည်ရှိပြီး ဖြစ်သော ကျမ်းစာကို ကိုးကား ရေးသားထားသော စာလည်း မဟုတ်။ ကောင်းကင်ဘုံ၌ အစဉ် ထာဝရ ကာလကပင် မူလ ပုံစံဖြင့် တည်ရှိသော ကျမ်းစာနှင့် ကုရ်အာန် ကျမ်းစာသည် တစ်ထပ်တည်း တိတိကျကျ အတူတူပင် ဖြစ်၏။ ကောင်းကင်ဘုံတွင် ရှိသော ထာဝရ ဘုရားသခင်၏ စကားလုံးများ အတိုင်းပင် ဖြစ်သည် ဆို၏။ ရှေးရှေးက ကျလာခဲ့သော တရားဝင် ဘုရားသခင်၏ ဗျာဒိတ်တော် မုက္ခပါဌ်တော်များမှာ ကောင်းမြတ်ကြသည်သာ ဖြစ်ပါ၏။ သို့ရာတွင် ပြီးပြည့်စုံခြင်းကား မရှိပေ။ ကုရ်အာန် ကျမ်းတော်မြတ်ကဲ့သို့ နောက်ဆုံးပိတ် အန္တိမ ကျမ်းစာလည်း မဟုတ်ကြပေ။

အလ္လာဟ် အရှင်မြတ်၏ အလို ဆန္ဒတော်ကို ထုတ်ဖော်ပြောဆိုသော တတိယနည်းမှာ ကောင်းကင် တမန်တော် နတ်သားများမှ တစ်ဆင့် ပြောဆိုတော်မူခြင်း ဖြစ်၏။ ထို ကောင်းကင် တမန် နတ်သားများ အနက် အကြီးအချုပ် ဖြစ်သူမှာ ဂျီဗရိုင်အီးလ် ဖြစ်၏။

ဂျီဗရိုင်အီးလ်သည် ဘုရား၏ မုက္ခပါဌ်တော်များကို ယူဆောင်လာသော ကိုယ်စားလှယ်တော်ကြီးလည်း ဖြစ်၏။ နိုရှိအက်စတာ ဘာသာတွင် ထို ကောင်းကင် တမန် နတ်သားကို *'သစ္စာ ရှိသော ဝိညာဉ်တော်'*[၁] ဟူ၍ လည်းကောင်း၊ *'သန့်ရှင်းသော ဝိညာဉ်တော်'*[၂] ဟူ၍ လည်းကောင်း ခေါ်ကြလေသည်။

မုဟမ္မာဒ်၏ စိတ်ကူးထဲတွင် အလ္လာဟ် အရှင်မြတ်သည် နတ်ပြည် ခုနစ်ထပ် အမြင့်ဆုံး ကောင်းကင်ဘုံ၌ အမြင့်ဆုံးသော ပလ္လင်တော်ပေါ်မှာ ထိုင်နေတော်မူသည်ဟု ထင်မြင် ယူဆထားဟန် တူသည်။ ထိုဘုရားသခင်၏ ဘေးပတ်ဝန်းကျင်တွင် ကောင်းကင် တမန်တော် နတ်သားများ

---

၁။ The fathful spirit

၂။ The spirit of Holiness

ဝန်းရံလျက် ရှိသည်ဟု သူ ထင်မြင်လေသည်။ ထို ကောင်းကင် တမန် နတ်သားများက ထာဝရ ဘုရားသခင်အား မှူးမတ် ဝန်ကြီးများက ရှင်ဘုရင်ကို ခစားနေကြသကဲ့သို့ပင် ဖြစ်သည်ဟုလည်း အဆို ရှိလေသည်။

ထို့ပြင် မာရ်နတ် (နတ်ဆိုး) လည်း ရှိသေးသည်။ (*အီဗလစ်* [၁] သို့မဟုတ် *ရှိုက်တန်* [၂] ဟု ခေါ်သည်။ ဇိုရိအက်စတာနှင့် ခရစ်ယာန်တို့က ဆေတန်ဟု ခေါ်သူ ဖြစ်သည်။) ထိုအီဗလစ်သည်လည်း ကောင်းကင် တမန် နတ်သားပင် ဖြစ်၏။ သို့သော် သူ၏ မာန်မာန ထောင်လွှားမှုကြောင့် ကောင်းကင်ဘုံမှ လျှောကျကာ ယခုအခါ ငရဲဘုံ၏ အရှင် ယမမင်း ဖြစ်နေလေသည်။

ထိုမာရ်နတ် အီဗလစ်နှင့် သူ၏ အပေါင်းအသင်းများသည် ဤကမ္ဘာမြေ လောကနှင့် ပတ်သက်သော အလ္လာဟ် အရှင်မြတ်၏ အကြံအစည် အစီအမံများကို နှောင့်ယှက် ဖျက်ဆီးပြီးနောက် လူသား အပေါင်းတို့အား လမ်းလွဲသို့ ရောက်အောင် သွေးဆောင် ဖြားယောင်းခြင်း အလုပ်ကို ပြုလုပ်ရန် ဖြစ်၏။

နောက်ဆုံး တရား စီရင်သော နေ့နှင့် ပတ်သက်၍ ပြောဆိုရာတွင် မုဟမ္မဒ် သခင်သည် ဇိုရိအက်စတာ ဘာသာ၊ ဂျူး ဘာသာနှင့် ခရစ်ယာန် ဘာသာဝင်များ အသုံးပြုခဲ့သော စကားစု ဗျာဒိတ်တော်များကိုပင် အသုံးပြုခဲ့လေသည်။

ထိုအခါ 'အတိတ် နိမိတ်များ အဖြစ် အလွန် ကြီးမားသော၊ အလွန် အားကောင်းသော ကမ္ဘာမြေ တုန်လှုပ်ခြင်း၊ ထစ်ချုန်းခြင်းသည် ဖြစ်လတ္တံ့၊ သဘာဝ လောကကြီးသည် ထူးဆန်းသော ဖြစ်ရပ်များဖြင့် ကြုံရလတ္တံ့၊ နောက်ဆုံးပိတ် တံပိုးခရာ မှုတ်သံကို ကြားရလတ္တံ့၊ ထိုခရာသံကို ကြားရသော ကာလ၌ သေသူများ အားလုံး ပြန်လည် ရှင်ပြန် ထမြောက်ကြလတ္တံ့၊ ထို့နောက် ထိုဝိညာဉ်အားလုံးသည် အလ္လာဟ် အရှင်မြတ် ရှေ့တော်မှောက် ပလ္လင်တော် ရှေ့သို့ တရား စီရင်ခြင်း ခံကြရန် အလို့ငှာ သွားကြရလတ္တံ့၊ ထိုသို့ တရား စီရင်သော အခါ လူတို့၏ ကုသိုလ် အကုသိုလ် စာရင်းကို မှတ်တမ်း တင်ထားသော မှတ်တမ်းများကို ဖတ်ကြားလတ္တံ့၊ ထို့နောက် ထာဝရ တရား စီရင်ခြင်းကို နောက်ဆုံး အမိန့် ချလတ္တံ့၊ မိမိတို့ ပြုခဲ့ကြသော ကုသိုလ် အကုသိုလ် အလျောက် ငရဲနှင့် ကောင်းကင် သုခဘုံသို့ အသီးသီး သွားကြရလတ္တံ့'

### အီမာဒသ် (ဘာသာရေး တာဝန်)

အစ္စလာမ် ဘာသာဝင်များ၏ ဘာသာရေး ကျင့်စဉ်များကို ကျောက်တိုင်ကြီး ငါးခု *(အားလ်-အာကန်)* [၃] အဖြစ် ဖော်ပြထားသည်။

၁။ ဘာသာရေး ခံယူချက် (သရဏဂုံ) ကို အထပ်ထပ် ရွတ်ဖွား သရဇ္ဈာယ်ခြင်း။ *လားအီလားဟာ အီလ္လာ အလ္လာဟ်၊ မုဟမ္မာဒ် ရစူလ် အလ္လာဟ်* ' 'အလ္လာဟ်မှတစ်ပါး အခြား ဘုရား မရှိ၊ မုဟမ္မာဒ် သခင်သည် အလ္လာဟ် အရှင်မြတ်၏ တမန်တော် ဖြစ်သည်' ကို အထပ်ထပ် ရွတ်ဆိုရမည်။

ဤဘာသာရေး ခံယူချက်ကို ယုံကြည်ခံယူပြီးနောက် သစ္စာ ရှိစွာဖြင့် ယုံယုံကြည်ကြည် ရွတ်ဖွား သရဇ္ဈာယ်ခြင်းသည် မွတ်ဆလင် ဘာသာဝင် ဖြစ်ဖို့ ပထမ အဆင့် ဖြစ်၏။ (ဤကား သရဏဂုံ ဆောက်တည်ခြင်း သဘောနှင့် တူပေသည်။) ဤလွယ်ကူသော စကားလုံးများကို ရွတ်ဖတ်သော အသံကို မွတ်ဆလင်တို့၏ ကမ္ဘာ အနှံ့အပြားမှာ ကြားကြရသည်။ မိုးကောင်းကင်မှ ကျလာသော အသံများပမာ မင်နာရတ် ခေါ် မျှော်စင်ကြီးများပေါ်မှ မုအာဇင်၏ ခေါ်သံ (အာဇံ ပေးသံ) အဖြစ် ကြားကြရသည်။

၂။ ဘုရား ဝတ်ပြု ဆုတောင်းခြင်း (နာမာဇ်)။ မွတ်ဆလင် ဘာသာဝင် သူတော်ကောင်း တစ်ဦးသည် တစ်နေ့လျှင် မိမိ၏ လုပ်ငန်း တာဝန်များကို ချထားခဲ့ပြီးနောက် ဘုရား ဝတ်ပြု ရှိခိုး ဆုတောင်းခြင်းကို ငါးကြိမ် ပြုလုပ်ရမည် ဖြစ်သည်။ ပထမ နာမာဇ် (ဘုရား ရှိခိုးခြင်း) ကို အရုဏ်တက်ချိန်မှာ ပြုလုပ်ရသည်။ ဒုတိယ ဝတ်ပြုခြင်းကို နေ့လယ် မွန်းတည့်ချိန်မှာ ပြုလုပ်ရသည်။ တတိယ ဝတ်ပြုခြင်းကို မွန်းလွဲချိန်မှာ ပြုလုပ်ရသည်။ စတုတ္ထ ဝတ်ပြုခြင်းကို နေဝင်စ အချိန်မှာ ပြုလုပ်ရပြီး ပဥ္စမ ဝတ်ပြုခြင်းကို ညမိုးချုပ်သော အခါ ပြုလုပ်ကြရလေသည်။

မြို့မှာ နေစဉ် ဖြစ်ဖြစ်၊ ကျေးလက် တောရွာများမှာ နေစဉ် ဖြစ်ဖြစ်၊ သဲကန္တာရထဲ ရောက်နေစဉ်မှာ ဖြစ်ဖြစ်၊ ဘယ်နေရာ ဘယ်ဒေသမှာ ဖြစ်ဖြစ် ဘုရား ဝတ်ပြု တည်ခင်းသော အခင်း စောင်ကလေးကို ခင်းပြီး နောက် မက္ကာမြို့ ရှိရာဘက်သို့ မျက်နှာမူ၍ ရှိခိုး ဝတ်ပြုကြရလေသည်။

---

၁။ Iblis ၂။ Shaitin

၃။ al-Arkan

သောကြာနေ့သည် အရွယ် ရောက်ပြီးသော အမျိုးသားများ စုဝေး ဝတ်ပြုပွဲ (ဂျူမှာ နမာဇ်) ပြုလုပ်သော အများပြည်သူနှင့် ဆိုင်သော နေ့ ဖြစ်သည်။ သက်ဝင် ယုံကြည်ကြသူများ ဘုရား ဝတ်ပြုရာ ဗလီကျောင်းထဲမှာ စုဝေးမိသောအခါ အီမမ် [၁] ဓမ္မဆရာ (မော်လဝီ) ၏ ဦးဆောင်မှုဖြင့် အစဉ်သဖြင့် နေမွန်းတည့်ချိန်၌ သို့မဟုတ် နေဝင်ချိန် အခါ၌ ဖြစ်စေ ဂျူမှာ နမာဇ်ကို ဖတ်နိုင်သည်။ ဝတ်ပြုပွဲကို ဗလီကျောင်းတော်ထဲက ခင်းထားသော အိမ်ဝင်း အတွင်းမှာ ကျင်းပ ပြုလုပ်ကြသည်။ (အကယ်၍ အမျိုးသမီးများ ထိုဝတ်ပြုပွဲကို တက်ရောက်ပါက ၎င်းတို့ကို မမြင်ရအောင် အကာအရံ အတွင်းဘက်မှာ ထားကြရသည်။) အမျိုးသားများက ဗလီ ကျောင်း မျှော်စင်ပေါ်က ခေါ်သော (အာဇံပေးသော) အသံကို ကြားရသော အခါ ၎င်းတို့ စီးထားသော ဖိနပ်များကို ဗလီဝင်း အပြင်ဘက်မှာ ချွတ်ထားခဲ့ကြပြီးလျှင် ကိုယ်လက် သန့်စင်ရန် အတွက် ရေကန်၊ ရေအိုင်၊ ရေထွက် ပေါက် ရှိရာ နေရာသို့ ဦးစွာ သွားရောက်ကြပြီးလျှင် လက်ကို ဦးစွာ ဆေးကြော သုတ်သင်ရသည်။ ထို့နောက် ပါးစပ်ကို ဆေးကြောခြင်း၊ မျက်နှာ လက်မောင်း လည်ပင်းနှင့် ခြေဖဝါးများကို စင်ကြယ်အောင် ဆေးကြော သုတ်သင်ကြရသည်။ ထိုသို့ ကိုယ်လက် သန့်စင်ခြင်းကို 'ဝဇူ' လုပ်သည်ဟု ဆိုကြသည်။

ထို့နောက် အာရေဗျ နိုင်ငံများတွင် ဝတ်ပြုရန် လာသော အမျိုးသားများသည် ခေတ္တ ထိုင်ပြီး *'ကာရီ'* [၂] ခေါ်ကုရ်အန် ကျမ်းစာ ရွတ်ဖတ်သော အသံကို နာခံကြရသည်။ ထို့နောက် မက္ကာမြို့ ရှိရာဘက်သို့ မျက်နှာ မူပြီး အီမာသ် ဓမ္မ ဆရာ ရောက်လာပြီး နေရာ ယူသော အခါ ဝတ်ပြုသူများ ဘေးချင်း ယှဉ်ပြီး တန်းစီ ရပ်ကြရသည်။ ရှေ့သို့ ကုန်း၍ နဖူးမြေကျ ရှိခိုး ပျပ်ဝပ် ရှိခိုးရ လွယ်ကူအောင် ဘေးချင်းယှဉ် ရှေ့နောက် တန်းစီ၍ ရပ်ကြရသည်။ ရှေးဦး ရောက်သူက ရှေ့တန်းမှာ စီ၊ နောက်မှ ရောက်သူက ရှေ့တန်း ပြည့်သွားလျှင် နောက်တန်းမှာ စီကြရသည်။ အယုတ်အလတ် အမြတ် မရွေးချယ်ရ။ ဘုရား ဝတ်ပြုသော အချိန်တွင် ရှင်ဘုရင်ပင် ဖြစ်စေ သူတောင်းစား ဘေးမှာကျလျှင် အတူ ယှဉ်တွဲ၍ ဝတ်ပြုကြရသည်။

ဝတ်ပြုပွဲ အခမ်းအနား ပြုသော အခါ 'အီမမ်' ဓမ္မဆရာ ခေါင်းဆောင်က ဝတ်ပြု ဆုတောင်းစာ *(ဆလာတ်)* [၃] များကို ရွတ်ဖတ်ရသည်။ ဝတ်ပြုသူများက အသံ ထွက်၍ မရွတ်ရ၊ တိတ်ဆိတ်စွာ ရွတ်ဖတ်ကြရသည်။ ထို့နောက် အီမမ်က မတ်တတ် ရပ်သော အခါ အခြား ဝတ်ပြုသူများ အားလုံးကလည်း မတ်တတ် ပြိုင်တူ ရပ်ကြရသည်။ ထို့နောက် အီမမ် လုပ်သူက ရှေ့သို့ ကုန်းလျှင်၊ ဒူးထောက်လျှင်၊ ပျပ်ဝပ်စွာ နဖူးနှင့် ကြမ်းပြင် ထိအောင် ရှိခိုးလျှင်၊ ထိုနည်းတူစွာ ပရိသတ် အားလုံးက လိုက်၍ ညီတူညာတူ ပြုလုပ်ကြရသည်။

ဘုရား ဝတ်ပြုပြီးသော အခါ အီမမ် ဓမ္မဆရာက အစဉ်သဖြင့် တရား ဟောပြောလေ့ ရှိသည်။ မွတ်ဆလင်တို့၏ အယူဝါဒ ယုံကြည် ကိုးကွယ်မှုနှင့် စပ်ဆိုင်ရာ အကြောင်းများကို ဟောပြောခြင်း ဖြစ်၏။

၃။ *ဇကာတ်* [၄] (ဒါန ပြုခြင်း)။ ဇကာ့ဟ်ဟုလည်း ခေါ်သည်။ အစ္စလာမ် ဘာသာ စတင် ပေါ်ပေါက်သော ရှေးဦးကာလက ဤ ဇကာတ် အလှူ ပေးခြင်းသည် နှစ်စဉ် ပေးဆောင်ရသော အခွန် သဘောမျိုး ဖြစ်ခဲ့လေသည်။ ဇကာတ် (အလှူ) ကို ပစ္စည်းဖြင့် ဖြစ်စေ၊ ငွေကြေးဖြင့် ဖြစ်စေ ပေးဆောင်ကြရသည်။ အစပိုင်းက ဤ အခွန် သဘောဖြင့် ပေးဆောင်ရသော အလှူငွေများကို အစိုးရ အရာရှိများက လိုက်လံ ကောက်ခံပြီး အစိုးရ ဘဏ္ဍာတိုက်သို့ ထည့်သွင်းခဲ့ကြရလေသည်။ ထို့နောက် တစ်စိတ်တစ်ပိုင်းကို ဆင်းရဲသားများအား လှူဒါန်းပြီးလျှင် ကျန်တစ်စိတ်တစ်ပိုင်းကို ဗလီများနှင့် အီမမ် ဆရာများသို့ ဗလီ ပြုပြင် ထိန်းသိမ်းရေး စရိတ်အဖြစ် လွှဲပြောင်း ပေးခဲ့လေသည်။

ဤရန်ပုံငွေသည် နိုင်ငံရေး၊ စစ်ရေး အသုံးစရိတ်များအတွက် မွတ်ဆလင် မဟုတ်သူများထံက ကောက်ခံသော အခွန်ဘဏ္ဍာ (ရှိခိုး လက်ဆောင်) နှင့် လုံးဝ မတူပေ။ ရှေးအခါကမူ ဇကာတ်သည် မွတ်ဆလင် အားလုံးနှင့် သက်ဆိုင်သော ဘာသာရေး တာဝန် တစ်ခု ဖြစ်ခဲ့လေသည်။ သို့သော် ယခုအခါ တချို့ အရပ်ဒေသများ၌ မပေး မနေရသဘော မဟုတ်တော့ဘဲ မိမိတို့၏ စေတနာနှင့် တာဝန်သိတတ်မှု သဘော အရ ပေးဆောင်သော အလှူဒါန အဖြစ် မှတ်ယူ ကျင့်သုံး နေကြလေပြီ။

ထိုသို့ ကိုယ့်သဘောနှင့်ကိုယ် လှူနိုင်စေကာမူ မည်သူကမျှ မိမိ ပေးသင့်သော ဇကာတ်ကို တမင်တကာ မပေးဘဲ လျစ်လျူရှု၍ နေခြင်းမျိုး မရှိခဲ့ကြပေ။ ထိုသို့ ဇကာတ် ပေးနိုင်လျက် မပေးဘဲ နေပါက ပတ်ဝန်းကျင် အရပ်က ပြစ်တင်ရှုတ်ချမည်ကို စိုးရိမ် စိတ်ပူတတ်ကြလေသည်။

၁။ Iman ၂။ qari ၃။ Salat

၄။ Zakat (or Zakah)

၄။ ရီဇာ [ရမ္မာဒမ် (ရမ်ဇမ်)]။ ဝါရှောင် လမြတ်တွင် ဥပုသ်ရက်ရှည် စောင့်ရခြင်းလည်း မွတ်ဆလင်တို့၏ အရေးကြီးသော ဘာသာရေး တာဝန်ကြီး တစ်ရပ် ဖြစ်၏။ နာမကျန်း ဖြစ်သူများ၊ အိမ်မင်းမစွမ်း ရှိသူများမှအပ ကျန်လူများ အားလုံးသည် ဤလတွင် အစား စားခြင်းမှ ရှောင်ကြဉ်သော ဥပုသ် စောင့်ရန် တာဝန် ရှိသည်။ ရီဇာ စောင့်သည်ဟု ဆိုသည်။ ထိုသို့ ဥပုသ် စောင့်ခြင်းသည် မွတ်ဆလင်တိုင်းမှာ ကျရောက်သော တာဝန် ဖြစ်သည်။ အရဏ်တက်စ နံနက် မိုးမလင်းမီ (ချည်ဖြူ ချည်မည်း ခွဲခြား မမြင်ရမီ) အချိန်တွင် နံနက်စာကို စားပြီးနောက် အရဏ် တက်သည်နှင့် အစာ စားခြင်း၊ အရည် သောက်ခြင်း၊ ဆေးလိပ်၊ ကွမ်း အပါအဝင် ဘာကိုမှ ပါးစပ်ထဲ မထည့်ရ။ တံတွေးကိုပင် မျိုမချရ။ ညမိုးချုပ်စ (ချည်ဖြူ ချည်မည်း ခွဲမရသော) အချိန်ကျမှ ဝါဖြေရသည်။ ဝါဖြေသည် ဆိုသည်မှာ အစာ စားနိုင်ခြင်းကို ဆိုလိုသည်။

၅။ ဟာ့ဂျ် [၁] (ဘုရားဖူး သွားခြင်း)။ မွတ်ဆလင် ဘာသာဝင်တိုင်းသည် ဘဝ တစ်သက်မှာ တစ်ကြိမ် ယောကျ်ား ဖြစ်စေ၊ မိန်းမ ဖြစ်စေ မတတ်နိုင်သူ မဟုတ်လျှင် မက္ကာမြို့တော်သို့ 'ဟာ့ဂျ်' (ဘုရားဖူး သွားခြင်း) အမှုကို တာဝန် တစ်ခု အဖြစ် ပြုလုပ်ရသည်။ ထိုသို့ ပြုလုပ်နိုင်ရန် အတွက်လည်း အမြဲ မျှော်လင့်ချက် ထားရသည်။ မက္ကာမြို့တွင် လမြတ် *'ဓူးလ်ဟစ်ဂျာ'* [၂] ၌ တစ်နှစ်လျှင် တစ်ကြိမ် တစ်ကမ္ဘာလုံးက မွတ်ဆလင်များ စုပေါင်း ဝတ်ပြုပွဲကြီး ရှိသည်။ လူမျိုး ပေါင်းစုံ ဆုံတွေ့ရာ ပွဲကြီး ဖြစ်သည်။ ကာဘာ ကျောင်းတော်ကြီး အတွင်းရှိ ကျောက်တုံးနက်ကြီးကို လှည့်ပတ် ပြေးကြရပြီးနောက် ဘုရားဖူး အငယ် အဖြစ် ဇမ်ဇမ် ရေတွင်း ရှိရာသို့ သွားကြရသည်။ ပြီးလျှင် စွန့်လွှတ်ခြင်း ပွဲတော်ကြီး (ကော့ရဗာနီ) ကို ကျင်းပကြရသည်။

စစ်မက် အရေးအခင်း ကင်းသော ကာလ၌ ဘုရားဖူး လာသူများသည် မီးရထားဖြင့် ဖြစ်စေ၊ သင်္ဘောဖြင့် ဖြစ်စေ မက္ကာမြို့ အောက်ဘက်ရှိ ဆိပ်ကမ်းမြို့များသို့လည်း သွားကြသည်။ ကိုင်ရိုမြို့နှင့် ဂျေရုဆလင်မြို့များ အထိ ရောက်အောင်လည်း သွားကြသည်။

သို့သော် ရှေးခေတ် ရှေးအခါက ကုလားအုတ်များကို စီးပြီး ဝေးကွာသော အရပ်ဒေသများသို့ သွားခဲ့ကြ၏။ ခရီး အဆုံးတွင် အီရတ် နိုင်ငံရှိ ဘာဆရာ သဲကန္တာရကို ဖြတ်ကျော်သည် အထိ သွားခဲ့ကြ၏။ တချို့ကလည်း ကုန်သည်များ သွားရာ လမ်းကြောင်း အတိုင်း လိုက်၍ ယီမင်၊ ကိုင်ရိုသို့မဟုတ် ဒမတ်စကတ်မြို့များသို့ သွားတတ်ကြ၏။

မုဟမ္မဒ် လက်ထက်တော် အခါသို့ ရောက်သော အခါတွင်ကား ဘုရားဖူး သွားလာသူများ၊ ဆင်းရဲ ချမ်းသာ အယုတ် အလတ် အမြတ် မရွေး မက္ကာ မြို့တော်၏ မွန်မြတ်သော ကာဘာ ဝတ်ကျောင်းတော်သို့ ဘုရားဖူး သွားကြရ၏။ ဝတ်ကျောင်းတော်သို့ မဝင်မီ ဦးစွာ အစွန်းအထင်း ကင်းသော ဝတ်ဖြူစင်ကြယ်ကို ဝတ်ဆင်ကြရသည်။ ဥပုသ်သီလကို စောင့်ထိန်းရသည်။ နေ့ အချိန်တွင် အစာ လုံးဝ မစားရ၊ အရည် လုံးဝ မသောက်ရ၊ ကိလေသာ ကာမဂုဏ် ချုပ်တည်းခြင်းကို ပြုကြရသည်။ သူ့ အသက်ကို သတ်ခြင်း၊ ပါဏာတိပါတ ကံကို ရှောင်ကြဉ်ရသည်။ ထိုသို့ သူ့ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရာတွင် တိရစ္ဆာန်၏ အသက်ကိုသာမက သစ်ပင်၊ ဟင်းသီး ဟင်းရွက်၊ ပန်းမန်များကိုပင် မချိုးရ၊ မသတ်ရ။

ဤကား နိုင်ငံတကာမှ ရောက်လာကြသော ဘုရားဖူးများ လိုက်နာကြရသော အကျင့် စရဏ၏ ပထမ အစမျှ ဖြစ်၏။ ဘယ် လူမျိုးပဲ ဖြစ်ဖြစ်၊ ဘာ စကားပဲ ပြောပြော အယုတ် အလတ် အမြတ် မရွေး လူမျိုး မခွဲခြားဘဲ တစ်ညီ တစ်ညွတ်တည်း တစ်လုံးတစ်စည်းတည်း ဘုရား ဝတ်ပြုနိုင်အောင် စီစဉ် ဆောင်ရွက်ထား၏။

မက္ကာမြို့တွင် အဓိက ထား၍ ပြုလုပ်ရသော ဝတ်ပြုမှု အစီအစဉ်မှာ ကာဘာ ကျောက်နက်တုံးကြီးကို ခုနစ်ခေါက် လှည့်ပတ်၍ ဝတ်ပြုရခြင်း ဖြစ်၏။ ထိုသို့ ကျောက်နက်တုံးကြီးကို လှည့်ပတ် ပြေးကြရာတွင် ပထမ သုံးပတ်ကို အမြန် ပြေးကြရသည်။ နောက် လေးပတ်ကို ဖြည်းဖြည်း လှည့်ပတ်ကြရသည်။ တစ်ပတ် ပြေးပြီးနောက် ကျောက်နက်တုံးကြီးကို အရှေ့တောင် အရပ်၌ ရပ်ပြီး နမ်းကြရသည်။

အကယ်၍ လူစု လူဝေး ကြီးမားလွန်းလျှင်ကား ကျောက်တုံးကြီးကို နမ်းရန် အခက်အခဲ ရှိသည့် အတွက် လက်ဖြင့် လှမ်းကိုင်ခြင်း၊ တုတ်ဖြင့် ထောက်ခြင်းလောက်ကိုသာ ပြုလုပ်နိုင်ကြသည်။ တစ်ခါတစ်ရံ လှမ်းကြည့်ရုံမျှသာ လှမ်းမျှော် ကြည့်ရလေသည်။

ဒုတိယ ပြုလုပ်ရသော ဝတ်ပြုမှု အစီအစဉ်ငယ်မှာ ပခုံးဖြင့် လေးဖက် တွား၍ *ဆာဖာနှင့် မာဝါဟ်* [၃] အကြားတွင် ခုနစ်ခေါက် သွားကြရသည်။ တောင်ကုန်းငယ် နှစ်ခု အကြားရှိ တောင်ကြား လွင်ပြင်ငယ် ဖြစ်၏။ ဤသို့ ပြု

၁။ Hajj

၂။ Dhu'l-Hijja

၃။ Safa and Marwah

ခြင်း သဘောမှာ အစ္စမိုင်အီးလ် သားငယ် အတွက် ရေ ရှာရန် ပူဆွေးသောက ရောက်နေသူ ဟဂ္ဂါ၏ ဘဝ ဖြစ်ရပ်ကို သတိရ အောက်မေ့ဖွယ်ရာ အမှတ်တရ အတုအပ ပြုလုပ်ခြင်း ဖြစ်သည် ဆို၏။

ဇူးလ်ဟစ်ဂျာ လမြတ်၏ ရှစ်ရက်မြောက်သော နေ့တွင် မဟာ ဘုရားဖူးခြင်း အစ ပြုတော့သည်။ ဘုရားဖူးပရိသတ်သည် အစုလိုက် အဝေးလိုက်ကြီး အရှေ့ဘက် အရပ်ရှိ တစ်နေ့တာ ခြေကျင် ခရီးဖြင့် သွားရသော *အာရာဖာ* [၁] သို့ သွားကြရသည်။ တချို့က လမ်းတစ်ဝက်ရှိ *မုနာ* [၂] တွင် တစ်ညအိပ် ရပ်နားပြီးမှ သွားကြသည်။ ထိုညတွင် တစ်ညလုံး ကမ္မဋ္ဌာန်း ဘာဝနာ တရားကို ပွားများ အားထုတ်ကြလေသည်။ အခြား လူများက မုနာတွင် ရပ်နားခြင်း မပြုဘဲ အာရာဖာသို့ ရောက်သည်အထိ ဆက်သွားကြသည်။ နောက်နေ့တွင် ဘုရားဖူးများ အားလုံး ရောက်လာပြီးနောက် နေမွန်းတည့်သော အချိန်မှ စ၍ နေဝင် မိုးချုပ်သော အချိန်အထိ အာရာဖာ ကွင်းပြင်တွင် ဖြည်းညင်းစွာ လှည့်လည်သွားလာနေကြရသည်။ စင်္ကြံ လျှောက်ပြီး တရား ရှုမှတ်သလို သမထ ဘာဝနာ တရားကို ပွားများနေကြခြင်း ဖြစ်သည်။ နေဝင် မိုးချုပ်သော အခါ သူတို့သည် တစ်လုံးတစ်ခဲတည်း မက္ကာ မြို့ဘက်သို့ ပြန်၍ ပြေးကြရသည်။ မက္ကာ မြို့သို့ သွားရာ လမ်း၏ လေးပုံ တစ်ပုံ ဝေးသော *မုဇဒါလီဖာ* [၃] သို့ အရောက် ပြေးကြသည်။

ထိုနေရာသို့ ရောက်သောအခါ လွင်တီးခေါင်ထဲမှာ ညအိပ် ရပ်နားကြရလေသည်။ မိုးသောက် အရုဏ် တက်သည်နှင့် သူတို့သည် မုနာသို့ ခရီး ဆက်၍ သွားကြရသည်။ ထိုနေရာသို့ ရောက်သောအခါ ဘုရားဖူး ပုဂ္ဂိုလ်တိုင်းသည် တောင်ခြေလမ်း ရှိရာဘက်သို့ ကျောက်စရစ် ခုနစ်လုံးစီ ပစ်ချကြရသည်။

ထိုသို့ ကျောက်စရစ် တစ်လုံးစီ ပစ်ချသော အခါတိုင်းမှာ နှုတ်ကလည်း 'အလ္လာဟ် အရှင်မြတ်၏ နာမတော်သည် အလုံးစုံ တန်ခိုး အာနုဘော်ဖြင့် ပြည့်စုံတော်မူပါ၏' ဟုလည်း အော်ဟစ် ပြောဆိုကြရလေသည်။ (အာရဗီဘာသာဖြင့် မစ္စမစ်လာ ဟိအလ္လာဟိုအက္ကဗရ် ဆိုရသည်။) ဤကဲ့သို့ ကျောက်စရစ်ခဲ ပစ်ချခြင်း ကိစ္စ ပြီးသော ပုဂ္ဂိုလ်သည် ပွဲတော်ကြီးကို ကျင်းပ ပြုလုပ်နိုင်ပြီ ဖြစ်သည်။ စွန့်လွှတ်ခြင်း ပွဲတော်ကြီး (ကုရ်ဘာနီ) ဟု ခေါ်သည်။ ကုလားအုတ် တစ်ကောင်၊ သိုးတစ်ကောင် သို့မဟုတ် ဦးချို ရှိသော သတ္တဝါ တစ်ကောင်ကို စွန့်လွှတ် သတ်ဖြတ်၍ ပူဇော်နိုင်ပြီ ဖြစ်၏။ ထိုသို့ ပြုလုပ်သော အခါ ဘုရားဖူးများ ရွတ်ဆိုရသော ဆုရာကို စိတ်ထဲက ရွတ်ဆို၍ ပြုကြရသည်။

ကုရ်ဘာနီ ဟု ခေါ်သော စွန့်လွှတ်ခြင်း ပွဲတော်ကို ကျင်းပ ပြုလုပ်ခြင်းနှင့် စပ်သော ပညတ်ချက်များ များစွာ ရှိသည်။ ကုရ်ဘာနီ အသားကို သုံးပုံ ပုံ၍ တစ်ပုံကို မိမိ အိမ်သားများဖို့ ချန်ထားခြင်း၊ တစ်ပုံကို ဆွေမျိုးသားချင်း အသိ မိတ်ဆွေများအား ပေးဝေခြင်း၊ ကျန်တစ်ပုံကို ဆင်းရဲသားများအား၊ ရပ်၍ ကြည့်နေသော ဘုရားဖူး ပရိသတ်အား မည်သူ မည်ဝါ မခွဲခြားဘဲ ပေးစွန့် လှူဒါန်းရမည်။

နောက်သုံးရက်မှာ စားသောက် ပျော်ရွှင်ပွဲများ ပြုကြပြီးနောက် နောက်ဆုံး ဝတ်ပြုရန် အတွက် မက္ကာ မြို့တော်သို့ ပြန်လာကြရသည်။ ထို့နောက် ကာဘာ ကျောက်နက်တုံးကြီးကို ရှေးက လှည့်ပတ်သလို နောက်တစ်ကြိမ် လှည့်ပတ်ပြီး ဝတ်ပြုကြရလေသည်။

## အင်ဆန်း (ဖြောင့်မတ် မှန်ကန်သော အပြုအမူ)

မွတ်ဆလင် ကမ္ဘာ တစ်ခုလုံးက သူတို့ ကျင့်သုံး လိုက်နာရမည့် အကျင့်သီလ စရဏဆိုင်ရာ ဥပဒေ စည်းကမ်းချက်များကို အခြေခံအားဖြင့် ကုရ်အာန် ကျမ်းတော်ထဲမှ ထုတ်ယူကြရလေသည်။ မုဟမ္မဒ် သခင်သည် သူ၏ နောက်လိုက်များ ပြုမူ ကျင့်ကြံကြရမည့် အပြုအမူ ဆိုင်ရာ စည်းကမ်း နည်းလမ်းများ အပေါ် လွန်စွာ အရေးထား၍ စဉ်းစား တွေးခေါ်ခဲ့လေသည်။ ထို ယုံကြည် ကိုးကွယ်သူများ အတွက် ပြည့်ပြည့်စုံစုံ တရား ဓမ္မသတ် အစီအရင်များကို ထားရှိရမည် ဖြစ်ကြောင်းကိုလည်း ထုတ်ဖော် ပြောဆိုခဲ့လေသည်။

ထိုနည်းဖြင့် သူ၏ နောက်လိုက်များ၏ အကျင့် သီလ အဆင့်အတန်းကို ရှေးကထက် တစ်ညီတစ်ညွတ်တည်း တစ်သဘောတည်းဖြင့် မြင့်မားလာအောင် ဆောင်ရွက်တော်မူလေသည်။

လူမျိုးစု အလိုက် ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် ကျင့်သုံးနေကြသော ကွဲပြားသော အကျင့်သီလများ အစား မွတ်ဆလင် ဘာသာဝင် အားလုံးသည် ညီရင်းအစ်ကိုများသဖွယ် တစ်သွေးတည်း တစ်သားတည်း ဖြစ်စေသော ပိုမြင့်သော အကျင့်သီလ စရဏများကို ချမှတ် ပေးတော်မူလေသည်။ .

၁။ Arafah
၂။ Muna
၃။ Muzadalifah

အောက်တွင် မွတ်ဆလင် အမျိုးသား အမျိုးသမီးတိုင်း မွေးဖွားသည်မှ အစ သေသည့်တိုင် လိုက်နာ ကျင့်သုံးရမည့် ဓမ္မသတ် စည်းမျဉ်းများ အနက် အချို့ကို ရွေးနုတ်၍ အမြွက်မျှ ဖော်ပြပါမည်။ မုဟမ္မာဒ် သခင် ချမှတ်ခဲ့သော ထို စည်းကမ်းများသည် မည်မျှလောက် အသစ် ပြုပြင်လိုသော သဘော ရှိကြောင်း သိသာ ထင်ရှားသည်။ အရက်သေစာ သောက်စားခြင်းနှင့် လောင်းကစားခြင်းကို တားမြစ်သော သိက္ခာပုဒ်၊ ကာမေသုမိစ္ဆာစာရ ကံကို ကျူးလွန်ခြင်းကို တားမြစ်ပြီးနောက် အမျိုးသမီးများ၏ ဂုဏ်သိက္ခာ အဆင့် အတန်းကို မြှင့်တင် သတ်မှတ်ပေးသော ဥပဒေ သိက္ခာပုဒ် စသည်တို့သည် သူ၏ နောက်လိုက်များ စိတ်တွင် အကြီး အကျယ် အပြောင်းအလဲကို ဖြစ်စေသော ဘဝနေနည်း ဖြစ်သည်ဟု ထိတွေ့ ခံစားရပေမည်။

ဘုရား တရား ကြည်ညိုခြင်း ဆိုသည်မှာ အရှေ့ဘက် အရပ်သို့ လည်းကောင်း၊ အနောက်ဘက် အရပ်သို့ လည်း ကောင်း မျက်နှာမူခြင်း မဟုတ်၊ ဘုရားသခင်ကို ယုံကြည် လေးစား ကိုင်းရှိုင်းခြင်းပင် ဖြစ်၏။ နောက်ဆုံး တရား စီရင်မည့် နေ့ကို ယုံကြည်ခြင်း၊ ကောင်းကင် တမန်တော် များကို ယုံကြည်ခြင်း၊ ကုရ်အာန် ကျမ်းစာတော်ကို ယုံ ကြည်ခြင်း။ မိမိ၏ စည်းစိမ် ချမ်းသာကို ဆွေမျိုးသားချင်း များ၊ မိဘမဲ့ ကလေးများနှင့် မရှိ ဆင်းရဲသားများအား ခွဲဝေ စွန့်ကြဲခြင်း၊ ထို့ပြင် ခရီးသွားများ၊ သူတောင်းစားများကို လည်း ပေးကမ်း စွန့်ကြဲရမည်။ အချုပ် အနှောင် ခံရသူများ အား ရွေးယူရန် လွတ်ငြိမ်းခွင့် အဖိုးအခကိုလည်း ပေးရ မည်။ ဘုရား ဝတ်ပြုခြင်းကိုလည်း ငါးကြိမ် ပြုလုပ်ရမည်။ ထို့ပြင် ဥပဒေ အရ ပေးဆောင်ရန် တာဝန် ရှိသော အလှူ ငွေ (ဇကာ့တ်) ကိုလည်း ပေးရမည်။ နာမကျန်း ဖြစ်နေ သူများ၊ အခက်အခဲ ကြုံတွေ့နေသူများကိုလည်း ကူညီ မစ ရမည်။ ဘေးဒုက္ခ ကြုံတွေ့နေကြရသော အချိန် ကာလ၌ ဘုရားသခင်ကို ကြောက်ရွံ့သောသူများ၊ တရားသဖြင့် ကျင့် ကြံသောသူများကိုလည်း ကူညီ ထောက်ပံ့ကြရမည်။

ဘုရားသခင်က သိဒ္ဓိ တင်ပေးထားသော သင့် မိဘ များ အသက်အရွယ် ကြီးရင့်သော အခါ သူတို့အား 'ထွီ၊ ဖွီ' ဟု မလိုမုန်းထားသော စကားကို မဆိုရ။ အစဉ် လေး စား ချစ်ခင်စွာ ဆက်ဆံရမည်။

ထို့ပြင် နှိမ့်ချ ရိုသေစွာဖြင့် မိဘ အလိုသို့ လိုက်၍ ကြင်ကြင်နာနာ ချိုချိုသာသာ ပြောဆို ဆက်ဆံကြရမည်။ 'အဖေ အမေတို့ကို အလ္လာ အရှင်မြတ်က သနား ကရုဏာ ထားတော်မူပါလိမ့်မယ်' မိဘများသည် မိမိ ငယ်စဉ် အခါ က သနား ကရုဏာ ထား၍ ပြုစု ကျွေးမွေး စောင့်ရှောက် ခဲ့သောကြောင့် ဖြစ်၏။

သားသမီးများကို ကျွေးရ မွေးရမည်ကို စိုးရိမ်ပြီး မရှိ ဆင်းရဲခြင်းကြောင့် သတ်မပစ်ပါနှင့်။ ဘုရားသခင်က သူ တို့ကို သင်တို့ အတွက်ရော သူတို့ အတွက်ပါ လိုအပ်၍ ပေးထားတော်မူခြင်း ဖြစ်၏။ အမှန်မှာ ကလေး သူငယ် များအား ဆင်းရဲမည် စိုး၍ သတ်ဖြတ်ပစ်ခြင်းသည် ကြီး မားသော ကောက်ကျစ် စဉ်းလဲမှုပင် ဖြစ်၏။

သူတစ်ပါး အိမ်ရာကို မပြစ်မှားရ။ ဤကား ကာမေ သုမိစ္ဆာစာရ ကံကို ကျူးလွန်ခြင်း ဖြစ်၏။

အလေး ချိန်ခွင်၊ တင်းတောင်း အတိုင်းအတာကို မစဉ်းလဲရ။ ကိုက်ပြည့်၊ တောင်းပြည့်၊ တင်းပြည့်၊ အလေး ပြည့် ပေးရမည်။

ထို့ပြင် မိဘမဲ့ ကလေး သူငယ်များ (ယတင်မ်) ကို လည်း သူတို့မှာ လိုအပ်သော ပစ္စည်းများကို ပေးကမ်း စွန့်ကြဲရမည်။ သူတစ်ပါး၏ တန်ဖိုး ရှိသော အရာကို မိမိ မှာ အသုံး မဝင်တော့သည့် အရာဝတ္ထုဖြင့် အစား မထိုးပါ နှင့်။ သူတစ်ပါး ပစ္စည်းကို မိမိ ပစ္စည်းထဲသို့ ရောပေါင်း ထည့်ပြီး မတရား လုယက်၍ မစားပါနှင့်။ ထိုသို့ ပြုလုပ် ခြင်းများ အားလုံးသည် ပြစ်မှုကြီး ကျူးလွန်ခြင်း မည်၏။

မိဘမဲ့ ကလေးသူငယ်များကို သူတို့ အရွယ် ရောက် ပြီး အိမ်ထောင် ပြုသည့် အချိန် အထိ စမ်းသပ် စစ်ဆေးပါ။ သူတို့ လုပ်သော အလုပ်နှင့် သင့်မသင့် ရာမရာကို စိစစ်ပါ။ သူတို့မှာ ရှိုင်းရှိုင်းချိန်ချိန်နှင့် ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်နိုင်ပြီ ဆိုမှ ထိုအလုပ် တာဝန်ကို သူတို့အား လွှဲအပ်ပေးပါ။ ပေါ့ ပေါ့ဆဆ လျင်လျင်မြန်မြန်နှင့် ယုံပြီး မလွှဲအပ်ပါနှင့်။

ဇကန် အမှန်ပင် မိဘမဲ့ ကလေးများကို လွဲမှားစွာ ပြုမူသူအား ငရဲ မီးလျှံ၏ ဝါးမျိုခြင်းကို ခံကြရမည် ဖြစ် ၏။

သင်၏ မျက်စိ အမြင်၌ မိန်းမကောင်းဟု ယူဆသော အမျိုးသမီးကို သင် လက်ထပ်ပါ။ သင်က တန်းတူရည်တူ ထားနိုင်လျှင် တစ်ယောက် နှစ်ယောက် သုံးယောက် လေး ယောက် အထိ လက်ထပ်ပါ။ သို့သော် မယား အားလုံးကို တန်းတူ အခွင့်အရေး ထပ်တူ မထားနိုင်လျှင် တစ်ဦး တစ်ယောက်တည်းကိုသာ လက်ထပ်ပါ။ သို့မဟုတ်လျှင် သင်ပိုင်သော ကျေးကျွန်ထဲမှ မိန်းမကို လက်ထပ်ယူပါ။ ထိုသို့ ပြုလုပ်ခြင်းဖြင့် သူ့အပေါ် တရား မျှတစွာ ကျင့်ရာ ရောက်သည်။ အမျိုးသမီးများအား သူတို့ ရထိုက်သော မင်္ဂလာ လက်ဖွဲ့ပစ္စည်း၊ တင်တောင်းသော ပစ္စည်းကို လွတ်

လွတ်လပ်လပ် ပေးရမည်။ ထိုသို့ ပေးအပ်ခြင်းဖြင့် သူတို့သည် ချမ်းချမ်းသာသာ အကျိုးရှိရှိ နေနိုင်အောင်လည်း ဆောင်ရွက်ပေးသင့်သည်။

အမျိုးသမီး တစ်ဦးကို သင်က ကွာရှင်းသော အခါ သို့မဟုတ် သူ့ကို အဝေး ရပ်ခြား တစ်နေရာသို့ ပေးပို့ရသော အခါ သူတို့အား ရက်ရောစွာ ပေးကမ်းရမည်။

ရက်ရောစွာ လေးလ အတွင်း ပြန်ပေါင်းလိုက ပေါင်းနိုင်သည်။

မိခင် ဖြစ်ပြီးသောသူကို ကွာရှင်းလျှင် သူမ၏ သားသမီးများက သူမထံတွင် နှစ်နှစ်တိုင်တိုင် နို့စို့ခွင့် ပေးရမည်။

ဖခင် လုပ်သူက နို့စို့ခြင်းကိစ္စ ပြီးစီးစေလိုသော အခါ ဖခင်က ထိုကလေးများ၏ စားဝတ်နေရေး တာဝန် အားလုံးကို တရားသဖြင့် ဖြစ်အောင် တာဝန်ယူ လုပ်ဆောင်ရမည်။

အကယ်၍ မိမိ ကလေးများ အတွက် နို့ထိန်းသည်ကို ငှားလိုလျှင်လည်း ထိုသို့ ပြုလုပ်ခြင်းသည် ဖခင်ဘက်က အပြစ် ကျူးလွန်ခြင်း မဟုတ်ပေ။

အကယ်၍ သင်က ဇနီး မယားများကို ကွာရှင်းလိုက်ပြီးနောက် သူတို့သည် သင့်လျော်သော အခြားသူနှင့် လက်ထပ်ရန် အချိန်အခါကို စောင့်ပြီး လက်ထပ်လျှင်လည်း ထိုသို့ သူတို့၏ လက်ထပ်ခြင်းကို အတားအဆီး မပြုရ။ (ထုံးစံမှာ ကွာရှင်းပြီး မိန်းမသည် သုံးလ ကြာပြီး နောက်တွင် အိမ်ထောင်သစ် ပြုနိုင်သည်။)

ဘုရားသခင် အတွက် တိုက်ခိုက်ရသော တိုက်ပွဲတွင် မိမိက မိမိအား ဆန့်ကျင်သူကို တိုက်ခိုက်ရာတွင် မိမိက လက်ဦးအောင် တိုက်ခိုက်ခြင်းသည် မတရား ကျင့်ရာ ကျသည်။ ထိုကဲ့သို့ ကိုယ်က စတင် တိုက်ခိုက်၍ မတရား ပြုကျင့်ခြင်းကို ဘုရားသခင် လုံးဝ မနှစ်သက်ပေ။ တရားဥပဒေ အုပ်စိုးမှု လုံးဝ မရှိတော့သော အခါ ကျမှသာ ထိုရန်သူတို့ကို တိုက်ခိုက်ကြရမည်။ ရှိခိုး ဝတ်ပြုခြင်းသည် ထာဝရ ဘုရားသခင် အတွက်သာ ဖြစ်စေရမည်။ သို့သော် ချုပ်တည်း၍ ခုခံ တိုက်ခိုက်ခြင်း မပြုဘဲ နေသူများကို ရန်မပြုရ။ သူတို့အား စဉ်းလဲခြင်းမှ ကယ်တင်ကြရမည်။

သူတို့က အရက်သေစာ သောက်စားခွင့်၊ လောင်းကစားခွင့်ကို တောင်းဆိုသော အခါ ထိုနှစ်ခုစလုံးသည် ဒုစရိုက်များ၊ အပြစ်များသာ ဖြစ်ကြောင်း ပြောပါ။ သူတို့၏ အကျိုးထက် အပြစ်က ပို၍ ကြီးလေးကြောင်းကို နားလည်အောင် ပြောပါလော့။

အစ္စလာမ် ဘာသာ အယူဝါဒ အရ စားခွင့်ပြုသော အသားများ၊ စားခွင့် မပြုသော အသားများကိုလည်း ခွဲခြားထားလေသည်။

ကျွဲ နွား ကြက် ဘဲ ဆိတ် စသည်တို့ကို မိမိတို့ ဘာသာ ကျန်းမာရေးနှင့် ညီညွတ်အောင် သွေးထုတ် သတ်ဖြတ်သော (ဟလာလ်) အသားကို စားရသည်။ သူ့အလိုလို သေသော အသား၊ ဝက်သား၊ သွေးနှင့် ယဇ်နတ် ပူဇော်သော အသား (အလ္လာဟ် အရှင်မြတ်ကို ပူဇော်သော အသား မှတစ်ပါး အခြား နတ်များကို ပူဇော်သော အသားများကို မစားရ။)၊ မြားဖြင့် ပစ်ခတ် သတ်ဖြတ်သော တိရစ္ဆာန်၏ အသား၊ အမြင့်မှ လိမ့်ကျပြီး သေဆုံးသော တိရစ္ဆာန်၏ အသား၊ သားရဲတိရစ္ဆာန် အချင်းချင်း သတ်ဖြတ် စားသောက်၍ ကြွင်းကျန်သော သားကြွင်းများကိုလည်း မစားအပ်ချေ။

ကျောက်တုံး ကျောက်ခဲများပေါ်မှာ တင်ပြီး ယဇ်နတ် ပူဇော်ထားသော သားကောင်၏ အသားကိုလည်း မစားရ။ တားမြစ်တော်မူသည်။

ယနေ့မှ စ၍ သင်၏ ယုံကြည် ကိုးကွယ်ရာ ဘာသာကို စွန့်ပယ်သွားသော သူကို ငြိငြင်အောင် ပြုပါ။ ထို့ပြင် သူတို့ကို သင် ကြောက်ရမည် မဟုတ်၊ ငါကိုယ်တော် အရှင်မြတ်ကိုသာ သင်တို့က ကြောက်ရွံ့ ရှိသေကြရမည် ဖြစ်၏။

အာရပ် လူမျိုးများသည် မိမိတို့ နေထိုင်ရမည့် နိုင်ငံသို့ တစ်စုတစ်စည်းတည်း ရောက်ရှိ မလာသေးမီ အခြေအနေတွင် ရှေ့တွင် ဘာဖြစ်လာမည်ကိုလည်း ကြိုတင် မှန်းဆ၍ မရသေးမီ မုဟမ္မာဒ် သခင် ပြဋ္ဌာန်းသော ကုရ်အာန် ကျမ်းတော်ထဲပါ ဓမ္မသတ် ဥပဒေ စည်းမျဉ်းများသည် ထိုခေတ် ထိုအခါက အခြေအနေများ အရကား ပြည့်စုံ လုံလောက်သည်ဟု ဆိုထိုက်ပါသည်။

## ၄။ အစ္စလာမ် ဘာသာ ပြန့်ပွားလာခြင်း

အစ္စလာမ် ဘာသာ စတင် ပြန့်ပွားသော ရှေးဦး ကာလသည် အလို မတူဘဲ အမွေ ပြုသော ကိုယ့် အလိုဆန္ဒသို့ ပါအောင် ပြုသော အကျိုး ရလဒ်ကြောင့် ဖြစ်လေသလားဟု သံသယ ဖြစ်ဖွယ် ရှိ၏။ ဤ အစ္စလာမ် ဘာသာ ပြန့်ပွားပုံမှာ အမြင် ကျယ်သော ကမ္ဘာ လောကကြီးကို ကယ်တင်ရန် အလို့ငှာ ဖြစ်သော ဘာသာရေး လှုပ်ရှားမှု သက်သက် ဖြစ်သည်ဟု မွတ်ဆလင်များကရော အလယ်ခေတ် ခရစ်ယာန် ဘာသာဝင်များကပါ ထိုသို့ မရှုမြင်ကြပေ။

တချို့ ပညာရှင်များက အစ္စလာမ် ဘာသာ ပြန့်ပွားလာခြင်းသည် လောဘ အလိုသို့ လိုက်၍ ပြုသော ဘာသာရေး ဟန်ဆောင်မှု တစ်ခုသာ ဖြစ်သည် ဟူ၍ပင် စိစစ် လေ့လာခဲ့ကြသည်။

ဤတွင် ဘာသာရေး သဘောရော လောဘ သဘောရော နှစ်ခုစလုံး ပါဝင်နေကြောင်း၊ သို့သော် ဤတွင် ထူးခြားသော အချက် တစ်ခုမှာ မုဟမ္မာဒ် သခင်သည် ပထမဆုံး အကြိမ် အာရေဗျ သမိုင်းတွင် လှည့်လည် သွားလာနေကြသော လူမျိုးစုငယ်များ အားလုံးကို တစ်စုတစ်စည်းတည်း ဖြစ်အောင် စုစည်း ဆောင်ရွက်နိုင်ခဲ့သော ပုဂ္ဂိုလ် ဖြစ်ကြောင်းကား ထင်ရှားလှပေသည်။

ထိုကဲ့သို့ လူမျိုးစုကလေးများကို တစ်ဆူတည်းသော ဘုရားသခင်ကို ကိုးကွယ်သော ဘာသာရေး အမြင်ကို ခံယူကာ စည်းလုံး ညီညွတ်စေခြင်းအားဖြင့် ထိုသူတို့သည် အင်အား ကြီးမားသော စစ်အုပ်စု တစ်စု ဖြစ်လာလေတော့သည်။

စီးပွားရေး အရရော၊ ဘာသာရေး အရရော စုစည်း ချည်နှောင်မိသော အခါ သူတို့သည် သဲကန္တာရထဲမှ ထွက်ပြီး သူတို့ကို လက်ပြပြီး ခေါ်နေသော မြေပြန့် မြေကောင်းများ ရှိရာသို့ ဆင်းလာကြလေတော့သည်။

အစပိုင်းတွင် မြေပြန့်ရှိ မြို့ရွာများကို အလုံးအရင်းနှင့် ဝင်ရောက် တိုက်ခိုက် လုယက်ပြီးနောက် ရသမျှ တိုက်ရာပါ ပစ္စည်းဥစ္စာများကို ယူပြီး သဲကန္တာရထဲသို့ ပြန်ဝင်ပြေးကြရန် ရည်ရွယ်ခဲ့ကြသည်။

သို့ရာတွင် ထိုအချိန်တွင် *ဘိုင်ဇန်တိုင်* [၁] နှင့် *ပါသျှန် အင်ပိုင်ယာ* [၂] သည် အင်အား ချည့်နဲ့နေပြီ ဖြစ်၏။ တစ်ဖက်နှင့် တစ်ဖက် ယှဉ်ပြိုင် တိုက်ခိုက်နေခဲ့ရသည်မှာ ကြာပြီ ဖြစ်၍ ခြေကုန်လက်ပန်း ကျနေကြပြီ ဖြစ်၏။

ထိုကြောင့် မွတ်ဆလင် စစ်အုပ်စုက အနောက်မြောက်ဘက် တလွှားကို အလွယ်တကူ တိုက်ခိုက် သိမ်းယူကာ အမြဲတမ်း အုပ်စိုးနိုင်လေတော့သည်။

ထိုအချိန်ကျခါမှ အစ္စလာမ် ဘာသာကို ပြန့်ပွားအောင် ပြုလုပ်မည် ဆိုသော အတွက်အချက် သဘော စတင် ပေါ်ပေါက်လာသည်ဟု ပညာရှင်များက ဆိုကြသည်။

ခြုံပြီး ပြောရလျှင် မွတ်ဆလင်တို့၏ တိုက်ခိုက်အောင်မြင်မှုသည် ရှေးအခါက ဆင်းသက်ခဲ့သော လူမျိုးများ နောက်ဆုံး အကြိမ်နှင့် အကြီးကျယ်ဆုံး နယ်မြေ ပြောင်းရွှေ့ နေထိုင်ခြင်းကို ဖြစ်ပေါ်စေခဲ့လေသည်။

### အာဘူဘေကာနှင့်
### တိုက်ခိုက် အောင်မြင်မှု အတွက်
### အာရေဗျ စည်းလုံးရေး

မုဟမ္မာဒ် သခင် ရုတ်တရက် ကွယ်လွန်သွားသော အခါ သူသည် သူ့ကို အရိုက်အရာ ဆက်ခံမည့် သာဝက (ခလီဖာ) ကို ရွေးချယ် သတ်မှတ်ထားခဲ့ခြင်း မရှိပေ။ ထိုလုပ်ငန်း တာဝန်ကြီးကို ဘယ်သူ ထမ်းဆောင်မည် ဆိုသည်ကို သူ၏ နောက်လိုက်များက ရွေးချယ် ဆုံးဖြတ်ရမည့် အခြေသို့ ဆိုက်ရောက်လာလေသည်။ အရိုက်အရာ ဆက်ခံခြင်းသည် အမွေ ဆက်ခံခြင်း (သားစဉ်မြေးဆက်) သဘော ဖြစ်သင့်သလား၊ သို့မဟုတ် ထိုခလီဖာကို အရည်အချင်းနှင့် ပြည့်စုံသူများထဲက အများ သဘောတူ ရွေးချယ် တင်မြှောက်သင့်သလား ဆိုသော ပြဿနာသည် ဖြစ်ပေါ်လာလေသည်။

---

၁။ Byzantine　　၂။ Persian Empire

ထို အယူအဆ ပြဿနာ အပေါ် ရေးခေတ် မွတ်ဆလင် သမိုင်းတွင် နိုင်ငံရေး အုပ်စု (ပါတီ) သုံးခု အကြားတွင် ကွဲပြား ခြားနားသော အမြင် တစ်မျိုးစီ ရှိနေကြလေသည်။ တစ်ခုမှာ အပေါင်းအဖော်များဟု ခေါ်သော အုပ်စုဖြစ်သည်။ (ထိုသို့ ခေါ်ခြင်းမှာ မုဟမ္မဒ် သခင်၏ အနီးကပ်ဆုံး လုပ်ဖော်ကိုင်ဖက်များ၊ *မုဟာဂျီရင်* [၁] ခေါ် တိုင်းပြည်မှ ထွက်လာသူများနှင့် *အန်ဆာ* [၂] ခေါ် ထောက်ခံသူများ ဖြစ်သည်။) ထိုအုပ်စုကလည်း သူတို့သာလျှင် မုဟမ္မဒ်နှင့် အနီးကပ်ဆုံး နေထိုင်ခဲ့ကြသူများ ဖြစ်သောကြောင့် မုဟမ္မဒ်၏ အရိုက်အရာကို ဆက်ခံမည့်သူကို သူတို့ အုပ်စုထဲကသာ ရွေးချယ်သင့်သည်ဟု ဆိုလာကြသည်။

နောက်တစ်စုမှာ တရားဝင် ရထိုက်သူများဟု ခေါ်သူများ ဖြစ်သည်။ ထိုသူတို့က သားစဉ်မြေးဆက် နန်းမွေဆက်ခံခြင်း မူကို လက်ခံ ထားကြသူများ ဖြစ်လေသည်။ အရိုက်အရာ ဆက်ခံမည့် ခါလီဖာသည် မုဟမ္မဒ်၏ သားစဉ်မြေးဆက်ထဲကသာ ဖြစ်ရမည်ဟု ယူဆကြသည်။

ထိုသို့ သားစဉ်မြေးဆက် နန်းမွေ ဆက်ခံခြင်း သဘော အရ ဆိုလျှင် မုဟမ္မဒ် သခင်၏ သမီး ဖာတီမာ၏ ခင်ပွန်း၊ မုဟမ္မဒ် သခင်၏ သမက်လည်း တော်သူ ညီဝမ်းကွဲလည်း တော်သူသာ ရထိုက်သည်ဟု ဆိုကြသည်။

နောက်အုပ်စုမှာ မုဟမ္မဒ်တို့ မျိုးနွယ်စု ကုရိုက်ရှ်၏ အုပ်စုကွဲ တစ်ခု ဖြစ်သော အွမ္မာယာဒ် အဖွဲ့သို့ ရောက်လာသည်။ ထိုအုပ်စုသည် မုဟမ္မဒ်တို့ မျိုးနွယ်စု ခေါင်းဆောင်များလည်း ဖြစ်နေကြသည်။ သူတို့ကသာ မည်သူ ခါလီဖာ ဖြစ်သင့်သည် ဆိုသော ပြဿနာကို ဖြေရှင်း ပေးနိုင်မည့် အုပ်စု ဖြစ်လာလေသည်။

အပေါင်းအသင်းများ အုပ်စုက ပထမ တာဝန်ယူ ဆောင်ရွက်ကြရန် ကနဦး ဆုံးဖြတ်ချက်ကို ရရှိခဲ့လေသည်။ ထိုအုပ်စုထဲမှ အဘူဘေကာကို ခါလီဖာ အဖြစ် တင်မြှောက်ကြသည်။ ထိုသို့ ရွေးချယ်ခြင်း ခံရသူ လေးဦး အနက် ပထမ ပုဂ္ဂိုလ် ဖြစ်သည်။ သူ၏ ခါလီဖာ ရာထူး သက်တမ်းသည် တစ်နှစ်သာ ကြာသည်။ အဘယ်ကြောင့် ဆိုသော် အဘူဘေကာသည် တမန်တော်၏ နောက်သို့ လိုက်ပြီး စောစောစီးစီး ကွယ်လွန်သွားလေသည်။

သို့ရာတွင် သူ၏ အုပ်စိုးမှုသည် အချက် သုံးချက် အားဖြင့် မှတ်သားဖွယ် ကောင်းလေသည်။ သူ့လက်ထက်မှာ ကုရ်အာန် ကျမ်းမြတ်ကို စုစည်း ပြုစုနိုင်ခဲ့လေသည်။ မုဟမ္မဒ် ကွယ်လွန်တော်မူခြင်းကို အကြောင်း ပြုပြီး မုဟမ္မဒ်၏ အုပ်စိုးမှု အောက်မှ ခွဲထွက်ပြီး တလူတမင်း လုပ်ချင်သော ရိုတ်များကိုရော၊ ယခုတိုင် လက်အောက်ခံခြင်း မရှိသေးသော သူများကိုပါ အဘူဘေကာ လက်ထက်တွင် အနိုင်အမာ တိုက်ခိုက် သိမ်းသွင်းနိုင်ခဲ့လေသည်။ (ထိုသို့ တိုက်ခိုက် သိမ်းသွင်းသော စစ်ကို *ရီဒါ* [၃] စစ်ဟု ခေါ်သည်။) ထို့ပြင် နောက်ဆုံး အနေနှင့် ဤ အင်အားစု အားလုံးကို ရောနှော စုစည်းပြီး အပြင်ဘက်က ကမ္ဘာကို ထိုးစစ် ဆင်နိုင်ခဲ့လေသည်။ ခြေလျင် တပ်မကြီး သုံးခုကို လူ ၁၀၀၀၀ ဖြင့် ဖွဲ့စည်းခဲ့လေသည်။ မကြာမီ ထို စစ်သားအရေအတွက်၏ နှစ်ဆ ဖြစ်လာသည်။ လမ်းကြောင်း သီးခြားစီ ယူပြီး ဆီးရီးယားဘက်သို့ တစ်ကြောင်း ချီသည်။ ဤသို့ ချီခြင်းမှာ မုဟမ္မဒ် သခင် ချမှတ်ထားခဲ့သော အစီအစဉ် အတိုင်းပင် ဖြစ်သည်။ ဤထိုးစစ်များ၏ အောင်မြင်မှုကို အဘူဘေကာ မြင်တွေ့သွားခွင့် မရခဲ့ပေ။

## အွမ္မာနှင့် အောင်မြင်မှုများ

ဒုတိယ အရိုက်အရာ ဆက်ခံသူ သာဝက ခါလီဖာသည် *အွမ္မာ* [၄] ဖြစ်သည်။ (အရိုက်အရာကို ဆက်ခံသော နှစ်မှာ အေဒီ ၆၃၄ မှ ၆၄၄ အထိ) ဖြစ်သည်။

အွမ္မာသည် *ခါလစ် အီဗင်နာ့လ် ဝါလစ်* [၅] ကို စစ်သေနာပတိချုပ် ဗိုလ်ချုပ်ကြီး အရာမှာ ခန့်ထားပြီး အဝေးမှ စီမံ အုပ်ချုပ်လေသည်။ အရှေ့ အနီးပိုင်း ဒေသ၏ ကံကြမ္မာ တစ်ခုလုံးကို တွက်ဆထား သည်ထက်ပင် ပို၍ ပြောင်းလဲသွားအောင် ထိုဗိုလ်ချုပ်ကြီးက ပြုလုပ်နိုင်ခဲ့လေသည်။ ရှေးကျသော မြို့တော် ဒမတ်စကတ်ကို သိမ်းပိုက်ရန် အတွက် ခြောက်လကြာ မြို့ကို ဝိုင်းရံ ပိတ်ဆို့ထားပြီးမှ အေဒီ ၆၃၅ ခုနှစ်တွင် ထိုမြို့ ကျဆုံးလေသည်။

ခရစ်ယာန် တပ်များက မြို့ကို ပြန်လည် သိမ်းယူရန် အမိန့်ပေးခဲ့၏။ သို့သော် ဗိုလ်ချုပ်ကြီး ခါလစ်က ထိုးတွင်း ထက်မြက်သော ဉာဏ်အမြင် ရှိသူပီပီ ပို၍ အရေးသာမည့် အချက်အချာ ကျသော မဟာဗျူဟာ နေရာကို နောက်ဆုတ်ပြီး ရယူထားလိုက်သည်။ ဘိုင်ဇန်တိုင်း ဧကရာဇ် *ဟီရာကလီယပ်* [၆] က စစ်အင်အား ၅၀၀၀၀ ကို ဗိုလ်ချုပ်

---

၁။ Muhajirin
၂။ Ansar

၃။ Riddah
၄။ Omar
၅။ Khalid ibn-al Walid
၆။ Heraclius

ခါလစ်၏ တပ်များကို မောင်းထုတ်ပစ်ရန် စေလွှတ်လိုက်လေသည်။

အလွန် အပူ ပြင်းထန်ပြီး သဲများ ပူနေသော ရက်တွင် သဲကန္တာရထဲမှာ လှည့်လည်နေသော လူမျိုးစုများသာ ခံနိုင်သော ထိုရာသီဒဏ် ဖြစ်ပေါ်နေချိန်တွင် ဗိုလ်ချုပ် ခါလစ်သည် ဟီရာကလီယပ်၏ တပ်များကို အပြင်းအထန် ဝင်တိုက်ရာ အပြီးသတ် အောင်မြင်မှုကို ရရှိသွားလေသည်။ ဟီရာကလီယပ်၏ ညီ ခရစ်ယာန်တပ် ဗိုလ်ချုပ် သီယိုဒိုရပ်လည်း ထိုတိုက်ပွဲတွင် ကျဆုံးလေတော့သည်။ ဆီးရီးယားနိုင်ငံ တစ်ခုလုံး တောက်ရပ် တောင်တန်း အထိကို သိမ်းပိုက် ရရှိလေတော့သည်။ ဧကရာဇ် ဘုရင်လည်း ဆီးရီးယားကို ထာဝရ စွန့်လွှတ်သွားရလေတော့သည်။

ထိုကဲ့သို့ ဆီးရီးယား ကျဆုံးသွားသော်လည်း ဒမတ်စကတ် မြို့သူမြို့သား ခရစ်ယာန်နှင့် ဂျူးများ စိတ်ထဲတွင် မချမ်းမသာ မဖြစ်ကြပေ။ ဟီရာကလီယပ် ဧကရာဇ် ဘုရင် လက်ထက်က သူတို့သည် ဖိနှိပ်ခြင်း ဒဏ် အမျိုးမျိုးကို ခံစားခဲ့ကြရသည်။ ထို့ပြင် အာရပ်များသည် ပိုပြီး သဘောထား ကြီးကြသည်ကိုလည်း တွေ့ကြရသည်။ သိက္ခာလည်း ရှိကြသည်။ အာရပ် လူမျိုးများသည် ကုရ်အာန် ကျမ်းတော်က ပညတ်သော အချက်များ အတိုင်း လိုက်နာတတ်ကြသည်။ 'အကယ်၍ သူတို့က တိုက်ခိုက်ခြင်းကို ချုပ်တည်းလျှင် ထိုသူတို့ကို ရန်မူခြင်း မပြုရ' ဆိုသော ကုရ်အာန် ကျမ်းတော်လာ မုဂ္ဂပါဠ်တော် အရ ကျင့်သုံးကြသောကြောင့် ဒမတ်စကတ်မြို့က လက်နက် ချလိုက်ခြင်း ဖြစ်၏။

နိုင်ငံတကာ နိုင်ငံရေး အခြေအနေမှာ ထိရောက်စွာ ဖြစ်ထွန်းစ ပြုနေပြီ ဖြစ်၏။ ထိုအခါ မုဟမ္မဒ် သခင်၏ ရင်းနှီးသော လုပ်ဖော်ကိုင်ဖက်များထဲမှ အွဿမန်ကို တတိယ အရိုက်အရာခံ သာဝက (ခလီဖာ) အဖြစ် (အေဒီ ၆၄၄-၆၅၆) ရွေးချယ် တင်မြှောက်ကြလေသည်။ သူလည်း အွမ္မာယာဒ် မျိုးနွယ်စုဝင် တစ်ဦး ဖြစ်၏။ သူသည် သူ၏ မိသားစုဝင်များ ဖိအားပေးမှုကို အညံ့ခံရပြီး အွမ္မာယာဒ် လူမျိုးစုဝင် များစွာကို အရေးပါသော ရာထူး ဌာနန္တရ များ၌ ခန့်ထားရလေသည်။ ထိုသို့ ပြုလုပ်ခြင်းကို အပုပ်ချသော ကောလာဟာလ များစွာ ထွက်ပေါ်လာပြီးနောက် အွဿမန် နာမည် ပျက်ကာ မဒီနာမြို့တွင် မကျေနပ်သော မွတ်ဆလင်များက လုပ်ကြံ သတ်ဖြတ်လိုက်ကြလေသည်။

ထို့နောက် အလီ (မုဟမ္မဒ်၏ သားမက်လည်း ဖြစ် ညီအစ်ကို ဝမ်းကွဲလည်း ဖြစ်သူ၊ မုဟမ္မဒ်ကို ပထမဦးစွာ ယုံကြည် သက်ဝင်သောသူ တစ်ဦးလည်း ဖြစ်သူ) သည် ၆၅၆ ခုနှစ်တွင် ခလီဖာ အရိုက်အရာ ဆက်ခံသူ ဖြစ်လာသည်။ သူမှာ မုဟမ္မဒ် အနွယ်မှ ဆင်းသက်သော သားတော် နှစ်ဦး ထွန်းကားသည်။ သူ ခလီဖာ ဖြစ်လာရာတွင်လည်း ကန့်ကွက် အတိုက်အခံ ပြုသူ များစွာ ရှိသည်။

ထို ကန့်ကွက်သူများထဲတွင် *အိုင်ယေရှာ* [၁] လည်း ပါသည်။ အိုင်ယေရှာက အလီကို တစ်သက်လုံး ခွင့်မလွှတ်ခဲ့ပေ။

အကြောင်းမှာ သဲကန္တာရထဲမှာ ရတ်တရက် ဝင်ရောက်တိုက်ခိုက်သော တိုက်ခိုက်မှု အပြီး ပြန်လာသော အခါ အိုင်ယေရှာက မုဟမ္မဒ်ကို ဆက်လက် ပေါင်းသင်းခြင်း မပြုဘဲ နေသည်ကို အလီက သစ္စာ မဲ့သော မိန်းမဟု စွပ်စွဲခဲ့သောကြောင့် ဖြစ်၏။

အလီသည် အခြားသော အရိုက်အရာကို တောင်းဆိုသူ နှစ်ဦးကိုလည်း ရင်ဆိုင်ရသေးသည်။ သူ ရာထူး လက်ခံပြီးနောက်တွင် တတိယ ပုဂ္ဂိုလ် တစ်ဦး ပေါ်လာပြန်သည်။ ဆီးရီးယား ဘုရင်ခံ *မိုအာဝီယာ* [၂] ဆိုသူ ဖြစ်သည်။ သူလည်း အွမ္မာယာဒ် မျိုးနွယ်စုဝင် တစ်ဦးပင်ဖြစ်သည်။ သူသည် *အဘူ ဆူဖယန်* [၃] ၏ သား ဖြစ်သည်။

သူ့ကို ရာထူးမှ ဖယ်ရှားရန် ကြံစည် ပြုလုပ်သော လှုပ်ရှားမှုမှာ ကြောက်မက်ဖွယ် ကောင်းသော အခြေအနေသို့ ဆိုက်ရောက်လာပြီ ဖြစ်သောကြောင့် အလီသည် သူ၏ အုပ်ချုပ်ရေး ရုံးစိုက်ရာ မြို့တော်ကို မဒီနာမှ အီရတ်ရှိ *ကူဖာ* [၄] သို့ ရွှေ့ပြောင်းလိုက်လေသည်။ စစ်တပ်ကိုလည်း တည်ထောင်လိုက်လေသည်။

ထိုစစ်တပ်ဖြင့် အနောက်ဘက်သို့ ချီတက်ပြီးနောက် သူ၏ အတိုက်အခံများကို တိုက်ခိုက် နှိမ်နင်းခါနီး အချိန်တွင် သူက ရက်ရောသော သဘောဖြင့် အတိုက်အခံများ၏ အလိုသို့ လိုက်ကာ တိုက်ခိုက်ရေး အစီအစဉ်ကို သူက ဖျက်ပြီး ဖျန်ဖြေရေးကို သဘောတူ လက်ခံ လိုက်လေသည်။ ထိုအခါ သူ၏ နောက်လိုက်များ ကြားမှာ မခံမရပ်နိုင် ဖြစ်ပြီးလျှင် သူ့ကို အကြီးအကျယ် စိတ်ပျက်သွားကြပြီးနောက် သတ်ဖြတ် ပစ်လိုက်ကြလေတော့၏။

ဤ ဖြစ်ရပ်သည် ဘယ်သော အခါမှ မေ့မရနိုင်သော ဖြစ်ရပ် ဖြစ်ခဲ့ကြောင်းကို နောင်အခါ၌ တွေ့ကြရပေလိမ့်မည်။

---

၁။ Ayesha
၂။ Moawiya
၃။ Abu Sufyan
၄။ Kufah

ယခုအခါ အွမ္မာယာဒ်များက ခလီဖာ ရာထူးကို အပိုင်စီးသွားကြလေသည်။ မိုအာဝီယာသည် သူ့ကိုယ်သူ အလီကို အရိုက်အရာ ဆက်ခံသူ အဖြစ် ကြေညာလေတော့သည်။ ထိုအခါမှ စ၍ ဒမတ်စကတ် မြို့မှနေ၍ ခါလီဖာများ၏ အုပ်ချုပ်မှု စနစ်သည် ကာလ ကြာမြင့်စွာ တည်ရှိခဲ့လေတော့၏။

သို့သော် အေဒီ ၇၅၀ ခုနှစ်တွင် အာဘာဆစ်ဒ် ဆိုသူက ထိုအွမ္မာယာဒ်များကို နေရာတိုင်း၌ (စပိန်မှအပ) တွန်းလှန် တိုက်ခိုက်ပြီးနောက် မင်းနေပြည်ကို ဘဂ္ဂဒက်သို့ ပြောင်းရွှေ့ခဲ့လေသည်။ ထိုမြို့ကို တကယ့် မြို့တော်ကြီး အဖြစ် ပြန်လည် တည်ဆောက်လိုက်ကြသည်။ ကမ္ဘာ့ လမ်းဆုံ လမ်းခွကျသော နေရာမှာ မြို့တော်ကြီး တည်ဆောက်ခြင်း ဖြစ်၏။ ဘဂ္ဂဒက် မြို့တော်သည် အရှေ့တိုင်းမှာရော၊ အနောက်တိုင်းမှာပါ ကြွယ်ဝ ချမ်းသာခြင်း အတွက်ရော၊ ယဉ်ကျေးမှု အရရော၊ ပျော်ရွှင် တောက်ပမှု အရရော ထင်ပေါ် ကျော်ကြားသော မြို့တော် ဖြစ်လာလေသည်။

၄င်း မြို့တော်ကို အုပ်စိုးသော ခလီဖာမှာ *ဟာရွန်း အားလ်-ရာရှစ်ဒ်* [၁] (၇၁၆-၈၀၉) ဖြစ်လေသည်။ ထိုသူ၏ နောက်ပိုင်းတွင် နိုင်ငံရေး အာဏာ ကျဆင်းလာသည်။

နောက်ဆုံး၌ ၁၂၅၈ ခုနှစ်တွင် မွန်ဂို လူမျိုးများ၏ တိုက်ခိုက် သိမ်းပိုက်ခြင်းကို ခံခဲ့ရလေသည်။

ထိုအခါမှ စ၍ မွတ်ဆလင် အင်ပိုင်ယာကြီးလည်း အစိတ်စိတ် ကွဲသွားလေတော့၏။

နောက်ဆုံး၌ *အော်တိုမန် တူရကီ* [၂] များ အာဏာ ရရှိလာကြသည်။ ၁၃ ရာစု နောက်ပိုင်းတွင် ဖြစ်၏။ သူတို့သည် အရှေ့မိုင်းနား ကျွန်းဆွယ် တစ်ခုလုံးကို သိမ်းပိုက်နိုင်ခဲ့ကြလေသည်။ ဘော့ဖိုရပ်ကို ဖြတ်ကျော်ကာ ကွန်စတင်တီနိုပို မြို့ကိုပါ သိမ်းပိုက်ခဲ့ကြလေသည်။ ထိုမှ တစ်ဆင့် ဗီယင်နာမြို့ အရောက် သူတို့၏ တိုက်ခိုက် သိမ်းယူရေး အစီအစဉ်ကို ချမှတ်ခဲ့ကြသော်လည်း ဘော့စဖိုးရပ်မြို့ အနီးသို့ ရောက်သောအခါ အလုံးအရင်းနှင့် ပြန်လည် တွန်းလှန် တိုက်ခိုက်ခြင်းကို ခံခဲ့ရလေသည်။

## ၅။ ပထမ ငါးရာစု အတွင်း မွတ်ဆလင် အယူအဆ

ပထမ ခလီဖာ လေးဦး၏ ရိုးရိုးကုပ်ကုပ် နေခြင်းနှင့် တစ်စိတ်တစ်ဝမ်းတည်း ဖြစ်ခြင်း ရှိသော ခေတ်ကာလသည် ကြာရှည် မခံခဲ့ဘဲ ကုန်ဆုံးသွားခဲ့လေသည်။ အွမ္မာ လက်ထက်မှာ ထုတ်ပြန်သော ဥပဒေ အရ အာရပ် လူမျိုးများသည် အာရေဗျထဲမှာပင် တစ်သက်လုံး အမြဲတမ်း နေထိုင်ကြရမည်။ မြေပိုင်ရှင်များ၊ စစ်သွေးကြွများ အဖြစ် ကိုယ့်ဇာတိ ရပ်ရွာမှာသာ အမြဲ နေကြရမည် ဆိုသော ဥပဒေ စည်းမျဉ်းများမှာ မကြာမီပင် မရှောင်မလွှဲသာဘဲ ပြုပြင်ပြောင်းလဲခြင်းကို ခံရလေသည်။ အာရပ် လူမျိုးစု များစွာတို့သည် ထိုကာလ၏ နောက်ပိုင်းတွင် သူတို့၏ သစ်ပင် မပေါက်သော ကုန်း ခေါင်သော အရပ်ကို စွန့်ခွာပြီး ပိုမိုစိုပြည် ကြွယ်ဝ ချမ်းသာသော ပိုင်ဆိုင်မှုများကို ရရှိနိုင်ကြစေရန် တစ်ပြည် ရပ်ခြားသို့ ရွှေ့ပြောင်း သွားကြလေသည်။

ထိုသို့ ပြောင်းရွှေ့သွားကြသော အခါ အာရပ် လူမျိုးများသည် သူတို့၏ လက်အောက်ခံ တိုင်းပြည်များမှ အာရပ် မဟုတ်သော မွတ်ဆလင် 'မာဝါလီ' များနှင့် သွေးနှောကုန်ကြသည်။ ထို အာရပ် မဟုတ်သော မွတ်ဆလင်များနှင့် ပေါင်းသင်း၍ အခြေချ နေထိုင်ခဲ့ကြလေတော့သည်။ ထိုသို့ အပြောင်းအလဲ ဖြစ်သော အမှုကိစ္စတိုင်းတွင်လည်း သူတို့ကသာ အနိုင်ဘက်က ရှိခဲ့ကြလေသည်။ သူတို့၏ ယုံကြည် ကိုးကွယ်မှု ဆိုင်ရာ ကျောက်တိုင်ကြီး ငါးခုကို အလျှော့ မပေးဘဲ မစွန့်လွှတ်ဘဲ ကျင့်သုံးခဲ့ကြလေသည်။ ဆီးရီးယားမှာပဲ ဖြစ်ဖြစ်၊ ဂရိမှာပဲ ဖြစ်ဖြစ်၊ အီဂျစ်မှာပဲ ဖြစ်ဖြစ်၊ ပါသျှားမှာပဲ ဖြစ်ဖြစ် မွတ်ဆလင်တို့၏ ပဋ္ဌမ မဏ္ဍိုင်ကို ခိုင်ခိုင်မာမာ စိုက်ထူနိုင်ခဲ့ကြလေသည်။

### ဟာဒိသ် ပိဋကကို ပြုစုခြင်း

ရှေးဦး မွတ်ဆလင်များ ခေတ်ကတည်းက အယူအဆ ကွဲပြားမှုများ စတင် ဖြစ်ပေါ်လာခဲ့လေသည်။ ၄င်းမှာ 'အစဉ်အလာ ထုံးတမ်းဓလေ့များ' ကွဲပြားလာကြခြင်း ဖြစ်သည်။

---

၁။ Hurun al-Rashid ၂။ Ottoman Turks

ဤအခန်းကို စတင် ရေးသားကတည်းက မုဟမ္မာဒ်၏ ပြုမူ ဆောင်ရွက်ပုံများနှင့် သူ သွန်သင် ညွှန်ပြ ဆုံးမသော သြဝါဒများကို စုပေါင်းထားသော ကျမ်း 'ဟာဒိသ်' များ ရှိကြောင်းကို ရည်ညွှန်း ပြောဆိုခဲ့ဖူးပြီ။ ဟာဒိသ်များကို စုစည်းရာ၌ မုဟမ္မာဒ် သခင် သက်တော် ထင်ရှား ရှိစဉ် အခါက ပြောရေးဆိုခွင့် ရှိသူများ၊ မှန်ကန်ကြောင်း သက်သေ ခံနိုင်သူများနှင့် မဒီနာမြို့မှ အပေါင်းအသင်း တစ်ဦး တို့ထံက ရရှိသော အချက်အလက်များကို စုပေါင်းထားခြင်း ဖြစ်သည်။

ဟာဒိသ်များကား များစွာ ရှိသည်။ သို့သော် ထို ဟာဒိသ်ကျမ်း အားလုံးသည် ယုံကြည် စိတ်ချရလောက်အောင်၊ သက်သေ ထင်ရှားအောင် ဖော်ပြနိုင်သော ကျမ်းများ ဖြစ်သည်ဟု အယူ မရှိကြပေ။

အခြားသော ဟာဒိသ်ကျမ်းများသည် မဒီနာမြို့တွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များကို မှတ်တမ်း ပြုထားသော ကျမ်းများ ဖြစ်ကြသည်။

မုဟမ္မာဒ် သခင် သက်တော် ထင်ရှား ရှိစဉ် အခါက ကိုယ်တော်တိုင် မှတ်တမ်း ပြုထားချက်များနှင့် သူများ ပြုထားသော မှတ်တမ်းကိုပင် ကိုယ်တော်တိုင်က နှုတ်ပိတ် ဝန်ခံသည့် သဘောဖြင့် အသိအမှတ် ပြုထားသော *တာ့ကရိရ်* [၁] ကျမ်းများ၊ သို့မဟုတ် မုဟမ္မာဒ် သခင် ကွယ်လွန်တော်မူပြီးမှ ပထမ ခလီဖာများ သို့မဟုတ် သတိ သမ္ပဇဉ် ရှိသူများက သူ့ အစဉ်အလာကို လိုက်နာ ဆောင်ရွက်ကြပြီး ထို ထုံးတမ်းစဉ်လာများ မပျောက်သွားရအောင် မှတ်တမ်း တင်ထားသော ကျမ်း (ထိုကဲ့သို့ စုဆောင်းထားသော အကြောင်းအရာများ အားလုံးကို ပေါင်း၍ *ဆွန္နာ* [၂] ဟု ခေါ်သည်။) မကြာမီပင် ထိုကျမ်းများ၏ အရေအတွက်မှာ ကြောက်မက်ဖွယ် ကောင်းလောက်အောင် ဖောင်းကြွလာသည်။ ထိုအခါ အများစုသော ကျမ်းများမှာ ပင်ကို သဘောအားဖြင့် ဆန့်ကျင်ဖီလာ ဖြစ်ကာ ယုတ္တိ ယုတ္တာ မရှိသော ကျမ်းများ ဖြစ်လာကြသည်။

တချို့သော ဟာဒိသ် ကျမ်းများမှာ အလီ၏ ဘက်တော်သားများကို ဦးစား ပေး၍ ရေးသားထားသော ကျမ်းများ ဖြစ်သည်ဟု သံသယ မကင်းစရာ ဖြစ်လာကြသည်။ ခလီဖာကို အရည်အချင်း ပြည့်ဝသော ပုဂ္ဂိုလ်တို့၏ ဆန္ဒမဲ ပေးသော စနစ်ဖြင့် ရွေးချယ်ရမည် ဆိုသော ရေးအယူမှန် ဝါဒကို လက်ကိုင်ထားသူများ သို့မဟုတ် အွမ္မာယာ့ဒ် သို့မဟုတ် နောင်အခါဝယ် အဘာဆစ်ဒ် စသူတို့ဘက်ကို မျက်နှာသာ ပေး၍ ရေးသားထားသော ကျမ်းများလည်း ပါသည်။

သို့ရာတွင် မုဟမ္မာဒ် ကွယ်လွန်ပြီးနောက် အနှစ်နှစ်ရာ ကျော်သောအခါ ယုံကြည် လက်ခံနိုင်လောက်သော အချက်အလက်များကို စိစစ် ရွေးချယ် စုပေါင်းသော ဟာဒိသ် ကျမ်းများ ပေါ်လာသည်။ ထိုကျမ်းများကို ပြုစုသော အခါ တမန်တော်နှင့် ဆိုင်သော သူများ၏ ပြောဆိုသော ပြောရေးဆိုခွင့် ရှိသော အခိုင်အမာ ပြောဆိုချက်များကိုသာ စံထားခဲ့ကြလေသည်။ ထိုအခါမှ ဟာဒိသ်များမှာ ကောင်းမွန်သော ဆွေစဉ် မျိုးဆက် ဘိုးစဉ် ဘောင်ဆက် စာရင်းလို ဖြစ်လာလေတော့သည်။

ဟာဒိသ်ကျမ်း၏ ခိုင်မာမှုနှင့် တန်ဖိုးကို သတ်မှတ်ရာတွင် ဟာဒိသ်ကျမ်းတွင် ပါဝင် ရေးသား အကျိုးပြုသူများ အဆက်ဆက်၊ မှန်ကန်ကြောင်း သက်သေ ခံနိုင်သူများ၏ အရည်အသွေးနှင့် အမှန်ကို လိုလားမှု ရှိသော သဘောကို သေသေချာချာ စိစစ်ပြီးမှ လက်ခံခြင်း ဖြစ်သည်။ ၎င်းတို့ကို *အစ္စနာ့ဒ်* [၃] ဟု ခေါ်သည်။ ထိုအခါမှ စ၍ ထို အစဉ်အလာ မှတ်တမ်းများကို အစစ်အမှန်များ၊ အသင့်ယုတ္တိ ရှိသော ကျမ်းများ၊ အရည်အသွေး ညံ့သော ကျမ်းများ ဟူ၍ အမျိုးအစား ခွဲခြားခဲ့ကြလေသည်။ သို့ရာတွင် ဟာဒိသ်များ၏ တန်ဖိုးကို ဆုံးဖြတ်ကြရာတွင် ဂိုဏ်းဂဏ အမြင်ဖြင့်သာ ဆုံးဖြတ်ကြသောကြောင့် အယူအဆ ကွဲပြားလာကြပြန်သည်။

နောက်ဆုံးတွင် အကြောင်းအရာများ ထပ်နေစေကာမူ အများက လက်ခံနိုင်သော ဟာဒိသ် ကျမ်း ခြောက်ကျမ်း ပေါ်လာသည်။ အနှစ်သက်ကြဆုံး၊ တန်ဖိုးအထားဆုံး ကျမ်းမှာ *အားလ် ဘူခါရီ* [၄] ဟာဒိသ်ကျမ်း ဖြစ်သည်။ ထိုကျမ်းကို ပြုစုသူမှာ ပါသျှန် လူမျိုး မွတ်ဆလင် တစ်ဦး ဖြစ်သည်။ သူသည် အာရေဗျ၊ ဆီးရီးယား၊ အီဂျစ်နှင့် အီရတ် နိုင်ငံများသို့ ကိုယ်တိုင် သွားရောက် လေ့လာပြီးနောက် ဟာဒိသ် ပေါင်း များစွာကို စုဆောင်း ရရှိလေသည်။ (မှတ်တမ်း အရ ဟာဒိသ် ခြောက်သိန်းခန့် ရရှိခဲ့သည်ဟု ဆိုသည်။) ထို ဟာဒိသ် ခြောက်သိန်းကို သူသည် ရွေးချယ် စစ်ထုတ်ပြီး ဆန်ခါတင် ရွေးချယ်ခဲ့ရာ ဟာဒိသ် ၇၂၇၅ ခု ရှိလေသည်။ ထိုဟာဒိသ်များမှာကား စစ်မှန်သော စကားများ ဖြစ်သည်ဟု သူ ယူဆခဲ့လေသည်။ သြဇာတိက္ကမ အနေနှင့် ပြောရ

---

၁။ Taqrir

၂။ Sunna

၃။ Isnad

၄။ al-Bukhari

လျှင် ကုရ်အာန် ကျမ်းမြတ်ပြီးလျှင် ဤဟာဒိသ်တော်သည် သြဇာ အရှိန်အဝါ အကြီးဆုံး ဖြစ်ပေသည်။

သို့ရာတွင် အဓိပ္ပာယ် ဖွင့်ဆိုချက်များနှင့် ပြန်လည် နေရာ ချထားမှု ပြုသောအခါ ဤ အစစ်အမှန် ဟာဒိသ် သည်ပင်လျှင် အတွင်းက ဝေဖန်မှုများ အရ သဘောထား အမြင် ကွဲနိုင်စရာတွေ များစွာ ရှိနေပေသေးသည်။

## ပထမ အငြင်းပွားမှု

မွတ်ဆလင် တစ်ဦး အနေနှင့် ဦးစားပေး ရွေးချယ်ရာတွင် ကိုယ့်အကျိုး ကိုယ့်စီးပွား အတွက် သင့်တော်ခြင်းကို ဦးစား ပေး ရွေးချယ်ရမည်လား၊ နိုင်ငံရေးကို ဦးစားပေး ရွေးချယ် ရမည်လား၊ မွတ်ဆလင် တစ်ဦးသည် လုံးလုံးလျားလျား ဘာသာရေး စည်းမျဉ်း စည်းကမ်း အတိုင်း ဖြောင့်မတ်စွာ နေသွားအောင် ပဲ့ပြင်ရမည်လား၊ သို့မဟုတ် အခါအခွင့်ကို လိုက်ပြီး ကာလ ဒေသ အခြေအနေနှင့် အညီ အလ္လာဟ် အရှင်မြတ် အတွက် ပြုလုပ်ရမည့် တာဝန်နှင့် ဆုံးဖြတ်ချက် ကို ပယ်သင့်လျှင် ပယ်ရမည်လား။ ဤပြဿနာများသည် မွတ်ဆလင် လောကမှာ ပထမဆုံး အငြင်းပွားစရာ ဖြစ် လာသော အချက်အလက်များ ဖြစ်၏။

အလီကို ခလီဖာ အဖြစ် ရွေးချယ်စဉ်က သူ့ကို အွမ္မာယာဒ် အုပ်စုကို အပြင်းအထန် ဆန့်ကျင်သူများက ထောက်ခံ အားပေးခဲ့ကြလေသည်။ ထိုအွမ္မာယာဒ် ဆန့်ကျင် သူ အုပ်စုသည် သူ့ကို မုဟမ္မဒ် သခင်ကဲ့သို့ ခိုင်မာပြီး တိတိကျကျ ဆုံးဖြတ် လုပ်ကိုင်နိုင်သူ ဟုတ် မဟုတ်ကို အနီးကပ် စောင့်ကြည့်နေခဲ့ကြလေသည်။ သို့ရာတွင် ခရီး တစ်ဝက်မှာပင် မိုဝီယာနှင့် ဖြစ်သော တိုက်ပွဲတွင် ရှေ့က ဆိုခဲ့ပြီးသော အတိုင်း သူသည် ဖျန်ဖြေရေး လုပ်ရန် သဘော တူလိုက်လေသည်။ ထိုသို့ အပြီးအပြတ် မတိုက်ဘဲ လမ်း ထက်ဝက်မှာ ဖျန်ဖြေရေး လုပ်ရန် သဘော တူလိုက်ခြင်း ကို လူ သောင်းနှစ်ထောင် ပါဝင်သော စစ်ရဲမက်များက စိတ်ပျက် မုန်းတီးသွားကြပြီးလျှင် သူ နေထိုင်ရာ တဲကို ချီတက်လာကြလေတော့သည်။ သူ့ အပေါ် အလွန် သဘော ကွဲလျက် ရှိသော စစ်သား ရဲမက်များသည် မခံမရပ်နိုင် ဖြစ် ကာ နောက်ပိုင်းတွင် လူတစ်စုက သူ့ကို လုပ်ကြံ သတ်ဖြတ် ပစ်လိုက်ကြလေတော့သည်။ ထိုလူများသည် *ခါရီဂျိုက်*[၁] ခေါ် သင်းခွဲသည့် သဘောကွဲသူများ ဖြစ်သွားကြလေသည်။ ခွဲထွက်သူများက မွတ်ဆလင် ခေါင်းဆောင်များ အကြားမှာ ဖြစ်ပေါ်လာသော နိုင်ငံရေး တိုးတက် ဖြစ်ထွန်း မှုများကို ရန်လိုသော သဘောထားဖြင့် ရှုမြင်လာကြကာ ထိုအုပ်စုက မွတ်ဆလင် လောကမှာ ခလီဖာ အမှန်အကန် ကို ရရှိစေနိုင်သော ရွေးချယ်ပုံ နည်းလမ်းသည် မွတ်ဆလင် လောက တစ်ခုလုံးမှာ ထိုပုဂ္ဂိုလ်ကို ရွေးချယ်ရာ၌ မဲပေး ပိုင်ခွင့် ရှိရမည်ဟု အပြင်းအထန် ပြောဆိုလာလေသည်။ တမန်တော်၏ မိသားစုထဲကလည်း မဖြစ်ရ၊ တမန်တော်၏ လူမျိုးစုထဲကလည်း မဖြစ်ရဟု ဆိုလာကြသည်။ ခလီဖာ သည် ဘယ်အုပ်စုထဲက ဖြစ်ရမည်ဟု ပြောစရာ မလို။ ထို သူများသည် မွတ်ဆလင် အစစ်အမှန် ဖြစ်သူများ မဟုတ် ကြဟုလည်း ဆိုလာကြသည်။

ဥပမာ အွမ္မာယာဒ် မျိုးနွယ်စုသည် မွတ်ဆလင် လှုပ်ရှားမှုထဲကို နောက်ဆုံး အချိန်ကျမှ ပူးပေါင်း ပါဝင် လာကြသူများ ဖြစ်ကြသည်။ အလွန် နောက်ကျပြီးမှ မွတ် ဆလင် အဖြစ်ကို ခံယူလာကြသူများ ဖြစ်သည်။ ယုံကြည် သက်ဝင်မှုကိုထက် သင့်လျော်မှုကို ပို၍ ဦးစားပေး ရွေး ချယ် သင့်သည်။ မွတ်ဆလင် ဆိုသည်မှာ အလ္လာဟ် အရှင် မြတ်၏ အလိုဆန္ဒတော် အတိုင်း ဘာသာရေး မူဝါဒ တစ်ခု တည်း အပေါ်မှာ ရပ်တည်လျက် ကိုယ့်ကိုယ်ကိုယ် လုံးဝ စွန့်၍ ဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

မွတ်ဆလင် ဖြစ်လာသူတိုင်းသည် နိုင်ငံရေး အကြောင်း ကြောင့်၊ စီးပွားရေး အကြောင်းကြောင့် ဖြစ်လာကြလျှင် ထို သူတို့သည် အယူဝါဒ ခိုင်မာသူများ မဟုတ်၊ သာပေါင်း ညာစားများသာ ဖြစ်ကြသည်။ သူတို့သည် အစ္စလာမ် ဘာသာရေး အကျင့်ဓလေ့များကို အပေါ်ယံ ဟန်ပြလောက် သာ လုပ်တတ်ကြသူများ ဖြစ်ကြလေသည်။ ၎င်းတို့သည် မွတ်ဆလင် အစစ်အမှန်များ မဟုတ်ကြချေ။ ထိုသူများကို အပုပ်ချပြီး သုတ်သင်၍ သာသနာ သန့်ရှင်းအောင် ပြုလုပ် ပစ်ကြရမည်။ ဤကား အလ္လာဟ် အရှင်မြတ်နှင့် မုဟမ္မဒ် သခင်အား ထိုသူများ လက်မှ ကယ်တင်ခြင်း ဖြစ်၏။

ဤ ပြင်းထန်သော သန့်စင်ရေးသမားများ အနေနှင့် အွမ္မာယာဒ်များက သူတို့ကို ဆန့်ကျင်ရန် စီစဉ်နေခြင်းကို အင်အား သုံးပြီး ဖြိုဖျက်ရန် ဆောင်ရွက်ရသည်မှာ သဘာဝ ကျသည်။ ပိုပြီး ပြင်းထန်သော၊ စေ့စပ်၍ မရသော လူများ ကို သွေးထွက်သံယို နည်းလမ်းဖြင့် သုတ်သင် ရှင်းလင်း ပစ်ကြရလေသည်။ သို့ပြုလုပ်သည့်တိုင်အောင် သူတို့၏ ယုံကြည်မှု ပြန့်ပွားခြင်းကို အချိန်မီ အနှားသတ်လိုက်သလို ဖြစ်သွားလေသည်။ မွတ်ဆလင် အင်ပိုင်ယာကြီး တစ်ခုလုံး

၁။ Kharijites

သို့ ပြန့်ပွားမသွားစေကာမူ ဖန်ဇီဘာနှင့် အယ်လ်ဂျီးရီးယား တို့တွင် လက်မလျှော့ဘဲ အခိုင်အမာ တင်းခံနေခဲ့ကြသေး သည်။

သူတို့ကို အတိုက်အခံ ပြုလုပ်သူများမှာ *မူရ်ဂျီးတ်စ်* [၁] ခေါ် 'ဆိုင်းငံ့၍ ဆုံးဖြတ် စီစဉ်ရေး' မူကို ထောက်ခံသူ များ ဖြစ်ကြလေသည်။ သူတို့၏ သဘောထားမှာ ဤသို့ ဖြစ်သည်။ ဘယ်သူသည် မွတ်ဆလင် အစစ် ဖြစ်သည်၊ မည်သူသည် မွတ်ဆလင် အတု ဖြစ်သည် ဆိုသည်ကို အလ္လာဟ် အရှင်မြတ်သာလျှင် ဆုံးဖြတ်နိုင်သည်။ လူတစ် ယောက်က တကယ် ယုံကြည်သူ တစ်ဦး အပြစ် ဒုစရိုက် ကို ကျူးလွန်နေသည်ကို တွေ့မြင်သော အခါ ထိုသူသည် ဘုရား တရားကို မကြည်ညိုသူ ဖြစ်သည်ဟု မခေါ်နိုင်။ သို့ဖြစ်သောကြောင့် ယုံကြည် သက်ဝင်သူ (မို့အမင်) များ အားလုံးသည် မွတ်ဆလင် မူဝါဒ အတိုင်း လိုက်နာ ကျင့် သုံးနေကြသော သူများ အားလုံးကို အနည်းဆုံး အစမ်း သဘောဖြင့် ဖြစ်ဖြစ် မွတ်ဆလင် အစစ် ဟူ၍ပင် သဘော ထားရမည်။ နောက်ဆုံး တရား စီရင်သော အခါကျမှသာ ထိုသူ မွတ်ဆလင် စစ် မစစ်ကို အလ္လာဟ် အရှင်မြတ်က ဆုံးဖြတ်ပေလိမ့်မည်။ ထို့ကြောင့် အွမ္မာယာဒ်များကိုပင် ဖြစ်စေ သည်းခံ ခွင့်လွှတ်ထားကြရပေမည်။ ခရစ်ယာန်နှင့် ဂျူး ဘာသာများမှ မွတ်ဆလင် ဘာသာသို့ ပြောင်းလဲ ကိုး ကွယ်လာသူများကိုကား မဆိုလိုပေ။ သူတို့သည်ကား မယုံ တစ်ဝက် ယုံတစ်ဝက်ဖြင့် မတတ်သာ၍ လက်လျှော့ ဝန်ခံ ကိုးနွံလာကြသူများ ဖြစ်ကြလေသည်။

## ဆင်ခြင်တုံတရား လက်ကိုင်ထားသူများ

ဤ ဆင်ခြင်တုံတရား လက်ကိုင်ထားသူများက ဟာဒိသ် တော်များ အားလုံးသည် အလုံးစုံ အပြည့်အဝ မှန်ကန်ကြ သည်ဟု ဆင်ခြင် စဉ်းစားခြင်း၊ စမ်းသပ် စစ်ဆေးခြင်း မပြုဘဲနှင့် လက် မခံသင့်ဟု ယူဆကြသည်။ မွတ်ဆလင် လောကတွင် လွတ်လပ်စွာ တွေးခေါ်ခြင်းကို အလိုရှိသော လစ်ဘရယ်များ ဖြစ်သည်ဟု ဆိုသင့်သည်။ ၎င်းတို့ကို *မူ တာဇာလိတ်စ်* [၂] များဟု ခေါ်ကြသည်။ ဤမွတ်ဆလင် များမှာ လွတ်လပ်စွာ တွေးခေါ်ချင်ကြသော မွတ်ဆလင် များ ဖြစ်ကြလေသည်။ (အထက်ပါ အမည်၏ သဘောမှာ ခွဲထွက်ရေးသမားများ၊ သင်းခွဲသူများဟု အနက် ရသည်။)

ဤလွတ်လပ်စွာ တွေးခေါ်သော မွတ်ဆလင်များသည် ရှေး အယူမှန် ဝါဒကို လည်းကောင်း၊ အစဉ်အလာ စကား ဟာ ဒိသ်များကို လည်းကောင်း အားလုံး ပြည့်စုံသည်၊ အားလုံး မှန်ကန်သည်ချည်း ဖြစ်သည်ဟု သဘော မတူနိုင်ကြသူများ ဖြစ်ကြလေသည်။

ထိုဂိုဏ်းသားများ စတင် ပေါ်ပေါက်လာသော နေရာ မှာ ဆီးရီးယား နိုင်ငံနှင့် အီရတ် နိုင်ငံမှာ ဖြစ်သည်။ အွမ္မာယာဒ် ခလီဖာများ လက်ထက်တွင် မွတ်ဆလင် ဘာ သာသို့ ကူးပြောင်းလာကြသူများ ဖြစ်သည်။ သူတို့သည် ဂရိ ဘာသာ၊ ဂျူး ဘာသာ၊ ခရစ်ယာန် ဘာသာနှင့် ဇိုရို အက်စတာ ဘာသာ အတွေးအခေါ်များကို ကျွမ်းကျင် နှံ့စပ်သူများ ဖြစ်ကြလေသည်။ ဂရိ လူမျိုးများ၏ ဆင်ခြင် တုံ တရား ဝါဒစွဲကြောင့် ထိုသူများ အမြင်တွင် ဘာသာရေး ဆိုင်ရာ အမှန်သစ္စာ တရားများကို လည်းကောင်း၊ ထာဝရ ဘုရားထံမှ ကျလာသော ဗျာဒိတ်တော် မုဂ္ဂပါဌ်တော်များ ကို လည်းကောင်း စိစစ်ရာ၌ ဆင်ခြင်တုံတရား (ယုတ္တိ ဗေဒ) သည်သာလျှင် အမှန်ကန်ဆုံး နည်း ဖြစ်သည်ဟု ယူဆကြလေသည်။ ဆင်ခြင်တုံတရား ဆိုသည်မှာ သူများ ပြောတိုင်း ယုံသော အရာ မဟုတ်။ သူများ ပါးစပ်ဖျားမှာ လမ်းဆုံးသော အရာ မဟုတ်။ သဘာဝ တရားကို လေ့လာ သော အရာ ဖြစ်သည်။ သဘာဝ ကျ မကျကို တိုင်းထွာ သုံးသပ်သော အရာ ဖြစ်သည်။ အမှန်မှာ ကုရ်အာန်ထဲမှာ ပါသော ဘုရားသခင်၏ မုဂ္ဂပါဌ်တော်များကိုလည်း ဆင် ခြင်တုံ တရား လက်ကိုင်ထား၍ အဓိပ္ပာယ် ဖွင့်ဆိုသင့်သည်။ ဆင်ခြင်တုံ တရားနှင့် မကိုက်ညီသော အချက်အလက်များ အားလုံးသည် ဘုရား ပြောသော သစ္စာ စကားများ မဖြစ် နိုင်ဟု ဆိုလေသည်။

မူတာဇာလိတ်စ်များက ဥပမာ ဆင်ခြင်ဉာဏ်သည် တရား မျှတ ဖြောင့်မှန်မှုနှင့် ဘုရားသခင် သဘောထား ညီညွတ်ခြင်းကို အခိုင်အမာ ပြောဆိုသည်ဟု ဆိုကြသည်။ ဘုရားသခင်၏ တရား မျှတမှု၊ ဖြောင့်မတ်မှုနှင့် သဘော ထား ညီညွတ်မှုကို ဒွိဟ သံသယ ဖြစ်စရာ အချက်အလက် မှန်သမျှကို လက်မခံနိုင်ဟုလည်း တိတိလင်းလင်း ဆိုကြ သည်။ ဤ အချက်တွင် မူတာဇာလိတ်စ်များသည် ရှေး အယူ အစွဲသန်သူများ၏ လွတ်လပ်စွာ တွေးခေါ်ခွင့်ကို ပိတ် ပင် တားဆီးသော အခြေခံ သဘောထားကို တိုက်ခိုက်ခဲ့ ကြလေသည်။ လူတွေ ပြုလုပ်နေသမျှသည် စိစစ်၍ မသိ နိုင်သော အလ္လာဟ် အရှင်မြတ်၏ ဆန္ဒတော်အတိုင်း ပြုလုပ် နေကြရသည်ချည်းသာ ဖြစ်သည် ဆိုသော အယူဝါဒကို

၁။ Murjites ၂။ Mutazalites

သူတို့က လုံးဝ လက်မခံခဲ့ကြပေ။ အလ္လာဟ် အရှင်မြတ်က 'သူ့ အလိုအတိုင်း လိုက်နာမည့် သူကို လမ်းညွှန်ပြီး သူ့ ဆန္ဒတော်နှင့် ဆန့်ကျင် သွေဖည်လိုသူကိုလည်း ထိုသို့ ခွင့် ပြုသည်သာ ဖြစ်သည်' ဆိုသော အယူအဆများကို ပယ်ချ ကြသည်။

ကုရ်အာန်ထဲမှာ ဤကဲ့သို့သော အတိအကျ မဟုတ် သော သဘော မကျစရာ အချက်အလက်များကို ရှင်းလင်း သွားအောင် ဆက်လက်၍ ပြုလုပ်ရန် လိုသေးသည်ဟု သူ တို့က ဆိုကြသည်။ မူတာဇာလိတ်စ်များက ထာဝရ ဘုရား သခင် အလ္လာဟ်၏ တရား မျှတ ဖြောင့်မတ်မှု သဘောကို မေးခွန်း ထုတ်၍ ပြဿနာ လုပ်နိုင်သော အချက်အလက် မှန်သမျှကို အပြီးသတ် မှန်ကန်သော အရာများ ဖြစ်သည် ဟု မယူဆနိုင်ကြောင်း အခိုင်အမာ ပြောဆိုလာကြလေသည်။

ဘုရားသခင် အလ္လာဟ် အရှင်မြတ်သည် သူ လုပ်ချင် ရာကို အဓမ္မ ပြုလုပ်တတ်သည် သို့မဟုတ် သူ စိတ်ချမ်းသာ မည် ထင်ရာကို ပြုလုပ်တတ်သည်ဟု ယူဆပါက အလွန် ကြောက်မက်ဖွယ် အတွေး ဖြစ်သွားပေလိမ့်မည်။ လူ တစ် ယောက်ကို သေဒဏ် အပြစ်ပေးခြင်း သို့မဟုတ် မျိုးရိုးစဉ် ဆက် မိစ္ဆာဒိဋ္ဌိ အယူကို ယူစေခြင်း၊ မယုံကြည်သူ ဖြစ်စေ ခြင်းကို ခွင့်ပြုပြီး ထိုသူအား မကျိုးနွံသောကြောင့် အပြစ် ဒဏ် ချမှတ်မည်ဟု ဆိုလျှင် ထိုဘုရားသခင်သည် တရား သော ဘုရားသခင် ဖြစ်ပါတော့မည်လား။ အလ္လာဟ် ဆို သည်မှာ တရား မျှတသော ဘုရားသခင်သာလျှင် ဖြစ်ရမည်။ အထက်မှာ ဆိုခဲ့သည့်အတိုင်း အာဒမ်နှင့် ဧဝတို့ ကျူးလွန် ခဲ့သော အပြစ်ကြောင့် သေဒဏ် ချမှတ်ခြင်းကို လူသား အားလုံး အပေါ် ထာဝရ ချမှတ်ခြင်းနှင့် ဘုရားသခင်ကို မကျိုးမနွံဘဲ မိစ္ဆာ အယူကို ယူသူအား ထိုသို့ ယူခွင့်ပြုထား ပြီးမှ တရား စီရင်သော အခါ အပြစ်ဒဏ် ကြီးမားစွာ ပေး မည်ဟု ဆိုလျှင် ထိုသို့ ပြုမူခြင်း မှန်သမျှ မသင့်တော်၊ မမှန် ကန်တော့ပေ။

ထို့ကြောင့် အလ္လာဟ် အရှင်မြတ်သည် လူသားတို့အား အမှားနှင့် အမှန်ကို ခွဲခြား လက်ခံနိုင်သော လွတ်လပ်စွာ ဆင်ခြင် စဉ်းစားခွင့်ကို ခွင့်ပြုရပေမည်။ ထိုသို့ လူက သူ့ သဘောနှင့် သူ ကြိုက်ရာ ရွေးချယ် ယုံကြည်ပြီး လုပ်ပိုင် ခွင့် ရှိမှသာလျှင် လူသားသည် သူ ပြုသော အမှုကံ အတွက် သူ့မှာ တာဝန် ရှိသူ ဖြစ်လာပေလိမ့်မည်။

အလ္လာဟ် အရှင်မြတ်သည် လိုအပ်ချက်နှင့် အညီ သူ့ ဆန္ဒတော် အတိုင်း သူ လုပ်ချင်ရာကို လုပ်ရသည် ဆိုသော အယူအဆသည် ရှေးအယူမှန် ဝါဒီ မွတ်ဆလင်များက မနှစ်သက်ဘဲ ကြောက်လန့်၍ လက်ခံထားရသော အယူ အဆ ဖြစ်သည်။ သို့ရာတွင် မူတာဇာလိတ်စ်များကမူ ထို အချက်ကိုလည်း အခိုင်အမာ ဝေဖန် ပြောဆိုကြသည်။

အလ္လာဟ် အရှင်မြတ်သည် မုချဧကန် သနား ကရုဏာ တော်ရှင် ဖြစ်သည် ဆိုလျှင်၊ ကြီးမားသော မေတ္တာ ကရုဏာ ရှေ့ထား၍သာ သတ္တဝါ အားလုံး၏ ကောင်းကျိုးချမ်းသာ ကို လိုလားသည် ဆိုခြင်းမှာ အမှန် ဆိုလျှင် သူ့အနေနှင့် တမန်တော်ထံသို့ ဗျာဒိတ် မုက္ခပါဌ်တော်များကို ချပေး ရမည်။ ထိုမုက္ခပါဌ်တော်များထဲတွင် ဘဝ လွတ်မြောက်မှု သုခချမ်းသာကို ရရှိစေနိုင်မည့် မဂ် လမ်းကို ဖော်ပြရပေ မည်။ ထို့နောက် ကျေးဇူး ကရုဏာတော်နှင့် တရား မျှတ၍ သနား ကရုဏာ မေတ္တာကို အတွင်းစိတ်မှာ ဖြစ်ပေါ်လာ စေမည့် နည်းကောင်း လမ်းမှန်ကို ပြသော ဗျာဒိတ်တော် များကို ချပေးတော်မူရမည်။ သို့မှသာ ကုရ်အာန် ကျမ်း တော်ထဲတွင် လိုအပ်သော ကျေးဇူး ကရုဏာတော်ဖြင့် ပြ သော နည်းဖြင့် လူသားကို ကယ်တင်မည့် လမ်းမှန်ကို တွေ့ မြင်နိုင်ကြရပေမည်။

ဤ အချက်များကြောင့် မူတာဇာလိတ်စ်များသည် အကြီးအကျယ် စိတ်ဝမ်း ကွဲပြားမှုကို ဖြစ်စေသော ကြေ ညာချက်ကို ပြုလုပ်ခဲ့ကြခြင်း ဖြစ်ပေသည်။

ထိုအခါ သူတို့က ဗျာဒိတ်တော် မုက္ခပါဌ်တော်များ ပါဝင်သော ကုရ်အာန်သည် ထာဝရ ဖြစ်သည်။ ဖန်ဆင်း ထားသော အရာ မဟုတ် ဆိုသော အချက်ကို လုံးဝ ငြင်း ပယ်ကြလေသည်။ အခြေအနေ အချိန်အခါ အရ လိုအပ် လာပြီ ဆိုမှ အလ္လာဟ် အရှင်မြတ်က ထိုဗျာဒိတ်တော်များ ကို ကြံစည် ဖန်တီးပြီး ချပေးတော်မူခြင်း ဖြစ်သည်။ ကုရ် အာန် ကျမ်းမြတ်သည် ဖန်ဆင်းခြင်း ကင်းသော ကမ္ဘာ လောက မပေါ်ပေါက်မီကတည်းက တည်ရှိသော ကျမ်း ဖြစ်သည်ဟု ဆိုလျှင် ထိုကျမ်းသည်ပင်လျှင် အလ္လာဟ် အရှင် မြတ်နှင့် တန်းတူရည်တူ ယှဉ်တွဲ၍ တည်မြဲနေခဲ့သော ဘုရား တစ်ဆူလို ဖြစ်နေပေရော့မည်။ ထိုသို့ ဖြစ်တည် နေခဲ့သည် ဆိုပါက ဘုရား တစ်ပါးတည်း ရှိသည် ဆိုသော အယူ မဟုတ်တော့ဘဲ ဘုရား အများ ရှိသည် ဆိုသော အယူဝါဒသို့ သက်ရောက် သွားပေလိမ့်မည်။ ထိုကဲ့သို့ ဘုရား နှစ်ပါး ရှိသည်၊ သုံးပါး ရှိသည် ဆိုသော အယူကို ကုရ်အာန် ကျမ်းတော်ထဲတွင် နှိပ်ကွပ်ထားပေသည်။

ဘဂ္ဂဒက်မြို့မှ အစ္စလာမ် ကမ္ဘာကြီးကို အုပ်စိုးသော အဘာဆစ် ခါလီဖာ တစ်ဦး ဖြစ်သူ အားလ်-မာမွန်သည် အထက်ပါ အယူအဆ၏ ဆွဲဆောင်မှုကြောင့် အေဒီ ၈၂၇

ခုနှစ်တွင် သူက ကုရ်အာန် ကျမ်းတော်သည် ဖန်ဆင်းအပ်သော အရာ မဟုတ်၊ သူ့ဘာသာ ထာဝရ တည်ရှိနေသော အရာ ဖြစ်သည်ဟု ယူဆခြင်းသည် အရိုးအစဉ် အယူအဆနှင့် ကွဲလွဲသော အယူအဆ ဖြစ်သည်ဟု ကြေညာခဲ့လေသည်။

ထိုသို့ ကြေညာပြီးနောက် ထိုအယူမျိုးကို လက်ခံယူဆသော သူများကို အစိုးရ ဌာနများ အားလုံးမှ ထုတ်ပယ်ပြီး တရား ဥပဒေ အရ စီရင်ခြင်း ခံရမည်ဟုလည်း ကြေညာလေသည်။ (သို့ရာတွင် နောက် အနှစ် နှစ်ဆယ်ကြာသော အခါ အခြား ခါလီဖာ တစ်ဦးက ရှေးအယူ မှန်ဝါဒက ယုံကြည် ယူဆခဲ့သော အချက်သည် မှန်ကန်သော အယူဝါဒ ဖြစ်သည်ဟု ယူဆပြန်သည်။ မူတာဇာလိတ်စ်များကိုလည်း မိစ္ဆာဒိဋ္ဌိများဟု ခေါ်ခဲ့လေသည်။ ထို့နောက် ထို မူတာဇာလိတ်စ်များကို အပုပ်ချ သန့်စင်ခြင်းကို ပြုလုပ်ပြန်သည်။)

သို့ရာတွင် ၁၀ ရာစု အတွင်း သူတို့ကို အပြီးအပြတ် သုတ်သင် ဖယ်ရှားခြင်း မခံရမီ မူတာဇာလိတ်စ်များသည် သူတို့၏ ဆင်ခြင်တုံတရား အဓိက ထားသော နည်းကို ကုရ်အာန် ကျမ်းမြတ်ကို အဓိပ္ပာယ် ဖွင့်ဆိုရာ၌ ပါဝင်သော ရှေး အယူမှန် ဝါဒီများ၏ အလ္လာဟ် အရှင်မြတ်နှင့် လူ့ *သဏ္ဍာန်တူ ယူသော ဝါဒ* [၁] ဘက်သို့ လှည့်ပြီး ဝေဖန်ပြန်သည်။

သူတို့က ကောင်းကင်ဘုံရှိ ပလ္လင်တော်ပေါ်မှာ ကောင်းကင်တမန် နတ်သားများ ဝန်းရံလျက် အလ္လာဟ် အရှင်မြတ် ထိုင်နေတော်မူသည် ဆိုသော အချက်ကို အဓိပ္ပာယ် အဖြောင့် (စာသဘော) သက်သက်ဖြင့် မယူရဟု ငြင်းဆိုပြန်လေသည်။ အလ္လာဟ်မှာ ခြေ လက် မျက်စိ နား နှာခေါင်း ရှိသည် ဆိုသော အယူအဆကိုလည်း ငြင်းဆိုကြပြန်သည်။

သူတို့ကမူ အလ္လာဟ် အရှင်မြတ်သည် အစ မရှိ အဆုံး မရှိ အကြွင်းမဲ့ အနန္တ ထာဝရ အရှင်မြတ် ဖြစ်ခြင်းကြောင့် နေရာ ဌာန အာကာသ သဘောအားဖြင့် ဘယ်နေရာမှာ တည်ရှိသည်၊ ဘယ်ပုံသဏ္ဍာန် ရှိသည်ဟု မဆိုသာဟု ပြန်သည်။ (ဤသို့ ယူဆပုံချင်း ကွဲပြားကြခြင်းမှာ မူတာဇာလိတ်စ်များကို ခရစ်ယာန် ဘာသာရေး အမြင်များက လွှမ်းမိုးပြီး ရှေးအယူမှန် ဝါဒသန်သူများကို ဇိုရိအက်စတာ ဘာသာရေး အမြင်များက လွှမ်းမိုးနေဟန် တူပေသည်။) ဤသို့သော ဆင်ခြင် စဉ်းစားပုံသည် ကုရ်အာန် ကျမ်းတော်ထဲမှာ ပါဝင်သော ကောင်းကင်ဘုံနှင့် ငရဲနှင့် စပ်သော ကိစ္စများတွင်လည်း အငြင်းပွားမှုကို ဖြစ်ပေါ်စေခဲ့လေသည်။ စိတ်ကူးဖြင့် ဖော်ပြထားသော အချက်များကို ဥပမာ တင်စားချက် အဖြစ် ပြောဆိုသည်ဟုသာ ယူဆကြရမည်၊ သို့မဟုတ် စဉ်းစား ဆင်ခြင်ဉာဏ်ဖြင့် ဆင်ခြင်၍ ယူရမည်။

ဥပမာ အမတ သုခဘုံ ဆိုသော သဘောကို ကာမဂုဏ် စည်းစိမ် ချမ်းသာများဖြင့် ပြည့်စုံသော ကိလေသာဘုံ အဖြစ် မယူဆရဟု ဆိုကြလေသည်။ (ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့က ထိုသဘောကို ပြောဟောခဲ့ကြသည်မှာ ကာလ ကြာမြင့်လှပေပြီ။)

သို့သော် မူတာဇာလိတ်စ်များက ရှေး အယူမှန်ဝါဒ အစွဲသန်သူများကို ဆင်ခြင်ဉာဏ်ဖြင့် သုံးသပ်ယူသော နည်းလမ်း၏ တန်ဖိုး ရှိပုံကို ပြသခဲ့သော်လည်း လူ့ ထင်မြင်ချက်များ၏ အလေးသာမှုက သူတို့ကို ဆန့်ကျင်ဘက် အပြင်ဘက်သို့သာ ပါသွားစေလေတော့သည်။

ထို့ကြောင့် ၁၀ ရာစု ခေတ်သို့ ရောက်သော အခါ မူတာဇာလိတ်စ်များ၏ ဆင်ခြင်တုံတရား အသားပေး ဂိုဏ်းသည် ချုပ်ငြိမ်းသွားလေတော့၏။

## ဆွန်နီ [၂] သို့မဟုတ် အစဉ်အလာ ဝါဒီများ

လွတ်လပ်စွာ တွေးခေါ်သူများ၏ ကျဆုံးမှုသည် အစဉ်အလာ ဝါဒီ *'ဆွန္နာဟ်'* [၃] ကို ကာကွယ်သော ရှေး အယူမှန်ဝါဒီများက ဆင်ခြင်တုံ ဝါဒကို လက်ခံ ကျင့်သုံးလာသော အခါ စတင် ဖြစ်ပေါ်လာသည်။ အစဉ်အလာ ဝါဒီများက ဆင်ခြင်တုံ ဝါဒီများကို ငြင်းပယ်ရန် အတွက် ယုတ္တိဗေဒ စနစ်တစ်ခုကို တည်ဆောက်လာကြလေသည်။ ထိုကဲ့သို့ ယုတ္တိစနစ် တစ်ခုကို တီထွင်လာသူမှာ မူတာဇာလိတ်စ်တို့၏ ကျောင်း (ဂိုဏ်း) တွင် လေ့လာ သင်ကြား၍ ပညာ တတ်မြောက်လာသူ *အာရှာရီ* [၄] ဖြစ်သည်။ သူက ဆင်ခြင်တုံ ဝါဒီများ၏ အယူအဆများ အားလုံးကို ပြောင်းပြန် မှောက်ခုံ ဖြစ်သွားစေလေတော့သည်။

အာရှာရီ လက်ထက်သို့ မရောက်မီက အစဉ်အလာသမား ရှေးအယူမှန်ဝါဒီများသည် ကုရ်အာန် ကျမ်းတော်နှင့် ဟာဒိသ်တော်များကို အဓိပ္ပာယ် ဖွင့်ဆိုရာ၌ ဆင်ခြင်သုံးသပ်သော ဉာဏ်ကို ထည့်ပြီး တုံ့ပြန် ပြောဆိုခဲ့ကြလေ

---

၁။ anthropomorphism

၂။ Sunnis ၃။ Sunna ၄။ Ashari

သည်။ ဗျာဒိတ်တော်များထဲတွင် သစ္စာတရား အမြင်များ ပါကြောင်းကို မေးခွန်း ထုတ်စရာ မလို၊ ထိုဗျာဒိတ်တော်များကို စစ်ဆေးပြီး လေ့လာ သုံးသပ်ပြီး လေးလေးစားစား ကြည်ကြည်ညိုညို စနစ်တကျ ဖြစ်အောင်သာ ပြန်လည် စီစဉ် နေရာချထားဖို့သာ လိုသည်ဟု ဆိုခဲ့ကြလေသည်။

သို့သော် အချို့သော တွေးဆ မြော်မြင်မှုများနှင့် နောင်ဖြစ်ပျက်မည် ဆိုလျှင် ဖြစ်ရန် ရှိသော သဘော အသစ်များကို ဖြည့်သင့်သော ကွက်လပ်များတွင် ဖြည့်ရန် ခွင့်ပြုခဲ့လေသည်။ သို့သော် ထိုတွေးခေါ် မှန်းဆချက်များသည် ချမှတ်ထားပြီးသား မုကွပါဠ်တော်များ အပေါ်မှာ မူတည်၍သာ ပြုလုပ်သော မှန်းဆချက်များ ဖြစ်ရပေမည်။ ဤတွင် ဆင်ခြင် စဉ်းစားရာ၌ အယူအဆ ကွဲပြားမှုများ ဖြစ်ပေါ်လာရန် ပို၍ အကြောင်း ရှိလာပြန်သည်။ ဆင်ခြင်ပုံ နည်းလမ်းသည် သဘောတူ လက်ခံထားပြီးသော ဆင်ခြင်ပုံနည်းလမ်းမျိုး ဖြစ်စေကာမူ မုဟမ္မဒ် ကွယ်လွန်တော်မူပြီးနောက် အနှစ် ၂၀၀ အတွင်းမှာ ရှေးအယူမှန် ဝါဒကို လက်ခံသော ဆွန္နဟ် ဥပဒေ ဂိုဏ်းလေးဂိုဏ်း ပေါ်ပေါက်လာလေတော့သည်။

ထိုဂိုဏ်းများ အားလုံးက ဂျူး လူမျိုးများ အားလုံးကို တာလ်မွတ်ကျမ်းအားဖြင့် တစ်စုတစ်စည်းတည်း ဖြစ်အောင် နေရာ ချထားဖို့ ဂျူး ဓမ္မဆရာ ရာဘိုင်များ ပြုလုပ်ခဲ့ကြသည့် သဘောမျိုးဖြင့် ပြုလုပ်ရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်ဟု နှိုင်းယှဉ် ပြောဆိုမည် ဆိုက ပြောဆိုသင့်ပေသည်။ ဤတွင် ရည်ရွယ်ထားသော သဘောမှာ သူတို့ အနေနှင့် ထူးထူးခြားခြား တိုက်ခိုက် အောင်မြင်ထားသော အရပ်ဒေသများရှိ မွတ်ဆလင်များကို လမ်းညွှန်မှု ပေးရန် အတွက် ဖြစ်၏။

ဂိုဏ်းလေးဂိုဏ်း အနက် ပထမပိုင်းတွင် *ဟာနီဖိုက်* [၁] ဂိုဏ်းသည် တွေးခေါ် မြော်မြင်ရာ၌ အလွန် လွတ်လွတ်လပ်လပ် တွေးခေါ်ခဲ့ကြလေသည်။ ဤတွင် လွတ်လပ်စွာ တွေးခေါ်ခြင်း ဆိုသည့် အဓိပ္ပာယ်မှာ တရား စီရင် ဆုံးဖြတ်ခြင်းနှင့် ဆိုင်သော ကိစ္စများတွင် လွတ်လပ်စွာ တွေးခေါ်ခြင်းကို ဆိုလိုသည်။ ဘာသာ အယူဝါဒနှင့် ဆိုင်ရာမှာ လွတ်လပ်စွာ တွေးခေါ်ခြင်း မဟုတ်ပေ။

ထိုဟာနီဖိုက် ဂိုဏ်းကို အီရန် နိုင်ငံတွင် *အဗူဟာနီဖာ* [၂] (အေဒီ ၇၆၇ တွင် ကွယ်လွန်) က စတင် တည်ထောင်ခဲ့လေသည်။ သူသည် ပါသျှန် လူမျိုး တစ်ဦး ဖြစ်သော်လည်း သူ၏ နောက်လိုက် တပည့်များက သူ၏ သင်ကြားချက်များကို အာရဗီ ဘာသာစကားဖြင့် ရေးသား မှတ်တမ်းတင်ခဲ့လေသည်။ သူ့ ဟောကြားချက်များ၏ အနှစ်သာရမှာ သူသည် ကုရ်အာန် ကျမ်းမြတ်ကို အရေးထားပြီး စတင် ဟောကြားခြင်း ဖြစ်၏။ (သူသည် ဟာဒိသ်တော်များကို များစွာ အရေးထားခြင်း မရှိပေ။) ထို့နောက် သူ့ကိုယ်သူ မေးခွန်း ထုတ်လေသည်။ ကုရ်အာန် ကျမ်းတော်ထဲမှာ ပါသော သီလ သိက္ခာပုဒ်တော်များကို ဥပမာ ပုံထား၍ အီရတ် နိုင်ငံ၏ ကွဲပြား ခြားနားသော အခြေအနေနှင့် သင့်တော်အောင် ဘယ်လို အသုံးချရမလဲ ဆိုသော မေးခွန်း ဖြစ်သည်။ အကယ်၍ တစ်စုံတစ်ခုသော တည်ဆဲအခြေအနေ အပေါ် မူတည်ပြီး မုဟမ္မဒ် သခင် ပြုထားခဲ့သော ဥပဒေသည် အီရတ်တွင် ဖြစ်ပေါ်နေသော တည်ဆဲအခြေအနေနှင့် တူညီမှု အထိုက်အလျောက် ရှိလျှင် ထိုအချက်တွင် ကုရ်အာန် ကျမ်းတော်ကို ကိုးကား၍ အသုံးချရမည် ဖြစ်သည်။ သို့ရာတွင် အကယ်၍ အာရေဗျ အခြေအနေနှင့် အီရတ် အခြေအနေသည် ကြီးကြီးကျယ်ကျယ် ကွဲပြား ခြားနားပါက သူက အီရန် အခြေအနေနှင့် ကိုက်ညီသော ပုံဆောင် ဥပမာကို ထုတ်နုတ် ဆင်ခြင်ယူပြီး အီရတ် နိုင်ငံမှာ အသုံးချရန် ဖြစ်လေသည်။ သူ့ အနေနှင့် အခက်အခဲ ကြုံတွေ့သောအခါ သူသည် ဒေသန္တရ အခြေအနေကို လိုက်ပြီး ဆွေးနွေး တိုင်ပင်ခြင်း၊ အကြံဉာဏ်ယူခြင်းများကို ပြုလုပ်ကာ ဥပဒေ ဖြတ်ထုံးများကို ပြုလုပ်လေသည်။

ထိုဖြတ်ထုံးများသည် နောက်ဆုံး အပြီးသတ် စီရင်ချက်တွင် ကုရ်အာန် ကျမ်းတော်ကို ကျော်လွန်၍ အစားထိုးသော ဆုံးဖြတ်ချက် ဖြစ်သွားခြင်းမျိုးလည်း ဖြစ်တတ်သည်။ ဥပမာ ကုရ်အာန် ကျမ်းတော်ထဲမှာ သူခိုးကို ဖမ်းမိလျှင် သူခိုး၏ လက်ကို ဖြတ်ပစ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့ရာတွင် ထိုခေတ် ထိုအခါက အခြေအနေနှင့် ယခု တိုးတက်နေပြီ ဖြစ်သော အီရတ် အခြေအနေနှင့် မကိုက်ညီတော့ပေ။ ထိုပြဋ္ဌာန်းချက် ပါဝင်သော ကုရ်အာန် ကျမ်းတော်၏ အခြား အပိုင်းမှ ပညတ်ချက်နှင့် သဘောတူရာ ပုံဆောင် ဥပမာကို ယူ၍ အီရတ်တွင် ပို၍ ထိရောက်သော အခြား အပြစ်ဒဏ်ကို ပေးရန် ဖြတ်ထုံးကို စီရင်လေသည်။ ၎င်းမှာ ထောင်သွင်း အကျဉ်း ချထားခြင်း ဖြစ်၏။ (လက်ကို ဖြတ်ခြင်းနှင့် ထောင်ချထားခြင်းဖြင့် ဘာမှ မလုပ်နိုင်ဘဲ နေရခြင်း သဘောမှာ အတူတူပင် ဖြစ်သည်။) ဤ အယူအဆသည် အဘာဆစ်ဒ်များလို သက်

---

၁။ Hanifite　　　　၂။ Abu Hanifa

သာရာ ရှာလိုသော သဘော ရှိသူများ အတွက် သဘာဝ ကျသည်။ ထို့နောက် အွစ္စမာလီ တူရကီများကလည်း ထို အယူကို နှစ်သက် လက်ခံကြလေသည်။ ဟာနီဖိုက်၏ ဓမ္မ သတ်များ၊ ဥပဒေ ဖြတ်ထုံးများနှင့် ဘာသာရေး ပူဇော် ပသမှု များကိုလည်း လက်ခံကြလေသည်။

ထိုဟာနီဖိုက် အယူဝါဒများကို ယခုကာလတိုင်အောင် အများအားဖြင့် အီရတ်၊ ပါကျွန်း၊ အိန္ဒိယပြည် မြောက်ပိုင်း နှင့် ဗဟို အာရှ နိုင်ငံများတွင် လိုက်နာ ကျင့်သုံးဆဲ ဖြစ်၏။

ဒုတိယ ဂိုဏ်းသည် *မာလာကိုက်* [1] ဂိုဏ်း ဖြစ်သည်။ မဒီနာ မြို့တွင် မာလစ် အီဘင် အားနပ်စ် (၇၁၅-၇၉၅) က စတင် တည်ထောင်သည်။ ဥပဒေများနှင့် ပူဇော် ပသမှု ဆိုင်ရာ အခမ်းအနား ဓလေ့ထုံးစံများကို ကုရ်အာန် ကျမ်း တော်နှင့် ဟာဒိသ်တော်များ အရ အဓိပ္ပာယ် ဖွင့်ဆိုသော ဂိုဏ်း ဖြစ်သည်။ အခက်အခဲ ပြဿနာ ပေါ်ပေါက်သော အခါ ပြည်သူ အများ၏ ဆန္ဒ သဘော တူညီမှု၊ အများ နှစ် သက်ရာ ထင်မြင် ယူဆချက်ကို ယူပြီး ပြဿနာကို ဖြေ ရှင်းလေ့ ရှိသည်။ ထို အများ ထင်မြင် ယူဆချက်ကို *'အစ် ဂျမာ'* [2] (Consensus) ဟု ခေါ်သည်။ မဒီနာမြို့တွင် ဖြစ် ပွားလျက် ရှိသော အများ သဘောတူရာ ဆန္ဒနှင့် ထင်မြင် ယူဆချက် ဖြစ်သည်။ ရှုပ်ထွေး၍ ဝေခွဲ မရသော အခြေ အနေမျိုးနှင့် ကြုံတွေ့ရသော မာလစ်သည် ပုံဆောင် ဥပမာ စကားကို အသုံးပြုလေ့ ရှိသည်။ ထိုပုံဆောင် ဥပမာ စကား သည် အများ ထင်မြင်ချက်နှင့် ဆန့်ကျင်သော အခါ သူ သည် အများပြည်သူတို့၏ အကျိုး ခံစားခွင့်ကို ဦးစားပေး စဉ်းစားလေသည်။

ထိုဂိုဏ်း၏ အယူအဆများကို အများအားဖြင့် မြောက် အာဖရိက၊ အီဂျစ် နိုင်ငံ ဒေသ အချို့နှင့် အာရေဗျ အရှေ့ ပိုင်းတွင် ယခုခေတ်တိုင်အောင် လက်ခံ ကျင့်သုံးလျက် ရှိ ကြလေသည်။

တတိယဂိုဏ်းသည် *ရှာဖီးယိုက်* [3] ဂိုဏ်း ဖြစ်သည်။ ထိုဂိုဏ်းကို တည်ထောင်သူမှာ ရှာဖီး ဖြစ်သည်။ သူသည် အာရပ် နိုင်ငံမှာ ဖွားမြင်သော ပါကျွန် တစ်ဦး ဖြစ်သည်။ သို့ရာတွင် အဆက်အနွယ်အားဖြင့်မူ ကုရိုက်ရှ် မျိုးနွယ်စု နှင့် ဆက်စပ်နေသူ ဖြစ်သည်။ ထို ဂိုဏ်းသားများသည် ကုရ်အာန် ကျမ်းတော်ကိုထက် ဟာဒိသ်တော်များကို ပိုမို၍ နှစ်မြို့ကြလေသည်။ အငြင်းပွားစရာ ပြဿနာ ပေါ်လာ လျှင် သူတို့သည် ထိုဟာဒိသ်တော်များကိုသာ ဥပဒေ ဖြတ် ထုံးကျမ်းများ အဖြစ် ကိုးကား ပြောဆိုကြလေသည်။ သူတို့ လက်ခံထားသော အစဉ်အလာမှာ မွတ်ဆလင် လောကကို ချဲ့ထွင်ရန် ဖြစ်၏။ ထို့ကြောင့် ပို၍ တိုးတက် ဖွံ့ဖြိုးသော အခြေအနေမှာ ရှိကြသည်။ ဤကိစ္စတွင် သူတို့သည် လွတ် လပ်သော သဘောထား ရှိသူများ ဖြစ်ကြစေကာမူ ရှာဖီး ယိုက်များသည် ထင်မြင်ချက် မှန်သမျှကို ပယ်ချလေ့ ရှိ ကြသည်။ ကိုယ့်သဘောနှင့် ကိုယ် တွေးမြော်ပြီး ပြောဆို ချက်များကို ခွင့်မပြုကြပေ။

ရှာဖီးယိုက် ဂိုဏ်းသားများသည် အီဂျစ်ပြည် အောက် ပိုင်း (ကိုင်ရို)၊ အရှေ့ အာဖရိက၊ အာရေဗျ တောင်ပိုင်း နှင့် ပါလက်စတိုင်း၊ အိန္ဒိယ တောင်ပိုင်းနှင့် အရှေ့ အင်ဒီး ကျွန်းများတွင် ပြန့်ပွားဆဲ ရှိ၏။

ဂိုဏ်းလေးဂိုဏ်း အနက် ရှေးအယူအစွဲ အသန်ဆုံး (ကွန်ဆာဗေးတစ် အဖြစ်ဆုံး) ဂိုဏ်းသည် *ဟန်ဘာလိုက်* [4] ဂိုဏ်း ဖြစ်သည်။ ယခုအခါ သြဇာ တိက္ကမ အနည်းဆုံး အဆင့်သို့ ကျသွားသော ဂိုဏ်း ဖြစ်သည်။ ထိုဂိုဏ်းကို ဘဂ္ဂဒက်မြို့တွင် *ဟာရွန် အားလ်-ရာရှစ်* [5] ၏ ဖရိုဖရဲ ခေတ် ကာလတွင် *အီဘင် ဟန်ဘားလ်* [6] ဆိုသူက တည်ထောင် ခဲ့ခြင်း ဖြစ်သည်။ သူသည် အားလ်ရှာဖီး၏ တပည့် ဖြစ် သည်။ သူသည် သူ့ဆရာထက်ပင် ဆင်ခြင်တုံ တရားနှင့် ထင်မြင် ယူဆချက် မှန်သမျှကို လက်မခံသော ပုဂ္ဂိုလ် ဖြစ် သည်။ သူသည် အထူးသဖြင့် မူတာဇာလိတ်စ်များကို ဆန့် ကျင်သူ အတိုက်အခံ ပြုသူ ဖြစ်သည်။ သူသည် ကုရ်အာန် နှင့် ဟာဒိသ်တော်များကို တစ်သဝေမတိမ်း လိုက်နာသူ ဖြစ်သည်။ ကုရ်အာန် ကျမ်းတော်သည်လည်း ဖန်ဆင်းခြင်း ကင်းသော ထာဝရ တည်မြဲသော ကျမ်း ဖြစ်သည် ဆိုသော အယူအဆကို ငြင်းပယ်ရသောကြောင့် အဗ္ဗာဆစ်ဒ် ခလီဖာ မာမွန်နှင့် နောက်ထပ် ဆက်ခံသော ခါလီဖာ တစ်ဦးတို့ လက်ထက်တွင် ဖမ်းဆီး ချုပ်နှောင်ခံရပြီး ရိုက်နှက်ခံရ ကာ အကျဉ်း ချထားခြင်းကိုလည်း ခံရလေသည်။

ဟန်ဘာလိုက်တို့၏ ဥပဒေ ဓမ္မသတ်များနှင့် ပူဇော် ပသမှု ထုံးဓလေ့များကို ယခုထက်တိုင် မက္ကာနှင့် မဒီနာ မြို့တွင် *ဟေဂျပ်ဇ်* [7] များက လိုက်နာနေကြဆဲ ဖြစ်သည်။ အာရေဗျ တောင်ပိုင်း တစ်ခုလုံးမှာလည်း လိုက်နာကြသည်။ အာရေဗျ တောင်ပိုင်းတွင် လွန်ခဲ့သော အနှစ် ၂၀၀ ကျော်က

---

၁။ Malakite
၂။ Ijma
၃။ Shafiite
၄။ Hanbalite
၅။ Harun-al-Rashid
၆။ Ibn-Hanbal
၇။ Hejaz

*ဝဟာဘီ* [၁] ၏ ပြန်လည် ပြုပြင်ရေး အမြင်များက ပို၍ အကျိုး သက်ရောက်မှု ရှိပြီး ယခုတိုင် လက်ခံနေကြလေသည်။

ဤ ကျောထောက် နောက်ခံ အခြေအနေတွင် အာရာရီ၏ စွမ်းဆောင် အောင်မြင်မှုသည် အကောင်းဆုံး ဖြစ်သည်ဟု ရှုမြင်ရသည်။ သူသည် ၈၇၃ ခုနှစ်တွင် ဘဂ္ဂဒက် မြို့မှာ ဖွားမြင်ခဲ့ပြီး ၉၃၅ (၉၃၆) လောက်တွင် ဘဂ္ဂဒက် မြို့မှာပင် ကွယ်လွန်ခဲ့လေသည်။

ရှေးအယူမှန် ဝါဒီ မွတ်ဆလင်များ အထူး ဂုဏ်တင် ပြောဆိုခြင်း ခံရသော ပုဂ္ဂိုလ် နှစ်ဦး ရှိသည်။ ထို နှစ်ဦး အနက်တွင် အာရှာရီသည် တစ်ဦး ဖြစ်သည်။ အခြား တစ်ဦးမှာ *ဂါဇာလီ* [၂] ဖြစ်သည်။ အစပထမ မူတာဇာလိတ်စ်များ၏ သင်ကြားချက်များကို လေ့လာ သင်ကြားပြီး ဟောပြောနေခဲ့ရာမှ သူသည် ရုတ်တရက် ပြောင်းလဲ သွားလေသည်။ သူ့ အသက် လေးဆယ် အရွယ်တွင် သူသည် မူတာဇာလိတ်စ် အယူအဆကို လုံးဝ သဘော မတူတော့ဘဲ ပြင်းပြင်းထန်ထန် ဆန့်ကျင်ကာ ဘာသာရေး ဒဿန တစ်ခုကို တီထွင် ကြံဆလေတော့သည်။ ထို ဒဿန အမြင်တွင် သူသည် ဆွန္နဟ် (မုဟမ္မဒ် သခင် ဟောကြားခဲ့သော တရားများ၊ ကုရ်အာန် ကျမ်းတော်ထဲမှာ မှတ်တမ်း တင်မထားရသေးသော မုဟမ္မဒ်၏ အလေ့အကျင့်များ) အားလုံးကို ဆင်ခြင်တုံ တရားနှင့် ညီညွတ်ကြောင်း ဆီလျော်ကြောင်းကို ပြဆိုရန် အားထုတ်ခဲ့လေသည်။

ဤ ဓမ္မ ဒဿနကို ပြီးပြည့်စုံစွာ အောင်မြင်မှု ရရှိစေရန် သူက ထာဝရ ဘုရားသခင် အလ္လာဟ် အရှင်မြတ်သည် တစ်ပါးတည်း မဟုတ်၊ အရာခပ်သိမ်း (All) ဖြစ်သည်ဟု ဆိုလေသည်။

သက်ရှိ အားလုံး၊ အသိဉာဏ် ပညာ အားလုံး၊ တန်ခိုး အားလုံး၊ ဆန္ဒ အားလုံး၊ သုတ အားလုံး၊ အမြင် အားလုံး၊ အပြော အားလုံးသည် ခုနစ်ပါးသော ဘုရားသခင်၏ ဂုဏ်တော်များ ဖြစ်ကြသည်။

ဘယ်မှာ ဖြစ်ဖြစ်၊ ဘယ်အခါ ဖြစ်ဖြစ် တွေ့ကြုံ ခံစားရသမျှ အတွေ့အကြုံ အားလုံးသည် ဘုရားသခင်၏ လုပ်ဆောင်ချက်တွေချည်းသာ ဖြစ်ကြသည်။ အဘယ်ကြောင့် ဆိုသော် အလ္လာဟ် အရှင်မြတ်သည် လူနှင့် တကွ လူ၏ လုပ်ဆောင်ချက် ကံကိစ္စ အားလုံးကိုလည်း ဖန်ဆင်းတော်မူသည်။ လူသားသည် သူ့ ဘဝ သူ့ အဖြစ်အပျက်များကို ဘာမျှ မြင်လည်း မမြင်ရ၊ ကြားလည်း မကြားရ၊ သိလည်း မသိရ၊ ဘာဆန္ဒတွေ သူ့မှာ ဖြစ်ပေါ်လာမလဲ ဆိုသည်ကိုလည်း ဆန္ဒ မပြုနိုင်ပေ။

ထို့ကြောင့် လူ့ကိစ္စ လူ့ဘဝ အခြေအနေ မှန်သမျှကို အလ္လာဟ် အရှင်မြတ်ကသာ ဖန်ဆင်း ဆောင်ရွက်တော်မူခြင်း ဖြစ်လေသည်။

ဤအယူအဆသည် အိန္ဒိယ ဒဿန ပညာ၏ အချက်အလက် အချို့ကို ပုံတင်ထပ်သော အသံ သဘောပင် ဖြစ်ကြောင်း တွေ့ရသည်။ အာရှာရီ အနေနှင့် ရှေးက အယူမှန် ဝါဒထဲမှာ ပါသော အယူဝါဒ အားလုံး အတွက် ယုတ္တိဗေဒ အခြေခံကို ရှာဖွေပေးနိုင်ခဲ့လေသည်။ ကုရ်အာန် ကျမ်းတော်ထဲမှာ ဖြစ်စေ၊ ဟာဒိသ်တော်တွေထဲမှာ ဖြစ်စေ အကိုးအကား အထောက်အထားများဖြင့် ဖော်ပြခြင်း ဖြစ်သည်။

ဥပမာ အလ္လာဟ် အရှင်မြတ်က ရုတ်တရက် ချက်ချင်း ဖြစ်စေ ဆိုသည်နှင့် အရာခပ်သိမ်း သက်ရှိ သက်မဲ့ အလုံးစုံတို့ကို အတွင်း သဘော အပြင် သဘောအားဖြင့် ဖြစ်စေရန် ဖန်ဆင်းတော်မူသည် ဆိုသော အချက်တွင် အလ္လာဟ် အရှင်မြတ်က လူကိုမူ သူ့ကို တွေးရှု ဆင်ခြင်၍ သိမြင်စေသောသူ အဖြစ် ဖန်ဆင်းကြောင်း ကုရ်အာန်ထဲမှာ လာသည်ဟု သူက ဆိုသည်။

ထို့ပြင် အလ္လာဟ် အရှင်မြတ်သည် အမှန်ပင် ပလ္လင်တော်ပေါ်မှာ ထိုင်နေတော်မူသည်။ စာထဲမှာ ပါသော သဘောအရ ဘုရားသခင်မှာ ခြေလက် အင်္ဂါများ ပါရှိသည်။ မျက်စိ နား နှာများ ပါရှိသည်။ ကုရ်အာန်ထဲမှာတော့ ထိုသို့ပင် ဆိုသည်ကား အမှန် ဖြစ်သည်။ သို့ရာတွင် ကုရ်အာန်ထဲမှာပင် အလ္လာဟ် အရှင်မြတ်သည် ဤစကြဝဠာထဲရှိ ဘယ် အရာဝတ္ထုနှင့်မှ မတူ ဟူ၍လည်း ဆိုထားပြန်လေသည်။ လူသားများသည် ၎င်းတို့အား ပြောဆိုထားသော စကား မှန်သမျှကို ဘယ်လိုလဲဟု လုံးဝ စဉ်းစား ဆင်ခြင်ခြင်း မပြုဘဲ ယုံကြည် သက်ဝင်ကြရမည်ဟု ကုရ်အာန်ထဲမှာ ကြေညာထားလေသည်။ အလားတူစွာ ကောင်းကင်ဘုံနှင့် ငရဲဘုံတို့ကို စိတ်ကူး ပုံဆောင်ပြခြင်း၏ အကောင်အထည် ဒြပ်နှင့် တကယ် တည်ရှိကြောင်း ကုရ်အာန်ထဲမှာ ဖော်ပြထားသည်ကိုလည်း အမှန်တရားကို သရုပ် ဖော်ထားခြင်း ဖြစ်သည်ဟု ယုံကြည်ကြရမည်။

အာရှရီက ကုရ်အာန်ထဲမှာ ပါသော စကားများသည် အလ္လာဟ် အရှင်မြတ်၏ စိတ်ထဲတွင် ရှိသော အကြံအစည် စိတ်ကူးများလိုပင် ထာဝရ သဘောများ ဖြစ်ကြသည်။ စာရွက်ပေါ်မှာ ရေးသားထားပြီး လူတို့ ရွတ်ဖတ်နေကြသော

၁။ Wahhabi ၂။ Ghazzali

ကျမ်းစာများမှာမူကား ကမ္ဘာပေါ်မှာ လူတို့က ထုတ်လုပ်သော ပစ္စည်းပွန် ဘဝနှင့် ဆိုင်သော အစ မူလ ရှိသော အရာများသာ ဖြစ်ကြသည်။

ဤစကားများမှာ ရှေး အစဉ်အဆက် ခေါင်းရှုပ်စရာ ပြဿနာ ဖြစ်လာခဲ့သော ကုရ်အာန်သည် ဖန်ဆင်းထားသော အရာ မဟုတ် ဆိုသော စကားနှင့် ပတ်သက်သော ပြဿနာကို ဖြေရှင်းသော စကား ဖြစ်သည်။ ထိုစကားကို ကြားရသော အခါ မွတ်ဆလင်များ အများစု စိတ်ထဲမှာ ကျေနပ်နှစ်သက်သွားကြလေသည်။

နောက်ဆုံး အနေနှင့် အလ္လာဟ် အရှင်မြတ်သည် ကောင်းမှု မကောင်းမှု ပြုသမျှ အမှုကံ၏ နီးစပ်သော အကြောင်းတရား ဖြစ်သည် ဆိုသော အယူအဆကို အာရှာရီက မပြောဝံ့အောင် ဟန့်တားခြင်း မပြုပေ။ အလ္လာဟ် အရှင်မြတ်သည် မယုံကြည် မကိုးကွယ်သော သူတို့၏ မယုံကြည်ခြင်းကိုလည်း ဖန်ဆင်းတော်မူပြီးမှ ထိုသူတို့ကို ထိုသို့ မယုံကြည်ခြင်း အတွက် ငရဲကို ပစ်ချသော အပြစ်ဒဏ်ကို ထားသလား ဆိုသော အချက်ကိုမူ ဘာမှ စောဒက မတက်ဘဲ လက်ခံရမည်။ *ဘီလာကာယဖ်* [၁] သာ ဖြစ်သည်။ အလ္လာဟ်မှာ သူ့အကြောင်းနှင့် သူ ရှိပြီးသား ဖြစ်သည်။ ထိုအကြောင်းကို လူတို့ အနေနှင့် မသိနိုင်။ ထို့ကြောင့် ထိုအကြောင်းကို လူတို့ အနေနှင့် သိနားလည်အောင် အရဲစွန့်ပြီး လုပ်စရာ မလိုပေ။

## ဂမ္ဘီရ ဝါဒီ ဆူဖီများ [၂]

အထက်တွင် ဆိုခဲ့ပြီးသော ဆင်ခြင်တုံ တရား ဝါဒီများနှင့် ဓမ္မသတ် ဝါဒီများသည် အလွန်အမင်း လက်တွေ့ကျသူများ ဖြစ်ကြသည် သို့မဟုတ် တစ်နည်း ဆိုရလျှင် ဗဟိဒ္ဓလောကနှင့် သက်ဆိုင်သူများ ဖြစ်ကြသည်။ ထိုသူတို့၏ အမြင်များသည် မွတ်ဆလင် သန်းပေါင်း များစွာအား စိတ်ချမ်းသာမှုကို ပေးနိုင်ခဲ့လေသည်။ ထိုသူများ၏ စိတ်သဘောမှာ သဘာဝအလို သူတို့ ဘာသာကို ဖြစ်စေလိုသော ခံစားချက်မျိုး ရှိကြလေသည်။ ထိုအချက်သည် အခြား ဘာသာမှ မွတ်ဆလင်ဘာသာသို့ ကူးပြောင်း လာကြပြီးနောက် ခရစ်ယာန်များ၊ ဂျူးများနှင့် ဇိုရိုအက်စတာ ဘာသာဝင်များ နေထိုင်ရာ အရပ်တွင် နေထိုင်ကြသူများ၏ အလိုဆန္ဒ ဖြစ်လေသည်။ ထိုသူများသည် ဂူများ၊ လိုဏ်ဂူများထဲမှာ အောင်းပြီး တရားအားထုတ်နေကြသော ခရစ်ယာန် ရဟန်းများကို မြင်တွေ့ရသော အခါ များစွာ အထင်ကြီးမိကြလေသည်။ စဉ်းစားစရာလည်း ဖြစ်လာကြသည်။ တိုင်းတစ်ပါးဖြစ် ဒဿနပညာများကလည်း လွှင့်မျောလာကြသည်။ အနောက်ဘက်မှ ပလေတိုး ဝါဒသစ်၊ အရှေ့ဘက်မှ ဟိန္ဒူဘာသာ အယူဝါဒနှင့် ဗုဒ္ဓဘာသာ အယူဝါဒတို့နှင့်လည်း ထိတွေ့လာကြရသည်။

ထိုအယူဝါဒကွဲများ၏ လွှမ်းမိုးမှုကို တုံ့ပြန်ချင်သော သဘောသည် ရှေးဦးမဆွကပင် ရှိခဲ့ကြလေသည်။

ခရစ်နှစ် ၈ ရာစုသို့ ရောက်သော အခါ ပထမဆုံး သူတို့ကိုယ်သူတို့ ဆူဖီဟု ခေါ်သူများ ပေါ်ပေါက်လာကြသည်။ (ဆူဖီ၏ အဓိပ္ပာယ်မှာ သိုးမွေးထည်ကို အရောင်မဆိုးဘဲ အကြမ်းစား အတိုင်း ဝတ်ဆင်ကာ ရသေ့ ရဟန်းအသွင်ဖြင့် နေထိုင်သူများ ဖြစ်ကြလေသည်။)

အမှန်မှာ ရသေ့ ရဟန်း တပသီ အကျင့်ကို ကျင့်သူများတွင် သူတို့သည် ပထမဆုံးသော ပုဂ္ဂိုလ်များ မဟုတ်ကြချေ။ စောစောပိုင်းက အွမ္မာယာဒ် ခလီဖာများ လက်ထက်တွင် ဆီးရီးယားမှ မွတ်ဆလင်များမှာ ခရစ်ယာန် ဘာသာ အယူဝါဒများ၏ လောကုတ္တရာ အယူအဆများ ဩဇာလွှမ်းမိုးမှုကို ခံကြရပြီး (ဓမ္မသစ် ကျမ်းစာပါ အယူအဆများ၏ လွှမ်းမိုးခြင်းကိုလည်း ခံကြရပြီး) သူတို့သည် အနာဂါရိကများ အဖြစ် အိုးပစ် အိမ်ပစ် လှည့်လည် သွားလာနေခဲ့ကြလေသည်။ သူတို့သည် တောင်းစားခြင်းလည်း မရှိ၊ အသက်မွေးမှု အတွက် အလုပ် လုပ်စားခြင်းလည်း မရှိကြဘဲ ယေရှု ခရစ် ဟောကြားခဲ့သော 'ဒါကြောင့် နက်ဖြန်ခါ အတွက် ဘာမှ စဉ်းစားမနေကြနှင့်၊ မနက်ဖြန်ကျလျှင် မနက်ဖြန် အတွက် သူ့ဘာသာ ဖြစ်လာလိမ့်မည်' ဆိုသော စကား အတိုင်း လိုက်နာ ကျင့်ကြံခဲ့ကြလေသည်။ တချို့ကလည်း တရုတ်ပြည်က *တောက် ဝါဒီ* [၃] များလို၊ အိန္ဒိယပြည်က မဟာ ဝီရလို (မဟာ ဝီရ အကြောင်းကို တော့ သူတို့ ကြားဖူးဟန် မတူပေ။) သူတို့သည် ဝတ်မွတ်ခေါင်းပါးခြင်းနှင့် နာမကျန်း ဖြစ်ခြင်းကို လုံးလုံးလျားလျား လျစ်လျူရှုကာ နေထိုင် ကျင့်ကြံကြလေသည်။ သို့မဟုတ် လူများက သူတို့ကို မဟုတ် မတရား စွပ်စွဲ ပြောဆိုကြသည်ကိုလည်း လုံးဝ အရေး မထားဘဲ လျစ်လျူရှုကြလေသည်။ သူတို့ကိုယ် သူတို့ကမူ 'တို့က အလ္လာဟ် အရှင်မြတ်၏ လက်ထဲမှာ ရှိကြတာပဲ' ဟုသာ ဆိုတတ်ကြသည်။

---

၁။ Bila Kayf    ၂။ The Mystics Sufi

၃။ Taoist

ပထမ ဆူဖီများသည် *ဓူ အားလ် နွန် အားလ် မစ္စရီ* [၁] ဟု ခေါ်သော အီဂျစ် လူမျိုး တစ်ဦး၏ ဂမ္ဘီရ ဆန်သော တွေးခေါ် မြော်မြင်ပုံ သဘောကို လက်ခံ ကျင့်သုံးခဲ့ကြလေသည်။ ထိုပုဂ္ဂိုလ်ကို ငါးက ဖြစ်လာသော လူဟုလည်း ခေါ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် လူပုဂ္ဂိုလ်တိုင်းမှာ ကြီးလေးသော အပြစ် ဒုစရိုက်များ ပါလာကြသည်။ ထို့ကြောင့် လူ့ဝိညာဉ်ကို ဘုရားသခင်က ဝါးမျိုသွားအောင် ဂမ္ဘီရ နည်းဖြင့် ကျင့်ရမည်။ သို့ရာတွင် သူနှင့်တကွ သူ့နောက်လိုက် ဆူဖီများက ဝိညာဉ်ကို ဘုရားသခင်က ယုံကြည် စိတ်ချသွားအောင် ချက်ချင်း လက်ငင်း လုပ်၍ မရ၊ ကာလ ကြာမြင့်စွာ ကျင့်ကြံ အားထုတ်မှသာ ရနိုင်သည်ဟု ဆိုကြလေသည်။ ထိုကဲ့သို့ ဘုရားသခင်က ယုံကြည် လက်ခံ သိမ်းပိုက်သွားသော အခါ ထိုသူ၏ ဝိညာဉ်သည် လျှို့ဝှက် နက်နဲစွာဖြင့် သူ့ခန္ဓာကိုယ်မှာ မရှိတော့ဘဲ ပျောက်ဆုံးသွားသည်။

ထိုကဲ့သို့ ဈာန်ဇော ကျသွားအောင် ကျင့်ကြံ အားထုတ်ရာတွင် အဆင့် သုံးဆင့်ဖြင့် အားထုတ်ရသည်။

ပထမ အချက်မှာ ဘာဆရာမှ ဟာရစ်သ် အားလ် မုဟာဆီဗီ (အေဒီ ၈၅၇ မှာ ကွယ်လွန်သည်) ၏ နည်းလမ်းကို လိုက်ကြရမည်။ ဆူဖီ တစ်ဦးသည် သစ္စာတရားဆီကို သွားသောလမ်း (မဂ်လမ်း) ဖြင့်သာ ဘုရားဖူးသွားကြရမည်။ ထိုအခါ သူ ဖြတ်သန်းရမည့် လမ်းတွင် စခန်းအဆင့်ဆင့် ရှိသည်။ ထိုလမ်းကို ဖြတ်သန်းသွားသော အခါ လမ်းညွှန်နိုင်သူ ဆရာ တစ်ဦးထံမှာ နည်းနာ နိဿယကို ခံယူ၍ သွားရမည်။ ထိုစခန်း၌ (မဂ် အင်္ဂါ) ခုနစ်ပါး ရှိသည်။

(၁) နောင်တ ရရှိခြင်း၊ (၂) စာရိတ္တ သီလကို စောင့်ထိန်းရမည်၊ (ကြည်ရောင်သော အကျင့်)၊ (၃) လောကီ အာရုံကာမဂုဏ် တရားများကို စွန့်ပယ်ခြင်း၊ (၄) ဆင်းရဲ ခေါင်းပါးခြင်း၊ (၅) ခန္တီ သည်းခံခြင်း၊ (၆) ဘုရားသခင် အပေါ် ယုံကြည် စိတ်ချခြင်း၊ (၇) ရောင့်ရဲလွယ်ခြင်း စသော မဂ်အင်္ဂါ ခုနစ်ပါး ဖြစ်သည်။ (ဤခုနစ်ချက်ကို အဓိက ပြဋ္ဌာန်းထားသည်။)

နောက်ဆုံး လောကုတ္တရာ ဉာဏ်အဆင့်သို့ ရောက်ရှိသော အခါ အလ္လာဟ် အရှင်မြတ်က ပေးသနားသော တောင့်တခြင်း၊ ကြောက်လန့်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း၊ ရင်းနှီး ကျွမ်းဝင်ခြင်းနှင့် အလ္လာဟ် အရှင်မြတ်အား ယုံကြည်

နမူနာ ပြရလျှင် အလောင်းကောင်ကို ရေချိုးပေးသူတို့ လုပ်သလို ခံနေသည့် အတိုင်းပင် ဖြစ်သည်။

မကြာမီမှာပင် ဆူဖီများသည် တောက်ဝါဒီများကဲ့သို့ပင် ဉာဏ်ပညာပိုင်းနှင့် ဂမ္ဘီရ ပညာပိုင်းကို စိတ်ဝင်စားမှု ထွန်းကားလာသည်။ သူတို့သည် ကမ္ဘဋ္ဌာန်း ဘာဝနာ အလုပ် (သမထ) ကို အားထုတ်လာကြလေသည်။ နီယို ပလေတိုးဝါဒ ခေါ်သော ပလေတိုး ဝါဒသစ်၊ အသိပညာအားဖြင့် ဘဝ လွတ်မြောက်မှု ချမ်းသာကို ရာရမည် ဆိုပြီး ခရစ်ယာန် ဘာသာမှ ခွဲထွက်သွားသူ (နော့စတစ်) များ၏ ဝါဒ၊ ဗုဒ္ဓဝါဒ၊ ဟိန္ဒူ ဝါဒတို့က သူတို့အား ဒဿန အခြေခံများကို ပေးခဲ့လေသည်။ ခရစ်ယာန် ရဟန်း သံဃာ အဖွဲ့အစည်း စနစ်ကလည်း သူတို့အား ရသေ့ ရဟန်းလို အဖွဲ့အစည်းကို ဖန်တီးရေး ကိစ္စ၌ အရိပ်အမြွက် ပြခဲ့ကြလေသည်။ သူတို့သည် ရသေ့ ရဟန်း အသွင်ကို ဆောင်ယူ လာကြသည်။ သိုးမွေး သင်္ကန်းကို ဝတ်ဆင်ကြသည်။ အိမ်ထောင်သားမွေးခြင်းကို စွန့်ပယ်ကြသည်။ ကာလရှည်စွာ မအိပ်မနေ သတိဖြင့် နေသော အကျင့်ကို ကျင့်ကြပြီးနောက် ကမ္ဘဋ္ဌာန်း ဘာဝနာ တရားကို အားထုတ်ရမည့် အချိန်ကာလကိုလည်း သတ်မှတ်ခဲ့ကြလေသည်။

၁၂ ရာစုသို့ ရောက်သော အခါ ညီရင်းအစ်ကိုများ အဖြစ် စုဝေးပွဲကြီးကို ကျင်းပ ပြုလုပ်ကြလေသည်။ ဘာသာရေး စုဝေးပွဲကြီး ဖြစ်သည်။ ခရစ်ယာန် ဘုရား ရှိခိုးကျောင်းမှာ ပြုလုပ်သော ဝတ်ပြုပွဲကြီးများနှင့် ဆင်တူပေသည်။

သူတို့၏ အဓိက ရည်မှန်းချက်မှာ ဘုရားသခင်နှင့် သေပြီးမှ မဟုတ်ဘဲ ယခု ဘဝမှာပင် တစ်သဘောတည်း ဖြစ်အောင် ပေါင်းစည်းရေး ဖြစ်သည်။ သူတို့ကို ဦးဆောင် လမ်းပြရန် မွတ်ဆလင် အတွေးအခေါ် လမ်းစဉ် သင်္ကေတ မရှိရကား သူတို့သည် မွတ်ဆလင် ရှေး အယူမှန် ဝါဒကို 'သီယိုဆိုဖီ' ခေါ် သဗ္ဗညုတ ဉာဏ် ရအောင် ကျင့်သော အကျင့်နှင့် ဘုရား များစွာကို ကိုးကွယ်သောဘက်သို့ ဆွဲယူသွားကြလေတော့သည်။

ဤသို့ ဆွဲယူသွားခြင်းမှာ ပလေတိုး ဝါဒသစ်နှင့် ခရစ်ယာန်တို့၏ အယူဝါဒများ လွှမ်းမိုးမှုကြောင့် ဖြစ်သည်ဟု ဆိုနိုင်သည်။

နောက်ပိုင်းကျတော့ မဟာယာန ဗုဒ္ဓဘာသာ အယူအဆများနှင့် ဝေဒန္တ ဟိန္ဒူဘာသာ အယူအဆများက အတွေးအခေါ်ပိုင်းမှာရော သဘော အယူအဆပိုင်းမှာပါ အချက်အလက်များကို ပေးခဲ့ကြောင်း တွေ့ရှိရသည်။

---

၁။ Dhu-al-Num al Misri

စိတ်ချခြင်း သဘောတို့သည် အကျိုး ခံစားခွင့်များ အဖြစ် သရဖူ ဆောင်းလာကြလိမ့်မည်။ ထိုသို့ ကျင့်ကြံ အားထုတ်လျှင် အလွန် စိတ်လှုပ်ရှားဖွယ် ကောင်းသော အတွေ့အကြုံများကို ဖြတ်သန်းကြရပေမည်။ အရက် မူးသလို အတွေ့အကြုံမျိုး နှုတ်ဖြင့် ဖွင့်ဟ ပြောဆိုရန် မလွယ်သော ဘုရားသခင်၏ ဩဘာသ အလင်းများ လင်းလက်လာခြင်းနှင့် ဘုရားသခင်၏ မေတ္တာစေတ်တို့ကို မုချရပြီဟု သိလာလိမ့်မည်။ ဤ အဆင့်သည် မွတ်ဆလင် ဂမ္ဘီရ ဝါဒီ ဘုရားတရား ယုံကြည်သူများ၏ အဆုံး ပန်းတိုင်ပင် ဖြစ်သည်။

သို့ရာတွင် ဂမ္ဘီရ ဝါဒီတိုင်းသည် ထာဝရ ဘုရားကို ယုံကြည်သူများ မဟုတ်ကြချေ။ အလ္လာဟ် အရှင်မြတ် ဆိုသော စကား၏ နေရာတွင် 'သစ္စာတရား' ဆိုသော စကားကို အစား ထိုးကြသည်။

အီရတ် နိုင်ငံသို့ ဗုဒ္ဓဘာသာ ဩဇာများ လွှမ်းမိုး ထိုးဝင်လာသော အခါ ဆူဖီများသည် အနိဿရိယ နိမ္မာနဝါဒ (ဘုရားမဲ့ သဘော) သို့ ပြောင်းလဲ သွားကြလေတော့သည်။ ထိုသို့ ပြောင်းသွားသူများမှာ *ဇင်းဒစ်* [၁] ဟု ခေါ်သော လွတ်လပ်စွာ တွေးခေါ်သော ဆူဖီများ ဖြစ်ကြလေသည်။ ထိုပုဂ္ဂိုလ်များက အနတ္တ ဝါဒ (ခန္ဓာ ငါးပါး အတ္တ သဘော ချုပ်ဆုံးခြင်း) ကိုသာ ဘဝ ပန်းတိုင် အဖြစ် သတ်မှတ်ကြလေတော့သည်။

ဤဆူဖီများနှင့် ထို့ထက် ပိုပြီး အစွန်း တစ်ဖက်သို့ ရောက်သော ဆူဖီများကို ရှေးအယူမှန်ဝါဒစွဲ သန်သူ (အောသဒေါ့) မွတ်ဆလင်များက မိစ္ဆာဒိဋ္ဌိများ၊ အယူ မှားသူများဟု အသိအမှတ် ပြုကြလေသည်။

ဘာသာ အယူဝါဒကြောင့် အသတ် ခံရသော အဖြစ်အပျက် (အာဇာနည် ဖြစ်ရပ်) တစ်ခုပင် ရှိခဲ့ဖူးလေသည်။ *အားလ် ဟာလာ့ဂျ်* [၂] ဟု ခေါ်သော ပါသျှန် ဆူဖီ တစ်ဦးအား ၉၂၂ ခုနှစ်တွင် ရိုက်နှက်ကြပြီးနောက် လက်ဝါးကပ်တိုင် ကားစင်ပေါ်တွင် ခြေလက်များကို သံမှိုစွဲလေသည်။ ထိုအခါ အားလ် ဟာလာ့ဂျ်က လူသိရှင်ကြား ဖြစ်အောင် အော်ဟစ် ပြောဆိုလေသည်။ 'ငါသည် သစ္စာတရား ဖြစ်တယ်' ဟု ဆိုလေရာ သူ ဟောသည်ကို ကြားကြရသော ပရိသတ်များ၏ အမြင်တွင် 'သစ္စာတရား' ဆိုသော စကားသည် အလ္လာဟ် အရှင်မြတ်ကို ခေါ်သော စကား ဖြစ်သည်ဟု သိနေကြသဖြင့် ထိုသူသည် ဘုရားသခင် အလ္လာဟ် အရှင်မြတ်ကို ပြစ်မှား ပြောဆိုသူ ဖြစ်သည်ဟု ဆုံးဖြတ်ချက် ချကြလေတော့သည်။ ထိုဆူဖီကလည်း သူနှင့် သူ၏ ဖန်ဆင်းရှင်သည် တစ်ဦးတည်း တစ်သဘောတည်းပင် ဖြစ်သည်ဟု ခံစား၍ ပြောဆိုခြင်း ဖြစ်သောကြောင့် ကြားနာသူ ပရိသတ်၏ ထင်မြင် ယူဆချက်သည်လည်း မှန်ကန်သည်။ သို့သော် ထိုစကားကို ပြောဆိုသူ ဆူဖီ ဆရာ၏ စိတ်ထဲတွင်မူ သူသည် ဘာသာ အယူဝါဒကို ပြစ်မှားခြင်း မဟုတ်ဟု ယူဆလေသည်။

ထိုကဲ့သို့ သူနှင့် ဖန်ဆင်းရှင် ဘုရားသခင်နှင့် တစ်ဦးတည်း တစ်သဘောတည်း ဖြစ်သည်ဟု ပြောဆိုခြင်းအတွက် ထို ဆူဖီ ဆရာကြီးကို ခေါင်းဖြတ်၍ သတ်လိုက်ကြလေတော့သည်။

အားလ် ဟာလာ့ဂျ် မတိုင်မီကလည်း ပါသျှန် ဂမ္ဘီရ ဆရာ တစ်ဦး ပေါ်ပေါက်ခဲ့ဖူးသည်။ ထိုသူ၏ အမည်မှာ ဘာရာဇစ် ဖြစ်သည်။ သူက 'အနှစ် သုံးဆယ် လုံးလုံး လောကုတ္တရာ၏ အရှင် ဘုရားသခင်သည် ငါ ရှုကြည့်နေခဲ့ရသော ကြေးမုံမှန် ဖြစ်ခဲ့လေသည်၊ ယခုသော်ကား ငါသည်ပင်လျှင် ငါ၏ ကြေးမုံမှန် ဖြစ်ခဲ့လေပြီ' ဟု ဆိုသည်။

ထိုစကား၏ အနက် အဓိပ္ပာယ်မှာ အရင်တုန်းကတော့ ငါဟာ ဘုရားသခင်ကို အာရုံပြုပြီး ဘာဝနာ ပွားများခဲ့ရသည်၊ ယခုကား ထိုသို့ မဟုတ်တော့ပြီ၊ ငါသည်ပင်လျှင် ဘုရား စင်စစ် ဖြစ်သွားပြီဟု ဆိုရာ ကျလေတော့၏။

ပါသျှန် ဆူဖီ ဆရာ ဟာလာ့ဂျ်သည် ကဗျာ လင်္ကာများကိုလည်း ရေးစပ်ခဲ့လေသည်။ ထို ကဗျာများထဲတွင်လည်း သူနှင့် ဖန်ဆင်းရှင် ဘုရားသခင်သည် တစ်ဦးတည်း တစ်သဘောတည်းပင် ဖြစ်ကြောင်းကို ကဗျာဆန်ဆန် ဖော်ပြခဲ့သည်။ 'ငါသည် ငါ ချစ်သောသူပင် ဖြစ်၏၊ ငါ ချစ်သော သူသည်လည်း ငါပင် ဖြစ်သည်' စသော သဘောများဖြင့် သူနှင့် ဘုရားနှင့် အတူတူ ဖြစ်သည့် သဘောကို ရေးစပ်ခဲ့လေသည်။

သူ့ကို အယူမှားသော မိစ္ဆာဒိဋ္ဌိ အယူရှိသည့် ပုဂ္ဂိုလ် ဖြစ်သည်ဟု နှိပ်ကွပ်ခြင်းခံရသော်လည်း ဟာလာ့ဂျ်ကို ကဗျာဆရာ တစ်ဦးထက် ပို၍ ကြီးမြတ်သူ အဖြစ် ပဲ့တင်ထပ်မျှ လူများက ချီးမွမ်းခဲ့ကြလေသည်။

နာမည်ကျော် ဂမ္ဘီရ ကဗျာဆရာ *ဂျလာ့လ် အုဒ္ဒင် ရှမီ* [၃] သည် ဘားလ်ခ်မြို့တွင် ၁၂၀၇ ခုနှစ်၌ ဖွားမြင်ခဲ့သည်။ အနှစ် သုံးရာလောက် နောက်ကျပြီးမှ ပေါ်ပေါက်လာသူ ဖြစ်သည်။ သူ ပြောဆိုသော စကားများကို စဉ်းစား

၁။ Zindiq

၂။ al-Hallaj

၃။ Jalal-uddin Rumi

ကြည့်သော အခါ သူလည်း ဂမ္ဘီရ ဆူဖီ ဆရာ တစ်ဦးပင် ဖြစ်ကြောင်း ပေါ်လွင်သည်။ ထို ပုဂ္ဂိုလ် လက်ထက်တွင် *မော်လဝီ* [၁] ဗလီ ဆရာများ အဖြစ်ကို ဖန်တီးခဲ့လေသည်။ ထိုမော်လဝီ အဖွဲ့ အစည်းသည် *ပသီ ဘိုးသူတော် အဖွဲ့ အစည်း* [၂] ဖြစ်သည်။ ဆူဖီ ဆရာများနှင့် သူတို့မှ ပေါက်ပွားလာသူ ပသီ ဘိုးသူတော် အဖွဲ့အစည်းများသည် သူတို့ သိလို၍ ရှာဖွေနေသော အသိအမြင် အတွက် အကူအညီ ဖြစ်စေမည့် အယူအဆ အမြင် မှန်သမျှကို ပျူပျူငှာငှာ လက်ခံ ကြိုဆိုတတ်ကြပေသည်။ ဘုရားသခင်နှင့် တစ်သဘောတည်း ဖြစ်ရေးကို ကြိုးပမ်းနေကြသူများ အားလုံးကိုလည်း သူတို့၏ အမည်နာမ အသွင်သဏ္ဌာန်တွေ ကွဲပြားခြားနားနေကြစေကာမူ အနှစ်သာရအားဖြင့် တစ်ဦး တစ်ယောက်တည်း အဖြစ်ဖြင့်သာ ရှုမြင် သုံးသပ်လေသည်။

၁၁၆၅ ခုနှစ်တွင် မွေးဖွားသော ခေတ်ဦး ကဗျာဆရာ မုဟယူ အွဒ္ဒင် အီဘင်အာရဘီက ကြေညာရာတွင် -

သူသည် ရှေးအခါက ကိုယ်နှင့် အယူ မတူသူကို ကိုယ့် ရန်သူလို သဘောထား မှားခဲ့ကြောင်း၊ ယခုမူ မိမိ နှလုံးသားက ဘယ်ဘာသာ မဆိုကို လက်ခံနိုင်ပြီ ဖြစ်ကြောင်း၊ ယခု ထိုနှလုံးသားသည် အာဖရိက ဒရယ်ငယ်တို့ စားရာ စားကျက်နှင့် တူနေပြီ။ ရဟန်း သံဃာတို့၏ ခုတင်ဆောက်တည်ရာ တောရ ကျောင်းသဖွယ် ဖြစ်နေပေပြီ။ ရုပ်တုများ ထားရာ တန်ဆောင်းပဲ ဖြစ်ဖြစ်၊ ဘုရားဖူးများ သွားရာ ကာဘာ ကျောင်းတော်ပဲ ဖြစ်ဖြစ်၊ ထိုရာ ကျမ်းစာ ကျောက်ပြားများပဲ ဖြစ်ဖြစ်၊ ကုရ်အာန် ကျောင်းတော်ပဲ ဖြစ်ဖြစ် အားလုံးကို နှလုံးသားက လက်ခံနိုင်ပြီ။ ငါ၏ ဘာသာ တရားကား တခြား မဟုတ်၊ မေတ္တာ တရားပင် ဖြစ်၏။ ထို မေတ္တာတရား ရှိရာ အရပ်တိုင်းတွင် အကျွန်ုပ်၏ ဘာသာရေးနှင့် ယုံကြည် ကိုးကွယ်မှု ရှိသည်ဟု ဆိုလေသည်။

ဆူဖီ ဆရာများ အကြောင်းကို ကျော်လွန်၍ ၁၁ ရာစု အတွင်းတွင် မွတ်ဆလင် ဘာသာရေး အယူဝါဒများကို သမူဟ ဖြစ်အောင် ကြိုးပမ်းချက် ပြုသူများ အကြောင်းကိုလည်း ဆက်လက် ဖော်ပြသင့်သေးသည်။

## ဂါဇ္ဇလီ [၃] ၏ သမူဟ ဖြစ်အောင် ပေါင်းစည်းခြင်း

ထုံးတမ်းစဉ်လာ ရှေး အယူမှန် ဝါဒီများနှင့် ဆင်ခြင်တုံ တရား ဝါဒီများ အကြားမှာ လည်းကောင်း၊ ဥပဒေ မွေ့သတ် ဝါဒီများနှင့် ဂမ္ဘီရ ဝါဒီများ ကြားမှာ လည်းကောင်း ရန်ဖြစ်နေကြ၊ ငြင်းခုံနေကြခြင်းများကို သမူဟ ဖြစ်ပြီး ပေါင်းစည်း ညီညွတ်မှု ရသွားအောင် ပြုလုပ်သော အရာမှာ ဂါဇ္ဇလီ၏ ဘာသာရေး အယူအဆ ဖြစ်သည်။ ထို အယူအဆကို နားလည်သွားလျှင် လွှတ်မြောက်မှု တစ်ခုကို ရသွားသလို ခံစားရလေသည်။

သူသည် အာရှာရီ၏ နောက်တွင် အကျိုးစီးပွား မဖြစ်သော ခရစ်ယာန် ကျမ်းတတ်များ၏ စကောလပ်စတစ် ဝါဒမှ သူ့ ဂိုဏ်းကို ကယ်နိုင်ခဲ့သူ ဖြစ်သည်ဟု အသိအမှတ် ပြုခံရလေသည်။

မွတ်ဆလင်များက သူ့ကို *မုဟဂျီ အအ်-ဒင်* [၄] (ဘာသာရေးကို ပြန်လည် တည်ဆောက် ထိန်းသိမ်းသူ) ဟု ခေါ်ကြလေသည်။ သို့ပင်ဖြစ်စေကာမူ သူ့ တန်ဖိုးကို ချက်ချင်း လက်ငင်း အသိအမှတ် ပြုခဲ့ကြခြင်း မဟုတ်ပေ။ သူ၏ ဘာသာရေး အမြင်များ စည်းလုံး ညီညွတ်မှု (သမူဟ) ဖြစ်အောင် ကြိုးပမ်းမှု အကောင်အထည် ပေါ်လာသော အခါ ကျမှသာ မွတ်ဆလင် ကျမ်းတတ်ပေတတ် ပုဂ္ဂိုလ်များက သူ၏ မျှမျှတတ ချိန်ချိန်ဆဆနှင့် ပညာသားပါပါ ဆောင်ရွက်တတ်မှုကို အာရုံ စူးစိုက် လာခဲ့ကြလေသည်။

သူ့ကို ပါသျှန် ကျေးရွာကလေး တစ်ရွာတွင် ၁၀၅၈ ခုနှစ်တုန်းက ဖွားမြင်ခဲ့လေသည်။ သူ ထင်ပေါ် ကျော်ကြားလာသည်မှာ တစ်ရွာ တစ်ကျေးတွင် ဖြစ်၏။ သို့သော် သူ ကွယ်လွန်ခါနီး အချိန်တွင် သူ့ ဇာတိ ရပ်ရွာသို့ ပြန်လာပြီးလျှင် သက္ကရာဇ် ၁၁၁၁ ခုနှစ်တွင် ကွယ်လွန်ခဲ့လေသည်။ သူသည် ပထမ ရှုဖီးယိုက် ကျောင်းတွင် မွေ့သတ် ပညာများကို စတင် သင်ကြားခဲ့လေသည်။ ထို့နောက် ဘာသာရေး အယူဝါဒများကို နာမည် ကျော်ကြားသော မွေ့ဆရာ အီမမ် (အာရှာရီဂိုဏ်း) တစ်ဦးထံမှာ သင်ကြားခဲ့လေသည်။ သူ့ကို ဘဂ္ဂဒက်မြို့တွင် အသစ် ဖွင့်လှစ်သော *နီဇမ်မီယာ တက္ကသိုလ်* [၅] တွင် ကထိက ဆရာ အဖြစ် ဆောင်ရွက်ရန် ဖိတ်ကြားခြင်း ခံခဲ့ရလေသည်။

ထိုတက္ကသိုလ်တွင် အာရှာရီ၏ အယူအဆများ လွှမ်းမိုးနေလေသည်။ ထိုတက္ကသိုလ်တွင် စာပေ သင်ကြား ပို့ချနေစဉ် လေးနှစ် ကာလ အတွင်း၌ သူသည် ဘာသာရေးနှင့် ပတ်သက်သော အကျပ်အတည်းနှင့် ကြုံရလေသည်။ သူသည် ခရစ်ယာန် ကျမ်းတတ် ပေတတ်များ၏ စကောလပ်စတစ် ဝါဒကို စိတ်တိုင်းမကျ ဖြစ်လာခဲ့လေသည်။

---

၁။ Maulawi ၂။ Dervishes ၃။ Ghazzali

၄။ Muhji ed-din ၅။ Nizamiyah University

ထို့နောက် သူသည် သံသယ ဝါဒ ဘက်သို့ ဦးလှည့်သွားသည်။ ပြီးမှ ဆူဖီ ဝါဒကို လက်ခံလာလေသည်။

သူ၏ အသိဉာဏ် ပညာနှင့် ပတ်သက်သော စပ်စုလိုသော သဘော ဆန္ဒသည် ကြီးကျယ်လှ၏။ သို့သော် သူ့ဆန္ဒကြောင့် သူသည် စိတ်ရောကိုယ်ပါ ပင်ပန်းခြင်းဖြင့် ခြေကုန်လက်ပန်း ကျခဲ့ရလေသည်။ သူ သေခါနီး အသက်ငါးဆယ် အရွယ်လောက် ရောက်မှ သူ့စိတ်ထဲမှာ ဆူဖီ ဝါဒသည် အရေးပါသော ဝါဒ ဖြစ်ကြောင်း သက်သေ ထင်ရှားသိမြင်လာလေသည်။ သူသည် တက္ကသိုလ်မှ ထွက်ပြီး ဆီးရီးယားသို့ ထွက်ခွာသွားခဲ့လေသည်။ ဆီးရီးယားမှာ ရှိသော ဆူဖီ ဆရာများ၏ လမ်းစဉ်သည် ဘာသာရေး အတွက် မုချ သေချာပေါက် ဘဝ လွတ်မြောက်ရာ လမ်း အမှန် ဟုတ်မဟုတ် သိရှိနိုင်ရန် ဖြစ်၏။ ဆီးရီးယားတွင် နှစ်နှစ်တိတိ သူသည် ကမ္ဘဋ္ဌာန်း ဘာဝနာ တရားကို အားထုတ်လေသည်။ ထို့နောက် ဘုရားဖူးရန် အတွက် မက္ကာ မြို့တော်သို့ ထွက်သွားခဲ့လေသည်။ ပြီးမှ သူ့အိမ်နှင့် သူ့သားသမီးများ ရှိရာ အရပ်သို့ ပြန်သွားခဲ့လေတော့သည်။

သူသည် ထိုအခါက စ၍ ဂမ္ဘီရ ဝါဒကို ကျင့်ကြံအားထုတ်ခဲ့လေသည်။ စာကိုလည်း စတင် ရေးသားလေသည်။ ဆူလ်တန် ဘုရင်၏ အမိန့် အရ သူသည် စာသင်ကြားခြင်း အလုပ်ကို လုပ်ရန် ပြန်သွားရပြီး အချိန်တိုလုပ်ခဲ့ရသေး၏။ ထို့နောက် သူသည် ကမ္ဘဋ္ဌာန်း အလုပ်ကိုပင် ပြန်၍ ဇောက်ချလုပ်ပြန်သည်။ သူ၏ ဇာတိ ရပ်ရွာမှာ နေပြီး စာရေးခြင်းကိုလည်း လုပ်ခဲ့လေသည်။ သူ့အသက် ၅၃ နှစ် အရွယ်တွင် ကွယ်လွန်သည် အထိ သူ့ ဇာတိ ရပ်ရွာတွင် စာရေးခြင်းဖြင့် နေထိုင်ခဲ့လေသည်။

သူ၏ အကြီးကျယ်ဆုံး စာအုပ်မှာ '*ဘာသာရေး သိပ္ပံပညာကို ပြန်လည် ရှင်သန်လာစေခြင်း*'[၁] ။ သူ့ အောင်မြင်မှု၏ အနှစ်သာရမှာ (ဤကျမ်းနှင့် အခြား ကျမ်းများတွင်) သူသည် ရှေး အယူမှန် ဝါဒ ဖြစ်သော အာရှာရီ၏ ဘာသာရေး သဘောတရားများကို လက်ခံခြင်း ဖြစ်သည်။ သို့ရာတွင် ပြင်းထန်သော ဆင်ခြင်ဉာဏ် သဘောတရားကို သူက အပုပ်ချရာ၌ ဆူဖီတို့၏ ဂမ္ဘီရ ဝါဒကို ပြန်လည် ရှင်သန်အောင် ပြုပြင်ခဲ့လေသည်။ အခြေခံအားဖြင့် ဘာသာရေးသမား ဖြစ်ရကား သူသည် ဓမ္မသတ် ဝါဒကို စိတ်တိုင်းမကျ ဖြစ်မိလေသည်။ ဆွန္နီများ၏ ယုတ္တိယုတ္တာဖြင့် ဆင်ခြင်စဉ်းစားပြီးမှ ယုံကြည် လက်ခံသော ဝါဒကိုလည်း မနှစ်သက်ပေ။ သူ့ စိတ်ထဲတွင် စိတ်ကို တည်ငြိမ်မှု သမာဓိ ရအောင် ပြုလုပ်သော ဘာသာရေး အတွေ့အကြုံ (ကျင့်စဉ်) မပါသော ဘာသာသည် ဘာသာရေး အစစ် မဖြစ်နိုင်ဟု သဘောထားလေသည်။

ထို့အတူ ဘုရားသခင်ကို ယုံကြည် ကိုးကွယ် အားထားရခြင်း မရှိသော လူ့ဘဝ၊ လူ့အတွေးအခေါ် မှန်သမျှသည်လည်း လုံးဝ အကျိုး မရှိ၊ လုံးဝ အနှစ်သာရ မရှိဟု မြင်သည်။ ထိုသို့ ယူဆသောကြောင့် တရားဓမ္မသတ် ဝါဒီများ၏ ရိုးဖြောင့်ခြင်း မရှိသော ဥပဒေ ဂိုဏ်းသည် ဘာသာရေး မကိုင်းရှိုင်းသော အပေါ်ယံ သဘောအားဖြင့် ငြင်းခုံနေကြသူများသာ ဖြစ်သည်။ သိပ္ပံပညာနှင့် ဒဿန ပညာသည် ဘာသာရေး အယူဝါဒ၏ မိတ်ဆက် နိဒါန်းစာများ အဖြစ်သာလျှင် တန်ဖိုး ရှိသည်။ သူသည် အာရစ္စတိုတယ်၏ အတွေးအခေါ် နောက်လိုက် မွတ်ဆလင်များကို အချိန်ယူပြီး ခွဲခြမ်း စိတ်ဖြာ လေ့လာခဲ့လေသည်။ ထိုသူတို့သည် ကိုယ့်ဘာသာကိုယ် (ကိုယ့်အယူနှင့် ကိုယ်) ပဋိပက္ခ ဖြစ်နေကြသော အတွေးအခေါ် ဖောက်ပြန်နေကြသူများသာ ဖြစ်ကြသည်။ အနှစ်သာရအားဖြင့်လည်း ဘာသာရေး မကိုင်းရှိုင်းကြသူများ၏ ဆင်ခြင်ပုံ စနစ်သာလျှင် ဖြစ်သည်။

သူ့အမြင်တွင် စကြဝဠာ လောကကြီးသည် အမြဲ မရှိသော အနိစ္စ သဘောကြီးသာ ဖြစ်သည်ကို သိမြင်ခဲ့လေသည်။ ထိုစကြဝဠာကြီးကို အလ္လာဟ် အရှင်မြတ်၏ ဖန်ဆင်းခြင်း ဆန္ဒ တန်ခိုးတော်ဖြင့် ဘာမျှ မရှိသော အနတ္တ သဘောကြီးမှ ဖန်ဆင်းခဲ့ခြင်း ဖြစ်သည်။

လူနှင့် လူကို ဖန်ဆင်းသော အရှင်တို့၏ ဆက်ဆံမှုနှင့် လူနှင့် လူ့ပတ်ဝန်းကျင် လောကတို့၏ ဆက်ဆံမှုသည် အခြေခံအားဖြင့် အကျင့်သီလ ရှိသော အတွေ့အကြုံပေါ်မှာ အခြေခံရမည်။ အစ္စလာမ် ဓမ္မသတ်များနှင့် အစ္စလာမ်တို့၏ ဓလေ့ ထုံးစံများကို လိုက်နာ ကျင့်ကြံနေရုံဖြင့် ကိစ္စ မပြီးသေးပေ။ သို့မဟုတ် အစ္စလာမ် ဘာသာထဲသို့ အသစ် ဝင်ရောက်လာသူများကို အကာအကွယ် ပေးသော ဘာသာရေး အယူဝါဒ အမြင်လည်း ရှိရပေဦးမည်။ နှိမ့်ချခြင်း ရှိသော စိတ် ဝိညာဉ်သည် လေးနက်စွာ ဘာသာတရားကို ကိုင်းရှိုင်းမှု ရှိရမည်။ ထိုသို့ ဘာသာတရားကို ကိုင်းရှိုင်းသည် ဆိုရာ၌ ကုရ်အာန် ကျမ်းတော်ထဲမှာ ပါသော စကား မုက္ခပါဌ်တော်များ၏ အဓိပ္ပာယ် ဖော်ဆောင်ချက်များကို မသိပါဘဲလျက်လည်း ယုံကြည် ကိုင်းရှိုင်းနိုင်သူ ဖြစ်ရမည်။ ဘာသာတရား၏ ကျောရိုး အနှစ်သာရသည် (မွတ်ဆလင် မဟုတ်သူများပင် ဖြစ်သော်လည်း ကျင့်သုံးရသော တရား)

၁။ The Revivification of the Religious Science

မှာ မိမိ ပြုမိမှားသော မကောင်းမှု ဒုစရိုက် အပြစ် အတွက် နောင်တ သံဝေဂ ရရှိခြင်းပင် ဖြစ်သည်။ နှလုံးသားကို ဘုရားမှတစ်ပါး အခြား တရားများမှ ကင်းစင်အောင် အပုပ် ချ၍ သန့်စင်စေရမည်။ ထို့နောက် ဘာသာရေး လေ့ကျင့်မှု များအားဖြင့် အကျင့် သီလနှင့် ပြည့်စုံသော စရိုက်များ ဖြစ်ပေါ်လာနိုင်သည်။ ထို့ပြင် ဤနေရာ၌ ဆူဖီတို့၏ ကိုယ် ကျင့်သီလ ကောင်းမွန်အောင် သီလ ဆောက်တည်သော နည်း၊ ကမ္မဋ္ဌာန်း ဘာဝနာကို အားထုတ်သော နည်းများကို သာမန် အသိဉာဏ်၊ ထူးခြားသော ဉာဏ် အမြင်များဖြင့် ကျင့်ကြံ အားထုတ်လျှင် အကျိုးကျေးဇူး ကြီးစွာ ရရှိနိုင် သည်။

တန်ဖိုး မဖြတ်နိုင်သော တန်ဖိုးကို ရရှိစေနိုင်သော အရာမှာ 'ယုံကြည်မှုဆိုင်ရာ ပဋ္ဌမ မဏ္ဍိုင်' ပင် ဖြစ်သည်။ အားလုံးသော မွတ်ဆလင်များ လိုက်နာ ကျင့်သုံးရမည့် တာဝန် ဝတ္တရားကြီး ငါးပါးပင်တည်း။ သို့ရာတွင် ထိုပဋ္ဌမ မဏ္ဍိုင် တရားတော်များကို မိမိတို့၏ ရင်တွင်း နှလုံးသားမှ လှိုက်လှိုက်လှဲလှဲ အားမထုတ်လျှင် ဖြစ်စေ၊ မှန်ကန်သော သဘောထားဖြင့် အားမထုတ်လျှင် ဖြစ်စေ အကျိုး ခံစား ခွင့်ကို အပြည့်အဝ မရရှိနိုင်ပေ။

ထိုနည်းအားဖြင့်သာလျှင် နောက်ဆုံး တရား စီရင် သော (ကေယာမတ) နေ့၌ မွတ်ဆလင် အပေါင်းတို့သည် အပြစ်ဒဏ်မှ ကင်းလွတ်ရေး အတွက် မျှော်လင့်နိုင်ကြပေ သည်။

ဥပဒေ ဓမ္မသတ် ဆရာများ၊ ဘာသာရေး အယူဝါဒ များနှင့် အတွေးအခေါ် ဒဿနများကို ဘာသာရေး မီးတောက် မီးလျှံ ကင်းမဲ့နေသည်ဟု ဂါဇ္ဇလီက အားသန်စွာ ဝေဖန်ရာ၌ ထိုဓမ္မဆရာများ၊ အယူဝါဒများနှင့် ဒဿနများသည် ဂိုဏ်း ဂဏစွဲကို ဖြစ်ပေါ်စေသည်။ အဆုံးသတ်အားဖြင့် ဂါဇ္ဇလီ ကို မွတ်ဆလင် ဘာသာရေး သဘောတရား ဆရာတို့တွင် အကြီးမြတ်ဆုံး ပုဂ္ဂိုလ် အဖြစ် တန်ဖိုး ထား၍ သတ်မှတ် ခြင်းကို ခံရသည်။ နောင်အခါ၌ သူ့ကို အရိယာ သူတော်စင် ကြီး (စိန့်) အဖြစ်ပင် ကြည်ညို ကိုးကွယ်ကြလေသည်။

ခရစ်ယာန် ဘာသာရေး ဂိုဏ်းများသည် စိန့်သောမတ် အကွိုင်းနပ်၏ အနေအထားကို ကျော်လွန်၍ မသွားကြ သကဲ့သို့ မွတ်ဆလင်များ အနေနှင့်လည်း ဂါဇ္ဇလီ၏ အယူ အဆများကို ကျော်လွန်၍ ရှာလွန် ရှက်တိုက်သွားခြင်းမျိုး မပြုလုပ်ကြပေ။

ဂါဇ္ဇလီ၏ အယူအဆ အဆုံးအဖြတ်ကိုပင် နောက်ဆုံး အတည်ပြု လက်ခံခဲ့ကြလေသည်။

## အရိုက်အရာကို ရထိုက်သူများဟု ယူဆကြသော ရှီယတ်များ

ဂါဇ္ဇလီ ဝေဖန် တိုက်ခိုက်ခဲ့သော ဂိုဏ်းဂဏများထဲတွင် ကိုယ့်ကိုယ်ကိုယ် ဘုရားသခင်က မုဟမ္မဒ်၏ အရိုက်အရာ ကို ဆက်ခံပိုင်ခွင့် ပေးထားသည်ဟု မှားယွင်းစွာ တောင်း ဆိုနေကြသော အလီ၏ နောက်လိုက် ဘက်တော်သားများ လည်း ပါဝင်ခဲ့လေသည်။ ၎င်းတို့ကို *ရှီယတ်များ* [၁] ဟု ခေါ် သည်။ သို့ ဝေဖန်စေကာမူ ထို ရှီယတ်များကမူ သူ့ကို အလေး ဂရု မပြုကြချေ။ ယခုအခါ ရှီယတ် မွတ်ဆလင် လူဦးရေမှာလည်း ၁၂ သန်းခန့် ရှိနေပြီ ဖြစ်၏။ သူတို့သည် အဓိကကျသော အယူဝါဒကွဲ ဘာသာရေး ဂိုဏ်းကြီး တစ် ဂိုဏ်း ဖြစ်လေသည်။ သို့သော် ဤဂိုဏ်းသားများ၏ အခြေ အနေမှာ ယခုထက်တိုင်အောင် အပူခန်း၊ အလွမ်းခန်း ဘဝ မှာသာ ရှိကြသေး၏။

မွတ်ဆလင် လောကကြီး တစ်ခုလုံးက ဤဂိုဏ်းသား များကို ငြိုငြင်စိတ်၊ အမျက် ဒေါသ စိတ်ဖြင့် နှိပ်ကွပ်သော သဘောထားမျိုး ထားခြင်းကို ခံနေကြရသေး၏။ ထိုသို့ ပြုလုပ်ကြခြင်းမှာ ကရုဏာ ဒေါသောကြောင့် ဖြစ်သည်ဟု လည်း ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ လှုပ်ရှားမှုသည် ခေတ်နှင့်အညီ ရှေ့သို့ တိုးတက်ခြင်း မရှိဘဲ အစ္စလာမ် ဘာသာ စတင် ပေါ်ပေါက်စ ခေတ်ဦးပိုင်းသို့ နောက်ကြောင်းပြန် သွားနေကြခြင်းကြောင့် ဖြစ်၏။ ထို့ပြင် ဖောက်ပြန် လွဲမှားသော အမြင်ကို လက်ခံ ထားကြသူများ ဖြစ်သည်ဟု ရှေးအယူမှန်ဝါဒ အစွဲသန်သူများက ယူဆ ကြလေသည်။ သူတို့ကို ဝေဖန်ကြသူများက ထိုသူတို့မှာ ဘာ သဘောထား ခံယူချက်မျှ မရှိဘဲ မုဟမ္မဒ်နှင့် အမျိုး တော်သည် ဆိုသော အချက်ကိုသာ အရေးထား ပြောဆို နေကြသောကြောင့် ဖြစ်သည် ဆို၏။

ရှီယတ်များ၏ စိတ်ထဲတွင်မူကား မုဟမ္မဒ် သခင် သည် အလ္လာဟ် အရှင်မြတ်၏ တမန်တော်မြတ် ဖြစ်သည်။ အလီမှာ သူ၏ ညီဝမ်းကွဲတော်သူ ဖြစ်ရုံသာမက သမက် လည်း ဖြစ်သည်။ ဓမ္မ ခေါင်းဆောင် အီမမ်လည်း ဖြစ် သည်။ ဘုရားသခင် ကိုယ်တိုင်က ခန့်ထားသော ခေါင်း ဆောင် ဖြစ်သည်။ ယုံကြည် သက်ဝင်သူများ အားလုံး၏ သေနာပတိချုပ်ကြီးလည်း ဖြစ်သည်။ ထို့ပြင် သူတို့၏ ပုံစံ

---

၁။ Shi'ites

နမူနာပြလည်း ဖြစ်သည်။ ထို့ပြင် သူ၏ နောက်လိုက် ရှီယတ်များက မုဟမ္မဒ် သခင် မကွယ်လွန်မီကတည်းက အာရေဗျတွင် သစ္စာတရားကို ဖော်ဆောင်သူ အနေနှင့် အလီ သခင်ကို သူ့အား အရိုက်အရာ ဆက်ခံမည့်သူ အဖြစ်ဖြင့် ရွေးချယ် သတ်မှတ်ခဲ့ပြီး ဖြစ်သည်ဟု ခံယူချက် ရှိကြလေသည်။ သစ္စာ တရားကို တစ်ကမ္ဘာလုံးက သိမြင်အောင် ပြုလုပ် ဆောင်ရွက်ရမည့်သူမှာ အလီ သခင်သာ ဖြစ်သည်ဟုလည်း သူတို့ စိတ်မှာ စွဲမြဲစွာ ခံယူထားကြလေသည်။ ထိုကဲ့သို့ ဘုရားသခင်က သိက္ခာ တင်ထားပြီး အိမမ် ရာထူးတွင် သတ်မှတ် ထားပြီးသူ အလီ သခင်သည် လူတွေက သိက္ခာ တင်ထားသော အလီလို မဟုတ်သော ခလီဖာများလို မဟုတ်၊ အပြစ် ကင်းသူ ဖြစ်သည်ဟုလည်း ယုံကြည်ကြသည်။ သူတို့သည် အလီ၏ ဘက်တော်သားများ တီထွင်ထားဟန် တူသော အစဉ်အလာ ထုံးဓလေ့ ဟာဒီသ်တော် တစ်ခုကိုလည်း လက်ခံထားကြလေသည်။

ထိုဟာဒီသ်ထဲတွင် ဤသို့ ဆိုထားလေသည်။

မုဟမ္မဒ် သခင် မကွယ်လွန်မီ သုံးလ အလိုတွင် နောက်ဆုံး အကြိမ် မက္ကာ ရွှေမြို့တော်ကို ဘုရားဖူး သွားပြီးနောက် အပြန် ခရီးတွင် အလီကို ဤသို့ ဆိုတော်မူသည်။

'ငါ့ကို မကြာခင် ဘုရားသခင်က ကောင်းကင်ဘုံကို ပြန်ခေါ်တော့မယ်၊ သင့်ကို အရေးကြီးသော ကိစ္စ နှစ်ရပ် အတွက် သေတမ်းစာနှင့်တကွ ပေးသော အမွေကို ပေးခဲ့မယ်၊ ထိုအမွေသည်ကား ကုရ်အာန် ကျမ်းတော်မြတ်နှင့် ငါ၏ မိသားစုကို ပေးခဲ့ခြင်းပဲ' ဟု ဆိုသည် ဆို၏။

ဤကိစ္စတွင် မုဟမ္မဒ် သခင်နှင့် အလီတို့ နှစ်ဦးလုံးက အကြံ ပြုခဲ့သော ကိစ္စ မှချ ဖြစ်နိုင်စေကာမူ ရှေးအယူမှန် ဝါဒကို စွဲကိုင်ထားကြသော မွတ်ဆလင် (အောသဒေါ့) များက ထိုအဆိုပြုချက်ကို လက်သင့် မခံနိုင်ကြချေ။ သူတို့ အဆိုအရ ထိုစကားသည် ကုရ်အာန် ကျမ်းတော်နှင့် ဆန့်ကျင်နေသည်ဟု ဆိုကြသည်။ မုဟမ္မဒ် အနေနှင့် သူ့ကို ကောင်းကင်ဘုံသို့ ပြန်ခေါ်တော့မည်ကို ကြားသိနေသည် ဆိုသော စကားသည် ခရစ်ယာန် လေသံ ထွက်နေသည်။ သူ လူ့ပြည်ကို မလာခင် ကတည်းက ကောင်းကင်ဘုံမှာ အသက်ထင်ရှား နတ်သား အဖြစ် နေခဲ့သည်။ ကြိုတင်၍ ဘဝ ဖြစ်တည်မှု ရှိသည့် သဘောကို သက်ရောက်စေသည်။ လူ့ပြည်ကို လူသား ဘုရား အဖြစ် ဆင်းသက်လာသည် ဆိုသော စကားမျိုးနှင့် သဘောချင်း တူနေသည်။ ထို ဆိုသော စကားကြောင့် သူက သူ၏ အရိုက်အရာကို ဆက်ခံသူ အဖြစ် ခန့်ထားသည် ဆိုပါက ယေရှု ခရစ်တော်က စိန့်ပေထရု (ပီတာ) ကို သူ၏ သဘာဝလွန် တန်ခိုးတော်များဖြင့် သိက္ခာ တင်ပြီး အာဏာ အပ်နှင်းခဲ့သည့် ပုံမျိုး ဖြစ်နေသည်ဟု ဆိုလေသည်။

ထို့ကြောင့် အဘူဘေကာ၊ အွမ္မာရ်နှင့် အွသမန်တို့ကို ခလီဖာ (ရာထူး ဆက်ခံသူများ အဖြစ်) ခန့်ထားခြင်းသည် အဓမ္မ အခွင့်အရေးကို လုယူထားခြင်းသာ ဖြစ်သည်။ ထိုကဲ့သို့ မတရား လုယူထားခြင်းကြောင့် ဘေးဥပဒ် အန္တရာယ်ကြီးများ အကျိုးဆက်အားဖြင့် ဖြစ်ပေါ်လာကြသည်။ ဤသစ္စာ ဖောက်မှုကြီးကို ရှီယတ် ဂိုဏ်းသားများက အလွန်အမင်း နာကြည်းကြသည်။ ထို့ကြောင့် အဘူဘေကာ၊ အွမ္မာနှင့် အွသမန်တို့ကို သူတို့က အဓမ္မ အာဏာကို လုယူထားသူ သစ္စာဖောက်များ အဖြစ် သူတို့၏ သောကြာနေ့ ဝတ်ပွဲကျင်းပတိုင်းမှာ ကျိန်ဆဲကြလေသည်။

ရှီယတ်များသည် အလားတူ ကြေကွဲဖွယ် ဖြစ်ရပ်များကို အလီ၏ သားများနှင့် ပတ်သက်၍လည်း တွေ့ကြုံ ခံစားရသည်။ သူ့သားများသည်လည်း ဘမျိုးဘိုးတူ ဆိုသကဲ့သို့ ဘာသာရေး ဆိုင်ရာ အရည်အသွေးများကို အမွေခံ ရရှိခဲ့ကြသူများ ဖြစ်ကြလေသည်။ သား အကြီး ဖြစ်သူ *အားလ် ဟာဆန်* [၁] သည် ဖနီး ဖာတိမာနှင့် ရသော အလီ၏ သားဖြစ်သည်။ သူသည် သူ၏ ဓမ္မခေါင်းဆောင် အီမမ် အဖြစ်ကို အငြိမ်းစား ထောက်ပံ့ငွေကို ယူပြီး ရာထူးမှ ထွက်ပေးရန် တောင်းဆိုသော အတိုက်အခံများနှင့် ကြုံတွေ့ခဲ့ရလေသည်။

ဒုတိယ အီမမ် ဖြစ်သူ *အားလ် ဟူစိန်* [၂] သည် အေဒီ ၆၈၀ တွင် လုပ်ကြံ သတ်ဖြတ်ခြင်း ခံရပြီး အာဇာနည် ဖြစ်သွားလေသည်။ သူနှင့် သူ့သားငယ်ပါ အသတ် ခံရသည်။ အားလ် ဟူစိန်သည် သူ့ကိုယ်သူ ခလီဖာ ဖြစ်ခွင့် ဖြစ်ထိုက်သူ အဖြစ် ခံယူရန် ကြိုးပမ်းသော ကြိုးပမ်းမှုတွင် ကာဗလာ တိုက်ပွဲ ဖြစ်သော ညဥ္ဆ ကျဆုံးသွားလေတော့သည်။ သူနှင့် ခလီဖာ ရာထူးတွင် လက်ရှိ ဖြစ်နေသူ အွမ္မာယာဒ် မျိုးနွယ်စုမှ *ယာဇစ်ဒ်* [၃] နှင့် ဖက်ပြိုင် တိုက်ခိုက်ခဲ့ရသော တိုက်ပွဲ ဖြစ်သည်။

ရှီယတ်များ အပေါ် အွမ္မာယာဒ် လူမျိုးစုတို့က ကောင်းစွာ ဆက်ဆံခြင်း မရှိကြသလို အဘာဆစ်ဒ်တို့ကလည်း မလိုလားကြပေ။ သူတို့၏ ရည်မှန်းချက် ဖြစ်သော ခလီဖာ ရာထူး ဆက်ခံခွင့်ကို ရအောင် ကြိုးပမ်းကြရင်းက ဂိုဏ်း

---

၁။ Al-Hasan

၂။ Al Husain

၃။ Yazid

အမျိုးမျိုး ကွဲပြားပြန်ကြသည်။ ထိုဂိုဏ်း အသီးသီးကလည်း သူတို့သည် ဟာဆန်နှင့် ဟူစိန်တို့၏ အဆက်အနွယ်များ ဖြစ်ကြသည် ဟူသော အချက်ပေါ်တွင် ရပ်တည်ပြီး သူတို့ သာလျှင် မုဟမ္မာဒ်၏ သွေးသားစဉ်ဆက် ဖြစ်၍ မြင့်မြတ်သည်၊ အရှင်သခင် ဖြစ်ထိုက်သည်ဟု အယူ ရှိကြလေသည်။

ထို ဂိုဏ်း အသီးသီးတွင် သူတို့ ခံယူသော ဂိုဏ်း အယူအဆကြောင့် ထင်ရှားသော လူ အရေအတွက်မှာ သူတို့ကိုယ် သူတို့ ဘုရားသခင်က သိက္ခာ တင်ပေးထားသော အီမမ်များ ဖြစ်သည်ဟု ယူဆကြသူများ ဖြစ်ကြလေသည်။ ထိုကဲ့သို့သော ဘုရားသခင်၏ သိက္ခာ တင်ခြင်းကို သူတို့က အလီသခင်ထံမှ အမွေ ဆက်ခံ ရရှိခဲ့ကြသည်ဟု ယူဆကြလေသည်။

အလယ် အလတ် လမ်းစဉ်ကို လိုက်ကြသော အီမမ်များမှာမူ ထူးခြားသော အရည်အသွေး နှစ်မျိုး ရှိကြလေသည်။ ထိုအရည်အသွေး နှစ်ခုမှာ တရား ဓမ္မသတ်များကို အဓိပ္ပာယ် ဖွင့်ဆိုရာ၌ မမှားမှု၊ အမှားအယွင်း ကင်းမှုနှင့် အပြစ် ဒုစရိုက်မှ ကင်းရှင်း စင်ကြယ်မှုကို ဦးစားပေးသော အီမမ်များ ဖြစ်ကြလေသည်။

ထို့နောက် အီမမ် အစဉ်အဆက် ပြတ်လေသော ကာလ၌ သူတို့က ဘုရားသခင်၏ ကိစ္စကို ခေါင်းဆောင်သော သူများကို ဘုရားသခင်က ရုပ်သိမ်းလိုက်ပြီဟု သဘောထားကြလေသည်။ ထိုအခါ နောက်ဆုံး တရား စီရင်သော နေ့ မတိုင်မီ ကယ်တင်ခြင်း *(မာ့ဟ်ဒီ)*[၁] ဘက်သို့ ဦးလှည့်သွားကြပြန်လေသည်။

သူတို့၏ အီမမ် အပေါ် သစ္စာ ခံယူသော သဘောထားသည် တစ်ယူသန် သဘော ရှိပြီး အလွန် ခေါင်းမာကြလေသည်။ ဘာသာရေး ညှဉ်းပန်း နှိပ်စက်မှုနှင့် အတင်း အကျပ် အနိုင့် အထက် ပြုခြင်း ပြင်းထန်လာသော အခါ သူတို့သည် ထိုမလိုလားဖွယ် အခြေအနေမှ လွတ်မြောက်အောင် ကြိုးပမ်းကြသေးသည်။

ထိုအခါ သူတို့သည် ပရိယာယ် ဉာဏ်ဆောင်၍ ဘာသာရေး ညှဉ်းပန်း နှိပ်စက်သူများ၊ အာဏာပိုင်များ ရှေ့သို့ ရောက်လျှင် မခုတ်တတ်သော ကြောင်လို အပေါ်ယံအားဖြင့် သူတို့ အကြိုက်ကို လိုက်နာ ပြောဆို နေထိုင်ကြပြီးနောက် ကွယ်ရာသို့ ရောက်လျှင် လျှို့ဝှက်၍ မိမိတို့ ယုံကြည်သော အတိုင်းသာ ပြုကျင့်ကြလေသည်။ ဤနည်းအားဖြင့် သူတို့သည် မြေအောက် တောခိုသူများလို လျှို့ဝှက်သော နည်းဖြင့် အသက်ရှင် ရပ်တည်နိုင်အောင် ကြိုးပမ်းခဲ့ကြရလေသည်။

မူတာဇာလိတ်စ်များကဲ့သို့ပင် သူတို့ကလည်း ကုရ်အာန် ကျမ်းသည် ထာဝရ ဘုရားကဲ့သို့ ထာဝရ တရား ဖြစ်သည် ဆိုသော အချက်ကို မယုံကြည်ကြချေ။ ထို့အတူ လူမှာလည်း ကိုယ်ပိုင် ဆုံးဖြတ်နိုင်သော စိတ်ဆန္ဒ လွတ်လပ်ခွင့် မရှိ၊ လူပြုသမျှ ဘုရားသခင်၏ ဆန္ဒတော် အတိုင်းသာ ဖြစ်သည် ဆိုသော အချက်ကိုလည်း သူတို့ မယုံကြည်ကြချေ။ သူတို့ အမြင်တွင် အလ္လာဟ် အရှင်မြတ်သည် တရားမျှတတော်မူသော အရှင် ဖြစ်သည်။ ထို့ကြောင့် လူတို့ကို သူတို့ ပြုသော အမှုကံ အတိုင်းသာလျှင် သူတို့မှာ တာဝန်ရှိစေတော်မူသည်ဟု ယုံကြည်ကြလေသည်။

## မွတ်ဆလင်များ စံထားသော ရည်မှန်းချက်များ ကွဲပြား ခြားနားလာခြင်း

၁၂ ရာစုလောက်သို့ ရောက်သော အခါ အစ္စလာမ် ဘာသာ အတွေးအခေါ်များသည် ယေဘုယျအားဖြင့် တည်တံ့ ခိုင်မြဲသော အခြေအနေသို့ ရောက်ပြီ၊ ပြီးပြည့်စုံသော နောက်ဆုံး အဆင့်သို့ပင် ရောက်ခါနီးပြီဟု ဆိုနိုင်သည်။ အကြီးကျယ်ဆုံး သင်းခွဲ (ဂိုဏ်းခွဲ) မှုကြီးမှာ *ဆွန္နီ*[၂] နှင့် *ရှီယာ*[၃] များ အကြားမှာ ဖြစ်ခဲ့လေသည်။ ထိုသို့ အကွဲကြီး ကွဲကြပြီးနောက် နောက်ပိုင်းမှာလည်း စိတ်ဝင်စားဖွယ် ကောင်းသော အယူဝါဒ ကွဲပြားမှုများ ဖြစ်ပေါ်ခဲ့သေးသည်။ ထိုအကြောင်းအရာများကို သင့်တော်သလောက် ဖော်ပြမှသာလျှင် အစ္စလာမ် ဘာသာ အကြောင်းကို ရေးသားရာ၌ ရုပ်လုံး ကောင်းကောင်း ပေါ်ပေလိမ့်မည်။

## ပသီ ဖိုးသူတော်များ

ဆူဖီ လှုပ်ရှားမှုသည် ဆီးရီးယား နိုင်ငံတွင် ခရစ်ယာန် ဘာသာမှ တန်ဖိုး ရှိသည်ဟု ယူဆရသော ဂိုဏ်း ဂဏ အယူအဆများကို လေ့လာကြပြီးနောက် ရှေးဦးစွာ ပေါ်ပေါက်လာခဲ့လေသည်။ အစ္စလာမ် ဘာသာထဲတွင် ခရစ်ယာန် ဘာသာမှာ ဝတ်ပြု ရှိခိုး ဆုတောင်းပုံနှင့် ရဟန်း သံဃာ အဖွဲ့အစည်း ပုံစံကို နီးနီးစပ်စပ် လိုက်နာ၍ အတုယူ ပြုလုပ်လာကြခြင်း ဖြစ်သည်။

---

၁။ Mahdi

၂။ Sunni

၃။ Shia

နည်းပေးလမ်းပြ ပြုသော ဓမ္မဆရာများ၏ ဦးဆောင်မှုအောက်တွင် ဆူဖီတို့၏ ဂမ္ဘီရ အတွေ့အကြုံကို လိုက်နာကိုင်းရှိုင်းကြသူများသည် လောကီ ဘဝကို ရှောင်ကြဉ်၍ ဆိတ်ငြိမ်ရာ ဘုန်းကြီးကျောင်းလို အိမ်များသို့ သွားရောက်၍ တရား အားထုတ်ခဲ့ကြလေသည်။ ထိုဘုန်းကြီးကျောင်းတွင် သူတို့သည် သွေးချင်းသားချင်း တစ်အုပ်စုဆင်း ညီရင်းအစ်ကိုလို နေကြလေသည်။ ဘုံဝါဒ (ကွန်မြူနစ်) အဖွဲ့အစည်း ဆန်ဆန် နေထိုင်ခဲ့ကြလေသည်။ သူတို့၏ ဓမ္မပီတိ အတွေ့အကြုံကို လူမှုရေး အကျိုးဆောင်ခြင်းအားဖြင့် သူတို့ ခံစားကြရလေသည်။ တချို့ ပသီ ဖိုးသူတော် (အနာဂါရိက) များသည် တစ်နေရာတည်းမှာ အတည်တကျ မနေကြဘဲ အရပ်တကာသို့ လှည့်လည်သွား၍ နေထိုင်ကြသည်။ သူတစ်ပါး လှူဒါန်းသမျှဖြင့် ဘဝကို ရှောင့်ရဲ တင်းတိမ်ကြသည်။ သူတို့ကို အနာဂါရိက ပသီ ဖိုးသူတော်များ (ဒါရ်ဗစ်ရှက်) များဟု ခေါ်ကြလေသည်။

ပါသျှန် စကား darwish ဒါရ်ဝစ်မှ အဓိပ္ပာယ် ရွှေ့လာသော စကားလုံး ဖြစ်သည်။ အဓိပ္ပာယ်မှာ 'တံခါးဝသို့ ရပ်လာသူ' ဟု ခေါ်ခြင်း ဖြစ်သည်။ တစ်နည်း တောင်းစားသူ သူဖုန်းစား ဟူသော အနက် ဖြစ်သည်။

သူတို့၏ ထူးခြားသော ဝတ်ပုံစားပုံကြောင့်၊ သူတို့ ဆွမ်းခံသော တောင်း (သပိတ်) ၏ ထူးခြားပုံကြောင့် သူတို့ကို မြင်တွေ့ရသူများက စိတ်လှုပ်ရှားစွာ လှူဒါန်းလိုကြသည်။

ကဗျာဆရာ နာမည်ကျော် အချို့က ထို ဖိုးသူတော်များကို အလွန် လေးစား ကြည်ညိုခဲ့ကြလေသည်။ သူတို့ဆဲတွင် 'ရှီရပ်ဇ်မှ နိုက်တင်းဂေး'၊ ကဗျာဆရာကြီး ဆာဒီစသူတို့က ယုံကြည်ကြသည်။ သူတို့ကိုယ်တိုင်လည်း သူတို့လို သမထ ကမ္မဋ္ဌာန်း ဘာဝနာ အလုပ်ကို လုပ်ခဲ့ကြလေသည်။ ထို့ပြင် သူတို့က ဖိုးသူတော် အဝတ်ကို ဝတ်ဆင်ရုံဖြင့်တော့ ဖိုးသူတော် မဖြစ်နိုင်ကြောင်းကို သတိပေးရေးသားခဲ့လေသည်။

၁၂ ရာစုလောက်ရောက်တော့ ပသီ ဖိုးသူတော် အဖွဲ့အစည်းကြီးမှာ အတော်ပင် ကြီးထွားပြီး ပျံ့နှံ့နေပြီ ဖြစ်သည်။

ဖိုးသူတော်တိုင်းမှာ တောရ ကျောင်းကလေး ကိုယ်စီဖြင့် ဖြစ်နေကြလေပြီ။

ရတတ်သမျှဖြင့် ရောင့်ရဲ တင်း တိမ်ပြီးနောက် ကိုယ့်ဝိနည်း စည်းကမ်းများကို လိုက်နာ ကျင့်သုံး၍ နေခဲ့ကြလေသည်။

ပသီ ဖိုးသူတော် အဖွဲ့အစည်းများထဲတွင် ပထမဆုံး ဂိုဏ်းမှာ *ကာဒီရိုက်စ်* [၁] ဆိုသူများ ဖြစ်ကြလေသည်။ ဘဂ္ဂဒက်မြို့တွင် *အဗ္ဗဒယ် ကာဒါရ် ဂျီလာနီ* [၂] (၁၀၇၇-၁၁၆၆) က စတင် တည်ထောင်ခဲ့လေသည်။ ထိုဂိုဏ်းသည် ပျံ့နှံ့သွားလေသည်။ အရှေ့ဘက်တွင် ဂျာဗား၊ အနောက်ဘက်တွင် အယ်ဂျီးရီးယား အထိ ကျယ်ပြန့်သွားခဲ့လေသည်။

ထိုနောက် ဆူညံ အော်မြည်တမ်းသော ပသီ ဖိုးသူတော်များ နောက်ထပ် ပေါ်ပေါက်လာသည်။ *ရေဖာအိုက်* [၃] ဟု ခေါ်သည်။ ထိုဂိုဏ်းကို ၁၂ ရာစု အလယ်ပိုင်းလောက်တွင် တည်ထောင်ခဲ့ကြလေသည်။ အမ္မမာ့ဒ် အားလ် ရေဖာ ဆိုသူက တည်ထောင်ပြီး သူတို့ကို စိတ်တက်ကြွ ရွှင်မြူးသော ဖိုးသူတော်များ *(မော်လာဝိုက်)* [၄] များဟုလည်း ခေါ်ကြသည်။ ဤ အဖွဲ့သားများသည် ပါသျှန် ကဗျာဆရာကြီး ဂျာလာလ် အွဒ္ဒင် ရုမီ၏ အယူအဆကို လက်ခံကြသူများ ဖြစ်ကြလေသည်။ သူတို့ကို ထိုကဗျာဆရာကြီးက သူ့ကဗျာများကို အသံနေ အသံထားဖြင့် ရွတ်ဆိုစေရုံသာမကဘဲ တေးဂီတပါ အသုံးပြုစေသဖြင့် ထိုဖိုးသူတော်များသည် ချာချာလည်အောင် လှည့်ပြီး မြူးမြူးကြွကြွ ကခုန်ကြလေသည်။

ပို၍ အစွန်း ရောက်သော ပသီ ဖိုးသူတော်များသည် နတ်ဝင်သည်များလို ဖြစ်ကုန်ကြသည်လည်း ရှိသည်။ ယုံကြည် ကိုးကွယ် ကိုင်းရှိုင်းသူများကို တအံ့တသြ ဖြစ်စေရန် ဟိန္ဒူ နတ်ဝင်သည်များလို မီးရဲရဲ တောက်နေသော ကျောက်မီးသွေးကို ဝါးမျိုပြခြင်း၊ မြွေ အရှင်လတ်လတ်ကို မျိုပြခြင်း၊ ကိုယ်မှာ အပ်ချွန်များ စိုက်ပြခြင်း၊ ငါးမျှားချိတ်လို ချိတ်များဖြင့် အရေပြားကို ချိတ်ဆွဲပြခြင်း၊ အသားထဲကို ဓားဖြင့် ထိုးပြခြင်း စသည်များကို ပြုလုပ်ပြတတ်ကြလေသည်။ ထိုဖိုးသူတော် အများစုသည် အထူး စီစဉ်ထားသော အမှတ် တံဆိပ်များကို တပ်ဆင်ကြသည်။ သူတို့၏ ဂိုဏ်းဆရာများကိုလည်း ရဟန္တာ သူတော်စင်များလို ရှိခိုး ကိုးကွယ်ကြ၏။

ဤတွင် ကျမ်း လေးလွန်းအံ့စိုးသောကြောင့် ရှိယတ်ဂိုဏ်းကွဲများ ဖြစ်ပေါ်လာပုံကို အကျယ် ရှင်းမပြတော့ပေ။ ဤသို့ ဂိုဏ်း ကွဲရခြင်း အကြောင်းရင်းများကို လေ့လာကြည့်သော အခါ ဘာသာရေး ယုံကြည် ကိုးကွယ်မှုနှင့်များစွာ မသက်ဆိုင်ဘဲ အီမမ် (ဓမ္မ ခေါင်းဆောင်) ဖြစ်ခွင့်

---

၁။ Kadirites

၂။ Abd-al Kadar Jilani

၃။ Rifa'ites-Howling Dervishes

၄။ Maulawites

ရှိခြင်း မရှိခြင်း၊ ခလီဖာ အဆက်အနွယ် ဖြစ်သူ ဟုတ် မဟုတ် (ရှေးက ဘုရင် အဖြစ် တင်မြှောက်ကြရာတွင် ရာဇ သွေး ပါသူ ဟုတ် မဟုတ်) ကို ပြဿနာ လုပ်ကြသလို ဖြစ်နေပေသည်။

ထူးခြားသော အချက် တစ်ချက် ရှိသည်။ ထိုအချက်မှာ ရှိယာများ၏ စိတ်ထဲတွင် ဒွါဒသမ (၁၂ ဆက်မြောက်) အီမမ် ထူးဆန်းစွာ ပျောက်ဆုံးသွားခြင်း အတွက် ထူးခြားသော ခံစားချက် ရှိကြသည်။ တစ်နေ့သော အခါ ထိုအီမမ်သည် ဘုရားသခင်၏ ကိုယ်စားတော် အဖြစ် ပြန်ကြွလာမည်ဟု မျှော်လင့် ယုံကြည်နေကြလေသည်။ ပါသျှား (အီရန်) တွင် ရှိယတ် ဘာသာဝင်ပေါင်း ခုနစ်သန်းကျော် နေထိုင်ကြသည်။ ရှားဘုရင်များက သူတို့သည် သတ္တမမြောက် အီမမ်၏ အဆက်အနွယ်များ ဖြစ်သည်ဟု ဆိုခဲ့ကြလေသည်။ ၁၅၀၂ ခုနှစ် အထိ သူတို့သည် ပျောက်ဆုံး ဖုံးကွယ်ထားသော အီမမ်၏ လူ့လောက အတွက် လာရသော ကိုယ်စားလှယ်တော်များ ဖြစ်သည်ဟုလည်း ဆိုခဲ့ကြသည်။ (ယခု ထိုရှားဘုရင်များကို အီမမ် နိမိနိ လက်ထက်တွင် တွန်းလှန်ပစ်လိုက်ပြီ ဖြစ်၍ ရှားဘုရင် မင်းဆက် ပြတ်သွားလေပြီ။)

ယခုအခါ တချို့သော ရှိယတ်ဂိုဏ်းများက *အာဂါခန်* [1] ကို သူတို့၏ ဒဏ္ဍာရီ ဆန်သော ခေါင်းဆောင် အဖြစ် သတ်မှတ် ထားကြသေးသည်။

ရှိယာများထဲတွင် သတ္တမမြောက် အီမမ် ဖြစ်သူ အစ္စမိုင်၏ သစ္စာတော်ခံ နောက်လိုက်များသည် မျှမျှတတ သဘောထား ရှိသော အုပ်စုဖြစ်သည်။ အစ္စမိုင် ဘက်တော်သားများသည် မွတ်ဆလင် လောက တစ်ခုလုံးကို တုန်လှုပ်ချောက်ချားသွားအောင် ပြုလုပ်နိုင်သော သူတို့မှ တစ်ဆင့် ပေါက်ပွားလာကြသူများကို မွေးထုတ်နိုင်ခဲ့ကြလေသည်။ သူတို့ကို 'အစ္စမိုင်လိုက်' (အစ္စမိုင်ကို သစ္စာခံသူ ဘက်တော်များ) ဟု ခေါ်ခြင်းမှာ သူတို့သည် ဆဋ္ဌမ အီမမ်၏ သားကြီး အစ္စမိုင်ကို သူ့ ဖခင်က သတ္တမမြောက် အီမမ် အဖြစ် သတ်မှတ် ခန့်အပ်ထားခဲ့ခြင်းကို လက်ခံကြသူများ ဖြစ်သောကြောင့် ဖြစ်သည်။ သို့သော် အစ္စမိုင်သည် သောက်စား မူးယစ်တတ်သူ ဖြစ်ကြောင်းကို သူ့ဖခင်က သိသွားသော အခါ သူ့ကို ဘေးဖယ်ပြီး သူ့ထက် ငယ်သော သူ့ညီကို အီမမ် အဖြစ် သတ်မှတ်ခဲ့လေသည်။ ထိုသို့ ပြုလုပ်လိုက်ခြင်းသည် အစ္စလာမ် ဓမ္မသတ် ဥပဒေကို ပညာသားပါပါ ချိုးဖောက်လိုက်ခြင်း ဖြစ်သွားလေတော့သည်။ သို့ရာတွင် သူတို့၏ အချစ်တော် အစ္စမိုင်ကို အမူးသမား အဖြစ် စွပ်စွဲခြင်းကို ငြင်းဆန်ကြလေသည်။ သူတို့၏ စိတ်ထဲတွင် ဖခင်သည် မတော်မလျော် အတင်းအဖျင်း ပြောဆို တိုက်ခိုက်သော စကားများ ဘက်သို့ ပါသွားခြင်းသည် မှားသည်ဟု သဘောထားကြသည်။ အဘယ်ကြောင့်ဆိုသော် အီမမ် အဖြစ် သတ်မှတ်ထားသော အစ္စမိုင်သည် အပြစ် ကင်းသူ၊ အမှား ကင်းသူ ဖြစ်သွားသည်။ ထို့ကြောင့် သူ့ကို စွပ်စွဲသော စကားများသည် သူ့ကို အပြစ် ဖြစ်အောင် မပြုလုပ်နိုင်တော့ပေ။

သို့ရာတွင် ဖြစ်ရပ် အမှန်မှာ အစ္စမိုင်သည် သူ့ဖခင် မကွယ်လွန်မီ ငါးနှစ် စောပြီး ကွယ်လွန်ခဲ့လေသည်။ ထိုဖြစ်ရပ်သည် အစ္စမိုင် ဘက်တော်သားများအား စိတ်လှုပ်ရှား၍ မယုံသင်္ကာ ဖြစ်စေခဲ့ပြန်သည်။ သူတို့က အစ္စမိုင်သည် မသေသေး၊ သူ့ကို ဝှက်ထားကြခြင်းသာ ဖြစ်သည်ဟု ယူဆကြလေသည်။ သို့အားဖြင့် သူသည် *'မေဟဒီ'* [2] လို ဖြစ်လာပြန်သည်။ (မေဟဒီ၏ သဘောမှာ မွတ်ဆလင်များကို ကယ်တင်ရှင် ဟူသော အနက် ရသော စကား ဖြစ်သည်။ ခရစ်ယာန်မှာ 'မေယှိယ' ဆိုသော စကားမျိုး ဖြစ်သည်။)

သူတို့၏ ပြင်းပြစွာ စွဲလမ်းသော ယုံကြည်ချက်မှာ အစ္စမိုင်သည် ဘုရားသခင် ကိုယ်တော်တိုင် လူ့ အဖြစ်ကို ဝင်စားလာသူ ဖြစ်သည် ဟူ၍ ဖြစ်၏။ ထိုအမြင်ကို ကုရ်အာန်ထဲက သက်သေခံ အထောက်အထား ရရှိစေရန် သူတို့သည် ကုရ်အာန်ထဲမှာ ပါသော မုက္ခပါဌ်တော်များကို တင်စား၍ သင်္ကေတ သဘောဖြင့် အဓိပ္ပာယ် ဖော်ပြကြလေသည်။ (ယခုခေတ်တွင် သေခြင်း၊ ကမ္ဘာ ပျက်ခြင်းနှင့် နောက်ဆုံး တရား စီရင်ခြင်း သဘောတရားကို အသုံးပြုနေကြသော ခရစ်ယာန်များ သမ္မာ ကျမ်းစာကို အဓိပ္ပာယ် ဖွင့်ဆိုနေကြသလို ဖြစ်၏။) နောက်ဆုံးတွင် လူတစ်စုလောက်သာ ကိုယ့်နည်း ကိုယ့်ဟန်ဖြင့် နားလည်နေကြသော လျှို့ဝှက်သည့် အယူဝါဒ ဖြစ်လာလေသည်။ ထို အယူဝါဒသည် အလွန်များယွင်း ဖောက်ပြန်သော အယူအဆ ဖြစ်စေကာမူ လျှို့ဝှက်သော သာသနာ ပြုနည်းဖြင့် ပြန့်ပွား သွားလေတော့သည်။ ဤ အစ္စမိုင် သစ္စာခံ ဝါဒသည် အာဏာပိုင်များကို ပုန်ကန် ခြားနားလိုသူများ အတွက် ဆွဲဆောင်မှု များစွာ ရှိသွားလေသည်။

ဤအစ္စမေလိုက် လှုပ်ရှားမှုကြောင့် ပါသျှန် ပင်လယ်ကွေ့ ဒေသတွင် လျှို့ဝှက်ထားသော အီမမ် *မုဟမ္မဒ် အီဘင် အစ္စမိုင်* [3] သည် လျှို့ဝှက် အဖွဲ့အစည်းကို တည်ထောင်ပြီး

---

၁။ Agah Khan

၂။ Mahdi

၃။ Muhammad ibn Ismail

လျှင် အဘာဘဆစ် ခလီဖာ နန်းဆက်ကို ဖြုတ်ချပြီးလျှင် သူ့ဆရာ *အဗ္ဗဒူလာ အီဘင် မိုင်မွန်* [၁] ကို နန်းတင်ပေးရန် ကြံစည်ခဲ့လေသည်။

သို့ရာတွင် ဤ လျှို့ဝှက် ကြံစည်မှုကို အောင်မြင်အောင် မဆောင်ရွက်နိုင်ခဲ့သည့် အတွက် အဗ္ဗဒူလာသည် ဆီးရီးယား နိုင်ငံ မြောက်ပိုင်းသို့ ထွက်ပြေး တိမ်းရှောင်ရလေသည်။ သူ ကွယ်လွန်ပြီး နောက်ပိုင်းကျမှ သူ့ အဖွဲ့အစည်းသည် (အေဒီ ၉၀၉) ခုနှစ်တွင် ဖာတီမာ သခင်မမှ ဆင်းသက်သော ခလီဖာများကို အရိုက်အရာ ဆက်ခံနိုင်အောင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည်ဟု ဆိုသည်။ ထိုခလီဖာ အစဉ်အဆက်သည် တူနီသျှ၊ အီဂျစ်နှင့် ဆီးရီးယား နိုင်ငံများကို ရာစုနှစ်ပေါင်း များစွာ ကြာမြင့်အောင် စိုးမိုး အုပ်ချုပ်နိုင်ခဲ့ကြလေသည်။

နောက်ပိုင်းတွင် အဗ္ဗဒူလာ၏ တပည့်ကြီး *ဟမ္မဒတ် ကာရ်မတ်* [၂] ထူထောင်သော လျှို့ဝှက် အဖွဲ့အစည်းက ၉ ရာစုခေတ် ကုန်ခါနီးလောက်တွင် ပါသျှန် ပင်လယ်ကွေ့ အနောက်ဘက်ကမ်းမှ ယီမင်ကို ဖြတ်ပြီး အီရတ် နိုင်ငံ နယ်စပ်သို့ ရောက်သည် အထိ ကျယ်ပြန့်သော သူပုန် နိုင်ငံကို ထူထောင်ခဲ့ကြသေးသည်။ သူတို့သည် ဘဂ္ဂဒက်မြို့တွင် အုပ်စိုးနေသော ခလီဖာ မင်းဆက်ကို ဆန့်ကျင် တိုက်ခိုက်ရာ၌ အောင်မြင်မှု ရရှိခဲ့ကြသူများ ဖြစ်သည်။ သူပုန် နိုင်ငံဖြစ်သော်လည်း သူတို့ နိုင်ငံကို သူတို့ အောင်အောင်မြင်မြင် ကာကွယ်နိုင်ခဲ့လေသည်။

နောက်ဆုံးတွင် မက္ကာ မြို့တော်သို့ ဘုရားဖူးသွားကြပြီးနောက် မက္ကာ မြို့တော်ကြီးရှိ ကျောက်နက်တုံးကြီးကို သယ်ယူ သွားခဲ့ကြဖူးလေသည်။ အနှစ် နှစ်ဆယ် ကြာမှ ဖာတီမာ သခင်မ၏ အဆက်အနွယ် ခလီဖာ တစ်ဦး ဖြစ်သူ မန်ဆူးရ်က ကျောက်တုံးကြီးကို ပြန်ပေးရန် ပန်ကြားခဲ့လေသည်။

*ကာရာမာရှန်* [၃] များက အီရတ်ကို ဖြတ်သော ဖြတ်လမ်းဖြင့် ထို ကျောက်တုံးကြီးကို မက္ကာမြို့သို့ ဘုရားဖူးရာသီတွင် ပြန်လည် ပေးပို့ခဲ့လေသည်။

ကာရာမာရှန်များ နောက်ဆုံး မကျဆုံးမီ သူတို့သည် ရာစုနှစ်နှင့် ချီပြီး သွေးခင်းသော လမ်းကို ခင်းခဲ့ကြလေသည်။ ပါရှန် လူမျိုးများက အာရပ် လူမျိုးများကို လက်စားချေ တိုက်ခိုက်ခဲ့ကြလေသည်။

၁။ Abdulla ibn Maimun
၂။ Hamd Karmat
၃။ Karamatian

ရှိယာများနှင့် ပတ်သက်၍မူ ဤမျှလောက် သိရလျှင် တော်လောက်ပြီ ထင်ပါသည်။ နောက်ပိုင်း အဖြစ်အပျက်များသည် လုပ်ကြံ သတ်ဖြတ်မှုများနှင့် အရိုက်အရာများကို အကြမ်းဖက်မှုများဖြင့် လုယူသော စစ်သွေးကြွ အစဉ်အလာများ ဖြစ်ထွန်းလာပုံ အကြောင်းအရာများသာ ဖြစ်ကြပြီး ဘာသာရေး သဘောတရားနှင့် ဘာမျှ မဆိုင်တော့သလို ဖြစ်နေသည်။ ဘာသာရေး အရ လုပ်ကြံ သတ်ဖြတ်ရဲသူ၊ အသေခံရဲသူသည် အမတ သုခဘုံကို ထာဝရ ဘုရားသခင်၏ လက်ဆောင် အဖြစ် မုချရသူ ဖြစ်သည် ဆိုသော အယူအဆမျိုး ပေါ်ပေါက်လာသည်။ ဤ အယူအဆကို စတင်တည်ထောင်သူမှာ *ဟာဆန် ဆဗ္ဗား* [၄] ဖြစ်သည်။ ၁၁၂၄ အေဒီတွင် ကွယ်လွန်ခဲ့လေသည်။

## အခြား တိုးတက် ဖြစ်ထွန်းမှုများ

အစ္စလာမ် နိုင်ငံတိုင်းလိုလို၏ သမိုင်းကြောင်း တစ်လျှောက်တွင် မွတ်ဆလင် ဘာသာဝင်ထဲကပင် အင်အား ကြီးမားသော မွတ်ဆလင် လှုပ်ရှားမှုကြီးများ ပေါ်ပေါက်လာတတ်သည်မှာ အမြဲလိုလိုပင် ဖြစ်၏။ ပေါ်ပေါက်လာတတ်သော လှုပ်ရှားမှု အသစ်များမှာလည်း ပြင်းထန်သော အကွဲအပြဲ သဘောဖြင့် ပေါ်ပေါက်လာကြသည်သာ များ၏။

ဥပမာ တစ်ခုကို ဖော်ပြရလျှင် ဆီးရီးယား နိုင်ငံတွင် ပေါ်ပေါက်သော ဘာသာရေး တစ်ယူသန် အုပ်စု တစ်စုသည် ဖာတီမာ အနွယ် ခလီဖာ *ဟာကင်မ် အာဘူ အလီ မန်ဆူးရ်* [၅] ကို သူ၏ ဝန်ကြီး နှစ်ဦးက အလွန်အမင်း မဆင်ခြင်နိုင်ဘဲ ကြည်ညို ချီးမွမ်းကြရာမှ ပေါ်ပေါက်လာသော ဂိုဏ်းကွဲ ဖြစ်သည်။ *ဒရူးဆက်* [၆] များဟု ၄င်းတို့ကို ခေါ်ကြသည်။ ထိုမန်ဆူးရ်၏ ဝန်ကြီး နှစ်ပါးက ဖုံးကွယ်ထားသော ဒွါဒသမမြောက် ခလီဖာသည် လူသား အသွင်ဖြင့် ပြန်ကြွလာသော ပုဂ္ဂိုလ် ဖြစ်သည်။ ထာဝရ ဘုရားသခင် အလ္လာဟ် အရှင်မြတ် ကိုယ်တော်တိုင် လူ့ဘဝမှာ ဝင်စား၍ ကြွလာသော ဘုရား ဖြစ်သည်ဟု မတန်မရာ ချီးမွမ်း ဂုဏ်တင်ကြလေသည်။

အေဒီ ၁၀၂၀ ခုနှစ်တွင် ဟာကင်မ်သည် ရုတ်တရက် ပျောက်ကွယ်သွားပြန်၏။ ဖြစ်နိုင်သော အချက်မှာ သူ့ကို လျှို့ဝှက်စွာ နန်းတော်ထဲက အုပ်စု တစ်စုက လုပ်ကြံ သတ်

၄။ Hasan Sabbah
၅။ Hakim abu Ali Mansur
၆။ Druses

ဖြတ် ဖျောက်ဖျက် ပစ်လိုက်ခြင်း ဖြစ်နိုင်သည်။ ဤသို့ ပျောက်ဆုံးသွားခြင်းသည်ပင်လျှင် ဒရူးဆက်များ အဖို့ အချိန်ကျ၍ ပြန်ကြွသွားခြင်း ဖြစ်သည်ဟု ယုံကြည်ရန် အကြောင်း ယုတ္တိ ဖြစ်သွားလေတော့သည်။

သူသည် ဘုရားသခင်၏ အိမ်မ် ဖြစ်သောကြောင့် အချိန် ကျရောက်သော အခါ ကယ်တင်ရှင် မေဟဒီ အဖြစ် ပြန်လည် ရုပ်သိမ်းတော်မူခြင်း ဖြစ်သည်ဟု အစိပ္ပာယ် ကောက်ယူကြလေသည်။ ထိုအခါမှ စ၍ သူတို့၏ ပုန်ကန် ထကြွမှုကို ဦးဆောင်မှု ပေးသော မေဟဒီ ခေါင်းဆောင် သည် တစ်ဦး တစ်ယောက်မက များစွာ ဖြစ်ပေါ်လာလေ တော့သည်။

၁၉ ရာစုသို့ ရောက်သောအခါ ခါတွမ်မြို့မှ *လော့ဒ် ကစ်ချင်နာ* [၁] သည် ဆူဒန်တွင် အလားတူ မေဟဒီ တစ်ဦး ကို တိုက်ခိုက် ချေမှုန်းခဲ့ရလေသည်။

သို့သော် ပို၍ ဆင်ခြင်တုံ တရားနှင့် ပြည့်စုံသော ဘာ သာရေး လှုပ်ရှားမှုများလည်း ပေါ်ပေါက်ခဲ့သေး၏။ ယခု ခေတ်တိုင်အောင်လည်း မွတ်ဆလင် ကမ္ဘာတွင် ထိုသို့သော လှုပ်ရှားမှုများသည် ပေါ်ပေါက်ဆဲ ဖြစ်ပေသည်။

ထိုလှုပ်ရှားမှု တစ်ခုမှာ *ဝါဟာဟာဘီ* [၂] လှုပ်ရှားမှု ဖြစ်၏။ ဤလှုပ်ရှားမှုသည် သာသနာ သန့်ရှင်းရေး (ပျူရီ တန်) လှုပ်ရှားမှု အုပ်စု ဖြစ်၏။ အာရေဗျ အတွင်းပိုင်းမှာ သာ လှုပ်ရှားကြသည်။ ၁၈ ရာစုနှင့် ၁၉ ရာစု အတွင်းတွင် ဤ လှုပ်ရှားမှုမှာ အင်အား အလွန် ကြီးမားခဲ့၏။ ယခု တိုင်အောင် ဤ လှုပ်ရှားမှုမှာ အကျိုး ထိရောက်မှု ရှိဆဲ ဖြစ် ၏။ ဝါဟာဟာဘီ လှုပ်ရှားမှု၏ ရည်မှန်းချက်မှာ မုဟမ္မာဒ် သခင်နှင့် ကုရ်အန်ထဲက အခြေအနေသို့ ပြန်သွားရေး ဖြစ် ၏။ ဝါဟာဟာဘီတို့၏ အယူအဆမှာ မွတ်ဆလင် အချင်း ချင်း ညီရင်းအစ်ကိုသဖွယ် ဆက်ဆံရေး ဖြစ်၏။ လူမျိုးစု အချင်းချင်း သွေးခွဲခြင်းနှင့် သွေးထွက်သံယို ဖြစ်အောင် တိုက်ခိုက်ကြခြင်းကို နှိမ်နင်းရေး ဖြစ်၏။ ထို့ပြင် ဘဝ နေနည်းတွင် အရိုးသားဆုံး၊ အဖြောင့်မတ်ဆုံး၊ အစင်ကြယ် ဆုံး နေထိုင် ဆက်ဆံကြရန် ဖြစ်၏။ အရက်သေစာ (စပျစ် ရည်)ကိုပင် မသောက်ရ၊ ဆေးလိပ် မသောက်ရ၊ သူတို့က သူတော်စင် အမျိုးသား အမျိုးသမီးများ၏ ဂူသင်္ချိုင်းများသို့ သွားပြီး ကြားဖြတ် ဝတ်ပြု ဆုတောင်းခြင်းကို အပြင်းအထန် ကန့်ကွက်ကြလေသည်။ (ထိုသို့ ရှိခိုးခြင်းသည် သူတော် စင်ကို ရှိခိုးခြင်း ဖြစ်၍ ဘုရား တစ်ပါးတည်းကို ရှိခိုးခြင်း မဟုတ်တော့ဘဲ ဘုရား အများကို ရှိခိုးခြင်း မည်သွားသည် ဟု ဆိုကြလေသည်။)

၄င်းတို့၏ ဆူလ်တန် ဘုရင်က ၁၉၂၄-၂၅ ခုနှစ်တွင် မက္ကာနှင့် မဒီနာ မြို့များကို ဆော်ဒီအာရေဗျ နိုင်ငံတွင်းသို့ ထည့်သွင်းလိုက်သော အခါ ဝါဟာဟာဘီများသည် သူတို့ ၏ ရင့်သီးသော ရုပ်တု ဆင်းတုများကို ချိုးဖဲ့ ဖျက်ဆီးခြင်း သဘောထားသည် မုဟမ္မာဒ်၏ မွေးရာ ဇာတိဘက်သို့ လှည့် သွားလေတော့သည်။

မုဟမ္မာဒ်၏ မွေးရာမြေ၊ ကုလားအုတ်များ ရပ်နားရာ နေရာနှင့် သူ၏ သင်္ချိုင်း နေရာနှင့် သူ၏ အပေါင်းအဖော် များ၏ သင်္ချိုင်း ဂူများတွင် မှတ်သားထားသော အမှတ် အသားများကိုပါ ဖျက်ဆီးပစ်ကြလေသည်။

ဤကဲ့သို့ ပြုလုပ်လိုက်ခြင်းသည် ဝါဟာဟာဘီများ မြင့်မားသော အရှိန်အဝါ ဒီရေ တက်သော အမှတ်အသား ဖြစ်သွားလေတော့သည်။

ထို့နောက် ဝါဟာဟာဘီများ၏ ဘဝနေနည်း ပုံစံများ သည် ပြင်ပ ကမ္ဘာသို့ အထိ ထိုးဖောက် ပြန့်ပွားသွားလေ တော့သည်။ သူတို့ လက်ထက်တွင် သူတို့ နေရာ သဲကန္တာရ အောက်တွင် ရှိသော ရေနံများကို တူးဖော်နိုင်ရန် သူတို့ ခေါင်းဆောင်များနှင့် ထိုအခွင့်အရေးကို လိုလားကြသော အင်အားကြီး နိုင်ငံများနှင့် သဘောတူ စာချုပ် စာတမ်းများ ကိုပါ လက်မှတ် ရေးထိုးနိုင်ခဲ့ကြလေတော့သည်။

ထိုကဲ့သို့ မိမိတို့၏ မြေအောက်တွင် ရေနံသိုက်ကြီး တည်ရှိမှုကြောင့် ဆော်ဒီအာရေဗျသည် မကြာမီမှာပင် လျင် မြန်စွာ ချမ်းသာ ကြွယ်ဝသော နိုင်ငံ ဖြစ်လာလေတော့ သည်။

ထိုအခါကျမှ အနောက်တိုင်းက တီထွင် ထုတ်လုပ် သော မော်တော်ကားများ၊ သံချပ်ကာ တင့်ကားများ၊ လေ ယာဉ်ပျံများ၊ လေအေးစက်များ၊ ရေဒီယို၊ ရုပ်ရှင်၊ တယ်လီ ဗေးရှင်းများ၊ ဆေးရုံများ၊ သန့်ရှင်းရေး အစီအမံများ စသည် တို့ကိုရော၊ အဝီစိတွင်းများကိုပါ တူးဖော်ပြီး ရေ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြလေတော့သည်။

ဆော်ဒီအာရေဗျ နိုင်ငံတွင် ဖြစ်ပေါ်လာသမျှ ခေတ်မီ တိုးတက်သော အခြေအနေများသည် မြောက် အာဖရိက၊ မော်ရိုကို၊ အီရတ်၊ ပါသျှား (အီရန်) နှင့် တူရကီ နိုင်ငံများ မှာလည်း ဖြစ်ပေါ်လာကြလေတော့သည်။ ဤသို့ ခေတ်မီ တိုးတက်လာသော အခြေအနေများသည် အလွန် ရှေး အယူ ဝါဒသန်သူများ၏ စိတ်ကို အနှောင့်အယှက် ပြုလျက်လည်း ရှိသည်။

၁။ Lord Kitchener　　၂။ Wahhabis

တူရကီ နိုင်ငံတွင် တူရကီ လူငယ် တစ်ဦး ဖြစ်သူ *မူစတာဖာ ကာမားလ်* [၁] ဦးဆောင်မှုဖြင့် ခလီဖာ အုပ်ချုပ်ရေး စနစ်ကို တော်လှန် ပုန်ကန်ပြီးနောက် နိုင်ငံရေး၊ ပညာရေး၊ ကိစ္စ အားလုံးကိုလည်း ပြုပြင် ပြောင်းလဲပစ်ခဲ့လေတော့သည်။ တူရကီ နိုင်ငံကို အနောက်တိုင်းဆန်ဆန် တိုးတက် ကြီးပွားအောင် ဆောင်ရွက်ခဲ့လေသည်။

ပါသျှားနှင့် အီဂျစ်မှာလည်း ပြည့်ပြည့်စုံစုံ မဖြစ်သေးသည့်တိုင်အောင် အနောက်တိုင်း ဆန်သော ပြုပြင် ပြောင်းလဲရေးများကိုကား ပြုလုပ်နေခဲ့ကြပြီး ဖြစ်၏။

လွတ်လပ်ခြင်း သဘောနှင့် အကြမ်းပတမ်း ပြောင်းလဲရေး သဘောထားများကား ထင်သလောက် ခရီး မပေါက်သေးပေ။ ကိုင်ရိုမြို့ရှိ မွတ်ဆလင် တက္ကသိုလ် အကြီးဆုံးများမှာ အနောက်တိုင်း ပညာရပ်များကို သင်ကြား ပြသရန် ခွင့်ပြုချက် မပေးကြသေး။ ရှေးမူ ရှေးဟန် အတိုင်းသာ သွားနေကြသေးသည်။ အီဂျစ်ပြည်ရှိ အလယ် အလတ် သဘောထား ရှိသူများကမူ အစ္စလာမ် ဘာသာသည် အရှေ့တိုင်းနှင့် အနောက်တိုင်းကို ပေါင်းစည်းပေးရန် အသင့်တော်ဆုံး ဘာသာ ဖြစ်သည်ဟု ဆိုလာကြသည်။ သို့ရာတွင် အာရပ် မဟုတ်သော အိန္ဒိယ နိုင်ငံသား မွတ်ဆလင်များ (ပါကစ္စတန်သားများ) သည် အလွန် ရှေး အယူမှန်ဝါဒ သန်သူ (ကွန်ဆာဗေးတစ်) များ ဖြစ်ကြကြောင်း တွေ့ရသည်။ အိန္ဒိယမှာပင် ခလီဖာ စနစ်ကို ဖျက်သိမ်းပစ်ခြင်းအား ဆန့်ကျင်သူ ပေါများသည်။ ထိုမွတ်ဆလင်များသည် ပါကစ္စတန် နိုင်ငံကို ထူထောင်ကြပြီးသော အခါ ပိုပြီး ဘာသာရေးနှင့် ပတ်သက်၍ သတိကြီးလာကြသည်။

သို့ရာတွင် အရပ်တစ်ပါးမှ လူအများ၏ စိတ်တွင် နှစ်ဆယ်ရာစု လေးပုံ တစ်ပုံ ကျော်လာသော အခါက စ၍ အစ္စလာမ် ဘာသာကို လက်ခံထားသော နိုင်ငံများလည်း အနောက်တိုင်း ယဉ်ကျေးမှုနှင့် တိုးတက် ထွန်းကားမှုများကို တင်းခံနေ၍ မရတော့ဘဲ အလျှော့ပေး လာကြရသည်ကို တွေ့မြင်ရသည်။

နောက်တစ်ခါ ပါလက်စတိုင်းတွင် ဂျူး နိုင်ငံ (အစ္စရေး) နိုင်ငံ ထူထောင်လိုက်ခြင်းကြောင့် အစ္စလာမ် နိုင်ငံများ အချင်းချင်း သွေးစည်း ညီညွတ်သွားကြပြီး ထိုအပြောင်းအလဲ ဖြစ်ခြင်းကို ကြံ့ကြံ့ခံ ခုခံကြလေမလားဟု တွေးထင်ခဲ့ကြသည်။

သို့သော် ထင်သလို ဖြစ်မလာဘဲ မွတ်ဆလင် နိုင်ငံချင်း သဘောထား ကွဲပြားခြင်း၊ အချင်းချင်း မုန်းတီး၍ သွေးစွန်းသော တိုက်ပွဲကြီးများ ဆင်နွှဲခြင်း၊ ဂျူး လူမျိုးများ၏ တိုက်ခိုက် စိုးမိုးခြင်း၊ နယ်မြေ အပိုင် သိမ်းယူခြင်းများကိုသာ ခံစားခဲ့ကြရလေတော့သည်။

မွတ်ဆလင် သမိုင်း တစ်လျှောက်လုံးတွင် ပေါ်လွင် ထင်ရှားလာသော အချက် တစ်ခုမှာ အစ္စလာမ် ဘာသာသည် အတွင်း သဘော အရ ပြောင်းလဲ ဖြစ်ပေါ်နေခြင်းများကို ဘာမှ မဖြစ်ဘဲ ရှိန်းပြီးစွာ ခုခံနေနိုင်စွမ်း မရှိကြောင်းမှာ ထင်ရှားနေပြီ ဖြစ်၏။

ထိုထက် ပို၍ စိတ်ဝင်စားစရာ ကောင်းသော အချက်မှာ အစ္စလာမ် ဘာသာထဲတွင် ကွဲပြမှုများသည် အခြားသော ဘာသာများမှာထက် ပို၍ များပြားစွာ ဖြစ်ပေါ်နေခြင်းပင် ဖြစ်၏။

## ဆက်လက် လေ့လာသင့်သော ကျမ်းများ


1. Ameer Ali The Spirit of Islam
2. Andrea Mohammed - The Man and His Faith
3. Margoliouth Mohammed and the Rise of Islam
4. Mohammad Iqbal The Reconstruction of Religious thought in Islam
5. Donaldson The Shi'ite Religion.


---

၁။ Mustapha Kemal



# လူတို့ ကိုးကွယ်ရာ ဘာသာကြီးများ

[နောက်ခံသမိုင်းနှင့် အဆင့်မြင့် ဒဿနများ]

# MAN'S RELIGIONS

JOHN B. NOSS

ဆန်းလွင်